http://www.dhammadownload.com

အမရပူရမြို့
မဟာဂန္ဓာရုံကျောင်းတိုက်
နာယကချုပ် အဂ္ဂမဟာပဏ္ဍိတ
မဟာဓမ္မကထိက ဗဟုဇနဟိတဓရ
နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်

# အရှင်ဇနကာဘိဝံသ

၏

ဟောစဉ်

# တရားပေါင်းချုပ်

အမှတ် (၃)

အရှင်စန္ဒိမာ
(သာသနဓဇဓမ္မာစရိယ-ဂဏဝါစက)
မှတ်တမ်းပြု ပူဇော်သည်။

သာသနာ-၂၅၅၀ ကောဇာ-၁၃၆၈ ခရစ်နှစ်-၂၀၀၆

http://www.dhammadownload.com

အမရပူရမြို့
မဟာဂန္ဓာရုံကျောင်းတိုက်
နာယကချုပ် အဂ္ဂမဟာပဏ္ဍိတ
မဟာဓမ္မကထိက ဗဟုဇနဟိတဓရ
နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်

# အရှင်ဇနကာဘိဝံသ

၏

ဟောစဉ်

# တရားပေါင်းချုပ်

အမှတ် (၃)

အရှင်စန္ဒိမာ
(သာသနဓဇဓမ္မာစရိယ-ဂဏဝါစက)
မှတ်တမ်းပြု ပူဇော်သည်။

သာသနာ-၂၅၅၀ ကောဇာ-၁၃၆၈ ခရစ်နှစ်-၂၀၀၆

http://www.dhammadownload.com

http://www.dhammadownload.com

အမရပူရမြို့
မဟာဂန္ဓာရုံကျောင်းတိုက်
နာယကချုပ် အဂ္ဂမဟာပဏ္ဍိတ
မဟာဓမ္မကထိက ဗဟုဇနဟိတဓရ
နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်

# အရှင်ဇနကာဘိဝံသ

၏

ဟောစဉ်

# တရားပေါင်းချုပ်

အမှတ် (၃)

အရှင်စန္ဒိမာ
(သာသနဓဇဓမ္မာစရိယ-ဂဏဝါစက)
မှတ်တမ်းပြု ပူဇော်သည်။

သာသနာ-၂၅၅၀ ကောဇာ-၁၃၆၈ ခရစ်နှစ်-၂၀၀၆

http://www.dhammadownload.com

http://www.dhammadownload.com

# အရှင်ကုဏ္ဍလာဘိဝံသ တရားပေါင်းချုပ်

## ပုံနှိပ်မှတ်တမ်း


ဘာသာရေးဆိုင်ရာ စာမူခွင့်ပြုချက်

အမှတ် ( ၃၂၀၃၉၉၀၆၀၆ )

စာအုပ်စာတမ်း စာနယ်ဇင်း မျက်နှာဖုံး

ပုံနှိပ်ထုတ်ဝေခွင့်ပြုချက် အမှတ် ( ၃၂၀၄၂၂၀၆၀၇ )

| | | |
|---|---|---|
| ခုနှစ် | - | ၂၀၀၆-ခုနှစ် |
| အုပ်ရေ | - | ( ၁၀၀၀ ) |
| အကြိမ် | - | ပထမအကြိမ် |
| တန်ဖိုး | - | |
| ကွန်ပျူတာစာစီ | - | ရွှေတိကွန်ပျူတာ |
| ထုတ်ဝေသူ | - | ဦးမောင်မောင် (မြ-၀၃၂၇၁) |
| ပုံနှိပ်သူ | - | ဦးတင်မြင့် (၀၅၈၃၇) |

နယူးဘားမားအော့ဖ်ဆက် ပိဋကတ်ပုံနှိပ်တိုက်

မဟာဂန္ဓာရုံ-မြင်းမူကျောင်း, အမရပူရမြို့။

http://www.dhammadownload.com

http://www.dhammadownload.com

သ ဇာတော ယေန ဇာတေန,
ယာတိ ဝံသော သမုန္နတိံ၊
ပရိဝတ္တိနိ သံသာရေ,
မတော ကော ဝါ န ဇာယတေ။

ဇာတေန-ရှေးကံအထူး, ရှိခဲ့ဖူးသဖြင့်, မီးရှူးသန့်စဉ်, ဖွားမြင်၍လာသော၊ ယေန ပုတ္တေန-ကျောက်ကောင်းတစ်လုံး, ပမာသုံးသို့, တိုင်းလုံးထင်ရှား, အကြွင်သားကြောင့်၊ ဝံသော-ဆွေရင်းမျိုးချာ, သူသူ ငါမျှ, မကသယ်ကျုံး, တစ်နွယ်လုံးသည်၊ သမုန္နတိံ-အောက်တန်းမှမြင့်, အဆင့်ဆင့်ဖြင့်, စွင့်စွင့်တက်လှမ်း, အထက်တန်းသို့၊ ယာတိ-ယခုလည်းကောင်း, နောင်လည်းကောင်းလျှက်, ကောင်းကောင်းပုံသေ, ရောက်နိုင်ပေ၏။ သော ပုတ္တော-တစ်နွယ်လုံးပင်, စုံအလင်ဖြင့်, ဂုဏ်အင်ပွားကြောင်း, ထိုသားကောင်းသည်၊ ဇာတော-အမျိုးသားတို့, တိုးပွားဖို့ရာ, မွေးဖွားသည်ဟု, ဆိုထိုက်ပါပေ၏၊ ပရိဝတ္တိနိ သံသာရေ-တပြောင်းပြန်ပြန်, အဖန်ဖန်ဖြင့်, မှန်မှန်ပြောင်းလွဲ, သံသရာထဲ၌၊ မတော-တစ်ဘဝဇာတ်, အဆုံးသတ်၍, နေရပ်ရှောင်သွေ, သေလေပြီးသော၊ ကော ဝါ-ဘယ်နတ်, ဘယ်လူ, အဘယ်သူသည်မူလည်း၊ န ဇာယတေ-ရုပ်သစ် နာမ်သစ်, ခန္ဓာသစ်ဖြင့်, အသစ်လဲကာ, မဖြစ်ဘဲရှိပါအံ့နည်း။

(ဟိတောပဒေသ ကထာမုခ-၁၅)

http://www.dhammadownload.com

[illegible]

http://www.dhammadownload.com

# မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁။ | ဓမ္မစေတီတရားတော် | ..... | ၁ |
| ၂။ | လူထက်သာသူတရားတော် | ..... | ၂၄ |
| ၃။ | လူ(၄)မျိုးတရားတော် | ..... | ၃၅ |
| ၄။ | ကျောင်းအလှူတရားတော် | ..... | ၅၃ |
| ၅။ | ဆာနာငြိမ်းဆေးတရားတော် | ..... | ၇၃ |
| ၆။ | ထပ်တလဲလဲဘေးတရားတော် | ..... | ၈၇ |
| ၇။ | ရွာပျက်ကြီးတရားတော် | ..... | ၉၇ |
| ၈။ | အလဲတတ်လျှင် နိဗ္ဗာန်ဝင်တရားတော် | ..... | ၁၂၂ |
| ၉။ | မီးတောက်ကိုမြင် နိဗ္ဗာန်ဝင်တရားတော် | ..... | ၁၄၁ |
| ၁၀။ | ခန္ဓာရထားတရားတော် | ..... | ၁၆၅ |
| ၁၁။ | မီး (၁၁)ပါးတရားတော် | ..... | ၁၈၉ |
| ၁၂။ | ဘီလူးရန်ဘေး လွတ်အောင်ပြေးတရားတော် | ..... | ၂၁၄ |
| ၁၃။ | တဏှာ့ကျွန်ဘေး လွတ်အောင်ပြေးတရားတော် | ..... | ၂၃၅ |
| ၁၄။ | ကောင်းမှုသက်ရှည်မှ ချီးမွမ်းရတရားတော် | ..... | ၂၅၅ |
| ၁၅။ | မိဘကိုသတ် တိုင်းရပ်ပြည်မှုန်းတရားတော် | ..... | ၂၆၇ |
| ၁၆။ | ကိုယ်သာနာ၍ စိတ်မနာစေနှင့်တရားတော် | ..... | ၂၈၅ |
| ၁၇။ | ရန်သူကြီး (၄)ယောက်တရားတော် | ..... | ၃၀၂ |
| ၁၈။ | မိဘတို့မျှော်လင့်ချက် (၅)မျိုးတရားတော် | ..... | ၃၁၂ |
| ၁၉။ | မြင်း(၄)မျိုးဥပမာပြ တရားတော် | ..... | ၃၃၆ |
| ၂၀။ | မသိခြင်း (၅)မျိုးတရားတော် | ..... | ၃၅၅ |

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၂၁။ | ခွဲဘေး မွဲဘေးတရားတော် | ..... | ၃၇၂ |
| ၂၂။ | အားကိုးစရာ အနှစ်ရှာတရားတော် | ..... | ၃၈၃ |
| ၂၃။ | သံသရာခရီးသည်တရားတော် | ..... | ၃၉၇ |
| ၂၄။ | တံတိုင်း (၃)တန် ကိုယ်မှာရံတရားတော် | ..... | ၄၁၅ |
| ၂၅။ | အရှုံးပြန် အမြတ်ပြန်တရားတော် | ..... | ၄၃၁ |
| ၂၆။ | အငိုစ အပြုံးဆုံးတရားတော် | ..... | ၄၄၉ |
| ၂၇။ | မမြဲသုံးချက် မြဲသုံးချက်တရားတော် | ..... | ၄၆၉ |
| ၂၈။ | ရဟန်းဘဝအမြင်အမျိုးမျိုးတရားတော် | ..... | ၄၈၄ |
| ၂၉။ | အနှစ်ရတနာ ဥစ္စာရှာတရားတော် | ..... | ၅၂၆ |
| ၃၀။ | ဖောင်တော်ကြီး (၅)စင်းတရားတော် | ..... | ၅၇၀ |
| ၃၁။ | သာသနာနှင့်တွေ့သူ မတွေ့သူတရားတော် | ..... | ၆၀၄ |
| ၃၂။ | ရွှေဟသ်ာမင်းတရားတော် | ..... | ၆၄၄ |
| ၃၃။ | ခရီးသွားနှင့်ခရီးနားတရားတော် | ..... | ၆၈၀ |
| ၃၄။ | ရေကန်ကြီး (၃)ကန်တရားတော် | ..... | ၇၃၄ |
| ၃၅။ | အပျောက်ရှာတရားတော် | ..... | ၇၇၁ |

http://www.dhammadownload.com



# အမှာစာ

အနု-အဖန်ဖန် အထပ်ထပ်၊ မောဒနာ-ဝမ်းမြောက်ကြောင်း စကား။ အထပ်ထပ် ဝမ်းမြောက်ကြောင်းစကား၊ ဝမ်းမြောက်ခြင်းကို ဖြစ်စေတတ်သော စကားကို အနုမောဒနာဟု ခေါ်ပါသည်။ ဆရာတော်သည် ကုသိုလ်ရှင်တရားနာသူများကို ကုသိုလ်နှင့်စပ်၍ ဝမ်းမြောက်ဝမ်းသာဖြစ်အောင် စကားပရိယာယ်ကြွယ်ဝစွာဖြင့် စိတ်ဝင်စားဖွယ် ဟောပြောနိုင်သော စွမ်းရည်အထူး ရှိတော်မူပေသည်။

ဆရာတော်တွင် ဤစွမ်းရည်ရှိသည်မှာ ယခုမှ မဟုတ်ပါ။ ငယ်စဉ်ကပင် ရှိခဲ့ကြောင်း သိရသည်။ တစ်ခါက ဆားလင်းကြီးဆရာတော် အရှင်အာဒိစ္စ (အဂ္ဂမဟာပဏ္ဍိတ-ကလောင်နာမည် ဆားလင်းကြီး ငွေးလွင်)က မိမိအား အမိန့်ရှိခဲ့ဖူးသည်မှာ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံ (ရွှေကျင်ဗဟိုဌာန)မှာ လပြည့်လကွယ် ဥပုသ်နေ့တိုင်း တရားပွဲကျင်းပလေ့ရှိတယ်၊ ဟောလိုသော အရှင်မြတ်များသည် ကြိုတင်၍ စာရင်းပေးသွင်းထားရတယ်၊ ဆရာတော်သည် ရဟန်းငယ်ဘဝက မန္တလေးတွင် ကျင်းပသည့် နာမည်ကြီး ရဟန်းသကျသီဟ ဖြေဆိုရန်အတွက် မဟာဝိသုဒ္ဓါရုံတိုက်မှာနေ၍ စာလိုက်နေစဉ် စာအထူးကြိုးစားနေသည့်ကြားမှပင် စာရင်းပေး၍ ဟောတော်မူခဲ့သည်။

ထိုစဉ်က ဆရာတော်ဟောသော တရားမှာ မှတ်မှတ်ရရ သေရိဝဇာတ် (ရွှံကုန်သည်ဝတ္ထု) ဖြစ်တယ်၊ "ငါလည်း ဦးကုဏ္ဍလ ဒီ ရိုးနေပြီဖြစ်တဲ့ဝတ္ထုကို ဘယ်လိုများ ဟောမှာလဲဆိုပြီး သိလိုစိတ်နှင့် သွားရောက်နားထောင်ခဲ့တယ်၊ အောင်မာ-သူ့က ဇာတ်လမ်းရိုးရိုးသက်သက်ကြီး တုံးတိတိကြီး မဟောဘူး၊ အကွက်ဆိုက် ဆိုက်သလို အပြင်ဗဟုသုတလေးတွေ ထည့်ပြီး ဟောသွားတယ်။ အထူးသဖြင့် ရွှံကုန်သည်က သူ့ရွှံကို လက်ပေါ်တင်ပြီး လှည့်ကာ လှည့်ကာ ကစားပြနေပုံကို ဟောတာ အထူးစိတ်ဝင်စားစရာကောင်းတယ်၊ ဒီကတည်းက-ငါလည်း ဒီကိုယ်တော်တော့ နောင်တစ်ချိန် ဓမ္မကထိက အကျော်အမော်ဖြစ်မှာ သေချာတယ်လို့ စိတ်ထဲမှာ ဆုံးဖြတ်ခဲ့တယ်" စသည်ဖြင့် ဆားလင်းကြီးနယ်တွင် တွေ့ဆုံစဉ် မိမိအား အမိန့်ရှိတော်မူဖူးပါသည်။

ဆရာတော်သည် ရဟန်းသကျသီဟ (အဘိဝံသ) စာမေးပွဲကြီး အောင်မြင်တော်မူပြီးနောက် ပင်ပန်းနွမ်းနယ်နေတဲ့ ခန္ဓာကိုယ်ကို အနားယူအားဖြည့်ရင်း ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ "ဆေးဆိုတာ အမည်စုံမှ ပိုပြီး ဆေးစွမ်း

http://www.dhammadownload.com



ထက်တယ်၊ ဒါကြောင့် လောကီ, လောကုတ္တရာပညာ စုံအောင်လုပ်သင့်တယ်" ဆိုတဲ့ ဩဝါဒတော်ကိုလည်း အကောင်အထည်ဖော်ရင်း၊ ရေဦးမြို့နယ် မရကန် အင်ကြင်းပင်ကျောင်းတွင် အနားယူနေထိုင်ရင်း အင်္ဂလိပ်စာပေများကို လေ့လာနေစဉ်မှာပင် "တတ်သည့်ပညာ မနေသာ"ဆိုသည့်အတိုင်း ဒကာ ဒကာမများက တန်းတန်းစွဲပူစာသဖြင့် ရေဦး-ခင်ဦးနယ်အတွင်းရှိ အလှူအတန်းကြီးငယ်များတွင် မ ပါလျှင်မပြီး တရားပွဲကြီးငယ်ဖြင့် ချီးမြှင့်ရပြန်သည်။

ဤပဋ္ဌာန်းဆက်ကြောင့် နောင်တွင် ခင်ဦး-ရေဦးနယ်နှင့် ရွှေဘိုမြို့နယ် တို့မှ မဟာဂန္ဓာရုံသံဃာတော်များအတွက် ဆွမ်းဆန်စိမ်းအလှူခံရင်း ပင့်ပြန်သော အခါ တာဝန်ခံ ဒကာများက ဆရာတော်ကို မပါ, ပါအောင် ပင့်ကြ၊ နယ်ဒကာ-ဒကာမများက ယခင်တရားသံမျိုး နာယူလိုလှကြောင်း ပွဲတောင်းလာကြပြန်သည်။ ထို့ကြောင့် သံဃာတော်အရေးမို့ ထိုနယ်များသို့ သံဃာတော်များနှင့်အတူ၊ အပင် ပန်းခံကာ ကြွတော်မူရသည်။ ညှိခံစကားပြောရတာက တစ်ဘက်၊ အများသံဃာ နည်းတူ တစ်ရွာနှင့်တစ်ရွာကြား ဝေးကွာလှတဲ့ခရီးကို ခြေလျင်ကြွပြီး ဆွမ်းဆန် စိမ်းခံရတာက တစ်ဖြာ၊ ရောက်ရာအရပ်မှာ ဟောပြောရတာက တစ်မျိုးဖြင့် အမျိုးမျိုးသော ပင်ပန်းမှုကို သည်းခံတော်မူရသည်။

အနားယူပြီး မဟာဂန္ဓာရုံကျောင်းတိုက်သို့ ပြန်ရောက်သောအခါ၌လည်း သိကြတဲ့အတိုင်းပဲ၊ ကျေးဇူးရှင်ဆရာတော်ဘုရားကြီးသည် စာရေးဘက်တွင်သာ အားသန်တော်မူသည်၊ အဟောအပြောဘက်ကို ပဓာနမထားပါ။ တပည့်များကို လည်း အားပေးတော်မမူ၊ သို့သော်လည်း ရှောင်လွှဲလို့မရတဲ့ ဟောရေး ပြောရေး ကိစ္စ ကြုံလာသည့်အခါ၌ကား-ဆရာတော့်အား လွှဲတော်မူသည်၊ ဤသို့ဖြင့် ဆရာ တော် ဓမ္မကထိက ဖြစ်မှန်မသိ ဖြစ်လာရလေသည်။ ဆရာတော်သည် အဟော အပြောဘက်တွင်သာ ထူးချွန်သည် မဟုတ်၊ စာချရာတွင်လည်း အထူးကျွမ်းကျင် တော်မူသည်၊ အဓိပ္ပါယ်ကိုလည်း ရှင်းလင်းသွားအောင် ပိုင်နိုင်ကျွမ်းကျင်စွာ, လောကဥပမာ ပုံပြင်သာကေ, ဥပမာအမျိုးမျိုး ထိုးပြကာ စာချလေ့ရှိသည်။ စာလိုက်တပည့်များ မပျင်းရိရလေအောင် ဟာသနှော၍ အသောကလေးဖြင့် လည်း စာချတတ်သည်။

မဟာဂန္ဓာရုံ ဒုတိယမြောက်ဆရာတော်လက်ထက်တွင် ဆရာတော်သည် ပထမဆရာတော် လက်ထက်ကထက် ထမ်းဆောင်ရတဲ့ သာသနာရေးတာဝန်များ ပိုမို များပြားလာသည်။ ထို့ကြောင့် မိမိ မအားလပ်သည့်အခါ မိမိကိုယ်စား

http://www.dhammadownload.com



ကက်ဆက်တိတ်ခွေမှတစ်ဆင့် စာပေပို့ချသောအားဖြင့်၊ စာဝါမပျက်ရအောင် ဟူသော ရည်ရွယ်ချက်ဖြင့် စာချဘုန်း စာသင်များအတွက် ပါရာဇိကဏ် ပို့ချချက်ကို ကက်ဆက်တိတ်ခွေဖြင့် အသံသွင်းထားရသည်။ မန္တလေးမြို့ ဦးကာက-လဘက် ခြောက်ပွဲရုံပိုင်ရှင် ဒေါ်ကြူင်သန်းနှင့် ညီအမတစ်စုက တာဝန်ယူ၍ ကုသိုလ်ပြု သည်။ ထို့ကြောင့် ယခုအခါပင် ဒေသအသီးသီးမှ သံဃာတော်များ, သီလရှင် ဆရာလေးများသည် လိုက်တိတ်ခွေများကို ကူးယူကာ-ပါရာဇိကဏ်ဘာသာကို ဆရာ မပါဘဲ စိတ်တိုင်းကျ လေ့လာနိုင်ကြပေသည်။ ဆရာ့အခက်အခဲကို ဤတိတ်ခွေက ဖြေရှင်းပေးသည်။

ဆရာတော်၏ ဟောပြောဟန်မှာ ရှေးဦးစွာ ရက်စွဲတပ်၍ ကုသိုလ်ရှင် နာမည်စာရင်း အပြည့်အစုံနှင့် ကုသိုလ်လုပ်ငန်းတို့ကို ကြားကြားသမျှ လူ,နတ်, ပြဟ္မာ, သတ္တဝါတွေ အနုမောဒနာ သာဓုခေါ်ရလေအောင် ကြေငြာပေးသည်။ ၎င်းနောက် မိမိဟောမည့်တရားကို ခြုံငုံ၍ တရားပန္နက်ရိုက်သည်။ ထိုတရားပန္နက် ပေါ်တွင် မူတည်၍ တဖြေးဖြေးချင်း သက်ဆိုင်ရာဝတ္ထုကြောင်းကို ဆက်စပ်၍ ဟောတော်မူသည်။ ထိုသို့ဟောရာတွင်လည်း သက်ဆိုင်ရာနေရာများတွင် ပရိ သတ် သဘောပေါက်အောင် လောကဥပမာများနှင့် နှိုင်းယှဉ်၍ပြသည်။ ပရိသတ် ၏ နှလုံးသားတွင် တရားစကားကျန်ရစ်အောင် တရား၏အနှစ်ချုပ်ကိုလည်း ဆောင်ပုဒ်များလုပ်၍ တိုင်ပေးလေ့ရှိသည်။ ဇာတ်ဝတ္ထုထဲမှ ကုသိုလ်ရုပ်နှင့်-ယခု ကုသိုလ်ရှင်ကိုလည်း ဝမ်းမြောက်ဖွယ်ဖြစ်အောင် နှိုင်းယှဉ်၍ ပြတတ်သည်။ ဝိဖဿနာအဆုံးတွင် အချိန်ရလျှင်ရသလို ဝိပဿနာတင်၍ အဘိဓမ္မာသတ်သည်။ ဝိပဿနာတင်ရာ၌လည်း ပရိသတ်မပျင်းရလေအောင် အလွယ်ကူဆုံး အရှင်း လင်းဆုံးနည်းဖြင့် ဝိပဿနာ၏အဓိပ္ပါယ်ကို နားလည်းသဘောပေါက်အောင် ဟောတော်မူသည်။ နောက်ဆုံးတွင် မိမိရိုက်နှက်ခဲ့သော တရားပန္နက်ကို ပြန် ကောက်၍ ဆက်စပ်ပြကာ နိဂုံးကမ္ပတ် အဆုံးသတ်တော်မူသည်။

ဤကဲ့သို့သော အကြောင်းများကြောင့် အမြို့မြို့အနယ်နယ်မှ ရဟန်း ရှင် လူများက တရားတိတ်ခွေဖြန့်ရန် လျှောက်ထားအကြံပေးလာကြသည်။ ၎ါန အသီးသီးတွင် ဓမ္မကထိကတာဝန် ထမ်းဆောင်နေကြရသော ဓမ္မကထိက ဆရာတော်ကလေးများကလည်း မဟာဂန္ဓာရုံတိုက်အတွင်း သီတင်းသုံးနေထိုင်ကြ သော မိမိတို့ သူငယ်ချင်း ရဟန်းသာမဏေများထံ တရားတိတ်ခွေများ တစ်ကပ်, နှစ်ကပ်စသည်ဖြင့် အဝေးမှနေ၍ မှာယူကြသည်။ မိမိနှင့် တွေ့ဆုံကြသော အခါ၌ လည်း ဒီတစ်ခါ ဥပုသ်-တပည့်တော့်တာဝန်ကျသည်၊ တပည့်တော် ဘုန်းကြီးကုဏ်ရဲ့

http://www.dhammadownload.com



ဘယ်တရားကို ဟောမှာ၊ အရင့်အရင်တုန်းကလည်း ဘယ်တရားကို ဟောခဲ့ရတယ်၊ ဘုန်းကြီးကုဏ်ရဲ့တရားတွေက ချုံ့ချင်ရင်လည်းရတယ်၊ ချဲ့ချင်ရင်လည်းရတယ်။ ဒါကြောင့် တပည့်တော်တို့အတွက် အဆင်ပြေတယ် စသည်ဖြင့် အားပါးတရ ပွင့်ပွင့်လင်းလင်း ပြောလာကြသည်။

ဒီအကြောင်းအရာများကို ဆရာတော်အား လျှောက်ထားလာကြသော အခါ ဆရာတော်က "ကဲကဲ-အများဆန္ဒကို ဖြည့်တဲ့အနေနဲ့ တရားတိတ်ခွေများလည်း သင့်လျော်တဲ့ဈေးနှုန်းနဲ့ ဖြန့်ကြ၊ စာအုပ်အဖြစ်လည်း ထုတ်ဝေကြ"လို့ ခွင့်ပြုတော်မူခဲ့သည်။ ထိုအခါ ဆရာတော်၏ ဟောနည်း ဟောဟန်, ပြောနည်း ပြောဟန်, တရားပန္နက်မှစပြီး စကားချီ စကားလှည့်, စကားစဉ် စကားဆက်, တရားချီ တရားလှည့်, တရားစဉ် တရားဆက်, လေယူလေသိမ်း, ပရိယာယ် အမျိုးမျိုး, ဟန်အမျိုးမျိုးတို့ဖြင့် တန်ဆာဆင် နာယူချင်ဖွယ် ဟောပြောအပ်သော ဟောနည်း ဟောဟန်, ပြောနည်းပြောဟန်ကို နည်းယူလိုသူ၊ ရပ်ဝေး ရပ်နီးမှ ဓမ္မကထိကလျောင်းလျာ တပည့်ရဟန်းတော်များအတွက်ပါ စာအုပ်ဖတ်ရင်းဖြင့် နည်းနာနိဿျကိုလည်း အရယူနိုင်၊ ဒကာ-ဒကာမတွေလည်းပဲ ဆရာတော် ဟောပြောနေစဉ် ထိုင်နာယူနေရသကဲ့သို့ ကြည်ညိုသဒ္ဓါ ပွားများနိုင်ကြပါစေဆိုတဲ့- စေတနာဆန္ဒများ အရင်းခံပြီး ဟောစဉ်တရားတိတ်ခွေမှ အတတ်နိုင်ဆုံး တူညီမှု ရလေအောင် မိမိတို့ တပည့်များသည် စုပေါင်းအားဖြင့် ဝိုင်းဝန်း ကြိုးစားကြရလေသည်။

ကြိုးစားခြင်း၏ အသီးအပွင့်များအဖြစ် တရားတိတ်ခွေများ၊ စာအုပ်များကို ရဟန်း ရှင် လူ ပရိသတ်၏ထံမှောက် အရောက်ပို့နိုင်ခဲ့လေပြီ။ ထို့ကြောင့် ရဟန်း ရှင် လူ ပရိသတ်၏ တရားတော်ကို နာယူ, ဖတ်ကြား, နည်းယူလိုသော သမ္မာဆန္ဒ ပြည့်ဝလိမ့်မည်ဟု ယုံကြည်မိပါသည်။ သမ္မာဆန္ဒ ပြည့်ဝကြပါစေ လို့လည်း ဆန္ဒပြုလိုက်ရပါသတည်း။

အရှင်ဝိဇယ BA [M.A (Q)], HGP
ပရိယတ္တိသာသနာလင်္ကာရသာမဏေကျော်
သာသနဓဇဓမ္မာစရိယ
မဟာဂန္ဓာရုံကျောင်းတိုက်၊ အမရပူရမြို့။
၁၃၆၅-ခုနှစ်၊ နတ်တော်လပြည့်ကျော် (၂) ရက်။

http://www.dhammadownload.com



## ရည်ရွယ်ချက်

မန္တလေးတိုင်း အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက် (မဟာနာယက) နာယကချုပ်ဆရာတော်၊ အဂ္ဂမဟာပဏ္ဍိတ, မဟာဓမ္မကထိက ဗဟုဇနဟိတဓရ, ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ အရှင်မြတ်သည် ရဟန်းငယ်ဘဝမှ စ၍ အမြို့မြို့ အနယ်နယ်၊ အသွယ်သွယ်သော အရပ်ဒေသ အသီးသီး၌ ဟောကြားတော်မူခဲ့သော တရားများစွာတို့ကို တိတ်ရီကော်ဒါများမှလည်းကောင်း၊ ကက်ဆက်တိတ်ခွေများမှလည်းကောင်း၊ လက်လှမ်းမီရာ ဒေသအသီးသီးမှ စုဆောင်းသိမ်းဆည်းခဲ့ပါသည်။

ထိုကဲ့သို့ စုဆောင်းသိမ်းဆည်းခြင်းသည် ဆရာတော်၏ ဟောစဉ်တရားများသည် မဟာဂန္ဓာရုံကျောင်းတိုက် သမိုင်းတစ်ခေတ်၏ သာသနာ့မှတ်တိုင်တစ်ခု သဖွယ် ခန့်ထည် ဖြစ်တည် ကျန်ရစ်စေပြီး၊ တပည့်သံဃာ, ဒါယကာ, ဒါယိကာမ အများ အသိပညာ သဒ္ဓါတရား တိုးပွားရရှိစေရန် ရည်ရွယ်၍ တရားတိတ်ခွေများကို စုဆောင်းသိမ်းဆည်းခဲ့ပါသည်။ ထို့အပြင် တရားတော်များကို ကက်ဆက်တိတ်ခွေမှတစ်ဆင့် စီဒီ,တိတ်အဖြစ်သို့လည်းကောင်း။ ဟောစဉ်တရားပေါင်းချုပ် အဖြစ်သို့လည်းကောင်း ဖြစ်မြောက်စေရန် ရှေးဦးကပင် ရည်ရွယ်ချက်ရှိခဲ့ပါသည်။ ဖော်ပြပါ ရည်ရွယ်ချက်များမှ တစ်ခုဖြစ်သော ဤ "ဆရာတော်၏ ဟောစဉ်တရားပေါင်းချုပ်"စာအုပ်ကို စုစည်း ပူဇော်၍ မှတ်တမ်းတင်အပ်ပါသည်။

## ဝန်ခံချက်

ဤ " ဟောစဉ် တရားပေါင်းချုပ်" စာအုပ်တွင် ဆရာတော် စနစ်တကျ ဟောတော်မူသည့်အတိုင်း ပါဠိတော်, အဋ္ဌကထာ, နိသျ, မြန်မာပြန်, လင်္ကာ ဆောင်ပုဒ်များ, အဖြစ်အတောက်နှင့် ကျမ်းညွှန်းများကို အတတ်နိုင်ဆုံး ကြိုးစား၍ မှန်ကန်အောင် ကက်ဆက်တိတ်ခွေမှ ရေးကူးထားပါသည်။ သို့ပါ၍ ဤစာအုပ်၌ တစ်စုံတစ်ရာ အမှားများပါရှိပါက မှတ်တမ်းပြု တင်ပြသူ၏ မေ့လျော့မှု ချွတ်ယွင်းမှုသာ ဖြစ်ပါကြောင်း ဝန်ခံအပ်ပါသည်။

http://www.dhammadownload.com



# ကျေးဇူးတင်လွှာ

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် ကက်ဆက်တိတ်ခွေမှ တစ်ဆင့် အားသွန် ခွန်စိုက်, ကြိုးကြိုးစားစား ရေးကူးပေးကြသော ရွှေမင်းဟန် စာချကျောင်းမှ-

(၁) ဦးနန္ဒဝံသ (မြေနီရှိ)

(၂) ရှင်ဇောတိက (အောင်သာ)

(၃) ရှင်ဝိသုဒ္ဓ (ရသစ်)

(၄) ရှင်စန္ဒာဝရ (လက်ပန်ကုန်း)

(၅) ရှင်ဣန္ဒာစရိယ (ကန်သာ)

(၆) ရှင်ကေသရ (ဒီပဲယင်းမြို့) တို့အားလည်းကောင်း၊ ကျမ်းစာများ ကူညီရှာပေးကြသော ပုဂ္ဂိုလ်များ၊ အဘက်ဘက်မှ အကြံဉာဏ်ပေးကြသော ပုဂ္ဂိုလ်များနှင့် ကွန်ပျူတာစာစီပေးသော ပုဂ္ဂိုလ်များအားလည်းကောင်း အထူးကျေးဇူးတင် မှတ်တမ်းပြုအပ်ပါသည်။

အရှင်စန္ဒိမာ
(သာသနဓဇဓမ္မာစရိယ-ဂဏဝါစက)
ရွှေမင်းဟန်စာချကျောင်း
မဟာဂန္ဓာရုံကျောင်းတိုက်၊ အမရပူရမြို့။

http://www.dhammadownload.com



# ကျမ်းညွှန်းသင်္ကေတ

| သင်္ကေတ | ပါဠိတော်/အဋ္ဌကထာ |
|---|---|
| ဝိ-၃၊ | မဟာဝဂ္ဂပါဠိ (ဝိနယပိဋက) |
| ဝိ-၄၊ | စူဠဝဂ္ဂပါဠိ |
| ဝိ-ဋ္ဌ-၁၊ | ပါရာဇိကကဏ္ဍ-အဋ္ဌကထာ |
| ဒီ-၁၊ | သီလက္ခန္ဓဝဂ္ဂပါဠိ |
| ဒီ-ဋ္ဌ-၁၊ | သီလက္ခန္ဓဝဂ္ဂ-အဋ္ဌကထာ |
| မ-၁၊ | မူလပဏ္ဏာသပါဠိ |
| မ-၂၊ | မဇ္ဈိမပဏ္ဏာသပါဠိ |
| မ-ဋ္ဌ-၂ | မူလပဏ္ဏာသ-အဋ္ဌကထာ-၂ |
| သံ-၁၊ | သဂါထာဝဂ္ဂ-နိဒါနဝဂ္ဂသံယုတ္တပါဠိ |
| သံ-၂၊ | ခန္ဓဝဂ္ဂ-သဠာယတနဝဂ္ဂသံယုတ္တပါဠိ |
| သံ-၃၊ | မဟာဝဂ္ဂသံယုတ္တပါဠိ |
| သံ-ဋ္ဌ-၁၊ | သဂါထာဝဂ္ဂ-သံယုတ္တအဋ္ဌကထာ |
| သံ-ဋ္ဌ-၂၊ | နိဒါနဝဂ္ဂ+ခန္ဓဝဂ္ဂ-သံယုတ္တအဋ္ဌကထာ |
| အံ-၁၊ | အင်္ဂုတ္တရပါဠိ-၁ (ဧကက+စတုက္က) |
| အံ-၂၊ | အင်္ဂုတ္တရပါဠိ-၂ (ပဉ္စက+သတ္တက) |
| အံ-၃၊ | အင်္ဂုတ္တရပါဠိ-၃ (အဋ္ဌက+ဧကာဒသက) |
| အံ-ဋ္ဌ-၁၊ | အင်္ဂုတ္တရအဋ္ဌကထာ-၁ |
| အံ-ဋ္ဌ-၃၊ | အင်္ဂုတ္တရအဋ္ဌကထာ-၃ |
| အဘိ-က၊ | ကထာဝတ္ထုပါဠိ |
| အဘိ-ဋ္ဌ-၂၊ | သမ္မောဟဝိနောဒနီ-အဋ္ဌကထာ |
| ဓမ္မ-ဋ္ဌ-၁၊ | ဓမ္မပဒ-အဋ္ဌကထာ-၁ |
| ဓမ္မ-ဋ္ဌ-၂၊ | ဓမ္မပဒ-အဋ္ဌကထာ-၂ |
| ဣတိဝုတ်၊ | ဣတိဝုတ္တကပါဠိ |
| သုတ္တနိ-ဋ္ဌ-၁၊ | သုတ္တနိပါတ-အဋ္ဌကထာ-၁ |

http://www.dhammadownload.com



| သင်္ကေတ | ပါဠိတော်/အဋ္ဌကထာ |
|---|---|
| ဝိမာန၊ | ဝိမာနဝတ္ထုပါဠိ |
| ဝိမာန-ဋ္ဌ၊ | ဝိမာနဝတ္ထု-အဋ္ဌကထာ |
| ပေတ-ဋ္ဌ၊ | ပေတဝတ္ထု-အဋ္ဌကထာ |
| ထေရ၊ | ထေရဂါထာပါဠိ |
| ထေရီ-ဋ္ဌ၊ | ထေရီဂါထာ-အဋ္ဌကထာ |
| အပ-၁၊ | အပဒါနပါဠိ-၁ |
| အပ-၂၊ | အပဒါနပါဠိ-၂ |
| ဗုဒ္ဓဝံ-ဋ္ဌ၊ | ဗုဒ္ဓဝံသ-အဋ္ဌကထာ |
| စရိယာ-ဋ္ဌ၊ | စရိယာပိဋက-အဋ္ဌကထာ |
| ဇာ-ဋ္ဌ-၃၊ | ဇာတက-အဋ္ဌကထာ-၃ |
| ဇာ-ဋ္ဌ-၄၊ | ဇာတက-အဋ္ဌကထာ-၄ |
| ဇာ-ဋ္ဌ-၇၊ | ဇာတက-အဋ္ဌကထာ-၇ |
| နေတ္တိ | နေတ္တိပ္ပကရဏပါဠိ |
| နေတ္တိ-ဋ္ဌ၊ | နေတ္တိပ္ပကရဏ-အဋ္ဌကထာ |
| မိလိန္ဒ၊ | မိလိန္ဒပဉှာပါဠိ |

http://www.dhammadownload.com



# မန္တလေးတိုင်း၊ အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက် နာယကချုပ်၊ အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ အတ္ထုပ္ပတ္တိအကျဉ်း

■ ■ ■ ■

အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက် နာယကချုပ်ဆရာတော် အရှင်မြတ်ဖြစ်တော်မူသော အဂ္ဂမဟာပဏ္ဍိတ, မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တကုဏ္ဍလာဘိဝံသသည် မန္တလေးတိုင်း၊ စဉ့်ကူးမြို့နယ်၊ ဆီသည်ရွာ၌ မြေရှင်လယ်ရှင်များဖြစ်ကြသော ခမည်းတော် ဦးဖေဘ+မယ်တော် ဒေါ်မယ်မတို့မှ ၁၂၉၄-ခုနှစ်၊ ပြာသိုလ်လဆန်း (၁၄)ရက်၊ ၁၉၃၃-ခု၊ ဇန်နဝါရီလ (၉)ရက်၊ တနင်္လာနေ့တွင် ဖွားမြင်သည်။ ဆရာတော်ကြီးသည် မွေးချင်း (၇)ဦးတို့အနက် ပဉ္စမမြောက် သားရတနာဖြစ်၏။ မွေးချင်းတို့မှာ ဒေါ်လှမြိုင်, ဒေါ်တင်ဆိုင်, ဦးသိန်းမောင်, ဒေါ်မြသင်း, ဦးညွန့်တင်နှင့် ဒေါ်နှင်းမြိုင်တို့ဖြစ်၏။

ဆရာတော်၏ ငယ်နာမည်မှာ "မောင်ခင်မောင်"ဖြစ်သည်။ သို့သော် အဖွားဖြစ်သူက သူ့မြေး၏ ကြည်ကြည်လင်လင် ရွှင်ရွှင်ပျပျရှိမှုကို အကြောင်းပြုကာ မောင်ခင်မောင်သည် ကြည်လင်သော ရုပ်လက္ခဏာရှိ၍ 'မောင်ခင်မောင်ကြည်'ဟု (ကြည်) တစ်လုံးတိုး၍ခေါ်ရာမှ မောင်ခင်မောင်ကြည်ဟု အမည်တွင်ခဲ့၏။ ဆရာတော်လောင်းလျာသည် အသက် (၅)နှစ်သားအရွယ်၌ ဆီသည်ရွာ သီရိမင်္ဂလာကျောင်းတွင်ပင် ဦးရီးတော် ဘုန်းတော်ကြီး အရှင်အာစိဏ္ဏထံတွင် သင်ပုန်းကြီးမှအစ၊ အခြေခံပညာကို စတင်သင်ကြားသည်။ ဆရာတော်လောင်းလျာသည် ငယ်စဉ်က ရုပ်ရည်ကြည်လင်မှုရှိသည်သာမက ဉာဏ်ပညာအရာတွင် သင်ကြားမှတ်ယူလွယ်သော ပါရမီပြည့်ဝသူ တစ်ယောက်ဖြစ်သောကြောင့် ဦးရီးတော်သူ ဆရာတော်က "ဤကလေးနှင့် ပတ်သက်သော မောင်ဖေဘ+မမယ်မတို့သည် အမွေးတော်လေစွ"ဟု ချီးကျူးပြောဆိုခဲ့၏။ ဆရာတော်လောင်းလျာသည် သင်ကြားတတ်မြောက်လွယ်သည်သာမက ထိုးထွင်းဉာဏ်ရှိသော ကလေးတစ်ဦးလည်း ဖြစ်သည်။ ဆရာတော်လောင်းလျာသည် ဦးရီးတော်ဘုန်းတော်ကြီးထံတွင် ဂဏန်းသင်္ချာ၊ မြန်မာစာနှင့် မြန်မာမှုပညာရပ် အစုံအစုံ သင်ကြားခဲ့၏။

http://www.dhammadownload.com



## ရှင်သာမဏေ

ဆရာတော်လောင်းလျာသည် အသက် (၇)နှစ်အရွယ်သို့ ရောက်သောအခါ မိဘနှစ်ပါးဖြစ်သော ဦးဖေဘာ+ဒေါ်မယ်မတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ သီရိမင်္ဂလာကျောင်းတွင်ပင် ဦးရိုးတော် ဘုန်းတော်ကြီးကို ဥပဇ္ဈာယ်ပြုကာ ရှင်သာမဏေဘောင်သို့ ဝင်ရောက်ခဲ့သည်။

## ပိဋကတ်အခြေခံကို စတင်သင်ကြားခြင်း

ဆရာတော်လောင်းလျာသည် ဦးရိုးတော်သူ ဘုန်းတော်ကြီးထံတွင်ပင် (၂)နှစ်တိုင်တိုင် ပိဋကတ်အခြေခံဖြစ်သော သဒ္ဒါရှစ်စောင်နှင့် ပုဒ်စစ်ရှစ်ကျမ်းစသော ကျမ်းစာများကို အပုတ်တကုတ် ကြိုးစား၍ သင်ကြားနာယူခဲ့သည်။ ၁၃၀၉-ခုနှစ်သို့ ရောက်သောအခါ ဦးရိုးတော်ဘုန်းကြီးက ဆရာတော်လောင်းလျာသည် သင်ကြားသမျှကို [illegible]သည်။ ထက်မြက်သော ပညာပါရမီလည်း ရှိသည်။ ပညာဉာဏ် တိုးတက်ပွင့်လင်းစေရန် ရေမြေ[illegible]ကောင်းရာအရပ်သို့ ပို့၍ ပညာဆက်လက်ဆည်းပူးစေသော် ကောင်း၏-ဟု အမိန့်ရှိရာ [illegible]တော် မယ်တော်တို့နှင့် တိုင်ပင်ခဲ့၏။ ခမည်းတော် မယ်တော်နှစ်ပါးတို့ကလည်း ဦးရိုးတော ဘုန်းကြီး သင့်သလိုစီမံတော်မူပါဟု လျှောက်ထားလေလျှင် ဦးရိုးတော် ဘုန်းတော်ကြီးသည် ပွင့်ဖူးရင့်သန်လာမည့် ဤသာသနာတော်မျိုးစေ့ကို အဘယ်မည်သော ရေခံမြေခံသည် အကောင်းဆုံးဖြစ်မည်ကို သေချာစွာလေ့လာခဲ့၏။

အထပ်ထပ်သော နေရာ, အစုစုသော အခြေခံတို့ကို စိစစ်ပြီး ဦးရိုးတော် ဘုန်းတော်ကြီးက အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက် ကျမ်းပြုဆရာတော် အဂ္ဂမဟာပဏ္ဍိတ အရှင်ဇနကာဘိဝံသသူမြတ်သည် အရှေ့ အနောက် တောင် မြောက် အရပ်မျက်နှာတို့တွင် ပညာအရာ၌ ကျော်စော၏။ အကျင့်သီလနှင့် ပြည့်စုံ၏။ ဝိနည်းသိက္ခာတွင် စံနမူနာဖြစ်၏။ မဟာဂန္ဓာရုံအခြေခံတွင် မိမိ၏ တူတော်သူ ဆရာတော်လောင်းလျာအား ပျိုးထောင်ပါက ပျိုးထောင်သော သာမဏေနှင့် ပျိုးထောင်ရာဌာန နှစ်ဦးနှစ်ဝ အကျိုးထူးရှိစေနိုင်မည်ဟု ယူဆကာ ဆရာတော်လောင်းလျာအား မဟာဂန္ဓာရုံကျောင်းတိုက်သို့ ပို့ဆောင်၍ ပိဋကတ်အခြေခံများကို သင်ကြားလေ့လာစေပါ၏။ ဆရာတော်လောင်းလျာသည် ပိဋကတ်အခြေခံများနှင့်တကွ အထက်တန်းကျမ်းစာများကို ဆရာတော် အရှင်ဇနကာဘိဝံသထံတွင် ဆက်လက်လေ့လာခဲ့၏။ ပညာပါရမီရင့်သန်သူဖြစ်သည့်အားလျော်စွာ ဆရာတော်လောင်းလျာသည် ရှင်သာမဏေဘဝဖြင့် မန္တလေးမြို့ ပရိယတ္တိသာသနာ့ဟိတအသင်းကြီးမှ ကြီးမှူးကျင်းပသော သာမဏေကျော်

http://www.dhammadownload.com



စာမေးပွဲကို အဆင့်သုံးဆင့်လုံး အောင်မြင်၍ "သာသနာလင်္ကာရ သာမဏေကျော်"ဘွဲ့ လျှာဒါန်းပူဇော် ဆက်ကပ်ခြင်းကို ခံယူရရှိခဲ့၏။ ရှင်သာမဏေဘဝဖြင့်ပင် နိုင်ငံတော်အစိုးရ၏ ပထမငယ်, ပထမလတ် စာမေးပွဲများကို အောင်မြင်တော်မူခဲ့၏။

## ရဟန်းအဖြစ်သို့ ရောက်ရှိခြင်း

ဆရာတော်လောင်းလျာသည် ရှင်သာမဏေဘဝဖြင့် ပိဋကတ်ကျမ်းစာများကို လေ့လာရင်း ၁၃၁၄-ခု၊ တန်ခူးလဆန်း (၁၅)ရက်နေ့သို့ ရောက်သောအခါ မန္တလေးမြို့ ပွဲကုန်းရပ်နေ နန္ဒဝံသစ်စက်ပိုင်ရှင် ဦးဘတင်+ဒေါ်မိမိလေးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက် အဂ္ဂမဟာပဏ္ဍိတ ကျမ်းပြုဆရာတော် အရှင်ဇနကာဘိဝံသကို ဥပဇ္ဈာယ်ပြု၍ ကောဒသမမြောက် ရွှေကျင်သာသနာပိုင် မြောင်းမြဆရာတော်၊ စစ်ကိုင်းတောင်ရိုး ချမ်းအေးချောင်ဆရာတော်၊ စစ်ကိုင်းတောင်ရိုး အဂ္ဂမဟာပဏ္ဍိတ ပဋ္ဌာန်းသိပ္ပံ ဆရာတော်၊ ကျွန်းကုန်းမြို့ ကျွန်းကုန်းဆရာတော်၊ လပွတ္တာမြို့ လေးထပ် ဆရာတော် စသော အကျော်အမော် အဓိကရ ဆရာတော်ကြီးများက ကမ္မဝါ ဆရာတော်များအဖြစ် ချီးမြှောက်ပေးမှုဖြင့် မြင့်မြတ်သော ရဟန်းဘဝသို့ ရောက်ရှိခဲ့သည်။

ဤကဲ့သို့သော ဆရာတော်ကြီးများက ကမ္မဝါစာဆရာအဖြစ် ချီးမြှောက်၍ ရဟန်းဘဝသို့ ရောက်ရှိခဲ့ခြင်းသည်ပင်လျှင် ဆရာတော်၏ ထူးခြားမှုတစ်ရပ်ပင် ဖြစ်၏။ ထိုသို့သော အခွင့်အလမ်းသည် ရခဲသော အခွင့်အလမ်းဖြစ်၏။ ဆရာတော်၏ ပါရမီကြောင့်သာလျှင် ထိုအခွင့်အရေးသည် ပေါ်ပေါက်လာခဲ့ခြင်းဖြစ်၏။ မြင့်မြတ်သော ရဟန်းဘဝတွင် ဉူးပဋ္ဌင်း ဉူးကုဏ္ဍလသည် စာပေကျမ်းဂန်များကို ဆက်လက်ဆည်းပူး လေ့လာ၍ အကျင့်သိက္ခာတော်ကို သိပ်သည်းစွာ လိုက်နာရင်း ဆရာတော် အရှင်ဇနကာဘိဝံသ၏ သင်ကြားဆိုဆုံးမမှုများကို နာယူမှတ်သားကာ ပါရမီကို ပိုမိုရင့်သန်အောင် အားထုတ်ခဲ့၏။

ဆရာတော်သည် ထိုကဲ့သို့သော ပညာရပ်များကို သင်ကြားရင်း သိမ်ထပ်မင်္ဂလာများကို ပြုရာတွင် ဆီသုံည်ရွာမှ မယ်တော် ခမည်းတော်များကိုယ်တိုင်က ဒုတိယအကြိမ် သိက္ခာထပ်၏။ တစ်ဖန် အမရပူရမြို့ အိုးတော်ကုန်းရပ် လေယာဉ်ပျံပိုးထည်တိုက်ပိုင်ရှင် ဦးမောင်ကို+ဒေါ်အုန်းခင် မိသားစု၊ ရေဦးမြို့ ဒီပဲယင်းလမ်း ကုန်သည်နှင့် တွင်ခုံလုပ်ငန်းပိုင်ရှင် ဦးချစ်မောင်+ဒေါ်ငွေး မိသားစု၊ တောင်ငူမြို့နေ ဒေါ်ခင်ထွေးမြင့်၊ ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်း

http://www.dhammadownload.com



လပြည့်ဝန်း ကုမ္ပဏီပိုင်ရှင် ဦးစိုးဝင်း+ဒေါ်စန္ဒာမောင် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ထပ်မံ၍ သိမ်ထပ်ရဟန်းခံတော်မူခဲ့၏။

## အထက်တန်းစာမေးပွဲများ အောင်မြင်ခြင်း

ဆရာတော်သည် ပါရမီရင့်သန်သော ဆရာတော်တစ်ပါးဖြစ်သည့်အားလျော်စွာ ပိဋကတ်အထက်တန်း စာမေးပွဲများကို ထိပ်တန်းမှ အောင်မြင်ခဲ့၏။ ဆရာတော်သည် (၁၃၁၅-ခု နယုန်လ) ရဟန်းတစ်ဝါရချိန်ဝယ် ပထမကြီးတန်းကို အောင်မြင်သည်။ ထိုနှစ် တပေါင်းလတွင် အစိုးရဓမ္မာစရိယတန်းကို ကျမ်းရင်းသုံးကျမ်းနှင့် ဂုဏ်ထူးသုံးကျမ်းပါတွဲ၍ အောင်မြင်သဖြင့် ဆရာတော်သည် သာသနဓဇသိရီပဝရ ဓမ္မာစရိယဘွဲ့ထူးကို ဆက်ကပ်ခြင်း ခံတော်မူခဲ့၏။ ထို့နောက် ဆရာတော်သည် မန္တလေးမြို့ ပရိယတ္တိသာသနာ့ဟိတအသင်းကြီး၏ ရဟန်းတော်များစာမေးပွဲ၌ စာသင်တန်းနှင့် စာချတန်း နှစ်တန်းလုံး ပေါက်ရောက်အောင်မြင်၍ "အဘိဝံသ"ဘွဲ့တော်နှင့် ပရိယတ္တိသာသနာ့ဟိတဓမ္မာစရိယဘွဲ့တော် ဆက်ကပ်လှူဒါန်းခြင်းကို ခံယူတော်မူခဲ့ရ၏။

ဆရာတော်သည် မဟာဂန္ဓာရုံဆရာတော်ကြီး အရှင်ဇနကာဘိဝံသ၏ အမျှော်အမြင်ကြီးစွာဖြင့် စီစဉ်ပေးချက်အရ အစိုးရဓမ္မာစရိယတန်း အောင်မြင်ပြီးသည့်အချိန်မှ စ၍ အင်္ဂလိပ်စာနည်းပြဆရာတစ်ယောက်ကို ငှားရမ်း၍ အင်္ဂလိပ်ဘာသာကို သင်ကြားစေခဲ့ရာ ဥပစာ-ဝိဇ္ဇာတန်းနှင့် ညီမျှသော အဆင့်ထိ သင်ကြားတတ်မြောက်ခဲ့၏။ ဆရာတော်သည် သက္ကတဘာသာကို မဟာဂန္ဓာရုံဆရာတော်ကြီး အရှင်ဇနကာဘိဝံသထံတွင် သင်ကြားခဲ့၏။ ဆရာတော်သည် တိုင်းရင်းမြန်မာ့ဆေးပညာတို့ကိုလည်း လိုက်စား၍ တိုင်းရင်းဆေးစာပေများကို ဒေသနာနယ၊ ဘေသဇ္ဇနယ၊ နက္ခတ္တနယ သုံးကျမ်းလုံး ဖြေဆိုအောင်မြင်ခဲ့၏။

## မဟာဂန္ဓာရုံဆရာတော်ကြီး၏ လက်ရုံးသဖွယ်ဆောင်ရွက်ခြင်း

မဟာဂန္ဓာရုံဆရာတော်ကြီး အရှင်ဇနကာဘိဝံသသည် မဟာဂန္ဓာရုံစာသင်တိုက်ကို ဖွင့်လှစ်တည်ထောင်ရာတွင် (၁) စာသင်တိုက်ကြီး အောင်မြင်စွာတည်ထောင်ရေးကိစ္စ၊ (၂) မိမိသက်ရှိထင်ရှား ရှိစဉ်ကာလအတွင်း သင်ကြားမှုများကို နည်းစနစ်ပြည့်စုံစွာဖြင့် သင်ကြားရေးကိစ္စနှင့် (၃) ကျောင်းတိုက်ကြီးအဓွန့်ရှည်တည်တန့်ရေးအတွက် အမွေခံကောင်းများ တည်ဆောက်ရေးကိစ္စကြီးသုံးရပ်ကို အလေးအနက်ထား ဆောင်ရွက်ခဲ့၏။ ယင်းကိစ္စသုံးရပ်တွင်-ပထမကိစ္စနှင့် ဒုတိယကိစ္စတို့ကို မိမိအသက်ထင်ရှားရှိစဉ် ဖန်တီးဆောင်ရွက်ခဲ့သော်လည်း

http://www.dhammadownload.com



တတိယကိစ္စကိုကား အမွေခံမည့်သူများကို ပြုစု ပျိုးထောင်ရုံသာ ပြုစုခဲ့၍ လက်ခံနိုင်စွမ်းရှိ-မရှိကို မျက်ဝါးထင်ထင် မမြင်နိုင်ခဲ့ရှာပေ။ ဆရာတော် အရှင်ကုဏ္ဍလာဘိဝံသသည် ဆရာတော်ရှိစဉ်ကပင် အခြားသော တပည့်သာဝကတို့နှင့်အတူ ကျောင်းတိုက်အတွင်း စီမံအုပ်ချုပ်မှု တာဝန်များကို ယူခဲ့ရ၏။

ဆရာတော်သည် ရဟန်းတစ်ဝါရစဉ်ကပင် စာချကိုယ်တော်အဖြစ် ခန့်ထားခြင်းခံရ၏။ စာချတာဝန်အဖြစ် စည်းကမ်းထိန်းသိမ်းရေးတာဝန်နှင့် ဆရာတော်ကြီး ကျမ်းစာအုပ်များကို ပြုစုရာတွင် ပြုစုလုပ်ငန်း၊ စာကူးလုပ်ငန်း၊ စာပြင်လုပ်ငန်း၊ ပုံနှိပ်လုပ်ငန်းများကို စာမူပြုစုသည်မှ စာအုပ်ထွက်သည်အထိ တာဝန်ယူခဲ့ရသည်။ ဆရာတော်အရှင်ကုဏ္ဍလာဘိဝံသသည် ဆရာတော်ကြီးရှိစဉ်ကပင် ဆရာတော်ကြီး မလိုက်နိုင်သော တရားဓမ္မဟောကြားသော တာဝန်များကိုလည်း ယူခဲ့ရ၍ ဆရာတော် အရှင်ကုဏ္ဍလာဘိဝံသသည် ဆရာတော်ကြီး အသက်ထင်ရှားရှိစဉ်ကပင် နောက်ပိုင်းလုံအောင် ပြုစုထိန်းသိမ်းစောင့်ရှောက်သူ ဖြစ်ခဲ့ရ၏။ ထို့ကြောင့် မဟာဂန္ဓာရုံဆရာတော်ကြီး မရှိသည့်နောက်ပိုင်းတွင် ဆရာတော်အရှင်ကုဏ္ဍလာဘိဝံသသည် မဟာဂန္ဓာရုံဆရာတော်ကြီး၏ အားကိုးအားထားရသော အခြားသော နာယကဆရာတော်ကြီးများနှင့်အတူ မဟာဂန္ဓာရုံ၏ တာဝန်ကို ဆက်လက်ထမ်းဆောင်ကာ ကြီးလေးသော မဟာဂန္ဓာရုံကျောင်းတိုက်၏ နာယကချုပ်တာဝန်ကိုပါ တာဝန်ယူလာခဲ့ရခြင်းဖြစ်၏။

### ဆရာတော်၏ သာသနာရေးဆောင်ရွက်ချက်များ

ဆရာတော်အရှင်ကုဏ္ဍလာဘိဝံသသည် သာသနာနှစ် ၂၅၃၅-ခု၊ ကောဇာသက္ကရာဇ်-၁၃၅၃-ခုနှစ်၊ တန်ဆောင်မုန်းလပြည့် (၁၉၉၁-ခုနှစ်၊ နိုဝင်ဘာလ-၂၁-ရက်)ကြာသာပတေးနေ့တွင် နိုင်ငံတော်အစိုးရမှ ဆက်ကပ်လှူဒါန်းပူဇော်သော **"အဂ္ဂမဟာပဏ္ဍိတ"**ဘွဲ့တံဆိပ်တော်ကို အလှူခံတော်မူသည်။

သာသနာတော်နှစ် ၂၅၃၉-ခု၊ ကောဇာသက္ကရာဇ် ၁၃၅၇-ခုနှစ်၊ ပြာသိုလပြည့် (၁၉၉၆-ခု၊ ဇန်နဝါရီလ ၄-ရက်) ကြာသာပတေးနေ့တွင် နိုင်ငံတော်အစိုးရမှ ဆက်ကပ်လှူဒါန်းပူဇော်သော **"မဟာဓမ္မကထိက ဗဟုဇနဟိတဓရ"** ဘွဲ့တံဆိပ်တော်ကို အလှူခံတော်မူသည်။

ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုဏ္ဍလာဘိဝံသသည် မဟာဂန္ဓာရုံကျောင်း၏ တာဝန်အပြင်၊ ရွှေကျင်နိကာယဂိုဏ်းကြီး၏ တာဝန်ပေးချက်အရ ရွှေကျင်ဂိုဏ်းဝင် သံဃာတစ်သောင်းကျော်တို့၏ ရေးရာကိစ္စများကို တာဝန်ယူ

http://www.dhammadownload.com



ရသော "ဂိုဏ်းလုံးဝန်ဆောင်"အပါး (၁၀၀)တွင် တစ်ပါးအပါအဝင် ဆောင်ရွက်ရသော ရွှေကျင်ဂိုဏ်းကြီး၏ ဝန်ဆောင်လုပ်ငန်းများကိုလည်း ထမ်းဆောင်ခဲ့သည်။ ၁၃၄၂-ခုနှစ်မှ စ၍ ပေါ်ပေါက်လာသော နိုင်ငံတော် သံဃအဖွဲ့အစည်းတွင် ဆရာတော်သည် ရွှေကျင်ဂိုဏ်း မန္တလေးတိုင်းဝန်ဆောင်တာဝန်ကိုလည်းကောင်း၊ မန္တလေးတိုင်း ရွှေကျင်သံဃနာယကအဖွဲ့ဝင်တာဝန်ကိုလည်းကောင်း (၁၀)နှစ်တိုင် ထမ်းဆောင်တော်မူခဲ့၏။

၁၃၄၉-ခုနှစ်၊ သီတင်းကျွတ်လ (၁၉၈၇-ခုနှစ်၊ အောက်တိုဘာလ)တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် တစ်နိုင်ငံလုံးရှိ စာသင်တိုက်ကြီး (၁၃) တိုက်မှ ကိုယ်စားလှယ် သံဃာ (၁၃)ပါးကို ရွေးချယ်ကာ ပရိယတ္တိပညာရေး စီမံကိန်း ပြင်ဆင်ရေးအဖွဲ့ကို ဖွဲ့စည်းရာတွင် ဆရာတော်သည် အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့၏။ ယင်းအဖွဲ့သည် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ ဇမ္ဗူဒီပကျောင်းဆောင်၌ စာသင်တိုက်များအတွက် ပရိယတ္တိပညာရေးစီမံကိန်းကို ပြင်ဆင်ရေးဆွဲခဲ့သည်။ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုဏ္ဍလာဘိဝံသသည် ရွှေကျင်ဂိုဏ်းနှင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့တို့၏ တာဝန်ပေးချက်အရ ၁၃၅၃-ခုနှစ်တွင် သံဃသမ္မုတိရ တာဝန်နှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်တာဝန်များကိုလည်း ထမ်းဆောင်ခဲ့၏။ ထို့ပြင် နိုင်ငံတော်အဆင့်ထိ တက်ရောက်လာသော သာသနာရေးဆိုင်ရာမှုခင်းများကို စိစစ်ရသော နိုင်ငံတော် ဝိနည်းမိုရ်တာဝန်ကိုလည်း ထမ်းဆောင်တော်မူခဲ့သည်။

ယခုအခါ ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုဏ္ဍလာဘိဝံသသည် မဟာဂန္ဓာရုံ၏ ကြီးမားသောကျောင်းတိုက်တာဝန်၊ ရွှေကျင်ဂိုဏ်း၏ ဂိုဏ်းလုံးဝန်ဆောင်တာဝန်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့မှပေးအပ်သော တာဝန်များအပြင် တပည့် ဒကာ ဒကာမတို့အား တရားဓမ္မတိုက်ကျွေးသောတာဝန်တို့ကိုပါ ထမ်းဆောင်ရင်း ဘုရားသာသနာတော်ကြီးအတွက် အသက်ခန္ဓာကိုပေးအပ်ကာ သာသနာ့တာဝန်ကို ဘက်ပေါင်းစုံမှ ဉာဏ်လည်မသုန် ဆောင်ရွက်နေသောပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ် ဆရာတော်ကြီးတစ်ပါးအဖြစ်ဖြင့် သာသနာတော်၏ တာဝန်များကို ထမ်းဆောင်နေတော်မူပါသည်။

http://www.dhammadownload.com



နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## ဓမ္မစေတီ တရားတော်

ယနေ့ မြန်မာကောဇာသက္ကရာဇ် ၁၃၅၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၁၁)ရက်နေ့၊ ခရစ်နှစ် ၁၉၉၉ ခု ပြည့်နှစ်၊ မေလ(၁၁)ရက်၊ စနေနေ့မှာ၊ အမရပူရမြို့၊ မဟာဂန္ဓာရုံကျောင်းတိုက်ရှိ ပရိယတ်, ပဋိပတ်သာသနာ့တာဝန် ထမ်းဆောင်နေကြသော ဘုရားသားတော် သံဃာတော် (၇၀၀)ကျော်တို့အား အရုဏ်ဆွမ်း နေ့ဆွမ်း၊ နှစ်ထပ်သော ဘောဇဉ်ဆွမ်းများဖြင့် နှစ်ကြိမ်မြောက် နှစ်နှစ်မြောက် လာရောက်ပြီးတော့ လောင်းလှူဆက်ကပ်ရင်း ကုသိုလ်ကောင်းမှုလာပြုကြတဲ့၊ ကုသိုလ်ကောင်းမှုရှင်များက၊ မန္တလေးမြို့ (၃၇)လမ်း အလှူဒါယကာ ဆွမ်းဒါယကာ ဦးဝင်းမြင့် အလှူဒါယိကာမ ဆွမ်းဒါယိကာမ ဒကာမ ဒေါ်မူမူသိန်းတို့ [illegible]မီးများ မိသားစုတို့ ဖြစ်ကြပါတယ်။

အဲဒီ ဆွမ်းဒကာဦးဝင်းမြင့် ဆွမ်းဒါယိကာမဒေါ်မူမူသိန်းတို့က မိမိတို့ရဲ့ နှစ်ဘက်သော မိခင်ဖခင်ကျေးဇူးရှင်များကိုအမှူးထား၊ အမှူးထားထိုက်တဲ့ ဦးကြီး၊ ဦးလေး၊ ဒေါ်ကြီး၊ ဒေါ်လေး၊ အစ်ကို အစ်မစသောအလှူရှင်များကို အမှူးတင်ကြပြီးလျှင် အထူးသဖြင့် ဓမ္မဒါန ပိဋကတ်ကျမ်းစာအုပ်များဖြင့် ပူဇော်လှူဒါန်းလိုပါတယ်. . . ဆိုတဲ့ လျှောက်ထားချက် စေတနာ သဒ္ဓါ ရှေ့ပြေးထားပြီးတော့ ပညာပါရမီ တိုးပွားကြောင်းဖြစ်တဲ့ ဓမ္မဒါနကောင်းမှုပြုလိုသည်ဖြစ်၍ လျှောက်ထားခဲ့သဖြင့် ဓမ္မဒါန ကျမ်းစာအုပ် တစ်ရာရှစ်ဆယ်နဲ့ငါးအုပ် စာအုပ်ရေအားဖြင့်။ တန်ဖိုးအားဖြင့် တစ်သောင်းခုနှစ်ထောင်ခြောက်ရာရှစ်ဆယ်ကျော် တန်ဖိုးသော ပိဋကကျမ်းစာအုပ်များဖြင့် ဤကျောင်းတိုက်ရှိ အနုနာယကဆရာတော် စာချဆရာတော်အားလုံး ခုနှစ်ဆယ့်ကိုးပါးပေါ့။ အဲဒီ ခုနှစ်ဆယ့်ကိုးပါးသော ပုဂ္ဂိုလ်များအား ဓမ္မဒါန ကျမ်းစာအလှူ လှူဒါန်းကြပါတယ်။

ဓမ္မဒါနကျမ်းစာအုပ် လှူဒါန်းရင်းနဲ့ နံနက်အရုဏ်ဆွမ်းအဖြစ်နဲ့ သံဃာတော် (၇၀၀)ကျော်တို့ကို ထပ်တစ်ရာဆွမ်း၊ ပဲအာလူးဆွမ်း၊ လက်ဖက်ရည်

http://www.dhammadownload.com



ဆွမ်းတို့ဖြင့်လည်းကောင်း၊ နေ့ဆွမ်းအဖြစ်နဲ့လည်းပဲ မွန်မြတ်သောဆွမ်း, ခဲဘွယ်, ဘောဇဉ်, ချိုချဉ်အရသာ အဖြာဖြာတို့ဖြင့်လည်းကောင်း၊ သဒ္ဓါပြဋ္ဌာန်း လှူဒါန်း ဆပ်ကပ်သမှု ပြုကြပါတယ်။ အထူးသဖြင့် သမီးဖြစ်သူ မနီလာဝင်းရဲ့ မွေးနှစ်၊ မွေးလ၊ မွေးရက်နှင့်လည်း လာပြီးတော့တိုက်ဆိုင်နေသဖြင့် သမီးရဲ့ မွေးနေ့မင်္ဂလာ၊ မွေးလမင်္ဂလာ၊ မွေးနှစ်မင်္ဂလာကို အကြောင်းပြုပြီးတော့ ဤကောင်းမှုကြီးကို ပြုကြပါတယ်။

ဒီနေ့ ပြုတဲ့ကောင်းမှုထဲမှာ ထူးထူးခြားခြားက ခုနကဓမ္မဒါန ပညာ အလှူ ဒီတော့ အဲဒီပညာအလှူကိုလှူရင်းနဲ့ ဒီနေ့ ဘုရားတည်တာခေါ်တယ်။ ဘုရားတည်ထားကိုးကွယ် ပူဇော်ခြင်းလို့ခေါ်တယ်။ ဘုရားတည်ထား ကိုးကွယ် တာမှ ဘုရားတစ်ဆူမဟုတ်ဘူး။ ဘုရားအဆူတွေ မရေမတွက်နိုင်တဲ့ ဘုရား အဆူတွေ တည်လိုက်တာ။ ဒီကျမ်းစာအုပ်နဲ့ပြောရင်တော့ ကျမ်းစာအုပ်ပေါင်း (၁၈၅)အုပ်ဆိုတော့ စေတီပေါင်း (၁၈၅)ဆူပေါ့၊ ဒီနေ့ ဂန္ဓာရုံကျောင်းတိုက်ထဲ ဘုရားတည်လိုက်ကြတာ။ ဒီစာအုပ်ကြီးတစ်အုပ်တစ်အုပ်ကို စေတီတစ်ဆူ တစ်ဆူလို့ သတ်မှတ်လို့ရှိရင် အဲဒါ(၁၈၅)ဆူသော ဘုရားတွေတည်တာပဲ။ စာအုပ်ရဲ့နောက်မှာ ဓမ္မစေတီလို့ ဒကာ ဒကာမတွေ မြင်ဖူးမှာပါ။ အနောင့်မှာ ရိုက်ရိုက်ထားတာပဲ၊ ဒီကျမ်းစာအုပ်ကြီးတွေကို ဓမ္မစေတီတော်။ အဲစေတီဆိုတာ ဘုရားပဲ။ စေတီဆိုတာ အဓိပ္ပါယ်က ပူဇော်စရာကို စေတီယလို့ခေါ်တယ်၊ ပါဠိစကား။

စေတီ စေတီဆိုရင် ဒို့အားလုံးသိနေကြတာတော့ ဘုရား။ မြေပေါ်မှာ အုတ်ပုံနဲ့ ကျောက်ပုံနဲ့ ထီးတော်တင်ပြီးတော့ ပူဇော်တဲ့ ပုထိုးတော်ကြီး စေတီတော်၊ အရှေ့ဘက်က ကျောက်တော်ကြီးစေတီတော် စသည်ဖြင့် စေတီ ဆိုရင် ဒို့အားလုံးသိတာကတော့ အဲဒီ မြေစိုက်ဘုရား သွားသိကြတယ်။ အမှန်က စေတီက လေးမျိုးရှိတယ်၊ အဲဒီစေတီဆိုတဲ့ ဘုရား(၄)မျိုးရှိတယ်။ (၄)ပါးရှိတယ်။ စေတီဆိုတဲ့ အဓိပ္ပါယ်ကိုက စေတီယ ဆိုတဲ့ပါဠိက လာတာ။ စေတီယဆိုတဲ့ ပါဠိရဲ့အဓိပ္ပါယ်က * စိတ္တီကတဋ္ဌေန ဟိ စေတိယံ အရိုအသေပြုထိုက်လို့၊ အရိုအသေပြုစရာ ဖြစ်လို့၊ ရှိခိုးစရာဖြစ်လို့၊ မြတ်နိုးစရာဖြစ်လို့၊ ကိုးကွယ်စရာဖြစ်လို့၊ အားထားစရာ ဖြစ်လို့ သူ့ကိုစေတီခေါ်တာ။ ဒီတော့ စေတီဆိုတာ ပူဇော်စရာ၊ မြတ်နိုးစရာ၊ ရှိခိုးစရာ၊ ကိုးကွယ်စရာ၊ အားထားစရာမှန်ရင် စေတီချည်းပဲ၊ အဲဒီ စေတီက (၄)မျိုး ရှိတယ်လို့ ကျမ်းဂန်ကပြတယ်။

* မ-၁-၁၂၃။

http://www.dhammadownload.com



ဓာတုစေတီ-မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးရဲ့ ရုပ်ခန္ဓာ၊ အထူးသဖြင့် အရိုးခန္ဓာတော်က မြတ်စွာဘုရား အဓိဋ္ဌာန်လိုက်လို့ ကြွင်းကျန်နေရစ်တဲ့ ဓာတ်တော်တွေ၊ အဲဒါဓာတုစေတီပေါ့။ ဟိုနား ဒီနားမှာ မြတ်စွာဘုရားရဲ့ဓာတ်တော်တွေ ပူဇော်နေကြတာ။ အဲဒီလို မြတ်စွာဘုရားရဲ့ခန္ဓာတော်က ကြွင်းကျန်ရစ်တဲ့အရိုးကို အဓိဋ္ဌာန်လိုက်လို့ ပုလဲလုံးလေးတွေလိုဖြစ်ပြီးတော့ ကျန်ရစ်တဲ့ ပူဇော်စရာမို့လို့ သူ့ကို ဓာတုစေတီ။ အဲဒီ ဓာတ်တော်တွေ ထည့်ထားတဲ့ပုလင်း၊ အဲဒီဓာတ်တော်တွေ ထည့်ထားတဲ့ ဖန်ဘူး။ အဲဒီ ဓာတ်တော်တွေထည့်ပြီး ဌာပနာထားတဲ့ စေတီ၊ အဲဒါတွေဟာ ဓာတုစေတီ ချည်းပဲ။

ဥဒ္ဒိဿစေတီ-တဲ့ ဒုတိယစေတီက၊ ဥဒ္ဒိဿစေတီဆိုတာကျတော့ ဥဒ္ဒိဿ-ရည်မှန်းပြီးတော့၊ မှန်းပြီးတော့ ကိုးကွယ်ပူဇော်စရာကို ဥဒ္ဒိဿစေတီ။ ဒီတော့ အဲဒါဘာတုန်းဆိုတော့ ရုပ်ပွားဆင်းတုတော်တွေ၊ ဒို့အခု တင်ပလ္လင်ခွေ ရုပ်ပွားဆင်းတုတော်များ၊ မတ်တတ်ရပ် ရုပ်ပွားဆင်းတုတော်များ၊ လျောင်း တော်မူ ရုပ်ပွားဆင်းတုတော်များ၊ ဟိုဟို ဒီဒီ စကြံကြွရတဲ့ နောက်ပါ ရဟန္တာငါးရာခြံရံပြီးတော့ ဘုရားရှင် ဟိုဟိုဒီဒီ ခရီးကြွနေတဲ့ ရုပ်ပွားဆင်းတုတော်များ၊ အဲဒါတွေဟာ ဥဒ္ဒိဿစေတီလို့ခေါ်တယ်။ ဥဒ္ဒိဿဆိုတာ သက်တော်ထင်ရှား မြတ်စွာဘုရားကို ရည်မှန်းပြီးတော့ ဒီရုပ်ပုံတော်ကို ဖူးရင်းနဲ့ ဒီရုပ်ပုံတော်ကနေ တဆင့် မြတ်စွာဘုရားဆီ စိတ်ရောက်သွားအောင်၊ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးရှိစဉ်တုန်းက ဒီလိုသီတင်းသုံးတာပဲ။ ဒီလိုတင်ပလ္လင်ခွေပြီးတော့ သီတင်းသုံးပြီး တရားဟောတော်မူတယ်၊ မတ်တတ်ရပ်ပြီးတော့ သတ္တဝါတွေ အကျိုး ဆောင်တော်မူတယ်စသည်ဖြင့်၊ ကိုယ့်ရဲ့အိမ်မှာ မိဘရဲ့ဓာတ်ပုံမြင်လိုက်ရင် မိဘဘိုးဘွားတွေရှိတုန်းက လှုပ်ရှားသွားလာနေတာတွေ စိတ်ထဲမြင်လာတာပဲ၊ အဲဒီလို မြင်လာအောင်၊ ထင်လာအောင် အာရုံယူဖို့ရထားတဲ့ အဲဒီရုပ်ပွားတော်တွေကို ဥဒ္ဒိဿစေတီလို့ခေါ်တယ်။ ဥဒ္ဒိဿ-ရည်စူးပြီးတော့ ရည်မှန်းပြီးတော့ သက်တော်ထင်ရှားကိုယ်တော်မြတ်ကြီးဆီကို စိတ်မှန်းပြီးတော့ မှန်းနိုင်အောင်၊ စေတီယပူဇော်ထားတဲ့ ကိုးကွယ်စရာမို့လို့ ဥဒ္ဒိဿစေတီယ-ဥဒ္ဒိဿစေတီ။

ပရိဘောဂစေတီ-တဲ့ (၃)နံပါတ်က၊ ပရိဘောဂဆိုတာ ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ အသုံးအဆောင်၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ အသုံးအဆောင်ဆိုတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီး သက်တော်ထင်ရှားရှိတုန်းက အသုံးပြုသွားတဲ့ သပိတ်, သင်္ကန်း, တောင်ဝှေး, ဖိနပ်, ရေစစ်, သီတင်းသုံးသွားတဲ့ကျောင်း၊ ဒီလိုဟာတွေကို အသုံးအဆောင်လို့ခေါ်တယ်။ အသုံးအဆောင်ပေမဲ့လို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ အသုံးအဆောင်ဖြစ်တဲ့

http://www.dhammadownload.com



ပစ္စည်းက နောင်လာနောက်သားတွေ အားကိုးစရာ, အားထားစရာ, မြတ်နိုးစရာ, ရှိခိုးစရာ၊ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးကို အာရုံပြုပြီးတော့ ရှိခိုးဖို့ရာ အတွက် ဖြစ်နေရစ်လို့ သူ့ကို ပရိဘောဂစေတီတဲ့၊ ဟော-အသုံး အဆောင်ဖြစ်တဲ့ စေတီပေါ့။

အဲဒီတော့ မြတ်စွာဘုရားရဲ့ အသုံးအဆောင်ဖြစ်တဲ့ အသုံးဆောင်တွေတို့ အခုဆိုရင် မြန်မာနိုင်ငံရန်ကုန်မြို့၊ ရွှေတိဂုံဘုရားထဲမှာ ဌာပနာထားတာ ရှိတယ်။ ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမဆိုတဲ့ ဘုရား(၄)ဆူရဲ့ ရေစစ်တော်တို့၊ တောင်ဝှေးတော်တို့၊ ရေသနုပ်တော်တို့၊ ဆံတော်တို့၊ ဆံတော်ကျတော့ ဓာတုစေတီထဲ ဝင်သွားမှာပေါ့၊ တို့ ဂေါတမမြတ်စွာဘုရားရဲ့ ဆံတော်ဓာတ်ရှိတယ်၊ အဲဒီ ရန်ကုန်ရွှေတိဂုံဘုရားထဲမှာ၊ ဆံတော်ကျတော့ ပရိဘောဂ မဟုတ်တော့ဘူး၊ ဓာတုစေတီ။ မြတ်စွာဘုရားရဲ့ ခန္ဓာကြွင်း ဓာတ်ကြွင်း၊ အဲခုနက ရေသနုပ်ဝတ္ထုတို့၊ သင်္ကန်းတို့၊ တောင်ဝှေးတို့ကတော့ ဘုရား အသုံးအဆောင်တွေမို့လို့ ပရိဘောဂ၊ အဲလိုအားဖြင့် ဘုရားရှင် ကိုယ်တော် မြတ်ကြီးများရဲ့ အသုံးအဆောင် ရဟန္တာအရှင်မြတ်ကြီးများရဲ့ အသုံးအဆောင်တွေမှန်သမျှကို ပရိဘောဂစေတီလို့ ခေါ်ပါတယ်။

......ပဗ္ဗဋ္ဋိတ ပရိဘောဂေါ ဟိ ဂဟဋ္ဌာနံ စေတီယဋ္ဌာနံ-ရဟန်းတော်များရဲ့ အသုံးအဆောင်ဟာ လူဝတ်ကြောင်တွေအတွက် စေတီထိုက်တယ်။ ကိုးကွယ်ထိုက်တယ်လို့ ဆိုလိုတာပါပဲ။ ဒီတော့ အဲဒီလိုအားဖြင့် သုံးနံပါတ်စေတီက ပရိဘောဂစေတီ တဲ့ ။ လေးနံပါတ်ကျတော့ ဓမ္မစေတီတဲ့၊ ဟော-ဓမ္မဆိုတာက တရား၊ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး (၄၅)ဝါလုံးလုံး ဘုရားအဖြစ်နဲ့ သီတင်းသုံးတုန်းက ဟောသွားခဲ့တဲ့ တရားတော်တွေ၊ သတ္တဝါတွေ အပါယ်သံသရာ ခေါ်တဲ့ အောက်တန်း သံသရာ၊ အပါယ်သံသရာ ချောက်ကမ်းပါးသံသရာကြီးက လွတ်ပြီးတော့ အထက်တန်း သံသရာကနေပြီးတော့ သံသရာကျင်လည်နိုင်အောင်၊ တစ်ဆင့်တက်ပြီးတော့ အဒီအထက်တန်း သံသရာတင်လည်း အိုဘေး, နာဘေး, သေဘေးဆိုတဲ့ သံသရာဘေးကြီးသုံးပါးက လွတ်ပြီးတော့ နိဗ္ဗာန်ဆိုတဲ့ အို, နာ, သေလွတ်ရာ ရောက်ပြီးတော့ ချမ်းသာသွားအောင် အဲဒီလိုရည်စူးပြီးတော့ မြတ်စွာဘုရားဟောထားခဲ့တဲ့ တရားတွေ။

သံသရာက- အောက်တန်းသံသရာဆိုတာက အပါယ်(၄)ပါးပြောတာ၊ ငရဲဘုံကြီးတွေ၊ တိရစ္ဆာန်ဘုံကြီးတွေ၊ ပြိတ္တာဘုံကြီးတွေ၊ အသုရကာယ်ဘုံကြီးတွေဆိုတဲ့ ငရဲကြီး ရှစ်ထပ်နဲ့၊ ပြိတ္တာဘုံခေါ်တဲ့ တောတောင်ကြီးတွေ သမုဒ္ဒရာကြီးတွေဆိုတဲ့ ဒီလိုပြိတ္တာဘုံ၊ အသုရကာယ်ဘုံခေါ်တဲ့ အဲဒီလို ချောက်ကမ်းပါး

http://www.dhammadownload.com



ကြီးတွေ၊ တိရစ္ဆာန်ဘုံကတော့ လူတွေနဲ့ရောနေတယ်။ အဲဒီ အပါယ်သံသရာ ချောက်ကမ်းပါးကြီးတွေက လွတ်အောင်၊ လွတ်ကြောင်းဖြစ်တဲ့ ဟောထားခဲ့တဲ့ တရားတွေ၊ အဲဒါတွေဟာ ဓမ္မတွေပဲ။ အဲဒီက တစ်ဆင့်တက်လိုက်တော့မှ အထက် တန်းသံသရာတင်လည်းပဲ ဒုက္ခက မလွတ်သေးဘူး။ အိုဘေး, နာဘေး, သေဘေး က။ လူတွေခန္ဓာကိုယ်ထဲမှာ အိုဘေး, နာဘေး, သေဘေးကြီးက မြှုပြီးပါလာတယ်။ နတ်တွေရဲ့ ခန္ဓာကိုယ်၊ ဗြဟ္မာတွေရဲ့ခန္ဓာကိုယ်။

ဒီတော့- ရုပ်နာမ်ခန္ဓာရှိနေရင် အိုဘေး၊ နာဘေး၊ သေဘေးကြီးသုံးလုံးက မြှုပြီးတော့၊ ငုံပြီးတော့ပါလာတော့ အဲဒီဘေးကြီးသုံးပါးက လွတ်ထွက်သွား အောင် မြတ်စွာဘုရားရှင်ဟောပြောထားခဲ့တဲ့ တရားတော်တွေကို ဓမ္မလို့ ခေါ်တယ်။ အဲဒီဓမ္မတွေဟာလည်း ကိုးကွယ်စရာ ပူဇော်စရာ၊ အားထားစရာမို့လို့ စေတိယ အဲဒါ ဓမ္မစေတီ။ ဟော- စေတီ(၄)မျိုးပဲ။ ဓာတုစေတီ-မြတ်စွာဘုရားရဲ့ ဓာတ် တော်ကြွင်းတွေ၊ ဆံတော်ကြွင်းတွေ၊ သွားတော်၊ စွယ်တော်၊ ညှပ်ရိုးတော် စသည် တွေက ဓာတုစေတီပဲ။ ဥဒ္ဒိဿစေတီ- မြတ်စွာဘုရားရဲ့ ထိုင်တော်မူပုံ၊ လျောင်း တော်မူပုံ၊ ရပ်တော်မူပုံစတဲ့ ရုပ်ဆင်းတုတော်တွေ။ ပရိဘောဂစေတီ-ဆိုတဲ့ ဘုရားရှင်ရဲ့ အသုံးအဆောင်ပစ္စည်းတွေ။ ဓမ္မစေတီ-ဆိုတဲ့ ဘုရားဟောထားခဲ့တဲ့ တရားတော်မြတ်တွေ။

ဒီတော့- အဲဒီအထဲက ဒီနေ့ ဒကာဦးဝင်းမြင့်တို့၊ ဒကာမ ဒေါ်မူမူသိန်းတို့ သားသမီးများ မိသားစုက အဲဒီစေတီဘုရားတည်တာပဲ. . ဒီနေ့၊ ဘုရားပူဇော် တာ၊ ဒီတော့ကျမ်းစာအုပ်အနေနှင့်ပြောရင်တော့ ဟုတ်တယ်၊ ခုနက ပြောသလို (၁၈၅)အုပ်ဆိုတော့ (၁၈၅)ဆူသော စေတီတော်တွေ ဂန္ဓာရုံတိုက်ထဲ တည်လိုက် တယ်ပေါ့။ အမှန်စင်စစ် ဘုရားအရေအတွက်နဲ့ပြောရင် မရေတွက်နိုင်သော ဘုရား၊ သိန်းပေါင်းများစွာသောဘုရားတွေ တည်တာ. . ဒီနေ့။ သန်းပေါင်းများ စွာသော ဘုရားတွေကို တည်တာ၊ ဘာပြုလို့တုန်းဆိုတော့၊ အဲဒီကျမ်းစာအုပ်ထဲမှာ ဝပ်နေတဲ့စာလုံး၊ ဘုရားဟောတော်မူတဲ့တရားတော် တစ်လုံးတစ်လုံး၊ အက္ခရာ တစ်လုံးတစ်လုံးက ဘုရားတစ်ဆူတစ်ဆူနဲ့ တူပါ တယ်လို့ ဆိုထားတယ်။

အက္ခရံ ဧကမေကဉ္စ ဗုဒ္ဓရူပသမံ သိယာ-တဲ့။

ဧကမေကံ အက္ခရံ-ဘုရားရှင်ကိုယ်တော်မြတ်ကြီး နှုတ်တော်က ထွက် လာတဲ့၊ သတ္တဝါတွေ အပါယ်လေးပါးသံသရာက လွတ်၊ အထက်တန်း သံသရာ စခန်းက လှမ်းနိုင်၊ အထက်တန်းသံသရာစခန်းကတဆင့်၊ အိုဘေး, နာဘေး, သေဘေးကြီးက လွတ်သွားစေတတ်တဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဆုံးမထားတဲ့ နှုတ်တော်ထွက် အက္ခရာတစ်လုံးတစ်လုံးသည်။ ဗုဒ္ဓရူပသမံ-ဘုရားတစ်ဆူတစ်ဆူ နှင့်တူသည်၊ သိယာ-ဖြစ်ပါပေ၏။

http://www.dhammadownload.com



အခု ဓမ္မစေတီကျမ်းစာအုပ်တစ်အုပ်ထဲမှာ အက္ခရာတစ်လုံး တစ်လုံး သည့်. . . မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး နုတ်တော်ထွက် တရားဖြစ်တဲ့ တစ်လုံးတစ်လုံးဟာ ဘုရားတစ်ဆူတစ်ဆူပါ. . . တဲ့။ ဘုရားတစ်ဆူတစ်နဲ့ တူပါတယ်ဆိုတော့၊ ဒီဓမ္မစေတီကျမ်းစာအုပ်ထဲမှာ အက္ခရာလုံးပေါင်း သိန်း သန်းချီရှိပါတယ်။ ဒီ‌တော့- အဲဒီအက္ခရာတစ်လုံး တစ်လုံး ဘုရားတစ်ဆူတစ်ဆူနဲ့ တူတယ်ဆိုတော့ ဒီနေ့ ဒကာဦးဝင်းမြင့်တို့၊ ဒကာမဒေါ်မူမူသိန်းတို့ မိသားစု ဟာ ဘုရားအဆူပေါင်း သိန်းပေါင်းများစွာ၊ သန်းပေါင်းများစွာ ဒီနေ့ တည်ထား ကိုးကွယ်လိုက်တာပဲ။ စာအုပ်အနေနှင့် ဖွဲ့လိုက်တော့သာ ခုနကလို ပြောရတာ၊ (၁၈၅)အုပ်ကို အက္ခရာတစ်လုံးတစ်လုံးနဲ့ ပြောရင် ဘုရားတွေ ဂင်္ဂါဝါလု သဲစုမက ပွင့်တော်မူတဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးအဆူဆူကို ရည်စူးပြီးတော့ ဘုရား ပေါင်း သိန်းပေါင်းများစွာ၊ သန်းပေါင်းများစွာ ဒီနေ့ တည်ထားကိုးကွယ်ရတဲ့ နေ့. . . လို့၊ တို့ ဒီနေ့ ဘုရားဒကာ၊ ဘုရားအမ ဖြစ်တဲ့နေ့ပဲ။ သိန်းပေါင်း များစွာ သော ဘုရားရှင်ကိုယ်တော်မြတ်ကြီးများရဲ့ ဘုရားဒကာ၊ ဘုရားအမ တို့ဖြစ်တဲ့နေ့။

ဒီကျမ်းစာအုပ်ထဲက တရားတော်ဆိုတဲ့ ဘုရားက ဒီစာအုပ်ကြည့်တဲ့ စာချဘုန်းကြီးတွေရော၊ ဘယ်သူလာကြည့်ကြည့်ပေါ့၊ ဒီစာအုပ်ထဲကနေပြီး ဘုရားက တရားဟောနေတာပဲ၊ အမှန်ကတော့ စကားလုံးတိုင်း စကားလုံးတိုင်း မြတ်စွာဘုရားဟ[illegible]က [illegible]ကို ဟောနေတာပဲ။ စာအုပ်ဖွင့် ကြည့်ရင် စာအုပ်ထဲကနေပြီး ဘုရားကတရားဟောတာပဲ အမှန်က[illegible]။ ကိုယ်က စာအုပ် ကြည့်တယ်ဆိုပါတော့၊ ဥပမာ စာအုပ်ကြည့်ပြီးဖတ်လိုက်တော့ စာအုပ်ထဲ[illegible] "အသေဝနာ စ ဗာလာနံ" ဆိုပါတော့ မင်္ဂလသုတ်၊ လူမိုက်တွေကို မပေါင်းနဲ့၊ ဟောဒီ အပိုဒ်ကလေးက အဓိပ္ပါယ်ဒီလိုပြောနေတာ။ အဲဒါ ဘုရားက ပြောနေတာ ပဲ။ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးကတော့ ပရိနိဗ္ဗာန်စံသွားပြီ၊ ဟုတ်တယ် မရှိဘူး။ သို့သော် စာအုပ်ထဲကနေ ဘုရားကတော့ ပြောလျက်ပဲ၊ ဟောလျက်ပဲ၊ စာအုပ်ဖွင့်ကြည့်လိုက်တဲ့သူ၊ ဒီအဓိပ္ပါယ်ကို သိလိုက်တဲ့ သူမှန်သမျှ ဟောလျက်ပဲ သူက၊ လူမိုက်မပေါင်းနဲ့ဟေ့။ လူမိုက်ဖြစ်ကြောင်းဖြစ်တဲ့ အကုသိုလ်တွေ မပေါင်းနဲ့ဟေ့။ "အသေဝနာ စ ဗာလာနံ" အရ ဗာလဆိုတာ လူမိုက်၊ လူဆိုတဲ့ လူမိုက်သာမကဘူး၊ အဲဒီလူကို မိုက်သွားစေတတ်တဲ့ အကုသိုလ်တွေ။ အကုသိုလ် ဒုစရိုက်၊ လောဘ, ဒေါသ, မောဟတွေကြောင့် လူတွေ လူမိုက်ဖြစ်သွားရတာကိုး။ ဒီတော့ လူမိုက်ကိုလည်း မပေါင်းနဲ့၊ တိုက်ရိုက်။ လူမိုက်ဖြစ်စေတတ်တဲ့ လောဘ, ဒေါသ, မောဟတွေလည်း မင်းစိတ်ထဲ မလာစေနဲ့။ မပေါင်းနဲ့၊ ဒီလို ဆုံးမတာ။

အဲဒီတော့ ဒီအဆုံးမတော်ကို ဒီစာအုပ်ဖွင့်ကြည့်တဲ့သူတိုင်း ဖွင့်ကြည့်တဲ့

http://www.dhammadownload.com



အချိန်တိုင်း ဆုံးမနေတာပဲ ဘုရားက၊ တရားဟောနေတာပဲ၊ ဒါ့ကြောင့် ဒီစာအုပ်တွေထဲမှာ ဘုရားရှင်ပေါင်း သိန်းပေါင်းများစွာ၊ သန်းပေါင်းများစွာ ကိန်းအောင်းနေတော်မူကြတယ်။ အဲဒီထိအောင် အခု တရားနာပုဂ္ဂိုလ်တွေက မြင်လိုက်ကြပါ။ အလှူ့ဒကာ၊အလှူ့အမ အထူးသဖြင့် ဦးဝင်းမြင့်တို့ ဒေါ်မူမူသိန်း တို့က အဲဒီအထိမြင်လိုက်ပါ။ အဒီအထိမြင်လိုက်တော့ တို့ ဘုရားရှင်အဆူပေါင်း သိန်းပေါင်းများစွာ တည်ရတာပဲ. . .၊ ဒီနေ့ သိန်းပေါင်းများစွာ သန်းပေါင်းများစွာ တို့ တည်ထားကိုးကွယ်ရတဲ့နေ့ပဲ၊ အဲသလို တည်ထား ကိုးကွယ်ရင်းနဲ့ ဓမ္မအလှူ ပညာအလှူကြီးလည်း လှူပြီးဖြစ်သွား။ ပညာအလှူဆိုတာ ဒီစာအုပ်ကို ဖွင့်ကြည့် လိုက်တဲ့ပုဂ္ဂိုလ် ဘုရားရဲ့အဆုံးအမ တရားတော်ကနေပြီးတော့၊ ဘုရားက စာအုပ် ထဲကနေပြီး ဟောလိုက်တော့ စာအုပ်ကြည့်တဲ့ စာချဘုန်းကြီးမှာ ပထမဆုံး အသိဉာဏ်ပညာဓာတ်တွေလင်းသွားတယ်။ သိသွားတယ်၊ သူမသိသေးတာတွေ သိသွားတယ်။ သိပြီးသားတွေလည်း ရှင်းသွားတယ်ပေါ့။ ဒါက စာချဘုန်းကြီး တစ်ပါး ပထမဆုံး သိတာ။

အဲဒီသိတဲ့အတိုင်း သူက ဒီစာအုပ်ကိုင်ပြီးတော့ စာချမှာကိုး၊ စာသင် သားသံဃာတွေ ကဲ လာကြဆိုတော့၊ တုံးခေါက်တဲ့အခါ ကြွလာကြတယ်။ သံဃာ (၅၀)ရှိတယ်၊ သို့မဟုတ် (၁၀၀)ရှိတယ်၊ သူ့ရှေ့ထိုင်နေတဲ့သူတွေကို သူကနေပြီး ပြောတော့မယ်။ အခုနက ဥပမာဆိုပါတော့ "အသေဝနာ စ ဗာလာနံ" ဆိုကြဟေ့-ဆိုပြီးတော့ သူက အနက်ချပေး၊အဲ-အဓိပ္ပါယ်က ဟောလို-ဟောလို- ဟောလိုနဲ့ သူက လူမိုက်ကိုလည်း မပေါင်းရဘူး၊ လူမိုက်ပေါင်းလို့ရှိရင် အကျိုးမဲ့တွေ ဖြစ်တတ်တယ်။ ကိုယ့်အကုသိုလ်တွေတိုးတတ်တယ်။ အဲ-လူမိုက်တင်မကဘူးဟေ့၊ လူမိုက်ဖြစ်ကြောင်းဖြစ်တဲ့ လောဘ, ဒေါသ, မောဟတွေလည်း မင်းတို့စိတ်ထဲကို မပေါင်းနဲ့၊ စိတ်နဲ့မပေါင်းနဲ့၊ ကိုယ့်စိတ်ကလေးကို လောဘ, ဒေါသနဲ့ ကင်း အောင်နေ၊ အဲဒါလည်း လူမိုက်မပေါင်းတာဘဲ-နဲ့ ပြောပြီးတော့ဆုံးမတော့ စာသင်သားတစ်ရာတက်ရင် အဲဒီစာသင်သား တစ်ရာဉာဏ်ထဲ လင်းလို့ ပညာ ဓာတ်တွေဝင်းလို့၊ စာချ ဘုန်းကြီးက ဒီစာအုပ်ထဲကနေပြီး ပထမဦးဆုံး ဉာဏ်ထဲကနေ လင်းဝင်းသွားတယ်။ အဲဒီအလင်းဓာတ်၊ အဝင်းဓာတ်ကို သူက တဆင့် စာသင်သား သံဃာတစ်ရာကို ပြောလိုက် ဟောလိုက်တော့၊ ပို့ချလိုက်တော့ စာသင်သား သံဃာတစ်ရာ ဝင်းလို့ လင်းလို့ ဉာဏ်ဓာတ်တွေရသွားပြန်ရော။

ဒါကတစ်ကြိမ်မဟုတ်ဘူးလေ ဒီစာအုပ်ကိုင်ပြီးဒီဘုန်းကြီးက ချမှာက နှစ်တိုင်းနှစ်တိုင်းဒီလိုပဲစာချမှာ၊ ချတိုင်း၊ ချတိုင်း၊ သံဃာဆိုတာတော့ ခုနကလို ငါးဆယ်,ခြောက်ဆယ်,တစ်ရာ တက်တဲ့ကိုယ်တော်တိုင်း နှစ်တိုင်းနှစ်တိုင်း သူက

http://www.dhammadownload.com



အလင်းဓာတ်တွေကတဆင့် ပြန်ပြီးတော့ တဆင့်တဆင့် သူတို့ဆိုင်ရာဆိုင်ရာ၊ ကိုယ်တော်လေးတွေ စာပေပို့ချ ဟောပြောကြပြန်တော့ လင်းပြန်၊ ဆက်ဆက် ဆက်ဆက်ပြီးတော့ ဉာဏ်ဓာတ်တွေ၊ ပညာဓာတ်တွေ၊ ဓမ္မဓာတ်တွေ၊ အဲဒီလင်း သမျှ၊ ဘယ်သူလှူတာတုန်းလို့မေးရင် ဦးဝင်းမြင့် တို့လှူတာပဲ၊ ဒီအသိဉာဏ်ဓာတ် တွေ ဒီစာချ ဘုန်းကြီး သန္တာန်ပေါ်လာအောင် ဘယ်သူလုပ်တာတုန်းမေးရင်၊ ဦးဝင်းမြင့်+ဒေါ်မူမူသိန်းတို့ပဲ၊ ဦးဝင်းမြင့်+ ဒေါ်မူမူသိန်းတို့ရဲ့ သားတွေသမီးတွေပဲ၊ အမျှုးထားတဲ့ အမေတွေ၊ အဖေတွေပဲ၊ လိုက်ပါလာကြတဲ့ဆွေတွေမျိုးတွေပဲ။ ဒါဥပနိဿယပစ္စည်းလို့ခေါ်တယ် ပဋ္ဌာန်းလို့၊ ဒီက ကိုယ်ကကျေးဇူးပြုလိုက်တဲ့ အတွက် ကိုယ်လှူလိုက်တဲ့ စာအုပ်ကိုအကြောင်းပြုပြီး ဒီသံဃာတော် စာချဆရာ တော်ရဲ့ဝမ်းထဲ ဉာဏ်အလင်းဓာတ်တွေဝင်း၊ နောက် သူကစာချလိုက်တော့ သူ့စာသင်သား တပည့် သံဃာ (၁၀၀)ရဲ့ ဝမ်းထဲမှာ ဉာဏ်အလင်းဓာတ်တွေဝင်း၊ အဲဒီက ဆက်ဆက်၊ ဆက်ဆက်ပြီးတော့ ဝင်းဝင်း လင်းလင်းပြီးတော့ အသိဉာဏ် ပညာတွေ တိုးရတယ်။ ဒါ့ကြောင့် ပညာအလှူကြီးပဲ။

ဒီတော့-လောကမှာ ရတနာတွေရှိသမျှထဲမှာ ပညာရတနာလောက် ကောင်းတဲ့ ရတနာမရှိဘူးလို့ ဘုရားကဟောထားတယ်။ ရတနာတွေထဲမှာ ပညာရတနာဟာ အသာဆုံးပဲ။ ပုဂ္ဂိုလ်တစ်ယောက် ဘုရားဖြစ်သွားတယ် ဆိုတာ၊ အဲဒီပညာရတနာကြောင့်ဖြစ်တာ၊ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး ဘုရားဖြစ်သွားတယ်။ ဘုရားဟာ လူပဲ၊ သိဒ္ဓတ္ထမင်းသားလေးပဲ၊ မွေးလာတုန်းက၊ သုဒ္ဓေါဒနမင်းနဲ့ မဟာမာယာကမွေးလာတဲ့ လူသားပဲ။ လူသားကနေပြီးတော့ ဘုရားဖြစ်ပြီးတော့ လူနတ်ဗြဟ္မာသတ္တဝါအားလုံး ဦးခိုက်ညွှတ် ရလောက်အောင်၊ မြင့်မြတ်သွားတဲ့ ပုဂ္ဂိုလ် ကြီးဖြစ်သွားတာ။ ဘယ်သူ့ကြောင့်တုန်းလို့မေးရင် ရွှေတွေကြောင့်မဟုတ်ဘူး။ ဘုရားအလောင်းတော် သူ့မွေးမွေးချင်း ရွှေအိုးကြီး လေးလုံး ဖွားဖက်တော်အဖြစ်နဲ့ပါလာတာ။ အဲဒီ ရွှေအိုးကြီးလေးလုံးကြောင့် ဘုရားဖြစ်တာမဟုတ်ဘူး။ သဗ္ဗညုတဉာဏ်ရတာ မဟုတ်ဘူး။ ဘုရားဖြစ်တာ ဘယ်သူ့ကြောင့် ဖြစ်တုန်းဆိုရင် ဉာဏ်ဓာတ်, ပညာဓာတ်ကြီးကြောင့်ဖြစ်တာ။ အဲဒီသဗ္ဗညုတပညာဓာတ်ကြီး၊ အရဟတ္တမဂ် အရဟတ္တဖိုလ်ပညာဓာတ်ကြီး ကြောင့်ဖြစ်တာ။

ရွှေအိုးကြီးတွေကြောင့်ဖြစ်တာမဟုတ်ဘူး။ ခမည်းတော်ကြီး သုဒ္ဓေါဒန မင်းကြီးရဲ့ နန်းတော်ကြီးကြောင့်ဖြစ်တာလည်းမဟုတ်ဘူး။ ခမည်းတော်ကြီးရဲ့ အမိန့်အာဏာကြောင့် ဖြစ်တာလည်းမဟုတ်ဘူး။ ဆွေတော်မျိုးတော် အား ကောင်းလို့ဖြစ်တာလည်းမဟုတ်ဘူး။ အဲဒီတော့ အကျဉ်းချုပ်ကတော့ ပညာဓာတ်၊

http://www.dhammadownload.com



ရတနာတွေထဲမှာ ရွှေရတနာကောင်းပါတယ်၊ ငွေရတနာတွေလည်း ကောင်းပါတယ်၊ လိုရာရတာကိုး။ စိန်၊ ကျောက်ရတနာတွေလည်းကောင်းပါတယ်၊ ချမ်းသာဆောင်တာကိုး၊ သို့သော် ပညာရတနာကို တစ်ခုမှ မမီဘူး၊ ပညာရတနာဟာ အသာဆုံး၊ အဲဒါကို တို့မြတ်စွာဘုရားက သံယုတ်ပါဠိတော်မှာ နတ်သားတစ်ယောက်က လာမေးလို့ ဖြေဘူးတယ်။

* ကိံသု နရာနံ ရတနံ-တဲ့ နတ်သားကမေးတာ။ ဘန္တေ-ဘုန်းတော်နေဝန်း, ထွန်းလင်းတော်မူသော မြတ်စွာဘုရား၊ နရာနံ-သုံးဆယ့်တစ်ဘုံ, ဆန်စုံသွားလာ, သတ္တဝါတို့မှာ၊ ရတနံ-ရောက်ရာဘဝ, အောက်မကျဖို့, ထောက်မမြင့်တောင်း ကောင်းထက်ကောင်းလစ်, နှစ်သက်ဖွယ်ရာ ရတနာသည်ကား၊ ကိံသု-ထူးခြားလှစွာ, အဘယ်ရတနာ, ဖြစ်ပါသနည်းဘုရား။

မေးတယ် နတ်သားက, လောက- ရတနာတွေဆိုတာ ရှိတယ်ဘုရား.၊ ရတနာဆိုတာ ကိုယ့်ဆီသာ ဒီရတနာရောက်လာရင် ဒီပုဂ္ဂိုလ် အဆင့်မြင့်သွားတာပဲ။ ရတနာကိုက်တဲ့ ပစ္စည်းဆိုတာ ငွေတို့၊ ရွှေတို့၊ ကျောက်သံပတ္တမြားတို့ ဒါတွေပြောတာပေါ့။ အဲဒီတော့-အဲဒီရတနာဆိုတဲ့ပစ္စည်း ကိုယ့်ဆီရောက်လာရင် ကိုယ်ကစုဆောင်းထားနိုင်လို့၊ သိမ်းဆည်းထားနိုင်လို့၊ သိမ်းပိုက်ထားနိုင်လို့ရှိရင် အဲဒီ ရတနာပိုင်ရှင်ကို ရတနာက မြှင့်တင်ပါတယ်ဘုရား . . . တဲ့။ အဆင့်မြင့်သွားစေတယ်၊ ငွေမရှိတဲ့သူနဲ့ ငွေရှိတဲ့သူ ကွာသွားတယ်လေ၊ ရွှေမရှိတဲ့သူနဲ့ ရွှေရှိတဲ့သူ, စိန်မရှိတဲ့သူနဲ့ စိန်ရှိတဲ့သူ အဆင့်ချင်းကွာကုန်တာပေါ့၊ ဒီတော့-ရတနာဟာ ရတနာပိုင်ရှင်ကို အဆင့်အတန်းမြင့်သွားစေတတ်တယ်။ ချမ်းသာသွားစေတတ်တယ်။ ဒီတော့- အဲဒီရတနာတွေထဲမှာ ဘယ်ရတနာဟာ အကောင်းဆုံးတုန်းဘုရား . . .။ စိန်က အကောင်းဆုံးလား၊ ရွှေက အကောင်းဆုံးလား၊ ငွေက အကောင်းဆုံးလား၊ ပတ္တမြားကအကောင်းဆုံးလား၊ သန္တာကအကောင်းဆုံးလား စသည်ဖြင့် ဒီလိုရတနာတွေထဲမှာ ဘယ်ရတနာ အကောင်းဆုံးတုန်းလို့မေးတာ။ ဒီတော့ မြတ်စွာဘုရားက ဘာဖြေလိုက်တုန်း-

ပညာ နရာနံ ရတနံ

ဟော-ဖြေလိုက်တယ်။ ဘော ဒေဝပုတ္တ- သိလိုရေးနဲ့, မေးလျှောက်လားငြား, အိုနတ်သား၊ နရာနံ-သုံးဆယ့်တစ်ဘုံ, ဆန်စုံသွားလာ, များသတ္တဝါတို့မှာ၊ ပညာ-ဌာနာဌာန, ကောသလ္လမှ, သမထဝိပဿ်, နှစ်ရပ်ဆင့်ပွား, နိဗ္ဗာန်ကိုမြင်တဲ့, မဂ်ဉာဏ် ဖိုလ်ဉာဏ်တိုင်အောင်သော, ပညာတရားသည်၊ ရတနံ-အသာဆုံးအမြတ်ဆုံးဖြစ်တဲ့, လောကစည်းစိမ်ချမ်းသာကို, ရစေရုံမျှမက, လောကုတ္တရာစည်းစိမ်ချမ်းသာဖြင့်, အို,နာ,သေရေး, ဒုက္ခဘေးကြီးမှ, ကင်းဝေး

* သံ-၁-၃၃။

http://www.dhammadownload.com



လွတ်မြောက်ရာ, နိဗ္ဗာန်ကို မြင်စေတတ်သဖြင့်, အကောင်းမြတ်ဆုံး ဖြစ်ပါပေတော့သတည်း။

သာဓု. . . . သာဓု. . . . သာဓုပါဘုရား. . . ။

အေး-ရတနာတွေထဲမှာဖြင့် ပညာရတနာဟာ အသာဆုံးပဲ . . . တဲ့၊ မင်းတို့လောကပြောနေတဲ့ ရွှေရတနာ, ငွေရတနာ, ကျောက်သံပတ္တမြားရတနာတွေ ကောင်းသလောက်ကောင်းပါတယ် ။ သို့သော် သူက အိုဘေး နာဘေး သေဘေးလွတ်အောင်တော့ မတတ်နိုင်ဘူး။ မတတ်နိုင်ရုံတင်မက အဲဒီရွှေ,ငွေ, ကျောက်သံရတနာတွေကြောင့် အပါယ်လေးပါး ကျတောင်ကျတတ်သေး။ ဘာပြုလို့တုန်းဆိုတော့ ဒီရတနာတွေစုဆောင်း သိမ်းဆည်းထားပြီးတော့ မလှူနိုင် မတန်းနိုင်၊ တကတည်း မပေးရက် မသုံးရက်နဲ့ တထုပ်ထုပ် တပိုက်ပိုက်လုပ်ပြီး နောက်သေတဲ့အခါကျတော့ ဒီရတနာတွေ စွဲပြီးတော့ ပြိတ္တာဘောင် ရောက်သွားတတ်တယ်။ ဥစ္စာစောင့် ဖြစ်တတ်တယ်။ ဒါ့ကြောင့် *'ပြိတ္တာတို့ဘောင်, ဥစ္စာဆောင်'*တဲ့- ရှေးလူကြီးတွေက၊ ပြိတ္တာဘောင် ရောက်ရောက်သွားတာ ဥစ္စာက ဆောင်ဆောင်သွားတာနော်တဲ့၊ ဒါ့ကြောင့် ရတနာတွေဟာ အပါယ်လေးပါးက လွတ်ဖို့မပြောနဲ့ အပါယ်လေးပါးထဲတောင် တွန်းချတတ်တယ်။ သို့မဟုတ်ရင်လည်းပဲ ဒီအပါယ်လေးပါးက လွတ်သည့်တိုင်အောင် အိုဘေး နာဘေး သေဘေး လွတ်အောင် သူချည့်သက်သက် မကယ်နိုင်ဘူး။ ပညာရတနာကမှ ကယ်နိုင်တယ်။ ဒါ့ကြောင့် ပညာရတနာ အသာဆုံး၊ ဒီတော့ အဲဒီပညာရတနာ အသာဆုံးဆိုတဲ့ စကားနဲ့စပ်ပြီးတော့ နတ်သားက မေးတာက ဒီပြဿနာတစ်ချက်ထဲမေးတာ မဟုတ်ဘူး။ နတ်သားမေးတာက-

"ကိံသု ယာဝ ဇရာ သာဓု" တဲ့-ပထမမေးတာ။

ယာဝ ဇရာ-ဇရာညှင်း၍, အိုမင်းရင့်ရော်ရာကာလတိုင်အောင်၊ သာဓု-မစောင်းသကတ်, ကောင်းမြတ်သော အဆင်တန်ဆာကား၊ ကိံသု-အဘယ်အဆင်တန်ဆာ ဖြစ်ပါသနည်းဘုရား. . . ။ မြတ်စွာဘုရား. . . လောကမှာ ပုဂ္ဂိုလ်သတ္တဝါတွေမှာ အဆင်တန်ဆာဆိုတာ ရှိပါတယ်ဘုရား. . . ။ အဲဒီအဆင်တန်ဆာကြောင့် ပုဂ္ဂိုလ်ရဲ့ရုပ်ဥပဓိကို ပြည့်စုံစေပါတယ်။ ကျက်သရေ ရှိစေပါတယ်။ တို့သူသူငါငါ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတွေ ဘာအဆင်တန်ဆာမှ မဝတ်ဘူး၊ ဘာအဝတ်မှ ကောင်းကောင်းမွန်မွန်မဝတ်ဘူး၊ ဘာအဆင်တန်ဆာမှ မဆင်ဘူးဆိုရင် ကျက်သရေရှိသင့်သလောက် မရှိဘူးပေါ့။ သူ့ရုပ်ချောသင့်သလောက်မချောဘူးပေါ့၊ လှသင့်သလောက် လှတယ်လို့ မဆိုနိုင်ဘူးပေါ့။ အဲ-အဝတ်ကောင်း အစားကောင်း ဝတ်၊ ဖီးလိမ်း၊ ရွှေ, ရွှေနဲ့တန်အောင်၊ ငွေ,

http://www.dhammadownload.com



ငွေနဲ့တန်အောင်၊ စိန်, စိန်နဲ့တန်အောင် စသည်ဖြင့် လက်စွပ် လက်ကောက် ပုတီး နားဒေါင်း ဆွဲကြိုးစသည်ဖြင့် ဆင်လိုက်ပြီဆိုတော့ လှသွား၊ ကျက်သရေရှိသွား။ ဒါ့ကြောင့် အဆင်တန်ဆာတွေက လူကိုကျက် သရေရှိစေတတ်တယ်။ လှစေတတ်တယ်၊ အသရေ တိုးစေတတ်တယ်။ ဒီတော့- အဲဒီအဆင်တန်ဆာတွေထဲမှာ အိုမင်းရာကာလထိအောင် လှစေနိုင်တဲ့, ဆင်လို့ကောင်းတဲ့ အဆင်တန်ဆာက ဘယ်အဆင်တန်ဆာပါတုန်း. . . တဲ့။ ဒါမေးတာ နတ်သားက။ ဒီတော့ မြတ်စွာဘုရားက ဖြေလိုက်တယ်။

## သီလံ ယာဝ ဇရာ သာဓု-တဲ့

ယာဝ ဇရာ-ဇရာညှင်း၍, အိုမင်းရင့်ရော်ရာ ကာလတိုင်အောင်၊ သာဓု-တင့်တယ်ချောမော်ပြီး, အသရေတိုးစေတတ်တဲ့ အဆင်တန်ဆာသည် ကား၊ သီလံ-ငါးပါး ရှစ်ပါး, အစထား၍, များပြားစွာ ထိန်းသိမ်းစောင့်ရှောက် ရတဲ့ သီလအဆင်တန်ဆာအပေါင်းပေတည်း. . .။ အဆင်တန်ဆာတွေထဲမှာ သီလအဆင်တန်ဆာဟာ အသာဆုံးပဲ။ သည့်ပြင် ဝတ်ကောင်း စားကောင်းတို့ လက်ကောက် ပုတီး နားဒေါင်းတို့က အရွယ်ငယ်တုန်း တင့်တယ်တာတဲ့၊ အရွယ်ငယ်တုန်းဆင်မှ ကြည့်ကောင်းတာ။ အသက်အရွယ်ကြီး. . . သွားသည့်အချိန်ကျမှ တကတည်း လက်ကောက်ကလေးနဲ့ နားဆွဲလေးနဲ့ အဝတ် အစားလေး နုနုလေးဝတ်နေရင် မလှတဲ့အပြင် ဒီအဘိုးကြီး သူငယ်ပြန်နေပြီ၊ ဒီအမယ်ကြီး သူငယ်ပြန်နေပြီလို့တောင် အပြောခံရအုံးမယ်။ အဲ-သီလဆိုတဲ့ အဆင်တန်ဆာကျတော့ ဒီလိုမဟုတ်ဘူး။ ငယ်ငယ်နဲ့လည်း လိုက်ဖက်တယ်၊ လတ်လတ်အရွယ်နဲ့လည်း လှတယ်။ ကြီးတဲ့အထိလည်း တင့်တယ်တယ်။ သီလဆိုတာ ငါးပါးသီလ အနည်းဆုံး၊ ငါးပါးသီလ သူ့အသက် မသတ်ဘူး၊ သူ့ဥစ္စာခိုးမှုရှောင်တယ် စသည်ဖြင့်၊ ဒါ သီလအဆင်တန်ဆာပေါ့။

အဲဒါ ကိုယ့်အိမ်က သားလေးတွေ၊ သမီးလေးတွေကြည့်ပါ့လား။ ကိုယ့်အိမ်က မွေးထားတဲ့ သားသမီးငယ်ငယ်လေးထဲက မခိုးတတ်ဘူး၊ အမေအဖေ မပေးရင် အိမ်ကမုန့်တောင် ယူမစားဘူး။ ပိုက်ဆံ ရွှေ ငွေဆိုတော့ ဝေးလို့။ ဟော ဒီလိုဆိုရင် ဒီသားလေး၊ ဒီသမီးလေး မိဘချီးကျူးတယ်။ ဆွေတွေ မျိုးတွေ က ဂုဏ်တင်ကြတယ်။ အမလေး. . . တော်လိုက်တာ၊ ဒီကလေးက ကျုပ်တို့ သားက၊ ကျုပ်တို့သမီးက မပေး မယူဘူး။ မလိမ်တတ်ဘူး သားလေးက၊ မညာ တတ်ပါဘူး သမီးလေးက။ စသည်ဖြင့် ဒါချောတာပဲ။

အဲ-ပြောင်းပြန် ပြန်ကြည့်လိုက်၊ ခိုးတတ်တဲ့ သားသမီး၊ အမေအဖေပစ္စည်း မုန့်ပဲသွားရည်စာ စသည် လည်း ခိုးစားတာပဲ၊ ပိုက်ဆံရွှေငွေလည်းပဲ မလစ်လိုက်နဲ့

http://www.dhammadownload.com



လစ်လိုက်ရင် ခိုးတာ ပဲဆိုရင် စိတ်မချရ. . . ဘူး။ သော့ကို မထားရဲဘူး။ သူ့ရှေ့ သေတ္တာသော့ မီးခံသေတ္တာသော့၊ ဟိုသော့ ဒီသော့ မထားရဲဘူး။ ဒါ အရုပ်ဆိုးတာပဲ။ ဒီတော့ သီလအဆင်တန်ဆာက ငယ်ငယ်တုန်းကလည်း လှစေတယ်၊ လတ်လတ်အရွယ်ရောက်လည်း တင့်တယ်စေတယ်၊ လူပျို အပျိုအရွယ်က စပြီးတော့ အိမ်ထောင်ရက်သားကျ၊ သားသမီးတွေရ၊ အသက်တွေကြီး၊ အိုကြီးချက်မဖြစ်သည့်အထိ ကိုယ်ကျင့်စာရိတ္တကောင်းတဲ့ပုဂ္ဂိုလ် လှတာပဲ။

ကိုယ်ကျင့်စာရိတ္တ ပုပ်၊ အကျင့်ယုတ်တဲ့ပုဂ္ဂိုလ်ကျတော့လည်း သူ ဘယ်လောက်ရုပ်ရည်ဥပဓိ ချောနေပေမဲ့လို့ ဟာ-ဒီလူကတော့၊ ဒီမိန်းမကတော့ ရုပ်ကလေးကတော့ချောပါရဲ့။ အကျင့်က ပုပ်လိုက်တာ၊ ယုတ်လိုက်တာ၊ လိမ်တယ်၊ သစ္စာမရှိဘူး။ ခိုးချင်တယ်၊ သောက်ချင်တယ်။ သူများသားမယား၊ သားသမီး ကျူးလွန်ချင်တယ် စသည်ဖြင့် ဒါ အကျင့်ပုပ်နေပြီ၊ အကျင့်ယုတ်နေပြီဆိုရင် သူတော်ကောင်းတွေက နှာခေါင်းရှုံ့တာပဲ၊ ဒါ-မလှတာပဲ။ အကဲ့ရဲ့ခံရ၊ မလှတဲ့အပြင် နောက်ဆုံးသေတော့ အပါယ်လေးပါး ထိုးကျသွားပြီး တိရစ္ဆာန်ဘုံ ရောက် ချိုကြီးတွေထွက်၊ အမြီးကြီးထွက်၊ အရုပ်ဆိုးကုန်တာပေါ့။ ငရဲကောင်ကြီးတွေဖြစ် အရုပ်ဆိုးကုန်တာပေါ့၊ ပြိတ္တာကောင်ကြီးတွေဖြစ် အယုတ်ဆိုးကုန်တာပေါ့။

ဒါ့ကြောင့် အရွယ်လတ်ပိုင်းလည်း လှတယ် သီလက၊ သီလအဆင်တန်ဆာ၊ အသက်ကြီးလို့ အဘိုးကြီး အဘွားကြီးဖြစ်၊ သီလစင်ကြယ်. . . လို့ သူက အသက်ရှည်လို့ သီလကြောင့်၊ ကိုယ်ကျင့်စာရိတ္တတွေကောင်းနေတော့ သူ့လေးစားကြတယ်။ အမေကြီးက အဖေကြီးက သိပ်ပြီးတော့သစ္စာရှိတာပဲ၊ ကတိရှိတာပဲ၊ ကတိရှိတာပဲ။ မကောင်းတာဆို မပြောဘူး၊ မဟုတ်တာဆို မလုပ်ဘူး၊ စသည်ဖြင့် ဂုဏ်တင်၊ ဒါ-ဘေးကပိုင်းပြီးတော့ ချီးကျူးကြတာ၊ အဲ-သူများချီးကျူးမှ မဟုတ်ပါဘူး၊ ကိုယ်ကိုယ်တိုင်ကလည်း သီလရှိနေပြီဆို ကိုယ့်ဘာကိုယ်ကိုစိတ်ကလည်း အေး. . . လို့၊ အန္တရာယ်တွေကင်းလို့ သူ့မှာ၊ ဘာဘေးရန်မှ မပေါ်ဘူး။ သူများမှ သူကသတ်ဖို့မကြံဘဲနဲ့ သူ့သတ်မည့်သူ ဘယ်လာလိမ့်မှာတုန်း၊ သူများမှ သူက ခိုးဖို့မလုပ်ဘဲနဲ့ သူ့ပစ္စည်းဘယ်သူက မီးကနှောက်ယှက်၊ ရေကနှောက်ယှက် ဘယ်လာလိမ့်မှာတုန်း၊ အဲဒါ အသက် ကြီးသည်အထိလှတယ်။ နောက်ဆုံးမဂ်ဖိုလ်နိဗ္ဗာန်ရောက်ကြောင်း အခြေခံကောင်းကြီးဖြစ်. . . လို့ လှတယ်။ ဒါ့ကြောင့် သီလဟာ ယာဝ ဇရာ-ဇရာညှင်း၍၊ အိုမင်းရင့်ရော်ရာ ကာလတိုင်အောင်၊ သာဓု-ကောင်းမြတ်လှပတဲ့ အဆင်တန်ဆာဆိုသည်ကား၊

http://www.dhammadownload.com



သီလ-ငါပါး,ရှစ်ပါး, အစထား၍, များပြားစွာတောင်း, ထိန်းသိမ်းစောင့်ရှောက်ရတဲ့ သီလသိက္ခာ အပေါင်းပေတည်း . . . .။

အိုမင်းရင့်ရော်ရာ ကာလအထိလှတဲ့အဆင်တန်ဆာ ပြောစမ်းပါဆိုရင် သီလပဲ. . . တဲ့၊ ငယ်ငယ်ကလေးကစပြီး အိုမင်းသည့်အထိလှတာ သီလ အဆင်တန်ဆာ၊ အဲဒီသီလအဆင်တန်ဆာကိုလည်း ဆင်ကြ၊ လောက အဆင်တန်ဆာတွေ မဆင်နဲ့လို့ ဘုရားက မတားပါဘူး၊ အိမ်ရာတည်ထောင် လူ့ဘောင်နေတဲ့ သူတွေ မဝတ်နဲ့ဟဲ့၊ မဆင်နဲ့ဟဲ့ ရွှေမဝတ်နဲ့၊ ငွေမဝတ်နဲ့လို့ မပြောဘူး ဘုရားက၊ ပြောတာက ဘယ်လိုပုဂ္ဂိုလ်တွေမှ ပြောတုန်း၊ အဲ သူ့ သာသနာတော်ဝင်လာတဲ့, သူ့နားကပ်လာတဲ့, သူ့သား သူ့သမီးအရင်းဖြစ်လာတဲ့ ဘုန်းကြီးတို့ ရဟန်းတော်တွေ, သာမဏေတွေ, သီလရှင်တွေ, ဘိက္ခုနီတွေ, သာမဏေမတွေ၊ အဲဒါကျတော့ ဘုရားကပြောတယ်၊ မဝတ်နဲ့ ငါ့သား၊ မဝတ်နဲ့ ငါ့သမီးတဲ့၊ ရွှေတွေ ငွေတွေဝတ်ထားတော့ မင်းတို့လေ. . . သူခိုးဓားပြရန်က မကင်းဘူး၊ အန္တရာယ်တွေရှိတယ်။ ပြီးတော့ ကိုယ့်ကိုယ်ကို မလှတဲ့ခန္ဓာကိုယ်ကြီး လှတယ်ထင်ပြီး ဒီရွှေလက်ကောက်ကြီးအကြောင်းပြုပြီး ကိုယ့်ကိုယ်ကို လိမ်လိမ်နေမိတတ်တယ်၊ လိမ်နေရင် မင်းတို့အမှန်မမြင်ဘူး၊ အမှန်မမြင်ရင် မင်းတို့ သစ္စာမတွေ့ဘူး၊ သစ္စာမတွေ့ရင် မင်းတို့ အိုနာသေက မလွတ်ဘူး၊ မင်းတို့ ကြောက်တာက အိုမှာ, နာမှာ, သေမှာ၊ မင်းတို့က သိပ်ကြောက်တာ၊ ကြောက်တာက လွတ်ချင်လို့ရှိရင် အမှန်မြင်အောင်ကြည့်ရအောင် အဲဒီအမှားတွေကို ဖယ်ပစ်ဆိုပြီးတော့ ခန္ဓာကိုယ်ပေါ်က ရွှေငွေ စိန်ကျောက် လက်ကောက်တွေ ဝတ်ပြီးတော့ ကိုယ့်ကိုယ်ကို လိမ်တဲ့၊ လိမ်လုံးတွေ ဖယ်ပစ်ခိုင်းတာ။

အဲ အိမ်ရာတည်ထောင် လူ့ဘောင်နေတဲ့သူတွေကျတော့ ဘုရားက ဒီလိုမဟုတ်တော့ဘူး၊ ဟာ-သူတို့ကတော့ သားနဲ့မယားနဲ့ ပျော်ပျော်ပါးပါးနေတဲ့ ဘဝ ရောက်နေတော့ ကဲ-နေကြ, နေကြ, ဆင်ကြ၊ သို့သော်. . . ခုနက သီလ အဆင်တန်ဆာလေးများတော့လည်း ဆင်ကြပေါ့. . . ငါ့သားများ၊ ငါ့သမီးများ၊ အဆင်တန်ဆာတွေလည်း ဝတ်ကြပါ လှအောင်၊ အဲ-သီလအဆင်တန်ဆာလေး များလည်း တိုးဝတ်ကြ၊ ဒီလိုဆုံးမတာ ဘုရားက၊ ဒါ့ကြောင့် သီလ အဆင်တန်ဆာ သည် ငယ်ငယ်မှာလည်းကောင်း၊ လတ်လတ်မှာလည်းကောင်း၊ အသက်ကြီးသည့် တိုင်အောင်လည်းကောင်း လှစေတဲ့, ချောမောစေတတ်တဲ့ အဆင်တန်ဆာ၊ ဒါ့ကြောင့် သီလအဆင်တန်ဆာတို့လည်း ဆင်ကြ။ နောက် ဒုတိယမေးတယ် နတ်သားက-

http://www.dhammadownload.com



## ကီသု သာဓု ပတိဠိတာ

ပတိဠိတာ-မိမိသန္တာန်, မြဲမြဲခိုင်ခန့်, အရှည်ကြဲ့၍, တည်တန့်သည်, ဖြစ်စေပါမူကား။ သာဓု-မစောင်းသကတ်, ကောင်းမြတ်တဲ့ဉစ္စာ ရတနာသည်ကား။ ကီသု-အဘယ်ဉစ္စာ ရတနာမျိုး ဖြစ်ပါသလဲဘုရား. . .။ မြတ်စွာဘုရား. . . ကိုယ့်ဆီမှာ အရင်းအနှီးအနေနဲ့ ရှိပြီးတော့နေရင် တည်တန့်နေအောင် လုပ်ဆိုက် တဲ့ဉစ္စာ ဘယ်ဉစ္စာပါတုန်း။ ဒီတော့- မြတ်စွာဘုရားက သဒ္ဓါဆိုတဲ့ ဉစ္စာပဲတဲ့၊ တို့ သဒ္ဓါက အရင်းအနှီးဉစ္စာနဲ့ တူတယ်၊ အရင်းအနှီးဆိုတာ အမြတ်ရချင်ရင် အရင်း အနှီးက တည်ရတာကိုး။ အရောင်းအဝယ်လုပ်တဲ့သူတွေ အမြတ်အစွန်းရချင် ပြီဆိုတော့ ကိုယ်က အရင်းအနှီး အရင်ထုတ်ရတာ၊ အရင်းအနှီးနဲ့ မ,တည် လိုက်ရတာ၊ ဒီအရင်းအနှီးနဲ့ မ,တည်လိုက်မှ အမြတ်အစွန်းက လာတာ၊ ဒီတော့- အဲဒီအရင်းအနှီးဉစ္စာထဲမှာ 'ဘယ်အရင်းအနှီးဉစ္စာဟာ အကောင်းဆုံးပါတုန်း လို့မေးတော့ သဒ္ဓါ-ဆိုတဲ့ အရင်းအနှီးဉစ္စာဟာ အကောင်းဆုံးပဲ၊ အမြတ်ဆွတ်ခဲ ဆုံးပဲ. . .၊ ရတနာသုံးတန် ကံ,ကံ၏အကျိုး၊ ဝိပဿနာ မဂ်ဖိုလ်နိဗ္ဗာန်မျိုးကို မြတ်နိုးကျေနပ် ယုံကြည်တတ်တဲ့ သဒ္ဓါခေါ်ဆိုတဲ့ အရင်းအနှီးဉစ္စာ၊ ရတနာ သုံးပါးကို ယုံတယ်။ ဘုရားနဲ့ဘုရားဂုဏ်တော်ကို ယုံကြည်တယ်၊ တရားနဲ့ တရား-ဂုဏ်တော်ကို ယုံတယ်၊ သံဃာတော်တွေနဲ့ သံဃာ့ဂုဏ်တွေကိုယုံတယ်၊ ဒါ သဒ္ဓါပေါ့။

ဒီနေ့ ဒကာဦးဝင်းမြင့်တို့ ဒေါ်မူမူသိန်းတို့ ဒီနေ့ဒီအလုပ်တွေလာလုပ်တာ ဘုရားယုံလို့၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးနဲ့ ဘုရားရှင်သာသနာပူဇော်ရင် တို့ သံသရာမှာလည်း အပါယ်လေးပါးစခန်းက လွတ်နိုင်တယ်၊ မဂ်ဖိုလ်နိဗ္ဗာန်ထိ အိုနာသေလွတ်ရာ နိဗ္ဗာန်ရွာထိ ရောက်နိုင်တယ်လို့ ယုံနေတယ်၊ အားထား နေတယ်၊ ဒါ ယုံကြည်မှုသဒ္ဓါပေါ့၊ ဘုရား, တရား, သံဃာ, ရတနာသုံးပါးအပေါ် ယုံတယ်၊ ကံ,ကံအကျိုး ယုံတယ်၊ ကုသိုလ်ကောင်းမှုအပေါ် ယုံတယ်၊ လှူဒါန်း ပေးကမ်းစွန့်ကြဲတဲ့ ဒါနကောင်းမှုပြုရင် ဖြစ်လေရာဘဝ ပစ္စည်းဉစ္စာ ပေါများစေ တတ်တယ်လို့ ယုံတယ်၊ ငါးပါး, ရှစ်ပါး, ကိုးပါးသီလတွေ လုံအောင်ထိန်းရင် ဖြစ်လေရာဘဝမှာ ဉပမိရုပ်အဆင်း ကောင်းစေတတ်တယ်။ အန္တရာယ်ကင်း စေတတ်တယ်၊ အတွင်းအပြင်အန္တရာယ်တွေ ကင်းစေတတ်တယ်၊ အပြင် အန္တရာယ်ဆိုတာ မီးလောင်ခြင်း, ရေမျောခြင်း, သူခိုးဓားပြ တိုက်ခံရခြင်း၊ မင်းစိုးရာဇာ နှိပ်စက်ခံရခြင်းစတဲ့ အပြင်အန္တရာယ်တွေလည်း ကင်းတယ်၊ အတွင်း အန္တရာယ်ဆိုတာ ကိုးဆယ့်ခြောက်ဖြာ ဘေးရောဂါတွေပြောတာ၊ ရောဂါ ပေါင်းစုံ ကျရောက်မှုမှ ကင်းစေတတ်တယ် စသည်ဖြင့် ဒီလို အတွင်းအပြင် အန္တရာယ်တွေ ကင်းစေတတ်တယ်လို့ ယုံတယ် သီလကြောင့်။

http://www.dhammadownload.com



သမထဝိပဿနာဘာဝနာကြောင့် အသိဉာဏ်တိုးပွားစေတတ်တယ်၊ မဂ်ဖိုလ် နိဗ္ဗာန် မြန်မြန်ရစေတတ်တယ်လို့ ယုံတယ်၊ အဲဒါ သဒ္ဓါပဲ၊ အဲဒီ သဒ္ဓါ အရင်းအနှီးမရှိရင် အမြတ်တွေက မလာဘူး။ အခု ဒီနေ့ ဒကာဦးဝင်းမြင့်တို့ ဒေါ်မူမူသိန်းတို့ အဲဒီ သဒ္ဓါအရင်းအနှီးရှိလို့ ပိဋကတ်ကျမ်းစာအုပ်တွေတော့ တို့လှူဒါန်းအုံးမယ်၊ တို့လှူနိုင်တဲ့ဘဝ ရနေတဲ့အချိန်၊ လူ့ဘဝလည်းရ၊ လှူနိုင်တဲ့ ပစ္စည်းအင်အားလေး လက်ထဲရှိတဲ့အချိန် တို့အသိဉာဏ်တိုးပွားကြောင်း ဖြစ်တဲ့ ကောင်းမှုကြီး ပြုလိုက်အုံးမယ်၊ အဲဒါ ပြုလိုက်ခြင်းဖြင့် တို့အသိဉာဏ်တွေ တိုးပွားလိမ့်မယ်၊ အသိဉာဏ်ဓာတ်တိုးပွားပြီးတော့ မဂ်ဉာဏ်ဖိုလ်ဉာဏ်ဆိုတဲ့ အထွတ်အမြတ်တရားတွေထိ တို့ရနိုင်တယ်လို့ယုံတဲ့ သဒ္ဓါအခြေခံပြီး ထလုပ်တော့၊ အခု မြတ်ကုန်ပြီ၊ ဒီနေ့ အမြတ်တွေထွက်ကုန်ပြီ၊ ပညာပါရမီကုသိုလ် တိုးပွားကြောင်း ကောင်းမှုကြီးတွေ၊ ဆွမ်းကပ်ရတဲ့ကောင်းမှု၊ နေ့သံဃာ (၇၀၀)ကျော်၊ မနက်(၇၀၀) ကျော်၊ သံဃာ(၁၄၀၀)ကျော် ဆွမ်းလောင်းရတဲ့ ကောင်းမှု၊ ဒါနကောင်းမှု အမြတ်တွေထွက်ကုန်ပြီ၊ ပညာတိုးပွားကြောင်းဖြစ်တဲ့ အလှူကြီးလှူရလို့ မိမိတို့မှာ ပညာ ပ[illegible]ကြီးတော့၊ သစ္စာလေးပါးထိဆိုက်မည့် အသိဉာဏ်ပညာတွေ ရတော့မယ်။ အခုလည်း ရသ[illegible]ပြီ။ ရှေ့လည်း ဆက်ရတော့မယ်၊ ဒါအမြတ်တွေပဲ၊ အဲဒါ သဒ္ဓါဓာတ်အရင်းအနှီးကြောင့် ရတာပဲ၊ နောက်ဆုံး အိုနာသေလွတ်ပြီး နိဗ္ဗာန်ထိဆိုက်သွား၊ ဒါအမြတ်ပဲ၊ ဒါ့ကြောင့် အရင်းအနှီးဥစ္စာရဲ့ ရတနာထဲမှာ သဒ္ဓါဟာ အကောင်းဆုံးပဲတဲ့ ဘုရားက၊ အဲ-တတိယပြဿနာကျတော့ ခုနက ပညာမေးတာ၊ ရတနာတွေထဲမှာ ဘယ်ရတနာအသာဆုံးပါတုန်းဆိုတော့ ပညာ၊ နောက်ဆုံး ပြဿနာကတော့-

ကိံသု စောရေဟိ ဒူဟရံ။ စောရေဟိ-ယုတ်မာညစ်ဆိုး, သူခိုး ဓားပြတို့က၊ ဒူဟရံ-အိမ်လုံးမွှေနှောက်, ထက်အောက်မလပ်, လူကိုသတ်လည်း၊ မကပ်မပါ, မဆောင်ယူနိုင်သော ဥစ္စာရတနာသည်ကား။ ကိံသု-ထူးခြားလှစွာ, အဘယ် ဥစ္စာရတနာမျိုး ဖြစ်ပါသနည်းဘုရား. . .။ မြတ်စွာဘုရား. . . လောကမှာ ကိုယ့်ဥစ္စာလေးရယ်လို့စုထား၊ သူခိုးက ခိုး, ဓားပြက တိုက်၊ ခိုးလို့မရ တိုက်လို့မရတဲ့ ဥစ္စာရတနာများရှိပါသလားလို့ မေးတော့၊ ဘုရားကဖြေတယ်-

ပုညံ စောရေဟိ ဒူဟရံ။ ဘောဒေဝပုတ္တ-သိလိုရေးနဲ့, မေးလျှောက်လာငြား, အိုနတ်သား၊ စောရေဟိ-ယုတ်မာညစ်ဆိုး, သူခိုးဓားပြတို့က၊ ဒူဟရံ-အိမ်လုံးမွှေနှောက်, ထက်အောက် မလပ်, လူကိုသတ်လည်း, မကပ်မပါ, မဆောင်ယူနိုင်သော ဥစ္စာရတနာသည်ကား။ ပုညံ-နေ့စဉ်ပေါင်းစု, မိမိပြုတဲ့ ကောင်းမှုဆိုတဲ့ ဥစ္စာရတနာမျိုးသည်၊ ဟောတိ-မုချမသွေ, ဖြစ်ရပါပေသတည်း။

သာဓု. . . သာဓု. . . သာဓုပါဘုရား. . .။

http://www.dhammadownload.com



အဲ. . သူခိုး မခိုးနိုင်၊ ဓားပြ မတိုက်နိုင်လောက်အောင် ခိုင်မြဲတဲ့ဥစ္စာ ပြောရရင်တော့ ကောင်းမှုဥစ္စာပဲတဲ့၊ ကောင်းမှုရွှေအိုး၊ ကောင်းမှုငွေအိုး၊ ဒါန ကောင်းမှု၊ သီလကောင်းမှု၊ ဘာဝနာကောင်းမှု ဒါ အကုန်ခြုံဟောတာပါ။ ကဲ- ဒါဖြင့် တို့ပရိသတ် လိုက်ဆိုစမ်းပါ။

❖ ကောင်းမှုရွှေအိုး, လူမခိုး, အားကိုး မြှုပ်ကြပါ၊
ဒါနရွှေအိုး, လူမခိုး, အားကိုး မြှုပ်ကြပါ၊
သီလရွှေအိုး, လူမခိုး, အားကိုး မြှုပ်ကြပါ၊
ဘာဝနာရွှေအိုး, လူမခိုး, အားကိုး မြှုပ်ကြပါ၊

အဲဒါ-ကောင်းမှုရွှေအိုးဆိုပြီး ဘုရားက တင်စားဟောလိုက်တာ၊ ပရိယာယ်နဲ့ဟောတာ အတူတူပါပဲ။ ဒီငှတော့ ဒကာဦးဝင်းမြင့်တို့ ဒေါ်မူမူသိန်းတို့ ဒီနေ့ အဲဒီနောက်ဆုံး ဘုရားဖြေတဲ့စကားနဲ့ ပြောပြန်ရင်လည်း သူခိုး မခိုးနိုင်တဲ့ ရွှေအိုး လာမြှုပ်ကြတာပေါ့။ ဒါနကောင်းမှု သီလကောင်းမှု ဘာဝနာကောင်းမှု ဆိုတဲ့ ရွှေအိုးတွေ ရွှေထုပ်တွေ ငွေထုပ်တွေ လာမြှုပ်တာပေါ့၊ ကဲ-နောက်ဆုံး ခုနက ပြန်ပြီးနိဂုံးအုပ်စို့ဆိုတော့-ပညာရတနာ-ရတနာတွေထဲမှာ ပညာဟာ အသာဆုံးဆိုတော့ အဲဒီပညာဟာ ပညာရှိတဲ့ပုဂ္ဂိုလ်က လောက ရှေ့ကနေတာ ချည်းပဲ၊ အထက်က နေတာချည်းပဲ၊ လောကီပညာကြည့်ကြည့် လောကုတ္တရာ ကြည့်ကြည့်၊ အသိလိမ္မာဉာဏ်ပညာဓာတ် ဒါကို ပညာခေါ်တယ်၊ အဲဒီပညာဟာ အောက်ထစ်ဆုံးပညာက ဌာနာဌာနကောသလ္လပညာလို့ ခေါ်တယ်။

ဌာနာဌာနကောသလ္လဆိုတာ ဒါ အကြောင်းဟုတ်တာ မဟုတ်တာကို သိတာ၊ ဒါလုပ်ထိုက်တယ်၊ ဒါမလုပ်ထိုက်ဘူးဆိုတာ သိတယ်၊ ဒီစကား ပြောထိုက်တယ်၊ မပြောထိုက်ဘူး သိတာ၊ ဒီနေရာမှာ ဒီအလုပ် လုပ်ထိုက်တယ်၊ မလုပ်ထိုက်ဘူး၊ ဒီနေရာမှာ ဒီစကား ပြောထိုက်တယ်၊ မပြောထိုက်ဘူး စသည်ဖြင့် သိတဲ့ပညာကို ဌာနာဌာနကောသလ္လပညာလို့ ခေါ်တယ်၊ အဲဒီ ဌာနာဌာန ကောသလ္လပညာ ကင်းနေတဲ့ပုဂ္ဂိုလ်က အဖျင်းပဲ သူက၊ ဒီနားပြောသင့်မှန်းမသိ၊ မပြောသင့်မှန်းမသိ ပြော၊ လုပ်သင့်မှန်းမသိ၊ မလုပ်သင့်မှန်းမသိ လုပ်ဆိုတဲ့ လူက လူအူ လူအ လူန လူထိုင်းပဲ။ ဒီတော့ သူ့ လူထဲမှာ ဘယ်တော့မှ ခေါင်းဆောင် တင်မထားကြဘူး၊ သူက နောက်လိုက်ပဲ၊ ပစ္စည်းပေါချင်ပေါ လိမ့်မယ်။ သို့သော် နောက်လိုက်ပဲ။

ဌာနာဌာနကောသလ္လပညာရှိတဲ့ပုဂ္ဂိုလ်က ပစ္စည်းမရှိရင်နေပါစေ။ ပညာရှိနေရင် အရပ်ထဲကသူ့ခေါင်းဆောင်တင်ရတယ်။ သူ့အထက်က တင်ရ တယ်။ သူ့ ရှေ့ကထားကြရတယ်။ ဒါပညာရဲ့သဘောပဲ၊ ဒါအောက်ထစ်ဆုံး အောက်ထစ်ဆုံးပညာ၊ အဲဒီ ဌာနာဌာနကောသလ္လပညာက တဆင့်တက်

http://www.dhammadownload.com



လိုက်တော့ "ဌာနာဋ္ဌာနကောသလ္လနှင့်, သမထဝိပဿ, နှစ်ရပ်ဆင့်ပွား, မဂ်ဉာဏ် ဖိုလ်ဉာဏ်တိုင်အောင်သော ပညာတရားသည်. . ."။ ဌာနာဋ္ဌာနကောသလ္လ ပညာသည် ကမ္မဿကတသမ္မာဒိဋ္ဌိပညာလို့လည်းခေါ်တယ်။ ကံ, ကံ၏အကျိုးကို နားလည်တာ, သိတာ။ ကောင်းတာလုပ်ရင် ကောင်းကျိုးရတယ်။ မကောင်းတာ လုပ်ရင် မကောင်းကျိုးရတယ်လို့ သိ။ ဒီအလုပ်က လုပ်ထိုက်တဲ့အလုပ်၊ ဒီအလုပ်က မလုပ်ထိုက်တဲ့အလုပ်လို့ သိ၊ ဒီဟာက အကုသိုလ်အလုပ် ကြီး မလုပ်ထိုက်ဘူး။ သူများအသက် သတ်တာ၊ သူ့ဥစ္စာခိုးတာ မလုပ်ကောင်းဘူးလို့ သိ၊ ဒီလိုလှူတဲ့ တန်းတဲ့အလုပ်၊ သီလထိန်းတဲ့အလုပ်၊ တရားနာတဲ့အလုပ်၊ ဝိပဿနာပွားတဲ့အလုပ် က လုပ်ထိုက်တဲ့အလုပ်၊ လုပ်ရမည့်အလုပ်လို့ သိ၊ ဒါ ဌာနာဋ္ဌာနကောသလ္လပညာ လို့လည်းခေါ်တယ်။ ကမ္မဿကတာသမ္မာဒိဋ္ဌိလို့လည်း ခေါ်တယ်။

အဲဒီက တဆင့်တက်လိုက်တော့ ဝိပဿနာပညာ၊ ဒီတော့-ဝိပဿနာ ပညာကျတော့ အရှိမှန်တရားနဲ့ အဖြစ်မှန်တရားကို မြင်အောင်ကြည့်တာ၊ အဲဒါ ဝိပဿနာပဲ၊ ဒီတော့-မိမိတို့ခန္ဓာကိုယ်ထဲမှာ အရှိအမှန်တရား ဘာရှိတုန်း ဆိုရင် ရုပ်နာမ်ဟာအရှိအမှန်တရားကြီးပဲ၊ ဘုန်းကြီးတို့တတွေက အဲဒီအရှိအမှန် တရားကို ဖုံးပြီးတော့ မရှိမှန်တရားကို လျှောက်ပြီးတော့သိပြီး လမ်းဆုံးနေကြတာ၊ သိတော့ သိတယ်၊ မရှိမှန်ကို သိနေတာ၊ မရှိတော့မရှိဘူး။ မှန်သလောက်တော့ မှန်တယ်။ အဲဒါ ဘာတုန်းဆိုတော့ ယောကျ်ားလို့သိတယ်၊ မရှိမှန်သိ ခေါ်တယ်၊ မိန်းမလို့ သိတာ မရှိမှန်[illegible]ခေါ်တယ်။ ဘယ့်နှယ့် မရှိဘဲနဲ့ ဘယ် နှယ့်သိနေတာတုန်းဆို တော့ ယောကျ်ားကို ယောကျ်ားလို့ပြောမှ မှန်တယ်၊ မုသားလွတ်ရုံမှန်တဲ့အမှန် ပြောတာ၊ သီလမပျက်ရုံ မှန်တဲ့အမှန်ပြောတာ၊ အဲလို မှန်သလောက်တော့မှန်တယ်၊ ဘယ်လိုမှန်တာတုန်း၊ သီလမပျက်ရုံမှန်တာ။

ဆိုပါတော့ ယောကျ်ားကို မိန်းမကြီးလို့ပြောလိုက်ရင် မှားသွားမှာပေါ့၊ မုသာဝါဒသီလပျက်တော့တာပေါ့၊ မုသာဝါဒသီလကြီး ပေါက်တော့တာပေါ့၊ ဒါကြောင့် သမုတိသစ္စာလို့ခေါ်တဲ့အမှန် သူက၊ သမုတ်ထားတဲ့ အမှန်ကြီးပေါ့။ အဟုတ်အမှန် မဟုတ်ဘူး၊ ဒီတော့ မှန်သလောက်မှန်တယ်၊ မဂ်ဖိုလ်ဆိုက်မယ့် အမှန်တော့ မဟုတ်သေးဘူး၊ ဒီတော့ ဘုန်းကြီးတို့တတွေက နေ့တိုင်း အဲဒီမရှိ မှန်ချည်းပဲ လျှောက်ပြီးသိနေတာ၊ မှန်နေကြတာ၊ ဒါနဲ့လမ်းဆုံးနေကြတာ၊ မရှိဘူး။ "ယောကျ်ားဆိုတာ အဟုတ်မရှိ၊ နှုတ်ဖျားမှာသာရှိ"၊ စစ်ကိုင်းဂူအောင်းပြီး အားထုတ်တော်မူသွားတဲ့၊ အခု တို့ဒိဂန္ဓာရုံတိုက်ကြီးကို စတင်ထူထောင်သွားတဲ့၊ ဟို စစ်ကိုင်းကနေပြီး ပြောင်းလာပြီး အားထုတ်တော်မူတဲ့ ကမ္မဋ္ဌာန်းဂူပေါက် ဆရာတော်ဘုရားကြီးက စပြီးတော့ တို့မကြာခင်က ပျံလွန်တော်မူတဲ့ ဆရာတော်

http://www.dhammadownload.com



အထိ ပညတ်ပရမတ်ခွဲခန်းကျတော့ ဘယ့်နှယ့်လာတုန်း-

❖ ယောက်ျားဟူသည် အဟုတ်မရှိ၊ နှုတ်ဖျားမှာသာရှိ။
မိန်းမဟူသည် အဟုတ်မရှိ၊ နှုတ်ဖျားမှာသာရှိ။

ယောက်ျားမိန်းမဆိုတာ နှုတ်ဖျားလေးတင်ရှိတာပဲ တကယ်က၊ နောက်-အဟုတ်ရှိတာက ဘာတုန်း-

❖ ယောက်ျားဟူသည်၊ အဟုတ်မရှိ၊ ရုပ်နာမ်သာ အဟုတ်ရှိ။
မိန်းမဟူသည်၊ အဟုတ်မရှိ၊ ရုပ်နာမ်သာ အဟုတ်ရှိ။

ဘယ့်နှယ့်ဘုရား. . . အရှင်ဘုရား ယောက်ျားကြီးတွေ မိန်းမကြီးတွေ မြင်နေရသားနဲ့၊ ဘယ့်နှယ် အဟုတ်မရှိတာတုန်း၊ တပည့်တော်တို့ အဟုတ်မရှိနဲ့ အဟုတ်ရှိ ရှင်းစမ်းပါအုန်းလို့ဆိုတော့ ကဲ-မင်းတို့ယောက်ျားဆိုတာ ဘယ်ဟာကို မင်းတို့က ပြောချင်တာတုန်း၊ ပြောစမ်းဆိုတော့ ကဲ ဦးဝင်းမြင့်ကပဲ ဆိုပါတော့ အနားရှိတဲ့လူတစ်ယောက်ကို "ဟောဒါ ယောက်ျားကြီးဘုရား၊ ဟော့ဒီမယ်-ဟော့ဒီမယ်"ဆိုပြီး လက်ညှိုးထိုးထောက်ပြ၊ ကဲ-ထောက်ထား ထောက်ထား၊ ဘယ်ထောက်ထားတာတုန်း၊ လက်မောင်းထောက်ထား၊ ကိုင်း-လက်မောင်း ထောက်ထားတော့ ကဲ-သေသေချာချာကြည့် ဦးဝင်းမြင့်ရဲ့ မင်းယောက်ျား ဆိုပြီးတော့ မင်းကထိုးပြထားတာ၊ မင်းထောက်ထားတဲ့လက်ညှိုးထိပ် သေချာ ကြည့်တော့ လက်မောင်းကြီး လက်မောင်းကြီး၊ ဟော- လက်မောင်း၊ လက်မောင်း လို့ သိသည်နဲ့တပြိုင်နက် ယောက်ျားမရှိဘူး။ စိတ်ထဲရော ယောက်ျားဆိုတာ ပျောက်သွားတယ်။ ယောက်ျားဆိုတာ လက်မောင်းရော၊ ခေါင်းရော၊ ခြေရော၊ တကိုယ်လုံးသိမ်းကျုံးခေါ်ထားတဲ့အခေါ်၊ အခုဦးဝင်းမြင့်ထောက်ထားတာက ဘေးကလူတစ်ယောက်ရဲ့ လက်မောင်းကြီးထောက်ထားတော့ လက်မောင်း လက်မောင်းလို့ ဆိုသည်နဲ့တပြိုင်နက် ယောက်ျားရဲ့အစိတ်အပိုင်းတစ်ခုသာ ဖြစ်နေတော့တယ်။ ယောက်ျား မဟုတ်တော့ဘူး။ ဒါ့ကြောင့် ယောက်ျားပျောက် သွားပြီ၊ လက်မောင်းဖြစ်လာပြီ။

ကိုင်း-လက်မောင်း လက်မောင်းဆိုပြီး ထောက်ထားစမ်းပါအုံး၊ ဦးဝင်း မြင့် လက်မောင်း လက်မောင်းနဲ့ပြောနေတာ၊ ကဲ-ကြည့်အုံးစို့ လက်မောင်း အဟုတ် လားလို့ ကြည့်အုံးစို့ဆိုပြီးတော့ လက်ညှိုးနဲ့ထောက်ထား ထောက်ထား၊ အဲဒီထောက် ထားတဲ့ထိပ်ကလေး သေချာကြည့်စမ်း၊ သေချာကြည့်စမ်းဆိုတော့ လက်ညှိုးထိပ် ကလေးထောက်ထားတာ ဘာတုန်း၊ အရေပါး၊ အရေထူ၊ အသား၊ အကြော၊ အရိုး၊ လက်ညှိုးထိပ်မှာထောက်ထားတာတည့်တည့် သေချာကြည့်ရင် လက်မောင်းကြီးလည်း မဟုတ်ဘူး၊ လက်မောင်းဆိုတာလည်း လက်တခုလုံးကြီး

http://www.dhammadownload.com



သိမ်းကျုံးပြောထားတာ၊ စိတ်ကအထင်နဲ့ ရမ်းပြောထားတာ၊ လက်ညှိုးထိပ်မှာရှိနေတာ သေသေချာချာ ကြည့်လိုက်တော့၊ အသား, အရေထူ၊ အရေပါးပေါ့ အသားပေါ်က အုပ်ထားတဲ့အရေထူ အရေပါးလေး လက်ညှိုး လေးနဲ့ထောက်ထားတာကို၊ အရေထူ, အရေပါးရယ်၊ အဲဒီအောက်က အသားရယ်၊ အဲဒီအောက်က အကြောရယ်၊ အဲဒီအောက်က အသွေးတွေရယ်၊ အဲဒီအောက်က အရိုးတွေရယ်၊ လက်ညှိုးထိပ်တည့်တည့် သေသေချာချာ ရှိတာကြည့်လိုက်တော့၊ အရေထူ, အရေပါး, အသား, အသွေး, အကြော, အရိုး, ဟော(၃၂)ကောဋ္ဌာသ လာတွေ့နေတယ်၊ လက်မောင်းပျောက်သွားပြန်ပြီ၊ လက်မောင်းပျောက်သွားပြန်ပြီ။

ဒီတော့ အရေထူ အရေပါး အသား အသွေး(၃၂)ကောဋ္ဌာသတွေ့နေ၊ သမထကမ္မဋ္ဌာန်းမိရင်ပဲ၊ လက်မောင်းဆိုတာပျောက်သွားပြီ၊ ယောကျ်ားဆိုတာပျောက်သွားပြီ၊ ပညတ်တွေပျောက်ကုန်ပြီ၊ လက်မောင်းတွေ၊ ယောကျ်ားတွေပျောက်ရင်၊ အဲဒီယောကျ်ား ချောတယ် လှတယ် မလာဘူး၊ အဲဒီလက် မောင်းက လှလိုက်တာ၊ ဘယ်လိုချောလိုက်တာဆိုတာတွေ, မလှဘူး၊ မချောဘူးဆိုတာတွေပျောက်ကုန်ပြီ၊ လောဘ ဒေါသတွေကွယ်ကုန်ပြီ၊ ကိလေသာပယ်ကုန်ပြီ ပယ်သင့်သလောက်။ ကောဋ္ဌာသမိနေပြီ၊ (၃၂)ကောဋ္ဌာသမိနေလို့ (၃၂)ကောဋ္ဌာသတင်ကြည့်ရင်ပဲ ဒီအသား အသွေး အရေထူ အရေပါးတို့သည် အနံ့အားဖြင့်လည်းကောင်း၊ အဆင်းအားဖြင့်လည်းကောင်း မတင့်တယ်ကြကုန်၊ မစင်ကြယ်ကြကုန်ပါတကား၊ ဟော-အသုဘကမ္မဋ္ဌာန်း၊ ကာယဂတာ သတိကမ္မဋ္ဌာန်းဝင်လာတယ်။

ဒီကနေတဆင့်တက်ပြီးတော့ ရှေ့ဆက်ပြီးတော့, ကဲ-အရေထူ အရေပါး အသား အသွေးလို့ မင်းထင်နေတာလေး ရှေ့ဆက်စမ်းပါအုန်း, ရှေ့ဆက်စမ်းပါအုံး၊ စိတ်စိုက်လိုက်၊ စိတ်စိုက်လိုက်၊ အဲဒီလက်မောင်း လက်ညှိုးထောက်ထားတဲ့ဆီ ဦးဝင်းမြင့် စိတ်စိုက်လိုက်စမ်း၊ စိတ်စိုက်လိုက်စမ်းဆိုတော့၊ တကယ်စိတ်ထဲမှာ သေသေချာချာ စမ်းကြည့်လိုက်တော့၊ လက်ညှိုးလို့ ကိုယ်ကသမုတ်ထားတဲ့ လက်ညှိုးနဲ့ သူ့ရဲ့လက်မောင်းလို့ သို့မဟုတ် အရေထူ အရေပါးလို့ သတ်မှတ်ထားတဲ့အရာကိုထိထားတဲ့ ထိနေတဲ့အရာလေး နောက်ဆုံးရှိတော့တယ်၊ ဉာဏ်နဲ့ သေသေချာချာကြည့်နော်၊ ထိနေတာလေးနဲ့၊ ထိတာသိရနေတာလေး ဒါပဲရှိတယ်၊ အရေထူ, အရေပါး, အသား, အကြော, အရိုးဆိုတာတွေလည်း မရှိဘူး အဟုတ်။ ဆိုင်ရာဆိုင်ရာ အသား အသွေးတွေနဲ့ တွဲစပ်ပေါင်းယှဉ်ထားတာနဲ့ သူ့ကို အရေထူဟဲ့၊ အရေပါးဟဲ့၊ အသားဟဲ့၊ အသွေးဟဲ့လို့ခေါ်တာ၊ ရုပ်မှုံရုပ်မွှားတွေနဲ့ ကြည့်လိုက်တော့ ဘာတစ်ခုမှ မရှိဘူး။

http://www.dhammadownload.com



အခု ထင်ထင်ရှားရှား နောက်ဆုံးတွေ့နေမှာက ဦးဝင်းမြင့်ရဲ့ လက်ညှိုး ထိပ်ကလေးနဲ့ ဟိုကထိစရာလေးနဲ့ ထိနေတဲ့ဖောဋ္ဌဗ္ဗရုပ်၊ အဲဒါလေးကို ထိနေတယ်, ထိနေတယ်လို့ သိနေတဲ့နာမ်၊ ဒီနှစ်ပါးပဲ ကျန်တော့တယ်၊ ထိ, သိ, ရုပ်, နာမ်ကျန်တော့တယ်၊ အဲဒီ ထိ, သိ, ဖြစ်ပျက်၊ ထိ,သိ ဖြစ်ပျက်၊ ထိ,သိ ဖြစ်ပျက်၊ ထိ,သိ ရုပ်နာမ်၊ ထိ,သိ ရုပ်နာမ်၊ ထိ,သိ ရုပ်နာမ်လို့ ဖမ်းရှုရင် အဲဒါ အမှန်တွေ့တာပဲ၊ အဲဒီအချိန် ထိ,သိရုပ်နာမ်မြင်တဲ့အချိန် ခုနက အရေထူ အရေပါး အသား အကြောတွေပျောက်သွားပြီ၊ လက်မောင်းတွေ ပျောက်သွားပြီ၊ ယောက်ျားတွေပျောက်သွားပြီ၊ မရှိလို့ ပျောက်တာပေါ့၊ ရှိရင်မပျောက်ရဘူး။ အရှိမှန် မဟုတ်လို့ပျောက်ကုန်တာ၊ ဒီတော့ ပျောက်ကုန်တာက ကိုယ်က မှုံ့ တုန်းကလည်း ပျောက်ရက်ပဲ။ ကိုယ်က စိတ်ထဲကသာ ပုံသဏ္ဍာန်ကြီးလုပ်ပြီး တော့ ယောက်ျားကြီးဆိုပြီးတော့ လုံးပြီး ဒီရုပ်နာမ်အစုလေးအတွက် အဆိုင် အခဲကြီးကို ယောက်ျားလို့ ထင်ထားတဲ့စိတ်က အထင်လုံးကြီးကြောင့် ယောက်ျားဖြစ်နေတာ။ တကယ်မရှိဘူး၊ ပရမတ်သဘောနဲ့ ဝိပဿနာနဲ့ ကြည့်တော့ ခုနက ထိ,သိလေးပဲ တွေ့တယ်။

ထိ,သိက တဆင့်တက်ပြီးတော့ သိချင်သေးရင် ဓာတ်ကမ္မဋ္ဌာန်းနဲ့ ကြည့် ချင်ရင် အဲဒီလက်မောင်းကို ထိနေတာလေးက သူ့လက်မောင်းက အအေးဓာတ် ကလေးရင်လည်း တွေ့ချင်တွေ့မယ်။ အပူဓာတ်ကလေးရင်လည်း တွေ့ချင် တွေ့မယ်၊ သူ့လက်မောင်းက ပူနွေးနွေးလေးဆိုရင် ဦးဝင်းမြင့်ရဲ့ လက်ညှိုးထိပ်မှာ နွေးတေးတေးလေး တွေ့လိမ့်မယ်။ အဲဒါ တေဇောဓာတ် ကြီးတွေ့တာ၊ သို့မဟုတ် သူ့ခန္ဓာကိုယ်က အေးရလို ချွေးနဲ့ဘာနဲ့အေးနေ တာဖြင့်လည်း အေးတာလေး တွေ့လိမ့်မယ်၊ အဲဒါလည်း တေဇောဓာတ် တွေ့တာပဲ။ ဒါဖြင့် ပူတာသိ အေးတာသိ၊ ပူဆိုတဲ့တေဇောဓာတ်ရုပ်၊ အေးဆိုတဲ့ တေဇောဓာတ်ရုပ်၊ အဲဒါကို သိတဲ့နာမ်၊ ရုပ် နာမ်၊ ဒါ့ကြောင့် ရုပ်နာမ်ဖြစ် ပျက်လို့ ရှုရှု ပူသိဓာတ်လို့ ရှုရှု အေးသိဓာတ်လို့ ရှုရှု ထိသိပျက်လို့ ရှုရှု ဘယ်လိုနည်းနဲ့ ရှုရှု အဲဒါ အရှိအမှန်မြင်တဲ့အချိန် အဲဒီ အချိန်ပဲ။ အဲဒီမှာ မြင်တဲ့ဉာဏ်ကို ဝိပဿနာဉာဏ်လို့ခေါ်တယ်။ အမှန်မြင်ဉာဏ် ခေါ်တယ်။ အမှန်ကို ပါဠိလို သစ္စာခေါ်တယ်၊ ဒါ့ကြောင့် သစ္စာမြင်တဲ့ဉာဏ် ခေါ်တယ်။

ဘုရားရှင်ကိုယ်တော်မြတ်ကြီး လောကထဲပွင့်လာတာ အဲဒီဉာဏ် ပေါ် စေချင်လို့ ပွင့်လာတာ၊ သတ္တဝါတွေ အဲဒီ သစ္စာဉာဏ်ပေါက်စေချင်လို့ ဘုရား ပွင့်လာတာ၊ သူကိုယ်တိုင်လည်း အဲဒီသစ္စာဉာဏ်ပေါက်ပြီးမှ ဘုရားဖြစ်တာ၊ ဒီတော့ ဒုက္ခသစ္စာဖြစ်တဲ့ ရုပ်နာမ်ထိ,သိကိုသော်လည်းကောင်း၊ ပူ,သိ,ပျက်၊ အေး,သိ,ပျက်

http://www.dhammadownload.com



ဆိုတဲ့ ရုပ်နာမ်ကိုသော်လည်းကောင်း သိတဲ့အသိကလေး နေ့စဉ် မိမိသန္တာန် ပွားအောင်၊ တိုးအောင်ကျိုးစားနေတာကို ဝိပဿနာရှုတယ်လို့ခေါ်တယ်။ ဝိပဿနာပွားတယ်လို့ခေါ်တယ်၊ အဲဒီဝိပဿနာရှုတော့ အရှိအမှန်တရားကို မြင်တယ်၊ အရှိအမှန်တရားမြင်တော့ မရှိမှန်တွေပျောက်တယ်၊ ရှိတာကို မြင်ရင် မရှိတာတွေသိတဲ့အသိတွေ ပျောက်ကုန်တာပေါ့။ မရှိတာတွေ သိတဲ့အသိဟာ အဝိဇ္ဇာခေါ်တယ်၊ မဟုတ်တာတွေ အဟုတ်လုပ် သိ၊ မမှန်တာတွေ အမှန်လုပ် သိတာ အဝိဇ္ဇာသတ္တိ၊ အဝိဇ္ဇာက ရုပ်နာမ်ကိုဖုံးကွယ်ရုံမကဘူး၊ သူက မဟုတ်တာကို အဟုတ်လုပ်ပြီးတော့ ပြတာ၊ ယောက်ျားမဟုတ်တာ ယောက်ျားလို့ထင်အောင် လုပ်၊ မိန်းမမဟုတ်တာ မိန်းမလို့ထင်အောင် လုပ်၊ ထင်လုံးဖြစ်နေ အောင်လုပ် တယ်၊ ဒါ အဝိဇ္ဇာပဲ။

ဒါ့ကြောင့် အဝိဇ္ဇာက အင်မတန်နယ်ကျယ်ထားတာဖြစ်တော့ ဘုန်းကြီး တို့မှာ အဝိဇ္ဇာလွှမ်းထားတော့၊ အဝိဇ္ဇာပစ္စယာ သင်္ခါရာနဲ့ တခါတည်း တသီကြီး သွားတော့တာပဲ၊ မသိတာကစပြီးတော့ အကုန်လုံး ဟိုဘက် မှားကုန်တာဆက်ပြီး။ ဒီတော့ မသိတဲ့နေရာ သိမှုကြီး ဝင်အစားထိုးလိုက်၊ သိမှုဟာ ပညာပဲ၊ ဝိဇ္ဇာလို့လည်း ခေါ်တယ်၊ အဲဒီဝိဇ္ဇာနဲ့ ရုပ်နာမ်ဖြစ်ပျက်၊ ထိ,သိဖြစ်ပျက်၊ ထိ,သိပျက်၊ ရုပ်,နာမ် ဖြစ်ပျက်၊ ပူအေး ဖြစ်ပျက်စသည်ဖြင့်ရှုပေး၊ အဲဒီရှုပေးတော့ အသိမှန် မြင်၊ အသိမှန် မြင်ရာကနေပြီးတော့ အဲဒီရုပ်နာမ်ရဲ့ ဖြစ်ပျက်သွားပုံ ပေါ်ပျောက်သွားပုံ ဖြစ်ပျက်ကို မြင်လိမ့်မယ်၊ ခုနက ပူ,အေးလေးဖြစ်ဖြစ်၊ ထိ,သိလေးဖြစ်ဖြစ် ထိနေတဲ့၊ အမြဲတမ်းထိနေလို့ မရဘူး၊ သူ့ဟာသူ ပျောက်လိုက် ပေါ်လိုက်၊ ပေါ်လိုက် ပျောက် လိုက်၊ ပျောက်လိုက် ပေါ်လိုက်နဲ့ အဲဒီလို ဖြစ်ပျက်သဘော ဖြစ်လာပြီဆိုတော့ ဥဒယဗ္ဗယဉာဏ်ဝင်လာပြီးတော့ အဲဒီကနေ တဆင့်တက်ပြီး ဉာဏ်တွေရင့်ကျက် ပြီးတော့ မဂ်ဉာဏ်ဖိုလ်ဉာဏ် ပေါက်သွားပြီးတော့ နိဗ္ဗာန်ထိ မြင်နိုင်တယ်၊ အဲဒါ ကမ္မဿကတာသမ္မာဒိဋ္ဌိ၊ ဈာနာဈာန လောကုတ္တရာပညာထက် တဆင့်တက်လာတော့ ဝိပဿနာပညာ၊ အဲဒီ ဝိပဿနာပညာရင့်ကျက်တော့ မဂ်ပညာ ဖိုလ်ပညာ မြင်၊ နိဗ္ဗာန်ကို မြင်၊ လမ်းစဉ်ကတော့ ဒါပဲ။

အဲ-လမ်းစဉ်ချပြထားတော့ အဲဒီလမ်းစဉ်အတိုင်း လိုက်ရင် အဲဒီလမ်း စဉ်အတိုင်း မြင်ကြမှာပဲ၊ ဘုရားတရားဆိုတာ "သွာက္ခာတော ဘဂဝတာ ဓမ္မော သံဒိဋ္ဌိကော" တဲ့၊ သံ-ကိုယ်တိုင်၊ ဒိဋ္ဌိကော-မြင်တယ်တဲ့၊ ကိုယ်တိုင်အားထုတ် ကိုယ်တိုင်မြင်တယ်၊ သူများပြောနဲ့လမ်းဆုံးလို့ မရဘူး၊ ဒီတော့ အဲဒီပညာက တဆင့်တက်ပြီးသကာလ နောက်ဆုံး အရဟတ္တမဂ်၊ အရဟတ္တဖိုလ် ပညာရောက် တော့ ရဟန္တာယောက်ျား, ရဟန္တာမဖြစ်ပြီးတော့ အိုနာသေရေး ဒုက္ခဘေးကြီးက

http://www.dhammadownload.com



ကင်းဝေးလွတ်မြောက်အောင် ဒီပညာက ကယ်နိုင်တယ် နတ်သား. . ။ ဒါ့ကြောင့် ရတနာတွေရှိသမျှထဲမှာဖြင့် ပညာရတနာဟာ အကောင်းဆုံးပါပဲလို့ မြတ်စွာဘုရားက-

ပညာ နရာနံ ရတနံ, ပုညံ စောရေဟိ ဒူဟရံ။

နရာနံ-သုံးဆယ့်တစ်ဘုံ, ဆန်စုံသွားလာ, များသတ္တဝါတို့အတွက်၊ ရတနံ-ရောက်ရာဘဝ, အောက်မကျဖို့, ထောက်မမြင့်တောင်း, ကောင်းထက် ကောင်းလစ်, နှစ်သက်ဖွယ်ရာ, ရတနာသည်ကား၊ ပညာ-ဉာနာဉာန, ကောသလ္လမှ, စ၍ဆင့်ပွား, သမထဝိပဿနာ, မဂ်ဉာဏ်ဖိုလ်ဉာဏ်တိုင်အောင်သော ပညာတရားသည်၊ ဟောတိ-အထွတ်ဆုံး, အသာဆုံး, အမြတ်ဆုံး, အကောင်းဆုံးမသွေ, ဖြစ်ပါပေသတည်း။

## သာဓု. . . သာဓု. . . သာဓုပါဘုရား. . . ။

ကိုင်း- အဲဒီလိုအားဖြင့် ပညာရတနာ အဆင့်ဆင့်တိုးပွားကြောင်းဖြစ်တဲ့ ကောင်းမှုကြီးကို တပည့်တော်တို့ ကြိုးပမ်းအားထုတ် ပြုလုပ်သောအားဖြင့် ဤ စာအုပ်ဓမ္မစေတီ (၁၈၅)အုပ်တို့ကို လှူဒါန်းကြပါကုန်၏။ ဝါ-တနည်းအားဖြင့် မရေတွက်နိုင်တဲ့ ဘုရားအဆူဆူ, သိန်းပေါင်းမြောက်များစွာ, သန်းပေါင်းမြောက်များစွာသော ဘုရားစေတီတော်တို့ကို တည်လှူပူဇော်သောအားဖြင့် ဒီနေ့ ဂန္ဓာရုံကျောင်းတိုက်သို့ လာရောက်ကြပြီးသကာလ သံဃာတော်အရှင်မြတ် စာချဆရာတော်အရှင်မြတ် အပါး(၈၀)တို့အား ဓမ္မစေတီ ကျမ်းစာအုပ် (၁၈၅)အုပ်၊ တန်ဖိုးအားဖြင့် (၁၇၀၀၀ိ)ကျော်သောဝတ္ထုငွေ အကုန်အကျခံ၍ လှူဒါန်းသမှု ပြုကြပါကုန်၏။ ဤဓမ္မစေတီပူဇော်ပွဲကို အကြောင်းပြု၍ သံဃာတော် (၇၀၀)ကျော်တို့အား အရုဏ်ဆွမ်း နေ့ဆွမ်း ခဲဘွယ်ဆွမ်းတို့ဖြင့်လည်းကောင်း၊ ဤဓမ္မပူဇာကုသိုလ်ကောင်းမှု ပူဇော်ဖွယ်တို့ဖြင့်လည်းကောင်း လှူဒါန်းပူဇော်သမှု ပြုကြပါကုန်၏။ ဗိတ်မန္တကပြုထားတဲ့ ပရိသတ်အပေါင်း သူတော်ကောင်းတွေကိုလည်း သဒ္ဓါဖြူဖွေး ကျွေးမွေးဧည့်ခံသမှု ပြုကြပါကုန်၏။

ဤကဲ့သို့ ပညာပါရမီတိုးပွားကြောင်း ပညာရတနာ အလှူကောင်းမှုကြီးကို ပြုရတဲ့ကုသိုလ်ကောင်းမှု စေတနာအစုစုကြောင့် တပည့်တော်တို့အား အသိဉာဏ်ပညာဓာတ်တွေ အထွတ်အထိပ်ရောက်အောင် ဒီဘဝ ဒီကိုယ်ဖြင့်ပင် အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ပညာဆိုက်အောင် တိုးပွားကြောင်း ကောင်းမှုကြီးဖြစ်ပါစေသတည်း. . . လို့ ကိုယ်စီကိုယ်ငှ နေ့စဉ် ပညာရတနာတိုးပွား ကြောင်းဖြစ်တဲ့ ကောင်းမှုတွေကို ကြိုးပမ်းအားထုတ် ပြုလုပ်နိုင်ကြပါစေကုန်သတည်း၊ ဤကဲ့သို့ ပညာရတနာတိုးပွားကြောင်း အသိပညာတိုးပွားကြောင်းဖြစ်တဲ့ ကောင်းမှုတွေကို

http://www.dhammadownload.com



ကြိုးပမ်းအားထုတ် ပြုလုပ်နိုင်ကြပါကုန်သည်ဖြစ်၍ ဤကဲ့သို့ ကြိုးပမ်းအားထုတ် ပြုလုပ်ရင်း ပညာပါရမီ အထွတ်အထိပ်သို့ ရောက်တော်မူသွားကြတဲ့ ဘုရား ပဉ္စဝဂ္ဂီ အရိယာအပေါင်းသူတော်ကောင်း, သူတော်ကောင်းမကြီးတို့ ရအပ် ရောက်အပ် သိမြင်အပ်သော နိဗ္ဗာနဓာတ် တရားမြတ်ကြီးကို လျင်မြန်သောစွာ ရောက်ကြရ, ရကြရ, မြင်ကြရပါလိုကုန်သောဟူ၍ ပတ္ထနာအောင်ဆု ပြုကြကုန်ရာသတည်း။

သာဓု . . . သာဓု . . . သာဓုပါဘုရား . . ။

http://www.dhammadownload.com

# လူ့ထက်သာသူ တရားတော်

တောင်ငူမြို့၊ တောင်ကြီးရွှေဆိုင်မိသားစုတို့ ဒီနေ့ ကြီးပမ်းအားထုတ်ပြုလုပ်နေတဲ့ ဒီအလုပ်ကို လူ့ထက်သာတဲ့လူဖြစ်အောင် လူ့ထက်သာတဲ့လူဖြစ်ကြောင်း ကောင်းမှုကိုပြုနေတဲ့အချိန်. . . တဲ့ ဒီအချိန်မျိုးကို။ လူ့ထက်သာတဲ့လူ ဖြစ်ကြောင်းဖြစ်တဲ့ အလုပ်ကောင်းတွေကို လုပ်တဲ့အချိန်၊ လူကမွေးဖွားလာရင် လူတော့ဖြစ်လာတာပဲ၊ ဒါပေမဲ့လို့ လူကနှစ်မျိုးရှိတယ်၊ လူ့ထက်သာတဲ့လူက တစ်မျိုး၊ လူ့အောက်ကျတဲ့လူက တစ်မျိုးလို့ လူက နှစ်မျိုးရှိတယ်။ လူ့ထက်သာတဲ့လူဖြစ်သွားတာလည်း သူ့ဘာသူကြိုးစားလို့ ဖြစ်သွားတာပဲ၊ လူ့အောက်ကျတဲ့လူဖြစ်သွားတာလည်း သူမဟုတ်လို့၊ သူမဟန်လို့ ဖြစ်သွားတာပဲ၊ ဒီတော့ လူဖြစ်ရုံနဲ့ ပြီးသေးတာမဟုတ်ဘူး။ ရတောင့်ရခဲတဲ့ မနုဿတ္တဒုလ္လဘ ရခဲတဲ့လူ့အဖြစ်ကြီးကို ရလို့မို့ အင်မတန်ကြီးကျယ်တဲ့ ဆုလာဘ်ကြီးတစ်ခုတော့ ရထားတာပဲ၊ ဒါပေမဲ့လို့ ဒါနဲ့တင်မပြီးသေးဘူး. . . တဲ့ လူ့ထက်သာတဲ့လူဖြစ်ဖို့ အရေးကြီးသေးတယ်။

ဒီတော့-ဒီနေ့ တောင်ငူမြို့၊ တောင်ကြီးရွှေဆိုင်မိသားစုတို့ (၃)ကြိမ်မြောက် (၃)နှစ်မြောက် ဂန္ဓာရုံကျောင်းတိုက်လာပြီး သံဃာတော် ကိုးရာတစ်ထောင်တို့၏ မျက်မှောက်လာရောက်ပြီးတော့ ဒီနေ့ ဘာတွေလုပ်နေကြတာတုန်းလို့မေးရင် ဘဝသံသရာစခန်း မင်္ဂဖိုလ်နိဗ္ဗာန်သွားရာလမ်းမှာ လူ့ထက်သာတဲ့လူဖြစ်ကြောင်း ကောင်းမှုတွေပြုလုပ်နေတယ်. . . တို့အတူ တောင်ငူမြို့က ကမ္ဘောဇရိပ်သာ မိသားစုတွေကလည်း လူ့ထက်သာတဲ့လူဖြစ်ကြောင်း အလုပ်ကောင်းတွေ ဒီနေ့ အားထုတ်နေတယ်၊ လူ့ထက်သာတဲ့လူဆိုတာ ဘာတွေနဲ့သာတာတုန်းလို့ ဆိုတော့-*ငါးမျိုးသော ဆုလာဘ်ကြီးများနဲ့သာတယ်. . . (၁) အသက်အားဖြင့် လူ့ထက်သာတယ်၊ (၂) အဆင်းဥပဓိရုပ်အားဖြင့် လူ့ထက်သာတယ်၊ (၃) ကိုယ်စိတ်နှစ်ဖြာ ချမ်းသာမှုအားဖြင့် လူ့ထက်သာတယ်၊ (၄) သားသမီး မြေးမြစ်က အစ အခြွေအရံ အသင်းအပင်းအားဖြင့် လူ့ထက်သာတယ်၊ (၅) ဩဇာ တိတ္တမ အာဏာတန်ခိုးရှိခြင်းအားဖြင့် လူ့ထက်သာတယ်၊ အဲဒါ လူ့ထက်သာတဲ့ ဆုလာဘ်ကြီးငါးပါး။

အဲဒီငါးမျိုး လျှော့နေရင် အောက်တန်းကျနေရင် လူ့အောက်ကျတဲ့လူပဲ၊ လူတော့ဖြစ်လျက်သားနဲ့ လူတို့နေသင့်နေထိုက်တဲ့ အာယုကပ်အသက်တန်းလေးမှ

* သုမနသုတ္တ-အံ-၂-၂၇။

http://www.dhammadownload.com



မီငအောင်နေမသွားရတဲ့လူဟာ လူ့အောက်တန်းစားထဲက လူပဲ၊ အသက်အားဖြင့် အောက်တန်းကျသွား၊ အသက်အားဖြင့် အောက်တန်းကျသွားတယ်ဆိုတာ လူတွေမှာ သူ့အချိန်နှင့်သူ အာယုကပ်ဆိုတာရှိတယ်၊ သတ်မှတ်ထားတဲ့ အသက်တန်းဆိုတာရှိတယ်၊ အခု (၇၅)နှစ်တန်းလို့ သတ်မှတ်ထားတယ်၊ ဒါ အာယုကပ်ခေါ်တယ်၊ ဘုရားကိုယ်တော်မြတ်ကြီးပွင့်တော်မူစဉ်က ဘုရားရှင်လက်ထက်တုန်းက တစ်ရာတန်းလို့ သတ်မှတ်တယ်၊ အခုဆုတ်ဆုတ်, ဆုတ်ဆုတ်သွားတော့ (၇၅)နှစ်တန်းပေါ့၊ ဒီတော့ ဘာပဲပြောပြော သူ့အချိန်နဲ့သူ၊ သူ့ အသက်တန်း သတ်မှတ်ထားတာရှိတယ်၊ အဲဒီသက်တန်း အပြည့်နေရလို့ရှိရင် ဒါ-လူ့ထက်သာတဲ့လူလို့ခေါ်တယ်၊ အဲဒီအသက်တန်းပြည့်တောင် မနေရဘူးဆိုရင် လူ့အောက်ကျတဲ့လူလို့ခေါ်တယ်၊

အခု-အလှူ့ဒကာ အလှူ့အမတွေပဲ သတိထားကြည့်ပါလား၊ လူရယ်လို့ ဖြစ်လာပြီးတော့ မိမိတို့တောင်ငူမြို့ပတ်ဝန်းကျင်ပဲ သတိထားကြည့်ပါလား လူတော့ ဖြစ်သားနဲ့ မွေးကင်းစနဲ့သေ၊ လေးငါးနှစ်သားနဲ့သေ၊ အသက်နှစ်ဆယ် အစိတ်အတွင်းမှာသေ၊ သုံးဆယ်လေးဆယ်အတွင်းသေဆိုတာတွေ အများကြီးပဲ။ အဲဒီလူတွေဟာ မိမိတို့ လူတော့ဟုတ်လျက်သားနဲ့ အာယုကပ် အသက်တန်းစေ့ (၇၅) နှစ်ကလေးမှ နေမသွားရဘူးဆိုတော့ သူတို့ အသက်အားဖြင့် လူ့အောက်ကျသွားတာ၊ မိမိတို့က အခု (၇၀)ကျော်လာပြီ၊ အဲဒီမိမိတို့က အခု ဒါ အသက်အားဖြင့် လူ့ထက်သာတဲ့လူတွေ ဖြစ်လာတာပဲ၊ ဒါကြောင့်-အသက် ရှည်ခြင်း အသက်တိုခြင်း အဲဒီအသက်တိုတဲ့သူက လူဖြစ်လျက်သားနဲ့ လူ့အောက်ကျတာ အသက်အားဖြင့်၊ အသက်ရှည်တဲ့သူက လူဖြစ်တဲ့အပြင် လူ့ ထက်သာတဲ့လူတွေ ဖြစ်သွားတယ်။

◆ **လူ့ထက်သာသူ, လူ့အောက်လူ, နှစ်လူရှိကြတယ်။**
**လူ့ထက်သာလား, လူ့အောက်လား, စဉ်းစားပါရတယ်။**

ကိုယ့်ကိုယ်ကိုပြန်မေး. . . တဲ့ ဘုရားက၊ လူဖြစ်ထားရုံနဲ့ မပြီးနဲ့အုံးတဲ့၊ ကိုယ့်ကိုယ်ကို ပြန်စစ်ကြည့်အုံးတဲ့၊ ကိုယ့်ပတ်ဝန်းကျင်နဲ့ ပြန်ကြည့်အုံးတဲ့၊ ငါက လူ့ထက်သာတဲ့လူထဲကလား၊ လူ့အောက်ကျတဲ့လူထဲကလားလို့ ချိန်ထိုးကြည့်၊ ဘာတွေနဲ့သာတာ, လျော့တာ ချိန်ရမှာတုန်းဆိုတော့-

◆ **အသက် အဆင်း, ချမ်းသာခြင်း, သင်းပင်း ဩဇာကြွယ်. တဲ့။**

ဒီတော့ နံပါတ်(၁) အသက်အားဖြင့် လူ့ထက်သာတဲ့သူ, လူ့အောက်ကျတဲ့သူ၊ နံပါတ်(၂) အဆင်းဥပမိအားဖြင့်လည်း လူ့ထက်သာတဲ့သူ လူ့အောက်ကျတဲ့သူ၊ တစ်ချို့-လူတော့လာဖြစ်လျက်သားနဲ့ အရုပ်အမောင်းလေးက ပုကွေးကွေးလေး ဖြစ်လို့၊ ဩကောဋ္ဌိမကော-တဲ့ ပုကွကွလေး၊ လူစင်မမီဘူး အရပ်က၊ ပြီးတော့

http://www.dhammadownload.com



ရုပ်အဆင်း ကြည့်လိုက်တော့လည်း ကာဏော-မျက်စိက တစ်ဘက်ကန်းနေလိုက်သေး၊ သို့မဟုတ် နှစ်ဘက်ကန်းနေသေး၊ ခဉ္စော-တဲ့ ခွင်လို့ ခြေထောက်တွေက, ဖြောင့်ဖြောင့် စင်းစင်းမရှိဘူး၊ ကုဏီ-တဲ့ လက်တစ်ဘက်က ကောက်လို့၊ သို့မဟုတ် နှစ်ဘက်လုံးကောက်လို့၊ ပက္ခဟတော-တဲ့ တစ်ပိုင်းသေနေလိုက်သေးတယ်၊ တစ်ချို့က မွေးလာကတည်းက လူတော့ဖြစ်လျက်သားနဲ့ တစ်ပိုင်းသေလေးဖြစ်လို့ မသွားနိုင်ဘူး၊ မသွားနိုင် မလာနိုင်၊ ခါးတစ်ခြမ်းက အောက်ပိုင်းသေလို့၊ သို့မဟုတ် တစ်ခြမ်းသေလို့၊ အဲဒီတော့-သူ့ရဲ့ဥပဓိရုပ်အဆင်း ဘယ်နဲ့လုပ်တော့မတုန်း၊ လူထဲ သူထဲတောင် တိုးလို့မရတဲ့အဖြစ်မျိုး၊ သွားလို့လာလို့မဖြစ်တဲ့အဖြစ်မျိုး၊ လူတော့လူပဲ မနုဿတ္တဘာဝဒုလ္လဘာ-လူအဖြစ်လည်း ရထားတာပဲ၊ ဒီတော့ လူဖြစ်လျက်သားနဲ့ သူ့မှာအရပ်က ပုကွကွ ပုသေးသေး၊ အသားကမည်း၊ မျက်စိက ကန်း, နားက ထိုင်း, ခါးက ကိုင်း, ခြေထောက်က ခွင်, လူစင်မမီ, သူစင်မမီ၊ ဒီတော့-အဲဒီလူဟာ လူ့အောက်ကျတဲ့လူပဲ. . . တဲ့ ဥပဓိရုပ်အဆင်းအားဖြင့် လူ့အောက်ကျသွား။

အဲ-လူလည်းဖြစ်တယ်၊ အရပ်အမောင်း ပေမီကိုက်မီ တောင့်တောင့်တင်းတင်း၊ ပြည့်ပြည့်ဖြိုးဖြိုး, လှလှပပ ကျော့ကျော့ရှင်းရှင်း ရောဂါကင်း ကျန်းမာခြင်းနဲ့ ပြည့်စုံ. . . လို့။ ဒါ ဆုလာဘ်ကြီး၊ ကိုယ့်ရထားတဲ့ ဆုလာဘ်ကြီးကို ဆုလာဘ်ကြီးမှန်း အမှတ်တမဲ့ မသိပဲဖြစ်နေကြတယ်၊ နည်းတဲ့ဆုလာဘ်ကြီး မဟုတ်ဘူး၊ လူဖြစ်တဲ့အပေါ် မှာမှ ဥပဓိရုပ်အဆင်း, ကျန်းမာခြင်းနှင့်ပြည့်စုံနေတာ၊ ဒါ-လူ့ထက်သာတဲ့ လူပေါ့။

(၃) နံပါတ်-မာနုသကေန သုခေန- လူ့မှာဖြစ်တဲ့ချမ်းသာဖြင့်။ လူတို့မှာ ရှိသင့်ရှိထိုက်တဲ့ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာမှုရှိတယ်၊ အဲ-တစ်ချို့က လူဖြစ်လာပါ လျက်သားနဲ့ အဲဒီကိုယ်စိတ်နှစ်ဖြာ ချမ်းသာမှုမရှိဘူး၊ စားရမှာလေး ချမ်းချမ်းသာသာ မစားနိုင်ဘူး၊ ငတ်ငတ်ပြတ်ပြတ်နဲ့ စားရတဲ့အဖြစ်မျိုးရောက်၊ စားစရာက ပူပင်ရ, ဝတ်စရာက မလုံမလဲ, နေစရာက မပြည့်စုံ၊ ဒီတော့ လူရယ်လို့သာ ဖြစ်လာတယ်၊ လူ့သုခ သူ့မှာမရှိဘူး၊ တိရစ္ဆာန်နဲ့ သိပ်မထူးတော့ဘူး၊ တိရစ္ဆာန်နဲ့ သိပ်မထူးတော့ဘူး၊ တိရစ္ဆာန်တွေလည်း ငတ်ငတ်ပြတ်ပြတ်ပဲ ရတဲ့အခါစားရ၊ မရတဲ့အခါ အငတ်နေရတယ်၊ မိုးလုံလေလုံရယ်လို့ မရှိဘူး သူတို့မှာ။

အဲဒီလိုပဲ လူရယ်လို့သာဖြစ်လာပေမယ့်လို့ တစ်ချို့လူတွေ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာမှုမရှိဘူး. . . တဲ့၊ ဆင်းရဲလိုက်တာ, မွဲလိုက်တာ, ငတ်လိုက်တာ, မိုးရွာအစို နေပူအခြောက်နေရ၊ ကိုယ်စိတ်နှစ်ပါး ဆင်းရဲဒုက္ခများစွာနဲ့နေရတယ်၊ အဲဒါ လူ့အောက်ကျသွားတာပဲ။ အဲ-တစ်ချို့ကျတော့ လူရယ်လို့ဖြစ်လာတဲ့ အချိန်ကိုယ်

http://www.dhammadownload.com



စိတ်နှစ်ပါး ချမ်းသာလိုက်တာ ပြည့်စုံတဲ့အမေအဖေတွေနဲ့ တွေ့လို့၊ ကျွေးနိုင် မွေးနိုင်တဲ့ အမေအဖေဝမ်းခေါင်း အောင်းမိလို့၊ ဆင်နိုင်ပြင်နိုင်မယ့် အမေအဖေ တွေနဲ့ တွေ့လို့၊ ပြုစုယုယနိုင်တဲ့ အမေအဖေဆွေတွေမျိုးတွေနဲ့ တွေ့လို့၊ ကိုယ်စိတ် နှစ်ဖြာ ချမ်းသာ. . . လို့။ အဲဒါ-လူထက်သာတဲ့လူ, လူအောက်ကျတဲ့လူ လူ့ဘဝ ရတာချင်းတူပေမယ့်လို့ အဲဒီချမ်းသာနှစ်ပါး ကွာခြားသွားတယ်၊ ချမ်းသာဆင်းရဲ ကွဲသွားတယ်။

နံပါတ်(၄)က အသင်းအပင်းအခြွေအရံ မာနုသကေန ယသေန-လူမှာ ဖြစ်တဲ့ အခြွေအရံ။ လူမှာဖြစ်တဲ့အခြွေအရံဆိုတာ လူရယ်လို့ဖြစ်လာ ကိုယ့်ခိုင်းဖို့ စေဖို့ကစပြီးတော့ အခြွေအရံဆိုတာ ရှိရတယ်၊ သားသမီး မြေးမြစ် တူသားနောင် မယ်ဆွေမျိုးမိတ်သင်္ဂဟ ဒီအခြွေအရံတွေပြည့်စုံမှ ကျက်သရေရှိတာ, ဂုဏ်ရှိတာ၊ ဆေးပေးမီးယူကအစ ခိုင်းစရာစေစရာနဲ့ ဝိုင်းပြုစုမယ့်သူနဲ့ အရေးပေါ်ရင် ဖေး ဖော်ကူမ လုပ်မယ့်သူတွေနဲ့ပြည့်စုံ. . . လို့။ ဒါအခြွေအရံနဲ့ ပြည့်စုံတယ်လို့ခေါ် တယ်။ တစ်ချို့ကျတော့ လူရယ်လို့တော့ဖြစ်လာသား တစ်ကောင်ကြွက် တစ်မျက် နှာ၊ နေမကောင်းထိုင်မသာရှိလို့မှ ဆေးပေးမီးယူ လုပ်မယ့်သူ မရှိဘူး၊ အဲဒါ ဆင်းရဲ နေတာပဲ၊ သူလည်း လူအောက်ကျတဲ့သူပဲ၊ ဒိပြင် အပေါင်းအသင်း ရောင်းရင်း မိတ်ဆွေဆိုတာလည်း မရှိဘူး။ အဲဒီလိုအားဖြင့် လူထက်သာတဲ့သူ, လူအောက် ကျတဲ့သူ အခြွေရံအသင်းအပင်းအားဖြင့်လည်း ကွာတယ်တဲ့။

နောက်ဆုံး ဩဇာတိက္ကမ-ဩဇာရှိခြင်း, မရှိခြင်း။ သူပြောလိုက်လို့ ရှိရင် အကုန်လုံးက လေးစားလိုက်နာတယ်၊ သားတွေ သမီးတွေက စကားနား ထောင်တယ်၊ မြေးမြစ်တွေက လေးစာကြတယ်၊ ဆွေတွေမျိုးတွေက ဂရုပြုကြတယ်၊ အလေးပေးကြတယ်၊ သူငယ်ချင်းမိတ်ဆွေကအစ ကိုယ်ပြောလိုက်လို့ရှိရင် ပြီး တယ်၊ ဩဇာတိက္ကမရှိတာ အကြီးအကဲဖြစ်တာပေါ့။ တချို့ကျတော့ လူဖြစ်ပါ လျက်သားနဲ့ အဲဒီဩဇာတိက္ကမ ဘာမှမရှိဘူး၊ သူပြောလိုက်ရင် ကလေကချေ ဘယ်သူကမှ စကားနားမထောင်ဘူး၊ သားက စကားနားမထောင်ဘူး၊ သမီးက ထော်လော်ကန့်လန့်၊ မြေးမြစ်တွေက မလေးစား၊ အခြားမိတ်ဆွေတွေကဆို ပြော စရာမရှိဘူး၊ သူ ဘယ်နေရာမှ အကြီးအကဲ အတင်မခံရဘူး၊ အောက်တန်းချည်းပဲ၊ နောက်တန်းကချည်းပဲ ဒီလိုဖြစ်နေ။ ဒါ-မာနုသကေန အာဓိပတေယျေန- လူမှာဖြစ်တဲ့ အကြီးအကဲအထွတ်အထိပ် ဩဇာတိက္ကမ ရှိခြင်း မရှိခြင်း အကြီးအကဲဖြစ်ခြင်းမဖြစ်ခြင်း၊ ရှေ့ဆောင် အတင်ခံရခြင်း အတင်မခံရခြင်းအား ဖြင့်လည်းပဲ လူထက်သာတဲ့လူ၊ လူအောက်ကျတဲ့လူလို့ ကွဲတယ်. . . တဲ့၊ ကဲ-- အားလုံး ပရိသတ် လိုက်ဆိုစမ်းပါ. . .

http://www.dhammadownload.com



❖ လူ့ထက်သာသူ, လူ့အောက်လူ, နှစ်လူရှိကြတယ်။
လူ့ထက်သာလား, လူ့အောက်လား, စဉ်းစားပါရတယ်။
အသက် အဆင်း, ချမ်းသာခြင်း, သင်းပင်း ဩဇာကြွယ်။
ဆုကြီးငါးဖြာ, သူ့ထက်သာ, လူသာခေါ်ရတယ်။
ဆုကြီးငါးမျိုး, သူ့အောက်လျိုး, လူညှိုးခေါ်ရတယ်။

အဲ-အဲဒီလို ငါးမျိုးငါးစားရှိတယ် . . . တဲ့ လူ့ထက်သာတဲ့လူ လူ့အောက်ကျတဲ့လူ၊ ဒီတော့ အဲဒါတွေ-ဘယ်နဲ့လုပ်ပြီးတော့ သာတဲ့သူက သာပြီးတော့ ကျတဲ့သူက အောက်ကျတာတုန်းဆိုတော့ သူလုပ်တာပဲတဲ့၊ သူ့အလုပ်နဲ့သူ ဖြစ်တာပဲ၊ ဘယ်သူ . . . ကမှ ဖန်တီးတာ မဟုတ်ဘူး။ သိကြားက ဖန်တီးတာလည်း မဟုတ်ဘူး၊ ပြဟ္မာကဖန်တီးတာလည်းမဟုတ်ဘူး၊ ငါးဘုရားကိုယ်တော်တိုင်က ဖန်ဆင်းတာလည်းမဟုတ်ဘူး၊ သကောန ကမ္မေန-တဲ့ မိမိအလုပ်နဲ့ မိမိ သာသွားတဲ့သူကလည်း ကိုယ့်အလုပ်နဲ့ကိုယ်လုပ်လို့ သာသွား၊ အောက်ကျသွားတဲ့သူကလည်း ကိုယ့်အလုပ်ကြောင့် ကိုယ်အောက်ကျသွားတာပဲ . . . တဲ့။

ဒါဖြင့်-လူ့ထက်သာတဲ့နေရာမှာ အသက်ရှည် . . . ပြီးတော့ အသက်တမ်းစေ့နေရ၊ အသက်ရှည်ရှည်နေရပြီးတော့ သာသွားတာဟာ ဘာပြုလို့တုန်းဆိုတော့ အဲ-သူက သူများအသက်သတ်တဲ့၊ အသက်တိုကြောင်းဖြစ်တဲ့အလုပ်တွေရှောင်တယ်၊ အထူးသဖြင့် ရှောင်ကြဉ်တယ်၊ အသက်ရှည်ကြောင်း ကောင်းမှုဖြစ်တဲ့ သူများတွေကို အစာရေစာပေးခြင်း ကျွေးမွေးခြင်း၊ အသက်ရှည်ကြောင်းဖြစ်တဲ့ ကောင်းမှုကြီး (၆)မျိုး သတိထားပြီးတော့ပြုခြင်း၊ အသက်ရှည်ကြောင်းဖြစ်တဲ့ ကောင်းမှုဆိုတာ သူတပါးကို အစာရေစာပေး၊ အစာလှူ ရေလှူပေါ့၊ အခု သံဃာတော် (၉၀၀)ကျော်ကို ဆွမ်းဘောဇဉ်တွေ လောင်းတော့ လောင်းတာကတော့ ဆွမ်းတွေလောင်းတာပဲ၊ ဆွမ်းတွေ ကပ်လိုက်တာ၊ ဆွမ်းတွေဟင်းတွေ ဘောဇဉ်တွေ နိုင်လွန်ဝေဖာမုန့်တွေ ကပ်လိုက်တာ၊ အဲဒီဆွမ်းတွေ ဟင်းတွေ နိုင်လွန်ဝေဖာမုန့်တွေက ဒီသံဃာ (၉၀၀)ကျော်ရဲ့အသက်ကို ဆက်ပေးတယ်၊ အသက်ရှည် . . . သွားအောင်ပြုပေးတယ်။ ဒါကြောင့်- အသက်ရှည်ကြောင်း ကောင်းမှုကြီးလည်း ပြုလျက်ဖြစ်နေ၊ ခုနက ဘုရားဟောင်းပြင်တဲ့အထဲ ကုသိုလ်ပါဝင်၊ တံတားဟောင်းကြီးပြုတဲ့အထဲ ကုသိုလ်ပါဝင်၊ ဒါလည်း အသက်ရှည်ကြောင်း ကောင်းမှုကြီးတွေပဲ . . .

❖ ရေစစ်, ဆေး, ကျောင်း, အဟောင်းပြုပြင်,
ပဥ္စင်-အဌ၊ သီလမည်သာ, ဤခြောက်ဖြာလည်း,
ဒီဃာယုက, ပုညခေါ်ရိုး, ကျင့်တစ်မျိုးတည်း။

http://www.dhammadownload.com



ဒီဃာယုက=ဒီဃ-ရှည်၊ အာယု-အသက်၊ အသက်ရှည်ကြောင်းဖြစ်တဲ့ ကောင်းမှုကြီးခြောက်မျိုး. . . ဆိုပြီး ဘုရားက ဟောထားခဲ့တဲ့အထဲမှာ ရေစစ်အလှူတို့ ဆေးအလှူတို့ အဟောင်းပြုပြင်တဲ့နေရာ လှူတဲ့အလှူတို့ပါတယ်၊ ဒီတော့ အဟောင်းကိုပြုပြင်တဲ့နေရာ လှူတဲ့အချိန်၊ စိတ်ကဆိုပါတော့ ရွှေမုဋ္ဌော မဟာသိမ်တော်ကြီး မြတ်စွာဘုရား အဟောင်းကြီးကိုပြုပြင်နေတဲ့အထဲ လှူတော့-ဟောင်းနေတာတွေ သစ်သွားစေချင်တဲ့စေတနာက ပါနေတယ်၊ ကျိုးပဲ့နေတာတွေ ပြန်ကောင်းစေချင်တဲ့စိတ်တွေ စေတနာတွေက ပါနေတယ်။ အတူတူပဲပေါ့ တံတားအဟောင်းကြီး ပြုပြင်တဲ့နေရာမှာလှူတော့ တံတားအဟောင်းကြီး သစ်လာစေချင်တယ်၊ ယိုင်နေတာတွေ မတ်လာစေချင်တယ်၊ စောင်းနေတာတွေ တည့်လာစေချင်တယ်၊ ကျိုးပဲ့နေတာတွေ ပြန်ကောင်းသွားစေချင်တယ်ဆိုတဲ့ စေတနာတွေက ပါနေတယ်၊ အဲဒီစေတနာအတိုင်း ကိုယ့်ဖြစ်လေရာဘဝမှာ အကျိုးလိုက်လာတာ၊ အကြောင်းအားလျော်စွာ အကျိုးတွေက ပေးတော့တာပဲ၊ ကျန်းမာရေးမကောင်း စောင်းနေရင် ပြန်ပြီးကောင်းသွား၊ ကောင်းမယ့်ဆေးဝါးဓာတ်စာ တွေ့၊ ကုနိုင်တဲ့ သမားကောင်းနဲ့ ကြုံ၊ ကံက ဒီလိုဖန်တီးလိုက်တာ၊ ဒီလိုဖြစ်ကုန်တယ်၊ ဒါ့ကြောင့် အသက်ရှည်ကြောင်းကောင်းမှုတွေ အစာရေစာပေးလှူခြင်း၊ ခုနကပြောခဲ့တဲ့ အသက်ရှည်ကြောင်းကောင်းမှုကြီးတွေကို ပြုခြင်းဆိုတဲ့ ဒီအလုပ်သည်ပင် သူ့ကို လူဖြစ်တဲ့အခါ အသက်ရှည်အောင် ဆောင်တော့တာပဲ. . . တဲ့ ဒီကုသိုလ်က။

အဲဒီလိုမဟုတ်ဘဲနဲ့ အသက်ရှည်ကြောင်းဖြစ်တဲ့ ဒီလိုအစာရေစာ သူများမပေးတဲ့အပြင် ကိုယ်ကသူများဆီက လု၊ သူများစားစရာ ကိုယ်က လုယူ၊ လုတဲ့အပြင် သူများအသက်တိုအောင်ဆိုပြီတော့ သတ်ပစ်၊ ပါဏာတိပါတမရှောင်ဘဲနဲ့ သူတပါးအသက်တွေ သတ်၊ သတ်တော့ အသတ်ခံရတဲ့သတ္တဝါမှာ အသက်တိုသွားရှာတာပေါ့၊ နေသင့်နေထိုက်တဲ့အသက် မနေရဘဲနဲ့တိုသွား၊ သူနေရမှာက အသက်(၁၀၀) နေရမှာ၊ ကိုယ်ကသတ်လိုက်တော့ ငါးဆယ်နဲ့သေသွား။ ဒါ-တိုသွားရှာတာပေါ့၊ သူ့ ကိုယ်ကအသက်တိုအောင်လုပ်တော့ ကိုယ့်လည်း အသက်တိုအောင်လုပ်မယ့်သူနဲ့ တွေ့တော့တာပဲ၊ အဲဒီလိုနဲ့ အသက်ရှည်ခြင်း အသက်တိုခြင်းဆိုတဲ့ အလုပ်ဟာလည်း သူများလုပ်တာ မဟုတ်ဘူး. . . တဲ့ ကိုယ့်ဟာကို လုပ်တာပဲ၊ ကိုယ့်ဘာကို ဖန်တီးတာပဲ။

❖ အသက်ရှည်လို့, စားရေးကို, ထိုထိုပေးလှူကြ. . . တဲ့-

အသက်ရှည်ချင်လို့ရှိရင် အစာရေစာကို ပေးလှူကြ. . .၊ ပေးလှူတဲ့ကောင်းမှုကြီးကို ပြုကြ၊ ဒါဖြင့် ရုပ်ဆင်းဥပမိအားဖြင့် လှပခြင်း, မလှပခြင်းကရော ဆိုတော့ အဲဒါလည်း သူ့အကြောင်းနဲ့သူပဲ. . . တဲ့။-

http://www.dhammadownload.com



◆ ရုပ်ဆင်းလှလို, ဝတ်ဆင်ကို, ထိုထိုပေးလှူကြ၊

ရုပ်အဆင်းဥပမိနဲ့ ဖြစ်လေရာဘဝပြည့်စုံချင်လို့ရှိရင် ဝတ်ထည်ဖျင်စင်း ဝတ်စားတန်ဆာဒွါရယာကို လှူကြရတယ်. . . တဲ့၊ အလှူဒါနနဲ့ပတ်သက်ပြီး, ဒါန ကောင်းမှုနဲ့ပတ်သက်ပြီတော့ ပြောရလို့ရှိရင် ဝတ်စားတန်ဆာဒွါရယာကို လှူရ တယ်. . . တဲ့၊ သံဃာတော်တွေဆိုရင် သင်္ကန်းပေါ့၊ လူ-မိမိတို့ လူအချင်းချင်း ဆိုရင်လည်းပဲ ဝတ်ထည်ဖျင်စင်းနှင့်တကွ အဆင်တန်ဆာ ဒွါရယာပေါ့၊ လက် ကောက် ပုတီးနားဒောင်းဖိနပ်စသည်လှူခြင်းဖြင့်၊ သံဃာတော်တွေဆိုလည်း ဝတ်ထည်ဖျင်စင်းသင်္ကန်းကို လှူခြင်းဖြင့်၊ ဒါ-ရုပ်ဆင်းဥပမိ လှပစေတတ်တယ်၊ သင်္ကန်းကိုလှူလိုက်တော့ ဒီသင်္ကန်းကိုဝတ်ရုံရတဲ့သံဃာကို သင်္ကန်းတင်လှူရာမက ဘဲနဲ့ သူ့ရဲ့ဥပမိကျက်သရေကိုပါ လှူလိုက်ရာ ရောက်သွားတယ်လေ၊ မိမိလှူလိုက်တဲ့ သင်္ကန်း သံဃာတော်က သပ်သုပ်ယုပ်ယပ် ရန်းလာပြီဆိုရင်၊ သို့မဟုတ် ရုံလာတယ် ဆိုရင် ဒီသံဃာတော်တွေရဲ့ ဥပမိရုပ် အဆင်းဟာတင့်တယ်. . . လို့ ကြည်ညို ဖွယ်ဖြစ်သွား။

သင်္ကန်းဟောင်းကြီးဝတ်လာရင် နဂိုက ဥပမိရုပ်အဆင်းကောင်းလင့်က စား သင်္ကန်းအဟောင်းကြီးဝတ်နေရတယ်ဆိုရင် ရုပ်ပျက်လို့ သင်္ကန်းအစုတ်ကြီး များ ဝတ်လာတော့ပြောစရာမရှိဘူး၊ ဟော-သင်္ကန်းကောင်း ကောင်းလေးဝတ် ရတော့ ရန်းရရုံရတယ်ဆိုတော့ ကျက်သရေရှိလို့, ၊ချော့လို့၊ လူလည်းလူ အလျောက်ပေါ့ ဝတ်ကောင်းစားကောင်း ကိုယ်ကဝယ်ပေးလို့ ပိုးဖဲထီလွှာကတ္တီပါ ဆင်လိုက်ပြီဆိုရင် နဂိုရုပ်ဥပမိမပြည့်စုံလှတဲ့ အမျိုးသား အမျိုးသမီးဖြစ်လင့်ကစား အဆင်ပြေတဲ့အဝတ်လေး ဝတ်လာရရင် အချိုးကျလို့ ကျက်သရေရှိပြီးလှလို့၊ ဒီထက် လက်စွပ်လက်ကောက် ပုတီးနားဒောင်းတွေ များဆင်လိုက်တော့ ဘာပြော စရာရှိမှာတုန်း အဲဒီလိုဖြစ်သွား။

ဒါ့ကြောင့် ဒါနကောင်းမှုနဲ့ပတ်သက်ပြီး ပြောရမယ်ဆိုရင် အသက်ရှည်လို လို့ရှိရင် အစာရေစာအဓိကထားပြီး ဦးစားပေးလှူ ခုနက အသက်ရှည်ကြောင်းဖြစ် တဲ့ ကောင်းမှုကြီး(၆)ချက်လည်း ကြုံတိုင်းတွေ့တိုင်း သတိထားပြုပေါ့၊ အစာရေ စာလှူတယ်ဆိုရင် ရေရောအစာရောပါသွားပြီပဲ၊ ဥပမိရုပ်အဆင်းပြည့်စုံချင်ရင် တော့ အဝတ်အဆင်တန်ဆာကိုလှူကြ. .၊ ဒါဖြင့် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာ ချင်ရင်တော့-

❖ ချမ်းသာကြီးလို, ယာဉ်မျိုးကို, ထိုထိုပေးလှူကြ။

အဲ-ယာဉ်အလှူ လှူရတယ်. . . တဲ့ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာမှုများများ ဖြစ်ချင်ရင်၊ အဓိကအားဖြင့် ယာဉ်အလှူခေါ်တဲ့ မော်တော်ကားယာဉ်, လှည်းယာဉ်,

http://www.dhammadownload.com



လှေယာဉ်, မီးရထားလက်မှတ် ဖြတ်လှူတဲ့၊ မီးရထားယာဉ်, မော်တော်ကားလတ်မှတ် ဖြတ်လှူတဲ့ မော်တော်ကားယာဉ်, အဲဒီယာဉ်တွေနှင့်တကွ ထီး ဖိနပ် တောင်ဝှေး တံတား၊ ဒါတွေလည်း ယာဉ်အလှူတွေပဲ၊ သံဃာတော်တွေ ထီးလှူတယ် ဖိနပ် လှူတယ်ဆိုရင် ယာဉ်လှူတာနဲ့ အတူတူပဲ၊ ယာဉ်ဆိုတာ ခရီးသွားတဲ့အခါမှာ မပင်ပန်းစေတဲ့ပစ္စည်းကို ယာဉ်လို့ခေါ်တာ၊ ခရီးသွားတဲ့နေရာမှာ မပင်ပန်းစေတတ် ချမ်းသာစေတတ်တာကို ယာဉ်၊ ဒီတော့ သံဃာတွေ ဖိနပ်များစီးသွားလို့ရှိရင် ခြေပူ ခြေအေး သက်သာလို့ပေါ့၊ ဒီလိုမဟုတ်လို့ရှိရင် ခြေပူလို့၊ သို့မဟုတ် ခြေအေးလို့ နေမကောင်းထိုင်မသာဖြစ်၊ ကိုယ့်မဖြစ်သေးတောင် ကိုယ်ဆင်းရဲ စိတ်ဆင်းရဲကတော့ဖြစ်ပြီ ဖိနပ်မပါဘူးဆိုရင်, ထီးမပါဘူးဆိုရင် ခေါင်းပေါ်က နေပူရင် မကာကွယ်နိုင်တော့ ပူ၊ ခေါင်းတွေ ခဲလို့၊ မိုးရွာပြန်ရင်လည်း မိုးတွေ စိုကုန်ပြီး အအေးမိ၊ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲဖြစ်။

အဲ-ထီးလေးဆောင်းသွားရ ဖိနပ်ကလေးစီးသွားရရင် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာ. . . လို့၊ ခုနက နေပူမိုးဒဏ်တွေ သက်သာတယ်၊ အဲ-တံတားခင်းလှူတဲ့ အလှူတဲ့ ရွံ့ညွန်ရေဗွက် အသွားအလာခက်ခဲတဲ့နေရာ တံတားလေး ခင်းလှူ ဒါ ယာဉ်အလှူပဲ၊ ယာဉ်ဆိုလို့ ဟိုလိုစီးသွားရမှ ယာဉ်မဟုတ်ဘူး၊ တံတားလည်း ယာဉ်ပဲတဲ့၊ ဖြတ်သန်းသွားလာတဲ့နေရာမှာ ရွံ့ဗွက်ရေဗွက်တွေထဲ မဆင်းရတော့ဘဲနဲ့ ချမ်းချမ်းသာသာ ခရီးသွားတွေ ချမ်းသာသွားအောင် လုပ်တာမို့လို့ သစ်သားတံတား, ဝါးတံတား မြေတံတား ကျောက်တံတား ဘာတံတားဖြစ်ဖြစ် ယာဉ်အလှူ။ အဲ-သက်ကြီးရွယ်အိုများ တောင်ဝှေးလှူ ယာဉ်အလှူပဲတဲ့၊ တောင်ဝှေးမပါဘဲနဲ့ သွားရရင် သက်ကြီးရွယ်အိုများ ဟိုယိုင်ဒီယိုင်နဲ့ ဖြစ်ဖြစ်သွားတတ်တယ်၊ တောင်ဝှေးလေးနဲ့သွားရတော့ ချမ်းသာ. . . လို့။ ဒါက တောင်ဝှေးအလှူ ထီးအလှူ ဖိနပ်အလှူ တံတားခင်းလှူတဲ့ အလှူ။

ဒီနေ့ အလှူအမကြီးတွေက တံတားထဲ နဝကမ္မပါဝင်တော့ ဒါ-ယာဉ်အလှူထဲပါသွား၊ မိမိတို့နဝကမ္မနဲ့ပြင်ထားတဲ့ တံတားပေါ် ဖြတ်သန်းသွားရတဲ့သူတွေ ကိုယ်စိတ်နှစ်ပါးချမ်းသာ. . . လို့၊ ဒီလိုမဟုတ်ရင် တံတားကြီးက ဟိုယိုင်ယိုင်ထိုး၊ ကြမ်းပေါက်တွေက ကျွံကျမှာစိုးရ၊ စိတ်ပူကိုယ်ပူနဲ့ သွားရတာ၊ အဲဒီစိတ်ပူကိုယ်ပူတွေကို ဖျောက်ပစ်လိုက်တယ် တံတားအသစ် ခင်းလှူလိုက်ခြင်းဖြင့်၊ ဒါ့ကြောင့်-ဖြစ်လေရာဘဝ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာမှုအားကြီးချင်ရင်၊ ယာဉ်အလှူကို လှူကြ. . . တဲ့။

အခြေအရံအသင်းပင်း ပေါချင်လို့ရှိရင် ပြုရတဲ့ကောင်းမှုက ကောင်းမှုတစ်ခုပြုတဲ့နေရာ ကိုယ့်ချည်းပြုရုံနဲ့ မပြီးရဘူးပေါ့လေ၊ မပြုရဘူး မဟုတ်ဘူး

http://www.dhammadownload.com



ကိုယ့်သားကိုယ့်သမီးပြုဖြစ်အောင် တိုက်တွန်းရတယ်၊ ကိုယ့်ဆွေကိုယ့်မျိုး ကုသိုလ်ပါဝင်လာအောင် အကျိုးဆောင်ရတယ်၊ ကိုယ့်ရဲ့ဓမ္မမိတ်ဆွေ ကုသိုလ်ပြုချင်လာအောင် တိုက်တွန်းတတ်ရတယ်၊ သူ-ကုသိုလ်ပြုချင်အောင် ကိုယ်က ဝိုင်းပြီးတော့ တွန်းအားပေး စိမ်ပေး ဆောင်ရွက်ပေးပေါ့၊ ဒီလိုလုပ်ရတယ်။

❖ အခြွေရံပေါလို့, သူများကို, ကုသိုလ်တိုက်တွန်းကြ။. . . တဲ့။

အခြွေအရံပေါချင်လို့ရှိရင် ကုသိုလ်ကောင်းမှု ပြုချင်လာအောင် တိုက်တွန်းရတယ်. . . တဲ့၊ ကိုယ်ချည်းပြုရုံနဲ့ မပြီးဘဲနဲ့ သူများကိုလည်း ပြုဖြစ်အောင် တိုက်တွန်းပေး၊ ဝိုင်းပြီးတော့ စိမ်ဆောင်ရွက်ပေး ဝေယျာဝစ္စတွေကူပြီးတော့ လုပ်ပေး၊ အဲဒီလို လုပ်ပေးတော့ သူဟာ ကိုယ့်ရဲ့ဓမ္မမိတ်ဆွေ ဖြစ်လာပြီးတော့ ဖြစ်လေရာဘဝ ကိုယ့်ရဲ့အခြွေအရံ ဖြစ်လာတတ်တယ်၊ ကိုယ့်သားကိုယ့်သမီး အခြွေအရံသော်လည်းကောင်း၊ ကိုယ့်ရဲ့တူသားနောင်မယ်သော်လည်းကောင်း၊ ကိုယ့်မြေးမြစ်သော်လည်းကောင်း၊ သို့မဟုတ် ကိုယ့်ရဲ့ဓမ္မမိတ်ဆွေ အသိုင်းအဝိုင်းသော်လည်းကောင်း ဖြစ်လာတတ်တယ်၊ ဒါ့ကြောင့် ကောင်းမှုပြုတဲ့နေရာ ကိုယ်ချည်းပြုရုံနဲ့ မပြီးနဲ့တဲ့၊ ကိုယ်တစ်ယောက်တည်းပြုရင်တော့ ကိုယ်ပဲကောင်းမှုပြုပြီးတော့ အဲဒီကောင်းမှု အကျိုးရတဲ့နေရာမှာ ကိုယ်တစ်ယောက်တည်းပဲ ရနေတတ်တယ်၊ အခြွေအရံမပါဘဲနဲ့ တစ်ကောင်ကြွက်တစ်မျက်နှာ ဖြစ်နေတတ်တယ်၊ အဲဒီလို အသိုင်းနဲ့အဝိုင်းနဲ့ သူတပါးတွေကိုယ်ပါ တိုက်တွန်းပြုစုတတ်တဲ့ သူများကျတော့ ဖြစ်လေရာဘဝမှာ ဒီကုသိုလ်ရဲ့အကျိုးကို ခံစားရတဲ့နေရာမှာ ခုနကလို အသိုင်းအဝိုင်း အခြွေအရံပေါတတ်တယ်. . .။ အဲ-ဩဇာတိက္ကမ ကြီးချင်ရင်တော့-

❖ ဩဇာကောင်းလို့, ကြီးသူကို, ရိုသေလေးစားကြ-တဲ့

ဩဇာတိက္ကမနဲ့ ပြည့်စုံချင်ရင်တော့ ကိုယ့်ထက်အသက်သိက္ခာ ဂုဏ်ဝါကြီးတဲ့ပုဂ္ဂိုလ်တွေကို တွေ့တိုင်းတွေ့တိုင်း အရိုအသေပေး၊ အလေးဂရုပြု၊ အမြတ်တနိုးထား၊ သူက ကိုယ့်ထက်အသက်အားဖြင့်လည်းကောင်း၊ ဂုဏ်အားဖြင့်လည်းကောင်း ကြီးနေလို့ရှိရင်, မထီလေးစား မလုပ်နဲ့၊ သူ့ကိုမနိမ့်ချနဲ့၊ မရှုံ့ချနဲ့၊ ကိုယ်က သူ့ကို လမ်းတွေ့လို့မှ တိမ်းမပေးဘူးဆိုရင် ဒါ-သူ့ကို ကိုယ်နဲ့ ရင်ပေါင်တန်းတူထားလိုက်တာပဲ သူက ကိုယ့်ထက်အသက်ကြီးနေပါလျက်သားနဲ့ ဂုဏ်ကြီးနေပါလျက်သားနဲ့ ကိုယ်က မထီလေးစားနဲ့ အရိုအသေမပေးနိုင်ဘူးဆိုရင် ကိုယ်နဲ့တန်းတူလုပ်ပစ်တာ၊ သို့မဟုတ် ကိုယ့်အောက် ချပစ်လိုက်တာ၊ သူ့ရဲ့အပေါ်ကနေ ကိုယ်က မောက်ကျော်စော်ကားပြီး လုပ်လိုက်ပြန်တယ်ဆိုတော့ သူ့ကို ကိုယ့်အောက်နှိမ့်ချပစ်လိုက်တာပဲ၊ ဒီတော့ သူ့ကို ကိုယ့်အောက်နှိမ့်ချပစ်လိုက်ခြင်းကြောင့် ကိုယ်လည်းဖြစ်လေရာဘဝကျတော အဲလို ကိုယ့်နှိမ့်ချမယ့်သူတွေနဲ့တွေ့ပြီး ကိုယ့်အောက်တန်းကျသွားတတ်တယ်။

http://www.dhammadownload.com



အဲဒီလို မဟုတ်ဘဲနဲ့ သူ့ဘာပြောပြော သူမကောင်းတာ, မကောင်းတာ တကန့်ပဲ၊ သူက အသက်ကြီးတယ်၊ ဂုဏ်ကြီးတယ်၊ အရိုအသေပေးရမှာပဲဆိုပြီး တော့ အသက်သိက္ခာ ဂုဏ်ဝါကြီးတဲ့သူတွေ အလေးဂရုပြု နေရာရှောင် နေရာ ကွင်း လမ်းခင်းပေးစသည်ဖြင့် ပြုစုနိုင်ရင် အဲဒါ-ကိုယ့်လည်းပဲ အထက်တန်း စား တင်ပြီးတော့ အလေးဂရုပြုတော့တာပဲ၊ ဩဇာတိက္ကမ ရှိပြီးတော့ လူကြီးသူကြီး ဖြစ်ရတော့တာပဲ၊ ဒါကြောင့် သူ့ကောင်းမှုနဲ့သူပဲ အဲဒီကောင်းမှုတွေ မပြုဖြစ်လို့ ပြောင်းပြန်ပြုတဲ့သူတွေကလည်း လူ့အောက်ကျသွားတာပဲ. . . တဲ့၊ လူ့အောက် ရောက်သွားတာပဲ။ အဲဒါ မြတ်စွာဘုရားက သုမနဒေဝီမင်းသမီးကို အကြောင်းပြု ပြီးတော့ ဟောသွားတဲ့ သုတ္တန်မို့လို့ သုမနဒေဝီသုတ္တန်. . လို့ ခေါ်တယ်၊ ဒါ- ကောသလမင်းကြီးရဲ့သမီး သုမနဒေဝီက ဘုရားကိုယ်တော်မြတ်ကြီးနဲ့ သံဃာ တော်တွေကို ပြဿနာတွေလာပြီးတော့ လျှောက်ထားမေးမြန်းတော့ ကောင်းမှု တွေ ပြုရာက ဘုရားက. . အေး- လောကမှာ လူရယ်လို့ ဖြစ်လာရုံနဲ့မပြီးသေးဘူး၊ လူ့ထက်သာတဲ့လူ လူ့အောက်ကျတဲ့လူလို့ လူနှစ်မျိုးရှိတယ်. . . .။ အဲဒီ လူနှစ်လူ တို့ရဲ့ အထက်ကျခြင်း အောက်ကျခြင်းဆိုတဲ့ ဒီကိစ္စဟာလည်းပဲ ဘယ်သူကမှ ဖန်တီးတာ မဟုတ်ဘူး။ ငါဘုရားလည်း ပြုတာမဟုတ်ဘူး၊ နတ်တွေ သိကြား ဗြဟ္မာတွေက ဖန်ဆင်းတာလည်း မဟုတ်ဘူး၊ သူ့အကြောင်းနဲ့သူ ဖြစ်ကြတာ ချည်းပဲ. . . လို့ မြတ်စွာဘုရားက သူ့အကြောင်းသူ့အကျိုး ဆက်စပ်ပြီးတော့ ပြတော်မူတယ်။

ဒီတော့-ဒီနေ့ တောင်ငူမြို့ တောင်ကြီးမြို့ရွှေဆိုင်မိသားစု၊ တောင်ငူမြို့ ကမ္ဘောဇရိပ်သာ မိသားစုတို့က ဒီနေ့ ဘာလာလုပ်တာတုန်းလို့မေးရင် တပည့်တော် တို့ လူ့ထက်သာကြောင်း ကောင်းမှုတို့ကို ကြိုးပမ်းအားထုတ် ပြုလုပ်ကြပါကုန်၏၊ လူ့ထက်သာတဲ့ ကောင်းမှုတရားတို့ကို ကြိုးပမ်းအားထုတ် ပြုလုပ်သောအားဖြင့် မွေးနေ့မင်္ဂလာကို အကြောင်းပြု၍ အမရပူရ မဟာဂန္ဓာရုံကျောင်းတိုက် သံဃာ တော်(၉၀၀)ကျော်တို့အား (၃)ကြိမ်မြောက် (၃)နှစ်မြောက် မွန်မြတ်သော ဆွမ်းခဲ ဘွယ် ဘောဇဉ် ချိုချဉ်အရသာ အဖြာဖြာတို့ဖြင့် နေ့ဆွမ်းအဖြစ်ဖြင့် သဒ္ဓါပြဋ္ဌာန်း ဆက်ကပ်လှူဒါန်းသမှု ပြုကြပါကုန်၏။

ဤကဲ့သို့ ဘုရားတရားသံဃာ ရတနာသုံးပါးနှင့် ပူဇော်ရကြောင်းကောင်း မှုစေတနာ အဖြာဖြာတို့ကြောင့် သံသရာစခန်း မင်္ဂဖိုလ်နိဗ္ဗာန်သွားလမ်းကြီး တစ် လျှောက်လုံး လူ့ထက်သာတဲ့လူအဖြစ်နဲ့ ကျင်လည်ကြရပြီးသကာလ ထိုလူတို့ တွင်လည်းပဲ အသာဆုံးဖြစ်တဲ့ ပုထုဇဉ်ထက် သောတာပန် သာ, သောတာပန် ထက် သကဒါဂါမ် သာ, သကဒါဂါမ်ထက် အနာဂါမ် သာ, အနာဂါမ်ထက်

http://www.dhammadownload.com



ရဟန္တာအရှင်မြတ်ကြီးများ ရဟန္တာမအရှင်မြတ်ကြီးများအဖြစ်နဲ့ သာလွန်သွားတဲ့ အရိယာအဖြစ်နဲ့ သာလွန်တဲ့သူတွေ လျင်မြန်ဆောစွာ ဖြစ်ရပါလိုကုန်သောဟူ၍ ပတ္ထနာအောင်ဆု ပြုကြကုန်ရာသတည်း။

သာဓု . . . သာဓု . . . သာဓုပါဘုရား . . . ။

http://www.dhammadownload.com

# * လှူ(၄)မျိုး တရားတော်

ဒီနေ့ ဦးလှမြင့်တို့ ဒေါက်တာဒေါ်နီနီဝင်းတို့ ဒီနေ့လုပ်တဲ့ အဓိက အလုပ်က ရဟန်းခံမင်္ဂလာ, ရှင်ပြုမင်္ဂလာ, အပိုင်းကြီး နှစ်ပိုင်းခွဲလိုက်ရင်။ ရဟန်းခံ ရှင်ပြုမင်္ဂလာဆိုတာကြီးက တစ်ကန့်၊ နောက်မိမိတို့က သာသနာတော် တတ်စွမ်း သမျှ ခုနကလို လှူဒါနီးပူဇော်အုံးမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ သံဃာ(၆၀၀)ကျော်ကို ဆွမ်းခဲဖွယ် ဘောဇဉ်တွေကပ်ခြင်း၊ မုန့်ခဲဖွယ် စတဲ့ အချိုပွဲတွေ ကပ်ခြင်း, ရဟန်း လောင်းအတွက် လှူဖွယ်ဏာန်းဖွယ်တွေ အိပ်ရာ နေရာထိုင်ခင်းကအစ ဓမ္မစေတီ ကျမ်းစာအုပ် စာတိုက်ဗီရိုအဆုံး လှူဒါန်းရင်းနဲ့ ပင့်သံဃာတော် အရှင်မြတ်(၈)ပါး တို့ကို နဝကမ္မတစ်ထောင်ကျော်နှင့်တကွ တဘက်သက်န်းများလှူဒါန်းခြင်း, ပရိ သတ်ပေါင်း(၃၀၀)ကျော် ကျွေးမွေးညှော့ခံခြင်းဆိုတဲ့ ဒီအပိုင်းက အလှူပေးတဲ့ အပိုင်း။

ခုနက ရဟန်းခံ ရှင်ပြုဆိုတဲ့အပိုင်းက နေက္ခမ္မပါရမီ သူတို့ရဲ့ အိမ်ရာ တည်ထောင် လူ့ဘောင်ကခွာရှောင်ပြီးတော့တောထွက်တဲ့ နေက္ခမ္မပါရမီ ဖြည့်ပေး တာ၊ တောထွက်တယ်ဆိုတာ သုံးမျိုးရှိတယ်၊ သေက္ခတဲ့, မဇ္ဈတဲ့, မုဒုတဲ့ စာလို တော့၊ သေက္ခ-ဆိုတာက အရင့်စား တောထွက်တာ၊ မဇ္ဈ-ဆိုတာက အလတ်စား တောထွက်တာ၊ မုဒု-ဆိုတာက အငယ်စား တောထွက်တာ၊ အရင့်စား တောထွက် တယ်ဆိုတာကတော့ တကယ့်ကိုတောကြီးမြက်မည်းထဲ အိမ်တွေ ယာတွေ အပြီး သတ်စွန့်ပြီးတော့ ဘုရားလောင်းတော်ကြီးများ ထွက်သွားကြသလို ထီးနန်းစည်းစိမ် ရိပ်ငြိမ်ချမ်းသာတွေ စွန့်ပြီးတော့ တောကြီးထဲထွက်သွားတာ သေက္ခ နေက္ခမ္မ ပါရမီဖြည့်ခဏ်း ဒါအထက်မြက်ဆုံး အပြင်းထန်ဆုံး ကျင့်သွားတာပါ။

မဇ္ဈ-ဆိုတာ အလယ်အလတ် တောထွက်တာကျတော့ ရိပ်သာကို တစ်လ သွားပြီးတော့ နေပ့်ါမယ်၊ သို့မဟုတ် ခြောက်လသွားပြီးတော့နေပြီး တရားအား ထုတ်ချည်တော့မယ်၊ သို့မဟုတ် ဘယ်ကျောင်းဘယ်ကန် ဘယ်ဇရပ်ကိုသွားပြီး တော့ တစ်လဆယ့်ငါးရက်စသည်ဖြင့် သွားနေပြီးတော့ အိမ်ရာတည်ထောင် လူ့ ဘောင်ကိစ္စတွေ, စီးပွားရေး ကြီးပွားရေးကိစ္စတွေ၊ သားရေးသမီးရေးကိစ္စတွေ အကုန်စွန့်ပြီးထားခဲ့ပြီးတော့ အဲဒီလို ထွက်တာ။ တစ်လ နှစ်လ ခြောက်လ တစ်နှစ် စသည်ဖြင့် ဒီလို ထွက်သွားပြီးတော့ တရားဘာဝနာအလုပ် အားထုတ်၊ အနည်းဆုံး ဆယ်ရက်စခန်း, တစ်လစခန်းဆိုသလို ထွက်သွား၊ ဒါက 'မဇ္ဈ'- အလယ်အလတ် တောထွက်ခြင်း. . . လို့ခေါ်တယ်။



* ဝိမာန-၄--၁၉၊

http://www.dhammadownload.com



မုဒု-ဆိုတာကျတော့ အခုလို ကုသိုလ်ကောင်းမှုတွေပြုပြီးတော့ ရှင်ပြုကြ၊ ရဟန်းခံကြ မိမိတို့ကိုယ်တိုင်လည်းပဲ ရှင်ပြု ရဟန်းပြုတဲ့အလုပ်တွေ ကျောင်းမှာ သွားပြီးတော့ အလုပ်လုပ်ကြ၊ အိမ်ရာတည်ထောင် လူ့ဘောင်ကနေ ခွာရှောင် ထွက်လာခဲ့ပြီးတော့ ကုသိုလ်ကောင်းမှု ပွားစရာဖြစ်တဲ့ ဇရပ်တန်ဆောင်း ဘုရား ကျောင်းကန် စသည်တွေ သွား၊ ရိပ်သာတွေ သွားပြီးတော့ လှူဒါန်းပေးကမ်း တစ်ရက်တန်သည် ဥပုသ်စောင့် စသည်ဖြင့် ဒီလိုအလုပ် လုပ်တာကိုကျတော့ မုဒု နေက္ခမ္မပါရမီ ဖြည့်တယ်လို့ ခေါ်တယ်။

အဲဒီလိုအားဖြင့် ယခု ရဟန်းလောင်းဖြစ်တဲ့ ညီဖြစ်သူနဲ့ သာမဏေလေး သုံးပါးကို ဒါ နေက္ခမ္မပါရမီဖြည့်စေတာပဲ၊ ရဟန်းလောင်း ရှင်ဝိသုဒ္ဓအနေနဲ့ကျ တော့ သူက အမြဲနေဆိုတဲ့ ရဟန်းတော်တစ်ပါးအဖြစ်နဲ့ ဒါက နေက္ခမ္မပါရမီ အကြီး အကျယ်ဖြည့်တာပေါ့၊ မိမိတို့ကိုယ်တိုင်ကလည်း သူတို့ကိုပို့ရင်း သူတို့ကို နေက္ခမ္မ ပါရမီ ဖြည့်စေရင်းနဲ့ မိမိတို့ကိုယ်တိုင်လည်းပဲ၊ နေက္ခမ္မပါရမီ ဖြည့်ရာရောက်တဲ့ အပြင်၊ မိမိတို့အတွက်တော့ ဒါနဆိုတဲ့ ကုသိုလ်ကောင်းမှုပါရမီတွေ မြောက်များစွာ ကြီးစားပြီးတော့ အားထုတ်ရာရောက်ခဲ့တယ်၊ ဒါနပါရမီ, နေက္ခမ္မပါရမီခေါ်တဲ့ ပါရမီကြီးနှစ်ခု ဘုရားပစ္စေကာ အရိယာအပေါင်း သူတော်ကောင်းကြီးတွေ သွား လမ်းကြီး ဆယ်လမ်းထဲက၊ ပါရမီလမ်းနဲ့ပြောရင် လမ်းကြီးဆယ်သွယ်ထဲက ဒီနေ့ ဒါနပါရမီလမ်းကြီးနဲ့, နေက္ခမ္မပါရမီလမ်းကြီး နှစ်လမ်းပေါ်မှာ အကြီးအကျယ် အထူး တလည် လျှောက်လှမ်းတဲ့နေ့. . . လို့ ဒီနေ့လို နေ့ကို။

အဲ့ဒီလို လျှောက်လှမ်းရင်းနဲ့ပဲ မိမိတို့ကိုယ် မိမိတို့ကိုလည်းပဲ ဒီနေ့ ပရမတ္ထ မနုဿခေါ်တဲ့ မြင့်မြတ်တဲ့ ဘုရားအလောင်းတော်, မြင့်မြတ်တဲ့ ရဟန္တာယောက်ျား ရဟန္တာမအလောင်းတော်, အရိယာနွယ်လောင်း သူတော်ကောင်း သူတော် ကောင်းမကြီးတွေရဲ့ ခန္ဓာကိုယ်နဲ့တူအောင် ကျင့်ဆောင်နိုင်တဲ့နေ့. . . တဲ့။ အဲဒါကို ပရမတ္ထမနုဿ-မြင့်မြတ်တဲ့လူဖြစ်တဲ့နေ့လို့ ခေါ်လိုက်တယ်။ မြတ်စွာဘုရားက ဝိမာနဝတ္ထုဒေသနာတော်မှာ ဆုံးမထားခဲ့တယ်။ ကိုယ့်ကိုယ်ကို ပရမတ္ထ မနုဿ ခေါ်တဲ့ မြင့်မြတ်တဲ့ အရိယာနွယ်လောင်း သူတော်ကောင်းလူ, သူတော်ကောင်းမ လူတွေနဲ့ တူအောင် ကျင့်ဆောင်နိုင်ရတယ်. . . . တဲ့။

လောကမှာ လူကမွေးဖွားလာရင်တော့ လူခေါ်ကြစတမ်းချည်းပဲ၊ လူ့ ခေါင်း, လူ့လက်, လူ့ခြေ, လူ့ပုံသဏ္ဌာန်ပေါက်ရင် လူလို့ခေါ်တယ်၊ လူကမွေးရင် လူတော့လူချည်းပဲ။ သို့သော်. . . အဲဒီလူတွေက လက်ခြေခေါင်းတွေက လူ့ပုံ သဏ္ဌာန် ပေါက်နေပြီးတော့ အတွင်းက အကျင့်ကဖောက်ဖောက်ပြန်ပြန် ကျင့်နေ ရင် (၁) ငရဲသားနဲ့ တူတဲ့လူလည်း ဖြစ်သွားတတ်တယ်။ (၂) ပြိတ္တာနဲ့တူတဲ့

http://www.dhammadownload.com



လူလည်း ဖြစ်သွားတတ်တယ်။ (၃) တိရစ္ဆာန်နဲ့တူတဲ့လူလည်း ဖြစ်သွားတတ်တယ်. . . တဲ့။

ဒီတော့ 'လူလေးမျိုးရှိတယ်လို့ အဲဒီဝိမာနဝတ္ထုဒေသနာမှာ ဘုရားက ဆုံးမတယ် ငရဲသားနဲ့တူတဲ့လူ. . . တဲ့၊

နေရယိကမနုဿ-ငရဲသားနဲ့တူတဲ့ လူ၊ နံပါတ်(၂)က ပေတ မနုဿ-ပြိတ္တာနဲ့တူတဲ့ လူ၊ (၃) တိရစ္ဆာန မနုဿ-တိရစ္ဆာန်နဲ့တူတဲ့ လူ။ (၄) ပရမတ္ထ မနုဿ-မြင့်မြတ်တဲ့ ဘုရားအလောင်းတော်ကြီး, မြင့်မြတ်တဲ့အဂ္ဂသာဝက မဟာသာဝကအလောင်းတော်ကြီးများ, မြင့်မြတ်တဲ့ ရဟန္တာယောကျ်ား ရဟန္တာမ အလောင်းအလျာ သူတော်ကောင်း သူတော်ကောင်းမကြီးများနဲ့ တူတဲ့ လူ. . . ဟော- လူလေးမျိုး၊

အဲဒီလေးမျိုးထဲမှာ ငရဲသားနဲ့တူတဲ့လူဆိုတာ ဘယ်လိုတုန်းဆိုတော့-ဟိုး. . . အောက်ကငရဲဘုံ ငရဲသားတွေဆိုတာ အနှိပ်စက်ခံပြီးတော့ ဒုက္ခဖြစ်နေတဲ့လူ, ဒုက္ခဖြစ်နေတဲ့သတ္တဝါ၊ ငရဲကျသွားပြီဆိုမှဖြင့် အနှိပ်စက်ခံရတယ် သူတို့။ အပါယ်လေးဘုံထဲမှာ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်လို့ အပါယ်လေးဘုံ ရှိတဲ့အနက်က အပါယ်ဆိုရင် ဆင်းရဲတာချည်းပဲ၊ ဒုက္ခရောက်တာချည်းပဲ၊ သို့သော်-ဒုက္ခရောက်တာချင်း မတူဘူး၊ တစ်ဘုံနဲ့တစ်ဘုံ ငရဲဘုံကြီးက ဒုက္ခရောက်ပုံက အညှင်းအပန်း အနှိပ်အစက် အထိုးအခုတ် အသတ်အဖြတ်တွေ ခံရပြီးတော့ ဒုက္ခရောက်နေရှာတာ။

ငရဲကျသွားတဲ့ ငရဲကောင်တွေကို ငရဲထိန်းတွေက လှန်နဲ့ထိုးလိုက်, ဓားနဲ့ ခုတ်လိုက်, ဆူးချွန်ကြီးတွေထဲ ဆူးချွန်ကြီးတွေနဲ့ထိုးလိုက် ဆူးချွန်ရှိတဲ့သစ်ပင် အတက်ခိုင်းလိုက်, နောက်က ခွေးနက်ကြီးတွေက လိုက်လို့ပြေးရပြေးပြန်တော့ အောက်မြေကသံပူတွေမို့လို့ ပူလို့ အဲဒီလိုအားဖြင့် ငရဲ ထိန်းတွေ နှိပ်စက်သမျှကို နေ့စဉ်ခံစားရပြီးနေရတာ၊ အဲဒါ ငရဲရောက်နေတဲ့သတ္တဝါတွေက အဲဒီသဘောနဲ့ နေကြတာ၊ အဲဒီလိုပါပဲ. . . တဲ့ လူ့ပြည်မှာ နေပေမယ့်လို့, လူရယ်လို့ဖြစ်နေပေမယ်လို့, လူကမွေးထားပေမယ့်လို့ အဲဒီလို ညှင်းပန်းနှိပ်စက်ခံနေရတဲ့ လူတွေ ရှိတယ်. . . တဲ့။

ဘယ်လိုလူတွေတုန်းဆိုတော့ လူတို့မပြုသင့် မပြုထိုက်တဲ့ ဒုစရိုက်မှုတွေ ကျူးလွန်လို့, ရာဇဝတ်မှုတွေ ကျူးလွန်လို့, သတ်ဟယ်ဖြတ်ဟယ်ဆိုတဲ့ အမှုတွေ ကျူးလွန်လို့, သူများသားမယားကျူးလွန်လို့ သူများလိမ်ညာလို့၊ ခိုးဟယ်ဝှက်ဟယ်၊ ဓားပြတိုက်ဟယ်ဆိုတဲ့အမှုတွေ ကျူးလွန်လို့၊ သူများသားမယား ကျူးလွန်လို့ သူများ

လိမ်ညာလို့ စသည်ဖြင့် ဒုစရိုက်တွေ ကျူးလွန်တဲ့အတွက် ဆိုင်ရာမင်းစိုးရာဇာတွေက ဖမ်းဆီးပြီးတော့ သူတို့ကို အချုပ်ခန်းကြီးထဲ ချထား၊ ထောင်ကြီးတွေထဲ သွင်းထားပြီးတော့ အကျဉ်းစခန်းကြီးတွေ ရဲဘက်စခန်းအစရှိတဲ့ အခန်းကြီးတွေ ပို့ပြီးတော့ ညှင်းပန်းနှိပ်စက်ခံနေရတဲ့ လူ. . .။ ဟော-လူတော့လူပဲ သူက၊ လူကမွေးထားတဲ့ လူတော့လူပဲ လူ့ခေါင်း လူ့ကိုယ် လူ့လက် လူ့ခြေနဲ့ လူ့ပုံသဏ္ဌာန်ပဲ၊ ဒါပေမဲ့လို့ ငရဲကောင်တွေ ငရဲကျနေတဲ့ သတ္တဝါကောင်တွေ ညှင်းပန်းနှိပ်စက်ခံ ဒုက္ခရောက်နေသလို သူတို့လည်းပဲ အဲဒီလိုပဲ ညှင်းပန်းနှိပ်စက်ခံပြီး ဒုက္ခရောက်နေလို့ ငရဲသားနဲ့တူတဲ့ လူ. . . တဲ့ အဲဒီလူ။

အဲလိုလူတွေ လောကမှာအများကြီးပဲ၊ အခုအလှူ့ဒကာ ဦးလှမြင့်တို့ အလှူ့အမ ဒေါက်တာဒေါ်နီနီဝင်းနှင့်တကွ တရားနာပရိသတ်တွေက အာရုံပြု ကြည့်လိုက်စမ်းပါ၊ မြန်မာတစ်နိုင်ငံလုံးရှိတဲ့ အချုပ်ခန်းကြီးတွေထဲ လှမ်းပြီးကြည့်လိုက်စမ်း၊ ထောင်ကြီးတွေ လှမ်းပြီးကြည့်လိုက်စမ်း၊ အဲလိုလူတွေ အပြည့်ရှိတယ်၊ မြန်မာနိုင်ငံကျော်ပြီးတော့ ကမ္ဘာတစ်လွှား မျ[illegible]အား ဘက်ကစားပြီးတော့ လှမ်းကြည့်လိုက်အုံး ကမ္ဘာ့နိုင်ငံအသီးသီးရှိ အချုပ်ခန်းကြီးတွေထဲမှာ ဒီလို[illegible]တွေ၊ ဒီလိုမိန်းမတွေပြည့်လို့၊ ထောင်ကြီးတွေထဲမှာ ဒီလိုယောကျ်ားတွေ ဒီလိုမိန်းမတွေ ပြည့်လို့၊ သူတို့လည်း ညှင်းပန်းနှိပ်စက်ခံနေရတာပဲ။

ကိုယ်စားချင်သလိုလည်း မစားရဘူး၊ ကိုယ်သွားချင်သလိုလည်း မသွားရဘူး၊ ကိုယ်နေချင်သလိုလည်း မနေရဘူး၊ ကိုယ်ပြောချင်သလိုလည်း မပြောရဘူး၊ စားတော့လည်း သူတို့ကျွေးသမျှ မဝရေစာ စားရ၊ ထားတော့လည်း သူတို့ထားသလိုပဲ ခုနှစ်တောင် ရှစ်တောင်အခန်းကျဉ်းလေးထဲပေမဲ့ ပြွတ်သိပ်ပြီးတော့ ဝက်တွေကြက်တွေလှောင်သလို ခြင်းထဲလှောင်ထားပြီးတော့ အခန်းထဲ လှောင်ထားသလိုပဲ၊ သူ့ကိုယ်နံ့ ကိုယ့်ကိုယ်နံ့, သူ့အနံ့ ကိုယ်အနံ့တွေနဲ့ နံစော်. . . ပြီးတော့ မှက်ခြင်ကြမ်းပိုး ကိုက်ထိုးတာတွေလည်း ခြင်ထောင်အိပ်ရာခင်းရယ်လို့ ကာကွယ်စရာမရှိ ဒီထဲမှာ ကျင်ကြီးအိုးကြီးတွေက ထောင့်မှာပုံးကြီးတွေနဲ့ ချထား၊ ဒါတွေက နံစော် ဒီထဲပဲ, မိုးရွာလည်း ဒီထဲပဲ, နေပူလည်း ဒီထဲပဲ၊ အေးလည်း ဒီထဲပဲ ပူလည်း ဒီထဲပဲ၊ တိရစ္ဆာန်တွေလိုပဲ ညှင်းပန်းနှိပ်စက်မှုခံပြီး နေကြရတယ်။

ထောင်ကြီးတွေထဲကျတော့လည်း ထိုနည်းလည်းကောင်းပေါ့၊ သံခြေချင်းတွေခတ်၊ လက်ထိပ်တွေ ခတ်ပြီးတော့ သွားရင်းလာရင်းနဲ့ အဖမ်းခံရ၊ ဟိုထဲမှာ ခိုင်းသမျှတွေ လုပ်ရ၊ ကျွေးသမျှလေးနဲ့ စားပြီးတော့နေရ၊ လွတ်လွတ်လပ်လပ် သူများလို သွားလာလှုပ်ရှားပတ်ချင်လို့ မသွားရ မလာရ၊ အဲလိုလူတွေ လောကကြီး မြန်မာနိုင်ငံရှိသမျှ အကျဉ်းထောင်ကြီးတွေ ထောင်ကြီးတွေထဲ အချုပ်ခန်းကြီး

http://www.dhammadownload.com



တွေထဲမှာ အပြည့်ရှိတယ်၊ ကမ္ဘာတစ်လွှားမှာ အပြည့်ရှိတယ်။ အဲဒီလူတွေဟာ လူကမွေးထားတဲ့ လူတွေပဲ သူတို့ လူပုံသဏ္ဌာန်လူ့ခေါင်း လူ့ကိုယ် လူ့လက် လူ့ခြေနဲ့ ပဲ ဒါပေမဲ့လည်း ငရဲသားတွေလိုပဲ ညှင်းပန်းနှိပ်စက်ခံနေရတဲ့လူ. . . တဲ့။ လူ့တို့ မပြုသင့် မပြုထိုက်တဲ့အမှုတွေ ကျူးလွန်ပြစ်မှားကြလို့ အခုဘဝ မကျူးလွန်သော် လည်း အတိတ်ကကျူးလွန်တဲ့ ဒဏ်ရာဒဏ်ချက်တွေ ခံစား. . . ပြီး နေကြရလို့ အဲဒါ ငရဲသားနဲ့တူတဲ့ လူ. . . တဲ့။

နောက်-နှစ်နံပါတ်က ပြိတ္တာနဲ့တူတဲ့လူတဲ့၊ ဟော-ပြိတ္တာနဲ့တူတဲ့ လူဆိုတာ ပြိတ္တာတွေဆိုတာ အဝါယ်လေးဘုံထဲမှာ ပြိတ္တာဘုံကြီးဆိုတာရှိတယ်။ ငရဲရယ်, တိရစ္ဆာန်ရယ်, ပြိတ္တာရယ်, အသူရကာယ်ရယ်လို့ အပါယ်လေးဘုံရှိတဲ့အနက်က ပြိတ္တာဘုံက ပြိတ္တာတွေ ဆင်းရဲတာက ငတ်ပြတ်ပြီးဆင်းရဲတာ သူတို့က။ ခုနကလို ညှင်းပန်းနှိပ်စက် ထိုးလိုက်ခုတ်လိုက်တွေတော့ သိပ်မခံရဘူး၊ ဒါပေမဲ့လို့ ငတ်တယ် . . တဲ့၊ အစားငတ်တယ်, အဖတ်ငတ်တယ်, အနေငတ်တယ်, ရေသောက်ချင် လည်း မသောက်ရ, ထမင်းစားချင်လျှက်နဲ့ မစားရ, အစားစားချင်လျှက်နဲ့ မစားရ, စားရပြန်တော့လည်း မဝရေစာ၊ ရတာလေးလည်း ဝိုင်းလုယက်ပြီးတော့ တစ် ယောက်နဲ့တစ်ယောက် ပုတ်ခတ်ထိုးကြိတ်ပြီးတော့ လုစားရ၊ အဲလိုနဲ့ အတော် ငတ်ငတ် ပြတ်ပြတ်နေရတဲ့ဘုံကြီး, ငတ်ပြတ်ပြီးတော့ ဆင်းရဲတဲ့ဘုံကြီးကို ပြိတ္တာ ဘုံကြီး. . . လို့ခေါ်တယ်။

အဲဒီလိုပဲတဲ့ တစ်ချို့လူတွေ လူ့ဘုံတော့ ရောက်လာပါ တယ်၊ လူကအော့ မွေးပါတယ်၊ လူ့လက် လူ့ကိုယ် လူ့ခေါင်း လူ့ခြေတော့ ပုံသဏ္ဌာန် ပေါက်နေပါတယ်၊ သို့သော်. . . ပြိတ္တာဘုံငတ်သလိုပဲ သူတို့မှာ ငတ်ပြတ်ပြီးတော့ နေတယ်၊ ကိုယ်က ရှေးကဒါနကောင်းမှုစတဲ့ ကောင်းမှုတွေ မပြုခဲ့တော့ ဒီလူ့ဘဝ ရောက်လာကတည်း က မဝရေစာစားရမယ့် အမေအဖေဝမ်းခေါင်း ဝင်အောင်းမိပြီးတော့ နေ့စဉ် စားမှ စားရပါ့မလားလို့ဆိုတဲ့ ပူပန်လိုက်ရတဲ့ ဆင်းရဲဒုက္ခကြီး ခွက်တစ်လုံးနဲ့ လှည့်တောင်း လို့မှ မဝရေစာစားပြီးတော့ နေရတဲ့ လူ၊ အတော်ငတ်ငတ် ပြတ်ပြတ်ဖြစ်နေတဲ့ လူ၊ အဝတ်စုတ်စုတ်ပြတ်ပြတ် ဝတ်ဆင်ပြီတော့နေရတဲ့လူ။

အဲ-သူ့ရာသီနဲ့သူလေးမှ ဆောင်းရာသီရောက်လို့မှ အနွေးထည်လေး ဆိုတာဝေး၊ မဝတ်နိုင် ရှိသမျှအဝတ် ဖာထေး၊ စုတ်ပြတ်တာတွေ ဝတ်ဆင်ပြီး တော့ နေရတဲ့လူ၊ နေရာထိုင်ခင်းမှ မိုးလုံလေလုံအဆောက်အုံ တဲအုံကနားလေးမှ မရှိတဲ့လူ၊ အဲလိုလူတွေလည်း လောက မြန်မာနိုင်ငံတစ်လွှား ဉာဏ်ကစား ကြည့် လိုက်စမ်း ပြည့်လို့၊ ကမ္ဘာပေါ်လှမ်းပြီးတော့ တိုင်းပြည်အသီးသီး လှမ်းကြည့်လိုက် စမ်း ပြည့်လို့၊ လမ်းဘေးအိပ်ပြီးတော့ နေကြရတဲ့လူတွေ ရသမျှလေးနဲ့ တင်းတိမ်

http://www.dhammadownload.com



ပြီးတော့ နေရတဲ့လူတွေ အဲဒီလို အငတ်ငတ်, အပြတ်ပြတ် လူတွေကိုကျတော့ ပြိတ္တာနဲ့တူတဲ့ လူ. . . တဲ့။

ဘာပြုလို့ သူတို့ ဒီလိုငတ်တုန်းဆိုတော့ သူတို့ရဲ့ အကုသိုလ်ကံအကျိုး သူတို့ခံစားနေရတာ၊ သူတို့က ဟိုဘက်ဘဝတုန်းက မလှူခဲ့မတန်းခဲ့ဘူးလေ၊ သူများကို ကိုယ့်ရှိတဲ့ပစ္စည်း ဝေမစားခဲ့ဘူး၊ မျှမစားခဲ့ဘူး။ ဒါကြောင့် သူတို့ကို ဝေမယ့်လူ၊ မျှမယ့်လူမပေါ်ဘူး။ မဝေရုံ မမျှရုံမကဘူး၊ သူက သူများပစ္စည်းကို ခိုးခဲ့တယ်, လုခဲ့တယ်, တိုက်ခဲ့တယ် ဓားပြလုပ်ပြီးတော့၊ အဲဒီတော့ သူများပစ္စည်း ခိုးတယ်ဆိုတာ သူ့ငတ်အောင်လုပ်တာပဲ သူများမှာ ပစ္စည်းဆိုပါတော့ ငွေတစ်ထောင်ရှိတာ ကိုယ်က ငွေတစ်ထောင်ခိုးယူလိုက်တယ်ဆိုရင်တဲ့ အဲဒီ အခိုးခံရတဲ့ လူကို ကိုယ်ကငတ်အောင်လုပ်လိုက်တာပဲ၊ သူ့ဒီတစ်ထောင်နဲ့ စားရမှာလေး မစားရတော့ဘူး၊ ငတ်သွားတယ်၊ ဒီတစ်ထောင်နဲ့ဝယ်ပြီးတော့ ဝတ်ရမယ့် အဝတ်တွေ မဝတ်ရရှာဘူး၊ အဝတ်ငတ်သွား၊ ဒီတစ်ထောင်နဲ့ နေရာထိုင်ခင်းလေး လုပ်မယ့်ဟာ နေဖို့ရာလေးလုပ်မယ့်ဟာ မလုပ်ရတော့ဘူး၊ အနေငတ်သွားတယ်။

အဲလို သူ့ပစ္စည်းကိုခိုးခြင်းဖြင့် သူတို့ကို ငတ်အောင်လုပ်ခဲ့ကဲ့အတွက် အဲဒီ ဝဋ်ကြီးက ကိုယ့်ဆီပြန်လည်လာပြီးတော့ ကိုယ့်မှာ အငတ်ငတ်အပြတ်ပြတ်ဖြစ်၊ အထူးသဖြင့် အဒိန္နာဒါနသီလကြီး မလုံခဲ့ကြတာပေါ့။ ဓားပြလုပ်ပြီးတော့ တိုက်ခဲ့တော့ သူများပစ္စည်းတွေ အတင်းအဓမ္မအနိုင်အထက် ယူလိုက်တော့ အဲဒီလူတွေကို ငတ်အောင်လုပ်ခဲ့တာ၊ အစားငတ်အောင် အဝတ်ငတ်အောင် အနေငတ်အောင် လုပ်ခဲ့တော့ ကိုယ့်အဲဒီဒဏ်ကြီးက ပြန်လာပြီးတော့ ကိုယ့်လည်း ဖြစ်ရာဘဝ ကြုံဖန်ပြီးတော့ကို ငတ်ပြတ်ကုန်၊ အင်မတန် အကုသိုလ်ကံ ပြင်းထန်ပြီ ဆိုတော့ အစာရေစာ ကျွေးတာတောင်မှ ကျွေးလို့မရဘူး။ သနားတဲ့လူက သနားလို့ ဆိုပြီး သူ့ ရေသောက်ချင်နေလို့ ရေတိုက်အုံးမှပဲဆိုပြီး သနားတဲ့လူက ရေတိုက် သူ့ရှေ့ရောက်ရင် ရေတွေ ပျောက်ကုန်ရော။

* ဒါပေါ့ ဒို့ဘုရားလက်ထက်က ပြိတ္တာကြီးတစ်ကောင် ဂင်္ဂါမြစ်ထဲ ဆင်းသွား ရေပေးကြပါ၊ ရေငတ်လွန်းလို့ ကယ်တော်မူကြပါ၊ ရေပေးကြပါလို့ အော်တယ်၊ ပြီးတော့ သူက ဂင်္ဂါမြစ်ထဲဆင်းသွား ရဟန်းတော်တွေက ဆွမ်းခံ ကြွလာကြရင်းနဲ့ မြင်တယ်၊ ဟင်-သူက ဂင်္ဂါမြစ်ကမ်းစပ်လည်း ရောက်နေပြီ ရေပေး ကြပါ ရေပေးကြပါ ရေငတ်နေတယ် ဒီသတ္တဝါကောင်ကြီး အကုသိုလ်ကံအားကြီး နေတယ်ထင်တယ် . . .။ "ဟဲ့-ဟိုမယ် ရေတွေမမြင်ဘူးလား" "မြင်တယ် ဘုရား. . . တပည့်တော် အဲဒီရေတွေမြင်လို့ တပည့်တော် ဆင်းသွားရင် ရေတွေက ပျောက်ပျောက်သွားတယ်"။

---

* သံ-၄-၂-၂၆၇။ အဘိ-၄-၂-၅။

http://www.dhammadownload.com



ဒါနဲ့ ရဟန်းတော်တွေက ရိပ်မိတော့၊ အော်. . . ဒီသတ္တဝါကောင်ကြီး တော့ ပြိတ္တာကြီးနဲ့တူတယ်၊ ဖြစ်လေရာဘဝက သူများငတ်အောင်လုပ်ခဲ့တဲ့ သူ့အကုသိုလ်ကံ နှိုက်စက်နေလို့ ရေတွေ သူသွားရင် ပျောက်ပျောက်သွားတယ် ဆိုတာ၊ ကဲ-ဝိုင်းပြီးတော့ ဒို့က ရေတွေလောင်းမယ် "ကဲ မင်းပက်လက်လှန် ပက်လက်လှန် ပက်လက်လှန်ဆိုပြီး ရဟန်းတော်တွေက ဆွမ်းခံသွားခါနီးဆိုတော့ သပိတ်တွေနဲ့ကြွလာတာဆိုတော့ သပိတ်တွေနဲ့ရေခပ်ပြီးတော့ "ပါးစပ်ဟထား ပါးစပ်ဟထား"ဆိုပြီးတော့ ရေလောင်းထည့် သပိတ်ထဲကရေတွေ အောက်ထွက် ပါလျက်သားနဲ့ ပါးစပ်နားရောက်ရင် ရေတွေပျောက်ပျောက်သွားတယ် ပါးစပ်ထဲကို ရေမရောက်ဘူး၊ "ဟဲ့-သူတော်ကောင်း ရေဝင်ရဲ့လား ရေ ဝရဲ့လား" "မဝသေ ဘူးဘုရား ပါစပ်ထဲ မရောက်သေးဘူးဘုရား" "ဟာ-လောင်းဟ, လောင်းဟ"လို့ ရဟန်းသုံးဆယ် သပိတ်တွေနဲ့ခပ်ခပ်ပြီး လောင်းခိုင်းကြတာ ပါးစပ်ထဲမရောက်ဘူး ရေက၊ သပိတ်ထဲကနေ ရေတွေကျသွားတာလည်းအမှန်၊ ပါးစပ်ထဲတော့ မဝင်ဘူး၊ ပျောက်ပျောက်သွားတယ်။

ဒါ-သူ့ရဲ့ အကုသိုလ်ကံ ဘယ်လောက်ကြောက်စရာကောင်းလည်း ကံနှိပ် စက်ပြီဆိုရင် လူနှိုက်စက်တာထက်သာတယ်၊ ကံညှင်းဆဲပြီဆိုရင် လူညှင်းဆဲတာ ထက်သာတယ်၊ ဒါ့ကြောင့် ကြံဖန်ပြီတော့ကိုပဲ ငတ်ရတယ်၊ အဲဒီလို အစားငတ် ငတ်, အသောက်ငတ်ငတ်, အဝတ်ငတ်ငတ်, အနေငတ်ငတ်နေရတဲ့လူတွေ ပြိတ္တာ တွေလိုပဲ အဲဒီလိုလူတွေကို ပြိတ္တာနဲ့တူတယ်. . . တဲ့။ လောက အဲဒီလိုလူတွေ လည်းရှိတယ် လူကမွေးထားပြီတော့ အဲဒီလို ပြိတ္တာနဲ့တူနေတဲ့ လူတွေရှိတယ်. . . တဲ့။

နံပါတ်(၃) တိရစ္ဆာန်နဲ့တူတဲ့ လူ. . . တဲ့၊ တိရစ္ဆာန်နဲ့တူတဲ့ လူဆိုတာကျ တော့ အပါယ်လေးဘုံထဲမှာ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်, အပါယ်လေးဘုံ ထဲမှာ တိရစ္ဆာန်ဘုံက သတ္တဝါတွေကျတော့ မသိမှုကြီး အားကြီးနေတယ်၊ တိရစ္ဆာန် ဘုံရောက်တဲ့ သတ္တဝါတွေက သိမှုအားနည်းတယ်၊ မသိမှုအားများတယ်၊ တွေဝေ တယ်၊ ထိုင်းမှိုင်းတယ်ပေါ့ ဘာမသိတုန်း ဘုရားရယ်လို့ မသိဘူး, ဘုရားဂုဏ် မသိဘူး, တရားလည်း မသိဘူး, တရားဂုဏ်လည်း မသိဘူး, သံဃာ မသိဘူး, သံဃာဂုဏ်လည်း မသိဘူး, အမေအဖေရယ်လို့ မသိဘူး၊ အမေအဖေ ရယ်လို့ မသိဘူးဆိုတာ အမေအဖေကျေးဇူးဂုဏ်ကို မသိဘူး, အမေအဖေပေါ်မှာ ပြုလုပ် ရမယ့် ကုသိုလ်ကောင်းမှုတွေ အမေအဖေပြုထားတဲ့ ကိုယ့်အပေါ်ပြုထားတဲ့ ကျေး ဇူးဂုဏ်တွေ ဒါမျိုးတွေကို မသိဘူး၊ ဒါပြောတာ။

ဆရာသမားနဲ့ ဆရာသမားရဲ့ကျေးဇူးဂုဏ်ကို မသိဘူး၊ ကုသိုလ်ရယ်လို့လည်း မသိဘူး၊ ဒါကုသိုလ်ပဲ ဒါက ကုသိုလ်အလုပ်ပဲလို့ ဒီလိုမသိဘူး၊ တိရစ္ဆာန်တွေက

http://www.dhammadownload.com



အကုသိုလ်ပဲလို့လည်း မသိဘူး၊ ဒီတော့ တိရစ္ဆာန်ဘုံဆိုတာ မသိတာတွေချည်း အားကြီးတယ် မသိတာတွေအားကြီးပြီးတော့ ကြီးနိုင်ငယ်ညှင်း၊ တစ်ကောင်နဲ့ တစ်ကောင် သတ်ကြဖြတ်ကြ၊ ကိုက်ကြခဲကြ၊ အဲလိုနဲ့ ဆင်းရဲဒုက္ခရောက် အစာရေ စာကလည်း ခုနကလိုပါပဲ ဝေါ်ဝေါ်ပြတ်ပြတ်နဲ့ဆင်းရဲ၊ လူတွေနှိပ်စက်သမျှခံရ၊ အထူးသဖြင့်တော့ အဲဒီမသိတတ်တဲ့ဘုံကြီးက တိရစ္ဆာန်ဘုံကြီးပါပဲ။

ဘုရားရယ်လို့လည်း မသိဘူး၊ ဘုရားဂုဏ်ရယ်လို့လည်း မသိဘူး၊ အခု ဟိုနားရှိနေတဲ့ ခွေးတွေ, နွားတွေ, ငှက်တွေ, မျက်စိနှစ်လုံးပါတာပဲသူတို့လည်း။ ပါပေမဲ့လို့ လူတွေမျက်စိနှစ်လုံးပါသလို လူတွေက ဘုရားလို့သိတယ်၊ ဘုရားဂုဏ် သိတယ်၊ တရားရယ်လို့သိတယ်၊ တရားဂုဏ်သိတယ်၊ သံဃာတော်လို့ သိတယ်၊ သံဃာ့ဂုဏ်ကိုသိတယ်။ သူတို့မျက်စိက အဲဒီလို မသိတတ်ရှာကြဘူး၊ မြင်တော့မြင် သားပဲ သူတို့လည်း စေတီကြီးတွေမြင်သားပဲ၊ ရုပ်ပွားတော်မြင်သားပဲ၊ သံဃာတော် တွေလည်း မြင်သားပဲ၊ မြင်ပေမဲ့လို့ ဘုရားရယ်လို့ မသိရှာ၊ တရားရယ်လို့ မသိရှာ၊ သံဃာရယ်လို့ မသိရှာ၊ ဤကား ကုသိုလ်ပဲလို့ မသိရှာ၊ ဤကား အကုသိုလ်ပဲလို့ မသိရှာ၊ ဟော-ဒီအလုပ်က သူများအသက် သတ်တဲ့အမှုကြီးပဲ၊ ဒါကအကုသိုလ် ကြီးပဲလို့ ဒီလိုမသိဘူး၊ မကောင်းတဲ့ အလုပ်ကြီးရယ်လို့ မသိဘူး၊ ခုလို လှူဒါန်း ပေးကမ်း စွန့်ကြတဲ့အမှုက ကောင်းမှုပဲ၊ ကုသိုလ်ကောင်းမှုပဲ၊ ဒီအလုပ်လုပ်မှပဲလို့ ဒီလို မသိရှာဘူး၊ အဲဒီလို မသိတတ်တဲ့ဘုံကြီးကို တိရစ္ဆာန်ဘုံကြီးလို့ ခေါ်တယ်။ အဲ-သူက ဘာတွေသိတုန်း စားတတ်တယ်, အိပ်တတ်တယ်, ငါးဖြာအာရုံကာမ ဂုဏ်နဲ့ နေတတ်တယ်၊ ဒါပဲ သိတယ်၊ ဒီထက်ကျော်ပြီးတော့ သူမသိရှာဘူး။

အဲဒီလိုပဲ. . . တဲ့၊ လူ့ဘုံလူ့ဘဝတော့ ရောက်လာပါရဲ့ လူကတော့ မွေး ထားပါရဲ့ လူတော့ဟုတ်ပါရဲ့။ သို့သော်. . . တိရစ္ဆာန်တွေ မသိတတ်သလိုပဲ ဘုရား ရယ်လို့လည်း မသိ၊ ဘုရားရဲ့ဂုဏ်ကိုလည်း မသိ၊ တရားမှန်းလည်း မသိ၊ တရားရဲ့ ဂုဏ်ကို မသိ၊ သံဃာမှန်းလည်း မသိ၊ သံဃာ့ဂုဏ်ကို မသိ၊ ကုသိုလ်ကိုလည်း မသိ၊ အကုသိုလ်ကိုလည်း မသိ၊ အမေအဖေရဲ့ ကျေးဇူးဂုဏ်ကိုလည်း မသိ၊ ဆရာ သမားရဲ့ ကျေးဇူးဂုဏ်ကိုလည်း မသိ။ လူတော့လူပဲ ဘာမှ သူမသိရှာဘူး၊ သူသိတာ ဘာသိတုန်း ခုနကပြောတဲ့ စားတတ်တယ်, အိပ်တတ်တယ်, စားဖို့သိတယ်, အိပ်မယ် အိပ်တတ်တယ် အိပ်ဖို့သိတယ်၊ ငါးဖြာအာရုံကာမဂုဏ်နဲ့နေဖို့ သိတယ်၊ ဒါပဲသိတယ်၊ အဲဒီလူဟာ တိရစ္ဆာန်နဲ့ အတူတူပဲ. . . တဲ့၊ တိရစ္ဆာန်လူပဲ သူ။

"ငရဲသားလူ, ပြိတ္တာလူ, အမူ ဝေးကြစေ". . . လို့ ငရဲသားလိုလူ တော့ မဖြစ်စေကြနဲ့ ပြိတ္တာလိုလူလည်း မဖြစ်စေကြနဲ့။ ဟော--ဒါ့ကြောင့် "ငရဲသားလူ, ပြိတ္တာလူ, အမူ ဝေးကြစေ" ငရဲသားလိုလူ အမူအရာမျိုးတော့ မဖြစ်စေနဲ့၊ ပြိတ္တာလိုလူ အမူအရာမျိုးတွေလည်း မဖြစ်စေကြနဲ့။

http://www.dhammadownload.com



"တိရစ္ဆာန်လူလည်း, ရှောင်ကြဉ်ဖဲ, အမြဲဝေးကြစေ". . . တိရစ္ဆာန်လိုလူလည်း မဖြစ်ကြစေနဲ့၊ ကိုယ့်ကိုယ်ကိုလည်း မဖြစ်ကြစေနဲ့၊ ဘယ်လိုလူဖြစ်ရမှာတုန်း။-

❖ လူနဲ့တူသူ, လူလိုလူ, ဆူဆူဖြစ်ကြစေ. . . တဲ့၊

ဟော-နောက်ဆုံး(၄)နံပါတ်က လူနဲ့တူတဲ့ လူဆိုတာ ပရမတ္ထ မနုဿပါဠိလို့၊ မြန်မာလိုကတော့ ပရမတ္ထ-မြင့်မြတ်သော ဘုရားလောင်းကြီးဖြစ်တဲ့ လူ, မြင့်မြတ်သော အဂ္ဂသာဝက မဟာသာဝက ရဟန္တာယောကျ်ား ရဟန္တာမကြီးများဖြစ်တဲ့ လူ၊ ပရမတ္ထ မနုဿ-ပစ္စေကဗုဒ္ဓါအလောင်းအလျာဖြစ်တဲ့ လူ၊ ရဟန္တာယောကျ်ား ရဟန္တာမ, သူတော်ကောင်း သူတော်ကောင်းမကြီးဖြစ်တဲ့ လူ၊ ရှေးကအနာထပိဏ် ဝိသာခါ ကျောင်းဒကာ ကျောင်းအမသူတော်ကောင်းကြီးတွေနဲ့တူတဲ့ လူ။ ဟော-အဲဒီလို မြင့်မြတ်တဲ့လူဖြစ်အောင် ကြိုးစားကြ. . . ။ လူကမွေးဖွားလာပြီးတော့ အဲဒီလို မြင့်မြတ်တဲ့သူတွေဖြစ်အောင်, ပရမတ္ထ မနုဿဖြစ်အောင်ကိုယ့်ကိုယ်ကို ကြိုးစားကြ. . . ကြိုးစားကြ။

ဟော-ဘုရားက မှာသွားတာ၊ ကိုင်း-ရှောင်ရမယ့်လူက (၃)မျိုးရှိတယ်, ငရဲသားနဲ့တူတဲ့ လူရယ်, ပြိတ္တာနဲ့တူတဲ့ လူရယ်, တိရစ္ဆာန်နဲ့တူတဲ့ လူရယ်၊ ကိုယ့်ကိုယ်ကို မဖြစ်စေနဲ့၊ လူကမွေးဖွားရုံနဲ့ ငါမြတ်လှပြီလို့ မထင်လိုက်နဲ့အုံး၊ အဲဒီလို မုနက ငရဲသားလိုလူ, ပြိတ္တာလိုလူ သွားဖြစ်နေရင် မမြတ်သေးဘူး။ ဒါကြောင့် အဲဒီလိုလူ မဖြစ်စေနဲ့. . . လို့၊ ရှောင်ရမယ့် လူ(၃)မျိုး၊ ဆောင်ရမယ့်ဖြစ်ရမယ့်လူက တစ်မျိုးရှိတယ်။

ကဲ-ကိုယ့်ကိုယ်ကို လူနဲ့တူသူ ဖြစ်ကြပါစေ. . . ။ မြင့်မြတ်တဲ့လူနဲ့တူသူဖြစ်ကြပါစေ၊ မြင့်မြတ်တဲ့ဘုရားလောင်းကြီးများဖြစ်တဲ့လူနဲ့ တူကြပါစေ၊ ရဟန္တာယောကျ်ား, ရဟန္တာမအလောင်း သူတော်ကောင်း သူတော်ကောင်းမကြီးတွေနဲ့တူတဲ့လူ ဖြစ်ကြပါစေ။

ဟော-ဒါ့ကြောင့် ဒီနေ့ ဒကာဦးလှမြင့်တို့ ဒကာမဒေါက်တာ ဒေါ်နီနီဝင်းတို့နှင့်တကွ ဒီနေ့ကုသိုလ်ကောင်းမှုရှင်တွေ ဝေဖို့ ပေးကမ်းဖို့ ထောက်ပံ့ဖို့ အားထုတ်လေ့ရှိတဲ့ "သူတော်လောင်းလျာ, လက်အဂ်ါ, ပေးကာဝေကာ, နေမြဲတည်း. . . " တဲ့။ သူတော်ကောင်းလျာတွေရဲ့လက်က သူများချမ်းသာဖို့ ကိုယ့်ရှိနေတဲ့ပစ္စည်းကို ဝေပြီးတော့ ကျွေးလေ့ရှိတယ်၊ မျှပြီးတော့ ကျွေးလေ့ရှိတယ်၊ ဝေမျှပြီးတော့ စားလေ့ရှိတယ်၊ သူတော်ကောင်းများရဲ့လက်က အဲဒီလိုလက်။ လက်နှစ်ဘက်က။

http://www.dhammadownload.com



◆ သူတော်လောင်းလျာ၊ လက်အင်္ဂါ၊
ပေးတာဝေတာ၊ နေမြဲတည်း. . .။
ငါတို့မှာလည်း၊ ထို့တူပဲ၊
အမြဲဖြစ်အောင် ကြိုးစားမည်. . . တဲ့-

အခု အလှူ့ဒကာဦးလှမြင့် အလှူ့အမဒေါက်တာ ဒေါ်နီနီဝင်းတို့ရဲ့ လက်ဟာ ဒီနေ့ အကြီးအကျယ် ကိုယ့်ရှိနေတဲ့ပစ္စည်းကို ကိုယ်ချည်းမစားဘဲနဲ့ ဝေတာပဲ၊ ဒီနေ့ ဒီလက်နှစ်ဘက်နဲ့ ဝေတာပဲ။ သူများပေးတယ် ကမ်းတယ်ဆိုတာ အခုရဟန်းတော် ရဟန်းလောင်းနှစ်ပါးတို့ကို သင်္ကန်းသပိတ် တိစီဝရိတ် ခါးပန်းသပိတ် အစရှိတဲ့ ပရိက္ခရာနှစ်စုံလှူ၊ ရှင်သာမဏေလေးတွေကို ရှင့်ပရိက္ခရာ အစုံ(၃)စုံလှူ ဒီလက်နဲ့ကပ်တာပဲ၊ ကိုယ်စားမယ့်အထဲက ဝေမျှပြီးတော့ သူများချမ်းသာအောင် ပြုတာ၊ အမြဲနေ ရဟန်းလောင်းအတွက် ယခုနပြောခဲ့တဲ့ နေရာထိုင်ခင်း ချမ်းသာဖို့ ကြိုပြီးတော့ [illegible] ခြင်ထောင် [illegible] နောင် စာတိုက်ပိဋိ မဗ္ဗစေတီကျမ်းစာအုပ် အစရှိသည်ဖြင့် ထောင်ပေါင်းများစွာကုန်ကျတဲ့ ပစ္စည်းကို ကိုယ်စားမယ့်အထဲက ခွဲပြီးတော့ ပူဇော်လိုက်တာ။

ခုသံယာ(၆၀၀)ကျော်ကို ဆွမ်းဘောဇဉ်တွေ လောင်းလှူဆက်ကပ်ပြီးတော့ ပေးတယ်ကျွေးတယ်၊ ပရိသတ်ပေါင်း(၃၀၀)ကျော်ကို ဖိတ်မံပြီးတော့ ကျွေးတယ် ပေးတယ်၊ ဒီလက်နဲ့ပေးတာပဲ ကိုယ်စားမယ်ဆိုလို့ရှိရင် အခု ကုန်ကျသွားတဲ့ ကုန်ကျတဲ့ငွေတွေ ကိုယ့်မိသားစုချည်း စားမယ်ဆိုရင် တစ်လစာလောက် စားချင်စားနိုင်တယ်၊ နှစ်လသုံးလလည်း စားချင်စားနိုင်တယ်၊ အဲဒါ ကိုယ့်မြိုးခြံပြီးတော့ ကိုယ့်အတွက် မြိုးခြံပြီးသကာလ သူတစ်ပါးတွေ ချမ်းသာကြပါစေ. . . လို့ ဒီလက်နှစ်ဘက်နဲ့ ဆွမ်းတွေလောင်း ဟင်းတွေပေး သင်္ကန်းတွေကပ် နဝကမ္မတွေ လှူ အဲဒါ ဘုရားလောင်း သူတော်ကောင်းကြီး လောင်းလျာတွေရဲ့ လက်ကလည်း ဒီလိုပဲ၊ သူများချမ်းသာအောင် ပေးဖို့ အလုပ်လုပ်နေတာ၊ ဟော-မိမိတို့ လက်ကလည်း အဲဒီအလုပ် လုပ်နေတာ။

ဒါကြောင့် သူတော်ကောင်းတွေရဲ့ လက်အင်္ဂါက လက်နှစ်ဘက်က ပေးတယ်၊ ဝေတယ်၊ မျှတယ် ဒီလို နေလေ့ရှိတယ်၊ အဲလိုနေပြီးတော့ သူများကို ပေးပြီးတော့ ကိုယ့်အတွက်က ဘာယူသွားတုန်းဆိုတော့ အိုနာသေရေး ဒုက္ခဘေးကင်းဝေးတဲ့ နိဗ္ဗာန်စာတ်ကြီး ဆွဲယူသွားတယ်၊ ဒါ သူတော်ကောင်းတွေရဲ့လက်က ဒီသဘောရှိတယ်၊ ကိုယ့်ရှိတဲ့ပစ္စည်းကို သူများဝေ ပေးကမ်းခြင်းဆိုတဲ့ ဒါနကောင်းမှု ပြုပြီးတော့ ကိုယ့်အတွက် ဘာယူလိုက်တုန်း---

ဣဒံ မေ ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု. . .။

သတ္တဝါတွေ ချမ်းသာအောင် ပေးကမ်းရတဲ့၊ ဝေငှကမ်းလှမ်းရတဲ့ ကောင်းမှုသည်. . . ကျွန်ုပ်အတွက် အိုနာသေးရေး ဒုက္ခဘေးကြီး ကင်းဝေးငြိမ်းပြတ်တဲ့ သန္တိသုခ နိဗ္ဗာနဓာတ် ဆုလာဘ်ကြီးကို ရပါရစေ, ရပါစေသား. . . လို့ နိဗ္ဗာန်ကို ဒီလက်နဲ့ ပြန်ဆွဲယူတယ်၊ ဒါကို စာလိုတော့ ဒါနရတော-တဲ့ ဝေငှကမ်းလှမ်းနေရတာ ပျော်တယ် သူက၊ ပဌမပါဏီ-လက်က ဖြူစင်သန့်ရှင်းတယ်၊ သန့်ရှင်းသော လက် ဖြူစင်သောလက်၊ မြင့်မြတ်သောလက် ဖြစ်နေတယ်၊ ဘုရားလောင်းကြီးနဲ့ ဘုရားလောင်း သူတော်ကောင်းတွေရဲ့လက်နဲ့ တူနေတယ်၊ ရဟန္တာယောကျ်ား ရဟန္တာမ အလောင်းအလျာ သူတော်ကောင်းမကြီးတွေရဲ့လက်နဲ့ တူနေပြီ ကိုယ့်လက်က။ သူယုတ်မာလက်နဲ့ သွားမတူစေရဘူး။

ဒီလက်ကပဲ သတ်တာပဲ၊ ဒီလက်ကပဲ သူများပစ္စည်း ခိုးတာပဲ၊ သူများပစ္စည်း ခိုးတော့လည်း ဒီလက်နှစ်ဘက်နဲ့ ခိုးတာ၊ သူများပစ္စည်း ဓားပြတိုက်တော့လည်း ဒီလက်နှစ်ဘက်နဲ့ သေနတ်ကြီးပြပြီးတော့ ဓားကြီးပြပြီးတော့ လုတာပဲ၊ ဓားကြီးကိုင်ပြီးတော့ ရိုက်သတ် ထိုးသတ်, ခုတ်သတ်, ပစ်သတ်။ ဒီလက်နှစ်ဘက်ဟာ အပါယ်လည်း ကျနိုင်တယ်၊ နိဗ္ဗာန်လည်း ပို့နိုင်တယ်၊ အပါယ်လည်း ချနိုင်တယ်၊ နတ်ရွာလည်း ပို့နိုင်တယ်၊ လူ့ပြည် နတ်ပြည် ဗြဟ္မာပြည်လည်း ပို့နိုင်တယ် ဒီလက်နှစ်ဘက်က။ အဲဒီတော့ ဒီလက်ဟာ သူတော်ကောင်းတွေရဲ့လက်နဲ့ တူစေရတယ်. . .။ ဒီနေ့ ကိုယ့်လက်နှစ်ဘက်ဟာ သူတော်ကောင်းကြီးတွေရဲ့လက်နဲ့ တူတဲ့နေ့ပဲ။ သူတော်ကောင်းကြီးတွေလက်က ဘယ်လိုလုပ်လေ့ရှိတုန်း-

◈ သူတောင်းလောင်းလျာ, လက်အင်္ဂါ,
အမြဲချမ်းသာ ဆောင်မြဲတည်း. . .။

သူတော်ကောင်းတွေရဲ့လက်က ပေးလေ့ဝေလေ့ရှိတယ်၊ သူများချမ်းသာဖို့ ဆောင်လေ့ရှိတယ်၊ အဲဒီလိုပဲ မိမိတို့လက်နှစ်ဘက်ကလည်းပဲ သူတော်ကောင်းလောင်းလျာကြီးတွေရဲ့ လက်နှစ်ဘက်နဲ့ တူအောင် ကျင့်ဆောင်နိုင်တဲ့ နေ့. . .။ "သူတော်လောင်းလျာ, ခြေအင်္ဂါ, ပေးရာဝေရာ, သွားမြဲတည်း". . . တဲ့။ သူတော်ကောင်းတွေရဲ့, ဘုရားလောင်းလျာကြီးတွေရဲ့ ခြေနှစ်ဘက်က သူများပေးဖို့ရာနေရာ သွားလေ့ရှိတယ်၊ သူများကို ဝေရမယ့်နေရာ သွားလေ့ရှိတယ်၊ သူများချမ်းသာအောင် အကျိုးဆောင်ရမယ့်နေရာ သွားလေ့ရှိတယ်၊ သူများဝေတာပေးတာပဲ၊ အဲလိုပေးရ ဝေရမယ့်နေရာ ခြေထောက်နှစ်ဘက်နဲ့ သွား. . . ပြီးတော့ လှူလေ့ပေးလေ့ရှိတယ် သူတော် ကောင်းကြီးတွေရဲ့ ခြေထောက်က။

http://www.dhammadownload.com



ဒီနေ့ အလှူ့ဒကာဦးလှမြင့် အလှူ့အမဒေါက်တာ ဒေါ်နီနီပင်းတို့ရဲ့ ခြေထောက်နှစ်ဘက်က ဘယ်ကို သွားတာတုန်းလို့ ကြည့်ကြည့်စမ်းပါလား။ ဒီနေ့ မန္တလေးမြို့ကနေပြီး အမရပူရ မဟာဂန္ဓာရုံကို လှမ်းလှမ်းပြီးတော့ လာခဲ့တာ ဘာအတွက်လှမ်းတာတုန်း။ ပေးဖို့ လှမ်းတာ၊ ဝေဖို့ လှမ်းတာ၊ သူများချမ်းသာ အောင်လုပ်မလို့ လှမ်းတာ၊ အဲဒါ သူတော်ကောင်းကြီးတွေနဲ့ သွားတူတာပဲ၊ "သူတော်လောင်းလျာ, မျက်စိအင်္ဂါ, ပေးစရာ ဝေစရာ, ကြည့်မြဲတည်း . . . "တဲ့။ သူတော်ကောင်းလောင်းလျာတွေရဲ့ မျက်စိနှစ်ဘက်ဆိုတဲ့ အင်္ဂါနှစ်ခုက သူများ ပေးစရာ ဝေစရာ မျှစရာတွေ ကြည့်လေ့ရှိတယ်၊ သူယုတ်မာတွေ မျက်စိကတော့ သူများပစ္စည်းယူဖို့, အလစ်သုတ်ဖို့, ခိုးဖို့တိုက်ဖို့ ကြည့်လေ့ရှိတယ်၊

"သူတော်လောင်းလျာ, မျက်စိအင်္ဂါ, အများချမ်းသာ ဆောင်မြဲ တည်း. . ." မျက်စိနှစ်ဘက်နဲ့ သူ-ဘယ်လိုလုပ်ပြီးတော့ ငါအကျိုးဆောင်ရင် ချမ်းသာပါ့မတုန်းလို့ သူတော်ကောင်းတွေရဲ့မျက်စိက အဲလို ကြည့်လေ့ရှိတယ်တဲ့။

အဲ-သူယုတ်မာကတော့ ဒီလိုမဟုတ်ဘူး၊ ဒီမျက်စိပဲ သူယုတ်မာလည်း ဒီမျက်စိပဲ၊ သူတော်ကောင်းလည်း ဒီမျက်စိနှစ်လုံးပဲ၊ သူတော်ကောင်းက မျက်စိ လေးလုံး ပိုမပေါက်ဘူး။ ဒီမျက်စိနှစ်လုံးပဲ၊ ဒီမျက်စိနှစ်လုံးပေမယ့်လို့ သူက ကြည့် ပုံကိုက သူများချမ်းသာအောင်ကြည့်တယ်၊ သူများအကျိုးဆောင်ဖို့ ကြည့်တယ်၊ သူယုတ်မာဆိုတဲ့ပုဂ္ဂိုလ်က သူများဆင်းရဲအောင် ကြည့်တယ်၊ သူများရဲ့ ပစ္စည်း ခိုးဖို့ကြည့်တယ်၊ သူများကို သတ်ဖို့ကြည့်တယ်၊ သူများကို ညှင်းဆဲဖို့ ကြည့်တယ်၊ သူများဒုက္ခရောက်ဖို့ ကြည့်တယ်၊ မတူဘူး မျက်စိက။

❖ သူတော်လောင်းလျာ, နားအင်္ဂါ, ဓမ္မဒေသနာ ကြားမြဲတည်း. . .။

သူတော်ကောင်းတွေရဲ့ နားနှစ်ဘက်က အသိဉာဏ် ဗဟုသုတတိုးမယ့်, အသိအလိမ္မာတိုးမယ့် တရား၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးများရဲ့တရားကို နာကြားလေ့ရှိတယ်၊ မိကောင်းဖကောင်း ဆရာသမားကောင်းတွေရဲ့ အဆုံးအမကို နာယူလေ့ရှိတယ်၊ မှတ်သားလေ့ရှိတယ်၊ သတိထားလေ့ရှိတယ် နားနှစ်ဘက်က။ သူယုတ်မာတွေက အဲဒီလိုမဟုတ်ဘူး၊ ဒီလိုတရားဒေသနာ နာကြားရမယ့်နေရာ ဆို မလာဘူး သူ၊ ဒီနား အသုံးမချဘူး သူက၊ ဘယ်လိုနေရာ အသုံးချတုန်း သတ်ဖို့ ဖြတ်ဖို့ သတင်းကြားမယ့်နေရာ၊ ခိုးဖို့ ဝှက်ဖို့ကြားမယ့်နေရာ၊ သူများဆင်းရဲ ဒုက္ခရောက်မယ့် အလုပ်ကိုလုပ်ဖို့ ဘယ်လိုလုပ်ရတယ်၊ဘ ယ်လိုဝင်ရတယ်၊ ဘယ် လို ထွက်ရတယ်၊ ဘယ်လိုသတ်ရတယ်၊ ဘယ်လိုဖြတ်ရတယ်၊ ဘယ်လိုယူရတယ် ဆိုတဲ့ အဲဒီ နည်းလမ်းတွေကြားရမယ့်နေရာ သွားတယ်၊ ဒီနားနှစ်ဘက်က မှာဘူး။ ဒါကြောင့် ကိုယ့်ရဲ့လက်နှစ်ဘက်, ကိုယ့်ရဲ့ခြေနှစ်ဘက်, ကိုယ့်ရဲ့မျက်စိနှစ်ဘက်, ကိုယ့်ရဲ့ နားနှစ်ဘက်၊ ဟော-

http://www.dhammadownload.com



◆ သူတော်လောင်းလျှာ, နှုတ်အင်္ဂါ, ပေးစရာ ဝေစရာ, ဆိုမြဲတည်း. . .။

နှုတ်အင်္ဂါဆိုတဲ့ ပါးစပ်ပေါက်ကလည်း သူတော်ကောင်းလျှောင်းလျှာတွေရဲ့ ပါးစပ်က သူများချမ်းသာဖို့ ပေးဖို့ ဝေဖို့ ပြောလေ့ရှိတယ်၊ သူများချမ်းသာဖို့ မသတ်ပါနဲ့၊ မရိုက်ပါနဲ့၊ မညှင်းဆဲပါနဲ့၊ မလုပ်ပါနဲ့၊ မခုတ်ပါနဲ့ ဒီလို သူများချမ်းသာအောင် ဒါန ပြောလေ့ရှိတယ်၊ သီလပြောလေ့ရှိတယ်၊ သူများချမ်းသာအောင် မသတ်ပါနဲ့ မခုတ်ပါနဲ့ဆိုတာ သီလပြောတာ၊ ပေးဖို့ ဝေဖို့ ပြောနေတယ်ဆို တာက ဒါနပြောတာ၊ အဲဒီလို ဒါနသီလစတဲ့ ပါရမီကုသိုလ်ကောင်းမှုတွေနဲ့ပတ်သက်တဲ့စကားတွေကို ဒီနှုတ်က မြွက်ပြီးတော့ ပြောလေ့ရှိတယ်၊ သူယုတ်မာလည်း ဒီပါးစပ်ပဲ၊ ဒီသုံးဆယ့်နှစ်ချောင်း သွားအပေါင်းနဲ့ ဒီလျှာတစ်ခု တန်ဆာဆင်ထားတဲ့ ဒီပါးစပ်ပေါက်ပဲ သူယုတ်မာလည်း၊ သူတော်ကောင်းလည်း ဒီသုံးဆယ့်နှစ်ချောင်း သွားအပေါင်းပဲ၊ သူတော်ကောင်းက သွားတွေ ပိုမပေါက်ပါဘူး၊ လျှာလည်း နှစ်ခု မပါပါဘူး၊ ပါးစပ်လည်း ဒီတစ်ပေါက်ပဲ။ သို့သော် ထွက်လာတဲ့အသံက သူများအကျိုးဆောင်ချင်တဲ့အသံ, မေတ္တာသံ ကရုဏာသံ, ပေးချင် ကမ်းချင်, ဝေချင်မျှချင်တဲ့အသံ၊ ယူကြပါ ငင်ကြပါ, စားကြပါ, သောက်ကြပါ။ ဟော-တော်ကြာကျတော့ ပရိသတ်တွေလေ သံဃာတော်တွေ ဆွမ်းလောင်းတဲ့ "သံဃဿ ဒေမ နိယ္ယာနဿ ပစ္စယော ဟောတု၊ သံဃဿ ဒေမ နိယ္ယာနဿ ပစ္စယော ဟောတု" ကဲကဲ-လောင်းကြ၊ ဒီတက်က လောင်းကြ, ဟိုဘက်က လောင်းကြ, သားက လောင်းဟဲ့၊ သမီးက လောင်းဟဲ့ ဒီလို ဒါနသံလေ၊ ဖိတ်မန္တက ပြုထားတဲ့ ပရိသတ်တွေလာတော့ စားကြပါ သောက်ကြပါ, ကျွေးကြပါ မွေးကြပါ ဒီမှာ ဟင်းလိုက်ပါဦး၊ ဟိုမှာ ပေးပါအုံး ဒါနသံလေ၊ ကောင်းတဲ့အသံလေ၊

အဲ-သူယုတ်မာက ဒီလိုမဟုတ်ဘူး၊ ဒီပါးစပ်ပေါက်ကပဲ လုယက်ဖို့ ဒီပါးစပ်ပေါက်က ပြောတယ်၊ သတ်ဖို့ ဖြတ်ဖို့ ဒီပါးစပ်ပေါက်နဲ့ တိုင်ပင်တယ်၊ အဲဒီလိုအားဖြင့်ပေါ့လေ သူတော်ကောင်းရဲ့ လက်, ခြေ, မျက်စိ, နား, နှုတ်, မနောဆိုတဲ့ စိတ်အကြံကတော့ ဒါ ပြောစရာမရှိတော့ဘူးပေါ့၊ အတွင်းက မနောဓာတ်က သူတော်ကောင်းရဲ့ မနောဓာတ်က စိတ်ကူးကတည်းက သူများချမ်းသာဖို့ သူများဘေးကင်းဖို့ သူများအန္တရာယ်ကင်းဖို့ စိတ်ကူးကြံစည်နေတဲ့ မနောကံဖြစ်သလိုပဲ မိမိတို့သန္တာန်မှာလည်း အဲဒီမနောကံတွေ ဖြစ်စေရတယ်၊ ဒါ့ကြောင့်-

◆ သူတော်လောင်းလျှာ, လက်အင်္ဂါ, ပေးကာဝေကာ နေမြဲတည်း။
ငါတို့မှာလည်း, ထို့တူပဲ, အမြဲဖြစ်အောင် ကြိုးစားမည်။

ကိုယ့်ခန္ဓာကိုယ်ကရှိတဲ့ လက်ကလေးလည်း အဲဒီသူတော်ကောင်း တွေရဲ့ လက်တွေလိုပဲ ဖြစ်စေရမယ်. . . လို့ ဒီလို ခြေထောက်နှစ်ဘက်ကိုလည်း သူတော်ကောင်းတွေရဲ့ ခြေထောက်နဲ့တူအောင်၊ မျက်စိနှစ်ဘက်, နားနှစ်ဘက် ပါးစပ်ကို

http://www.dhammadownload.com



လည်း သူတော်ကောင်းတွေရဲ့ မျက်စိနားပါးစပ်နဲ့တူအောင် ကျင့်ဆောင်ခြင်းဖြင့် လူနဲ့တူတဲ့ လူဖြစ်အောင် ကျင့်ဆောင်နိုင်ရတယ် . . .။

ကဲ-ဒီတော့ ဒီနေ့ မိမိတို့က လူ့ဘဝ လူ့ခန္ဓာ ရထားတဲ့အပြင်တဲ့ မနုဿတ္တ ဒုလ္လဘ-လူ့ဘဝ ရခဲတယ် ရခဲတယ်ဆိုတာ အဲဒီ ပရမတ္ထ မနုဿကမှ ပိုပြီးတော့ ရခဲတာ၊ ဟို-ဓရဲသားလို လူ, တိရစ္ဆာန်လိုလူ, ပြိတ္တာလိုလူတွေကတော့ ဖြစ်ပါတယ်, လောကအပြည့်ပါ၊ ရှိပါတယ်။

အေး. . . အဲဒီထဲကနေပြီးတော့ ပရမတ္ထ မနုဿဆိုတဲ့ လူနဲ့တူတဲ့ လူဖြစ်အောင် တို့ဒီနေ့ ကျင့်ဆောင်ကြရင်း ကျင့်ဆောင်တဲ့အမှုကိုပြုရင်း၊ ဒီနေ့ ရဟန်းခံ ရှင်ပြုမင်္ဂလာကြီးများကို လာရောက်ကျင်းပ ပြုလုပ်ကြရင်းနဲ့ ဒို့ သံဃာတော်(၆၀၀)ကျော်ကို ဆွမ်းဘောဇဉ်တွေ ဆက်ကပ်ကြခြင်း၊ ပရိသတ်ပေါင်း (၃၀၀) ကျော်တို့ကို ဖိတ်မန်ကျွေးမွေးကြခြင်း၊ ပင့်သံဃာတော် ဆရာတော် အရှင်မြတ် (၁၀)ပါးတို့အား နဝကမ္မကျပ်(၁၀၀)ကျော်နှင့်တကွ နှစ်ထပ်သင်္ကန်း အစရှိတဲ့ လှူဖွယ်တွေကို ဆက်ကပ်လှူဒါန်းသမှုကို ပြုကြခြင်းဖြင့် ဒို့ မိမိတို့ခန္ဓာကိုယ်ကို လူနဲ့တူတဲ့ လူဖြစ်အောင် ကျင့်ဆောင်နိုင်တဲ့နေ့ . . . လို့၊ အခုလို အကြီးအကျယ် ပြုရင်းနဲ့လည်း လူနဲ့တူတဲ့လူဖြစ်အောင် ကျင့်ဆောင်နိုင်ကြတဲ့အပြင်၊ နေ့စဉ်နေ့စဉ် လည်းပဲ အဲဒီလူနဲ့တူတဲ့လူတွေဖြစ်အောင် ကျင့်ဆောင်ကြိုးကုတ် အားထုတ် နိုင်ရတယ်။

အခုလို အကြီးအကျယ်လာပြုမှ မဟုတ်ဘူး၊ နေ့စဉ်ကိုယ့်အိမ်မှာ နေရင်း နဲ့လည်းပဲ ကိုယ့်ခန္ဓာကိုယ်၊ ကိုယ့်လက်, ကိုယ့်ခြေ, ကိုယ့်မျက်စိ, ကိုယ့်နား, ကိုယ့်ပါးစပ်, ကိုယ့်စိတ်ကလေးကို ပရမတ္ထ မနုဿခေါ်တဲ့ လူနဲ့တူတဲ့လူတွေ ဖြစ်အောင် ကျင့်ဆောင်ပေးကြ. . .။ အကျဉ်းချုပ်ကတော့ ဒါနရယ်, သီလရယ်, ဘာဝနာရယ် ဒီသုံးလုပ်ကို အမြဲလုပ်နေလို့ရှိရင် လူနဲ့တူတဲ့လူတွေရောက်တဲ့နေရာ ရောက်တာပေါ့၊ လူနဲ့တူတဲ့လူတွေ ဘယ်ရောက်ကြတုန်း မဂ်ဖိုလ်နိဗ္ဗာန် မဝင်သေး သမျှ လူ့ရွာ နတ်ထံ ချမ်းသာစံပြီးတော့ နောက်ဆုံးကျတော့ အိုနာသေရေး ဒုက္ခ ဘေးကြီး ကင်းဝေးလွတ်မြောက်ရာ သန္တိသုခ နိဗ္ဗာန်ရောက်ကြတယ်၊ ရကြတယ်၊ အဲဒီလိုရအောင် နောက်ဆုံး ဒီမျက်လုံးလေး နှစ်လုံးကိုလည်းပဲ ပရမတ္ထ မနုဿတွေ ကြည့်လေ့ရှိတဲ့ အမှန်တရားဆိုက်အောင် ထွင်းဖောက်ပြီးတော့သိတဲ့ အသိ ရောက်အောင် ကြည့်ပေး. . .။

ဒီမျက်စိနှစ်ဘက်ကို အပေါ်ယံလေးတင် ရှုပ်ပြီးမကြည့်ဘဲနဲ့ အတွင်းထဲ ရောက်အောင် ထွင်းဖောက်ပြီးတော့ ကြည့်တဲ့ အလေ့လုပ်ပေး. . .။ ပိုပြီးတော့

http://www.dhammadownload.com



ရှင်းအောင်ပြောရရင် ဒီမျက်စိနှစ်ဘက်နဲ့ မြင်နေကျဖြစ်တဲ့ တစ်ခုတစ်ကောင် တစ်ယောက်တင် မကဘဲနဲ့ သူ့ရှိတဲ့ပင်ရင်းဖြစ်တဲ့ နှစ်ခုနှစ်ကောင် နှစ်ယောက် မြင်အောင် ကြည့်ပေး. . .၊ ဒီမျက်စိနှစ်ဘက်က မြင်နေကျက ဘာမြင်မြင် တစ်ခုပဲ မြင်တယ်၊ အဲဒီတစ်ခုမြင်ရင် အမှန်ထိ မဆိုက်သေးဘူး၊ ဘုန်းကြီးတို့ ဒီမျက်စိ နှစ်လုံးနဲ့ သာမန်ကြည့်လိုက်ရင် လူတစ်ယောက်မြင်ရင် ယောကျ်ားလို့မြင်တယ်၊ ယောကျ်ားတစ်ယောက်လို့ မြင်တယ်၊ အဲဒါ သစ္စာမဆိုက်သေးဘူး၊ အမှန်မဆိုက် သေးဘူး၊ မှန်သလောက်တော့ မှန်ပြီ၊ ယောကျ်ားလို့မြင်တာ မှန်သလောက်တော့ မှန်ပါပြီ၊ မိန်းမမှ မဟုတ်ဘဲနဲ့ ယောကျ်ားကို ယောကျ်ားလို့မြင်တာ ဟုတ်ပါတယ်၊ သို့သော် ယောကျ်ားလို့ တစ်ခုလို့ တစ်ကောင်လို့ မြင်တာဟာ မှားနေသေးတယ်၊ နှစ်ခုလို့ မြင်ရတယ်၊ ဘာတုန်း နှစ်ခုက နာမ်နဲ့ရုပ်, ရုပ်နဲ့နာမ်။

အခု အလှူခံပုဂ္ဂိုလ် သံဃာ(၆၀၀)ကျော် ဆွမ်းလောင်းတော့ သံဃာ တော်တွေ တစ်ပါးတစ်ပါးနဲ့ မြင်တာပေါ့၊ ဆွမ်းလောင်းတော့ အဲလိုမြင်နေလို့ရှိရင် ဒါပြည့်စုံတဲ့အမြင် မဟုတ်သေးဘူး၊ မှန်သလောက်တော့ မှန်ပါတယ်၊ သမုတိ သစ္စာကတော့ မှန်ပါတယ်၊ တစ်ပါးကို တစ်ပါးလို့သာ သိတာ မုသားလွတ်ပေါ့၊ သမုတိသစ္စာဆိုတာ မုသားလွတ်ရုံမှန်တဲ့ အမှန်ပြောတာ၊ တစ်ပါးကို တစ်ပါးလို့ ပြောမှပဲ မှန်ပါတယ်၊ တစ်ပါးကို နှစ်ပါးလို့ပြောရင် မှားမှာပေါ့၊ ကိုယ်က တစ်ပါး လှူပြီး နှစ်ပါးလှူပါတယ်ပြောရင် မှားမှာပေါ့၊ လိမ်ရာရောက်မှာပေါ့၊ ဒါကြောင့် မုသားလွတ်ရုံတော့ မှန်တယ်၊ သို့သော်-

◆ ခန္ဓာကာယ, တစ်လံမျှ၌, နှစ်ဝနာမ်ရုပ်, ဖြစ်၍ချုပ်၏. . . .။

အလျားတစ်လံ အနံတစ်ထွာမျှရှိတဲ့ ဒီခန္ဓာကာယထဲမှာ အဟုတ်ရှိနေတာ ဘာရှိတုန်း နာမ်နဲ့ရုပ်, ရုပ်နဲ့နာမ်။ အခု အလှူ့ဒကာ အလှူ့အမတွေပဲ ကိုယ့်ခန္ဓာ ကိုယ်လေးကို ပြန်ကြည့်ရင် 'ငါ' 'ငါ'နဲ့ထင်နေတယ်၊ အလှူ့ဒကာကလည်း ငါဆွမ်းလောင်းနေတာ၊ ငါဆွမ်းလောင်းနေတာဆိုတာ ငါတစ်ယောက်တည်းလို့ ထင်နေတာ၊ ဟိုဘက်ကအလှူ့အမလောင်းနေတာဆိုတော့ သူတစ်ယောက်တည်း လို့ ထင်နေတာ၊ အမှန်က မဟုတ်ဘူး၊ နှစ်ယောက်ပါ။ လောင်းချင် လှူချင်တဲ့ နာမ်၊ လောင်းဟန်လှူဟန်ပြုတဲ့ရုပ်၊ ဟော-ဒီနှစ်ခုရှိတယ်၊ အစစ်အမှန်အရှိ တရားကြီးက နာမ်ရုပ်ပဲ။

◆ လောင်းချင်တာကနာမ်, လောင်းဟန်ပြုတာက ရုပ်၊
သူမဟုတ်, ငါမဟုတ်, လောင်းတာ နာမ်နဲ့ရုပ်။

လှူတာနာမ်နဲ့ရုပ်၊ ဟော-အစစ်အမှန် ပရမတ္ထသဘာဝနဲ့ ရှာကြည့်တော့ လှူချင်တန်းချင်တဲ့ နာမ်တရားရယ်၊ လှူဟန်ပြုတဲ့ ရုပ်တရားရယ် ဒီနှစ်ပါး

http://www.dhammadownload.com



ပေါင်းစပ်ပြီးတော့ တွဲပြီးတော့ လှုပ်ရှားနေတာကိုပဲ ဒါလှုနေတယ်၊ နာမည် ဆိုင်းဘုတ် ဆွဲထားတယ်၊ ဦးလှမြင့်လို့ဆိုင်းဘုတ်ကလေးဆွဲထားတော့ အဲဒီတင် သူကငါလှုနေတယ် ငါလှုနေတယ်နဲ့ ငါထင်နေသကိုး၊ နာမ်ရုပ် ငါသွားထင် တော့ အဲဒီတင် သက္ကာယဒိဋ္ဌိဝင်ပြီးတော့ ရောဂါကုန်တာ သစ္စာမဆိုက်ဘူး၊ သစ္စာမဆိုက် ဘူးဆိုတာ အရှိမှန်ထိ မမြင်သေးဘူး၊ အဟုတ်ရှိထိ မမြင်သေးဘူးလို့ ဆိုတာပါ။ အဟုတ်ရှိထိ မြင်အောင်က အတွင်းမှာ ထွင်းဖောက်ပြီးတော့ ကြည့်လိုက်ရတယ်၊ အတွင်းထွင်းဖောက်ကြည့်လိုက်တော့မှ အဟုတ်ရှိ အမှန်ရှိ ဆိုက်သွားတာ၊ အဲဒီ အဟုတ်ရှိ အမှန်ရှိကို ပါဠိလို သစ္စာလို့ခေါ်တယ်၊ သစ္စာမြင်အောင် ကြည့်ရမှာ။

ဒီတော့ နဂိုပင်ရင်း မူရင်းအရှိကို မြင်အောင်ကြည့်ရတယ်လေ၊ ပွဲထဲက ရုပ်သေးရုပ်ကလေး ရုပ်သေးစင်ပေါ်က ရုပ်သေးရုပ် မင်းသမီးရုပ်ကလေး ကကြိုး တန်ဆာတွေ တစ်ခါတည်း လုံချည်အင်္ကျီတွေ ဆင်ပြီးတော့ အတက်က ကြိုးဆွဲ သမားက ကြိုးနဲ့ဆွဲပြီးတော့လှုပ်လို့ ကနေတော့ အောက်က ကလေးက အောက်က ကြည့်ပြီးတော့ ဘယ့်နဲ့ထင်နေတုန်းဆိုတော့-အရုပ်က လှုပ်နေတယ်၊ လှုပ်တတ်တဲ့ အကောင်ကလေး လှုပ်နေတာ၊ လှုပ်တတ်တဲ့ လူတစ်ယောက် လှုပ်ပြီးနေ့၊ လှုပ် တတ်တဲ့ အကောင်တစ်ကောင် လှုပ်နေတယ်လို့ ထင်တယ်၊ လူကြီးကတော့ သိတယ်၊ အော်-ဒါသစ်သားရုပ်ကြီးနဲ့ အပေါ်ကဆွဲကြိုးနဲ့ တွဲလိုက်လို့ လှုပ်နေတာ၊ ကကယ့်သက်ရှိလည်း မဟုတ်ဘူး၊ တကယ့်သတ္တဝါလည်း မဟုတ်ဘူး၊ သစ်သား ရုပ်နဲ့ ဆွဲကြိုးနဲ့တွဲလို့ လှုပ်နေတာပဲ. . . ။

သစ်သားရုပ်ချည်း သက်သက်ဆိုရင်လည်း မလှုပ်နိုင်ဘူး၊ ဆွဲကြိုးချည်း သက်သက် တွဲလဲလျောက်သွားနေလည်း ဒီအရုပ်ရဲ့လှုပ်ရှားမှု မပေါ်ဘူး၊ ဆွဲကြိုးနဲ့ သစ်သားရုပ်နဲ့တွဲလို့ လှုပ်တယ်၊ လူကြီးက သိတယ်၊ ကလေးက အဲဒီလိုထိ ခွဲခြမ်း စိတ်ဖြာပြီးတော့ မသိဘူး၊ သူက လှုပ်တတ်တဲ့ အကောင်တစ်ကောင် လှုပ်နေတယ်၊ မင်းသားဆို အဟုတ် မင်းသားကောင်က လှုပ်နေတယ်၊ အဟုတ် မင်းသမီးကောင် လှုပ်နေတယ် ထင်တာပဲ သူက၊ လှုပ်တတ်တဲ့ အကောင်ရှိတယ်လို့ ထင်နေတယ်၊ အဲဒီလိုပါပဲ ဘုန်းကြီးတို့ရဲ့ ပုဂ္ဂိုလ်သတ္တဝါ သူငါ သမုတ်ပြီးတော့ လှုပ်ရှားပြီတော့ သတ္တဝါကောင်တွေထဲ ဆွဲကြိုးနဲ့တူတဲ့ နာမ်တရား။ လှုပ်ရှားတတ်တဲ့ ရုပ်ခန္ဓာ ကိုယ်ကြီး။ ရုပ်သေးရုပ် ခန္ဓာကိုယ်ကြီးလိုပဲ ဒီခန္ဓာကိုယ်ချည်းသက်သက်ကျတော့ သူဘာမှ မလှုပ်တတ်ဘူး၊ စိတ်ဝိညာဉ်က ချုပ်လိုက်ပြီဆိုရင် သူပုံကျပြီးတော့ မှောက်လျှက်ထား မှောက်လျှက် နေမယ်၊ ပက်လက်ထား ပက်လက်နေမယ်၊ တစောင်းထား တစောင်းနေမယ်၊ ခွေရက်ထား ခွေရက်နေမှာ မလှုပ်ဘူး။ သေသွား တဲ့လူတွေကြည့်။

http://www.dhammadownload.com



ဒီတော့-ရုပ်ခန္ဓာကိုယ်ကြီးသက်သက်က သစ်သားရုပ်ကြီးနဲ့တူတယ်၊ မင်းသား မင်းသမီး ရုပ်ကြီးနဲ့တူတယ်၊ အဲ--ဆွဲကြိုးနဲ့တူတဲ့ နာမ်တရားနဲ့ ပေါင်းလိုက်တော့မှ လှုပ်ရှားပြီးတော့ လာတယ်၊ ဒါဖြင့် လှုပ်ရှားလာတဲ့ ကိစ္စမှာ ဆွဲကြိုးနဲ့ အရုပ် နှစ်ခုပေါင်းလှုပ်သလိုပဲ စိတ်နဲ့နာမ်၊ စိတ်ခေါ်တဲ့နာမ်နဲ့ရုပ်၊ ဒီနှစ်ပါး ပေါင်းပြီးတော့ လှုပ်ရှားသွားလာခြင်းအမှု ပြုနေတာပါပဲ. . . လို့ ကြည့်လိုက်တော့ လှုပ်ရှားတတ်တဲ့မိန်းမ မရှိဘူး၊ လှုပ်တတ်တဲ့သတ္တဝါ မရှိဘူး၊ လှုပ်တတ်တဲ့ဇီဝ မရှိဘူး၊ လှုပ်တတ်တဲ့အတ္တ မရှိဘူး၊ အဲဒီလို မြင်လိုက်တော့မှ အမှန်မြင်ခေါ်တယ်၊ အဟုတ်မြင်ခေါ်တယ်၊ အရှိမြင်ခေါ်တယ်၊ အဲဒါကို မြင်အောင်ကြည့်ရမှာ။

❖ ခန္ဓာကာယ, တစ်လံမျှဌ်, နှစ်ဝနာမ်ရုပ်, ဖြစ်၍ချုပ်၏၊
ရုပ်, နာမ်နှစ်ပါး, အလွတ်ထားလည်း, ဤကားငါလျှင်,
ဤလျှင် ဇီဝ, ဤအတ္တဟု, ညွှန်ပြဖွယ်ရာ,မရှိပါသည်. . .
ခန္ဓာနာမ်ရုပ် မျှသာတကား. . . . ။

ဒီခန္ဓာကိုယ်ထဲမှာ နာမ်နဲ့ရုပ် နှစ်ပါးပေါင်းပြီးတော့ လှုပ်ရှားနေတာပဲ ရှိပါလား. . . လို့ မြင်တော့မှ အမှန်မြင်ခေါ်တယ်၊ အဲ ဘုရားလောင်း သူတော်ကောင်းတွေ၊ ပစ္စေကဗုဒ္ဓါလောင်း သူတော်ကောင်းကြီးတွေက မျက်စိက အဲဒီ အထိ မြင်ကြတယ်၊ မိမိတို့ကလည်း အဲဒီအထိ မြင်အောင်လိုက်ရမှာ၊ အဲဒီအထိ မြင်လိုက်ရတော့မှ သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာတွေဖြစ်ကြမယ်၊ ဒါ့ကြောင့် လျှုတဲ့နေရာ၊ လှူစရာကို မြင်တာ တစ်စိပ်တစ်ပိုင်း ဟုတ်သွားပြီ၊ သူများ ချမ်းသာအောင်လုပ်ချင်တဲ့ မျက်စိ ဟုတ်သွားပြီ၊ သူများချမ်းသာအောင် ပြုလုပ်ချင်တဲ့ လက်နှစ်ဘက် ခြေနှစ်ဘက် နားနှစ်ဘက် မျက်စိနှုတ်, ဟုတ်သွားပြီ ဟုတ်သလောက်။

သို့သော်-ရှေ့ဆက်ဟုတ်ဖို့ လိုသေးတယ်၊ အဲဒီရှေ့ဆက်ဟုတ်အောင် မြင်မြင်သမျှ ရုပ်နာမ်ဖြစ်ပျက်၊ ရုပ်နာမ်ဖြစ်ပျက်၊ ရုပ်နာမ်ဖြစ်ပျက်ဟူ၍လည်း ကောင်း၊ မြင်တယ် ကြားတယ် သွားတယ် ရပ်တယ် ထိုင်တယ် ထိတယ်ဟူ၍ လည်းကောင်း၊ မြင်သိပျက်, ကြားသိပျက်, ထိုင်သိပျက်, ရပ်သိပျက်, စားသိပျက်ဟူ၍လည်းကောင်း၊ ရှုပွားတဲ့ ဝိပဿနာဉာဏ် သုံးပေး. . . တဲ့၊ အဲလို သုံးပေးလိုက်တော့မှ အရိယာ သူတော်ကောင်းကြီးတွေရဲ့ မျက်လုံးနဲ့ တစ်ထပ်တည်း ကျသွားပြီး တော့ ရှိရှိသမျှ ရုပ်နာမ်ဓမ္မ သင်္ခါရတွေမှန်သမျှ ကုန်ပျောက် ပြုန်းတီး ပျက်စီးတတ်တဲ့ သဘောပဲဆိုတဲ့ မနောက သိ, ဉာဏ်နဲ့သိပြီးတော့ သုံးဆယ့်တစ်ဘုံ ရုပ်နာမ်ခန္ဓာ ပေါ်မှာ တွယ်တာနှစ်သက်မှုတွေကင်း သမုဒယသစ္စာ တဏှာတွေပြတ်၊ ကိလေသာတွေ ကုန်ခန်းပြီးတော့ ရဟန္တာယောက်ျား ရဟန္တာမအဖြစ်နဲ့ ပရိနိဗ္ဗာန် ဝင်စံနိုင်တဲ့၊

http://www.dhammadownload.com



ဝါ-အိုနာသေးရေး ဒုက္ခဘေးကြီး ကင်းဝေးငြိမ်းပြတ်နိုင်တဲ့ သန္တိသုခ နိဗ္ဗာနဓာတ်ကို ရနိုင်တယ်၊ ရောက်နိုင်တယ်၊ အဲဒီအထိ ကိုယ့်ကိုယ်ကို ပရမတ္ထ မနုဿဖြစ်အောင် လုပ်ရမယ်၊ ကြိုးစားရတယ်။

အဲဒါကြောင့် ဤဝိမာနဝတ္ထုဒေသနာ လူလေးမျိုးတရားတော်ကို နာကြားရတဲ့ အချိန်ကစ၍ မိမိတို့ကိုယ် မိမိတို့ ငရဲသားနဲ့တူတဲ့ လူ, ပြိတ္တာနဲ့တူတဲ့ လူ, တိရစ္ဆာန်နဲ့တူတဲ့လူဆိုတဲ့ ရှောင်ရမယ့် (၃)မျိုးဘေးမှ လွတ်အောင်ရှောင်ကြပြီး သကာလ၊ ပရမတ္ထ မနုဿခေါ်တဲ့ ဘုရားလောင်း, ပစ္စေကဗုဒ္ဓါအလောင်း, အဂ္ဂသာဝက မဟာသာဝကအလောင်း ရဟန္တာ၊ ရဟန္တာမအလောင်း သူတော်ကောင်းကြီးတွေဖြစ်တဲ့ လူနဲ့တူတဲ့လူဖြစ်အောင် နေ့စဉ် ကျင့်ဆောင်ကြိုးကုတ် အားထုတ်နိုင်ကြပါစေကုန်သတည်း. . . ။

နေ့စဉ် လူနဲ့တူတဲ့လူဖြစ်အောင် ကိုယ့်ကိုယ်ကို ကျင့်ဆောင်ကြိုးကုတ် အားထုတ်နိုင်ကြကုန်သည်ဖြစ်၍ ဤကဲ့သို့ လူနဲ့တူတဲ့လူဖြစ်အောင် ကျင့်ဆောင်ကြိုးကုတ် အားထုတ်တော်မူသွားကြတဲ့ ရှေးရေးသော အရိယာနွယ်လောင်း သူတော်ကောင်း သူတော်ကောင်းမကြီးများ ရအပ် ရောက်အပ် သိမြင်အပ်သော သန္တိသုခ နိဗ္ဗာနဓာတ် တရားတော်မြတ်ကြီးကို လျင်မြန်ဆောစွာ ရောက်ကြရ, ရကြရ, မြင်ကြရပါလိုကုန်သောဟူ၍ ပတ္ထနာအောင်ဆု ပြုလိုက်ကြကုန်ရာ သတည်း. . . . ။

သာဓု. . . သာဓု. . . သာဓုပါဘုရား. . . ။

http://www.dhammadownload.com

# ကျောင်းအလှူတရားတော်

ယနေ့ ၁၃၄၄-ခု၊ တပို့တွဲလပြည့်ကျော်(၈)ရက်နေ့ကိုဖြင့် ကျောင်းအမ ဒေါ်ကျင်မြ၊ ဒေါ်ဟန်တို့က အထူးအားဖြင့်မှတ်သားပြီးတော့ အာရုံပြုထားစေလိုပါတယ်။ မြတ်စွာဘုရားသာသနာတော်ကို ပူဇော်တာဟာ ပစ္စည်းလေးမျိုးစုံနဲ့ ပူဇော်နိုင်တယ်ဆိုတဲ့ အခွင့်အလမ်းက လွယ်တဲ့ကိစ္စတော့ မဟုတ်ပါဘူး။ သူက နည်းပါးတယ်ပေါ့။ အထူးသဖြင့် ကျောင်းနဲ့ပူဇော်တဲ့ ကိစ္စကြီးက မဟာသမ္ဘာရတာယ-ကြီးမားသောအဆောက်အဦ ရှိသည်၏အဖြစ်ကြောင့်တဲ့၊ ဆွမ်းနဲ့ ပူဇော်တယ်ဆိုတာက ဆွမ်းတစ်အုပ်နဲ့ ပူဇော်တယ်၊ ဆွမ်းတစ်ထပ် ကျွေးတယ်ဆိုတာက အများစု ပူဇော်နိုင်တယ်၊ ဆိုပါတော့ သင်္ကန်းနဲ့ ပူဇော်တယ်၊ ဆေးနဲ့ပူဇော်တယ်၊ သူက အပ္ပသမ္ဘာရတာယ-နည်းပါးသော အားထုတ်ရာရှိတယ်၊ နည်းပါးသော ကုန်ကျစရိတ်ရှိတယ်၊ ဒါ့ကြောင့် သူက ပူဇော်နိုင်မှုဦးရေ များတယ်ပေါ့။

ကျောင်းလို့ဆိုတဲ့ ဒီသေနာသနကျောင်းအဆောက်ဦးနဲ့ ပူဇော်တယ်ဆိုတာကျတော့ မဟာသမ္ဘာရတရ-တဲ့ ပို၍ကြီးမားသော အားထုတ်ရမှုရှိတယ်၊ ကြီးမားသော အရင်းတည်ဆောက်ရမှုရှိတယ်၊ အဲဒီလို အရင်းအနှီးစိုက်ရတဲ့အပြင် မဟပ္ဖလတရော စ-အကျိုးကျတော့လည်းပဲ အင်မတန်ကြီးမားတဲ့ အကျိုးကို ရပါတယ်။ ဒီတော့ မြတ်စွာဘုရားသာသနာတော်ကြီး သမိုင်းကြောင်းနဲ့ ပြန်ပြီးတော့ ကြည့်လိုက်ရင် ကျောင်းနဲ့ပူဇော်တဲ့သူ၊ ဆွမ်းသင်္ကန်းဆေးနဲ့ ပူဇော်တဲ့သူ၊ အရေအတွက်နဲ့ ကြည့်မယ်ဆိုရင် ဆွမ်းနဲ့ပူဇော်တဲ့သူက- ဥပမာဆိုပါတော့ လူပေါင်းတစ်သိန်းရှိတယ်ဆိုရင် သင်္ကန်းနဲ့ပူဇော်တဲ့လူက ရှစ်သောင်း ကိုးသောင်းလောက် ရှိနိုင်တာပေါ့၊ ဆေးပစ္စည်းပါ ပူဇော်နိုင်တဲ့, သုံးမျိုးစုံ ပူဇော်နိုင်တဲ့သူဆိုတာက ငါးသောင်းလောက် လေးသောင်းလောက် တစ်သောင်းလောက်ရှိမှာပေါ့။ ကျောင်းနဲ့ပူဇော်နိုင်ဆိုတဲ့ပုဂ္ဂိုလ်ကျတော့၊ ဝါ-အထူးသဖြင့် ဆွမ်းသင်္ကန်းကျောင်းဆေး လေးမျိုးစုံနဲ့ ပူဇော်ဖူးတယ်၊ ပူဇော်နိုင်တယ်ဆိုတဲ့လူကျတော့ အဲဒီဆွမ်းနဲ့ ပူဇော်နိုင်တဲ့ တစ်သိန်းထဲမှာ ဆယ်ပုံတစ်ပုံ ရှိချင်မှရှိမယ်။

ဆိုပါတော့ အာရုံပြုကြည့်ပေါ့၊ ခုကျောင်းအမ ဒေါ်ကျင်မြတို့ ဒေါ်ဟန်တို့နေထိုင်တဲ့ မိမိတို့နေထိုင်ရာ မုံရွာမြို့၊ ညောင်ပင်ဈေး၊ တရပ်တန်းမှာပဲ ချိန်ထိုးကြည့်ပေါ့၊ မြတ်စွာဘုရားသာသနာတော်ကို ဆွမ်းနဲ့ပူဇော်နိုင်တဲ့သူတွေ တရပ်တန်းတစ်တန်းလုံး ရှိချင်ရှိပါလိမ့်မယ်၊ ဆွမ်းတစ်ခွက်လှူဖူးတဲ့သူ ရှိမှာပေါ့၊ သင်္ကန်း

http://www.dhammadownload.com



လှူဖူးတဲ့သူကျတော့ နည်းနည်းလေး နည်းသွားတယ်။ ဆေးပစ္စည်းပါ ထောက်ပံ့ လှူဒါန်းဖူးတဲ့သူကျတော့ နည်းနည်းလေး နည်းသွား၊ ကျောင်းပါ လှူဒါန်းဖူးတဲ့သူ ကျတော့ အဲဒီညောင်ပင်ဈေး တရုတ်တန်းမှာ အိမ်ခြေတစ်ရာရှိတယ်ဆိုရင် အဲဒီထဲမှာ ဘယ်နှစ်အိမ်လောက်ရှိမတုန်း ကျောင်းတိုက်ပူဇော်နိုင်တာ၊ အဲဒီလို ချိန်ထိုးကြည့်တယ်ဆိုရင် မြတ်စွာဘုရားသာသနာတော် သမိုင်းကြောင်းမှာ ဆွမ်း သင်္ကန်းကျောင်းဆေး လေးပါးသောပစ္စည်းစုံနဲ့ ပူဇော်ခဲ့ကြတဲ့ သူတော်ကောင်း ကျောင်းဒကာ ကျောင်းအမတွေ စာရင်းထဲမှာ တို့ပါဝင် နိုင်တဲ့နေ့. . . ။ အဲဒီလို မဟာသမ္ဘာရတရ-ခေါ်တဲ့ ကြီးကျယ်သော အားထုတ်ခြင်းရှိပြီး, ကြီးကျယ်သော အရင်းအနှီး စိုက်ရခြင်းရှိပြီးသကာလ ကြီးမြတ်တဲ့အကျိုးကို ရစေနိုင်တယ်. . . ။ ကျောင်းလှူတတ်ပူဇော်ပွဲနဲ့ တို့ ဒီနေ့ ပူဇော်နိုင်တဲ့နေ့. . . ။ ကြီးမြတ်သောအကျိုးကို ရတယ်ဆိုတာ မြတ်စွာဘုရားက သဘာဝနဲ့ တိုက်ဟောတာပါ၊ ဒီကျောင်းအလှူကို မြတ်စွာဘုရားက မဟာသမ္ဘာရတရလို့ အားထုတ်ရမှုကလည်း ကြီးကျယ်တယ်တဲ့၊ မဟပ္ဖလတရ-တဲ့၊ အကျိုးကျတော့လည်း ကြီးကျယ်တယ်တဲ့၊ ဒါက သဘာဝနဲ့တိုက် ဟောတာပဲ မြတ်စွာဘုရားက၊ အရင်းအနှီးများများစိုက်ရင် အမြတ်အစွန်း များ များထွက်တယ်ဆိုတာကတော့ ဒါလောကထုံးစံပဲလေ၊ အရောင်းအဝယ်လုပ်တဲ့ နေရာမှာလည်း အရင်းအနှီး များများစိုက်ရင် အမြတ်အစွန်း များများရတာပဲ၊ အဲဒါလိုပဲ ကျောင်းလှူတာနဲ့ ဆွမ်းအုပ်တစ်အုပ်လှူတာနဲ့ အရင်းအနှီးချင်း၊ အား ထုတ်ရမှုချင်း မတူဘူးလေ။

ဆိုပါတော့-ဆွမ်းတစ်အုပ်ကို လှူတာက ဆွမ်းတစ်ထပ်ကျွေးဖို့ စီမံတာက ဆယ်ရက်လောက်နဲ့ ပြီးချင်ပြီးနိုင်တယ်၊ တစ်နေ့တည်းနဲ့လည်း ပြီးနိုင်တယ်၊ အခု ကျောင်းအမ ဒေါ်ကျင်မြနဲ့ ဒေါ်ဟန်တို့ အခု ဒီကျောင်းဆောင်ကြီး ဆောက်လုပ် လှူဒါန်းမယ်လို့ စိတ်ကူးလိုက်တဲ့၊ ကြံစည်လိုက်တဲ့၊ တိုင်ပင်လိုက်တဲ့အချိန်က စပြီး တော့ ကုသိုလ်စေတနာအဆောက်အဦးတွေ ဘယ်လောက်လို့ မပြောနိုင်ဘူး ကျောင်းအမ နှစ်ယောက်ရဲ့သန္တာန်မှာ။ တိုင်ပင်ကြမယ်လေ တို့ ကျောင်းဆောက်ရ အောင်၊ ဘယ်လိုကျောင်းဆောက်မယ်၊ ဘယ်လိုစီမံမယ်လို့ စတင်ပြီးတော့ အား ထုတ်တဲ့အချိန်က စပြီးတော့ ခုထိအောင် ဒီငွေစိုက်ရတဲ့အရင်းအနှီး အသာထား လိုက်ပါအုံး၊ အားထုတ်မှုဆိုတဲ့ သမ္ဘာရမ္ဘဆိုတာ အားထုတ်မှုကုသိုလ်တွေ အရင်း နှီးတွေ ဘယ်လောက်စိုက်ခဲ့ရတုန်းဆိုတော့ ကိုယ့်ဘာကို ပြန်စဉ်းစားကြည့်ရင် သိပါတယ်။ နှစ်ချီပြီးတော့ ကြာခဲ့တယ်။

အဲဒီ နှစ်ချီပြီးတော့ကြာတဲ့အတွင်းမှာ ဒီကျောင်းဆောင်ကြီးနဲ့ ပတ်သက်ပြီး တော့ ဒီကို လာလိုက်ကြ စီမံလိုက်ကြ, ဝယ်လိုက်ကြ၊ ခြမ်းလိုက်ကြ၊ စိတ်ကူး

http://www.dhammadownload.com



လိုက်ကြ၊ ရောင်းရင်းဝယ်ရင်းလည်းပဲ ရောင်းတဲ့ဝယ်တဲ့အထဲက ကျောင်းအတွက်၊ ကျောင်းအတွက်၊ ကျောင်းအတွက်နဲ့ ကုသိုလ်စိတ်တွေ၊ မြတ်စွာဘုရားက အဲဒါ ပြောတာ မဟာသဗ္ဗာရတရဆိုတာ သူပြောတာ၊ အားထုတ်ရမှု ကြီးကျယ်တယ်တဲ့၊ အဲဒီ အားထုတ်ရမှု ကြီးကျယ်တဲ့အပြင် စိုက်ထုတ်ကုန်ကျရတဲ့ စရိတ်စကကလည်း ကြီးကျယ်တယ်၊ အဲဒီလိုကြီးကျယ်တဲ့အတွက် အရင်းအနှီးက ကြီးကျယ်ထားတော့ အမြတ်အစွန်း ကြီးကျယ်တာပေါ့. . . တဲ့၊ ဒါ့ကြောင့် မဟာပ္ဖလတရဋ္ဌ-သာ၍ ကြီးကျယ်တဲ့အကျိုးကိုလည်းရတယ်။ အဲဒီလိုအားဖြင့် တို့ ဒီနေ့ အရင်းအနှီးကြီး ကျယ်တဲ့ ကုသိုလ်ထုပ်ကြီးကို ပြုလုပ်ရင်း ကြီးမြတ်တဲ့အကျိုးကိုရစေနိုင်တဲ့ ကုသိုလ် ထုပ်ကြီး တို့အားထုတ်ပြီးသကာလ ဒီလိုကြီးကျယ်တဲ့လုပ်ငန်းကြီး၊ ကြီးကျယ် တဲ့ အရင်းအနှီး၊ ကြီးကျယ်တဲ့အမြတ်အစွန်းရစေတဲ့ ကုသိုလ်လုပ်ငန်းမျိုးကို ပြုလုပ် အားထုတ်သွား[illegible]ကျောင်းဒကာ ကျောင်းအမတွေစာရင်းထဲမှာ တို့မှတ်တမ်းတင် ပြီးတော့ ပါဝင်တဲ့နေ့. . . ဒီနေ့ကို မှတ်တမ်းတင်ပြီးတော့ အာရုံပြုထားပါ။ ၁၃၄၄-ခု၊ တပို့တွဲလပြည့်ကျော်(၈)ရက်နေ့။

မြတ်စွာဘုရား ဘုရားစပြီးတော့ဖြစ်လို့ တစ်ဝါသီတင်းသုံးပြီးလို့ ဝါကျွတ်ပြီး တစ်နှစ်လောက်နေပြီးအထိ မြတ်စွာဘုရားမှာ ကျောင်းလှူမယ့်သူ မရှိခဲ့ဘူး။ ဆွမ်း သက်န်းကျောင်းဆေး လေးပါးသောပစ္စည်းမှာ ကျောင်းလှူမယ့်သူက ရုတ်ကနဲ မပေါ်ခဲ့ဘူး။ ပေါ်ဖို့လည်း သတိမရကြဘူး၊ ဘုရားရှင်ကိုယ်တော်မြတ် မဟာသက္က ရာဇ် ၁၀၃-ခုနှစ်၊ ကဆုန်လပြည့်နေ့မှာ ဘုရားဖြစ်တယ်၊ ဘယ်သူမှ ကျောင်းလှူ မယ့်သူ မရှိဘူး၊ အဲ-ဆွမ်းကတော့ရှိတယ်၊ မြို့ထဲသပိတ်ပိုက်ပြီး ဆွမ်းခံကြွလိုက် လောင်းကြတယ်၊ ဆေးပစ္စည်းများလည်း အကြောင်းအားလျော်စွာ ပေါ်ပါတယ် အဲဒီဝါတွင်း အတွင်း။

ဒီတော့ မြတ်စွာဘုရား ကျောင်းအလှူခံရတာကျတော့ တစ်နှစ်ကျော် လောက်ကြာမှ မြတ်စွာဘုရား ကျောင်းလှူမယ့်သူပေါ်တယ်။ အဲဒါ မြတ်စွာဘုရား ဘုရားဖြစ်တော်မူပြီးတော့ ပထမဝါမှာ အားလုံးသိကြတဲ့အတိုင်း ဣသိပတနမိဂဒါ ဝုန်တောမှာ သီတင်းသုံးပြီး ဓမ္မစကြာတရားဟော၊ ပဥ္စဝဂ္ဂီငါးဦး ကျွတ်တမ်းဝင်၊ အဲဒီဝါမှာပဲ ယသသူဌေးသားအမှူးရှိတဲ့ ငါးဆယ်နဲ့ငါးယောက် ပဥ္စဝဂ္ဂီနဲ့ဆိုတော့ ခြောက်ဆယ်၊ ဒီတော့ အဲဒီ ပထမဝါကျွတ်သွားပြီ၊ မြတ်စွာဘုရား ကျောင်းလှူမယ့် သူ မရှိဘူး။ အဲဒီကနေ မြတ်စွာဘုရား ရာဇဂြိုဟ်ကို ကြွမယ်ဆိုပြီးတော့ ဝါကျွတ် တော့ ရာဇဂြိုဟ်ကိုကြွလာတယ်၊ သူ့ရဲ့သာသနာတော် ကမ္ဘာ့ငြိမ်းချမ်းရေးမူဝါဒ လမ်းစဉ်ကြီး ကမ္ဘာလောကမှာ ဖြန့်ဖို့ဆိုပြီးတော့ မြတ်စွာဘုရား အားထုတ်တော် မူရတာ။

http://www.dhammadownload.com



ဒီတော့ သူ့ရဲ့ပါရမီဖြည့်လာတာကလည်းပဲ ဗုဒ္ဓေါ ဗောဓေယျံ-ငါသိသလို သတ္တဝါတွေ သစ္စာလေးပါးသိပြီးတော့ အိုနာသေရေး ဒုက္ခဘေးကြီးတွေကလွတ်စေမယ်လို့ ဘုရားလောင်းပါရမီဖြည့်စဉ်ကတည်းက ကြွေးကြော်လာပြီးဘုရားဖြစ်တော့လည်း ဒီလမ်းစဉ်ကြီးကို မြတ်စွာဘုရား စတင်တော်မူပါတယ်၊ စတင်တော်မူတော့ သတ္တဝါတွေအေးချမ်းဖို့ ချမ်းသာဖို့ရာအတွက် ကမ္ဘာလောကမှာ သူ့ရဲ့သာသနမှုဝါဒငြိမ်းချမ်းရေးလမ်းစဉ်ကြီး ပြဖို့ညွှန်ဖို့ နည်းပေးဖို့ဆိုတော့ သူတစ်ပါးတည်းနဲ့ မဖြစ်ဘူး။ နှမ်းတစ်လုံးနဲ့ ဆီမဖြစ်ဆိုတာလိုပဲ ကမ္ဘာလောကထုက သတ္တဝါအနန္တအများကြီး၊ အဲဒါတွေကို မိမိရဲ့ သာသနမှုဝါဒ လမ်းစဉ်တွေကိုကူညီပြီးတော့ ပြပေးကြမယ့်, သွန်သင်ပေးကြမယ့်, ကူညီပြီးတော့ သာသနာပြုပေးကြမယ့် သာသနာ့တပ်သားတွေဆိုတဲ့ အဖွဲ့စည်းကြီး မြတ်စွာဘုရား ထူထောင်ရတယ်။

ထူထောင်တော့ ဘယ်သူတွေတုန်းဆိုတော့ အဲဒါ ရဟန်းတော်တွေ, ရဟန်းမတွေ, သာမဏေတွေ, သာမဏေမတွေ, သိက္ခမာန်မတွေဆိုတဲ့ ဘုရားရှင်တိုင်း လက်မလွှတ်တဲ့ သာသနဂိုဏ်းဝင် ငါးမျိုး၊ အမျိုးသမီးတွေဘက်က သုံးမျိုး, ရဟန်းမ, သိက္ခမာန်မ, သာမဏေမ၊ အမျိုးသားတွေဘက်ကနှစ်မျိုး ရဟန်းယောက်ျား, သာမဏေ၊ အဲဒီတပ်ကြီးကို မြတ်စွာဘုရား ထူထောင်ရပါတယ်။ အဲဒီအဖွဲ့စည်းကြီးကို ဖွဲ့စည်းရပါတယ်၊ အဲဒါကို ပါဠိလို သံဃာလို့ခေါ်တယ်၊ အဖွဲ့စည်းကြီးပဲ အမှန်ကတော့။ အယူချင်း, သီလချင်း, အကျင့်ချင်းတူတဲ့ အဖွဲ့အစည်းကိုမြတ်စွာဘုရား ထူထောင်တော်မူရတယ်၊ ဒီတော့ ပထမဝါ စတင်ပြီးတော့ ထူထောင်လိုက်တော့ ဝါကျွတ်တော့ ခြောက်ဆယ်ရတယ်၊ သာသနတပ်သား ခြောက်ဆယ်ရတဲ့အချိန်ထိ နေရာထိုင်ခင်းပေးမယ့်သူ မရှိသေးဘူး၊ ဒီတော့ မြတ်စွာဘုရား ဘယ့်နှယ့်လုပ်ရမတုန်း၊ အဖွဲ့အစည်းကြီးတစ်ခု ခေါင်းဆောင်ဆိုတာ ကိုယ့်ရဲ့နောက်လိုက်ငယ်သားတွေအတွက် စားဝတ်နေရေး ကျန်းမာရေး တာဝန်ယူရတယ်လေ၊ ဒါ ထုံးစံပဲ။

ဒီတော့ စားစရာအတွက် မြတ်စွာဘုရား ဘယ့်နှယ့်ညွှန်ရတုန်း၊ *ပိဏ္ဍိယာလောပဘောဇနံ နိဿာယ ပဗ္ဗဇ္ဇာ-ဆွမ်းခံစားကြကွယ်. . . တဲ့။ မင်းတို့ အစားကိုတော့ ဆွမ်းခံဖြေရှင်းကြပေတော့တဲ့၊ တစ်အိမ် တစ်လုတ် တစ်ယောင်းမလောင်းတဲ့ဆွမ်းကို မှီပြီးတော့ အဲဒါ အသက်မွေးကြပေတော့။ နောက်အဝတ်ပံသုကူလစီဝရံ နိဿာယ ပဗ္ဗဇ္ဇာ-ပံသုကူကောက်ဝတ်ပေါ့တဲ့ ၊ ဟိုနားဒီနားပစ်ထားတဲ့အဝတ်များ ကောက်ပြီးတော့ ချုပ်စပ်ပြီးတော့ ဝတ်ကြလို့၊ ဟော-

ဝိ-၃-၇၃၊ ၁၁၃

http://www.dhammadownload.com



အဝတ် ဒီလို ဖြေရှင်းပေးရတယ်၊ မြတ်စွာဘုရား တာဝန်ရှိနေတာကိုး သူ့မှာ။ နောက် ဆေးပစ္စည်းဆိုတော့လည်းပဲ ပူတိမုတ္တဘေသဇ္ဇံ နိဿာယ ပဗ္ဗဇ္ဇာ- နွားကျင်ငယ်ရေဆေးဟာ အညောင်းအညာကို အင်မတန်ကင်းစေပါတယ်. . . တဲ့၊ နွားကြီးတစ်ကောင်ရှိနေ ဟန်ကျလို့၊ ဘယ်သူ့ဆီမှ သွားပြီးအပူမကပ်ရဘူး၊ နွားဆိုတာ ဟိုနားဒီနား ရှိတာပဲ။

အဲ ကျောင်းကျတော့ မြတ်စွာဘုရား ဘယ်နှယ့်လုပ်ရတုန်းဆိုတော့ ဌာနကိုးဌာန လက်ညှိုးထိုးပြရတယ်၊ သူတပည့်တွေ သူ့သာသနာ့တပ်သားတွေ နေဖို့အတွက်-

* အရညံ ရုက္ခမူလံ ပဗ္ဗတံ၊ ကန္ဒရံ ဂိရိဂုဟံ သုသာနံ။
ဝနပတ္ထံ အဗ္ဘောကာသံ ပလာလပုဉ္ဇံ။

ဟော- မင်းတို့နေစရာထိုင်စရာအတွက်တော့ကွယ်. . တဲ့ ငါဖြေရှင်းပေးရမယ်ဆိုရင် ဟော ဟိုက ညို့ညို့စိမ်းစိမ်း, စိမ်းစိမ်းညိုညို တောအုပ်ကြီး တွေ. . . တဲ့၊ အဲဒီတောအုပ်ကြီးတွေတ မင်းတို့နေစရာလို့ပဲ မှတ်ကြပေတော့၊ ဘယ်သူ့မှ သွားပြီးတော့၊ ဘယ်သူ့ဒွေးမှ သွားပြီးတော့ အပူမကပ်ဘူး။ ဘုရားခမည်းတော် မယ်တော်ကြီးတွေ လာကျောင်းဆောက်ကြပါအုံးလို့ မပြောဘူး။ ဒီပြင်လူတွေလည်း မပြောဘူး၊ မပြောလည်း မပြောကောင်းဘူး၊ ခမည်းတော် မယ်တော်တွေလည်း သွားမပြောဘူး၊ ခမည်းတော် မယ်တော်တွေကတော့ ပြောမယ့်ဆို ပြောကောင်းပါတယ်။

ဒီတော့ တောကြီးတွေ လက်ညှိုးထိုးပြရတယ်၊ ရုက္ခမူလံ-သစ်ပင်ကြီးတွေကို လက်ညှိုးထိုးပြတယ်၊ အရညံ-လူသူနီးတဲ့တောကြီးတွေ၊ ဝနပတ္ထံ-လူသူမနီးတဲ့ တောကြီးတွေ၊ သစ်ပင်ကြီးတွေ၊ ပြီးတော့ ပဗ္ဗတံ-တောင်ကြီးတွေ၊ ဟော ဟိုတောင်ကြီးတွေဟာလေ. . . မင်းတို့အတွက် နေစရာကျောင်းကြီးပဲတဲ့၊ တောင်ရိပ်မှီပြီး နေကြပေတော့၊ ကန္ဒရံ-အဲဒီ တောင်ကြီးတွေရဲ့ ချောက်ကြားကြီးတွေ၊ ဂိရိဂုဟံ-အဲဒီတောင်ကြီးတွေမှာ အလိုလိုပေါက်နေတဲ့ လှိုင်ခေါင်းကြီးတွေ၊ ပလာလပုဉ္ဇံ-ရပ်ထဲရွာထဲကလူတွေ၊ တောင်သူလုပ်သူတွေက ကောက်ရိုးပုံကြီးတွေ ရွာပြင်ဘက် ထွက်ပုံထားတတ်တယ်၊ အဲဒီ ကောက်ရိုးအုံကြီးတွေ. . . တဲ့၊ ကောက်ရိုးအုံထဲကို ကောက်ရိုးပုံကြီး ဆွဲပြီး တော့နှုတ်လိုက်လို့ လှိုင်ခေါင်းဖြစ်သွား၊ အဲဒါ မင်းတို့အတွက်ကျောင်းပဲ။

သို့မဟုတ်ရင်လဲ တောထဲမှာ ကောက်ရိုးပုံတွေပုံထားရင် အဲဒီကောက်ရိုးပုံထဲကို လှိုင်ခေါင်းလုပ်ပြီးတော့ နေကြ။ တနည်းတော့လည်းပဲ အဲဒီကောက်ရိုးတွေ

* ဒီ-၁-၆၇။

http://www.dhammadownload.com



ကို ပံသုကူအဖြစ်နဲ့ကောက်ပြီးတော့ တောထဲမှာ ကျန်ရစ်တဲ့ကောက်ရိုးတွေ, ရိုးဖြတ်တွေကို ပံသုကူအဖြစ်နဲ့ ကောက်ပြီးတော့ အဲဒီကောက်ရိုးတွေကို သစ်ပင်လေးတွေပေါ်, ချုံလေးတွေပေါ် လွှမ်းတင်လိုက်ရင် အဲဒီအောက်မှာ ကျောင်းအဖြစ်နဲ့ နေလို့ဖြစ်တယ် ပလာလပုဥ္။ သုသာန-ဟိုနားဒီနား ဟိုရွာဒီရွာမှာရှိနေတဲ့ သုသာန်ကြီးတွေ မင်းတို့အတွက် ကျောင်းပဲတဲ့။ အဗ္ဘောကာသ-လွင်တီးခေါင်ကြီးတွေ ဒါကျောင်းပဲလို့သာ မှတ်ကြပေတော့လို့ မြတ်စွာဘုရား သူ့တပည့်သားတွေအတွက် အဲဒီလို ကျောင်းအတွက်ပြဿနာ ဖြေရှင်းပေးတော်မူရှာတယ်၊ တစ်နှစ်လောက်ကြာ သည့်အထိ ဘယ်သူမှ ကျောင်းဆောက် လှူမယ့်သူမရှိဘူး။

အဲဒါသာသနာတော်ကတော့ ပြုရမှာပဲဆိုပြီးတော့ မြတ်စွာဘုရား၊ ဝါကျွတ်တော့ အဲဒီရဟန်းခြောက်ကျိပ်ကို "စရထ ဘိက္ခဝေ စာရိကံ၊ ဒေသေထ ဘိက္ခဝေ ဓမ္မံ" ဘိက္ခဝေ-ငါ၏ဆိုင်ရာ, သာသနာဝယ်, ဝန်တာကိုထမ်း, အိုရဟန်းတော် အပေါင်းတို့၊ စရထ-ဒေသစာရီ, ထိုထိုဤဤ, လှည့်လည်စေကြလော၊ ဓမ္မံ-သင်တို့အား, ငါဘုရားဟောကြားညွှန်ပြအပ်တဲ့ သစ္စာလေးပါးဆိုတဲ့ မြတ်တရားကို၊ ဒေသေထ-ရောက်ရာရောက်ရာ, စပ်ရာစပ်ရာ, ဒကာဒကာမတွေကို, ဟောပြောညွှန်ပြ, ဆိုဆုံးမပြီးတော့, အိုနာသေရေး, ဒုက္ခဘေးကြီးတွေရဲ့, ကင်းဝေးရာဖြစ်တဲ့, နိဗ္ဗာန်လမ်းစဉ်ကြီးကို ပြကြ. . . နိဗ္ဗာန်ရောက်အောင် ပို့ဆောင်ကြလို့ ဒါသူကယ်ချင်တဲ့ လုပ်ငန်းကြီးကို သူ့ရဲ့တပ်သားတွေနဲ့ ဝိုင်းပြီးတော့ အလုပ်လုပ်တာ ဘုရား။

အဲဒီလိုအလုပ်လုပ်ရင်းနဲ့ ညွှန်လိုက်ပြီးတော့ သူကိုယ်တိုင် ဥရုဝေလတော ဘက်ထွက်လာခဲ့တယ်၊ လမ်းမှာ ဘဒ္ဒဝဂ္ဂီညီနောင်သုံးကျိပ် တွေ့လို့ ရဟန်းပြုပေး၊ ရဟန်းသုံးဆယ်ရ၊ နောင်ဆက်လာလိုက်တာ ဥရုဝေလတောရောက်တော့ ဥရုဝေလကဿပ, နဒီကဿပ, ဂယာကဿပ, ဆိုတဲ့ ညီနောင်သုံးရောက်ခေါင်းဆောင်တဲ့ ရသေ့တစ်ထောင်ကိုချွတ်လို့ ရဟန်း တစ်ထောင်ရ၊ ဒီတော့ ရဟန်းပေါင်း တစ်ထောင်သုံးဆယ်လောက်၊ အဲဒီကိုယ်တော်တွေနဲ့ ရာဇဂြိုဟ်မြို့ကိုကြွလာပါတယ်၊ ရာဇဂြိုဟ်မြို့မှာ ဘုရင် ဗိမ္ဗိသာရမင်းက ဘုရားဖြစ်ရင် သူ့ဆီအရင်ကြွခဲ့ပါလို့ပင့်ထားဖူးတဲ့ စကားလေးရှိလို့ မြတ်စွာဘုရား ကြွလာ၊ ဒီတော့ အဲဒီအထိဘယ်သူမှ ကျောင်းဆောက်မယ့်သူမရှိပါဘူး ဆွမ်းရယ်၊ သင်္ကန်းရယ်၊ ဆေးရယ်က၊ ခုနကလိုပဲ မြတ်စွာဘုရား ဖြေရှင်းထားတယ်လေ၊ ဆွမ်းခံစားကြ၊ ပံသုကူကောက်ဝတ်ကြ၊ အဝတ်ကို၊ ဒီခန္ဓာ ကိုယ်ရှိနေတဲ့ သတ္တဝါတိုင်း စားဝတ်နေရေး ကျန်းမာရေး ဒါက ကင်းမှမကင်းနိုင်ပဲကိုး၊ ဒီတော့ မြတ်စွာဘုရား ဒီလိုပဲ ဖြေရှင်းရတာပဲ။

http://www.dhammadownload.com



အဲဒီလိုနဲ့ ရဟန်းတော်တွေ ဟိုသစ်ပင်အောက် ဒီသစ်ပင်အောက် ဟို ချုံကြား ဟိုတောင်ခေါင်း၊ ဒီတောင်ခေါင်း၊ ရာဇဂြိုဟ်မြို့ပတ်လည်က တောင်တွေ တောင်ခေါင်းတွေ လှိုင်ဂူတွေပေါ်တယ်လေ၊ ဒီလိုပဲ သီတင်းသုံးနေကြရတာ၊ အဲဒီ မှာမှ တနေ့တော့ မနက်ခင်းမှာ ရာဇဂြိုဟ်သူဌေးက မြို့ထဲက လမ်းလျှောက် ထွက်လာရင်းနဲ့ ဩော်. . . ရဟန်းတော်တွေ ကျောင်းလည်းမရှိပါလား၊ တို့လို နေစရာ မိုးလုံလေလုံ အိမ်အဆောက်အဦလည်း မရှိပါဘဲလား၊ ကြည့်ပါအုံး ဟို သစ်ပင်အောက် တစ်ချို့ ဒီချုံကြား တစ်ချို့ ဆွမ်းခံသွားဖို့ ထွက်လာတော့လည်း ရဟန်းတွေက ဣန္ဒြေသိက္ခာနဲ့ အဲဒီသစ်ပင်အောက်က ထွက်လာ၊ ချုံကြားထဲက ထွက်လာတာ သူမြင်တယ်။

. အဲဒီတင်မှ သူ ဩော်. . . ကိုယ်တော်တွေ နေစရာထိုင်စရာလှူမယ့်သူ ဘယ်သူမှ မရှိပါလား. . ဆိုပြီးတော့ သတိရပြီးတော့ "အရှင်ဘုရားတို့. . . တပည့် တော်တို့လို နေစရာအိမ်တို့ဘာတို့များ ဆောက်လှူရင် အရှင်ဘုရားတို့ လက်ခံ မှာလား" "အေး. . . တို့ရဲ့ဆရာသခင် ဘုရားရှင်က ခွင့်မပြုသေးဘူး" "ဒီလိုဆို လျှောက်ကြည့်ကြပါဘုရား၊ အရှင်ဘုရားတို့ ဘုရားရှေ့လျှောက်ကြည့်ပါ၊ လျှောက် ကြည့်လို့ ခွင့်များပြုရင် တပည့်တော်အကြောင်းပြန်ပါ"လို့ဆိုတော့မှ အဲဒါ ရဟန်း တော်တွေက လျှောက်ကြတာ၊ "မြတ်စွာဘုရား. . ဒီလို ဒီလိုပဲ ရာဇဂြိုဟ်သူဌေးက လျှောက်နေပါတယ်"ဆိုမှ မြတ်စွာဘုရားက အဲဒီတင် အင်း. . . ငါဘုရားသာသနာ ကျောင်းစတင်လှူဒါန်းမယ့်ဒကာဖြင့် ပေါ်ပြီ. . . လို့၊ မလိုချင်လို့ မဟုတ်ဘူး၊ မြတ်စွာဘုရား သူ့တပည့်သားတွေအတွက် မလိုချင်ပဲ နေပါ့မလား၊ မိုးလုံလေလုံ အဆောက်အအုံ၊ သို့သော် လိုချင်ပေမယ့်လို့ ဆောက်ဟ၊ လာကြလို့ မပြော ကောင်းဘူးလေ၊ ဒီလိုပဲ နေတာ၊ ရှိတာနဲ့ ရောင့်ရဲနေတာပဲ။

အဲဒီလို တစ်နှစ်ကျော် သီတင်းသုံးပြီးတဲ့နောက်မှာမှ ရာဇဂြိုဟ်သူဌေးရဲ့ ကျောင်းဆောက်ပါ့မယ်ဆိုတဲ့ ပဋိညာဉ်စကားအရ မြတ်စွာဘုရားက သာသနာ တော်ကြီးမှာ-

* အနုဇာနာမိ ဘိက္ခဝေ ပဉ္စလေဏာနိ ဝိဟာရံ၊
အမုယောဂံ ပါသာဒံ၊ ဟမ္မိယံ ဂုဟန္တိ။

ဘိက္ခဝေ-ငါ၏ဆိုင်ရာ, သာသနာ့ဝယ်, ဝန်တာကိုထမ်း, အိုရဟန်းတော် အပေါင်းတို့၊ တူမှာက်-သင်တို့အတွက်၊ ဝိဟာရံ-လေးဘက်လေးတန်, မိုးယံ ကာဆီး, ဝိဟာရခေါ်တဲ့ ကျောင်းတော်ကြီးမျိုးကိုလည်းကောင်း၊ အမုယောဂံ- ဂဠုန်တောင်အလား, နှစ်ဘက်ချထားတဲ့ သစ်ရွက်မိုးကျောင်းကိုလည်းကောင်း၊

* ဝိ-၄-၂၉၄

http://www.dhammadownload.com



ဗါသာဒံ-အထွင့်စုံညီး, ပြာသာဒ်ကြီးဆိုတဲ့ ကျောင်းမျိုးကိုလည်းကောင်း၊ ဟမ္မိယံ-အထွင့်မသုံးတဲ့ ပြာသာဒ်မျိုးဆိုတဲ့ အုတ်တိုက်မျိုးကိုလည်းကောင်း၊ ဂူဟံ-အုတ်ကျောက် သစ်မြေ, လေးထွေဖြင့်ပြုအပ်သော ကျောင်းမျိုးကိုလည်းကောင်း၊ ဣတိ-ဤသို့၊ ပဥ္စလေဏာနိ-နေစရာ ထိုင်စရာ, လေဏခေါ်တဲ့ကျောင်းငါးမျိုးတို့ကို၊ အနုဇာနာမိ-ရဟန်းတရား, လွန်ကြိုးစားလျက်, လေးပါးဣရိယာ, မျှစိမ့်ငှါဟု, အရှည်ရှုလျက်, ခွင့်ပြုတော်မူခဲ့ ပါပေသတည်း. . . ။

သာဓု. . . သာဓု. . . သာဓုပါဘုရား. . . ။

အဲဒီလို မြတ်စွာဘုရား အဲဒီကျမှ ကျောင်းစပြီးတော့ ခွင့်ပြုတာ၊ ကျောင်းဆောက်မယ့်လူ ပေါ်လာလို့ခွင့်ပြုတာ။ ခွင့်ပြုချင်နေတာတော့ကြာပါပြီ၊ ပေးချင်တာပေါ့ ကိုယ့်တပည့်သားတွေ၊ မိုးလုံလေလုံ နေစေချင်တာပေါ့။ အဲဒီလိုအားဖြင့် ကျောင်းငါးမျိုး. . . တဲ့၊ အမျိုးအစား ကျောင်းငါးမျိုး လေးဘက်လေးတန်မိုးတဲ့ ကျောင်း၊ လေးဘက်လေးတန်မိုးတယ်ဆိုတာ အမိုးလေးဘက် အရှေ့ဘက် အနောက်ဘက် တောင်ဘက် မြောက်ဘက် မိုးတဲ့ကျောင်းမျိုးကြီး ဒါ ဝိဟာရ၊ တစ်မျိုးကျောင်းကျတော့ နှစ်ဘက်မိုးဂဠုန်ငှက်တောင်များလို နှစ်ဘက်တင်မိုးတဲ့ ကျောင်း၊ တစ်ချို့ကျတော့ အထွင့်တွေ ဘာတွေတပ်ထားတဲ့ ပြာသာဒ်လို့ခေါ်တဲ့ ကျောင်း၊ တစ်ချို့ကျတော့ အထွင့်မပါတဲ့ အုတ်တိုက်ကတုံးလို့ခေါ်တဲ့ ကျောင်း၊ တစ်ချို့ကျတော့ လှိုင်ဂူလို့ခေါ်တဲ့ အခုကာလ လှိုင်ဂူ လှိုင်ဂူခေါ်တဲ့ သစ်သားနဲ့ ကျောက်နဲ့ အုတ်နဲ့လုပ်ထားတဲ့ကျောင်း၊ အဲဒီကျောင်းငါးမျိုးကို မြတ်စွာဘုရား အဲဒီတင်မှ စပြီးတော့ ခွင့်ပြုတော်မူတယ်။

အဲဒီခွင့်ပြုလိုက်တယ်ဆိုတဲ့ စကားလည်းကြားရော ရာဇဂြိုဟ်သူဌေးက ကျောင်းပေါင်းခြောက်ဆယ်၊ တစ်နေ့တည်းနဲ့ ကျောင်းပေါင်းခြောက်ဆယ် ခြောက်ဆယ်ဆိုတော့ ဒီလောက်မကြီးကျယ်ဘူး။ သူ ရဟန်းတော်တွေမြောက်များစွာ နေနိုင်အောင်ဆိုပြီးတော့ တစ်ခါတည်းဆောက်ရှာတာ၊ ဒီတော့ အဲဒီလိုနဲ့ ကျောင်းဟာ သာသနာ့သမိုင်းကျောင်းဒကာ ကျောင်းအမ ရာဇဂြိုဟ်သူဌေးနဲ့ သူဌေးကတော်က စခဲ့တာ၊ အဲဒီလိုကျောင်းခွင့်ပြုသတဲ့၊ ကျောင်းလှူရသတဲ့၊ ကျောင်းလှူရသတဲ့၊ သာသနာမှာ သီတင်းပြန့်သွားလိုက်ဘာ ကျောင်းဒကာ ကျောင်းအမဆိုင်ရာတွေ အဲဒီတင် ဖြတ်နိုင်တဲ့သူတွေက ဆောက်လိုက်ကြတာ ဗိမ္ဗိသာရမင်းကြီးက ဝေဠုဝန်ကျောင်းကြီးဆောက်၊ အနာထပိဏ်သူဌေးက ဇေတဝန်ကျောင်းကြီးဆောက်၊ ဝိသာခါကျောင်းအမကြီးက ပုဗ္ဗာရုံကျောင်းကြီးဆောက်၊ ဘုရားရှင်ရဲ့ ခမည်းတော်မယ်တော်တွေက နိဂြောဓာရုံကျောင်းကြီးဆောက်နဲ့၊ အဲဒီကျမှ သာသနာ့သမိုင်းမှာ ကျောင်းနဲ့ ပူဇော်တယ် ကျောင်းနဲ့

http://www.dhammadownload.com



ပူဇော်တယ်ဆိုတဲ့ ကျောင်းပူဇော်ပွဲကြီးတွေ ဖြစ်ပွားပြီးတော့လာလိုက်တာ ရာဇဂြိုဟ်သူဌေးက နံပါတ်တစ်။

ဒီဇတော့ ဂဏန်းတင်မယ်ဆိုရင် (၁) ရာဇဂြိုဟ်သူဌေး သူဌေးကတော် ကျောင်းဒကာကျောင်းအမ၊ နံပါတ်(၂) အနာထပိဏ်သူဌေး၊ နံပါတ်(၃) ဝိမ္မိသာရ စသည်ဖြင့်ပေါ့။ အဲဒီလို နံပါတ်စဉ်တွေ ထိုးပြီးတော့လာလိုက်တာ ဒီနေ့ ဂဏန်းဘယ်လောက်တင်ရမယ်တော့ မသိဘူး။ ကျောင်းအမ ဒေါ်ကျင်မြ ကျောင်းအမ ဒေါ်ဟန် ဘုရားသာသနာတော်ကြီးကို ကျောင်းနဲ့ပူဇော်ကြတဲ့ ကျောင်းဒကာ ကျောင်းအမစာရင်းတွင် မြောက်များစွာသော ဆွမ်းအလှူရှင်တွေကြားထဲက သင်္ကန်းအလှူရှင်တွေကြားထဲက၊ ဆေးအလှူရှင်တွေကြားထဲက ကျောင်းနဲ့ပါပူဇော်နိုင်ပြီးသကာလ ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး, လေးပါးသောပစ္စည်းနဲ့ ပူဇော်နိုင်တဲ့ အရေအတွက်နည်းပါးတဲ့ ကျောင်းဒကာ ကျောင်းအမ ဘုရားသာသနာ မှတ်တမ်းသမိုင်းကြီးထဲမှာ တို့ပါဝင်နိုင်တဲ့နေ့ပဲ. . . လို့ ဟောဒီလို အာရုံပြုပြီးတော့ ဝမ်းသာပါ။

ဒီလိုအာရုံပြုလိုက်ပြီးတော့ ဒီနေ့ တို့ မြတ်စွာဘုရားသာသနာတော် ဆွမ်းသင်္ကန်းကျောင်းဆေး လေးမျိုးစုံနဲ့ ပူဇော်နိုင်တဲ့နေ့ပဲ၊ အဲဒီလို ပူဇော်လိုက်တဲ့ကျောင်းဟာ လှူတာတော့ ကျောင်းလှူလိုက်တာပဲတဲ့ မြတ်စွာဘုရားက၊ အဲဒီ ရာဇဂြိုဟ်သူဌေး ဆောက်လုပ်လှူဒါန်းတဲ့ ကျောင်းအလှူမှာပဲ မြတ်စွာဘုရားက မိန့်တော်မူတယ်၊ ရာဇဂြိုဟ်သူဌေးနဲ့ သူဌေးကတော်တို့သည် ဒီနေ့ ကျောင်းကို လှူလိုက်တယ်၊ လှူလိုက်တာကတော့ ကျောင်းလှူလိုက်တာပဲ . . . တဲ့။ သို့သော်-အလှူခံပုဂ္ဂိုလ်တို့အား ကျောင်းကိုလှူဒါန်းလိုက်သည်နဲ့တစ်ပြိုင်နက် "ခံ ဆယ့်လေး, ပေး သုံးဖြာ"ဆိုတဲ့အတိုင်းပဲ၊ အလှူခံပုဂ္ဂိုလ် အရှင်မြတ်တို့အား ကျောင်းကိုသာမက တစ်ဆယ့်လေးမျိုးသော အလှူထုပ်ကိုလည်း လှူဒါန်းပြီးသား ဖြစ်သွားတယ်. . . လို့ မြတ်စွာဘုရား အဲဒီရာဇဂြိုဟ်သူဌေးရဲ့ ကျောင်းအလှူပွဲမှာပဲ ဆက်ပြီးတော့ ဟောတယ်၊ လှူတာကတော့ ကျောင်းလှူတာပဲတဲ့။

အခု ဒေါ်ကျင်မြတို့ ဒေါ်ဟန်တို့က ဂန္ဓရုံတိုက်သံဃာတော်များဦးတည်ပြီးတော့ စတုဒိသာသံဃိကတိုက်ကျောင်းဆောင်ကြီး လှူလိုက်တယ်၊ မြင်တော့ ကျောင်းအလှူကြီး မြင်ကြတာပဲ၊ ကျောင်းတစ်မျိုးတည်း လှူတယ်လို့ ထင်ကြတယ်၊ မြတ်စွာဘုရားက မကဘူးတဲ့၊ "ခံ ဆယ့်လေး"တဲ့၊ အလှူခံပုဂ္ဂိုလ်အား အကျိုးဆယ့်လေးပါး တခါတည်း လှူပြီးသားဖြစ်သွားတယ်. . . တဲ့ ကျောင်းအမတွေက၊ ဘာတွေတုန်းလို့ဆိုတော့ "သီတံ ဥဏှံ ပဋိဟနတိ" တဲ့၊ ဒီကျောင်းကြီးကို လှူဒါန်းလိုက်သည်နဲ့ တစ်ပြိုင်နက် ကျောင်းအလှူခံ သံဃာတော်အရှင်မြတ်တွေကို

http://www.dhammadownload.com



အအေးကာကွယ်ပေးခြင်းဆိုတဲ့ အလှူကိစ္စကြီးလည်း ပါသွားတယ်. . . တဲ့၊ ဉဏှံ-တဲ့ အပူမှကာကွယ်ပေးခြင်းဆိုတဲ့ကိစ္စကြီးလည်း ပါသွားတယ်တဲ့။

တတော ဝါဠမိဂါနိ စ- ကြမ်းတမ်းတဲ့ ခြင်္သေ့သစ်ကျားစတဲ့ သားကောင်တွေ၊ ဒီဘေးရန်ကလည်း ကာကွယ်ပေးပြီးသား ဖြစ်သွားတယ်တဲ့၊ အထူးသဖြင့် တောထဲမှာသီတင်းသုံးနေတဲ့ သံဃာတော်တွေအတွက် ပိုပြီးဆိုင်တယ်ပေါ့၊ ခြင်္သေ့သစ်ကျားဆိုတာတွေက လူတွေကို အန္တရာယ်ပြုတတ်တယ်လေ၊ သစ်ပင်အောက် ထိုင်နေရင် လာပြီးတော့ ကျားက နောက်ကဆွဲနိုင်တယ်၊ ခြင်္သေ့က ပုတ်နိုင်တယ်၊ ကျားသစ်က ကိုက်နိုင်တယ်၊ အဲဒါတွေကိုလည်းပဲ ကျောင်းကို ဆောက်လုပ်လှူဒါန်းပေးလိုက်ခြင်းဖြင့် ကျောင်းဒကာ ကျောင်းအမက ဒီအလှူခံ ရဟန်းတော်အရှင်မြတ်တွေကို ခြင်္သေ့သစ်ကျားစတဲ့ ဘေးရန်ကြီးတွေက ကာကွယ်ပေးမှုဆိုတဲ့ အလှူကြီးလည်း ပါသွားတယ်. . . တဲ့ (၃) နံပါတ်။

သရီသပေ စ-တဲ့ မြွေတို့ နဂါးတို့လို ဒီအကောင်ရှည်မျိုးတွေရဲ့ နှိပ်စက်မှု၊ မြေကြီးပေါ် ထိုင်နေရတယ်ဆို သူတို့က အစာရှာထွက်လာရင်းနဲ့လေ ဒီက တော့ တရားအားထုတ်နေတာပဲ၊ မြွေဟောက်တို့ မြွေပွေးတို့က ထွက်လာ၊ ဒီက တရားအားထုတ်ရင်းနဲ့ နဲနဲဣရိယာပုထ်ပြောင်းလို့ ပြင်လိုက်၊ ဟော သူတို့က ကိုက်ပါရော၊ မြွေဟောက်တို့ကျတော့ တရားထိုင်နေရင်းနဲ့ကို ရန်လုပ်တတ်တယ်၊ သူတို့က ဒီလို၊ ဒီတော့ ကျောင်းပေါ်မှာ သီတင်းသုံးရတယ်ဆိုတော့ အဲဒီမြွေဘေးဆိုတဲ့ အန္တရာယ်ဆိုးကြီးတွေမှလည်း ကာကွယ်ပေးပြီးသားဖြ‌ ာယ်။

မကသေ-မှက်တွေ ခြင်တွေ ယင်တွေ၊ တောကြားထဲ ချုံကြားထဲ သီတင်းသုံးရတယ်ဆိုရင် ခြင်ကိုက် မှက်ကိုက်၊ အဲဒီဘေးကြီးကိုလည်းပဲ ကျောင်းပေါ်မှာ သီတင်းသုံးရခြင်းဖြင့် ဒီဘေးတွေကိုလည်း ကာကွယ်ပေးပြီးသား ဖြစ်တယ်။ သိသိရေစာပိ ဝုဋ္ဌိယော-တဲ့ သိသိရ ဥတုအခါမှာပေါ်လာတဲ့, သိသိရဥတုဆိုတာ ဆောင်းရာသီပြောတာ၊ ဆောင်းရာသီကျရင် မြောက်လေလေးက တဖျုန်းဖျုန်းနဲ့ လေအေးလာတယ်၊ အဲဒီအအေးဒဏ်က အရိုးခိုက်အောင်စိမ့်ပြီးတော့ အေးတဲ့ ရာသီဥတုဒဏ်၊ အဲဒီဒဏ်ကြီးကိုလည်းပဲ ကာကွယ်ပေးပြီးသား ဖြစ်တယ်။ ဝုဋ္ဌိယော-ပကတိအခါရွာသွန်းလာတဲ့မိုးတို့ကိုလည်း, ဝုဋ္ဌိလို့ခေါ်တဲ့ ရိုးရာ ရွာနေတဲ့ မိုးရေဘေးဒဏ်တွေလည်း ကာကွယ်ပေးတယ်. . . တဲ့။

ကျောင်းမရှိရင် သစ်ပင်အောက်ထိုင်နေရင်း မိုးရွာရင် စိုမယ်လေ မကြာခင်၊ အဲဒီ မိုးရွာမှုဒဏ်မှလည်း ကာကွယ်ပေးပြီးသားဖြစ်တယ်။ တတော ဝါတာတပေါ ဃောရော, သဥ္ဇာတော ပဋိဟညတိ-ကြမ်းတမ်းတဲ့ လေမုန်တိုင်းကြီးတွေ လေပွေကြီးတွေ ဒါတွေကိုလည်းပဲ ကာကွယ်ပေးတယ်။ ကြမ်းတမ်း

http://www.dhammadownload.com



တဲ့ နေပူ၊ နွေရာသီကျတော့ အောက်မှာနေရတယ်ဆိုရင် ပူလိုက်တာ၊ ကျောင်းအဆောက်အအုံ မရှိဘူးဆိုရင် လွင်တီးခေါင်တို့ သစ်ပင်အောက်တို့ နေတယ်ဆိုပေမဲ့လို့ ပူလိုက်တာ၊ နေပူလေပူဒဏ် ဒါတွေကိုလည်းပဲ ကာကွယ်ပေးပြီးသားဖြစ်တယ်. . . တဲ့။ အဲဒါတွေပါလှူပြီးသားဖြစ်သွားတယ်၊ ဆယ့်လေးမျိုးသောအကျိုး။

လေဏာတ္ထဉ္စ သုခတ္ထဉ္စ, ဈာယိတုဉ္စ ဝိပဿိတုံ-တဲ့ လေဏာတ္ထဉ္စ- ပရိယတ်, ပဋိပတ်အလုပ်ကို အားထုတ်ရင်း, ကိန်းအောင်းခြင်းငှါလည်းကောင်း၊ ဒီထဲမှာ ကိန်းအောင်းပြီးတော့ ပရိယတ်ပဋိပတ်တွေ ကြိုးပမ်းအားထုတ်၊ သုခတ္ထဉ္စ- ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းဆိုတဲ့၊ ဒီထဲသီတင်းသုံးရတော့ အပြင်ဘက်နေရလို့ ရှိရင် အခုန နေပူလေပူ မြွေကင်းသန်းတွေကြောင့် အထိအခိုက်ကြောင့် ကိုယ်ဆင်းရဲ စိတ်ဆင်းရဲဖြစ်လာ၊ အဲဒီကိုယ်ဆင်းရဲ စိတ်ဆင်းရဲဘေးကြီးကိုလည်းပဲ တားဆီးခြင်းဆိုတဲ့ အလှူထုပ်ကြီး ပါသွားတယ်. . . တဲ့၊ ဈာယိတုံစ-ဈာန်ဝင်စားဖို့။ မိမိ ဈာန်တွေဘာတွေ ရထားပြီဆို, ဈာန်ဝင်စားလို့ ချမ်းချမ်းသာသာ ဒီထဲဝင်စားလို့ ရတယ်၊ "လေနတ္ထဉ္စ သုခတ္ထဉ္စ ဈာယိတုဉ္စ ဝိပဿိတုံ" ရုပ်နာမ်နှစ်တန်, ဖြစ်ပျက်ဟန်ကို, ဖန်ဖန်ခွဲဝေ, သိမြင်၍နေခြင်းဆိုတဲ့ ဝိပဿနာအမှု ပြုဖို့ ဟောဒီထဲမှာပဲ ဝိပဿနာ ရှု, သမာဓိ ရရ၊ အဲဒီဝိပဿနာရှုနိုင်မှုဆိုတဲ့ ကိစ္စကြီးအတွက်လည်းပဲ ကျောင်းဒကာ ကျောင်းအမက လှူလိုက်တယ်တဲ့ ကျောင်းလှူလိုက်သည်နဲ့ တစ်ပြိုင်နက် ပါသွားတယ်. . . တဲ့။

ဝိဟာရဒါနံ သံဃဿ, အဂ္ဂံ ဗုဒ္ဓေန ဝဏ္ဏိတံ၊
တေသံ အန္နဉ္စ ပါနဉ္စ, ဝတ္ထသေနာသနာနိစ။

နောက်ဆုံး ဆယ့်လေးနံပါတ်အကျိုးက ဘာတုံးလို့ဆိုတော့ ကျောင်းဒကာ ကျောင်းအမက သူ့ကျောင်းနဲ့စပ်ပြီးတော့ သူက ဆွမ်းလှူတယ်, သင်္ကန်းလှူတယ်, ဆေးပစ္စည်းလှူတယ်, ထောက်ပံ့တယ်၊ အဲဒီ အကျိုးတွေရလာမယ်တဲ့ နောက်ပိုင်း။ ဒါနောက်ဆုံးအကျိုးပဲ။ ဒီတော့ ဒီနေ့ အလှူ့အမ ဒေါ်ကျင်မြတို့ ဒေါ်ဟန်တို့က ဆောက်လုပ်လှူဒါန်းလိုက်တာတော့ ကျောင်းကြီးပဲ၊ သို့သော် ပါသွားတာက ခုနကပြောတဲ့ အအေးကာကွယ်ပေးခြင်း, အပူကာကွယ်ပေးခြင်းက စပြီးတော့ 'ခံ ဆယ့်လေး'တဲ့။ တစ်ဆယ့်လေးပါးသောအကျိုး အလှူခံပုဂ္ဂိုလ်များမှာ လှူပြီးသား ဖြစ်သွားပါတယ်။ ဟော- ဒါ မြတ်စွာဘုရားကိုယ်တော်တိုင် ရာဇဂြိုဟ် သူဌေးနဲ့ သူဌေးကတော် ကျောင်းလှူပွဲမှာ မြတ်စွာဘုရားကိုယ်တော်တိုင် သဗ္ဗညုတဉာဏ်နဲ့ ချိန်ဆ၊ သဘာဝနဲ့ ညှိပြီးတော့ ဟောသွားတဲ့ တရား။

ဒီတော့- ဒီနေ့ ကျောင်းအမ ဒေါ်ကျင်မြ ကျောင်းအမ ဒေါ်ဟန်တို့က ဩော်- တို့ ဂန္ဓာရုံတိုက်သံဃာ ဦးတည်ပြီးတော့ ရောက်လာ, မရောက်လာ။

http://www.dhammadownload.com



ရောက်လာ မရောက်လာဆိုတာ ဒီကျောင်းကို ခုရှိနေဆဲသံဃာလည်း ပါတယ်၊ နောက်ထပ် ရောက်မလာသေးတဲ့ သံဃာတွေလည်း ဆိုင်တာပဲ၊ ဒီထဲမှာ ရောက်လာတယ်၊ ဒီကျောင်းထဲသာ ရောက်လာရင် ဒါ သုံးခွင့်နေခွင့် ရှိတယ်။ ဒါ့ကြောင့် ရောက်လာပြီး, မရောက်လာသေးသော သံဃာတော်အရှင်မြတ်များ။

ဒီတော့ အဲဒီသံဃာတော်အရှင်မြတ်များ အာရုံပြုတဲ့နေရာမှာလည်းပဲ ခုရှိနေတဲ့ သံဃာငါးရာကျော်၊ ဒီ ငါးရာကျော်ကနေပြီးတော့ ကျောင်းအမ နှစ်ယောက်က အာရုံပြုလိုက်အုံး မရောက်လာသေးတဲ့သံဃာတွေဆိုတာ မြန်မာနိုင်အနှံ့ အရပ်လေးမျက်နှာ ရှိတယ်လေ၊ အဲဒီသံဃာတွေ ဘယ်သူဖြစ်ဖြစ် ဒီကျောင်းရောက်လာရင် ဒီကျောင်းပေါ်မှာ နေကြထိုင်ကြမယ်၊ ဒါ အဲဒီသံဃာတွေအကုန်ဆိုင်သွားတာပဲ၊ ဒီတော့ အဲဒီအထိ အာရုံပြုလိုက်၊ အဲဒီသံဃာတွေကို လှူတာ၊ အဲဒီသံဃာတွေကို လှူတော့ စတုဒိသာသံဃာလို့ခေါ်တဲ့ အဲဒီသံဃာတွေကို လှူတဲ့နေရာမှာ ဒီထက်တစ်ဆင့်တိုးပြီးတော့ ပြန့်ကျယ်အောင် အာရုံပြုတတ်ရင် ဘုရားလက်ထက်က အရှင်သာရိပုတ္တရာ အရှင်မဟာမောဂ္ဂလာန် အစရှိတဲ့ သံဃာတော်တွေထိ ခု မိမိတို့လှူလိုက်တဲ့ကျောင်းက စတုဒိသာသံဃာ ချမ်းသာအောင် လှူလိုက်ပြီလေ။

ဒီတော့ ဘယ်သံဃာတွေတုန်းဆိုတော့ ခု မျက်မြင်သံဃာ ငါးရာကျော်လည်းပါတယ်၊ နောက်ထပ်နောက်ထပ် ရောက်လာမယ့် သံဃာတွေလည်းပါတယ်၊ မြန်မာနိုင်ငံအနှံ့၊ တတ်နိုင်လို့ ဟိုသီဟိုဠ် ယိုးဒယားက သံဃာတွေလာအုံးမလား၊ ဒီကျောင်း စာသင်ဖို့ ပရိယတ်အားထုတ်ဖို့ နေဖို့ထိုင်ဖို့လာ မယ်ဆိုရင် သို့မဟုတ် အာဂန္တုအဖြစ်နဲ့ ခဏလာမယ်ဆိုရင် သူတို့သီတင်းသုံးရမှာပေါ့၊ သုံးရမှာပဲ၊ သုံးဆွဲရမှာပဲ၊ ဒီတော့ အဲဒီအထိ သံဃာက ပြန့်ပြီးတော့ မြင်လိုက်ပါ၊ အာရုံပြုလိုက်ပါ။ နောက် ဒါတင်လားဆိုတော့ မကသေးဘူး ဒီသံဃာတွေဘယ်ကဆင်းသက်လာတာတုန်း. . . လို့ အာရုံပြုကြည့်စမ်းပါအုံး၊ ဒီသံဃာတွေကို အဆက်ဆက် ဖြန့်ပြီးတော့ အာရုံပြုကြည့်ရင် နောက်ဆုတ်, နောက်ဆုတ်, ဒီသံဃာတွေရဲ့ သူတို့ဆရာ့ဆရာတွေ, ဆရာ့ဆရာတွေ, ဆရာ့ဆရာတွေနဲ့ နောက်ပြန်ပြန်ကြည့်စမ်းပါလား ဘယ်ရောက်သွားမယ်ထင်တုန်း၊ ခုနက ဘုရားရှင်ကိုယ်တော်မြတ် ပထမဝါမှာ ထူထောင်လိုက်တဲ့ ရဟန်းခြောက်ကျိပ်။

အဲဒီနောက် ဆက်လက်ထူထောင်ခဲ့တဲ့ အရှင်သာရိပုတ္တရာ အရှင်မဟာမောဂ္ဂလ္လာန်။ အရှင်သာရိပုတ္တရာ အရှင်မဟာမောဂ္ဂလ္လာန်တို့က ဒုတိယဝါမှ ပေါ်လာတာ၊ အရှင်သာရိပုတ္တရာ အရှင်မဟာမောဂ္ဂလာန် အရှင်မဟာကဿပ အရှင်အာနန္ဒာ အရှင်ကောဏ္ဍည အရှင်ဝပ္ပအစရှိတဲ့ သံဃာတော်အရှင်မြတ်တွေ. . .

http://www.dhammadownload.com



မိမိတို့ ဒီနေ့ လှူတာက သံဃိကလို့ဆိုတော့ သံဃာ့အဖွဲ့အစည်းကြီး လှူတာလေ။ သံဃာ့အဖွဲ့အစည်းကြီး ဘယ်က စခဲ့တာတုံး၊ ဘုရားက စခဲ့တာ။

ဒီတော့ ဘုရားထိရောက်သွားတယ်၊ ဘုရား ပါတယ်၊ ဘုရားရှင် ထူထောင်လိုက်တဲ့ သံဃာ့အဖွဲ့အစည်းကြီး ပဉ္စဝဂ္ဂီငါးဦး ပါတယ်၊ ပထမဝါမှာ ရဟန္တာဖြစ်တော်မူကြတဲ့ ရဟန်းခြောက်ကျိပ် ပါတယ်၊ ဘဒ္ဒဝဂ္ဂီညီနောင် သုံးကျိပ်တို့ပါတယ်၊ ဥရုဝေလကဿပအစရှိတဲ့ ရသေ့တစ်ထောင်က ကူးပြောင်းလာခဲ့တဲ့ ရဟန်းတစ်ထောင်ပါတယ်၊ သာသနာမှာ ပထမဆုံးကျောင်းစပြီးတော့ သီတင်းသုံးရတာ အဲဒီရဟန်းတစ်ထောင်နဲ့ ဘဒ္ဒဝဂ္ဂီ ညီနောင်သုံးကျိပ်တို့ပဲ၊ အဲဒီရဟန္တာ အရှင်မြတ်ကြီးတွေ သူတို့အဖွဲ့အစည်းကြီးကို လှူတာပါလား. ဒီနေ့လှူတာက၊ ဒီတော့ အဖွဲ့အစည်းကြီးဆိုတာဟာ မြတ်စွာဘုရားရဲ့ သံဃာ့အဖွဲ့အစည်းကြီး လှူတာဖြစ်တော့ အဲဒီထိအောင် အာရုံပြုလိုက်ပါ။

ဒီတော့ ကျောင်းအမတို့ရဲ့ စိတ်ဟာ စေတနာဟာ အဲဒီအထိ ရောက်သွားပြီဆိုတော့ ကျယ်ပြန့်သွားလိုက်တာ၊ စေတနာကျယ်ပြန့်သွားလိုက်တာ နည်းတဲ့အထူကြီး မဟုတ်ဘူး၊ အဲဒီ သံဃာ့အဖွဲ့အစည်းကြီးဟာ တို့ ဒီနေ့ကျောင်းဆိုတဲ့ အဆောက်ဦးကြီးကို လှူဒါန်းရင်းနဲ့ ယခုနပြဆိုအပ်တဲ့ တစ်ဆယ့်လေးမျိုးသော အကျိုးတရားတို့ကိုလည်းပဲ တို့လှူဒါန်းနိုင်တဲ့နေ့ . . . လို့ ဟောဒီလို အာရုံပြု အဲဒီလို အာရုံပြုပြီးတော့ ဒီလို မဟာသမ္ဘာရတရ-ကြီးကျယ်တဲ့ အားထုတ်ခြင်းနဲ့ မဟာပ္ဖလတရ-ကြီးကျယ်တဲ့ အကျိုးကျေးဇူးကိုရစေတဲ့ အလှူထုပ်မျိုးကိုပဲ မြတ်စွာဘုရားက သံယုတ်ကျတော့ နေ့နေ့ ညညအမြဲတမ်း ကုသိုလ်တိုးပွားစေတတ်တဲ့ ကုသိုလ်ထုပ်ကြီး ခြောက်မျိုး . . . လို့ဆိုပြီးတော့ သတ်မှတ်ပြီး ဟောပြန်တယ်။

နတ်သားတစ်ယောက်က မြတ်စွာဘုရား လာမေးတယ်၊ မြတ်စွာဘုရားတဲ့ တစ်ခါပြုထားတဲ့ ဒါနထုပ်တစ်ခုဟာ နေ့နေ့ညည အမြဲတမ်း ကုသိုလ်တိုးစေနိုင်တဲ့ ကုသိုလ်ထုပ်မျိုးများ ရှိပါသလားတဲ့၊ အလှူထုပ်မျိုးများ ရှိပါသလားလို့ဆိုတော့ မြတ်စွာဘုရားက ခြောက်မျိုးရှိတယ်လို့ဆိုပြီးတော့-

*. အာရာမရောပါ ဝနရောပါ, ယေ ဇနာ သေတုကာရကာ၊
ပပဥ္စ ဥဒပါနဥ္စ, ယေ ဒဒန္တိ ဉပဿယံ။

ဘောဒေဝပုတ္တ-သိလိုရေးနှင့်, မေးလျှောက်လာခြား, အိုနတ်သား၊ အာရာမရောပါ-စိမ်းမြည့်လွင်, ဥယျာဉ်ပန်ခြံ, သစ်သီးခြံ အမျိုးမျိုးကိုလည်း, စိုက်ပျိုးလှူဒါန်းကြတဲ့ သူတို့သည်လည်းကောင်း၊ ဝနရောပါ-ခရီးသွားသူ, များရှင်လူတို့, ကြည်ဖြူမတောင့်, တစ်ထောက်တစ်လျား, နားနေဖို့လျှင်, တောသစ်ပင်ကို,

* သံ-၁၊ ၃၀။

http://www.dhammadownload.com



အစဉ်တကျ, စိုက်ပျိုး၍လှူကြကုန်သူတို့သည်လည်းကောင်း၊ သေတုကာရကာ-ရွံ့ညွန်ရေဗွက်, သွားလာခက်၌, စိတ်စက်ချမ်းသာ, လွယ်စွာကူးမြောက်ဖို့, တံတားဆောက်၍ လှူဒါန်းကြကုန်သူတို့သည်လည်းကောင်း။ ယေ ဇနာ- အကြင် အမျိုးကောင်းသား, အမျိုးကောင်းသမီးတို့သည်၊ ပပဉ္စ-အေးမြကြည်လင်, သောက်ရေအိုးစဉ်ကိုလည်းကောင်း၊ ဥဒပါနဥ္စ-သောက်သုံး ချိုးရန်, ရေတွင်း ရေကန်ကိုလည်းကောင်း၊ ဒဒန္တိ-စေတနာသုံးရပ်, ပြတ်ကြီး ပြတ်၍, လေးမြတ်ကြည်ဖြူ, ဆောက်လုပ် လှူဒါန်းကြကုန်၏၊

တေ ဇနာ-ထိုခြောက်မျိုးသော အဆောက်အအုံ အလှူထုပ်တို့ကို လှူဒါန်းကြတဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးတို့သည်၊ ဓမ္မဋ္ဌာ-ကုသလကမ္မပထတရား, မြတ်ဆယ်ပါး၌, မမှားစုံညီ, တည်ကြကုန်သည်ဖြစ်၍၊ သီလသမ္ပန္နာ-သီလကိုကျင့်, မလင့်ကုံလုံ, ပြည့်စုံကြကုန်သည်ဖြစ်၍၊ တေသံ-ထိုအမျိုးကောင်းသား, အမျိုးကောင်းသမီးတို့အတွက်မှာ၊ ဒိဝါ စ-သူရိန်ရောင်ဝင်း, ထိန်းလင်းဖြာဖြာ, နေ့အခါ၌လည်းကောင်း၊ ရတ္တော စ-သူရိန်ကင်းပ, ညဥ့်ကာလ၌လည်းကောင်း၊ သံဒါ-နေ့ရောညဥ့်ပါ, အခါမပြတ်၊ ပုညံ-ကုသိုလ်ကောင်းမှု, စေတနာစုသည်၊ ပဝဍ္ဎတိ-တွေးမိလေးတိုင်း, ပီတိလှိုင်းဖြင့်, မဆိုင်းမသွေ, တိုးပွား၍နေရပေသတည်း. . ။

သာဓု. . . သာဓု. . . သာဓုပါဘုရား. . . ။

တစ်ခါပြုထားလို့ရှိရင် နေ့နေ့ညည အမြဲတမ်း ကုသိုလ်ရှင်ကို နေ့ရောညရော ကုသိုလ်တိုးနေစေတတ်တဲ့ အလှူထုပ်ကြီးခြောက်ထုပ်ရှိတယ်. . . တဲ့ မြတ်စွာဘုရားက။ အဲဒါဘာတုန်းဆိုတော့ နံပါတ(၁)က အာရာမရောပ-တဲ့ ဥယျာဉ်ကြီးတွေ, သစ်သီးခြံကြီးတွေ, ပန်းခြံကြီးတွေစိုက်ပြီးတော့ လှူတဲ့သူတွေတဲ့။ နံပါတ်(၂)က ဝနရောပ-တဲ့ တောသစ်ပင်ကြီးတွေ ခရီးသွားတဲ့သူတွေ နားကြပါစေ, ခိုကြပါစေဆိုပြီးတော့ အရိပ်ခိုဖို့ရာ သစ်ပင်ကြီးတွေ စိုက်ပြီးတော့လှူတဲ့သူတွေတဲ့၊ သေတုကာရကာ-ရွံ့ညွန်ရေဗွက်, သွားလာခက်၌, စိတ်စက်ချမ်းသာ, လွယ်စွာကူးမြောက်ဖို့, တံတားဆောက်၍, လှူဒါန်းကြကုန်၏. . . ။ တစ်ချို့က တံတားဆောက်ပြီးတော့ လှူတဲ့သူတွေတဲ့ ဒါ (၃)နံပါတ်။

ပပဉ္စ-အေးမြကြည်လင်, ရေအိုးစဉ်ကိုလည်းကောင်း. . .၊ ရေအိုးစဉ်တည်ပြီးတော့ လှူဒါန်းတဲ့သူတွေတဲ့၊ ဥဒပါနဥ္စ-သောက်သုံးချိုးရန်, ရေတွင်းရေကန်ကိုလည်းကောင်း. . .၊ ရေတွင်းရေကန်ကို တူးပြီးတော့ လှူတဲ့သူတွေတဲ့။ နောက်ဆုံး(၆)နံပါတ်က-ဥပဿယံ-နေစရာထိုင်စရာ, အိမ် ကျောင်း, ဇရပ် တန်ဆောင်းဆိုတဲ့ အဆောက်ဦးမျိုးကိုလည်းကောင်း. . . တဲ့၊ ဒီတော့ ကျောင်း

http://www.dhammadownload.com



အလှူ၊ ဇရပ်အလှူ၊ တန်ဆောင်းအလှူ ဒီလိုလှူတဲ့ သူတွေတဲ့။ အဲဒါ နေ့နေ့ညည အမြဲတမ်း ကုသိုလ်တိုးစေတဲ့အလှူထုပ်တဲ့။ ဆွမ်းအလှူ လှူတာကျတော့ မကြာခင် ပျောက်သွားတာကိုး သူက၊ ကုသိုလ်ရတာတော့ရတာပဲ နောက်ထပ် အပရစေတနာတွေနဲ့ တိုးဖို့ကျတော့ သူက တစ်နှစ်လောက်ကြာရင် မိမိတို့ဆွမ်းလှူတဲ့ အလှူက နည်းနည်းရေးတေးတေးဖြစ်သွား ပျောက်သွားတယ်၊ သင်္ကန်းအလှူကလည်း ဒီလိုပဲ လေးငါးခြောက်နှစ်ကြာတော့ မေ့တေ့တေ့ ဖြစ်သွားတယ်။

ဒီကျောင်းအလှူဆိုတဲ့ ဒီအလှူကျတော့ ထာဝရဒါနအလှူကြီးထဲ ပါနေတယ် သူက၊ သူ့ကိုမြင်တိုင်း သူ့ကျောင်းပေါ်မှာ သံဃာတော်တွေ သီတင်းသုံးနေတာကြားတိုင်း၊ တစ်ဆင့်စကားနဲ့ ခုဒကာမကြီးတွေဆိုပါတော့ မုံရွာကလာတဲ့ သူတွေက ဒီကျောင်းရောက်လာပြီး မုံရွာ ဒေါ်ကျင်မြတို့ ဒေါ်ဟန်တို့ လှူထားတဲ့ ကျောင်း သံဃာတွေ စာတက်နေတာ မြင်ခဲ့ရတယ်ဆို၊ ကိုယ်က ပီတိဖြစ်လို့၊ သံတိရ. . . လို့၊ ကြားလိုက်တိုင်း ကြားလိုက်တိုင်း၊ သို့မဟုတ် အိမ်ကနေပြီးတော့ ညမှာ တွေးမိလိုက်တိုင်း တွေးမိလိုက်တိုင်း ဒီအချိန်ဆိုရင် တို့ကျောင်းကြီးပေါ်မှာ သံဃာတော်တွေ သီတင်းသုံးနေကြလိမ့်မယ်၊ တရားထိုင်နေကြပေလိမ့်မယ်၊ ဒီအချိန် ညအချိန်ဆိုရင် တရားထိုင်တုံးခေါက်တဲ့အချိန် တရားထိုင်နေကြပေလိမ့်မယ်နဲ့ အာရုံပြုလိုက်တိုင်း ပြုလိုက်တိုင်း၊ အဲဒီ အာရုံပြုလိုက်တိုင်း ပြုလိုက်တိုင်းက ဘယ်လောက်ကြာမှာတုန်းဆိုတော့ တစ်နှစ်နဲ့လည်း မပြီးဘူးတဲ့၊ ဆယ်နှစ်နဲ့လည်း မကုန်ဘူး၊ ဒီကုသိုလ်တွေက ဖြစ်နေတာ။ အနှစ် နှစ်ဆယ် သုံးဆယ် လေးဆယ် ငါးဆယ် ဒီကျောင်းကြီး ရှိနေသမျှ။ ဒါ့ကြောင့် မြတ်စွာဘုရားက ဒီကုသိုလ်ထုပ်ကြီးက နေ့နေ့ညည အမြဲတမ်းကုသိုလ်တိုးနေတဲ့ ကုသိုလ်ထုပ်ကြီး ခြောက်ထုပ်ထဲမှာ သူအပါဝင်ပဲ. . . လို့ နတ်သားကို ဖြေသွားပါတယ်။

ဒါ့ကြောင့် ဒီနေ့ ကျောင်းအမနှစ်ယောက်က တို့မြတ်စွာဘုရား သာသနာတော်ကို ကျောင်းနဲ့ပူဇော်နိုင်တဲ့ ကျောင်းဒကာ ကျောင်းအမ စာရင်းထဲပါတဲ့အပြင် အမြဲတမ်း နေ့နေ့ညည ကုသိုလ်တိုးစေတဲ့ ကုသိုလ်လုပ်ငန်းကြီး ခြောက်ထုပ်ထဲကလည်းပဲ တို့တစ်ထုပ်ကို တစ်ခုကို ဒီနေ့ ပြုနိုင်တဲ့နေ့ပဲ. . .၊ အဲဒီလို အာရုံပြုပြီးတော့ နိဗ္ဗာန်ဝင်သွားကြတဲ့ အမျိုးသမီးတွေထဲမှာ အားကျစရာ နမူနာယူစရာ အနေနဲ့ ပြောရမယ်ဆိုရင် ဘုန်းကြီးတို့ ဒီကမ္ဘာမှာ ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမလို့ ဘုရားလေးဆူပွင့်တဲ့အနက်က ကကုသန်မြတ်စွာဘုရား ပွင့်ပြီးလို့ ကောဏာဂုံမြတ်စွာဘုရား ပွင့်တဲ့အချိန်၊ အမျိုးသမီးသုံးယောက် သူငယ်ချင်းမ သုံးယောက် ကျောင်းဆောက်ပြီးတော့ လှူဒါန်းခဲ့ကြဘူးတယ်။

http://www.dhammadownload.com



အဲဒါ ဘယ်သူတွေတုန်းဆိုတော့- * ခေနဥ္စာနိ သုမေဓာ စ, အဘယာ စ တယော ဇနာ၊ ခေမာထေရီ ရဟန္တာမကြီးက ပြန်ပြောတဲ့ အတ္ထုပ္ပတ်။ ဘုန်းကြီးတို့ ဂေါတမဘုရားလက်ထက်ကျတော့ ခေမာထေရီ၊ ဥပ္ပလဝဏ်ထေရီရယ်လို့ ရဟန္တာမနှစ်ယောက် လက်ဝဲရံ လက်ယာရံ လာဖြစ်ကြတယ်၊ ခေမာထေရီ ရဟန္တာမကြီးက လက်ယာရံ၊ အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးက ရဟန်းယောကျ်ားတွေဘက်က လက်ယာရံ၊ ဘိက္ခုနီမတွေဘက်က ရဟန်းမိန်းမတွေဘက်က ခေမာထေရီရဟန္တာမကြီးက လက်ယာရံပဲ၊ ဥပ္ပလဝဏ်ထေရီမကြီးဆိုတာက လက်ဝဲရံ မြတ်စွာဘုရားရဲ့။ ရှင်မောဂ္ဂလာန်က ရဟန်းယောကျ်ားတွေဘက်က လက်ဝဲရံ အဲဒီ ခေမာထေရီ ဥပ္ပလဝဏ်ထေရီတို့ဟာ ကောဏာဂုံမြတ်စွာဘုရားလက်ထက်တုန်းကတော့ ခေမာထေရီက သူရဲ့သူငယ်ချင်းမကြီး ဓနဉ္စာနီနဲ့ သုမေဓာဆိုတဲ့ မိတ်ဆွေမ နှစ်ယောက်နဲ့အတူ ကောဏာဂုံမြတ်စွာဘုရား ကျောင်းဆောက် လှူဒါန်းခဲ့ဖူးတယ်၊ အဲဒါကို သူကိုယ်တိုင်ပြောတယ်။

တဒါ ဟိ ဗာရာဏသိယံ, သုသမိဒ္ဓကုလပ္ပဇာ. . . တဲ့-

ငါတို့ သုံးယောက်လေ. . . တဲ့ အဲဒီတုန်းက ဗာရာဏသီမြို့မှာ သူဌေးသမီးတွေ ဖြစ်နေကြတယ်. . .။

သံဃာရာမ မဒါသိမှ, ဒါနသဟာယိကာ ပုရေ. . . တဲ့-

တို့သုံးယောက်တိုင်ပင်ပြီးတော့-တဲ့ ကောဏာဂုံမြတ်စွာဘုရားရဲ့ သံဃာတော်တွေ ကျောင်းကြီးတစ်ဆောင် ဆောက်လုပ်လှူဒါန်းပြီးတော့ ဆွမ်းသင်္ကန်း ကျောင်းဆေးနဲ့ ယောက်ပံ့ခဲ့ကြဖူးတယ်. . . တဲ့၊ ယောက်ပံ့ခဲ့ကြဖူးတယ်။

အဲ သူတို့ နောက်ဘယ်ရောက်လာတုန်းဆိုတော့ ဘုန်းကြီးတို့ ကဿပမြတ်စွာဘုရားလက်ထက်ကျတော့ ကိကီမင်းကြီးရဲ့ သမီးတော်ခုနှစ်ဖော် လာဖြစ်ကြတယ်၊ အဲဒီတုန်းက ခေမာထေရီမက အကြီးဆုံးပဲ၊ သမီးတော် ဥပ္ပလဝဏ်ထေရီမက ဒုတိယ အလတ်မ၊ ကျန်တာတွေကတော့ ဘယ်သူတွေတုန်းဆိုတော့ ဘုန်းကြီးတို့ ဘုရားလက်ထက်ကျတော့ ပဋာစာရီထေရီမတို့ ကုဏ္ဍလကေသီထေရီမတို့ ကိသာဂေါတမီထေရီမတို့ ဓမ္မဒိန္နာထေရီမတို့ ဝိသာခါကျောင်းအမတို့ အဲဒီ ကဿပမြတ်စွာဘုရားလက်ထက် ကိကီမင်းကြီး လက်ထက်တုန်းကတော့ ညီမခုနှစ်ယောက် ပေါင်းပြီးတော့ဖြစ်ကြတယ်၊ အဲဒီညီမ ခုနှစ်ယောက်ထဲမှာ အကြီးဆုံးက ခေမာထေရီမ၊ အဲဒီနောက်က ဥပ္ပလဝဏ်ထေရီမ၊ ခုဘုန်းကြီးတို့ ဘုရားလက်ထက်ကျတော့ လက်ယာရံ လက်ဝဲရံ လာဖြစ်တဲ့ ရဟန္တာမကြီး နှစ်ပါးပဲ။

အဲ-သူတို့ ညီမတွေထဲမှာ အငယ်ဆုံးကတော့ ဝိသာခါကျောင်းအမပဲ၊ အဲဒီ ညီမခုနှစ်ဖော် ဖြစ်ပြီးတော့နေတုန်းကလည်း ကဿပမြတ်စွာဘုရားကို

* အပ-၂-၂၂၃။ ထေရီ-၄-၁၃၄။

၉၃

http://www.dhammadownload.com



မြတ်စွာဘုရားနှင့်တကွ သံဃာတော်အရှင်မြတ်တွေကို ကျောင်းဆောက်ပြီးတော့ လှူဒါန်းခဲ့ကြတယ်၊ အဲဒီကျောင်းဆောက်ပြီးတော့လှူဒါန်းခဲ့တဲ့ ဒီကုသိုလ် ဒီလို ထာဝရဒါနကုသိုလ်ထုပ်ကြီး၊ ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး လေးပါးသောပစ္စည်းတို့တွင် ကျောင်းပါ ပါဝင်တဲ့ ကုသိုလ်ထုပ်ကြီးပြုပြီးတော့လာခဲ့တဲ့ အဲဒီညီမတစ်တွေဟာ နောက်ဆုံး ဘုန်းကြီးတို့ ဘုရားလက်ထက်ကျတော့ ခုနက ကိကီမင်းကြီးရဲ့ သမီးတော်အကြီးဆုံး အဲဒီ ထုန်းကလည်း ခေမာပဲ သူ့နာမည်၊ ဘုန်းကြီးတို့ ဘုရားလက်ထက်ကျတော့ ဗိမ္ဗိသာရမင်းကြီးရဲ့ အဂ္ဂမဟေသီမိဖုရား၊ ရုပ်အချောဆုံးဆိုတဲ့ ရုပ်မာန်တက်နေတဲ့ ခေမာမိဖုရား။

ဥပ္ပလဝဏ်ထေရီမဆိုတာကလည်းပဲ ကြားထဲမှာ ဘဝတွေများစွာ ကျင်လည်ပြီးတော့ နောက်ဆုံး သာဝတ္ထိမြို့မှာ မဟာဓနသူဌေးမျိုးရဲ့သမီး လာပြီးတော့ ဖြစ်တဲ့ ဥပ္ပလဝဏ်ထေရီမ၊ အဲဒါ ရဟန္တာမကြီးနှစ်ဦး လာပြီးတော့ဖြစ်ကြတယ်၊ ဒီတော့ ရဟန္တာမ မဖြစ်ခင် သူတို့ မြတ်စွာဘုရားသာသနာတော်မှာ အားလုံးသိကြတဲ့အတိုင်း ခေမာထေရီမကလည်း ဗိမ္ဗိသာရမင်းရဲ့ အကူအညီကြောင့် ဘုရားထံမှာ ရဟန်းမ ပြု၊ ဥပ္ပလဝဏ်ထေရီမလည်းပဲ ရဟန်းပြုလို့ ဆယ့်ငါးရက်လောက်ရတဲ့အချိန်မှာ၊ သူတို့နှစ်ယောက် ရဟန္တာဖြစ်ပုံက ထူးလွန်းလို့ နှစ်ယောက်စလုံးကလည်း ပါရမီဖြည့်လာခဲ့တုန်းကလည်း ညီမအဖြစ်နဲ့ ကျောင်းဆောက်လှူခဲ့ကြတယ်၊ အခုရဟန္တာဖြစ်တဲ့ အချိန်ကျတော့လည်းပဲ ဘာမြင်ပြီးတော့ ရဟန္တာဖြစ်ကြတုန်းဆိုတော့ သူတို့ရဟန်းပြုပြီးလို့ ဆယ့်ငါးရက်မြောက်နေ့ ရောက်တဲ့အခါကျတော့ ဥပုသ်ကျောင်းဆောင်မှာ မီးထွန်းရတယ်၊ ခုကာလလို လျှပ်စစ်မီးတွေမရှိတော့ ရေနံဆီမီးတို့ဘာတို့ ဖြစ်မှာပေါ့ မီးထွန်းတာ၊ မီထွန်းတော့ သူတို့နှစ်ယောက် မီးထွန်းအလှည့်ကျလို့ သွားပြီးမီးထွန်းရင်းနဲ့ ဝိပဿနာက လက်ကမလွတ်ပဲကိုး သူတို့က၊ အမြဲတမ်း တရားက လက်မလွတ်တော့ မီထွန်းတာ မီးကြည့်ပြီးတော့ သူတို့ ရဟန္တာဖြစ်ကြတယ်၊ အဲဒါကို ခေမာထေရီ ရဟန္တာမကြီးက သူကိုယ်တိုင်ပြောတယ်။

**ပဒီပဇိတ္ဖာ တဒါ စာဟံ, အဒ္ဒမာသေ ဥပဋ္ဌိတေ. . . တဲ့-**

**ပဒ္ဒဇိတ္ဖာ-ရှင်ရဟန်းပြုပြီး၍၊ အဒ္ဓမာသေ-တစ်ဆယ့်ငါးရက်သည်၊ ဥပဋ္ဌိတေ-တည်သည်ရှိသော်. .၊**

**ဒီပေါဒယဉ္စ ဘေဒဉ္စ, ဒိသွာ သံဝိဂ္ဂမာနသာ၊**

**ဒီပေါဒယဉ္စ-ဆီမီးတွေ, တစ်ဖျတ်ဖျတ် တောက်တောက်နေပုံကိုလည်း ကောင်း။ ဘေဒဉ္စ-ဆီမီးတွေ တဖြုတ်ဖြုတ်, ငြိမ်းချုပ်ပုံကိုလည်းကောင်း၊ ဒိသွာ-ဝိပဿနာဉာဏ်အားဖြင့် မြင်ရသည်ဖြစ်၍. . . တဲ့၊ ဥပုသ်ကျောင်းဆောင် မီးထွန်း**

http://www.dhammadownload.com



ရင်းနဲ့ မီးကြည့်ပြီးတော့ ခေမာထေရီမရော, ဥပ္ပလဝဏ်ထေရီမရော မီးကြည့်ပြီးတော့ သူတို့စိတ်ထဲ ဩော်. . . ဒီမီးတောက်ဟာ မီးစာရယ်, ဆီရယ်ဆိုတဲ့ အကြောင်းကြောင့် ဒီမီးတောက်ကလေး တစ်ဖျောက်ဖျောက်ဖြစ်၊ အသစ် အသစ် မီးစာလည်း အသစ်အသစ်ဆီကြောင့် မီးတောက်ကလေးတွေ အသစ်အသစ်ဖြစ်၊ အဟောင်းအဟောင်း မီးတောက်ကလေးတွေ ပျောက်ပြီးတော့ အသစ်အသစ် မီးတောက်ကလေးတွေ လာတာပါလား. . . လို့ မီးကိုကြည့်ပြီးတော့ ဝိပဿနာတင် ဆင်ခြင်လိုက်တာ။

မီးကို ကြည့်နေရာကနေပြီးတော့ စိတ်က မီးဆီရောက်နေရာကနေ နောက် ခန္ဓာဘက် လှည့်လိုက်တာကိုး သူတို့က၊ ကိုယ့်ခန္ဓာကိုယ်ဘက် လှည့်လိုက်တော့လည်း ဒီခန္ဓာကိုယ် ရုပ်နာမ်တရားတွေ မှန်သမျှသည် မီးတောက်တွေပဲ. . .၊ ကံ စိတ် ဥတု အာဟာရဆိုတဲ့ အကြောင်းတရား ပဋိစ္စသမုပ္ပါဒ်အကြောင်း တရားဆိုတဲ့ ဆီတွေ မီးစာတွေကြောင့်တောက်နေတဲ့ ရုပ်နာမ်ဓမ္မမီးတောက်တွေ ချည်းပါလား. . . အဲဒီရုပ်နာမ်ဓမ္မမီးတောက်တွေဟာ အခုပေါ်လိုက် အခုပျောက် လိုက်, အခုပေါ်လိုက် အခုပျောက်လိုက်, အခုဖြစ်လိုက် အခုပျက်လိုက်, အခုဖြစ်လိုက် အခုပျက်လိုက်နဲ့ ဖြစ်ပျက်နေကြတာချည်းပဲ. . . လို့ ဉာဏ်နဲ့ သိမ်းပိုက်လိုက်တော့လေ သူတို့ကိုယ်သူတို့ မီးတောက်လို့ မြင်လာတယ်။

သူတို့ခန္ဓာကိုယ်ကို ငါပဲဆိုတဲ့ အစွဲပျောက်သွားပြီးတော့ မီးတောက်လို့ မြင်လာတယ်၊ အကြောင်းကြောင့်ဖြစ်နေတဲ့ အကျိုးတွေပဲလို့ မြင်လာတယ်၊ အဲဒါ တွေကလည်း အခုဖြစ် အခုပျက်၊ အခုဖြစ် အခုပျက်၊ မီးတောက်ကလေးတွေ ပေါ်လိုက် ပျောက်လိုက်, ပေါ်လိုက် ပျောက်လိုက်, ငြိမ်းလိုက် ပျောက်လိုက် ဖြစ်နေ သလို မီးတောက်လည်းကြည့်လိုက် တစ်လွန့်လွန့် တစ်ညွန့်ညွန့်နဲ့ ပေါ်လိုက် ပျောက်လိုက်ဖြစ်နေတာ မြင်နေပြီလေ၊ အဲဒါတွေ ခန္ဓာထဲ ဉာဏ်လှည့်လိုက်တယ်၊ သူတို့ခန္ဓာထဲ ဉာဏ်လှည့်လိုက်သည်နဲ့ တစ်ပြိုင်နက် ကမ္ဘာလောကကြီး ရှိရှိသမျှ သတ္တဝါတေ အကုန်လုံး မီးတောက်တွေလို မြင်လာတယ်။

ဟော-ဒီတော့ ဒီနေ့ကျောင်းအမနှစ်ယောက်က ခေမာထေရီ ဥပ္ပလဝဏ် ထေရီမကြီးတွေ ဉာဏ်ကို နောက်ကကပ်ပြီးတော့ ခိုးပြီးတော့ ကြည့်ပါ။ ဩော်. . . ငါတို့ ခန္ဓာကိုယ်ကလည်း မီးတောက်တွေလိုပဲ. . . သူ့အကြောင်းကြောင့် သူ့ အကျိုးဖြစ်နေတာ၊ သုံးဆယ့်တစ်ဘုံထဲမှာ ရှိရှိသမျှ ရုပ်နာမ် ဓမ္မသင်္ခါရခန္ဓာ ပိုင်ရှင်တွေမှန်သမျှ မီးတောက်တွေချည်းပဲ. . . လို့ မြင်လိုက်ပါ။ အဲဒီလိုမြင်လိုက် တော့ ဝိပဿနာဝင်လာတယ်၊ သူပဲ ငါပဲဆိုတာတွေ ပျောက်သွားတယ်၊ မီးတောက် တွေပဲ၊ သူ့အကြောင်းကြောင့် သူ့အကျိုးဖြစ်နေတဲ့ ရုပ်နာမ်ဓမ္မသင်္ခါရပဲ

http://www.dhammadownload.com



ဖြစ်ပျက်နေတဲ့သဘောတွေချည်းပဲ၊ အကြောင်းလေးရှိလို့ အကျိုးပေါ်နေတာချည့်ပဲ၊ အဲဒီ အကျိုးလေးတွေကလည်း ပျောက်သွားတာပဲ၊ နောက်က အကြောင်းသစ်ပေါ်လို့ အကျိုးသစ် ပေါ်လာတာပဲ၊ ဒီအကြောင်းငြိမ်းရင် ဒီအကျိုးငြိမ်းမယ်၊ အဲဒါနိဗ္ဗာန်ပဲ၊ အဲဒီနိဗ္ဗာန်ကို ထေရီမကြီးနှစ်ယောက် မီးတောက်ကို မြင်ပြီးတော့။

**ဒီပေါဒယဉ္စ ဘေဒဉ္စ, ဒိသွာ သံဝိဂ္ဂမာနသာ၊**
အဲဒီမီးကို ဆက်ပြီးတော့ ရှုလိုက်တာ. . တဲ့၊

**နိဗ္ဗိန္နာ သဗ္ဗသင်္ခါရေ, ပစ္စယာကာရကောဝိဒါ. . . တဲ့**

အလုံး စုံသော သင်္ခါရတွေပေါ်မှာ ငါတို့ ဒီလိုပဲမြင်သွားပြီးတော့လေတဲ့ တစ်လောကလုံးပေါ်မှာ ငြီးငွေ့ပြီးတော့ လွတ်မြောက်ချင်တဲ့စိတ်တွေ ပြင်းပြလာပြီးတော့-

**စတုန္နရာယေ အတိက္ကမ္မ, အရဟတ္တ မပါပုဏီ။**

**စတုရောယေ**-ကာမောဃ, ဘဝေါဃအစရှိတဲ့ ဩဃလေးဖြာ, သံသရာကြီးကို **အတိက္ကမ္မ**-ဉာဏ်အားဖြင့် ကျော်ကာလွန်မြောက်၍၊ **အရဟတ္တံ**-အရဟတ္တဖိုလ်ဆိုတဲ့ ရဟန္တာမကြီးအဖြစ်သို့၊ **အပါပုဏီ**-ကောင်းစွာမသွေ, ဆိုက်ရောက်ခဲ့ပေကုန်သည်တကား. . .။

**သာဓု. . . သာဓု. . . သာဓုပါဘုရား. . .။**

ဒီတော့- တို့ နောက်ဆုံးမှာ အဲဒီလို မီးတောက်ကို ကြည့်ပြီးတော့ပဲ ရဟန္တာမဖြစ်သွားတဲ့ ခေမာထေရီနဲ့ ဥပ္ပလဝဏ်ထေရီမကြီးတို့ရဲ့ဉာဏ်ကို ခိုးပြီးတော့ ဒီနေ့ ကျောင်းအမ ညီမနှစ်ယောက်တို့ကလည်းပဲ ကမ္ဘာလောကကြီး ရှိရှိသမျှ ရုပ်နာမ်သင်္ခါရတွေ မီးတောက်တွေချည်းပဲလို့ အာရုံပြုလိုက်တော့ သုံးဆယ့်တစ်ဘုံကြီးကို မီးတောက်ကွင်းကြီး၊ သုံးဆယ့်တစ်ဘုံထဲ ရုပ်နာမ်ဓမ္မရှိနေတဲ့ သတ္တဝါတွေကို မီးတောက်တွေလို မြင်လိုက်။ အဲဒီလို မြင်လိုက်တော့ ဒီသုံးဆယ့်တစ်ဘုံထဲ ဘယ်နားမှ မသွားချင်တော့ဘူး၊ ခုပေါ် ခုပျောက်မယ့် မီးတောက်တွေချည်းပဲ၊ အဲဒီမီးတောက်တွေရဲ့ အပြီးသတ်ငြိမ်းရာ အေးရာဖြစ်တဲ့ အသင်္ခတ, အမတခေါ်တဲ့ နိဗ္ဗာနဓာတ် တရားမြတ်ကြီးသည် ကေန်ရှိတယ် အမှန်ရှိတယ်။

အဲဒီ ရှိနေတဲ့ နိဗ္ဗာနဓာတ် တရားမြတ်ကြီး အကြောင်းလည်းငြိမ်း အကျိုးလည်းငြိမ်းတဲ့ နိဗ္ဗာနဓာတ် တရားမြတ်ကြီးကို ရရာရကြောင်း တပည့်တော်မတို့ ဒီနေ့ ကျောင်းဆောက်လုပ်ပူဇော်ပွဲကြီးကို အကြောင်းပြုပြီးတော့ ဖြစ်ပေါ်တဲ့ ကုသိုလ်ကောင်းမှု စေတနာစုဟာ အားကောင်းသော အထောက်အပံ့ဖြစ်ပါစေသား၊ အားကောင်းသော အထောက်အပံ့ ဖြစ်ပါစေသတည်း. . . လို့ နောက်ဆုံး

http://www.dhammadownload.com



အဲဒီလို ဝိပဿနာတင်ပြီးတော့ အဲဒီ ဝိပဿနာဉာဏ် အရှိန်အဟုန်နဲ့ ဒီနေ့ ပြုတဲ့ ကုသိုလ်ကောင်းမှု စေတနာစုသည် မီးတောက်တို့ရဲ့လွတ်ရာ, မီးတောက်တွေရဲ့ ငြိမ်းရာကို ရောက်ဖို့ရာ အားကောင်းသော အထောက်အပံ့ ဖြစ်ပါစေသား လို့ဆိုရင် အဲဒါ နိဗ္ဗာန်နဲ့ တည့်သွားပြီ၊ ဒီနေ့ ကျောင်းလှူပွဲကြီးက နိဗ္ဗာန်ဘက်ကို ကျေးဇူးပြုမယ့် ဥပနိဿယပစ္စည်းနဲ့ ပို့မယ့်ကုသိုလ်ထုပ်ကြီး ဖြစ်သွားပြီ၊ အဲဒီလို မီးငြိမ်းရာဖြစ်တဲ့ ဌာနကြီးကိုရောက်ဖို့ရာ၊ မီးလွတ်ရာဖြစ်တဲ့ ဌာနကြီးကို ရောက်ဖို့ရာအတွက် ရည်မှန်းပြီးသကာလ ပြုစွမ်းနိုင်တဲ့ အမျိုးသမီးတွေ ဖြစ်ကြပါစေကုန်သတည်း။

ဤကဲ့သို့ ကြီးကြီးကျယ်ကျယ်ပြုတဲ့ ကုသိုလ်ကောင်းမှုကိုပဲ ဖြစ်ဖြစ်၊ နည်းများမဟူ နေ့စဉ်ပြုကြတဲ့ ကုသိုလ်ကောင်းမှုတွေကိုပဲ ဖြစ်ဖြစ်၊ ဤကဲ့သို့ သုံးဆယ့်တစ်ဘုံ မီးလောင်ကွင်းကြီးလို့ မီးတောက်ကွင်းကြီးလို့ အာရုံပြုထား၍ သုံးဆယ့်တစ်ဘုံတွင်း ရှိရှိသမျှ ရုပ်နာမ်ခန္ဓာပိုင်ရှင်တွေကို မီးတောက်တွေ ကဲ့သို့ အာရုံပြုနိုင်ကြ၍, ထိုမီးတို့ရဲ့ငြိမ်းရာ အေးရာ အသခ်တ အမတခေါ်တဲ့ နိဗ္ဗာနဓာတ် တရားမြတ်ကြီးကို ဥပ္ပလဝဏ်ထေရီမ ခေမာထေရီမကြီးတို့ အာရုံပြုသကဲ့သို့ အာရုံပြု၍, ပြုစွမ်းနိုင်တဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေ ဖြစ်ကြကုန်လျက် ထိုမီးတို့ရဲ့ ငြိမ်းရာ အေးရာဖြစ်တဲ့ နိဗ္ဗာနဓာတ် တရားတော်မြတ်ကြီးကို လျင်မြန်ဆောစွာ ရောက်ကြရ ရကြရပါလိုကုန်သောဟူ၍ ပတ္ထနာအောင်ဆုပြုကြကုန်ရာသတည်း။

သာဓု. . . သာဓု. . . သာဓုပါဘုရား. . . . ။

http://www.dhammadownload.com

# "ဝေါနတ္ထဥပါသကာ"
# ဆာနာ့ငြိမ်းဆေးတရားတော်

ကိုင်း-အနုမောဒနာ ပြုပေးရအောင်ဆိုတော့ ယနေ့မြန်မာ ကောဇာ သက္ကရာဇ် ၁၃၅၂-ခုနှစ်၊ တော်သလင်းလဆန်း(၁၂)ရက်နေ့၊ ခရစ်နှစ် ၁၉၉၀-ပြည့်ခုနှစ်၊ ဩဂုတ်လ(၃၁)ရက်နေ့မှာ၊ အမရပူရမြို့၊ မဟာဂန္ဓာရုံကျောင်းတိုက်ရှိ ပရိယတ်, ပဋိပတ်သာသနာ့တာဝန်ထမ်းဆောင်နေကြသော ဘုရားသားတော် သံဃာတော်(၁၂၈၀)ကျော်တို့အား အရုဏ်ဆွမ်း, နေ့ဆွမ်း, နှစ်ထပ်သော ဘောဇဉ် ဆွမ်းများဖြင့် (၁၅)ကြိမ်မြောက်၊ (၁၅)နှစ်မြောက် လာရောက်ပြီးတော့ လောင်းလှူ ဆက်ကပ် ကုသိုလ်ကောင်းမှုတွေ လာပြီးတော့ပြုကြတဲ့ ကုသိုလ် ကောင်းမှုရှင် များက ကျောက်တံခါးမြို့ဈေးတန်းရပ် အောင်သုခလမ်း "ထူး"ဆန်စက်လုပ်ငန်း ပိုင်ရှင် မိသားစုများဖြစ်ကြတဲ့ ဆွမ်းဒါယကာဦးကျော်ဒင်+ဆွမ်းဒါယိကာမ ဒေါ်ပုနဲ့ သားသမီးမြေးများ မိသားစုတို့ဖြစ်ကြပါတယ်။

ဒီတော့ ဘာပဲပြောပြောလိုရင်းက ခုနက ဘုရားသားတော် သံဃာတော် သုံးသောင်းကျော်ကို ဆွမ်းဘောဇဉ် အာဟာရတွေတပည့်တော်တို့ ကျွေးမွေး လှူဒါန်း ထောက်ပံ့ရတဲ့ ဤကုသိုလ်အစွမ်းကြောင့် တပည့်တော်တို့မှာ အာဝါသိက ရောဂါကြီး ကိစ္စတုံး ငြိမ်းရာအမြစ်ပြတ်ရာဖြစ်တဲ့ ဌာနသို့ လျှင်မြန်ဆောစွာ ရောက်ပါရစေ. . . . လို့ ဟောဒီလို စိတ်ညွတ်ကြ၊ နိဗ္ဗာန် ရရပါလို၏နဲ့ အတူတူပဲ၊ နိဗ္ဗာန် ရရပါလို၏လို့ ဆိုရင်တော့ ရှိုးရာပြောတာမို့လို့ သစ္စာမထိဘူး၊ သစ္စာမဆိုက် ဘူး၊ ဆုတောင်းဆိုတာ သစ္စာဆိုက်ပြီးတော့ တောင်းတဲ့ဆုမှ မြတ်တယ်၊ သစ္စာမြင် ပြီးတော့ တောင်းမှစိတ်ညွတ်မှ ပိုပြီးတော့ ထိရောက်တယ်၊ ဒီတော့ ဘာသစ္စာမြင်ရ မှာ တုန်းဆိုတော့ ပထမဆုံးတော့ ဒုက္ခသစ္စာရဲ့ အာဒီနဝခေါ်တဲ့အပြစ်ကို မြင် အောင်ကြည့်ပြီးတော့၊ အဲဒီဒုက္ခသစ္စာအပြစ်ရဲ့လွတ်ရာ မှန်းနိုင်ရတယ်။ ဒုက္ခ သစ္စာရဲ့ အပြစ်ကို တစ်ပိဿာလောက် မြင်အောင်ကြည့်တတ်ရင် နိဗ္ဗာန်ရဲ့ ချမ်းသာ တစ်ပိဿာလောက် မှန်းလို့ရတယ်၊ ဒုက္ခသစ္စာရဲ့အပြစ်ကို ဆယ်ပိဿာလောက် မြင်လာရင် နိဗ္ဗာန်ဘက်ကို ကိုယ့်စိတ်လေးက ဆယ်ပိဿာလောက်သိလိမ့်မယ်။

ဥပမာ ဘာနဲ့တူတုန်းဆိုရင် ဘောလုံးများကို အဝတ်ကန့်လန့်ကာဆီကို လှမ်းပေါက်လိုက်တော့ အဝတ်ကန့်လန့်ကာ တောင့်တောင့်လေး, တင်းတင်းလေး ကာထားတဲ့ အဝတ်ကန့်လန့်ကာ၊ နောက်ကဘာမှ အခံမရှိဘူး၊ ကြိုးနဲ့ အောက်က လည်းပဲသိုင်း၊ အထက်ကလည်းပဲ ချည်ထားတဲ့ အဝတ်ကန့်လန့်ကာကို

http://www.dhammadownload.com



ဘောလုံးနဲ့ပစ်လိုက်တော့၊ ကန့်လန့်ကာကို မှန်ပြီတော့ ဘောလုံးဘက်ပြန်လာတာက၊ နောက်ပြန်လာတဲ့အရှိန်က သေးသေးလေး၊ ဘာလို့တုန်းဆိုတော့ ကန့်လန့်ကာမှာ သွားထိမှန်တာက မပြင်းထန်ဘူး၊ အိကနဲ ညိကနဲဆို အသာလေး ထိပြီးတော့ ပြန်တော့လာတယ်၊ နည်းနည်းပဲ ခရီးရောက်တယ်၊ အဲ-ကျောက်နံရံကြီးသွားပြီးတော့ ဘောလုံးနဲ့လှမ်းပေါက်လိုက်တော့ ဖုန်းကနဲ့ဆို တစ်ခါတည်း ကျောက်နံရံကြီးနဲ့ ထိခိုက်လိုက်တော့ ပြင်းထန်တယ်၊ တစ်ခါတည်း ဘောလုံးက ဘက်ပြန်ပြေးလာလိုက်တာ အဝေးကြီးကို လွင့်ပြီးတော့ ရောက်သွားတာပဲ။

အဲသလိုပဲ ဒုက္ခသစ္စာ ရုပ်နာမ်ခန္ဓာပေါ်မှာ အာဒီနဝခေါ်တဲ့အပြစ်ကို သိပ်မမြင်ဘဲနဲ့ သာယာစရာ, တွယ်တာစရာတွေချည်း မြင်နေပြီးတော့ အပြစ်က နည်းနည်းလေးမြင်ရင်၊ အဝတ်လိုက်ကာ ကန့်လန့်ကာ ဘောလုံးမှန်ပြီးတော့ ဘက်ပြန်လာသလိုပဲ၊ စိတ်ကနိဗ္ဗာန်ဘက်ကို အပြင်းအထန် မပြေးဘူး၊ ဒါကို မြတ်စွာဘုရားက "န ပက္ခန္ဒတိ"တဲ့ မပြေးနိုင်ဘူးတဲ့ စိတ်က၊ အဲကျောက်နံရံကြီး ဘောလုံးမှန်ပြီးတော့ ပြေးလာတဲ့ အခါကျတော့ ဗိုင်းကနဲ့ဆို အရှိန်ကပြင်း တယ်ဆိုတော့ ပြေးလိုက်တဲ့ ဘောလုံး၊ ဘက်ပြန်ပြီတော့ နောက်ပြန် ပြန်တာ၊ အဝေးကြီး ခရီး ပေါက်သွားတာ၊ အဲသလိုပဲ. . . တဲ့၊ ဒုက္ခသစ္စာရဲ့ ဖြစ်ပျက်တွေကို များများမြင်တော့ မဂ္ဂသစ္စာနဲ့ စိတ်ကပြေးလိုက်တာ နိဗ္ဗာန်ဘက်ကို တော်တော်ကြီးကို ခရီး ပေါက်ရောက်သွားတာပဲ။

အဲသလိုပဲ ဆုတောင်းဆိုတာ၊ နိဗ္ဗာန်ရရပါလို၏ ဆိုတော့ အဝတ်ကန့်လန့်ကာလေး မှန်ပြီးပြန်လာတဲ့ ဘောလုံးလိုပဲ ပျော့အိအိနဲ့ သိပ်ခရီးမရောက်ဘူး၊ အဲ အာဂန္တုကနာ အာဝါသိကနာဆိုတဲ့ အနာကြီးတွေ အမြစ်ပြတ်တုံး၍ အဆုံးအပြတ်ဖြစ်တဲ့ နိဗ္ဗာန်ရဖို့ရာ ဒီနေ့တပည့်တော်တို့ (၁၅)ကြိမ်မြောက် (၁၅)နှစ်မြောက် ဆွမ်းဘောဇဉ်တွေ ဆက်ကပ်ရတဲ့ ကုသိုလ်ကောင်းမှု မှစပြီး ဒီနေ့လှူဒါန်းရတဲ့ ကုသိုလ်ကောင်းမှု(၁၅)နှစ်အတွင်း အရုဏ်ဆွမ်း နေ့ဆွမ်းနှစ်ထပ်နဲ့တွက်ပြီး သံဃာသုံးသောင်းကျော်တို့ကို လှူဒါန်းခဲ့ရတဲ့ ဆွမ်းဘောဇဉ်အလှူမှစ၍ ပစ္စည်းဝတ္ထုသုံးသောင်းသော ငွေပင်အလှူကောင်းမှုတို့က အဲဒီပြဆိုအပ်ခဲ့တဲ့ အာဝါသိကနာ ရောဂါကြီးတို့ရဲ့ ကုန်ရာ ငြိမ်းရာသို့ လျင်မြန်ဆောစွာရောက်ဖို့ရာ ဖြစ်ပါစေသား. . . လို့ အဲဒီလိုစိတ်ညွတ်လိုက်တော့ ပြေးတယ်၊ ကျောက်နံရံမှန်ပြီး ဘက်ပြန်တဲ့ဘောလုံးကြီးလိုပဲ စိတ်က မဂ္ဂသစ္စာနဲ့ နိဗ္ဗာန်ဘက်ကို နီးသွားအောင် သူပြေးတာပဲ။

အာဝါသိကနာဆိုတာ သတ္တဝါတိုင်း သတ္တဝါတိုင်း သန္တာန်မှာ မွေးကတည်းက ပါလာပြီးတော့ မျက်စိနှစ်လုံးမှိတ်ပြီး သေဆုံးတဲ့အထိ ပါသွားတဲ့ ရောဂါကို

http://www.dhammadownload.com



အာဝါသိက ရောဂါလို့ခေါ်တယ်၊ အာဂန္တုကရောဂါ, အာဝါသိကရောဂါလို့ နှစ်မျိုးရှိတယ်၊ တစ်နည်းပြောရင် အာဂန္တုကနာ, ထာဝရနာ၊ အာဂန္တုကနာ ဆိုတာ တစ်ဘဝမှာ တစ်ကြိမ်လောက်ပဲပေါ်တာ၊ သို့မဟုတ် နှစ်ကြိမ် သုံးကြိမ် လောက် လာပြီးတော့ဖြစ်တဲ့ရောဂါ၊ နာတယ် အနာပေါက်လို့, ဆီးချုံဖြစ်လို့, သွေးတိုးဖြစ်လို့ ဆိုသည့်တိုင်အောင် တစ်ဘဝမှာ တစ်ခါဖြစ်တာ သူက၊ ဒီထဲ ဆေးဝါးခတ်စာနဲ့ သမားတော်ကြီးများ.နဲ့ ကုလိုက်ရင် ပျောက်သေးတယ် သူက၊ ဒါ အာဂန္တုက နာ၊ ဘယ်လောက်ဆိုးဝါးတဲ့ နူနာရောဂါကြီး ဖြစ်ပါစေအုံး တစ်ဘဝမှာ ဒီတစ်ခါပဲဖြစ်တာ။ ဒီဘဝကနေ သေပြီ. . .၊ အသက်ဆုံးပြီဆိုရင် ဒီနူနာရောဂါကြီးက ဒီဘက်အလောင်းနဲ့အတူ မြေထဲနေရစ်ရတယ်။ မီးရှို့ရင်လည်း ပါသွားတယ်၊ နောက်ဘဝကျတော့ မပါတော့ဘူး။ ဒါ့ကြောင့် သူ့အာဂန္တုနာ ခေါ်တယ်။

အဲ သတ္တဝါတိုင်း သတ္တဝါတိုင်းရဲ့ ခန္ဓာကိုယ်ပေါ်မှာ အဲဒီအာဂန္တုနာ တွေမျှသာမက အာဝါသိကနာလို့ ခေါ်ရတဲ့ ရောဂါကြီးရှိသေးတယ်၊ ထာဝရ ရောဂါလို့ ခေါ်ရတဲ့ ရောဂါကြီးရှိသေးတယ်၊ အဲဒီရောဂါ ဘာရောဂါတုန်းဆိုတော့ လယ်တီဆရာတော်ဘုရားကြီးက ဓမ္မပဒဝတ္ထု၊ ဂေါနတ္တ ဥပါသကဝတ္ထုမှာ ဘုရားဟောတော်မူတဲ့ ရောဂါ၊ အာဝါသိကရောဂါ အကြောင်းကို လင်္ကာတွေ စီကုံးပြီး ဆုံးမထားခဲ့တာ၊

❖ နေ့ရှိသမျှ, တိုက်ကျွေးရ, များလှရောဂါသည်။
ကျွေးပါသော်လည်း, မငြိမ်းဘဲ, ဆာမြဲဆာတော့သည်။

ဟော- ဆာနာရောဂါကြီး၊ သတ္တဝါတိုင်း သတ္တဝါတိုင်း ခန္ဓာကိုယ်မှာ ရုပ်နာမ် ခန္ဓာရပြီးတော့ မွေးဖွားလာတဲ့အချိန်ကစပြီးတော့ စွဲကပ်လာခဲ့တဲ့ ဆာနာ ရောဂါကြီး. . .တဲ့၊ ဆာနာရောဂါကြီး၊ အဲဒီ ဆာနာရောဂါကြီးကတော့ မွေး ကတည်းက ပါလာလိုက်တာ သေသည့်အထိ ပျောက်သွားတယ်လို့ မရှိဘူး၊ ဒီဘက် ဘဝပြီးလို့ နောက်ဘဝကူး သွားတော့ကော အဲဒီနောက်ဘဝလည်း လိုက်သွား တာပဲ၊ ဒီရောဂါကြီးက အဲဒီနောက်တစ်ဘဝပြီးတော့ ဟိုဘက် တတိယဘဝ ကူးတော့ကော လိုက်သွားတာပဲ၊ အဲဒီနောက်ကော လိုက်သွားတာပဲ၊ ရဟန္တာ မဖြစ်သေးသမျှ, ရဟန္တာဖြစ်ပြီးတော့ ပရိနိဗ္ဗာန်မဝင်စံသမျှ ပါသွား မယ့်ရောဂါကြီး၊ ရှေးတုန်းကကောဆိုတော့ ရှေးတုန်းကလည်း အခု ဆွမ်းဒကာ ဆွမ်းအမတွေ ဘုန်းကြီးတို့တစ်တွေအားလုံး သတ္တဝါတွေ ရုပ်နာမ်ခန္ဓာရသမျှ ဒီဆာနာရောဂါ ကြီးစွဲခဲ့ကြတယ်. . . တဲ့၊ ဆာနာရောဂါကြီး ကပ်ခဲ့ကြတယ်၊ ဒါ့ကြောင့်-

http://www.dhammadownload.com



❖ အာရုံခြောက်ဖြာ, ကောင်းနိုးရာနှင့်, ဆာနာငြိမ်းရေး, ခြောက်ပါးဆေး, တိုက်ကျွေး နေ့ကြာရှည်။

ဒီ ခန္ဓာကိုယ်ကို ဆာနာရောဂါတုံးကြီးလို့ အာရုံပြုလိုက်ကြ၊ ငါကျန်းမာပါတယ်၊ ငါနေကောင်းပါတယ်များနဲ့ သွားပြီးတော့ မာန်မဝင်လိုက်နဲ့၊ အဲဒါ သစ္စာမမြင်လို့ ပြောတဲ့စကားတဲ့ ဘုရားက သံယုတ်ပါဠိတော် နကုလပိတုသုတ်ကျတော့ ဘယ့်နယ့်ပြောတုန်းဆိုတော့-

"ဣမံပိ ကာယံ ပရိဟရန္တော-ဒီခန္ဓာကိုယ်ကြီးကို ထမ်းပိုးသယ်ပိုး ရွက်ဆောင်ပြီးတော့ ဆာနာရောဂါကြီး ခြောက်လုံးသက်သာအောင်၊ ဆာနာရောဂါပျောက်ရေး ဆေးခြောက်ပါး ကျွေးပြီးတော့ နေရသည် ဖြစ်ပါလျက်၊ အာရောဂျံ-ငါကျန်းမာပါတယ်, ငါကျန်းမာပါတယ်၊ ငါ နေကောင်းပါတယ်ဆိုတဲ့ အဖြစ်ကို၊ ပဋိဇာနေယျ-ဝန်ခံငြားအံ့၊ ဗာလျံ-မိုက်မဲသည်၏ အဖြစ်ကို၊ (ဝါ) အသိဉာဏ်နုံသည်၏ အဖြစ်ကို၊ (ဝါ) သစ္စာမမြင်တဲ့ အဖြစ်ကို၊ အညတြ-ကြဉ်ထား၍၊ ကိံ-ဘာဆိုဖွယ်ရာ ရှိအံ့နည်း. . .။

အမျိုးသားတစ်ယောက်, အမျိုးသမီးတစ်ယောက်က ကျုပ်နေကောင်း ပါတယ်၊ ကျုပ်ကျန်းမာပါတယ်လို့ ပြောအံ့၊ ဒီခန္ဓာကိုယ် ဆာနာရောဂါလုံးကြီး ခြောက်လုံးစွဲကပ်နေတဲ့ ရောဂါသည်ကြီးကို နေ့တိုင်း ဆေးကျွေးနေရပါလျက် သားနဲ့၊ နေ့တိုင်းဆေးကျွေး ကုနေရတာ ဖြစ်ပါလျက်နဲ့သားနဲ့၊ သူကျန်းမာပါ တယ်လို့ ပြောတာဟာ သူ့ရောဂါ သူမသိချက်ဆိုးဝါးတာကလွဲလို့၊ သူ့ရောဂါ သူမသိတဲ့ အမိုက်မောဟ ထုပြောတာကလွဲလို့ ဘာမှပြောစရာ မရှိဘူး၊ ဒါ သူမသိ လို့ပြောတာပဲ၊ ဒီ ခန္ဓာကိုယ်ကြီးက ဆာနာရောဂါကြီးခြောက်လုံး၊ ဘာတွေဆာတုန်း မျက်စိပေါက်က အဆင်းမျိုးစုံ ရူပါရုံကိုဆာတယ်၊ နားပေါက်က အသံမျိုးစုံ သဒ္ဒါရုံကိုဆာတယ်၊ နှာခေါင်းပေါက်က အနံ့မျိုးစုံ ဂန္ဓာရုံကိုဆာတယ်၊ လျှာပေါက်က စားဖွယ်သောက်ဖွယ်မျိုးစုံ ရသာရုံကိုဆာတယ်၊ ကိုယ်ပေါက်က အထိအတွေ့မျိုးစုံ ဖောဋ္ဌဗ္ဗာရုံကိုဆာတယ်၊ မနောပေါက်က ကြံစီစိတ်ကူးစရာ ဓမ္မာရုံလေးတွေ၊ အတွေး ကောင်း အကြံကောင်းတွေကိုဆာတယ်။

ဒါ့ကြောင့် အဲဒီဆာနာရောဂါကြီးတွေက နေ့တိုင်းခန္ဓာကိုယ်ပေါ်မှာ ပေါ် နေတာ၊ ဟိုဟာလေးမြင်ချင်၊ ဒီဟာလေးကြည့်ချင်၊ သားလေးမြင်ချင် သမီးလေး ကြည့်နေချင်၊ အိမ်ကောင်းကောင်းလေးကြည့်ချင်၊ ပုတီးလက်ကောက် ကောင်းကောင်း လေးကြည့်ချင်၊ မြင်ချင်ကြည့်ချင်နေတာ ဆာနာပဲ။ အဲဒီလိုပဲ နားပေါက်ကလည်း အသံကောင်းကောင်းလေးတွေ ကြားချင်, သီချင်းသံလေးတွေ ကြားချင်, တီးမှုတ်သံ လေးတွေကို နားထောင်ချင်၊ သားသံလေးတွေကြားချင် သမီးသံလေးတွေ ကြားချင်၊

http://www.dhammadownload.com



ဇနီးခင်ပွန်းသည် အချင်းချင်းရဲ့အသံလေးကို ကြားပြီးတော့နေရမှ ချမ်းသာတယ်၊ ကြားချင်နေတယ်၊ ဒါနားပေါက်က ဆာနာရောဂါကြီး။

နှာခေါင်းပေါက်- နှာခေါင်းပေါက်က ထို့အတူ အနံ့မျိုးစုံ ဂန္ဓာရုံကို နမ်းချင်တယ်၊ ရှူချင်တယ်, ပန်းလေးမွှေးမွှေးကို ရှူစေချင်တယ်၊ ရေမွှေး ကရမက်လေးကိုမှ ရှူနေချင်တယ်၊ လိမ်းနေချင်တယ်၊ ဒါ နှာခေါင်းပေါက်က ဆာနေတာ၊ လျှာပေါက်ကပြောစရာ မရှိဘူး၊ ချို,ချဉ်,စပ်,ဖန်,ခါး, အငံရသာ ခြောက်ပါး စားပြီးတော့ နေချင်တယ်၊ အချိုလေးစားရတော့ အချဉ်လေး တောင့်တလာတယ်၊ အချဉ်လေးရပြန်တော့ အငံလေးပါအုန်းမှနဲ့၊ လျှာပေါက်ကလည်း ဆာနာရောဂါကြီးက နေ့ရှိသမျှ တိုက်ကျွေးပြီးတော့နေရတဲ့ ရောဂါပူကြီး. . . တဲ့၊ ကိုယ့်ခန္ဓာကိုယ်ကို ရောဂါပူကြီးလို့ မြင်လိုက်ကြ။

❖ ကျွေးပါသော်လည်း, မငြိမ်းဘဲ, ဆာမြဲဆာတော့သည်။

နေ့တိုင်းကျွေးနေလို့ သူဝသွားသလား၊ တင်းတိမ်သွားသလားဆိုတော့ မတင်းတိမ်ဘူး၊ ဆာပြီးရင်းဆာရင်း၊ ဆာပြီးရင်းဆာရင်း၊ ဒီနေ့တစ်နေ့ မနက်စောစောကစပြီး ကျွေးမွေး၊ တိုက်ကျွေးထား၊ နေ့လယ်လောက်ကျတော့ ဆာလာရင်ကျွေးရပြန်၊ညနေလောက်တော့ဆာလာပြန်ကျွေးရပြန်၊ အားလုံးသိကြတာတော့ ဆာတာက လျှာပေါက်က အဆာကိုသာသိကြသကိုး၊ မျက်စိပေါက်က ဆာ၊ နားပေါက်က ဆာ၊ နှာခေါင်းပေါက်က ဆာ၊ ကိုယ်ပေါက်က ဆာ၊ မနောပေါက်က ဆာ၊ အဲဒီ အဆာကိုကျတော့ ပျောက်နေတာ၊ ဆာတာပဲ သူတို့က၊ အဲဒီလို ဆာလာတဲ့အခါ တစ်ဘဝလုံးကျွေးပြီးတော့၊ တစ်ဘဝဆုံးတော့ ကုန်ဆုံးသွားသလားဆိုတော့ အငတ်နဲ့သေသွားတာ၊ ဆာရင်းတန်းလန်းနဲ့ သားလေးကြည့်ချင်လျှက်တန်းလန်းနဲ့ မျက်စိမှိတ်သွားရတာ၊ သချိုင်းသေမင်းနောက် လိုက်သွားရတာ၊ သမီးလေးကြည့်လို့ အားမရသေးဘဲနဲ့ သေသွားကြရတယ်၊ ရွှေငွေ ကျောက်သံ အစရှိတဲ့ ကိုယ့်စည်းစိမ်ဉစ္စာတွေကို ကြည့်ချင်လျှက်နဲ့ မျက်စိမှိတ်ကြရတယ်၊ သားသမီးသံလေးတွေ ကြားချင်လျှက်တန်းလန်းနဲ့ မျက်စိမှိတ်ကြရတယ်၊ အဲဒီလိုပေါ့လေ. . .၊ ငတ်ပြီးတော့ သေကြတာချည်းပဲ၊ သတ္တဝါတွေ။

ဒီတော့-အဲဒီဆာနာရောဂါကြီး ခြောက်လုံး သက်သာပါ စေတော့. . . လို့၊ "အာရုံခြောက်ဖြာ, ကောင်းနိုးရာနှင့်" ဟော မျက်စိပေါက်က ကြည့်ချင်ဘယ်၊ ပွဲမှကြည့်ချင်တာ၊ အငြိမ့်မှ ကြည့်ချင်တာ၊ ဇာတ်မှ ကြည့်ချင်တာ၊ မင်းသားမင်းသမီးကတာ ကြည့်ချင်တာဆိုတော့ သူ့သက်သာအောင်ဆိုပြီးတော့ သွားပြီးတော့ ဆေးကျွေးတဲ့အနေနဲ့ ကုရတယ်၊ ကျွေးရတယ်၊ ကျွေးလိုက်တော့ တစ်ခါကြည့်လိုက်ပြီးတော့ နည်းနည်းတင်းတိမ်သလို အားရသလိုဖြစ်သွား၊ တော်ပြီဆိုပြန်လာ၊

http://www.dhammadownload.com



နောက်တစ်ခါ တကတည်း ကတယ်တဲ့ ခုန်တယ်တဲ့ ဆိုင်းသံတီးသံကြားပြန် သူတို့ ကြည့်ချင်လာပြန်ပြီ၊ မျက်စိပေါက်ကလည်းပဲ ဆာတော့တိုက်ကျွေးရတာ၊ အဲဒီတော့ "အာရုံခြောက်ဖြာ၊ ကောင်းနိုးရာနှင့်" ရူပါရုံခေါ်တဲ့ အာရုံဆေးနဲ့၊ သဒ္ဒါရုံခေါ်တဲ့ အသံကောင်းကောင်းဆေးနဲ့၊ ဂန္ဓာရုံခေါ်တဲ့ အနံ့ကောင်းကောင်းဆေးနဲ့၊ ရသာရုံခေါ်တဲ့ စားဖွယ်သောက်ဖွယ် ဆေးလေးတွေနဲ့၊ ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ အတွေ့အထိ အဝတ်ကောင်းကောင်းလေး ဝယ်ဝတ်ပေးရ၊ ငါးရာတန်နဲ့ အားမရသေး၊ တစ်ထောင်တန်တော့ ဝတ်ချင်တယ်ဆိုလို့ တစ်ထောင်တန်လေးနဲ့ ဝယ်ဝတ်ပေးပြီး ခန္ဓာကိုယ်ထိပေးရ၊ စားပွဲကုလားထိုင် ကုရှင်၊ ကြည့်စရာ နုနုညံ့ညံ့လေးတွေမှ ကြည့်ချင်တယ်ဆိုလို့ အဆင်းကောင်းလေးနဲ့ ကြည့်ချင်တယ်ဆိုလို့သင်ဖြူးချောချောလေးနဲ့မှ အိပ်ချင်တယ်ဆိုလို့၊ အဲဒီလိုက စပြီးတော့ပေါ့လေ. . .။

သဝိညာဏက, အဲဝိညာဏက သက်ရှိသက်မဲ့၊ ဘယ်သူနဲ့မှ ထိချင်တယ်၊ ဘယ်သူနဲ့မှ တွေ့ချင်တယ်ဆိုလို့ အဲဒီလိုနဲ့ အထိအတွေ့မျိုးစုံ အာရုံတွေနဲ့လည်း ထိတွေ့ပေး. . . ပြီးတော့၊ အဲလိုတိုက်လာခဲ့ရတာ ကြာလှပြီ၊ နောက်ရောဂါက သက်သာသွားသလားဆိုတော့-

❖ ဆာနာ့မန်းသက်, ကြိမ်ကြိမ်တက်, ဆေးချက်မနိုင်သည်။

ဆာနာကြီးကတော့ ပိုကျွေးလေ တိုးလေပဲ၊ ဆေးကျွေးလေ တိုးလေ၊ ရူပါရုံကောင်းကောင်းလေး ကြည့်ချင်ပါတယ်ဆိုလို့ စိမ်းစိမ်းအာရုံလေးပြထားတော့ စိမ်းစိမ်းမဟုတ်သေးဘူးတဲ့ ပြာပြာလေးလည်းကြည့်ချင်တယ်၊ ဟာ ပြာပြာလေးပြ၊ ပြာပြာလေးနဲ့ပြတော့ ဝါဝါလေးလည်း ကြည့်ချင်သေးတယ်၊ ဝါဝါလေးလည်း ကြည့်ချင်သေးတယ်ဆိုလို့ ဝါဝါလေးပြရ၊ ဝါဝါလေး ပြလိုက်ပြန်တော့ ပြာပြာလေးပါကြည့်ချင်လာတယ်၊ အဲလိုပေါ့ သားကြည့်ချင်ရ, သမီးကြည့်ချင်ရ, တူကြည့်ချင်ရ, တူမကြည့်ချင်ရ, မြေးကြည့်ချင်ရ, မြစ်ကြည့်ချင်ရ, တစ်ရက်ကြည့်လို့ အားမရသေးဘဲနဲ့ နှစ်ရက်ကြည့်ချင်ရ, နှစ်ရက်ကနေ နှစ်လကြည့်ချင်တယ်၊ နှစ်လက နှစ်နှစ်ကြည့်ချင်တယ်၊ တစ်သက်လုံး ကြည့်ပြီး တော့ နေချင်ကြတယ်. . . တဲ့၊ ဆာနာရောဂါကြီးက လျော့မသွားဘူး။ သူ့ကို အစာကျွေးတဲ့အနေနဲ့ သူ့အလိုလိုက်ကျွေးနေလို့ကတော့ ဘယ်တော့မှ သူက မန်းပြတ်မသွားဘူး၊ ဒါကြောင့်. . .

❖ တစ်သံသရာလုံး, ဆာနာသုံး, မဆုံးနိုင်ကြပြီ။

တစ်သံသရာလုံး ဒီဆာနာရောဂါကြီးသုံးပြီးလာတာ၊ အဆိုးဆုံးရောဂါသူပဲတဲ့။

http://www.dhammadownload.com



❖ ရောဂါမျိုးတွေ. . ., မရေနိုင်အား, များသော်ငြားလည်း, ကြားချင် မြင်ချင်, စားသောက်ချင်နှင့်, လိုအင်သီးသီး, ဆာနာကြီး, ဦးစီးခေါင်းချုပ်တည်း။

လယ်တီဆရာတော်ဘုရားကြီးက အဲဒီ * ဓမ္မပဒ ဂေါနတ္ထဥပါသကာ ဝတ္ထုအကြောင်းပြုပြီးတော့ စီကုံးသွားတာ၊ "ရောဂါမျိုးတွေ, မရေနိုင်အား, များသော်ငြားလည်း" တဲ့၊ ရောဂါတွေ အမျိုးဘယ်လောက် များတယ် ပြောပြော ဒီဆာနာရောဂါဟာ အဆိုးဆုံးပါပဲ၊ ဘာပြုလို့တုန်း ဘဝရှိသမျှ၊ ရုပ်နာမ်ခန္ဓာ ရနေသမျှ သူလိုက်ပါတဲ့ ရောဂါကြီး၊ တရားထူး ရခါနီးတောင် နှောက်ယှက်သေးတဲ့ ရောဂါကြီး။ အဲဒါ မြတ်စွာဘုရားက ဓမ္မပဒဂေါနတ္ထ ဥပါသကာဝတ္ထုဆိုတာ မြတ်စွာ ဘုရားက ဘုရားတို့ဓမ္မတာအတိုင်း မနက်စောစော ကျွတ်ထိုက်တဲ့သတ္တဝါ သဗ္ဗညု တဉာဏ်နဲ့ ရှာလိုက်တဲ့ အခါကျတော့ သာဝတ္ထိမြို့၊ ဇေတဝန်ကျောင်းကနေပြီးတော့ ရှာလိုက်တာ ဉာဏ်နဲ့ဖြန့်ရှာလိုက်တာ၊ ဟို. . . ယူဇနာသုံးဆယ်လောက်ဝေးတဲ့ အာဠဝီမှာ ဒကာကြီးတစ်ယောက် ဉာဏ်ထဲထင်လာတယ်၊ လယ်သမား ဒကာကြီး။

အဲဒီတင် မြတ်စွာဘုရားက အင်း. . .၊ ငါသွားချွတ်ရမှာပါလား. . . ဆိုပြီးတော့ သံဃာတော်တွေ နောက်ပါခေါ်ပြီးတော့ အာဠဝီကြွ၊ အာဠဝီကြွလာ တယ်ဆိုတော့ မင်းနှင့်တကွ တိုင်းသူပြည်သူတွေက ဘုရားကြွလာသတဲ့၊ ဘုရားကြွလာသတဲ့ ဆိုပြီး ဝမ်းမြောက်ဝမ်းသာဆီးကြို၊ ခရီးဦးကြိုဆိုကြ, နေရာ ထိုင်ခင်း ပေးကြ၊ ညနေရောက်လာတာကိုး၊ မနက်ကျတော့ စုပေါင်းပြီး ဆွမ်းကပ် ကြမယ်၊ လှူကြတန်းကြမယ်ဆိုပြီးတော့ တစ်ခါတည်း မနက်ကျတော့ မြို့လယ်ခေါင် မဏ္ဍပ်ကနားထိုး၊ ဘုရားဆွမ်းကပ်၊ တရားနာမယ်ဆိုပြီးတော့ အဲဒီတင် လယ်သမား ကြီး တစ်ယောက်ကလည်း အမလေး၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ကြွလာသတဲ့၊ ဟန်ကျလိုက်တာ၊ သွားပြီးတော့ ငါမဖူးနိုင်ဘူး၊ လယ်ယာကိုင်းကျွန်း လုပ်ကိုင် စားသောက်နေရတာနဲ့ ဘုရားလာတဲ့အခိုက်တော့ ဖူးရအုံးမှာပဲ၊ တရားနာရအုံးမှာ ပဲလို့ဆိုပြီးတော့ ဝမ်းမြောက်ဝမ်းသာနဲ့ မနက်စောစော တရာနားမယ်လို့ သူက လည်းကြံထား၊ ဘုရားဖူးမယ်လို့ ကြံထား။

ဒီထဲညနေမှာ နွားတစ်ကောင်က၊ သူလယ်ယာကိုင်းကျွန်းလုပ်တဲ့ ခိုင်းစား နေရတဲ့ နွားတွေထဲက တစ်ကောင်က၊ အိမ်ကကြိုးလွတ်ပြီး ထွက်ပြေးတယ်၊ အချိန်တန်တော့လည်း အိမ်ပြန် မရောက်လာတော့ ဒုက္ခပဲ. . .၊ နွားကလည်း ပြန်မဝင်လာဘူး၊ မိုးကလည်း ချုပ်သွားပြီး၊ ဒီအချိန်မှတောထဲ သွားရှာလို့လည်း မလွယ်တော့ဘူး၊ ဒီတော့ မနက်စောစောကျမှ၊ ငါ နွားရှာထွက်ရမှာပဲ၊ ဒီလိုနဲ့--

* ကေဥပါသကဝတ္ထု-ဓမ္မ-၄-၂-၁၆၉၊

http://www.dhammadownload.com



အိပ်ပျော်သွားပြီး မနက်ကျတော့ စောစောထ၊ စောစောနိုးလာတော့ အင်း. . . ဘုရားကလည်း တရားဟောမှာ ဆွမ်းကပ်ပြီးတော့ လူတွေတရားနာကြမှာ၊ ငါ့နွားကလည်းပဲ ရှာရအုန်းမှာ၊ ခက်လိုက်တာ၊ နွားရှာရကောင်းမလား၊ တရားနာရကောင်းမလား၊ သူ့စိတ်ထဲမှာ၊ အင်း. . နွားအရင်ရှာရကောင်းမလား၊ တရားအရင်နာရကောင်းမလား။

အင်းလေ. . . တရားသွားမနာလို့ ဘုရားက အပြစ်ဆိုမှာမဟုတ်ဘူး၊ ဆူမှာမဟုတ်ဘူး၊ နွားသွားမရှာခဲ့ရင် အိမ်ကမယားကဆိုအုန်းမယ်၊ ဆူအုန်းမယ်၊ သားတွေသမီးတွေနဲ့ ကျွေးရေးမွေးရေး ခက်အုန်းမယ်၊ နွားမရှိရင် လယ်မလုပ်နိုင်ဘူး၊ လယ်မလုပ်နိုင်ရင် လယ်ယာကိုင်းကျွန်း အလုပ်ပျက်ပြီးသကာလ ဆန်ရေစပါးမရှိလို့ ငါ့သားကိစ္စ သမီးကိစ္စ မယားကိစ္စတွေ အဆူအပူခံရတဲ့အပြင် သားဝတ်၊ သမီးဝတ်၊ မယားဝတ် မကျေလို့မို့ ငါဒုက္ခဖြစ်နိုင်တယ်၊ ကိုင်း. . . တရားနောက်မှ နာတော့မယ် ကြုံမှနာရတော့မှာပဲ၊ မိမှနာလိုက်ရတော့မှာပဲလို့ သူ့ကို ဘုရားချွတ်ဖို့ သူ့ကို သောတာပန်ဖြစ်အောင် တည်ဖို့ရာ လာတာ၊ အဲဒီတရားရဲ့ကြားမယ် သားတွေရဲ့ကိစ္စဝင်ရှုပ်နေလိုက်တာ၊ ဒါနဲ့ ပုထုဇဉ်တို့သဘာဝအတိုင်းလေ. . . မဖြစ်သေးဘူး၊ နွားအရင်ရှာအုန်းမှပဲ ဆိုပြီးတော့ နွားကလည်းမတွေ့၊ မနက်စောစောလည်း ဘာမှအိမ်က မစားရဘဲနဲ့ ခပ်သုတ်သုတ် လှည့်ပတ်ပြီး တွေ့နိုးတွေ့နိုးနဲ့ ရှာလိုက်တာ နေတော်တော်မြင့်မှ ရှစ်နာရီ ကိုးနာရီလောက်ကျမှ နွားကတွေ့၊ ခပ်သုတ်သုတ် အိမ်ပြန်မောင်းလာပြီးတော့ အိမ်မှာချည်ထားခဲ့ပြီးတော့၊ သူ ဘုရားတရားပွဲ မီတန်ကောင်းသေးရဲ့ဆိုပြီးတော့ ထမင်းတွေဘာတွေ စားမနေနိုင်ဘူး ထွက်လာခဲ့တယ်။

ဒီတင် ပရိသတ်ကြီးက မြတ်စွာဘုရား ရှစ်နာရီလောက်က သံဃာတွေနဲ့ ဆွမ်းတွေဘာတွေကပ် မနက်စောစောကတော့ ဆန်ပြုတ်ကပ်၊ ဆွမ်းခဲဘွယ် ဘောဇဉ်တွေကို ရှစ်နာရီ ရှစ်နာရီခွဲလောက်မှကပ်ပြီးလို့ ဘုရားနဲ့သံဃာတော်ပေါ့ အားလုံးဆွမ်းစားပြီးလို့ ဒကာတွေလည်း တရားနာတော့မလို့ ထိုင်နေတာ ဘုရားက တရားမဟောဘူး၊ သူရည်စူးလာတဲ့ ဒကာ မရောက်လာသေးလို့ ဘုရားကလည်း တရားမဟောဘူး၊ အဲဒီတော့ လူတွေကလည်း မလျှောက်ရဲဘူး၊ ဘုရားကလည်း တရားမဟောဘူး၊ ဘာပြုလို့မှန်းလဲမသိဘူး၊ ငြိမ်ထိုင်နေတယ်၊ ငြိမ်ထိုင်နေတယ်နဲ့ သံဃာတော်တွေလည်း ဘုရားနောက်ကနေ ထိုင်နေပြီးတော့ အားနာတယ် ပရိသတ်တွေ၊ မြတ်စွာဘုရားက ဘာလို့မဟောတာပါလိမ့်မတုန်း၊ အကြောင်းတော့ရှိမှာပဲ ဘုန်းတော်ကြီးဘုရား အကြောင်းရှိလို့နေမှာပဲ၊ မမေးလည်း မမေးရဲကြဘူး။

http://www.dhammadownload.com



ဒီလိုနဲ့ နေရင်းက ခုနက ဒကာကြီးက ပျောက်တဲ့နွား အိမ်မှာချည်ထားခဲ့ပြီး ခပ်သုတ်သုတ် ပရိသတ်ကြားထဲဝင်လာတော့မှ မြတ်စွာဘုရားက အဲဒီဒကာကြီး လှမ်းကြည့်ပြီးတော့ "ဒကာ ဒီထိအောင်လာခဲ့"လို့ ခေါ်လိုက်တော့မှ ပရိသတ်က လှုပ်လှုပ်ရှားရှား ဖြစ်သွားတယ်ပေါ့၊ အနားရောက်လာတော့မှ မြတ်စွာဘုရားက နောက်က ဆွမ်းစားကျောင်း ဆွမ်းကျွေးတဲ့နေရာ ကြီးကြပ်ပြီးတော့ ဦးဆောင်လုပ်တဲ့ရဟန်းကို မေးတယ်၊ ဘတ္တုဒ္ဒေသက (ဒါနဝေယျာဝစ္စိတ)-လို့ ခေါ်တာပေါ့၊ "ခုနက သံဃာတော်တွေ ဆွမ်းကျွေးလို့ ထမင်းကျန် ဟင်းကျန် အပိုများ ရှိသေးလား" "ရှိပါတယ်ဘုရား" "အေးရှိရင် အဲဒီဒကာကြီးကို ထမင်းလေး တစ်ပုဂံလောက် ထည့်ပြီးတော့၊ ဟင်းနဲ့ဘာနဲ့ ကျွေးလိုက်စမ်း" ဒီတော့ ပရိသတ်တွေက ဟောတော့မှာလား တရားဟောတော့မှာလားနဲ့ ပြီးတော့ ဒကာကြီး ထမင်းကျွေးနေပြန်တော့ စောင့်နေကြရတယ်၊ သံဃာတော်တွေက ဘယ့်နှယ့်လုပ်တာပါလိမ့်မတုန်း၊ ဘုန်းတော်ကြီးဘုရား ဘာလုပ်တာပါလိမ့်မတုန်း မသိကြဘူးတဲ့၊ နောက်တော့မှ မြတ်စွာဘုရားက သူ့ထမင်းကျွေးပြီးတော့ ဒကာကြီး ရှေ့နားခေါ်ပြီးတော့ အဲဒီတင် တရားဟောတာ၊ အဲဒီလိုဟောတော့ ဒကာကြီးက အဲ-သောတာပန် တည်သွားပါတယ်။

အဲဒီတော့ ပရိသတ်ကလည်း တရားပွဲပြီးပြီဆိုတော့ ရုတ်ရုတ် ရုတ်ရုတ်နဲ့ ထွက်သွား၊ အဲဒီတင် ရဟန်းတော်တွေက ဘုန်းတော်ကြီးဘုရား ဘယ့်နှယ့် လုပ်တာမှန်းလည်း မသိပါဘူး၊ အားနာလိုက်တာ၊ ဟိုသူဌေးတွေ ထိုင်နေတာ၊ ရှင်ဘုရင်ကြီးများလည်း ထိုင်နေရတာ အားနာလိုက်တာ၊ မိဖုရားတွေ ထိုင်နေရတာ၊ ကျွက်ကျွက် ကျွက်ကျွက်နဲ့ ကဲ့ရဲ့စကား ပြောတော့မှ မြတ်စွာဘုရားက "ဘာများ ပြောကြတုန်း" "ဒီကိစ္စ ဒီကိစ္စပါဘုရား လျှောက်တော့မှ" ချစ်သားတို့. . . . ငါဘုရားသည် အာဠဝီကို ကြွလာခဲ့တာက ဒီတစ်ယောက်သော ဥပါသကာ ဗိုနာ သေးရေး ဒုက္ခဘေးကြီး လွတ်မယ့်ရွာရောက်အောင် လိုက်နိုင်တဲ့သူတစ်ယောက် ကြောင့် ငါလာခဲ့ရတယ်. . . .၊ အဲဒီသစ္စာလေးပါး တရားကိုပြပြီးတော့ မဂ်ဖိုလ်ကို ပေးမယ့် အရေးမှာပင်လျှင် ဆာနာကြီးက ကြားထဲမှာဝင်ပြီးတော့ ထိုးနေခဲ့လို့ အဲဒီဆာနာရောဂါကြီးကို ငါဘုရားကုပြီးတော့ နေတော်မူရတယ်. . .၊ သတ္တဝါတိုင်း သတ္တဝါတိုင်းမှာ အဲဒီဆာနာကြီးဟာ အဆိုးဆုံးပဲလို့။

ဇိဃစ္ဆာပရမာ ရောဂါ, သင်္ခါရပရမာ ဒုခါ၊

ဧတံ ဉတွာ ယထာဘူတံ, နိဗ္ဗာနံ ပရမံ သုခံ။

ဇိဃစ္ဆာ-ဆာလောင်မွတ်သိပ်မှုဆိုတဲ့ ရောဂါကြီးသည်၊ ပရမ ရောဂါ-အဆိုးဆုံး၊ အရှည်ဆုံး၊ နာတာရှည် ရောဂါကြီး တစ်လုံးပါပေတည်း၊ ဒုက္ခာ-

http://www.dhammadownload.com



ဆင်းရဲဒုက္ခ ဟူသမျှတို့သည်လည်းပဲ၊ သင်္ခါရ ပရမာ-ခန္ဓာငါးဝကို ရှုမြင်ရတဲ့ ဒုက္ခသည်သာလျှင်, အဆိုးဆုံး အကြာဆုံး, ဆိုးဝါးဆုံး ဒုက္ခကြီးတစ်လုံးပါပေ တည်း၊ ဇေတ်-ဤသဘောတရားကို၊ ဥ တ္တာ-ကောင်းစွာပိုင်ပိုင်, သိနိုင်ခဲ့သည်ရှိသော်၊ နိဗ္ဗာန်-ဒုက္ခခပ်သိမ်း, အေးငြိမ်းရာ, ကုန်ပြတ်ရာဖြစ်တဲ့ နိဗ္ဗာန်တရားကို၊ နိဗ္ဗာန်-ရောဂါပေါင်းစုံတို့ရဲ့ ငြိမ်းရာအေးရာ, ကုန်ပြတ်ရာဖြစ်တဲ့ သန္တိသုခ, နိဗ္ဗာနဓာတ်, တရားမြတ်ကြီးကို၊ ပဏ္ဍိတော-အသိလိမ္မာ, ဉာဏ်ပညာရှိတဲ့ ပညာရှိ သူတော်ကောင်းသည်၊ အမိဂစ္ဆေ-မရောက်ရောက်အောင်, ကျင့်ဆောင်ကြိုးကုတ်, အားထုတ်နိုင်ရာသတည်း။

သာဓု. . . သာဓု. . . သာဓုပါဘုရား. . . ။

အေး. . . ရောဂါတွေရှိသမျှထဲမှာဖြင့် ဟောဒီ ဆာနာရောဂါဟာ အဆိုးဆုံးရောဂါကြီး, နာတာရှည်ရောဂါကြီးလို့ခေါ်တယ်၊ ဒီပြင်ရောဂါတွေ ဘယ်လောက်ပဲရှည်ပါတယ်၊ ဘယ်လောက်ပဲ ကြာပါတယ်ပြောပြော ဆယ်နှစ်ထက် မကြာနိုင်ဘူး၊ အနှစ်နှစ်ဆယ်ထက် မကြာနိုင်ဘူး၊ နောက်ဆုံး တစ်ဘဝထက် မကြာနိုင်ဘူး၊ ဘယ်လောက်ပဲ နာတာရှည်ရောဂါကြီးစွဲကပ် နေပါတယ်၊ ပြောပြော ဒီဘဝ ကုန်ဆုံးသွားလို့ ဘဝကူးသွားခဲ့ရင် အဲဒီရောဂါကြီး လိုက်ပါပြီးတော့ မသွားနိုင်ဘူးတဲ့၊ အခုဖြစ်နေတဲ့ ရောဂါပေါင်းစုံ ဖျားတယ်၊ နားတယ် အနာပေါက်တယ်၊ သွေးတိုး ဆီးချို နှလုံးကင်ဆာစတဲ့ ရောဂါတွေက။

အေး. . . ဆာနာရောဂါကြီးဆိုတဲ့ ဒီရောဂါကြီးကတော့ ရုပ်နာမ်ခန္ဓာ ရတဲ့ သတ္တဝါတိုင်း, ရုပ်နာမ်ခန္ဓာရတဲ့ အချိန်ကစပြီးတော့ ပါလာခဲ့တဲ့ ရောဂါကြီး၊ အခုဘဝမှာ ဒီနေ့ ဒကာဒကာမတွေ အမိဝမ်းက ကျွတ်လွတ်ပြီးတော့ မွေးဖွားလာလိုက်သည်နှင့် တပြိုင်နက် အူဝဲ အူဝဲနဲ့ အော်ခဲ့ရတယ်။ နို့ဆာတဲ့ရောဂါ၊ ဘာပြုလို့တုန်း ရောဂါထလို့၊ ဘာရောဂါထတာတုန်း ဆာနာရောဂါ၊ နို့ဆာတဲ့ရောဂါ၊ ဆာလို့အူပဲအူဝဲနဲ့ အော်တော့ အမေက နို့လေးတိုက်ကျွေးတော့ ငြိမ်သွားတယ် ခဏ၊ ခဏလေးမှိန်းပြီး အိပ်သွား၊ ဟာတော်တော်ကြာတော့ နေ့လယ်လောက်ကျ အူဝဲအူဝဲနဲ့ အော်လာလိုက်ပြန်၊ ခြေကားယား လက်ကားယား ကန်ပြီးတော့ အော်ရပြန်၊ ဘာပြုလို့တုန်း ရောဂါ ထလာပြန်လို့၊ အမေက နို့ရည်တွေတိုက်လိုက်ပြန် အေးသွားပြန်၊ ညနေကျတော့ တစ်ခါအော်ရပြန်၊ ညကျတော့ တစ်ခါ အော်ရပြန်၊ အဲဒီလိုနဲ့ သစ်သီးကြီးငယ် ခဲဘွယ် မုန့်ပဲအစရှိသည်တို့ကို ဆာလို့ ကျွေးရ၊ ဆာလို့ကျွေးရနဲ့ ဆာနာရောဂါကြီး၊ ဒါ လျှာပေါက်ကို အမိကထား ဟောလိုက်တာ။

http://www.dhammadownload.com



ထို့အတူ မျက်စိပေါက်က, နားပေါက်က, လျှာပေါက်က, နှာခေါင်းပေါက်က, ကိုယ်ပေါက်က, မနောပေါက်က ဆာနာရောဂါကြီး ခြောက်လုံးလွှမ်းဖုံးပြီးတော့နေတဲ့ ခန္ဓာကိုယ်ကြီး. . . လို့ အဲဒီလို မြင်လိုက်တော့ ဒီခန္ဓာကိုယ်ကြီးတစ်ခုလုံး ရောဂါတုံးကြီး၊ ရောဂါသည်ကြီး။ ကိုယ့်ရောဂါသည်ကြီးကို ရောဂါသည်မှန်းသိတဲ့ အချိန်ဟာ ဒုက္ခသစ္စာကို သိတဲ့အချိန်ပဲ၊ ဒုက္ခသစ္စာကို မြင်တဲ့အချိန်ပဲ၊ ဒီတော့မြင်နည်းကနှစ်မျိုးရှိတယ်၊ (၁)သံဝေဂဉာဏ်နဲ့မြင်ခြင်း၊ (၂)ဝိပဿနာဉာဏ်နဲ့ မြင်ခြင်း၊ အဲဒီနှစ်မျိုးနဲ့ မြင်အောင် အလေ့ အကျင့်လုပ်ပေးရမယ်။

သံဝေဂဉာဏ်နဲ့ မြင်တယ်ဆိုတာကျတော့ ထိတ်လန့်ဖွယ်ရာ ကြောက်လန့်ဖွယ်ရာ အပြစ်ကိုမြင်ပြီး၊ ငြီးငွေ့ဖွယ်ရာကြီးအဖြစ်နဲ့မြင်လာတာ၊ ထမင်းစားနေတဲ့အချိန် ဩော်. . . ငါအခုစားနေတာ ရောဂါဆေးကျွေးနေရတာပဲ၊ ဆာနာရောဂါကြီး ဆေးကျွေးနေတာ၊ အဲ ဆေးကျွေးလို့လည်း ခဏလေးငြိမ်တာရှိတာအမြစ်မပြတ်ဘူး. . .၊ အမြစ်မပြတ်တဲ့ ဆာနာရောဂါကြီးကို ငါဆေးကျွေးပြီးနေရမှာပဲလို့ ကိုယ်စားနေတာလည်း ကိုယ့်ဘာကိုယ် ရောဂါသည် ဆေးကျွေးနေရတာလို့ မြင်လာရင် ဒါသံဝေဂဉာဏ်နဲ့မြင်တာ၊ အမှန်မြင်တာ၊ သံဝေဂဉာဏ်နဲ့ မြင်တာလည်း သစ္စာမြင်တာပဲ၊ အမှန်မြင်တာပဲ၊ အမှန်မြင်လို့ ပါဠိလို သမ္မာဒိဋ္ဌိခေါ်တယ်၊ အမှန်က သမ္မာ၊ ဒိဋ္ဌိက အမြင်၊ ဒါ သမ္မာဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိ၊ ဆိုတော့ မဂ္ဂသစ္စာပေါ်လာတာ၊ မဂ္ဂသစ္စာပေါ်တယ်ဆို နိဗ္ဗာန်ဘက်ကို သွားတာ ပြေးတာ၊ အဲဒါ ဘောလုံးနံရံမှန်ပြီး နောက်ပြန်ပြေးသလို ပြေးတာ၊ အဲ-ဟိုဘက်ကစားနေတဲ့ လူတွေကိုလည်း လှမ်းပြီး တရားနဲ့ အာရုံပြုလိုက်တော့ ဩော်. . . သူ့ခန္ဓာဆာနာရောဂါကြီး သူကျွေးပြီးတော့ နေရှာတာ. . . ဆေးကျွေးပြီးတော့ နေရှာတာပါလား၊ ဆေးစားနေရှာတာပါလားလို့ မြင်လိုက်၊ ဒါ့ကြောင့် လယ်တီဆရာတော်က-

❖ စားဖွယ်ချဉ်ချို, ရသာဆို, ဆေးမျိုးရခြင်းပါ. . . တဲ့။

သံဝေဂဉာဏ်နဲ့ ချိုချိုချဉ်ချဉ်တွေ စားနေတာ ဆေးစားနေရတာပဲ. . . လို့ သိလိုက်တဲ့ဉာဏ်နဲ့၊ အဲဒါပဲ မဟာပေစ္စဝေက္ခဏာခေါ်တဲ့ ဝိပဿနာနဲ့ ရှုလိုက်တဲ့ အခါကျတော့ စားတယ် စားတယ် စားတယ်လို့ ရှုရှု။ စား,သိ,ပျက်, စား,သိ,ပျက်,လို့ ရှု,ရှု၊ စားတယ်, စားတယ်,လို့ပဲရှု,ရှု။ ရုပ်နာမ်ဖြစ်ပျက်, ရုပ်နာမ်ဖြစ်ပျက်လို့ပဲ ထင်ထင်၊ ဘယ်ဝိပဿနာနဲ့ရှု,ရှု, အဲဒါကျတော့ ဆာနာရောဂါတုန်းကြီးကို ဝိပဿနာဉာဏ်နဲ့ သိတဲ့အချိန်၊ ပစ္စက္ခတိုက်ရိုက်ကပ်ပြီးတော့ ဒုက္ခ ဒုက္ခမှန်း သိနေတဲ့အချိန်၊ ဒုက္ခသစ္စာ မြင်နေတဲ့ အချိန်ခေါ်တယ်၊ အဲဒါလည်း မဂ္ဂသစ္စာပဲ၊ သံဝေဂဉာဏ်နဲ့မြင်တော့ အော်. . . ရောဂါတုန်းကြီး ဆေးကျွေးနေရတာပဲလို့ ဆိုတော့ ငါစွဲလေးက နည်းနည်းပါးချင်နေတယ်၊ ငါကောင်သူကောင် ထင်နေသေးတယ် ရုပ်နာမ်ကို။

http://www.dhammadownload.com



အဲခုနစားတယ် စားတယ် စားတယ်ဟူ၍သော်လည်းကောင်း၊ စားသိပျက် စားသိပျက် စားသိပျက်ဟူ၍သော်လည်းကောင်း။ ရုပ်နာမ်ဖြစ်ပျက် ရုပ်နာမ်ဖြစ်ပျက် ဟူ၍သော်လည်းကောင်း၊ စားတိုင်းစားတိုင်း သိနေတဲ့အချိန် ရုပ်နာမ်ကို ရုပ်နာမ် အတိုင်း သိပြီးလို့ရှုနေတော့ အဲဒီတင် ငါစွဲသူစွဲဆိုတဲ့ ငါကောင်သူကောင်ဆိုတဲ့ သက္ကာယဒိဋ္ဌိပြုတ်ထွက်သွားတယ်၊ သံဝေဂဉာဏ်နဲ့ ဝိပဿနာဉာဏ် အဲဒီလိုကွာ တယ်၊ သံဝေဂဉာဏ်ကလည်း သစ္စာမြင်တာပဲ မြင်တော့။ သို့သော် ငါစွဲသူစွဲလေး မပြုတ်တတ်သေးဘူး၊ အဲ-ဝိပဿနာဉာဏ်နဲ့ ရှုလိုက်တဲ့ အခါကျတော့ ငါစွဲသူစွဲလေး ပြုတ်သွားတယ်၊ ပျောက်သွားတယ်၊ ရုပ်နာမ် ရုပ်နာမ်လို့သိတဲ့အချိန် ဘယ်ငါ ကောင် သူကောင်လာတော့မှာတုန်း၊ ဒီလိုမှ မဟုတ်ရင် ရုပ်နာမ်အပေါ် ငါစားနေ တာ ငါလို့ထင်နေ၊ ဆေးကုနေတာတော့ သံဝေဂဉာဏ်နဲ့ ဆေးကုနေတယ်လို့တော့ မြင်လာပြီ၊ သို့သော် ငါစားနေတာ၊ ဟိုဘက်က သူစားနေတာ ဒီလိုလေး ထင်နေ တတ်တယ်၊ အဲဒါသံဝေဂဉာဏ်နဲ့ စားတဲ့အစား။

အဲ ဝိပဿနာရှုပြီးတော့ စားတော့ ငါကောင်သူကောင်ပါ ပြုတ်ပြီးတော့ စားတဲ့အစားမို့လို့ အကောင်းဆုံး အစား၊ အဲဒီလိုစားပေးခဲ့ရင် နောက်ဆုံး ပဋိဝေဓ ဉာဏ်ခေါ်တဲ့ မဂ်ဉာဏ်ဖိုလ်ဉာဏ်ပေါ်ပြီးတော့ ဒီဆာနာကြီး ငြိမ်းရာ အေးရာဖြစ်တဲ့ သန္တိသုခနိဗ္ဗာနဓာတ် တရားမြတ်ဘက်ကို မြင်သွားတဲ့ဉာဏ် ပေါက်သွားတယ်. ၊ ဉာဏ်ထဲက မမြင်သေးသမျှတော့ ဒီရုပ်နာမ်ခန္ဓာပေါ် ပြန်ပြန် လာတယ်။ ဥပမာဘာ နဲ့တူတုန်းဆိုတော့ ပင်လယ်ထဲ ရွက်သင်္ဘောနဲ့ သွားတဲ့ သူတွေက ကမ်းပျောက်တဲ့ အခါကျတော့ ကမ်းရှာဖို့ ကျီးကန်းလေး လှေပေါ်မှာ လှောင်အိမ်ထဲတင်ပြီး ခေါ် လာခဲ့တယ်၊ သူတို့ကမ်းရှာမတွေ့တော့ဘူး၊ ကမ်း ဘယ်နေမှန်းမသိဘူး၊ ခုသင်္ဘော ဦးလှည့်နေတာက ကမ်းနဲ့တည့်သလား မတည့်ဘူးလားလို့ သူတို့ ရေချိန်တွေဘာ တွေ ပျောက်ကုန်ပြီး၊ နက္ခတ္တာရာတွေကလည်း မိုးမှောင်တွေ ကျနေလို့ နက္ခတ္တာရာ ကောင်းကင် မော့ကြည့်တော့လည်း မသိ၊ အရှေ့တွေ အနောက်တွေလည်း ပျောက် ကုန်ကြပြီဆိုရင် လှောင်အိမ်ထဲက ကျီးကန်းလေးတုတ်ပြီးတော့ လွှတ်လိုက်ရတယ်။

ကျီးကန်းလေးက ပထမရွက်တိုင်ထိပ် ပြီးတော့ အဲဒီတိုင်ထိပ်က နေပြီး တော့ တစ်ခါတည်း တဟုန်းထိုး ထိုးပြီးတော့ ကောင်းကင်ပျံသွားပြီးတော့ အရှေ့ဖြင့်လည်း အရှေ့။ အနောက်ဆိုလည်း အနောက်၊ သူပျံလိုရာ ဦးတည်ပြီး ပျံသွား၊ သူကြည့်နေရတာ၊ အဲသူပျံသွားပြီး တော်တော်ကြာတော့ သူပြန်လှည့် လာလို့ရှိရင် ကမ်းမတွေ့သေးလို့ သူပြန်လာတယ်၊ ဒီကျီးကန်းလေးက ကမ်းမ တွေ့ရင် ပြန်လာတာ ရွက်တိုင်ထိပ်ပေါ် နားပြန် တော်တော်လေး အမောပြေပြန်

http://www.dhammadownload.com



သွားတော့ ထပ်ပျံပြန်၊ သူကြည့်နေရတာပဲ၊ သူ ဘယ်ဆီပျံသွားတုန်းကြည့်၊ ကြည့်လို့မှ သူပျံသွားတာ နောက်ထပ်မလာတော့ဘူး၊ ရွက်တိုင်ဆီကို မလာတော့ဘူးဆိုရင် အဲဒီပျံသွားတဲ့ ဘက်ဆီမှန်းပြီးတော့ သင်္ဘောဦးလှည့်ပြီးတော့သာ ရွက်တိုက်ပေတော့၊ ကမ်းရောက်တော့တာပဲ၊ သူကကမ်းတွေ့သွားရင် မပြန်လာတော့ဘူး၊ ကမ်းမတွေ့ရင် သူပြန်ပြန်လာတာ။

အဲ ဘုန်းကြီးတို့ ယောဂီတွေရဲ့ စိတ်ဟာလည်း အဲဒီလိုပဲ၊ ဒီကရုပ်နာမ်ခန္ဓာတွေကို ရောဂါသည်, ရောဂါသည် အဖြစ်နဲ့ရှုတော့ မဂ္ဂသစ္စာ စိတ်ကလေးကပြေးတယ်၊ ကျီးကန်းလေး ပျံသလို ပြေးနေတယ်၊ နိဗ္ဗာန်မတွေ့သေးရင် သူကဒီရုပ်ဒီနာမ် ခန္ဓာပေါ်ပြန်ရောက်လာပြန်၊ ဟာ ရှုလိုက်ပြန် အပြစ်တွေမြင် အာဒီနဝတွေ မြင်ရင် ပြေးပြန်၊ နိဗ္ဗာန်ဆိုတဲ့ ကမ်းမမြင်သေးရင် ဒီပြန် ရောက်လာပြန်၊ နိဗ္ဗာန်ကမ်းနဲ့နီးလို့ နိဗ္ဗာန်ကမ်းနား ရောက်နေရင် မြင်လည်း မြင်လောက်နေပြီ၊ သူပျံလို့လည်း ရလောက်ပြီဆို တဟုန်းထိုး အဲဒီဘက် ထိုးပြေးသွားပြန်၊ ဒီတော့ရှုနေတာကတော့ ရုပ်နာမ်ဖြစ်ပျက်, ရုပ်နာမ်ဖြစ်ပျက်၊ ရုပ်နာမ်ဖြစ်ပျက် ရှုနေတာ၊ ဆတ်ကနဲဆို ဖြစ်ပျက်တွေ ရပ်သွားပြီးတော့ မဖြစ်မပျက်တဲ့ဓာတ်ကြီး ဆတ်ကနဲမြင်ပြီ၊ အဲဒီတင် အေးကနဲ့ဆိုဖြစ်သွားသူ၊ ကမ်းရောက်သွားတော့. . . တဲ့၊ မပြန်လာတော့ဘူးတဲ့၊ အဲဒီလိုပဲ သောတာပန်ဖြစ်, သကဒါဂါမ်ဖြစ်, အနာဂါမ်, ရဟန္တာဖြစ်တယ်ဆိုတာ အဲဒီလိုသွားတာ၊ ဒါ့ကြောင့် ကိုယ့်အလုပ်ကတော့ ဒီက ဒုက္ခသစ္စာရဲ့ပြစ်ချက် နာနာကြည့်ပြီးတော့ ရှုပေး၊ ဒါကိုယ့်တာဝန်ပဲ။

အဲဒီလိုအားဖြင့် မိမိတို့ ခန္ဓာကိုယ်ကြီးကို ဆာနာရောဂါသည်ကြီးလို့ မိမိကိုယ်ကိုယ်မိမိ သံဝေဂဉာဏ်နဲ့ရှု၊ သူတပါးဆာနေတဲ့ ခန္ဓာကိုယ်ကြီးကိုလည်း ဆာနာရောဂါတုံးပြီး ခြောက်လုံးပေါက်နေတဲ့ ဆာနာရောဂါသည်ကြီးပဲ. . . လို့ သံဝေဂဉာဏ်နဲ့ရှုကြည့်၊ ဝိပဿနာဉာဏ်ဖြင့် ရှုကြည့်ပြီးသကာလ တပည့်တော်တို့ ဒီနေ့ (၁၅)ကြိမ်မြောက်၊ (၁၅)နှစ်မြောက် မနက်(၁၂၈၀)ကျော်၊ နေ့လယ်(၁၂၈၀) ကျော်အားဖြင့် သံဃာ(၃၀၀၀)ကျော်တို့ကို အာရုံဆွမ်းများ လှူဒါန်းပြီး သကာလ အရှင်ဘုရားတို့ သန္တာန်မှာ ဖြစ်နေတဲ့ သံသရာက ချီကိုက် စွဲလာတဲ့ ဆာနာရောဂါကြီးကို ဆေးကျွေးတဲ့ အနေ ခဏမျှငြိမ်းပျောက်စေတဲ့ အနေအားဖြင့် ဆွမ်းခဲဘွယ်ဘောဇဉ်တွေ ကျွေးမွေးရတဲ့ ကုသိုလ်ကောင်းမှု စေတနာစုကြောင့်၊ (၁၅) နှစ်တိုင်တိုင် သံဃာသုံးသောင်းကျော်တို့ကို မနက်ဆွမ်း, နေ့ဆွမ်းတွေ ဆက်ကပ်လှူဒါန်းပြီးတော့ ဆေးကျွေးခဲရတဲ့ သံဃာသုံးသောင်းကျော် ဆေးတိုက်ခဲ့ရတဲ့ ကုသိုလ်ကောင်းမှု စေတနာစုကြောင့်၊ ငွေကျပ် သုံးသောင်းကျော်ကို ငွေပင်စိုက်ထူပြီးသကာလ ရာသက်ပန် သံဃာတော် အရှင်သူမြတ်တွေကို ဆေးကျွေးသလို

http://www.dhammadownload.com



ကျွေးပြီးတော့ လှူဒါန်းခဲ့တဲ့ ပစ္စည်းလေးပါး အလှူကုသိုလ်ကောင်းမှု စေတနာစု ကြောင့်၊ တပည့်တော်တို့သည် ဆာနာရောဂါကြီးခြောက်လုံး အမြစ်ပြတ်တုံးရာ ဖြစ်တဲ့, အေးငြိမ်းရာဖြစ်တဲ့ ရောဂါကင်းရာဖြစ်တဲ့ သန္တိသုခနိဗ္ဗာန်ဓာတ် တရားမြတ် ကြီးကို လျင်မြန်ဆောစွာ ရောက်ကြရ ရကြရ မြင်ကြရပါလိုကုန်သောဟူ၍ ပတ္ထနာ အောင်ဆု ပြုကြကုန်ရာသတည်း။

**သာဓု. . . သာဓု. . . သာဓုပါဘုရား. . .။**

http://www.dhammadownload.com

# "ဥဒယသုတ္တန်"
# ထပ်တလဲလဲဟောတရားတော်

ကနီမြို့နယ်၊ တအုန်ရွာက မိသားစုများနှင့် ကနီမြို့နယ်က ဒကာဒကာမများက အခု ဒီကျောင်းတိုက်မှာတင်ပဲ သံဃာတစ်ထောင် အလှူခံပုဂ္ဂိုလ်ပေါင်းတစ်ထောင်၊ တစ်ထောင်လောင်းတာကိုပဲအကြိမ်ကြိမ်ပေါ့၊ အခု(၇)ကြိမ်ရှိသွားပြီးဆိုတော့ အကြိမ်ကြိမ်ပေါ့။ ဒါ (၇)ကြိမ်ဆိုတာက နှစ်အနေနဲ့ ပြောတာကိုး၊ လာတဲ့အခိုက်၊ လောင်းတဲ့သံဃာကို ဆွမ်းလောင်းတာကလည်း ကိုယ့်နားရောက်လာတဲ့သံဃာ ရောက်လာတိုင်း ရောက်လာတိုင်း မြှောက်မြှောက်, မြှောက်မြှောက်လောင်းလိုက်တာ အကြိမ်ကြိမ်ပေါ့။ တစ်နှစ် တစ်နှစ်လာရင် အကြိမ်ကြိမ်ပေါ့။ အကြိမ်ပေါင်း သုံးဆယ်၊ လေးဆယ်၊ ငါးဆယ်။ ကိုယ့်အပါး သုံးဆယ် လေးဆယ် ငါးဆယ်လောင်းရင် အကြိမ်ပေါင်း ငါးဆယ် လောင်းရတာပေါ့။

အဲဒီလိုအားဖြင့် တပည့်တော်တို့ ဒီနေ့ နှစ်အနေနဲ့ပြောရင် (၇)ကြိမ်၊ ဆွမ်းလောင်းရတဲ့အနေနဲ့ပြောရင် တစ်နှစ် တစ်နှစ်မှာ အကြိမ်ငါးဆယ်၊ ငါးဆယ်နဲ့ပဲထားပါတော့၊ သံဃာငါးဆယ်လောင်းလိုက်ရတယ်ဆိုရင် အကြိမ်ကြိမ်ပြုရတဲ့ ဒီကုသိုလ်ကောင်းမှုအစုစုကြောင့်၊ ငွေပဒေသာပင်ကြီး စိုက်ထားတယ်ဆိုတော့ ပိုပြီးတော့ အကြိမ်ကြိမ်ပေါ့။ အခု ငွေပဒေသာပင်ကြီးက ဒေါ်အေးကြွယ်မိသားစု နှစ်သောင်း၊ အားလုံးအဖွဲ့အနေနဲ့က လေးသောင်းကျော်ဆိုတော့ ခြောက်သောင်းကျော်၊ အဲဒီခြောက်သောင်းကဖြစ်လာတဲ့ ထွက်လာတဲ့ အတိုးအညွန့်တွေနဲ့ ဒီကျောင်းတိုက်သံဃာတော်တွေ လိုအပ်တဲ့ ဆွမ်း သင်္ကန်း, ကျောင်း, ဆေးပစ္စည်း၊ အခု ထွန်းထားတဲ့မီး၊ ချိုးနေရတဲ့ရေ၊ အဲဒါတွေကို လှူနေတာကလည်း အကြိမ်ကြိမ်ပေါ့။ ဘာပြုလို့တုန်းဆိုတော့ နေ့တိုင်းလေ' ဒီမီးတွေ ဖွင့်ဖွင့်ပြီး ဘုရား ပူဇော်ကြ၊ စာချကြ၊ စာတက်ကြ၊ စာကြည့်ကြ၊ စာအံကြ၊ စာပြန်ကြ၊ စာရေးကြ၊ စာကူးကြ ဒီလို။ ငွေတွေက ဖြစ်လာတဲ့ အတိုးအညွန့်နဲ့ မီးတာခတွေပေးပြီးတော့ ရေစက်ကြီး ငါးစက် မောင်းပြီးတော့ တင်လိုက်လို့ ထွက်လာတဲ့ရေတွေကို ရေချိုးကြ၊ ရေသောက်ကြ၊ ဖွတ်ကြ၊ လျှော်ကြ၊ သပိတ်ဆေးကြ၊ အဲဒါတွေလည်း အကြိမ်ကြိမ် ကုသိုလ်တွေ ဖြစ်နေတာပဲ မိမိတို့မှာ။ ဒီထဲမှာ မိမိတို့ ကုသိုလ်ပါနေပြီ။

ဂန္ဓာရုံကျောင်းတိုက်သာသနာတော်မှာ သုံးနေတဲ့ပစ္စည်းလေးပါးထဲမှာ ကနီမြို့နယ်၊ တအုံရွာက, ဘုန်းပဋ္ဌင်းက၊ ကနီမြို့နယ်က ဒကာ ဒကာမတွေရဲ့ ကောင်းမှုပါနေပြီ. . . တဲ့။ အဲဒါ အကြိမ်ကြိမ်ပါနေတာ။ အဲဒီလို တပည့်တော်တို့

http://www.dhammadownload.com



အကြိမ်ကြိမ်ပြုရတဲ့ ကုသိုလ်ကောင်းမှုအစုအစုကြောင့် အကြိမ်ကြိမ်ကြုံရတဲ့ ဒုက္ခတွေမှ လျင်မြန်ဆောစွာ လွတ်ရပါစေ. . . လို့၊ ဟောဒီလို စိတ်ညွတ်ပြီးတော့ ဒီနေ့ရေစက်ချနိုင်ကြရမယ်။ အကြိမ်ကြိမ်ပြုရတဲ့ ကုသိုလ်ကောင်းမှု အစုစုကြောင့် အကြိမ်ကြိမ်ထပ်တလဲလဲကြုံရတဲ့ ဒုက္ခတို့မှ လျင်မြန်ဆောစွာ လွတ်မြောက်ကြရပါ လိုကုန်၏။ ဟော ဒါဆိုရင် နိဗ္ဗာန်နဲ့တည့်သွားတာပဲ။ အကြိမ်ကြိမ် ဒုက္ခလွတ်ပါရစေ။

ဒီတော့ အကြိမ်ကြိမ် ဒုက္ခဆိုတာ ဘာတုန်း၊ အဲဒါ မြတ်စွာဘုရား *ဥဒယပုဏ္ဏားကြီးတို့ မိသားစုကို ချွတ်တဲ့အခန်း ဟောတဲ့တရား၊ မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်က သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း သီတင်းသုံးနေတော့ အဲဒီသာဝတ္ထိမြို့ရဲ့အနီး လယ်တောထဲမှာ လယ်သမားပုဏ္ဏားကြီးက သာဝတ္ထိမြို့ရဲ့အနီး လယ်တောမှာ လယ်လုပ်နေတာ၊ လယ်လုပ်ရင်းနဲ့ သူက လယ်လုပ်တဲ့အခါမှာ ပထမဆုံး လယ်ရိတ်တော့မယ်ဆိုတော့ ရိတ်ဦးအလှူ သဘောမျိုးပေါ့၊ သူက ဗုဒ္ဓဘာသာတော့ မဟုတ်ဘူး။ ဟိန္ဒူပြာဟ္မဏဝါဒအယူ၊ ဗြဟ္မာကြီး ကိုးကွယ်တာဆိုရတော့ သူ့အယူနဲ့သူ၊ သူကလည်း လယ်မရိတ်ခင် လယ်ရိတ်ခါနီးမှာ (၇)ရက်တိုင်တိုင် ဗြဟ္မာကြီးကို မီးပူဇော်ပြီးတော့ လာသမျှ ပရိသတ်တွေ ဖိတ်မန်ပြီးတော့ သူ့ပရိသတ်တွေ သူကျွေးတာ၊ စားကောင်း သောက်ကောင်းတွေ ချက်ပြုတ်ပြီးတော့ ကျွေးတာ၊ လယ်တောထဲမှာ၊ အဲဒါ သူနှစ်စဉ်လုပ်နေကျ၊ ဗြဟ္မာကြီးလည်း မီးပူဇော်တယ်၊ မီးအိုးကင်းကြီးထဲ မီးတွေထည့်ပြီးတော့ ထောပတ်တွေ လောင်းလောင်းပြီးတော့ မီးမငြိမ်းအောင် အမြဲတမ်းမီးတောက်နေအောင်လုပ်ရတာ၊ ဒါ ဗြဟ္မာကြီးကို မီးပူဇော်တာ၊ ဗြဟ္မာကြီး မီးပူဇော်ရင်းနဲ့ စားဖွယ်သောက်ဖွယ်တွေလည်း ဗြဟ္မာကြီးအတွက်. တင်ထားတယ်ပေါ့၊ နောက်လာတဲ့ပရိသတ်တွေ၊ ဖိတ်ထားတဲ့ ပရိသတ်တွေလည်း ကျွေးတယ်ပေါ့၊ သူတို့မိသားစုလည်း စားတယ်ပေါ့ ကောင်းကောင်းချက်ပြုတ်ပြီးတော့။

အဲဒါ မြတ်စွာဘုရားက အဲဒီနှစ် ပုဏ္ဏားကြီးတို့ဇနီးမောင်နှံမိသားစု ကျွတ်တန်းဝင်မှာကို မြတ်စွာဘုရား အဲဒီနေ့မနက် ကျွတ်ထိုက်တဲ့ သတ္တဝါကို သဗ္ဗညုတဉာဏ်နဲ့ ဖြန့်ကျက်ရှာလိုက်တော့ မြင်တယ်၊ ဉာဏ်ထဲ ထင်လာတယ်၊ သူတို့မိသားစုတွေ။ "ဩော်. . . သူတို့အယူလွဲနေပေမဲ့လို့ ရှေးကကောင်းမှုတွေရှိတော့ ကျွတ်တန်းဝင်ကြမှာပါလား၊ အင်း. . . ငါသွားတရားဟောရမှာပါလား၊ သူတို့ လယ်တောထဲ ငါကသွားပြီး ဆွမ်းခံရင်းနဲ့ ဟောရမှာပါလား. .၊ သူတို့က ငါ့ဆီလာမှာ မဟုတ်ဘူး" ဗုဒ္ဓဘာသာတွေမှ မဟုတ်ဘဲနဲ့ ဘယ်လာ လိမ့်မှာတုန်း၊ ဒါနဲ့ မြတ်စွာဘုရားက ဆွမ်းခံချိန်ကျတော့ တစ်ပါးတည်း သပိတ်ပိုက်ပြီးတော့-

* သံ-၁-၁၅၇။

http://www.dhammadownload.com



အဲဒီပုဏ္ဏားကြီးဆီ လယ်တောထဲမှာ အုတ်အုတ်ကျက်ကျက်နဲ့ သူ့ပရိသတ်တွေနဲ့ ဖြုတ်ဘွာကြီး မီးပူဇော်ရင်းနဲ့ ကျွေးဖို့မွေးဖို့ ချက်ပြုတ် လုပ်ကိုင်ပြင်ဆင်နေတဲ့ ဆီကို ဘုရားက ကြွလာတယ်။ ကျွေးတဲ့ပရိသတ်တွေကိုလည်း တစ်ချို့ကျွေးနေပြီပေါ့။

ဘုရားကဆွမ်းခံကြွပြီး ဆွမ်းလာရပ်တော့ ပုဏ္ဏားကြီးကမြင်တယ်၊ "ဟ-ရဟန်းဂေါတမ တို့ဆီ လာပြီးဆွမ်းရပ်နေပါလားဟေ့။ လောင်းလိုက်ပါ၊ လောင်းလိုက်ပါ" သူက စိတ်ကလည်းကြည်လင်နေတော့ ဗုဒ္ဓဘာသာမဟုတ်ပေမဲ့လို့ ပေးစရာ ကမ်းစရာကလည်းပေါနေတဲ့ အချိန်ဆိုတော့ "ဟ-ဆွမ်းလောင်းလိုက်ပါ၊ ဆွမ်းလောင်းလိုက်ပါဟ" ဆိုပြီးတော့ ဘုရားဆီ ဆွမ်း၊ ဆွမ်းဟင်း၊ ဘောဇဉ်တွေလောင်း၊ မြတ်စွာဘုရားက ဘာမှ မပြောဘူး၊ ပြန်လာခဲ့ တစ်ရက်၊ နောက်တစ်ရက်လည်း ဒီလိုအချိန်ပဲ မနက်စောစော ဘုရားကြွလာပြန်၊ တစ်ခါ ပုဏ္ဏားကြီးကလည်း မြင်ပြန်၊ ပုဏ္ဏားကြီးကလည်း (၇)ရက်တိုင်တိုင် ကျွေးပွဲ မွေးပွဲ လုပ်မှာကိုး၊ သူကလည်း လုပ်နေကျဆိုတော့ တာဝန်မကြီးဘူး၊ " ရဟန်းဂေါတမ ကြွလာပြန် ပြီဟေ့၊ လောင်းလိုက်ကြပါဟ၊ လောင်းလိုက်ကြပါဟ" ဆိုပြီးတော့ သူကိုယ်တိုင်လည်း လောင်းတယ် ထွက်ပြီးတော့၊ မြတ်စွာဘုရား ဆွမ်းအလှူခံပြီး ဒုတိယနေ့လည်း ဘာမှမပြောဘူး။ ပြန်ကြွသွား၊ တတိယနေ့ လာပြန် တစ်ခါ။ လာတော့ ပုဏ္ဏားကြီးက ဒီတစ်ခါတော့ ရဟန်းဂေါတမ တယ်လာပါလား ဆိုပြီး တော့ နည်းနည်းတော့ ရှုံ့ချချင်တဲ့ ကဲ့ရဲ့ချင်တဲ့သဘောနဲ့ -

ပကဋ္ဌကောယံ သမဏော ဂေါတမော ပုနပ္ပုနံ အာဂစ္ဆတိ။

အယံ သမဏော ဂေါတမော-ဤရဟန်းဂေါတမသည်၊ ပကဋ္ဌကော ဝတ-ရသတဏှာ, တွယ်တာမက်မောလေစွတကား။ ပုနပ္ပုနံ အာဂစ္ဆတိ-ခဏခဏ လာပြီးတော့ ဆွမ်းရပ်တယ်. . .။ ရဟန်းဂေါတမ ကောင်းမှန်းသိ၊ သာအိတစိုစို ဖြစ်နေပဟေ့. . .။ ပြောင်တဲ့အနေနဲ့ ခတ်ပြောင်ပြောင်, ခတ်လှောင်လှောင် နောင်လည်း မလာရဲအောင်ဆိုတဲ့အနေနဲ့ ဘုရားကိုလည်း ခတ်နှိမ်နှိမ်လုပ်ပြီးတော့ စကားပြောတာ၊ အမယ်. . . ရဟန်းဂေါတမက တယ်ကောင်းမှန်း သိနေပါလား ဟေ့၊ ကောင်းမှန်းသိ သာအိတစိုစို ဆိုတာလိုပဲ ကြည့်ပါအုံး။ ရသတဏှာ တော်တော်မက်မောတွယ်တာနေပုံရတယ်၊ ဒီက လောင်းလိုက်တာလေးတွေက အဆီဆိမ့်အကောင်းလေးတွေဆိုတော့ စားကောင်း သောက်ကောင်းလို့ ထင်ရဲ့၊ နေ့တိုင်းဗျ၊ လာလိုက်တာ ခဏခဏဗျာ၊ ခဏခဏဗျာနဲ့ သူက၊ ခတ်ပြောင်ပြောင် ပြောလိုက်တာ၊ မြတ်စွာဘုရားက အဲဒီစကားလိုချင်လို့ လာနေရတာ၊ ဘုရား ရင့်မကြီး၊ သိက္ခာတော်ကြီးနဲ့နေတဲ့ဘုရား၊ တစ်ခါတစ်ခါ ကြည်ညိုစရာကောင်းတာ တို့ဘုရား၊ သတ္တဝါကို ချွတ်ချင်လို့ သူ့တရားပေးမလို့ သူ့ကြွေပျက်ခံပြီး, တို့လူလောကလို

http://www.dhammadownload.com



ပြောရင် ငတ်တယ်ပေါ့၊ ခဏခဏ လာတယ်ပေါ့။ ငတ်လိုက်တာ မြင်ဘူးလား ဟိုမယ် ကြည့်ပါအုံး၊ ဒီလို အပြောခံရတာ၊ အဆိုခံရတာ။

ဒီ အဆိုခံရမှာ သိသားပဲ ဘုရားက၊ ဆိုလိမ့်မယ်ဆိုတာလည်းသိတယ်။ အဲဒီ ဆိုတဲ့စကားလေးကို ရချင်လို့၊ ဒီစကားစရချင်လို့တဲ့ ဘုရားက၊ တရားဟောရမှာက သူ့စကားစလေး ဖမ်းပြီးဟောရမှာကိုး။ ဒီစကားလေး ရအောင်လို့ကို သုံးရက်တိုင်တိုင် အောင့်ပန်းခံပြီး လယ်တောထဲလာတော်မူရှာတာ၊ ကြည်ညိုစရာကောင်းလိုက်တဲ့ ဘုရားနော်၊ ဘို့ ဘုရား။ ဝမ်းနည်းစရာလိုလို၊ ကြည်ညိုစရာလိုလို၊ အပြင်ကကြည့်ပြီး ငိုချင်တာလိုလို၊ ရယ်ချင်တာလိုလို၊ သနားစရာကောင်းလိုက်တာ၊ အဆင်းရဲခံပြီးကြွလာ၊ ဒါနဲ့ ပုဏ္ဏားကဆိုတာပဲ ခုနကလို၊ **"ပကဋ္ဌကောယံ သမဏော ဂေါတမော ပုနပ္ပုနံ အာဂစ္ဆတိ"** ရဟန်းဂေါတမ ရသတဏှာ တယ်အားကြီးသကိုး၊ တယ်ငတ်သကိုး။တို့မြန်မာလိုပြောရင် တယ်ငတ်သကိုး. . . ကောင်းမှန်းသိ သာဒိတစိုစို လာလိုက်တာဗျာ ခဏခဏ။ ကြည့်ပါအုံး ဆွမ်းလာ ရပ်ပြန်ပြီ၊ ဟင်-လာပြန်ပြီ ခဏခဏ၊ လောင်းလိုက်ကြပါဟေ့။ လောင်းလိုက်ကြပါဟေ့။ သူက ဒီလို ခတ်ပြောင်ပြောင်နဲ့ ပုဏ္ဏားကထွက်လောင်း။

ထွက်လောင်းတော့ မြတ်စွာဘုရားကသူပြောတဲ့"ပုနပ္ပုနံ အာဂစ္ဆတိ" ထပ်ခါထပ်ခါ လာတယ်ဆိုတဲ့ စကားလေးဖမ်းပြီးတော့ "အေး. . . ဟုတ်ပါတယ်၊ ငါ ထပ်တလဲလဲလာရပါတယ်။ ပုဏ္ဏား. . . လောကမှာ ထပ်တလဲလဲ ဖြစ်နေတဲ့ ဒုက္ခတွေကို ထပ်တလဲလဲဖြစ်နေမှန်း မသိကြသဖြင့် ထပ်တလဲလဲ ဒုက္ခတွေနဲ့ အကြိမ်ကြိမ်တိုးပြီး၊ ဆင်းရဲကြရတယ် ပုဏ္ဏား. . . ။ သူပြောလိုက်တဲ့စကားနဲ့ သူ့ပြန်ချည်တုတ်လိုက်တာ ဘုရားက၊ အေး. . . ထပ်တလဲလဲလာရပါတယ်။ ဒီကမ္ဘာလောကကြီးထဲမှာ သတ္တဝါတွေမှန်သမျှ ထပ်တလဲလဲဖြစ်ရတဲ့ဒုက္ခတွေကို မသိကြလို့ အဲဒီထပ်တလဲလဲဖြစ်တဲ့ဒုက္ခတွေမှ မလွတ်မြောက်ကြဘဲနဲ့၊ ထပ်တလဲလဲ ဒုက္ခတွေနဲ့ ကြုံနေကြရတယ် ချစ်သား. . ။ ဒီခန္ဓာကာယကြီးကို ရနေတဲ့သူ မှန်သမျှ ထပ်တလဲလဲ စားရတယ်၊ ထပ်တလဲလဲ သောက်ရတယ်၊ ထပ်တလဲလဲ စားနိုင်ဖို့၊ သောက်နိုင်ဖို့ရာ ထပ်တလဲလဲ လယ်တွေကို စိုက်ရတယ်။ ယာတွေကို ထပ်တလဲလဲ စိုက်ရတယ်။ အဲဒီ လယ်တွေ ယာတွေ ကထွက်လာတဲ့ စပါးတွေကို ထပ်တလဲလဲရိတ်ရတယ်၊ ထပ်တလဲလဲသိမ်းရတယ်။ ရိတ်သိမ်းပြီးတော့ အိမ်ထဲရောက်တော့လည်းပဲ ထပ်တလဲလဲ ဖွတ်ရတယ်၊ ထပ်တလဲလဲ ဆန်ဖြစ်အောင်ပြုရတယ်။

အဲဒီဆန်ဖြစ်လာရုံနဲ့ မပြီးသေးဘူး။ ထပ်တလဲလဲပြုတ်ရတယ်၊ ထပ်တလဲလဲ ချက်ရတယ်။ အဲဒီ ပြုတ်လိုက် ချက်လိုက်လို့ ထမင်းဟင်းတွေ ဖြစ်လာတာကို ထပ်တလဲလဲစားရတယ်၊ ထပ်တလဲလဲမျိုရတယ်၊ ထပ်တလဲလဲ သောက်ရတယ်. . . တဲ့။

http://www.dhammadownload.com



အဲဒီ သောက်လိုက် စားလိုက်တာနဲ့ ပြီးသွားပလားဆိုတော့ မပြီးသေးဘူးတဲ့။ ထပ်တလဲလဲ စွန့်ရတယ်၊ ထပ်တလဲလဲ အန်ရတယ်။ ထပ်တလဲလဲ ထုတ်ရတယ်။ ချစ်သား. . . သတိထားစမ်း။ ဒီခန္ဓာကာယကြီးကို ရလိုက်သည်နဲ့တစ်ပြိုင်နက် ဒီခန္ဓာ ကာယကြီးက ဆာပါတယ်၊ ဆာပါတယ်ဆိုတော့ ထပ်တလဲလဲ ကျွေးရတယ်။ မနက်တစ်ကြိမ် ကျွေးလိုက်၊ နေ့လယ် တစ်ကြိမ် ကျွေးလိုက်၊ ညနေ တစ်ကြိမ် ကျွေးလိုက်၊ ပြီးပလား၊ မပြီးသေးဘူး၊ မနက်ဖြန်ခါကျတော့ ဆာပြန်ပြီတဲ့၊ ဒီ ခန္ဓာကိုယ်ကြီးက တောင်းပြန်တယ်။ ကျွေးရပြန်တယ်၊ မနက်စောစော ဆန်ပြုတ်ကလေးသော်လည်းကောင်း၊ ကော်ဖီလေးသော်လည်းကောင်း၊ မုန့်ဟင်းခါးလေးသော်လည်းကောင်း၊ မုန့်ပြားသလက်၊ ထန်းလျက်လေးသော်လည်းကောင်း ကျွေးရတယ်။ နေ့လယ်ကျတော့ ဆာပြန်တယ်ဆိုတော့ ကျွေးရ ညနေကျတော့ ကျွေးရ တစ်ရက်ပြီးပလား၊ မပြီးသေးဘူး။ နောက်တစ်ရက် ကျွေးရ ပြီးပလား၊ မပြီးသေးဘူး၊ နောက်တစ်ရက် ကျွေးရ နောက်တစ်ရက်ကျွေးရ နောက်တစ်လ၊ နောက် လပေါင်းများစွာ နောက်နှစ်ပေါင်းများစွာ။ ပြီးနိုင်တယ်မရှိဘူး၊ ဒီခန္ဓာကိုယ်ကြီး ကျွေးနေရတာ။

"ခန္ဓာကာယ, ရပြန်က, စားရ သောက်ရ, ထပ်တလဲလဲ" အဲဒီလို ထပ်တလဲလဲ စားနိုင်သောက်နိုင်အောင်က ဒီတိုင်းထိုင်နေရင်းနဲ့ ပါးစပ်ထဲ အစာတွေက ဝင်လာသလား၊ ဘယ်ဝင်လိမ့်မတုန်း၊ စားနိုင် သောက်နိုင်အောင် ဆိုပြီးတော့ သင်ပုဏ္ဏားတို့တတွေ လယ်တွေလုပ် ယာတွေလုပ်ရတယ် မဟုတ်လား. . ၊ တစ်နှစ်လာလည်း ဒီနားလာပြီးတော့ ထွန်ဟာ၊ ယက်ဟာ၊ စိုက်ဟာ၊ ပျိုးဟာ၊ ဧချောက် ဟာ၊ ရိတ်ဟာ၊ သိမ်းဟာနဲ့ လုပ်၊ နောက်တစ်နှစ် ဒီနားပဲ ဒီလိုပဲ စိုက်လိုက်၊ ပျိုး လိုက်၊ နောက်တစ်နှစ် ဒီလိုပဲ စိုက်လိုက်၊ ပျိုးလိုက်ရတာ ထပ်တလဲလဲ။ ရိတ်လိုက်ရ သိမ်းလိုက်ရတာ ထပ်တလဲလဲ၊ အိမ်ကို ကောက်လှိုင်းသယ်သွားပြီးတော့ စပါးတွေ ကျီထဲထည့်လိုက်ရတာ ထပ်တလဲလဲ၊ ကျီထဲက ထုတ်ပြီးတော့ ဖွပ်လိုက်ရ၊ ထောင်း လိုက်ရတာ ထပ်တလဲလဲ၊ ချက်လိုက်ရ၊ ပြုတ်လိုက်ရတာ ထပ်တလဲလဲ. . . တဲ့။ အဲဒီကျမှ စားသောက်ရတဲ့ အဖြစ်ကလေးရောက်လာ၊ ပုဏ္ဏားကြီးစိုက်. . . လို့၊ ပုဏ္ဏားတင်မကဘူး၊ ဇနီးရော၊ သားသမီးတွေရော စိုက်. . . ၊ ဟုတ်တယ်. . . ဟုတ်တယ်. . . နဲ့၊ ဉာဏ်တွေ ဝင်လို့။

"ခန္ဓာကာယ, ရပြန်က, စားရ သောက်ရ, ထပ်တလဲလဲ" သင်္ခါရဒုက္ခကို ဟောနေတာ ဘုရားက၊ သင်္ခါရဒုက္ခဆိုတာ ဒီခန္ဓာ ကာယကြီးကို ပြုပြင်ထိမ်းသိမ်းစောင့်ရှောက်ရတဲ့ဒုက္ခကို သင်္ခါရဒုက္ခလို့ ခေါ်တယ်။ သင်္ခါရ-ပြုပြင်ဖန်တီး၊ ပြုလုပ်စီမံနေရတဲ့ ဒုက္ခ-ဆင်းရဲကြီး. . . ။ အဲဒီ ဆင်းရဲကြီးကို သတ္တဝါတွေက ဆင်းရဲလို့ မထင်ကြတော့ ဘူး၊ မမြင်ကြတော့ဘူး။ ကိုယ့်ခန္ဓာ ကိုယ်လေးကို သာယာမက်

http://www.dhammadownload.com



မောတဲ့ တဏှာက ဖုံးထားလိုက်တော့ ငါ-လှအောင် ဒီလိုစားမှ ဝမှာ၊ ဒီလိုစားမှ လှမှာ၊ ဒီလိုဆင်လိုက်မှ ဖြစ်မှာပေါ့၊ ဒီလိုရေချိုးလိုက်မှ သန့်ရှင်းပြီးတော့ ကြည့်ကောင်းမှာပေါ့။ ဒီအဝတ်အစားလေး ဝတ်လိုက်မှ လှမှာပေါ့ ဆိုတဲ့ တဏှာက လှည့်ပြီးတော့ တခါတည်း ကာကွယ်ထားလိုက်တော့ ဣဏှာခိုင်း သမျှ လျှောက်ပြီး လုပ်လိုက်ကြတာ၊ "**ခန္ဓာကာယ, ရပြန်က, စားရ သောက်ရ, ထပ်တလဲလဲ. . .၊ စိုက်ရပျိုးရ, ထပ်တလဲလဲ၊ ရိတ်ရသိမ်းရ, ထပ်တလဲလဲ၊ ထောင်းရ ဖွပ်ရ, ထပ်တ လဲလဲ၊ ချက်ရပြုတ်ရ, ထပ်တလဲလဲ. . .**"

ချက်ပြုတ်ပြီးတော့ ထမင်းကသူ့ဟာသူ ပါးစပ်ထဲဝင်သလား၊ ဘယ်ဝင် လိမ့်မှာတုန်း၊ ပွဲပြင်ရသေး၊ ထမင်းခူးခတ်၊ ပွဲပြင်၊ ခူးခတ် ပွဲပြင်တာလည်း တစ်နေ့ တာတည်း တစ်နေ့ထဲနဲ့ပြီးသလား၊ မပြီးဘူး၊ နောက်နေ့လည်း ခူးခတ်၊ နောက်နေ့ လည်း ခူးခတ်၊ နောက်လလည်း ခူးခတ်၊ နောက်နှစ်လည်း ခူးခတ်၊နှစ်ပေါင်းများစွာ ဒီလိုခူးခတ်ပြီးတော့ပါးစပ်ထဲရောက်အောင် လက်ကသယ်ရလက်က ထမင်းနဲ့ ဟင်းနဲ့ ရောနယ်ပွတ်ပြီးတော့ ပါးစပ်ထဲရောက်အောင် ပို့ရ၊ ပါးစပ်ထဲ လက်က ထိုးသွင်းလိုက်တာနဲ့ ထမင်းက သူ့ဟာသူ ဝမ်းထဲဝင်သွားသလား၊ မဝင်ဘူး၊ သုံး ဆယ့်နှစ်ချောင်း သွားအပေါင်းက ညက်အောင် ဆိုပြီးတော့ ထောင်းကြရတယ်၊ အထက်သွားတွေ၊ အောက်သွားတွေ သုံးဆယ့်နှစ်ချောင်းက ကြိတ်ချေ၊ နှိပ်မွှေ ထောင်းရ၊ အဲဒါ ဘယ်နှစ်ကြိမ်လောက်တုန်း၊ ဘယ်နှစ်ကြိမ် လောက်ရှိပြီတုန်းလို့ ကိုယ့်ကိုယ်ကို စဉ်းစားကြည့်ကြစမ်း၊ ဘယ်နှစ်ကြိမ်မှန်းကို မသိဘူး။

ဒီသုံးဆယ့်နှစ်ချောင်း သွားအပေါင်းနဲ့ ထောင်းကြိတ်ချေလိုက်ရ၊ တစ်ခါ တည်း ဟိုဘက်လှည့်ပေးလိုက်၊ ဒီဘက်လှည့်ပေးလိုက်၊ မညက်သေးတာတွေ သွားကြားထဲ တွန်းပို့လိုက် ညက်တာတွေ ဆွဲယူလိုက်နဲ့၊ ပြီးပလားဆိုတော့ မျိုချရ သေးတယ်၊ အောက်လေက စုပ်ပြီးတော့ အထဲက ခန္ဓာကိုယ်ထဲက အဓောဂမ လို့ခေါ်တဲ့ အောက်စုန်တဲ့လေက ဆွဲစုပ်လိုက်တော့မှ ဝင်တာ၊ အဲဒီ အဓောဂမ လေမစုပ်ဘဲနဲ့ ဥဒ္ဓင်္ဂမဆိုတဲ့ အထက်လှန်တဲ့လေနဲ့ လှန်နေရင် စားလို့ကို မျိုလို့ကို မကျတော့ဘူး။ အန်ချင်သလိုလို ဘာလိုလိုနဲ့ အထက်ဝေ့၊ အက်ဆိုပြီးတော့ ထွက် သွားရော၊ အဲဒီလို လေကစုပ်လိုက်လို့ ဝမ်းထဲဝင်သွားတော့ ပြီးပလားဆိုတော့ မပြီးသေးဘူးတဲ့၊ ဝမ်းထဲရောက်သွားပြီးတဲ့နောက် အေးအေးချမ်းချမ်းများနေရ သလား အောက်မေ့တယ်၊ မနေရဘူး၊ မနက်ကျတော့ သူက-

❖ **ဝမ်းမြောတ်ရှင်ပျယ်, လူ့ဘုံလယ်၌, တင့်တယ်ဘိခြင်း,**
**တစ်ခံတွင်းက, သွင်းသည့်အစာ, တစ်ညဉ့်ကြာလျှင်,**
**မျက်နှာညှိုးမှိုတ်, နှာခေါင်းပိတ်လျှက်, လူဆိတ်ကွယ်ရာ,**

http://www.dhammadownload.com



မျက်နှာညှိုးမှိတ်, နှာခေါင်းပိတ်လျှက်, လူဆိတ်ကွယ်ရာ, စွန့်ရရှာသည်, ကြည့်ကာတောင်မြောက် . . .။

စားလိုက်လို့ပြီးသွားပြီ, ဝက်သားကြက်သား၊ ဆီဦးထောပတ်၊ ပျားသကာတွေနဲ့ ကောင်းလိုက်တာ၊ ကောင်းလိုက်တာဆိုပြီးတော့" ဝမ်းမြောက်ရွှင်ပျယ်, လှူဘုံလယ်၌, တင့်တယ်ဘိခြင်း, တစ်ခဲတွင်းက, သွင်းသည့်အစာ. . . " စားတုန်းကတော့ သားတွေ သမီးတွေနဲ့ လာဟော့၊ စားပါအုံး၊ သောက်ပါအုံး၊ လာပါ ထိုင်ပါ။ အမလေး ကောင်းလွန်းလို့ပါနဲ့ သားကတဘက်၊ သမီးက တဘက်၊ မယားကတဘက်၊ လင်ကတဘက်၊ ဆွေကတဘက်၊ မျိုးကတဘက်၊ အဖေကတစ်ထိုင်၊ အမေကတစ်ထိုင်နဲ့ ဝိုင်းပြီးတော့ စားလိုက်သောက်လိုက် ပျော်တပြုံးပြုံး၊ မော်မဆုံး စားလိုက်သောက်လိုက်တာတွေ တစ်ညကြာသွားတော့ "ဝမ်းမြောက်ရွှင်ပျယ်, လှူဘုံလယ်၌, တင့်တယ်ဘိခြင်း, တစ်ခဲတွင်း က, သွင်းသည့်အစာ. . . " သွင်းတာကတော့ တစ်ခဲတွင်းက သွင်းလိုက်တာ၊ ပါးစပ်ပေါက်တစ်ပေါက်က သွင်းလိုက်တာ၊ ကိုးပေါက်ရှိတဲ့အနက်က၊ ခန္ဓာကိုယ်မှာ ဒွါရအားဖြင့် ထင်ရှားတဲ့ဒွါရကြီး ကိုးပေါက်နဲ့၊ မွေးညှင်းပေါက် ကလေးတွေက မရေတွက်နိုင်ဘူး။ မွေးညှင်းပေါက် ကလေးတွေက ခန္ဓာကိုယ်မှာ အပေါက်တွေ အများကြီး။

အသွင်းတုန်းက တစ်ပေါက်ကသွင်းလိုက်တာ၊ "သွင်းသည့်အစာ" တစ်ပေါက်ကသွင်းလိုက်တဲ့အစာ "ဝမ်းမြောက်ရွှင်ပျယ်, လှူဘုံလယ်၌, တင့်တယ်ဘိခြင်း, တစ်ခဲတွင်းက, သွင်းသည့်အစာ, တစ်ညဉ့်ကြာလျှင်. . . " တစ်ညလောက်ကြာသွားပြီးဆိုရင် ဘာဖြစ်တုန်း၊ နံစော် ပုပ်ဟောင်ကုန်ပြီ၊ စောစောတုန်းကတော့ မွှေးလိုက်တာ၊ အမလေး မဆလာလေးနဲ့၊ အမလေး ဆီလေးကနဲ့ ဝက်သားကလေးက ကြက်သားကလေးကနဲ့ ပြောသမျှတွေဟာ "သွင်းသည့်အစာ, တစ်ညဉ့်ကြာလျှင်, မျက်နှာညှိုးမှိတ်, နှာခေါင်းပိတ်လျှက် . . . "တဲ့၊ ထွက်တဲ့အခါကျတော့ မျက်နှာတွေက ကြည်ကြည် လင်လင် မဟုတ်တော့ဘူးလေ၊ ညှိုး. . . လို့ မျက်နှာက၊ ပြီးတော့ နှာခေါင်းကြီး ပိတ်လို့ နံလို့တဲ့၊ သူဟာလည်းသူနံလို့တဲ့၊ "မျက်နှာညှိုးမှိတ်, နှာခေါင်း ပိတ်လျှက်. . . " ဒါ အောက်ကထွက်တာက ထင်ထင်ရှားရှား နှစ်ပေါက်က ထွက်သွား၊ ဒီပြင် နှာခေါင်းက ထွက်တာတွေ ရှိသေးတယ်။ နှာခေါင်းကထွက်၊ ပါးစပ်ကထွက်၊ တံတွေးတွေ၊ ချွဲတွေ၊ အော့ အန်နဲ့ ပါးစပ်ကထွေး။ နှာခေါင်းက နှပ်တွေအဖြစ်နဲ့ ထွက်၊ နားက နားဖာချီးတွေအဖြစ်နဲ့ထွက်၊ ချွေးတွေအဖြစ်နဲ့ မွေးညှင်းပေါက်တွေကနေထွက်၊ "မျက်နှာညှိုးမှိတ်, နှာခေါင်း ပိတ်လျှက်, လူဆိတ်ကွယ်ရာ, စွန့်ရရှာသည်, ကြည့်ကာတောင်မြောက်. . . " စွန့်တဲ့ အချိန်ကျတော့ လာဟော့ တစ်ဝိုင်းတည်း လာထိုင်ကြစို့၊ စွန့်ကြစို့၊ ဒီလိုမရဘူး . . . တဲ့၊

http://www.dhammadownload.com



လွန်းလို့ အခန်းဖွဲ့ပြီးတော့၊ အခန်းလေးဖွဲ့ထားပြီးတော့၊ အိမ်သာဆိုပြီးတော့ အခန်းလေးဖွဲ့ထားတယ်။ သို့မဟုတ် တို့-တောတို့ ဘာတို့ကျတော့ ချုံဘေးသွားပြီးတော့၊ ရွာဘေးသွားပြီးတော့၊ ချုံဘေးနား သွားပြီးတော့၊ ကြည့်ရသေးတယ်။ ဟိုဘက်ကြည့်လိုက်၊ ဒီဘက်ကြည့်လိုက်၊ ထိုင်လိုက်ပြီးတဲ့နောက်လည်း မလုံသေးဘူး သူက၊ အဲကြည့်ရသေးတယ်၊ ကြည့်ရသေးတယ်၊ တောင်ကြည့် မြောက်ကြည့်၊ ဒီကြားထဲ ခွေးက စားချင်လို့လိုက်လာ၊ ခွေးရိုက်ထုတ်ရသေး၊ ဝက်ရှိတဲ့ရွာကျတော့ ဝက်က အိအိ အိအိနဲ့ လာချင်သေး။ အဲ ခွေးကတော့ အတင်းဝင်ဆွဲချင် ဆွဲတာ။ အဲဒီကျတော့ တစ်ယောက်ထဲရယ်၊ အဲဒါ ဘယ်နှစ်ကြိမ်လောက်တုန်းဆိုတော့ အကြိမ်ကြိမ်. . . တဲ့၊ သစ္စိရဒုက္ခ။ အားလုံးဆိုကြစမ်းပါ။

❖ ခန္ဓာကာယ, ရပြန်က, စားရ သောက်ရ, ထပ်တလဲလဲ။
ခန္ဓာကာယ, ရပြန်က, စိုက်ရ ပျိုးရ, ထပ်တလဲလဲ။
ခန္ဓာကာယ, ရပြန်က, ရိတ်ရ သိမ်းရ, ထပ်တလဲလဲ။
ထောင်းရ ဖွပ်ရ, ထပ်တလဲလဲ၊ ချက်ရ ပြုတ်ရ, ထပ်တလဲလဲ။
စားရ သောက်ရ, ထပ်တလဲလဲ။ ဝါးရ မျိုရ, ထပ်တလဲလဲ။
စွန့်ရ ထုတ်ရ, ထပ်တလဲလဲ။ ချေးရ သန့်ရ, ထပ်တလဲလဲ။

အဲဒီခန္ဓာကိုယ်ကြီးရနေပြီဆိုရင် ဒီလိုပဲ။ ရုပ်နာမ်ခန္ဓာကိုယ်ကြီးကို ရနေသမျှ အဲဒီလို စွန့်ရထုတ်ရ၊ အဲ စွန့်ပစ်ရ၊ ထုတ်ပစ်ရ။ နောက်ရေချေးပေးရ၊ သန့်ရှင်းပေးရ။ သန့်စင်ရ၊ သန့်ရှင်းအောင်ပြုရတာ ထပ်တလဲလဲ။ ပြုတော့ သူက ဒီအတိုင်းနေသလားဆိုတော့ မနေဘူးတဲ့။

❖ ခန္ဓာကာယ, ရပြန်က, အိုရ ရင့်ရ, ထပ်တလဲလဲ။
နာရ ကျင်ရ, ထပ်တလဲလဲ။ သေရ ကြေရ, ထပ်တလဲလဲ။

အဲဒီခန္ဓာကိုယ်ကြီး ကျွေးမွေးပြီးတော့ ကိုယ်က ဒုက္ခခံပြီးတော့ ကျွေးလိုက်ရ၊ မွေးလိုက်ရ၊ ဝတ်လိုက်ရ ဆင်လိုက်ရတာ၊ ရေမိုးချိုးပေးလိုက်ရတာ၊ ညောင်းတယ်ဆို နှိပ်နယ်ပေးလိုက်ရတာ၊ အမလေး. . . သူ့အိပ်ပေးရ၊ ရပ်ပေးရ၊ ထိုင်ပေးရ၊ သွားပေးရ၊ လမ်းလျှောက်ပေးရ၊ ထိုင်နေတာ ညောင်းတယ်ဆိုတော့ သူ့လမ်းလျှောက်ပေးရ၊ လမ်းလျှောက်ပေးတာ ကြာတော့ တောင့်တယ်ဆိုတော့ အိပ်ပေးရ၊ အမလေး. . . ကိုက်တယ် ခဲတယ်ဆိုတော့ အနှိပ်သည်ရှာပြီး နှိပ်ပေးရ၊ ဒီလောက်ပြုစုနေတဲ့ကြားထဲက နေပြီးတော့ ဒီ ခန္ဓာကိုယ်ကြီးက အိုခြင်း, ဆွေးခြင်းဆိုတဲ့ ဇရာ၊ နာခြင်းရင့်ခြင်း ဆိုတဲ့ ဗျာဓိ၊ သေခြင်း ကြေခြင်းဆိုတဲ့ မရဏရောက် လာတာ။ ဒီတော့ အဲဒါဘယ်နှစ်ကြိမ်လောက်တုန်း၊ အကြိမ်ကြိမ်ပဲ၊ လူ့ဘဝရရင် လူအိုအို၊

http://www.dhammadownload.com



လူနာနာ၊ လူသေသေပဲ၊ ခွေးဘဝရောက်တော့ ခွေးအိုအို၊ ခွေးနာနာ၊ ခွေးသေသေ၊ နွားဘဝ၊ ဝက်ဘဝ၊ ကြက်ဘဝ၊ ငှက်ဘဝ၊ နတ်ဘဝ၊ ဗြဟ္မာဘဝ ဘယ်ဘဝ. . . ရောက်ရောက် ဒီ ခန္ဓာကိုယ်ရသမျှ အိုရတာ ထပ်တလဲလဲ၊ နာရတာ ထပ်တလဲလဲ၊ သေရတာ ထပ်တလဲလဲ. . . လို့ အဲဒီလို ဘုရားက ဟောလိုက်တော့ ပုဏ္ဏားကြီး ဇနီးမောင်နှံ ဒုက္ခသစ္စာသဘောတွေ ဉာဏ်ထဲထင်ပြီး၊ စိုက်. . . လို့။

အဲဒီလို ဒုက္ခကိုမြင်လိုက်သည်နဲ့ တစ်ပြိုင်နက် ခန္ဓာကာယကြီးဟာ ဒုက္ခရဲ့ မူရင်းလက်သည်ကြီးပါလား. . .၊ ဒုက္ခမှန်သမျှတို့ရဲ့ မူရင်းလက်သည်ကြီးပါလား. . . လို့ ခန္ဓာကာယအပေါ် အပြစ်တွေမြင်၊ အပြစ်မြင်ရင် မချစ်ခင်တော့ဘူးတဲ့၊ အပြစ်မြင်ရင် မချစ်ခင်တော့ဘူးဆိုတာ တဏှာသေတာ။ သမုဒယသစ္စာဆိုတဲ့တဏှာကို သတ်လိုက်တာ၊ ဒုက္ခကို ဒုက္ခမှန်းသိသွားပြီ၊ သမုဒယသစ္စာ တဏှာလည်း သေပြီ၊ ဒီဒုက္ခငြိမ်းတဲ့နေရာ၊ ဘယ်နေရာများရှိပါလိမ့် မတုန်း. . . လို့ စိတ်က ဒီလိုဖြစ်သွားတယ်။ ဒီခန္ဓာကိုယ်ကြီး ရနေသမျှတော့ ဒီ ဒုက္ခတွေက ရနေမှာပဲ။ ဒီ ဒုက္ခတွေ မလာနိုင်တာက ဒီ ခန္ဓာကာယမရှိမှ ဖြစ်မှာပဲဆိုတော့ ဟော-မရှိတဲ့ နိဗ္ဗာန်ကို ညွတ်လာတယ် စိတ်က။ အဲဒါ နိရောဓသစ္စာ မျက်မှောက်ပြုတာခေါ်တယ်။ အဲဒီ နိရောဓသစ္စာခေါ်တဲ့ ခန္ဓာကာယကြီးမရှိရာ, ငြိမ်းရာ အေးရာကို ရောက်ဖို့ရာအတွက်က အခု သင်ချစ်သားတို့ ငါ့ကို ဆွမ်းလောင်းနေတဲ့ ကောင်းမှုပဲ. . . လို့ ဘုရားက မဂ္ဂသစ္စာ ပြလိုက်တာ။ အခု သင် ငါ့ကိုဆွမ်းလောင်းနေတာ အဲဒီလို ခန္ဓာကာယငြိမ်းဖို့ရာ ရောက်ပါရစေ. . . လို့ ဆုတောင်းပြီးတော့ ပြုလို့ မဂ္ဂသစ္စာပြလိုက်တာ။

ဟော-ဒီနေ့ ကနိုမြို့နယ် တအုံကျေးရွာက၊ ဘုန်းပဥ္စင်းရွာကလာကြတဲ့ ဒကာ ဒကာမတွေ ဂန္ဓာရုံကျောင်းတိုက်မှာပင်လျှင် (၇)ကြိမ်မြောက်၊ (၇)နှစ်မြောက် တပည့်တော်တို့ အကြိမ်ကြိမ် အထပ်ထပ် သံဃာတော် တစ်ထောင်ကျော်တို့ကို အရဏ်ဆွမ်းတွေ လောင်းလှူရ ဆက်ကပ်ရတဲ့ ကောင်းမှု၊ ငွေကျပ်(၆)သောင်းကျော် ငွေပဒေသာပင်စိုက်ထူပြီးတော့ ဒီသံဃာတော် တစ်ထောင်ကျော်နှင့်တကွ ဤ ဂန္ဓာရုံကျောင်းတိုက်ရောက်လာမည့် သံဃာတော် ထောင်ပေါင်းများစွာတို့အား ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး, ပစ္စည်း လေးပါးအလှူကြီး လှူရာရောက်တဲ့ ငွေကျပ်(၆)သောင်းကျော် ငွေပဒေသာပင် စိုက်ထူလှူဒါန်းလိုက်ရတဲ့ကောင်းမှု အကြိမ်ကြိမ် အထပ်ထပ် သံဃာတွေကို ရေလှူရ၊ မီးလှူရ၊ ဆေးလှူရ၊ သင်္ကန်းလှူရ၊ ကျောင်းလှူရတဲ့ ကောင်းမှု အစုစုကြောင့် တပည့်တော်၊ တပည့်တော်မတို့သည် အကြိမ်ကြိမ်ကြုံ ရတဲ့ ဒုက္ခမျိုးစုံတို့မှ၊ ဟော-အကြိမ်ကြိမ်ကြုံရတဲ့ ဒုက္ခဆိုတာ ဇရာ၊ ဗျာဓိ၊ မရဏ ခေါ်တဲ့ အို နာ သေ သံသရာဒုက္ခသုံးပါးနှင့်တကွ ခုနက ခန္ဓာကာယ

http://www.dhammadownload.com



ကို ပြုစုစောင့်ရှောက်ရတဲ့ သင်္ခါရဒုက္ခတွေပေါ့။ အဲဒီ သင်္ခါရဒုက္ခနှင့်တကွ ဒုက္ခဖြစ်တဲ့ ဇရာ၊ ဗျာဓိ၊ မရဏာမျိုးစုံတို့မှ လွတ်ရာ ငြိမ်းရာ သန္တိသုခချမ်းသာထူး ချမ်းသာမြတ်ကြီးကို လျင်မြန်သောစွာ ဆိုက်ရောက်ကြရပါလိုကုန်သောဟူ၍ ပတ္ထနာအောင်ဆု ပြုလိုက်ကြကုန်ရာသတည်း. . .။

သာဓု. . . သာဓု. . . သာဓုပါဘုရား. . . .။

http://www.dhammadownload.com

# * "အာသီဝိသောပမသုတ္တန်"
# ရှာပျက်ကြီးတရားတော်

ယနေ့ မြန်မာသက္ကရာဇ် ၁၃၄၉-ခုနှစ်၊ တန်ပိုတွဲလဆန်း(၁၅)ရက် တန်ပို့တွဲလပြည့်နေ့၊ ခရစ်နှစ်-၁၉၈၈-ခု ဖေဖော်ဝါရီလ (၂)ရက်နေ့မှာ မန္တလေးမြို့၊ မဟာဗောဓိဝိပဿနာရိပ်သာကြီးအတွင်းရှိ ဤဓမ္မာရုံကြီး၌ ကျင်းပ ပြုလုပ်အပ်သော အနုမောဒနာတရားပွဲသည်ကား၊ မန္တလေးမြို့ မဟာဗောဓိ ဝိပဿနာရိပ်သာကမ္မဋ္ဌာန်းတိုက်ကြီးရဲ့ တရားပြဆရာဖြစ်တဲ့ ဆရာကြီးဦးမြင့်စိန်ရဲ့ အသက် (၆၄)နှစ်ပြည့် မွေးနေ့မင်္ဂလာ အထိမ်းအမှတ်အဖြစ်ဖြင့်၊ (၁၅)ကြိမ်မြောက် ကျင်းပပြုလုပ်တဲ့ အထိမ်းအမှတ်အဖြစ်ဖြင့် ယနေ့ဖြစ်ပေါ် လာတဲ့တရားပွဲ။

သူလျှုဒါန်းတဲ့ လက်ကိုင်ပဝါကို ကိုင်ပြီးသကာလ အဲဒီဝတ်စား တန်ဆာတွေ ဆင်မြန်းထားတဲ့ ခန္ဓာငါးပါးလို့ ဆိုရတဲ့ ဘုန်းကြီးရဲ့ ရုပ်ဓာတ်နာမ်ဓာတ်ထဲက ဘုရားရှင်ရဲ့ တရားတော်မြွက်ကို ထုတ်နှုတ်ပြီးတော့ ယနေ့ ဒကာဒကာမအပေါင်း သူတော်ကောင်းတွေရဲ့ နားပေါက်ကို အရောက်ပို့ရမယ်ဆိုတော့၊ ဒီနေ့ မြွေကြီး လေးကောင် တရားတော်. . . တနည်းပြောရင် ရွာပျက်ကြီးတရားတော်. . . လို့ ဒီနေ့ ပရိသတ်က မှတ်ရမယ်၊ ဒီတော့ ဘုရားရှင်ကိုယ်တော် မြွက်ကြီးက ယနေ့ တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့ အပါအဝင် (၃၁)ဘုံ ကျင်လည် ကျက်စားကြတဲ့ သတ္တဝါတွေက မိမိတို့ ယနေ့လက်ရှိ အခြေ အနေကိုလဲပဲ နှစ်သက်ကြ, စွဲလမ်းကြ, ကျေနပ်ကြ။ မိမိတို့နေထိုင်တဲ့(၃၁)ဘုံဆိုတဲ့ ဒီနယ်ကိုလည်းပဲ ကျေနပ်ကြ, အားရကြ, ပျော်မြူးပြီးတော့ နေကြ။

ဘုရားရှင် အဆူဆူရဲ့ အမြင်က(၃၁)ဘုံ ဆိုတဲ့ လောကကြီးကို ကြောက်ဖွယ်လောကကြီး၊ လန့်ဖွယ်လောကကြီး၊ ထိပ်ဖွယ်လောကကြီးလို့ မြင်စေချင်တယ်၊ သတ္တဝါများစွာက (၃၁)ဘုံကို ပျော်စရာကြီးလို့ မြင်တယ်၊ ခင်မင်စရာကြီးလို့ မြင်တယ်၊ တွယ်တာစရာကြီးလို့ မြင်တယ်၊ ဂင်္ဂါဝါလုသဲစုအတူ ပွင့်တော်မူတဲ့ ဘုရားရှင် အဆူဆူက မိမိတို့ယခုလက်ရှိ ရနေတဲ့ ရုပ်နာမ် ခန္ဓာကြီးကို ကြောက်စရာကြီး၊ လန့်စရာကြီး၊ ထိတ်စရာကြီး အဖြစ်နဲ့ မြင်စေချင်တယ်၊ သံဝေဂဉာဏ်နဲ့ မြင်စေချင်တယ်၊ မဂ်ဉာဏ်နဲ့မြင်စေချင်တယ်၊ ဖိုလ်ဉာဏ်နဲ့မြင်စေချင်တယ်။

များစွာသော သတ္တဝါတွေက မိမိတို့ ခန္ဓာကိုယ်ကို လောဘနဲ့မြင်တယ်၊

---

* သံ-၂-၃၈၁။

http://www.dhammadownload.com



ဒေါသနဲ့မြင်တယ်၊ ချစ်ခင်စရာအဖြစ်နဲ့ မြင်တယ်၊ လောဘနဲ့ မြင်တဲ့အမြင်၊ စိတ်ပျက်စရာ မုန်းစရာအဖြစ်နဲ့ မြင်တဲ့၊ ဒေါသနဲ့မြင်တဲ့ အမြင်၊ အဲဒီလို အမြင်တွေက ပြောင်းပြန်ဖြစ်ပြီးတော့ နေလို့မို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးတွေ အဆူဆူတို့က ဒီ(၃၁)ဘုံနဲ့ ဒီ ရုပ်နာမ်ခန္ဓာအပေါ်မှာ အနည်းဆုံး သံဝေဂဉာဏ် ဖြစ်ပွားနေဖို့ရာ များစွာသော နည်းပရိယာယ်၊ များစွာသော ဥပမာ၊ များစွာသော ဝေဝုစ်တွေနဲ့ ဟောတော်မူခဲ့တဲ့၊ တရားပြတော်မူခဲ့ကြတဲ့ အနက်က၊ ဒီနေ့ အာသီဝိသောပမ သုတ္တန်လို့လည်း ခေါ်နိုင်၊ မြွေကြီးလေးကောင် ဥပမာထားပြီးတော့ ဟောတဲ့သုတ္တန်လို့လည်း ခေါ်နိုင်၊ သုညဂါမရွာပျက်ကြီး တရားတော်လို့လည်း ခေါ်နိုင်. . . တဲ့ ဒီတရားတော်မှာ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက

❖ မိရာအရပ်, ကိုက်ချီသတ်၊ လေးရပ်မြွေဘေးပေါ်။
အထုပ်ကိုပိုက်, တစိုက်စိုက်၊ မောဟိုက်ပြေးခဲ့သော်. . . လို့

ဥပမာစပြီးတော့ ပေးလိုက်တယ်၊ သံသရာစခန်းမှ လွတ်လမ်း ကျွတ်လမ်း မှန်းကြတဲ့ အိုသူတော်ကောင်းအပေါင်းတို့. . . သင်တို့ ယခုလက်ရှိ နေကြတဲ့ ဘဝအခြေအနေကို ငါဘုရားရှင် ကိုယ်တော်မြတ်ကြီး သဗ္ဗညုတဉာဏ်တော် အမြင်နဲ့ ပြောရမယ်ဆိုရင် မြွေကြီးလေးကောင် ပါးပျဉ်းထောင်ပြီးတော့ လိုက်နေတာကို ခံရတဲ့ ယောကျ်ားတစ်ယောက်နဲ့ တူကြတယ်. . . တဲ့၊ အခု ဘုန်းကြီးတို့ ဒကာ ဒကာမအပေါင်း သူတော်ကောင်းတွေရဲ့ လက်ရှိဘဝ အခြေအနေက ပျော်စရာအခြေနေ, ရွှင်စရာအခြေနေ, ဝမ်းသာပြီးတော့ ပီတိဖြစ်နေစရာ အခြေနေ မဟုတ်ဘူး. . . တဲ့၊ မြွေကြီးလေးကောင် ပါးပျဉ်းထောင်ပြီးတော့ အလိုက်ခံနေရတဲ့ ဘဝအခြေနေနဲ့တူကြတယ်. . .၊ မြွေကြီးလေးကောင်က ပါးပျဉ်းထောင်ပြီးတော့ လိုက်တာ ဘာလုပ်မလို့ လိုက်လာတာတုန်းလို့ ဆိုတော့ မိရာအရပ် ကိုက်သတ်မယ် ဆိုပြီးတော့ လိုက်ကြတယ်၊ ဒါ့ကြောင့်-

❖ မိရာအရပ်, ကိုက်ချီသတ်, လေးရပ်မြွေဘေးပေါ်။

ဟော-ယောကျ်ားတစ်ယောက်၊ မိန်းမတစ်ယောက်၊ နောက်ကမြွေကြီး လေးကောင် ပါးပျဉ်းထောင်ပြီးတော့ အလိုက်ခံနေရရှာတယ်။ အဲဒီ မြွေကြီးတွေ ဟာ ဘာပြုလို့လိုက်တုန်းဆိုတော့ မိရာအရပ် ကိုက်သတ်မလို့တဲ့၊ ဒီတော့ ယောကျ်ားက သိတယ်၊ အမျိုးသမီးကလည်း သိတယ်၊ ငါ့ကို မြွေကြီးလေးကောင် က မိရာအရပ် ကိုက်သတ်မလို့ လိုက်နေပြီ. . . . လို့ ဆိုပြီးတော့ ပြေးလာရှာတယ်၊ ပြေးတော့ လက်ထဲဘာပါတုန်းဆိုတော့-

❖ အထုပ်ကိုပိုက်, တစိုက်စိုက်, မောဟိုက်ပြေးခဲ့သော်။

http://www.dhammadownload.com



အထုပ်ကလေး လက်ထဲပိုက်. . . ပြီးတော့ မောလို့, ဟိုက်လို့ ပြေးလာခဲ့ရ၊ အဲလိုပြေးပြီးတော့လာရင်းနဲ့ ကံဆိုးမိုးမှောင်ကျချင်တော့၊ ကယ်မယ့်သူ ကူမယ့်သူက မရှိတဲ့အပြင်, နောက်ထပ်ရန်တစ်ခု ပေါ်လာပြန်တယ်၊ ဘာရန်ကြီးပေါ်လာတုန်းဆိုတော့-

❖ ဓားပြသူခိုး, ဓားကိုမိုး, ထပ်ပိုးလိုက်ပြန်သော်။

မြွေကြီးလေးကောင်ကြောက်လို့၊ မြွေကြီးလေးကောင်က မီရာအရပ်ကိုက်သတ်မှာမို့လို့ ပြေးလာခဲ့ရတဲ့ အချိန်မှာ၊ ကြားဖြတ်ထပ်ပြီးတော့ ရန်သူတစ်ယောက်က ပေါ်လာပြန်တယ်. . . တဲ့၊ အဲဒါ ဘယ်သူတုန်းလို့ ဆိုတော့ ဓားပြကြီး သူခိုးကြီးက ဓားကြီးမြှောက်မြှောက်ပြပြီးတော့ လက်ထဲက အထုပ်ကလေးလုမလို့ လက်ထဲပါလာတဲ့ အထုပ်ကလေးကို လုချင်လို့ လူသတ်ပြီးတော့ လုချင်လို့ ပစ္စည်းယူ လူသတ်မလို့ ဓားကြီးတမြှောက်မြှောက် တမိုးမိုးနဲ့လိုက်ပြီးတော့ လာပြန်တာကို တွေ့ရပြန်တယ်။ ဒီတော့ နဂိုကမှ မြွေကြီးလေးကောင်ကြောက်လို့ ကြောက်အား လန့်အားနဲ့ ပြေးလာရတဲ့အထဲ ဓားပြကြီးက ဓားကြီးမိုးမြှောက်ပြီးတော့ လက်ထဲက အထုပ်ကလေး လုမယ်လို့ လိုက်လာပြန်တော့ ပိုပြီးတော့ ပြေးရပြန်တယ်။

အဲလိုပြေး. . . ပြီးတော့ လာတော့ ရှေ့မှာ စိမ်းစိမ်းစိုစို ညှိုညှိုသန်းသန်း ရွာတန်းကြီး တစ်ခုကိုတွေ့တယ်၊ ရွာတန်းကြီး တစ်ခုမြင်တော့ ဟာ ရှေ့မှာရှိတဲ့ ရွာတန်းကြီး ရောက်ရင်တော့ အားကိုးရတော့ရမှာပဲ ရှေ့မှာရှိတဲ့ ရွာကြီးကို ရောက်မှ ငါ ကယ်တော်မူကြပါ. . . . လို့ အော်ပြီးတော့ အကယ်ခိုင်းရ တော့မှာပဲ. . . .၊ ရွာထဲရောက်မှ လူတွေထွက်ပြီးတော့ ကယ်ကြပါ, အော်ဟစ်ပြီးတော့ အကူအညီ တောင်းရတော့မှာပဲ၊ ရွာကြီးရောက်သွားရင်ဖြင့် ငါ့ကယ်မယ့် သူတွေ တွေ့လိမ့်မယ်၊ ကူမယ့်သူတွေ တွေ့လိမ့်မယ်လို့ အားကိုးတကြီးနဲ့ အဲဒီရွာကြီးဆီကို ပြေးပြီးတော့ လာခဲ့တယ်၊ လာခဲ့တော့ ရွာကြီးနားရောက်. . . တော့ ရွာကြီးက လူတစ်ယောက်မှ မရှိတဲ့ရွာကြီး၊ အိမ်တွေကြည့် လိုက်တော့လည်း အိမ်ပေါ်တက်ပြီးတော့ ပုန်းပြီးတော့နေဖို့ နောက်ကလိုက်လာတဲ့ မြွေကြီးတွေ သူခိုးကြီးတွေ ဘေးကနည်းနည်းမှ လွတ်လွတ်ဆိုပြီးတော့ အိမ်ပေါ်တက်ပြီးတော့ တံခါးတွေအလုံပိတ်ပြီးတော့ ပုန်းနေဖို့ဆိုပြီးတော့ အိမ်တွေကြည့်လိုက်တော့လည်း ယိုင်တဲ့အိမ်ကယိုင် နဲ့တဲ့ အိမ်ကနဲ့ ပြိုလုလုဖြစ်တဲ့ အိမ်တွေ၊ ပေါက်နေတဲ့ အိမ်ရော၊ ကျိုးနေတဲ့အိမ်တွေ၊ ပျက်နေတဲ့အိမ်တွေ၊ ပေါက်နေတဲ့ အိမ်တွေ၊ တခု. . . မှ အားကိုးစရာ မရှိတဲ့ ရွာပျက်ကြီးဖြစ်နေ၊ ဒါ့ကြောင့်-

http://www.dhammadownload.com



### ❖ ရွာပျက်ကြီးလျှင်, ကိုးရာထင်, အမြင်မှားဘိသော်။

ရှေ့ကရွာပျက်ကြီးကို အားကိုးစရာကြီးထင်. . . . ပြီးတော့ ပြေးလာလိုက်တာ၊ အနားရောက်တော့ ကယ်မယ့်သူ တစ်ယောက်မှမရှိဘူး၊ ကူမယ့်သူ တစ်ယောက်မှမရှိဘူး၊ ကယ်ပါယူပါ အော်လို့လည်းပဲ တစ်ယောက်. . . မှ ထွက်ပြီးတော့ မလာနိုင်ဘူး၊ မလာနိုင်တဲ့အပြင် ဒီရွာကြီးထဲမှာ ဆက်ပြီးတော့ နေလို့ဖြင့် နောက်ကမြွေကြီးလေးကောင်နဲ့ သူခိုးရန်ဘေးက ကင်းဝေးနိုင်တဲ့ လက္ခဏာမျိုး မတွေ့ရတော့ ဆက်ပြီးတော့ ရွာပျက်ကြီး, ရွာပျက်ကြီးမှန်းသိတာနဲ့ အားကိုးစရာ မဟုတ်ပါဘဲလား. . . ဆိုပြီးတော့ ထွက်ပြီးတော့ ဆက်ပြေး၊

### ❖ ရွာပျက်မှန်းသိ, စခန်းကြည့်, လှမ်းဘိ ထွက်ခဲ့သော်။

ရွာပျက်ကြီးမှန်း သိတာနဲ့ သူဆက်ပြီးတော့ ပြေးလာတယ်. . . . တဲ့၊ ရွာ့ဟိုဘက်။ ပြေးလာတော့ သူ ဘာကြီးတွေ့ပြန်တုန်းဆိုတော့-

### ❖ ဘေးရန်ထန်သီး, မြစ်ပြင်ကြီး, ကာဆီးရှေ့ကပေါ်။

ရှေ့ဆက်ပြီးတော့ ပြေးလာလိုက်တာ၊ ရွာပျက်ကြီးကနေ ဆက်ပြီးတော့ အားကိုးစရာ မဟုတ်မှန်းသိတာနဲ့ ရွာပျက်ကြီးစွန့်ပြီးတော့ ဆက်ပြေး လာလိုက်တာ ရှေ့မှာ ဘာနဲ့တွေ့နေပြန်တုန်းဆိုတော့ မြစ်ပြင်ကြီးခံနေတယ် ရှေ့က၊ အင်မတန် ကျယ်ဝန်းတဲ့ မြစ်ပြင်ကြီး၊ ရေပြင်ကြီးတွေ အဖွေးသားနဲ့ဖြစ်နေတဲ့ အင်မတန်ကျယ်ဝန်းတဲ့ မြစ်ပြင်ကြီး။ အဲဒီ မြစ်ပြင်ကြီးကလည်းပဲ အန္တရာယ်ကင်းတဲ့ မြစ်ပြင်ကြီး လားဆိုတော့ "ဘေးရန်ထန်သီး မြစ်ပြင်ကြီး. . . "တဲ့ ဒီမြစ်ပြင်ကြီးထဲမှာ လှိုင်းလုံးကြီးတွေက အိမ်လုံးလောက်မကဘူး ထပြီးတော့ နေကြတယ်၊ ဝဲတွေ ဂျင်ကလယ်တွေကလည်း တဝေါဝေါ တအုပ်အုပ် ထဟဲဟဲနဲ့ အော်မြည်ပြီးတော့ စုပ်ပြီးတော့နေကြတယ်၊ လည်ပြီးတော့ နေကြတယ်၊ ဒီ မြစ်ပြင်ကြီးထဲမှာ မိကျောင်းတွေက မြူး နေကြတယ်၊ မကန်းဖွေ့ဇာ မြူးနေကြတယ်၊ ငါးမန်းတွေက မြူးပြီးတော့ နေကြတယ်၊ မိကျောင်း မကန်း ငါးမန်းတွေကလည်း ရေထဲဆင်းလာရင် ကိုက်လိုက်မလား စားလိုက်မလား ဝါးလိုက်မလားနဲ့ဆိုပြီးတော့ ဟိုနားက ဖွားကနဲပေါ်၊ ဒီနားက ဖွားကနဲပေါ် ပွက်ပြ၊ အမြီးထောင်ပြ၊ ခေါင်းထောင်ပြနဲ့ မြူး. . . . ပြီးတော့ နေကြတယ်။

ဒီတော့ ပြေးလာတဲ့ အမျိုးသားက၊ ပြေးလာတဲ့ အမျိုးသမီးက ကမ်းစပ်မှာ ထိုင်ပြီးတော့ ငါဘယ်နယ် လုပ်ရပါ့မတုန်း. . . ၊ နောက်က လိုက်လာတဲ့ မြွေကြီး လေးကောင်ကလည်းပဲ၊ ပါးပျဉ်းထောင်လိုက်လာတာ၊မီတဲ့နေရာ ကိုက်သတ်မလို့ လိုက်ပြီးတော့လာတယ်၊ သူခိုး ဓားပြကြီးကလည်း ဓားကိုမိုးပြီး သကာလ လိုက်

http://www.dhammadownload.com



ပြီးတော့ လာခဲ့ပြီ။ ရွာပျက်ကြီးကလည်း အားကိုးစရာ အလားလို့အထင် ရောက်ပြီးတော့ အနားကပ်သွားတော့ ရွာပျက်ကြီးကလည်း တစ်ခုမှ အားကိုးစရာမတွေ့၊ အဲဒီ ရွာပျက်ကြီးက ဆက်ပြီးတော့ အခုပြေးလာလိုက်ပြန်တော့လဲပဲ ရှေ့ကမြစ်ပြင်ကြီး ကာဆီးပြီးတော့နေပြီ. . .၊ ဒီမြစ်ပြင်ကြီးထဲမှာ ငါဆင်းပြီးတော့ လက်ပစ်ကူးရင်တော့ လှိုင်းပုတ်ပြီးတော့ မြုပ်စေနိုင်တယ်၊ ဝဲစုပ် ဂျင်ကလယ်စုပ်လို့ လှိုင်းပုတ်လို့ မသေဘူး ထားအုံး၊ မိကျောင်းစားလို့ သေနိုင်တယ်၊ ငါးမန်းခဲလို့ သေနိုင်တယ်၊ ငါးမန်းမျိုလို့ သေနိုင်တယ်၊ ငါဟိုဘက်ကမ်း ရောက်ဖို့တော့ မလွယ်ဘူး. . .။ ငါ ဘယ့်နဲ့လုပ်ရမတုန်းလို့ အကြံအိုက်ပြီးတော့၊ နောက်ကရန်က တစ်မျိုး၊ ရှေ့ကဘေးရန်က တစ်မျိုးနဲ့။

အဲဒီလို အားကိုးရာမဲ့ဖြစ်ပြီးတော့ နေရာက နောက်တော့သူ အကြံပေါ်သွားတယ်၊ အဲဒီ မြစ်ကမ်းစပ်မှာ တုံးခြောက်တွေ တိုင်ခြောက်တွေ ဝါးခြောက်တွေ သစ်ခြောက်တွေ သူမြင်တယ်ဟာ- မြင်တော့ကိုင်း- ရေထဲဆင်းကူးလို့တော့ မဖြစ်ဘူး၊ ရေထဲဆင်းတာထက် ဒီလိုတုံးခြောက် တိုင်ခြောက်တွေ ဝါးခြောက်တွေ ဖောင်ဖွဲ့ကူးရတာက သက်သာလိမ့်မယ်. . .၊ တုံးခြောက် တိုင်ခြောက် ဝါးခြောက်တွေကို နွယ်တွေနဲ့ ပတ်ချည်တုပ်နှောင်ပြီးတော့ ငါဖောင်ဖွဲ့ပြီးတော့ ကူးရင်ဖြင့် လှိုင်းပုတ်အုံးတော့ မသေနိုင်ဘူး၊ ဝဲစုပ်အုံး ဂျင်ကလယ် စုတ်အုံးတော့ မသေနိုင်ဘူး၊ မိကျောင်း မကန်း ငါးမန်းတွေကိုလည်းပဲ တတ်နိုင်သမျှ ခုခံကာ ကွယ်နိုင်လိမ့်မယ်. . . လို့ ဆိုပြီးတော့ တုံးခြောက်တွေ တိုင်ခြောက်တွေ စုပေါင်းပြီးတော့ ရရာနွယ်ကြိုးနဲ့ ဖွဲ့ချည်ပြီးသကာလ လက်နဲ့တစ်မျိုး တက်နဲ့တစ်မျိုးထိုး ဝါးနဲ့တစ်တန် အမျိုးမျိုးလှော်ခတ်ပြီးတော့ ကူးယက်ပြီးတော့ သွားခဲ့တယ်. . . တဲ့၊ ဒါ့ကြောင့်-

ဖောင်ကြီးဖွဲ့ကာ, လှော်ခတ်ကာ, လွတ်ရာကူးကြနော်။

ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဖောင်ကြီးဖွဲ့ပြီးတော့ လှော်ခတ်ပြီးတော့ လွတ်ရာကူးကြလို့ မှာတော်မူခဲ့တဲ့ စကားသံမျိုး၊ သူတော်ကောင်း အဆက်ဆက် မှာခဲ့တဲ့ စကားသံတွေကို သူ့နားထဲမှာ ကြားလာလို့ သူကဖောင်ကြီးဖွဲ့ပြီးတော့ လှော်ခတ်ပြီးတော့ ကူးတယ်၊ အဲလိုကူး. . . တော့မှ လှိုင်းဘေးသက်သာတယ်၊ ပုတ်တော့ ပုတ်တယ် မသေဘူး၊ ဂျင်ကလယ်တွေက စုပ်ပေမဲ့လို့ မမြုတ်ဘူး၊ မိကျောင်း မကန်း, ငါးမန်းတွေက စားချင်ပေမဲ့လို့ ဖောင်ပေါ်ကနေပြီးတော့ တတ်နိုင်သမျှ ခုခံကာကွယ် တွန်းလှန်ပြီးတော့ လှော်သွားနိုင်တာမို့လို့ မသေဘူး။

မသေမပျောက်နဲ့ တစ်ဘက်ကမ်းရောက်ပြီး သကာလ၊ ကမ်းပေါ်တက်ပြီး သွားပြီးသကာလ အင်မတန် စိမ်းစိမ်းစိုစို ညိုညိုမှောင်မှောင်ဆိုတဲ့ တောတန်း

http://www.dhammadownload.com



သစ်ပင်တွေ အောက်ရောက်ပြီးတော့ တရေးတမှိတ် အိပ်ပြီး သကာလ၊ အဲဒီ တဘက်ကမ်းမှာရှိနေတဲ့ သစ်သီးဝလံတွေ စားသုံးပြီးသကာလ၊ ဘေးကင်းရန် ကင်း အန္တရာယ်ကင်းစွာနဲ့ ချမ်းသာခြင်းသို့ ရောက်ရတယ်. . .၊ ဟိုဘက် မြွေကြီး လေးကောင်က မလိုက်နိုင်တော့ဘူး၊ သူခိုးဓားပြကြီးလည်း လက်လျှော့ပြီး ပြန်သွား ရတယ်၊ မိကျောင်း မကန်း ငါးမန်းတွေကလည်း လွတ်တယ်၊ အဲဒီလို ချမ်းသာပြီး တော့ သွားတဲ့ယောကျ်ားတစ်ယောက်ရှိခဲ့တယ်. . . . တဲ့၊ ဟော ဒါ ဘုရားက ဥပမာပေးလိုက်တာ၊ ဥပမာပြလိုက်တာ၊ ဒီတော့ အဲဒီ ဥပမာထဲမှာ-

❖ မီရာအရပ်, ကိုက်ချီသတ်, လေးရပ်မြွေဘေးပေါ်။

ဆိုတဲ့ မြွေကြီးလေးကောင် ပါးပြင်းထောင်ပြီးတော့ အလိုက်ခံရတဲ့ ယောကျ်ား၊ အလိုက်ခံရတဲ့ အမျိုးသား အမျိုးသမီးဆိုတာ (၃၁)ဘုံဆိုတဲ့ သံသရာ ခရီးမှာ ရုပ်နာမ်ခန္ဓာကို ရနေကြတဲ့ သင်တို့တတွေနဲ့တူကြတယ်. . . . တဲ့၊ ဒီနေ့ တရားနာပရိသတ်အပေါင်းသူတော်ကောင်းတွေက မြွေကြီးလေးကောင် ပါးပျဉ်း ထောင် အလိုက်ခံရတဲ့ သူတွေနဲ့တူကြတယ်၊ မြွေကြီးလေးကောင်ဆိုတာ ဘာပြော တာတုန်းလို့ဆိုတော့၊ ပထဝီဓာတု-ပထဝီဓာတ်တည်းဟူသော မြွေကြီးလည်း ကောင်း။ အာပေါဓာတု-အာပေါဓာတ်တည်းဟူသော မြွေကြီးလည်းကောင်း၊ တေ ဇောဓာတု-တေဇောဓာတ်တည်းဟူသော မြွေကြီးလည်းကောင်း၊ ဝါယောဓာတု- ဝါယောဓာတ်တည်းဟူသော မြွေကြီးလည်းကောင်း. . .၊ မြွေကြီးလေးကောင်ဆို တာ ဘုရားရှင်က ဓာတ်ကြီးလေးပါးကို ဟောတော်မူတာ။

ယနေ့ ဒကာဒကာမအပေါင်း သူတော်ကောင်းတွေရဲ့ ခန္ဓာကိုယ်ထဲမှာ အဲဒီ ပထဝီဓာတ်, အာပေါဓာတ်, တေဇောဓာတ်, ဝါယောဓာတ်ဆိုတဲ့ ဓာတ်ကြီး လေးပါး တရားရှိကြတယ်၊ အဲဒါ မြွေကြီးလေးကောင် ပါးပျဉ်းထောင်လိုက်နေတာ နဲ့တူကြတယ်၊ ဒီတော့ ပထဝီဓာတ်ဆိုတာ မာမာကြောကြော သဘောကို ပထဝီ ဓာတ်လို့ ခေါ်ထားတာ၊ ဒီတော့ ဘုန်းကြီးတို့ ဒကာ ဒကာမအပေါင်း သူတော် ကောင်းတွေရဲ့ ခန္ဓာကိုယ်ထဲမှာ မာမာကြောကြော သဘောလို့လည်းခေါ်တဲ့ အရိုး တွေ သွားတွေ, ဒါပထဝီဓာတ်လို့ခေါ်လိုက်တယ်၊ အရိုးတွေ သွားတွေ လက်သည်း တွေ, ပထဝီဓာတ်လွန်ကဲပြီးတော့ နေတဲ့ဓာတ်တွေကို ပထဝီဓာတ်လို့ ခေါ်လိုက် တယ်၊ အရိုးတွေ သွားတွေ လက်လည်းတွေ, ခြေသည်းတွေ, ဆံပင်တွေ အသား တွေ၊ ဒီတော့ (၃၂)ကောဋ္ဌာသ ကမ္မဋ္ဌာန်းနဲ့ဆိုတော့ ပထဝီဓာတ် နှစ် ဆယ်. . . လို့ ခေါ်ထားတဲ့ "ကေသာ လောမာ နခါ ဒန္တာ တစောဆိုတဲ့ (၃၂) ကောဋ္ဌာသထဲက နှစ်ဆယ်သော အစုအဝေး(၃၂)ကောဋ္ဌာသ အစုအဝေးထဲက နှစ်ဆယ်သော

http://www.dhammadownload.com



ကောဋ္ဌာသ အစုအဝေးဟာ ပထဝီဓာတ်တွေပဲ၊ အဲဒါ ပထဝီဓာတ် မြွေကြီးတစ်ကောင်ပဲ။

အာပေါဓာတ်ဆိုတာကျတော့ (၁၂)ပါး ဒီခန္ဓာကိုယ်ထဲမှာ အာပေါဓာတ် (၁၂)ပါးလို့ ခေါ်ရတဲ့ ရေဓာတ်တွေရှိတယ်၊ ဒကာ ဒကာမတွေ သိလွယ် မြင်လွယ်အားဖြင့် သွေးတွေ ဒီခန္ဓာကိုယ်ထဲမှာရှိတယ်၊ ချွေးတွေ အဆီတွေ ကျင်ငယ်တွေ နှပ်တွေ တံတွေးတွေ ဦးနှောက်တွေ အဲဒါ ရေဓာတ်တွေမှန်သမျှ အာပေါဓာတ်. . . လို့ခေါ်တယ် အာပေါမြွေကြီး။ တေဇောဓာတ်လို့ခေါ်တဲ့ အပူ-အအေး ဆိုတဲ့ သီတတေဇော ဥဏှတေဇောဆိုတဲ့ တေဇောဓာတ်မြွေကြီးက လေးမျိုးရှိ တယ်၊ ဇီရဏ တေဇောဓာတ်. . . တဲ့။ ဒီခန္ဓာကိုယ်ကြီးထဲမှာ တငွေ့. . . ငွေ့နဲ့ အိုအောင်လောင်နေတဲ့ အငွေ့ဓာတ်ကြီး။ ဘုန်းကြီးတို့ ဒကာ ဒကာမအပေါင်း သူတော်ကောင်းတွေရဲ့ ခန္ဓာကိုယ်ကို ပြန်စမ်းကြည့်ရင် အပူငွေ့ကလေးတွေ တွေ့ရမယ် အဲဒါ ဇီရဏ တေဇောလို့ ခေါ်တဲ့ အိုအောင် မင်းအောင်ပြုနေရတဲ့ အငွေ့ဓာတ်ကြီး၊ တေဇောခေါ်တယ် တေဇောဓာတ်ကြီးပေါ့။

အဲဒီ ဇီရဏ တေဇောက တဆင့် ကျော်လိုက်ရင် သန္တပ္ပနတေဇော လို့ခေါ်တဲ့ အဖျားဝင်ပြီး ဒီဂရီတစ်ရာရှိတယ်, တစ်ရာ့တစ် တစ်ရာ့နှစ်ရှိတယ် ဆိုပြီးတော့ အဖျား ဖျားပြီဆိုတော့ သန္တပ္ပနတေဇောအတော် ပြင်းပြင်းထန်ထန် ပူတဲ့ တေဇော။ အဲဒီက တဆင့်တက်လိုက်တော့ ပူလှချေရဲ့ လောင်လှချေရဲ့ ယပ်ခပ် ပေးကြပါ ရေချိုးပေးကြပါ စန္ဒကူးနံ့သာလိမ်းပေးကြပါလို့ ပူလှချေ လောင်လှချေ အော်ရလောက်အောင်မီးလောင်သလို လောင်တဲ့ ဒဟန တေဇော ဒါလည်း မြွေကြီးပဲ တေဇောဓာတ်။ ပါစကတေဇော-တဲ့ စားလိုက်သမျှ အစာအဟာရတွေကို ချေဖျက်ပေးနေတဲ့ ဝမ်းထဲက မီးဓာတ်လို့ခေါ်တဲ့ တေဇော၊ အဲဒီ တေဇောလေးပါး တရားတို့ကို တေဇောဓာတ်မြွေကြီး. . . လို့ ဘုရားက တင်စားပြီးတော့ ဟော တော်မူတယ်။

ဝါယောဓာတ်မြွေကြီး-ဝါယောဓာတ်ဆိုတဲ့ ဝါယောဓာတ်မြွေကြီးက ခြောက်မျိုး ခြောက်စားကွဲတယ်၊ ဥဒ္ဓင်္ဂမဝါတ-အထက်ဆန်တဲ့လေတဲ့၊ ဒကာ ဒကာမတွေ အထက်မှာ ချေတယ်၊ ဟပ်ချီးနဲ့ ချေတယ်၊ ချောင်းဆိုးတယ်၊ အဲဒါ အထက်လေခေါ်တယ်၊ အထက်ဆန်တဲ့လေလို့ ခေါ်တယ်၊ အဓောဂမဝါတ-လို့ ခေါ်တဲ့ အောက်စုံဆင်းတဲ့လေ၊ ကျင်ကြီးတွေကို မှုတ်ထုတ်နေတယ်၊ ကျင်ငယ်တွေကို မှုတ်ထုတ်ပြီးနေတဲ့လေ၊ အဲဒါလည်း လေဓာတ်ကြီးပဲ၊ ကုစ္ဆိဋ္ဌလေတဲ့ အူတွေ ထဲမှာရှိနေတဲ့၊ အစာအာဟာရတွေကို တစ်နေရာ ရွေ့သွားအောင် တွန်း

http://www.dhammadownload.com



ခေါင်းထဲမှာ လှည့်ပြီးတော့နေတဲ့လေ၊ တချုံးချုံး တရုန်းရုန်းနဲ့ တခါခါ မည်မည် ပြီးတော့ နေတတ်တဲ့လေ။

(၅)နံပါတ်က အင်္ဂမင်္ဂါနုသာရီ-လေ အင်္ဂါကြီးငယ်ကို လှုပ်ရှားစေတတ်တဲ့လေ၊ အင်္ဂါကြီးငယ်ကို လှုပ်ရှားပြီးတော့ နေအောင်လျှောက်ပြီး နေရတဲ့လေ၊ လက်မြှောက်နိုင်အောင် ခြေမြှောက်နိုင်အောင် နောက်ဆုံး မျက်တောင်လေး ခပ်နိုင်အောင်အထိ လေကပြုပေးတယ်၊ အဲဒီလိုအားဖြင့် အင်္ဂမင်္ဂါနုသာရီ လို့ ခေါ်တဲ့။ နောက်ဆုံး (၆)နံပါတ် အဿာသပဿာသ-လေလို့ခေါ်တဲ့ ထွက်သက် ဝင်သက်လေ၊ အဲဒီလိုအားဖြင့် လေခြောက်မျိုးလို့ ခေါ်ဆိုရတဲ့ အထက်ဆန်တဲ့လေ, အောက်စုံတဲ့လေ, အူထဲမှာရှိတဲ့လေ၊ အူရဲ့အပြင်ဘက် ဗိုက်ခေါင်းထဲမှာရှိ တဲ့လေ၊ အင်္ဂါကြီးငယ် လျှောက်ပြီးတော့ နေတဲ့လေ၊ ထွက်သက်ဝင်သက်လေလို့ဆိုတဲ့ လေခြောက်မျိုးခေါ်တဲ့ ဝါယောဓာတ်မြွေကြီး။

အဲဒီဓာတ်ကြီးလေးပါးကို ဘုရားရှင်ကိုယ်တော်မြတ်က မြွေကြီးလေး ကောင်နဲ့ တူကြတယ်. . . ၊ အဆိပ်ထန်သီးတဲ့ မြွေကြီးလေးကောင်နဲ့ တူကြတယ်၊ အဲဒီ မြွေကြီးလေးကောင် တစ်ကောင်ကောင်ကိုက်လိုက်သည်နဲ့ တပြိုင်နက် သင်တို့သေရတယ်. . . ၊ တစ်ကောင်ကောင်ကိုက်ပြီး သေရတယ်၊ ကိုက်လို့သေ တယ်ဆိုတော့ ပထဝီဓာတ်ပျက်လို့သေ၊ ပထဝီတွေပျက်ပြီး၊ ပထဝီဓာတ် ဖောက်ပြီ ဆိုတော့ မာကျောပြီးတော့ တုံးလိုဖြစ်ပြီးတော့သေ၊ သို့မဟုတ် ဝမ်းတွေလျှောပြီး တော့သေ၊ ဓာတ်လျှောသေ၊ ဓာတ်ပျက်သေတယ်၊ ဝမ်းသွားသေတယ်၊ ဒါပထဝီ ဓာတ်ပျက်၊ ပထဝီဓာတ်မြွေကြီး ကိုက်လို့သေရတယ်ခေါ်တယ်။ အာပေါဓာတ် မြွေကြီး ကိုက်လိုက်ပြီဆိုတော့ တကိုယ်လုံး ဖောရောင်ပြီးတော့ အရည်တွေ ပေါက်ကွဲ၊ ကိုယ်ရောင်နာခေါ်တဲ့ အနာမျိုးတွေရော လက်ဖမိုးတွေရော တကိုယ် လုံး ဖောင်းပွရောင်ကား လာပြီးတော့ အရေတရွှဲရွှဲ တရဲရဲနဲ့ ပုပ်ပွပြီးတော့နေ၊ ဒါ အာပေါဓာတ်မြွေကြီး ကိုက်တာခေါ်တယ်။

တေဇောဓာတ် မြွေကြီးကိုက်လိုက်ပြီဆိုတော့ အပူလွန်ပြီးတော့သေ အပူပြင်းပြီးတော့သေ၊ ဝါယောဓာတ်မြွေကြီး ကိုက်လိုက်ပြီ. . . ဆိုတော့ လေဖြတ် ပြီးတော့သေ၊ တစ်ခြမ်းဖြတ်သွားလို့၊ တစ်ပိုင်းဖြတ်သွားလို့၊ အကုန်လုံးဖြတ်သွားလို့ လေဖြတ်သွားလို့သေ၊ လေမလျှောက်တော့ လို့သေ၊ လေပူပြင်တွေထိုးတော့ ဗိုက် ထဲမှာ လေတွေ တအင့်အင့်ထိုးလို့သေ၊ ဒီတော့ အဲဒါမြွေကြီးလေးကောင် ပါးပျဉ်း ထောင်လိုက် လာပြီးတော့ မီရာအရပ် ကိုက်သတ်မယ်ဆိုတဲ့ ဓာတ်ကြီးလေးပါးမြွေ။

မြွေကြီးလေးကောင်တို့သည်။ ယနေ့ ဒကာဒကာမအပေါင်း သူတော် ကောင်းတွေကို နောက်ကလိုက်ပြီးတော့ အလိုက်ခံနေရတာနဲ့ တူကြတယ်. . . .

http://www.dhammadownload.com



တဲ့၊ သတ္တဝါတိုင်း သတ္တဝါတိုင်းဆိုတာ ကိုယ့်ရဲ့ အရေးလေး ကိုယ်တွေးလို့ရှိရင် ဟန်တာတွေချည်း တွေးတတ်တယ်၊ အတိတ်ကိုပြန်တယ် အနာဂတ်ကိုကြံတယ်၊ အတိတ်ကို ပြန်လိုက်တိုင်း ပြန်လိုက်ဇိုင်း ချစ်မုန်းနှစ်သွယ်လာတယ်၊. ကိုယ့်ရဲ့ အတိတ်ကြောင်းလေးပြန်ပြီးတော့တွေးလိုက်ပြီဆိုရင်ကိုယ် ဟန်ခဲ့တာတွေ၊ကိုယ်ချိန်ကိုက်ခဲ့တာတွေ တွေးပြီးတော့ ပြုံးတယ်၊ ပြုံးတာက လောဘ၊ အတိတ်ကြောင်း ပြန်တွေးလိုက်လို့ ကိုယ့် မဟန်ခဲ့တာတွေ ကိုယ့်အပေါ် တစ်စုံတစ်ယောက်က ကျူးလွန်ခဲ့တာတွေ၊ နှိပ်စက်ခဲ့ တာတွေ, ဖောက်ဖျက်ခဲ့တာတွေ တွေ့တော့မုန်းတယ်၊ မုန်းတယ်ဆိုတာ ဒေါသ၊ ဒီတော့ အတိတ်ကို ပြန်လိုက်ရင်လည်း အပြုံးနဲ့ အမုန်းသာလာတယ်၊ ဝါ-လောဘ ဒေါသလာတယ်။

အနာဂတ်ကို ကြံလိုက်တိုင်း ကြံလိုက်တိုင်းလည်း အပြုံးနဲ့ အမုန်းလာတယ်၊ အနာဂတ်လေးတွေးလိုက်တိုင်း တွေးလိုက်တိုင်း ငါရွှေရောက်ရင် ဟန်လာလိမ့်မယ်၊ ရွှေ့နှစ်ဆိုရင်ဖြင့် ဒီထက်အခြေကိုက်လိမ့်မယ်၊ ကိုယ့်အရေးလေးကိုယ်၊ ဟန်ကျတဲ့ဘက်က. . . ချည့် တွေးနေပြီဆိုရင် အပြုံးခေါ်တယ်၊ အပြုံးဟာ လောဘပဲ၊ ဟာ ဒီလို မဟုတ်ပြန်ရင်လည်း အနာဂတ်ရေး တွေးလိုက်တိုင်း ဟန်မှ ဟန်ပါ့မလား၊ ဟုတ်မှဟုတ်ပါ့မလား၊ ဖြစ်မှဖြစ်ပါ့မလားဆိုရင် ဒေါသ၊ လောဘနဲ့ ဒေါသနဲ့ပဲ အနာဂတ်ကိုလည်း ကြံတယ်၊ အတိတ်ကိုလည်းပြန်တယ်၊ ပစ္စုပ္ပန်ခန္ဓာကိုယ် ကြည့်လိုက်ပြန်တော့လည်းပဲ၊ အားရကျေနပ်ပြီးတော့နေတယ်၊ အပြုံးနဲ့နေတယ်၊ သို့မဟုတ် အမုန်းနဲ့နေတယ် အခြေမဟန်တာလေးတွေတော့ မုန်းတယ်၊ အခြေဟန်တာလေး တွေ့တော့ပြုံးတယ်။

အဲဒီလို အတိတ်ကိုလည်းပြန်ပြီးတော့ လောဘဒေါသ မဖြစ်အောင်၊ အနာဂတ်ကို ကြံပြီးတော့လည်း လောဘ ဒေါသ သေအောင်၊ ပစ္စုပ္ပန်မှာလည်းပဲ လောဘ ဒေါသ သေနေအောင် သံဝေဂဉာဏ်နဲ့ ရှုပွားပြီးတော့ ကြည့်လိုက်တော့ သင်တို့တွေ မြွေကြီးလေးကောင် ပါးပျဉ်းထောင်ပြီးတော့ အလိုက်ခံနေရတာနဲ့ တူကြတယ်. . . . တဲ့၊ အဲဒီ မြွေကြီးလေးကောင် လိုက်လို့မှို့ ပြေးလာရတော့ ဘာလေးနဲ့ပြေးလာတုန်းဆိုတော့-

❖ အထုပ်ကိုပိုက်, တစိုက်စိုက်, မောဟိုက်ပြေးခဲ့သော်။

ဒကာ ဒကာမတွေ အထုပ်ကလေးတွေပိုက်ပြီးတော့ ပြေးလာတယ်ဆိုတာ၊ လက်ထဲမှာ ဒါနဆိုတဲ့ ကုသိုလ်ကောင်းမှု အထုပ်ကလေး၊ သီလဆိုတဲ့ ကုသိုလ်ကောင်းမှု အထုပ်ကလေး၊ ဘာဝနာဆိုတဲ့ ကုသိုလ်ကောင်းမှု အထုပ်ကလေးတွေ ပိုက်ပြီးတော့ ပြေးလာရတယ်၊ ဒါန, သီလ, ဘာဝနာ သုံးထုပ်ကြောင့်

http://www.dhammadownload.com



လူလာဖြစ်တာ၊ အဲဒါကို ဘုရားရှင်က အထုပ်ကလေးတွေပိုက်. . . . ပြီးတော့ ပြေးလာရတယ်. . . တဲ့၊ ဘေးမကင်း ရန်မကင်းသဘောနဲ့ ပြေးလာခဲ့ရတယ်၊ ဒီတော့ အဲလိုပြေးလာခဲ့တဲ့ အချိန်မှာ-

◆ ဓားပြသူခိုး, ဓားကိုမိုး, ထပ်ပိုးလိုက်ပြန်သော်။

ဓားပြ, သူခိုးကြီးက, ဓားမိုးပြီးတော့ လိုက်တော့၊ ပစ္စည်းလုမလို့ လိုက်ပြီးတော့နေတာကို ခံရပြန်တယ်. . . လို့ဆိုတာ၊ ဓားပြသူခိုးဆိုတာ ဘယ်သူ့ ပြောတာတုန်းလို့ဆိုတော့ သက္ကာယဒိဋ္ဌိ ဦးစီးတဲ့ နန္ဒီရာဂတရား သက္ကာယဒိဋ္ဌိဆိုတာ ရုပ်နာမ်ကိုငါထင်၊ ငါလို့ထင် ရုပ်နာမ်ကိုငါထင်၊ သွားတာ ငါထင်၊ စားတာငါထင် အစရှိသည်ဖြင့် ငါထင်နေတဲ့ သက္ကာယဒိဋ္ဌိ ဦးစီးနေတဲ့ နန္ဒီရာဂ ဟိုနှစ်သက်၊ ဒီစွဲလမ်း ဟိုတွယ်တာ ဒီတွယ်တာဆိုတဲ့ နန္ဒီရာဂခေါ်တဲ့ လောဘ၊ အကျဉ်းချုပ်လိုက်တော့ လောဘတရား၊ အဲဒီ နန္ဒီရာဂခေါ်တဲ့ လောဘ တရားတွေက၊ သူခိုးဓားပြကြီးနဲ့တူတယ်. . . တဲ့၊ သင်တို့လက်ထဲရှိပြီး သားအထုပ်ကလေးလည်း လုချင်တယ်၊ နောက်ထပ်ရမယ့် အထုပ်အပိုးကိုလည်း ပစ္စည်းကိုလည်း လုချင်တယ်။

အဲ လုတယ်ဆိုတာ ဘယ်လိုလည်းဆိုတော့၊ မိမိက တစ်ခါတစ်ခါ စိတ်ကောင်းဝင်ပြီး သဒ္ဓါတရားလေးဝင်ပြီး သူများကုသိုလ်တွေ ပြုတာကြည့်ပြီးတော့ အင်း. . .၊ ငါ့မှာ ဒီဘဝ ဘာအထုပ်ပိုး. . . မှ ကြီးကြီးကျယ်ကျယ် မရှိသေးပါလား. . .၊ ဒါနထုပ်ငါ့မှာ ဘာမှ ဟုတ္တိပတ္တိ မရှိသေးပါလား၊ သံသရာစခန်း မဂ်ဖိုလ်နိဗ္ဗာန် သွားရာလမ်းကြီးမှာ မပင်မပန်းစေတတ်တဲ့ ဒါနရိက္ခာထုပ် ငါဘာမှ မပြုရသေးပါလား၊ ပြုအုံးမှပါပဲ. . . လို့။

ကိုယ်လက်ထဲရှိလာတဲ့ ပစ္စည်းဥစ္စာလေးတွေနဲ့ ကိုယ့်သံသရာစခန်း သွားရာလမ်း ချမ်းသာဖို့ရာအတွက် ဒါနရိက္ခာထုပ်ကလေး ထုပ်မယ်လို့၊ ပေးမယ်လို့ လှူမယ်လို့ တန်းမယ်လို့ ကျောင်းဆောက်မယ်လို့ ဘုရားတည်မယ်လို့ ကုသိုလ်ကောင်းမှု တစ်ခုခု ထိထိရောက်ရောက်လေး ပြုမယ်လို့ ကြံလိုက်တယ်ဆိုရင်ပဲ ဝင်လာတယ် သက္ကာယဒိဋ္ဌိ ဦးစီးတဲ့ နန္ဒီရာဂက ဝင်လာတယ်၊ လှူတာဟုတ်ပြီ. . . တဲ့၊ လှူလိုက်တော့ ငါဘာစားမှာတုန်း၊ ငါ့သားသမီး ပညာရေးက ရှိသေးတယ်၊ ငါ့သားသမီး ကျန်းမာရေးက ရှိသေတယ်နဲ့ တငါငါနဲ့ လောဘဝင်လာပြီးတော့ နှောက်လိုက်တာ ဟုတ်ပါတယ်လေ. . .၊ နောက်များမှ လှူတော့မယ်. . . လို့၊ လက်လျှော့သွားတယ်၊ အဲဒါ အလုခံလိုက်ရတာတဲ့ ဘုရားက၊ ဓားပြ သူခိုးက နေပြီးတော့ ကိုယ့်ရဲ့ဖြစ်မယ့် ကောင်းမှုရိက္ခာထုပ်ကလေးကို မဖြစ်အောင် လုပ်လိုက်တာကိုပဲ လုလိုက်ပြီ. . . တဲ့၊ လုလိုက်ပြီ။

http://www.dhammadownload.com



ဟာ သီလရိက္ခာထုပ်ကလေး ထုပ်မယ်လို့ ရက်ရှည်ဥပုသ်ကလေး စောင့်သုံးပြီးတော့ သွားပြီးတော့ နေလိုက်အုံးမယ်၊ သီလဆောက်တည်ပြီးတော့ ထိန်းလိုက်အုံးမယ်၊ ငါးပါးသီလထက်သာတဲ့ ရှစ်ပါးသီလထိန်းပြီးတော့ နေလိုက်အုံးမယ်၊ သို့မဟုတ် ရှစ်ပါးသီလတွေထက်သာတဲ့ ကိုးပါးသီလ ဆယ်ပါးသီလထိန်းပြီးတော့ နေလိုက်အုံးမယ်၊ အမျိုးသားများဆိုရင် သာမဏေပြုပြီးတော့ တစ်ရာ့နှစ်ဆယ် သိက္ခာသီလထိန်းလိုက်အုံးမယ်၊ ရဟန်းဝတ်ပြီးတော့ ကုဋေကိုးထောင်ကျော် သိက္ခာသီလရိက္ခာထုပ်ကိုဖြင့် လှူဘဝရတဲ့ အခိုက်၊ ဘုရားသာသနာတော်နဲ့ ကြုံတဲ့အခိုက် ငါထုပ်လိုက်အုံးမယ်. . . လို့၊ သီလကုသိုလ်ကောင်းမှု ထုပ်ကလေး ထုပ်မယ်လို့ ကြံလိုက်ရင် ငါမရှိမဖြစ်ဘူးတဲ့ အိမ်က၊ ငါသွားနေလို့ စီးပွားတွေ တစ်ရက်ဆို တစ်ရက် လျော့သွားလိမ့်မယ်၊ သီလထိန်းတာက ဟုတ်ရဲ့၊ ဒုလ္လဘဝတ် တာက ဟုတ်ရဲ့၊ ငါမရှိတဲ့အခိုက်မှာ စီးပွားတွေ လျော့သွားလိမ့်မယ်၊ ငါ့သား စားရေးက ခက်လိမ့်မယ်၊ ငါ့သမီး စားရေးကခက်လိမ့်မယ်၊ ငါ့အရေးက ခက်လိမ့်မယ်၊ ငါ့မယား က ခက်လိမ့်မယ် တွေးလိုက်. . . တော့ နောင်များမှ ရဟန်းခံတော့မယ်. . . တဲ့၊ ဟော သူခိုးကလုသွား၊ နန္ဒီရာဂ သူခိုးက ဝင်လုလိုက်တာ။

ဘာဝနာရိက္ခာ ထုပ်ကလေး ထုပ်အုံးမယ် (၁၀)ရက် စခန်းလေး ဝင်အုံးမယ်၊ တစ်လစခန်းလေး ဝင်အုံးမယ်၊ မဟာဗောဓိဝိပဿနာရိပ်သာ တရားပြမယ့် ဆရာတွေလည်းရှိတယ်၊ အာဟာရအထောက်အပံ့တွေလည်း ရှိတယ်၊ နေရာက လည်း ဆိပ်ငြိမ်တယ်၊ ငါဘုရားရှိခိုးပြီးတော့ တရားအလုပ် အားထုတ်ပြီးတော့ ဘာဝနာရိက္ခာထုပ်ကလေး ထုပ်အုံးမယ်၊ သံသရာစခန်း မဂ်ဖိုလ်နိဗ္ဗာန်သွားရာ လမ်းမှာ အသိလိမ္မာ ဉာဏ်ပညာတိုးပွားကြောင်းဖြစ်တဲ့၊ နောက်ဆုံး တမဂ် တဖိုလ် စခန်း မဆိုက်သည့်တိုင်အောင် လေးနက်သိမ်မွေ့တဲ့ တရားထူးတရားမြတ်တွေကို လူ့ဘဝကို ရထားတဲ့ အခိုက်၊ သိနိုင်တဲ့ ဉာဏ်စွမ်း ခန္ဓာကိုယ်ရထားတဲ့ အခိုက် သိအောင် ငါကြိုးစားလိုက်အုံးမယ်. . . လို့ ဝိပဿနာရိက္ခာထုပ်, သမထဘာဝနာ ရိက္ခာထုပ်ကလေး ထုပ်မယ်လို့ ကြံလိုက်တယ်။

သားကငါမရှိ မဖြစ်ဘူး၊ သမီးက ငါမရှိ မဖြစ်ဘူး၊ အိမ်ကငါမရှိမဖြစ်ဘူး၊ စီးပွားရေးက ငါမရှိ မဖြစ်ဘူးလို့ဆိုပြီးတော့ နန္ဒီရာဂခေါ်တဲ့ သက္ကာယဒိဋ္ဌိ ဦးစီးတဲ့ နန္ဒီရာဂ တဏှာက ဝင်လာလိုက်ရင် ပျက်သွားပြန်တယ်၊ အဲဒါ အလုခံရတယ် . . . လို့၊ ဘုရားကဟောတော်မူတယ်၊ ဒီတော့ အဲဒီနန္ဒီရာဂခေါ်တဲ့ သူခိုးဓားပြက ဒါနဆိုတဲ့ ပါရမီကုသိုလ်ကောင်းမှု ရိက္ခာထုပ်ကလေးတွေကို လုတယ်၊ ဘာဝနာဆိုတဲ့ ကုသိုလ်ကောင်းမှု ရိက္ခာထုပ်ကလေးတွေကို လုတယ်၊ အလုခံရတော့ ကိုယ့်မှာ ဘာတစ်ခုမှ မဖြစ်ဘူး လက်ထဲဘာမှ မရှိတော့ဘူး ဒါ့ကြောင့်-

http://www.dhammadownload.com



### ❖ ဓားပြသူခိုး, ဓားကိုမိုး, ထပ်ပိုးလိုက်ပြန်သော်။

အဲဒီလိုနဲ့ ပြေးလာလိုက်တာ သူဘယ်ရောက်လာတုန်းဆိုတော့ ရှေ့မှာ ရွာကြီးနဲ့ နီးရဲ့၊ မြွေကြီးလေးကောင် ဘေးကလွတ်အောင်၊ ဓားပြသူခိုးဘေး ကလည်း လွတ်အောင်၊ ရှေ့ကရွာကြီး အားကိုးရတော့မှာပဲ ဆိုပြီးတော့ ရွာကြီးနား ကပ်ပြီးတော့ လာလိုက်တော့၊ ရွာကြီးက ရွာပျက်ကြီးဖြစ်နေ၊ ရွာပျက်ကြီးဆိုတာ ဘာတုန်းလို့ဆိုတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက-

**"သုညော ဂါမော"တိ ခေါ ဘိက္ခဝေ ဆန္နေတံ အဇ္ဈတ္တိကာနံ အာယတနာနံ အဓိဝစနံ။**

သုညောဂါမောတိ-သုညဂါမဟူသည်၊ ဝါ-ရွာပျက်ကြီးဟူသည်၊ ဆန္နံ-ခြောက်ပါးကုန်သော၊ အဇ္ဈတ္တိကာနံ အာယတနာနံ-အတွင်းက အဇ္ဈတ္တိ ကာယ တနတို့၏၊ အဓိဝစနံ-အမည်ပေတည်း။

ဒီတော့ အတွင်းက အာယတနခြောက်ပါးဆိုတာ ဘာတုန်းလို့ဆိုတော့ ခန္ဓာကိုယ်ကြီးမှာ အရေးအကြီးဆုံးဖြစ်တဲ့ မျက်စိပေါက်, နားပေါက်, နှာခေါင်း ပေါက်, လျှာပေါက်, ကိုယ်ပေါက်, မနောပေါက်ဆိုတဲ့ ဒီခြောက်ပေါက်၊ ဒီခန္ဓာကိုယ် ကြီး၊ ခန္ဓာကိုယ်ကြီး, ခန္ဓာကိုယ်ကြီးနဲ့ သိမ်းကြုံးပြီးတော့ ပြောနေရတာမို့ အရေးကြီး တာက အဲဒီ ခြောက်ခုပဲ၊ မြင်စရာရှိတာတွေကို ကြည့်ရတဲ့ မျက်စိပေါက်၊ ကြားစရာရှိ တာတွေ နားထောင်ရတဲ့ နားပေါက်၊ အနံ့နံ့သမျှ ရှူရှိုက်ပြီးတော့ နေရတဲ့ နှာခေါင်း ပေါက်၊ စားစရာ သောက်စရာမှန်သမျှ ဒီခန္ဓာကိုယ်ကြီး အဆက်မပြတ်အောင် ကျွေးတဲ့လျှာပေါက်၊ ထိစရာတို့စရာ ကိုင်စရာတွေကို ထိတွေ့ ကိုင်တွယ်နေတဲ့ ခန္ဓာကိုယ်ပေါက်၊ စိတ်ကူးကြံစီပြီးတော့ ရှေ့ဆောင်နေတဲ့ မနောပေါက်. . . လို့၊ အဲဒီ ခြောက်ပါးဒွါရကို အားကိုးကြတယ်၊ ဒီခြောက်ဒွါရထဲမှာ ပျော်ပြီးတော့ နေကြတယ်၊ ဒီတော့-

### ❖ ရွာပျက်ကြီးလျှင်, ကိုးရာထင်, အမြင်မှားမိသော်။

ရွာပျက်ကြီးကို အားကိုးစရာကြီးလို့ ထင်နေကြတယ် . . . တဲ့၊ သတ္တဝါများ စွာက၊ အားကိုးစရာထင်နေတယ်ဆိုတာ ဘာပြောတာတုန်းဆိုတော့ အဲဒီမျက်စိ ပေါက်နဲ့ ပတ်သက်ပြီးတော့ သာယာစရာ၊ တွယ်တာစရာ, မက်မောစရာတွေ ဖြစ်ပြီးတော့ မြင်နေရတဲ့ အချိန်ကို ရွာပျက်ကြီး အားကိုးနေတယ်လို့ ခေါ်လိုက် တယ်၊ မျက်စိပေါက်နဲ့ ပတ်သက်ပြီးတော့ ကိုယ့်မျက်စိလေးကို တသသ၊ ကိုယ့် မျက်စိလေးကို တပြင်ပြင် မျက်ခုံးမွှေးလေး ဆွဲခြင်း, မျက်တောင်မွှေးလေးဆွဲခြင်း,

http://www.dhammadownload.com



မျက်စိကိုပြုပြင်ခြင်း အစရှိသည်ဖြင့် မျက်စိပေါက်နဲ့ ပတ်သက်ပြီးတော့ တဏှာ မာန ဒိဋ္ဌိဆိုတဲ့ တရားသုံးပါး ဖြစ်ပွားပြီးတော့ နေတဲ့အချိန်သည်၊ မျက်စိဆိုတဲ့ အာရုံနောက်ကို အားကိုးနေတဲ့ အချိန်။

မိမိမြင်လိုက်သမျှတွေ အပေါ်မှာ မြင်တာ ငါ. . . လို့ ထင်လိုက်တယ် ဒိဋ္ဌိ၊ ငါ မြင်တာလို့ ထင်လိုက်တယ် ဒိဋ္ဌိ၊ အဲဒါအားကိုးရာ ရောက်နေတယ်၊ ပုထုဇဉ် တွေရဲ့ အပြောက ငါမြင်တယ်တဲ့ မြင်တာငါတဲ့၊ ဒါပုထုဇဉ်တွေရဲ့ အမြင်နဲ့ ပုထုဇဉ် တွေရဲ့ အပြော၊ သက္ကာယဒိဋ္ဌိအသံ၊ အရိယာတွေရဲ့ အမြင်၊ အရိယာတွေရဲ့ အပြောက မြင်ခြင်းဖြစ်တယ်၊ မြင်ခြင်းအမှုရာပေါ်တယ်၊ ဟော ဒါက အရိယာ တွေရဲ့အမြင်၊ အရိယာတွေရဲ့ အပြော၊ အရိယာတွေရဲ့ မြင်ခြင်းအမှုအရာ ဖြစ်သွား တယ်၊ မြင်ခြင်း အမှုရာ ပေါ်သွားတယ်၊ ဒီလိုပဲ သူတို့က မြင်ကြတယ်။

ပုထုဇဉ်တွေနဲ့ သက္ကာယဒိဋ္ဌိကို မသတ်သေးတဲ့ သတ္တဝါတွေက၊ သို့မဟုတ် ယောဂီအနေနဲ့ ဝိပဿနာဉာဏ် မရှိသေးတဲ့ ပုဂ္ဂိုလ်တွေက ငါမြင်တယ်လို့ ထင် တယ်၊ မြင်တာငါလို့ထင်တယ်၊ အဲဒါ ဒိဋ္ဌိဖြစ်နေတာသည်ပင်လျှင် အားကိုးတာပဲတဲ့၊ မျက်စိပေါက်မှာ ဒိဋ္ဌိဖြစ်ပေါ်ပြီး သက္ကာယဒိဋ္ဌိ ဖြစ်နေရင် အားကိုးတဲ့အနေမျိုး ရောက်လာတယ်၊ ဒီကနေ တဆင့်တက်လိုက်တော့ ငါ့မျက်စိ, ငါ့အမြင်၊ ဟောဒါ တဏှာသံ ငါ့အမြင်က ကြည်တယ်၊ ငါ့မျက်စိက ကြည်တယ်၊ မျက်မှန်ကို မလိုသေးဘူး၊ ဘယ်လောက်ဝေးဝေး မြင်သေးတယ်ဆိုတာက ဒါ အမြင်မျက်စိ ပေါ်မှာ၊ မျက်စိပေါက် မျက်စိခေါ်တဲ့ စက္ခာယတနပေါ်မှာ တဏှာသံ၊ ငါ့အမြင်က ဒင်းအမြင်ထက် သာတယ်၊ ငါ့အမြင်က သူ့အမြင်ထက် ကောင်းတယ်လို့ တာ ထိုးလာတော့ မာနသံ၊ အဲဒီမာန ဖြစ်တာလည်း အားကိုးနေတာ။

တကယ်ကတော့. . . တဲ့ အဲဒီ မျက်စိဆိုတဲ့ စက္ခာယတနသည် အိုဘေး ကြီး ကြုံတဲ့အခါ မျက်စိပေါက်က မကယ်နိုင်၊ နာဘေးကြီးကြုံတဲ့ အခါ မျက်စိပေါက်က မကယ်နိုင်၊ သေဘေးကြီးကြုံတဲ့ အခါ မျက်စိပေါက်က မကယ်နိုင်၊ အိုဘေးကြီး, နာဘေးကြီး, သေဘေးကြီးကြုံလာရင် ဒီမျက်စိကို သွားပြီးတော့ အားကိုးလို့ အအိုမလျော့ဘူး၊ ဒီမျက်စိကို အားကိုးလို့ ကိုးဆယ့်ခြောက်ဖြာ ကိုးဆယ့် ရှစ်ဖြာ ဘေးရောဂါတွေ မလျော့ဘူး၊ ဒီမျက်စိကို အားကိုးလို့ သေဘေးကြီးကို မ တားနိုင်ဘူး၊ ဒီမျက်စိက သေဘေးကြီးကို တားမပေးနိုင်ဘူး၊ ဒီမျက်စိက နာဘေး ကြီး တားမပေးနိုင်ဘူး၊ ဒီမျက်စိက အိုဘေးကြီး တားမပေးနိုင်ဘူး၊ အဲဒါ အားကိုး စရာ မဟုတ်တာကြီးကို အားကိုးစရာ. . . လို့ အထင်ရောက်ပြီးတော့ နေတယ်. . . တဲ့ သတ္တဝါတွေက။

http://www.dhammadownload.com



ထို့အတူ နားပေါက်က၊ ထို့အတူ နှာခေါင်းပေါက်က, လျှာပေါက်က, ကိုယ်ပေါက်က, မနောပေါက်က, ခြုံကြည့်လိုက်တော့ ဒီခန္ဓာကိုယ်ကြီး တစ်ခုလုံးကို အားကိုးစရာလို့ ထင်ပြီးတော့ နေတယ်၊ ငါလို့ထင်တဲ့ သက္ကာယဒိဋ္ဌိ ဝင်နေတယ်၊ ငါ့ ခန္ဓာကိုယ်ကြီး၊ ငါ့လက် ငါ့ခြေ ငါ့မျက်စိ ငါ့နားလို့ တဏှာနဲ့ သုံးသပ်ပြီးတော့ နေတယ်၊ ငါမို့လို့ ဒီလိုနေနိုင်တာ၊ ငါမို့လို့ ဒီလိုမြင်သေးတာ၊ ငါမို့လို့ ဒီလိုကြား သေးတာ၊ ငါမို့လို့ ဒီလိုရှူနိုင်ရှိုက်နိုင်သေးတာ၊ ငါမို့လို့ ဒီလိုစားနိုင်သေးတာ၊ ငါမို့လို့ ကိုင်နိုင်သေးတာ၊ သွားနိုင်သေးတာ၊ လာနိုင်သေးတာဆိုရင် ဒီခန္ဓာ ကိုယ်ကြီးကို အားကိုးတကြီးအဖြစ်နဲ့ ထင်ပြီးတော့နေတာ ခေါ်တယ်၊ အဲဒါ ရွာပျက်ကြီး အားကိုး နေတာနဲ့တူတယ်. . . တဲ့၊

ယောဂီသူတော်စင်ကျတော့၊ သံဝေဂဉာဏ်ပွားလာတဲ့ အမျိုးသား အမျိုး သမီးကျတော့ ဒီခန္ဓာကိုယ်ကြီးမှာ အားကိုးစရာ တစ်ခုမှ မရှိပါလား. . .၊ ဒီခန္ဓာ ကိုယ်ကြီးက အိုဘေး တားပေးနိုင်တဲ့ ပစ္စည်းတစ်ခုမှ မရှိဘူး၊ နာဘေး တားပေးနိုင် တဲ့ ပစ္စည်းတစ်ခုမှ မရှိဘူး၊ သေဘေး တားပေးနိုင်တဲ့ ပစ္စည်းတစ်ခုမှ မရှိပါဘဲ လား. . . လို့ ဒီ ခန္ဓာကိုယ် ရွာပျက်ကြီးကို ရွာပျက်ကြီးမှန်း သိသွားတယ်၊ ဒီ ခန္ဓာကိုယ်ဆိုတဲ့ ရွာကြီးမှာ အားကိုးစရာဆိုလို့ အိုဘေး နာဘေး သေဘေး တားပေးနိုင်တဲ့တရား တစ်ခုမှ မရှိဘူး၊ အပ်ဖျားတစ်ထောက်စာမျှ မရှိဘူး မြူမှုန် လေးတမှုန်လောက်မျှ ဒီ ခန္ဓာကိုယ်ထဲက အိုဘေး နာဘေး သေဘေး တားပေး နိုင်တဲ့တရား မရှိပါဘဲလား. . .။

သို့မဟုတ် မြေကြီးလေးကောင်ခေါ်တဲ့ ပထဝီ, အာပေါ, တေဇော, ဝါယော, ဓာတ်ကြီးလေးပါးပျက်လို့၊ ဓာတ်ကြီးလေးပါး တဖွားဖွား ဖောက်ပြန်လို့၊ မြွေကိုက်လို့ သေရမယ့် ဘေးကြီးက တားပေးနိုင်တဲ့ ဆီးပေးနိုင်တဲ့ အားကိုးအား ပြုရမယ့် ရုပ်နာမ်တရား တစ်ခုမှမရှိပါဘဲလား. . . လို့ သံဝေဂဉာဏ် ဖြစ်ပွားပြီး တော့ လာတာဟာ ဘာနဲ့တူတုန်းလို့ဆိုတော-

❖ ရွာပျက်မှန်းသိ, စခန်းကြည့်, လှမ်းဘိထွက်ခဲ့သော်။

အဲ-ကိုယ့်ခန္ဓာကိုယ်ကြီးကို အားကိုးစရာ မဟုတ်ဘူး. . . . လို့ ဆိုပြီးတော့ မျက်စိပေါက်ကို ကျန်းမာရေးအတွက် ဆေးကြောသုတ်သင် ပြုပြင်တာကလွဲလို့ အလှပြင် တန်ဆာဆင်ပြီးတော့ မနေတော့ဘူး၊ နားပေါက်ကို ကျန်းမာရေးနဲ့ ညီ ညွတ်စွာထားတာကလွဲလို့ အလှပြင်တန်ဆာ ဆင်ပြီးတော့ မနေတော့ဘူး။ ထို့အတူ နှာခေါင်းပေါက်၊ လျှာပေါက်, ကိုယ်ပေါက်, မနောပေါက်ဆိုတဲ့ ဒီခန္ဓာကိုယ်ကြီး တစ်ခုလုံးကို တရားဘာဝနာ အလုပ်အား ထုတ်နိုင်အောင်၊ ဗုဒ္ဓမမ္မ ဝေယျာဝစ္စတွေ

http://www.dhammadownload.com



ပြုနိုင်အောင်၊ အစာစားတာ ဝတ်ဆင်တာ ရေမိုးချိုးတာကလွဲ. . . လို့၊ အထူးတလည် အလှပြင်ခြင်း မွမ်းမံခြင်း ပြင်ဆင်ခြင်း ဆိုတဲ့ အလုပ်တွေကို မလုပ်တော့ဘူးလို့ဆိုရင် ရွာပျက်ကြီး ရွာပျက်ကြီးမှန်းသိလို့ ထွက်လာတာနဲ့ တူတယ်၊ အဲလိုထွက်လာပြီးတော့ ဘာနဲ့တွေ့နေတုန်းလိုဆိုတော့-

❖ ဘေးရန်ထန်သီး, မြစ်ပြင်ကြီး, ကာဆီးရှေ့ကပေါ်။

ရှေ့ကမြစ်ပြင်ကြီး ကာဆီးပြီးတော့ နေပြန်တယ်ဆိုတာ ဘာပြောတာတုန်းလို့ဆိုတော့၊ လာမယ့်သံသရာ ခရီးကြီးပြောတာ၊ အနာဂတ် သံသရာခရီးကြီး၊ တစ်ဘဝပြီး တစ်ဘဝ၊ တစ်ဘုံပြီး တစ်ဘုံ ကူးပြောင်းကူပြောင်း၊ ကျင်လည်ကျင်လည်ပြီးတော့ သွားနေရတာကြီးမို့ သံသရာမြစ်ပြင်ကျယ်ကြီးလို့ ဘုရားရှင် တင်စားပြီးတော့ ဟောတော်မူတယ်၊ ဒီတော့ ရှေ့သွားရမယ့် သံသရာခရီးကြီးကလည်းပဲ ကမ်းမမြင် လမ်းမမြင် မြစ်ပြင်ကြီးနဲ့တူတယ်၊ အဲဒီထဲမှာ အန္တရာယ်ကင်းကင်းလားလို့ဆိုတော့ လှိုင်းတွေကလဲထ၊ မိကျောင်း ငါးမန်း မကန်းတွေကလဲထ၊ ဂျင်ကလယ်တွေ, ဝဲတွေကလဲထပြီးတော့နေကြတယ်။

လှိုင်းတွေထနေတယ်ဆိုတာ ဘာပြောတာတုန်းလို့ဆိုတော့ လောကဓံလှိုင်း. . . တဲ့၊ "လာဘော အလာဘော, ယသော အယသော, နိန္ဒာ ပသံသာ, သုခံ ဒုက္ခံ". . ။ တစ်ခါတစ်ခါရှာလို့ ဖွေလို့ရ၊ တစ်ခါတစ်ခါ ရှာလို့ ဖွေလို့ မရဆိုတဲ့ လောကဓံလှိုင်းတွေ၊ နိန္ဒာ ပသံသာလို့ခေါ်တဲ့ တစ်ခါတစ်ခါ ချီးမွမ်းကြ မြှင့်တင်ကြ, မြှောက်ကြ။ တစ်ခါတစ်ခါ ကဲ့ရဲ့ကြ ရှုံ့ချကြခြင်းဆိုတဲ့ နိန္ဒာ ပသံသာဆိုတဲ့ လောကဓံလှိုင်းတွေ၊ သုခံ ဒုက္ခံလို့ခေါ်တဲ့ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲဖြစ်လိုက်၊ တစ်ခါတစ်ခါ ကိုယ်ချမ်းသာ စိတ်ချမ်းသာဖြစ်လိုက်ဆိုတဲ့ သုခဒုက္ခ လောကဓံလှိုင်းတွေ။ တစ်ခါတစ်ခါကျတော့ ယသ အယသလို့ခေါ်တဲ့ အခြွေရံ အသင်းပင်းတွေနဲ့ နေရခြင်း၊ တစ်ခါတစ်ခါကျတော့လည်း တစ်ကောင်ကြွက် တစ်မျက်နှာဖြစ်ပြီးတော့ ကျန်ရစ်ခြင်းဆိုတဲ့ လောကဓံလှိုင်းတွေ. . . ။

အဲဒီလောကဓံလှိုင်းတွေအပြင် ဇရာဗျာဓိ မရဏာလို့ခေါ်တဲ့ မိကျောင်း မကန်း ငါးမန်းဘေးကြီးတွေကလည်းပဲ တဖွေးဖွေးနဲ့ ဇရာမိကျောင်း ဆွဲပြီ. . . ဆိုတော့ ခန္ဓာကိုယ် ပျိုပျိုမြစ်မြစ်, တောင့်တောင့်တင်းတင်းလေးဟာ တခါတည်း ပျော့ကျသွား။ ပါးရေတွေတွန့်ကုန်တယ်၊ မျက်စိတွေမွဲကုန်တယ်၊ ဆံပင်ဖြူကုန်တယ်၊ ခါးတွေကိုင်းကုန်တယ်၊ နားတွေ ထိုင်းကုန်ဆိုတာ ဇရာ မိကျောင်းကိုက်လို့၊ ဗျာဓိခေါ်တဲ့ ကိုးဆယ်ခြောက်ဖြာ, ကိုးဆယ်ရှစ်ဖြာ မကန်းကိုက်လိုက်တော့၊ အိပ်ရာပေါ် ပက်လက်ဖြစ်ရတယ်။ နောက်ဆုံးမရဏာခေါ်တဲ့ ငါးမန်းမျိုလိုက်ပြီဆိုတော့

http://www.dhammadownload.com



သုသာန်ထုတ်ပြီးတော့ သကာလ ပို့ရတယ်၊ အဲဒီလိုအားဖြင့် သွားရမယ့် ခရီးမှာ မိကျောင်း မကန်း ငါးမန်းဆိုတဲ့ အန္တရာယ်တွေကလည်း ထူပြောပါဘိသနဲ့။

ဒီတော့-အဲဒီမြစ်ပြင်ကြီးမှာ ဘေးရန် အန္တရာယ်တွေနဲ့ ကာဆီးနေတဲ့ ဒီမြစ်ပြင်ကြီး ငါဘယ်နဲ့လုပ်ရပါ့မတုန်း. . . လို့ ခုနက ယောက်ျားကကြံစီ လိုက်တော့ တုံးခြောက်တွေ တိုင်ခြောက် ဝါးခြောက်တွေ ကျူရိုးခြောက် ပေဒါရိုး ခြောက်တွေကို မိရာရရာ နွယ်ကြိုးတွေနဲ့ ဖွဲ့ပြီးသကာလ လှော်ခတ်ပြီးတော့ ကူးမှတော်တော့မှာပဲ. . . လို့ စိတ်ကူးပေါက်ပြီးတော့၊ အဲဒီတုံးတွေ, တိုင်တွေ, ဝါးတွေကို ဖေါင်ဖွဲ့ပြီးသကာလ ကူးသလိုပဲ. . . တဲ့။

ဒါနဆိုတဲ့ ကုသိုလ်ကောင်းမှုတုံးတွေ သီလဆိုတဲ့ ကုသိုလ်ကောင်းမှု ဝါးတွေ၊ သမထဆိုတဲ့ ကုသိုလ်ကောင်းမှု ကျူရိုးတွေ, ဝိပဿနာဆိုတဲ့ ကုသိုလ်ကောင်းမှုတုံးတိုင် သစ်ဝါးခြောက်တွေကို ဖွဲ့စည်းပြီး သလာက မဂ္ဂင်တည်း ဟူသောတက်နဲ့လှော်ခတ်ပြီးတော့ ကူးကြ. . . လို့ ဟော ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဒါန သီလ သမထဝိပဿနာဆိုတဲ့ ကုသိုလ်တရား လေးပါးတို့ကို တုံးတွေ တံတွေ သစ်ခြောက်တွေ ဝါးခြောက်တွေကို ဖောင်ဖွဲ့ပြီးတော့ ကူးနေတဲ့ ဥပမာပေးတော်ပြီးသကာလ။

❖ ဖောင်ကြီးဖွဲ့ကာ, လှော်ခတ်ကာ, လွတ်ရာကူးကြနော်။

ဖောင်ကြီးဖွဲ့ပြီးတော့ ကြိုးစားလှော်ခတ်ပြီးတော့ လွတ်ရာကူးကြ. . . တဲ့၊ လွတ်ရာကူးကြ. . တဲ့၊ ဒေသနာစဉ် ဥပမာ ဥပမေယျနဲ့ ဘုရားရှင်ဟပ်ပြီးတော့ ပြတော်မူလိုက်တာ၊ ဥပမာ ဘက်ကလည်းပဲ ဒီလင်္ကာပါပဲ၊ ဥပမေယျ ဘက်ကလည်း ဒီလင်္ကာပါပဲ၊ ဒါ့ကြောင့်-ဒီသုတ်တော်ရဲ့အရ ဒီလင်္ကာကိုဆိုရင် ဒီ သုတ်တော်ဟာ ဒကာ ဒကာမတွေရဲ့ နှုတ်ထဲမှာ ရောက်နိုင်တယ်။

ဘုန်းကြီးတို့ ယောဂီသူတော်စင်တွေ၊ ရိပ်သာထဲရောက်နေကြတဲ့ သူတော်စင်တွေဟာ ရွာပျက်ကို ရွာပျက်မှန်းသိလို့ ထွက်လာတဲ့ သူတွေနဲ့ တူကြတယ်၊ အိမ်ရာတည်ထောင် လူ့ဘောင်ပျော်ပါးပြီး သကာလ ငါးဖြာအာရုံ ကာမဂုဏ်တွေနဲ့ ပျော်ပါးပြီးတော့ နေကြတဲ့ သူတွေ၊ မျက်စိပေါက်ကို, နားပေါက်ကို, မနောပေါက်ကို တသသ, တပြုံးပြုံး ငါလို့ထင် ငါ့ဥစ္စာလို့ထင် ငါ့မှီလို့ထင်တဲ့ ဒိဋ္ဌိတဏှာ မာနဆိုတဲ့ ပပဉ္စတရားသုံးပါးနဲ့ ပျော်ပါးပြီးတော့ နေတဲ့ သူတွေက ရွာပျက်ကို အားကိုးရာ အထင်ရောက်ပြီးတော့ နေကြတဲ့ သူတွေနဲ့ တူကြတယ်။

အဲ ဒီက ထွက်လိုက်တော့ ကိုယ့်ရဲ့လက်ရှိ ရုပ်နာမ်ခန္ဓာကို သာယာ မက်မောစရာ, တွယ်တာစရာအဖြစ်နဲ့ ထင်. . . ပြီးတော့ နေတာ၊ ရွာပျက်ကြီးထဲ

http://www.dhammadownload.com



ပျော်နေတဲ့ သူတွေ၊ အဲဒီ ရုပ်နာမ် ခန္ဓာပေါ်မှာ အပြစ်မြင်ပြီးတော့ တရား ပြပေးနိုင်တဲ့ ပုဂ္ဂိုလ်တွေအထံ တရားဟောနိုင်တဲ့ ပုဂ္ဂိုလ်တွေအထံ၊ တရားအလုပ် လုပ်လို့ရတဲ့ နေရာတွေ၊ ကုသိုလ်ကောင်းမှု လုပ်လို့ရတဲ့ နေရာတွေကို သွားချင် လာချင် ထွက်ချင်၊ သွားခဲ့လာခဲ့ ထွက်ခဲ့တဲ့သူတွေက ရွာပျက်ကြီးကို ရွာပျက်ကြီးမှန်း သိပြီးတော့ စခန်းကြည့်ပြီးတော့ လှမ်းထွက်လာတဲ့ သူတွေနဲ့ တူကြတယ်။

ဒီတော့ ဘုန်းကြီးတို့ ယောဂီ သူတော်စင်အပေါင်း သူတော်ကောင်းတွေက ရွာပျက်ကြီးကို ရွာပျက်ကြီးမှန်းသိပြီးတော့ ထွက်လာခဲ့တဲ့ သူတွေနဲ့ တူကြတယ်၊ ဒီတော့ ရွာပျက်ကြီး ရွာပျက်ကြီးမှန်း သိပြီးတော့ ထွက်လာခဲ့တာတော့ ဟုတ်ပါပြီ ခုနက ပြောတဲ့ လှေဖောင်တည်ထောင်ပြီးတော့ မကူးရင်လည်းဘဲ ရောက်မှာ မဟုတ်သေးဘူး၊ ဒကာ ဒကာမတွေ ရှေ့သွားရမယ့် (၃၁)ဘုံ သံသရာခရီးကြီးက ကျဉ်းကျဉ်းလား ကျယ်ကျယ်လားလို့ မေးရင် အကျယ်ကြီး၊ ပရိသတ် အကျဉ်းလား အကျယ်လား?. . . *(အကျယ်ပါဘုရား)*။ တစ်ဘဝပြီး တစ်ဘဝ၊ တစ်ဘဝပြီး တစ်ဘဝ၊ တစ်ဘုံပြီး တစ်ဘုံ၊ ကူးနေရမှာဆိုတော့ အစအဆုံးမရှိလို့ ကမ်းမမြင် လမ်းမမြင်လို့လည်းခေါ်တယ်၊ ပရိသတ် ကမ်းမြင်လမ်းမြင်လား၊ ကမ်းမမြင် လမ်းမမြင်လား? *(ကမ်းမမြင် လမ်းမမြင်ပါဘုရား)*၊ အဲဒီ ကမ်းမမြင် လမ်းမမြင်ထဲမှာ သွားရမယ့်ခရီးကြီးထဲမှာ အိုခြင်း နာခြင်း သေခြင်းဆိုတဲ့ မိကျောင်း မကန်း ငမန်းဘေးတွေကလည်း ထူပြောပြီးတော့ နေကြလို့ ဘေးရန်ထန်သီးတဲ့ မြစ်ပြင်ကြီး. . ..လို့ ဘုရားက တင်စားပြီးတော့ ဟောတော်မူတယ်။

ဒီတော့ ဘယ့်နဲ့လုပ်ရမတုန်းဆိုတော့ ဒီထဲဆင်းပြီးတော့ ကူးလို့တော့ မရဘူးတဲ့၊ ဖောင်ဖွဲ့ပြီးတော့ ကူးမှ ဖောင်ဖွဲ့ပြီးတော့ လှော်ခတ်ပြီးတော့ ကူးမှဖြစ်တော့မှာမို့ ဖောင်ဖွဲ့ကူးကြ. . .။ ဒီတော့ ဖောင်ကြီးဖွဲ့ပြီးတော့ လှော်ခတ်ကူးနေတယ်ဆိုတဲ့ ဥပမာ တင်စားပြီးတော့ ဟောလိုက်သော်လည်းပဲ တကယ်ကတော့ ဒါနဆိုတဲ့ ကုသိုလ်ကောင်းမှုတွေကို ပြုနေတဲ့ အချိန်သည် ဖောင်ကြီးဖွဲ့ လှော်ခတ်ပြီးတော့ ကူးနေတဲ့အချိန်။ ယနေ့ ဆရာဦးမြင့်စိန်က မွေ့နေ့ မင်္ဂလာ (၆၄)နှစ် အထိမ်းအမှတ်ကို အကြောင်းပြုပြီးတော့ ဘုရားရှင်ကိုယ်တော် မြတ်ကြီးအား ယောဂီသူတော်စင်တို့နှင့်တကွ လှူဖွယ်တန်းဖွယ် ခဲဘွယ်ဘောဇဉ် ချိုချဉ်ရသာ ပန်းရေမီးအစရှိသည်တို့ဖြင့် လှူဒါန်းပူဇော်နေတဲ့ အချိန်သည်. . . ဖောင်ကြီးဖွဲ့ပြီးတော့ လှော်ခတ်ကူးနေတဲ့ အချိန်. . . တဲ့၊ ရပ်နေတဲ့ အချိန်မဟုတ်ဘူး၊ ကူးနေပါတယ်ဆိုမှတော့ ရှေ့တိုးတယ်လို့ခေါ်တယ်၊ ပရိသတ်ကြီး ကူးနေတယ်ဆိုမှတော့ ရပ်နေတာလား ရှေ့တိုးတာလား? *(ရှေ့တိုးတာပါဘုရား)*။

http://www.dhammadownload.com



ဒီနေ့ (၁၅)ကြိမ်မြောက် ရောက်လာတဲ့ မွေးနေ့မင်္ဂလာ အကြောင်းပြုပြီးတော့ ဒီကုသိုလ် ကောင်းမှုတွေကို ပြုပြီးတော့ နေတာဟာ ရှေ့တိုးနေသလား ရပ်နေသလား? *(ရှေ့တိုးနေတာပါဘုရား)*။ ဒကာ..ဒကာမအပေါင်း သူတော်ကောင်းတွေလည်းပဲ တတ်စွမ်းသမျှ ဒါနကုသိုလ်ကောင်းမှုတွေကို ပြုနေတဲ့အချိန်သည်၊ နိဗ္ဗာန်ဆိုတဲ့ တဘက်ကမ်းနဲ့ နီးလာတဲ့အချိန်လား၊ ဝေးလာတဲ့ အချိန်လား? *(နီးလာတဲ့ အချိန်ပါဘုရား)*။ နီးလာတယ်ဆိုတော့ ကူးနေတဲ့ အချိန်လား ရပ်နေတဲ့ အချိန်လား? *(ကူးနေတဲ့ အချိန်ပါဘုရား)*။ ကူးနေတဲ့ အချိန်ဆိုရင် လှော်နေတဲ့ အချိန်လား ရပ်နေတဲ့ အချိန်လား? *(လှော်နေတဲ့ အချိန်ပါဘုရား)*။

ဒါဖြင့် အိမ်မှာ ငါးဖြာအာရုံ ကာမဂုဏ်တွေနဲ့ပျော် သားတွေနဲ့ပျော် သမီးတွေနဲ့ပျော် စီးပွားရေးတွေနဲ့ ပျော်နေတဲ့အချိန်က ရပ်နေတဲ့အချိန်. . . တဲ့၊ ဘုရားက ဒါဖြင့် ဒကာ ဒကာမတွေအိမ်မှာ ငါးဖြာအာရုံ ကာမဂုဏ်နဲ့ ပျော်ပါးပြီးတော့ မော်ကြွားပြီးတော့ နေတဲ့အချိန်သည် ရပ်နေတဲ့ အချိန်လား ကူးနေတဲ့ အချိန်လား? *(ရပ်နေတဲ့ အချိန်ပါဘုရား)* ရပ်နေတယ်ဆိုရင်.ရှေ့တိုးတဲ့ အချိန်လား၊ နောက်ပြန်တဲ့'အချိန်လား? *(နောက်ပြန်တဲ့ အချိန်ပါဘုရား)* အဲဒီလို ရပ်ပြီးတော့ နေတယ်ဆိုရင် နိဗ္ဗာန်ကမ်းနဲ့ နီးသလား၊ ဝေးသလား? *(ဝေးသွားပါတယ်ဘုရား)* ဒါဖြင့် ဒါနဆိုတဲ့ ကုသိုလ်ကောင်းမှု ပြုနေတဲ့ အချိန်ဟာ မဂ္ဂင်ဖောင် တည်ထောင်ကူးခတ်နေတဲ့ အချိန်. . . လို့ ဘုရားဟောတာ မတည့်ဘူးလား? *(တည့်ပါတယ်ဘုရား)* သီလဆိုတဲ့ ငါးပါးသီလ, ရှစ်ပါးသီလ, ကိုးပါးသီလ ထိန်းသိမ်းစောင့်ရှောက်နေတဲ့ အချိန်သည် လှော်ခတ်တဲ့ အချိန်၊ ကူးယက်နေတဲ့ အချိန်၊ သမထဝိပဿနာ ဘာဝနာတရားကို ပွားများမယုတ် အားထုတ်နေတဲ့ အချိန်သည် လှော်ခတ်နေတဲ့ အချိန်၊ ကူးခတ်နေတဲ့ အချိန်။

ဒီတော့-တစ်နေ့တစ်နေ့ တရွေ့ရွေ့နဲ့ လှော်ပါများ ကူးပါ ခတ်ပါများရင် ပရိသတ်ကမ်းနဲ့ နီးမလာပေဘူးလား? *(နီးလာပါဘုရား)* ရှေးရှေးသော ဘုရားပစ္စေကာ အရိယာအပေါင်း သူတော်ကောင်းကြီးတွေ ဒီလိုလှော်ခတ် သွားလို့ ကမ်းပေါ် ရောက်သွားကြတာ မသေချာဘူးလား? *(သေချာပါတယ်ဘုရား)*၊ ဒါဖြင့် ယနေ့ ဒကာ ဒကာမအပေါင်း သူတော်ကောင်းတွေ မွေးနေ့မင်္ဂလာကို အကြောင်းပြုပြီး သကာလ တတ်စွမ်းသမျှ ဒါနကုသိုလ်ကောင်းမှုတွေကို ပြုပြီးတော့နေကြတဲ့ အချိန်၊ သီလထိန်းပြီးတော့ နေကြတဲ့ အချိန်၊ သမထဝိပဿနာ ဘာဝနာပွားပြီးတော့ နေကြတဲ့အချိန်သည်. . .၊ ဖောင်ကြီးဖွဲ့ကာ လှော်ခတ်ကာ လွတ်ရာကူးကြ . . . လို့ ဘုရားရှင် မိန့်တော်သံ အတိုင်း မိမိတို့တစ်တွေ ဒီနေ့ လှော်ခတ်ကူးယက်ပြီးတော့ နေကြတဲ့ အချိန်. . . လို့ မဆိုနိုင်ဘူးလား? *(ဆိုနိုင်ပါတယ်ဘုရား)*။

http://www.dhammadownload.com



မိမိတို့ အိမ်မှာနေရင်းနဲ့ မနက်စောစောအိပ်ရာကနိုးလာ ဘုရားပန်းတော် ဆွမ်းတော် ရေချမ်းတော်ကပ်လို့၊ နေ့လည်း ကုသိုလ်ကောင်းမှုနဲ့ ညနေလည်း ကုသိုလ်ကောင်းမှုနဲ့၊ ညလည်းတရား ဘာဝနာနဲ့ အနန္တော အနန္တငါးပါး ရှိခိုးလို့၊ မနက်ရော, နေ့လယ်ရော, ညရော ကုသိုလ်ကောင်းမှု မမေ့အောင် နေ့စဉ်ပြုနေတဲ့ အမျိုးကောင်းသား အမျိုးသမီးသည် ကူးနေတဲ့ အချိန်လား၊ ရပ်နေတဲ့ အချိန်လား? *(ကူးနေတဲ့ အချိန်ပါဘုရား)* အဲဒီလို တစ်နှစ်လုံးကြိုးပန်းအား ထုတ်ပြုလုပ်နေတဲ့ အမျိုးကောင်းသား အမျိုးသမီးအတွက် ကူးနေတဲ့ အချိန်လား ရပ်နေတဲ့ အချိန်လား? *(ကူးနေတဲ့ အချိန်ပါဘုရား)*။

ဒီတော့ ကိုယ့်ကိုယ်ကို ကူးနေတဲ့ သူဖြစ်ဖို့အရေးမကြီးဘူးလား? *(ကြီးပါတယ်ဘုရား)* ဒီတော့ ကူးခတ် လှော်ခတ်နေတဲ့ အထဲမှာ ရှေ့ရောက်အောင် တွင်တွင်လှော်ခတ်တတ်တဲ့ သူနဲ့ နှေးနှေးလှော်ခတ်တတ်တဲ့ သူလို့ ဒီလိုတော့ ကွာသွားတယ်၊ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဘယ်ကိစ္စမဆို ဘယ်အသွားမဆို ခြေလျင် သွားတဲ့သူလည်း ခြေလျင်သွားတဲ့ သူချင်းချင်း၊ နှေးနှေးသွားနေတဲ့ သူလည်း သွားတော့သွားတယ်၊ ရှေ့တော့တိုးတယ်၊ နှေးတယ် ကြာတယ်၊ အရောက်နှေးတယ်။ သွက်သွက်သွားတတ်တဲ့သူက မြန်မြန်ရောက်တယ်၊ လှေနဲ့သွားပြန်ရင်လည်း လှေကိုလှော်ခတ်တဲ့ နေရာမှာ နှေးနှေးလှော်နေတဲ့ သူနဲ့ သွက်သွက်လှော်နေတဲ့သူနဲ့ သွက်သွက်လှော်တဲ့ သူက အရင်ရောက်လိမ့်မယ်၊ အရှိန်နှုန်းကောင်းကောင်းနဲ့လှော်ခတ်သွားတတ်တဲ့သူက မြန်မြန်ရောက်တယ်. . . . တဲ့၊ မြန်မြန်ရောက်တယ်။

ဒါဖြင့် သွားတဲ့ကိစ္စ, ရှေ့တိုးတဲ့ကိစ္စ, လှော်ခတ်တဲ့ကိစ္စမှာ အရှိန်အဟုန်ဆိုတာ အရေးကြီးလာတယ်၊ ပရိသတ် အရေးမကြီးဘူးလား? *(အရေးကြီးပါတယ်ဘုရား)* အခုကာလ မော်တော်ကားတွေ လေးဘီးနဲ့ မောင်းပြီးသွားကြတာချင်း အတူတူပဲ၊ အရှိန်အဟုန်ကောင်းတဲ့ မော်တော်ကားက မြန်မြန်မရောက်ဘူးလား? ရောက်ပါတယ်ဘုရား။ အမရပူရနဲ့ မန္တလေးနာရီဝက်သွားရတယ်ဆိုတဲ့ ကားရဲ့ အပေါ်မှာ အရှိန်နှုန်း ကောင်းကောင်းနဲ့ မောင်းတဲ့ကားက (၁၅)မိနစ်နဲ့ မရောက်ဘူးလား? *(ရောက်ပါဘုရား)* ဒါဖြင့် အရှိန်နှုန်းထည့်ပေးဖို့ အရှိန်အဟုန် ကောင်းဖို့ အရှိန်အဟုန်ကောင်းကောင်းနဲ့ သွားဖို့ အရေးမကြီးဘူးလား? ကြီးပါတယ်ဘုရား။ အဲဒီ အရှိန်အဟုန်ဆိုတာ ဘယ်သူ့ကို ပြောပါသလဲဆိုရင် ဝိပဿနာဉာဏ်ကို ဘုရားရှင်ကိုယ်တော်မြတ်ကြီးက-

> ဇဝေါ ဇဝေါတိ ဘိက္ခဝေ စတုန္နံ အရိယ သစ္စာနံ၊
> ပဋိဝေဓ ဉာဏဿ အဓိဝစနံ။

http://www.dhammadownload.com



ဇဝေါ ဇဝေါတိ-အရှိန်အဟုန်, အရှိန်အဟုန်ဆိုတဲ့ နာမည်သည်၊ စတုန္နံ အရိယ သစ္စာနံ-အရိယသစ္စာလေးပါး တရားတို့ကို၊ ပဋိဝေဓဉာဏ-ထိုးထွင်း သိမြင်တဲ့ဉာဏ်၏၊ အဓိဝစနံ-နာမည်သာပေတည်း. . ။

အရှိန်အဟုန်ထည့်ပေးရမယ်ဆိုတာ ဘာပြောတာတုန်းလို့ ဆိုတော့. . .တဲ့ ဝိပဿနာထည့်ပေးရတယ်၊ ဒါနကုသိုလ် ကောင်းမှုပြုတဲ့ အထဲလည်း ဝိပဿနာပါအောင်၊ သီလကုသိုလ် ကောင်းမှုထဲလည်း ဝိပဿနာပါအောင်၊ သမထဘာဝနာ ကုသိုလ်ကောင်းမှုထဲလည်း ဝိပဿနာ အနားကွပ်အောင်၊ အနားကွပ်နိုင်အောင်၊ ဒီတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ သွားနေတဲ့ ကိစ္စတစ်ခုနဲ့ ပြောကြစို့ အဲဒီသွားတဲ့ ကိစ္စမှာ ဝိပဿနာပါသွားအောင် ဒါနပြုတော့လည်းပဲ ဒကာ ဒကာမတွေ ဒီခန္ဓာကိုယ် ဒီခြေထောက် လှမ်းလိုက်တော့ ဒီလက်တွေနဲ့ ကိုင်တွယ်ပြီးတော့ မလှူရဘူးလား? *(လှူရပါဘုရား)*။ သီလထိန်းတယ်ဆိုတော့လည်းပဲ သီလဆောက်တည်ရမယ့် နေရာ ဒီခန္ဓာကိုယ်နဲ့ မသွားရဘူးလား? *(သွားရပါဘုရား)* သမထဘာဝနာပွားတော့လည်းပဲ ဒီခန္ဓာကိုယ် အသုံးချပြီးတော့ မလုပ်ရဘူးလား? *(လုပ်ရပါဘုရား)*။ ဒါဖြင့် ဒီခန္ဓာကိုယ်မှာ မကင်းနိုင်တဲ့ ဣရိယာပုထ် လေးပါးထဲက သွားခြင်းဆိုတဲ့ ဣရိယာပုထ်ပေါ်မှာ ဝိပဿနာ အရှိန်အဟုန်သွင်း. . . ပြီးတော့ ပေးတဲ့နည်း၊ တောင်ပုလုဆရာတော်ဘုရား ကြီး ပေးထားခဲ့တဲ့နည်းနဲ့ ဒီနေ့ ပြောကြမယ်. လို့ဆိုရင် ဘုန်းကြီးတို့ ပရိသတ်ကြီး ဆိုလိုက်စမ်းပါ-

❖ခြေဖဝါးနှင့် မြေသားကပ်သော်, ထိ, သိနှစ်ခင်း, ဉာဏ်သွင်းရှုနော်၊
ရှုမှတ်ရကျိုး, တန်ဖိုးဖြတ်သော်, ခြေတစ်လှမ်း, ကုဋေတစ်သန်းတန်ဘိသော်။

ခြေတစ်လှမ်း, ခြေတစ်လှမ်းကို ကုဋေတစ်သန်း, ကုဋေတစ်သန်း တန်အောင် လှမ်းတတ်ရင် အရှိန်အဟုန်ကောင်းကောင်းနဲ့ ရှေ့တိုးရာရောက်တယ်၊ ဒီတော့ ခြေတစ်လှမ်း ခြေတစ်လှမ်း, ကုဋေတစ်သန်း တန်အောင် ဘာလုပ်ရမှာ တုန်းဆိုတော့ ဒကာ ဒကာမတွေ ဒီခြေဖဝါးနဲ့ မြေသားနဲ့ မကပ်ဘူးလား? *(ကပ်ပါဘုရား)* အဲဒီလို ကပ်လိုက်တဲ့ ကပ်လိုက်တဲ့အချိန်မှာ ခြေဖဝါးနဲ့ မြေသားကပ်လိုက်တဲ့ အချိန်မှာ မြေသားဆိုတဲ့ ဖောဋ္ဌဗ္ဗာရုံ ခြေထောက်ဆိုတဲ့ ဖောဋ္ဌဗ္ဗာရုံနှစ်ခုတို့ ထိခိုက်မှုကြောင့် ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ အထိအတွေ့ မပေါ်ဘူးလား? *(ပေါ်ပါဘုရား)* အဲဒီ ဖောဋ္ဌဗ္ဗာရုံခေါ်တဲ့ ရုပ်တရားကို နောက်ကနေထိတယ်၊ တွေ့တယ်ဆိုတဲ့ အသိကလေးကကော မလာဘူးလား? *(လာပါဘုရား)* အေး သွားရင်လည်း အေးမှန်းသိတယ်၊ ပူသွားရင်လည်း ပူမှန်းသိတယ်၊ အောက်ကနေ ညီရင်လည်း

http://www.dhammadownload.com



ညီမှန်းသိတယ်၊ မညီရင်လည်း မညီမှန်းသိတယ် နင်းရင်လည်း နင်းမှန်းသိတယ် ဆိုတဲ့ အသိကလေး မလာဘူးလား? *(လာပါဘုရား)*။

အဲဒီတော့ ထိမှုဆိုတဲ့ ဖောဋ္ဌဗ္ဗာရုံက ရုပ်တရား, သိမှုဆိုတဲ့ နောက်က စိတ်က နာမ်တရား၊ ဒါဖြင့်-ခြေတစ်လှမ်း ခြေတစ်လှမ်းမှာ ရုပ်နာမ်မရှိဘူးလား? *(ရှိပါဘုရား)* အဲဒီရှိနေတဲ့ ရုပ်နာမ်ကို ရုပ်နာမ်. . . လို့ သိအောင်ကြိုးစားလိုက်ရင် သက္ကာယဒိဋ္ဌိ ငါပျောက်တယ်။ အဲဒီလို မရှုရင် ဘယ့်နဲ့ထင်တုန်း သွားတာငါ, ငါသွားတာ၊ ဒီလိုရင်လည်းလာတယ်၊ သိတာငါ ငါသိတာ၊ ဒီလိုရင်လည်း လာတယ်၊ ထိတယ်ဆိုတဲ့ ဖောဋ္ဌဗ္ဗာရုံ ရုပ်ကိုလည်း ငါထင်တယ်၊ အဲဒီ ထိတာ လေးကို သိသွားတဲ့ နာမ်တရားကိုလည်း ငါထင်တယ်၊ အဲဒီ ငါထင်တာဟာ ရုပ်နာမ် ငါထင်နေတော့ သက္ကာယဒိဋ္ဌိဝင်လာတယ်လို့ခေါ်တယ်၊ ဒါဖြင့် ခြေထောက်တစ်လှမ်းတိုင်း တစ်လှမ်းတိုင်း ဒကာ ဒကာမတွေရဲ့ သက္ကာယဒိဋ္ဌိ တရားကြီး ဝင်မလာဘူးလား? *(ဝင်လာပါဘုရား)* သက္ကာယဒိဋ္ဌိဆိုတဲ့ တရားသည် မဂ်တားတရား, ဖိုလ်တား တရား, နိဗ္ဗာန်တားတရား၊ အပါယ်လေးပါးကို တံခါးအမြဲဖွင့်ပေးနေတတ်တဲ့ တရား။ ဒါဖြင့် ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း သက္ကာယဒိဋ္ဌိပြုတ်သွားအောင် ပရိသတ် ဆိုလိုက်စမ်းပါ. . .

❖ ခြေဖဝါးနဲ့, မြေသားကပ်သော်, ထိသိနှစ်ခင်း, ဉာဏ်သွင်းရှုနော်။

ခြေဖဝါးနဲ့ မြေသားကပ်လိုက်တဲ့ အချိန်မှာ ထိသိဖြစ်ပျက်, ထိသိဖြစ်ပျက်လို့ ရှုလို့မရဘူးလား? *(ရပါဘုရား)* ထိဆိုတာ ဖောဋ္ဌဗ္ဗာရုံ ရုပ်တရား၊ သိဆိုတာက နာမ်တရား၊ အဲဒီလို တရားနှစ်ပါးပေါ်ပြီးတော့ ပျောက်သွားတာလေးကို ထိသိဖြစ်ပျက်, ထိသိဖြစ်ပျက်, ထိသိဖြစ်ပျက်, ဉာဏ်မနိုင်သေးလို့ရှိရင် တစ်လှမ်းချင်း ကစ်ဘက်ကဲ့ကို ထိသိ, တစ်ဘက်ကို ထိသိ။ ထိသိဖြစ်ပျက်, ထိသိဖြစ်ပျက်လို့ နှစ်ဘက်လုံး ပြိုင်ရှုလို့မရရင် တစ်ဘက်ချင်းရှု။ တစ်ဘက်က ထိသိပျက်, တစ်ဘက်က ထိသိပျက်။ ထိ,သိ, ပျက်နှစ်လုံးမရှုနိုင်ရင် သိပျက်, သိပျက်, သိပျက်, သိပျက်, ညာဘက်ကလှမ်းရင် သိပျက်, ဘယ်ဘက်ကလှမ်းရင် သိပျက်၊ ညာဘက်ကလှမ်းရင် သိပျက် ဘယ်ဘက်ကလှမ်းရင် သိပျက်လို့ရှု၊ ကြာလာတော့ သမာဓိနိုင်လာတော့ ထိသိပျက် ထိသိပျက်, ထိသိပျက် ထိသိပျက်, သူ့ပြတဲ့ အချိန်နဲ့ ရုပ်နာမ်ပေါ်တဲ့ အချိန်နဲ့ ဒီက ရှုတဲ့ အချိန် တည့်ကနဲ့ တည့်ကနဲ့၊ သွားတိုင်းသွားတိုင်း-

နာမရူပပရိစ္ဆေဒေန သက္ကာယဒိဋ္ဌိ ပဟီနာ ဟောတိ။

နာမရူပပရိစ္ဆေဒေန-ထိ,ဆိုတဲ့ ဖောဋ္ဌဗ္ဗာရုံရုပ်, သိ,ဆိုတဲ့ စိတ်ဝိညာဉ် နာမ်, အဲဒီ ရုပ်နာမ်နှစ်ပါးကို၊ ရုပ်နာမ်ပဲလို့ ပိုင်းခြားသိလိုက်တဲ့၊ ဝါ-ထိ,သိ,လို့ ရှုလိုက်တဲ့

http://www.dhammadownload.com



ရုပ်နာမ်ပိုင်းခြားသိတဲ့ ဉာဏ်ကလေး ပေါ်လိုက်သည်နဲ့ တပြိုင်နက်၊ သက္ကာယ ဒိဋ္ဌိ-ဒကာ ဒကာမတွေ ခြေလှမ်းပြီးတော့ သွားတတ်တဲ့ အရွယ်ကစ ပြီးတော့ ခြေလှမ်း တိုင်း လှမ်းတိုင်း ငါလှမ်းတယ်, လှမ်းတာငါလို့ တစ်လျှောက်လုံး ထင်လာတဲ့ သက္ကာ ယဒိဋ္ဌိတရားဆိုး တရားညစ်ကြီးကို၊ ဝါ-မဂ်တရား မရအောင်, ဖိုလ်တရား မရ အောင် နိဗ္ဗာန်တရား မမြင်အောင် တားဆီးနေတဲ့ သက္ကာယဒိဋ္ဌိ တရားဆိုးကြီးကို၊ ပဟီနာ-ပယ်အပ်သည်၊ ဟောတိ-မုချမသွေ, ဖြစ်ရပါပေ သတည်း။

သာဓု . . . သာဓု . . . သာဓုပါဘုရား . . . ။

ထိုင်လိုက်တဲ့အချိန် အောက်ဖောဋ္ဌဗ္ဗာရုံခေါ်တဲ့ ကြမ်းနဲ့သော်လည်း ကောင်း၊ မြေနဲ့သော်လည်းကောင်း၊ အရာဝတ္ထုကုလားထိုင်နဲ့ သော်လည်းကောင်း၊ မိမိတို့ တင်းပါးနဲ့ ထိလိုက်တဲ့ အထိ ဖောဋ္ဌဗ္ဗာရုံ မရှိဘူးလား? *(ရှိပါဘုရား)* ထင်ထင် ရှားရှား ရှိပြီးတော့ ပျက်သွားတာပဲ။ ဖောဋ္ဌဗ္ဗာရုံ ရုပ်ပဲ သူရုပ်တရား တစ်မျိုးပဲ၊ မြင်စရာ ရူပါရုံရုပ် ခေါ်သလို၊ ကြားစရာအသံတွေ ရုပ်ခေါ်သလိုပဲ၊ အဲဒီ ထိတာကို ဖောဋ္ဌဗ္ဗာရုံရုပ်လို့ ခေါ်တယ်၊ အဲဒီ ဖောဋ္ဌဗ္ဗာရုံရုပ်ကို မှပ်မှန်းသိ, ထိမှန်းသိတဲ့ သဘောက နာမ်တရား။ အဲဒီ ရုပ်နာမ်တရားနှစ်ပါးတို့သည် ပေါ်လိုက်, ပျောက် လိုက်, ပေါ်လိုက် ပျောက်လိုက်, ပေါ်လိုက် ပျောက်လိုက်, ဖြစ်လိုက် ပျက်လိုက် သဘောနဲ့ နေကြတာမို့လို့ ဖြစ်ပျက်လို့. . . ရှု. သို့မဟုတ် ထိသိပျက်လို့ရှု။

အဲဒီလို ထိသိပျက်လို့ ရှုရင် ထိသိကို သိတာက ရုပ်နာမ်သိ။ ပျက်ကို သိတာက အနိစ္စ လက္ခဏာသိခြင်း။ ခုနက ဝင်နေကျ လာနေကျဖြစ်တဲ့ သက္ကာယ ဒိဋ္ဌိ ပျောက်သွားတယ်၊ ငါ့ဥစ္စာ ငါ့ပစ္စည်းဆိုတဲ့ တဏှာပျောက်သွားမယ်၊ ငါမို့လို့ သွားနိုင်တာ ငါမို့လို့လာနိုင်တာဆိုတဲ့ မာနပျောက်သွားမယ်၊ အဲဒီ ဒိဋ္ဌိရယ် မာနရယ် တဏှာရယ်ဆိုတဲ့ တရားတဒင်, တဒင်, ခဏပယ် ခဏပယ်လေးနဲ့ ပယ် ပယ်ပေးတဲ့ ဉာဏ်, မဂ္ဂင်လှေဖောင်လှော်တဲ့နေရာမှာ အရှိန်အဟုန် ကောင်းကောင်းနဲ့ နိဗ္ဗာန် ဘက်ကမ်းသို့သွားတယ်. . . တဲ့၊ အဲဒီ သက္ကာယဒိဋ္ဌိဆိုတဲ့ တရားဆိုး တရားညစ် တွေ ပါနေရင် သွားတော့သွားတယ် နှေးနေ တတ်တယ်။

ဘာပြုလို့တုန်းဆိုတော့ သူက လျှိုတဲ့ တန်းတဲ့ ဒါနမှုပြုနေတော့ မဂ္ဂင်လှေ ဖောင်လှော်တာတော့ ဟုတ်တယ်။ ငါလှူတယ်တဲ့၊ လှူတာငါလို့ ပရိသတ်ဒီလို ထင်မနေဘူးလား? *(ထင်ပါဘုရား)* အမှန်ကတော့ လှူတယ်ဆိုတာ လှူဖွယ်ဝတ္ထု ပစ္စည်းနဲ့ မိမိလက်နဲ့ ထိတွေ့ပြီးတော့နေတဲ့ ဖောဋ္ဌဗ္ဗာရုံရုပ်တရားနဲ့ လှူမှန်းသိနေတဲ့ နာမ်တရား၊ အဲဒီ ရုပ်နာမ်တရား နှစ်ပါး ဖြစ်ပွားပြီးတော့ စေတနာတွေ တဖွားဖွား

http://www.dhammadownload.com



ဖြစ်နေတာကိုပဲ လှုပ်ခြင်းအမူအရာ ခေါ်တယ်. . . လို့ သိရတယ်၊ လှုပ်ခြင်းအမူအရာဖြစ်နေတာလို့ သိရတာ လှုပ်ခြင်း ရုပ်နာမ်သဘော ဖြစ်နေတာလို့ သိရမှာ၊ အဲဒီလို မသိလိုက်ပါဘဲနဲ့ ငါလှုပ်တာတဲ့၊ လှုပ်တာငါတဲ့၊ ကပ်တာငါ၊ ငါကပ်တာ ပုထုဇဉ်တွေရဲ့ အမြင်၊ ပုထုဇဉ်တွေရဲ့အသံ။

အရိယာတွေရဲ့ အမြင်က လှုပ်ခြင်းကြိယာဖြစ်တယ်၊ လှုပ်ခြင်းအမူအရာ ပေါ်တယ်၊ လှုပ်ခြင်းအမူအရာတွေ ဖြစ်ပြီးတော့ ပျက်တယ်လို့မြင်တယ်၊ သိတယ်၊ အဲဒါ အရိယာတွေရဲ့အမြင်၊ ဒီတော့- တစ်သံသရာလုံးမှာ မြင်လာတဲ့ ပုထုဇဉ် အမြင်နေရာမှာ၊ အရိယာအမြင် ပြောင်းလိုက်လို့ရှိရင် ယနေ့ ဒကာဒကာမ အပေါင်း သူတော်ကောင်းတွေရဲ့ မဂ္ဂင်ဖောင်ကြီးသည်. . .၊ အရှိန်အဟုန် ကောင်းကောင်းနဲ့ နိဗ္ဗာန်ဘက်ကိုပြေးတာနဲ့ တူလိမ့်မယ်၊ အမရပူရနဲ့ မန္တလေး တစ်နာရီ မောင်းရတဲ့ မော်တော်ကားအစား၊ နာရီဝက်နဲ့ရောက်တဲ့ မော်တော် ကားနဲ့ တူလာလိမ့်မယ်၊ ဒီတော့ အိုနာသေရေး ဒုက္ခဘေးလွတ်တဲ့ဘက်ကို ဘုန်းကြီးတို့ ပရိသတ်ကြီးက မြန်မြန်ရောက်ချင်တာလား၊ နှေးနှေးရောက်ချင် တာလား? *(မြန်မြန်ရောက်ချင်တာပါဘုရား)*။

အသေလွတ်မယ့် ဆီကို ဘယ်သူသွားနေနေ အသေလွတ်မှာဆီကို၊ မြန်မြန်ရောက်ချင်တဲ့ သူချည်းပဲ၊ ဒါဖြင့် မြန်မြန်ရောက်ချင်ရင် အရှိန်အဟုန် ပရိသတ် ထည့်မပေးရဘူးလား? *(ထည့်ပေးရပါဘုရား)* ကိုင်း ဒါဖြင့် လမ်းသွားရင်း အိမ်မှာရှိနေတဲ့ လှေကားတက်ရင်း၊ ဆင်းရင်း၊ ဟိုနေရာ ဒီနေရာ ထိုင်ရင်းပြုံရင်း ဣရိယာပုထ်လေးပါးထဲက ထင်ရှားတဲ့ ထိုင်ဣရိယာ သွားဣရိယာဆိုတဲ့ ဣရိယာ ပုထ်အားဖြင့် ဝိပဿနာ ပါကဋ္ဌာဘိမုခါ ဟောတိ. . . ဝိသုဒ္ဓိမဂ် အဋ္ဌကထာမှာ လာတဲ့အတိုင်း ဝိပဿနာသည်၊ ထင်ရှားရာက စပြီးတော့ ရှုပွားရတယ်၊ ထင်ရှားရာ ကစပြီးတော့ ကိုင်မှုဉာဏ်နုတဲ့ သူနဲ့တည့်ပြီးတော့ တဖြေးဖြေးလေးနက်တဲ့ တရား ဘက်ကို ပြေးရှုရတယ်. . . လို့ ဒေသနာ ကျမ်းဂန်ဆုံးမတဲ့ အတိုင်း အဲဒီ ဝိပဿနာဉာဏ် နေ့စဉ်ဖြစ်ပွားအောင် သွားတိုင်း သွားတိုင်း၊ ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း ဝိပဿနာပါအောင် ငါရှုပွားမယ်လို့ အဓိဋ္ဌာန်ပြီးတော့ ထားခဲ့ရင်၊ အိမ်မှာရှိနေတဲ့ လှေကားကို တက်တိုင်းဆင်းတိုင်း ဝိပဿနာဖြစ်ပွားအောင် ငါရှုပွားမယ်လို့ ဒီဒေသနာကို နာကြားရတဲ့ အချိန်ကစပြီးတော့ အဓိဋ္ဌာန်ပြီးတော့ ထားခဲ့ရင်၊ နေ့တိုင်းတက် နေ့တိုင်းဆင်း၊ နေ့တိုင်းသွားနေတဲ့ သွားနေ့တဲ့ အသွားက ရက်ပေါင်းသုံးဆယ်ပြည့်တော့ တစ်လ၊ လပေါင်း(၁၂)လပြည့်တော့ တစ်နှစ်၊ အဲဒီ တစ်နှစ်အတွင်းမှာ၊ အဲဒီလို ရှုပွားပြီးတော့ နေခဲ့ရင်. . .၊ ဘုန်းကြီးတို့

http://www.dhammadownload.com



ဒကာဒကာမအပေါင်း သူတော်ကောင်းတွေ အရှိန်အဟုန် ကောင်းကောင်းနဲ့ မဂ္ဂင်ဖောင်ကြီးကို လှော်ခတ်ရာ မရောက်ဘူးလား? *(ရောက်ပါဘုရား)* ဒါ့ကြောင့်-

**သံသာရ တရဏတ္ထာယ, မဟောဠုမ္ပံ နိဗန္ဓထ၊**
**ဘာဝနာ ဒါန သီလေဟိ, ဝိတိဏ္ဏော ဟိ မဟဏ္ဏဝေါ။**

ဘုရားရှင်က နောက်ဆုံးတိုက်တွန်းလိုက်တဲ့ စကား-ဘောဇ္ဇော-သံသရာပြင်ကျယ်, မြစ်ပင်လယ်ကို, အလွယ်ကူးမည်, စိတ်ဦးရည်၍, အတည်ကြိုးကုတ်, အားထုတ်ကြတောင်း, အိုသူတော်ကောင်းတို့၊ သံသာရ တရဏတ္ထာယ-လောကခံလှိုင်း, လေမှုန်တိုင်းကြောင့်, တွေးတိုင်းကြောက်ဖွယ်, သံသရာတည်း ဟူသောမြစ်ပင်လယ်ကို, ကူးခြင်းငှါ၊ ဘာဝနာ ဒါန သီလေဟိ-ဒါနသီလာ, ဘာဝနာဟု, သုံးဖြာဝေဖန်, ပရိက်အဆောက်အဦးတို့ဖြင့်၊ မဟောဠုမ္ပံ-နိဗ္ဗာန်သောင်ကမ်း, ဖြောင့်တန်းရည်ရော်, မဂ္ဂင်တည်းဟူသော လှေဖောင်တော်တို့ကို၊ နိဗန္ဓထ-အချိန်ရှိ ခိုက်, အားခွန်စိုက်၍, ဖွဲ့စည်းချည်နှောင်, တည်ထောင်တက်စီး, ပြည်ကြီးခေမာ, ဘေးကင်းရာကို, ကောင်းစွာရည်မှတ်၍, ကူးခတ်လိုက်ကြကုန်ရာ၏၊ ဟိ-ထိုစကား လျှင်, မမှားဧကန်, တိုက်တွန်းရန် သင့်လှပါပေ၏၊ မဟဏ္ဏဝေါ-သူငါတန်တန်, ကူးရာမှန်သည်, သံသရာပြင်ကျယ်, မြစ်ပင်လယ်ကြီးသည်၊ အတိဝိတိဏ္ဏော-တစ် ဘက်ကမ်းရောက်, ကူးမြောက်ဖို့ရာ, မှန်စွာမလွယ်, လွန်ပြန့်ကျယ်လှလေသည် တကား. . . .။

သာဓု. . . သဓု. . . သာဓုပါဘုရား. . . ။

ဒါ့ကြောင့် ယနေ့ ဒကာ ဒကာမအပေါင်း သူတော်ကောင်းတို့သည် သုညဂါမရွာပျက်ကြီး တရားတော်လို့လည်း ခေါ်ချင်ခေါ်၊ အာသီဝိသောပမ အဆိပ်ထန်သီးတဲ့ မြွေကြီးလေးကောင် တရားတော်လို့လည်း ခေါ်ချင်ခေါ်၊ အဲဒီလို အားဖြင့် ခေါ်ချင်သလို ခေါ်ပြီးတော့ရတဲ့ ဒီနာမည်နှစ်မျိုးနဲ့ ထင်ရှားတဲ့ ဒီသုတ္တန်ဒေသနာတရားတော်ကို နာကြားရတဲ့ အချိန်ကစ၍ မိမိတို့ကိုယ်တိုင် ဒါန သီလသမထဝိပဿနာ ကုသိုလ်ကောင်းမှုကြီးလေးပါးဆိုတဲ့ မဂ္ဂင်လှေဖောင်တွေကိုတည်ထောင်တက်စီးပြီး သကာလ, နေ့စဉ်ကူးခတ်နိုင်ကြတဲ့ အမျိုးကောင်းသားအမျိုးသမီးတွေဖြစ်အောင် ကျင့်ဆောင်ကြိုးကုတ် အားထုတ်နိုင်ကြပါစေကုန်သတည်း။

ဤကဲ့သို့ မဂ္ဂင်လှေဖောင် တည်ထောင်တက်စီးပြီး သကာလ, ပြည်ကြီးခေမာ, ဘေးကင်းရာကို ကောင်းစွာရည်မှတ်, လှော်ခတ်ကူးမြောက်နိုင်ကြတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေ ဖြစ်ကြကုန်လျက်, ဤကဲ့သို့ လှော်ခတ်

http://www.dhammadownload.com



ကူးခတ်တော်မူသွားကြတဲ့ ရှေးရှေးသော ဘုရားပစ္စေကာ အရိယာအပေါင်း သူ တော်ကောင်းကြီးတို့ ရအပ် ရောက်အပ် သိမြင်အပ်သော နိဗ္ဗာန်တည်းဟူသော တစ်ဘက်ကမ်းအရပ်ကို လျှင်မြန်ဆောစွာ ရောက်ကြရ ရကြရ မြင်ကြရ ပါလို ကုန်သောဟူ၍ ပတ္ထနာအောင်ဆု ပြုကြကုန်ရာသတည်း။

**သာဓု. . . သာဓု. . . သာဓုပါဘုရား. . . .။**

http://www.dhammadownload.com

# ပရိယေသနသုတ္တန်
# အလဲတတ်လျှင် နိဗ္ဗာန်ဝင်တရားတော်

ယနေ့ မြန်မာကောဇာသက္ကရာဇ် ၁၃၄၈-ခုနှစ်၊ တံခူးလဆန်း(၁၃)ရက်၊ ခရစ်နှစ် ၁၉၈၆-ခု၊ ဧပြီလ (၂၂)ရက်နေ့မှာ၊ အမရပူရမြို့၊ မဟာဂန္ဓာရုံကျောင်းတိုက်ရှိ ပရိယတ် ပဋိပတ်သာသနာ့တာဝန် ထမ်းဆောင်နေကြသော ဘုရားသားတော် သံဃာတော် (၇၀၀)ကျော်တို့အား နံနက်ဆွမ်း၊ နေ့ဆွမ်း နှစ်ထပ်သော ဘောဇဉ်ဆွမ်းများဖြင့် လာရောက်ပြီးတော့ သံယိကဒါန လောင်းလှူကြ ဆက်ကပ်ကြရင်း ကုသိုလ်ကောင်းမှုလာပြီးတော့ပြုကြတဲ့ ကုသိုလ်ကောင်းမှုရှင်များက၊ စစ်ကိုင်းတိုင်း၊ ခင်ဦးမြို့၊ အောင်ချမ်းသာရပ်မှာ နေထိုင်ကြတဲ့ အလှူဒါယကာ ဦးစ + အလှူဒါယိကာမ ဒကာမဒေါ်စောမြိုင်တို့ မိသားစု ဖြစ်ကြပါတယ်။

အဲဒီ ခင်ဦးမြို့ အောင်ချမ်းသာရပ်မှာနေထိုင်တဲ့ အလှူဒါယကာ ဦးစ+ အလှူဒါယိကာမ ဒေါ်စောမြိုင်နဲ့ မိသားစုများက မိမိတို့ရဲ့ ရင်နှစ်သည်းချာ သားရတနာလေး နှစ်ဦးဖြစ်တဲ့ မောင်ခင်မောင်ဇော်နဲ့ မောင်ခင်မောင်ကျော်ဆိုတဲ့ သားရတနာလေးနှစ်ဦးကို ဘုရားပစ္စေကာ အရိယာအပေါင်း သူတော်ကောင်းတို့ရဲ့ အဆင်တန်ဆာဖြစ်တဲ့ သက်န်းသပိတ်ပရိက္ခရာ၊ ကမ္မာနဲ့ချီပြီးတော့ ဆင်ရခဲ့တဲ့ တန်ဆာ၊ ဆင်ရခဲ့, ချီးမြှောက်နိုင်ခဲ့တဲ့ သက်န်းသပိတ်ပရိက္ခရာ၊ အဆင်တန်ဆာများနဲ့ သားရတနာလေး(၂)ဦးရဲ့ ခန္ဓာကိုယ်ပေါ်မှာ တန်ဆာဆင်ပေးပြီးတော့ ရှင်သာမဏေဘောင်ရောက် သွတ်သွင်းချီမြှောက်တဲ့ ဓမ္မာနုဂ္ဂဟပဗ္ဗဇ္ဇမင်္ဂလာ လာရောက်ပြီးတော့ ကျင်းပပြုလုပ်ပါတယ်။

အဲဒီ ဓမ္မာနုဂ္ဂဟကုသိုလ်မင်္ဂလာဆိုတာ၊ ဓမ္မာနုဂ္ဂဟဆိုတာ ဘာပြော တာတုန်းလို့ဆိုတော့ ဓမ္မနဲ့တန်ဆာဆင်ပြီးတော့ ချီးမြှောက်တာ၊ ကိုယ့်သား ကိုယ့်သမီးကို ချီးမြှောက်နည်း (၂)မျိုးပဲရှိတယ်၊ အကျဉ်းချုပ်က လောကီအဆင် တန်ဆာနဲ့ ချီးမြှောက်ခြင်း၊ လောကုတ္တရာအဆင်တန်ဆာပစ္စည်းနဲ့ ချီးမြှောက်ခြင်း. . . လို့ (၂)မျိုးပဲရှိပါတယ်။ လောကီအဆင်တန်ဆာပစ္စည်းဥစ္စာ စားဖွယ် သောက်ဖွယ်မျိုးစုံနဲ့ ချီးမြှောက်တာကျတော့ အာမိသာနုဂ္ဂဟလို့ ဘုရားက ဟောတယ်၊ အာမိသဆိုတာ လောကီပစ္စည်းပါပဲ၊ လောကီအဆင်တန်ဆာ ပုဆိုးကောင်းကောင်း အင်္ကျီကောင်းကောင်း ဝတ်ထည်ဖျင်စင်းကောင်းကောင်းတွေ၊ လက်ဝတ်တန်ဆာ ဖြစ်တဲ့ လက်စွပ်လက်ကောက်၊ နားဝတ်တန်ဆာ၊ လည်ဝတ်တန်ဆာဖြစ်တဲ့ ဆွဲကြိုး ပုတီး၊ အဲဒီလိုအားဖြင့်ပေါ့လေ ခေါင်းဝတ်တန်ဆာဖြစ်တဲ့ ခေါင်းမှာဆင်ရဟဲ့ ရွှေ, ငွေ, ကျောက်သံပတ္တမြား အစရှိတဲ့ အဆင်တန်ဆာ။

http://www.dhammadownload.com



ဒီတော့ ကိုယ့်သားကိုယ့်သမီးကို အဲဒီလို လောကီပစ္စည်း လောကီဝတ်စား တန်ဆာ, လောကီအဆင်တန်ဆာ, လောကီအစားအသောက်, လောကီ အနေ အထိုင်, လောကီနေရာထိုင်ခင်း စသည့်ဖြင့် ဒါတွေနဲ့ ချီးမြှောက်တာကိုတော့ အာမိသာနုဂ္ဂဟလို့ခေါ်တယ်၊ အာမိသ-လောကီပစ္စည်းနဲ့၊ အနုဂ္ဂဟ-ချီးမြှောက် တာ။ လောကီပစ္စည်းကို အာမိသလို့ ဘုရားကဟောတာက အာမိသဆိုတဲ့အ ဓိပ္ပါယ်ကိုက သူက တဏှာဖြင့်၊ ကိလေသာဖြင့်သုံးသပ်အပ်တဲ့ ပစ္စည်းမို့လို့ သူ့ကို "ကိလေသေဟိ အာမသိ-တဗ္ဗတော အာမိသံ" တဏှာနဲ့ လောဘနဲ့ ဒိဋ္ဌိနဲ့ မာနနဲ့ ဒီလိုသုံးသပ်မှုခံရတဲ့ ပစ္စည်းကို အာမိသလို့ ခေါ်ထားတယ်၊ ဒီတော့ အဲဒီအာမိသ ခေါ်တဲ့ လောကီပစ္စည်း နဲ့ ချီးမြှောက်နည်း။ ဓမ္မာနုဂ္ဂဟခေါ်တဲ့ လောကုတ္တရာ ပစ္စည်းနဲ့ ချီးမြှောက်နည်းလို့ ချီးမြှောက်နည်း (၂)မျိုးရှိပါတယ်၊ ကိုယ့်သားကိုယ့် သမီးလေးတွေကို တန်ဆာဆင် ချီးမြှောက်နည်း (၂)မျိုးပဲရှိပါတယ်၊ များများမ ရှိပါဘူး။

ဖြန့်ပြီးတော့ လောကီနယ်ကဟာတွေနဲ့ လျှောက်ပြောရင်တော့ အများ ကြီးပေါ့လေ၊ ဝတ်ကောင်းစားကောင်း ပုဆိုးအကျီ တစ်ထည်(၁၀၀၀)တန်တွေ ဝယ်ဆင်တာ၊ (၅၀၀)တန်တွေ ဝယ်ပေးတာ၊ ရွှေတွေ ငွေတွေဆိုရင် တကတည်း တစ်ထောင်တန်, တစ်သောင်းတန် ဆင်တာနဲ့ ဒီလို ရွှေဆင်တာ ငွေဆင်တာ စိန်ဆင်တာ ပတ္တမြားဆင်တာ လည်ဆွဲဆင်တာ လက်ကောက်ဆင်တာနဲ့ ဒီလို လျှောက်ပြောနေရင်တော့ အများကြီးပေါ့လေ၊ သို့သော် အကျဉ်းချုပ်လိုက်ရင် လောကီပစ္စည်းအဆင်တန်ဆာနဲ့ တန်ဆာဆင်ခြင်း၊ လောကုတ္တရာပစ္စည်းအဆင် တန်ဆာနဲ့ တန်ဆာဆင်ခြင်း. . . လို့ ကိုယ့်သားကိုယ့်သမီးကို တန်ဆာဆင်နည်း (၂)မျိုးရှိတယ်၊ ချီးမြှောက်နည်း(၂)မျိုးရှိတယ်၊ အဲဒီထဲက ဒီနေ့ ဒကာဦးစတို့ ဒေါ်စောမြိုင်တို့က ကိုယ့်သားရတနာလေး(၂)ဦးကို ဒီနေ့ လောကုတ္တရာအဆင် တန်ဆာ ဆင်ပြီးတော့ ချီးမြှောက်တာခေါ်တယ်၊ လောကီချီးမြှောက်တာထက် သာတဲ့ လောကုတ္တရာအဆင်တန်ဆာနဲ့ ချီးမြှောက်တာခေါ်တယ်၊ သူကမြတ်တယ်၊ သူက သာတယ်တဲ့၊ အဲဒါကို ဘုရားရှင်ကိုယ်တော် မြတ်ကြီးက အင်္ဂုတ္တရနိကာယ် ပါဠိတော်မှာ-

"ဧတဒဂ္ဂံ ဘိက္ခဝေ ဒွိန္နံ အနုဂ္ဂဟာနံ၊ ယဒိဒံ ဓမ္မာနုဂ္ဂဟော"

ဘိက္ခဝေ-မင်ဖိုလ်နိဗ္ဗာန်လိုလား, အမျိုးကောင်းသား, အမျိုးကောင်း သမီး အပေါင်း သူတော်ကောင်းတို့၊ ဒွိန္နံ အနုဂ္ဂဟာနံ-မိမိတို့ သားသမီးရတနာတို့ကို လောကီပစ္စည်း အမျိုးမျိုးတို့နဲ့ ချီးမြှောက်နည်း, တန်ဆာဆင်နည်းဆိုတဲ့ အာမိသာ နုဂ္ဂဟ, လောကုတ္တရာအဆင်တန်ဆာနဲ့ တန်ဆာဆင်ချီးမြှောက်ခြင်းဆိုတဲ့ ဓမ္မာ

http://www.dhammadownload.com



နုဂ္ဂဟဆိုတဲ့ အနုဂ္ဂဟချီးမြှောက်မှု မြှင့်တင်မှု တန်ဆာဆင်မှု (၂)ပါးတို့တွင်၊ ယဒိဒံ (ယော အယံ) ဓမ္မာနုဂ္ဂဟဟော-အကြင်လောကုတ္တရာပစ္စည်းနဲ့ အဆင်တန်ဆာဆင်ပြီးတော့ ချီးမြှောက်တဲ့နည်းသည်၊ အတ္ထိ-ရှိ၏၊ ဧတံ ဧသော-ဤလောကုတ္တရာ အဆင်တန်ဆာနဲ့ တန်ဆာဆင်ပြီးတော့ ချီးမြှောက်တဲ့ ဓမ္မာနုဂ္ဂဟချီးမြှောက်နည်းသည်၊ အဂ္ဂံ အဂ္ဂေါ-အိုနာသေဇာတ်၊ အမြစ်ပြတ်၍၊ လွတ်လပ်စေတတ်သဖြင့်၊ အကောင်းမြတ်ဆုံး ဖြစ်ပါပေတော့သတည်း။

## သာဓု. . . သာဓု. . . သာဓုပါဘုရား။

ကိုယ့်သားကိုယ့်သမီးဆိုတာ. . . တဲ့ ဘဝသံသရာကျင်လည်ပြီးတော့ လာခဲ့ကြတိုင်း လာခဲ့ကြတိုင်း တန်ဆာဆင်မှုဆိုတာရှိကြတာချည်းပဲ၊ ချီးမြှောက်မှုဆိုတာ ရှိကြတာချည်းပဲ၊ ထောက်ပံ့မှုဆိုတာရှိကြတာချည်းပဲ၊ ဒီတော့ သူများ မပြောပါနဲ့ အခုအလှူ့ဒကာဦးစတို့ အလှူ့အမဒေါ်စောမြိုင်တို့ ကိုယ်တိုင် ဘဝသံသရာ စခန်းလာခဲ့တဲ့လမ်းကြီးမှာ ဘဝပေါင်းများစွာ ကျင်လည်ပြီးတော့လာခဲ့ထော့ သားသမီးဆိုတာ များသောအားဖြင့် ရှိခဲ့တဲ့ဘဝတွေ များပါတယ်၊ ကိုယ်က မွေးတဲ့ ကိုယ့်ရင်ကပေါက်ဖွားတဲ့ သားသမီးမရှိပြန်လည်း သူများသားသမီး ယူမွေးစားကြတယ်၊ တူသားနောင်မယ် မြေးမြစ်တွေ စောင့်ရှောက်ကြရ ဒါလည်း သားသမီး ချီးမြှောက်ရတာပဲ၊ ဒီတော့ အဲဒီလို ဘဝသံသရာစခန်း လာခဲ့တဲ့လမ်းကြီး တစ်လျှောက်လုံး ယနေ့ဒကာဒကာမအပေါင်း သူတော်ကောင်းတွေ သားသမီးဆိုတာ တွေ့ခဲ့ကြတယ်၊ ကြုံခဲ့ကြတယ်၊ ဆုံခဲ့ကြတယ်၊ ကြုံတဲ့အကြိမ်တွေက များပါတယ်။

လူမှမဟုတ်ဘူး တိရစ္ဆာန်ဖြစ်သော်လည်း သားသမီး ခွေးဘဝရောက်တော့လည်း ခွေးကလေးလေးတွေ ခွေးသားသမီးလေးတွေ၊ ကြက်မကြီး ကြက်တွေဖြစ်တော့လည်းပဲ သားသမီးရှိခဲ့တာပဲ၊ နွားဖြစ်တော့လည်း ကျွဲဖြစ်တော့လည်း ရှိတာချည်းပဲ၊ အပါယ်လေးဘုံလည်း သားသမီးရခဲ့ကြတာချည်းပဲ၊ ရခဲ့တော့ ကိုယ့်သား ကိုယ့်သမီး ချီးမြှောက်ခဲ့ကြရတယ်၊ ရှာပြီးအစာကျွေးရ နို့တိုက်ရ အစာရှာကျွေးရ သူတို့နေဖို့ ထိုင်ဖို့ကော ခွေးဖြစ်တော့လည်း ကျင်းယက်ပေးရ၊ ကြက်ဖြစ်တော့လည်း မြှုပ်ဖွဲ့ပေးရ၊ ငှက်ဖြစ်တော့လည်း အသိုက်လုပ်ပေးကြရနဲ့၊ ဒါ သားသမီး ဒီလိုပဲ စောင့်ရှောက်ခဲ့ကြ ချီးမြှောက်ခဲ့ကြတာချည်းပါပဲ။

အဲ-လူဖြစ်တော့ဆိုတာက ပြောစရာမလိုဘူး၊ အပါယ်လေးဘုံ ရောက်နေတာတောင် ချီးမြှောက်ခဲ့ကြရတယ်၊ သို့သော် အဲဒီချီးမြှောက်ခဲ့တာတွေက ဘာတွေတုန်းဆိုတော့ လောကီချီးမြှောက်နည်း. . . တဲ့၊ လောကီချီးမြှောက်နည်း၊ အာမိသာ-

http://www.dhammadownload.com



နုဂ္ဂဟာလို့ခေါ်တယ် ဘုရားက၊ ယနေ့ အလှူဒကာ ဦးစ အလှူအမ ဒေါ်စောမြိုင်တို့က သားလေး(၂)ယောက်အပေါ်မှာ တန်ဆာဆင်ပြီးတော့ ချီမြှောက်လိုက်တဲ့ တန်ဆာဆင် ချီမြှောက်နည်းက ဓမ္မာနုဂ္ဂဟ၊ ဓမ္မာနုဂ္ဂဟဆိုတာ ဘာခေါ်တာတုန်းဆိုတော့ အခုလို ရှင်ပြုတာ ရဟန်းခံတာ ဓမ္မာနုဂ္ဂဟပဲ၊ ပါရာဇိကဏ်အဋ္ဌကထာဆရာကြီးက-

* ယော ဟိ ကောစိ အတ္တနော ဩရသံ ဝါ ပုတ္တံ ပဗ္ဗာဇေတိ၊
(သော ဓမ္မာနုဂ္ဂဟေန အနုဂ္ဂဟေတိ နာမ)

ယောဟိ ကောစိ-အကြောင်းအမှတ်မရှိ တစ်စုံယောက်သော, အမျိုးကောင်းသား, အမျိုးကောင်းသမီးသည်၊ အတ္တနော ဩရသံ ဝါ ပုတ္တံ-မိမိရင်မှ ပေါက်ဖွားတဲ့ သားသမီးရတနာကိုသော်လည်းကောင်း၊ ပရေသံ ဝါ ပုတ္တံ- သူတစ်ပါးတို့၏ရင်မှ, ပေါက်ဖွားတဲ့ သားသမီးရတနာကိုသော်လည်းကောင်း၊ ပဗ္ဗာဇေတိ- သင်္ကန်းသပိတ် ပရိက္ခရာ, ခန္ဓာမှာ ဆင်မြန်းပြီးသကာလ, ရှင်ရဟန်း ပြုပေး၏၊ သော-ထိုကဲ့သို့ မိမိသားသမီး, သူတစ်ပါးတို့ရဲ့ သားသမီးကို, ဘုရားပစ္စေကာ, အရိယာအပေါင်း, သူတော်ကောင်းကြီးတို့ရဲ့, အဆင်တန်ဆာဖြစ်တဲ့, သင်္ကန်းသပိတ်, ပရိက္ခရာ, ခန္ဓာပေါ်မှာ, ဆင်မြန်းပြီးတော့, ရှင်ရဟန်းပြုပေးတဲ့ပုဂ္ဂိုလ်သည်၊ ဓမ္မာနုဂ္ဂဟေန-လောကုတ္တရာအဆင်တန်ဆာနဲ့ ချီးမြှောက်နည်းဖြင့်၊ အနုဂ္ဂဟေတိ နာမ-မုချမသွေ, ချီးမြှောက်ရာရောက်ပါပေတော့သတည်း။

သာဓု . . . သာဓု . . . သာဓုပါဘုရား။

ဒီတော့-ဓမ္မာနုဂ္ဂဟလောကုတ္တရာနဲ့ တန်ဆာဆင်ချီးမြှောက်တယ်ဆိုတာ ဘာလုပ်တာ ပြောတာတုန်းဆိုတော့ ရှင်ရဟန်းပြုပေးတာ ပြောတာ၊ ကိုယ့်သားကိုသော်လည်းကောင်း, ကိုယ့်သမီးကိုသော်လည်းကောင်း, ရှေးတုန်းကတော့ သားရော သမီးရော ကိုရင်ဝတ်ပေးရတယ်၊ ဘိက္ခုနီသာသနာရှိနေတော့ သားမွေးလာလည်း ရှင်ပြုပေးရ, သမီးမွေးလာလည်း ရှင်ပြုပေးရတယ်၊ ကိုရင်မလေး ဝတ်ပေးရတယ်၊ အဲဒီကနေ တစ်ဆင့်တက်တော့ ကိုရင်မလေးကနေ သိက္ခမာန်မလေး (၁၈)နှစ်အရွယ်ရောက်တော့။ နောက်တော့ ဘိက္ခုနီမလေး ရဟန်းမလေးဖြစ်၊ သားကလည်း ကိုရင်, ကိုရင်ကနေတဆင့်တက်တော့ ရဟန်း, သူက နှစ်ဆင့်ရှိတယ်။ အမျိုးသမီးတွေက သုံးဆင့်တက်ရတယ်၊ ကိုရင်မ-တဲ့ အသက်(၁၈)နှစ်က (၂၀)ကြားကျတော့ သိက္ခမာန်မတဲ့၊ အသက်(၂၀)ပြည့်သွားတော့ ရဟန်းမတဲ့၊ အဲဒီလိုအားဖြင့် ရှေးကတော့ သားရောသမီးရော ဒီလိုပဲ တန်ဆာဆင် ချီးမြှောက်ရတယ်။

ဒီတော့ အဲဒီရှင်ရဟန်းအဆင်တန်ဆာနဲ့ တန်ဆာဆင်လိုက်, ချီးမြှောက်

---

* ဝိ-၄-၁၊ ၃၈။

http://www.dhammadownload.com



လိုက်တာကျတော့ အကြိမ်နည်းတယ်၊ ဘဝသံသရာမှာ အကြိမ်နည်းတယ် ဘာပြု လို့ အကြိမ်နည်းတာတုန်းလို့ဆိုတော့ သူက ဘုရားပွင့်တဲ့အချိန်နဲ့ ကြုံမှ၊ ကိုယ် ကလည်း လူ့ဘဝနဲ့ ရအုန်းမှ၊ ကာလကောင်းနဲ့ဘဝကောင်း နှစ်ခုစုံမှ ချီးမြှောက်နိုင် တာကိုး။ ကာလကောင်းနဲ့ဘဝကောင်းနှစ်ခုစုံမှ ဒီရှင်ပြုတယ်ဆိုပြီးတော့ ဒီလို သက်န်းသပိတ်ပရိက္ခရာ ကိုယ့်သားကိုယ့်သမီး ခန္ဓာပေါ်မှာ ဆင်နိုင်တာ၊ ဘဝ ကောင်း ချော်နေရင် ခုနကဆိုပါတော့ ခွေးဘဝ ရောက်နေပြီ ကြက်ဘဝ, ငှက်ဘဝ ရောက် သားတော့ရှိသား, သမီးလည်းရှိသားပဲ၊ သို့သော်. . . ဒီပြင် လောကီနည်း တွေနဲ့သာ လျှောက်ပြီးတော့ ရှာဖွေကျွေး, နို့တိုက်နဲ့၊ ဒီလိုသာ သူချီးမြှောက်နိုင်တယ်၊ အခုလို ဘုရားပစ္စေကာ အရိယာသူတော်ကောင်းကြီးတွေရဲ့ အဆင်တန်ဆာဖြစ်တဲ့ သက်န်း သပိတ် ပရိက္ခရာ တန်ဆာဆင်မှုမပြုနိုင်ကြဘူး။

တစ်ခါ-လူ့ပင်ဖြစ်သော်လည်းပဲ ဘဝကတော့ ကောင်းတာပါပဲ, ကာလက တော့ မကောင်းပြန်ဘူး. . . ကာလဆိုတာ ဘုရားပွင့်ပြီး ဘုရားသာသနာအဖြစ်နဲ့ ကြုံတာကို ကာလကောင်းလို့ခေါ်တယ်၊ မဂ်ဖိုလ်နိဗ္ဗာန်ရကြောင်း အိုနာသေဇာတ် အမြစ်ပြတ်ပြီးတော့ လွတ်လပ်တဲ့ နိဗ္ဗာနဓာတ်ကြီးကို ရရာရကြောင်း အလုပ် ကောင်းတွေ လုပ်နိုင်တဲ့အချိန်ကြီးကို ကာလကောင်းကြီးလို့ခေါ်တယ်၊ ဒါကို ဘုရား ပွင့်တဲ့အချိန် ဘုရားသာသနာထွန်းလင်းတဲ့ အချိန်ကာလကောင်းခေါ်တယ်၊ ဒီတော့ ကိုယ်ကဘဝကောင်းရနေပေမဲ့လို့ ကာလကောင်းနဲ့ကြုံအုံးမှ၊ ကိုယ်က တော့ လူဖြစ်နေပါတယ်၊ သို့သော်. . . အဲဒီသာသနာက ဘုရားက လောက ကြီးထဲ မပွင့်ဘူးတဲ့၊ သာသနာကလည်း မရှိဘူးတဲ့၊ ဆိတ်သုဉ်းနေတဲ့ အချိန်နဲ့, ဒီလိုဆိုရင်လည်းပဲ အခုလို သက်န်း သပိတ် ပရိက္ခရာ တန်ဆာဆင်တယ်ဆိုတာ မရှိနိုင်ဘူး။

ဒါ ခုရှိနေသည့်တိုင်အောင် ဘုရားသာသနာကြုံနေပေမဲ့လို့ ခေတ်ကောင်း ကြီးကလည်း ရှိနေပေမဲ့လို့ ကိုယ်ကလည်း ဘဝကောင်းကြီးရ, လူ့ဘဝဖြစ်နေပေမဲ့ လို့၊ အဲဒီကာလကောင်းနယ်နိမိတ်အတွင်း ကိုယ်ကမရောက်ရင်၊ ကာလကောင်း နယ်နိမိတ်အတွင်း မရောက်ရင်ဆိုတာ လူတော့ဖြစ်နေပြီလေ၊ အခု ကမ္ဘာမှာ လူတွေလည်း ရှိနေကြတာပဲ၊ သို့သော် ဘုရားသာသနာကို ကြည်ညို မှိုင်းယုံကြည်တဲ့ သဒ္ဓါဓာတ်က ကိုယ့်ဝမ်းထဲမှာ မကပ်ဘူးဆိုရင် မရှိဘူးဆိုရင် ဒါဘဝကောင်းနေပေမဲ့ လို့ ကာလကောင်းနေပေမယ့်လို့ အကြောင်းမညီညွတ်ပြန်ဘူး။ ဒီတော့ ချို့ယွင်း ချက်တွေက နည်းတာမဟုတ်ဘူး။ ကိုယ်က ဘဝမကောင်းလို့ အပါယ်လေးပါး ခွေးဝက်ကြက်ငှက် နွား, ပိုးမွှား တိရစ္ဆာန် အပါယ်လေးဘုံ ရောက်နေပြန်ရင်လည်း၊ ဒီလို ရှင်ပြုတယ်ဆိုတာ ဖြစ်ကိုမဖြစ်တော့ဘူး၊ လုံးလုံးကို မစဉ်းစားမိတော့ဘူး၊ ဖြစ်ဖို့ဆိုတာ ဝေးလို့။

http://www.dhammadownload.com



တစ်ခါကိုယ်က ဘဝကောင်း လူ့ဘဝရောက်နေပေမဲ့လို့ ဘုရားသာသနာ ကမ္ဘာလောကကြီးထဲ ဆိတ်သုဉ်းနေတဲ့အချိန် ဆိုပြန်ရင်လည်း မဖြစ်ပြန်ဘူး၊ ကိုယ်လည်း လူဖြစ်နေတယ်, ဘုရားသာသနာလည်း လောကကြီးထဲ ရှိနေတယ်၊ ဘုရားလည်း ပွင့်ထားလို့ ဘုရားသာသနာလည်းရှိနေတယ်၊ အခွင့်ကောင်းကြီး အခါကောင်းကြီးရှိတယ်၊ ခေတ်ကောင်းကြီးမိနေတယ်။ ခေတ်ကောင်းကြီး ရှိနေတယ်ဆိုသည့်တိုင်အောင်၊ အဲဒီခေတ်ကောင်းကို ကိုယ်က ခေတ်ကောင်းအတွင်း ရောက်နေတဲ့သူကလည်း ဖြစ်အုန်းမှ၊ အဲဒီခေတ်ကောင်း အခါကောင်းကြီးကို ကိုယ်က ယုံကြည်သက်ဝင်နိုင်တဲ့သူမဟုတ်တဲ့ လူဖြစ်နေပြန်ရင်လည်း ဒါ မချီးမြှောက်နိုင်ဘူး။ ဘုရားသာသနာဆိုတာက ခေတ်ကောင်းကြီး အခါကောင်းကြီး၊ ဘာပြုလို့အခါကောင်းကြီး ပြောတာတုန်းဆိုတော့ ဒကာဒကာမတွေ ဒီနေ့ မတွေ့ချင် မကြုံချင်တဲ့ အိုဘေးအမျိုးမျိုး, နာဘေးအဖုံဖုံ, သေဘေးအတန်တန်ကို ငြိမ်းပျောက်အောင် လုပ်ပေးနိုင်တဲ့ ခေတ်ကြီးမို့လို့ သူ့ကို ခေတ်ကောင်းကြီး. . . လို့ ခေါ်တယ်။

ဘယ်သူ့သွားမေးမေး အိုချင်သလားလို့မေးကြည့်ရင် ဘယ်သူမှ မအိုချင်ဘူး၊ မြန်မာလူမျိုးမေးကြည့်လည်း မအိုချင်ဘူး၊ ဟို-အမေရိကန် အင်္ဂလန်သွားမေးကြည့်စမ်းပါ ဆံပင်ဖြူချင်သလား, သွားကျိုးချင်သလား, မကျိုးချင်လို့ကို ဆံပင်မဖြူချင်လို့ ဒီနေ့ သိပ္ပံဆေးပညာတွေနဲ့ အမျိုးမျိုးကြိုးစားနေကြတာ၊ ဘယ်သူ့သွားမေးမေး မနာချင်ဘူးပြောမှာပဲ၊ ဘယ်သူ့သွားမေးမေး မသေချင်ဘူးလို့ချည်းပြောမှာ၊ လူမျိုးတိုင်း။ ဇာတ်သာ ပြားချင်ပြားမယ် ဓာတ်မပြားဘူး၊ ဇာတ်ကတော့ သူက အင်္ဂလိပ်ဇာတ်, အမေရိကန်ဇာတ်, ဥရောပဇာတ်, ဒီက အာရှဇာတ်၊ ဇာတ်တော့ ကွဲချင်ကွဲမယ် သူက ကုလားဇာတ် ဗမာဇာတ်ဆိုတော့။ ဓာတ်ကတော့ ရုပ်ဓာတ်နာမ်ဓာတ် အတူတူပဲ၊ မအိုချင် မနာချင် မသေချင်တဲ့ဓာတ်ကတော့ အတူတူပဲ၊ ဒီတော့ အဲဒီ မအို မနာ မသေတဲ့ သန္တိသုခဓာတ်ကြီးကို ရအောင် ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်တဲ့ခေတ်ကို ခေတ်ကောင်းကြီး. . . လို့ ခေါ်တယ်၊ ကာလကောင်းကြီးလို့ခေါ်တယ်၊ အဲဒါ ဘုရားသာသနာပဲရှိတယ်၊ ဘုရားသာသနာကမှ ရှိတာ။

ရှိတာ ရှိတဲ့အတိုင်း အမှန်မြင်တဲ့ သစ္စာတရားမြင်တဲ့ အလေ့အလာ အားထုတ်မှုရှိရတယ်၊ သစ္စာမြင်တဲ့ အမှန်မြင်တဲ့အလေ့အလာ အားထုတ်မှုရှိမှ၊ အမှန်မြင်မှ ဒီအထင်မှားနေတဲ့တရားတွေကို လိုချင်တဲ့ကိလေသာအပူ ငြိမ်းတယ်၊ ကိလေသာအကြောင်းငြိမ်းမှ ဒီရုပ်နာမ်ခန္ဓာအကျိုးပေါ်ပြီး ငြိမ်းတယ်၊ ရုပ်နာမ်ခန္ဓာ အကျိုးပေါ်ပြီးငြိမ်းမှ ခုနက အိုတယ် နာတယ် သေတယ်ဆိုတာတွေ ရုပ်နာမ်ပေါ်

http://www.dhammadownload.com



မှီဖြစ်တာမို့လို့ အဲဒီ အိုနာသေရေးဒုက္ခဘေး ငြိမ်းတယ်. . .။ ဒီတော့ ဒီ အိုနာသေမှုဒုက္ခဟာ ဘယ်ပေါ်မှီဖြစ်တာတုန်း ရုပ်နာမ်ပေါ်မှီဖြစ်တာ၊ ရုပ်နာမ်ခန္ဓာသစ်ပင်ကြီးပေါ်မှီဖြစ်တာ၊ အဲဒီ ရုပ်နာမ်ခန္ဓာသစ်ပင်ကြီးကို ပေါက်အောင်လုပ်တာ ဘယ်သူတုန်း၊ ကိလေသာကံမျိုးစေ့၊ လောဘဒေါသစတဲ့ ကိလေသာကံတွေကြောင့် မျိုးစေ့တွေကြောင့် ရုပ်နာမ်ခန္ဓာသစ်ပင်ကြီးတွေ ပေါက်တာ၊ အထူးသဖြင့် တဏှာဆိုတဲ့ သမုဒယသစ္စာလို့ အမည်တတ်ရတဲ့ တဏှာဆိုတဲ့ ကိလေသာမျိုးစေ့ကြောင့် ရုပ်နာမ်ခန္ဓာသစ်ပင်ပေါ်မှာမှီဖြစ်တဲ့ အိုဘေး နာဘေး သေဘေးဆိုတဲ့ အသီးအပွင့်က လာတော့တာပဲ။

ဒါဖြင့် အဲဒီရုပ်နာမ်ခန္ဓာပေါ်မှာ မှီပေါက်တဲ့ အိုနာသေဆိုတဲ့ အသီးအပွင့် ငြိမ်းပျောက်စေချင်ရင် သူ့ကို သီးစေပွင့်စေတဲ့သစ်ပင်ကြီး မရှိဖို့လိုတယ်၊ အဲဒီ သစ်ပင်ကြီး ပျောက်စေချင်ရင် ဒီသစ်ပင်ကြီးပေါက်အောင်လုပ်နေတဲ့ မျိုးစေ့ကိုပါ သတ်ရမယ်၊ မျိုးစေ့ဆိုတာ ကံ, ကိလေသာလို့ခေါ်တယ်၊ အထူးသဖြင့် လောဘခေါ်တဲ့ တဏှာတရား၊ ဘဝသံသရာ ရုပ်နာမ်ခန္ဓာအပင်တွေ ပေါက်အောင် လျှောက်လုပ်နေတာ သူပဲ၊ ဒီတော့ အဲဒီတဏှာကိလေသာ၊ ဝါ-တဏှာကိလေသာဦးစီးတဲ့ လောဘ,ဒေါသ,မောဟ,မာန,ဣဿာစတဲ့ ကိလေသာအုပ်စုကြီး၊ အဲဒီမျိုးစေ့အုပ်စုကို မီးနဲ့ရှို့လို့ပဲ ဖြစ်ဖြစ်၊ အဆိပ်ဆူးနဲ့ ထိုးလို့ပဲ ဖြစ်ဖြစ်၊ သူ့ကို ကျွမ်းသွားအောင် မီးနဲ့ရှို့ပြီးကျွမ်းသွားအောင် အဆိပ်ဆူးနဲ့ထိုးပြီးတော့ မြုသွားအောင်၊ သို့မဟုတ် ရေနွေးအိုးထဲထည့်ပြီးတော့ ပြုတ်ပြီးတော့ မြုသွားအောင်၊ မျိုးစေ့ကို ပြုတ်လိုက်တော့ သူ မပေါက်နိုင်တော့ဘူး၊ ပေါက်စေတတ်တဲ့သတ္တိတွေ ကုန်သွားတယ်၊ အဆိပ်ဆူးနဲ့ထိုးရင်လည်းပဲ သူနုံသွား၊ သို့မဟုတ် မီးနဲ့ရှို့လိုက်ရင်လည်း ကျွမ်းသွားလို့ မပေါက်တော့ဘူး မပေါက်နိုင်တော့ဘူး၊ မပေါက်နိုင်ရင် သစ်ပင်ကြီးမှ မလာရင် သစ်ပင်ပေါ်မှာ မှီပြီးတော့ ပွင့်ရသီးရတဲ့ အိုနာသေဆိုတဲ့ ဒုက္ခတွေ မလာဘူး။

ဒီတော့ အဲဒီအိုနာသေဒုက္ခ မတွေ့ချင်ရင် ရုပ်နာမ်ခန္ဓာသစ်ပင်ကြီး မရှိဖို့လိုတယ်၊ ရုပ်နာမ်ခန္ဓာသစ်ပင်ကြီး ငြိမ်းပျောက်စေချင်ရင် သူ့ရဲ့ပင်ရင်းမျိုးစေ့ကို ဖျက်ဆီးရတယ်၊ မျိုးစေ့ကို မီးရင်လည်းရှို့ရတယ်၊ ရေနွေးနဲ့ရင်လည်း ပြုတ်ရတယ်၊ အဆိပ်ဆူးနဲ့ရင်လည်း ထိုးရတယ်၊ တစ်မျိုးမျိုးလုပ်မှ၊ ဒီတော့ အခု ကိုရင်ဝတ်တယ်ဆိုတာ ရှင်သာမဏေပြုပေးတာ လောကုတ္တရာအဆင်တန်ဆာ ဆင်ပေးလိုက်ပြီးတော့ ဓမ္မာနုဂ္ဂဟကုသိုလ်နဲ့ သူတို့ကို လောကုတ္တရာအဆင်တန်ဆာ ဆင်ပြီးတော့ ချီးမြှောက်လိုက်တယ်ဆိုတာ ဘာလုပ်တာတုန်းဆိုတော့ မျိုးစေ့မီးရှို့ခိုင်းတာ၊ ဒီနေ့ ကိုရင်လေး(၂)ပါးကို လောကုတ္တရာအဆင် တန်ဆာ သင်္ကန်းသပိတ် ပရိက္ခရာ တန်ဆာဆင်ပြီးတော့ ဆံမုတ်ဆိတ်ကျင်စွယ် ရိတ်ပယ်ပြီးတော့ အခုလို သာမဏေ

http://www.dhammadownload.com



ဘောင်ရောက်အောင် သွတ်သွင်းချိုးမြှောက်လိုက်တာ ဘာလုပ်တာတုန်းလို့မေးရင် ခုနကပြောတဲ့ မျိုးစေ့ကို အသတ်ခိုင်းတာ၊ ဘယ်လိုသတ်တာတုန်း၊ သူတို့ ခေါင်းက ဆံမုတ်ဆိတ်ကျင်စွယ် ပယ်လိုက်သည်နဲ့ တစ်ပြိုင်နက် ဆံပင်နဲ့ပတ်သက်ပြီးတော့ ဖြစ်မယ့် လောဘစာတ်တွေ သတ်ချလိုက်တယ်၊ ဆံပင်အကြောင်းပြုပြီးတော့ ဖြစ်နေကျလောဘတွေ မဖြစ်တော့ဘူး. . . သူတို့.။

သင်္ကန်းကိုပြောင်းလဲဝတ်ရုံလိုက်ခြင်းဖြင့် ဝတ်ထည်ဖျင်စင်းနဲ့ ပတ်သက်တဲ့ လောဘစာတ်တွေ အဖြစ်နည်းသွားတယ်၊ စိမ်းစိမ်းလေးဝတ်ချင်, ဝါဝါလေး ဝတ်ချင်, ပြာပြာလေးဝတ်ချင်ဆိုတဲ့ ဝတ်ချင်တဲ့လောဘရော, ဝတ်နေရင်းမှာ ဖြစ်နေတဲ့ လှတယ်, လှတယ်ဆိုတဲ့လောဘရော ဒါ ငြိမ်းသွားတာပဲ၊ ဒါ သတ်တာပဲ၊ လက်ဝတ်တန်ဆာ ခြေဝတ်တန်ဆာစတဲ့ အဆင်တန်ဆာတွေ မဝတ်ဘူး၊ ကိုရင်ဝတ်ကလေးနဲ့ ကိုရင်ဘဝဆိုတော့၊ သူက ဇာတရူပရဇတသိက္ခာပုဒ်ကြီး ထိန်းထားတာဖြစ်တော့ လက်စွပ်ကလေးတွေ, လက်ကောက်ကလေးတွေ, ခြေချင်းလေးတွေ, ဆွဲကြိုးလေးတွေဆင်ပြင်ပြီးတော့ ကိုယ့်ကိုယ်ကို လှတယ် လှတယ်လို့ ထင်နေတဲ့ အထင်ကြီးတွေရောက်နေတဲ့ တဏှာလောဘစာတ်တွေ၊ ငါမို့လို့ဝတ်နိုင်တာ၊ ငါတို့မို့လို့ ဝတ်နိုင်တာဆိုတဲ့ မာနစာတ်တွေ၊ ငါ့အဝတ်ကို မယူနဲ့နော်၊ ငါ့အဝတ်ကို မထိနဲ့နော်ဆိုတဲ့ ဒေါသစာတ်တွေ၊ ကိုယ့်အဝတ်ကောင်းကောင်း, အစားကောင်းကောင်းလေးရှိ၊ ဒါလေး သူခိုး ခိုးသွားမှာ စိုးရတာနဲ့၊ မီးလောင်မှာ စိုးရတာနဲ့၊ ဓားပြတိုက်မှာ စိုးရတာနဲ့ဆိုတဲ့ သောကတွေ၊ ဒါ ကိလေသာတွေပဲ ဒါ ရုပ်နာမ်ခန္ဓာ အပင် ပေါက်စေမယ့် ကိလေသာတွေချည်းပဲ၊ မျိုးစေ့တွေချည်းပဲ အဲဒါ၊ ဒီတော့ အဲဒီလိုအားဖြင့် ဝတ်စားတန်ဆာနဲ့ ပတ်သက်ပြီးတော့လည်းပဲ ဒါ အကုန်ငြိမ်းတာပဲ၊ သူ့ရှိနေတဲ့ အဝတ်ကလေး ဖန်ဝါတပ်စွန်းတဲ့ အဝတ်ကလေးတောင် ဘုရားက လောဘဖြစ်မှာစိုးလို့-

◈ ချမ်းပူကိုဖျက်, ခြင်,မှက်,လေ,နေ, ကင်းဝေးလွှဲသုဉ်,
ဟိရီဂုဏ်ကို, ကုန်စေတတ်စွာ, ကိုယ်အင်္ဂါကို,
လုံပါစေလို, ကိုယ်ကိုစံပယ်, ဆင်ပြင်မယ်ဟု,
စိတ်ဝယ်မမှန်း, ဤသင်္ကန်းကို, ဖုံးလွှမ်းဝတ်ရုံပါသတည်း. . .။

ငါ့သား ငါ့သမီးများ အဝတ်အကြောင်းပြုပြီးတော့ မင်းတို့ လောဘမျိုးစေ့ မပေါက်စေနဲ့, လောဘမျိုးစေ့တွေ မစုမိစေကြနဲ့. . . ၊ မစုမိစေနဲ့၊ ဆင်ခြင်ဝတ်, ဆင်ခြင်ဝတ်၊ ဒါ ပုတီးစိပ်လို့ခေါ်တယ်၊ ပစ္စဝေက္ခဏာဆင်ခြင်ပြီးတော့ အချမ်းအပူကို ပယ်ဖျောက်ဖို့ဝတ်တာ၊ ဝါ-ဒီအဝတ်ကလေး၊ သူ့မှမဝတ်လို့ရှိရင် ရှက်စရာအင်္ဂါကြီးငယ်တွေ မဖုံးလွှမ်းနိုင်ဘဲနေမှာစိုးလို့ ဝတ်တာပါ၊ ဟော-လှအောင်ဝတ်တာမပါဘူး၊

http://www.dhammadownload.com



ကြွားရအောင်ဝတ်တာမပါဘူး, မော်ရအောင်ဝတ်တာမပါဘူး။ အဲ-လောဘ, ဒေါသ, မာန,သောက, ခုနစ်ုံးရိမ်ရမှုတွေ အကုန်သတ်တာပဲ၊ မျိုးစေ့ မီးရှို့ပေးတာ၊ မျိုးစေ့မီးရှို့တော့ ဒီမျိုးစေ့က အပင်မပေါက်ဘူးပေါ့၊ အပင်မပေါက်ရင် အပင်ပေါ်မှီပြီးတော့ဖြစ်မယ့် အသီးအပွင့်တွေမလာဘူးပေါ့၊ ဇရာ,ဗျာဓိ,မရဏခေါ်တဲ့ အသီးအပွင့်တွေ မလာဘူးပေါ့။

သို့မဟုတ် အဲဒီ ဇရာ,ဗျာဓိ,မရဏခေါ်တဲ့ လင်းနို့ လင်းဝက် ကြွက် ရှဉ့်ကိုက်တာတွေ မလာဘူးပေါ့။ အသီးသီးရင် အသီး ရှဉ့်ကကိုက်တယ်လေ၊ ကြွက်က ကိုက်တယ်လေ၊ လင်းနို့က ကိုက်တယ်လေ။ ဒါ ကိုက်တယ်ဆိုတာ ဇရာ ဗျာဓိ မရဏဒုက္ခခံရတာ တစ်မျိုး။ ဒီတော့ မျိုးစေ့ဟာ ကိလေသာပဲ၊ အဲဒီကိလေသာ မျိုးစေ့။ ကိုရင်လေးဝတ်တဲ့အတွက် ကိုရင်ဘဝရောက်တဲ့အတွက် အဲဒီကိလေသာကို သတ်တယ်၊ ဆံပင်အကြောင်းပြုပြီးဖြစ်တဲ့ ကိလေသာကို သတ်တယ်၊ ဒါ့ကြောင့် ဘုရားက ရှင်ပြုတယ်ဆိုကတည်းကိုက ဆံချရတာ၊ ရိတ်ပစ်လိုက်၊ ခေါင်းကဆံကို ရိတ်ပစ်လိုက်၊ ရိတ်ပစ်လိုက်၊ သူ့အကြောင်းပြုပြီးတော့ လောဘမျိုးစေ့တွေ၊ ဟော့-ငါ့ဆံပင်မထိနဲ့, ငါ့ဆံပင်မတို့နဲ့, ငါ့ ဘာထင်တုန်း၊ ဟော-ဒေါသတွေ, မာန်မာနတွေ၊ အဲဒီလိုအားဖြင့် ဒီဆံပင်နဲ့ပတ်သက်ပြီးတော့ နေ့တိုင်းဖြစ်နေတဲ့ လောဘဒေါသမာနစတဲ့ တရားတွေလည်း သတ်ချင်လို့ သတ်စေချင်လို့, ဘုရားရှင်ကိုယ်တော်မြတ်က သူတောထွက်လာတော့လည်း ဒီလိုပဲ သူ့ဆံပင် ပယ်ခဲ့တာ၊ အမှတ်တမဲ့လုပ်တဲ့ အလုပ်မဟုတ်ဘူး၊ ဘုရားလုပ်တဲ့အလုပ်တော်က အကြောင်းအကျိုးဆင်ခြင်ပြီး မြင်ပြီးတော့မှ လုပ်တဲ့အလုပ်၊ ဒါ့ကြောင့် သူတောထွက်တုန်းကလည်း ရှင်ပြုတုန်းကလည်း သူ့ကိုယ်သူဆံပင် ပယ်ခဲ့တယ် အနော်မာသောင်ကမ်းမှာ။

ပြီးတော့ ယင်္ဂိကာရပြဟ္မာဆက်တယ်လို့ဆိုတဲ့ ကြာသက်န်း၊ နန်းတော်ကဝတ်လာတဲ့ ကောင်းပေ့ဆိုတဲ့ ကောတုမ္ဗရတိုင်းဖြစ်, ကာသိတိုင်းဖြစ် ကောင်းပေ့ နုပေ့ဆိုတဲ့ အဝတ်ကလေးတွေ ချွတ်၊ ရွှေစလွယ်တွေ ငွေစလွယ်တွေ ချွတ်၊ လက်စွပ်လက်ကောက်တွေ ချွတ်၊ နားမှာဆင်ထားတဲ့ နားကပ်တွေ စိန်နားကပ်ကြီးတွေ ချွတ်၊ အကုန်လုံး ဆန္ဒအမတ်ကြီး အကုန်းလုံးထုတ်ပုံပေးလိုက်ပြီးတော့မှ ဖန်ရေတပ်စွန်းတဲ့ သင်္ကန်းကိုပြောင်းဝတ်တာ၊ ကိလေသာသတ်တာ၊ ဒီမင်းမြောက်တန်ဆာကြီးတွေနဲ့ စိန်တွေရွှေတွေ တဝင်းဝင်း တလက်လက်နဲ့ ဘုရားအလောင်းတောထဲသွားနေရင် သူ့ဘာသူကိုက "အင်း. . . ငါ့ဘယ်နားများ ဓားပြက လူဆိုးက ထွက်လုမှာတုန်း၊ ဒီစိန်တွေ ရွှေတွေပါနေတော့ ဘယ်တော့ ထွက်လုမတုန်း၊ ဘယ်တော့ ထွက်ရိုက်မှာတုန်း" ဟော-သောက၊ ကိလေသာ၊ ငါ့မှာရှိတယ်,

http://www.dhammadownload.com



ငါ့မှာရှိတယ် လောဘ၊ ငါမို့လို့ဆင်နိုင်တာ မာနလာနေတာပဲ ဒါတွေက၊ ကိလေသာစာတ်တွေက ဘုရားအလောင်းကြီးလည်း ချမ်းသာမပေးဘူး၊ ပုထုဇဉ်သား မှန်သမျှဆိုရင်ရှိတာပဲ၊ ဒီတော့ အဲဒါတွေကို အကုန်လုံးသတ် ပယ်ချင်လို့၊ ရှင်ရဟန်းအဖြစ်နဲ့ သီလနဲ့သတ်တော့မယ်ဆိုပြီးတော့ ဒါချွတ် ပယ်ပစ်လိုက်တာ။

အဲသလိုပဲ ရှင်ပြုတော့လည်း ဘုရားက သူ့သားတော် ဘုရားသားတော် အဖြစ်နဲ့ ရှင်ပြုချင်ရင်၊ အေး. . . ခေါင်းကဆံမုတ်ဆိတ် ခေါင်းကဆံပေါ့လေ၊ ဘုန်းကြီးတို့မြန်မာတွေကတော့ မုတ်ဆိတ်ဆိုတာမရှိဘူး၊ ဟိုကုလားတွေကျတော့ မုတ်ဆိတ်ဆိုတာ နှုတ်ခမ်းမွေးဆိုတာရှိတယ်၊ အဲဒါတွေပါ အကုန်လုံး ပယ်လိုက်. . ပယ်လိုက်။ ပြီးတော့မှ ဖန်ရေတပ်စွန်းတဲ့ သင်္ကန်းကိုပြောင်းလဲ ဝတ်ရုံလိုက်၊ သပိတ်ကို ကိုင်လိုက်၊ သပိတ်ဆိုတာ ဒီခန္ဓာကိုယ်ကြီးက အစာမကျွေးလို့ကတော့ မဖြစ်သေးဘဲကိုး၊ ဒီခန္ဓာကိုယ်က မော်တော်ကားနှိုးသလို ဓာတ်ဆီမှ မထည့်ရင် ကားသွားမှာမဟုတ်ဘူး။ မောင်းလို့လည်း ရမှာမဟုတ်ဘူး၊ အဲဒီတော့ ဒီခန္ဓာကိုယ်ကလည်းပဲ အစာမှမကျွေးရင်သူကတရားအလုပ် အားထုတ်ချင်တာတွေ၊ မလုပ်နိုင်တော့ဘူး၊ ဒါ့ကြောင့်အစာကလည်း မကျွေးလို့မဖြစ်ဘူး၊ အဲဒီအစာကျွေးတဲ့ ကိစ္စမှာလည်းပဲ လောဘ ဒေါသတွေပွားပြီးနေမှာစိုးလို့ သပိတ် တော်ပြီ ရွှေးတုန်းက မြေသပိတ်ပေါ့၊ စားလို့လည်းရတယ်၊ ရေသောက်လို့လည်းရတယ်၊ ဒီလို နှစ်ခုနှစ်ဘက်ဆိုင် သပိတ်ပဲ။

အဲဒီလိုမဟုတ်ရင် ရွှေခွက်၊ ငွေခွက်၊ ရွှေပုဂံ ငွေပုဂံ၊ ရွှေဇွန်း ငွေဇွန်း၊ ရွှေလင်ပန်း ငွေလင်ပန်းနဲ့၊ ဟောဒီတင် လောဘဖြစ်စရာတွေ၊ အခုကာလ ဒကာ ဒကာမတွေကောင်းပေ့ဆိုတဲ့ အသုံးအဆောင်ပစ္စည်းတွေ ဟိုကပေါ် ဒီကပေါ် နောက်ဆုံးပေါ်၊ နောက်ဆုံးပေါ်၊ နောက်ဆုံးပေါ်၊ အဲဒီနောက်ဆုံးပေါ်တွေ လိုက်နေတာနဲ့ လောဘတွေသတ်လို့မရဘူး၊ ခုနောက်ဆုံးပေါ်အဝတ်တွေ၊ အခု ကိုယ်ဝတ်နေတဲ့အဝတ်က၊ နည်းနည်းလေး ခေတ်မှိန်သွားပြီ၊ နောက်ဆုံးပေါ် အဝတ်က ဘာတဲ့ဆို ဟော-ဝတ်ချင်ပြန်။ နောက်ဆုံးပေါ်အသုံးအဆောင်က ဘာတဲ့ ပေါ်လာပြန်တယ်၊ ရချင်ပြန်တယ်၊ နောက်ဆုံးပေါ်ကားက ဘာတဲ့ ထဆင် ထူးတဲ့ ဘာတဲ့၊ ရချင်ပြန်၊ ဒီလိုဖြစ်နေတာ၊ ဒီတော့ အဲဒါတွေကို ဘုရားက ပယ်သတ်တာ၊ ဒါတွေက ကိလေသာတွေ၊ မျိုးစေ့တွေ၊ ဒီမျိုးစေ့တွေရှိသမျှ ရုပ် နာမ်ခန္ဓာ အပင်ပေါက်မယ်၊ လူ့ခန္ဓာ နတ်ခန္ဓာ သတ္တဝါခန္ဓာဆိုတဲ့ ရုပ်နာမ်ခန္ဓာ အပင်ပေါက်မယ်၊ ပေါက်ရင်အိုပွင့် နာပွင့် သေပွင့်တွေ ပွင့်မယ်၊ အိုသီး နာသီး သေသီးတွေ သီးမယ်။

http://www.dhammadownload.com



ဒီတော့-အိုသီး နာသီးက ကောင်းတဲ့အသီးလည်းမဟုတ်ဘူး၊ အခါးသီး အစပ်သီးကြီးတွေ၊ အိုပွင့်နာပွင့်သေပွင့်ကြီးတွေက အကောင်းပွင့်မဟုတ်ဘူး၊ အင်မတန်ဆိုးတဲ့ အဆိပ်ပွင့်ကြီးတွေနဲ့တူတယ်၊ ဒါ့ကြောင့် အဲဒါတွေ အဲဒီ အကျိုးတွေမပေါ်အောင် ရုပ်နာမ်ခန္ဓာအပင်ပေါက်စေတဲ့ ကိလေသာစေတ်မျိုး စေ့သတ်မှပဲ. . . ဆိုပြီးတော့၊ သူ့ကိုယ်သူလည်းသတ်ခဲ့တယ်၊ ဆံပယ်ခဲ့တယ် သင်္ကန်း ပြောင်းဝတ်တယ်၊ နောက်တရားကျင့်တယ်၊ ဒီသုံးချက်လုပ်ခဲ့တာ၊ အခု ဒကာဦးစ တို့ဒေါ်စောမြိုင်တို့က သားလေးတွေကို ဘယ်နယ်လုပ်လိုက်တာတုန်း (၁)ဆံပယ်လိုက်တယ်၊ (၂) ဖန်ရေတစ်စွန်းတဲ့သင်္ကန်းကို ပြောင်းလဲဝတ်ရုံ ပြီးတော့ ဝတ်စေတယ်၊ (၃)သရဏဂုံသီလနဲ့ တစ်ရာ့နှစ်ဆယ်သော သိက္ခာသီလကို ကျင့်စေတယ်။

ဟော-ဘုရားအတိုင်းပဲသူတို့၊ ဘုရားကျင့်တဲ့အကျင့်အတိုင်းပဲ၊ လမ်းစဉ်က ဘုရားလမ်းစဉ်ပဲ၊ အဲဒီလို ဘုရားလမ်းစဉ်အတိုင်း ဒီ ကလေးနှစ်ယောက်ကို၊ ရှင်ပြုပေးပြီးတော့ မျိုးစေ့အသတ်ခိုင်းလိုက်တာ၊ လောဘ ဒေါသ မောဟ မာနအစရှိတဲ့ မျိုးစေ့တွေ၊ သတ်ပေးလိုက်တော့၊ တော်တော်နည်းသွားတယ်။ အဖြစ်နည်းသွားတယ်၊ မဖြစ်ဘူးလို့တော့မပြောလိုပါဘူး ပုထုဇဉ်မို့လို့၊ ရဟန်း သာမဏေလည်း ပုထုဇဉ်သားမို့လို့ လောဘဒေါသဖြစ်ပါတယ်၊ သို့သော်. . . ဖြစ်စရာအာရုံကနည်းတဲ့အတွက် အဖြစ်နည်းသွားတယ်၊ လူဝတ်ကြောင်ဘဝကျတော့ ဖြစ်စရာအာရုံတွေက များလွန်းလို့၊ အာရုံတွေများသလောက် ခုနက မျိုးစေ့တွေကလည်း များနေတာ၊ အခု သူတို့ခန္ဓာ အဲဒီ ဖြစ်နေကျ လောဘဒေါသ မောဟ မာနစတဲ့ တရားတွေ အဖြစ်နည်းသွားတယ်၊ အဲဒီ အဖြစ်နည်းသွားတယ်ဆိုတာသည်ပင်လျှင် ရုပ်နာမ်အပင်ပေါက်ဖို့နည်းသွားတာပေါ့၊ ကျဲသွားတာပေါ့၊ အားနည်းသွားတာပေါ့၊ ရုပ်နာမ်ခန္ဓာအပင်ပေါက်ဖို့နည်းသွား ကျဲသွားရင် သီးမယ့်အသီးအပွင့်တွေလည်းပဲ၊ နည်းသွားကျဲသွားတယ် ခေါ်တယ်၊ အိုနာသေအသီးအပွင့်တွေ နည်းသွားတော့တာပေါ့။

ဒါဖြင့်-ဒီနေ့ဒကာဦးစတို့ ဒေါ်စောမြိုင်တို့က သားလေး(၂)ယောက်ကို ရှင်ပြုတယ်ဆိုတာ အိုဘေးကြီးတွေနည်းသွားအောင်ပြုပေးရာရောက်တယ်၊ နာဘေးကြီးတွေနည်းသွားအောင် ကျဲသွားအောင် ပြုပေးရာရောက်တယ်၊ သေဘေးကြီးတွေနည်းသွားအောင် ကျဲသွားအောင် ပါးသွားအောင် ပြုပေးရာ ရောက်တယ်၊ ကိုင်းလောကမှာ အိုဘေး နာဘေး သေဘေးနည်းအောင်ပြုပေးတဲ့ သူထက် ကျေးဇူးတင်စရာမရှိတော့ဘူး၊ ကိုယ့်များအသက်ကယ်ထားတဲ့သူများဆို တစ်သက်လုံးကျေးဇူးတင်ရတယ် မဟုတ်လားလောက၊ အကြောင်းအားလျော်စွာ ဆိုပါတော့

http://www.dhammadownload.com



ကိုယ့် သူပုန်က ရန်သူက သတ်မယ်လုပ်တာ၊ ဟို-တစ်ယောက်က ဝင်ပြီး တစ်ခါ တည်းကယ်တယ်၊ အကြမ်းနည်းနဲ့ဖြစ်ဖြစ် အနုနည်းနဲ့ဖြစ်ဖြစ်ပေါ့လေ သူတတ်နိုင် တဲ့နည်းနဲ့ကယ်လိုက်လို့ ကိုယ်အသတ်ခံရမယ့်ဘေးက လွတ်ထွက်လာခဲ့တယ်၊ ဟာ-တစ်သက်လုံးကျေးဇူးတင်လို့မဆုံးဘူး၊ အမလေး ကျူပ်အမေမွေးတဲ့အသက် မရှိပါဘူးဗျာ. . . ခင်များ အသက်ပဲရှိပါတော့တယ်၊ အဲ-သူပေးတဲ့အသက်ပဲ ရှိတော့တယ်၊ ကျေးဇူးတင်လိုက်တာ ကျေးဇူးဆပ်မကုန်ဘူး။

အဲ သလိုပါပဲ၊ အခုသားလေး(၂)ယောက်ကို ရှင်ပြုပေးတယ်ဆိုတာ အိုဘေး နည်းသွားအောင်, နာဘေး ကျဲသွား အောင်, သေဘေးကြီး ပါးသွားအောင်၊ နောက်ဆုံးပြုတ်ပြုတ်ပြုန်း ကုန်ဆုံးအောင်၊ ပြုတာပဲ၊ ဒါ့ကြောင့်မို့လို့ ဘုရားက ဒီ ချီးမြှောက်နည်းဟာ အကောင်းဆုံးချီးမြှောက်နည်း. . . တဲ့၊ သတ္တဝါတစ်ယောက် က သတ္တဝါတစ်ယောက်ကို ကျေးဇူးပြုတာ၊ သတ္တဝါတစ်ယောက်က သတ္တဝါတစ် ယောက်ဆိုတာ အခု ဦးစတို့ဒေါ်စောမြိုင်တို့က အခုတော့ သားလေးတွေလို့ ခေါ်တာပေါ့လေ၊ ခု သားလေး(၂)ယောက်လို့၊ ခု ဘဝအနေနဲ့ပြောတော့ သားခေါ် တာ၊ အမှန်ကတော့ သတ္တဝါတစ်ယောက်က သတ္တဝါတစ်ယောက်, ခရီးသွားချင်း ပါ၊ ဦးစတို့ ဒေါ်စော မြိုင်တို့ (၃၁)ဘုံ သံသရာခရီးကြီးနဲ့ကြည့်ရင် ခရီးသွားပါ၊ ဘယ်ဘဝကနေ ဘယ်ရောက်လာကြတယ် မသိပါဘူး၊ ဒီ ကလေးလေး(၂) ယောက်ကလည်း ခရီးသွားပါ, သံသရာခရီးသွား(၂)ယောက်ပါ၊ ဧည့်သည်(၂) ယောက်ပါ အမှန်ကတော့။

ဦးစတို့ ဒေါ်စောမြိုင်တို့နဲ့ ရှေးကပြုခဲ့တဲ့ ကုသိုလ်ကောင်းမှုကံတွေ ဆက်စပ်လို့၊ မိမိတို့အိမ်ရောက်လာတယ်၊ မိမိတို့ ရင်ခွင်ရောက်လာတယ်၊ ဒါ့ကြေ ၾ သားလို့သမုတ်ထားတယ်၊ အမှန်ကတော့ ခရီးသွားပဲ၊ ဒါ့ကြောင့် ပုဂ္ဂိုလ်တစ်ယောက်က ပုဂ္ဂိုလ်တစ်ယောက်၊ ခရီးသွားအချင်းချင်းကျေးဇူးပြုတာပဲ ဒီတော့ ဆိုပါတော့ သားလို့ဆိုပါတော့၊ သားကိုချီးမြှောက်တယ်၊ အဲဒီ သားသမီး ကို ချီးမြှောက်တဲ့နည်းထဲမှာဖြင့် ယခုလို အိုနာသေရေး ဒုက္ခဘေးကြီးတွေနည်း သွားအောင်, ကျဲသွားအောင်, ပါးသွားအောင်, စောင့်ရှောက်နိုင်တာ ချီးမြှောက်နိုင် တာ အကောင်းဆုံးပါပဲတဲ့၊ လောကီအဆင်တန်ဆာတွေနဲ့ တန်ဆာဆင်လို့ကတော့ လောဘ ဒေါသနည်းမသွားဘူး၊ မယုံသူတို့ လက်ကို စိန်လက်စွပ်တွေ, စိန်နား ကပ်တွေ၊ တကတည်းကောင်းပေ့ ညွန့်ပေ့ဆိုတဲ့ အဝတ်တွေ ဆင်ကြည့်စမ်းပါလား၊ ဘာဖြစ်လာမယ်ထင်တုန်း၊ ဟော ငါလှတယ်, ငါမို့ဝတ်နိုင်တာ၊ တို့အမေအဖေက တို့ကို ဆင်လို့ တို့ဝတ်နိုင်တာ၊ ကြွားတယ် ဝါးတယ် မော်တယ် မောက်တယ်၊ စိတ်တွေက ဒီဟာ လာတာပဲ လောဘတွေဖြစ်။

http://www.dhammadownload.com



နောက်တစ်ခါဒေါသတွေဖြစ်, ငါ့အဝတ်မထိနဲ့ ငါ့အဝတ်မယူနဲ့ ငါ့လက်စွပ်မကိုင်နဲ့ ငါ့နားကပ်မကိုင်နဲ့ ငါ့ပုတီးငါ့လက်ကောက်နော် ဒါ ဒေါသတွေ၊ နောက်ငါလိုမို့ဝတ်နိုင်တာပေါ့၊ ခင်းတို့ဝတ်နိုင်ရဲ့လားဆိုတဲ့ မာနတွေ၊ ပြိုင်ရင်မာနပဲ၊ သူများပေါ် မောက်ကျော်စော်ကားနေရင် မာနခေါ် တယ်၊ နောက် ဒါတွေမီးလောင်မှာစိုးလို့၊ သူခိုးခိုးမှာစိုးလို့ သောကတွေ၊ ဒါ ကိလေသာချည်းပဲ၊ အဲဒီ လောကီအဆင်တန်ဆာနဲ့ ချီမြှောက်နေသမျှကတော့ ကိလေသာ မျိုးစေ့တိုးဖို့ ကိလေသာမျိုးစေ့တွေများလေလေ ရုပ်နာမ်ခန္ဓာအပင်တွေက ပေါက်လေလေ၊ ရုပ်နာမ်ခန္ဓာအပင်ပေါက်လေလေ အိုပွင့်နာပွင့်သေပွင့်၊ အိုသီး နာသီး သေသီးတွေကသီးလေ၊ အဲဒီ အိုပွင့် နာပွင့် အိုးသီး နာသီး အသီးကျတော့ ဘယ်သူမှ မကြိုက်ဘူး. . . ဘယ်သူမှမကြိုက်ဘူး။ အဲဒါ အိုပွင့် နာပွင့် သေပွင့်ကျတော့၊ မကြိုက်သာမကြိုက်တယ်၊ အဲဒါ အကျိုးကျမှသွားမကြိုက်နဲ့မရဘူး။ အကြောင်းမှမသတ်ဘဲ၊ ဘုရားဝါဒက အကြောင်းအကျိုးရှိနေတာမှာ အကြောင်းကိုသတ်ရတယ်၊ အကြောင်းသတ်ရင် အကျိုးငြိမ်းတယ် ဒါပဲ၊ ဒါ့ကြောင့် ကိုယ့်သားကိုယ့်သမီးကို ဓမ္မာနုဂ္ဂဟကုသိုလ်နဲ့ ယခုလိုလောကုတ္တရာအဆင်တန်ဆာဆင်မှုသည် အကောင်းဆုံးပါပဲ. . . လို့

"တေဟ္ဂံ ဘိက္ခဝေ ဒွိန္နံ အနုဂ္ဂဟာနံ ယဒိဒံ ဓမ္မာနုဂ္ဂဟော၊"

လို့ ဘုရားက ဒီ အဓိပ္ပါယ်တွေ ငုံပြီးတော့ဟောထားတာ၊ ယဒိဒံ-ယောအယ် ဓမ္မာနုဂ္ဂဟော-မိမိသား မိမိသမီးကို လောကုတ္တရာအဆင်တန်ဆာနဲ့ ဆင်ပေးပြီး သကာလ၊ ရှင်ရဟန်ပြုပေးလိုက်ခြင်းဆိုတဲ့ ဓမ္မာနုဂ္ဂဟကုသိုလ်ထူးကြီးသည်၊ အတ္ထိ-ရှိပါပေ၏၊ တေံသော-ဤလောကုတ္တရာအဆင်တန်ဆာဆင်ပြီးသကာလ၊ အိုဘေး နာဘေး သေဘေးကြီးတွေနည်းသွားအောင် ကျဲသွားအောင်, ပါးသွားအောင်, ပြုပေးကယ်တင်ပေးခြင်းဆိုတဲ့၊ ဤဓမ္မာနုဂ္ဂဟကုသိုလ်ထူးကြီးသည်၊ အဂ္ဂံ အဂ္ဂေါ-အိုနာသေဇာတ်, အမြစ်ပြတ်၍, လွတ်လပ်စေတတ်သဖြင့်, အကောင်းမြတ်ဆုံး, ဖြစ်ပါပေတော့သတည်း။

သာဓု. . . သာဓု. . . သာဓုပါဘုရား. . . ။

ဒီတော့ ဒကာဦးစတို့+ဒကာမဒေါ်စောမြိုင်တို့ အလှူ့ဒကာ အလှူ့အမများက ကိုယ့်သားသမီး ဘဝပေါင်းများစွာကြုံခဲ့ဆုံခဲ့တိုင်း ချီးမြှောက်နိုင်ခဲ့တဲ့ လောကုတ္တရာအဆင်တန်ဆာနဲ့ချီးမြှောက်ကြတဲ့နေ့ပဲ၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးများအဆူဆူချီးမွမ်းတဲ့၊ ကောင်းတယ်လို့သမုတ်တဲ့အဆင်တန်ဆာနဲ့ တို့ချီမြှောက်နိုင်တဲ့နေ့ပဲ၊ အိုနာသေရေးဒုက္ခဘေးကြီးတွေမှ သူတို့ကိုကယ်တင်ရာ ရောက်အောင်၊ ချီမြှောက်တဲ့ချီးမြှောက်နည်းနဲ့ ချီမြှောက်နိုင်တဲ့နေ့ပဲလို့၊ ရှင်ပြုတာကို ဒီလို သဘော

http://www.dhammadownload.com



ပေါက်လိုက်ပါ၊ ဒီလို သိလိုက်ပါ၊ ဒါ့ကြောင့်မြတ်တယ်လို့ပြောတာ၊ သာသနာ့အမွေခံတယ်လို့လည်းပြောကြတယ် ဒါကို။

အဲဒီလို သူတို့သားလေး(၂)ယောက်ကို အိုနာသေရေးဒုက္ခဘေးကြီး နည်းသွား ကျဲသွားအောင်ပြုပေးရင်းနဲ့ မိမိတို့ကိုယ်တိုင်ကလည်း ဒီ သံဃာ(၇၀၀)ကျော်ကို မနက်ဆွမ်းနေ့ဆွမ်းတွေကပ်ကြ၊ အခု နာယကဆရာတော်(၅)ပါးနဲ့ မိမိတို့ခင်ဦးမြို့ ရွှေကျောင်းဆရာတော်တို့ကို ခေတ်ကာလအလျောက် တန်ဖိုးကြီးလှပါတယ်ဆိုတဲ့ စီဝိုင်စီသက်န်းဒွိစုံ(၆)စုံနှင့်တကွ၊ ထီးတွေဖိနပ်တွေ၊ တဘက်တွေ၊ ယပ်တောင်တွေ၊ အစရှိသည်ဖြင့်လှူဒါန်း၊ သံဃာတော်တွေရဲ့ သံဃိကအဖြစ်နဲ့ လည်းပဲ ဖိနပ်(၁၀)ရံ နှင့်တကွဆန်တွေ၊ ကြက်သွန်တွေ လက်သုတ်ပဝါ စာပွဲခင်း အစရှိသည်တွေနှင့်တကွ လှူဒါန်းဆက်ကပ်ပြီးတော့ ဖိတ်မန္တကပြုတဲ့ ပရိသတ်တွေ ကျွေးမွေးဧည့်ခံသမှုပြုပြီးတော့၊ မိမိတို့ကလည်း ဘာလုပ်တာတုန်းလို့ဆိုတော့၊ တပည့်တော်တို့လည်းပဲ၊ ဆွေးတဲ့ပစ္စည်းနဲ့ မဆွေးတဲ့ပစ္စည်း လာလဲတာပါလို့ အာရုံပြုကြ။

ဒီနေ့ လှူဒါန်းပေးကမ်း၊ သားလေး(၂)ယောက်ကို ရှင်ပြုပေးရင်းနဲ့ မိမိတို့ကိုယ်တိုင်က အလှူဒါနထုပ်ကြီးပြုတာကိုး၊ သံဃာ(၇၀၀)ကျော် မနက်ဆွမ်း နေ့ဆွမ်းတွေ ကပ်တယ်၊ ခုနပြောတဲ့သက်န်းတွေ ဖိနပ်တွေ လှူဟယ်နဲ့ဆိုတာ ဘာလုပ်တာတုန်းဆိုတော့၊ ဒါ လဲတာ၊ ပစ္စည်းချင်းလဲတာ၊ ပစ္စည်းချင်းလဲတော့ ဘာပစ္စည်းနဲ့ ဘာပစ္စည်းလဲတာတုန်းဆိုတော့၊ ဆွေးတတ် အိုတတ်တဲ့ပစ္စည်းနဲ့ မဆွေးတတ်တဲ့ပစ္စည်း လဲတာလို့ခေါ်တယ်၊ အဲဒါ မြတ်စွာဘုရားက အင်္ဂုတ္တရနိကာယ်၊ * ပရိယေသနသုတ်မှာ အလဲတတ်ရတယ်. . . တဲ့၊ လဲတတ်ရတယ်၊ မင်္ဂဖိုလ်နိဗ္ဗာန်လိုလားတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးဟာ ဉာဏ်ပါး ထုတ်ပြီးတော့ လဲတတ်ရတယ်၊ အင်တုံပုံ့နဲ့ရွှေခွက်ကိုရအောင် လဲတတ်ရတယ်၊ အင်တုံပုံ့ အင်တုံပုံ့ချင်း လဲမနေနဲ့တဲ့။ အင်တုံပုံ့နဲ့ရွှေခွက်ကိုရအောင်လဲဆိုတာ နိဗ္ဗာန်ကိုရွှေခွက်နဲ့ ဥပမာပေးထားတယ် ဘုရားက၊ ဒကာဒကာမတွေရဲ့ လက်ရှိ ရုပ်နာမ်ခန္ဓာတွေကို အင်တုံပုံ့နဲ့ ဥပမာပေးထားတယ်။ အင်တုံပုံ့ဟာ ကွဲတယ် တစ်ချိန်ကျတော့၊ မြေအင်တုံကိုး၊ ဒီတော့ကွဲမှာ၊ အင်တုံမှန်သမျှမြေ အင်တုံဖြစ်ဖြစ် မြေအိုးဖြစ်ဖြစ် ဘာဖြစ်ဖြစ်၊ မြေနဲ့လုပ်ထားတာမှန်သမျှနောက်ဆုံး-

"သဗ္ဗေ ဘေဒပရိယန္တာ" တဲ့၊ သဗ္ဗေ-အလုံးစုံသော, မြေနဲ့လုပ်ထားတဲ့ အဲဒီ အင်တုံ, အိုးခွက်စသည်သည်၊ ဘေဒပရိယန္တာ-ကွဲပျက်ပြုန်းတီး, ကုန်ဆုံး ပျက်စီးရခြင်းသည်သာလျှင်, လမ်းဆုံးရှိသည်တည်း. . .။ ဒီတော့- ဒီနေ့ အိုတတ်

---

* အံ-၁-၅၇၀

http://www.dhammadownload.com



ဆွေးတတ်, နာတတ်ပဲ့တတ်, ကျိုးတတ်ပျက်တတ် ပျောက်တတ်တဲ့ ပစ္စည်း နဲ့၊ မနာတတ် မဆွေးတတ် မအိုတတ် မပျောက်တတ် မပျက်တတ်တဲ့ပစ္စည်းကို ဒီနေ့ လာပြီးတော့ တပည့်တော်တို့ လဲပါတယ်. . . လို့၊ လဲတာလဲတာ၊ ဒီနေ့ ပစ္စည်းချင်းလာပြီးလဲတာ၊ ပစ္စည်းလာလဲတာ၊ ပစ္စည်းလာလဲတာကတော့ အလဲ တတ်မှနော်. . . တဲ့။ အလဲမတတ်ရင် အပုပ်အပုပ်ချင်းလဲ မိတတ်တယ်၊ အဆွေးအဆွေးချင်း လဲမိတတ်တယ်၊ အဲလို လဲမိတတ်လို့လည်း ဘုရားကသတိပေးနေတာ၊

**"ဣဓ ဘိက္ခဝေ ဧကစ္စော အတ္တနာ ဇရာဓမ္မော သမာနော ဇရာဓမ္မံ ယေဝ ပရိယေသတိ"**

ဘိက္ခဝေ-မင်္ဂဖိုလ်နိဗ္ဗာန်လိုလား, အမျိုးကောင်းသား, အမျိုးကောင်း သမီး အပေါင်း, သူတော်ကောင်းတို့၊ ဣဓ-ဤလောက၌၊ ဧကစ္စော-အချို့သော အသိ ဉာဏ်နုနည်းတဲ့အမျိုးသား, အမျိုးသမီးကတော့၊ ဧကစ္စော-အချို့သော အသိဉာဏ် အားနည်းပါးတဲ့, အမျိုးသား, အမျိုးသမီးကတော့၊ အတ္တနာ ဇရာဓမ္မော သမာ နော-မိမိကိုယ်၌, မိမိလက်ထဲရှိတဲ့ပစ္စည်းက, ဆွေးတတ်ရင့်တတ်ဟောင်းတတ် မြည့်တတ်တဲ့ပစ္စည်းဖြစ်ပါလျှက်၊ ဇရာ ဓမ္မံ ယေဝ-ဆွေးတတ် မြည့်တတ် ဟောင်း တတ် ရင့်တတ်တဲ့ပစ္စည်းကိုသာလျှင်၊ ပရိယေသတိ-လဲလှယ်၍နေ၏. . .။

အသိဉာဏ်နည်းတဲ့သူတွေက. . . တဲ့ ဆွေးတတ်တဲ့ပစ္စည်းနဲ့ ဆွေးတတ် တဲ့ပစ္စည်း လဲနေတာနဲ့ပဲ အချိန်ကုန်သွားတယ်တဲ့၊ ဒကာ ဒကာမတွေ နေ့တိုင်း လုပ်နေတဲ့ အလုပ်ဟာ လဲတဲ့အလုပ်ပါ၊ ဈေးရောင်းဈေးဝယ်လုပ်တာကိုကြည့်ပါ၊ ဈေးသွားဝယ်တယ်ဆိုတာ ဘာလုပ်တာတုန်းဆိုရင် အလဲသွားတာပဲ၊ ကိုယ့်လက်ထဲ ရှိတဲ့ငွေနဲ့ ဟိုက ဆန်ကိုလဲယူလာတာ၊ ဆီကို လဲယူလာတာ ဟင်းသီး ဟင်းရွက်ကို လဲယူလာတာ၊ ဝတ်ထည်ဖျင်စင်းကို လဲယူလာတာ၊ အမှန်တော့လဲ ယူတာပဲ၊ ဒီတော့ အဲဒီ လဲတဲ့အလုပ်ကို နေ့တိုင်းသတ္တဝါတွေလုပ်ရတယ်၊ ဆိုပါတော့ ကိုယ့်ဆီ ကဆန်နဲ့, သူ့ဆီက ဆီလဲလည်း ဒါလဲတာပဲ၊ စားစရာ ဝတ်စရာ နေစရာရှာနေကြ တယ်ဆိုတာ၊ ဝယ်နေကြတယ်ဆိုတာ ဒါ လဲနေကြတာ၊ သတ္တဝါတွေ နေ့တိုင်း လုပ်နေတဲ့အလုပ် ပြောစမ်းပါဆိုရင် လဲလှယ်တဲ့ အလုပ်ကြီး နေ့တိုင်းလုပ်နေတာ၊ မလဲလှယ်လို့ ဖြစ်ကိုမဖြစ်ဘူး။

ဒီတော့ အဲဒီလဲတာ ဘာဘာချင်းလဲတာတုန်းလို့ဆိုတော့ ဆွေးမယ့် ပစ္စည်းနဲ့ ဆွေးမယ့်ပစ္စည်းချင်းလဲတာ. . . တဲ့၊ ဇရာဓမ္မနဲ့ ဇရာဓမ္မလဲတာ၊ ဇရာ သဘောရှိတဲ့ပစ္စည်းနဲ့ ဇရာသဘောရှိတဲ့ ပစ္စည်းလဲနေကြတာများတာပဲ၊ ကြည့်လေ ကိုယ်ကပိုက်ဆံပေးလိုက်တယ် အဲဒီ ပိုက်ဆံကဟောင်းမယ့်ပစ္စည်း ဆွေးမယ့်ပစ္စည်း

http://www.dhammadownload.com



ကိုယ်ကဆန်တွေယူလိုက်တယ် ဆီတွေယူလိုက်တယ် ဟင်းသီး ဟင်းရွက်တွေ အဲဒီ ပစ္စည်းတွေကလည်း ဟောင်းမယ့်ပစ္စည်း ဆွေးမယ့်ပစ္စည်း အိုမယ့်ပစ္စည်း၊ ဒီတော့ နေ့တိုင်းဘာတွေလုပ်နေကြတာတုန်း သတ္တဝါတွေ ဟောင်းမယ့်ပစ္စည်း ဆွေးမယ့်ပစ္စည်းချင်း လဲနေကြတယ်၊ အင်တုံပဲ့ အင်တုံပဲ့ချင်းလဲနေကြတယ်၊ မြေအိုး မြေအိုးချင်းလဲနေကြတယ်. . . တဲ့၊ အဲဒီထဲက နေပြီးတော့ အခု ဦးစတို့ ဒေါ်စော မြိုင်တို့က အာ-တို့တော့ ဂန္ဓာရုံသွားပြီးရှင်ပြု တကတည်း အလှူကြီးပေး အုန်းမှုပဲ ဆိုပြီး လာလှူတယ် ဘာလုပ်တာတုန်း ဒါ အလဲလာတာပဲ ဒါ၊ အလဲလာတော့ဉာဏ် ပါးမထုတ်ရင် အင်တုံပဲ့နဲ့ ရွှေခွက်ကိုလဲမိအောင် ဉာဏ်ပါးမထုတ်ရင်တော့ အင် တုံပဲ့ အင်တုံပဲ့ချင်းပြန်လဲမိတတ်တယ်။

ဘာပြုလို့တုန်းဆိုတော့ အခုလိုလှူလိုက် တန်းလိုက် ပေးလိုက် ကမ်းလိုက် တဲ့အတွက် သံဃိကဒါနကြီးများပြုတော့ နောက်ဘဝ သိတ်အကျိုးပေး ဆိုပဲ. . .၊ နတ်ပြည်ခြောက်ထပ် နတ်စည်းစိမ်ကြီးတွေရဖို့ပဲ၊ စကြာမင်းကြီးတွေ ပဒေသရာဇ် မင်းကြီးတွေများဖြစ်ဖို့ပဲလို့ ဆိုပြီးတော့၊ အဲဒီစည်းစိမ်ကြီးတွေရစမ်း ပါရစေ. . . လို့ စိတ်ကညွတ်သွားရင် နောက်ဘဝ စကြာမင်းကြီးဖြစ်ချင်တယ်, စကြာမင်းမိဘုရား ကြီးဖြစ်ချင်တယ်ဆိုရင်၊ အင်း-သမုဒယသစ္စာတဏှာမျက်လုံးနဲ့ကြည့်ရင်တော့ ဟုတ် တယ်၊ ဟုတ်သလိုလို ကောင်းသလိုလိုပဲ၊ အခု ဦးစ+ဒေါ်စောမြိုင်တို့ကနေပြီး နောက်ဘဝကျတော့ စကြာမင်းကြီး စကြာမင်းမိဘုရားကြီးဆိုတော့ အတော်ဟန် တယ်လို့ အောက်မေ့လိုက်ရတယ်၊ အပြီးသတ်တော့ ဘာတုန်းလို့ဆိုတော့ ဒီ အအို ဒီ အအိုပဲ၊ ဦးစရဲ့ ခန္ဓာကိုယ်ပေါ်မှာရှိနေတဲ့ ဆံပင်ဖြူ သွားကျိုး နားထိုင်း ခါးကိုင်းဆို တဲ့ သဘော၊ အဲဒီ စကြာမင်းကြီးခန္ဓာကိုယ်ထဲမှာလည်းရှိတယ်။

ယနေ့ အလှူ့အမဒေါ်စောမြိုင်ရဲ့ ခန္ဓာကိုယ်ပေါ်မှာရှိနေတဲ့ အိုခြင်းသ ဘော ဆံဖြူ နားထိုင်း, ခါးကိုင်း သွားကျေ အသား အရေယိုယွင်း အိုမင်းခြင်းဆိုတဲ့ ထင်ရှားအိုနဲ့၊ အခု တရားနာနေတုန်းမှာပင် တရွေ့ရွေ့ဟောင်းမြင်းရင့်ရော်. . . ပြီးနေတဲ့ မထင်မရှား အိုဆိုတဲ့ နှစ်အိုဟာ အလှူ့အမဒေါ်စောမြိုင် ခန္ဓာကိုယ် ရုပ် နာမ်ထဲရှိသလို၊ နောက်ဘဝ ဖြစ်ချင်ပါတယ်ဆိုတဲ့၊ စကြာမင်းမိဘုရား ကြီးဆိုတဲ့ ဘဝမှာလည်းပဲရှိတယ်. . . တဲ့၊ ဒါပဲ ဒါပဲ၊ ဒီတော့ အင်တုံပဲ့ အင်တုံပဲ့ချင်း လဲတာ၊ အအို အအိုချင်း၊ လဲရာ ရောက်နေတယ်၊ ဝိပဿနာပညာ မျက်လုံးနဲ့တပ်ကြည့် တော့၊ အင်း. . . သူဟာ အအို အအိုချင်းလဲနေတာပဲ မထူးဘူး. . . လို့ မြင် လာတယ်။ အင်း-လောကီမျက်လုံးနဲ့ကြည့်ရင်တော့ မြတ်သလိုလိုထင်တယ်၊ အဲဒီ မြတ်သလိုလိုထင်တာ သမုဒယသစ္စာတဏှာပဲ၊ မမြတ်ဘူး အရင်းအတိုင်းပဲ၊ အတူတူပဲ ရုပ်နာမ်ဓမ္မပဲ အအိုသဘောပဲလို့ မြင်တာ ဝိပဿနာပညာ၊ သစ္စာမြင်တဲ့

http://www.dhammadownload.com



အမြင်ခေါ်တယ်၊ အမှန်အတိုင်းမြင်တာ အဲဒါ။ အဲဒီ အမှန်မြင်တဲ့ပစ္စည်းဝင်လာဖို့လိုတယ် ဒီကိစ္စ။

ဒါကြောင့် ယနေ့ အလှူ့ဒကာ အလှူ့အမတို့က၊ တပည့်တော်တို့ရဲ့ ရုပ်နာမ် ခန္ဓာကလည်းပဲ ဆွေးမယ့်သဘော အိုမယ့်သဘော၊ တပည့်တော်တို့ ဒီနေ့ လှူလိုက်တဲ့ သံဃာတော်(၇၀၀)ကပ်လိုက်တဲ့ မနက်ဆွမ်းနေ့ဆွမ်းဆိုတဲ့ပစ္စည်း ရုပ် ဝတ္ထုပစ္စည်းစုတွေ သံဃိကဒါနလှူကြတဲ့ မနက်ဆွမ်းနေ့ဆွမ်းဆိုတဲ့ပစ္စည်း ရုပ်ဝတ္ထုတွေ ခုန စိုင်စိုင်စီသက်န်း(၆)စုံနှင့်တကွ လှူဖွယ်ဝတ္ထုပစ္စည်းစုတွေ သံဃိကဒါန လှူကြတဲ့ ဖိနပ်(၁၀)ရံနှင့်တကွ ဆန်(၆)တင်း အစရှိတဲ့ပစ္စည်းတွေ ဒီနေ့ပရိသတ်တွေကျွေးမွေးဧည့်ခံတဲ့ ထမင်းမုန့်ပဲ သွားရည်စာအစရှိတဲ့ပစ္စည်းတွေဟာ ဆွေးမယ့်ပစ္စည်း, ဟောင်းမယ့်ပစ္စည်း, အိုမယ့်ပစ္စည်း, ရင့်ရော်မယ့်ပစ္စည်းတွေ. . . လို့ မြင်ပြီးတော့မှ အဲဒီပစ္စည်းတွေကို တပည့်တော်တို့ လှူဒါန်းကြောင်းဖြစ်တဲ့ တပည့်တော်တို့ဝမ်းထဲက စေတနာနှင့်တကွ နာမ်ဓာတ်တရားတွေကလည်းပဲ ဟောင်းမယ့် ဆွေးမယ့်ပစ္စည်း အိုမယ့်ပစ္စည်း အဲဒီ အိုတတ်တဲ့ပစ္စည်းတွေဖြင့် တပည့်တော်တို့သည်. . .၊ မဆွေးတတ် မဟောင်းတတ် မရင့်တတ် မအိုတတ်တဲ့ သန္တိသုခအငြိမ်းဓာတ် နိဗ္ဗာနဓာတ်ကြီးကို ရချင်သောကြောင့်၊ ဒီနေ့ ဒီကျောင်းတိုက်လာပြီးတော့ ဒီ ကုသိုလ်ကောင်းမှုပြုပါတယ်. . . လို့ စိတ်ညွှတ်လိုက်ရင် အဲဒါ အင်တုံပဲ့နဲ့ ရွှေခွက်လဲယူပြီ. . . တဲ့။ ဉာဏ်ပါးထုတ်တာကိုး။

ကိုယ့်လက်ထဲက (၁၀)တန်ပစ္စည်းနဲ့ သူများလက်ထဲက(၁၀၀)တန် (၁၀၀၀) တန်ပစ္စည်းရအောင် လဲယူတယ်ဆိုတာ ပါးလို့ရတာ၊ မပါးမရဘူး၊ ဒီတော့ ပါးဆိုတဲ့ နေရာမှာ ဉာဏ်ပါး၊ ဉာဏ်နဲ့ပါးရတယ်၊ ဒါ အကောင်းပါး၊ ဘုရားရှင်က အဲဒီ အကောင်းပါးတော့ ပါးကြ. . . တဲ့၊ ဉာဏ်ပါးထုတ်ပြီးတော့ ယူကြတဲ့၊ ဒါကြောင့် ဒီနေ့ တပည့်တော်တို့ ဆွေးမယ့်ပစ္စည်းနဲ့ မဆွေးတတ်တဲ့ပစ္စည်းကို လဲပါတယ်၊ မဆွေးတတ်တဲ့ပစ္စည်းခေါ်တဲ့ နိဗ္ဗာန်တရားကိုရချင်လို့ အသခ်တဓာတ်ကြီးကိုမြင်ချင်ရချင်လို့ တပည့်တော်တို့ ဒီကုသိုလ်ကောင်းမှု ပြုပါတယ်လို့. . . စိတ်ညွှတ်၊ အတူတူပဲ၊

**အတ္တနာ ဗျာဓိဓမ္မော သမာနော ဗျာဓိဓမ္မံ ယေဝ ပရိယေသတိ။**

နာမယ့် ကျိုးမယ့် ပဲ့မယ့်ပစ္စည်းနဲ့ နာမယ့် ကျိုးမယ့် ပဲ့မယ့်ပစ္စည်းတွေ. . . ချည်း လဲနေကြတာ, သတ္တဝါအများစုက။

**အတ္တနာ မရဏဓမ္မော သမာနော မရဏဓမ္မံ ယေဝ ပရိယေသတိ။**

မိမိကိုယ်တိုင်က ကုန်ပျောက်ပြုန်းတီးပျက်စီးတတ်တဲ့သဘောရှိပါလျက်၊

http://www.dhammadownload.com



နောက်ထပ်ကုန်ပျောက်ပြုန်းတီးပျက်စီးသေဆုံးတတ်တဲ့ ပစ္စည်းကိုလဲနေတယ်ဆို ရင် အဲဒါ အရိယာမဟုတ်တဲ့ ပုဂ္ဂိုလ်တွေရဲ့လဲနည်း၊ မမြတ်သောလဲနည်း. . . တဲ့၊ ဒီတော့ မြတ်သောလဲနည်းဖြစ်သွားအောင်-

အတ္တနာ မရဏဓမ္မော သမာနော " ကိုယ်ကတော့ ကုန်ပျောက်ပြုန်းတီး ပျက်စီးခြင်းသဘောရှိနေပါသော်လည်း၊ "အမတံ ယောဂက္ခေမံ နိဗ္ဗာနံ ပရိယေ သတိ" မသေတတ်တဲ့ဓာတ်ကြီး၊ မပျက်တတ်တဲ့ဓာတ်ကြီး မပျောက် တတ်တဲ့ဓာတ် ကြီးကိုရချင်လို့၊ တပည့်တော်တို့ ဒီနေ့ ဒီကုသိုလ်ကောင်းမှုကို ပြုပါတယ်လို့. . .၊ ရုပ်နာမ်ခန္ဓာတွေရဲ့ ဖိုတတ်ပုံ၊ နာဓာတ်ပုံ၊ သေတတ်ပုံကို ဉာဏ်နဲ့စိုက်ကြည့် ပြီးတော့၊ အဲဒီရဲ့ပြောင်းပြန် တရားကို အဲဒီရဲ့ပြောင်းပြန် ဓာတ်ကြီးကိုလိုချင်လို့ တပည့်တော်တို့ ဒီကုသိုလ်ပြုပါတယ်လို့ စိတ်ညွတ်။ အဲဒါပဲ ပုထုဇဉ်ဆိုတာ နိဗ္ဗာန်အဲ လောက်ပဲမှန်းလို့ရတယ်၊ အရိယာဖြစ်မှ တိုက်ရိုက်မြင် တယ်။ နိဗ္ဗာန်ကိုမှန်းရတယ်၊ မှန်းတဲ့နေရာမှာ လက်ရှိရုပ်နာမ်ခန္ဓာရဲ့ အပြစ်ကို မြင်အောင်ကြည့်နိုင်လေလေ နိဗ္ဗာန်ရဲ့ ချမ်းသာပုံက မှန်းလို့ရလေလေပဲ၊ နိဗ္ဗာန် မှန်း၊ နိဗ္ဗာန်မှန်းဆိုလို့ ရမ်းပြီးတော့ ကောင်းကင်မော့မှန်း စကြာဝဠာနခမ်းဆီ လှမ်းမှန်းနဲ့ ဒီလို မှန်းရင် အဲဒါ အမှန်း သိပ်မတည့်ဘူး၊ ရုပ်နာမ်ခန္ဓာပေါ်မှာ အပြစ်ကိုမြင်ရတယ်၊ ဒါကြောင့်ဘုရားက-

"ဇရာဓမ္မေ အာဒီနဝံ ဒိသွာ" တဲ့ ဇရာဓမ္မဖြစ်တဲ့ ရုပ်နာမ်ခန္ဓာပေါ်မှာ အာဒီနဝံ ဒိသွာ-အပြစ်ကိုနာနာမြင်အောင်ကြည့် "ဗျာဓိ ဓမ္မေ အာဒီနဝံ ဒိသွာ" နာတတ်တဲ့ ရုပ်နာမ်ခန္ဓာပေါ်မှာ အပြစ်ကိုနာနာကြည့်၊ "မရဏ ဓမ္မေ အာဒီနဝံ ဒိသွာ" သေတတ်ပျောက်တတ်ပျက်ဆီးတတ်တဲ့ ရုပ်နာမ်ခန္ဓာရဲ့ အပြစ်ကို မြင်အောင်နာနာကြည့်ပြီးတော့မှ၊ "အဇရံ အဗျာဓိ အမတံ" မအို တတ် မနာတတ် မသေတတ်တဲ့၊ ယောဂက္ခေမံ နိဗ္ဗာန်-ယောဂ(၄)ပါးတို့ရဲ့ ကုန်ရာ ဖြစ်တဲ့ နိဗ္ဗာန်ကို မှန်း. . . တဲ့၊ ကြည့်တဲ့၊ ရှာတဲ့၊ အဲဒါကို ရချင်လို့ တပည့်တော်တို့ ဒီ ကုသိုလ်ကောင်းမှုကြီးကိုပြုပါတယ်. . . လို့၊ အဲဒီလိုပြုနိုင်ရင် ဒီနေ့ ရှင်ပြုရတာ ကလည်းမြတ်ပြီ၊ မိမိတို့အတွက် လဲလှယ်မှုကြီးကလည်းမြတ်ပြီ. . . တဲ့။

အဲဒီလိုအားဖြင့် ပရိယေသနသုတ္တန်ကို နာကြားရတဲ့ အချိန်ကစ၍၊ မိမိတို့ နေ့စဉ်နေ့စဉ် အဆွေးအဆွေးချင်း လဲနေတဲ့ အတတ်ပညာမှ တဆင့်တက်ပြီး တော့၊ အဆွေးနဲ့မဆွေးဓာတ်ကြီးကိုလဲတတ်တဲ့ အမျိုးကောင်းသား အမျိုးကောင်း သမီးတွေဖြစ်ကြပါစေကုန်သတည်း၊ အကျိုးအပဲ့, အကျိုးပဲ့ချင်း, လဲတတ်တဲ့ သဘောမှ အကျိုးအပဲ့မှ မကျိုးတတ်တဲ့ တရားကို လဲတတ်တဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေဖြစ်ကြပါစေကုန်သတည်း။

http://www.dhammadownload.com



ကုန်ပျောက်ပြုန်းတီး, ပျက်စီးသေဆုံးတတ်တဲ့ ပစ္စည်းချင်း လဲလှယ်နေတဲ့ အဖြစ်မှ, ကုန်ပျောက်ပြုန်းတီးပျက်စီးသေဆုံးတတ်တဲ့ သဘောနဲ့မကုန်တတ် မပြုန်းတတ်မပျောက်တတ် မပျက်တတ် မပျက်စီးတတ် မသေဆုံးတဲ့ဓာတ်ကြီးကို လဲယူတတ်တဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေ ဖြစ်ကြပါစေကုန်သတည်း။ ဤကဲ့သို့လဲယူတတ်ကြသော အမျိုးကောင်းသား အမျိုးကောင်း သမီးတွေဖြစ်ကြကုန်လျှက်၊ ဤကဲ့သို့ဉာဏ်ပါးထုတ်၍ အလဲတတ်သွားကြတဲ့, ရှေးရှေး သူတော်ကောင်း သူမြတ်လောင်းကြီးတို့, ရအပ်, ရောက်အပ် သိမြင်အပ်သော, နိဗ္ဗာန်နဓာတ်တရားတော်မြတ်ကြီးကို, လျင်မြန်သောစွာ, ရောက်ကြရ, ရကြရ, ပါလိုကုန်သောဟူ၍, ပဋ္ဌနာအောင်ဆု, ပြုကြကုန်ရာသတည်း။

သာဓု . . . သာဓု . . . . သာဓုပါဘုရား. . . ။

http://www.dhammadownload.com

# * ခေမာထေရီ
# မိးတောက်ကို့မြင် နိဗ္ဗာန်ဝင်တရားတော်

မနုဿတ္တံ သုလဒ္ဓံ မေ, ယွာဟံ စာဂေ သဒါရတော၊
မစ္ဆေရ ပရိယုဋ္ဌာယ, ပဇာယ ဝိဂတော တတော။

ယွာဟံ(ယော+အဟံ)-သံသရာနောင်ရေး, မျှော်ခေါင်တွေး၍, လေးလေးပင်ပင်, ဆင်ခြင်လေ့လာ, အကြင်ငါသည်၊ မစ္ဆေရပရိယုဋ္ဌာယ-မပေးရက်လို, သဝန်တိုသဖြင့်, ထိုထိုဒါန, ဟူသမျှ၌, မစ္ဆေရရန်, ပုန်းကန်သောင်းကြမ်း လျှက်ရှိသော၊ ပဇာယ-ဝတ်မှုစားမှု, အကြွားမှု၌, အားပြုငဲ့စောင်း, သတ္တဝါအပေါင်းတွင်၊ တတော-ထိုထိုဒါန, မစ္ဆေရဟု, ထကြွပုန်ကန်, သူပုန်ရန်မှ၊ ဝိဂတော-ရှေးဝါသနာ, အထုံပါသဖြင့်, ကောင်းစွာလွတ်ကင်း, သန့်ရှင်းသည်ဖြစ်၍၊ စာဂေ-စွန့်ကြဲဝေငှ, လှူဒါန်း၍ နေရခြင်း၌၊ သဒါရတော-ကိုယ့်တွက်ခြိုးခြံ, ပင်ပန်းခံ၍, အမှန်မွေ့လျော်, အပျော်ကြီးပျော်နိုင်ခဲ့ပေပြီ၊ တဿ မေ-ဒါန စာဂီ, ပါရမီဖြင့်, သာကြည်မွေ့လျော်, ထိုကဲ့သို့ အပျော်ကြီး ပျော်နိုင်သော ငါ့အတွက်၊ မနုဿတ္တံ-ပဋိရူပ, ဤဒေသ၌, ဖြစ်ရစင်စစ်, လူ့အဖြစ်ကို၊ သုလဒ္ဓံဝတ-သံသရာနောင်ရေး, မျှော်ခေါင်တွေးက, အေးမြရွှင်ပျော်, အော်. . . အရတော်လေစွတကား။

သာဓု. . . သာဓု. . . သာဓုပါဘုရား. . . ။

ယနေ့ မြန်မာကောဇာသက္ကရာဇ် ၁၃၄၅-ခုနှစ် တပို့တွဲလပြည့်ကျော် (၅)ရက်နေ့မှာ၊ အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်ရှိ, ပရိယတ်, ပဋိပတ်, သာသနာ့တာဝန်ထမ်းဆောင်နေကြသော, သံဃာတော်ခြောက်ရာကျော်တို့ မျက်မှောက်သို့ လာရောက်ပြီးတော့ ကုသိုလ်ကောင်းမှုပြုကြသော ကုသိုလ်ကောင်းမှုရှင်များက၊ စစ်ကိုင်းတိုင်း၊ မြင်းမူမြို့နယ် ပတပ်ထိုင်းကျေးရွာမှာ နေထိုင်သော အလှူ့ဒါယိကာမ ဒေါ်ငွေးခင်ဖြစ်ပါတယ်။

အဲဒီ အလှူ့ဒါယိကာမဒေါ်ငွေးခင်က အနန္တော အနန္တငါးပါး ဦးတိပ်ထားပြီး မိမိရဲ့အကိုကြီး, အမကြီး, ဦးကြီး, ဦးလေး, ဒေါ်ကြီး, ဒေါ်လေး ဆွေမျိုးတသိုက်နှင့် အတူတကွ အမရပူရ မဟာဂန္ဓာရုံကျောင်းတိုက်သို့ ပရိယတ်, ပဋိပတ်, သာသနာ့တာဝန်ထမ်းဆောင်နေတဲ့ (၈)ပါးသီလ ထိန်းသိမ်းစောင့်ရှောက်ပြီးတော့ နေကြတဲ့ ဖိုးသူတော်ကလေး(၂)ပါးကိုဖိုးသူတော်တွေထိန်းသိမ်းတဲ့ ရှစ်ပါးသီလထက်

---

* အပ-၁၊ ၂၂၁။ ထေရီ-၄-၁၃၀။

http://www.dhammadownload.com



သာလွန်မြင့်မြတ်တဲ့ သာမဏေတို့ ထိန်းသိမ်းသင့် ထိန်းသိမ်းထိုက်တဲ့(၁၂၀)သော သိက္ခာသီလတွေကို ဖြည့်ကျင့်ဆည်းပူးနိုင်အောင် ထိန်းသိမ်းနိုင်အောင်ဆိုပြီးတော့ အဲဒီ ဖိုးသူတော်ကလေးနှစ်ပါးကို သာမဏေဘောင်ရောက် သွတ်သွင်းချီမြှောက်တဲ့ ပဗ္ဗဇ္ဇမင်္ဂလာ။

အလှူ့အမ ရှင့်အမ ဒေါ်ဌေးခင်က အဲဒီဖိုးသူတော်ကလေး နှစ်ပါးကို သာမဏေဘောင်ရောက် သွတ်သွင်းချီးမြှောက်ရင်း သာမဏေတို့အား လျောက်ပတ်တဲ့ သင်္ကန်း သပိတ် ပရိက္ခရာလို့ဆိုရတဲ့ ခေတ်ကာလအလျောက် မွန်မြတ်တဲ့ တက်ထရွန်သင်္ကန်းနှစ်စုံ, ခါးပန်းကြိုးနှစ်ချောင်း သပိတ်နှစ်လုံး သပိတ်အိတ်နှစ်စုံ နေရာထိုင်ခင်းအတွက်လည်းပဲ အိပ်ရာခင်းနှစ်ထည်တို့ သင်ဖျာနှစ်ချပ်တို့ ခေါင်းအုံး နှစ်လုံး စောင်နှစ်ထည်တို့ သင်တုံးဓားနှစ်လက်၊ သူတို့ရဲ့ ပစ္စည်းပစ္စယ သိမ်းဖို့ရာ ဆိုပြီးတော့ သံသေတ္တာနှစ်လုံး၊ နေရာထိုင်နှစ်ထည် အစရှိတဲ့ သာမဏေတို့အား လျောက်ပတ်တဲ့ သင်္ကန်း သပိတ် ပရိက္ခရာမျိုးစုံ တန်ဆာဆင်ပြီးတော့ ပဗ္ဗဇ္ဇမင်္ဂလာ လာပြီးတော့ပြုလုပ်ပါတယ်။

အဲဒီလို ဖိုးသူတော်လေးနှစ်ပါးတို့ကို သာမဏေဘောင် သွတ်သွင်းချီ မြှောက်တဲ့ ပဗ္ဗဇ္ဇမင်္ဂလာကိုပြုလုပ်ရင်း မဟာဂန္ဓာရုံကျောင်းတိုက် ယခုလက်ရှိ သံဃာတော် ရှစ်ရာကျော်တို့အားလည်းပဲ နေ့ဆွမ်းအဖြစ်ဖြင့် မွန်မြတ်သော ခဲဖွယ် ဘော ဇဉ် ချိုချဉ်အရသာ အဖြာဖြာတို့ဖြင့် သံဃိကဒါန ဆက်ကပ်လှူဒါန်းခြင်းစတဲ့ ကောင်းမှုများ ကြီးပမ်းအားထုတ် ပြုလုပ်ပါတယ်. . ။ ဒီတော့ အလှူ့အမ ဒေါ်ဌေး ခင်က ဒီနေ့ ငါသည် မြတ်စွာဘုရားရဲ့ သာသနာတော်ကြီးကို လူဝတ်ကြောင် ဥပါသကာ ဥပါသိကာမတွေ ချီမြှောက်ထိုက်တဲ့ ချီမြှောက်ရမယ့် ပစ္စယာနုဂ္ဂဟ ဓမ္မာနုဂ္ဂဟ နှစ်ပါးအစုံနဲ့ ငါ ချီမြှောက်နိုင်တဲ့နေ့. . ၊ ငါ့ဘဝ လူ့ဘဝ အရတော်တဲ့ နေ့ပဲ. . . သာသနာတော်ကြီးကို ချီမြှောက်နိုင်ခဲ့တဲ့ ပစ္စယာနုဂ္ဂဟ ဓမ္မာနုဂ္ဂဟ နှစ်ပါး စုံနဲ့ ချီမြှောက်နိုင်တဲနေ့. . . . လို့ အာရုံပြု။

ပစ္စယာနုဂ္ဂဟဆိုတာ ပစ္စည်း(၄)ပါးနဲ့ သာသနာတော်ကို ပူဇော်တာ၊ အခု ဖိုးသူတော်ကလေးတွေကို ခုနက ပြောခဲ့တဲ့ ပိတ်သင်္ကန်းနှစ်စုံနဲ့ တက်ထရွန် သင်္ကန်းနှစ်စုံ သပိတ် သပိတ်အိတ် စောင် အိပ်ရာခင်း သင်ဖျာ ခေါင်းအုံး နေရာထိုင် အစရှိသည်ဖြင့် ပစ္စည်းပရိက္ခရာစုံနဲ့ လှူလိုက်တာက ပစ္စယာနုဂ္ဂဟလို့ ခေါ်တယ်၊ ပစ္စယ-ပစ္စည်းလေးပါးနဲ့၊ အနုဂ္ဂဟ-သာသနာတော်ကို ပူဇော်လိုက်ခြင်း။ အဲဒီ သူတို့ သာမဏေပြုပွဲကို အကြောင်းပြုပြီးသကာလ ဂန္ဓာရုံကျောင်းတိုက် သံဃာ တော် ရှစ်ရာကျော်တို့ကို အခု နေ့ဆွမ်းအဖြစ်နဲ့ ဆက်ကပ်လှူဒါန်းတာတွေ၊ တက်ထရွန်သင်္ကန်းဒွိစုံ(၁၅)စုံ လှူတယ်ဆိုတာတွေ၊ လက်သုပ်ပဝါ အထည်

http://www.dhammadownload.com



ငါးဆယ် လျှုဒါန်းတယ်ဆိုတာတွေက ပစ္စယာနုဂ္ဂဟလို့ခေါ်တယ်၊ ပစ္စည်းနဲ့ သာသနာတော်ကို ပူဇော်တာ၊ ဒီတော့ အဲဒီပစ္စယာနုဂ္ဂဟက ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ မကြာမကြာ ဖြစ်ခွင့်ရှိတယ်၊ ဖြစ်နိုင်တယ်ပေါ့လေ၊ ကိုယ့်စပ် ရာစပ်ရာ တည့်ရာတည့်ရာ သံဃာတော်အရှင်မြတ်တွေ ဆွမ်းဟင်းလေး သွားလှူ ဆွမ်းလေးလောင်းလိုက် ပစ္စယာနုဂ္ဂဟ အမြဲဖြစ်နေတာ၊ အေး. . ဓမ္မာနုဂ္ဂဟ ကုသိုလ်ဆိုတာကျတော့ ဖြစ်ခဲတယ်. . . တဲ့၊ ဖြစ်ဖို့မလွယ်ဘူး၊ နေ့တိုင်း အချိန် ရှိသ၍ ဖြစ်ဖို့မလွယ်ဘူး။

ဓမ္မာနုဂ္ဂဟကုသိုလ်ဆိုတာ ဘာကိုခေါ်တာတုန်းဆိုရင် သူတစ်ပါးတို့ရဲ့ သားပဲ ဖြစ်ဖြစ်၊ မိမိတို့ရဲ့ ရင်မှပေါက်ဖွားတဲ့ သားပဲဖြစ်ဖြစ်၊ ရှင်ပြုပေး၊ ရဟန်းပြု ပေးခြင်းသည် ဓမ္မာနုဂ္ဂဟကုသိုလ်လို့ခေါ်တယ်. . . တဲ့၊ အဋ္ဌကထာ, ဋီကာတွေ က သာရတ္ထဋီကာ ဆရာကြီးကဖွင့်တယ်။ ဒီတော့ ရှင်ပြုပေး, ရဟန်းပြုပေးတော ဘယ်နဲ့ ဓမ္မာနုဂ္ဂဟတုန်းဆိုတော့ အခုအလှူ့အမ ဒေါ်ငွေးခင်က ဖိုးသူတော် နှစ်ပါးရဲ့ သန္တာန်မှာ နဂိုက သီလဓမ္မ ရှစ်ပါးပဲရှိတယ်။

အခု အလှူ့အမ ဒေါ်ငွေးခင်ရဲ့ ပစ္စည်းအထောက်အပံ့ကို ယူပြီးတော့ အလှူ့အမ ဒေါ်ငွေးခင်က ချီမြှောက်လိုက်လို့ ဒီဖိုးသူတော်နှစ်ပါးသည်၊ ဒီနေ့က ပြီးသောကာလ သာမဏေဘောင်ရောက်ပြီလို့ဆိုတော့ သာမဏေများကျင့်ရတဲ့ သိက္ခာသီလ (၁၂၀)။ ပေ၊၊ ဒီမှာ သီလတွေ တိုးသွားလိုက်တာ အစကရှစ်ပါးသီလ လေးတင် ကုသိုလ်ရ၊ အခု(၁၂၀)သော သိက္ခာသီလဓမ္မတွေကို ထိန်းသိမ်းစောင့် ရှောက်ရင်းနဲ့ နေ့စဉ် နေ့စဉ် (၁၂၀)သော သိက္ခာသီလဓမ္မထိန်းသိမ်းရတဲ့ ကုသိုလ် စေတနာတွေ မြင့်သွားပြီ၊ သီလဓမ္မအားဖြင့် မြင့်သွားပြီ ဒီ ဖိုးသူတော်လေးနှစ်ပါး၊ ရှစ်ပါးဆိုတဲ့ နိမ့်ကျတဲ့သီလက (၁၂၀)ဆိုတဲ့သိက္ခာသီလ မြင့်သွားတာ၊ ဘယ်သူ မြှင့်ပေးလိုက် သလဲလို့ဆိုရင် အလှူ့အမဒေါ်ငွေးခင်က မြှင့်လိုက်ပါသည်၊ အလှူ့ အမ ဒေါ်ငွေးခင်ရဲ့ ကျေးဇူးကြောင့် သူတို့နှစ်ပါး မြင့်မြတ်သာလွန်တဲ့ ကုသိုလ်ထူး တွေကို ရကြပါသည်၊ အဲဒါ ဓမ္မာနုဂ္ဂဟ ကုသိုလ်လို့ ခေါ်တယ်။

သီလဓမ္မတင်လားလို့ဆိုတော့ ဘယ်ဟုတ်ပါ့မတုန်း သမာဓိဓမ္မ, ပညာဓမ္မ၊ ဖိုးသူတော်လေးဘဝနဲ့ လေ့လာသိရတဲ့ တရားထက် သာမဏေဘဝနဲ့ သိရမယ့် လေ့လာရမယ့်တရားတွေက ပိုပြီးတော့ မြင့်လာတော့ သူတို့ရဲ့ စိတ်ကလေးဟာ ဖိုးသူတော်ဘဝနဲ့ လေ့လာရတဲ့ တွေ့ရကြုံရတဲ့ ဘုရားအာရုံ, တရားအာရုံ, သံဃာ့ အာရုံ, သာမဏေဘဝနဲ့တွေ့ရ ကြုံရတဲ့, ဘုရားအာရုံ, တရားအာရုံ, သံဃာ့အာရုံ, ပိုမြင့်မြတ်လာတယ်၊ အဲဒါ သမာဓိခေါ်တယ်၊ အသိဉာဏ်ကလေးတွေက သာမဏေ ဘဝရောက်လာတော့ သာမဏေဘဝနဲ့တန်တဲ့ အသိလေးတွေ တိုးလာ၊ အဲဒါ

http://www.dhammadownload.com



ပညာခေါ်တယ်။ ဒီတော့ သီလဓမ္မ, သမာဓိဓမ္မ, ပညာဓမ္မတွေ, ဒီ ကလေးလေးဆီ ရောက်လာ၊ ဖိုးသူတော်ကလေး နှစ်ပါး သန္တာန်မြင့်သွားတယ်၊ အဲ့ဒါကို ဓမ္မာနုဂ္ဂဟ လို့ခေါ်တယ်။ ဓမ္မအားဖြင့် ချီးမြှောက်ပေးလိုက်ခြင်း, မြှင့်တင်ပေးလိုက်ခြင်း။

အဲဒီလိုအားဖြင့် ဓမ္မာနုဂ္ဂဟဆိုတဲ့ ကုသိုလ်သည် အချိန်မရွေးဖြစ်တဲ့ ကုသိုလ် မဟုတ်ဘူး၊ ယခုလို ရှင်ပြုပေးနိုင်တဲ့ အချိန်, ရဟန်းပြုပေးနိုင်တဲ့ အချိန်၊ ရဟန်းပြုပေးလိုက်တယ်ဆိုတော့ ရဟန်းဘောင်ထိ မြှင့်လိုက်တော့ ကုဋေကိုး ထောင်ကျော် သိက္ခာသီလဓမ္မမြင့်သွားတယ်၊ သာမဏေကို ရဟန်းပြုပေးလိုက် တယ်ဆိုရင် သာမဏေတုန်းက (၁၂၀)သိက္ခာသီလလေးက နေပြီးတော့၊ နောက် ကုဋေကိုးထောင်ကျော် သီလဓမ္မတွေ မြင့်သွား၊ သမာဓိတွေ ပိုအားကောင်းသွား၊ ပညာတွေ ပိုအားကောင်းသွား၊ ဒီ သမာဓိနဲ့ ပညာဆိုတဲ့တရား သီလမြင့်မြင့် သ လောက် သူကရှေ့တိုး။ သီလအားကောင်း ကောင်းသလောက် သမာဓိကောင်း လာတယ်၊ ပညာက ပိုမြင့်လာတယ်။ အဲနောက်ဆုံးကျတော့ ပညာကဘယ်ထိ မြင့်ရမှာတုန်းဆိုတော့ မဂ်လေးတန်, ဖိုလ်လေးတန်ဆိုတဲ့ ပညာကြီး, အထွတ်အ ထိပ် ရောက်သွား။

ဒီတော့ ယနေ့ အလှူ့အမ ဒေါ်ငွေးခင်အနေနဲ့ ငါသည်. . . ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးကို ဒီနေ့ ၁၃၄၅-ခု၊ တပိုတွဲလပြည့်ကျော် (၅)ရက်နေ့ ဆိုတဲ့ ဒီရက်ပိုင်းမှာဖြင့် ငါ့ဘဝ သမိုင်းကြောင်းမှာ မြတ်စွာဘုရားရဲ့ သာသနာတော် ကြီးကို ပစ္စယာနုဂ္ဂဟ ဓမ္မာနုဂ္ဂဟနှစ်ပါးလုံးဖြင့် ငါချီးမြှောက်နိုင်တဲ့နေ့. . . လို့ ဟော ဒီလို ရှေးဦးစွာ အာရုံပြုပါ။ အဲဒီလို အာရုံပြုပြီးတော့မှ ဒီနေ့ ပြုလုပ်ရတဲ့ ပစ္စယာနုဂ္ဂဟခေါ်တဲ့ အခု သူတော်လေး နှစ်ပါးကို သင်္ကန်း သပိတ်ပရိက္ခရာ စုံ တို့ဖြင့် ချီးမြှောက်ရတဲ့ ကုသိုလ်ကောင်းမှုတွေကြောင့်၊ ဂန္ဓာရုံကျောင်းတိုက် သံဃာ တော် ခြောက်ရာကျော်တို့ကို နေ့ဆွမ်းအဖြစ်နဲ့ ဆက်ကပ်လှူဒါန်းရတဲ့ ကုသိုလ်စေ တနာတွေကြောင့်၊ တက်ထရွန်သင်္ကန်းဒွိစုံ(၁၅)စုံ လက်သုပ်ပဝါ အထည်(၅၀) တို့ဖြင့် ဆက်ကပ်လှူဒါန်းရတဲ့ ကုသိုလ်စေတနာတွေကြောင့်၊ တပည့်တော်မသည် အရှင် ဘုရားတို့အား ဤသို့ သင်္ကန်းဝတ်စုံတို့ဖြင့် လှူဒါန်းရတဲ့ ကုသိုလ်ကောင်းမှု စေတနာစုကြောင့် တပည့်တော်မရဲ့ သန္တာန်မှာ ဤသင်္ကန်းများသည် လျှင်မြန် ဆောစွာပြန်ပြီးတော့ ဝတ်နိုင်ရပါစေသား. . . ။

ဤသင်္ကန်းများသည် တပည့်တော်မရဲ့ ခန္ဓာကိုယ်ပေါ်မှာ မကြာမတင် လျင်စွာပြန်ပြီးတော့ ရောက်ပါစေသား၊ ရောက်ပြီးတဲ့နောက် ဒီ သင်္ကန်းနဲ့ ကိုက် တန်တဲ့ တရားထူး တရားမြတ်ကြီးတွေ တပည့်တော်ရဲ့နှလုံးသားဓာတ်ထဲမှာ ပေါ်ပါ စေသား. . လို့။ ဟော သင်္ကန်းလှူရတဲ့အတွက်က ဒီလိုစိတ်ညွှတ်ထားရတယ်။

http://www.dhammadownload.com



အဲလိုစိတ်ညွှတ်ထားလို့ရှိရင် တစ်ချက်ခုတ် နှစ်ချက်ပြတ် ကုသိုလ်တဲ့၊ တစ်ချက်ရိုက် နှစ်ရာထင်တဲ့ ကုသိုလ်၊ အလှူအမဒေါ်ဒွေးခင်အနေနဲ့ အခုချိန် အရေးကြီးဆုံးက အဲဒီ တစ်ချက်ခုတ်နှစ်ချက်ပြတ် ကုသိုလ်ဖြစ်ဖို့ အရေးကြီးဆုံး။

ကုသိုလ်က နှစ်မျိုးရှိတယ်၊ တစ်ချက်ခုတ် တစ်ချက်ပြတ်တဲ့ ကုသိုလ်က တစ်မျိုး၊ တစ်ချက်ခုတ်နှစ်ချက်ပြတ်တဲ့ ကုသိုလ်က တစ်မျိုးရှိတယ်၊ တနည်း ပြောလိုက်ရင် တစ်ချက်ရိုက် နှစ်ရာထင်တဲ့ ကုသိုလ်တစ်မျိုးရှိတယ်၊ တစ်ချက်ရိုက် တရာပဲထင်တဲ့ ကုသိုလ်တစ်မျိုးရှိတယ်။ တစ်ချက်ခုတ် တစ်ချက်ပြတ်၊ တစ်ချက် ရိုက် တရာပဲထင်တဲ့ ကုသိုလ်ဆိုတာ ဘာပြောတာတုန်းဆိုတော့ ဝဋ်ဘဝစည်းစိမ် ရိပ်ငြိမ်ချမ်းသာ တောင့်တပြီးတော့ လှူရင် အဲဒါ ဘဝစည်းစိမ်ရိပ်ငြိမ်ချမ်းသာ ရမယ်။

ဆိုပါတော့ ဒီနေ့ အလှူ့အမဒေါ်ဒွေးခင်က တပည့်တော်မ ဒီနေ့ ဖိုးသူတော် လေးနှစ်ပါးကို ပစ္စယာနုဂ္ဂဟ, ဓမ္မာနုဂ္ဂနဲ့ ချီးမြှောက်ရတဲ့ ကုသိုလ်ကောင်းမှုကြောင့်၊ သံဃာတော် အရှင်မြတ်ခြောက်ရာကျော်တို့ကို ရည်မှန်းပြီးတော့ ဆွမ်းဘောဇဉ် တွေ ဆက်ကပ်လှူဒါန်းရတဲ့ ကုသိုလ်စေတနာစုကြောင့် တပည့်တော်မသည်၊ နောက်ဘဝ ဒီထက် ပစ္စည်းပေါပါစေ. . . ဒီ ထက်ရုပ်တွေ ချောပါရစေ၊ လူ့ဘဝ စည်းစိမ်ရိပ်ငြိမ်ချမ်းသာကြီးတွေ ရပါရစေ၊ နတ်ဘဝ စည်းစိမ်ရိပ်ငြိမ် ချမ်းသာကြီး တွေ ရပါရစေလို့ဆိုရင် အဲဒါ တစ်ချက်ခုတ် တစ်ချက်ပဲပြတ်တဲ့ ကုသိုလ်ခေါ် တယ်. . . ဘာပြုလို့တုန်းဆိုတော့ တောင်းတာကလည်း လူ့ဘဝစည်းစိမ်ရိပ်ငြိမ် ချမ်းသာကြီးတွေ ကြီးကျယ်ချင်တာကိုး စိတ်က။ အဲဒီတော့ ကြီးကျယ်ချင်တဲ့အတိုင်း ကြီးကျယ်တယ်။ သို့သော် နိဗ္ဗာန်တော့ မနီးစပ်ဘူး၊ တစ်ချက်ခုတ်တော့ တစ်ချက်ပဲ ပြတ်တယ်၊ ဝဋ္ဋနိဿိတ ကုသိုလ်လို့ခေါ်တယ် စာလိုပေါ့။

ဒီတော့ အဲလို ဆုမတောင်းဘဲနဲ့ နိဗ္ဗာန်လှမ်းပြီးတောင်းလိုက်ရင် ဟော ကြားထဲက ခုနက လူ့ဘဝစည်းစိမ် နတ်ဘဝစည်းစိမ်တွေက သူ့ဘာသူ အလိုလို ပါသွား၊ မတောင်းဘဲနဲ့ပါသွား။ ဒီတော့ မဂ်ဖိုလ်နိဗ္ဗာန်ကို လှမ်းပြီတော့ ညွှတ်ကိုင်း။ မဂ်ဖိုလ်နိဗ္ဗာန်တောင်းရတယ်၊ အဲဒီလို မဂ်ဖိုလ်နိဗ္ဗာန် လှမ်းပြီးတော့ တောင်းနည်း က ဘယ်နဲ့လုပ် တောင်းရမှာတုန်းဆိုတော့ တောင်းနည်းအမျိုးမျိုးထဲက ဒီနေ့ အလှူ့အမဒေါ်ဒွေးခင်က သက်န်းတွေဆိုပါတော့ မွန်မြတ်တဲ့ ဖက်ထရွှန်သက်န်း တွေ သံဃိက ပုဂ္ဂလိက လှူဒါန်းတော့၊ အဲဒီ သက်န်းအလှူပေါ် အာရုံပြုပြီးတော့ တပည့်တော်မသည်. . . ဖိုးသူတော်လေးနှစ်ပါးတို့အား ရှင်သာမဏေဘောင် ရောက် ဤကဲ့သို့ သက်နီးဒွိစုံ ပိတ်သက်နီးတွေနဲ့ လှူဒါန်းရတဲ့ ကုသိုလ်ကောင်းမှု ကြောင့် သံဃာတော်ခြောက်ရာကျော်တို့ကို ဤကဲ့သို့ ဖက်ထရွှန်သက်နီးဒွိစုံ

http://www.dhammadownload.com



(၁၅)စုံတို့ဖြင့် လှူဒါန်းရတဲ့ ကုသိုလ်ကောင်းမှုစေတနာစုကြောင့်၊ တပည့်တော်မရဲ့ ခန္ဓာကိုယ်ပေါ်မှာ ဤသက်နီးသည် လျှင်မြန်ဆောစွာ ပြန်ပြီးတော့ ရောက်ပါစေသား. . .။

အဲဒီ သင်္ကန်း တပည့်တော်မရဲ့ ခန္ဓာကိုယ်ပေါ်မှာ ဝတ်ရုံနိုင်ပြီး သကာလ သင်္ကန်းနဲ့ ထိုက်တန်တဲ့ အထိုက်တန်ဆုံးဖြစ်တဲ့ တရာထူး တရားမြတ်ကို တပည့်တော်မမြင်ရပါစေသားလို့. . . ဆုတောင်း။ ဒီသင်္ကန်းဟာ အလှူ့အမဒေါ်ငွေးခင် နောက်ဆုံးပြန်ပြီး ဝတ်ကိုဝတ်ရမယ့် သင်္ကန်း။ ဘုန်းကြီးတို့ ဒကာဒကာမတွေရဲ့ ပန်းတိုင်က အရဟတ္တမဂ် အရဟတ္တဖိုလ် ရဟန္တာယောကျ်ား ရဟန္တာမ အဖြစ်နဲ့ နောက်ဆုံး နိဗ္ဗာန်ကို ယူကြရတော့မှာ။ ဒီတော့ ရဟန္တာယောကျ်ား ရဟန္တာမဖြစ်ပြီဆို ဒီသင်္ကန်းက များသောအားဖြင့် ဝတ်ကိုဝတ်ရတာ၊ နောက်ဆုံးရဟန္တာယောကျ်ားဖြစ်ရမယ်၊ အလှူ့အမဒေါ်ငွေးခင် ရဟန္တာမ, ထေရီမကြီးဖြစ်ရမယ်။ ဖြစ်တဲ့ အချိန်ထိ ဒီသင်္ကန်း ပြန်ဝတ်ရမယ်။

ဒီတော့ အခုတော့ မိမိက ဒီဘဝမှာ အခွင့်မသာသေးလို့ မိမိမဝတ်နိုင်သေးလို့'သံဃာတော်အရှင်မြတ်တွေကို လှူဒါန်း၊ ဖိုးသူတော်ကလေးတွေကို ရှင်သာမဏေဘောင်ရောက်အောင် သူ့တို့ခန္ဓာကိုယ်ပေါ်မှာ ဆင်မြန်းပေး၊ အဲဒီလို တပည့်တော်မ အရှင်ဘုရားတို့ ခန္ဓာကိုယ်ပေါ်မှာ ဆင်မြန်းပေးလိုက်တဲ့ ဤသင်္ကန်းသည် မကြာမတင်ဆောလျှင်စွာ တပည့်တော်မရဲ့ ခန္ဓာကိုယ်ပေါ်မှာ ပြန်ပြီးတော့ ရောက်ရပါစေသား. . . ဝတ်ရပါစေသား၊ ဝတ်ရရုံတင်မပြီးသေးဘူး အဲဒီ သင်္ကန်းနဲ့ အထိုက်တန်ဆုံးဖြစ်တဲ့ တရားထူး တရားမြတ်ကို ရရပါလို၏. . . လို့ ဆိုရင် ဒီ သင်္ကန်းနဲ့ အထိုက်တန်ဆုံးတရားက မဂ်လေးတန် ဖိုလ်လေးတန်ပဲ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရှစ်တန်ဟာ ဒီ သင်္ကန်းနဲ့ အထိုက်တန်ဆုံးဖြစ်တဲ့တရား။

ဒါကြောင့် ဒီသင်္ကန်းကို ဝတ်ရုံပြီးတော့ တပည့်တော်မသည်၊ တပည့်တော်မရဲ့ ခန္ဓာကိုယ်ထဲမှာ သင်္ကန်းနဲ့ အထိုက်တန်ဆုံးဖြစ်တဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရှစ်တန်၊ အဲဒီ မဂ်ဉာဏ်ဖိုလ်ဉာဏ် ရှစ်တန်ပေါ်ရင် နိဗ္ဗာန်မြင်တော့တာပဲ၊ နိဗ္ဗာန်ကို မြင်နိုင်စွမ်းရှိတယ်၊ အင်မတန်သိမ်မွေ့လေးနက်တဲ့ နိဗ္ဗာန်, တရားထူး တရားမြတ်ကြီးကို မြင်နိုင်စွမ်းရှိတဲ့ မဂ်ဉာဏ်ဖိုလ်ဉာဏ် ရှစ်တန် ပေါ်ပါရစေ. . . လို့ ဆုတောင်းရင် အဲဒါ နိဗ္ဗာန်ရရပါလို၏နဲ့ အတူတူပဲ။ အဲ ဒီထဲမှာ ခုနက ဓမ္မဒါန ကုသိုလ်ကြီးက ပါနေကြတယ်၊ ဆရာတော်ဘုရားကြီးရဲ့ ဩဝါဒကထာ ပညာအရောင်တောက်နေတဲ့ ဩဝါဒကထာ စာအုပ်တွေ၊ မိမိရည်မှန်းထားတဲ့ ရတနာ့ဂုဏ်ရည် အစရှိတဲ့ ကျမ်းစာအုပ် (၁၀)အုပ်ကို အားလုံးစာအုပ်ပေါင်း(၅၀၀)အုပ်ကို ဓမ္မဒါနအနေနဲ့ ဝေငှကမ်းလှမ်း လှူဒါန်းတယ်. . . လို့ ဆိုတော့ ဒါ ဓမ္မဒါန ပညာအလှူကြီး၊ အလင်းရောင် အလှူကြီးပေါ့။

http://www.dhammadownload.com



ဒီစာအုပ် (၅၀၀)လှူလိုက်သော်လည်းပဲ ဒီ(၅၀၀)မှာ တစ်အုပ်တစ်အုပ် သည်ပင်လျှင် ဖတ်ရတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေ သန္တာန်မှာ, ဉာဏ်အလင်းဓာတ်ကြီးတွေ ပေါ်တော့မယ်၊ သူတို့ ဒီစာအုပ်ကို ဖတ်ပြီးတော့ ဒီစာအုပ်ထဲက အကျိုးအကြောင်း ဆင်ခြင်ရမယ့် တရားတွေ ပါတော့ အခုဆင်ခြင် နိုင်တဲ့ ဉာဏ်အလင်းဓာတ်ကြီးတွေ ဟို အမျိုးသားလင်းလိုက်။ ဒီ အမျိုးသမီးလင်း လိုက် အလင်းဓာတ်ကြီးတွေ လင်းတော့မှာ၊ အဲဒီ အလင်းဓာတ်က နေရောင်လ ရောင် ထောင်, သောင်းထက် သာလွန်တယ်၊ ဘာပြုလို့တုန်းဆိုတော့ နေရောင်လ ရောင်တွေ အရောင်မှန်သမျှထက် ပညာအရောင်ဟာ အသာဆုံး. . . တဲ့ ဘုရားက၊

ပညာ သမာ အာဘာ နတ္ထိ-တဲ့။

ပညာ သမာ-အသိလိမ္မာနှင့်တူသော၊ အာဘာ-အရောင်အလင်းသည်၊ နတ္ထိ-လောကကြီးမှာ မရှိပါ. . .။ သံယုတ်ပါဠိတော်မှာ ဘုရားဟောထားတာ၊ ပကတိနေရောင် လရောင်တွေ ဘယ်လောက်ပဲ လင်းတယ် ပြောပြော၊ ခန္ဓာကိုယ် တွင်းမှာ ဝင်းပြီးတော့ သူက မလင်းနိုင်ဘူး။ အိုဘေး, နာဘေး, သေဘေးကြီးကို တားမပေးနိုင်ဘူး၊ ဘယ်လောက်နေရောင်ခြည်ကြီးက ကောင်းကောင်း အိုနေတဲ့ ဆံပင်ဖြူတာကို ပြန်ပြီးတော့ မည်းအောင် မတတ်နိုင်ဘူး၊ ဆံပင်ဖြူမှုဘေးကြီးကို တားမပေးနိုင်ဘူး၊ သွားကြိုးမှုဘေးကြီးကို တားမပေးနိုင်ဘူး၊ နာဘေးကြီးတွေ, သေဘေးကြီးတွေကို မသေအောင် နေရောင်ခြည် လရောင်ခြည် မီးရောင်ခြည် တွေက မတားဆီးပေးနိုင်းဘူး။

ဟောဒီ ပညာရောင်က အပြင်လည်းလင်းတယ်၊ အတွင်းလည်းလင်းတယ်၊ ခန္ဓာကိုယ်တွင်းလည်း လင်းတယ်၊ ပြီးတော့ အို, နာ, သေရေး ဒုက္ခဘေးကြီးကို လည်း တားဆီးပေးနိုင်တယ်. . . တဲ့ ဒီအလင်းက။ ဒကာဒကာမတွေရဲ့ စိတ်ထဲ မှာ မိုက်နေတဲ့ အဝိဇ္ဇာခေါ်တဲ့ အမိုက်မှောင်ကို နေရောင်က မဖျောက်နိုင်ဘူး, ဖျောက်နိုင်စွမ်း မရှိဘူး၊ လူတစ်ယောက်မိုက်တူးနေတာကို နေရောင်ခြည်က မမိုက်အောင် မလုပ်နိုင်ဘူး၊ ဟောဒီ စာအုပ်ကလေး ဖတ်လိုက်တော့ သူ့ဘာသူ အော်. . . ဟုတ်ပေတယ်. . . ကြည့်စမ်း ကံ ကံ အကျိုး၊ မကောင်းတာလုပ်ရင် မကောင်းကျိုးတွေရမယ်၊ ကောင်းတာလုပ်ရင် ကောင်းကျိုးတွေရမယ်၊ စွန့်ကြဲပေး ကမ်း လှူဒါန်းမှုပြုရင် မဂ် ဖိုလ် နိဗ္ဗာန်စခန်း သွားရာလမ်းကြီးမှာ ပေါ်တယ်။

သီလတွေ ထိန်းလို့ ရှိရင် မဂ် ဖိုလ် နိဗ္ဗာန် သွားရာစခန်းမှာ ကိုယ်ချမ်းသာ စိတ်ချမ်းသာရှိတယ်၊ သမထ ဝိပဿနာဘာဝနာ အလုပ်တွေကို အားထုတ်ရင် မဂ် ဖိုလ် နိဗ္ဗာန်လျှင်မြန်စွာ သွားရတယ်လို့ ဉာဏ်ဝင်သွားသည်နဲ့ တပြိုင်နက်

http://www.dhammadownload.com



သူ့ရဲ့ မိုက်လုံးတွေ အကုန်ပျောက်သွား၊ အဝိဇ္ဇာ မိုက်လုံးကြီးတွေ ခန္ဓာကိုယ်ထဲမှာ မိုက်တူးနေတဲ့ အမိုက်မှောင်ကြီး တခါတည်းပျောက်သွား၊ အလင်းဓာတ်ကြီးဝင်သွား၊ ဒီတော့ ဒီစာအုပ်ကလေးတွေ စာအုပ် (၅၀၀)တို့ကို တစ်အုပ်ကို ဖတ်ရတဲ့ အချိန် အမျိုးသား အမျိုးသမီးပေါင်းသည်ပင်လျှင် ဉာဏ်အလင်းဓာတ်ကြီးတွေ ရတယ်၊ ဒီတော့ စာအုပ်(၅၀၀)ကျော်လို့ဆိုတော့ ဒီစာအုပ်တွေ ဖတ်ပြီးတော့ အလင်းဓာတ်ကြီးတွေ ပေါ်ကြမယ်၊ အဲဒါ ပညာအလှူပဲ။

ဒီတော့ အလှူအမဒေါ်ဌေးခင်က ဒီနေ့ ပညာ အလှူဓာတ်ကြီး, အလင်းဓာတ်ကြီးကိုရတဲ့ အဲဒီလို တပည့်မေးပြီး ပညာ အလှူဓာတ်ကြီးကို လှူရခြင်းကြောင့် ထိုထိုအမျိုးကောင်းသား အမျိုးကောင်းသမီးတွေရဲ့ သန္တာန်မှာ, အတွင်းရော, အပြင်ရော လင်းစေတတ်တဲ့ ပညာအလင်းဓာတ်ကြီးပါတဲ့ ဤကျမ်းစာဖုံင်ါးရာကျော်တို့ကို လှူရခြင်းကြောင့်၊ အို, နာ, သေရေး ဒုက္ခဘေးကြီးတွေကို ကင်းဝေးစေတတ်တဲ့ ပညာအလင်းဓာတ်ကြီးတွေကို ရခြင်းကြောင့် တပည့်တော်မရဲ့ သန္တာန်မှာလည်း ပညာအလင်းဓာတ်ကြီး လျှင်မြန်စွာပေါ်ပါစေသား. . . အဲဒါ တစ်ချက်ခုတ် နှစ်ချက်ပြတ် ဆုတောင်းတာ။

ကိုယ်ကတော့ ပညာအလင်းဓာတ် ပေါ်ချင်တာ ဆုတောင်းလိုက်တာပဲ၊ ကြားထဲက မဂ် ဖိုလ် နိဗ္ဗာန်သွားရင်းနဲ့ ပြည့်စုံရမည့် ဘဝစည်းစိမ်ရိပ်မြိမ်ချမ်းသားတွေ သူ့ဘာသူ အလိုလိုဝင်လာတယ်။ ကိုယ်က မန္တလေးက နေပြီးတော့ ရန်ကုန်ရထားလက်မှတ်ဖြတ်ပြီးတော့ စီးလိုက်ရင်, ကြားထဲက တောင်ငူတို့ ပျဉ်းမနားတို့ ပျော်ဘွယ်တို့ ဘူတာတွေ သူ့ဘာသူ အလိုလို ရောက်သွားတယ်လေ။ ကိုယ်က နဂိုကတည်းက မန္တလေးကနေ ပျဉ်းမနား လက်မှတ်တင် ဖြတ်ထားလို့ကတော့ ရန်ကုန်မရောက်ပေဘူး။ အဲဒါလိုပဲ လူ့ဘဝစည်းစိမ်ရိပ်မြိမ် ချမ်းသာရရပါလို၏ ဆုတောင်းရင်ပဲ ပျဉ်းမနားလောက်တင် လက်မှတ်ဖြတ်ထားတာနဲ့ တူနေ၊ ရန်ကုန်မရောက်ပေဘူး လက်မှတ်က ပျဉ်းမနားလောက်တင် တောင်းထားတော့ ပျဉ်းမနားတင် ဆုံးသွားမှာပဲ၊ တောင်ငူလောက်တင် ဖြတ်ထားတော့ တောင်ငူလောက် ဆုံးသွားမှာပဲ။

အခု လက်မှတ်ကို နိဗ္ဗာန်ထိအောင် လက်မှတ်ကျော်ဖြတ် ဒီတော့ အဲဒီကျော်ဖြတ်နည်းက၊ ခုနက ပြောသလိုပဲ တပည့်တော်မသည် သံဃာတော် အရှင်မြတ်တွေနှင့်တကွ ရှင်သာမဏေလေးတို့ကို သင်္ကန်းလှူဒါန်း ရတဲ့ ကုသိုလ်ကောင်းမှုကြောင့် တပည့်တော်မ သန္တာန်မှာ ဤသင်္ကန်းသည် လျင်မြန်ဆောစွာ ပြန်ပြီးတော့ ရောက်ပါစေသား. . .၊ တပည့်တော်မရဲ့ ခန္ဓာကိုယ်ပေါ်မှာ ရောက်ပါစေသား၊ ရောက်ပြီးတော့ သင်္ကန်းနဲ့ ထိုက်တန်တဲ့ အသိဉာဏ်ဓာတ်ကြီးတွေ ပေါ်ပါ

http://www.dhammadownload.com



စေသား. . . . ၊ မဂ်ဖိုလ်နိဗ္ဗာန် တောင်းရတယ်၊ ဆွေမျိုးမိတ်ဆွေ သင်္ဂဟအပေါင်း သူတော်ကောင်းတွေကို ဤကဲ့သို့ ပညာအလင်းဓာတ်ကြီးကိုပေးတဲ့ ဓမ္မဒါန စာအုပ်ငါးရာကျော်တို့ကို လှူဒါန်းရတဲ့ ကုသိုလ်စေတနာကြောင့် ပညာအလင်းဓာတ်ကြီးကို လှူဒါန်းရတဲ့ ကုသိုလ်စေတနာကြောင့် တပည့်တော်မသည်. . . ။ ဤပညာအလင်းဓာတ်ကြီး တပည့်တော်မရဲ့ နှလုံးသား ထဲမှာ လျှင်မြန်ဆောစွာ ပေါ်ပါစေသား. . . ။

အဲဒီလို ဆုတောင်းလိုက်လို့ရှိရင် တစ်ချက်ခုတ် နှစ်ချက်ပြတ်၊ ဘဝစည်းစိမ်တွေလည်း ရသေးတယ် နိဗ္ဗာန်လည်း ရသေးတယ်၊ ဟော တစ်ချက်ခုတ်ပေါ့။ လုပ်တာကတော့ တစ်ချက်လုပ်လိုက်တာ၊ တစ်ချက်ခုတ် နှစ်ချက်ပြတ်တယ်၊ တစ်ချက်ရိုက်တာ နှစ်ရာထင်တယ်. . . တဲ့၊ အဲဒီလို တစ်ချက်ရိုက် နှစ်ရာထင်နည်းနဲ့ ဆုတောင်းပြီးတော့ နိဗ္ဗာန်ဝင်သွားတဲ့ အမျိုးသမီး အာဇာနည် တစ်ယောက်အကြောင်း ဘုန်းကြီးတို့ ပြောရအောင်။ အဲဒါ ဘယ်သူတုန်းလို့ဆိုတော့ သူများမဟုတ်ဘူး မြတ်စွာဘုရားရဲ့ လက်ျာရံ ခေမာထေရီ ရဟန္တာမကြီး။

ခေမာထေရီ ရဟန္တာမကြီးက မြတ်စွာဘုရားရဲ့ လက်ျာရံ ပညာဘက်က ဧတဒဂ်ရ။ ဘုန်းကြီးတို့ ရဟန်းယောက်ျား ဘက်က အရှင်သာရိပုတ္တရာက လက်ျာရံ၊ အရှင်မဟာမောဂ္ဂလာန်က လက်ဝဲရံ၊ အဲဒါလိုပဲ အမျိုးသမီးဘိက္ခုနီမတွေဘက်က ခေမာထေရီ ရဟန္တာမကြီးက လက်ျာရံ၊ ဥပ္ပလဝဏ်ထေရီက လက်ဝဲရံ၊ အခု အဲဒီ ခေမာထေရီရဟန္တာမ တစ်ချက်ခုတ် နှစ်ချက်ပြတ်၊ တစ်ချက်ရိုက် နှစ်ရာထင် ဆုတောင်းခဲ့ပုံနဲ့ သူ ကုသိုလ်ကောင်းမှုပြုခဲ့ပုံတွေကို ပြန်ပြီးတော့ ကြည့်မယ်ဆိုရင် သူကိုယ်တိုင် ပြောတဲ့စကား၊ ထေရီပဒါန် ပါဠိတော်ကြီးမှာ သူကိုယ်တိုင် သူ့ဇာတ်ကြောင်း သူ ပြန်ပြောင်းပြီးတော့ ပြောသွားတာ။

အဲဒီတော့ သူ ဘယ်နဲ့ပြောတုန်းလို့ဆိုတော့ သူ အစတုန်းက ဟိုး. . . ပဒုမုတ္တိုရ်ဘုရား လက်ထက်၊ ဒီကမ္ဘာကနေ နောက်ဆုတ်ပြန်ရင် ကမ္ဘာတစ်သိန်း လောက်တုန်းက၊ ပဒုမုတ္တိုရ်ဘုရားလက်ထက်မှာ၊ ဟံသာဝတီနေပြည်တော်ကြီးမှာ မိန်းကလေး တစ်ယောက်၊ ဆင်းဆင်းရဲရဲပဲ သူများအိမ် ကျွန်ခံနေရတယ်၊ ဒီတော့ သူ၊ သူတို့နေထိုင်ရာ ဟံသာဝတီမြို့ ပဒုမုတ္တိုရ်ဘုရားကျောင်းတော်မှာ တစ်နေ့တော့ ဘိက္ခုနီမတစ်ယောက်ရဲ့ ပညာချီးကျူးပွဲကြီး ကျင်းပတယ်၊ အဲဒီ ကျင်းပတဲ့ပွဲကို သူ့ရဲ့ သခင် သူဌေးကတော်ကသွားတယ်၊ သူက နောက်ကနေ ထီးကိုင် ဖိနပ်ကိုင်နဲ့ အထုပ်ပိုးကိုင်ပြီးတော့ လိုက်ရရှာတယ်။ အဲလို လိုက်သွားတော့ ကျောင်းရောက်တော့ ရဟန္တာမတစ်ပါး သုဇာတာဆိုတဲ့ ထေရီမကြီး ပညာဘက်က ဧတဒဂ်ဘွဲ့ရလို့ မြတ်စွာဘုရားက ဧတဒဂ်ဘွဲ့ထူးနဲ့ ချီးကျူးတော့ အားလုံး ဒကာ ဒကာမတွေက

http://www.dhammadownload.com



လည်းဝိုင်းပြီးတော့ ပူဇော်ကြတယ်ပေါ့လေ. . . ပစ္စည်းတွေနဲ့ လှူကြ၊ ပူဇော်ကြ တော့ ခုနက ကလေးမလေး သူကတော့ အနားမကပ်နိုင်ရှာပါဘူး၊ ခတ်လှမ်းလှမ်း လောက်က ကြည့်ပြီးတော့ ကြည်ညိုလိုက်တာလေ. . . သုဇာတာထေရီမ။ အော်. . . ငါ လည်းပဲ ဒီလို အမျိုးသမီး အာဇာနည် ရဟန္တာထေရီမကြီးကဲ့သို့ ဖြစ်စမ်းချင် ပါဘိတယ်. . ဖြစ်စမ်းချင် ပါဘိတယ်လို့၊ သူ့စိတ်ထဲမှာ ဒီ သုဇာတာ ထေရီမကို အားကျတယ်။

အားကျပေမယ့်လို့ သူများတွေက လှူဒါန်းကြ၊ ပူဇော်ကြပေမဲ့လို့ သူ့က လှူစရာဘာမှ မပါဘူး။ ကြည်ညိုတာပဲ ကြည်ညိုနိုင်တယ်၊ အဝေးကနေပြီးတော့ လက်အုပ်ချီမိုး ရှိခိုး, အကြိမ်ကြိမ် ပြုနိုင်ရုံပဲရှိတယ်၊ ဘာလှူစရာမှ မပါဘူး၊ သူများအိမ်ကျွန်ခံနေရတာဆိုတော့ သူ့မှာ လှူဖွယ် တန်းဖွယ် မလှူနိုင်ဘူး၊ ဒီလိုနဲ့ သူ့စိတ်ထဲ အင်မတန် ကြည်ညိုစွာနဲ့ အဝေးကနေပြီးတော့ လက်အုပ်ချီမိုး ရှိခိုး တာပဲ သူတတ်နိုင်တယ်၊ ဒါပဲ အကြိမ်ကြိမ်ရှိခိုး၊ ဒီ ထေရီမလို ဖြစ်စမ်းချင်တယ်. . ၊ ဖြစ်စမ်းချင်တယ်ဆိုတဲ့ စိတ်ကလေးညွတ်ပြီးတော့ ဒီလိုနဲ့ ပွဲပြီးတော့ ပြန်လာခဲ့တယ်။

ပြန်လာခဲ့တော့ အိမ်ရောက်၊ တစ်နေ့တော့ နောက်ရက်တွေ ကျတော့ ပေါ့လေ. . သူက ရေခပ်ထွက်လာ ရေခပ်ထွက်လာတဲ့ အချိန်နဲ့ ခုနက သုဇာတာ ထေရီမ၊ သူကြည်ညိုခဲ့တဲ့ မနေ့က ချီးကျူးပူဇော်ခံရတဲ့ ရဟန္တာမလည်း ဆွမ်းခံ ဝင်ပြီးလာတာ တွေ့တော့၊ ဟာ သူ ဝမ်းသာလိုက်တာ ဒီအချိန်မှာ၊ ဒီ ထေရီမပဲ. . . မနေ့က ဒီထေရီမပဲ ဆိုပြီးတော့၊ အရှင်မဘုရား ရပ်တော်မူပါဦးလို့ ဆိုပြီး တော့ ရေအိုးလေးချပြီးတော့ ခေါင်းခုလေး ပခုံးပေါ်တင်ပြီးတော့၊ အကြိမ်ကြိမ်ကန် တော့ ကန်တော့ပြီးတော့ "တပည့်တော်မဘုရား. . . တဲ့ အရှင်ထေရီမကဲ့သို့ တပည့်တော် ဖြစ်ချင်လိုက်တာ. . . ၊ ဖြစ်ချင်လိုက်တာ၊ တပည့်တော်မ အဲလိုဖြစ် အောင် ဆုတောင်းချင်ပါတယ်ဘုရား. . . တဲ့ ဘယ်လိုလုပ်ပြီးတော့ ဆုတောင်းရ မှာတုန်း"လို့ သူက မေးတယ်။

မေးတော့-"ညီမလေး. . . အဲလို ဆုတောင်းချင်ရင်, ကုသိုလ်ကောင်း မှုတစ်ခု၊ လှူဖွယ်တန်းဖွယ် ကုသိုလ်ကောင်းမှု တစ်ခုခုကို ပြုပေတော့တဲ့၊ ဆွမ်း ဘောဇဉ်ပဲဖြစ်ဖြစ်၊ သင်္ကန်းပဲဖြစ်ဖြစ်, လှူဖွယ်တန်းဖွယ် လှူပြီးတော့ ဆုတောင်း ပေါ့"တဲ့ ဆိုတော့ သူ "ဒီလိုဆို ဘုရား. . . အရှင်မ နက်ဖြန်ခါ တပည့်တော်အိမ်ကို ကြွတော်မူပါ၊ ဆွမ်းဘုန်းပေးကြွတော်မူပါ၊ အလှူခံကြွတော်မူပါ အရှင်မကို တပည့် တော် လှူပါရစေ" "အေး. . . ကောင်းပြီ, ကောင်းပြီ, နက်ဖြန်ခါကြွပေးမယ်"။ အဲ့ဒီလို ပင့်ပြီးတော့ သူက ရေခပ်ဆက်ထွက်သွား၊ ဘိက္ခုနီမကလည်း ဆွမ်းခံ ဆက်ကြွ၊ ဒီတော့ သူက ရေခပ်ရင်းနဲ့ အင်း. . . ငါတော့ ပင့်ပြီးပြီ၊ ပင့်တော့

http://www.dhammadownload.com



ဘာလှူရမှာတုန်း, သူဌေးဆီ ပိုက်ဆံချေးပြီးတော့ လှူရင်ကောင်းမလား၊ ဘယ်လို လုပ်ရပါ့မတုန်း။

လှူမယ်လို့သာ, စေတနာထက်သန်လို့သာ ပြောလိုက်တာ၊ သူ့မှာလှူ စရာ လက်ထဲ ဘာမှမရှိဘူး၊ ဆွမ်းတစ်ထပ် လှူဖို့ရာ ပိုက်ဆံမရှိဘူး၊ သင်္ကန်းလေးတစ်စုံ လှူဖို့ရာ ပိုက်ဆံမရှိဘူး၊ ဒီတော့ သူဘယ့်နဲ့ လုပ်ရတုန်း သူနောက်ဆုံး ကြံမိကြံရာ တစ်ခါတည်း မဖြစ်ဘူး ငါ့ဆံပင်ဖြတ်ပြီးတော့ လှူမှပဲ၊ ရောင်းမှပဲ၊ သူက ဆံပင်တော် တော်ကောင်းတယ်၊ ဒီတော့ ဆံပင်တော်တော်ကောင်းတော့ သူ့ဆံပင်ကို အင်မ တန် နှမြောစွာနဲ့၊ တသသနေတဲ့ ဆံပင်ကိုဖြတ်ပြီးတော့ သူဈေးသွားပြီးတော့ ရောင်းရှာတယ်။

ရောင်းတော့ ရလာတဲ့ တန်ဖိုးငွေနဲ့ နက်ဖြန်ခါမနက် သုဇာတာထေရီမ တစ်ပါးစာ ဆွမ်းခဲဘွယ် ဘောဇဉ်တွေ ချက်ပြုတ်, သင်္ကန်းတစ်စုံတောင် မဟုတ်ဘူး၊ သင်္ကန်းပိုင်း ဝတ်ပိုင်း တစ်ပိုင်းတင်လို့ဆိုတယ်၊ သင်္ကန်းအတွက် ဆိုပြီးတော့ ဝတ် ပိုင်း တစ်ပိုင်း အဲဒါလေး ပြင်ဆင်ပြီးသကာလ သုဇာတာထေရီမကြွလာတဲ့ အချိန် မှာ ဝမ်းမြောက်ဝမ်းသာ ကြည်ကြည်နူးနူးနဲ့ သုဇာတာထေရီမရဲ့ သပိတ်ထဲ ဆွမ်း တွေ ဟင်းတွေလောင်းထည့်၊ သင်္ကန်းကို သပိတ်ပေါ် တင်လှူပြီးတော့မှ, သူထိုင် ပြီးတော့ ကန်တော့ပြီးတော့ ဆုတောင်းတယ်။

တပည့်တော်မ ဤကဲ့သို့ ခဲခဲရင်းရင်း, ခက်ခက်ခဲခဲနဲ့ ဆံပင်ကို ဖြတ်ရောင်း ပြီးတော့မှ လှူဒါန်းရတဲ့ ဒီဆွမ်းဘောဇဉ် တစ်ထပ်နဲ့, ဤသင်္ကန်း ဝတ်ပိုင်း တစ်ပိုင်း တို့ကို လှူဒါန်းရတဲ့ ကုသိုလ်ကောင်းမှု စေတနာစုကြောင့်. . . အရှင်မမြင်တော် မူအပ်တဲ့ တရားထူး တရားမြတ်ကို မြင်ရတဲ့သူ ဖြစ်ရပါလို၏. . . ဟော ဟောဒီမှာ လူ့ဘဝစည်းစိမ်, နတ်ဘဝစည်းစိမ်, ရရပါလို၏ မပါဘူး၊ သူဌေးကတော်ကြီး ဖြစ်ရ ပါလို၏ မပါဘူး၊ ဒါ တစ်ချက်ခုတ် နှစ်ချက်ပြတ်ဆိုတာ ဒါပြောတာ၊ သူတောင်း လိုက်တဲ့ ဆုက အရှင်မ မြင်အပ်တဲ့ တရားထူး တရားမြတ် မြင်ရပါလို၏. . ။

တုမှာကံ ဒိဋ္ဌမေဝ္ဘသော ဘာဂီ အဿ. . . တဲ့

အရှင်မတို့ မြင်အပ်တဲ့ တရားထူး တရားမြတ်ရဲ့ အဖို့ရှိသူမ, ဖြစ်ရပါလို၏. . . ဒီလို ဆုတောင်းလိုက်တယ်။

ဒီတော့-အရှင်မများ မြင်အပ်တဲ့ တရားထူး တရားမြတ်ရဲ့အဖို့ရှိရပါ၏လို့ ဆိုတာ, အရှင်မ မြင်သလိုပဲ တပည့်တော်မ, မြင်ရပါစေဆိုတော့၊ ဒါ မဂ်ဖိုလ် နိဗ္ဗာန် ဆုတောင်းတာပဲ။ အဲဒီလိုနဲ့ အဲဒီဘဝ သူပြီးသွားရှာတယ်၊ သူဝမ်းမြောက် လိုက်တာ, ဝမ်းမြောက်လိုက်တာ၊ သူ့ကိုယ်သူလေ. . . ခဲခဲ ရင်းရင်း ဆံပင်ဖြတ်

http://www.dhammadownload.com



ရောင်းပြီးမှ လှူရတဲ့ ကုသိုလ်လေး ကြည်နူးလိုက်တာ၊ အဲဒီလိုနဲ့ ဒီပီတိစေတနာတွေနဲ့ တဖွားဖွားနောက်ထပ်, နောက်ထပ်, တွေးတိုင်း, တွေးတိုင်း ဝမ်းသာနေရာက နောက်ဆုံး ကွယ်လွန်အနိစ္စရောက်ပြီးတော့ သုဂတိဘဝတွေ ကျင်လည်လာရင်းနဲ့ နောက်ဆုံး ဘယ်ဘဝရောက်သွားပြန်တုန်းလို့ဆိုတော့ ဝိပဿီမြတ်စွာဘုရားလက်ထက်ကျတော့ သူကပစ္စည်းရှိတယ် သူဌေးသမီးလေးလာဖြစ်တယ်။

အဲဒီ ဝိပဿီမြတ်စွာဘုရားလက်ထက် သူဌေးသမီးလေး ဖြစ်နေပြန်တော့လည်း အိမ်ရာတည်ထောင် လူ့ဘောင်မှာ မနေဘူး၊ နိဗ္ဗိန္ဒဉာဏ် အခြေခံပြီးတော့ အိမ်ရာမထောင်ခင် ဘိက္ခုနီပြု၊ ပြုပြီးတော့ အဲဒီမှာ အနှစ် နှစ်သောင်း လုံးလုံး သီလကို ထိန်းတယ်၊ စာပေကျမ်းဂန်တွေ သင်အံလေ့လာပို့ချ၊ ဟောပြောပြီးတော့ ပညာတိုးပွားကြောင်းဖြစ်တဲ့ အလုပ်တွေကိုလုပ်ခဲ့တယ်၊ အဲဒီကနေပြီးတော့ နောက်ဘယ်ရောက်လာပြန်တုန်းဆိုတော့ ဘုန်းကြီးတို့ ဒီကမ္ဘာမှာ၊ ဘုန်းကြီးတို့ ဂေါတမဘုရားရဲ့ရှေ့က ကပ်ပွင့်သွားတာ ကဿပဘုရားတဲ့၊ အဲဒီ ကဿပ မြတ်စွာဘုရားရဲ့ လက်ထက်ကျတော့ ဗာရာဏသီမြို့မှာ ကိကီမင်းကြီးရဲ့ သမီးတော်လာပြီးတော့ ဖြစ်တယ်၊ ဘုန်းကြီးတို့ သာသနာ့သမိုင်းမှာ ကိကီမင်းကြီးရဲ့ သမီးတော် ခွန်နှစ်ဖော်ဆိုတာ သာသနာ့သမိုင်းမှာ အထင်ရှားပဲ၊ အဲဒီအထဲမှာ သူကအကြီးဆုံး သမဏီဆိုတဲ့ သမီးတော်လာပြီးတော့ ဖြစ်တယ်။

အဲဒီလို သမဏီဆိုတဲ့ သမီးတော်လာဖြစ်ပြီးတော့ သူတို့ရဲ့ ခမည်းတော်ကြီး, ကိကီမင်းကြီးကလည်း မြတ်စွာဘုရားရဲ့ ကျောင်းဒကာ ကျောင်းအမကြီးတွေဖြစ်နေတော့ သူ့မယ်တော် ခမည်းတော်တွေက ကျောင်းဒကာ ကျောင်းအမတွေဖြစ်နေတော့ သူတို့ကလည်း ကျောင်းအမ သမီးတွေ ပီပီ ကျောင်းကိုသွားလို့, ဝင်လို့ ထွက်လို့ တရားနာလို့ ညီမခုနှစ်ဖော် ဒီလိုနေကြတယ်၊ အဲလိုနေရင်းနဲ့ သူတို့စိတ်တွေ တရားနာရင်းနဲ့ အိမ်ရာတည်ထောင် လူ့ဘောင်မှာ မနေချင်ဘူး၊ ဃရာဝါသမှု ကိစ္စဆိုတဲ့ ကိစ္စများမြောင် လူတို့ ဘောင်ရဲ့ ဒုက္ခတွေကို ဉာဏ်ထဲမှာ ထင်. . . လို့ မပျော်ပိုက်ကြတာနဲ့ ရဟန်းပြုကြမယ်လို့ ခွင့်တောင်းကြတယ်။

ဒီတော့ ကိကီမင်းကြီးက သမီးတို့ရယ်. . . တဲ့ ရဟန်းတော့ မပြုကြပါနဲ့, မယ်တော်ခမည်းတော်တို့မှာ သမီးတို့ မျက်နှာလေးတွေကြည့်ပြီးတော့ ပျော်မွေ့နှစ်ခြိုက်ပြီးတော့ နေကြရပါတယ်၊ နန်းတော်ကနေပြီးတော့ လုပ်လိုတဲ့ ကုသိုလ်ကောင်းမှုတွေကို နန်းတော်ကပဲ နေပြီးတော့ ပြုကြပါ. . . လို့ မဟာင်းပန်လို့ ခမည်းတော် မယ်တော်ကြီးတွေ ငဲ့ပြီးတော့ ဘိက္ခုနီ မပြုရရှာကြဘူး။ အဲ ကောမာရ ဗြဟ္မာစရိယ ခေါ်တဲ့, အပျိုဘဝနဲ့ပဲ ရှစ်ပါးသီလ အမြဲထိန်းပြီးတော့ နေတဲ့, မြတ်တဲ့ အကျင့်ကို ကျင့်ပြီးတော့ နေကြပါတယ်။

http://www.dhammadownload.com



နေရင်းနဲ့ သူတို့ညီမ ခုနှစ်ယောက် စုပေါင်းပြီးတော့ ကျောင်းတစ်ဆောင် ဆောက်ကြတယ်၊ ကျောင်းတစ်ဆောင် ဆောက်ကြတယ်, သင်္ကန်းတွေ လှူကြတယ်၊ ဆွမ်းတွေကပ်ကြတယ်၊ အဲဒီပြုတိုင်း ပြုတိုင်းလည်း ကဿပမြတ်စွာဘုရား လက်ထက်၊ သာသနာတော်မှာ ကုသိုလ်ကောင်းမှုတွေ ပြုတိုင်းလည်းပဲ သူတို့က ဆုတောင်းရင် ဘယ်လိုတောင်းသလဲဆိုတော့-

အရှင်မြတ်ဘုရားများ မြင်တော်မူအပ်တဲ့ တရားထူး တရားမြတ်မြင်ပါရစေ. . . တပည့်တော်မတို့ ဤကဲ့သို့ အရှင်မြတ်တို့အား သင်္ကန်းလှူဒါန်း ရတဲ့ ကုသုလ်ကောင်းမှု စေတနာစုကြောင့် ဤသင်္ကန်းသည် တပည့်တော်မတို့ရဲ့ ခန္ဓာကိုယ်ပေါ်မှာ လျင်မြန်ဆောစွာ ပြန်ပြီးတော့ ရောက်ပါစေသား. . ဤသင်္ကန်းသည်၊ တပည့်တော်မတို့ရဲ့ ခန္ဓာကိုယ်ပေါ်မှာ လျင်မြန်ဆောစွာ ပြန်ရောက်ပြီး သကာလ ဤသင်္ကန်းနဲ့ အထိုက်တန်ဆုံးဖြစ်တဲ့ တရားထူး တရားမြတ် တပည့်တော်တို့မြင်ရပါလို၏. . ၊ ဟော-ဒီလိုချည့် ဆုတောင်းတယ်။

အဲဒီလို ဆုတောင်းပြီးတော့ အဲဒီမှာလည်းပဲ အနှစ်နှစ်သောင်း လုံးလုံး ကုသိုလ်တွေပြုပြုဟော့ ညီမခုနှစ်ဖော် နေလာလိုက်ကြတာ၊ အဲဒီ ခုနက သမဏီဆိုတဲ့ အမျိုးသမီး ဘုရင့်သမီး သူကအကြီးဆုံး၊ အဲဒါနောက် သူဘယ်ရောက်လာတုန်းလို့ဆိုတော့ ဘုန်းကြီးတို့ ဘုရားလက်ထက်ကျတော့ မဒ္ဒရစ်တိုင်းမှာ, မဒ္ဒရစ်မင်းရဲ့သမီး ခေမာဆိုတဲ့ မင်းသမီးလာပြီးတော့ ဖြစ်တယ်။ သူ့ကို မွေးဖွားတဲ့နေ့တုန်းက တစ်တိုင်းပြည်လုံး အေးချမ်းလွန်းလို့ လူတွေလည်း စိတ်အေး ကိုယ်အေးရှိလွန်းလို့ ရာသီဥတုတွေကလည်း အေးချမ်းလွန်းလို့၊ အေးချမ်းတဲ့ လက္ခဏာနဲ့မွေးလာတဲ့ ဘုရင့်သမီးတော်မို့လို့ ခေမာလို့ နာမည်ပေးလိုက်တာ။ ခေမာ-ဆိုတာ အေးချမ်းတယ်လို့ အဓိပ္ပါယ်ထွက်တယ်။

အဲဒီခေမာဆိုတဲ့ ဘုရင့်သမီးဟာ နောက်တော့ ဘယ်ရောက်လာတုန်းဆိုတော့ အားလုံးအလှူအမများနဲ့တကွ အားလုံးတရားနာပရိသတ်တွေ သိနေတဲ့ ဗိမ္ဗိသာရမင်းကြီးရဲ့ မိဖုရားကြီး ခေမာမိဖုရားလာဖြစ်တယ်။ အဲလို ခေမာမိဖုရားဖြစ်ပြီးတော့ ရုပ်ဆင်းအင်္ဂါလက္ခဏာ အင်မတန် ချောမောလှပတော့၊ ရုပ်မာန်တက်ပြီးတော့ သူ့ခင်ပွန်းသည် ဗိမ္ဗိသာရမင်းကြီးကတော့ ကျောင်းဒကာကြီး, သောတာပန်ကြီး ဖြစ်နေပြီ၊ သူကတော့ ရုပ်မာန်တက်ပြီးတော့ မြတ်စွာဘုရားက ရုပ်ရဲ့ပြစ်ချက်တွေ ဟောတယ်၊ ရုပ်ရဲ့အပြစ်တွေ ဟောတယ်တဲ့၊ ရုပ်ဆင်းလှပမှုတွေ တန်ဆာဆင်မှုတွေရဲ့ အပြစ်တွေ ဟောတယ်ဆိုတော့ သူက ဘုရားဆီ မသွားဘူး၊ ဒါ-ပါရမီရှင်ကြီးနော်, တကယ့် ဒိတ်ဒိတ်ကြဲ စုဆောင်းလာခဲ့တာ၊ ဘုရားနဲ့တွေ့ခါနီး ကျွတ်ခါနီးမှာ ခံနေလိုက်တာ၊ ရုပ်ပေါ်မှာ သူ့ရဲ့အလှကို ပြင်လို့၊ ဆင်လို့, ဖီးလို့, လိမ်းလို့, ဒီလိုပဲ သူကနေတယ်၊ ဘုရားဆီမသွားဘူး။

http://www.dhammadownload.com



အဲလိုဖြစ်ပြီးတော့ ဗိမ္ဗိသာရမင်းကြီးကလည်း သူ့ရဲ့မိဖုရား အရိပ်တကြည့်ကြည့်နဲ့၊ ဘယ်တော့မှား ဘုရားနားကပ်ပါ့မတုန်း၊ သူတော်ကောင်း ဆိုတော့ သူတော်ကောင်းရှိရာ ပို့ချင်တယ်၊ သူတော်ကောင်းခေတ် ဝင်စေချင်တာ၊ အဲဒါနဲ့ နောက်ဆုံးတော့ ဗိမ္ဗိသာရမင်းရဲ့ အကြံအစည်အရ ပေါ့လေ. . . တခါတည်း ဝေဠုဝန်ကျောင်းတော်ကြီးရဲ့ သာယာပုံတွေ၊ ဘုရားရှင်နဲ့ တပည့်သားတွေရဲ့ ကြည်နူးစရာကောင်းပုံတွေ ဖူးရမြင်ရတာ ကောင်းပုံတွေ တခါတည်း သွားချင်အောင် တဖြေးဖြေး နားသွင်းတော့၊ နောက်တော့ ခေမာမိဖုရားကျောင်းသွားတယ်၊ ကျောင်းသာသွားတာ၊ သူက မြတ်စွာဘုရား ဆွမ်းခံဝင်တဲ့ အချိန်မှ ရွေးသွားတာ၊ ဘုရားနဲ့တွေ့မှာစိုးလို့။

ဒါပေမယ့်လို့ မရပါဘူး၊ နောက်ဆုံးတော့ မြတ်စွာဘုရားကလည်းပဲ ခေမာကျွတ်တော့မယ်ဆိုတာ မြင်တော်မူလို့၊ မြတ်စွာဘုရားကလည်း ကျောင်းမှာနေ၊ ကျောင်းကနေ စောင့်တာနဲ့ သူမဝင်လို့ မဖြစ်ဘူး၊ ဘုရားဆီ ဝင်ရမယ်၊ ဝင်တော့ မြတ်စွာဘုရားက အင်း. . . . ရုပ်မာန်တက်နေတဲ့ ငါ့ရဲ့ချစ်သမီးကိုတော့ ရုပ်နဲ့ပဲ ဖျားယောင်းမှ တော်တော့မယ်လို့ ဆိုပြီးတော့ တခါတည်း မြတ်စွာဘုရားက သူ့နားမှ အင်မတန်ချောမောလှပတဲ့ ခေမာထက် အဆပေါင်း ရာထောင် ချောမောလှပတဲ့ မိန်းကလေးတစ်ယောက် ယပ်ခပ်နေတဲ့ပုံ ဖန်ဆင်းပြီးတော့ မြတ်စွာဘုရားက ပြတယ်။

အဲဒီတော့ ခေမာက ဘုရားဆီဝင်သွားတော့ ဘုရားမကြည့်နိုင်ဘူး၊ ဘုရားနား ယပ်ခပ်နေတဲ့ မိန်းကလေးမြင်တော့ အမလေး. . . . လှလိုက်တာပါလား. . . လှလိုက်တာပါလား၊ ဘုရား ဖန်ဆင်းထားတဲ့ ရုပ်ဆိုတော့လေ သူ့ထက်အကုန်သာနေတယ်၊ ဒီတော့ လှပတဲ့ မိန်းကလေးမို့လို့ ကြည့်ပြီးတော့ ပီတိဖြစ်နေ၊ အမလေး မြတ်စွာဘုရား ရုပ်ရဲ့အပြစ်တွေဟောတယ်၊ အသုဘတွေ ဟောတယ်ဆိုပေမယ့်လို့၊ ဒီလို ချောမောလှပတဲ့ ရုပ်ရည်ရှိတဲ့ မိန်းကလေး ဘုရားနားရှိပါလား. . . ရှိပါလားနဲ့၊ သူ သံဝေဂတွေဖြစ်ပြီးတော့ ကြည့်နေ၊ မိန်းကလေးလည်း ယပ်ခပ်ရင်း၊ ယပ်ခပ်ရင်းနဲ့ သူ့ရှေ့တင်ပဲ၊ သူကြည့်နေတုံးပဲ, တဖြေးဖြေးနဲ့ ရင့်ရင့်ရင့်ရင့်လာ ရုပ်တွေက၊ အသားတွေက ဝင်းနေရာကနေ ပြီးတော့ ညှိုညှိုလာ, ညှိုညှိုလာ, မည်းမည်းသွား၊ နောက်အသားတွေတွန့်။ ဟာ-ခါးတွေကိုင်းလာ, နားတွေထိုင်းနဲ့ အမယ်ကြီးအိုရုပ်ပေါက်၊ အဲဒီနားတင် ပုံကျသွား၊ မြတ်စွာဘုရားက တန်ခိုးနဲ့ လုပ်ပြတာ။

အဲဒီတော့မှ တခါတည်း စိတ်ထဲမှာ ထိတ်ကနဲဖြစ်သွားပြီးတော့ အလို. . . ငါ့ရဲ့ ခန္ဓာကိုယ်မှာရှိနေတဲ့. . . ရုပ်ရေရူပကာယ လှပမှုတွေမှန်သမျှ, နောက်ဆုံး

http://www.dhammadownload.com



တော့ အသုဘမှာ လမ်းဆုံးပါလား. . . နောက်ဆုံး ဇရာရဲ့လက်အောက်မှာ အသက်ပျောက်ရပါလား. . . နောက်ဆုံး မရဏအောက်မှာ လက်မြှောက်ရပါလား. . . စိတ်တွေ အလှမာန်တွေကျပြီးတော့ အလှကို အကြောင်းပြုတက်နေတဲ့ မာန်တွေအကုန်ကျသွားတဲ့ အချိန်မှာမှ ဘုရားက-

အာတုရံ အသုစိံ ပူတိံ, ပဿ ခေမေ သမုဿယံ၊
ဥဂ္ဃရန္တံ ပဃရန္တံ, ဗာလာနံ အဘိနန္ဒိတံ။

ခေမေ-ဗိမ္ဗိသာရဘုရင်, ညာတင်မြှောက်စား, အိုခေမာမိဖုရား၊ အာတုရံ-ကိုးဆယ်ခြောက်ဖြာ, ဘေးရောဂါတို့, ကျင်နာခံခက်, နှိပ်စက်အပ်ထသော၊ အသုစိံ-ဘာတစ်ခုမျှ, သုဘတင့်တယ်, စင်ကြယ်မရှိ, ပကတိသဘော, မစင်တောကြီးလည်း, ဖြစ်၍နေထသော၊ ပူတိံ-မွေးမျိုးနံ့သာ, လိမ်းကျံပါလည်း, အမြင်သာဟုတ်, အတွင်းပုပ်၍လည်း နေထသော၊ ဥဂ္ဃရန္တံ-မျက်စိနားနှာ, အင်္ဂါရှိတိုင်း, အထက်ပိုင်းဝယ်, ရွံဖွယ်သိုးပုပ်၊ အန်ထုတ်၍ လည်း နေထသော၊ ပဃရန္တံ-ကျင်ကြီးကျင်ငယ်, အသွယ်သွယ်ကို, မဖွယ်မရာ, မှန်စွာနေ့ည, ယိုချ၍လည်း နေထသော၊ ဗာလာနံ-ဘဝါဘဝ, သံသာရက, ရာဂစရိုက်ပွား, ငမိုက်သားတို့၏၊ အဘိနန္ဒိတံ-လှတယ် ယဉ်တယ်, ခင်မင်ဖွယ်ဟု, တွယ်တာစုံမက်, နှစ်သက်မြတ်နိုးအပ်ထသော၊ ဣမံ သမုဿယံ-သုံးဆယ့်နှစ်ဝ, ကောဋ္ဌာသတို့, လုံးဝခိုမှီး, ဤခန္ဓာကိုယ်ကြီးကို၊ ပဿ-အမိုက်ကင်းပျောက်, အလင်းရောက်အောင်, ထွင်းဖောက်မသွေ, ရှုစားသင့်လှပေသတည်း. . .။

သာဓု. . . သာဓု. . . သာဓုပါဘုရား. . .။

ချစ်သမီးခေမာ. . . တဲ့၊ အခု သင့်ရှေ့မှာ အင်မတန်ချောမောလှပပါတယ်ဆိုတဲ့ သုဘသညာနဲ့ မြင်ရလောက်အောင် မြင်တဲ့သူတွေ ငေးရလောက်အောင် ချောမောလှပပါတယ်ဆိုတဲ့မိန်းကလေး သင်မြင်နေတုန်း သင်ကြည့်နေတုန်း သင်ကြည့်နေခိုက်မှာပင်လျှင် ရုပ်နာမ်ဓမ္မသဘာဝတို့ ထုံးစံအတိုင်း တဖြုန်းဖြုန်း တရှုန်းရှုန်း ရင့်ရော်ယိုယွင်းပြီးသကာလ ပြောင်းလဲသွားပုံတွေကို သင်မြင်ဖြိုမဟုတ်လား ချစ်သမီး. . . လို့ ဘုရားက နားသွင်းတဲ့အနေနဲ့၊ ဒီခန္ဓာ ကိုယ်ကြီးသည်. . . အပြင်ဘက်က ဘယ်လောက်ပဲလှတယ်လို့ဆိုရသော်လည်း အရေတစ်ထောက်ထက်ပိုပြီးတော့ မနက်ဘူး ချစ်သမီး. . . တဲ့၊ အင်မတန်လှပါတယ် ချောပါတယ်ဆိုတာတွေ အရေလေးတစ်ထောက်ကို ဖယ်လိုက်ရင် အကုန်လုံး အသုဘ မတင့်တယ် ရွံစဖွယ်တွေ အကုန်လုံးပေါ်လာတယ်လို့. . .

အာတုရံ-ကိုးဆယ့်ခြောက်ဖြာ, ဘေးရောဂါတို့, ကျင်နာခံခက်, နှိပ်စက်အပ်ထသော. . .။ ဘယ်လောက်လှတယ်ပြောပြော အထဲမှာ ကိုးဆယ့်ခြောက်ဖြာ

http://www.dhammadownload.com



ဘေးရောဂါတွေ ကိန်းပြီးတော့နေတယ်. . . တဲ့၊ အောင်းပြီးတော့နေတယ်၊ အိုမှုကြီးတွေ ဆံပင်ဖြူ သွားကျိုး နားထိုင်း ခါးကိုင်း ဆိုတာကြီးတွေ ဒီဝမ်းထဲ အောင်းနေတယ် ချစ်သမီး. . .။ နာဘေးကြီးတွေအမျိုးမျိုး အနာကြီးပေါက်၊ အနာငယ်ပေါက်၊ ဆီးချိုသွေးတိုး ကင်ဆာဆိုတဲ့ ရောဂါကြီးတွေ ဒီထဲမှာ အောင်းနေတယ်၊ သေဘေးကြီးတွေ အမျိုးမျိုးအောင်းနေတယ်. . . တဲ့၊ လှပါတယ်ဆိုတဲ့ ဒီခန္ဓာကိုယ်ထဲကပဲ တော်ကြာအဆိပ်သင့် သေတယ်၊ ဓားခုတ်လို့ သေရတယ်၊ အနာကြီးပေါက်သေတယ်၊ အနာငယ်ပေါက်သေတယ်၊ ရေနစ်သေတယ်၊ မီးလောင်သေတယ်ဆိုတဲ့ အသေမျိုးစုံ ဒီခန္ဓာကိုယ်ကြီးထဲ ကိန်းနေတယ် ချစ်သမီး. . .၊

အာတုရံ-ကိုးဆယ့်ခြောက်ဖြာ၊ ဘေးရောဂါဘို့၊ ကျင်နာခံခက်၊ နှိပ်စက် အပ်ထသော၊ အသုစိ-ဘာတစ်ခုမျှ၊ သုဘတင့်တယ်၊ စင်ကြယ်မရှိ၊ ပကတိသဘော၊ မစင်တောကြီးလည်း၊ ဖြစ်၍နေထသော. . .။ ချစ်သမီး. . . ဒီခန္ဓာကိုယ် ထဲကထွက်လာတဲ့ ပစ္စည်းဝတ္ထု၊ သေးသေးမွှားမွှားကလေးက စပြီးတော့ ဘာပစ္စည်း ဖြစ်ဖြစ်၊ သိမ်းထားစရာ သိုထားစရာ ဖလ်ပေါင်းချောင်ထဲ ထည့်ပြီးတော့ သိမ်းထား စရာရယ်လို့ ဘာတစ်ခုမျှားရှိတုန်း ချစ်သမီး. . . တဲ့၊ ဉာဏ်နဲ့ သေသေချာချာ အမိုက်ကင်းပျောက် အလင်းရောက်အောင် ရှုစမ်းပါ ချစ်သမီး. . .၊ ဒီခန္ဓာကိုယ် ထဲကထွက်လာတဲ့ ပစ္စည်းမှန်သမျှ၊ မတင့်မတယ်၊ မစင်မကြယ်၊ ရွံစဖွယ်ချည်းပဲ။

အသုစိ-ဘာတစ်ခုမျှ၊ သုဘတင့်တယ်၊ စင်ကြယ်မရှိ၊ ပကတိသဘော၊ မစင်တောကြီးလည်း၊ ဖြစ်၍နေထသော၊ ပူတိ-မွှေးမျိုးနံ့သာ၊ လိမ်းကျံပါလည်း၊ အမြင်သာဟုတ်၊ အတွင်းပုပ်၍လည်းနေထသော. . .။ အပေါ်ကနေပြီးတော့ ရေမိုးချိုး၊ နံ့သာမျိုးနဲ့ ဖီးလိမ်းပြင်ဆင်နေပေမဲ့လို့၊ အပြင်သာဟုတ်တယ်၊ ဟန်တယ် ထင်နေရတယ်၊ အတွင်းကတော့ အပုပ်တွေချည်းစုနေတယ် ချစ်သမီး. . .။

ဥဿုရန္တံ-မျက်စိနားနှာ၊ အင်္ဂါရှိတိုင်း၊ အထက်ပိုင်းဝယ်၊ ရွံဖွယ်သိုးပုတ်၊ အန်ထုတ်၍လည်း နေထသော. . .၊ ခန္ဓာကိုယ်အထက်ပိုင်းကလည်း မစင် မကြယ်တွေ အန်ထုတ်ပေးရ၊ မတင့်မတယ်တာတွေ အန်ထုတ်ပေးရ၊ နားပေါက်က ထွက်တာတွေလည်း မတင့်တယ်၊ မျက်စိပေါက်က ထွက်တာတွေလည်း မတင့် တယ်၊ ပါးစပ်က ထွက်တာတွေလည်း တံတွေးတွေ သွားရည်တွေ ကလည်း တစ်ခုမှ မတင့်တယ်၊ ဥဿုရန္တံ-မျက်စိနားနှာ၊ အင်္ဂါရှိတိုင်း၊ အထက် ပိုင်းဝယ်၊ ရွံဖွယ်သိုးပုပ်၊ အန်ထုတ်၍လည်း နေထသော၊ ပဃ္ဃရန္တံ-ကျင်ကြီး ကျင်ငယ်၊ အသွယ်သွယ်ကို၊ မဖွယ်မရာ၊ မှန်စွာနေ့ည၊ ယိုချ၍လည်း နေထသော. . .။

http://www.dhammadownload.com



ခန္ဓာကိုယ်အောက်ပိုင်း ဆင်းသက်လာတာတွေမှန်သမျှကလည်း တစ်ခု. . . မှ တင့်တယ်တာမရှိဘူး ချစ်သမီး. . . တဲ့၊ အဲဒါကို မြင်အောင်ရှုစမ်းပါလေ့ ခေမာက နဂိုကမှ ခုနက တကတည်း အင်မတန်ချောမော လှပတဲ့ မိန်းကလေး တဖြေးဖြေး ရင့်ရော်အိုမင်းပြီးတော့ ပြောင်းလဲသွားတာ မြင်. . . ပြီး စိတ်တွေက နူးညံ့ပြီးတော့ မာန်တွေကျပြီးတော့ နေတဲ့အချိန် ဘုရားက အနားကနေပြီးတော့ တရားသံပေးလိုက်တာ တခါတည်း အဲဒီနားတင် မာန်တွေအကုန်ကျပြီး. . . တော့၊ စိတ်တွေ နူးညံ့ပြီးတော့သွားတာ၊ အဲဒီအချိန်ကျမှ မြတ်စွာဘုရားက-

**အသုဘာယ စိတ္တံ ဘာဝေဟိ, ဧကဂ္ဂံ သုသမာဟိတံ၊**
**သတိ ကာယဂတာ တျတ္ထု, နိဗ္ဗိဒါ ဗဟုလာ ဘဝ။**

**ခေမေ-ချစ်သမီး ခေမာ. . .၊ စိတ္တံ-အာရုံတွေတိုင်း, ပြေးခုန်စိုင်း၍ နေသည့်, စိတ်ရိုင်းစိတ်မိုက်ကလေးကို၊ ဧကဂ္ဂံ သုသမာဟိတံ-အာရုံများစွာ, ကြဉ်ဖယ်ခွာသည်ဖြစ်၍၊ အသုဘာယ-မတင့်မတယ်, မစင်ကြယ်သည့်, ရွံဖွယ်သဘော၌၊ ဘာဝေဟိ-ကောင်းစွာမသွေ, ဖြစ်စေပါလော့. . .။**

ချစ်သမီးရဲ့ စိတ်ကလေးကိုလေ. . . အဲဒီ အသုဘဘာဝနာထဲမှာ ကိန်းနေပါစေ. . . တဲ့၊ မိမိနေ့စဉ် ကိုယ်လက်သုတ်သင်မှုတွေ ပြုတိုင်း ပြုတိုင်း အော်. . . ငါ့ခန္ဓာကိုဟာ မစင်ကြယ်ပါလား၊ မတင့်တယ်ပါလားဆိုတဲ့ စိတ်ကလေး ခန္ဓာကိုယ်ထဲရောက်ပါစေ. . . တဲ့၊ ခန္ဓာကိုယ်ရဲ့ အပြင်ဘက်တင် ရှပ်ပြီးတော့ လှတယ် ချောတယ်ဆိုတဲ့ စိတ်တွေ၊ မှားတဲ့စိတ်တွေ, မှောက်တဲ့စိတ်တွေ ရိုင်းတဲ့စိတ်တွေ မဝင်စေနဲ့ ချစ်သမီး. . . တဲ့၊ ခန္ဓာကိုယ်[illegible] ရှုပြီးတော့ အသုဘဘာဝနာ နေ့စဉ်ရှုပေတော့. . .။

**ဖပ်သတိ-ကောင်းသည့်အာရုံ, စွဲထုံတည်ဘိ, မြတ်သတိသည်၊ ကာယဂတာ-သုံးဆယ့်နှစ်ဝ, ကောဋ္ဌာသ၌, မုချပုံသေ, စွဲတည်စေသည်၊ အတ္ထု-ကောင်းစွာမသွေ ဖြစ်ပါစေလော့. . .။** ချစ်သမီးရဲ့ [illegible]လေးကိုလေ. . . သတိပြုတဲ့ စိတ်ကလေးကို ချစ်သမီးရဲ့ ခန္ဓာကိုယ် သုံးဆယ့်နှစ်ကောဋ္ဌာသပေါ် လမ်းလျှောက်ပေးထားလိုက်စမ်းပါ. . . ခေါင်းကစပြီး ခြေသလုံး ချစ်သမီးရဲ့ ခန္ဓာကိုယ် တစ်ကိုယ်လုံးရှိနေတဲ့ သုံးဆယ့်နှစ်ဝဆိုတဲ့ ကောဋ္ဌာသပေါ်မှာ ဒီ သတိလေး ကပ်နေအောင် ကြိုးစားလိုက်စမ်းပါ. . . တဲ့၊

ငါ့ရဲ့ကိုယ်မှာ ဆံပင်တွေသာရှိတယ်၊ အရေထူ အရေပါးတွေရှိတယ်၊ သွားတွေရှိတယ်၊ မွေးညှင်းတွေရှိတယ်၊ အူတွေ အသဲတွေ အဆုပ်တွေ စသည်ဖြင့် ဒီခန္ဓာကိုယ်ကို ခေါင်းကစပြီးတော့ ခြေအဆုံး ခြေကနေပြီးတော့ [illegible]

http://www.dhammadownload.com



သုံးဆယ့်နှစ်ဝ ကောဋ္ဌာသဆိုတဲ့အာရုံပေါ်မှာ ချစ်သမီးရဲ့ သတိဦးစီးတဲ့ ဘာဝနာစိတ်ကလေးကို လမ်းလျှောက်ခိုင်းထားလိုက်စမ်းတဲ့၊ လမ်းလျှောက်ခိုင်း ထားလိုက်စမ်း၊ အကြည့်ခိုင်းထားလိုက်စမ်းဆိုတော့ တစ်ခုမှ မရှိဘူး၊ ကောင်းတာမရှိဘူး။

နိဗ္ဗိဒါ ဗဟုလာ-သံသရာဇာတ်ရှုံ့, သတ္တအုံ့ဌ်, မခုံမင်မိ, ပျင်းရိငြီးငွေ့သောသူ စိတ်ရှိသူမသည်လည်း၊ ဘဝ-နိဗ္ဗိန္ဒဉာဏ်, အခြေခံ၍, အမှန်မသွေ့ ဖြစ်ပါစေလော. . .။ အဲဒီလို တိုက်တွန်းလိုက်တော့၊ သူကလေ. . . ဘုရားက ဟောတဲ့တရား နားနဲ့နာတယ်၊ ဉာဏ်က ခန္ဓာကိုယ်ပေါ်မှာ, ဘုရားဟောတဲ့ အတိုင်း ဟုတ်ပေတယ်. . . ငါ့ရဲ့ ခန္ဓာကိုယ်ပေါ်မှာရှိနေတဲ့ ခေါင်းပေါ်က အထွတ်အမြတ်ဆိုတဲ့ ဆံပင်, ငါ နေ့စဉ်နေ့စဉ် မှန်ကြည့်ပြီးတော့ လှပါပေ့, ချောပါပေ့ လို့ထင်နေတဲ့ ဆံပင်. . .၊ အဆင်းအားဖြင့်လည်း မလှပါလား၊ အနံ့အားဖြင့်လည်း မလှပါလား၊ ပုံသဏ္ဌာန်အားဖြင့်လည်း မလှပါလား. . . လို့ ဆံပင်ကိုရော, တကိုယ်လုံးကိုရော အဲဒီလိုရှု. . . ပြီးတော့ ဉာဏ်ကလိုက်သွားတယ်၊ လိုက်သွားတဲ့အချိန်ကျမှ မြတ်စွာဘုရားက-

ယေ ရာဂရတ္တာနုပတန္တိ သောတံ,<br>
သယံ ကတံ မက္ကဋကောဝ ဇာလံ၊<br>
ဧတမ္ပိ ဆေတွာန ပရိဗ္ဗဇန္တိ,<br>
အနပေက္ခိနော ကာမသုခံ ပဟာယ။

ခေမေ-ချစ်သမီးခေမာ. . .၊ မက္ကဋကော-ပင့်ကူသည်၊ သယံ ကတံ ဇာလံ-ကိုယ်တိုင်ပြုထားတဲ့, ပင့်ကူအိမ်ကို၊ သယံကရောမိ ဝိယ-ကိုယ်ကိုယ်တိုင်ပင်,ပြုပြီးတော့, လှုပ်ရှားနေရရှာသကဲ့သို့. . . ချစ်သမီး၊ ပင့်ကူမြင်ဖူးတယ်မဟုတ်လား. . . တဲ့ ပင့်ကူ၊ အေး. . . အဲဒီ ပင့်ကူဟာ သူ့ပင့်ကူအိမ် သူကိုယ်တိုင်ပြုတာ. . . တဲ့၊ ဒီပင့်ကူအိမ်။ သူကိုယ်တိုင်ပြုပြီးတော့, ပင့်ကူအိမ်ရဲ့ ခလယ်ခေါင်ထိအောင် ဝပ်နေပြီးတော့, အရှေ့ဘက်က လှုပ်ကနဲဆို သူထွက်ပြေးလိုက်၊ အနောက်ဘက်က လှုပ်ကနဲ့ဆို သူပြေးလိုက်၊ တောင်ဘက်က လှုပ်ကနဲဆို သူပြေးလိုက်ရ၊ မြောက်ဘက်က လှုပ်ကနဲဆို ပြေးလိုက်ရ၊ အနောက်ထောင့်ကလှုပ်, အရှေ့ထောင့်ကလှုပ်, မြောက်ထောင့်ကလှုပ်, အနောက်ထောင့်ကလှုပ်, လှုပ်ရာပြေးပြီးတော့နေရတယ်၊ အငြိမ်မနေရရှာဘူး. . . တဲ့၊ အငြိမ်မနေရရှာဘူး ပင့်ကူ၊

အဲဒီလိုပဲ ချစ်သမီးနှင့်တကွ (၃၁)ဘုံမှာ ကျင်လည်နေကြတဲ့ သတ္တဝါ တွေ, အိမ်ရာတည်ထောင် လူ့ဘောင်မှာနေပြီးသကာလ, ပင့်ကူအိမ်ကြီးလိုပဲ. . . တဲ့၊ သားတွေ သမီးတွေ, မြေးတွေ မြစ်တွေ, စီးပွားဥစ္စာတွေ, ကိုယ်တိုင်ပြုကြတာ၊ အဲဒီသားတွေ သမီးတွေ, မြေးတွေမြစ်တွေ, လင်တွေ မယားတွေနဲ့နေတာ၊

http://www.dhammadownload.com



ကိုယ်ကိုယ်တိုင်ပင့်ကူ အိမ်ဖွဲ့နေတာ. . . တဲ့ ပင့်ကူ အိမ်ဖွဲ့နေတာ၊ ပင့်ကူအိမ်ဖွဲ့ပြီး တော့ နေတော့ ဘယ့်နဲ့ဖြစ်နေတုန်း၊ ဟိုက လှုပ်ကနဲဆို ပြေးရပြန်၊ ဟာ-ဒီကလှုပ် ကနဲဆို ပြေးရပြန်, သားအရေးကြောင့်ပြေးရ၊ သမီးအရေးကြောင့်ပြေးရ၊ ဆွေအရေး ကြောင့် ပြေးရ၊ မျိုးအရေးကြောင့် ပြေးရ၊ စီးပွားရေးလိုလို့ ပြေးရလွှားရ, ငြိမ်မနေ နိုင်ဘူး, ဘုန်းကြီးတို့ ဒကာဒကာမတွေရဲ့စိတ်ဟာ ပင့်ကူအိမ်မှာနေတဲ့ ပင့်ကူလိုပဲ၊ ငြိမ်ကိုနေချိန်မရဘူး၊ အလယ်လာပြီးတော့ ခဏလေးဝပ်မယ်ကြံရင်း ဟိုအရှေ့ ဘက်ကလှုပ်ရင် ပြေးရပြန်, ဒီပင့်ကူအိမ် ဘယ်သူလုပ်တာတုန်းဆိုတော့ သူလုပ် တာပဲ. . .။

ဘုန်းကြီးတို့ ဒကာဒကာမတွေလည်းပဲ ဆွေတွေမျိုးတွေ, သားတွေ သမီး တွေ, လင်တွေမယားတွေ, စီးပွားဉစ္စာတွေ ဘယ်သူတည်ထောင်ထားတာတုန်း, ကိုယ်တည်ထောင်ထားတာ၊ ကိုယ်တည်ထောင်ထားတဲ့အာရုံတွေက လှုပ်ကနဲဆို, ကိုယ်ပဲပြေးနေရတယ်၊ ဟိုလည်း မသွားလို့မကောင်းဘူး၊ သွားဦးမှ၊ သာရေး နာရေး သွားရလာရ၊ ဆွေရေးမျိုးရေး သွားရလာရ, သားရေးသမီးရေးကြောင့် ပြေးရ လွှားရ။ မဂ်ဖိုလ်နိဗ္ဗာန်ဆိုတဲ့ အငြိမ်းဓာတ်, အငြိမ်ဓာတ်ကို ရဖို့ရာ ငြိမ်ရမှာ၊ နိဗ္ဗာန်. . . ဆိုတာ အငြိမ်းဓာတ်ကြီး၊ အဲဒီ အငြိမ်းဓာတ်ကြီးကို ရချင်ရင် ငြိမ်ရမှာ၊ အခု နိဗ္ဗာန်ဆိုတဲ့ တရားအငြိမ်းဓာတ်ကြီးကို ရချင်ရင် အလှူမဒေါ်ဒွေးခင်က ငြိမ်ရမှာ၊ ဘာငြိမ်ရမှာတုန်း, ကိုယ်လည်းငြိမ်ရမယ်, နှုတ်လည်း ငြိမ်ရမယ်၊ စိတ်လည်း ငြိမ်ရမယ်၊ အထူးသဖြင့် စိတ်ငြိမ်ရမယ်။

အခု ဘုန်းကြီးတို့ ဒကာဒကာမတွေ သန္တာန်ဖြစ်နေတာက မငြိမ်နိုင်ရှာ ကြဘူး။ အငြိမ်းဓာတ်ကြီးမြင်ဖို့ရာ ငြိမ်ရမှာကို မငြိမ်နိုင်ရှာကြဘူး. . .။ ခန္ဓာ ကိုယ်ကသာ အိမ်မှာ ပက်လက်ကုလားထိုင်ကြီးနဲ့ထိုင် ငြိမ်နေတာ၊ စိတ်က သား ဆီရောက်, သားစိုးရိမ်ရ, သမီးစိုးရိမ်ရ, သားက ဟုတ်မှဟုတ်ပါ့မလား၊ ဟို အရေးက ဟုတ်မှဟုတ်ပါ့မလား၊ ဒီအရေးက ဟုတ်မှဟုတ်ပါ့ မလား ပြေးနေတာစိတ်က။ ဒီတော့-ပင့်ကူ အိမ်ထဲက ပင့်ကူလိုပဲ. . . တဲ့ ဖြစ်နေကြတယ်ဆိုပြီး ဘုရားရှင်က ခေမာကို တရားပြလိုက်တာ-သယံ ကတံ မက္ကဋကောဝ ဇာလံ-ရာဂရတ္တာ- တပ်မက်ဖွယ်စုံ, အာရုံများစွာတို့၌, တွယ်တာနှစ်သက်ကြကုန်သည်ဖြစ်၍၊ သောတံ- မိမိတို့ တည်ထောင်ထားတဲ့ အာရုံမျိုးစုံသို့၊ အနုပတန္တိ-မုချမသွေ, လှုပ်ရှား၍, ပြေးနေရပေကုန်သတည်း. . . . .။

သာဓု. . . သာဓု. . . သာဓုပါဘုရား. . .။

အဲဒီတရားဟောလိုက်တော့မှ ခေမာဟာ တခါတည်း ဟုတ်ပါလား. . . ရုပ်နာမ်ဓမ္မ သဘာဝတွေရှိသမျှ၊ ဒီလှုပ်ရှားမှုကြီးနဲ့ အမြဲတမ်း ပြေးနေကြရပါလား . . . ပြေးပြီးသကာလ ရုပ်နာမ်ဓမ္မ သဘာဝတွေ အမြဲတမ်း ဖြစ်နေကြတဲ့ သဘော တွေပါလား. . . လို့ ဘုရားဟောလိုက်တဲ့ အဲဒီဂါထာလဲဆုံးရော ခေမာ သောတာပန် တည်တယ်။ သောတာပန်တည်ပြီးတော့ နန်းတော်ပြန်လာပြီးတော့ သူမပျော် တော့ဘူး၊ မိဖုရားဘဝနဲ့လည်း မပျော်တော့ဘူး၊ နန်းတော်လည်း မနေချင်တော့ဘူး။ ဗိမ္ဗိသာရမင်းကြီးဆီ ခွင့်တောင်းပြီးတော့ ရဟန်းပြုပါရစေ. . . ဆိုလို့ ဟော- ရဟန်းပြု။ ဗိမ္ဗိသာရမင်းကြီးက ဝမ်းမြောက်ဝမ်းသာနဲ့ တခါတည်း ဘိက္ခုနီမ လိုက်ပြု ပေး၊ ပြုပေးပြီးတော့ ဘိက္ခုနီမဖြစ်တော့, သောတာပန်အဖြစ်နဲ့ ဘိက္ခုနီမဖြစ်ပြီး တော့ ဆက်ပြီးတော့ အားထုတ်လိုက်တာ။

နေ့ကို တရားနှစ်လုံးသွင်းပြီးတော့ နေရာက, တစ်နေ့တော့ ဥပုသ်ကျောင်း ဆောင်မှာ သူက မီးထွန်းတာ၊ မီးထွန်းတော့ ဆီမီးခွက်, ရှေးတုန်းကတော့ လျှပ်စစ် မီးတွေမရှိဘူး၊ ရေနံဆီမီးခွက် ရေနံဆီမီးခွက်ထွန်းတာ၊ အဲဒီ မီးထွန်းရင်းနဲ့ သူက တရားက လက်မလွှတ်ဘဲနဲ့ အမြဲရှုပွားနေတာဖြစ်တော့၊ မီးကို ကြည့်ရင်းနဲ့ တခါ တည်း အော်. . . ဒီမီးတောင်မှ တဖျတ်ဖျတ်နဲ့ တောက်နေတာ မီးစာရယ်, ဆီရယ်, အသစ်ဖြစ်တဲ့ မီးစာနဲ့ အသစ်ဖြစ်တဲ့ဆီကြောင့် အသစ်အသစ်ဖြစ်တဲ့ မီးတောက် တွေ တောက်ပြီးတော့၊ အဲဒီ မီးတောက်တွေ ပျောက်ပျောက်သွားတဲ့ နေရာမှာ နောက်ထပ် နောက်ထပ်, မီးစာသစ် ဆီသစ်ကြောင့်, အသစ်အသစ်ဖြစ်တဲ့ မီး တောက်တွေ တဖြုတ်ဖြုတ် ရောက်နေပါလား. . . လို့-

ဒီပေါဒယဥ္စ ဘေဒဥ္စ, ဒိသွာ သံဝိဂ္ဂမာနသာ၊

ဒီပေါဒယဥ္စ-ဆီမီး၏, တဖျတ်ဖျတ်, တလွန့်လွန့်, တညွှန့်ညွှန့်, တောက် နေပုံကိုလည်းကောင်း၊ ဘေဒဥ္စ-အဲဒီ ဆီမီးတောက်လေး, တဖျစ်ဖျစ်, တဟုတ် ဟုတ်, ချုပ်ပျောက်သွားပုံကိုလည်းကောင်း၊ ဒိသွာ ဥပုသ်ကျောင်း ဆောင် အတွင်း, မီးထွန်းရင်းနဲ့, မြင်ရ တွေ့ရ ရှုမှတ်ရသည်ဖြစ်၍၊ သံဝိဂ္ဂမာနသာ-ငါ့ရဲ့ ရုပ်နာမ် ခန္ဓာလည်း, ဒီမီးတောက်ကလေးတွေလို, ဖြစ်ဖြစ်ပြီး, ချုပ်ပျောက်သွားတာပဲလို့, သံဝေဂဉာဏ် ဝိပဿနာဉာဏ်နဲ့, ရှုပွားဆင်ခြင်နိုင် သည်ဖြစ်၍. . . သူကိုယ်တိုင် ပြောတာ၊ ရဟန္တာမ, ဖြစ်တော့မယ်၊ မီးဟောက်ကြည့်ပြီးတော့ ရဟန္တာဖြစ်တာ၊ နဂိုသောတာပန်ဖြစ်ပြီးသား၊ အခု မီးတောက်ကြည့်ပြီးတော့ ဝိပဿနာတင်လိုက် တာ၊ အော်. . . ဒီမီးတောက်တွေ တဖျောက်ဖျောက်နဲ့ အကြောင်းသစ်တွေကြောင့်, အကျိုးသစ် မီးတောက်တွေ ပေါ်သလိုပဲ. . . . ငါရဲ့ခန္ဓာကိုယ်ထဲမှာလည်းပဲ ကံ, စိတ်, ဥတု [illegible] ပါရအာရုံဆိုတဲ့ အကြောင်းသစ် မီးစာသစ်ကွေကြောင့် ရေနံဆီ

http://www.dhammadownload.com



သစ်တွေ, မီးစာသစ်တွေကြောင့်, ရုပ်တရား နာမ်တရားတွေ တဖြုန်းဖြုန်း, တရှန်းရှန်း အသစ်အသစ်ပေါ်ပြီးတော့ ပျောက်နေကြပါတကား. . . လို့-

နိဗ္ဗိန္ဒာ သဗ္ဗသင်္ခါရေ, ပစ္စယာကာရ ကောဝိဒါ။

ပစ္စယာ ကာရကောဝိဒါ-ရုပ်နာမ်ဓမ္မ သင်္ခါရတို့သည်, သူ့အကြောင်းကြောင့်, သူ့အကျိုးတွေဖြစ်နေတာပဲ-လို့ အကြောင်းအကျိုးကို နားလည် သဘောပေါက်ပြီး သကာလ၊ သဗ္ဗသင်္ခါရေ-ရှိရှိသမျှ ဥဿုံ, အလုံးစုံသော သင်္ခါရတို့ အပေါ်၌လည်း၊ နိဗ္ဗိန္ဒာ-ငြီးငွေ့လာကုန်သည်ဖြစ်၍. . .။ အဲဒီလို သူ့ခန္ဓာပေါ် ရုပ်နာမ်တွေရဲ့အပေါ်မှာ ဉာဏ်ရောက်ပြီး ရုပ်နာမ်ဓမ္မသင်္ခါရတို့ရဲ့ အကြောင်းအကျိုးကို နားလည်သဘောပေါက်လာပြီးတော့ အလုံးစုံသော ရုပ်နာမ်ခန္ဓာတွေလည်း ဒီလိုပဲလို့. . . သဘောပေါက်ပြီး မီးတောက်ကို ကြည့်ရာကနေ သူ့ရဲ့လက်ရှိ ရုပ်နာမ်တွေ အပေါ်မှာ ရှုပွားဆင်ခြင်နိုင်ရုံသာမက အားလုံးသော ရုပ်နာမ်ဓမ္မ သင်္ခါရတွေလား၊ သူ့အကြောင်းကြောင့် သူ့အကျိုးတွေ ဖြစ်ဖြစ်ပြီးတော့ ချုပ်ပျောက်ကြတာပါလား. . . လို့ အဲဒီလို ဝိပဿနာ တင်ပြီး သကာလ မီးတောက်ကို ကြည့်ပြီးတော့ ရုပ်နာမ်ခန္ဓာတွေထဲ ဉာဏ်ထည့်လိုက်တော့-ငြီးငွေ့. . . ပြီးတော့

စတုရောဃေ အတိက္ကမ္မ, အရဟတ္တမပါပုဏိ။

စတုရောဃေ-ကာမောဃ, ဘဝေါဃ, ဒိဋ္ဌောဃ, အဝိဇ္ဇောဃဆိုတဲ့ ဩဃလေးအင် သံသရာပြင်ကြီးကို၊ အတိက္ကမ္မ-အရဟတ္တမဂ်, အရဟတ္တ ဖိုလ်ဖြင့် ကျော်ကာလွန်မြောက်လျှက်၊ အရဟတ္တံ-အာသဝေါကင်းကွာ, ရဟန္တာမကြီး တစ်ပါးအဖြစ်သို့၊ ဝါ-ဒီဘုရားရှင်ရဲ့, သာသနာတော်မှာ, မီးတောက်ကိုအမှီပြု၍ အာသဝေါကင်းကွာ, ရဟန္တာမကြီး တစ်ပါးအဖြစ်သို့ အပါပုဏိ-ကောင်းစွာမသွေ, လွတ်မြောက်၍, ရောက်တော်မူခဲ့ပါပေသတည်း. . .

သာဓု. . . သာဓု. . . သာဓုပါဘုရား. . . ။

ဟော-ခေမာထေရီ ရဟန္တာမဖြစ်သွားပြီ၊ ရဟန္တာမဖြစ်ပြီးတော့ မြတ်စွာဘုရားရဲ့ လက်ျာရံတေဒဂ်ဘွဲ့ထူးရတဲ့ ရဟန္တာမကြီးအဖြစ်နဲ့, ယနေ့ အလှူ့အမ ဒေါ်ငွေးခင် မတွေ့ချင်တဲ့ အိုနာသေရေး, ဒုက္ခဘေးကြီးတွေက ငြိမ်းအေးတော်မူသွားပြီ. . . အဲဒါ သူစပြီးတော့ ဆုတောင်းတုန်းက လူစည်းစိမ်, နတ်စည်းစိမ်, ရရပါလို၏လို့ မတောင်းဘူး၊ အရှင်ဘုရားများသိရတဲ့ တရားထူး တရားမြတ် သိရပါလို၏. . . မြင်ရပါစေ၊ အရှင်ဘုရားများ မြင်တဲ့ တရားထူး တရားမြတ်မြင်ရပါလို၏. . . . လို့ ဆုတောင်းခဲ့တယ်၊ ကြားထဲမှာ စည်းစိမ်တွေ အမျိုးမျိုးကြုံခဲ့တယ်၊ နောက်ဆုံး သူဌေးသမီးတွေ ဖြစ်ခဲ့တယ်၊ ဘုရင့် သမီးတွေ ဖြစ်ခဲ့တယ်၊ နောက်ဆုံး

http://www.dhammadownload.com



ဘုရင့်သမီးတော်ဖြစ်ပြီးတော့ ဗိမ္ဗိသာရမင်းကြီးရဲ့ မိဖုရားကြီး တစ်ပါးအဖြစ်နဲ့ ယနေ့ ကျွတ်တမ်းဝင်တော်မူသွားတယ်. . .

ဒါကြောင့် ယနေ့ အလှူ့မင်္ဂလာ ဧည့်ခံပွဲ၌ ... ဒေါ် ဌေးခင်ကာလည်းပဲ တစ်ချက်ခုတ် နှစ်ချက်ပြတ် ကုသိုလ်ဖြစ်အောင်၊ တစ်ချက်ရိုက် နှစ်ရာထင်တဲ့ ကုသိုလ်ဖြစ်အောင်၊ တပည့်တော်မ ဤကဲ့သို့ ဖိုးသူတော်လေးနှစ်ပါးတို့ကို ရှင်သာမဏေဘောင်ရောက် သွတ်သွင်းချီမြှောက်ရတဲ့ ကုသိုလ်ကောင်းမှု စေတနာစုကြောင့်၊ အထူးသဖြင့် ဖိုးသူတော်လေးနှစ်ပါးရဲ့ ခန္ဓာကိုယ်ပေါ်မှာ သင်္ကန်း သပိတ် ပရိက္ခရာတွေ တန်ဆာဆင်ပေးရတဲ့ ကုသိုလ်စေတနာစုကြောင့်၊ သံဃာတော်ခြောက်ရာကျော်တို့ကို ရည်မှန်းပြီးတော့ တက်ထရွှန် သင်္ကန်းဒွိစုံ(၁၅)စုံတို့ဖြင့် လှူဒါန်းရတဲ့ ကုသိုလ်စေတနာစုကြောင့်၊ ဥပါသကာ၊ ဥပါသိကာမအပေါင်း သူတော်ကောင်းတို့ကို ဓမ္မဒါနကုသိုလ်စေတနာ ပြုရတဲ့ ကုသိုလ်စေတနာ အစွမ်းကြောင့်၊ တပည့်တော်မရဲ့ ခန္ဓာကိုယ်ပေါ်မှာ အရှင်ဘုရားတို့ လွှမ်းခြုံတဲ့ သင်္ကန်းလျှင်မြန်ဆောစွာ လွှမ်းခြုံနိုင်ရပါလို၏. . .။

ဒီသင်္ကန်းကို လွှမ်းခြုံပြီးတော့ အရှင်ဘုရားတို့ သိတော်မူအပ်၊ မြင်တော်မူအပ်တဲ့ တရားထူး တရားမြတ်တွေ မှန်သမျှ၊ တပည့်တော်မ၊ လျှင်မြန်ဆောစွာ မြင်ရပါလို၏. . . လို့ ဆုတောင်းပြီးတော့ မိမိရဲ့ ယခု လက်ရှိဘဝဟာ လူ့ဘဝ၊ အဲဒီ လူ့ဘဝကိုဖြင့် ငါသာသနာတော်ကြီးကို ပစ္စယာနုဂ္ဂဟ၊ ဓမ္မာနုဂ္ဂဟနှစ်ပါးနဲ့ ချီမြှောက်နိုင်တဲ့ အတွက် အရတော်လေခြင်း၊ အခုခေတ် အခုကာလဆိုတာ၊ ငါးဖြာအာရုံ ကာမဂုဏ်တွေနဲ့ အာရုံတွေဟာ လိုက်မယ်ဆိုလို့ရှိရင် သုံးလို့မလောက်နိုင်အောင် လိုက်ရမှာ၊ အသစ်အဆန်းတွေ လောကကြီးပေါ်နေတာ၊ ပစ္စည်းမျိုးစုံတွေ၊ အဲဒါတွေ အဝတ်စားတွေ၊ အစားအသောက်တွေ၊ အနေအထိုင်တွေ လိုက်ပြီးတော့ ကြွားမယ်၊ မော်မယ်ဆိုရင် သုံးမကုန် စွဲမခန်းလောက်အောင်လိုက်ရမယ့် အထဲက၊ ငါဟာ ခြိုးခြံပြီးသကာလ မြတ်စွာဘုရားသာသနာတော်ကြီးကို ဒီနေ့ ငါ ပူဇော်နိုင်တာဖြင့် ငါ အရတော်လေခြင်း. . . လို့ ကိုယ့်ကိုယ်ကို ဝမ်းမြောက်ဖို့ရာ. . .။

မနုဿတ္တံ သုလဒ္ဓံ မေ, ယွာဟံ စာဂေ သဒါရတော၊
မစ္ဆေရ ပရိယုဋ္ဌာယ, ပဇာယ ဝိဂတော တတော။

ယွာဟံ(ယော+အဟံ)-သံသရာနှောင်ရေး၊ မျှော်ခေါင်တွေး၍၊ လေးလေးပင်ပင်၊ ဆင်ခြင်လေ့လာ၊ အကြင်ငါသည်၊ မစ္ဆေရပရိယုဋ္ဌာယ-မပေးရက်လို၊ သဝန်တိုသဖြင့်၊ ထိုထိုဒါန၊ ဟူသမျှ၌၊ မစ္ဆေရရန်၊ ပုန်းကန်သောင်းကြမ်း လျှက်ရှိသော၊ ပဇာယ-ဝတ်မှုစားမှု၊ အကြွားမှု၌၊ အားပြိုင်စောင်း၊ သတ္တဝါအပေါင်းတွင်၊

http://www.dhammadownload.com



အခု အလှူ့မ ဒေါ်ငွေးခင် ဝတ်အုံးမယ်, ကြွားအုံမယ်, စားအုံးမယ် ဆိုရင် ဒီနေ့ လှူတဲ့တန်းတဲ့ဟာတွေ ပစ္စည်းတွေ မလောက်လောက်အောင်, ဝယ်စရာခြမ်းစရာတွေ ရှိသေးတယ်၊ ကြွားအုံးမယ် မော်အုံးမယ်ဆို ရှိသေးတယ်၊ သို့သော်. . . မိမိမှာ မိကောင်းဖကောင်း, ဆရာကောင်းတွေရဲ့ အဆုံးအမရ, မိမိတို့ရဲ့ မျိုးရိုးဇာတိ ကျောင်းဒကာ ကျောင်းအမရဲ့ သားသမီးဖြစ်သည်အားလျော်စွာ, မိမိမှာ ဒီဇးသိဉာဏ်တွေဝင်. . . ပြီးတော့ ခုနက မော်မယ်ကြွား မယ်ဆိုတဲ့စိတ်တွေ, နှိမ်နိုင်ချိုးနိုင်ပြီးတော့. . .။

ပဇာယ-ဝတ်မှုစားမှု, အကြွားမှု၌, အားပြုငဲ့စောင်း, သတ္တဝါအပေါင်းတွင်၊ တတော-ထိုထိုဒါန, မစ္ဆေရဟု, ထကြွပုန်ကန်, သူပုန်ရန်မှ၊ ဝိဂတော-ရှေးဝါသနာ, အထုံပါသဖြင့်, ကောင်းစွာလွတ်ကင်း, သန့်ရှင်းသည်ဖြစ်၍၊ စာဂေ-စွန့်ကြဲဝေငှ, ယခုလို လှူဒါန်း၍, နေရခြင်း၌၊ သဒါရတော-ကိုယ့်တွက် ခြိုးခြံ, ပင်ပန်းခံလျက်, အမှန်မသွေ, အပျော်ကြီးပျော်နိုင်ခဲ့ပေပြီ၊ တဿ မေ-ဒါနစာဂီ, ပါရမီနှင့်, သာကြည်မွေ့လျော်, အပျော်ကြီးပျော်နိုင်တဲ့ ထိုငါ့အတွက်၊ မနုဿတ္တံ-ပဋိရူပ, ဤဒေသ၌, ဖြစ်ရစင်စစ်, လူ့အဖြစ်ကို. . .။

မိမိတို့ရဲ့ မိဘများကလည်း ကျောင်းအမတွေ, ကျောင်းဒကာတွေ မိဘတွေက၊ မိမိတို့ရဲ့ ဒေါ်ကြီး ဒေါ်လေးတွေကလည်း အခု ဂန္ဓာရုံကျောင်း တိုက်ထဲတင်၊ မြင်းမူကျောင်း, မြင်းမူကျောင်းနဲ့ အရှေ့မှာ တစ်ကျောင်း, အနောက်မှာ တစ်ကျောင်း, ဟို-ရှေးတုန်းကကြည့်လိုက်ရင်လည်း မဟာဝိသုဒ္ဓါရုံတိုက်ထဲ့က ပတပ်ထိုင်းကဆောက်တဲ့ စည်ရှင်ကျောင်းတဲ့၊ အဲဒီလို သူတော်ကောင်းတွေ. . . အဆက်ဆက်နေရာဒေသမှာ ငါလာပြီးတော့ လူဖြစ်ရတာ၊ ကိုယ်ဖြစ်ချင်တိုင်း ဖြစ်လို့ရတာ မဟုတ်ဘူး၊ ရှေးကံကထောက်လိုက်လို့၊ အဲဒီလို ပဋိရူပဒေသလို့ ခေါ်တဲ့ သူတော်ကောင်းတွေ အများစုပျော်မွေ့ရာ ဌာနဖြစ်တဲ့ ဒီလို ဒေသမျိုးမှာ-

မနုဿတ္တံ-ပဋိရူပ, ဤဒေသ၌, ဖြစ်ရစင်စစ်, လူ့အဖြစ်ကို၊ သုလဒ္ဓံဝတ-သံသရာနောင်ရေး, မျှော်ခေါင်တွေးက, အေးမြရွှင်ပျော်, အော်. . . အရတော်လေစွတကား။

သာဓု. . . သာဓု. . . သာဓုပါဘုရား. . .။

အဲဒီလို အလှူ့မ ဒေါ်ငွေးခင်က ရလာတဲ့ ဘဝကို အရတော်သည့်ထက်တော်အောင်၊ ယခု လက်ရှိရနေတာလည်း မိမိတို့ အင်မတန် ပဋိရူပဒေသမှာ ရောက်နေတယ်၊ အဲဒီရနေတဲ့ နေရာကနေပြီးတော့ မိမိရဲ့လက်ရှိ ခန္ဓာကိုယ်ကို, မဂ်ဖိုလ်နိဗ္ဗာန်သွားတဲ့ ပဋိရူပဖြစ်အောင်. . . တဆင့်ထက်တစ်ဆင့် တပည့်တော်မ

http://www.dhammadownload.com



ကျင့်ဆောင်ကြိုးကုတ် အားထုတ်နိုင်ရပါလို၏. . . ဤကဲ့သို့ သံယာတော် အရှင်မြတ်တွေကို ပစ္စယာနုဂ္ဂဟ ဓမ္မာနုဂ္ဂဟနှစ်ပါးနဲ့ ချီမြှောက်သလို၊ တပည့်တော်မ ဆထက်ထမ်းပိုး, တိုးပြီးတော့ ချီမြှောက်နိုင်ရ ပါလို၏. . . အဲဒီလို မြတ်စွာဘုရား သာသနာကို ချီမြှောက်ပူဇော်ပြီးသကာလ၊ မြတ်စွာဘုရား သားတော်တွေရအပ်တဲ့၊ သမီးတော်တွေသိအပ်တဲ့ နိဗ္ဗာနဓာတ် တရားမြတ်ကြီးကို, လျင်မြန်ဆောစွာ ရရပါလို၏လို့ တစ်ချက်ခုတ် နှစ်ချက်ပြတ် ကုသိုလ်မျိုးတွေကို ယနေ့ကစ၍ မြောက်များစွာ ပြုစွမ်းနိုင်တဲ့ အမျိုးသမီး အာဇာနည် ဖြစ်ပါစေသတည်း. . . ။

ဤကဲ့သို့ ပြုစွမ်းနိုင်တဲ့ ကြီးကြီးကျယ်ကျယ် ပြုလို့ပဲဖြစ်ဖြစ်၊ နေ့စဉ်နေ့စဉ် မိမိတို့ နေထိုင်ရာ ပတပ်ထိုင်းရွာမှာပဲ ဖြစ်ဖြစ်, မြင်းမူမြို့မှာပဲ ဖြစ်ဖြစ်၊ နေ့စဉ်နေ့စဉ်, လစဉ်လစဉ်, နှစ်စဉ်နှစ်စဉ်, နည်းများမဟူ ကုသိုလ်ကောင်းမှုတွေကို တစ်ချက်ခုတ် နှစ်ချက်ပြတ်၊ တစ်ချက်ရိုက် နှစ်ရာထင်, ကုသိုလ်မျိုးကို ပြုစွမ်းနိုင်တဲ့ အမျိုးသမီးအာဇာနည် ဖြစ်ပါစေသတည်း၊ ထိုကဲ့သို့ ပြုစွမ်းနိုင်တဲ့ အမျိုးသမီး အာဇာနည်ဖြစ်၍, ရှေးရှေးသော သူတော်ကောင်းကြီးတို့ မြင်အပ်, သိအပ်, ရအပ်တဲ့' နိဗ္ဗာနဓာတ် တရားမြတ်ကြီးကို, လျင်မြန်ဆောစွာ ရရပါလို၏, ရောက်ရပါလို၏ဟူ၍ ပတ္ထနာအောင်ဆု ပြုလိုက်ကြကုန်ရာသတည်း. . . . ။

သာဓု. . . သာဓု. . . သာဓုပါဘုရား. . . ။

http://www.dhammadownload.com

# ခန္ဓာရထား တရားတော်

ဂန္တဗ္ဗော စ ဒီဃော အဒ္ဓါ, ဥမ္မတ္တကာ စ အဒ္ဒိကာ၊
ပါထေယျော အပ္ပကော စေဝ, ဗဟုကော စ ပရိဿယော၊
တဏှာမိတ္တော ဗဟုမာယော, သုခံ ကော ခေမ မေဿတေ။

ဂန္တဗ္ဗော အဒ္ဓါ စ-မရပ်မနား, ရဟတ်ခြားသို့, မပြတ်သွားရန်, သံသရာခရီး, ကန္တာရကြီးကလည်း၊ ဒီဃော-လှမ်းနေသမျှ, မှန်းခြေဆလည်း, မရတာရှည်, ရှည်လျားလှချေ၏၊ အဒ္ဒိကာ စ-သံသရာလမ်းတစ်လျှောက်, စခန်းထောက်၍, တစ်ကောက်ကောက်သွားသူ, အများလူတို့ကလည်း၊ ဥမ္မတ္တကာ-ပုထုဇဉ်ပိပိ, မသတိစရာ, ငါးဖြာအာရုံ, ကာမဂုဏ်ဘီးလူးဖမ်းသဖြင့်, အရူးအနှမ်းတို့ချည်းသာတည်း၊ ပါထေယျော-တစ်ဘဝရောက်က, မကြောက်ရဖို့, ထောက်မ လှမ်းကာ, စခန်းသာမည့်, လမ်းစာရိက္ခာထုပ်ကလည်း၊ အပ္ပကော-ယခုတန်းလျှောက်, မှန်းသလောက်ဖြင့်, လမ်းပေါက်ဖို့ရန်, အမှန်ပင် ခဲယဉ်းလှချေ၏၊

ပရိဿယော-ခရီးမှန်ဖယ်, အန္တရာယ်မကောင်း, ရန်စွယ်အပေါင်းကလည်း၊ ဗဟုကော-ရောက်တိုင်းပင် ဆုံဆည်း၍, အပုံကြီးများလှချေ၏၊ တဏှာမိတ္တော-အမြဲမကွာ, မခွဲခွာသည့်, တဏှာမည်ခေါ်, အကြည်တော်ကလည်း၊ ဗဟုမာယော-ကိုယ်အနာခံ, သူသာစံလျက်, နှစ်ပြန်တင်စီး, အထင်ကြီးအောင်, ဆင်နည်းမာယာ, များလှစွာ၏၊ ကော-နတ်နှင့်လူဝယ်, ဘယ်နွယ်ဘယ်ရိုး, ဘယ်လူမျိုးသည်၊ သုခံ-လမ်းစခန်းမှာ, မပန်းသာဘဲ, ချမ်းသာစံဖွယ်, ဒႆန္တရာယ်ကင်း, ရန်စွယ်ရှင်းလျက်သာလျှင်၊ ခေမံ-ဘေးအတန်တန်, အေးရာမှန်သည့်, နိဗ္ဗာန်အောင်ခန်း, မြို့တော်နန်းသို့ ဧဿတေ-မဂ္ဂင်ရှစ်ဖော်, ယာဉ်ပျံတော်ဖြင့်, ပျော်ပျော်ကြီးပင်, ခရီးတွင်အောင်, စီးနှင်ပေါက်ရောက်နိုင်ပါအံ့နည်း. . . .။

သာဓု. . . သာဓု. . . သာဓုပါဘုရား. . .။

ယနေ့ မြန်မာကောဇာသက္ကရာဇ် ၁၃၄၅-ခုနှစ်၊ တပို့တွဲလဆန်း တစ်ဆယ့်ငါးရက်၊ တပို့တွဲလပြည့်နေ့မှာ၊ မန္တလေးမြို့ မဟာဂန္ဓာရုံဝိပဿနာရိပ်သာအတွင်းရှိ ဒီဓမ္မာရုံကြီးအတွင်းမှာ ဒီမဟာဂန္ဓာရုံဝိပဿနာရိပ်သာရဲ့ တရားပြဆရာ, ဆရာဦးမြင့်စိန်၏ အသက်ခြေ ာက်ဆယ်ပြည့် မွေးနေ့မင်္ဂလာကို အကြောင်းပြုပြီးသကာလ၊ ယနေ့ ဆယ့်ငါးစ်ကြိမ်မြောက်, ဓမ္မသဘင် ဆင်ယက်ကျင်းပပြီးသကာလ၊ ခြောက်ဆယ်နှစ်မြောက် မွေးနေ့မင်္ဂလာကို အကြောင်းပြုပြီးသကာလ ကုသိုလ်ကောင်းမှုပြုတဲ့ပွဲ. . . ဟဲ့ ဒီနေ့ပွဲက။

http://www.dhammadownload.com



ဒီတော့ အဲဒီမွေးနေ့မင်္ဂလာကို အကြောင်းပြုပြီးတော့ ၁၃၄၅-ခု တပို့တွဲလဆန်း တစ်ဆယ့်လေးရက်နေ့ ညနေကစပြီးတော့ ပဟာဗောဓိပဋိပတ္တိသာသနာ့ ရိပ်သာ ဗိမာန်တော်ကြီးအတွင်း သီတင်းသုံးနေတော်မူတဲ့ ဘုရားရှင်ကိုယ်တော် မြတ်ကြီးအား မြသပိတ်တော်ဖြင့်လည်းကောင်း၊ ထီးဖြူတော်တို့ဖြင့်လည်းကောင်း၊ လျှပ်စစ်မီးရောင်တို့ဖြင့်လည်းကောင်း ထွန်းညှိပူဇော်ကာ၊ ပန်းသစ်သီးမျိုးစုံ၊ လှူဖွယ် တန်းဖွယ်၊ ပူဇော်ဖွယ်မျိုးစုံတို့ဖြင့် ဆွမ်းတော်ကြီးပွဲ ပြင်ဆင်ခင်းကျင်းပူဇော်ကြခြင်း။ နံပါတ်(၂) ဒီတပို့တွဲလဆန်း တစ်ဆယ့်လေးရက်နေ့ ညနေ(၄)နာရီအချိန်မှစပြီး၊ ယောဂီသူတော်စင် ဓမ္မမိတ်ဆွေအပေါင်းတို့အား မွန်မြတ်သော မဟာဩသဓခေါ်တဲ့ စတုမဓုဆေးတော်ဖြင့် လှူဒါန်းကျွေးမွေးညှော်ခံခြင်း။

နံပါတ်(၃) တပို့တွဲလပြည့်နေ့ နံနက်(၇)နာရီတိတိ အချိန်မှာ ဗိမာန်တော် အတွင်း သာယာရွှင်ပြုံး သီတင်းသုံးနေတော်မူသော ဗုဒ္ဓမြတ်စွာအား ယောဂီ အပေါင်း သူတော်ကောင်းတို့နှင့်တကွ ညီညီညာညာ စုပေါင်းကာဖြင့် ဘုရားရှင်ကို ပူဇော်ကြတဲ့ အာမိသပူဇာ၊ ထိုကဲ့သို့ အာမိသပူဇာဖြင့် ပူဇော်ပြီးသည့်နောက် ပဋိ ပတ္တိ-အကျင့်တရားလို့ဆိုတဲ့ တရားအားထုတ်မှု ပဋိပတ္တိအကျင့်တရားများဖြင့် ပူဇော်တဲ့ ဓမ္မပူဇာ. . . လို့ခေါ်တဲ့ အာမိသပူဇာ, ဓမ္မပူဇာတို့ဖြင့် ပူဇော်ကြခြင်း။

နံပါတ်(၄) တပို့တွဲလပြည့်နေ့ နေ့(၁)နာရီအချိန်မှာ ဒီပဋိပတ္တိသာသနာ့ ဗိမာန်ကြီးအတွင်းမှာ ယခုတရားပွဲကြီး ဆင်နွှဲကျင်းပပြီးသကာလ၊ အားလုံးသော မိမိနှင့်တကွ တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့ တခဏမျှဖြစ်စေ, တစ်လုံးတစ်ပါဒမျှဖြစ်စေ, အသိဉာဏ်တွေ တိုးကြပါစေ. . . အသိဉာဏ်တွေ စင်ကြယ်ကြပါစေ, သံဝေဂဉာဏ်တွေ ဖြစ်ကြပါစေ, သံဝေဂဉာဏ်တွေ ပွားကြပါ စေ. . . လို့ အသိဉာဏ်စေတ်ကြီးကိုလှူတဲ့ ဓမ္မဒါနအလှူပွဲကြီးကို ဆင်ယင်ကျင်း ပခြင်း။ တရားအလှူပွဲကြီးကို ဆင်ယင်ကျင်းပခြင်း၊ တရားဟောဘုန်းကြီးအားလည်း ပဲ တိစီဝရိက် သက်န်းနှင့်တကွ လှူဖွယ်ဝတ္ထုပစ္စည်းဂိုကို ဓမ္မပူဇာအနေအားဖြင့် လှူဒါန်းပူဇော်ခြင်း၊ ထို့မှတစ်ပါး မဟာဗောဓိဝိပဿနာရိပ်သာ ကမ္မဋ္ဌာန်းတိုက် အတွင်းရှိ အမြဲနေ ယောဂီသူတော်စင်(၈၀)ကျော်တို့အား လှူဖွယ်ဝတ္ထု ပစ္စည်းမျိုးစုံ (၈၀)ကျော်တို့ဖြင့် စာရေးတံမဲချပြီး လှူဒါန်းခြင်းဆိုတဲ့ အာမိသာနုဂ္ဂဟပူဇော်၊ ကုသိုလ်ကောင်းမှုများကို ပြုကြတယ်. . . တဲ့။

ဒီနေ့ ဆရာဦးမြင့်စိန်ရဲ့ (၈၀)ပြည့်မြောက် မွေးနေ့မင်္ဂလာကို အကြောင်း ပြုပြီးသကာလ ဆရာဦးမြင့်စိန်နှင့်တကွ, အားလုံးသော ယောဂီသူတော်စင် အ ပေါင်းတို့မှာ ဗုဒ္ဓပူဇနီယ ကုသိုလ်မင်္ဂလာတွေ၊ ဓမ္မပူဇနီယ ကုသိုလ်မင်္ဂလာတွေ၊ သံဃပူဇနီယ ကုသိုလ်မင်္ဂလာတွေ ပြုလုပ်အားထုတ်ကြတော့၊ အခု တရားတော်ကို

http://www.dhammadownload.com



နာကြားကြတယ်. . .။ ဒီတော့ ယနေ့ တရားပြဆရာ, ဆရာဦးမြင့်စိန်နှင့်တကွ ယောဂီသူတော်စင်အပေါင်းတို့ ယခုလို ပြုလုပ်အားထုပ်နေတဲ့အမှုကို မြတ်စွာဘုရားရဲ့ သံယုတ်ပါဠိတော်မှာလာတဲ့ ခန္ဓာရထားသုတ်တော် ဒေသနာတော်သွားနဲ့ ကြည့်ရင်, ဒီနေ့ ဘာလုပ်နေကြသလဲ. . . . လို့ဆိုရင် တပည့်တော်တို့ရဲ့ ခန္ဓာရထားကြီး သံသရာစခန်း တဟုန်းဟုန်း တစ်ဂျုံးဂျုံးနဲ့ မရပ်မနား သွားနေတုန်း သွားနေဆဲ သွားနေခိုက်မှာ တပည့်တော်တို့ရဲ့ ခန္ဓာရထားကြီးပေါ် သို့ ချိုမြိန်ကောင်းမြတ်တဲ့ အရသာဓာတ်ရှိတဲ့ ဘောဇဉ်ရိက္ခာပစ္စည်း အစုတို့ကို သောင်းသောင်းဖြဖြ စိတ်တူကိုယ်မျှ ဆွဲပြီးတော့တင်ကြတဲ့နေ့ပါဘုရား. . .။

အဲဒီ ခန္ဓာရထားကြီး တစ်ဟုန်းဟုန်း, တစ်ဂျုံးဂျုံး, တလူးလူး, တစ်လိမ့်လိမ့် သွားနေအောင် အမြဲတမ်း ဆွဲပြီးတော့ပို့နေတဲ့, ဒီခန္ဓာရထားကြီး မရပ်မနား တစ်သွားတည်းသွားနေအောင် ဆွဲနေ. . . တဲ့ တပည့်တော်တို့ရဲ့ရန်သူ, စက်ခေါင်းကြီးအတွင်းမှာရှိတဲ့ ရန်သူကြီးကို သတ်ဖို့ရာအတွက်, သတ်နိုင်ဖို့ရာအတွက် တပည့်တော်တို့ ရိက္ခာကောင်းတွေကို စုဆောင်းတဲ့နေ့ပါဘုရား. . . လို့။ ဒီနေ့ တရားပြဆရာ ဆရာဦးမြင့်စိန်ကရော၊ ယနေ့ ယောဂီသူတော်စင်အပေါင်း သူတော်ကောင်းတို့ကရော၊ မိမိတို့ ကုသိုလ်ကောင်းမှု ပြုနေတဲ့အချိန်ကို, ကိုယ့်ကိုယ်ကို ဒီမိတို့ရဲ့ခန္ဓာရထားကြီးက သံသရာလမ်းကြီး တစ်သွားတည်းသွားနေတယ်။

အဲဒီ တစ်သွားတည်း သွားနေရတာ၊ ကိုယ်သွားချင်လို့ သွားရတာမဟုတ်ဘဲ၊ ဒီ ခန္ဓာရထားကြီးကို အမြဲတမ်း ဆွဲပို့နေတဲ့ ကိုယ့်ရဲ့ရန်သူကြီးရှိတယ်၊ အဲဒီ ရန်သူကြီးကို သတ်နိုင်ဖို့ရာ၊ ဖြတ်နိုင်ဖို့ရာ မိမိမှာ ရိက္ခာကောင်းတွေလိုတယ်၊ အင်အားကောင်းတွေလိုတယ်၊ အခြံအရံကောင်းတွေလိုတယ်၊ အဲဒီ အခြံအရံကောင်း, ရိက္ခာကောင်းတွေကို စားသောက်ဝတ်ဆင် သုံးစွဲပြီးမှ မိမိတို့ကို သံသရာခရီးကြမ်းကြီးကို တစ်ဟုန်းဟုန်း တစ်ဖြုန်းဖြုန်း တစ်ဆွဲတည်းဆွဲနေတဲ့ ရန်သူကြီး၊ မိမိရဲ့ ခန္ဓာရထားတွဲကြီးကို ဆွဲပို့နေတဲ့ ရန်သူကြီးကို သတ်နိုင်မယ်. . . တဲ့။

ဒါကြောင့် ဒီနေ့ မိမိတို့တစ်တွေ သံသရာခရီးကြမ်းမှာ ခန္ဓာရထားကြီးကို အမြဲဆွဲပို့နေတဲ့ ရန်သူကြီးကို သတ်နိုင်ဖို့ရာ ရိက္ခာကောင်းတွေကို စုဆောင်းကြတဲ့နေ့ပါဘုရား. . . လို့၊ ဟောဒီလို တိုတိုကျဉ်းကျဉ်း လိုရင်းအကျဉ်းချုပ်ကလေးနဲ့ အာရုံပြုထားပါ။ ယနေ့ ဒကာ ဒကာမအပေါင်း သူတော်ကောင်းတို့ရဲ့ ခန္ဓာရထားကြီးက သံသရာခရီးသွားနေတယ်. . . တဲ့၊ သွားနေတယ်၊ ဘယ်သွားနေတုန်း ဆိုတော့-

◆ ခန္ဓာရထား, သံသရာသွား, လေးပါးဘူတာ, ဆိုက်ရရှာ. . . တဲ့၊

http://www.dhammadownload.com



ယနေ့ ယောဂီသူတော်စင်အပေါင်းတို့ရဲ့ ခန္ဓာရထားကြီးက တစ်ဟုန်းဟုန်း၊ တစ်ဖြုန်းဖြုန်းနဲ့ သွားနေတယ်. . . တဲ့၊ သွားနေတယ်၊ အဲဒီလို သွားရင်းနဲ့ ဘူတာ ဘယ်နှစ်ဘူတာ ဆိုက်ရပါသလဲဆိုရင်၊ လေးဘူတာ ဆိုက်ရပါသည်၊

❖ ဇာတိမှထွက်၊ ဇရာဆက်၊ နာချက် မရဏာ၊ လေးဘူတာ. . .။

ဇာတိဆိုတဲ့ ဘူတာကြီးဆိုက်ပြီးတော့ အဲဒီက စထွက်ခဲ့တယ်. . ၊ ဇာတိဆိုတဲ့ ပဋိသန္ဓေ တည်နေကိန်းအောင်မှု၊ အမိဝမ်းခေါင်း ပဋိသန္ဓေ တည်နေကိန်းအောင်မှု ဇာတိဆိုတဲ့ဘူတာကြီးက စထွက်ခဲ့တယ်၊ ဝါ-ရုပ်သစ် နာမ်သစ် ခန္ဓာသစ်ဖြစ်ပေါ်မှု ဇာတိဆိုတဲ့ဘူတာကြီးက စပြီးတော့ထွက်ခဲ့တဲ့ ယနေ့ ဒကာဒကာမအပေါင်း သူတော်ကောင်းတွေရဲ့ ခန္ဓာရထား၊ ဘယ်သွားနေတာတုန်း. . . လို့ဆိုတော့ မရဏာဘူတာဆီ သွားနေတယ်. . . တဲ့၊ မရဏာခေါ်တဲ့ သေခြင်းဘူတာဆီ ပြေးနေတယ်၊ အဲဒီလိုပြေးနေရင်းနဲ့ ကြားထဲမှာ ဘယ်ဘူတာတွေ ဆိုက်ခဲ့ရပါတုန်း. . . လို့ဆိုတော့၊ ဇရာဘူတာ အမျိုးမျိုးဆိုက်ရတယ် အကြိမ်ကြိမ်၊ ဗျာဓိဘူတာ အမျိုးမျိုးကို ဆိုက်ရတယ်၊ ဆိုက်ရမယ်၊ ဒီတော့ ခန္ဓာရထားကြီးသည် လေးဘူတာဆိုက်ရပါတယ်. . . တဲ့၊ ဘူတာလေးဘူတာ ဆိုက်ရတယ်၊ ယောဂီပရိသတ်ကြီး ပရိယတ္တိသာသနာပြုပြီးသား ဖြစ်သွားအောင် လင်္ကာလေး နှစ်ခေါက်လောက် ဆိုကြည့်စမ်းပါ လိုက်ပြီးတော့-

❖ ခန္ဓာရထား၊ သံသရာသွား၊ လေးပါးဘူတာ၊ ဆိုက်ရရှာ၊
ဇာတိမှထွက်၊ ဇရာဆက်၊ နာချက် မရဏာ၊ လေးဘူတာ။

နံပါတ်(၁) ဇာတိဘူတာ၊ နံပါတ်(၂)က ဇရာဘူတာ၊ နံပါတ်(၃)က ဗျာဓိဘူတာ၊ နံပါတ်(၄)က မရဏာဘူတာ. . . လို့ လေးဘူတာဆိုက်ရတယ်၊ အစက ဇာတိဘူတာ၊ အဆုံးက မရဏာဘူတာ၊ ဘုန်းကြီးတို့ ရန်ကုန်ရထားကြီး မန္တလေးဘူတာက စထွက်၊ ရန်ကုန်ဘူတာမှာ ဆုံးတယ်၊ အမြန်ရထားကြီး၊ ကြားထဲမှာ ဘူတာပေါင်းစုံကို ဆိုက်ပြီးတော့ သွားရတယ်၊ အဲဒါလိုပဲ ယနေ့ ဒကာဒကာမအပေါင်း သူတော်ကောင်းတို့ရဲ့ ခန္ဓာရထားကြီးဟာလည်းပဲ ဇာတိဆိုတဲ့ဘူတာကြီးက စပြီးတော့ ထွက်ရတယ်၊ မရဏာဆိုတဲ့ဘူတာကြီးမှာ လမ်းဆုံးမယ်၊ ကြားထဲမှာ ဇရာဘူတာအမျိုးမျိုး ဆိုက်ရမယ်၊ ဆံပင်ဖြူခြင်းဆိုတဲ့ ဇရာဘူတာကြီးတွေလည်း ဆိုက်ရတယ်၊ အခုလည်း တစ်ချို့ ဆိုက်နေပြီ၊ နောင်လည်း ဆိုက်ရအုံးမယ်၊ သွားကျိုးခြင်းဆိုတဲ့ ဇရာဘူတာကြီးလည်း ဆိုက်နေပြီ၊ မျက်စိမွဲခြင်း မျက်စိမှိုင်းခြင်း၊ နားထိုင်းခြင်းဆိုတဲ့ ဇရာဘူတာကြီးတွေလည်း ဆိုက်ရအုံးမယ်၊ တစ်ချို့လည်း ဆိုက်နေပြီ၊ နောင်လည်း ဆိုက်ရလိမ့်အုံးမယ်။ ပါးရေတွန့်ခြင်း အစရှိတဲ့ ဇရာဘူတာမျိုးစုံကိုလည်းပဲ ဆိုက်ရမယ်။

http://www.dhammadownload.com



ဗျာဓိဘူတာလို့ခေါ်တဲ့ နာခြင်းမျိုးစုံ. . . တဲ့၊ အနာကြီးပေါက်ခြင်း၊ အနာငယ်ပေါက်ခြင်းဆိုတဲ့ ဘူတာမျိုးစုံ၊ နာတာရှည်ရောဂါ၊ နာတာတိုရောဂါဆိုတဲ့ ဘူတာမျိုးစုံ၊ မျိုးစုံသော ဘူတာတွေကိုလည်းပဲ ဆိုက်သလောက် ဆိုက်ခဲ့ရပြီ၊ နောင်လည်းဆိုက်ရလိမ့်အုံးမယ်. . .။ ဒီတော့ မန္တလေး-ရန်ကုန် အမြန်ရထားကြီး.စထွက်တဲ့ဘူတာက ထွက်ပြီးသကာလ ကြားထဲမှာ ဘူတာအမျိုးမျိုးတွေ ဆိုက်ရသလို၊ နောက်ဆုံး ရန်ကုန်ဘူတာကြီးကို ရောက်ရသလို. . . ယနေ့ ဒကာ ဒကာမ အပေါင်း သူတော်ကောင်းတွေရဲ့ ခန္ဓာရထားကြီးဟာလည်းပဲ ဇာတိဆိုတဲ့ ဘူတာကြီးက စပြီးတော့ ထွက်လာတယ်. . .။ ဒီတော့ ရပ်နေသလားဆိုတော့ ရပ်မနေဘူး၊ ဘယ်လောက်တောင် ရပ်မနေတာတုန်းဆိုတော့ ရထားက တစ်စက္ကန့်ကလေးတောင် ရပ်မနေဘူး။

ဒီတော့ ယနေ့ ဒကာဒကာမအပေါင်း သူတော်ကောင်းတွေရဲ့ ခန္ဓာရထားကြီးက ရပ်နေတဲ့အချိန် တစ်ချိန်မှ မရှိပါ။ ပရိသတ်ကြီး ခန္ဓာရထားရပ်နေတဲ့အချိန် ရှိသလား? *(မရှိပါဘုရား)*။ အဲဒီလို မရပ်ဘူးလို့သိရင် ဝိပဿနာဝင်လာတယ်၊ ခန္ဓာရထားဟာ မရပ်ဘူး. . . တစ်စက္ကန့်လေးမှ မရပ်ဘူး၊ တစ်မိနစ်ကလေးမှ မရပ်ဘူး၊ တစ်ရက်ကလေးမှ မရပ်ဘူး၊ တစ်နာရီကလေးမှ မရပ်ဘူး၊ တစ်လကလေးမှ မရပ်ဘူး၊ တစ်နှစ်ကလေးမှ မရပ်ဘူး၊ တစ်နှစ်မှ မရပ်ဘူး၊ တစ်လမှ မရပ်ဘူး၊ တစ်ရက်မှ မရပ်ဘူး၊ တစ်နာရီမှ မရပ်ဘူး၊ တစ်မိနစ်မှ မရပ်ဘူး၊ တစ်စက္ကန့်လေးမှ မရပ်ဘူး. . . လို့၊ တဟုန်းဟုန်း တဖြုန်းဖြုန်း တရှုံးရှုံးပြေးနေတဲ့ ခန္ဓာရထား. . . လို့ ခဏလေး အာရုံပြုကြည့်ရင် အဲဒီအနိစ္စသညာ ပေါ်လာတယ်။ ဒီခန္ဓာရထားကြီးဟာ မရပ်ဘူးလို့ မြင်လာသည်နဲ့တပြိုင်နက် အနိစ္စသညာ ပေါ်လာတယ်။

တဖြုန်းဖြုန်း တဖျတ်ဖျတ်နဲ့ ရထားကြီး တဂျုံးဂျုံး တဂျက်ဂျက်နဲ့ သွားသလို. . . ဒီခန္ဓာရထားကြီးလည်းပဲ ဖြစ်ပျက် ဖြစ်ပျက် ဖြစ်ပျက်ဆိုတဲ့ အသံပေးပြီးတော့ သွားနေတယ်၊ အဲဒီ ခန္ဓာရထားကြီးသွားနေတာကို ကံမျက်စိနှစ်လုံးနဲ့ ကြည့်လို့မမြင်ပါ၊ ဉာဏ်မျက်လုံးနှင့်ကြည့်မှ မြင်ပါသည်။ ခန္ဓာရထားကြီး သွားနေတာကို ဘုန်းကြီးတို့ ဒကာဒကာမတွေ ဉာဏ်မျက်လုံးနှင့်ကြည့်မှ မြင်တယ်. . . တဲ့၊ သွားတာမှန်းသိတယ်၊ ကံမျက်လုံးနဲ့ ကြည့်လို့မရဘူး၊ ဒကာဒကာမတွေ သန္တာန်မှာ မျက်လုံးနှစ်ထပ်ပါတယ်၊ ကံမျက်လုံးနဲ့ ဉာဏ်မျက်လုံး။ ဒကာဒကာမတွေရဲ့ ခန္ဓာကိုယ်မှာ မျက်လုံးဘယ်နှစ်ထပ်ပါတုန်း? *(နှစ်ထပ်ပါဘုရား)*။

လူ့ဘဝကို ထူထောင်ပေးလိုက်တဲ့ ကံက မျက်လုံးနှစ်လုံး တပ်ပေးလိုက်တယ်၊ မျက်လုံးနှစ်ထပ် တပ်ပေးလိုက်တယ်၊ ကံမျက်လုံးနဲ့ ဉာဏ်မျက်လုံး၊ ကံမျက်လုံးဆိုတာက

http://www.dhammadownload.com



မျက်နှာပေါ်မှာရှိနေတဲ့ မျက်စိနှစ်လုံးကို ကံမျက်လုံးလို့ ခေါ်တယ်။ ဉာဏ်မျက်လုံး ဆိုတာက ဒကာ ဒကာမတွေရဲ့ ရင်ဘတ်ထဲမှာ နှလုံးသားလို့ခေါ်တဲ့ ဟဒယဝတ္ထု ပေါ်မှာ မှီပြီးဖြစ်တယ်၊ ဉာဏ်မျက်လုံးက ရင်ဘတ်ထဲမှာ နှလုံးသား ပေါ်မှာရှိတယ်။ ကံမျက်လုံးက မျက်နှာပေါ်မှာရှိတယ်၊ အဲဒီ ကံမျက်လုံးနဲ့ မိမိခန္ဓာကိုယ်ပေါ် မိမိကြည့်လိုက်ရင် ရထားကြီးက ရပ်နေတယ်လို့ထင်တယ်၊ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ကိုယ့်ကိုယ်ကို ကြည့်ကြည့်၊ ကိုယ့်သားကိုယ့်သမီး ကြည့်ကြည့် ဘယ်ဟာကြည့်ကြည့် ဒီမျက်လုံးနဲ့ အမှတ်တမဲ့ကြည့်ရင် မနေ့ကလည်း ဒီငါပဲ၊ ဒီနေ့လည်း ဒီငါပဲလို့ မထင်ကြဘူးလား? *(ထင်ပါဘုရား)*။ အဲဒါ နိစ္စသညာလို့ ခေါ်တယ်၊ နိစ္စသညာဆိုတာ မြဲတယ်လို့ ထင်နေတာ၊ ကိုယ်က မြဲတယ်လို့ ထင်နေ ပေမဲ့လို့ ခန္ဓာရထားကတော့ ရပ်ရဲ့လား? *(မရပ်ပါဘုရား)*။

သူကတော့ မမြဲဘူး, မရပ်ဘူး၊ မရပ်လို့ကို မရပ်တာ၊ မရပ်လို့လည်း မမြဲတာဘဲ၊ အဲဒီမမြဲတဲ့သဘော၊ ခန္ဓာရထားကြီး တစ်ဟုန်းဟုန်း ပြေးနေတဲ့သဘော ကို ဉာဏ်မျက်လုံးနဲ့ကြည့်မှ မြင်တယ်၊ ပကတိရထားကြီးသည် တစ်ဂျုံးဂျုံး တစ်ဂျက် ဂျက် အသံမည်ပြီးတော့ ပြေးနေသလို၊ ခန္ဓာရထားကြီးကလည်းပဲ ဖြစ်ပျက် ဖြစ်ပျက် ဖြစ်ပျက်ဆိုတဲ့ အသံပေးပြီးတော့ ပြေးနေတာကို ကံနားနဲ့ ထောင်လို့ မရပါ။ ဉာဏ်နားနဲ့ထောင်မှ ကြားပါသည်၊ ဒကာဒကာမတွေရဲ့သန္တာန်မှာ နားလည်း နှစ်ထပ် တပ်ပေးလိုက်တယ်၊ လူ့ဘဝထူထောင်တဲ့ ကံက၊ ကံနားနဲ့ ဉာဏ်နား၊ ကံနားဆိုတာက ပကတိနားနှစ်ဘက်ကို ခေါ်သည်၊ ဉာဏ်နားဆိုတာက ဟဒယ ဝတ္ထုလို့ခေါ်တဲ့ ရင်အလယ်ပေါ်မှာ နှလုံးသားပေါ်မှာ မှီတွယ်ပြီးတော့ ဖြစ်ပါသည်၊ ဒီတော့ ဉာဏ်နားနဲ့ထောင်မှ ကြားတယ် ဖြစ်ပျက် ဖြစ်ပျက်အသံကြီး၊ ရထားသံကြီး ကံနားနဲ့ထောင်လို့တော့ မကြားဘူး. . . တဲ့, မကြားဘူး။

ဒီတော့ ယနေ့ ဒကာဒကာမအပေါင်း သူတော်ကောင်းတွေရဲ့ ခန္ဓာရထား က တစ်သွားတည်းသွားနေတယ်. . . တဲ့၊ တစ်သွားတည်းသွားနေတယ်၊ အဲဒီ တစ်သွားတည်းသွားနေတာ ဘယ်က စပြီးတော့ ဘယ်ကိုဆုံးပါသလဲဆိုတော့ တစ် ဘဝနဲ့ ပိုင်းပြီးတော့ပြောရင်- ဇာတိမှထွက်, ဇရာဆက်, နာချက် မရဏာ, လေးဘူတာ. . . ဇာတိဘူတာက စထွက်ရတယ်၊ ဇရာဘူတာ အမျိုးမျိုး, ဗျာဓိ ဘူတာအမျိုးမျိုး ဆိုက်ရတယ်၊ နောက်ဆုံး မရဏဘူတာကြီးကို ဆိုက်ရတယ်။ အဲဒီ မရဏဘူတာကြီးပြီးတော့ကော ဘုရား ဘယ်သွားမှာတုန်းလို့ဆိုတော့ ဇာတိ ဘူတာ ပြန်ရောက်. . . တဲ့၊ တစ်ဘဝကူးလိုက်တဲ့အခါကျတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အာသဝေါကင်းကွာ ရဟန္တာယောကျာ်း ရဟန္တာမ မဖြစ်သေးလို့ ဘဝ မပြတ်သေးသမျှ နောက်တစ်ဘဝ မကူးရဘူးလား ပရိသတ်ကြီး? *(ကူးရပါဘုရား)*။

http://www.dhammadownload.com



အဲဒီကူးတာ ဘာဘူတာ ပြန် ရောက်လာတုန်း ဇာတိဘူတာ. . . တဲ့၊ ဇာတိဘူတာ ပြန်ရောက်လာရော၊ ဇာတိဘူတာ ပြန်ရောက်လိုက်သည်နဲ့ တပြိုင်နက် ဇရာဘူတာ, ဗျာဓိဘူတာနဲ့ နောက်ဆုံး မရဏဘူတာဆီ ပြေးရပြန်တယ်။

နောက်တစ်ခါ အဲဒီနောက် တစ်ဘ၀ သွားကူးလိုက်ကြအုံးစို့။ အဲဒီ ဒုတိယ ဘ၀ပြီးတော့ တတိယဘ၀ မရဏဘူတာဆိုတဲ့ သေခြင်းဘူတာကြီး ပြီးသွားတဲ့ အခါကျတော့ ဘယ်ရောက်သွား ပြန်တုန်း. . . . လို့ဆိုတော့ ဇာတိဘူတာ မဆိုက်ရ ပြန်ဘူးလား? *(ဆိုက်ရပါဘုရား)*။ အဲဒီ ဇာတိဘူတာပြီးတော့ ဘာဘူတာတွေ့ တုန်းဆိုတော့ ဇရာဘူတာအမျိုးမျိုး၊ သွားကျိုးတဲ့ ဇရာဘူတာ, မျက်စိမွဲတဲ့ ဇရာဘူတာ၊ နားထိုင်းတဲ့ ဇရာဘူတာ, ခါးကိုင်းတဲ့ ဇရာဘူတာ၊ ပါးရေတွန့်တဲ့ ဇရာဘူတာ၊ မှဲ့ဖြူမှဲ့မည်းစွဲတဲ့ ဇရာဘူတာ အမျိုးမျိုး မဆိုက်ရဘူးလား? *(ဆိုက်ရပါဘုရား)*။ ဆိုက်ရတဲ့ဘူတာတွေက ပရိသတ်ကြီး အကောင်းဘူတာလား, အဆိုးဘူတာလား? *(အဆိုးဘူတာပါဘုရား)*၊ အဆိုးဘူတာလို့ အခုပြောတဲ့အခိုက် မြင်လာတာ ဒုက္ခသစ္စာမြင်တာခေါ်တယ်၊ ဇရာတရားကြီးကို ဒုက္ခ=မကောင်းတဲ့ သဘောကြီး. . . လို့ မြင်လာတာ ဒုက္ခကိုမြင်တာခေါ်တယ်။

ဒါဖြင့် အဲဒီဒုက္ခကို မြင်လာတဲ့ ဇရာဘူတာကြီးဆိုက်ရတာ ကောင်းတာ တစ်ချက်မှ မရှိဘူး၊ နောက်ထပ် ဗျာဓိဘူတာကြီးတွေ ဆိုက်ရတာကလည်း ကောင်းတာတစ်ချက်မှ မရှိဘူး၊ ကောင်းတာတစ်ချက်မှမရှိတဲ့ အဲဒီဘူတာကြီးတွေ ဖြတ်သန်းပြီးတော့ ကျော်သွားတော့ နောက်ဆုံးမရဏဘူတာ၊ နောက်မရဏ ဘူတာပြီးတော့ ဘယ်ဆက်ရမှာတုန်းဘုရားဆိုတော့ ဇာတိဘူတာ မလာပြန်ဘူး လား? *လာပါဘုရား*။ ဒါဖြင့် လေးဘူတာ, လေးဘူတာ ဆိုက်ဆိုက်ပြီးတော့ ဆက်ပြီးတော့ မောင်းနေတာ ဘယ်တော့ဆုံးမှာတုန်း. . . လို့ဆိုတော့ အရဟတ္တ မဂ် အရဟတ္တဖိုလ် မရောက်သေးသမျှ, ယနေ့ ဒကာ ဒကာမအပေါင်း သူတော် ကောင်းတို့ရဲ့ ခန္ဓာရထား မရပ်ပါ. . .။ ရပ်ချိန်ရှိရဲ့လား? *မရှိပါဘုရား*။ ဒါဖြင့် အနမတဂ္ဂ သံသရာကတော ဒီဘ၀မရောက်ခင် ရှေးအတိတ်ကာလတွေကတော့ ဒီခန္ဓာရထား ဘယ်က စမောင်းခဲ့ပါသလဲ-ဘယ်က စထွက်ခဲ့ပါသလဲလို့မေးရင် ဇာတိက ထွက်လာတယ်၊ ဇရာ ဗျာဓိတွေ ဆိုက်ခဲ့တယ်၊ မရဏလမ်းဆုံးခဲ့တယ်၊ နောက်တခါ ဇာတိဘူတာ ဆိုက်ပြန်တယ်၊ ဇရာဗျာဓိမရဏဘူတာတွေ ဆိုက်ခဲ့ တယ်၊ မရဏမှာ ဆုံးခဲ့တယ်။

အဲဒီလိုလေး ဘူတာဆိုက်ဆိုက်လာပြီးတော့ လာခဲ့တဲ့အကြိမ်တွေ ဘယ် လောက်က စခဲ့တာတုန်းလို့မေးရင် အစမရှိဘူး. . . တဲ့၊ အစမရှိဘူး။ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ခန္ဓာရထား စထွက်လာတာ အစရှိရဲ့လား? *(မရှိပါဘုရား)*။

http://www.dhammadownload.com



မန္တလေးက အမြန်ရထားက အစရှိတယ်၊ မန္တလေးက စ,ထွက်လာတာ၊ ဒကာ ဒကာမတွေရဲ့ ခန္ဓာရထား အစ,ရှိရဲ့လား? *(မရှိပါဘုရား)*။

အဲဒါကို ဘုရားရှင်ကိုယ်တော်မြတ်ကြီးက-

*** အနမတဂ္ဂေါ ခေါ သံသာရော၊ ပုဗ္ဗကောဋိ န ပညာယတိ။**

**သံသာရော-သင်တို့ရဲ့ ခန္ဓာရထားကြီး သံသရာတလျှောက် သွားနေတဲ့ ခန္ဓာရထားကြီးသည်၊ အနမတဂ္ဂေါ-မသိအပ်သော အစ,ရှိချေ၏၊ ဝါ-အစသိဖို့ မလွယ်၊ သိစရာ အစမရှိပါ၊ ပုဗ္ဗကောဋိ-ရှေ့ပိုင်းအစွန်းအစကို၊ န ပညာယတိ-ငါဘုရားရဲ့ သဗ္ဗညုတဉာဏ်နဲ့ ပြန်ကြည့်တာတောင်မှ မမြင်ရပါ. . . ။**

သတ္တဝါတစ်ယောက်ရဲ့ အစ,မရှိဘူးတဲ့၊ အစမရှိဘူးဆိုတာ ဘာလို့တုန်းဆိုတော့ အို. . . သူ့ဟာက မျိုးစေ့နဲ့အပင်လိုပဲ၊ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ သရက်စေ့လေးကြောင့် သရက်ပင်ပေါက်လာတယ်၊ သရက်စေ့ကြောင့် သရက်ပင် ပေါက်တယ်၊ သရက်စေ့ကအကြောင်း အပင်က အကျိုး၊ ဒါဖြင့် အဲဒီသရက်စေ့က ဘယ်ကလာတာတုန်းဆိုတော့ သရက်ပင်က အသီးသီးပြီးတော့ ကျလာတာ၊ ဒါဖြင့် သရက်စေ့ရဲ့ အကြောင်းကျပြန်တော့ သရက်ပင်၊ သရက်ပင်ရဲ့ အကြောင်းကျ ပြန်တော့ သရက်စေ့၊ သရက်စေ့ရဲ့ အကြောင်းကျပြန်တော့ သရက်ပင်လို့ နောက်ဆုတ် နောက်ဆုတ်လိုက်လို့ရှိရင် ဘုန်းကြီးတို့ ပရိတ်သတ်ကြီး လမ်းဆုံးရဲ့လား? *(မဆုံးပါဘုရား)*။ မဆုံးဘူး။

ဒါဖြင့် အစသရက်ပင်နဲ့ သရက်စေ့ရဲ့ အစအဆုံးကို လိုက်ရှာလို့ရှိရင် အစရှာလို့ရင် အစရှိသေးလား? *(မရှိပါဘုရား)*။ မရှိလို့ မရှိဘူးလို့ ဘုရားရှင်က သဗ္ဗညုတဉာဏ်တော်ကြီးနဲ့ကြည့်ပြီးတော့ ဟောတယ်၊ တစ်ချို့က ပြောတယ် သဗ္ဗညုတဉာဏ်တော်ကြီးနဲ့ အကုန်သိတယ်လည်းဆိုတယ်၊ သတ္တဝါရဲ့အစ မသိဘူး လို့ဆိုတာ ဘယ့်နဲ့ဟာတုန်းလို့မေးတယ်၊ အစမရှိတာကို အစမရှိဘူးလို့သိတာ အဲဒါ အကုန်သိတာပဲ။ ဘုန်းကြီးတို့ ဆီဆုံမှာ သွားတွေရဲ့ သွားနေတဲ့လမ်းကြီး အဝိုင်းပြေး, ပြေးနေတဲ့လမ်းကြီးရှိတယ်၊ အဲဒီလမ်းကြီးကို ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အစဘယ်နားက စ,တုန်းဆိုရင် အစဖော်ပြလို့ရပါမလား? *(မရပါဘုရား)*။ အဲဒီ အစမရှိတာကို အစမရှိဘူးလို့ပြော ရင် ဒါ သူအကုန်လုံးသိပြီ ပြောရာ မရောက်ဘူး လား? *(ရောက်ပါဘုရား)*။

အဲဒါလိုပဲ သဗ္ဗညုတဉာဏ်တော်သခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက သတ္တဝါတစ်ယောက်ရဲ့ အစသည်. . . ဘယ်က စလာတယ်လို့ မပြောနိုင်လောက်

* သံ-၁၊ ၁၉၉။

http://www.dhammadownload.com



အောင် ပတ်ဝိုင်းပြေး, ပြေးနေတာမို့လို့ "ဆုံဝယ်တတ်နွား, ရဟာဝ်ချား"ကဲ့သို့ မပြတ်သွားနေတဲ့ အဝိုင်းပြေး ပြေးနေရတာ၊ အဝိုင်းဘူတာ၊ အဝိုင်းမှာ မောင်းပြီး နေရတာမို့လို့ အစမရှိဘူး. . . လို့ ဖြေတော်မူတယ်။ ဒါကြောင့် ယနေ့ ဒကာ ဒကာမတွေရဲ့ ခန္ဓာရထားကြီးသည် တစ်ဘဝ တစ်ဘဝအနေနဲ့ပြောရင်တော့ ဇာတိ ဘူတာက စပြီးတော့ထွက်ခဲ့တယ်၊ ဇရာဘူတာ အမျိုးမျိုး, ဗျာဓိဘူတာ အမျိုးမျိုးမှာ ဆိုက်ရတယ်၊ မရဏဘူတာမှာ လမ်းဆုံးတယ်၊ ဘဝသံသရာနဲ့ချီပြီးတော့ ပြောကြ ရင် ဘယ်က စလာတယ်လို့ ပြောလို့မဖြစ်ပါ၊ ဇာတိဘူတာက ထွက်, ဇရာ ဗျာဓိ ဘူတာတွေမှာ ဆိုက်, မရဏဘူတာမှာ လမ်းဆုံးရတယ်. . . အဲဒီလို။

ကြည့်လေ ဘူတာ ဆိုက်ဆိုက်ပြီးတော့ အတိတ်ဘဝတွေကလည်း လာ လိုက်တာ. . .၊ ယခုလည်း ဒီဘက်ဘဝမှာလည်း လာလိုက်တာ၊ ဒကာ ဒကာမတွေ ရဲ့ ခန္ဓာရထားသည် အခု ဘယ်ရောက်နေပြီတုန်းဆိုရင် ဇရာ, ဗျာဓိဘူတာ ဆိုက်နေကြပြီ. . .။ အခု ဘယ်ဘူတာ ရောက်နေတုန်းဆိုတော့ ကြားဘူတာတွေ ရောက်နေတယ်၊ ပရိသတ်ကြီးရဲ့ခန္ဓာရထား ဘယ်ဘူတာ ရောက်နေပါလိမ့်? *(ကြားဘူတာပါဘုရား)*။ နောက်ဆုံး မရဏဘူတာဆီကို ရောက်ရမယ်၊ အဲဒီလို ရောက်အောင် သွားနေတုန်းအတွင်းမှာ ယနေ့ အားလုံးသော တရားနာပရိသတ် အပေါင်း သူတော်ကောင်းတွေက မိမိတို့ရဲ့ခန္ဓာရထားပေါ်ကို ရိက္ခာကောင်းတွေ ဆွဲပြီးတော့ စုဆောင်းနေတယ်လို့ ခေါ်တယ်. . .။

အဲဒီလို ခန္ဓာရထားကြီး တစ်ဟုန်းဟုန်း သွားနေတဲ့အထဲမှာ ရိက္ခာစုတဲ့သူ နှစ်မျိုးရှိတယ်. . . တဲ့၊ ရိက္ခာတင်တဲ့သူ နှစ်မျိုးရှိတယ်တဲ့ ဘုရားက။ တစ်ချို့က ခါးသက်တဲ့အရသာရှိတဲ့ အဆိပ်ပါတဲ့ရိက္ခာတွေကို ဆွဲပြီးတော့ တင်နေကြတယ်။ အချို့သော အမျိုးကောင်းသား အမျိုးကောင်းသမီးတွေက ချိုမြိန်ကောင်းမြတ် သော၊ သာဒုရသံ-ချိုမြိန်ကောင်းမြတ်သော အရသာရှိသော၊ ဩဇဝန္တံ-အဆီ ဩဇာရှိသော၊ ပရိက္ခာရံ-ပရိက္ခရာပစ္စည်းကို၊ ပရိဟရန္တိ-ဆောင်ပို့သယ်ပို့၍ တင်နေကြကုန်၏. . .။ ခန္ဓာရထားကြီး အဲဒီလိုသွားနေတုန်းမှာ. . . တဲ့ ရိက္ခာ တင်နည်း နှစ်နည်းရှိတယ်တဲ့၊ ရိက္ခာစုဆောင်း ဆွဲတင်တဲ့နည်း နှစ်နည်းရှိတယ်၊ တစ်ချို့ အမျိုးသားအမျိုးသမီးတွေက ကဋုကံ-ခါးစပ်သော အရသာရှိသော၊ ဝိသဝန္တံ-အဆိပ်ပါနေတဲ့ ပစ္စည်းကို၊ ပရိဟရန္တိ-ဆောင်ပိုးသယ်တင်၍ နေကြ လေကုန်၏. . .။

မိမိခန္ဓာရထားကြီးပေါ်ကို. . . တဲ့၊ သူတို့က အကောင်းထင်ပြီးတော့ အဆိပ်ပါတဲ့ရိက္ခာတွေ ဆွဲတင်နေကြတယ်၊ အဆိပ်ပါတဲ့ရိက္ခာကို ဆွဲတင်နေလို့ ရှိရင်တော့ အဲဒီ အဆိပ်ပါတဲ့ ရိက္ခာစားလို့ရှိရင် သေရင်လည်း သေပယ်၊ သေလု မတတ် ဒုက္ခကိုလည်း ခံရမယ်. . .၊ အဲဒါ ဘယ်သူတွေ တုန်းဆိုတော့-

http://www.dhammadownload.com



**ကာယေန ဒုစ္စရိတံ စရန္တိ, ဝါစာယ ဒုစ္စရိတံ စရန္တိ၊ မနသာ ဒုစ္စရိတံ စရန္တိ။**

ကိုယ်အားဖြင့်လည်း သူ့အသက် သတ်မှုတွေ, သူ့ဥစ္စာ ခိုးမှုတွေ, သူ့သား မယားအိမ်ရာနဲ့ ကျူးလွန်မှုတွေဆိုတဲ့ ကာယဒုစ္စရိုက်တွေကို ကျူးလွန်ပြီးတော့နေ တဲ့သူတွေ၊ အဲဒါ အဆိပ်ပါတဲ့ရိက္ခာ ဆွဲတင်နေတဲ့အချိန်. . . တဲ့၊ ဆွဲတင်နေတဲ့ သူတွေ၊ ဒါ ဆွဲတင်နေတဲ့သူတဲ့၊ သို့သော် သူ့သွားမေးလို့ရှိရင်တော့ သူကအကောင်း ထင်လို့ ဆွဲတင်တာ၊ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ မကောင်းမှုပြုနေတဲ့ မုဆိုးတံငါ လုပ်ပြီးတော့ သူ့အသက်တွေ သတ်ဖြတ်ပြီးတော့ ရောင်းချစားသောက်နေတဲ့သူကို သွားမေးစမ်းပါ့လား "အော်. . . ကျုပ် ဒီလိုလုပ်မှ ကျုပ်သားသမီး စားရမှာ၊ ကျုပ် လည်း စားရမှာ၊ ဒါ လုပ်ရမှာပဲ"လို့ မဖြေပေဘူးလား? *(ဖြေပါဘုရား)*။ ဒါဖြင့် ဒီဒုစရိုက်အမှုကို သူအကောင်းထင်လို့ ပြုတာလား၊ မကောင်းထင်လျက်နဲ့ ပြုတာ လား? *(အကောင်းထင်လို့ပါဘုရား)*။ အကောင်းထင်လို့ပြုတာပဲ သူက၊ ဒီတော့- အကုသိုလ်ဒုစ္စရိုက်တွေကို ပြုပြီးတော့နေတော့ အကောင်းထင်ပြီးတော့ သူ့ခန္ဓာ ရထားပေါ် သူ့ အဆိပ်အိုးတွေ, အဆိပ်ရိက္ခာတွေ သူတင်မိရက် ဖြစ်နေ တယ်. . . တဲ့ တင်မိရက်ဖြစ်နေတယ်။

**ဝါစာယ ဒုစ္စရိတံ စရန္တိ**-နှုတ်အားဖြင့်လည်းပဲ ယုံမ်ဘယ် ညာတယ်, သူတစ်ပါးတွေ အချင်းချင်း ညီညွတ်နေတာတွေ, ကွဲပြားအောင် ဂုံးတိုက်တယ်, ကြမ်းကြမ်းတမ်းတမ်း အော်ဟစ်ဆဲဆိုတယ်၊ အရေမရ အဖတ်မရ မဂ်ဖိုလ်ရဲ့ ဗီလာကန့်လန့်ဖြစ်တဲ့ စကားတွေကို ပြောပြီးတော့နေတယ် သမ္မပ္ပလာပ။ **မနသာ ဒုစ္စရိတံ စရန္တိ**-စိတ်အားဖြင့်လည်းပဲ သူတစ်ပါးပစ္စည်းကို မိမိပစ္စည်းဖြစ်အောင် မတရားရချင်တဲ့ အဘိဇ္ဈာတရားတွေ ပွားပြီးတော့နေတယ်၊ သူတစ်ပါးတွေ ကြီးပွား နေတာတွေကို ပျက်စီးအောင်, သူတစ်ပါးတွေ တိုးတက်နေတာတွေ ပျက်စီးအောင် ဖျက်ဆီးဖို့ ကြံစည်ပြီးတော့နေတဲ့ ဗျာပါဒ။ ရတနာသုံးပါးကို မယုံကြည်၊ ကံ, ကံ၏အကျိုးကို မယုံကြည်, ကောင်းမှု မကောင်းမှုရဲ့အကျိုးတွေကို မယုံကြည်၊ ဝိပဿနာမဂ်ဖိုလ်နိဗ္ဗာန်တရားတွေကို မယုံကြည်တဲ့ မိစ္ဆာဒိဋ္ဌိခေါ်တဲ့ အယူမှား၊ အဲဒီတရားတွေ ပွားများမယုတ် အားထုတ်ပြီးတော့နေပြီဆိုရင် အဆိပ်ပါတဲ့ရိက္ခာ စုဆောင်းပြီးတော့ နေရာရောက်ပြီ. . . တဲ့၊ နေရာရောက်ပြီ။

အဲ-အချို့သော အမျိုးကောင်းသား အမျိုးကောင်းသမီးတွေကတော့ မစုရသံ-ချိုမြိန်ကောင်းမြတ်သော, အရသာရှိသော၊ ဩဇဝန္တံ-အဆီဩဇာ, အနှစ် ပါသော၊ ပရိက္ခာရံ-ကောင်းမြတ်တဲ့ရိက္ခာကို၊ ပရိဟရန္တိ-ဆောင်ပိုး သယ်တင်၍, နေကြလေကုန်၏. . . ။ ခန္ဓာရထားကြီးပေါ် ကိုတဲ့ တစ်ချို့ အမျိုးသား အမျိုးသမီး

http://www.dhammadownload.com



တွေကတော့ အဆီဩဇာရှိတဲ့ ကောင်းမြတ်တဲ့ရိက္ခာတွေကို ဆွဲပြီးတော့တင်နေကြတယ်. . . တဲ့၊ အဲဒါက ဘယ်သူတွေပြောတာတုန်းဆိုတော့-

ကာယေန သုစရိတံ စရန္တိ၊ ဝါစာယ သုစရိတံ စရန္တိ၊
မနသာ သုစရိတံ စရန္တိ. . .။

ကိုယ်အားဖြင့်လည်းပဲ ကောင်းတဲ့အလုပ်တွေ၊ နှုတ်အားဖြင့်လည်းပဲ ကောင်းတဲ့အလုပ်တွေ, စိတ်အားဖြင့်လည်းပဲ ကောင်းတဲ့အလုပ်တွေကို ပြုလုပ်ပြောဆို ကြံစည်စိတ်ကူးပြီးတော့ နေတဲ့သူတွေ. . . တဲ့၊ ဒီတော့ ဒါန သီလ ဘာဝနာမှုတွေကို ပြုလုပ်အားထုတ်ပြီးတော့ နေတဲ့အချိန်သည် ကောင်းမြတ်သော အဆီဩဇာရှိတဲ့ အချိန်. . .။ ဒါကြောင့် ဒီနေ့ ဆရာဦးမြင့်စိန် အသက် ခြောက်ဆယ်မွေးနေ့ အထိမ်းအမှတ်မင်္ဂလာ အကြောင်းပြုပြီးတော့ ဒီနေ့ ကုသိုလ်ကောင်းမှုတွေကို ပြုလုပ်အားထုတ်ပြီးတော့ နေတဲ့အချိန်သည် မိမိရဲ့ခန္ဓာရထားကြီး တစ်သွားတည်းသွားနေကဲ့ ခန္ဓာရထားကြီးပေါ်မှာ ကောင်းမြတ်တဲ့ အဆီဩဇာရှိတဲ့ ရိက္ခာကောင်းတွေကို စုဆောင်းတဲ့နေ့. . . လို့ အာရုံပြုပါလို့ ဘုန်းကြီးတို့ ပြောခဲ့တယ်။ တရားနာပရိသတ်အပေါင်း သူတော်ကောင်းတွေလည်းပဲ မိမိတို့ခန္ဓာရထားပေါ်မှာ ကောင်းမြတ်တဲ့ အဆီဩဇာရှိတဲ့ရိက္ခာစုတွေကို စုဆောင်းနိုင်ကြရမယ်. . . တဲ့၊ စုဆောင်းနိုင်ကြရမယ်။ အဲဒီ စုဆောင်းတယ်ဆိုတာ ဘာတုန်းဆိုတော့ ဒါန, သီလ, ဘာဝနာဆိုတဲ့ ရိက္ခာကောင်းတွေကို ခန္ဓာရထားပေါ် ဆွဲတင်ပြီးတော့နေတဲ့ ပေ. . .။

ဒီတော့ အဲဒါက ဘာပြုလို့ ပြုရတာတုန်းဆိုတော့ ရန်သူကိုသတ်တဲ့နေရာအားရှိအောင်လို့. . .။ ရန်သူက ဘယ်သူတုန်းလို့ဆိုတော့ ဘုန်းကြီးတို့ ဒကာဒကာမအပေါင်း သူတော်ကောင်းတွေရဲ့ ခန္ဓာရထားကြီး ဒီနေ့ ခန္ဓာရထားကြီးတလူးလူး တလိမ့်လိမ့်နဲ့ အတိတ်ဘဝ သံသရာပေါင်းများစွာက၊ ဘဝပေါင်းများစွာ တစ်ဘဝပြီး တစ်ဘဝ တလူးလူး တလိမ့်လိမ့်နဲ့ ဇာတိဘူတာ ဆိုက်လိုက်၊ ဇရာဘူတာမျိုးစုံ ဆိုက်လိုက်၊ ဗျာဓိဘူတာကြီးတွေ ဆိုက်လိုက်၊ မရဏဘူတာကြီး ဆိုက်လိုက်နဲ့ တလူးလူး တလိမ့်လိမ့် တဆက်တည်းမောင်းပြီးတော့၊ တဆက်တည်း ပြေးပြီးတော့နေရတာ၊ ဆွဲနေတာ ဘယ်သူလဲ. . . ဆိုတော့ တဏှာစက်ခေါင်းသမား. . . တဲ့။ ဒကာ ဒကာမတွေရဲ့ ခန္ဓာရထားကို ဆွဲပြီးတော့နေတဲ့ စက်ခေါင်းသမား၊ စက်ခေါင်းသမားက တဏှာယောကျ်ား။ စက်ခေါင်းသမားက ဘယ်သူပါလိမ့်? *(တဏှာပါဘုရား)*။ အဲ တဏှာယောကျ်ားက ဆွဲပြီးတော့ ပို့နေတယ်။

ဒီတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေရဲ့ခန္ဓာရထားကြီးက အဆွဲခံနေရတာဖြစ်တော့ ဆိုက်ရတဲ့ ဘူတာတွေက ဆိုက်ချင်လို့ဆိုက်ရတာ မဟုတ်ပါဘဲနဲ့

http://www.dhammadownload.com



မဆိုက်ချင်ဘဲနဲ့ ဆိုက်နေရတယ်။ ဒကာ ဒကာမတွေ ဇရာဆိုတဲ့ အိုခြင်းတရားကြီးကို၊ ဆံပင်ဖြူမှုဆိုတဲ့ အိုခြင်းတရားကြီး ဖြူချင်လို့ဖြူရတာလား၊ မဖြူချင်ဘဲ ဖြူရတာလား? *(မဖြူချင်ဘဲ ဖြူရတာပါဘုရား)*။ သွားနာတယ်, သွားကျိုးတယ်ဆိုတဲ့ ဇရာတရားကြီးကို နာချင်လို့နာရတာလား၊ မနာချင်ဘဲနဲ့ နာရတာလား? *(မနာချင်ဘဲနဲ့ နာရတာပါဘုရား)*။ မနာချင်ဘဲနဲ့နာရတာဆိုရင် ဒီဘူတာကြီးဟာ ဘူတာဆိုးကြီးမှန်း သိရဲ့သားနဲ့ မဆိုက်ချင်ဘဲနဲ့ ဆိုက်နေရတယ်ဆိုတဲ့ အဓိပ္ပါယ် မရောက်ဘူးလား? *(ရောက်ပါဘုရား)*။

ဒါဖြင့် အဲဒီ မဆိုက်ချင်ဘဲနဲ့ ဆိုက်နေရအောင်, အဆွဲခံနေရတယ်ဆိုတဲ့ အဆွဲခံတရားသည်. . . . ကောင်းတဲ့သဘောလား၊ မကောင်းတဲ့သဘောလားလို့ မေးလို့ရှိရင် မကောင်းတဲ့သဘောဖြစ်ပါသည်။ ဇရာ ဘူတာကြီးကို ဆိုက်ရအောင် အဆွဲခံနေရတယ်ဆိုတာ ,ချမ်းသာတဲ့သဘောလား၊ ဆင်းရဲတဲ့သဘောလား? *(ဆင်းရဲတဲ့ သဘောပါဘုရား)*။ အဲဒီ ဆင်းရဲတဲ့သဘောကို ဒုက္ခသစ္စာလို့ခေါ်တယ်၊ ရုပ်နာမ်ခန္ဓာဆိုတဲ့ ရထားကြီး၊ ရထားတွဲကြီး အဆွဲခံနေ ရတယ်. . .။ ဆိုးဆိုးဝါးဝါး ဘူတာတွေချည့်ဆိုက်အောင်ဆွဲနေတာ ဘယ်သူတုန်းလို့ဆိုတော့ တဏှာစက်ခေါင်းသမား။ ဆွဲနေတာ ဘယ်သူပါလိမ့်? *(တဏှာစက်ခေါင်းသမားပါဘုရား)*။ အဲဒီ တဏှာစက်ခေါင်းသမားဆွဲသမျှ လိုက်ပြီးတော့နေကြရတယ်. . . တဲ့။ ဒါ့ကြောင့် အဲဒီလိုသွားနေတဲ့အချိန်မှာ လုပ်ရမယ့်အလုပ်က ခုနကပြောခဲ့တဲ့ အဆိပ်ပါတဲ့ ရိက္ခာတွေ ဆွဲမတင်နဲ့တဲ့၊ အဆိပ်ပါတဲ့ရိက္ခာတွေ ခါးသက်တဲ့ အရသာရှိတဲ့ရိက္ခာတွေ ဆွဲမတင်နဲ့၊ ဒါ့ကြောင့်-

❖ ခါးအဆိပ်ပါ, များရိက္ခာ, ဝေးစွာရှောင်လွှဲ, ဖယ်လိုက်ပါ. . . တဲ့

ခါးစပ်တဲ့အရသာရှိတဲ့, အဆိပ်အရသာရှိတဲ့ရိက္ခာတွေနဲ့တူတဲ့ အကုသိုလ် ဒုစရိုက်ရိက္ခာတွေကိုဖြင့် ဆွဲမတင်မိအောင် ဝေးစွာရှောင်ဖယ် လွှဲလိုက်ပါ. . .။ "ချိုမြိန်ကောင်းမြတ်, ရိက္ခာစာတ်, အထပ်ထပ်သာ ဆွဲတင်ပါ" ချိုမြိန်ကောင်းမြတ်တဲ့ အရသာရှိတဲ့ရိက္ခာစာတ်တွေကိုတော့ ဆွဲတင်လိုက်ပါ. . . တဲ့၊ ဆွဲတင်လိုက်ပါ။ ချိုမြိန်ကောင်းမြတ်တဲ့ရိက္ခာစာတ်တွေဆိုတာ ကုသိုလ်ကောင်းမှုပါရမီစုတွေ ပြောတာ။ ဒါဖြင့် ဒီလင်္ကာလေး နှစ်ခေါက်လောက် လိုက်ဆိုကြည့်ပါအုံး-

❖ ခေါင်းတွဲမှလူ, ကိုယ့်ရန်သူ, ဆူဆူသတ်ကြပါ။
ဝိပဿနာလက်နက်, စိန်သန်လျှက်, အချက်ကျစွာ, ဆွဲကိုင်ပါ။

ယနေ့ ဒကာ ဒကာမအပေါင်း သူတော်ကောင်းတွေ ခန္ဓာရထားကြီး မဆိုက်ချင်တဲ့ဘူတာတွေ ဆိုက်ပြီးတော့ ပြေးနေရအောင် ဆွဲနေတဲ့ရန်သူကြီးက ဘယ်သူတုန်းလို့ဆိုရင် ခေါင်းတွဲထဲကလူ. . . တဲ့၊ ခေါင်းတွဲထဲကလူ၊ ဒကာ ဒကာမ

http://www.dhammadownload.com



တွေရဲ့ရန်သူက ဘယ်ထဲနေတာတုန်း? *(ခေါင်းတွဲထဲနေတာပါဘုရား)*။ ခေါင်းတွဲထဲကလူဆိုတာ ဘယ်သူတုန်းဆိုရင် တဏှာခေါ်တဲ့ သမုဒယသစ္စာ တဏှာတရား၊ သမုဒယသစ္စာ တဏှာတရားက တစ်ဘုံပြီးတစ်ဘုံ, တစ်ဘဝပြီးတစ်ဘဝ ဒကာ ဒကာမတွေကို ဆွဲပြီးတော့ခေါ်တယ်၊ တစ်ဘုံပြီးတစ်ဘုံ သူက သာယာစရာ နှစ်သက်စရာတွေ ပြပြပြီးတော့ ဆွဲဆွဲပြီးတော့ ခေါ်သွား၊ အဲဒီလို ဆွဲခေါ်သွားတော့ သူက ပရိယာယ်မာယာ များလိုက်တာ. . . တဲ့၊ များလိုက်တာ။ ဒကာ ဒကာမတွေ ဆွဲခေါ်တိုင်း လိုက်လာရတာ သံသရာခရီးက ဘယ်လောက်ရှည်တုန်း နောင် ဘယ်လောက်လိုက်ရအုံးမှာတုန်းလို့ဆိုတော့ အစ,မရှိဘူး၊ အဆုံးမရှိဘူး. . . ။

**ဂန္တဗ္ဗော အဒ္ဓါ** စ-မရပ်မနား, ရဟတ်ချားသို့. . . ယနေ့ ဒကာ ဒကာမ အပေါင်း သူတော်ကောင်းတွေရဲ့ ခန္ဓရထားကြီးသွားရမယ့် သံသရာခရီး ကန္တာရကြီးကလည်း၊ **ဒီဃော**-လှမ်းနေသမျှ, မှန်းခြေဆလည်း, မရတာရှည် ရှည်လျှားလှချေ၏. . . ။ အရှည်ကြီး. . . တဲ့၊ အရှည်ကြီး။ ဒီတော့ ဆွဲနေတဲ့ သူက ဘယ်သူတုန်းလို့ဆိုတော့ အင်မတန်မာယာများတဲ့ တဏှာယော်ကျား စက် ခေါင်းသမား၊ **တဏှာမိတ္တော**-အမြဲမကွာ, မခွဲခွာသည့်, တဏှာမည်ခေါ်, အကြည် တော်ခေါ်တဲ့ စက်ခေါင်းသမားကလည်း၊ **ဗဟုမာယော**-ကိုယ်အနာခံ, သူသာ စံလျက်, နှစ်ပြန်တင်စီး, အထင်ကြီးအောင်, ဆင်နည်းမာယာ, များလှစွာ၏. . . ။

အဲဒီတဏှာစက်ခေါင်းသမားက ဘယ်လောက်ညစ်ပတ်တုန်းဆိုတော့, ဘယ်လောက်ယုတ်မာတုန်းဆိုတော့ ဆွဲခေါ်တုန်းကတော့ သူကဆွဲခေါ်တယ်. . . တဲ့၊ ကောင်းတာလေးတွေ ခံစားစရာရှိရင် သူကခံစားတယ်၊ ဆိုးတာတွေ ခံစားစရာ ဒုက္ခတွေ ခံစားစရာကြုံလာရင် သူက ကိုယ်လွတ်ရုန်းပြီးတော့ ပြေးတယ်. . . တဲ့၊ တဏှာယောကျ်ား စက်ခေါင်းသမားက၊ ဒကာ ဒကာမတွေ ဆွဲခေါ်သွားလိုက်တာ ရူပါရုံ ကောင်းကောင်းလေးတွေ၊ သဒ္ဒါရုံကောင်းကောင်းလေးတွေ၊ သာယာစရာ လေးတွေတွေ့တော့၊ သူက မသာယာဘူးလား? *သာယာပါဘုရား*။ အရသာ သူ မခံစားဘူးလား? *ခံစားပါဘုရား*။ အဲ-ဇရာဒုက္ခကြီးတွေ, ဗျာဓိဒုက္ခကြီးတွေနဲ့ နာလိုက်တာ, ကျင်လိုက်တာဆိုတော့ သူရှိသေးလား? *မရှိပါဘုရား*။ မရှိဘူး သူက ထွက်ပြေးတာတဲ့၊ ဒါကြောင့် အင်မတန် မာယာများတယ်တဲ့။

**တဏှာမိတ္တော**-အမြဲမကွာ, မခွဲခွာသည့်, တဏှာမည်ခေါ်, အကြည် တော်ကလည်း၊ **ဗဟုမာယော**-ကိုယ်အနာခံ, သူသာစံလျက်, နှစ်ပြန်တင်စီး, အထင်ကြီးအောင်, ဆင်နည်းမာယာ, များလှစွာ၏. . . ။ ဒီတော့ မာယာများလှတဲ့ အဲဒီတဏှာယောကျ်ားကို ယနေ့ အားလုံးသော သတ္တဝါတွေက မိတ်ဆွေထင် နေကြတယ်. . . တဲ့၊ မိတ်ဆွေထင်နေကြတယ်။ တဏှာစက်ခေါင်းသမားက ဒကာ

http://www.dhammadownload.com



ဒကာမတွေရဲ့ ရန်သူလား၊ မိတ်ဆွေလား? *(ရန်သူပါဘုရား)*။ ဇရာဘူတာ၊ ဗျာဓိဘူတာ၊ မရဏာဘူတာကြီးတွေ ဆိုက်အောင်ဆွဲနေတဲ့သူဟာ ရန်သူလား မိတ်ဆွေလား? *(ရန်သူပါဘုရား)*။ ဇရာဘူတာ၊ ဗျာဓိဘူတာကြီးတွေ အထပ်ထပ်ဆိုက်အောင် ဆွဲနေတာဖြစ်တော့ သူက ရန်သူကြီးလား ရန်သူလေးလား? *(ရန်သူကြီးပါဘုရား)*။ အဲဒီရန်သူကြီးကို သတ်ရတယ်. . . တဲ့၊ သတ်ရတယ်။

ခေါင်းတွဲထဲက လူ့ ကိုယ့်ရန်သူ တဏှာယောက်ျား စက်ခေါင်းသမားကို သတ်ပစ်. . . တဲ့၊ သတ်ပစ်တော့ ဘာနဲ့သတ်ရမှာတုန်းဆိုတော့ ဝိပဿနာလက်နက်၊ စိန်သန်လျက်နဲ့ သတ်ပါ။ကောင်းပြီ တဏှာယောက်ျား လက်သမားကဆွဲတာ၊ တစ်ဘဝက တစ်ဘဝဆွဲတာ အသာလေး ကျဲပါသေးတယ်၊ ထားလိုက်စမ်းပါအုံး၊ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ယခုဘဝမှာပင်လျှင်. . . တဏှာစက်ခေါင်းသမား ခြောက်မျိုးက ဆွဲနေကြလေသောကြောင့် ဒကာ့ ဒကာမတွေ မျက်စိပေါက်က အဆင်းမျိုးစုံ ရူပါရုံကောင်းကောင်းလေးတွေ ကြည့်ချင်တော့ အဲဒီကြည့်ချင်တဲ့ တဏှာဆွဲရာ ဒီခန္ဓာရထားကြီး ပါမသွားဘူးလား? *(ပါသွားပါဘုရား)*။

ရုပ်ရှင်ကြည့်ချင်တယ်၊ ရုပ်ရှင်ကြည့်ချင်တယ်၊ ပွဲကြည့်ချင်တယ်၊ ပွဲလေးကောင်းကောင်းကြည့်ချင်တယ်ဆိုတဲ့ တဏှာစက်ခေါင်းသမားဆွဲတော့ ယနေ့ ဒကာ ဒကာမတွေရဲ့ ခြေတွေ လက်တွေ၊ ကိုယ်တွေဆိုတဲ့ အဆောက်အအုံ ခန္ဓာရထားကြီးသည်. . . သူပြောရာ၊ သူခေါ်ရာ၊ သူသွားရာဆိုတဲ့ ရုပ်ရှင်ရုံရှိရာ၊ ပွဲရှိရာကို ဒီခန္ဓာရထားကြီး လိုက်မသွားရဘူးလား? *(လိုက်သွားရပါဘုရား)*။ လိုက်သွားပြီးတော့ ဟိုကျတော့ အိပ်ရေးပျက်လို့၊ အစားပျက်လို့ ဖျားပြီ နာပြီဆိုတော့ တဏှာစက်ခေါက်သမား ရှိသေးသလား? *(မရှိပါဘုရား)*။ ဟိုမှာ ပွဲကြည့်တဲ့အချိန်တုန်းကတော့ သူကဝင်သာယာတယ်၊ သူက ပျော်လို့ မြူးလို့ ကလို့ ခုန်လို့ ကြည်နူးလို့၊ ဒုက္ခတွေ ခံစားစရာရှိတော့ သူက ထွက်တိမ်းတယ်. . . တဲ့၊ ထွက်တိမ်းတယ်။

ဒါဖြင့် ဒီခန္ဓာရထားဟာ တစ်ဘဝကတစ်ဘဝ ပြေးရတာ အသာ ထားစမ်းပါအုံး၊ ယနေ့ ဒကာဒကာမတွေရဲ့ ခန္ဓာရထား ယခုလက်ရှိ ခန္ဓာကိုယ်ရထားသည် ယခုပစ္စုပ္ပန်ကျကျ ကြည့်ကြမယ်ဆိုရင်ဖြင့် နေ့စဉ်နေ့စဉ် ဒကာ ဒကာမတွေရဲ့ ခန္ဓာရထားသည် မျက်စိပေါက်က တဏှာစက်ခေါင်းသမားဆွဲလို့ လိုက်ရ၊ နားပေါက်က တဏှာစက်ခေါင်းသမားဆွဲရင်လည်း လိုက်ရ၊ ဘယ်နား တီးဝိုင်းတွေရှိသတဲ့၊ ဆိုင်းဝိုင်းတွေရှိသတဲ့ ခေတ်ပေါ် တီးဝိုင်းတွေ ရှိသတဲ့ နားထောင်ချင်တယ်၊ နားထောင်ချင်တယ်၊ နားထောင်ချင်တယ်ဆိုပြီးတော့ တဏှာစက်ခေါင်းသမားကြီးက နားပေါက်ကနေ တဏှာစက်ခေါင်းသမားကြီးဆွဲတော့ ဒကာ ဒကာမတွေရဲ့ ခန္ဓာရထားကြီးက သွားမပေးရဘူးလား? *(သွားပေးရပါဘုရား)*။ ဒါဖြင့် တဏှာစက်

http://www.dhammadownload.com



ခေါင်းသမားက မျက်စိပေါက်ကနေ ဆွဲ၊ နားပေါက်ကနေ ဆွဲ, နှာခေါင်းကနေ ဆွဲ, လျှာကနေ ဆွဲ, မနောပေါက်ကနေ ဆွဲ. . . လို့။ မဆွဲဘူးလား? *(ဆွဲပါဘုရား)*။

ဝိပဿနာအလုပ် အားထုတ်တော့မယ်၊ သူ့ကိုသတ်တော့မယ်ဆိုပြီးတော့ ကမ္မဋ္ဌာန်းကျောင်းအတွင်း တင်ပလ္လင်ခွေထိုင်ပြီးတော့ နေတဲ့အချိန်မှာပင်လျှင် မနောပေါက်ကနေပြီးတော့ အိမ်ပြန်ဆွဲပြီးတော့ ခေါ်သွားတယ်၊ ခေါ်မသွားတတ်ဘူးလား? *(ခေါ်သွားပါဘုရား)*။ သားတွေ သမီးတွေအာရုံတွေနဲ့ ပြပြီးတော့ အိမ်ပြန်ခေါ်သွားတာ၊ လူခန္ဓာကိုယ်ကြီးက ဒီကမ္မဋ္ဌာန်းကျောင်းထဲ ထိုင်နေတာကိုပဲ ထိုင် မနေနိုင်လောက်အောင် သားတွေ လွမ်းတယ်၊ သမီးတွေ သတိရတယ်ဆိုပြီးတော့ တဏှာစက်ခေါင်းသမား ဆွဲခေါ်သွားလေသောကြောင့် ကမ္မဋ္ဌာန်းကျောင်းထဲကနေပြီးတော့ ထွက်သွားပြီးတော့, လိုက်သွားရတဲ့ယောဂီတွေ မြောက်မြားစွာ ရှိခဲ့တယ်. . . ပရိသတ်ကြီး မရှိခဲ့ဖူးလား? *(ရှိခဲ့ပါဘုရား)*။

အဲဒါ ဘယ်သူက ဆွဲခေါ်သွားတာတုန်းဆိုရင် တဏှာစက်ခေါင်းသမား ဆွဲထုတ်သွားတာ၊ တဏှာစက်ခေါင်းသမားဆွဲခေါ်တော့ ဒီခန္ဓာရထားကြီး ပါမသွားဘူးလား? *(ပါသွားပါဘုရား)*။ ပါသွားတော့ ကောင်းတဲ့ဘူတာ သူကပို့တာလားဆိုတော့ ခုနကပြောတဲ့ မကောင်းတဲ့ဘူတာတွေချည့် ပို့တာ။ ဒါဖြင့် တဏှာဆိုတဲ့ စက်ခေါင်းသမားဟာ ဒကာ ဒကာမတွေရဲ့ ရန်သူလား မိတ်ဆွေလား? *(ရန်သူပါဘုရား)*။ ဟော-မြတ်စွာဘုရားသာသနာတော်နဲ့ ကြုံတဲ့အချိန်, ကောင်းမြတ်တဲ့ ဝိပဿနာအလုပ် အားထုတ်အုံးမယ်. . .။ ဝိပဿနာအလုပ် အားထုတ်ပြီးတော့ တဏှာယောကျ်ား သတ်အုံးမှပဲလို့ သူ့ကိုသတ်မယ်လို့ လက်နက်ကိုင်တာကိုပင်လျှင် အဲဒီ လက်နက်ကို ပုတ်ချပြီးတော့၊ အိမ်ရောက်အောင် ဆွဲထုတ်သွားနိုင်တဲ့ ရန်သူ။ ဆွဲမထုတ်နိုင်ဘူးလား? *(ဆွဲထုတ်နိုင်ပါဘုရား)*။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ တစ်ဘဝက တစ်ဘဝ ဒီခန္ဓာရထား ပြေးနေရတာ အသာထားပါအုံး။ ယခုလက်ရှိ ခန္ဓာရထားကြီးပင်လျှင် အရှေ့ပြေးလိုက်ရ, အနောက်ပြေးလိုက်ရ, တောင်ပြေးလိုက်ရ, မြောက်ပြေးလိုက်ရ, ပြေးနေအောင် တဏှာယောကျ်ား စက်ခေါင်းသမားက ဆွဲနေတယ်. . . လို့ ဆိုတာ ပေါ်မလာဘူးလား? *(ပေါ်လာပါဘုရား)*။ မနက်လင်းလာလို့ရှိရင် ဈေးဆိုင်ပြေးရ, ဟိုမြို့ ဒီမြို့ ပြေးမှ ရမှာဖြင့် ဟိုမြို့ ဒီမြို့ ပြေးရဆိုတာ, တဏှာယောကျ်ား တဏှာစက်ခေါင်းသမား ဆွဲသမျှ ခန္ဓာရထားက လိုက်ရတယ်။ လိုက်ရတော့ ခန္ဓာရထားကြီးက နေပူလို့ကော့ သူကဲ့ နေရစ်ချင်လို့ ရရဲ့လား? *(မရပါဘုရား)*။ ဟာ ဒီလမ်းသွားရတာ ပူပါသေးတယ်၊ ဒီအချိန် ပူပါသေးတယ်ဆိုပေမဲ့လို့ မင်းဒီလို မသွားရင် ရမှာမဟုတ်ဘူး, စီးပွားဥစ္စာတွေ ရမှာမဟုတ်ဘူး၊ မင်းရဲ့သားစာ သမီးစာ

http://www.dhammadownload.com



ဘယ့်နဲ့လုပ်မှာတုန်း၊ သွားမှပေါ့. . . လို့ဆိုတော့ နေပူမိုးရွာခံပြီးတော့ ခန္ဓာရထားကြီး ဒုက္ခခံ မလိုက်ရဘူးလား? *(လိုက်ရပါဘုရား)*။

ဒါဖြင့် ဆွဲနေတာက တဏှာစက်ခေါင်းသမား၊ အဆွဲခံနေရတာက ဒီခန္ဓာရထား၊ ဆွဲနေတာက တဏှာစက်ခေါင်းသမား၊ ဆွဲနေတာက ဘယ်သူပါလိမ့်? *(တဏှာစက်ခေါင်းသမားပါဘုရား)*။ အဆွဲခံနေရတာက ခန္ဓာရထား။ ဒါဖြင့် ဆွဲနေတဲ့တရားကြီးက သမုဒယသစ္စာ၊ အဆွဲခံနေရတဲ့ ခန္ဓာရထားကြီးက ဒုက္ခသစ္စာ။ နေပူတာလည်းခံရ၊ မိုးရွာတာလည်းခံရ၊ တစ်ခါတစ်ခါများ ဒီလမ်းသွားလို့ရှိရင် စားပြတိုက်နိုင်တယ်၊ သတ်နိုင်တယ်၊ ကိုယ့်ချောင်းသတ်နိုင်တယ်လို့ သိရဲ့သားနဲ့ ပင်လျှင် တဏှာစက်ခေါင်းသမားက သွားမှရမယ်လို့ဆိုလိုက်ရင် မသွားရဘူးလား? *(သွားရပါဘုရား)*။ ဟော-သုတ်မှသတ်ရော၊ စားပြနဲ့ တွေ့မှတွေ့ရော သွားရမှာပဲ။ ဆင်ခြေပေးပြီးတော့ မလိုက်ကြဘူးလား? *(လိုက်ကြပါဘုရား)*။

ဒါဖြင့် သမုဒယသစ္စာ တဏှာယောက်ျားဟာ ဒကာ ဒကာမအပေါင်းသူတော်ကောင်းတွေရဲ့ ရန်သူကြီးလား မိတ်ဆွေလား? *(ရန်သူပါဘုရား)*။ ဒါဖြင့် ရန်သူဆိုရင် သတ်ရမှာလား ဆက်မွေးရမှာလား? *(သတ်ရမှာပါဘုရား)*။ သတ်ရရင် ဘယ်နည်းနဲ့သတ်ကြမလဲဆိုတော့-သူက ဆွဲနေတာက မျက်စိပေါက်ကနေ ဆွဲ၊ နားပေါက်ကနေ ဆွဲ၊ နှာခေါင်းပေါက်ကနေ ဆွဲ၊ လျှာပေါက်ကနေ ဆွဲ၊ ကိုယ်ပေါက် ကနေ ဆွဲ၊ မနောပေါက်က ဆွဲ. . . လို့ ဆွဲနေတာဖြစ်တော့ အဲဒီခြောက်ပေါက် ကနေပြီးတော့ ဖမ်းသတ်ရင် မရဘူးလား? *(ရပါဘုရား)*။ ကဲ ဒါဖြင့် မျက်စိပေါက်ကနေ သတ်နည်းလေး ပြောရအောင် ဆိုကြည့်စမ်းပါ-

❖ အဆင်းအာရုံ, မြင်ပါတုံ, မြင်ရုံမြင်ခိုက်, သတိစိုက်။
ပညာဉာဏ်နဲ့, ဖြစ်,ပျက်လိုက်။
မစိုက်သတိ, ဒိဋ္ဌိဝင်ကာ, သူ,ငါ ထင်မှား၊
ရန်တွေပွား, လေးပါးဘူတာဆိုက်။

ဒကာ ဒကာမတွေရဲ့ မျက်စိပေါက်မှာ စက်ခေါင်းသမားကို သတ်ချင်ရင် . . . တဲ့ စက်ခေါင်းသမား တက်မလာနိုင်အောင် သတ်ချင်လို့ရှိရင် "*အဆင်းအာရုံ, မြင်ပါတုံ, မြင်ရုံမြင်ခိုက်, သတိစိုက်*". . . တဲ့၊ သတိသံဗောဇ္ဈင်ခေါ်တဲ့ တရားနဲ့ သတိလေးကပ်ပြီးတော့ စောင့်နေ. . . တဲ့၊ သတိနဲ့ စောင့်နေလိုက်တော့ ဘာတွေ့တုန်း၊ အပြင်ဘက်က အဆင်းအာရုံရယ် အတွင်းက စက္ခုပသာဒခေါ်တဲ့ အကြည်ရုပ်ရယ်၊ ဒီနှစ်အုပ်စုခေါ်တဲ့ ရုပ်အုပ်စု နှစ်ခု၊ အဲဒီရုပ်အုပ်စုနှစ်ခု တိုက်လိုက်လို့မို့ ပေါ်လာတဲ့မြင်စိတ်ကလေး၊ အဲဒီရုပ်နှစ်ပါးနဲ့ နာမ်တရားဆိုတဲ့ဒီရုပ်နာမ်တရား၊ အဲဒီရုပ်နာမ်တရားကို ရုပ်နာမ်တရားပါပဲလား. . . လို့ သတိနဲ့ကပ်ပြီးတော့

http://www.dhammadownload.com



သိလိုက်တဲ့အချိန်မှာ တဏှာယောက်ျား စက်ခေါင်းသမား ရထားပေါ် တက်မလာနိုင်ပါ။ မျက်စိပေါက်ထဲ တဏှာစက်ခေါင်းသမား ဝင်နိုင်သေးလား? *(မဝင်နိုင်ပါဘုရား)*။ ကိုယ်ကသတိနဲ့ တံခါးစောင့်ပိတ်ပြီးတော့ သူ့ကိုစောင့်ဖမ်းမလို့ ကြည့်နေလိုက်တော့ သူလာရဲသေးလား? *(မလာရဲပါဘုရား)*။သူက လူဆိုးသူခိုးဆိုတော့ မှောင်ရိပ်ခိုဝင် တာ၊ ရုပ်နာမ်ကို ရုပ်နာမ်အတိုင်း မသိတဲ့တရားကို အဝိဇ္ဇာမှောင်လို့ ခေါ်တယ်။

ဘုန်းကြီးတို့ ဒကာ ဒကာမတွေ မျက်စိပေါက်က မြင်တဲ့ကိစ္စမှာ ရုပ်နှစ်ပါးနဲ့ နာမ်တစ်ပါး ပေါ်တာ၊ အကျဉ်းချုပ်သိလွယ်အောင် ပြောရလို့ရှိရင် ရုပ်နှစ်ပါးနဲ့ နာမ်တစ်ပါး ပေါ်တာ၊ ရုပ်နှစ်ပါးဆိုတာ ရူပါရုံခေါ်တဲ့ အပြင်ဘက်က လာထင်တဲ့ အဆင်းရုပ်ရယ်, အတွင်းက စက္ခုပသာဒခေါ်တဲ့ အကြည်ရုပ်ရယ်ဆိုတော့ ရုပ်က နှစ်ပါး။ မျက်စိပေါက်ထဲမှာ ရုပ်ဘယ်နှစ်ပါးတုန်း? *(နှစ်ပါးပါဘုရား)*။ အဲဒီ ရုပ်နှစ်လုံး တိုက်လိုက်သည်နဲ့ တစ်ပြိုင်နက် စက္ခုဝိညာဏ်ခေါ်တဲ့ မြင်စိတ်ပေါ်။ နာမ်တစ်လုံး ပေါ်မလာဘူးလား? *(ပေါ်လာပါဘုရား)*။ ဒီတော့ အဲဒီနာမ်တစ်လုံးကလည်း ပဲ့ နာမ်တစ်လုံးလို့ ပြောရသော်လည်း လက်ဖျောက်တစ်ချက်တီး ကုဋေတစ်သိန်းလောက် ဖြစ်ပြီးတော့ပျက်တဲ့ မြင်စိတ်တွေ ပေါ်၊ သူ့ရဲ့ယှဉ်ဘက် တွဲဘက်တွေနှင့် တကွ မြင်စိတ်တွေပေါ်၊ ရုပ်အုပ်စုကြီးတွေကလည်း လက်ဖျောက်တစ်ချက်တီး ကုဋေငါးထောင်လောက် ရုပ်အုပ်ကြီးတွေ တစ်ဖြုန်းဖြုန်းပေါ်၊ အဲဒီနှစ်ခု တိုက်လို့မှ မြင်စိတ်ပေါ်၊ အကျဉ်းချုပ်လိုက်တော့ ရုပ်အုပ်စုကြီးနှစ်ခုကို ရုပ်တရားလို့ ခေါ်ပြီးတော့၊ မြင်စိတ်ကို နာမ် . . . လို့ ခေါ်လိုက်တော့ ရုပ်နာမ် မလာဘူးလား? *(လာပါဘုရား)*။

အဲဒီ မြင်တဲ့အခိုက်ဟာ ရုပ်နာမ်ရှိတာကို, ရုပ်နာမ်အတိုင်းမသိအောင် အဝိဇ္ဇာက အမှောင်ချပေးလိုက်တော့ ငါမြင်တယ်. . . ဆိုတဲ့ တဏှာ မလာဘူးလား? *(လာပါဘုရား)*။ ဒိဋ္ဌိခေါင်းစွပ်ပြီးတော့ တဏှာဝင်လာတယ်၊ ဒိဋ္ဌိ, ဒိဋ္ဌိဆိုတာ သက္ကာယဒိဋ္ဌိဆိုတာ တဏှာပဲ၊ သမုဒယသစ္စာ လောဘတဏှာပဲ၊ တဏှာ အခြေခံပြီးတော့ ဖြစ်တာ ဒိဋ္ဌိဆိုတာ ငါမြင်တယ် ငါမြင်တယ်. . . နဲ့ သူကဝင်လာတယ်၊ ဒီတော့ ငါမြင်တော့ ဘာဖြစ်တုန်းဆိုတော့ "မစိုက်သတိ, ဒိဋ္ဌိဝင်ကာ"တဲ့ အဲဒီလို သတိနဲ့ စိုက်ပြီးတော့မှ မဖမ်းလို့ရှိရင် ဒိဋ္ဌိဝင်လာတာပဲ။ ဒိဋ္ဌိဝင်လာတယ်ဆိုတာ တဏှာစက်ခေါင်းသမား တက်လာတာပြောတာ၊ တက်လာတော့ ဘာဖြစ်တုန်း-

❖ မစိုက်သတိ, ဒိဋ္ဌိဝင်ကာ, သူငါထင်မှား, ရန်တွေပွား. . . တဲ့။

ဒိဋ္ဌိဝင်လာတော့ ဘယ့်နဲ့ဖြစ်ကုန်တုန်းဆိုတော့ ငါမြင်တယ်. . . တဲ့၊ ငါထင်ကုန်ရော၊ သူမြင်တယ်တဲ့ သူထင်ကုန်ရော၊ အကောင်အထည် ပညတ်တွေနဲ့ မြင်ကုန်တယ်၊ အမှန်စင်စစ်က ပရမတ္ထသဘာဝဖြစ်ပြီးတော့ ပျက်သွားတဲ့

http://www.dhammadownload.com



သဘောမျှကိုပင်လျှင် အကောင်ကြီးလို့ထင်တယ်၊ အထည်ကြီးလို့ ထင်တယ်၊ ပုံသဏ္ဌာန်နဲ့ ထင်တယ်၊ နိမိတ်နဲ့ ထင်တယ်၊ အရိပ်နဲ့ထင်တယ်၊ အမှန်စင်စစ်ကတော့ သဘောမည့်မည့်မျှ ဖြစ်ပြီးတော့ပျက်သွားတဲ့သဘော၊ တိုက်ဆဲအခိုက်ရုပ်တရားနှစ်ပါးတို့သည် တိုက်လျှင် ပျောက်တဲ့သဘော၊ အဲဒီတိုက်ခြင်းကြောင့်ပေါ်လာတဲ့ မြင်စိတ်ကလေးကလည်း မြင်ပြီးလျှင် ပျောက်တဲ့သဘော။ သို့သော်ထင်လိုက်တာက အတုံးအခဲကြီးနဲ့ ငါမြင်တယ်, ငါမြင်တယ်လို့ အမြဲအစွဲကြီးရှိနေတဲ့ နိစ္စသညာတွေ ဝင်ပြီးသကာလ ပေါ်လာကြတယ်။ အဲဒီလို့လာတော့ ခင်မင်စရာအာရုံလေးဆိုရင် တဏှာက ခင်၊ ခင်မင်စရာမဟုတ်တဲ့ ကိုယ်မကြည့်ချင်တဲ့အာရုံဆိုရင် ဒေါသက မုန်း၊ ဒီတော့ လောဘတွေ ဒေါသတွေ ရောက်လာတယ်ဆိုတာ၊ လောဘ ဒေါသတွေဆိုတာ ရန်တွေပဲ. . . တဲ့၊ ရန်တွေ။ ဒကာ ဒကာမတွေကို အပါယ်လေးပါး ချတာ အဲဒီ လောဘ ဒေါသတွေက ချတာ၊ ဒီတော့ လောဘ ဒေါသတွေဟာ ရန်တွေပဲ။

❖ မစိုက်သတိ, ဒိဋ္ဌိဝင်ကာ, သူငါထင်မှား, ရန်တွေပွား. . . တဲ့။

ရန်တွေပွားလိုက်တာမှ၊ လောဘတွေဝင်, ဒေါသတွေဝင်, မာနတွေဝင်၊ ငါမို့လို့ မြင်နိုင်တာ၊ ငါမို့လို့ သိနိုင်တာလို့. . . မာနတွေဝင်။ အဲဒီလို လောဘ ဒေါသ မာနစတဲ့ ကိလေသာတရားဆိုး, တရားညစ်တွေဝင်လာတော့ ဘယ်ရောက်သွား တုန်းဆိုတော့ လေးဘူတာပြန်ဆိုက်မယ်. . . တဲ့၊ လေးဘူတာပြန်ဆိုက်မယ်။ ဒီတော့ လေးဘူတာက အကောင်းဘူတာပါရဲ့လား ပရိသတ်? *(မပါပါဘုရား)*။ ဇာတိဘူတာကြီးဟာ အမိဝမ်းခေါင်း ပဋိသန္ဓေ တည်နေကိန်းအောင်းမှုဆိုတဲ့ ဘူတာကြီးဟာ အကောင်းဘူတာလား, အဆိုးဘူတာလား? *(အဆိုးဘူတာပါဘုရား)*။ ဇရာဘူတာ, ဗျာဓိဘူတာ မပြောနဲ့တော့၊ မရဏဘူတာ အကောင်းမရှိပါ၊ ဒီတော့ ဇာတိ, ဇရာ, ဗျာဓိ, မရဏဆိုတဲ့ လေးဘူတာသည် အကောင်းဘူတာ မဟုတ်သော်လည်းဘဲ အဲဒီ ဒိဋ္ဌိကို သက္ကာယဒိဋ္ဌိခေါ်တဲ့ တဏှာစက်ခေါင်းသမားကို ဖမ်းပြီးတော့ မသတ်နိုင်ရင်. . . တဲ့ အဲဒီလေးဘူတာပဲ ပြန်ဆိုက်မယ်. . . လို့။ ဆိုစမ်းပါအုံး-

❖ အဆင်းအာရုံ, မြင်ပါတုံ, မြင်ရုံမြင်ခိုက်, သတိစိုက်၊
ပညာဉာဏ်နဲ့, ဖြစ်,ပျက် လိုက်။

အဲဒီလို သတိနဲ့ စောင့်ဖမ်းတော့ ရုပ်နဲ့နာမ်ပေါ်ရော၊ အဲဒီရုပ်နဲ့နာမ်ကို ပညာဉာဏ်နဲ့ နောက်ကနေပြီးတော့ ဖြစ်ပြီးတော့ ပျက်သွားတာပဲ၊ ပေါ်ပြီးတော့ ပျောက်သွားတာပဲလို့ ပညာဉာဏ်နဲ့ ဖမ်းပြီးတော့ ရှုလိုက်ပါ. . . တဲ့၊ ကြည့်လိုက်ပါ၊ ကြည့်လိုက်တော့ အဲဒီ ခုနက ဒိဋ္ဌိခေါ်တဲ့ စက်ခေါင်းသမား မလာနိုင်ဘူး။

http://www.dhammadownload.com



စက်ခေါင်းသမား မလာနိုင်ဘူးဆိုတာ စက်ခေါင်းသမားကို မတက်လာနိုင်စေခြင်းဖြင့် သူ့ကိုပယ်ထားလိုက်တယ်၊ သတ်ထားလိုက်တယ်လို့ခေါ်တယ်၊ သမုဒယသစ္စာ တဏှာစက်ခေါင်းသမား သတ်လိုက်တာ၊ သမုဒယသစ္စာ တဏှာစက်ခေါင်းသမား သတ်ထားလို့ရှိရင် သူကမှ ဒီပေါ်တက်မလာလို့ရှိရင်, သူ ဆွဲနိုင်ပါအုံးမလား? *(မဆွဲနိုင်ပါဘုရား)*။ သူ့အဆွဲခံရတဲ့ ဒုက္ခကြီး ငြိမ်းမသွားဘူးလား? *(ငြိမ်းသွားပါဘုရား)*။ သူဆွဲခြင်းကြောင့် လိုက်သွားရမယ့် ဇရာ ဗျာဓိ မရဏဘူတာကြီးတွေ ဆိုက်ရမှုဆိုတဲ့ ဒုက္ခကြီး အေးမသွားဘူးလား? *(အေးသွားပါဘုရား)*။ အဲဒီ အေးသွားတာကို နိရောဓ သစ္စာလို့ ခေါ်တယ်။

တဏှာသမုဒယသစ္စာ အကြောင်းငြိမ်းခြင်းကြောင့်၊ ဇရာ ဗျာဓိ မရဏဆိုတဲ့ ရုပ်နာမ်ခန္ဓာရထားကြီး၊ ဇာတိ ဇရာ ဗျာဓိ မရဏဆိုတဲ့ လေးဘူတာဆိုက်ရမှု ဒုက္ခကြီး အေးသွားတယ်. . .၊ အဆွဲမခံရရင် ဘူတာတွေ မသွားရတော့ဘဲနဲ့ ရပ်သွားတာပဲ၊ ရပ်သွားရလို့ရှိရင် ဒါငြိမ်းသွားတာပဲ၊ ရပ်ငြိမ်း အေးငြိမ်းလို့ ခေါ်တယ်၊ နိရောဓသစ္စာပဲ။ ဒီတော့ သမုဒယသစ္စာ တဏှာ သတ်လိုက်သည်နဲ့ တစ်ပြိုင်နက် အဆွဲမခံရဘူး၊ အဆွဲမခံရရင် ရပ်သွားတာပဲ၊ ရပ်သွားရင် ဘူတာတွေ မဆိုက်ရဘူး၊ မဆိုက်ရရင် ဆိုက်ခြင်းကြောင့်ဖြစ်တဲ့ ဒုက္ခတွေငြိမ်းတယ်၊ နိရောဓသစ္စာ ပေါ်လာတယ်၊ ဒါကြောင့် မြင်ဆဲအခိုက် သတိနဲ့ စိုက်ပြီးတော့ မျက်စိပေါက်နားတင် ရှိနေတဲ့ မြင်တဲ့တရားကို မျက်စိပေါက်နားတင် ပျက်အောင်ရှု။

မြင်တဲ့အပိုင်း နှစ်ပိုင်းရှိတယ်၊ ဘုန်းကြီးတို့ ဒကာဒကာမအပေါင်း သူတော်ကောင်းတွေ မျက်စိပေါက်နားမှာ မြင်တာက တစ်ပိုင်း၊ အဝေးမှာ မြင်တာတစ်ပိုင်း, နှစ်ပိုင်းရှိတယ်၊ မျက်စိပေါက်နားတင် မြင်တာကို မျက်စိပေါက်နား မြင်တာလို့ ပျက်တာကိုသိအောင်၊ ကြည့်ရတယ်၊ အဝေးမှာ လိုက်သွားပြီးဆိုရင် တဏှာစက်ခေါင်းသမား တက်လာပြီလို့သာ မှတ်တော့၊ နားပေါက်နားမှာလည်း အတူတူပဲ နားနားမှာ ကပ်ကြားတာရယ်, အဝေးမှကြားတာရယ် နှစ်ခုရှိတယ်၊ အခုဘုန်းကြီး ဟောနေတဲ့ တရားသံကို ဒကာဒကာမတွေ နားနဲ့ကြားကြတော့ နှစ်ပိုင်းရှိပါတယ်၊ နားနားမှာကြားတဲ့ အပိုင်းကတစ်ပိုင်း၊ အဝေးမှကြားတဲ့ အပိုင်းက တစ်ပိုင်း။

ဒီတော့ ဥပမာ တစ်ခုဘုန်းကြီးတို့ ဒကာဒကာမတွေကို သားလေးတွေ သမီးလေးတွေ၊ ကိုယ့်သံယောဇဉ်ဖြစ်တဲ့ သူကခေါ်လိုက်တဲ့ အသံကြားတယ် ဆိုပါတော့၊ အဲဒီသားလေး သမီးလေးရဲ့ ဖေဖေ မေမေလို့ခေါ်လိုက်တဲ့ အသံသဒ္ဒရုပ် . . . သည် ဒကာဒကာမတွေရဲ့ နားပေါက်ထဲ သောတပသာဒကို လာပြီးတော့ ရိုက်ခတ်ပါသည်၊ သားလေးရဲ့ ဖေဖေခေါ်လိုက်တဲ့ အသံခတ်ဟာ၊ သားလေး ပါးစပ်ကြားတင် နေသလား, ဒကာဒကာမတွေရဲ့ နားပေါက်ထဲရောက်လာသလား ဆိုတော့ နားပေါက်ထဲရောက်လာလို့ သောတပသာဒတိုက်ခတ်လိုက်တော့ အဲဒီမှာ

http://www.dhammadownload.com



ကြားစိတ်ကလေးဆိုတာ ပေါ်သွားတာဟာ နားထဲပေါ်တာလား သားလေး ပါးစပ်နား ပေါ်တာလား? *(နားထဲပေါ်တာပါဘုရား)*။ နားထဲပေါ်တာ. . . နားထဲပေါ်တာ။

အဲ-နားထဲပေါ်တာကို နားထဲပေါ်တယ်လို့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ မရှု့ဘူး၊ မသိဘူး၊ ဘယ်နဲ့ဖြစ်သွားတုန်းဆိုတော ဟော-သားလေးက ခေါ်တယ် ဆိုပြီးတော့ သားလေးဆီချည့် ရောက်ပြီးတော့၊ သားလေးရဲ့ ပုံမြင်လာတယ်၊ သားလေးရဲ့ နိမိတ်မြင်လာတယ်၊ သားလေးရဲ့ အဖြူအညို မြင်လာတယ်၊ သားလေး ရဲ့ အရှည်အတို မြင်လာတယ်၊ သားလေးရဲ့ အဝအပိန် မြင်လာတယ်၊ နိမိတ်တွေ ထင်မသွားဘူးလား? *(ထင်ပါဘုရား)*။ ရုပ်နာမ်အစု အစုဝေးသာဖြစ်တဲ့ ပါးစပ်ပေါက် က ထွက်လာတဲ့ သဒ္ဒါရုံရုပ်ကလေးသည် အကောင်လည်း မဟုတ်ပါ၊ အထည် လည်း မဟုတ်ပါ၊ အရှည်လည်း မဟုတ်ပါ၊ အတိုလည်း မဟုတ်ပါ၊ အမှန်စင်စစ်က တော့ ရုပ်တရားသည် ရုပ်တရားမျှသာဖြစ်၍-

ရူပံ နသတ္တော န ဇီဝေါ န ပုဂ္ဂလော န ဣတ္ထိ န ပုရိသော။

ဘုရားရှင်ကိုယ်တော်မြတ်ကြီးက, ရူပံ-သားလေးက ခေါ်လိုက်တဲ့ အသံ သဒ္ဒရုပ်ဆိုတဲ့ ရုပ်တရားသည်၊ န ပုဂ္ဂလော-ပုဂ္ဂိုလ်ကောင်ကြီးလည်း မဟုတ်ပါ၊ န သတ္တော-သတ္တဝါကောင်ကြီးလည်း မဟုတ်ပါ၊ န ဇီဝေါ-လိပ်ပြာအသက် ကောင်ကြီးလည်း မဟုတ်ပါ၊ န ဣတ္ထိ-မိန်းမကောင်ကြီးနဲ့လည်း မတူပါ၊ န ပုရိသော-ယောက်ျားကောင်ကြီးနဲ့လည်း မတူပါ. . . တဲ့။ သားလေးကခေါ်လိုက် တဲ့ မေမေဆိုတဲ့ လူပုံသဏ္ဍာန်ကြီး ရှိရဲ့လား? *(မရှိပါဘုရား)*။ အဲဒါကို ဘုရားက ဟောနေတာ။

ဒါပေမဲ့ ဘုန်းကြီးတို့ ဒကာဒကာမတွေက သံသရာအဆက်ဆက် အန မတဂ္ဂ ဘဝကစွဲပြီးတော့ ထင်လာတဲ့ အထင်, သက္ကာယဒိဋ္ဌိကြီးက ဝင်နေကျ၊ တဏှာစက်ခေါင်းသမားက ဝင်နေကျဖြစ်တော့ ဖေဖေလို့ မေမေလို့ ခေါ်လိုက်တဲ့ အသံကို နားနားတင် လာရိုက်ခတ်ပြီးတော့၊ အသံ နား,နားကြားအောင် မရှုပါဘဲ၊ ဘယ်ရောက်သွားတုန်းဆိုတော့ သားရှိရာအထိ ပြေးသွားတော့ တဏှာတွေဝင်, ဒိဋ္ဌိတွေဝင် မာနတွေဝင်, သံယောဇဉ်တွေဝင်, ဒီတော့ အသံအာရုံ နားမှာကြား လာရင်, ကြားခိုက်ကလေး သတိစိုက်ပြီးတော့ ဖမ်းရင်, ခုနက သားဆီရောက် သွားပြီးတော့ သားလို့သမီးလို့ မည်းမည်းတို့, ဖြူဖြူတို့, ရှည်ရှည်တို့, တိုတိုတို့ ဆိုတာ အကုန်ပြတ်တယ်. . .၊ အကုန်ပြတ်သွားမယ်။

ဒါကြောင့် အဲဒီကြားလိုက်တဲ့ အခိုက်ကလေး ကြားတဲ့နားတင်, နားနားတင် ပြတ်အောင်, ရုပ်နာမ်ဖြစ်ပျက်လို့ပဲ ရှုရှု၊ ကြားတယ်, ကြားတယ်လို့ပဲ ရှုရှု၊

http://www.dhammadownload.com



ကြားသိပျက်, ကြားသိပျက်လို့ ရှုရှု. . . ရှုလိုက်လို့ရှိရင် ဝိပဿနာဉာဏ် ရင့်သန်လာလို့ အချိန်ရလာပြီဆိုရင်၊ နားနားတင် ပျောက်သွားတာလေးတွေ နားနားတင် ပြတ်သွားတာလေးတွေ, နားနားတင် ရိုက်ခတ်ပြီးတော့ ပေါ်ပျောက်ကလေးတွေ၊ ဖြစ်သွားတာလေးတွေ၊ ဉာဏ်အရှိန်ကောင်းလာလို့ မိလာ။ မိပြီဆိုရင် ခုနကပြောတဲ့ အဝေးရောက်သွားပြီးတော့ ဖျော့တယ်, ညိုတယ်ဆိုတဲ့ နိမိတ်တွေ၊ ရှည်တယ်တိုတယ်ဆိုတဲ့ နိမိတ်တွေ၊ သားပဲ သမီးပဲဆိုတဲ့ နိမိတ်တွေ, တဖြည်းဖြည်းနဲ့ ကျဲပြီးတော့သွားမယ်၊ ပါးပြီးတော့သွားမယ်၊ ခေါင်းပါးပြီးတော့သွားမယ်၊ အဲဒီလို ပါးသွားကျဲသွား ရာကနေပြီးတော့ နောက်ဆုံးတော့ ပြတ်ပြီးတော့သွားရတယ်. . . တဲ့။

အဲဒီလို ပြတ်သွားတော့ ဘာဖြစ်တုန်းဆိုတော့ လေးပါးဘူတာ မဆိုက်တော့ဘူးလေ. . . တဲ့ တဏှာစက်ခေါင်းသမား သေပြီ။ တဏှာစက်ခေါင်းသမား သေလို့ရှိရင် ပရိသတ်ကြီး အဆွဲခံရပါအုံးမလား? *(မခံရပါဘုရား)*။ မခံရရင် ဒီခန္ဓာရထား မရပ်ပေဘူးလား? *(ရပ်ပါဘုရား)*။ ရပ်ရင်-ရပ်ဆိုတာ နိရောဓသစ္စာ နိဗ္ဗာန်ကို ခေါ်တယ်။ မဂ်ကနဲ့ သွားနေတာပေါ့ ခုခန္ဓာရထားရဲ့ ဇာတိ, ဇရာ, ဗျာဓိ, မရဏတွေ ရပ်သွား, ငြိမ်းသွား, အဲဒီသဘောကို ခေါ်တယ်၊ ဒီတော့ နိရောဓသစ္စာ နိဗ္ဗာန်တရားကို မြင်ဖို့ရာအတွက် ခုနက မျက်စိပေါက်နား မြင်တာ မြင်တဲ့နားတင် ပြတ်အောင်၊ နားနဲ့ကြားတာ ကြားတဲ့နားတင် ပြတ်အောင်၊ နှာခေါင်းနားမှာ ရတာ၊ ရတဲ့နား ပြတ်အောင်၊ လျှာပေါက်နားရတာ ရတဲ့နားတင်ပြတ်အောင်၊ ကိုယ်ပေါက်နားမှာရောက်လာတာ, ထိတာ တွေ့တာ, သိတာ ကိုယ်ပေါက်နားတင်ပြတ်အောင်၊ မနောပေါက်နားထင်လာတာ၊ ထင်လာတဲ့နားတင် ပြတ်အောင်. . . ခုနက လက်ာနှစ်ပုဒ်ချလို့ရှိရင် သိရော့ပေါ့။

"*အနံ့ အာရုံ, နံ့ပါတုံ*" နှာခေါင်းကျတော့ဆိုရုံပဲ။ "*ရသာ အာရုံ, စားပါတုံ*" လျှာပေါက်ကျတော့။ "*အတွေ့အာရုံ, ထိပါတုံ*" ကိုယ်ပေါက်ကျတော့။ "*အကြံအာရုံ, သိပါတုံ*" မနောပေါက်ကျတော့။ ဒီတော့ အာရုံ(၆)ပါးလုံး ပေါ်လာသမျှ, ပေါ်လာသမျှလေးတွေ ဖမ်းပြီးတော့ ရှုနိုင်ခဲ့ရင် အရှင်ဗာဟိယ မထေရ်ကြီး ကျွတ်တမ်းဝင်သလို, အရှင်ဗာဟိယမထေရ် မြတ်စွာဘုရား ဒီတရား ဟောလို့၊ ဒီဥ္စါရခြောက်ပါးက တဏှာစက်ခေါင်းသမားသတ်နည်းကို ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဟောလို့ ရှုလိုက်တာ, တဏှာစက်ခေါင်းသမားတွေ ပြုတ်ပြုတ်ပြုန်း အကုန်သေလို့။ ယနေ့ အရှင်ဗာဟိယမထေရ်မြတ်ကြီးသည်. . ဒကာဒကာမတွေရဲ့ခန္ဓာ ရထားလို တစ်သွားတည်းသွားနေရတဲ့ အဖြစ်ကြီးက ရပ်ပြီးတော့ ဒုက္ခငြိမ်းသိမ်း အေးငြိမ်းတဲ့ အငြိမ်းဓာတ်ကြီးကို ရသွားတယ်. . . တဲ့၊ ရသွားတယ်။

http://www.dhammadownload.com



ဒါဖြင့် ခန္ဓာရထားကြီး ရပ်ချင်လို့ရှိရင် စက်ခေါင်းထဲကလူ ကိုယ့်ရန်သူကို မသတ်ရပေဘူးလား? *(သတ်ရမှာပါဘုရား)*။ သတ်ရမှာမှ တစ်ကြိမ်သတ်ရမှာလားဆိုတော့ အကြိမ်ကြိမ် မသတ်ရပေဘူးလား? *(သတ်ရမှာပါဘုရား)*။ စက်ခေါင်းထဲကလူ သတ်ဖို့ရာအတွက်ကတော့ လက်နက်ကတော့ ဝိပဿနာလက်နက်စိန်သန်လျက်နဲ့ သတ်ရပါတယ်. . . အဲဝိပဿနာလက်နက် စိန်သံလျက်နဲ့သတ်တော့ ယနေ့ ဆရာဦးမြင့်စိန် ဒီနေ့ပြုတဲ့ ဒါနသီလဘာဝနာမှုတွေ၊ သမထဘာဝနာမှုတွေက ရိက္ခာကောင်းတွေ. . . တဲ့၊ ရိက္ခာကောင်းတွေ။ ဒါနအကူညီမရလို့ မဖြစ်ဘူး၊ သီလ အကူညီမရလို့ မဖြစ်ဘူး၊ သမထဘာဝနာ အကူညီ မရလို့မဖြစ်ဘူး၊ ဒါန တပ်နဲ့ဝိုင်း, သီလ တပ်နဲ့ ဝိုင်း, သမထ တပ်နဲ့ဝိုင်းပြီတော့မှ ဝိပဿနာစိန်သံလျက်နဲ့ ရန်သူကို သတ်နိုင်ရတယ်. . .။

ဒီတော့ အင်မတန် ဆိုးရွားတဲ့ ရန်သူကို သတ်လို့ရှိရင် ဘုန်းကြီးတို့ ဒကာဒကာမတွေ သတ်တဲ့သူက အနားကပ်ဝင် သတ်ပြီးတော့၊ ဘေးက တပ်နဲ့ဝိုင်းထားရတာ မရှိဘူးလား? *(ရှိပါဘုရား)*။ အဲဒီ တပ်နဲ့ဝိုင်းလို့ရှိရင် သူက လွတ်လွတ်မပြေးပေဘူးလား? *(ပြေးပါဘုရား)*။ အဲဒါလိုပဲ ယနေ့ ဒါနပါရမီ ကောင်းမှုဆိုတဲ့ ရိက္ခာကောင်းတွေ, သီလပါရမီ ကောင်းမှုဆိုတဲ့ ရိက္ခာကောင်းတွေ, သမထဘာဝနာကုသိုလ်ကောင်းမှုဆိုတဲ့ ရိက္ခာကောင်းတွေကိုလည်းပဲ အားကောင်းအောင် စုဆောင်းရတယ်. . . တဲ့၊ သူတို့က ရိက္ခာကောင်းတွေနဲ့ တူတယ်၊ အဆီဩဇာရှိတဲ့ ရိက္ခာကောင်းတွေနဲ့ တူကြတယ်၊ ဝိပဿနာ လက်နက်နဲ့ သတ်ဖို့အရေးအတွက် ဒါနနည်းနေလို့, မွဲနေလို့ရှိရင် တစ်နေ့စာတစ်နေ့ရှာပြီးတော့ စားနေရလို့ ငတ်ငတ်ပြတ်ပြတ်ဖြစ်နေရင် ဝိပဿနာရှုနိုင်သေးရဲ့လား? *(မရှုနိုင်ပါဘုရား)*။

ဒါဖြင့် ဝိပဿနာလက်နက်နဲ့ သတ်ဖို့အရေးမှာ ကိုယ့်ဝမ်းကို ပြည့်ပြည့်စုံစုံစားနိုင်သောက်နိုင် ဒါနပါရမီနဲ့ပြည့်စုံလာလို့ မရှားမပါး စားရသောက်ရဆိုတဲ့ စိတ်ချမ်းသာမှုရှိမှ ဝိပဿနာလက်နက်နဲ့ အချက်ကျကျ သတ်နိုင်တယ်. . . ဆိုတာ မထင်ရှားဘူးလား? *(ထင်ရှားပါဘုရား)*။ ဒီတော့ ဘုရားရှင် ကိုယ်တော်မြတ်ကြီးများကျတော့ သဗ္ဗညုတဉာဏ်တော် တပ်ကြီးရဖို့ ဝိပဿနာ လက်နက်ကြီးတွေနဲ့ သတ်နိုင်ဖို့ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ရိက္ခာမ စုဆောင်းဘူးလား? *(စုဆောင်းပါဘုရား)*။ ဒါဖြင့် ဘုန်းကြီးတို့ ဒကာဒကာမတွေကော ဝိပဿနာလက်နက်နဲ့ ရန်သူသတ်ဖို့အရေးအတွက် ဒါနပါရမီ ကုသိုလ်ကောင်းမှု ရိက္ခာတွေ၊ သီလပါရမီ ကုသိုလ်ကောင်းမှုရိက္ခာတွေ၊ သမထပါရမီကုသိုလ်ကောင်းမှု ရိက္ခာတွေ မစုဆောင်းထိုက်ဘူးလား? *(စုဆောင်းထိုက်ပါဘုရား)*။

http://www.dhammadownload.com



ဒါဖြင့် ဒီနေ့ ဆရာဦးမြင့်စိန်နဲ့တကွ ယောဂီ ဒကာဒကာမတွေ ဘာလုပ်နေကြလဲလို့ဆိုရင် တပည့်တော်တို့ ခန္ဓာရထားကြီး တစ်သွားတည်း သွားနေတဲ့ နေရာမှာ, တပည့်တော်တို့ မသွားချင်ဘဲနဲ့ မဆိုက်ချင်ဘဲနဲ့ ဆိုက်နေရတဲ့ ဇရာဘူတာ, ဗျာဓိဘူတာ, မရဏဘူတာကို ဆိုက်နေရတာ ဒုက္ခရောက်လွန်းလို့၊ အဲဒီ ခန္ဓာရထားကြီးကို မသွားချင်ဘဲနဲ့ သွားအောင် တစ်ဆွဲတည်း ဆွဲနေတဲ့ မပြေးချင်ဘဲနဲ့ ပြေးအောင် တစ်ဆွဲတည်း ဆွဲနေတဲ့၊ တစ်ခါခါ အပါယ်လေးပါးထိအောင် ဆွဲချသွားတတ်တဲ့၊ တဏှာစက်ခေါင်းသမားကို ဝိပဿနာ၊ ဉာဏ်လက်နက်နဲ့ သတ်တဲ့ နေရာမှာ, တဏှာစက်ခေါင်းသမားက အင်မတန် အားကောင်းတဲ့သူဖြစ်လေသောကြောင့်၊ တပည့်တော်တို့ ဒါန, သီလ, သမထ, ဘာဝနာဆိုတဲ့ ရိက္ခာကောင်းတွေကို စုဆောင်းကြပါတယ် . . . လို့၊ ဟောဒီလို ကုသိုလ်ကောင်းမှုပြုတာကို ဘုရားရှင် ကိုယ်တော်မြတ်ကြီးက ရိက္ခာကောင်းစုဆောင်းတယ်. . . လို့ တင်စားပြီးတော့ ဟောတော်မူတယ်။

ဒါကြောင့် ယနေ့ ဒကာဒကာမတွေ သွားရမယ့် ခန္ဓာရထားက အစအဆုံး မရှိတဲ့ ခန္ဓာရထားကြီး၊ အဲဒီ အစအဆုံး မရှိတဲ့ ခန္ဓာရထားကြီးကို တစ်ဆွဲတည်း ဆွဲနေတာက တဏှာစက်ခေါင်းသမား ရန်သူယောကျ်ား။ အဲဒီ တဏှာစက်ခေါင်းသမား ရန်သူယောကျ်ားကို ဝိပဿနာလက်နက်နဲ့ သတ်ဖို့အရေးအတွက် အားကောင်းမောင်းသန် ဖြစ်ဖို့ရာအတွက် ဒါန, သီလ, ဘာဝနာဆိုတဲ့ ရိက္ခာကောင်းတွေကို စုဆောင်းရပါတယ်ဆိုတဲ့ ဒီခန္ဓာရထားသုတ်တော်၊ ဘုရားရှင်ရဲ့ အဆုံးအမတော်ကို နာကြားကြရတဲ့ အချိန်ကစ၍၊ မိမိတို့ကိုယ် မိမိတို့ ခန္ဓာရထားကြီး တစ်သွားတည်း သွားနေတယ်လို့ သိကြပြီးသကာလ၊ အဲဒီခန္ဓာရထားကို တစ်ဆွဲတည်း ဆွဲနေတဲ့ တဏှာယောကျ်ားကိုလည်း ရန်သူမှန်း သိကြပြီးသကာလ၊ အဲဒီ ရန်သူ ယောကျ်ားကိုသတ်တဲ့ ဝိပဿနာ လက်နက်ကိုလည်း ဆွဲကိုင်နိုင်တဲ့ အမျိုးကောင်းသား အမျိုးသမီးတွေ ဖြစ်ကြပါစေကုန်သတည်း။

ဝိပဿနာလက်နက်ဆွဲကိုင်တဲ့ နေရာမှာ ခွန်အားဗလ ပြည့်စုံဖို့ရာ ဒါန, သီလ, သမထ, ဘာဝနာဆိုတဲ့ ရိက္ခာကောင်းတွေကိုလည်း စုဆောင်းနိုင်တဲ့ အမျိုးကောင်းသား အမျိုးသမီးတွေ ဖြစ်ကြပါစေ ကုန်သတည်း၊ ဒါန, သီလ, သမထ, ဘာဝနာဆိုတဲ့ ရိက္ခာကောင်းတွေ အားပြည့်စုံစွာနဲ့ ဝိပဿနာ ဉာဏ်လက်နက်ဖြင့် ခန္ဓာရထားကြီးကို တစ်သွားတည်းသွားအောင် ဆွဲနေတဲ့ တဏှာစက်ခေါင်းသမားကို တစ်ကြိမ်နှစ်ကြိမ် သုံးကြိမ်လေးကြိမ်တိုင်အောင် အပြီးသတ် ပယ်သတ်နိုင်ကြကုန်လျက် ထိုကဲ့သို့ အပြီးသတ် ပယ်သတ်သွားနိုင်ကြတဲ့ ရှေးရှေးသော ဘုရား

http://www.dhammadownload.com



ပစ္စေကာ, အဂ္ဂသာဝက, မဟာသာဝက ရဟန္တာယောက်ျား ရဟန္တာမတို့ မြင်ရသိရတဲ့ ခန္ဓာရထားကြီး ရပ်သွား, ငြိမ်းသွား, အေးသွားတဲ့ နိဗ္ဗာနဓာတ် တရားတော်မြတ်ကြီးကို ယနေ့ပြုရတဲ့ ဒါန, သီလ, ဘာဝနာ ကုသိုလ်ကောင်းမှု, ရိက္ခာကောင်းအစုစုတို့ကြောင့်၊ လျင်မြန်ဆောစွာ ဤဘဝ ဤကိုယ်ဖြင့်ပင် မြင်ကြရပါလိုကုန်သောဟူ၍၊ သို့မဟုတ် ဝဋ်ဘဝတိုတိုဖြင့် မြင်ကြရပါလိုကု[illegible]ဟူ၍ ပတ္ထနာအောင်ဆု, ပြုလိုက်ကြကုန်ရာသတည်း. . . ။

သာဓု. . . သာဓု. . . သာဓုပါဘုရား. . . ။

http://www.dhammadownload.com

# *အာဒိတ္တသုတ္တန်
# မီး (၁၁)ပါး တရားတော်

အာဒိတ္တသ္မိံ အဂါရသ္မိံ, ယံ နီဟရတိ ဘာဇနံ၊
တံ တဿ ဟောတိ အတ္ထာယ, နောစ ယံ တတ္ထ ဍယှတိ။
ဧဝံ အာဒိတ္တော ခေါ လောကော, ဇရာယ မရဏေန စ၊
နီဟရေထေဝ ဒါနေန, ဒိန္နံ ဟောတိ သုနီဟတံ။

အဂါရသ္မိံ-လောကအတွင်း, လူခပ်ပင်းတို့, မှီတင်းနေရာ, အိမ်ဂေဟာကို၊ အာဒိတ္တသ္မိံ-ဝန်းကျင်ပတ်ရံ, အလျှံတပြောင်ပြောင်, မီးတောက်လောင်အပ်သည်ရှိသော်၊ ယံ ဘာဇနံ-အိုးခွက်မှစ, ရွှေငွေကျအောင်, များလှသိုမှီး, အကြင်ပစ္စည်းကို၊ နီဟရတိ-မီးလောင်ကွင်းတွင်, အတင်းဝင်၍, ဆွဲငင်ပိုင်ပိုင်, ရယူလိုက်နိုင်၏၊ တံယေဝ ဘာဇနံ-မီးနှင့်ယှဉ်ပြိုင်, အနိုင်ရအပ်, ထိုပစ္စည်း အရပ်ရပ်သည်သာလျှင်၊ တဿ အတ္ထာယ ဟောတိ-အိမ်ရှင်ကိုယ်တိုင်, သုံးစွဲနိုင်သည့်, ကိုယ်ပိုင်စင်စစ်, ဖြစ်၍နေသကဲ့သို့၊ ဧဝံတထာ-ပမာဆိုမူ, ထို့အတူသာလျှင်၊ လောကော-လူနတ်ပြဟ္မာ, သတ္တဝါဟု, သညာလှည့်လိမ်, ခန္ဓာအိမ်ကြီးကို၊ ဇရာယ မရဏေ နစ-ဇရာ မရဏ, သဘာဝဟု, ထာဝရထန်သီး, တစ်ဆယ့်တစ်တန်သောမီးသည်၊ အာဒိတ္တော-နေ့ရောညဥ့်ပါ, အခါမပြတ်, အမြဲပင် တောက်လောင်အပ်လေ၏၊ တတ္ထ-သို့ကလိုပင်, မီးလောင်စဉ်၌၊ ပုညေန-ဒါန သီလာ, ဘာဝနာဟု, ကုသိုလ်စုဖြင့်၊ နီဟရေထေဝ-ကိုယ်ပိုင်ဥစ္စာ, ရစိမ့်ငှါဟု, လွန်စွာကြိုးကုတ်, ထုတ်ယူလိုက်ကုန်ရာ၏၊ ကတံ-ကိုယ်တိုင်ပေါင်းစု, ပြုထားအပ်သမျှ, ကုသိုလ်ကောင်းမှု, အဝဝသည်သာ၊ သုနီဟတံ ဟောတိ-အရိပ်ပမာ, သွားရာပါ၍, ချမ်းသာကိုဆောင်တတ်သဖြင့်, ကောင်းမြတ်လေတော့သတည်း. . . ။

သာဓု. . . သာဓု. . . သာဓုပါဘုရား. . . ။

ရှေးက သိဝိတိုင်း ရောရုဝဆိုတဲ့ နေပြည်တော်ကြီးမှာ, ထိနန်းအုပ်ချုပ် မင်းလုပ်နေကြတာက ရောရုဝဘုရင်နဲ့ သမုဒ္ဒဝိဇယ. . . လို့ ခေါ်တဲ့ မင်း, မိဖုရား နှစ်ပါး၊ ဘုရင်က ရောရုဝဘုရင်တဲ့၊ မိဖုရားက သမုဒ္ဒဝိဇယမိဖုရား၊ တိုင်းကြီးက သိဝိတိုင်းကြီး၊ အဲဒီ သိဝိတိုင်းကြီးမှာ ရောရုဝဘုရင်နှင့် သမုဒ္ဒဝိဇယ မိဖုရားတို့ ထိနန်းအုပ်ချုပ် မင်းလုပ်နေကြတဲ့အခါ၊ မင်း မိဖုရားနှစ်ပါးဟာ တစ်ခါတော့ ဆွေးနွေးတိုင်ပင်ကြတယ်၊ တို့မှာ. . . တဲ့ ရှေး အတိတ်က၊ ကုသိုလ်ကံကောင်းခဲ့လို့

* သံ-၁၊ ၂၈။ သံ-၂၊ ၁၈။ ၂၅၁။ ဇာ-၅-တ-၄၄၅။

http://www.dhammadownload.com



ဒီဘက်ဘဝမှာ မင်းသား မင်းသမီး လာပြီးတော့ဖြစ်ကြတယ်၊ မင်းသား မင်းသမီး ဖြစ်ရုံမျှမက, တိုင်းပြည်ကြီးစည်ထီးခရိုင် နိုင်ငံအုပ်ချုပ် မင်းလုပ်ရတဲ့ အဖြစ်မျိုးကို လည်း ရောက်ကြ။

ရတနာ ရွှေငွေတွေ စိန်ကျောက်အစရှိတဲ့ စည်းစိမ်ဥစ္စာ ရတနာတို့နဲ့လည်း ပြည့်စုံကြ၊ အခြွေအရံပရိသတ်တွေနဲ့လည်း ပြည့်စုံကြတယ်. . .။ အခုလို အာဏာ တန်ခိုး စိုးမိုးနိုင်ခြင်းက စပြီးတော့ မင်းမျိုးသွေးမျိုး ပြည့်စုံရခြင်း၊ အမျိုးရဲ့ကောင်းခြင်း အစရှိတဲ့, ကုသိုလ်ရေးရာတွေမှာ မမေ့မလျော့, မပေါ့မဆ, အားထုတ်ခဲ့ကြလို့ တို့ဒီဘဝ အကျိုးကောင်းတွေနဲ့ လာပြီးတော့တွေ့ရတယ်. . .၊ ဒီတော့ တို့ အခု ရနေတဲ့ မင်းစည်းစိမ်ကြီးနှင့်တကွ ပြည့်စုံနေတဲ့ အကျိုးတွေ, အမှန်က အကျိုး ဟောင်းတွေ. . . ရှေးအတိတ်အကြောင်းကောင်းကြောင့်ပေါ်လာတဲ့ အကျိုး ဟောင်းတွေကို တို့အကြောင်းကောင်းဖြစ်အောင် ပြောင်းကြအုံးစို့ရဲ့. . .၊ အကြောင်းကောင်းဖြစ်အောင် ပြောင်းကြအုံးစို့ရဲ့။

အကြောင်းကောင်းဖြစ်အောင် ပြောင်းကြမယ်ဆိုတာ လှူဒါန်းမှုဆိုတဲ့ ဒါနကုသိုလ်လည်းပဲ ကြိုးစားပြီးတော့ ပြုကြအုံးစို့ရဲ့၊ သီလ- သီလတော့ လုံလုံခြုံခြုံ ထိန်းလို့၊ သာသနာပမို့လို့ ဝိပဿနာဘာဝနာတွေ သူတို့ မပွားတတ်ရှာကြပါဘူး၊ အဲဒီလိုနဲ့ မင်းမိဖုရားနှစ်ပါး သူတို့ပြည့်စုံနေတဲ့ စည်းစိမ်ကြီးကို အကြောင်းပြုပြီး တော့ပဲ၊ ဒီဘက်ဘဝ တစ်ဆင့်တက်ပြီးတော့ ကုသိုလ်ကောင်းမှုတွေ အားထုတ် ဖို့ရာ အသိလိမ္မာ ဉာဏ်ပညာတွေ ဝင်လာကြတယ်နော်၊ မှန်ပါဘုရား၊ ဒါကို ကမ္မဿကတာ သမ္မာဒိဋ္ဌိဆိုတာ-ကံနဲ့ ကံအကျိုးကို၊ အကျိုးကိုထောက်ပြီးတော့ အကြောင်းကိုလှမ်းယုံကြတယ်၊ အကြောင်းကို ထောက်ပြီးတော့ အကျိုးရမှာကို လှမ်းယုံကြည်တယ်၊ အဲဒါကို ကမ္မဿကတာ သမ္မာဒိဋ္ဌိ၊ ကံနဲ့ ကံအကျိုးကို ယုံကြည် သက်ဝင်တဲ့ သဒ္ဓါဦးစီးတဲ့ ပညာ. . . တဲ့၊ ပညာဦးစီးတဲ့ သဒ္ဓါ၊ အဲဒါကို ကမ္မဿ ကတာ သမ္မာဒိဋ္ဌိလို့ ခေါ်တယ်။ မှန်ပါဘုရား။

ဒီတော့ အသိလိမ္မာ ဉာဏ်ပညာရှိတဲ့ အမျိုးကောင်းသား အမျိုးကောင်း သမီးများနဲ့ အသိလိမ္မာ ဉာဏ်ပညာနည်းကြတဲ့ အမျိုးသား အမျိုးသမီးတို့မှာ၊ အဲဒီ စည်းစိမ် တခုကိုပဲ အကြောင်းပြုပြီးတော့ တွေးခေါ်မှုတွေ၊ ကမ္မဿကတာ သမ္မာ ဒိဋ္ဌိရှိ, မရှိမှုတည်ပြီး သကာလ ခွဲတတ်ကြတယ်၊ တစ်ချို့ကျတော့ ဒီဘက်ဘဝ အမျိုးဇာတ်နဲ့ပြည့်စုံ၊ ပစ္စည်းဥစ္စာတွေနဲ့ ပြည့်စုံ၊ အဲဒီလို ပြည့်စုံလာတဲ့ ပစ္စည်း ဥစ္စာတွေကို၊ ငါးဖြာအာရုံ ကာမဂုဏ်တွေ ပိုပြီးတော့၊ တိုးပြီးတော့ခံစားမယ်၊ အာဏာတန်ခိုးပိုမို ပြည့်စုံလာတယ် ဆိုပြန်ရင်လည်း ရမ်းရမ်းကားကား၊ တရားမဲ့ တွေ လျှောက်ပြီးတော့ ထင်တိုင်းစိုင်းတတ်တယ်၊ ရှေးအတိတ်က ကောင်းခဲ့လို့

http://www.dhammadownload.com



ဒီဘဝ လာကောင်းရတယ်လို့ မယူဆဘဲနဲ့၊ ဒီဘဝ ပြည့်စုံနေတဲ့ ရာထူးဂုဏ်သိန် စည်းစိမ်ဆိုတဲ့ ပြည့်စုံမှုအကျိုးဟောင်းကို အကြောင်းကောင်းဖြစ်အောင် ပြောင်း မယူတတ်ဘဲနဲ့၊ အဟောင်းစား. . . လို့ ဆိုရလောက်အောင် ဒီဘဝတင်ပဲ အကျိုး ဟောင်း ကုန်သွားတယ်၊ ရှေ့မဆက်တတ်ကြဘူးနော်၊ *(မှန်ပါဘုရား)*။ အသိ အလိမ္မာ ဉာဏ်ပညာနည်းတဲ့သူတွေကျတော့ အဲသလိုဖြစ်တတ်တယ်. . . တဲ့။

အသိအလိမ္မာ ဉာဏ်ပညာပါလာကြတဲ့၊ သို့မဟုတ် ကမ္မဿကတာဉာဏ် လို့ခေါ်ကြတဲ့ ကမ္မဿကတာ သမ္မာဒိဋ္ဌိလို့ခေါ်တဲ့ ကံ ကံအကျိုးကို သက်ဝင်ယုံ ကြည်တတ်တဲ့ အမျိုးသား အမျိုးသမီးတွေကျတော့ ကိုယ့်ပြည့်စုံလာတဲ့ ဘဝအခြေ အနေပေးတဲ့ ပြည့်စုံလာတဲ့ အခြေအနေလေးကိုပင်လျှင်၊ တဆင့် တက်ပြီးတော့ အကြောင်းကောင်းဖြစ်အောင် ပြောင်းတတ်ကြတယ်. . . တဲ့။

ဒါကြောင့် မင်းမိဖုရားနှစ်ပါးက ခုနကပြောခဲ့သလို တို့တော့လေ. . . ရှေးက အတိတ်ကကောင်းခဲ့လို့ဒီလိုလာပြီးတော့ ပြည့်စုံတာ၊ တို့ ဒီဘက်ဘဝမှာ မမေ့မလျော့ မပေါ့မဆ, အကြောင်းကောင်း ဖြစ်အောင် ပြောင်းကြအုံး စို့ရဲ့. . လို့ ဒီလို တိုင်ပင်ကြသတဲ့၊ မှန်ပါဘုရား။ ဉူးဇင်းတို့ ဗုဒ္ဓဘာသာ ပီပီပြင်ပြင်ဖြစ်တယ် ဆိုတာလည်းပဲ, ဟောဒီ ကမ္မဿကတာ သမ္မာဒိဋ္ဌိရှိမှ ဖြစ်တယ်တဲ့ ဒကာကြီး ဦးဝရဲ့၊ *(မှန်ပါဘုရား)*။ ဗုဒ္ဓဘာသာဖြစ်ရုံကတော့ သရဏဂုံ(၃)ပါး ဆောက်တည် လိုက်ရင် ဗုဒ္ဓဘာသာ ဖြစ်ပါဟယ်၊ သို့သော် မြောက်များစွာသော ဗုဒ္ဓဘာသာတွေ ဟာ မိရိုးဖလာ, အမေအဖေက ဗုဒ္ဓဘာသာမို့လို့ ဗုဒ္ဓဘာသာ ဖြစ်နေကြတယ်၊ များတတ်ကြတယ် ဒကာကြီး ဦးဝရဲ့၊ *(များပါဘုရား)*။

ဗုဒ္ဓဘာသာဝင် အကြောင်း ပြောစမ်းပါ။ ဗုဒ္ဓဘာသာဆိုတာ ဘယ်လို့ တုန်း ပီပီပြင်ပြင် မပြောတတ်တော့ဘူးနော်၊ *(မှန်ပါဘုရား)*။ ဗုဒ္ဓဘာသာဖြစ်ချင်ရင် ဘယ်လိုလုပ်ရတယ်ဆိုတာတောင်မှ သိတဲ့လူ ခတ်ရှားရှားနေမှာ၊ *(ရှားပါဘုရား)*။ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ"ဆိုတဲ့ သရဏဂုံ(၃)ပါး ဆောက်တည်လိုက်မှ ဗုဒ္ဓဘာသာဆိုတာဖြစ်တယ်၊ သို့သော် အဲဒီ လို ဆောက်တည်ပြီးတဲ့နောက် ကမ္မဿကတာဉာဏ်လို့ခေါ်တဲ့ ကံနဲ့ ကံအကျိုး ကိုယုံကြည်တတ်တဲ့ ဉာဏ်ရှိမှ အဲဒါ ဗုဒ္ဓဘာသာ ပီပီပြင်ပြင်ဖြစ်ပါတယ်. . . တဲ့၊ စာကနော်။ *(မှန်ပါဘုရား)*။

ဘာပြုလို့တုန်းဆိုတော့ ကမ္မဿကတာဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်ကျတော့ ငါကောင်းတာလုပ်ရင် ကောင်းကျိုးရလိမ့်မယ်၊ ငါမကောင်းတာတွေလုပ်ရင်လည်း မကောင်းကျိုးရလိမ့်မယ်လို့ဆိုတာ၊ မကောင်းကျိုးတွေ ခံရလိမ့်မယ်ဆိုတာကို

http://www.dhammadownload.com



ယုံကြည်နေတာဖြစ်တော့ မိဘရှေ့ပဲဖြစ်ဖြစ်, ဆရာသမားရှေ့မှောက်ပဲ ဖြစ်ဖြစ်၊ မျက်ကွယ်ပဲ ဖြစ်ဖြစ်၊ လူကြီးသူမတွေရဲ့ ရှေ့မှောက်ပဲ ဖြစ်ဖြစ်၊ မျက်ကွယ်ပဲ ဖြစ်ဖြစ်, သူက ဖြောင့်ဖြောင့်ချည်းကြီး မှန်မှန်ပဲ အလုပ်လုပ်တယ်၊ (*မှန်ပါဘုရား*)။ ဒီလို မဟုတ်ပြီဆိုရင်ဖြင့် ကမ္မဿကတာသမ္မာဒိဋ္ဌိဉာဏ်မပိုင်ဘူးဆိုရင် မိဘဆရာသမားတွေ ဆိုမှာစိုးလို့, ကြောက်လို့ကုသိုလ်လုပ်တယ်၊ လူသူလေးပါး အချီးမွမ်းခံချင်လို့ ကုသိုလ်လုပ်တယ်၊ ကွယ်ရာကျတော့ မဟုတ်တာတွေလုပ်တတ်ပြန်တယ်၊ ဟောဒါ ကမ္မဿကတာသမ္မာဒိဋ္ဌိမပိုင်တဲ့ သူ၊ (*မှန်ပါဘုရား*)။

ငါ ရှေ့ပဲဖြစ်ဖြစ်၊ မျက်ကွယ်ပဲဖြစ်ဖြစ်၊ မျက်မှောက်ပဲဖြစ်ဖြစ်၊ ကောင်းတာလုပ်ရင် ကောင်းကျိုးရမယ်, မကောင်းတာလုပ်ရင် မကောင်းတာ ငါခံရမယ်. . . လို့ ယုံကြည်နေတဲ့ ပုဂ္ဂိုလ်အတွက်ကျတော့ မိဘရှေ့ ကောင်းကောင်း လုပ်လုပ်, မျက်ကွယ်မှာ ကောင်းကောင်းလုပ်လုပ်၊ သူ အကျိုးရမှာပဲမဟုတ်လား? (*မှန်ပါဘုရား*)။ မိဘမျက်ကွယ်ပဲဖြစ်ဖြစ်, မကောင်းတာလုပ်ရင် ငါမကောင်းကျိုးရမှာပဲ. . . လို့ ဒီလို ပိုင်နေတာဖြစ်တော့၊ မျက်ကွယ် မျက်မှောက် မရွေးဘူး သူက၊ ဖြောင့်ဖြောင့်နေတယ်နော်၊ (*မှန်ပါဘုရား*)၊ အဲဒီလိုထိအောင်တိုင်မှ ကမ္မဿကတာ သမ္မာဒိဋ္ဌိပိုင်မှ ဗုဒ္ဓဘာသာ. . . တဲ့နော်၊ (*မှန်ပါဘုရား*)။

ဒီတော့-ဥုးဇင်းတို့ လူဝတ်ကြောင် ဥပါသကာ, ဥပါသိကာမတွေ မဆိုထားနဲ့ တစ်ခါတစ်ခါမှာ ဘုန်းတော်ကြီးတွေပင်လျှင် ကမ္မဿကတာ မပိုင်ကြသေးဘူး၊ ရှိကြသေးတယ် ဒကာကြီးဝရဲ့၊ (*မှန်ပါဘုရား*)။ အဲဒါ သင်္ကန်းဝတ်ထားပေမဲ့လို့ ငယ်ငယ်က စပြီးတော့ ဆရာသမားနဲ့ စာပေသင်ကြားလို့ အဆုံးအမနဲ့ တက်လာရတာ မဟုတ်တတ်ရင် ကျောင်းထိုင်ဟဲ့လို့ ဆိုလို့၊ ကျောင်းဘုန်းကြီး ပျံတော်မူသွားလို့, ကျောင်းထိုင်လိုက်ရလို့ ဘုန်းကြီးဖြစ်လာတယ်ဆိုရင်၊ တစ်ခါတစ်ခါ အဲဒီလို ဒါနအကျိုးလည်း မယုံကြည်, သီလနဲ့ သီလအကျိုးလည်းတယ် မယုံကြည်၊ ကုသိုလ်ကောင်းမှုနဲ့ ကုသိုလ်ကောင်းမှု တွေရဲ့ အကျိုးကို တယ်မယုံ ကြည်တတ်တဲ့ သဘောတွေ. . . ရှိတတ်တယ်နော်၊ (*မှန်ပါဘုရား*)။

ရှေးက ဘုန်းတော်ကြီးတစ်ပါး သက်တော်ခြောက်ဆယ်ကျော်၊ ခုနှစ်ဆယ် နီးပါးဖြစ်နေပြီ, ကျောင်းထိုင်လာတာမှ၊ ဒါပေမဲ့လို့ ဘုန်းကြီးဆိုတာ လျှူစရာ တန်းစရာ မလိုဘူးလို့ သူက ယူဆထားတယ်၊ သီလလည်း ဒီလောက် ဟုတ်တိပတ်တိ မဟုတ်ပါဘူး၊ ဒီလိုနဲ့ နေရင်းနဲ့ တစ်နေ့တော့ သူတောင်းစားတစ်ယောက်က သူ့ကျောင်းပေါ် တက်လာသတဲ့၊ မနက်ပိုင်း သူကလည်း ဆွမ်းစားတော့မလို့ ဆွမ်းအုပ်ကလေး ရောက်နေ၊ ကိုရင်လေးက ရွာထဲက ဆွမ်းအုပ်ယူလာပြီး ချတယ် ဆိုရင်၊ သူတောင်းစားက နောက်ကကပ်လိုက်လာပြီးတော့ "ဆရာတော်ဘုရား. .

http://www.dhammadownload.com



တပည့်တော် စားရမဲ့ သောက်ရမဲ့ဘဝပါဘုရား၊ စားရမဲ့ သောက်ရမဲ့မို့လို့ တပည့်တော် ထမင်းကျန်၊ ပေါင်းကျန်လေးများရှိရင် စားပါရစေဘုရား၊ ဆရာတော် ဘုရားသားပြီးမှပဲ ဖြစ်ဖြစ်၊ အကျန်အကြွင်းလေးများရှိ စွန့်ပါဘုရား တပည့်တော် စားပါရစေ၊ သောက်ပါရစေ ဘုရား"လို့ တက်လာ၊ တက်လာတော့ ဘုန်းတော်ကြီးက လှူမှုတန်းမှုပြုတယ်ဆိုတာ ယုံတာမဟုတ်ဘူး သူက၊ *(မှန်ပါဘုရား)*။

ဒီတော့ သူတောင်းစား ဝေါက်ချတယ်၊ "ဟေ့-ဟေ့-သွားသွား မင်း ခြေနဲ့လက်နဲ့ပဲကွ၊ မင်းဘာမင်း လုပ်ကိုင်စားသောက်ပါလား၊ မင်း ငါပေးရ မှာလား?" သံသရာမှာ ဩော်. . . ငါလည်းပဲ တစ်ချိန်မှာဒီလို ဘဝမရောက်ဘူးလို့ မဆိုနိုင်ဘူး၊ ငါလည်းပဲ ဘဝသံသရာ တစ်ခွင် ကျင်လည် လာခဲ့ရာမှာဒီလိုဘဝတွေ ရောက်ချင် ရောက်နိုင်တယ်. . . လို့ဒီလိုတွေးပြီးတော့ ပေးမယ်၊ ကမ်းမယ်၊ ဆိုတဲ့ စိတ်ကလေး မပေါ်ဘူး၊ သူ့မှာပြည့်စုံနေပါလျှက် သားနဲ့နော်၊ မှန်ပါဘုရား။ အဲဒါ ဝေါက်ချတယ်။ "သွား၊ သွား၊ မင်း၊ မြန်မြန်ဆင်းစမ်း မပေးနိုင်ဘူး မင်းကို"။

ဒီတော့ သူတောင်းစားက "မှန်လှပါဘုရား၊ ဒီလိုဆိုရင် တပည့်တော် အရှင်ဘုရား ပြန်ဆိုလည်း ပြန်ရမယ့် အစားပါဘုရား၊ သို့သော် ဆရာတော်ဘုရားရဲ့ ကျောင်းဝင်းထဲ ဝင်လာတာကို ဆရာတော်ဘုရား မတွန့်တို မဆီးတားဘဲ ကျောင်းဝင်းထဲ အဝင်ခံတာ၊ ကျောင်းပေါ် အတက်ခံတာကိုပဲ တပည့်တော် ကျေးဇူးတင်လွန်းလို့ဘုရား၊ တပည့်တော် ဆရာတော်ကို ဒီကျောင်းပေါ် အတက်ခံတာ ကျောင်းဝင်းထဲအဝင်ခံတဲ့ ကိစ္စလေးကိုပဲ ကျေးဇူးတင်လွန်းလို့ တပည့်တော် ဆုလေးတော့ ဆရာတော်ကို ပေးခဲ့ပါရပါစေအုံး ဘုရာ. . .၊ "အောင်မာ. . . ဆုတွေပေး၊ ဘာတွေပေး ရှုပ်လိုက်တာကွာ. . . ပေးမှာဖြင့် ပေးကွာ၊ ပေးပြီးတော့ မြန်မြန် ဆင်းစမ်း" "မှန်လှပါဘုရား၊ တပည့်တော် ဆုလေးတော့ပေးပါရစေ နားထောင်ပါအုံးပါဘုရား"

❖ ရှေးကကောင်းလို့၊ ခုကောင်းပါသည်၊
အခုကောင်း၊ နောင်ကောင်းပါလိမ့်မည်။
ရှေးကဆိုးလို့၊ ခုဆိုးပါသည်၊
အခုဆိုး၊ နောင်ဆိုးပါလိမ့်မည်။

ဘုန်းကြီးနည်းနည်း နားစိုက်သွားတယ် "အင်း. . . ဘာကွ၊ ဘာကွ၊ မင်းဟာ ဘယ်နှဲ့၊ ဘာဆိုလိုတယ်။

"ဩော်. . . တပည့်တော်ဘုရား. . . ဆရာတော်ဘုရားရဲ့ဘဝနဲ့ တပည့်တော်ဘဝ ယှဉ်ပြီးတော့ ကြည့်မိတော့ ဝမ်းနည်းလွန်းလို့ "ရှေးက ကောင်းခဲ့ကြလို့

http://www.dhammadownload.com



အရှင်ဘုရားတို့မှာတော့ အနုကောင်းပါသည်၊ အခုကောင်း နောင်ကောင်းပါလိမ့်မည်။ "ရှေးကဆိုးခဲ့မိလို့ တပည့်တော်တို့မှာတော့ အခုဆိုးပါသည်၊ အခုဆိုး အရှင်ဘုရားလည်း နောင်ဆိုးပါလိမ့်မည်. . . " ဘုန်းတော်ကြီး စိုက်ကျသွားတယ်၊ သဘောပေါက်သွားတယ်၊ ကိုရင်. . . ငါစားမယ့် ဆွမ်းအုပ်ကလေး ပေးလိုက်, ပေးလိုက်တဲ့၊ အသက်ခြောက်ကျော် မနူးမနပ် ကြွပ်ဆတ်ဆတ် ဘုန်းကြီးကြီး သူများပြောလို့ မရဘူး၊ သူတောင်းစားချွတ်မှ ကျွတ်သတဲ့ ဒကာတော်ရဲ့၊ *(မှန်ပါဘုရား)*။

အဲဒါ ကမ္မဿကတာဉာဏ်ပေါက်သွားတယ်၊ *(မှန်ပါဘုရား)*။ အဲသလို ဘုန်းတော်ကြီးဖြစ်နေပေမဲ့ ကမ္မဿကတာဉာဏ် မပေါက်တာတွေ ရှိသေးတယ်ဆိုတော့၊ ဉာဇင်းတို့ ဗုဒ္ဓဘာသာ သူတော်စင်ဆိုတဲ့ ဥပါသကာ ဥပါသိကာမတွေ ကမ္မဿကတာ အကုန်ပိုင်ပါ့မလား? *(မပိုင်ပါဘုရား)*။ ဒါကြောင့် ကမ္မဿကတာဉာဏ်လေးပိုင်ရအောင် ကိုယ့်ရဲ့ဖြစ်လာတဲ့ အကျိုးကိုကြည့်ပြီးတော့ အကြောင်းကို မှန်းဆနိုင်ရတယ်။ အခုဒီဘက်ဘဝမှာ ကြည့်လိုက်တော့ အကြောင်းကို ကြည့်ပြီးတော့ ဆုံးဖြတ်နိုင်မယ်နော်။ *(မှန်ပါဘုရား)*။ ကံနဲ့ကံအကြောင်းကို ဆက်စပ်တတ်လို့ရှိရင် လောကမှာ အကြောင်းကင်းပြီးတော့ဖြစ်တာ တစ်ခုမှမရှိဘူး၊ ကမ္ဘာလောကကြီးထဲမှာ သူ့အကြောင်းနဲ့, သူ့အကျိုးဖြစ်နေကြတာ။ *(မှန်ပါဘုရား)*။

အဲဒီလို အကြောင်းအကျိုးကို နားလည်နေတဲ့ မင်းမိဖုရားနှစ်ပါး ဖြစ်ကြလေသောကြောင့် တစ်ခါတည်း အလှူရုံကြီးတွေ ဆောက်ပြီးတော့ အလှူအတန်းပေးကြတယ်၊ ကျွေးမွေး အဝတ်အစားတွေ ပေးကြ၊ စားဖွယ်သောက်ဖွယ်တွေ ချက်ပြုတ်စေပြီးတော့ တစ်နေ့ကို တစ်သောင်းအကုန်ခံမယ်ဆိုရင် တစ်သောင်းအကုန်ခံမယ်ပေါ့လေ၊ သူတို့ အဲဒီလို အဓိဋ္ဌာန်ပြီးတော့ ကျွေးမွေးလှူဒါန်းကြတယ်၊ မြို့ပေါက်မှာ မဏ္ဍပ်ကြီးတွေဆောက်ပြီးတော့ ကျွေးတယ်၊ မှန်ပါဘုရား။ ဒါပေမဲ့လို့ သာသနာပဖြစ်လို့မို့ စားကြသောက်ကြတဲ့ အလှူခံတွေက ခရီးသွားတွေ, ဖုန်းတောင်းယာစကာတွေ, ခိုးကိုးရာမဲ့တွေ, ဒီလို လူတွေချည်းပဲ လာပြီးတော့ စားကြတယ်။

ဒါနဲ့ တော်တော်ကြာလာတော့ မင်းမိဖုရားနှစ်ပါး စိတ်ထဲမှာ "တို့နော်. . . တို့ အလှူကြီးပေးလာ လိုက်ကြတာ, တော်တော်လည်း ကြာပြီ၊ လာပြီးတော့ အလှူခံတဲ့ပုဂ္ဂိုလ်တွေကလည်း များသောအားဖြင့် ဖုန်းတောင်းယာစကာတွေ၊ လူဝတ်ကြောင်တွေ၊ ခရီးသွားတွေ၊ ခိုးကိုးရာမဲ့တွေ ဒါတွေပဲ လှူနေရတယ်၊ သာသနာတော်ဝန်ထမ်း ရဟန်းတို့လို့, ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့လို ရဟန္တာ အရှင်မြတ်တို့လို သာသနာတွင်း အလှူခံပုဂ္ဂိုလ်တွေ လှူဒါန်းချင် ပါဘိတော့တယ်. . . လှူစမ်းချင်ပါဘိတော့တယ်။ သာသနာတော်တွင်း အလှူခံတွေ လှူချင်စိတ်ပေါ်လာတာ ဒကာကြီး ဦးဝရဲ့၊ *(မှန်ပါဘုရား)*။

http://www.dhammadownload.com



ဒါနဲ့ မင်းမိဖုရားနှစ်ပါး မိဖုရားက အသိဉာဏ်နည်းနည်းရှိတော့ မိဖုရားက "မောင်တော်ရေ့၊ ဒီလိုဆိုလို့ရှိရင် ကမ္ဘာလောကကြီးထဲမှာ ရဟန္တာတွေ ဆိတ်သုဉ်းမှာမဟုတ်ပါဘူး. . . ဒီတော့- ရဟန္တာတွေ ဆိတ်သုဉ်းမှာမဟုတ်တော့ မောင်တော်နဲ့ နှမတော် ဟောဒီနန်းရင်ပြင်ပေါ် ကနေပြီးတော့ ဥပုသ်သီတင်းများစောင့်ပြီး ညအခါမှာ နန်းမြင့်ပေါ်ကနေပြီး မြလေးပန်း ပန်းခက်များနဲ့ သစ္စာအဓိဋ္ဌာန် ပြုပြီးတော့ အရှေ့ အနောက် တောင်မြောက် အရပ်လေးမျက်နှာမှာရှိမယ့် ရဟန္တာအရှင်မြတ်တွေကို ရည်းစူးပြီးတော့ ပင့်ရရင်ဖြင့် မောင်တော်တို့ နှမတော်တို့ မျှော်လင့်တဲ့ သာသနာ တော်ဝန်ထမ်း၊ ရဟန္တာအရှင်မြတ်၊ ပစ္စေကဗုဒ္ဓါအရှင်မြတ်၊ ရဟန်းတော်အရှင်မြတ်တွေ. . . တဲ့ တစ်နေရာရာကတော့ ပေါ်လာနိုင်ကောင်းစရာရှိပါတယ်၊ လောကမှာ ရဟန္တာအရှင်မြတ်တွေ တန်ခိုးရှင်တွေ ကမ္ဘာလောကကြီးမှာ ဆိတ်သုဉ်းမယ် မဟုတ်ပါဘူး. . . လို့ အကြံပေးတာနဲ့။

ဒါနဲ့တစ်နေ့တော့ သူတို့ နန်းရင်ပြင်ပေါ်တက်ပြီးတော့ ညမှာ ဥပုသ်သီလဆောက်တည်၊ ရေမိုးချိုး အဝတ်စားသပ်သပ်ရပ်ရပ်ဝတ်၊ နံ့သာတွေ ဘာတွေ မလိမ်းဘဲနဲ့ သပ်သပ်ရပ်ရပ် ဝတ်ဆင်ပြီးတော့ ရှစ်ပါးသီလထိန်းပြီး မြလေးပန်းခက်တွေ မြလေးပန်းဆုပ်တွေ လက်ထဲမှာ ကိုင်ပြီး အရှေ့အရပ်မျက်နှာ မူပြီးတော့ မင်းမိဖုရားနှစ်ပါး အဓိဋ္ဌာန်ပြီးတော့ ပင့်ကြတယ်။

**ပုရတ္ထိမာယ ဒိသာယ, သစေ သန္တိ အရဟန္တော၊**
**အာဂန္ဓာ သုဝေ သုဒ္ဓံ, ဘိက္ခံ ဂဏှန္တု အမှာကံ။**

**ပုရတ္ထိမာယ ဒိသာယ**-အရှေ့လောကဓာတ်, သတ်မှတ်အပ်စွာ, ရပ်ဒိသာ၌၊ **အရဟန္တော**-အာသဝမြူဘေး, ညစ်အကြေးမှ, ကင်းဝေးစင်ဖြူ, မြတ်အလှူကို, ခံယူထိုက်စွာ, ရဟန္တာဟု, သညာငြိမ့်ညောင်း, အရှင်ကောင်းတို့သည်၊ **သစေ သန္တိ**-အကယ်၍များ, ရှိကုန်ငြားအံ့၊ **ဧဝံသတိ**-ဤသို့ရှိကုန်သည်ရှိသော်၊ ဣက္ခ-ရောစုဝ နေပြည်, တပည့်တော်တို့ရဲ့ ဤရွှေနန်းတော်ဆီသို့၊ **အာဂန္ဓာ**-သနားချီးမြှောက်, ကြွရောက်တော်မူကြကုန်၍၊ **သုဝေ**-အရုဏ်ကျင်း၍, အလင်းရောက်ရာ, နက်ဖြန်ခါ၌၊ **အမှာကံ သုဒ္ဓံ ဘိက္ခံ**-စေတနာသုံးတန်, ထက်သန်လှူဒါန်းမည့် တပည့်တော်တို့၏ ဘောဇဉ်ဆွမ်းကို၊ **ပဋိဂ္ဂဏှန္တု**-ရွှေစကြာဖြန့်မြန်း၍ ကြွလှမ်းအလှူ, ခံယူတော်မူလှည့်ပါကုန်ဘုရား. . ။

**သာဓု. . . သာဓု. . . သာဓုပါဘုရား. . . ။**

အဲဒီလို အရှေ့ဘက်လှည့်ပြီးတော့ ရဟန္တာအရှင်မြတ်တွေရှိများ ရှိတန်ပါရဲ့လို့ဆိုပြီးတော့ ပင့်ကြတယ်။ ပင့်ပြီးတော့ မနက်ကျတော့ ရောက်လာလို့ရှိရင်

http://www.dhammadownload.com



အဆင်သင့် ချက်ပြုတ်ကပ်ဖို့ရာလို့ဆိုပြီးတော့ ဆီတွေ ဆန်တွေ, ထောပတ် ပျားသကာတွေ၊ ချက်ဖို့ ပြုတ်ဖို့ ဟင်းသီးဟင်းရွက်တွေ အဆင်သင့် ပြင်ထားပြီးတော့ စောင့်ကြတယ်၊ မွန်းတိမ်းသည့်အထိ။ ဟိုကဒီက ဘယ်ကမှ သင်္ကန်းဝတ် သာသနာတော်ဝန်ထမ်း၊ သာသနာ့တော်တွင်းအလှူခံ ပေါ်မလာ။ ဒါနဲ့ စိတ်မလျှော့ကြသေးဘူး၊ နောက်တစ်ရက် တောင်ဘက်အရပ် မျက်နှာမူပြီးတော့ ဒီလိုပဲ ပင့်ကြပြန်တယ်၊ နောက်တစ်ရက် ညနေကျတော့ပင့်၊ မနက်ကျတော့ အရှင်ကောင်း အရှင်မြတ်တွေ ကြွလာမှာဆိုပြီးတော့ အထောက်တော်တွေ ဘာတွေ လေးပြင်လေးရပ်, မြင်းသည်တော်တွေ လွှတ်ပြီးတော့ရှာ၊မြို့ထဲမှာ အကဲခတ်တွေ လွှတ်ပြီးတော့ရှာ၊ ဘယ်ကမှ ပေါ်မလာဘူး. . . တဲ့၊ ဒီလိုနဲ့ နောက်တစ်ရက် အနောက်ဘက် မျက်နှာလှည့်ပြီးတော့ ပင့်ကြပြန်၊ အချိန်ကုန်အောင် စောင့်သည့်တိုင် ဘယ်ကမှ ပေါ်မလာ။ ဟောဒီမှာ အားလုံး ဒကာ ဒကာမတွေ သတိထားဖို့-

❖ **တစ်မှာသဒ္ဓါ, တစ်ဖြာပစ္စည်း, တစ်နည်းလှူခံ,**
**သုံးတန်အင်္ဂ,စုံပြည့်ဝမှ, ဒါနပါရမီ, ပြည့်ဖြိုးသီလိမ့် . . .။**

လှူဒါန်းပေးကမ်း စွန့်ကြဲမှုကို ဒါနပါရမီလို့ခေါ်တယ် ဒကာကြီး ဦးဝနော်၊ (*မှန်ပါဘုရား*)၊ အဲဒီ ဒါနပါရမီ အထမြောက်ဖို့အရေးဟာ. . တဲ့၊ လွယ်လွယ်လေးနဲ့ အထမြောက်နိုင်တာ မဟုတ်ဘူးတဲ့၊ မြတ်စွာဘုရားက အင်္ဂုတ္တရ နိကာယ်မှာ "သမ္ပဒါ ဘာဝတော"လို့ ဟောထားတယ်၊ အဲဒီဒါန အထမြောက်ဖို့အရေးဟာ အင်္ဂါသုံးချက်စုံမှ အထမြောက်နိုင်တယ်. . . တဲ့၊ ဘာတွေလဲလို့ဆိုတော့ နံပါတ်တစ် လှူလိုတန်းလို, ပေးလို ကမ်းလိုတဲ့ စေတနာသဒ္ဓါတရားလည်း ရှိမှ။ နံပါတ်နှစ် လှူလို တန်းလိုတဲ့ စေတနာသဒ္ဓါတရား ရှိရုံမျှမက၊ လှူနိုင်တန်းနိုင်လောက်တဲ့ ပစ္စည်းအင်အားကလည်း ရှိမှ၊ နံပါတ်သုံးက အဲဒီ အလှူဝတ္ထု အလှူခံမယ့် အလှူခံပုဂ္ဂိုလ်ကလည်းရှိမှ။ ဟောဒီသုံးချက်စုံမှ ဒါနကုသိုလ်ပါရမီ အထမြောက်တယ်. . . တဲ့ နော်၊ (*မှန်ပါဘုရား*)။

စေတနာသဒ္ဓါတရားတော့ရှိပါရဲ့ လှူချင်တန်းချင်လိုက်တာ. . . တောင်မြို့ ဂန္ဓာရုံက သံဃာတွေ သုံးဆယ်လောက် ကြွလာသတဲ့ဟဲ့၊ ငါ ဆန်လေး တစ်ပြည်လောက် လောင်းချင်လိုက်တာ၊ တစ်ခွဲလောက် လောင်းချင်လိုက်တာလို့ ဆိုပေမဲ့လို့ ကိုယ့်အနားမှာ ဆန်ကတစ်ပြည် တစ်ခွဲမရှိခဲ့ရင် ဒကာကြီး ဦးဝ ဒါန အထမြောက်ပါ့မလား။ (*မမြောက်ပါဘုရား*)။ "တစ်မှာသဒ္ဓါ, တစ်ဖြာပစ္စည်း, တစ်နည်းလှူခံ. . . နော်။ အဲ သံဃာတော်တွေ ကြွလာတဲ့အခိုက်မှာ ဆွမ်းတစ်နပ်လောက် ကပ်ချင်လိုက်တာလို့ စေတနာသဒ္ဓါတရားတော့ တစ်ဖွားဖွားပေါက်လာပါရဲ့၊ အဲဒီဆွမ်း တစ်နပ်နဲ့ လိုက်လျောတဲ့ အကုန်ခံနိုင်တဲ့ ပစ္စည်းအင်အား မရှိခဲ့ရင် အထမြောက်

http://www.dhammadownload.com



ပါ့မလား။ (*မပြောက်ပါဘုရား*)။ ဒီတော့ ဒါနပါရမီတစ်ခု အထပြောက်တယ်ဆို တာ. . . တဲ့ နံပါတ်တစ် စေတနာသဒ္ဓါတရားကလည်းရှိမှ။

နံပါတ်နှစ် အဲဒီနဲ့လိုက်လျောညီတဲ့ ပစ္စည်းအင်အားကလည်း ရှိမှ၊ တစ်ကျပ် ဖိုး လှူချင်တယ်ဆိုရင် တစ်ကျပ်ရှိမှပေါ့၊ (*မှန်ပါဘုရား*)။ နှစ်ကျပ်ဖိုးလှူချင်ရင် နှစ်ကျပ်ရှိမှပေါ့၊ ဒါမှ အထပြောက်တာ၊ (*မှန်ပါဘုရား*)။ သို့သော်. . စေတနာသဒ္ဓါ တရားလည်းရှိပါရဲ့၊ ပစ္စည်းတွေကလည်း ရှိပါရဲ့၊ အလှူခံပုဂ္ဂိုလ်, မိမိရည်းမှန်းတဲ့ အလှူခံပုဂ္ဂိုလ်က မရှိခဲ့ရင်၊ မရောက်ခဲ့ရင်၊ အဲဒီဒါန အထပြောက်ပါ့မလား၊ (*အထမပြောက်ပါဘုရား*)။ ခုနက ဉာဏ်းဇင်းတို့ ဟိုကနေပြီးတော့ အင်ဘက်က နေပြီးတော့ အတော်နဲ့ ဒီမလာတော့ ဉာဏ်းဇင်းက အောင့်မေ့မိတယ်၊ ဩော်. . . ဟိုက သာဝတ္ထိကနေပြီးတော့ မနက်ဆွမ်းကပ်မယ်လို့၊ အရုဏ်ဆွမ်း ကပ်မယ်ဆိုတဲ့ သီတင်းကလည်း ရေဦးကတည်းကကြားတယ်ကိုး ဒကာကြီး ဦးဝရဲ့၊ (*မှန်ပါဘုရား*)။ ဒီလို သီတင်းမျိုးများတော့ ဉာဏ်းဇင်းတို့ကလည်း နားစွင့်နေကြတာ၊ (*မှန်ပါဘုရား*) ဆန်တွေဘယ်လိုလောင်းမှာ လှူမှာတဲ့၊ ဒါတွေကလည်း သီတင်းတွေ ရောက် ရောက်လာတယ်၊ (*မှန်ပါဘုရား*)။ တစ်ခါတည်း ဘယ်လိုလုပ်ရောက်ရောက် လာမှန်းလည်း မသိဘူး၊ ကြားချင်နေတဲ့လူဆိုတော့ လာလာပြောကြတယ်၊

အဲဒီလို ဆန်တွေ ဘယ်လိုလှူမှာတဲ့ လောင်းမှာတဲ့ ဆွမ်းကဘယ်လို ကပ် မှာတဲ့၊ လက်ဖက်ရည်က ဘယ်လိုတဲ့၊ ညနေ ဘီလပ်ရည်က နှစ်ဦးတဲ့၊ အမလေး . . . ရှာလပတ်ရည်က ဘယ်လိုတဲ့ဆိုတော့ မျှော်နေရှာရော့မယ်. . . ဟိုကနေပြီး တော့၊ ဉာဏ်းဇင်းကလေ မျှော်နေရှာကြရော့မယ်၊ သူတို့လှူချင်တာက ဒီကိုယ်တော် တွေ လှူချင်တယ်ဆိုတော့ ဒီကိုယ်တော်တွေ အခုဆိုအလှူခံပေါ့၊ (*မှန်ပါဘုရား*)။ ရောက်ရာနယ်ပယ်မှာ ဆရာတော်တွေ သူတို့လှူဒါန်းနေကြတာပဲ၊ (*မှန်ပါဘုရား*)။ ဒီတော့ ဆရာသမားတွေ လှူမယ်ဆိုတဲ့၊ အဲဒီ ဆရာသမားတွေက အလှူခံပုဂ္ဂိုလ် ပေါ့နော်၊ (*မှန်ပါဘုရား*)။ အခုအချိန်တော့ ဉာဏ်းဇင်းတို့ ရည်မှန်းနေတယ်ဆိုတော့ အလှူခံပုဂ္ဂိုတွေ မရောက်လာခင် မနက်ဆွမ်းကပ်ရမည့်လူကလည်း တစ်ခါတည်း ဆန်တွေ ဆီတွေ ချက်ပြုတ် ပြင်ဆင်ထားရပြီးမှ မလာသေးဘူးတဲ့၊ မလာသေးဘူး တဲ့ဆိုရင် သူတို့စိတ်ထဲ ထင့်ကနဲ ထင့်ကနဲ မနေပေဘူးလား၊ (*နေပါတယ်ဘုရား*) နေမယ်. . . နေမယ်၊ ဉာဏ်းဇင်းက ရိပ်မိတယ်နော်၊

အဲဒါ အလှူခံပုဂ္ဂိုလ် ရောက်မလာခဲ့ရင် အကယ်၍များ ဉာဏ်းဇင်းတို့က အကြောင်းအားလျော်စွာ ဆိုကြပါစို့ ကားက အဆင်မပြေလို့၊ သို့မဟုတ် တစ်စုံ တစ်ခုသောအကြောင်းကြောင့် မရောက်လာပြီဆိုရင် နက်ဖြန်ဆွမ်းကပ်မယ့် ဒကာ ဒကာမတွေ ဦးဇင်းတို့တည်းဟူသော အလှူခံပုဂ္ဂိုလ် ရပါဦးမလား၊ (*မရနိုင်ပါဘုရား*)

http://www.dhammadownload.com



မရလို့ရှိရင် ဒိပြင်ပုဂ္ဂိုလ်လျှရင်တော့လည်း အထတော့မြောက်တယ်ပေါ့လေ. . . သို့သော် ဥူးဇင်းတို့နဲ့ပတ်သက်ပြီးတော့ ဒါနအထမြောက်ပါ့မလား၊ (*မမြောက်ပါဘုရား*)။ နက်ဖြန်ခါလောင်းကြလှူကြမည့်ဆန်တွေ အထမြောက်ပါတော့မလား၊ (*မမြောက်ပါဘုရား*)။ အခု ဘိလပ်ရည်ကပ်ကြ၊ ရှာလပတ်ရည်ကပ်ကြဆိုတဲ့ ပုဂ္ဂိုလ်တွေ အထမြောက်ပါတော့မလား၊ (*အထမမြောက်ပါဘုရား*)။ ဒါကြောင့် "တစ်မှာ သဒ္ဓါ၊ တစ်ဖြာပစ္စည်း၊ တစ်နည်း လှူခံ၊ သုံးတန်အင်္ဂါ၊ စုံပြည့်ပါမှ၊ ဒါနပါရမီ၊ ပြည့်ဖြိုးစည်လိမ့်" ဒါနပါရမီတစ်ခု အထမြောက်တယ်ဆိုတာ ဒီသုံးချက်စုံမှ ပြည့်စုံတယ်. . . တဲ့ အထမြောက်နိုင်တယ်၊ (*မှန်ပါဘုရား*)။

အဲဒီထဲမှာမှ အလှူခံပုဂ္ဂိုလ်နဲ့ ပတ်သက်ပြီးတော့ သာသနာပအလှူခံ သာသနာတွင်းအလှူခံရယ်လို့ နှစ်မျိုးနှစ်စားရှိပြန်တယ်၊ အဲဒီ နှစ်မျိုးနှစ်စားထဲမှာ သာသနာပအလှူခံထက် သာသနာတွင်းအလှူခံနဲ့ တွေ့ကြုံဖို့ရာက ပိုပြီးတော့ ခက်တယ်. . . တဲ့ နော် (*မှန်ပါဘုရား*)။

❖ ပစ္စည်းသဒ္ဓါ, သာသနာ, သုံးဖြာဒုလ္လဘာ, ကြုံခဲစွ. . . တဲ့။

သဒ္ဓါတရားရှိခြင်း, လှူဖွယ်ပစ္စည်းဝတ္ထု ရှိခြင်း, သာသနာတော်တွင်း အလှူခံနဲ့ ဆုံရခြင်း-လို့ဆိုတဲ့ ဒီသုံးချက် ဒုလ္လဘတရားကြီး. . . တဲ့ ဘာပြုလို့တုန်း ဆိုတော့၊ သာသနာတော်တွင်း အလှူခံရှင်ရဟန်း၊ ဒီပုဂ္ဂိုလ်တွေဆိုတာ သာသနာကြီးရှိမှ တည်နိုင်တယ် ဒကာကြီးဦးဝရဲ့ (*မှန်ပါဘုရား*)။ မြတ်စွာဘုရားရဲ့ အဆုံးအမလို့ခေါ်တဲ့ ဝိနည်းစည်းကမ်း ဥပဒေဘောင်နဲ့ သုတ္တန်လို့ခေါ် အဘိဓမ္မာလို့ခေါ်တဲ့ တရားတော်တွေရှိမှ ဒီသာသနာတော်ဝန်ထမ်းတွေဆိုတာ ပေါ်လာနိုင်တာ၊ (*မှန်ပါဘုရား*)။ သာသနာ့ဝန်ထမ်းတွေပေါ်ဖို့ သာသနာရှိဖို့လိုတယ်၊ မြတ်စွာဘုရား တည်ထောင်ခဲ့တဲ့ သာသနာကြီးရှိမှဖြစ်တယ်၊ အဲဒီသာသနာတော်ကြီး မိုးပေါ်က အလိုလိုကျလာတာမဟုတ်၊ ဘုရားက တည်ထောင်မှဖြစ်တယ်၊ လူသာမန် ပုဂ္ဂိုလ်တစ်ယောက်က တည်ထောင်လို့ ရတာမဟုတ်ဘူး (*မှန်ပါဘုရား*)။ အဲဒီ သာသနာကို တည်ထောင်တဲ့ ဘုရားကလည်း ကမ္ဘာလောကထဲမှာ အချိန်မရွေး ဥဒဟို ပွင့်နေတာမဟုတ်ဘူး. . . တဲ့၊ ကမ္ဘာပေါင်းများစွာ ခြားခြား ခြားခြားပြီးမှ တစ်ခါတစ်လေ ပေါ်လာတာ။

မိုးမှောင်ကြီးကျနေတဲ့ အထဲက လျှပ်စီးလေး တစ်ချက် တစ်ချက် လက်သလိုပါပဲ. . . တဲ့၊ ဘုရားမပွင့်တဲ့ အချိန်တွေက ကမ္ဘာကြီးထဲမှာ မိုးမှောင်ကြီးကျနေတာနဲ့ တူပြီးတော့ လျှပ်စီးလေးလက်လိုက်တဲ့ အချိန်ကလေးက ခဏကလေးဟာ၊ အဲဒါဘုရားပွင့်တဲ့ အချိန်လေးလိုပါပဲ၊ (*မှန်ပါဘုရား*)။ ဒီတော့ သာသနာဝန်ထမ်း အလှူခံပုဂ္ဂိုလ်တွေကို ရဖို့ရာအတွက် သာသနာကြီးရှိမှ ဖြစ်တယ်၊ အဲဒီ

http://www.dhammadownload.com



သာသနာကြီးက ဘုရားပွင့်မှ ဖြစ်တယ်၊ အဲဒီ ဘုရားကလည်း ကမ္ဘာလောကထဲမှာ အချိန်မရွေး ပွင့်သည်မဟုတ်. . . လို့ဆိုတော့ သာသနာတော်အတွင်း အလှူခံရဖို့ ပိုမခက်ပေဘူးလား၊ (*ခက်ပါဘုရား*)။ ဒါကြောင့် "ပစ္စည်းသဒ္ဓါ, သာသနာ သုံးဖြာ ဒုလ္လဘာ, ကြုံခဲစွ"ဆိုလိုက်တယ်။

ဒီတော့-ခုနက သမုဒ္ဒဝိဇယမိဖုရားနဲ့ ရောရုဝဘုရင်တို့ဟာ စေတနာ သဒ္ဓါ တရား ပြောစရာမလိုဘူးနော်၊ (*မှန်ပါဘုရား*)။ ပစ္စည်းအင်အား ပြောစရာမလိုဘူး၊ မင်းစည်းစိမ်ကြီး ရထားကြတာ၊ (*မှန်ပါဘုရား*)။ ဟော-သူတို့မှာ ဘာခက်နေတုန်းဆို တော့ အခု သာသနာတော်တွင်းအလှူခံ ခက်မနေဘူးလား၊ (*ခက်နေပါပြီဘုရား*)၊ အဲဒါတောင့်တပြီးတော့ သာသနာတော်တွင်းအလှူခံ မျှော်နေကြတာ သူတို့ (*မှန်ပါဘုရား*)။ အဲဒီ သာသနာတော်တွင်းအလှူခံကို မျှော်ပြီးသကာလ အနောက် အရပ် ပင့်သည့်တိုင်အောင် မပေါ်လာ၊ ဒီတော့ အခု ဉူးဇင်းတို့ သာဝတ္ထိကျေးရွာက အခု ဒကာ ဒကာမတွေ, မိမိတို့ရပ်ရွာ နယ်ပယ်မှာလည်း သာသနာတော်တွင်း အလှူခံတွေ မရှိဘူးလား ဒကာကြီး ဦးဝရဲ့ (*ရှိပါဘုရား*)။ ဩော်. . . တို့မှာ ဟို- မင်း မိဖုရားနှစ်ပါးမရတဲ့ အခွင့်အရေးကြီးကို၊ တို့ရနေပါပေါ့လား. . . လို့ ဝမ်း မြောက်စရာကြီး ဒကာကြီး ဦးဝရဲ့နော်၊ (*မှန်ပါဘုရား*)။ သာသနာတော်တွင်း အလှူခံတွေ မိမိတို့ စေတနာသဒ္ဓါတရား လှူနိုင်တန်းနိုင်တဲ့ ပစ္စည်းအင်အား သုံးချက်စုံပြီးတော့ တို့ ပြည့်စုံကြပေတယ်လို့ ဝမ်းသာစရာကြီး။

အဲဒီလိုနဲ့ မင်း မိဖုရားနှစ်ပါးဟာ အနောက်ဘက် မျက်နှာမူပြီးတော့ ပင့်ကြသော်လည်း မပေါ်လာလို့ နောက်ဆုံးရက် မြောက်ဘက်လှည့်ပြီးတော့ အခု လိုပဲ "မြောက်အရပ်မှာ, သတ်မှတ်အပ်စွာ, ရပ်ဒိသာ၌, အာသဝမြူဘေး, ညစ် အကြေးမှ, ကင်းဝေးစင်ဖြူ, မြတ်အလှူကို, ခံယူထိုက်စွာ, ရဟန္တာဟု, သညာ ငြိမ့်ညောင်း, အရှင်ကောင်းတို့ရှိတော်မူကြရင်. . . တပည့်တော်တို့ ရောရုဝ နေပြည်, တိုင်း၌ာနဆီသို့, သနားချီးမြောက်, ကြွရောက်တော်မူလာကြကုန်၍၊ မနက်ဖြန်. . . အရုဏ်ကျင်း၍ အလင်းရောက်ရာကာလ တပည့်တော်တို့ ချက် ပြုတ်လှူဒါန်းတဲ့ ဘောဇဉ်ဆွမ်းကို ရွှေစကြာဖြန့်မြန်း၍, ကြွလှမ်းအလှူခံယူ တော်မူလှည့်ပါကုန်ပါဘုရား. . . လို့။

မြောက်အရပ်ဘက် မျက်နှာမူပြီးတော့ မြလေးပန်းဆုပ်တွေ မြှောက်ပြီး တော့ ပင့်ကြတော့ မြောက်အရပ် ဟိမဝန္တာ ဂန္ဓမာဒန နန္ဒမူလိုက်ဂူမှာ သီတင်း သုံးနေတဲ့ ပစ္စေကဗုဒ္ဓါအရှင်မြတ် (၅၀၀)ထဲက အကြီးဆုံး ပစ္စေကဗုဒ္ဓါ အရှင်မြတ်က ဒိဗ္ဗသောတအဘိညာဉ်နဲ့ နားထောင်နေတဲ့ အခိုက်နဲ့ သွားကြားတယ်ကိုး. . ။ (*မှန်ပါဘုရား*) ။ အဲဒီမှာ ပစ္စေကဗုဒ္ဓါ အရှင်မြတ်(၇)ပါး မင်းမိဖုရားနှစ်ပါး

http://www.dhammadownload.com



နှီးမြောက်လိုတာနဲ့ အဲဒီ ရောရုဝတိုင်းဌာနဆီ ကြွပြီးတော့ လာခဲ့ကြတယ်၊ လာခဲ့ကြတော့ မင်းမိဖုရားနှစ်ပါး ဝမ်းမြောက်ဝမ်းသာနဲ့ နောက်တစ်ရက်မှာ သူတို့ရည်မှန်းထားတဲ့ ဆွမ်း, ဆွမ်းဟင်းတွေ ချက်ပြုတ်လှူဒါန်းဆက်ကပ်, ပစ္စေကဗုဒ္ဓါ အရှင်မြတ် (၇)ပါး နန်းတော်ဆောင် ပင့်လာခဲ့, ဆွမ်းကပ်လို့ ဘုန်းပေး။ ပျော်. . . လို့ သူတို့လှူနေတဲ့ သာသနာတော်တွင်းအလှူခံကြီးနဲ့လည်း တွေ့ပြီး ရည်မှန်းထားတဲ့ သက်နှီး ပရိက္ခရာတွေ ဘာ့တွေ ဆက်ကပ်လှူဒါန်းလို့ နောက်ဆုံးပြန်ခါနီးကျတော့ အရှင်ပစ္စေကဗုဒ္ဓါ အရှင်မြတ်(၇)ပါးက မင်းမိဖုရားနှစ်ပါးအမှူးထားတဲ့ မှူးကြီးမတ်ရာ သေနာပတိ ပရိသတ်၊ ဖိတ်မံထားလို့ ရောက်လာကြတဲ့ ကုန်သည် သူကြွယ် သူဌေး သူကြွယ် ပရိသတ်တွေနှင့်တကွ, နန်းတော်သူ, နန်းတော်သားအားလုံး, နန်းတော်ဆောင်ကြီးထဲမှာရှိနေတဲ့ ပရိသတ်ထုကြီးကို အရှင်ပစ္စေကဗုဒ္ဓါ အရှင်မြတ်(၇)ပါးတို့တွင် အကြီးဆုံး အရှင်ပစ္စေကဗုဒ္ဓါအရှင်မြတ်က တရားစကား အနုမောဒနာ ဟရားဟောတော်မူတယ်ပေါ့ဗျာနော်၊ (*မှန်ပါဘုရား*)။ ဘာဟောလိုက်သလဲဆိုတော့-

- အာဒိတ္တသ္မိံ အဂါရသ္မိံ, ယံ နီဟရတိ ဘာဇနံ၊
  တံ တဿ ဟောတိ အတ္ထာယ, နောစ ယံ တတ္ထ ဍယှတိ။
  ဧဝံ အာဒိတ္တော ခေါ လောကော, ဇရာယ မရဏေန စ၊
  နီဟရေထေဝ ဒါနေန,ဒိန္နံ ဟောတိ သုနီဟတံ။

အဂါရသ္မိံ-လောကအတွင်း, လူခပ်ပင်းတို့, မှီတင်းနေရာ, အိမ်ဂေဟာကို၊ အာဒိတ္တသ္မိံ-ဝန်းကျင်းပတ်ရံ, အလျှံတပြောင်ပြောင်, မီးတောက်လောင်အပ်သည်ရှိသော်၊ ယံ ဘာဇနံ-အိုးခွက်မှစ, ရွှေငွေကျအောင်, များလှသိုမှီး, အကြင်ပစ္စည်းကို၊ နီဟရတိ-မီးလောင်ကွင်းတွင်, အတင်းဝင်၍, ဆွဲငင်ပိုင်ပိုင်, ရယူလိုက်နိုင်၏၊ တံယေဝ ဘာဇနံ-မီးနှင့်ယှဉ်ပြိုင်, အနိုင်ရအပ်, ထိုပစ္စည်း အရပ်ရပ်သည်သာလျှင်၊ တဿ အတ္ထာယ ဟောတိ-အိမ်ရှင်ကိုယ်တိုင်, သုံးစွဲ နိုင်သည့်, ကိုယ်ပိုင်စင်စစ်, ဖြစ်၍နေသကဲ့သို့. . . တဲ့။

မင်းမိဖုရားနှစ်ပါး အမှူးထားတဲ့ ပရိသတ်ကြီးတို့. . .တဲ့ အရှင်ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကြီးက၊ ဟိုးနန်းတော်ထဲ တရားဟောနေတာနော် ဒကာကြီး ဦးဝ၊ (မှန်ပါဘုရား)။ မင်းမိဖုရားနှစ်ပါး အမှူးထားတဲ့ နန်းတော်သူ နန်းတော်သား မှူးကြီးမတ်ရာ ပရိသတ်ကြီးကို အရှင်ပစ္စေကဗုဒ္ဓါ အရှင်မြတ်က တရားဟောနေတာ။ အို မင်းမိဖုရားနှစ်ပါး အမှူးထားတဲ့ ပရိသတ်ကြီးတို့. . . တဲ့ ကမ္ဘာလောက ကြီးထဲမှာ တစ်ခါတစ်ခါအကြောင်း အားလျော်စွာ၊ လူတွေနေတဲ့ အိမ်ကို မီးလောင်တတ်

• ဇာ-၁၊ ၁၅၅။

http://www.dhammadownload.com



တယ်. . . တဲ့ မီးလောင်းတတ်တယ်၊ အဲဒီအိမ်ပေါ်မှာထားတဲ့ ပစ္စည်းတွေ ဟာ အဖိုးမတန်တဲ့ ပစ္စည်းကစပြီးတော့ အဖိုးတန်တဲ့ ပစ္စည်းတိုင်အောင်, အိုးတို ခွက်စက စပြီးသကာလ၊ အင်မတန်အဖိုးတန်တဲ့ ရွှေငွေကျောက်သံပတ္တမြားတိုင်အောင် ပစ္စည်းပေါင်းစုံထားတဲ့အနက်၊ ရှိတဲ့အနက်ကတဲ့၊ အဲဒီအိမ်ရှင်ဟာ မိမိအိမ် မီးလောင်ခံရတဲ့ အချိန်မှာ, မီးနဲ့ယှဉ်ပြိုင်ပြီး သကာလ အတင်းဝင်ပြီးတော့ ရမိရရာ ဆွဲလိုက်တဲ့ပစ္စည်း ရှိတတ်တယ်။ အိုးတိုပဲရရ ခွက်စပဲရရ, ရွှေပဲရရ ငွေပဲရရပေါ့၊ ဘာရရ အတင်းဝင်ဆွဲတာပဲ၊ (မှန်ပါဘုရား)။ အဲဒီလို အတင်းဝင်ပြီး မီးနဲ့ယှဉ် ပြိုင်ပြီးဆွဲလို့ အနိုင်ရလိုက်တဲ့ လက်ထဲပါလာတဲ့ ပစ္စည်းသည်သာလျှင်, အိမ်ရှင်ရဲ့ ကိုယ်ပိုင်ပစ္စည်း ဖြစ်ရစ်သလို. . . မီးလောင်ခံသွားရတဲ့ ပစ္စည်းဝတ္ထုမှန်သမျှသည် အိမ်ရှင်ရဲ့ ပစ္စည်းမဟုတ်ကြတော့သလို။

ဧဝံတထာ-ပမာဆိုမူ, ထို့အတူသာလျှင်၊ လောကော-လူနတ်ဗြဟ္မာ, သတ္တဝါဟု, သညာလှည့်လိမ်, ခန္ဓာအိမ်ကြီးကို၊ ဇရာယ မရဏေနစ-ဇရာ မရဏ, သဘာဝဟု, ထာဝရထန်သီး, တစ်ဆယ့်တစ်တန် သောမီးသည်၊ အာဒိတ္တော-နေ့ရောညဥ့်ပါ, အခါမပြတ်, အမြဲပင် တောက်လောင်အပ်လေ၏. . . တဲ့။

အဲဒီလိုပဲ. . . တဲ့၊ အိမ်ကြီးမီးလောင်တဲ့ နေရာမှာ, တွေ့မိတွေ့ရာ, ရမိရရာ ပစ္စည်းဝင်ဆွဲလို့ လက်ထဲပါလာတဲ့ ပစ္စည်းသည်သာလျှင်, ကိုယ်ပိုင်ဥစ္စာဖြစ်သလို။ သုံးဆယ့်တစ်ဘုံတည်းဟူသော ဤမီးလောင်ကွင်းကြီးအတွင်းမှာ. . . တဲ့ လူရယ်, နတ်ရယ်, ဗြဟ္မာရယ်, တိရစ္ဆာရယ်, လို့ သညာလှည့် လိမ်ထားတဲ့ သင်တို့ ခန္ဓာ ငါးပါးဆိုတဲ့ အိမ်ကြီးကို။ မင်း မိဖုရားနှစ်ပါး အမျှုထားတဲ့ ပရိသတ်တို့တဲ့ သင်တို့ ခန္ဓာအိမ်ကြီးကိုလည်း မီးအမြဲလောင်နေပါတယ်. . . မီး အမြဲလောင်နေပါတယ်၊ ဘာမီးတွေ လောင်နေတုန်းဆိုတော့ ရာဂမီး, ဒေါသမီး, မောဟမီးလို့ဆိုတဲ့ မီးသုံးမီး၊ သောကမီး, ပရိဒေဝမီး, ဒုက္ခမီး, ဒေါမနဿမီး, ဥပါယာသမီးလို့ဆိုတဲ့ ငါးမီးပေါင်း လိုက်တော့ ရှစ်မီး၊ ဒကာကြီး ဦး၀နော်၊ (မှန်ပါဘုရား)။ ဇာတိမီး, ဇရာမီး, မရဏမီး, သုံးမီး ထည့်လိုက်တော့ ရှစ်မီးနဲ့သုံးမီးဆိုတော ဆယ့်တစ်မီး မနေဘူးလား? *(ဆယ့်တစ်မီးပါဘုရား)*။ အဲဒါ မီးဆယ့်တစ်မီး၊ မီးဆယ့်တစ်တန်လို့ခေါ်တယ်၊ အာလုံးသော ဒကာကြီး ဦး၀တို့ တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့ရဲ့ ခန္ဓာ အိမ်ကြီးကို ဤတစ်ဆယ့်တစ်မီးသော မီးတို့က တညီးညီး, တသိန်ထိန် အမြဲတန်း တောက်လောင်၍ နေပါသည်။

ဘယ်လို လောင်နေတုန်းဆိုတော့ ရာဂမီးလို့ဆိုတာက နှစ်သက်စရာ, သာယာစရာ, မက်မောစရာလေးတွေ, သာယာနှစ်သက်စုံမက်, မက်မောနေတဲ့ အချိန်နဲ့၊ အဲဒါ ရာဂမီးလောင်တယ်လို့ ခေါ်တယ်နော် *(မှန်ပါဘုရား)*။ သောကမီး

http://www.dhammadownload.com



ဆိုတာကျတော့ စိုးရိမ်ပူဆွေး စိတ်မအေးတာ သောကမီးပေါ့ *(မှန်ပါဘုရား)*။ အဲဒီက တစ်ဆင့်တက်ပြီး ငိုကြွေးရတာကျတော့ ပရိဒေဝမီးနော်၊ *(မှန်ပါဘုရား)*၊ ကိုယ်ဆင်းရဲတာကျတော့ ဒုက္ခမီး၊ စိတ်ဆင်းရဲတာကျတော့ ဒေါမနဿမီး၊ အဲဒီက တစ်ဆင့်တက်ပြီးတော့ တစ်ခါတည်း သောကရောက်စရာတွေက, ဝမ်းနည်းစရာတွေက ပြင်းထန်လွန်းလို့ တက်သွားတယ်၊ ဝိုင်းပြီးတော့ နှိပ်နယ်ရတယ်၊ နှာနှပ်ယူရတယ်ဆိုတာကျတော့ ဥပါယာသမီးနော်၊ *(မှန်ပါဘုရား)*။

ဒကာကြီး ဦးဝ မီးဆိုတာ ပူတဲ့သဘောရှိတယ်နော်၊ *(ပူပါဘုရား)*။ လောင်တဲ့ ကိစ္စရှိတယ်၊ အဲဒီမီးလောင်တဲ့အရာဝတ္ထုဟာ အငြိမ်နေလို့မရတဲ့သဘောရှိတယ်၊ *(မှန်ပါဘုရား)*။ စက္ကူလေးများ မီးလောင်တော့ တွန့်လိမ်မသွားဘူးလား? *(တွန့်လိမ်သွားပါဘုရား)*။ ခုနက လောက, တစ်ခါတစ်ခါ အိမ်၊ သို့မဟုတ် တဲ မီးလောင်တဲ့အခါကျတော့ အဲ့ဒီ မီးလောင်တဲ့အိမ်တို့, တဲတို့က တဖြုန်းဖြုန်း တရှန်းရှန်းနဲ့ ပြုတ်ပြုတ်ကျတာတွေ မတွေ့ဖူးဘူးလား? *(တွေ့ဖူးပါဘုရား)*။ ဟာ- မီးက တောက်လိုက်တာ တစ်ခါတည်း တစ်ချို့လည်း အထက်ပါသွား၊ တစ်ချို့လည်း ဖြုန်းဒိုင်းနဲ့ အောက်ကျလာ၊ ဖြုတ်ဖြုတ်ဖျစ်ဖျစ်နဲ့ ဆူပွက်လို့ မဟုတ်လား၊ (မှန်ပါဘုရား)၊ မီးအလောင်ခံရတဲ့ဝတ္ထုသည် အငြိမ်နေလို့မရတဲ့ သဘောရှိသည်၊ လှုပ်လှုပ်ရှားရှား သဘောရှိသည်။

ဒကာ ဒကာမတွေ အရှေ့က အနောက်, တောင်က မြောက် စီးပွားရေးအတွက် ပြေးကြလွှားကြတယ်. . . လို့ ဆိုတာ ရာဂမီးတောက်လို့ပြေးရ လွှားရတယ် အငြိမ်နေလို့ မရကြပါ၊ *(မှန်ပါဘုရား)*။ ဒကာကြီး ဦးဝတို့တစ်တွေ မနက်စောစော ထွန်ကြီးတွေ ထမ်း၊ ထယ်ကြီးတွေ ထမ်းပြီးတော့, ဝမ်းစာအတွက်, သားရေး သမီးရေးအတွက်ဆိုပြီးတော့ မိုးရွာမရှောင် နေပူမရှောင် ထွန်ကြီးတွေ ထယ်ကြီးတွေ ထမ်းပြီးတော့၊ ဟာ- သာဝတ္ထိရွာထဲက တလှုပ်လှုပ်နဲ့ ထွက်လာလိုက်ကြတာ ဘာဖြစ်တာတုန်း "တပည့်တော်တို့ ရာဂမီးလောင်လို့ ဘုရား. . . လောဘမီး လောင်လို့ဘုရား၊ မီးလောင်ခံရတော့ ငြိမ်ငြိမ်နေလို့ ရရဲ့လား? *(မရပါဘုရား)*။

အဲဒီလို သားရေး သမီးရေး မြေတွေ မရှိတဲ့ ဘုန်းကြီးတွေ ဦးဇင်းတို့ ဘုန်းကြီးတွေကျတော့ ဒကာကြီးတို့လို ထယ်ထမ်းထွက်တာ တွေ့ဖူးကြရဲ့လား? မမြင်ဖူးပါဘုရား၊ ဒါနည်းနည်း ရာဂမီးလေး ငြိမ်တာ ဒကာကြီးရဲ့နော် *(မှန်ပါဘုရား)* ဒါ ရာဂမီလေးငြိမ်တာ၊ ဘုန်းကြီး မီးတောက်ပြီးဆိုတော့မှ ဒကာကြီးတွေထက် ဆိုးသေးတယ်နော် *(မှန်ပါဘုရား)*။ ငြိမ်တယ်ဆိုပေမဲ့ အကောင်းမထင်လိုက်နဲ့အုံး၊ ဘုန်းကြီးမွဲ လှည်းတစ်စီးတိုက်တဲ့နော် *(မှန်ပါဘုရား)*။ အခုကာလ ဘုန်းကြီးမွဲ လှည်းတစ်စီးတိုက်တဲ့ ဆိုထားတဲ့ ဥပမာကိုက၊ ဘုရားကတော့ သပိတ်တစ်လုံး

http://www.dhammadownload.com



သုံးထည်သော သင်္ကန်းနဲ့သွားရမယ်လို့ဆိုတာ အခုတော့ ဘုန်းကြီးမွဲ လှည်းတစ်စီး တိုက်တဲ့ ဥူးဇင်းတို့မှာလည်း ခက်နေတာ အဲဒါ၊ တဖြေးဖြေးနဲ့ အခု တက်ထရွန်က ဖော့ဖော့ကရစ်၊ ဖော့ကရစ်ကနေပြီးတော့ ကက်စက်ကလေးနဲ့၊ ရေဒီယိုလေးနဲ့၊ မီးဆက် ကလေးနဲ့၊ အကုန်လုံး မပြည့်စုံချင်ကြဘူးလား? *(ပြည့်စုံချင်ကြပါဘုရား)*။ တဖြေး ဖြေးနဲ့ ကျယ်ကျယ်လာလိုက်တာ၊ အဲဒီလို လိုချင်တာတွေ များသလောက်၊ ပြေးရ လွှားရ၊ လှုပ်ရရှားရ မရှိဘူးလား? *(ရှိပါဘုရား)*။

အခု ဥူးဇင်းတို့လည်း ဒကာကြီး ဦးဝပြောပါလား၊ ကိုယ်တော်တို့လည်း တကတည်း အမရပူရက ဆွမ်းလောင်းနေတာ အေးအေးမနေဘဲနဲ့ ဒီထဲလာပြီး၊ တောင်ပြေး၊ မြောက်ပြေး၊ ပြေးနေတာ ကိုယ်တော်တို့လည်း မီးလောင်နေတာ မဟုတ်လား? *(မီးလောင်နေတာပါဘုရား)*။ ဟုတ်ပြီဗျာ့နော်၊ ဒါက ကိုယ့်သား ကိုယ့်သမီးတော့ မဟုတ်ပါဘူး၊ တပည့်တပန်းတွေအတွက် ကုသိုလ်ဆိုတဲ့ စိတ်က လေးနဲ့ မွေးထားလို့ ရာဂမီးတော့ မဟုတ်တတ်ပါဘူး၊ ဒကာကြီးဦးဝ၊*(မှန်ပါဘုရား)*။ ဒကာတွေဒကာမတို့တစ်တွေကျတော့ သားရေးသမီးရေး၊ ဆွေရေးမျိုးရေး တွေကြောင့် မနေအားလို့ လုပ်ကြကိုင်ကြ၊ ရှာကြဖွေကြရတယ်၊ *(မှန်ပါဘုရား)*။ ရေဦးများ ပြေးလိုက်ကြရတာ၊ တစ်ခါတစ်ခါ ထမင်းနပ်မှန်တောင် မစားရတာ မရှိဘူးလား? *(ရှိပါဘုရား)*။ အဲဒါ ဘာမီးတုန်း၊ ရာဂမီးတဲ့နော်၊ *(မှန်ပါဘုရား)*။

အဲဒီ ရာဂမီးလောင်ရာကနေပြီးတော့ ငါထင်တဲ့အတိုင်း ရမှရပါ့မလား၊ ငါသွားရောင်းမယ့် ပစ္စည်းက ဟိုကျရင်၊ အမလေး. . . ဈေးများကျနေမလား၊ အရောင်းအဝယ်သမားကလည်းနော်၊ *(မှန်ပါဘုရား)*။ သောကမီး သောကမီး *(မှန်ပါဘုရား)*။ ငါလုပ်ထားတဲ့ လယ်က ထင်သလောက် ထွက်မှထွက်ပါ့မလား၊ ငါစိုက်ထားတဲ့ ကွမ်းပင်က မှန်းသလောက် ထွက်မှထွက်ပါ့မလား၊ သာဝတ္ထိက ကွမ်းတွေပေါတယ်လို့ ကြားဖူးတယ်နော်၊ *(မှန်ပါဘုရား)*။ အဲဒီလို ငါစိုက်ထား တဲ့ကွမ်းပင်ကလေးကဈေးကောင်းကောင်းနဲ့မှ မိပါ့မလား၊ ရေဦးက ကြားခဲ့တယ် ကွမ်းဈေးက တစ်ပိဿာ အစိတ်တဲ့၊ ကွမ်းစိုက်တဲ့ လူတွေအကုန် ဟန်ကျတယ်နော် *(မှန်ပါဘုရား)*။ ဟန်ကျလိုက်တာ အဲဒီလို စိုးရိမ်စိတ်ကလေးတွေဆိုတာ ဘာတုန်းလို့ ဆိုတော့ သောကမီး. . . တဲ့၊ သောကမီး၊ *(မှန်ပါဘုရား)*။

ဒကာမကြီး တစ်ယောက်ကပြောတယ်၊ သူက မန္တလေးမှာနေတာပါပဲ၊ အရှင်ဘုရားတို့ ကျောင်းတွေဘာတွေမှ မင်္ဂလာဖိုလ်သံကြားတာ မဟုတ်ဘူးတဲ့၊ တပည့်တော်တို့လည်း မင်္ဂလာဖိုလ်သံနဲ့ပါတဲ့၊ မင်္ဂလာဖိုလ်ရနေကြတာ၊ *(မှန်ပါဘုရား)*။ ဘယ်နဲ့ မင်္ဂလာဖိုလ်တုန်း ဒကာမကြီးရဲ့လို့ဆိုတော့ အမလေး. . . ညနေကျပြီဆိုလို့ ရှိရင်၊ နက်ဖြန်ခါကျတော့ ဘယ်သွားပြီးတော့ ဘယ်ကုန် ဘယ်လိုရောင်းလိုက်မယ်၊

http://www.dhammadownload.com



ဘယ်သွားပြီးတော့ ဘာလုပ်လိုက်မယ်နဲ့ သူက ဈေးသည်ကိုး၊ ဘယ်လို ထွက်လိုက်မယ်၊ ဘယ်ဟာက ဘယ်လောက်မြတ်စရာရှိတယ်နဲ့၊ မက်သံပေါ်နေတာ . . . တဲ့ မက်သံပေးနေတာတဲ့ *(မှန်ပါဘုရား)*။ မနက်ဖြန်ခါ အဟုတ်သွားရောင်း ပြီဆိုတော့၊ ဟိုက ဈေးကျသတဲ့ ဘာတဲ့ ညာတဲ့ဆိုတော့ ဟုတ်မှဟုတ်ပါ့မလား၊ ရမှရပါ့မလား ဆိုတော့ အဲဒါရင်ဖိုတာ၊ အဲဒါရင်ဖိုတာ၊ ဖိုသံတဲ့) သူတို့လည်း မက်တွေ ဖိုတွေ ရနေကြတယ်။

အဲဒီလို ရမှရပါ့မလား ဈေးကကိုက်ပါ့မလားလို့ စိုးရိမ်တာကျတော့ သောကမီး၊ *(မှန်ပါဘုရား)*။ ကိုယ့်စိတ်ထဲမှာ မကျေမချမ်း၊ သားမကျေနပ် သမီးမကျေနပ်၊ သွားရလာရတဲ့ ကိစ္စမှုကျေမနပ်၊ စိတ်မချမ်းမသာ သောက အရင်ဖြစ်လာပြီဆိုတော့ ဒေါသမီးနော်၊ *(မှန်ပါဘုရား)*။ ဒေါသမီးများတောက်တော့ တစ်ချို့ကျတော့ ငြိမ်ငြိမ်နေလို့ မရတော့၊ လက်သီးတဆုပ်ဆုပ်၊ အံတကြိတ်ကြိတ်နဲ့ဆိုတာ ဒါလှုပ်နေတာမဟုတ်လား၊ *(လှုပ်နေပါဘုရား)*။ ဘာလှုပ်နေတာတုန်း ဟိုလူက မျက်ထောင့်ကြီးနီပြီးတော့ အံတကြိတ်ကြိတ်၊ လက်သီးတဆုပ်ဆုပ်၊ ဒုတ်တရမ်းရမ်း၊ ဓားတရမ်းရမ်း။ ဒေါသမီး လောင်နေတာ. . . ဒေါသမီးလောင်နေတာနော်၊ *(မှန်ပါဘုရား)*။ အိမ်ကြီး မီးလောင်တဲ့အခါမှာ၊ ကို့ရို့ကားရား လှုပ်လှုပ်ရှားရှား မနေဘူးလား? *(နေပါဘုရား)*။ ဟော-ဒေါသမီးတောက်လောင်နေတော့ ဒကာတို့တစ်တွေ၊ အားလုံးသော ခန္ဓာအိမ်ကြီး ရနေကြတဲ့ ဒကာဒကာမတို့တစ်တွေ ကိုယ့်မီး၊ ကိုယ့်လောင်နေတာ ကိုယ်သိကြပါ. . . လို့ မီးလောင်နေတာနော်၊ *(မှန်ပါဘုရား)*။ မီးလောင်နေတာ၊ မီးလောင်နေတာ။

သိသင့်သိထိုက်တာတွေကို မသိတာကျတော့ မောဟမီးနော်၊ *(မှန်ပါဘုရား)*။ သိစရာရှိတာတွေ မသိဘူး ဝတ္တရားတွေ မသိဘူး၊ လူရေးလူရာတွေ မသိဘူးဆိုတာတွေရှိကြတယ် မဟုတ်လား? *(ရှိကြပါဘုရား)*။ လောကီသိစရာတွေ မှန်သမျှ မသိတာတွေမှန်သမျှ မောဟမီး၊ ဒီထက်မက ရုပ်နာမ်, ရုပ်နာမ်အတိုင်း မသိနော်၊ *(မှန်ပါဘုရား)*။ သိတာက ဒုက္ခသစ္စာ ဒုက္ခသစ္စာအတိုင်း မသိကြပဲ ငါကောင် သူကောင်ထင်နေကြတဲ့ မောဟမီး၊ *(မှန်ပါဘုရား)*။ လောဘမီးက အေးမယောင်ယောင်နဲ့ ပူတဲ့မီးတဲ့၊ ဒေါသမီးက ပူမယောင်ယောင်နဲ့ ပူတဲ့မီး၊ မောဟမီးက ဖွဲမီးလို တစ်ငွေ့ငွေ့လောင်တဲ့မီး. . . တဲ့၊ မီးသုံးမျိုး, မီးသုံးမျိုး၊ *(မှန်ပါဘုရား)*။

အဲဒီထဲကနေပြီးတော့ ခုနက ပြောသလိုပေါ့လေ. . . သောကရောက်စရာ, စိုးရိမ်စရာလေးရှိတော့ သောကမီးလောင်၊ အဲဒီ သောကမီးလောင်ရာကနေပြီးတော့ ကိုယ်ထင်တဲ့အတိုင်း မရတော့ဘူး၊ ကုန်တွေရှုံးကုန်သတဲ့လို့ဆိုတော့ မျက်ရည်ကျကြတယ်၊ (မှန်ပါဘုရား)။ ပရိဒေဝမီး၊ ပရိဒေဝမီး နော်၊ သားလေး

http://www.dhammadownload.com



သမီးလေးတွေ ကိုယ်ထင်ထားသလို မဖြစ်တော့ဘဲနဲ့ ပျက်စီးသွားတယ် ဆုံးရှုံးသွားတယ်ဆိုတော့ သောကမီး၊ ပရိဒေဝမီး ငိုရကြွေးရ။ ဒီလိုနေပြီးတော့ တစ်ဆင့်တက်ပြီးတော့ အရောင်းအဝယ်လုပ်လိုက်တာ၊ အရင်းရှုံးပါပေါ့လို့၊ သို့မဟုတ် လယ်ယာကိုင်းကျွန်း လုပ်လိုက်တာ၊ ထင်သလောက် မထွက်လာလို့ အရင်းတွေရှုံးပြီးသကာလ, စိတ်ထိခိုက်ပြီးတော့ တက်သွားတယ်, မေ့သွားတယ် မြောသွားတယ်. . . လို့ဆိုတော့ ဥပါယာသမီး *(မှန်ပါဘုရား)*။ အဲဒီလို သောကမီးတွေ ဥပါယာသမီးတွေ ဖြစ်နေတဲ့အခိုက် ခန္ဓာကိုယ် ချမ်းသာသေးရဲ့လား? *(မချမ်းသာပါဘုရား)*။ စိတ်တွေကြည်ကြည်လင်လင်ရှိသေးရဲ့လား? *(မရှိပါဘုရား)*။ နောက်ကျိကျိဖြစ်ပြီးတော့, ဟိုလူရန်လုပ်ချင်၊ ဒီလူ ရန်လုပ်ချင်၊ ဟိုသူလာပြောတာ အကောင်းမထင်၊ ဒီသူလာပြောတာ အကောင်းမထင်၊ စိတ်ထဲကို နောက်ပြီးတော့ ဘုရားရှိခိုးရမှာလေးတောင် မှန်မှန်ရှိမခိုးချင်တော့ဘူး၊ စိတ်တွေနောက်ကျိနေ၊ အဲဒါ ဒေါမနဿမီး. . . တဲ့နော်၊ *(မှန်ပါဘုရား)*။

အဲဒီလို လောကော-လူနတ်ပြဟ္မာ, သတ္တဝါဟု, သညာလှည့်လိမ်, ခန္ဓာအိမ်ကြီးကို၊ ဇရာယ မရဏေနစ-ဇရာ မရဏ, သဘာဝဟု, ထာဝရထန်သီး, တစ်ဆယ့်တစ်တန် သောမီးသည်၊ အာဒိတ္တော-နေ့ရောညဥ့်ပါ, အခါမပြတ်, အမြဲပင် တောက်လောင်အပ်လေ၏. . . ။

အခု တရားနာနေကြတဲ့ ဒကာဒကာမတွေ, ကိုယ့်မှာလောင်နေတဲ့ မီးကို လောင်မှန်းမသိကြပါ. . . လောင်မှန်းမသိကြပါ။ အဲဒီ လောင်မှန်းမသိတာကိုက မောဟမီးတဲ့ ဒကာကြီးဦးဝရဲ့၊ (မှန်ပါဘုရား)။ ကိုယ့်ခန္ဓာကိုယ် လောဘဖြစ်, ဒေါသဖြစ်, လောဘ ဒေါသဖြစ်တာဖြစ်မှန်း မသိဘူးဆိုတာ အဲဒါ မီးလောင်လို့ လောင်မှန်းမသိတာပါ. . . တဲ့၊ အရှင်ဘုရား တပည့်တော်တို့ အခု အရှင်ဘုရား တရားလာပြီးတော့ နာရင်းနဲ့ ဒီထဲထိုင်နေတာ ဘယ်လောဘမှမဖြစ်ပါဘူး၊ ဘယ်ဒေါသ, ဘယ်မောဟ ဘယ်မီးမှ မလောင်ပါဘူးဘုရား။ တပည့်တော်တို့ ဒီအချိန် မီးငြိမ်းနေတာ မဟုတ်လားလို့ မေးစရာရှိသည်၊ မငြိမ်းပါ. . . တဲ့၊ သဘာဝမီးကြီးက လောင်နေတယ်၊ ဇရာမီးလို့ခေါ်တဲ့ အိုခြင်းမီးက အမြဲတမ်းလောင်နေတယ်။

ဒကာကြီး ဦးဝရဲ့ခန္ဓာကိုယ် ဒီအချိန် အအိုရပ်နေလိမ့်မယ်လို့ ထင်သလား? *(မရပ်ပါဘုရား)*။ အအိုဆိုတာ ရင့်ရော်မှုနော်၊ *(မှန်ပါဘုရား)*။ ဆံပင်တွေ နဂိုမူတွေ ပျက်ပြီးသကာလ၊ တဖြေးဖြေး ဖြူလာမှု၊ သွားတွေကျိုးကုန်မှု၊ မျက်စိတွေမွဲကုန်မှု၊ ပါးရေတွေတွန့်ကုန်မှု၊ အသားအရေတွေ ငယ်မူငယ်သွေးတွေ ဖြူဖြူဝင်းဝင်းဆိုတာတွေ ပျောက်ပြီးတော့၊ နေလောင်ထားသလို ညိုညိုမည်းမည်းတွေ ဖြစ်လာမှုတွေ

http://www.dhammadownload.com



ဆိုတဲ့ ဇရာ၊ အဲဒီ ဇရာဟာ ရပ်နေတယ်ထင်သလား? *(မရပ်ပါဘုရား)*။ မရပ်ပါ၊ ဒိပ်နေတုန်းလည်း မရပ်ပါ၊ အခုတရားနာနေတုန်းလည်း မရပ်ပါ။

အခု ဒကာကြီး ဆံပင်တွေဖြူလို့ပါလား ရှေးနဲ့မတူတော့ပါလား၊ ဆံပင်တွေ က ဖြူလို့ဘယ်နဲ့ ဖြစ်တာတုန်း၊ ဇရာမီးလောင်တာဘုရား. . .၊ ဇရာမီးလောင် တာဗျနော်၊ (မှန်ပါဘုရား)။ သွားတွေကျိုးကုန်ပါပေါ့လား၊ ဟိုတုန်းကလို မာမာ ဘောက်တောက်ကလေးတောင်မှ မစားနိုင်တော့ပါလား၊ ဘယ့်နဲ့ ဖြစ်တာတုန်း ဇရာမီးလောင်တာဘုရား. . . ဇရာမီးလောင်လို့ သွားတွေလည်း ပြုတ်ပြုတ်ကျကုန်၊ ခုနက အိမ်ကြီးမီးလောင်တော့ အခြင်တွေ, ရနယ်တွေ, ဒိုင်းမျှားတွေ ပြတ်ပြတ် မကျဘူးလား ဒကာကြီး? (ပြတ်ပြတ်ကျပါဘုရား)။ သွားတွေတစ်ချောင်းပြီး တစ်ချောင်း ကျိုးကုန်, ပြုတ်ကုန် ဘာဖြစ်တာတုန်းဟာလို့ ဆိုတော့ ဇရာမီးလောင် တာဘုရား. . . ဇရာမီးနော်၊ (မှန်ပါဘုရား)။ မရဏမီးလောင်တယ်ဆိုတော့ အိမ်ပေါ်မှာတောင်ထားလို့ မရတော့၊ မရဏမီးလောင်လို့ သေတယ်ဆိုတော့ အိမ်ပေါ်တောင်ကြာကြာထားလို့ ရသေးရဲ့လား? (မရတော့ပါဘုရား)၊ လူထဲသူထဲ ထားမရလို့ သွားပြီးတော့ သုသာန်ပို့ကြရတယ်. . .၊ ဘာပြုလို့တုန်း မရဏမီး လောင်လို့ပါဘုရား။

ဇရာမီးတို့ မရဏမီးတို့က ထင်ထင်ရှားရှားလောင်တဲ့ မီး, မထင်မရှား လောင်တဲ့ မီး, နှစ်မျိုးရှိတယ် ဒကာကြီး ဦးဝရဲ့နော် (မှန်ပါဘုရား)။ ထင်ထင် ရှားရှားလောင်တဲ့ မီးဆိုတာကျတော့ ခုနက ပြောသလို ဆံပင်တွေ ဖြူကုန်ပြီ၊ သွားတွေကျိုးကုန်ပြီ၊ ပါးရေတွေတွန့်ကုန်ပြီ မျက်မြင်, မျက်မြင်၊ ဟာ-သေသွားသတဲ့ ဟေ-သုသာန်သွားပို့ရတယ်၊ ယောင်ကုန်ပြီ၊ ပုပ်ကုန်ပြီတဲ့ဆိုတော့ ဒါက ထင်ရှားတဲ့ မရဏမီး၊ ဇရာမီးခေါ်တယ်၊ (မှန်ပါဘုရား) အမြဲတမ်း ဥပါဒ်, ဌီ, ဘင်, မပြတ်ငင် ပြီးတော့ ရင့်ရော်ပြောင်းလဲနေမှု ကလေးတွေကလည်း အမြဲတန်းရှိသည်။ ဒကာ ဒကာမတွေရဲ့ ရုပ်နာမ်ခန္ဓာဆိုတဲ့ အိမ်ကြီးမှာ ဇရာမီး တငြိမ်းငြိမ်း အမြဲတမ်းလောင် နေသည်၊ မရဏမီးလို့ ခေါ်တဲ့ ရုပ်နာမ်ရဲ့ ဖြစ်ပျက်။ ပျက်ပျက်သွားတဲ့ မရဏမီးက လည်း အမြဲတမ်းလောင်နေသည်၊ (မှန်ပါဘုရား)။ အနိစ္စသဘောကို ပြောတာနော်၊ (မှန်ပါဘုရား)။

အနိစ္စသဘောက ခဏိက အနိစ္စ, သန္တတိ အနိစ္စ, သမ္မုတိ အနိစ္စ, ငုံ သုံးချက်ရှိတယ် ဒကာကြီးဦးဝရဲ့ (မှန်ပါဘုရား) သမ္မုတိ အနိစ္စလို့ဆိုတာ ကျတော့ သူက အများသိတယ်၊ မမြဲဘဲနဲ့ ပြောင်းလဲသွားတာ၊ သေသွားပြီ၊ အသက်သူဖြင့် သေသွားရှာပြီ အနိစ္စရောက်သွားရှာပြီဆိုတာ လူတိုင်းမသိဘူးလား? *(သိပါဘုရား)*။ လူတိုင်းက မပြောကြဘူးလား? (ပြောကြပါဘုရား)။ အဲဒါကို

http://www.dhammadownload.com



သမ္မုတိ အနိစ္စလို့ ခေါ်တယ်နော် (မှန်ပါဘုရား)။ သန္တတိ အနိစ္စ ဆိုတာကျတော့ ခန္ဓာကိုယ်ရုပ်အဆင်း ပြောင်းသွားတယ်, ဝ,နေတာက ပိန်သွား၊ ပိန်နေတာက ဝသွား၊ ညိုနေရာက ဖြူသွား၊ ဖြူနေရာက မည်းသွား၊ အဲဒီလို အစဉ်ပြောင်း သွားတာလေးကျတော့ သန္တတိ-အစဉ်၊ သန္တတိ အနိစ္စ၊ (မှန်ပါဘုရား)။

ဒေါသဖြစ်နေတဲ့ အခါ မျက်ထောက်ကြီးတွေများ နီပြီးတော့ မလာဘူး လား? (လာပါဘုရား)၊ မျက်နှာတွေ ရဲလို့နော်၊ (မှန်ပါဘုရား)။ စိတ်ကြည်သွားတဲ့ အခါကျတော့ မျက်နှာက အဲဒီ ဒေါသကြမ်းတမ်းကြီးတွေ ပျောက်သွားပြီးတော့ မျက်နှာထူထူအန်းအန်းကြီးတွေ ပျောက်သွားပြီးတော့ ပြုံးရွှင်တဲ့အသွင်မျိုး ပေါ်လာ တယ်၊ အဲဒါ သန္တတိ အနိစ္စလို့ခေါ်တယ်၊ (မှန်ပါဘုရား)။ နေပူထဲသွားတဲ့ အခါကျ တော့ အသားတွေနီစပ်ပြီး ချွေးတွေသံတွေ ထွက်လို့၊ နေရိပ်ထဲ ဝင်လိုက်တယ် အဲဒါတွေပျောက်သွား၊ ဟောဒါ သန္တတိ အနိစ္စခေါ်တယ်၊ ၊ (မှန်ပါဘုရား) ဝိပဿနာရှုတဲ့ နေရာမှာ အဲဒီသန္တတိ အနိစ္စမြင်လာရင်ပဲ လူစွမ်းကောင်း ဖြစ်လာ ပြီ. . . တဲ့ ဘုရားကနော်၊ (မှန်ပါဘုရား)၊ ခဏိက အနိစ္စကို မြင်အောင်ကြည့်ရမှာ၊ ကြည့်ရမှာတော့ သန္တတိ အနိစ္စမြင်ရင်ကိုတော်လှပြီ. . . တဲ့၊ (မှန်ပါဘုရား)။

ခဏိက အနိစ္စလို့ ဆိုတာကျတော့ ရုပ်နာမ်ဓမ္မတွေရဲ့ ပရမတ္ထသဘာဝ ပြောင်းလဲနေတာ. အဲဒါ ခဏိက အနိစ္စလို့ခေါ်တယ်၊ (မှန်ပါဘုရား)။ အဲသလို မရဏာလို့ဆိုတဲ့ မိုးကြီးကလည်း ခဏိက အနိစ္စအနေနဲ့ ဒကာကြီးဦးဝတို့ သန္တာန်မှာ, အမြဲတမ်း ဖြစ်ပျက်, ဖြစ်ပျက်နဲ့ အမြဲတမ်း ပြောင်းလဲပြီးတော့ အမြဲတမ်း လောင်မြိုက်နေပါတယ်. . . တဲ့ အမြဲတမ်း လောင်မြိုက်နေပါတယ်၊ (မှန်ပါ ဘုရား)။ ဘယ်အချိန်များ နားတုန်းဆိုတော့ ဘယ်အချိန်မှ မနားဘူးတဲ့၊ (မနားပါ ဘုရား)။ စားနေရင်းလည်း အိုဆဲပဲ ဒကာကြီး ဦးဝရဲ့နော်၊ (မှန်ပါဘုရား)။ သွားနေ ရင်လည်း အိုဆဲပဲနော်၊ (မှန်ပါဘုရား)။ အိပ်နေရင်းလည်း အိုဆဲပဲ မဟုတ်ဘူးလား? ဘယ်အချိန်နားတုန်း (ဘယ်အချိန်မှ မနားပါဘုရား) စားနေရင်းလည်း စားရင်းပဲ (အိုဆဲပါပဲဘုရား)။ အိုဆဲပဲနော် (မှန်ပါဘုရား)။ အမြဲအိုဆဲပါပဲ၊ သွားနေရင်းလည်း အိုဆဲပါပဲ၊ အိပ်နေရင်းလည်း အိုဆဲပါပဲ၊ အခု တရားနာနေရင်းလည်း အိုဆဲပါပဲ (အိုဆဲပါဘုရား)။

ဒီတော့ ခန္ဓာကိုယ်ရဲ့ အိုခြင်းတရားအနေနဲ့ ဖောက်ပြန်တဲ့ ရုပ်နာမ် ဖောက်ပြန်နေတာဟာ "စားနေရင်းလည်း, စားရင်းလည်း, အမြဲဖောက်ပြန်, ငါ့ရုပ်နာမ်" ဟောဒီလိုလေးများ ပြန်ပြီးတော့သုံးသပ်လိုက်လို့ရှိရင်၊ အနိစ္စလက္ခဏာ လည်းပေါ်လာ၊ မိုးလည်း ငြိမ်းပြီးသားဖြစ်တယ် ဒကာကြီးဦးဝ၊ (မှန်ပါဘုရား)။ မိုးငြိမ်းနိုင်တယ်ဆိုတာ အဲဒီ ဝိပဿနာနဲ့ ပြန်ပြီးတော့သုံးသပ်တဲ့အချိန်သည်

http://www.dhammadownload.com



မီးငြိမ်းတဲ့အချိန်. . . တဲ့ ဘုရားက နော်၊ (မှန်ပါဘုရား)။ ကိုင်း- ဒါဖြင့် သွား, ရပ်, ထိုင်လျောင်း, ဆိုတဲ့ ဣရိယာပုထ်လေးပါးနဲ့ ဒါလေး ဆိုကြည့်ကြရအောင်၊ ပရိသတ်နဲ့ လိုက်ပြီးတော့ နော် (မှန်ပါဘုရား)။ ကိုင်း-

❖ သွားနေရင်းလည်း, သွားရင်းလည်း၊ အမြဲဖောက်ပြန်, ငါ့ရုပ်နာမ်။
စားနေရင်းလည်း, စားရင်းလည်း, အမြဲဖောက်ပြန်, ငါ့ရုပ်နာမ်။
အိပ်နေရင်းလည်း, အိပ်ရင်းလည်း, အမြဲဖောက်ပြန်, ငါ့ရုပ်နာမ်။
ထိုင်နေရင်းလည်း, ထိုင်ရင်းလည်း, အမြဲဖောက်ပြန်, ငါ့ရုပ်နာမ်။

အဲဒီလို ရှုပါ. . . တဲ့ ဒီလင်္ကာလေးရွတ်ပြီးတော့ ကိုယ့်ခန္ဓာကိုယ် စိုက်ပြီးတော့ ဩော်. . . စားနေရင်းလည်း, ငါ့ခန္ဓာကိုယ် ရုပ်နာမ်တွေက အမြဲတမ်း ဖြစ်ပျက်, ဖြစ်ပျက်, ဖြစ်ပျက် ပြောင်းနေတာပါလား. . . လို့ ဉာဏ်ဦးလေးလှည့် လိုက်တဲ့ အချိန်က အဲဒါ အနိစ္စမြင်တဲ့အချိန် ဒကာကြီး ဦး၀၊ (မှန်ပါဘုရား)။ ပထမတော့ သန္တတိ အနိစ္စမြင်တယ်၊ နောက်တော့ ခဏိက အနိစ္စလေးက, သူ့ဘာ သူ ဉာဏ်ထဲပေါ်ပေါ်ပေါ်လာလိမ့်မယ်၊ အစကတော့ မဖမ်းမိသလိုပေါ့ဗျာ၊ သမာဓိအားလေး မမိသလိုဖြစ်မယ်၊ သမာဓိအားနည်းတုန်းတော့ အဲဒီလို ဖြစ်မှာ ပေါ့၊ (မှန်ပါဘုရား)။ အဲဒီဘက်ကနေ သမာဓိတက်လာလို့ ရှုပါများလာတဲ့ အခါကျ တော့ အချိန်လေးထားပြီးတော့ အလုပ် လုပ်လာတယ် ဆိုတဲ့အခါကျတော့ အဲဒီ ခဏိက အနိစ္စလေးတွေ. . ., ပြောင်းလဲပုံလေးတွေ ပေါ်လာလိမ့်မယ်။

ဉူးဇင်း ပါးစပ်ထဲ ချပေးလိုက်တယ်ဆိုတာ ပရိယတ္တိသာသနာလို့ ခေါ်တယ် ဒကာကြီးဦး၀၊ (မှန်ပါဘုရား)။ ပရိယတ္တိသာသနာ, ပဋိပတ္တိသာသနာ, ပဋိဝေဓ သာသနာလို့ကြားဖူးတယ် မဟုတ်လား? (ကြားဖူးပါဘုရား)။ ပရိယတ္တိဆိုတာ- သင်အံတာ, ပို့ချတာ, ဟောပြောတာ, နာယူတာကို ပရိယတ္တိသာသနာလို့ခေါ် တယ်၊ (မှန်ပါဘုရား)။ သာသနာဆိုတာ ဘုရားအဆုံးအမ၊ ပရိယတ္တိဆိုတာ သင်ယူ တယ် နာယူတယ် မှတ်သားတယ်၊ အခု သင်နေတာ ဒကာဒကာမတွေက လိုက်ဆို တာ အဲဒါ ပရိယတ္တိသာသနာ ဒကာမတွေသန္တန်ပို့ပေးနေတာ၊ (မှန်ပါဘုရား)။ ဒကာဒကာမတွေက လိုက်ဆိုနေတယ်၊ အဲဒီ ပရိယတ္တိသာသနာ ကျောင်းသွားပြီး တော့ စာအုပ်ကြီးတွေနဲ့တက်မှ ပရိယတ္တိသာသနာ မဟုတ်ဘူး ဒကာကြီးဦး၀ရဲ့၊ (မှန်ပါဘုရား)။

ဒကာဒကာမတွေအတွက် ဉူးဇင်းတို့က ဟို မိဝေးဖဝေး အစားဆင်းရဲ အနေဆင်းရဲခံပြီးတော့ ဉူးဇင်းတို့က စားပေသင်ကြားပြီးတော့ ပရိယတ္တိလေ့လာ ကြရတယ်၊ လေ့လာပြီးတော့ ဒကာဒကာမတွေက ပစ္စည်းလေးပါးနဲ့ ထောက်ပံ့ နေတာ၊ ဉူးဇင်းတို့က ဒကာဒကာမတွေကို ပရိယတ္တိသာသနာ ပဋိပတ္တိသာသနာ

http://www.dhammadownload.com



ပြန်ပေးရတယ် မဟုတ်လား? (မှန်ပါဘုရား)။ အခု သင်နေတာ ပရိယတ္တိသာသနာ၊ အဲဒီ ပရိယတ္တိသာသနာ လက်ာလေး ရပြီးတော့, အိမ်မှာအချိန် မှန်ထားပြီးတော့ ဒီလက်ာလေး ရွတ်လို့ပဲဖြစ်ဖြစ်, သို့မဟုတ် တနည်းနည်းနဲ့ဖြစ်ဖြစ် ကျင့်ကြံနေပြီ, အနိစ္စလက္ခဏာ မြင်အောင်ကြိုးစားနေပြီ. . . လို့ ဆိုတော့ အဲဒါ ကျင့်နေတာ မဟုတ်ဘူးလား? (*ကျင့်နေတာပါဘုရား*)။ ဘုရားအဆုံးအမကို လိုက်နာသောအား ဖြင့် ကျင့်နေတာမို့လို့ ကိုယ့်မှာ ပဋိပတ္တိသာသနာ ရောက်ပြီ၊ (*မှန်ပါဘုရား*)။ အဲဒါ လေး ရွတ်ပြီးတော့ စိတ်ထဲကလည်းပဲ ဒီထဲမှာ, ခန္ဓာကိုယ်ထဲ လှည့်ထားပြီးတော့ ဉာဏ်က စူးစိုက်နေတယ်၊ ဉာဏ်လေးနဲ့ လှည့်ထားတယ်ဆိုရင် ဒါက ကိုယ့်ကိုယ်ကို အနိစ္စ, ဒုက္ခ, အနတ္တ, ရှုရာမရောက်ဘူးလား? (*ရောက်ပါဘုရား*)။ ဝိပဿနာ ရှုရာ မရောက်ဘူးလား? (*ရောက်ပါဘုရား*)။ အဲဒါ မီးငြိမ်းနေတဲ့အချိန်. . . တဲ့၊ ခန္ဓာကိုယ်မှာလောင်နေတဲ့ မီးကို မီးအတိုင်းပြန်ရှုနေတဲ့ အချိန်။ (*မှန်ပါဘုရား*)။

အဲဒီလို ခန္ဓာအိမ်ကြီးကို မီးလောင်နေတဲ့ကြားထဲက. . . တဲ့ ခုနက အရှင် ပစ္စေကဗုဒ္ဓါအရှင်မြတ်ကြီးက မင်း မိဖုရားတို့ကို တရားဟောနေ့တာနော်၊ (*မှန်ပါဘုရား*)။ အဲဒီလို လောင်နေတဲ့ လူနတ်ပြဟ္မာ, သတ္တဝါဟု, သညာလှည့်လိမ်နေတဲ့ ခန္ဓာအိမ်ကြီးကို. . . အဲဒီလိုဆိုအပ်ခဲ့တဲ့ ရာဂမီး, ဒေါသမီး အစရှိတဲ့ တစ်ဆယ့် တစ်တန်သောမီးတွေ အမြဲတမ်း လောင်နေပါတယ်၊ အဲဒီလောင်နေတဲ့မီးတွေ ကြားထဲက ခုနက အိမ်ရှင်ဟာ ရမိရရာပစ္စည်းဆွဲလိုက်ရင် အဲဒီလက်ထဲပါလာတဲ့ ပစ္စည်းကိုယ်ပိုင်ပစ္စည်းဖြစ်သလို၊ အားလုံးသော အခုတရားနာနေကြတဲ့ ဒကာ ဒကာမတွေရဲ့ ခန္ဓာအိမ်ကြီး တစ်ဆယ့်တစ်တန်သောမီးကဖြင့် အမြဲတမ်း လောင် နေပါတယ်၊ အဲဒီလောင်နေတဲ့ကြားထဲက ဇရာမီး, မရဏမီးတွေ ညီးညီးလောင် နေတဲ့ကြားထဲက စွန့်ကြဲပေးကမ်း လှူဒါန်းမှုဆိုတဲ့ ဒါနကုသိုလ်တွေကို တတ်စွမ်း သမျှပြု၊ အဲဒါ ကိုယ်ပိုင်ဥစ္စာ ဆွဲတာပဲ၊ (*မှန်ပါဘုရား*)။ မီးထဲဝင်ဆွဲတာနော် ဒကာကြီး ဦး၀၊ (*မှန်ပါဘုရား*)။

ငါးပါးသီလ လုံလုံခြုံခြုံ ထိန်းသိမ်း၊ ရှစ်ရက်သီတင်း, လပြည့်, လကွယ် ဥပုသ်များ ထွက်စောင့်လို့ဆိုတာ အဲဒါ သီလတည်းဟူသောဥစ္စာ အရဆွဲနေတာ၊ (*မှန်ပါဘုရား*)။ ခုနက ပြောခဲ့သလို အနိစ္စလက္ခဏာ, သမထ ဝိပဿနာဘာဝနာ လုပ်ငန်းတစ်ခုခု ကြိုးပမ်းနေတယ်လို့ဆိုတော့ ဘာဝနာကုသိုလ်တည်းဟူသော ဥစ္စာ ဆွဲနေတာ၊ (*မှန်ပါဘုရား*)။ လှူလိုက်တန်းလိုက် ပေးလိုက်ကမ်းလိုက်နိုင် သမျှသည် ကိုယ့်ဖို့ဥစ္စာ၊ ကိုယ်ပိုင်ဥစ္စာရဖို့ရာ ဝင်ပြီးတော့ ဆွဲလိုက်တာ၊ (*မှန်ပါ ဘုရား*)။ "ခန္ဓာအိမ်ကြီး, ဆယ့်တစ်မီး, ညီးညီးလောင်မစဲ"နော်၊ (*မှန်ပါဘုရား*)။ "ကိုယ်ပိုင်ဥစ္စာ, ရစိမ့်ငှါ, လောင်ရာ ဝင်၍ဆွဲ"။ ဟော-ဒါလေးကလည်း ဒီဂါထာရဲ့ အကျဉ်းချုပ် အဆုံးအမလေးနော်၊ (*မှန်ပါဘုရား*)။ ကိုင်း-လိုက်ဆိုကြအုံးစို့ ဒါလေး-

http://www.dhammadownload.com



❖ ခန္ဓာအိမ်ကြီး, ဆယ့်တစ်မီး, ညီးညီးလောင်မစဲ။
ကိုယ်ပိုင်ဥစ္စာ, ရစိမ့်ငှါ, လောင်ရာ ဝင်၍ဆွဲ။

ဒါလေးက သံဝေဂခေါ်တယ်၊ (*မှန်ပါဘုရား*)။ သံဝေဂလေးရပြီးတော့ ဒီလင်္ကာလေး ရွတ်လိုက်တယ်ဆိုရင်ပဲ၊ သို့မဟုတ် ဒီတရားသံလေးကြားလိုက်တယ်ဆိုရင်ပဲ၊ ဩော်. . . ငါ့ ခန္ဓာကြီး. . . ဟုတ်သားပဲ၊ မီးလောင်နေတာပါလား. . . မီးလောင်နေတာပါလား၊ ဒီမီးလောင်တဲ့ကြားထဲက, ငါ ရသမျှဆွဲလိုက်တဲ့ဥစ္စာ, ကိုယ်ပိုင်ဥစ္စာ ဖြစ်လိမ်မယ်၊ ဒီတော့-သားရေး သမီးရေး, ဆွေရေးမျိုးရေး, ရပ်ရေးရွာရေးတွေနဲ့ ငါ အချိန်ကုန်ခံလို့ မတော်ဘူး။ ဒါတွေနဲ့ချည့် ငါ အချိန်ကုန်နေလို့ မဖြစ်ဘူး၊ လှူလို့ တန်းလို့, ပေးလို့ ကမ်းလို့, သီလထိန်းသိမ်းလို့, သမထဝိပဿနာ ဘာဝနာအလုပ်တွေ ငါ တတ်စွမ်းသမျှ ကြိုးပမ်းအုံးမှပဲ. . . အဲဒီလို ကြိုးပမ်းလိုက်တာသည်ပင်လျှင်, ငါ့ဖို့ ကိုယ်ပိုင်ဥစ္စာဆွဲရာရောက်မယ်. . ၊ မလှူမတန်း, မပေးမကမ်း, သီလမဆောက်တည်ဘဲနဲ့ နေလိုက်တော့ မီးထဲပါ မသွားဘူးလား? (*ပါကုန်တာပါဘုရား*)။ တကယ်တမ်းလောင်တဲ့ အိမ်ကြီးမှာ မရလိုက်တဲ့ပစ္စည်းဟာ တန်ဖိုးကြီးတာ တန်ဖိုးနည်းတာ အသာထား၊ ဆွဲလိုက်တဲ့ ပစ္စည်း ကိုယ်ပိုင်နော်၊ (*မှန်ပါဘုရား*)။ မဆွဲလိုက်နိုင်တဲ့ ရွှေငွေ ကျောက်သံ ပတ္တမြားပင် ဖြစ်ပါစေ, မီးလောင်ခံသွားရရင် ကိုယ်ပိုင်ဟုတ်ပါ့မလား? (*မဟုတ်ပါဘုရား*)။

ဒါဖြင့် တတ်နိုင်သမျှ လှူနိုင်တန်းနိုင်, ပေးနိုင်ကမ်းနိုင် လုပ်လိုက်သမျှသည်. . . ကိုယ်ပိုင်ဥစ္စာ ဆွဲရာရောက်၏။ မလှူရက်မတန်းရက်, မပေးရက်မကမ်းရက် သိမ်းဆည်းထားတဲ့ ပစ္စည်းတွေမှန်သမျှ ကိုယ်ပိုင်ဥစ္စာ ဟုတ်ပါ့မလား? (*မဟုတ်ပါဘုရား*)။ သိမ်းထားတဲ့ပစ္စည်းတွေ တပွေ့ပွေ့နဲ့, မလှူရက် မတန်းရက်, မဝေရက် မခြမ်းရက်၊ ရှိနေပါလျှက်သားနဲ့ သိမ်းတာပြောတာနော်၊ (*မှန်ပါဘုရား*)။ အရင်းအနှီးအနေနဲ့ထားတာ ဘုန်းကြီးတို့ဘုရားက ထုတ်လှူရမယ်လို့ မဆိုပါဘူး၊ (*မှန်ပါဘုရား*)။ ဘုရားရှင်က လှူနည်းတန်းနည်း ပြောတဲ့နေရာမှာ ကိုယ့်ရှိတဲ့ပစ္စည်းလေးပုံ ပုံလိုက်ပါ. . . တဲ့။

* စတုဓာ ဝိဘဇေ ဘောဂေ, ပဏ္ဍိတော ယရမာဝသံ၊
ဧကေန ဘောဂေ ဘုဉ္ဇေယျ, ဒွီဟိ ကမ္မံ ပယောဇယေ။
စတုတ္ထဉ္စ နိဓာပေယျ, အာပဒါသု ဘဝိဿတိ။. . . တဲ့။

တစ်ကျပ်ရှိတယ်ဆိုရင် တမတ်စီ လေးပုံ,ပုံလိုက်တဲ့၊ လေးပုံ, ပုံပြီးတော့ တမတ်က စားပါတဲ့ မှာခဲ့ပါတယ် ကိုယ်တိုင်၊ အဲ-နှစ်မတ်လို့ဆိုတဲ့ ငါးမူးကတော့ဖြင့် အရင်းအနှီးထူထောင်ဖို့ ထားပါတဲ့၊ ကိုယ့်အလုပ်အတွက်နော်၊ (*မှန်ပါဘုရား*)။ အဲ-နောက်ဆုံးဖြစ်တဲ့ တစ်မတ်ကတော့ "စတုတ္ထဉ္စ နိဓာပေယျ, အာပဒါသု

* ဒံ-၅-၃၊ ၂၃၉။ ဒီ-၅-၁၊ ၂၀၇

http://www.dhammadownload.com



ဘဝိဿတိ"-လေးခုမြောက်အဖို့ကိုတော့ဖြင့် မြှုပ်နှံထားပါ. . . တဲ့၊ ဘာပြုလို့ တုန်းဆိုတော့ ဘေးရန်အန္တရာယ်ပေါ်လာနိုင်တယ်လေ၊ အဲဒီကျတော့ ထုတ်သုံးဖို့ မီးလောင်သွားတယ်ဆိုရင် အခုထုတ်သုံးဖို့၊ အဲ နေမကောင်းထိုင်မကောင်း ဖြစ်တယ်ဆိုရင် ထုတ်သုံးဖို့ပေါ့၊ (*မှန်ပါဘုရား*)။ ဒီတော့-အခုလို ဘုရားက နည်းပေးလိုက်တဲ့နေရာမှာ လှူဖို့တန်းဖို့ အဖို့မပါပါလားဆိုတော့၊ အို-လှူဖို့တန်းဖို့ဆိုကာ စားတဲ့သောက်တဲ့အထဲက ပိုတာလှူပါ. . . တဲ့၊ (မှန်ပါဘုရား)။ ဘုရားက လှူဖို့တန်းဖို့ကို သက်သက် ခွဲလှူရမယ်လို့ မပြောပါဘူး၊ စားတဲ့သောက်တဲ့အထဲက ပိုတာ လျှံတာကို လှူရမှာ မဟုတ်လား? (*မှန်ပါဘုရား*)။

ဒီတော့-ဘုရားတရားတော်နဲ့လည်း လိုက်လျောညီထွေစွာ ကိုယ်စားနေတဲ့, သောက်နေတဲ့ထဲက, ကိုယ့်စားမယ့်သုံးမယ့်အထဲက ဒီနေ့ ပစ္စည်းတွေ ပိုလာတယ်ဆိုရင် အဝတ်တွေ တိုးပြီးတော့ဝတ်လိုက်မယ့်အစား၊ အစားတွေ တိုးပြီးတော့ စားပြီးတော့ ငါးဖြာအာရုံကာမဂုဏ်တွေ ပိုပြီးတော့ခံစားလိုက်မဲ့အစား၊ ဟာ-ငါ့ဖို့ပါအောင် လှူလိုက်အုံးမှပဲ၊ တန်းလိုက်အုံးမှပဲ၊ ဟော-ဒါ ကိုယ်ပိုင်ယူတာ မဟုတ်လား? (*ကိုယ်ပိုင်ယူတာပါဘုရား*)။

အဲဒီလို မီးထဲဝင်ပြီးတော့ ဆွဲလိုက်သမျှပစ္စည်းသည်သာလျှင်, ကိုယ်ပိုင်ဥစ္စာဖြစ်သလို. . . အဲသလို အခု ဥးဇင်းတို့ ကြွလာလို့ လှူကြတန်းကြ လောင်းကြ၊ လှူကြမယ်ဆိုတာ သံဃိကဒါန မစစ်ဘူးလား? (*စစ်ပါတယ်ဘုရား*)။ဒီကြွလာတဲ့ သံဃာတွေထဲမှာ ဘယ်သူမှ ဟုတ်တိပတ်တိ သူဟာ ငါတို့ရဲ့ ဥးဇင်း, သူဟာ တို့မောင်, တို့သား, တို့ဆွေ တို့မျိုးလို့ သံယောဇဉ်တွယ်စရာ တစ်ပါးမှ မပါဘူး မဟုတ်လား? (*မပါပါဘုရား*)။ သံဃိကစစ်လိုက်တာမှ နော်၊ (*မှန်ပါဘုရား*)။ ရှင်းလိုက်တာ အဲဒီလို လောင်းကြ လှူကြ, ဆွမ်းကပ်ကြ အဖျော်ယမကာတွေ ဆက်ကပ်လှူဒါန်းကြခြင်းဖြင့် ကိုယ်ပိုင်ဥစ္စာတွေ ဆွဲယူလိုက်ကြတယ်. . . ။(*မှန်ပါဘုရား*)။

နေ့စဉ်နေ့စဉ်လည်းပဲ အမြဲတမ်း ဒီပတ်ဝန်းကျင်မှာရှိနေတဲ့ ဥးဇင်းတို့နဲ့ တန်းတူ, ဘုရားသားတော်တွေဖြစ်ကြတဲ့ သံဃာတော် ရဟန်းတော်တွေဒီမှာ မရှိကြဘူးလား? (*ရှိကြပါဘုရား*)။ အဲဒီ သံဃာတော် ရဟန်းတော် ကျေးဇူးရှင် ဆရာသမားတွေနဲ့ ဒကာ ဒကာမတွေ အမြဲတမ်းထောက်ပံ့လှူဒါန်းနေကြရတဲ့ ကြားထဲက, ဥးဇင်းတို့တတွေကို အခုလိုပင့်ပြီးတော့ လှူကြတန်းကြ ထောက်ပံ့ကြတယ်ဆိုတော့ ဥးဇင်းတို့တစ်တွေအနေနဲ့ကလည်း အခု အမှန်ကတော့-ဒီနယ်မှာရှိနေတဲ့ ဆရာတော် သံဃာတော်တွေ အကိုကြီးတွေဆီ လာပြီးတော့ ညီလေးတွေက ရိက္ခာလာ မျှတောင်းတာ ဒကာကြီး ဦးဝရဲ့နော်၊ (*မှန်ပါဘုရား*)။ အကိုကြီးတွေမှာ ပြည့်စုံနေတယ်ကြားလို့ ကျုပ်တို့လည်း နည်းနည်းမျှပါအုံးလို့ လာတောင်း

http://www.dhammadownload.com



တာပါ, အမှန်ကတော့နော်၊(*မှန်ပါဘုရား*)။ အဲဒါကို ဒီနေ့ သံယိကကပစ္စည်း, သံယိကမြောက်အောင် လှူလိုက်တန်းလိုက်ကြတယ်ဆိုတော့ အဲဒါ ကိုယ်ပိုင်ဥစ္စာ ဆွဲယူကြတယ်. . . လို့ ဆိုရတယ်၊ ကိုယ်ပိုင်ဥစ္စာ ရကြအောင် ယူကြတာပဲနော်၊ (*မှန်ပါဘုရား*)။

လောကော-လူနတ်ပြဟ္မာ, သတ္တဝါဟု, သညာလှည့်လိမ်, ခန္ဓာ အိမ်ကြီး ကို၊ ဇရာယ မရဏေန စ-ဇရာ မရဏ, သဘာဝဟု, ထာဝရထန်သီး, တစ်ဆယ့် တစ်တန်သောမီးသည်၊ အာဒိတ္တော-နေ့ရောညဉ့်ပါ, အခါမပြတ်, အမြဲပင် တောက် လောင်အပ်လေ၏၊ တတ္ထ-သို့ကလိုပင်, မီးလောင်စဉ်၌၊ ပုညေန-ဒါနသီလာ, ဘာဝနာဟု, ကုသိုလ်စုဖြင့်၊ နီဟရေထေဝ-ကိုယ်ပိုင်ဥစ္စာ, ရစိမ့်ငှါဟု, လွှန်စွာကြိုး ကုတ်, ထုတ်ယူလိုက်ကုန်ရာ၏၊ ကတံ-ကိုယ်တိုင်ပေါင်းစု, ပြုထားအပ်သမျှ, ကုသိုလ် ကောင်းမှု, အဝဝသည်သာ၊ သုနီဟဲတံ ဟောတိ-အရိပ်ပမာ, သွားရာပါ၍, ချမ်းသာ ကို ဆောင်တတ်သဖြင့်, ကောင်းမြတ်လေတော့သတည်း. . .။

သာဓု. . . သာဓု. . . သာဓုပါဘုရား. . .။

အဲဒီလို မင်းမိဖုရားနှစ်ပါးအမှူးထားတဲ့ နန်းတော်သူ နန်းတော်သား တွေကို အကြီးဆုံး အရှင်ပစ္စေကဗုဒ္ဓါ အရှင်မြတ်က အနုမောဒနာတရား ဟောတော်မူပြီးသကာလ အရှင်ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကြီးက မင်း မိဖုရား, နန်းတော်သူ နန်းတော်သားတွေ ဟောနေတာနော်၊ (*မှန်ပါဘုရား*)။ အဲဒီလိုနဲ့ အရှင်ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကြီးက မီးလောင်တဲ့အကြောင်းနဲ့ မီးလောင်နေတဲ့ ခန္ဓာကြီးထဲက ရသမျှ ဆွဲယူလိုက်ကြ. . . လို့ ဟောတော်မူပြီးသကာလ၊ ဂန္ဓမာ ဒနတောင် ပြန်ပြီးတော့ ကြွကြ။ အဲဒီ မင်းမိဖုရားနှစ်ပါးလည်း အဲဒီနေ့က စပြီး သကာလ သတိသံဝေဂတွေရ, ပါရမီကုသိုလ်တွေ တိုးပြီးတော့ဖြည့်ကျင့်လို့ နောက်ဆုံး ယခုအချိန်မှာတော့ အာသဝေါကုန်ခမ်းတဲ့ ရဟန္တာအရှင်မြတ် ယောက်ျား၊ ရဟန္တာအရှင်မြတ် မိန်းမအဖြစ်နဲ့ ပရိနိဗ္ဗာန်စံဝင်တော်မူကြလေပြီ၊ မီးငြိမ်းသွားကြပြီးပေါ့နော်၊ (*မှန်ပါဘုရား*)။

ဉုးဇင်းတို့ တရားနာပရိသတ် သူတော်ကောင်း အပေါင်းတို့ကလည်း ဩော်. . . ခန္ဓာအိမ်ကြီး မီးလောင်နေတာ ဟုတ်ပေတာပဲ. . . တို့က မသိပေ မဲ့လို့ သူကတော့ လောင်မြဲပဲ၊ အဲဒီ ခန္ဓာအိမ်ကြီးထဲက တို့ဒါန, သီလ, ဘာဝနာ ကုသိုလ်တွေ ပြုပြီးသကာလ ကိုယ်ပိုင်ဥစ္စာတွေကို ရဖို့ရာ အမြဲတမ်း ကြိုးပမ်း အားထုတ်ပြီးတော့ ယူမှပဲ. . . လို့၊ ဒီအဆုံးအမ ဒီအဓိဋ္ဌာန်ချက်ချကြဖို့ရာ ဒီဝတ္ထု သာဓကနဲ့ ဒီအဆုံးမလေး ဉုးဇင်းပေးရပါတယ်နော်၊ (*မှန်ပါဘုရား*)။ ဒါကြောင့် သိမ်းကြစို့ရဲ့ ဒကာကြီး ဦးဝ တစ်နာရီ ရှိသွားပြီနော်၊ (*မှန်ပါဘုရား*)။

http://www.dhammadownload.com



ဒါကြောင့် ယနေ့ည တရားတော်ကို နာကြရတဲ့ ဓမ္မဿဝန ကုသိုလ်စေတနာ၊ ယနေ့ ညနေကာလ၊ နက်ဖြန်ခါကာလ၌ ကြွရောက်လာသော သံဃာတော်အရှင်မြတ်တို့အား အဖျော်ယမကာ အစရှိသည်တို့ဖြင့် ဆက်ကပ်လှူဒါန်းကြခြင်း၊ အရုဏ်ဆွမ်းတို့ဖြင့် ဆက်ကပ်လှူဒါန်းကြခြင်း၊ သံဃိကဒါနရည်မှန်း၍ ကြွရောက်လာသော သံဃာတော်တို့မှတဆင့် အရမရပူရ မဟာဂန္ဓာရုံတိုက်ဝယ် ကျန်ရစ်ခဲ့ကြကုန်သော သံဃာတော်လေးရာကျော်တို့ ပရိယတ်, ပဋိပတ် လုပ်ငန်းကြီးပမ်း အားထုတ်ရာ၌ အထောက်အပံ့ ဖြစ်စိမ့်သောငှါ၊ ရည်မှန်း၍ ဆွမ်းဆန်အစရှိသော ပစ္စည်းတို့ဖြင့် လှူဒါန်းကြရခြင်းဆိုတဲ့ သံဃိကဒါန ကုသိုလ်စေတနာများမြတ်ပေါင်းစု ဤကုသိုလ် ဤစေတနာ အစုစုတို့ကြောင့် ကစ်ဆယ့်တစ်သီးသော မီးတို့ အမြဲတမ်း တညီးညီးလောင်နေသော ဤခန္ဓာအိမ်ကြီးထဲက ကိုယ်ပိုင်ဥစ္စာဖြစ်သော ဒါနသီလဘာဝနာ ကုသိုလ်တရားတို့ကို များများကြီးရအောင် ဆွဲယူနိုင်တဲ့ အသိဉာဏ်ပိုင်ရှင် အမျိုးသား အမျိုးသမီးတွေ ဖြစ်ကြပြီးလျှင်၊ များများကြီး ရယူနိုင်တဲ့ အမျိုးကောင်းသား အမျိုးသမီးများ ဖြစ်ကြကုန်လျက်၊ ဒုက္ခခပ်သိမ်း မီးဆယ့်တစ်တန်တို့ရဲ့ ငြိမ်းရာ, အေးရာ အသင်္ခတဓာတ် နိဗ္ဗာန်တရားတော်မြတ်ကို, လျှင်မြန်ဆောစွာ ရကြရ, ရောက်ကြရပါလိုကုန်သောဟူ၍, ပတ္ထနာအောင်ဆုပြုကြကုန်ရာသတည်း. . . ။

သာဓု. . . သာဓု. . . သာဓုပါဘုရား. . . ။

http://www.dhammadownload.com

# *အယောယရက္ခမာရဇာတ်
# ဘိလူးရန်ဘေး လွတ်အောင်ပြေးတရားတော်

ယနေ့ မြန်မာကောဇာသက္ကရာဇ်-၁၃၅၀-ပြည့်ခုနှစ်၊ ကဆုန်လပြည့်ကျော်(၅)ရက်နေ့၊ ခရစ်နှစ် ၁၉၉၀-ခု မေလ(၅)ရက် ကြာသပတေးနေ့မှာ၊ အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်ရှိ ပရိယတ်, ပဋိပတ် သာသနာ့တာဝန်ထမ်းဆောင်နေကြသော ဘုရားသားတော်သံဃာတော် ငါးရာကျော်တို့ မျက်မှောက်သို့ လာရောက်ပြီးတော့ ကုသိုလ်ကောင်းမှုများ လာပြုကြတဲ့ ကုသိုလ်ရှင်များက၊ မိတ္ထီလာမြို့ မြင်းခြံကားဂိတ်မှာ နေထိုင်ကြသော အလှူ့ဒါယကာဒကာဦးခင်မောင်ထွေး, အလှူ့ဒါယိကာ ဒကာမဒေါ်နုငွေးတို့ မိသားစုဖြစ်ကြပါတယ်။

အဲဒီ အလှူ့ဒါယကာ ရဟန်းဒါယကာ ဦးခင်မောင်ထွေးနဲ့ အလှူ့ဒါယိကာမ ရဟန်းဒါယိကာမ ဒကာမဒေါ်နုငွေး မိသားစုတို့က နှစ်ဘက်သော မိခင်ဖခင်ကျေးဇူး ရှင်တို့ကိုလည်း အသက်ထင်ရှားမရှိတဲ့ မိဘတွေကိုရည်စူးပေါ့၊ အသက်ထင်ရှားရှိတဲ့ မိဘတွေကိုရှေ့ဦးတင်၊ ထို့မှတစ်ပါး ဦးကြီး ဦးလေး၊ ဒေါ်ကြီး ဒေါ်လေး, အကို အမ အစရှိတဲ့ မိမိတို့ရဲ့ အမျှတင်ထိုက်တဲ့, အမျှထားထိုက်တဲ့ ကျေးဇူးရှင်တွေကိုလည်း အမျှတင်ပြီးတော့၊ ယနေ့ အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်သို့ လာရောက်ပြီးတော့ မိမိတို့ရဲ့ အကိုဖြစ်သူ ရဟန်းလောင်း အမျိုးကောင်းသား တစ်ယောက်ကိုလည်းပဲ သင်္ကန်း, သပိတ်ပရိက္ခရာ တန်ဆာဆင်ပြီးတော့ ရဟန်းဘောင်ရောက် သွတ်သွင်းချီမြှောက်တဲ့ ဥပသမ္ပဒကံဆောင် မင်္ဂလာ တစ်ရပ်။

ထို့မှတစ်ပါး မိမိတို့ရဲ့ ရင်နှစ်သည်းချာ သားရတနာလေး သုံးယောက်တို့ကိုလည်းကောင်း၊ မိမိတို့ ရင်မှဆက်နွယ်ပေါက်ဖွားတဲ့ တူရတနာ အမျိုးကောင်းသား ငါးယောက်တို့ကိုလည်းကောင်း၊ ဤသို့အားဖြင့် သားရတနာ သုံးယောက်နှင့်, တူရတနာ ငါးယောက် အမျိုးကောင်းသားလေး ရှစ်ယောက်တို့ရဲ့ ကိုယ်ပေါ်မှာ ဘုရားရှင်ကိုယ်တော်မြတ်ကြီးတို့ရဲ့ အဆင်တန်ဆာဖြစ်တဲ့ သင်္ကန်း,ခါးပန်း အစရှိတဲ့ တန်ဆာများ တန်ဆာဆင်ပြီးတော့ ရှင်သာမဏေဘောင်ရောက် သွတ်သွင်းချီမြှောက်တဲ့ ပဗ္ဗဇ္ဇမင်္ဂလာ၊ အဲဒီလိုအားဖြင့် ရဟန်းခံရှင်ပြု မင်္ဂလာနှစ်ခုကို လာရောက်ပြီးတော့ ပြုလုပ်ကြခြင်းဖြစ်ပါတယ်။ အဲဒီလို ရဟန်းခံရှင်ပြု မင်္ဂလာနှစ်ခုကို မိမိတို့နေထိုင်ရာ မိတ္ထီလာမြို့ကနေပြီးတော့ အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက် လာရောက်ပြုလုပ်ရင်း ဗုဒ္ဓမြတ်စွာ သာသနာတော်ကိုလည်း တတ်စွမ်းသမျှ ပူဇော်

http://www.dhammadownload.com



အုံးမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဂန္ဓာရုံကျောင်းတိုက်ရှိ သံဃာတော်ငါးရာကျော်တို့အား နံနက်ဆွမ်းအဖြစ်ဖြင့် ထပ်တစ်ရာဆွမ်း, ပဲအာလူးဆွမ်း, လက်ဖက်ရည်, ကော်ဖီဆွမ်းများဖြင့်လည်းပဲ သံဃိကဒါန နိဗ္ဗာန်ရည်မှန်း လှူဒါန်းဆက်ကပ်ကြပါတယ်။

နေ့လယ် အချိန်မှာလည်းပဲ မွန်မြတ်သော ဆွမ်း ခဲဖွယ်ဘောဇဉ် ချိုချဉ်အရသာတို့ဖြင့် နေ့ဆွမ်းအဖြစ်ဖြင့် လောင်းလှူဆက်ကပ်ကြပါတယ်။ ဒီတော့ သံဃာတော် မနက်ငါးရာကျော်၊ နေ့ငါးကျော်အားဖြင့် သံဃာတစ်ထောင်ကျော်ကို ဒီနေ့ ဒကာဦးခင်မောင်ထွေးတို့ ဒေါ်နုဌေးတို့ တစ်ကြိမ်တည်း တစ်ပြိုင်နက်တည်း တစ်ရက်တည်း ဒါ-လောင်းလှူဆက်ကပ်ရတယ်၊ ဒါ-ဘာအကြောင်းပြုတာတုန်း ဆိုတော့ ခုနက အကိုရဲ့ ရဟန်းခံပေးမှု, သားရတနာသုံးဦးနဲ့ တူရတနာငါးဦးတို့ရဲ့ ရှင်ပြုမင်္ဂလာ ဒီနှစ်ခုကို အကြောင်းပြုပြီးတော့ အခုဘုရားသားတော်သံဃာတော်များစွာကို ဆွမ်းလောင်းရ, ဆွမ်းကပ်ရတဲ့ နှစ်ထပ်သောဆွမ်းတို့ဖြင့် ကပ်ရတဲ့ ကုသိုလ်ကောင်းမှု ဖြစ်ကြပါတယ်။

အဲ ထိုမှတစ်ပါး မိမိတို့ရည်မှန်းထားတဲ့အတိုင်း သက်န်းဒွိစုံ(၁)စုံ တို့ကိုလည်းကောင်း၊ ကတ္တီပါယပ်တောင်(၁)ချောင်းကိုလည်းကောင်း၊ ဖိနပ်(၁)ရံကိုလည်းကောင်း၊ သံဃိကအဖြစ်ဖြင့် ဆက်ကပ်လှူဒါန်းတဲ့အပြင်၊ နဝကမ္မကျပ်ငွေတစ်သောင်းတို့ကိုလည်းပဲ ယခု လက်ရှိသံဃာတော်ငါးရာကျော်နှင့်တကွ, နောက်ထပ် နောက်ထပ် ဒီကျောင်းတိုက်ကြီးသို့ ရောက်လာကြမည့် အတိုင်းအတာမရှိသော ဘုရားသားတော်သံဃာတော်အရှင်မြတ်တို့၏ ဆွမ်း,သင်္ကန်း,ကျောင်း ဆေးပစ္စည်းလေးပါး အထောက်အပံ့ဖြစ်ဖို့. . . ဆိုပြီးတော့ ငွေကျပ်တစ်သောင်းကိုလည်းပဲ ငွေပင်စိုက်ထူပြီးတော့ လှူဒါန်းပါတယ်၊ အဲ-ပြီးတော့မှ ပရိသတ်အပေါင်း သူတော်ကောင်းတွေ ကျွေးမွေးဧည့်ခံသမှု ပြုကြတယ်. . . လို့ ဆိုတော့ ဒါ-ဒီငွေကျပ်တစ်သောင်း ငွေပင်စိုက်ထူလှူဒါန်းလိုက်ကြတော့ တစ်ရက်ဆွမ်းကပ်တာ မကတော့ဘူးပေါ့၊ သူကရက်ပေါင်းများစွာ ဆွမ်းကပ်နေသလိုဖြစ်သွားတယ် ရက်ပေါင်းများစွာ သင်္ကန်းတွေလှူသလို ဖြစ်သွားမယ်၊ ရက်ပေါင်းများစွာ ဆေးပစ္စည်းတွေလှူသလို ဖြစ်သွားမယ်၊ ရက်ပေါင်းများစွာ ကျောင်းအဆောက်အဦး နေရာ ထိုင်ခင်းတွေ လှူသလို ဖြစ်သွားမယ်ပေါ့၊ သူကပျောက်သွားမှာ မဟုတ်ဘူး။

ဒီငွေကျပ် တစ်သောင်းက ငွေပင်ထဲ ရောက်ပြီးတော့ ငွေပင်ကြီးအဖြစ်နဲ့ တည်ပြီးနေပြီ၊ သူကနေပြီးတော့ သစ်ပင်ကြီးများလိုပဲ တစ်နှစ်တစ်ခါ သစ်ပင်ကြီးက သီးပေး ပွင့်ပေး, အရွက်တွေ ထွက်ပေး၊ အဲသလိုပေါ့ သူကလည်းပဲ ငွေကျပ်တစ်သောင်းက ငွေပင်အဖြစ်နဲ့ ဒီဂန္ဓာရုံကျောင်းတိုက်နယ်နိမိတ် နယ်မြေမှာတည်

http://www.dhammadownload.com



နေပြီးတော့ အခု လက်ရှိသံဃာတင် မကဘူး၊ နောက်ထပ် နောက်ထပ် ရောက်လာအုံးမယ့် မြန်မာနိုင်ငံအရပ်ရပ်က၊ ကမ္ဘာအရပ်ရပ်က ရောက်လာမယ့် သံဃာတွေ ဘယ်လောက်တုန်းလို့ဆိုတော့၊ ဘယ်လောက်လို့ကို ပြောမရဘူး၊ အဲ-ဒီနေ့ ဦးခင်မောင်ထွေးတို့ ဒေါ်နုဌေးတို့ ဒီနေ့ ဆွမ်းကပ်တာက ပိုင်းခြားပြောလို့ရသေးတယ်၊ မနက်ငါးရာ နေ့ငါးရာ တစ်ထောင် ဒီနေ့ကပ်တာ ဒီလိုပြောလို့ရတယ်။

ခုနက ငွေကျပ်တစ်သောင်း ငွေပင်စိုက်လိုက်တဲ့အကပ်က သံဃာဘယ်လောက်တုန်းလို့ဆိုတော့ ဘယ်လောက်လို့ ပြောလို့မရဘူး သူက၊ လပေါင်းများစွာ၊ နှစ်ပေါင်းများစွာ သူက တည်နေမှာကိုး၊ တည်နေပြီးတော့ သူက အတိုးအညွန့် ထွက်လာပြီးတော့ သူက ကျေးဇူးပြုနေမှာ၊ တစ်ခါလှူဘွယ်ဝတ္ထုပစ္စည်းကလည်း ဘယ်လောက်လို့ ပြောမရဘူး၊ ဒီနေ့လှူတဲ့ လှူဖွယ်ဝတ္ထုက များတာတော့ များပါတယ်၊ ပြောလို့ရသေးတယ်၊ ဆံန် ဘယ်နှစ်တင်း၊ မုန့်လုပ်လိုက်တာက ဘယ်လောက်။ ဆိုပါတော့ ငွေတန်ဖိုးဆို တစ်သောင်းကျော် စသည်ဖြင့်၊ တစ်သောင်းနှစ်ထောင်၊ တစ်သောင်းသုံးထောင်နဲ့ ဖြတ်လို့ရသေးတယ်၊ ခုနက ဒီငွေပင်စိုက်လှူလိုက်တဲ့ ဝတ္ထုထုပ်က အဲဒီလို ဖြတ်လို့မရဘူး၊ အလှူခံပုဂ္ဂိုလ် ပိုင်းခြားလို့မရသလို၊ အလှူဝတ္ထုပစ္စည်းကလည်း ဘယ်နှစ်ခုလို့ ပြောလို့မရဘူး၊ ဆွမ်းတွေ ဆွမ်းဟင်းတွေ ဘယ်နှစ်ခွက်၊ ဘယ်နှစ်ပန်းကန် ဘယ်နှစ်ဇွန်းလို့ ဒီလို ဖြတ်လို့မရဘူး သူက။

စားဖွယ်သောက်ဖွယ်မှန်သမျှ ဆွမ်းလို့ခေါ်တာ၊ ဒီတော့ စားဖွယ် သောက်ဖွယ်တွေ ဒီငွေကျပ်တစ်သောင်းက ဖြစ်လာမယ့်၊ အတိုးအညွန့်နဲ့ စားဖွယ် သောက်ဖွယ်တွေကလည်း ရောက်လာမှာပဲ၊ ဆန်, ဆီ, ငရုပ်, ကြက်သွန်တွေထဲလည်း ရောက်မှာပဲ။ ဝတ်ဖွယ်ဖြစ်တဲ့ သင်္ကန်း- သင်္ကန်းဆိုတာ ဒီလို ကိုယ်မှာဝတ်ထားတာကိုသာ သင်္ကန်းခေါ်တာ မဟုတ်ဘူး၊ ဝတ်ထည် ဖျင်စင်းမှန်ရင် သင်္ကန်းခေါ်တယ်၊ သာသနာသုံးက။ ဒီတော့ ဝတ်ထည်ဖျင်စင်းဆိုတာ လက်သုပ်ပဝါလည်း သင်္ကန်းပဲ၊ လက်ကိုင်ပဝါလည်း သင်္ကန်းပဲ၊ စားပွဲခင်းလည်း သင်္ကန်းပဲ၊ မျက်နှာသုပ်ပဝါလည်း သင်္ကန်းပဲ၊ အဲဒီလိုပေါ့လေ သံဃာတော်တွေ လိုအပ်နေတဲ့ စားပွဲခင်းတွေ လက်သုပ်ပဝါတွေ, ဒီငွေကျပ်တစ်သောင်းက ဖြစ်လာမယ့် အတိုးအညွန့်နဲ့. ဝယ်. . . ပြီးတော့ ပြုစုရင် ဒါသင်္ကန်းအလှူ ဖြစ်နေတာပဲ ကိုယ့်အတွက်။ ဒီက လှူနေရင် အဲဒီမှာ အလှူရှင်တွေမှာ သင်္ကန်းအလှူ လာဖြစ်မယ်။

ကျောင်းဆိုတာလည်းပဲ ဒီလိုအဆောက်အအုံကြီးကိုမှ ကျောင်းခေါ်တာ မဟုတ်ဘူး၊ အဆောက်အအုံကြီးကိုလည်း ကျောင်းခေါ်တယ်၊ အဆောက်အအုံကြီးရဲ့အတွင်းမှာရှိနေတဲ့ ကုလားထိုင်တို့, ကုဋင်တို့, တန်းလျားတို့, ခုံတို့ စားပွဲတို့

http://www.dhammadownload.com



အဲဒီက စ. . . ပြီးတော့ နောက်ဆုံး တံမြက်စည်း အကြမ်း အနုံ ကြက်မွေး ခြေသုပ်ခုံ ဒါတွေထိအောင် သေနာသနခေါ်တယ်၊ ပါဠိလိုတော့ သေနာသန၊ သေနာသနဆိုတာ ကျောင်း၊ ကျောင်းအသုံးအဆောင် ဒီတော့ အဲဒါတွေလည်းပဲ ဒီငွေကျပ်တစ်သောင်းက ဖြစ်လာမယ့် အတိုးအညွန့်နဲ့ ဖြစ်နေမှာပဲ၊ နှစ်စဉ်သူပါ နေမှာပဲ၊ ဒီတော့ တို့ကျောင်းအလှူလည်း နှစ်စဉ်လှူ နေရာရောက်တယ်။ ဆေး အလှူကတော့ အထူးပြောစရာမလိုတော့ဘူး၊ အင်္ဂလိပ်ဆေး, ဗမာဆေး ဒါ-ဝယ်ပြီးတော့ ဆေးတိုက်မှာ ထားရတယ်။

ဒါ့အပြင် ရေအလှူ, မီးအလှူ, ဒီငွေကျပ်တစ်သောင်းက ဖြစ်လာမယ့် အတိုးအညွန့်တွေနဲ့ အခု မီတာခတွေပေးပြီးတော့ မီးတွေထွန်းပေးနေရတယ်၊ သံဃာတော်တွေ မီးပူဇော်တဲ့ မီးတွေ၊ သံဃာတော်တွေ စာချ စာအံ စာတက် တဲ့ အခါမှာ သုံးတဲ့မီးတွေ၊ အခုညမှာ သွားလာလှုပ်ရှားနေတာတွေ မြင်အောင် ထင်အောင် ထွန်းထားတဲ့ မီးတွေ အဲဒီထဲလည်း ပါနေမှာပဲ၊ ရေလည်းပဲ အခု အဝီစိတွင်း ရေစက်ကြီး ငါးလုံးကနေပြီးတော့ မောင်းပြီးတော့ ဆီဖိုးတွေ မီတာခ တွေနဲ့ ပေးပြီးတော့ မောင်းနေရတယ်၊ ဒီထဲလည်းပါနေမှာပဲ။

ဒီတော့ အလှူ့ဒကာ, အလှူ့အမတွေက သိလိုက်ဖို့ရာက တို့ ဂန္ဓာရုံ ကျောင်းတိုက်ကို တစ်ထပ်စာသာ တို့ဆွမ်းကပ်ခဲ့တာ မဟုတ်ဘူး. . . တစ်ရက် စာသာ တို့ဆွမ်းကပ်ခဲ့ရုံနဲ့ ပြီးခဲ့တာမဟုတ်သေးဘူး၊ တို့ အလှူထုပ်ဟာ ရက်ပေါင်း များစွာအတွက်, တို့ပစ္စည်းလေးပါးနဲ့ ထောက်ပံ့ခဲ့တယ်. . . ဆွမ်းတွေနေ့တိုင်း ကပ်သလို, သင်္ကန်းတွေနေ့တိုင်း လှူသလို, ရေတွေမီးတွေ နေ့တိုင်း လှူသလို, ကျောင်းအဆောက်အအုံတွေ နေ့တိုင်းလှူသလို, ဆေး ပစ္စည်းတွေ နေ့တိုင်းလှူ သလိုဖြစ်တဲ့ အလှူထုပ်ကိုလည်း တို့ ပြုနိုင်ခဲ့တယ်. ။

သားလေးတွေ အကြောင်းပြုပြီးတော့ တူလေးတွေ အကြောင်းပြုပြီး တော့ အကိုကို အကြောင်းပြုပြီးတော့ တို့ပြုရပေတယ်လို့ အဲ-အဲဒီလိုထိအောင် နောက်ကိုသိလိုက်ကြ။ ဂန္ဓာရုံကျောင်းတိုက်အကြောင်း နောက်အာရုံပြုမိရင် အခု အလှူ့ဒကာအလှူ့အမနှင့်တကွ ဆွေသားမျိုးသားတွေရဲ့စိတ်ထဲမှာအဲထိဒီအောင် ပေါ်လာပါစေ စိတ်က၊ မြင်လာပါစေ၊ အဲဒီထိအောင် ပေါ်လာတဲ့အချိန် ကုသိုလ် အရှိန်ဟပ်တယ်၊ ဝမ်းထဲမှာ ကုသိုလ်လာဖြစ်တာ။ အခုဒီမှာ အခုလောလောဆယ် ဆွမ်းလောင်းနေသလိုပဲ၊ အဲဒီစိတ်ထဲမှာ ပေါ်လာတဲ့ အချိန် ကုသိုလ်လာဖြစ်တာ။

ဘာပြုလိုတုန်းဆိုတော့ လူကသာ ဒီကျောင်းထဲရောက်မလာတာ၊ အလှူက ရောက်နေတာလေ, လူကသာ မလာတာ အလှူကလာနေရက်ပဲ၊ နောက်ဆုံး

http://www.dhammadownload.com



ကုန်ကုန်ပြောလိုက်မယ်, လူကသာသေသွားမယ် အလှူက မသေရစ်ဘူး၊ အလှူက ဆက်. . . ပြီးတော့ ဒီအလှူထုပ်ကြီးဖြစ်နေရစ်မှာ၊ ဒါ့ကြောင့် တို့ရက်အပိုင်း အခြားနဲ့ ဖြတ်ပြီးတော့ လာလှူတဲ့အလှူရော၊ ရက်အပိုင်းအခြားမရှိ လှူရတဲ့ အလှူရော အလှူထုပ်ကြီးနှစ်ခုကို ရဟန်းခံရှင်ပြု မင်္ဂလာနှစ်ခု အကြောင်းပြုပြီးတော့ တို့ ပြုလုပ်အားထုတ်ရပေတယ်. . . လို့ ဒီနေ့ အလှူဒကာ အလှူမတွေက အဲဒီလို သတိရကြ၊ ဝမ်းသာကြ။ ဒါကိုပဲ ကမ္မဋ္ဌာန်းနဲ့ပြောတော့ စာဂါနုဿတိကမ္မဋ္ဌာန်းလို့ ခေါ်တယ်။

မြတ်စွာဘုရား နိဗ္ဗာန်ရောက်ကြောင်း ဟောထားတဲ့ သမထကမ္မဋ္ဌာန်း (၄၀)၊ ဝိပဿနာကမ္မဋ္ဌာန်းကတော့ တစ်မျိုးပေါ့လေ၊ အဲဒီ သမထကမ္မဋ္ဌာန်း (၄၀)မှာ စာဂါနုဿတိ သူပဲ။ စာဂ-မိမိစွန့်ကြ လှူဒါန်းပေးကမ်း ထောက်ပံ့ထားတာ တွေကို၊ အနု-အဖန်ဖန် အထပ်ထပ်၊ သတိ-အမှတ်ရနေခြင်းဟာလည်းပဲ နိဗ္ဗာန် ရောက်ကြောင်း ကောင်းမှုကြီးတစ်မျိုး. . . လို့ ဟော-ဘုရားရှင် အဆူဆူက နိဗ္ဗာန် ရောက်ကြောင်း ကောင်းမှုကြီးတစ်မျိုး၊ နိဗ္ဗာန်ရောက်ကြောင်း ကျင့်စဉ်ကြီး တစ်မျိုးလို့ ဘုရားရှင် အဆူဆူက သတ်မှတ်ပြီးတော့ ဟောထားခဲ့တာ၊ အဲ-အဲဒါကို ဖြစ်အောင် လို့၊ စာဂါနုဿတိ ကမ္မဋ္ဌာန်းဖြစ်အောင်လို့၊ ဒါ-ကမ္မဋ္ဌာန်း တစ်မျိုးပဲ သူ၊ အဲဒီလို သတိရလာ အာရုံပြုလို့။

အထူးသဖြင့် ဒီနေ့ မိမိရဲ့အကို, မိမိရဲ့သား, မိမိရဲ့တူလေးတွေကို နေက္ခမ္မ ပါရမီလို့ ခေါ်တဲ့ သံသရာဣတ် ဘဝဝဋ်မှ လွတ်မြောက်ကြောင်း လမ်းကောင်းကြီး တွေထဲမှာ၊ နေက္ခမ္မပါရမီခေါ်တဲ့ သီလကုသိုလ်လမ်းကြောင်းကြီး အဖြည့်ခိုင်းတာ၊ သံသရာဣတ် ဘဝဝဋ်ကြီးက လွတ်ကြောင်းကုသိုလ် (၃)မျိုးရှိတယ်၊ ဒါနကောင်း မှုရယ်, သီလကောင်းမှုရယ်, ဘာဝနာကောင်းမှုရယ်လို့ (၃)မျိုးထဲက ဒီနေ့ ရဟန်းပြု ပေးလိုက်တဲ့ ရဟန်းလောင်း၊ အခု-အကိုဖြစ်သူနဲ့ သားလေးတွေ, တူလေးတွေကို ကျတော့ အဲဒီနေက္ခမ္မပါရမီလို့ ခေါ်ကြတဲ့ သီလလမ်းကြီးကနေ ကုသိုလ်ကြီးတွေ တိုးအောင်ပြုပေးတာ။ တစ်နည်းပြောလို့ရှိရင် သီလကုသိုလ်အရှိန်အဟုန်ကြီးနဲ့ သူတို့ကို သံသရာဣတ်, ဘဝဝဋ်ကြီးက လွတ်အောင်အရုန်းခိုင်းတာ၊ အပြေးခိုင်း တာ၊ လွတ်မြောက်သွားအောင်လို့ ပို့ပေးတာ။

လောကမှာ အန္တရာယ်ရှိတဲ့ အရပ်ကနေပြီးတော့ လွတ်အောင် ရုန်းပြေး ကြရပြီဆိုတော့ တခါထဲ လွတ်ရာသွားဖို့, ကိုယ်တိုင်လည်း လွတ်အောင်ထွက်ပြေး ဒီလိုလုပ်ကြရတာပဲ၊ တစ်နေရာမှာ အန္တရာယ်ရှိတယ်၊ ရန်စွယ်ရှိပြီဆိုမှဖြင့် အဲဒီ အန္တရာယ်က လွတ်တဲ့နေရာကို, ကိုယ်တိုင်လည်းလွတ်အောင်၊ ကိုယ်နဲ့စပ်ရာ ကိုယ့် သား ကိုယ့်သမီး ကိုယ့်မိ ကိုယ့်ဘ ဒါတွေလည်း လွတ်အောင်ပို့ကြ, သယ်ကြ,

http://www.dhammadownload.com



ဆောင်ကြရတယ် ဒါထုံးစံ။ အဲဒီလိုပဲဒီနေ့ ဒကာဦးခင်မောင်ထွေးတို့ ဒေါ်နုမြေးတို့ က ဒီနေ့ ကိုယ့်အကိုကြီးတစ်ယောက်နဲ့ ကိုယ့်သား ကိုယ့်တူလေးတွေ လွတ်ရာပို့တာ. . . ရန်စွယ် အန္တရာယ်လွတ်ရာပို့တာ၊ မိမိတို့ကိုယ်တိုင်လည်းပဲ လွတ်အောင်ပြေးတာ. . . လွတ်အောင်ရုန်းတာ၊ လွတ်အောင်ထွက်တာခေါ်တယ်။ အဲဒီလို ပြေးရင်းနဲ့ပဲ အခုဆွေသားမျိုးသားတွေက ဝိုင်းပြီးတော့ ကုသိုလ်ကောင်းမှုတွေ ပြုကြ ဝေယျာဝစ္စကုသိုလ်တွေနဲ့ အများစုပေါင်းလိုက်လာကြပြီးတော့ ဒီမှာ ဝိုင်းဆောင်ရွက်ကြ ဝိုင်းပြီးတော့ ဆွမ်းလောင်းကြ၊ ခုနကလို လျှုဒါန်းဖွယ်တွေ တဘက်ဆပ်ပြာစသည်တွေ လှူကြ၊ ငွေကျပ်ငါးရာကျော်နဲ့ သူတို့လည်းပဲ မိမိတို့အကြောင်းပြုပြီး ပြေးတာဖြစ်တော့ သူတို့ကိုလည်း ကိုယ်က ပို့ရာရောက်သွားတယ်၊ ကိုယ်က ကယ်တင်ရာရောက်သွားတယ်။

ဒီတော့-ဒီသုံးဆယ့်တစ်ဘုံနယ်ကြီးကို မြတ်စွာဘုရားက ဘီလူးနယ်ကြီးနဲ့ တူတယ်-တဲ့၊ ဘီလူးရန်စွယ် အန္တရာယ်မကင်းတဲ့နယ်ကြီးနဲ့ တူတယ်။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ ရည်ရွယ်ချက်က သုံးဆယ့်တစ်ဘုံနဲ့ သုံးဆယ့်တစ်ဘုံအတွင်း ဖြစ်နေတဲ့ ရုပ်နာမ်ခန္ဓာရနေတဲ့သတ္တဝါတွေက များသောအားဖြင့် သုံးဆယ့်တစ်ဘုံကို ပျော်စရာကြီးလို့ ထင်နေကြတယ်၊ သာယာစရာ နယ်ကြီးလို့ ထင်နေကြတယ်၊ မက်မောစရာ နယ်ကြီးလို့ ထင်နေကြတယ်။ အထူးသဖြင့် အထက်ပိုင်းသံသရာလို့ခေါ်တဲ့, အလယ်ပိုင်းသံသရာလို့ခေါ်တဲ့ လူ့ဘုံ နတ်ဘုံ ဗြဟ္မာ့ဘုံတွေကို နေချင်စရာ သာယာစရာ မက်မောစရာကြီးလို့ ထင်ကြ၊ သုံးဆယ့်တစ်ဘုံ သံသရာ နယ်ကြီးက သုံးပိုင်းရှိတယ်၊ အောက်ပိုင်းသံသရာ, အလယ်ပိုင်းသံသရာ, အထက်ပိုင်းသံသရာ. . . တဲ့။

အောက်ပိုင်းသံသရာဆိုတာကတော့ ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ် အပါယ်လေးဘုံပြောတာ၊ အဲဒါတွေကိုကျတော့ သုံးဆယ့်တစ်ဘုံသားတွေက ဒုက္ခမှန်းသိတယ်၊ အဲဒါကျတော့ ဆင်းရဲမှန်းသိတယ်၊ အဒါကျတော့ မကောင်းမှန်းသိတယ်။ အဲ-လူ့ဘုံ နတ်ဘုံများကျတော့ လူ့စည်းစိမ် နတ်စည်းစိမ် ဒီလို-သူတို့က၊ စည်းစိမ်တွေကို သွားပြီးတော့ မြင်ကြတယ်၊ စည်းစိမ်တွေဆိုတဲ့ သာယာဖွယ် မက်မောဖွယ်ရာပေါ်မှာ သမုဒယသစ္စာ တဏှာနဲ့သုံးသပ်ပြီးတော့ ချစ်ခင်နှစ်သက်ဖွယ် စုံမက်ဖွယ်ရာအဖြစ်နဲ့ မြင်ကြတယ်၊ မက်မောဖွယ်ရာအဖြစ်နဲ့ မြင်ကြတယ်၊ လိုချင်နှစ်သက်စရာအဖြစ်နဲ့ ယူဆကြတယ်။ အထက်ပိုင်း ဗြဟ္မာနှစ်ဆယ်ဆိုတဲ့ သံသရာလည်း ပြောစရာမရှိဘူး အဲဒီလိုခံတွယ်ကြတယ်။

ဒီတော့-ဘုရားရှင်ကိုယ်တော်မြတ်ကြီးများ အမြင်အနေကတော့ အပါယ်လေးဘုံရော လူ့ဘုံ နတ်ဘုံရော ဗြဟ္မာနှစ်ဆယ်ရော ဒီသုံးဆယ့်တစ်ဘုံအားလုံးဟာ

http://www.dhammadownload.com



အန္တရာယ်မကင်းတဲ့နယ်ကြီး. . . လို့ မြင်တယ်။ ဘုန်းကြီးတို့သာစ်တွေက ဒီနယ်ကြီးကို အန္တရာယ်ကင်းတဲ့နယ်ကြီး၊ ချမ်းသာတဲ့ နယ်ကြီးလို့ ယူဆနေတယ်၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးများက အန္တရာယ်မကင်းတဲ့နယ်ကြီး၊ ဘေးမကင်းတဲ့နယ်ကြီး၊ ရန်စွယ်အန္တရာယ် ထူပြောတဲ့နယ်ကြီး. . . လို့ မြင်ကြတယ် သူတို့က။ အဲဒီသုံးဆယ့်တစ်ဘုံထဲမှာနေကြတဲ့ သတ္တဝါတွေကိုလည်း အန္တရာယ်မကင်းတဲ့ထဲ ပျော်မြူးနေကြတယ်၊ အန္တရာယ်တွေ ခလုတ်ဆူးညောင့်တွေထဲမှာ ပျော်ပါးနေကြတယ်. . . လို့ ဒီလိုမြင်တယ်။

အဲဒီလိုမြင်လို့မို့ ဒီသုံးဆယ့်တစ်ဘုံ သံသရာနယ်ကြီးက လွတ်စေချင်လို့မို့ ဘုရားက ဒီသုံးဆယ့်တစ်ဘုံ သံသရာနယ်ထဲမှာ ရုပ်နာမ်ခန္ဓာကြီးရပြီးတော့ ပျော်စရာအဖြစ်နဲ့ ထင်မှတ်ပြီးတော့ ဆော့ကစားနေတဲ့ကလေးလို၊ အန္တရာယ်တွေကြားမှာ ဆိုပါတော့ မြွေပွေး မြွေဟောက်တွေကြားမှာ ထိလိုက်ရင်ရှမယ့် စူးမယ့် လက်နက် တွေကြား ခုကာလလိုပြောရရင် တို့လိုက်ရင်ပေါက်ကွဲမယ့် လက်ပစ်ဗုံးတွေ ရန်ဆိုး တွေကြား ဟိုသွားဒီသွားနဲ့ ဆော့ကစားနေတဲ့ကလေးကို ဘုန်းကြီးတို့ လူကြီး တစ်ယောက်အနေနဲ့ အပေါ်စီးကနေကြည့်မယ်ဆိုရင် အဲ-ရင်တထိတ်ထိတ်နေ တာပေါ့၊ အမလေး-ဟိုခလုပ်သွားနှိပ်လိုက်လို့များ ဗုံးကွဲပေါက်ပြီး သေလိုက်မလား၊ ဒီခလုပ်သွားတို့လိုက်လို့များ ယမ်းဘီလူးထမီးလောင်ပြီးသေမလား၊ ဒီဘက်သွားလို့ မြွေပွေးတို့မိလို့ မြွေပွေးကထွက်ပြီးကိုက်လို့ သေမလားနဲ့။ အဲဒီ-မြွေပွေးတွေကြား မြွေဟောက်တွေကြား ငန်းပြောက်ငန်းဝါတွေကြား ရန်စွယ် အန္တရာယ်တွေ ပေါပေ့. . . ဆိုတဲ့ကြားထဲမှာ ဆော့ကစားနေတဲ့ ကလေးတွေကို လူကြီးက မြင်သလိုပဲ. . . ။

ဘုရားရှင်ကိုယ်တော်မြတ်ကြီးက သုံးဆယ့်တစ်ဘုံသား သတ္တဝါတွေကို အဲဒီလို မြင်နေတာ၊ အဲဒီလိုမြင်နေလို့ ဒီဘေးအန္တရာယ် ရန်စွယ်တွေပေါတဲ့နယ်က လွတ်အောင်ပြေးကြ. . . ပြေးကြ၊ လွတ်အောင်ရုန်းကြဆိုပြီးတော့ ဟောတော်မူတယ်၊ အဲဒီဟောတော်မူတဲ့နေရာမှာ ဟောနည်းအမျိုးမျိုး ပုံဆောင်နည်းအမျိုးမျိုး ပရိယာယ်အမျိုးမျိုးနဲ့ ဘုရားရှင်ဟောတော်မူတာဖြစ်တော့ ဒီနေ့ အယောဃရကုမာရဇာတ်တော်မှာ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက သုံးဆယ့်တစ်ဘုံကို ဘီလူးနယ်ကြီး. . . တဲ့၊ ဘီလူးရန်စွယ် အန္တရာယ်တွေပေါတဲ့ နယ်ကြီး။ အဲဒီသုံးဆယ့်တစ်ဘုံမှာ ပျော်ပြူးနေကြတဲ့ သတ္တဝါတွေက အကြိမ်ကြိမ် အထပ်ထပ် ဘီလူးအစားခံနေရတဲ့ သတ္တဝါတွေနဲ့ တူတယ်. . . လို့ဆိုပြီးတော့ အယောဃရကုမာရဇာတ် တော်ကို ဟောတော်မူတယ်။ ၁၂

http://www.dhammadownload.com



ဒီတော့-အဲဒီအယောဃရကုမာရဇာတ်တော်မှာ ဘုရားအလောင်းကိုယ်တော်တိုင် ဘုရားရှင်ကိုယ်တော်မြတ်ကြီး ပါရမီဖြည့်စဉ်က အလောင်းတော်ဘဝနဲ့ ပါခဲ့တဲ့ဇာတ်ပါပဲ ဒီဇာတ်တော်က။ ဒီတော့ ဘုရားအလောင်း ပါရမီဖြည့်စဉ် တုန်းက အယောဃရကုမာရလို့ နာမည်ရတယ်။ ဘာပြုလို့ သူ့ အယောဃရ ကုမာရလို့ နာမည်ရတုန်းဆိုတော့၊ အယောဃရဆိုတာ သံနှောင်အိမ်ကြီး၊ သံအိမ် ကြီး၊ သံတွေနဲ့ဆောက်ထားတဲ့ သံအိမ်ကြီးမို့လို့ အယောဃရလို့ခေါ်တယ်၊ ကုမာရ-ဆိုတာ အဲဒီ သံအိမ်ကြီးထဲမှာ ကြီးပြင်းပြီးတော့လာခဲ့တဲ့ မင်းသားလေး။

ဒီတော့-ရှေးက ဗာရာဏသီပြည် ထီးနန်းအုပ်ချုပ်နေတဲ့ ဗြဟ္မဒတ်မင်းနဲ့ မိဖုရားကြီးတို့မှာ သားဦးရတနာလေး ဖွားတယ်၊ အဲဒီသားဦးရတနာလေးဖွားတဲ့ အချိန်မှာ အဲဒီမိဖုရားနဲ့ ဟို-အတိတ်ဘဝက ရန်ဘက်ဖြစ်လာတဲ့ မိန်းမတစ်ယောက်က ဘီလူးမဖြစ်နေတယ်။ ဟို-လွန်ခဲ့တဲ့ အတိတ်ဘဝတစ်ခုတုန်းက တစ်ယောက်နဲ့ တစ်ယောက် သူတို့ ရန်ငြိုး ရန်ဘက်ဖြစ်ခဲ့ကြတဲ့ မိန်းမက "ငါ နင့်ကို ဖြစ်လေရာ ဘဝတိုင်းမှာ ဘီလူးမဖြစ်ပြီးတော့ နင်မွေးတဲ့သားတွေကို ငါစားပစ်နိုင်တဲ့ကိုယ် ဖြစ်ရပါလို၏"လို့ ကျိန်ဆဲ ဆုတောင်းသွားလို့မို့ ဒီဘက်ဘဝမှာ ဘီလူးမ လာဖြစ်နေတယ် အဲဒီ အမျိုးသမီးက။ ဒီက ရှင်ဘုရင့်မိဖုရားကြီး လာဖြစ်နေတယ်၊ ခုနက ကျိန်ဆဲခံရတဲ့ အမျိုးသမီးက အဲဒီရှင်ဘုရင့်မိဖုရားလာဖြစ်ပြီးတော့ သားဦးရတနာလေးဖွားရော တခါထဲ ခုနက ဘီလူးမက စောင့်ကြည့်နေတာဆိုတော့ လာပြီးတော့ နန်းတော်ထဲဝင်ပြီးတော့ အဲဒီကလေးလေး အတင်းလုယူပြီး သတ်စားတော့တာပဲ။

ဒီတော့ ဘီလူးမဝင်လာတော့ မိဖုရားကမြင်တယ်၊ သိလည်းသိတယ်၊ ဟိုအတိတ်ဘဝတုန်းက ရန်ငြိုးနဲ့မိန်းမက ဘီလူးမဖြစ်တယ်ဆိုတဲ့အထိ သူ သိတယ်၊ သိပေမယ်လို့ ဘေးကအစောင့်အရှောက်တွေက ဘယ်သူမှ မမြင်ဘူး၊ ရှင်ဘုရင်ကြီးလည်း မမြင်ဘူး၊ ဘေးက အိပ်ဖန်တော်စောင့်တွေ၊ လက်နက်ကိုင်စောင့်နေတဲ့ အစောင့်အကြပ်တွေ. . . ဘယ်သူမှ မမြင်ဘူး မိဖုရားတစ်ပါးပဲ မြင်တယ်၊ ဒီတော့ ဒီပြင်လူတွေ ဘယ်လိုက်ရမှန်းမသိ ဘာလုပ်ရမှန်းမသိ "ဘီလူး ဘီလူး"ဆိုလို့သာ ဟိုကြည့် ဒီကြည့်နဲ့ဖြစ်ကြရတာ မိဖုရား ယောင်ယမ်းပြီးတော့ သွေးနုနုနဲ့ လန့်အော်တယ်လို့ ထင်ကြလို့။

ဒါ-ပြောလို့သာပြောကြရတာ ကလေးက ပါသွားပြီးတော့ သေသွား၊ ကလေးကို မိဖုရား မြင်လောက်တဲ့နေရာမှာပဲ သတ်စားသွား၊ မိဖုရားကို စိတ်မချမ်း မသာဖြစ်. . . လို့၊ ဒါနဲ့ အကျိုးအကြောင်း ဝိုင်းမေးကြတော့လည်း၊ ဒီလိုပဲ ဘီးလူးမက စားသွားတယ်ဆိုတော့ ကလေးကလည်း ပျောက်သွားတာအမှန်ဖြစ်နေတော့ ဒါစားသွားတယ်ဆိုတာလည်း သိတော့သိကြတယ်၊ သို့သော် ဘယ်နား

http://www.dhammadownload.com



မှန်းလည်း မသိ၊ ဘာမှန်းလည်း မသိကြတော့ ဘယ့်နဲ့လုပ်ရမှန်းလည်း မသိဘူး၊ ဒီလိုနဲ့သာ အထိတ်တလန့် တိုင်းပြည်ထဲမှာ ကျော်ကြားပြီးတော့သွား၊ ဒီလိုနေရင်း ကြာတော့လည်း သေသောသူကြာရင်မေ့ဆိုတာလိုပဲပေါ့လေ. . . ပြီးသွားပြန်. . . ရော။

နောက်တစ်ခါ ဒုတိယအကြိမ် ဒီလိုပဲ သားရတနာလေးတစ်ဦး ဖွားပြန်၊ ဒီလိုပဲ ဘီလူးမက ရောက်လာပြန်၊ အဲဒီတင် "ဘီလူး ဘီလူး"ဆိုတော့ ပြာလောင်ခတ်သွားပြီး နန်းတော်ကြီးတစ်ခုလုံး ဆူပွက်သွားတာပဲ၊ ဘယ်လိုက်ရမှန်း မသိ, ဟိုလိုက်ကြ ဒီလိုက်ကြနဲ့ ဘာမှလည်းမတွေ့ဘူး၊ ဒီလိုနဲ့ ကလေး ပျောက်သွားပြန်. . . ရော၊ ဒီတော့ ရှင်ဘုရင်က ဒုတိယအကြိမ် ဖြစ်ပြီးတဲ့အခါကျတော့ မူးကြီးမတ်ရာတွေနဲ့ တိုင်ပင်ရတယ်, မဖြစ်တော့ဘူး၊ ကဲ-သားတော်လေးနှစ်ယောက်ရှိပြီ ဘီးလူးဆိုတာလည်း မှန်ပုံရတယ်၊ ပျောက်သွားတာလည်း သေချာနေပြီ၊ ဒီတော့-ဘယ်လိုက်ရမှန်လည်း မသိ၊ ဘယ်လိုလိုက်ပြီး ဖမ်းရမှန်းလည်း မသိ၊ ခက်ပြီ. . . နောင် သားတော်လေးတွေ သမီးတော်လေးတွေ ဖွားလာရင် ဘယ့်နဲ့လုပ်ကြမှာတုန်း. . . တဲ့။

ဒီတစ်ခါ ကိုယ်ဝန်အရင့်အမာရှိလာလို့ရှိရင် သံအိမ်ကြီးထဲမှာထားပြီး အစောင့်အကြပ်ထူထပ်စွာ ထားမယ်. . . ဆိုပြီးတော့ တခါထဲ သံအိမ်ကြီး ဆောက်တော့တာပဲ၊ သံအိမ်မှ သေးသေးကိုဆောက်လို့မရဘူး အကျယ်ကြီး, ဒီဃန္တာရုံကျောင်းဝင်းကြီး တစ်ဝက်စာလောက်ကို ဆောက်ရတာ၊ ဘာပြုလို့တုန်းဆိုတော့ ဒီထဲမှာ သားတော်လေးဖြစ်ဖြစ်, သမီးတော်လေးဖြစ်ဖြစ်ပေါ့လေ. . . မွေးဖွားလာတဲ့ကလေး အသက် (၁၆)နှစ်လောက် ရောက်သည့်အထိ အထဲမှာတင် သူ့ကို ထားရမှာ၊ ထားရမှာဆိုတော့ သူ့ကို ဒီထဲမှာတင် သွားလာလှုပ်ရှားကစား၊ အတတ်ပညာတွေ သင်ပေးနဲ့ ဒီလိုလုပ်ရမှာဆိုတော့ သံအိမ်ကြီးမှ အကြီးကြီး ဆောက်ရတာ။ သံတွေနဲ့ချည်းပဲ၊ အမိုးအကာသံတွေနဲ့ချည်း လုံနေအောင်၊ အပေါက်မှ ဝင်ပေါက်ထွက်ပေါက် တစ်ပေါက်ပဲထားတယ်။

အဲဒီဝင်ပေါက်ထွက်ပေါက် တစ်ပေါက်ထဲထားတဲ့အပြင် အဲဒီဝင်ပေါက်ထွက်ပေါက်မှာလည်း အစောင့်အရှောက်တွေ ဓားတွေ လှံတွေလက်နက်တွေနဲ့ ထူထပ်စွာ ချ။ ဒိပြင် အထက်လမ်းဆရာလိုဟာမျိုးတွေ ဘီလူးမကိုနိုင်တဲ့ မန္တာန်လက်ဖွဲ့တွေ ဘာတွေနဲ့ ဆရာတွေလည်း အမျိုးမျိုးစီမံပြီးတော့ ရှင်ဘုရင်ဆိုတော့ တတ်နိုင် တတ်နိုင်သလို အမျိုးမျိုးလုပ်ထားတာပေါ့လေ. . .။ အဲဒီလို အစောင့်တွေ ချထားပြီးတော့ အထိန်းအကျောင်း အစောင့်အရှောက်တွေနဲ့ နေရတာ၊ မိဖုရားကိုယ်ဝန် ရင့်မာလာပြီဆိုတော့ ဒီထဲမှာပဲ မိဖုရားက နေ၊ နောက် အချိန်ကျ

http://www.dhammadownload.com



တော့ ဖွားပြီဆိုတော့ အဲဒီအချိန်အရေးကြီးဆုံးပေါ့ ဖွားတယ်လည်းဆိုရော ဒီထဲမှာ မိဖုရားဖွားတာ သံနှောင်အိမ်ထဲ ဖွားတာ၊ ဘေးကလည်း အပြင်ဘက်ရော အတွင်း ထဲကရော အစောင့်အရှောက်တွေအမျိုးမျိုး ထား၊ အဲ-နဲနဲလေး လှုပ်ကနဲ ရုတ်ကနဲ ဆို တခါထဲ အစောင့်အရှောက်တွေက လေထဲပေမဲ့ ဘာမှမမြင်ရပေမဲ့ ဓားနဲ့ခုတ်၊ လှံနဲ့ထိုး မြှားနဲ့ပစ်ဆိုပြီးတော့ အမိန့်ပေးထား၊ ဘီလူးက မြင်မှမမြင်ရပဲကိုး၊ မမြင်ရ တော့ ရန်းသန်းပြီးတော့ ခုတ်ကြရတာ ထိုးကြရတာ။

အဲဒီလိုနဲ့ အထပ်ထပ်စီမံထားပြီးတော့ မွေးဖွားလာတော့၊ ဒီတစ်ခါတော့ ဘီလူးမ မလာဘူး၊ မလာဆို ဘီလူးမက အဲဒီအချိန်မှာ ဝဿဝဏ် နတ်မင်းကြီးရဲ့ အလုပ်အကျွေး အလှည့်ကျနေတဲ့အချိန် ဖြစ်နေတယ် သူက၊ ဒီလောကမှာ ရှိနေတဲ့ ဘီလူးတွေ ကုမ္ဘဏ်တွေ ရက္ခိုရ်တွေကို ဝဿဝဏ်နတ်မင်းကြီးက ပိုင်တယ်။ လောကပါလနတ်မင်းကြီးတွေဆိုတာ ရှိကြတယ်၊ သူတို့က သူတို့ဆိုင်ရာ ဆိုင်ရာ တွေ ပိုင်တာရှိကြတယ်။ အဲဒီတော့ ဝဿဝဏ်နတ်မင်းကြီးဆိုတာ ဘီလူးတွေ ကုမ္ဘဏ်တွေ ရက္ခိုရ်တွေကို ပိုင်တယ်၊ သူက အစိုးရတယ်၊ ဒီတော့ အဲဒီဘီလူးမက ဝဿဝဏ်နတ်မင်းကြီး ပြုစုလုပ်ကျွေးနေရတဲ့အချိန် ဖြစ်နေတော့ ဒီမှာလာပြီးတော့ မစားနိုင်ဘူး၊ ဒီကလည်း အစောင့်အကြပ်တွေ ထူထပ်စွာချထား၊ ဒီလိုနဲ့ လွတ်သွား တယ်၊ လွတ်သွားတဲ့အပြင် အဲဒီဘီလူးမက နောင်ကျတော့လည်း အသက်တန်း စေ့လို့ သေသွား၊ ဘဝပြောင်းသွား။ အဲဒါ ဒီကလေး ကံကောင်းတာပေါ့။

အခု တတိယအကြိမ်ဖွားတဲ့ကလေးက သူများမဟုတ်ဘူး ဘုန်းကြီးတို့ ဘုရားအလောင်း ဘုရားအလောင်း သတို့သားလေး။ ဒါ သူ့ဘုန်းကံလို့လည်း ခေါ်နိုင်တာပေါ့လေ. . . အဲဒီလိုနဲ့ဒီကလေးလေးကို ဒီသံနှောင်အိမ်ကြီးထဲပဲ ထားရတယ်။ ထားလိုက်တာမှ ဘယ်လောက်အထိ ထားရတုန်းဆိုတော့ အသက် (၁၆)နှစ်အရွယ်အထိ ဒီထဲမှာထားရတယ်၊ မိဖုရားကတော့ သူ့ဟာသူ အပြင်ထွက် ချင်တဲ့အခါထွက်၊ အတွင်းဝင်ချင်တဲ့အခါ ဝင်ပေါ့လေ၊ ဒီလိုနဲ့ သားတော်လေးကို ဒီထဲပဲ ပညာတွေသင်ပေး ယောက်ျားတို့တတ်အပ်တဲ့ အဋ္ဌာရသ ဓားခုတ်၊ လှံထိုး၊ ဆင်းစီး၊ မြင်းစီး ဒီထဲပဲ သင်ပေး၊ ဒီထဲမှာပဲ ရေကန်တွေ ဥယျာဉ်တွေနဲ့ ကစား ရေကူး ဒီလိုနေတာ၊ ဒီလိုနေလို့ (၁၆)နှစ်အရွယ်ရောက်ပြီ တော်တော်လည်း သူ့အားအင်ဗလနဲ့ အတတ်ပညာတွေလည်း သူ့တတ်ကုန်ပြီ၊ ဒီတော့ ဘီလူးမ အကယ်၍လာတောင်မှ သူ့ကိုယ်သူ ခုခံနိုင်တဲ့အားရှိပြီ၊ ဒီတော့ သားတော်လေးကို အပြင်ထုတ်ပြီးတော့ ထီးနန်းအပ်တော့မယ်. . . လို့ ခမည်းတော်ကြီးက သားတော် လေးကို ထီးနန်းအပ်မည့်ပွဲ ဆင်နွှဲကျင်းပတာ။

http://www.dhammadownload.com



ဒီတော့ သူဟိုလီးနန်းမဒာပ်ခင် သူစိုးစံရမည့် မြို့ကြီးကို လှည့်ပြီးတော့ မြို့ရှုစားဖို့ဆိုပြီးတော့ မြို့ကြီးလှည့်ကြည့်ဖို့ မင်္ဂလာဆင်ပေါ်ကြီးနဲ့ အခမ်းအနားနဲ့ ရှေ့ဝင်းနောက်ဝင်းတွေ ခင်းပြီးတော့ အခြံအရံတွေနဲ့ မြို့ကိုလှည့်ပြီးတော့ ကြည့်စေတယ်ပေါ့၊ ကြည့်တော့ တခါတည်း မြို့မှာ တန်ဆာတွေ ဆင်ထားကြရတာ၊ ရပ်ကွက်အသီးသီး နေရာအသီးသီးက အကုန်လုံး အကြိုတွေ အဆိုတွေ အထောက်တော်တွေနဲ့၊ ဒီတော့ မင်းသားလေးက လှည့်ပြီးတော့ ကြည့်ရင်းနဲ့ "ဒီသံနှောင်အိမ်ကြီးထဲမှာ ငါ့ကို ဘာပြုလို့ထားတာပါလိမ့်မတုန်း. . . " လို့ အဲဒီတော့မှ သူ့စိတ်ထဲ သိချင်လာတယ်။ စောစောတုံးက ကြောက်နေမှာစိုးလို့ မပြောဘူး မင်းသားလေးကို၊ ဒါနဲ့ သူ့စိတ်ထဲမှာ သိချင်တာလေ. . . ဘယ့်နယ့်ကြောင့် ငါ့ကို ဒီသံနှောင်အိမ်ကြီးထဲ ထားပါလိမ့်မတုန်း. . . လို့၊ အခုကြည့်ပါအုံး ပြင်ဘက်လောကကြီး အကျယ်ကြီးပါလား. . . အကျယ်ကြီးပါလား၊ ကြည့်ပါအုန်း၊ ဉယျာဉ်ကြီးတွေ ရေကန်ကြီးတွေလည်း အကျယ်ကြီးတွေပါလား . . နဲ့ အိမ်ရာ တိုက်တာ လူနေရပ်ကွက်တွေ လည်း အများကြီးပါလားနဲ့ သူက အထူးအဆန်းဖြစ်. . . လို့။

အဲလိုမြို့လှည့်ကြည့်ပြီးတော့ နန်းတော်ပြန်ရောက်လာတော့မှ အားလုံး မယ်တော်ရော ခမည်းတော်ရော အားလုံးပရိသတ်တွေ စုံပြီ၊ သူ့ကို ဘိသိက်မြှောက်ပြီးတော့ သူ့ကိုနန်းတင်မယ့်လုပ်တော့ "အဲ-နေပါအုံး. . . သားတော် မေးပါရစေဦး၊ ဘာပြုလို့ သားတော်ကို အခု အင်မတန် ကြီးကျယ်ခန်းနားတဲ့ မြို့ပြကျေးရွာတွေမှာ ပြင်ဘက်ထွက်ပြီးတော့ မနေရဘဲနဲ့ သံနှောင်အိမ်ကြီးနဲ့ ဘာပြုလို့နေရတာတုန်း. . . "လို့ ဆိုတော့မှ အဲဒီတင် ခမည်းတော် မယ်တော်တို့က အကျိုးအကြောင်း ပြောပြတာ။ "ဒီလိုပဲ ဘီလူးမကြီးက လာလာပြီး မင်းရဲ့ အကိုနှစ်ယောက်ကို စားသွားတယ်. . .။ အဲဒီလို စားသွားလို့ မင်းကိုလည်းပဲ ဒီလိုစားသွားမှာစိုးလို့မို့ သံနှောင်အိမ်ကြီးဆောက်ပြီး စောင့်ရှောက်ရတယ်. . .။ စောင့်ရှောက်ရတယ်။ ငယ်ငယ်ရွယ်ရွယ်နဲ့ ပြင်ဘက်ကို ထုတ်လိုက်ပြန်ရင်လည်း အဲဒီလို ဘီလူးမက လာပြီး အချိန်မရွေး မင်းကို ဖမ်းစားနိုင်တာမို့လို့ ဒီလိုပဲ ထိန်းသိမ်းစောင့်ရှောက်ပြီးတော့ လာခဲ့ရတယ်. . .။ အခု (၁၆)နှစ်လောက် ရောက်တော့ မင်းက အားနဲ့အင်နဲ့ အတတ်ပညာတွေလည်း ပြည့်စုံပြီ၊ ဒါကြောင့် ဘီလူးမ လာလို့ရှိရင်လည်း ခုခံနိုင်တဲ့အားရှိလို့ ထုတ်ပြီးတော့ နန်းတင်မလို့ပဲ. . . "လို့ ဆိုတော့-

ဘုရားအလောင်းတော်လေးက စိတ်ထဲလေ. . . သံဝေဂတွေဖြစ်သွားလိုက်တာ သူက "ဩ. . . ငါ့မှာ သူများနည်းတူ အင်မတန် ကျဉ်းမြောင်း မည်းမိုက်တဲ့ အမိဝမ်းခေါင်းကြီးထဲမှာ ကိုးလဆယ်လတိုင်တိုင် နေခဲ့ရတဲ့အပြင်. . .

http://www.dhammadownload.com



သူတပါးတွေမှာတော့ အမိဝမ်းခေါင်းက ကျွတ်လွတ်လာတယ်ဆိုရင် လွတ်လွတ်လပ်လပ်နဲ့ သွားလာလှုပ်ပတ်ပြီးတော့ နေကြရပြားသော်လည်း. . .။ ငါ့မှာ. . . တစ်ဆယ့်ခြောက်နှစ်လုံးလုံး သံနှောင်အိမ်ကြီးထဲမှာ ကျဉ်းကျဉ်း မြောင်းမြောင်းနဲ့ နေခဲ့ရပါလား. . .။

အဲဒါ သူ့စိတ်ထဲ သံဝေဂဖြစ်တယ်ဆိုတာ ထိတ်လန့်ပြီးတော့ သူ့ဘဝ သူ ပြန်ပြီးတော့ စဉ်းစားကြည့်လိုက်တော့ သူများက အမိဝမ်းခေါင်းထဲမှာ ကိုးလ ဆယ်လ ကျဉ်းကျဉ်းမြောင်းမြောင်း နေခဲ့ရတဲ့ဒုက္ခကို ခံခဲ့ရတာတော့ ဟုတ်တယ်၊ အဲဒါပြီး မွေးဖွားလာတယ်ဆိုရင် လွတ်လွတ်လပ်လပ် သွားလာ လှုပ်ရှား နေကြ၊ စားကြ သောက်ကြ ပျော်ကြ ပါးကြ ဒီလိုနေရတာ၊ သူ့မှာတော့ အဲဒီလို မဟုတ်သေးဘူး အင်မတန် ကျဉ်းမြောင်းမည်းမိုက်တဲ့ အမိဝမ်းတိုက်ကြီးထဲမှာ ကိုးလ ဆယ်လ နေခဲ့ရတဲ့အပြင်. . . အခု တစ်ခါထပ်ပြီးတော့ ဆယ့်ခြောက် နှစ်လုံးလုံး. . . ကိုးလလည်း မက, ဆယ်လလည်း မက, တနှစ်လည်း မက, တစ်ဆယ့်ခြောက် နှစ်လုံးလုံး အင်မတန်ကျဉ်းမြောင်းတဲ့ သံနှောင်အိမ်ကြီးထဲမှာ နေခဲ့ရပါလား. . . လို့ သူ့ဘဝသူ သံဝေဂဖြစ်တယ်၊ ထိတ်လန့်တယ်။

အဲလို ထိတ်လန့်တဲ့အပြင် သူဆက်ပြီး ဘယ့်နဲ့တွေးမိတုန်းဆိုတော့၊ အင်း. . . သံနှောင်အိမ်ကြီး ကာပြီးတော့ စောင့်ရှောက်လို့ တကယ့်ဘီလူးမကြီး ဘေးက ကင်းဝေးတာတော့ ဟုတ်ပြီ. . . တဲ့၊ ဒီဘီလူးကြီးထက်ဆိုးတဲ့ သံနှောင်အိမ်ကြီးတွေ ဘယ်လောက်ပဲဆောက်ပြီးတော့ ကာကွယ်ကာကွယ်၊ ဘယ်လောက်ပဲ အဆောက်အဦးကြီးတွေနဲ့ လက်နက်တွေနဲ့ ဆီးတားဆီးတား၊ ဆီးတားလို့မရတဲ့ ဘီလူးကြီး (၃)ကောင်ဘေးကတော့ ငါ မလွတ်သေးပါလား. . . လို့၊ ဟော ဒီလို ဆက်ပြီး သူက မြင်လာတယ်၊ အဲဒီတင် သူပြောတော့တာပဲ မယ်တော် ခမည်း တော်တို့ကို လက်အုပ်ချီပြီးတော့-

ယက္ခိနီယာ ပမုတ္တောပိ, ယက္ခီဟိတု အမုတ္တကော၊
တသ္မာဟံ ပဗ္ဗဇိဿာမိ, မုတ္တတ္ထံ ယက္ခပီဠိတာ။

တာတ-ခမည်းတော်မြတ်, သောင်းလုံးနတ်၊ တာတ-ခမည်းတော် မယ်တော်, ကျေးဇူးရှင်တို့၊ အဟံ-သားတော်သည်၊ ယက္ခိနီယာ-ပကတိ ဘီလူးမကြီးဘေးမှ၊ ပမုတ္တောပိ-ခမည်းတော် မယ်တော်တို့က, သံအိမ်ကြီး တည်ဆောက်ပြီး, စောင့်ရှောက်လို့, လွတ်မြောက်ခဲ့ရပါသော်လည်း၊ ယက္ခီဟိတု-မမွေးခင်ကတည်းက, စားမယ် ဝါးမယ်လို့, ပြင်ဆင်နေကြတဲ့, ဘဝတိုင်း စားနေတဲ့, ဘီလူးကြီး သုံးကောင်တို့ဘေးမှကား၊ အမုတ္တော-မုချပိုင်ပိုင်, မလွတ်မြောက်နိုင်သေးပါ၊ တသ္မာ-ထို့ကြောင့်၊ ယက္ခပီဠိတာ-ဘဝတိုင်း စားနေတဲ့, ဘီလူးကြီး

http://www.dhammadownload.com



သုံးကောင်တို့ရဲ့ဘေးမှုမုတ္တတ္ထံ- လွတ်မြောက်ဖို့အရေးအလို့ငှါ၊ ပစ္စဇီဿာမိ- ဖန်ရည် တပ်စွန်း, ဝတ်သင်္ကန်းဖြင့်, ရှင်ရဟန်းပြုကာ, လွတ်မြောက်ဖို့အရေး, မုချမသွေ, ကျွန်ုပ်ပြေးဖို့, ကြံစည်ရပါတော့အံ့သတည်း. . .။

သာဓု. . . သာဓု. . . သာဓုပါဘုရား. . .။

ခမည်းတော် မယ်တော်တို့. . . တဲ့၊ ခမည်းတော် မယ်တော်တို့ စောင့်ရှောက်လို့ သားတော်ဟာ ပကတိဘီလူးမကြီးဘေးက၊ ပကတိဘီလူးဇာတ်မှ မွေးဖွားတဲ့ ဘီလူးမကြီးဘေးကတော့ သံအိမ်ကြီး တည်ဆောက်ပြီး ခမည်းတော် မယ်တော်တို့ စောင့်ရှောက်လို့ လွတ်ခဲ့တာတော့ မှန်ပါပြီ. . . တဲ့၊ လွတ်ခဲ့တာ မှန်ပါပြီ၊ သို့သော်. . . အဲဒီ ဘီလူးမကြီးထက်ဆိုးတဲ့ ဘဝတိုင်း ဘဝတိုင်း, ရောက်လေရာ ဘဝတိုင်းမှာ စားနေကျ ဘီလူးကြီးသုံးကောင်ဘေးမှ သားတော် မလွတ်သေးဘူး. . . တဲ့၊ သားတော် မလွတ်သေးဘူး၊ အဲဒီ ဘီလူးကြီးသုံးကောင်ဘေးမှ လွတ်မြောက်ဖို့အရေးအတွက် သားတော် ဆက်ပြီးတော့ပြေးရပေလိမ့်အုံးမယ်. . .၊ လွတ်မြောက်ရေးအတွက် သားတော် ကြံရပေလိမ့်အုံးမယ်။ ဒါကြောင့် အဲဒီ ဘီလူးမဘေးက လွတ်မြောက်ရုံနဲ့ ကျေနပ်မနေဘဲ, ဘဝတိုင်း စားတတ်တဲ့ ဘီလူးသုံးကောင်ဘေးက သားတော်ပြေးတော့မယ်၊ ရှင်ရဟန်းပြုပြီးတော့ သားတော် လွတ်မြောက်အောင် ကျင့်တော့မယ်. . . လို့၊

တသ္မာဟံ ပစ္စဇိဿာမိ, မုတ္တတ္ထံ ယက္ခပီဠိတာ။

ယက္ခပီဠိတာ-ဘဝတိုင်းစားနေတဲ့, ဘီလူးကြီးသုံးကောင်တို့ရဲ့ဘေးမှ၊ မုတ္တတ္ထံ -လွတ်မြောက်ဖို့အရေးအလို့ငှါ၊ပစ္စဇိဿာမိ-ဖန်ရည်တပ်စွန်း, ဝတ်သင်္ကန်းဖြင့်, ရှင်ရဟန်းပြုအံ့ပေသတည်း. . .။ ရှင်ရဟန်းပြုပြီးတော့ သီလတွေထိန်း,ကျင့်ကြံကြိုးကုတ်အားထုတ်ပြီးတော့ သားတော်ပြေးတော့မယ်. . . တဲ့၊ ငါးဖြာအာရုံ ကာမဂုဏ်တွေနဲ့ ထူပြောတဲ့ လူနတ်တို့ရဲ့မွေ့လျော်ရာ ဒီနယ်ထဲမှာ သားတော် နေရရင်ဖြင့် ဒါ ဘီလူးစားတာ စင်း. . . ပြီးတော့ ခံနေတာနဲ့ တူလိမ့်မယ်. . .။

ဒီတော့ ဘဝတိုင်းစားတဲ့ ဘီလူးကြီးသုံးပါးဆိုတာ ဘယ်သူတုန်းဆိုတော့ ဇရာဘီလူးကြီး, ဗျာဓိဘီလူးကြီး, မရဏဘီလူးကြီး ဒါကိုပြောတာ၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဘုရားဖြစ်တော့မှ ဒီဇာတ်တော်ကို ပြန်ဟောတာနော်၊ ဒီဇာတ်တော်ထဲမှာ ပြောနေတာ၊ ဘုရားအလောင်းတော်ကလေး ပြောနေတဲ့ စကားကို ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဘုရားဖြစ်တဲ့အချိန်ကျတော့ သူ အလောင်းတော်ဘဝတုန်းက ပြောခဲ့တဲ့စကားကို ပြန်ပြီးတော့ဟောရင်းနဲ့ ဘုန်းကြီး

http://www.dhammadownload.com



နယ်ကြီးက ဇရာ, ဗျာဓိ, မရဏလို့ခေါ်တဲ့ ဘီလူးကြီးသုံးကောင်ရဲ့နယ်ကြီး. . . တဲ့၊ ဘီလူးရွာကြီး၊ အဲဒီ ဘီလူးက ဟို ပကတိဘီလူးမထက် ပိုဆိုးတယ်၊ ဟို ပကတိ ဘီလူးမက စားရင် တစ်ခါစားမှာ, တစ်ဘဝ စားနိုင်တာ၊ သူက တစ်ဘဝ ညှင်းဆဲနိုင်တာ။

ဒီဇရာခေါ်တဲ့ အိုခြင်းဘီလူးမကြီး, ဗျာဓိခေါ်တဲ့ နာခြင်းဘီလူးမကြီး, မရဏလို့ခေါ်တဲ့ သေခြင်းဘီလူးမကြီး သုံးကောင်က ဘဝတိုင်း အစားခံရတယ်၊ ဘဝတိုင်း အိုကြရတယ်, နာကြရတယ်, ဘဝတိုင်း သေကြရတယ်၊ အဲဒါဘီလူး စားခံရတာ ခေါ်တယ်၊ ပြီးတော့ မမွေးခင်က စောင့်ပြီးတော့ စားမလို့ စောင့်နေတဲ့ ဘီလူးသုံးကောင်၊ ပြီးတော့ ဘယ်နားပြေးပုန်းလို့မှ မလွတ်ဘူး သူက၊ ခုနက ပကတိ ဘီလူးမက သံအိမ်ကြီးတည်ဆောက်ပြီးတော့ လက်နက်တွေနဲ့ စောင့် ရှောက်လို့ ရသေးတယ်၊ အခု ဇရာခေါ်တဲ့ ဆံဖြူနားထိုင်း ခါးကိုင်း သွားကြွေ အသားအရေ ယိုယွင်း အိုမင်းရခြင်းဆိုတဲ့ ဇရာဘီလူးကြီး ဒီဘေးကြီးက စစ်တပ် ကြီးတွေ ချချင်ရာနဲ့ချစောင့်၊ ဆင်တပ်ကြီးတွေနဲ့ ကာစောင့်, မြင်းတပ်ကြီးတွေ ဘယ်လောက်အထပ်ထပ်ချ မရဘူး၊ တတ်နိုင်လို့ ဟိုမိုးကောင်းကင်ထဲ တက်ပြီး တော့ ပုန်း, မရဘူး လိုက်တာပဲ သူက၊ ဒါကြောင့်-

❖ မိုးကောင်းကင်ထဲ, ပုန်းခိုလည်း, လွတ်မြဲမရှိပါ။
သမုဒ္ဒရာအလယ်, ပြာသာဒ်တည်, ပုန်းကွယ် မလွတ်ပါ။

သမုဒ္ဒရာကြီးရဲ့ ဟိုး. . . နက်ပေ့ဆိုတဲ့ သမုဒ္ဒရာကြီးရဲ့ အလယ်မှာ ငါသွားပြီးတော့ အဆောက်အဦးကြီး ဆောက်ပြီးတော့ဒီနေရာ ဇရာဘီလူး ဗျာဓိဘီလူး မရဏဘီလူးခေါ်တဲ့ အိုခြင်းဘီလူးကြီး, နာခြင်းဘီလူးကြီးဆိုတဲ့ ကိုး ဆယ်ခြောက်ဖြာ ကိုးဆယ့်ရှစ်ဖြာဘေးရောဂါ စွဲတဲ့နာခြင်း ဘီလူးကြီး၊ နောက်ဆုံး သေရတဲ့ မရဏဘီလူးဘေးက လွတ်အောင် ရေအောက် နက်ပေ့ ဆိုတဲ့ နေရာ သွားပုန်းမယ်. . . လို့ ဆိုပြီးတော့ ပုန်း, မလွတ်ဘူး. . တဲ့။

❖ ထိုထိုတောင်ခေါင်း, ပုန်းခိုအောင်း, လွတ်ကြောင်း မရှိပါ။

တောင်ခေါင်းကြီးတွေထဲ သွားပုန်း မြင့်မိုရ်တောင်ခေါင်းကြီးထဲ နက်ပေ့ ဆိုတဲ့ မှောင်ပေ့ဆိုတဲ့ တောင်ခေါင်းကြီးတွေထဲ သွားပုန်း မလွတ်ဘူး၊ ဟိမဝန္တာ တောင်ခေါင်းကြီး, ဝေရက်တောင်ခေါင်းကြီးတွေဆိုတဲ့ တောင်ခေါင်းကြီးတွေထဲ သွားပုန်း မလွတ်ဘူး. . . တဲ့ ပုန်းလို့ရတဲ့နေရာ တစ်ခုမှ မရှိဘူး၊ ဒီသုံးဆယ့်တစ်ဘုံ ထဲဖြင့် ဘယ်နားသွားပုန်း ပုန်းမလွတ်ဘူး၊ ဒါကြောင့် အားလုံးပရိသတ် လိုက်ဆို

http://www.dhammadownload.com



လိုက်စမ်းပါ၊ မလွတ်တာကို မလွတ်မှန်း သိအောင်၊ ဒုက္ခနယ်ကို ဒုက္ခနယ်မှန်း သိအောင်. . .။

❖ မိုးကောင်းကင်ထဲ, ပုန်းခိုလည်း, လွတ်မြဲမရှိပါ။
သမုဒ္ဒရာအလယ်, ပြာသာဒ်တည်, ပုန်းကွယ် မလွတ်ပါ။
ထိုထိုတောင်ခေါင်း, ပုန်းခိုအောင်း, လွတ်ကြောင်း မရှိပါ။

အဲ-သုံးဆယ့်တစ်ဘုံနယ်ထဲဖြင့် ဘယ်နားပြေးပုန်းလို့မှ မလွတ်ဘူး. . . .တဲ့၊ ဒီ ဇရာဘီလူးက ရောက်လာတာပဲ ဆံဖြူ သွားကျိုး နားထိုင်းဆိုတဲ့ ရင့်ရော်ယိုယွင်း အိုမင်းမှုကြီးသဘောက ဘယ်နားသွားနေနေ သူကရောက်လာတာပဲ၊ ခေါင်းကဆံကတော်ကြာ ဖြူလာတာ၊ တော်ကြာသွားက ကျိုးလာတာ၊ ပါးရေကတွန့်လာတာ၊ ကိုးဆယ့်ခြောက်ဖြာကိုးဆယ့်ရှစ်ဖြာ ရောဂါဆိုတဲ့ ဘေးကလည်းပဲ ဘယ်နားပြေးပုန်းလို့မှ မလွတ်ဘူး၊ သုံးဆယ့်တစ်ဘုံ နယ်ထဲဖြင့် ဘယ်နားမှ မလွတ်ဘူးတဲ့၊ မလွတ်တော့ ဘယ့်နဲ့လုပ်ရမှာတုန်း ဒီတိုင်း စင်းခံနေမှာလားဆိုတော့ မဟုတ်ဘူးတဲ့ ပြေးရတယ်၊ လွတ်ရာဘက်ကို ပြေးရတယ်၊ လွတ်ရာနယ်ရှိတယ် အဲဒီလွတ်ရာနယ်ကို ပါဠိလို ဝိမုတ္တိဌာနလို့ ခေါ်တယ်။ ပါဠိလို ဝိမုတ္တိဌာန၊ ဝိမုတ္တိဆိုတာ လွတ်မြောက်တဲ့၊ ဌာနက နေရာကြီး၊ လွတ်မြောက်တဲ့ နေရာကြီးရှိတယ်. . . တဲ့။

အဲဒီ ဌာနကြီးကို ပါဠိလို ဘယ့်နဲ့ခေါ်တုန်းဆိုတော့ နိဗ္ဗာနလို့ခေါ်တယ်၊ မြန်မာလိုတော့ နိဗ္ဗာန်၊ ဘီလူးရန်ဘေးသုံးပါးက လွတ်မြောက်တဲ့နယ်ကြီးကို နိဗ္ဗာန်လို့ ခေါ်တယ်၊ အဲဒီ နိဗ္ဗာန်ကို ရောက်အောင်ပြေးကြ. . . တဲ့ အဲဒီဘက်ကို ထွက်ပြေး ကြ၊ ထွက်ပြေးကြတော့ ပကတိခြေထောက်နဲ့ ပြေးလို့ မရဘူး၊ ပကတိ မော်တော် ကားတွေ၊ ရထားတွေ လေယာဉ်ပျံတွေ စီးပြီးတော့ပြေးလို့ မရဘူး၊ ပြေးနည်းသုံး မျိုးရှိတယ်၊ ပြေးနည်းသုံးနည်းက ဘာတွေလည်းဆိုတော ဒါနနဲ့ ပြေးခြင်း, လှူဒါန်း ပေးကမ်း စွန့်ကြဲမှုကို ပြုနေတဲ့သူသည် ပြေးနေတဲ့သူ။

ဒီနေ့ ဒကာကိုခင်မောင်ထွေးတို့ ဒေါ်နုဌေးတို့ သံဃာတော်တစ်ထောင်ကျော်တို့အား နံနက်ဆွမ်း နေ့ဆွမ်း နှစ်ထပ်သောဘောဇဉ်ဆွမ်းများဖြင့် ဆက်ကပ်နေတဲ့အချိန်သည် ပြေးနေတဲ့အချိန်ခေါ်တယ်၊ အဲဒါ ဘီလူးရန်ဘေးက လွတ်အောင်ပြေးနေတာ၊ ပရိသတ်အပေါင်း သူတော်ကောင်းတွေ ကျွေးမွေး ဧည့်ခံနေတဲ့ အချိန်၊ ငွေကျပ်တစ်သောင်း ငွေပင်စိုက်ထူလှူဒါန်းနေတဲ့အချိန် ပြေးနေတာခေါ်တယ်၊ မိမိတို့ အကိုကြီးကို သက်န်းပရိက္ခရာတွေ ဆင်မြန်းပြီးတော့ ပေးနေတဲ့အချိန်၊ သားလေးတွေ တူလေးတွေကို ရှင်ပြုပေးနေတဲ့ အချိန်အဲဒါပြေး

http://www.dhammadownload.com



ဂမနေန နပတ္တဗ္ဗော. . . တဲ့ ဘုရားက၊ ဂမနေန-ခြေလျင်ပြေး ခြင်းဖြင့်၊ နပတ္တဗ္ဗော-ဘယ်တော့မှ မလွတ်မြောက်ဘူး။ မင်းတို့ခြေလျင်ပြေးလို့ကတော့ မလွတ်ဘူးဟေ့. . . ယာဉ်အမျိုးမျိုးစီးပြီးတော့ တတ်နိုင်လို့ ဒုံးပျံကြီး စီးပြီးတော့ပြေး မလွတ်ဘူး။ အဲ ဒုံးပျံကြီးပေါ်စီးပြေးနေရင်းနဲ့ အဲဒီ ဒုံးပျံစီးတဲ့လူ ဆံပင်ဖြူလာတာပဲ ဇရာဘီလူးကဝင်စားတာပဲ၊ ဗျာဓိဘီလူးက ဝင်ကိုက်တာပဲ၊ နောက်ဆုံး မရဏဘီလူး ကိုက်တော့ ပက်လက်လန်ပြီး မြေထဲရောက်သွား. . . ရော၊ ဒါ့ကြောင့် ဘဝတိုင်းစားတဲ့ သုံးပါးရန်စွယ် အန္တရာယ်ဘီလူးကြီးဘေးက ကင်းဝေး လွတ်မြောက်ချင်ရင် "လှူ-စောင့်-ပွားများ လွန်ကြိုးစား. . . တဲ့၊ လှူဆိုတာ လှူဒါန်းပေးကမ်းမှု ဒါန၊ စောင့်ဆိုတာ သီလပြောတာ၊ ပွားများဆိုတာက ဘာဝနာပြောတာ ဒါ့ကြောင့်- အဲဒီဘေးကြီး သုံးပါးကလွတ်အောင် ပြေးကြ. . . လို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးဟောတော်မူတဲ့ ဒေသနာတော်ကို လိုရင်းချုပ်လိုက်တော့ အားလုံး ပရိသတ်လိုက်ဆိုစမ်းပါ-

❖ ဘဝတိုင်းစား, သုံးပါးရန်စွယ်၊
အစွယ်ပြူးတူး, ဘီလူးအန္တရာယ်၊
လှူ,စောင့်,ပွား,များ၊ ကျိုးစားကာရယ်၊
လွတ်အောင်ပ, ပြေးကြအသွယ်သွယ်။

ဘဝတိုင်းစားတဲ့ သုံးပါးရန်စွယ်ဆိုတာ ခုနက ဇရာ ဗျာဓိ မရဏဘီလူး သုံးကောင်ပြောတာ၊ ဘဝတိုင်းစားတာ သူက၊ ဘယ်ဘဝရောက်ရောက် သူတို့မစားတဲ့ ဘဝရယ်လို့ မရှိဘူး ဇရာဘီလူးအစား မခံရတဲ့ ဘဝရယ်လို့ မရှိဘူး။ ရုပ်နာမ်ခန္ဓာကို ဘဝလို့ခေါ်တယ်၊ လူ့ဘဝ နတ်ဘဝ ဗြဟ္မာဘဝ၊ ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ်ဘဝ, ဘယ်ဘဝရောက်ရောက်၊ ခွေးဖြစ်တော့လည်း ခွေးဘဝ, ဇရာ ဘီလူးစားတော့ ခွေးအို အိုတာပဲ၊ နွားဘဝရောက်တော့လည်း နွားအို အိုရတာ၊ နွားနာနာ, နောက်ဆုံးနွားသေ သေ၊ ဒီဘီလူး သုံးကောင်ပဲ၊ ခွေးဘဝရောက်တော့ ခွေးအိုအို ခွေးနာနာ ခွေးသေသေ၊ လူ့ဘဝရောက်တော့ လူအိုအို, လူနာနာ, လူသေသေ ဒီဘီလူးသုံးကောင် လက်ချက်ချည်းပဲ၊ ဒါ့ကြောင့် "ဘဝတိုင်းစား, သုံးပါးရန်စွယ်တဲ့" ဘဝတိုင်းလိုက်ပြီး စားနေတဲ့ ဘီလူးကြီးသုံးကောင်။

ခုနက ဘီလူးက တစ်ဘဝသာ စားတာ၊ ဘုရားအလောင်းရဲ့ အကိုနှစ်ယောက်ကို စားတယ်ဆိုတဲ့ ဘီလူးက တစ်ဘဝသာစားနိုင်တဲ့ ဘီလူး၊ ဒီဇရာ, ဗျာဓိ, မရဏဆိုတဲ့ ဘီလူးသုံးကောင်က "ဘဝတိုင်းစား, သုံးပါးရန်စွယ်၊ အစွယ်ပြူးတူး ဘီလူးအန္တရာယ်" အစွယ်ပြူးတူးနဲ့ မမြင်ရလို့သာ၊ မျက်စိနဲ့မမြင် စကောင်းလို့သာ အစွယ်ပြူးတူးနဲ့ အမြဲတမ်း စားနေတဲ့ ဘီလူးတွေ... . ဒီနေ့ ဘုန်းကြီးတို့တတွေ ဒကာဒကာမအပေါင်း သူတော်ကောင်းတို့တတွေ ဘီလူးစားထားလို့

http://www.dhammadownload.com



ပြူးတူး ဘီလူးအန္တရာယ်" အစွယ်ပြူးတူးနဲ့ မမြင်ရလို့သာ၊ မျက်စိနဲ့မမြင် စကောင်းလို့သာ အစွယ်ပြူးတူးနဲ့ အမြဲတန်း စားနေတဲ့ ဘီလူးတွေ. . . ဒီနေ့ ဘုန်းကြီးတို့ တတွေ ဒကာဒကာမအပေါင်း သူတော်ကောင်းတို့တတွေ ဘီလူးစားထားလို့ တချို့ဆံပင်တွေ ဆွတ်ဆွတ်ဖြူကုန်ပြီ၊ တချို့ပါးရေတွေ တွန့်ကုန်ပြီ၊ တချို့မျက်စိတွေ မွဲကုန်ပြီ၊ တချို့နားတွေ ထိုင်းကုန်ပြီ အဲဒါ ဇရာဘီလူး လက်ချက်၊ ဇရာဘီလူးက စား. . . တော့ တဖြေးဖြေးနဲ့ အားအင်တွေကုန်၊ လှလှပပ ရုပ်ရေအဆင်းလေးတွေ ပျောက်ကုန် ပျက်ကုန် သွားတွေကျိုးကုန်ပါးရေတွေ တွန့်ကုန်။ အနာမျိုးကိုးဆယ့်ခြောက်ဖြာ ကိုးဆယ့်ရှစ်ဖြာ ဗျာဓိဘီလူး စားလိုက်ပြီဆိုတော့ အိပ်ရာပေါ် ပက်လက်ဖြစ်သွား၊ ဓာတ်ဆရာ ဗိန္ဒောဆရာတွေ၊ ဆရာဝန်တွေခေါ် ရ ဝိုင်းပြီးတော့ ကုရ, သရ, မရ, ချီရ, ပိုးရ အကုန်လုံး ဒုက္ခဖြစ်သွား. . .။

နောက်ဆုံး မရဏဘီလူးကြီး စားလိုက်ပြီ. . . ဆိုတော့ အိမ်ပေါ် တောင်ထားလို့မဖြစ်ဘူး၊ ဟို. . . သုသာန်သွားပြီးတော့ မြေထဲမြှုတ်ပစ်ရတယ်၊ မီးရှို့ရ ရေမျှောပစ်ရ မရဏဘီလူးကြီး စားပြီဆိုတော့ လူထဲ သူ့ကို ထားလို့မရဘူး၊ ဇရာဘီလူး ဗျာဓိဘီလူး စားတာက လူထဲသူထဲ ထားလို့ရသေး၊ ဒါတောင်မှ လူ့ရှေ့သူ့ရှေ့ ဂုဏ်ရှိသိန်ရှိ ပွဲလမ်းသဘင်ထဲ ထားလို့မတော်ဘူး၊ ဗျာဓိဘီလူးကိုက်ထားလို့ ရောဂါသည်ကြီး တကထဲ အရည်တယိုယိုနဲ့ အနာတွေနဲ့, အညီတွေနဲ့ဖြစ်နေတဲ့သူကြီး ပွဲလမ်းသဘင် မင်းခမ်းမင်းနား ကျက်သရေရှိတဲ့နေရာ လာလို့မရဘူး၊ သွင်းလို့မရဘူး။ ဒါ့ကြောင့် ဇရာဘီလူး ဗျာဓိဘီလူး မရဏဘီလူးဆိုတဲ့ ဘီလူးကြီးသုံးကောင်၊ မမွေးခင်က စားဖို့စောင့်နေတဲ့ ဘီလူးကြီးသုံးကောင်၊ ဘဝတိုင်းစားနေတဲ့ ဘီလူးကြီးသုံးကောင်ဘေးက ကင်းဝေး လွတ်မြောက်အောင် ပြေးကြ. . . ပြေးကြ၊ ဟော-ဘုရားရှင် ဒီဇာတ်တော်ကို ဟောလိုရင်းက အဲဒါပဲ၊ ဘုရားဖြစ်ချင်တဲ့ လိုရင်းအကျဆုံး ဆန္ဒတော်က ဒါပဲ၊ အဲဒါကြောင့် လှူ-ဆိုတဲ့ အမှုကိုပြုပြီးတော့ ပြေး၊ စောင့်-ဆိုတာ သီလစောင့် ထိန်းမှုကိုပြုပြီးတော့ ပြေး၊ ပွား-ဆိုတာ သမထဝိပဿနာ ဘာဝနာပွားများပြီးတော့ ပြေး. . . တဲ့။

ဒီတော့-ဒီနေ့ ဒကာဦးခင်မောင်ထွေး+ဒေါ်နုမြွေးတို့က အကိုကြီးနှင့် တကွ သားလေးသုံးယောက်, တူလေးငါးယောက်တို့ကို သီလကုသိုလ်ကောင်းမှုကြီးနဲ့ အပြေးခိုင်းတာ၊ ဘေးရန်အန္တရာယ်ရှိတဲ့ သုံးဆယ့်တစ်ဘုံ ဘီလူးနယ်ကြီးက နေ လွတ်အောင်လို့ သူတို့ကို သီလတန်ဆာတွေဆင်ပြီးတော့ သီလကုသိုလ် ကောင်းမှုကြီးတွေနဲ့ အပြေးခိုင်းတာ၊ လွတ်ရာပို့တာ ရဟန်းပြုလိုက်တဲ့အတွက် သူတို့ကို သုံးဆယ့်တစ်ဘုံ ဒီဘီလူးနယ်က လွတ်မြောက်ရာဖြစ်တဲ့ ဝိမုတ္တိရသလို့ခေါ်တဲ့ နိဗ္ဗာန်နဲ့ နီးသွားဖို့ပဲရှိတယ်၊ ရဟန်းခံလိုက်တဲ့အတွက်၊ ရှင်ပြုလိုက်တဲ့အတွက် နိဗ္ဗာန်နဲ့ဝေးသွားတယ်လို့ ဘယ်ဘုရားမှ မဟောဘူး၊ ထုံးစံလည်း မရှိဘူး။

http://www.dhammadownload.com



မိမိတို့ကိုယ်တိုင်ကတော့ အလှူဒကာအလှူ့အမတွေနဲ့ ဆွေသားမျိုးသားတွေကတော့ ဒါနနဲ့ပြေးတာ၊ ဒီနေ့ သံဃာတစ်ထောင်ကျော်ကို ဆွမ်းဘောဇဉ်တွေ လောင်းလှူကြ၊ သင်္ကန်းသပိတ်ပရိက္ခရာတွေ လှူကြ၊ ငွေပင်တွေ စိုက်ထူပြီးတော့ လှူကြဆိုတာ ဒါလှူဒါန်းမှုဆိုတဲ့ ဒါနစေတနာ ဖြစ်ပွားနေတာဟာ ပြေးတာပဲ၊ ရုပ်နာမ်ခန္ဓာကိုယ်ကြီးက ဒီမှာပါပဲ၊ မိတ္ထီလာမှာ၊ ဒီကနေသွားလည်း မိတ္ထီလာမြင်းခြံကားဂိတ် ဒီအိမ်နေမှာပါပဲ ရုပ်ခန္ဓာကြီးကတော့။ သို့သော်. . . ပါရမီခန္ဓာအားကြီးက တော်တော်ကြီး ခရီးပေါက်သွားပြီ၊ ဘုရားအလောင်းတော်ကြီးတွေ, ရှေးသူတော်ကောင်းကြီးတွေ ဒီလို ပြေးကြ တာပဲ၊ ရုပ်ခန္ဓာကိုယ်ကြီးကတော့ ဟုတ်တယ် ဒီအိမ်ဒီအိမ်ပေါ်ပဲ၊ ဒီနားဒီနားပဲ နာမ်ခန္ဓာပါရမီအားကြီးက လွတ်မြောက်ရာကို ပြေးတယ်၊ လွတ်မြောက်ရာနဲ့ ကပ်သွားတယ်၊ လွတ်မြောက်ရာနဲ့ နီးသွားတယ်၊ နီးသွားလို့သာ ဘုရားရှင်ကိုယ်တော်မြတ်ကြီး လွတ်သွားပြီ၊ ရှင်သာရိပုတ္တရာ ရှင်မဟာမောဂ္ဂလ္လာန် ကိုယ်တော်မြတ်ကြီး လွတ်သွားပြီ။ မိထွေးတော်ဂေါတမီ, ခေမာထေရီ အစရှိတဲ့ ရဟန္တာအရှင်မကြီးတွေ ဘီလူးကြီးသုံးကောင်ဘေးက ကင်းဝေးလွတ်မြောက်တော်မူသွားကြပြီ. . . တဲ့။

ဒါ့ကြောင့် အလှူ့ဒကာ အလှူ့အမတို့က စွန့်ကြဲပေးကမ်းလှူဒါန်းမှုဆိုတဲ့ ဒါနနဲ့ပြေး၊ အခု ရဟန်းတော် ရှင်သာမဏေလေးတွေကျတော့ သီလနဲ့ပြေးစေခြင်း၊ မိမိတို့လည်းပဲ သီလက သူတို့လောက်တော့ မမြင့်ဘူးထား၊ ဆိုပါတော့ ရဟန်းက ကုဋေကိုးထောင်ကျော်ဆိုတော့ သူက သီလအားကြီး ကောင်းနေပြီ, ပြေးအားကြီးက နည်းတဲ့အားကြီးမဟုတ်ဘူး၊ ကိုရင်လေးတွေဆိုရင် တစ်ရာ့နှစ်ဆယ် သိက္ခာသီလ၊ မိမိတို့က သူတို့လောက်တော့ မများဘူးပေါ့၊ ငါးပါးသီလအားလေးနဲ့ ပြေးရတာ၊ ငါးပါးသီလအရှိန်နှုန်းလေးနဲ့ ပြေးရတာပေါ့၊ သူတို့က ကုဋေကိုးထောင်ကျော် အရှိန်နှုန်းကြီးနဲ့ ပြေးတဲ့အချိန် ကိုယ်က ငါးပါးသီလနဲ့ပြေး၊ ဘာနဲ့ပြေးပြေး ဖရှေ့ ပြေးပါများရင် ရောက်တာပဲ လွတ်မှာပဲ၊ ဒီလိုမဟုတ်ဘဲနဲ့ ဒါနလည်းမပြု၊ သီလလည်း မစောင့်, ဘာဝနာလည်း မပွားဆိုတဲ့လူကတော့ လည်စင်းခံနေတာ ဘီလူးစားသမျှ ကုန်းခံမယ်, စင်းခံမယ်ဆိုတဲ့ လူနဲ့တူတယ်။

ဒီတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီး မြင်စေချင်တာက ဘီလူးလက်က လွတ်အောင်ပြေးနေတဲ့လူစားက တစ်မျိုး၊ ဘီလူးနယ်ကြီးက လွတ် အောင်မပြေးဘဲနဲ့ လည်စင်းခံနေတဲ့လူစားက တစ်မျိုး: . . လို့ လူနှစ်မျိုး မြင်တော်မူတယ် ဘုရားက၊ အဲ. . ငါးဖြာအာရုံကာမဂုဏ်တွေနဲ့ ပျော်လို့ပါးလို့ မော်လို့ကြွားလို့ စားလို့သောက်လို့ ဒါနက ဝေး၊ သီလက မပါ၊ ဘာဝနာက ကင်းကွာ. . . ပြီးတော့ နေတဲ့သူကတော့ လည်စင်းခံ၊ ဘီလူးရွာကြီးထဲက ပြေးရမှန်းကို မသိတာ၊ ဘီလူးရွာကြီးထဲက ထွက်ရမှန်းကို မသိတာ၊ ဘီလူးရွာကြီးထဲက ကွက်ရမှန်းမသိတော့

http://www.dhammadownload.com



အကြိမ်ကြိမ် ဘီလူးအစားခံရ, ဒါကိုက်ခံရ, အမျိုးခံရပေါ့၊ ခံရပြီဆိုတော့ ကိုယ်ပဲ ဒုက္ခဖြစ်တာ။

ဒါကြောင့် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဒီဘီလူးရန်ဘေး ကင်းဝေး လွတ်မြောက်အောင် ပြေးကြ. . . လို့ ဆိုတဲ့အတိုင်း ဒီနေ့ အလှူ့ဒကာ အလှူ့ အမတွေနှင့်တကွ အားလုံးသောပရိသတ်အပေါင်း သူတော်ကောင်းတွေ တို့. . . မဂ်ဖိုလ်နိဗ္ဗာန်ရည်မှန်းပြီးတော့ပြုတဲ့ ဒါနလို့ဆိုတဲ့ကောင်းမှုဖြင့် နေ့တိုင်းပြေးမှ တော်မယ်၊ ငါးပါးသီလ ရှစ်ပါးသီလထိန်းပြီး နေ့တိုင်းပြေးမှ တော်မယ်, သမထ ဝိပဿနာ ဘာဝနာတရားတွေ ပွားများမယုတ် အားထုတ်ပြီးတော့ နေ့တိုင်းပြေး မှ တော်မယ်. . . ။ ဝိပဿနာဆိုတာ အရှိကိုအရှိအတိုင်းမြင်တာ၊ ဝိ-မြင်နေကျ ထက် ထူးပြီးတော့၊ ပဿနာ-မြင်တဲ့အမြင်၊ အဲဒါကို ဝိပဿနာ။

ဒီတော့ ဝိပဿာဆိုတာ ရုပ်နာမ်ကို ဖြစ်ပျက်ရှုနေတာလည်း ဝိပဿနာ ပဲ။ အခုလို မြင်နေကျထက် ထူးပြီးမြင်လာရင်လည်း ဝိပဿနာခေါ်တယ်၊ မြင်နေ ကျထက် ထူးမြင်တယ်ဆိုတာ ရှိတာရှိတဲ့အတိုင်း မြင်တာ။ ဖြစ်တာ ဖြစ်တဲ့အတိုင်း မြင်တာ၊ များစွာသော သတ္တဝါတွေက (၃၁)ဘုံနယ်ကြီးကို ပျော်စရာနယ်ကြီးလို့ မြင်တယ်၊ မြင်နေကျအမြင် သူသူကိုယ်ကိုယ် ဒီလိုပဲ မြင်နေကြတာပဲ၊ လူ့ဘုံ နတ်ဘုံ၊ လူ့စည်းစိမ် နတ်စည်းစိမ်တွေနဲ့များဆိုရင် ဟန်ကျလိုက်တာဆိုပြီးတော့ ပျော်စရာကြီးလို့ မြင်တယ်၊ နှစ်သက်စရာကြီးလို့ မြင်တယ်၊ ဒါက မြင်နေကျအမြင်၊ လူတိုင်းအမြင်၊ ဒါ ထူးဆန်းတဲ့အမြင် မဟုတ်ဘူး။ ရိုးရာ အမြင်ကြီး။

သုံးဆယ့်တစ်ဘုံ ဘီလူးနယ်ကြီး၊ အိုခြင်း, နာခြင်း, သေခြင်းဆိုတဲ့ ဘီလူး ကြီးသုံးပါး အမြဲနှိပ်စက်နေတဲ့ နယ်ကြီးပဲလို့မြင်တော့ လူ့ဘုံလည်း မပျော်ပိုက်ချင် ဘူး၊ နတ်ဘုံလည်း ဒီလိုပါပဲလား. . . ဆိုပြီးတော့ မပျော်တော့ဘူး၊ ဗြဟ္မာနှစ်ဆယ် လည်း ဒီအတိုင်းပဲ. . . လို့ဆိုတော့ မပျော်တော့ဘူး။ နှစ်သက်စရာလို့ မမြင်တော့ ဘူး၊ ဘီလူးရန်က မကင်းတဲ့နယ်ကြီးကို လိုချင်တာဟာ ဒုက္ခလိုချင်တာပဲ၊ ဒုက္ခဆို တာ မကောင်းတဲ့သဘော နှိပ်စက်တဲ့သဘော အခံခက်တဲ့သဘော၊ ဒီတော့ ဒုက္ခ ဒုက္ခဆိုတာကျတော့ မကောင်းတဲ့သဘောကြီး. . . လို့ မြင်တာ၊ ဒါ ဒုက္ခမြင်တာ၊ မကောင်း မကောင်းမှန်းသိမှ ဒုက္ခမြင်တာခေါ်တယ်၊ သတ္တဝါတွေက မကောင်းတာ ကို ကောင်းတယ်လို့ မြင်နေတာ၊ အဲဒါ ရိုးရာဖြစ်တဲ့ အမြင်။ ဒီတော့ မကောင်းတာ ကို မကောင်းဘူးလို့ မြင်၊ အန္တရာယ်ရှိတာကို အန္တရာယ်ရှိတယ်လို့ မြင်ရင် ဒါ ထူးပြီးတော့ မြင်တာ၊ မြင်နေကျထက် ထူးပြီးတော့ မြင်တဲ့အမြင်မို့ ဒါကို ဝိပဿနာ လို့ခေါ်တယ်။ ဒီတော့ သမထဝိပဿနာဘာဝနာတရားကို မြင်အောင်ကြိုးစား ပြီးတော့ နေတဲ့အချိန်သည် ဘီလူးရန်ဘေးက ကင်းဝေး အောင်ပြေးနေတဲ့ အချိန်. . . လို့ ခေါ်တယ်။

http://www.dhammadownload.com



ဒါကြောင့် ဒီအယောယရဇာတ်တော်ကြီးကို ဟောပြီးတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက သိစေချင်တာက ဘဝတိုင်းစားနေတဲ့ ဇရာ, ဗျာဓိ, မရဏ ခေါ်တဲ့ သုံးပါးသော ဘီလူးနယ်ကြီးက ကင်းဝေးလွတ်မြောက်အောင် ပြေးတဲ့သူတွေ ဖြစ်ကြ. . .။ ဒါနနဲ့ပြေး, သီလနဲ့ပြေး, ဘာဝနာနဲ့ ပြေးဆိုတဲ့ ဒီသုံးပါး တစ်ပါးပါး နေ့စဉ်ပါအောင်လုပ်ပြီးတော့ ပြေးနေကြ. . . . ငါဘုရားရှင် ကိုယ်တော်မြတ်ကြီးလည်း ဒီသုံးပါးနဲ့ ပြေးလို့ လွတ်ခဲ့ပြီ၊ ငါဘုရားရှင်ရဲ့နောက် အဂ္ဂသာဝက မဟာသာဝက အစရှိတဲ့ ရဟန္တာယောကျ်ား ရဟန္တာမတွေလည်း ဒီလိုပြေးလို့ လွတ်ကြပြီ၊ သင်တို့တစ်တွေ လွတ်အောင်ပြေးဖို့ မေ့မနေကြနဲ့. . . လို့ မှာတော်မူချင်လို့၊ သိစေချင်လို့ အဲဒီ ခုနကဇာတ်တော်ကို ဘုရားက ဟောတော်မူတာ၊ ဒါကြောင့်-

ယက္ခပိဋ္ဌိတာ-ဘဝတိုင်း စားနေတဲ့, ဘီလူးကြီးသုံးကောင်တို့ရဲ့ဘေးမှ, လွတ်မြောက်ဖို့အရေး အလို့ငှါ၊ ပဗ္ဗဇိဿာမိ-ဖန်ရည်တပ်စွန်း, ဝတ်သင်္ကန်းဖြင့်, ရှင်ရဟန်းပြုအံ့. . . . . . .။

သာဓု. . . သာဓု. . . သာဓုပါဘုရား. . .။

အဲဒါ ဘုရားအလောင်းတော် ထီးနန်းစွန့်ပြီးတော့ တောထွက်ပြီး ရဟန်းပြုသွားတယ်။ အဲဒီလို ပြုသွားတဲ့ ဘုရားရှင်က ဒီဇာတ်တော်ကို ပြန်ပြောတဲ့ အဓိပ္ပါယ်က ခုနက ပြောခဲ့တဲ့အတိုင်း ဒါန သီလ ဘာဝနာတရားတွေနဲ့ ပြေးတတ်တဲ့ အမျိုးကောင်းသား အမျိုးသမီးဖြစ်ကြပါစေ. . . လို့ တိုက်တွန်းတော် မူတဲ့အတိုင်း ဒီနေ့ အလှူဒကာ အလှူ့အမတို့က တို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီး အယောယရကုမာရဇာတ်မှာ ဟောတော်မူတဲ့ ဒေသနာတော် အဆုံးအမတော်နဲ့ လျော်ညီစွာ ငါတို့သည်. . . ဒီနေ့ ဒါနကောင်းမှုတွေ အကြီးအကျယ်ပြုပြီး ပြေးတဲ့နေ့ပဲ၊ သီလတွေ ထိန်းပြီးတော့ ပြေးတဲ့နေ့ပဲ၊ ဘာဝနာတွေ ပွားပြီးတော့ ပြေးတဲ့နေ့ပဲ. . . လို့ သဘောပေါက်ကြပြီးသကာလ ယခုလို ကြီးကြီးကျယ်ကျယ် ပြေးတဲ့အနေနဲ့လည်း ကုသိုလ်ကောင်းမှုတွေ အထူးတလည် ပြုကြခြင်းဖြင့်လည်းကောင်း။

နေ့စဉ်နေ့စဉ် မိမိတို့နေထိုင်ရာ အိမ်ဂေဟာအသီးသီးမှာ နေထိုင်ကြရင်းနဲ့ ဒါန သီလ ဘာဝနာသုံးပါးတို့ကို လက်မလွတ်အောင် ကြိုးပမ်းအားထုတ် ပြုလုပ်နေရင်းနဲ့ပဲ မိမိကိုယ်မိမိ ဘီလူးနယ်ကြီးကလွတ်အောင် ပြေးနေတဲ့သူတွေဖြစ်အောင် ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်ကြတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးများ ဖြစ်ကြပါစေကုန်သတည်း၊ ဤကဲ့သို့ လွတ်မြောက်အောင် ပြေးသွားတတ်ကြတဲ့

http://www.dhammadownload.com



အမျိုးကောင်းသား အမျိုးကောင်းသမီးများ ဖြစ်ကြကုန်လျက် ဤကဲ့သို့ လွတ်မြောက်အောင် ပြေးသွားတတ်ကြတဲ့ ဘုရားအလောင်း ပစ္စေကဗုဒ္ဓါအလောင်း, အဂ္ဂသာဝက မဟာသာဝကအလောင်း သူတော်ကောင်းကြီးတို့ကဲ့သို့ လွတ်မြောက်ရာဖြစ်တဲ့ သန္တိသုခ နိဗ္ဗာနဓာတ် တရားမြတ်ကြီးကို လျင်မြန်ဆောစွာ ရကြရရောက်ကြရပါလိုကုန်သောဟူ၍ ပတ္ထနာအောင်ဆု ပြုကြကုန်ရာသတည်း. . . ။

သာဓု. . . သာဓု. . . သာဓုပါဘုရား. . . ။

http://www.dhammadownload.com



## * ဒူတာဇာတ်တော်

## တဏှာ့ကျွန်ဘေး လွတ်အောင်ပြေးတရားတော်

ယနေ့ မြန်မာ့ေကာဇာသက္ကရာဇ် ၁၃၅၂-ခုနှစ်၊ တော်သလင်းလဆန်း (၇) ရက်နေ့၊ ခရစ်နှစ် ၁၉၉၀-ပြည့်ခုနှစ်၊ ဩဂုတ်လ(၂၆) ရက်၊ တနင်္ဂနွေနေ့မှာ အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်ရှိ ပရိယတ် ပဋိပတ် သာသနာ့တာဝန် ထမ်းဆောင်နေကြသော ဘုရားသားတော် သံဃာတော် (၁၂၈၀) ကျော်တို့အား (၁၄)ကြိမ်မြောက် (၁၄)နှစ်မြောက် လာရောက်ပြီးတော့ မွန်မြတ်သော ဆွမ်းခဲဖွယ် ဘောဇဉ် ချိုချဉ်အရသာ အဖြာဖြာတို့ဖြင့် သဒ္ဓါပြဌာန်း နေ့ဆွမ်းအဖြစ်နဲ့ လောင်းလှူ ဆက်ကပ်သမှုပြုကြရင်း ကုသိုလ်ကောင်းမှု လာပြီးတော့ပြုကြတဲ့ ကုသိုလ်ကောင်း မှုရှင်တွေက မန္တလေးမြို့ စိန်ပန်းမဟာစည် ရတနာပုံသာသနာ့ရိပ်သာ ဝိသာခါ အမျိုးသမီးအဖွဲ့ဝင် အမျိုးသမီးကောင်းမှုရှင်တွေ ဖြစ်ကြပါတယ်။

အဲဒီ မန္တလေးမြို့ စိန်ပန်းမဟာစည် ရတနာပုံရိပ်သာ ဝိသာခါအမျိုးသမီး အဖွဲ့ကြီးက နှစ်စဉ်နှစ်တိုင်း ရာသက်ပန်ဆွမ်းရက် ယူထားပြီးတော့ မိမိတို့ အသက် ခန္ဓာတည်သရွေ့ ကျန်းမာရေးတွေ ကောင်းသရွေ့၊ စည်းစိမ်ဥစ္စာ တတ်စွမ်းနိုင်သ ရွေ့ အဲဒီလိုရည်စူးပြီးတော့ ဝိသာခါအမျိုးသမီးအဖွဲ့က ဒီကျောင်းတိုက်မှာတင်ပဲ အခုလို ဆွမ်းကပ်ပြီးတော့လာခဲ့တာ (၁၄) ကြိမ်မြောက်ရှိသွားပြီ၊ ပြီးတော့ ဒီဝိသာခါ အမျိုးသမီးအဖွဲ့ထဲကပဲ ထူးခြားကုသိုလ်ရှင်များကတော့ မန္တလေးမြို့ သွင် စက်မှု လက်မှု မိသားစုများဖြစ်ကြတဲ့ ဒကာမကြီး ဒေါ်အုန်းညွန့် မိသားစုတို့က နာယက ဆရာတော် ငါးပါးတို့အား ဖိနပ်ငါးရံ ယာနဒါန ယာဉ်အလှူအဖြစ်ဖြင့် လှူဒါန်း ကြပါတယ်၊

ဖိနပ်အလှူကို ယာဉ်အလှူလို့ မြတ်စွာဘုရားက ဟောတော်မူတယ်၊ သွားစရာလာစရာ ရှိတဲ့နေရာမှာ မပင်မပန်း ချမ်းသာစေတတ်တဲ့အရာကို ယာဉ်လို့ ခေါ်တယ်၊ မော်တော်ကားလေးနဲ့သွားမှ ချမ်းသာမယ့်နေရာကို မော်တော်ကား လေး စီးသွားရတော့ မပင်ပန်းဘူးပေါ့၊ ဒါကြောင့် မော်တော်ကားကို ယာဉ်၊ လှည်းလေး စီးပြီး သွားရမယ့်ခရီးကို လှည်းလေးနဲ့ စီးပြီးသွားရတော့ ချမ်းသာတယ်၊ ဒါယာဉ် လှည်းယာဉ်၊ လှေနဲ့ လှေနဲ့သွားရမယ့်နေရာ လှေယာဉ်ပေါ့၊ ရထားယာဉ် လေယာဉ် အဲဒီလို ယာဉ်အလှူထဲမှာ ဖိနပ် ထီး တောင်ဝှေး၊ ဟော-ဒါ ယာဉ်အလှူတွေ ချည်းပဲ။ အဲဒီလို တောင်ဝှေးလေးနဲ့သွားရမှ ဖြစ်မယ့် အဘိုး အဘွား တောင်ဝှေးလေး

---

* ၈၁-၄-၂-၂၈၈။

http://www.dhammadownload.com



လှူလိုက်တာ ယာဉ်အလှူပဲ။ ထီးလေးဆောင်းသွားမှ ချမ်းသာမယ့်ခရီး သွားရတဲ့ ကိစ္စမှာ ထီးလေးပါမှ ချမ်းသာမယ့်သူ ထီးလှူလိုက်တာ ယာဉ်အလှူပဲ၊ အဲဒီလိုအား ဖြင့် ယာဉ်အလှူဖြစ် တဲ့ ဖိနပ်ငါးရံကိုလည်း သွင် စက်မှုလက်မှု မိသားစုများက နာယကဆရာတော် ငါးပါးတို့အား လှူဒါန်းကြပါတယ်။

နောက် ဆရာမဒေါ်ယဉ်ယဉ်နွဲ့ ညီမဖြစ်သူ ဒေါ်ညိုညိုလှိုင်တို့ ညီအမ ကလည်းပဲ ဖိုးသူတော်လေး (၄၇)ပါးတို့အား ဗလာစာအုပ် (၄၇)အုပ်၊ သံယိက အဖြစ်နဲ့ ခဲတံ (၁၂)ချောင်း၊ ပညာရေးပါရမီ အထောက်အကူပစ္စည်းအဖြစ်နဲ့ လှူဒါန်းကြပါတယ်။ ဒါကျတော့ ပညာပါရမီ၊ "ပညာသံဝတ္တနိယ ဒါန"လို့ခေါ် တယ်၊ ပညာတိုးပွားကြောင်း အလှူပေါ့။ ဒီစာအုပ်က ဖိုးသူတော်လေးတွေက ဘာတွေရေးမှာတုန်း ဘုရားနဲ့စပ်တဲ့အကြောင်းတွေရေးမယ် သူတို့ က၊ တရားနဲ့ စပ်တဲ့အကြောင်း သံဃာနဲ့စပ်တဲ့အကြောင်းတွေ ကောင်းမှုနဲ့စပ်တဲ့အကြောင်း မဂ်ဖိုလ်နိဗ္ဗာန်နဲ့စပ်တဲ့အကြောင်း ဒါတွေရေးပြီးတော့ ရုပ်နာမ်ခန္ဓ သင်္ခါရသဘော၊ သစ္စာလေးပါး စ,တာတွေကို ဒီစာအုပ်ထဲရေးပြီးတော့ သူတို့က ကျက် ကြ မှတ်ကြ သင်ကြ အံကြမယ်၊ သူတို့က ဒီစာအုပ်နဲ့ ဒီဘောပင် ရေးလိုက်ပြီးတော့ ကြည့်ပြီး တော့ ဘာတွေ တိုးမတုန်းဆိုတော့ အသိတွေတိုးမယ်၊ ပညာတွေတိုးမယ်၊ ပညာ ပါရမီတွေ တိုးမယ်၊ ဒါကြောင့် ပညာပါရမီတိုးကြောင်း ပညာသံဝတ္တနိယ ဒါနလို့ ခေါ်တယ်၊ ပညာတိုးပွားကြောင်း အထုပ်။

ဒီတော့ ဒီ-ဝိသာခါ အမျိုးသမီးအဖွဲ့က ဒီကျောင်းဌာန တစ်ဌာနသာမက ဗုဒ္ဓမြတ်စွာသာသနာတော်ကို လှည့်ပြီးတော့ သူဟိုတတ်စွမ်းသမျှ ပူဇော်နေကြတာ၊ မိမိတို့ ရှာဖွေလို့ရတဲ့ ချွေးနဲ့စာ ပစ္စည်းထဲက ဗုဒ္ဓမြတ်စွာသာသနာတော်ကို ခွဲပြီးတော့ ပူဇော်ပြီးတော့ ကိုယ့်အတွက် မဂ်ဖိုလ်နိဗ္ဗာန်ရကြောင်း ကောင်းမှုပါရမီ စုဆောင်းတဲ့ အဖွဲ့ကြီး။ ဒီတော့ ဒီကျောင်းသာမကဘူး၊ သူတို့က ရာသက်ပန် အမနနဲ့ ငါးဌာန တာဝန်ယူပြီးတော့၊ ဒါ-ပပျက်မကွက် အဖွဲ့သူအဖွဲ့သားတွေ စိတ်တူကိုယ်မျှနဲ့ ကုသိုလ်ကောင်းမှု လှည့်ပြီးပြုနေကြတာ၊ တစ်နည်းပြောရင် ဗုဒ္ဓ မြတ်စွာ သာသနာတော်ကြီး ယိုင်မသွားအောင် ကွယ်မသွားအောင်, ပျောက်မသွား အောင် သူတို့စွမ်းအားနဲ့ သူဟိုတတ်စွမ်းသမျှ ထောက်ပံ့ကူညီနေကြတာ၊ အဲ- ဆွမ်းကျွေးတယ်ဆိုတာတော့ အစိကပေါ့လေ၊ ခုနက ပြောသလို ဆွမ်းသက်န်း ကျောင်းဆေး ပစ္စည်းလေးပါး ကတတ်စွမ်းသမျှ လှည့်ပြီးတော့ လှူဒါန်းထောက်ပံ့နေ ကြတာ၊ ပင်ရင်းကတော့ဖြင့် မန္တလေး မဟာစည် ရိပ်သာနာပုံရိပ်သာပေါ့။

ဒီတော့ ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးတည်းဟူသော ဗိမာန်ကြီး ပြိုကျ မသွားအောင်၊ ယိုင်ကျမသွားအောင် ပစ္စည်းလေးပါးတည်းဟူသော တိုင်တွေနဲ့

http://www.dhammadownload.com



လှည့်ပတ်ပြီးတော့ သူကဲ့လောက်ပံ့နေကြတာ၊ ဗိမာန်ကြီးဘယ်လောက်ပဲ ခမ်းနား ကြီးကျယ်တယ်ဆိုဆို၊ အောက်က အခြေခံအုတ်တွေမရှိရင် ပြိုကျသွားနိုင်တယ်။ အဲသလိုပဲ မြတ်စွာဘုရားသာသနာတော် ဗိမာန်ကြီး ဘယ်လောက်ပဲ ကြီးကျယ် ခမ်းနားပြီးတော့ ကောင်းပါတယ်၊ တင့်တယ်ပါတယ်ဆိုပေမဲ့လို့ ပစ္စည်းလေးပါး တိုင်ကြီးတွေ မရှိရင် ပြိုကျသွားပါမယ်။ ပစ္စည်းလေးပါးအမှီမရရင် မကြာခင် ကွယ်ပျောက်သွားလိမ့်မယ်၊ ဒါ-ကွယ်ပျောက်ခဲ့တဲ့ ထုံးတွေလည်း အများကြီး ရှိပါတယ်။

ဒါကြောင့် ဒကာဒကာမအပေါင်း သူတော်ကောင်းတွေက ဆွမ်း,သင်္ကန်း ကျောင်း,ဆေးပစ္စည်းလေးပါးနဲ့ ဝိုင်းပြီးတော့ ချီပင့်ကြ၊ မြှောက်ပင့်ကြ၊ တိုင်ကြီးတွေ အနေနဲ့ မားမားမတ်မတ် ထပ်းထားကြတယ်၊ အခြေခံ အုတ်နံရံကြီးတွေအနေနဲ့ ထမ်းထားကြတဲ့ အနေမျိုး။ အဲဒီ ထမ်းတဲ့အထဲမှာ ဒီ-ဝိသာခါ အမျိုးသမီး အဖွဲ့က လည်း တစ်ကဏ္ဍ တစ်နေရာကနေပြီးတော့ မိမိတို့ တတ်စွမ်းသမျှ, မိမိတို့ လက်လှမ်းမီသမျှ သာသနာတော်ကို ပူဇော်သမှု ပြုကြပါတယ်. . ‘. ။

အဲဒီလို ပြုရင်းနဲ့ အခု အမရပူရ၊ မဟာဂန္ဓာရုံကျောင်းတိုက်အတွက် (၁၄)ကြိမ်မြောက် (၁၄)နှစ်ပြောက် လာရောက်ပြီးတော့ ကောင်းမှုပြုခြင်း. . တဲ့။ ဒီတော့ (၁၄)ကြိမ်မြောက် (၁၄)နှစ်မြောက် ကောင်းမှုပြုတော့၊ ဒီကျောင်းတိုက် တင်ပဲ ရေတွက်ကြည့်မယ်ဆိုရင် တနှစ်တနှစ် အခုသံဃာ တစ်ခါတစ်ခါလည်း ငါးရာပေါ့၊ တစ်ခါတစ်ခါလည်း ခြောက်ရာ, ခုနှစ်ရာ, ရှစ်ရာ, ကိုးရာ, တစ်ထောင်၊ ဒီတော့ ဖြန်းပြန့်နှန်းနဲ့ ပြောပါအုံး၊ သံဃာ တစ်နှစ်တစ်နှစ် (၅၀၀)ကျော် (၆၀၀)ထား ပါအုံး၊ သံဃာတစ်သောင်းကျော် အခု(၁၄)နှစ်လောက်ဆိုတော့ သံဃာတစ် သောင်းကျော် ဘုရားသားတော် သံဃာတော်အရှင်မြတ်တွေကို မိမိတို့ ဒီကျောင်းတိုက် တစ်တိုက်ထဲတင်ပဲ ဆွမ်းဘောဇဉ်များ လောင်းရပြီ၊ ဘုရားသားတော်သံဃာတော် တစ်သောင်းကျော် ဒီကျောင်းနယ်မြေထဲမှာ ဒီနေရာမှာ ဒီခြေနဲ့ရပ်ပြီးတော့ ဒီလက် နဲ့လောင်းခဲ့ပြီ။

တနည်းပြောရင် ဘုရားသားတော် သံဃာတစ်သောင်းကျော်ရဲ့ လက် ထဲမှာ ပွေ့ထားတဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကြီး၊ ဂင်္ဂါဝါလု သဲစုမက ပွင့်တော်မူ ကြတဲ့ ဘုရားရှင်အဆူဆူတို့ရဲ့ သပိတ်အလုံးပေါင်း တစ်သောင်းကျော်ထဲမှာ ဒီ ကျောင်းတိုက် ဒီမြေထဲမှာ ဒီခြေနဲ့ရပ်ပြီးတော့ ဒီလက်နဲ့ဆွမ်းခဲ့ဖွယ် ဘောဇဉ်မှစ ပစ္စည်းလေးပါး လောင်းလှူဆက်ကပ်သမှုပြုနိုင်ကြပြီ. . . တဲ့။ အဲဒီလို ပြုရင်းနဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးများရဲ့ အသုံးအဆောင် သပိတ်ထဲကို ဆွမ်းစတဲ့ ပစ္စည်းတွေကို လောင်းထည့်ပြီးတော့ ရှေးသူတော်ကောင်းတွေက ဘာတွေ ပြန်ယူ

http://www.dhammadownload.com



သွားကြဝုန်းဆိုတော့ အမတခေါ်တဲ့ ပစ္စည်းကို ပြန်နှိုက်ယူကြတယ်။ လောင်းလိုက်တော့ မတပစ္စည်းတွေလောင်းလိုက်ပြီး ပြန်ယူလိုက်တော့ အမတ ပစ္စည်းတွေ ပြန်ယူသွားကြတယ်။

တနည်းပြောရင် လောင်းလိုက်တော့ သခ်တဝတ္ထုပစ္စည်းတွေ လောင်းထည့်လိုက်ပြီးတော့ ပြန်ယူလိုက်တော့ အသခ်တဝတ္ထုပစ္စည်းတွေ ပြန်ယူတတ်ကြတယ်၊ အဲဒါ သူတော်ကောင်းတွေရဲ့ ဉာဏ်ပါးဝတာခေါ်တယ်၊ သူတော်ကောင်းတွေရဲ့ ဉာဏ်ပါးထုတ်နည်းခေါ်တယ်၊ လောကမှာ ပြောကြတယ်မဟုတ်လား၊ ကိုယ်က မကောင်းတဲ့ အရာဝတ္ထုပေးပြီးတော့ သူ့ဆီက ကောင်းတဲ့အရာဝတ္ထု ယူနိုင်ရင် လူတော်လူပါး၊ ကိုယ့်ဆီက တစ်ဆယ်ပေးပြီးတော့ သူ့ဆီက တစ်ထောင်တန်ရအောင် ယူနိုင်ရင် ပါးတာပေါ့၊ နပ်တာပေါ့။

အဲမြတ်စွာဘုရားက၊ ပါးကြ၊ နပ်ကြ. . . တဲ့။ အပါးရမှာတုန်းဆိုတော့ ကိလေသာပါးတော့ မပါးနဲ့၊ ဉာဏ်ပါးပါးကြ။ ဉာဏ်နပ်နပ်ကြ. . . တဲ့။ ငါဘုရားရှင်ကိုယ်တော်မြတ်ကြီးများ ဘုရားကိုယ်တော်မြတ်ကြီး ဂေါ်တမ သဲစုမက ဘုရားရှင်ကိုယ်တော်မြတ် အဆူဆူတို့ရဲ့ အသုံးအဆောင်ဖြစ်တဲ့ သပိတ်အလုံးပေါင်းတစ်သောင်းကျော်ထဲက ဝိသာခါအမျိုးသမီးအဖွဲ့တွေက တစ်ဆယ်တန်ပေးပြီးတော့ တစ်သိန်းတန်၊ တစ်သန်းတန်၊ တစ်ကုဋေတန် ပစ္စည်းကြီးတွေနှိုက်ယူတာပဲ။ လောင်းလိုက်တာက ဆွမ်းတွေ၊ ဟင်းတွေ ခဲဖွယ်တွေ၊ ဘောဇဉ်တွေ စာအုပ်တွေ ဘောပင်တွေစသည်ပေါ့၊ ဒါသခ်တဝတ္ထုပစ္စည်းတွေပဲ၊ ကုန်ပျောက်ပြုန်းတီး ပျက်စီးတတ်တဲ့ ပစ္စည်းတွေ၊ မခိုင်မမြဲတဲ့ ပစ္စည်းတွေ။

အဲဒီ မခိုင်တဲ့ မမြဲတဲ့ပစ္စည်းတွေ သပိတ်ထဲလောင်းထည့်ပြီးတော့ ခိုင်မြဲတဲ့ ပစ္စည်းကြီးကို နှိုက်ယူတာပဲ၊ နိဗ္ဗာန်လို့ခေါ်တဲ့ နိစ္စဓုဝ၊ ခိုင်မြဲတဲ့ ပစ္စည်းကြီး ကုန်ပျောက်ပြုန်းတီး ပျက်စီးသေဆုံးတတ်တဲ့ "မတပစ္စည်းတွေကို လောင်းထည့်ပြီးတော့ ကုန်ပျောက်ပြုန်းတီး ပျက်စီးခြင်းမရှိတဲ့ အမတပစ္စည်းကို နှိုက်ယူတာပဲ။ တစ်ဆယ်တန်ပေးပြီးတော့ တသိန်းတန်နှိုက်ယူတာပဲ၊ ဒါဉာဏ်ပါး ပါးတာခေါ်တယ်၊ ဉာဏ်ပါးဝတာခေါ်တယ်၊ အဲဒီ ဉာဏ်ပါးဝတာကျတော့ ဘုရားက ဝကြ. . . တဲ့၊ ဉာဏ်ပါးဝရတယ်၊ မအိုမနာ မသေတတ်တဲ့ ပစ္စည်းကို ယူကြတာပဲ။

ဒီတော့ အဓိပ္ပါယ်ကတော့ "သံယဿ ဒေမ နိဗ္ဗာနဿ ပစ္စယော ဟောတု" ဆွမ်းလောင်းတော့ ဆိုတာက "သံယဿ ဒေမ" ဒါ-တစ်ဆယ်တန်ပေးလိုက်တာ၊ "နိဗ္ဗာနဿ ပစ္စယော ဟောတု" တစ်သိန်းတန်ကြီး ပြန်ယူတာ၊ သံဃာအား လှူပါ၏၊ လှူဖွယ်ဝတ္ထုပစ္စည်းတွေကို ဒါနမှုခေါ်တဲ့ ပစ္စည်းတွေ

http://www.dhammadownload.com



သပိတ်ထဲလောင်းထည့်ပါ၏။ ဒါ-"သံဃဿ ဒေမ"ဆိုတဲ့ အပိုဒ်ကလေးက ပြတာ၊ သင်္ခါရဝဋ္ဋ ရုပ်နာမ်ဓမ္မ သင်္ခါရဝဋ္ဋပစ္စည်းတွေကို လှူလိုက်တာ၊ လှူနေတဲ့ သူကလည်း ရုပ်နာမ်ဓမ္မ သင်္ခါရဝဋ္ဋ၊ အလှူခံနေတဲ့ သံဃာကလည်း ရုပ်နာမ်ဓမ္မ သင်္ခါရဝဋ္ဋ။ လှူလိုက်တဲ့ ပစ္စည်းကလည်း ရုပ်နာမ်ဓမ္မ သင်္ခါရဝဋ္ဋ ပျောက်မယ့် ပစ္စည်း၊ ကုန်မယ့်ပစ္စည်း၊ မမြဲတဲ့ မခိုင်တဲ့ပစ္စည်း၊ အဲလို မမြဲမခိုင်လို့ပဲ အကောင်း မဟုတ်ဘူး ဒါကို ဒုက္ခ။

ဒီတော့ အဲဒီပစ္စည်းတွေ လောင်းထည့်ပြီးတော့ "**နိဗ္ဗာနဿ ပစ္စယော ဟောတု**"တဲ့ နိဗ္ဗာန်ရပါရစေ. . . နိဗ္ဗာန်မြင်ပါရစေ၊ ဒီဆွမ်းတွေက နိဗ္ဗာန်ပစ္စည်း ကြီးဖြစ်လာပါစေ၊ ဒီသင်္ကန်းတွေက နိဗ္ဗာန်ပစ္စည်း ဖြစ်လာပါစေ၊ ဒီဘောပင်တွေ ဒီဗလာစာအုပ်တွေက၊ ဒီဖိနပ်တွေက နိဗ္ဗာန်ပစ္စည်းကြီး ဖြစ်ပါစေ. . . လို့။ ဟော ဒါဘုန်းကြီးတို့ ဘုရားရှင်ရဲ့ "**သံဃဿ ဒေမ နိဗ္ဗာနဿ ပစ္စယော ဟောတု**" ဆိုတဲ့ အပိုဒ်ကလေးက ဒါကိုပြတယ်၊ ဉာဏ်နဲ့ချဲ့ကြည့်လိုက်တော့ ဒီလိုထွက် လာတယ်၊ အဲလိုလည်း ထွက်အောင် သိပြီးတော့ လှူကြ. . . တဲ့ ဘုရားက။ ကဲ- ဒီတော့ ဘာပဲပြောပြော ဘုန်းကြီးတို့ ဒကာဒကာမတွေ ဘာကောင်းမှုပြုပြု မဂ်ဖိုလ် နိဗ္ဗာန်ရဲ့ အားကောင်းတဲ့အထောက်အပံ့ဖြစ်အောင်၊ မဂ်ဖိုလ်နိဗ္ဗာန်ရဖို့ရာ လှူနေ ကြတော့၊ နိဗ္ဗာန်ရရပါလို၏လို့ ပါးစပ်ဖျားလေးတောင်းတာထက်၊ အခုလို လေးနက် စွာ သိပြီးတော့ နိဗ္ဗာန်ကို စိတ်ညွတ်ရတယ်။

အဲ ခုနပြောသလို သံဃာ(၁၄)နှစ်အတွင်း ဒီကျောင်းတိုက်တွင်းပဲ လောင်း လှူလာခဲ့တဲ့ သံဃာပေါင်းတစ်သောင်းကျော်ကို လောင်းလှူလာခဲ့တဲ့ အချိန်၊ တစ်ပါးနှစ်ပါး လောင်းလှူလာတဲ့ အချိန်ဖြစ်သွားတဲ့ ကောင်းမှုစေတနာ အားတွေ ဟာ မရေမတွက်နိုင်အောင် များခဲ့ကြပြီ။ စိတ်တို့ရဲ့ ထုံးစံ၊ နာမ်ဓာတ်တို့ရဲ့ သဘောက လက်ဖျောက်တစ်ချက်တီး တစ်စက္ကန့်လောက် ကုဋေတစ်သိန်းနှုန်း လောက် ဖြစ်အားရှိတယ်၊ ရုပ်တွေက ကုဋေငါးထောင်လောက် ဖြစ်အားရှိတယ်၊ တစ်စက္ကန့် တစ်စက္ကန့်လောက်မှာ၊ ဒီတော့ ရုပ်ဓာတ်တွေဟာ အဲဒီလောက် အင်မတန် မြန်နေတာဖြစ်တော့ သံဃာတစ်ပါး ဆွမ်းတစ်ခွက်လောင်းလိုက်တဲ့ အချိန်မှာ ဖြစ်ပွားသွားတဲ့ စိတ်စေတနာ ကုသိုလ်ဇောတွေ၊ ပါရမီဓာတ်တွေ သဒ္ဓါစေတနာ ဝီရိယဓာတ်အားတွေဟာ ကုဋေတစ်သိန်းလောက်, ကုဋေတစ်သိန်း လောက် တပေါ်ပေါ်နဲ့ဖြစ် သွားကြတယ်။

ဒီတော့ သံဃာတစ်ပါး ဒီလောက်ဖြစ်နေလို့ရှိရင် သံဃာတစ်ထောင့် နှစ်ရာရှစ်ဆယ်ဆိုတော့ ဒါပြောစရာ မရှိဘူး၊ ဟာ-သံဃာတစ်သောင်းကျော် ဒါဒီကျောင်းတိုက်တင်ဒီကျောင်းတိုက်တင်၊ ဟို. . . ခုနပြောတဲ့ မင်းကွန်း၊ မိုးမိတ်,

http://www.dhammadownload.com



မန္တလေး ပရိယတ္တိရန်ကုန် စသည်ဖြင့် ငါးဌာန လှည့်ပြီးတော့ နေတဲ့ သူ့အရေအတွက်နဲ့ သူလုပ်နေတဲ့ အားတွေကို ကြည့်လိုက်ရင်လည်း ပြည့်တဲ့ အားတွေ မဟုတ်ဘူး။ ဒီတော့ အဲဒီအားတွေဟာ ဒါဆွမ်းလောင်းတဲ့အချိန် ဖြစ်တဲ့အား၊ ဆွမ်းလောင်းတဲ့အချိန်မှ ကုသိုလ်က ဒါနဖြစ်တာ မဟုတ်ဘူး ဆွမ်းမလောင်းခင်ကတည်းက ဝိသာခါ အမျိုးသမီးအဖွဲ့တွေ ကိုင်း ဂန္ဓာရုံကျောင်းတိုက် တို့ဒီနှစ် (၁၄)ကြိမ်မြောက် ကပ်ရမှာပေါ့-ကပ်မယ်, သွားကြမယ်၊ သွားကြမယ် သွားကြမယ်၊ လှူမယ် လှူမယ် လှူမယ်၊ အနည်းဆုံး စည်းဝေးတိုင်ပင်ပြီးတော့ ဆုံးဖြတ်ချက်ချပြီး သည်နှင့် တပြိုင်နက် အလှူထုပ်စေတနာဇောတွေ ဖြစ်ကုန်ပြီ အဲဒီကတည်းက။

ဒါကို ပုဗ္ဗစေတနာပိုင်းလို့ခေါ်ပါတယ်၊ ရှေးပိုင်းစေတနာ အလှူတွေ ဖြစ်နေလိုက်တာ စိတ်ထဲမှာ စိတ်ကူးပြီး လှူကုန်ပြီလေ. ဆွမ်းကဘယ်လို ကပ်မယ်၊ နာနတ်သီးကောင်းသားပဲ နာနတ်သီးကပ်မယ် နာနတ်သီးတွေ စိတ်ကူးနဲ့ သင်ကုန်ပြီ၊ စိတ်ကူးနဲ့လှီးကုန်ပြီ၊ စိတ်ကူးနဲ့ကင်ကုန်ပြီ၊ လက်ရောက် သာ မရောက်လာသေးတာ။ စိတ်ထဲမှာတော့ ကြံစည်စိတ်ကူး ကပ်လှူမှုတွေဖြစ် ကုန်ပြီ၊ အဲဒါ သမ္ဘာသက်ပွမဂ္ဂင်လို့ခေါ်တယ်၊ သမ္ဘာ-ကောင်းတာ၊ သက်ပွ- အကြံအစည်ဖြစ်တဲ့၊ မဂ္ဂင် က-နိဗ္ဗာန်သွားလမ်းကြီး ရောက်နေခြင်း၊ အဲဒီကတည်းက လှူနေပြီ ဒီတော့ဒီလှူလာပြီးတော့ ဆွမ်းမလောင်းခင်ကတည်းက ပုဗ္ဗစေနာပိုင်းနဲ့ နာနတ်သီးလောင်းမယ်၊ ဆွမ်းလောင်းမယ်၊ စာအုပ်လှူမယ်၊ ဘော့ပင်ကပ်မယ်။ ဖိနပ်လှူမယ်၊ ဟိုပစ္စည်းဒီပစ္စည်းလှူမယ် အဲဒီ စေတနာ တွေက ပုဗ္ဗစေတနာပိုင်း။

အခုလက်တွေ့လောင်းနေပြီ၊ ဒါက မုဥ္စစေတနာပိုင်း လက်တွေ့ ပစ္စုပ္ပန် ကျ။ လှူပြီးသွားတော့ အောင်သွားပြန်ပဟော့ ဂန္ဓာရုံကျောင်းက သံဃာတော်တွေ လောင်းခဲ့ရ လှူခဲ့ရပြီ၊ ကိုယ့်အိမ်ရောက်တော့လည်း မျက်စိ ထဲမြင်. . . လို့ စိတ်မျက်လုံးနဲ့။ အဟုတ်မျက်လုံးနဲ့ မြင်တာမဟုတ်ဘူး၊ စိတ်ထဲ ထင်. . . လို့ ပီတိဖြစ်လို့ ဝမ်းသာလို့ လောင်းတုန်းရှိသေးတယ်၊ ဒါ-အပရစေတနာ ဇောခေါ် တယ်၊ နောက်ပိုင်းကုသိုလ်တွေ။ စပ်မိရင် ကိုယ့်မိတ်ဆွေ အပေါင်းအသင်းများ ပြောလို့ သဘောကျဝမ်းသာလို့ ကိုယ့်ကောင်းမှုတွေကို ဝမ်းမြောက်ဝမ်းသာဖြစ်လို့ လောင်း တုန်းရှိသေးတယ် ဆွမ်းက။

တစ်နှစ်တစ်နှစ်မှာ အဲဒီလို ပထမလောင်းမယ်၊ လောင်းမယ် ဒုတိယ လောင်းနေပြီ၊ လောင်းနေပြီ၊ တတိယလောင်းပြီးသွားပြီ၊ ဝမ်းသာနေပြီဆိုတော့ အဲဒီလို ဝမ်းမြောက်ဝမ်းသာဖြစ်တာ ငါးဌာနလှည့်ပြီးတော့ ပြောရတယ် ဆိုတော့ ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေရဲ့ သန္တာန်မှာ မင်္ဂလာဖိုလ်

http://www.dhammadownload.com



နိဗ္ဗာန်ရောက်ကြောင်း ကောင်းတဲ့အားကြီးတွေ သမ္မာသင်္ကပ္ပ သမ္မာဒိဋ္ဌိစတဲ့ မဂ္ဂင်အားကြီးတွေဟာ မပြတ်ဖြစ်ပွားနေတယ်လို့ခေါ်တယ်၊ အလေ့အလာကို ရ. . . လို့ ရှေးသူတော်ကောင်းကြီးတွေ ဆုတော့်ခန္ဓာကိုယ်ထဲမှာ အဲဒီလို ကောင်းမှုအားတွေ များများသွင်းနေသလိုပဲ မိမိတို့လည်း များများရအောင် သွင်းနေကြခြင်းပဲ။

ကိုင်း-ဒီတော့ ဒီနေ့ ဆွမ်း, ဆေး, ယာဉ်ပစ္စည်းတွေ သံဃာတော်(၁၂၈၀) ကျော်ကို လှူဒါန်းထောက်ပံ့ရတဲ့ ကုသိုလ်အား စေတနာအားကြီးတွေက တပည့်တော်တို့အား မဂ်ဖိုလ်နိဗ္ဗာန်ရကြောင်း အားကောင်းတဲ့ အထောက်အပံ့ကြီးတွေ ဖြစ်ပါစေသား. . . . လို့ ဘုန်းကြီးတို့ ဗုဒ္ဓဘာသာနွယ်ဝင် သူတော်စင်တွေရဲ့ ထုံးတမ်းစဉ်လာအတိုင်း ဘာကောင်းမှုပြုပြု "နိဗ္ဗာနဿ ပစ္စယော ဟောတု"ပေါ့ နိဗ္ဗာန်မဂ်ဖိုလ် အားကောင်းတဲ့အထောက်အပံ့ဖြစ်ပါစေ. . ဒီတော့ အဲဒီ နိဗ္ဗာန် ရရပါလို၏လို့ ဆိုတဲ့နေရာမှာ မိရိုးဖလာထုံးစံအတိုင်း နိဗ္ဗာန်ရရပါလို၏လို့ ပါးစပ်ဖျားလေးတောင်းတာထက် နိဗ္ဗာန်ဆိုတာ ဘယ်လိုဟာ၊ အဲဒီနိဗ္ဗာန်ကို မရသေးတဲ့ ရုပ်နာမ်ခန္ဓာက ဘယ်လိုဟာဆိုတာကို သိပြီးတော့မှ တောင်းရင် မြတ်စွာဘုရားက ပိုပြီးတော့ ထိခိုက်တယ်၊ ပိုပြီးတော့ လေးနက်တယ်. . . တဲ့။

ဒါကို သစ္စာမြင်ပြီးတော့ လှူရတယ်လို့ အကျဉ်းချုပ်ပြောကြတယ်၊ သစ္စာသိပြီးတော့ လှူရတယ် သစ္စာမြင်သိပြီးတော့သီလဆောက်တည်ရတယ်၊ သစ္စာမြင်သိပြီးတော့ ဘာဝနာပွားရတယ်၊ အဲဒါကို ဖြစ်စေချင်လို့၊ သစ္စာမြင်စေချင်လို့၊ အထူးသဖြင့် ဒုက္ခသစ္စာဖြစ်တဲ့ ရုပ်နာမ်ခန္ဓာပေါ်မှာ သံဝေဂဉာဏ်, ဝိပဿနာဉာဏ်တွေနဲ့ မြင်ပြီးတော့မှကောင်းမှုပြုရင် ပိုပြီးတော့ လေးနက်စူးရှတာ မို့လို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက အဲဒီလို သစ္စာတရားမြင်၊ သစ္စာသိတဲ့ ဉာဏ်အားတွေနဲ့ကောင်းမှုကို ပြုစေချင်လို့ အမျိုးမျိုးသော ဥပမာတွေ, ပုံတွေ ဝတ္ထုတွေ, သက်သေတွေနဲ့ ဟောခဲ့တဲ့အနက်က။

ဒီနေ့ ဘောဇနသုဒ္ဓိကဇာတ်လို့ခေါ်တဲ့ ဟစ်နည်းဟော့လည်း ဒု. . . လည်းခေါ်တဲ့ ဇာတ်တော်နဲ့ပြောရင် ဒီနေ့ ဝိသာခါ အမျိုးသမီးအဖွဲ့ဝင် အမျိုးကောင်းသား အမျိုးသမီးတွေက တပည့်တော်တို့ ဤကဲ့သို့(၁၄)ကြိမ်မြောက် (၁၄) နှစ်မြောက် သံဃာတော်(၁၂၈၀)ကျော်ကို ဆွမ်းဘောဇဉ်များလောင်းလှူ . . . ရတဲ့ ကုသိုလ်ကောင်းမှု အရှိန်အဟုန်အားကြီးကြောင့်၊ နာနတ်သီး သစ်သီး . . . တွေလောင်းလှူတဲ့ ကုသိုလ်ကောင်းမှုအရှိန်အဟုန် အားကြီးကြောင့်၊ ဤပဟာန . . . ဖြစ်တဲ့ ဖိနပ်, ထီး, ယပ်တောင် ဆေးပစ္စည်း စာအုပ် ဘော့ပင် အစရှိသည်တွေကို လှူဒါန်းရတဲ့ ကုသိုလ်ကောင်းမှု အရှိန်အဟုန်အားကြီးကြောင့်၊ ပရိသတ်တွေကို ဖိတ်မန်ကျွေးမွေးရတဲ့ ကုသိုလ်ကောင်းမှု အရှိန်အဟုန်အားကြီးကြောင့်၊ တပည့်တော်တို့ ယာယီကျွန် တာရှည်ကျွန်အဖြစ်မှ လျင်မြန်စွာ လွတ်ပါရစေ. . . လို့ ဟောဒီလို ဆုတောင်းကြရတယ်။

http://www.dhammadownload.com



ယာယီကျွန် တာရှည်ကျွန်အဖြစ်မှ လွတ်ပါရစေ. . . အဲဒါ နိဗ္ဗာန် ရရပါလို၏နဲ့အတူတူပဲ။ နိဗ္ဗာန်ရရပါလို၏လို့ တောင်းတာက ပါးစပ်ဖျားကလေးနဲ့တောင်းတာဖြစ်တတ်တယ်၊ စိတ်ထဲမှာ သစ္စာမပြင်တဲ့ တောင်းတဲ့အတောင်းဖြစ်တတ်တယ်၊ မိရိုးဖလာတောင်းတဲ့ အတောင်းဖြစ်နေတတ်တယ်၊ များသောအားဖြင့်။ တောင်းနေကျမို့တောင်းလိုက်တာကိုး၊ နိဗ္ဗာန် ရရပါလို၏လို့သာဆိုတာ နိဗ္ဗာန်ဆိုတာ နိဗ္ဗာန်ကဘယ်လိုမှန်းမသိ၊ နိဗ္ဗာန်ကဘယ်နားမှန်းလည်း မသိ၊ နိဗ္ဗာန်ရရအောင်က အခုရှိနေတာက ဘာဖြစ်လို့တုံးဆိုတော့၊ ဘာဖြစ်လို့ ဖြစ်မှန်းလည်း မသိ၊ ဒီလိုတောင်းနေတဲ့ အတောင်းက မလေးနက်ဘူး၊ ဒါ့ကြောင့် သစ္စာမြင်ပြီးတော့ တောင်းတဲ့အတောင်းဖြစ်အောင် တပည့်တော်တို့ ဤကုသိုလ်ကောင်းမှု အရှိန်အဟုန်သတ္တိကြောင့် ယာယီကျွန်, တာရှည်ကျွန်အဖြစ်မှ လွတ်ပါရစေ . . . လို့။

မိမိတို့အခုရရှိနေကြတဲ့ ခန္ဓာကိုယ်ကြီးက ကျွန်ကြီး. . . . တဲ့၊ ကျွန်မှ ယာယီကျွန်မဟုတ်ဘူး တာရှည်ကျွန်ကြီး. . .၊ တစ်ခါတစ်ခါ ယာယီကျွန်ဖြစ်တယ်ပေါ့၊ အမြဲတန်းကတော့ တာရှည်ကျွန်ကြီးဖြစ်ခဲ့တာ။ ကျွန်ဆိုတာ ကောင်းတာမှ မဟုတ်ဘဲ၊ ကျွန်ဆိုတာ ကိုယ့်အလိုအတိုင်း ဘာတစ်ခုမှဖြစ်လို့ မရဘူး၊ သခင့်မျက်နှာကြည့်ပြီး သခင့်ရဲ့အလိုကျချည်း ကြည့်ပြီးတော့ လုပ်ရတာကို ကျွန်ခေါ်တယ်၊ ကိုယ်စားချင်တိုင်း မစားရဘူး၊ ကိုယ်အိပ်ချင်သလိုလည်း မအိပ်ရဘူး၊ ကိုယ်နေချင်သလိုလည်း မနေရဘူး၊ သခင့်မျက်နှာကြည့်ပြီးတော့ သခင်ခိုင်းသမျှ သခင့်အလိုကျအောင်နေရ၊ သခင့်အလိုကျ စားရ၊ သခင့်အလိုကျ သွားရ၊ ကိုယ့်အလိုတစ်ခုမှ မပါဘူး၊ အဲဒါ ကျွန်ရဲ့သဘော။

ဒီတော့ ကျွန်ဆိုတာ ဘယ်ကောင်းလို့တုံး၊ အဲ မကောင်းတာကို ပါဠိလို ဒုက္ခလို့ခေါ်တယ်။ မိမိခန္ဓာကိုယ်ကြီးကို မိမိတို့ကျွန်လို့ သိလိုက်ကြ၊ ကျွန်လို့ သဘောပြုလိုက်ကြ၊ ကျွန်လို့အာရုံပြုလိုက်ကြ။ အဲဒီ ကျွန်ကယာယီကျွန်, တာရှည်ကျွန်လို့ ကျွန်နှစ်ကျွန်ရှိတာ၊ ယာယီကျွန်ဆိုတာကတော့ အခိုက်အတန့် သူများအိမ်-ကိုယ့်စားရေးသောက်တာ မပြည့်စုံလို့ သူများအိမ် လခရိက္ခာနဲ့ အစေအပါးလုပ်ပြီးနေရ၊ တစ်ချို့ကျတော့ သွားမွေးကတည်းက ကျွန်မျိုးထဲ သွားမွေးရပြီးတော့ ကျွန်လေး ဖြစ်နေရရှာတယ်။

ကျွန်မမျိုးထဲသွား မွေးတာကလည်း ဟိုတုန်းက ကိုယ်က ရိုသေသင့် ရိုသေထိုက်တဲ့ ဘုရား, တရား, သံဃာ, ရတနာသုံးပါးကို မရိုမသေလုပ်ခဲ့မိ၊ မိဘဘိုးဘွားတွေကို မရိုမသေ မလေးမစားလုပ်ခဲ့၊ အဲဒီတင် ဂါရဝနိဝါတ တရားတွေပျက်၊ မင်္ဂလာတွေပျက်ရင် ကျွန်မျိုးထဲ ဖြစ်တတ်တယ်။ မင်္ဂလာတရားတော်ထဲမှာ ဂါရဝနိဝါတမင်္ဂလာဆိုတာ ကိုယ့်ထက်အသက်သိက္ခာ ဂုဏ်ဝါကြီးမြတ်တဲ့ ပုဂ္ဂိုလ်တွေကို

http://www.dhammadownload.com



ရှိသေ‌ေးစား ကိုင်းညွတ်၊ ပြောတာ ရိုရိုသေသေ၊ ဆက်ဆံတာ ရိုရိုသေသေ၊ သွားတာ‌ပူပ်ရှားတာ ရိုရိုသေသေဆိုတဲ့ ဒီ-အရိုအသေပေးမှု မရှိခဲ့ရင်၊ ဂါရဝ နိဝါတမ‌်‌လာပျက်ခဲ့ရင် ကျွန်မျိုးထဲ သွားသွားဖြစ်တတ်တယ်၊ ဒီတော့ အဲဒီလို အကုသို‌ုအားလျော်စွာ ကျွန်မျိုးထဲဖြစ်ခဲ့တဲ့ဟာတွေက ယာယီကျွန်ခေါ်တယ်။ တစ်ဘ‌ော ကျွန်။

‌ခုရုပ်နာမ်ခန္ဓာ ရထားတာက တာရှည်ကျွန် . . . တဲ့၊ အမြဲတန်း ကျွန်ခံ နေရတာ ခန္ဓာကိုယ်ကြီးရထားကြ။ ဒီတော့ အဲဒါ ဘယ်သူ့ကျွန်တုံးလို့ဆိုတော့၊ အဲဒါကို ‌သိစေချင်လို့မို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဒူတဇာတ်တော်နဲ့ ဟော တော်မူတယ်၊ ဒူတဇာတ်တော်ဆိုတာ ဘုရားရှင်ကိုယ်တော်မြတ်ကြီး အလောင်း တော် ဘ‌ာတုန်းက တစ်ခါတော့ ဟရာဏသီပြည် ထီးနန်းအုပ်ချုပ်တဲ့ ဘောဇနသုဒ္ဓိ ကမင်းရ‌ာလို့ ထင်ရှားတဲ့ မင်းတစ်ပါး ဖြစ်ခဲ့ဖူးတယ်။ ဘောဇနသုဒ္ဓိကမင်းလို့ သူ့ဘာပြ‌လို့ခွင်တုံးလို့ဆိုတော့ သူက တစ်နှစ်တစ်ကြိမ် တသိန်းတန်ထမင်း စားပွဲ ကြီး ကျင်းပလေ့ရှိတယ်။ တစ်သိန်းတန် ထမင်းစားပွဲကြီး ကျင်းပတာ အခမ်းအနား ကလည်း မြို့လယ်ခေါင် လူမြင်ကွင်းမှာ ရတနာမဏ္ဍပ်ကြီးထိုး၊ အဲဒီထဲမှာ တက တည်းအ‌သုံးအဆောင် ပစ္စည်းတွေကလည်း ရွှေကုလားထိုင် ရွှေစားပွဲ ရွှေဇွန်း ငွေဇွန်း ‌ရွှကရားအိုး ငွေကရားအိုး ရွှေလင်ပန်း ငွေလင်ပန်း စသည်တွေဖြင့် အသုံးအ‌‌ဆောင်ကောင်းတွေချည်း။

‌‌စာ‌ယ်သောက်ဖွယ်တွေကလည်း တကယ့်ကောင်းပေ့ဆိုတဲ့ စားသောက် ဖွယ်ရာ‌‌ ပြင်ဆင်ထားပြီးတော့ ဘေးကလည်းပဲ အဆိုတော်တွေ အတီး တော်‌ေ ခမ်းခမ်းနားနား စီမံပြီးတော့မှ တစ်နှစ်တစ်ကြိမ် ထမင်းစားပွဲကြီး စားပြတ‌။ ဘာပြုလို့တုံးဆိုတော့တဲ့ အားလုံးတိုင်းသူ ပြည်သားတွေ သံဝေဂဉာဏ်၊ ဓမ္မဉာဏ်‌‌ပွားပြီးတော့ သူ့အားကျပြီးတော့ ဒီကောင်းမှုမျိုးတွေ ပြုချင်လာ အောင်‌ အတုယူစေချင်လို့ ထမင်းစားပွဲကြီး စားပြတယ်။

‌သူ့မှာတော့ မင်းစည်းစိမ်ကြီး ရထားပြီလေ၊ မင်းစည်းစိမ်ကြီး ရထားလို့ တစ်သိန်း‌တန်ထမင်းစားပွဲကြီး စားနိုင်တယ်၊ စားနိုင်တာ အကျိုးတရားပဲ၊ မင်းစည်း စိမ်ကြီး ‌ဟာအကျိုးတရားပဲ၊ ရှေးကအကြောင်းတရားတွေ ကောင်းမှုတွေပြုခဲ့လို့ ဒီလိုဖြစ်‌တယ်လို့ဆိုတာလေးကို၊ သူက ကံကံအကျိုးနဲ့ သံဝေဂဉာဏ်၊ တိုင်းသူပြည် သား လူ‌အများဖြစ်ပွားစေချင်လို့ သူကထမင်းစားပွဲကြီး ကျင်းပတာ။

‌‌ကားသား အခြောက်တိုက်ကြွားတာမဟုတ်ဘူး၊ တရားပြချင်လို့ သူကတို‌‌ပြည်သားတွေ လာပြီးတော့ ကြည့်နိုင်တဲ့အကြောင်း ကြေငြာပြီးတော့၊

http://www.dhammadownload.com



အဲဒါသူက ထမင်းမစားခင် အပျိုတော်လေးတွေ အမျိုးသမီး အဖွဲ့တွေ အတီးတော် အဖွဲ့တွေက ဘေးကနေပြီး သံဝေဂရစေမယ့် ကံကံအကျိုးကိုယုံကြည်စေတတ်တဲ့ ဉာဏ်တွေတိုးအောင် ဆိုနေကြရတယ်။

**ဒါနတော ဘောဂဝါ ဟောတိ, အဒါနတော ဒုဒ္ဒါလိဒ္ဒိ၊**

စသည်ဖြင့် ပါဠိဂါထာ ဂီတတွေနဲ့ ဆိုကြရတယ်ပေါ့၊ သူ့ရဲ့ အဓိပ္ပါယ်တွေက *ဒါနတော ဘောဂဝါ ဟောတိ*-ဆိုတဲ့အပိုဒ်က-

**ဒါနတော**-စွန့်ကြဲပေးကမ်း, လှူဒါန်းဝေငှ, မျှတပူဇော်ခြင်းဆိုတဲ့ အမှုကို ပြုခြင်းကြောင့်၊ **ဘောဂဝါ**-မင်္ဂဖိုလ်နိဗ္ဗာန်, သွားလမ်းကြီး တလျှောက်လုံးမှာ, စည်းစိမ်ချမ်းသာနဲ့ ပြည့်စုံရခြင်းသည်၊ **ဟောတိ**-ဖြစ်နိုင်ပေ၏၊ ဒီအဓိပ္ပါယ်မျိုး၊ လှူဒါန်းပေးကမ်း စွန့်ကြဲမှုကိုပြုကြ မောင်တို့. . . ပြုကြ မယ်တို့. . . ၊ ကိုယ့်တတ်စွမ်းသမျှ ကိုယ်စားမယ့်ထဲက ဦးဦးဖျားဖျားလေး ခွဲခြမ်းစိပ်ဖြာပြီးတော့ ဘုရားကိုပေးလှူ သံဃာကိုပေးလှူ ရောက်လာတဲ့ ဧည့်သည်ကျွေးမွေး စသည်ဖြင့် အလှူခံပုဂ္ဂိုလ်တွေကိုကျွေး၊ သူများကို ဝေကျွေးနေတဲ့ဒါနကောင်းမှုကိုလည်း နေ့စဉ်ပြုကြ. . .။ အဲဒီလို ကိုယ်က သူများကို ဝေကျွေးတဲ့အမှုကိုပြုခဲ့မှ ကိုယ့်သံသရာစခန်း မင်္ဂဖိုလ် နိဗ္ဗာန်သွားလမ်းမှာ ဝေကျွေးမယ့်သူတွေ ပေါပြီးတော့၊ **ဘောဂဝါ**-စည်းစိမ်ဥစ္စာ, အဖြာဖြာတို့နဲ့, ကောင်းစွာကုံလုံ, ပြည့်စုံနိုင်သည်၊ **ဟောတိ**-ဖြစ်ရပေ၏. . .။

ဒီလို အဓိပ္ပါယ်မျိုးတွေ သက်ရောက်တဲ့ ဂါထာဂီတတွေလည်း အမျိုးသမီးလေးတွေက ဆိုကြရတယ်၊ ထမင်းစားပွဲကြီးလာကြည့်တဲ့ ပရိသတ်က နားစိုက်ထောင်လို့. . .၊ ဟုတ်ပေတယ်. . . ကြည့်ပါအုံး တို့ရှင်ဘုရင်ကြီး ရှေးတုံးက လှူဒါန်းပေးကမ်း စွန့်ကြဲမှုတွေ ပြုလာခဲ့လို့ ဒီဘဝ မင်းမျိုးထဲ ဝင်စားရတယ်၊ ကြည့်ပါအုံး ဒီကထဲက ကွာကုန်ပြီနဲ့၊ ဒီလို ဓမ္မသံဝေဂဉာဏ်တွေ ဖြစ်. . ,. လို့၊ အောက်ကကြည့်ရတဲ့ ပရိသတ်တွေက။ အဲဒါ အမျိုးသမီးလေးတွေက ဆိုကြ၊ အမျိုးသားတွေက ဆိုကြ ဂီတတွေဆိုကြ။

အဲ သီလကိုလည်း ငါးပါးသီလလုံအောင် အနည်းဆုံးထိန်းကြ၊ သီလ မလုံလို့ရှိရင် သံသရာစခန်း မင်္ဂဖိုလ်နိဗ္ဗာန်သွားလမ်းကြီးမှာ အန္တရာယ်တွေ ပေါ်တတ်တယ်. . . လို့၊ အသက်တိုတတ်တယ်၊ ရောဂါတွေများတတ်တယ်၊ ခြေပြတ် လက်ပြတ် ဖြစ်တတ်တယ်၊ မျက်စိပေါက်နားပဲ့ ဖြစ်တတ်တယ်။ ကိုယ်ကသူများကို သတ်ခဲ့တော့၊ သူများသတ်တယ်ဆိုတာ- သူများလက်ပြတ်အောင်လည်း လုပ်တာပဲ၊ ခြေပြတ်အောင်လည်း လုပ်တာပဲ၊ အသက်တိုအောင်လည်း လုပ်တာပဲ၊ ရောဂါရအောင်လုပ်တာကိုး၊ ဒီတော့ ကိုယ့် ပြန်ပြီးတော့ ရောဂါရအောင် လုပ်မယ့်သူတွေ

http://www.dhammadownload.com



အသက်တိုအောင်လုပ်မယ့်သူတွေ၊ လက်ပြတ် ခြေပြတ်ဖြစ်အောင်လုပ်မယ့်သူတွေ၊ လူကသာ ပြန်လုပ်တာမဟုတ်ဘူး၊ သက်မဲ့တွေကလည်း ပြန်လုပ်တာပဲ။ အဲလိုဖြစ်တတ်တဲ့အကြောင်း။ အဲဒီလိုပေါ့လေ. . . သူက သံဝေဂဉာဏ်တွေဖြစ်ပွားစေတတ်တဲ့ လင်္ကာ ကဗျာတွေ ဆိုကြရတယ်။ အဲဒါကို မြန်မာလို နားလည်အောင် သီကုံးလိုက်လို့ရှိရင်. . .

❖ ဒါနမပါ, သံသရာ, မျက်နှာငယ်တတ်တယ်၊
ဒါနတန်ခိုး, စည်းစိမ်တိုး, ဖြိုးဖြိုးလျှပ်၍ကြွယ်။

အေး. . . ဒါနမပါလို့ရှိရင် သံသရာစခန်း မဂ်ဖိုလ်နိဗ္ဗာန်သွားလမ်းမှာ အောက်တန်းကျ နေတတ်တယ်. . .၊ အစားအသောက်အောက်တန်းကျလို့ မျက်နှာငယ်ရ ဝတ်စရာဆင်စရာတွေ သူများလို မဝတ်နိုင်လို့ မျက်နှာငယ်ရ နေစရာထိုင်စရာ တဲအိုကနားလေးနဲ့ နေရလို့ မျက်နှာငယ်ရ၊ ပညာတွေ အောက်ကျနောက်ကျရှိလို့ မျက်နှာငယ်ရနဲ့ အားလုံးမျက်နှာ ငယ်ရတယ်. . . ဒါကြောင့် မျက်နှာမငယ်ရအောင် သံသရာစခန်း အထက်တန်းကသွားရအောင် ဒါနတွေပြုကြ. . . တဲ့၊ အဲဒီ ဒါနပြုမှ-

❖ ဒါနတန်ခိုး, စည်းစိမ်တိုး, ဖြိုးဖြိုးလျှပ်၍ကြွယ်။

ကိုယ့်ရှိတဲ့အားလေးနဲ့ နေ့တိုင်း ခွဲခြမ်းစိတ်ဖြာ ဝေဘန်ပြီးတော့ ပေးကမ်းပြီးတော့ နေတော့ ဒါနအားများပြီးလာတော့ ကိုယ့်သွားဖြစ်ကတည်းက မျက်နှာပန်းလှလှ အထက်တန်းကျကျသွားဖြစ်၊ ကျွေးနိုင်မွေးနိုင်မယ့် အမေအဖေတွေနဲ့တွေ့၊ စည်းစိမ်ဥစ္စာတွေနဲ့ပြည့်စုံတဲ့ထဲရောက်နဲ့ အဲဒီလိုဖြစ်ရတယ်လို့ ဒါနရှိမဲ့ရဲ့ သံဝေဂဉာဏ်ကိုသိစေ ကံကံအကျိုးသိစေတယ်။

❖ သီလမပါ, သံသရာ, ရောဂါကြွယ်တတ်တယ်။

ဟော- ငါးပါးသီလလေးမှ အနည်းဆုံးမပါပြန်ရင်လည်း မထိန်းပြန်ရင်လည်း အဲဒါရောဂါတွေ ဖြစ်တတ်တယ်. . . ခန္ဓာကိုယ်တွင်း ရောဂါတွေဖြစ်တတ်တယ်၊ အနာရောဂါတွေများလာ ခြေပြတ်လက်ပြတ်ဖြစ် မျက်စိပေါက်နားပဲ့ဖြစ် စသည်ဖြင့် ခန္ဓာကိုယ်တွင်း ရောဂါတွေလည်း ကြွယ်တတ်တယ်။ ခန္ဓာကိုယ်ရဲ့ အပြင်ဘက် ကိုယ်နဲ့စပ်နေတဲ့ ပစ္စည်းတွေဆိုတာ ကိုယ်ရှာဖွေထားလို့ ရှိနေတဲ့ အိမ်ရာခြံမြေ ဥယျာဉ်တိုက်တာ ရွှေငွေကျောက်သံ ဆံရေစပါးတွေ, စုနေတုံးဆောင်းနေတုံးရှိသေး မီးကလောင်သွားလို့ ပျောက်ကုန်ပြန်၊ ဓားပြကတိုက်လို့ ဖျက်ဆီးလို့ ပျက်ပြန်၊ ရေကမျှောလို့ ပျက်ပြန်ဒီလိုဖြစ်နေတာ။

http://www.dhammadownload.com



ပုဒ်တုံးက ကိုယ်က အဒိန္နာဒါနသီလကြီး မလုံခဲ့လို့ သူများပစ္စည်းခိုးခဲ့ ဝှက်ခဲ့ တိုက်ခဲ့လိမ်ခဲ့ ယူခဲ့ညာခဲ့ စားပြတိုက်ခဲ့ လုပ်လာတော့ သူများပစ္စည်း ဖျက်ဆီးခဲ့တာကိုး။ သူများ စားရမှာ မစားရအောင် ကိုယ်ကဖျက်ဆီးလိုက်တာ၊ အဲဒီတင် ကိုယ့်ဆီ တန်ပြန်လာတာပဲ၊ ဒါကြောင့် ရောဂါကြွယ်တတ်တယ်ဆိုတာ ခန္ဓာကိုယ်တွင်း ရောဂါကြွယ်တာရော, အပြင်ဘက် ဗဟိဒ္ဓရောဂါကြွယ်တာရော အကုန်ပါတယ်။

### ❖ သီလတန်ခိုး, သက်ရှည်တိုး, ရန်မျိုးကွယ်ရတယ်။

အနည်းဆုံး ငါးပါးသီလလုံအောင် ထိန်းနေတဲ့သူ အသက်ရှည် တယ်. . အနာရောဂါကင်းတယ် ကျန်းမာရေးတွေကောင်းတယ် အတွင်းရန်အန္တရာယ်ကင်းတယ် မပေါ်လာဘူး၊ ဟော- ဒါ သီလရဲ့သတ္တိ။

### ❖ သမထမပါ, သံသရာ, စိတ်မှာပူရတယ်။

ဗုဒ္ဓါနုဿတိ, မေတ္တာဆိုတဲ့ သမထလောက်မှ မပါရင် သမထကမ္မဋ္ဌာန်းလေးဆယ်ရှိတဲ့ အထဲက မနက်စောစော ညအိပ်ရာဝင် အိပ်ရာထ ဘုရားရှိခိုးတဲ့ ဗုဒ္ဓါနုဿတိ၊ တတ်နိုင်သေးရင် ဘုရားကိုပန်းရေချမ်း ဆီမီး ပူဇော်ရှိခိုးတဲ့ ဗုဒ္ဓါနုဿတိ ဘုရားနဲ့ဘုရားဂုဏ်ကို အာရုံပြုပြီး ရှိခိုးကန်တော့တာ၊ ဒါ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းခေါ်တယ်။ "သဗ္ဗေသတ္တာ အဝေရာ ဟောန္တု" သတ္တဝါတွေ ကျန်းမာကြပါစေ. . . ချမ်းသာကြပါစေလို့ မေတ္တာပွားတာ၊ ဒါ မေတ္တာဘာဝနာခေါ်တယ်၊ အနည်းဆုံး အဲဒီနှစ်ခုလောက်မှ သမထမပါရင်တော့. . . တဲ့ စိတ်မှာပူတတ်တယ်၊ စိတ်ကလေးက အားသေးနေတော့ လောကဓံနဲ့တွေ့ပြီဆိုမှဖြင့်၊ အထူးသဖြင့် လောကဓံဆိုးနဲ့ ကြုံပြီဆိုမှဖြင့် တုန်လှုပ်ပြီးတော့မခံမရပ်နိုင် ဖြစ်တယ်။ အမလေး. . . ငါ့မှဖြစ်ရလေခြင်း၊ ငါ့သားမှ ဖြစ်ရလေခြင်းဆိုပြီးတော့ မခံမရပ်နိုင်ဖြစ်၊ သည်းမခံနိုင်ဖြစ်၊ စိတ်တွေညစ်၊ မစားနိုင် မသောက်နိုင်ဖြစ်၊ ကျန်းမာရေးတွေပျက်၊ အစောကြီး သေ။ ဟော-သွားရော၊ သို့မဟုတ် ကိုယ့်ကိုယ်ကို သေကြောင်းကြံသည့်အထိ ဖြစ်ကုန်တတ်တယ်။

### ❖ သမထတန်ခိုး, လောကဓံဆိုး, ဖျက်ချိုးနိုင်ကြတယ်။

လောကကြီးထဲ လောကဓံက ပြေးမလွတ်ဘူး၊ တစ်ခါတစ်ခါကျတော့ ရှာလို့ဖွေလို့ရတော့ *လာဘ*၊ တစ်ခါတစ်ခါကျတော့ ရှာလို့ဖွေလို့က မလွယ်ကူ မရကြ *အလာဘ*၊ တစ်ခါတစ်ခါကျတော့ အခြွေအရံ အသင်းအပင်းတွေ ပြည့်စုံလို့ *ယသ*၊ တစ်ခါတစ်ခါကျတော့ အခြွေအရံအသင်းအပင်းတွေ မဲ့သွား ဟိုခွဲသွား ဒီခွဲသွား၊ ရှင်ကွဲ သေကွဲ ကွဲကုန်လို့ ကိုယ်တစ်ယောက်တည်း ကျန် *အယသ*၊ တစ်ခါတစ်ခါကျတော့ ဝိုင်းပြီးတော့ ချီးကျူးကြ ဂုဏ်တင်ကြ *ပသံသာ*၊ တစ်ခါတစ်ခါကျတော့ ဝိုင်းပြီးတော့ ကဲ့ရဲ့ကြ အပြစ်ပြောကြ *နိန္ဒာ*၊ တစ်ခါတစ်ခါ

http://www.dhammadownload.com



ကျတော့ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတွေနဲ့ကြုံရ ဒုက္ခ၊ တစ်ခါတစ်ခါကျတော့ ကိုယ်ချမ်းသာ စိတ်ချမ်းသာတွေနဲ့ ကြုံရ- သုခ၊ အဲဒါ လောကဓံ(၈)ပါးဆိုတာ လောကထဲနေရင် တွေ့ကြ တာချည်းပဲ၊ အဲဒီထဲမှာ လောကဓံဆိုးတွေနဲ့ တွေ့ပြီဆိုမှဖြင့် သမထမပါရင် စိတ်တွေတုန်လှုပ်တယ်၊ စိတ်တွေက မခံနိုင်တော့ဘူး၊ ငါ့မှ ဖြစ်ရလေခြင်း၊ ငါ့မှ ဖြစ်ရလေခြင်းဆိုပြီး ခုနပြောသလို အစားတွေပျက်၊ အသောက်တွေပျက်၊ အလုပ်အကိုင်တွေပျက်၊ ကျန်းမာရေးတွေပျက် တမှိုင်မှိုင် တထွေထွေ ဖြစ်ကုန်ရော။

သမထပါနေတော့-ဘုရားရှင်ကိုယ်တော်မြတ်ကြီးများ တောင်ဘယ်လို၊ ဘုရားအလောင်းတော် ကိုယ်တော်မြတ်ကြီးများတောင်မှ ဘယ့်နဲ့၊ ဒီလိုတာထိုးပြီးတော့ ခံနိုင်ရည်ရှိသွားတယ်။ မေတ္တာနဲ့အမြဲနေတော့ ကိုယ့်စိတ်ကလေးအေး . . . လို့ ခုနအပူဓာတ်တွေလာပေမဲ့လို့ အအေးဓာတ်နဲ့ ခံထားတော့အေး. . . လို့ ရေကျတော့ မီးကရုတ်တရက်လောင်လို့ မရသလိုဘဲ၊ အဲဒီလို သမထပါရတယ် . . .၊ သမထပါတော့ မရောက်သေးတဲ့ လောကဓံဆိုးတွေလည်း မရောက်လာတော့ဘူး. . . တဲ့၊ ရောက်လာရင်လည်း ခံနိုင်ရည်ရှိတယ်။ ဒါကြောင့်-

❖ သမထတန်ခိုး, လောကဓံဆိုး, ဖျက်ချိုးနိုင်ရတယ်။

အဲ-သမထနဲ့လူက စိတ်တည်ငြိမ်နေတာဖြစ်တော့ ဟိုကဒီက ဘာတဲ့ ညာတဲ့၊ ဘာတွေဖြစ်ကုန် ညာတွေဖြစ်ကုန်ဆို သူကမတုန်လှုပ်ပေါင် ရုတ်ကနဲ၊ အို-ဒါကဖြစ်မြဲပဲ၊ ဒါဖြစ်တတ်တဲ့သဘာဝပဲ၊ ဒါဖြစ်နေကျပဲနဲ့ ခံနိုင်ရည်ရှိတယ်၊ ဒါ သမထသတ္တိ။

❖ ဝိပဿနာဉာဏ်, မသွင်းပြန်, နိဗ္ဗာန်ယွင်းလို့ဖယ်။

အဲ-ကောင်းမှုပြုတဲ့ထဲမှာ ဝိပဿနာဉာဏ် မသွင်းပြန်ရင်လည်း၊ သံဝေဂဉာဏ်၊ ဝိပဿနာဉာဏ်ဆိုတဲ့ လောကကြီးအပေါ် ထိတ်လန့်ကြောက်ရွံ့ဖွယ်အဖြစ်နဲ့ မြင်တဲ့သံဝေဂဉာဏ်၊ ရုပ်နာမ်ခန္ဓာအပေါ်မှာ ထိတ်လန့်ကြောက်ရွံ့ဖွယ်အဖြစ်နဲ့မြင်တဲ့ သံဝေဂဉာဏ်၊ ရုပ်နာမ်ခန္ဓာကို ရုပ်နာမ်ခန္ဓာအတိုင်း မြင်အောင်ကြည့်တဲ့ ဝိပဿနာဉာဏ်၊ ဒီဉာဏ်မပါပြန်ရင်လည်း နိဗ္ဗာန်မြန်မြန်မရဘူးတဲ့၊ ကြာနေတတ်တယ် သံသရာထဲရှည်နေတတ်တယ်၊ ဝဋ်ဒုက္ခကြီး ကြာနေတတ်တယ်၊ ဒုက္ခဇာတ်ကြီးရှည်နေတတ်တယ် ဒုက္ခဇာတ်ကြောမှာ မျောနေတတ်တယ်၊ ဒါကြောင့်

❖ ဝိပဿနာတန်ခိုး, မဂ်ဖိုလ်မျိုး, ရကျိုးလွယ်လှတယ်။

အဲ-ဝိပဿနာပါပြီဆိုတော့ မဂ်ဖိုလ်နိဗ္ဗာန် မြန်မြန်ရတယ်၊ သူများနဲ့ အတူတူထိုင်တရားနာအုန်း၊ သူက တရားလေး စဟောခါရှိသေး သူက

http://www.dhammadownload.com



သောတာပန်ဖြစ်နေပြီ၊ သူများက တရားဆုံးမှ သောတာပန်ဖြစ်၊ သူက အရင် သောတာပန် ဖြစ်နေ၊ သို့မဟုတ်-သူများက တရားတစ်ပွဲဆုံးလဲ ဘာမှမဖြစ်ကြဘူး၊ ကိုယ်က သောတာပန်ဖြစ်သွားပြီ စသည်ဖြင့် အဲဒီလို ဝိပဿနာပါတဲ့အတွက် ဖြစ်လေရာဘဝမှာ ဝိပဿနာဉာဏ်အားကို စုဆောင်းထားခဲ့တဲ့ အမျိုးကောင်းသား အမျိုးကောင်း သမီးက မဂ်ဖိုလ်နိဗ္ဗာန်ကို ရကျိုးလွယ်တယ်. . . ရလွယ်တယ်. . . လို့။

အဲဒီလို အကြောင်းအကျိုးတွေနဲ့ ကလေးဇာလေးတွေက ဘေးကဆိုပေးရတယ်၊ ဘောဇနသုဒ္ဓိကမင်းက ထမင်းစားပြတယ်၊ ပရိသတ်တွေက ဝိုင်းပြီး ထမင်းစားတာ ကြည့်၊ ဆိုပြနေတဲ့ ဓမ္မသံဝေဂဉာဏ်ဖြစ်စေတတ်တဲ့ အသိဉာဏ်တွေ ပေးနေတာတွေ နားထောင်ပြီးတော့ သံဝေဂတွေဖြစ်ကြ၊ ဟုတ်တယ်. . . ငါ ကောင်းမှုကုသိုလ်ကို ကြိုးစားအုံးမှနဲ့၊ ဒီကပြန်သွားရင် ငါလှူလိုက်အုံးမယ်. . . မလှူချင်သေးတဲ့သူက လှူချင်လာတယ်၊ မလှူဖြစ်သေးတဲ့သူ လှူဖြစ်လာတယ်။ သီလမဆောက်တည်သေးတဲ့သူက သီလဆောက်တည်ဖြစ်လာတယ်၊ အဲဒီလို ဖြစ်အောင် ဘုရားအလောင်းက လုပ်တာ။

အဲဒီပွဲကြီး ကျင်းပနေတဲ့အချိန် တောရွာက တောသားကြီးတစ်ယောက်၊ မြို့ပေါ် ကိစ္စရှိလို့ တက်လာရင်းနဲ့ ဒီကျတော့ ရှင်ဘုရင်ထမင်းစားပွဲကြီး ကျင်းပတယ်ဆိုတာနဲ့ ကြားသာကြားဖူးတာ မကြုံဖူးဘူး ဝင်ကြည့်အုံးမှ ဆိုပြီးတော့ ဝင်ကြည့်။ ကြည့်ရင်းကြည့်ရင်းနဲ့ ရှင်ဘုရင်ထမင်းစားတာ မြင်ပြီးတော့ ဆာလိုက်တာလေ . . . အိမ်ကလာတုံးကလည်း ထမင်းက မစားရသေးတော့ ဆာလိုက်တာ၊ ဗိုက်ထဲကလှိုက်လှိုက် လှိုက်လှိုက်ဖြစ်လာတယ်၊ မနေနိုင်ဘူး၊ မနေနိုင်တော့ မအောင့်နိုင်တော့ သူတခါတည်း ရှတ်ကနဲဆို သတိတွေဘာတွေထိန်းကို မထားနိုင်တော့ဘဲနဲ့ တခါတည်း သူက ရှင်ဘုရင့်ထမင်းစားပွဲထဲဝင်ပြီးတော့ စားမှပဲ၊ တစ်ခဲတစ်လုပ်တော့ ရအောင် စားမှပဲလို့ဆိုပြီး သူက လက်ကြီးတစ်ဘက်မြှောက်ပြီးတော့ ပရိသတ်ထဲ တိုးဝင်တယ်၊ ပါးစပ်ကလည်း ဘယ်နဲ့အော်တုံးဆိုတော့-

❖ ဒူတောဟံ ဘော အပက္ကမထ၊ ဒူတောဟံ ဘော အပက္ကမထ။

ဘော-အချင်းတို့၊ အဟံ-ငါသည်၊ ဒူတော-တိုင်းကြီးပြည်ကြီးသခင်၊ ဘုရင်တစ်ပါးရဲ့ တမန်တော်ကြီးပါပေတည်း၊ အပက္ကမထ-လမ်းဖယ်ပေးကြပါကုန်လော့။ အမောင်တို့. . . ကျွန်ုပ်ဟာ တိုင်းပြည်ကြီးသခင် ဘုရင်တစ်ပါးရဲ့ တမန်တော်ကြီးဖြစ်ပါတယ်. . . လမ်းဖယ်ပေးကြပါလို့ အော်လိုက်တော့၊ တမန်တော်ဆိုတာ တိုင်ပြည်ရဲ့ရှင်ဘုရင်တစ်ပါးလို အလေးထားကြရတာကိုး ထုံးစံက၊ ဒီတော့ "**တမန်တော်ကြီးတဲ့၊ တမန်တော်ကြီးတဲ့**"ဆိုတော့ လူတွေက အားလုံး

http://www.dhammadownload.com



လန့်ဖျန့်ပြီးတော့ သူ့ကို မော့ကြည့်တဲ့သူက ကြည့်၊ ဘေးတိမ်းပေးတဲ့သူက တိမ်းပေးနဲ့ သူက လက်ကြီးမြှောက်မြှောက်ပြီးတော့ ရှေ့တိုးတိုးသွား။

ထမင်းစားနေတဲ့ ရှင်ဘုရင်ကလည်း အံ့အားသင့်ပြီး ကြည့်နေတယ်၊ အနားရောက်သွားတော့ သူဘာမှပြောမနေနိုင်ဘူး၊ ရှင်ဘုရင်ထမင်းစားနေတဲ့ ရွှေခွက်ထဲက ထမင်းခဲလေး တစ်ခဲလှမ်းပြီးတော့ နှိုက်တယ်၊ နှိုက်တော့ ဘေးနားက သက်တော်စောင့်က တခါတည်း ဓားဆွဲထုတ်တာပဲ ခုတ်မလို့၊ ရှင်ဘုရင့်ရွှေခွက်ထဲက ထမင်းအတင်းနှိုက်ရမလားဆိုပြီးတော့ ခုတ်သတ်မလို့ ဓားဆွဲထုတ်တော့ ရှင်ဘုရင်က လက်ပြထားတယ် "**အသာနေ၊ အသာနေ၊ မောင်မင်းအသာနေ၊ ဘာမှမလုပ်နဲ့**" ကဲစားပါ၊ စားပါ"ဆိုပြီးတော့ ထမင်းခွက်ထိုးပေး။ ဝမ်းမြောက်ဝမ်းသာနဲ့ သူဆာနေတာဆိုတော့ စားလိုက်တာ။ ရှင်ဘုရင်ကလည်း "ကဲ-စားပါ စားပါ"နဲ့ ဟင်းခွက်ထိုးပေးပြီးတော့ ကျွေး။ စားပြီးတော့ ရေပါသောက် လက်ကလေးဘာလေး ဆေးပြီးတော့ လက်ပါသုတ် ရှင်ဘုရင်က ကွမ်းအစ်ကလေးများ ထိုးပေးပြီးတော့မှ-

**ကဿာယံ ဘူ ဒူတော တာတ။**

တာတ-အမောင်၊ တွံ-သင်သည်၊ ကဿ-အဘယ်တိုင်း ဘယ်ခရိုင်၊ ဘယ်နိုင်ငံကို၊ ထီးနန်းအုပ်ချုပ်၊ မင်းလုပ်နေတဲ့၊ ဘုရင်မင်းမြတ်ကြီးရဲ့၊ ဒူတော-တမန်တော်ကြီး ဖြစ်ပါသနည်း။ "အမောင် . . အမောင်က ခုနက ငါ တမန်တော်ကြီးဖြစ်ပါတယ်လို့ ကြွေးကြော်ပြီးတော့ အမောင်လာခဲ့ပါတယ် . . အဲ-လာခဲ့လို့လည်း ပရိသတ်က လမ်းရှဲပြီးတော့ ပေးခဲ့ကြ။ ဒီတော့ ဘယ်တိုင်းနိုင်ငံကို ထီးနန်းအုပ်ချုပ် မင်းလုပ်နေတဲ့ ပြည့်ရှင်မင်းကြီးရဲ့ တမန်တော်ကြီးဖြစ်ပါသတုန်း. . . လို့" ရှင်ဘုရင်က မေးတယ်၊ အဲဒီတော့ သူက လက်အုပ်ကလေးချီပြီးတော့-

**ယဿတ္ထာ ဒူရမာယန္တိ၊ အမိတ္တမပိ စာစိတုံ၊**
**တဿူဒ ရဿဟံ ဒူတော၊ မာမေကုဇ္ဈ ရထေသဘ။**

ရထေသဘ-ရထားစီးချင်း၊ ဦးညွတ်ဆင်းရတဲ့၊ မင်းမင်းထိပ်ထား၊ အိုအရှင်မင်းမြတ်ကြီးဘုရား၊ အဟံ-ကျွန်တော်မျိုးကြီးသည်၊ ယဿ-အာဏာ ဟုန်ပြင်း၊ ဝမ်းဗိုက်တည်းဟူသော ပြည့်ရှင်မင်းကြီး၏၊ အတ္ထာယ-အလိုတော် ကျဖို့ရာ အလို့ငှါ၊ ဒူရမ္ပိ-တစ်နယ်တစ်ကျေး၊ တစ်ရပ်ဝေးသို့သော်မှလည်း၊ သတ္တာ-များစွာသောင်းသောင်း၊ သတ္တဝါအပေါင်းတို့သည်၊ အာယန္တိ-သွားကြလာကြ၊ သွားလာကြရပါကုန်၏၊ အမိတ္တမပိ-ကိုယ့်ကိုယ်သတ်မည့်ရန်သူလို့ သိမှတ်နေတဲ့၊ ရန်သူ့ရဲ့အထံသို့သော်မှလည်း၊ ယာစိတုံ-မနေသာ၍၊ ဖွေရှာဆက်သွင်း၊ တောင်း ရန်းခြင်းငှါ၊ အာယန္တိ-သွားကြလာကြ၊ သွားလာဆက်သွင်းကြ ရလေကုန်၏။

http://www.dhammadownload.com



အဟံ-ကျွန်တော်မျိုးသည်၊ တဿ-ထိုအာဏာဟုန်ပြင်း, ဝမ်းဗိုက်တည်းဟူသော ပြည့်ရှင်မင်းကြီး၏၊ ဒူတော-ခိုင်သမျှ မနေသာ, ဖွေရှာဆက်သွင်းရတဲ့, ကျေးတော်ရင်း, ကျွန်တော်ရင်းကြီး ဖြစ်ပါပေသတည်း၊ ရထေသဘ-ရထားစီးချင်း, ဦးညွှတ်ဆင်းရပါတဲ့, မင်းမင်းထိပ်ထား, အရှင်မင်းမြတ်ကြီးဘုရား၊ မေ-ကျွန်တော်မျိုးကြီးအပေါ်၌၊ မာ ကုဇ္ဈ-သန္တားသမှု, မေတ္တာရှု၍, ခွင့်ပြုတော်မူလိုက်ရာပါသတည်း။

သာဓု. . . သာဓု. . . သာဓုပါဘုရား. . .။

အဲဒီ ဆင်းရဲသား တောသားကြီးက လက်အုပ်ချီပြီး ရှင်ဘုရင်ကို လျှောက်ရှာတယ်၊ အရှင်မင်းမြတ်. . . ကျွန်တော်မျိုး ဘယ်တိုင်း ဘယ်ခရိုင် ဘယ်နိုင်ငံကို အုပ်ချုပ်တဲ့ ဘုရင်မင်းမြတ်ရဲ့ ဓာမန်တော်ကြီးတုံး. . . လို့ အရှင်မင်းမြတ်က မေးတော်မူပါတယ်၊ ကျွန်တော်မျိုးဟာလေ. . . အာဏာ ဟုန်းပြင်းတဲ့ ဝမ်းဗိုက်တည်းဟူသော ပြည့်ရှင်မင်းကြီးရဲ့ ကျေးတော်ရင်း ကျွန်တော်ရင်းကြီး ဖြစ်ပါတယ် အရှင်မင်းမြတ်. . .၊ လောကမှာ ဟောဒီ ဝမ်းဗိုက်တည်းဟူသော ပြည့်ရှင်မင်းကြီးဟာ, အာဏာတန်ခိုး အင်မတန်စိုးမိုးကြီးကျယ်တဲ့ ဘုရင်မင်းကြီး တစ်ဆူဖြစ်ပါတယ်. . .။

အရှင်မင်းမြတ်. . . ဓမ္မသဘောနဲ့ နှောပြီးတော့ စဉ်းစားဆင်ခြင်တော်မူပါ၊ ကျွန်တော်မျိုး သံတော်ဦးတင်တဲ့စကားကို ဓမ္မသဘာဝနဲ့ကြည့်ပြီးတော့ နားဆင်တော်မူပါ၊ လောကမှာ ငါဘုရင် ငါသခင်ရယ်လို့ အထင်ရောက်ပြီးတော့ နေကြပြားသော်လည်းပဲ ဟောဒီ ခန္ဓာဝမ်းဗိုက်တည်းဟူသော ပြည့်ရှင်မင်းကြီး ခိုင်းသမျှ ရှာဖွေဆက်သွင်းနေရတဲ့ ကျေးတော်မျိုး ကျွန်တော်မျိုးတွေချည်းပါပဲ. . . တဲ့၊ ဒီခန္ဓာရထားတဲ့ သူတွေမှန်သမျှ ခန္ဓာ့ကျွန်ချည်းပါပဲ အရှင်မင်းကြီး၊ ကျွန်တော်မျိုးကြီးလည်းပဲ ဒီခန္ဓာ ရထားလို့ ဒီခန္ဓာဝမ်းဗိုက်က မနေနိုင်ဘူး ဆာလှပြီ ငါဆာလှပြီ၊ ငါ့ကို အစာများ ဆက်သွင်းပါ, အစာများ ဆက်သွင်းပါဆိုလို့ ကျွန်တော်မျိုး အသက်စွန့်ပြီးတော့ အရှင်မင်းကြီးရဲ့ရွှေခွက်ထဲက ထမင်းခဲကို ယူပြီးတော့ ဆက်ရပါတယ် အရှင်မင်းကြီး. . .။

အမိတ္တမပိ ယာစိတုံ

အမိတ္တမပိ-ကိုယ့်ကိုယ်သတ်မယ်လို့, သိနေတဲ့, ရန်သူ့ရဲ့အထံသို့ပင်လျှင်၊ ယာစိတုံ-မနေသာလို့, ဖွေရှာဆက်သွင်းရတဲ့ အလုပ်ကြီးကို၊ အကာသိ-ကျွန်တော်မျိုးပြုခဲ့ရပါပြီ. . .။ အရှင်မင်းကြီး. . . နားဆင်တော်မူပါ၊ အခု အရှင်မင်းကြီးအနား ကျွန်တော်မျိုးလာလို့ရှိရင် သက်တော်စောင့်တွေက သတ်ချင်

http://www.dhammadownload.com



သတ်မယ်ဆိုတာ အသိသားနဲ့. . . ကျွန်တော်မျိုးဟာ ဝမ်းဗိုက်ကခိုင်းတာ မနေသာလို့၊ အာဏာပြင်းတဲ့ ဝမ်းဗိုက်မင်းကြီးရဲ့ အလိုကျအောင် အစာရေစာဆက်သွင်းရပါတယ် အရှင်မင်းကြီး. . .။

ကျွန်တော်မျိုးသာမက အခု ရှိရှိသမျှသတ္တဝါတွေ အဲဒီဝမ်းဗိုက်တည်းဟူသော ပြည့်ရှင်မင်းကြီးခိုင်းသမျှကို ဆက်သွင်းတဲ့အနေနဲ့ သွားလာလှုပ်ရှားပြီးတော့ နေကြပါတယ် အရှင်မင်းမြတ်. . . သတိထားတော်မူပါ။ သတ္တဝါတွေ ထိုထိုဤဤ လှည့်လှည် သွားလာပြီးတော့ နေကြတယ်။ လယ်ယာကိုင်းကျွန်းလုပ်ကိုင်ပြီးတော့ အရောင်းအဝယ်တွေလုပ်ပြီးတော့ လက်မှုပညာ နှုတ်မှုပညာတွေနဲ့ လုပ်နေကြတာ၊ ဒါ ဘယ်သူ့အတွက်တုံးလို့ မေးလိုက်ရင် ဒီဝမ်းဗိုက်အတွက်ပဲ။ ဒီဝမ်းဗိုက်ကလေး စားရေးအတွက်၊ ဒီဝမ်းဗိုက်ကလေး ဝတ်ရေးဆင်ရေးအတွက်၊ ဒီဝမ်းဗိုက်ကလေး တစ်ကျောရာစာ အိပ်ဖို့ နေဖို့အတွက် အဆောက်အဦးတွေလိုလို့၊ ဒီဝမ်းဗိုက် ဒီခန္ဓာအတွက်ရှာဖွေ ဆက်သွင်းပြီးတော့ နေကြရပါတယ် အရှင်မင်းမြတ်. . .။

အမိတ္တမပိ-ကိုယ့်ကိုယ်ရန်လုပ်မယ့် ရန်သူရဲ့ နယ်သို့သော်မှလည်း၊ အာယန္တိ-သွားကြလာကြ သွားလာကြရပါကုန်၏။ အရှင်မင်းမြတ်. . . အရောင်းအဝယ် အလုပ်အကိုင်ကိစ္စနဲ့ သွားမယ့်လမ်းမှာ ကိုယ်က ဒီကနေပြီးတော့ တစ်မြို့ တစ်ရွာသွားပြီးတော့ အလုပ်အကိုင် သွားလုပ်မှဖြစ်မှာမို့လို့ သွားရတော့မယ်ဆိုရင်၊ လမ်းမှာ သူပုန်တွေ ထနေသတဲ့၊ ဓားပြတွေတိုက်နေသတဲ့လို့ ကြားသား၊ မိုင်းဗုံးတွေ ထောင်တတ်သတဲ့လို့ ကြားသား၊ ကြားပေမယ့်လို့ မနေသာဘူး၊ သေမှသေရော့ မိုင်းဗုံးနင်းမိမှ နင်းမိရော့၊ ဓားပြက သတ်မှသတ်ရော့၊ သူပုန်ကပစ်မှ သေတန်သေရော့ဟဲ့-ဆိုပြီး မနေသာလို့ဆိုပြီးတော့ ဒီဝမ်းဗိုက်အတွက် ထွက်ကြရပါတယ် အရှင်မင်းမြတ်. . .။

အဲဒီတော့ ဒီဝမ်းဗိုက်ဆိုတဲ့ ပြည့်ရှင်မင်းဟာ အာဏာစက်အပြင်းဆုံး ပြည့်ရှင်မင်းမြတ် ဖြစ်ပါတယ်၊ ကျွန်တော်မျိုးသည်. . . အဲဒီ ဝမ်းဗိုက်တည်းဟူသော ပြည့်ရှင်မင်းကြီးရဲ့ တမန်တော်ကြီးဖြစ်ပါတယ် အရှင်မင်းမြတ်. . . လို့ ပြောလိုက်တော့ ဘုရားအလောင်း ဘောဇနသုဒ္ဓိမင်းက ခေါင်းတငြိမ့်ငြိမ့်နဲ့၊ ဟုတ်ပေတယ်. . . ဒီအမျိုးကောင်းသား ဓမ္မသဘောပြောပါပေတယ်၊ ဟုတ်တယ်. . . ငါလည်း ပြည့်ရှင်မင်းကြီးသာဆိုတယ် ကျွန်ပဲ. . . ငါလည်း ကျွန်ပါပဲ၊ ခန္ဓာ့ကျွန်ပါပဲ ခန္ဓာကိုယ်ကခိုင်းသမျှ စားပေးရတယ်၊ ခန္ဓာကိုယ်က ညောင်းညာတယ် နှိပ်နယ်ပေးပါအုံးဆို အနှိပ်တော်တွေခေါ်ပြီးတော့ နှိပ်ပေးရတယ်၊ ဒီခန္ဓာကိုကြီး ပြုစုနေရတဲ့ငါလည်း ကျွန်ကြီးပါပဲလား. . . ရှင်ဘုရင်ကြီးဆိုပြီးတော့ ငါ့ကိုယ်ငါ

http://www.dhammadownload.com



ရှင်ဘုရင်ကြီးထင် သခင်ကြီးထင်၊ ငါလုပ်သမျှပြီးရတယ် ငါဘာပဲလုပ်ချင်လုပ်ချင် ငါပြီးရင်ပြီးတာပဲလို့ ထင်သော်လည်းပဲ ဒီခန္ဓာခိုင်းသမျှ ခံနေရတဲ့ ကျွန်ကြီးပါပဲလား. . . လို့ ရှင်ဘုရင်ကြီးကလည်း သဘောပေါက်လို့ တိုင်းသူပြည်သားတွေကို တဆင့်ပြော၊ ဒီတော့ ဘုရင်ကြီးလည်း ကျွန်ပဲ၊ သူဌေးကြီးလည်း ကျွန်ပဲ။

❖ ရှင်ဘုရင်ကြီးလည်း, ကျွန်ပါပဲ, ဝေခွဲသိကြပါ။
သူဌေးကြီးလည်း, ကျွန်ပါပဲ, ဝေခွဲသိကြပါ။
သခင်ကြီးလည်း, ကျွန်ပါပဲ, ဝေခွဲသိကြပါ။

ရှင်ဘုရင်ကြီးလည်း ကျွန်ပဲ သူဌေးကြီးလည်း ကျွန်ပဲ၊ ဒီခန္ဓာ လုပ်ကျွေးနေရတဲ့ ကျွန်တွေ၊ ခန္ဓာ့ကျွေးကျွန်တွေ, ခန္ဓာခိုင်းသမျှ စေသမျှသွားလာ လှုပ်ရှားဆက်သွင်း နေရတယ်. . . အစာရေစာ ကျွေးပေးနေရတယ်၊ သူက အစာလေးကျွေးအုံးဆို ကျွေးရ၊ ချိုတာလေးချည်း စားမနေချင်ဘူး၊ ချဉ်တာလေး ကျွေးအုံးဆို ကျွေးရ၊ အချိုလေး ချဉ်တာလေး မကသေးဘူး ငံတာထည့်ကျွေးပါအုံးဆို ငံတာထည့်ကျွေးရ၊ အဲဒီလို ခန္ဓာကိုယ်ကိုကျွေးပြီးတော့နေရတာ ခန္ဓာကိုယ်ဝတ်ဆင်ပြီးတော့ နေရတာ ခန္ဓာကိုယ်ရေမိုးချိုးပြီးတော့ ပေးနေရတဲ့ ခန္ဓာကိုယ်ကို အညစ်အကြေးသုတ်သင်ပြီးတော့ ပေးနေရတဲ့ ခန္ဓာ့ကျွန်တွေချည်းပဲ၊ အဲဒီလို ကြည့်လိုက်ရင်တော့ တစ်လောကလုံး ရှိရှိသမျှခန္ဓာ့ကျွန်တွေ၊ ခန္ဓာ့ကျွန်မှ ယာယီမဟုတ်ဘူး၊ ဘာရှည်ကျွန်တွေ၊ ဒီဘဝသာ မဟုတ်ဘူး နောက်တစ်ဘဝလည်း ကျွန်၊ ဟိုး-နောက်တစ်ဘဝလည်း ကျွန်၊ ရှေးဘဝတွေ အထွေထွေတုန်းကလည်း ကျွန်မျိုးနဲ့ချည်း လာခဲ့ရတာ။

ယာယီကျွန်ဆိုတာ-အကြောင်းအားလျော်စွာ ကိုယ့်စားစရာ သောက်စရာ ချို့တဲ့လို့ သူများအိမ်က လခရိက္ခာလေး ယူစားပြီးတော့နေရတဲ့ကျွန်က သေပြီးတော့ နောက်တစ်ဘဝဆက်ပြီးတော့ ကျွန်ဖြစ်ချင်မှဖြစ်တာ ပြတ်သွားတယ်။ ဒါ ယာယီကျွန် ခေါ်တယ်၊ အခုခန္ဓာငါးပါး ရုပ်မာတ်နာမ်ဓာတ်ရထားတဲ့ ခန္ဓာ့ကျွန်က တဈာ့ကျွန်က ဘာရှည်ကျွန်ကြီး၊ ရုပ်နာမ်ခန္ဓာရနေသမျှ ဒီခန္ဓာခိုင်းသမျှ လုပ်ရဦးမယ်၊ ရှာကျွေးရအုံးမယ်၊ ရှာပြီးတော့ ချက်ရအုံးမယ်၊ စားရေးဝတ်ရေး နေရေး ပြည့်စုံအောင် ဒီခန္ဓာကိုယ်အလိုကျအောင် စီစဉ်. . . ပြီးတော့ ပေးနေရသမျှ ကျွန်ချည်းပဲ၊

ရုပ်နာမ်ခန္ဓာရနေတဲ့ သတ္တဝါမှန်သမျှ ကျွန်တွေချည်းပဲ. . . လို့ မဂ္ဂသမဂ ဂဉာဏ် သမ္မာဉာဏ်နဲ့ ကြည့်လိုက်တော့ ကျွန်ဆိုတာကောင်းတာမှ မဟုတ်ဘဲ၊ မကောင်းတာကို ပါဠိလို ဒုက္ခလို့ခေါ်တာ၊ ဒုက္ခသစ္စာကိုပြတာ ဘုရားက၊ ပြီးတော့ ကျွန်ဆိုတာ ကိုယ့်အလိုအတိုင်းဘာမှဖြစ်လို့မရဘူး၊ သူဖြစ်ချင်တဲ့ အတိုင်းဖြစ်

http://www.dhammadownload.com



လိုက်ရတာ ဒါအနတ္တကိုပြတာ၊ ဒီတော့ ဒုက္ခနဲ့ အနတ္တကိုမြင်ရင် မခိုင်တဲ့သဘော မမြဲတဲ့သဘော အနိစ္စကပေါ်လာတော့တာပဲ၊ ဒါကြောင့်အနိစ္စ ဒုက္ခ အနတ္တကို ပြတာ၊ လက္ခဏာရေးသုံးပါးကိုပြတာ၊ ဘုရားကသိစေချင်လို့ ဒီဇာတ်တော်ကို ဟောတော်မူတာ။

ဒီတော့ ယနေ့ ဒကာဒကာမအပေါင်း သူတော်ကောင်းတွေက ငါတို့အညာ ယာယီကျွန်ဖြစ်တဲ့အခါဖြစ် တာရှည်ကျွန်ဖြစ်တဲ့အခါဖြစ်ပြီးတော့ သံသရာထဲ ကျင်လည်ပြီး နေရတဲ့ဘဝပါလား. . ဒီရုပ်နာမ်ခန္ဓာရနေသမျှ ကျွန်တွေချည်းပဲလို့ သဘောပေါက်ပြီးတော့ အဲဒီခန္ဓာ့ကျွန်အဖြစ်မှ လျင်မြန်ဆောစွာ လွတ်ရာဌာနကြီး ရောက်ပါစေ. . . ။ ဟော. . . နိဗ္ဗာန်ရရပါလို၏. . . အဲဒါမှ လေးနက်တာ၊ သုံးဆယ့်တစ်ဘုံနယ်ကြီးက ကျွန်နယ်ကြီး၊ သုံးဆယ့်တစ်ဘုံအတွင်း ရှိရှိသမျှ သတ္တဝါတွေက ရုပ်နာမ်ခန္ဓာရနေတဲ့ သတ္တဝါတွေက ကျွန်တွေချည်းပဲ၊ ခန္ဓာ့ကျွန် တွေ တဏှာ့ကျွန်တွေ အဲဒီခန္ဓာ့ကျွန် တဏှာ့ကျွန်အဖြစ်မှ လျင်မြန်ဆောစွာ လွတ် ပါစေ. . . လွတ်ပါစေသား. . . ။

တပည့်တော်တို့ သံဃာတော်တစ်ထောင်ကျော်တို့၏ ရှေ့မှောက်သို့ လာရောက်ကြပြီးတော့ ဆွမ်းဘောဇဉ်တွေ ဆက်ကပ်ရတဲ့ကုသိုလ်ကောင်းမှု အရှိန်ဟုန်အားကြီးကြောင့် အဲဒီခန္ဓာ့ကျွန်အဖြစ်မှ လျင်မြန်ဆောစွာ လွတ်ပါရစေ . . . ခန္ဓာ့ကျွန်နယ်ကြီးက လွတ်ရာဌာနကို လျင်မြန်ဆောစွာ ရောက်ရပါစေ. . . ရောက်ရပါစေသား. . ဟော "နိဗ္ဗာနဿ ပစ္စယော ဟောတု" လေးနက်တဲ့ နိဗ္ဗာန်ဆုတောင်း သစ္စာမြင်သွားပြီ၊ ကိုယ့်ရုပ်နာမ်ခန္ဓာ အစားစားပဲကြည့်ကြည့်၊ အထက်ဘဝင် ပြဟ္မာကြီးပဲကြည့်ကြည့် ကျွန်ပဲ၊ ကျွန်ပဲဆိုတော့ မကောင်းဘူး၊ မကောင်းဘူးလို့ သိတာ ဒုက္ခသိတာ၊ ကိုယ့်အလိုအတိုင်း မဖြစ်နိုင်ဘူးဆိုတာ အနတ္တသိတာ၊ ခိုင်တာမြဲတာဘာမှ မရှိဘူး၊ ဟိုပြောင်း ဒီရွှေ့နဲ့ ဒီလိုကျွန်တွေ လှည့်ပတ်ဖြစ်နေတာပဲလို့ သိတာ အနိစ္စသိတာ၊ ဒါ ဓမ္မသံဝေဂဉာဏ်နဲ့သိတဲ့ အသိလို့ ခေါ်တယ်၊

အဲဒီအပေါ်မှာ ရုပ်နာမ်ဖြစ်ပျက် ရုပ်နာမ်ဖြစ်ပျက်ဟူ၍လည်းကောင်း၊ မြင်တယ်မြင်တယ်၊ သွားတယ်သွားတယ်ဟူ၍လည်းကောင်း၊ ရှုနေကြတဲ့ အချိန် ကျတော့ ဝိပဿနာဉာဏ်နဲ့သိတဲ့အသိလို့ခေါ်တယ်၊ ဉာဏ်သိကနှစ်မျိုးရှိတယ်၊ သံဝေဂဉာဏ်နဲ့ သိတဲ့အသိ, ဝိပဿနာဉာဏ်နဲ့သိတဲ့အသိ။ တစ်နည်းပြောရင် အနုဗောဓဉာဏ်နဲ့သိတဲ့ အသိ၊ ဝိပဿနာနဲ့သိတဲ့အသိ။ သံဝေဂဉာဏ်နဲ့သိတယ် ဆိုတာ ခုနလို ကျွန်တွေချည်းပဲလို့ ထိတ်လန့်ပြီးတော့ သုံးဆယ့်တစ်ဘုံနယ်ကြီး တစ်ခုလုံး ကြောက်စရာ လန့်စရာငြီးငွေ့စရာအဖြစ်နဲ့ မြင်လာတာ သံဝေဂဉာဏ်။

http://www.dhammadownload.com



အဲဒါခုနက မြင်တယ်ကြားတယ်သွားတယ်, ရပ်တယ် ထိုင်တယ်လို့ရှုပြီးနေတော့ ဝိပဿနာနဲ့သိတာ၊ ဒီခန္ဓာကိုယ်သိတာပဲ ဒီရုပ်နာမ်ပဲသိတာပဲ။ ကျွန်မျိုးဖြစ်တဲ့ ဒီရုပ်နာမ့်ကို ဝိပဿနာနဲ့သိတဲ့ အသိခေါ်တယ်၊ အဲဒီ အသိနှစ်သိ လေ့ကျင့်ခန်း ဆင်းပေးတာ၊ ဒါ-ဝိပဿနာ။

အဲဒီလိုအားဖြင့် တပည့်တော်တို့သည် ဤရုပ်နာမ်ခန္ဓာကျွန်နယ်ကြီးမှ လျှင်မြန်ဆောစွာ လွတ်ရာရောက်ဖို့ရာ အားကောင်းသော အထောက်အပံ့ဖြစ် ပါစေသားဟူ၍ ကျွန်နယ်ကြီးမှလွတ်ရာလွတ်ကြောင်း၊ တာရှည်ကျွန်ဘဝမှ လွတ်ရာလွတ်ကြောင်းဖြစ်တဲ့ နိဗ္ဗာနဓာတ် တရားမြတ်ကြီးကို ရရာရကြောင်း ပါရမီကောင်းမှုတို့ကို ကျင့်ဆောင်ကြိုးကုတ်အားထုတ် နိုင်ကြပါစေကုန်သတည်း၊ ဤကဲ့သို့ ကျင့်ဆောင်ကြိုးကုတ် အားထုတ်နိုင်ကြကုန်သည်ဖြစ်၍ ဤကဲ့သို့ ကျင့်ဆောင်ကြိုးကုတ် အားထုတ်ပြီးတော့ လွတ်မြောက်တော်မူသွားကြတဲ့ ဘုရား ပစ္စေကာ အရိယာနွယ်လောင်း သူတော်ကောင်း သူတော်ကောင်းမကြီးတို့ ရောက် အပ် ရအပ်သိမြင်အပ်သော ကျွန်ဘဝ ကျွန်ဇာတ်မှလွတ်ရာလွတ်ကြောင်း နိဗ္ဗာန ဓာတ် တရားမြတ်ကြီးကို လျှင်မြန်ဆောစွာ လွတ်ကြရ, ရကြရ ပါလိုကုန်သောဟူ၍ ပတ္ထနာအောင်ဆု ပြုလိုက်ကြကုန်ရာသတည်း. . . ။

သာဓု. . . သာဓု. . . သာဓုပါဘုရား. . . ။

http://www.dhammadownload.com

## * သောဏာထေရီ
## ကောင်းမှုသက်ရှည်မှ ချီးမွမ်းရတရားတော်။

ဒီနေ့ ဒေါက်တာစိုးဝင်းတို့+ဒေါ်သောင်းတင်ညွန့်တို့ ကောင်းမှုကို မနေ့က ဟောခဲ့တဲ့တရားနဲ့စပ်တဲ့ဆက်, ဆက်ပြီးတော့ ဟောရကုန်းမှာ မနေ့တုန်းက **"အဖြူအမည်း, နှစ်ဆူကွဲ, လူထဲအသက်ရှူ"**လို့ လူရဲ့ခန္ဓာကိုယ်ထဲမှာ၊ ရှူရှိုက်နေကြတဲ့ အသက်ကလေးကို ခွာတ်ခွဲကြည့်လို့ရှိရင် ဘုရားက အမည်းရောင်နဲ့ အဖြူရောင် နှစ်ရောင်ပဲရှိတယ်. . . အမည်းရောင်နဲ့ မရှူမိစေနဲ့ အဖြူရောင်နဲ့ရှူမိပါစေ. . . မနေ့က ဘုရားအဆုံးအမ။ ဒီနေ့ အဲဒီရဲ့အဆက် ဆက်ပြောရင် အဲဒီအမည်းရောင်နဲ့ ရှူရှိုက်နေလို့ကတော့-တဲ့၊ အသက်ရှည်တယ်, အသက်ရှည်တယ်လို့ ဘယ်လောက်ပဲပြောပြော မမြတ်ဘူး. . . တဲ့-

တို့လောက,က အသက်ရှည်တယ်ဆိုရင် ကောင်းတယ်လို့ ပြောကြတာကိုး။ ဟာ-အဖွားအသက်ဘယ်လောက်ရှိပြီတုန်း ရှစ်ဆယ် ကိုးဆယ် တစ်ရာ ဟာ-အသက် ရှည်တာ၊ သိပ်ကောင်းတာပဲ, သိပ်တော်တာပဲလို့၊ ဒီလိုအသက်ရှည်ရင် ကောင်းတယ် တော်တယ်လို့၊ ကောင်းတဲ့ဆုလာဘ်ကြီးငါးပါးထဲကို အသက်ရှည်ခြင်း, ချမ်းသာကြီးခြင်း, ခွန်အားကြီးခြင်း, ဉာဏ်ပညာကြီးခြင်းနဲ့, ဒီလို ဆုတွေဘာတွေပေးရင် ပေးကြတာကိုး။ ဆုလာဘ်တွေပေးရင် ပေးကြတာကိုး။ ဒီတော့ အသက်ရှည်ခြင်းကို ကောင်းတဲ့ဆုလာဘ်ကြီး တစ်မျိုးလို့ သတ်မှတ်သော်လည်း. . . တဲ့၊ ရှည်တိုင်းမကောင်းဘူးတဲ့ ဘုရားက၊ အဲဒီ ခုနက အမည်းရောင်တွေနဲ့၊ အကုသိုလ်ဒုစရိုက်တွေနဲ့ နေ့စဉ်ကျူးလွန်ပြီးတော့ ရှည်နေလို့ကတော့ ရှစ်ဆယ်ရှည်လည်း မမြတ်ဘူး, ကိုးဆယ်ရှည်လည်း မမြတ်ဘူး၊ တစ်ရာရှည်လည်း မမြတ်ဘူး, တစ်ရာကျော်ရှည်လည်း မမြတ်ဘူး။

ဘာပြုလို့တုန်းဆိုတော့ အကုသိုလ်ရိက္ခာတွေ သူ့မှာတိုးနေတာကိုး၊ သူက နေ့စဉ် နေ့စဉ် သားကျွေးမှု၊ မယားကျွေးမှု အကြောင်းပြုပြီးတော့ ငါးသား ဖလောင်းတွေသတ်၊ သမင် ဒရယ် ဂျီငယ် ဆိုင်ဆတ်တွေပစ်ခတ်သတ်။ သို့မဟုတ် ခိုးဝှက်လုယက်, တိုက်ခိုက်နဲ့ နေ့တိုင်းလုပ်ပြီးတော့၊ သူ့ စားရေး ဝတ်ရေး နေရေး ပြဿနာရှင်းနေတယ်၊ သို့မဟုတ် သူ့သားမယားရဲ့ စားရေး ဝတ်ရေး နေရေး အတွက်ရှင်းနေတယ်ဆိုရင်, နေ့စဉ်အကုသိုလ်တွေနဲ့ အမည်းရောင်တွေနဲ့ အသက်

---

* ထေရီ-၄-၉၈။ အပ-၂၊ ၂၅၇၊ အံ-၄-၁၊ ၂၈၀။

http://www.dhammadownload.com



ရှုနေတာဖြစ်ပြီးတော့ ဆယ်နှစ်အသက်ရှည်ရင် ဆယ်နှစ်ဟာ အကုသိုလ်ရိက္ခာတွေ စုမိပြီးသားဖြစ်ကုန်၊ အပါယ်ကျမယ့် ရိက္ခာတွေ၊ အပါယ်နှစ်မယ့် ရိက္ခာတွေ၊ မကောင်းတဲ့ရိက္ခာတွေ စုဆောင်းမိရက်ဖြစ်နေ၊ ရှစ်ဆယ်ကိုးဆယ်ရှည်ရင် ရှစ်ဆယ်ကိုးဆယ်လုံးလုံး သူ့ဟာ မကောင်းတဲ့အကုသိုလ်ရိက္ခာတွေ ပိုပြီးတော့လေးပြီးတော့ ကိုယ်က ပိုပြီးတော့နစ်ဖို့ပဲရှိတော့တယ်။ ဒါ့ကြောင့်မို့လို့ အသက်ရှည်ဟာယ်ဆိုတိုင်း ကောင်းတာမဟုတ်ဘူး. . . တဲ့၊ အဲဒီလို အကုသိုလ်ဒုစရိုက်တွေနဲ့ ကျူးလွန်ပြီးတော့ ရှည်နေတဲ့အသက်ဟာဖြင့် မမြတ်ပါဘူး. . . တဲ့၊ တတ်နိုင်လို့ တစ်ရာကျော်ရှည်ပါစေ မမြတ်ဘူး၊ အဲ- ကုသိုလ်ကောင်းမှုနဲ့ အသက်ရှည်၊ အဖြူရောင်နဲ့ အသက်ရှည်တဲ့သူကတော့ ရှစ်ဆယ်ကိုးဆယ် တစ်ရာဆိုတာ မဆိုထားနဲ့၊ တစ်ရက်ကလေး တစ်နေ့ကလေး တစ်နံနက်ကလေးရှည်ရင်ကို မြတ်တယ်. . . ဆိုပြီး မြတ်စွာဘုရားက-

* ယော စ ဝဿသတံ ဇီဝေ, ကုသီတော ဟီန ဝီရိယော၊
ဧကာဟံ ဇီဝိတံ သေယျော, ဝီရိယမာရဘတော ဒဠှံ။

ယော-အကြင်အမျိုးသား အမျိုးသမီးသည်၊ ဝဿသတံ-အနှစ်တရာတိုင်တိုင်၊ ဇီဝေ(ဇီဝေယျ)-အသက်ရှည်၍ နေပါစေဦးတော့၊ ကုသီတော ဟီန ဝီရိယော-ကုသိုလ်လုပ်ငန်း၊ အခန်းခန်းကို၊ ကြိုးပမ်းအားထုတ်၊ ပြုလုပ်ဖို့ရာ၊ စိတ်မပါ၊ ဆုတ်နစ်သည်ဖြစ်၍၊ ဝါ-အကုသိုလ် ဒုစရိုက်တရား တွေကို၊ နေ့စဉ်ပြုလုပ်၊ ပြစ်မှားနေသည်ဖြစ်၍၊ ဝဿသတံ-အနှစ်တစ်ရာ ပတ်လုံး၊ ဇီဝေ (ဇီဝေယျ)-အသက်ရှည်၍၊ နေရစေဦးတော့၊ ယဥ္စသေယျော-အပါယ်လေးပါး၊ ရိက္ခာတွေစုဆောင်း၊ အားကောင်းလာသဖြင့်၊ မမြတ်တော့ သည်သာလျှင်တည်း၊ ဒဠှံ-မြဲမြဲမြန်မြန်၊ ဇွဲသန်သန်၊ ဝီရိယမာရဘတော-ကုသိုလ်လုပ်ငန်း၊ အခန်းခန်းကို၊ ကြိုးပမ်းအားထုတ်၊ ပြုလုပ်နေသူ့အတွက်၊ ဧကာဟံ-အနှစ်ရှစ်ဆယ်၊ ကိုးဆယ် တစ်ရာဆိုတာ, အသာထားလိုက်တော့, တစ်နေ့တစ်ရက်, တစ်နံနက်ကလေးမျှ၊ ဇီဝိတံ-အသက်ရှင်ရခြင်းသည်၊ သေယျော-လူ့ရွာနတ်ထံ, ချမ်းသာစံ၍, နိဗ္ဗာန်တိုင်ပေါက်, စခန်းရောက် စေတတ်သဖြင့်, အကောင်းမြတ်ဆုံးဖြစ်ပါပေတော့ သတည်း. . . .။

သာဓု. . . သာဓု. . . သာဓုပါဘုရား. . . ။

ခုနက ပြောခဲ့တဲ့အတိုင်း အမည်းရောင်ကြီးနဲ့, ဒုစရိုက်တွေနဲ့ အကုသိုလ်တွေနဲ့ အသက်ရှည်နေတဲ့ လူအတွက်တော့, သူ့ရှစ်ဆယ်ရှည်လို့လည်း မြတ်တယ်

* ဝမ္မ-ဋ္ဌ-၁၊ ၄၃၇။

http://www.dhammadownload.com



သွားမပြောနဲ့ . . . တဲ့၊ ကိုးဆယ်ရှည်လည်း မမြတ်ဘူး၊ တစ်ရာရှည်လည်း မမြတ်ဘူး . . . တဲ့၊ အကုသိုလ်ရိက္ခာတွေ လေးသထက်လေး။ သူ့ဖိမယ့်ကျောက်ခဲသလဲတွေ စုသထက် စုသလိုဖြစ်ပြီးတော့ သူ့မြုပ်သထက် မြုပ်အောင် ဖိမယ့်ကျောက်ခဲတွေ သလဲတွေ စုသလိုဖြစ်နေပြီးတော့၊ မမြတ်ဘူးတဲ့၊ အဲ-ကိုယ့်ကို မြှင့်တင်မယ့် မီးပုံးပျံ မှိုင်းနဲ့တူတဲ့ကုသိုလ်ကောင်း မှုတွေ စုဆောင်းတဲ့အနေနဲ့ ဖြူဝင်းသော အရောင်နဲ့ အသက်ရှည်နေတဲ့ သူအတွက်ကတော့ ရှစ်ဆယ်ကိုးဆယ် တစ်ရာရှည်ရင် ဘယ် ပြောစရာ ရှိမှာတုန်းတဲ့၊ တစ်မနက်ကလေး, တစ်နံနက်ကလေး, တစ်ရက်ကလေး အသက်ရှင်တာတောင် မြတ်တယ် . . . လို့ မြတ်စွာဘုရားက သောဏာထေရီ မကြီး အကြောင်းပြုပြီးတော့ ဟောတာ။

သောဏာထေရီမကြီးဆိုတာ ဘုရားလက်ထက်တုန်းက သာဝတ္ထိမြို့မှာ၊ အိုကြီးချက်မဖြစ်မှ ဘိက္ခုနီဝတ်လာတဲ့ ရဟန်းအိုမကြီး၊ နဂိုတုန်းကတော့ သူဌေး ကတော်အဖြစ်နဲ့ သာဝတ္ထိမှာ ထင်ရှားတဲ့။ ကုဋေလေးဆယ်ကြွယ်ဝတဲ့ သူဌေးနဲ့ သူဌေးကတော်။ သားသမီးငါးယောက်ပေါက်ဖွားထား၊ သားသမီး ငါးယောက်ကို ပြုစုလုပ်ကျွေးပြီးတော့၊ သူ့အိုးသူ့အိမ်တွေနဲ့ အိမ်ထောင်တွေချပေး၊ နောက် သူဌေးကြီးက အသက်ကြီးတော့ ကွယ်လွန်သွား၊ သူဌေးကတော်ကြီးချည့်ကျန် တော့တယ်၊ အသက်ကလည်းကြီး ပစ္စည်းက ကုဋေလေးဆယ်ရှိတဲ့ အနက်က ကုဋေနှစ်ဆယ်ကိုတော့ သားသမီးတွေ အမွေခွဲပြီးတော့ ဝေပေးပြီးပြီ၊ အဖွားကြီး လက်ထဲမှာ ကုဋေနှစ်ဆယ်ကျန်သေးတယ်။ သားသမီးတွေက အဲဒါကို ရချင်တယ်၊ သူရချင် ငါရချင်။

ဒီတော့ သူတို့ကလည်း သူတို့အိမ်နဲ့ဖြစ်ကုန်ကြပြီဆိုတော့ သူတို့ပေး ထားတဲ့ အမွေနဲ့လည်းပဲ သူတို့ဟာနဲ့သူတို့ ခွဲပေးပြီးသား၊ ကျန်တဲ့ကုဋေ နှစ်ဆယ်ကို ရချင်သေးတာဖြစ်တော့ "အမေရာ. . . အမေ အသက်ကြီးပါပြီ၊ ပစ္စည်းတွေ တသိမ်းပိုက်ပိုက်နဲ့ အမေ့ဒုက္ခဖြစ်ပါတယ်၊ ကျုပ်တို့ခွဲခြမ်း ပေးလိုက်ပေါ့၊ ပြီးတော့ အမေ့ကို ကျွန်တော်တို့ ပြုစုမှာပေါ့၊ ဟို အိမ်တလှည့် ဒီအိမ် တလှည့် အမေကြိုက်သလို ဟိုသားအိမ်တလှည့် ဒီ သမီးအိမ်တလှည့် ဒီလိုနေတာပေါ့ အမေရာ" အစကတော့ အဖွားကြီးက မပေးသေးဘူး၊ ပြောပါ များတော့၊ သားသမီးတွေက ခဏခဏ ဒီကျန်တဲ့ အမွေနှစ်ဆယ်ခွဲခြမ်း စိတ်ဖြာ ပြီးပေးလိုက်ဖို့ သူတို့ဝိုင်းပြုစုမယ့်အကြောင်း အပြောကကောင်းကြဲတော့ ယုံပြီးတော့ အဖွားကြီးက ပစ္စည်းတွေကဲ လူကြီး စုံရာနဲ့ ခွဲခြမ်းစိတ်ဖြာပေး။ "ကဲ- *အမေ့ကိုတော့ သားတို့ သမီးတို့ ပြုစုကြပေတော့" "ဟာ-ပြုစုမှာပေါ့ အမေက လည်း ဘယ်ပစ်ထားမှာတုန်း ဘာညာနဲ့"* ခွဲခြမ်းစိတ်ဖြာယူပြီးတော့၊ သားကြီး အိမ်တစ်လ ၊သားလတ်အိမ်တစ်လနဲ့ ဒီလိုနေမယ်ဆိုတဲ့ စီမံကိန်းချပြီးဟော့ နေ။

http://www.dhammadownload.com



ပစ္စည်းဥစ္စာနည်းနည်းလက်မဲ့လည်း ဖြစ်သွားရော တယ်ပြီးတော့ မဟုတ်ချင်ဘူး၊ ချွေးမအကြီးက ပြုစုစောင့်ရှောက်တဲ့နေရာ သူဆူအောင့်အောင့်ဖြစ်လာ၊ အင်း လူကြီးဆိုတော့ မျက်စိမှုံမှုံမွှားမွှားနဲ့ ထမင်းစားတဲ့ အခါမှာ လည်းပဲ ထမင်းလုံးတွေကလည်း ဟိုဘက်ဘေးဖိတ်၊ ဟင်းဖတ်တွေဘာတွေ ကလည်း ဘေးကျ။ *"အမေကြီးထမင်းလုံးတွေ ဘေးကျကုန်ပြီ မမြင်ဘူးလား မျက်စိက၊ ဒီလောက်တော့ သိမ်းတတ်ဆည်းတတ်အုံးမှပေါ့"* ဘာညာနဲ့ ချွေးမကငေါက်ဆူ၊ သားမရှိတဲ့အချိန် ပြုစုရတဲ့အချိန်မှာ ဒုန်းဒင်းနဲ့ ကြမ်းတွေ နင်းသွား၊ အိမ်ထဲက ငရုပ်သီးထောင်းတာကိုပဲ မကျေနပ်တဲ့အသံနဲ့ ဂျုံး ဂျောင်း ဂျုံး ဂျောင်းနဲ့ တစ်ခါတည်း ဆူဆူပွက်ပွက်နဲ့ စူစူအောင့်အောင့် လုပ်လာတော့ စိတ်မချမ်းသာဘူး အဖွားကြီး။ သားတိုင်တော့မယ် လုပ်ပြန်တော့လည်း သူတို့အချင်းချင်း ဇနီးမောင်နှံအချင်းချင်း ရန်တိုက်ပေးသလိုဖြစ်မှာ စိုး၊ ကိုယ့်အတွက်နဲ့ သူတို့အချင်းချင်းတွေ စိတ်ဝမ်းကွဲမှာလည်း စိုး၊ အောင့်ထား အောင့်ထားနဲ့။

ဒီလိုနဲ့ အောင့်ထား၊ ကြာတော့မနေနိုင်တော့ သားထုတ်ပြီးပြောတိုင်၊ တိုင်တော့ သားက မယားကိုဆူပေါ့၊ ဆူတော့ မယားက "ရှင်က ဘာသိလို့တုန်း၊ ရှင်က အပြင်ဘက် အလုပ်သွားနေတော့ ဒီမယ် ရှင့်အမေက သိတတ်လို့လား၊ ဘာလား ညာလား၊ ဘယ်ဒင်း ဘယ့်နဲ့ ဘာတဲ့"နဲ့ တိုင်လိုက်တော့ ပြောပါများ မယားစကား အောင်၊ မယားစကားက နိုင်သွားပြီး "အမေကလည်း ကြည့်နေမှပေါ့ တစ်ခါတည်း လူကြီးဥစ္စာ ဟိုက-အလုပ်တွေက များတယ်၊ မီးဖိုချောင်လုပ်ရတာ တစ်မျိုး၊ သားကိစ္စ သမီးကိစ္စကတစ်မျိုးနဲ့" ဘယ်နဲ့ညာနဲ့ အမေပြန်ငေါက်၊ ဩော်-မယားစကားပဲ အောင်တာ၊ ငါနေလိုတော့ မဖြစ်ဘူး သားလတ်အိပ်ပြောင်းမှပဲ ဆိုပြီး သားလတ်အိမ်ပြောင်းသွား၊ ခဏတော့ ကြည်ကြည်ဖြူဖြူပဲ ပြုစု၊ တော်ကြာတော့ ဒီပုတ်ထဲက ပဲ ဒီပဲပဲ၊ သားလတ် အိမ်ကလည်း ချွေးမကဆူ၊ သားကပူနဲ့ စိတ်မချမ်းသာစရာတွေ ဖြစ်ပြီးတော့၊ ကဲ-သားအလတ်တစ်ယောက်အိမ် ပြောင်းဦးမယ်ဆိုပြီး တစ်ယောက်အိမ်ပြောင်း၊ နောက်-အဲဒီ အိမ်ကမဟန်တော့ နောက်တစ်ယောက်အိမ်ပြောင်း၊ ဟို အိမ်ပြောင်း ဒီအိမ်ပြောင်းနဲ့ သားထွေးအိမ်ရောက်တော့ ပိုဆိုသေး။

ဒီလိုနဲ့ သူ့မှာဒီသားတွေကြီးပြင်းအောင်၊ ဒီသားတွေ ပညာတတ်အောင် ဒီသားတွေ လူလားမြောက်အောင် စီးပွားရေးနဲ့ အထမြောက်အောင်၊ သူတို့နှစ်ယောက်က စောင့်ရှောက်နိုင်ခဲ့ပေမယ့်လို့ ဒီအမေလေး တစ်ယောက်ကို ကျတော့ ဒီသားငါးယောက်ကပြန်ပြီးတော့ မစောင့်ရှောက်နိုင်ကြဘူး. . .၊ ရစရာ ကလည်း မမြင်ဘူးလေ, မရှိဘူး၊ အမေအဖွားကြီး လက်ထဲမှာ။ ဒါကြောင့်မို့လို့

http://www.dhammadownload.com



စာကဆိုတယ် "နှစ်ယောက်ထဲဖြစ်တဲ့ အမေအဖေကတဲ့ ဆယ်ယောက်ဆယ့်ငါး ယောက်ဆိုတဲ့ သားသမီးတွေကို, ဝအောင်ကျွေးနိုင်ခဲ့သော်လည်း, လှအောင်ဆင် နိုင်ခဲ့သော်လည်း၊ ပညာတွေတတ်အောင် သင်ပေးနိုင်ခဲ့သော်လည်း၊ အညစ် အကြေးတွေ နိုက်ချွတ်ဆေးပြီးတော့ မွေးကျွေးသုတ်သင်ပြုပြင် စောင့်ရှောက်နိုင်ခဲ့ သော်လည်း၊ နှစ်ယောက်ထဲ သာဖြစ်တဲ့ အမေအဖေကို၊ ဆယ်ယောက်, ဆယ့်ငါး ယောက်ဆိုတဲ့ သားသမီးက ပြန်ပြီးတော့ ပြုစုတဲ့နေရာမှာကျတော့ တွက်ကပ် ချင်ကြတယ်. . . တဲ့။

အမေနဲ့အဖေက သားတွေသမီးတွေ ပြုစုတုန်းက နှစ်ယောက်ထဲရယ်၊ နှစ်ယောက်ထဲကနေပြီးတော့ ဆယ်ယောက်ကို ကျွေးပြီးတော့ ပြုစုတာ သားသမီး မြေးမြစ်တွေ၊ အစားပြည့်စုံအောင်၊ အဝတ်ပြည့်စုံအောင်၊ အနေပြည့်စုံအောင် နှစ်ယောက်ထဲက။ ဆယ်ယောက်, ဆယ့်ငါးယောက်က ဒီ မိအို ဖအိုနှစ်ယောက်ကို ပြန်ပြီးတော့ ပြုစုတဲ့အခါကျတော့ တွက်ကပ်လာကြတယ် . . . တဲ့၊ တာထိုးလာ ကြတယ်။ သူ့အိမ်တော့ မသွားဘူး၊ ငါ့အိမ်ချည့် လာနေတာပဲ၊ ဒီအဖွားကြီးက လည်း ငါ့အိမ်ချည်းလာကပ်နေတာပဲ၊ သူ့ဟိုသားအိမ်များ သွားရကောင်းမှန်း မသိဘူး၊ ဟို-သမီးအိမ်များ သွားရကောင်းမှန်း မသိဘူး၊ အမွေခွဲပေးတုန်းက အတူတူခွဲပေးတာပဲ၊ ဒီကျမှ သူကပိုနေချင်ရတာနဲ့ ဘာနဲ့ အာ ရှုပ်လာကုန်ပြီ။

ဒါ့ကြောင့်မို့လို့ နှစ်ယောက်ထဲမိဘက ဆယ်ယောက်, ဆယ့်ငါးယောက် သားသမီးကို လှအောင် ဝအောင်, ပအောင် ပြုစုနိုင်ပေမယ့်လို့၊ ဆယ်ယောက် ဆယ့်ငါးယောက် သားသမီးက နှစ်ယောက်ဖြစ်တဲ့ မိဘကို ပြုစုနိုင်ခဲတယ်. . . တဲ့၊ ဒါတင်မကသေးဘူးတဲ့ "*သမုဒ္ဒရာထဲမှာ မြောက်များစွာသောရေတွေကို မြင်တွေ့ နေရသော်လည်း. . . သောက်သုံးရန် ရေချိုတစ်ခွက်ရဖို့ရာ ခက်သလို. . .*"တဲ့ သမုဒ္ဒရာကြီးထဲမှာ ရေတွေက ကမ်းမမြင်လမ်းမမြင်၊ ရေတွေကို အများကြီးပဲ၊ အပြည့်ပဲ၊ အပြည့်ပဲ ရေတွေ။ သို့သော်. . . သောက်သုံးဖို့ရာ ရေချိုတစ်ခွက်တော့ ရဖို့ရာ ခက်တယ်. . . တဲ့။

အဲသလိုပဲ မွေးထားတဲ့ သားသမီးတွေအများကြီး မြေးတွေမြစ်တွေ တူတွေ တူမတွေ အများကြီးကို ပြုစုစောင့်ရှောက်လာခဲ့ရတာ၊ အဲဒီအထဲက ကျေးဇူးသိ တတ်ပြီးတော့ ပြန်လည်ပြီးတော့ မိဘကို ဘိုးဘွားကို ပြုစုတတ် စောင့် ရှောက်တတ် တဲ့ "ကတညုတ ကတဝေဒီ" သူတော်ကောင်းလက္ခဏာနဲ့ညီတဲ့ သားကောင်း တစ်ယောက်၊ သမီးကောင်းတစ်ယောက်ရဖို့ရာ ခက်တယ်. . . တဲ့၊ ခက်တယ်၊ ဒါ-လောကကြီးရဲ့ ဓမ္မတာ။

http://www.dhammadownload.com



အဲဒီတော့ သောကဆိုတဲ့ ဒုက္ခမကြီး အဖွားအိုကြီး တောင်ဝှေးလေး ထောက်ပြီးတော့ မျက်စိကလည်းမသန် ခါးကလည်းမသန် ခြေကလည်းမသန် သားတွေ့အိမ်နေရတာလည်း၊ ဟို အိမ်ကလည်း စိတ်မချမ်းသာ၊ ဒီအိမ်ကလည်း စိတ်မချမ်းသာ၊ စိတ်ချမ်းသာကဲ့ သားရယ်လို့ကို မတွေ့ဘူး၊ ချွေးမတွေဆိုတာတော့ ဘယ်ပြောစရာရှိတော့မှာတုန်း။ လက်ထဲစီးပွားဥစ္စာကလည်းပဲ ခုခုခိုင်ခိုင်က မမြင်ဘူး၊ မရှိဘူး၊ အဲဒီတော့ တယ်မက်လုံးက မရှိတော့ လက်မခံချင်ကြဘူး ပေါ့လေ၊ ကြာကြာမနေအောင် တိုက်ရိုက်နှင်မလွှတ်တာတမယ်ပဲရှိတယ်၊ ပရိယာယ်နဲ့ စိတ်မချမ်းသာအောင်၊ မနေချင်အောင် ဒီလိုချည့် ပြောပြောလွှတ် လုပ်နေကြတော့၊ အမယ်ကြီး စိတ်တွေညစ်ပြီးတော့ "ဩော်. . . သားတွေ အားကိုးရမလားလို့ မွေးထားလိုက်ပါ" သားသမီးတွေ မွေးထားခဲ့ပေမယ့်လို့ ငါ့လက်ထဲက တောင်ဝှေးဇာစ်ချောင်းလောက်တောင် အားကိုးစရာ မဖြစ်ကြပါ လား. . . လို့၊ ငါ့တောင်ဝှေးလေးကမှ ငါသွားရာလာရာ ယိုင်သွားရင် ထိမ်းပေး ဖေါ်ရသေး၊ လဲမယ့်လုပ်ရင် ထောက်ကူထားဖေါ်ရသေး၊ အခု ဘယ်သားသမီးမှ ငါ့အားကိုးစရာ မရှိတော့ဘူး ဆိုပြီးတော့ ဝမ်းနည်းပက်လက်ဖြစ်ပြီး။

ကိုင်း-ဂေါတမဘုရား အားကိုးရတော့မှာပဲ၊ ဘုရားဆီသွားမှပဲ ဆိုပြီးတော့ ဒုက္ခရောက်လာတော့ ဘုရားဆီသတိရ၊ သံဃာတော်တွေ သတိရ အဲဒီတင် ကျောင်းရောက်လာ၊ ကျောင်းရောက်လာပြီးတော့ ကျောင်းကျတော့ ဘိက္ခုနီဝတ် ပါရစေဆိုပြီးတော့ ဝင်လာတော့ သက်ကြီးရွယ်အိုအဖွားကြီးလည်းဖြစ်နေ ။ နောက်ပိုင်းကလည်း ဘယ်သူမှအဆက်အသွယ်ရယ်လို့ မရှိ၊ သားတွေ သမီးတွေနဲ့ လည်း ဘယ်သူနဲ့မှ အဆင်မပြေတော့ လူမလေးခွေးမခန့်ဖြစ်ကုန်ပြန်ရော အဲဒီ ကျတော့လည်း "ကြောင်အိုတော့ ကြွက်မလေး, လူအိုတော့လည်း လူလည်း မလေး, ခွေးလည်းမလေးဆိုသလို" ဘိက္ခုနီမလေးတွေ, သာမဏေမလေး တွေကလည်း မလေးမခန့်၊ တောင်းတောင်းပန်ပန်နဲ့ သူ့ သင်္ကန်းဝတ်ခွင့်လေး တောင်းတော့၊ အဲ-ဘိက္ခုနီမကြီးတွေက သနားတာနဲ့ သူ့ ဘိက္ခုနီမဝတ်ပေး၊ သင်္ကန်းဝတ်ပေး။

ဒီတော့ မသန်မစွမ်း မျက်စိကလည်း မသန်မစွမ်း၊ လူကလည်း မသန် မစွမ်း, ဖြစ်နေပြီ အဖြစ်က၊ ဒီတော့ အသုံးကလည်း မကျဘူး၊ လူထဲ ဘယ်နား မှလည်း အသုံးကလည်း မကျ၊ ဒီတော့ သူ့လူမလေး ခွေးမခန့်ပေါ့။ သာမဏေ မလေးတွေကလည်း မခန့် ဘိက္ခုနီမလေးတွေကလည်း မခန့်။ "အဖွားကြီး ဟိုနား ဘာယူပေးစမ်းပါ ဒီနား ဘာလုပ်ပေးစမ်းပါ" နဲ့ ခိုင်းတဲ့သူက ခိုင်း၊ ဒီလိုနဲ့ သူ့ခမျာ ဆင်းရဲရဲရဲနဲ့ နေရတယ်။

http://www.dhammadownload.com



တစ်နေ့တော့ ဘိက္ခုနီမတွေ မြို့ထဲက ဆွမ်းစားပင့်၊ ဆွမ်းစားပင့်တော့ ရာသီကလည်း ဆောင်းရာသီနဲ့တူတယ်၊ ဘိက္ခုနီမလေးတွေက "အမယ်ကြီး ဆွမ်းစားပင့်တာ မလိုက်ခဲ့နဲ့၊ မျက်စိကမှုန်မှုန်မွားမွားနဲ့ တော်ကြာ တောင်နင်း မြောက်နင်း တွဲပြီးကိုယ်တော်မကြီး ဘယ်သူမှ မသယ်နိုင်ဘူး၊ ကိုယ်တော်မကြီး ကျောင်းနေရစ်၊ ကျောင်းစောင့်ရစ်"၊ "ကဲ-စောင့်ပါ့မယ် ငါ့မြေးမတို့ရယ်. . . စောင့်ပါ့မယ်၊ နေဆို နေရစ်ပါ့မယ်"၊ "ကျောင်းနေရစ်ပြီးတော့ အလကားနေရစ်လို့ မဖြစ်ဘူး။ ဘိက္ခုနီမတွေပြန်လာ ရေချိုးဖို့ရာ ရေနွေးစပ်ပြီး ရေချိုးရမှာ၊ ချမ်းတယ် ဆောင်းခါ၊ ရေနွေးအိုးတည်ရစ်"။

ဒီမှာလာ ဒီကိုဆိုပြီးတော့ "ဟောဒါ မီးဖို မီးဖို၊ ဟောဒါ မီးခြစ်၊ ဟောဒီမယ် အိုး၊ ဟောဒါ ရေ၊ ဒီနားရေတွင်းကခပ်ပြီးတော့ တည်၊ အဲဒါ ရေနွေးရပါစေ ပြန်လာလို့ရှိရင် သမီးတို့ပြန်လာလို့ရှိရင် ရေချိုးနိုင်အောင် အဆင်သင့်လုပ်ထား၊ အရှင်မကြီးအတွက် အမေကြီးအတွက် ချိုင့်နဲ့ဆွဲခဲ့မယ် ဆွမ်းချိုင့်" "ကောင်းပါပြီ . . . ကောင်းပါပြီ၊ ကဲ-သမီးတို့ခိုင်းတဲ့အတိုင်း လုပ်ပါ့မယ်. . . လုပ်ပါ့မယ်" ဒါနဲ့ သူကနေရစ်ရရှာတာ၊ ဆွမ်းစား သူ့ခေါ်မသွားကြဘူး၊ သူကလည်း မသန်မစွမ်း ဆိုတော့ တောင်ဝှေးကြီးနဲ့ဆိုတော့ သူများသွားသလို မသွားနိုင်တော့ နေရစ်ရ တာပေါ့လေ. . .။

ဒါနဲ့ ဘိက္ခုနီမတွေ ဆွမ်းစားသွားနေတုန်း သူက "ဩော်. . . ရေနွေး အိုးတည်အုံးမှ ဖြစ်မှာ"ဆိုပြီးတော့ ရေနွေးအိုးကြီး မီးဖိုပေါ်တင်ပြီးတော့ ခပ်တဲ့ ရေအိုးလေးနဲ့၊ ကယ့် အိုးလေးနဲ့ ရေခပ်ပြီးတော့ အဲဒီအိုးထဲလောင်း ဒီလိုသယ် သယ်ပြီးတော့ ရေတွင်းသွားပြီးတော့ ရေနိုင်သမျှလေး ဆွဲလိုက်၊ ခပ်လိုက်၊ ကယ့်ပြီး လောင်းလိုက်နဲ့ လုပ်နေတာ လုပ်ရင်းနဲ့ ရေတစ်အိုးခပ်ပြီးတော့ လောင်းမလို့ သယ်အလာ ချော်လဲပြီးတော့ "ခွမ်း"ဆို ရေအိုးကလည်း ကွဲသွား၊ ခြေထောက် ပေါ်လည်းကျပြီး လဲလိုက်တော့ ခြေထောက်ကလည်း တော်တော်နာသွား၊ အိုးကွဲ ပြီးတော့ ရေတွေကသူ့ရှေ့မှာ စီးပြီးတော့ မြေကြီးပေါ်စီးပြီးသွား။

အင်း ဒဏ်ရာဒဏ်ချက်ကလည်းနာသွားတော့ "အို-ဒုက္ခ ဒုက္ခ၊ အနိစ္စ အနိစ္စ"နဲ့ သူ တရားသဘောသက်ရောက်ပြီးတော့ သူ့ခန္ဓာကိုယ် သူဆင်ခြင်ရင်း အဲဒီရေအိုးထဲက ရေတွေ၊ မြေကြီးပေါ်ကျသွားတဲ့ ရေတွေ ဖြုတ်ဖြုတ်ဖြုတ်ဖြုတ်၊ ဖြုတ်ဖြုတ်ဖြုတ်ဖြုတ်နဲ့ ပူပေါင်းလေးတွေ ထပြီးတော့ မြေကြီးထဲ ဖြုတ်ဖြုတ် ဖြုတ်ဖြုတ်၊ ဖြုတ်ဖြုတ် ဖြုတ်ဖြုတ်နဲ့ မြုပ်မြုပ်၊ မြုပ်မြုပ်ပြီးတော့ ပျောက်ပျောက်၊ ပျောက်ပျောက်သွားတော့ သူမျက်စိကြည့်နေတုန်းတန်းလန်းပဲ ရေတွေက ဘေးစီး သွားရင်းနဲ့ မြေကြီးထဲ စိမ့်စိမ့်၊ စိမ့်စိမ့်ပြီးတော့ ဝင်ဝင်၊ ဝင်ဝင်ပြီးတော့ ဖြုတ်သီး

http://www.dhammadownload.com



လေးတွေ ထပြီးတော့ ဖြုတ်ဖြုတ် ဖြုတ်ဖြုတ်, ဖြုတ်ဖြုတ် ဖြုတ်ဖြုတ်နဲ့ ပျောက်ပျောက်, ပျောက်ပျောက်သွားတာ သူကြည့်ပြီးတော့ "ဩော်-ဒီရေတွေ အမြဲတည်နေတာ မရှိပါလား. . . ဒီရေတွေ မြေကြီးထဲမှာ တဖြုတ်ဖြုတ် တရုတ်ရုတ်နဲ့ ပူစီပေါင်းလေးတွေ ထပြီးတော့ ပျောက်ပျောက်သွားသလို။

ငါ့ရဲ့ခန္ဓာကိုယ်မှာ ရှိနေတဲ့ ရုပ်နာမ်ဓမ္မ သင်္ခါရသဘောတရားတွေလည်းပဲ၊ ဒီလို အမြဲတမ်းဖြစ်ပျက် ပြောင်းလဲပြီးတော့ နေကြတာပါလား. . . ။ ငါသတိထားပြီးတော့ မကြည့်မိလို့၊ သတိပြုပြီးတော့ ကြည့်ရှုလိုက်ရင်, ခန္ဓာကိုယ်ထဲမှာ ခိုင်တာမြဲတာ ဘယ်ဟာတစ်ခုမှ မရှိပါလား. . . ဒီရေတွေ တဖြုန်းဖြုန်း တရှုန်းရှုန်း ပျက်ပြုန်းနေသလိုပဲ၊ ခိုင်တာ မြဲတာမရှိ အနိစ္စ သဘောတွေပါလား. . လို့ ရေတွေ ကြည့်ပြီးတော့ ကိုယ့်ခန္ဓာကိုယ်ထဲရှိတဲ့ ရုပ်နာမ်ခန္ဓာရေတွေရဲ့ တဖြုန်းဖြုန်း တရှုန်းရှုန်း ဖြစ်ပျက်နေပုံ အနိစ္စသဘော ဉာဏ်ထဲထင်လာလိုက်တာ ဝိပဿနာ ဉာဏ်ရှိန်တွေ တက်လာလိုက်တာ "*သတိပြု၍, ကြည့်ရှုပါလျှင်၊ ခိုင်မာတာလည်း, ကိုယ်ထဲမမြင်*"ဆိုတဲ့အတိုင်း သူ့ကိုယ်ထဲမှာ ဉာဏ်နဲ့စိုက်ပြီး လှည့်လိုက်၊ ပထမတော့ အပြင်ဘက်ကရေတွေ ကြည့်တာ၊ အပြင်ဘက်က ရေအိုးကွဲသွားလို့, ကွဲကျတဲ့ရေတွေက စီးပြီးတော့ မြေကြီးပေါ်စီးသွားရင်းနဲ့ ရှေ့စီးသွားတယ်သာဆိုတာ ဖြုတ်ဖြုတ် ဖြုတ်ဖြုတ်နဲ့ မြေထဲမြုပ်မြုပ်ပြီးတော့ ပျောက်ပျောက်, ပျောက်ပျောက်, ပျောက်ပျောက် ရေတွေ ခန်းခန်း, ခြောက်ခြောက်, ခြောက်ခြောက်သွားတာ သူ့ရှေ့တင်ပဲ ရေတွေဟာ ပျောက်သွားပြီးတော့ ရေကွက်ရာကြီး၊ စိုနေတဲ့ ရေကွက်ရာကြီးပဲ ကျန်တော့တယ်။

အဲဒါ ကြည့်ပြီး "ဩော်-အနိစ္စသဘောတရား၊ မမြဲတဲ့ သဘောတရားတွေ ငါ့ခန္ဓာကိုယ်ထဲ ရှိတဲ့ရေနဲ့တူတဲ့ ရုပ်နာမ်အစုတွေလည်းပဲ ဒီတိုင်းအမြဲတမ်းဖြစ်ပျက်ပြောင်းလဲပြီးတော့ နေကြတာပါလား. . . တို့က သတိပြုပြီးတော့ မကြည့်ရှုလို့သာ မမြင်ရတာပါလား. . . လို့၊ ဝိပဿနာဉာဏ်ရှိန်တွေတက်ပြီးတော့ ရေကြည့်ပြီးတော့ အနိစ္စလက္ခဏာတွေ ဖြုန်းဖြုန်း, ဖြုန်းဖြုန်း ထင်လာ။ ဆုံးမပါ-

❖ သတိပြု၍ ကြည့်ရှုပါလျှင်, ခိုင်မာတာလည်း ကိုယ်ထဲမမြင်၊
ပေါ်ပျောက်ပေါ်ပျောက်, ပေါ်ပျောက်အစဉ်၊
အနိစ္စ, ဒိဋ္ဌတွေ့မည်ပင်။

အဲ ရေတွေစီးသွားရင်းနဲ့ ဖျတ်ဖျတ်, ဖျတ်ဖျတ်, ဖျတ်ဖျတ်, ဖျတ်ဖျတ်နဲ့ ပေါ်လိုက် ပျောက်လိုက်, ပေါ်လိုက် ပျောက်လိုက်နဲ့ ပူစီလေးတွေက ပေါ်လိုက်၊ တော်ကြာ ပျောက်သွားလိုက်၊ တော်ကြာပူစီပေါင်းလေးတွေ ဖြုတ်သီးလေးတွေ ပေါ်လာလိုက်၊ တော်ကြာ ပျောက်သွားလိုက်နဲ့ ခန်းခြောက်ပြီးတော့ ပျောက်သွား၊

http://www.dhammadownload.com



အဲဒါကြည့်ပြီးတော့ သောဏာထေရီမကြီး ဝိပဿနာတွေ ဆင်ခြင်နေတာ၊ အပြင်ဘက်က ရေတွေပေါ် ပျောက်ပုံကြည့်ပြီးတော့ ကိုယ့်ခန္ဓာကိုယ်ထဲရှိနေတဲ့ ရုပ်နာမ်ဓမ္မတွေလည်း "*ငါက ခိုင်တယ်, မြဲတယ် တည်တယ် တန့်တယ်, ထင်နေပေမယ့်လို့ အမြဲတမ်း ဖြစ်ပျက်ပြောင်းလဲပြီးတော့နေကြတဲ့ သဘောပါလား. . .* လို့၊ ဝိပဿနာတွေ ထင်လာတယ်။

အဲဒီလိုနဲ့ ဝိပဿနာဉာဏ် အပြင်ဘက်က ရေတွေပေါ် ပျောက်ပုံကြည့်ပြီးတော့ ကိုယ့်ရဲ့ရုပ်နာမ်ခန္ဓာဘက် ဉာဏ်လှည့်ပြီးတော့ သူကြည့်လိုက်တာ၊ ရေအိုးကလည်း လက်ထဲတစ်ခြမ်းတစ်ပဲ့ ဆုပ်ရက်ကြီးကွဲလို့၊ အောက်မှာလည်း ရေအိုး အိုးစတွေ၊ ရေတွေကလည်း စီးလို့ အဲဒီတင်. . . ကြည့်ရင်းနဲ့ ဝိပဿနာတင်, ဆင်ခြင်လိုက်တာ သူ့ခန္ဓာကိုယ်ထဲရှိတဲ့ ရုပ်နာမ်ဓမ္မတွေကို ဆင်ခြင် လိုက်တာ ဝိပဿနာဉာဏ်ရှိန်တက်ပြီးတော့ သောတာပတ္တိမဂ်ဖိုလ်၊ သကဒါဂါမိ မဂ်ဖိုလ်၊ အနာဂါမိမဂ်ဖိုလ်မှတဆင့်တက်ပြီးတော့ အရဟတ္တမဂ်ဖိုလ်တိုင်အောင် အထွတ်အထိပ်ရောက်ပြီးတော့၊ အာသဝေါကင်းကွာ ရဟန္တာမကြီးဖြစ်၊ ဖြစ်တာမှ ရိုးရိုးမဟုတ်ဘူး၊ အဘိညာဉ်တန်ခိုး အမျိုးမျိုးနဲ့ ပြည့်စုံတဲ့ ရဟန္တာမကြီး ဖြစ်တော်မူတာမို့လို့-

သာ တသ္မိံ ခဏေယေဝ သဟအဘိညာဟိ အရဟတ္တံ အပါပုဏိ။

သာ-ထိုအဖွားအိုကြီးဖြစ်တဲ့၊ သောဏာထေရီမကြီးသည်၊ တသ္မိံ ခဏေယေဝ-ထိုလက်ထဲကအိုးကျကွဲလို့ ရေတွေစီးသွားတာကို ကြည့်ပြီးတော့, မိမိခန္ဓာထဲမှာ ဉာဏ်သွင်းပြီးတော့ ဝိပဿနာရှုရင်း ထိုခဏ၌ပင်လျှင်၊ သဟ အဘိညာဟိ-အဘိဉာဉ်ခြောက်ပါးတို့နှင့် တကွ၊ အရဟတ္တံ-အာသဝေါကင်းကွာ ရဟန္တာမကြီးအဖြစ်သို့၊ အပါပုဏိ-ကောင်းစွာမသေ့, ဆိုက်ရောက်တော်မူခဲ့ပါပေသတည်း။

သာဓု. . . သာဓု. . . သာဓုပါဘုရား. . . ။

အဲဒီလို ရေနွေးအိုးတည်ရင်းနဲ့, ရေအိုးကြီးကျကွဲတာကနေပြီးတော့ ခန္ဓာကိုယ်လည်း တစောင်းကြီးမြေကြီးပေါ် စောင်းရက်ကြီးလဲပြီးတော့၊ ရေအိုးကွဲကထွက်လာတဲ့ ရေတွေရှုရင်းနဲ့၊ အဲဒိနားတင်ပဲ ရဟန္တာမကြီးဖြစ်တော်မူတယ်. . . တဲ့၊ ရဟန္တာမကြီးဖြစ်တာမှ အဘိညာဉ်တန်ခိုးနဲ့တကွ ရဟန္တာမကြီးဖြစ်လို့၊

အဲဒီအချိန် ဘိက္ခုနီမလေးတွေက ဆွမ်းစားပြီးတော့ ပြန်လာကြ၊ ရှန်းရှန်းရှန်းရှန်းနဲ့ ပြန်ရောက်လာကြ၊ "ဟဲ့-ဟိုအမေကြီးမကြီး ဘယ်သွားပါလိမ့်မတုန်း၊ ရေနွေးအိုးတည်ထားပါပြောတာ၊ ဒီအမယ်ကြီးမကြီး ဘယ်သွားအိပ်နေပါလိမ့်မတုံး၊ ဘာတုန်း ညာတုန်း"နဲ့ ရှာကြတော့၊ မီးတင်းကုတ် မီးဖိုထဲလဲနေတယ်-

http://www.dhammadownload.com



"ကြည့်စမ်း ဒီမှာလာပြီးတော့ အပျင်းထူနေတယ်၊ မိန်းမကြီး၊ ဘာလုပ်နေတာတုန်း၊ ဘာတုန်း ညာတုန်း"နဲ့ ဆူကြပွက်ကြ "ဘယ်မှာတုန်း ရေနွေးက ဘာတစ်စက်မှ လည်းမတွေ့ဘူး။ ကြည့်ပါအုံး မီးဖိုထဲ မီးလည်းမဖိုဘူး"နဲ့ ဆူကြပွက်ကြ။

"ငါ့သမီးတို့. . . သည်းခံပါအုန်း ခဏနေကြပါအုန်း၊ သမီးတို့ရေနွေး ရပါစေမယ် ရပါစေမယ်"။ "ရပါစေမယ်ဆို ဘယ်မှာတုန်း၊ ဒီမယ် အခုရေတွေက အအေးတွေရှိသေးတယ် အိုးကြီးထဲ။ ဘာမီးမှလည်း မဖိုရသေးဘဲနဲ့ ဘာလုပ်နေမှန်းလည်း မသိဘူး၊ ညာလုပ်နေမှန်းလည်း မသိဘူး"နဲ့ ပေါ့လေ. . . မသိတော့ ဆူကြ၊ "ငါ့သမီးတို့. . . အမေကြီး ရေနွေးရအောင် လုပ်ပေးပါ့မယ်၊ သမီးတို့ ဘယ်လောက်လိုချင်တာတုန်း ရေနွေးတွေ" "ဟာ-များများကြီးလိုချင်တာပေါ့၊ ရေစပ်ချိုးချင်တာ ဒီမယ်ချမ်းလာတာ၊ ဆောင်းရာသီ ရေနွေးစပ်ချိုးချင်လို့ ရေနွေးတည်ထားပါ ပြောတဲ့ဥစ္စာပဲ" "ကဲ-ကောင်းပြီး၊ ကောင်းပြီ၊ သမီးတို့၊ ကဲ-ခဏလေး သည်းခံ၊ ခဏလေး သည်ခံ"ဆိုပြီးတော့ အဖွားကြီးက အဘိညာဉ်ဝင်စားပြီးတော့ အဓိဋ္ဌာန်ပြီးတော့ "ရေနွေးအိုးတွေ ပွက်ပွက်ဆူ၊ ရေနွေးအိုးတွေ တစ်ကျောင်းလုံး ရစေသား. . . "လို့ အဓိဋ္ဌာန်လိုက်တာ၊ ဟာ-ရေနွေးတွေအခိုး တထောင်းထောင်းနဲ့ ဟိုနားလည်း ရေနွေးအိုး ဒီနားလည်း ရေနွေးအိုးနဲ့။

အဲဒီတင်မှ ကျန်ဘိက္ခုနီမကြီးတွေက "ဟဲ့-ဟဲ့-ဟဲ့၊ ကလေးမတွေ နင်တို့ သာမန်မထင်နဲ့ သာမန်မထင်နဲ့၊ အမေကြီးထူးခြားတဲ့ တန်ခိုးအဘိညာဉ်သတ္တိနဲ့ ပြည့်စုံသွားပြီ၊ ဧကန္တတရားထူးရပြီနဲ့တူတယ်" ဆိုပြီးတော့ မေးကြမြန်းကြတော့မှ အဲဒီတင် တရားထူးရမှန်းသိ၊ အဲဒီတော့မှ မြတ်စွာဘုရားက-အေး အသက်ရှင်တယ် ဆိုတာ အခု ဘိက္ခုနီမကြီး ဘိက္ခုနီမကြီးဖြစ်လာတာ ဘာမှမကြာသေးဘူး၊ ရက်ပိုင်း ရှိသေးတာ၊ အဲဒါကနေပြီးတော့ ငါ့သမီးကြီးက တစ်ရက်တစ်လေလေး အသက် ရှည်ပေမယ့်လို့ ဟော-မဂ်ဖိုလ်နိဗ္ဗာန်ရကြောင်း ကောင်းမှုတွေကို ကြိုးပမ်းအားထုတ် ပြုလုပ်ရင်းနဲ့ တရားထူးရပြီးတော့ အသက်ရှင်တာမို့လို့ သင်တို့ဘိက္ခုနီဘဝနဲ့ နှစ်ပေါင်းများစွာနေပြီးတော့ ဘာတရားထူးမှမရသေးတဲ့ သင်တို့ဟတွေထက် ငါ့သမီးကြီးက သာသွားပြီ၊ အသက်ရှင်မှု သာသွားပြီလို့-

ယော စ ဝဿသတံ ဇီဝေ, ကုသီတော ဟီန ဝီရိယော၊
ဧကာဟံ ဇီဝိတံ သေယျော, ဝီရိယမာရဘတော ဒဠှံ။

ယော-အကြင်အမျိုးသား အမျိုးသမီးသည်၊ ကုသီတော ဟီနဝီရိယော-ကုသိုလ်လုပ်ငန်း၊ အခန်းခန်းကို၊ ကြိုးပမ်းအားထုတ်၊ ပြုလုပ်ဖို့ရာ၊ စိတ်မပါ၊ မေ့လျော့သူဖြစ်၍၊ ဝါ-အကုသိုလ်ဒုစရိုက်တရားတွေ, ပွားများမယုတ်, နေ့စဉ် အားတုတ်နေသည်ဖြစ်၍၊ ဝဿသတံ-အနှစ်ရှစ်ဆယ် ကိုးဆယ် တပ်ရာတိုင်တိုင်၊

http://www.dhammadownload.com



ဇီဝေ(ဇီဝေယျ)-အသက်ရှည်၍, နေရစေဦးတော့၊ ယဋ္ဌသေယျော-အပါယ်လေး ပါးရောက်ကြောင်း, မကောင်းတဲ့ရိက္ခာတွေ စုဆောင်းရာရောက်သဖြင့်, မမြတ်သည်သာလျှင်တည်း၊ ယောစ-အကြင်ပုဂ္ဂိုလ်သည်ကား၊ ဒဠှ-မြဲမြဲမြန်မြန်, ဖွဲ့သန်သန်၊ ဝီရိယမာရဘတော-မဂ်ဖိုလ် နိဗ္ဗာန်ရောက်ကြောင်း, ကောင်းမှုတရား တွေကို, ကြိုးပမ်းအားထုတ်, ပြုလုပ်နေတဲ့သူအတွက်တော့၊ ဧကာ ဟံ-ရှစ်ဆယ်၊ ကိုးဆယ် တစ်ရာဆိုတာ မဆိုထားနဲ့, တစ်နေ့တစ်ရက်, တစ်နံနက်ကလေးမျှ, ရက်ပိုင်းကလေးမျှ၊ ဇီဝိတံ-အသက်ရှင်ရခြင်းသည်၊ သေယျော-လူ့ရွာနတ်ထံ, ချမ်းသာစံ၍, နိဗ္ဗာန်တိုင်ပေါက်, စခန်းရောက်စေတတ်သဖြင့်, အကောင်းမြတ်ဆုံး ဖြစ်ပါပေတော့သတည်း. . . ။

သာဓု. . . သာဓု. . . သာဓုပါဘုရား. . . ။

အဲဝိပဿနာဉာဏ်ရှိန် တက်ပြီးတော့ ရှုပွားတတ်တဲ့ ငါ့သမီးကြီး အတွက်တော့၊ ဘိက္ခုနီမ ဘဝနဲ့ တစ်ရက်နှစ်ရက် ကလေးနေရတာ မြတ်သွားပြီ . . . တဲ့၊ မြတ်သွားပြီလို့ အဲဒီလို မြတ်စွာဘုရားက အသက်ရှည်တိုင်းကောင်း တာမဟုတ်ဘူး. . . အသက်ရှည်မှုဟာ ယခုန ပြောသလို ကုသိုလ်လုပ်ငန်းနဲ့ ကြိုးပမ်းအားထုတ်ရင်း, အသက်ရှည်နေမှ မြတ်တယ်. . . လို့။ ဒီလို ဒါန, သီလ, ဘာဝနာကောင်းမှုမှ မပြုဘဲနဲ့ ရှည်နေတဲ့ အသက်ကတော့ အပါယ်လေးပါး ရောက်ကြောင်းရိက္ခာတွေ စုဆောင်းစေတတ်လို့ မမြတ်ဘူး. . . လို့။ ဆို လိုက်စမ်းပါ-

❖ ဒါနမှုနော်, မပြုသော်, ရှစ်ဆယ်ကျော်လည်း မမြတ်ဘူး။
ကိုးဆယ်ကျော်လည်း မမြတ်ဘူး၊
သက်ရာကျော်လည်း မမြတ်ဘူး။
ဒါနပြုက, တစ်ရက်မျှ၊ အသက်ရှင်ရ အမြတ်ထူး။
သီလမှုနော်, မပြုသော်၊ ရှစ်ဆယ်ကျော်လည်း မမြတ်ဘူး။
ကိုးဆယ်ကျော်လည်း မမြတ်ဘူး၊ သက်ရာကျော်လည်း မမြတ်ဘူး။
သီလထိမ်းက, တစ်ရက်မျှ, အသက်ရှင်ရ အမြတ်ထူး။
ဘာဝနာမှုနော်, မပြုသော်, ရှစ်ဆယ်ကျော်လည်း မမြတ်ဘူး။
ကိုးဆယ်ကျော်လည်း မမြတ်ဘူး၊ သက်ရာကျော်လည်း မမြတ်ဘူး။
ဘာဝနာပွားက, တစ်ရက်မျှ, အသက်ရှင်ရ အမြတ်ထူး။

ဟော-ဒီတော့ ဒါန, သီလ, ဘာဝနာ, မပါဘဲနဲ့ အသက်ရှည်နေလို့ကတော့ ရှစ်ဆယ်ကျော်, ကိုးဆယ်ကျော်လည်း မမြတ်ဘူး. . . တဲ့၊ ရှည်တိုင်းကောင်းတာ မဟုတ်ဘူးတဲ့ ဘုရားက၊ တစ်ရာကျော်ရှည်လို့လည်း မကောင်းဘူး။ အဲ ဒါနမှု,

http://www.dhammadownload.com



သီလမှု, ဘာဝနာမှုပြုရင်းနဲ့ အသက်ရှည်ရတာကတော့ ရှစ်ဆယ်, ကိုးဆယ်, တစ်ရာအသာထားလိုက်တော့ တစ်ရက်ကလေး၊ တစ်နံနက်ကလေး တစ်မနက်ကလေး အသက်ရှင်ရတာသည်ပင် မြတ်တယ် . . . တဲ့။ တို့ ဒုလ္လဘကိုယ်တော်တွေ ဒုလ္လဘဝတ်ပြီးတော့ ခုနစ်ရက်တိုင်တိုင်၊ ဆယ်ရက်တိုင်တိုင်၊ တစ်လတိုင်တိုင် စသည်ဖြင့် တတ်စွမ်းသမျှနေ သီလနဲ့ အသက်ရှင်နေတာ မြတ်သော အသက်ရှည်ခြင်း၊ ဒီလို မဟုတ်ဘဲနဲ့ သီလရဲ့ ပြောင်းပြန် သတ်ချင်ရာတွေသတ်, ခိုးချင်ရာတွေခိုးနဲ့ တောင်လုပ်မြောက်လုပ်နဲ့ အသက်ရှင်နေတာကတော့ အသက်ရှည်လေ, အပါယ်လေးပါးသွားကြောင်း ရိက္ခာတွေက စုဆောင်းမိရက်ဖြစ်နေ၊ ကိုယ့်ဖိမယ့် ဝန်ထုပ်ဝန်းပိုး ကိုယ့်ဘာကိုယ်ပြန်ပြီး စုနေသလိုဖြစ်ပြီးတော့ ဝန်ပိပြီးတော့ ဒုက္ခဖြစ်တတ်တယ်။

ဒါကြောင့် မြတ်စွာဘုရားက- "အဖြူအမည်း, နှစ်ဆူကွဲ, လူထဲ အသက်ရှူ" ဆိုတဲ့အတိုင်း အဖြူရောင်နဲ့ အသက်ရှူတဲ့သူဖြစ်အောင်၊ အမည်းရောင်နဲ့ အသက်ရှူတဲ့သူ မဖြစ်အောင်၊ အဲဒီထဲမှာမှ အဖြူရောင်နဲ့ အသက်ရှူရတာဟာဖြင့် တစ်နေ့တစ်ရက် တစ်နံနက်ကလေးပင်ဖြစ်ပါစေ မြတ်တယ်. . .။ အမည်းရောင်ကြီးနဲ့ အသက်ရှူနေရတာဟာဖြင့် ရှစ်ဆယ်, ကိုးဆယ်, တစ်ရာရှူနေရပေမယ့်လို့ မမြတ်ဘူး။ အဲဒါ အသက်ရှည်တယ်ဆိုပြီး သွားပြီး ချီးကျူးမနေကြနဲ့လို့ ဟောတော်မူ, မှာတော်မူသွားခဲ့တော့။

ဒီနေ့ ဒေါက်တာစိုးဝင်းတို့+ဒေါ်သောင်းတင်ညွန့်တို့. ဒီနေ့မြတ်သော အသက်ရှင်နည်းနဲ့ မိမိတို့ကို မိမိတို့ အသက်ရှင်အောင်ပြုရင်း မဂ်ဖိုလ် နိဗ္ဗာန်ရကြောင်း ရောက်ကြောင်း ပါရမီကောင်းမှုတွေကို ခုနစ်ရက် ခုနှစ်လီ, လာရောက်ပြုလုပ် ကြိုးပမ်းအားထုတ်ပြီးတော့ ကုသိုလ်ကောင်းမှုရိက္ခာတွေ စုဆောင်းနေကြတာမို့လို့ မြတ်သောအသက်ရှင်ခြင်း အဖြူရောင်ဝင်းတဲ့ အသက်ရှင်ခြင်းဖြင့် တပည့်တော်တို့ ဒီနေ့ ကြိုးပမ်းအားထုတ် ပြုလုပ်ကြသလို. . . နေ့စဉ်နေ့စဉ်လည်း ကြိုးပမ်းအားထုတ် ပြုလုပ်ပြီးသကာလ, တပည့်တော်တို့ တောင်းတအပ်တဲ့ ဒုက္ခခပ်သိမ်း အေးငြိမ်းရာဖြစ်တဲ့ သန္တိသုခ နိဗ္ဗာနစာတ်, ချမ်းသာထူး ချမ်းသာမြတ်ကြီးကို, လျင်မြန်ဆောစွာ ဆိုက်ရောက်ရပါလိုကုန်သောဟူ၍ ပတ္ထနာအောင်ဆုပြုကြကုန်ရာသတည်း. . .။

သာဓု. . . သာဓု. . . သာဓုပါဘုရား. . .။

http://www.dhammadownload.com

# *လက္ကုဏ္ဍကာဘဒ္ဒိယမထေရ်
# မိဘကိုသတ် တိုင်းရပ်ပြည်မှုန်းတရားတော်

ယနေ့ မြန်မာကောဇာသက္ကရာဇ် ၁၃၅၅-ခုနှစ်၊ ပထမဝါဆိုလဆန်း (၄)ရက်နေ့၊ ခရစ်နှစ် ၁၉၉၃-ခုနှစ်၊ ဇွန်လ(၂၂)ရက်နေ့မှာ အမရပူရမြို့၊ မဟာဂန္ဓာရုံကျောင်းတိုက်ရှိ ပရိယတ် ပဋိပတ်သာသနာ့တာဝန် ထမ်းဆောင်နေကြသော ဘုရားသားတော် သံဃာတော်(၈၀၀)ကျော်တို့အား အရုဏ်ဆွမ်း, နေ့ဆွမ်း နှစ်ထပ်သောဘောဇဉ်ဆွမ်းများဖြင့် လာရောက်လောင်းလှူဆက်ကပ်ကြတဲ့ ကောင်းမှုရှင်များက၊ မန္တလေးမြို့၊ တံမြက်စည်းစုရပ်မှာ နေထိုင်ကြတဲ့ ဆွမ်းဒါယကာ ဦးတင်မောင်ဝင်း ခေါင်းဆောင်သော ဓမ္မမိတ်ဆွေကုသိုလ်ရှင် အမျိုးကောင်း အမျိုးကောင်းသမီးများ ဖြစ်ကြပါတယ်။

အဲဒီ မန္တလေးမြို့၊တံမြက်စည်းစုရပ်မှာနေထိုင်ကြတဲ့ဆွမ်းဒါယကာ ဦးတင်မောင်ဝင်းခေါင်းဆောင်သော ဓမ္မမိတ်ဆွေကုသိုလ်ရှင်အမျိုးကောင်းသား အမျိုးကောင်းသမီးတို့က မဂ်ဖိုလ်နိဗ္ဗာန်ကို ရည်မှန်းပြီးတော့ မိမိတို့ရှာဖွေနေတဲ့ လောကီစီးပွားထဲက ဗုဒ္ဓမြတ်စွာသာသနာတော်ကို ပူဇော်ပြီးတော့ မိမိတို့အတွက် မဂ်ဖိုလ်နိဗ္ဗာန်ရကြောင်း ကောင်းမှုရတနာအဖြစ်နဲ့ သိမ်းဆည်းလိုသည်ဖြစ်၍, ယနေ့ ဂန္ဓာရုံကျောင်းတိုက်သို့ လာရောက်ပြီးတော့ သံဃာတော်(၈၅၀)ကျော်တို့အား နံနက်အချိန် စမူစာဆွမ်း ကော်ဖီဆွမ်းတို့ဖြင့် လောင်းလှူဆက်ကပ်ခြင်း၊ နေ့လယ်အချိန်လည်းပဲ မွန်မြတ်သော ဆွမ်းဘောဇဉ်များနှင့်တကွ ဧလမုန့် ခဲဖွယ်ဆွမ်းများ လောင်းလှူဆက်ကပ်ခြင်း။

အဲဒီလိုအားဖြင့် မနက် (၈၅၀)ကျော် နေ့(၈၅၀)ကျော်အားဖြင့် သံဃာထောင့်ခြောက်ရာ ထောင့်ခုနစ်ရာကျော်တို့အား တစ်ရက်ထဲ တစ်နေ့ထဲ ဆွမ်းဘောဇဉ်များ ခဲဖွယ်များ လောင်းလှူဆက်ကပ်သမှုကို ပြုတဲ့အပြင်၊ သံဃာတော်များအား (I.UX)ဆပ်ပြာသုံးရာနဲ့တစ်ဆယ်ကိုလည်းပဲ သံဃိကဒါန နိဗ္ဗာန်ရည်မှန်းပြီးတော့ လှူဒါန်းကြပါတယ်။ ဒါ (I.UX)ဆပ်ပြာမွှေး သုံးရာ့တစ်ဆယ်က ဆေးပစ္စည်းအလှူဖြစ်သွားတယ်။ ခုနက အရုဏ်ဆွမ်းမှာ စမူစာဆွမ်းတွေ ကော်ဖီဆွမ်းတွေ၊ နေ့ကျတော့ ဆွမ်းဘောဇဉ်တွေနဲ့ ဧလမုန့်ဆွမ်းတွေက ဆွမ်းအလှူ။ ခု (I.UX) ဆပ်ပြာခဲ သုံးရာ့တစ်ဆယ်က ဆေးအလှူ။

---

* ထေရ-၄-၂ ၁၂၅။ ဓမ္မ-၄-၁၊ ၃၇၁။ ၄-၂-၂၄၄၊ ၂၈၃။ သံ-၁၊ ၄၆၇။

http://www.dhammadownload.com



သာသနာတော်သုံး ဆွမ်းသက်နှင်းကျောင်းဆေး ပစ္စည်းလေးပါးထဲက ဒီနေ့ ဦးတင်မောင်ဝင်းခေါင်းဆောင်တဲ့ ဒကာ ဒကာမအပေါင်း သူတော်ကောင်းတွေက သာသနာတော်ကို ဆွမ်းပစ္စည်း ဆေးပစ္စည်းနဲ့ အကြီးအကျယ် ထောက်ပံ့လှူဒါန်းသမှု ပြုကြတယ်၊ အဲ-ပြီးတော့မှ မိမိတို့ ဖိတ်မန္တကပြုထားတဲ့ ပရိသတ်တွေရော၊ အကြောင်းအားလျော်စွာ ဒီကျောင်းတိုက်မှာရှိနေကြတဲ့ ပရိသတ်တွေရော အားလုံး ပရိသတ်အပေါင်း သူတော်ကောင်းတွေကိုလည်းပဲ သူတို့က သဒ္ဓါဖြူဖွေး ကျွေးမွေး ညှော်ခံသမှု ပြုကြပါတယ်၊ ကဲ-ဒါ သူတို့ရဲ့ ပြုလုပ်အားထုတ်တဲ့ ကောင်းမှု။

ဒီတော့ ဒီနေ့ပြုလုပ်အားထုတ်တဲ့ကောင်းမှုကို မြတ်စွာဘုရားကိုယ်တော်မြတ်ကြီး ဟောတော်မူထားတဲ့ ဓမ္မကျန္တာရှစ်သောင်းလေးထောင်ထဲက တရားတစ်ပါဒ တစ်ပါဒ, တစ်ပုဒ် တစ်ပုဒ်စီနဲ့ တိုက်ဆိုင်ပြီးတော့ကြည့်မယ်ဆိုရင် ဒီနေ့ဒကာ ဒကာမတွေ ဘာလာလုပ်တုံးလို့မေးရင် မြတ်စွာဘုရားဒေသနာတော်နည်းနဲ့ ဖြေကြစို့ဆိုရင်တော့ "မိဘကိုသတ်, မင်းကိုသတ်, တိုင်းရပ်ကိုမှုန်း"တဲ့။ ဒီနေ့ အမေသတ်ကြတာ၊ ဒီနေ့ အဖေသတ်ကြတာ၊ အမေသတ်ပွဲ အဖေ သတ်ပွဲ ဒီနေ့ အမေကိုသတ်၊ အဖေကိုသတ်၊ မင်းနှစ်ပါးကိုလည်း သတ်၊ တိုင်းပြည်ကြီး တစ်ခုလုံးကိုလည်း ပြုတ်ပြုတ်ပြုန်းအောင် ချေမှုန်း၊ အဲဒီလို လုပ်နိုင်ရင်. . . တဲ့။

❖ **မိဘကိုသတ်, မင်းကိုသတ်, တိုင်းရပ်ပြည်ကိုမှုန်း။**
**အပါယ်မကျ, နိဗ္ဗာန်ရ, လောကအမြတ်ဆုံး။**

ဟော မြတ်စွာဘုရားက အမေသတ် အဖေသတ်လို့ အပါယ်မကျတဲ့ အပြင် အိုဘေး နာဘေး သေဘေးကြီးတောင် ကိုယ့်မြန်မြန်လွတ်သွားမယ်. . .။ အမေနဲ့အဖေတင်မကဘူး၊ တိုင်းပြည်အုပ်ချုပ်မင်းလုပ်နေတဲ့ မင်းနှစ်ပါးကိုလည်း သတ်တဲ့၊ အပါယ်မကျတဲ့အပြင် နိဗ္ဗာန်ရမယ်။ နိဗ္ဗာန်ရတယ်ဆိုတာ အိုဘေး နာဘေး သေဘေးကြီး မြန်မြန်လွတ်သွားတယ်၊ ဒါတင်မကသေးဘူးတဲ့ တိုင်ပြည်ကြီးကို ပြုတ်ပြုတ်ပြုန်းအောင် ချေမှုန်းပစ်၊ သူလျှိုစုံထောက်၊ အထောက်တော်တွေနဲ့ တကွဖြစ်တဲ့ တိုင်းပြည်ကြီးကို ချေမှုန်းပစ်။ အဲလိုဆိုရင် အပါယ်မကျတဲ့အပြင် နိဗ္ဗာန် မြန်မြန်ရမယ်။

❖ **လကုဏ္ဍက, ဘဒ္ဒိယ, ဗုဒ္ဓဟောသည့်ထုံး။**

ဒီတရား ဘယ်မှာဟောတာတုံး၊ ဘယ်သူ့အကြောင်းပြုဟောတာတုံးဆိုတော့ လကုဏ္ဍကဘဒ္ဒိယမထေရ်ဆိုတာ ဘုရားလက်ထက်တုံးက အသီတိမဟာသာဝက မြတ်စွာဘုရားရဲ့လက်ရုံးလက်ရင်းတပည့်ကြီး ရှစ်ကျိပ်ရှိခဲ့တယ်။ မြတ်စွာဘုရား သာသနာပြုတုံးက လက်ရင်းတပည့်ကြီး။ လက်ရုံးတပည့်ကြီး ရှစ်ကျိပ်၊ အားကိုးရတဲ့ အာဇာနည်အမျိုးသားရဟန်းတော် ရဟန်းတော်မ ရှစ်ကျိပ်ရှိခဲ့တယ်။

၃၇၅

http://www.dhammadownload.com



အဲဒီရှစ်ကျိပ်ထဲမှာပါတဲ့ လကုဏ္ဍကဘဒ္ဒိယမထေရ်၊ လကုဏ္ဍကဘဒ္ဒိယမထေရ်ဆို တာ ပုပုလေး အရပ်ကလေးက၊ အရပ်ကလေးက ပုပုလေး၊ ခုကာလလိုပြောရင် တော့ လူစဉ်မမီဘူးပေါ့၊ သူ့ရှိသင့်ရှိထိုက်တဲ့ အရပ်အမောင်း လေးပေ, ငါးပေဆိုတဲ့ အရပ်မျိုး မရှိဘဲနဲ့ သူက ပုကွကွလေး ဖြစ်နေရှာတယ်။

အဲဒါဘာပြုလို့တုံးဆိုတော့ သူက ရှေးအတိတ်တုံးက ကဿပဘုရား လက်ထက်တုံးက သူက ခေါင်းဆောင်လက်သမား ဆရာကြီးအဖြစ်နဲ့ စုပေါင်း ပြီးတော့ ကဿပဘုရားရှင်ကိုယ်တော်မြတ်ရဲ့ ဓာတ်တော်ကြွင်းတွေကို ဌာပနာ ပြီးတော့ စေတီတစ်ဆူတည်ကြတာ သူတို့ရပ်ကွက်က၊ သူတို့ရွာပေ့ါ။ စုပေါင်း ပြီးတော့ စေတီတစ်ဆူတည်ကြဖို့ စီမံကြတော့။ "မြတ်စွာဘုရားရဲ့စေတီ ဉာဏ် တော် ဘယ်လောက်ထားမှာတုံး အရပ်၊ ဟာ-အတောင်တစ်ရာထားမယ် ဒီလို ပြောကြတယ်၊ မြတ်စွာဘုရားရဲ့ စေတီတော်ကြီးကို အတောင်တစ်ရာစေတီ တော်ကြီး တည်မယ်ဆိုပြီးတော့ စည်းဝေးကြ တိုင်ပင်ကြ။

သူက ခေါင်းဆောင်ဆိုတော့ "ဟေ့-အတောင်တစ်ရာဆိုတာ နည်းတာ မဟုတ်ဘူး၊ ကုန်ကျစရိတ်တွေကလည်း မနည်းဘူးဖြစ်သွားမှာ။ ဟိုပစ္စည်း ဒီပစ္စည်း ဈေးတွေက ကြီးပါဘိသနဲ့၊ ပြီးတော့ ရှာရဖွေရတာကလည်း ငွေတွင်းက နက်တယ် ကွ, လွယ်တာမဟုတ်ဘူး ဟ။ ဒီတော့ တတ်နိုင်တဲ့သူက ကိစ္စမရှိဘူးဟေ့၊ မတတ် နိုင်သူတွေက ရှိသေးတယ်၊ ဒါကြောင့် အားလုံးသက်သက်သာသာလည်း ဖြစ် အောင်, အတောင်ငါးဆယ်ဆို တော်ပါပြီကွ" သူက ဒီလိုစီမံလိုက်တယ်၊ သူ့က လက်သမားဆရာကြီး ခေါင်းဆောင်ကြီးဆိုတော့ သူပြောတဲ့အတိုင်း အားလုံးက "ကဲ ဒီလိုဆိုလည်း ဆရာကြီးသဘောပါပဲ"။

သူပြောတာကလည်း အကောင်းပါ၊ အားလုံး သိပ်ပြီးတော့ နစ်နာမှာစိုးလို့ တစ်ဝန်ကြီး, တပိုးကြီးထမ်းရမှာစိုးလို့ ပြောတာ၊ ပြောတာကတော့ စေတနာ ကောင်းနဲ့ပဲ၊ အားလုံး သက်သက်သာသာဖြစ်စေချင်လို့ မနိုင်ဝန်ကြီး ထမ်းရမှာစိုးလို့ စေတီအတောင်တစ်ရာဆိုလို့ရှိရင် ကျတာတွေက တစ်ယောက်ကို တစ်ရာကျချင် ကျမယ်, တစ်ထောင်ကျချင်ကြမယ်ပေ့ါ, ဒီလိုဖြစ်ကုန်ရင် မနိုင်ဝန်တွေ ဖြစ်ကုန်မှာ စိုးလို့၊ သူနိုင်တဲ့ဝန်လည်း ဖြစ်အောင်၊ သက်သက်သာသာလည်း ဖြစ်အောင်၊ အားလုံးလည်းပဲ ထမ်းနိုင်အောင်ဆိုတဲ့ စေတနာနဲ့ပြောတာ၊ ဒါပေမဲ့လို့. . . တဲ့ အတုမရှိတဲ့ မြတ်စွာဘုရား, ဘုန်းတော်အနန္တ, ကံတော်အနန္တ, ဉာဏ်တော်အနန္တ, တန်ခိုးတော်အနန္တ, ကျက်သရေတော်အနန္တနဲ့ ပြည့်စုံတော်မူတဲ့ ဘုရားကိုယ်တော် မြတ်ကြီး သေးသိမ်အောင် သွားပြီးတော့ပြုလိုက်သလို ဖြစ်သွားတယ်, သူပြော လိုက်တဲ့ စကားက။

http://www.dhammadownload.com



အတောင်တစ်ရာ တည်ထားကိုးကွယ်မယ့် ကောင်းမှုတွေကို အတောင်ငါးဆယ်တင် ကိုးကွယ်တည်ထားရတဲ့ ကောင်းမှုတွေဖြစ်အောင် ပြုလိုက်သလို ဖြစ်သွားတယ်။ မြတ်စွာဘုရားကို အရပ်ထွားထွားကြီး အတောင်တစ်ရာရှိရမှာကို ပုသွားအောင် သူက စိမ်လိုက်တဲ့အတွက် မြတ်စွာဘုရားစေတီတော် ပုသွားတယ်။ အဲဒီဝဋ်ကြွေးကြီး, အဲဒီနုတ်ကြွေးကြီး မသိမသာပါလာတဲ့အတွက် သူ့မှာ ဖြစ်လေရာဘဝ အရပ်ပုလေးချည်း ဖြစ်ခဲ့ရတယ်။ အခုနောက်ဆုံး ဘုရား ကိုယ်တော်မြတ်ကြီးလက်ထက်ရောက်တော့လည်း ရဟန္တာအရှင်မြတ်မှ တေဒဂ်ဘွဲ့ရ ရဟန္တာအရှင်မြတ်ကြီး၊ ဒါပေမဲ့လို့ အရပ်က လူစဉ်မမီရှာဘူး၊ ပုကွကွလေး ဖြစ်နေတယ်၊ သူ့မြင်လို့ရှိရင် ဟိုလူက တအံ့တသြကြည့်၊ ဒီလူက တအံ့တသြကြည့်၊ ပြောင်တဲ့သူက ပြောင်၊ လှောင်တဲ့သူကလှောင်နဲ့ ခံရရှာတယ်။ ဒါ သတိထားကြဖို့ပဲ၊ ဘုရား, တရား, သံဃာ ရတနာသုံးပါးနဲ့စပ်လာလို့ရှိရင် အမှတ်တမဲ့နဲ့ သေးသိမ်သွားအောင် မစီမံမိဖို့။ အဲဒါ လကုဏ္ဍကဘဒ္ဒိယမထေရ် သက်သေပဲ။

အဲဒါ သူ့မြင်လို့ရှိရင် ပြောင်ချင်ကြတယ်၊ ကလေးတွေကလည်း သူ့ဆိုလို့ရှိရင် ဟာ-ဘုန်းကြီးပုကြီး ဘုန်းကြီးပုကြီးဆိုပြီးတော့ ပြောင်ချင်ကြတယ်၊ လူကြီးတွေကလည်းပဲ သူ့မြင်လို့ရှိရင် ဟ-မိုးထိကိုယ်တော်ကြီးဟ၊ မိုးထိကိုယ်တော်ကြီး ဘယ်တုံးနဲ့ နောက်ချင်ကြတယ်၊ ပြောင်ချင်ကြတယ်။ အဲဒါ အခါတပါးတော့ မြတ်စွာဘုရား ဇေတဝန်ကျောင်းထဲမှာ သီတင်းသုံးနေတော့ ကျောင်းအပြင်ဘက် သီတင်းသုံးနေတုံး၊ တောအရပ်ဝေးက အာဂန္တုရဟန်းတော်တွေများစွာ မြတ်စွာဘုရားနား ရောက်လာပြီးတော့ မြတ်စွာဘုရား ရှိခိုးကန်တော့၊ မြတ်စွာဘုရားနဲ့ အလ္လာပသလ္လာပ နှုတ်ဆက်စကား ပြောဆိုပြီးတော့နေတုန်း အရှင်လကုဏ္ဍက ဘဒ္ဒိယမထေရ်က ဟို ခပ်လှမ်းလှမ်းက သူသွားစရာကိစ္စရှိလို့ သူ့လမ်းသူသွားတာ။

မြတ်စွာဘုရားနဲ့ သံဃာတော်တွေရဲ့ မလှမ်းမကမ်း တစ်နေရာကနေပြီး ကျောင်းဝင်းထဲပါပဲ၊ သူ့ကိစ္စနဲ့သူ ဖြတ်သန်းပြီးတော့သွားတော့။ တောကလာတဲ့ ရဟန်းတော်တွေက လှည့်ကြည့်ကြတာ၊ လှမ်းကြည့်ကြ၊ သူက ပုတုတုလေးကိုး။ ဣန္ဒြေကြီးနဲ့ ရဟန္တာဆိုတော့၊ အရပ်က ပုတုတုလေးဆိုတော့ လှမ်းကြည့်ပြီး ပြုံးတဲ့ကိုယ်တော်က ပြုံး၊ တစ်ပါးနဲ့တစ်ပါးလက်တို့ပြီးတော့ ဟိုမယ်, ဟိုမယ် ကြည့်ပါအုံး, ကြည့်ပါအုံး, ဘုန်းကြီးပု, ဘုန်းကြီးပု၊ ဟိုမယ်ကြည့်ပါအုံး ကိုယ်တော်ပုကြီး, ကိုယ်တော်ပုကြီးလို့ ပြောတဲ့သူက ပြော၊ နောက်ချင်ပြောင်ချင်တဲ့ ကိုယ်တော်ကလည်း နောက်ချင်ပြောင်ချင်ပေါ့လေ. . .။ အဲဒီလို ဖြစ်ကုန်ကြတာ။

ဣန္ဒြေမရ နည်းနည်း လှုပ်လှုပ်ရှားရှားနဲ့ မျက်စိကစားပြီးတော့ ဖြစ်ကုန်ကြတော့ မြတ်စွာဘုရားက "ချစ်သားတို့ ဟော ဟိုခပ်လှမ်းလှမ်းက ဖြတ်သန်း

http://www.dhammadownload.com



သွားတဲ့ရဟန်း မြင်လိုက်ကြလား" "မြင်ပါတယ်ဘုရား" "အေး. . . သူ့ကိုများ သာမန်မထင်လိုက်ကြနဲ့၊ သူ့များ အညတရ အမှတ်တမဲ့နဲ့ သာမန်ပုဂ္ဂိုလ်များ မထင်လိုက်ကြနဲ့၊ အဲ-သူက အမေသတ်လို့ ရဟန္တာဖြစ်လာတာ၊ အဖေသတ်လို့ ရဟန္တာဖြစ်လာတာ၊ တိုင်းပြည်အုပ်ချုပ် မင်းလုပ်တဲ့ဘုရင်နှစ်ပါးကို သတ်လို့ သူ ရဟန္တာဖြစ်လာတာ၊ သူလျှိုစုံထောက် ခြောက်ယောက်နဲ့တကွသော တိုင်းပြည်ကြီးကို ချေမှုန်းနိုင်ခဲ့လို့ သူ ရဟန္တာဖြစ်လာတာ ချစ်သားတို့. . . ဆိုပြီး-

**မာတရံ ပိတရံ ဟန္တွာ, ရာဇာနော ဒွေ စ ခတ္တိယေ၊**
**ရဋ္ဌံ သာနုစရံ ဟန္တွာ, အနီဃော ယာတိ ဗြာဟ္မဏော။**

**မာတရံ**-မိမိကို ဖြစ်စေ, မွေးမေမေကို၊ **ဟန္တွာ**-သုတ်သင်ရှင်းလင်း, သတ်ဖြတ်နိုင်ခြင်းကြောင့်၊ **ပိတရံ**-ထိုထိုကိစ္စ, ဝင့်ဝါကြသည့်, ဖ ပိတာကို၊ **ဟန္တွာ**-သုတ်သင်ရှင်းလင်း, သတ်ဖြတ်နိုင်ခြင်းကြောင့်၊ **ရာဇာနော ဒွေ စ ခတ္တိယေ**-တိုင်းကြီးပြည်ကြီးသခင်, ဘုရင်နှစ်ပါးတို့ကိုလည်း၊ **ဟန္တွာ**-သုတ်သင် ရှင်းလင်း, သတ်ဖြတ်နိုင်ခြင်းကြောင့်၊ **သာနုစရံ**-သူလျှိုခြောက်ယောက်, အထောက်တို့နှင့် တကွဖြစ်သော၊ **ရဋ္ဌံ**-တိုင်းကြီးပြည်ကြီး, နိုင်ငံတော်ကြီးကိုလည်းပဲ၊ **ဟန္တွာ**-ပြုတ်ပြုတ်ပြုန်းအောင်, ချေမှုန်းဖျက်ဆီးနိုင်ခဲ့လေသောကြောင့်၊ **အနီဃော**-ဆင်းရဲဟူသရွေ့, မြူမငွေ့ဘဲ, အေးမြချမ်းသာသည်ဖြစ်၍၊ **ယာတိ**-နိဗ္ဗာန်နန်းမြို့, စခန်းပိုင်အောင်, စွမ်းနိုင်ပလေ, လွမ်းနိုင်ခဲ့ပေတော့သတည်း. . .။

**သာဓု. . . သာဓု. . . သာဓုပါဘုရား. . .။**

ချစ်သား. . . တို့ အဲ ခုနက ဒီနားကဖြတ်သန်းသွားတဲ့ ပုတုတုလေးလို့ သင်တို့စိတ်ထဲမှာ ယူဆပြီးတော့ ပြောင်ချင်ကြ, လှောင်ချင်ကြ, ရယ်မောချင်ကြတဲ့ အဲဒီပုဂ္ဂိုလ်ဟာလေ သာမန်မထင်လိုက်နဲ့. . . အမေသတ်လို့ ရဟန္တာဖြစ်လာတဲ့သူ၊ အဖေသတ်လို့ ရဟန္တာဖြစ်လာတဲ့သူ၊ တိုင်းကြီးပြည်ကြီးသခင် ဘုရင်မင်းနှစ်ပါးကို သတ်နိုင်ခဲ့လို့ ရဟန္တာဖြစ်လာတဲ့သူ။ သူလျှိုခြောက်ယောက် အထောက်တော်တို့နှင့်တကွဖြစ်တဲ့ နိုင်ငံကြီးကို ပြုတ်ပြုတ်ပြုန်းအောင် ချေမှုန်းဖျက်ဆီးနိုင်ခဲ့လို့ ရဟန္တာဖြစ်လာတဲ့ ပုဂ္ဂိုလ်ကြီး. . . တဲ့။ အေး. . . အရပ်ကလေး ပုသွားတာကတော့ ဒါ့ကြောင့် ဒါ့ကြောင့်ဆိုပြီးတော့ ခုနက ဘုန်းကြီးပြောလိုက်တဲ့ ဇာတ်ကြောင်းလေး မြတ်စွာဘုရားက ပြန်ပြောင်းပြီးဟောတယ်။

ဒါ သတိထားကြဖို့ရာ ဘုရားက၊ ဝဋ်ကြွေးသတိထားကြဖို့ရာ ဒါ-မကောင်းပြောတာ မဟုတ်ဘူး။ သူ ကောင်းကောင်း သူ့ဟာသူစီမံတာ၊ ဘုရားဉာဏ်တော် ပုသွားအောင် လုပ်လိုက်သလိုဖြစ်သွားလို့ အဲဒီ စေတနာအတိုင်း

http://www.dhammadownload.com



သူ့အရပ်ကလေး ပုနေရှာတာ၊ အေး. . . အဲလိုကြောင့် ဒီလိုပုရရှာ တယ်. . .၊ အရပ်ကလေး ပုနေရှာတယ်။ ဒါပေမဲ့လို့ သူ အမေသတ်နိုင်လို့ ရဟန္တာဖြစ်လာတယ်၊ အဖေသတ်နိုင်လို့ ရဟန္တာဖြစ်လာတယ်၊ သူလျှိုခြောက်ယောက် အထောက်တော်ဆွေနှင့်တကွဖြစ်တဲ့ တိုင်းကြီးပြည်ကြီးကို ပြုတ်ပြုတ်ပြုန်းအောင် ချေမှုန်းဖျက်ဆီးနိုင်လို့ ရဟန္တာဖြစ်လာခဲ့တယ်၊ ချစ်သားတို့. . . သင်တို့လည်းပဲ အမေကို သတ်ကြ၊ အဖေကို သတ်ကြ၊ မင်းနှစ်ပါးကို သတ်ကြ၊ သူလျှိုခြောက်ယောက် အထောက်တော်တွေနှင့်တကွဖြစ်တဲ့ တိုင်းကြီးပြည်ကြီးကို ပြုတ်ပြုတ်ပြုန်းအောင် ချေမှုန်းကြ ချစ်သားတို့. . . လို့ ဟော-ဘုရားက ဒီဘက်လှည့်ပြီးတော့ တိုက်တွန်းလိုက်တာ၊ အားလုံးလိုက်ဆိုစမ်းပါ-

❖ မိဘကိုသတ်, မင်းကိုသတ်, တိုင်းရပ်ပြည်ကို မှုန်း။
အပါယ်မကျ, နိဗ္ဗာန်ရ, လောက အမြတ်ဆုံး။

ဟော-အပါယ်မကျဘူးတဲ့၊ ဒီနေ့ ဦးတင်မောင်ဝင်း ခေါင်းဆောင်တဲ့ ဆွမ်းဒကာ ဆွမ်းအမတွေ အပါယ်ကျချင်သလား အပါယ်မကျချင်တာလားလို့မေးရင် တို့ကိုယ်တော်တွေ ဘယ့်နယ့်ဖြေမယ်ထင်တုံး သူတို့က၊ အဲဒီဒကာတွေကို တို့က မေးမယ်၊ အပါယ်ကျချင်သလား အပါယ်မကျချင်တာလား, ငရဲကျချင်သလား မကျချင်ဘူးလားလို့မေးရင် ဒီဒကာတွေက ဘယ့်နယ့်ဖြေမှာတုံးဟေ့၊ မကျချင်ပါလို့ ဖြေမှာပေါ့၊ တို့ကိုယ်တော်တွေကောတဲ့ အပါယ်ကျချင်သလား၊ အပါယ်မကျချင်ဘူးလား? *(အပါယ်မကျချင်ပါဘုရား)*၊ ငရဲကောင်ကြီး ဖြစ်ချင်သလား, မဖြစ်ချင်ဘူးလား? *(မဖြစ်ချင်ပါဘုရား)*။ ပြိတ္တာကောင်ကြီး ဖြစ်ချင်သလား, မဖြစ်ချင်ဘူးလား? *(မဖြစ်ချင်ပါဘုရား)*။

ဒီတော့ တို့ကိုယ်တော်တွေ ဖြစ်ချင်တာကတော့ ပြိတ္တာတော့မဖြစ်ချင်ဘူး၊ ပြိတ္တာဆိုတာ ငတ်တယ်၊ အင်မတန် ငတ်တဲ့ဘုံကြီး၊ ငရဲကောင်ကြီးဆိုတာ အင်မတန် ဆင်းရဲတာ၊ ဟိုကခုတ် ဒီကထိုးနဲ့၊ အသူရကာယ်ကောင်ကြီးဆို သာဆိုးသေးတယ်၊ ခန္ဓာကိုယ်ကြီးက အကြီးကြီး တောင်ကြီးလောက်၊ ပါးစပ် ပေါက်ကလေးက အပ်နဖါးပေါက်လောက်၊ ရေသောက်လို့ မဝ၊ အစာစားလို့မဝနဲ့ ဖြစ်, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်။ တိရစ္ဆာန်ဖြစ်ပြန်တယ်ဆိုတော့လည်းပဲ ကြီးနိုင်ငယ်ညှင်းနဲ့၊ နေပူရင် ပူ, မိုးရွာရင် အစို, ဆောင်းအခါ ချမ်းတယ်ဆိုပြီးတော့လည်း စောင်ခြုံပေးမယ့်လူ မရှိ၊ ကြီးနိုင်ငယ်ညှင်း, ကိုက်လိုက်ခဲလိုက်၊ ဒီလိုနဲ့ ထိုးလိုက် ခုတ်လိုက်လည်း ခံရ၊ လူညှင်းဆဲသမျှ ခံရ, နွားတွေ ကျွဲတွေဖြစ်သွားပြီဆိုရင် အခု မြင်းလှည်းဆွဲနေရတဲ့ မြင်းတွေဖြစ်သွားပြီဆိုရင် လူခိုင်းသမျှ လုပ်ရ၊ လူညှင်းသမျှ, နှိပ်စက်သမျှ ခံရ။ အင်း ကျုပ်နေမကောင်းလို့ ခဏ ဒီနေ့ နားပါရစေအုံးလို့လည်း မပြောတတ်။

http://www.dhammadownload.com



အဲဒီတော့ ငရဲတိရစ္ဆာန် ပြိတ္တာ အသုရကာယ် အပါယ်လေးဘုံ ဘယ်သူမှ မရောက်ချင်ဘူး၊ အဲ- တို့ ဒီနေ့ပရိသတ်ကြီး မရောက်ချင်ဘူး၊ ဟော-အပါယ် မကျချင်ဘူး၊ အပါယ်မကျချင်ရင် အပါယ်မကျရုံတင်မကသေးဘူးတဲ့ နိဗ္ဗာန်မြန် မြန်ရချင်ရင်။ နိဗ္ဗာန်မြန်မြန်ရတယ်ဆိုတာ အိုဘေး နာဘေး သေဘေးက မြန်မြန် လွတ်ချင်ရင် အမေကို သတ်ရတယ်. . . တဲ့၊ ဟော-ဘုရားက ပရိယာယ်နဲ့ ဟော တာ၊ ပရိယာယ်ဒေသနာခေါ်တယ် ဒီဒေသနာက။ ဥဇုကတ္တ-အဖြောင့်မဟုတ် ဘူး၊ ဥဇုကတ္တ-အဖြောင့်ဆိုတာ အမေသတ်ရတယ်ဆို၊ တကယ့်အမေ သွားသတ် ရတာ ဒါက ဥဇုကတ္တ၊ အခုဟာက ပရိယာယ်နဲ့ ဝက်ဝုတ္တိဒေသနာ၊ လှည့်ပတ် ပြီးတော့ ဟောတာ။

အဲဒီတော့ လှည့်ပတ်ပြီးတော့ဟောတဲ့ဟာကို ဝက်ဝုတ်နဲ့ပေါ်အောင် ဘုရားကပြောတယ်၊ ဝက်ဝုတ်ကို ဥဇုကတ္တ သွားယူပြီးတော့၊ ဟာ-အမေသတ်ရ သတဲ့ကွ ဆိုပြီးတော့ တစ်ခါတည်း သေပေတော့ အမေတော့ဆိုပြီးတော့ ဒီက မြန်သွား ဦးတင်မောင်ဝင်းတို့တစ်တွေက ဓားကြီးတွေ တဝင်းဝင်းနဲ့ ဟိုဂန္ဓာရုံက ဆရာတော်က ဟောလွှတ်လိုက်တာ၊ သေရအောင်သာပြင်ပေတော့ အမေတို့ အဖေတို့ဆိုပြီးတော့ ဓားကြီးတွေ သေနတ်ကြီးတွေနဲ့လုပ်ကုန်ရင် ခက်ကုန်မှာ ပေါ့၊ အမယ် အပါယ်မကျချင်လို့မှ၊ အပါယ်မကျချင်ရင် အမေနဲ့အဖေသတ်ဆိုလို့ ဆိုမှ ပိုပြီးတောင်ကျသွားအုံးမယ်၊ အဝီစိ ဂျိုးကပ်အောင်ကျမှာ အဲဒီကျမှ၊ အဝီစိကျတာမှ ရိုးရိုးဆီနဲ့ ကြော်မှာမဟုတ်ဘူး၊ ဂျိုးကပ်အောင် အကြော်ခံရမှာ။

ဒီတော့ ဝက်ဝုတ်ပရိယာယ်နဲ့ ဘုရားဟောတာ။ အမေသတ်ဆိုတာ ဘာ တုံး၊ အမေဆိုတာ ဘယ်အမေတုံးဆိုတော့ တဏှာလောဘဆိုတဲ့ အမေ. . . တဲ့၊ တို့တစ်တွေရဲ့သန္တာန်မှာ ဟိုဟာလေးလိုချင်, ဒီဟာလေးလိုချင်၊ ဟိုဟာ ရချင်, ဒီဟာ ရချင်၊ ဟိုဟာ ကြားချင်, ဒီဟာ ကြားချင်ဆိုတဲ့ ငါးဖြာအာရုံ ကာမဂုဏ်, လိုချင်တပ် မက်တဲ့ တဏှာလောဘကို အမေလို့ ဘုရားကဟောတာ။ ဘာပြုလို့ တုန်းဆိုတော့ တို့လောကမှာ အမေများဟာ သားသမီးတွေကို ပေါက်ဖွားတယ်၊ အမေ့ဝမ်းထဲက ထွက်ခဲ့ကြရတာ တို့တစ်တွေ၊ အမေက သားတွေ သမီးတွေကို ဖြစ်စေတယ်၊ အဲသလိုပဲ တဏှာဆိုတဲ့တရားက လောကကြီးထဲရှိတဲ့ ရုပ်နာမ်တွေကို ဖြစ်ပွားအောင် လုပ်တာ တဏှာပဲ။

ဒါကြောင့် သူ့ကို သမုဒယသစ္စာတဏှာလို့ခေါ်တယ်၊ ရုပ်နာမ်ဒုက္ခတွေ မှန်သမျှ ဖြစ်အောင်လုပ်တာ တဏှာပဲ၊ ဖြစ်အောင်လုပ်တယ်ဆိုတာ ပထမ သူက လိုချင်တာကိုး၊ သူက နတ်မင်းကြီး ဖြစ်ချင်တာ၊ နတ်မိဖုရားကြီး ဖြစ်ချင်တာ ဆိုပြီးတော့ နတ်မင်းကြီး နတ်မိဖုရားကြီးဖြစ်အောင် သူက ဖြစ်ချင်တဲ့တဏှာက

http://www.dhammadownload.com



ဖြစ်ချင်နေတော့ သူက ကောင်းမှုတွေပြု၊ ကောင်းမှုတွေပြုပြီး ဆုတောင်း၊ ကုသိုလ်တွေပြုပြုပြီး ဆုတောင်းနဲ့ လုပ်တော့ အဲဒီတင် နတ်ဖြစ်ကရော၊ နတ်မိဖုရား ဖြစ်ကရော၊ ရုပ်တွေနာမ်တွေ၊ နတ်ရုပ်နတ်နာမ်တွေရရော၊ အဲ-နတ်ရုပ် နတ်နာမ်တွေရရင် အိုဟယ်၊ နာဟယ်၊ သေဟယ်ဆိုတဲ့ ဒုက္ခတွေက လာကုန်ပြီ။ ဒီတော့ ရုပ်နာမ်တွေကို ပေါက်ပွားအောင်လုပ်တာ ဘယ်သူတုံးဆိုရင် တဏှာပဲ။

အဲ-လောကမှာ အမေများက သားတွေသမီးတွေကို ဖြစ်ပွားအောင် မွေးဖွားသလို. . .တဲ့၊ လောကကြီးထဲရှိတဲ့ ဒုက္ခသစ္စာ ရုပ်နာမ်ခန္ဓာတွေ ပေါ်အောင်လုပ်တာ၊ မွေးဖွားပေးနေတာ ဘယ်သူတုံးဆိုရင် တဏှာပဲ၊ ဒါ့ကြောင့် တဏှာဟာ အမေနဲ့တူတယ်၊ ဒီတော့ ဒီနေ့ ဒကာဦးတင်မောင်ဝင်းတို့ အလှူဒကာ အလှူ့အမတွေ ဒီနေ့ တဏှာသတ်ပွဲကြီးပဲ၊ ဘယ်တဏှာတုံး အခု ဆွမ်းကပ်လိုက်တော့ မနက် စမူစာနဲ့ ကော်ဖီကပ်လိုက်တော့ နှစ်သောင်းကျော်လောက်ကုန်၊ နေ့လယ် နေ့ဆွမ်းကပ်တော့ လေမုန့်တွေရော ဘာတွေရောဆိုတော့ လေးသောင်းကျော်လောက်ကုန်၊ နှစ်ရုပ်ပေါင်းလိုက်တော့ ခြောက်သောင်းလောက်၊ LUX-ဆပ်ပြာမွှေးခဲတွေ လှူတာရောဘာရောဆိုရင် ခြောက်သောင်း၊ခုနှစ်သောင်းကုန်၊ အဲဒီ ခုနှစ်သောင်းလောက်ဆိုတဲ့ ရှစ်သောင်းလောက်ဆိုတဲ့ ငွေတွေကို ငါ့ငွေ ငါ့ငွေ၊ ငါ့ဟာ ငါ့ဟာ၊ ငါ့ဟာ ငါ့ဟာနဲ့ မလှူခင်က ဒီလိုနေတာ။

အဲ-တဏှာစာတ်က ငါ့ပစ္စည်း ငါ့ဥစ္စာ၊ ငါစားမယ်၊ ငါ့သားကျွေးမယ်၊ ငါ့သမီး ကျွေးမယ်၊ ငါဝတ်မယ်၊ ငါဆင်မယ်နဲ့ ဒီလိုနေတာ။ ကိုယ့်ပစ္စည်းလေးများဆိုလို့ရှိရင် ကိုယ့်လက်ထဲရှိတုန်းဆိုတာ ငါငါနဲ့ တဏှာက တွယ်တာ။ ငါးပြားစေ့ လေးတစ်စေ့ အတိမ်းမခံဘူး တစ်ယောက်နဲ့တစ်ယောက်၊ ကိုယ့်ပစ္စည်းလေး ငါးပြားစေ့လျော့သွားရင်ပဲ တကတည်း စကားပြောရတာ။ အဲဒီလောက်တွယ်တာနေတဲ့ တဏှာဆိုတဲ့၊ ဒုက္ခသစ္စာ ရုပ်နာမ်ခန္ဓာတွေကို ပေါက်ဖွား မွေးဖွားစေတတ်တဲ့ တဏှာဆိုတဲ့ အမေကို ဒီနေ့ သက်လိုက်ကြတာ။ ဦးတင်မောင်ဝင်းတို့ အလှူဒကာ အလှူ့အမတွေသန္တာန်မှာ အဲဒီတဏှာကို သတ်နိုင်လို့ ဒီအလှူထုပ်ကြီး အောင်မြင်ပြီးတော့ လာခဲ့ပြီ၊ ဒီအလှူထုပ်ကြီး အောင်မြင်ပြီးတော့ သူများကို ပေးနိုင်တယ်ဆိုတာ အဲဒီတဏှာသေလို့ ပေးနိုင်တာ၊ တဏှာသတ်နိုင်လို့ ပေးနိုင်တာ၊ တဏှာသာ မသတ်နိုင်သေးရင် ပေးကိုမပေးသေးဘူး၊

❖ **အလောဘနှင့်, တကွမကွာ, သဒ္ဓါစေတနာ,**
**စာတ်ဦလာ၍, တဏှာလောဘ, သေဆုံးရ၏. . .။**

အလောဘစာတ်ဆိုတဲ့ လှူမယ်၊ လှူမယ်၊ လှူမယ်ဆိုတဲ့ အလောဘစာတ်။ ဒီလို လှူလို့ရှိရင် သံသရာစခန်း၊ မဂ်ဖိုလ်နိဗ္ဗာန်သွားလမ်းကြီးမှာ မငတ်နိုင်ဘူး၊

http://www.dhammadownload.com



မပွဲနိုင်ဘူးလို့ ယုံကြည်တယ်၊ ရတနာသုံးပါးနဲ့ ကံ, ကံ၏အကျိုးပေါ် ယုံကြည်တဲ့ သဒ္ဓါတို့၊ ဒီလိုလှူတဲ့တန်းတဲ့အလုပ်ဆိုတာ သူတော်ကောင်းတွေ လုပ်တဲ့အလုပ်၊ ဒါလုပ်ထိုက်တဲ့ အလုပ်, မင်္ဂလိပ်နိဗ္ဗာန်ရချင်တဲ့သူတွေ လုပ်ရတဲ့အလုပ်လို့ သိနေတဲ့ ပညာ။ ဟာ-ကြိုးစားမှဖြစ်မှာ, ဒီအလုပ်မျိုးတော့ ကြိုးစားမှဖြစ်မှာဆိုတဲ့ ဝီရိယ။ **"အလောဘနှင့်, တက္ကမက္ကာ, သဒ္ဓါ,စေတနာ, စာတ်၌လာ၍. . ."** အဲဒီ စာတ်တွေကနိုင်လာတော့ သတ်လိုက်ကြတာ၊ ဝိုင်းသတ်လိုက်တာ။ စာတ်, စာတ်ချင်း သတ်လိုက်တော့ ခုနက မပေးနိုင်ပါဘူး, မလှူနိုင်ပါဘူးဆိုတဲ့ တဏှာ၊ ငါစားဖို့မှာ, ငါ့မယား ကျွေးရဖို့မှာ, ငါ့သား ကျွေးရဖို့မှာ ငါ့သမီး ကျွေးရဖို့မှာဆိုတဲ့ တဏှာ၊ ငါဝတ်ရဖို့မှာ, ငါဆင်ရဖို့မှာဆိုတဲ့တဏှာ သေရော။ အဲဒါ အမေ သတ်တာပဲ။

❖ **အလောဘနှင့်, တက္ကမက္ကာ, သဒ္ဓါစေတနာ, စာတ်၌လာ၍,**
**တဏှာ လောဘ, သေဆုံးရ၏. . .၊**
**လောဘမသေ, ဖြစ်ရှိနေမှု, ပေးဝေလှူမှု, ဘယ်မှာပြုလိမ့်. . .။**

အဲဒီလောဘစာတ်သာ မသေသေးလို့, အမေသာ မသတ်သေးလို့ရှိရင် ဘယ်လှူလိမ့်မှာတုန်း. . . တဲ့၊ လှူတယ်ဆိုတာ လောဘကိုသတ်နိုင်လို့ လှူတာ၊ အခု ဒီနေ့ ကုန်ကျစရိတ် နည်းတဲ့ကုန်ကျစရိတ် မဟုတ်ဘူး၊ မိမိတို့မိသားစု စားမယ်ဆိုရင် ရက်တစ်ပတ်လောက်တော့ ကောင်းကောင်းကြီး တစ်ခါထဲ မြိုင်မြိုင်ကြီးကို စားလို့ရတယ် မိမိတို့မိသားစုတွေ။ အဲဒါကို သံဃာတော်(၈၀၀)ကျော်တို့ကို ဘုဉ်းပေးကြရပါစေ၊ စားကြရပါစေ၊ ချမ်းသာကြပါစေဆိုတဲ့ စေတနာ မေတ္တာတွေနဲ့ လာကျွေးကြတာ၊ အဲဒါ အမေသတ်တာခေါ်တယ်။

အဲဒီအမေ ဘယ်ထိအောင် သတ်ရမှာတုန်းဆိုတော့ ဒီရုပ်နာမ်ပေါ် ခင်တွယ်ပြီးနေတဲ့ အမေကစပြီးတော့ ပြုတ်ပြုတ်ပြုန်းအောင် သတ်ရမှာ၊ ရဟန္တာဖြစ်သည်အထိ သတ်ရမှာ ဒီတဏှာစာတ်ကို၊ ခုဟာက ပစ္စည်းဝတ္ထုပေါ် တွယ်တာတဲ့ တဏှာစာတ်သတ်သေးတာ၊ ကိုယ့်ခန္ဓာကိုယ်ပေါ် တွယ်တာနေတဲ့တဏှာလည်း သတ်ရမှာ။ ကိုယ့်ခန္ဓာကိုယ်ကိုပဲ ကိုယ့်ဆံပင်လေး ကိုယ့်ခြေ ကိုယ့်လက်ကလေးကစပြီးတော့ ကိုယ့်မွေးညှင်းလေးအထိ လက်သည်းခြေသည်းအထိ ငါ့လက်သည်း ငါ့သွား ငါ့မျက်စိ ငါ့နားနဲ့ ခင်မင်တွယ်တာနေတတ်တဲ့ တဏှာစာတ်တရားတွေကို အမြစ်ပြတ် သုတ်သင်နိုင်မှ ရဟန္တာဖြစ်တယ်။ အဲဒါ အမေသတ်တာပဲ၊ ဒါကြောင့် အမေကိုသတ်လို့ ရဟန္တာဖြစ်တယ်လို့ မြတ်စွာဘုရားက တင်စားဟောတာ။

ဒီနေ့ ဒါနကောင်းမှုကြီးပြုတဲ့နေ့ဟာ အမေသတ်နိုင်လို့ ဒီနေ့ဒါနကောင်းမှု အထမြောက်ကြတာ၊ ဒါနကောင်းမှုကြီးဖြစ်အောင်ဆိုရင် အမေနဲ့တူတဲ့ အဲဒီ

http://www.dhammadownload.com



တဏှာကို သတ်ရတယ်။ ဒါဖြင့် ဒါနဖြစ်ချင်ရင် အမေသတ်ဖို့ဆိုတဲ့ တဏှာလောဘ၊ ငါစားအုံးမှာ, ငါ့သားကျွေးရအုံးမှာ, ငါ့သမီးကျွေးရအုံးမှာဆိုတဲ့ တဏှာလောဘ သတ်နိုင်ရတယ်၊ မိဘကိုသတ်ဆိုတဲ့အတိုင်း အခုဟာ အမိသတ်နိုင်အောင်၊ အမိ သတ်နိုင်အောင်ဆိုရင် ဘာလုပ်ရမှာတုန်း ဒါနကို အားထုတ်. . . တဲ့၊ ကဲ ဆိုစမ်းပါ-

◈ **အမိသတ်နိုင်အောင်, သတိဆောင်, များမြောင်ဒါန, အားထုတ်ကြ။**

အေး. . . အမိကိုသတ်နိုင်အောင်ဆိုရင် ဘာလုပ်ရမှာတုန်းဆို၊ ဒါနကို အားထုတ်၊ ဒါနဆိုတဲ့ စွန့်ကြဲပေးကမ်း လှူဒါန်းမှုပြုရင် အဲဒါ အမိသတ်နေတာ ခေါ်တယ်. . . တဲ့။ အဖေသတ်တာ ဘယ့်နှယ့်တုန်းလို့ဆိုတော့ ဒါလည်း တင်စား ပြောတာ၊ အဖေဆိုတာ မာန။ မာနတရားက အဖေနဲ့တူတယ်တဲ့၊ ဘာပြုလို့တုန်း ဆိုတော့၊ ပိတရံ-ထိုထိုကိစ္စ, ဝင့်ဝါကြွသည့်, ဖပိတာခေါ်တဲ့ အဖေကို. . .။ တို့ ဘယ်သူမဆို ကိစ္စကြီးငယ်ရှိ "ငါ ဘယ်သူ့သားကွ" ကိုယ့်အဖေက ဂုဏ်ရှိ သိမ်ရှိ ဆိုပါတော့ ပွဲစားကြီး, ကုန်သည်ကြီး, စက်ပိုင်ကြီးဆိုရင် ပာစ်ယောက်နဲ့တစ်ယောက် ဝင့်ဝါကြွတဲ့နေရာမှာ ဆုံကြရင် ငါ့အဖေက စက်ပိုင်ကွ, ငါ စက်ပိုင်သားကွ,.ငါ ရှင်ဘုရင့်သားကွ, ငါ အမတ်ကြီးသားကွနဲ့ ကိုယ့်ရဲ့အဖေကို ဟာထိုးကြတယ်။ တာထိုးပြီးတော့ မောက်ကြတယ်, မော်ကြတယ်၊ တစ်ယောက်နဲ့တစ်ယောက် မာန် မူကြတယ်၊ အဲဒါကြောင့်မို့လို့ အဖေက မာနနဲ့တူတယ်၊ မာနဆိုတာ အဖေနဲ့တူ တယ်။ ထိုထိုကိစ္စ, ဝင့်ဝါကြွသည်. . .၊ တာထိုးပြီးတော့ ဝင့်ဝါကြွလို့မို့၊ အဖေကို တာထိုး ကာထိုးပြီးတော့ မာန်တက်ကြကကိုး။ ဒါကြောင့်မို့လို့ အဖေဟာ မာနနဲ့ တူတယ်၊ မာနသည် အဖေနဲ့တူတယ်။ အဲဒီမာနကိုသတ်ရင် သီလကုသိုလ်တွေ ဖြစ်ကောင်း။

ဒီနေ့ ဆွမ်းဒကာ ဆွမ်းအမတွေပဲဆိုပါတော့ မိမိဆွမ်းဒကာ ဆွမ်းအမ အဖြစ်နဲ့ ခုနကဆွမ်းလောင်းကြတော့၊ ဖိုးသူတော်လေးတွေ ဆွမ်းခံဖို့ကြွလာတဲ့ ဖိုးသူတော်လေးတွေဟာ ကိုယ့်လောက် ဘာမှအသက်ကြီးသေးတာ မဟုတ်ဘူး၊ ကိုရင်လေးတွေ ဒီထဲမှာ ကိုရင်ငယ်လေးတွေ ကိုယ့်လောက် အသက်ကြီးတာ မဟုတ်ဘူး၊ ကိုယ့်ထက် အများကြီးငယ်တာ၊ ဒါပေမဲ့လို့ အဲဒီလို ကိုရင်လေး ဆွမ်း လောင်းတဲ့အခါမှာ ကိုယ်က ရိုရိုသေသေ လောင်းတယ်၊ အဲဒီ ရိုရိုသေသေဆိုတာ သီလပဲ၊ အဲဒီ ရိုရိုသေသေဆိုတဲ့ သီလဖြစ်လိုက်သည်နဲ့ တပြိုင်နက် ဝမ်းထဲက မာန ပျောက်ထွက်သွားတယ်။

တို့ လူလူချင်းဆိုပါတော့ ကဲ-ဒီကိုရင်လေးတွေ, ဖိုးသူတော်တွေအရွယ် ၁၃၉
ကောင်လေးတွေတစ်သိုက်နဲ့-ခု ဒီနေ့ဆွမ်းလောင်းကြတဲ့ ဒကာ ဒကာမတွေနဲ့ လူလူချင်း လမ်းမှာတွေ့ကြတယ်ဆိုရင် ဟာ-ဒီကောင် လေးတွေ ဘာကိုယ်က

http://www.dhammadownload.com



အရေးစိုက်နေလိမ့်မှာတုန်း၊ ဘာအရိုသေပေးနေလိမ့်မှာတုန်း၊ အဲ-သူတို့ ဆွမ်းလောင်းလို့ ကျလာတဲ့ဆွမ်းလုံးတွေ ကိုယ်ကလည်းကျင်းပြီးတော့ လုပ်သလို ဘာအရိုအသေပေးလုပ်နေလိမ့်မှာတုန်း၊ ဘယ်ကကောင် လေးတွေမှန်း မသိဘူးဆိုပြီးတော့ သူတို့ကလည်း ကိုယ်စောင်းဝင်တိုက်၊ ကိုယ်ကလည်း ကိုယ်စောင်း ဝင်တိုက်ချင် တိုက်လိုက်မှာပဲ၊ ဘာမှ လေးစားရိုသေတဲ့အမူအရာ မပြဘူး။

ဟော-အခုတော့ သံဃာတော်တွေ. . . ဘုရားသားတော်တွေ. . . ဖိုးသူတော်လေးတွေ. . . ရှစ်ပါးသီလထိန်းနေကြတဲ့ ဖိုးသူတော်လေးတွေ. . . သီလတွေထိန်းနေကြတယ်ဆိုပြီးတော့ တရိုတသေ သူတို့သွားလမ်းလေးရှင်းလင်းပေးနိုင်တယ်။ ကြည့်မယ်ဆိုလို့ရှိရင် သူတို့စည်းစိမ် ကိုယ့်စည်းစိမ်ချိန်ထိုးကြည့်ရင် ကိုယ်ကတောင် စည်းစိမ်သာအုံးမှာ၊ အဲ သူတို့ရှိနေတဲ့ မိဘရပ်ရွာ တောရွာကစည်းစိမ်နဲ့ ကိုယ့်ရှိနေတဲ့စည်းစိမ်နဲ့ တာထိုးကြည့် ကိုယ်က သာအုံးမှာ။ ရာထူးရာခံအနေနဲ့လည်း ကိုယ်က သာသေးတယ်။ အနေအထိုင်နဲ့ ကိုယ်ကသာသေးတယ်။ စသည်ဖြင့် အဲဒီသာတာတွေကို အကုန်နှိမ်ချပစ်လိုက်ပြီးတော့ ခု ကိုရင်လေးတွေ, ဦးဇင်းလေးတွေထိအောင် ဝေယျာဝစ္စဆောင်ရွက်နိုင်တယ်၊ အဲဒါ သီလခေါ်တယ်။ အဲဒီသီလက ခုနက အဖေကို သတ်နေတာ၊ အဖေနဲ့တူတဲ့ မာနကို သတ်တာ သူပဲ။ ဒါကြောင့် ဆိုစမ်းပါ-

❖ အဖသတ်နိုင်အောင်, သတိဆောင်, များမြောင်သီလ, အားထုတ်ကြ။

အဲဒီဝေယျာဝစ္စသီလခေါ်တဲ့ သီလကောင်းမှုက အဖေကိုသတ်တယ်၊ အဖေနဲ့တူတဲ့ မာနကို သတ်တယ်. . . တဲ့၊ မင်းနှစ်ပါးဆိုတာကျတော့ သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိ ပြောတာ။ သဿတဒိဋ္ဌိဆိုတာ တို့ခန္ဓာကိုယ်ထဲမှာ ရှိနေတဲ့ အသက်ဝိညာဉ်ခေါ်တဲ့ ရုပ်နာမ်, ရုပ်စု နာမ်စုလေးက ဒီဘဝက လူ့ခန္ဓာကိုယ်ကြီး အခေါင်းကြီးသာ ထားခဲ့တာ၊ သူက ရွှတ်ဆို နောက်ဘဝ ကူးသွားတာလို့ ဒီလိုယူဆတာကို သဿတဒိဋ္ဌိလို့ခေါ်တယ်၊ သူက ရှင်ဘုရင်ပဲ၊ မင်းတစ်ပါးပဲ သူကလည်း။

နောက် ဥစ္ဆေဒဒိဋ္ဌိဆိုတာကျတော့ ဘယ်သူမဆိုဘဲ သေပြီဆိုရင် ပြတ်ကရော၊ သေပြီ. . . ဒီခန္ဓာကိုယ် ရုပ်အလောင်းကြီး သင်္ချိုင်းသွားပြီးတော့ မြေကြီးထဲမြှုပ်လိုက်လို့ရှိရင် အဲဒီမှာ လမ်းဆုံးတာပဲ၊ ဘယ်ဘဝမှ ရောက်သွားတယ်ဆိုတာ မရှိဘူး၊ အလကားပြောတာ နောက်ဘဝရောက်တယ်, ဟိုဘဝရောက်တယ်, ဒီဘဝရောက်တယ်ဆိုတာတွေ အလကားပြောတာ၊ အသက်ဝိညာဉ်လေးက ဘယ်ဘဝကူးသွားတယ်ဆိုတာ အလကားပြောတာ၊ ဘာလုပ်လုပ် ဘယ်လိုလူဖြစ်ဖြစ် သင်္ချိုင်း

http://www.dhammadownload.com



ရောက်လို့ မြေကြီးထဲမြှုပ်လိုက်ပြီဆို ပြီးရောပဲ၊ ဒီမှာအလောင်းကြီးဆွေးမြည့် ပုပ်ရွ ရှိပြီး မြေဖြစ်သွားပြီးတဲ့နောက် ပြတ်ကရော။ ဒါ ဥစ္ဆေဒဒိဋ္ဌိခေါ်တယ်၊ ပြတ်တယ်လို့ ယူဆတာ။

သဿတဒိဋ္ဌိက ဒီလိုမဟုတ်ဘူး ဆက်တယ်လို့ ယူတာ။ အဲဒီ သဿတ ဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိဟာ ရှင်ဘုရင်နှစ်ပါးပဲ၊ မင်းနှစ်ပါးပဲ။ မင်းဆိုတာ ကျန်တဲ့သူတွေက သူ့အလိုလိုက်ရတယ်၊ သူ့နောက်လိုက်ကြရတယ်၊ သူပြောရာပြီးကြရတယ်၊ အဲဒါကို မင်းလို့ခေါ်တာ၊ ဒီတော့ သဿတဒိဋ္ဌိနဲ့ဥစ္ဆေဒဒိဋ္ဌိဟာ ရှိသမျှအယူတွေမှန်သမျှ သူ့ဆီ ခေါင်းဆိုက်ကြရတာ။ ဒိဋ္ဌိ (၆၂)ပါးလို့ခေါ်တဲ့ မိစ္ဆာဒိဋ္ဌိအယူတွေမှန်သမျှ ဒီ သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိအခြေခံတယ်။ သူကနေပြီးတော့ ပေါက်ဖွားတာပဲ။ ဒါကြောင့် သူတို့နှစ်ယောက်ဟာ မင်းနှစ်ပါးနဲ့တူတယ်၊ တိုင်းပြည် အုပ်ချုပ်တယ်ဆို တာ ဘယ်တိုင်းပြည်ကြီးတုန်း ခန္ဓာငါးပါးတိုင်းပြည်ကြီး အုပ်ချုပ်နေတာ သူတို့နှစ်ယောက်ပဲ။

တို့ ခုကမ္ဘာလောက ရှိနေတဲ့သတ္တဝါတွေ တစ်ချို့က ဆက်တယ်လို့ ယူ တယ်လေ၊ တို့ဗုဒ္ဓဘာသာတွေကလည်း ဆက်တယ်လို့ယူတဲ့ထဲမှာ ပါတယ်၊ အင်း သေပြီးတော့ နတ်ပြည်ရောက်သွားတာ၊ သေပြီးတော့ ဘယ်ကူးသွားပြီးတော့ တစ္ဆေဖြစ် နေတာ၊ သရဲဖြစ်နေတာ၊ အသက်ကလေးက ထွက်သွားပြီးတော့ အဲဒီသွားဖြစ် တယ်လို့ တချို့က အဲလိုယူထားကြတာ။ ဒါကြောင့် သဿတဒိဋ္ဌိထဲမှာ ပါတယ် တချို့က။ တချို့ကျတော့ ဒီလိုမဟုတ်ဘူး ကွန်မြူနစ်တွေ ဘာတွေကျတော့ သေ ပြီးတာပဲ၊ သေပြီး ဟိုဘက် ဘာမှမဖြစ်ဘူး။ မြေကြီးထဲ ရောက်ပြီးတော့ မြေဖြစ်သွားတာ ရှိတာပဲ၊ လုပ်သာလုပ် ဘာကောင်းမှု၊ မကောင်းမှုတွေ ရှုပ်မနေနဲ့ ကိုယ့် ကောင်းရင် ပြီးရော၊ ကိုယ်ခံစားရ ပြီးရော၊ သတ်သာသတ် သတ်စရာရှိ ဒီလို။အဲဒါ ဥစ္ဆေဒဒိဋ္ဌိ။ ဒီတော့ ဒီ ဒိဋ္ဌိနှစ်ပါးဟာ ဒိဋ္ဌိမှန်သမျှရဲ့ အခြေခံကြီးပဲ။

သူတို့နှစ်ပါးကနေပြီးတော့ ပေါက်ဖွားလာတာ သက္ကာယဒိဋ္ဌိဆိုတာ။ ဒီတော့ ရုပ်နာမ်ကို ရုပ်နာမ်လို့ မမြင်ဘဲနဲ့၊ ငါကောင် သူကောင်လို့ထင်၊ အဲဒီ ငါ ကောင် သူကောင်လေးက အသက်ဝိညာဉ်လေးဖြစ်ပြီးတော့ ဒီဘဝကနေ ဟိုဘဝ ကူး၊ ဟိုဘဝကနေ ဒီဘဝကူးလို့ ဒီလိုမြင်နေတာ။ ဒါကြောင့် သက္ကာယဒိဋ္ဌိကို ဖြစ်ပေါ်စေတဲ့ သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိဆိုတဲ့ ဒိဋ္ဌိနှစ်ပါးဟာ ရှင်ဘုရင်ပဲ. . . တဲ့၊ ဒီခန္ဓာငါးပါး ရုပ်နာမ်တိုင်းပြည်ကြီးကို အုပ်ချုပ်နေတာ သူပဲ။ အဲဒါကြောင့် သူတို့ မင်းနှစ်ပါးနဲ့တူတယ်၊ ရှင်ဘုရင်နှစ်ပါးနဲ့တူတယ်။

အဲဒီရှင်ဘုရင်နှစ်ပါးကို သတ်ချင်ရင် ဓမ္မခေါ်တဲ့ ဝိပဿနာလက်နက်နဲ့ သတ်ရတယ်၊ ဝိပဿနာနဲ့ရှုတော့ ခု ကိုယ့်စိတ်ကလေးပဲ ရှုရှု၊ အခုဘုန်းကြီးပြော

http://www.dhammadownload.com



နေတဲ့ အသံရုပ်ဓာတ်ကလေးကိုပဲ ရှုရှု သတိထားပြီးရှုဆိုတာ သတိထားကြည့်တာ ပြောတာ၊ တရားရှုတယ်, တရားရှုတယ်ဆိုတာ ဘာလုပ်တာတုန်းဆို သတိထားပြီး ကြည့်တာ၊ အခုပြောနေတဲ့ အသံလေးတွေ ဘယ်ရောက်ရောက် သွားပါလိမ့်မ တုန်း။ သတိထားကြည့်လိုက်တော့ ဟော-ဘုန်းကြီးပါးစပ်က ထွက်လာပြီးတော့ ပျောက်ပျောက်သွားတာ၊ နောက် တို့နားပေါက်လာပြီးတော့ ရိုက်ခတ်ပြီးတော့ ကြားတယ်၊ အဲဒီကြားတဲ့ဓာတ်ကလေးတွေ သောတပသာဒမှာ လာထိတဲ့ရုပ်၊ ကြားသိ ဆိုတဲ့နာမ် အဲဒီရုပ်လေးတွေ ဘယ်ရောက်သွားပါလိမ့်မတုန်း။ ပြီးတော့ ပျောက်ပျောက်သွားတာ။

အခု ဘုန်းကြီး တရားဟောနေတယ်၊ ဘုန်းကြီးဟောတဲ့ တရားသံကို ပရိသတ်တွေ ကြားနေကြတယ်၊ အဲဒီကြားဆိုတဲ့ကိစ္စမှာ သေသေချာချာ လိုက်စစ် ရင် ဘုန်းကြီးက ထုတ်လွှတ်လိုက်တဲ့ အသံဓာတ်သဒ္ဒါရုံဓာတ်က ဒကာ ဒကာမတွေ ရဲ့ နားပေါက်ထဲက သောတပသာဒမှန်အကြည်လေး လာခေါက်တာ သူက၊ "စည်လက်ခတ်နဲ့ စည်ကိုခေါက်သလို. . ." စည်လက်ခတ်နဲ့ စည်ကို ရိုက်တဲ့ဒုတ်နဲ့ စည်ကိုခေါက်လိုက်တော့ ဒိန်းကနဲဆို အသံထွက်တယ်။ အဲသလိုပဲ ဘုန်းကြီးရဲ့ အသံ ဓာတ်ဆိုတဲ့ လက်ခတ်နဲ့ ဒကာ ဒကာမတွေရဲ့ နားထဲက စည်မျက်နှာပြင်နဲ့ တူတဲ့ သောတပသာဒအကြည်ရုပ်ကလေး လာခေါက်လိုက်တော့ အဲဒီကြားစိတ် တွေ ဖြစ်သွားတာ ဖွားကနဲ ဖွားကနဲဆို၊ ဟော-ဘာပြောလိုက်တာ, ဘာပြောလိုက် တာ, ဘာပြောလိုက်တာနဲ့ သိသိ, သိသိသွားတဲ့ စိတ်ကလေးတွေ ဖြစ်တယ်။

ဒါဖြင့် ကြားဆိုတဲ့အခိုက်မှာရှိတာ ရုပ်နာမ်၊ ဒီက ပြောလိုက်တဲ့ အသံသဒ္ဒါရုံ ရုပ်ရယ်၊ အဲဒီက နားသောတပသာဒ အခံဓာတ်ဆိုတဲ့ အကြည်ရုပ်ရယ် ဒီနှစ်ခု ခတ်လိုက်တာ ရုပ်ချင်းခတ်လိုက်တာ၊ အဲဒါ ရုပ်ဓာတ်။ အဲဒီ ခတ်လိုက်တော့ ခုနက ဟော-ဘာပြောသွားတာ ဘာပြောလိုက်တာဆိုတဲ့ သိသိ, သိသိသွားတဲ့ နာမ်ဓာတ်၊ စည်သံနဲ့တူတဲ့ နာမ်ဓာတ်၊ အဲဒီနာမ်ဓာတ်နဲ့ ရုပ်ဓာတ် နှစ်ခုရှိတာပဲ၊ အဲဒီ ရုပ်ဓာတ်နဲ့ နာမ်ဓာတ်နှစ်ပါး ဘယ်ရောက်ရောက်သွားတုန်း ကြားပြီးတော့၊ ဘယ်ရောက်ရောက်သွားတုန်းဆိုတော့ ဘယ်ရောက်သွားမှန်းကို မသိဘူး၊ ပျောက် ပျောက်သွားတာ။

ဒါဖြင့် ရုပ်နာမ်တွေဟာ ပေါ်လိုက်ပျောက်လိုက်၊ အကြောင်းတိုက်ဆိုင်ရင် ပေါ်ပြီးတော့ ပျောက်သွား၊ အကြောင်းတိုက်ဆိုင်ရင် ပျောက်သွားပြီးတော့ စုဝေးပြီး တော့ ဘယ်နားသွားစုပုံနေတာလည်း မရှိဘူး၊ ဖြစ်ဖို့ရာဆိုပြီးတော့ တစ်နေရာရာက စုဝေးပြီးတော့ စောင့်နေကြတာလည်း မရှိဘူး၊ စည်လက်ခတ်နဲ့ စည်သံရိုက်တဲ့အခါ ဒိန်းကနဲ မြည်ပြီးတော့ ပျောက်၊ နောက်တစ်ခါတိုက်ရင် ဒိန်းကနဲ မြည် ပြီးတော့

http://www.dhammadownload.com



ပျောက်၊ ဒါပဲကိုး. . . လို့ ဒီလိုမြင်တော့ ဆက်သွားတယ်ဆိုတာ မရှိတော့ဘူး။ ဆက်တာမဟုတ်ဘူး။ အပြတ်ပြတ် အတစ်အတစ်ပဲ။

အပြတ်အပြတ် အတစ်တစ်ပေမယ့်လို့ တစ်ခါတည်း အပြီးသတ် ပြတ်ပြီး၊ ဘယ်မှ မဖြစ်တော့ဘဲနဲ့ ပြတ်တဲ့အပြတ်လည်း မရောက်ဘူး၊ နောက် သူ့အကြောင်းနဲ့ သူ့အကျိုးပေါ်ရင် မြည်ပြန်တာပဲ၊ စည်လက်ခတ်နဲ့ စည်မျက်နှာပြင်တိုက်ရင် ဒိန်းကနဲဆို မြည်ပြန်တာပဲ. . . လို့ ဒီလိုသိပြန်တော့လည်း ဥစ္ဆေဒဒိဋ္ဌိ သေရော၊ သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိကို အဲဒီနည်းနဲ့ သတ်ယူရတယ်။ တို့ ဗုဒ္ဓဘာသာတွေက သေပြီးရင် ရွတ်ကနဲဆို ဝိဉာဉ်လေးက ဟိုဘဝ ရောက်သွားတယ်၊ ဒီဘဝ ရောက်သွားတယ်နဲ့ ပြောကြတယ်၊ ရောက်တာကတော့ ရောက်တယ်၊ ဒီကရုပ်နာမ် ဟိုရောက်သွားတာတော့ မဟုတ်ဘူး၊ ဘယ့်နဲ့ရောက်တာတုန်း၊ ဒီကရုပ်နာမ် မရောက်ရင် ဘယ့်နှယ့်ဟိုမှာ သွားဖြစ်တာတုန်း၊ ဦးဖြူသေပြီးတော့ ဟိုမှာ နတ်သား ဦးဖြူ ဖြစ်တယ်ဆိုတာ ဒီကဦးဖြူကြီး ဟိုရောက်သွားတာမဟုတ်လားလို့ဆိုတော့ ရောက်တာတော့ မှန်တယ်၊ ရုပ်နာမ်တော့ မရောက်ဘူး၊ ဒီက ရုပ်နာမ် ဟိုရောက်သွားတာတော့ မဟုတ်ဘူး၊ ဒီကအကြောင်းကြောင့် ဟိုမှာ အကျိုးသွားပေါ်တာ။

ဘာနဲ့ ဥပမာ ကြည့်ရတုန်းဆိုတော့ ဖယောင်းမီးကူး ဥပမာနဲ့ ကြည့်ရတယ် ဒါမျိုးကျတော့။ ဖယောင်းတိုင်လေးတစ်တိုင် မီးထွန်းထားတယ်၊ နောက် ဖယောင်းတိုင်တစ်တိုင်နဲ့ မီးတို့ချင်တဲ့သူက လာတို့တယ် "ကျုပ်ဖယောင်းတိုင် မီးလေးတစ်တို့ ပေးပါ" "ဟာ-တို့ပါ တို့ပါ, ယူပါ ယူပါ, တို့ယူပါဆိုပြီးတော့ ဖယောင်း မီးလေး တို့ခိုင်းလိုက်တယ်။ ပထမကိုင်ထားတဲ့ သူ့လက်ထဲက ဖယောင်းမီးလေးက တောက်နေတာ၊ အဲဒါကို နောက် ဖယောင်းတိုင်တစ်တိုင်ရှိတဲ့သူက မီးမတို့ရသေးတဲ့လူက လာတို့ယူတယ်၊ ပါသွားတယ်၊ သူမီးနဲ့ တို့ယူသွားတယ်၊ မီးယူသွားတော့ သူ့ဖယောင်းအလင်းဓာတ်၊ ဒုတိယ လာယူတဲ့သူရဲ့ဖယောင်းတိုင်လည်း မီးတောက်ကလေး ပါသွားလေရဲ့။

ဒါဖြင့် အဲဒီပါသွားတာဟာ ဒီပထမ ဖယောင်းတိုင်ရဲ့ မီးတောက်ပါသွားတာလား မဟုတ်ဘူး၊ အဲ ပထမ ဖယောင်းတိုင်ရဲ့ မီးတောက်သာ ဟိုပါသွားရင် ပထမဖယောင်းတိုင် မီးငြိမ်းကျန်ရစ်မှာ၊ အဲ-ငြိမ်းမကျန်ရစ်တာထောက်ရင် ပါသွားတာဟာ ဒီကဖယောင်းတိုင်မီး မဟုတ်ဘူး၊ ဒါဖြင့် အကြောင်းကင်းသလား၊ မကင်းဘူး၊ ဒီကမီးကြောင့် ဟိုမှာ မီးကူးပြီးတော့ သူ့ဖယောင်းနဲ့ သူ့မီးဓာကြောင့် သူ့မီးတောက်အကျိုးပေါ်ပြီးတော့ သွားတာ၊ ဒီက ဓာတ်လိုက်တာ။

အဲဒီလို ယူလိုက်တော့မှ ဒီကလူ နတ်ပြည်ဖြစ်တာလည်း မှန်တယ်၊ ဒီက ရုပ်နာမ် ဟိုမရောက်ဘူးဆိုတာလည်း သေချာတယ်။ ဒီကရုပ်နာမ် ဟို မရောက်ဘူး

http://www.dhammadownload.com



ဆိုတာ ဒီကမီးတောက် ဟိုပါသွားတာမဟုတ်ဘူးဆိုတာနဲ့ အတူတူပဲ။ သို့သော် ဒီကအကြောင်းကြောင့် ဟိုမှာ အကျိုးပေါ်တယ်လို့ဆိုတာနဲ့ ဒီဖယောင်းမီးကြောင့် ဟိုဖယောင်းမီး မီးရသွားကတယ်ဆိုတာ အတူတူပဲ၊ အဲဒီလိုအားဖြင့် ဝိပဿနာရှုလိုက်လို့ အဖြစ်ကိုမြင် ဥစ္ဆေဒဒိဋ္ဌိသေတယ်၊ အပျက်ကိုမြင်ရင် သဿတဒိဋ္ဌိသေတယ်. . . တဲ့၊ ရုပ်နာမ်တွေ ထပ်ပြီးတော့ဖြစ်တယ် သူ့အကြောင်းနဲ့သူ့အကျိုး တိုက်ဆိုင်ရင် ဖောင်းကနဲဆို ပေါ်တာပဲ၊ စည်လက်ခတ်နဲ့ စည်မျက်နှာပြင် တိုက်ပြန်ရင် ဒိန်းဆိုတဲ့အသံ နောက်ထပ်ဖြစ်တာပဲလို့မြင်ရင် ဥစ္ဆေဒဒိဋ္ဌိ ပြတ်သွားတယ်။ ဘယ်တော့မှ မဖြစ်တော့ဘူး ပြီးရော။ သေပြီးရင် ပြီးတာပဲလို့ ဒီလိုယူတဲ့ အယူ မပေါ်လာတော့ဘူး။

အဲ ရုပ်နာမ်တွေပေါ်ပြီးတော့ ပျောက်ပျောက်သွားတာပဲ၊ အခုကြားတဲ့ အသံလေးတွေဟာ ပြီးတော့ ပျောက်ပျောက်သွားတာပဲ၊ ပြတ်ပြတ်သွားတာပဲလို့ သိရင် သဿတဒိဋ္ဌိ ဆက်တယ်ဆိုတဲ့အယူ မလာတော့ဘူး၊ ဒါကြောင့် ဝိပဿနာရှုလိုက်လို့ ရုပ်နာမ်ဖြစ်ပျက်ကိုမြင်ရင် သဿတဒိဋ္ဌိနဲ့ဥစ္ဆေဒဒိဋ္ဌိ နှစ်ပါးသေတယ်၊ သတ်ရာရောက်တယ်၊ အဲဒီ သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိသေတာသည်ပင် ရှင်ဘုရင်ကို၊ မင်းနှစ်ပါးကို သတ်တယ်. . . လို့ ခေါ်တယ်၊ တိုင်းပြည်အုပ်ချုပ် မင်းလုပ်နေတဲ့ မင်းနှစ်ပါးကိုသတ်တာပဲ၊ ဒါဖြင့် မင်းနှစ်ပါးကို သတ်ချင်ရင်ဓမ္မဆိုတဲ့ ဝိပဿနာ တရား ရှုပွားရတယ်၊ ဆိုစမ်းပါ့-

❖ မင်းသတ်နိုင်အောင်, ဒါကိုဆောင်, များမြောင်ဓမ္မ, ရှုပွားကြ။

အဲ-သူလျှိုခြောက်ယောက် အထောက်တော်နှင့်တကွဖြစ်သော တိုင်းကြီးပြည်ကြီးကို ချေမှုန်းဆိုတာ၊ ခုနက ဝိပဿနာရှုလိုက်လို့ရှိရင် အာယတနဆယ့်နှစ်ပါးဆိုတဲ့ တိုင်းပြည်ကြီး ပြုတ်ပြုတ်ပြုန်း ချေမှုန်းပြီးသား ဖြစ်တယ်. . .။ သူလျှိုခြောက်ယောက် အထောက်တော်ဆိုတာ ဘယ်သူတုန်းဆိုတော့ တဏှာခြောက်ပါး၊ နန္ဒီရာဂလို့ခေါ်တဲ့ တဏှာခြောက်ပါး မျက်စိပေါ်က တဏှာ, နားပေါ်က တဏှာ, နှာခေါင်းပေါ်က တဏှာ, လျှာပေါ်က တဏှာ, ကိုယ်ပေါ်က တဏှာ, မနောပေါ်က တဏှာ-လို့ ဒွါရခြောက်ပါးမှာရှိတဲ့ တဏှာခြောက်ပါးကို သူလျှိုခြောက်ယောက်လို့ ပြောထားတာ။

သူလျှိုဆိုတာ အတွင်းဝင်ပြီးတော့ ပူးသတ်တတ်တယ်၊ သူလျှိုတို့ အထောက်တော်တို့ စုံထောက်တို့ဆိုတာ မိတ်ဆွေယောင်ဆောင်ပြီးတော့ ကိုယ့်ကို လာပြီးတော့ အတွင်းဝင်ဖျက်ဆီးတတ်တယ်။ အဲဒါ သူလျှိုရဲ့သဘောပဲ၊ သူက သူ့ကို မိတ်ဆွေထင်အောင်လုပ်ထားတာ ကိုယ်က သူ့ မိတ်ဆွေကြီးထင်လို့ ကိုယ့်ကောင်းကျိုး သယ်မယ့်သူကြီးလို့ထင်အောင် သူကလုပ်ထားတာ၊ လုပ်ထားပြီး

http://www.dhammadownload.com



တော့မှ ကိုယ့်အနီး ကပ်ပြီးတော့ ပူးပြီး သူလိုရာကို ဆွဲတာ၊ သူလိုရာပါအောင် ယူတာ၊ နောက်ဆုံး ဖမ်းချုပ်တာပဲ သူက ကိုယ့်ကို အဲ-အဲဒါဟာ သူ့လျှိုလို့ခေါ်တယ်။

အဲသလိုပဲ အဆင်းမျိုးစုံရူပါရုံကို ကြည့်မြင်တတ်တဲ့ မျက်စိပေါက် စက္ခုဒွါရခေါ်တဲ့ မျက်စိပေါက်မှာ တဏှာသူလျှိုက ဝင်လာတယ်၊ ဘာကောင်းမှုလေးပြုပြု သူလျှိုက ဝင်လာပြီးတော့ မင်း အခုကောင်းမှုကြီးပြုတာ မင်းတို့ အမလေး. . . ကုန်တာ၊ နေ့လယ်လည်း ဆွမ်းတွေနဲ့ ဧလမ္ဗန့်တွေ လောင်းအုံးမှာတဲ့၊ ဆပ်ပြာတွေကလည်း ဆေးပစ္စည်းအဖြစ်လှူတာ မနည်းပါဘူး၊ အခဲ (၃၀၀)ရာကျော်၊ နည်းတဲ့ကောင်းမှုတွေ မဟုတ်ဘူး. . . နည်းတဲ့ ကောင်းမှုတွေ မဟုတ်ဘူး။ ဒါဆို မင်းတို့နတ်စည်းစိမ်တော့ကွာ၊ သူဌေးကြီးစည်းစိမ်တော့ ကောင်းကောင်းရပေ့၊ သံယိကဒါနဆိုတော့ ဟော့-သိပ်ကြီးကျယ်တာ သံယိကဒါနဆိုတာ။

အဲဒီတော့ မင်း လူ့စည်းစိမ် တောင်းလိုက်၊ လူ့စည်းစိမ် တောင်းလိုက်၊ နတ်စည်းစိမ် တောင်းလိုက်၊ နတ်စည်းစိမ် တောင်းလိုက်နဲ့ လူ့စည်းစိမ်တွေ နတ်စည်းစိမ်တွေရမှာ ဒီသံယိကဒါနကုသိုလ်မျိုးနဲ့ဆိုတော့ကွာ ဖြစ်လိုက်မယ့် စီးပွားတွေကတော့ မပြောနဲ့တော့၊ အဲဒီစီးပွားတွေရအောင်, စီးပွားတွေ ရအောင်ဆိုပြီးတော့ ဆုတောင်း၊ နတ်စည်းစိမ် ဆုတောင်းကွ၊ သူဌေးကြီးဖြစ်ရပါလို၏၊ သူဌေးကတော်ကြီး ဖြစ်ရပါလို၏၊ ရွှေတွေငွေတွေ ပေးမကုန်လှူမခန်း၊ လှူမခန်းပေးမကုန် စီးပွားဥစ္စာ ရွှေတွေငွေတွေနဲ့ ပြည့်စုံရပါလို၏လို့ ဆုတောင်း. . . ဆုတောင်း ဆုတောင်းဆိုတော့ ကိုယ်က အဟုတ် မှတ်လို့ သူဌေးကြီးဖြစ်ရပါလို၏၊ သူဌေးကတော်ကြီး ဖြစ်ရပါလို၏. . . လို့ ဆုတောင်းလိုက်တယ်။

ဒီလောက်ကြီးကျယ်တဲ့ ကောင်းမှုကြီးကြောင့် ရမှာက နိဗ္ဗာန်ဆိုတဲ့ အိုနာသေလွတ်တဲ့နိဗ္ဗာန်ကြီး ရနိုင်ရက်သားနဲ့၊ ပြည်တန်ပတ္တမြားကြီး ရနိုင်ရက်သားနဲ့ ချက်ကျောက်ကလေး မက်ပြီးတော့ သူဌေးကြီးဖြစ်ရပါလို၏။ သူဌေးကတော်ကြီး ဖြစ်ပါလို၏. . . လို့ ခုနက တဏှာက မျက်စိပေါက်က တဏှာက လာလှည့်စားတာနဲ့ သူ့နောက်ယောင်ပြီးတော့ ဆုတောင်းလိုက်မိသကိုး၊ ဆုတောင်းလိုက်တော့ သူ သူဌေးကြီး ဖြစ်ပါတယ်၊ သူဖြစ်ချင်တဲ့ ရွှေသူဌေးကြီး ငွေသူဌေးကြီး၊ ကျောက်သံပတ္တမြားသူဌေးကြီးကို ဖြစ်တာပဲ၊ ဖြစ်ပြီးတော့မှ လာပြီဟိုက ဆီးချိုတို့, သွေးတိုးတို့, နှလုံးတို့, ကင်းဆာတို့ သွေးကြောပိတ်တို့ ဂရင်ဂျီနာတို့, လိပ်ခေါင်းတို့က စပြီးတော့ အကုန်လုံးရောဂါတွေ လာကုန်။ အမလေး. . . အလိုလေးနဲ့၊ အဲသူဌေးကြီး ဒုက္ခတွေနဲ့ ခံရ။

ဆံပင်တွေဖြူ, သွားတွေကျိုး ပါးရေတွေ တွန့်, ခါးတွေ ကိုင်း, နားတွေ ထိုင်းနဲ့ ဇရာဒုက္ခကြီး ဖိ။ မရဏဒုက္ခကြီးက နောက်ဆုံးကျတော့ လာခဲ့ မင်း သူဌေး

http://www.dhammadownload.com



ကြီးဖြစ်ချင်တဲ့ကောင်တော့ သူဌေးသေ သေရမယ်ဆိုပြီးတော့ တစ်ခါတည်း သေရအောင်လို့ သေမင်းကြီးက လာဆွဲပြီးတော့ အမလေး. . . သူဌေးကတော်ရေ သွားရတော့မယ်၊ အမလေး သားရေ သမီးလေးရေနဲ့ မျက်ရည်လေးစို့စို့ ဒီမျက်ရည်လေးစို့စို့နဲ့ သေမင်းဆွဲရာ ပါသွားရတာ၊ အဲဒါ သူဌေးကြီးဖြစ်ချင်လို့ သူဌေးအို အို၊ သူဌေးနာ နာ, သူဌေးသေ သေရတာ၊ ရှင်ဘုရင်ကြီးဖြစ်ချင်ရင် ရှင်ဘုရင်အို အို, ရှင်ဘုရင်နာ နာ, ရှင်ဘုရင်သေ သေရတာ၊ အဲဒါ တဏှာက လှည့်စားလိုက်တာနဲ့ ရှင်ဘုရင်ကြီးဖြစ်ရင် ဟုတ်လိမ့်မယ်၊ သူဌေးကြီးဖြစ်ရင် ဟန်လိမ့်မယ် ထင်ပြီးတော့ တဏှာစကား နားယောင်ပြီးတော့ ပါသွားတာ၊ တဏှာဆွဲဆောင်ရာ လိုက်သွားမိတာ၊ အဲဒါ သူလျှိုပဲ။

သူလျှိုကနေ ကိုယ့်လှည့်စားပြီးတော့ သူလိုရာဆွဲသွားလိုက်တာ အချုပ်ခံရတယ်၊ (၃၁)ဘုံအချုပ်ထဲ ကျသွားတယ်၊ အိုနာသေဒုက္ခတွေနဲ့ ကြုံရတယ်၊ ဒီတော့ အဲဒီသူလျှိုကို ချေဖျက်ပြီးတော့ (၃၁)ဘုံဆိုတာ ရုပ်နာမ်ခန္ဓာတွေနဲ့ အိုဘေး, နာဘေး, သေဘေးတွေနဲ့နေတဲ့နယ်ကြီး။ အကျဉ်းစခန်းကြီး ထောင်စခန်းကြီး၊ အဲဒီက လွတ်ရာဆီကို ငါလွတ်အောင်ရုန်းမယ်. . . လို့ ဆိုပြီးတော့ (၃၁)ဘုံ သံသာရာဝဋ်က ကျွတ်လွတ်ဖို့ရာဖြစ်ပါစေသား. . . တပည့်တော်တို့ ဒီနေ့ပြုကြတဲ့ စုပေါင်းပြီးတော့ လောင်းကြ၊ ဆွမ်းတွေလောင်းကြ၊ ဟင်းတွေလောင်းကြ၊ ဆေးပစ္စည်းတွေ လောင်းရတဲ့ ကုသိုလ်ကောင်းမှု စေတနာတို့ကြောင့် (၃၁)ဘုံ သံသရာဝဋ်ကြီးက ကျွတ်ဖို့လွတ်ဖို့ ဖြစ်ပါစေသား. . . လို့ဆိုတော့ သူလျှို တွေနဲ့တကွ တိုင်းပြည်ကြီးကို ချေမှုန်းချလိုက်တာ။

တိုင်းပြည်လို့ခေါ်တဲ့ ရုပ်နာမ်ခန္ဓာ အာယတနဆယ့်နှစ်ပါးစုပေါင်းထားတဲ့ ဒီရုပ်နာမ်ခန္ဓာတွေကို မလိုချင်တော့ဘဲနဲ့ ချေမှုန်းချလိုက်တာ၊ ဖျက်ဆီးချလိုက်တာ၊ ဖြိုဖျက်ချလိုက်တာ၊ အဲဒီတင် လွတ်ထွက်သွားတာပဲ၊ နိဗ္ဗာန်ရပြီး ရဟန္တာဖြစ်တယ်. . . တဲ့၊ ဒါ ဝိပဿနာပါပဲ၊ ဒါဝိပဿနာ ခုန ဓမ္မရှုပွားလိုက်ရင် အဲဒီမင်းနှစ်ပါးလည်း သတ်ပြီးသားဖြစ်တယ်၊ သူလျှိုခြောက်ယောက်နှင့်တကွ တိုင်းပြည်ကြီးလည်း ချေမှုန်းပြီးသား ဖြစ်သွားပြီ၊ ကဲ-ဒါကြောင့် လိုက်ဆိုပါအုံး-

❖ ပြည်ဖျက်နိုင်အောင်, သတိဆောင်, များမြောင်ဓမ္မ, ရှုပွားကြ။

အဲဒီလိုအားဖြင့် လကုဏ္ဍကဘဒ္ဒိယမထေရ်ကို အကြောင်းပြုပြီးတော့ ဟောတော်မူခဲ့အတိုင်း ဒီနေ့ မန္တလေးမြို့ တံမြက်စည်းစုရပ်မှာ နေထိုင်ကြတဲ့ ဆွမ်းဒကာ ဦးတင်မောင်ဝင်း ဦးဆောင်သော ဒကာ ဒကာမအပေါင်း သူတော်ကောင်းတို့သည်. . . အမေနဲ့တူတဲ့ တဏှာကိုသတ်၊ အဖေနဲ့တူတဲ့ မာနကိုယ်

http://www.dhammadownload.com



သတ်၊ တိုင်းပြည်အုပ်ချုပ် မင်းလုပ်တဲ့ ရှင်ဘုရင်နှစ်ပါးနဲ့တူတဲ့ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒ ဒိဋ္ဌိနှစ်ပါးကို သတ်၊ သူလျှိုခြောက်ယောက်, အယောက်တော်တွေနဲ့တူတဲ့ ဒွါရ ခြောက်ပါးက နန္ဒီရာဂခေါ် တဲ့ တဏှာကိုသတ်ပြီးတော့ အာယတနဆယ့်နှစ်ပါး ဆိုတဲ့ တိုင်းပြည်ကြီးကို ချေမှုန်းဖို့ရာအတွက် ဒီနေ့ တပည့်တော်တို့ သံဃာတော် (၈၀၀)ကျော်တို့အား နံနက်အချိန် စမူစာဆွမ်း ကော်ဖီဆွမ်းတို့ဖြင့်လည်းကောင်း၊ နေ့လယ်အချိန် မွန်မြတ်သော ဆွမ်းဘောဇဉ်များနှင့် ဖလမုန့်ဆွမ်းတို့ဖြင့်လည်း ကောင်း ဆက်ကပ်သမှုပြုကြပါကုန်၏၊ ဆေးပစ္စည်းအလို့ငှါ **LUX**ဆပ် ပြာအမွှေးခဲ သုံးရာ့တစ်ဆယ်တို့ကိုလည်း ဆေးပစ္စည်းအဖြစ်ဖြင့် ရည်မှန်းလှူဒါန်း ကြပါကုန်၏။

ဤကဲသို့ ကြိုးပမ်းအားထုတ် ပြုလုပ်ရသော ကောင်းမှုအစုစု, ကုသိုလ် စေတနာ အားတို့ကြောင့်၊ တပည့်တော်တို့သည် အမေ, အဖေ, မင်းနှစ်ပါး၊ သူလျှို စုံထောက်, ခြောက်ယောက်တို့နှင့်တကွ, တိုင်းပြည်ကြီးလို့ခေါ် ဆိုရတဲ့ တဏှာ, မာန, ဒိဋ္ဌိနှင့် ရုပ်နာမ်ခန္ဓာတို့ကို ဤဘဝ ဤကိုယ် ဝင်္ဘဝတိုတိုဖြင့်ပင် သတ်ဖြတ် ခြေမှုန်းနိုင်တဲ့ ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်များ ဖြစ်ရပါလို၏. . .၊ ဖြစ်ရပါစေ သား. . . လို့ ကိုယ်စီကိုယ်ငှ, ရည်မှန်းချက်ချပြီး ပြုစွမ်းနိုင်ကြတဲ့ အမျိုးကောင်းသား အမျိုးသမီးများ ဖြစ်ကြပါစေကုန်သတည်း။

ဤကဲသို့ ပြုစွမ်းနိုင်ကြကုန်သည်ဖြစ်၍ ဤကဲ့သို့ မိမိကိုယ်ကိုမိမိ၊ မဂ္ဂသစ္စာ ဆိုက်အောင်, နိရောဓသစ္စာဆိုက်အောင် တဏှာ, မာန, ဒိဋ္ဌိနှင့်တကွ ခန္ဓာ အာယတနတို့ကို အပြီးသတ်, သတ်ဖြတ်ခြေမှုန်းသွားတော်မူတတ်ကြတဲ့ ရှေးရှေး သော အရိယာနွယ်လောင်း သူတော်ကောင်း, သူတော်ကောင်းမကြီးတို့ ရအပ် ရောက်အပ်, သိမြင်အပ်သော သန္တိသုခ နိဗ္ဗာနဓာတ် ချမ်းသာထူး ချမ်းသာမြတ်ကြီး ကို လျင်မြန်ဆောစွာ ရကြရ, ရောက်ကြရ, မြင်ကြရပါလိုကုန်သောဟူ၍, ပတ္ထနာ အောင်ဆု ပြုလိုက်ကြကုန်ရာသတည်း. . .။

သာဓု. . . သာဓု. . . သာဓု. . . ပါဘုရား။

http://www.dhammadownload.com

# * နကုလပိတုသုတ္တန်
# ကိုယ်သာနာ၍ စိတ်မနာစေနှင့်တရားတော်

ဒီနေ့ အမရပူရ မဟာဂန္ဓာရုံကျောင်းတိုက် သံဃာတော်များအား လာရောက်ဆက်ကပ်လှူဒါန်းကြတဲ့ ကုသိုလ်ရှင်များက, မန္တလေးမြို့ ဆိုင်းတန်းရပ်ကွယ်လွန်သူ ဖခင်ဒါယကာကြီးဖြစ်သော ဒါယကာကြီး ဦးအောင်ဖြိုးကို ရည်စူးမှန်းထားပြီးတော့, ကျန်ရစ်သူ မိခင်ကြီးဒေါ်အေးကြည်နဲ့ သားချင်းဆွေမျိုး မိသားစုတို့က, ဒီနေ့ အမရပူရ မဟာဂန္ဓာရုံကျောင်းတိုက် သံဃာတော်များအား နံနက်ဆွမ်း နေ့ဆွမ်း မွန်မြတ်သော ခဲဖွယ်ဘောဇဉ် ချိုချဉ်အရသာ အဖြာဖြာတို့ဖြင့် ဆက်ကပ်လှူဒါန်းကြပါတယ်တဲ့။

အခု ဆွမ်းဒါယကာ ဒါယိကာမဖြစ်ကြတဲ့ ဦးဘသန်း+ဒေါ်အေးကြည်တို့ဆိုတာ ဒီမှာလည်းပဲ ရဟန်းခံထားတဲ့ ရဟန်းတစ်ပါးရှိတယ်၊ အရင့် အရင်လည်းပဲ ဆွမ်းကပ်ဖူးတယ်၊ နှစ်ကြိမ် သုံးကြိမ်ရှိပြီ။ အခု ဆွမ်းဒကာက ကျန်းမာရေးသိပ်မကောင်းဘူးတဲ့၊ ဆေးရုံကဆင်းလာတာ(၁၅)ရက်လောက်ပဲ ရှိသေးတာ၊ ရန်ကုန်မှာသွားပြီးတော့ ဆေးရုံတက်ရတယ်၊ သံဃာတော်များအနေနဲ့က တို့ဘက်ကဝတ္တရားက အထူးမေတ္တာ, ဩဒိဿမေတ္တာပို့လွှတ်ဖို့ တာဝန်ရှိတယ်၊ ဒီတော့ အခုတရားနာနေရင်း, ဩဝါဒနာနေရင်းလည်းပဲ အဲဒီ ဆွမ်းဒကာ၊ အထူးသဖြင့် အားလုံးရောက်နေကြတဲ့ ဒကာဒကာမတွေအပေါ်မှာ တို့ရဲ့မေတ္တာ တုန့်ပြန်ရမယ့်ဝတ္တရားရှိတဲ့အတိုင်း အားလုံးဒကာဒကာမတွေအပေါ်ရော မေတ္တာတုံ့ပြန်ပေးကြပါ၊ မေတ္တာပို့ပေးကြပါ။

သူတော်ကောင်းပုဂ္ဂိုလ်တွေ, သီလရှိတဲ့ပုဂ္ဂိုလ်တွေဆီက မေတ္တာကို ခံယူရတယ်ဆိုတာ အင်မတန် စူးရှထက်မျက်တဲ့ ဩဇာအာဏာရှိပါတယ်။ သံဃာခုနှစ်ရာလုံးရဲ့မေတ္တာကို ခံယူရမယ်ဆိုရင် ဘုရားသာသနာ သီလသိက္ခာ ထိန်းသိမ်းနေရတဲ့အများအားဖြင့် သီလသိက္ခာလုံခြုံနေတဲ့ သံဃာတော်တွေဆီက မေတ္တာခံယူရမယ်ဆိုရင် တစ်ခဏမျှဖြစ်စေ ခံယူရသည်ထားဦး၊ ဒီမေတ္တာရဲ့အရှိန်၊ ဒီမေတ္တာရဲ့အာနိသင်ကြောင့် စွဲကပ်နေတဲ့ရောဂါများ ပျောက်ကင်းပြေပျောက်ကြောင်းဖြစ်တဲ့ ဆေးဝါးကောင်း ဓာတ်စာကောင်းတွေနဲ့ တွေ့ကြုံခြင်းဆိုတဲ့ ဒီအခွင့်အရေးတွေဒါ ကျမ်းဂန်ထဲမှာလည်းရှိပါတယ်၊ လက်တွေ့ဖြစ်ရပ်တွေလည်းပဲ ရှိပါတယ်၊ ဒါကြောင့် မေတ္တာပွားပေးပါ၊ မေတ္တာပို့ပေးကြပါ၊ အဲ ဆွမ်းဒကာက ကျန်းမာရေးသိပ်မကောင်းဘူး။

* သံ-၂-၁၊ ၃၃၃။ အံ-၂၊ ၂၆၁။ ဖာ-၃၊ ၉၅။

http://www.dhammadownload.com



ဒီတော့-ဒီနေ့ ဆွမ်းဒါယကာ ဒါယိကာမ မိသားစုတို့ရဲ့ ကုသိုလ်ကောင်းမှု အတွက် နကုလပိတုသုတ်တော်ဆိုတာကို ပြောရမယ်၊ မြတ်စွာဘုရား သက်တော် ထင်ရှားရှိစဉ်က သံသုမာရဂိရိဆိုတဲ့မြို့မှာ သူဌေးဒါယကာ ဒါယိကာမနှစ်ဦး ရှိကြတယ်၊ နကုလပိတာ. . . တဲ့ သူဌေးက၊ သူဌေးကတော်က နကုလမာတာ၊ သူတို့နေထိုင်ရာမြို့ သံသုမာရဂိရိဆိုတဲ့ မြို့။ အဲဒါ သူတို့ ပထမဆုံး ဘုရားရှင်ကို တွေ့တဲ့အချိန်မှာ ဘုရားမြင်မြင်ခြင်း သားလို့ခေါ် ချင်လိုက်တာ. . . သူတို့ရင်ထဲ မနေနိုင်ဘူး၊ အောင့်နေလို့ မရဘူး၊ ဒါနဲ့ပဲ မနေနိုင်တော့ တွေ့တွေ့ခြင်း "အမလေး သားဘုရား ဘယ်ကြွနေတာတုန်း" "သားဘုရား ဘုဉ်းပေးပါဦး၊ သားဘုရား ဒီနား ကြွပါ"နဲ့ သားလို့ထည့်ခေါ် လိုက်ရမှ သူတို့စိတ်ထဲမှာ အစ်ဆို့နေတာကြီး လင်းကနဲ ဖြစ်သွား၊ ပေါ့ကနဲ ဖြစ်သွား။

ဘေးကရဟန်းတော်တွေနဲ့ တချို့ ဒကာဒကာမတွေကပေါ့ "လွန်လွန်း တယ်၊ ဒီသူဌေးနဲ့ သူဌေးကတော်ကတော့" ဘာညာနဲ့ပေါ့လေ ဘေးကနည်းနည်း ဘုရားကို သားခေါ် ရမလားဆိုပြီးတော့ ဘုရားနဲ့မိဘအရင်းလည်း မဟုတ်ဘဲနဲ့၊ အဲဒီလို နည်းနည်း တွတ်တွတ်တွတ်တွတ်နဲ့ ပြောကြတော့ ဘုရားရှင်က "မတားကြနဲ့. . မတားကြနဲ့၊ ခေါ် ပါစေ ခေါ် ပါစေ သူတို့က ဓာတ်ပါလာတာ. . . တဲ့၊ ဓာတ်ပါလာတာ ဓာတ်ကစကားပြောနေတာ" ငါဘုရားရှင် ဘုရားဖြစ်ရာဖြစ် ကြောင်း လေး အသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီတော်တို့ကို ဖြည့်စဉ်အခါတုန်းက ဒီနကုလပိတာနဲ့ နကုလမာတာဆိုတဲ့ သူဌေးဇနီးမောင်နှံ နှစ်ဦးသည်. . . တဲ့ ငါ့ရဲ့ ဖခင်နဲ့မယ်တော် ဘဝပေါင်းငါးရာလောက် ဖြစ်ခဲ့ဖူးတယ်. . . တဲ့၊ ဖြစ်ခဲ့ဖူးတယ်။ ဘုရားလောင်း ပါရမီဖြည့်စဉ်တုန်းက ဘုရားလောင်းရဲ့ အမေနဲ့အဖေ ဘဝပေါင်း ငါးရာလောက် သူတို့က ဖြစ်ခဲ့ဖူးတယ် ဘုရားလောင်း ပါရမီဖြည့်စဉ်တုန်းက။

ဒါတင်မကသေးဘူးတဲ့ ငါ့ရဲ့ဦးကြီးနဲ့ ဒေါ် လေးအဖြစ်နဲ့လည်း ဘဝပေါင်း ငါးရာလောက် ဖြစ်ခဲ့ဖူးတယ်၊ အဲဒီလို မိဘဖြစ်ခဲ့ဘူး၊ ဦးကြီးဦးလေး ဒေါ်ကြီး ဒေါ် လေးဖြစ်ခဲ့ဖူး။ အဲဒီလို များစွာဖြစ်လာခဲ့တဲ့ အရှိန်အဟုန်ဓာတ်သတ္တိတွေ ကြောင့်တဲ့၊ ဓာတ်လိုက်ပြီးတော့ ဓာတ်ခိုက်ပြီးတော့ အခု ငါ့မြင်တော့ သားလို့ ခေါ် ချင်တာ၊ ခေါ် ပါစေ. . . တဲ့ ခေါ် ပါစေ၊ မတားကြနဲ့။ ဘုရားကလည်း သူတို့ ခေါ် တဲ့အတိုင်းပဲ သားဘုရား ဒီနားကြွဆို ကြွလိုက်တာပဲ၊ သားဘုရား ဘုဉ်ပေးဆို ဘုဉ်းပေးလိုက်တာပဲ။ ဒီနကုလပိတာနဲ့ နကုလမာတာတို့ဟာ တစ်ချိန်ကျတော့ တော်တော် နေထိုင်မကောင်း ကျန်းမာရေးမကောင်းကြဘူး။ အသက်ကလေးက လည်း တော်တော်လေး ထောက်လာ၊ ကျန်းမာရေးမကောင်းတော့ အထူးသဖြင့် သူဌေးကျန်းမာရေး မကောင်းဘူး၊ မကောင်းတော့ မြတ်စွာဘုရားလည်းပဲ ဘုရားတို့

http://www.dhammadownload.com



မည်သည် တစ်နေရာမှာ ကြာရှည်လေးမြင့် သီတင်းသုံးလေ့မရှိဘူး၊ ဘာပြုလို့တုန်း ဆိုတော့ ကျွတ်ထိုက်တဲ့ သတ္တဝါတွေကြည့်. . . ပြီးတော့ ချွေချွတ်တော်မူရတာဖြစ် တော့ လှည့်. . . ပြီးတော့ သီတင်းသုံးတော်မူရတယ်။ "ကျွတ်ထိုက်ကြသား, နတ်လူများတို့, ထောက်ထားရှုမျှော်, ဒေသစာရီ လှည့်လည်တော်မူကြတဲ့ ထုံးစံရှိသည့်အတိုင်း ထိုထို၍၍ မြို့ရွာနယ်ပယ် အသွယ်သွယ် အစို့စို့ လှည့်လည်. . ပြီးတော့ သီတင်းသုံးနေရတာဖြစ်တော့ သံသုမာရဂိရိမြို့ မရောက်တာများ အတော်ကြာသွား။

ဒါနဲ့ အတော်ကြီးကြာမှ နောက်တစ်ပတ် သံသုမာရဂိရိမြို့ ရောက်လာ ကြတော့ ဒီနကုလပိတာနဲ့ နကုလမာတာတို့ ဇနီးမောင်နှံနှစ်ယောက်က၊ အရွယ်က လေး, အသက်ကလေးလည်း ထောက်ကြပြီ၊ ကျန်းမာရေးကလည်း. . ၊ မကောင်း တော့ ဘုရားရောက်လာတယ်, ဘုရားကြွလာတယ်. . . ဆိုတော့ ဝမ်းသာအားရနဲ့ ဆွမ်းစားပင့်လိုက်တယ်၊ သူတို့မသွားနိုင်ဘူး ကျောင်း၊ မြတ်စွာဘုရားနဲ့ သံဃာတော် တွေ ဆွမ်းစားပင့်လိုက်ပြီးတော့ အိမ်ဆွမ်းစား ကြွလာ၊ နောက်ရက်ရောက်တော့ ဆွမ်းပါကပ်၊ ကပ်ပြီးတော့ ဘာလျှောက်တုန်း "သားဘုရား. . . တဲ့ တပည့်တော် တို့ အသက်အရွယ်ကလည်းထောက်၊ ကျန်းမာရေးတွေကလည်း မကောင်းတော့ နေလို့ထိုင်လို့များ ကောင်းတယ်မရှိဘူး သားဘုရား. . . တဲ့ နေလို့ထိုင်လို့ မကောင်း တော့ဘူး, ကျန်းမာရေးတွေကလည်း ကြည်ကြည်လင်လင် မရှိဘူးဘုရားတဲ့" လျှောက်တယ် နှုတ်ဆက်စကားလည်းဖြစ်အောင်။ ဒီတော့ မြတ်စွာဘုရားက ဘာမိန့်လိုက်တုန်းဆိုတော့-

**ယောဟိ ဂဟပတိ ဣမံ ကာယံ, ပရိဟန္တော မုဟုတ္တမ္ပိ၊**
**အာရောဂျံ ပဋိဇာနေယျ, ကိမညတြ ဗာလျာ။**

ဂဟပတိ-သူကြွယ်၊ ယောဟိ(ကောစိ)-အကြင်အမှတ်မရှိ တစ်စုံ တစ်ယောက်သော ပုဂ္ဂိုလ်က၊ ဣမံ ကာယံ-ကိုးဆယ့်ခြောက်ဖြာ, ဘေးရောဂါ နှင့်, အိုနာသေမှု, ဘေးထုအောင်းခိုနေတဲ့, ဤခန္ဓာကိုယ်ကြီးကို၊ ပရိဟရန္တော- ရုပ် နာမ်နှစ်ပါး, ပေါင်းထားတဲ့ ဒီခန္ဓာကိုယ်ကြီးကို, ရရှိနေပြီးသကာလ, ဒီခန္ဓာ ကိုယ်ကြီးကို မွေးကျွေးသုတ်သင်, ပြုပြင်ထမ်းပိုး, နေရသည်ဖြစ်ပါလျှက်၊ မုဟုတ္တမ္ပိ-တမုဟုတ်မျှလေးလည်း၊ ဝါ-တစ်ခဏမျှလေးလည်း။ အာရောဂျံ- အနာရောဂါကင်း, ကျန်းမာခြင်းရှိသူ၏အဖြစ်ကို၊ ပဋိဇာနေယျ-ဝန်ခံပြောဆို ငြားအံ့၊ တဿ-ထိုကဲ့သို့ ကိုးဆယ့်ခြောက်ဖြာ, ဘေးရောဂါနှင့်, အိုနာသေမှု, ဘေးထုအောင်းခိုနေတဲ့, ထိုခန္ဓာကိုယ်ကြီးကို, သယ်ပိုးထမ်းရွက် သုတ်သင် ပြုပြင်, ဆောင်ရွက်နေရသည်ဖြစ်ပါလျှက်, ကျုပ်တို့တော့ ကျန်းမာပါတယ်, နေကောင်းပါ တယ်, နေသာထိုင်သာရှိပါတယ်လို့, ပြောဆိုတဲ့ပုဂ္ဂိုလ်အတွက်၊ ဗာလျာ-အသိ

http://www.dhammadownload.com



ဉာဏ်နဲ့နည်း-မို ကိမဲတဲ့အဖြစ်ကို၊ အညတြ- ကြဉ်ထား၍၊ ကိ-ဘာဆို ဖွယ်ရှိပါ တော့အံ့နည်း.

ဘာပြောလိုက်တာတုန်း သူဌေးက လျှောက်နေသကိုး တပည့်တော် ဘုရားအခုနေမကောင်းတော့ဘူးဘုရား၊ အခုမကျန်းမာတော့ဘူး။ အခုနေ မကောင်းတော့ဘူး၊ အခုမကျန်းမာတော့ဘူးဆိုတော့ သူ့ထဲမှာ မပြောသော်လည်း ဘဲ ဟိုတုန်းကတော့ကျန်းမာတယ်၊ ဟိုတုန်းကတော့ နေကောင်းတယ် ဒီအဓိပ္ပါယ် ဖြေရာရောက်နေလို့ ပြောရာရောက်နေလို့ မြတ်စွာဘုရားက ဒီစကားမိန့်တယ်။ ဘာဆိုလိုတုန်း ဘုရားစကားတော်က ဒီခန္ဓာကိုယ်ကြီးဟာ. . . တဲ့ ကျန်းမာတဲ့ အချိန်ရယ်လို့ ထောက်ပြစရာမရှိဘူး. . . တဲ့၊ ဒီရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါး စုပေါင်း နေတဲ့ ခန္ဓာကိုယ်ကြီးသည် ကိုးဆယ့်ခြောက်ဖြာ, ဘေးရောဂါနှင့်တကွ အိုနာသေမှု, ဘေးထုတွေ အောင်းခိုနေတဲ့ ဒီခန္ဓာကိုယ်ကြီးသည် ဒီခန္ဓာကိုယ်ကြီးထဲမှာ ကျန်း မာနေတဲ့အချိန် နေကောင်းနေတဲ့အချိန်လို့, ထောက်ပြစရာ တစ်ကွက်မှ မရှိပါ. . . တဲ့၊ မရှိဘူး။

အဲ့ဒီလို မကျန်းမာတဲ့၊ အဲ့ဒီ မကျန်းမမာဖြစ်နေတဲ့ ဒီခန္ဓာကိုယ်ကြီးကို ရရှိနေတဲ့သတ္တဝါတစ်ယောက် ဖြစ်နေပါလျှက်၊ ဒီခန္ဓာကိုယ်ကြီးကို ရေချိုးရ, အစာ ကျွေးလိုက်ရ, နှိပ်နယ်ပေးလိုက်ရ, ဆေးဝါးဓာတ်စာတွေ ကျွေးလိုက်ရနဲ့, အမျိုးမျိုး ပြုပြင်သုတ်သင် ထမ်းပိုးနေရသူဖြစ်ပါလျှက်. . . တဲ့။

မုဟုတ္တမ္ပိ အာရောဂျံ ပဋိဇာနေယျ. . . ။

မုဟုတ္တမ္ပိ-တစ်ခဏမျှလည်း၊ အရောဂျံ-အနာရောဂါကင်း, ကျန်းမာ ခြင်းရှိသူ၏၊ ဝါ-ကျုပ်တို့တော့ ကျန်းမာပါတယ်. . . နေကောင်းပါတယ်ဆိုတဲ့ အဖြစ်ကို၊ ပဋိဇာနေယျ-ဝန်ခံပြောဆိုငြားအံ့. . . ။ ဒီခန္ဓာကိုယ်ကြီး အမြဲတမ်း မမာတဲ့ ခန္ဓာကိုယ်ကြီး၊ အမြဲတမ်း ဖြစ်ပျက် ဖြစ်ပျက်နေတဲ့ ခန္ဓာကိုယ်ကြီး၊ အမြဲတမ်း ဒုက္ခသစ္စာတုံးကြီးဖြစ်တဲ့ ခန္ဓာကိုယ်ကြီးများ သယ်ပိုးနေရတာဖြစ်ပါ လျှက်၊ ကျုပ်တော့ ကျန်းမာပါတယ်. . . လို့ ပြောတဲ့ပုဂ္ဂိုလ်ဟာဖြင့်တဲ့ သူ့အတွက် ကတော့ အသိဉာဏ်တို၊ အသိဉာဏ်နည်းတာကလွဲလို့ ဒိပြင် ဘာ. . . မှ သူ့ အတွက် စဉ်းစားစရာမရှိဘူး. . . တဲ့။ သူအသိဉာဏ်တိုရှာလို့ သူအသိဉာဏ် နည်း ရှာလို့ သူ့ကိုယ်သူ ကျန်းမာတယ် ပြောတာတဲ့။ အမှန်စင်စစ် ဒီခန္ဓာကိုယ်ကြီးက ကျန်းမာတဲ့အချိန်ဟူ၍ ဘယ်အချိန်. . . မှ မရှိဘူး၊ သူဌေး မရှိဘူး။ ဘာပြုလို့တုန်း ဆိုတော့ ဒီဇရာခေါ်တဲ့အိုခြင်း၊ ဗျာဓိခေါ်တဲ့နာခြင်း မရဏလို့ ခေါ်တဲ့သေခြင်းဆိုတဲ့ ဒီသုံးချက်ဟာ သံသရာဘေးရန် သံသရာ ရောဂါကြီးသုံးချက်၊ ရုပ်နာမ်ခန္ဓာ ရှိတဲ့ သတ္တဝါတိုင်းမှာ ဒီရောဂါသုံးချက် အမြဲ စွဲပြီးတော့နေတယ်၊ ဒါက ပြေးမလွတ် တဲ့၊ ကျိန်းသေပေါက် ရောဂါကြီးသုံးချက်။

http://www.dhammadownload.com



ထင်ထင်ရှားရှားဆိုတဲ့ ဒိပြင်ရောဂါ ကိုးဆယ့်ခြောက်ဖြာတို့ ဘာတို့ဆိုတာ တွေကပြည့်. . . လို့ ဒီတော့ ဇရာခေါ်တဲ့ အိုခြင်း၊ အားလုံးဒကာဒကာမ တွေက သိကြတာက ဆံပင်ဖြူကုန်တော့ အိုတယ်. . . လို့ သိကြတယ်၊ သွားတွေ ကျိုးကုန်တော့ အိုကုန်ပြီ၊ မျက်စိတွေမွဲကုန်ပြီ၊ အသားအရေတွေများ တွန့်ကုန်ပြီ၊ ဟုတ်တယ် အဲဒီကျတော့ သိကြတယ်၊ ဟုတ်တယ် အိုသွားပြီ၊ ဟိုတုန်းကနဲ့ မတူဘူးလို့ သိကြတယ်. . . တဲ့ အဲဒီ အအိုက **အပဋိစ္ဆန္နဇရာ**-လို့ခေါ်တယ်၊ ဖုံးကွယ်လို့မရတဲ့ အအို၊ လူမြင်သူမြင်အအို၊ မျက်မြင်ထင်းရှားတဲ့အအို။

အဲ-အအိုက (၂)မျိုးရှိသည်၊ **ပဋိစ္ဆန္နဇရာ, အပဋိစ္ဆန္နဇရာ**။ ဓမ္မစကြာ တရားရဲ့ အဖွင့်မှာ၊ **ပဋိစ္ဆန္နဇရာဆိုတာ** ဖုံးကွယ်နေတဲ့ အအို၊ မမြင်ရသော အအို၊ လူသူလေးပါးမျက်စိဖြင့် မြင်လို့မရတဲ့ အအို၊ ဘုရားရှင်ပေးတဲ့ ဉာဏ်မျက်လုံး သုံးကြည့်မှ မြင်နိုင်တဲ့အအို. . . တဲ့ အဲဒီအအိုက **ပဋိစ္ဆန္နဇရာ**ခေါ်တယ်၊ ဖုံးကွယ်နေတဲ့ အအို။ ရင့်ရော်ဟောင်းမြင်းမှု ဆွမ်းဒကာဒကာမတွေရဲ့ ခန္ဓာရင့်ရော်မှုဆိုတဲ့ ဇရာသဘောဟာ အမြဲရှိနေတာပဲ၊ ကလလရေကြည်အဖြစ်နဲ့ အမိဝမ်းခေါင်းထဲမှာ ပဋိသန္ဓေကိန်းအောင်တဲ့အချိန်က စပြီးတော့ ဥပါဒ်, ဌီ, ဘင်၊ ဥပါဒ်, ဌီ, ဘင်၊ ဥပါဒ်, ဌီ, ဘင် စာလိုပြောရရင်။မြန်မာလိုပြောရရင် ဖြစ် တည် ပျက်, ဖြစ် တည် ပျက်, ဖြစ် တည် ပျက်၊ နောက်ဆုံးဖြစ်ပျက်, ဖြစ်ပျက်, ဖြစ်ပျက်၊ ရုပ်နာမ်ဓမ္မလေးတွေ စကတည်းကလည်း ဒီအတိုင်းလာတာပဲ သူ့သဘော၊ အဲဒီမှာ တဖြေးဖြေးနဲ့ရင့်ရော် ရင့်ရော်, ဟောင်းမြင်းလာတဲ့သဘော။ ဇရာရဲ့သဘောက-တစ်နေ့တစ်နေ့, တရွေ့ရွေ့ဖြင့်, တငွေ့ငွေ့ပွား, အိုခြင်းဆိုတဲ့ ဇရာတရား . . . တဲ့။ တဖြေးဖြေးလေး၊ တရွေ့ရွေ့လေး သူကရင့်ရင့်လာ, ဟောင်းဟောင်းလာ၊ အိုအိုလာ၊ အရွယ်ငယ်တုံး မသိဘူး၊ မမြင်ရဘူး၊ မသိဘူးဆိုတာ မမြင်ရတာ၊ ပကတိမျက်စိနဲ့ အမေမွေးတဲ့ မျက်စိနဲ့၊ အမေပေးတဲ့မျက်စိနဲ့ မမြင်ရဘူး၊ ဘုရားပေးတဲ့မျက်စိနဲ့တော့ မြင်ရတယ်။

ရုပ်နာမ်ဓမ္မသင်္ခါရတွေရဲ့သဘော, ရင့်ရော်တဲ့သဘော, ဟောင်းမြင်းတဲ့ သဘော အိုမင်းတဲ့သဘော၊ အဲဒီ သဘောဘယ်အချိန်မှ မကင်းဘူး၊ ဘယ်အချိန်မှ မလွတ်ဘူး၊ ဒီရုပ်နာမ်ရှိနေရင်၊ ဒီဇရာသဘောက အမြဲရှိနေတာပဲ၊ ဒီတော့ အဲဒီ ဇရာကျတော့ လူမြင်သူမြင် မဟုတ်လေသောကြောင့် **အပါကဋဇရာ**။ တနည်းပြောရင် **ပဋိစ္ဆန္နဇရာ**-ဖုံးကွယ်နေတဲ့ဇရာ ဉာဏ်နဲ့နှိုက်. . . ပြီး ကြည့်တတ်မှ မြင်ပါတယ်။ ဝိပဿနာဉာဏ်တို့နဲ့ သံဝေဂဉာဏ်တို့နဲ့နှိုက်ပြီးတော့ ကြည့်တက်တဲ့ ပုဂ္ဂိုလ်ဆိုရင် တွေ့ပါတယ် ဒီဇရာ။

http://www.dhammadownload.com



အဲ- အပဋိစ္စနွဇရာလို့ခေါ်တဲ့ မဖုံးလွှမ်းတဲ့ဇရာကျတော့၊ ဟော- မြင်ရတယ်၊ ပါးရေတွေတွန့်ကုန်ပြီ၊ သွားကျိုးကုန်ပြီ၊ ဆံပင်တွေများဖြူကုန် ပါပြီလား၊ နားတွေ ထိုင်းကုန်ပါပြီလား၊ အဲဒါက မြင်တဲ့ဇရာ၊ ထင်ရှားတဲ့ဇရာ၊ ဒါက ဉာဏ်မျက်လုံး တောင်သုံးဖို့ မလိုဘူး၊ အမေအဖေပေးလိုက်တဲ့ ကံပေးမျက်လုံးနဲ့ပဲ မြင်နိုင်တယ်၊ မြင်ကြတယ်၊ အရေးကြီးတာက အဲဒီကံပေးမျက်လုံးနဲ့ မြင်ရတဲ့ ဇရာကို ပြောတာ ထက် အဲဒီဇရာရဲ့အတွင်းမှာ ရှိနေတဲ့ ငုတ်နေတဲ့ဇရာကို ပါမြင်ရမယ်. . . တဲ့၊ မြင်ရမယ်။ ဟော ဇရာရောဂါကြီးကလည်း တန်းလန်း။

ဗျာဓိခေါ်တဲ့ အနာပေါင်းစုံရောဂါ၊ ဟော-သူကလည်း (၂)မျိုးပဲ၊ ခုနက လို **ပဋိစ္ဆန္နဗျာဓိ အပဋိစ္ဆန္နဗျာဓိ**၊ မထင်ရှားတဲ့ မကျန်းမာမှု၊ ထင်ရှားတဲ့ မကျန်း မာမှု။ ထင်ရှားတဲ့ မကျန်းမာမှုကျတော့ သိကြတယ်လေ၊ ဆေးရုံတက်, အနာကြီး ပေါက်လို့တဲ့, အနာငယ်ပေါက်လို့တဲ့ တီဘီတဲ့ တိုက်ဖွိုက်တဲ့ လေငမ်းတဲ့, ဆရာဝန် တွေခေါ် မာတ်ဆရာ ဗိန္ဓောဆရာတွေခေါ်ပြီတဲ့၊ အိမ်မှာပက်လက်ဖြစ်နေပြီတဲ့၊ ဒါကျတော့ လူတိုင်းသိ, အားလုံးသိ, ဗျာဓိဒုက္ခကြီး ဗျာဓိရောဂါကြီး။ မထင်ရှားသော ဗျာဓိ- မထင်ရှားသော မကျန်းမာမှု၊ ဒီခန္ဓာကိုယ်ကြီးမှာ၊ ရုပ်နာမ်ဓမ္မသဘာဝမှာ အမြဲတမ်းရှိနေတယ်။ မထင်ရှားတဲ့ဗျာဓိဆိုတာ-ရုပ်နာမ်ဓမ္မ ဝိပဿနာအနေနဲ့ ဖြစ်ပျက်နေတာ အသာထားလိုက်ပါအုံး၊ ဒီခန္ဓာကိုယ်ကြီးမှာ အမြဲတမ်းဗျာဓိခေါ်တဲ့ ရောဂါကြီးနှိပ်စက်နေတယ်၊ ရောဂါကြီးအမြဲတန်း နှိပ်စက်နေတယ်၊ ဘာတွေတုံး လို့ဆိုတော့-

သီတံ ဥဏှံ ဇိဃစ္ဆာ ပိပါသာ ဥစ္စာရော ပဿာဝေါ။

နည်းနည်းထင်ရှားတာ ပြောလိုက်အုံးမယ်၊ သီတံ-အေးတာ၊ ဥဏှံ- ပူတာ၊ ဒါတွေလည်းပဲ ဗျာဓိတွေပဲတဲ့ ရောဂါတွေပဲ။ အေးလိုက်တာ. . . အေးလွန်း တော့ အအေးမိလို့၊ သို့မဟုတ် ဒီအအေးမိလို့၊ အအေးမိလို့က ရောဂါမှန်းသိသေး တယ်လေ၊ အေးတယ်ဆိုပြီးတော့ အကျီအနွေးထည်လေး ဝတ်ပေးရ ဆေးကုရ တာ အဲဒါဆေးကုတာ။ အခုမိုးတွေရွာလို့. . . မိုးနဲ့မို့အေးတာ. . . အအေးမိလို့၊ တကတည်း ခေါင်းပတ်ထားရတယ် ကိုယ်ပတ်ထားရတယ် အနွေးထည်တွေ ဝတ်ထားရတယ် အဲဒါဆေးကုတာပဲ၊ ဒီခန္ဓာကိုယ်ကြီးက အအေးရောဂါကြောင့် အအေးကြောင့်ဗျာဓိပေါ်လာ။

ဥဏှံ-ပူလို့. . . တဲ့၊ အမလေး. . . နေလည်းပူလို့, ချွေးတွေထွက်နေလို့ ယပ်တောင်ခပ်နေရတယ် အဲဒါဆေးကုနေရတာ၊ ပန်ကာတွေ ဖွင့်ပေးနေရတယ် ဆေးကုနေရတာ၊ ဒါလည်း ဗျာဓိ. . . တဲ့၊ မထင်ရှားတဲ့ဗျာဓိ၊ လူသူလေးပါးက ဗျာဓိ လို့ မသမုတ်တဲ့ ဗျာဓိရောဂါပဲ၊ အားလုံးဒကာဒကာမတွေက ပန်ကာအောက်မှာ

http://www.dhammadownload.com



အိုက်လွန်းလို့ ပန်ကာလေးဖွင့်နေတာကို သူက ဗျာဓိလို့ မထင်ဘူး၊ ဒုက္ခသစ္စာကြီးလို့ မထင်ဘူး၊ ဉာဏ်နဲ့မှမြင်တယ်. . .တဲ့၊ ဉာဏ်နဲ့ကြည့်မှ သိတယ် ဒီဗျာဓိဒုက္ခကြီးက။ အဲ-အရိယာအပေါင်း သူတော်ကောင်းတွေကျတော့ ဒီဒုက္ခကြီးကို မြင်တယ်၊ ဒီခန္ဓာ ငါးပါး ရုပ်ဓာတ်နာမ်ဓာတ်တွေရှိသမျှ ဒီဒုက္ခတွေ အမြဲတမ်း နှိပ်စက်နေပါလား. . . လို့ ဒီလိုမြင်တယ်ဉာဏ်နဲ့၊ ဘုန်းကြီးတို့အားလုံး ဒကာ ဒကာမတွေကျတော့ ပန်ကာလေးနဲ့ ဆေးကုပေးလိုက် နေသာထိုင်သာရှိသွား၊ ပူတဲ့ရောဂါကို ပန်ကာလေးနဲ့ ဆေးကုပေးလိုက်၊ ယပ်တောင်လေးနဲ့ ခပ်ပေးလိုက်၊ သနပ်ခါးလေး လူးပေးလိုက် ဒီလိုနဲ့ ဆေးကုပေးလိုက်တာ၊ ဒီထဲမှာ တဏှာကဝင်သေးတာ-ဒီလို၊ ဗျာဓိကို ဗျာဓိမှန်းကို မထင်ဘူး ရောဂါမှန်းမသိဘူး။

ဇိဃစ္ဆာ-တဲ့ ဆာလောင်မွတ်သိပ်၊ ဆာတယ်ဆိုတဲ့ ရောဂါဟာ ဘယ်တုန်းက စစွဲတာတုန်း၊ ဒီရုပ်နာမ်ခန္ဓာရတဲ့ အချိန်ကစတာပဲ၊ ကလေးလေး တုံးကမို့ နို့ဆာတယ် အမေကနို့တိုက်လိုက်၊ အနာနည်းနည်းပျောက်သွား၊ သက်သာသွား၊ တော်တော်ကြာတော့ ဆာပြန်ပြီ ငိုပြန်ပြီ၊ ဆာမှဖြင့် "အူဝဲ အူဝဲနဲ့၊ ဒီအူဝဲ အူဝဲနဲ့ ငိုရတာ" သုခ-ချမ်းသာလို့ ငိုတာမှမဟုတ်ပဲ ဆင်းရဲလို့ငိုတာ ဘာရောဂါထတာတုန်း ဆာတဲ့ရောဂါထတာ. . . ဆာတဲ့ရောဂါထတာ။ ဇိဃစ္ဆာ-ဆာလောင်မွတ်သိပ်မှုဆိုတာလည်း ရောဂါကြီး တစ်မျိုးဖြစ်ပါသည်၊ ရေငတ်မှုဆိုတဲ့ မွတ်သိပ်မှုလည်း ရောဂါတစ်မျိုးဖြစ်ပါသည်၊ ဒီတော့ ရေငတ်တယ်ဆိုတာ ရောဂါထတာ။ ခန္ဓာကိုယ်ကြီး ရေလေးနဲ့လောင်းပြီးတော့ ဆေးတိုက်လိုက် နည်းနည်းနေသာထိုင်သာဖြစ်သွား၊ ဟင်း. . . တော်ကြာရေငတ်လာပြန်ပြီ တိုက်ရပြန်ပြီ၊ မသောက်ရင် တကတည်း လူ့ကို အသည်းတွေခြောက်, လည်တွေခြောက်, ရင်ဘတ်တွေခြောက်, ပါးစပ်တွေခြောက်ပြီး ဒုက္ခရောက်၊ ဟော-ဗျာဓိပေါ်လာ၊ ဒါဗျာဓိတွေ. . . တဲ့ ဗျာဓိတွေ၊ မထင်ရှားတဲ့ ဗျာဓိတွေရောဂါပဲတဲ့ သူတို့က။

အဲဒီ ချမ်းလို့အေးလို့ အနွေးထည်လေးတွေ ဝတ်ပေးရ၊ အနွေးထည် ဝတ်ထည်ဖျင်စင်းတွေနဲ့ကာကွယ်ပေးရ၊ အိုက်လို့ယပ်ခပ်ပေးရ, ပန်ကာဖွင့်ပေးရ, အအေး ခန်းထဲဝင်ပေးရ, သနပ်ခါးလိမ်းပေးရ, နံ့သာလူးပေးရဆိုတဲ့ ကာကွယ်မှုတွေ ဘယ်အချိန်များ ကင်းတုန်း. . . တဲ့ ဘယ်အချိန်များကင်းတုန်း၊ ဒီခန္ဓာကိုယ်ကြီး အအေးနဲ့အပူလှည့်နှိပ်စက်နေတာပဲ၊ အေးလိုက်ပူလိုက် အေးလိုက်ပူလိုက် ဒီနှစ်ခုနဲ့ လွတ်နေတဲ့အချိန်များ ထောက်ပြကြစမ်းပါ၊ ရှာပြကြစမ်းပါ၊ ဘယ်အချိန်များရှိတုန်း၊ အစာဆာလောင်မှုကြောင့် စားနေရတဲ့အချိန်၊ မစားဘဲနေတဲ့အချိန် ဘယ်အချိန်ရှိတုန်း ပြစမ်းပါ၊ ရေငတ်လို့ ရေမတိုက်ဘဲထားလို့ရတဲ့အချိန် ဘယ်အချိန်ရှိတုန်း ဒီခန္ဓာကိုယ်ရောဂါတုံးကြီး၊ ရောဂါသည်ကြီး၊ ယနေ့ ဆွမ်းဒကာ

http://www.dhammadownload.com



ဆွမ်းအမတွေနှင့်တကွ အားလုံးတရားနာနေကြတဲ့ ဒကာဒကာမတွေ။ ဒီခန္ဓာကိုယ်ကြီးကို ဘုရားရှင်ကိုယ်တော်မြတ်က ဟောတော်မူနေပါတယ်၊ ဒုက္ခသစ္စာကြီးရဲ့အမြဲတန်း နှိပ်စက်နေရာဖြစ်တဲ့ ရောဂါကြီး. . . တဲ့၊ ရောဂါသည်ကြီး ဘယ်အချိန်များ လပ်တုန်း၊ ခုနက အအေးအပူဒဏ်က လွတ်တာ၊ ဆာလောင်မှုနဲ့မွတ်သိပ်မှု ရေငတ်မှုတွေကင်းနေတာ ဘယ်အချိန်ရှိတုန်း။ ဆေးကျွေးနေရတာ။

ဥစ္စာရော ပဿာဝေါ-ကျင်ကြီးအမှုပြုလိုခြင်း ပြုရခြင်း၊ ကျင်ငယ်အမှုကို ပြုလိုခြင်း ပြုရခြင်း. . . တဲ့၊ ဒီခန္ဓာကိုယ်ကြီးထဲ ကစားလိုက် သောက်လိုက်ရုံနဲ့ မပြီးသေးဘူး၊ တော်ကြာကျတော့ ကျင်ကြီးအမှုတွေပြုလိုလာတယ်၊ ပြုချင်လာတယ်၊ အဲဒါလည်း ဗျာဓိဒုက္ခကြီးပဲ၊ အနာ, အနာအဲဒါ အနာပဲ၊ သွားရတယ် စွန့်ပေးရတယ်၊ ကျင်ငယ်မှုတွေပြုလိုလာတယ် ပြုချင်ရက်နဲ့ မပြုရဘူးဆိုရင် ဒုက္ခ၊ ထင်ရှားတဲ့ဒုက္ခမှန်း သိလာတယ် အဲဒါကျတော့။ ဒီတော့ အဲဒီကျင်ကြီးကျင်ငယ် အမှုတွေ ပြုလိုခြင်းဆိုတဲ့ ရောဂါကြီးကတော့ ဘယ်အချိန်ကင်းကြ သလဲ၊ ဘယ်အချိန်များ ကျန်းမာနေတာရှိကြသလဲ၊ ကျန်းမာပါတယ်လို့ ထောက်ပြစရာ၊ ပြဆိုအပ်ခဲ့ခြောက်ချက်ကလွတ်ကင်းနေတဲ့ အချိန်ထောက်ပြစမ်းပါ. . . တဲ့ ရှာပြစမ်းပါ ဒီခန္ဓာကိုယ်ကြီးပေါ် မှာ၊ အဲဒီလိုရှာပြလို့ မရပါဘဲလျှက် ကျန်းမာတယ်လို့ ပြောဆိုတဲ့ ပုဂ္ဂိုလ်ဟာဖြင့် ဉာဏ်တိုလို့၊ ဒီဗျာဓိဒုက္ခတွေကို ဉာဏ်ရှည်ရှည်နဲ့ မမြင်တတ်လို့သာ ပြောရှာတာပဲလို့မှတ်ပါတဲ့၊ ဒီတော့ ဘုရားရှင်က နကုလပိတာ ဒကာကို ဟောနေတာ၊ နကုလမာတာ ဒကာမကို ဟောနေတာ။

တဿ-ထိုအမြဲတန်း, မကျန်းမာနေတဲ့ ခန္ဓာကိုယ်ကြီးကို, ဆောင်ရွက်သယ်ပိုးနေရတဲ့ ဂိလာနသည်ကြီး ဖြစ်ပါလျက်, ကျုပ်တို့တော့ကျန်းမာပါတယ်. . . နေကောင်းပါတယ်လို့ ပြောနိုင်တဲ့ ပုဂ္ဂိုလ်အတွက်။ ဗာလျာ-အသိဉာဏ်နုံနည်း, မိုက်မဲတဲ့အဖြစ်ကို၊ အညတြ-ကြဉ်ထား၍၊ ကိံ-ဘာဆိုဖွယ်ရာရှိအံ့နည်း. . . တဲ့၊ အဲဒါ သူဉာဏ်တိုလို့ ပြောရှာတာပဲလို့ မှတ်လိုက်. . . တဲ့၊ ဉာဏ်နည်းလို့။ ခုနက ပြောတဲ့ ဒုက္ခသစ္စာတွေ သူမပြတတ်ရှာလို့ ပြောတာလို့မှတ်လိုက်၊ ဉာဏ်နည်းရှာသေးသကိုး. . . လို့သာ မှတ်ချချလိုက်. . .၊ ဒါ ပြောတာ။

ဒီတော့ ကျန်းမာတဲ့အချိန်မှ တစ်ချိန်မှမရှိဘူး၊ ဒီဒုက္ခသစ္စာခန္ဓာကိုယ်ကြီးက ကျန်းမာတဲ့ အချိန်ရယ်လို့ ထောက်ပြစရာ တစ်စက္ကန့်လေး မရှိဘူး၊ တစ်စက္ကန့်လေး မရှိဘူး၊ ခုတရားဟောနေတဲ့ သုတ်တော်ရဲ့အလိုက ဒါကိုပြောနေပါတယ်၊ ဒါကိုပြောနေပါတယ်၊ သဘာဝနဲ့လည်း တိုက်ကြည့်ပါ၊ အဲ မသိမသာနဲ့ ခြောင်းဆိုးတယ်, နောက်ကျောတက်တယ်, အခု ထိုင်ပြီးတော့ တရားနာနေရင်းလည်း ကျင်တယ်၊ ထိုင်နေရလို့ကျင်နေတယ်. . . ကိုက်နေတယ်, ခဲနေတယ်၊ အဲဒါ

http://www.dhammadownload.com



မထင်ရှားတဲ့ ဗျာဓိလေးတွေ၊ မထင်ရှားတဲ့ဗျာဓိလေးတွေပြည့် . . . လို့ ဒီခန္ဓာကိုယ်ပေါ်မှာ၊ ဘယ်အချိန်ရှာမတုန်း ဉာဏ်နဲ့သာ ရှာကြည့်။ သံဝေဂဉာဏ် ဝိပဿနာဉာဏ်နဲ့သာရှာကြည့် အမြဲတန်းတွေ့မယ်၊ ဒီခန္ဓာကိုယ်ကြီးက ဖြုန်းဖြုန်း ရှန်းရှန်းနဲ့ အမြဲတန်း ဗျာဓိဒုက္ခသစ္စာကြီး သူကပြနေရက်ပြနေရက်။

ဒီတော့ အဲဒီဒုက္ခတွေကိုငြီးငွေ့လိုက်ပါ. . . ယနေ့ ဆွမ်းလှူတဲ့ အလှူက အဲဒီဒုက္ခတွေလွတ်ချင်လို့ အဲဒီဗျာဓိဒုက္ခကြီးတွေ ကင်းရာကုန်ရာ မရှိရာကို တပည့်တော်ရချင် ရောက်ချင်လို့ပြုပါတယ်. . . လို့ ရေစက်ချတဲ့ အချိန်မှာ ဒီစိတ်ထားနိုင်ရမယ်၊ ဒီစိတ်ကိုမွေးပြီးတော့ ပြုရမယ်။ အခုဘုန်းကြီး ပြောနေတာလေးအတိုင်း ဉာဏ်စဉ်လိုက်နေရင်ပဲ သစ္စာနုလောမိကဉာဏ်လို့ ခေါ်တယ်၊ သစ္စာလေးပါးကို ရမယ့် မဂ်ဉာဏ်ဖိုလ်ဉာဏ်အားလျော်တဲ့ ဉာဏ်လို့ခေါ်ပါတယ် ဒီဉာဏ်မျိုး။ဒီဉာဏ်လေးနဲ့လိုက်ပြီးတော့ ဆွမ်းဒကာဆွမ်းအမတွေ နားထောင်ပြီးတော့ သံဝေဂဖြစ်ပါ၊ ကိုယ့်ခန္ဓာကိုယ်ပေါ်မှာ ငြီးငွေ့လိုက်ပါ, ရွံမုန်းလိုက်ပါ။ ဒီငြီးငွေ့တဲ့စိတ်ဂါလေးနဲ့ လှူလို့ရှိရင် နိဗ္ဗာန်နဲ့ဦးတည့်ပါတယ်။

ဒီတော့ မရဏ-တဲ့၊ ဟော- ဇရာရယ်, ဗျာဓိရယ်, မရဏရယ်။ မရဏ ရောဂါကြီးကလည်းလည်းပဲ မထင်ရှားတဲ့ မရဏ၊ ထင်ရှားတဲ့ မရဏ။ ထင်ရှားတဲ့ မရဏကို သမ္မုတိမရဏလို့ ခေါ်တယ်၊ လူအများသိ သေပြီ. . . လို့ ဝိုင်းသမုတ်ကြတာ၊ အဲဒါက လူသိတာပဲ အိမ်ကိုထားမဖြစ်လို့ ဝိုင်းပြီးတော့ လိုက်ပို့ကြ၊ ကားတွေနဲ့ပို့ကြ၊ လူတွေနဲ့ပို့ကြ၊ ဒီဇာလာက သမ္မုတိမရဏ ထင်ရှားတဲ့အသေ . . . တဲ့၊ မထင်ရှားတဲ့ အသေဆိုတာ ရုပ်နာမ်ဓမ္မလေးတွေရဲ့ ဖြစ်ပြီးတော့ ပျက်သွား, ဖြစ်ပြီးတော့ ပျက်သွားဆိုတဲ့ ခဏိကမရဏလို့ခေါ်တဲ့ အသေ။

ဒီနေ့ ဆွမ်းဒကာဆွမ်းအမတွေရဲ့ ခန္ဓာကိုယ်ပေါ်မှာ အဲဒီ ရုပ်နာမ်ဓမ္မ ဖြစ်ပျက်ကလေးတွေ အမြဲတန်းရှိနေသည်ဖြစ်လေသောကြောင့် ခဏိကလို့ ခေါ်တဲ့ ရုပ်သေ နာမ်သေလေးတွေ. . . အမြဲသေနေတာ၊ အဲဒါ ဉာဏ်တိုရင် မမြင်ရဘူး ဉာဏ်ရှည်မှ ဉာဏ်လက်မောင်းရှည်ရှည်နဲ့ သုံးသပ်နိုင်မှ၊ ဘုရားပေးတဲ့ ဉာဏ်မျက်လုံးနဲ့ သုံးသပ်ကြည့်နိုင်မှ၊ ကံပေးတဲ့ ပကတိမျက်လုံးနဲ့ မမြင်ရ ဉာဏ်မျက်လုံးနဲ့မှ မြင်ရသည်၊ အဲဒီဉာဏ်မျက်လုံးနဲ့ သုံးသပ်လိုက်တော့ ရုပ်နာမ်ဓမ္မတွေ မိမိခန္ဓာကိုယ်ပေါ်မှာ ကြည့်လိုက်ရင် ဘာလေးဖြစ်ဖြစ်၊ ခန္ဓာကိုယ်ပေါ်မှာစိုက်. . . ပြီးတော့ အာရုံရှုလိုက်လို့ရှိရင် တွေ့တာပဲ၊ အဲဒီအသေ။ စိတ်ကလေးတွေကလည်း ဖြစ်ပျက် ဖြစ်ပျက် ဖြစ်ပျက်နဲ့ တစ်ခုပြီးတစ်ခု တစ်ခုပြီးတစ်ခု, ပြောင်းပြောင်း, ပြောင်းပြောင်းသွားတယ်၊ စိတ္တာနုပဿနာနဲ့လိုက်ဖမ်း။ ဝိပဿနာဉာဏ်လက်မောင်းနဲ့လိုက်စမ်း တွေ့တာပဲ။

http://www.dhammadownload.com



ဝေဒနာနုပဿနာနဲ့ ဖမ်းနိုင်ရင်လည်း ခန္ဓာကိုယ်ပေါ်မှာ ပူတာတွေ အေးတာတွေ ကျင်တာတွေ ဖြစ်လာသမျှ ဒုက္ခတွေ၊ ဒီဝေဒနာလေးတွေ ပျောက်သွားတာတွေ့တာပဲ ဉာဏ်နဲ့လိုက်ပြီးတော့ ဖမ်းရင်။ ကာယာနုပဿနာ အနေနဲ့ ဒီခန္ဓာကိုယ်ကြီး တစ်ခုလုံးသိမ်းကြုံးပြီးတော့ ရှုပွား တွေ့တာပဲ။ အသေလေးတွေ ရုပ်သေနာမ်သေတွေ. . . တဲ့ ပြည့်လို့ အဲဒါက မထင်ရှားသော သေခြင်း၊ မထင်ရှားတဲ့ မရဏဒုက္ခကြီး။ မရဏရောဂါကြီး။

ဒီတော့ အဲဒီရောဂါကြီးကလည်း ဘယ်အချိန်များ ကင်းတဲ့အချိန်ရှိတုန်း၊ အဲဒီရောဂါကြီးတွေ မကင်းသည်ဖြစ်ပါလျှက် ကျုပ်တို့တော့ ကျန်းမာပါ တယ်. . လို့ ပြောဆိုနိုင်တဲ့ ပုဂ္ဂိုလ်ဟာ၊ ဉာဏ်တိုလို့ပြောတာ. . . တဲ့ ဉာဏ် တိုလို့ ပြောတာ။ ဟောမြတ်စွာဘုရားက။ ဒီတော့ဒီခန္ဓာကိုယ်ကြီးက ရောဂါသည်ကြီးပါ၊ ကျန်းမာတဲ့ အချိန် တစ်ချိန်မှမရှိဘူး. အဲဒါကြောင့် နကုလပိတာဒကာကြီးက တပည့်တော် အခု မကျန်းမာတော့ဘူးဘုရားလို့ လျှောက်လို့ မြတ်စွာဘုရားက-

ယောဟိ (ကောစိ)ဂဟပတိ, ဣမံကာယံ ဂရိဟန္တော မုဟုတ္တမ္ပိ၊
အာရောဂျံ ပဋိဇာနေယျ, ကိမညတြ ဗာလျာ။

ဂဟပတိ-သူကြွယ်၊ ယောဟိ(ကောစိ)-အကြင်အမှတ်မရှိ တစ်စုံ တစ်ယောက်သော ပုဂ္ဂိုလ်သည်၊ ဣမံကာယံ-ဤရောဂါတုံးကြီးဖြစ်နေတဲ့ ခန္ဓာကိုယ်ကြီးကို၊ ပရိဟရန္တော-ရွက်ဆောင်သယ်ပိုး ကျွေးမွေးသုတ်သင်, ပြုပြင်နေရသည် ဖြစ်ပါလျှက်၊ မုဟုတ္တမ္ပိ-တစ်မုဟုတ်မျှလေးလည်း၊ ဝါ-တစ်ခဏမျှ လေးလည်း တစ်စက္ကန့်လောက်လေးမျှလည်း၊ အာရောဂျံ-ကျုပ်တို့တော့ ကျန်းမာပါတယ် နေကောင်းပါတယ်ဆိုတဲ့အဖြစ်ကို၊ ပဋိဇာနေယျ-ဝန်ခံပြောဆိုအံ့. . . တဲ့၊ တဿ-ထိုကဲ့သို့ ရောဂါသည်, ရောဂါတုံးကြီး ဒီခန္ဓာကိုယ်ကြီးကို, သယ်ပိုးရွက် ဆောင်နေရသည်ဖြစ်ပါလျှက် ကျုပ်တို့တော့ နေကောင်းပါတယ်. . . လို့ ပြောနိုင် တဲ့ပုဂ္ဂိုလ်အတွက် ကျန်းမာပါတယ်လို့ အထင်ရောက်နေတဲ့ပုဂ္ဂိုလ်အတွက်၊ ဗာလျာ-အသိဉာဏ်နုံနည်း, မိုက်မဲတဲ့အဖြစ်ကို၊ အညတြ-ကြဉ်ထား၍၊ ကိံ-ဘာဆိုဖွယ်ရှိပါတော့အံ့နည်း. . . ။

ဉာဏ်တိုလို့ ပြောတာ. . . တဲ့ ဉာဏ်တိုလို့ပြောတာ၊ ဒီတော့ကိုး. . . တဲ့ ဘုရားက ဆက်ဟောတယ် နကုလပိတာဒကာကြီး. . . ဒီတော့ ကိုယ့်ခန္ဓာကိုယ် ပေါ်မှာ အဲလိုဉာဏ်နဲ့ကြည့်. . . ပြီးတော့ ရောဂါတုံးကြီးပဲ၊ ဒုက္ခ သစ္စာခန္ဓာကိုယ် ကြီးပဲလို့ ငြီးငွေ့လိုက်. . . တဲ့၊ ငြီးငွေ့လိုက်၊ ငြီးငွေ့ပြီးတော့-

http://www.dhammadownload.com



တသ္မာတိဟ တေ ဂဟပတိ ဧဝံ သိက္ခိတဗ္ဗံ၊

"အာတုရကာယဿ မေ သတော စိတ္တံ အနာတုရံ ဘဝိဿတိ"။

ဘုရားက နည်းပေးတယ် ဆက်ပြီးတော့ နည်းပေးတယ် လမ်းညွှန်တယ်၊ အေး. . . ဒီတော့တဲ့-

ဂဟပတိ-အိမ်ရှင်သူကြွယ်၊ တသ္မာဟိ(တသ္မာဧဝ)-ထိုကဲ့သို့ခန္ဓာ ကိုယ်ကြီးက အမြဲတမ်း မကျန်းမာနေတဲ့ ရောဂါသည်, ရောဂါတုံးကြီးဖြစ်လေသောကြောင့်၊ အာတုရကာယဿ-နာကျင်သော, ရောဂါဖြစ်နေသော ကိုယ်ရှိသည်၊ သတော-ဖြစ်သည်ဖြစ်၍၊ အနာတုရံစိတ္တံ-စိတ္တံ-စိတ်ကလေးက၊ အနာတုရံ-မနာသည်, ရောဂါမစွဲသည်၊ ဘဝိဿတိ-ဖြစ်အောင်ကြိုးစား အံ့. . .၊ ဣတိ-ဤသို့၊ တေ-သင်သည်၊ သိက္ခိတဗ္ဗံ-ကျင့်ကြံကြိုးကုတ်, အားထုတ်ထိုက်၏. . .။

ဘုရားကနည်းပေးပြီ၊ ဒီတော့ကိုး. . . တဲ့ ရုပ်သာ နာပြီးတော့ စိတ်မနာစေနဲ့. . . တဲ့၊ ရုပ်သာ နာပြီးတော့ စိတ်မနာစေနဲ့။ ဒီရုပ်ခန္ဓာကိုယ်ကြီးကတော့ နာမှာပဲ ခုနကလိုမထင်ရှားတဲ့ အနာတွေရော၊ ထင်ရှားတဲ့အနာတွေရော၊ ထင်ရှားတဲ့ ရောဂါတွေရော မထင်ရှားတဲ့ရောဂါတွေရော၊ အမြဲဖြစ်နေတာ ဖြစ်တော့ သူမနာပါနဲ့လို့ ပြောလို့လည်း မဖြစ်ဘူးတဲ့၊ သူက အနတ္တသဘော၊ ကိုယ်လည်းပိုင်တာမဟုတ်ဘူး၊ သူဖြစ်ချင်သလိုဖြစ်၊ သူပျက်ချင်သလိုပျက်နေတာ အနတ္တ၊ ကိုယ်စီမံသလိုမဖြစ်ဘူး အနတ္တ၊ ကိုယ့်အလိုမလိုက်ဘူး အနတ္တ။ ဒီတော့- အဲဒီအနတ္တဖြစ်တဲ့ ရုပ်သဘောကြီးရဲ့ သူဖြစ်ချင်သလိုဖြစ်၊ သူပျက်ချင်သလိုပျက်နေတဲ့ သဘောကို လိုက်ပြီးတော့ စိတ်ညစ်မနေနဲ့တဲ့။ အာတုရ ကာယဿ တေသတော-ရုပ်ခန္ဓာကြီးက မနာမကျန်းအမြဲရှိနေသည်ဖြစ်၍၊ ဝါ-ရုပ်ခန္ဓာကြီးကသာ နာသည်ဖြစ်၍၊ စိတ္တံ အနာတုရံ ဘဝိဿတိ-စိတ်ကလေးက မနာအောင် ငါကြိုးစားမယ်. . . လို့၊ ရုပ်သာ နာပြီးတော့ စိတ်မနာစေနဲ့ သူကြွယ်. . . လို့ ဘုရားက ဟောတော်မူတယ်။

ဟော-ဒီနေ့ ဆွမ်းဒါယကာ ဦးဘသန်းတို့ ဆွမ်းဒါယိကာမဒေါ် အေးကြည်တို့, အားလုံးဆွေသားမျိုးသား မိသားစုတွေကလည်းပဲ ဟောဒီ ဘုရားဩဝါဒလေးကို လိုက်နာရမယ်။ ရုပ်သာနာ၍စိတ်မနာစေနဲ့၊ ဟော-ဘုရားက ဘာပြောတုန်း, ဒီခန္ဓာကိုယ်ကြီးကတော့၊ အာတုရကာယဿ တေသတော-ဘာတွေပြောတုန်းဆိုတော့ ဒီခန္ဓာကိုယ်ကြီးကတော့ သူ့ဘာသူနာမှာပေါ့လေ. . . ခုနက ပြောသလိုပဲ မတိမ်းသာမရှောင်သာရောဂါတွေနဲ့ ပြည့်နေတာ၊ ဒီတော့ စိတ်ကဘာဖြစ်ရမလဲ ကုသိုလ်စိတ်, ဒါနကုသိုလ်စိတ်တွေဖြစ်နေအောင်, ဒါနတွေဖြစ်နေအောင်, ဒါနထဲမှာ စိတ်ကလေးတွေ မွေ့လျော်နေအောင်, ဒါနစိတ်တွေ ဖြစ်နေအောင်ပြုနေ,

http://www.dhammadownload.com



အဲဒါ ရုပ်သာနာ၍ စိတ်မနာ၊ ခု-ဆွမ်းဒကာဆွမ်းအမတွေနှင့်တကွ အားလုံး မိသားစုတစ်တွေ ဆွမ်းလောင်းပြီးတော့ နေကြတယ်၊

သံဃာတော်တွေကြွလာတာ, ဆွမ်းလောင်းပြီးတော့နေကြတဲ့အခိုက်၊ စိတ်ကလေးက ဘာစိတ်ဖြစ်နေတုန်း သံဃာတော်တွေဘုဉ်းပေးပါစေ. . . ချမ်းချမ်းသာသာဘုဉ်းပေးကြပါစေဆိုတဲ့ ဒါနစေတနာ, ဒါနစိတ်ကလေးတွေ, ကုသိုလ်စိတ်ကလေးတွေ၊ ဖြူစင်မြင့်မြတ်တဲ့စိတ်ကလေးတွေ. . . ဖြစ်ပြီးတော့ နေတယ်၊ ဟော-ဒီခန္ဓာကိုယ်ကြီးကတော့ သူဘာသူအေးလို့လို့, ညောင်းလို့လို့, ပူလို့လို့နဲ့သူကတော့ သူကတော့ နာရက်နာရက်ပဲ။ စိတ်ကမနာပါဘူး၊ စိတ်က ကုသိုလ်ဖြစ်နေတယ်၊ ကုသိုလ်ဖြစ်နေတဲ့အချိန် စိတ်ကလေးကျန်းမာနေတယ်လို့ ခေါ်တယ်၊ ရောဂါကင်းနေတယ်။

ဟော-ဒီတော့ လှူဒါန်ပေးကမ်းစွန့်ကြနေတဲ့အချိန်သည် ရုပ်သာနာ၍ စိတ်မနာအောင် ကြိုးစားနေတဲ့ အချိန်၊ ဒီသံဃာတွေ ဒီလိုလှူဖို့ရာ ချက်ကြပြုတ်ကြ. မနေ့လို ကတည်းကနေပြီးတော့ သယ်ကြ-ပိုးကြ, ဝယ်ကြ- ခြမ်းကြ, ယူကြ-ငင်ကြ ဝေယျာဝစ္စကုသိုလ်တွေခေါ်တယ်။ အဲဒီဝေယျာဝစ္စကုသိုလ်တွေကို ဆောင်ရွက်နေတဲ့ အချိန် လောဘ-ဒေါသကင်း. . . လို့၊ စိတ်တွေဘယ်ရောက်နေတုန်း, သံဃာတော်တွေ ချမ်းချမ်းသာသာဘုဉ်းပေးစေလိုတဲ့ မေတ္တာတွေ, အဲဒီထဲမှာပါတယ်၊ တို့ကပ်တဲ့ဆွမ်းကို သံဃာတော်တွေ ချမ်းချမ်းသာသာ ဘုဉ်းပေးနိုင်ကြပါစေ. . . လို့ဆိုတဲ့ မေတ္တာတွေက ဒီထဲမှာပါသေးတယ်၊ အဲဒီ မေတ္တာစာတ်တွေဆိုတာ ကျန်းမာနေတဲ့ စိတ်ခေါ်တယ်၊ မနာတဲ့စိတ်ခေါ်တယ်။

ကိုယ့်ကိုယ်ကိုရုပ်သာနာ၍, စိတ်မနာအောင် ကြိုးစားနေတယ်ဆိုတာ အဲဒီကုသိုလ်လုပ်ငန်းတွေ ကြိုးပမ်းနေတာ ဒါနနဲ့ပတ်သက်တဲ့ ကုသိုလ်လုပ်ငန်းတွေ ကြိုးပမ်းနေတဲ့အချိန်၊ ဒါရုပ်သာနာ၍ စိတ်မနာအောင်လုပ်နေတာပဲ၊ သံဃာတော်တွေချမ်းချမ်းသာသာ ဘုဉ်းပေးစေလိုတဲ့ မေတ္တာတွေပါတယ်၊ လှူချင် တန်းချင်တဲ့စေတနာတွေပါတယ်၊ ဝေယျာဝစ္စဆောင်ရွက်တဲ့ဝေယျာဝစ္စ ကုသိုလ်တွေပါတယ်၊ အဲဒါ စိတ်မနာဘဲ စိတ်ကလေး မဂ်ဖိုလ်နိဗ္ဗာန်ရောက် ကြောင်းဖြစ်နေလို့လည်း မနာတဲ့စိတ်လို့ခေါ်တယ်၊ နိဗ္ဗာန်တည်းဟူသော ဗျာဓိဒုက္ခတွေ အကုန်လုံးငြိမ်းပြီး ကျန်းမာတဲ့ဓာတ်စဉ်ဓာတ်တုံးကြီးဆီကို ရောက်ရာရောက်ကြောင်းဖြစ်လို့လည်း သူကမနာတဲ့စိတ်လို့လည်းခေါ်ပါတယ်၊ သူ့ရဲ့ဖြစ်ပျက်မမြင်လို့ နာတဲ့စိတ်လို့ ပရိယာယ်မဟုတ် မုချပြောအုန်းတော့ နိဗ္ဗာန်ကိုရမှာမို့လို့ နိဗ္ဗာန်ကို ရောက်မှာမို့လို့, နိဗ္ဗာန်ရောက်ကြောင်းဖြစ်နေလို့ သူ့ကို မနာတဲ့စိတ်လို့ ခေါ်လို့ရပါတယ်။

http://www.dhammadownload.com



ဟော-ဒီတော့လှူဒါန်းနေတဲ့၊ သံဃာတော်တွေဆွမ်းလောင်းနေတဲ့၊ တရားနာနေတဲ့အချိန် ရုပ်သာနာ၍ စိတ်မနာအောင် ကြိုးစားနေတဲ့အချိန်၊ ငါးပါးသီလ လုံလုံခြုံခြုံထိန်း ရှစ်ပါးသီလ လပြည့်လကွယ်သီတင်းတွေ ဥပုသ်စောင့်ပြီးတော့ သီလထိန်းပြီးတော့နေတဲ့အချိန် ရုပ်သာနာ၍စိတ်မနာအောင် ကြိုးစားနေတဲ့အချိန်. . .။ သီလထိန်းပြီးတော့ ဒီသီလဟာ ဘုရားအစရှိတဲ့ အရိယာသူတော်ကောင်းကြီးတွေ ထိန်းသိမ်းသွားတော်မူကြတယ်၊ ဒီနေ့ တို့စောင့်တဲ့ ရှစ်ပါးသီလမျိုး ဘုရားလောင်း ပစ္စေကဗုဒ္ဓါ အဂ္ဂသာဝက မဟာသာဝကလောင်းကြီးတွေ မြတ်မြတ်နိုးနိုးနဲ့ ထိန်းသိမ်းတော်မူသွားကြတယ်. . . စောင့်ရှောက်တော်မူသွားကြတယ်၊ အဲဒီလိုသိပြီးတော့ သီလလုံလုံခြုံခြုံ ထိန်းသိမ်းနေတဲ့အချိန်၊ သီလတရားကို မိမိသန္တာန်ဖြစ်ပွါးအောင် ကြိုးစားနေတဲ့အချိန်သည်၊ ရုပ်သာနာ၍ စိတ်မနာအောင် ကြိုးစားနေတဲ့အချိန်၊ ဘုရားရှင်ကိုယ်တော်မြတ်က နကုလပိတာ နကုလမာတာတို့အား ရုပ်သာနာ၍ စိတ်မနာစေနဲ့. . . လို့ ဟောတော်မူတဲ့ ဩဝါဒတစ်လုံးကို လိုက်နာနေတဲ့အချိန်။

ဩဝါဒဆိုတာ တစ်လုံးလိုက်. . . တစ်လုံးက နိဗ္ဗာန်ပို့ပါတယ်၊ အများကြီးလိုက်မှ မဟုတ်ပါဘူး၊ တစ်လုံးသိ၊ တစ်လုံးလိုက်ပါ။ အဲဒီတစ်လုံးက နိဗ္ဗာန်အရောက်ပို့ပါတယ်၊ စွဲစွဲမြဲမြဲသာလိုက်၊ ဖွဲ့ရှိရှိနဲ့သာလိုက်၊ သမ္မပ္ပဓာန်လုံ့လဝီရိယနဲ့တော့လိုက်ရမယ်၊ ပေါ့တော့တော့လေးနဲ့တော့မရဘူး၊ အဲ-သမထဘာဝနာလို့ခေါ်တဲ့မေတ္တာပို့နေတယ်၊ အိမ်မှာရှိတဲ့ဘုရားရှင် ရည်စူးပြီးတော့ ဆွမ်းတော်ကပ်နေတယ်၊ ပန်းတော်ကပ်နေတယ်၊ ရေချမ်းတော်ကပ်နေတယ်၊ ည-ဘုရားရှိခိုးနေတယ်. . . လို့ဆိုရင် အဲဒီစိတ်ကလေးက ဘုရားနဲ့တွေ့၊ ဘုရားအာရုံရောက်လို့၊ ဘုရားရဲ့ဂုဏ်တော်တွေကို အာရုံပြုပြီးတော့ နေတဲ့အချိန်. . . ရုပ်သာနာ ကိမ နာတဲ့အချိန်. . . စိတ်ကလေးကကျန်းမာ၊ ရုပ်ခန္ဓာကိုယ်ကြီးကတော့ အဲဒ် န် လည်းမနေရဘူး သူကတော့ အဲဒီဘုရားရှိခိုးနေတဲ့အချိန်လည်း ဒီခန္ဓာကိုယ်ကြီးက ဖြစ်ပျက်-ဖြစ်ပျက် ဖောက်ပြန်ပျက်စီး၊ ရုပ္ပတီတိ ရူပံ-ဆိုတဲ့အတိုင်း ဖောက်ပြန်ပျက်စီး။ ဘာ့ကြောင့်ဖောက်ပြန်-အအေးကြောင့်ဖောက်ပြန်၊ အပူကြောင့် ဖောက်ပြန်၊ ညောင်းလို့ဖောက်ပြန်၊ ကိုက်လို့ဖောက်ပြန်၊ နောက်ကျောတက် ဇက် ကျောထိုးချောင်းဆိုးနှာစေး သူကတော့အမြဲတမ်း သူ့ဘာသူ သူ့ဒုက္ခသစ္စာကြီး သူပြပြီးတော့ သူ့ဘာသူနေတာ၊

ဒီတော့ အဲဒီရုပ်တွေ နာနေတဲ့ အချိန်မှာ စိတ်ကလေးက ဘုရားနဲ့တွေ့နေတယ်၊ ဘုရားဂုဏ်တွေ အာရုံရောက်နေတယ်၊ စိတ်မနာတဲ့အချိန်။ မေတ္တာပို့နေတယ် ရုပ်သာနာ၍ စိတ်မနာတဲ့အချိန်။ နောက်ဆုံးဟောဒီ ရုပ်နာမ်ဓမ္မ

http://www.dhammadownload.com



သဘာဝတွေရဲ့ ဖြစ်ပျက်ကို ကွက်ကွက်ထင်ထင် သိမြင်အောင် သတိပဋ္ဌာန်တရား လေးပါးပွားများပြီးသကာလ ဝိပဿနာတင်ရှု ဆင်ခြင်နေတဲ့အချိန်. . . ဟော- ရုပ်နာမ် စိတ်မနာတဲ့အချိန်၊ အကောင်းဆုံး စိတ်မနာတဲ့အချိန်ပဲ အဲဒီအချိန်။ ရုပ်နာမ် စိတ်မနာတဲ့အချိန်။ ရုပ်နာမ်ဓမ္မသဘာဝတွေကို ဖြစ်ပျက်ရှုပြီးတော့နေ၊ ရှေးက ရုပ်နာမ်ဓမ္မတွေက ဖြစ်ပျက် နောက်ကကိုယ်က ဝိပဿနာမင်္ဂနဲ့ကြည့်၊ အဲဒီ ဖြစ်ပျက်တွေမြင်၊ ရုပ်နာမ်ဓမ္မတွေ သုံးသပ်ဆင်ခြင်ပြီးနေနိုင်တဲ့ အချိန်သည် အကောင်းဆုံး ရုပ်သာနာ၍ စိတ်မနာအောင် ကြိုးစားနေတဲ့အချိန်. . . တဲ့ မင်္ဂ- ဖိုလ် နိဗ္ဗာန်နဲ့ အနီးကပ်ဆုံး၊ နိဗ္ဗာန်တရားကျတော့ဒီရောဂါတွေ အကုန်စင်သွားပြီ၊ နိဗ္ဗာနဓာတ်ကြီးကျတော့။

အဲဒီ နိဗ္ဗာနဓာတ်ကြီးဟာ လောကထဲမှာ အမှန်ရှိတယ်၊ ဖြစ်ပျက် ရောဂါတွေပါ စင်သွားတဲ့ နိဗ္ဗာနဓာတ်ကြီးဟာ အေးမြတဲ့သန္တိသုခ သဘောနဲ့ ကမ္ဘာလောကထဲမှာ ပရမတ္ထသဘာဝအနေနဲ့ အမှန်ရှိတယ်၊ အဲဒီဟာရှုလို့ပဲ ဘုရားရှင်ကိုယ်တော်မြတ် မြင်တော်မူတယ်၊ ဘုရားရှင်ကိုယ်တော်မြတ်က ပရမတ္ထထဲမှာ ထည့်ဟောထားတယ်၊ အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလာန် ကိုယ်တော်မြတ်ကြီးတွေ မြင်တော်မူကြတယ်၊ မြင်သင့်မြင်ထိုက်တဲ့ ဉာဏ် မိမိသန္တာန် ဉပါဒ်ပြီဆိုရင် မြင်တာပဲ၊ ဖြစ်ပြီဆိုရင် မြင်တယ်၊ အဲဒီဖြစ်အောင်က ဘာလုပ်ရမှာတုန်း, ခုနက ဝိပဿနာ၊ ဒါန သီလ သမထ ဘာဝနာတွေက အဝေးဆုံးအကြောင်း၊ အခြေခံအနေနဲ့ သူတို့ကစပြီးတော့ တဆင့်တဆင့်တက်လာပြီးတော့ နောက်ဆုံး အဲဒီခုနကဝိပဿနာ၊ အဲ ဝိပဿနာဆိုတာ မိမိရဲ့လက်ရှိ ရုပ်နာမ်ရဲ့ ရုပ်နာမ်အရှိ၊ ရုပ်နာမ်အရှိအတိုင်း ကြည့်ပြီးတော့ အဲဒီ ရုပ်နာမ်ရဲ့ဖြစ်ပျက်နေတဲ့ သဘောကို ဖြစ်ပျက်တဲ့အတိုင်း မြင်အောင်ရှုတဲ့အလုပ်ကို ဝိပဿနာလို့ခေါ်ပါတယ်။

ဒီတော့ အဲဒီဝိပဿနာရှုပွားနေတဲ့ အချိန်သည် ရုပ်သာနာ၍ စိတ်မနာအောင် ကြိုးစားနေတဲ့အချိန်. . . တဲ့ ကြိုးစားနေတဲ့အချိန်၊ ဒါကို မြတ်စွာဘုရားက ရည်ရွယ်ပြီးတော့ အာတုရကာယဿ တေ သတော စိတ္တံ အနာတုရံ ဘဝိဿတိ။ ဂဟပတိ-သူကြွယ်၊ တဿ္မာဟိ(တဿ္မာဇေဝ)-ထိုကဲ့သို့ ရုပ်ခန္ဓာကိုယ်ကြီးဟာ, အမြဲတမ်းမကျန်းမာသည်သာလျှင် ဖြစ်လေသောကြောင့်၊ အာတုရကာယဿ တေ သတော-အမြဲတမ်း, မမာမကျန်းဖြစ်နေတဲ့, ရုပ်ခန္ဓာကြီးထဲက၊ စိတ္တံ အနာတုရံ ဘဝိဿတိ-စိတ်ကလေးကတော့, မကျန်း မမာ မဖြစ်ရအောင် ကြိုးစားမယ်. . . စိတ်ကလေးမနာအောင် ကြိုးစားမယ်၊ ဧဝံဟိတေ သိက္ခိတဗ္ဗံ- သင်ဟာဤကဲ့သို့ ကျင့်ကြံကြိုးကုတ်, အားထုတ်ထိုက်တယ်. . . ကြိုးစားရမယ်လို့, ဘုရားရှင်ကိုယ်တော်မြတ်က သတိပေးတော်မူတယ်၊ ဟောတော်မူတယ်။

http://www.dhammadownload.com



အဲဒီ စိတ်မနာအောင်ပြုတယ်ဆိုတာ၊ ခုနက အကျဉ်းချုပ်လိုက်တော့ ဒါနမှုတွေပြုနေ, သီလထိန်းနေ၊ သမထဘာဝနာမေတ္တာပို့, ဘုရားအာရုံပြု မိမိ အခုပြုထားတဲ့ ကုသိုလ်တွေကို ပြန်ပြီးတော့ သတိရ စာဂါနုဿတိ-ကမ္မဋ္ဌာန်းတွေ ဖြစ်, ဒီအချိန်တွေဟာ အဲဒါ ရုပ်သာနာ၍ စိတ်မနာအောင် ကြိုးစားနေတဲ့ အချိန်ပဲ၊ ဒီဝိပဿနာပွားပြီးနေတဲ့အချိန် ရုပ်သာနာ၍ စိတ်မနာအောင်ကြိုးစား နေတဲ့အချိန်၊ ဒီတော့ အခု ဆွမ်းဒကာဆွမ်းဒကာမများက တို့လည်းပဲဒီလိုဆိုရင် နကုလပိတု သုတ်တော် ဘုရားအဆုံးအမဩဝါဒလိုက်နာသောအားဖြင့် အခု လှူရ. . . တန်းရ၊ သံဃိကဒါနလောင်းကြ လှူကြ ဆက်ကပ်ရတဲ့ကုသိုလ်စေတနာ အရှိန် အဟုန်သတ္တိတွေကြောင့်, တပည့်တော်တို့သည်. . . အဲဒီ အမြဲတမ်းရောဂါကြီးတို့ရဲ့ ကင်းစင်ရာ, အမြဲတမ်းရောဂါ ဗျာဓိဒုက္ခကြီးတို့ရဲ့ မရှိရာ ငြိမ်းအေးရာဖြစ်တဲ့ သန္တိသုခအေးမြတဲ့ နိဗ္ဗာနဓာတ်ကြီးကို ရပါရစေ. . . ရောက်ပါရစေ၊ ရောက် ဖို့ရာအတွက် အားကောင်းသော အထောက်အပံ့ဖြစ်ပါစေ။

လက်ရှိ ရုပ်နာမ်ခန္ဓာကြီးရဲ့ အပေါ်မှာလည်းပဲ မြင်အောင်ကြည့်လိုက်လေ ဒုက္ခသစ္စာ။ အခုဒီခန္ဓာကိုယ်ပေါ်မှာ ပစ္စုပ္ပန်ကျဖမ်းမယ်ဆိုရင် အခုထိုင်ပြီးတရားနာ နေတဲ့ အခိုက်ကလေးမှာပဲ သူက ဒုက္ခသစ္စာပြလျက်ပါ၊ ဖမ်းလိုက်စမ်းဉာဏ်နဲ့ သာ, ဘာဖြစ်ဖြစ် မိပါလိမ့်မယ်၊ ညောင်းနေတာ တွေ့ချင်တွေ့မယ်၊ ကျင်နေတာ တွေ့ချင်တွေ့မယ်၊ ကိုက်နေတာတွေ့ရင်တွေ့မယ်၊ ပူသလိုလိုဖြစ်ရင်ဖြစ်မယ်၊ အေးသလိုလိုဖြစ် ရင်ဖြစ်မယ်၊ တစ်ခုခုတွေ့ပါလိမ့်မယ် ခန္ဓာကိုယ်ပေါ်မှာ၊ သူက အမြဲတမ်းပြနေပါတယ် ကိုယ်ကမကြည့်လို့သာပါ၊ မတွေ့မှာတော မပူနဲ့၊ သူ့ဒုက္ခ သစ္စာကြီးက အမြဲပြနေတယ်။

ပြီးတော့ အဲဒီခန္ဓာပေါ်မှာတွေ့တဲ့ ညောင်းတာတွေညောင်း၊ အဲဒီညောင်း တဲ့ ဗျာဓိဒုက္ခရောဂါတုံးကြီးဖြစ်တဲ့ ဒီခန္ဓာအမျိုးမျိုးမရှိရာ တပည့်တော် ရောက် ချင်လို့ ဒီနေ့သံဃိကဒါနကုသိုလ်ပြုပါတယ်. . . မနက်ဆွမ်း နေ့ဆွမ်းတွေကို လောင်းပါတယ်။ လှူပါတယ်လို့ဆိုရင် သစ္စာမြင်ပြီးတော့ လှူတာ. . . တဲ့ အဲဒီ ပုဂ္ဂိုလ်၊ ညောင်းတာကျင်တာကိုက်တာဆိုတဲ့ ဒုက္ခသစ္စာကြီးကို ဉာဏ်နဲ့ဆုပ်မိပြီလေ၊ ဆုပ်မိပြီးတော့မှ ဒီဒုက္ခမျိုးမရှိတော့ရာဆိုတာ နိဗ္ဗာန်ပဲရှိတော့တယ်လေ၊ အဲဒီ ဒုက္ခဘုံမရှိရာ(၃၁)ဘုံထဲဖြင့် ဒီဒုက္ခလွတ်နေတဲ့နေရာ တစ်စက်မှမရှိဘူး၊ ဒီတော့ နိဗ္ဗာန်ရ, ရပါလို၏နဲ့. . . အတူတူကျသွားတယ်၊ အတူတူကျတဲ့အပြင် သူက ပိုပြီးနိဗ္ဗာန်ကို အမှန်းကောင်းတဲ့သူဖြစ်သွားတယ်၊ ဘာပြုလို့တုန်းဆိုတော့ လက်ရှိ ဒုက္ခပေါ်မှာ ငြီးငွေ့သွားတာကိုး၊ လက်ရှိဒုက္ခပေါ်မှာ ရွံ့မုန်းသွားတာ၊ လက်ရှိ ဒုက္ခကြီးကိုကြောက်သွားတာ။

http://www.dhammadownload.com



အဲညောင်းနေတဲ့ ဒုက္ခပဲတွေ့တွေ့ ကျင်နေတဲ့ ဒုက္ခတွေ့လည်း အဲဒီကျင်နေတဲ့ ဒုက္ခမျိုးမရှိရာလို့ဆိုလိုက်၊ အိုက်တိုက်တိုက်, ပူတူတူဖြစ်နေ၊ အဲဒီအပူအအိုက်မျိုးမရှိရာလို့ တောင်းတလိုက်။

ဟာ စိတ်ထဲမှာတစ်စုံတခုကြောင့် သောကရောက်နေတယ်၊ ဒုက္ခဖြစ်နေတယ်၊ စိုးရိမ်ကြောင့်ကျတွေ ဘာတွေဖြစ်နေတယ်ဆိုရင် အဲဒီ သောကမျိုးတွေ, စိုးရိမ်ရမှုမရှိရာဖြစ်တဲ့ ဌာနကိုရောက်ချင်သောကြောင့် ဤကုသိုလ်ကိုပြုပါတယ်. . . လို့ ဒီလိုဆုတောင်းလိုက်စမ်းပါ၊ အဲဒီနိဗ္ဗာန်နဲ့ အင်မတန်နီးတဲ့ဆုတောင်းပါ၊ နိဗ္ဗာန်ကိုအမှန်းကောင်းကောင်းနဲ့ တောင်းတဲ့ဆုတောင်းခေါ်ပါတယ် သစ္စာမြင်ပြီးတော့ လှူတဲ့အလှူလို့လည်းခေါ်ပါတယ်၊ သစ္စာနုလောမိကဉာဏ်နဲ့ လှူတဲ့အလှူလို့လည်း ခေါ်ပါတယ်၊ သစ္စာလေးပါးကိုမြင်ပြီးတော့ သစ္စာအားမင်လေးတန်ဖိုလ်လေးတန်အားလျော်တဲ့ ဉာဏ်လို့ခေါ်ပါတယ်၊ အဲဒီ ဉာဏ်မျိုးနဲ့ အခုဒီကုသိုလ်ပြုရုံတင်မကဘူး ဘယ်ကုသိုလ်ပြုပြု ဆွမ်းဒကာဆွမ်းဒကာမတွေ ဒီလိုလေး အာရုံပြုပြုပြီးတော့။ ဆုတောင်းပြီးတော့ စိတ်ညွတ်ပြီးတော့ ကုသိုလ်ကောင်းမှုပြုပါ၊ အဲဒီလိုဆိုရင် မကြာမတင်ငြီးငွေ့တဲ့ စိတ်တွေပေါ်လာလိမ့်မယ်၊ ငြီးငွေ့တဲ့စိတ်တွေပေါ်လာရင် ဘုရားက * အနတ္တလက္ခဏာသုတ်မှာ သူ့လမ်းစဉ် ဝန်ခံထားပြီးသား-

**ဧဝံ ပဿံ ဘိက္ခဝေ သုတဝါ အရိယ သာဝကော။**

အဲဒီလို ရုပ်နာမ်ဓမ္မပေါ်မှာ ဒုက္ခအဖြစ် မကြာမကြာရှုမြင်ပေးတဲ့ ပုဂ္ဂိုလ်ဟာ. . . တဲ့

**ရူပသ္မိမ္ပိ နိဗ္ဗိန္ဒတိ, ဝေဒနာယပိ နိဗ္ဗိန္ဒတိ, သညာယပိ နိဗ္ဗိန္ဒတိ, သင်္ခါရေသုပိ နိဗ္ဗိန္ဒတိ, ဝိညာဏသ္မိမ္ပိ နိဗ္ဗိန္ဒတိ။**

ဟော-ရုပ်နာမ်နှစ်ပါးပေါ်မှာ ငြီးငွေ့လာပါလိမ့်မယ်. . . တဲ့ ဒီရုပ်နာမ်နဲ့နေရတာကိုပဲ၊ နေလို့သာနေရတယ် ငြီးငွေ့လာလိမ့်မယ်တဲ့၊ ရွံမုန်းလာလိမ့်မယ်၊ ငြီးငွေ့တာက ဉာဏ်ပါတာကို ငြီးငွေ့တာခေါ်တာနော်၊ ဒီခန္ဓာကိုယ်ကြီးရွံနေတယ်၊ စက်ဆုပ်နေတယ် ဆိုတဲ့ ဒေါသကရှိသေးတယ်၊ အဲဒါမျိုး မဟုတ်ဘူး၊ ငြီးငွေ့လာတယ် ဉာဏ်နဲ့လွတ်ချင်တယ်၊ ကြောက်လာတယ်, ဒီခန္ဓာမျိုး နောက်ထပ်မရချင်တော့ဘူး၊ ဒီလိုဆွမ်းတွေ ဘာတွေလှူလို့ လောင်းလို့ နောက်ထပ်ရုပ်နာမ်ခန္ဓာတွေမျိုး မမျှော်တော့ဘူး, မလိုချင်တော့ဘူး, ဟော- ဒါ ငြီးငွေ့လာတယ်ခေါ်တယ်။ ငြီးငွေ့တော့ ဘာဖြစ်တုံး၊ နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ-ငြီးငွေ့ပြီဆိုတော့ မတွယ်တာဘူးလေတဲ့၊ ဒီခန္ဓာမျိုးကို မနှစ်သက်တော့ဘူးလေ, မခင်မင်တော့ဘူး၊

* သံ-၂-၅၅။

http://www.dhammadownload.com



နောက်ထပ် ဒီထက်သာမှာပါကွ မင်းနောက်ဘဝ သူဌေးကြီး ပူဌေးကတော်ကြီးတွေ ယူအုံးမလားဆို၊ အို. . . မယူချင်တော့ဘူး၊ ဒီခန္ဓာမျိုးဖြ ် မကြိုက်တော့ဘူး၊ ဝိရာဂါ ဝိမုစ္စတိ-မတပ်မက် မနှစ်သက်တော့ ဘာဖြစ်တုံး လွ ်တာပေါ့. . . တဲ့၊ မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်အထိ ရတာပေါ့။

ဒါကြောင့် အဲဒီလမ်းစဉ်ဟာ နီးနီးလေးရယ်၊ ဒါကြော ် လက်ရှိခန္ဓာကြီးရဲ့ပေါ်မှာ ငြီးငွေ့သောစိတ် ရွံမုန်းသောစိတ်ဖြင့် ဒီအမြတန်း ကျန်းမာနေရာဖြစ်တဲ့ ဒီခန္ဓာမျိုးကြီးရဲ့လွတ်ရာ၊ ဒီခန္ဓာမျိုး ဒုက္ခသစ္စာကြီးတွေရဲ့ မ ်ရာ၊ ချုပ်ရာအေးရာ ရုပ်နာမ်နှစ်ဆူ အပူခပ်သိမ်းတို့ရဲ့ အေးငြိမ်းရာဖြစ်တဲ့ ်န္တိသုခအေးမြတဲ့ နိဗ္ဗာနဓာတ်ကြီးကို တပည့်တော်တို့ ရချင်သောကြောင့် ရော ်ချင်သောကြောင့် ဒီနေ့ အမရပူရ မဟာဂန္ဓာရုံကျောင်းတိုက်သို့ ဆွေသားမျိုးသာ တစ်စုလာရောက်လျက် သံဃာတော်အရှင်မြတ်တို့အား မနက်ဆွမ်း နေ့ဆွမ်း ်ဖြင့် ဆက်ကပ်ကြပါတယ်. . . လှူဒါန်းကြပါတယ်. . . လို့ ဟောဒီလို အာရုံပြုလ ်ပါ၊ အဲဒီလိုဆိုရင် မြတ်စွာဘုရား သံသုမာရဂိရိမြို့မှာ မိဘဘဝငါးရာ၊ ဦးကြီး ဦးလေး ဒေါ်ကြီး ဒေါ်လေး ဘဝပေါင်းငါးရာ ပါရမီဖြည့်စဉ်အခါက ဖြစ်ခဲ့ဖူးပြီး တော့ အခု ဘုရားလက်ထက်မှာ နကုလပိတာ နကုလမာတာဆိုတဲ့ သူဌေးနဲ့သူဌေးကတော်လာပြီးတော့ ဖြစ်တဲ့ ကျေးဇူးရှင်မိဘနှစ်ပါးကို ကျေးဇူးဆပ်တ ားဟောတော်မူတဲ့ ဘုရားရဲ့ ဩဝါဒတော်ကို ယနေ့အကျယ်ဟောပြသည့်အတိုင်း ဉာဏ်သက်ဝင်ပြီး သကာလ ရိုသေလေးစားစွာ ဆက်လက်ပြီးတော့ လိုက်န ကျင့်ကြံကြိုးကုတ်အားထုတ်နိုင်သော အမျိုးကောင်းသား အမျိုးကောင်းသမီး ား ဖြစ်ကြပါစေကုန်သတည်း။

ယနေ့ ပြုရသော ဤကုသိုလ်ကောင်းမှုအစုစုသည် ည်း အဲဒီမကျန်းမမာဖြစ်တဲ့ ရောဂါတုံးကြီး, ရုပ်နာမ်ခန္ဓာတို့ရဲ့ကင်းရာ နိဗ္ဗာန် ို့ ရရာရကြောင်းအတွက်, အားကောင်းသောအထောက်အပံ့ဖြစ်ပါစေ. . . ို့ ရည်မှန်းချက်ပန်းတိုင်ချပြီးတော့ ပြုနိုင်တဲ့ အမျိုးကောင်းသား အမျိုးကောင်း မီးတွေ ဖြစ်ကြပါစေကုန်သတည်း၊ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေ ဖြစ်ကြကုန်လျှက် မိမိတို့ရည်မှန်းရင်းရှိတဲ့ နိဗ္ဗာနဓာတ် တရားတော်မြတ်ကြီးကို လျင်မြန်ဆောစွာ ရောက်ကြရ, ရကြရပါလိုကုန်သောဟူ၍, ပတ္ထနာအောင် ု ပြုကြကုန်ရာသတည်း. . .။

သာဓု. . . သာဓု. . . သာဓုပါဘုရား. . .။

http://www.dhammadownload.com

# ရန်သူကြီး(၄)ယောက်တရားတော်

ယနေ့ ပြုလုပ်တဲ့ ကုသိုလ်ကောင်းမှုအစုစုကြောင့်, ကွယ်လွန်ခဲ့ကြတဲ့ မိခင်ဖခင် ကျေးဇူးရှင်တို့သည် လည်းကောင်း၊ ကွယ်လွန်ခဲ့ကြတဲ့ ဆွမ်းအမ ဒေါ်သန်းနွယ်နှင့် ဆွမ်းအမဒေါ်လှလှတို့သည်လည်းကောင်း၊ တပည့်တော်တို့ သည်လည်းကောင်း၊ မျက်နှာမထောက် ရန်သူကြီး(၄)ယောက် လက်တွင်းမှ လျင်မြန်စွာလွတ် ကင်းကြပါစေ. . . လို့ ဟောဒီလို ဆုတောင်းကြ၊ ဆုပန်ကြ၊ မျက်နှာမထောက်, ရန်သူကြီးလေးယောက်ဘေးမှ လျင်မြန်စွာ ကင်းဝေးလွတ် မြောက်ပါစေ၊ မျက်နှာမထောက်တဲ့ ရန်သူကြီးလေးယောက်ရှိတယ် လောကထဲမှာ။

ဘယ်သူ့မျက်နှာ. .'. မှ မထောက်ဘူး၊ သူကဖြင့် ပစ္စည်းရှင်ကြီးပဲရယ်လို့ ဒီလိုလည်းမျက်နှာမထောက်ဘူး၊ ဪ သူကတော့ဖြင့် မွဲရှာတယ်၊ စားစရာ သောက်စရာမှ, တစ်နေ့စာတစ်နေ့ရှာပြီးတောင်းရမ်း စားသောက် နေရရှာတာ၊ သနားပါတယ် ငါကတော့ ခွင့်လွှတ်လိုက်မယ်၊ဒီလိုလည်း မညှာဘူး၊ သူကဖြင့် ဂုဏ်ကြီးရှင်ကြီးပဲ. . . ဂုဏ်ကြီးသိန်ကြီးနဲ့နေတဲ့ပုဂ္ဂိုလ်ပဲလို့ ဒီလိုလည်း မျက်နှာ မထောက်ဘူး၊ သူကဖြင့် ဂုဏ်မရှိ၊ သိန်မရှိ ဂုဏ်မွဲ၊ မျက်နှာမွဲပဲ၊ ညှာလိုက်အုံးမှပဲ ဒီလိုလည်း မျက်နှာမထောက်ဘူး။ အဲဒီလိုအားဖြင့် ပစ္စည်းရှိသော မရှိသော၊ ဂုဏ်သိန်ကြီးသော မကြီးသော, ရုပ်ရည်ချောသော မချောသော တစ်ခုမှ မျက်နှာ မထောက်ဘဲနှင့် သူနှိပ်စက်ခွင့် အခွင့်အလမ်းပေါ်လာသည်နှင့်တစ်ပြိုင်နက် နှိပ်စက်လေ့ရှိတဲ့ ရန်သူကြီးလေးယောက်ရှိတယ်. . .။ အဲဒါ ဘယ်သူတွေ တုန်းလို့ဆိုတော့-

**ကမ္မံ ဇရာ စ ဗျာဓိ စ, မစ္စုစာတိ ဣမေ ထဝါ၊**
**မုခါမုခံ န ဇာနန္တိ, သဗ္ဗေ တေသံ ဝသာနုဂါ။**

ကမ္မံ-ရှေးကပြုမှား, အကုသိုလ်ကံဆိုတဲ့ တရားသည်လည်းကောင်း၊ ဇရာ စ-ရွတ်တွယိုယွင်း, အိုမင်းစေတတ်တဲ့ ဇရာတရားကြီးသည်လည်းကောင်း၊ ဗျာဓိ စ-ကိုးဆယ့်ခြောက်ဖြာ, ကိုးဆယ့်ရှစ်ဖြာ ဘေးရောဂါလို့ဆိုတဲ့, ဗျာဓိတရား ကြီးသည်လည်းကောင်း၊ အထဝါ-ထိုမှတပါး၊ မစ္စု စ-သတ္တဝါတွေရှိသမျှကို, ကုန်ပျောက်ပြုန်းတီး, ပျက်စီးသေဆုံးအောင်, နှိပ်စက်တတ်တဲ့, မစ္စုခေါ်တဲ့, မရဏခေါ်တဲ့ တရားကြီးသည်လည်းကောင်း၊ ဣမေ- ဤ ရန်သူကြီးလေးယောက် တို့သည်၊ မုခါမုခံ-မျက်နှာကြီး, မျက်နှာငယ်ကို၊ န ဇာနန္တိ-မသိကြ

http://www.dhammadownload.com



မကြည့်ကြကုန်၊ သဗ္ဗေ-ရှိရှိသမျှဥသုံ, အလုံးစုံသော သင္ခ ါတို့သည်၊ တေသံ-ထိုရန်သူကြီးလေးယောက်တို့၏၊ ဝသံ-အလိုသို့၊ အာယန္တိ-ပ ါမသွေ, လိုက်ပါ၍ နေကြရပေကုန်သတည်း. . . ။

သာဓု. . . သာဓု. . . သာဓုပါဘုရား. . . ။

ဘယ်သူမျက်နှာမှ မထောက်တဲ့ တရားကြီးလေးပါး ၈ အဲဒါ ကမ္ဘ. . . တဲ့ နံပါတ်(၁)က၊ ရှေးကပြုမှား အကုသိုလ်တရားဆိုတဲ့ ကံ းကံညစ်, ဖြိုဟ်ဆိုး ဖြိုဟ်ညစ်တရားသည်လည်းကောင်း. . . ။ ကိုယ် ရှေးကပြုမှားထားတဲ့ ကံဆိုး ကံညစ်တရား၊ အခွင့်သင့်လာပြီဆိုရင် ချမ်းသာမပေးဘူး၊ နှိပ် က်တာ။ လောကရဲ့ အထွဋ်အမြတ်ပါဆိုတဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို. ပ သူက ချမ်းသာ မပေးဘူး။ ဘုရားကိုယ်တော်မြတ်ကြီး, ဘုရားရင့်မကြီးဖြစ် ၂ သားနဲ့, ခါးတော် တွေ. . . ကိုက်ရတာ ခဏခဏ၊ ခေါင်းတော်တွေ. . . ခဲရ ၈ ခဏခဏ။

အဲဒါ ဘယ်သူက ဝင်နှောက်ယှက်တာတုန်း၊ ခါး က်တွေ့ ကိုက်ရတာ တုန်းဆိုတော့၊ ရှေးတုန်းက လက်ဝှေ့သမားကြီး ဖြစ်စဉ်တုန်း လက်ဝှေ့အသတ် ကောင်းတော့ ဘေး က ဆုတွေလာဘ်တွေနဲ့ မြှောက်ပေးကြ ပက်ခုပ်တွေတီးပြီး ဩဘာတွေပေးကြတော့ တစ်ဘက်က လက်ဝှေ့သမားကို တပ ါတည်း ကိုင်ပေါက် ပြီးတော့၊ မြေကြီးပေါ် ခါးကျိုးအောင် ကိုင်ပေါက်ရိုက်ချိုးလိုက် ၈၊ အဒီအကုသိုလ် ကံဆိုးကြီးက လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်း ပါရမီဖြည့်စဉ် ဘဝ. . . တိုင်း, ဘဝတိုင်း လိုက်ပြီးတော့ ခါးနာအောင် နှိပ်စက်တာ၊ ဘုရား ယ်တော်မြတ်ကြီး ဖြစ်တဲ့ဘဝလည်း လောကရဲ့အထွဋ်အမြတ်ကိုယ်တော်ကြီး . ။ ဒါတော့ မနှိပ် စက်တော့ပါဘူး၊ ချမ်းသာပေးလိုက်မှုပဲလို့ ဒီလိုမရှိဘူး၊ ခါး က်ရတယ်၊ ခေါင်း တော်. . . တွေ ခဏခဏကိုက်တယ် ဘုရား။ ခေါင်းခဲတ ၊ အဲဒါလည်း ဟို အတိတ်ဘဝတစ်ခုတုန်းက ပါရမီဖြည့်စဉ် နုစဉ်တုန်းက တံ ျိုးထဲသွားပြီးတော့ ဘုရားလောင်း ဖြစ်ရတယ်။

❖ ရှေးကကံဟောင်း, မကောင်းကံဆော်,
တံငါမျိုးဇာတ်, ဖြစ်လတ်သရော်-

ဆိုတဲ့အတိုင်း၊ တံငါမျိုးထဲသွားပြီးတော့ ဘုရားအလေ းတော်လေးဟာ ဝင်စားမိရက်ဖြစ်၊ ဒီတော့ အဖေအမေတွေက တံငါဆိုငေ ငါးတွေ ထုကြ၊ ထောင်း ကြ၊ ရိုက်ကြ၊ သတ်ကြ၊ ပုတ်ကြပေါ့ နေ့တိုင်း။ အဲ လေးတို့သဘာဝ ဘယ်သိ တတ်လိမ့်မှာတုန်း၊ သူက အစ်ကိုတွေ အမတွေ၊ အ ွေ အဖေတွေက ငါးတွေ ကို လှေ့ထဲကနေပြီး မြုံးထဲကနေပြီးတော့ ဆယ်တင် းတော့ ကုန်းပေါ်,

http://www.dhammadownload.com



သောင်ပေါ်ပစ်တင်လိုက်၊ ငါးတွေက ဖျတ်ဖျတ် ဖျတ်ဖျတ်နဲ့ ခုန်၊ အဲဒါ အစ်ကို အမတွေက ဒီငါးက ခုန်ရသလားဆိုပြီးတော့ ကျောက်ခဲနဲ့ ခေါင်းထု၊ ဒုတ်နဲ့ ခေါင်းချ၊ ငြိမ်သွားရော၊ အဲဒါ ဘုရားလောင်းတော်လေးက လက်ခုပ်လက်ဝါးတီးပြီးတော့ သဘောကျ သူက သူကိုယ်တိုင်တော့ မထုပါဘူး၊ သူများထုတာကို သူက သဘောကျ၊ အမလေး. . . မှတ်ကရောကွ၊ ငါးကြီး ငြိမ်သွားရောကွ၊ ခုန်နေတာ မှတ်ဟ-နင့်တော့ ခေါင်းထုလိုက်တာ ငြိမ်သွားရော့ကွ"နဲ့ အကုသိုလ်ကို သဘောတူကျေနပ်ခဲ့တယ်၊ ကုသိုလ်တရား၊ အကုသိုလ်တရားတွေဟာ အထူးသဖြင့်-

❖ ကိုယ်တိုင်ပြုပြား, သူများခိုင်းတုံ, ဂုဏ်ကိုပြောပြ,
ဝမ်းမြောက်ကြ, လေးဝအင်္ဂါလာ-တဲ့ ။

ကိုယ်တိုင်ပြု အဆိုးဆုံးပေါ့၊ ကိုယ်တိုင်သတ် ငါးတွေ, အဆိုးဆုံးပေါ့၊ သူများ 'သတ်လိုက်ကွာ'လို့ ခိုင်း၊ ဒါလည်း ဆိုးတာပဲ၊ ဒါလည်း အကုသိုလ်ပဲ၊ 'ဂုဏ်ကို ပြောပြ' တဲ့ သတ်ချင်အောင် ဂုဏ်ပြောပြတယ်၊ သတ်လို့တော့ မခိုင်းဘူး တိုက်ရိုက်၊ သတ်ချင်လာအောင် ဂုဏ်တွေလျှောက်ပြောပြတယ် ။"ဘယ်နားများ ငါးတွေ ရေလေးက တကတည်း နွားလူး ကျွဲလူးတဲ့အိုင်လေးထဲမှာ ငါးတွေဗျာ မနည်းပေါင်။ သွားပြီးရေတွေ ပက်တင်လိုက်ရင် ငါးတွေတော့ ဒီနေ့ ဟင်းတစ်နပ်စာ၊ ထမင်းတစ်နပ်စာရတာပေါ့၊ ဘာညာနဲ့" သတ်ချင်အောင်ပြော၊ အင်း-သတ်တဲ့လူက သွားသတ်ရင်၊ အဲဒါ ကိုယ့်အကုသိုလ် မကင်းတော့ဘူး။ ဒါ ဂုဏ်ပြောပြတာခေါ်တယ်။ ကိုယ်တိုင်လည်း မသတ်ဘူး၊ သူများလည်း မသတ်ခိုင်းဘူး၊ သတ်ချင်လာအောင် ဂုဏ်ပြောပြတာ။ မပြောရဘူး။ ဒါတွေ အကုသိုလ်ချည်းပဲ။

ဟော-နောက်ဆုံး(၄)နံပါတ်က ကိုယ်တိုင်လည်း မသတ်ဘူး။ သူများလည်း သတ်လို့ မခိုင်းဘူး၊ သတ်ချင်လာအောင်လည်း ဂုဏ်မပြောဘူး။သို့သော် သူများသတ်နေတာကို ဝင်ပြီးတော့ ဝမ်းသာ၊ သဘောကျ ကျေနပ်၊ ကောင်လေးတွေ ဘာတွေ ငှက်ပစ်နေတယ်ဆိုရင် တားရမှာ ကိုယ်က၊ မတားဘူး သူက၊ ဟိုက ပစ်လိုက်လို့ မှန်သွား ဖျတ်ဖျတ်, ဖျတ်ဖျတ်နဲ့ ငှက်ကလေးက, တောင်ပံကျိုးပြီး ကျလာ၊ ဟာ-တည့်လိုက်တဲ့ ကောင်ကွာ၊ သိပ်လက်တည့်တဲ့ကောင်ပဲဟ။ အမလေး. . . မှန်လိုက်တာဟ-ဆို ချီးကျူး။ အဲဒါ မချီးကျူးကောင်းဘူး, ဒါတွေက။ ခု ဘုရားအလောင်း အဲဒါ အကိုတွေ အမတွေက ငါးတွေသတ်ကြ၊ ခေါင်းထုကြတာ၊ ဒါ သူက သွားပြီးဝမ်းသာမိတယ်။

❖ ရှေးက ကံဟောင်း, မကောင်းကံဆော်၊
တံငါမျိုးဇာတ်, မြစ်လတ်သရော်၊
ငါးတို့ ဦးခေါင်း, ထုထောင်း မြင်သော်၊

http://www.dhammadownload.com



ဝမ်းမြောက်ဘိ, လိုက်သည့် ဝိပါက်တော်။

အဲ-ငါးတွေရဲ့ဦးခေါင်း ထုထောင်းတာကို ဝမ်းမြောက်မိလို့ ငါ့ ခေါင်းခဲ ရောဂါကြီး ဝိပါက်လိုက်လာတယ်. . . တဲ့ ဘုရားက။ အဲဒီလို ကံဆိုး။ အဲဒီလိုအား ဖြင့်ပေါ့လေ. . . ကိုယ်ပြုမှားထားတဲ့ ကံဆိုးကံညစ်တွေက သတ္တဝါတွေကို ချမ်း သာမပေးဘူး၊ မျက်နှာကြီး မျက်နှာငယ်မလိုက်ဘူး။ သူကတော့ သူဌေးကြီးဘဝ ရောက်နေသေးတာ၊ ငါအကုသိုလ်ကံ ဝင်အကျိုးမပေးသေးပါဘူးလို့မှား စောင့်နေ လိမ့်မယ်မထင်နဲ့၊ ဝင်ပေးတာပဲ သူက။ ကိုယ့်မျက်နှာငယ်. . . ပြီး သေးသေး သိမ်သိမ်ဘဝ ရောက်နေပကောလို့လည်း ညှာလိမ့်မယ်မထင်နဲ့။ ဝင်ပေးတာပဲ။ **"နူရာ ဝဲစွဲ၊ လဲရာ သူခိုးထောင်း"**ဆိုတဲ့ စကားပုံလုပ်ထားတာ အဲဒါကြောင့်၊ ဒါ့ကြောင့် ကမ္မ-လို့ခေါ်တဲ့ ကံဆိုးကံညစ် ဂြိုဟ်ဆိုးဂြိုဟ်ညစ်တရား နှိပ်စက်ပြီလို့ ဆိုရင် အကုန်သူက ပတ်ဝန်းကျင်ချုံပြီးတော့ ဝင်လာတာ၊ ဟိုကမကောင်း၊ ဒီက မကောင်း၊ သားကမကောင်း သမီးကမကောင်း၊ ဆွေကမကောင်း မျိုးကမကောင်း၊ လင်ကမကောင်း မယားကမကောင်း၊ စီးပွားရေး မကောင်း၊ ပညာရေးမကောင်း၊ ကျန်းမာရေးမကောင်း၊ အကုန်စုပြုံဝင်လာတတ်တယ်။ ဒါ ကံဆိုးကံညစ်။ (၃၁)ဘုံ ထဲနေသမျှ အဲဒီကံဆိုးကံညစ်တရား နှိပ်စက်တာ ခံကြရတာ။

နောက် ဇရာတဲ့, ဗျာဓိတဲ့, မရဏတဲ့, ဒါတော့ အထူးပြောစရာ မလို တော့ဘူး၊ အိုခြင်းဆိုတဲ့ ဇရာတရားကြီး၊ ဗျာဓိခေါ်တဲ့ ကိုးဆယ့်ခြောက်ဖြာ ကိုးဆယ့် ရှစ်ဖြာ ဘေးရောဂါ နာခြင်းတရားကြီး၊ မစ္စု-လို့ခေါ်တဲ့ သေခြင်းတရားကြီး. . . တဲ့၊ အဲဒီသုံးပါးကလည်း ဘယ်သူ့မျက်နှာမှ မထောက်ဘူးလေ၊ ဘုရားကိုယ်တော်မြတ် ကြီးရယ်လို့ အအိုက ချမ်းသာမပေးဘူး၊ အနာက ချမ်းသာမပေးဘူး၊ အသေက ချမ်းသာမပေးဘူး။ ပစ္စည်းတွေ ဘယ်လောက်ရှိနေနေ အိုခြင်း နာခြင်း သေခြင်းက ချမ်းသာမပေးဘူး။ မွဲနေပါတယ်ဆိုလို့လည်းပဲ ညှာလိုက်အုံးမှပဲလို့ သူခမျာ မွဲနေ ရှာတာ. . . စားစရာ တစ်နေ့စာတစ်နေ့ မနည်းတောင်းစားနေရရှာတာ၊ ငါသေ မင်းကြီးက ကွင်းလိုက်အုံးမှပဲလို့ ဒီလိုမရှိဘူး။ အချိန်ကျ နှိပ်စက်တာပါ။ ဒါကြောင့်-

သမိဒ္ဓါ နိဒ္ဓနာရူပါ၊ အရူပါ နိဂ္ဂုဏာ ဂုဏာ၊
မရန္တိ မစ္စုသလ္လေန၊ သာယံ လောကဿ ဓမ္မတာ။

သမိဒ္ဓါ စ-ရွှေဘုံပေါ်မှာ စံစား, စိန်သားကို တိုက်တည်, အကြိုက်နှယ် အလိုညီကြတဲ့, မီလျှံနာခေါ်, သန်းကြွယ် ကုဋေကြွယ်, သူဌေးကျော်တို့သည်လည်း ကောင်း၊ နိဒ္ဓနာ စ-ဥစ္စာမဲ့မွဲ, လူဆင်းရဲ လူငမွဲတို့သည်လည်းကောင်း၊ ရူပါ စ- ကောင်းခြောက်ဆယ်လေးရပ်, သွေးထပ်ထပ် ရုပ်ရည်, ဖုဿတီ အရှင်မတို့လို, မြင်ရတဲ့သူ, မောလောက်အောင်, အချောအလှဂုဏ်, ပြောပြ၍ မကုန်နိုင်တဲ့,

http://www.dhammadownload.com



မြကြေးမုံတို့သည်လည်းကောင်း၊ အရှုပါ စ-ပိန်ရသည့်အထဲ, ဝဲခြောက်က စွဲ, အမည်းကသပိတ်ရောင်, မျက်ဆံကြောင် ကုတ်ကိုင်းနဲ့, လုပ်တိုင်းက လက်မခံ, အဖက်မတန်အောင်, စုတ်ညိုးတဲ့ အရုပ်ဆိုးကြသူတို့သည်လည်းကောင်း၊ ဂုဏော စ-အိုင်အေ,ဘီအေ, အဲ(မ်)အေ မဟာဝိဇ္ဇာ၊ ဆာဗြော်နာဟု, မော်စရာ အစားစား, ပါဝါဂုဏ်တွေနဲ့, ကြွားကြတဲ့, ဂုဏ်ကြီးရှင်များတို့သည်လည်းကောင်း၊ နိဂ္ဂုဏော စ-မဟာဒုဂ်အိမ်နောက်ဘေးမှာ, အစွယ်ကလေး ချကာ, စံရတဲ့ သူတောင်းစား ရိပ်အနွယ်မှာ, အိပ်အလွယ် ငုံးကာ, စားကြရတဲ့ ဂုဏ်မဲ့သူများတို့သည်လည်း ကောင်း။

တေ-ထိုဆိုခဲ့သွယ်သွယ်, ဂုဏ်မဲ့, ကြွယ်တို့သည်၊ မစ္စုသလ္လေန-စိန်ရည်စင်သွား, သေမင်းမြားဖြင့်၊ မရန္တိ-ဂုဏ်ထူးတွေကို စွန့်ပစ်, အချစ်တွေကို ခွဲခွာ, ဥစ္စာတွေကိုပါ ကွေကွင်း၍, သေခြင်းကြီး သေကြရလေကုန်၏၊ အယံ-သေကြကျကြ, သေကျကြတယ်ဆိုတဲ့, ဤလောကဓမ္မတာသဘောကြီးသည်၊ လောကဿ-ဖြစ်လာလျှင် ပျက်ရဖို့, အဘက်ဘက်က, စဉ်လာကြသည့်, သခ်ီရလောကကြီး၏၊ ဓမ္မတာ-ဘယ်ဘုရား ဘယ်ပြဟ္မာ ဘယ်ဆရာအစွမ်း မကိုးလေနဲ့တော့, လမ်းရိုးစဉ်လာ, ဓမ္မတာကြီးဖြစ်ပါပေသတည်း. . . ။

သာဓု. . . သာဓု. . . သာဓုပါဘုရား. . . ။

ဒီရှင်သေမင်းကြီးက နှိပ်စက်လိုက်ပြီဆိုရင် လောကမှာ ပစ္စည်းဥစ္စာတွေ ပြည့်စုံပါပေ့. . . ဆိုတဲ့ သမိဒ္ဓပုဂ္ဂိုလ်တွေ၊ သမိဒ္ဓါ-ရွှေဘုံပေါ်မှာစံစား, စိန်သားကို တိုက်တည်. . . တဲ့၊ ပေါလိုက်တဲ့ပစ္စည်းက သူများလို ရိုးရိုးအိမ်တောင်ဆောက်တာမဟုတ်ဘူး၊ အသားနဲ့အုတ်နဲ့ဆောက်တဲ့အိမ် မဟုတ်ဘူး၊ ရွှေအိမ်ကြီးဆောက်တာ၊ စိန်သားတွေအထွင့်တင်ထားလိုက်သေး၊ ရွှေဘုံပေါ်မှာ စံစား, စိန်သားကို တိုက်တည်, အကြိုက်နယ်အလိုညီကြတဲ့, မီးလျှံနာခေါ်, သန်းကျော် ကုဋေကျော် သူဌေးကျော်တို့သည်လည်းကောင်း. . . ။ မီးလျှံနာသူဌေးဆိုတာ သန်းကြွယ် သူဌေးပေါ့၊ သိန်းတင်မကဘူး သန်းကြွယ်၊ အခုကာလကျတော့ သန်းတောင် မကဘူး ကုဋေကြွယ်ပေါ့။ အဲသလို ဘယ်လောက်ပေါပြီးတော့ ဒိတ်ဒိတ်ကျဲ ဖြစ်နေလည်း သေမင်းကတော့ မျက်နှာမထောက်ဘူး၊ ဩော်. . . သူပစ္စည်းတွေ ပေါလိုက်တာ၊ သူ့ပစ္စည်းတွေနဲ့ အများကောင်းကျိုးတွေ သယ်ပိုးနေတာ သူတော့ ချမ်းသာပေးအုံးမှပါပဲလို့ သေမင်းက ဒီလိုမညှာဘူး. . တဲ့။

ဒါဖြင့် နိဒ္ဓန-ပစ္စည်းမရှိတဲ့သူတွေကောလို့ဆိုတော့ နိဒ္ဓနာစ-မဟာဒုဂ် အိမ်နောက်ဘေးမှာ, အစွယ်ကလေးချကာ စံစား၊ သူတောင်းစား ရိပ်အနွယ်မှာ, အိပ်အလွယ်ငုံးကာ, စားကြရတဲ့ ဆင်းရဲသားအပေါင်းတို့သည်လည်းကောင်း. . . ။

http://www.dhammadownload.com



မွဲလိုက်တဲ့ဖြစ်ခြင်းတော့ ပြောစရာကို မရှိဘူး။ ဘယ်လောက်မွဲတုန်းလို့ဆိုတော့ မဟာဒုဂ်ရဲ့ အိမ်နောက်ဘေးမှာ အစွယ်ကလေးချနေရတယ်. . . သူ့နေရာ၊ မဟာဒုဂ်ဆိုတာ အင်မတန်ဆင်းရဲတဲ့သူကို မဟာဒုဂ်ခေါ်တာ၊ ရှေးတုန်းက မဟာဒုဂ်၊ မဟာဒုဂ်နဲ့ အင်မတန်မွဲ၊ အင်မတန်ဆင်းရဲတဲ့ ဒီလင်မယားနှစ်ယောက်ကို မဟာဒုဂ်လင်မယားလို့ခေါ်တာ။

နောက်မှ ကဿပဘုရားရှင် မြဲသပိတ်ပေါက်သွားပြီးတော့ ဘုရားလှူရ ပူဇော်ရတာနဲ့ သူဌေးကြီးဖြစ်သွားတာ တဟုန်ထိုး။ အစတုန်းက မွဲလိုက်တာ သူများ အိမ် ထင်းပေါက်၊ မယားက သူများအိမ် ရေခပ်၊ ကျွန်ခံ။ ယောက်ျားက ထင်း ပေါက် တံမြက်လှည်း၊ အမှိုက်ကျုံး၊ အလုပ်လုပ်မှရတဲ့ အခလေးနဲ့ လင်မယား နှစ်ယောက်စားရတာ မဟာဒုဂ်၊ မဟာဒုဂ္ဂတ-ပါဠိလို၊ မဟာ-ကြီးကျယ်သော၊ များ ပြားသော၊ ဒုဂ္ဂတ-ဆင်းရဲခြင်း၊ ဆင်းရဲများတဲ့သူ မဟာဒုဂ်၊ အဲဒီ မဟာဒုဂ်ရဲ့အိမ်က တဲ ဘုတ်ကလေးပဲ၊ အခု လူတစ်ယောက်က အဲဒီ မဟာဒုဂ်ထက် ဆင်းရဲသေးတယ် တဲ့ သူက၊ မဟာဒုဂ်ထက် ဆင်းရဲလို့ကို မဟာဒုဂ်ရဲ့ အိမ်နောက်ဘေးမှာ၊ အစွယ် ကလေးချပြီး နေရရှာတယ်၊ သူဌေးအိမ်နောက်ဘေး အစွယ်ချနေတာဆို တော် သေး၊ မဟာဒုဂ်ရဲ့ အိမ်နောက်ဘေးမှာ အစွယ်ကလေးချပြီး နေရရှာတယ်။

စားစရာကကောလို့ ဆိုတော့-သူတောင်းစားရိပ်အနွယ်မှာ, *အိပ်အလွယ် ငှါးကာ စားကြရတဲ့*၊ လောက သူတောင်းစားဆိုတာ အမွဲဆုံး၊ အငတ်ဆုံးပဲ၊ အဲဒီသူတောင်းစား အမွဲဆုံး အငတ်ဆုံးထက် ဆိုးလိုက်သေးတယ် ဒီလူက၊ ဘာပြုလို့ တုန်း၊ အဲဒီသူတောင်းစားနောက်က သူက အိပ်အလွယ်ငှါးပြီးလိုက်ရရှာတာ၊ သူတောင်းစားက ရှေ့က တောင်းစရာရှိတာ တောင်းတော့ အိပ်ကလွယ်ရတာ၊ ထမ်းရတာ လေးလို့၊ "လိုက်ခဲ့ ငါ့နောက်က၊ ငါ့အိပ်ကို ထမ်း၊ ငါ့အိပ်ကို လွယ်၊ ငါက ရှေ့ကတောင်းမယ်၊ ငါးပြားရရင် မင်း တစ်ပြားပေးမယ်" ဟော-အဲဒီလိုနဲ့ အခစားလိုက်ရရှာတာ "*သူတောင်းစား ရိပ်အနွယ်မှာ၊ အိပ်အလွယ်ငှါးကာ စားကြ ရတဲ့ ဆင်းရဲသားတို့သည်လည်းကောင်း*. . ." ဆင်းရဲတဲ့ဖြစ်ခြင်း မွဲတဲ့ဖြစ်ခြင်း တော့ ကန်းကုန်ရော။ အဲသလောက် မွဲနေလို့များ သေမင်းကြီးက ကြော်. . . မွဲရှာ တယ်. . . ကြည့်ပါအုံး။ မွဲတာမှ ရိုးရိုးအမွဲ မဟုတ်ဘူး၊ သူတောင်းစားလောက် အမွဲဆို တော်သေး၊ အခု သူတောင်းစားရဲ့နောက်က အိပ်အလွယ်အငှါးနဲ့၊ အိပ်အလွယ်ငှါးပြီး အငှါးလိုက်ပြီးတော့ စားရရှာတဲ့သူ၊ မွဲလိုက်တာ သနားပါတယ်၊ သနားပါတယ်၊ မင်းတော့ ငါမသတ်တော့ပါဘူး၊ မသေစေရတော့ပါဘူး၊ ဒီလိုများ ချမ်းသာပေးလိမ့်မယ် မထင်နဲ့. . . တဲ့။ အဲဒီ ငမွဲ ငတိ ငတုန်းလည်း သတ်တာပဲ သေမင်းက။ မီလျှံနာခေါ် သူဌေးကျော်ကြီးလည်း သတ်တာပဲ သူက။

http://www.dhammadownload.com



**သမိဒ္ဓါစ**-ရွှေဘုံပေါ်မှာ စံစား, စိန်သားကိုတိုက်တယ်, အကြိုက်နှယ်အလို ညီကြတဲ့. . . ပစ္စည်းက ရှိနေတာဆိုတော့ သူတို့ကြိုက်တာ မှန်သမျှ၊ သူတို့အလို အကုန်ပြည့်တာပဲ။ ဘာလိုချင်တုန်း၊ လိုချင်တာပစ္စည်းနဲ့ ဝယ်လိုက်တာပဲ, ရတာပဲ၊ ဘာစာချင်တုန်း စားချင်တာမှန်သမျှ ပစ္စည်းနဲ့ဖန်တီးလိုက် အကုန်ရ၊ အဲဒီလို အကြိုက်နယ် အလိုညီကြတဲ့၊ မီလျံနာခေါ် သူဌေးကျော်တို့သည်လည်း ကောင်း. . .။ **နိဒ္ဓနာစ**-အင်မတန် အလွန်မွဲ, ငတီခေါ်တဲ့ သူဆင်းရဲတို့သည် လည်းကောင်း. . .။ အဲဒီလို ကြွယ်ဝတဲ့သူရော၊ မွဲတဲ့သူရော ချမ်းသာမပေးဘူး **အိုမင်း နာမင်း သေမင်းက**။

တစ်ခါ ရုပ်ရည်ချောမော လှ,မလှ ကြည့်ပြန်တော့လည်း၊ ရူပါစ-ကောင်းခြောက်ဆယ့်လေးရုပ်, သွေးထပ်ထပ်ရုပ်ရည်, ဖုသတီ အရှင်မတို့လို, မြင်ရတဲ့သူ မောလောက်အောင်, ချောအလှဂုဏ်, ပြောပြ၍မကုန်နိုင်တဲ့, မြကြေးမုံတို့သည်လည်းကောင်း၊ ချောတဲ့နေရာမှာ ဝေဿန္တရာမင်းကြီးရဲ့ မယ်တော် ဖုသတီမိဖုရားကြီးတို့ အင်မတန် ချောမောလှပ၊ ကြည့်ရတဲ့သူက ကြည့်မိရင် မျက်စိကို တခြားလွှဲလို့ မရဘူး။ အသားအရေကလည်း စိုဝင်း၊ ဝါနု၊ အရောင်လက်၊ အရောင်တောက်၊ မျက်နှာကြည့်လိုက်တော့လည်း ပြုံးလို့၊ ကိုယ်ဟန်အနေထား ကြည့်လိုက်တော့လည်းပဲ ကျော့ကျော့, မော့မော့, ပျံတော့မယ့် ကိန္နရီမ လိုပဲ. . . တဲ့။

အင်း- မြင်ရတဲ့သူတွေကို စိတ်ထဲ မောသွားလောက်အောင် သူမြင်လို့ရှိ ရင်၊ ပင့်သက်မျှား အရှူမှားလောက်အောင် ချောမောလှပတဲ့ ဖုသတီ မိဖုရားတို့ ပပဝတီတို့ ဥမ္မာဒန္တီတို့လို ချောပေ့. . . လှပေ့ဆိုတဲ့သူလည်း သေမင်းကတော့ ချမ်းသာမပေးဘူး။ အင်း- သူချောမောလှပပေတယ်. . .၊ သူ့များတွေ ကြည်လို့ရှု လို့ကောင်းအောင် နေဖော်ရပေတယ်။ သူများတွေက သူ့ကြည့်နေရတာ ချမ်းသာ ကြတယ်ဆိုတော့ ငါက ခွင့်လွှတ်လိုက်အုံးမှပဲလို့ ဒီလိုများ ချမ်းသာပေးလိမ့်မယ် မထင်နဲ့တဲ့ အိုမင်းကြီး နာမင်းကြီး သေမင်းကြီးတွေက၊ ရူပါစ-ကောင်းခြောက် ဆယ့်လေးရုပ်, သွေးထပ်ထပ်ရုပ်ညီ, ဖုသတီအရှင်မတို့လို, မြင်ရသူ မောလောက် အောင်, အချောအလှဂုဏ်, ပြောပြ၍မကုန်နိုင်တဲ့, မြကြေးမုံတို့သည်လည်း ကောင်း. . .။

ရုပ်ချောတာ မဟုတ်ဘဲနဲ့၊ ရုပ်ဆိုးတဲ့ဘက်ကရော ဆိုတော့၊ အရူပါစ-ပိန်ရသည့်အထဲ၊ ဝဲခြောက်ကစွဲ၊ အမည်းက သပိတ်ရောင်. . . တဲ့၊ အရုပ်ဆိုး လိုက်တဲ့နေရာမှာ ပြောစရာမရှိဘူး၊ လူကလည်း ပိန်ညောင်ညောင် ရုပ်ခန္ဓာ ကိုယ်က ပိန်ညောင်ညောင်၊ ဒီထဲ ဝဲခြောက်တွေက စွဲနေလိုက်သေး၊ အသားရေ

http://www.dhammadownload.com



အသားရောင် ကြည့်ပြန်တော့လည်း ပိန်ရတဲ့အထဲ ဝဲခြောက်ကစွဲ အမည်းက သပိတ်ရောင် . . . တဲ့။ *အရှုပါဠိ-ပိန်ရသည်အထဲ ဝဲခြောက်ကွဲ၊ အမည်းက သပိတ်ရောင်၊ မျက်ဆံကြောင် ကုတ်ကိုင်းနှင့်. . . ၊* မျက်ဆံကြည့်လိုက်တော့လည်း မျက်ဆံက ကြောင်တောင်တောင်ကြီး၊ ပြီးတော့ လူပုံပန်း, နေပုံထိုင်ပုံကြီးကလည်း ကုတ်ကိုင်းကြီးတဲ့။ ဖြောင့်ဖြောင့်မတ်မတ်, ကျော့ကျော့မော့မော့ ဘာတစ်ခုမှ မရှိဘူး၊ ခေါင်းကြီးက စောင်း၊ ပခုံးကြီးက စောင်း ၊ ရင်ကြီးက စောင်း တင်ကြီးက စောင်း၊ ကုတ်ကိုင်းကြီး။

"ပိန်ရသည်အထဲ, ဝဲခြောက်ကစွဲ, အမည်းက သပိတ်ရောင်, မျက်ဆံကြောင် ကုတ်ကိုင်းနှင့်, လုပ်တိုင်းက လက်မခံ. . . လုပ်တိုင်းဆိုတာ သင်္ချိုင်းကုန်းကို ပြောတာ၊ ရှေးက ပေါရာဏက သင်္ချိုင်းကုန်းကို လုပ်တိုင်းလို့လည်း ခေါ်တယ်။ ဒါ့ကြောင့် လုပ်တိုင်းကုန်း လုပ်တိုင်းကုန်းတဲ့ ပြောကြတာ သင်္ချိုင်းကုန်းကို။ အဲဒီ သင်္ချိုင်းကုန်ကြီးကတောင်မှ လက်မခံချင်ဘူး. . . တဲ့ အရုပ်ဆိုးလွန်းလို့ ဒီကောင်ကို၊ အမလေး. . . ဒီကောင်ကြီး သေလို့ရှိရင် ငါ့ဆီလာ မမြှုပ်ပါနဲ့၊ ငါ့ဆီ လာမမြှုပ်နဲ့လို့ သင်္ချိုင်းကုန်းကြီးကတောင် လက်မခံချင်ဘူးတဲ့။ သင်္ချိုင်ကုန်းဆိုတာ ဘယ်သူလာလာ လက်ခံတဲ့သင်္ချိုင်းကုန်းကြီး၊ ဒါသင်္ချိုင်းကုန်းကြီးကိုက အဲဒီ အရုပ်ဆိုးတဲ့ မျက်ဆံကြောင် ကုတ်ကိုင်းကြီးတော့ သေရင် ငါ့ဆီ လာမမြှုပ်ပါနဲ့ဟလို့ လက်မခံချင်လောက်အောင် အရုပ်ဆိုးတယ်။ အရှုပါဠိ-ပိန်ရသည့်အထဲ, ဝဲခြောက်ကစွဲ, အမည်းက သပိတ်ရောင်, မျက်ဆံကြောင်ကုတ်ကိုင်းနှင့်, လုပ်တိုင်း ကလက်မခံ၊ အဖက်မတန်အောင်, စုတ်ညှိုးလှတဲ့, အရုပ်ဆိုးကြသူတို့သည်လည်းကောင်း၊ အဲဒီလောက်ရုပ်ဆိုးနေတဲ့သူ ရှင်သေမင်းကြီးက ဩော်. . . သူ့ခမျာ, ကံဆိုးမိုးမှောင်ကျ အရုပ်က ဆိုးရှာတယ်။ ငါတော့ချမ်းသာပေး လိုက်အုံးမှပဲလို့ ဒီလိုများ ညာလိမ့်မယ်မထင်နဲ့ . . . တဲ့။

တို့အမေတွေ အဖေတွေကျတော့ ကိုယ့်သားသမီးလေးထဲက အရုပ်ဆိုးလေး ပါလာတယ်၊ သားလေးက အရုပ်ဆိုး သမီးလေးက အရုပ်ဆိုးလေးပါလာရင် သူများက မချစ်ပေမဲ့လို့ အမေတို့အဖေတို့ကတော့ အင်မတန်ချစ်ရှာတယ် သူ့သားကလေး, မောင်ရုပ်ဆိုးလေး, ငါ့သားလေး သူများက မချစ်ကြဘူး၊ သူများက မပေးချင် မကမ်းချင်ဘူး၊ ငါကကျွေးရမှာပဲဆိုပြီးတော့ မောင်ရုပ်ဆိုးလေး၊ မယ်ရုပ်ဆိုးလေးဆိုပြီးတော့ ကိုယ့်သားကိုယ့်သမီးလေး တိုးချစ်ကြ။ သေမင်းကြီးက အဲသလို မရဘူး၊ အင်း-နားမလည်ဘူး ရုပ်ဆိုးသော၊ မရုပ်ဆိုးသော။ လှသော မလှသော နားမလည်ဘူး။ မင်း အချိန်ကျ သေရမယ်ပဲ သူကတော့၊ ပစ္စည်းရှိ, မရှိ၊ ရုပ်ချော, မချော ချမ်းသာမပေးဘူး။

http://www.dhammadownload.com



ဂုဏ်ထူးဝိသေသရှိ မရှိကော ဆိုတော့၊ *ဂုဏာဝစ-အိုင်အေ, တီအေ, အဲ(မ်)အေ, မဟာဝိဇ္ဇာ၊ ဆာသြော်နာဟု, မော်စရာအစားစား, ပါဝါဂုဏ်တွေနဲ့ ကြွားကြတဲ့ဂုဏ်ကြီးရှင်များတို့သည်လည်းကောင်း. . .*။ အမလေး ကျုပ်က အဲ(မ်)အေ, ကျုပ်က မဟာဝိဇ္ဇာ၊ ကျုပ်က ဆာဘွဲ့ရထားတာ။ ပညာရေးဘက် က ဆာ၊ ဥစ္စာရေးဘက်က ဆာ။ ဆာဖိုးသာတို့၊ ဆာဦးသွင်"တို့ ဆိုသလို၊ ဆာဘွဲ့တွေ ရထားတာရှိသေးတာကိုး။ သြော်နာဆိုတဲ့ ဂုဏ်ထူးတွေ အမျိုးမျိုးရကြ၊ ဘာဂုဏ်ထူးတွေရရ, သေမင်းကတော့ နားမလည်ဘူး၊"နိမ်းဂျား ရေးကား" ပဲ။

ဂုဏာဝစ-အိုင်-အေ, ဘီ-အေ၊ အဲ(မ်)အေ မဟာဝိဇ္ဇာ, ဆာသြော်နာဟု, မော်စရာအစားစား, ပါဝါဂုဏ်တွေနဲ့ ကြွားကြတဲ့, ဂုဏ်ကြီးရှင်များတို့သည်လည်းကောင်း။ နိဂ္ဂုဏာဝစ-ဂုဏ်မဲ့သည့်အထဲ, အလွန်မတန် ဆင်းရဲကြတဲ့, ငတိခေါ်တဲ့ လူဆင်းရဲတို့သည်လည်းကောင်း။ မစ္ဆုသလ္လေန-(၃၁)ဘုံ, လွှမ်းချုံပိုင်နင်း, မရဏရှင်သေမင်းကြီးရဲ့, စိန်ရည်စင်သွား, သေမင်းမြားဖြင့်၊ မရန္တိ-ဂုဏ်ထူးတွေကို စွန့်ပစ်, အချစ်တွေကို စွန့်ခွါ, ဥစ္စာတွေကိုပါ ကွေကွင်း၍, သေခြင်းကြီး သေကြရလေကုန်၏၊အယံ-သေရကျေရ,သေကျေရခြင်းဆိုတဲ့ ဒီဘာဘောကြီးသည်၊ လောကဿ-ဖြစ်လာလျှင် ပျက်ရတဲ့, အဘက်ဘက်က, စဉ်လာကြသည့်, သင်္ခါရလောကကြီး၏၊ ဓမ္မတာ-ဘယ်ဘုရား, ဘယ်ပြဟ္မာ, ဘယ်ဆရာအစွမ်း မကိုးလေနဲ့တော့, လမ်းရိုးစဉ်လာ, ဓမ္မတာကြီးဖြစ်ပါပေတော့သတည်း။. . .

သာဓု. . . သာဓု. . . သာဓုပါဘုရား. . .။

အဲဒီလိုအားဖြင့် ဂုဏ်မဲ့ဂုဏ်ရှိ ပစ္စည်းမဲ့ ပစ္စည်းရှိ ရုပ်ဆိုး ရုပ်ချော၊ တစ်ခု. . . မှ ချမ်းသာမပေးဘဲနဲ့, မျက်နှာမထောက်, ရန်သူကြီးလေးယောက်နှိပ်စက်နေတဲ့ (၃၁)ဘုံနယ်ကြီးက မိခင်ဖခင်ကျေးဇူးရှင်များ လွတ်တော်မူကြပါစေ. . ကွယ်လွန်အနိစ္စရောက်သွားတဲ့ ဆွမ်းအမဒေါ်သန်းနွယ်၊ ဒေါ်လှလှတို့ လွတ်ကြပါစေ၊ တပည့်တော် တပည့်တော်မတို့သည်လည်း ဤမျက်နှာမထောက်တဲ့ ရန်သူကြီးလေးယောက်ဘေးမှ လျင်မြန်စွာ ကင်းဝေးလွတ်မြောက်ရပါလို၏. . . လို့ ဒီနေ့သံဃာတော်(၁၃၀၀)ကျော်တို့ကို (၁၇)ကြိမ်မြောက် ဆွမ်းဘောဇဉ်တွေ ဆက်ကပ်ရတဲ့ ကုသိုလ်ကောင်းမှုအစုစုကြောင့်၊ ကာလဒါန . အေးတဲ့ရာသီကာလမှာ အခါအားလျော်စွာ ယုန်မွေးစောင် လှူဒါန်းရတဲ့ကုသိုလ်ကောင်းမှု၊ ဘုရားဆေးတော်ကြီးဖြစ်တဲ့ ပျားရည်(၂)ပုလင်း၊ ထောပတ်(၁)ပုလင်းတို့ကို ဆက်ကပ်လှူဒါန်းရတဲ့ ကုသိုလ်ကောင်းမှု။

http://www.dhammadownload.com



သံဃာတော်များ စာမေးပွဲတွေကျင်းပ၊ စာချ စာသင်၊ ကျက်မှတ်၊ သင်အံ တဲ့နေရာမှာ ပညာပါရမီ အထောက်ကူဖြစ်စေဖို့ရာ လှူဒါန်းရတဲ့ စက္ကူငါးထုပ် လှူဒါန်းရတဲ့ ပညာပါရမီပစ္စည်းလှူဒါန်းရတဲ့ ကုသိုလ်ကောင်းမှုမှစ၍ ဖိတ်မန္တက ပြုထားသော ပရိသတ်အပေါင်း, သူတော်ကောင်းတို့ကို သဒ္ဓါဖြူဖွေး ကျွေးမွေး ညှော်ခံရတဲ့ ကုသိုလ်ကောင်းမှုအစုစုကြောင့်၊ မျက်နှာမထောက် ရန်သူကြီးလေး ယောက်တို့ရဲ့လက်တွင်းမှ လွတ်ရာဌာန သန္တိသုခ နိဗ္ဗာန်ဓာတ် ချမ်းသာထူး ချမ်းသာမြတ်ကြီးကို တပည့်တော်တို့ လျင်မြန်ဆောစွာ ကပ်ရောက်ကြရပါလို ကုန်သောဟူ၍ ပတ္ထနာအောင်ဆု ပြုကြကုန်ရာသတည်း. . .။

သာဓု. . . သာဓု. . . သာဓုပါဘုရား. . .။

http://www.dhammadownload.com

# မိဘာတို့မြော်လင့်ချက်(၅)မျိုးတရားတော်

ယနေ့ မြန်မာကောဇာသက္ကရာဇ် ၁၃၅၀-ပြည့်ခုနှစ်၊ ကဆုန်လပြည့်ကျော် (၂)ရက်နေ့၊ ခရစ်နှစ် ၁၉၈၈-ခု မေလ(၂)ရက်၊ တနင်္လာနေ့မှာ၊ အမရပူရမြို့၊ မဟာဂန္ဓာရုံကျောင်းတိုက်ရှိ ပရိယတ်, ပဋိပတ် သာသနာ့တာဝန်ထမ်းဆောင် နေကြသော ဘုရားသားတော် သံဃာတော် (၆၀၀)ကျော်တို့မျက်မှောက်သို့ (၂) ကြိမ်မြောက် လာရောက်ပြီးတော့ ကုသိုလ်ကောင်းမှုပြုကြတဲ့ ကုသိုလ်ရှင်များက၊ ကျောက် မြောင်းမြို့နယ်၊ နွယ်ငြိမ်းရွာမှာ နေထိုင်ကြတဲ့ အလှူ့ဒါယကာ, ရဟန်း ဒါယကာ, ဒကာဦးဌေးစံ+အလှူ့ဒါယိကာမ, ရဟန်းဒါယိကာမ, ဒကာမ ဒေါ်ထားမြင့်မိသားစုတို့ ဖြစ်ကြပါတယ်။

ဒီတော့-ဒီနေ့ ဒကာဦးဌေးစံတို့ ဒေါ်ထားမြင့်တို့က ဒီကိုမလာခင်၊ ရဟန်း ခံပွဲ မပြုခင်လည်းဘဲ မိမိတို့နွယ်ငြိမ်းကျေးရွာမှာ၊ ဘုရားထီးတင်, ဘုရား အနေက ဇာတင်, ဘုရားရွှေထီးတော်တင် ကုသိုလ်ကောင်းမှု ပြုလုပ်ခဲ့ကြတယ်၊ အဲဒီနွယ် ငြိမ်းရွာမှာ အားလုံးစုပေါင်းပြီးတော့ အများစုပေါင်းပြီးတော့ စေတီဟောင်း တစ်ဆူကို စုပေါင်းအားနဲ့ ပြုပြင်အားထုတ်ကြတဲ့နေရာမှာ, အခု ဦးဌေးစံ+ ဒေါ်ထားမြင့်တို့က မ,တည်အနေအားဖြင့် လိုအပ်သမျှကြည့်ပြီးတော့ စေတီတော် ကြီးကို ပွမ်းမံပြင်ဆင်ရခြင်း ရွှေထီးတော်တင်လှူရခြင်းဆိုတဲ့ ဒီကုသိုလ်ကောင်းမှု, ဗုဒ္ဓပူဇနီယ ဘုရားပူဇော်တဲ့ကုသိုလ်ကောင်းမှုကြီးကိုလည်း သူတို့ပြုလုပ် အားထုတ် ပြီးတော့ လာခဲ့ကြတယ်။ အဲဒီလို ရဟန်းခံမင်္ဂလာနဲ့ သံဃာကိုပူဇော်တဲ့ ကုသိုလ် မပြုခင် ဘုရားပူဇော်တဲ့ ကုသိုလ်ကောင်းမှု ပြုလုပ်အားထုတ်ပြီးတော့မှ အခု ဒီကိုရောက်လာပြီးတော့ ရဟန်းခံမင်္ဂလာ ကျင်းပပြုလုပ်ကြခြင်းဖြစ်ပါတယ်။

ဒီတော့-ဒီထဲမှာ ရဟန်းဒကာကိုယ်တိုင်လည်းပဲ ရဟန်းခံမယ့် ဒုလ္လဘ ရဟန်းလောင်းအဖြစ်နဲ့ပါဝင်ပါတယ်၊ ဒီတော့-အထူးအားဖြင့် အခုလို ပြုလုပ်အား ထုတ်တဲ့ကိစ္စမှာ မိခင်ကြီးဒေါ်ပေါလှိုင်ကို အထူးတလည်ရည်စူးပါတယ်. . . တဲ့၊ မိခင်ကြီးဒေါ်ပေါလှိုင်ကို ဘာပြုလို့ အထူးတလည်ရည်စူးရတာတုန်းဆိုတော့ ကွယ်လွန်သွားခဲ့တဲ့ မိခင်ကြီးက မကွယ်လွန်မီ သားတွေကို သက်န်းအဝတ်နဲ့ ရဟန်းအဖြစ်, ရှင်အဖြစ်နဲ့မြင်ပြီးတော့ ကြည့်ပြီးတော့ မြင်ချင်ကြည့်ချင်ပြီးတော့ သံဃာတော်တွေကို ဆွမ်းဘောဇဉ်ကပ်ချင်တယ်။

အထူးသဖြင့် ဒီဂန္ဓာရုံကျောင်းတိုက်မှာ သူကမွေးဖွားထားတဲ့သားတွေ ကို ရဟန်းပြု, ရှင်ပြုပြီးတော့ ဂန္ဓာရုံကျောင်းတိုက် သံဃာတွေကို ဆွမ်းကပ်ချင်

http://www.dhammadownload.com



တယ်. . . လို့ဆိုတာ ပါးစပ်ကတဖွဖွပြောသွားတာ၊ အဲဒီလိုပြောတဲ့စကားကို မိမိတို့ညီအကိုတွေ, မောင်နှမတွေ စုပေါင်းပြီးတော့အားထုတ်ဖို့ စီမံခဲ့ကြသော်လည်းပဲ မိခင်ကြီးကို ပြုစုရတဲ့ ကိစ္စအခြားအခြားသောကိစ္စကြီးငယ်ကြောင့် မအောင်မြင်ခဲ့ကြတာကို ဒီနေ့ အဲဒီမိခင်ကြီးရဲ့ အလိုဆန္ဒဖြည့်ဆည်းသောအားဖြင့် အခုဒကာဦးဌေးစံ+ဒေါ်ထားမြင့်တို့က ဦးဆောင်ပြီးတော့ အခုညီအကို မောင်နှမတစ်တွေ ဒါ မိခင်ကြီးအလိုဆန္ဒ ဖြည့်ကြခြင်းပဲဖြစ်ပါတယ်. . . ကွယ်လွန်သွားခဲ့တဲ့ မိခင်ကြီးရဲ့ဆန္ဒကို ဖြည့်ပေးကြခြင်းဖြစ်ပါတယ်။

ဒါကြောင့်-ဒီရဟန်းလောင်း ဆယ်ပါးထဲမှာ ဒကာမကြီးဒေါ်ပေါ်လှိုင်ရဲ့ သားလေးဦး တူခြောက်ဦး အဲဒီအမျိုးကောင်းသားဆယ်ဦးတို့ကို ရဟန်းပြုပေးကြပါမယ်, ရှင်ပြုတဲ့ ငါးပါးထဲမှာလည်းပဲ၊ ဒေါ်ပေါ်လှိုင်ရဲ့ မြေးကလေးလေးယောက်ကို ရှင်ပြုပေးကြမှာဖြစ်ပါတယ်၊ တူတစ်ယောက်ကို ရှင်ပြုပေးကြမှာ ဖြစ်ပါတယ်။

ဒါ့ကြောင့် မိခင်ကြီးရဲ့ အလိုဆန္ဒကိုဖြည့်ဆည်းပူးသောအားဖြင့် ဒီနေ့ အထူးတလည် ရဟန်းခံခြင်း, ရှင်ပြုခြင်း ခုနက ပြောခဲ့တဲ့ဘုရားပြင်- ရွှေထီးတင်, ကောင်းမှုကြီးနှင့်တကွဒီမှာ ရဟန်းခံရှင်ပြု, မင်္ဂလာကြီး နှစ်ခုကိုပြုလုပ်ရင်းနဲ့ ယခုနပြောခဲ့တဲ့အတိုင်း ဂန္ဓာရုံကျောင်းတိုက် သံဃာတော်(၆၀၀)ကျော်တို့ကို နံနက်ဆွမ်း နေ့ဆွမ်းဆက်ကပ်ကြခြင်း၊ အဲဒီထဲမှ ``ည်းပဲ ခုန သမီးဖြစ်သူ ဒေါ်ဌေးရုံက ငွေကျပ်တစ်ထောင်ပါဝင်ရင်းနဲ့၊ ဆွေမျိုးမိတ်ဆွေ သင်္ဂဟအပေါင်းသူတော်ကောင်းတွေက ငွေကျပ်ခုနှစ်ရာ ကုသိုလ်ပါဝင်ခြင်း၊ ယခုနပြောခဲ့တဲ့ ပင့်သံဃာတော်ဆရာတော်ဆယ်ပါးတို့ကိုလည်းပဲ ငွေကျပ်တစ်ထောင် လှူဒါန်းခြင်းဆိုတဲ့ ဒီကုသိုလ်တွေကို ပြုတဲ့အပြင်, ဖိတ်မန္တကပြုလာခဲ့တဲ့ ပရိသတ်အပေါင်းသူတော်ကောင်းတွေကိုလည်းပဲ ဒီနေ့ ကျွေးမွေးဧည့်ခံသမှုပြုကြပါတယ်. . .။

ဒီတော့ အထူးသဖြင့် အမြဲနေရဟန်းလောင်းကိုလည်းကောင်း ဒုလ္လဘရဟန်းတွေကိုသော်လည်းကောင်း၊ ရဟန်းပြုပေးလိုက်တယ်ဆိုတာ၊ ရှင်ပြုပေးလိုက်တယ်ဆိုတာ သူတို့ကို မဂ်ဖိုလ်နိဗ္ဗာန်ရောက်ရေး ရရေးအတွက် အဟုန်ပြင်းပြင်းနဲ့ အဟုန်ကောင်းကောင်းနဲ့, အရှိန်ကောင်းကောင်းနဲ့၊ ပို့ဆောင်ပေးလိုက်တာနဲ့တူတယ် "စာထဲက ရဟန်းဘဝ ရှင့်ဘဝက ဟင်္သာနဲ့တူတယ်တဲ့၊ ဟင်္သာငှက်များနဲ့တူတယ်၊ အိမ်ရာတည်ထောင် လူ့ဘောင် လူ့ဘဝက ဥဒေါင်းနဲ့တူတယ်၊ ဥဒေါင်းငှက်များနဲ့တူတယ်. . . တဲ့ အိမ်ရာတည်ထောင် လူ့ဘောင်လူ့ဘဝက။

ဥဒေါင်းငှက်များဟာ လှ. . . လို့, အတောင်ကလည်း လှတယ်၊ အမြီးကလည်းလှတယ်၊ ခေါင်းပေါ်က အမွှေးကလည်းလှတယ်၊ ခေါင်းကအမွှေးနဲ့မို့လည်းလှ, အတောင်တွေကလည်းပဲ အရောင်မျိုးစုံနဲ့လှလိုက်တာ၊ ကျက်သရေ

http://www.dhammadownload.com



ရှိလိုက်တာ၊ အမြီးကလည်းပဲ တစ်ခါထဲ မြီးဆံဖားဖားကြီးနဲ့ အဲဒီအမြီးရဲ့ အထဲမှာလည်းပဲ ရတနာရောင်တွေ့ အကွက်အကွက်နဲ့၊ အစိမ်းတစ်မျိုး၊ အဝါတစ်မျိုး၊ အနီတစ်မျိုး၊ ရတနာရောင်တွေတောက်ပြီးတော့ တယ်လှ၊ က,မျှားကလိုက်တဲ့ အခါဆိုပိုကျက်သရေရှိ၊ သို့သော် . . . ပျံစမ်းပါလို့ဆိုတဲ့ အခါကျတော့ အဲဒီ ဥဒေါင်းဟာ ပျံပြီဆိုတော့၊ တစ်ချီပျံမှ သူ့ဟာ တစ်ခေါ်ပျံလောက် ပျံနိုင်တာ၊ အင်း. . . မိုင်ဝက်ခရီးလောက်၊ အလွန်ဆုံးပျံနိုင်တာ၊ ဒီထက်ပို မပျံနိုင်ဘူးသူ၊ ဒီထဲ သူ့ငြိစရာတွေ၊ မိစရာတွေများလိုက်တာ၊ အမြီးက ချုံနဲ့ငြိနေ တောင်ပံက ဆူးနဲ့ငြိနေ၊ အမောက်က ချုံနဲ့နွယ်နဲ့ မိနေ၊ မိစရာတွေ၊ ငြိစရာတွေများလိုက်တာ . . . တဲ့ ဥဒေါင်းက၊ ပျံနိုင်လှမှ မိုင်ဝက်ခရီးအလွန်ဆုံး တစ်ချီပျံ၊ တစ်ချီပျံမှာ။

ဟင်္သာကျတော့ ဥဒေါင်းလောက်တော့ မလှဘူး၊ ဥဒေါင်းလောက်တော့ ကြည့်မကောင်းဘူး၊ သို့သော် . . . ပျံလိုက်ပြီဆိုမှဖြင့်၊ တစ်ချီပျံလိုက်လို့ရှိရင် သူက တစ်ယူဇနာလည်းဟုတ်တယ်၊ ဆယ်ယူဇနာလည်းဟုတ်တယ်၊ တစ်ယူဇနာဆိုတာ မိုင်ပေါင်း(၁၂)မိုင်ကျော် (၁၃)မိုင်လောက်ရှိတယ်။ အဲဒီတော့ လေးငါး ခြောက်ယူဇနာလည်း တစ်ရှိန်ထိုး တဟုန်ထိုး သူကပျံနိုင်တယ် ဟင်္သာက။ ဥဒေါင်းက အဲဒီလို မဟုတ်ဘူး မပျံနိုင်ဘူး၊ တစ်ခါပျံမှ တစ်ခေါ်လောက်ရောက်တယ်၊ မိုင်ဝက်ခရီး လောက်ပေါက်တယ်။

အဲဒီလိုပဲ. . . တဲ့ အိမ်ရာတည်ထောင် လူ့ဘောင်လူ့ဘဝဆိုတာ၊ ဥဒေါင်းနဲ့တူတယ် အင်း-ကြည့်လို့တော့ ကောင်းတယ်၊ ကြည့်လို့တော့လှတယ်၊ ဝတ်စားထားတာတွေ၊ ပြင်ဆင်ထားတာတွေ၊ ပတ်ဝန်းကျင်က အဆောင်အရောင်တွေနဲ့ ဆိုတော့ တယ်ကြည့်လို့လှတယ် ကြည့်လို့ကောင်း။ သို့သော်. . . မဂ်ဖိုလ် နိဗ္ဗာန်ဘက်ကို ကုသိုလ်ကောင်းမှုနဲ့ ပျံလိုက်စမ်းပါဆိုတဲ့ အခါကျတော့ သူတို့မှာ ငြိစရာတွေပြည့်. . . မိစရာတွေပြည့်. . .၊ ရူပ, သဒ္ဒ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗဆိုတဲ့ ချုံတွေ နွယ်တွေနဲ့မိ ငြိ,ထိ။ တစ်ချီပျံမှ ဘယ်လောက်မှအားမရှိဘူး။ သီလအားနဲ့ ပျံတာကြည့်တော့။ လူများ သီလအားနဲ့ တဟုန်းထိုးပျံလိုက်တာ ငါးပါးသီလ တစ်နေ့လုံးနေအောင် လုံအောင်ထိန်းပါမှ ငါးပါးသီလ အရှိန်လေးနဲ့ပဲ ပျံနိုင်တာ။

ဒီက ရဟန်းတော်များ၊ သာမဏေများက တစ်ချီပျံလိုက်တယ်ဆိုရင် ရဟန်းဘဝနဲ့တစ်ချီ ကုသိုလ်ကောင်းမှုပြုပြီးတော့နေလိုက်တာ၊ သီလထိမ်းလိုက်တာကိုပဲ တစ်ချီပျံတစ်ဟုန်ထိုး ပျံလို့ခေါ်တယ်။ အဲရဟန်းများဆိုလို့ရှိရင် အကျဉ်းကိုက (၂၂၇)သွယ် သိက္ခာသီလ။ အကျယ်ပွားလိုက်တော့ ကုဋေကိုးထောင်ကျော်ဆိုတော့ တစ်ချီပျံလိုက်ပြီဆိုမှဖြင့် မိုင်ပေါင်းများစွာခရီးပေါက်သွား။ အားလုံးသတ္တဝါတွေဟာ နိဗ္ဗာန်ကိုရည်မှန်းတော့ ပျံသန်းနေကြရတာ၊ နိဗ္ဗာန်ကို

http://www.dhammadownload.com



ရည်းမှန်းပြီးတော့ ရှေ့တိုးနေကြရတာ၊ နိဗ္ဗာန်ကိုရည်မှန်းပြီးတော့ အင်း-ခရီးနှင်နေကြရတာ။

ဒီတော့ အိုမှု, နာမှု, သေမှုဘေးကြီးလွတ်ရာဖြစ်တဲ့ သန္တိသုခစေတ်ကြီးဆီကို ရည်မှန်းပြီးတော့ ခုဘုန်းကြီးတို့ ဗုဒ္ဓဘာသာနွယ်ဝင် သူတော်စင်တွေအနေနဲ့ ဒါပျံသန်းနေကြတာပဲ၊ နေ့တိုင်းရှေ့တိုးနိုင်အောင် ကြိုးစားနေကြတာ၊ ခုနဥဒေါင်းတို့ ဟင်္သာတို့သဘောနဲ့ ပြောမယ်ဆိုရင် နေ့တိုင်းပျံပြီးတော့ ရှေ့တိုးနေကြတာ၊ ဒီတော့ နေ့တိုင်းရှေ့ကို တိုးပြီးတော့၊ နေ့တိုင်းပျံသန်းပြီးတော့ တိုးတော့ တခုန်ပျံ၊ တစ်ခုန်ပျံမှာ တစ်ချီပျံ၊ တစ်ချီပျံမှာ၊ ဥဒေါင်းက မိုင်ဝက်ခရီးလောက်ပဲပေါက်တယ်၊ ဟင်္သာက ယူဇနာများစွာ၊ မိုင်ပေါင်းများစွာ၊ မိုင်ပေါင်းလေးဆယ်, ငါးဆယ်, ခြောက်ဆယ်လည်းဆိုနိုင်တယ်၊ မိုင်ပေါင်းတစ်ရာလောက်လည်းဆိုနိုင်တယ်၊ ခရီးပေါက်သွားတယ်ဆိုတော့ အရင်ရောက်တာ၊ နောက်ရောက်တာ ကွာကုန်တော့တာပဲ။

ဒီထဲမှာ ခုနက ဥဒေါင်းက တဟုန်းထိုးပျံနိုင်တာကမှ အရှိန်လေး ကနည်းရတဲ့ထဲ, တစ်ခါထဲငြိစရာတွေနဲ့, မိစရာတွေနဲ့, ထိစရာတွေနဲ့ပြည့် . . . လို့။ သားသမီးသံယောဇဉ်နဲ့ငြိနေ၊ သားသံယောဇဉ်နဲ့ငြိ၊ သမီးသံယောဇဉ်နဲ့ငြိ၊ ဆွေသံယောဇဉ်နဲ့ငြိ၊ မျိုးသံယောဇဉ်နဲ့ငြိ၊ ပစ္စည်းသံယောဇဉ်နဲ့မိ။ မိစရာတွေ၊ ထိစရာတွေ။ ခုနဥဒေါင်းပြောတာလိုပဲ ပျံတော့ပျံပါရဲ့ အမြီးကြီးက ဖားဖားကြီးဆိုတော့ ချုံနဲ့ငြိနေ ကျပြန်အောက်။ တစ်ဟုန်ထိုးဆိုပြီတော့ ပျံပါရဲ့ အမောက်နဲ့အပေါ်က နွယ်ကြိုးနဲ့ ထိနေ, ငြိနေ၊ တောင်ပံနဲ့ချုံနဲ့တိုးနေ၊ ကိုယ်လုံး ကိုယ်ထည်ကြီးကလည်းကြီး၊ ငြိစရာမိစရာတွေကလည်းများတော့ မိုင်ဝက်လောက် ခရီးပေါက်ရမှာတောင် မပေါက်ဘူး၊ ကြားထဲကျပြီးတော့ ခရီးမတွင်ဘူး။

အဲသလိုပဲ အိမ်ရာတည်ထောင် လူ့ဘောင်မှာနေတဲ့ ဘဝက ဥဒေါင်းငှက်နဲ့တူကြတယ်၊ ကြည့်လို့ကောင်းသော်လည်းပဲ၊ မဂ်ဖိုလ်နိဗ္ဗာန် စခန်းပေါက်အောင် ပါရမီကုသိုလ်ကောင်းမှုတွေပြုပြီးတော့ ပျံပြီလို့ဆိုတော့ နည်းနည်းလောက်ပဲ ခရီးပေါက်တယ်၊ အဲဒါ ကြိုးစားမင်းစားနဲ့ ကိုယ်က၊ ထပ်တလဲလဲကြိုးစားမင်းစားနဲ့ ပျံနိုင်မှ၊ သတိထားပြီးတော့ ကြိုးစားနိုင်မှ ခရီးပေါက်တယ်။ ဒီတော့ ဘာပြောလိုတာတုန်းဆိုတော့ လူဝတ်ကြောင်ဘဝနဲ့ မဂ်ဖိုလ်နိဗ္ဗာန်ရောက်အောင် ကုသိုလ်ပြုရတာနဲ့၊ ရဟန်းဘောင် ရဟန်းဘဝ တက်ပြီးတော့ ပြုရတာနဲ့ မ[illegible]သီလအနေဖြင့် ယှဉ်ကြည့်လေ၊ လူကငါးပါး သီလပဲရှိတယ်၊ ဥပုသ်စောင့်ပါမှ ရှစ်ပါး, ကိုးပါး, ဆယ်ပါး။ ဒီထက်မပိုဘူး။

http://www.dhammadownload.com



ဒီတော့ သီလကုသိုလ်အားနဲ့ ပျံတယ်ဆိုလို့ရှိရင် ဟစ်ခါပျံမှ, ငါးပါး အားလေးနဲ့ ပျံရတာ၊ ဒီကရဟန်းတော်ဘဝက ကုဋေကိုးသောင်းကျော် သိက္ခာသီလ အားကြီးနဲ့ပျံတယ်၊ ဟင်္သာငှက်သည် မိုင်တစ်ရာလောက် ပေါက်အောင် ရောက် သွားသလို, ရဟန်းတစ်ခါဝတ်ပြီးတော့ ပါရမီဖြည့်လိုက်ရင်, ကုသိုလ်ဖြည့်လိုက်ရင်, ကောင်းမှုဖြည့်လိုက်ရင် အဲဒီလိုစခန်းပေါက်တယ်. . . တဲ့၊ ဒါ့ကြောင့်ရဟန်းဘောင် ရဟန်းဘဝကို ဒီနေ့ဒကာဦးဌေးစံတို့ ဒေါ်ထားမြင့်တို့က အမြဲနေရဟန်းလောင်း တစ်ပါးနဲ့ ရဟန်းလောင်းဆယ်ပါးတို့ကို ရဟန်းဘောင် ရဟန်းဘဝကိုပေးလိုက် တယ်ဆိုတာ အိုနာသေဇာတ်, အမြစ်ပြတ်၍ လွတ်လပ်တဲ့သန္တိသုခဇာတ်ကြီးနဲ့ ကပ်နိုင်သမျှကပ်သွားအောင်၊ နီးနိုင်သမျှနီးသွားအောင် သူတို့ကိုပျံပေးလိုက်တာ။ ပျံနိုင်အောင်ပေးလိုက်တာ။

သက်န်းပရိက္ခရာ ,ဆင့်မြန်းပြီးတော့ ရဟန်းပြုပေးလိုက်တယ်ဆိုတာ သူတို့ကို အိုဘေးကြီးလွတ်ရာ, နာဘေးကြီးလွတ်ရာ, သေဘေးကြီး လွတ်ရာဘက် ကို မြန်မြန်ရောက်သွားအောင် တွန်းအားပေးလိုက်တာ၊ ပို့အားပေးလိုက်တာ၊ ဆောင် အားပေးလိုက်တာ။ ဒီထဲရဟန်းဒကာကိုယ်တိုင်ဝင်ပြီးတော့ ရဟန်းပြုတယ် ဆို တော့, ဒါ-ခရီးတွင်အောင်နှင်လိုက်တာပဲ၊ အဲအိမ်ရာတည်ထောင်လူ့ဘောင် မှာနေတဲ့သူတွေကလည်းပဲ မိမိတို့ ငါးပါးသီလအားလေးနဲ့ပျံ၊ ခုလိုစွန့်ကြဲပေးကမ်း လှူဒါန်းမှုဒါနအားလေးနဲ့ပျံ၊

ဒီတော့-အဲဒီဟာမှာလည်း ရဟန်းလောက်ခရီးမပေါက်ဘူးဆိုပေမယ့်လို့ အားလျှော့လို့မဖြစ်ဘူး။ သူကတစ်ကြိမ်တည်းနဲ့သူက ဆယ်မိုင်ရောက်သွားတယ် ဆိုရင် ငါက, ဆယ်ကြိမ်လောက်ပျံပြီးတော့ မီအောင်လိုက်မယ်, ဒီလိုပေါ့။ ငါးပါး သီလလုံအောင်ထိန်းပြီးတော့ တစ်နေ့လုံရင်း တစ်ခရီးပေါက်ရင်း, တစ်လလုံး သွားရင်းတစ်ခရီးပေါက်ရင်းနဲ့, တစ်နှစ်လုံသွားရင်း တစ်ခရီးပေါက်ရင်းပေါ့။ အဲဒီလိုအားဖြင့် မိမိတို့ကိုယ်မိမိတို့ သီလအားနဲ့လုံအောင်၊ ဒါနအားနဲ့တိုး၊ သမာဓိ အားနဲ့ထူထောင်, ပညာအားနဲ့ပွားများပြီးတော့ ရှေ့တိုးကြ. . .၊ ရှေ့တိုးကြ၊ မဂ်ဖိုလ်နိဗ္ဗာန်ခရီးကို, ရှေ့တိုးတဲ့သူတွေဖြစ်အောင် နေ့စဉ်ကြိုးစားရတယ်။

ခုနကလို ငြိ. . . ပြီးတော့ မိပြီးတော့အောက်ပြန်ကျမယ့် ဥဒေါင်းလို မဖြစ်စေရဘူး။ ငြိပြီ, မိပြီဆိုရင်တော့ အောက်ပြန်ကျမယ်၊ အောက်ပြန်ကျရင်တော့ အောက်ကခွေးစာ၊ သစ်စာ၊ ကျားစာ၊ အောက်ကအန္တရာယ်တွေရှိတယ်၊ ခွေးက ကိုက်လို့သေနိုင်တယ်၊ ကျားကစားလို့, ကျားသစ်ကဆွဲလို့စသည်ဖြင့် တောခြုံထဲ ကျသွားပြီး၊ ငြိပြီးတော့ကျသွားရင် အန္တရာယ်တွေရှိတယ်။ အဲဒါလိုပဲ သားသံယော ဇဉ်နဲ့ငြိ, သမီးသံယောဇဉ်နဲ့ငြိ, ဆွေသံယောဇဉ်, မျိုးသံယောဇဉ်, ပစ္စည်းဥစ္စာ

http://www.dhammadownload.com



သံယောဇဉ်တွေ စွဲပြီးတော့ငြိသွားရင် အပါယ်လေးပါး ခွေးစာ, ကျားသစ်စာ, ခြင်္သေ့စာမိမယ်. . . တဲ့၊ မိမယ်။ ဒါ့ကြောင့် လွတ်အောင်ပျံကြ၊ လွတ်အောင် ရုန်းကြ။

ဒီတော့-ဒီနေ့ရဟန်းပြုပေးလိုက်တယ်ဆိုတာ၊ ဟင်္သာငှက်လို အဟုန်ကောင်းကောင်းနဲ့ပျံနိုင်အောင် ပြုပေးခြင်း. . . တဲ့၊ အဲဒီလို ပြုပေးရင်းဖြင့် မိမိတို့အတွက်လည်းပဲ၊ မင်္ဂဖိုလ်နိဗ္ဗာန်ရကြောင်းဖြစ်တဲ့ အခုဘုရားရွှေထီးတော်တင်, စေတီတော်ကြီးကိုပြင်၊ စုပေါင်းအားနဲ့ အားလုံးအများကောင်းမှုနဲ့ ပြင်ကြတဲ့အထဲမှာ မိမိတို့က မ,တည်အနေနဲ့ပြုလုပ်အားထုတ်ခဲ့ကြခြင်း၊ ယခုဒီမှာလည်းပဲ ရဟန်းလောင်းဆယ့်တစ်ပါးတို့ကို ရဟန်းပြုပေးခြင်း၊ အမြဲနေရဟန်းလောင်းကို အစုံအလင်ဖြစ်သော, ကုဋင်, ခြင်ထောင် စသည်တို့မှစ၍ ဓမ္မစေတီကျမ်းစာအုပ်များနဲ့ လှူဒါန်းပူဇော်ခြင်း ရဟန်းလောင်းများနှင့်တကွ, နာယကဆရာတော်ငါးပါး အပါအဝင် ပင့်သံဃာတော်အရှင်မြတ် ဆယ်ပါးတို့အားလည်းပဲ၊ ငွေကျပ်တစ်ထောင်တို့ဖြင့် ထောက်ပံ့လှူဒါန်းပူဇော်မှုက စပြီးတော့ ပနက်ဆွမ်း၊ နေ့ဆွမ်းဆက်ကပ် လှူဒါန်းမှု၊ ပရိသတ်အပေါင်းသူတော်ကောင်းတို့ကို ကျွေးမွေးဧည့်ခံမှုစတဲ့ကုသိုလ်ကောင်းမှုတွေကို ပြုကြတာ၊ ဒါ-ပျံကြတာပဲ. . . နိဗ္ဗာန်စခန်း မှန်းပြီးတော့ တဟုန်ထိုး၊ တရှိန်ထိုး. . . ဒီနေ့ပျံကြတာ။

ဒီတော့ အဲသလို ပျံတဲ့နေရာမှာ အခုအထူးတလည် မိခင်ကြီး ဒေါ်ပေါလှိုင်ရဲ့အလိုဆန္ဒ ပြည့်ပါစေလို့ဆိုပြီးတော့ မိခင်ကြီးကိုရည်စူးပြီးတော့၊ အထူးသဖြင့် မိခင်ကြီးသည်မြင်နိုင်တဲ့နေရာရောက်နေခဲ့ရင်၊ ကြားနိုင်တဲ့နေရာ ရောက်နေခဲ့ရင်, သိပါစေ ဒီကုသိုလ်ကောင်းမှုကြီးကို သိပြီးတော့ သာဓုခေါ်နိုင်ပါစေ၊ သာဓုခေါ်ပြီးတော့ ယခုန ပြောခဲ့တဲ့အတိုင်း၊ သူ့အတွက်လည်းပဲ မင်္ဂဖိုလ်နိဗ္ဗာန်ဘက်ကို ပျံသန်းတဲ့ကုသိုလ်အားကြီးဖြစ်ပါစေ. . . လို့ ကျေးဇူးဆပ်ကြတာ။

ဒီတော့ မိဘများက သားသမီးပေါ်မှာ မျှော်လင့်တဲ့မျှော်လင့်ချက်ကြီး ငါးပါးထဲမှာ ဒီနေ့နောက်ဆုံးမျှော်လင့်ချက်ကြီးကို ဖြည့်ပေးရာရောက်တယ်။ ဒကာဦးငွေးစံတို့ ဒေါ်ထားမြင့်တို့က၊ အခု ရဟန်းပြုတဲ့ သားတွေက မြေးတွေက။ မိဘများက မိဘဘိုးဘွားများက သားသမီးအပေါ်မှာ, အားထားမျှော်လင့်ချက်ကြီး ငါးပါးရှိတယ်. . . ဆိုပြီးတော့ ဘုရားက အင်္ဂုတ္တရနိကာယ်မှာ-

* ပဉ္စ ဌာနာနိ သမ္ပဿံ, ပုတ္တံ ဣစ္ဆန္တိ ပဏ္ဍိတာ။

ပဏ္ဍိတာ-အသိအလိမ္မာ, အမြော်အမြင်ရှိကြတဲ့, အဆင်ခြင်ရှိကြတဲ့, မိခင်ဖခင်တို့သည်၊ ပဉ္စဌာနာနိ-ငါးမျိုးငါးစားသော အရာဌာနတို့ကို၊ သမ္ပဿံ-

* အံ-၂၊ ၃၇၊ အဘိ-က-၂၆၁။

http://www.dhammadownload.com



(သမ္မသုဿန္တာ)-ကောင်းစွာတောင့်တ, မျှော်လင့်ကြကုန်သည်ဖြစ်၍၊ ပုတ္တံ-သား လိမ္မာ, သမီးလိမ္မာကို၊ ဣစ္ဆန္တိ-အလိုရှိတတ်ကြကုန်၏. . .။ မိဘတွေက . . . တဲ့ သားသမီးအပေါ်မှာ မျှော်လင့်ချက်ကြီးငါးပါးထားတတ်တယ်. . . တဲ့၊ ထားကြ တယ်။ အဲဒီမျှော်လင့်ချက်ကြီးငါးပါးက ဘာတွေတုန်းလို့ဆိုတော့

ဘဋော ဝါ နော ဘရိဿတိ။ နော-ငါတို့ကို၊ ဘဋော-မွေးကျွေး သုတ်သင်, ပြုပြင်စောင့်ရှောက်အပ်ခဲ့သည်ဖြစ်၍၊ ဘရိဿတိ ငါတို့ကိုလည်းပဲ, မွေးတုံ့ ကျွေးတုံ့ပြန်လိမ့်မယ်. . .။ ဟောဒါနံပါတ်(၁)။ မိဘများက သားသမီးပေါ် မျှော်တဲ့ နံပါတ်(၁)မျှော်လင့်ချက်က ဘာတုန်းလို့ဆိုတော့ "ငါတို့က. . . တဲ့၊ သူတို့ ကို ငယ်စဉ်တောင်ကျေး ကလေးကစပြီးတော့ ဖဝါးလက်နှစ်လုံး ပခုံးလက်နှစ်သစ် ကစပြီးတော့, မွေးကျွေးသုတ်သင်, ပြုပြင်စောင့်ရှောက်ခဲ့ရသလို. . . ငါတို့ကို လည်းပဲ သူတို့က ပြန်လည်ပြီးတော့ မွေးကျွေးသုတ်သင်, ပြုပြင်စောင့်ရှောက် လိမ့်မယ်. . .။ အထူးသဖြင့် မမာမကျန်းဖြစ်နေတဲ့အခါမှာ ပြုစုစောင့်ရှောက်ဖော်။ ကူညီဖော်ရလိမ့်မယ်. . . အိုကြီးချက်မ, ဖြစ်တဲ့အခါမှာတို့ကို သားတွေသမီး တွေက ကူညီဖေးမ, စောင့်ရှောက်ကြလိမ့်မယ်လို့ မျှော်ကြတယ်. . . တဲ့၊ မျှော်ကြ တယ်။ မျှော်တဲ့အတိုင်းလည်းပဲ သားကောင်း သမီးကောင်းတွေက မိဘကိုပြုစုကြ တာ၊ အထူးသဖြင့် မမာမကျန်းဖြစ်တဲ့အခါမှာ ကိုယ်ဖိရင်ဖိပြုကြ၊ စိတ်ပါလက်ပါနဲ့ ပြုကြ၊ အိုမင်းမစွမ်းဖြစ်တဲ့အခါမှာ စောင့်ရှောက်ကြတယ်၊ နံပါတ်တစ်မျှော်လင့်ချက်။

နံပါတ်(၂)က-ကိစ္စံ ဝါ နော ကရိဿတိ။ နော-ငါတို့ရဲ့၊ ကိစ္စံ-ကိစ္စ ကြီးငယ်, အသွယ်သွယ်ကိုလည်း၊ ကရိဿတိ-ကူဖော်လောင်ဖက် ရလိမ့်မယ် . . .။ နံပါတ်(၂)မျှော်လင့်ချက်က. . . တဲ့၊ မိမိတို့လုပ်ကိုင်နေရတဲ့ စီးပွားရေး လုပ်ငန်း၊ ကြီးပွားရေးလုပ်ငန်းအစရှိတဲ့ ကိစ္စတွေမှာ တို့သားတို့သမီးက ကူဖော် လောင်ဖက်ရလိမ့်မယ်. . . လို့ မျှော်ကြတယ်၊ မျှော်တဲ့အတိုင်းပဲ သားတွေက၊ သမီးတွေက သားကောင်းသမီးကောင်းတွေက ကူတာပဲ အမေတို့။ ပြောမနေရဘူး, ခိုင်းမနေရဘူး၊ အလိုက်တသိကူတာပဲ ကိုယ်ကကျောင်းနေတုန်း ကျောင်းတက် နေတုန်းဖြစ်ပေမဲ့လို့ ကျောင်းကပြန်လာတယ်ဆိုရင် "အမေ-ဘာလုပ်စရာရှိသေး တုန်းဆိုပြီး အမေ့ရဲ့ မီးဖိုချောင် ချက်ခန်း, ပြုတ်ခန်းဝင်ပြီးတော့ လှီးတန်တာ လှီး၊ ချွတ်တန်တာ ချွတ်, ဆေးတန်တာ ဆေး ဝင်ကူတာပဲ သမီးကောင်းက။

သားကောင်းက-အဖေ့ရဲ့ လုပ်ငန်းကိစ္စကြီးငယ်, စီးပွားရေး၊ ကြီးပွားရေး လုပ်ငန်း ဝင်ပြီးတော့ ကိုယ်တတ်နိုင်တဲ့ဘက်က ကူတာပဲ၊ ဒါ သားကောင်း သမီး ကောင်းများက ဒီလိုပဲ အမေမိဘတွေဆန္ဒဖြည့်ကြတယ်။ ဒါ သူတို့ကလည်း အဲလိုပါးစပ်က ထုတ်ပြီးတော့ မပြောပေမဲ့လို့ တို့ရဲ့ကိစ္စကြီးငယ် အသွယ်သွယ်မှာ၊

http://www.dhammadownload.com



တို့သား တို့သမီးတွေကတို့ ကူဖော်လောင်ဖက်ရလိမ့်မယ်ဆိုတာ မျှော်လင့်တယ်. . . တဲ့ မျှော်လင့်တယ်။ မျှော်လင့်တဲ့အတိုင်း သားကောင်းသမီးကောင်းတွေက ကူကြတာပဲ၊ လုပ်ကြတာပဲ၊ ဒါ နံပါတ်(၂)မျှော်လင့်ချက်။

နံပါတ် (၃)က ကုလဝံသော စိရံ တိဋ္ဌေ။ ကုလဝံသော-တို့ရဲ့ အမျိုးအနွယ်သည်၊ စိရံ-ကြာမြင့်စွာ၊ တိဋ္ဌေ-တည်တန့်ရစ်လိမ့်မယ်. . .။ နံပါတ်(၃) မျှော်လင့်ချက်က ဘာတုန်းဆိုတော့. . . တဲ့၊ တို့ရဲ့သားသမီးမြေးမြစ်, အစဉ်အဆက်၊ ဆွေမပျတ်မျိုးမပျက်, အနွယ်မပျက် ဝင်ထွက်ခေါ်ပြော ကူညီဖေးမပြီးတော့၊ တစ်ယောက်နဲ့တစ်ယောက် စောင့်ရှောက်ပြီးတော့ အမျိုးအနွယ်မပျက်အောင် ဆက်လက်ပြီးတော့ စောင့်ရှောက်ရစ်လိမ့်မယ်. . . အမျိုးကို ဆက်လက်ပြီးတော့ စောင့်ရှောက်ရစ်လိမ့်မယ်လို့ မျှော်တဲ့အတိုင်း သားကောင်းသမီးကောင်းတွေက ဒခင်မပျက် အချစ်မပျက်, ဝင်ကြ, ထွက်ကြ, ခေါ်ကြပြောကြ။ ကူညီစရာရှိ ကူညီကြ, ဖေးမစရာရှိ ဖေးမကြ ဒီလို။ ချစ်ချစ်ခင်ခင်, ဝင်ဝင်ထွက်ထွက်, ဆက်ဆက်ဆံဆံလုပ်ကြ။

အဲ-သားမိုက်သမီးမိုက်တွေကျတော့ ဒီလိုမဟုတ်ဘူး သူတို့က အမွေစကားပြောကြ၊ အမွေကိစ္စနဲ့ တစ်ယောက်နဲ့တစ်ယောက် မခေါ်နိုင်ကြ၊ ဘာ-အကြောင်း ညာအကြောင်းပြ. . . ပြီးတော့ ညီအကိုမောင်နှမ အရင်းချင်းပဲ မဝင်နိုင်မထွက်နိုင်, မခေါ်နိုင်မပြောနိုင် ဖြစ်ကုန်ကြတယ်၊ အဲဒါတွေက သူတို့မြင်ရလိုရှိရင် နောက်ဘဝသံသရာက မြင်ရလို့ရှိရင် စိတ်မချမ်းသာဘူး သူတို့က၊ ဒါ့ကြောင့် သားကောင်းသမီးကောင်းတွေက မိခင်တွေရဲ့ အလိုဆန္ဒပြည့်ဝအောင် ချစ်ချစ်ခင်ခင်, ကြင်ကြင်နာနာ, ဝင်ဝင်ထွက်ထွက်, ဆက်ဆက် ဆံဆံနေကြတယ်။ တစ်ယောက်နဲ့တစ်ယောက် ကူညီဖေးမပြီးတော့ နေကြတယ်။ ကုသိုလ်ကောင်းမှုတွေပြုရင် စုပေါင်းပြီးသကာလ ပြုလေ့ရှိကြတယ်။

အဲဒါ အမျိုးအနွယ် မပျက်အောင် ဆက်လက်ပြီးတော့ စောင့်ရှောက်ရစ်လိမ့်မယ်၊ တစ်ယောက်နဲ့တစ်ယောက် ကူညီဖေးမရစ်လိမ့်မယ်၊ ငယ်တဲ့ သူတွေက ကြီးတဲ့သူတွေကို ရိုသေလို့ ကြီးတဲ့သူတွေက ငယ်တဲ့ သူတွေကို စောင့်ရှောက်၊ သနားညှာတာလို့ ဒီလိုဆက်ပြီးတော့နေရစ်ကြလိမ့်မယ်. . . လို့ဆိုတာ မျှော်တယ် . . . တဲ့၊ မျှော်တယ် မိဘများက မျှော်တဲ့အတိုင်း သားကောင်းသမီးကောင်းတွေကလည်း ဒီတိုင်းကျင့်တာပဲ ဒါ(၃)နံပါတ် မျှော်လင့်ချက်။

(၄)နံပါတ်မျှော်လင့်ချက်က-ဒါယဇ္ဇံ ပဋိပဇ္ဇတိ။ ဒါယဇ္ဇံ-ငါတို့ထားခဲ့တဲ့ လောကီ, လောကုတ္တရာ အမွေကိုလည်းပဲ၊ ပဋိပဇ္ဇတိ-ဆက်လက်ပြီးတော့ကျင့်သုံး

http://www.dhammadownload.com



ပြုလုပ် အားထုတ်ရစ်လိမ့်မယ်. . .။ ဟော-တို့ထားခဲ့တဲ့ အမွေကို ဆက်ပြီးတော့ အမွေခံလိမ့်မယ်၊ ဒီတော့ အဲဒီအမွေက နှစ်မျိုးရှိတယ်၊ လောကီအမွေ, လောကုတ္တရာအမွေ။ ဒီတော့ လောကီအမွေလည်း လောကီအမွေမို့လို့ ဆက်လက်ပြီးတော့ ခံယူရစ်လိမ့်မယ်-ဆိုတဲ့အတိုင်း သားကောင်းသမီးကောင်းတွေက မိဘတွေ ထားခဲ့တဲ့အမွေကို ဆက်လက်ပြီးတော့ထိန်းတယ်၊ စောင့်ရှောက်တယ်။ ဖြစ်နိုင်ရင် တိုးတက်အောင်, အဖေတွေ အမေတွေထားခဲ့တဲ့ ရွှေငွေ, ကျောက်,သံ အစရှိတဲ့ အတွင်းပစ္စည်း၊ အိမ်ယာခြံမြေ၊ ဥယျာဉ်တိုက်တာဆိုတဲ့ အပြင်ပစ္စည်းကစပြီးတော့ ပစ္စည်းတွေ တိုးတက်နိုင်ရင် တိုးတက်အောင်၊ မတိုးတက်တောင်မှ ပြတ်မသွားအောင် အမေအဖေရဲ့ခြေရာလက်ရာ ပျောက်မသွားအောင် ပျက်မသွားအောင်ဆိုပြီးတော့၊ တန့်နေအောင် စောင့်ရှောက်နိုင်ကြတယ်။

အဲ-သားမိုက်သမီးမိုက်တွေက ဒီလိုမဟုတ်ဘူး၊ အမေအဖေတွေရဲ့ အမွေတွေ, ဟိုလက်ရောက်, ဒီလက်ရောက်၊ သောက်စားတာနဲ့ ကုန်၊ ရန်းကားတာနဲ့ ကုန်၊ သုံးတာဖြုန်းတာနဲ့ ကုန်၊ အကုန်လုံး လောကီအမွေတွေလဲ ထားခဲ့တဲ့အမွေတွေ ရှေ့မတိုးတဲ့အပြင်၊ တန့်နေအောင်တောင် မထားနိုင်ဘဲနဲ့ အကုန်လုံး ပြုတ်ပြုတ်ပြုန်း၊ သူတို့လက်ထဲရောက်ရင် အကုန်ဆုံးရော၊ ဒါလောကီအမွေ၊ လောကုတ္တရာအမွေလည်းပဲ ဒီလိုပဲ မိဘတွေက လောကီအမွေကို ဆက်လက်ပြီးတော့ခံသလို, လောကုတ္တရာအမွေလည်းပဲ ဆက်လက်ပြီးတော့ ခံလိမ့်မယ် . . . လို့ မျှော်တယ်။

လောကုတ္တရာအမွေဆိုတာ သူတို့တည်ထားခဲ့တဲ့ ဘုရားကို သားသမီးတွေက ကိုးကွယ်ရစ်လိမ့်မယ် သူတို့ဆောက်ထားခဲ့တဲ့ ကျောင်းကန် ဇရပ် တန်ဆောင်းတွေကို သားတွေသမီးတွေက ဆက်လက်ပြီးတော့ ထိန်းသိမ်းစောင့်ရှောက်ပြုပြင်ရစ်ကြလိမ့်မယ်၊ သူတို့ကိုးကွယ်ထားခဲ့တဲ့ ဆရာတော်သံဃာတော်တွေကို သားသမီးတွေက ဆက်လက်ပြီးတော့ ကိုးကွယ်ပြီးတော့ ကုသိုလ်ကောင်းမှုပြုရစ်လိမ့်မယ်. . .။ နောက်ဆုံးလေ. . . တို့ပြုနေကျ ဒါနကောင်းမှုမျိုး သားတွေသမီးတွေက ပြုလိမ့်မယ်၊ တို့ဆောက်တည်တဲ့ ဥပုသ်သီလ ဆောက်တည်သလို တို့သားတို့သမီးတွေ ဆောက်တည်ရစ်လိမ့်မယ်၊ တို့ဘာဝနာတွေ ပွားသလို, တို့သားတို့သမီးတွေ ပွားရစ်လိမ့်မယ်၊ အဲဒီလိုအားဖြင့်ပေါ့လေ. . . သူတို့တည်ထားခဲ့တဲ့ ဘုရား, ဆောက်ထားခဲ့တဲ့ ဇရပ်တန်ဆောင်းကစပြီးတော့ သားတွေသမီးတွေက ဆက်လက်ပြီးတော့ အမွေခံပြီးတော့ ထိန်းသိမ်းရစ်လိမ့်မယ် စောင့်ရှောက်ရစ်လိမ့်မယ်. . . လို့ မျှော်ကြတယ်. . . တဲ့၊ မျှော်ကြတယ်။

http://www.dhammadownload.com



မျှော်တဲ့အတိုင်း သားကောင်းသမီးကောင်းတွေက မိဘတွေတည်ထားခဲ့တဲ့ ဘုရားဆက်လက်ပြီးတော့ ကိုးကွယ်တယ်၊ အမေအဖေ တွေဒီအချိန် ဆွမ်းတော်ပန်းတော်တင်လေ့ရှိတယ်ဆို တင်တယ်၊ ဒီအချိန်မှာ ဘုရားပူဇော်လေ့ရှိတယ်ဆို ပူဇော်တယ်၊ မိခင်ဖခင်ဘိုးဘွားတွေ တည်ထားခဲ့တဲ့ ဘုရားယိုယွင်းပျက်စီးနေရင်ပြင်တယ်။ မိခင်ဖခင်တွေပြုထားခဲ့တဲ့ ဇရပ် တန်ဆောင်း, ကျောင်း, ကန်တွေပြုပြင်ပြီးတော့ ပြင်ဆင်ပြီးတော့ ကုသိုလ်တွေယူတယ်။

အဲ-သားမိုက်သမီးမိုက်တွေကဒီလို မဟုတ်ဘူး ပြောင်းပြန်။ အမေအဖေတွေတည်ထားတဲ့ ဘုရားလှည့်ကိုမကြည့်ဘူး။ အမေအဖေတွေတည်ထားခဲ့တဲ့ ဇရပ်တန်ဆောင်း ကျောင်းကန် ငါနဲ့မဆိုင်ဘူးဆိုပြီးတော့၊ ကိုးကွယ်ထားခဲ့တဲ့ ဆရာတော်သံဃာတော်တွေ အသိမှတ်မပြုဘူး၊ မိဘတွေပြုသွားခဲ့တဲ့ ကောင်းမှုတစ်ခု. ... မှ မပြုတဲ့အပြင် တချို့က ဖျက်တောင်ဖျက်ဆီးသေး။ အဲလိုမျိုး ဖျက်ဆီးရင် သူတို့ရင်နာတယ်၊ မြင်နိုင်တဲ့ ဘဝကများမြင်ရ၊ ကြည့်ရလို့ရှိရင် သူတို့စိတ်ထဲမှာ ရင်နာတယ် မိဘတွေက ဘိုးဘွားတွေက။

ဒါ-ဘုန်းကြီးတို့ဘုရားလက်ထက်က ဘုရားရှင်ကိုယ်တော်မြတ်ကြီး အလောင်းတော်အပါအဝင် ဇာတ်ထုတ်တစ်ခုရှိတယ်၊ * ဘုန်းကြီးတို့ ဘုရားအလောင်းက သူဌေးအဖြစ်နဲ့ ဒီမှာလူ့ပြည်လောကမှာနေတယ် အဲလိုနေရာကနေပြီးတော့ နောက်ကောင်းမှုတွေ အမြဲပြုပြီးတော့ သူက အလှူရုံကြီးတွေဆောက်ပြီးတော့ ကောင်းမှုပြု အဆက်ဆက်ကလည်း ဒီလိုပဲ ကုသိုလ်ကောင်းမှုတွေပြုသွားကြတာ၊ အဲဒါ နောက်ဆုံးဘုရားအလောင်းတော်ရဲ့သား၊ ဒီသူဌေးလက်ထက်ကျတော့ အဲဒီသူဌေးက သဒ္ဓါတရားက နည်းနည်း။

ခုနက ပြောသလို သူကသားကောင်းသမီးကောင်း မဟုတ်ဘူး သားဆိုးသမီးဆိုးဖြစ်နေတော့ သူက အမေအဖေတွေလက်ထက်က လှူသွားခဲ့တဲ့ အလှူရုံကြီးတွေ ကြည့်ပြီးတော့ ဟာ လှူတယ်ဆိုတာကုန်တာပဲ လှူတယ်ဆိုတာ ကိုယ့်ရှိတဲ့ ပစ္စည်းသူများပေးရတာ၊ ဝေရတာကုန်တာ အဖတ်တင်တာပဲ. . . ၊ ဒီတော့ မပေးနိုင်ပါဘူး မလှူနိုင်ပါဘူးဆိုပြီးတော အလှူတင်းကုပ်ကြီးတွေ ဖျက်ပစ်။ ခုနက လှူဖွယ်တမ်းဖွယ်ကရိယာ၊ တန်ဆာပလာတွေ အကုန်ဖျက်၊ အလှူမဏ္ဍပ်တွေ အကုန်ဖြိုဖျက်ပစ် အလှူခံရောက်လာတဲ့ ပုဂ္ဂိုလ်တွေလည်းဆဲဆိုကြိမ်းမောင်းလွှတ်၊ ဘာပြုလို့တုန်းဆိုတော့ လှူတယ်ဆိုတာ ကုန်တာပဲတဲ့ သူက ဒီလိုမြင်တာကိုး။

သူတော်ကောင်းတွေမြင်တာကတော့ လှူတယ်ဆိုတာ ကုန်တော့ကုန်တယ် မျိုးကြဲသလိုကုန်တာ၊ ဟို-အမှိုက်တွေ မြေထဲသွားစွန့်လိုက်တဲ့ အကုန်မျိုး

* ဗိလာရကောသိယဇာတက-ဇာ-၄-စ၊ ၆၃။

http://www.dhammadownload.com



မဟုတ်ဘူး၊ အစားပြန်မရတဲ့ အကုန်မဟုတ်ဘူး၊ အစားပြန်ရတဲ့ အကုန်လို့ သူတော် ကောင်းတွေက ဒီလိုမြင်တာ၊ လှူတယ်တန်းတယ်ဆိုတာ ကုန်တော့ ကုန်တာပဲပေါ့၊ ဒီနေ့ ဒကာဦးဌေးစံတို့+ဒေါ်ထားမြင့်တို့ ဘုရားထီးတင်ပွဲက စပြီးတော့ ဒီနေ့ ရဟန်းခံပွဲ၊ ဆွမ်းကပ်ပွဲတွေ ပြုလုပ်ဖအားထုတ်ကျွေးမွေးညှဲခံ ကုန်တာပေါ့၊ ဒါ ကုန်တာတော့ ကုန်တာပဲ၊ ဒါနဆိုတာ ကုန်အောင်လုပ်ရတယ်လို့ စာကလည်း အဆိုရှိတယ်။

ဒါနံ ပရိစ္စာဂ လက္ခဏံ။ ဒါနံ-ဒါနဆိုတာက၊ ပရိစ္စာဂလက္ခဏံ- စွန့်လိုက်ရတဲ့ သဘောရှိတယ်။ ကိုယ့်လက်ထဲရှိတဲ့ပစ္စည်းကုန်အောင် လုပ်လိုက်ရ တဲ့ သဘောရှိတယ်။ ဒီတော့ အဲဒီကုန်အောင်လုပ်တယ်ဆိုတာက နှစ်မျိုးရှိတာ။ အစားပြန်မရသော စွန့်ခြင်း၊ အစားပြန်ရသော စွန့်ခြင်းလို့ နှစ်မျိုးရှိတာ။ အစားပြန်မရတဲ့ စွန့်ခြင်းဆိုတာက ကိုယ့်အိမ်ရှိနေတဲ့ အမှိုက်တွေ၊ သရိုက်တွေ မသုံးချင်တော့လို့ အမှိုက်ပုံးထဲသွားစွန့် ဒါလည်းစွန့်တာပဲ ရေထဲသွားသွန်ပစ်လိုက် တယ်၊ ပုလင်းကွဲတွေ ဇူးကွဲတွေ ဖန်ကွဲတွေ အသုံးမလိုတော့ ရေထဲသွန်ချ ဒါလည်း စွန့်တာပဲ၊ သို့သော်. . . အဲဒီအစွန့်က အစားပြန်မရသော စွန့်ခြင်း၊ အစား ပြန်မရတတ်တဲ့ စွန့်ခြင်း၊ အစားပြန်ရခြင်းသဘောမရှိတဲ့ စွန့်ခြင်းခေါ်တယ်။

အခုလို လှူတယ် တန်းတယ်၊ ပေးတယ် ကမ်းတယ်ဆိုတဲ့ စွန့်ခြင်းက အစားပြန်ရတဲ့ စွန့်ခြင်း. . . တဲ့ မျိုးကြဲသလိုပဲ၊ မျိုးကြဲသလို စပါးမျိုးတွေ၊ ပဲမျိုးတွေ၊ ကိုယ့်အိမ်ပေါ် တောင်းကြီးတွေနဲ့ထား။ နောက်တော့ တစ်ခါတည်း လယ်ထဲသွားပြီး တော့ ယာတဲသွားပြီးတော့ ပက်လိုက်ကြလိုက်တော့ ပျောက်သွား၊ ကိုယ့်နားမရှိဘူး ကုန်သွား၊ ကုန်သာသွားတာ သူက ပြန်ပြီးတော့ အစားဝင်လာတာ၊ အစားဝင်လာ မှာမှ အတိုးအပွားနဲ့ ဝင်လာမှာ၊ လက်ထဲက တစ်ဆုပ်ကြဲလိုက်တဲ့ စပါးတစ်ဆုပ်ကြဲ က တစ်လှည်းတိုက်ကြီး ပြန်ပြီးတော့လည်းပဲ ဝင်နိုင်တယ်၊ နှစ်လှည်းတိုက်ကြီး ပြန်ပြီး တော့လည်း ဝင်နိုင်တယ်၊ စပါးတစ်စေ့က အပင်တစ်ပင်ပေါက်ပြီးတော့၊ စပါးစေ့ တစ်စေ့က ပေါက်လိုက်တဲ့ အပင်က စပါးအစေ့ပေါင်း၊ ဆယ်စေ့ အစေ့ နှစ်ဆယ်၊ သုံးဆယ်၊ လေးဆယ်၊ ငါးဆယ် ဖြစ်နိုင်တယ်လေ။

ဒီတော့-တစ်ဆုပ်ကြဲက တစ်လှည်းတိုက်လည်း ဝင်နိုင်တယ်၊ နှစ်လည်း တိုက်လည်း ဝင်နိုင်တယ်။ ဒီတော့ မျိုးကြဲသလိုပဲ. . . တဲ့ ဒါနပြုတဲ့ အကုန်က အဲဒီလိုကုန်တာ။ အဲဒါကိုနား မလည်တော့ ခုနက ဘုရားအလောင်းရဲ့ သားက သူဌေးက ဟာ-လှူတယ်ဆိုတာ ကုန်တာပဲ၊ မပေးနိုင်ပါဘူး သူများကို၊ ကိုယ်ပဲစား မယ်ပေါ့ ကိုယ်ပဲဝတ်မယ်ပေါ့ ကိုယ်ပဲဆင်မယ်ပေါ့လို့၊ သူကဒီလို တွက်ပြီးတော့ တစ်ခါထဲ သူ့ဘိုးဘွား၊ ဘီ,ဘင်တွေ လှူဒါန်းလာခဲ့တဲ့ အလှူတင်းကုတ်ကြီးဖျက်၊

http://www.dhammadownload.com



လှူဖို့တန်းဖို့ပြင်ဆင်ချက်ပြုတ်တဲ့ အိုးတွေခွက်တွေ အကုန်ရောင်းချပစ်၊ အဲ အလှူခံပုဂ္ဂိုလ်လာရင် ဆဲလွှတ်တယ် "ကိုယ့်ခြေနဲ့လက်နဲ့ လုပ်စားပ့ါလား ဘာဖြလို့ လာ သူများဆီကပ်တောင်းရတာတုန်း" ဘာတုန်းညာတုန်းနဲ့ဆိုတော့ အလှူခံ ပုဂ္ဂိုလ်တွေလည်း တဖြေးဖြေးနဲ့ မလာရဲကြဘူး၊ ဒီသူဌေးအိမ်က အလှူတင်းကုတ် ကြီးက လှူတယ်၊ လှူတယ်ဆိုတာ အဆက်ဆက်ကြားနေတာဖြစ်တော့ သတင်းက ပြန့်နေတာဖြစ်တော့ လာကြတာလေ. . . အလှူခံပုဂ္ဂိုလ်တွေက၊ အဲဒါ သူက အကုန်ကြိမ်းမောင်း ဆဲဆိုလွှတ်, အဲဒီလို ဖြစ်နေတော့။

နောက်-ဘုရားအလောင်းတော်က ဟို-တာဝတိံသာကနေပြီးတော့ လှမ်း ကြည့်တယ်၊ အင်း-ငါတို့ဘယ်ကောင်းမှုနဲ့များ ဒီရောက်လာတာပါလိမ့်မတုန်း. . လို့ ကောင်းမှုအခြေအနေပြန်ကြည့်လိုက်တဲ့ အခါကျတော့၊ ခုနက ပြောခဲ့တဲ့ လှူဒါန်းပေးကမ်း စွန့်ကြဲမှုတွေနဲ့တကွ ပြုခဲ့တဲ့ကုသိုလ်တွေမြင်တယ်၊ အော်. . . တို့သားတို့သမီးတွေများ တို့လုပ်တဲ့ကုသိုလ်မျိုး ဆက်မှပြုကြလေလား. . . ဘယ်လိုများနေပါလိမ့်မတုန်း. . . ဆိုပြီးတော့ သိချင်တာနဲ့ လူ့ပြည်လှမ်းကြည့် တော့၊ ဒီက သားမိုက်က ခုနကလို အလှူတင်းကုပ်တွေ ဖျက်ပစ်ပြီးတော့ ဘာမှ မလှူမတန်း မပေးမကမ်းနဲ့ နေတာမြင်တော့။

အော်-ဒုက္ခ, ဒုက္ခ, ကိုယ့်-မဂ်ဖိုလ်နိဗ္ဗာန်ရကြောင်းကောင်းမှုကြီး ထူထောင် ပေးထားခဲ့တာ၊ အိုနာသေရေး ဒုက္ခဘေးကြီး ကင်းဝေးလွတ်မြောက်ရာ သန္တိသုခ ဓာတ်ကြီးကို ရဖို့ရာအတွက် ကုသိုလ်ပင်ကြီးစိုက်ပေးခဲ့တာ၊ ကောင်းမှုပင်ကြီးစိုက် ပေးခဲ့တာ၊ အဲဒီအပင်ကြီး ခုတ်လှည်းပြီးတော့ ပစ်ပါပေ့ါလား. . .၊ အညွန့်တုန်း အောင်လုပ်ပါပေ့ါလား၊ ကုသိုလ်ကောင်းမှု အညွန့်တလူလူ မတက်တော့ဘဲနဲ့ အကုသိုလ်တွေ တစ်ထွေးကြီးနဲ့ အပါယ်လေးပါးရောက်မယ့် ဘေးကြီးဖြင့် သားမိုက်ဆိုက်နေပါပေ့ါလား. . .၊ သွားပြီးတော့ တရားပြမှပဲ၊ သွားပြီးတော့ ချွတ်မှပဲလို့ဆိုပြီးတော့ အဲဒါ ဘုရားအလောင်းရယ် အဲဒါသူ့ရဲ့အဖေဆိုတော့ အောက်မှာကျန်ခဲ့တဲ့ သားနဲ့ပြောရင်တော့ အဘိုးပေ့ါ၊ ဘိုးရယ်၊ ဘေးရယ်စသည် ဖြင့်၊ အဲဒီ နဟ်သားသုံးလေးယောက်ခေါ်ပြီးတော့ တို့သား တို့မြေး၊ တို့မြစ်ကဖြင့် မိုက်နေပြီ၊ ကိုယ့်ကိုယ်ကိုမြှုပ်နှစ်တဲ့အလုပ်တွေလုပ်နေပြီ. . . တို့က သူ့ကို အညွန့် တလူလူနဲ့ လူ့ရွာနတ်ထံ ချမ်းသာစံပြီးတော့ မဂ်ဖိုလ်နိဗ္ဗာန်ထိအောင် အညွန့်တက် သွားပြီးတော့၊ ရှင်သန်ကြီးထွားဖို့ရာအတွက် လမ်းကြီးထွင်ပေးထားခဲ့တာ။

ကုသိုလ်ကောင်းမှုပြုတယ်ဆိုတာ အညွန့်တလူလူနဲ့ လူလူ, လူလူတက် သွားလိုက်တာ၊ နောက်ဆုံးမဂ်ဖိုလ်နိဗ္ဗာန် စခန်းပေါက်ရောက်၊ ဒီထိအောင် တက်သွားကြရမှာ။ အခုတော့ သူက အဲဒီအညွန့်တလူလူတက်နေတဲ့

http://www.dhammadownload.com



ဒါနကုသိုလ်ကောင်းမှုကစပြီးတော့ ကုသိုလ်ကောင်းမှုကို ရိုက်ချိုးပစ်ပြီးတော့ သူက အညွန့်တလူလူ ရှင်နေတဲ့ သစ်ပင်လေးခုတ်ဖြတ် သုတ်သင်ပစ်လိုက်သလို ဖြစ်သွားတော့ သေမှာပေါ့။ ဒီတော့ မဂ်ဖိုလ်ရကြောင်း ကောင်းမြတ်တဲ့ အညွန့်တလူလူဖြစ်တဲ့ ကုသိုလ်ကောင်းမှုပင်ကြီး စိုက်ပျိုးထားခဲ့တာကို ရိုက်ချိုးပြီးတော့ သူပစ်နေပြီ. . . အပါယ်လေးပါးထိအောင် ဇက်ကျိုးပြီးတော့ သူကျတော့မှာပဲ. . တို့ကယ်ဦးမှတော်တော့မယ်. . . လို့ ဆိုပြီးတော့ အဖေရယ်, အဘိုးရယ်, ဘေးရယ်, ဘီရယ်, နတ်သားတွေ ဆင်းလာကြတာ။

အဲဒီ သူဌေးကလည်း ခုနက ကျန်ရစ်တဲ့ သားဖြစ်တဲ့သူဌေးကလည်း မလှူမတန်းနဲ့ နမြောလိုက်တာ၊ သူကိုယ်တိုင်လည်း ကောင်းကောင်း မစားရက်ဘူး၊ သူများလည်း ကောင်းကောင်းမကျွေးရက်ဘူး၊ အဲဒီလိုဖြစ်နေတယ် သူက၊ ပစ္စည်းတွေကတော့ အပြည့်ရှိတယ်၊ ကုဋေပေါင်းရှစ်ဆယ်ကျော်ရှိတာ၊ အဲဒါကို သူလည်း ကောင်းကောင်းမစားရက်ဘူး၊ ဒါနဲ့ သူက တစ်နေ့တော့ ရှင်ဘုရင့်ဆီသွားကို သူဌေးဘွဲ့ထူးနဲ့ ... ချီးမြှောက်ထားတာဖြစ်တော့ ရှင်ဘုရင့်နန်းတော် ခစားသွားတော့၊ တစ်နေရာမှာ လူတစ်ယောက်က မုန့်ဆီကြော် ကြော်စားနေတာ၊ မုန့်ဆီကြော် ကြော်စားတော့ သူက အဲဒီနားဖြတ်သွားရင်းနဲ့ မွှေးသကိုး၊ မုန့်ဆီကြော် အနံ့လေးရတော့ သူကစားချင်တယ်၊

နှာခေါင်းထဲ မုန့်ကြော်နံ့လေးရတော့ သူက "အမလေး. . . မုန့်ဆီကြော် အနံ့လေးက မွှေးလိုက်တာ. . . " စားချင်စိတ်ပေါက်၊ စားချင်စိတ်ပေါက်တော့ အိမ်ကျရင် ငါမုန့်ဆီကြော်စားချင်တယ်၊ "စားချင်တာတော့ ဟုတ်ပြီ၊ ငါက မုန့်ဆီကြော်ကို စားချင်တယ်လို့ သူဌေးကတော်ကိုပြောရင် ငါနဲ့သူဌေးကတော်နဲ့တင် နှစ်ယောက်ထဲ ကြော်စားလို့လည်းဖြစ်မှာမဟုတ်ဘူး၊ အိမ်ကလူတွေကျွေးရမှာ"၊ လုပ်သူကိုင်သားတွေကလည်း သူဌေးအိမ်ဆိုတော့ လူတွေကအများကြီးရှိတာ၊ သားတွေသမီးတွေကလည်းရှိတယ်၊ ဒီတော့ ကြော်ကျွေးရမှာ၊ ကိုယ်ချည်းစားရမှာ မဟုတ်ဘူး၊ သူတို့အတွက်ပါကြော်ရမှာဆိုရင် နည်းမှာမဟုတ်ဘူး. . . ကုန်ကျစရိတ်က၊ တော်ပါပြီလေ. . . ဆိုပြီးတော့ အောင့်နေ။

စားချင်တာတော့ စားချင်တယ်၊ သူစားရင်ဘေးလူတွေကို ကျွေးရအုံးမှာ၊ မကျွေးလည်း မကောင်းဘဲကိုး၊ သူ့ချည်းစားလို့ကလည်းမတော်တော့၊ ကျွေးရအုံးမှာ၊ အဲဒီကျွေးရင် ကုန်မယ့်စရိတ်ကိုတွက်ပြီးတော့ တော်ပါပြီလေ. . . တော်ပါပြီလေ. . . နဲ့၊ နေ့တိုင်းသူစားချင်စိတ်ကလေးလည်း ပေါ်ပေါ်လာတယ်၊ စားချင်စိတ်ကလေးပေါ်ရင် သူတွေတွေပြီးတော့ စားအုံးမှထင်ပါရဲ့၊ ကြော်အုံးမှထင်ပါရဲ့၊ ဘယ်လိုလုပ်စားရကောင်းမတုန်း၊ တော်ကြာတော့ ဘေးကလူတွေ ကျွေးရမယ့်

http://www.dhammadownload.com



ဟာတွေနဲ့ ကုန်အုံးမှာတွေ မြင်ပြီး "တော်ပါပြီလေ. . ."ဆိုပြီးတော့ သူ အောင့်နေတာ ဒီလိုနဲ့ သူက ဒေးဒေးနေတယ်။ သူဌေးက ခါတိုင်းလို မရွှင်ဘူး။ သူ့စိတ်ထဲ ရွှင်ရွှင်ပြပြ မရှိဘူး၊ ခပ်မှိုင်မှိုင်ဖြစ်နေတယ်၊

ဒါကို သူဌေးကတော်က အကဲခပ်မိတယ်၊ သူဌေးကတော်က သူဌေး အကဲခတ်တော့"သူနည်းနည်း တွေတွေနေပါတယ်၊ အခုတလော သူဌေး ဘာဖြစ်ပါလိမ့်၊ နည်းနည်းခပ်မှိုင်မှိုင်ဖြစ်နေပါတယ်၊ ဒေးဒေးနေပါတယ်၊ စိုက်စိုက် နေပါတယ်"ဆိုပြီးတော့၊ ဒါနဲ့-သုံးလေးငါးရက်ကြာတော့၊ "မောင် ဘာဖြစ်တာတုန်း၊ ခါတိုင်းနဲ့ မတူပါဘူး၊ ရွှင်ရွှင်ပြပြ မရှိပါဘူး၊ မှိုင်မှိုင်နေပါတယ်"၊ "ဘာမှမဖြစ်ပါဘူးကွာ. . ."၊ "မဟုတ်ဘူးလေ. . . အမူယာတွေ ပျက်နေတယ်၊ မောင် တစ်ခုခုတော့ တစ်ခုခုပဲ၊ ကိုယ့်ဇနီးနဲ့ ကိုယ့်ခင်ပွန်းသည် ဒီနှစ်ယောက်ကလေးမှ မပြောရင် ဘယ်သူ့ပြောမှာတုန်း၊ ပြောစရာရှိတဲ့အရေးကိစ္စ ဒီဇနီးမောင်နှံနှစ်ယောက်ရှိတာ ပြောစရာရှိတာတော့ အတွင်းစကားပြောမှပေါ့၊ ဒါမှကိုယ်ဖြစ်ချင်တာ ဖြစ်ပေးရမှာ"၊ "တခြားမဟုတ် ပါဘူးကွာ. . . တဲ့ ငါဟိုတစ်နေ့က ရှင်ဘုရင့်နန်းတော်က ပြန်လာတော့ လူတစ်ယောက်မုန့်ဆီကြော်, ကြော်စားနေတာ၊ အဲဒီမုန့်ဆီကြော် နံ့လေးမွှေးပြီးတော့ မုန့်ဆီကြော်, ကြော်စားချင်တာနဲ့ အဲဒီစားချင်တာလေး အာသာဖြစ်နေတာ"နဲ့ ဆိုတော့-

အမလေး-ဒီမုန့်ဆီကြော်စားချင်တာများ ဒီလောက်တကတည်း တွေးခေါင်ပြီးတော့ မှိုင်နေရသေးသလား၊ ကြော်မယ်-ကြော်မယ်, ကြော်မှယ်, တစ်အိမ်သားလုံးစားရအောင်, သားတွေသမီးတွေရော အိမ်ကလူတွေရော စားရအောင် ကြော်မယ်, ကြော်မယ်, မုန့်ဆီကြော် ကြော်မယ်ဟေ့ လုပ်ကြဟေ့" ဆိုတော့ "အမလေး. . . အမလေး. . . အမလေး၊ မယ်မင်းကြီးမ မယ်မင်းကြီးမ၊ မယ်မင်းကြီးမ သဒ္ဓါတရားကောင်းတာ ကျုပ်သိပါတယ်၊ ကျုပ်သိပါတယ်၊ မလုပ်လိုက်ပါနဲ့ မလုပ်လိုက်ပါနဲ့ အိမ်ကလူတွေရော အကုန်လုံးစားဖို့ ကြော်ရမယ်ဆိုရင် မနည်းဘူး၊ ကုန်ကျစရိတ်က၊ မနည်းဘူးကုန်မှာ"။

ဒီတော့ သူဌေးကတော်က ရိပ်မိတယ်၊ အင်း. . . သူဌေးတော့ နှမြောနေပြီ အဲဒါကြောင့် သူမစားရက်ဖြစ်နေတာ၊ "ကဲ-ကဲ-ကဲ ဒီလိုဆိုရင် အိမ်ကလုပ်သူကိုင် သားတွေတော့ မပါဘူး၊ သားတွေသမီးတွေနဲ့ ရှင်နဲ့ကျမနဲ့ပဲစားရအောင် ကဲ-မိသားစုတင်စားရအောင်ကြော်မယ်"၊ "သားတွေသမီးတွေကွာ. . . တဲ့ ပဲလှော်တို့ ထန်းလျက်တို့ ကျွေးလိုက်ပြီးတာပဲ"-တဲ့၊ သားသမီးကို မသဒ္ဓါသေးဘူးသူက၊ "ကဲ-ကဲ-ကဲ ဒီလိုဆိုရင်လည်းပဲ ရှင်နဲ့ကျမနဲ့နှစ်ယောက်ထဲပဲ စားရအောင် ကဲကြော်မယ်" ဆိုတော့ "မင်းကစားချင်သေးလားကွာ. . . တဲ့၊ နှမြောပြီဆိုတဲ့ လူက၊ အဲဒီလို

http://www.dhammadownload.com



ဘယ့်နဲ့မှုကို ပြောမရဘူး နှမြောတာက နှမြောတာပဲ၊ စစ်ကုတ်တာက, စစ်ကုတ်တာပဲ၊ ဘယ်သူ့မှုကို မသဒ္ဓါနိုင်တာ။

ဒီတော့ သူဌေးကတော်က"ကဲ-ကဲ-ကဲ ဒီလိုဆိုရင် မောင်တစ်ယောက်ထဲစားရအောင်၊ ရှင်တစ်ယောက်ထဲစားရအောင် စီမံပေးမယ်၊ ကိုင်းရှင်ရဲ့နောက်က ရှင့် ကျွန်တစ်ယောက်ထည့်လိုက်မယ်၊ ရှင်ကြိုက်သလိုသာကြော်ပြီးတော့ စားပေတော့၊ စီမံပြီးတော့ပေးမယ်၊ ကျုပ်လည်းမစားပါဘူး"ဆိုပြီးတော့ အဲဒီတင် သူဌေးက၊ ဟို-လူသူလေး ပါးလွတ်တဲ့နေရာ သွားကြော်မှာ ဆိုပြီးတော့-ဂင်္ဂါမြစ်ကမ်း ချုံကြားထဲသွားပြီးတော့ သူ့အိမ်နဲ့လည်းမဝေးဘူး၊ ဂင်္ဂါမြစ်ကမ်းက၊ အဲဒီဂင်္ဂါမြစ် ကမ်းချုံဘေးသွားပြီးတော့ သူ့ရဲ့နောက်က ကျွန်လေးတစ်ယောက်နဲ့ မုန့်ဆီကြော်လေး တစ်ယှက်နှစ်ယှက် သူ့အတွက်တင်။ ကျွန်အတွက်က သူကျွေးချင်မှကျွေးမှာ။

အဲဒါ ဒယ်အိုးနဲ့ဘာနဲ့ ယူသွားပြီးတော့ ချုံထဲမီးလေးဖိုပြီးတော့ "ကဲ-ကြော်ကွာ၊ မင်းက အဲဒီနားကြော် ငါကဒီနားကလမ်းလျှောက်နေမယ်။ တော်ကြာလူသူလေးပါးက ဝင်လာပြန်ရင်ခက်နေလိမ့်မယ်။ ငါဘယ်သူမှ မလာအောင်ဒီနားစောင့်နေမယ်"ဆိုပြီး မုန့်ဆီကြော် တိတ်တိတ်ကြော်ပြီးတော့စားမလို့ ကြော်ခိုင်းနေတာ၊ မီးခိုးလေးတစ်လူလူနဲ့၊ အဲဒီအချိန်ဘုရားအလောင်းတော်ဖြစ်တဲ့ သူ့အဖေတို့၊ သူ့အဘိုးတို့ သူ့အဘေးတို့က၊ နတ်ပြည်ကနေလှမ်းကြည့်တော့ "အင်း-မြင်လား ငမိုက်သား ငမိုက်သား ကြည့်စမ်း မုန့်ဆီကြော်စားတာတောင်မှ သားမ,သဒ္ဓါ၊ မယား မ,သဒ္ဓါ၊ ဆွေမ,သဒ္ဓါမျိုး မ,သဒ္ဓါ၊ ကြည့်ပါအုန်း. . . သူတစ်ယောက်ထဲ စားမလို့၊ ပစ္စည်းတွေက၊ သူ့သေတောင် ဒီပစ္စည်းတွေနဲ့ သူ့ဖို့လို့ရသေးတယ်။ ဒါတွေသူမသုံး ရက် မစွဲရက်နဲ့ ပြိတ္တာဇာတ် လမ်းခင်းနေပြီ. . . တို့ သွားပြီးတော့ တရားပြမှ ဖြစ်တော့မှာပဲ"ဆိုပြီးတော့-

တစ်ခါတည်း ပထမဆုံးတစ်ယောက်က ပုဏ္ဏားအယောင်ဆောင်ပြီးတော့ ဂါထာရွတ်ပြီးတော့ ဝင်လာ၊ "အဲ-ဒီနားဆီက လူသူလေးပါး အသံကြားတယ်. . . အလှူခံလာပါတယ်. . . အလှူခံလာပါတယ်၊ လှူစရာများရှိရင်လှူပါ"လို့ ဆိုတော့ သူက ထိတ်ခနဲဖြစ်သွားတယ်၊ ဟာ-တကတည်း မမြင်ချင်တဲ့အလှူခံမှ၊ တကတည်း ဝင်တွေ့နေ၊ ဒုက္ခပါပဲဆိုပြီးတော့ "ဒီမလာပါနဲ့၊ ဒီမလာပါနဲ့၊ ဒီမှာ လှူစရာမရှိပါဘူး"၊ "မဟုတ်ပါဘူး. . . မီးခိုးလေးတအူအူနဲ့ ဟိုမှာချက်နေတာမြင်ပါတယ်၊ ဘာတုန်းမသိဘူး အဲဒါလှူစရာလေးတော့ လှူပါ"လို့ ဆိုတော့ "ဟာ မလှူနိုင်ဘူး၊ မလှူနိုင်ဘူး။ ဒီမှာ လှူစရာမရှိဘူး"ဆိုတော့ "မဟုတ်ဘူး. . . တဲ့ လှူပါလို့ပြောတဲ့သူကို မလှူနိုင်ဘူးလို့ပြောရင်၊ အဲဒီ မလှူနိုင်ဘူးဆိုတဲ့လူရဲ့ သန္တာန်မှာ ကျက်သရေတွေအကုန်ပျက်စီးပြီးတော့ ယုတ်မာတဲ့အကုသိုလ်တွေ

http://www.dhammadownload.com



အကုန်ရောက်လာတက်တယ်. . . တဲ့၊ အဲဒီ မလှူဘူးဆိုတဲ့ လူရဲ့အိမ်ကို အတိတ်ဆိုး နိမိတ်ဆိုးတွေနဲ့တကွ၊ ဂြိုဟ်ဆိုးတွေဝင်ပြီးတော့ အကုန်ဖိစီးတတ်တယ်. . ." ပြောလိုက်တော့ ကြောက်သွားတယ် သူ အဲဒီကျတော့ "အော်-ဒုက္ခပါပဲ ကဲ-ဒီလိုဆိုရင် အဲဒီ-အဲဒီ-အဲဒီနား ခဏထိုင်နေ၊ အဲဒီနား ခဏထိုင်နေ၊ တော်ကြာမှ ရရင်ရလိမ့်မယ်"။

အဲလို ပြောပြီးလိုပြီးကာရှိသေး၊ နောက်ကပုဏ္ဏားတစ်ယောက်က ဝင်လာပြန်ရော။ "ဒီနားက. . . တဲ့ အကြော်နံ့လေးမွှေးလိုက်တာ. . . တဲ့၊ လှူဖွယ်လေးများရှိရင်ပေးကြပါ"ဆိုပြီးတော့ ဝင်လာပြန်၊ ဒီလိုပဲ သူက မပေးနိုင်ဘူးဆိုပြီးတော့ နှင်လွှတ်။ ဟာ-ဟိုကနေပြီးတော့ ဒါနအကြောင်းတွေပြော။

**အပစန္တာပိ ဒိစ္ဆန္တိ, သန္တော လဒ္ဓါန ဘောဇနံ၊**
**ကိမေဝ တွံ ပစမာနော, ယံ န ဒဇ္ဇာ န တံ သမံ။**

သူတော်ကောင်းတွေဆိုတာ. . . တဲ့ ကိုယ်က ချက်ပြုတ်မစားတောင်၊ လှူကြတယ်. . . ပေးကြတယ်၊ သင်ကချက်ပြုတ်လုပ်ကိုင်ပြီးတော့ ကိုယ်တိုင်စားနိုင်သူဖြစ်ပါလျှက်သားနဲ့ မပေးဘူး၊ မလှူဘူးဆိုတာတော်ပါ့မလား. . . နဲ့ ပြောတော့၊ သူ့ခက်နေပြန်။ "ကဲ-ကဲ-ဒီနားထိုင်နေ၊ ဒီနားထိုင်နေ၊ ရချင်ရလိမ့်မယ်"ဆိုပြီးတော့ ထိုင်ခိုင်း။ နောက် ဒီလိုပဲ ပုဏ္ဏားတစ်ယောက်ဝင်လာပြန်၊ အလှူခံဝင်လာပြန်၊ မပေးချင်ပါဘူးဆိုတဲ့ လူဆီမှ, အလှူခံတွေက ရောက်ရောက်လာ၊ ဒါနဲ့ နောက်ဆုံးတော့ သူ ကဲ-မဖြစ်ဘူးဆိုပြီးတော့ "လာ,လာ,လာ ပုဏ္ဏားတွေလာ"ဆိုပြီးတော့ အိမ်ခေါ်သွား၊ အိမ်ဝင်းထဲခေါ်သွားပြီးတော့ ကျွန်မကို "ဟေ့ ကျွန်မ, ဟိုမှာ ပုဏ္ဏားတွေ အလှူခံရောက်နေတယ်၊ မလှူလို့လည်း မဖြစ်ဘူး။ အဲဒီတော့ ဟို-နွားတွေကျွေးတဲ့၊ မြက်သီးဆန်တွေနဲ့ ထမင်းလေးချက်ပြီးတော့ သူတို့ ကျွေးလိုက်စမ်း၊ ပေးလိုက်စမ်း၊ သူတို့ခွက်တွေထဲထည့်ပြီးတော့"ဆိုပြီးတော့ တစ်ခါတည်း ကျွန်မကို၊ နွားတွေဘာတွေကျွေးတဲ့ မြက်သီးဆန်ကို ဆန်ကြမ်းကြီးတွေကိုချက်ပြီးတော့ အကျွေးခိုင်းတယ်။

ဒီတော့ ကျွန်မကလည်း သူပြောတဲ့အတိုင်းချက်ပြုတ်ပြီးတော့ပေါ့လေ ထမင်းတွေ ပုဏ္ဏားတွေကျွေး၊ ကျွေးတော့ ပုဏ္ဏားတွေက ထမင်းဝိုင်း ထိုင်ပြီးတော့ စားကြရင်း စားကြရင်းနဲ့ တခါတည်းမြက်သီးဆန်တွေ, ဆန်ကြမ်းတွေဆိုတော့ လည်ပင်းထဲမှာ တစ်ပြီးတော့ပေါ့လေ. . . မျိုလို့ မရဘဲနဲ့ တစ်ပြီးတော့ အစ်အစ်, အစ်အစ်နဲ့ ဖြစ်ကုန်ပြီးတော့ မျက်လုံးတွေပြူးပြီးတော့ တစ်ခါ တည်း ပတ်လက်လန် လဲကုန်တဲ့ ဟန်ဆောင်ကြ။

http://www.dhammadownload.com



အဲသလို ဟန်ဆောင်တော့မှ အဲဒီကျွန်မတွေနဲ့ အိမ်ကရှိတဲ့လူတွေက "ဟဲ့ ဘယ့်နှယ့်ဖြစ်တာတုန်း, ပုဏ္ဏားကြီးတွေ လဲကုန်ပြီ၊ ပတ်လက်လံလဲကုန်ပြီ" ဆိုပြီးတော့ အိမ်ကလူတွေ အုန်းအုန်း, အုန်းအုန်းနဲ့ဖြစ်လာပြီးတော့ သူဌေးလည်း ပြောကြတော့မှ၊ သူဌေးလည်း ကဗျာကယာနဲ့လာကြည့်တော့ "ဟာ ငါဆန်ကြမ်း တွေ ကျွေးလို့ ပုဏ္ဏားတွေ ဒီလိုဖြစ်တာ၊ အရပ်ကလူတွေ လာကုန်လို့ရှိရင်တော့ သိကုန်တော့မှာပဲ သိကုန်တော့မှာ၊ "ဟဲ့-ပွဲထဲကျန်တဲ့ ထမင်းကြမ်းတွေ မြန်မြန် သိမ်းသွားစမ်း၊ မြန်မြန်သိမ်းသွားစမ်း" ဆိုပြီးတော့ သူ့အပြစ်တင်မှာလည်း ကြောက်သေးတာကိုး။

ရပ်ထဲရွာထဲ လူတွေကလာပြီးတော့ "ဟာ-သူဌေးကလည်း ဘယ့်နဲ့ ပုဏ္ဏားတွေကို၊ တကတည်း နွားကျွေးတဲ့ဆန်တွေကျွေးတာတဲ့၊ ဘာတဲ့"ဆိုတဲ့ သတင်းပုပ်မှာလည်း သူကကြောက်သေးတယ်၊ သူများသာမပေးချင်တာ၊ မပေးသာမပေးချင်တာ၊ ပေးတယ်ပေးတယ်ဆိုတဲ့ အလှူရှင်နာမည်တော့ သူက ခံချင်သား။ အဲဒါနဲ့ တခါတည်း နွားကျွေးဆန်တွေ၊ စားပွဲပေါ်ကျန်နေတဲ့ ပုဂံပြားထဲ လက်စကျန်နေတာတွေ အကုန်ပြန်ပြီးသိမ်းဖိုင်းပြီးတော့ "ဟိုက- ထမင်းနုနုတွေ ထုတ်ခဲ့, ထုတ်ခဲ့ ထမင်းနုနု၊ တို့စားနေတဲ့ သလေးထမင်း တကတည်း ကောင်း ကောင်း ဆန်နုတွေနဲ့ချက်ထားတဲ့ထမင်းတွေ ထည့်၊ ထည့်ထည့်"ဘေးကလာ ကြည့်တဲ့သူတွေ မြင်လို့ရှိရင် ထမင်းကောင်းတွေကျွေးပါတယ်ပေါ့လေ. . . သူတို့ ဘာသာသူတို့ ဘာဖြစ်မှန်း မသိပါဘူးဆိုတာ ပြောရအောင်လို့ သူက ကဗျာကယာ ဉာဏ်ဆင်ပြီးလုပ်နေတာ။

ဘေးကလူတွေကလည်းပဲ ဒီလိုပဲ အုပ်အုပ်သောင်းသောင်းနဲ့ဖြစ်လာ "သူဌေးအိမ် ပုဏ္ဏားတွေ လဲကုန်လို့တဲ့ လဲကုန်လို့တဲ့'ဆိုပြီးတော့ လာကြည့်ကြ၊ ဒီကျတော့ "ဘာဖြစ်တာတုန်း၊ ဘာဖြစ်တာဘုန်း" "မသိဘူး. . . ကျုပ်ကတော့ ဒီပုဏ္ဏားတွေ အလှူခံရောက်လာလို့ဗျာ ကောင်းကောင်းမွန်မွန် ဆန်တွေ ကျွေးတာ၊ ဟောကြည့်ကြပါ ဟောတင်၊ နုနုနယ်နယ်ဆန်တွေကို ကျွေးတာပါ၊ ကြည့်ကြပါ၊ သူတို့ ဘာဖြစ်တယ်မသိဘူး မေ့မြောတော့လဲနေကြတယ်"နဲ့ဆိုတော့မှ ခုနက နတ်သားတွေက အယောင်ဆောင်လာတဲ့ ပုဏ္ဏားတွေက ဖခင်လုပ်တဲ့ ပုဏ္ဏားက ထထဲပြီးတော့ "အင်း-ပရိသတ်တို့. . . ဒီသူဌေးယုတ်ဟာ ညာတာ. . . ညာတာ၊ ကျုပ်တို့ကို ဆန်နုနုနယ်နယ်တွေကျွေးဘယ်လို့ သူကပြောတာ၊ ကျုပ်တို့ကို နွားကျွေးတဲ့ ဆန်ကြမ်းကြီးတွေကျွေးလို့ ကျုပ်တို့လည်ပင်းထဲမှာ ရှပြီးတော့ ပက်လက်လံ လဲကုန်တာ၊ မယုံရင် ကြည့်ကြပါဗျာ ဟောတင်-ဝေါ့-ဆိုပြီး ဟိုက အန်ပေးတာ၊ ပါးစပ်ထဲက ဝမ်းထဲကရှိတဲ့ဟာအကုန် ဝေါ့-ဝေါ့နဲ့ အန်ပြီးထွေးပြတယ်။ "ကဲ-ကြည့်ကြပါ, ကြည့်ကြပါ"။

http://www.dhammadownload.com



နောက် ဟိုပုဏ္ဏားနှစ်ယောက်ကလည်း "ဟုတ်ပါတယ်ဗျာ ကြည့်ကြပါ ဟောတင်ကြည့်ကြပါ" ဝေါ့-ဝေါ့နဲ့ အန်ပြလိုက်တော့မှ "ဟုတ်ပါ့ သူဌေး ဘယ့်နယ့်လုပ်တာတုန်း. . .၊ ကြည့်ပါအုန်း ဟုတ်ပါ့၊ တကတည်း ပုဏ္ဏားအလှူခံကြီးတွေ ဒီလောက်အလှူခံမြင့်မြတ်တဲ့ သူတော်ကောင်းကြီးတွေကို ဘယ့်နယ့်ဒီလို နွားကျွေးတဲ့ဆန်တွေ ကျွေးရတာတုန်း၊ သူဌေးဘယ့်နှယ့်လုပ်တာတုန်း၊ ဘာတုန်း" လို့ ဝိုင်းပြီးကဲ့ရဲ့ကြတော့ သူမပြောနိုင်. . . ဘူး။ မပြောနိုင်တော့မှ ခုနက ပုဏ္ဏား သုံးယောက်ဖြုန်းခနဲ့ဆို ပုဏ္ဏားယောင်ဖြောက်၊ နတ်သားအသွင်တွေ ပြန်ယူ၊ ယူပြီးတော့မှ၊ "သူဌေး. . . တဲ့ မင်း-ငါ့မျက်နှာသေသေချာ ကြည့်စမ်း" ဆိုပြီးတော့ အဖေ့ရဲ့ ပုံသဏ္ဍာန်ပြ၊ ပြတော့မှ "ဩော်. . . မွေးသဖခင် ကျေးဇူးရှင် သိပါတယ်" "ကိုင်း-ဟောဒီဘက်ကလူကိုကြည့်စမ်း ဘယ်သူတုန်း"၊ "ဩော်-အဘိုးပါ။ ကျွန်တော့်ကို အင်မတန်ချစ်တဲ့ အဘိုးပါ"။ "ကောင်းပြီ. . . ဒီဘက်ကဟာ မင်းရဲ့ဘေး။

အေး-ဘေးတွေ၊ ဘိုးတွေ အဖေတွေက၊ တို့အလှူတင်းကုတ်ကြီးတွေ ပြုလုပ်လှူပြီးသကာလ နတ်ရွာနိဗ္ဗာန်ရောက်ကြောင်း ကောင်းမှုကြီးတွေ ထူထောင်ပြီးတော့ ပြုလုပ်အားထုတ်လာလို့ တို့ တာဝတိံသာနတ်ပြည်မှာ ရောက်ပြီးတော့၊ နတ်စည်းစိမ်ခံစားပြီးတော့ နေကြတယ်. . .။ အဲဒီ နတ်သက်နဲ့နေလိုက်လို့ နတ်တစ်သက်တာ နေလိုက်တဲ့အတွင်းမှာ ဘုရားရှင်ကိုယ်တော်မြတ်ကြီး တစ်ဆူဆူ ပွင့်တော်မူလာခဲ့ရင်၊ အဲဒီနတ်ဘဝကနေပြီးတော့ တို့ကျွတ်တမ်းဝင်နိုင်ကြတယ်။

အဲဒီလို မဂ်ဖိုလ်နိဗ္ဗာန်ရကြောင်း ကောင်းမှုကြီးတွေကို ထူထောင်ပေးထားခဲ့တာကို မင်း-သားမိုက်က ဖျက်ဆီးပြစ်ပြီးတော့၊ အပါယ်လေးပါးရောက်ကြောင်း မကောင်းတဲ့ အကုသိုလ်အမှုကို မင်းပြုလုပ်နေလို့ တို့တရားပြဖို့ရာ လာကြတယ်. . . တဲ့။ သူများတွေ မဟုတ်ဘူး၊ ဟောဒါက မင်းအဖေ၊ ဟောဒါက မင့်အဘိုး၊ ဟောဒါက မင့်ဘေး"နဲ့ ပြောလိုက်တော့မှ သူ နောင်တတွေရပြီး၊ "မှားပါပြီအဖေ. . . မှားပါတယ်အဘိုး၊ ကျွန်တော် ဒီကရှေ့ လိမ္မာပါတော့မယ်. . . ကျွန်တော် ဒီကရှေ့ ကောင်းမှုတွေ ငြံနံပြီးတော့ ပြုလုပ်ပါတော့မယ်. . . "လို့ ဆိုပြီးတော့၊ နောက်ထပ် အလှူတင်းကုတ်ကြီးတွေ ပြန်ဆောက်ပြီးတော့ လှူလိုက်တာလေ. . . အဲဒီအချိန်က စပြီးတော့ ပေးလိုက်ကမ်းလိုက် လှူလိုက်တာ၊ မလှူဘဲနဲ့စားကို မစားတော့ဘူး၊ အဲလောက်သူ့စိတ်ထဲမှာ ပြောင်းလဲသွားတယ်။

http://www.dhammadownload.com



အဲဒီဘဝက နေပြီးတော့ ရောက်လာတဲ့ ရဟန်းတော်လေး၊ နောက်တော့ ဘုန်းကြီးတို့ အဖေလုပ်တဲ့ သူက ဘုရားရှင်ကိုယ်တော်မြတ်ကြီး လာဖြစ်တော့ ခုနက သားမိုက်က ဘယ်သူလာဖြစ်တာတုန်းဆိုတော့ ဘုရားလက်ထက်မှာ ဒါနဗျာသယ ဒါနအင်မတန်အားသန်တဲ့ ရဟန်းတော်လေး လာပြီးတော့ဖြစ်တယ်၊ သူက ဘယ်လောက်ထိအောင်များ လှူတုံးဆိုရင် သူဆွမ်းခံလို့ရလာရင် သူများ မလှူဘဲနဲ့ ဘယ်တော့မှ မစားဘူး၊ သူများမပေးဘဲနဲ့ ဘယ်တော့မှ မစားဘူး။

ဘယ်လောက်ထိအောင် လှူတုန်းဆိုရင် ရေအိုးစဉ်ရေသောက်တာ အထိ၊ ရေအိုးစဉ်မှာ သူရေသောက်တော့မယ်လို့ ရေလေး ခွက်ကလေးနဲ့ ခပ်ပြီးတော့ နေတဲ့အချိန် ဘေးကြည့်လိုက်သေးတယ် သူက၊ အလှူခံပုဂ္ဂိုလ်များ ဘယ်ကလာပါ လိမ့်မတုန်း၊ ရေသောက်မလို့ ဒိပြင်ပုဂ္ဂိုလ်တစ်ယောက်က လာနေတယ်၊ သူက လည်း ရေသောက်မလို့ ရေခွက်ခပ်ထားပြီဆိုရင် သူမသောက်လိုက်သေးဘူး၊ အဲဒီလာတဲ့သူ့ ထိုးပြီးတော့ ရေလှူတယ်။ "သောက်ပါ၊ သောက်ပါ၊ သောက်ပါရော့ ပြီးမှ တပည့်တော်သောက်မယ်"လို့ ဆိုပြီး အဲဒီလောက် ဒါနဗျာသယ အားကောင်း သွားပြီးတော့ ကျွတ်တန်းဝင်သွားခဲ့တယ်၊ အဲဒီ ရဟန်းတော်လေးလည်းပဲ ယနေ့ ဒုက္ခခပ်သိမ်း အေးငြိမ်းတဲ့ သန္တိသုခ နိဗ္ဗာနစာတ်ကြီးကို ရတော်မူသွားခဲ့ပြီ. . . ။

ဒီတော့-မိဘတွေက သားသမီးတွေအပေါ် မိမိတို့ထားခဲ့တဲ့ လောကီ လောကုတ္တရာအမွေကို ခံစေချင်ကြတယ်၊ ရစေချင်ကြတယ်။ ယူစေချင်ကြတယ်၊ အခုလည်းပဲ ဒကာဦးဌေးစံ+ဒေါ်ထားမြင့်နဲ့တကွ သားတွေ သမီးတွေ့ မြေးတွေက၊ မိခင်ကြီးဒေါ်ပေါလှိုင်ရဲ့ အလိုဆန္ဒဖြည့်သောအားဖြင့် ဒီနေ့ပြုလုပ်အားထုတ်ပြီး တော့ နေကြတယ်. . . လို့ ဆိုတော့ မိခင်ကြီးက မြင်နိုင်ရင် သာဓုခေါ်ပေးလိမ့် မယ်၊ မြင်နိုင်တဲ့နေရာမှာရောက်နေရင် ဝမ်းမြောက်ဝမ်းသာ ရှိရှာလိမ့်မယ်။ သာဓုခေါ်နိုင်ပေလိမ့်မယ်။ သာဓုခေါ်ပြီးသကာလ မဂ်ဖိုလ်နိဗ္ဗာန်ရကြောင်း ကောင်းမှုကြီးတွေ တိုးလိမ့်မယ်၊ အဲဒါ (၄)နံပါတ်မြောက် သားသမီးများအပေါ်မှာ မိဘများက မျှော်လင့်ချက်။ နောက်ဆုံး (၅)နံပါတ်မြောက် မျှော်လင့်ချက်က-

အထ ဝါ ပန ပေတာနံ, ဒက္ခိဏံ အနုပ္ပဒဿတိ၊

အထ-ထိုမှတပါး၊ ပေတာနံ-ဘဝတစ်ပါး, ပြောင်းသွားကွယ်လွန်တဲ့ ငါတို့ အား၊ ဒက္ခိဏံ-ကုသိုလ်ကောင်းမှု, အဖို့ဘာဂကို၊ အနုပ္ပဒဿတိ-ပေးဝေရစ် လိမ့်မယ်. . . တဲ့။ ဟော-သားသမီးများအပေါ် မိဘများရဲ့နောက်ဆုံး ပဉ္စမမြောက် (၅)နံပါတ်မြောက်, မျှော်လင့်ချက်က ဘာတုန်းလို့ဆိုတော့. . . တဲ့ တို့ထားခဲ့တဲ့ ပစ္စည်းဥစ္စာတွေနဲ့ (ဝါ)-အဲဒီပစ္စည်းတွေပေါ်မှာ အခြေခံထားတဲ့၊ ပစ္စည်းဥစ္စာတွေနဲ့ ကုသိုလ်ကောင်းမှုတွေ ပြု. . . ပြီးတော့ တို့ကိုအမျှဝေရစ်လိမ့်မယ်. . . ကုသိုလ်

http://www.dhammadownload.com



ကောင်းမှုတွေ နည်းများမဟူ ပြုတိုင်းပြုတိုင်း, တို့ကို အမျှဝေကြလိမ့်မယ်. . . လို့ ဆိုတာ မိဘတွေက မျှော်တယ်. . . တဲ့ မျှော်တယ်။ အမျှော်ဆုံးပဲ အဲဒါ။ နောက်ဆုံးမျှော်လင့်ချက်ကြီး။

အဲဒါ ဘုန်းကြီးတို့ * ရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးရဲ့ ငါးဘဝလောက်က အမေဖြစ်ခဲ့ဖူးတဲ့ ဒကာမကြီးတစ်ယောက်ရှိတယ်၊ အဲဒီ ဒကာမကြီးက ဘုမ္မစိုးနတ်ဖြစ်နေတယ်၊ ဘုမ္မစိုးနတ်ဆိုတာ မြေပေါ်မှာတင်နေတဲ့ နတ်၊ ရုက္ခစိုးတို့လို နတ်၊ နည်းနည်းလေး သူကချို့တဲ့ ရှာတယ်၊ အစားချို့တဲ့ရှာတယ်၊ အနေချို့တဲ့ရှာတယ်။ ဒီတော့ သူက ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးက ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ လက်ျာရံ၊ ပညာတေဒဂ် နှံထက်ကြေညာ သတင်းဖြာတဲ့ ရဟန္တာ အရှင်မြတ်ကြီး ဖြစ်. . . နေတော့ သူကသိတယ်။ ဒီ. . . ရှင်သာရိပုတ္တရာဟာ လွန်ခဲ့တဲ့ငါးဘဝတုံးက ငါ့သားကြီး. . .၊ ဒီတော့ ငါ့ကိုသတိရကောင်းပါရဲ့၊ ငါ့ကို ကုသိုလ်ကောင်းမှုပြုပြီးတော့ အမျှဝေကောင်းပါရဲ့လို့ ရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီး ကုသိုလ်ကောင်းမှုပြုတိုင်း, ပြုတိုင်း သူကမျှော်ရှာတယ်၊ အဲဒီ အမေက၊ ငါးဘဝက အမေ၊ ဒီဘဝက အမေ မဟုတ်ဘူး။

မျှော်ပေမယ့်လို့ ရှင်သာရိပုတ္တရာက သတိမရဘူး၊ အမျှဝေဖို့ကို သတိမရဘူး၊ ဒိပြင် အရေးကိစ္စတွေနဲ့ပဲ အာရုံပြုနေရတာနဲ့၊ ဒီလိုနဲ့ပဲ ရှင်သာရိပုတ္တရာ ကုသိုလ်ကောင်းမှုပြုတိုင်း သူကတော့မျှော်တယ်၊ အမျှဝေကောင်းပါရဲ့နဲ့ သာဓုခေါ်ဖို့လိုက်ချောင်းနေတာ၊ ဒီကလည်း အမျှကို မဝေဘူး၊ ဒီလိုနဲ့ ရက်ပေါင်းလပေါင်း နှစ်ပေါင်းကြာလာတော့ ပူးပြောမှ တော်တော့မှာပဲဆိုပြီးတော့၊ အဲဒီ ငါးဘဝအမေက ရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီး ဆွမ်းခံလေ့ရှိတဲ့ အိမ်က၊ ကလေးလေးကို ပူးပြောတယ်၊ ကလေးလေးပူးလိုက်ပြီးတော့ ရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီး ဆွမ်းခံလာကာနီးမှာ ကလေးပူးပြီးတော့ ပြောတယ်၊ ပြောတော့ ရှင်သာရိပုတ္တရာကိုယ်တော်လည်း ရောက်လာတဲ့အချိန်နဲ့ဆိုတော့ အဲဒီတင် ကလေးက ပြောတယ်ပေါ့၊ အဲဒီအမေက "သူဟာ. . . တဲ့၊ ရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးရဲ့ ငါးဘဝကအမေ ဖြစ်ပါတယ်၊ အခု ဘုမ္မစိုးနတ်ဖြစ်နေပါတယ်၊ နတ်မ, ဖြစ်နေပါတယ်၊ အစားနည်းနည်း ချို့တဲ့နေပါတယ်၊ အဝတ်အဆင်ချို့တဲ့နေပါတယ်၊ နေရာထိုင်ခင်း ချို့တဲ့ပြီးတော့ နေပါတယ်. . . .တဲ့၊ တန်ခိုးနုပ်ပြီးတော့ နေပါတယ်. . . တဲ့၊ ဒါ့ကြောင့် ရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီး သားရဟန်းတော်ထံက အမျှဝေမှုကို သာဓုခေါ်ဖို့ စောင့်နေပါတယ်. . . လို့ ကလေးလေးကို ပူးပြောတယ်။

* ပေတ-၄၅-၇၂။ (ဇာတ်ကြောင်းအနည်းငယ်ကွဲပါသည်)

http://www.dhammadownload.com



ကလေးလေး ပူးပြောတော့မှ အဲဒီတင် ရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးက သိတော့မှ အဘိညာဉ်နဲ့ ကြည့်တယ်၊ ကြည့်တော့မှ "ဩော်. . . ဟုတ်ပေသားပဲ၊ ငါးဘဝတုံးက ငါ့အမေ၊ ငါးဘဝမြောက်တုံးက ဖြစ်ခဲ့တဲ့ ငါ့အမေ ဘုမ္မစိုးနတ်ဖြစ်ပြီးသကာလ၊ တန်ခိုးသိမ်နေရှာပါလား. . . ငါမေ့ပြီးတော့ နေပါလား"လို့ ဆိုပြီးတော့မှ၊ အဲဒီတင် ရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီး ဆွမ်းခံပြီးတော့ အဲဒီနေ့ရသမျှဆွမ်း သံဃာတွေ "သံဃဿဒေမ"ဆိုပြီးတော့ သံဃိကလှူ။

အဲဒီလှူပြီးတော့မှ "အဲဒီသံဃိက ဒါနကုသိုလ်ကောင်းမှု အဖို့ကိုလည်းကောင်း၊ သားရဟန်းတော် ကျင့်ကြံကြိုးကုတ်အားထုတ်လာခဲ့တဲ့ သီလ, သမာဓိ, ပညာဆိုတဲ့ ကုသိုလ်ကောင်းမှု အစုစုကိုလည်းကောင်း၊ မိခင်ကြီးအမျှဝေပါတယ် . . . အမျှယူပါ, အမျှယူပါ"လို့ဆိုပြီးတော့ အမျှဝေတော့မှ မယ်တော်ကြီး သာဓုခေါ် . . . ပြီးတော့၊ သာဓုခေါ်လိုက်သည်နဲ့ တပြိုင်နက် အစားပြည့်စုံ, အဝတ်ပြည့်စုံ, အနေပြည့်စုံ၊ ဒီကဆွမ်းတွေ လှူပေးတာဖြစ်တော့ အဲဒီ ကုသိုလ်က အစားတွေပြည့်စုံ၊ သီလ, သမာဓိ, ပညာ, သိက္ခာသုံးပါး ကျင့်ကြံကြိုးကုတ်အားထုတ်တာတွေ၊ သာသနာတော်ပြုစုဆောင့်ရှောက်ထားတဲ့ ကုသိုလ်ကောင်းမှုတွေ အကုန်လုံး အမျှဝေလိုက်တော့ သူ့မှာ တခါတည်း ပြည့်စုံသွားတယ်၊ တိုးတက်သွားတယ်။

အဲ-သူ့တို့ဘဝက ကမ္မဇလူပဇီဝိခေါ်တယ်၊ နတ်တွေဘာတွေရဲ့ ခန္ဓာကိုယ်က ကမ္မဇရုပ်များတယ်၊ သူတို့က ကမ္မဇရုပ်များတော့ သာဓု, သာဓု, သာဓုဆိုတဲ့ ကုသိုလ်ကံ၊ သာဓုခေါ်တဲ့ ကုသိုလ်ကံ အရှိန်ဟတ်လိုက်သည်နှင့် တပြိုင်နက်တည်း ကံကြောင့်ဖြစ်တဲ့ ရုပ်တွေ ပြောင်းကုန်တာပဲ, အကုန်လုံး၊ တခါတည်း ချက်ခြင်း အစားတွေပြည့်စုံ, အဝတ်တွေပြည့်စုံ, အနေပြည့်စုံ ဖြစ်တယ်၊ လူတွေလို မဟုတ်ဘူး၊ ဘုန်းကြီးတို့ လူတွေကတော့ သာဓု, သာဓု, သာဓုခေါ်ပေမဲ့လို့ ကုသိုလ်ရတာပဲရှိတယ်၊ ဘာမှတိုးပြီးတော့ ပြောင်းလဲတော့ မသွားသေးဘူး။ မပြောင်းဆို လူတွေက ဥတုဇရုပ်များတာ၊ ကံကြောင့်ဖြစ်တဲ့ ရုပ်, ဥတုကြောင့်ဖြစ်တဲ့ ရုပ်၊ စိတ်ကြောင့်ဖြစ်တဲ့ ရုပ်၊ အာဟာရကြောင့်ဖြစ်တဲ့ရုပ်လို့ ရုပ်က လေးမျိုးလောက်ရှိတဲ့အထဲမှာ သူတို့က ကမ္မဇရုပ်များတယ်၊ ကမ္မဇရုပ် အားကောင်းတယ်။

ဥပမာဘာနဲ့တူတုန်းဆိုရင် မီးတောက်လိုပဲ. . . တဲ့၊ အခုဆီမီးတောက်တွေဖူး. . . ဆို မှုတ်လိုက်ပျောက်သွားတယ်၊ မီးခြစ်ကလေးနဲ့ပဲ ရှဲဆိုခြစ်တဲ့ ပြီးထွန်းတော့လည်း ဖြုန်းဆိုပေါ်လာတာပဲ၊ မီးတောက်ပေါ်ချင်လည်း ဖြုန်းခနဲပဲ၊ ငြိမ်းရင်လည်း ဖြုတ်ကနဲပဲ ပျောက်သွားတယ်၊ ဘုန်းကြီးတို့ လူ့ခန္ဓာကိုယ်က ဥတုဇရုပ် အားကောင်းတယ်၊ အာဟာရဇရုပ်အားကောင်းတယ်၊ အာဟာရဇရုပ်

http://www.dhammadownload.com



ဆိုတာ စားလိုက်သောက်လိုက်တဲ့ အာဟာရကြောင့် ဖြစ်တဲ့ရုပ်တွေပြောတာ စားလိုက်သောက်လိုက်လို့ အစားကောင်း အသောက်ကောင်းစားတော့ မျက်နှာကို ပြည့်လို့ ခန္ဓာကိုယ်ကြီးကို ဝ,လို့ ဖီးလို့ ဒါအာဟာရကြောင့် ဖြစ်တဲ့ရုပ်၊ ဥတုကြောင့် ဖြစ်တဲ့ ရုပ်ဆိုတာ အပူကြောင့် အအေးကြောင့်ဖြစ်တဲ့ ရုပ်တွေ ပြောတာ၊ ကမ္မဇရုပ်က နည်းတယ်၊ စိတ္တဇရုပ်က နည်းတယ်၊ ဒါ့ကြောင့် သေသွားလို့ရှိရင် ဥတုဇရုပ် အလောင်း၊ ဥတုဇရုပ်အလောင်းလို့ပြောကြတာ၊ ဒါပြောတာ။

ဒီတော့ အဲဒီဥတုဇရုပ်အလောင်း အာဟာရဇရုပ်အလောင်းကြီးတွေက ဖြုန်းခနဲလည်း မပျောက်ဘူး ၊ ဖွားခနဲလည်း မပေါ်ဘူး၊ မပေါ်နိုင်ဘူး ပေါ်နိုင်တဲ့ သတ္တိမရှိဘူး တဖြည်းဖြည်းပဲပေါ်တယ်၊ စားလို့သောက်လို့ ဝ, လာတယ်ဆိုတာ၊ တစ်ခါစားလိုက်တာနဲ့ ချက်ချင်းဖီးကနဲဆို ဝ,သွားတာ မဟုတ်ဘူး။ နာလံထ များတဖြည်းဖြည်း. . . နဲ့ အင်အားပြည့်ပြီး တဖြေးဖြေးလေးဝလာတာ။ ပိန်တော့ လည်း တဖြည်းဖြည်းပိန်သွားတာ၊ ဒီလိုသဘော၊ အဲ နတ်တွေပြဟ္မာတွေရဲ့ သဏ္ဌာန်ရှိနေတဲ့ရုပ်က ဒီလို မဟုတ်ဘူး၊ ကမ္မဇရုပ်ဆိုတော့ သူက ကံကြောင့်ဖြစ်တဲ့ ရုပ်ဆိုတော့ ဖြုန်းခနဲပေါ်နိုင်တယ်၊ ဟုန်းကနဲလည်းပျောက် နိုင်တယ်၊ မီးတောက်လိုပဲ။ အဲဒါကြောင့် သူတို့မှာ သာ. . . ဓု၊ သာ. . . ဓု၊ သာ. . . ဓု လို့ခေါ်လိုက်သည်နှင့်တပြိုင်နက်၊ ကမ္မဇရုပ်တွေ တဖြုန်းဖြုန်း, တရှုံးရှုံးတိုးလာပြီး သကာလ ပြည့်စုံးသွားကြတယ်၊ စားစရာတွေ ပြည့်စုံသွားတယ်၊ အဲဒါ ရှင်သာရိ ပုတ္တရာကိုယ်တော်မြတ်ကြီးရဲ့ ငါးဘဝကမယ်တော်။ ဒါကြောင့် မိဘများက သား သမီးပေါ်မှာ မျှော်လင့်ချက်ကြီး ငါးပါးထားတတ်တယ်. . . တဲ့ နောက်ဆုံး မျှော်လင့်ချက်ကြီးက-

အထ ဝါ ပန ပေတာနံ, ဒက္ခိဏံ အနုပ္ပဒဿတိ၊

အထ-ထိုမှတစ်ပါး၊ ပေတာနံ-ဘဝတစ်ပါး, ပြောင်းသွားကွယ်လွန်တဲ့ ငါတို့အား၊ ဒက္ခိဏံ-ကုသိုလ်ကောင်းမှု အဖို့ဘာဂကို၊ အနုပ္ပဒဿတိ-ပေးဝေရစ်လိမ့်မယ် . . .။ အဲဒါနောက်ဆုံး မျှော်လင့်ချက်ပဲ၊ ဒီတော့ ယနေ့ ဒကာဦးဌေးစံတို့ ဒကာမဒေါ်ထားမြင့်နဲ့တကွ အားလုံးသော ရဟန်းပြုကြတဲ့ သားတွေ, မြေးတွေ, တူတွေ၊ အဲ-ငွေကျပ်တစ်ထောင် ကုသိုလ်ပါဝင်တဲ့ သမီးက စပြီးသကာလ အားလုံး ကုသိုလ်ကောင်းမှုပြုကြတဲ့ သားတွေ, သမီးတွေ, မြေးတွေ, မြစ်တွေက ငါတို့ရဲ့ မိခင်ကြီး မျှော်လင့်တဲ့ မျှော်လင့်ချက်ကြီးကို ဒီနေ့ဖြည့်ဆည်းပူးပေးရင်းနဲ့ တို့မိဘတွေကို အကောင်းဆုံး ကျေးဇူးဆပ်နည်းနဲ့ ဆပ်ခြင်းပဲ. . . လို့။

ဒါမိဘကို ကျေးဇူးဆပ်နည်းထဲမှာလည်း ဒီဆပ်နည်းက လောကုတ္တရာ ဆပ်နည်းခေါ်တယ်။ မိဘရှိတုန်း ကျွေးလို့ မွေးလို့ ခြေဆုပ်လက်နယ်ပြုလို့ ဒါ

http://www.dhammadownload.com



လောကီဆပ်နည်း၊ အမေအဖေတွေကို ဝတ်စားတန်ဆာ ဝယ်ပေး ဒါကလောကီဆပ်နည်း၊ အခုလို ကုသိုလ်ကောင်းမှုတွေပြုပြီးတော့ သူ့ကို အိုနာ သေရေး, ဒုက္ခဘေးကြီး ကင်းဝေးလွတ်မြောက်ရာ သန္တိသုခ နိဗ္ဗာနဓာတ်ကြီးကို ရဖို့ရာ, ရစေကြောင်း မိမိတို့က ကုသိုလ်ကောင်းမှုတွေပြုပြီးတော့ အမျှဝေခြင်းသည်. . . လောကုတ္တရာ ကျေးဇူးဆပ်နည်း။ အဲဒီ လောကုတ္တရာကျေးဇူးဆပ်နည်းနဲ့ ဆပ်ခြင်းသည်သာလျှင် အကောင်းဆုံးကျေးဇူးဆပ်နည်း ဖြစ်တယ် . . . လို့ ဟော- အင်္ဂုတ္တရနိကာယ်မှာပဲ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက၊

**❖ ရောက်တိုင်မဂ်ဖိုလ်, ကုသိုလ်တရား, ကြားစပေမှ, တုံ့ချေရ၏. . . တဲ့၊**

မိဘကို ကျေးဇူးဆပ်တာ, မဂ်ဖိုလ်နိဗ္ဗာန်ရကြောင်း, ကောင်းမှုကြီးပြုပြီးတော့ ဆပ်တာဟာ အကောင်းဆုံးကျေးဇူးဆပ်နည်းကြီးပါပဲ. . .၊ ငါဘုရားလည်းပဲ မယ်တော်ကြီးကို လိုက်ပြီးတော့ အဘိဓမ္မာခုနစ်ကျမ်းဟောပြီးတော့ နို့ဖိုးဆပ်ခဲ့တယ်၊ အဲဒီလိုပဲ သူတော်ကောင်းဖြစ်တဲ့ အမျိုးသားအမျိုးသမီးတွေလည်းပဲ လောကုတ္တရာ ကျေးဇူးဆပ်နည်းနဲ့လည်းဆပ်ကြလေ. . . လို့ညွှန်ပြတော်မူတဲ့ အတိုင်း၊ ဒီနေ့ မိခင်ကြီးဒေါ်ပေါလှိုင်ကို ကျေးဇူးဆပ်သောအားဖြင့် ရဟန်းခံ ရှင်ပြုမင်္ဂလာကြီးကို ကျင်းပပြုလုပ်ရင်း မိမိတို့ကိုယ်တိုင်ရဟန်းဘောင် ရဟန်း ဘဝသို့ တက်ရောက်ကြခြင်း၊ ဤရဟန်းခံရှင်ပြုမင်္ဂလာကြီးနှစ်ခုကို အကြောင်းခံ၍ သံဃာတော် ခြောက်ရာကျော်တို့အား နံနက်ဆွမ်း, နေ့ဆွမ်းတို့ကို ဆက်ကပ် လှူဒါန်းသမှုပြုကြခြင်း။

ပင့်သံဃာတော် ဆရာတော်ဆယ်ပါးတို့အား ငွေကျပ်တစ်ထောင်တို့ကို ထောက်ပံ့လှူဒါန်းခြင်း၊ သံဃိကအဖြစ်နဲ့လည်းပဲ လိုက်ပါလာကြတဲ့ ဆွေသားမျိုး သားတွေက ငွေကျပ်ခုနှစ်ရာလှူဒါန်းခြင်းက စ၍ ပရိသတ်အပေါင်း သူတော် ကောင်းတို့ကို ဧည့်ခံကျွေးမွေး လှူဒါန်းသမှုပြုကြခြင်း၊ မိမိတို့ နွယ်ငြိမ်းကျေးရွာ၌ ရှေးဟောင်းစေတီတော်မြတ်ကြီးအား မွမ်းမံပြုပြင် ရွှေထီးတော်တင်ပြီးတော့ လှူဒါန်းပူဇော်သမှုကို ပြုကြခြင်းဆိုတဲ့ ဒီကုသိုလ်ကောင်းမှုတွေကို တပည့်တော် တို့ မိဘကျေးဇူးဆပ်တဲ့ အနေနဲ့ပြုကြပါကုန်၏. . .၊ ဤကဲ့သို့ပြုလုပ်အားထုတ် ရတဲ့ ကုသိုလ်ကောင်းမှု စေတနာစုအားကြီးသည်၊ အို, နာ, သေရေး, ဒုက္ခဘေးကြီး ကင်းဝေးငြိမ်းပြတ်ရာ, နိဗ္ဗာန်ဓာတ်ကြီးကို ရရာ ရကြောင်း၊ မိခင်ကြီးအတွက်လည်း ရရာ ရကြောင်း အားကောင်းသော အထောက်အပံ့ဖြစ်ပါစေသား။

တပည့်တော်တို့အတွက်လည်းပဲ အိုနာသေရေး ဒုက္ခဘေးကြီးကင်းဝေး ငြိမ်းပြတ်, သန္တိသုခဓာတ်ကြီးကို ဤကုသိုလ်ကောင်းမှုအရှိန်အဟုန်တို့ဖြင့် ပျံသန်း ခြင်းကြောင့်, ဟင်္သာငှက်ပျံသလို, တရှိန်ထိုး, တစ်ဟုန်ထိုးပျံသန်းခြင်းကြောင့်၊

http://www.dhammadownload.com



ဥဒေါင်းငှက်ပျံသလို အကြိမ်ကြိမ်အခါခါပျံသန်းခြင်းကြောင့်, သန္တိသုခနိဗ္ဗာနဓာတ် တရားမြတ်ကြီးကို လျှန်မြန်ဆောစွာ ရရာ ရကြောင်း အားကောင်းသော အထောက်အပံ့ဖြစ်ပါစေသားဟူ၍ ကိုယ်စီ ကိုယ်ငှ, နိဗ္ဗာန်စခန်းကို ရည်မှန်းပြီး တော့ ဒါနတွေပြုပြီးတော့ ပျံသန်းကြ၊ သီလတွေထိန်းပြီးတော့ ပျံသန်းကြ၊ ဘာဝနာ တွေ့ပွားပြီးတော့ ပျံသန်းနိုင်ကြတဲ့ အမျိုးကောင်းသား အမျိုးသမီးတွေ ဖြစ်ကြပါစေ ကုန်သတည်း။

ဟသ်ာငှက်, ဥဒေါင်းငှက်ဥပမာထားပြီးသကာလ, နိဗ္ဗာန်စခန်းရည်မှန်းပြီး သကာလ, မိမိတို့တတ်စွမ်းသမျှဒါန, သီလ, ဘာဝနာ,ဆိုတဲ့ အရှိန်အဟုန်သုံးမျိုး နဲ့ ပျံသန်းတိုးတက်နိုင်ကြတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေ ဖြစ်ကြ ပါစေကုန်သတည်း၊ ဤကဲ့သို့ ပျံသန်းတိုးတက်နိုင်ကြတဲ့ အမျိုးကောင်းသား အမျိုး ကောင်းသမီးတွေ ဖြစ်ကြကုန်လျှက်၊ ဤကဲ့သို့ ဒါန, သီလ, ဘာဝနာဆိုတဲ့ သုံးပါး သော အရှိန်အဟုန်ဖြင့် အို, နာ, သေဇာတ်, အမြစ်ပြတ်၍ လွတ်လပ်တဲ့ သန္တိသုခ ဓာတ်ကြီးဘက်သို့ ပျံသန်းသွားတော်မူကြတဲ့ ရှေ့တိုးသွားတော်မူကြတဲ့၊ ရှေးရှေး သော ဘုရား ပစ္စေကာ အရိယာအပေါင်း, သူတော်ကောင်းကြီးတို့, ရအပ်, ရောက် အပ် သိမြင်အပ်သော, နိဗ္ဗာနဓာတ်, တရားတော်မြတ်ကြီးကို , လျှင်မြန်ဆောစွာ ရောက်ကြရ, ရကြရ, မြင်ကြရ, ပါလိုကုန်သောဟူ၍ ပတ္ထနာအောင်ဆု, ပြုကြကုန် ရာ. . . သတည်း. . . . . ။

သာဓု. . . . သာဓု. . . . သာဓုပါဘုရား. . . . ။

http://www.dhammadownload.com

# *ပဌာနသုတ္တန် ခြင်း(၄)မျိုးဥပမာပြတရားတော်

ဒီနေ့မြန်မာ ကောဇာသက္ကရာဇ် ၁၃၄၄-ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော်(၃)ရက်နေ့မှာ အမရပူရမြို့၊ မဟာဂန္ဓာရုံကျောင်းတိုက်ရှိ ပရိယတ်, ပဋိပတ် သာသနာ့တာဝန်ထမ်းဆောင်တော်မူကြသော သံဃာတော်ငါးရာကျော်တို့အား မွန်မြတ်သော နံနက်ဆွမ်း နေ့ဆွမ်း ဘောဇဉ်ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်း၊ လှူဖွယ်ဝတ္ထုများ ပစ္စည်းများသံဃိကဒါန ဆက်ကပ်လှူဒါန်းခြင်းဆိုတဲ့ ကုသိုလ်ကောင်းမှု လာရောက်ပြုကြတဲ့ ကုသိုလ်ရှင်တွေက၊ နံနက်အချိန် အရုဏ်ဆွမ်းများ ဆက်ကပ်ကြတဲ့ ကုသိုလ်ကောင်းမှုရှင်များက နံပါတ်(၁) ကျောက်မဲမြို့၊ ဒကာမကြီး ဒေါ်အုန်းစိန်နှင့် မိသားစု နံပါတ်(၂)မိတ္ထီလာမြို့ ဒကာဦးဘိုဝနှင့် မိသားစု နံပါတ်(၃) မန္တလေးမြို့ ဝါးတန်းရပ် ဒကာမကြီးဒေါ်ဝင်းစိန်နှင့် မောင်ဦးကျော်သင်းတို့ မိသားစု ဖြစ်ကြပါတယ်။

တစ်ခါ နေ့ဆွမ်းဒကာဒကာမများက မုံရွာမြို့၊ ကွယ်လွန်သူ ဒကာကြီး ဦးလှမောင်ကိုရည်စူးပြီးတော့ ကျန်ရစ်တဲ့ ဒကာမကြီးဒေါ်ကျားနဲ့ မိသားစု၊ ဦးကိုကြီး+ဒေါ်အေးပို မိသားစုတို့ဖြစ်ကြပါတယ်၊ အဲဒီလိုအားဖြင့် နံနက်ဆွမ်း နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြတာ သံဃာတော်များကို သံဃိကဒါန သံဃဿ ဒေမ နိဗ္ဗာနဿ ပစ္စယော ဟောတု- ဆိုပြီးတော့ သံဃာတော်များကို ဆွမ်းလောင်းကြတာ၊ သံဃာတော်တွေ ဆွမ်းဘုဉ်းပေးနေတာကို လှည့်ပြီးကြည့်ညို ရင်းနဲ့၊ မေတ္တာ မုဒိတာ-သူများချမ်းသာနေတာ၊ မိမိတို့လှူလိုက် တင်းလိုက်တဲ့ အတွက် သံဃာတော်တွေ ချမ်းချမ်းသာသာဘုဉ်းပေးနေရတယ်ဆိုပြီး မေတ္တာ၊ အဲဒီ မေတ္တာ မုဒိတာအခြေခံတဲ့ ကုသိုလ်ကောင်းမှုတွေပွားကြတယ်. . . ။

ဒီတော့-ဒီနေ့ နံနက်ဆွမ်းဒကာဆွမ်းအမများ၊ နေ့ဆွမ်းဒကာဒကာမ များ၊ ဒီနေ့ပြုလုပ်တဲ့ ကုသိုလ်ကောင်းမှုဟာ၊ ကုသိုလ်ကောင်းမှုပြုနေတဲ့ အချိန်ဟာ ဘာနဲ့တူတုန်း. . . ဆိုရင် မြတ်စွာဘုရားက အင်္ဂုတ္တရနိကာယ် ပဌာနသုတ် ဒေသနာသွားနဲ့ပြောကြမယ်ဆိုရင်၊ ဒီနေ့ခရီးတော်တော်ပေါက် အောင်ပြေးကြ တဲ့နေ့. . . ၊ ခရီး တော်တော်တွင်အောင်နှင်နိုင်တဲ့နေ့. . . လို့ ဆိုပါတယ်၊ ခုလို ဒါန သီလ ဘာဝနာ ကောင်းမှု တစ်ခုခုပြုနေတဲ့ အချိန်ကို မြတ်စွာဘုရားက ပြေးနေတဲ့အချိန်. . . တဲ့၊ မိမိလိုရာပန်းတိုင်ဆီကို ပြေးနေတဲ့အချိန်၊

* အံ-၁၊ ၄၂၉။

http://www.dhammadownload.com



**ယေ ကေစိ ကုသလာဓမ္မာ သဗ္ဗေ တေ ဥဒ္ဒဂ်မနိယာ။**

ယေကေစိ-အကြင်အမှတ်မရှိ ကွြင်းမဲ့ဥဿုံ အလုံးစုံကုန်သော၊ ကုသလာဓမ္မာ-ဒါနကုသိုလ်, သီလကုသိုလ်, ဘာဝနာကုသိုလ်ဆိုတဲ့ ကုသိုလ် တရားမှန်သမျှတို့သည်၊ သန္တိ-ရှိကြပေကုန်၏။ သဗ္ဗေ-အလုံးစုံကုန်သော၊ တေ-ထိုဒါန သီလဘာဝနာဆိုတဲ့ ကုသိုလ်တရားတို့သည်၊ ဝါ-ကုသိုလ်တရား, မိမိ သန္တာန်ဖြစ်ပွားအောင်, ကြိုးစားနေနိုင်တဲ့ အချိန်တို့သည်၊ ဥဒ္ဒဂ်မနိယာ-မိမိတို့ရည်မှန်းတဲ့, ပန်းတိုင်ဆီသို့, ပြေးနေတဲ့အချိန်တို့မည်ကြပါပေကုန်၏၊ သွားနေတဲ့ အချိန်တို့မည်ကြပါပေကုန်၏. . . ။

ကုသိုလ်လုပ်ငန်းတစ်ခုခုကို အားထုတ်နေပြီဆိုရင် မိမိရည်မှန်းတဲ့ ပန်းတိုင်ဆီကို မိမိရည်မှန်းတဲ့ပန်းတိုင်ဆိုတာ နိဗ္ဗာန်ပါပဲ၊ အဲဒီနိဗ္ဗာန်ဆိုတဲ့ ပန်းတိုင်ဆီကိုပြေးနေတယ်. . . တဲ့၊ သွားနေတယ်၊ အဲဒီလိုမဟုတ်ဘဲနဲ့ ကုသိုလ်ကောင်းမှုမပြုဘဲနဲ့ ငါးဖြာအာရုံကာမဂုဏ်နဲ့ မေ့မေ့လျော့လျော့နေပြီဆိုရင်တော့ အဲဒါရပ်နေတာ. . . တဲ့၊ ရပ်နေတာ၊ ဒီနေ့ဆွမ်းဒကာဆွမ်းအမများက ဒီနေ့ဂန္ဓာရုံတိုက်သံဃာငါးရာကျော်ကို ဆွမ်းလောင်းရင်း ဘာလာလုပ်ကြတာတုန်း. . ပြေးကြတာ၊ တော်တော်ခရီးပေါက်အောင် ပြေးနေကြတာ။

သံဃိကဒါန လောင်းရလှူရတာဆိုတော့ သံဃာတစ်ပါးကြွလာရင်း "သံဃဿ ဒေမ နိဗ္ဗာနဿ ပစ္စယော ဟောတု" ဆိုလောင်းလိုက်ရင်း ဒါနကုသိုလ်စေတနာတွေက တဝေါဝေါဖြစ်သွားရင်း အဲဒါပြေးနေတာခေါ်တယ်၊ ပြေးတာမှဘယ်လောက်နှုန်းနဲ့ ပြေးနေတာတုန်းဆိုတော့-တစ်စက္ကန့်ကို ကုဋေတစ်သိန်းနှုန်းလောက် ဖြစ်အားရှိတယ်။ စိတ်စေတနာတွေရဲ့သဘောက နာမ်ဓာတ်ရဲ့သဘောက။ ရုပ်က ကုဋေငါးထောင်ကျော်ဖြစ်အားရှိတယ်၊ ဒီတော့ ရုပ်နာမ်နှစ်ပါးနဲ့လောင်းလှူနေတဲ့အချိန် လက်ကိုမြှောက် မျက်စိကကြည့်၊ ဒါက ရုပ်တရား၊ အတွင်းကနေပြီးတော့ လောင်းလှူနေတဲ့စေတနာ သဒ္ဓါဝီရိယဦးစီးတဲ့ နာမ်ဓာတ်တရား ။ အဲဒီ ရုပ်နာမ်နှစ်ပါးစုံနဲ့ပြေးလိုက်တာ၊ ဒီနေ့ပြေးလိုက်တာ၊ တစ်ပါးကြွလာလို့ လောင်းလိုက်ရင်း တခါတည်းဝေါကနဲဆို စေတနာတွေကပြေးလိုက်ရင်း၊ ဒါကုသိုလ်စေတနာတွေဖြစ်ပွားရင် ပြေးနေတာတဲ့၊ ပြေးနေတာ၊ ဘယ်ပြေးတာတုန်း-အိုနာသေရေးဒုက္ခဘေးက လွတ်အောင်ပြေးနေတာလို့ခေါ်တယ်၊

ဒီနေ့-ဆွမ်းဒကာဆွမ်းအမတွေက ကိုယ့်ကိုယ်ကို အာရုံပြုထားပါ၊ တို့ "သံဃဿ ဒေမ နိဗ္ဗာနဿ ပစ္စယော ဟောတု" ဆိုပြီး ဆွမ်းလောင်းနေတဲ့အချိန်ဟာ-ပြေးနေတဲ့အချိန်ပဲ၊ ဒီလိုဆွမ်းကပ်နိုင်အောင်လို့ဆိုပြီး ကျောက်မဲက ပုံရွာကမန္တလေးက ထွက်လာကတည်းက စီစဉ် စိတ်ကူး ကြံစည် လုပ်ကိုင်ပြောဆို အဲဒါ

http://www.dhammadownload.com



ပြေးနေတာပဲ၊ ကာယကံ ဝစီကံ မနောကံတွေဖြစ်နေတဲ့အချိန်ဟာ-ပြေးနေတဲ့ အချိန်----။

ဒီတော့မြတ်စွာဘုရားက ပတောဒသုတ်တော်မှာ-ယနေ့ဆွမ်းကပ်တဲ့ ဆွမ်းဒကာ ဆွမ်းအမတွေလို-ကမ္ဘာလောကသား သတ္တဝါအများ နိဗ္ဗာန်မဂ်ဖိုလ် ကိုရစေချင်လို့ မြတ်စွာဘုရားက ဥပမာအမျိုးမျိုးနဲ့ ပရိယာယ်အမျိုးမျိုးနဲ့ တင်စား ချက် အမျိုးမျိုးနဲ့၊ ပြချင်အောင် ပြဖြစ်အောင် ပြနိုင်အောင်၊ မိမိတို့ပြနေတာ ဘယ်အခြေနေမျိုးဖြစ်နေပြီလဲဆိုတာသိအောင်လို့ဆိုပြီးတော့ ဘုရားကအမျိုး မျိုးတင် စားပြီးတော့ဟောတဲ့အထဲက-ဒီနေ့ အင်္ဂုတ္တရနိကာယ်မှာလာတဲ့ ပတောဒသုတ် တော်နဲ့ပြောရအောင်-

ပတောဒစ္ဆာယမတ္တေန , တုဒံ ယာတိ အာဇာနီယော၊
ဒုတိယော ဆုပနေ နေဝ, ပဟာရေနတု တတိယော၊
စတုတ္ထော တု အဋ္ဌိဝေဓာ, အဒ္ဓုပမာ ဝိဇာနိယာ။

အာဇာနီယော-ရှေးဦးစတည်, ပထမတန်းစားမျိုးဖြစ်တဲ့, မြင်းအာဇာနည် သည်၊ ပတောဒစ္ဆာယမတ္တေန-ရိုက်ရန်ရွယ်ရိပ်, နှင်တံရိပ်မျှဖြင့်၊ တုဒံ ယာတိ- လိုရာစခန်း, သုတ်သုတ်လှမ်းလျှက်, ဖြောင့်တန်းမသွေ, သွားတတ်ခြေ၏၊ ဒုတိ ယော တု-ဒုတိယတန်းစားမျိုးမည်, မြင်းအာဇာနည်သည်ကား၊ ဆုပနေနေဝ -ရွယ်ရုံနဲ့မရ, တို့လိုက်မှသာလျှင်၊ တုဒံ ယာတိ-လိုရာစခန်း, သုတ်သုတ်လှမ်း၍, ဖြောင့်တန်းမသွေ, သွားတတ်ခြေ၏၊ တတိယော တု-တတိယတန်းစားမျိုးမည်, မြင်းအာဇာနည်သည်ကား၊ပဟာရေနေဝ-ရွယ်ရုံနဲ့မပြီး,တို့လို့လည်းမခွါ, ခတ်နာ နာရိုက်ပုတ်လိုက်မှသာလျှင်၊ တုဒံ ယာတိ-လိုရာစခန်း, သုတ်သုတ်လှမ်း၍, ဖြောင့် တန်းမသွေ, သွားတတ်ခြေ၏၊ စတုတ္ထောတု-စတုတ္ထတန်းစားမျိုးမည်, မြင်းအာ ဇာနည်သည်ကား၊ အဋ္ဌိဝေဓာ-အရိုးခိုက်အောင်, ထိုးစိုက်လိုက်မှသာလျှင်၊ တုဒံ ယာတိ-လိုရာစခန်း, သုတ်သုတ်လှမ်း၍, ဖြောင့်တန်းမသွေ, သွားတတ်ခြေ၏၊ အဒ္ဓုပမာ-မြင်းလေးမျိုးတွင်, ပမာတင်၍, ဆင်ခြင်မမှား, လူပုဂ္ဂိုလ်အများတို့ကို၊ ဝိဇာနိယာ-ကောင်းစွာမသွေ, သိသင့် သိထိုက်ကြပေကုန်သတည်း----။

သာဓု---သာဓု---သာဓုပါဘုရား---။

မြတ်စွာဘုရားက မြင်းလေးမျိုးရှိတယ်. . . တဲ့၊ မြင်းလေးမျိုးရှိတယ်၊

**ဧဝ ရူပေပိ ဘိက္ခဝေ ဣဓေကစ္စော ဘဒြော အဿာဇာနီယော၊**
**သန္တော သံဝေဇမာနော လောကသ္မိံ။**

http://www.dhammadownload.com



အမျိုးကောင်းသား အမျိုးကောင်းသမီးတို့. . . မြင်းလေးမျိုး ပမာတင်ပြီးတော့ ငါ-လောကီသတ္တဝါတွေကိုပြောမယ်. . . တဲ့၊ မြင်းလေးမျိုးကို အရင်သိဖို့ မြင်းလေး မျိုးရှိတယ်၊ မြင်းလေးမျိုးက-နံပါတ်(၁)မြင်းက ဘယ်လိုမြင်းတုန်းဆိုတော့ **ပတောဒစ္ဆာယမတ္တေန တုဒံယာတိ အာဇာနီယော. . .။ အာဇာနီယော-**ရှေးဦးစတည်, ပထမတန်းစားမျိုးဖြစ်ဝဲ့, မြင်းအာဇာနည် သည်၊ ပတောဒစ္ဆာယမတ္တေန-ရိုက်ရန်ရွယ်ရိပ်, နှင်တံရိပ်မျှဖြင့်၊ တုဒံ ယာတိ-လိုရာစခန်း, သုတ်သုတ်လှမ်းလျှက်, ဖြောင့်တန်းမသွေ, သွားတတ်ခြေ၏. . .။

ပထမတန်းစားမျိုး မြင်းဆိုတာ-ဘယ်လိုမြင်းတုန်းဆိုတော့၊ အာဇာနည်မြင်း၊ လွယ်လိုက်တာ ကျာပွတ်ရိပ်လေး နှင်တံရိပ်ကလေးပြရုံနဲ့ သူသွားမယ့်စခန်းပြေးတော့တာပဲ၊ သူ့သခင်က မြင်းကိုစီးလို့ပဲဖြစ်ဖြစ်၊ သို့မဟုတ် ရထားမှာကလို့ပဲဖြစ်ဖြစ် သူ့သခင်ကသွားဖို့ရာအတွက်-သွားရတော့မှာ၊ မင်းသွားတော့ဆိုတဲ့အနေမျိုးနဲ့၊ ပြေးတော့ဆိုတဲ့အနေမျိုးနဲ့ ကျာပွတ်ရိပ်ကလေးပြလိုက်တယ်---တဲ့၊ တံဖျာရိပ်ကလေး၊ နှင်တံလေးဝဲပြီးတော့ပြလိုက်တယ်ဆိုရင်၊ အရိပ်ကလေးအရောင်က လေးမြင်တယ်ဆိုရင်ပဲ တခါတည်း သူက-ငါသွားရမှာပါလား-ငါသွားမှပဲဆိုပြီးတော့ ရထားဖြင့်လည်း-ရထားကိုဆွဲပြီးတော့ပြေးတော့တာပဲ---တဲ့။ သို့မဟုတ် ကျောပေါ်မှာစီးနေတဲ့ သူ့သခင်ကိုတင်ပြီး ပြေးရမယ်ဆိုရင် ပြေးတော့တာပဲ၊ သို့မဟုတ်ဘာမှမပါလည်း ငါပြေးရမှာ-သူလိုရာပန်းတိုင်ကို အသွားခိုင်းနေတာပဲဆိုပြီးတော့ သူပြေးတော့တာပဲ---တဲ့၊ ဒါ ပထမတန်းစားမျိုး မြင်း၊ အရိပ်အရောင်လေး မြင်တာနဲ့ပြေးတာ။

ဒုတိယတန်းစားမြင်းကျတော့-ဒုတိယော ဆုပနေနေဝ။ ဒုတိယော တု-ဒုတိယတန်းစားမျိုးမည်, မြင်းအာဇာနည်သည်ကား၊ ဆုပနေနေဝ-ရွယ်ရုံနဲ့မရ, တို့လိုက်မှသာလျှင်---တဲ့၊ ဒုတိယတန်းစားမျိုးမြင်းကျတော့ အရိပ်အရောင်ပြရုံနဲ့ သူက ပြေးရမှန်း မသိဘူး၊ ဘယ်လိုကျမှသူကသိတုန်းဆိုတော့၊ လောမဝေဓဝိဒ္ဓ-တဲ့ အမွေးကိုကျာပွတ်ကလေးနဲ့တို့လိုက် တံဖျာလေးနဲ့တို့လိုက်တော့မှ၊ ဩ-ငါသွားရမှာပါလားဆိုပြီး သတိရပြီး ပြေးတယ်. . တဲ့၊ တုဒံ ယာတိ-လိုရာစခန်း, သုတ်သုတ် လှမ်းလျှက်, ဖြောင့်တန်းမသွေ, သွားတတ်ခြေ၏. . .။ တို့လိုက်တယ်ဆိုရင်ပဲ သွားတယ်၊ အရိုက်မခံဘူး၊ ဒါ ဒုတိယတန်းစားမျိုး မြင်း။

တတိယတန်းစားမျိုးမြင်းကျတော့ ဘယ်လိုမြင်းတုန်းဆိုတော့-တတိယော တု-တတိယတန်းစားမျိုးမည်, မြင်းအာဇာနည်ကား၊ ပဟာရေနေဝ-ရွယ်ရုံနဲ့မပြီး, တို့လို့လည်းမခွါ, ခတ်နာနာရိုက် ပုတ်လိုက်မှသာလျှင်၊ တတိယတန်းစားမျိုးမြင်းကျတော့-သူ့ဟာက နည်းနည်းတော့ ထိုင်းတယ်၊ ကျာပွတ်ရိပ်ကလေးပြလို့လည်း

http://www.dhammadownload.com



ပြေးရမှန်း မသိသေးဘူး၊ တံဖျာရိပ် နှင်တံရိပ်ပြရုံနဲ့ ပြေးရမှန်းမသိသေးဘူး သူက၊ အာ-ဒီမြင်းအရိပ်အရောင်ပြလို့မှ မသိသေးဘူးဆိုပြီးတော့-လောမဝေဓဝိဒ္ဓဆိုတဲ့ အမွေးကို တံဖျာနဲ့တို့လိုက်၊ ကျာပွတ်ကလေးနဲ့ပွတ်လိုက် ဒါလည်း သူပြေးရမှန်း မသိသေးဘူး၊ လိုရာစခန်း ပန်းတိုင်ရောက်အောင် ပြေးရမှန်းမသိသေးဘူး။

အဲ-ဘယ်လိုကျမှသိတုန်းလို့ဆိုတော့ အော်. . . ဒီမြင်း ဒါလောက်တောင် မသိတဲ့မြင်းတော့ ခတ်ဆတ်ဆတ်ကလေး ရိုက်လိုက်မှပဲဆိုပြီးတော့ စမ္မဝေဓဝိဒ္ဓတဲ့ အရေထူအရေပါးထိသွားအောင် ဖျတ်ကနဲ့ဆို ကြိမ်လုံးလေးနဲ့ ဆတ်ကနဲ ရိုက်လိုက်မှ၊ ကျာပွတ်ကလေးနဲ့ ရှန်းကနဲဆို တစ်ချက်လောက် ရိုက်လိုက်တော့မှ တုဒံ ယာတိ-လိုရာစခန်း၊ သုတ်သုတ် လှမ်းလျှက်၊ ဖြောင့်တန်းမသွေ့၊ သွားတတ်ခြေ၏. . . ။ ပြေးပြီ. . . အဲဒီကျတော့သူ ပြေးတာမှ လိုရာပန်းတိုင် ရောက်သွားအောင် ပြေးတာပဲ၊ ဒါ တတိယတန်းစားမျိုး မြင်း။

စတုတ္ထတန်းစားမျိုး မြင်းကျတော့-စတုတ္ထော တု အဋ္ဌိဝေဓော၊ စတုတ္ထော တု-စတုတ္ထတန်းစားမျိုးမည်၊ မြင်းအာဇာ နည်ကား၊ အဋ္ဌိဝေဓော-ရွယ်ရုံနဲ့လည်း မပြီး၊ တို့လို့လည်းမခွာ၊ ခတ်နာနာရိုက်ပုတ်ပြန်တော့လည်း ပြေးရမှန်းမသိ၊ အရိုးခိုက်အောင်၊ ထိုးစိုက်လိုက်မှသာလျှင်---တဲ့၊ စတုတ္ထတန်းစား မြင်းကျတော့ ကျာပွတ်ကလေး ဝဲရုံ နှင်တံလေး ဝဲရုံနဲ့ ပြေးရမှန်းမသိသေးဘူး သူက၊ အော်. . . ဒီမြင်း ပြေးရမှန်း မသိသေးဘူးဆိုပြီးတော့ အမွေးပေါ်မှာ ကြိမ်လုံးလေးနဲ့ တို့လိုက်၊ ဒါလည်း သူပြေး ရမှန်းမသိသေးဘူး၊ အော်. . . ဒီမြင်း ဒါလောက်တောင်မှ ပြေးရမှန်း မသိသေးဘူး ဆိုပြီးတော့ ဖျန်းကနဲဆို ခတ်ဆတ်ဆတ်ကလေး ချလိုက်၊ ဒါလည်း ပြေးရမှန်း မသိသေးဘူး။

ဘယ်လိုကျမှ ပြေးရမှန်းသိတုန်းဆိုတော့-တံဖျာထိပ်မှာ သံချွန်လေးတတ်ထား၊ အဲဒီသံချွန်ကလေးနဲ့ အရိုးခိုက်အောင် ထိုးစိုက်လိုက်မှသာလျှင်. . . တဲ့၊ အဋ္ဌိဝေဓ ဝိဒ္ဓေါ ။ အဋ္ဌိ-ဆိုတာ အရိုး၊ ဝေဓ ဝိဒ္ဓေါ-အရိုးခိုက်အောင်၊ ထိုးစိုက်ပြီးတော့ သတိပေးလိုက်မှသာလျှင်. . .၊ တုဒံ ယာတိ-လိုရာစခန်း၊ သုတ်သုတ် လှမ်းလျှက်၊ ဖြောင့်တန်းမသွေ့၊ သွားတတ်ခြေ၏. . . ။ အရိုးခိုက်အောင် သံချွန်လေး နဲ့ ထိုးလိုက်တော့မှ၊ အဲဒီမှ ပြေးတယ်. . . တဲ့၊ ပြေးတယ်၊ ဒါ မြတ်စွာဘုရားက မြင်းလေးမျိုး ဥပမာပေးတာ။

ဒီတော့-မပြေးတဲ့မြင်းတော့ရော၊ အဲဒီလို အရိုးခိုက်အောင်ထိုးစိုက်လို့မှ ပြေးရမှန်းမသိတဲ့မြင်း ဘယ့်နဲ့လုပ်တုန်း၊ အော်. . . အဲဒီကျတော့ မြင်းထိန်းက ဒီလောက်တောင်ဖျင်းတဲ့မြင်းတော့ သုံးလို့မရဘူးဆိုပြီးတော့ သားသတ်ရုံပို့လိုက်တယ်. . . တဲ့၊ သားသတ်ရုံ။ သတ် သေရော၊ ဒါမြင်းလေးမျိုး၊ ပြေးတဲ့မြင်း

http://www.dhammadownload.com



လိုက်တယ်. . . တဲ့၊ သားသတ်ရုံ။ သတ် သေရော၊ ဒါမြင်းလေးမျိုး၊ ပြေးတဲ့မြင်း လေးမျိုးဥပမာ၊ ဒီတော့- **ဧဝမေဝ ခေါ ဘိက္ခဝေ. . .** တဲ့၊ ဒီအတိုင်းပဲ. . . တဲ့၊ လောကမှာ ပုဂ္ဂိုလ်တွေ အမျိုးကောင်းသားအမျိုးကောင်းသမီးတွေ လေးမျိုး လေးစားရှိကြတယ်. . . တဲ့၊ လေးမျိုးလေးစားရှိတယ်။ အဲဒီလေးမျိုးလေးစားက ပြေးတဲ့မြင်းနဲ့ တူတဲ့လေးမျိုးလေးစား၊ ဒီတော့-ပထမတန်းစားမျိုးပုဂ္ဂိုလ် အမျိုး အစားက ဘယ်လိုပုဂ္ဂိုလ်တုန်းဆိုရင်၊ ပထမတန်းစားမျိုးမြင်းသည်. . . အရိပ် အရောင်ပြလိုက်ရုံနဲ့ပြေးတတ်သလို. . .၊ **ဣဓ ဘိက္ခဝေ ဧကစ္စော-**ဤ လောကမှာ-အချို့သော အမျိုးကောင်းသား အမျိုးကောင်းသမီးသည်၊ သူဏာတိ- သူက ကြားတယ်. . . တဲ့၊ ဘယ်နဲ့ကြားတုန်း။

**အမုကသ္မိံ နာမ ဂါမေ ဝါ နိဂမေ ဝါ-**ဘယ်မြို့မှာ, ဘယ်ရွာမှာ, ဘယ်အရပ်မှာ၊ **ဣတ္ထီ ဝါ ပုရိသော ဝါ ဒုက္ခိတော**ဝါ **ကာလင်္ကတော ဝါ**တိ- ဘယ်သူဖြင့်,ဘယ်ယောကျ်ား,ဘယ်မိန်းမဖြင့် အိုသွားပတဲ့. . . ဇရာဒုက္ခကြီးဖိစီးလို့ နဂိုတုန်းက နက်နေတဲ့ဆံပင်တွေ အခု ဖြူသွားပြီတဲ့၊ ခါးတွေကိုင်းကုန်ပြီတဲ့၊ နားတွေထိုင်းကုန်ပြီတဲ့၊ဘာရောဂါဖြစ်လို့တဲ့၊ဘယ်မြို့ကဘယ်သူ့ဖြင့် ဆီးချိုရောဂါစွဲလို့တဲ့၊ ကင်ဆာဖြစ်လို့တဲ့၊ သွေးတိုးဖြစ်လို့တဲ့-အိုခြင်းတရား နာခြင်းတရား၊ သို့မဟုတ်ဘယ်မြို့က ဘယ်သူဖြင့် ကာလင်္ကတောတိ-ကွယ်လွန်ရှာပြီတဲ့၊ သ တင်းစာထဲလျှောက်ဖတ်၊ဘယ်မြို့ကဘယ်သူဘယ်အသက်အရွယ်ကွယ်လွန် လို့ . . . ဘယ်ဆေးရုံက ဘယ်သူသာန်ပို့သတဲ့. . . ဒီလိုကြားတယ်. . . တဲ့၊ ကြားတယ်။ ကြားတယ်ဆိုရင်ပဲ သူက ကြားကာမတ္တကလေးမနေဘူးတဲ့။

**သော တေန သံဝိဇ္ဇတိ သံဝေဂံ အာပဇ္ဇတိ-**အဲဒီအမျိုးသား အမျိုး သမီးက ကိုယ်နဲ့မစပ်မဆိုင်ပါဘူး၊ တခြားမြို့ကပါ၊ တခြားရွာကပါ၊ အဲဒီတခြားမြို့ တခြားရွာက အမျိုးသားတစ်ယောက် အမျိုးသမီးတစ်ယောက် အိုခြင်းတရား အနှိပ်စက်ခံရတယ်၊ နာခြင်းတရားနှိပ်စက်ခံရတဲ့၊ သေခြင်းတရား နှိပ်စက်ခံရတဲ့ သတင်းကြားတယ်ဆိုရင်ပဲ ထိပ်ကနဲဆိုဖြစ်သွားတယ်. . . တဲ့သူက၊ အဟာမ္ဘိ ခေါမို ဇရာဓမ္မော ဇရာနတီတော-အော် ငါလည်းပဲ ဒီတရားမလွန်နိုင်သေးပါ လား. . . ဒီတရားမျိုး ငါကြုံရအုန်းမှာပါလား. . . အခု သူတို့သတင်းစာထဲ ကြေငြာနေသလို. . . ငါ့လည်း တစ်ချိန်ကြေငြာခံရအုန်းမှာပါလား. . . အခုသူ တို့သတင်းတွေကို တဆင့်တဆင့်ပြောပြီးရောက်လာသလို. . . ငါ့သတင်းတွေ ကိုလည်းပဲ ဒီလိုပြောကြအုန်းမှာပါလား. . . လို့၊ **သံဝိဇ္ဇတိ သံဝေဂံ အာပဇ္ဇတိ-** ထိတ်ကနဲဆိုဖြစ်သွားတယ်၊ လန့်ကနဲဆိုဖြစ်သွားတယ်၊ ဖြစ်သွားဟာ ဘာပြုတုန်း ဆိုတော့-

**သံဝေဂေါ ယောနိသော ပဒဟတိ. . .** တဲ့။

http://www.dhammadownload.com



သမဝေဂေါ-ထိပ်လန့်သွားသည်ဖြစ်၍၊ တုန်လှုပ်သွားသည်ဖြစ်၍၊ ယောနိသော-သင့်တင့်လျော်ကန်, တော်မှန်သော, ကုသိုလ်လုပ်ငန်းကို, အားထုတ်ပြီးသကာလ၊ ပဒဟတိ-မဂ်ဖိုလ်နိဗ္ဗာန်ဘက်ကို, ရည်စူးပြီးသကာလ ပြေးပြီ. . .၊ မဖြစ်သေးဘူး. . . ဒီတရား ငါ့မှာလည်း ကျရောက်လာနိုင်တယ်။ ငါ ကောင်းမှုတွေ များများကြိုးစားပြုပြီးတော့ပြင်မှပဲ. . . ဆိုပြီးတော့ သူ့ကိုယ်သူ ငါးဖြာအာရုံ ကာမဂုဏ်တွေနဲ့မေ့သား လင်ခင်ပွန်း သမီး သား မြေး မြစ်တွေနဲ့ ပျော်ပါးနေတဲ့ကိစ္စတွေ လျော့. . . ပြီးတော့ ကုသိုလ်လုပ်ငန်းဘက်ကို အားစိုက်လာတယ်၊ ခါတိုင်း ဘုရားရှိခိုးဖော်မရဘူး၊ အခုရှိခိုးလာတယ်၊ ခါတိုင်း သီလတွေ မထိန်းဘူး၊ ငါးပါးသီလ ပေါက်ပေါက်ကျားကျားနဲ့ ဒီလိုနေတာပဲ၊ သားကိစ္စ သမီးကိစ္စနဲ့ သတ်စရာရှိ သတ်၊ လိမ်စရာရှိ လိမ်၊ ခိုးစရာရှိ ခိုး၊ နှိုက်စရာရှိ နှိုက်လိုက်တာပဲ၊ သူများအိမ်ရောလည်း ကျူးလွန်။

အခု မဟုတ်ဘူး သူက ပြင်တယ်၊ မဖြစ်ဘူး. . . မဖြစ်ဘူး၊ ငါပြေးမှ ငါ လွတ်အောင်သွားမှ၊ ဒီတရားတွေ ငါ့ တစ်ချိန်ကျရောက်လာမှာ ဒီတရားတွေကျရောက်တဲ့အချိန် ငါဘာမှမတတ်နိုင်ဘူး. . . ငါ ဘာကုသိုလ်မှ ဟုတ်တိပတ်တိ မရှိသေးဘူးဆိုပြီးတော့ ငယ်မူ ငယ်ကျင့်တွေ အကုန်ပြင်တယ်. . . တဲ့၊ အဲဒီအမျိုးသား အမျိုးသမီး။ ဒါနတွေပြုလို့ သီလတွေထိန်းလို့၊ မနက်လင်းလာရင် ဘုရားရှေ့ ရေတော် ပန်းတော်တွေ ဆွမ်းတော်တွေ ရေချမ်းတော်တွေ ကပ်လို့၊ မေတ္တာပို့လို့ သမထဘာဝနာ ဝိပဿနာဘာဝနာတွေများ ကြိုးစားလို့ အားထုတ်လို့၊ နည်းခံလို့၊ ဟော- ဒါ ပြေးတာ၊ အရိပ်အရောင်လေး မြင်တာနဲ့ ပြေးတဲ့မြင်းနဲ့တူတယ်. . . တဲ့၊ အဲဒီအမျိုးသား အမျိုးသမီး ပြင်လာလိုက်တာ သူ့ကိုယ်သူ ခါတိုင်းနဲ့မတူတော့ဘူး၊ ပြောင်းသွားပြီ။ နေ့စဉ်ကုသိုလ်လုပ်ငန်း ပါအောင်ကြိုးစားသွားပြီ သူ့ကိုယ်သူ။

မနက်လင်း အိပ်ယာကနိုးရင် ဘုရားစဉ်ရှေ့ရောက်နေပြီ၊ ဆွမ်းတော် ရေချမ်းတော်ကပ်လို့။ မေတ္တာပို့လို့၊ ဟိုတုန်းကဒီလိုမဟုတ်ဘူး၊ ခုနက မိမိနဲ့ဘာမှအမျိုးမတော်တဲ့သူတစ်ယောက် ဒုက္ခိတ ကာလကတ ခေါ်တဲ့ ဇရာတရား ဗျာဓိတရား မရဏတရား လွှမ်းမိုးနှိပ်စက်ခံရတဲ့သတင်းကို ကြားတာနဲ့၊ တဆင့်ပြောလို့ ကြားရတာနဲ့။ သို့မဟုတ် သတင်းစာတွေထဲမှာ ဖတ်ရလို့ သိရတာနဲ့ အဲဒါနဲ့ သူပြင်သွားတာ။ အဲဒီအမျိုးသား အမျိုးသမီး ဘာနဲ့တူတုန်းလို့ဆိုတော့ ပထမ တန်းစားမြင်းလိုပါပဲ. . . တဲ့။ အရိပ်အရောင်လေးမြင်တာနဲ့ ပြေးလိုက်တာ ပြေးလိုက်တာ။ အဲလိုပြေးတော့ ဘာဖြစ်သွားတုန်း-

ပဟိတတ္တော ကာယေန စေဝ ပရမသစ္စံ သစ္ဆိကရောတိ။

http://www.dhammadownload.com



ပဟိတတ္တော-ထိုကဲ့သို့ ကြိုးစားပြီးသကာလ သူ့ကိုယ်သူ ပြင်ပြီးတော့ ပြေးလိုက်သည်နှင့် တပြိုင်နက်၊ ကာယေန-နာမကာယဖြင့်၊ ပရမသစ္စံ-အမြတ်ဆုံးဖြစ်တဲ့ နိဗ္ဗာန်ဆိုတဲ့ သစ္စာတရားကြီးကို၊ သစ္ဆိကရောတိ-မျက်မှောက်ပြုနိုင်သွားတယ်။ ပြေးလိုက်တာမှ ဘယ်လောက်ထိပြေးတုန်းဆိုတော့ သူ မဂ်ဖိုလ်နိဗ္ဗာန်ကို ရသွား၊ မျက်မှောက်ပြုသွားနိုင်လောက်အောင် ပြုရသည့်အထိကို ပြေးသွားတာပဲ. . . တဲ့၊ လိုရာပန်းတိုင် ဆိုက်သွားပြီတဲ့၊ လောကကြီးထဲမှာ အဲလို ပုဂ္ဂိုလ် အမျိုးသား အမျိုးသမီးတွေလည်း ရှိတယ်. . . တဲ့၊ ဘုရားက ဒါ နံပါတ် (၁) ပုဂ္ဂိုလ်။

အဲ-နံပါတ်(၂)ပုဂ္ဂိုလ်ကျတော့ အပိစ ခေါ သာမံ ပဿတိ ဣတ္ထိံ ဝါ ပုရိသံ ဝါ ဒုက္ခိတံ ဝါ ကာလကတံ ဝါ။ အမျိုးသားတစ်ယောက် အမျိုးသမီးတစ်ယောက်က ကြားတယ်၊ သူများတွေ ဘယ်သူ ဘာဖြစ်သတဲ့၊ ဘယ်ဝါဘာဖြစ်သတဲ့၊ ဘယ်သူကွယ်လွန်သတဲ့၊ ဘယ်သူဒုက္ခရောက်လို့၊ တကတည်း ကိုယ်တစ်ပိုင်း သေသွားသတဲ့. . . ကြားတယ်၊ လျှပ်ပါဘူး သူက၊ သတင်းစာတွေထဲဖတ်လို့ လူသေတာတွေ ဘာတွေ အထပ်ထပ်ဖတ်ရတယ် ကိစ္စမရှိပါဘူး သူက မဖြုန်ပါဘူး၊ သူနဲ့ မဆိုင်ဘူးလို့ပဲ ထင်နေတယ်၊ သို့သော်. . . သာမံ ပဿတိ-ကိုယ်တိုင်မြင်ရပြီ၊ ဣတ္ထိံ ဝါ ပုရိသံ ဝါ-ယောကျ်ားကိုသော်လည်းကောင်း၊ မိန်းမကိုသော်လည်းကောင်း၊ ဗျာဓိဒုက္ခကြီး ဖိစီးနှိပ်စက်ခံရသည်ကိုလည်းကောင်း၊ မရဏဒုက္ခကြီး ဖိစီးနှိပ်စက်ခံရသည်ကိုလည်းကောင်း၊ သာမံ ပဿတိ-ကိုယ်တိုင်တွေ့ပြီ ကိုယ်တိုင် မြင်ပြီ. . .။

ကိုယ်နဲ့တော့ မစပ်ဆိုင်ဘူး၊ ကိုယ့်ရဲ့ဆွေသားမျိုးသားထဲကတော့ မဟုတ်ဘူး၊ သို့သော် အမျိုးသားတစ်ယောက် အမျိုးသမီးတစ်ယောက် ဟိုတုန်းက ပျိုပျိုရွယ်ရွယ် ခု အမလေး အိုသွားလိုက်တာ ကျသွားလိုက်တာ ရုပ်တွေ၊ ဆံပင်တွေကလည်း ဖြူကုန်ပြီ၊ ကြည့်ပါအုန်း တောင်ဝှေးများတောင် ဆောင်နေရပြီ၊ သို့မဟုတ် ဗျာဓိဒုက္ခကြီး ဖိစီးနှိပ်စက်လို့ အိပ်ယာထဲက မထနိုင်တော့ဘူး၊ နှလုံးရောဂါစွဲလို့တဲ့ မြင်ရ၊ သူကိုယ်တိုင်တွေ့ရ၊ ဆရာသမားတွေနဲ့ ကုသနေရတာ သူကိုယ်တိုင်မြင်ရ တွေ့ရ၊ အဲလိုမြင်ရတွေ့ရ၊ သို့မဟုတ် ကွယ်လွန်အနိစ္စရောက်တာကို သူကိုယ်တိုင်မြင်ရ တွေ့ရ၊ သွားရ လာရ ကြုံရ၊ ကြုံရတယ်ဆိုရင်ပဲ. . . တဲ့၊ သူမေ့မေ့လျော့လျော့ အမှတ်တမဲ့မဟုတ်ဘူး. . . တဲ့။

သော တေန သံဝိဇ္ဇတိ သံဝေဂံ အာပဇ္ဇတိ-သူက ဘယ့်နဲ့ဖြစ်သွားတုန်း ဆိုတော့ ထိတ်ကနဲဆို အော်. . . သူ့ခေါင်းပေါ်မှာ ဖြူတဲ့ဆံပင်မျိုး ငါ့ခေါင်း ပေါ်မှာလည်း ဖြူအုန်းမှာပါလား. . . သူ့ပါးစပ်ထဲက

http://www.dhammadownload.com



ကျိုးတဲ့သွားမျိုး ငါ့မှာလည်းပဲ ကျိုးအုန်းမှာပါလား. . . သူ့တွန့်တဲ့ပါးရေမျိုး ငါ့မှာလည်းပဲတွန့်အုန်းမှာပါလား၊ သူ့ခန္ဓာကိုယ်မှာ မှဲ့ဖြူ မှဲ့ပည်းတွေ စွဲနေတဲ့အဖြစ်မျိုး ငါ့မှာလည်းစွဲရအုန်းမှာပါလား. . လို့ ဇရာဒုက္ခကြီးကို ကိုယ့်ခန္ဓာဘက်ကို ဉာဏ်နဲ့လှည့်ပြီးတော့ဆွဲယူတယ်၊ ကိုယ့်ခန္ဓာပေါ် တင်ယူတယ်။

သူ့မှာစွဲနေတဲ့ ဗျာဓိဒုက္ခကြီး သူ့ ဆီးချိုသွေးတိုး ကင်ဆာ နှလုံးရောဂါတွေ ဖျားလို့ နာလို့ အနာကြီးပေါက်လို့၊ အနာငယ်ပေါက်လို့ လေတစ်ပိုင်းဖြတ်လို့၊ အော်. . . ဒီအဖြစ်မျိုး ငါလည်းတိုးနိုင်တယ်၊ သူ့မှာလည်း ရုပ်နာမ်ခန္ဓာ၊ ငါ့မှာလည်း ရုပ်နာမ်ခန္ဓာ၊ ဒီခန္ဓာမျိုးရှိနေတာချင်းတူလို့မို့ ငါ့မှာလည်းပဲ ဒီဗျာဓိဒုက္ခကြီးရောက်လာနိုင်ပါလား. . . လို့ ဗျာဓိဒုက္ခကြီးကို သူ့ဆီတင် မထားဘူး ငါ့ထံရောက်လာနိုင်တယ်၊ ငါ့ထံရောက်လာနိုင်တယ်. . . လို့ ဒီလိုတွက်တယ်. . . တဲ့ သူက၊ သို့မဟုတ် ကွယ်လွန်အနိစ္စရောက်တာကြီး ကြည့်ပြီးတော့ ဒီသေခြင်းသဘောတရားကြီးသည်. . . ငါ့မှာလည်းပဲ တွေ့ရမှာပါတကား၊ ဘယ်အသေမျိုး မှန်းသာ မသိတယ် တွေ့ရမှာတော့ သေချာတယ်. . . တဲ့၊ သူ့လိုပဲ ထပ်တူပဲလား၊ သူနဲ့တမျိုးတခြားပဲလား၊ ဘယ်လိုသေမယ် မသိရသော်လည်း သေခြင်းတရားကြီး ငါ့မှာဖြစ်နိုင်ပါကလား. . . လို့။

သော တေန သံဝိဇ္ဇတိ သံဝေဂံ အာပဇ္ဇတိ၊ သော-ထိုအမျိုးကောင်းသား, အမျိုးကောင်းသမီးသည်၊ တေန-ထိုသို့ သူကိုယ်တိုင် တွေ့ရမြင်ရခြင်းကြောင့်၊ သံဝိဇ္ဇတိ-ထိတ်လန့်၏၊ သံဝေဂံ အာပဇ္ဇတိ-ပြင်းစွာထိတ်လန့်ခြင်းသို့ရောက်၏၊ ထိတ်လန့်တော့ ဘာဖြစ်တုန်း၊ ထိတ်လန့်ရုံနဲ့ပြီးရောလား. . . လို့ ဆိုတော့ မပြီးသေးဘူး. . . တဲ့၊ သံဝေဂေါ ယောနိသော ပဒဟတိ. . တဲ့၊ ထိတ်လန့်တဲ့အတိုင်း သူကပြင်ပြီ. . . တဲ့ သူကိုယ်သူ၊ မဖြစ်ဘူး. . . မဖြစ်ဘူး၊ ငါကျန်းမာတုန်းက ကုသိုလ်ကောင်းမှုတွေ ကြိုးစားပြီးပြုမှ တော်တော့မယ်. . .၊ ငါ့နောက်ပါမယ့် အလုပ်တွေလုပ်မှတော်တော့မယ်၊ သားကိစ္စ သမီးကိစ္စ၊ ဆွေကိစ္စ မျိုးကိစ္စနဲ့တင် ငါအချိန်ကုန်လာခဲ့တာ၊ အခု ငါ အသက်တော်တော်ထောက်လာပြီ မဖြစ်ဘူး. ... မဖြစ်ဘူး၊ ပြင်မှ ပြင်မှဆိုပြီးတော့ ပြင်သွားလိုက်တာလေ. . . ပြင်သွားလိုက်တာ၊ သူတော်ကောင်းအလုပ်တွေကြိုးစားလုပ်တယ်။ ဟော အဲဒီဒ မျိုးသား အမျိုးသမီးကြိုးစားတာမှ ပြေးလိုက်တာ ဘယ်လောက်ထိ စခန်းပေါက်သွားတုန်းဆိုတော့-

ပဟိတတ္တော ကာယေန စေဝ ပရမသစ္စံ သစ္ဆိကရောတိ။ အဲဒီလို ပြေးလိုက်တာ . . . တဲ့၊ ဒါန သီလ ဘာဝနာ ကုသိုလ်ကောင်းမှုတွေပြုပြီး ပြေးလိုက်တာ သူ ပရမခေါ်တဲ့ နိဗ္ဗာန်ကိုမြင်သွားတာပဲ. . . တဲ့၊ ရသွားတာပဲ၊

http://www.dhammadownload.com



ဒါ ဒုတိယတန်းစားမျိုး မြင်းနဲ့တူတယ်။ ရွယ်ရုံနဲ့တော့ မရဘူး၊ သူက တို့လိုက်မှ ပြေးတာ၊ အဲ- အဲဒီလိုပဲ ကိုယ်ကိုယ်တိုင်မြင်တယ်ဆိုတာ ဒါ အတို့ခံရတာ၊ ဒီလို အမျိုးကောင်းသား, အမျိုးကောင်းသမီးတွေလည်း ရှိတာယ်. . . တဲ့ လောကကြီးထဲမှာ၊ ပြေးပြီးတော့ ထွက်ကြတာတွေ။

တတိယတန်းစားမျိုး မြင်းအာဇာနည်နဲ့တူတဲ့ အမျိုးကောင်းသားအမျိုးကောင်းသမီး ဆိုတာကျတော့ ဘာတုန်း- သူကကြားတယ်. . . ဘယ်သူတွေ ဘာဖြစ်တယ် ညာဖြစ်တယ်ကြားတယ်၊ ကိစ္စမရှိပါဘူး၊ ကိုယ်တိုင်မြင်တယ်၊ အသုဘ အခေါက်ခေါက်လိုက်ပို့တယ်၊ သေတဲ့သူတွေမြင်တယ်၊ နာတဲ့သူတွေမြင်တယ်၊ အိုတာတွေတွေ့လည်း လှုပ်ပေါင် သူက၊ သူနဲ့မဆိုင်သလိုဘဲ၊ တို့လိုလည်း ဘာမှ သတိမရသေးဘူး၊ အဲဘယ်လိုကျတော့ သူကသိတုန်းဆိုတော့-

**အပိစ ခွဿ ဉာတိ ဝါ သာလောဟိတော ဝါ**
**ဒုက္ခိတော ဝါ ဟောတိ ကာလင်္ကတော ဝါ။**

အဿ-ထိုအမျိုးကောင်းသားအမျိုးကောင်းသမီးက၊ ဉာတိ ဝါ-ဆွေမျိုးတို့သည်သော်လည်းကောင်း၊ သာလောဟိတော ဝါ-သွေးသားတော်စပ်တဲ့သူသည်သော်လည်းကောင်း၊ ဒုက္ခိတော ကာလင်္ကတော ဟောတိ-အိုပြီ နာပြီ သေပြီ ကိုယ့်ဆွေမျိုးထဲက ထိပြီ၊ ကိုယ့်သွေးသားထဲက ထိပြီ၊ အဲ- အဲဒီကျတော့ သူက သတိရလာပြီ. . . တဲ့၊ ကိုယ့်သွေးသား ကိုယ့်ဆွေမျိုး ကိုယ့်သား ကိုယ့်သမီး ကိုယ့်လင် ကိုယ့်ဇနီး၊ ကိုယ့်မြေး ကိုယ့်မြစ်၊ အဲဒီလို ဆွေထဲက မျိုးထဲက သွေးသားတော်တဲ့ထဲက တစ်စုံတစ်ယောက်သောပုဂ္ဂိုလ် ဇရာဒုက္ခကြီး ဖိစီးခံရ၊ ဗျာဓိဒုက္ခကြီး ဖိစီးခံရ၊ မရဏဒုက္ခကြီး ဖိစီးခံရတာကို ကိုယ်တိုင်မြင်ရ တွေ့ရ, ကြည့်ရ ရှုရ, ကုရ သရ, လုပ်ရ သယ်ရ ပို့ရ, ဆောင်ရွက်ရဆိုတော့-

**သော တေန သံဝိဇ္ဇတိ သံဝေဂံ အာပဇ္ဇတိ။** တခါတည်း ထိတ်လန့်သွားပြီးတော့ ကြိုးစားသွားတာပဲ. . . တဲ့။ ငါ-ပေါ့ပေါ့နေလို့ မဖြစ်တော့ဘူး. . . မဖြစ် တော့ဘူးဆိုပြီးတော့ ပြေးလိုက်တာ၊ ပြေးလိုက်တာ၊ ဘယ်လောက်ထိ ခရီးပေါက်သွားတုန်းဆိုတော့-ပဟိတတ္တော ကာယေန စေဝ ပရမသစ္စံ သစ္ဆိကရောတိ-တဲ့။ အဲဒီလိုပြေးလိုက်တာ၊ မဂ်ဖိုလ်နိဗ္ဗာန်ကို ရသွားတယ်. . .၊ ဒါ တတိယတန်းစားမျိုးမြင်းနဲ့တူတယ်၊ တတိယတန်းစားမျိုးမြင်းက ရွယ်ရုံနဲ့လည်း မသွားဘူးလေ၊ တို့လို့လည်း ပြေးရကောင်းမှန်း မသိသေးဘူး၊ အဲ-အရေထူ အရေပါးဆိုက်အောင် ခတ် ဆတ်ဆတ်ကလေး ဖျန်းကနဲ တစ်ချက်လောက်ချလိုက်တော့မှ အာ-သခင့်အလိုကျ လိုရာစခန်း သုတ်သုတ်လှမ်းလိုက်တာ ပန်းတိုင်ရောက်သည်အထိ ပြေးတာပဲ။

http://www.dhammadownload.com



အဲဒါလိုပဲ. . . တဲ့ တချို့ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေ ကျတော့ ကိုယ်နဲ့မဆိုင်တဲ့သူတွေ ဖရာ ဗျာဓိ ဒုက္ခ မရဏဒုက္ခကြီးတွေ ခံစားနေရတာ ကြားတယ်၊ ကိစ္စမရှိဘူး သူက၊ တွေ့တယ် မတုန်လှုပ်ဘူး သူက၊ အဲ-ကိုယ့်သွေး ကိုယ့်သားထဲက ထလာပြီ၊ လာစ်စုံလာစ်ယောက်ဖြစ်ပြီဆိုတော့ ဖျန်းကနဲ ချလိုက်သလိုပဲ၊ ချလိုက်သလိုဖြစ်လို့ သူက တခါတည်း သံဝေဂဖြစ်ပြီးတော့ အဲဒါ အရင်ငယ်ကျင့်တွေ ဖျောက်၊ ဒါန သီလ ဘာဝနာတွေ ကြိုးစားအားထုတ်ပြီးပြေးတယ်. . . တဲ့၊ ပြေးတယ်၊ ပြေးတာမှ ခုနလို စခန်းပေါက်သွားတာပဲ၊ ဒါ တတိယတန်းစားမျိုးမြင်းနဲ့တူတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးလည်း လောကကြီးထဲမှာရှိတယ်. . . တဲ့၊ ဘုရားက၊ ဒါ-မကဲ့ရဲ့သေးဘူး ဘုရားက၊ ဒီလိုပြောဖော် ရရင်ပဲ ချီးကျူးသေးတယ်။

အဲ-စတုတ္ထတန်းစားမျိုးမြင်းကျတော့-ဘယ်လိုမြင်းတုန်းဆိုတော့ ရွယ်ရုံနဲ့လည်းမရ၊ တို့လို့လည်း မခွါ၊ ခတ်နာနာရိုက်ပုတ်လို့လည်းသွားရမှန်းမသိ၊ အရိုးခိုက်အောင်ထိုးစိုက်လိုက်မှသာလျှင်. . . အရိုးထိအောင် ဆူးနဲ့ထိုးလိုက်မှ သူက သွားပြီ၊ ပြေးရမှန်းသိပြီး ပြေးတယ်. . . တဲ့၊ အဲဒီလို ဧဝမေဝ ခေါ ဘိက္ခဝေ ဣဓေကစ္စော-ဤလောကမှာပဲ အချို့သော အမျိုးကောင်းသားအမျိုးကောင်းသမီးသည်-ကြားရုံနဲ့ သူက ကိစ္စမရှိဘူး၊ ကိုယ်တိုင်မြင်တယ်၊ အိုနာသေ ဒုက္ခတွေ တွေ့ ကိစ္စမရှိဘူး၊ ကိုယ့်သွေး ကိုယ့်သားထဲထိတာတောင် သူက ဘယ့်နဲ့မှ ပရှိသေးဘူး၊ သူကမဖြုန်သေးဘူး၊ ငယ်မူငယ်ကျင့်တွေ မပြောင်းသေးပေါင်။ ဒီလိုပဲ ဟေးလား ဝါးလားနဲ့ ငါးဖြာအာရုံကာမဂုဏ်တွေနဲ့ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆနဲ့-ဒီလိုပဲနေသေးတယ်၊ သို့သော်--

**အပိစ ခေါ သာမညေဝ ဖုဋ္ဌော ဟောတိ သာရီရိကာဟိ ဝေဒနာဟိ-**

ကိုယ်တိုင်ခံရပြီ. . . တဲ့၊ ရောဂါဝေဒနာ ကိုယ်တိုင်ခံရ၊ ဘယ်လိုရောဂါတုန်းဆိုတော့ တိဗ္ဗာဟိ, ခရာဟိ, ကဋုကာဟိ, အသာတာဟိ-ပြင်းတန်းကုန် သော၊ ခါးစပ်သောအရသာနှင့် တူကုန်သော၊ စိတ်ကိုမတိုးပွါးစေကုန်နိုင်၊ မနှစ်မြို့စေနိုင်ကုန်သော၊ မာရဏန္တိကာဟိ-သေလုမြောပါးဖြစ်ကုန်သော၊ ဝေဒနာဟိ-ဝေဒနာ တို့ဖြင့်၊ ဖုဋ္ဌော-တွေ့ထိခံရသည်၊ ဟောတိ-ဖြစ်၏. . .။ သူကိုယ်တိုင် ခံရပြီ. . . ရောဂါ၊ အမလေး. . . ဝိုင်းပြီးတော့ ကုလိုက်ကြ၊ စာဟ်ဆရာ ဗိန္ဒောဆရာတွေနဲ့ ဝိုင်းကုကြပါ၊ လုပ်ကြပါအုန်းဆိုမှ သေးခါနီးတောင် ရောက်သွား။ မာရဏန္တိက ဝေဒနာ-သေလုမြောပါး ဝေဒနာကြီးခံရ၊ အဲဒီကျတော့မှ သူက။

http://www.dhammadownload.com



**သော တေန သံဝိဇ္ဇတိ သံဝေဂံ အာပဇ္ဇတိ**--တဲ့ လန့်သွားပြီ၊ အမလေး ငါ ဒီလိုနေလို့ မတော်ဘူး။ ကြည့်စမ်း ငါ့မှာ ဘာ. . . မှ အားကိုးစရာ မရှိသေးပါလား. . . ဆိုပြီးတော့ တခါတည်း အဲဒီရောဂါဝေဒနာက ပျောက်ကင်းလည်းလာရော- ပြင်လိုက်တာ-သူ့ကိုယ်သူ၊ နေ့စဉ် ဒါနမှု မလွတ်အောင်၊ မနက်လင်းလာရင် ဘုရားရှေ့ရောက် ဆွမ်းတော် ပန်းတော် ရေချမ်းတော် ကပ်၊ လှူစရာ တန်းစရာရှိတာ နေ့စဉ်မလွတ်အောင် လှူလို့တန်းလို့။ သီလတွေ မပေါက်အောင် မကျိုးအောင် ငါးပါးသီလတွေလုံအောင်ထိန်း၊ စီးပွါးရေးနဲ့ပတ်သက်ပြီးလည်း မပျက်အောင်ထိန်း. . . . လို့၊ မုသားများ လွတ်အောင်ထိန်း. . . လို့၊ တတ်နိုင်ရင် ဥပုသ်သီတင်းတွေ စောင့်. . . လို့၊ သမထဝိပဿနာဘာဝနာတွေ ပွါး. . . လို့၊ ဒါ-ပြေးတာပဲ၊ ပြင်သွားလိုက်တာ. . . ပြင်သွားလိုက်တာ။

ဒီတော့-ပြင်သွားတော့ ဘယ်လောက်ထိစခန်းပေါက်တုန်း-။ **ပဟိ တတ္တော ကာယေန စေဝ ပရမသစ္စံ သစ္ဆိကရောတိ**. . . နိဗ္ဗာန်ကိုရသွား တာ ပဲ . . . တဲ့၊ ဒါ-သူ့ကိုယ်တိုင်ထိမှ-သူ့ခန္ဓာကိုယ်လာထိမှပြေးလို့-သူ့ကိုအရိုးခိုက်အောင်ထိုးစိုက်မှပြေးတဲ့မြင်းနဲ့တူတယ်. . . တဲ့ မြတ်စွာဘုရားက။ ဒါလည်းမြတ်စွာဘုရားက မကဲ့ရဲ့သေးပါဘူး၊ ဒီလိုပြေးဖေါ် ရရင်တော်သေးတယ်။ အဲ-အဲဒီလိုထိအောင် သူ့ကိုယ်တိုင်ထိလို့တောင်မှပြေးရမှန်းမသိတဲ့မြင်းကျတော့ဘာဖြစ်တုန်း-ခုနက-မြင်းအရိုးခိုက်အောင်ထိုးစိုက်လို့တောင်မှပြေးရမှန်းမသိတဲ့မြင်းကျတော့ သားသတ်ရုံပို့လိုက်တာပဲလေ၊ သေရော့ သတ်ပစ်တာ။

အဲဒီလိုပဲ. . . လေးမျိုးလေးစားသောအခြင်းအရာတို့ဖြင့် တွေ့ထိလို့မှ ပြေးရမှန်း မသိ၊ ဒါနတွေပြုပြီးတော့ပြေးရမှန်း မသိ၊ သီလတွေထိန်းပြီးတော့ ပြေးရမှန်း မသိ၊ ဘာဝနာတရားတွေပွါးရမှန်း မသိတဲ့သူကျတော့-ခုနက-မပြေးတဲ့မြင်း သားသတ်ရုံအပို့ခံရသလို-သူလည်းပဲ အို နာ သေဆိုတဲ့ ဒုက္ခကြီးတွေ ထပ်တလဲလဲခံရတယ်---တဲ့ သေလမ်းကကို မလွတ်တော့ဘူး။ ဒါ့ကြောင့်-

❖ မြင်းလေးမျိုးတွင်, ပမာတင်, ဆင်ခြင်မှတ်ကြရာ၊
ရွှယ်ရုံ တို့ရုံ, ပြေးပါကုန်, နှစ်ဖုံမြတ်လှစွာ၊
အရေအရိုး, တို့၍ထိုး, ပြေးရိုးမြင်းနှစ်ဖြာ၊
မပြေးသည့်မြင်း, ထိုအဖျင်း, သေတွင်းမလွတ်ရှာ ။

မပြေးတဲ့မြင်းကတော့-သေတွင်းပဲ. . တဲ့၊ ထပ်တလဲလဲ သေရမှာပဲ၊သားသတ်ရုံပို့ပြီးတော့ အသတ်ခံရမှာ။ အဲဒါလိုပဲ-ယခုနပြောခဲ့သလို၊ ကြားလို့လည်းပဲ တွေ့လို့လည်းပဲ။ ကိုယ့်သွေးကိုယ့်သားထဲက ထိလို့လည်းပဲ၊ ကိုယ်တိုင်ခံစားရလို့

http://www.dhammadownload.com



လည်းပဲ ဒါန သီလ ဘာဝနာကုသိုလ်ကောင်းမှုတွေ ပြုပြီးတော့ မပြေးတတ်တဲ့ အမျိုးသားအမျိုးသမီး ထပ်တလဲလဲသေမယ်. . . တဲ့။

အပ္ပမာဒေါ အမတံ ပဒံ, ပမာဒေါ မစ္စုနော ပဒံ။

ပမာဒေါ-မေ့လျော့ ပေါ့ဆနေခြင်းသည်၊ မစ္စုနော ပဒံ-ထပ်တလဲလဲ သေရခြင်းရဲ့ အကြောင်းပဲ. . . လို့ ဓမ္မပဒမှာလည်း ဟောထား၊ ဒါ့ကြောင့် မြင်း လေးမျိုး ပမာတင်ပြီးတော့ မြတ်စွာဘုရားက ဟောထားတယ်၊ မပြေးရင်တော့ အဲဒါ-သေတွင်း မလွတ်ဘူး. . . တဲ့၊ ဒီတော့ ပြေးတော့ ပြေးတဲ့၊ မြင်းလေးမျိုးထဲ ပါအောင် ကျင့်ဆောင်ကြိုးကုတ် အားထုတ်ကြ. . .။ ဒီတော့-ဒီနေ့မြတ်စွာဘုရား ဟောတော်မူလိုရင်းက၊ ဒါန သီလ ဘာဝနာကောင်းမှု တစ်ခုခုကို ပြုနေတဲ့အချိန် သည် ပြေးနေတဲ့အချိန်. . . တဲ့၊ ဘယ်လိုသိရလို့ပဲ ပြေးပြေး ပြေးတဲ့မြင်းထဲပါရင် ဘုရားက ကြိုက်တာပဲ။

ဒီတော့ ယနေ့ မနက်ဆွမ်းဒကာ ဆွမ်းအမတွေ၊ နေ့ဆွမ်းဒကာ ဆွမ်းအမ တွေ မိမိတို့ ဘယ်လိုအစားထဲကတုန်းဆိုတာ ကိုယ့်ဟာကိုစဉ်းစားကြပေါ့။ အခု ဆွမ်းဒကာဆွမ်းအမကြီးတွေ ဘုန်းကြီးတို့သိသမျှဆိုရင် ရဟန်းမယ်တော်တွေ ရဟန်းခံလို့၊ ကျောင်းဆောက်လို့ ကုသိုလ်ကောင်းမှုတွေပြု. . . နေတာ အဲဒါ ပြေး နေကြတာ. . . ပြေးနေကြတာ။ ကျောင်းဒကာကျောင်းအမတွေပဲလေ ကျောင်းဒကာကျောင်းအမတွေဆိုတော့ ကိုယ်ဘာကိုသာစဉ်းစားတော့၊ တို့- ဒီဘဝမှာ ဘယ်လောက်စခန်းပေါက်ပြီတုန်းဆိုတာကြည့်ကြပေါ့ ကိုယ့်ဘာကို၊ ကိုယ်ဘာကိုအသိဆုံးပါ၊ ဒါန သီလ ဘာဝနာကုသိုလ်ကောင်းမှုကိုထပ်တလဲလဲ ပြု၊ ထပ်တလဲလဲပြု၊ ထပ်တလဲလဲပြုနေရင် အဲဒါ ပြေးနေတာလို့ခေါ်တယ်၊ ပြေးနေတယ်ဆိုမှတော့ ခရီးပေါက်တာပဲ၊ ခုနမြင်းလိုပဲ၊ ပြေးတဲ့လူခရီးပေါက်မှာ ပေါ့။ လိုရာပန်းတိုင်မရောက်သေးတာရှိချင်ရှိမယ်၊ နီးတာတော့ နီးသထက်နီး နီးသထက်နီးလာတာတော့ သေချာတယ်။ ဒီတော့ပြေးတဲ့သူနဲ့ မပြေးတဲ့သူ တော့ကွာသွားမှာပဲ။

သားလင် ခင်ပွန်းအချင်းချင်း တစ်အိမ်ထဲနေတာတော့ဟုတ်တယ်၊ လူ တွေကတော့ တစ်အိမ်ထဲအတူတူနေတာပဲ၊ သားတွေသမီးတွေမြေးတွေ မြစ်တွေ ဆွေတွေ မျိုးတွေ တသိုက်ကြီးအတူတူနေတာပဲ၊ သို့သော်. . . ပြေးနေတဲ့သူနဲ့ မပြေးတဲ့သူနဲ့ကတော့ မြတ်စွာဘုရားရှင်များရဲ့မျက်လုံးနဲ့ ကြည့်လိုက်တော့ မြင် တယ်၊ သူတော်ကောင်းတွေမျက်လုံးနဲ့ ကြည့်ရင်မြင်တယ်၊ သူက ဘယ်လောက်စ ခန်းပေါက်သွားပြီ၊ သူက စခန်းမပေါက်သေးဘူး၊ ထိုင်နေရက်ပဲ၊ အဲဒါ တစ်အိမ်ထဲ အတူတူနေတာ၊ နေ့တိုင်း. . . နေ့တိုင်းကွာ. . . သွားတာ၊ နေ့တိုင်း ကွာသွား

http://www.dhammadownload.com



တော့ ဘယ်လောက်ထိ ကွာသွားတုန်းဆိုတော့ တစ်ယောက်စခန်းပေါက်သွား၊ တစ်ယောက်က အပါယ်လေးဘုံရောက်သွား၊ အဲဒီလောက်ထိ ကွာသွားတာ။

ဒီတော့ မိမိတို့ပြေးတာ ကျောင်းကြီးတွေဆောက်ပြီးတော့ပြေးခဲ့ကြ တယ်၊ ရဟန်းတွေခံပေးပြီးတော့ ပြေးခဲ့ကြတယ်၊ ရှင်တွေပြုပြီးတော့ ပြေးခဲ့ကြ တယ်၊ ထို့မှတပါး-ထိုထို ဤဤ ဒါန သီလ ဘာဝနာကောင်းမှုတွေပြုပြီးတော့ ပြေးခဲ့ကြတယ်။ ဒီဘဝမှာ မိမိတို့ဘယ်လောက်စခန်းပေါက်လာပြီတုန်း. . . .။ ဘယ်လောက်ပြေးပြီး ပြီတုန်းဆိုတာကိုတော့ ကိုယ့်ဘာကိုပြန်စဉ်းစားကြ၊ ပြေး ရမှာကဘယ်ထိအောင်ပြေးရမှာတုန်းဆိုတော့ လမ်းကမဆုံးသေးဘူး၊ ပန်းကိုင် ရောက်အောင်က-

**ပဟိတတ္တော ကာယေနစေဝ ပရမသစ္စံ သစ္ဆိကရောတိ။**

ဘုရားက ပန်းတိုင်ပြထားတယ်။ ပဟိတတ္တော-အဲဒီလိုနေ့စဉ်ပြေး၊ လစဉ် ပြေး နှစ်စဉ်ပြေး၊ ဘဝနဲ့ချီပြီးတော့ပြေး၊ ပြေးရမှာက တစ်ဘဝတင်မကဘူး။ ဘုန်းကြီးတို့ဘုရားအလောင်းတွေ ရှေးရှေးသူတော်ကောင်းကြီးတွေ ဘဝနဲ့ချီပြီး ပြေးသွားကြတာပဲ၊ ပြေးသွားတော့ ရောက်တာပဲ ပန်းတိုင်ကို၊ ဒီတော့ အပြေးမရပ် ဖို့ရာ အရေးကြီးတယ်၊ ရပ်မနေဖို့အရေးကြီးတယ်၊ ဒီတော့မိမိတို့သည်. . . နေ့စဉ်ပြေးမိရဲ့လား၊ ဝါ-နေ့စဉ် ဒါန သီလ ဘာဝနာကုသိုလ်ကောင်းမှု တစ်ခုခုပြု ပြီးတော့ ပြေးမိရဲ့လား၊ ငါရပ်နေတာလား။ ငါးဖြာအာရုံ ကာမဂုဏ် နဲ့ သားကိစ္စ သမီးကိစ္စ ဆွေကိစ္စမျိုးကိစ္စနဲ့ ဒါနဲ့ပဲ အချိန်ကုန်နေပြီဆိုရင်တော့ အဲဒါရပ်နေတာပဲ၊ ရပ်နေတာတဲ့ ဘုရားက၊ မပြေးဘူးတဲ့၊ အဲဒီတော့ပြေးကဲ့ အမျိုးအစားထဲ ဝင် အောင်ကြိုးစား။

ဒီပတောဒသုတ်တော်နဲ့ မြတ်စွာဘုရားသိစေချင်တာက၊ ကိုယ့်ကိုယ်ကို ပြေးတဲ့မြင်းဖြစ်အောင်ကြိုးစား၊ ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် ခုနကပြောခဲ့တဲ့ လေးမျိုးထဲက အကောင်းဆုံးကတော့ ရှယ်ရုံနဲ့ပြေးရင်အကြိုက်ဆုံးပေါ့၊ ဘုရားက တို့ရုံနဲ့ပြေးရင် အကြိုက်ဆုံးပေါ့။ ဒါ့ကြောင့်

"ရှယ်ရုံ တို့ရုံပြေး ပါကုန်, နှစ်ဖုံမြတ်လှပါ. . . လို့ဆိုတာ မြတ်တယ်. . . တဲ့ အဲဒီပုဂ္ဂိုလ်။ သို့သော်. . . "အရေအရိုး, တို့၍ထိုး, ပြေးရိုးမြင်းနှစ်ဖြာ". . . အရေ အရိုးထိုးလို့ပြေးရမှန်း သိရင်လည်းတော်ပါသေးတယ်. . . တဲ့၊ ဘာပြုလို့တုန်း ဆိုတော့. . . "မပြေးသည့်မြင်း, ထိုအဖျင်း, သေတွင်း မလွတ်ရှာ". . . မပြေးရင် တော့ သေတွင်းပဲ. . . တဲ့၊ ထပ်တလဲလဲသေ ထပ်တလဲလဲသေနဲ့ တွေ့မှာ. . . အသတ်ခံရတဲ့မြင်း သားသတ်ရုံအပို့ခံရသလိုပဲ။ ထပ်တလဲလဲ သားသတ်ရုံ ဝင်ရမှာ၊ သင်္ချိုင်းဝင်ရမှာ။ ဒါ့ကြောင့်မို့လို့ ပြေးတဲ့မြင်းအမျိုးအစားထဲဖြစ်အောင် ကျင့်ဆောင် ကြိုးကုတ် အားထုတ်ကြ။

http://www.dhammadownload.com



ယနေ့ ဒကာဒကာမအပေါင်း သူတော်ကောင်းတို့သည် အထူးသဖြင့် အမရပူရ မဟာဂန္ဓာရုံကျောင်းတိုက်သို့လာပြီးတော့ လောင်းလှူနေတဲ့အချိန်သည် ခရီးတော်တော်ပေါက်အောင် ပြေးတဲ့နေ့. . . လို့ ကိုယ့်ကိုယ်ကို အာရုံပြု ပြေးတာ၊ ပြေးတာတော်တော်ကြီးပြေးတာ၊ အဲဒီတော့ ရှေးကလည်းပဲ ကိုယ် ကုသိုလ်ကောင်းမှုတွေ ပြုခဲ့သမျှပြေးလာခဲ့တာ၊ တစ်ယောက်နဲ့တစ်ယောက် အပြေးကောင်းတဲ့လူ ရှေ့ကရောက်သွားမှာပဲ၊ အပြေးသန်တဲ့သူက ရှေ့ကရောက်သွားမှာပဲ၊ စခန်းပေါက်သွားမှာပဲ၊ ဒီတော့ စခန်းပေါက်အောင်ပြေးမယ်. . . လို့ အာရုံပြုပြီး သကာလ ဒီနေ့ ဂန္ဓာရုံတိုက်သံဃာတော် ငါးရာကျော်တို့ကို ဘောဇဉ် ခဲဘွယ်တွေနဲ့လောင်းလှူဆက်ကပ်နေတဲ့အချိန်သည် ပြေးနေတဲ့အချိန်။ ဒါနကုသိုလ်တွေ တရှန်းရှန်းဖြစ်တာပြေးတာပဲ၊ နိဗ္ဗာန်ဘတ်ကို၊ "နိဗ္ဗာနဿ ပစ္စယော ဟောတု" . . . လို့ဆိုပြီး လောင်းနေတဲ့အချိန်သည် ပြေးနေတဲ့အချိန်။

ဒီတော့ အဲဒီပြေးရင်းနဲ့ တပည့်တော်တို့ဒီနေ့ ပြေးတဲ့ကိစ္စသည်--- မရောက်ဖူးသေးတဲ့ ပန်းတိုင်ကြီးကို မြန်မြန်ရောက်ပါရစေ. . . လို့အာရုံပြုကြ။ ရောက်ဖူးတဲ့ အရပ်တွေကို ဝင်မနေနဲ့၊ ရောက်ဖူးတဲ့အရပ်တွေ ဝင်နေမိတတ်သေးတယ်၊ ပြေးတာပေမယ့်လို့. . ပြေးနည်းနှစ်မျိုးရှိတယ် မရောက်ဖူးသေးတဲ့ အရပ်ကို တန်းပြီးတော့ပြေးတာက တမျိုးရှိတယ်။ ရောက်ဖူးတဲ့အရပ်တွေ လှည့်ဝင်ပြီးတော့ပြေးတာက တမျိုးရှိတယ်' ဒီတော့ရောက်ဖူးတဲ့အရပ်တွေ ဝင်မနေနဲ့တဲ့ မြတ်စွာဘုရားက၊ ဓမ္မပဒမှာ မရောက်ဖူးတဲ့အရပ်တွေကိုရောက်အောင် တန်းပြေး. . . တဲ့။ ဂစ္ဆေယျ အဂတံ ဒိသံ။ အဂတံ ဒိသံ-မရောက်ဖူးသေးတဲ့အရပ်ကို၊ ဂစ္ဆေယျ-တန်းတန်းမတ်မတ်ကြီးရောက်အောင်ပြေးရာ၏၊ ဟော ဓမ္မပဒမှာ ဘုရား သတိပေးထားတာ။

ရောက်ဖူးတဲ့အရပ် မရောက်ဖူးတဲ့အရပ်။ ရောက်ဖူးတဲ့အရပ်ဆိုတာ တွေ့နေကျတွေနဲ့ တွေ့တာပဲ၊ ခုဆွမ်းဒကာ ဆွမ်းအမကြီးတွေ ရောက်ဖူးတဲ့အရပ်တွေ ရှိပါတယ်၊ ကိုယ့်မိတ်ဆွေသင်္ဂဟတွေနဲ့ ရောက်ဖူးတဲ့အရပ်တွေလေ၊ ဆိုပါတော့ ဒီကနေပြီး ပျဉ်းမနားတို့ တောင်ငူတို့ ပျော်ဘွယ်တို့ ကျောက်မဲတို့ဆိုပါတော့ ကိုယ်ရောက်ဖူးတဲ့အရပ်တွေရှိနေတယ်၊ အဲဒီရောက်ဖူးတဲ့အရပ်တွေသွားတော့ ဘာတွေနဲ့တွေ့တုန်း တွေ့နေကျလူတွေနဲ့ တွေ့တာ၊ တွေ့နေကျအရာဝတ္ထုတွေနဲ့တွေ့တာ၊ ရောက်ဖူးတဲ့ အရပ်လာတော့ တွေ့နေကျတွေနဲ့တွေ့မှာ။ အဲ-မရောက်ဖူးတဲ့အရပ်ကိုသွားမှ မတွေ့ဖူးတာတွေ တွေ့မှာ။

ဒီတော့-မြတ်စွာဘုရားက-ရောက်ဖူးတဲ့အရပ်ဆိုတာ ဘာပြောတာတုန်း ဆိုတော့-သုံးဆဲ့တစ်ဘုံကြီးကိုပြောတာ။ဘုန်းကြီးတို့ဒကာ ဒကာမတွေ မရောက်

http://www.dhammadownload.com



ဖူးတဲ့အရပ်ဒေသတွေ တစ်ခုမှ-မရှိဘူး။ လူ့ဘုံရောက်ဖူးတယ် ထပ်တလဲလဲ။ နတ်ဘုံ-ရောက်ဖူးတယ် ထပ်တလဲလဲ။ ဗြဟ္မာဘုံ-ရောက်ဖူးတယ် ထပ်တလဲလဲ။ အခု ဒီကုသိုလ်ကောင်းမှုကြောင့် တပည့်တော်တို့သူဌေးကြီး သူဌေးကတော်ကြီး ဖြစ်ရပါလို၏။ ဆိုတာ-အဲဒါ ရောက်ဖူးတဲ့အရပ်ကို သွားချင်တာ။ နောက်ထပ် ဒိထက်ပေါ်ရပါလို၏၊ ချောရပါလို၏ဆိုတာ၊-ရောက်ဖူးတဲ့အရပ်ကို သွားချင်တာ၊ ရောက်ဖူးတဲ့အရပ်ကိုသွားတော့ ဘာတွေမှာတုံး-တွေ့နေကျလူတွေနဲ့ တွေ့မှာပေါ့၊ ဘယ်သူတုန်း တွေ့နေကျလူက-ကိုဇရာတို့ ကိုဗျာဓိတို့ ကိုမရဏာတို့ပေါ့၊ အဲဒါ တွေ့နေကျလူတွေပဲ၊ ကိုယ်သွားနေကျမြို့ကိုသွားရင်လေ- ပျဉ်းမနား တောင်ငူတို့ သွားရင်ကိုယ်တွေ့နေကျလူတွေနဲ့ တွေ့တာမဟုတ်လား၊ ဆီးကြိုခေါ်ပြီးတော့- အမလေး-လာပါ၊ ထိုင်ပါဆိုပြီးတော့ နှုတ်ဆက်။ ပြန်ကာနီးတော့ လက်ဆောင်တွေ ပေးကြ-ဒီလို။

အဲဒါလိုပဲ-လူ့ဘုံလူ့ဘဝ လူ့ဌာနတည်းဟူသော ရောက်နေကျအရပ်ကို ဒီနေ့ ဆွမ်းဒကာ ဆွမ်းအမကြီးတွေရဲ့ ဒီကုသိုလ်ကြောင့် ရောက်ချင်ကြတယ်ဆို ရင်၊ ရောက်နေကျအရပ်ကို ရောက်ပြီ။ သွားဖူးနေတဲ့အရပ်ကို သွားပြီတဲ့။ သွားတော့ ဘယ်သူနဲ့တွေ့မှာတုန်း တွေ့နေကျလူနဲ့တွေ့မှာလေ။ ကိုဇရာတို့၊ ကိုဗျာဓိတို့၊ ကိုမရဏာတို့၊ ကိုအိုတို့ မအိုတို့၊ ကိုနာတို့ မနာတို့၊ ကိုသေတို့ မသေ တို့နဲ့ တွေ့မယ်၊ တွေ့တော့ သူတို့က လက်ဆောင်တံစိုးတွေနဲ့-ရော့ယူသွားစမ်းပါ အုန်း၊ ဆံပင်လေး ဖြူသွားစမ်းပါအုန်းဆို-မလိုချင်ပါဘူးဆို မရဘူး၊ ရော့-သွားလေး ကျိုးတာ ယူသွားစမ်းပါအုန်း၊ အတင်းပေး၊ မလိုချင်ပါဘူးဆိုလို့ကို မရဘူး။

ဒကာဒကာမတွေက ကိုယ့်ဆွေတွေမျိုးတွေ ရင်းနီးတဲ့သူတွေကလက် ဆောင်ပေးတော့-မလိုချင်ပါဘူး နေပါစေ၊ မဟုတ်ပါဘူး ယူသွားစမ်းပါအုန်း- အတင်းကိုးပေးတယ်၊ အဲဒီလိုပဲ-ဆံပင်ဖြူတွေလက်ဆောင်ပေးတယ်၊ ကိုဇရာက- သွားကျိုးလေး လက်ဆောင်ပေးတယ်၊ ပါးရေတွန့်တာလေး လက်ဆောင်ပေးတယ်၊ တောင်ဝှေးလေးထောက်ရအောင် လက်ဆောင်ပေးတယ်၊ မယူချင်ပါဘူးဆိုလို့ ကိုမနေရဘူး၊ ဇွတ်ထိုးပေးတာပဲ၊ သွေးတိုးရောဂါလက်ဆောင်ပေးတယ်၊ ဆီးချို ရောဂါလက်ဆောင် ပေးတယ်၊ ကိုဗျာဓိတိုကလေ-မိတ်ဆွေကြီးတွေကလေ၊ တွေ့နေကျမိတ်ဆွေကြီးတွေက ပေးမယ်၊ ကင်ဆာလက်ဆောင်ပေး၊ တစ်ပိုင်းသေ အောင် လက်ဆောင်ပေးမယ်၊ အနာကြီးပေါက်အောင်၊ အနာငယ်ပေါက်အောင်၊ သွားတွေ နာအောင်၊ ခါးတွေ နာအောင်၊ ဒူးတွေ နာအောင် လက်ဆောင်တွေ ဝိုင်းပေးတယ်။

http://www.dhammadownload.com



နောက်ဆုံးကိုမရဏာတို့ကထလာပြီး-ယူသွားစမ်းပါအုန်း-တဲ့ အသေလေးတစ်လုံး-ဆိုသေရာ။ တွေ့နေကျအရပ်သွားရင်တော့-တွေ့နေကျလူတွေနဲ့ တွေ့ပြီးတော့ ရနေကျလက်ဆောင်တွေနဲ့ ရမှာပဲတဲ့၊ ဘုရားက-အဲဒါကြောင့်-ဂစ္ဆေယျ အဂတံ ဒိသံ။ အဂတံ ဒိသံ-မရောက်ဘူးသေးတဲ့အရပ်ကို၊ ဂစ္ဆေယျ-မရောက်ရောက်အောင် ခရီးပေါက်အောင်ပြေးရာ၏။ ဆွမ်းဒကာဆွမ်းအမကြီးတွေက တပည့်တော်တို့ ဒီနေ့ပြုတဲ့ကုသိုလ်ကောင်းမှုဟာ-ရောက်နေကျအရပ်ကို မရောက်ရပါစေနဲ့. . .။ ရောက်နေကျအရပ်ကို မရောက်ရပါစေနဲ့ဆိုတဲ့အထည်းမှာ-ရောက်နေကျအရပ်ရဲ့ အပြစ်ကိုလည်း မြင်လိုက်ကြအုန်း၊ ရောက်နေကျအရပ်၊ သွားနေကျအရပ်၊ ဝင်နေကျအရပ် ဝင်နေလို့ရှိရင် အဲဒီ တွေ့နေကျလူတွေနဲ့ တွေ့မယ်---တဲ့၊ မလိုချင်တဲ့ လက်ဆောင်တွေ အတင်းပေးလိမ့်မယ် ဆိုတာကို အာရုံပြုလိုက်အုန်း၊

အဲဒီအာရုံပြုလိုက်တော့မဝင်ချင်ဘူး ဒီအရပ်။ ဒီအရပ်ဝင်သွားလို့ရှိရင် တွေ့နေကျလူတွေနဲ့ တွေ့ပြီး မလိုချင်တဲ့လက်ဆောင်တွေ အတင်းပေးနေမှာ၊ တော်ပြီ. . . တော်ပြီ၊ အဲဒီတော်ပြီတော်ပြီ၊ ဆိုရင်ဘုရားအကြိုက်ဆုံးပဲ၊ ဝင်ချင်နေမှာ ဘုရားက သိပ်စိုးတာ၊ ဝင်ချင်တယ်ဆိုတာ ဘဝတဏှာခေါ်တယ်၊ ဇာတိဇရာဗျာဓိမရဏာကို ကြိုက်တာပဲ၊ လူ့ဘုံလူ့ဘဝသာယာတာခေါ်တယ်၊ တဏှာသမုဒယသစ္စာခေါ်တယ်၊ နတ်ဘုံနတ်ဘဝနတ်ဌာနသာယာတာ သမုဒယသစ္စာခေါ်တယ်၊ ဒီတော့ဝင်ချင်တာ တဏှာပဲ၊ အဲဒီ တဏှာဦးစီးပြီးတော့လှူရင် ဘုရားက တဝက်လောက်ချီးကျူးတယ်၊ လှူဖော်တန်းဖော်ရ ကုသိုလ်ကောင်းမှုပြုဖော်ရလို့ကြိုက်တော့ကြိုက်ပါရဲ့၊ ဘုရားက တဝက်လောက်၊ သို့သော်. . . ဝင်နေကျအရပ်တွေဝင်နေအုန်းမှာဆိုတော့ ဘုရားရှင်ကတဝက်လောက်ပဲချီးကျူးတယ်၊ အပြည့်မချီးကျူးဘူး၊ ဝဋ္ဋနိဿိတကုသိုလ်ဖြစ်နေတယ်၊ ဝိဝဋ္ဋနိဿိတမဖြစ်ဘူး၊ ဝဋ်ဆင်းရဲကလွတ်မြောက်ရေး ပန်းတိုင်ချလုပ်တဲ့အလုပ်မဟုတ်ဘူး၊ ဒီတော့ကွေ့ကောက်ပြီးတော့ ဝင်မနေကြနဲ့ ဉာဏ်နဲ့ဖြောင့်ချလိုက်။

အဲဒီ ဝင်နေကျအရပ်တွေဝင်နေရင် ဒီလိုဒုက္ခတွေကြုံရမှာ၊ မလိုချင်မယ့်လက်ဆောင်တွေရအုန်းမှာ၊ ဆံဖြူခါးကိုင်း၊ နားထိုင်း၊ ဆိုတဲ့လက်ဆောင်တွေကိုဇရာကပေးတာတွေ ယူရအုန်းမှာ၊ ကိုဗျာဓိကပေးလိုက်မယ်၊ အနာ ကြီးပေါက်အနာငယ်ပေါက် သွေးတိုး ဆီးချို ကင်ဆာ နှလုံး ကျောက်ကပ် အို. . စုံနေတာပဲ၊ ကိုဗျာဓိလက်ဆောင်တွေ ရအုန်းမှာ၊ ကိုမရဏာပေးလိုက်မယ့်လက်ဆောင်ကလည်းအင်း. . . ဘယ်အသေမှန်းသာ မသိတာ သစ်ပင်ကျသေလား၊ အဆိပ်မိသေလား၊ ရေနစ်သေလား၊ မီးလောင်သေလား၊ အနာကြီးပေါက်သေလား၊ အနာငယ်

http://www.dhammadownload.com



ပေါက်သေလား၊ ဘာသေနဲ့သေရမှန်းသာမသိတာ လက်ဆောင်အမျိုးမျိုး ပေးမှာတော့ သေချာတယ်။

ဒီတော့ မဝင်တော့ဘူး. . .၊ အဲဒီလိုမဝင်ချင်ဘူးဆိုတာ သမုဒယသစ္စာ တဏှာသေတာပဲ၊ ဘာလို့မဝင်ချင်တာတုန်းဆိုတော့ အပြစ်မြင်လို့၊ အပြစ်မြင် တာဝိဇ္ဇာပဲ၊ အဲဒီလိုတချက်ကလေးမြင်လိုက်တာဟာ သစ္စာလေးပါးတခါတည်း ဆိုက်တယ်၊ အပြစ်မြင်တာကသမ္မာဒိဋ္ဌိခေါ်တဲ့ မဂ္ဂသစ္စာ၊ မဝင်ချင်မလိုချင်တော့ တာက သမုဒယသစ္စာတဏှာသေတာ၊ အဲဒီမှာရှိနေတဲ့ ဒုက္ခတွေကို ဒုက္ခအတိုင်း မကောင်းတဲ့ဟာတွေ မကောင်းတဲ့အတိုင်းပိုင်းခြားသိတာကဒုက္ခသစ္စာ၊ အဲဒီလို သိတော့ဘယ်ရောက်သွားတုန်း. . ."ဝိရာဂါ ဝိမုစ္စတိ"-တဲ့၊ မတပ်မက်တော့ ဘူးဆိုတော့ လွတ်သွားတာ. . . တဲ့၊ ဒီလမ်းစဉ်ကို မြတ်စွာဘုရားက သူဘုရား ဖြစ်စထဲက ကြေငြာထားတာပါ။ ဘုန်းကြီးတို့က သတိမထားကြလို့၊ အနတ္တ လက္ခဏာသုတ်မှာ **ဧဝံ ပဿံ ဘိက္ခဝေ သုတဝါ. . .**၊ သုတဝါ-ဒီလို ဆရာ သမားတွေကဟောတာပြောတာကိုကြားနာ၊ သို့မဟုတ် စာအုပ်ကတဆင့်ဖတ် ထားဖူးတဲ့ အမျိုးကောင်းသားအမျိုးကောင်းသမီးသည်၊ **ဧဝံပဿံ**-ဒီလို ဝင်နေ ကျအရပ်တွေဝင်လို့ရှိရင် ဒီလိုအပြစ်တွေ့လိမ့်မယ်၊ ကြုံလိမ့်မယ်လို့ မြင်ဘဲ့၊ အရိယာသာဝကော-ငါဘုရားရဲ့အရိယာသာဝကသည်၊ **ရူပသ္မိမ္ပိ နိဗ္ဗိန္ဒတိ**- ရုပ်ပေါ်မှာလည်း ငြီးငွေ့လာတယ်၊ **ဝေဒနာယပိ-သညာယပိ-သင်္ခါရေသုပိ- ဝိညာဏသ္မိမ္ပိ နိဗ္ဗိန္ဒတိ**- နာမ်ပေါ်မှာလည်း ငြီးငွေ့လာတယ်။ ရုပ်နာမ်တရား ရှိရင် ဒီအရပ်တွေ ဒီလိုဝင်ရတယ်။ ဒီလိုဝင်ရင် ဒီလိုအပြစ်တွေ ဖြစ်လာတယ်. . . လို့ ငြီးငွေ့ထိတ်လန့်လာတယ်. . . တဲ့။

ငြီးငွေ့ထိတ်လန့်တော့ ဘာဖြစ်တုန်း"နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ". . . တဲ့၊ ထိတ်လန့် တော့ မဝင်မက်တော့ဘူး၊ မရောက်ချင်တော့ဘူး၊ ဒီကုသိုလ်ကြောင့်ဖြင့် လူ့ဘုံ လူ့ဘဝမရောက်ချင်ဘူး၊ နတ်ဘုံ နတ်ဘဝ၊ ဗြဟ္မာဘုံ ဗြဟ္မာဘဝတွေ မရောက်ချင် ဘူး၊ မတပ်မက်တော့ဘူး၊ မတပ်မက်တော့ဘာဖြစ်တုန်း. . . "ဝိရာဂါ ဝိမုစ္စတိ" လွတ်သွားတာပေါ့. . . တဲ့၊ အဲဒီလွတ်တယ်ဆိုတာ နိဗ္ဗာန်ဝင်တာပဲ၊ ဒီတော့ ဒီနေ့ ပြုတဲ့ကုသိုလ်ကောင်းမှုဟာ နိဗ္ဗာန်ဘက်ကို တန်းပြေးတဲ့ ကုသိုလ်တွေဖြစ်ကြပါ စေ. . .။ ဖြစ်အောင် သတိဆောင်ပြီးတော့ ကျင့်ဆောင်ကျိုးကုတ် အားထုတ်နိုင် တဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေ ဖြစ်ကြပါစေကုန်သတည်း။

မြတ်စွာဘုရားရဲ့ ပတောဒသုတ်တော်ကိုကြားနာရတဲ့ အချိန်မှစ၍ မိမိ ကိုယ်ကိုမိမိမြင်းလေးမျိုးတွင် တမျိုးမျိုးထဲမှာ ပါဝင်ပြီးသကာလ ဒါနတွေပြုပြီး တော့ နေ့စဉ်ပြေး၊ သီလတွေထိန်းပြီးတော့ နေ့စဉ်ပြေး၊ ဘာဝနာတမျိုးမျိုးကို

http://www.dhammadownload.com



ပြုပြီးတော့ နေ့စဉ်ပြေးနိုင်တဲ့၊ လစဉ်ပြေးနိုင်တဲ့၊ နှစ်စဉ်ပြေးနိုင်တဲ့၊ ဘဝနဲ့ချီပြီး တော့ပြေးနိုင်ကြတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေ ဖြစ်ကြပါစေကုန် သတည်း။ ထိုကဲ့သို့ နေ့စဉ် လစဉ် နှစ်စဉ်နှင့်တကွ ဘဝနဲ့ချီပြီးတော့ ပြေးစွမ်း သွားကြတဲ့ ရှေးရှေးသော သူတော်ကောင်း သူမြတ်လောင်းကြီးတို့ ရအပ်ရောက် အပ် သိမြင်အပ်သော နိဗ္ဗာနဓာတ် တရားမြတ်ပန်းတိုင်ကြီးကို လျင်မြန်သောစွာ ရောက်ကြရ ရကြရပါလိုကုန်သောဟူ၍ ပတ္ထနာအောင်ဆု ပြုကြကုန်ရာ သတည်း။

သာဓု. . . သာဓု. . . သာဓုပါဘုရား. . . ။

http://www.dhammadownload.com

# မသိခြင်း(၅)မျိုးတရားတော်

ယနေ့ ၁၃၄၂-ခုနှစ် နတ်တော်လဆန်း(၈)ရက်နေ့မှာ အမရပူရမြို့၊ မဟာဂန္ဓာရုံကျောင်းတိုက် သံဃာတော်များအား လာရောက်ပြီးတော့ အ ချုပ်ဆွမ်းဆက်ကပ်လောင်းလှူကြတဲ့ ကုသိုလ်ကောင်းမှုရှင်များက၊ မန္တလေးမြို့၊ ဆိုင်းတန်းပဲပုပ်တန်းရပ်မှာ နေထိုင်ကြသော ဆွမ်းဒကာ ဒကာကြီးဦးပြား, ဆွမ်းဒကာမ ဒကာမကြီးဒေါ်ညို မိသားစုနှင့် ဆွမ်းဒကာဦးကျော်ငြိမ်း, ဆွမ်းအမဒေါ်ခွေး မိသားစုတို့ ဖြစ်ကြပါတယ်။

ဒကာကြီးဦးပြား ဒကာမကြီးဒေါ်ညိုနဲ့ ဦးကျော်ငြိမ်း ဒေါ်ခွေး မိသားစုတို့က ဘဝတစ်ပါးပြောင်းသွားကွယ်လွန်ခဲ့သော မိမိတို့ရဲ့ မွေးသဖခင် ကျေးဇူးရှင်ကြီးဖြစ်တဲ့ ဒကာကြီးဦးစံပေါ်ကို (၇)နှစ်ပတ်လည် ရည်စူးမှန်းထားပြီးတော့၊ ဒီနေ့ အမရပူရမြို့၊ မဟာဂန္ဓာရုံကျောင်းတိုက် သံဃာတော်ငါးရာကျော်တို့အား မွန်မြတ်သော ခဲဖွယ်ဘောဇဉ်တို့ဖြင့် ကိုယ်တိုင်ကိုယ်ကျလောင်းလှူကြခြင်း, ဆက်ကပ်ကြခြင်းဆိုတဲ့ ဘောဇနဒါန ကုသိုလ်ကောင်းမှု ပြုကြပါတယ်. . . တဲ့။

ဒီတော့ မိသားစုသုံးစုက ကွယ်လွန်ခဲ့တဲ့ ဖခင်ကြီးကို အကြောင်းပြုပြီးတော့ ကုသိုလ်ကောင်းမှုပြုကြရင်းနဲ့၊ ဒီနေ့ တပည့်တော်တို့သည်. . . တပည့်တော်တို့ပြုအပ်သော ဒီကုသိုလ်ကောင်းမှုကြောင့် မွေးသဖခင်ကျေးဇူးရှင်ကြီး ဦးစံပေါ်သည် မသိခြင်း(၅)ချက်နဲ့ အသက်ရှင်နေရတဲ့ ဘဝမျိုးမှ လွတ်မြောက်ပါစေ. . . လို့ ဒီနေ့ပြုရတဲ့ ကုသိုလ်ကောင်းမှုတွေကို ဖခင်ကြီးကို အထူးတလည် ရစေရမယ်။ မသိခြင်း(၅)ချက်နဲ့ အသက်ရှင်နေရတဲ့ ဘဝမျိုးမှ ကျွတ်လွတ်ပါစေ. . . ဖခင်ကြီး။

တပည့်တော် တပည့်တော်မတို့ မိသားစု သုံးစုသည်လည်း ဤယနေ့ ယခုပြုစုရသော ကုသိုလ်ကောင်းမှုအရှိန်အဟုန်သတ္တိတို့၏ တန်ခိုးအာနိသင် အစွမ်းသတ္တိအဟုန်ကြောင့် မသိခြင်း(၅)ချက်နဲ့ အသက်ရှင်နေရတဲ့အဖြစ်မျိုးမှ လွတ်ပါရစေ. . . လို့ ဒီလိုမှန်းထားရမယ်။ အဲဒါဆိုရင် "နိဗ္ဗာနဿ ပစ္စယော ဟောတု" ဆိုတဲ့ ပါဠိနဲ့ တည့်သွားတာ၊ နိဗ္ဗာန်ရဲ့ အထောက်အပံ့ဖြစ် ပါစေဆိုတဲ့စကားနဲ့ မသိခြင်း(၅)ချက်နဲ့ အသက်ရှင်ရတဲ့အဖြစ်မျိုးမှ တပည့်တော်တို့ လွတ်ပါရစေလို့ ဆိုတဲ့စကားဟာ တထပ်တည်းလာကျတယ်၊ သတ္တဝါတွေ အသက် ရှင်နေရတာဟာ မသိခြင်း(၅)ချက်နဲ့ အသက်ရှင်နေရပါတယ်. . . တဲ့၊ မသိခြင်းကြီး (၅)မျိုးနဲ့ အသက်ရှင်နေရ။ ဘာတွေမသိနေကြတုန်းဆိုတော့-

http://www.dhammadownload.com



❖ [illegible] အနာ၊ [illegible] ချိန်အခါ၊ စွန့်ရာ လားဂတိ၊
ရေပက်ပိုင်းခြား၊ ကျင်ငါးပါး၊ အများ လူမသိ။

အသက်-[illegible] ဘယ်လောက်ရောက်တဲ့အချိန် [illegible] [illegible] အများရေး အနာ-[illegible] [illegible] ချိန်အခါ-[illegible] [illegible] ဒါလေး[illegible]ကြဘူးတဲ့၊ မိမိကိုယ့် ခန္ဓာကိုယ်အလောင်း ဘယ်နားစွန့်ပစ်ခံရမှာလဲ၊ ရေထဲလား၊ [illegible]လား [illegible]ဘူး။ ဒီတော့ ခန္ဓာကိုယ် မိမိရဲ့အလောင်း ဘယ်နားစွန့်ပစ်ခံရမယ်[illegible] လည်း မသိဘူး. မသိတဲ့ [illegible]ရှင်နေရတာ။ နောက်ဆုံးလားရာဂတိ ဒီဘဝ [illegible]ပြီး [illegible] ဘယ်ရောက်သွားမလဲ၊ ဘယ်ဘဝ သွားရမလဲ။ ဂတိငါးပါးရှိကဲ့ ဒေဝ, မနုဿ, နိရယနှင့်, ပေတ-တိရစ္ဆာန်, လားနေ့အရှိ, ငါးတန်ဂတိ. . . [illegible]ကဲ့ သွားရမယ့်ဂတိငါးမျိုး ဘယ်ဂတိရောက်ရမယ်ဆိုတာ ဘယ်သူမှ အကိအကျမသိဘူး၊ အများစု မသိဘူး။

အများစု မသိဘူးဆိုတာ-နည်းနည်းပါးပါး သိတာတွေက ရှိသေးလို့ ဘုရားရှင်တို့, ရဟန္တာအရှင်မြတ်ကြီးတွေတို့, တန်ခိုးကဲ့ဒ္ဓိပါဒ်ရှိတဲ့ပုဂ္ဂိုလ်တွေက သိကြတယ်။ အာနာပါနကို အမြဲတမ်းပွားများ အားထုတ်လေ့ရှိတဲ့ အမျိုးကောင်းသား အမျိုး ကောင်းသမီးများလည်း ကိုယ်သေရမယ့်အချိန်ကို အတိအကျနီးပါး သိတတ်တယ်။ ဒါကြောင့် အများလူမသိလို့ ပြောလိုက်တာ။ များစွာသော သူတွေ ကတော့ မသိဘူး၊ အာနာပါနအမြဲတမ်းအားထုတ်လေ့ရှိတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးများကျတော့ ဘယ်နေ့, ဘယ်ရက်, ဘယ်အချိန်, ငါသေမယ်ဆိုတာကို ပိုင်းခြားနိုင်သတဲ့ စာကလာတယ်၊ အာနပါန အမြဲအား ထုတ်လေ့ရှိတဲ့ ဒကာကြီးတစ်ယောက်ဟာ, သူ့သားသူ့သမီးတွေ သူ့မြေးသူ့မြစ်တွေ အကုန်ခေါ်၊ မှာစရာရှိဟာတွေ မှာပြီးတော့ ငါဘယ်အချိန်သေမှာလို့ အတိအကျကို သူပြောကယ်၊ ပြောတဲ့အတိုင်းလည်းပဲ အဲဒီအချိန်မှာ သူဇီဝိန်ချုပ်တယ်၊ ဒါ-အာနာပါနရဲ့ အစွမ်းသတ္တိ ထဲမှာ ဒီသတ္တိတစ်ခုပါတယ်။ အာနာပါန အမြဲအားထုတ်တဲ့ အမျိုးသားအမျိုးသမီး။

ဆရာတော်ကြီးတစ်ပါး အာနာပါန အမြဲအားထုတ်တဲ့ ဆရာတော်ကြီးတစ်ပါး စကြံကြွပြီးတော့ ကရားနှလုံးသွင်းနေရင်းနဲ့, သူ့တပည့်တွေကို သူက ပြောတယ်။ "ငါ ဟောဒီစကြံ ဘယ်နှစ်ခေါက်ပြီးလို့ရှိရင်, အဲဒီဘယ် စကြံအဆုံးကို ငါရောက်လာရင် ငါသေမယ်. . ."လို့ ပြောတယ်။ ပြောတဲ့အကိုင်းဟိုင်းပဲ ပျံတော်မူတယ်။ ဒီတော့ အဲဒီအာနာပါနကို အမြဲလေ့လာပြုတဲ့ အမျိုးကောင်းသား

http://www.dhammadownload.com



အမျိုးကောင်းသမီးကျတော့ သူ့အလိုလိုကို ဒွာနာပါနရဲ့ဝာန်ခိုးသတ္တိကြောင့်. . . တဲ့၊ "ကံနိမိတ်စိတ်နေ, ကံနိမိတ်, ဉာဏ်ရိပ်ထင်"ဆိုတာလိုပဲ မိမိသေရမယ့်အချိန်ကို ဉာဏ်ထဲမှာကို ရှင်းပြီးတော့ သိလာတယ်. . . တဲ့။ ဒီတော့ အဲဒီလို ထူးထူးခြားခြား ပုဂ္ဂိုလ်များကလွဲလို့-

❖ အသက်ဒနာ, ချိန်အခါ, စွန့်ရာလားဂတိ:
ရေတွက်ပိုင်းခြား, ဤငါးပါး, အများလူမသိ။

များစွာသော လူတွေမသိကြပါဘူး။ ဒီတော့-ဒီနေ့ ဒကာဒကာမတွေ၊ အဲဒီ မသိကြတဲ့အထဲမှာပါပဲ လူတွေဖြစ်နေပေါ့ အဲဒီလို ငါးဖြာသော အချက်ကို မသိဘဲနဲ့ သေခဲ့ရတဲ့ဘဝတွေ မနည်းခဲ့ဘူး၊ အတိတ်ကလည်း။ ဒီဘဝလည်း ဒီ မသိခြင်းကြီးငါးချက်နဲ့သေရဦးမယ်၊ နောင်အနာဂါတ် ဒီရုပ်နာမ်ခန္ဓာကိုယ် ရရှိနေသမျှ ဒီမသိခြင်းကြီးငါးချက်နဲ့ သေဦးမယ်။ အဲဒါကြောင့် ဒီမသိခြင်းကြီး ငါးချက်နဲ့ အသက်ရှင်နေရတဲ့အဖြစ်မျိုးမှ တပည့်တော်တို့လည်း ဒီကုသိုလ် ကောင်းမှုကြောင့် လွတ်ပါရစေ. . .၊ မွေးသဖခင် ကျေးဇူးရှင်ကြီးသည်လည်း ဒီမသိခြင်းကြီးငါးချက်နဲ့ အသက်ရှင်နေရတဲ့ အဖြစ်မျိုးမှ လွတ်ပါစေ. . . လို့ ဆိုတာ "နိဗ္ဗာနဿ ပစ္စယော ဟောတု" နဲ့ အတူတူကျတယ်။ နိဗ္ဗာန်ရမှပဲ ဒီမသိခြင်းကြီး ငါးချက်နဲ့ သေရတဲ့အဖြစ်မျိုးမှ လွတ်တော့မှာ။

ဒီတော့-ဒီမသိခြင်းကြီးလို့ဆိုတော့ * ပေသကာရဓိတုဆိုတဲ့ ရက်ကန်း သည်မလေးဝပ္ပလ္လမှာ ဘုရားရှင်ဟောတော်မူတာ . . . ကိုဖွဲ့ ဘုရား တစ်ဆူပေါ်တော့ အာဠဝီပြည်ကြွပြီးတော့ သံဃာတော်တွေနဲ့ကြွလာ ကြွလာတော့ အာဠဝီမြို့သူ မြို့သား ဒကာဒကာမတွေက ပင်းသာဒအားရနဲ့ ဘုရားရှင်ကို ဆွမ်းခံဖွယ် ဘောဇဉ် တွေနဲ့ ဆက်ကပ်ကြ လှူဒါန်းကြပြီးတော့ တရားပွဲကြီးဖြစ်တော့ တရားနာကြ၊ တရားနာကြတော့ မြတ်စွာဘုရား အဲဒီတရားပွဲမှာ သာဓုဟောဟုန်းဆိုတော့ မရဏာဿတိကမ္မဋ္ဌာန်းဟောပါတယ်။

မရဏဿတိ ဘာဝေထ ဘာဝေထ။

ဘိက္ခဝေ-ချမ်းသာလိုလား, သူတော်ကောင်းအများတို့၊ ဘိက္ခပေ-ဒိုဘေး, နာဘေး, သေဘေးကြီးတွေဆိုတဲ့, သံသရာရဲ့အရေး, ဘေးကြီးတွေကို တွေး၍, ကြောက်ကြ, ရွံ့ကြတဲ့၊ အိုသူတော်ကောင်းအပေါင်းတို့၊ မရဏာဿတိ-သေရ ခြင်းတရားကို, အဖန်ဖန်ဆင်ခြင်, စဉ်းစား, ပွားများခြင်းဆိုတဲ့ မရဏာဿတိ ဘာဝနာတရားကို၊ ဘာဝေထ-တတ်စွမ်းသမျှ, ပွားများကြကုန်လေရာ၏၊ ဝါ- ပွားများကြလေ. . .။ မရဏာဿတိကို နေ့စဉ်ပွားထား. . . ကြ၊ ယေသံ ဟိ

* ဓမ္မ-၄-၂-၁၃၁။

http://www.dhammadownload.com



မရဏဿတိ အဘာဝိတာ၊ ယေသံ-အကြင်အမျိုးသား, အမျိုးသမီးတို့မှာ၊ မရဏဿတိ- သေခြင်းတရားကို, အဖန်ဖန်သတိရခြင်းဆိုတဲ့, မရဏဿတိကို၊ အဘာဝိတာ-မပွားများအပ်, မပွားများခဲ့။

* တေ အာသီဝိသံ ဒိသွာ အဒဏ္ဍပုရိသာ ဝိယ ဘီတသန္တာ သပ္ပတ္တာ အာပဇ္ဇန္တိ။

တေ-ထိုအမျိုးသား, အမျိုးသမီးတို့သည်၊ အာသီဝိသံ-အဆိပ်ပြင်း ထန်တဲ့, မြွေဆိုးမြွေဟောက်ကို၊ ဒိသွာ-မရှောင်သာတဲ့, လမ်းကြိုလမ်း ကြားမှာ တွေ့ရသည်ဖြစ်၍၊ အဒဏ္ဍပုရိသာ ဝိယ-လက်ထဲမှာ ဒုတ်မပါတဲ့ ယောကျ်ားကဲ့သို့၊ ဘီတသန္တာ သပ္ပတ္တာ အာပဇ္ဇန္တိ-ထိတ်လန့်ခြင်း, ကြောက်ရွံ့ခြင်းသို့ ရောက်တတ်ကြကုန်၏. . .၊ မရဏဿတိပွားထားကြ. . . တဲ့ အနည်းဆုံးလေ . . . တတ်နိုင်သမျှ တနေ့မှာတစ်ချိန်, တစ်ချိန်လေးတော့ မရဏဿတိ-သေခြင်းတရားကို, သတိရလိုက်ကြတဲ့ နောက်ဆုံး သည့်ပြင်အချိန် သတိမရနိုင်ဘူးထား . . . တဲ့။

❖ တစ်ညဉ့်တစ်ရက်, သေမင်းလက်မှ, လွတ်ထွက်ခဲ့ပါ, ကိုယ့်ခန္ဓာ, မှန်စွာပွားရတယ်။

မနက် အိပ်ရာကနိုးလာတယ်ဆိုရင်ပဲ ဩော်. . . တစ်နေ့နဲ့တစ်ညဉ့် သေမင်းလက်က လွတ်ခဲ့ပြန်ပြီ. . .။ သေခြင်းတရားမှ ငါတစ်ညဉ့်နဲ့ တစ်ရက် ငါလွတ်ထွက်လာပြန်ပြီလို့ ဒီလိုသတိရလိုက်ပါ။ လာမယ့်တစ်ညဉ့်နဲ့တစ်ရက် ကိုယ့်မသိနိုင်ဘူး, ကွေးသောလက် မဆန့်ခင်, ဆန့်သောလက် မကွေးခင်ဆိုတဲ့ သင်္ခါရသဘောတရားအတိုင်း။ ဒီတော့ အဲဒီလို အချိန်များများမရတောင်လေ . . . တဲ့ အိပ်ရာကနိုးလာလာခြင်း နိုးပြီးတော့မကြာခင်, မနေ့ကတစ်နေ့နဲ့ ညက တစ်ညဖြင့်, ငါသေမင်းလက်က လွတ်ခဲ့ပြန်ပြီ. . . လို့ ဒီလိုလေး ဆင်ခြင်လိုက်ပါ. . . တဲ့၊ အဲဒီလိုဆင်ခြင်လိုက်တော့ ဘာဖြစ်တုန်းလို့ဆိုတော့ မရဏဿတိ ဘာဝနာပွားများ အားထုတ်လေ့ရှိတဲ့ အမျိုးကောင်းသားအမျိုးကောင်းသမီးရဲ့ စိတ်သည်. . . တဲ့ အကုသိုလ်ဒုစရိုက်တရားတွေမှ တွန့်တယ်. . . တဲ့ ဆုတ်တယ်တဲ့။

ဥပမာ ဘာနဲ့တူတုန်းဆိုရင်, ကြက်တောင်ကြက်မွေးလေးများ မီးနဲ့ရှို့လိုက်တော့ တွန့်သွားသလို, ရှုန်းသွားသလို, ဆုတ်သွားသလိုပဲ. . . တဲ့။ အကုသိုလ်ဒုစရိုက်တရားတွေ မျက်မှောက်ဖြစ်ဖြစ်, မျက်ကွယ်ဖြစ်ဖြစ် ပြုတော့မယ်ဆို အို-ငါသေရအုံးမှာ, မသေခင် ဒီအကုသိုလ်တရားတွေ ပါသွားပို့ မဖြစ်ဘူး။

---

* ဘော ပဗ္ဗိမေ ကာလေ အာသီဝိသံ ဒိသွာ ဘီတ အဒဏ္ဍပုရိသော ဝိယ သန္တာသပ္ပတ္တာ သောရဝ ရဝံ ရဝန္တာ ကာလံ ကရောန္တိ။ ဓမ္မ-၄-၂၊ ၁၁၁။

http://www.dhammadownload.com



တစ်နေ့သေရအုံးမှာလို့ ဆိုပြီးတော့ ဒီသေခြင်းတရားကို သတိရထားတဲ့ ဆင်ခြင်တဲ့ မရဏာဿတိဘာဝနာက အကုသိုလ် ဒုစရိုက်တရားတွေကို တားပေးတယ်၊ မလုပ်ဖြစ်အောင် ကာကွယ်ပေးတယ်၊ ဘယ်သူကမှ မပြောရဘူး ၊အဲ-ဆရာသမားမိဘတွေက တားတာကမှ အရာမရောက်ပဲရှိသေးတယ်၊ မရဏာဿတိဘာဝနာတရားက တားပေးတာက အင်မတန်အရာ ရောက်ပါ တယ်. . . တဲ့ ဘုရားက။

အကုသိုလ်ဒုစရိုက်တရားတွေက နောက်ဆုတ်တယ်, တွန့်တယ်၊ ကုသိုလ်ကောင်းမှုလုပ်ငန်းတွေကျတော့ မြန်မြန်လုပ်ဖြစ်တယ်။ ဆိုပါတော့ ကုသိုလ်ကောင်းမှု နောက်လကျမှ လုပ်မှပါပဲ. . . လို့ အို-သေခြင်းတရားက ဦးသွား ဘယ့်နဲ့လုပ်မလဲ။ မသေခင်။ ဟော ဒီလိုလာတယ် မရဏာဿတိ ဆင်ခြင်နေတဲ့ အမျိုးသား အမျိုးသမီးက, ဒီလိုစိတ်ဓာတ် ဒီလိုဖြစ်ဖြစ်လာတယ်၊ အို-မသေခင် မြန်မြန်လုပ်ထား အေးတာပဲ၊ အို-လှူပြီးသားဖြစ် အေးတာပဲ၊ ပြုပြီးအေးတာပဲ၊ ပြုပြီးသားဖြစ် အေးတာပဲလို့, ဒီလိုပြုပြီးသားဖြစ်မှ ငါပိုင်မှာ, တစ်ညဥ့်တစ်ရက် တစ်နံနက်သေမင်းလက်က လွတ်နေတဲ့အချိန်လေး. . . ငါဦးအောင်၊ သေမင်း မဦးခင် ငါက ကုသိုလ်ဦးအောင်ဆိုပြီးတော့ ဒီလို စိတ်ဖြစ်လာပါတယ်. . . တဲ့၊ ကုသိုလ်တရားတွေထဲမှာ အားတက်သရောဖြစ်လာတယ်. . . တဲ့။

မရဏာဿတိပွားရခြင်းရဲ့ အကျိုးကကြက်တောင်လေးများ မီးနဲ့ရှို့လိုက်တော့ တွန့်သွားသလို, ဆုတ်သွားသလို, ရုန်းသွားသလို၊ အကုသိုလ်ဒုစရိုက် တရားတွေက စိတ်ဟာတွန့်တယ်, နောက်ဆုတ်တယ်။ ကုသိုလ်တရားတွေ ကျတော့ "ဥဿာဟတိ"-တဲ့ အားတက်လာတယ်, ရှေ့တိုးလာတယ်၊ "ဥဿောလိ ကရောတိ" တကတည်း အားတက်သရောနဲ့ လုပ်မှ, လုပ်မှ, ဒီနေ့လိုလုပ်ရမယ့် အလုပ်အခုလုပ်မှ ဒီလိုဖြစ်လာတယ်. . . တဲ့၊ ဒါ့ကြောင့် မရဏာဿတိဘာဝနာ ကိုလည်းပွားကြ. . . တဲ့ မြတ်စွာဘုရားက။

အဲ-မရဏာဿတိဘာဝနာကို ပွားများမထားတဲ့ အမျိုးသား အမျိုးသမီးတွေမှာ-ဘယ့်နဲ့ဖြစ်တတ်တုန်း- မြွေဆိုးမြွေဟောက်နဲ့ လမ်းကြိုလမ်းကြား မရှောင်သာတဲ့နေရာ တွေ့တဲ့အခါမှာ၊ ကိုယ့်လက်ထဲ ဒုတ်မပါတဲ့ ယောက်ျားလိုပဲ၊ တကထဲ ကြောက်ကြောက်ရွံ့ရွံ့, ထိတ်ထိတ်လန့်လန့်နဲ့ မြွေနဲ့ရင်ဆိုင်းပြီတော့ ဒုက္ခရောက်တတ်သလိုပဲ. . . တဲ့၊ သေခြင်းတရား ရောက်လာပြီဆိုမှဖြင့် မရဏာဿတိက ကိုယ့်ကြိုတင်ပြီးတော့ ပွားများထားတာ မဟုတ်တော့ စဉ်းစားဆင်ခြင် ထားတာမဟုတ်တော့အဲဒီတင်ပဲ ထိတ်ထိတ်လန့်လန့်, ကြောက်ကြောက်ရွံ့ရွံ့၊ အော်အော်ဟစ်ဟစ်နဲ့ ဒီလိုသေရတတ်ပါတယ်။

http://www.dhammadownload.com



မရဏာနုဿတိဘာဝနာတရားကို ပွားများအားထုတ်သွားတဲ့ အမျိုးသား အမျိုးသမီးတွေကျတော့၊ လက်ထဲဒုတ်ပါတဲ့ အမျိုးသားအမျိုးသမီးလို့ မြွေတွေ့ပြီလို့ ဆိုတော့အဲဒီမြွေကို ဒုတ်နဲ့ကာကွယ်၊ တော်ပစ် ဖယ်ရှားပြီးတော့ မိမိလိုရာ ကို ချမ်းချမ်းသာသာ သွားနိုင်သလို၊ အဲဒီလို အကျိုးကို ရနိုင်တယ်လို့ မြတ်စွာဘုရားက မရဏာနုဿတိဘာဝနာတရား ပွားများပုံနေ ။ ပွားများရခြင်းကြောင့် ရတဲ့အကျိုး ရော၊ မပွားများရင် ဖြစ်မယ့်အပြစ်ရော ဟောလိုက်တာ၊ အဲဒီထဲမှာ ရက်ကန်း အလုပ် လုပ်ပြီးတော့ အသက်မွေးတဲ့ အမျိုးသမီးလေးတစ်ဦးက သဘောကျလိုက် ပါလေ. . . သူက ဘုရားရဲ့ မရဏာနုဿတိဘာဝနာတရား။ ပရိသတ်ကြီးထဲမှာ သူလည်းပါနေတာဖြစ်တော့ ဒါနဲ့ မြတ်စွာဘုရား အဲဒီတရားဟောပြီးတော့ ပြန်ကြွသွားရော ဒေသစာရီ ထုံးစံအတိုင်း ကြွချီပြီးတော့ လှည့်သွား၊ ဒီတော့ ကျန်တဲ့လူတွေကတော့-

* ဗဟူ ဇနာ သကိစ္စပသုတာ ပမတ္တာယေဝ ဟောန္တိ။

ဗဟူ ဇနာ-များစွာသော လူတို့သည်ကား၊ သကိစ္စပသုတာ-မိမိတို့ကိစ္စ လုပ်ငန်း၌, ကြောင့်ကျစိုက်, ဗျာပါဒစိုက်နေကြရကုန်သည်ဖြစ်၍၊ ပမတ္တာယေဝ ဟောန္တိ-မေ့မြဲမေ့နေကြပါတယ်. . .။

တရားနာဟုန်းအခိုက်လေးပဲ၊ ဘုရားဟောဟုန်းပဲ သူတို့ ဟုတ်သလိုလိုပဲပေး စိတ်ပါဝင်လိုက်ပြီးတော့ မြတ်စွာဘုရားက မရဏာနုဿတိ နေ့စဉ်နေ့စဉ် မှန်မှန် ပွားကြ၊ နည်းများမဟူ အချိန်လေးနည်းနည်းပဲဖြစ်ဖြစ်၊ အိပ်ရာကလေးပဲဖြစ်ဖြစ် ပွားကြ. . . တဲ့၊ ဟောသွားတာပဲလို့ နားပေါက်နား မရောက်ပြီးတော့ လျှော့ပြီး သွားတာပါပဲ. . . တဲ့ များစွာသော လူတွေက မပွားပါဘူး ။ သူတို့ကိစ္စကြီးငယ် လုပ်ငန်းတွေနဲ့ပဲ ဒီမရဏာနုဿတိကို မေ့သွားကြတာပဲ. . . တဲ့၊ မပွားဖြစ်ကြပါဘူးတဲ့။

အဲဒီ ရက်ကန်းသည်သမီးလေးကတော့လေ. . . တဲ့ သူက ဪ. . . ဘုရားရှင်များရဲ့တရား ဆန်းကြယ်လိုက်တာ ရတဲ့အချိန်လေးပဲပြီးတော့ မရဏာနုဿ တိ ပွားရမယ်လို့ဆိုတယ်. . . လို့ဆိုပြီးတော့ သူကတော့ နေ့စဉ်တဲ့လေ အချိန်မှန်၊ အိပ်ရာနိုးလာပြီဆိုရင် “ဪ. . . ငါသေမင်းကြီးလက်က လွတ်လာပြန်ပြီ၊ နောက် တစ်ရက် သူကဦးမလား မသိဘူးနဲ့ ဒါ ငါ့သေရဦးမယ်၊ ငါ့ရဲ့အသက်ဟာ ပမြဲဘူး၊ သေခြင်းတရားသည်သာ ငါ့မှာမြဲပါတကား. . . ”နဲ့၊ နေ့တိုင်းနေ့တိုင်းတဲ့ သူ ရက်ကန်းအလုပ်လုပ်နေရင်း ကြားထဲ သတိရပြီး မရဏာနုဿတိပွားနေလေ့ ရှိတယ်။

* တံ ဓမ္မံ သုတွာ အဝသေသဇနာ သကိစ္စပသုတာဝ အဟေသုံ။ ဓမ္မ-၄-၂ ၁၁၁။

http://www.dhammadownload.com



[illegible] နေ့စဉ်နေ့စဉ် ပွားနေတာဖြစ်တော့ သူ့ဘယ်လောက်ကြာ[illegible] နိုဂေ့ာ သုံးနှစ်ကြာသွားတယ်၊ ဒါ သူ နည်းနည်းလေး, နည်းနည်းလေး ပွားနေ [illegible]ပွားနေရုံနဲ့ သူ့စိတ်က ရင့်ကျက်ပြီးတော့၊ ဉာဏ်တွေက ရင့်ကျက်, ရင့်ကျက် [illegible] ဒေါ်[illegible] မာန်မနေတရားတွေက [illegible] [illegible] နည်းနည်းသွား၊ ဝဲ့ယဲ့သွား၊ [illegible] [illegible] ဒီဆိုင်ရာ[illegible] [illegible] ကြီးသွားနေတယ်၊ [illegible] အနောက်အကျ အမည်းအ[illegible]တရားတွေ [illegible] နည်းသွား ကျဲ့သွား [illegible] ပညာအောင်[illegible]တွေ သဒ္ဒါ ဣန္ဒြေ[illegible] [illegible] တိုးလာ။

ကုသိုလ်နဲ့ အကုသိုလ်ဆိုတာ အလင်းနဲ့အမှောင်ပဲ၊ အမှောင်အားနည်း သွားရင် အလင်းအားကောင်းလာပေ့ပဲ။ အမှောင်မှောင်အားကြီးလာရင် အလင်းဟာ နောက်ဆုတ်ရတာ၊ ဒီသဘာဝအတိုင်းပဲ ဒီ-အမျိုးသမီးလေးရဲ့ သန္တာန်မှာ ပညာ အလင်းဓာတ်တွေ သဒ္ဓါ ဣန္ဒြေဓာတ်တွေတက်လာ၊ နုနက အကုသိုလ် ဒုစရိုက်တွေ က ဆုတ်သွားယုတ်သွား၊ ဒီလိုဖြစ်လာတော့၊ သုံးနှစ်လောက်ကြာတော့ သူ့ရဲ့ သန္တာန်မှာ ဘာဝနာတွေ ရင့်ကျက်ပြီးတော့ ပါရမီတွေ တက်လာတယ်ဆိုရမှာ။

အဲဒါ မြတ်စွာဘုရားသုံးနှစ်လောက်ကြာမှ လောကကြီး ကျွတ်လိုက်ကဲ့ သတ္တဝါတွေ ရှာလိုက်တော့၊ သဗ္ဗညုတဉာဏ်နဲ့ဖြန့်ကျက်လိုက်တော့ ဒီအမျိုးသမီး လေး ဉာဏ်ထဲပေါ်လာ၊ တင်လာတော့မှ မြတ်စွာဘုရားက အကျိုးအကြောင်း [illegible] "[illegible]လေးမလေး. . . [illegible] ပွားများကြလို့ ဟောခဲ့တဲ့တရားကို သူ နေ့စဉ်မှန်မှန် ဆေးစားသလို စားနေတာ၊ ပွားနေတာပါလေး. . . "။

ကမ္မဋ္ဌာန်းဆိုဟာ ဆေးစားသလိုပဲ၊ ဆေးနေ့စဉ်မှန်မှန် နည်းနည်းလေး, နည်းနည်းလေးပင် ဖြစ်လင့်ကစား စားနေတော့ ရောဂါကြီးဘယ်လောက် ထုထည် ကြီးကြီး, တဖြေးဖြေးနဲ့ရောဂါတွေ တဖြေးဖြေးနည်းသွားပြီ၊ ကျသွားပြီ, ပါးသွားပြီ၊ ဒီ-အမျိုးသမီးလေး၊ ဒီကလေးမလေး၊ မရဏဿတိဘာဝနာတရားကို သုံးနှစ်တိုင် တိုင်ပွားများလို့ ဉာဏ်တွေရင့်ကျက်နေလို့, ကျွတ်ချိန်တန်ပါပြီ လား. . . လို့ ဘုရားရှင်က ယူဇနာ-သုံးဆယ်လောက်ဝေးတဲ့ သာဝတ္ထိကနေပြီးတော့ ဉာဏ်ထဲ မြင်တယ်။

မြင်တော့ မြတ်စွာဘုရားက မနေသာဘူး သွားမှပဲ, သွားမှပဲလို့ဆိုပြီး အဲဒါ ဒုက်ယခေါက် ကြွလာရ ကြွလာတော့ မြတ်စွာဘုရား ကြွလာတယ်၊ မြတ်စွာဘုရား

http://www.dhammadownload.com



ကြွလာတယ်ဆိုတော့ ထုံးစံအတိုင်းပေါ့ လူတွေအုတ်အုတ် ကျက်ကျက်နဲ့ ဘုရားကြွလာတယ်, ဘုရားကြွလာတယ်လို့ ဆိုပြီးတော့ ပူဇော်ကြ, ရှိခိုးကြ, ကန် တော့ကြ။ နောက်တစ်ရက်မနက် ဆွမ်းတွေဘာတွေကပ်ပြီးတော့ တရားနာကြ၊ အဲဒီတင် ရက်ကန်းသည်မလေးက "ဪ. . . ငါ့ရဲ့ ဖဘုရားကြီး. . ဖခင်ဘုရား, ကျေးဇူးရှင် ဖဘုရားသခင်ကြီး ရောက်လာတယ်"လို့ဆိုတယ် ငါဒီနေ့ တရားနာရအုံးတော့မှာ ပဲ. . . ဟန်ကျလိုက်တာ" သူက မရဏာဿတိဘာဝနာ နေ့စဉ် ပွားတိုင်း ပွားတိုင်း ဘုရားလည်း သတိရတယ်။

မရဏာဿတိဘာဝနာပွားဖို့ရာ ဘုရားကဟောသွားတာဖြစ်တော့၊ မရဏာဿတိဘာဝနာပွားလိုက်ရင်ပဲ ဘုရားကျေးဇူးတင်ပြီး သတိရနေတာဖြစ်တော့ ဘုရားနဲ့ နေ့စဉ်တွေ့နေတာ စိတ်ထဲ။ ဒီတော့ ဘုရားနဲ့ အခု အဟုတ်တွေ့ရတော့မယ်ဆိုတော့ တွေ့ချင်လိုက်တာလေ. . . သူက၊ ဟန်ကျပြီ. . . မြတ်စွာဘုရားက ကြွလာ၊ ငါ တရားယပ်နာရအုံးတော့မှာပဲ၊ ဖဘုရားသခင်ရဲ့ အင်မတန် ကျက်သရေရှိတဲ့ ရွှေလမင်းကြီးလို ကျက်သရေရှိတဲ့ မျက်နှာတော်ကို ဖူးမျှော်ရအုံးမှာပဲ. . . လို့ နက်ဖြန်ခါတော့ ငါအားရပါးရဖူးမယ်၊ ဘုရားရှင်တရားကို နာမယ်နဲ့ စိတ်ပိုင်းဖြတ်ထားပြီးတော့ မနက်စောစော ချက်စရာပြုတ်စရာ ခပ်သုတ်သုတ် ချက်ပြုတ်။

အဲဒီနေ့မှာပဲ သူ့ဖခင်က အဖေလုပ်တဲ့သူက သည့်ပြင်သူများ ရက်ကန်းရှုံသွားပြီးတော့ ရက်ကန်းအငှါးအလုပ် လုပ်ရတာဖြစ်တော့ အဖေလုပ်တဲ့သူက အဲဒီမနက်မှာပဲ "သမီးရေ. . . ဒီနေ့ အဖေရက်တဲ့ရက်ကန်းတန်းလေးက ဒီနေ့ပြတ်မှာကွယ့်၊ ပြီးတော့ သူများမှာထားတာ ဒီနေ့အပ်ရမှာ, ဒီတော့ ဒီနေ့ခပ်သုတ်သုတ်၊ ခပ်မြန်မြန်လေး အဖေ့ဆီကို အချိန်မီလေး၊ ရက်ဖောက်တွေကို မြန်မြန်ပို့ပါ၊ ရက်ဖောက်ယောက်ပြီးတော့၊ ဒီနေ့ အပြတ်ပို့ရမှာ"ဆိုတော့ သူခက်သွား။ ဪ. . . ငါ့ချက်ပြုတ်စားသောက်ပြီးတော့ ဘုရားရှင်တရား စောစောသွားနာမယ်လို့ စိတ်ကူးလိုက်မှ, အဖေက ရက်ဖောက်တွေယောက်ပြီးတော့ အချိန်မီ ပို့ရမယ်လို့ ဆိုတယ်။

ဒီတော့ ရက်ဖောက်တွေယောက်ပြီးတော့ ပို့နေရရင်ဖြင့် ဘုရားရှင်တရား နာဖို့ရာ မလွယ်တော့ဘူး. . . လို့၊ ဘုရားရှင်တရား သွားနာရကောင်းမလား၊ အဖေ့ရက်ဖောက်ပဲယောက်ပြီးတော့ ပို့ရကောင်းမလား၊ "အေးလေ. . . လောကုတ္တရာ ဖခင်ဖြစ်တဲ့ ဘုရားရှင်က သူ့တရားလာမနာလို့ ရိုက်မှာမဟုတ်ဘူး၊ နှက်မှာမဟုတ်ဘူး, ဆိုမှာဆဲမှာ မဟုတ်ဘူး. . .၊ ဒီအဖေက၊ လောကီအဖေဖြစ်တဲ့ ရက်ကန်းရက် နေတဲ့ အဖေက အချိန်မီ ရက်ဖောက်မပို့နိုင်ရင် ငါ့ကိုရိုက်ချင်လည်း ရိုက်မယ်၊ ဆဲချင်လည်း ဆဲမယ်၊ ဆိုချင်လည်း ဆိုမယ်၊ ဒီတော့ အဖေ့အလုပ်

http://www.dhammadownload.com



အရင်လုပ်ပြီး တရားတော်ကိုတော့ မိသမျှလေးနာရတော့မှာပဲလို့ ဆုံးဖြတ်ပြီးတော့ သူ ခတ်သုတ်သုတ်ရက်ဖောက်လဲရစ်၊ အိမ်ထိုင်ပြီးတော့ ရက်ဖောက်ရစ်နေရင်းနဲ့ စိတ်ကတော့ ဘုရားဆီချည့် ရောက်နေတာ။

ဒီတော့ မြတ်စွာဘုရားကလည်း ဟိုမှာ ဆွမ်းဘုဉ်းပေးပြီးလို့ ပရိသတ်ကြီးနဲ့ တရားဟောတော့မလို့၊ အဲဒါ သူ မဟောသေးဘူး၊ မြတ်စွာဘုရားက ငြိမ်ပြီးနေတယ်၊ ဒီတော့ ပရိသတ်တွေကလည်း ဘယ်သူမှ မလျှောက်ရဲကြဘူးပေါ့၊ ဒီလိုပဲ ထိုင်နေကြ၊ နောက်ရက်ကန်းသည်သမီးလေးက ကဗျာကရာနဲ့ ရက်ဖောက်ကလေး ခပ်သုတ်သုတ်ရစ်လို့ ရတော့ တော်တော်လည်း အချိန်လေးတော့ နောက်ကျသွား။ ကဲ-အဖေ့ဆီ ရက်ဖောက်မြန်မြန်သွားပို့ပြီးတော့ ပြီးမှ တရားဝင်နာရတော့မှာပဲလို့ ဆိုပြီးတော့ အဲဒီ ရက်ဖောက်သွားပို့ရင်းနဲ့ ရက်ဖောက်သွားပို့ရမယ့် သူ့ဖေရက်ကန်းရုံကလည်း ဘုရား အခုတရားဟောတော်မူရမယ့် ပရိသတ်ရဲ့ ဘေးက ဖြတ်သွားရာမှာဆိုတော့ သူက၊ ကဲ-သွားရင်းလည်းပဲ တစ်ချီ ဖဘုရားရှင်ရဲ့ မျက်နှာတော် ဖူးသွားရအုံးမှာပဲလို့ဆိုပြီး အဲဒီနားက ဖြတ်လာ။

သူအဲဒီနားက ရက်ဖောက်တောင်းကလေး ကိုင်ပြီးတော့ ဖြတ်လာတော့၊ မြတ်စွာဘုရားက လှမ်းကြည့်တယ်၊ သူ့လှမ်းကြည့်တော့၊ သူကလည်း မြတ်စွာဘုရား လှမ်းကြည့်လိုက်တော့၊ အလို. . . မြတ်စွာဘုရား ငါ့သေချာကြည့်နေတာပါလား. . . ဆိုပြီးတော့ သူ့စိတ်ထဲမှာ စိတ်တွေ. . . အဖေ့ဆီ ရက်ဖောက်သွားပို့ရမှာ မေ့သွားပြီးတော့ ပရိသတ်အကြားထဲ ခပ်သုတ်သုတ်ကလေး တိုးဝင်လာ၊ တိုးဝင်လာတော့ ပရိသတ်ကလည်းပဲ မြတ်စွာဘုရား. . . တရားဟောလု, ဟောလု, လောလုနဲ့ ငြိမ်ပြီးတော့ စောင့်နေကြတာဖြစ်တော့၊ အခု ကလေးမ်လေး တစ်ယောက်တည်း နောက်ကရှိုးရှိုးကလေး ဝင်လာတော့ အချို့ကလည်း လှည့်ကြည့်ကြတယ်ပေါ့၊ ဒီလိုနဲ့ ပရိသတ် ခပ်လှုပ်လှုပ်ကလေး ဖြစ်သွားပြီး ကလေးမလေးလည်း ရှတ်ဆို ပရိသတ်ကြားထဲ ထိုင်လိုက်ကရော၊ မြတ်စွာဘုရားက-

ကုမာရိကေ ကုတော အာဂစ္ဆသိ. . .၊

မြတ်စွာဘုရားက အသံစထွက်လာတာ၊ ကုမာရိကေ-သတို့သမီးကလေး၊ ကုတော အာဂစ္ဆသိ-ဘယ်ကလာခဲ့သလဲ. . . မေးလိုက်၊ ဒီတော့ မြတ်စွာဘုရား တရားက ပရိသတ်အတွက် အကုန်ဟောတာ မဟုတ်ဘဲနဲ့ သတို့သမီးလေး လှမ်းမေးနေတာဖြစ်တော့ ပရိသတ်ကလည်း နည်းနည်းကြည့်ကြတယ်ပေါ့၊ ဘယ်သူ့မေးတာတုန်းဟဲ့၊ ဘယ်သူ့မေးတာတုန်းဟဲ့၊ ဘာတုန်းဟဲ့။ တရားဟောခဲ ဟောခဲ စောင့်နေရအထဲက ကလေးမလေး အရေးယူမေးတော့ နားစွင့်ကြတယ်၊ အထူး တလည်ဖြစ်နေကြ၊ ဒီတော့ ကုမာရိကေ ကုတော အာဂစ္ဆသိ. . .၊ သတို့သမီးလေး. . တဲ့ သင်ဘယ်ကလာခဲ့သလဲ. . . မေးလိုက်၊ ဒီတော့ ကလေးမကလေးက

http://www.dhammadownload.com



ပြန်ဖြေတယ်၊ န ဇာနာမိ ဘန္တေ. . .॥ ဘန္တေ-အရှင်မြတ်ဘုရား၊ န ဇာနာမိ-တပည့်တော် ဘယ်ကလာခဲ့တယ်လို့ မသိပါဘုရား. . . ပြန်ဖြေလိုက်။

ပြန်ဖြေလိုက်တော့-ပရိသတ်တစ်ချို့က နည်းနည်း ကျွက်ကျွက်, ကျွက်ကျွက် ဖြစ်တယ်ပေါ့လေ. . . "ဟဲ့-ဒီကလေးမလေး- ဘယ့်နှဲ့ဖြေတာပါလိမ့် မတုန်း၊ ဘုရားက ဘယ်ကလာခဲ့တာတုန်းလို့ မေးနေတဲ့ဥစ္စာပဲ၊ ကိုယ့်အိမ်က လာခဲ့တာ အိမ်ကလာခဲ့တာ ဖြေရုံပေါ့၊ ဘယ့်နှဲ့မသိပါဘူး ဖြေနေပါလိမ့်မတုန်း" လို့ နည်းနည်း တီးတိုး တီးတိုး လုပ်ကြ၊ အဲဒီအချိန်ပဲ မြတ်စွာဘုရားက မေးခွန်း တစ်ခု ထပ်မေးပြန်တယ်-

ကတ္ထ ဂမိဿသိ ကုမာရိကေ. . .॥ ကုမာရိကေ-ချစ်သံမီးကလေး . . . သတိုးသမီးကလေး၊ ကတ္ထ ဂမိဿသိ-ဘယ်သွားမလို့ လဲ. . . ဘယ်သွား မှာလဲ. . . မေးလိုက်တယ်။ ကလေးမလေးက ဖြေပြန်တယ်၊ န ဇာနာမိ ဘန္တေ . . .၊ ဘန္တေ-ရှင်တော်မြတ်ဘုရား၊ န ဇာနာမိ-တပည့်တော်မ, ဘယ်သွားရမယ် ဆိုတာ မသိပါဘုရား. . .॥ ဒီတော့ ပရိသတ်ပိုပြီးတော့ ရုတ်ရုတ် ရုတ်ရုတ်ဖြစ်လာ။ ဘယ့်နှဲ့ဟာတုန်း. . . ဒီကလေးမလေး၊ ဘုရားမေးတာ ကောင်းကောင်း မဖြေဘူး၊ ဘယ်သွားမှာတုန်းဆို ကိုယ်သွားမယ့်ဟာ ဖြေပါမှပေါ့။ တစ်ချို့ကလည်း နည်းနည်း ကလေးမလေးအနားး နီးတဲ့သူတွေက "ဟဲ့-ရက်ကန်းရုံသွားမှာဖြင့် ရက်ကန်းရုံ သွားမှာလို့ ဖြေပေါ့၊ ဘယ့်နှဲ့မသိတာတွေ လျှောက်ဖြေတာတုန်း တွတ်တွတ် တွတ် တွတ်, တွတ်တွတ် တွတ်တွတ်နဲ့ လုပ်ကြ။ မြတ်စွာဘုရားက ဆက်မေးပြန်တယ်-

န ဇာနာသိ ကုမာရိကေ. . .॥ ကုမာရိကေ-သတို့သမီးကလေး. . . န ဇာနာသိ-မသိဘူးလား. . .॥ တတိယမေးခွန်း မေးတယ်၊ ကလေးမလေးက ဖြေတယ်၊ ဇာနာမိ ဘန္တေ။ ဘန္တေ-ရှင်တော်မြတ်ဘုရား၊ ဇာနာမိ-တပည့်တော် မ, သိပါရဲ့ဘုရား. . .॥ ပရိသတ်က ပိုပြီးတော့ ကျွက်ကျွက်, ကျွက်ကျွက်ဖြစ်လာ တယ်၊ ဘုရားကန့်လန့်တိုက်ဖြေနေပြီ. . . ဒီကလေးမလေးတော့ ဘယ့်နှဲ့ဟာတွေ လျှောက်ဖြေမှန်းမသိဘူး၊ ကြည့်ပါလား-မသိဘူးလားဆိုတော့လည်း သိတယ်တဲ့ ဖြေပြန်တယ်၊ ဘုရားရှင်က-ပရိသတ် ကျွက်ကျွက်, ကျွက်ကျွက်လုပ်တာကို အရေး မထားဘူး ဆက်မေးပြန်တယ်။

ဇာနာသိ ကုမာရိကေ. . .॥ ကုမာရိကေ-သတို့သမီးကလေး. . .၊ ဇာနာသိ-သိရဲ့လား. . . လို့, စတုတ္ထမေးခွန်း မေးလိုက်တယ်။ န ဇာနာမိ ဘန္တေ။ ဘန္တေ-ရှင်တော်မြတ်ဘုရား၊ န ဇာနာမိ-တပည့်တော်မ, မသိပါဘုရား . . .॥ (၄) နံပတ်။ ပဌမဆုံး ဘယ်ကလာခဲ့တာတုန်း သတို့သမီးကလေး. . .

http://www.dhammadownload.com



ဆိုတော့၊ မသိပါဘုရား၊ ဘယ်သွားမှာတုန်း သတို့သမီးကလေး. . . မသိပါ ဘုရား၊ မသိဘူး လားဆိုတော့-သိပါတယ်ဘုရား၊ သိရဲ့လားလို့ဆိုတော့ မသိပါဘုရား၊ ဒီလေးချက် ဖြေတယ်၊ ဒီတော့ ပရိသတ်တွေက ကျွက်ကျွက်, ကျွက်ကျွက်ဖြစ်လာ မြတ်စွာဘုရားက

အပ္ပသဒ္ဒ ဟောထ, အပ္ပသဒ္ဒ ဟောထ-တိတ်တိတ်နေကြ. . . တဲ့၊ ငြိမ်ငြိမ်နေကြ၊ ပရိသတ်ကို မြတ်စွာဘုရားက ငြိမ်းလိုက်တယ်၊ ဒီတော့မှ ပရိသတ်က ငြိမ်သွားတော့မှ မြတ်စွာဘုရားက ဆက်မေးတယ်၊ သတို့သမီးကလေး. . . တဲ့ ဘယ်ကလာခဲ့သလဲလို့ ငါဘုရားက မေးတဲ့အခါမှာ သင်က မသိပါဘုရားလို့ဖြေ တယ်၊ ဘယ်လိုရည်ရွယ်ချက်နဲ့ ဖြေသလဲ သတို့သမီးကလေး . . . ရှင်းစမ်းပါအုံးလို့၊

အဲဒီတင် မေးတော့မှ "မှန်လှပါဘုရား. . . တပည့်တော်မကို ရှင်တော်ဘုရားက ဘယ်ကလာခဲ့သလဲလို့ မေးပါတယ်၊ တပည့်တော်မ အိမ်ကလာခဲ့တယ် ဆိုတာ ဖဘုရားရှင် သိတော်မူပါတယ်ဘုရား. . . တဲ့၊ သိတော်မူပါတယ်၊ တပည့် တော်မ အိမ်ကလာခဲ့တယ်ဆိုတာ ရှင်တော်ဘုရား၊ ရှင်းပြီးသားဖြစ်ပါတယ်၊ သိပြီး သားဖြစ်ပါတယ်၊ ဒီတော့-ရှင်တော်ဘုရားမေးတော်မူတဲ့ ဘယ်ကလာခဲ့သလဲ ဆိုတာ ဘယ်ဘဝကလာခဲ့သလို့ မေးလိုရင်းဖြစ်တယ်ဆိုတာ တပည့်တော်မ ရိပ်မိ သောကြောင့် သိရှိပါသောကြောင့် တပည့်တော်မသည်. . . ဘယ်ဘဝက လာခဲ့ရ တယ်ဆိုတာ မသိပါ. . . ဘယ်ဘုံ ဘယ်ဘဝ ဘယ်ဌာနကနေ ဒီလူ့ပြည် လူ့ဘဝ ရောက်လာတယ်ဆိုတာ တပည့်တော်မ, မသိပါ. . . အဲဒီလို မသိခြင်းကြောင့် တပည့်တော်မ, မသိပါဘုရားလို့ ဖြေပါတယ်ဘုရား. . . လို့ ဆိုတော့မှ၊ မြတ်စွာ ဘုရားက-

သာဓု သာဓု ကုမာရိကေ။ ကုမာရိကေ-သတို့သမီးကလေး၊ သာဓု, သာဓု-မှန်ပေစွ မှန်ပေစွ၊ ကောင်းပေစွ, ကောင်းပေစွ. . .။ သာဓုခေါ်လိုက်တယ်၊ အဲဒီတင်မှ ပရိသတ်က နည်းနည်းသဘောကျသွား. . .။ ဩော်-တရားသဘောနဲ့ မေး, တရားသဘောနဲ့ ဖြေနေတာပါလား. . . လို့ တို့ရဲ့မသိချက်က ဆိုးဝါးလှချည့် လားလို့လည်း ကိုယ့်ကိုယ်ကိုလည်း အဲဒီကျမှ သံဝေဂဖြစ်ကြ။

နောက် ဘုရားရှင်က ဆက်မေးတယ် သတို့သမီးကလေး. . . သင်ဘယ် သွားမှာတုန်းလို့ ငါဘုရားက ဒုတိယပြဿနာမေးတယ်၊ အဲဒီအခါကျတော့လည်းပဲ သင်ကလည်းပဲ တပည့်တော်မ ဘယ်သွားရမယ်ဆိုတာ မသိပါဘုရား. . . လို့ ဖြေပြန်တယ်။ အဲဒီအဓိပ္ပါယ်က- ဘာအဓိပ္ပါယ်တုန်းလို့ မေးတယ်။ "မှန်လှပါဘုရား တပည့်တော်မ ရက်ဖောက်တောင်းနဲ့ လာခဲ့တာဖြစ်တော့၊ တပည့်တော်မ

http://www.dhammadownload.com



ရက်ကန်းရုံကို သွားမယ်ဆိုတာ ရှင်တော်ဘုရား သိတော်မူပါတယ်. . .၊အဲဒီ ရက်ကန်းရုံကို သွားမယ့်အရေးကို မေးတာမဟုတ်ဘဲ၊ ဒီဘဝက စုတိမနေ သေလွန်ပြီးတဲ့နောက် ဘယ်ဘဝရောက်ရမှာလဲ၊ ဘယ်ဘဝသွားမှာလဲဆိုတာကို မေးတော်မူတာ ဖြစ်လေသောကြောင့်၊ တပည့်တော်မကလည်းပဲ ဒီဘဝကနေ သေပြီးတဲ့နောက်၊ ဘယ်ဘဝရောက်ရမယ်ဆိုတာ မသိပါဘုရား. . . မသိကြပါ၊ ဒါ့ကြောင့် အဲဒီလို မသိခြင်းကြောင့် တပည့်တော်မ, မသိပါဘုရားလို့ လျှောက်ပါတယ်ဘုရား။

သာဓု သာဓု ကုမာရိကေ-သတို့သမီးလေး. . . မှန်ပေစွ ကောင်းပေစွ၊ ကောင်းပေစွ။ နှစ်ကြိမ်မြောက် မြတ်စွာဘုရာက သာဓုခေါ်တယ်၊ တစ်ခါ တတိယပြဿနာအတွက် အကျယ်မေးပြန်တယ် မသိဘူးလားလို့ ငါဘုရားမေးတဲ့အခါကျတော့ သင်က သိပါတယ်ဘုရားလို့ဖြေတယ်၊ အဲဒါ ဘယ်အဓိပ္ပါယ်တုန်း သတို့သမီးကလေး. . . လို့ဆိုတော့၊ မှန်လှပါဘုရား. . . တပည့်တော်မ ဒီဘက်ဘဝမှာ သေရမှာ မသိဘူးလားလို့ မေးတာဖြစ်လေသောကြောင့်၊ ယခုလက်ရှိ ခန္ဓာကိုယ် စွန့်ပစ်ရမယ့် သေရမယ့်အဖြစ်ကို တပည့်တော်မ မုချသိပါတယ်ဘုရား. . . တဲ့ သိပါတယ်၊ သေရမယ် ဧကန်မုချဖြစ်ပါတယ်ဆိုတာကို တပည့်တော်မ သိပါတယ်၊ အဲဒါကို ရှင်တော်ဘုရား ရည်ရွယ်ပြီးတော့ မေးတော်မူတာ ဖြစ်လေသောကြောင့် တပည့်တော်မကလဲ ဒီမုချသေရမယ့်အဖြစ်ကို သိသည်ဖြစ်သောကြောင့် သိပါတယ်ဘုရားလို့ ဖြေပါတယ်ဘုရား. . .၊ တတိယအကြိမ် မြတ်စွာဘုရား သာဓုခေါ်ပြန်တယ်။ သာဓု သာဓု ကုမာရိကေ။

နောက်-စတုတ္ထပြဿနာ ငါဘုရားက သိသလားလို့မေးတဲ့ အခါကျတော့ သင်က မသိပါဘုရားလို့ ဖြေပြန်တယ်, အဲဒါက ဘယ်လိုအဓိပ္ပါယ်တုန်း သတို့သမီးကလေး. . . လို့ဆိုတော့၊ မှန်လှပါဘုရား. . . တပည့်တော်မ သေမယ်ဆိုတာ မုချဧကန်ဖြစ်သော်လည်း သေပြီးနောက် ဘယ်အချိန် ဘယ်အသက်, ဘယ်အရွယ် သေရမယ်၊ ဘယ်ရောဂါနဲ့ သေရမယ်, ဘယ်အချိန် ဘယ်ကာလမှာ သေရမယ်၊ ဘယ်နေရာမှာ မိမိခန္ဓာကိုယ်ကို စွန့်ပစ်ရမယ်ဆိုတာတွေကို တပည့်တော်မ မသိပါဘုရား. . . ဒါ့ကြောင့် သိသလားလို့မေးတဲ့အခါကျတော့ မသိပါဘုရားလို့ တပည့်တော်မ ဖြေခြင်းဖြစ်ပါတယ်ဘုရား။ အဲ-မြတ်စွာဘုရားက လေးကြိမ်မြောက် သာဓု သာဓု ကုမာရိကေ။ သာဓုခေါ်ပြန်တယ်။

ဒီတော့-ဒီမှာမြတ်စွာဘုရား, ခုနကပြောတဲ့ မသိခြင်းငါးချက်နဲ့ သတ္တဝါတွေ အသက်ရှင်နေကြရတယ်. . . တဲ့ အသက်ရှင်နေကြရတယ်၊ ပရိသတ်ကြီး လှည့်ပြီးတော့ အဲဒီတင်မှ မြတ်စွာဘုရား တရားဟောတာ အားလုံးသော တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့. . . တဲ့၊ သင်တို့ တတွေဟာ

http://www.dhammadownload.com



မသိခြင်းငါးချက် နဲ့ အသက်ရှင်နေကြရတယ်. . .၊ ဘယ်အနာရောဂါနဲ့ သေရမယ်၊ အဘယ်အချိန် ဘယ်အခါ မနက်လား, နေ့လယ်လား, ညနေလား၊ နေ့လား ညလား ဆိုတဲ့ အချိန်အခါကို မသိဘဲနဲ့ အသက်ရှင်နေကြရတယ်. . .။ မိမိရဲ့အလောင်းကို ဘယ်မှာစွန့်ပစ်ခံရမယ်ဆိုတာကို မသိဘဲနဲ့ အသက်ရှင်နေကြရတယ်. . .၊ မိမိ ဘယ့်ဘဝ ရောက်ရမယ်ဆိုတာကို မသိဘဲနဲ့ အသက်ရှင်နေကြရတယ်၊ အဲဒီလို အသက်ရှင်နေကြရတဲ့လူတွေကသာ များပြီးတော့၊ ဒီလိုအကျိုးအကြောင်း အဆိုး အကောင်းကို ဝေဖန်ပိုင်းခြားပြီးတော့ ငါဘုရားရှင်ဟောကြားတော်မူတဲ့ တရား ဘာဝနာအလုပ်ကို အားထုတ်ပြီးသကာလ၊ သစ္စာသိမြင်, မိမိဉာဏ်ထဲမှာ အလင်း ထင်တဲ့သတ္တဝါက နည်းပါးလှတယ်. . . လို့-

* **အန္ဓဘူတော အယံ လောကော, တနုကေ'တ္ထ ဝိပဿတိ၊**
**သကုဏော ဇာလမုတ္တောဝ, အပ္ပေါ သဂ္ဂါယ ဂစ္ဆတိ။**

ဒီဂါထာ မြတ်စွာဘုရား ဆက်ဟောတာ၊ အယံ လောကော-များစွာ သောင်းသောင်း, သတ္တဝါအပေါင်းသည်၊ အန္ဓဘူတော-ဒဿဝိဇ္ဇာမှောင်, ပိတ်ကာ လှောင်သဖြင့်, ဉာဏ်ရောင်မထင်, မမြင်စမ်းစမ်း, အကန်းအတိသာလျှင်တည်း . . .၊ သတ္တဝါတွေ မြောက်များစွာဟာ. . . တဲ့၊ အဝိဇ္ဇာမှောင်ကြီးကျနေလို့ ဉာဏ် ရောင်မထင်ဘဲနဲ့ မမြင်စမ်းစမ်း, အကန်းအတိနဲ့ အသက်ရှင်နေကြတာ. . . တဲ့၊ အကန်းပဲတဲ့, အကန်းပဲ။ ဒီတော့ အကန်းပဲဆိုတာ ခုနတပြောတဲ့ သွားရမယ့် ဂတိ, အသက်, အနာ, အချိန်အခါဆိုတာတွေ မသိတာလည်း အကန်းပဲ။ သစ္စာ လေးပါး မမြင်, ရုပ်နာမ်ကို မမြင်တာလည်း အကန်းပဲ။

ဒီတော့ ရုပ်နာမ်ကိုမြင်ပြီး, ရုပ်နာမ်ဖြစ်ပျက် သိပြီးတော့ ရုပ်နာမ်ချုပ်ငြိမ်းပြီး တော့ နေတဲ့အမျိုးသား,အမျိုးသမီးများသည်သာလျှင် အဲဒါ အကန်းဘဝက ခဏလွတ်နေကြ၊ လောကုတ္တရာမဂ်ဖိုလ်တရားပေါက်ပြီး မြင်သွားပြီဆိုတော့ အကန်းဘဝက ကျွတ်လွတ်သွားတယ်၊ သောတာပတ္တိမဂ်ဖိုလ်ရပြီဆိုတော့ အကန်း ဘဝက တိမ်သလာ တစ်ထပ်ကွာသွား။ သကဒါဂါမိမဂ် ဖိုလ်ရပြီဆိုတော့ တိမ်သလာ နှစ်ထပ်ကွာ၊ အနာဂါမိမဂ်ဖိုလ်ရပြီဆိုတော့ တိမ်သလာ သုံးထပ်ကွာ၊ အရဟတ္တမဂ် အရဟတ္တဖိုလ်ရပြီဆိုတော့ တိမ်သလာတွေရှိသမျှ အကုန်ကျွတ် လွတ်ပြီးတော့ လင်းသွားပြီ. . . တဲ့၊ အလင်းရောက်သွား။ အဲဒီလိုရောက်တဲ့ ပုဂ္ဂိုလ်က နည်းနည်းလေးပဲရှိတယ်. . . တဲ့၊ နည်းနည်းလေးပဲ ရှိတယ်။

ဥပမာ-ဘာနဲ့တူတုန်းလို့ဆိုတော့ ငှက်တွေမြေပေါ်မှာ အုပ်လိုက်ကြီးကျတော့ မုဆိုးက တခါတည်း ပိုက်နဲ့လှမ်းပြီး ဖြန့်အုပ်ဖမ်းလိုက်၊ သို့မဟုတ် ကျော့ကွင်းတွေ မုဆိုးက

* ဓမ္မ-၄-၂/၁၁၄၊ သုတ္တနိ-၄-၁/၂၅၅၊

http://www.dhammadownload.com



ထောင်ထားပြီးတော့ကျော့ကွင်းတွေနဲ့ဖမ်း၊ အဲဒီတင် မုဆိုးအုပ်လိုက်တဲ့ ပိုက်ထဲက နေပြီးတော့ လွတ်ထွက်သွားတဲ့ငှက်က တစ်ကောင်တစ်လေပဲ ရှိသလိုပဲ၊ မလွတ်ပဲနဲ့ ပိုက်ထဲကျန်နေရစ်ပြီးတော့ မုဆိုးနှိပ်စက်သမျှ ခံရ, မုဆိုးညှင်းဆဲသမျှ ခံရ, မုဆိုး လက်ထဲ အသက်ထွက်ကြရတဲ့ငှက်တွေက များသလိုပဲ. . . တဲ့ ကမ္ဘာလောကမှာ သတ္တဝါတွေ-

အန္ဓဘူတော အယံ လောကော, တနုကေ'တ္ထ ဝိပဿတိ၊

အယံလောကော-များစွာသောင်းသောင်း, ဤသတ္တဝါအပေါင်းသည်၊ အန္ဓဘူတော-အဝိဇ္ဇာမှောင်, ပိတ်ကာလှောင်သဖြင့်, ဉာဏ်ရောင်မထင်, မမြင် စမ်းစမ်း, အကန်းအတိသာလျှင်တည်း၊ ဧတ္ထ-ဤများပြား သောင်းပြောင်း, သတ္တဝါ အပေါင်းတွင်၊ တနုကော-မဆိုသဖွယ်, အနည်းငယ်သော, သတ္တဝါသည်သာလျှင်၊ ဝိပဿတိ-နာမ်ရုပ်နှစ်တန်, ဖြစ်ပျက်ဟန်ကို, မှန်မှန်မသွေ, သိမြင်နိုင်လေ၏၊ ဇာလမုတ္တော-မုဆိုးကျော့ကွင်း, ပိုက်ကွန်အတွင်းမှ, လွတ်ကင်းထွက်မြောက် နိုင်သော၊ သကုဏော-ငှက်သည်၊ အပ္ပေါဏ္ဏဝ-မဆိုစဖွယ်, အနည်းငယ်သာ ဖြစ်လေသကဲ့သို့ အပ္ပေါ-မဆိုသဖွယ်, အနည်းငယ်သော, သတ္တဝါသည်သာလျှင်၊ သဂ္ဂါယ-လူ့ရွာနတ်ထံ, ချမ်းသာစံလျက်, နိဗ္ဗာန်တိုင်ထိ, အကောင်းဆုံးဂတိသို့၊ ဂစ္ဆတိ-ပါရမီစွမ်းသလောက်, စခန်းပေါက်အောင်, လွတ်မြောက်နိုင်ပေတော့ သတည်း. . .။

သာဓု. . . သာဓု. . . သာဓုပါဘုရား. . .။

ဒီတရားကို မြတ်စွာဘုရား အကျယ်တဝင့်ဟောတော့-ခုနက အမျိုးသမီး လေး တရားထူးရတယ်၊ သောတာပန်ဖြစ်တယ်၊ ဒါ မရဏာဿတိ သုံးနှစ်တိုင်တိုင် ပွားထားတဲ့ အရှိန်အဟုန်သတ္တိဉာဏ်က ထက်ပြီးတော့နေတာဖြစ်တော့ မြတ်စွာ ဘုရား နည်းနည်းလေး တို့လိုက်တယ်ဆိုရင်ပဲ ဟောဒီမှာ သတို့သမီးကလေး သစ္စာလေးပါးတရား, ပိုင်းခြားသိမြင်ပြီးတော့ တရားထူး ရသွားပါတယ်. . .။ ကျန်တဲ့ပရိသတ်ကြီးကတော့ ဒီအတိုင်း ဒီအတိုင်းပဲ။ ဒီတော့-မြတ်စွာဘုရားရဲ့ တရားတော်ဆိုတာ မရဏာဿတိ, မရဏာဿတိမို့လို့ ဆေးပဲ၊ သူ့ဆေးစားနေရင် ရောဂါက ပျောက်တာပဲ တစ်ချိန်၊

ဒီတော့-ဒီနေ့ ကွယ်လွန်ခဲ့တဲ့ ဖခင်ကြီး အကြောင်းပြုပြီးတော့ ကုသိုလ် ကောင်းမှုပြုတယ်ဆိုတာ, အမှန်ကတော့ မရဏာဿတိဘာဝနာခေါ်တယ်၊ ဖခင် ကြီးရဲ့ ကွယ်လွန်အနိစ္စရောက်တာကို သတိရ၊ မိမိတို့လည်း ဒီလိုပဲ တစ်နေ့ ကွယ် လွန်ရအုံးမယ်. . . လို့ဆိုတာ သတိရပြီးတော့ မရဏာဿတိကို တတ်စွမ်းသမျှ

http://www.dhammadownload.com



တစ်နေ့ နည်းနည်းလေးပဲဖြစ်ဖြစ်၊ အချိန်မှန်မှန်ပွားသွားခဲ့ရင် အဲဒီအမျိုးသား အမျိုးသမီးဟာ အခုပြောခဲ့သလိုပဲ "တနုကော ဝိပဿတိ"ဆိုတဲ့အတိုင်း ဝိပဿနာ ဉာဏ်ထိအောင်၊ မိမိသန္တာန် ဝိပဿနာဉာဏ်ပွားအောင်, ရှုပွားနေနိုင်ခဲ့လို့ရှိရင် "တနုကော ဝိပဿတိ"ထဲမှာ ပါပြီးတော့ အနည်းငယ်သော သတ္တဝါသည်သာလျှင် နာမ်ရုပ်နှစ်တန်, ဖြစ်ပျက်ဟန်ကို, မှန်မှန်မသွေ, ခွဲဝေ၍ သိနိုင်သည်. . . ဆိုတဲ့ အတိုင်း။

အဲဒီလို သိနိုင်တဲ့ အမျိုးသားကောင်းသား အမျိုးကောင်းသမီးတွေသည် သာလျှင် မုဆိုးကျော့ကွင်း, ပိုက်ကွန်အတွင်းမှ, လွတ်ကင်းထွက်မြောက်တဲ့ ငှက် ကဲ့သို့ (၃၁)ဘုံတည်းဟူသော ဤနယ်မြေကြီး အတွင်းမှ၊ ထောင့်ငါးရာကိလေသာ ဆိုတဲ့ မုဆိုးကြီးရဲ့ ပိုက်ကွန်ကျော့ကွင်းနဲ့ အလားသဏ္ဌာန်တူတဲ့ အို,နာ,သေရေး, ဘေးဒုက္ခအပေါင်းတွေမှ လွတ်ကင်းနိုင်တယ်. . . တဲ့၊ လွတ်ထွက်နိုင်တယ်။

ဒီတော့-ဒီနေ့ပြုတဲ့ ကုသိုလ်ကောင်းမှုကို အဲဒီလိုလွတ်ထွက်နိုင့်ဖို့ရာ ရည်မှန်း ချက် ဘယ်နဲ့ချရမတုန်းလို့ဆိုတော့ မသိခြင်းငါးချက်နဲ့ အသက်ရှင်နေရတဲ့အဖြစ် မျိုးမှ တပည့်တော်တို့ လွတ်ပါရစေ. . . လွတ်လိုပါသောကြောင့် ဤကဲ့သို့ ဂန္ဓာရုံ တိုက် သံဃာတော်တို့အား မွန်မြတ်သော ဘောဇဉ်ဆွမ်းတို့ဖြင့် လောင်းကြပါ တယ်. . . လှူကြပါတယ်. . . လောင်းလှူကြပါတယ်၊ သံဃာတော်တို့ ကြာရှည် လေးမြင့် ဆွမ်းဟင်းစသည်တွေကို ချက်ပြုတ်တဲ့နေရာမှာ အသုံးချဖို့အတွက် ဤ ဒယ်အိုးကိုလည်း လှူဒါန်းပါတယ်၊ သံဃာတော်တို့ရဲ့ ဝေယျာဝစ္စကုသိုလ်တွေကို လည်း ဒီနေ့ ပြုလုပ်ကြပါတယ်. . . ။

တရားတော်ကို နာကြားကြပါတယ် စသည်ဖြင့် ဒီနေ့ပြုသမျှ ကုသိုလ် ကောင်းမှုအရှိန်အဟုန်သတ္တိမှန်သမျှ၊ မနက်က ဆွမ်းလောင်းခဲ့တဲ့ ကုသိုလ် ကောင်းမှု အရှိန်အဟုန်သတ္တိမှန်သမျှ၊ သံဃာတော်တွေကို ဆွမ်းကျွေးနိုင်ဖို့ရာ အတွက် ကြောင့်ကျစိုက်ရ၊ မနေ့ကစပြီးတော့ ဝယ်ကြခြမ်းကြ ချက်ကြပြုတ်ကြ သွားကြလာကြဆိုတဲ့ ဝေယျာဝစ္စကုသိုလ်စေတနာ အရှိန်အဟုန်သတ္တိမှန်သမျှ သည်. . . မသိခြင်းငါးချက်နဲ့ အသက်ရှင်နေရတဲ့ အဖြစ်ဆိုးမျိုးမှ တပည့်တော်တို့ မြန်မြန်ကြီး ကျွတ်ဖို့လွတ်ဖို့ရာ အားကောင်းသော အထောက်အပံ့ ဖြစ်ပါစေသားလို့ ဆိုခဲ့ရင် အဲဒါ "နိဗ္ဗာနဿ ပစ္စယော ဟောတု". . . တဲ့ လမ်းဖြောင့်သွားပြီ၊ နိဗ္ဗာန်နဲ့ တည့်သွားပြီ၊ နိဗ္ဗာန်ရည်မှန်းပြုတဲ့ ကုသိုလ်ကောင်းမှုဖြစ်သွားပြီ။

အရေးကြီးဆုံးကလည်း အဲဒီနိဗ္ဗာန်နဲ့ တည့်ဖို့ရာအတွက် အရေးကြီးဆုံးပဲ၊ ဉာဏ်တည့်ဖို့ အရေးကြီးဆုံးပဲ၊ အဲဒီ အရေးကြီးဆုံးဖြစ်တဲ့ ဉာဏ်တည့်ဖို့ ဘုန်းကြီး

http://www.dhammadownload.com



ပြောပြီးပြီ။ ဒီတော့ ဉာဏ်လဲတည့်တတ်လောက်ပြီ၊ အဲဒီလို ဉာဏ်နဲ့မှန်းပြီးတော့ ရေစက်ချပြီးတော့ ခုနက ဖခင်ကြီးအမှူးထားတဲ့ (၃၁)ဘုံသားတွေ အမျှဝေရအောင်. . . ကိုင်း အားလုံးပဲ လိုက်ဆိုကြ. . . ကဲ- အားလုံး လိုက်ဆို-

အရှင်မြတ်တို့ဘုရား ဘုရားတပည့်တော်၊ တပည့်တော်မတို့သည်၊ မသိခြင်းငါးချက်ဖြင့်, အသက်ရှင်၍, နေခဲ့ကြသမျှ, အိုနာသေရေး, ဒုက္ခဘေးတို့၏, နှိပ်စက်မှုဒဏ်ကို, အကြိမ်ကြိမ် အဖန်ဖန်, ခံခဲ့ရပါကုန်ပြီ။ နောင်အနာဂါတ်၌လည်း ဤရုပ်နာမ်ခန္ဓာကို, မစွန့်ပယ်နိုင်သမျှ, မသိခြင်းငါးချက်ဖြင့်, အသက်ရှင်၍နေရတဲ့ အဖြစ်မျိုးမှ, မလွတ်ကြသေးပါ။

ဤကဲ့သို့, သံသရာကြီးဝယ်, ကြောက်လန့်ဖွယ်တို့ကို, ကြောက်ရွံ့ပါသည်, ဤဘေးသုံးမျိုးမှ, လွတ်ရာလွတ်ကြောင်း, ပါရမီကောင်းမှုကို, တတ်စွမ်းသမျှ, ကြိုးပမ်းကြမည်, အားထုတ်ကြမည်, ရည်ရွယ်ကြလျှက်, ယနေ့အဖို့၌, အမရပူရ, မဟာဂန္ဓာရုံကျောင်းတိုက်သို့, လာရောက်ကြလျှက်, ဘဝတပါး, ပြောင်းသွားသော, မွေးသဖခင်, ကျေးဇူးရှင်ကို, ရည်စူးမှန်ထား၍, သံဃာတော်, ငါးရာကျော်တို့အား, မွန်မြတ်သော, ဘောဇဉ်ဆွမ်းတို့ဖြင့်, လောင်းလှူကြခြင်း, ဆက်ကပ်ကြခြင်း, ကုသိုလ်ကောင်းမှုကို ပြုလုပ်အားထုတ်ကြပါကုန်၏။

တရားတော်ကို, နားယူခြင်း, ဓမ္မသဝန, ကုသိုလ်အထူးကို, ဆည်းပူး အားထုတ်, ပြုလုပ်ကြပါကုန်၏၊ သံဃာတော်တို့အတွက်, ဝေယျာဝစ္စ, ကိစ္စကြီးငယ်, အသွယ်သွယ်ကိုလည်း, ကြိုးပမ်းအားထုတ်, ပြုလုပ်ကြပါကုန်၏၊ သံဃာတော်တို့၏, နေ့စဉ်နေ့စဉ်, ဆွမ်းဘောဇဉ်တို့ကို, ချက်ပြုတ်ရာ၌, အထောက်အပံ့, ဖြစ်စေသော ငွေ၊ ဤဆွမ်းဟင်းအိုးကိုလည်း, နိဗ္ဗာန်ရည်မှန်း, ထာဝရဒါန, အနေကျအောင်, လှူဒါန်းကြပါကုန်၏၊ ဤယနေ့အဖို့၌, တပည့်တော်တို့, ပြုလုပ်ရသမျှ, ကုသိုလ်ကောင်းမှု, အစုစုသည်, ကွယ်လွန်ခဲ့သော, ဖခင်ကြီးအတွက်, ဖြစ်ပါစေသတည်း။

ဤကောင်းမှုကြောင့်, ဖခင်ကြီးသည်, လူနတ်နိဗ္ဗာန်, သုံးတန်ချမ်းသာကို, ရရှိပါစေသတည်း။ တပည့်တော်တို့သည်လည်း, ဤကောင်းမှုကြောင့်, မသိခြင်းငါးချက်ဖြင့်, အသက်ရှင်နေရသောဘဝမျိုးမှ, လျင်မြန်စွာ, လွတ်မြောက်ရပါလိုကုန်၏၊ ဤယနေ့အဖို့၌, ပြုလုပ်အားထုတ်ရသော, ကုသိုလ်ကောင်းမှု၏၊ အဖို့ဘာဂကို, ကြွရောက်လာသော, ဤပရိသတ်အပေါင်း, သူတော်ကောင်းတို့အားလည်း ကောင်း, မိခင်ဖခင်, ဆရာသခင်, ကျေးဇူးရှင်တို့အားလည်းကောင်း။

ဤကျောင်းတိုက်, ဤမြို့ရွာ, ပတ်ဝန်းကျင်၌, စောင့်ကြပ်နေကြသော, နတ်အပေါင်းတို့အားလည်းကောင်း၊ မိမိတို့၏, မြို့ရွာ, အိမ်ယာတို့၌ စောင့်ကြပ်နေကြသော,

http://www.dhammadownload.com



နတ်အပေါင်းတို့အားလည်းကောင်း၊ အထူးအားဖြင့်, ဘဝတစ်ပါး, ပြောင်းသွား, ကွယ်လွန်ခဲ့သော, ဖခင်ကြီးအားလည်းကောင်း၊ (၃၁)ဘုံသား, သတ္တဝါများအား, အမျှ အမှု, ပေးဝေငှပါကုန်၏၊ အမျှရ၍, ကိုယ်စိတ်နှစ်ဖြာ, ချမ်းသာကြသည့်, ဖြစ်ကြပါစေသော် . . .၊

အမျှ. . . အမျှ. . . အမျှ ယူတော်မူကြပါကုန်လော. . .။

သာဓု. . . သာဓု. . . သာဓုပါဘုရား. . .။

http://www.dhammadownload.com

# ခွဲဘေး မွဲဘေးတရားတော်

ဒီနေ့ပြုလုပ်တဲ့ကောင်းမှုက ဘဝတစ်ပါး ပြောင်းသွားကွယ်လွန်ခဲ့တဲ့ ကျေးဇူးရှင် ရဟန်းဒကာကြီး ဦးသောင်းစိန်ကို ရည်စူးမှန်းထားပြီးတော့ ကျန်ရစ်တဲ့ မိသားစုများက ကုသိုလ်ကောင်းမှုပြုပြီး အမျှပေးဝေကြမယ်. . . ။ ဒကာ ဦးသောင်းစိန်ကို ရည်စူးပြီးတော့ အခုသံဃာတော်တွေ ဆွမ်းကပ်တဲ့ ဒါနကောင်းမှု၊ နေ့စဉ် ထိန်းသိမ်းတဲ့ သီလကောင်းမှု၊ သံဃာတော်တွေကို လက်အုပ်ချီရ, ရှိခိုးရ, အရိုအသေပေးရတဲ့ သီလကောင်းမှု၊ ဘုရားရှင်နှင့်တကွ သံဃာတော်တွေကို အာရုံပြု သတိရနေတဲ့ ဘာဝနာ။

ဒီနေ့ ပြုလုပ်တဲ့ကောင်းမှုက သံဃိကအလှူဖြစ်လို့, ယခုလက်ရှိ သံဃာတော်အရှင်မြတ်တွေကို လှူရင်းနဲ့ ဘုရားလက်ထက် သံဃာထိအောင်, တစ်ခါတစ်ခါ စိတ်က ရောက်သွားတယ်။ ဘုရားလက်ထက်က အရှင်မဟာကဿပ, အရှင်သာရိပုတ္တရာ, ရှင်မဟာမောဂ္ဂလ္လာန်, ရှင်အာနန္ဒာ, ရှင်အနုရုဒ္ဓါ အစရှိတဲ့ အရှင်မြက်ကြီးတွေဆီအထိ, စိတ်က တစ်ခါတစ်ခါ ပြေးတယ်။ အဲဒါ သံဃာ ဿဟ်ပဲ။ ဒီသံဃာတင် မရပ်ဘူး၊ ရှေးက အရိယာသံဃာတော်ကြီးတွေထိ ဆိုက်ဆိုက်သွားတာ၊ အဲဒါ သံဃာနုဿတိ။ အဲဒါ ဘာဝနာကုသိုလ်တွေပဲ။

အဲဒီ ဒါန, သီလဘာဝနာ၊ သံဃာ(၁၅၀၀)ကျော်ကို ဆွမ်းလောင်း ဆွမ်းကပ်တဲ့ဒါန, ပရိသတ်တွေ ကျွေးမွေးတဲ့ဒါန၊ နောက် ဒီဒါနပြုတဲ့နေရာ ဓမ္မိယလဒ္ဓ-စင်ကြယ်တဲ့ပစ္စည်းနဲ့လှူတဲ့ သီလ, ခုနပြောတဲ့ ဘုရားသတိရလိုက်, တရားသတိရလိုက်, သံဃာတွေ သတိရလိုက်ဆိုတဲ့ ဘာဝနာ၊ အဲဒီလိုအားဖြင့် ဒါန သီလ ဘာဝနာ ကုသိုလ်ထုပ်တွေကို ဒကာဦးသောင်းစိန်ဆီ ပို့ကြမယ်. . . ။ အပြီးသတ် ရေစက်ချပြီးတော့ သူ့ဆီကိုပဲ အားလုံးဝိုင်းပြီးတော့ အမျှ, အမျှ, အမျှဆိုပြီး သူ့ဦးတည်ပြီးတော့ ပေးကြမှာ၊ ပို့ကြမှာ၊ ပေးလိုက် ပို့လိုက်လို့ သူ့ဆီရောက်သွားလို့ ကိုယ့်ကုန်သွားတယ်များ မထင်လိုက်နဲ့၊ ကုသိုလ်ကောင်းမှုတွေရဲ့ သဘာဝက ပေးလိုက်လေ တိုးပွားလာလေ၊ ပေးလိုက်လေ တိုးလာလေပဲ။

ဘာနဲ့ ဥပမာတူတုန်းဆိုတော့-ဖယောင်းမီးကူး၊ ဥပမာ-ဖယောင်းတိုင်လေး တစ်တိုင် ကိုယ့်လက်ထဲ ကိုင်ပြီးတော့ မီးတောက်ကလေး ထွန်းထား၊ နောက် တစ်ယောက်က၊ သို့မဟုတ် လေးငါးဆယ်ယောက်က "ကျုပ်တို့ မီးတို့ယူပါရစေ. . . " "ဟာ-ယူပါ, ယူပါ, ရော့, ရော့, ရော့,"ဆိုပြီးတော့ နောက်လူတွေက ဖယောင်းတိုင်တွေနဲ့ လာလာပြီးတော့ တို့တို့ ယူသွားလိုက်ကြတာ၊ ကိုယ့်မီး

http://www.dhammadownload.com



ငြိမ်းမကျန်ရစ်တဲ့အပြင် သူတို့မီးတွေပါ လင်းပြီးတော့ ကိုယ့်မီးရော သူတို့မီးရော ကြောင့် ပိုတောင်လင်းသွားလိုက်သေး။ အမျှဝေတာ အဲဒီအတိုင်းပဲ။ ဒီတော့ ကိုယ့် သံယာ(၁၅၀၀)ကျော် ဆွမ်းလောင်းတဲ့ကောင်းမှုတွေ ဦးသောင်းစိန် ပေးလိုက်ရတဲ့ အတွက် ကိုယ့်မှာ တစ်ဝက်ကျန်တော့၊ သို့မဟုတ်-လုံးလုံးမကျန်တော့ဘူး ဒီလို ဖြစ်သွားလိမ့်မယ်မထင်နဲ့၊ ပိုတောင်တိုးလာသေးတယ်၊ အဲဒီလို အမျှဝေခြင်းဖြင့်။

ဒီတော့-ဒီနေ့ သံယာ(၁၅၀၀)ကျော်ကို ဆွမ်းလောင်း, ဆွမ်းကပ်ရတဲ့ ကုသိုလ်၊ ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ် အစုစုကြောင့်. . . ဘဝ တစ်ပါး ပြောင်းသွားကွယ်လွန်ခဲ့တဲ့ ကျေးဇူးရှင် ရဟန်းဒကာကြီး ဦးသောင်း စိန်သည်. . . တွဲဘေးကြီး, ခွဲဘေးကြီး, မွဲဘေးကြီးမှ လျင်မြန်ဆောစွာ လွတ်ပါစေသား. . . လို့။ တပည့်တော် တပည့်တော်မတို့သည်လည်း ဤကဲ့သို့ ပြုရတဲ့ ကုသိုလ်ကောင်းမှုကြောင့် တွဲဘေးကြီး, မွဲဘေးကြီးဆိုတဲ့ တွဲ, ခွဲ, မွဲဆိုတဲ့ ဒီသုံးဘေးမှ လျင်မြန်ဆောစွာ လွတ်ပါရစေ. . . လို့ စိတ်ညွတ်ကြ။

တွဲဘေးကြီးဆိုတာ ပဋိသန္ဓေ တည်နေကိန်းအောင်းရတဲ့ ဇာတိဒုက္ခကို ပြောတာ၊ အမေ့ဝမ်းခေါင်းသွားပြီးတော့ ပဋိသန္ဓေ ဖျတ်ကနဲ တည်နေလိုက်သည် နှင့်တပြိုင်နက် အဲဒီအမေနဲ့ တွဲတော့တာပဲ၊ အဲဒီအမေနဲ့ အဖေနဲ့ တွဲမိရက်ဖြစ် တော့တာပဲ၊ သူတို့က အမေအဖေ၊ ကိုယ်က သားသမီးဆိုပြီးတော့ တွဲကြရတယ်၊ နောက် ဒါတင်မကသေးဘူး၊ ညီကိုမောင်နှမ ဒါတွေနဲ့လည်း တွဲမိရက်ဖြစ်ကြရော၊ နောက်တော့ ဆွေးသားမျိုးသား၊ မိတ်ဆွေသူငယ်ချင်းတွေနဲ့ တွဲမိရက်ဖြစ်ကြတယ်၊ အဲ-တွဲပြီဟေ့ဆိုရင် နောက်က ခွဲဘေးကြီးက သေချာပေါက်လိုက်လာတာပဲ၊ တွဲရင် ကွဲမယ်၊ တွဲရင် ကွဲမယ် သေချာပေါက်ပဲ။

ကွဲဘေးဆိုတာ ရှင်ကွဲ သေကွဲနှစ်မျိုးရှိတယ်၊ ရှင်ကွဲဆိုတာ အသက်ထင် ရှားရှိတုန်း တစ်ယောက်နဲ့တစ်ယောက် ခွဲသွားကြရတယ်၊ အလုပ်အကိုင် အကြောင်းပြု၍သော်လည်းကောင်း၊ ကိစ္စကြီးငယ် အကြောင်းပြု၍သော်လည်း ကောင်း၊ တစ်ယောက်နဲ့တစ်ယောက် မခွဲချင်ဘဲနဲ့ ခွဲကြရတယ်၊ ဒါ ရှင်ကွဲ။ သေကွဲ ဆိုတာကတော့ ဒါ-အားလုံးသိတဲ့အတိုင်းပဲ, သေပြီ. . . ဆို တစ်ယောက်နဲ့တစ် ယောက် ကွဲကြ၊ ဒီတော့ အဲဒီရှင်ကွဲ, သေကွဲဆိုတဲ့ နာနာဘာဝ ဝိနာဘာဝဆိုတဲ့ တရားကြီးကလည်း တွဲရင် သေချာပေါက်လာတာပဲ သူက။ ဒီတော့ တွဲတာဟာ ဘာဆင်းရဲမှ မဖြစ်သေးသော်လည်း၊ မဖြစ်လှဘူးလို့ ဆိုရသော်လည်းပဲ ခွဲရမှာ ကြောင့် သူကလည်း ဒုက္ခကြီးပဲ, ဘေးကြီးတစ်မျိုးပဲ၊ မွေးလာတယ်လို့ဆိုရင် သေလက်မှတ်ကြီးက ရလာတာချည်းပဲ၊ ဘယ်သူမဆို သေလက်မှတ်, သေတံဆိပ် က ရလာကြတာဆိုတော့ မကောင်းတာကိုး၊ ဒါ့ကြောင့် တွဲတာလည်း ဘေးကြီးပဲ၊ ဒီတော့ ကွဲရတာက ဘေးကြီးဖြစ်တာတော့ ပြောစရာမရှိဘူး။

http://www.dhammadownload.com



အဲလို ကွဲလိုက်သည်နဲ့ တပြိုင်နက်, သေလိုက်သည်နဲ့ တပြိုင်နက် ဘာဘေးကြီးက ဆိုက်လာတုန်း. . . မွဲဘေးကြီးက ဆိုက်လာတယ်၊ မွဲတယ်ဆိုတာ နိဒ္ဓန-ဥစ္စာတွေ မရှိတော့တာ၊ ကိုယ့်ဒီဘက်ဘဝ ရှာဖွေထားလို့ရထားတဲ့ ဥစ္စာပစ္စည်းတွေ, ရွှေငွေအိမ်ယာခြံမြေ, ဥယျာဉ်တိုက်တာ, ဆင်မြင်းကျွဲနွား၊ ဒါတင်လားလို့ ဆိုတော့ မော်တော်ကားစတဲ့ ပစ္စည်းတွေ ကိုယ့်ဟာ မဟုတ်တော့ဘူး၊ မွဲသွားပြီ။ ဝတ်ထားတဲ့လုံခြည် အင်္ကျီတောင် ကိုယ့်ဟာမဟုတ်တော့ဘူး၊ ကိုယ့်ခန္ဓာကိုယ် ဝတ်ထားတဲ့ လက်စွပ်, လက်ကောက်, ပုတီး နားဒေါင်းတောင် ကိုယ့်ဟာမဟုတ်တော့ဘူး၊ မပိုင်တော့ဘူး၊ နေရစ်တာ သူက၊ ဒီတော့ ကိုယ့်မွဲတာ၊ ကိုယ်က နောက်တစ်ဘဝ ရောက်သွားတာဆိုတော့ အဲဒီ လက်စွပ် လက်ကောက်တွေ ယူသွားလို့လည်း မရဘူး။ ဒီတော့ မွဲဘေးကြီးခေါ်တယ် အဲဒါ။

ဒီတော့ တွဲဘေးကြီးရယ်, ကွဲဘေးကြီးရယ်၊ မွဲဘေးကြီးရယ်ဆိုတဲ့ ဒီဘေးကြီးသုံးပါး လွတ်ရာဌာနဟာ နိဗ္ဗာန်ပဲရှိတယ်။ ဒီဘေးကြီးသုံးပါးလွတ်တဲ့ နေရာကတော့ နိဗ္ဗာန်ပဲရှိတယ်၊ (၃၁)ဘုံထဲတော့ ဘယ်ဘုံပြေးကြည့်ကြည့် ဒီဘေးကြီးသုံးပါးရှိလျှက်ချည့်ပဲ၊ လူ့ပြည်လူ့လောကကြည့်လည်း ရှိတာပဲ၊ နတ်ပြည် နတ်လောကကြည့်လည်း ရှိတာပဲ၊ အိုနာသေ မလွတ်တဲ့ဘုံမှန်သမျှ ရှိတာပဲ။ ဒီတော့-အဲဒီဘေးကြီးသုံးပါးက လွတ်တာကတော့ နိရောဓသစ္စာခေါ်တဲ့ နိဗ္ဗာန်အရပ်ပဲ ရှိတော့တယ်။ ဒီတော့ ဒီဘေးကြီးသုံးပါးမှ လျင်မြန်ဆောစွာ လွတ်ပါစေဆိုတာ နိဗ္ဗာန်ကို မြန်မြန်ရပါစေ. . . လို့ဆိုတာနဲ့ တူတယ်။

ဒကာဦးသောင်းစိန်ကို အဲဒီ ကွဲဘေးကြီး, တွဲဘေးကြီး, မွဲဘေးကြီးမှ မြန်မြန်လွတ်ပါစေ. . . လွတ်ရာဌာန မြန်မြန်ရောက်ပါစေ. . . လို့ စိတ်ညွတ်ပေးတာ နိဗ္ဗာန်မြန်မြန်ရပါစေလို့ ပြောတာနဲ့ အတူတူပဲ။ ဒီတော့ တွဲဘေးကြီးနဲ့ ကွဲဘေးကြီးဆိုတာ ကိုယ်ကတော့ ဘယ်ခွဲချင်လိမ့်မှာတုန်း၊ သို့သော်. . . ခွဲတဲ့သူက ခွဲရင် ကိုယ်ဘာမှမတတ်နိုင်ဘူး၊ လောကကြီးထဲမှာ သတ္တဝါတွေ (၃၁)ဘုံ သံသရာမှာ ကျင်လည်နေကြပုံကို ဥပမာဆောင်ပြီးတော့ ဒေသနာက မြတ်စွာဘုရား ဟောတော်မူတာ၊ သမုဒ္ဒရာ ရေမျက်နှာပြင်ထက်မှာ စုမိစုရာ၊ ပေါင်းမိပေါင်းရာ ပေါင်းနေကြတဲ့ တုံးတိုင် သစ်ဝါးတွေနဲ့ အလားသဏ္ဍာန်တူတယ်. . . တဲ့။

ယထာ အဏ္ဏဝမှိ ဒါရူနိ, ဝါတေနေဝ ဝိဂစ္ဆရေ၊
ဧဝံ သတ္တာပိ သံသာရေ, မိလိတွာန ဝိဂစ္ဆရေ။

**အဏ္ဏဝမှိ**-ငါးဆင်ငါးမန်း, လေလှိုင်းကြမ်းနှင့်, ဘေးဘျမ်းသွယ်သွယ်, အန္တရာယ်ထူပြော, မဟာသမုဒ္ဒရာတည်းဟူသော ရေယဉ်ကြော၌၊ ဒါရူနိ-တုံးတိုင်သစ်ဝါး, အစားစားတို့သည်၊ ဝါတေန-ရှေ့နောက်ဝဲယာ, တိုက်ခတ်လာသည့်,

http://www.dhammadownload.com



မဟာလေကြမ်း, လေသရမ်းကြောင့်၊ မိလိတ္တာန-တစ်ခုနှင့်တစ်ခု, ပေါင်းစု ဆုံစည်း, အတူတွဲမိကြကုန်ပြီး၍. . . ။

မဟာသမုဒ္ဒရာ ရေမျက်နှာပြင်ထက်မှာ. . . တဲ့ တုံးတွေတိုင်တွေ, သစ်တွေ ဝါးတွေ, ဗေဒါတွေ ကျူရိုးတွေ, အမှိုက်တွေ သရိုက်တွေ စုမိစုရာ, တွဲမိတွဲရာ, ပေါင်းမိပေါင်းရာပေါင်းပြီး ဟိုနားက တစ်စု၊ ဒီနားက တစ်စု, ဟိုနားက တစ်သိုက်, ဒီနားက တစ်သိုက် မျောနေလိုက်ကြတာ၊ အဲဒီတုံးတွေ တိုင်တွေ, သစ်တွေ ဝါးတွေ နဂိုတုန်းက-ကိုယ့်လမ်းနဲ့ကိုယ် ကိုယ်တစ်ခုတည်း လာခဲ့ရတာ၊ ကိုယ်တစ်ချောင်းတစ်တုံးထဲ။ တုံးကလည်း ကိုယ်တစ်တုံးထဲ၊ ဝါးကလည်း ကိုယ်တစ်ချောင်းထဲ ကျူပင်ကလည်း ကိုယ်တစ်ပင်ထဲ လာခဲ့တာ။

မြစ်ကြီးငါးသွယ် မြစ်ငယ်ငါးရာက စီးပြီးဝင်လာတဲ့ ရေတွေနဲ့ အတူပါလာတဲ့ တုံး၊ အတူပါလာတဲ့ သစ်၊ အတူပါလာတဲ့ ဝါး၊ အတူပါလာတဲ့ ကျူပင်၊ အတူပါလာတဲ့ ဗေဒါ၊ အတူပါလာတဲ့ အမှိုက်သရိုက်တွေ လာတုန်းက ကိုယ့်လမ်းနဲ့ကိုယ် တစ်ခုတည်း တစ်မျိုးတည်း။ ဒီသမုဒ္ဒရာပြင်ထဲ, ရေမျက်နှာပြင်ရောက်မှ ပေါင်းမိပေါင်းရာ, ဟိုနားက တုံးနဲ့ ဒီနားက ဝါးနဲ့ တွဲ၊ ဒီနားက ဝါးနဲ့ တုံးနဲ့ ဟိုဘက်က ဗေဒါပင်နဲ့ ပေါင်း, အဲလိုပေါင်းမိပေါင်းရာ စုမိစုရာ တွဲမိတွဲရာ တွဲကြတယ်. . . ။ အဲဒါ ဘယ်သူတွဲပေးတုန်းဆိုတော့ လေ. . . တဲ့။

ဝါတေန-ရှေ့နောက်ဝဲယာ, တိုက်ခတ်လာသည့်, မဟာလေကြမ်း, လေသရမ်းကြောင့်. . . ။ အရှေ့ကနေပြီးတော့ ပင့်တိုက်လာတော့ အနောက်နားသွားပြီး တွဲကြ၊ အနောက်ကနေ ပင့်တိုက်လိုက်တော့ အရှေ့နား တွဲမိတွဲရာ တွဲကြ၊ တောင်က ပင့်တိုက်တော့ မြောက်နား၊ မြောက်က ပင့်တိုက်တော့ တောင်ဘက်နား ဆိုသလိုပဲ, စုမိစုရာ, တွဲမိတွဲရာ တွဲပြီးတော့ သမုဒ္ဒရာရေမျက်နှာပြင်ထဲမှာ ငြိမ်ငြိမ်ဘော့ နေလို့မရဘူး၊ မျောနေတာ၊ ဟိုနား ရွေ့သွားလိုက်, ဒီနား ရွေ့သွားလိုက်၊ ဟိုနား ရောက်သွားလိုက်, ဒီနား ရောက်သွားလိုက်နဲ့ မျောနေကြတာ, ဗေဒါပင်တွေ တုံးတွေ တိုင်တွေ။

**အဏ္ဏဝါမှိ**-ငါးဆင်ငါးမန်း, လေလှိုင်းကြမ်းနှင့်, ဘေးဘျမ်းသွယ်သွယ်, အန္တရာယ်ထူပြော, မဟာသမုဒ္ဒရာတည်းဟူသော ရေယဉ်ကြော၌၊ ဒါရူနိ-တုံးတိုင်သစ်ဝါး, အစားစားတို့သည်၊ ဝါတေန-ရှေ့နောက်ဝဲယာ, တိုက်ခတ်လာသည့်, မဟာလေကြမ်း, လေသရမ်းကြောင့်၊ မိလိတ္တာန-တစ်ခုနှင့်တစ်ခု, ပေါင်းစု ဆုံစည်း, အတူတွဲမိကြကုန်ပြီး၍. . . ။

http://www.dhammadownload.com



အဲသလိုပဲ. . . တဲ့ (၃၁)ဘုံ သံသရာ ရေမျက်နှာပြင်ကြောမှာလည်း ဤ (၃၁)ဘုံ သံသရာရေမျက်နှာပြင် ကြောထဲမှာလည်း, သတ္တဝါတွေ လာတုန်းက ကိုယ်တစ်ယောက်ထဲ လာကြတာပဲ။ အမိဝမ်းထဲက ကျွတ်လို့ မွေးလာတုန်းက များသောအားဖြင့် တစ်ယောက်ထဲ၊ တစ်ဦးထဲ မွေးလာကြတာ၊ ပြီးတော့မှ အပြင် ဘက်ကျတော့မှ ဆုံမိဆုံရာ စုမိစုရာ မိသားစုတွေ သူက ခင်ပွန်းသည်, သူက ဇနီးသည်ဆိုပြီး တွဲမိ။ သူက သားဟဲ့, သူက သမီးဟဲ့, သူက မြေးဟဲ့, သူက မြစ် ဟဲ့ သူက တူဟဲ့ တူမဟဲ့, မိတ်ဆွေဟဲ့ သူငယ်ချင်းဟဲ့နဲ့ဆိုပြီး တွဲမိ။ အဲဒါ ဘယ်သူက တွဲပေးတုန်းဆိုတော့လေ. . . တဲ့။ ဘာလေတုန်းဆိုတော့ ကံလေ။

ခုနက သမုဒ္ဒရာပြင်ထဲက တုံးတွေ တိုင်တွေ လေကတွဲပေးသလိုပဲ၊ အခု ကံက တွဲပေးတယ်၊ သမုဒ္ဒရာပြင်ထက်မှာ တုံးတွေ တိုင်တွေ တွဲအောင် လေက တွဲပေးသလို (၃၁)ဘုံဆိုတဲ့ သံသရာ ရေမျက်နှာပြင်ကြောကြီးမှာလည်းပဲ လင်ရယ်, မယားရယ် သားရယ် သမီးရယ်, ဆွေရယ် မျိုးရယ်, တူသားနောင်မယ်တွေ, တွဲမိကြ တာ ကံက တွဲပေးတယ်. . . တဲ့၊ ကံက တွဲပေးလိုက်တာ။

သံသာရေ-လှိုင်းသံ ရေလေ, မက ပွေ၍, ဘေးတွေဒုက္ခ, ထူပြော လှ သည့်, အစမထင်, မြစ်ပြင် ကျယ်မော, သံသရာတည်းဟူသော ရေမျက်နှာပြင် ကြော၌၊ သတ္တာပိ-နစ်မွန်းမျောပါး, သတ္တဝါများတို့သည်လည်း၊ ကမ္မေန-ပုညာ ပုည, သဟာယဟု, ပြုကြစုပေါင်း, ကံအကြောင်းကြောင့်၊ မိလိတ္တာန-လင်နဲ့ မယား, သမီးသားက, ဆက်ပွားဆွေညာ, မိတ်သဟာဟု, ထွေရာရောယှက် ပေါင်း ဖက်ဆုံစည်း, အတူတွဲမိကြကုန်ပြီး၍. . .။

လင်ရယ် မယားရယ်လို့ ပေါင်းမိကြ၊ သားတွေ သမီးတွေ ပေါ်လာကြ၊ မြေးတွေ မြစ်တွေ ဖြစ်လာကြ၊ ဆွေတွေမျိုးတွေ, ဦးကြီး ဦးလေး, ဒေါ်ကြီး ဒေါ်လေး၊ မိတ်ဆွေ သူငယ်ချင်းတွေဆိုပြီးတော့ ဟိုနားကလည်း တစ်သိုက်၊ ဒီနားကလည်း တစ်သိုက်၊ ဟိုနားက တစ်စု၊ ဒီနားက တစ်စု၊ (၃၁)ဘုံ သံသရာ ရေမျက်နှာပြင် ကြောမှာ မျောနေလိုက်ကြတာ၊ မျောနေလိုက်ကြတာ၊ ကိုယ့်အတွဲလေးနဲ့ကိုယ်၊ ကိုယ့်အစုလေးနဲ့ကိုယ်, ဘယ်သူတွဲပေးပါလိမ့် ကံ. . .။

ကမ္မေန-ပုညာပုည, သဟာယဟု, ပြုကြစုပေါင်း ကံအကြောင်းကြောင့် . . . တဲ့၊ ပုည အပုည, ကုသိုလ် အကုသိုလ်ကံ။ ကုသိုလ်ကံက တွဲပေးလိုက်တော့ ကုသိုလ်ကံအားလျော်စွာ လူ့ပြည်နတ်ပြည် မိသားစုတွေ ဖြစ်ပြီးတော့နေ၊ ရှေးတုန်း က အတူတူကောင်းမှုပြုခဲ့ကြ၊ အခုလိုပေ့ါ အတူတူဆွမ်းလောင်းခဲ့ကြ၊ အတူတူ ရေစက်ချပြီးတော့ ကျောင်းလှူခဲ့ကြ၊ ဘုရားတည်ခဲ့ကြ၊ ရှင်ပြုခဲ့ကြ, ရဟန်းခံခဲ့ကြနဲ့၊ ဒီလို အတူတူ ကောင်းမှုပြုဖက်တွေ အတူတူလာလာပြီးတော့ တွေ့ကြ။

http://www.dhammadownload.com



မကောင်းတဲ့ကံက တွဲပေးလိုက်တော့လည်း ငါးမကြီးဝမ်းထဲ ငါးလေးတွေ တပြုံကြီး သားတွေ သမီးတွေ သွားဖြစ်၊ ဝက်မကြီးဝမ်းထဲ ဝက်ကလေးတွေ သွားဖြစ်၊ ခွေးမကြီးဝမ်းထဲ ခွေးလေးတွေ သွားဖြစ်နဲ့ အကုသိုလ်ကံက ပေါင်းပေး လိုက်တော့လည်း အပါယ်လေးဘုံ သွားပြီးတော့ ဆုံကြ စုကြ၊ အတူတူ အသတ်ခံကြရ၊ အတူတူအနှိပ်စက် ခံကြရ ဖြစ်ကုန်ကြတယ်၊ ဒါ သတ္တဝါတွေ တွဲမိတွဲရာ၊ ရောက်မိရောက်ရာ ကံကပေါင်းပေးတာ၊ ကံတည်းဟူသောလေက တိုက်ဝှေ့ပြီးတော့ ပေါင်းပေးလိုက်တော့ အဲဒီတင် ပေါင်းမိပေါင်းရာ ပေါင်းပြီးတော့နေကြ၊ မျောနေကြတယ်၊ အငြိမ်တစ်နေရာမှာမှ နေလို့လည်းမရဘူး၊ မျောနေကြ၊ ဟိုရောက်သွားလိုက်, ဒီရောက်သွားလိုက်၊ ရုပ်နာမ်ဓမ္မသင်္ခါရတွေ သဘောအတိုင်း ဥပါဒ်, ဌီ, ဘင်, မပြတ်နှင့်ပြီးတော့ ဖြစ်ပျက်ပြောင်းလဲနေတာသည်ပင် မျောနေတာခေါ်တယ်၊ တစ်ဘုံက တစ်ဘုံ, တစ်ဘဝက တစ်ဘဝ, ပြောင်းပြောင်း, ပြောင်းပြောင်းနေရတာ၊ မျောနေတာလို့ခေါ်တယ်။

အဲဒီလိုအားဖြင့် သမုဒ္ဒရာရေမျက်နှာပြင်ထက်မှာ တုံးတွေ တိုင်တွေ, သစ်တွေ ဝါးတွေ မျောနေရာက တော်ကြာ ဒီအစုထဲကနေပြီးတော့ ကွဲထွက်သွား, ကျဲထွက်သွားလိုက်ကြ၊ တုံးက တခြား, တိုင်က တခြား၊ ဝါးက တခြား, ကျူရိုးက တခြား၊ အမှိုက်တွေက တခြား, ဗေဒါတွေက တခြားနဲ့ ပြန့်ကွဲထွက်သွားလိုက်တာ၊ တခါတခါကျတော့ ပြန့်ကွဲထွက်သွားပြီးတော့ သူတို့ရောက်မိရောက်ရာ ဒီပြင့်အစုထဲ သွားပြီးပေါင်းရပြန်။ အဲလို ကွဲထွက်သွားတာကိုက ဘယ်သူခွဲတာတုန်းဆိုတော့ လေပဲ. . . တဲ့၊ ပေါင်းပေးတုန်းကလည်းပဲ လေပဲ၊ ခွဲထုတ်တာလည်း လေပဲ။

ဝါတေနေဝ-ရှေ့နောက်ဝဲယာ, တိုက်ခတ်လာသည့်, မဟာလေကြမ်း, လေသရမ်းကြောင့်သာလျှင်၊ ဝိဂစ္ဆရေ-မြုပ်တုံပေါ်တုံ, နိမ့်မြင့်တုံနှင့်, ဦးဆုံနောက်ပြန်, ယောက်ယက်ဆန်ခတ်, ကစဥ့်ကရဲ, တကွဲတခြား, ဖြစ်ကြရလေကုန်၏. . .။ တုံးတွေ တိုင်တွေ, သစ်တွေ ဝါးတွေ လေကတိုက်ပေးလို့ပဲ အစက ပေါင်းမိပေါင်းရာပေါင်းပြီး မျောလာ, တခါထဲ ဝေ တဲ့ပြီးတော့ လေကတိုက်ခွဲတာ ရှဲကနဲ, ကျဲကနဲဆို တခါတည်း ကွဲထွက်သွားကြ။

အဲသလိုပဲ. . . (၃၁)ဘုံသံသရာ ရေမျက်နှာပြင်ကြောမှာနေကြတဲ့ သတ္တဝါတွေ, လင်ရယ် မယားရယ်, သားရယ်သမီးရယ်, တူသားနောင်မယ်, ဆွေသားမျိုးသား ဆိုပြီးတော့ တစ်သိုက်တစ်ဝန်း ဒီနား တစ်သိုက်တစ်ဝန်း၊ ဟိုနား တစ်သိုက်တစ်ဝန်း နဲ့၊ ဟိုနားက ရွာတစ်ရွာ, ဒီနားက ရွာတစ်ရွာနဲ့ အစုလိုက် အဆိုင်လိုက် နေကြရာက တော်ကြာကျတော့ ကွဲထွက်သွားကြပြန်. . .။ တို့ဒကာ ဦးသောင်းစိန် ဒီမိသားစုထဲက ကွဲထွက်သွားပြီ၊ သူခွဲထွက်သွားတယ်၊ ဒါဘယ်သူက ခွဲတာတုန်းဆိုတော့ ကံပဲ. . . တဲ့၊ ကံက ခွဲလိုက်တာပဲ။ ခုနက တုံးတွေ တိုင်တွေ သစ်တွေ

http://www.dhammadownload.com



ဝါးတွေ, လေက တွဲပေးပြီးတော့ လေကပဲ ခွဲသလို၊ အခု တွဲတုန်းကလည်း ကံက တွဲပေးတာ၊ ရှေးတုန်းက ကောင်းမှုအတူပြုဖက်မို့လို့ လာပြီးတော့ ဆုံကြတာ တွဲမိကြတာ။

အခု ဦးသောင်းစိန်ရယ် ဒေါ်လှရှင်ရယ် သားတွေ ဘယ်သူ၊ သမီးတွေ ဘယ်သူ၊ တူတွေ မြေးတွေ မြစ်တွေနဲ့ ရှေးကံက တွဲမိလို့ ပေါင်းမိနေရာက၊ အခု သူက ကွဲထွက်သွားပြီ၊ ခွဲထွက်သွားပြီ။ အဲဒီ ခွဲထွက်သွားတာ ဘယ်သူခွဲတာတုန်း ဒေါ်လှရှင်က ခွဲသလား၊ မခွဲပါဘူး၊ အမလေး. . . မခွဲတဲ့အပြင် ကွဲမသွားအောင် တောင် ကြိုးစားပြီးတော့ တခါတည်း အားထုတ်ခဲ့ကြတာ၊ သားတွေ သမီးတွေ ခွဲလိုက်သလား၊ မခွဲပါဘူး. . . ။ မခွဲတဲ့အပြင် ကွဲမှာစိုးလို့တောင်မှ အတင်းဆွဲထား ကြတာ၊ ဖြစ်တဲ့နည်းနဲ့ ဆေးဝါးဓာတ်စာတွေနဲ့ ဝိုင်း-ကူကြ သကြနဲ့ လုပ်ကြတာ၊ ဒါ မကွဲအောင်လုပ်ကြတာ၊ ရသလားဆိုတော့ မရဘူး၊ ဘယ်သူတုန်း ခွဲတာ၊ ကံပဲ. . . တဲ့။

ကမ္မေန-ပုညာပုည, သဟာယဟု, ပြုကြစုပေါင်း, ကံအကြောင်းကြောင့် မိလိတွာန-လင်နဲ့မယား, သမီးသားက, ဆက်ပွားဆွေညာ, မိတ်သဟာဟု, ထွေရာ ရောယှက်, ပေါင်းဖက်ဆုံစည်း, အတူတွဲမိကြကုန်ပြီး၍၊ ကမ္မေနေဝ-ကွဲဖို့စီမံ, အကြောင်းကံကြောင့်သာလျှင်. . . ။

ဟော-ကွဲချိန်တန်တော့ ကံက ကုန်ပေးရတယ်၊ ကံက ကုန်ပေးလိုက်ပြီး တော့ ခွဲထွက်ဖို့ရာ ဖန်တီးပေးလိုက်တယ်၊ အဲဒီ ကံကဖန်တီးတာကို လူက မတတ်နိုင်ဘူး၊ သိကြားမင်းကြီးလည်း ဆင်းပြီး မတတ်နိုင်ဘူး၊ ဘုရားတောင် မတတ်နိုင်ဘူး၊ ဒါ့ကြောင့် ကံသာ အမိ ကံသာ အဖလို့ ပြောတာ၊ လူအမေ အဖေထက်, ကံအမေ အဖေက စွမ်းတယ်၊ ကံအမေအဖေက စီမံရင် လူအမေ လူအဖေ ဘယ့်နဲ့မှုကို ၁တတ်နိုင်တော့ဘူး၊ ဒါ့ကြောင့် ကံက အမေအဖေလည်း ဟုတ်တယ်၊ မင်းတရားကြီးလည်း ဟုတ်တယ်။ သူက ခွဲချိန်တန်လို့ ခွဲပြီဆိုတော့-

ကမ္မေနေဝ-ကွဲဖို့စီမံ, အကြောင်းကံကြောင့်သာလျှင်၊ ဝိဂစ္ဆရေ-မြုပ်တုံ ပေါ်တုံ, နိမ့်မြင့်တုံနှင့်၊ ဦးဆုံးနောက်ပြန်, ယောက်ယက်ဆန်ခတ်, ကစဉ့်ကရဲ, တကွဲ တခြား, ဖြစ်သွားခဲ့ရရှာလေကုန်တော့သတည်း. . . ။

သာဓု. . . သာဓု. . . သာဓုပါဘုရား. . . ။

အခု ဒကာဦးသောင်းစိန် ခွဲသွားခဲ့ပြီ. . . တဲ့၊ ကွဲထွက်သွားခဲ့ပြီ၊ ဘယ်သူ ခွဲပါလိမ့်၊ ကံက ခွဲထုတ်သွားတာ၊ ဘယ်သူကမှ မနှင်ဘူး၊ သားကလည်း မနှင်ဘူး၊ သမီးကလည်း မနှင်ဘူး၊ မြေးတွေမြစ်တွေကလည်း မနှင်ပါဘူး၊ သွားတော့လို့ မပြောပါဘူး၊ မခွဲပါဘူး၊ မခွဲတဲ့အပြင် ကွဲမှာစိုးလို့တောင် ကြိုးစားပမ်းစားနဲ့

http://www.dhammadownload.com



အားထုတ်ပြီးတော့ ဆွဲထားကြတာ မရဘူး၊ ကွဲသွားတာ ကံကခွဲလိုက်တာ။ ဒီတော့ အဲဒီ ခွဲရတဲ့အချိန်ကျတော့ မျက်ရည်ကျပြီး ဝမ်းနည်းပက်လက်ဖြစ်ပြီးတော့ ခွဲကြရတာ ဒါခွဲရတာ ဘေးကြီးပဲ။

ခွဲရရုံ မကဘူး၊ သူ့မှာ မွဲဘေးကြီးလည်း ဆိုက်သွားလိုက်သေး၊ သူနဲ့ မဆိုင်တော့ဘူး သူရှာထားတဲ့ပစ္စည်းတွေ။ သူက နောက်တစ်ဘဝ ရောက်သွားပြီဆိုတော့ ယူသွားလို့လည်း မရဘူး၊ ဒီက"ရော့ အင့်"ဆိုပြီးတော့ လိုက်ပေးလို့လည်း မရဘူး၊ မွဲသွားလိုက်သေးတယ်၊ သူတင်ပဲလားဆိုတော့ ကိုယ်လည်း အတူတူပဲ၊ ကိုယ်လည်း ဒီလမ်းပဲ၊ အခု တွဲနေတုန်းလေး အခိုက်အတန့်လေး ကံက မခွဲခင်လေး တွဲနေရတာ၊ ဒါလည်း ရှင်ကွဲက ခွဲရသေးတယ်၊ ရှင်ကွဲခွဲရတယ်ဆိုတာ၊ အလုပ်အကိုင်နဲ့ အနေအထိုင်အကြောင်းပြုပြီးတော့ ဟိုရပ်ဒီရွာ တစ်ယောက်နဲ့ တစ်ယောက် ခွဲသွားကြရ။ လွမ်းလွမ်းနဲ့ ခွဲကြရ ရှင်ကွဲ။ ဒီတော့-တွဲဘေးကြီးရယ်, ခွဲဘေးကြီးရယ်, မွဲဘေးကြီးရယ် ဒီဘေးကြီးသုံးပါးလွတ်ဖို့ လိုတယ်။

အကြောင်းအားလျော်စွာ ခွဲရပြန်ရင်လည်း အခွဲကြမ်းကြီး မခွဲမိအောင် မခွဲဖြစ်အောင်၊ အခွဲနုနု ခွဲနိုင်အောင်။ အခွဲကြမ်း, အခွဲနု အခွဲကလည်း နှစ်မျိုးရှိတယ်၊ အခွဲကြမ်းဆိုတာ ကြမ်းကြမ်းတမ်းတမ်းကြီး ခွဲရတာ၊ တစ်ယောက်နဲ့တစ်ယောက် ခုနကပြောသလို သေခွဲခွဲကြတော့, အသက်ပျောက်တဲ့နေရာ တကတည်း ကြမ်းကြမ်းတမ်းတမ်းကြီး၊ ကားမှောက်ပြီးတော့, လှေမှောက်ပြီးတော့, သင်္ဘောမှောက်ပြီးတော့ ဆိုသလို၊ ကိုယ့်နား ဘယ်သူမှ မရှိ၊ မကူညီနိုင်၊ ကူညီမယ့်သူမှရှိ၊ ရေလေးသောက်ချင်လို့မှ ရေပေးမယ့်သူ မရှိဘဲနဲ့ ဖြုန်းဒိုင်းဆိုပြီးတော့ "ဥပစ္ဆေဒက မရဏ"နဲ့ ခွဲကြရ။ သို့မဟုတ် သူများတွေရဲ့ လက်ချက်နဲ့၊ လက်နက် ဒုတ်ဓားနဲ့ ရိုက်ပုတ်, သတ်ပုတ် ထိုးခုတ်တာ ခံရပြီးတော့ ခွဲရ၊ အဲဒါ အခွဲကြမ်းတွေပဲ။ ဒီတော့ အဲဒီအခွဲကြမ်းမျိုးမှ မခွဲမိအောင် မခွဲရအောင်တော့ ကိုယ့်ဘာကို သတိဆောင်ပြီးတော့ ကိုယ်က သူများကို အခွဲကြမ်းနဲ့ မခွဲမိစေရဘူး။

သူများကို ကိုယ်က သတ်လိုက် ပုတ်လိုက်ရင် သူဟာ အဲဒီ သူ့အစုအဝေးကနေ ခွဲထွက်ရတဲ့နေရာ ကိုယ့်လက်ချက်ကြောင့်၊ ကိုယ့်ဓားချက်ကြောင့်၊ ကိုယ့်သေနတ်ချက်ကြောင့်၊ ကိုယ့်ဒုတ်ချက်ကြောင့် သူ့ ခွဲရတယ်ဆိုရင် သူ့အခွဲကြမ်းကြီး ခွဲရတာ၊ အဲဒီ အခွဲကြမ်းကြီးဟာ ကိုယ့်ဆီပြန်ရောက်လာတာပဲ တော်ကြာတော့ ကိုယ့်မိသားစုနဲ့ ခွဲပြီဆိုတော့လည်း ကိုယ့် အဲလိုသတ်မယ့်ပုတ်မယ့်သူ၊ ရိုက်မယ့်သူတွေနဲ့ ကြုံပြီးတော့ ခွဲရတတ်တယ်၊ သူများ ကိုယ်က တစ်ခါတည်း ရောဂါအမျိုးမျိုး, ဘေးအမျိုးမျိုးသင့်အောင် လုပ်ပြီးတော့ ခွဲရင်၊ ကိုယ့်လည်း ဘေးအမျိုးမျိုး,

http://www.dhammadownload.com



ရောဂါအမျိုးမျိုး သင့်ပြီးတော့ ခွဲရ, ခွဲရအောင်လုပ်တဲ့သူနဲ့ ကြုံရတတ်တယ်။ ဒါကို ဝင်လိုက်တယ်လို့ ခေါ်တယ်။ ဝိပါက် ဝင်လိုက်တယ်။

တကယ့်ဒိတ်ဒိတ်ကြဲ ရဟန္တာအရှင်မြတ် ဇေတဒဂ်ရ လက်ဝဲရံ ရှင်မောဂ္ဂလာန် ကိုယ်တော်မြတ်ကြီးလေ, ပါရမီဖြည့်ဖက်တွေမို့လို့ ကံက စုပေးလိုက်တော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးတို့, လက်ျာရံ အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးတို့, အရှင်မဟာကဿပ, အရှင်အာနန္ဒာကိုယ်တော်မြတ်ကြီးတို့နဲ့ လာဆုံပြီးတော့ တွဲမိနေလိုက်တာ၊ ဟန်ကျလိုက်တာ, အဆင်ပြေလိုက်တာ, တွဲတုန်းက။

ခွဲထွက်တဲ့အခါကျတော့ ရိုးရိုးပရိနိဗ္ဗာန် မစံရဘူး၊ တစ်ခါတည်း ခိုးသားငါးရာက ဝိုင်းပြီးတော့ ရိုက်ကြနှက်ကြ သတ်ကြခုတ်ကြနဲ့ တစ်ခါတည်း စိစိညက်ညက်ကြေ. . . လို့ ခန္ဓာကိုယ်ကို၊ ခန္ဓာကိုယ်တော်ကို စိစိညက်ညက်ကြေအောင်, အရိုးအရေတွေကို ဂုံနီအိပ်လို့ ငှက်ပြောတုံးလို ဖြစ်သွားအောင်၊ နုတ်နုတ်စင်းထားတဲ့ ငှက်ပြောတုံးကြီးကဲ့သို့ ဓားနဲ့အကြိမ်ကြိမ်မွှန်းထားတဲ့ ငှက်ပြောတုံးကဲ့သို့ ခန္ဓာကိုယ်ကို ဖြစ်သွားအောင် ခံရတာ။ အဲဒါဘယ်သူတုန်းဆိုတော့ ကံပဲ. . . တဲ့။ ဘယ်သူမပြု မိမိမှု ကိုယ်ပြုခဲ့တဲ့ ကံ၊ ရှေးအတိတ်တုန်းက ပုထုဇဉ်သဘာဝ လောဘဒေါသ မကင်းနိုင်တော့ မိဘတွေကို ရိုက်နှက်ခဲ့မိတဲ့ ကံကြီးက ပါလာလိုက်တာ၊ ဒီတော့ အခွဲကြမ်းကြီးပေါ့။ ဒါ အခွဲကြမ်း ခွဲရတာခေါ်တယ်။

အရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန်စံကာနီးကျတော့ သွေးတွေအန်လိုက်တာ ထွေးခံတစ်လုံး ထွက်သွန်နေတုန်း နောက်ထွေးခံတစ်လုံးက ပြည့်နေပြန်တယ်၊ ဒီထွေးခံ သွားသွန်နေတုန်း နောက်ကတစ်လုံး အန်ပြန်၊ ဖျော့တော့. . . ပြီးတော့ နောက်ဆုံး ဖြူဖတ်ဖြူရော်ဖြစ်ပြီး ပရိနိဗ္ဗာန်စံရတယ်၊ ခွဲတဲ့အချိန်မှာ နုနုနယ်နယ် မခွဲရဘူး၊ ကြမ်းတမ်းလိုက်တာ ကြမ်းကြမ်းတမ်းတမ်းကြီး ခွဲရတာ၊ ဘယ်သူလုပ်တာတုန်း သူပဲ. . . စာက ဆိုတယ်၊

ဟိုး. . . ရှေးအတိတ်တုန်းက နွားကျောင်းသား ကျွဲကျောင်းသားဖြစ်တော့၊ နွားကျောင်းသား ကျွဲကျောင်းသားဘဝနဲ့ နွားကျောင်း ကျွဲကျောင်းရင်းနဲ့ ကျွဲကြီးတွေ မျှော့တွယ်တယ်ဆိုတာရှိတယ် ရေထဲမှာနေတော့ မျှော့ဆိုတာ လူလည်း တွဲတတ်တယ်၊ သူက သွေးစုပ်တာပါပဲ၊ လူကပ်ပြီးတော့ ခြေသလုံးတို့ ဘာတို့ ကပ်ပြီးတော့ အထဲကသွေးစုပ်တာ၊ အဲဒီ မျှော့ကို ဖမ်းပြီးတော့ သူက မျှော့တွေကို ဆားနဲ့တို့လိုက်ရင် စုပ်ထားတဲ့သွေးတွေ အကုန်လုံးအန်ထွက်တာပဲ မျှော့က၊ ပါးစပ်နား ဆားသာ ပုံလိုက်လို့ရှိရင် တစ်ခါတည်း အဲဒီမျှော့ဟာ မနေနိုင်ဘူး၊ ရှိသမျှ ဝမ်းထဲကသွေးတွေ သူစုပ်ထားသမျှသွေးတွေ အကုန်လုံး အန်ထုတ်။

၆၉

http://www.dhammadownload.com



အဲဒီတော့ နွားကျောင်းသားဆိုတော့ ဘာရယ်လို့ နားမလည်းဘူးလေ၊ ပျော်ချင်တာနဲ့ မျှော့ဖမ်းပြီးတော့ အဲဒီဆားနဲ့ ပုံလေ့ရှိတယ် သူက။ ပုံပုံပြီး ဆော့ခဲ့တယ်၊ ကစားခဲ့တယ်။ အဲ-သွေးတွေအန်ထုတ်တာ ဝမ်းသာ. . . လို့ သဘောကျလို့ သူက၊ အဲဒီဝဋ်ကြွေးကြီးလိုက်လာလိုက်တာ ဘဝတိုင်း ဘဝတိုင်း ဒီလိုသွေးအန်ရတဲ့ အပြင်၊ ရဟန္တာကြီးအဖြစ်နဲ့ ပရိနိဗ္ဗာန်စံတဲ့ နောက်ဆုံးဘဝလည်း ဒီဒဏ်ကြီး ခံရတယ်။ ကဲပဲ. . .။ အဲဒါ-အခွဲကြမ်းကြီး ခေါ်တယ်။

ဒီပြင် မိထွေးတော်ဂေါတမီတို့ ရှင်အာနန္ဒာတို့ ပရိနိဗ္ဗာန်စံရတာ၊ ရှင်ရာဟုလာတို့ ပရိနိဗ္ဗာန်စံရတာကျတော့ ကောင်းလိုက်တာ. . . တကတည်း၊ ညင်ညင်သာသာ, ချမ်းချမ်းသာသာ၊ ရှင်အာနန္ဒာ ပရိနိဗ္ဗာန်စံတော့များ တစ်ခါတည်း လုံကြလို့-သူ့ဘက်ငါ့ဘက်၊ တို့ဘက် ပရိနိဗ္ဗာန်စံမှာ၊ ဟိုဘက် စံမှာနဲ့၊ တို့ဆီ စံမှာ, သူ့ဆီစံမှာ၊ အလောင်းတော်တို့ဘက် ယူမှာ၊ သူ့ဆီယူမှာနဲ့ ဖြစ်နေကြလို့။

ကဲ-အားလုံးငြိမ်ငြိမ် သက်သက်နေကြ. . . ကောင်းကင်မှာ,ပရိနိဗ္ဗာန်စံမယ်. . . ကောင်းကင်ကြည့်နေကြ. . . ဆိုပြီး ကြည့်နေကြ၊ ကောင်းကင်တက်သွားပြီးတော့ ကောင်းကင်ကနေပြီး ဈာန်ဝင်စား၊ တန်ခိုးအဘိညာဉ်တွေ ပြ၊ အားလုံးဝိုင်းဖူးနေတဲ့ ကြားထဲကနေပြီး, ကောင်းကင်မှာ ပရိနိဗ္ဗာန်စံတဲ့ပြီးတော့ ကောင်းကင်မှာပဲ တေဇောဓာတ်မီးတွေ လောင်းတဲ့ပြီးတော့၊ ဓာတ်တော်တွေ၊ ဟိုဘက် ဒီဘက် မျှပြီးတော့ ကျပါစေသား. . . ဆိုပြီးတော့ မိဋ္ဌာန်လိုက်တာ အကုန်လုံး ဟိုဘက် ဒီဘက်မျှကျသွားကြတော့။

အင်း-ရှင်ရာဟုလာ ပရိနိဗ္ဗာန်စံတော့လည်း တာဝတိံသာသွားပြီးတော့ ပရိနိဗ္ဗာန်စံတယ်၊ အဲသလိုပေါ့လေ. . . ရှင်မောဂ္ဂလာန်တို့, ရှင်သာရိပုတ္တရာတို့ကျတော့ အခွဲကြမ်းကြီးနဲ့ ခွဲရတာ။ အရှင်အာနန္ဒာတို့ ရှင်ရာဟုလာတို့ကျတော့ အခွဲနုနဲ့ ခွဲရတာ၊ အဲ-ခွဲဘေးကြီးတော့ သင့်တော့သင့်တယ်၊ ကြမ်းကြမ်းဘေးကြီးနဲ့ မသင့်အောင် သတိဆောင်ပြီးတော့ ကိုယ့်ကိုယ်ကို သတိထားပြီးတော့ သူများကို ကြမ်းကြမ်း တမ်းတမ်းကြီးနဲ့ သွားပြီးတော့မခွဲမိကြစေ. . . နဲ့။

ကဲ-ဘာပဲပြောပြော ခွဲဘေးကြီး တွဲဘေးကြီး မွဲဘေးကြီးသုံးပါးမှ လွတ်ပါစေသား, လွတ်စေသား. . . လို့ ဒကာဦးသောင်းစိန် လွတ်ပါစေသား၊ ဒီတပည့်တော် တပည့်တော်မတို့သည်လည်း တွဲဘေးကြီးလို့ခေါ်တဲ့ ဇာတိ ပဋိသန္ဓေ တည်နေကိန်းအောင်းရခြင်းဆိုတဲ့ ဇာတိဒုက္ခ၊ ခွဲဘေးကြီးလို့ဆိုတဲ့ မရဏဒုက္ခ၊ မွဲဘေးကြီးလို့ဆိုတဲ့ နိဗ္ဗနဒုက္ခ၊ အဲဒီဘေးကြီး သုံးဝါးမှ ရဟန်းဒကာကြီး ဦးသောင်းစိန် ဒီနေ့ သံဃာတော် (၁၅၀၀)ကျော်ကို တပည့်တော်တို့ ဆွမ်းလောင်းဆွမ်းကပ်ရတဲ့

http://www.dhammadownload.com



ကုသိုလ်ကောင်းမှု၊ တရားတော်ကို နာကြားရတဲ့ ကုသိုလ်ကောင်းမှု၊ ပရိသတ်တွေကို ကျွေးမွေးဧည့်ခံရတဲ့ ကုသိုလ်ကောင်းမှုကြောင့် လျင်မြန်ဆောစွာ လွတ်ပါစေသား. . . လွတ်စေသား. . .။

တပည့်တော် တပည့်တော်မတို့သည်လည်း ဤတွဲဘေးကြီး, ခွဲဘေးကြီး မွဲဘေးကြီးတို့မှ လျင်မြန်ဆောစွာ လွတ်ကြရပါလိုကုန်၏. . . လို့၊ တွဲဘေးကြီး, ခွဲဘေးကြီး မွဲဘေးကြီးလို့ဆိုတဲ့ ဇာတိဒုက္ခ, ဇရာဒုက္ခ, ဗျာဓိဒုက္ခ, မရဏဒုက္ခတို့မှ လွတ်ရာလွတ်ကြောင်းဖြစ်တဲ့ ပါရမီကုသိုလ်ကောင်းမှုတွေကို ဒီနေ့ အကြီးအကျယ် အထူးတလည်ပြုကြသလို. . . နေ့စဉ်နေ့စဉ် နည်းများမဟူ ကုသိုလ်ကောင်းမှု တရားတို့ကို ကြိုးစားအားထုတ် ပြုလုပ်နိုင်ကြတဲ့ အမျိုးကောင်းသား အမျိုးကောင်း သမီးတွေ ဖြစ်ကြပါစေကုန်သတည်း။

ဤကဲ့သို့ တွဲဘေး ခွဲဘေး မွဲဘေးကြီးတို့မှ လွတ်ရာဖြစ်တဲ့ သန္တိသုခ နိဗ္ဗာန ဓာတ်ကို ရည်မှန်းပြီး လွတ်ရာလွတ်ကြောင်း ပါရမီကောင်းမှုတွေကို ကြိုးစားအားထုတ် ပြုလုပ်တော်မူသွားကြတဲ့ ရှေးရှေးသော အရိယာနွယ်လောင်း သူတော်ကောင်း သူတော်ကောင်းမကြီးတို့ ရောက်အပ် ရအပ် သိမြင်အပ်သော နိဗ္ဗာန ဓာတ်, ချမ်းသာထူး ချမ်းသာမြတ်ကြီးကို လျင်မြန်ဆောစွာ ဆိုက်ရောက်ကြ ပါလို ကုန်သောဟူ၍ ပတ္ထနာအောင်ဆု ပြုကြကုန်ရာသတည်း. . .။

သာဓု. . . သာဓု. . . သာဓုပါဘုရား. . .။

http://www.dhammadownload.com

# သနာထသုတ်
## အားကိုးစရာ အနှစ်ရှာတရားတော်

ဒီနေ့ မြန်မာကောဇာသက္ကရာဇ် ၁၃၄၈-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်(၈)ရက်၊ ခရစ်နှစ် ၁၉၈၆-ခု၊ မေလ(၂)ရက်၊ သောကြာနေ့မှာ၊ အမရပူရမြို့၊ မဟာဂန္ဓာရုံကျောင်းတိုက်ရှိ ပရိယတ်,ပဋိပတ်သာသနာ့တာဝန်ထမ်းဆောင်နေကြသော၊ သံဃာတော်(၆၀၀)ကျော်တို့အား၊ နံနက်အချိန် ထပ်တစ်ရာဆွမ်းများဖြင့်လည်းကောင်း၊ နေ့လယ်အချိန်မွန်မြတ်သောဆွမ်းဘောဇဉ်များဖြင့်လည်းကောင်း၊ လာရောက်ပြီးတော့ လောင်းလှူကြ, ဆက်ကပ်ကြတဲ့ ကုသိုလ်ကောင်းမှုရှင်များက၊ မန္တလေးမြို့၊ ကွမ်းခြံရပ်မှာ နေထိုင်ကြတဲ့ ဆွမ်းအမဒကာမဒေါ်အုန်းနဲ့သားသမီးများ မိသားစုတို့ဖြစ်ကြပါတယ်။

အဲဒီမန္တလေးမြို့၊ ကွမ်းခြံရပ်မှာနေထိုင်တဲ့၊ ဆွမ်းအမဒေါ်အုန်းနဲ့သားသမီးများမိသားစုက၊ လွန်ခဲ့တဲ့နှစ်က ဘဝတစ်ပါးပြောင်းသွားကွယ်လွန်ခဲ့တဲ့၊ သားဖြစ်သူကိုဖေကို ရည်စူးပြီးတော့၊ အဲဒီ သားဖြစ်သူ ဘဝတစ်ပါးပြောင်းသွားကွယ်လွန်တဲ့ ကိုဖေရဲ့ရောက်ရာဘဝလူနတ်နိဗ္ဗာန်သုံးတန်ချမ်းသာ ရရာရကြောင်းကောင်းမှုပါရမီတိုးပါစေ. . . လို့ ဆိုပြီးတော့၊ သူ့အတွက် အခုသံဃာ(၆၀၀)ကျော်ကို၊ နံနက်ဆွမ်းနေ့ဆွမ်းနှစ်ထပ်သောဘောဇဉ်များဖြင့်လောင်းလှူဆက်ကပ်ကြခြင်း၊ တဘက်(၅၅)ထည်ကို သံဃိကဒါနလှူဒါန်းကြခြင်း၊ ကမ္မဝါစာကျမ်းစာတစ်ဆူကိုလည်းပဲ၊ ဓမ္မဒါနအနေကျအောင်လှူဒါန်းကြခြင်း၊ နောက်ရေခဲမုန့်ဆွမ်းများသံဃာတော်(၆၀၀)ကျော်ကိုလောင်းလှူဆက်ကပ်ကြခြင်း၊ ထိုမှတစ်ပါးမိမိတို့ ဖိတ်မန္တကပြုထားတဲ့ မိတ်ဆွေသင်္ဂဟအပေါင်းသူတော်ကောင်းတွေကိုလည်းပဲ တတ်စွမ်းသမျှ သဒ္ဓါဖြူဖွေး ကျွေးမွေးဧည့်ခံသမှု ပြုကြတယ်. . .။

ဒီတော့ ဒီနေ့ဒကာမကြီး ဒေါ်အုန်းတို့ မိသားစုက၊ ကိုယ့်အတွက်ချည်းမဟုတ်ဘဲနဲ့၊ သားဖြစ်သူ ကိုဖေအတွက်ပြုပေးတာ၊ ပြုပေးတာမှ ဒီနေ့ အကောင်းဆုံးလက်ဆောင်ကောင်းပို့တာ သူ့ဆီကို၊ ဒီနေ့ လက်ဆောင်ပစ္စည်းတွေထဲမှာဖြင့် အကောင်းဆုံးဖြစ်တဲ့ လက်ဆောင်ပစ္စည်းပို့တာလို့ခေါ်တယ်၊ သူ့အတွက် ဒီလိုကုသိုလ်ကောင်းမှုပြုပြီးတော့ ပို့ပေးတဲ့၊ ပါရမီကုသိုလ်ကောင်းမှုပို့ပေးတဲ့ ရိက္ခာကောင်းဟာ အကောင်းဆုံးရိက္ခာပဲ၊ ဒီပြင်စားဖွယ်သောက်ဖွယ်ပေးတာထက်၊ ဒီပြင်ဝတ်စရာဆင်စရာပေးတာထက်၊ ဒီပြင်နေစရာထိုင်စရာပေးတာထက်၊ အခုလိုဒါန, သီလ, ဘာဝနာ, ဆိုတဲ့ကုသိုလ်ကောင်းမှုကို သူ့ကိုယ်စား ပြုပေးပြီးတော့ သူ့ဆီကို ပို့ပေးတာ။

http://www.dhammadownload.com



အဲဒါ သူ့အတွက်လည်းကောင်း၊ ကိုယ့်အတွက်လည်းကောင်း၊ တစ်ချက်ခုတ် နှစ်ချက်ပြတ် ကောင်းမှုကြီး၊ တစ်ချက်ရိုက် နှစ်ရာထင်တဲ့ ကောင်းမှုကြီး။ အထူးသဖြင့် အားကိုးစရာအစစ်၊ ရိက္ခာကောင်း လက်ဆောင်ကောင်းကြီးကို ပို့တာလို့ခေါ်တယ်၊ အခု သံဃာ(၆၀၀)ကျော်ကို မနက်လည်း လောင်းလှူတယ်၊ နေ့လည်း လောင်းလှူတယ်။ ဒီတော့ အဲဒီ သံဃာ(၆၀၀)ကျော်ကို လောင်းလှူတဲ့ အားဟာ၊ ဒါနကုသိုလ် ကောင်းမှုအားပဲ၊ (၁၀)ပါးလောင်းတာနဲ့ မတူဘူး၊ (၁၀၀)လောင်းတာနဲ့ မတူဘူး၊ သံဃာအပါး(၆၀၀)ဆိုတော့ စိတ်စေနာက အပါး(၆၀၀)ပေါ်မှာ ပြန့်နေတယ်၊ စေတနာတွေက၊ မေတ္တာတွေက၊ သဒ္ဓါတွေက ပြန့်နေတယ်၊ ဒီတော့ မနက် (၆၀၀)ကျော် လောင်းလှူတယ်၊ ဘုရားသားတော် သံဃာတော်(၆၀၀)ကျော်ရဲ့ သပိတ်ထဲမှာ လောင်းလှူတယ်၊ နေ့လယ်လည်း ဒီလိုပဲ (၆၀၀)ကျော်လောင်းလှူတယ်၊ ဒီနေ့ ဘုရားသားတော် သံဃာတော်(၁၀၀၀)ကျော်ကို ဆွမ်းဘောဇဉ်တွေနဲ့လောင်းလှူ ရေခဲမုန့်တွေနဲ့ ဆက်ကပ်၊ တဘက်ခေါ်တဲ့ သက်န်း(၅၅)ထည် လှူ။

သာသနာတော်ရဲ့ ဇစ်မြစ်ကမ္မဝါစာဆိုတာ ကံကြီးကံငယ်၊ သာသနာ့ အလုပ်တွေကိုလုပ်ဖို့ရာ၊ မြတ်စွာဘုရားသာသနာတော်ကြီးရဲ့ ပင်မရေသောက်မြစ်နဲ့တူတဲ့ ကမ္မဝါစာကျမ်းစာကိုလည်းလှူ အဲဒီလိုအားဖြင့် ဒီနေ့ ဒကာမကြီး ဒေါ်အုန်းတို့ ပြုလုပ်အားထုတ်သမျှ; (၁)က သားဖြစ်သူ ကိုဖေအတွက်၊ (၂) မိမိအတွက်ကတော့ သွားရင်းဟန်လွဲ ငှစ်ချက်ခုတ် နှစ်ချက်ပြတ် ပြီးသွားပြီ၊ အဲဒီလိုအားဖြင့် သားဆီကို ဒီနေ့ အကောင်းဆုံးရိက္ခာပို့တဲ့နေ့. . . ။ နောက်ဆုံး ဒီ ကုသိုလ်ကောင်းမှုတွေ ရှိရှိသမျှ ခုန သံဃာတော်တွေ ဆက်ကပ်တာ၊ လှူဒါန်းတာတွေနှင့်တကွ၊ မိတ်ဆွေသင်္ဂဟအပေါင်း သူတော်ကောင်းတွေ ကျွေး မွေးညှော်ခံလို့ ဖြစ်လာသမျှ လှူတဲ့တန်းတဲ့ ဒါနကုသိုလ်တွေ၊ အခုလို လှူနိုင်တန်းနိုင်အောင် စီမံကြ၊ ဆောင်ရွက်ကြ၊ စီစဉ်ကြ၊ လုပ်ကြကိုင်ကြဆိုတဲ့ ဝေယျာဝစ္စ သီလ ကုသိုလ်တွေ။

အခု တရားနာတဲ့ဘာဝနာကုသိုလ်က စပြီးတော့ အခုဘုန်းကြီး ဟောမယ့် မြတ်စွာဘုရားရဲ့ သနာထသုတ်တော်တရားတော်ကို နာကြားရတဲ့ ဘာဝနာ ကုသိုလ်တွေက စပြီး ဒီနေ့ ရသမျှကုသိုလ်တွေကို နောက်ဆုံးကျတော့ ရိက္ခာထုပ်ထုပ်ပြီးတော့ ကိုဖေ့ဆီကို ပို့ကြမယ်. . . ။ ကိုဖေ ရပါစေ. . . ။ ကိုဖေ ရောက်လေရာဘဝကနေပြီးတော့ သိနိုင်၊ မြင်နိုင်၊ ကြားနိုင်တဲ့ အခြေအနေရှိရင် သိမြင်ကြားပြီးတော့ ဒီကုသိုလ်ကောင်းမှုတွေ ဝမ်းမြောက်နိုင်ပါစေ. . . ။ သာဓုခေါ်နိုင်ပါစေ. . . ၊ ရပါစေ. . ၊ ရပြီးတော့ သူ့မှာ မဂ်ဖိုလ်နိဗ္ဗာန်ရကြောင်း ကောင်းမှု

http://www.dhammadownload.com



အားကြီးတိုးပါစေလို့ ဒါရိကွာကောင်း။ အားကိုးစရာ, အားထားစရာအစစ် ပစ္စည်းပို့တာခေါ်တယ်။ မြတ်စွာဘုရားက အင်္ဂုတ္တရနိကာယ် သနာထသုတ်တော်မှာ၊ သတ္တဝါတွေကို ဘယ်လိုသတိပေးလိုက်တုန်းဆိုတော့၊

* သနာထ ဘိက္ခဝေ ဝိဟရထ, မာ အနာထ။

ဘိက္ခဝေ-မင်္ဂဖိုလ်နိဗ္ဗာန်လိုလား, အမျိုးကောင်းသား, အမျိုးကောင်းသမီးအပေါင်း, သူတော်ကောင်းတို့၊ သနာထ-မိမိတို့ရဲ့ အားကိုးစရာ, အားထားစရာအစစ်, ဥစ္စာပစ္စည်းကို , ရှာဖွေစုစည်းဖြစ်ကြကုန်လျက်၊ ဝိဟရထ-နေမိကြပစေကုန်၊ အနာထ- အားကိုးစရာ အားထားစရာအစစ်, ဥစ္စာအနှစ်ကို, မရှာမိကြကုန်သည်ဖြစ်၍၊ မာ ဝိဟရထ-မနေမိကြစေကုန်နဲ့. . .။

မင်္ဂဖိုလ်နိဗ္ဗာန်လိုလား ချစ်သားချစ်သမီးတို့. . . တဲ့၊ ကိုယ့်ရဲ့အားကိုးစရာ, အားထားစရာအစစ်, ရှာဖွေစုစည်းဖြစ်ပြီးတော့ နေမိကြပါစေ. . . တဲ့၊ နေ့နေ့ညည နေမိကြပါစေ၊ အားကိုးစရာ, အားထားစရာ အစစ်မဟုတ်တာတွေကို, ရှာဖွေရင်းနဲ့, အချိန်ကုန်မသွားကြစေ. . . နဲ့၊ ဟောဒါမြတ်စွာဘုရားသနာထဆိုတဲ့ သုတ်တော်မှာသတိပေးတော်မူတဲ့စကား၊ နေ့တိုင်းနေတိုင်း ကိုယ့်ရဲ့အားကိုးစရာ အားထားစရာ, ဥစ္စာနှစ်ကို ရှာမှီးတဲ့သူတွေဖြစ်ပါစေ. . .။ အားကိုးစရာအတုတွေကို အားကိုးစရာ အစစ်ထင်ပြီးတော့ အချိန်ကုန်မသွားစေနဲ့၊ ဒီတော့ အားကိုးစရာအစစ် ဥစ္စာနှစ်ကိုရှာမိပါစေ, ဖြစ်ပါစေလော. . .။ အားကိုးစရာအစစ်, ဥစ္စာနှစ်ဆိုတာက ဘာတုန်းလို့မေးစရာရှိတယ်။ တပည့်တော်တို့နေ့စဉ်ရှာနေတဲ့ရွှေတွေငွေတွေ, ကျောက်သံပတ္တမြားတွေ, လယ်ယာကိုင်းကျွန်းတွေ, အိမ်ယာခြံမြေတွေ, ဆင်မြင်းကျွဲနွားတွေဒါတွေလား၊ သို့မဟုတ်-နေ့စဉ်ပေါင်းသင်းဆက်ဆံနေကြတဲ့ သမီးခင်ပွန်းအချင်ချင်းတွေ, သားတွေသမီးတွေ, မြေးတွေမြစ်တွေ, တူတွေတူမတွေ, ဒါတွေအားကိုးစရာအစစ်တွေလားလို့ဆိုတော့-

အတ္ထာ ဂေဟေ နိဝတ္တန္တိ, သုသာနေ မိတ္တဗန္ဓဝါ၊
သုကတံ ဒုက္ကတံ ကမ္မံ, ဆာယာဝ အနုယာယိနီ။

မရဏကာလေ-မရဏမင်း, သူ့လက်တွင်းသို့, သက်ဆင်းလိုက်ပါ, သေကြရသော, နောက်အခါ၌၊ အတ္ထာ-လယ်ယာမိုးမြေ, ရွှေငွေပတ္တမြား, စိန်ကျောက်စသော အသုံးဆောင်များတို့သည်၊ ဂေဟေဝ-မိမိတို့နေရာ, အိမ်ဂေဟာ၌သာလျှင်၊ နိဝတ္တန္တိ-ကျန်ရစ်သူတွေခံစားဖို့, အခန့်သားစုပုံ, နေရစ်ကြလေကုန်၏၊ မိတ္တဗန္ဓဝါ-သေခါနီးတွင်, မခွဲချင်ပဲ ချစ်ခင်အားထား, သမီးသားနှင့်, များပြားရံရွေ, မိတ်ဆွေသင်္ဂဟ, ဟူသမျှတို့သည်လည်း၊ သုသာနေ-မြို့စွန်

* အံ-၃-၂၇၅။

http://www.dhammadownload.com



ရှာဖျား, တောချုံကြားဝယ်, အများစက်ဆုပ်, လူသေမြှုပ်သည့်, ဘုတ်တို့ ပျော်စံ, မြေသုသာန်၌၊ နိဝတ္တန္တိ-အသံဆိုးဖြင့်, အမျိုးမျိုးအော်ဟစ်လျက်, စွန့်ပစ်ချန်ထား၍, ပြန်သွားကြလေကုန်၏၊ သုကတံ ဒုက္ကတံ ကမ္မံ-မိမိပေါင်းစုကိုယ်တိုင်ပြုခဲ့တဲ့, နေ့တိုင်းပြုခဲ့တဲ့, ကောင်းမှု မကောင်းမှု ကံသည်သာလျှင်၊ ဆာယာ-အရိပ်သည်၊ အနုယာယိနီ ဣဝ-သွားသူနောက်သို့ ကော်ကောက်မသွေ, လိုက်ပါလေသကဲ့သို့၊ အနုယာယတိ-ဘဝသံသရာ, အစဉ်ပါအောင်, မကွာစိုက်စိုက်, ခြေရာနင်း၍, အရှင်းလိုက်လေတော့သတည်း. . .။

သာဓု. . . သာဓု. . . သာဓုပါဘုရား. . .။

ဒီတော့ အားကိုးစရာအစစ်ဆိုတာဘာတုန်း. . .၊ အားကိုးစရာအစစ်ဥစ္စာနှစ်ရှာမှီးတဲ့သူတွေ နေ့တိုင်းဖြစ်အောင်နေကြလို့ဘုရားကဟောတော်မူတော့ အားကိုးစရာအစစ်ဥစ္စာနှစ်ဆိုတာ တပည့်တော်တို့ရှာနေတဲ့ စိန်တွေ၊ ရွှေတွေ၊ ငွေတွေ၊ ကျောက်သံပတ္တမြားတွေ ကမ္ဘာလောကကြီးက အားလုံး အဲဒီပစ္စည်းတွေကို အင်မတန်အားကိုးတယ်လေ။ အတွင်းပစ္စည်းစုမိအောင်ဆိုပြီးတော့ နေ့တိုင်းစုကြ၊ ဆောင်းကြ၊ ရှာဖွေကြရ၊ ဒီတော့ စုကြ၊ ဆောင်းကြ၊ ရှာဖွေကြရင်းနဲ့ ဒီပစ္စည်းပေါ်မှာလည်း အင်မတန်အားကိုးအားထားတယ်။ အားကိုးအားထားလို့လည်း တစ်ထုပ်ထုပ် တစ်ပိုးပိုး မီးလောင်မှာစိုးလို့၊ သူခိုး ခိုးမှာစိုးလို့၊ ဓားပြတိုက်မှာစိုးလို့။ အားကိုးတကြီးရှာကြရတယ်. . .။ မရ , ရအောင်ရှာရတယ်။

မရတော့ တောင့်တ, ရတော့ ကြောင့်ကြ ဆိုတဲ့အတိုင်း၊ မရခင်လည်း တောင့်တလိုက်ရ၊ ရချင်လိုက်တာ၊ ရလာတော့ တစ်ခါကြောင့်ကြ မီးလောင်မှာကြောင့်ကြရ၊ ရေမျောမှာကြောင့်ကြရ၊ သူခိုး,ခိုးမှာ ကြောင့်ကြရ၊ ဓားပြတိုက်မှာကြောင့်ကြရ၊ မင်းစိုးရာဇာသိမ်းမှာ ကြောင့်ကြရ၊ အဲဒီလို အားကိုးတကြီးနဲ့ အလုပ်လုပ်ပြီးတော့ စုဆောင်းရှာဖွေထားတဲ့ အဲဒီဥစ္စာအနှစ်တွေဟာ မရှာရဘူးတော့မဟုတ်ပါဘူး။ ဘုရားက အိမ်ရာတည်ထောင် လူ့ဘောင်နေတဲ့သူဆိုတော့ ရှာပါလေ. . .တဲ့။ ရှာရမှာပေါ့။ သို့သော် သူ့ကိုအားကိုးစရာအစစ်လို့တော့ ဒီလိုတော့ သွားပြီးတော့ မတွက်လိုက်နဲ့အုံးတဲ့။

မရဏကာလေ-မရဏမင်း, သူ့လက်တွင်းသို့, သက်ဆင်းလိုက်ပါ, သေကြရသော, နောက်အခါ၌၊ အတ္တာ-လယ်ယာမိုးမြေ, ရွှေငွေပတ္တမြား, စိန်ကျောက်စသော အသုံးဆောင်များတို့သည်၊ ဂေဟေ-မိမိတို့နေရာ, အိမ်ဂေဟာ၌သာလျှင်၊ နိဝတ္တန္တိ-ကျန်ရစ်သူတွေခံစားဖို့, အခန့်သားစုပုံ, နေရစ်ကြလေကုန်၏. . .။ ကိုယ်ကတော့ ရှာတုန်းဖွေတုန်းကလေ. . . အားကိုးတကြီးနဲ့

http://www.dhammadownload.com



ထမင်းတောင်နပ်မှန်မစားနိုင်ဘူး၊ နေပူမရှောင်, မိုးရွာမရှောင်, သွားလာလှုပ်ရှား လုပ်ကိုင်ရှာဖွေစုဆောင်း. . . ပြီးတော့၊ ရလာပြန်တော့လည်း အားကိုးတကြီးနဲ့ သူ့ကို မီးလောင်မှာစိုးလို့၊ ရေမျောမှာစိုးလို့၊ သူခိုးခိုးမှာ, ဓားပြတိုက်မှာစိုးလို့နဲ့ တထုပ်ထုပ် တပိုးပိုး၊ သိမ်းလိုက်ရ ရွှေ့လိုက်ရ၊ သူ့အတွက်ပဲ ဥပုသ်စောင့်လေး တောင် မထွက်နိုင်၊ သူ့ကြောက်ရလို့ တရားထိုင်လေးတောင် မထွက်နိုင်၊ ပစ္စည်း ဥစ္စာရတနာ ဥစ္စာအနှစ်တွေ၊ အားကိုးလိုက်ရတာ. . .၊ အားကိုးလိုက်ရတာ၊ သို့ သော်-ကိုယ်အားကိုးသလို ဖြစ်လာရဲ့လား၊ တကယ့်အရေး တကယ့်ဘေးကျတော့ သူ အားကိုစရာအစစ် ဖြစ်ရဲ့လားလို့ဆိုတော့-

မရဏကာလေ-မရဏမင်း, သူ့လက်တွင်းသို့, သက်ဆင်းလိုက်ပါ, သေကြရသော, နောက်အခါ၌၊ အတ္ထာ-လယ်ယာမိုးမြေ, ရွှေငွေပတ္တမြား, စိန် ကျောက်စသော အသုံးဆောင်များတို့သည်၊ ဂေဟေဝ-မိမိတို့နေရာ, အိမ် ဂေဟာ၌သာလျှင်. . .။ ကိုယ့်သုသာန်ထိအောင်တောင် လိုက်ပို့ဖော်မရဘူး၊ ကိုယ်ကတော့ အားကိုးလိုက်ရတာ. . . သူ့အတွက်နဲ့ အနစ်နာခံလိုက်ရတာ၊ ဥပုသ်ကလေး ထွက်စောင့်ချင်တာတောင် သူ့ သူခိုး,ခိုးမှာစိုးလို့၊ သူ့ ဓားပြယူမှာ စိုးလို့၊ သူ့ မီးထဲပါသွားမှာစိုးလို့ ဆိုပြီးတော့ သူ့နားကမခွါနိုင်ဘူး၊ (၁၀)ရက်စခန်း၊ (၁)လစခန်း ဇာ့ရားဘာဝနာအလုပ် သူများတွေ ထွက်လုပ်လို့ လုပ်မယ်လို့ စိတ်ကူး လိုက်တိုင်း, စိတ်ကူးလိုက် တိုင်း၊ အဲဒီရွှေငွေကျောက်သံအစရှိတဲ့ ဥစ္စာနှစ်တွေက တားကြတယ်၊ "မသွားနဲ့နေဦး၊ မင်း တရားထိုင်သွားနေတုန်း၊ ငါက မီးထဲပါသွားမှာ၊ မင်းတရားထိုင်ထွက်နေတုန်း၊ ငါက သူခိုးနောက်လိုက်သွားမှာ"နဲ့ မပြောသော် လည်း ပြောသလိုပဲ နားထဲကြားတော့ မထွက်ရက်ဘူး၊ မထွက်ဖြစ်ဘူး၊ မထွက်ချင်ဘူး။

အဲဒီလိုပေါ့လေ. . . အားကိုးတကြီးနဲ့ လုပ်ထားတဲ့ပစ္စည်း ဥစ္စာတွေဟာ နောက်ဆုံး တကယ့်အရေး တကယ့်ဘေးကြီးကြုံတဲ့၊ သေဘေးကြီးနဲ့ကြုံတဲ့အခါ ကျတော့ သူတို့က အိမ်ပေါ်ကတောင် မဆင်းဘူး၊ သုသာန်ရောက်အောင်လိုက် ပို့ဖေါ်မရပါဘူး. . . တဲ့၊ အိမ်ပေါ်တင် နေရစ်တာ၊ ထားတဲ့နေရာက ရွှေ့တောင် မရွှေ့ဘူး၊ မီးခံသေတ္တာထဲထား မီးခံသေတ္တာထဲက ရွှေ့တောင်မရွှေ့ဘူး။ ဂေဟေဝ- မိမိတို့နေရာ၊ အိမ်ဂေဟာ၌သာလျှင်. . . ကျန်ရစ်တော့၊ ထားရစ်တော့, နေရစ် တော့ ကိုယ့်အတွက် အိမ်ပေါ်ကနေတောင် စောင့်ပြီးတော့ အကျိုးများ ပြုမလို့ နေရစ်တာလားလို့ဆိုတော့ ဘယ်ဟုတ်လိမ့်မှာတုန်း၊ ဂေဟေဝ-မိမိတို့နေရာ၊ အိမ်ဂေဟာ၌သာလျှင်၊ နိဝတ္တန္တိ-ကျန်ရစ်သူတွေစံစားဖို့၊ ဟော-ကျန်ရစ်တဲ့သူ တွေ ခံစားဖို့ သူကလက်ပြောင်းတယ်၊ လက်ပြောင်းပြီးတော့ နေရစ်တာ၊

http://www.dhammadownload.com



ကိုယ့်အတွက် သူက ဘာတစ်ခု. . . မှ အကျိုးမပြုတော့ဘူး၊ ဘာတစ်ခုမှ အကျိုးမပြုတဲ့အပြင် မတော်တဆ ကိုယ်က သူ့များစွဲလမ်းပြီးတော့ သေသွားရင် ပြိတ္တာဘုံတောင် သူကပို့လိုက်သေး၊ "ပြိတ္တာတို့ဘောင်, ဥစ္စာဆောင်"တဲ့ ရှေးလူကြီးတွေက၊ ပြိတ္တာဘုံရောက်ရောက်သွားတာ အဲဒီ ဥစ္စာတွေကပို့တာ၊ ဥစ္စာတွေက ပို့တယ်ဆိုဟာ, ဥစ္စာကိုစွဲပြီးတော့ စိတ်က ငါ့ပစ္စည်းတွေ, ငါ့ပစ္စည်းတွေ ဘယ်နားရှိတယ်၊ ငါ့ပစ္စည်းတွေ ဘယ်နားရှိတယ်နဲ့ စိတ်က စွဲသွားတာ။

အဲဒီအစွဲဆိုတာလောဘစာတ်အကုသိုလ်ပဲ၊ အကုသိုလ်ဆိုတာ ဘယ်တော့မှ အထက်မပို့ဘူး အောက်ဆွဲချတဲ့ သတ္တိရှိတယ်။ အကုသိုလ်တရားမှန်လို့ ရှိရင် အောက်ဆွဲချ အောက်တွန်းချတဲ့သတ္တိ။ ဒီတော့ အကုသိုလ်က စွဲလမ်းသွားတဲ့လောဘစာတ်ကြောင့် အပါယ်လေးဘုံထဲက ပြိတ္တာဘုံကိုရောက်တတ်တယ်၊ ဥစ္စာစောင့်တွေ, ပြိတ္တာတွေသွားပြီးတော့ဖြစ်တတ်တယ်၊ ဒီတော့ အဲဒါပစ္စည်းက ကိုယ့်ကိုနှစ်လိုက်တာပဲ၊ ကိုယ်အားကိုးတကြီးလုပ်ထားတဲ့ပစ္စည်းက ကိုယ့်ကို နှိပ်စက်လိုက်တာပဲဒါ၊ တစ်နည်းတော့ နှိပ်စက်ရုံမကဘူး, တစ်ခါတစ်ခါများဆိုရင် အဲဒီရွှေတွေငွေတွေက-

❖ ငါ့စိန် ငါ့ရွှေ, ငါ့ကြေးငွေဟု, စိတ်စေကြည်သာ, ဆိုပြန်ပါလည်း, ကြမ္မာဆော်လိုက်, ကောင်းတော်နိုက်၍, ညှော်ဆိုက်မျှသာ, တည်းခိုပါရှင့်. . . .။

ပစ္စည်းတွေရွှေတွေငွေတွေ, ကျောက်သံပတ္တမြားတွေက. . . တဲ့ ကိုယ်က အားကိုးတကြီးနဲ့၊ သူ့ကို ကိုယ်က အားကိုးပြီးတော့နေပေမဲ့လို့၊ ရွှေတွေငွေတွေက အချင်းချင်းသူတို့က လက်တို့ပြီးတော့ စကားပြောနေကြတယ်၊ "တို့- တို့ပိုင်ရှင်ကြီးက တို့ကို တကတည်း, ခင်ခင်မင်မင်နဲ့ တို့အားကိုးနေလိုက်တာ. . . ။ ကြည့်ပါအုန်း-သူများလည်းမလှူရက်မတန်းရက်၊ သူလည်း မစားရက်မသောက်ရက်နဲ့, တထုပ်ထုပ် တပိုးပိုး၊ တို့ကိုကြောင်းကျလို့တဲ့. . . ဥပုသ်စောင့်လေးတောင် မထွက်ဘူး၊ တို့ကိုစိုးရိမ်လို့တဲ့. . . တရားထိုင်လေးတောင် မထွက်ဘူး၊ ကြည့်ပါအုန်း- တို့ပိုင်ရှင်ကြီး. . . တို့ပိုင်ရှင်ကြီး ကြည့်စမ်းပါအုန်း"နဲ့၊ ရွှေတွေငွေတွေက သေတ္တာထဲကနေပြီးတော့ စကားပြောနေကြတယ်၊ ရယ်နေကြတယ်၊ ပြုံးနေကြတယ်။ ငါ့တို့ကို သူက ငါ့ရွှေငါ့ငွေနဲ့ သူလုပ်လို့သာလုပ်နေတာတဲ့ သူမသိရှာဘူး. . . တဲ့။ တို့က သူ့အိမ်နေတာ, သူ့လက်ထဲနေတာ တို့က ညှော့သည်နေ နေတာ. . . တဲ့၊ ညှော့သည်နေ နေတာ၊ ဒါ သူမသိရှာဘူး. . . တဲ့၊ သူ မသိရှာဘူး၊ တို့က လက်ပြောင်းလာခဲ့တာ များလှပြီ. . . တဲ့၊ များလှပြီ၊ ဦးဖြူလက်ထဲလည်း တို့ရောက်ခဲ့တယ်၊ ဒေါ်ညိုလက်ထဲလည်း ရောက်ခဲ့တယ်၊ ဒေါ်မဲလက်ထဲလည်းရောက်ခဲ့တယ်၊ ဒေါ်လှလက်ထဲလည်း ရောက်ခဲ့တယ်၊ တို့လက်ပြောင်းလာတာ များလှပြီ. . . ။

http://www.dhammadownload.com



ပန္နည်းဥစ္စာတွေဆိုတာ လက်ပြောင်းနေတာပဲလေ၊ အခု ဒီပိုင်ရှင်လက်ထဲနေလိုက်၊ တော်ကြာတော့ ဟိုပိုင်ရှင်လက်ထဲရောက်သွားလိုက်၊ နောက်တစ်ခါ ဟိုပိုင်ရှင်လက်ထဲရောက်သွားလိုက် ဒီလိုပဲ၊ အဲဒီလို လက်ပြောင်းလာတာ သူတို့က ကြာလှပြီ၊ ဒီတော့တစ်ယောက်လက်ထဲ နေတယ်ဆိုတာ "ကြမ္မာဆော်လိုက်, ကောင်းတော်ခိုက်၌" သူ့ရဲ့ကံကြမ္မာမလေးကောင်းနေတဲ့အခိုက်၊ သူ့သူခိုးခိုးမယ့်သူ မရှိ, ဓားပြတိုက်မယ့်သူမရှိ၊ ရေမီးအန္တရာယ် နှောက်ယှက်မယ့်သူ မရှိသေးတဲ့အခိုက် သူ့လက်ထဲတို့ကနေတာ. . . တဲ့၊ သူကံကောင်းနေတဲ့အခိုက် သူ့လက်ထဲ တို့က နေတာ၊ တို့အပေါ်ကနေပြီး သူအမြဲတမ်းမထုတ်တတ်ဘူးနော်. . . ဖြစ်မှဖြစ်ရလေခြင်းလို့ ရွှေတွေငွေတွေက ကျိတ်ပြီးတော့ ပြောပြီးရယ်ကြတယ်. . . တဲ့၊ ရယ်ကြတယ်။

❖ ငါးဖြာရန်သူ, ယူလည်းတို့ပါ, သေမင်းခွါလည်း,
သင့်ရာအလျှောက်, တို့ရောက်သည်ပင်. . .။

ငါးဖြာရန်သူကလာခေါ်ရင် တို့ကလိုက်သွားမှာတဲ့၊ သူကသာ တို့ကို ငါ့ဟာ, ငါ့ဟာနဲ့လုပ်နေတာ၊ တို့က မီးကအခုလာခေါ်ကြည့်စမ်းတဲ့ တို့ကို၊ မီးကလာခေါ်ရင် တို့က မီးနောက်လိုက်သွားလိုက်မှာပဲတဲ့၊ ရေကလာပြီးခေါ်လည်းရေရန်သူကြီးနောက် တို့ကလိုက်မှာတဲ့၊ သူခိုးရန်သူ, ဓားပြရန်သူကြီးတွေက လာခေါ်လည်း၊ တို့က လိုက်သွားလိုက်မှာပဲတဲ့၊ အဲသူခိုးနောက် ဓားပြနောက် ပါသွားတာကိုပဲ လိုက်သွားတယ်လို့ခေါ်တယ်၊ ဒီမယ်တော့ ရင်ကွဲပက်လက်ဖြစ်ကျန်ရစ်တယ်၊ ဟိုကတော့၊သူခိုးဓားပြနောက် ရောက်၊ သူခိုးဓားပြက သုံးတော့ အဲဒီတင် နေကြပြန်၊ သူခိုးဓားပြက ထုခွဲရောင်းချတော့ ဝယ်တဲ့သူတွေဆီ ရောက်, လက်ပြောင်းသွားပြန်၊ ဒီလို တို့က လက်ပြောင်းလာခဲ့တာ ကြာလှပြီ. . . တဲ့၊ ကြာလှပြီ။

❖ သေမင်းခွါလည်း, သင့်ရာအလျှောက်, တို့ရောက်သည်ပင်. .။

သေမင်းက တို့ပိုင်ရှင်ကြီးနဲ့ တို့နဲ့, သေမင်းကခွါလိုက်ပြီဆိုတော့လည်း တို့က သင့်ရာအလျှောက်, တို့ရောက်သည်ပင်. . . တဲ့၊ သင့်တော်ရာ, သင့်တော်ရာလူ့လက်ထဲ တို့ရောက်သွားကြမှာ၊ သားတွေသမီးတွေ ကျန်ရင်လည်း သားတွေသမီးတွေလက်ထဲပေါ့လေ၊ ဒီလိုမှမဟုတ် အမွေခံတွေက လုကြယက်ကြ၊ ရုံးရောက်ဂတ်ရောက်တယ်ဆိုရင်လည်း, ဟိုရောက်ဒီရောက်ပေါ့လေ၊ လုတဲ့ယက်တဲ့သူတွေလည်း ဟိုရောက်ဒီရောက်၊ နောက်ကြားထဲကဖြတ်ထိုး လူတွေကဝင်လု၊ ပါးတဲ့နပ်တဲ့သူတွေက, လယ်တဲ့သူတွေက ရန်တိုက်ပေးပြီးတော့၊ အမွေခံအချင်းချင်းရန်တိုက်ပေး, ရုံးရောက်ဂတ်ရောက်အောင်လုပ်တော့၊ ရုံးသမားဂတ်သမား

http://www.dhammadownload.com



တွေလက်ထဲရောက်သွား၊ တို့ကဒီလိုပဲသေမင်းကခွဲလိုက်ပြီဆိုမှဖြင့် တို့ပိုင်ရှင်ကြီးတွေလက်ထဲကနေ တို့ကသင့်ရာသင့်ရာလက်ပြောင်းခဲ့ကြတာကြာလှပြီ. . . တဲ့၊ ဒါကို မသိရှာဘူးနော်. . . တဲ့၊ မသိရှာဘူးလို့၊ ရွှေတွေငွေတွေကများတောင် ရယ်ကြတယ်. . . တဲ့၊ ဒီတော့အားကိုးစရာအစစ်မဟုတ်ဘူးသူတို့က။

မရဏကာလေ-မရဏမင်း၊ သူ့လက်တွင်းသို့၊ သက်ဆင်းလိုက်ပါ၊ သေကြရသော၊ နောက်အခါ၌၊ အတ္တာ-လယ်ယာမိုးမြေ၊ ရွှေငွေပတ္တမြား၊ စိန် ကျောက်စသော အသုံးဆောင်များတို့သည်၊ ဂေဟေ၀-မိမိတို့နေရာ၊ အိမ်ဂေဟာ၌သာလျှင်၊ နိဝတ္တန္တိ-ကျန်ရစ်သူတွေခံစားဖို့၊ အခန့်သားစုပုံ၊ နေရစ်ကြလေကုန်၏၊ သက်မဲ့ပစ္စည်းတွေက အဲဒီလိုနေတော့နေပါအုန်း၊ သက်ရှိပစ္စည်းတွေကကော၊ သက်ရှိပစ္စည်းဆိုတာ သားတွေသမီးတွေ၊ မြေးတွေမြစ်တွေ၊ တူတွေ တူမတွေ၊ ဆွေတွေမျိုးတွေ၊ သူတို့လည်း အားကိုးလိုက်ရတာ၊ အားကိုးကြရတာ၊ သားလေးအားကိုးပြီးတော့ အရိပ်တကြည့်ကြည့်နဲ့ သူ့ရဲ့အတွက် ကိုယ့်ကိစ္စတွေများ အလုပ်ပျက်ခံပြီးတော့ သူ့အရေး အချိန်ပေးရတယ်၊ ဒီသားအတွက် သားစားဖို့ သမီးစားဖို့၊ သားဝတ်ဖို့ သမီးဝတ်ဖို့၊ သားနေဖို့ သမီးနေဖို့၊ သားပညာရေး သမီးပညာရေး၊ သားကျန်းမာရေး သမီးကျန်းမာရေးအတွက် ကိုယ့်ဒါန သီလ ဘာဝနာကုသိုလ်ကောင်းမှုတွေများ၊ ကိုယ့်ကိစ္စတွေများ အချိန်လျှော့ပြီးတော့ သူ့အတွက်လုပ်ကျွေးလိုက်ရတာ၊ ဖဝါးလက်နှစ်လုံး၊ ပုခုံးလက်နှစ်သစ်ကစပြီးတော့၊ လူလူလားလားထောက်ထောက်ကူကူ ဖြစ်သည်အထိ၊ သူ့ကိုယ်ကို သူထိန်းနိုင်၊ ကျောင်းနိုင်သည့်အထိ နှစ်ပေါင်း(၁၀) (၂၀)အချိန်ကုန်ခံပြီး အားကိုးတကြီးနဲ့ စောင့်ရှောက်ခဲ့တဲ့ သားတွေသမီးတွေကကော၊ ဘယ့်နယ့်တုန်းလို့ဆိုတော့-

မိတ္တာဗန္ဓဝါ-သေခါနီးတွင်၊ မခွဲချင်ပဲ၊ ချစ်ခင်အားထား၊ သမီးသားနှင့်၊ များပြားရံရွေ၊ မိတ်ဆွေသင်္ဂဟ၊ ဟူသမျှတို့သည်လည်း၊ သုသာနေ-မြို့စွန် ရွာဖျား၊ တောချုံကြားဝယ်၊ အများစက်ဆုပ်၊ လူသေမြှုပ်သည့်၊ ဘုတ်တို့ပျော်စံ၊ မြေသုသာန်၌. . .။ အဲဒီသားတွေသမီးတွေ သေခါနီးထိ မြင်ချင်လို့ ကြည့်ချင်လို့ မခွဲချင်မခွါချင်ဖြစ်ပြီးတော့ တကြည့်ကြည့်နေချင်ပြီးတော့၊ မခွဲချင်မခွါချင်ဘဲနဲ့ မတတ်သာလို့ ခွဲခဲ့ရတဲ့ သားတွေသမီးတွေ၊ မြေးတွေမြစ်တွေဆိုတဲ့ ဆွေမျိုးမိတ်ဆွေသင်္ဂဟသက်ရှိတွေကကောလို့ဆိုတော့-

သုသာနေ-မြို့စွန် ရွာဖျား၊ တောချုံကြားဝယ်၊ အများစက်ဆုပ်၊ လူသေမြှုပ်သည့်၊ ဘုတ်တို့ပျော်စံ၊ မြေသုသာန်၌. . .။ သူတို့လိုက်ပို့နိုင်တာ သုသာန်ရဲ့ဟိုဘက်တစ်ဆံချည်မျှ မလိုက်နိုင်ဘူး၊ သုသာန်ထိအောင်တော့ ပို့ပါတယ်၊ သားတွေသမီးတွေ၊ မြေးတွေမြစ်တွေက ပို့ပါတယ်၊ မိတ်ဆွေသင်္ဂဟတွေက ပို့ပါတယ်၊

http://www.dhammadownload.com



ဒါတောင်တချို့က မတတ်သာပို့ပို့ရတာပါ။ မတော်ပို့ပို့ရတာပါ။ မကောင်း ပို့ပို့ ရတာပါ။ မပို့မကောင်းလို့ လိုက်ပို့ရတာ၊ မြန်မြန်ပဲပြန်ချင်တယ်၊ ဒီတော့ အဲဒီ မိတ်ဆွေသင်္ဂဟတွေ ကိုယ်ကအားကိုးတကြီးနဲ့ထားခဲ့တဲ့ဟာတွေကကော ဘယ့် နယ့်တုန်းဆိုတော့ သုသာန်ပဲ. . . တဲ့၊ သုသာနေ-မြို့စွန် ရွာဖျား၊ တောချုံကြား ဝယ်၊ အများစက်ဆုပ်၊ လူသေမြှုပ်သည့်၊ ဘုတ်တို့ပျော်စံ၊ မြေသုသာန်၌၊ နိဝတ္တန္တိ-အသံဆိုးဖြင့်၊ အမျိုးမျိုးအော်ဟစ်လျက်၊ စွန့်ပစ်ချန်ထား၍၊ ပြန်သွားကြလေ ကုန်၏. . .။

ကိုယ်တစ်ယောက်ထည်းချန်ထားခဲ့ပြီးတော့ အကုန်ပြန်သွားကုန်တာ၊ ဘယ်သူမှ ချစ်လှပါတယ်ဆိုပြီးတော့ သုသာန် ဟိုဘက်လိုက်ပြီးတော့ ပါလာတာ၊ ကပ်လာတာ မရှိဘူး၊ ပြန်သွားတာ ရိုးရိုးပြန်မသွားဘူး၊ အသံဆိုးကြီးတွေနဲ့ အော်ဟစ်သွားသေးတယ်. . . တဲ့၊ ငိုယိုပြန်သွားတာ အသံဆိုး၊ ဘဝတစ်ပါး ပြောင်းသွား ကွယ်လွန်တဲ့သူအတွက် ဒီကကျန်တဲ့သူတွေက ငိုတဲ့အသံဟာ ဂတိ တိမ်းသွားနိုင်တဲ့ အသံ၊ ကိုယ့်ကောင်းရာလေး ရေစက်ပါချပြီး ကိုယ့်အတွက် လျာတန်းနေတာလေး ကိုယ်က ကြည်နူးပြီး သာစုခေါ် မယ့်ကြံရင်၊ ဒီကအော်ဟစ်ပြီး ငိုလိုက်ရင် အဲဒါမနေနိုင်ဘူး၊ သူ ဒီအသံကို နားမခံနိုင်ဘူး၊ ဂတိတိမ်းသွားနိုင်တယ်၊ ကောင်းရာရောက်မယ့် ကုသိုလ်စိတ်ကလေးကို ငိုတဲ့အသံကြားလိုက်တော့ ကိုယ်ပါ ရောပြီးတော့ ဝမ်းနည်းပက်လက်ဖြစ်သွားတယ်၊ ဒေါသပဲ အဲဒါ၊ ဒေါသဆိုတာ အကုသိုလ်စေတ်ပြောင်းသွားတော့ အဲဒီစေတ်က မကောင်းရာပို့လိုက်တော့တာပဲ၊ ပြိတ္တာဖြစ်အောင်ရင်လည်း ပို့လိုက်၊ ငရဲကျအောင်ရင်လည်း လုပ်လိုက်နဲ့၊ ဒီတော့ ကိုယ့်အတွက် ကောင်းရာမရောက်အောင်လုပ်တဲ့ ဒီအသံဟာ ငိုတဲ့ယိုတဲ့ အသံဟာ အသံဆိုးပဲ။

အထူးသဖြင့် ကွယ်လွန်အနီးစွရောက်ခါနီး လူတွေနား သွားပြီးတော့ ငိုကြ ယိုကြ၊ အော်ကြဟစ်ကြဆိုရင် သူ့မှာ ဂတိကောင်းတဲ့ ကုသိုလ်ပြုထားတဲ့ ကိုယ့် ကုသိုလ်တွေနဲ့ ကိုယ်၊ အာရုံပြုပြီးတော့ နေတဲ့ဟာကို ဖျတ်ကနဲဆို မကောင်းတဲ့ ဂတိရောက်သွားအောင်ပြောင်းနိုင်တယ်၊ ဒါ့ကြောင့်အသံဆိုးပဲ၊ မငိုရဘူး၊ ပတ် ဝန်းကျင်ကနေပြီးတော့၊ ငိုချင်ရင် တိုးတိုးလေးကျိတ်ငို၊ အသံတွေထုတ်တဲ့ပြီးတော့ အော်ကြီးဟစ်ကြီးငိုရင် သူတို့မှာ ဘဝကိုပြောင်းသွားတယ်၊ ဂတိကို ပြောင်းသွား တယ်၊ ဒါတွေ ပုံသက်သေတွေ အများကြီးရှိတယ်၊ ဝိမာနဝတ္ထု၊ ပေတဝတ္ထုဆိုတဲ့ ဘုရားဟောဒေသနာတော်တွေ၊ အဲ-ပစ္စုပ္ပန်မှာလည်း ဒါတွေအများကြီးတွေ့တယ်၊ ဒါ့ကြောင့် ငိုတယ်ယိုတယ်ဆိုတဲ့ အသံဟာ ဒီဘက်က ကျန်ရစ်တဲ့သူတွေအတွက် တော့ ကရုဏာသက်စရာ မေတ္တာသက်စရာကောင်းသော်လည်းပဲ၊ ဘဝတစ်ပါး

http://www.dhammadownload.com



သွားရတဲ့ သူအတွက်တော့ အသံဆိုးပါပဲ၊ သူ့အတွက်တော့ မကောင်းရာ ရောက်နိုင်တာမို့လို့ အသံဆိုးပါပဲ. . . တဲ့၊ ဒါကြောင့်-

မိတ္တဗန္ဓဝါ-သေခါနီးတွင်, မခွဲချင်ပဲ ချစ်ခင်အားထား, သမီးသားနှင့်, များပြားရံရွေ မိတ်ဆွေသင်္ဂဟ, ဟူသမျှတို့သည်လည်း သုသာနေ-မြို့စွန် ရွာဖျား, တောချုံကြားဝယ်, အများစက်ဆုပ်, လူသေမြှုပ်သည့်, ဘုတ်တို့ပျော်စံ, မြေသုသာန်၌၊ နိဝတ္တန္တိ-အသံဆိုးဖြင့်, အမျိုးမျိုးအော်ဟစ်လျက်, စွန့်ပစ်ချန်ထား၍, ပြန်သွားကြလေကုန်၏. . .॥ ဒီတော့ကိုယ်က အားကိုးတကြီးနဲ့သက်ရှိတွေ, အားကိုးတကြီးလုပ်ထားတဲ့ဟာတွေ တစ်ခု. . . မှ တကယ့်အရေး တကယ့်ဘေးကျတော့ အားကိုးစရာအစစ် မဟုတ်ဘူး. . . တဲ့၊ ကိုယ့်နောက် ပါမလာဘူး၊ ဒါ့ကြောင့်မို့လို့ သူတို့နဲ့တင် အချိန်ကုန်မသွားစေနဲ့. . . တဲ့ ဘုရားက၊ အားကိုးစရာအတုတွေတဲ့ အဲဒါတွေက၊ သူတို့ကို မစောင့်ရှောက်ရဘူး၊ ပြောတာ မဟုတ်ဘူး၊ ပစ္စည်း မရှာရဘူးလို့ပြောတာ မဟုတ်ဘူး၊ အိမ်ယာတည်ထောင်, လူ့ဘောင်နေတော့ ရှာရတယ်၊ သားတွေသမီးတွေလည်း ဝတ္တရားအတိုင်း စောင့်ရှောက်ရတယ်၊ သို့သော်. . . အဲဒီအလုပ်တွေနဲ့ချည်း အချိန်ကုန်ပြီးတော့၊ သူတို့အလုပ်နဲ့ချည်း အချိန်ကုန်ပြီးတော့ ကိုယ့်ကိစ္စ, ကိုယ့်အလုပ် လုံးဝမပါဘဲ နဲ့ တစ်နေ့တာကုန်သွားရင်တော့ အဲဒီလူ ရှုံးပြီ. . . တဲ့ ရှုံးပြီ။ ဒီတော့ ကိုယ့်အတွက် ကိုယ့်အားထားရမယ့်ဥစ္စာနှစ်တော့ ရှာဖြစ်အောင်ရှာကြအုန်း၊ ဒီတော့ အားကိုး စရာအစစ်က ဘာတုန်းလို့ဆိုတော့-

သုကတံ ဒုက္ကတံ ကမ္မံ-မိမိပေါင်းစု, ကိုယ်တိုင်ပြုခဲ့တဲ့, နေ့တိုင်းပြုခဲ့တဲ့, ကောင်းမှု မကောင်းမှုကံသည်သာလျှင်၊ ဆာယာ-အရိပ်သည်၊ အနုယာယိနီ ဣဝ-သွားသူနောက်သို့, ကောက်ကောက်မသွေ, လိုက်ပါလေသကဲ့သို့. . .॥ အဲ-အားကိုးစရာ အစစ်ကတော့ ကိုယ်နေ့တိုင်းပြုနေတဲ့ ဒါနမှု, သီလမှု, ဘာဝနာမှု ဆိုတဲ့ ကောင်းမှုပဲ. . . တဲ့၊ အဲဒါမှ ဥစ္စာနှစ်အစစ်၊ အဲဒီဥစ္စာနှစ် အစစ်ကတော့ ကိုယ့်နောက်လိုက်တာ၊ သွားတဲ့သူနောက် အရိပ်ကပ်ပါသလိုပဲ၊ နေပူထဲမှာ လူတစ်ယောက်သွားတော့ အရိပ်က ဒီလူ တောင်သွားရင် အရိပ်က တောင်ဘက် လိုက်လာတာပဲ၊ မြောက်သွားရင် မြောက်ဘက်လိုက်လာတာ၊ ဒီလူထိုင်ရင် အရိပ်က လည်း ထိုင်တာပဲ၊ အဲသလိုပဲ၊ သုကတံ ပုညကမ္မံ- မိမိပေါင်းစု, နေ့စဉ်ပြုသည့်, ကောင်းမှုပါရမီ, နှစ်အဆီသည်သာလျှင်၊ ဆာယာ-အရိပ်သည်၊ အနုယာယိနီ ဣဝ-သွားသူနောက်သို့, ကောက်ကောက်မသွေ, လိုက်ပါလေသကဲ့သို့၊ အနုယာယတိ-ဘဝသံသရာ, အစဉ်ပါအောင်, မကွာစိုက်စိုက်, ခြေရာနင်း၍, အရှင်းလိုက် လေတော့သတည်း. . .॥

သာဓု. . . သာဓု. . . သာဓုပါဘုရား. . .॥

http://www.dhammadownload.com



အဲ- အဲဒါပဲ တို့ လယ်တီဆရာတော်ကြီးက-

❖ မနေရလို့, သေကြသောခါ, ကိုယ့်နောက်ကိုကား, ဘာများပါ မှာ၊
ပစ္စည်းစုစု, တစ်ခုမပါ, ကိုယ်ပြုထား, ကံများသူတို့ပါ"-

ကိုယ်ပြုထားတဲ့ ကောင်းမှုကံတွေပဲ ပါလိမ့်မယ်. . .၊ မြတ်စွာဘုရားက ဒီသနာ့ထသုတ်မှာလည်း ဒီလိုဟောတယ်၊ အင်္ဂုတ္တရနိကာယ်ကျတော့လည်း ကမ္မသကောမှိ, ကမ္မဒါယာဒေါ, ကမ္မယောနိ ကမ္မဗန္ဓု ကမ္မပ္ပဋိသရဏော။ ကိုယ်ပြုထားတဲ့ကံသည်သာလျှင်ကိုယ့်ရဲ့ မိတ်ဆွေစစ်ကြီးပဲ၊ ကိုယ်ပြုထားတဲ့ ကောင်းမှုကံသည်သာလျှင် ကိုယ်ရဲ့မိတ်ကောင်း ဆွေကောင်းကြီးပဲ၊ အားကိုးစရာ အားထားစရာအစစ်ကြီးပဲလို့ ဒီလိုဟောထားတယ်၊ ဒ့ါကြောင့် ဘဝတစ်ပါး ပြောင်းသွားကွယ်လွန်ခဲ့တဲ့ ကိုဖေကို ရည်စူးပြီးတော့ ဒီနေ့သံဃာ(၆၀၀)ကျော် မနက်(၆၀၀)ကျော်၊ နေ့(၆၀၀)ကျော်ဆိုတော့ သံဃာ(၁၀၀၀)ကျော်ဘုရားသားတော်သံဃာတော်(၁၀၀၀)ကျော်ရဲ့ သပိတ်ထဲမှာ နံနက်ပိုင်း ပဲ ထပ်တစ်ရာအစရှိတဲ့ ဆွမ်းဘောဇဉ်တွေ လောင်းလှူဆက်ကပ်ကြတဲ့ ဒါနကောင်းမှု အကြီးအကျယ် ပြုကြတယ်၊ နေ့လယ်လည်းပဲ သံဃာတော်(၆၀၀)ကျော်ကို ဆွမ်းဘောဇဉ်တွေ လောင်းလှူ ရေခဲမုန့်တွေ လောင်းလှူကြတယ်၊ အဲဒီကောင်းမှုတွေဟာ ဒါအထုပ် အထည်နဲ့ အင်မတန်ကြီးကျယ်တဲ့ အထုပ်ကြီးထုပ်ပိုးပြီးတော့ သားဆီပို့ကြတာပဲ၊ အားကိုးစရာအားထားစရာအစစ်ကသူပဲ၊ ကိုယ့်အတွက်လည်း အားကိုးစရာ အားထားစရာအစစ် ရှာရင်းနဲ့ သားအတွက်လည်း ပို့တာလို့ခေါ်တယ်။

ပို့တော့ ရောက်သလား၊ ရသလားလို့မေးစရာရှိတယ်၊ ကံချင်းစပ်နေရင် ရတယ်၊ ရောက်တယ်၊ ကံချင်းဆက်နေတယ် ဆိုတာသားသမီးနဲ့မိဘ၊ ညီကို မောင်နှမ, ဆွေသားမျိုးသားဆိုတာကံဆက်နေတယ်။ ကံချင်းဆက်နေတယ်၊ ကံချင်းဆက်နေတယ်ဆိုတာ၊ ကံဆိုတာ အလုပ်ကိုခေါ်တာပဲ၊ ကမ္မဆိုတဲ့ ပါဠိက လာတာ၊ အဲဒီအလုပ်က(၃)မျိုးရှိတာပဲ၊ ကာယကံကိုယ်နဲ့လုပ်တာ၊ ဝစီကံနှုတ်နဲ့ လုပ်တာ မနောကံ-စိတ်နဲ့လုပ်တာ၊ ဒီတော့- အဲဒီအလုပ်(၃)လုပ်ဆိုတာ သားသမီးနဲ့မိဘ, ဆက်နွယ်နေတာပဲ၊ အမေအဖေလုပ်တဲ့အလုပ်မျိုး သားသမီးက လုပ်တယ်၊ သားသမီးအတွက် အမေအဖေက လုပ်ပေးတယ်၊ အမေ အဖေ အတွက် သားသမီးက လုပ်ပေးတယ်၊ ဒါ ဆက်နေတာပဲ၊ စိတ်ကဆက်တော့ စပ်တာပေါ့လေ။

မနောကံခေါ်တဲ့စိတ်က အခုဆိုပါတော့ ဒကာမကြီးဒေါ်အုန်းက ဆွမ်းလောင်းနေတဲ့အချိန် အာရုံပြုတာတော့ သံဃာတွေအာရုံပြု, မင်္ဂလာဖိတ်နိဗ္ဗာန် အာရုံပြုလောင်းတာပဲ၊ သို့သော်. . . သား-ရပါစေ. . . သားအတွက်ဖြစ်ပါစေ၊ သားက

http://www.dhammadownload.com



စိတ်ထဲမှာ ဝင်ဝင်လာတယ်၊ ကိုဖေက စိတ်ထဲမှာရောက်ရောက်လာတယ်၊ ဒီတော့ သူ့အတွက်ပြုတော့ စိတ်ထဲမှာ ကိုဖေဆိုတဲ့ အာရုံကရောက်နေတော့ ဒါဆက်နေတာ၊ ဒီတော့သူ့အတွက်ပြုတာလို့ဆိုတော့ အခုညီအကိုမောင်နှမတွေ ကျန်ရစ်တဲ့ သူတွေက အစ်ကိုကြီးအတွက်ပြုတာဆိုတော့ . . . သူက စိတ်ထဲက ဝင်ဝင်လာတယ်၊ ဆက်တာဆိုတာအဲဒါပြောတာ၊ ပဋ္ဌာန်းလိုပြောရင် ဒါအာရမ္မဏပစ္စည်းဆက်နေတာ၊ အာရုံအာရမ္မဏိကအဖြစ်နဲ့သူကရောက်နေတာ၊ ဒီပြင် မဆိုင်တဲ့ သူတွေကမလာဘူးလေ၊ စိတ်ထဲရောက်မလာဘူး၊ သူပဲ ရောက်ရောက်လာတယ်၊ အဲဒါကို ကံဆက်တယ်. . . လို့ခေါ်တယ်။ ဒါ့ကြောင့်- ဒီက ကံဆက်လို့ ကံချင်းဆက်နေတဲ့သူက ပြုပေးရင်ရတယ်ရောက်တယ်၊

ကောင်းတာဖြစ်ဖြစ် မကောင်းတာဖြစ်ဖြစ် သားသမီးနဲ့မိဘ ဆွေမျိုးသားချင်းတွေဆိုတာ ကံဆက်နေတာ၊ သားသမီးက ကံမကောင်းရင် မိဘထိခိုက်တယ်၊ မိဘကကံနိမ့်ရင်လည်း သားသမီးတွေထိခိုက်ကုန်တတ်တယ်၊ ဟာ . . . မိဘကကတက်ရင်လည်း သားသမီးတွေလည်း အဆင်ပြေ. . . လို့ အကုန်၊ သားတွေသမီးတွေက ကံကောင်းရင်လည်း မိဘလည်း ချောမော. . . လို့။ ဒါ သဘာဝ၊ ဒါ့ကြောင့် အခု သူ့အတွက်ပြုပေးတော့ ရောက်သလား ရသလား၊ ရတယ်ရောက်တယ်၊ ကံချင်းဆက်နေလို့။ ဒီတော့ ဒီကပြုလိုက်တဲ့ ကုသိုလ်ကောင်းမှုက သူ့အတွက်ပို့ပေးတယ်၊ သူရပါစေ. . .။ ဒီကုသိုလ်ကောင်းမှုကို သူရပြီးတော့ မဂ်ဖိုလ်နိဗ္ဗာန်ရကြောင်း ကောင်းမှုအားတွေ တိုးပါစေလို့၊ ဟော-အဲဒီကုသိုလ်ကံသည်သာလျှင် ကိုယ်ပိုင်ဥစ္စာ။

ဒီတော့- နေ့စဉ် နေ့စဉ် ကိုယ်ပိုင်ဥစ္စာအစစ် ရှာသူတွေဖြစ်ပြီးတော့ နေကြလို့ ဘုရားဟောတဲ့ တရားက နေ့တိုင်း ကိုယ့်အတွက် တစ်နေ့ကုန်သွားရင် ငါသူများအတွက်နဲ့ အချိန်ကုန်သလား ကိုယ့်အတွက်ရော ပါရဲ့လားလို့ စဉ်းစားရတယ်၊ သားကိစ္စ သမီးကိစ္စ, ဆွေကိစ္စ, မျိုးကိစ္စ, ရပ်ကိစ္စ, ရွာကိစ္စနဲ့ အချိန်ကုန်။ မင်းရေးစိုးတာကိစ္စနှင့် အချိန်ကုန်၊ စီးပွားရေးတွေနဲ့ အချိန်ကုန်ပြီး၊ ဒါတွေနဲ့ လုံးလားထွေးလားနဲ့ အချိန်ကုန်သွား၊ ဘုရားတောင် ဆွမ်းတော် ပန်းတော် ရေချမ်းတော်လေး မကပ်ဖြစ်ဘူး၊ ဘုရားတောင် အိပ်ရာဝင်လို့တောင် ရှိမခိုးဖြစ်ဘူး၊ အိပ်ရာထလို့တောင်မှ ပန်းတော် ဆွမ်းတော် ရေချမ်းတော် မကပ်ဖြစ်ဘူး၊ နေ့လယ်လည်း ကုသိုလ်ကောင်းမှု တစ်ခုမှမပြုဘူးဆိုရင်၊ အဲဒီနေ့ သူ့ အားကိုးစရာ အားထားစရာအစစ် လက်လွတ်တဲ့နေ့ပဲ။ သူများအတွက်နဲ့ အချိန်ကုန်ပြီးတော့ ကိုယ့်ကိစ္စ လွတ်တဲ့နေ့ပဲ။ သူများကိစ္စနဲ့ချည်း သတ္တဝါတွေက အချိန်ကုန်တာများတယ်၊ သူများအတွက် အချိန်ပေးများတယ်၊ ကိုယ့်အတွက် အချိန်ပေးနည်းတယ်။

http://www.dhammadownload.com



ဒီတော့ အဲဒီသူများကိစ္စတွေ လုံးပမ်းရင်းနဲ့ ကိုယ့်ကိစ္စလည်းပါသွားအောင် နေ့စဉ်နံနက်အိပ်ရာကနိုးလာရင် ဘုရားပန်းတော်၊ ဆွမ်းတော်၊ ရေချမ်းတော်ကပ်လှူ မေတ္တာပို့လို့ဆိုရင် ဒါသူ့အတွက်၊ သူ့ကိစ္စသူ့ဥစ္စာနှစ် အားကိုးစရာဥစ္စာနှစ်ရှာပြီး စုဆောင်းတဲ့အချိန်ပဲ၊ နေ့လယ်ကောင်းမှုပြုရင်နေ့လယ်၊ ညနေကောင်းမှုပြုရင် ညနေ၊ ညကောင်းမှုပြုရင်ည၊ အဲဒီလိုလက်လွတ်မခံဘဲနဲ့ နေ့စဉ်ကောင်းမှုပါသွားအောင်ပြုကြ. . .၊ အဲဒါ အားကိုးစရာအစစ် ရှာတာဖြစ်ပြီးတော့ နေတဲ့သူ ခေါ်တယ်၊ ဒါ့ကြောင့်-

သနာထ ဘိက္ခဝေ ဝိဟရထ မာ အနာထ။

ဘိက္ခဝေ-မဂ်ဖိုလ်နိဗ္ဗာန်လိုလား၊ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးအပေါင်း၊ သူတော်ကောင်းတို့၊ သနာထ-မိမိရဲ့ အားကိုးစရာအစစ်၊ ဥစ္စာနှစ်ကိုရှာဖွေသူဖြစ်ကြကုန်လျက်၊ ဝိဟရထ- နေမိကြပါစေကုန်၊ အနာထ-အားကိုးစရာအစစ်၊ ဥစ္စာနှစ်ကို မရှာမိကြကုန်သည်ဖြစ်၍၊ မာဝိဟရထ-မနေမိကြစေကုန်နဲ့. . . လို့၊

ဘုရားရှင်ကိုယ်တော်မြတ်ကြီးဆုံးမတော်မူတဲ့ သနာထသုတ်တော် ဒေသနာသွားကို သတိထားကြကုန်လျက်၊ ယနေ့တပည့်တော်တို့ သံဃာတော်(၆၀၀)ကျော်ကို နံနက်ဆွမ်း၊ နေ့ဆွမ်းတို့ဖြင့်၊ ဘုရားသားတော် သံဃာတော်(၁၀၀၀)ကျော်တို့ရဲ့သပိတ်ထဲမှာ လောင်းလှူဆက်ကပ်ရတဲ့ ကုသိုလ်ကောင်းမှု စေတနာစုသည်၊ ဘဝတစ်ပါးပြောင်းသွားကွယ်လွန်တဲ့သားဖြစ်သူအတွက်၊ ရိက္ခာကောင်းကြီးဖြစ်ပါစေသား. . .၊ အားကိုးစရာအစစ်၊ ကောင်းမှုကြီးဖြစ်ပါစေသား၊ သံယ်ကဒါနအနေနဲ့ သက်န်းခေါ်တဲ့ တဘက်(၅၅)ထည်တို့ကို လှူဒါန်း ရတဲ့ကုသိုလ်ကောင်းမှု ကမ္ဗဝါစာကျမ်းစာတစ်ဆူတို့ကို လှူဒါန်းရတဲ့ကုသိုလ် ကောင်းမှုစေတနာ အစုသည်. . .၊ ဘဝတစ်ပါးပြောင်းသွား ကွယ်လွန်တဲ့ သားဖြစ်သူ ကိုဖေအတွက်ဖြစ်ပါစေသား။

သားဖြစ်သူ ကိုဖေသည် ရောက်ရာဘဝမှ တပည့်တော်တို့ ဒီနေ့ပြုသောကုသိုလ်ကောင်းမှုကို သူကိုယ်တိုင်ပြုရသကဲ့သို့ ဝမ်းမြောက်နုမော်သာဓု ခေါ်နိုင်၍၊ ပါရမီကုသိုလ်အားတွေ တိုးပွားပါစေသတည်း၊ မဂ်ဖိုလ်နိဗ္ဗာန်ရကြောင်း ကောင်းမှုတွေ တိုးပွားပါစေသတည်း။ ဒီကုသိုလ်ကို အခြေခံ၍ လူ့ရွာနတ်ထံ ချမ်းသာစံပြီးတော့ မဂ်ဖိုလ်နိဗ္ဗာန်ရောက်ကြောင်း ကောင်းမှုတွေ ဆထက်တန်ဖိုး တိုးတက်အားထုတ်ပြီးသကာလ၊ အိုနာသေရေးဒုက္ခဘေးကြီးတို့ ကင်းဝေးရာဖြစ်တဲ့ နိဗ္ဗာနမာတ်တရားမြတ်ကို လျင်မြန်ဆောစွာ ရပါစေသတည်း၊ ရောက်ပါစေသတည်း၊ မြင်ပါစေသတည်း. . . လို့ ဒီနေ့ ရိက္ခာကောင်းပို့တာ၊ ဖိတ်မန္တကပြုထားတဲ့ ပရိသတ်

http://www.dhammadownload.com



အပေါင်း သူတော်ကောင်းတွေ ကျွေးမွေးညှော်ခံ၊ သံဃာတော် အရှင်မြတ်တွေ ရေခဲမုန့်ဆွမ်း လှူဒါန်းရတဲ့ ကုသိုလ်ကောင်းမှု စေတနာ၅၅စုသည်၊ သားအတွက် ဖြစ်ပါစေ. . .၊

သားအတွက်သာမက တပည့်တော်တို့အတွက်လည်းပဲ နိဗ္ဗာန်ရကြောင်း ကောင်းမှုအားကြီးဖြစ်ပါစေ၊ တွန်းအားကြီးဖြစ်ပါစေ၊ ဒီကုသိုလ်ကောင်းမှု စေတနာစုကြောင့် ယခုလို မအိုချင်ဘဲနဲ့အိုရ, မနာချင်ဘဲနဲ့ နာရ, မသေချင်ဘဲနဲ့ သေရတဲ့၊ သံသရာရဲ့ဘေးကြီးသုံး ဘန် ငြိမ်းရာကင်းရာ၊ အဲဒီ သံသရာရဲ့ အိုနာသေရေး ဘေးကြီးသုံးတန်ရဲ့ တည်ရာဖြစ်တဲ့ ရုပ်နာမ်ခန္ဓာတို့ရဲ့ ငြိမ်းရာအေးရာ ကုန်ရာ ခန်းရာဖြစ်တဲ့ သန္တိသုခ နိဗ္ဗာနဓာတ် တရားမြတ်ကြီးကို မြင်ရာမြင်ကြောင်း၊ မဂ်လေးတန် ဖိုလ်လေးတန် ဉာဏ်(၈)တန် ရဖို့ရာ အားကောင်းသော အထောက် အပံ့ ဖြစ်ပါစေသား၊ အားကောင်းသော အထောက်အပံ့ ဖြစ်ပါစေသတည်း၊ ဤကဲ့သို့ ရည်မှန်းချက်ချ၍ ပြုစွမ်းနိုင်ကြတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေ ဖြစ်ကြပါစေကုန်သတည်း. . .။

နေ့စဉ်နေ့စဉ် မိမိတို့အားကိုးစရာအစစ် ဥစ္စာနှစ်တွေကို ရှာမိခဲ့သူတွေ ဖြစ်၍ နေထိုင်နေနိုင်ကြတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေ ဖြစ်ကြပါစေကုန်သတည်း။ ဤကဲ့သို့ အားကိုးစရာအစစ်, ဥစ္စာနှစ်ကို ရှာမှီးတဲ့သူတွေ ဖြစ်၍ နေထိုင်နိုင်ကြကုန်သည်ဖြစ်၍, ဤကဲ့သို့ အားကိုးစရာဥစ္စာနှစ်ကို ရှာမှီးသွားတတ်ကြတဲ့ ရှေးရှေးသော သူတော်ကောင်း သူမြတ်လောင်းကြီးတို့ရဲ့ ရအပ်, ရောက်အပ်, သိမြင်အပ်သော နိဗ္ဗာနဓာတ် တရားတော်မြတ်ကြီးကို, လျင်မြန်ဆောစွာ, ရောက်ကြရ, ရကြရ, မြင်ကြရပါလို ကုန်သောဟူ၍ ပတ္ထနာအောင်ဆုပြုကြကုန်ရာသတည်း. . .။

သာဓု. . . သာဓု. . . သာဓုပါဘုရား. . .။

http://www.dhammadownload.com

# * ဥရုဂဏာတ်တော်
# သံသရာစရိုးသည်တရားတော်

ကောဇာသက္ကရာဇ် ၁၃၅၀-ပြည့်နှစ်၊ နယုန်လဆန်း (၃)ရက်နေ့၊ ခရစ်နှစ် ၁၉၈၈-မေလ (၁၈)ရက်နေ့ နံနက်မှာ ကုသိုလ်ကောင်းမှုပြုကြတဲ့ ကုသိုလ်ရှင်များက မော်လမြိုင်မြို့မှာ နေထိုင်ကြတဲ့ ဆွမ်းဒကာ ဒကာဦးကျော်စိုး, ဆွမ်းအမ ဒကာမ မနွယ်နွယ်ဆွေတို့ မိသားစုဖြစ်ပါတယ်။

အဲဒီ ဆွမ်းဒကာကိုကျော်စိုးနှင့်, ဆွမ်းအမ မနွယ်နွယ်ဆွေတို့က ဘဝတစ်ပါး ပြောင်းသွားကွယ်လွန်ခဲ့တဲ့ သားရတနာလေး မောင်စည်သူကျော်စိုး၊ အသက် အားဖြင့်(၁၅)နှစ်ပြည့်ကာစ အတန်းအားဖြင့် ကိုးတန်းကျောင်းသား၊ ကိုးတန်းစာမေးပွဲဖြေလို့ ကိုးတန်းက အောင်သွား၊ အဲဒီ ကိုးတန်းကျောင်းသားဖြစ်တဲ့ သားဖြစ်သူ မောင်စည်သူကျော်စိုး ကွယ်လွန်အနိစ္စရောက်ခဲ့တဲ့ တစ်လပြည့် အထိမ်းအမှတ်ဖြစ်ပြီးတော့ ဂန္ဓာရုံကျောင်းတိုက် နာယကဆရာတော်, စာချဆရာတော် သံဃာတော် အပါးနှစ်ဆယ်တို့အား အရုဏ်ဆွမ်းအဖြစ်ဖြင့် ဆက်ကပ်လှူဒါန်းခြင်း၊ သံဃာငါးရာကျော်အားလည်းပဲ အကြော်တစ်ထောင်ကျော်, အကြော်စုံတစ်ထောင်ကျော်ဖြင့် လာရောက်ပြီးဆက်ကပ်ခြင်း၊ ပြီးတော့မှ စပ်ပြီးရာစပ်ရာ ပရိသတ်များလည်း ကျွေးမွေးညှေ့ခံခြင်းဆိုတဲ့ ဒီကုသိုလ်ကို ပြုကြပါတယ်။

အမှန်စင်စစ်ကတော့ ဒီနေ့ နဂိုသတ်မှတ်ထားတာကတော့ ဝန်ကြီးချုပ်ဟောင်း ဒကာကြီးဦးနု+ဒေါ်မြရီတို့က ဒီနေ့ဆွမ်းကပ်မယ်ဆိုပြီးတော့ အဲဒါအစီအစဉ် နဂိုကရှိတယ်၊ နောက်တော့ သူ အကြောင်းကြောင်းကြောင့်ပေါ့လေ. . .၊ ကတိုက်ကရိုက်ကြီးဖြစ်နေလို့, ဆိုပြီးတော့ မနေ့က လာတယ်၊ လာပြီးတော့ လာမယ့်တန်ဆောင်မုန်းလပြည့်နေ့ကျမှ ဆွမ်းကပ်တော့မယ်။ သူရည်ရွယ်ထားတဲ့ ဒီကျောင်းတိုက် ပဋိပတ်လုပ်ငန်းပေါ့လေ၊ အထူးသဖြင့် တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေအတွက် ထောက်ပံ့လှူဒါန်းမယ့် ငွေပင်နှစ်သိန်းကတော့ မနေ့က တစ်ခါတည်း ရေစက်ချပြီးတော့ လှူသွားပြီ၊ ချက်လက်မှတ်ကပ်ပြီးတော့ပေါ့လေ။

အဲဒီတော့ ဒကာကြီး ဦးနု+ဒေါ်လှရီတို့ ကပ်မယ့်ဆွမ်းရက်ပဲ၊ ဆွမ်းရက်က၊ သို့သော်. . . တနည်းပြောမယ်ဆိုရင် မောင်စည်သူကျော်စိုးရဲ့အတွက် ကောင်းမှုဖြစ်ချင်တော့ သူတို့ပေးတဲ့ ကောင်းမှုတိမ်းပေးရသလို ဖြစ်သွားတာပေါ့။

---

* ဇာ-၄-တ-၁၅၀။

http://www.dhammadownload.com



အဲ-မောင်စည်သူကျော်စိုးအတွက် ဒီနေ့တစ်လပြည့် အထိမ်းအမှတ်ပြု ဖို့ဆိုတဲ့ ကံကရှိလာတော့ အဲဒီဝန်ကြီးချုပ်ဟောင်း ဦးနုတို့ရဲ့ ဆွမ်းကပ်က ရွှေ့သွား၊ ရွှေ့သွားတော့ သူ့ကောင်းမှု ဒီမှာလာပြီးတော့ဖြစ်။

ဒီတော့ ဒီစည်သူကျော်စိုးဆိုတာ အခုမြောက်ဘက်မှာ ဇရပ်ဆောက်ထား တဲ့ ဦးကျော်နီ+ဒေါ်ခင်မေတို့ရဲ့မြေး၊ မြင်းခြံဇာတိ၊ ဒီကလေးက နေကွေမွေ့ရှာသယ ဓာတ်ခံ အင်မတန်ပါတဲ့ကလေး။ ဖိုးသူတော်ဝတ်ချင်၊ ရှင်ပြုချင်၊ ဒီဘက်မှာ သူ ဓာတ်ကောင်းလေးပါတဲ့ကလေး၊ သူကို ဒီမှာပဲ ရှင်ပြုတာ၊ ဆရာတော်ကြီးရှိတုန်းက တို့ ပျံလွန်တော်မူသွားတဲ့ ဆရာတော်ကြီးရှိတုန်းက၊ သူ့အဘိုး သူ့အဘွားနဲ့သူ့အမေ၊ သူ့အဖေတွေက ဒီမှာပဲ ရှင်ပြုတယ်၊ နောင်လည်းပဲ သူနွေရာသီရောက်တိုင်း သူကိုက ဝတ်ချင်လို့ဆိုပြီးတော့ လာလာပြီးတော့ ဖိုးသူတော်လေး ဝတ်တယ် နှစ်ကြိမ်၊ ဒုလ္လဘကိုရင်ဝတ်တယ် နှစ်ကြိမ်။ ရှင်ပြုတာရောဆို အားလုံးငါးကြိမ် လောက်ရှိပြီ၊ သင်္ကန်းနဲ့ကလည်း လိုက်ဖက်ပါပေ့နဲ့၊ သူ့ရုပ်ခန္ဓာလေးက၊ သူ့ရဲ့ ပုံပန်ရုပ်ကလေးက၊ ဖိုးသူတော်ဝတ်ကလေးနဲ့လည်း ကြည်ညိုစရာလေး၊ သင်္ကန်း ဝတ်ကလေးနဲ့ ကြည့်ကောင်းတာပဲ။

တစ်ချို့က လူဝတ်တုန်းက ကြည့်ကောင်းပေမဲ့လို့ သင်္ကန်းဝတ်နဲ့ကျ တော့ ထောက်တိမောက်ချိုက်ကြီး ဖြစ်သွားတာရှိသေးတယ်၊ ကြည့်မကောင်းဘူး။ တစ်ချို့က လူဝတ်တုန်းက လူဝတ်ကြောင်ကြီးနဲ့ ကြည့်မကောင်းဘူး၊ သင်္ကန်းဝတ် နဲ့ကျမှ လိုက်ဖက်လိုက်တာ၊ သင်္ကန်းရောင်လေးနဲ့ သူ့အသားအရေနဲ့ ဝတ်ထားပုံ လေးနဲ့အချိုးကျ၊ အဲဒီလိုအမျိုးမျိုးရှိတယ်၊ ဒီထဲမှာ ဒီကလေးက သူက-သူကိုယ်တိုင် ကိုက ဝတ်ချင်,ဝတ်ချင်နေတာ။ ဒါဘုန်းကြီးကိုယ်တိုင် တွေ့လိုက်တာ။

ဒီမြို့ထဲက ဦးလှမောင်၊ ဒေါ်အေးတို့က အလှူပေးတော့ ဖိုးသူတော် ဝတ်တာလည်းပါတယ်။ အဲဒါ သူက သူ့အမေကြီးနဲ့သူက မြင်းခြံကနေပြီးတော့ ဒေါ်ခင်မေနဲ့ရောက်လာပြီးတော့ နဂိုရည်ရွယ်ချက်ပါတာမဟုတ်ဘူး၊ ဒီမှာသူများ တွေ ဖိုးသူတော်ဝတ်၊ ရှင်ပြုနဲ့လုပ်ကြပြီး ပြင်ဆင်နေတာမြင်ပြီးတော့- တကာတည်း အားချင်း အမေကြီး သားကို ဖိုးသူတော်ဝတ်ပေးစမ်းပါ၊ ဖိုးသူတော် ဝတ်ချင် ပါတယ်ဆိုပြီးတော့ အားချင်း တစ်ခါတည်း၊ အမေကြီးလုပ်တဲ့သူက ပိတ်, အားချင်း ရှာပြီးတော့ ဝတ်ပေးရတယ်။ ဒါ ဓာတ်ပဲ, ရှေးက ဒီကလေး ဓာတ်ခံပါတယ်။

ဒီလိုရှင်ရဟန်းဘဝကို နှစ်သက်တွယ်တာတဲ့ ဓာတ်၊ ခင်မင်တဲ့ဓာတ်၊ အမှန် တော့ အဲဒါဓာတ်ကောင်း၊ သတ္တဝါတိုင်း ဒီဓာတ်ရှိတာမဟုတ်ဘူး။ ကလေး လေးတွေ မေးကြည့်ပါလား၊ ကိုရင်ဝတ်မလားဆို ခေါင်းခါပြ၊ ဖိုးသူတော်လေး

http://www.dhammadownload.com



ဝတ်မလား၊ ခေါင်းခါပြ။ ဒီလို များသောအားဖြင့်၊ အဲဒါခါတ်ပဲ၊ ကလေးဆိုတာ မလိမ်တတ်ဘူး, မညာတတ်ဘူး၊ ဝမ်းထဲရှိတာ ရှိတဲ့အတိုင်းပြောတာ၊ ဟန်မလုပ်တတ်ဘူး၊ လူကြီးတွေလို ပရိယာယ်မများဘူး၊ သူတို့က ဖြောင့်တယ်ပေါ့။

အဲဒီတော့-ဒီကလေးက အမှန်တော့ ခါတ်ကောင်းလေး၊ အခုလည်းပဲ မော်လမြိုင်မှာ သူ"ကတုံးရိတ်ပေးပါ၊ ကတုံးရိပ်ပေးပါ ကိုရင်သွားဝတ်မယ်" ဒီလို ပါစပ်က တဖွဖွပြောလျက်နဲ့ ဆိုပါတော့ နေမကောင်း ထိုင်မကောင်းဖြစ်ပြီးတော့ အကြောင်းအားလျော်စွာ ကွယ်လွန်အနိစ္စရောက်သွားတယ်၊ အဲဒါကို အကြောင်းပြုပြီးတော့ အခု မိခင်ဖခင်များဖြစ်ကြတဲ့ ဦးကျော်စိုးတို့ မန္တလေးဆွေတို့က ဒီမှာလာပြီးတော့ ကောင်းမှုပြုတယ်၊ ဒကာဦးကျော်စိုးကိုယ်တိုင်က သူကိုယ်တိုင် လည်း အရင်လည်းဒုလ္လဘဝတ်ခဲ့၊ အခုလည်းဒုလ္လဘရဟန်းပြုပြီးတော့ အဲဒီ ကုသိုလ်ရောပေါ့လေ. . . အခု သားလေးကို အကြောင်းပြုပြီးတော့ ကျွေးမွေး ညှိခဲ့တဲ့ သံဃာကြီးဝိုင်းအပါးနှစ်ဆယ် ဆွမ်းကပ်တာရော သံဃာအားလုံးကို ဆွမ်းလောင်းတာ၊ ဘယာကြော်ဆွမ်း တစ်ထောင်ကျော်လောင်းတာရော, ဒါ- အမျှဝေမယ်ပေါ့။

ပြီးတော့ သူ့ကိုပဲ အကြောင်းပြုပြီးတော့ပဲ တို့ဆရာတော်ဘုရားကြီး ဟော ထားတဲ့ မီးတစ်ဆယ့်တစ်မီးဆိုတဲ့ တရားတော်ကိုလည်း သူကစာအုပ်ပြု လုပ်ပြီး တော့ ဓမ္မဒါနဝေဦးမယ်၊ ဓမ္မဒါနကုသိုလ်၊ အဲဒီကုသိုလ်ကိုလည်း ဒီကလေး ဦးတည် ပြီးတော့ (၃၁)ဘုံသားတွေ အမျှဝေရမှာပေါ့လေ။ ကဲ-အကျဉ်းချုပ်ကတော့ ဒီ စည်သူကျော်စိုးလို့ နာမည်ရင်းကခေါ်တယ်၊ ဒီကတော့ စည်သူကျော်၊ စည်သူ ကျော်လို့ ခေါ်နေကြတာပါ၊ ချစ်စနိုး အမြတ်တနိုးနဲ့။ ဒီတော့ အဲဒီကလေးအတွက် သားလေးအတွက် ရည်စူးပြီးတော့ပြုတော့ ဒါ- သားလို့အခု ဒီဘဝအနေနဲ့တော့ ပြောရတာပေါ့လေ. . . အမှန်စင်စစ်ကတော့၊ ခရီးသွားပါ၊ သူလည်း ခရီးသွား၊ ကိုယ်လည်း ခရီးသွား၊ ခဏလာဆုံတာ၊ သံသရာခရီးကြီးနဲ့ကြည့်ရင် ခရီးသွားတွေ ချည့်ပဲ၊ ဒါကို မြတ်စွာဘုရားက-

ယထာပိ ပထိကော ဇနော, ဆာယမာဒါယ ဂစ္ဆတိ၊
ဧဝံ သမ္ဘဝမေဝ သော, လောကော သံသာရ ခါဝတိ။

ယထာပိ-ဥပမာပုံဆောင်, ထင်အောင်ပြောရမယ်, ဟောရမယ်ဆိုရင်၊ ပထိကော ဇနော-ခရီးသွားသူ, လူအပေါင်းသည်၊ ဆာယံ-ဇရပ်တန်ဆောင်း, ဂူကျောင်းတစိတ်, သစ်ပင်ရိပ်ကို၊ အာဒါယ-ခဏခေတ္တ, တွေ့ကြုံဆုံနိုက်, နားနေလိုက်ကြပြီးသည်ဖြစ်၍၊ ဂစ္ဆတိ-ကိုယ့်အထုပ်ကိုကိုယ်ထမ်း၍, ကိုယ့်လမ်း, ကိုယ့်စခန်းကို, မုချမသွေ, တွက်ခွါ၍သွားရပေလေ၏. . . ။

http://www.dhammadownload.com



လော[illegible] -ခရီးသွားတွေ၊ သွားကြပြီဆိုတော့ ကိုယ့်အထုပ်ကိုထမ်းပြီး ကိုယ့်လမ်းကို လာလိုက်ကြတာ၊ နောက်တစ်နေရာရောက်တော့ နားစရာ ခိုစရာ ဌာနကြီးတစ်ခု, ဇရပ်ကြီးတစ်ခု တွေ့၊ သို့မဟုတ် သစ်ပင်ကြီးတစ်ခု တွေ့၊ ဂူကြီး တစ်ခု၊ သို့မဟုတ် ကျောင်းကြီးတစ်ခု စသည်ဖြင့် တစ်ခုခုတွေ့တော့ အဲဒီတင် ဝင်နားကြတာ၊ ဝင်ပြီးတော့ နားကြ ခိုကြ၊ ရေသောက်ကြ၊ အပန်းဖြေကြ အမောဖြေကြ ဆုံကြ စကားပြောကြ လက်ဆုံကျကြ အတူစားကြ ခဏ၊ တော်တော်ကြာ ကျတော့ တစ်ခါတည်း ကိုယ့်လမ်းနဲ့ကိုယ်နဲ့ ကိုယ့်အထုပ်ကိုယ်ထမ်း, ကိုယ့်လမ်း ကိုယ်ထွက်ပြီးတော့ ခရီးဆက်ကြရတယ်။ အဲဒီလိုပါပဲ. . . တဲ့ မြတ်စွာဘုရားက ဥပမာပေးတာ-

**ယထာပိ ပထိကော ဇနော, ဆာယမာဒါယ ဂစ္ဆတိ၊**

ယထာပိ-ဥပမာပုံဆောင်, ထင်အောင်ပြောရမယ်, ဟောရမယ်ဆိုရင်၊ **ပထိကော ဇနော**-ခရီးသွားသူ, လူအပေါင်းသည်၊ **ဆာယံ**-ဇရပ်တန်ဆောင်း, ဂူကျောင်းတစ်တိ, သစ်ပင်ရိပ်ကို၊ **အာဒါယ**-ခဏခေတ္တ, တွေ့ကြုံဆုံခိုက်, နားနေ လိုက်ကြပြီးသည်ဖြစ်၍၊ **ဂစ္ဆတိ**-ကိုယ့်အထုပ်ကို ကိုယ်ထမ်း၍, ကိုယ့်လမ်း, ကိုယ့်စ ခန်းကို, မုချမသွေ, ထွက်ခွါ၍သွားရလေသကဲ့သို့၊ **ဧဝံ သမ္ဗဒမေဝ**-ဤဥပမာ အလားတူသာလျှင်၊ **ဧသော လောကကော**-(၃၁)ဘုံသား, ဤလောကသား, သတ္တဝါအများသည်လည်း၊ သံသာရံ-(၃၁)ဘုံဆိုတဲ့, သံသရာခရီးကြီးကို၊ ခါဝ [illegible] ပါစ်သွား တည်း သွားပြီးတော့နေရတဲ့, ခရီးသွားတွေသာလျှင်, ဖြစ်ကြပေသည်တ ကား. . .။

အဲ-(၃၁)ဘုံသားတွေလည်း ခရီးသွားတွေပဲ. . . တဲ့၊ ခရီးသွားတွေ၊ ဒီတော့ ခဏလေးလာပြီးတော့ ဆုံကြတာ၊ ဇရပ်ပေါ်, ခရီးသွားတွေ စုကြ ဆုံကြ ကြုံကြသလို၊ အခု-ဒကာကိုကျော်စိုးတဲ့ ဒကာမမနွယ်နွယ်ဆွေတဲ့၊ သားလေးက ဝည်သူကျော်စိုးရယ် သမီးလေးက ဘယ်သူရယ် ဘယ်ဝါရယ်၊ အမေကြီးက ဘယ်သူနဲ့၊ အမှန်ကတော့ ခဏ ဇရပ်ပေါ်ဆုံကြတာ၊ သစ်ပင်အောက် ခဏလေး ဆုံကြတာ၊ တော်ကြာကျတော့ ရှင်ကွဲ သေကွဲလေ၊ ကိုယ့်လမ်းကိုယ် ဆင်းသွား လိုက်ကြတာ၊ မသေခင်လည်း ရှင်ကွဲ, ကွဲသွားတာပဲ။

ဒီအမေ ဒီအဖေနဲ့ ဒီသား ဒီသမီး တစ်သိုက်ကြီးနေပေမယ့်လို့ တော်ကြာ ကျတော့ သားကလည်း သူ့အလုပ်နဲ့သူ သမီးကလည်း သူ့အိမ်ထောင်နဲ့သူ ဟိုရောက် ဒီရောက်၊ ဟိုမြို့ရောက်သွား ဒီမြို့ ရောက်သွား၊ ဒါရှင်ကွဲ၊ နောက်ကျတော့

http://www.dhammadownload.com



သေကွဲဆိုပြီးတော့ ခွဲသွားကြတာ၊ ဒီလိုသွားနေကြရတာ၊ ဒါ့ကြောင့် မြတ်စွာဘုရားက ကိုယ့်ကိုယ်ကို နေ့တိုင်းဆင်ခြင်ဖို့ရာ "ငါသည်မူ ကား, ခရီးသွား, သိထားရမှာပါတကား. . ." ဟော-ဒါလေး မြတ်စွာဘုရားက သိစေချင်တာ ကိုယ့်ကိုယ်ကို ငါခရီးသွားပဲ. . . အခု ဒီသား ဒီအဖေ ဒီအမေ ဒီဆွေ ဒီမျိုးတွေနဲ့ ဆုံနေတာ၊ ခဏ ဇရပ်ပေါ်ဆုံနေတဲ့ အဆုံမျိုးပဲ. . . လို့ ဆိုတာလေးကို နေ့တိုင်း ဆင်ခြင်ပါတဲ့၊ နေ့တိုင်း ဆင်ခြင်ပါတဲ့ ဘုရားက-အဘိဏှသုတ်တော်မှာ။

နေ့တိုင်းဆင်ခြင်တော့ ဘာဖြစ်တုန်းဆိုတော့ သူကဆေးစားသလိုပဲ၊ တို့ ရောဂါများ ဆေးစားတော့ နေ့တိုင်း ဆေးလေးနည်းနည်းစား၊ တစ်တို့တစ်တို့စား၊ နေ့တိုင်းစားတော့ ဒီဆေးက ရောဂါကို တဖြည်းဖြည်းနဲ့ နိုင်နိုင်, နိုင်နိုင်, နိုင်နိုင်နဲ့ ကြာတော့ ရောဂါကပြုတ်ပြီးတော့ အမြစ်ပြတ်, ပျောက်ထွက် အဲဒီလိုပဲ၊ ဒါ ကမ္မဋ္ဌာန်းခေါ်တာပေါ့။ ငါခရီးသွားပဲ. . . လို့ တွေ့နေသမျှ ကြုံနေသမျှတွေ အကုန်ကွဲရမှာပဲ၊ ရှိ, ကုန်, ကြုံ, ကွဲ၊ ပူဆင်းရဲ, မလွဲတံထွာ, ခမ္မတာပဲ . . . "လို့ ဒီလိုဆင်ခြင်နေ. . . ကဲ့ ဆင်ခြင်နေ၊ ဘုရားက ဆေးစားခိုင်းတာ။

အဲဒီလို ဆင်ခြင်နေတော့ တစ်ဖြည်းဖြည်းနဲ့ အသိကရင့်ကျက် ရင့်ကျက်, ရင့်ကျက် ရင့်ကျက်လာတော့ တကယ်လို့ နောက် ဖြုန်းခနဲ ကွဲကြပြီဆိုတော့ ဘို-ဒါ ဖြစ်ရမယ့်ဓမ္မတာ၊ ဖြစ်ရမယ့်ထုံးစံအတိုင်းဖြစ်တာ ဘာဆန်းတုန်းဆိုပြီးတော့ သူက မတုန်လှုပ်တော့ဘူး၊ ဆေးစားထားတော့ ရောဂါခံနိုင်ရည်ရှိတယ်၊ ဒါ့ကြောင့် သူက-

❖ ငါသည်မူကား, ခရီးသွား, သိထားရမှာပါတကား။
ခရီးသွားကြုံ, အတူဆုံ, ခုပုံသည်အလားပါတကား. . .။

အခုတွေ့နေရတဲ့သူတွေက-"ခရီးသွားကြုံ, အတူဆုံ, တွေ့တုန်းကြုံ ခိုက်ပါတကား၊ "ဇရပ်တန်ဆောင်း, ပူကျောင်းတစ်စိတ်, သစ်ပင်ရိပ်, ခိုအိပ် နားခိုက်ပါတကား. . ." အခု လူ့ပြည်လာပြီးတော့ ဒီအမေ ဒီအဖေ ဒီဆွေဒီမျိုး။ အခုတို့ ကိုယ်တော်တွေလည်းပဲ ဒီကျောင်းလာပြီးတော့ ဒီဆရာ ဒီတပည့် ဒီဒကာ ဒီဒကာမ ဆုံနေကြတာ ဒါ-ခဏကြုံတာတွေ. . . ချည့်ပဲ၊ ပြီးတော့ ကိုယ့်အထုပ်ကိုယ်ထမ်း, ကိုယ့်လမ်းကိုယ်ဆင်းမှာချည့်ပဲ။

ဒီတော့-အဲဒီလို ခရီးသွားခိုက် ကြုံတဲ့အခိုက်၊ ဆုံတဲ့အခိုက် ဝတ္တရားကျေလိုက်ဖို့တော့လိုတယ်၊ သူ့အပေါ်မှာ ကိုယ့်ပြုရမယ့် ဝတ္တရားကျေလိုက်ဖို့တော့ လိုတယ်၊ အဲဒီဝတ္တရားကျေလိုက်ရင် ဒါပြီးတာပဲ၊ ကြုံတဲ့အခိုက်မှာ သူ့ဝတ္တရား ကိုယ့်ဝတ္တရားရှိတယ်၊ အဲဒါ ကိုယ်ကဝတ္တရားကျေအောင်ပြုလိုက်၊ ဒီတော့-ကြုံခိုက်

http://www.dhammadowhload.com



ဆုံခိုက်မှာ ဝတ္တရားတော့ ချွတ်ယွင်းမသွားစေနဲ့၊ ကိုယ့်ကြောင့် သူ့မှာ စိတ်ထဲမှာ နာကြည်းသွားလောက်အောင် ဒီလိုတော့ ပါမသွားစေနဲ့၊ အဲဒါ ပါသွားလို့ရှိရင်တော့ အာဃာတတွေဖြစ်ပြီးတော့ ရန်ငြိုးကြီးတွေဖြစ်ပြီးတော့ တစ်ယောက်နဲ့ တစ်ယောက်၊ ကလဲ့စားချေရတာ ဖြစ်ရ၊ ဖြစ်ကုန်တတ်တယ်၊ ဒီတော့ ကွဲရမှာတော့ ကွဲရမှာပဲ၊ ဒါကို ဆင်ခြင်နှလုံးသွင်းဆိုပြီးတော့ ဘုရားက-

❖ ငါသည်မူကား, ခရီးသွား, သိထားရမှာပါတကား. . .၊
ခရီးသွားကြုံ, အတူဆုံ, ခုပုံသည်အလားပါတကား. . .၊
ဇရပ်တန်ဆောင်း, ဂူကျောင်းထစိတ်,
သစ်ပင်ရိပ်, ခိုအိပ် နားနေခိုက်ပါတကား. . .၊
ကြုံခိုက်မသွေ, ဝတ္တရားတွေ, ငါလေ ပြုရမှာပါတကား. . .။

ကြုံခိုက်ဆုံခိုက်မှာ ဝတ္တရားကျေအောင်, သူ့အပေါ် ကိုယ်ပြုရမယ့် ဝတ္တရားကြီးကျေအောင်ပြုလိုက်ဖို့က ဒါ-ငါ့ဝတ္တရားပဲ. . . အခုသားလေး အခုပါတော့-စည်သူကျော်ကို၊ ဒကာကိုကျော်စိုးတို့ မနွယ်နွယ်ဆွေတို့က ပြုလိုက်တယ်လေ ဒါသားသမီးပေါ် မိဘပြုရမယ့်ဝတ္တရားတွေ ပြုလိုက်တယ်, ကျွေးလိုက်တယ် မွေးလိုက်တယ်၊ နေမကောင်းတော့ ပြုစုပေးလိုက်တယ်၊ သူပြုချင်တာဟူ ပြုပေးလိုက်တယ်၊ သူဝတ်ချင်တဲ့ ဖိုးသူတော်ဝတ်ကလေးတွေ ဝတ်ပေးလိုက်တယ်၊ ဒါ ဝတ္တရားကျေသွားတာပဲ၊ ပြီးတာပဲ။ နေမကောင်း ထိုင်မသာရှိတော့လည်း ပြုစုပေးလိုက်တယ်၊ စာပေပညာတွေ လူစဉ်မီအောင် သင်ပေးလိုက်တယ်၊ ဒါ ဝတ္တရားတွေ။

အခု သူကွယ်လွန်ပြီးတဲ့နောက် ဒီကနေ ကောင်းမှုပြုပြီးတော့ ပို့မ်းပြီးတော့ အမျှဝေ၊ စာအုပ်တွေ ရိုက်ပြီးတော့ ဝေမှာပါနော်။ ဒါဝတ္တရားကျေတာပဲ၊ ဝတ္တရားဆိုတာ အဲဒါပြောတာ၊ အဲဒီဝတ္တရား ကိုယ်က သူ့ကျေရင် ကိုယ့်အပေါ် ဝတ္တရားကျေမယ့်သူနဲ့ တွေ့တာပဲ သံသရာ။ ကိုယ်က အမေကောင်း အဖေကောင်းလုပ်ပြီးတော့ သားသမီးပေါ်မှာ အမေကောင်း အဖေကောင်း နေရင်, ကိုယ့် ဝတ္တရားကျေမယ့်အမေအဖေနဲ့ ပြန်တွေ့တာပဲ၊ ဒါထုံးစံ။ ကိုယ်က သားသမီး အပေါ်မှာ ဝတ္တရားမကျေဘူးဆိုရင် ကိုယ့် အမေဆိုး အဖေဆိုးနဲ့ ပြန်တွေ့မှာပဲ၊ ဒါ-ထုံးစံလောက။ ကိုယ်ကမိတ်ကောင်း ဆွေကောင်းမဟုတ်ရင် ကိုယ့် မိတ်ကောင်း ဆွေကောင်းမဟုတ်တဲ့သူနဲ့ တွေ့တာပေါ့၊ ဒီ,သဘောပါ။ ဒါကြောင့်- "ကြုံခိုက်မသွေ, ဝတ္တရားတွေ, ကျေအောင်ငါပြုလိုက်ရမှာပါတကား. ." ဝတ္တရား ကျေအောင် ပြုလိုက်ရမှာပဲ. . .။ ဒါ ငါ့ဝတ္တရားပဲ။

ဒီတော့ လောကကြီး ခဏခေတ္တ မျက်မွေးတစ်ဆုံးလေး ကြည့်ရင်တော့ အမလေး. . . ငါ့သားငါ့သမီး ငါ့သားမှ ဖြစ်ရလေးခြင်း, ငါ့သမီးမှ ဖြစ်ရလေခြင်း. .

http://www.dhammadownload.com



ဒီလိုပေါ့ သူက ဒေါသ ဒေါနမသယတွေဝင်လာ၊ သံသရာခရီးကြီးနဲ့ ချိပြီးတော့ ကြည့်လိုက်တော့ ဒီလိုလာခဲ့တာ များလှပြီ၊ ဒီလိုအမေအဖေနဲ့ ခွဲခဲ့ပေါင်း များလှပြီ၊ အမေအဖေနဲ့တင် မကဘူး အမေအဖေပေါင်းကို သူခွဲခဲ့ပေါင်းကို များလှပြီ သူ့ဘဝ ထဲ။ သူသာလားလို့ဆိုတော့ ဘုန်းကြီးတို့တစ်တွေ အတူတူပဲ၊ အခု အားလုံး တရား နာနေတဲ့သူတွေ အတူတူပဲလေ၊ လောကမှာ အမေအဖေကို ရေတွက်လို့ မရဘူး . . . တဲ့ ဘုရားက။

အမေအဖေတွေလေ. . . ရေတွက်လို့ မရဘူး၊ သတ္တဝါတစ်ယောက်ရဲ့ အမေ, အဖေ၊ ဒီကမ္ဘာမြေကြီးရှိတဲ့ ရွှံ့တွေကို လုံးပြီးတော့၊ လောက်စာလုံးလောက် ကလေး လုံးလုံးပြီးတော့ အဲဒီတစ်လုံးကို ဒါ ငါ့အမေ ဒါ ငါ့အဖေလို့ဆို. . . တဲ့၊ နောက်တစ်ခါ နောက်တစ်လုံးယူပြီးတော့ ဒါအမေ ငါ့အဖေရဲ့ အမေအဖေလို့ ဆို. . . တဲ့။ အဲလို အမေအဖေစာရင်းသာ ချသွားလို့ရှိရင် အမေ အဖေစာရင်း မဆုံးဘူး. . . တဲ့။ တစ်နည်းသော်လည်းပဲ ဒါငါ့ဘယ်ဘဝတုန်းက အမေအဖေ၊ ဒါက ဘယ်ဘဝတုန်းက အမေအဖေ၊ ဒါကဘယ်ဘဝတုန်းက အမေအဖေနဲ့၊ အဲဒီ အမေအဖေစာရင်းတွေ လျှောက်ချရင် ကမ္ဘာမြေကြီးသာ ကုန်ရင်ကုန်သွားမယ် . . . တဲ့၊ သတ္တဝါတစ်ယောက်ရဲ့အမေအဖေ မဆုံးသေးဘူး။ အတူတူပေါ့၊ အမေအဖေဆိုတာ ဥပမာမှတ်ပြောတာ၊ အဘိုးအဘွား, ဦးကြီးဦးလေး, ဒေါ်ကြီး ဒေါ်လေး, အကိုအမ ဒီသဘောချည့်ပဲ။

ဒီတော့- ဒီနေ့ စည်သူကျော်ဟာ သူ အခုဒီဘဝအနေနဲ့တော့ ဒကာ ကိုကျော်စိုးတို့က, ဒကာမ နွယ်နွယ်ဆွေတို့က ငါ့သား-ဒီလိုပေါ့။ သူကလည်း ငါ့အဖေ ငါ့အမေ ဒီတစ်ဘဝလေး။ မျက်မွေးတစ်မွေးဆုံး ဉာဏ်တိုတိုလေးနဲ့ ကြည့်တာ ဒါပဲမြင်လိမ့်မယ်၊ ဉာဏ်ချဲ့ဖြန့်ကြည့်လိုက်တော့ နည်းတဲ့အမေ အဖေတွေ မဟုတ်ဘူး သူလျှောက်လာခဲ့တာ။ နောက်လည်း သူ သူ့အမေအဖေနဲ့ သူ လျှောက်ပြီးသွားဦးမှာပဲ။ သူ့လမ်းသူသွားတာ၊ သူ့ခရီးသူဆက် တာ၊ ကိုယ်ကသာ ဒီကနေပြီးတော့ တကတည်း လွမ်းဆွေးပြီးတော့၊ ပူဆွေးပြီးတော့၊ ဘယ်များ ရောက်နေပါလိမ့်. . . နဲ့ ဘာနဲ့ ဒီလိုတွေးနေတာ၊ အမှန်ကတော့ သူက သူ့လမ်းသူ ထွက်သွားပြီးတော့ သူ့အထုပ်သူထမ်း သူ့လမ်းသူ့စခန်း သူထွက်ပြီးတော့၊ သူဆက် ပြီးတော့ နောက်ဘဝအမေအဖေနဲ့၊ နောက်ဘဝညီအကိုမောင်နှမနဲ့ နောက်ဘဝ အစားအသောက်နဲ့၊ နောက်ဘဝစည်းစိမ်နဲ့ သူ့ရဲ့ကံအားလျော်စွာ ရောက်ပြီးတော့ သူ့ဘာသူ စခန်းဆက်သွားတာ၊ ဒါကို တို့ "ဥရဂ" ဇာတ်တော်မှာ ဟောတယ်။

ဥရဂဇာတ်တော်ဆိုတာ ဘုရားလောင်းကိုယ်တိုင်ပါတဲ့ ဇာတ်တော်ပါပဲ ဗာရာဏသီမြို့တံခါးအနီးမှာ လယ်သမား မိသားစု။ လယ်သမားမိသားစုက

http://www.dhammadownload.com



အဖေရယ် အမေရယ်၊ နောက်သားရယ် သမီးရယ်၊ နောက် သားက အိပ်ထောင်ကျတော့ ချွေးမရယ်၊ အဲဒီလို(၅)ယောက်ပေါ့လေ မိသားစု၊ ဒီတော့-အဲဒီမိသားစု ငါးယောက်မှာ ဘုရားလောင်းတော်က အဖေပါပဲ လယ်သမား၊ လယ်သမား ပုဏ္ဏားဖခင်။ အဲဒီတော့ သူက နေ့တိုင်း သူ့မိသားစုကို၊ နေ့တိုင်းလိုပဲ စားသောက်ပြီးလို့ ညအေးအေးဆေးဆေး ရှိပြီဆိုရင် "တို့နော် ခရီးသွားတွေ. . . ခရီးသွားတွေ၊ တို့တစ်နေ့ ခွဲရမှာ၊ အဲဒါလေး ဆင်ခြင်ကြဟေ့"ဆိုပြီးတော့-

**သဗ္ဗေဟိ မေ ပိယေဟိ မနာပေဟိ နာနာဘာဝေါ ဝိနာဘာဝေါတိ။**

တို့-အလုံးစုံသော ချစ်ခင်နှစ်သက် မြတ်နိုးအပ်တဲ့ သက်ရှိ၊ သက်မဲ့တွေ၊ တစ်နေ့ ခွဲရမယ်. . .၊ ခရီးသွားတွေ ခဏဆုံရတာ ကြုံရတာ၊ ကြုံတဲ့အခိုက်၊ ဆုံတဲ့အခိုက်၊ ဝတ္တရားကျေအောင် ပြုကြရမယ်. . .။ ကြုံတုန်းဆုံတုန်း စိတ်ချမ်းသာ ကိုယ်ချမ်းသာရှိအောင် နေတတ်ကြရမယ်၊ နောက်ဆုံး ခွဲရမယ် ဆိုတာလေး ဆင်ခြင်ကြ. . . ဆိုပြီးတော့ ခဏခဏ ဆုံးမ၊ ဒီတော့-သူတို့ နေ့တိုင်းလိုလို ဒါလေး ရွတ်ရွတ်ပြီးတော့ ညစဉ်-

❖ ငါသည်မှုကား၊ ခရီးသွား၊ သိထားရမှာပါတကား. . .၊
ဇရပ်တန်ဆောင်း၊ ဂူကျောင်းတစ်စိတ်၊
သစ်ပင်ရိပ်၊ ခိုအိပ်နား ခိုက်ပါတကား. . .၊
ခရီးသွားကြုံ၊ အတူဆုံ၊ ခုပုံသည်အလား ပါတကား. . .၊
ကြုံဆဲမသွေ၊ ဝတ္တရားတွေ၊ ထွေထွေ ငါပြုရမှာပါတကား. . .၊
ကိုယ့်အထုပ်ကိုယ်ထမ်း၊ ကိုယ့်စခန်း၊
ကိုယ့်လမ်းကိုယ် သွားရမှာပါ တကား. . . .။

ဒါလေး ရွတ်ရွတ်ပြီးတော့ သူတို့က မကြာမကြာဆင်ခြင်တယ်၊ ရွတ်လိုက်တယ်ဆိုရင် စိတ်ကဒီရောက်သွား။ ရောက်သွားတယ်ဆိုရင် အသိကတိုးသွား။ အဲဒီ အသိလေးက တစ်နေ့ထက် တစ်နေ့၊ တစ်နေ့ထက်တစ်နေ့ ဆိုတော့ ရင့်ကျက်ရင့်ကျက်၊ ရင့်ကျက်ရင့်ကျက်လာတာ၊ ရင့်လာတာ-သစ်ပင်များလို သစ်ပင်များကြီးလေ အနှစ်တည်လေ၊ အခေါက်တွေ ထူလာလေ၊ ရင့်လာလေ၊ ရင့်လာ၊ ခိုင်လာတော့ လေတိုက်တော့ မလဲဘူးပေါ့၊ လက်နဲ့ဆိတ်လို့ မကျိုးဘူး ပေါ့ ဒီလိုပေါ့။ ဒဏ်ခံနိုင်တာပေါ့။

အဲဒီလို မဟုတ်ရင် သစ်ပင်က နုနုလေးဆိုရင် လက်နဲ့ဆိတ်သော၊ လေလေးနည်းနည်း တိုက်လှဲသေ ဒီလိုဖြစ်။ အဲလိုပေါ့ ဘာဝနာစိတ်၊ ဘာဝနာကမ္မဋ္ဌာန်းနဲ့ စိတ်ကိုရင့်ကျက်အောင် လုပ်ထားတာ၊ စိတ်က ရုပ်ခန္ဓာလို မမြင်ရဘူး၊

http://www.dhammadownload.com



မမြင်ရပေမယ့်လို့ သူနုတယ်, ရင့်တယ်ဆိုတာ ရှိတယ်။ ကလေးလေး တွေကျတော့ စိတ်နုနေတော့ မမြင်ဘူးလား, ခြောက်လိုက်ရင်လည်း ကြောက်, မြှောက်လိုက်ရင် လည်းမြှောက်နဲ့ ဖြစ်ကုန်တာ ဒါ နုတာ၊ လူကြီးကျတော့ ...ကရင့်သွားပြီ၊ အသိဉာဏ်တော်တော်ရှိလာတော့ ရင့်သွားပြီ၊ မြင်လည်း မမြင်ရဘဲနဲ့ ဒါ ရင့်တယ် နုတယ်ဆိုတာ ရှိတယ်။

ဒီတော့ ဘုရားအလောင်းတော်က သူ့မိသားစု အဲဒီလိုပဲ ဆုံးမထား၊ ဆုံးမ ထားတော့ ရင့်ကျက်လို့ သူတို့က ခွဲရမှာ. . . တို့ အတူနေတုန်း ဝတ္တရားကျေ အောင်ပြု၊ မကောင်းတာတွေ မပြုနဲ့၊ သူ့အကြောင်းပြုပြီးတော့ ကိုယ်မကောင်း ပြုတော့ သူ့ပါသွားတာ မဟုတ်ဘူး၊ ကိုယ့်ပါလာတာ၊ ဒီလိုကို သူကသိ။ ဒါ့ကြောင့် သားကျွေးမှု အကြောင်းပြုပြီးတော့ အကုသိုလ်မလုပ်ဘူး။ သမီးကျွေးမှု အကြောင်း ပြုပြီးတော့ အကုသိုလ်မလုပ်ဘူး၊ ဘာပြုလို့တုန်းဆိုတော့ သားက တော်ကြာ ခရီး သည် သူ့ဘာသူ ထွက်သွားတာ၊ ကိုယ့်အကုသိုလ်တွေ အဖတ်တင် ကျန်ရစ်တာ၊ ကိုယ့်အပါယ်ငရဲစာတွေ ကျန်ရစ်မှာ၊ ဒါ့ကြောင့် ကောင်းတာဆို တိုးပြု၊ နေတုန်း လေး. . . တွေ့တုန်းလေး နေ၁်၊ ကောင်းတာဆို တိုးပြု၊ ဒီလို။ မကောင်းတာဆို ရှောင် ဟန်ကျနေတာ သူတို့ ကမ္ဘဌာန်းနဲ့။

အဲဒီလို နေရာကနေပြီးတော့ လယ်သမားထုံးစံအတိုင်းပေါ့လေ. . .၊ တစ်နေ့တော့ လယ်လုပ်ရတဲ့ ထုံးစံအတိုင်း ယခုလို လယ်လုပ်ပြီးတော့ နောက်ထပ် ပဲတို့ ဘာဟို့လုပ်ချင်တော့ ဟိုအမှိုက်သရိုက်တွေ ကန်သင်းမှာ ပုံပြီးတော့ မီးရှို့တာ မီးတိုက်တာ၊ လယ်ကန်သင်း သားဖနှစ်ယောက် တောထဲသွားကြပြီးတော့။ အဲဒီတင် မီးရှို့တာက၊ တောင်ပို့နားရှို့တာဆိုတော့ မီးခိုးတွေက တောင်ပို့ထဲဝင် တော့ တောင်ပို့ထဲက မြွေဟောက်က မီးခိုးတွေခိုးတော့ မခံနိုင်တော့ စိတ်ဆိုးပြီး တော့ အပြင်ဘက် ထွက်လာတော့။

သားလုပ်တဲ့သူက ဘာမသိ ညာမသိနဲ့သူက၊ မီးရှို့တဲ့အမှိုက်ကို ဟိုရွှေ့ ထိုး, ဒီရွှေ့ထိုးနဲ့ လုပ်နေတော့ မြွေက ကိုက်ပါရော၊ ကိုက်တော့ အဆိပ်ကပြင်းပြင်း နဲ့ဆိုတော့ သေရော မကြာဘူး၊ အဲဒီတင် သူ့သားကအော်လိုက်တဲ့အသံ ကြား တော့ အဖေက ကဗျာကယာ ပြေးလာလို့၊ ဒီက မြွေကကိုက်သွားရော၊ ဒီတော့ မြွေက ပြေးရော၊ ဒါနဲ့သာ သူ အင်း-သားကတော့ မြွေကိုက်ပြီဆိုပြီးတော့ ကဗျာက ယာထမ်းပြီးတော့ သစ်ပင်ရိပ်၊ တဲစခန်းယူလာ, ချ၊ တတ်နိုင်သမျှ သူမန်းမှုတ် သစ္စာဆိုပြု၊ ဒီလိုနဲ့ပဲ မရဘူး ကွယ်လွန်သွားရှာတယ်၊ အဆိပ်က ပြင်း။

ကဲလေ. . . သူ့အထုပ်သူထမ်း သူ့လမ်းသူ့ခရီးထွက်သွားပြီဆိုပြီးတော့- "ခရီးသွား ရွာဘက်ကိုသွားမယ့် လူတစ်ယောက်လာတာမြင်တာနဲ့ လှမ်းပြီးတော့

http://www.dhammadownload.com



"ဗျို့. . . လာစမ်းပါဦးဗျာ. . . " ဟို တာရဏသီမြို့ဘက်သွားမယ့် လူတစ်ယောက် ယောက်နဲ့ ကြုံတာနဲ့ "တာရာဏသီမြို့ပေါက်အနီးက ဒေါ်ဘယ်သူ့အိမ် သိတယ် မဟုတ်လား" "ဟာသိပါတယ်" "ကဲ-ပြောလိုက်စမ်းပါ အဲဒါ ထမင်းပို့လာလို့ရှိ ရင်-ထမင်းနှစ်ယောက်စာ မယူခဲ့နဲ့တော့ တစ်ယောက်စာပဲ ယူခဲ့တော့၊ ပြီးတော့ သင်္ဂြိုဟ်သမှု ပြုရအောင်လည်းပဲ ယူခဲ့တော့၊ ပြီးတော့-သင်္ဂြိုဟ်သမှုပြုရအောင် လည်းပဲ ကြိယာတန်ဆာပလာ ယူပြီးတော့ လာခဲ့ကြ၊ ဒီမှာ သား ဒီလိုဒီလိုဖြစ်ပြီ လို့ ပြောလိုက်စမ်းပါ"။

ဒါ ရိုးရာအတိုင်းပဲ သူ တုန်တုန်လှုပ်လှုပ်လည်း ဘာမှမရှိပါဘူး၊ လယ်သ မားကြီးက သူခံနိုင်ရည်ရှိတယ်လေ စိတ်က၊ ကမ္မဋ္ဌာန်းနဲ့ အမြဲထုံထားတာ ရင့်နေတာဆိုတော့ ဒီ-သားသေမှုဆိုတဲ့ လောကဓံလေလှိုင်း လေနီလှိုင်း ကျပေ မယ့်လို့ မယိုင်ဘူး သူက၊ လေမုန်တိုင်းတိုက်ပေမယ့်လို့ မယိုင်ဘူး သူက၊ မတ်နေ တာပဲ၊ ရိုးရာအတိုင်းပဲ သူက ထုံးစံ အေးအေးဆေးဆေးပဲ မှာလိုက်တာ။

မှာလိုက်တော့ ဟိုက ခရီးသွားက "ဟာ-ဟုတ်ရဲ့လား၊ ကဲကဲ ပြောလိုက် ပါမယ်ဗျာ ပြောလိုက်ပါမယ်ဗျာ"ဆိုပြီး ဟိုကျတော့ အိမ်ကျတော့ တကယ့်အရေး တကြီးပေါ့လေ. . . သူက သွားပြော၊ ပြောလိုက်တော့ အိမ်က လူတွေကလည်း "သြော်-ပျက်စီးရှာကိုး ကိုင်းပျက်စီးတယ်ဆိုတော့လည်း သူ့အထုပ်သူထမ်း သူ့လမ်း သူသွားတာပေါ့လေ. . . ခွဲရမယ့်ဓမ္မတာအတိုင်း ဒါသွားရတာပဲ"ဆိုပြီးတော့ ထမင်းတစ်ယောက်စာထည့်၊ ဒိပြင်သူတို့မီးသင်္ဂြိုဟ်ဖို့ ကိစ္စလေးတွေဘာလေးတွေ အတွက် စီစဉ်ပြီးတော့ လာခဲ့ကြ၊ မိသားစု အားလုံး။

ဒီကျတော့ ဖခင်လုပ်တဲ့သူက "ကိုင်း-ဒီလို ဒီလိုပဲ၊ အမှိုက်မီးရှို့ရာကနေ ပြီးတော့ အဆိပ်ပြင်းတဲ့မြွေကိုက်တာနဲ့ ဒီလိုပျက်စီးသွားရှာတာ၊ ငါလည်းပဲ တတ် နိုင်သမျှ မန်းမှုတ်၊ ရေနဲ့ဘာနဲ့ပြုလုပ်တာပဲ၊ အိမ်သယ်မလို့ဟာကလည်း မရတော့ ဘူး၊ ကဲ-ပျက်စီးသွားပြီ၊ ကဲဒီတော့ ထမင်းလေးဘာလေးစားလိုက်ဦး မယ်"ဆိုပြီး သူထမင်းပါစား၊ စားတော့ ဟိုကဘေးကထင်းတွေဘာတွေထွက်ပြီးတော့ ပုံကြ၊ မီးသင်္ဂြိုဟ်ဖို့ အဆင်သင့်ဖြစ်အောင်လုပ်၊ လုပ်ပြီးတော့မှ အားလုံးဝိုင်းပြီးတော့ -မေတ္တာပါပို့၊ ကောင်းရာသုဂတိရောက်ပါစေ. . . ဆိုပြီးတော့မှ အလောင်းကို မီးသင်္ဂြိုဟ်ကြ။

မီးသင်္ဂြိုဟ်တော့ သိကြားမင်းက ပဏ္ဍုကမ္ဗလာ တင်းတဲ့အခြင်းအရာပြ၊ ဒီက အလောင်းတော်တို့ရဲ့ စိတ်နေစိတ်ဓာတ်တွေက၊ အကျင့်က ခိုင်ပြီးတော့ အင်မတန် ခံနိုင်ရည်ရှိနေတဲ့ဓာတ်ကြောင့် ဟိုမှာ သွားအရောင်ဟတ်တာ၊ အရှိန်

http://www.dhammadownload.com



ဟတ်တာ၊ ဘာပါလိမ့်မတုန်းလို့ ကြည့်တော့မှ "ဩော်. . . အလောင်းတော် ပါရမီဖြည့်ဖက်တွေနဲ့ တကယ့်လောကရဲ့ စံတင်လောက်တဲ့အလုပ် လုပ်နေပါလား. . . ဆိုပြီးတော့ ဆင်းလာ။

ဆင်းလာပြီးတော့ မေးဦးမှပဲ စမ်းဦးမှပဲဆိုပြီးတော့ လုလင်ယောင်ဆောင်ပြီးတော့ သူတို့မီးသင်္ဂြိုဟ်တဲ့နားက ဖြတ်လာရင်း "ဟာ-ဘာလုပ်နေကြတာတုန်းဗျို့၊ ဘာကောင်ရလို့ မီးဖုတ်နေကြတာတုန်းဗျ၊ သမင်ရလို့လား၊ ဒရယ်ရလို့လား၊ ဘာလား ညာလား့နဲ့ သူက" "ဟာ မဟုတ်ပါဘူးဗျာ. . .၊ ဟောဒီ လူတစ်ယောက် မီးသင်္ဂြိုဟ်နေတာပါ" "ဩော်. . . လူတစ်ယောက် မီးသင်္ဂြိုဟ်နေတယ်ဆိုတော့၊ ခင်ဗျားတို့ကြည့်ရတာလည်းပဲ ငိုလား ရှုံ့ရှုံ့မဲ့မဲ့ဖြစ်လား၊ စိတ်မချမ်းသာ တကတည်း ပြင်းပြင်းပြပြ ဖြစ်လားဆိုတဲ့ အဓိပ္ပါယ်လည်း မတွေ့ပါလား ။ ဒီလူက ဘာတုန်း ခင်ဗျားတို့ လူဆိုးလား၊ ခင်ဗျားတို့ကို ရန်လုပ်သွားတဲ့ ရန်သူလား" "ဟာ-မဟုတ်ပါဘူး. . .၊ ကျုပ်သားပါ. . . ကျုပ်တို့ မောင်ပါ" "ဒါဖြင့်-ခင်ဗျားက ဘာတော်တုန်းဗျ ဦးက" "ကျုပ်သားပဲ. . . ကျုပ်သားပဲ။

"သားသာဆိုတယ်ဗျာ-ခင်ဗျားသားက သားဆိုးမို့ ထင်ပါရဲ့ ခင်ဗျားက ဘယ့်နယ့်မှ မတုန်လှုပ်ပါလား. . . " "ဟာ-မဟုတ်ပါဘူး. . .၊ အင်မတန် လိမ္မာတဲ့သားပါ. . . ကျုပ်သားက၊ ဝတ္တရား အင်မတန်ကျေတဲ့သားပါ" "ဒါဖြင့်ဗျာ-သားတစ်ယောက်သေတာပဲ ခင်ဗျားမျက်နှာက ဖခင်တစ်ယောက်ဆိုပြီးတော့ ဘာမှ မထိခိုက်ပါလား. . .၊ ဘယ်လိုတရားတွေနဲ့များ ခုခံကာကွယ်နေပါတုန်း သိပါရစေ. . . " ဘုရားလောင်းက ပြောတယ်-

ဥရဂေါဝ တစံ ဇိဏ္ဏံ, ဟိတွာ ဂစ္ဆတိ သံ တနုံ၊
ဧဝံ သရီရေ နိဗ္ဘောဂေ, ပေတေ ကာလကတော သတိ။
ဍယှမာနော န ဇာနာတိ, ဉာတီနံ ပရိဒေဝိတံ၊
တသ္မာ ဧတံ န သောစာမိ, ဂတော သော တဿ ယာ ဂတိ။

ဒီစကားလေးနဲ့ ဘုရားလောင်းက ပြန်ပြောတယ်၊ သူ့ဝမ်းထဲက ခုခံအားကို ထုတ်ပြောတာ "ဥရဂေါဝ တစံ ဇိဏ္ဏံ, ဟိတွာ ဂစ္ဆတိ သံ တနုံ". . . တဲ့၊ လောကမှာဗျာ. . .၊ သေတယ် သေတယ်ဆိုတာ မြွေအရေလဲသလိုပါပဲ၊ ဥရဂေါ-မြွေသည်၊ သံ တနုံ-မိမိခန္ဓာကိုယ်ဖြစ်တဲ့၊ တစံ ဇိဏ္ဏံ-ဟောင်းနွမ်းနေတဲ့ အရေကို၊ ဟိတွာ-ပယ်စွန့်၍၊ ဂစ္ဆတိ-အရေသစ်ဖြင့်, ခန္ဓာကိုယ်သစ်ဖြင့် ဆက်လက်ပြီး တော့သွားသကဲ့သို့. . . ။

လောကမှာ မြွေများဆိုတာ အရေလဲတယ်လေ. . . တဲ့ အရေလဲတယ်၊ ဒီတော့ အဲဒီ သူ့ခန္ဓာကိုယ်ဆိုတဲ့ ဒီခန္ဓာကိုယ်ကိုပဲ ဟောင်းနွမ်းလာပြီဆိုတော့

http://www.dhammadownload.com



အဲဒီအရေကို စွန့်ပစ်ထားပြီးတော့ နောက်ထပ် ခန္ဓာကိုယ်အသစ်နဲ့ သူသွားတယ် မဟုတ်လား. . . တဲ့၊ သွားတယ်မဟုတ်လား၊ အဲသလိုပါပဲ. . . တဲ့၊ ကျုပ်တို့ လောကသတ္တဝါတွေ ဒီခန္ဓာကိုယ်ဟောင်းကို ပစ်ထားခဲ့ပြီးတော့ နောက်ထပ် ခန္ဓာ ကိုယ်သစ်နဲ့ သူခရီးဆက်တာပဲ အမှန်ကတော့၊ သူက သူ့အထုပ် သူထမ်း, သူ့လမ်း သူဆက်တာပဲ. . . တဲ့၊ သူ့ဟာသူ နောက်ဘဝ သူ့အမေနဲ့ သူ့အဖေနဲ့ တွေ့၊ သူ့ညီ သူ့အကို မောင်နှမတွေနဲ့ တွေ့ပြီးတော့၊ သူ့ရောက်ရာဘဝ သူပျော်ပြီး တော့ သူ့ဘဝနဲ့သူ သွားတာပဲ. . . တဲ့၊ ဘာမှ မဆန်းဘူး။

ဒီဘက်ဘဝကနေပြီး ကျုပ်တို့က "အမလေး. . . ဖြစ်ရလေခြင်း အမလေး . . . ကြုံမှကြုံရလေခြင်း ဘယ်များရောက်နေပါလိမ့်မတုန်း၊ ဘယ်လိုများ ဖြစ်ကုန် ပါလိမ့်မတုန်း" နဲ့ ကျုပ်တို့က အဲလို ပူဆွေးနေလို့ သူက သိသလားဆိုတော့ မသိ ပါဘူး. . . တဲ့။ ဉာတိနံ့ ပရိဒေဝိတံ-ကျုပ်နဲ့တကွ မိဘဆွေမျိုးတွေရဲ့ ငိုကြွေး မည်တမ်းနေတာ ကိုယ်လည်းပဲ၊ န ဇာနာတိ-သူက ဘာတစ်ခုမှ မသိတော့. . .၊ နောက်ဘဝသူရောက်သွားပြီလေ. . . သူ့ကံနဲ့ သူနဲ့ ကံပစ်ချရာ ရောက်သွားပြီး တော့ အမေသစ် အဖေသစ်နဲ့ တွေ့ပြီးတော့ အကိုသစ် အမသစ် ညီသစ်နှမ သစ်တွေ၊ ဆွေသစ်မျိုးသစ်တွေနဲ့ ဘယ်ဘဝရောက်ရောက် အဲဒါ အမေသစ် အဖေသစ်တော့ တွေ့မှာပဲ၊ ဒီတော့-သူကဘာသိတုန်း ကျုပ်တို့ ဒီက ငိုမည်တမ်း အော်ဟစ်နေတယ် သူကဘာမှ မသိဘူးတဲ့ အဲဒီတော့ ကျုပ်က ငိုနေလို့ အပိုပေါ့တဲ့။

တသ္မာ ဧတံ န သောစာမိ, ဂတော သော တဿ ယာ ဂတိ၊

တဿ-ထိုသား၏၊ ယာ ဂတိ-အကြင်သွားရမယ့်, ဒေဝ မနုဿ, နိရယနဲ့, ပေတ, တိရစ္ဆာန် လားရန်အရှိ၊ ငါးတန်သောဂတိ. . . တဲ့ အဲဒါ-ကျုပ်က နောက်က နေပြီးတော့ ပူဆွေးနေလို့ ခုနက ဇရပ်ပေါ် ခဏအတူဆုံကြ၊ ခရီးသွားချင်း သူက လည်း ညေ့သည်၊ ကိုယ့်ကလည်း ညေ့သည်၊ ခဏလေး ဇရပ်ပေါ်လာဆုံပြီးတော့ သူက သူ့ဘာသူ သူ့အထုပ်သူထမ်းပြီး၊ သူ့ခရီးသူသွားစရာရှိလို့ သွားတာ၊ ကျန်တဲ့ သူကနေပြီးတော့ တကကတည်း နောက်ကနေပြီး ခုန်ပေါက်ပြီးတော့ ငို၊ ရင်ထုပြီး တော့ ငို၊ အမလေး. . . သွားပြီ, သွားပြီနဲ့ ငိုနေလို့ ကိုယ့်ရူးရာကျမှာပဲ . . . တဲ့၊ ကိုယ်ပဲနစ်နာမှာပဲ၊ ကိုယ့်ပဲ ဒုက္ခဖြစ်မှာပဲ၊ သူက သူ့ဘာသူ နဂိုကတည်းက ဒီခရီး သွားမယ်လို့ လာတဲ့သူပဲတဲ့၊ ခဏလာပြီးတော့ တည်းတာပဲတဲ့၊ ဒီတော့ ကျုပ်ငို နေလို့ ဘာကျိုးရှိတုန်း. . . ဆိုတော့မှ သိကြားမင်းက သာဓုဗျာ. . . သာဓု. . . သာဓု. . . ခင်ဗျားတို့ ခံနိုင်ရည်ရှိတဲ့တရား၊ ဝမ်းထဲရှိကြတယ်. . . ဆိုပြီး ဝမ်းသာ လိုက်တာ၊ ကျေနပ်လိုက်တာ။

http://www.dhammadownload.com



"ဒါဖြင့်-ဒီဘက်က အခေါ်ကတော့ ဘာတော်တုန်း" "ဟာ-ကျွန်မ အမေ ပဲ. . . တဲ့၊ အခု ဒီကလေးရဲ့ အမေပါ. . . "။ "ဒါဖြင့်ဗျာ-အမေဆိုတာ-မာတု ဟဒယံ နာမ မုဒုတာ၊ မိခင်ရဲ့နှလုံးသားဆိုတာ အင်မတန် သိမ်မွေ့ပါတယ်. . တဲ့ သားသမီးနဲ့ပတ်သက်လာရင် အင်မတန် နူးညံ့ပါတယ်. . . အင်မတန် ချစ်ခင် တတ်ပါတယ်။ ဒီတော့-အမေတစ်ယောက်ဖြစ်နေပြီးတော့ သား ဒီလို ကွယ်လွန် အနိစ္စရောက်တာ၊ မျက်နှာလည်းမညှိုး မျက်နှာလည်းမပျက်၊ အနေလည်းမပျက် အခြေလည်း မပျက်၊ ဘယ်လိုတရားတွေ ခုခံထားတုန်း၊ ဘယ်လိုတရားတွေများ ဝမ်းထဲက ရှိနေပါတုန်း သိစမ်းပါရစေ. . . ဆိုတော့မှ အမေက ပြောတာ-

**အနဝှိတော တတော အာဂါ, အနနုညာတော ဣတော ဂတော၊**

တတော-ထိုဟိုဘက်ဘဝဆီမှ၊ အနဝှါတော-ကျမက မခေါ်အပ်သည် ဖြစ်၍၊ အာဂတော-သူ့ဘာသူရောက်၍လာခဲ့လေပြီ. . . ။ အဲ-ကျမသား ကျမ ဝမ်းထဲကို "လာခဲ့ သားရေ. . . လာခဲ့, လာခဲ့"လို့ ကျုပ်က ခေါ်နေတာ မဟုတ် ဘူး. . . တဲ့ ကျုပ်က မခေါ်ဘဲနဲ့ သူ့ဘာသူ သူ့ကံနဲ့သူ ကျမဝမ်းထဲ ရောက်လာတာ ပဲ. . . တဲ့၊ တကယ်ကတော့ သူ့ကံပစ်ချတဲ့အတိုင်း ကျမဝမ်းထဲရောက်၊ သူရောက် ထိုက်လို့ ကျုပ်တို့နဲ့ ရှေးရေစက်ဆုံလို့ ဒီရောက်လာတာပဲ. . . တဲ့။

**အနနုညာတော ဣတော ဂတော။** အနနုညာတော-ကျုပ်တို့ခွင့် ပြုလိုက်သည်လည်း မဟုတ်ဘဲနဲ့၊ ဣတော-ဤဘဝကနေပြီးတော့၊ ဂတော- ဆက်ပြီးတော့ သွားလေပြီ. . . ။ ဒီကနေ သူ့အခု ကွယ်လွန်ပြီးတော့ ဘဝတစ်ပါး ကူးသွားတော့လည်း ကျုပ်တို့ကနေပြီးတော့ ခွင့်ပြုလိုက်တာလည်း မဟုတ်၊ မောင်း ထုတ်လိုက်တာလည်း မဟုတ် "သွားတော့" လို့ ကျုပ်ကလည်း ခွင့်မပြုဘူး "သွား. . . "လို့ နှင်လည်း မနှင်ဘူး၊ အဲဒါ သူ့ဘာသူ၊ သူ့ကံနဲ့သူ သွားတာပဲ. . . တဲ့၊ ဒီတော့ ခေါ်လို့ ကျုပ်ခေါ်လို့လည်း လာတာမဟုတ်ဘူး၊ ကျုပ်က သွားဆို လို့လည်း သွားတာ မဟုတ်ဘူး။ သူ့ဟာနဲ့သူ ဒီရောက်လာ၊ သူ့ကံနဲ့သူ သူပြန်ထွက်။ ဒီတော့-

**ယထာ'ဂတော တထာ ဂတော, တတ္ထ ကာ ပရိဒေဝနာ. . .** တဲ့၊ တထာ-ထိုကဲ့သို့ မခေါ်ဘဲနဲ့လာ, မနှင်ဘဲနဲ့ပြန်, ပြန်မလွတ်ဘဲနဲ့ ပြန်သွားတဲ့ ကိစ္စ မှာ၊ ပရိဒေဝနာ-စိုးရိမ်ပူဆွေး, ငိုကြွေးမည်တမ်းနေခြင်းဖြင့်၊ ကာ-ဘာအကျိုးရှိ အံ့နည်း. . . တဲ့၊ ဒီတော့ သတ္တဝါတို့ရဲ့ထုံးစံအတိုင်း ကိုယ်ကခေါ်တာလည်း မဟုတ် နှင်တာလည်းမဟုတ်၊ ခေါ်လို့လာတာလည်း မဟုတ်၊ နှင်လို့ပြန်တာလည်း မဟုတ်နဲ့ သူ့ဘာသူ-သူ့သဘော သူဆောင်ပြီးတော့ သူ့သဘောနဲ့ သူ၊ လာလိုက် သွားလိုက်ဆိုတဲ့ သဘောကို ကျမက ဝင်ပြီးတော ငိုနေလို့ ဒါ အပိုအလုပ်. . . ပဲ၊

http://www.dhammadownload.com



အပိုအလုပ်ပဲ၊ အဲဒီလိုနည်းနဲ့ ကျမ ဒါတရားနဲ့ ခုခံထားလို့ ကျမခံနိုင်ရည်ရှိပါတယ်. . .။

ဒီတော့-သိကြားမင်းက "သာဓုဗျာ. . . သာဓု. . . ဝမ်းသာလိုက်တာ တကတည်း၊ စံတင်လောက်ပါတယ်. . . ကမ္ဘာ့စံတင်လောက်ပါတယ်"ဆိုပြီး "ဒါဖြင့်-ဒီဘက်က ကလေးမက ဘာတော်တုန်း" "ကျမက နှမပဲ အခု ကွယ်လွန်သွားတဲ့သူရဲ့ နှမပဲ" "ဒါဖြင့်-နှမတစ်ယောက်လုပ်ပြီးတော့ မောင်ကြီးကို မချစ်ဘူးလား. . . တဲ့ "အကို့ကို ချစ်ပါတယ်. . . "တဲ့၊ "ချစ်ရင် ငိုလားမဲ့လား, ငိုမည်းတမ်းတလား, သူများတွေလို မဟုတ်ပါလား. . . ဘယ်လိုတရားတွေနဲ့ ခုခံထားတုန်း"ဆိုတော့-

သစေ ရောဒေ ကိသာ အဿံ, တဿာ မေ ကိံ ဖလံ သိယာ. . . တဲ့၊ ကျမငိုရင်, ကျမအရင်ဆုံးထိခိုက်မယ်လေ. . . တဲ့ ကျမငိုတဲ့အတွက် ကျမမှာ ရုပ်ဆင်းပျက်မယ်၊ စိတ်နှလုံးတွေ ပူမယ်၊ မျက်နှာတွေ ညှိုးမယ်၊ ပိန်သွားမယ် ဒီမောင့်ကို အကြောင်းပြုပြီးတော့ သောကတွေဖြစ်တော့ ကျုပ် အစားပျက်, အနေပျက်တွေနဲ့ ရောဂါတွေဖြစ်ပြီးတော့ ကျုပ်ပိန်ချုံးသွားမယ်။ ဒီတော့-ကျမ ဘာအကျိုးရှိတုန်းတဲ့။

ဉာတိမိတ္တ သုဟဇ္ဇာနံ, ဘိယျော နော အရတီ သိယာ။

ကျမ အဲဒီလို ပိန်ပြီးတမှိုမှိုင် တစ်ထွေထွေနဲ့ ဖြစ်ပြီးတော့ ရောဂါတွေဖိစီးပြီးတော့ ပိန်ချုံးသွားတော့ ဟော-ကျုပ်အမေ ထိခိုက်, ကျုပ်အဖေ ထိခိုက်၊ ကျုပ်ဆွေ ကျုပ်မျိုးတွေပါ ခတ်ကူးပြီးတော့ ကျုပ်အကြောင်းပြုပြီးတော့ သူတို့ပါ အကုန် ဒုက္ခရောက်ကုန်မယ်၊ ဒါ့ကြောင့် ကျုပ်မငိုဘူး. . . တဲ့ ဆိုတော့မှ သိကြားမင်းက သာဓုခေါ်တယ်။

နောက် "ဒီဘက်က ကလေးမကရောဗျာ. . . ဘာတော်တုန်း" ဆိုတော့ "ကျမက ဇနီးပါပဲ. . တဲ့ အခု ကွယ်လွန်တဲ့သူရဲ့ ဇနီးပါ" "ဒါဖြင့်ဗျာ-ဇနီးဆိုတာ ခင်ပွန်းသည်တစ်ယောက် ပျက်စီးတယ်ဆိုတာ တောင်ကြီးတစ်တောင် ပြိုသလို၊ မှီနေရတဲ့ အရိပ်ကောင်းသစ်ပင်ကြီး လဲသလို, အင်မတန် ထိခိုက်တာ၊ ဘယ်လိုတရားတွေနဲ့ ခုခံထားလို့ ဒီလိုနေနိုင်ပါတုန်း. . . . "ဆိုတော့မှ-

ယထာပိ ဒါရကော စန္ဒံ, ဂစ္ဆန္တ'မနုရောဒတိ၊
ဧဝံ သမ္ပဒမေဝေတံ, ယော ပေတမနုသောစတိ။

ဒါရကော-မသိတတ်တဲ့ ကလေးသည်၊ ဂစ္ဆန္တံ စန္ဒံ-သူ့အလိုလို, ကမ္ဘာကြီးကို, လှည့်ပတ်ပြီးတော့, သွားနေတဲ့ လပြည့်ဝန်းကြီးကို၊ အနုရောဒတိ

http://www.dhammadownload.com



ယထာပိ-"လ"ကြီးကို ငါ့ယူပေး. . . "လ"ကြီးကို ငါ့ဆီပို့ပေး၊ "လ"ကြီးကို ငါ့ဆီ ယူပေးလို့ ငိုကြွေးတောင့်တလေသကဲ့သို့. . .။ မသိတတ်တဲ့ကလေးက သူ့ဘာသူ ကမ္ဘာ့တန်ဆာ လဆန်းရတနာကြီးက, သူ့ကမ္ဘာပတ်ပြီး၊ သူ့ဘာသူ တရိပ်ရိပ်သွားနေတာ၊ အဲဒါ-အောက်က, ကလေးက "ဖိုးလမင်းကြီးကို ငါ့ယူပေး၊ ဖိုးလမင်းကြီးကို ငါ့ပေး၊ ဖိုးလမင်းကြီးကို ငါ့ဆီယူပေး"နဲ့ ငိုကြွေးပြီးတော့ တောင်းသလိုဖြစ်မှာပေါ့ . . . ကျမက၊ သူ့ကို တကတည်း ငါ့ယောကျ်ား သေသွားပြီ၊ အမလေး ငါ့ယောကျ်ားကို ပြန်ပြီးတော့ ပို့ပေးကြပါ၊ ပြန်ရအောင်လုပ်ပေးကြပါနဲ့ ဆိုရင် အဲဒီကလေးထက် ကျမမိုက်ရာကျတော့မှာပေါ့။

**ဧဝံ သမ္ပဒမေဝေတံ, ယော ပေတမနုသောစတိ။**

ယော-အကြင်သူသည်၊ ပေတံ-ဘဝတစ်ပါး ပြောင်းသွားကွယ်လွန်တဲ့သူကို၊ အနုသောစတိ-တောင့်တပြီးတော့, စိုးရိမ်ပူဆွေး, စိတ်မအေး၍နေ၏၊ သော-ထိုသူသည်၊ ဧဝံ သမ္ပဒမေဝ-အဲဒီကလေးမိုက်ထက် မိုက်ရာကျတော့မှာပေါ့. . . တဲ့၊ အဲဒါကြောင့် မို့လို့ ကျမ မငိုဘူး သူ့လမ်းသူသွားတာပဲ ။ လမင်းကြီးဟာ သူ့လမ်းသူသွားပြီးတော့ ကမ္ဘာပတ်နေသလိုပဲ၊ သတ္တဝါတွေဟာလည်း သူ့လမ်းသူသွားပြီးတော့ ပတ်နေကြတာ၊ ကျင်လည်နေကြရတာ၊ အဲဒါ ကျမက ပူဆွေးနေရင် ကျမ ခုနကလေးထက် မိုက်တော့မှာပေါ့. . . "လို့ဆိုတော့၊ သာဓုဗျာ . . . သာဓု. . . သာဓု။ ဝမ်းသာလိုက်တာ၊ စံတင်လောက်ပါပေတယ် စံတင်လောက်ပါပေတယ်လို့ ဖခင်ရော မိခင်နဲ့ နှမဖြစ်တဲ့သူရော, ဇနီးဖြစ်တဲ့သူရဲ့ စကားတွေ။

နောက်-သူတို့အိမ်ခိုင်းစေတဲ့ ကလေးမလေး၊ ဒီတော့-"ဒီကလေးမက ဘာတော်တုန်း" "ကျမက သူတို့အိမ်က အိမ်စေပါ. . . တဲ့၊ "ဒါဖြင့် အိမ်စေဆိုတော့ ညည်းသခင်က ရိုက်တယ်နှက်တယ် မဟုတ်လား. . . တဲ့" ညည်းကို။ ညည်းက သူသေတာ ဝမ်းသာနေတာလား" "ဟာ-မဟုတ်ပါဘူး. . . တဲ့၊ အင်မတန် ကျုပ်အပေါ်မှာ ညှာတာပါတယ်. . . အင်မတန် ချစ်ခင်ပါတယ်" "ဒါဖြင့်-ဘာပြုလို့ စိတ်မထိခိုက်တာတုန်း၊ ဘယ်လိုတရားတွေနဲ့ ခုခံကာကွယ်နေတုန်း"လို့ဆိုတော့ အိမ်စေမလေးက ပြောတယ်-

**ယထာပိ ဥဒက ကုမ္ဘော, ဘိန္နော အပ္ပဋိသန္ဓိယော၊**
**ဧဝံ သမ္ပဒမေဝေတံ, ယော ပေတ မနုသောစတိ။**

ဥဒကကုမ္ဘော-ရေအိုးကြီးသည်၊ ဘိန္နော-အစိတ်စိတ်, အမွှာမွှာ ကွဲသွားပြီးသည်ရှိသော်၊ အပ္ပဋိသန္ဓိယော ယထာ-ပြန်စပ်၍ မရလေသကဲ့သို့. . . ။

http://www.dhammadownload.com



လောကမှာ-ရေအိုးဆိုတာ နောက်ဆုံးကွဲတဲ့ သဘောရှိတယ်မဟုတ်လား။ ဒီတော့-ရေအိုးခေါင်းပေါ် ရွက်ပြီးတော့ သွားရင်း "ခွမ်း"ဆို ရေအိုးကျတော့ တစ်ခြမ်း နှစ်ခြမ်း သုံးလေးငါးခြမ်း ကွဲထွက်သွား၊ အဲဒါ-ရေအိုးကောင်းဖြစ်အောင် ပြန်ပြီးတော့ စပ်လို့မရဘူး မဟုတ်လား. . . တဲ့၊ အဲဒီ မရတာကြီး ကျုပ်ကနေပြီးတော့ ရေအိုးကြီး ပြန်စပ်ပေး. . . ရေအိုးကြီး ပြန်ကောင်းအောင်လုပ်ပေးနဲ့ တောင်းဆိုနေရင် ကျုပ်ရူးရာကျမှာပေါ့. . . ကျမ မိုက်ရာကျမှာပေါ့။

အဲဒီလိုပဲ ဘဝတစ်ပါးပြောင်းသွားကွယ်လွန်တယ်ဆိုတဲ့ ပုဂ္ဂိုလ်ကို ပြန်ပြီးတော့ရှင်အောင်၊ ပြန်ပြီးတော့လာအောင် တောင့်တနေရင်, ကွဲသွားတဲ့ရေအိုးကို ပြန်စပ် ပေးပါတောင်းဆိုတဲ့ ကလေးမိုက်ထက် အရူးအမိုက်ထက်ဆိုးမှာပေါ့ . . . လို့၊ အဲဒီလိုနဲ့ ကျမ တရားနှလုံးသွင်းပြီးတော့ နေပါတယ်. . . ဆိုတော့မှ သိကြားမင်းက သာဓုခေါ်။

ဒီဇာတ်တော်က ဘုရားရှင် ကိုယ်တော်မြတ်ကြီးက ဘုရားဖြစ်တော့ အဲဒီ သာဝတ္ထိမြို့က သူဌေးတစ်ယောက်ရဲ့ သားကွယ်လွန်အနိစ္စရောက်တာ အကြောင်းပြုပြီးတော့ သင်္ချိုင်းချည်းသွားသွား နေ့တိုင်းငိုနေ၊ သားလေးသေသွားတာ သားမြေပုံနားသွားသွားပြီးတော့ သားရေ-ကဟံ ဧကေ ပုတ္တက-သားလေး ဘယ်နားကတုန်းဟေ့၊ ကဟံ ဧကေ ပုတ္တက-သားငယ်ကလေး, ချစ်တဲ့သားငယ်ကလေး ဘယ်ဆီကတုန်းဟေ့ အဖေလာတယ်ဗျ. . . နဲ့ နေ့တိုင်းသွားသွားပြီးတော့ ငိုပြီးဒုက္ခရောက်နေလို့ ဘုရားက လိုက်ပြီတော့ တရားပြ။ တရားဟောတော့ အဲဒီ သူဌေးနဲ့တကွ မိသားစုသောတာပန် တည်သွားတယ်။ အဲဒါ-ဘုရားရှင်ကိုယ်တော်မြတ်က၊ သူကိုယ်တိုင် ဟိုတုန်းက ပါခဲ့တဲ့ဇာတ်ကြောင်း "ဥရဂ"ဇာတ်တော်ဆိုပြီး ပြန်ဟောတာ။

ဒီတော့-အဲဒီလယ်ရှင် ပုဏ္ဏားကြီးက သူများမဟုတ်ဘူး ငါဘုရားပဲ. . . တဲ့ လယ်ရှင်ပုဏ္ဏားရဲ့ ဇနီးကသူများမဟုတ်ဘူး အခု ငါ့ရဲ့လက်ျာရံ ပညာတောဒဂ် နှံ့ထက်ကြေငြာ, ခေမာထေရီရဟန္တာမကြီးပဲ၊ မြွေကိုက်ပြီးတော့ ကွယ်လွန်သွားတယ်ဆိုတာက သူများမဟုတ်ဘူး. . . တဲ့ အခု သားတော်ရာဟုလာ, လာပြီးတော့ ဖြစ်တယ်၊ အဲဒီတုန်းက သမီးလေးက ဘယ်သူတုန်းဆိုတော့ ဥပ္ပလဝဏ်ထေရီမ-လက်ဝဲရံ ပညာတောဒဂ်ဘွဲ့ရတဲ့ လက်ဝဲရံ ဥပ္ပလဝဏ်ထေရီမက သမီးလေးဖြစ်တယ်၊ အိမ်စေမလေးက ခုဇ္ဇုတ္တရာပဲ. . . လို့ ဘုရားက ဇာတ်ပေါင်းပြီးတော့ ဟောသွား၊ ဒါ့ကြောင့် ဒီအလောင်းတော်ကြီးတွေ၊ သူတော်ကောင်းကြီးတွေရဲ့ စံကိုကမ္ဘာမှာ ကျန်နေအောင်ဆိုပြီးတော့ ဘုရားရှင်ကိုယ်တော်မြတ်က အလောင်းတော်ဘဝတုန်းက သူတို့ပါရမီဖြည့်စဉ် နုစဉ်တုန်းက စိတ်နေစိတ်ထားတွေကို ပြန်ပြီးတော့ ဘုရားက ဟောပြတာ၊ ဒီဇာတ်တော်နဲ့။

http://www.dhammadownload.com



ဒီတော့ စံယူရအောင် နမူနာယူရအောင်လို့ အတုခိုးရအောင်၊ အမှန်ကတော့ သဘာဝအတိုင်းပါပဲ၊ ဒါ့ကြောင့် "ငါသည်မူကား, ခရီးသွား, သိထားရမှာပါတကား. . . "လို့ ဒါဆင်ခြင်ပြီးတော့ နေလိုက်လို့ရှိရင် ဝမ်းထဲမှာ ဆေးစားသလိုပဲ။ ပူနေတဲ့စိတ်တွေ အေးသွား၊ တရားရေနဲ့ လောင်းလိုက်တာ ပူနေတဲ့စိတ်တွေ အေးသွား၊ ပူတယ်ဆိုတဲ့ စိတ်က မသိစိတ်ခေါ်တယ် သူက "န"စိတ်ခေါ်တယ်၊ ရှိတာရှိတဲ့အတိုင်း သဘောမှန် မသိဘဲသူက တောင်တွေး မြောက်တွေးနဲ့ တောင်ကြံ မြောက်ကြံနဲ့ သူက ရှူးချင်နှမ်းချင်တဲ့ စိတ်၊ မိုက်စိတ်၊ မသိစိတ်, မောဟဖုံးလွှမ်းနေတာ။

အဲဒါကို ခုနက တရားရေအေး အမှန်နဲ့စဉ်းစားလိုက်တော့ အမှန်သဘောကြီးနဲ့ ကြည့်လိုက်တော့ ဟုတ်သား. . . ပဲ သူက၊ ရေအိုးကွဲတာ ဘယ့်နယ့်လုပ်ပြန်စပ်လို့ ရမှာတုန်း "လ"ကြီး သူ့ဟာသူ သွားနေတာ "ယူပေး, ယူပေး"ပြောလို့ မိုက်ရာကျမှာပေါ့၊ အဲခုလို သူ့အထုပ်သူထမ်း သူ့လမ်းသူသွားတဲ့ ခရီးသွား နောက်ကနေပြီးတော့ သွားရမလားဆိုပြီးတော့ ခုန်ပေါက်ငို, ရင်ထုငိုနေလို့ ကိုယ်ပန်းတာရှိမှာ၊ ဒါ့ကြောင့် ဘုရားကစံတင်ထိုက်တဲ့ တရားတော်ကြီး ဥရဂဇာတ်တော်ကြီးနဲ့ ဟောထားခဲ့တာဖြစ်တော့ အဲဒီတရားတော် ရေအေးဖြင့် ကိုယ့်ကိုယ်ကို လောင်းပြီးသကာလ ငြိမ်းချမ်းရေးတရားကို ရအောင်ယူနိုင်ကြတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေ ဖြစ်ကြပါစေကုန်သတည်း။

ယနေ့-အားလုံးတရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့သည်လည်း, အသီးသီးခွဲခွာရမယ့် ဝတ္တရားတွေရှိကြတဲ့အတိုင်း ကိုယ့်အထုပ်ကိုယ်ထမ်း၍၊ ကိုယ့်လမ်းကိုယ်သွားတဲ့ အခါမှာ, တရားနဲ့ ဖြေပြီးသကာလ၊ နေတတ်ကြတဲ့ (၃၁)ဘုံသား, သံသရာခရီးသွားတွေဖြစ်အောင် ကျင့်ကြံကြိုးကုတ်အားထုတ်နိုင်ကြပါစေကုန်သတည်း၊ အဲဒီ သံသရာ ခရီးသွားရင်းနဲ့ သံသရာခရီးကြီး လမ်းဆုံးပန်းတိုင်ရောက်သွားအောင်, ဒုက္ခခပ်သိမ်းအေးငြိမ်းတဲ့ ခရီးသွားရပ်သွားတဲ့ ဓာတ်ကြီးကို မြင်ကြရအောင်၊ ဒါန,သီလ, ဘာဝနာ ကုသိုလ်ကောင်းမှုတွေ ပြုစွမ်းနိုင်ကြတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေ ဖြစ်ကြပါစေကုန်သတည်း။

ဤကဲ့သို့ ပြုစွမ်းနိုင်ကြကုန်သည်ဖြစ်၍ ဤကဲ့သို့ တစ်ပတ်ပတ်သွားနေရတဲ့ သံသရာခရီးကြီးရပ်ရာ, ရပ်ကြောင်းဖြစ်တဲ့ ဒါန သီလ ဘာဝနာကောင်းမှုတွေကို ပြုစွမ်းနိုင်ကြကုန်သည်ဖြစ်၍, ဤကဲ့သို့ ပြုစွမ်းသွားတော်မူတတ်ကြတဲ့ ရှေးရှေးသော

http://www.dhammadownload.com



သူတော်ကောင်း, သူမြတ်လောင်းကြီးတို့ ရအပ်ရောက်အပ်, သိမြင်အပ်သော နိဗ္ဗာနဓာတ်တရားတော်မြတ်ကြီးကို သံသရာခရီးသွားရပ်တဲ့ နိဗ္ဗာနဓာတ်ကြီးကို၊ လျင်မြန်ဆောစွာ ရောက်ကြရ, ရကြရ, မြင်ကြရပါလိုကုန်သောဟူ၍, ပတ္ထနာ အောင်စု ပြုကြကုန်ရာသတည်း. . .။

သာဓု. . . သာဓု. . . သာဓု. . . ပါဘုရား။

http://www.dhammadownload.com

# * "ပဗ္ဗတူပမသုတ္တန်" တံတိုင်း(၃)တန် ကိုယ်မှာရံတရားတော်

ကိုင်း ယနေ့ မြန်မာကောဇာသက္ကရာဇ် ၁၃၄၉ ခုနှစ်, တပို့တွဲလဆန်း(၄) ရက်နေ့၊ ခရစ်နှစ်-၁၉၈၈ ခု ဇန်နဝါရီလ (၂၄)ရက်နေ့မှာ အမရပူရမြို့၊ မဟာ ဂန္ဓာရုံကျောင်းတိုက်တွင်းရှိ ပရိယတ်ပဋိပတ် သာသနာ့တာဝန်ထမ်း ဆောင်နေကြ သော, ဘုရားသားတော်သံဃာတော်(၆၀၀)ကျော်တို့အား နံနက်ဆွမ်း, နေ့ဆွမ်း နှစ်ထပ်သော ဘောဇဉ်ဆွမ်းတို့ဖြင့် သံယိကဒါန, လာရောက်ပြီးတော့ လောင်းလှူ ကြ ဆက်ကပ်ကြတဲ့ ကုသိုလ်ကောင်းမှုရှင်များက, စဉ့်ကိုင်မြို့နယ်, အနောက် ရွာသစ်မှာနေထိုင်ကြတဲ့ ဆွမ်းအမကြီးဒေါ်လှဝင်း၊ မိသားစုတို့ဖြစ်ကြပါတယ်။

ဆွမ်းအမကြီးဒေါ်လှဝင်းဆိုတာ ဟိုအနောက်ဥယျာဉ်ဘုန်းကြီး၊ ဘုန်းကြီး ဦးနန္ဒိယရဲ့ ရဟန်းဒကာရဟန်းအမကြီးတွေရဲ့ ညီမ၊ နှမ၊ အဲဒီ ဒကာမကြီးက ခုနကပြောခဲ့သလို ကွယ်လွန်ခဲ့တဲ့မိခင်ဖခင်တွေကို ရည်စူးပြီးတော့ ကွယ်လွန် သွားတဲ့ မိမိရဲ့ ကျေးဇူးရှင် ခင်ပွန်းသည်ဒကာကြီးဦးဖိုးရေကိုလည်း ရည်စူး၊ အဲဒီလို ရည်စူးပြီးတော့ အခုနကပြောခဲ့တဲ့အတိုင်း ထပ်တစ်ရာ ပဲအာလူး ဟင်းဖက်ရည် ဆွမ်း နံနက်ဆွမ်း၊ နေ့ဘောဇဉ်ဆွမ်းကပ်ခြင်း၊ ဂဏဝါစကစာချဝန်ဆောင် ဆရာတော်တို့၏ နဝကမ္မအားငွေကျပ်တစ်ထောင် လှူဒါန်းခြင်း။

ဒီတော့ အဲဒီလို ကွယ်လွန်တဲ့ သူတွေကို၊ အခုလိုပြုပေးခြင်း၊ ကိုယ့်အတွက် လည်းပဲ ဒါကောင်းမှုတိုးပွားသွားအောင်ပြု၊ ဒီတော့ အခုလိုပြုတာကိုပဲ မြတ်စွာ ဘုရားရဲ့ ပဗ္ဗတူပမသုတ်တော်သွားနဲ့ ပြောမယ်လို့ဆိုရင် ကိုယ့်ကိုယ်ကိုလည်း တံတိုင်းကြီးသုံးတန်ကာရံတာ၊ ကွယ်လွန်သွားခဲ့တဲ့ ခုနကပြောခဲ့တဲ့ မိခင်ဖခင် ကျေးဇူးရှင်ကြီးတွေရော၊ ဒကာကြီးဦးဖိုးရေကိုရော၊ တံတိုင်းကြီးသုံးတန်ကာရံ ပေးတာ သေမင်းမလာနိုင်တဲ့ တံတိုင်းကြီးသုံးတန်၊ နာမင်းမရောက်နိုင်တဲ့ တံတိုင်းကြီး သုံးတန်ကာရံပေးတယ်. . . လို့ခေါ်တယ်။

မြတ်စွာဘုရားကလည်း အိုးမင်းကြီးမလာနိုင်၊ နာမင်းကြီးမရောက်နိုင်၊ သေမင်းကြီး မကပ်နိုင်၊ မကျော်နိုင်တဲ့ တံတိုင်းကြီးသုံးတန်ကာရံကြ. . .၊ ကိုယ့်ကိုယ်ကို တံတိုင်းကြီးသုံးတန်အတွင်း ဝင်ခိုကြ၊ တံတိုင်းကြီးသုံးတန်အတွင်း ဝင်ပုန်းကြ၊ တံတိုင်းကြီးသုံးတန်တွင်းမှာ မှီပြီးတော့ ကိုယ့်ကိုယ်ကို ခိုတဲ့အနေနဲ့ တံတိုင်းကြီးသုံးတန် မြင့်သထက်မြင့်အောင်ဆင့်ကြ. . .၊ ဘုရားက

* သံ-၁၊ ၁၀၁။

http://www.dhammadownload.com



ဗုဒ္ဓေ ဓမ္မေ စ သံဃေ စ, ဓိရော သဒ္ဓံ နိဝေသယေ၊

ပဗ္ဗတူပမသုတ်မှာ ဘုရားက သတိပေးတဲ့တရားလေး-

ဓိရော-အသိအလိမ္မာ, ဉာဏ်မှာရှိတဲ့, အမျိုးကောင်းသား, အမျိုးကောင်းသမီးအပေါင်း, သူတော်ကောင်းသည်၊ ဗုဒ္ဓေစ-ဘုရားတံတိုင်းကြီး၌လည်းကောင်း၊ ဓမ္မေ စ-တရားတံတိုင်းကြီး၌လည်းကောင်း၊ သံဃေ စ-သံဃာတံတိုင်းကြီး၌လည်းကောင်း၊ နိဝေသယေ-ဝင်ပုန်းနေရာ၏၊ ဝါ-တံတိုင်းကြီးသုံးတန် မြင့်သထက်မြင့်အောင် ဆင့်ပြီးတော့ ကိုယ့်ကိုယ်ကို လုံအောင်ပုန်းရာ၏. . .။

အိုမင်းကြီး, နာမင်းကြီး, သေမင်းကြီး ကိုယ့်ကို မနှိပ်စက်နိုင်အောင်၊ အဲဒီ တံတိုင်းကြီးသုံးတန်ကာရံပြီးတော့ ပုန်း. . . . တဲ့၊ ဒိပြင်နည်းနဲ့တော့ ပုန်းလို့မလွတ်ဘူးတဲ့ ဘုရားက၊ ဒိပြင်နည်းနဲ့တော့ တိမ်းလို့မရဘူးတဲ့။

"နတ္ထိ မစ္စုသ္သ နာဂမော"

ဟော- သံယုတ်ပါဠိတော်ကျတော့ မစ္စုဿ-ရှင်သေမင်းကြီး၏၊ မစ္စုဿ-ဇရာမင်းကြီး, ဗျာဓိမင်းကြီးနှင့်တကွဖြစ်တဲ့ ရှင်သေမင်းကြီး၏၊ နာဂမော-ဟောဒီ သုံးဆယ့်တစ်ရွာမှာဖြင့်, မလာနိုင်တဲ့ ဌာနသည်, မလာနိုင်တဲ့ အချိန်ကာလသည်၊ နတ္ထိ- မရှိရိုးကေန်, အမှန်သာလျှင်တည်း. . .။

ဟော- မြတ်စွာဘုရားက အိုမင်းကြီး, နာမင်းကြီး, သေမင်းကြီး၊ အမှန်ကတော့- သေမင်းကြီးကလိုရင်း၊ သေမင်းကြီးရဲ့တပ်၊ ခုန အိုတပ်ကြီးက၊ သေမင်းကြီးရဲ့ တပ်, နာမင်းကြီး နာတပ်ကြီးက။ ဒီတော့-သေမင်းကြီးက သူ့ရဲ့လက်ဝဲ, လက်ျာတပ်ကြီးနှစ်ခုအားကိုးနဲ့ အိုမင်းကြီးခေါင်းဆောင်တဲ့ အိုတပ်ကြီးက လက်ျာတပ်ကြီးပေါ့၊ နာမင်းကြီးခေါင်းဆောင်တဲ့ နာတပ်ကြီးက လက်ဝဲတပ်ကြီးပေါ့၊ သူ့လက်ဝဲရံ, လက်ျာရံ တပ်ကြီးနှစ်ခုနဲ့ သေမင်းကြီးက (၃၁)ရွာထဲ မွှေပြီးတော့ ရှိသမျှနှိပ်စက်နေတာ။

ဒီတော့ သူမလာနိုင်တဲ့ဌာန မရှိဘူး။ သူမလာနိုင်တဲ့ ကာလမရှိဘူး။ (၃၁)ရွာထဲသာ နေလိုကတော့ သတ္တဝါတွေဆီကို သေမင်းကြီးမလာနိုင်တဲ့ ကာလ, မလာနိုင်တဲ့အချိန် တစ်ချိန်. . . မှ မရှိဘူး၊ မလာသေးတာပဲရှိတယ်။ အခုဘုန်းကြီးတို့တစ်တွေ ဆွမ်းအမကြီး ဒေါ်လှဝင်းနှင့်တကွ တရားနာပရိသတ်အပေါင်းသူတော်ကောင်းတွေ၊ ဒကာဒကာမတွေဆီကို သေမင်းကြီးက မလာနိုင်တဲ့ အချိန် ဘယ်အချိန်မှကို မရှိဘူးတဲ့၊ မလာသေးတာသာ ရှိတယ်။

http://www.dhammadownload.com



မနက်လည်းလာမယ် သူက၊ နေ့လယ်လည်း လာနိုင်တာပဲ၊ ညလည်း လာနိုင်တာပဲ၊ အိပ်နေတုန်းလည်း လာနိုင်တယ်၊ စားနေတုန်းလည်း ဝင်နိုင်တယ် သူက။ သေမင်းကြီးက သူမလာနိုင်တဲ့အချိန် တစ်ချိန်မှ မရှိပါဘူး. . . . တဲ့ ဘုရားက။ တနှစ်မှ မရှိဘူး၊ တစ်လမှ မရှိဘူး၊ တနှစ်(၁၂)လရှိတယ်၊ ဘယ်လမဆို သူလာနိုင်တယ်၊ ရှင်သေမင်းကြီးက၊ တစ်လမှာ ရက်ပေါင်း(၃၀)ရှိတယ်၊ သူကဝင်ခေါ် လိုက်လို့ရှိရင် လိုက်ရတာပဲ၊ တစ်ရက်(၂၄)နာရီရှိတယ်၊ ဘယ်နာရီမှ သူမလာနိုင်တဲ့ အချိန်ရယ်လို့ မရှိဘူး၊ တစ်နာရီမှာ မိနစ်(၆၀)ရှိတယ်၊ ဘယ်မိနစ်မှာမှ အအား မပေးဘူး၊ ဝင်ချင်တဲ့အချိန် စွက်ခနဲဆို ဝင်ခေါ် တယ်၊ တစ်မိနစ်မှာ စက္ကန့် (၆၀) ရှိတယ်၊ ဘယ်စက္ကန့်မှ သူက အအားမပေးဘူး၊ သူဝင်နိုင်တဲ့ အချိန်ချည်းပဲ။ မခေါ် ချင်သေးလို့ အသာလေးနေတာ။ ချမ်းသာပေးထားတာ။

ဒါကြောင့် "နတ္ထိ မစ္စုသ္သ နာဂမော"တဲ့ ဘုရားက၊ မစ္စုသ္သ-ရှင်သေမင်းကြီး၏၊ နာဂမော- ဟောဒီ သုံးဆယ့်တစ်ရွာ, သတ္တဝါတို့ထံသို့, မလာနိုင်တဲ့ အချိန်ကာလသည်၊ နတ္ထိ- မရှိရိုးကေန်, အမှန်သာလျှင်တည်း။ နာဂမော-မလာနိုင်တဲ့ ဩကာသဆိုတဲ့ ဌာနသည်၊ နတ္ထိ- မရှိရိုးကေန်, အမှန်သာလျှင်တည်း . . . ။ သူမလာနိုင်တဲ့ ဌာနလည်းတစ်ခုမှ မရှိဘူးတဲ့ (၃၁)ရွာထဲ။ ကောင်းကင်ဌာန လည်း သူလာနိုင်တယ်၊ သမုဒ္ဒရာထဲ ရေထဲလည်း လာနိုင်တာပဲ၊ လိုဏ်ခေါင်းကြီး တွေထဲလည်း ဝင်နိုင်တယ် သူက၊

န အန္တလိက္ခေ န သမုဒ္ဒမဇ္ဈေ, န ပဗ္ဗတာနံ ဝိဝရံ ပဝိဿ. . ။

ဓမ္မပဒတယောဇနဝတ္ထုမှာလည်း ဘုရားက-ရှင်သေမင်းကြီး မလာနိုင်တဲ့ နေရာတစ်ခုမှ မရှိဘူး ချစ်သားတို့။ န အန္တလိက္ခေ- အထက်ဝန်းကျင်, မိုးကောင်း ကင်ထဲမှာ ပုန်းအောင်းနေသော်လည်း မလွတ်ဘူး။ န သမုဒ္ဒမဇ္ဈေ- သမုဒ္ဒရာ အလယ် ပြာသာဒ်ကြီးတည်ပြီးတော့ ပုန်းလို့လည်း မလွတ်ဘူး၊ န ပဗ္ဗတာနံ ဝိဝရံ ပဝိဿ-ဟိမဝန္တာတောင်စွန်းကြီးတွေ, မြင့်မိုရ်တောင်ခေါင်းကြီးတွေ, ထိုထိုတောင် ခေါင်းကြီးတွေလည်း ပုန်းခိုပုန်းအောင်းနေလို့လည်း မလွတ်ဘူး. ။

ဟော-လွတ်နိုင်တဲ့နေရာ တစ်ခုမှမရှိဘူး၊ ရှင်သေမင်းကြီး မလာနိုင် တဲ့ဌာန။ ဟာ-တောင်ခေါင်းကြီးထဲတော့ ဒီလောက်နက်တဲ့ တောင်ခေါင်းကြီးထဲ တော့ ရှင်သေမင်းကြီး လာနိုင်မှာမဟုတ်ပါဘူး။ တို့- အဲဒီထဲ သွားပုန်းရအောင် ဆိုလို့ မရဘူး။ ဟာ-ကောင်းကင်ထဲ ရှင်သေမင်းကြီး လိုက်လာနိုင်မှာ မဟုတ် ပါဘူး၊ ကောင်းကင်ထဲ လေယာဉ်ပျံကြီး စီးပြီးတော့၊ သို့မဟုတ် ဂြိုဟ်တုကြီးတွေ၊ ဒုံးပျံကြီးတွေ စီးပြီးတော့ အထက်တက်ဝဲပတ်နေရင် လွတ်ပါလိမ့်မယ်လို့ သွားပုန်း

* ဓမ္မ-၄-၂၊ ၂၈။

http://www.dhammadownload.com



ကြည့်မလွတ်ဘူး။ အဲဒီတင် သေတာ။ အခု လေယာဉ်ပျံတွေ ပျက်ကျ၊ ကောင်းကင်မှာ ဗုံးပေါက်ပြီး လေယာဉ်ပျံပေါ်တင် သေကုန်ကြ၊ နသမုဒ္ဒမဇ္ဈေ-သမုဒ္ဒရာကြီးဆိုတာအကျယ်ကြီး၊ ဒီတော့ သမုဒ္ဒရာဆိုတာ ကမ်းမမြင် လမ်းမမြင်၊ သမုဒ္ဒရာအလယ်ခေါင်သွားပြီးတော့ နေမယ်ဟေ့-သင်္ဘောကြီးနဲ့ သွားနေမယ်ဟေ့၊ သို့မဟုတ် သမုဒ္ဒရာကြီးရဲ့အလယ် ပြာသာဒ်ကြီးတည်ပြီးတော့ ရှင်ဥပဂုတ်ကိုယ်တော်ကြီးတို့လို သွားပြီးတော့နေမယ်ဟေ့ဆိုလည်း မလွတ်ဘူး။

မြတ်စွာဘုရားလက်ထက်က ရဟန်းတော်တွေက မြတ်စွာဘုရားဖူးမယ်ဆိုပြီးတော့ ဟိုက ဒီက ဘုရားဆီလာကြ၊ လာကြတော့ ရဟန္တာတစ်စု ဒီလိုပဲ တစ်ရွာဝင် တစ်ရွာထွက်နဲ့ ဆွမ်းခံစားရင်းနဲ့ဘုရားဆီလာကြတာ၊ တစ်ခါတော့ ရွာတစ်ရွာရောက်၊ ရောက်တော့ အဲဒီရွာရဲ့အနီး မနက်စောစောစီးစီးဆွမ်းခံဘုဉ်းပေးပြီးတော့ တောထဲမှာ ခဏနားပြီးတော့ နေကြတော့၊ ရွာမီးလောင်ပါရော၊ ရွာမီးလောင်တော့ အိမ်နှစ်အိမ် သုံးအိမ်လောင်တော့ ဝိုင်းပြီးတော့ ငြိမ်းကြတယ်၊ သို့သော် မီးက မီးရှိန်ကောင်းတော့ တစ်အိမ် နှစ်အိမ် သုံးအိမ် လေးအိမ်လောင်။

လောင်တော့-မီးတွေက အရှိန်နဲ့လောင်တော့ မီးအဟုန်နဲ့ တစ်ခါတည်းကရွတ်ခွေပေါ့လေ. . . တို့နှီးကရွတ်ခွေတို့၊ ကောက်ရိုးကရွတ်ခွေတို့လို အိုးအောက်ကခံတဲ့ ကရွတ်ခွေတစ်ခုက မီးလောင်ပြီးတော့ အရှိန်နဲ့တစ်ခါထဲ မီးကွင်းကြီးဖြစ်ပြီးတော့၊ မီးကမှုတ်တင်တာ၊ လွင့်လွင့်၊ လွင့်လွင့်နဲ့ မီးကွင်းကြီးလွင့်ပြီးတော့ အထက်တက်လာ၊ ကျီးတစ်ကောင်ကလည်းပဲ ဖြတ်ပြီးတော့ ပျံတာ၊ သူသူ့လမ်းသူ ဖြတ်ပြီးတော့ ပျံတာ၊ ဖြတ်အပျံ ကျီးရဲ့လည်ပင်း မီးကွင်းကြီးက ဝင်စွပ်ပြီးတော့ တစ်ခါတည်းကျီး အ, အ, အ, နဲ့အော်ရင်း ဟစ်ရင်းနဲ့ မီးကွင်းကြီးနဲ့ လုံးချာလည်ပြီးတော့ အောက် ဖုတ်ဆိုကျ၊ သေသွား။

ဟာ-တစ်ရွာလုံးက တအံ့တသြပြောကြ ဆိုကြ၊ ရဟန်းတော်တွေလည်း မြင်လိုက်၊ သြော်-ရဟန်းတော်တွေက သံဝေဂဖြစ်၊ အံ့သြစရာကောင်းလိုက်တာ . . . ကြည့်ပါအုံး၊ ကောင်းကင်ကပျံသွားနေတဲ့ ကျီးငှက်၊ ကြံကြံဖန်ဖန်မီးကွင်းကြီးက မီးလောင်ပြီးတော့၊ လည်ပင်းစွပ်ပြီးတော့ သေရတယ်၊ ဆန်းလိုက်တာဆန်းလိုက်တာဆိုပြီးတော့ သူကမှတ်ထား။

ဒိပြင် တစ်နေရာကလည်း ရဟန်းတော်တွေတစ်စုက၊ သမုဒ္ဒရာကနေဖြတ်လာတာ၊ သူတို့က ဘုရားဖူးချင်လို့လာတာ သူတို့လာတာက၊ လှေသူကြီးတွေက ကုန်ရောင်းကုန်ဝယ်သွားတော့ လှေကြုံလိုက်ပါရစေ. . .၊ ဘုရား

http://www.dhammadownload.com



ဖူးချင်လို့ပါဆိုတော့၊ တခါတည်း သမုဒ္ဒရာထဲဖြတ်တဲ့ လှေပေါ်လိုက်လာ၊ တို့မြန်မာပြည်လိုပြောရင် ဘိတ်ကနေပြီးတော့ ရန်ကုန်လာသလိုပေါ့၊ သမုဒ္ဒရာထဲဖြတ်လာ၊ အဲလိုဖြတ်လာလို့ ကမ်းမမြင်လမ်းမမြင်သမုဒ္ဒရာအလယ်ခေါင်ရောက်တော့ လှေကြီးက မသွားတော့ဘူး၊ ဘယ်လိုလုပ်လို့မှ မသွားဘူး ရွက်ဖွင့်တက်ဖွင့် လှော်ကြ ခတ်ကြ မရွေ့ဘူး။

မရွေ့ရင် သူတို့ရဲ့ ထုံးစံ ဒီလှေကြီးပေါ်မှာ တစ်စုံတစ်ခုအပြစ်ရှိတဲ့ ပုဂ္ဂိုလ်ပါပြီ. . .၊ အမေစော်ကားလာတဲ့သူ၊ အဖေစော်ကားလာတဲ့သူ၊ ကံကြီးထိုက်လာတဲ့သူ စသည်ဖြင့် ဝဋ်ကြွေးပါလာတဲ့သူရှိပြီ၊ ရှိရင် အဲဒီသူကို မဲချ၊ အဲဒီလူကို ပယ်ပစ်ရတယ်၊ ဒါမှ လှေကြီးကသွားတာ၊ ဒါ သမုဒ္ဒရာထဲသွားတဲ့လှေတွေရဲ့ထုံးစံ၊ သင်္ဘောတွေရဲ့ ထုံးစံ။

ဒါနဲ့ လှေကြီး သင်္ဘောကြီး မသွားဘူး၊ ကိုင်း-အကုန်လုံးသေကုန်တော့မယ့်အတူတူ ဒီထဲ တစ်ယောက်ယောက် ကံဆိုးမိုးမှောင်ကျတဲ့သူ၊ ယုတ်ညံ့တဲ့သူတော့ ပါပြီ. .၊ မဲချကြစို့လို့ဆိုပြီးတော့ မဲချလိုက်တော့၊ လှေသူကြီးကတော်မဲကျ၊ လှေသူကြီးကတော်ကလည်း၊ ကတော်ငယ်လေး၊ လှေသူကြီးက နောက်အိမ်ထောင် ပြုထားတာ၊ ဇနီးငယ်လေး၊ အဲဒီကလေးမ လာပြီးမဲကျတယ်၊ ဟာ-လှေသူကြီးကတော်ကြီး ကျနေတယ်ဆိုပြီး၊ ကဲ-ထပ်ပြီး ဟုတ်မဟုတ်သိရအောင် သုံးကြိမ်ချပါ၊ သုံးကြိမ်ပြည့်အောင်ဆို မဲထပ်ချ၊ သူ့ချည်းကျတာ။

ဒီတော့ မတတ်နိုင်တော့ဘူး၊ လှေသူကြီးကလည်း မတတ်နိုင်တော့ဘူးကဲ တစ်ယောက်အတွက်နဲ့တော့ အများဒုက္ခဖြစ်ပြီးတော့ အများသေမှာခံလို့ မဖြစ်ဘူး၊ ဒီတော့ ဒီလှေသူကြီးကတော်ကို ရေထဲပစ်ချမှဖြစ်မယ်၊ သူဘယ်လိုနည်းနဲ့ပဲ သူဟာသူအသက်ရှင်ရှင်၊ သမုဒ္ဒရာအလယ်ရေထဲ ပစ်ချခဲ့ရမှာ၊ ဒီတော့ ပစ်ချတော့ လှေသူကြီးက-"ကွာ. . .၊ ငါ့မျက်စိရှေ့အောက် သူ့တကတည်း ရေထဲကျသွားတာ ငါက အပေါ်ကနေကြည့်ပြီးတော့၊ ကယ်ပါယူပါနဲ့ အော်ဟစ်ပြီးတော့ မြုပ်သွားလိုက်၊ ပေါ်လာလိုက် ငါမကြည့်ချင်ဘူးကွာ. . "တဲ့၊ ဒီတော့ တစ်ခါထဲမြုပ်သွားအောင်သာ မင်းကို့သူ့ရဲ့လည်ပင်း- တို့ ဒီပေါ်ပါတဲ့ ဘဲအိုးတွေ သဲကွေဆွဲပြီးတော့ သာ ခြေတွေလက်တွေတုတ်ပြီးတော့ ချလိုက်ကြကွာ. .၊ တစ်ခါတည်းမြုပ်သွားတာပဲ အေးပါတယ်၊ စိတ်မချမ်းသာပါဘူး၊ တော်ကြာ ကူးလားယက်လားနဲ့ကြည့်နေရဆိုပြီးတော့ တစ်ခါထဲ ဒကာမလေးကတော့ ကြောက်တာပေါ့လေ. . .၊ အော်ရှာဟစ်ရှာ။

http://www.dhammadownload.com



ဒါပေမဲ့ မတတ်နိုင်ဘူး၊ အားလုံးဝိုင်း ကြိုးနဲ့တုတ်ပြီးတော့ လှေသားတွေက လည်ပင်း သံအိုးကြီးဆွဲပြီးတော့ ကြိုးနဲ့ဆွဲပြီးတော့ ဒိပြင်လည်း ကျောက်ခဲ သလဲ၊ မြုပ်မယ့်ဟာတွေ ချည်နှောင်ပြီးတော့ ပစ်ချလိုက်၊ အဲဒီတင်မှ လှေကြီးက တစ်ခါထဲ လေဟုန်တိုက်တဲ့ပြီးတော့ တဟုန်ထိုးထွက်သွားလိုက်တာ၊ ဒါ ကံ, ကံ၊ သေရော့။ အဲဒီပေါ် ခရီးလိုက်တဲ့ ကိုယ်တော်တွေက၊ အမေလေး. . . ဆန်းလိုက်တာ. . .၊ ဆန်းလိုက်တာ၊ ကြည့်ပါအုန်း သမုဒ္ဒရာကြီးရဲ့အလယ် သေရှာပြီ. . . မှတ်လာခဲ့တယ် သူတို့က။

နောက် ဒိပြင် ကိုယ်တော်(၇)ပါး ရွာတစ်ရွာရဲ့အနီး တောကျောင်း ရောက်တော့၊ တောင်ခြေ၊ တောင်ကြီးရဲ့အခြေထဲမှာရှိတဲ့ တောကျောင်းတစ်ကျောင်းဝင်ပြီးတော့ တည်းကြ၊ တည်းတော့ အဲဒီကျောင်းကဘုန်းကြီးတွေက၊ ဟာ-အရှင်ဘုရားတို့ကို နေရာကတော့ အရှင်ဘုရားတို့(၇)ပါးလုံးဆိုတော့ နေရာကတပည့်တော်တို့ ဒီကျောင်းပေါ်လည်း ကျယ်ကျယ်ဝန်းဝန်း မရှိဘူးဘုရား၊ တပည့်တော်တို့ တောင်လိုဏ်ခေါင်းဂူကြီးထဲတော့ တော်တော်လေးနေရာကျယ်ပါတယ်ဘုရား. . .၊ အဲဒီတည်းကြပါ၊ "ဟာ-ကြိုက်ပါတယ်၊ ကြိုက်ပါတယ်၊ တောင်လိုဏ်ခေါင်းထဲဆို တပည့်တော်တို့ ပိုကြိုက်ပါတယ်" ဆိုပြီးတော့ တောင်လိုဏ်ခေါင်းထဲ ဝင်ပြီး ညကျိန်းကြ။

ကျိန်းကြတော့ သူတို့ရောက်တဲ့ညပဲ လေးကြီးဟုန်းဟုန်း၊ ဟုန်းဟုန်းနဲ့ လေးကြီးကျသံကြားပြီးတော့၊ လာပြီးတော့ ကျောက်တုံးကြီးတစ်တုံးက နည်းတဲ့ ကျောက်တုံးကြီးမဟုတ်ဘူး၊ သူတို့လိုဏ်ဂူခေါင်းနဲ့ အညီဖြစ်နေတဲ့၊ လိုဏ်ဂူပေါက်ထက်တောင်ကြီးတဲ့ ကျောက်တုံးကြီးကလိမ့်လာပြီးတော့ အဲဒီလိုဏ်ဂူပေါက်ကြီး ဖျတ်ဆိုလာပြီးတော့ ပိတ်၊ ပိတ်ပြီးတော့ မနက်ကျတော့ ကျောင်းကဘုန်းကြီးတွေနဲ့ ကျောင်းကကိုယ်တော်တွေက "ဟာ-လိုဏ်ဂူပေါက်ကြီးပိတ်နေပြီ၊ အထဲက ကိုယ်တော်တွေတော့ ဒုက္ခပဲ. . . မထွက်နိုင်ဘူးထင်တယ်" ဆိုပြီးတော့ "လာကြပါဟ၊ ကိုရင်ဉူးဇင်းတွေ လာကြပါဟ" ဆိုပြီးတော့ "တွန်းဟေ့ ဆွဲဟေ့"နဲ့ တွန်းကြည့် မရဘူး၊ "ရွာထဲက လူတွေသွားခေါ် သွားခေါ်" ဆိုပြီးတော့ ရွာထဲကလူတွေ သွားခေါ်၊ ကုတ်တွေနဲ့ ကြိုးတွေနဲ့ချည် နောက်"ဆွဲ ဆွဲဟေ့ ဆွဲဟေ့"နဲ့ ဆွဲကြ မရ၊ ဘယ်လိုမှ လုပ်လို့မရဘူး။

ဒီလိုနဲ့သာ ဟိုလိုကော် ဒီလိုကော်၊ ဘယ်ဇိုလုပ်မတုန်း, ဟိုလိုလုပ် မတုန်းနဲ့၊ အထဲကကိုယ်တော်တွေလည်း အသံတွေတော့ကြားနေတယ်၊ "တို့တော့ ဒုက္ခပဲ. . . သေတော့မယ်ထင်တယ်"ဆိုပြီးတော့ ဒီလိုနဲ့ ကော်ကြ, ကုတ်ကြ, ဆွဲကြ၊ ယူကြ၊ ဘယ်လိုမှလုပ်မရဘူး၊ ခုနှစ်ရက်လုံးလုံးကြိုးစားနေကြတာ၊ ဒါနဲ့သာ အထဲက ကိုယ်တော်တွေ ရေလည်း မသောက်ရ၊ ဆွမ်းလည်း မစားရ၊

http://www.dhammadownload.com



အားအင်တွေ ပျော့လို့ အထဲထဲ၊ ဒီတိုင်းပဲ တရားနှလုံးသွင်းပြီးတော့၊ အာဟာရ ပြတ်ပြီးတော့ နွမ်းပြီးတော့နေကြ။

နောက်(၇)ရက်မြောက်တဲ့ နေ့ကျတော့ ဒီလိုပဲ လေးကြီးဟုန်းဟုန်း၊ ဟုန်း ဟုန်းနဲ့ ကျလာပြီးတော့ ဒီကျောက်တုံးကြီးက သူ့ဟာသူပဲလိမ့်လိမ့်၊ လိမ့်လိမ့်နဲ့ လိမ့်ပြီးတော့ ပွင့်ထွက်သွား၊ အဲဒီကျမှ တစ်ခါတည်းရှိတဲ့ ကိုယ်တော် တွေက အထဲကကိုယ်တော်တွေ ဝင်ပြီးတော့ အသာပွေ့ပြီးတော့၊ အပြင်ဘက် ထုတ်လာပြီးတော့ ဆေးတွေကျွေးကြ၊ အစာအာဟာရတွေ ကျွေးပြီးတော့ ရေ တွေဘာတွေ တိုက်ကြ၊ နှိပ်နယ်မှုပြုစုတော့မှ ကိုယ်တော်တွေ နည်းနည်းလန်း ဆန်းပြီးသွားတော့မှ သူတို့လည်း ခရီးဆက်ပြီး ဘုရားဆီထွက်လာခဲ့ကြ၊ ထွက်လာ ရင်းနဲ့ ဘုရားဆီရောက်တော့ သူတို့က ခုနက ကိုယ်တော်တွေနဲ့ ဆုံမိတာကိုး၊ ခုနက ကျိုးကန်း ကောင်းကင်မှာ မီးကွင်းကြီးတပ်ပြီးတော့ သေရတဲ့အဖြစ် တွေ့လာ တဲ့ ကိုယ်တော်တွေရော၊ ခုနသမုဒ္ဒရာအလယ်က ဖြတ်လာတဲ့ ကိုယ်တော်တွေ ရော၊ ဒီကိုယ်တော်တွေရော ဆုံမိကြပြီး ဘုရားဆီရောက်တော့ လျှောက်ကြ။

လျှောက်တော့ မြတ်စွာဘုရား အေးသတ္တဝါတွေ သူ့ကံနဲ့ သူပဲ. . .၊ ခုနက လယ်ပင်းမီးကွင်းစွပ်မိတဲ့ ကျိုးကန်းကလည်းပဲ၊ ဟိုတုန်းက တောင်သူ လယ်သမားဖြစ်တဲ့ ဘဝတုန်းက သူ့အိမ်က နွားနဲ့သူက ဝန်တင်ပြီးတော့ လှည်းနဲ့ သွားတာ၊ တစ်ခါတည်း နွားကမရုန်းနိုင်ဘူး၊ ဝန်မရုန်းနိုင်ဘူး၊ ဗွက်တစ်ခု၊ အတက် တစ်ခု မရုန်းနိုင်တော့ နွားကဝပ်၊ ဝပ်တော့သူက အမျိုးမျိုးရိုက်ပြီး တော့မောင်းမရ ဟာ-နွားကဝပ်၊ ထလိုက် ဝပ်လိုက်ပေါ့လေ၊ သူအမျိုးမျိုး ဆူတွေနဲ့ ထိုးရိုက်ပါတယ်၊ နွားကမခံနိုင်လို့ထ၊ ရုန်းတယ်၊ ရုန်းမရတော့၊ နွားက ပြန်ဝပ်။

စိတ်ကမရှည်တော့ဘူး၊ ကိုင်းမင်း ဒီလောက်တောင် ဝပ်ချင်တဲ့ကောင် ဒီလောက်တောင် အိပ်ချင်တဲ့ကောင်၊ တစ်ခါတည်း ဝပ်ကွာဆိုပြီးတော့၊ ကောက် ရိုးတွေ တစ်ခါတည်း ကွင်းကြီးလုပ်ပြီးတော့ နွားလည်ပင်း ပတ်၊ ပတ်ပြီးတော့ တစ်ခါတည်း၊ မီးနဲ့ရှို့ပြီးတော့ နွား သတ်လိုက်တယ်ပေါ့လေ၊ နွားလည်ပင်း ကောက် ရိုးမီးကွင်း စွပ်ရက်ကြီးနဲ့ နွားကြီးသေရှာရော၊ အော်ဟစ်ပြီးတော့၊ သူကတော့ "ကိုင်း မင်းတစ်ခါတည်း အိပ်ကရောကွ ဆိုပြီးတော့ သဘောကျနေတယ်၊ အဲဒီလူ က သူ-တဲ့၊ အဲဒီကံကို ကျူးလွန်ခဲ့မိလို့ အခု ငရဲဘုံကျသွားပြီးတဲ့နောက် ကံကြွင်း ကံကျန်လေး ကျန်နေလို့ အခု တိရစ္ဆာန်မျိုး၊ ကျီးမျိုးမှာ လာဖြစ်ရသော်လည်းပဲ၊ ကောင်းကင်မှာပျံသွားရင်း မီးကွင်းစွပ်ပြီးတော့ သေရတယ် ချစ်သားတို့. . .

http://www.dhammadownload.com



. . . သေမင်းကြီးက ကောင်းကင်လည်းလိုက်တာပဲတဲ့၊ ဘုရားက ရဟန်းတော်တွေက သံဝေဂရ ကြက်သီးတွေမွှားထလို့။

အေး- ခုနသမုဒ္ဒရာအလယ်၊ အိုးကြီးဆွဲပြီးတော့ သေရတဲ့ လှေသူကြီးကတော်လေးကလည်း၊ ဟိုအတိတ်ကာလလွန်ခဲ့တဲ့ ဘဝတွေတုန်းက၊ သူကလည်းပဲ၊ သူနောက်လျှောက်လျှောက်ပြီးတော့ လိုက်နေတဲ့ ခွေး၊ သူသွားရာ အမြဲလိုက်နေတော့၊ ဘေးကလူတွေက "ခွေးမုဆိုး၊ ခွေးမုဆိုး"နဲ့ နောက်ကြ၊ ပြောင်ကြ၊ ပြောကြ ဆိုကြ။ အဲဒါ ရှက်လည်းရှက်၊ ကြိုက်လည်း မကြိုက်တော့ အဲဒီခွေးကိုလည်ပင်းဆွဲပြီးတော့ ရေထဲတွန်းချခဲ့ဘူးတယ်. . .၊ အဲဒါကြောင့် သူလည်းပဲအပါယ်ငရဲကျသွားပြီးတော့၊ အခုဘဝငါးရာ ငါးကမ္ဘာ၊ တစ်ကြိမ်ကျူးလွန်လိုက်တဲ့အကုသိုလ်က ဘဝငါးရာလောက် သူ့- သူလိုချည်း သဲအိုးလည်ပင်းဆွဲပြီးတော့ သေပွဲဝင်ရတဲ့အကြိမ် မရေတွက်နိုင်အောင် ခံခဲ့ရတယ်. . .၊ အခု လှေသူကြီးကတော်ဘဝ ရောက်လာပြန်တော့လည်းပဲ၊ ချစ်သားတို့မြင်ခဲ့တဲ့အတိုင်း ခံခဲ့ရတယ်၊ သေမင်းကြီးက သမုဒ္ဒရာ အလယ်လည်းပဲ ချမ်းသာမပေးဘူးလာနိုင်တယ်၊ ချစ်သားတို့. . .၊ သံဝေဂရလို့ တရားနာတဲ့ပုဂ္ဂိုလ်တွေကြက်သီးထလို့၊ အမလေး ကြောက်စရာကောင်းလိုက်တာ၊ ဒုစရိုက်များအကုသိုလ်အမှုများကြောက်စရာ ကောင်းလိုက်တာနဲ့ဆိုပြီးတော့ သတိရကြ။

အေး. . . တောင်ခေါင်းကြီးထဲမှာ ခုနှစ်ရက်လုံးလုံး ပိတ်မိတဲ့ ချစ်သားတို့ခုနှစ်ပါးကလည်း၊ ဟိုအတိတ်ကာလ၊ ရှေးရှေးသော အတိတ်ကာလ ဘဝတစ်ခုတုန်းက၊ သင်တို့ခုနှစ်ယောက် နွားကျောင်းသားဖြစ်တော့ နွားအုပ်ကြီးကို စားကျက်ရှိရာကျောင်းကြရတာကိုး၊ ဒီနေ့ဒီစားကျက်ကွက်၊ ရေလေး ဘာလေးအဆင်ပြေ၊ သောက်ရေအဆင်ပြေ၊ ဒီနေ့ ဒီနားကျောင်း၊ ဒီဘက်နား ခုနှစ်ရက်လောက်ကျောင်းပြီးတော့ မြက်တွေက ကုန်သွားပြန်တော့ ဟိုဘက် စခန်းတစ်ခုပြောင်း၊ ဒီလို ပြောင်းရတာ။

အဲဒီလို လှည့်ပတ်ပြီးတော့ ပြောင်းပြောင်းပြီးတော့ နွားကျောင်းရတာ၊ နွားကျောင်းရင်းနဲ့ တစ်ခါတော့ သူတို့ခုနှစ်ယောက်က ဖွတ်ကြီးတစ်ကောင်တွေ့တော့လိုက်ကြ၊ လိုက်တော့ဖွတ်ကြီးကတောင်ပို့ထဲဝင်ပြေးရော၊ ဝင်ပြေးတော့ "တောင်ပို့ထဲဝင်သွားပြီကွ၊ တောင်ပို့ထဲဝင်သွားရင်တော့ တို့ဒီနေ့မိုးချုပ်နေပြီ အချိန်ကလည်းမရှိဘူး၊ တောင်ပို့ထဲဝင်သွားမှတော့၊ တို့ တူးဖြိုပြီးတော့ နေဖို့ရာ အချိန်ကမရတော့ဘူး၊ ဒီကောင်ကြီး မနက်ဖြန်ခါမှ ဖမ်းမယ်ကွာ၊ ထွက်မသွားနိုင်အောင်တို့ ပိတ်ထားခဲ့မယ်ဟေ့"ဆိုပြီးတော့ အဲဒီတင် ကျောက်ခဲတွေ ကျောက်တုံးတွေနဲ့ဖွတ်ကြီးဝင်သွားတဲ့ တောင်ပို့အပေါက်ကြီး ပိတ်ပြီးတော့၊ ဟိုဘက်ဒီဘက်အပေါက်တွေလည်းပဲ မြတ်ထုံးတို့ ကောက်ရိုးထုံးတို့နဲ့ ဆို့ပိတ်ပြီးတော့မထွက်နိုင်အောင် ထားခဲ့ပြီးတော့ ပြန်သွားကြ။

http://www.dhammadownload.com



ပြန်သွားတော့ နောက်တစ်ရက်ကျသူတို့ နွားကျောင်းခဲ့ရာ ဒီစခန်း မဟုတ်တော့ဘူး။ ခုနှစ်ရက်စေ့လို့ ဒိပြင်ဘက်သွားရမှာ နွားအုပ်ရွှေ့ရမှာ ဖွတ်ကြီးပိတ်ထားတာမေ့ပြီးတော့ ပစ်ထားခဲ့ပြီးတော့ ဒိပြင်စခန်းမောင်းပြီးတော့ နွားကျောင်းရ၊ ဒီတော့ ခုနှစ်ရက်လုံးလုံး ဒီဖွတ်ကြီး၊ ဒီအတိုင်းပဲ အစာမစားရ ရေမသောက်ရနဲ့မြော့. . . လို့ ဖွတ်ကြီး၊ ဒါနဲ့သူတို့ ဒိပြင်စခန်းနွားကျောင်းနေလို့ ခုနှစ်ရက်လောက်ရလို့ တစ်ခါ တစ်ပတ် ဒီစခန်းဘက်ကိုပြန်ပြီးရောက် လာတော့မှ "ဟာ-ဟိုမှာ တို့ပိတ်ထားခဲ့တဲ့ တောင်ပို့ကြီး၊ မေ့ပြီးကွာ. . .၊ ဟုတ်ပ့ါ ဟိုမှာဖွတ်ကြီးရှိလိမ့်မယ်ထင်တယ် ဟေ့" ဆိုပြီးတော့ "ဖွင့်ပါဟ ဖွင့်ပါဟ" ဆိုပြီးတော့ ဖွင့်လိုက်တော့ ဖွတ်ကြီးကမြော့လို့ သူခမျာ အစာမစားရ ရေမသောက်ရနဲ့ မပြေးနိုင်တော့။

ဒီတော့မှ သူတို့က ယူကြည့်"ဟာ-သနားပါတယ်. . .၊ ကြည့်ပါအုန်း တို့ပိတ်ထားမိလို့ကွာ. . . ဖွတ်ကြီးသနားပါတယ်၊ ဖွတ်ကြီး ဟေ့-အသာယူခဲ့ပါ၊ အသာယူခဲ့ပါဟ" ဆိုပြီးတော့ အသာ မယူပြီးရေတိုက်ကြ၊ ကျောတွေဘာတွေ ပွတ်သပ်ပေးကြ၊ နနွင်းလေးပါလေးနဲ့ လူးပေးကြ၊ အစာကျွေးကြနဲ့ သူတို့ပြုစုပြီးတော့မှ လွှတ်လိုက်ကြတယ်၊ အဲဒီဝဋ်ကြွေးချစ်သားတို့. . . တဲ့၊ သင်တို့ ပါလာတယ်-သေအောင်မသတ်ခဲ့လို့ သင်တို့လိုဏ်ခေါင်းကြီးထဲမှာ မသေခဲ့ကြပဲ လွတ်ခဲ့ကြတယ်၊ သေမင်းကြီးကလိုဏ်ခေါင်းထဲလည်း ချမ်းသာမပေးဘူး။ လာနိုင်တယ်. . .၊ ဘုရားက ဟော, သံဝေဂဖြစ်. . . လို့ အဲဒီ ကိုယ်တော်ခုနှစ်ပါး။ နောက် တရားအားထုတ်တာ တရားထူးရသွားတာပါပဲ။ မြတ်စွာဘုရားက-

"နတ္ထိ မစ္စုဿ နာဂမော"တဲ့

မစ္စုဿ-ရှင်သေမင်းကြီး၏၊ နာဂမော- ဟောဒီ သုံးဆယ့်တစ်ရွာ, သတ္တဝါတို့ထံသို့, မလာနိုင်တဲ့ ဌာန, မလာနိုင်တဲ့ အချိန်ကာလသည်၊ နတ္ထိ-မရှိရိုးစကေန်, အမှန်သာလျှင်တည်း. . .။ ရှင်သေမင်းကြီး မလာနိုင်တဲ့အချိန်အခါရယ်လို့ မရှိဘူး ချစ်သားတို့. . .။ မနက်လည်း လာနိုင်တယ်၊ နေ့လယ်လည်း လာနိုင်တယ်၊ ညနေလည်း လာနိုင်တယ်။ နေ့လည်း လာနိုင်တယ်၊ ညလည်း လာနိုင်တယ်။ အိပ်နေတုန်းလည်း လာနိုင်တယ်၊ ထနေတုန်းလည်း လာနိုင်တယ်။ ထိုင်နေတုန်း, ရပ်နေတုန်း, သွားနေတုန်း, လျောင်းနေတုန်း အချိန်မရွေး လာနိုင်တယ်။ နာရီမလပ်, မိနစ်မလပ်, စက္ကန့်မလပ် လာနိုင်တယ်. . . တဲ့။ မလာနိုင်တဲ့ ဌာနလည်း မရှိဘူးတဲ့။

န သမုဒ္ဒမဇ္ဈေ-သမုဒ္ဒရာအလယ်လည်းပဲ လာနိုင်တာပဲ သူက။ န အန္တလိက္ခေ-ကောင်းကင်မှာလည်းပဲ သူလာနိုင်တာပဲ၊ လိုက်နိုင်တာပဲ။

http://www.dhammadownload.com



န ပဗ္ဗတာနံ ဝိဝရံ ပဝိဿ-တောင်ခေါင်းကြီးတွေထဲ အောင်းနေသော်လည်းပဲ သူက လာနိုင်တယ်။ ဒါ့ကြောင့် သေမင်းမလာနိုင်တဲ့ဌာန တစ်ခုမှ မရှိဘူး။ သေမင်းမလာနိုင်တဲ့အချိန် တစ်ချိန်မှ မရှိဘူး။ မလာသေးတာပဲရှိတယ်။ ဒါ့ကြောင့် ဒီနေ့ ဆွမ်းအမကြီး ဒေါ်လှဝင်းနှင့်တကွ အားလုံးတရားနာပရိသတ်အပေါင်း သူတော်ကောင်းတွေက တို့ထံ သေမင်းမလာနိုင်တဲ့အချိန် တစ်ချိန်မှမရှိဘူး. . . .၊ အချိန်မရွေးခေါ်နိုင်တဲ့ ရှင်သေမင်းကြီး။

အဲ- သူကခေါ်သွားလို့ အခု မိဘနှစ်ပါး၊ မိခင်ဖခင်ကျေးဇူးရှင်တွေ ပါသွားကြ, လိုက်သွားကြ။ ဆွမ်းဒကာကြီး ဦးဖိုးရေ လိုက်သွားရ၊ ပါသွားရပြီ။ ဒီတော့ တို့က တို့-မလာသေးလို့ မခေါ်သေးလို့ အချိန်လေးပေးထားလို့ နေရတာ၊ အဲဒီ နေရတဲ့အထဲမှာ ရှင်သေမင်းကြီး မလာနိုင်တဲ့ဌာနက တစ်ခုပဲရှိတယ်. . . တဲ့ မြတ်စွာဘုရားက။ အဲဒါဘာတုန်းဆိုတော့-ဘုရားတံတိုင်းအတွင်း၊ တရားတံတိုင်းအတွင်း၊ သံဃာတံတိုင်းအတွင်း။ တိုက်ရိုက်ပြောကြစို့ ဆိုတော့ နိဗ္ဗာန်။ အင်း-နိဗ္ဗာန်ဆိုတဲ့ ဌာနတစ်ခုပဲ ရှင်သေမင်းကြီး မလာနိုင်တာ။ အဲဒီ နိဗ္ဗာန်ဆိုတဲ့ ရှင်သေမင်းကြီး မလာနိုင်တဲ့ဌာနကို ရောက်ဖို့ရာ ကိုယ့်ကိုယ်ကို တံတိုင်းကြီးသုံးတန်ကာရံကြ. . . တဲ့။ ကာကြတဲ့။

သေမင်းကြီးလို့ခေါ်တဲ့ တောင်ကြီးက လိမ့်လိမ့်ပြီးတော့ လာတယ်။ ပဗ္ဗတူပမသုတ်ကျ မြတ်စွာဘုရားက တောင်ကြီးဥပမာပေးဟောတာကိုး။ သေမင်းကြီးက ဘာနဲ့တူတုန်းဆိုတော့ တောင်ကြီးနဲ့တူတယ်။ ဟို-ရှေ့ကနေပြီးတော့ တောင်ကြီးတစ်ကြောလုံး သံဒလိမ့်တုံးကြီးလိုတောင်။ တောင်ကြီးဆိုပေမဲ့လို့ ပကတိတောင်ကြီးမဟုတ်ဘူး။ ကျောက်တောင်ကြီး၊ သံဒလိမ့်တုံးကြီးလို လိမ့်လိမ့်ပြီးတော့ လာတဲ့ တောင်ကြီး။ အရှေ့ကနေပြီးတော့ အနောက်ကို လိမ့်လာတာ၊ ဘယ်လောက်သူက ကြီးသလဲဆိုတော့ ကောင်းကင်ထိလုနီးပါး။ ရှည်တာက ဘယ်လောက်ရှည်တုန်းဆိုတော့ တောင်စကြာဝဠာနဲ့ မြောက်စကြာဝဠာ နှုတ်ခမ်းအကုန်ဖြန့်ပြီး။

ယထာပိ သေလာ ဝိပုလာ, နဘံ အာဟစ္စ ပဗ္ဗတာ၊
သမန္တာနုပရိယာယေယျုံ, နိပ္ပေါထေန္တော စတုဒ္ဒိသာ။-တဲ့

ဘုရားက- နဘံ အာဟစ္စ-မိုးကောင်းကင်ထိလုနီးပါး၊ ဝိပုလာ-တောင်မြောက် ဝဲယာ, စကြာဝဠာမျှ ကျယ်ပြန့်ကုန်သော၊ သေလာ-မာကျောစွာဘိ, ကျောက် အတိပြီးကုန်သော၊ ပဗ္ဗတာ-တောင်ကြီးတို့သည်၊ စတုဒ္ဒိသာ-ရှေ့နောက်ဝဲယာ, လေးဖြာသော အရပ်ဒေသတို့မှ၊ မဟာဇနေ-ရှိရှိသမျှ,

http://www.dhammadownload.com



များပြားလှသည့်, သတ္တဝါတို့ကို၊ နိပ္ပေါထေန္တော-မှုန်မှုန်ညက်ညက်, ကြိတ်ချေ နှိပ်မွေလျက်၊ သမန္တာနု ပရိယာယေယျုံ-ပတ်ဝန်းကျင်မှ, လိမ့်လိမ့် လိမ့်လိမ့် ပြီးတော့ လာကြကုန်ရာ၏. ။

ဒီတော့ တောင်ကြီးသုံးလုံး၊ ဒလိမ့်တုံးကြီးသုံးလုံး အဲဒါက ဘာတွေတုန်း ဆိုတော့ ဇရာခေါ်တဲ့ တောင်ကြီးတစ်တောင်၊ ဗျာဓိခေါ်တဲ့(၉၆)ဖြာ (၉၈)ဖြာ နာမူ-ဗျာဓိတောင်ကြီး တစ်တောင်၊ မရဏလို့ခေါ်တဲ့ သေမင်းတောင်ကြီးတစ် တောင်။ ဒလိမ့်တုံးကြီးသုံးလုံး၊ လိမ့်ပြီးတော့လာပြီ၊ လိမ့်လာပြီးတော့ ရှိရှိသမျှ သတ္တဝါတွေ ကြိတ်ချေ, နှိပ်မွေပြီးတော့ လာနေတယ်. . . တဲ့၊ လာနေတယ်။

ဒီတော့ ဇရာတောင်ကြီး လိမ့်လာလို့ ဇရာတောင်ကြီး ပိပြီဆိုတော့ တခါတည်း ဆံပင်တွေ နက်ရာက ဖြူသွား။ သွားတွေလည်းပဲ နဲ့ကုန်, ယိုင်ကုန်, ကျိုးကုန်တာပဲ၊ ပါးရေတွေလည်း တင်းရင်းနေရာကနေ တွန့်ရှုံ့ပြီးတော့ အကုန် ရှုံ့တွသွားတာပဲ။ သလုံးအားတွေ၊ ခြေသလုံးအား, လက်ရုံးအားတွေလည်း အကုန် အားနည်းကျန်ရစ်တာပဲ။ ဇရာတောင်ကြီး ဖိသွားပြီ၊ သေတော့ မသေသေးဘူး။ တော်ကြာတော့ ဗျာဓိတောင်ကြီးက လာပြီးတော့ ဖိသွားပြီးဆိုတော့ တခါတည်း အိပ်ရာပေါ် ပက်လက်ဖြစ်ကျန်ရစ်တာ။ မသွားနိုင် မလာနိုင်၊ ဒူးမထောင်နိုင်၊ ကောင်းကောင်း မထိုင်နိုင်ဖြစ်ပြီး ကျန်ရစ်တာ၊ မစားနိုင် မသောက်နိုင်ဖြစ် ကျန်ရစ် တာ၊ ဒါ ဗျာဓိတောင်ကြီး လိမ့်သွားတာ။ နောက်ဆုံးကျတော့ မရဏခေါ်တဲ့ တောင်ကြီး လိမ့်လာပြီဆိုတော့ စည်းစိမ်ဥစ္စာ ဆွေညာတစ်သင်း ချစ်သူတို့ပါ ကွေကွင်းပြီးတော့ သေရတယ်. . . တဲ့၊ သေရတယ်။

တောင်ကြီးသုံးလုံးတဲ့၊ ဇရာဆိုတဲ့တောင်ကြီး မိုးကောင်းကင် ထိလုနီးပါး မြင့်တယ် အမြင့်က။ ဘေးပတ်ဝန်းကျင်ကလည်း စကြာဝဠာ နှုတ်ခမ်းကုန်ရော။ ဘယ်မှ မချန်ဘူး။ အဲဒါ တလိမ့်လိမ့်နဲ့ လိမ့်ပြီးတော့ လာနေတယ်. . . တဲ့။ သင်တို့ကို ဖိနေတယ်။ သတ္တဝါတွေက ဖိနေလို့ ဖိမှန်းမသိဘူး။ ဇရာတောင်ကြီးက အခုလို ဖိလို့ ဘုန်းကြီးတို့ အသက်ကြီးပြီဆိုတဲ့ ပုဂ္ဂိုလ်တွေ, အဲဒါ-ဆံဖြူ သွားကျိုး ခါးကိုင်း နားထိုင်း ဖြစ်ကုန်တာ ဇရာတောင်ဖိနေပြီ။ တခါတခါ (၉၆)ဖြာ(၉၈)ဖြာ ဘေးရောဂါ ဝင်ဖိလို့ အိပ်ယာပေါ် ပက်လက်ဖြစ်၊ ဆရာဝန်တွေ ဓာတ်ဆရာ ဘိန္နောဆရာတွေနဲ့ ခေါ်ပြီးတော့ ကုရ၊ ဒါဗျာဓိတောင် ဖိတာ။ ဖိလို့ ဖိမှန်းမသိဘူး။ နောက်ဆုံး မရဏတောင်ကြီး ဝင်လာပြီဆိုတော့ သေရော။ အသက်ပါ ပျောက်က ရော၊ အဲဒီတောင်ကြီးသုံးလုံး ဘယ်သူ ခုခံနိုင်တုန်းဆိုတော့-

http://www.dhammadownload.com



**န တတ္ထ ဟတ္ထီနံ ဘူမံ, န ရထာနံ န ပတ္တိယာ၊**

**ဟတ္ထီနံ**-ဆင်တပ်ကြီးတို့၏လည်း၊ **န ဘူမိ**-အရာမဟုတ် . . .။ ဆင်တပ်ကြီးနဲ့ ခုခံမယ်မကြံနဲ့၊ အဲဒီဆင်တပ်ကြီးကိုဖိခြေနှိပ်ခြေသွားမှာ၊ ဒီတောင်ကြီးတွေက၊ ရထားတပ်ကြီးနဲ့လည်း ခုခံမယ်လို့မရဘူး၊ မြင်းတပ်ကြီးနဲ့လည်း ခုခံလို့မရဘူး၊ ခြေလျင်တပ်ကြီးနဲ့လည်း ခုခံလို့မရဘူး၊ န တတ္ထ ဟတ္ထီနံ ဘူမိ-ဆင်တပ်ကြီးတို့ရဲ့ အရာလည်းမဟုတ်။ န ရထာနံ ဘူမိ-ရထားတပ်ကြီးတွေ, မြင်းတပ်ကြီးတွေအရာလည်း မဟုတ်။ န ပတ္တိယာ-ခြေလျင်တပ်ကြီးရဲ့ အရာလည်းမဟုတ်။

**န စာပိ မန္တယုဒ္ဓေန, သက္ကာ ဇေတုံ ဓနေန ဝါ။**

**မန္တယုဒ္ဓ**-ဆိုတာ, မဟောသဓာတို့လို ပညာရှိအမတ်တွေက တစ်ခါတစ်ခါ လျှို့ဝှက်စွာနဲ့ စူဠနီဗြဟ္မဒတ်မင်းရဲ့တပ်ကြီးတွေဘေးက ဝိုင်းထားတယ်၊ ဒီက မဟောသဓာနဲ့ ဝိဒေဟရာဇ်မင်းတို့က အားကနည်းနေတယ်၊ ထွက်တိုက်ရင်ရှုံးမှာ၊ ဒီတော့-မဟောသဓာက ပညာနဲ့အနိုင်ယူတယ်၊ ဟာ-စစ်ထိုးမနေဘူး၊ ကဲ-ပညာချင်းစမ်းမယ်၊ ဘယ်လိုပညာစမ်းမယ်, နိုင်တဲ့သူကထွက်ကြစတမ်း။ ရှုံးတဲ့သူကဆုတ်ကြစတမ်းဆိုပြီးတော့ ပညာရှိအမတ်တွေ လုပ်လိုက်ရင်လည်း တစ်ခါတစ်ခါ စစ်တွေကနိုင်တယ်၊ အဲဒီလို ပညာရှိအမတ်ရဲ့ စစ်ထိုးခြင်းနဲ့လည်းပဲ, အိုမင်း, နာမင်း, သေမင်းဆိုတဲ့ တောင်ကြီးသုံးလုံးကိုပြန်ခုခံ တွန်းလှန်ရင်နိုင်ပါ့မလားလို့ဆိုတော့၊ န စာပိ မန္တယုဒ္ဓေန. . . တဲ့ အဲဒီလို ပညာရှိအမတ်နဲ့ စစ်ထိုးလို့လည်း မရဘူး။

**သက္ကာ ဇေတုံ ဓနေန ဝါ**-ရွှေပုံငွေပုံကြီးများ ပုံပေးရင်ရော ဘယ့်နှဲ့လဲဆိုတော့၊ ဓနေန-ရွှေပုံ ငွေပုံဥစ္စာပုံကြီးတွေ ပုံပေးခြင်းဖြင့်သော်လည်းပဲ၊ န သက္ကာ ဇေတုံ-အောင်ဖို့ မလွယ်ဘူး. . တဲ့၊ မရဘူးတဲ့၊ ဆင်တပ်ကြီးနဲ့လည်း ခုခံလို့ မရဘူး။ မြင်းတပ်ကြီးတွေ, ခြေလျင်တပ်ကြီးတွေနဲ့ ခုခံလို့ မရဘူး၊ ပညာရှိအမတ်တွေ ကြံစည်ကြံကုတ် အားထုတ်ပြီးတော့ ခုခံ၊ တနည်းနည်းနဲ့ ကြိုးပမ်းအားထုတ်လို့လည်း မရဘူး။ ဒါဖြင့် ရွှေပုံငွေပုံကြီးတွေ ပုံပေးရင်ရော မရဘူး။ **န စာပိ မန္တယုဒ္ဓေန, သက္ကာဇေတုံ ဓနေနဝါ။** ဒီတော့ ဘယ်လို့မှရတုန်းလို့ဆိုတော့-

**တသ္မာ ဟိ ပဏ္ဍိတော ပေါသော, သမ္ပဿံ အတ္ထမတ္တနော၊**
**ဗုဒ္ဓေ ဓမ္မေ စ သံဃေ စ, ဓီရော သဒ္ဓံ နိဝေသယေ။**

တသ္မာ ဟိ(တသ္မာ ဧဝ)-ထို့ကြောင့်သာလျှင်၊ ဝါ-ထိုကဲ့သို့ ဇရာတောင်ကြီး၊ ဗျာဓိတောင်ကြီး, မရဏတောင်ကြီးက တလိမ့်လိမ့် လိမ့်ပြီးတော့

http://www.dhammadownload.com



လာနေတာကို ဘယ်လိုနည်းနဲ့မှ စစ်တပ်ကြီးတွေနဲ့ ကာကွယ်လို့မရ၊ မင်းစိုးရာဇာ အာဏာနဲ့ကာကွယ်လို့မရ၊ ပညာရှိအမတ်တွေနဲ့ ခုခံလို့မရ၊ ရွှေပုံ ငွေပုံပေးပြီးတော့ တံစိုးလက်ဆောင် ထိုးလို့လည်း မရနိုင်သောကြောင့်၊ အတ္တနော အတ္တ- မိမိရဲ့ ပစ္စုပ္ပန် သံသရာ၊ နှစ်ဖြာစီးပွား၊ အကျိုးတရားကို၊ သမ္မသံ(သမ္မသဿန္တော)- ကောင်းစွာမျှော်မြင်၊ အရှည်ထင်အောင်၊ ကြည်လင်စွာမျှော်မြင်နိုင်တဲ့၊ မီရော- သူတော်ကောင်းဖြစ်တဲ့၊ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးသည်၊ ဗုဒ္ဓေ စ- ဘုရားတံတိုင်းကြီးအတွင်း၌လည်းကောင်း၊ ဓမ္မေ စ-တရားတံတိုင်းကြီး အတွင်း၌ လည်းကောင်း၊ သံဃေ စ-သံဃာတံတိုင်းကြီး အတွင်း၌လည်းကောင်း။

ခုနက ပြောသလို ကောင်းကင်တက်ပုန်း၊ သမုဒ္ဒရာထဲသွားပုန်း၊ တောင်ခေါင်းကြားတွေထဲ ဝင်ပုန်း၊ ဘယ်နားမှ မလွတ်ဘူး။ မလွတ်ဘူးတဲ့။ လွတ်နိုင်တာတော့ တစ်ဌာနပဲရှိတယ်၊ တံတိုင်းသုံးတန်ကာရံပြီးတော့ ပုန်း၊ တံတိုင်းသုံးတန်ကာရံပုန်းဆိုတာ ခုနပြောတဲ့ ရဟန္တာယောက်ျား၊ ရဟန္တာမ ဖြစ်ပြီးတော့ ပရိနိဗ္ဗာန်စံသွားပြီ၊ အရဟတ္တမဂ်၊အရဟတ္တဖိုလ်တရားထဲ ဝင်ပုန်း။ ဒီတော့ အဲဒီရောက်အောင် တံတိုင်းကြီးတဖြည်းဖြည်း မြင့်မြင့်လာအောင် ကိုယ့်ကိုယ်ကို ဒါနဆိုတဲ့ ကောင်းမှုတံတိုင်းကြီးတွေ ဆင့်ပေး။

ဒီနေ့ ဆွမ်းအမကြီး ဒေါ်လှဝင်းက သံဃာတော် မနက် (၆၀၀)ကျော်၊ နေ့လည် (၆၀၀)ကျော် သံဃာတော်(၁၂၀၀)ကျော် ဆွမ်းလောင်းပြီးတော့ တံတိုင်းဆင့်တာ နည်းနည်းနောနော တံတိုင်းကြီးမဟုတ်ဘူး ဒီနေ့ဆင့်နေတာ။ ကိုယ့်ရွာမှာ ဟိုစဥ်က [illegible] မြို့နယ်၊ ကိုယ့်ရွာမှာ စကားအင်းတို့၊ အနောက်ရွာသစ်တို့ နေရင်းနဲ့ပြု နေတဲ့ ကုသိုလ်ကောင်းမှုထက် သူက အားကြီးသွားတာကိုး။ အလှူခံပုဂ္ဂိုလ်က များတာကိုး၊ လှူဒွယ်ဝတ္ထုကလည်း မနက် ထပ်တစ်ရာဆွမ်းတွေ တစ်ပါးနှစ်ချပ်၊ တစ်ပါးနှစ်ချပ်နဲ့ဆို၊ ထပ်တစ်ရာ တစ်ထောင့်ငါးရာ၊ နှစ်ထောင်ကျော်လောင်းရ။ ဆွမ်းဟင်းတွေ၊ လက်ဖက်ရည်ဆွမ်းတွေ။ နေ့ဆွမ်းတွေ. . . အလှူဝတ္ထုပစ္စည်း တွေက နည်းတာမဟုတ်ဘူး။ အလှူခံပုဂ္ဂိုလ်တွေကလည်းများ အားကောင်းတာ။

ဒီတော့-အလှူခံပုဂ္ဂိုလ်နဲ့ အလှူဝတ္ထုအားကောင်းတော့ စေတနာထု ထည်ကြီးက အားကောင်းတာပေါ့။ အခုလောင်းတဲ့ လှူတဲ့ပုဂ္ဂိုလ်တွေရဲ့ သန္တာန် ဖြစ်တဲ့စိတ်၊ စေတနာဇောတွေ လက်ဖျောက်တစ်ချက်တီး ကုဋေတစ်သိန်း လောက်၊ ကုဋေတစ်သိန်းလောက် ဖြစ်နေ။ စိတ်စေတနာဇောတွေဟာ တစ်ပါး လောင်းတာနဲ့ ဘယ်တူပါ့မလဲ၊ တစ်ပါးကို ဆွမ်းတစ်အုပ်လှူနေတာနဲ့ ဘယ်တူပါ့ မလဲ။ ဒီတော့က ကုသိုလ်စိတ်အားတွေက နည်းတဲ့အားတွေ မဟုတ်ဘူး၊ ဖြစ်သွား၊ အဲဒါတံတိုင်းကြီးတွေပဲ။ အဲဒါ အုတ်တွေပဲ၊ စေတနာလေးတွေ တစ်လုံး၊ တစ်လုံးကို

http://www.dhammadownload.com



အုတ်တွေ တစ်ချပ် တစ်ချပ် ထားလို့ရှိရင် သံဃာ(၁၂၀၀)ကျော်ကို လောင်းလို့ရတဲ့ ကုသိုလ်စေတနာဇောအားတွေ. . . တစ်ပါးတစ်ပါးလျှင် လက်ဖျောက်တစ်ချက်တီး ကုဋေတစ်သိန်းလောက်, စိတ်စေတနာဇောတွေ ကျောက်ခဲတွေအုတ်ခဲ တွေနဲ့ ကာထားသလိုဖြစ်သွားလို့၊ ဟော-ဘုရားတံတိုင်းကြီးမြင့်၊ တရားတံတိုင်းကြီးမြင့်၊ သံဃာတံတိုင်းကြီးမြင့်၊ လိုရင်းကတော့ တရားတံတိုင်းကြီးပါပဲ။

စွန့်ကြဲပေးကမ်း လှူဒါန်းမှု ဒါနကောင်းမှု တံတိုင်းကြီးမြင့်၊ ဒီလိုလှူနိုင် တန်းနိုင်အောင် ချက်ကြ ပြုတ်ကြ, စီမံကြ၊ ဆောင်ရွက်ကြ၊ သီလကုသိုလ်ခေါ်တယ် အဲဒါ။ သီလတံတိုင်းကြီးမြင့်၊ သံဃာတော်တွေ ချမ်းသာစေလိုတဲ့မေတ္တာ၊ မိမိတို့ဆွမ်းဘောဇဉ်တွေ ထပ်တစ်ရာဆွမ်းတွေ ဘုဉ်းပေးပြီးတော့ ပရိယတ် ပဋိပတ် အလုပ်ကို အားထုတ်တဲ့နေရာ ချမ်းသာစေလိုတဲ့ မေတ္တာ ဘာဝနာတံတိုင်းကြီးတွေ။ ဟော-ဒါန, သီလ, သမထတံတိုင်းကြီးတွေ အခုဟောနေတဲ့ တရားကို နာကြားပြီးတော့ သံဝေဂဖြစ်၊ ဉာဏ်တွေ သက်ရောက်လို့ သင်္ခါရသဘောတရားတွေရဲ့ သဘောကိုမြင်. . . လို့၊ ဟော-ဝိပဿနာတံတိုင်းကြီး။

အဲဒီတံတိုင်းကြီး တရားတံတိုင်းကြီး ဆင့်ဆင့် ဆင့်ဆင့်ပြီးတော့ မြင့်သထက် မြင့်လာပြီဆိုတော့ သေမင်းကြီးမတိုးနိုင်ဘူး၊ သေမင်းကြီးမတိုးနိုင်တာ ဒီတံတိုင်းတစ်ခုပဲ။ လုံသွားပြီ ရဟန္တာယောကျ်ား ရဟန္တာမ, ဖြစ်သွားပြီဆိုတော့ သေမင်း, နောက်ဆုံးအသုတ်အနေနဲ့ သူနှိပ်စက်နိုင်လိုက်တာပဲ၊ အဲဒီခန္ဓာနှိပ်စက်ပြီးတော့ နောက် မတက်နိုင်တော့ဘူး၊ မလုပ်နိုင်တော့ဘူး။ လွတ်သွားပြီ၊ ဒါ့ကြောင့်-

❖ တောင်ကြီးဇရာ, လိမ့်၍လာ, ဖိမှာ မှန်မလွဲ၊
တောင်ကြီးအနာ, လိမ့်၍လာ, ဖိမှာ မှန်မလွဲ၊
တောင်ကြီး မရဏာ, လိမ့်၍လာ, ဖိမှာမှန်မလွဲ၊
ဘေးရောဂါဆိုး, စွဲဝင်တိုး, အားကိုးမရှိဘဲ၊
စည်းစိမ်ဥစ္စာ, ချစ်သူပါ, စွန့်ခွါသွားရမြဲ၊
တံတိုင်းသုံးတန်, ကိုယ်မှာရံ, ခုခံဖြို၍ ခွဲ. . .။-တဲ့

ဘုရားက-တံတိုင်းသုံးတန်, ကိုယ်မှာရံပြီးတော့ တံတိုင်းကြီးမြင့်သထက် မြင့်အောင် ဆင့်ပေး. . . တဲ့၊ ဆင့်ပေးကြ. . ဆင့်ပေးကြ။ တံတိုင်းဆင့်ပေးကြ။ တံတိုင်းနိမ့်မနေစေနဲ့၊ တံတိုင်း အားသေးနေရင်တော့ ဖိအုံးမှာပဲ၊ ဘုရားတံတိုင်း, တရားတံတိုင်း, သံဃာတံတိုင်းဆိုတဲ့ "တံတိုင်းကြီးသုံးတန်, ကိုယ်မှာရံ, ခုခံဖြို၍ခွဲ" အဲဒီတံတိုင်းသုံးတန် ကိုယ်မှာရံပြီးတော့ ရှင်သေမင်း, ရှင်နာမင်း, ရှင်အိုမင်းကြီးတွေ ခုခံကြ၊ ဖြိုခွင်းကြ။ "တံတိုင်းသုံးတန်, ကိုယ်မှာရံ, ခုခံဖြို၍ခွဲ"။ တံတိုင်းသုံးတန်က ဘာတုန်းဆိုတော့-

http://www.dhammadownload.com



## ဗုဒ်-ဓမ်-သံ-ဟီး, တံတိုင်းကြီး,ကာဆီးနေ့စဉ်ပဲ. . .။

"ဗုဒ်"ဆိုတာ ဗုဒ္ဓ, "ဓမ်"ဆိုတာ ဓမ္မ၊ "သံ"ဆိုတာ သံဃ၊ ဗုဒ်-ဓမ်-သံ-ဟီးတဲ့- ဟီးဆိုတာ အကြီးကြီးဆိုတယ်၊ "တံတိုင်းကြီး, ကာဆီးနေ့စဉ်ပဲ"၊ အဲ ဘုရားတံတိုင်း, တရားတံတိုင်း, သံဃာတံတိုင်းကြီးနဲ့နေ့စဉ်ကာပေး. . . တဲ့၊ အခု ဒီမှာ လာပြီးတော့ပြတာအကြီးအကျယ်ပြတာပဲ၊ ကိုယ့်အိမ်ကိုယ်နေရင်းနဲ့လည်းပဲ စဉ့်ကိုင်မြို့နယ်၊ အနောက်ရွာသစ်မှာနေရင်းလည်းပဲ၊ စကားအင်းတို့မှာ နေကြရင်းလည်းပဲ မနက်စောစောဘုရားပန်းတော်ဆွမ်းတော်ရေချမ်းတော် ကပ်လှူမေတ္တာပို့ကြ၊ ပုတီးစိတ်လို့အဲဒါ၊ ဘုရားတံတိုင်း, တရားတံတိုင်း, သံဃာတံတိုင်းနေ့တိုင်းကာတဲ့ လူပဲ၊ ကာပါများ, ဆင့်ပါများတော့ တံတိုင်းကြီးမြင့်လာမှာပေါ့၊ တစ်နေ့တစ်လံ ပုဂံဘယ်ပြေးမတုန်း" ဆိုသလို တစ်နေ့နည်းနည်းနည်းနည်းနဲ့ ဆင့်ပေးတော့ တံတိုင်းကြီး မြင့်လာမှာပေါ့၊ ကိုယ့်ကိုယ်ကို၊ တံတိုင်းဆင့်မိရဲ့လား၊ မဆင့်မိဘူးလား၊ ဒါတော့ သတိထားကြ၊ ဆင့်ပေးနေရတာ။

ဘုရားပစ္စေကာ အရိယာအပေါင်းသူတော်ကောင်းကြီးတွေ လွတ်သွားတာ အဲဒီတံတိုင်းကြီးတွေ ဆင့်လို့, မြင့်လို့လွတ်သွားတာ၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးလေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ဆင့်ယူရတယ် သူ့ကိုယ်သူ၊ ပစ္စေကာဗုဒ္ဓါအရှင်မြတ်တွေကျတော့ တစ်အသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ဆင့်ရတယ်၊ အဂ္ဂသာဝက မဟာသာဝက၊ သူတော်ကောင်းပုဂ္ဂိုလ်ကြီးတွေကျတော့ မဟာသာဝက ပုဂ္ဂိုလ်ကြီးတွေကျတော့ ကမ္ဘာတစ်သိန်းဆင့်ရတယ်၊ အဲဒီလိုပေါ့ သူ့အားနဲ့သူ ဆင့်ပေး. . .။

အဲဒါ ပဗ္ဗတူပမသုတ်မှာ ဘုရားဟောတဲ့ အဆုံးအမ၊ အဲဒီအဆုံးအမတော်အတိုင်း၊ အခုဆွမ်းအမကြီးဒေါ်လှဝင်းက ကွယ်လွန်အနိစ္စရောက်သွားခဲ့ကြတဲ့ မိခင်ဖခင်ကျေးဇူးရှင်ကြီးတွေဖြစ်ကြတဲ့ ဒကာကြီးဦးထုံးတို့ ဒကာမကြီးဒေါ်ရိုက်တို့၊ ဒကာကြီးဦးသာယာတို့၊ ဒကာမကြီးဒေါ်ဆင့်နှင့်၊ ကွယ်လွန်ခဲတဲ့ ခင်ပွန်းသည်ကျေးဇူးရှင် ဦးဖိုးရေတို့အား ဒီနေ့ ဘုရားတံတိုင်းကြီးကာပေးတဲ့နေ့။

သူတို့ကိုယ် သူတို့ကာသွားတဲ့အပြင် မိမိက ထပ်ဆင့်ပြီးတော့ တံတိုင်းကြီးကာ ဆင့်ပေးတဲ့နေ့၊ ဘုရားတံတိုင်းကြီးကာဆင့်ပေးတဲ့နေ့၊ တရားတံတိုင်းကြီး ကာဆင့်ပေးတဲ့နေ့၊ သူတို့ကို ကာဆင့်ပေးရင်းနဲ့ မိမိကိုယ်ကို မိမိလည်းပဲကာတဲ့နေ့. . . လို့ အာရုံပြုကြပြီး သကာလ၊ ယနေ့ တရားနာပရိသတ်အပေါင်းသူတော်ကောင်းတို့သည်၊ ဘုရားတံတိုင်း၊ တရားတံတိုင်း၊ သံဃာ တံတိုင်းကြီးတွေကို နေ့တိုင်းနေ့တိုင်း ဆင့်နိုင်, ကာနိုင်ကြတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေ ဖြစ်ကြပါစေကုန်သတည်း။

http://www.dhammadownload.com



ဤကဲ့သို့ ဘုရားတံတိုင်း, တရားတံတိုင်း, သံဃာတံတိုင်းကြီးတွေကို နေ့တိုင်းကာဆင့်နိုင်ကြတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေဖြစ်ကြ ကုန်လျက်၊ ဤကဲ့သို့ ကိုယ့်ကိုယ်ကို သေမင်း, အိုမင်း, နာမင်း, မလာနိုင်တဲ့ ဘုရားတံတိုင်း, တရားတံတိုင်း, သံဃာတံတိုင်းကြီးတွေကို ဆင့်တော်မူကြပြီး, လွတ်မြောက်တော်မူသွားကြတဲ့၊ ရှေးရှေးသော ဘုရားပစ္စေကာ အရိယာအပေါင်း, သူတော်ကောင်းကြီးတို့ ရအပ်ရောက်အပ်, သိမြင်အပ်သော နိဗ္ဗာနဓာတ် တရားတော်မြတ်ကြီးကို လျင်မြင်ဆောစွာ ရောက်ကြရ, ရကြရ, မြင်ကြရပါလိုကုန်သော ဟူ၍, ပတ္ထနာအောင်ဆု ပြုကြကုန်ရာသတည်း။

သာဓု . . . သာဓု . . . သာဓုပါဘုရား . . . ။

http://www.dhammadownload.com

# *အနနုသောစိယဇာတ်
# အရှုံးပြန် အမြတ်ပြန်တရားတော်

ယနေ့ မြန်မာကောဇာသက္ကရာဇ် ၁၃၄၅-ခုနှစ်၊ ပြာသိုလဆန်း(၂)ရက်နေ့မှာ အမရပူရမြို့၊ မဟာဂန္ဓာရုံကျောင်းတိုက် ပရိယတ် ပဋိပတ်သာသနာ့တာဝန် ထမ်းဆောင်နေကြသော သံဃာတော်(၆၀၀)ကျော်တို့အား နံနက်ဆွမ်း၊ နေ့ဆွမ်း နှစ်ထပ်သော ဘောဇဉ်ဆွမ်းများဖြင့် လာရောက်ပြီးတော့ လှူဒါန်းကြ၊ သင်္ကန်း၊ လိမ္မော်သီးစသောပစ္စည်းများ သံဃိကဒါနလှူဒါန်းကြတဲ့ ကုသိုလ်ကောင်းမှုရှင်များက မန္တလေးမြို့၊ ဒါးတန်းရပ်မှာနေထိုင်ကြတဲ့ ဆွမ်းဒကာ ဒကာကြီး ဦးသာခိုနဲ့ သားသမီးများ မိသားစုတို့ဖြစ်ကြပါတယ်။

အဲဒီဆွမ်းဒကာ ဒကာကြီးဦးသာခိုနဲ့ သားသမီးများ မိသားစုတို့က ရည်စူးချက် ရည်မှန်းချက်က ဘဝတစ်ပါးပြောင်းသွားကွယ်လွန်ခဲ့တဲ့ ဒကာမကြီး ဒေါ်ခင်မေ လွန်ခဲ့တဲ့နှစ်က အနိစ္စရောက်သွားတဲ့ ဒကာမကြီးဒေါ်ခင်မေကို ရည်စူးမှန်းထားပြီးတော့ ဒကာမကြီးဒေါ်ခင်မေရဲ့ ရောက်ရာဘဝမှာ လူနတ်နိဗ္ဗာန် သုံးတန်ချမ်းသာ ရရာရကြောင်းကောင်းမှုတွေ တိုးပါးစေလို့. . . ရည်စူးပြီးတော့ ဒီကနေပြီး ကျန်ရစ်တဲ့ ဒကာကြီး ဦးသာခိုနဲ့ သားသမီးများက အခုဂန္ဓာရုံကျောင်းတိုက်သို့လာရောက်ပြီးတော့ နံနက်အချိန် မွန်မြတ်သော မုန့်တီသက်သုပ်ဆွမ်းများ ဆက်ကပ်လောင်းလှူကြတယ်။ နေ့လယ်အချိန်ကျတော့လည်း မွန်မြတ်သော ဘောဇဉ်ဆွမ်းများဖြင့် သံဃာတော်(၆၀၀)ကျော်တို့အား ဆွမ်းဘောဇဉ်များ လောင်းလှူ ဆက်ကပ်ကြပါတယ်။

အခုဒကာကြီးဦးသာခိုတို့ ဒေါ်ခင်မေတို့ဆိုတာ နဂိုကတော့ မိုးကုတ်မြို့ဇာတိ၊ မိုးကုတ်မှာနေကြပြီးတော့ မိုးကုတ်မြို့၊ ကျောင်းကြီးကျောင်းရဲ့ ကျောင်းဒကာ ကျောင်းအမတွေ၊ ပြီးတော့ တို့ ဒီကျောင်းတိုက်မှာနေထိုင်တဲ့ ရဟန်းတော်ဦးဓမ္မိကကိုလည်းပဲ ရဟန်းခံပေးထားကြတော့ ရဟန်းဒကာ ရဟန်းအမလည်း ဟုတ်တယ်၊ ကျောင်းဒကာ ကျောင်းအမတွေလည်း ဟုတ်တယ်၊ အဲဒီကျောင်းဒကာ ကျောင်းအမ၊ ရဟန်းဒကာ ရဟန်းအမ ဒကာကြီးဦးသာခိုတို့က အခုတော့ မန္တလေး၊ ဒါးတန်းမှာ နေထိုင်ကြပြီးတော့ အခု ခုနကပြောခဲ့တဲ့အတိုင်း လွန်ခဲ့တဲ့နှစ်က ဘဝတစ်ပါးပြောင်းသွားကွယ်လွန်ခဲ့တဲ့ ကျောင်းအမကြီး၊ ရဟန်းအမကြီး ဒေါ်ခင်မေကို ရည်စူးမှန်းထားပြီးတော့ ဒီနေ့-ဤကျောင်းတိုက်မှာ လာရောက်ပြီးတော့

---

* ၈၁-၄-၃/၈၅။

http://www.dhammadownload.com



နံနက်ဆွမ်း, နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်း၊ သင်္ကန်းဒွိစုံ (၃)စုံတို့ကို သံဃိက ဒါနလှူဒါန်းခြင်းအမှု ပြုကြပါတယ်။ လိုက်ပါလာကြတဲ့ ဆွေမျိုးမိတ်ဆွေ သင်္ဂဟ အပေါင်း သူတော်ကောင်းတွေကိုလည်း တတ်စွမ်းသမျှ ဒီနေ့ ကျွေးမွေးဧည့်ခံ ကြပါတယ်။

ဒီတော့ အခု ကွယ်လွန်အနိစ္စရောက်သွားတဲ့ ဒကာမကြီးကို ရည်စူးပြီး တော့ ပြုတာဖြစ်တော့ မြတ်စွာဘုရားက ဆုံးမထားတော်မူတဲ့၊ ဟောပြောထား တော်မူတဲ့ စကားလေးတစ်ရပ်ရှိတယ်၊ လူသားတစ်ယောက်ရယ်လို့ မွေးဖွား ပေါ်ပေါက်လာပြီးတဲ့နောက် ကွယ်လွန်အနိစ္စရောက်တယ်ဆိုတာက ထူး ဆန်းတဲ့ကိစ္စမဟုတ်ဘူး. . . တဲ့ ဘာက ဆန်းတာလဲဆိုတော့ လူသားတစ် ယောက်အဖြစ်နဲ့ လူ့ပြည်ရောက်လာပြီးတဲ့နောက် သူဟာ အရှုံးနဲ့ပြန်သွား သလား အမြတ်နဲ့ပြန်သွားသလားဆိုတာက ဆန်းတယ်. . .။ ဒီစကားကို မြတ်စွာဘုရား ဘယ်မှာပြောတုန်းလို့ဆိုတော့ မြတ်စွာဘုရား နောက်ဆုံးပရိနိဗ္ဗာန် စံတော့ ရာဇဂြိုဟ်ကနေပြီးတော့ ကုသိနာရုံမလ္လာမင်းတို့ရဲ့ အင်ကြင်းဥယျာဉ် ဆီသို့ ကြွလာတဲ့အချိန်၊ ကြားထဲ ခရီးလမ်းခုလတ်မှာ ဝေဠုဝဆိုတဲ့ရွာကို ဘုရားရှင် ရောက်လာ၊ မဂဓတိုင်း ရာဇဂြိုဟ်မြို့ကနေပြီးတော့ မြောက်စူးစူး ခရီးချီထွက် လာခဲ့ရတာ ဘုရားက၊ ဂင်္ဂါမြစ်ကြီးဖြတ်ကျော်ပြီးတော့ အဲဒီ မြောက်စူးစူးကနေ ပြီးတော့မှ အရှေ့မြောက်ဆီယွန်းယွန်း ကုသိနာရုံပြည်ကို ကြွ။

အဲဒီလိုကြွတော့ ခုန ဝေဠုဝဆိုတဲ့ရွာကြီးရောက်လာတော့ အရင်က မြတ် စွာဘုရား ဒီခရီးတွေ ခဏခဏရောက်တယ်၊ ဒီရွာတွေရောက်တော့ ရှေးတုန်းက ဘုရားဒကာ ဘုရားအမတွေ၊ ကျောင်းဒကာ ကျောင်းအမတွေ၊ ရဟန်းဒကာ ရဟန်းအမတွေ ရှေးတုန်းကရှိတဲ့သူတွေ ခု တော်တော်များများ ကွယ်လွန်အနိစ္စ ရောက်ကုန်ကြပြီ။ ဒီတော့ ခုတစ်ခေါက်ကလည်း မြတ်စွာဘုရား သက်တော်ရှစ် ဆယ်၊ အိုကြီးချက်မဖြစ်မှ မရောက်တာကြာ၊ အခုမှ ပရိနိဗ္ဗာန်စံတော့မလို့ နောက် ဆုံးခရီးအဖြစ်နဲ့ ကြွလာတာဖြစ်တော့၊ ဒီမှာ ဒကာဒကာမတွေ တော်တော်များ များက ကွယ်လွန်ကုန်ကြ၊ ဒါနဲ့ မြတ်စွာဘုရားကြွလာတယ်ဆိုရင်ပဲ မသေသေးလို့ ကျန်နေတဲ့သူတွေက ရောက်လာကြပြီးတော့ အရှင်အာနန္ဒာကတစ်ဆင့် လျှောက် ကြတယ်ပေါ့လေ. . . "ဟိုတုန်းက ကျောင်းဒကာကြီး ဘယ်သူဖြင့် ကွယ်လွန်သွား ပါပြီဘုရား၊ ကျောင်းအမ သူဌေးကတော် ဘယ်သူဖြင့် မရှိတော့ဘူးဘုရား" စသည်ဖြင့် လျှောက်ကြ၊ လျှောက်ကြတော့ မြတ်စွာဘုရားက ခုနကစကားလေး မိန့်တာ။-

http://www.dhammadownload.com



အနစ္စရိယံ ခေါ တေ အာနန္ဒ ယံ မနုဿဘူတော ကာလံ ကရေယျ။

မနုဿ ဘူတော-လူသားတစ်ယောက်ရယ်လို့, မွေးဖွားပေါ် ပေါက်လာပြီးတဲ့ နောက်၊ ယံ ကာလံ ကရေယျ- အကြင်ကွယ်လွန်, အနိစ္စရောက်ရာ၏၊ တေ-ဤလူသားတစ်ယောက်ရယ်လို့, မွေးဖွားပေါ် ပေါက်လာပြီးတဲ့နောက်, ကွယ်လွန်အနိစ္စ ရောက်ရတယ်ဆိုတဲ့ ကိစ္စသည်၊ အနစ္စရိယံ-ထူးဆန်းတဲ့ကိစ္စမဟုတ်ပါ. . . တဲ့။

အာနန္ဒာ. . . အခု သူတို့က လျှောက်ကြတယ်၊ ဘယ်သူ ကွယ်လွန်သွားပြီ၊ ဘယ်သူ ပျက်စီးသွားပြီနဲ့၊ စိုးရိမ်တကြီး သောကမီးပူဆွေးပြီးတော့ လျှောက်ကြတယ်. . . တဲ့။ မွေးဖွားလာတဲ့သတ္တဝါတိုင်း, သတ္တဝါတိုင်း ကွယ်လွန်အနိစ္စရောက်ကြရတယ်ဆိုတာ ဓမ္မတာကြီးပဲ. . . တဲ့၊ ဆန်းတဲ့ကိစ္စမဟုတ်ဘူး။ ပဋိစ္စသမုပ္ပါဒ်တရားတော်ကြီးနဲ့ ကြည့်လိုက်တော့လည်း ဇာတိပစ္စယာ ဇရာမရဏံ-ဇာတိပစ္စယာ-ရုပ်သစ် နာမ်သစ်ဖြစ်ပေါ် မှုဆိုတဲ့, မွေးဖွားပေါ် ပေါက်လာမှုကြောင့်၊ ဇရာမရဏံ-အိုရခြင်း, နာရခြင်း,သေရခြင်းဆိုတဲ့သဘောကြီးသည်၊ သမ္ဘဝတိ-နောက်ကကပ်လျက် ဖြစ်ပေါ်၍လာ၏. . . ။

ဒီတော့ မွေးလာတဲ့သတ္တဝါတစ်ယောက် သေတယ်ဆိုတာက ဓမ္မတာကြီးဖြစ်နေတာ အာနန္ဒာ. . . မဆန်းဘူးတဲ့၊ အေး-ဆန်းတာက ဘာဆန်း တာတုန်းလို့ ဆိုတော့-လူသားတစ်ယောက်အဖြစ်နဲ့ ကုသိုလ်ကံက ပို့လိုက်လို့ လူပြည် လူ့ဌာန ရောက်လာပါရဲ့သားနဲ့၊ လူနဲ့တန်တဲ့အလုပ် သူ လုပ်သွားနိုင်ရဲ့လား. . . ။ သူ အမြတ်နဲ့ ပြန်သွားသလား၊ အရှုံးနဲ့ပြန်သွားသလား၊ အဲဒါ စိစစ်ဖို့က ဆန်းတယ်၊ တချို့က လူရယ်လို့ လာဖြစ်ပါရဲ့သားနဲ့ လူနဲ့တန်တဲ့အလုပ်တွေ မလုပ်နိုင်ဘူး၊ အဲ-လူ့လက် လူ့ခြေတွေကို ရပါလျက်နဲ့ လူ့လက်၊ လူ့ခြေနဲ့တန်တဲ့ ဒါနထုပ်တွေ ထုပ်ယူပြီးတော့ မသွားနိုင်ဘူး၊ သီလတွေထိန်းပြီးတော့ မသွားနိုင်ဘူး၊ ဘာဝနာကုသိုလ်တွေ ထုပ်ပိုးပြီးတော့ ယူမသွားနိုင်ဘူး၊ အဲဒီလိုဆိုတော့ ဘာထူးသေးတုန်း. . . တဲ့၊ သူ အရှုံးနဲ့ပြန်တာပဲ. . . တဲ့၊ အရှုံးနဲ့ပြန်တာပဲ။

ဟိုနားမှာရှိတဲ့ တိရစ္ဆာန်တွေလည်း မျက်စိနှစ်လုံးပါတာပဲ၊ နားနှစ်ဘက်ပါတာပဲ၊ လက်တွေခြေတွေပါတာပဲ၊ ဒီတော့ အဲဒီတိရစ္ဆာန်တွေရဲ့လက်တွေ ခြေတွေဟာ အခုလို ဒါန, သီလ, ဘာဝနာအထုပ်တွေ ထုပ်ပြီးတော့ မယူတတ်ရှာကြဘူး. . . တဲ့။ မလုပ်တတ်ရှာကြဘူး၊ မျက်စိနှစ်လုံးပါပေမဲ့လို့ ဘုရားရယ်၊ တရားရယ်၊ သံဃာရယ်လို့ မကြည့်တတ်ရှာကြဘူး။ နားနှစ်ဘက်ပါပါရဲ့သားနဲ့ တရားသံကို နားမထောင်တတ်ရှာကြဘူး၊ အေး. . . လူ့မျက်စိ လူ့နားဆိုတာ ဘုရား တရား

http://www.dhammadownload.com



သံဃာ ရတနာသုံးပါး ကြည်တတ်အောင်၊ လူ့နားဆိုတာ တရားသံတွေကို နာခံတတ်အောင်၊ လူ့လက်လူ့ခြေ လူ့ခန္ဓာကိုယ်တွေက ဒါနကုသိုလ်ထုပ်တွေ ထုပ်ယူတတ်အောင်၊ သီလကုသိုလ်ထုပ်ကြီးတွေ ထုပ်ပိုးပြီး သယ်သွားနိုင်အောင်၊ ဘာဝနာကုသိုလ်ထုပ်ကြီးတွေ ထုပ်ပိုးပြီးတော့ ယူသွားတတ်အောင်လို့ ဆိုပြီးတော့ ကံက ဖန်တီးပေးလိုက်တာ အာနန္ဒာ. . . တဲ့။

လူ့ဘဝ လူ့ခန္ဓာရတယ်ဆိုတာ ကုသိုလ်ကောင်းမှု ပါရမီစုတွေ ထုပ်ပိုးယူတတ်အောင် ဖန်တီးပေးလိုက်တာ၊ ငါးဖြာအာရုံ ကာမဂုဏ်နဲ့တင် အချိန်ကုန်ဖို့ ပေးလိုက်တာ မဟုတ်ဘူးတဲ့။ အဲဒါကို လူနဲ့တန်တဲ့ ကုသိုလ်တွေ ယူသွားနိုင်ရဲ့လား၊ လူနဲ့တန်တဲ့ လူ့လက်နဲ့တန်တဲ့ လူ့ခြေနဲ့တန်တဲ့ လူ့ရဲ့မျက်စိနဲ့တန်တဲ့ လူ့နားနဲ့တန်တဲ့ ဒါန သီလ ဘာဝနာ ကုသိုလ်ထုပ်တွေ သူ ယူသွားနိုင်ရဲ့လား၊ ဘယ်လောက်များများ ယူသွားနိုင်သလဲ. . . လို့ အဲဒီဟာကို စီစစ်ဖို့ပဲ ထူးတယ် . . . တဲ့။ အဲဒီဟာက ဆန်းတယ်။ အဲဒီ ဒါန သီလ ဘာဝနာ ကုသိုလ်ထုပ် တစ်ထုပ်မှ ပါမသွားဘူးဆိုရင် အရှုံးနဲ့ပြန်တာပဲ၊ အရှုံးနဲ့ပြန်တာပဲ၊ လူဖြစ်ရှုံးပြန်ရတာ။ ဒါန သီလ ဘာဝနာ ကုသိုလ်ထုပ်တွေ ပါသွားတယ်ဆိုရင် အမြတ်နဲ့ ပြန်တယ်လို့ ဆိုရတယ်၊ အေး ကိုယ့်ကိုယ်ကို အမြတ်နဲ့ပြန်နိုင်အောင် ကြိုးစားရမယ်။

ဒီတော့ အမြတ်နဲ့ ပြန်သလား၊ အရှုံးနဲ့ပြန်သလားဆိုတာကို သိချင်ရင်တဲ့ မာတုဒတ္တခေါ်တဲ့ မိဘတွေပေးလိုက်တဲ့ နာမည်ရဲ့နောက်မှာ ဗုဒ္ဓဒတ္တလို့ခေါ်တဲ့ ဘုရားပေးတဲ့ နာမည်ဂုဏ်ထူး တိုးသလား၊ မတိုးဘူးလား၊ အဲဒါ အကဲခတ်ရတယ်၊ လူတစ်ယောက်မှာ မွေးလာတယ်ဆိုရင် မာတုဒတ္တခေါ်တဲ့ အမေအဖေကပေးတဲ့ နာမည် လူတိုင်းရတာပဲ၊ မောင်ဘတဲ့၊ မောင်လှတဲ့၊ မိန်းမဆိုရင်လည်းပဲ မမြ၊ မလှတဲ့ စသည်ဖြင့် မခင်တဲ့၊ ယောကျ်ားဖြစ်ရင်လည်း မောင်မောင် စသည်ဖြင့် ဒါ မာတုဒတ္တ မိခင်ဖခင်က ပေးတဲ့နာမည်ခေါ်တယ်၊ အဲဒီ မိခင်ဖခင်က ပေးလိုက်တဲ့ နာမည်ရဲ့နောက်မှာ ဘုရားပေးတဲ့နာမည်၊ သာသနာနဲ့စပ်တဲ့ နာမည်၊ လောကုတ္တရာတံဆိပ်ခတ်အပ်၊ မဂ်တံဆိပ် ဖိုလ်တံဆိပ်ခတ်အပ်တဲ့နာမည် ရသလား၊ မရဘူးလား၊ တိုးသလား မတိုးဘူးလားဆိုတာကို ကြည့်တဲ့၊ သူ့နောက်က နာမည်တစ်လုံးတိုးအောင် ကြိုးစားသွားနိုင်သလား၊ မသွားနိုင်ဘူးလားဆိုတာကြည့်တဲ့၊ သူ့နောက်က သူ့ နာမည်တစ်လုံးတိုးအောင် ကြိုးစားသွားနိုင်သလား၊ ကြိုးစား မသွားနိုင်ဘူးလားဆိုတာကို အကဲခတ်တဲ့။

အခု ဒကာကြီးဦးသာခိုတို့ ဒေါ်ခင်မေတို့ '*ဒေါ်ခင်မေ၊ ဒေါ်ခင်မေ*'ဆိုတဲ့ နာမည်က အမေအဖေပေးတဲ့ နာမည်၊ ခင်မေ ခင်မေနဲ့ ငယ်ငယ်ကတည်းက အမေအဖေတွေက ခေါ်ကြတော့ အားလုံးက မခင်မေ၊ ဒေါ်ခင်မေနဲ့ ခေါ်ကြတယ်၊ ဒါ

http://www.dhammadownload.com



မာတုဒတ္တ နာမည်ခေါ်တယ်၊ မိဘပေးတဲ့ နာမည်၊ ငယ်နာမည်၊ အဲဒီ ငယ်နာမည်ရဲ့ နောက်မှာ ဗုဒ္ဓဒတ္တခေါ်တဲ့ ဘုရားပေးတဲ့နာမည်ဆိုတာ ဘုရားသာသနာတော်နဲ့ စပ်တဲ့ နာမည်၊ ဘုရားပွင့်လာမှ ရတဲ့နာမည်၊ အဲဒါ ဗုဒ္ဓဒတ္တ နာမည်လို့ခေါ်တယ်၊ အခု ကျောင်းဒကာ ကျောင်းအမဆိုတဲ့ နာမည်၊ ဟော-ဒေါ်ခင်မေမှာ ကျောင်းအမ ဆိုတဲ့နာမည် ရသွား။ ဘာပြုလို့ရတုန်း သူက ကျောင်းကြီးဆောက်လို့ မြတ်စွာ ဘုရားသာသနာ ပူဇော်ဖော်ရလို့ ကျောင်းအမဆိုတဲ့နာမည်ရ။ ရဟန်းအမဆိုတဲ့ နာမည်ကိုရတယ်၊ ဘာပြုလို့ရတာတုန်း။ အမျိုးသားတစ်ယောက် ရဟန်းလောင်း တစ်ပါးကို ရဟန်းဘောင်ရောက်အောင် ပစ္စည်းပရိက္ခရာ စုံလင်စွာ ထောက်ပံ့ပြီး တော့ ရဟန်းဘောင်ရောက်အောင် ချီမြှောက်ဖူးတယ်၊ ဒါကြောင့် သူက ရဟန်း အမဆိုတဲ့နာမည်ကို ရတယ်၊ အဲဒါဟာ ဘုရားပေးတဲ့ နာမည် ခေါ်တယ်။

အဲဒီလို မာတုဒတ္တခေါ်တဲ့ မိခင်ဖခင် ကျေးဇူးရှင်များပေးတဲ့နာမည်ရဲ့ နောက်မှာ ဗုဒ္ဓဒတ္တခေါ်တဲ့ ဘုရားပေးတဲ့နာမည်‥ကျောင်းဒကာကျောင်းအမဆိုတဲ့ နာမည်၊ ရဟန်းဒကာ ရဟန်းအမဆိုတဲ့ နာမည်၊ ဘုရားဒကာ ဘုရားအမဆိုတဲ့ နာမည်၊ အဲဒါ ဘုရားပေတဲ့နာမည်ခေါ်တယ်၊ ဥပါသကာတဲ့-ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ ဥပါသကာဆိုတဲ့ နာမည်ရှိတယ်၊ အဲဒါ ရတနာသုံးပါးကို ရှိသေ လေးမြတ် ဆည်းကပ်နေလို့မို့ သူ့ကို ဥပါသကာဆိုတဲ့ နာမည်ရတယ်၊ ဒါယကာ တဲ့-ပစ္စည်းလေးပါးနဲ့ သာသနာတော်ကို ထောက်ပံ့ကူညီဖော်ရရင် ဒါယကာ၊ ဒါယိ- ကာမဆိုတဲ့နာမည်ကို ရတယ်၊ အဲဒါ ဘုရားပေးတဲ့ နာမည်၊ ဒီတော့ ဒီနာမည် မျိုးငါ့မှာ ဘယ်နှစ်လုံးတိုးတုန်း. . . ။ နာမည်များများတိုးလေ၊ သူ့အတွက် အထုပ်ကြီးကြီး ပါသွားလေပဲ၊ နာမည်များများတိုးလေ အထုပ်ကြီးကြီး ပါသွားလေပဲ။

အမျိုးသမီးဆိုရင် ဥပါသိကာမတဲ့ ယောက်ျားဆိုရင် ဥပါသကာတဲ့၊ ရတနာသုံးပါး အမြဲဆည်းကပ်နေလို့၊ ပစ္စည်းလေးပါးနဲ့ သာသနာကိုထောက်ပံ့ လှူဒါန်းတော့ ဒါယကာတဲ့ ဒကာတွေ၊ ဒကာမတွေကျတော့ ဒါယိကာမတဲ့၊ ရဟန်းခံပေးတော့ ရဟန်းဒကာတဲ့၊ ရဟန်းဒကာမတဲ့၊ ကျောင်းဆောက်ကိုးကွယ်တော့ ကျောင်းဒကာ ကျောင်းအမတဲ့၊ ဘုရားတည်တော့ ဘုရားဒကာ ဘုရားအမတဲ့၊ ဇရပ်ဆောက်တော့ ဇရပ်ဒကာ ဇရပ်အမတဲ့၊ ရေကန်ရေတွင်းလှူတော့ ရေတွင်း ဒကာ ရေတွင်းအမတဲ့၊ ရေကန်ဒကာ ရေကန်အမ၊ ရေအိုးစဉ်ဒကာ ရေအိုးစဉ် အမနဲ့ နာမည်တွေ ဘုရားသာသနာတော်နဲ့ စပ်ပြီးတော့၊ သိမ်ကျောင်းဒကာ၊ သိမ်ကျောင်းအမ စသည်ဖြင့် အဲဒီနာမည်တွေ များများတိုးလေလေ သူ့မှာ အမြတ်နဲ့ပြန်ပြီဆိုတာကို ဆုံးဖြတ်လို့ရလေလေပဲ၊ အဲဒီနာမည်တွေ ဘယ်လောက်ပါ သွားသလဲ၊ သူ့မှာ အမြတ်နဲ့ ဘယ်လောက်ပြန်သွားသလဲဆိုတာ အဲဒါက ပြန်းတယ် အာနန္ဒာ. . . တဲ့ ဘုရားက။

http://www.dhammadownload.com



ဒီတော့ ဒီနေ့ ဘုန်းကြီးတို့ ဒကာမကြီး ဒေါ်ခင်မေက အရှုံးနဲ့ပြန်တာလား၊ အမြတ်နဲ့ပြန်တာလားဆိုတော့ အမြတ်နဲ့ ပြန်သွားတာ။ ဒါအရေးကြီးတာပဲ။ သေတယ်ဆိုတာကတော့ မဆန်းဘူး၊ လူသားတစ်ယောက်ရယ်လို့ မွေးဖွားလာပြီးတဲ့နောက် ကွယ်လွန်အနိစ္စရောက်တယ်ဆိုတာက မဆန်းပါဘူး. . . တဲ့။ ဒါ ဆန်းတဲ့ကိစ္စ မဟုတ်ဘူးတဲ့၊ ဘာပြုလို့တုန်းလို့ဆိုတော့ မွေးလာကတည်းကိုက ဒီသေသွေးက ပါလာတာ၊ အမေ့ဝမ်းထဲက ထွက်လာကတည်းက ဘုန်းကြီးတို့အားလုံး၊ ဒကာဒကာမအပေါင်းရဲ့သန္တာန်မှာ သေသွေးက ပါလာ၊ အိုသွေးက ပါလာ၊ နာသွေးက ဝမ်းထဲခိုပြီး ပါလာ။ ဒီတော့ ဘာဆန်းတုန်းတဲ့ ဒါ။ ဘာပြုလို့ အိုသွေး၊ နာသွေး၊ သေသွေးက ပါလာရတုန်းဆိုပြန်တော့ တဆင့် စစ်ကြည့်တော့ အိုတတ်တဲ့သူက မွေးလိုက်တာ. . . တဲ့ သူမွေးလိုက်တာက။ နာတတ်တဲ့သူက မွေးလိုက်တာတဲ့၊ သေတတ်တဲ့အမေအဖေက မွေးလိုက်တာကိုး. . . တဲ့။ ဒါ့ကြောင့် သေသွေး ပါလာ၊ အိုသွေး ပါလာ၊ နာသွေး ပါလာတာတဲ့ မဆန်းပါဘူးတဲ့ ဒါ။

ဘုန်းကြီးတို့ ဒကာဒကာမတွေ ဘုန်းကြီးတို့ရော အခု ဒကာကြီး ဦးသာခိုတို့၊ ဒေါ်ခင်မေတို့ အခုတရားနာနေကြတဲ့ ဒကာဒကာမတွေကို မွေးလိုက်တဲ့ အမေအဖေက အိုတတ်တဲ့အမေအဖေပါလားတဲ့၊ သူတို့နှစ်ယောက်ကလည်း နာတတ်တဲ့ အမေအဖေပါလားတဲ့၊ အဲဒီအမေအဖေနှစ်ယောက်က သေတတ်တဲ့ အမေအဖေပါလားတဲ့၊ ဒီတော့ သေတတ်တဲ့အမေအဖေ၊ နာတတ်တဲ့အမေအဖေကမွေးလိုက်တဲ့ မိမိတို့မှာလည်းပဲ သူတို့သွေးတွေကူပြီးတော့ နာသွေးတွေ ပါလာ၊ သေသွေးတွေ ပါလာ၊ အိုသွေးတွေ ပါလာတယ်. . . တဲ့။ ဒါ့ကြောင့် ဒါလေးကို ဆင်ခြင်စဉ်းစားလိုက်လို့ရှိရင် မဆန်းဘူး။ အခုကျန်ရစ်တဲ့သူတွေက ဪ. . . ကွယ်လွန်အနိစ္စရောက်သွားတဲ့ ဒေါ်ခင်မေဟာ မဆန်းပါဘဲလား. . . တို့လည်းပဲ ဒီသွေးတွေ ဝမ်းထဲမှာ အပြည့်ရှိနေတာဖြစ်တော့ အိုဆဲ၊ အိုရအုံးမယ်၊ နာဆဲ နာရအုံးမယ်။ သေဆဲ သေရအုံးမယ်. . . လို့ ဒါ မရဏာနုဿတိကမ္မဋ္ဌာန်း ခေါ်တယ်။

❖ အိုသူက မွေး၊ အိုသွေးပါလာ၊ အိုမှာမလွဲ၊ အိုမြဲခန္ဓာ၊
အိုသူ သေသွား၊ အများတံထွာ၊ ငါ့မှာလည်း၊ အိုမြဲဓမ္မတာ။

ဒါလေးကိုရွတ်ပြီးတော့ ဆင်ခြင်လိုက်ရင် မရဏာနုဿတိကမ္မဋ္ဌာန်း။

❖ နာသူကမွေး၊ နာသွေးပါလာ၊ နာမှာမလွဲ၊ နာမြဲခန္ဓာ။

နာသူက မွေးလိုက်တာ၊ အမေအဖေက နာတတ်တဲ့သူ၊ သူတို့ကနေ မွေးလိုက်တော့ ကိုယ့်မှာ နာသွေးက ပါလာရော ဝမ်းထဲ၊ နာသွေးပါလာလို့ နာရတယ်၊ ဖျားရတယ်၊ ခေါင်းကိုက်ရတယ်၊ မူးရတယ်၊ ဝေရတယ်၊ အနာပေါက်ရတယ်၊

http://www.dhammadownload.com



ဆီးချို၊ သွေးတိုး၊ ကင်ဆာတွေ ဖြစ်ရတယ်၊ နှလုံးဖြစ်ရတယ်နဲ့၊ ဟော အကုန် ဖြစ်ကုန်။ ဘာပြုလို့တုန်း၊ နာသွေးက ပါလာတာကိုး။ နာသွေးက ဘာပြုလို့ ပါလာတာတုန်း၊ နာတတ်တဲ့သူတွေက မွေးလိုက်တာကိုး၊ ဒီလို ဆက်ဆက်သွားလိုက်တော့ တကြောလုံးကြည့်လိုက်တော့ အမေအဖေတွေ အဆက်ဆက် နာသွေးတွေနဲ့ နာတဲ့ဒုက္ခတွေနဲ့ချည့်ပဲ. . . လို့ မြင်လာတယ်။ အဲဒီမြင်လာတာဟာ သစ္စာမြင်လာတာခေါ်တယ်၊ ဒုက္ခသစ္စာမြင်လာတာခေါ်တယ်။ သံသရာတကြောလုံး ရှိရှိသမျှ ရုပ်နာမ်ခန္ဓာရနေတဲ့ ကိုယ့်အမေအဖေအဆက်ဆက် ပြန်ပြီးကြည့်လိုက်စမ်း၊ ကိုယ့်အမေအဖေ၊ ကိုယ့်အမေအဖေရဲ့ အမေအဖေ၊ အဲဒီအမေအဖေရဲ့ အမေအဖေ၊ အဲဒီအမေအဖေရဲ့ အမေအဖေ ဆက်ဆက် ဆက်ဆက်သွား။ အမေအဖေတွေ သိန်းသန်းကုဋေတွေ တွက်ရေမက များချင်များမယ်၊ အို နာသေဆိုတဲ့ သုံးချက်နဲ့ဆွဲလိုက်တော့ တကြောထဲပဲ။ အဲဒီအိုနာသေသုံးချက် တကြောထဲ မြင်လိုက်တာ ဒုက္ခသစ္စာမြင်လိုက်တာခေါ်တယ်။

မြတ်စွာဘုရားက ဘုရားဖြစ်ကတည်းက ဓမ္မစကြာတရားဟောတော့ ဒုက္ခသစ္စာကြီး(၇)လုံး ပိုင်းဟောတဲ့အခါမှာ "ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ ဗျာဓိပိ ဒုက္ခော၊ မရဏမ္ပိ ဒုက္ခံ" ကြေငြာထားတာပါလား။ ဇာတိပိ-ပဋိသန္ဓေတည်နေရခြင်းဟာလည်း၊ ဒုက္ခာ-ဆင်းရဲကြီးတစ်မျိုးပဲ၊ ဇရာပိ-အိုခြင်းသဘောဟာလည်း၊ ဒုက္ခာ-ဆင်းရဲခြင်းတစ်မျိုးပဲ၊ ဗျာဓိပိ-နာရခြင်းသဘောဟာလည်း၊ ဒုက္ခော-ဆင်းရဲခြင်းတစ်မျိုးပဲ၊ ကောင်းတဲ့သဘောကြီး မဟုတ်ဘူးတဲ့။ မမြဲတဲ့သဘောကြီးပဲ။ မရဏမ္ပိ-သေရခြင်းသဘောဟာလည်း၊ ဒုက္ခံ-ဆင်းရဲခြင်းတစ်မျိုးပဲ။ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော-မချစ်တဲ့သူတွေနဲ့ တွဲနေရတာလည်း ဒုက္ခပဲ။ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော-ချစ်ခင်တဲ့သူတွေနဲ့ ခွဲရတာလဲ ဒုက္ခပဲ။ ယံပိစ္ဆံ န လဘတိ၊ တံပိ ဒုက္ခံ-လိုချင်တာ မရတာလည်း ဆင်းရဲပဲ. . . လို့ ဘုရားက သစ္စာပြထားတာ။

ဒီတော့ မိမိရဲ့ အမေအဖေက စပြီးတော့ အမေအဖေ အဆက်ဆက်တွေကို ပညတ်နဲ့အာရုံမပြုဘဲနဲ့ ဩော်. . အိုနာသေအဆက်ဆက်ပဲလို့ မြင်လိုက်တာဟာ ရုပ်နာမ်ခန္ဓာ ပရမတ်မြင်ပြီးတော့ ဒုက္ခသစ္စာပေါ်လာတာ၊ အဲဒီလိုမြင်သွားပြီးတော့ ဆင်ခြင်တာ၊ ဒါ မရဏာနုဿတိကမ္မဋ္ဌာန်း၊ သစ္စာဆိုက်သွား။

❖ နာသူကမွေး၊ နာသွေးပါလာ၊ နာမှာမလွဲ၊ နာမြဲခန္ဓာ။

နာမှာမလွဲဘူး ဒီခန္ဓာ၊ အခုကျန်းမာတယ်လို့ ဆိုရသော်လည်းပဲ နာမှာ၊ သူသေခါနီးတော့ နာပြီးတော့ သေရမှာ၊ နာမြဲခန္ဓာ-ဒီခန္ဓာကိုယ်က ဒီလိုရသမျှ ဒီလို နာနေတာပဲ။ နာသူသေသွား၊ အများတံထွာ-နာတဲ့သူတွေ ရောဂါဖြစ်ပြီး

http://www.dhammadownload.com



တော့ နောက်ဆုံးသေသွားတဲ့သူတွေ သဘောတံထွာလိုပဲ. . . ငါ့မှာလည်း နာမြဲ ဓမ္မတာ. . . ဟောဒါ မရဏာနုဿတိကမ္မဋ္ဌာန်း။ မရဏာနုဿတိ ကမ္မဋ္ဌာန်းလေး တစ်ခေါက်လောက် စီးဖြန်းရအောင်၊ တို့သံယာတွေရော, လူတွေရော ဆိုလိုက် စမ်းပါ-

❖ အိုသူကမွေး, အိုသွေးပါလာ, အိုမှာမလွဲ, အိုမြဲခန္ဓာ၊
အိုသူသေသွား, အများတံထွာ, ငါ့မှာလည်း, အိုမြဲဓမ္မတာ။
နာသူကမွေး, နာသွေးပါလာ, နာမှာမလွဲ, နာမြဲခန္ဓာ။
နာသူသေသွား, အများတံထွာ, ငါ့မှာလည်း, နာမြဲဓမ္မတာ။
သေသူကမွေး, သေသွေးပါလာ, သေမှာမလွဲ, သေမြဲခန္ဓာ။
အို-နာ-သေသွား, အများတံထွာ, ငါ့မှာလည်း, သေမြဲဓမ္မတာ။

အဲဒါလေးတွေ တခါတခါ ရွတ်ပြီးတော့ သို့မဟုတ် ဖွင့်နာပြီးတော့ နှလုံး သွင်းနေပြီးတော့ မရဏာနုဿတိကမ္မဋ္ဌာန်းကနေပြီးတော့ တခါတည်း သစ္စာဆိုက် သွားတာပဲ။ ဩော်. . . လောကကြီး သိန်းသန်းကုဋေတွက်ရေများစွာ, သင်္ချေ သင်္ချာမရေတွက်သာအောင်, လူတွေ နတ်တွေ ပြဟ္မာတွေ ခွေးတွေ နွားတွေ, ကြက်တွေ ငှက်တွေ, ကျွဲနွားပိုးမွှား တိရစ္ဆာန်တွေ ဘယ်လောက်ပဲ မရေတွက်သာ အောင် များပြားနေပေမဲ့လို့ သုံးခုတည်းသာ အကုန်းပေါင်းတာပါလား. . .၊ ဘယ်လောက်များများ ဒီသုံးချက်ထဲဝင်ပေါင်းကြတာချည့်ပဲ. . . အကုန်လုံး အသေ ဆိုတဲ့ စည်းမျဉ်းနဲ့ ပေတံနဲ့ ဆွဲချလိုက်တာ၊ အကုန်ဝင်လာတာပဲ ဒီထဲ။ အို နာ သေ ဆိုတဲ့ သုံးချက်နဲ့ ဆွဲလိုက်တော့ ဒီထဲ အကုန်ဝင်ကြတာပါပဲလား. . ။ လူတွေရှိသမျှ အကုန်လုံး အို နာ သေ။ နတ်တွေရှိသမျှအကုန်လုံး အိုနာသေ၊ ပြဟ္မာတွေရှိသမျှ အကုန်လုံး၊ တိရစ္ဆာန်တွေရှိသမျှ အကုန်လုံး၊ ဒီတော့ အဲဒီလို တကြောထဲနဲ့ တဆွဲတည်း မြင်လိုက်တာမို့လို့ သူ့ကို သစ္စာမြင်ခေါ်တယ်။ ဒုက္ခသစ္စာ မြင်လိုက်တာခေါ်တယ်။

အဲဒီလို သစ္စာမြင်ပြီးတော့သွားတော့ သုံးဆယ့်တစ်ဘုံ တခွင်လုံး ဒီလို ချည့်ပဲ၊ ရုပ်နာမ်ခန္ဓာရနေ ဒီလိုသဘောချည့်ပါပဲလား. . ဒီအိုနာသေတွေချည့်ပဲ မြင်လာတော့ မလိုချင်ဘူး၊ မရချင်ဘူး၊ အိုနာသေမကင်းတဲ့ ရုပ်နာမ်ကို မလိုချင်မှု တွေ ကိန်းသွားတယ်၊ မလိုချင်မှုကိန်းသွားတာ၊ သမုဒယသစ္စာ တဏှာသေတယ်လို့ ခေါ်တယ်။ သမုဒယသစ္စာ တဏှာသေလို့ရှိရင် ဒီရုပ်နာမ်ခန္ဓာ မလာဘူး။ မရဘူး၊ သမုဒယသစ္စာဟာ လိုချင်မှုကြောင့် ရရနေကြတာ။ သမုဒယသစ္စာတဏှာကို သတ်လိုက်လို့ရှိရင် တဏှာသေသွားလို့ရှိရင် သူ့ကြောင့် ပေါ်လာမယ့် ရုပ်နာမ်ခန္ဓာ သစ် ပေါ်မလာဘူး။ မလာလို့ရှိရင် ငြိမ်းတာပဲ၊ ငြိမ်းရင် သေတော့တာပဲ။ သစ္စာခေါ်တဲ့ နိဗ္ဗာန်ပဲ။ အဲဒီလို သစ္စာကို မြင်အောင်ကြည့်ရမှာ။

http://www.dhammadownload.com



အဲဒါမြတ်စွာဘုရားက အနနုသောစိယဇာတ်ဆိုတာ ဘုန်းကြီးတို့ ဘုရားရှင် သက်တော်ထင်ရှားရှိစဉ်က တစ်နေ့တော့ ကျွတ်ထိုက်တဲ့ သတ္တဝါတွေကို သဗ္ဗညုတဉာဏ်နဲ့ ဖြန့်ကြည့်ပြီးတော့ ကြည့်လိုက်တော့ သာဝတ္ထိမြို့ထဲက ဒကာတစ်ယောက် သူဌေးတစ်ယောက်မြင်၊ သူဌေးကဘယ်လို ဖြစ်နေတုန်းလို့ ဆိုတော့ နေ့တိုင်း ငို၊ နေ့တိုင်း ထမင်းမစားနိုင်, ဟင်းမစားနိုင်၊ တပိန်ပိန် တခြုံးခြုံး ဖြစ်ပြီးတော့ သောကရောက်။ ဘာပြုလို့ရောက်နေတာတုန်းဆိုတော့ သူ အင်မတန်ချစ်တဲ့ သူဌေးကတော်ပျက်စီးသွားတော့ သုသာန်သင်္ချိုင်းသွားပြီးတော့ သဂြိုဟ်ပြီးတဲ့ နောက်ကိုပဲ ငိုနေရတာပဲ နေတိုင်း၊ စွဲလမ်းမှု ဥပါဒါန်ပြင်းလို့၊ သံယောဇဉ်ပြင်းလို့၊ ငိုပြီးတော့နေရလို့ ထမင်းလည်းမစား၊ ဟင်းလည်းမစား၊ ရေလည်းမချိုး ဝတ်စားတန်ဆာလည်း ကောင်းကောင်းမဝတ်၊ အလုပ်တွေလည်း ကောင်းကောင်းမလုပ်ဘဲနဲ့၊ တမှိုင်မှိုင်တထွေထွေနဲ့ ငိုနေရတာ။

ဒါပေမဲ့လို့ မြတ်စွာဘုရားဉာဏ်တော်ထဲ သူထင်လာတယ်၊ ထင်လာတော့ မြတ်စွာဘုရားကြည့်လိုက်တော့၊ ဩော်. . . -သူ့ဇနီးပျက်စီးတဲ့ ကိစ္စအကြောင်းပြုပြီးတော့ သောက ပရိဒေဝ ဖိစီးနှိပ်စက်နေပါလား. . . သို့သော်လည်းပဲ၊ သူ့ဝမ်းထဲမှာ၊ အိုးထဲမှာတွန်းထားတဲ့ မီးလေးလိုပဲတဲ့ သောတာပတ္တိ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရမယ့် ဥပနိဿယပစ္စည်း-မီးတောက်ကလေးက သူ့ဝမ်းထဲမှာ ခိုပြီးတော့နေတယ်။ အဲဒါ ဘုရားကမြင်တယ်။ ဩော်. . . သူ-အပေါ်က သောက ပရိဒေဝမီး ဖိစီးနေပေမဲ့လို့၊ သူ့ဝမ်းထဲက သောတာပတ္တိမဂ်ဉာဏ်ဖိုလ်ဉာဏ် မီးတောက်ကလေး ရှိပါလား. . .၊ အဲဒါ ငါသွားပြီးတော့ ဖွင့်ပေးမှပဲ. . . လို့ ဆိုပြီးတော့၊ အဲဒါ ဘုရားက နောက်ပါ ရဟန်းတစ်ပါး ခေါ်ပြီးတော့ ဆွမ်းခံဝင်သလိုအနေနဲ့ ကြွလာတာ သူ့အိမ်ကို။

ကြွလာတော့ သူ့အိမ်ပေါက်ရပ်နေတော့၊ သူက သောကပရိဒေဝဖြစ်နေတာဖြစ်တော့၊ သူ့သားတွေ သမီးတွေကပေ့ါလေ. . .။ ဘုရားရှင်ကြွလာတယ်၊ ဘုရားရှင်ကြွလာတယ်ဆိုတော့ သူက ဘုရားလည်းနဂိုကြည်ညိုရင်းစွဲဆိုတော့-ကဗျာ ကယာနဲ့၊ အိမ်ထဲပင့်။ ပင့်ပြီးတော့နေရာပါခင်းပေး၊ ပေးပြီးတော့သူ"ဟဲ့-ရှိတဲ့ဆွမ်းတို့၊ ဘာတို့လောင်းကြပါဟဲ့"ဆိုပြီးတော့ ဆွမ်းတို့ ဘာတို့လောင်းကြ၊ မြတ်စွာဘုရားက"သူဌေး. . . ဒကာ အသားအရေတွေလည်းပိန်လို့၊ ဘာဖြစ်နေတုန်း၊ မှန်လှပါဘုရား၊တပည့်တော်-တပည့်တော်ရဲ့ ပါရမီဖြည့်ဖက် ဘဝကြင်ဖော်ဇနီး ပျက်စီးကွယ်လွန်အနိစ္စရောက်သွားလို့ တပည့်တော်စိတ်ထဲ-သောကပရိဒေဝတွေဖြစ်ပြီးတော့၊ တပည့်တော် တမှိုင်မှိုင် တငိုငို ဖြစ်နေပါတယ်ဘုရား။ စိတ်ထဲမှာ-ခံစားရချက်တွေ အောင့်အီး သည်းခံလို့ မရဘဲဖြစ်နေပါတယ် ဘုရား . . . လို့ လျှောက်တော့၊ "ဟို-ရှေးကသူတော်ကောင်းများတော့ အခုလိုသင့်ဇနီးလို

http://www.dhammadownload.com



ဆွေနဲ့မျိုးနဲ့ ထည်ထည်ဝါဝါ၊ တင့်တင့်တယ်တယ် ပြုမယ့်စုမယ့်သူတွေ၊ စောင့်ရှောက်မယ့်သူတွေနဲ့ တာဏမရဏာလို့ခေါ်တဲ့ စောင့်ရှောက်မယ့်သူတွေ၊ ကူညီမည့်သူတွေ ကြားထဲ ကွယ်လွန်ရတာမဆိုထားနဲ့. . .၊ အတာဏ မရဏ လို့ခေါ်ရတဲ့ ဘယ်သူမှ ကူညီမည့်သူ ဖေးမမည့်သူ, စောင့်ရှောက်မည့်သူ မရှိဘဲနဲ့ တစ်ယောက်ထဲ ကွယ်လွန်အနိစ္စရောက်ရတဲ့ ဇနီးကိုပင်လျှင် တရားနဲ့ဖြေပြီးတော့ ပြေစွမ်းနိုင်ကြတယ် . . . တဲ့၊ ရှေးတုန်းက သူတော်ကောင်းတွေက။

အခု သင့်ဇနီးကလေး. . . ဆွေတွေ မျိုးတွေအလယ်, ကွယ်လွန်ရတာ၊ တင့်တင့်တယ်တယ် ဝိုင်းပြီးတော့ပြုစု၊ စောင့်ရှောက်၊ သူလိုတာတွေကူညီဖေးမပြီးတော့ အလောင်းကလည်း လှလှပပ ချလိုက်ရတာမဟုတ်လား. . .။ ဟိုးရှေးတုန်းက သူတော်ကောင်းများကျတော့အဲဒီလိုတောင် မဟုတ်ရှာဘဲနဲ့ နှစ်ယောက်ထဲနေရင်းနဲ့, တစ်ယောက်က ရွာထဲဆွမ်းခံဝင်နေတုန်း, တစ်ယောက်က ဇရပ်မှာ သေရစ်တာ, တစ်ကောင်ကြွက်သေ သေရရှာတာတောင်မှ, ပြန်လာတော့ တရားနဲ့ ဖြေနိုင်ကြတယ်. . . တဲ့၊ ရှေးသူတော်ကောင်းတွေ။ "မှန်လှပါဘုရား . . . အဲဒီ ရှေးသူတော်ကောင်းများရဲ့ အတ္ထုပ္ပတ္တိကလေးများ တပည့်တော်မသိရဘူးလားဘုရား" "အို-သင်ကြားချင်ရင် ငါပြောမယ်။" မှန်လှပါ ပြောပါဘုရား . . . ပြောပါ။"

အေး-ရှေးတုန်းက ဗာရာဏသီမှာ ဗြဟ္မဏကုမာရရယ်လို့ သူဌေးသားတစ်ယောက်ရှိခဲ့တယ်။ သူ့အမေအဖေများက ကုဋေ(၈၀)လောက်ကြွယ်ဝတယ်။ ပစ္စည်းကုဋေ(၈၀)လောက်ကြွယ်ဝတော့ သူတို့သားလေး ဗြဟ္မဏကုမာရမွေးလာလို့ လူလားမြောက်တယ်ဆိုရင်ပဲ တက္ကသိုလ်ပညာသင်လွှတ်၊ တက္ကသိုလ်ကပညာတွေတတ်လို့ ဘွဲ့တွေ ဘာတွေရလို့၊ ပြန်လာတော့ ဟာ-ဒို့သားလေး ပညာတတ်မြောက် လူလားမြောက်လာပြီ၊ အိမ်ထောင်ရက်သားချမှပဲလို့ဆိုပြီးတော့ ဇနီးကြင်ဖော်အိမ်ရာတည်ထောင်ဖက် ရှာကြမယ်ဆိုပြီးတော့ သူတို့ စီမံကြတော့ သားက-သူကဗြဟ္မာ့ပြည်ကလာတဲ့သူဆိုတော့ သူက အိမ်ထောင်မပြုချင်ဘူး။

"အမေတို့ အဖေတို့ခင်ဗျာ. . . ဒါတော့ မိဘများ ကျွန်တော့်ဒါလေးတော့ သည်းခံပါ. . . ကျွန်တော်အိမ်ထောင်မပြုပါရစေနဲ့၊ ကျွန်တော်အိမ်ထောင်ပြုလိုစိတ်မရှိပါဘူး။ အမေတို့ အဖေတို့ တစ်သက်တာကျွန်တော် ပြုစုလုပ်ကျွေးသွားပါ့မယ်. .၊ အမေတို့ အဖေတို့ ကွယ်လွန်အနိစ္စရောက်ရင် ကျွန်တော် တောထွက်မယ်. . . တဲ့။ တောထွက်ပြီးတော့ ရသေ့ရဟန်းပြုမယ်ဆိုတော့ အမေ အဖေတွေကလည်း " မဟုတ်ဘူး-ငါ့သားရယ်၊ လူ့လောကဆိုတာ လူ့လောကအလျှောက် ထည်ထည်ဝါဝါရှိမှ ငါ့သားတစ်ယောက်ထဲ ပြုစုနေလို့ မဖြစ်ဘူး။ အိုးနေရာအိုး၊

http://www.dhammadownload.com



ခွက်နေရာခွက် ဆိုတာလိုပဲ လင်သားက ရှေ့ကနေ အလုပ်လုပ်၊ ဇနီးသည်က အိမ်တွင်းက အလုပ်လုပ် ဒီလိုရှိသေးတယ် သားရယ်။ မဖြစ်ဘူး"ဆိုပြီးတော့ အတင်းတစ်ခါတည်း သူမလိုချင်ပေမဲ့လို့ ပေးစားဘို့ စီမံကြတယ်။

"ဟာ-ဒီလိုဆိုရင်တော့ ကျွန်တော်တော့ ဟောဒီလို ရွှေရုပ်လောက်လှမှပဲ ကျွန်တော်တော့ ယူမယ်" "ကောင်းပြီ ကဲ-ငါ့သား"ဆိုပြီးတော့ အမေနဲ့အဖေက အို-တို့သားဟာ ရှေးကံပါလာတဲ့သားဖြစ်ရမယ်။ သူ ဒီလို ရွှေရုပ်လိုလှတဲ့ မိန်းက လေးကို ရမှယူမယ်ဆိုရင် ဒီရွှေရုပ်လိုလှတဲ့ မိန်းကလေး လောကရှိကို ရှိရမယ်။ အဲ-တို့သားရဲ့ ကံကဖန်တီးလို့ ဒီစကားထွက်လာတာပဲဆိုပြီးတော့ မလျှော့ဘူး ဇွဲနဲ့ သူတို့ကရှာကြတယ်။ ရှာကြတော့-ကာသိတိုင်းမှာ အခုလိုပဲ သူဌေးသမီးသွား တွေ့တယ်။ သမ္မိလ္လဟာသိနီတဲ့ သူဌေးသမီးလေးနာမည်က၊ သူကလည်း ဗြဟ္မာ့ ပြည်က လာတာ၊ အဲဒီ သူဌေးသမီးက၊ သူကလည်း ကုဋေ(၈၀)လောက် ကြွယ်ဝ တာပဲ၊ ပစ္စည်းပေါ၊ သမီးက တစ်ယောက်ထဲ၊ အင်မတန် အမြတ်တနိုးနဲ့ ထားတယ်၊ အဲဒါ သမ္မိလ္လဟာသိနီ သူ့မျက်နှာလေးက ချိုပြီးတော့ ပြုံးနေတယ်၊ မေတ္တာအား ကောင်းတာကိုး၊ ဗြဟ္မာ့ပြည်ကလာတဲ့ သတ္တဝါတွေဆိုတာ မေတ္တာအားကောင်းတယ်၊

ဒီတော့မွေးလာကတည်းက သူ့မျက်နှာကလေးက ပြုံးလို့မငိုဘူး။ ဒါကြောင့် သူ့ကို သမ္မိလ္လဟာသိနီ၊ ဟာသိနီဆိုတာ ပြုံးနေတဲ့မျက်နှာလေးရှိတယ်၊ ဗြဟ္မာပြည်ကလာတဲ့သူတွေဆိုတာ မငိုတတ်ဘူးတဲ့၊ တို့ ငိုတယ် ငိုတယ်၊ တအဲအဲ ငိုတယ်ဆိုတာ ငရဲကလာတဲ့ကောင်တွေ ငိုတာ၊ အေး ကိုယ့်အိမ်က ကိုယ့်ကလေး များအကဲခတ်ကြည့်စမ်း၊ အဲအဲနဲ့အော်ငိုနေပြီဆိုရင်တော့ တအဲ တအဲ အငိုကဲ ငရဲက လာသည်တဲ့ဗျ၊ တအဲ တအဲ နဲ့အငိုကဲနေပြီဆိုရင်တော့ ငရဲကလာတာတဲ့၊ မျက်နှာပြုံးကြည်၊ ရွှင်ရည်ရည်၊ ဗြဟ္မာ့ပြည်ကလာတဲ့၊ မျက်နှာကို ပြုံးလို့တဲ့ တစ်ချို့ ကလေးလေးပေမဲ့လို့ မငိုဘူး၊ ပုခက်ထဲထားရင် ပြုံးလို့ ရွှင်လို့၊ သူ့ဘာသူများ ပြုံးနေတာ၊ အငိုလည်းသိပ်မငိုဘူး၊ ကလေးထုံးစံအတိုင်း နည်းနည်း ပါးပါးငိုတာလောက်ပဲ ရှိတယ်၊ များသောအားဖြင့် ငြိမ်လို့သိပ်ထား၊ အဲဒါက ဗြဟ္မာ့ပြည်က လာတဲ့ကလေး။

ခုနကလို တအဲအဲနဲ့ တအားနင်းပြီးတော့ ပါးစပ်ကြီးဖြဲဖြဲပြီးတော့၊ ည မိဘတွေလည်းအိပ်ရေးပျက်တာပျက်နဲ့ တအားအော်ငိုနေတဲ့ကလေးက ငရဲကလာ တတ်သတဲ့၊ ဒီတော့အခု သမ္မိလ္လဟာသိနီကလည်း ဗြဟ္မာ့ပြည်ကလာတာ၊ ချော လိုက်တာမျက်နှာကလေးကကြည်လို့၊ ဒီတော့ ချောတာက သူက တရားပါတဲ့ မျက်နှာနဲ့ ချောတာ၊ ချောတာပေမဲ့လို့ အမျိုးမျိုးရှိတယ်၊ တရားနဲ့မေတ္တာနဲ့ ချောနေ တဲ့ အချောက ကြည်နေတာ၊ သူ့ကြည့်လိုက်ရ စိတ်ကိုအေးလို့ ဒီလိုသွားတာ၊

http://www.dhammadownload.com



ရာဂနဲ့လောဘနဲ့ စပ်ယှဉ်ပြီးတော့ လော်လီတဲ့မှတ်ဉာဏ တစ်မျိုး၊ ဒါ မတူသေးဘူး၊ အခု သမ္ဗိလ္လဟာသိနီက အဲသလို မဟုတ်ဘူးတဲ့၊ အင်မတန် ဣန္ဒြေရတယ်၊ ဒါနဲ့ အဲဒီသမ္ဗိလ္လဟာသိနီကလည်း သူဌေးသမီး အင်မတန်ချော၊ အဲဒီတင် အခုနက ရွှေစင်ရုပ်နဲ့က သူက ထပ်တူဖြစ်နေတာ။

ဒါနဲ့ အခုနက လှည့်ရှာနေတဲ့သူတွေက ဒီရွှေစင်ရုပ်ကို ပေးပြီးတော့ သူ့ရဲ့ သမ္ဗိလ္လဟာသိနီ မိဘများကို ပြောပြတယ်၊ အကျိုးအကြောင်းပြောတော့ မိဘများကလည်း "ကိုင်း-ဒီလိုဆို ထိမ်းမြားတာပေါ့" ဒီတော့ သမီးလေးကလည်းပဲ သူက အိမ်ထောင်ရက်သား ပြုချင်စိတ်မရှိဘူး၊ ဗြဟ္မာ့ပြည်ကလာတာဆိုတော့ ဈာန်နဲ့ နေလာတာဆိုတော့ ရာဂက ကင်းနေတာ၊ ဒါပေမဲ့လို့ နှစ်ဘက်သော မိဘတွေက အတင်း သူတို့ လုံ့လပြုတာနဲ့ပဲ သူတို့ယူကြရတာ၊ ယူကြပေမဲ့လို့ သူတို့နှစ်ယောက်ဟာ မောင်နှမလိုပဲ ခင်တယ်၊ ဟိုကလည်း အစ်ကိုကြီးလိုပဲ၊ အင်း နှမလေးလိုပဲ သဘောထားတယ်၊ ဗြဟ္မဏကုမာရက ဒီကလည်းပဲ အစ်ကို ကြီးလို။ မိဘတွေ ကွယ်လွန်လို့ရှိရင် တောထွက်၊ ဟိုကလည်းပဲ ဒီစိတ်နဲ့ သမ္ဗိလ္လ ဟာသိနီ သူဌေးသမီးလေးကလည်း၊ ဒီလိုနဲ့ သူတို့နှစ်ယောက် မောင်နှမလိုနေကြ။

နောက်တော့ အကြောင်းအားလျော်စွာ နေကြရင်းနဲ့၊ မိဘတွေကွယ်လွန်ကြရောဆိုပါတော့၊ ကွယ်လွန်တော့ ဗြဟ္မဏကုမာရကပြောတယ်၊ "နှမလေး . . . တဲ့၊ မိဘတွေလည်းမရှိတော့ဘူး၊ အစ်ကိုကြီးတော့ လူ့ဘောင်လူ့လောက ထဲနေရတာ၊ စကားမပြောချင်ဘဲနဲ့လည်း ပြောရ၊ ဧည့်မခံချင်ဘဲနဲ့လည်း ဧည့်ခံရ၊ မထိုင်ချင်ဘဲနဲ့ ထိုင်ရ၊ မရပ်ချင်ဘဲနဲ့ ရပ်ရ၊ အိမ်ရာတည်ထောင် လူ့ဘောင်ဆိုတာ အင်မတန်ရှုပ်ထွေးတယ် . . . တဲ့၊ ကိုယ့်တရားနဲ့ကိုယ် နေချင်ပေမယ့်လို့ တရားနဲ့ နေဖို့ အချိန်နည်းတယ် . . . တဲ့၊ ဒီတော့ မောင်ကြီးတော့ တောထွက်ပြီးတော့ ရသေ့ ရဟန်းပြုပြီးတော့ တောထွက်တော့မယ်၊ ကျန်ရစ်တဲ့ မောင်ကြီးဘက်က ပါတဲ့ ကုဋေ(၈၀)။ နှမဘက်ကပါတဲ့ ကုဋေ(၈၀)ပစ္စည်းတွေကို စီမံအုပ်ချုပ်ပြီးတော့ နှမကြိုက်သလို နေရစ်ပေတော့ . . . လို့ ဆိုပြီးတော့ ပြောတယ်။

ဒီတော့ နှမလေးကလည်း သမ္ဗိလ္လဟာသိနီကလည်း "အို-မနေ ဘူး . . . တဲ့၊ ကျမလည်း မနေဘူးတဲ့ ဒီလို လူ့လောကထဲမှာ မနေချင်ဘူးတဲ့၊ ရှုပ်ထွေးတယ်" ငြီးငွေ့နေတာကိုး သူတို့က၊ နဂိုတည်းကိုက ဓာတ်ခံက ဗြဟ္မာ့ ပြည်မှာ ကမ္ဘာပေါင်းများစွာ စိတ်က ဒီဟာမဂုဏ်အာရုံတွေနဲ့ကင်းပြီး နေလာတာ ဖြစ်တော့၊ အင်မတန် သန့်ရှင်းနေတဲ့စိတ်ဖြစ်နေတော့-ငါးဖြာအာရုံ ကာမဂုဏ်တွေ ဆိုတဲ့ အညှီအဟောက်တွေကို သူတို့က မလိုချင်ဘူး၊ ဒါ သိပ်ဆန်းကြယ်တာ၊ ဒါ-သူ့ဟာသူ ပယ်သွားတာပဲ ဘာဝနာနဲ့ ဝိက္ခမ္ဘနပဟာန်နဲ့ ပယ်သွားတာ၊ "ဒီတော့

http://www.dhammadownload.com



မနေဘူးတဲ့ နှမလေးလည်း၊ ဒီပစ္စည်းတွေကို စွန့်ပစ်ခဲ့ချင်တယ်၊ စွန့်ပြီးတော့ ဒီလိုပဲ လွတ်ရာကျွတ်ရာ တောထဲပဲ အကိုကြီးနဲ့ပဲ လိုက်ပြီးတော့ နေချင်တယ်. . ." "အေး-ဒီလိုဆို ကောင်းပြီ၊ တို့မောင်နှမနှစ်ယောက် သွားကြစို့ရဲ့" ဆိုပြီးတော့- တခါတည်း၊ သူတို့ပစ္စည်းတွေ အကုန်လှူတာပဲ၊ "အလိုရှိတဲ့သူတွေ လာကြ ပါ. . .၊ အလိုရှိတဲ့သူတွေ လာကြပါ"ဆိုပြီးတော့၊ ဟာ-လာလိုက်ကြတာပေါ့ သောက်သောက်လဲ တခါတည်း အိုးတွေထမ်းတဲ့သူက ထမ်း၊ ရွှေအိုးတွေ ထမ်းဟာ ငွေအိုး တွေထမ်းဟာနဲ့ အပြေးအလွှား ထမ်းလိုက်ကြတာ။

အဲဒီလိုနဲ့ သူတို့လှူဒါန်းပြီးတော့ ထွက်သွားကြ၊ ရသေ့ဝတ်ပြီးတော့ ထွက်သွားကြ၊ တောထဲထွက်သွားပြီးတော့ တောထဲမှာ တရားအားထုတ်ပြီး တော့ နေကြ၊ နေကြတော့ နဂိုတုန်းကတော့ သူဌေးသမီးနဲ့ သူဌေးသားဆိုတော့ အိမ်မှာ အစေအပါးတွေ အပြည့်နဲ့နေရတာဆိုတော့ စားရတာသောက်ရတာက သလေး ထမင်း သလေးဆန်နုနုကလေးတွေ၊ ဟင်းကောင်း ကျွေးကောင်းလေးတွေနဲ့ စိမ်ချက်ပြုတ်ပေးတာလေးတွေ စားရတာကိုး။

အခုတော့- တောထဲရောက်သွားတော့ မြေသပိတ်နဲ့၊ ဟိုတုန်းကတော့ ရွှေခွက်တွေ ငွေခွက်တွေ ရွှေဇွန်းတွေ ငွေဇွန်းတွေနဲ့ ဒီလို၊ အစားသောက်ကလည်း နုနုနဲ့၊ အခုတော့ တောထဲမှာ ဆွမ်းခံပြီးစားရတာ၊ သစ်သီးသစ်ဥ သစ်ဖုစားရတာ ဆိုတော့ ဟိုဗြဟ္မဏကုမာရကတော့ ယောကျ်ားသားမို့လို့ အကြမ်းပတမ်း ခံနိုင်ပေ မဲ့လို့ သမ္မိလ္လဟာသိနီ သူဌေးသမီးလေးကတော့ နုနယ်တော့ သူကမခံနိုင်ရှာဘူး၊ ဒီတော့ စားရတဲ့ အစာတွေက ကြမ်းတမ်းတော့သူ့မှာ-ပက္ခန္တိကခေါ်တဲ့ သွေးအံန် ရောဂါလာဖြစ်တယ်၊ အစာတွေမကြေပြီးတော့ သွေးအန်၊ အစာတွေမကြေပြီး တော့ သွေးအန်၊ သွေးတွေပါလာ၊ ဒီတော့ အားတွေနည်းပြီးတော့ ဆေးဝါး ပစ္စည်းကလည်း သိပ်မရှိတော့ ဒါနဲ့ တော်တော်အားနည်းပြီးတော့ ဖြူဖတ်ဖြူ ဖတ်ဖြစ်လာ။

ဒါနဲ့ ဗြဟ္မဏကုမာရက၊ "ကဲ-တို့မြို့နားရွာနား ချဉ်းကပ်ကြအုံးစို့ရဲ့၊ ဆေးလေးဘာလေးလည်းရအောင် ကဲလာ မောင်ကြီးတွဲခေါ်မယ်"ဆိုပြီးတော့ တဖြေးဖြေး သူ့နှမလေး သူခပ်ဖြေးဖြေး ခပ်တွဲတွဲပေါ့လေ. . .၊ ခေါ်လာပြီးတော့ အဲဒီ ဗာရာဏသီမြို့နား ရွာကြီးတစ်ရွာရဲ့နိဂုံး၊ နိဂုံးကြီးတစ်ခုရဲ့ထိပ် ရောက်တော့၊ ဇရပ်တစ်ဆောင်ရှိတော့၊ အဲဒီဇရပ်ပေါ်မှာ "ကိုင်း-နှမလေး ဒီပေါ်ခဏ အိပ်ရစ် အုံး မောင်ကြီးဆွမ်းခံ ဝင်အုန်းမယ်၊ ဆွမ်းခံဝင်ပြီးတော့ ပြန်လာတော့မှ နှစ် ယောက်ရတဲ့ အာဟာရမျှတပြီးတော့မှ ဆေးသမားကောင်းများ ဘာများစုံစမ်းပြီး တော့ ကုရအောင်"ဆိုပြီးတော့၊ သူ့နှမလေး ဇရပ်ပေါ်ခဏ သိပ်ထားခဲ့ပြီးတော့ သူက ဆွမ်းခံဝင်။

၅၄၈

http://www.dhammadownload.com



သူဆွမ်းခံဝင်သွားလို့ ရွာထဲတစ်ဝက်လောက်ရောက်ခါရှိသေးတယ်၊ ဒီက ရောဂါအခြေအနေကဆိုးလာပြီးတော့ ကွယ်လွန်ရှာ။ ဘယ်သူမှ မရှိဘူး၊ အနား ဘယ်သူမှ ပြုမယ့်စုမယ့်သူလည်းမရှိဘူး၊ ဖေးမယ့်ကူမယ့်သူလည်းမရှိဘူး၊ ဒီလိုနဲ့ တရားနှလုံးသွင်းရင်းနဲ့ပဲ ပက်လက်ကလေး အနိစ္စရောက်။ ဒီတော့ ခုနက ရသေ့ ကတော့ ပြဟ္မဏကုမာရကတော့ သူက ဆွမ်းခံထုံးစံအတိုင်း တရားနဲ့ ဆွမ်းခံပြီး တော့နေ။ နောက်ဒီမှာ ကွယ်လွန်အနိစ္စရောက်တာကို တစတစနဲ့ ဟိုလူကသိ၊ ဒီလူကသိ။ "ဟဲ့ ဇရပ်ပေါ်မှာ ရသေ့မလေးတစ်ယောက် ချောလိုက်တာ၊ လှလိုက် တာ၊ ကွယ်လွန်နေသတဲ့၊ သေနေသတဲ့"နဲ့ ဆိုပြီးတော့ ထွက်ထွက်ပြေးလာကြတာ။ လူတွေတအုံးအုံးနဲ့၊ ထွက်ပြေးလာရင်း "အမလေး. . ချောလိုက်တာ၊ သနားစရာ ကောင်းလိုက်တာ၊ ဘယ်သူမှလည်း မရှိပါလား"ဆိုပြီး ငိုကြသကိုး ဘေးက။ ဒကာမ ကြီးတွေ တစ်ချို့အဒေါ်ကြီးတွေက သမီးလေးလို ချစ်ပြီးတော့ ငိုကြ။ မထိန်းနိုင် မသိမ်းနိုင်ဖြစ်ကြ။

နောက်တော့ အချိန်ကျတော့ ခုနက ပြဟ္မဏကုမာရက ဆွမ်းခံပြန်လာ တော့ ဒီရောက်လာ။ ရောက်လာတော့ သူက ခေါင်းရမ်းတယ် ကြည့်ပြီးတော့၊ "ဩော်. . . ပျက်စီးသွားပါလား" "ပျက်စီးသွားပြီ ရသေ့လေးရဲ့၊ ဒါရသေ့လေးနဲ့ ဘာတော်တုန်း" "ဩော်. . ကျုပ်ရဲ့ လူ့ဘဝတုန်းက ဇနီးလည်းဟုတ်ပါတယ်။ နှမလေးလည်း ဟုတ်ပါတယ်" "အို-ဒါဖြင့် ဘယ်လိုဖြစ်တာတုန်း၊ ဘယ့်နယ့် ဖြစ်တာတုန်း" နဲ့ပေ့ါလေ ဝိုင်းမေးကြ။ "ဩော်. . . ဒီလိုပဲ-ဒီလို ဒီလိုကနေပြီးတော့ တောထွက်လာခဲ့ပြီးတော့ တောထဲမှာကျင့်နေတာ၊ အခု ဒီမှာ ဒီလို ရောဂါပက္ခန္ဒိက ခေါ်တဲ့ အစာတွေဘာတွေ ကြမ်းကြမ်းတမ်းတမ်းတွေ စားရတော့ မခံနိုင်ပြီးတော့ ပက္ခန္ဒိက သွေးအန်ရောဂါဖြစ်ပြီးတော့ ကွယ်လွန်တာပဲ။ ကဲ-ကဲ အချိန်မွန်းလွဲသွား မှာစိုးလို့ ဆွမ်းစားလိုက်အုံးမယ်. . . တဲ့။" ရသေ့က ခေါင်းရင်းထိုင်ပြီးတော့ ဆွမ်းစားတယ်၊ ဆွမ်းစားပြီးတော့မှ သင်္ဂြိုဟ်သမ္ဂြိုဟ်ပြုဖို့ပေ့ါ။

အဲဒီတင်မေးကြတာ ဘေးကပရိတ်သတ်တွေက "ဟင်-ဒီလောက်ကိုယ့်ရဲ့ ဇနီးမယား၊ ကွယ်လွန်အနိစ္စရောက်တာ ရသေ့-မျက်နှာလည်းမပျက်၊ ဣန္ဒြေ လည်းမပျက်နေနိုင်လှပါလား. . . ဘယ်လိုများသဘောထားတုန်းလို့ဆိုတော့-

> ဗဟူနံ ဝိဇ္ဇတိ ဘောတီ, တေ ဟိ မေ ကိံ ဘဝိဿတိ၊
> တသ္မာ ဧတံ နသောစာမိ, ပိယံ သမ္ဗိလ္လဟာသိနိ။

ဘုရားအလောင်း-ဘုရားအလောင်း၊ သူများမဟုတ်ဘူး ဒါက။ ဟောဒါ ဘုရားအလောင်းရယ် ဒီရသေ့က, အခုကွယ်လွန်အနိစ္စရောက်နေတာ ယသော် ဓရာအလောင်း၊ ဘုရားကဇာတ်ပေါင်းတော့ ပြန်ဟောတယ်။ ဒီတော့-

http://www.dhammadownload.com



ဗဟူနံ ဝိဇ္ဇတိ ဘောတိ, တေ ဟိ မေ ကိံ ဘဝိဿတိ,
တသ္မာ ဧတံ နသောစာမိ, ပိယံ သမ္ပိလ္လဟာသိနိ။

ပရိတ်သတ်အပေါင်းတို့. . . . တဲ့၊ သင်တို့က ကွယ်လွန်အနိစ္စရောက်တဲ့သူ အကြောင်းပြုပြီးတော့ ငိုကြ ကြွေးကြ, မဆည်နိုင် မဖြေနိုင်ဖြစ်ကြ၊ အမှန်စင်စစ်ကတော့. . . တဲ့ လောကကြီးမှာ သေသူနဲ့ရှင်သူ ဒီနှစ်လူပဲရှိတာပဲ၊ လောကထဲ လူတွေဘယ်လောက်ပဲများနေနေ. . . တဲ့၊ ရှင်သူ့ဘက်နဲ့ သေသူ့ဘက် ဒီနှစ်ဘက်ရှိတာပဲတဲ့။ အဲဒီလိုရှိတဲ့အထဲက ရှင်သူရှင်သူချင်းပေါင်းကြ သင်းကြတာပဲလေတဲ့၊ သေသူသေသူချင်း ပေါင်းကြသင်းကြတာပဲ။ ဒီတော့ ရှင်သူအဖြစ်နဲ့ ကျုပ်ကကျန်ရစ်တာ. . . တဲ့။ သူကသေသွားပြီတဲ့။

ဗဟူနံ ဝိဇ္ဇတိ ဘောတိ,

ဘောတိ-သမ္ပိလ္လဟာသိနီဆိုတဲ့ ကျုပ်ရဲ့နှမလေးလို့လည်းခေါ်, ဇနီးမယားလို့လည်းခေါ်ရတဲ့ အရှင်မလေးသည်၊ ဗဟူနံ-သေတဲ့လူများစွာသောလူတို့ရဲ့အကြားမှာ၊ ဝိဇ္ဇတိ-ဖြစ်၍နေပေ၏. . .။ အခု သူက ကျုပ်နဲ့ဇာတ်မတူတော့ဘူး. . . တဲ့။ သေသူကြား ရောက်သွားပြီ၊ သေတဲ့သူတွေ အသင်းအပင်းရောက်သွားပြီ၊ သေတဲ့သူတွေ အသင်းအပင်းရောက်သွားတော့ သူကသေသူတွေနဲ့ ပေါင်းမှာပဲတဲ့၊ နောက်ဘဝမှာသေတဲ့ သူတွေနဲ့ အမေအဖေချင်းသွားတွေ့၊ အမေအဖေသွားပြီးတော့ ဖြစ်၊ ညီအကို မောင်နှမတွေသွားဖြစ်၊ ကျုပ်တို့က ရှင်တဲ့သူအဖြစ်နဲ့ ကျန်ရစ်တုန်းဆိုတော့ ရှင်တဲ့သူအချင်းချင်း ပေါင်းသင်းရစ် ရမှာပဲလေ. . . တဲ့။ ကျန်ရစ်ကြရတာ-ဒါဘာဆန်းလို့တုန်း၊ ဒါငိုနေလို့ဘယ်ဖြစ် မှာတုန်း . . . တဲ့။ ဒါငိုနေလို့ ဘယ်ဖြစ်မှာတုန်း-

တံ တံ စေ အနုသောစေယျ, ယံ ယံ တဿ နဝိဇ္ဇတိ၊
အတ္တာန'မနုသောစေယျ, သဒါ မစ္စုဝသံ ပတံ. . . တဲ့။

ကွယ်လွန်အနိစ္စရောက်တဲ့ သူကိုအကြောင်းပြုပြီးတော့သာ သေလို့ဆိုပြီးတော့သာ စိုးရိမ်ပူဆွေး ငိုကြွေးမှုပြုနေမယ်ဆိုရင်, သေလို့သာငိုကြရစတမ်းဆိုရင်. . . တဲ့၊ အတ္တာနံ အနုသောစေယျ-ကိုယ့်ကိုယ်ကိုအရင်ငိုရလိမ့်မယ်. . . တဲ့။ ဘာပြုလို့တုန်းဆိုတော့- သဒါ မစ္စုဝသံ ပတံ. ။ မစ္စုဝသံ-သေမင်းရဲ့အလိုသို့၊ သဒါ-နေ့ရောညပါ,အခါခပ်သိမ်း၊ ပတံ-ကျရောက်၍နေတဲ့၊ အတ္တာနံ-မိမိကိုယ်ကို၊ အနုသောစေယျ-ဝမ်းနည်းပူဆွေး ငိုကြွေး၍နေရ၏. . .။

ကိုယ့်ကိုယ်ကိုက နေ့တိုင်းသေနေတာ. . . တဲ့၊ ဒီခန္ဓာကိုယ်ကြီးက နေ့တိုင်းသေမင်းဆီ ပြေးနေတာ၊ ဒီခန္ဓာကိုယ်ကြီးက အိပ်နေလည်း သေမင်းဆီးပြေး

http://www.dhammadownload.com



နေတာပဲ။ စားနေတုန်းလည်းမရပ်ဘူး သေမင်းဆီပြေးနေတာပဲ၊ ရေသောက်နေတုန်းလည်းမရပ်ဘူး သေမင်းဆီပြေးနေတာပဲ၊ အခုလို ထိုင်တရားနာနေတုန်းလည်း သူကသေမင်းဆီပြေးလျက်ပဲ. . . တဲ့။ ကဲ-ကိုယ့်ခန္ဓာကိုယ်ကြီးက မစ္စုဝသံ ပတံ-တဲ့။ သေမင်းဘက်ကို တစ်ခုန်ထဲခုန်ပြီး ပြေးနေရတာ၊ ပြီးတော့ ကိုယ့်ခန္ဓာကိုယ်ဟာ သေမင်းဆီပြေးနေတဲ့အပြင် ရုပ်နာမ်ခန္ဓာတွေအနေနှင့်လည်း၊ ရုပ်သေ နာမ်သေတွေအနေနှင့်လည်း အမြဲသေနေတာ. . . တဲ့။ သမ္မုတိမရဏာ ခေါ်တဲ့ သုသာန်သွားပို့ရတဲ့အသေကသာ လူသိသူသိအသေခေါ်တာတဲ့။ ရုပ်သေ နာမ်သေရဲ့ ဖြစ်ပျက် ဖြစ်ပျက်နဲ့ဆိုတာ၊ ဖြစ်-ဆိုတာ မွေးတာပဲ၊ ပျက်-ဆိုတာ သေနေတာပဲတဲ့။

ပြီးတော့ ဒီရုပ်နာမ်ခန္ဓာကိုယ်ကြီးသည် အမြဲသေ, သေနေတာဖြစ်လေသောကြောင့် သေလို့သာငိုကြရစုတမ်း၊ ပျက်လို့သာ ငိုကြရစတမ်းဆိုရင်. . . တဲ့ ကိုယ့်ကိုယ်ကိုကြည့်ပြီးတော့ ငိုရတာနဲ့ ဘယ်တော့မှ အငိုတိတ်စရာအချိန် မရှိတော့ဘူး. . . တဲ့၊ အမြဲငိုနေရမှာပဲ။ ဒီတော့ ပရိသတ်အပေါင်းတို့ သောကမဖြစ်ကြနဲ့၊ ကိုယ့်ကိုယ်ကိုဟာ ငိုနေရမယ့်အမြဲအသေရှိနေတဲ့ ခန္ဓာကိုယ်ကြီးကို ကြည့်ပြီး သောက ပရိဒေဝကို သိမ်းဆည်းနိုင်ကြပါစေလို့. . . ဘုရားအလောင်းက ပရိသတ်ကြီးကို ဆုံးမတယ်။

နဟေဝ ဌိတံ နာသီနံ, န သယာနံ န ပဒ္ဓဂုံ၊
ယာဝ ဗျာတိ နိမိသတိ, တတြာပိ ရသတီ ဝယော။

ဌိတံ-ရပ်နေတုန်းလည်းပဲ၊ နေဝပဇဟတိ-ကျုပ်တို့ကို သေမင်းကမစွန့်ဘူးတဲ့၊ ကျုပ်တို့ကသာသေမင်းကို မေ့နေတာပဲ၊ သေမင်းတရားကြီး, သေခြင်းတရားကြီးက ကျုပ်တို့ကို ရပ်နေတုန်းလည်းပဲ သူကမစွန့်ဘူးတဲ့၊ ကျုပ်တို့ကို သူကအမြဲခေါ်လျက်ပဲ။ နာသီနံ-တဲ့၊ ထိုင်နေတုန်းလည်း ကျုပ်တို့ကို သေမင်းကြီးက ခေါ်ရက်ပဲတဲ့။ သယာနံ-တဲ့၊ အိပ်နေတုန်းလည်းပဲ သေမင်းကြီးက ခေါ်ရက်ပဲတဲ့၊ ပဒ္ဓဂုံ-ဟိုဟိုဒီဒီသွားလာလှည့်လည်နေတဲ့သူကိုလည်းပဲ သေမင်းကြီးက မမေ့ဘူး. . . တဲ့။ မမေ့ဘူး. . . ။ ကျုပ်တို့ကသာမေ့နေတာတဲ့။ ကျုပ်တို့ကသာ သေမင်း မေ့မေ့နေကြတာ။ သေမင်းက ကျုပ်တို့ကို ဘယ်တော့မှ မမေ့ဘူး။ ပြီးတော့ သွား, ရပ်, ထိုင်, လျောင်း ဣရိယာပုထ်လေးပါးအပေါင်း ကျုပ်တို့ဘယ်လိုပြောင်းနေနေ အရှင်သေမင်းက ကျုပ်တို့ကို အမြဲဆွဲလျက်ပဲ. . . တဲ့။ အဲဒါကို ငိုမယ်ဆိုရင် ကိုယ့်ကိုယ်ကိုပဲ နေ့တိုင်းငိုလို့ မဆုံးတော့ဘူး. . . တဲ့။ မဆုံးတော့ဘူး။

ဒီတော့ လောကမှာ သေသူနဲ့ ရှင်သူ နှစ်လူရှိတာပဲ။ လောကကြီးတစ်ခုလုံး လူတွေ ဘယ်လောက်များများတိရစ္ဆာန်တွေ, သတ္တဝါတွေ ဘယ်လောက်များများ

http://www.dhammadownload.com



အမျိုးအစားခွဲရင် သေလူ ရှင်လူ နှစ်လူရှိတာပဲ။ ကျန်ရစ်တဲ့သူက ရှင်လူပဲ၊ သေသွားတဲ့လူက သေလူပဲ။ သေတဲ့လူတွေက သေတဲ့လူ အခြင်းခြင်း နောက်ဘဝ ကျတော့ အမေအဖေတွေသွားတော် ဟိုဝမ်းခေါင်းထဲရောက်၊ ဒီဝမ်းခေါင်းထဲ ရောက်၊ ဟိုလူနဲ့ ညီအကိုသွားတော်၊ ဒီလူနဲ့ မောင်နှမသွားတော်၊ ဟိုလူနဲ့ ဇနီး မောင်နှံသွားဖြစ်၊ ဒီလူနဲ့ လင်မယား သွားဖြစ်။ ဒီလိုဖြစ်ကြတာလေ. . . တဲ့။ ဒီတော့ ဒါကို ငိုနေစရာ မဟုတ်ဘူး. . . တဲ့။ ငိုနေစရာမဟုတ်ဘူး။ လောကကြီး တစ်ခုလုံး ရှိနေသမျှ သတ္တဝါအားလုံး အိုသူက မွေးလိုက်လို့ အိုသွေးပါလာပြီးတော့ အိုမှုကြီးဆိုတဲ့ ဇရာဒုက္ခကြီး အမြဲတမ်း နှိပ်စက်ခံနေကြရတယ်။ နာတဲ့သူတွေက မွေးလိုက်လို့ နာသွေးတွေပါလာပြီးတော့ နာကြရတယ်။ သေတဲ့သူတွေက မွေးလိုက်လို့ သေသွေးပါလာပြီးတော့ သေကြရတယ်. . . တဲ့။ အဲဒီအို နာ သေဆို တဲ့ ဒုက္ခသုံးလုံးကို ဉာဏ်မျက်လုံးနဲ့ သုံးပြီးတော့ ကြည့်နိုင်တယ်။ အဲဒါသစ္စာတရား အမှန်မြင်တဲ့တရားပဲ. . . လို့။

ခုနက ဘုရားအလောင်းတော်က ပရိသတ်တွေ တရားပြတဲ့အကြောင်း, သစ္စာပြတဲ့အကြောင်း ဘုရားကဟောလိုက်တာ ခုနက ဇနီးသေလို့ စိတ်ဒုက္ခ ရောက်နေတဲ့သူဌေး သောတာပန်ဖြစ်သွားတယ်. . .၊ သောတာပန်ဖြစ်သွားတယ်။ ရှေးတုန်းက ရသေ့လေးဆိုတာ သူများမဟုတ်ဘူး ငါဘုရားပဲတဲ့။ အဲဒီရသေ့မလေး သမ္မိလ္လဟာသိနီဆိုတာလည်း သူများမဟုတ်ဘူး၊ ရာဟုလာမာတာ- ရာဟုလာရဲ့ မယ်တော်ဖြစ်တဲ့ ယသော်ဓရာပဲလို့ ဘုရားကဇာတ်ပေါင်းပြီးတော့ ပေးလိုက်တာ၊ ခုနက သူဌေးလည်း သောတာပန်ဖြစ်သွားတယ်။

ဒီတော့-လူ့လောကရောက်လာပြီး ကွယ်လွန်အနိစ္စရောက်တယ်ဆိုတာ အဆန်းမဟုတ်ဘူး. . . တဲ့၊ အရှုံးနဲ့ပြန်သလား အမြတ်နဲ့ပြန်သလားဆိုတာက ဆန်းတယ်၊ ဒီတော့ ဒီနေ့ ဒကာမကြီး ဒေါ်ခင်မေ အရှုံးနဲ့ပြန်သလား အမြတ်နဲ့ ပြန်သလားဆိုတာ သိချင်ရင် မာတုဒတ္တခေါ်တဲ့ အမေအဖေတွေပေးတဲ့ ခင်မေ ဆိုတဲ့ နာမည်ရဲ့နောက်မှာ ရဟန်းဒကာ ရဟန်းအမဆိုတဲ့နာမည် ဘုရားပေး တဲ့နာမည်, ကျောင်းဒကာ ကျောင်းအမဆိုတဲ့နာမည် ဘုရားပေးတဲ့နာမည်၊ ဥပါသိကာမဆိုတဲ့နာမည် ဘုရားပေးတဲ့နာမည်၊ ဒါယိကာမ-ပစ္စည်းလေးပါးနဲ့ သာသနာထောက်ပံ့လှူဒါန်းဖော်ရလို့ ဒါယိကာမဆိုတဲ့ နာမည်၊ ဇဟာဒီ နာမည်တွေ သူရသွားတယ်. . . တဲ့။ ဘုန်းကြီးတို့သိတာ ဒါတင်ပဲ၊ ဒီ့ပြင် ဘာတွေရှိအုံးမယ် မသိဘူးပေါ့။

ဒီတော့-ဒီနေ့ ဒကာကြီးဦးသာခိုနှင့်တကွ ကျန်ရစ်တဲ့သူတွေက တို့လည်းပဲ အမေအဖေပေးတဲ့နာမည်ရဲ့နောက်က ဘုရားပေးတဲ့သာသနာနဲ့စပ်တဲ့ နာမည်

http://www.dhammadownload.com



များစွာရပြီးတော့ မဂ်ဖိုလ်နိဗ္ဗာန် အထောက်အပံ့ဖြစ်အောင်ပြုမယ်. . . လို့ ကိုယ်စီကိုယ်ငှ ကြိုးစားကြပြီးသကာလ၊ ဒကာမကြီးဒေါ်ခင်မေကို ရည်စူး၍ ယခုလို ထူးထူးမြတ်မြတ်ပြုတဲ့ ကုသိုလ်ကောင်းမှုတွေကိုပဲဖြစ်ဖြစ်၊ နေ့စဉ်နေ့စဉ်၊ လစဉ်လစဉ် မဂ်ဖိုလ်နိဗ္ဗာန်ရကြောင်း လောကုတ္တရာနဲ့စပ်တဲ့ တံဆိပ်ခပ်အပ်တဲ့ နာမည်တိုးကြောင်းဖြစ်တဲ့ ကုသိုလ်ကောင်းမှုတွေကိုပဲဖြစ်ဖြစ် ပြုစွမ်းနိုင်တဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေ ဖြစ်ကြပါစေကုန်သတည်း။

လူ့ဘဝလူ့ဌာနကို ရသည့်အလျောက်၊ အထုပ်ကြီးကြီးနဲ့ပြန်သွားရတဲ့၊ အမြတ်ကြီးကြီးနဲ့ပြန်သွားရတဲ့ အမျိုးသားအမျိုးသမီးတွေဖြစ်အောင် ကျင့်ဆောင်ကြိုးကုတ် အားထုတ်နိုင်ကြကုန်သည်ဖြစ်၍ ထိုကဲ့သို့ အမြတ်ကြီးကြီးနဲ့ ပြန်သွားရအောင် ကျင့်ဆောင်ကြိုးကုတ်အားထုတ်သွားကြတဲ့ ရှေးရှေးသောသူတော်ကောင်း သူမြတ်လောင်းကြီးတို့ ရအပ်ရောက်အပ် သိမြင်အပ်သော နိဗ္ဗာနဓာတ် တရားတော်မြတ်ကြီးကို လျင်မြန်ဆောစွာ ရကြရ ရောက်ကြရပါလိုကုန်သောဟူ၍ ပတ္ထနာအောင်ဆု ပြုလိုက်ကြကုန်ရာသတည်း. ။

သာဓု. . . သာဓု. . . သာဓုပါဘုရား. . . ။

http://www.dhammadownload.com

# အဌိစ အပြီးဆုံးတရားတော်

ယနေ့ မြန်မာကောဇာသက္ကရာဇ် ၁၃၅၂-ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၄)ရက်နေ့၊ ခရစ်နှစ် ၁၉၉၀-ပြည့်နှစ်၊ ဇူလိုင်လ(၁၀)ရက်နေ့မှာ၊ အမရပူရမြို့၊ မဟာဂန္ဓာရုံကျောင်းတိုက်ရှိ ပရိယတ် ပဋိပတ် သာသနာ့တာဝန် ထမ်းဆောင်နေကြသော ဘုရားသားတော် သံဃာတော်(၁၂၀၀)ကျော်တို့အား အရုဏ်ဆွမ်း, နေ့ဆွမ်း အသီးသီး ဆွမ်းဘောဇဉ်များဖြင့် လာရောက်ဆက်ကပ်လှူဒါန်းကြတဲ့ ကုသိုလ်ရှင်များက ရန်ကုန်မြို့နဲ့ မန္တလေးမြို့ နှစ်မြို့ နှစ်ဌာနက ကုသိုလ်ရှင်များ ဖြစ်ကြပါတယ်။

အခု နံနက်စောစော အရုဏ်ဆွမ်းအဖြစ်နဲ့ သံဃာတော်တစ်ထောင်ကျော်တို့ကို (၆)ကြိမ်မြောက် (၆)နှစ်မြောက်လာရောက်ပြီးတော့ လောင်းလှူ ဆက်ကပ်သမ္မာပြုကြတဲ့ ကုသိုလ်ရှင်များကတော့ ရန်ကုန်မြို့က တက္ကသိုလ်ရိပ်သာလမ်း အမှတ်(၈၀)Aမှာ နေထိုင်ကြတဲ့ ဆွမ်းအစ်မ ဒေါက်တာမာလာမော် မိသားစုတို့ ဖြစ်ကြပါတယ်၊ အဲဒီ ရန်ကုန်တက္ကသိုလ်ရိပ်သာလမ်းမှာနေထိုင်တဲ့ အသီးသီး ကွယ်လွန်သွားခဲ့ကြတဲ့ မိခင်ဖခင်ကျေးဇူးရှင်နှစ်ပါးနှင့်၊ အဒေါ်ဖြစ်သူ, အဘိုး အဘွားများနဲ့, တူဖြစ်သူတို့ကို ရည်စူးမှန်းထားပြီးတော့ သူတို့ရဲ့ ရောက်ရာဘဝ လူ,နတ်,နိဗ္ဗာန်သုံးတန် ရပါစေခြင်းအကျိုးငှါ, မိမိတို့အတွက်လည်းပဲ ကုသိုလ် ပါရမီရိက္ခာ တိုးပွားပါစေခြင်းအကျိုးငှါ အခု အမရပူရမြို့၊ မဟာဂန္ဓာရုံကျောင်းတိုက်သို့ လာရောက်ပြီးတော့ သံဃာတော်(၁၂၀၀)ကျော်တို့အား နံနက်အချိန် မွန်မြတ်သော အရုဏ်ဆွမ်းအဖြစ်နဲ့ ဆွမ်းဘောဇဉ်ခဲဘွယ်တို့အဖြစ်နဲ့လည်း သံဃိက ဒါနလောင်းလှူဆက်ကပ်သမ္မာပြုကြပါတယ်။

နောက်-နေ့ဆွမ်းအဖြစ်နဲ့ ဒီနေ့လာရောက်ပြီးတော့ ဆက်ကပ်လှူဒါန်းကြတဲ့ ကုသိုလ်ရှင်တွေကတော့ မန္တလေးမြို့က မြို့ဟောင်းဘူတာ အထူးတန်း ရုံပိုင်ကြီးဖြစ်တဲ့ အလှူ့ဒါယကာ, ရဟန်းဒါယကာ ဒကာ ဦးကြည်ဆင်၊ အလှူ့ ဒါယိကာမ ရဟန်းဒါယိကာမ ဒကာမ ဒေါ်ညွန့်ညွန့်ရီတို့မိသားစု ဖြစ်ပါတယ်။ သူပြုတဲ့ကုသိုလ် ကိုယ်သာစုခေါ်၊ ကိုယ်ပြုတဲ့ကောင်းမှု သူကဝမ်းသာ၊ ဒီအမှု ပြုကြရမှာဖြစ်တော့ ပထမဆုံး ဝါဆိုသင်္ကန်းကပ်ပါ့မယ်၊ ဒီတော့-ဒေါက်တာ တင်တင်မော်က ဝါဆိုသင်္ကန်းကို မြှောက်ကိုင်ထား၊ မြှောက်ထားပြီး လိုက်ဆိုရပါ ဒုံးမယ်၊ နှုတ်နဲ့ဆိုပြီးတော့ ကပ်ကြရအောင်၊ ကဲ-နှုတ်နဲ့ဆိုတော့ ဒီက ဓမ္မမိတ်ဆွေတွေက အကုန်လိုက်ဆိုပေါ့ ဟို-နောက်က ကျန်တဲ့ပရိသတ်တွေကလည်း လိုက်ဆိုကြပါ။

http://www.dhammadownload.com



ပထမဆုံး သက်န်းကပ်ခါနီး သိထားရမယ့်ကိစ္စက အခုကပ်မယ့်ဝါဆို သင်္ကန်းသည် ဘုရားအသုံးအဆောင်ပစ္စည်း၊ ဘုရားသုံးပစ္စည်း. . . လို့ ပထမဆုံး ဒီလိုစိတ်ထဲမှာ ရောက်လိုက်ပါ၊ ဒီသင်္ကန်းဟာ ဘုရားရှင်အဆူဆူ ဝတ်သွားတဲ့ သင်္ကန်းပါ၊ ရဟန္တာ အဆူဆူ, ရဟန္တာမ အဆူဆူ ဝတ်သွားတဲ့သင်္ကန်းပါ၊ ဝတ်သွားတာမှ လှအောင်ပအောင်, ကြွားရအောင် ဝါရအောင် ဝတ်တဲ့အဝတ် မဟုတ်ဘူး၊ အို,နာ,သေရေး ဒုက္ခဘေးကြီးက ကင်းဝေးလွတ်မြောက်ရာကို အရောက်ကျင့်ဖို့ ဝတ်ကြတာ၊ ဒီအဝတ်ကို ဝတ်ပြီးတော့ အိုဘေးလွတ်အောင်, နာဘေးလွတ်အောင်, သေဘေးလွတ်အောင် ကျင့်လည်းကျင့်သွားကြတယ်၊ ရောက်လည်း ရောက်သွားကြတယ်။

ကြွားရအောင် ဝတ်တာမဟုတ်ဘူး၊ မော်ရအောင် ဝတ်တဲ့အဝတ် မဟုတ်ဘူး၊ လှအောင်ဝတ်တဲ့အဝတ် မဟုတ်ဘူး၊ လှအောင်ပအောင်ကို မဝတ်ကောင်းလို့ ဆင်ခြင်ဝတ်ကြရတယ်၊ ဒါကြောင့် ဒီအဝတ်သည်. . . သူတော်ကောင်းကြီးတွေရဲ့အဝတ်၊ အို,နာ,သေလွတ်ချင်တဲ့ ပုဂ္ဂိုလ်တွေရဲ့အဝတ်၊ အဲဒီအဝတ်ကို ငါတို့က သံဃာတော် တစ်ထောင်ကျော်ကို ဝါဆိုသင်္ကန်းအဖြစ်နဲ့ ကပ်ပါတယ်။

အဲဒီလို ကပ်ရတဲ့အတွက် တပည့်တော်တို့ ခန္ဓာကိုယ်ပေါ် ဒီအဝတ် မြန်မြန်ပြန်ရောက်ပါစေ. . .။ မြန်မြန်ပြန်ရောက်ပြီးတော့ ရဟန္တာယောကျ်ား ရဟန္တာမကြီးအဖြစ်နဲ့ မြန်မြန်ကျွတ်တမ်းဝင်ပါရစေ. . . လို့ ဟောဒီလို စိတ်ညွှတ်ပြီးတော့ အားကိုးစိတ်နဲ့ ဘုရား သတိရ, တရား သတိရ, ရှေးသူတော်ကောင်းတွေ သတိရပြီးတော့ ဒီအဝတ်ရဲ့ဂုဏ်ရည်ကို အာရုံပြုပြီးတော့မှ လှူရပါတယ်. .။ အဲဒီလိုလှူရင် ပိုပြီးတော့အကျိုးကြီးပါတယ်၊ အာနိသင်ရှိပါတယ်၊ ကဲ-အဲဒါလေး ပါသွားအောင် လိုက်ဆို-

ဣမာနိ စီဝရာနိ ဝဿာဝါသိကံ သံဃဿ ဒေမ။

ဘုရားပစ္စေကာ, အရိယာအပေါင်း သူတော်ကောင်းကြီးများ နှစ်ထောင်းအားရ ဝတ်ရုံတော်မူကြသော, ဝတ်ရုံပြီး၍ ကာမ, ရူပ, အရူပတည်းဟူသော သုံးဝဋ်ဖွေ့ ကရွတ်ခွေကြီးမှ ထွက်မြောက်ကြောင်းဖြစ်သော, တစ်ချိန်သော ကာလဝယ် တပည့်တော်တို့၏ ခန္ဓာကိုယ်ပေါ်သို့ ပြန်ရောက်လာပြီးလျှင် တပည့်တော်တို့အား အို,နာ,သေရေး ဒုက္ခဘေးကြီးမှ ကင်းဝေးလွတ်မြောက်အောင် ကယ်ဆောင်မည်ဖြစ်သော ဤသင်္ကန်းတို့ကို ဂန္ဓာရုံကျောင်းတိုက် သံဃာတော် တစ်ထောင်ကျော်အား ဝါဆိုသင်္ကန်းအဖြစ်ဖြင့် နိဗ္ဗာန်ရည်မှန်း လှူဒါန်း ဆက်ကပ်ပါကုန်၏အရှင်ဘုရား. . . .။

http://www.dhammadownload.com



အဲဒါပြီးတော့ အခု ငွေပင်အသီးသီး ကိုယ့်လက်ထဲကိုယ် ကိုင်ထားပြီး တော့. . . သင်္ဘောလေး နည်းနည်းနားထောင်ပေ့ါ၊ အခု ဒကာဒကာမတွေ လှူ တဲ့အလှူဟာ အခိုက်အတန့် တစ်ရက်လောက် အလှူခံပုဂ္ဂိုလ်ကို ကျေးဇူးပြုမယ့် အလှူထုပ်မဟုတ်ဘူး ဒီအလှူထုပ်က။ တစ်လလောက်တင် ကျေးဇူးပြုမယ့် အလှူထုပ်လောက်လည်း မကဘူး၊ တစ်နှစ်လောက်တင်ကျေးဇူးပြုမယ့် အလှူထုပ် လောက်လည်း မကဘူး၊ သူက ရက်ပေါင်းများစွာ, လပေါင်းများစွာ, နှစ်ပေါင်းများ စွာ ကျေးဇူးပြုမယ့်အလှူလို့ ဟောဒီလို မြင်လိုက်ပါ။

အခုမြင်နေတာကတော့ ငွေကို မြင်တယ်၊ စိတ်ကတွေးရမှာကတော့ ဆွမ်းတွေ, သင်္ကန်းတွေ, ကျောင်းတွေ, ဆေးတွေလို့ ပစ္စည်းလေးပါး လှမ်းမြင် လိုက်ပါ။ ငွေပင်ကနေ ပစ္စည်းလေးပါးဖြစ်ပြီးတော့ သံဃာတော်တွေ အထောက် အပံ့ပေးသွားမှာ၊ အဲဒါ ရက်ပေါင်းများစွာ, လပေါင်းများစွာ, နှစ်ပေါင်းများစွာ လှူတဲ့ အလှူ. . .။ ဒါကို ချုပ်ပြီးတော့ ဒကာဦးကြည်ဆင်+ဒေါ်ညွှန့်ညွှန့်ရီတို့ ရဲ့ တစ်ထောင်ရော၊ ဒီက ဒကာမကြီးများရဲ့ (၁၂၃၀)ရော အားလုံးပေါင်းပြီး ငွေပင်စိုက်ရအောင်၊ ကဲလိုက်ဆို-

ဣမာနိ ကဟာပဏာနိ နဝကမ္မဿ ဒေမ။

ဤဂန္ဓာရုံကျောင်းတိုက် ယခုလက်ရှိ သံဃာတော်တစ်ထောင်ကျော်နှင့် တကွ နောက်ထပ်နောက်ထပ် ဤကျောင်းတိုက်ကြီးသို့ ရောက်လာကြမည့် အတိုင်းအတာမရှိသော ဘုရားသားတော် သံဃာတော်အပေါင်း၏ ဆွမ်း,သင်္ကန်း, ကျောင်း,ဆေး ပစ္စည်းလေးပါး ကြာရှည်စွာအထောက်အပံ့ ဖြစ်ပါစိမ့်သောငှါ ရန်ကုန်မြို့မှ လာရောက်ကြသော တပည့်တော်တို့က ငွေကျပ်(၁၂၃၀)ကို ငွေပဒေ သာပင် စိုက်ထူ၍ လှူဒါန်းပါကုန်၏။ မန္တလေးမြို့မှ လာရောက်ကြသော တပည့် တော်တို့က ငွေကျပ်(၁၀၀၀)ကို (၃)ကြိမ်မြောက် (၃)နှစ်မြောက် ငွေပဒေသာပင် စိုက်ထူ၍ လှူဒါန်းပါကုန်၏ အရှင်ဘုရား. . .။

ကဲ-အဲဒီလိုအားဖြင့် ဒီကုသိုလ်ရှင်ပါထည့်လိုက်တော့ ရန်ကုန်ရယ်, မန္တလေးရယ်, မင်းကွန်းရယ်ပေ့ါ၊ ကုသိုလ်ရှင် သုံးခု၊ ဌာနသုံးဌာနက ကုသိုလ်ရှင် တွေ အသီးသီး ဒီနေ့ လာရောက်ပြီးတော့ အသီးသီး မိမိတို့ရည်မှန်းထားတဲ့အတိုင်း ရန်ကုန်မြို့က အရုဏ်ဆွမ်းကပ်ခြင်း, ဝါဆိုသင်္ကန်းကပ်ခြင်း, ငွေပင်စိုက်ခြင်း။ ဒီကောင်းမှုကြီး(၃)မျိုး ပြုလုပ်ကြတယ်။ မန္တလေးမြို့က လာကြတဲ့ ရှုံပိုင်ကြီး ဦးကြည်ဆင်+ဒေါ်ညွှန့်ညွှန့်ရီတို့ မိသားစုကလည်း ညီတွေ, မောင်တွေ, သားကြီး တွေကို ရဟန်းပြုခြင်း၊ သားငယ်ကို ရှင်ပြုခြင်းဆိုတဲ့ ရဟန်းခံရှင်ပြုမင်္ဂလာ ကြီး အကြောင်းပြုပြီးတော့ နေ့ဆွမ်းအဖြစ်နဲ့ ဆက်ကပ်ခြင်း၊ ခဲဘွယ်ဘောဇဉ်များ

http://www.dhammadownload.com



ကပ်ခြင်း, ငွေကျပ်(၁၀၀၀) ငွေပင်စိုက်ထူ လှူဒါန်းခြင်း. . . လို့ ဒီကောင်းမှုတွေ ပြုကြတယ်။ အခု မင်းကွန်းက ဒကာမကြီး ရဟန်းမယ်တော်ကြီးကလည်း ငွေကျပ် (၃၅၀၀)ကို အသီးသီးရည်မှန်းထားသည့်အတိုင်း ဆက်ကပ်လှူဒါန်းသမှုကို ပြုကြတယ်. . ။ ပြီးတော့မှ မိမိတို့ ဖိတ်မန္တကပြုထားတဲ့ ပရိသတ်အပေါင်း သူတော်ကောင်းတွေ သဒ္ဓါဖြူဖွေး ကျွေးမွေးဧည့်ခံသမှုပြုကြတယ်. . . လို့ဆိုတော့-

ဒီလို့ ကုသိုလ်ကောင်းမှုတွေ ပြုနေတဲ့အချိန်ကို ဘုရားရှင်ကိုယ်တော်မြတ်ကြီးက " အငိုနဲ့စခဲ့ရတဲ့ဘဝကို အပြုံးနဲ့ လမ်းဆုံးနိုင်အောင် ကျင့်ဆောင်ကြိုးကုတ် အားထုတ်ခြင်းပါပဲ. . . "တဲ့။ ဒီအချိန်မျိုး-အငိုနဲ့ စခဲ့ရတဲ့ဘဝ, အဲဒီဘဝကို အပြုံးနဲ့လမ်းဆုံးနိုင်အောင် ကျင့်ဆောင်ကြိုးကုတ် အားထုတ်တတ်ရတယ်လို့ ဒါ-သူတော်ကောင်းတွေရဲ့ ညွှန်ကြားချက် ဥပဒေသတစ်ခုပါပဲ၊ အငိုနဲ့ စခဲ့ရတယ် ဘဝက ဘယ်သူမဆိုပဲ၊ *အူဝဲငိုတ, အငိုနဲ့ စ, ဘဝလှူဌာနေ. . .* တဲ့။ အမိဝမ်းထဲက ကျွတ်လွတ်မွေးဖွားလာကတည်းကိုက အူဝဲ. . . အူဝဲနဲ့ ငိုပြီး စ,ခဲ့ရတယ် ဒီဘဝ။

အဲဒီလို အငိုနဲ့စခဲ့ရပြီးတော့ များစွာသောသတ္တဝါတွေ ဘာနဲ့ ဆုံးခဲ့ကြပြန်တုန်းဆိုတော့-*အမလေးဆို, ဆုံးအငို, ထိုထိုများကြပေ. . . .* တဲ့။ ထိုထိုသတ္တဝါတွေ အများစုက နောက်ဆုံးကျတော့လည်း အငိုနဲ့ပဲ ဆုံးကြတယ်၊ ကွယ်လွန်အနိစ္စရောက်ခါနီးကျတော့ ကောင်းမှုတွေကလည်း ကိုယ်က ဘာ. . . မှ ဟုတ်တိပတ်တိ အားကိုးလောက်အောင် မရှိ၊ လက်ထဲ ပြုမထားမိ၊ မေ့မေ့လျော့လျော့, ပေါ့ပေါ့ဆဆနဲ့ စားလား သောက်လား, ပျော်လားပါးလား, ငါးဖြာအာရုံ ကာမဂုဏ်နယ်ထဲလည်. . . ပြီးတော့နေပြီး ကွယ်လွန်အနိစ္စရောက်ခါနီး မျက်ရည်လေး ကလယ်ကလယ်နဲ့ ဝမ်းနည်းပက်လက်ဖြစ်. . . လို့၊ "ငါ့မှာ ဘာမှလည်း အားကိုးစရာကောင်းကောင်းမရှိပါလား. . . ဘာကုသိုလ်မှလည်း မပြုမိပါလားနဲ့ဆိုပြီးတော့ ဒီနိမိတ်တွေက ထင်လာ၊ ကမ္မနိမိတ်, ဂတိနိမိတ်ခေါ်တဲ့ နိမိတ်တွေက ထင်လာတာ။

ကိုယ်ပြုထားတဲ့ အကုသိုလ်တွေအားလျော်စွာ ခွေးနက်ကြီး မြင်လို့မြင်, မီးတောက်ကြီးတွေ မြင်လို့မြင်, တေးတွေလှံတွေနဲ့ ကိုယ့်သတ်မယ့်ဖြတ်မယ့်လူတွေ လာသလိုလို ထင်လို့ထင်, အဲဒီတင် လန့်ထိတ်ပြီးတော့ ဟိုလူ့လည်ပင်း လှမ်းဆွဲ၊ ဟိုလူ့လက် လှမ်းဆုပ်, လှမ်းကိုင်၊ ပါးစပ်ကလည်း မပြောနိုင်ဘူး၊ မျက်လုံးက ဖွင့်သာထားတာ၊ ပတ်ဝန်းကျင်ကလူတွေ ကောင်းကောင်းမမြင်ဘူး၊ သူ့အာရုံတွေ သူမြင်နေတယ်၊ ဘေးကလူတွေကတော့ မသိဘူး၊ သူကတော့ သူ့အာရုံနဲ့သူ မြင်နေတော့ လန့်ထိတ်ကြောက်ရွံ့၊ အိပ်မက်မက်တဲ့ လူလိုပဲ။

http://www.dhammadownload.com



အိပ်မက်မက်နေတဲ့လူ ဘေးကလူကတော့ ဘာမှမသိဘူး။ အိပ်နေရှာသလိုပဲထင်တာ၊ သူကတော့ သူ့အိပ်မက်ထဲ အိပ်မက်ဆိုးများ မက်နေရတော့ အာ-ဆင်လိုက်လို့, ကျားလိုက်လို့, ဝက်ပက်လို့, ဆင်နင်းလို့, ဘီးလူးလိုက်လို့, သားရဲလိုက်လို့နဲ့ဆိုပြီးတော့ ဇာစ်ခါတည်း ပြေးလိုက်ရတာ မောဲ. . . လို့ တစ်ယောက်တည်း။ အဲဒီလို ကွယ်လွန်အနိစ္စရောက်ခါနီးကျတော့ ဝမ်းနည်းပက်လက်ဖြစ်. . . လို့ မျက်ရည်ကျပြီးတော့ မျက်ရည်စလေးနဲ့ လမ်းဆုံးကြရတယ်။ ဒါ့ကြောင့် အများစုသတ္တဝါတွေက အငိုနဲ့ စခဲ့ရတဲ့ဘဝကို အငိုနဲ့ လမ်းဆုံးကြရတာ များကြတယ်. . . တဲ့။ များကြတာက အဲဒါ များတာ။ ဒီတော့ မြတ်စွာဘုရားက ဘာဖြစ်စေချင်တာတုန်းဆိုတော့-

❖ အငိုနဲ့ စ, ပြုံးအလှ, ဆုံးမှ တော်ကြချေ. . . တဲ့။

အစကတော့ အငိုနဲ့ စချင်စခဲ့ရပါစေတော့. . တဲ့ သို့သော်- အပြုံးနဲ့ လမ်းဆုံးနိုင်အောင် ကြိုးစားစေချင်တာ။ အပြုံးနဲ့ လမ်းဆုံးနိုင်အောင်ဆိုတော့ ကုသိုလ်ကောင်းမှုတွေ ဒါနကောင်းမှုတွေ ပြုထား၊ သီလကောင်းမှုတွေ အထပ်ထပ် ထိန်းထား၊ ဘာဝနာကောင်းမှုတွေ ပွားထား၊ ဒီကုသိုလ်အားတွေ များနေတဲ့ ပုဂ္ဂိုလ်ကျတော့ ပြုံး. . . လို့ သူက၊ ဘဝနိဂုံး ဆုံးတော့မယ်ဆိုတော့ ပြုံးလို့ သူ့ဘာသူ။ ဘယ်အချိန် တွေးလိုက် တွေးလိုက်, တွေးလိုက်တိုင်းလည်း သူ့မှာအားရှိတယ်၊ ငါ့ကောင်းမှုတွေရှိတယ်. . . ငါ့ကုသိုလ်တွေ ရှိတယ်. . . ငါ့ ဒါန သီလ ဘာဝနာ ကောင်းမှုအားကိုးအားထားတွေ ရှိတယ်. . . နဲ့။

လောကစီးပွားဥစ္စာတွေ ရှာထားလို့, စီးပွားဥစ္စာတွေ တောင့်တင်းပြည့်စုံနေတဲ့သူက ဘာမှ မသုံးရ, မစွဲရချင်နေပါစေ, သူ့ ရှိနေတာနဲ့ပဲ ပီတိဖြစ်. . . လို့၊ ငါ့ရှိတယ်, ငါ့ရှိတယ်, စားစရာတွေ အပြည့်ရှိတယ်၊ ဝတ်စရာဆင်စရာတွေ အပြည့်ရှိတယ်၊ နေစရာထိုင်စရာ မိုးလုံလေလုံ တိုက်တာအဆောက်အအုံရှိတယ်, ရှိတယ်. . . ရှိတယ်. . . နဲ့၊ အဲဒီရှိတာနဲ့ပဲ သူက ပီတိဖြစ်. . . လို့၊ ပြုံး. . . လို့။

အဲဒီလိုပဲ လောကုတ္တရာစီးပွားခေါ်တဲ့ ဒါန သီလ ဘာဝနာကောင်းမှုတွေကို အထပ်ထပ် စုဆောင်းသိမ်းဆည်းထားတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးက ပြုံးနေတာပဲ၊ ဘယ်အချိန်တွေးတွေး သူက ပြုံး. . . လို့၊ နောက်ဆုံး သေခါနီး ကွယ်လွန်အနိစ္စရောက်ခါနီးကျတော့ ပြုံး. . . လို့ သူက။ သူ မျက်စိမှိတ်ပြီးနေတော့ သတိမရဘူးလို့ ဘေးကထင်နေပေမဲ့လို့၊ သူ့အာရုံနဲ့သူ အကောင်းတွေ ထင်လာတာ မြင်ရတာကိုက တင့်တယ်တဲ့ အဆင်းရုပ်ရည် ရူပကာယတွေ မြင်ရ, ကောင်းတဲ့အသံတွေ ကြားရ, ကောင်းတဲ့အနံ့တွေ မွှေးလာတယ် စသည်ဖြင့် အခုအကောင်းမြင်, အကောင်းကြား, အကောင်းနံ့ရ, အကောင်းတွေ

http://www.dhammadownload.com



စားရတယ်လို့ မြင်တာ, သူ့ကို ချီမယ့် ပိုးမယ့် ပ...ယ့် ကယ်မယ့်သူတွေနဲ့ တွေ့၊ ဒီလို ထင်လာတာ။ ကိုယ်က အဲလိုထင်လာတော့ ပြုံး. . . လို့၊ ပြုံးလို့ သူက။

အဲဒီအပြုံးဟာ ဘယ်ထိအောင် ပြုံးရမှာတုံးဆိုတော့ သောတာပန် ဖြစ်ပြီးတော့ ပြုံး၊ အပါယ်တံခါး ပိတ်ပြီလေ၊ သောတာ...န်ကျတော့ အပါယ်လေးပါး ဘယ်တော့မှ မကျတော့ဘူး။ ငရဲ၊ တိရစ္ဆာန်, ပြိတ္တ..., အသူရကာယ် ချောက်ကြီးလေးချောက်, သံသရာချောက်ကြီးလေးချောက်ထဲ ...ယ်တော့မှထိုးမကျတော့ဘူး။ သောတာပန်, သကဒါဂါမ်ဖြစ်ပြီးတော့ ပြုံး, အန...ါမ်ဖြစ်ပြီးတော့ ပြုံး, ရဟန္တာဖြစ်ပြီးတော့ ပြုံး။ ဟော- ရဟန္တာဖြစ်ပြီးတော့ပြုံး...ာ့ အကောင်းဆုံး အပြုံးပဲ။

မိထွေးတော် ဂေါတမီ ထေရီမကြီး ပရိနိဗ္ဗာန်စံခါနီးကျတော့ ဘေးက ပုထုဇဉ်ဘိက္ခုနီမလေးတွေက ငိုကြတယ်၊ ဟိုက ရဟန္တာမအရှင်မြတ်ကြီးက သူ ပရိနိဗ္ဗာန်စံမယ့်အကြောင်းကို ပြောတယ်လေ၊ သူတို့က ရဟန္တာတွေဆိုတာ သိတယ် အာယုသင်္ခါရကို ဘယ်အချိန် ဘယ်နေ့ ...ရိနိဗ္ဗာန်စံမယ်. . .။ ဒါ-သူတို့မှာ ကိစ္စလုပ်ငန်းကြီးတစ်ခုလုပ်သလို၊ အဲဒီတော့ ငိုကြတယ် ဘေးက၊ ပုထုဇဉ် ရဟန်းမလေးတွေက ငိုကြတယ်၊ ဒီတော့ ထေရီမကြီးက ဘယ့်နဲ့ပြောတုန်း။

**ရောဒိတုံ သောစိတုံ နေသကာလော သံဝေဂါဟကော. . .။**

ချစ်သမီးတို့. . . ဒီအချိန်ဟာ ငိုရမယ့် အချိန်မဟုတ်ဘူး. . .။ ဒါ ငိုဖို့ အချိန်မဟုတ်ဘူး။ ဝမ်းနည်းပက်လက်ဖြစ်ဖို့ အချိန်မဟုတ်ဘူး. . .။ ဝမ်းနည်းပက်လက် ဖြစ်ရမယ့်သဘောမဟုတ်ဘူး၊ ဝမ်းသာ...ယ့်သဘော၊ ဘာပြုလို့တုန်းဆိုတော့ လေးလံလှတဲ့ ဒီခန္ဓာကိုယ်ကြီး ထမ်းပိုး. . .ပြီးတော့ နေလာခဲ့လိုက်ရတာ ဘဝသံသရာအဆက်ဆက် ထမ်းရွက်ခဲ့ရတာ အ...တန် လေးတဲ့ခန္ဓာကိုယ်ကြီး ထမ်းပိုးသယ်ဆောင်ပြီးတော့ လာခဲ့ရတာ၊ နော...ဆုံးအကြိမ်ပဲ. . . တဲ့၊ ခန္ဓာ ဝန်ထုပ်ကြီးကို ငါ-ပစ်ချပြီးသကာလ လွတ်တော့မ...၊ ကျွတ်တော့မယ်. . .။

လူတစ်ယောက် အနိုဂ်စက်ညှင်းပန်းခံရ...တော့ မင်း ဒီဝန်ထုပ်ကြီးကို ထမ်းရမယ်၊ ဒီဝန်ထုပ်ကြီး မင်း ချမပစ်ရဘူး၊ ဒီ...န်ထုပ်ကြီးထမ်းထားတဲ့အပြင် ဒီဝန်ထုပ်ကြီးက ထွက်လာတဲ့ အရည်အရွဲ အညစ်အကြေးမှန်သမျှလည်း ရေနဲ့ နေ့တိုင်းဆေးကြောပေးရမယ်။ ပြီးတော့ ဒီဝန်ထုပ်...က စားချင်တယ်ဆိုရင်လည်း ကျွေးရမယ်၊ ဒီဝန်ထုပ်ကြီးက ရေချိုးချင်တယ်ဆို...လည်း ချိုးပေးရမယ်စသည်ဖြင့် လူတစ်ယောက်ဒဏ်ပေးတဲ့အနေနဲ့ ရက်ပိုင်း...းမရှိ၊ လပိုင်းခြားမရှိ၊ နှစ်ပိုင်းခြားမရှိ ဝန်...ုပ်ကြီးတစ်ခုကို ထမ်းထားခိုင်းတာ၊ ...န်ထမ်းထားခိုင်းတယ်ဆိုရင် ဘယ်လောက် စိတ်ညစ်တုန်း။

http://www.dhammadownload.com



ပုထုဇဉ်တွေ ထမ်းထားတဲ့ ခန္ဓာဝန်ထုပ်ကြီးက အဲဒီသဘော တဏှာ ဥပါဒါန် ကံ,ကိလေသာ မင်းကြီးတွေက အပ်ထားတော့ ဒီခန္ဓာဝန်ထုပ်ကြီး ထမ်း . . . ပြီး တစ်လမ်းလုံး လာခဲ့ရတာ၊ သံသရာစခန်း တစ်လမ်းလုံးလာခဲ့ရတယ်၊ ရက်ပိုင်းခြားမရှိ လပိုင်းခြားမရှိ နှစ်ပိုင်းခြားမရှိ ဒီခန္ဓာဝန်ထုပ်ကြီး ဘယ်လောက် လေးတုန်းဆိုတော့ တဏှာဥပါဒါန်နဲ့ သုံးသပ်တွယ်တာနေရင်တော့ ချစ်ခင်နေ ရင်တော့ လေးတယ်လို့ မထင်ဘူးပေါ့။ နိစ္စိန္ဒဉာဏ်, သံဝေဂဉာဏ်-ငြီးငွေ့တဲ့ ဉာဏ်, ထိတ်လန့်တဲ့ဉာဏ် ဝန်ထုပ် ဝန်ထုပ်မှန်း သိလိုက်သည်နဲ့ တပြိုင်နက် လေးလိုက်တဲ့ဝန်ထုပ်ကြီး ဒွါရကိုးပေါက်လို့ခေါ်တဲ့၊ အပေါက်ကိုးပေါက်က ထွက်လာသမျှတွေ ဆေးကြောသုတ်သင်။ နေ့စဉ်. . . ပြုပြင်ပြီးတော့ ပေးနေရ တာ။ အစာရေစာတွေ ဒီထဲမှာ တိုက်ကျွေး. . ပြီးသကာလ နားပေါက်က မျက်စိ ပေါက်က ထည့်ပေးနေရတယ် အစာရေ စာတွေ။ ပါးစပ်ပေါက်က ထည့်တာက တော့ အစာတွေရေတွေ သောက်ဖွယ်တွေ၊ စားဖွယ်တွေပေါ့။

မျက်စိပေါက်ကလည်း ထည့်ပေးနေရတာ ကြည့်ချင်စရာလေးတွေ ကြည့် ချင်ပါတယ်ဆိုတော့ သူ့မျက်စိပေါက် ထည့်ပေးရတယ်၊ မျက်စိပေါက်က ဆာလို့ ထည့်ရတာ၊ ရုပ်ရုံချောချောလှလှလေးတွေ ပြပေးရ၊ ပွဲလမ်းသဘင်လေးတွေ ပြပေးရ၊ ရုပ်ရှင်လေးတွေ ပြပေးရ၊ နားပေါက်ကလည်း ထည့်ပေးရတာ သူက ဆာတယ်၊ နားပေါက်ကလည်း ဆာတယ်ဆိုတော့ ကျွေးရတယ်၊ သီချင်းသံလေးမှ နားထောင်ချင်တယ်ဆိုလို့ သီချင်းလေး ဖွင့်ပေးရ၊ တီးသံမှုတ်သံလေး ကြားအောင် လုပ်ပေးရ၊ သား,သမီးသံလေး ကြားချင်တယ်ဆိုလို့ သား,သမီးရှိတဲ့နေရာ၊ သားသမီးသံလေးကြားအောင် ပို့ပေးရနဲ့၊ နားပေါက်ကလည်း ထည့်နေရ။

နှာခေါင်းပေါက်ကလည်း ကျွေးရတယ်၊ အနံ့ကောင်းကောင်းလေး, ရေမွှေးလေး, ပေါင်ဒါလေး, ပါးစပ်ပေါက်ကတော့ အထူးပြောစရာမရှိဘူး၊ ခုနက ဒါ လူတိုင်းသိတယ် ဒါက၊ ကိုယ်ပေါက်က ထည့်ပေးနေရတာပဲ သူကလည်း ကောင်းကောင်းလေး ထိချင်တယ်၊ တွေ့ချင်တယ်ကိုး သူက၊ အဝတ်ကောင်း ကောင်းလေးနဲ့ ထိချင်တယ်၊ ထိုင်လည်း ထိုင်ခုံကောင်းကောင်းလေး၊ အိပ်ရာခင်း ကောင်းကောင်းလေးနဲ့, ခုတင်ကောင်းကောင်းနဲ့, ဆိုဖာလေးနဲ့, စပရိန်ခုတင် လေးနဲ့ စသည်ဖြင့် အထိအတွေ့လည်း အသက်ရှိအသက်မဲ့ အထိတွေ့တွေနဲ့ ထိချင်တယ်၊ တွေ့ချင်တယ်ဆိုလို့ ဖြည့်ပေးနေရ မနောပေါက်ကလည်း ကြံစည် စိတ်ကူးစရာလေးတွေနဲ့ ဖြည့်ပေးနေရတာ၊ ဒွါရကိုးပေါက်ကထွက်လာတဲ့ အညစ် အကြေးတွေကို ဆေးကြောသုတ်သင်ရတဲ့အပြင် အပေါက်ခြောက် ပေါက်က ဆာသမျှကိုလည်း ကျွေးပြီးတော့နေရတဲ့ ဝန်ထုပ်ကြီး၊ တစ်သံသရာလုံး ထမ်းလာ

http://www.dhammadownload.com



ခဲ့ရတယ် ချစ်သမီးတို့. . . တဲ့၊ အဲဒါ အမေ ဒီနေ့ နောက်ဆုံး စွန့်တော့မှာ၊ အဲဒီ ဝန်ထုပ်ကြီးကို ပစ်ချတော့မှာ၊ ပစ်ချတယ်ဆိုတာ ချမ်းသာပဲ၊ ဒါကြောင့်. . . ဘာရနိက္ခေပနံ သုခံ။ မြတ်စွာဘုရားက ဘာရနိက္ခေပနံ-ခန္ဓာငါးဖြာ, လေးလံလှပါတဲ့, ဝန်ထုပ်ကြီးကို, ပစ်ချနိုင်ခြင်းသည်၊ သုခံ-ချမ်းသာကြောင်းကြီး အစစ်သာလျှင်တည်း. . .။ ဘာရသုတ္တန်ကျတော့ မြတ်စွာဘုရားက-ခန္ဓာနာမ်ရုပ် ဝန်ထုပ်ကြီး၊ ဒီခန္ဓာနာမ်ရုပ်ဝန်ထုပ်ကြီးက အင်မတန်လေးတဲ့ ဝန်ထုပ်ကြီး၊ အဲဒီ ဝန်ထုပ်ကြီးကို ပစ်ချနိုင်တာဟာ အချမ်းသာဆုံးပေါ့၊ အဲဒါပဲ မိထွေးတော် ဂေါတမီက ပြောနေတာ သူ့ရဲ့တပည့်မလေးတွေကို၊ ရောဒိတုံ သောစိတုံ နေသ ကာလော သံဝေဂ ဂါဟကော-ချစ်သမီးတို့. . . ဒီအချိန်က ငိုရမယ့်အချိန် မဟုတ်ဘူး၊ ဝမ်းသာရမယ့်အချိန် ဒီအချိန်က တစ်သံသရာလုံးက သယ်ပိုးထမ်းရွက် ပြီးတော့ ကျွေးမွေးသုတ်သင် ပြုပြင်ပြီးတော့ လာခဲ့ရ၏၊ လေးလံလှတဲ့ ဒီခန္ဓာ ကိုယ်ကြီး ပစ်ချနိုင်တာဟာ ဒုက္ခတွေ ငြိမ်းအေးသွားလို့ ဝမ်းသာစရာပဲ ချစ်သမီး တို့. . . ဝမ်းသာရမှာ၊ ခန္ဓာဝန်ထုပ်ပစ်ချတဲ့ ဒီနောက်ဆုံးအချိန်က ပြုံးရမှာ။

နောက်ဆုံးမှာ ပြုံးတာ အကောင်းဆုံးအပြုံးပဲ အဲဒီအချိန်ဟာ၊ ဒါ့ကြောင့် မြတ်စွာဘုရားက အေး. . . အငိုနဲ့ စခဲ့ရတဲ့ဘဝကို အပြုံးနဲ့လမ်းဆုံးနိုင်အောင် ကျင့်ဆောင်ကြိုးကုတ် အားထုတ်နိုင်ရတယ်. . .။ တို့ များစွာသောသတ္တဝါတွေက အငိုနဲ့စတယ်၊ ကြားထဲမှာတော့ နည်းနည်းလေးပြုံးကြတယ်၊ ဒါလည်းပဲ များသော အားဖြင့် ကိလေသာနဲ့ ပြုံး၊ လမ်းဆုံးတော့ တစ်ခါငို၊ အငိုနဲ့စ အငိုနဲ့ဆုံး၊ ကြားထဲ မှာလည်း နည်းနည်းလေး ပြုံးကြရတယ်။

အဲဒီတော့ ပထမပိုင်း နည်းနည်း ကြားထဲပြုံးပြီးတော့ အငိုနဲ့လမ်းဆုံးရ တာ အရှုံးဆုံးပဲ၊ ကြားထဲမှာပြုံးတယ်ဆိုတာလည်း လောဘနဲ့ပြုံးတဲ့ အပြုံး၊ ကိလေသာနဲ့ပြုံးတဲ့ အပြုံး၊ အကောင်းပြုံး မဟုတ်ဘူး၊ များစွာသောသတ္တဝါတွေ ရဲ့သဘောသွားကို ဇာတ်သဘင်တွေက ပြတယ်လေ၊ လောကမှာ လောကဇာတ်ရုံ ဉ်လှူဘုံဆိုတဲ့အတိုင်း ဒီလောက (၃၁)ဘုံကြီးက ဇာတ်ရုံနဲ့ တူပြီးတော့ ဒီလောက ထဲရှိနေတဲ့ သတ္တဝါတွေ, လူတွေက ဇာတ်ကသမားတွေနဲ့ တူကြတယ်. . ၊ ဒီတော့ ဇာတ်သဘင်တို့သဘော ဘယ့်နဲ့ရှိတုန်း-

အာဒိ ကာယန္တိ နစ္စန္တိ, ရင်္ဂေ မောဒါ နဋော နဋာ၊
ရောဒန္တိ အန္တိမေ ဒုက္ခာ, တထာ လောကေ ဇနာ နဋာ။

ရင်္ဂေ-ပရိသတ်တွေစုံလင်, ဇာတ်ပွဲသဘင်၌၊ နဋော နဋာ-အဝတ် စားလှလှနဲ့, ပွဲကျအောင် ကပြမည်ဟု, ထွက်လာကြငြား, ဇာတ်မင်းသား, ဇာတ် မင်းသမီးများတို့သည်၊ အာဒိ-ပွဲဦးထွက်စ, ပထမပိုင်းကာလ၌၊ မောဒါ-နှစ်သက်

http://www.dhammadownload.com



ရွှင်လန်း, ဝမ်းပန်းတသာ, ကြည်သာရွှင်ပြ, မျက်နှာပေးတွေရှိကြကုန်သည်ဖြစ်၍၊ ကာယန္တိ-စည်းဒုံးမှန်ချိုးအေး, တီးလုံးသံ ဆိုတေးဖြင့်, ယဉ်ကျေးကြည်ချို, သီဆိုကြလေကုန်၏၊ နစ္စန္တိ-အမျိုးမျိုးအဖုံဖုံ, ကြိုးမျိုးစုံ, ဟန်အပြတွေနဲ့, ကပြကြလေကုန်၏. . .။

လောကဇာတ်ပွဲသဘင်များကတော့ ရှေ့ပိုင်းထွက်လာစတော့ အမလေး ဝတ်စားဆင်ပြင်ထားလိုက်တာက တောက်တောက်ပပ, ဝင်းဝင်းလက်လက်, အရောင်တဖိတ်ဖိတ်ထွက်. . . လို့၊ မျက်နှာတွေ ကြည့်လိုက်တော့လည်း ပြုံးလို့, ရွှင်လို့, မျက်နှာပေးတွေက၊ မင်းသားမင်းသမီး ဇာတ်သူဇာတ်သားတွေ-

ရင်ဂေ်-ပရိသတ်တွေစုံလင်, ဇာတ်ပွဲသဘင်၌၊ နဋ္ဌော နဋ္ဌာ-အဝတ်စားလှလှနဲ့, ပွဲကျအောင် ကပြမည်ဟု, ထွက်လာကြပြား, ဇာတ်မင်းသား, ဇာတ်မင်းသမီးများတို့သည်၊ အာဒိ-ပွဲဦးထွက်စ, ပထမပိုင်းကာလ၌၊ မောဒါ-နှစ်သက်ရွှင်လန်း, ဝမ်းပန်းတသာ, ကြည်သာရွှင်ပြ, မျက်နှာပေးတွေရှိကြကုန်သည်ဖြစ်၍.

ပြုံး. . . လို့ လှမ်းကြည့်လိုက်မှဖြင့်, ပရိသတ်သူက ကြည့်လည်းပြုံးလို့၊ ပရိသတ်ကလည်း သဘောကျ. . . လို့ ဩဘာပေးလို့၊ မောဒါ-နှစ်သက်ရွှင်လန်း, ဝမ်းပန်းတသာ, ကြည်သာရွှင်ပြ, မျက်နှာပေးတွေရှိကြကုန်သည်ဖြစ်၍၊ ကာယန္တိ-စည်းဒုံးမှန်, ချိုးအေး, တီလုံးသံဆိုတေးဖြင့်, ယဉ်ကျေးကြည်ချို, သီဆို ကြလေကုန်၏. . .၊ မြူးမြူးကြွကြွ အောက်က ဂီတတီးပေးတဲ့ သူကလည်းမြူးမြူးကြွကြွ၊ အထက်ကဆိုတဲ့သူကလည်း မြူးမြူးကြွကြွနဲ့၊ ဆိုလို့ သီလို့ ကလို့ ခုန်လို့။

ကာယန္တိ-စည်းဒုံးမှန်ချိုးအေး, တီးလုံးသံ ဆိုတေးဖြင့်, ယဉ်ကျေးကြည်ချို, သီဆို ကြလေကုန်၏၊ နစ္စန္တိ-အမျိုးမျိုးအဖုံဖုံ, ကြိုးမျိုးစုံ, ဟန်အပြတွေနဲ့, ကပြကြလေကုန်၏. . .။ ကကြိုးစုံ. . . လို့ ကလိုက်ကြတာ, လက်ခုပ် တဖျောင်းဖျောင်း, ဩဘာတွေ တသောင်းသောင်းနဲ့, ရယ်လိုက်ကြ မောလိုက်ကြ, တသောသောနဲ့ ညံ. . . လို့ ပွဲဦးပိုင်း။ အဲဒီဇာတ်ပွဲ နောက်ပိုင်း ဘယ်နဲ့ဖြစ်လာတုန်း- အန္တိမေ-လင်းအားကြီးရောက်ရာ, နောက်အခါ၌၊ ဒုက္ခာ-ပူခန်းဆွေးခန်း, ဘေးတွေခန်းနဲ့, အလွမ်းခန်းအသွယ်သွယ်, အပူသည်တွေ ဖြစ်ကြကုန်လျက်. . .၊ နောက်ပိုင်းဇာတ်သိမ်းခါနီးပြီ၊ လင်းအားကြီးရောက်လာတော့ ဘာဖြစ်လာတုန်း၊ မင်းသားကလည်း အဝတ်တွေက နွမ်းနွမ်းညစ်ညစ် ဖြစ်လာ၊ မင်းသမီးကလည်းပဲ ဆံပင်လေးက ဖိုးယို့ဖားယား, ဖိုးလို့ဖားလား၊ ခန္ဓာကိုယ်ကလည်း ညှိုးညှိုးနွမ်းနွမ်း၊ မျက်နှာတွေညှိုးငယ်. . . လို့၊ ဒုက္ခသည် တွေဖြစ်လာကြ၊ အပူတွေ တွေလာကုန်ပြီ၊ အပူခန်းတွေ ရောက်လာကုန်ပြီ၊ အန္တိမေ-ဇာတ်သိမ်းခါနီး, လင်းအားကြီး

http://www.dhammadownload.com



ရောက်ရာ, နောက်အခါ၌၊ ဒုက္ခာ-ပူခန်းဆွေးခန်း, ဘေးတွေ့ခန်းနဲ့, လွမ်းခန်း အသွယ်သွယ်, အပူသည်တွေ ဖြစ်ကြကုန်လျက်၊ ရောဒန္တိ-အဆူဆူ မယ်မင်းတ, လို့မို့, ငိုချင်းချကြလေကုန်၏. . .။ နောက်ပိုင်းကျတော့ တကတည်း ငိုချင်းချပြီး တော့ အမလေး. . . အလိုလေး. . . ငိုချင်းချ, မျောက်မင်းအူသံတွေတီး၊ အောက် ကဆိုင်းကလည်း၊ ဆိုင်းကလည်း နိမိတ်မရှိ နမာမရှိတွေ ရောက်ကုန်ပြီ၊ အဲဒါ ဇာတ်ရဲ့သဘော။

အဲဒီအတိုင်းပဲ. . . တဲ့၊ ဧဝံ တထာ-ဇာတ်သမားနဲ့, မခြားတမူ, အလားတူသာလျှင်၊ ဝဋ္ဋေ-မရပ်မတည်, ပတ်ပတ်လည်၍, ထိုဤပျောင်းပြန်, ဘလောင်းဆန်အောင်, ကောင်းရန်လွတ်ကင်း, သံသရာတည်းဟူသော ဒီဇာတ်ရုံ ကြီးအတွင်း၌. . .၊ တို့ ဒကာဒကာမတွေ နေထိုင်တဲ့ (၃၁)ဘုံက ဇာတ်ရုံကြီးနဲ့ တူတယ်. . . တဲ့၊ ဇာတ်ရုံကြီး။ အခု အားလုံးသော လူအပေါင်း, နတ်အပေါင်း, သတ္တဝါအပေါင်းတွေက ဇာတ်သမားတွေနဲ့ တူကြတယ်။

ဧဝံ တထာ-ဇာတ်သမားနဲ့, မခြားတမူ, အလားတူသာလျှင်၊ ဝဋ္ဋေ-မရပ်မတည်, ပတ်ပတ်လည်၍, ထိုဤပျောင်းပြန်, ဘလောင်းဆန်အောင်, ကောင်းရန်လွတ်ကင်း, သံသရာတည်းဟူသော ဒီဇာတ်ရုံ ကြီးအတွင်း၌၊ ဇနာ နဋ္ဌာ-ကချေသည်အလား, လူအများတို့သည်၊ အာဒိ-ရှေးဦးအစ, ပဌမပိုင်း ကာလ၌၊ မောဒါ-ငါနှင့်ရည်တူ, ငါ့လိုလူသည်, ဇမ္ဗူမှာရှား, ရှိရဲ့လားဟု, ရွှင်အား တက်ကြွ, နှစ်သက်ဝမ်းမြောက်သောစိတ် ရှိကြပါကုန်သော်လည်း. . .၊

ပဌမပိုင်း-အရွယ်လေးကကောင်းတုန်း, ရုပ်ရည်ရူပကာယလေးက ချောမောတုန်း, ကျန်းမာရေးတွေကလည်း ကောင်းတုန်း, စီးပွားရေးတွေကလည်း အဆင်ပြေတုန်း, ရာထူးရာခံလေးကလည်းရှိတုန်း, သားရေးသမီးရေး၊ ဆွေရေး မျိုးရေးကစပြီးတော့ အကုန်လုံးချောမောအဆင်ပြေတာတွေများနေတော့ မောဒါ-ငါနှင့်ရည်တူ, ငါ့လိုလူသည်, ဇမ္ဗူမျိုးရှား, ရှိရဲ့လားဟု. . . ကိုယ်ရတဲ့စည်းစိမ်ဥစ္စာလေးနဲ့ အထင်ကြီးလို့၊ ဘဝင်မြင့်လို့ ကောင်းမှုတွေမေ့ ကုသိုလ်တွေမေ့ ဘုရားတရားသံဃာရတနာ(၃)ပါးကျောခိုင်း ငါလိုလူရှိသေလား၊ ငါတို့ဟန်တာပေါ့၊ ငါတို့ဟုတ်တာပေါ့၊ ကိုယ့်အလုပ်နဲ့ကိုယ် ဟန်နေတာပဲ၊ ကိုယ့်အလုပ်နဲ့ ကိုယ်ဟုတ်နေတာပဲဆိုပြီးတော့ ဘုရားအားကိုးမှုတွေပျက်၊ တရားအားကိုးမှုတွေ မရှိ၊ သံဃာအားကိုးမှုတွေဆုတ်၊ ကောင်းမှုလုပ်ငန်းဆိုတာ ကိုယ့်အတွက်လို့ မထင်ဘူးမေ့. . . လို့၊ ငါးဖြာအာရုံကာမဂုဏ်နဲ့ မေ့မေ့မူးမူး ပျော်ပျော်ပါးပါး မူးမူး ရူးရူး ဒီလိုပဲ ပျော်ပါးနေကြ။

http://www.dhammadownload.com



အာဒိ-ရှေးဦးအစ, ပထမပိုင်းကာလ၌၊ မောဒါ-ငါနဲ့ရည်တူ, ငါ့လိုလူသည်, ဇမ္ဗူမှာရှား, ရှိရဲ့လားဟု, စိတ်အားတက်ကြွ, ရွှင်အားတက်ကြွ, ဝမ်းမြောက်နှစ်သက်ကြရပါကုန်သော်လည်း၊ အန္တိမေ-ဇရာ ဗျာဓိ စရှိဖုံဖုံ ဘေးမျိုးစုံတို့, ဝိုင်းအုံရောက်ရာ, နောက်အခါ၌. . .၊ နောက်ပိုင်းရောက်လာတော့ သားတွေသမီးတွေကလည်း ရှင်ကွဲ ကွဲပြီး သူမြို့သူ့ရွာသွားကုန်ကြ၊ တစ်ချို့ကလည်း သေကွဲကွဲပြီး ခွဲကုန်ကြ၊ ကျန်းမာရေးတွေကလည်း မကောင်းဘူး၊ ဗျာဓိကလည်း နှိပ်စက်၊ ဇရာခေါ်တဲ့ အိုခြင်းကြီးကလည်း နှိပ်စက်၊ အိုခြင်းပေါင်းစုံ၊ နာခြင်းပေါင်းစုံ၊ ဆွေမျိုးတွေကလည်း ကွဲကုန်လို့ ဉာတိဗျသန၊ ဒီထဲ မီးလောင်လို့၊ ရေမျောလို့၊ သူခိုးခိုးလို့၊ ဓားပြတိုက်လို့စသည်ဖြင့်၊ စည်းစိမ်ဥစ္စာတွေကလည်း ပျက်လို့ ဘောဂဗျသန၊ စည်းစိမ်ဥစ္စာတွေပျက်စီး ဆွေမျိုးတွေပျက်စီး၊ ကျန်းမာရေးတွေကမကောင်း။

အဲဒီလို ဒုက္ခပေါင်းစုံ နောက်ပိုင်း ကြုံလာတဲ့နောက်ပိုင်း ရောက်ရာနောက်အခါ၌၊ အန္တိမေ-ဇရာ ဗျာဓိ, စရှိဖုံဖုံ, ဘေးမျိုးစုံတို, ဝိုင်းအုံရောက်ရာ, နောက်အခါ၌၊ ဒုက္ခာ-သမီးသားရေး, စီးပွါးရေးနှင့်, လင်ရေးမယားရေး အဖုံဖုံ, ဒုက္ခတွေဝိုင်းအုံကြကုန်သည်ဖြစ်၍၊ ရောဒန္တိ-အဆူဆူအမယ် မအေးအောင်, ငိုကြွေးတောက်လောင်ကြရလေကုန်သတည်း. . .။

သာဓု. . . သာဓု. . . သာဓုပါဘုရား. . .။

အဲဒါ-ဇာတ်သဘင်လိုပဲ. . . တဲ့၊ လောကကြီးရဲ့ သွားလမ်းက၊ ရှေးပိုင်းအစမှာ ပျော်ကြပါးကြ, မြူးကြရှူးကြ, မော်ကြကြွားကြ, သောက်ကြစားကြ, အဲဒီလို ပျော်ပါးမူးရူးပြီးနေကြသော်လည်း၊ နောက်ပိုင်းဇာတ်သိမ်းခါနီးကျတော့ ခုနက ဇာတ်သဘင် လင်းအားကြီးရောက်တဲ့ နောက်အခါမှာ ငိုချင်းချကြရသလိုပဲ. . . တဲ့၊ အငိုနဲ့ လမ်းဆုံးကြရတယ်၊ အဲဒီ အငိုနဲ့ လမ်းဆုံးတော့ ဒီတင်မဆုံး ဘူး၊ ဟို-အပါယ်လေးပါးထိထိုးကျသွား. . . ပြီးတော့ မျက်ရည်ကြီးငယ်နဲ့ ဒုက္ခပေါင်းစုံ ကြုံကြရတယ်၊

ဒီတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဘာဖြစ်စေချင်တုန်း.၊ အုဝဲဆိုတ, ငိုနဲ့စ, ဘဝလူ့ဌာနေ. . .။ အေး- စခဲ့ရတာတော့-မင်းတို့ များသောအားဖြင့် အူဝဲ, အူဝဲနဲ့ အငိုနဲ့စခဲ့ရတယ်. . . အဲဒီ အငိုနဲ့ စခဲ့ရတဲ့ ခန္ဓာကိုယ်ကြီးကို အများတကာတွေ ဖြစ်နေကျဖြစ်တဲ့ အမလေးဆို, ဆုံးအငို, ထိုထိုများကြပေ. . .။ နောက်ဆုံးကျတော့ များသောအားဖြင့်ကတော့ ခုနကပြောသလို အငိုနဲ့ စခဲ့တဲ့ခန္ဓာကိုယ်ကို အငိုနဲ့. . . ပဲ လမ်းဆုံးကြတာများတယ်. . .၊ လမ်းဆုံးကြရတာ များတယ်. . .၊ အဲဒီအထဲက အငိုနဲ့ စခဲ့ရပင် စခဲ့ရသော်လည်းပဲ အငိုနဲ့စ,

http://www.dhammadownload.com



ပြုံးအလှ, ဆုံးမှတော်ကြချေ. . .။ အငိုနဲ့ပင် စခဲ့ရသော်လည်းပဲ အပြုံးနဲ့ လမ်းဆုံးနိုင်အောင် ကျင့်ဆောင်ကြိုးကုတ် အားထုတ်နိုင်ရတယ်. . .။ ကျင့်ဆောင် ကြိုးကုတ် အားထုတ်ကြ၊ ဒီထက်ဖြစ်နိုင်သေးပင် အပြုံးနဲ့စ, ပြုံးအလှ, ဆုံးကတော်ကြချေ. . . တဲ့ အကောင်းဆုံးကတော့ ခင်းတို့ အပြုံးနဲ့စပြီးတော့များ အပြုံးနဲ့ဆုံးနိုင်ရင်တော့ ဒါ အကောင်းဆုံးပဲ၊ အဟော်ဆုံး, အလှဆုံးပဲ အပြုံးနဲ့ စတယ်ဆိုတာ။

ဘုန်းကြီးတို့ ဘုရားလောင်းဝေဿန္တရာမင်းဖွားတော့ သူများလို အူဝဲ အူဝဲနဲ့ အော်ဟစ်ငိုပြီးဖွားလာတာ မဟုတ်ဘူး၊ မေးလာကတည်းက"မယ်တော် လှူစရာတန်းစရာများ ဘာရှိတုန်း. .' ဒီလိုမေးတာ၊ ဘုရားအလောင်း ဝေဿန္တရာမင်းသားဖွားလာတော့ သူများလိုအမိဝမ်းကကျွတ်ဖွားရတာပဲ၊သူလည်း လူပဲ၊ သို့သော် သူက အများတကာလို အော်ဟစ်ငိုကြွေးပြီးတော့ မလာဘူး၊ ဘယ့်နဲ့ပြောတုန်း"မယ်တော်. . . လှူဖွယ်တန်းဖွယ်များ ရှိပါသလား၊ လှူ ချင်လိုက်တာ"လို့ ဟော ဒါနအဇ္ဈာသယ လှူမယ့်တန်းမယ့် ဒါနကောင်းမှုကြီးနဲ့ ပြုချင်တဲ့စိတ်နဲ့ မွေးလာ ပြုံး. . လို့၊ အပြုံးနဲ့ မွေးတာ။

ဒီတော့ မယ်တော်ကြီးက ဝမ်းသာလိုက်တာ၊ သဘောကျလိုက်တာ "အမလေး ငါ့သားက ငယ်ငယ်လေး မွေးမွေးချင်းကတည်းက စကားပြောတယ်၊ ထူးထူးခြားခြား၊ ပြီးတော့ ပြောတဲ့စကားကလည်း သူများနှိပ်စက် မယ့်စကား မဟုတ်ဘူး, သူများသတ်ဖြတ်မယ့် စကားမဟုတ်ဘူး, သူများဒုက္ခရောက်မယ့် စကားမဟုတ်ဘူး သူများချမ်းသာဖို့ပေး ပေးချင်ကမ်းချင်တဲ့ စိတ်နဲ့, လှူချင်တန်း ချင်တဲ့စကားပြောရှာတယ်" ဆိုပြီးတော့ "ငွေတစ်ထောင်ထုပ်ယူခဲ့စမ်း၊ ငွေတစ် ထောင်ထုပ်ယူခဲ့စမ်း" ဆိုပြီးတော့ ငွေတစ်ထောင်ထုပ် သားကလေးရဲ့လက်ထဲ၊ သားလေးရဲ့လက်နားတွန်းပို့ ကလေးဆိုတော့ မ,ဖော့ မ,မနိုင်ဘူးပေါ့၊ လက်နား တွန်းပို့ပြီးတော့ "သားတော်. . . ဟော ဒါ- ငွေတစ်ထောင်ထုပ် ငွေတစ်ထောင် ထုပ် သားတော်လှူပါလှူပါဆိုတော့ သားလေးက နားနားက အထိန်းတော်တွေ လှမ်းကြည့်ပြီးတော့ လက်ကလေးနဲ့ တွန်းပို့ပေးတယ် အမူရာအားဖြင့် "ယူ"ဆိုတဲ့ အဓိပ္ပါယ်မျိုးပေါ့။

အဲဒီတင်မယ်တော်ကြီးက " ယူကြယူကြ, ငါ့သားကလှူ, ယူကြ တကယ့် ဒိတ်ဒိတ်ကြဲငါ့သား, အလှူအတန်းနဲ့ မွေးလာတဲ့ မြတ်သောသားဟဲ့"ဆိုပြီးတော့ အယူခိုင်းတယ် ဒါ-ငယ်ငယ်လေးကတည်းက ငယ်ငယ်လေးကတည်းက။ နောက် လည်းပဲလှူလိုက်တာ. . . ဝေဿန္တရာအလောင်းတော်လေး အလှူဒါနအား ကောင်းလို့၊ ကစားတတ်တဲ့ အရွယ်ရောက်တော့လည်း မယ်တော်ကြီးက ဆင်ပေး

http://www.dhammadownload.com



ထားတဲ့ စိန်လက်စွပ်, စိန်ဘယက်စတဲ့ လက်စွပ်နားပန်စသည်တွေ သူဖြုတ်ချင်တဲ့ အချိန်ဖြုတ်ပေးတာပဲ၊ သူ့စိတ်ထဲလှူချင်စိတ်ပေါက်လာတဲ့အချိန် ထပေးတာပဲ၊ အစေခံမလေးတွေက မယူရဲကြဘူး မယူရဲတော့"မယ်တော်ကြီး ဟော့ဒီမယ် သားတော်လေးကပေးနေတယ်, လက်စွပ်ကြီးချွတ်ပေးနေတယ်, ကျွန်မကို" "ဟဲ့-ငါ့သားကပေးရင် အပြီးယူယူယူယူ, ငါ့သားကပေးရင် အပိုင်ပေးပြီးသားပဲ" ဆိုပြီး ယူခိုင်းတာပဲ၊ ပြန်ဆင်တာပဲ မယ်တော်ကြီးက၊ အဲဒီစိန်လက်စွပ် ချွတ်ပေးရင် အဲဒီ-စိန်လက်စွပ်နေရာ နောက်ထပ်ချက်ချင်းဆင်တာပဲ၊ စိန်ဘယက် ဖြုတ်ပေး အဲဒီဖြုတ်ပေးတဲ့ စိန်ဘယက်နေရာ ချက်ချင်းဆင်တာပဲ၊ အဲဒီလိုနဲ့ ပေးသွား လိုက်တာ နောက်ဆုံး အားလုံးသိကြတဲ့အတိုင်း ဆင်ဖြူတော်ပစ္စယလှူတဲ့ အထိ ပေါ့လေ. . . နောက်ဆုံး ပြုံး. . . ပြီးတော့ တုသိတာနတ်ပြည် ရောက်သွားတာပဲ၊ ဒါ အပြုံးနဲ့စတာ။

ဒီလိုပဲ ဘုရားလောင်းမဟောသဓာ ဘဝတုန်းကလည်း ဖွားလာလာ ချင်း "မယ်တော်. . . ကျွန်တော့်လက်ထဲကဆေးဟာ မြင့်မြတ်တဲ့ ဆေးမြစ်ဖြစ်ပါ တယ်၊ ဒီဆေးမြစ်နဲ့ သတ္တဝါတွေအားလုံး ချမ်းသာဖို့ရာ ကျွန်တော်ကုပ့်ါ မယ်. . . "လို့ ဆေးမြစ်ကလေး ဆုပ်ပြီးမွေးလာတာ မဟောသဓာ၊ ဒါကြောင့် သူ့နာမည် ကို မဟာဩသဓ မဟောသဓ၊ မဟာ+ဩသဓ။ မဟာ-မြင့်မြတ်သော၊ ဩသဓ-ဆေးမြစ်ကလေးဆုပ်ပြီးတော့ ဖွားလာတဲ့အလောင်းတော်၊ မဟောသဓာ၊ ဒါ ပြုံးလာတာပဲ၊ အူဝဲ အူဝဲနဲ့, တို့လိုကြောက်ကန်အော်ဟစ်ပြီးတော့ (၇)အိမ်ကြား (၈)အိမ်ကြား ငိုပြီးမွေးလာတာမဟုတ်ဘူး။

နောက်-တို့ ဘုရားအလောင်းတော်ကြီး နောက်ဆုံးသိဒ္ဓတ္ထမင်းသား အဖြစ်နဲ့ဖွားတော့လည်း၊ ဒါ-အားလုံးသိနေကြတာပဲ၊ မယ်တော်က လုမ္ဗိနီသာ မော အင်ကြင်းတော အင်ကြင်းပင်တွေသာယာပုံ, ပန်းတွေသာယာပုံတွေကြည့်ပြီး မတ်တတ်ရပ်ပြီး ကြည့်နေရင်းနဲ့ ကမ္ဗဇလေ လျှပ်လာပြီးတော့ဖွားတယ်၊ မယ်တော် မှာလည်းပဲ သူများလို ဗိုက်နာလို့, အော်ရဟစ်ရ နှိပ်ရဆိုတာတွေ မရှိဘူး၊ ချမ်းချမ်း သာသာ, သက်သက်သာသာ၊ ဖွားလာပြီးတော့, ဖွားလာပြီး ဖွား, ဖွားချင်းပဲ အူဝဲ အူဝဲနဲ့ အော်ဟစ်ပြီး ငိုမနေဘူး၊ မြောက်အရပ်ကို(၇)လှမ်း လှမ်းတဲ့ပြီး လက်မြှောက်ပြီး-

> ဇေဋ္ဌောဟမသ္မိ လောကဿ, သေဋ္ဌောဟမသ္မိ လောကဿ၊
> အဂ္ဂေါဟမသ္မိ လောကဿ. . . ။

လောကကြီးထဲ ငါအသာဆုံး. . . ငါအမြတ်ဆုံး, ငါအထွဋ်ဆုံးလို့ ကြွေးကြော် ပြီးတော့ဖွားတာ၊ အပြုံးနဲ့ ဖွားတာ၊ ဒါ အလောင်းတော်ကြီးတွေပေါ့၊ တချို့ အလောင်းတော်ကြီးတွေမဟုတ်သည့်တိုင်အောင် ဗြဟ္မာ့ပြည်ကလာတဲ့ သတ္တဝါတွေ

http://www.dhammadownload.com



ဘယ်တော့မှ မငိုဘူးတဲ့ အလူးသဖြင့် ဖြုပ္ပါ့ပြည်ကဆင်းလာတဲ့၊ လူ့ပြည် ရောက်လာတဲ့ သတ္တဝါတွေမငိုဘူး၊ ကောင်းမှုအားကောင်းတဲ့ သတ္တဝါ တွေမငို ဘူးတဲ့၊ ဒါ-အပြုံးနဲ့ ဖွားလာတာပေါ့၊ အဲ-အပြုံးနဲ့ဖွားလာပြီးတော့ အပြုံးနဲ့ လမ်းဆုံး ကြတယ်ပေါ့ သူတို့၊ ဒါကြောင့် မြတ်စွာဘုရားက ဖြစ်နိုင်ရင်တော့ အပြုံးနဲ့စပြီး တော့ အပြုံးနဲ့လမ်းဆုံးရတာ အကောင်းဆုံးပဲ. . . တဲ့။

အဲ-အဲဒီလောက်မဖြစ်နိုင်တောင်မှ အငိုနဲ့ပင် စပင်စခဲ့ရသော်လည်းပဲ၊ အပြုံးနဲ့ လမ်းဆုံးနိုင်ရင် အကောင်းဆုံးပဲ. . . လို့ သုမနဒေဝီ အနာထပိဏ်သူဌေး ကြီးရဲ့ သမီးလေး အကြောင်းပြောတာလေ၊ အားလုံး ဓမ္မပဒမှာပါသားပဲ သုမန ဒေဝီ သူဌေးသမီး၊ အနာထပိဏ်သူဌေးရဲ့သမီးငယ် အထွေးဆုံးလေး၊ သမီးငယ် လေးကို တာဝန်ပေးထားတာ သံဃာနှစ်ထောင် ဆွမ်းလုပ်ကျွေးတဲ့နေရာမှာ ခေါင်းဆောင်ပြီးတော့ သမီးငယ် သုမနဒေဝီခေါင်းဆောင်ပြီးတော့ အလုပ်လုပ်တာ၊ နောက်တော့ သုမနဒေဝီမှာ ကျန်းမာရေးချို့လာပြီးတော့၊ ကျန်းမာရေးတွေ မကောင်းဘဲနဲ့ ငယ်ငယ်ရွယ်ရွယ်နဲ့ ရောဂါဖိစီးတော့ အိပ်ရာထဲမှာ နေရာကနေ တော်တော်ရောဂါ ပြင်းထန်လာတော့၊ "အဖေ့တွေ့ချင်တယ်, အဖေ့တွေ့ ချင်တယ်"။

အနာထပိဏ်သူဌေးကြီးကလည်း အလုပ်များလိုက်တာ မပြောနဲ့တော့၊ အနာထပိဏ်သူဌေး, အနာထပိဏ်သူဌေးနဲ့ သာဝတ္ထိတနယ်လုံး သိမ်းကြုံးပြီး ကျော်ကြားနေတာဖြစ်တော့, ဟိုအလှူကကြွပါအုံး, ဒီ အလှူကကြွပါအုံး၊ ဟို မင်္ဂလာဆောင်က လက်ထပ်ပေးပါအုံး၊ ဒီ မင်္ဂလာဆောင် အခမ်းအနားကြွပါအုံး နဲ့ဆိုတာ နားပနေရဘူး ဝိသာခါနဲ့ အနာထပိဏ်ဟာ၊ သူတို့မပါရင် အလှူကို မစီကားလို့ သူတို့ကလိုက်နေရတယ်၊ အဲဒီလို လှည့်ပတ်လိုက်နေရတော့ အဖေက အဲလိုသွားနေတော့ သုမနဒေဝီလေးက "အဖေ့တွေ့ချင်တယ်, အဖေ့ တွေ့ချင် တယ်" ဆိုပြော့ ခေါ်ကြ လိုက်ခေါ်ကြ။ သုမနဒေဝီက သကဒါဂါမ်ထိရောက်နေ ကာ အနာထပိဏ်သူဌေးကြီးက သောတာပန်ပဲရှိသေးတာ သုမနဒေဝီလေးက သောတာပန်ထက်တဆင့်သာတဲ့ သကဒါဂါမ်ထိရောက်နေပြီ အရိယာဖြစ်။

အဲဒါ သူ့ကိုယ်သူ မထင်တော့ဘူး ကွယ်လွန်တော့မှာ သူသိလို့ အဖေ လိုက်ခေါ်ခိုင်းတော့ အဖေရောက်လာတော့ "ချစ်သမီး. . ဘာတုန်း" အနား ရောက်လာတော့မေး၊ ဒီတော့ ဟိုကမျက်လုံးလေးမှိတ်. . . ပြီးနေရင်းနဲ့ ကို တာတ ကနိဋ္ဌဘာတိကာ-မောင်လေး ဘာတုန်း ဘာမေးတာတုန်း"ပြော ဒီလို ပြော လိုက်တယ်။ ဒီတော့ အနာထပိဏ်သူဌေးကြီးက "ဟဲ့ သမီး. . . အဖေလေ ဘယ့်နှယ့် ငါ့ကို မောင်လေးခေါ်နေတာတုန်း၊ အဖေလာတယ် သမီးရဲ့၊ သမီး ဘာဖြစ်တာတုန်း

http://www.dhammadownload.com



မျက်လုံးလည်း မဖွင့်ပါလား။ ရောဂါတွေပြင်းလို့ သမီးလေးကြောက်နေသလား. . .၊ လန့်နေသလားလို့ဆိုပြီးတော့ ဘာယသိ အမ္မ သုမနေ -ချစ်သမီးသုမန ကြောက်သလားလို့မေး၊ နဘာယာမိ ကနိဋ္ဌ ဘာတိကာ-မောင်လေး. . . ငါ မကြောက်ပါဘူး" ပြန်ဖြေ။

ဒီတော့ အနာထပိဏ်သူဌေးကြီး ပိုထိတ်သွားတာပေါ့၊ အမလေး ဘယ့်နှဲ့သမီးလေး အင်မတန်လိမ္မာရေးခြားရှိစွာနဲ့ ကုသိုလ်ကောင်းမှုတွေပြုနေတဲ့သမီးလေး၊ သေခါနီးကျတော့မှ ထိတ်ထိတ်လန့်လန့်ဖြစ်ကုန်ပြီထင်တယ်. . . ဘယ့်နှဲ့ ငါ့ကို မောင်လေး မောင်လေးနဲ့ခေါ်ကုန်ပြီ၊ ယောင်ယမ်းပြီထင်ရဲ့" ဆိုပြီးတော့ ဝိလပသိ အမ္မ သုမနေ-ချစ်သမီး ကယောင်ကတမ်းပြောတာလား၊ အဖေလာတယ်လေ၊ အဖေလာတာ ဒီနားမှာ မောင်လေးလို့မခေါ်နဲ့၊ န ဝိလပါမိ ကနိဋ္ဌဘာတိကာ"မောင်လေး ငါမယောင်ယမ်းပါဘူး"။ အဲဒီစကား ပြောပြီးတော့ကွယ်လွန်သွားတာ၊ အဲဒီတင် အနာထပိဏ်သူဌေးကြီး ကယောင် ချောက်ချားဖြစ်လို့၊ ဘယ့်နှဲ့ဖြစ်ပါလိမ့်မတုန်း. . .၊ သမီးလေး၊ တကတည်း သူတော်ကောင်းမလေးမှ ဒီလို ကယောင်ကတမ်းနဲ့ သေခါနီးဖြစ်ရလေခြင်း ဆိုပြီးတော့ မျက်ရည်ကျ၊ အဲနောက် ဘုရားဆီရောက်၊ ဒီအကျိုးအကြောင်း တွေလျှောက်တော့၊ "သူဌေး . . . သင့် သမီးက သင့်ကို သတိပေးသွားတာ၊ အမှတ်တမဲ့ ပြောသွားတဲ့စကား မဟုတ်ဘူး. . . တဲ့၊ သင့်သမီးက သင့်ကို ချွတ်သွားတာ၊ သင်ပေါ့နေမှာစိုးလို့၊ ဒီလို ဟိုလိုက် ဒီလိုက် ဟိုလုပ် ဒီလုပ်တွေနဲ့ ဖြစ်နေမှာစိုးလို့ သင့်ကိုချွတ်သွားတာ၊ သင်ကိုသတိပေးသွားတာ-

မောင်လေး. . . မောင်လေးလို့ခေါ်ကဲ့စကားသည် ယောင်ယမ်းပြီးတော့ ကယောင်ကတမ်း ပြောတဲ့စကားမဟုတ်၊ သူက သောတာပန်၊ သကဒါဂါမ်၊ သင်က သောတာပန်၊ လူ့လောကီဘဝလို ပြောရင်တော့ သင်ကအဖေ ဟိုကသမီး၊ ဟုတ်တယ် သင်ကကြီးတယ်၊ ဟိုကငယ်တယ်၊ လောကုတ္တရာနယ်က ပြောကြရင်တော့ သင့်သမီးက သောတာပန်မျှမက သကဒါဂါမ်, သင်က သောတာပန် အဲဒီတော့ သင့်သမီးက အပကြွဲးနဲ့ တူပြီးတော့ သင်ကမောင်လေးနဲ့တူတယ်၊ အဲဒါကို သတိပေးချင်လို့ မောင်လေးမောင်လေးလို့ သုံးကြိမ်သုံးခါခေါ်ပြီးတော့ သွားခြင်းပဲ . . . လို့၊ ဖြေလိုက်တော့မှ အနာထပိဏ်သူဌေးကြီး ဝမ်းသာသွားပြီး၊ အမလေး . . . ဒီလိုလား ဘုရား၊ ဒီလိုဆိုရင် တပည့်တော့်သမီးလေး ကောင်းရာရောက်ဟုပဲ ဘုရား၊ တပည့်တော့်သမီးလေး အခု ဒီလူ့လောကနေတုန်းလည်း ကောင်းကောင်းမွန်မွန်ဖြစ်ပြီးတော့၊ နောက်ဘဝလည်းပဲ ကောင်းရာရောက်မှာပဲဘုရား. . .။လို့ဆိုတော့မှ ဘုရားက-

http://www.dhammadownload.com



* ဣဓ နန္ဒတိ ပေစ္စနန္ဒတိ, ကတပုညော ဥဘယတ္ထ နန္ဒတိ၊
ပုညံ မေ ကတန္တိ နန္ဒတိ, ဘိယျော နန္ဒတိ သုဂ္ဂတိံ ဂတော။

ဒီဂါထာဟောလိုက်တာပဲ၊ အဓိပ္ပါယ်ကတော့ သူဌေး . . တဲ့ သင့်သမီးလေးဟာ အငိုနဲ့ ဘဝကိုစခဲ့ပေမဲ့လို့၊ အပြုံးနဲ့ လမ်းဆုံးသွားခဲ့ပြီ. . . အဲသလိုပဲ သင်တို့နှင့်တကွ(၃၁)ဘုံသား သတ္တဝါတွေဟာလည်းပဲ ဖြစ်နိုင်ရင် အငိုနဲ့စခဲ့ရသော်လည်းပဲ အပြုံးနဲ့လမ်းဆုံးနိုင်စေရတယ်. . .၊ အခုသင့်သမီးလေး တုသိတာနတ်ပြည်ရောက်သွားပြီးတော့၊ ဘုံစဉ်စံပြီးသကာလ သောတာပန် သကဒါဂါမ် အနာဂါမ်ရဟန္တာဖြစ်ပြီးတော့ အပြုံးနဲ့ချည့်လမ်းဆုံးတော့မယ်. . .၊ဒါကြောင့် အငိုနဲ့စခဲ့သော်လည်းပဲ အပြုံးနဲ့လမ်းဆုံးနိုင်စေရတယ်၊ ဖြစ်နိုင်သပဆိုရင်ဖြင့် အပြုံးနဲ့စပြီးတော့ အပြုံးနဲ့လမ်းဆုံးနိုင်စေရတယ်လို့-

ဣဓ, နန္ဒတိ ပေစ္စနန္ဒတိ. . . ။

ကတပုညော-ကောင်းမှုကုသိုလ်တရားကို, ကြိုးစားအားထုတ်တဲ့, အမျိုးကောင်းသား, အမျိုးကောင်းသမီးအပေါင်း, သူတော်ကောင်းသည်၊ ဣဓ-ဤလောက, ဤဘဝ, ဤဌာနမှာလည်းပဲ၊ ဝါ-ဘဝရဲ့အစမှာလည်းပဲ၊ နန္ဒတိ-နှစ်သက်ရွှင်လန်းဝမ်းပန်းတသာ, ကြည်သာရွှင်ပြုံးကြရပါပေ၏၊ ပစ္စ-နောင်သောကာလ, နောက်ဘဝမှာသော်လည်းပဲ၊ ပစ္စ-ဒီဘဝရဲ့ အဆုံး, နိဂုံးချုပ်ရာအခါမှာလည်းပဲ၊ နန္ဒတိ-နှစ်သက်ရွှင်လန်းဝမ်းပန်းတသာ, ကြည်သာရွှင်ပြုံး၍, အပြုံးကြီးပြုံးရပါပေသတည်း။

သာဓု. . . သာဓု. . . သာဓုပါဘုရား. . . ။

ဒီတော့-များစွာသော သတ္တဝါတွေက အူဝဲဆိုပြီး အငိုနဲ့စခဲ့တယ် ဒီလူဘဝ၊ အဲဒါပြီးတော့ ဘယ်လိုဆုံးတုန်းလို့ဆိုတော့ လမ်းဆုံးတော့လည်းပဲ အငိုနဲ့ဆုံးကြတာများတယ်၊ ဒါများစွာသောသတ္တဝါတွေသွားလမ်း၊ အဲဒီထဲကနေပြီးတော့ အငိုနဲ့စ, ပြုံးအလှ, ဆုံးမှတော်ကြချေ၊ ဒါ-ဘုရားကြိုက်တဲ့ လမ်းစဉ်ပဲ၊ အငိုနဲ့စပေမဲ့၊ အပြုံးနဲ့လမ်းဆုံးအောင်ကြိုးစားကြ. . .၊ ဖြစ်နိုင်သေးရင် အပြုံးနဲ့စ, ပြုံးအလှ, ဆုံးကတော်လှချေ. . အဲဒီလို ဘုရားရှင်ကိုယ်တော်မြတ်ကြီးဖြစ်စေချင်တဲ့ အငိုနဲ့စခဲ့သော်လည်း, အပြုံးနဲ့လမ်းဆုံးနိုင်ခြင်းဖြစ်တဲ့ ဒါနကောင်းမှု၊ သီလကောင်းမှု၊ ဘာဝနာကောင်းမှုတွေကို တို့ဒီနေ့ ကြိုးပမ်းအားထုတ်ပြုလုပ်တဲ့နေ့ပဲလို့။

အခု ရန်ကုန်မြို့က လာရောက်ကြတဲ့ ဒေါက်တာဒေါ်မာလာမော်နှင့်တကွ, ဓမ္မမိတ်ဆွေ သူတော်စင်အပေါင်းကလည်းပဲ၊ ယခုလို(၆)ကြိမ်မြောက်

http://www.dhammadownload.com



(၆)နှစ်မြောက် ဤကျောင်းတိုက်သို့ လာရောက်ပြီးတော့ သံဃာတော် တစ်ထောင် ကျော်တို့အား ဝါဆိုသင်္ကန်းကပ်ခြင်း၊ အရုဏ်ဆွမ်းတွေ ဆက်ကပ်လှူဒါန်းခြင်း, ငွေပဒေသာပင်စိုက်ထူလှူဒါန်းခြင်းဆိုတဲ့ ကောင်းမှုတွေကို ပြုလုပ် အားထုတ်ပြီး တော့ နေခြင်းသည် အဲဒါ မိမိအတွက် အပြုံးနဲ့လမ်းဆုံးနိုင်အောင်၊ ထို့အတူပဲ ရဟန်းဒကာ-ရဟန်းအမ၊ အလှူ့ဒကာအလှူ့အမများဖြစ်ကြတဲ့ မန္တလေးမြို့က အလှူ့ဒကာ ဦးကြည်ဆင်+အလှူ့အမဒေါ်ညွန့်ညွန့်ရီ မိသားစုတို့ကလည်းပဲ၊ (၄)ကြိမ်မြောက်(၄)နှစ်မြောက် ဤဂန္ဓာရုံကျောင်းတိုက်သို့ လာရောက်ပြီးသကာလ ရဟန်းခံရှင်ပြု မင်္ဂလာကြီးကို(၃)ကြိမ်၊ ဆွမ်းသက်သက်က (၁)ကြိမ် အားဖြင့် ဤကဲ့သို့ ပြုလုပ်အားထုတ်ခြင်း၊ ငွေပင်ကျပ်တစ်ထောင် ငွေပဒေသာပင်စိုက်ထူ လှူဒါန်းခြင်းမှစ၍ ဒီနေ့ပြုလုပ် အားထုတ်သမျှ ကုသိုလ်ကောင်းမှု အစုစု တို့သည်. . .၊ အပြုံးနဲ့လမ်းဆုံးအောင် ကျင့်ဆောင်ကြိုးကုတ် အားထုတ်ကြခြင်းပဲ . . . လို့ သဘောပေါက်ကြပြီးသကာလ။

အဲဒီ အပြုံးထဲမှာမှ အပြုံးတကာအပြုံးက သောတာပန်ဖြစ်ပြီးတော့ပြုံး သကဒါဂါမ်ဖြစ်ပြီးတော့ပြုံး အနာဂါမ်ဖြစ်ပြီးတော့ပြုံး၊ ရဟန္တာဖြစ်ပြီးတော့ပြုံး တဲ့အပြုံး, အကောင်းဆုံးအပြုံးပဲ၊ ဘဝခန္ဓာကြီးကို စွန့်ပစ်ပြီးတော့, ဝန်ထုပ်ကြီးကို ချပစ်ပြီးတော့ ပြုံးရတဲ့အပြုံး၊ ကလျာဏပုထုဇဉ်အဖြစ်နဲ့ပြုံးနိုင်ရင်ပဲ အတော်ကြီး တော်ပြီ၊ ကလျာဏပုထုဇဉ်အဖြစ်နဲ့ဆိုတာ သောတာပန်နားကပ်နေတာ၊ သော တာပန်လို မဂ်-ဖိုလ်မရသေးပေမဲ့လို့ ပုထုဇဉ်ထဲမှာတော့ဖြင့် ဒါအကောင်းဆုံး ပုထုဇဉ်၊ အမြတ်ဆုံးပုထုဇဉ်၊ အဲဒီအကောင်းဆုံးပုထုဇဉ်၊ အမြတ်ဆုံးပုထုဇဉ် ဖြစ်အောင် ဒါနကောင်းမှုရိက္ခာတွေကို စုရတယ်၊ သီလကောင်းမှုရိက္ခာတွေကို စုရတယ်၊ အခုသားတွေ ညီတွေကို ရှင်ပြုပေး၊ ရဟန်းခံပေးတယ်ဆိုတာ သီလ ကောင်းမှုရိက္ခာကြီးတွေ အကြီးအကျယ်စုခိုင်းတာ။

ရတနာဥစ္စာရှာတဲ့နေရာမှာ မိုးကုတ်ကြပ်ပြင်တက် ရှာတဲ့လူက ရတနာ တောထဲသွားနင်းပြီးတော့၊ ရတနာမြေပေါ်နင်းရှာတော့ ရတနာတွေမြန်မြန်ရပြီး မြန်မြန်ကြီးပွါးလာတာပေါ့၊ အဲဒီလိုပဲ ရဟန်းခံ ရှင်ပြုတယ်ဆိုတာ မိုးကုတ်မြေ ပို့တာနဲ့ အတူတူ၊ ဟို-ကျတ်တီးကုန်း ကျတ်လျှာတောချောက်တော၊ ချုံတော၊ ရတနာရှာရတာထက် ရတနာမြေပေါ်သွားပြီး ရတနာရှာရတာ ပိုမြတ်တာပေါ့၊ အဲသလိုပါပဲ ရဟန်းခံရှင်ပြုတယ်ဆိုတာ ရတနာတောပို့လိုက်တာသူတို့၊ အဲ ဒီထဲမှာ ဒါနဆိုတဲ့ကောင်းမှု မိမိတို့ကပြု၊ သူတို့ သီလ သာမဏေက(၁၂၀) ရဟန်းတော် က ကုဋေကိုးထောင်ကျော် သိက္ခာသီလရတနာတွေရ၊ သမာဓိတွေက ဘုရား ဆီသက်ရောက်နေ၊ တရားဆီစိတ်ဝင်စားနေ၊ သံဃာထဲစိတ်ရောက်နေ၊ ဒါ သမာဓိ၊ အသိဉာဏ်ဓာတ်တွေမှန်သမျှပညာ။

http://www.dhammadownload.com



အခု ရန်ကုန်မြို့ကလာတဲ့ ဒကာဒကာမတွေကလည်း သာသနာတော် နယ်မြေဆိုတာ ခုနက ရတနာထွက်တဲ့ မိုးကုတ်ကြပ်ပြင်မြေလိုပဲ၊ အခု ဒီရောက် လာတော့ ဘာတွေဖြစ်နေတုန်းကြည့်လေ ကိုယ့်ကိုယ်ကို။ ကိုယ့်ခန္ဓာကိုယ်ထဲမှာ ဘာအဖြစ်များနေတုန်း၊ ရတနာတွေအဝင်များသလား၊ အထွက်များသလားဆိုတာ စဉ်းစားကြည့်ပေါ့၊ လှူမယ်လှူမယ် လှူမယ်လှူမယ်ဆိုတဲ့ စိတ်တွေ သူများလှူ တာတွေ ကြည့်ပြီးတော့ သာဓုခေါ်ရတဲ့ စိတ်တွေ၊ ကိုယ်ကိုယ်တိုင် လှူအုံးမယ် တန်းအုံးမယ်ဆိုတဲ့ ကြံစည်စိတ်ကူးတဲ့စိတ်၊ မလှူဖြစ်သေးသည့်တိုင်အောင် သူများ ဆွမ်းကပ်တာကြည့်. . . ပြီး "ငါလည်း ကပ်ချင်လိုက်တာ. . ကပ်အုံးမှပဲ၊ ဟော ဒါ-ရတနာတွေဝင်လာတာ၊ ပုဗ္ဗစေတနာခေါ်တဲ့ ရတနာတွေ လှူချင်တန်းချင်တာ၊ သူများသီလထိန်း ရဟန်းပြု ရှင်ပြုတော့ မိမိကိုယ်တိုင်လည်း ရှင်ပြုချင်တယ်၊ သီလရှင်ဝတ်ချင်တယ်၊ ရဟန်းပြုချင်တယ်၊ ဒါ-အားကျလာတာ၊ သူများတွေ တရားနာပြီးတော့ ဘာဝနာတွေပွားကြတော့၊ ကိုယ်လည်းပွါးချင်တယ်၊ နာချင် တယ်၊ ဒါ-အားကျလာတာ၊ ရတနာတွေကောက်လာတာ၊ ရတနာတွေဝင်လာတာ၊ အဲဒီ ရတနာတွေဟာ ပြုံးဖို့ချည်းပဲ၊ နောက်ဆုံးရဟန္တာယောက်ျား ရဟန္တာမ ဖြစ်ပြီး တော့ အပြုံးဘဝနဲ့ လမ်းဆုံးဖို့။

ဒီတော့ ဒါန သီလ သမာဓိ ပညာ ဒါ-စီးပွားဥစ္စာတွေ၊ အဲဒီ-စီးပွားဥစ္စာ တွေထဲမှာ ပညာဆိုတဲ့ စီးပွားဥစ္စာနဲ့လည်း နောက်ဆုံးရှိနေတာ ရှိတဲ့အတိုင်း မြင်တဲ့ အမြင်လေးပေါက်အောင်၊ ဒီခန္ဓာကိုယ်ကြီး တစ်လံမျှလောက် ခန္ဓာကိုယ်ကြီး၊ ရုပ်ဓာတ်နာမ်ဓာတ်တွေ စုပေါင်းထားတဲ့ ဒီ-ခန္ဓာကိုယ်ကြီးထဲမှာ အဟုတ်ရှိအမှန် ရှိရာလိုက်တော့။

❖ ခန္ဓာကာယ, တလံမျှဌ်, နှစ်ဝနာမ်ရုပ်, ဖြစ်၍ချုပ်၏၊
နာမ်ရုပ်နှစ်ပါး, အလွတ်ထား၍, ဤကားငါလျှင်, ဤလျှင် ဇီဝ၊
ဤအတ္တဟု, ညွှန်ပြဖွယ်ရာ,မရှိပါသည်,
ခန္ဓာနာမ်ရုပ်မျှသာ တကား. လို့။

ဒီခန္ဓာကိုယ်ထဲလည်းပဲ အနှစ်အသားရှိတဲ့ ဥစ္စာရှာလိုက်တော့ ခန္ဓာကာယ တစ်လံမျှဌ် နှစ်ဝနာမ်ရုပ်, ဖြစ်၍ချုပ်၏. . . ဒီခန္ဓာကာယ တစ်လံမျှထဲမှာရှာလိုက် ရင် နာမ်နဲ့ရုပ်၊ ရုပ်နဲ့နာမ်။ နာမ်ဆိုတာ ခုနက လှူချင် တန်းချင်, ပေးချင် ကမ်းချင်, လောင်းချင်တာ နာမ်ပေါ့။ အဲဒီနာမ်ရဲ့ အလိုကျ လှုပ်ရှားသွားလာနေတဲ့ အမူအရာ ကြီးက ရုပ်ပေါ့။ ဒီတစ်လံမျှလောက် အလျားတစ်လံ, အနံ တစ်ထွာမျှရှိတဲ့ ဒီခန္ဓာကာယထဲမှာ ရှာကြည့်ရင် "ခန္ဓာကာယ, တလံမျှဌ်, နှစ်ဝနာမ်ရုပ်, ဖြစ်၍ချုပ်၏". . ။ ရှိတာ နာမ်နဲ့ရုပ်, ရုပ်နဲ့နာမ်ရှိတယ်၊ သူက ဘာအလုပ်

http://www.dhammadownload.com



လုပ်နေတုန်းဆိုတော့ ဖြစ်လိုက် ချုပ်လိုက်, ဖြစ်လိုက် ချုပ်လိုက်၊ ပေါ်လိုက် ပျောက်လိုက်, ပေါ်လိုက်ပျောက်လိုက် ဒါလုပ်နေတာပဲ သူ့အလုပ်က။

သို့သော် ဘုန်းကြီးတို့ထင်တာက နာမ်ရုပ်လို့ မထင်ဘူး ငါလို့ထင်တယ်၊ ဟိုဘက်က သူလို့ထင်တယ်၊ ဟိုဘက်က သူဆွမ်းလောင်းတာ၊ ဒီဘက်က ငါဆွမ်းလောင်းတာ၊ ဟိုဘက်က သူငွေပင်ကပ်တာ၊ ဒီဘက်က ငါငွေပင်ကပ်တာ၊ ဒီဘက်က ငါကဝါဆိုသင်္ကန်းကပ်တာ၊ ဟိုဘက်က သူတို့က ငွေပင်စိုက်တာနဲ့ ငါတွေ သူတွေ ရှုပ်နေတာ၊ အဲဒါ-ပညာမစင်ကြယ်သေးတာပဲ။ စင်ကြယ်တဲ့ ပညာ မဟုတ်ဘူး။ စင်ကြယ်တဲ့ အသိမဟုတ်ဘူး၊ ပြုံးရမယ့် အပြုံးထဲမှာ ပီပီသသ ပြုံးရအောင် ဒီပညာလေးလိုသေးတယ်၊ အဲ့ဒါလေး ရှေ့တိုးပြီးတော့ ကြည့်ရတယ်၊ ဘုရားသာသနာနဲ့ ကြုံမှမြင်တတ်တဲ့ မှန်ပြောင်း၊ ဘုရားသာသနာနဲ့ ကြုံမှ တတ်ပေးတဲ့မှန်ပြောင်း ဒီမှန်ပြောင်းက။ အချိန်မရွေး မရှိဘူး။ ဘာပြုလို့တုန်း သိမ်မွေ့လွန်းလို့, လေးနက်လွန်းလို့။ ပုဂ္ဂိုလ်သတ္တဝါ သူငါထင်နေတာပဲ၊ ရုပ်နာမ် အခဲ, ရုပ်နာမ်အတုံး, ရုပ်နာမ်အတွဲကို ငါပဲ, သူပဲထင်တာ အဲ့ဒါအမှားပေါ့။ အမှားမစင်သေးဘူး။

ဒီတော့ အမှားသက်သက်စင်သွားအောင် "ခန္ဓာကာယ, တလံမျှ၌, နှစ်ဝနာမ်ရုပ်, ဖြစ်၍ချုပ်၏. . ." ဒီခန္ဓာကိုယ်ထဲရှိတာ နာမ်နဲ့ရုပ်, ရုပ်နဲ့နာမ်ရှိတာဆိုတော့ ရုပ်နာမ်ဖြစ်ပျက်, ရုပ်နာမ်ဖြစ်ပျက်, ရုပ်နာမ်ဖြစ်ပျက်လို့ ရှု။ သို့မဟုတ် လှုပ်ရင်လှုပ်တယ်, လှုပ်တယ်၊ သို့မဟုတ် လောင်းရင်လောင်းတယ်, လောင်းတယ်၊ ထိုင်နေရင်ထိုင်တယ်, ထိုင်တယ်၊ သွားနေရင်သွားတယ်, သွားတယ်ပေါ့။ အဲဒီ အမူအရာတွေကို ဖမ်းရှု၊ သို့မဟုတ် သွား, သိ, ပျက်၊ ထိုင်, သိ, ပျက်၊ လှမ်း, သိ, ပျက်၊ အိပ်, သိ, ပျက်၊ ကြိယာပုဒ်လေးပါး။ မြင်, သိ, ပျက်၊ ကြား, သိ, ပျက်၊ နံ, သိ, ပျက်၊ စား, သိ, ပျက်၊ ထိ, သိ, ပျက်၊ ကြံ, သိ, ပျက်၊ ဒွါရခြောက်ပါး ကြိုက်ရာနဲ့ရှု။

ဘယ်ဟာနဲ့ ဖမ်းဖမ်း အမှန်မြင်လိမ့်မယ်။ အမှန်မြင်ရင် အမှားစင်တာပဲ၊ အမှန်မြင်ရင် အမှားစင်သွားတာပဲ။ တစ်ချက်ခုတ် နှစ်ချက်ပြတ်အလုပ်ကြီး။ အမှန်မြင်အောင်ကြည့်ရင် အမှားက စင်ပြီးသား ဖြစ်ဖြစ်သွားတာ၊ အမှားပုတ်ထုတ်ပြီးသား ဖြစ်သွားတာ၊ အဲဒါသည်ပင်လျှင် ဝိပဿနာလည်းခေါ်တယ်၊ ဘာဝနာလည်းခေါ်တယ်၊ အမြင်မှန်တာလည်းခေါ်တယ်၊ နောက်ဆုံးအပြုံးနဲ့ ပြုံးနိုင်အောင် အကောင်းဆုံးအပြုံးဖြစ်တဲ့ အရိယာဖြစ်ပြီးတော့ပြုံးတဲ့အပြုံး။ ရဟန္တာယောကျ်ား, ရဟန္တာမကြီးဖြစ်ပြီးတော့ပြုံးတဲ့အပြုံး ရောက်အောင် ကျင့်ဆောင်ကြိုးကုတ် အားထုတ်ခြင်းလို့ ခေါ်တယ်။

http://www.dhammadownload.com



အဲဒီလိုအားဖြင့် ဒါနအမှုပဲဖြစ်ဖြစ်, သီလအမှုပဲဖြစ်ဖြစ်, သမထဘာဝနာ, ဝိပဿနာဘာဝနာဆိုတဲ့ ဤကုသိုလ်လုပ်ငန်းကြီး လေးခန်းကို ကြိုးပမ်းအားထုတ် ပြုလုပ်ပြီးတော့ နေတဲ့အချိန်သည်. . . အငိုနဲ့စ, ပြုံးအလှ, ဆုံးမှတော်ကြချေ. . ဆိုတဲ့ ဘုရားရှင်အဆူဆူ နှစ်သက်တော်မူတဲ့ အငိုနဲ့စခဲ့ရသော်လည်း အပြုံးနဲ့ လမ်းဆုံးအောင် ကျင့်ဆောင်ကြိုးကုတ် အားထုတ်ခြင်းပဲ . . . လို့ သဘောပေါက်ကြပြီး သကာလ၊ မိမိတို့ကိုယ် မိမိတို့ အငိုနဲ့ စခဲ့ရတဲ့ ဒီဘဝကို အပြုံးနဲ့လမ်းဆုံး နိုင်အောင် ကျင့်ဆောင်ကြိုးကုတ် အားထုတ်နိုင်ကြတဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများဖြစ်ကြပါစေကုန်သတည်း။ ပြုံးရာပြုံးကြောင်းဖြစ်တဲ့ ဒါနကောင်းမှု, သီလကောင်းမှု, သမထကောင်းမှု ဝိပဿနာကောင်းမှု, ကောင်းမှုကြီးလေးမျိုးတို့ကို နေ့စဉ်ကြိုးစားအားထုတ် ပြုလုပ်ဆည်းပူးနိုင်ကြတဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးတွေ ဖြစ်ကြပါစေကုန်သတည်း။

ဤကဲ့သို့ ပြုံးရာပြုံးကြောင်းဖြစ်တဲ့ နောက်ဆုံးခန္ဓာဇာတ်သိမ်း အေးငြိမ်းသွားတဲ့ ရဟန္တာယောက်ျား, ရဟန္တာမအဖြစ်နဲ့ ခန္ဓာပရိနိဗ္ဗာန်စံပြီးတော့ ပြုံးရတဲ့ အကောင်းဆုံး အပြုံးဆိုက်အောင် ဒါန, သီလ, သမထ, ဝိပဿနာလေးဖြာသော စီးပွားရိက္ခာတို့ကို နေ့စဉ်ရှာမှီးနိုင်ကြကုန်သည်ဖြစ်၍, ဤကဲ့သို့ ရှာမှီးသိမ်းဆည်းသွားတတ်ကြတဲ့ ရှေးရှေးသော ဘုရားပစ္စေကာ အရိယာနွယ်လောင်းသူတော်ကောင်း, သူတော်ကောင်းမကြီးတို့ ရောက်အပ်ရအပ် သိမြင်အပ်သော နိဗ္ဗာန ဓာတ် တရားတော်မြတ်ကြီးကို လျင်မြန်ဆောစွာရောက်ကြရ, ရကြရ မြင်ကြရ ပါလိုကုန်သောဟူ၍ ပတ္ထနာအောင်ဆု ပြုကြကုန်ရာသတည်း. . .။

သာဓု. . . သာဓု. . . သာဓုပါဘုရား. . .။

http://www.dhammadownload.com



# မမြဲသုံးချက် မြဲသုံးချက်တရားတော်

မြန်မာကောဇာသက္ကရာဇ် ၁၃၅၃-ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော်(၁၁)ရက်နေ့၊ ခရစ်နှစ် ၁၉၉၁ခု၊ ဩဂုတ်လ(၆)ရက်နေ့မှာ အမရပူရမြို့၊ မဟာဂန္ဓာရုံကျောင်းတိုက်ရှိ ပရိယတ်, ပဋိပတ်သာသနာ့တာဝန်ထမ်းဆောင်နေကြသော ဘုရားသားတော်သံဃာတော်(၁၁၀၀)ကျော်တို့အား အရုဏ်ဆွမ်း, နေ့ဆွမ်းနှစ်ထပ်သော ဘောဇဉ်ဆွမ်းများဖြင့် (၃)ကြိမ်မြောက် (၃)နှစ်မြောက် လာရောက်ပြီးတော့ လောင်းလှူဆက်ကပ်ကြတဲ့ ကုသိုလ်ကောင်းမှုရှင်များက မန္တလေးမြို့၊ ရန်မျိုးလုံရပ်မှာနေထိုင်ကြတဲ့ ဆွမ်းဒါယကာ အလှူ့ဒါယကာ ဒကာဦးမောင်မောင်+ဆွမ်းဒါယိကာမ အလှူ့ဒါယိကာမ ဒကာမဒေါ်နီနီနဲ့ သမီး-မလှမေတို့ မိသားစုဖြစ်ကြပါတယ်။

အဲဒီ မန္တလေးမြို့ ရန်မျိုးလုံရပ်က ဦးမောင်မောင်+ဒေါ်နီနီ၊ သမီး-မလှမေ မိသားစုများက ဘဝတစ်ပါးပြောင်းသွားကွယ်လွန်သွားခဲ့တဲ့ သားဖြစ်သူ ကိုတင်စိန်ကို ရည်စူးမှန်းထားပြီးတော့၊ ကိုတင်စိန်ရဲ့ ရောက်ရာဘဝ လူနတ်နိဗ္ဗာန်သုံးတန်ချမ်းသာ ရပါစေခြင်းအကျိုး၊ မိမိတို့အတွက်လည်းပဲ မဂ်ဖိုလ်နိဗ္ဗာန် လျင်မြန်ဆောစွာ ရောက်ရ ရရပါစေခြင်းအကျိုး, ဤနှစ်မျိုးကို ရည်စူးပြီးတော့ အခု သုံးကြိမ်မြောက် သုံးနှစ်မြောက်အနေနဲ့ နံနက်စောစော သံဃာတစ်ထောင်ကျော်ကို မွန်မြတ်သော ဆွမ်းခဲဖွယ်ဘောဇဉ်တို့ဖြင့်လည်းကောင်း, နေ့လယ်လည်း သံဃာတစ်ထောင်ကျော်ကို မွန်မြတ်သော ဆွမ်းခဲဖွယ်ဘောဇဉ်တို့ဖြင့်လည်းကောင်း လောင်းလှူဆက်ကပ်သမှုပြုကြပါတယ်. . . ။

ပြီးတော့ ဒီမှာတင်ထားတဲ့ သင်္ကန်းဒွိစုံတစ်စုံ, ဖိနပ်တစ်ရံ, တဘက်တစ်ထည်ဆိုတဲ့ လှူဖွယ်ပစ္စည်းများကိုလည်းပဲ သံဃိကရည်မှန်းပြီးတော့, နိဗ္ဗာန်ရည်မှန်းလှူဒါန်းပါတယ်။ အထူးသဖြင့် ကွယ်လွန် အနိစ္စရောက်သွားတဲ့ သားဖြစ်သူ ကိုတင်စိန် ဒီသင်္ကန်းမျိုးနဲ့ မြန်မြန်ပြန်တွေ့ပါစေ၊ ဒီသင်္ကန်း, ဒီဖိနပ်ဆိုတဲ့ ဘုရားအသုံးအဆောင်ပစ္စည်းတွေကို ဝတ်ဆင်နိုင်ပြီးတော့ အဲဒီသင်္ကန်းနဲ့ အထိုက်တန်ဆုံးဖြစ်တဲ့ မဂ်လေးတန် ဖိုလ်လေးတန် ဉာဏ်ထူးရှစ်တန် နှလုံးသားထဲ ပေါ်ပြီးတော့ အို,နာ,သေလွတ်တဲ့ နိဗ္ဗာန်ကို မြန်မြန်ကြီးမြင်ပါစေ. . . ။ ရနိုင်ပါစေ၊ မြင်နိုင်ပါစေ၊ မြင်ရာမြင်ကြောင်း, ရရာရကြောင်း ကောင်းမှုတွေလည်း ကြိုးစားနိုင်ပါစေ. . . လို့။ အထူးသဖြင့် ကိုတင်စိန်အတွက် ဆွမ်းအလှူ, သင်္ကန်းအလှူ, ဖိနပ်အလှူပေါ့။

http://www.dhammadownload.com



ဖိနပ်ဆိုတာ ယာဉ်ပဲ၊ ယာဉ်ဆိုတာ ကိုယ်စိတ်နှစ်ပါးချမ်းသာစေတတ်တဲ့ အလှူဝတ္ထုပစ္စည်း။ ခရီးသွားတဲ့နေရာ မပင်ပန်းစေတတ်တဲ့အရာကို ယာဉ်လို့ခေါ်တာ။ မော်တော်ကားယာဉ် ခရီးသွားတဲ့နေရာ မပင်ပန်းစေဘူး သူက။ မန္တလေးနဲ့ တောင်မြို့ ခြေလျင်လာရမယ်ဆိုရင် မသက်သာဘူး။ ဟော-မော်တော်ကားလေး စီးလာတော့ သက်သာသွားတယ်၊ ဒါ-ခရီးသွားတဲ့နေရာ ချမ်းသာစေတာယာဉ်။ ထို့အတူပေါ့ မြင်းလှည်း, ဆိုက်ကား, မော်တော်ကား, မီးရထား, လှေ, လှည်း ဒါယာဉ်တွေချည်းပဲ။ ခရီးသွားတဲ့ပုဂ္ဂိုလ် မပင်ပန်းစေတဲ့အရာယာဉ်။ ဟော-အခု ဖိနပ်ကလည်း ထို့အတူပဲယာဉ်၊ ဖိနပ်တို့ ထီးတို့ ယာဉ်အလှူခေါ်တယ်။

ဒီတော့ ဒီဖိနပ်အလှူ ယာဉ်အလှူကို သံယာတစ်ထောင်ကျော် လှူဒါန်းရတဲ့ အလှူကြောင့်၊ ကွယ်လွန်အနိစ္စ ရောက်သွားတဲ့ သားဖြစ်သူ ကိုတင်စိန် ရောက်ရာဘဝမှာ ကိုယ်စိတ်နှစ်ဖြာချမ်းသာစွာနဲ့ မဂ်ဖိုလ်နိဗ္ဗာန်ရကြောင်း ကောင်းမှုတွေပြုနိုင်ပါစေ. . . ။ ပါရမီတွေ တိုးတက်ဖြည့်နိုင်ပါစေ။ ပြည့်ပြီးတော့ ဒီသက်န်းမျိုးနဲ့ မြန်မြန်ကျွတ်တမ်းဝင်ပါစေ. . . လို့၊ ဒီလို အာရုံပြုပြီးတော့ သံဃိကဒါနလှူဒါန်းရတယ်။

ကိုင်း-ဒီတော့ အထူးသဖြင့်က ကွယ်လွန်သွားတဲ့ ကိုတင်စိန်ကို ရည်စူးတာ ဖြစ်တော့ ဤကဲ့သို့ တပည့်တော်တို့ သံယာတစ်ထောင်ကျော်ကို မနက်တစ်ထောင်ကျော်, နေ့လယ် တစ်ထောင်ကျော်အားဖြင့် သံယာနှစ်ထောင်ကျော်ကို တစ်ရက်တည်း ဆွမ်းဘောဇဉ်တွေနဲ့ လောင်းလှူဆက်ကပ်ရတဲ့ ကုသိုလ်ကောင်းမှုစေတနာ ထုအားကြီးကြောင့်. . . သင်္ကန်း ဖိနပ် တဘက်စသော ပစ္စည်းများကို စီဝရဒါန, ယာနဒါန-ယာဉ်အလှူ, သင်္ကန်းအလှူ, တဘက်သင်္ကန်း ပရိက္ခရာအလှူ, ကန်တော့ပွဲအလှူအစရှိတဲ့အလှူကို လှူရတဲ့ ကုသိုလ်ကောင်းမှု စေတနာထုအားကြီးကြောင့်, ဖိတ်မန္တကပြုထားတဲ့ ပရိသတ်အပေါင်း သူတော်ကောင်းတွေကို သဒ္ဓါဖြူဖွေး ကျွေးမွေးဧည့်ခံရတဲ့ ဉာတကာနဋ္ဌ သင်္ဂဟမင်္ဂလာ-ဆွေမျိုးမိတ်ဆွေသင်္ဂဟတွေကို ချီးမြှောက်ရတဲ့ ကုသိုလ်ကောင်းမှုစေတနာထု အားကြီးကြောင့် ကိုတင်စိန်သည်လည်းကောင်း, တပည့်တော်တို့သည်လည်းကောင်း မမြဲသုံးချက်, မြဲသုံးချက်နဲ့ လှည့်ပတ်နေရတဲ့ သံသရာခရီးကြီးမှ လျင်မြန်ဆောစွာ လွတ်ပါစေသား. . . လွတ်စေသား. . ။ (၃၁)ဘုံ ဒီသံသရာကြီးကို မမြဲသုံးချက် မြဲသုံးချက် ရှုကြီးလို့ အာရုံပြုလိုက်ကြ။ မိမိတို့နေထိုင်ရတဲ့(၃၁)ဘုံကြီးကို မမြဲသုံးချက် မြဲသုံးချက်ဘုံကြီးလို့ အာရုံပြုလိုက်ကြ။

သတ္တဝါတွေက များသောအားဖြင့် ကိုယ်နေတဲ့ ဘုံလေးကို တွယ်တာတယ်၊ ကိုယ်ရထားတဲ့ ဘဝလေးကို ခင်မင်တယ်၊ ကိုယ်နေတဲ့ နေရာလေးကို

http://www.dhammadownload.com



နှစ်သက်တယ်၊ ဒါ ဘဝတဏှာလို့ ခေါ်တယ်။ အဲဒီတဏှာရှိနေသမျှ ဘယ်တော့မှ နိဗ္ဗာန်မရဘူး၊ တွယ်တာနေတယ်ဆိုကတည်းကိုက ဒီမှာစွဲနေတာဖြစ်တော့ ဒီနားပဲ နေချင်တာ၊ ကိုယ်နေတဲ့ဘုံကို ခင်တွယ်တယ်၊ အခုရထားတဲ့ လူ့ဘုံလူ့ဘဝ နှစ်သက်တယ်။ ရထားတဲ လူ့ဘဝကို တွယ်တာတယ်၊ ဘဝတဏှာ။ အဲဒီ လူ့ဘုံလူ့ဘဝမှာ တွေ့ကြုံရတဲ့ ကိုယ်ရရှိထားတဲ့ အဆင်းမျိုးစုံ ရူပါရုံလေးတွေ, အသံမျိုးစုံ သဒ္ဒါရုံ လေးတွေ, အနံ့မျိုးစုံဂန္ဓာရုံလေးတွေ, စားဖွယ်သောက်ဖွယ်မျိုးစုံ ရသာရုံလေးတွေ, အထိအတွေ့မျိုးစုံ ဖောဋ္ဌဗ္ဗာရုံလေးတွေလည်း တွယ်တာတယ်၊ မက်မောတယ်၊ ဒါ ကာမတဏှာလို့ ခေါ်တယ်။

ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာရယ်လို့ တဏှာသုံးတန် သမုဒယ သစ္စာမှာ။ ဝိဘဝတဏှာဆိုတာကျတော့ ကိုယ်ရထားတဲ့ဘဝ, ကိုယ်ရထားတဲ့ ကာမဂုဏ်တွေနဲ့ နေရင်းနဲ့ ကိုယ်ယူထားတဲ့ အယူလေးတွေက ရှိသေးတာကိုး၊ ကိုယ့်စိတ်ထဲ စွဲလမ်းပြီးတော့ထားတဲ့ အယူအဆ။ ခရစ်ယာန်ကလည်း ခရစ်ယာန် အယူအဆ၊ မွတ်စလင်ကလည်း မွတ်စလင်အယူအဆ၊ ဗြဟ္မဏကလည်း ဗြဟ္မဏအယူ အဆပေါ့။ သူ့အယူအဆလေးနဲ့သူ။ ကိုယ်ထင်ရာမြင်ရာ စွဲထားတဲ့ အယူအစွဲလေး ရှိတယ်၊ အဲဒါလည်းခင်တယ်၊ ငါ့ဟာမှမှန်တာ၊ ငါတို့အယူကမှဟုတ်တာ၊ တို့ဟာမှ ဟုတ်တာ၊ ဒါ ဝိဘဝတဏှာခေါ်တယ်။

တို့ ဗုဒ္ဓဘာသာတွေကျတော့ သဿတဒိဋ္ဌိ၊ ဝိဘဝတဏှာဆိုတာ သဿတ ဒိဋ္ဌိ။ သဿတဒိဋ္ဌိဆိုတာ ဘာလုပ်လုပ် 'ငါ'ထင်နေတယ်။ လုပ်နေတာက ရုပ်နာမ် ကလုပ်နေတာ၊ ဒါပေမဲ့လို့ 'ငါ'လုပ်တာလို့ ဒီလို စွဲတယ်။ သွားတာလည်း ရုပ်နာမ်က သွားတာ၊ ဒါပေမဲ့လို့ 'ငါ'သွားတာလို့စွဲတယ်၊ 'ငါ'သွားတာလို့ထင်တယ်၊ ထင်ပြီးတော့ ခင်တယ်၊ အဲဒါ ဝိဘဝတဏှာဆိုတာ သူပဲ။ ဒီတော့ မြတ်စွာဘုရားက ဓမ္မစကြာမှာ ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာ သမုဒယသစ္စာ။ ဒီတော့ အဲဒီတဏှာသုံး ပါးနဲ့ သတ္တဝါတွေက ခင်တယ်၊ အဲဒီအခင်ကို ဖျောက်ချင်ရင် ဒုက္ခသဘောနဲ့ ဖျောက်ရတယ် ခင်တဲ့ အခင်ကို။ ခင်တယ်-ခင်တယ်ဆိုတာ သူက "အကောင်းထင်, အခင်လာ"တဲ့၊ အကောင်းထင်လို့ အခင်လာတာ၊ ခင်တယ်တွယ်တာတယ်၊ မက်မောတယ်ဆိုတာ ကောင်းတယ်ထင်လို့ သူကခင်တာ။ ကောင်းလိမ့်မယ် ထင်လို့ခင်တာ၊ ကောင်းခဲ့တယ်ထင်လို့ ခင်တာကိုး။

ဒီတော့ မကောင်းဘူးလို့သိရင် မခင်ဘူး၊ အဲဒီ မကောင်းဘူးဆိုတဲ့ မြန်မာ စကားကို ပါဠိလိုစီရင် ဒုက္ခလို့ ခေါ်တယ်။ ဒီတော့ အဲဒီဟာကို ဒုက္ခနဲ့ အစားထိုးပြီး သိ၊ မကောင်းတာကို မကောင်းဘူးလို့ သိအောင် ဉာဏ်က ဘုရားတရားတော်နဲ့ ဉာဏ်ကစားပေးရတယ်၊ ဉာဏ်ကစားလိုက်တော့ အခု (၃၁)ဘုံလို့ခေါ်တဲ့ လူ့ဘုံ

http://www.dhammadownload.com



အပါအဝင် (၃၁)ဘုံကြီးကို ခံနေတဲ့အခင်ကို ပျောက်သွားအောင် "မမြဲသုံးချက် မြဲသုံးချက်ဘုံကြီး. . . ဒီဘုံကြီးက" ဒီလိုမြင်လိုက်ရတယ်၊ ဒီလိုအာရုံပြုလိုက်ရတယ်၊ ဒီလို အာရုံပြောင်းပေးလိုက်မှာယ်၊ မမြဲသုံးချက် မြဲသုံးချက်။

ဘာမမြဲတာ, ဘာမြဲတာ သိရအောင် အားလုံးပရိသတ်ရော, တို့ သံဃာတော်တွေရော လိုက်ဆိုလိုက်ကြမ်းပါ-

❖ ပျိုခြင်းမမြဲ, အိုခြင်းမြဲ, ငါလည်း အိုရမှာပါတကား။
မာခြင်းမမြဲ, နာခြင်းမြဲ, ငါလည်း နာရမှာပါတကား။
နေခြင်းမြဲ, သေခြင်းမြဲ, ငါလည်း သေရမှာပါတကား။

အဲ-မမြဲသုံးချက်ဆိုတာက ပျိုမှုရယ်, မာမှုရယ်, နေမှုရယ်။ ပျိုမှုဆိုတာ- ကိုယ်ခန္ဓာကိုယ်လေးပျိုမြစ်မြစ်နဲ့, အသားအရေလေး တောင့်တောင့်တင်းတင်း ပြည့်ပြည့်ဖြိုးဖြိုး, ဆံပင်လေးကနက်မှောင်၊ မျက်တောင်လေးတွေက ကော့လို့၊ မျက်လုံးလေးတွေက လှပ မျက်ခုံးမျက်လုံးက လှပ၊ သွားလေးတွေက ပုလဲလို့ ပြောရလောက်အောင် သဏ္ဌာန်ထင်ရလောက်အောင် လှပတယ်ဆိုတဲ့ ပျိုခြင်းက မမြဲဘူး. . .။ မာခြင်းကလည်း မမြဲဘူး၊ ကျန်းမာတယ်၊ တောင့်တောင့်တင်းတင်း သွားလာလှုပ်ရှား စားသောက်ပျော်ပါး၊ ကျန်းကျန်းမာမာ ဆိုတဲ့ ဒီမာခြင်းကလည်း မမြဲဘူး. . .။နေခြင်း- ဒီသား ဒီသမီး, ဒီဇနီး ဒီလင်, ဒီရွှေ ဒီငွေ ဒီစိန်ကျောက်တွေနဲ့ ဒီအိမ်ရာတွေနဲ့ နေရထိုင်ရတဲ့ ယှဉ်တွဲပြီးတော့ နေရတာက မမြဲဘူး. . .။ ဒါ မမြဲခြင်း သုံးချက်။ ပျိုခြင်း မမြဲဘူး၊ မာခြင်း မမြဲဘူး၊ နေခြင်း မမြဲဘူး။

မြဲသုံးချက်က ဘာတုန်းဆိုတော့- ပျိုခြင်းရဲ့ ပြောင်းပြန် အိုခြင်းက မြဲတယ်၊ အိုတာကတော့ သေချာပေါက်ပဲ အခုလည်း အိုနေတာပဲ၊ ပျိုပါတယ်ဆိုတဲ့ အသက် (၂၀, ၂၅)အရွယ်ပုဂ္ဂိုလ်တွေလည်းပဲ အိုနေဆဲပဲ။ သို့သော် မထင်ရှားလို့၊ ထင်ရှားတဲ့ အအိုမဟုတ်ဘူး။ ဇရာက-အမျိုးက နှစ်မျိုးရှိတာ ထင်ရှားတဲ့ဇရာ၊ မထင်ရှားတဲ့ ဇရာ။ ထင်ရှားတဲ့ဇရာကတော့ လူတိုင်းသိတယ်၊ ဆံပင်တွေဖြူသွားပြီ၊ ပါးရေတွေ တွန့်သွားပြီ၊ ခါးကြီးများ ကိုင်းသွားပြီ၊ လက်ရုံးသား လက်မောင်းသား သလုံးသားတွေ မရှိဘူး။ ကပ်သွားပြီ၊ ဒါ လူတိုင်းသိတယ်။ ဒါက ထင်ရှားတဲ့ အအိုခေါ်တယ်။

မထင်ရှားတဲ့ အအိုလို့ခေါ်တဲ့ ပဋိစ္ဆန္နဇရာ-စာလိုကတော့၊ ဖုံးကွယ်နေတဲ့ ဇရာ၊ မထင်ရှားတဲ့ဇရာက ရှိနေတာ ဒီခန္ဓာကိုယ်။ အမြဲတမ်း ရင့်ရော်ယိုယွင်း အိုမင်းမှုကြီး။ အဲဒီလို အိုနေတာ ဘယ်သူကလုပ်နေတုန်းဆိုတော့ ဇရာမီးက လောင်နေတာ၊ ဇီရဏတေဇောလို့ ခေါ်တယ်၊ တေဇောလေးမျိုးထဲမှာ ဇီရဏဆိုတာ

http://www.dhammadownload.com



အိုမင်းအောင်ပြုနေတဲ့၊ တေဇောဆိုတာ အပူဓာတ်ကြီး၊ အဲဒါဉာဏ်နဲ့ ကြည့်ဖို့ တောင် မလိုဘူး။ ကိုယ့်ကိုယ်ကို စမ်းကြည့် သိပါတယ်။ ကိုယ့်ခန္ဓာကိုယ်လေးစမ်း ကြည့်လိုက်ရင် ရင်ဘတ်စမ်းကြည့်ကြည့်၊ ဗိုက်စမ်းကြည့်ကြည့်၊ လက်မောင်း ခြေသလုံးစမ်းကြည့်ကြည့် နွေးတေးတေးလေး တွေ့လိမ့်မယ်၊ အဲဒါဇီရဏတေဇော ဆိုတာ သူပဲ။ အမြဲတမ်းလောင်မြိုက်နေတာ အငွေ့တွေ။

အေးသွားတဲ့ အခါလည်း တေဇောပဲ။ တေဇောက ပူတာလဲတေဇောပဲ၊ အေးတာလည်းတေဇောပဲ။ အေးသွားလို့များသူက သက်သာလိမ့်မယ် မထင်နဲ့၊ မီးကသာ အရာဝတ္ထုတွေကို လောင်မြိုက်ဖျက်ဆီးတာမဟုတ်ဘူး၊ ရေကလည်း ဖျက်ဆီးတာပဲ အရာဝတ္ထုတွေ ပျက်စီးအောင်၊ ကမ္ဘာကြီးပျက်စီးပြီဆိုတော့ မီး ကြောင့်ပျက်စီးသလို ရေကြောင့်လည်းပျက်စီးတာပဲ။ ရေတွေ အေးလွန်းမက အေးတော့ ကြေမွသွားတာပဲ၊ အဲဒီထဲကျတဲ့ သတ္တဝါ။ တို့-ဟို သီတာခုနှစ်တန်ဆိုတဲ့ မြင့်မိုရ်တောင်မင်းရဲ့ ပတ်ပတ်လည် မြစ်ကြီးခုနှစ်စင်းဆိုတဲ့ သီတာခုနှစ်တန် နေ ရောင်ခြည် လုံးဝမရောက်ဘဲ အဲဒီနေရာတွေကျတော့ ငရဲခံရတဲ့ သတ္တဝါတွေ ရေထဲကျတဲ့ အခါကျတော့ အသားတွေကျေမွသွားတာပဲတခါတည်း။ ရေအေး ဓာတ်က စိမ့်ဝင်ထိုးဝင်ပြီးတော့ ရေကစားပြစ်လိုက်တာ၊ ဒါ အအေးဓာတ်ကလည်း တေဇောပဲ။ အဲဒီတော့ အဲဒီလိုအားဖြင့် ခန္ဓာကိုယ်မှာ ပူတာလေးတွေတွေ့, အေး တာလေးတွေ့တွေ့, ဇီရဏတေဇော၊ အိုစေတတ်တဲ့, ရင့်ရော်စေတတ်တဲ့ တေဇော . . . တဲ့။ သူက အမြဲရှိနေတာပဲ၊ သူက အမြဲရှိနေတော့ အိုနေတာပဲ။ သို့သော် အခု ဒီမှာ ထင်ရှားတဲ့ အအိုကိုပြောတာ။

ဒီတော့ "ပျိုခြင်းမမြဲ, အိုခြင်းမြဲ, ငါလည်း အိုရမှာပါတကား. . ." လို့(၃၁)ဘုံဟာ ပျိုခြင်းမမြဲတဲ့ဘုံကြီးပဲဆိုတော့ စိတ်ထဲမှာမကောင်းတဲ့ သဘောကြီး မြင်လာတယ်၊ မဟုတ်တဲ့, မဟန်တဲ့ သဘောကြီးမြင်လာတယ်၊ ဒီလိုမဟုတ်လို့ရှိရင် ကိုယ့်ကိုယ်ကို အမှတ်တမဲ့ဆို, အမယ်. . . မနေ့ကလည်း ငါပဲ၊ ဒီနေ့လည်း ငါပဲ၊ မနေ့ကလည်း ဒီလို ပျိုပျိုမြစ်မြစ်၊ ဒီနေ့လည်း ပျိုပျိုမြစ်မြစ်၊ ငါ့ဆံပင်လေးက အခုလည်းနက်၊ မနေ့ကလည်းနက်၊ နောင်လည်းနက်နေအုံးမှာလို့ ဒီလိုထင်နေ သကိုး သတ္တဝါတွေ။ ကိုယ့်လက်ကိုယ့်ခြေတွေ ဒီလိုပဲထင်နေတာပဲ၊ ဒါ မမြဲတဲ့ဟာကို မြဲတယ် သွားထင်တာ။ ကျန်းကျန်းမာမာ ဒီလိုပဲ နေရလိမ့်မယ်ထင်တာ၊ သားတွေ သမီးတွေနဲ့ ဇနီးတွေနဲ့ ပျော်ပျော်ရွှင်ရွှင် ဒီလိုပဲ နေရလိမ့်မယ်ထင်နေတာ။ အထင်ကလွဲကုန်တာ။

ဒီတော့ မမြဲတာကို မမြဲဘူးလို့သိသည်နှင့်တပြိုင်နက် မကောင်းသဘော ကြီးပေါ်လာတယ်။ အဲဒီ မကောင်းသဘောကို ဒုက္ခသစ္စာလို့ ခေါ်တာပဲ၊ ဒုက္ခဆိုတာ

http://www.dhammadownload.com



နာလိုက်တာ၊ ကျင်လိုက်တာ၊ ကိုက်လိုက်တာဆိုတာက အဲဒါ "ဒုက္ခ ဒုက္ခ"ခေါ်တယ်။ တကယ့် ဒုက္ခ။ ဒုက္ခက သုံးမျိုးရှိတာ၊ "ဒုက္ခဒုက္ခ၊ သင်္ခါရဒုက္ခ၊ ဝိပရိဏာမဒုက္ခ"။ ဒီတော့ အဲဒီထဲမှာ အခု 'ဒုက္ခဒုက္ခ'ဆိုတာက လူတိုင်းသိ၊ ခွေးသိ ဝက်သိဆိုပါတော့ ဒီ ဒုက္ခကတော့၊ ရိုက်လိုက်ရင်နာတာပေါ့၊ အော်တာပေါ့၊ ခွေးများလည်း အဲဒါဒုက္ခပဲ သိတာပေါ့ သူ၊ သူ့အနာတို့ ဘာတို့ ပေါက်လို့ကိုက်လို့ခဲလို့ အော်နေတာ အဲဒါ ဒုက္ခပဲ။ ဒုက္ခဒုက္ခခေါ်တယ်။ သိတာပေါ့ အဲဒါကျတော့ ပြင်းထန်တယ်။

ဒါကြောင့် ရဟန္တာပုဂ္ဂိုလ်ကြီးများနဲ့ အနာဂါမ်ပုဂ္ဂိုလ်အမြင်မတူဘူး။ အနာဂါမ်နဲ့ သကဒါဂါမ်မတူဘူး၊ သကဒါဂါမ်နဲ့ သောတာပန်မတူဘူး။ သောတာပန်နဲ့ ပုထုဇဉ်မတူဘူးဆိုတာ အဲဒါပြောတာ။ အတိမ်အနက်ကွာသွားတာ အမြင်က။ မြင်တဲ့အရာဝတ္ထု အတိမ်အနက် အရှုပ် အနက်။ ပုထုဇဉ်က ရုပ်မြင်တာ အပေါ်ယံ၊ တိမ်တိမ်လေးမြင်တာ။ သောတာပန်ဆိုရင် တော်တော်စူးစိုက်သွားပြီ။ သကဒါဂါမ်၊ အနာဂါမ်ဆိုရင် ပြောစရာမရှိဘူး၊ ရဟန္တာများကျတော့-

**ဝိဒိတာ ဝေဒနာ၊ ဒုက္ခဝေဒနာ အပ္ပဋ္ဌံ ဂစ္ဆန္တိ၊ အပ္ပဋ္ဌံ ဥပဋ္ဌဟန္တိ. . ။**

စာက၊ ရဟန္တာပုဂ္ဂိုလ်ကြီးများကျတော့ ဘာမြင်လိုက်မြင်လိုက်၊ ဘာသိလိုက်သိလိုက် ဉာဏ်ကဦးစီးပြီးတော့ ဒုက္ခသဘောကြီး ထင်ထင်ရှားရှားကြီး မြင်တာ. . . တဲ့။ ဘာတွေ မြင်လိုက်မြင်လိုက် ဒုက္ခသဘောအဖြစ်နဲ့မြင်၊ အနိစ္စသဘောအဖြစ်နဲ့မြင်တယ်၊ အဲဒီ အနိစ္စသဘော ဒုက္ခသဘောနဲ့မြင်တဲ့ ဉာဏ်က ရှေ့ကဦးစီးနေတယ် သူတို့က။ ရှေ့ကပြေးနေတယ်၊ တမင်မကြိုးစားရဘူး၊ သူ့ဘာသူကို တခါတည်း အမြင်မှန်ကြီးက ရှေ့ကနေ ပြေးပြေး ပြေးပြေးပြီးမြင်ပေးနေတာ၊ အဲဒီတင် သူတို့က မဖောက်ပြန်တော့ဘူး။ ချစ်စရာတွေလို့လည်း မချစ်တော့ဘူး။ မုန်းစရာတွေတော့လည်း မမုန်းတော့ဘူး၊ ဒါပဲ. . . ဒီရုပ်နာမ်တွေပဲ၊ ဒီသင်္ခါရ ဒီသဘောတွေပဲလို့ ဒီလို နိုင်သွားတယ် စိတ်ကို။

တို့ ပုထုဇဉ်တွေကတော့ ဒီလိုမဟုတ်ဘူး၊ ပြုန်းကနဲဆိုမှဖြင့် တရားက မေ့သွား၊ ပျောက်သွားပြီးတော့ အခါတည်း ဝမ်းနည်းစရာရှိလည်းဝမ်းနည်း။ ဝမ်းသာစရာရှိလည်း တခါတည်းဝမ်းသာ. . .၊ ပြီးမှတရားနဲ့ ပြောဟောပြီး တရားနဲ့ ပြန်ပြီးကိုယ့်ဘာကိုသတိမေ့ သို့မဟုတ် ဘေးကဟောမှ နည်းနည်း ပြန်ပြီး စိတ်ကလေးလည်လာ၊ " အင်း. . ဟုတ်ပ. . ဟုတ်ပ. . ဟုတ်ပ"ဆိုပြီး ဒီလို ဖြစ်လာတယ်။ ဒီတော့ (၃၁)ဘုံကို ဒုက္ခဘုံကြီးအဖြစ်နဲ့ မြင်အောင် "မမြဲသုံးချက် မြဲသုံးချက်ဘုံကြီး" အဲဒီလိုအနှံ့ပြုလိုက်တော့ (၃၁)ဘုံကြီးရဲ့ ဘဝအပေါ် မတွယ်တာတော့ဘူး။ ဘုံပေါ်လည်းမတွယ်တာတော့ဘူး၊ အဲဒီ (၃၁)ဘုံထဲ ဖြစ်ရမယ့် ဘဝတွေပေါ်လည်းမတွယ်တာတော့ဘူး။ ဟော တဏှာ သေ။ ဘဝတဏှာ၊

http://www.dhammadownload.com



ကာမတဏှာသေ။ သမုဒယသစ္စာတဏှာသေသွားတော့ အဲဒီ မမြဲတဲ့ဘုံမျိုး မဟုတ်တဲ့ နေရာပဲရောက်ချင်တော့တယ်၊ ဟော စိတ်က ဒီလိုဖြစ်သွားတယ်။

ဒီဟာ မကောင်းဘူးဆိုရင် ဒီမှ တပါးသော ကောင်းတာပဲ စိတ်ကညွတ်သွားတယ်၊ အဲ- ဒီမှတပါးသော ကောင်းတာဟာ နိဗ္ဗာန်ပဲ၊ နိရောဓသစ္စာပဲ၊ အဲဒီနိဗ္ဗာန်ဘက်ကို ညွတ်သွားတာ မဂ္ဂသစ္စာပဲ။ ဒီတော့(၃၁)ဘုံဆိုတဲ့ ဘုံကြီးက ဒုက္ခသစ္စာ၊ ဒုက္ခသိလိုက်သည်နှင့်တပြိုက်နက် ခင်မင်မှု, တွယ်တာမှု မက်မောမှုတွေ ပျောက်သွားတာက သမုဒယသစ္စာ တဏှာပယ်လိုက်တာ။ ဒီဘုံမျိုး ဒီလိုမမြဲသုံးချက် မြဲသုံးချက် ဘုံကြီးမျိုးမဟုတ်တဲ့ နေရာမရှိတဲ့နေရာဆိုတာက နိရောဓသစ္စာ၊ အဲဒီကို လှမ်းပြီးတော့ညွတ်တာ၊ အာရုံပြုတာ၊ ရှေးရှုတာကမဂ္ဂသစ္စာ၊ သစ္စာလေးချက်ဝင်တယ်၊ ဘုရားတရားမှန်သမျှ ကိုယ်ကမယူတတ်လို့သာရှိမယ်၊ သစ္စာလေးချက်ဝင်နေတာ၊ သစ္စာလေးပါးအမြဲပါနေတာ ဒါကြောင့်သစ္စာလေးပါးမြင်တယ်၊ သစ္စာလေးပါးမြင်တယ်ဆိုတာ၊ အဲဒါပဲ တစ်ပါးမြင်လိုက်ရင် လေးပါးကမြင်ပြီးသားဖြစ်သွား၊ ဒါကြောင့်မြတ်စွာဘုရားက သံယုတ်ကျတော့ ဟောတယ်-

ယော ဒုက္ခံ ပရိဇာနာတိ၊ သော သမုဒယမ္ပိ ပဇဟာတိ၊
နိရောဓမ္ပိ သစ္ဆိကရောတိ၊ မဂ္ဂမ္ပိ ဘာဝေတိ။

ယော-အကြင်ပုဂ္ဂိုလ်သည်၊ ဒုက္ခံ-ဒုက္ခသစ္စာရဲ့ သဘောကြီးကို၊ ပဇာနာတိ-ပိုင်းခြားပြီးတော့ ဉာဏ်နဲ့သိလိုက်၏၊ သော-အဲဒီလိုဉာဏ်နဲ့ ပိုင်းခြားပြီးတော့ ဒုက္ခသစ္စာ သိလိုက်တဲ့ပုဂ္ဂိုလ်သည်၊ သမုဒယမ္ပိ ပဇဟာတိ-သမုဒယသစ္စာတဏှာကိုလည်း ပယ်သတ်ပြီးသားဖြစ်၏၊ နိရောဓမ္ပိ သစ္ဆိကရောတိ-ဒီ ဒုက္ခမျိုးမရှိတဲ့ နိဗ္ဗာန်ဘက်ကိုလည်း စိတ်ညွှတ်ပြီးသား ဦးတည်းပြီးသား လှမ်းပြီးတော့မျက်မှောက်ပြုပြီးသား ဖြစ်၏၊ မျက်စိနဲ့လှမ်းကြည့်ရာရောက်၏၊ မဂ္ဂမ္ပိ ဘာဝေတိ-မဂ္ဂသစ္စာခေါ်တဲ့ တရားကိုလည်း ကိုယ့်သန္တာန်ဖြစ်စေပြီးသား ရောက်ပြီးသားဖြစ်၏. . . ။

တချက်ခုတ်လေးချက်ပြတ်ပဲ၊ သစ္စာလေးပါးမြင်တယ်, သစ္စာလေးပါးမြင်တယ်ဆိုတာ အဲဒါပဲ၊ ဒါပေမယ်လို့၊ ဒါ-ပုထုဇဉ်မြင်၊ ကာမာဝစရလောကီမြင်၊ လောကီဉာဏ်မြင်ခေါ်တယ်၊ အဲဒီအမြင်မျိုး မဂ်နဲ့ဖိုလ်နဲ့မြင်လိုက်ပြီဆို ဘယ်တော့မှ မပျက်တော့ဘူး၊ တစ်ချက်ထဲစွဲသွားတာ၊ လောကီအမြင်က ပြန်ပြန်ပျောက်တယ်၊ လောကီအမြင်ကမစွဲသေးဘူး၊ လောကုတ္တရာ အမြင်ကမှ တစ်ခါတည်း တစ်ချက်တည်းသွားတော့တာ၊ ပြီးရော၊ အမြင်ပေါက်သွားတာ၊ ဒါ သစ္စာလေးပါးသိတယ်၊ သစ္စာလေးပါးသိတယ်ဆိုတာ ဒါပဲ၊ လေးပါးလုံးတစ်ခုပြီးမှတစ်ခု သြော်. . .၊ ဒါ

http://www.dhammadownload.com



ဒုက္ခပြီးတော့မှ သမုဒယပယ်လိုက်အုံးမှပဲ. . .၊ ပြီးတော့မှ နားနားနေနေ စားသောက်ပြီးမှ နိရောဓသစ္စာအမြန်မျက်မှောက်ပြုမယ်၊ ဒီလိုလုပ်နေရတာ မဟုတ်ဘူး တရားသဘောက၊ ဒီတော့(၃၁)ဘုံကြီးကို မမြဲသုံးချက်၊ မြဲသုံးချက် ဘုံကြီး၊ ဟော-မမြဲလိုက်တာမှ ပျိုတာမမြဲဘူး အိုတာမြဲတယ်၊ မာတာမမြဲဘူး နာတာကမြဲတယ်၊ နေရတာကမမြဲဘူး သေရတာကမြဲတယ်။

အခုကို တင်စိန် မမြဲလို့သေရပြီ၊ ဒီမမြဲတာကို ဘုရားတောင်ကယ်လို့ မရဘူး၊ နေရတာမမြဲဘူး သေရတာကြီးကမြဲတယ်၊ အဲဒီ နေရတာမမြဲပြီးတော့ သေရတာမြဲတာရှိတာကို၊ အဲ-သေရတာကြီးမမြဲပါနဲ့လို့ ဘုရားကတောင် ဖျက်လို့ မရဘူး၊ ရွှေ့လို့ကတော့ နည်းနည်းရချင်ရမယ် ဖျက်လို့တော့မရဘူး၊ သေတာတော့ သေချာပေါက်ပဲ၊ သေရတာချည်းပဲ၊ ဒါဖျက်လို့မရဘူး၊ ရွှေ့တာတော့ နည်းနည်း အရွှေ့အပြောင်းလုပ်လို့ရတယ်၊ အမရွှေ့အပြောင်းလုပ်လို့ရတယ်ဆိုတာ၊ အခုသေမယ့်သူကိုတော်တော်ကြာမှ သေအောင် ဒီလိုတော့ ဘုရားကနည်းနည်းတတ်နိုင်တယ်၊ ဒီလောက်ပဲတတ်နိုင်တယ် ဘုရားတောင်။

တို့ဘုရားလက်ဟက်က * အာယုဝဍ္ဎနကုမာရ ဇာတ်ကြည့်ပေ့ါ၊ သားမိသားဖသုံးယောက် ကလေးလေးချီပြီးတော့ ဘုရားဆီရောက်လာကြတာ၊ မြတ်စွာဘုရားဆီရောက်တော့ အဖေလုပ်တဲ့သူက ရှစ်ခိုးကယ် ဘုရားကို၊ သားလေးက ငယ်ငယ်လေးပါလာတာ၊ အဖေလုပ်တဲ့သူက ဘုရားရှစ်ခိုးတော့ မြတ်စွာဘုရားက" သုခီဟောဟိ ဒီဃာယုကော ဟောဟိ. . . " "ချမ်းသာပါစေ, အသက်ရှည်ပါစေ" ဆုပေးတယ် ဘုရားက၊ ဒကာမကြီးက၊ သားလေးကို သူ့အဖေလက်ထဲ၊ သူ့ယောကျ်ားလက်ထဲထည့်ပြီးတော့ သူကတစ်ခါ ဘုရားကို ထိခြင်းငါးပါးနဲ့ ရှစ်ခိုးလိုက်ပြန်တယ်၊ "သုခီ ဟောဟိ၊ ဒီဃာယုကော ဟောဟိ. . . " ကိုယ်စိတ်နှစ်ဖြာချမ်းသာပါစေ. . . အဖေက ရှစ်ခိုးတော့၊ သုခီ ဟောဟိ၊ ဒီဃာယုကော၊ ဟောဟိ" နဲ့-ချမ်းသာပါစေ ကိုယ်စိတ်နှစ်ဖြာချမ်းသာပါစေ၊ အသက်ရှည်ပါစေလို့ ဆုပေးတယ်၊ ဘုရားက, နောက်အမေလုပ်တဲ့သူက ရှိခိုးပြန်တော့လည်း ဒီလိုပဲ၊ မြတ်စွာဘုရားကဆုပေးတယ်။

နောက်သူတို့သားလေးပါလာတာဖြစ်တော့ သူတို့သားလေးကိုအမေလုပ်တဲ့သူက-"သားလေးကလည်း ကန်တော့ကန်တော့၊ ဘုရားကိုဩကာလုပ်၊ ဩကာလုပ်"ဆိုပြီးတော့ တစ်ခါတည်းလက်အုပ်ကလေးချီ့ချီပြီးတော့ ရှိခိုးပြီးတော့၊ ခေါင်းလေးညွှတ်ပြီးတော့ ရှိခိုးပေးတော့ ဘုရားက ဘာမှဆုမှ မပေးဘူး၊

---

* ဝမ္ဂ-၄-၁၊ ၄၂၃။

http://www.dhammadownload.com



အဲဒီတင် သူတို့ဇနီးမောင်နှံနှစ်ယောက်က မြတ်စွာဘုရား . . . ဟပည့်တော်တို့ရှိခိုးတော့ ချမ်းသာပါစေ၊ "ကိုယ်စိတ်နှစ်ဖြာ ချမ်းသာပါစေ၊ အသက်ရှည်ပါစေ" လို့ဆုပေးတယ်၊ "တပည့်တော်တို့သားလေးကျတော့ မပေးဘူးလားဘုရား . . . မပေးဘူးလား၊ ဘာပြုလို့တုန်း" လို့ဆိုတော့ မြတ်စွာဘုရားက ဆုပေးလို့မရဘူး၊ အန္တရာယ်ရှိနေပြီ။ "ဒီဃာယုကော ဟောတိ" အသက်ရှည်ပါစေ ဆုပေးလည်း သူကအသက်မရှည်တော့ဘူး၊ သိပ်မကြာခင် သေတော့မှာ၊ အဲဒါမြင်လို့မြတ်စွာဘုရားက မပေးဘူး။

အဲဒီလို အသက်မကြာခင် ပြတ်မယ့်အကြောင်း မြင်တယ်. . . ဒါ့ကြောင့် မပေးဘူးဆိုတော့. . . "အမလေး ဘယ့်နှယ့်လုပ်ရမှာတုန်းဘုရား. . . မြတ်စွာဘုရား ကယ်ပါအုံးဘုရား" ဆိုတော့မှ-မြတ်စွာဘုရားက "အေး. . . ကောင်းပြီ အိမ်ကျတော့ အိမ်ရဲ့ကွင်းပြင်မှာ တန်းလျားတို့၊ အင်းပျဉ်တို့ပေါ့လေ ချထားပြီးတော့ ကလေးကိုခလယ်ထား၊ ထားပြီးတော့ ဒီက ငါ့တပည့်သံဃာတော်တွေ လာလိမ့်မယ်၊ ပရိတ်မေတ္တာများ ရွတ်ကြဖတ်ကြလိမ့်မယ်၊ ပြီးတော့မှ ငါဘုရားကိုယ်တော်မြတ်က သင့်တဲ့အချိန်လာမယ်. . . ဆိုပြီးတော့ အဲဒီလို စီစဉ်ဆိုပြီးတော့ လွှတ်လိုက်တာ။

အိမ်ကျတော့ တခါတည်း သူတို့အိမ်ရဲ့ကွင်းပြင်ထွက်၊ မဏ္ဍပ်ကနားလေးများထိုးပြီးတော့ ရွတ်ကြတာပဲ-ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန်တို့၊ သံဃာတော်တွေအလှည့်ကျဝိုင်းပြီးတော့ မေတ္တသုတ်၊ ရတနသုတ်၊ ဓာဇဂ္ဂသုတ်စတဲ့သုတ်တွေရွတ်ကြ။ ခုနှစ်ရက်တိုင်တိုင် နေ့ရောညရော ရွတ်ယူရတာ,ဘုရားအစီအမံနဲ့။ နောက်ဆုံးနေ့ကျတော့မှ မြတ်စွာဘုရားကိုယ်တော်တိုင်ကြွလာပြီးတော့ ရွတ်ဖတ်ပေးပြီး၊ သူ့ကိုဘီလူးကစားဖို့ရာ အခွင့်ရထားလို့ ဘီလူးက လာစားမှာကိုး၊ အဲဒါကို မြတ်စွာဘုရားနဲ့သံဃာတော်တွေက ကယ်ကြတာ၊ ယက္ခိုရ်ဂ္ဂမ္ဘဏ်ဘီလူးတွေ လာစားမယ့်ဘေးကို မလာနိုင်အောင်ဆိုပြီးတော့ ပရိတ်မေတ္တာတွေ၊ ခုနပရိတ်တော်တွေနဲ့ ရွတ်ဖတ်သရဇ္ဈာယ်ထားပြီးတော့ နောက်ဆုံးနေ့ ဘုရားက ကြွလာပြီးတော့ အလှူခံ။ အဲဒီကလေး နောက်တော့ အသက်တစ်ရာ့နှစ်ဆယ်ရှည်သွားတာပဲ၊ သို့သော် သေတာပဲ သူလည်းနောက်ဆုံး။

သေတာကမြဲတယ်၊ ဘုရားကရွှေ့ပေးလိုက်တာပဲ။ ဒီတစ်နှစ်သား၊ နှစ်နှစ်သားလေးနဲ့ သေမယ့်ဟာကို တစ်ရာ့နှစ်ဆယ်ရှည်သွားအောင်သာရွှေ့ပေးနိုင်တယ်၊ "တစ်သက်လုံး မသေစေ. . . "လို့ဆိုပြီးတော့ ဘုရားက ဒီလူ့ဘဝ, လူ့ခန္ဓာကြီးနဲ့ ဒီလိုတော့လုပ်မထားနိုင်ဘူး၊ မြဲတာကသေချာပေါက်မြဲတာ။ သို့သော် ဘယ်လိုတော့ဘုရားက မသေအောင်တတ်နိုင်တုန်းဆိုတော့ တရားနည်းနဲ့၊ လောကုတ္တရာ

http://www.dhammadownload.com



နည်းနဲ့ မသေတဲ့ဆီတော့ ပို့ပြီးဖော့ အဲဒီအပို့ခံရရင်၊ အဲဒီလို နည်းနဲ့ကျတော့ ပို့ပြီးတော့ မြဲအောင်လုပ်နိုင်တယ် ဒီလိုတော့ရတယ်။ နိဗ္ဗာန်ကိုမြင်အောင်ပြပေးလိုက်ပြီးတော့ သူ့မသေရာဓာတ်ပို့ပေးလိုက်တော့ ဘယ်တော့မှ မသေတော့တဲ့ နိဗ္ဗာန်ကို ရသွားအောင်၊ ဟော-ဒီလိုတော့ရတယ်။

ဒီလိုမဟုတ်ဘဲနဲ့ ခုနက လောကီနည်းနဲ့ကတော့ မရဘူး၊ ရွှေ့ရုံသာ ရွှေ့နိုင်တယ်။ လောကုတ္တရာနည်းနဲ့ပို့တာကျတော့-တို့. * ဆတ္တမာဏဝကလုလင် တက္ကသိုလ်ပညာသင်သွား။ ပညာတတ်တော့ ဆရာကြီးက ငွေတစ်ထောင် ကန်တော့ရမယ်ဆိုပြီးတော့ တက္ကသိုလ်ကနေပြီးတော့ သူ့မြို့ဥက္ကဋ္ဌမြို့ သူ့အမေအဖေတို့ဆီပြန်လာတယ် ခပ်သုတ်သုတ်၊ ရှေးတုန်းက ကားရထားခေတ်မဟုတ်တော့ ခြေလျင်ပဲသွားရတာ၊ ဒီတော့ပြန်လာတော့ တက္ကသိုလ်ကျောင်းသား တစ်ယောက်ဥက္ကဋ္ဌမြို့ပြန်ရောက်လာတယ်ဆိုတော့ ဥက္ကဋ္ဌမြို့ဆိုတာကလည်း အထိုက်အလျောက် မြို့လို့ထင်ရှားတယ်၊ တက္ကသိုလ်ကျောင်းသား ပြန်လာတယ်ဆိုတော့ နဲနဲဥက္ကောဋ္ဌမေယျဖြစ်သွား။

ဘာလို့ပြန်လာတာတုန်းဆိုတော့ တက္ကသိုလ်ဆရာကြီးကန်တော့ဖို့ ပူဇော်ဖို့ ငွေတစ်ထောင်ပြန်လာယူတာ၊ "တက္ကသိုလ်ကျောင်းသား ငွေပြန်ယူတာ၊ ငွေတစ်ထောင်ယူပြီးတော့ နက်ဖြန်ခါပြန်သွားရမှာ"နဲ့ သတင်းက ပြန့်သွားတော့ တောအုပ်ထဲက ခိုးသားတွေက ကြားတာကိုး၊ "ဟ-နက်ဖြန်ခါ သူဌေးသားငွေတစ်ထောင်ထုပ်နဲ့ ဒီတောအုပ်ကဖြတ်မှာတဲ့ကွ၊ တို့ဒီကောင့်ကို ရအောင်ဖမ်းသတ်ပြီးတော့ တို့ငွေလုမှဖြစ်မယ်" ဆိုပြီး၊ အဲဒါစောင့်ကြတာပဲ၊ စောင့်ကြတော့ ဒီလိုသွားမယ်ဆိုတာဖြစ်နေတဲ့အချိန် မြတ်စွာဘုရားကလည်း သဗ္ဗညုတဉာဏ်နဲ့ ဖြန့်ကျက်ပြီးတော့ ကျွတ်ထိုက်တဲ့ဝေနေယျဝါတွေ ရှာလိုက်တော့ ဒီဆတ္တမာဏဝက လုလင်လေး ဉာဏ်ထဲမှာထင်လာတယ်၊ "အလို. . . လုလင်လေး ထင်လာတယ် ကျောင်းသားလေး၊ တက္ကသိုလ်ကျောင်းသား"၊ ဘယ်လိုများပါလိမ့်. . . လျှောက်ကြည့်လိုက်တော့-"ဩော် . . . သူတောထဲဖြတ်ရမှာပါလား. . . အင်း. သူ့ကို ခိုးသားတွေက မြှားနဲ့ပစ်သတ်မှာပါလား. . .၊ အဲဒီပစ်သတ်တာက ငါဘုရား တားနိုင်သလား၊ မတားနိုင်ဘူးလား"လို့ ကြည့်လိုက်တော့ မတားနိုင်ဘူး၊ သူ့ရဲ့ ရှေးဝိပါက်ကရှိနေတယ်။

ရှေးကံအကြောင်းက ရှိနေတယ်။ သူက ဒီလိုသူများကို သတ်လာခဲ့တဲ့ ကံက ရှိနေတော့ ဘုရားက "အင်း . . ငါတားလို့မရပါလား. . . ကံဆိုတာ သူ

* ဝိမာန-၇၆။ ဋ-၂၁၃။

http://www.dhammadownload.com



လုပ်လာတဲ့ကံ သူခံရအုံးမှာပါလား၊ ဒါတားလို့မရပါလားဆိုပြီး နောက်ဘဝကြည့်လိုက်တော့မှ "သြော်. . . သူနောက်ဘဝ နတ်သားဖြစ်မယ်။ ငါဘုရားဟောတဲ့တရားလေးကို နာရပြီးတော့ မသေခင် တရားလေးနာရပြီးတော့ အဲဒီတရားအရှိန်နဲ့ တောအုပ်ကိုဖြတ်မှာ၊ "အင်း. . . နတ်ပြည်ဖြစ်မယ်၊ နတ်ပြည်ဖြစ်ပြီးတော့ သူနတ်ပြည်ကနေပြီးတော့ ငါ့ဆီလာမယ်၊ အဲဒီတင် ငါဘယ်တရားဟောတော့ သူသောတာပန်ဖြစ်မယ်၊ ဟုတ်ပြီ. . . သူနိဗ္ဗာန်ရဖို့ရာ ကွက်ကျော်တော့ ရှိသေးတယ်၊ ဒီဘဝတော့ ငါမကယ်နိုင်ဘူး၊ နောက်ဘဝတော့ ငါကယ်လို့ရသားပဲ။

သောတာပန်ဖြစ်ပြီး သောတာပန်က သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာတက်သွား၊ ဟော-မသေရွာရောက်သွားမယ်။ ငါ့သားကြီး. . . ဒါ့ကြောင့် ညဏ်ထဲ လာထင်ရှာတာပဲကိုး. . . သူသတ်တာက သတ်တဲ့အကုသိုလ်လုပ်ခဲ့ပေမဲ့လို့ တစ်ဘက်က သူကောင်းမှုပြုခဲ့တာရှိပေသကိုး. . . သွားကယ်အုံးမှ၊ သွားကယ်အုံးမှ" ဆို ဘုရားကထွက်လာ။ ဆတ္တမာဏဝကလုလင် ဥက္ကဋ္ဌမြို့ကထွက်လာပြီးတောအုပ်ဝင်တော့မယ့် တောအုပ်အဝင်စ ဘုရားကသွားပြီးထိုင်နေတယ် ဖိုလင်လာမယ့်လမ်းကကြိုပြီးစောင့်နေရှာတယ်။ အဲ-လုလင်ကလည်း ငွေတစ်ထောင်ထုပ်ထမ်းလာပြီးတော့ တောလမ်းပေါ်လေ၊ ဖြတ်ပြီးသွားဖို့ ခြေလျှင်သွားကြရတဲ့ခေတ်၊ ရှေးခေတ်က။

အဲဒါ သူလာတာမြင်တော့ မြတ်စွာဘုရားက စကားလေးပြောပြီးတော့ နှုတ်ဆက်တယ်ပေါ့ "ဘယ်သွားမလို့တုန်းလုလင်. . ." နဲ့၊ အလ္လာပသလ္လာပပြောတော့ ဘုရားလိုနာမည်ကြီးပုဂ္ဂိုလ်ကြီးက အခေါ်ခံရတယ်ဆိုတော့ တက္ကသိုလ်ကျောင်းသား, သူဌေးသားကလည်း ဝမ်းမြောက်ဝမ်းသာနဲ့ ဝင်ပြီးတော့ထိုင်တယ်၊ သူက ဗုဒ္ဓဘာသာမဟုတ်ဘူး၊ ဟိန္ဒူ။ အဲဒါ-ဘုရားကအနားရောက်လာတော့ ကျောင်းသားကို-

ယေ ကေစိ ဗုဒ္ဓံ သရဏံ ဂတာသေ, န တေ ဂမိဿန္တိ အပါယဘူမိံ၊
ပဟာယ မာနုသံ ဒေဟံ, ဒေဝကာယံ ပရိပူရေဿန္တိ။. . . လို့

ဘုရားက သရဏဂုံရဲ့ အကျိုးတွေဟောတာ၊ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ-ဘုရားကိုယ်တော်မြတ်ကြီးကို၊ ကိုးကွယ်ဆည်းကပ်ပါတယ်. .၊ ဘုရားနောက် ပုန်းပါတယ်၊ ဘုရားနဲ့ကပ်ပါတယ်ဆိုရင် အဲဒီဘုရားက၊ အဲဒီ အမျိုးသားအမျိုးသမီးကို ကျရောက်လာမယ်၊ ဘေးတွေက ကွယ်ပေးနိုင်တယ်၊ ကာပေးနိုင်တယ်၊ လုလင်လေးရဲ့၊ အဲဒါကြောင့် ဘုရားကိုကပ်ထားရတယ်၊ ဘုရားနောက်က ပုန်းရတယ်၊ ဘုရားကို ဖက်ထားရတယ်၊ အဲလို ဘုရားဖက်ရခြင်းကြောင့် ရတဲ့အကျိုးတွေ၊ ဘေးရန်တွေမှကင်းပုံတွေကို ဘုရားက စိတ်ဝင်းစားအောင်ဟော. . ပြီးတော့၊

http://www.dhammadownload.com



သူဌေးသားလေးက ကြည်နူးလာတော့-"လိုက်ဆို လိုက်ဆို" ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ-လို့ဆိုတော့၊ သူဌေးသားလေးက လိုက်ဆိုတယ်၊ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ-ဘုရားကို ကိုးကွယ်ဆည်းကပ်ပါ၏၊ တပည့်တော် ဒီနေ့က စပြီးတော့ ဘုရားဖက်ပါ၏၊ ဘုရားကိုးကွယ်ပါ၏၊ ဘုရားအားထားပါ၏။

ထို့အတူပဲပေါ့"ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ" သုံးခု။ အကျိုးအကြောင်းတွေ ပြောပြပြီးတော့ သရဏဂုံပေးလိုက်တာ သူကနဂိုက ဗုဒ္ဓဘာသာမှ မဟုတ်ဘဲနဲ့ ဟိန္ဒူဗြဟ္မဏ အယူဝါဒ ဗြဟ္မာကြီးကိုးကွယ်တာဆိုတော့ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" မဟုတ်ဘူး၊ သူတို့က "ဗြဟ္မံ သရဏံ ဂစ္ဆာမိ" နေတာ သူတို့က။ အဲဒါ သရဏဂုံသုံးပါးပေးလိုက်တော့ သရဏဂုံသုံးပါးရဲ့အစိပ္ပါယ်လည်း ဘုရားက်ရှင်းပြလိုက်တော့ သူ့စိတ်ထဲလေ. . . ကြည်နူးသွားလိုက်တာ၊ အမလေး ဒီလိုဘုရား အခုမှတွေ့ရပေတယ်၊ ဒီလိုတရား အခုမှကြားရပေတယ်၊ ဒီလိုသံဃာမျိုး အခုမှ ဘုရားပြောလို့သိရပေတယ်ဆိုပြီးတော့ ဘုရားကို ကျကျနန ရှိခိုးကန်တော့။

မြတ်စွာဘုရားက"အင်း. . . တော်လောက်ပြီ ဒီလောက်ဆိုရင်၊ သူဒီဘဝမှာ သောတာပန်မဖြစ်နိုင်သေးဘူး၊ ဒီလောက်ဆိုရင် ဟိုကခိုးသားတွေ မြားနဲ့ပစ်တောင်မှ တောအုပ်ထဲဖြတ်၊ မြားနဲ့ပစ်သတ်တောင်မှ ဒီစိတ်ကလေးနဲ့ သူအသေခံနိုင်တယ်. . .၊ သူ့အထက်တက်သွားမယ်ဆိုပြီးတော့"ကဲ ကဲ ကဲ. . ကျောင်းသားသွားတော့, သွားတော့၊ ငါးဘုရားလည်း ကြွတော့မယ်" ဆိုပြီးဘုရားနဲ့လမ်းခွဲသွားကြ၊ မကယ်နိုင်ဘူး၊ ဘုရား ဒါ တကယ်ဆိုတော့ မြတ်စွာဘုရားပြောလိုက်ဖို့ကောင်းတယ် "မင်း-ဟိုမှာ ခိုးသားတွေစောင့်နေတယ်၊ မင်း အသတ်ခံရလိမ့်မယ်, ဘာညာ ပြောလို့မရဘူး၊ သူ့ကံနဲ့သူလာတာ။

အဲဒါသွားတာပဲ ဟိုကလည်းပစ်တာပဲ, အဆိပ်လူးမြားနဲ့ပစ်ခတ်သတ်ဖြတ်ပြီးတော့ အထုပ်လုကြတာပဲ၊ အဲ သူက အထုပ်လုပေမယ့်လို့သေငယ်ဇောနဲ့ မြောသွားတဲ့အချိန် စိတ်ကမေ့မေ့လျော့လျော့မဖြစ်ဘူး၊ ခုနကမှ ဖူးခဲ့ရတဲ့ဘုရားအာရုံထဲရောက်. . . လို့။ ခုနကမှ ကြားခဲ့ရတဲ့တရား နားထဲကြား. . . လို့၊ ခုနကမှ ရှိခိုးကန်တော့ခဲ့ရတာတွေမြင်. . . ပြီးတော့ ကြည်. . . လို့ စိတ်ကလေးက၊ ကြည်လင်တဲ့စိတ်ကလေးနဲ့ သူ့အာရုံနဲ့သူ၊ ဟိုသူခိုးတွေကတော့ ယူကြငင်ကြ လုကြ၊ ယက်ကြပေါ့လေ. . .၊ ရွှေထုပ်ယူကြ အော်ကြ ဟစ်ကြနဲ့၊ ကြမ်းကြမ်းတမ်းတမ်း၊ သူကအဲဒါတွေဘာမှ မကြားဘူး၊ သူ့အာရုံနဲ့သူ၊ တက်သွားလိုက်တာ ဒေဝပုတ္တဆိုပြီးတော့ တာဝတိံသာမှာ နတ်သားသွားဖြစ်တယ်။

http://www.dhammadownload.com



အဲ-နတ်သားသွားဖြစ်ပြီးနောက် မကြာခင်မှာပေါ့လေ ဒီက "လုလင် တောအုပ်အဖြတ်မှာ ခိုးသားတွေသတ်လို့၊ ငွေတစ်ထောင်ထုပ်လုလို့ သေသတဲ့၊ သေသတဲ့" ဆိုတော့ ဟာ-ဥက္ကဋ္ဌမြို့က အမိအဖတွေကလည်း ဝမ်းနည်းပက်လက်နဲ့ ထွက်လာကြ၊ ဟို-တက္ကသိုလ်က ဆရာကြီးနဲ့ ဆရာတပည့်တွေကလည်း "တက္ကသိုလ် တပည့်တစ်ယောက် ဒီလိုဖြစ်လို့တဲ့"ဆိုတော့ ဟာ-လာကြတာပေါ့၊ ဟိုဘက်ကရော ဒီဘက်ကရော၊ တက္ကသိုလ်မြို့ကလည်း လာကြ၊ ဒီဘက်က ဥက္ကဋ္ဌမြို့ကလည်း လာကြ၊ အသုဘအခမ်းအနားစုံလို့ပေါ့ ဟိုဘက်ဒီဘက်။

အဲဒီအချိန် မြတ်စွာဘုရားကကြွလာ၊ အဲ-ခုနက နတ်သားကလည်း "အိပ်ပျော်တဲ့ယောကျ်ား နိုးတဲ့အလားကဲ့သို့" သူကလည်း ဘွားကနဲဆို တာဝတိံသာ လာဖြစ်တော့ "အလို. . . ငါတာဝတိံသာ လာဖြစ်ပါလား၊ ဘယ်ကလာခဲ့တာပါလိမ့်. . . "ကြည့်လိုက်တော့ လူ့ဘဝက ခုနက ဆတ္တမာဏဝကလုလင်အဖြစ်က တောအုပ်ထဲမယ် ခိုးသားတွေသတ်လို့သေရတဲ့အဖြစ်ကလာခဲ့တယ်၊ ဘာကောင်းမှုနဲ့များ ငါဖြစ်ခဲ့ပါတုန်းလို့ ကြည့်လိုက်တော့ တောအုပ်အဝင်စ ဘုရားက သူ့လာပြီးတော့ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ" သရဏဂုံ(၃)ပါးဂုဏ်ကျေးဇူး ဟောပြီးတော့ပေးလိုက်တဲ့ ကုသိုလ်လေး "ကြွေတစ်လက်ကြက်တခုန်"ဆိုတာလိုပဲ၊ ဒီကုသိုလ်လေးက မြင့်တင် ပင့်တင် ကော်တင်၊ မ,တင်လိုက်တာ တခါတည်း၊ တာဝတိံသာနတ်စည်းစိမ်နဲ့လာဖြစ်တာ မြင်တယ် သူက။

အဲဒါ "အမလေး. . . ကျေးဇူးတင်စရာကောင်းလိုက်တာ. . . ဘုရားရှင်ကိုယ်တော်မြတ်ကြီးများ၊ ကျေးဇူးကြီးမားပါပေတယ်. . . ကျေးဇူးကြီးမားပါပေတယ်"ဆိုပြီးတော့ ဘုရားကျေးဇူးဆပ်ချင်တာနဲ့၊ သူကလည်း ခုနက အသုဘအခမ်းအနားဆင်းလာတာ၊ ဆင်းလာပြီးတော့ နောက်ဆုံးတိုတိုပြောရရင်၊ အဲဒီမှာ မြတ်စွာဘုရားက"သင်ဘယ်သူတုန်း"လို့မေး "တပည့်တော်ဘယ်သူပါ"လို့ဖြေ၊ အဲ ပရိသတ်တွေကလည်း အကုန်တအံ့တသြဖြစ်ကုန်တာပေါ့၊ တက္ကသိုလ်ကျောင်းသားလေးကနေပြီးတော့ သေသွားပြီးတော့ အခု သူတို့ အလောင်းတောင် မသဂြိုဟ်ရသေးဘူး၊ ဒီမှာ ခမ်းခမ်းနားနား သူတို့မျက်မှောက်တင်ပဲ မြင်နေရတာ၊ တွေ့နေရတာ၊ သရဏဂုံသုံးပါးကျေးဇူးကြောင့် ဖြစ်ပွားသွားတဲ့ အကျိုးကျေးဇူးတွေ နတ်သားကလျှောက်ထားတော့ ပရိသတ်တွေ အကုန်သိ. . . ပြီး၊ အကုန်လုံး စိတ်တွေ ဘုရားဘက် ညွတ်ကုန်၊ နဂိုတုန်းက ဗြဟ္မဏဝါဒ၊ ဟိန္ဒူဝါဒ၊ သူ့ဝါဒနဲ့ သူ ယူနေတဲ့သူတွေ အကုန်လုံး ဘုရားအပေါ် စိတ်ညွတ်လာတော့မှ ဘုရားက တရားဟောတာ၊ အဲဒီတင် ဆတ္တမာဏဝကလုလင်လည်း သောတာပန်တည်၊ အောက်ကပရိသတ်ပေါင်းများစွာလည်း သောတာပန်၊ သကဒါဂါမ် ဖြစ်ကြ. . ၊ တရားတစ်ပွဲမှာ ဟန်ကျသွားလိုက်တာ။

http://www.dhammadownload.com



အဲ-ဖြစ်သွားတော့ အကျဉ်းချုပ်ကတော့ ခုနက ဆတ္တမာဏဝကလုလင် သောတာပန်ကနေ တစ်ဆင့်တစ်ဆင့် သောတာပန်တည်တယ်ဆိုမှတော့ သူက ရေယာဉ်ကြော ရောက်တာပဲ၊ သောတာပန္န-ဆိုတာ သောတာ+အာပန္န+ သောတာ-ရေအယဉ်ထဲသို့၊ အာပန္န-ရောက်သွားပြီ. . . ဆိုပါတော့၊ သမုဒ္ဒရာ ရောက်ချင်တဲ့သူက ဧရာဝတီမြစ်ရေပြင်ကြောထဲရောက်ဖို့ အရေးကြီးတယ်လေ၊ ကုန်းပေါ်ထိုင်နေလို့ကတော့ သမုဒ္ဒရာရောက်ဖို့အဝေးကြီးပဲ၊ ဒီတော့ ဧရာဝတီ မြစ်ရေပြင်ကြောထဲ လှေနဲ့သော်လည်းကောင်း၊ ဖောင်နဲ့သော်လည်းကောင်း၊ ရောက်သွားပြီဆိုရင်တော့ စိတ်ချတော့. . . သမုဒ္ဒရာရောက်မှာ၊ သမုဒ္ဒရာရောက် မှာ၊ မလှော်နဲ့မခတ်နဲ့အုံးရောက်မှာ လှော်ရင်ခတ်ရင် မြန်မြန်ရောက်တယ်၊ မလှော်မခတ်ဘဲနဲ့နေအုံး ရေကစီးနေပြီ၊ ဧရာဝတီမြစ်ရေပြင်ကြောထဲ လှေနဲ့ ဖောင်နဲ့သာ ကိုယ်ကရောက်အောင်သွားလိုက်၊ ရောက်အောင်သာ ကြိုးစားလိုက် တော့၊ ရောက်ပြီဆိုရင်တော့ အဲဒီသမုဒ္ဒရာသေချာပြီ. . .။

အဲလိုပဲ သောတာပန္နဆိုတာ သောတာ-ရေအယာဉ်ထဲသို့၊ အာပန္န- ရောက်သွားပြီ. . . နိဗ္ဗာန်သမုဒ္ဒရာရောက်မယ့်ရေယာဉ်ထဲရောက်သွားပြီ၊ သူ မ လှော်နဲ့မခတ်နဲ့၊ မကျင့်မကြံနဲ့အုံး၊ ဘာမှမကြိုးစားနဲ့ နောက်ထပ် တရားအားမထုတ် ချင်နေအုံးရောက်မှာ၊ ကြာတာနဲ့ နှေးတာပဲကွာတော့တယ်၊ အခု ငသာခါကျောင်း အမကြီးတို့ ဘုံစဉ်စံနေတယ်ဆိုတာ အဲဒါပေါ့၊ သေချာပေါက်ပဲ သူကရောက် တော့မှာ ရဟန္တာဖြစ်တော့မှာ၊ ရဟန္တာမ ဖြစ်တော့မှာ၊ ဒါဘုံစဉ်စံဦးတော့နေသွား တာပဲ၊ အနာထပိဏ်တို့ ဘုံစဉ်စံနေတာပဲ။

အဲ-လှော်တယ် ခတ်တယ်ဆိုတာကတော့ ဆက်ကြိုးစားအားထုတ်တော့ မြန်မြန်ရောက်တာပေါ့၊ လှေကိုကြိုးစားပြီးလှော်လိုက်တော့ မြန်မြန် သမုဒ္ဒရာ ရောက်တာပေါ့၊ အဆန်ပေမယ့်လို့ ကြိုးစားလှော်တော့ မြန်မြန်ရောက်တာပေါ့၊ စက်တပ်မောင်းတော့ မြန်မြန်ရောက်တာပေါ့၊ အဲလိုပေါ့ မြန်မြန်ဖြစ်ချင်တဲ့သူက တော့ မြန်မြန်ဖြစ်အောင်ကြိုးစားလိုက်တော့ ရဟန္တာဖြစ်ပြီဆိုတော့ အသေလွတ် သွားပြီ၊ အဲ-ဆတ္တမာဏဝကလုလင် အဲဒီအဖြစ်မျိုးရောက်သွားအောင် ဘုရားက ကယ်တယ်၊ ဒါ့ကြောင့်သေခြင်းက မြဲတယ်၊ မြဲတာကို ဘုရားက အရွေ့အပြောင်း တော့ လုပ်ပေးနိုင်တယ်၊ လောကီနည်းနဲ့ကတော့ မမြဲနေတာကို မြဲအောင်လုပ်လို့ မရဘူး၊ အဲ-လောကုတ္တရာနည်းနဲ့ကျတော့ရတယ်၊ ခုနက လောကုတ္တရာနည်းနဲ့ ကယ်သွားတာပဲ ဘုရားက၊ ကဲ-ဆိုကြစမ်းပါ့-

❖ ပျို့ခြင်း မမြဲ, အိုခြင်း မြဲ, ငါလည်း အိုရမှာပါတကား၊
မာခြင်း မမြဲ, နာခြင်း မြဲ, ငါလည်း နာရမှာပါတကား။

http://www.dhammadownload.com



နေခြင်း မမြဲ, သေခြင်း မြဲ, ငါလည်း သေရမှာပါတကား။

အဲဒီလိုအားဖြင့်(၃၁)ဘုံဆိုတဲ့ ဘုံကြီးကို မမြဲသုံးချက် မြဲသုံးချက် ဘုံကြီး. . လို့ အာရုံပြုကြပြီးသကာလ၊ ထိုမမြဲသုံးချက် မြဲသုံးချက်ဘုံကြီးမှ ဘဝတစ်ပါး ပြောင်းသွားကွယ်လွန်ခဲ့တဲ့ တပည့်တော်တို့၏ သားရတနာ ကိုတင်စိန်သည် တပည့်တော်မရဲ့ခင်ပွန်းဖြစ်တဲ့ ကိုတင်စိန်သည် လျင်မြန်ဆောစွာ လွတ်မြောက်ပါစေသား. . . ကျွတ်လွတ်ပါစေသား။

တပည့်တော်တို့လည်း ဤကဲ့သို့သံဃာ(၁၀၀၀)ကျော်ကို အရုဏ်ဆွမ်း နေ့ဆွမ်း နှစ်ထပ်သောဘောဇဉ်ဆွမ်းတို့ဖြင့် ဆက်ကပ်လှူဒါန်းရတဲ့ ကုသိုလ် ကောင်းမှု၊ သင်္ကန်း,ဖိနပ်,တဘက် အစရှိတဲ့ ပစ္စည်းတို့ကို သံဃိကဒါနလှူဒါန်း ရတဲ့ ကောင်းမှုမှစ၍ ပရိသတ်အပေါင်းသူတော်ကောင်းတို့ကို ကျွေးမွေးဧည့်ခံ ရတဲ့ ကုသိုလ်ကောင်းမှုစေတနာစုကြောင့် ဤမမြဲသုံးချက် မြဲသုံးချက်ဘုံကြီးမှ လွတ်ရာဖြစ်တဲ့ သန္တိသုခ, နိရောဓသစ္စာ, နိဗ္ဗာနဓာတ်တရားမြတ်ကြီးကို လျင် မြန်ဆောစွာ ရောက်ကြရ ရကြရ မျက်မှောက်ပြုကြရပါလိုကုန်သောဟူ၍ ပတ္ထ နာအောင်ဆု ပြုကြကုန်ရာသတည်း. . .။

သာဓု. . . သာဓု. . . သာဓုပါဘုရား. . .။

http://www.dhammadownload.com



# * ရွှေပါလသုတ္တန်

# ရဟန်းဘဝအမြင်အမျိုးမျိုး တရားတော်

ဒီနေ့ အလှူ့ဒကာ ဦးတင်အောင်တို့ အလှူ့အမ ဒေါ်ကြည်စိန်တို့ရဲ့ ယခုအလှူမင်္ဂလာပွဲကြီးမှာ ဒီနေ့ညက တရားပွဲအစ. . . လို့ ပထမဆုံး အစဖြစ်တော့ ဘုန်းကြီးက ဒီအလှူမင်္ဂလာပွဲကြီးရဲ့ ရှေ့ဦးမှာ ကြိုတင်ပြီးတော့ ဘုန်းကြီးက မေတ္တာ ပို့ပြီးတော့ ဒီတရားပွဲကြီးကို ဖွင့်လှစ်မယ် ဒကာကြီးဦးဖုန်းမိုနော်၊ (မှန်ပါဘုရား)၊

ပဇာ သဗ္ဗာ' သုံသယန္တု, ဝုဋ္ဌဟန္တု သုမင်္ဂလာ၊
ဒူသေန္တု ဒုဂ္ဂတိံ ဂါမိံ, ပူရေန္တု သဗ္ဗပါရမိံ။

ပဇာ သဗ္ဗာ-ကိုယ်စိကိုယ်ငှ, ကိုယ်ဒေသဦ, ပျော်ကြစပ်ရာ, သတ္တဝါဟူသမျှတို့သည်၊ သုသယန္တု-အိပ်မက်ရာမက်, ကောင်းစွာမက်၍, နှစ်သက်ကြည်သာ, အိပ်စက်နိုင်ကြပါစေကုန်သတည်း။ သုမင်္ဂလာ-မင်္ဂလာကျက်သရေ, ယှက်ဝေလန်းသဖြင့်, စန်းပွင့်ကြကုန်သည်ဖြစ်၍၊ ဝုဋ္ဌဟန္တု-ကောင်းစွာမိုးသောက်, အလင်းရောက်လျက်, ထမြောက်နိုးကြားနိုင်ကြပါစေကုန်သတည်း၊ ဒုဂ္ဂတိံ ဂါမိံ-အပါယ်ဒုဂ္ဂတိ, ရောက်မည့်အကြောင်း, မကောင်းညစ်ဆိုး, ဒုစရိုက်မျိုးကို၊ ဒူသေန္တု-သူတော်လက်နက်, တရားစက်ဖြင့်, ဖြိုဖျက်နိုင်ကြပါစေကုန်သတည်း၊ သဗ္ဗပါရမိံ-အလောင်းအလျာ, ဖြည့်ကောင်းရာသည့်, သုံးဖြာဆယ်လီ, ပါရမီအပေါင်း, အကျင့်ကောင်းကို၊ ပူရေန္တု-တစ်ဆင့်ထက်တစ်ဆင့်, ရင့်ထက်ရင့်အောင်, မလင့်ပုံသေ, ဖြည့်ကျင့်နိုင်ကြပါစေကုန်သတည်း. . . ။

သာဓု. . . သာဓု. . . သာဓုပါဘုရား. . . . ။

မေတ္တာပို့ရဲ့အကျဉ်းချုပ်က-ကမ္ဘာလောက ရှိရှိသမျှ သတ္တဝါအားလုံး ချမ်းချမ်းသာသာ အိပ်စက်နိုင်ကြပါစေ. . . ချမ်းချမ်းသာသာ အိပ်ရာမှလည်း နိုးကြားနိုင်ကြပါစေ. . . ၊ ချမ်းချမ်းသာသာ အိပ်စက်နိုင်ကြပါစေဆိုတော့ ကမ္ဘာလောက ရှိရှိသမျှ သတ္တဝါအားလုံးနဲ့ ဆိုင်မသွားဘူးလား ဦးဖုန်းမို? (ဆိုင်ပါဘုရား) ဒီနေ့ အခု ဒီဂါထာလေးက သဗ္ဗသင်္ဂါဟိက မေတ္တာပို့လို့ခေါ်တယ်၊ အကုန်လုံးနဲ့ဆိုင်အောင် ပို့တာနော်၊ (မှန်ပါဘုရား)၊ ကမ္ဘာလောကရှိရှိသမျှ သတ္တဝါအားလုံး ချမ်းချမ်း

* ၁-၂၊ ၂၄၄။

http://www.dhammadownload.com



သာသာ အိပ်မက်ရာမက် ကောင်းစွာမက်ပြီးတော့ နှစ်သက်ကြည်သာ အိပ်စက်နိုင်ကြပါစေ. . .၊ ယနေ့ အလှူ့ဒကာ ဦးတင်အောင်+အလှူ့အမ ဒေါ်ကြည်စိန်တို့နှင့်တကွ အားလုံးသောသတ္တဝါအပေါင်းတို့သည် ချမ်းချမ်းသာသာ အိပ်စက်နိုင်ကြပါစေ၊ ချမ်းချမ်းသာသာ နိုးနိုင်ကြပါစေ။

နောက်နှစ်ခုက ဒုစရိုက်အကုသိုလ်တရား မှန်သမျှတွေကိုလည်း သူတော်ကောင်းလက်နက်, တရားစက်ဖြင့်, ဖြိုဖျက်နိုင်ကြပါစေ. . .။ မကောင်းတရားဟူသ၍ ဒုစရိုက်တရားတွေမှန်သမျှကို သူတော်ကောင်းတရားနဲ့ အစားထိုးပြီးတော့ ပယ်ဖျက်နိုင်ကြပါစေ၊ မဂ်ဖိုလ်နိဗ္ဗာန်ရကြောင်းဖြစ်တဲ့ ကောင်းမှုပါရမီ အနှစ်အဆီတွေကိုလည်းပဲ၊ အားတက်သရော, ရွှင်ရွှင်ပျပျ, ဝံ့ဝံ့ရဲရဲကြီး ကြိုးစားနိုင်ကြပါစေ . . . လို့ ဒီလိုဆိုလိုတာ ဦးဖုန်းမိုရဲ့နော်?(*မှန်ပါဘုရား*)၊ ဒီတော့-မေတ္တာပို့မှာ ပထမက ကောင်းကောင်းအိပ်နိုင်ကြပါစေ၊ ကောင်းကောင်းအိပ်ရာက ထနိုင်ကြပါစေ၊ နောက်နှစ်ပိုဒ်က အကုသိုလ်ဒုစရိုက်တရားတွေကို ကုသိုလ်တရားနဲ့ ပယ်သတ်နိုင်ကြပါစေ။ မဂ်ဖိုလ်နိဗ္ဗာန်ရကြောင်းဖြစ်တဲ့ ကောင်းမှုပါရမီ အနှစ်အဆီတရားတွေကိုလည်းပဲ အားရပါးရ ရွှင်ရွှင်ပျပျကြီး အားထုတ်နိုင်ကြပါစေ. . . လို့ ဒီလို မေတ္တာပို့တာဖြစ်တော့ မေတ္တာပို့တဲ့အထဲမှာ ပိုပြီးတော့ လေးနက်တဲ့မေတ္တာ။

ကုသိုလ်တရားတွေ ရဲရဲဝံ့ဝံ့ အားထုတ်နိုင်ကြပါစေလို့ ပို့တဲ့မေတ္တာ၊ အကုသိုလ်တရားတွေကို ကုသိုလ်တရားနဲ့အစားထိုးပြီးတော့ ပယ်သတ်နိုင်ကြပါစေ . လို့ ပို့တဲ့မေတ္တာဆိုတော့ မလေးနက်ဘူးလား ဒကာဦးဖုန်းမိုရဲ့? (*လေးနက်ကြောင်းပါဘုရား*)၊ ဘာပြုလို့ ဘုန်းကြီးက ပြောနေရတုန်းဆိုတော့ ဒကာဦးဖုန်းမိုတို့ ခုန ဩကာသကန်တော့ကျိုးရှိခိုးကြတော့ အသံလေးတွေက ခိုသံလေးတွေ မကြားဘူးလား?(*ကြားပါဘုရား*)၊ ပရိသတ်ကြီး ဒီလောက်ကြီးတာတောင်မှ ဩကာသကန်တော့ကျိုးက သူကဆိုတော့မလိုလို ငါကဆိုတော့မလိုလိုနဲ့ ဒီလိုဖြစ်နေကြတယ် ထင်တယ် ခုနက နော် (*မှန်ပါဘုရား*) ဒီတော့-ဘုန်းကြီးက အဲဒါကို အာရုံပြုပြီးတော့-သဗ္ဗပါရမီ-အလောင်းအလျာ, ဖြည့်ကောင်းရာသည့်, သုံးဖြာဆယ်လီ, ပါရမီအပေါင်း, အကျင့်ကောင်းကို၊ ပူရေစ္ဆ-ရဲရဲဝံ့ဝံ့, နောက်မတွန့်ဘဲ, အားသွန်ကြိုးကုတ်, အားထုတ်နိုင်ကြပါစေကုန်သတည်းလို့၊ ဒါ့ကြောင့်မို့လို့ အလေးအနက်ထား ပို့လိုက်ရတယ် ဒကာဦးဖုန်းမိုနော် (*မှန်ပါဘုရား*)။

ဩကာသ မှုကွဲရှိနေလို့လား ခုနက နည်းနည်း တွန့်တွန့် တွန့်တွန့်နဲ့ ပရိသတ်က ဖြစ်နေလို့ ဘာပြုလို့တုန်း ဒကာဦးဖုန်းမို? (*ဆရာတော် ကြည်ညိုနေလို့ပါဘုရား*) အော်- ဆရာတော်ကြည်ညိုတာနဲ့ ဩကာသတွေ ပျောက်ကုန်တယ်လား၊ ကောင်းတဲ့ဘက်က လှည့်ကာကွယ်တာနော်။ ဓမ္မစကြာအမျိုးသမီးအဖွဲ့များကလည်း

http://www.dhammadownload.com



အမှန်ကတော့ ခေါင်းဆောင်ဖို့ကောင်းတယ်။ ဒီလို ဩကာသကန်တော့ကျိုး ဘုန်းကြီးတို့ ဒကာဒကာမတွေ ဩကာသကန်တော့ကျိုးတော့ ရကြတာ များအုံး မှာပါ ဒကာကြီး ဦးဖုန်းမိုနော်? (မှန်ပါဘုရား)၊ ဩကာသကန်တော့ကျိုးများ အရနည်းကုန်ပြီ. . . ဆိုရင်ဖြင့် ဝမ်းနည်းစရာကောင်းမှာပဲ။ ဒီတော့ ဘုန်းကြီးတို့ ပရိသတ်ကြီး ဩကာသ ကန်တော့ကျိုး ကန်တော့တဲ့နေရာမှာ ရဲရဲဝံ့ဝံ့ နောက်မတွန့် ဘဲနဲ့ စွန့်စွန့်စားစား ဆိုနိုင်ကြပါစေ. . . လို့ ဒီနေ့ အထူးတလည် ဘုန်းကြီး မေတ္တာပို့ခဲ့တယ်နော် ဒကာကြီး ဦးဖုန်းမို? (မှန်ပါဘုရား)။ ရဲရဲဆိုကြပါလို့။ တရား ဟောတဲ့ဘုန်းကြီးများကလည်းပဲ ပရိသတ်က အားတက်သရော ရဲရဲဆိုမှ ဒီက ဟောတဲ့ဘုန်းကြီးကလည်းပဲ အားရှိပါးရှိဖြစ်တာ ဒကာကြီးဦးဖုန်းမိုရဲ့ (မှန်ပါဘုရား) ပရိသတ်က တွန့်တွန့် တွန့်တွန့် ဖြစ်နေပြီဆိုလို့ရှိရင် တရားဟောတဲ့ဘုန်းကြီးက လည်း တွန့်သွားတတ်တယ် နော့်။

ကိုင်း-ဒီတော့ ဒီနေ့ည တရားပွဲ စကြေစို့ရဲ့ ၁၃၄၂-ခု၊ တပေါင်းလဆုတ် (၁၁)ရက်နေ့ညမှာ၊ မန္တလေးမြို့၊ ဆိုင်းတန်း၊ သဘော်တန်းရပ် ဒကာဦးတင်အောင် +ဒကာမဒေါ်ကြည်စိန်တို့ရဲ့ နေအိမ်မင်္ဂလာမဏ္ဍပ်အတွင်း၌၊ ခင်းကျင်းဆောက် လုပ်အပ်သော ရတနာရောင်မောင်း၊ ခညောင်းစုံဖြာ၊ မင်္ဂလာ မဏ္ဍပ်ကြီးအတွင်း၌ ကျင်းပအပ်သော ဤတရားပွဲသည်ကား မန္တလေးမြို့ ဆိုင်းတန်းရပ်၊ သဘော်တန်း ရပ်မှာ နေထိုင်ကြကုန်သော နေပြည်တော်ဆေးလိပ်လုပ်ငန်း ပိုင်ရှင်များဖြစ်ကြကုန် သော ရဟန်းဒါယကာ၊ ရှင့်ဒါယကာ၊ အလှူ့ဒါယကာဦးတင်အောင် + ရဟန်း ဒါယိကာမ၊ ရှင့်ဒါယိကာမ၊ အလှူ့အမ ဒေါ်ကြည်စိန်တို့ မိသားစုက အနန္တောအနန္တ ငါးပါး၊ ဘုရား၊တရား၊သံဃာ၊ရတနာသုံးပါးနှင့်တကွ နှစ်ဘက်သော မိခင်ဖခင် ကျေးဇူးရှင်များ၊ ဦးကြီးဦးလေး ဒေါ်ကြီးဒေါ်လေး အကိုအမ အစရှိသည်တို့ကို အမှူးထားပြီး သကာလ၊ ဦးလေးဖြစ်သော ရဟန်းဖြစ်တော်မူပြီးဖြစ်သော ဦးရေဝတအား မြရာ သံပတ်မြွတ်ရာအထွတ်တင်ဆိုတာလို၊ ရဟန်းဘောင်ရောက် ချီးမြှောက်ပြီးသားဖြစ်သော ဦးရေဝတအား ရဟန်းပရိက္ခရာ စုံလင်စွာဖြင့် ထပ်မံ၍ကံထပ်ခြင်းဆိုတဲ့ ဥပသမ္ပဒကံဆောင်မင်္ဂလာ။

စစ်ကိုင်းတောင်ရိုး အရှင်သီလဝံသချောင်၌ သီတင်းသုံးနေထိုင်သော ရဟန်းလောင်းရှင်နန္ဒိယ၊ မိမိတို့ရဲ့တူရတနာ အမျိုးသားကလေးသုံးဦးလို့ဆိုတဲ့ ရဟန်းလောင်း(၄)ဦးတို့အား ရဟန်းတော်တို့ရဲ့ ပရိက္ခရာစုံလင်စွာဖြင့် ရဟန်း ဘောင်ရောက် သွတ်သွင်းချီးမြှောက်ခြင်းဆိုတဲ့ ဥပသမ္ပဒ ကံဆောင်မင်္ဂလာ၊ ထိုမှ တစ်ပါး မိမိတို့ရင်နှစ်သည်းချာ သားရတနာဖြစ်တဲ့ မောင်ဝင်းလို့နာမည်ရှိတဲ့ အမျိုး သားကလေးတစ်ဦးကိုလည်းကောင်း၊ မိမိတို့ရင်မှ ဆက်နွယ်ပေါက်ဖွားတဲ့ တူ

http://www.dhammadownload.com



ရတနာ အမျိုးသားကလေး(၃)ဦးတို့ကိုလည်းကောင်း၊ အမျိုးသားကလေး(၄)ဦးတို့အား သာမဏေတို့အားလျောက်ပတ်သော သက်န်းသပိတ်ပရိက္ခရာ ဆင်မြန်း၍၊ သာမဏေဘောင်ရောက် သွတ်သွင်းချီးမြှောက်ခြင်းဆိုတဲ့ သာမဏေရပဗ္ဗဇ္ဇမင်္ဂလာ။ အဲဒီ ကံထပ်မင်္ဂလာ-ဥပသမ္ပဒရဟန်းခံမင်္ဂလာ, ပဗ္ဗဇ္ဇမင်္ဂလာလို့ဆိုတဲ့ မင်္ဂလာကြီး(၃)ရပ်ကို အခြေခံပြီးသကာလ ဖြစ်ပေါ်လာတဲ့တရားပွဲ. . . တဲ့ ဒီနေ့ည တရားပွဲ နော်၊ (*မှန်ပါဘုရား*)

အဲဒီ မင်္ဂလာကြီး(၃)ရပ်ကို အခြေခံပြီးသကာလ နောက်ထပ် နောက်ထပ် ဒီမင်္ဂလာကြီး(၃)ရပ်ကိုအခြေခံပြီး တိုးတက်လာတဲ့ ကုသိုလ်မင်္ဂလာတွေက သက်တော်ထင်ရှား သဗ္ဗညုတ ရွှေဉာဏ်တော်သခင် ဘုရားရှင်ကိုယ်တော်မြတ်အား ရည်စူးမှန်းထားကိုးကွယ်အပ်တဲ့ ဥဒ္ဒိဿစေတီတော်, ဆင်းတုတော်မြတ်အား မိမိတို့ရဲ့မင်္ဂလာမဏ္ဍပ်အတွင်းသို့ ပင့်ပြီးသကာလ၊ ပန်း, ရေချမ်း, ဆွမ်း, ဆီမီးတို့ဖြင့် ဆက်ကပ်ပူဇော်ခြင်းဆိုတဲ့ ဗုဒ္ဓပူဇနီယကုသိုလ်မင်္ဂလာ။ ပင့်သံဃာတော်အရှင်မြတ် အပါး(၃၀)တို့အား မွန်မြတ်သောခဲဖွယ်ဘောဇဉ်ချိုချဉ်အရသာ အံဖြာဖြာတို့ ဖြင့် ဆက်ကပ်လှူဒါန်းခြင်း။

ထိုပင့်သံဃာတော်အရှင်မြတ်တို့အား ခေတ်ကာလအလျောက် မွန်မြတ်တယ်လို့၊ ကောင်းမြတ်တယ်လို့ သတ်မှတ်အပ်တဲ့ တက်ထရွှန်သက်န်းဒွိစုံ၊ တစ်စုံစီ၊ လတ်စတိစ်ခြုံထည်၊ အသီးအသီး အိပ်ရာခင်းစောင်၊ မျက်နှာသုတ်ပဝါ၊ ဓာတ်ဘူး၊ နဝကမ္မကျပ်(၁၀၀)စီ အားဖြင့် ပစ္စည်းမျိုးစုံ, ရှစ်မျိုးစီ ရှစ်မျိုးစီတို့ဖြင့် ဆက်ကပ်လှူဒါန်းခြင်းဆိုတဲ့ ပရိက္ခရာဒါနကုသိုလ်မင်္ဂလာ။

သရဏဂုံ(၃)ပါးနှင့် ရှစ်ပါးသီလကို ရာသက်ပန် ထိန်းသိမ်းစောင့်ရှောက်တော်မူနေကြကုန်သော သာသနာ့နွယ်ဝင် သီလရှင် အပါး(၃၀)တို့အား တစ်ပါးတစ်ပါးလျှင် နဝကမ္မကျပ်(၅၀)စီ ကျပ်(၅၀)စီအားဖြင့် အသီးအသီးရည်မှန်းထား အပ်တဲ့အတိုင်း လှူဒါန်းခြင်းဆိုတဲ့ ဝတ္ထုဒါနကုသိုလ်စေတနာ။ အဲဒီ ဗုဒ္ဓပူဇနီယ ကုသိုလ်စေတနာ, သံဃပူဇနီယကုသိုလ်စေတနာ, ပရိက္ခရာဒါန ကုသိုလ်မင်္ဂလာ, ဝတ္ထုဒါနမင်္ဂလာ. . . လို့ဆိုတဲ့ မင်္ဂလာတွေ မင်္ဂလာကြီး(၃)ရပ်အခြေခံပြီးတော့ နောက်ထပ် နောက်ထပ် တိုးတက်လာတဲ့မင်္ဂလာတွေနှင့်တကွ ဖိတ်မန္တက ပြုထားအပ်သဖြင့် ကြွရောက်လာကြကုန်သော ဆိုင်ရာဆိုင်ရာ ဥပါသကာ ဥပါသိကာမ ဆွေမျိုး မိတ်ဆွေသင်္ဂဟအပေါင်း သူတော်ကောင်းတို့အားလည်း သဒ္ဒါဖြူဖွေး ကျွေးမွေးလှူဒါန်း ပေးကမ်းစွန့်ကြဲခြင်းဆိုတဲ့ ပရိက္ခာရဒါန, ဘောဇနဒါန စာဂကုသိုလ်မင်္ဂလာ. . . လို့ အခြေခံမင်္ဂလာကြီး(၃)ရပ် အကြောင်းပြုပြီးတော့

http://www.dhammadownload.com



နောက်ထပ် နောက်ထပ် တိုးတက်လာတဲ့ ကုသိုလ်မင်္ဂလာတွေ အကြောင်းပြုပြီးတော့ ဖြစ်ပေါ်လာတဲ့ တရားပွဲ. . . တဲ့၊ ဒီကနေ့ ညတရားပွဲ နော်။

အဓိကအားဖြင့်တော့ ခုနက ကံထပ်မင်္ဂလာ ရဟန်းခံဖြစ်တဲ့ ဥပသမ္ပဒ ကံဆောင်မင်္ဂလာ ပဗ္ဗဇ္ဇမင်္ဂလာ ဒီမင်္ဂလာကြီး (၃)ရပ် အားထုတ်ကြဟယ်. . . တဲ့။ အားထုတ်ရင်း ဒီနေ့ည ပထမည တရားပွဲ၊ နက်ဖြန်ခါကျတော့လည်းပဲ စစ်ကိုင်းတောင်ရိုး မြစကြာဆရာတော် ဦးလက္ခဏကလည်းပဲ တရားပွဲ ဓမ္မပုံကြီး သွန်းဖြိုးပြီးတော့ ရွာပါလိမ့်အုံးမယ်. . . ဒီနေရာမှာနော် (*မှန်ပါဘုရား*)။ ဒီတော့ ယနေ့ အလှူ့ဒါယကာ ဦးတင်အောင် အလှူ့အမ ဒေါ်ကြည်စိန်တို့ မိဘအစုတစ်တွေ မိမိတို့ရဲ့ ဦးလေး မိမိတို့ရဲ့ ဆွေမျိုးမတော်စပ်သော်လည်း ရဟန်းလောင်းဖြစ်တဲ့ ရှင်နန္ဒိယနှင့်တကွ မိမိတို့ တူရတနာ(၃)ဦး မိမိတို့ရဲ့သားရတနာ၊ ဖူးရတနာလေးတွေကို ရှင်ရဟန်းဘောင်ရောက် သွတ်သွင်းချီးမြှောက်တယ်. . . လို့ဆိုတော့ ဘာရည်ရွယ်ချက်နဲ့ ရှင်ရဟန်းဘောင်ရောက် ချီးမြှောက်ကြပါသလဲ ဘာအကျိုးငှါ ရှင်ရဟန်းဘောင်ရောက် ချီးမြှောက်ကြပါသလဲ. . . လို့ မေးခဲ့ရင်၊

အဲဒီ အမျိုးကောင်းသားတွေရဲ့သန္တာန်မှာ အိုနာသေရေးဆိုတဲ့ ဘေးကြီးသုံးသွယ်၊ ငယ်သထက်ငယ်အောင်၊ နည်းသထက်နည်းအောင်၊ ကျဲသထက်ကျဲအောင်၊ ပါးသထက်ပါးအောင်၊ ကုန်သထက်ကုန်အောင် အိုနာသေရေးဆိုတဲ့ သံသရာဘေးကြီး(၃)တန် ခြောက်ခန်းသထက်ခြောက်ခန်းအောင် ရည်ရွယ်ပြီးတော့ တပည့်တော်တို့ ရှင်ရဟန်းဘောင်ရောက် သွတ်သွင်းချီးမြှောက်ကြပါတယ်. . လို့၊ ဟောဒီလို ဖြေရမယ် ဒကာကြီး ဦးဖုန်းမိုရဲ့နော် (*မှန်ပါဘုရား*)။

ဒီနေရာမှာ ရှင်ရဟန်းဘဝအပေါ်မှာ သုံးသပ်ဝေဖန်ကြဖို့ အမြင်အမျိုးမျိုးလို့ဆိုတာ ဘုန်းကြီးတို့ ဘုရားရှင် သက်တော်ထင်ရှားရှိတော်မူစဉ်ကပင်လျှင် အမျိုးမျိုး အမြင်တွေ ကွဲပြားခြားနားနေတာကို ဒီနေရာမှာ သတိထားပြီးတော့ စဉ်းစားကြည့်ရမယ်။ (*အမိန့်ရှိပါဘုရား*) တို့ ဘုရားရှင်ကိုယ်တော်မြတ် သက်တော်ထင်ရှားရှိတော်မူစဉ်က ရာဇဂြိုလ်မြို့မှာ ဥပါလိ. . . လို့ဆိုတဲ့ အမျိုးသားလေးရဲ့ မိဘနှစ်ပါးတို့သည် မိမိတို့ရဲ့ တစ်ဦးတည်းသော သားကလေးရဲ့ နောင်ရေး. . . တဲ့၊ မိဘနှစ်ပါး ညအချိန်မှာ ခေါင်းချင်းဆိုင်ပြီးတော့ တိုင်ပင်ဆွေးနွေးကြတယ်။ တိုင်ပင်ပြီးတော့ ဆွေးနွေးကြ၊ တွေးတောကြတယ်၊ တို့ရဲ့တစ်ဦးတည်းသော သားကလေး ဘယ်လိုနည်းနဲ့များ အသက်မွေးဝမ်းကျောင်း ချောင်ချောင်လည်လည်နဲ့ လူ့ဘောင်မှာ နေနိုင်ရစ်ပါမလဲ. . . လို့ ဒါ မိဘတွေဆိုတာ သားသမီးအပေါ် ဒီလိုပဲ ပူကြ ပင်ကြတာပဲ မဟုတ်လား ဦးဖုန်းမို? (*ပူကြပါတယ်ဘုရား*)

http://www.dhammadownload.com



အဲဒီအတိုင်းပဲ ရာဇဂြိုဟ်မြို့က ဥပါလိဆိုတဲ့ အမျိုးသားကလေးရဲ့ မိဘနှစ်ပါးဟာလည်း ခေါင်းချင်းဆိုင်တိုင်ပင်ကြတယ်။

**ကေန နုခေါ ဥပါယေန ဥပါလိ အမှာကံ အစ္စယေန၊**
**သုခဥ္စ ဇီဝေယျ, န စ ကိလမေယျ။**

ဘယ်နည်းနဲ့များ တစ်ဦးတည်းသောသားကလေး ဥပါလိဟာ. . . တဲ့၊ တို့ ကွယ်လွန်အနိစ္စရောက်သွားတဲ့အခါမှာ ချမ်းချမ်းသာသာ အသက်မွေး ဝမ်းကျောင်း ချောင်လည်စွာနဲ့ မပင်မပန်း ချမ်းချမ်းသာသာ နေနိုင်ရစ်ပါ့မလဲ. . လို့ ကြံကြတယ် စဉ်းစားကြတယ်။ အဲဒီလိုစဉ်းစားတော့ ဘာပေါ်လာတုန်းဆို တော့-

**သစေ ခေါ ဥပါလိ လေခံ သိက္ခေယျ၊ ဧဝံ ခေါ ဥပါလိ**
**အမှာကံ အစ္စယေန သုခဥ္စ ဇီဝေယျ၊ န စ ကိလမေယျ။**

တို့ရဲ့သားလေး ဥပါလိဟာ. . တဲ့ စာရေးစာချီအတတ်များ သင်ပေးရလို့ ရှိရင် စာရေးစာချီအတတ်များ တတ်ပြီးတော့ စာရေးစာချီနဲ့ အသက်မွေးဝမ်း ကျောင်း ပြုနိုင်ခဲ့ရင်. . . ချမ်းချမ်းသာသာ အသက်မွေးနိုင်လိမ့်မယ်. . . တဲ့၊ မပင် မပန်း ချမ်းချမ်းသာသာ အသက်မွေးနိုင်လိမ့်မယ်၊ တောင်သူလုပ်ငန်းဆိုတာက နေပူမရှောင် မိုးရွာမရှောင် သွားရလာရတော့ မပင်ပန်းဘူးလား ဦးဖုန်းမို? (*ပင်ပန်းပါဘုရား*) မြွေမကြောက် ဖားမကြောက် ရွှံ့ထဲဗွက်ထဲ နှိုက်ရ, သွားရ လာရ. . လို့ဆို တော့ ပင်ပန်းတယ်. . . တဲ့၊ ပင်ပန်းတယ်။ ဒီတော့ စာရေးစာချီအတတ်ဆိုတာ အရိပ်ထဲမှာနေပြီးတော့ သက်သာမယ်၊ ဒီတော့ တို့သားလေးကို စာရေးစာချီ အတတ်ကို သင်ပေးမယ်. . လို့ မိဘနှစ်ပါးအကြံ ဖြစ်ကြတယ်။ (*မှန်ပါဘုရား*)။ ဒီတော့ ဖခင်လုပ်တဲ့သူက စာရေးစာချီအတတ်ကို သင်ပေးမယ်လို့ပြောတော့ အမေလုပ်တဲ့သူက "အမလေး. . . အဲဒါလည်းပဲ သက်သာတယ်သာ ဆိုတာပါ . . . တဲ့ ဒီလောက်မချမ်းသာလှသေးပါဘူး, ကျုပ်တော့ မကြိုက်သေးပါဘူး"လို့ အမေလုပ်တဲ့သူက ကန့်ကွက်ပြန်တယ်၊ (*ကန့်ကွက်ပါဘုရား*)။

**သစေ ခေါ ဥပါလိ လေခံ သိက္ခိဿတိ, အင်္ဂုလိယော ဒုက္ခာ ဘဝိဿန္တိ။**

"ကျုပ်တို့သားလေးလေ. . . တဲ့ စာရေးစာချီအတတ် တတ်တာတော့ ဟုတ်ပါရဲ့တဲ့ အရိပ်ထဲလုပ်ရတာတော့ ဟုတ်ပါရဲ့. . . တဲ့ စာရေးဆိုတာ တကုပ် ကုပ်နဲ့ တစ်နေ့လုံး ထိုင်ပြီးတော့ စာတွေရေးရတယ်၊ စာရင်းတွေ တွက်ရတယ်၊ ဟိုစာ ဒီစာတွေရေးတယ်ဆိုတော့ လက်တွေညောင်းရှာလိမ့်မယ်. . . လက် ချောင်း လေးတွေ ညောင်းလိမ့်မယ်။ လက်မောင်းတွေ အောင့်လိမ်မယ်၊ ဒီတော့-ကျုပ်တို့ သားလေး ဒါလည်းပဲ မဟန်သေးပါဘူး။ ဒီအသက်မွေးဝမ်းကျောင်းလည်းပဲ

http://www.dhammadownload.com



မချောင်လည်သေးပါဘူး"လို့ အမေလုပ်တဲ့သူက ကန့်ကွက်တယ်။ (*မှန်ပါဘုရား*) ကန့်ကွက်ပြီးတော့ သူတို့တစ်ခါ ဘာကြံကြပြန်တုန်းဆိုတော့-

**သစေ ခေါ ဥပါလိ ဂဏနံ သိက္ခိဿတိ၊ ဧဝံ ခေါ ဥပါလိ**
**အမှာကံ အစ္စယေန သုခဉ္စ ဇီဝေယျ၊ န စ ကိလမေယျ. . .။**

အေး. . . ဒီလိုဆိုရင် ဒို့သားလေးကို ဂဏန်းအတတ်သင်ပေးကြစို့ရဲ့ . . . တဲ့၊ ဂဏန်းအတတ်ဆိုတာ စာတွေကုန်ပြီးတော့ ရေးနေဖို့မလိုတော့ဘူး၊ နှုတ်နဲ့တွက်လို့လည်း ရတယ်၊ စိတ်နဲ့တွက်လို့လည်းရတယ်၊ ဒီတော့ ဂဏန်းအတတ်ကို သင်ပေးရရင်ကောင်းလိမ့်မယ်. . . လို့ အကြံဖြစ်ကြပြန်တယ် ဒကာဦးဖုန်းမိုနော်၊ (*မှန်ပါဘုရား*)။ အဲလိုအကြံဖြစ်ပြီးတော့ တစ်ခါ ဘယ့်နှယ့်အကြံပေါက်လာကြပြန်တုန်းဆိုတော့-

**သစေ ခေါ ဥပါလိ ဂဏနံ သိက္ခိဿတိ, ဥရဿ ဒုက္ခော ဘဝိဿတိ**

ဒါလည်း မကောင်းသေးပါဘူးလေ. . . တဲ့ တို့သားလေး ဂဏန်းအတတ်တွေ သင်ရတယ်ဆိုတာ. . . တဲ့ နှုတ်နဲ့တွက်ရတယ်, စိတ်နဲ့တွက်လို့ရတယ်ဆိုတာကတော့ ဟုတ်ပါရဲ့၊ အဲဒီ ဂဏန်းကိုဆိုရ အလီတိုင်တွေ, အလီပေါင်းတွေ ရွတ်ရ အံရ သရဇ္ဈာယ်ရ၊ ဘုန်းကြီးတို့ ရှေးတုန်းကတော့ အလီတွေဆိုတာ "နော ဧက နော" တို့ ဘာတို့ပေါ့ ဒကာ ဦးဖုန်းမိုနော်? (*မှန်ပါဘုရား*) ယခုကာလလည်းပဲ အလီတွေ ဘာတွေဆိုတာ မကျက်ကြရဘူးလား? (*ကျက်ရပါဘုရား*) အလီတွေ ဖေါ်မြူလာဆိုတာ ဆိုကြရ, ကျက်ကြရတော့ တကတည်း ရင်ပူပြီးတော့ ရင်ဘတ်တွေ ညောင်းမှာတဲ့၊ ရင်တွေပူလိမ့်မယ်၊ ဂဏန်းတွေကို အလွှားမှောက်ပြီးတော့ တွက်ရတော့ ရင်တွေညောင်းရလိမ့်မယ်၊ ရင်တွေပူလိမ့်မယ်. . . လို့ အဲဒါလည်းပဲ တို့သားလေး ချမ်းသာကြောင်း မဟုတ်သေးပါဘူး. . . လို့ တစ်ခါအကြံ ဖြစ်ကြပြန်တယ်။ တစ်ခါ မိဘနှစ်ပါးလေ. . . သားလေးချမ်းသာစေချင်တာဖြစ်တော့ သူတို့သားလေး အသက်မွေးဝမ်းကျောင်း ချောင်ချောင်လည်လည် ဖြစ်စေချင်တာဖြစ်တော့ ဆက်ပြီးတော့တွေးကြပြန်တယ်။

**သစေ ခေါ ဥပါလိ ရူပံ သိက္ခိဿတိ၊ ဧဝံ ခေါ ဥပါလိ**
**အမှာကံ အစ္စယေန သုခဉ္စ ဇီဝေယျ၊ န စ ကိလမေယျ။**

တို့ရဲ့သားလေး. . . တဲ့ ပန်ချီအတတ်များ သင်ပေးရရင် မကောင်းပေဘူးလား. . . . တဲ့၊ ပန်းချီအတတ်။ ဟော-ပန်ချီအတတ်ဆိုတာ တောကားလေးတွေ, တောင်ကားလေးတွေ ဆွဲရတယ်၊ မင်းသားရုပ် မင်းသမီးရုပ်ကလေးတွေ ဆွဲရတယ်ဆိုတော့ စိတ်ကြည်နူးတယ်. . . တဲ့, စိတ်ချမ်းသာတယ်၊ ဒီတော့ ခုနက ဂဏန်းအတတ်တွေထက်, စာရေးစာချီအတတ်တွေထက် ပန်းချီအတတ်

http://www.dhammadownload.com



တတ်တာက ပန်းချီကားတစ်ကားဆိုလို့ရှိရင် ဟော- ကောင်း, ကောင်းသလို, တန်ဖိုးကြီးကြီးရတယ်၊ ဒီတော့ တို့သားလေး ပန်းချီအတတ်ကို သင်ပေးရရင် အသက်မွေးဝမ်းကျောင်း ချောင်လိမ့်မယ်၊ မိဘနှစ်ပါး တိုင်ပင်ကြပြန်တယ်နော်။ (မှန်ပါဘုရား)၊ အဲဒီလို တိုင်ပင်ပြီးတော့ တစ်ခါဘယ့်နဲ့ အကြံပေါက်လာကြပြန်တုန်းဆိုတော့-

သစေ ခေါ ဥပါလိ ရူပံ သိက္ခိဿတိ၊ အက္ခီနိ ဒုက္ခာ ဘဝိဿန္တိ။

တစ်ယောက်က အဆိုတင်လိုက် တစ်ယောက်က ကန့်ကွက်လိုက်နဲ့၊ မိဘနှစ်ပါးခေါင်းချင်းဆိုင်, တိုင်ပင်ရင်းနဲ့ တစ်ယောက်ကပြောတာ တစ်ယောက်က ကန့်ကွက်၊ တစ်ယောက်ကပြောတာ တစ်ယောက်ကကန့်ကွက်လုပ်နေလိုက်ကြတာ။ မကောင်းသေးပါဘူး. . . တဲ့ ပန်းချီအတတ်ကလည်း တကတည်း ဆေးရောင်စုံတွေ မျက်စိကကြည့်ရတာဖြစ်တော့ ဝါဝါတွေကြည့်ရ, နီနီတွေကြည့်ရ, ဖြူဖြူတွေကြည့်ရနဲ့ဆိုတော့ ကြည့်ရတာ မျက်စိတွေဒုက္ခရောက်လှတယ်. . . တဲ့၊ ပန်းချီအတတ်ကလည်းပဲ မျက်စိတွေ ပင်ပန်းမှာပါတဲ့ တို့သားလေး၊ သားလေး ချမ်းသာစေချင်တာဖြစ်တော့ ချမ်းချမ်းသာသာ အသက်မွေးဝမ်းကျောင်း ချောင်ချောင်လည်လည် ဖြစ်စေချင်တာဖြစ်တော့ ကိုယ့်သားကိုယ့်သမီးအတွက် တွေးလိုက်ကြတာ ပန်းချီအတတ်လည်း မဟန်သေးဘူး. . . လို့ သူတို့ မြင်လာတယ်နော်၊ (မှန်ပါဘုရား)။ နောက်ဆုံးတော့ သူတို့ ဘာကို နှစ်ယောက်သားသဘောတူပြီးတော့ တိုင်ပင်မိကြတုန်း၊ ဘယ်ဟာကို အသက်မွေးဝမ်းကျောင်း ချောင်လည်တယ်လို့ မြင်လာကြတုန်းလို့ဆိုတော့-

သုခသီလာ သုခစာရာ, သုဘောဇနာနိ ဘုဉ္ဇိယ၊
နိဝါတေ သယနေ သေန္တိ, သုသုခါ သကျပုတ္တိယာ။

သကျပုတ္တိယာ-သာကီဝင်မင်းသား, ဘုရားသားတော်ဖြစ်ကြတဲ့, ရှင်ရဟန်းတို့သည်၊ သုခသီလာ သုခစာရာ-ဘာအလုပ်မျှ, မလုပ်ရဘဲ, ကောင်းသော အလေ့အလာ အကျင့်အကြံရှိကြကုန်သည်ဖြစ်၍၊ သုဘောဇနာနိ-ကောင်းပေ့ ညွန့်ပေ့ဆိုတဲ့, ဘောဇဉ် အာဟာရတို့ကို၊ ဘုဉ္ဇိယ-အားရပါးရ, ဘုန်းပေးတော်မူကြရကုန်လျှက် ။ နိဝါတေ သယနေ-လေလုံမိုးလုံ, တိုက်တာအဆောက်အအုံကြီးတွေ အပေါ်၌၊ သေန္တိ-ချမ်းသာရွှင်ပျ အိပ်စက်တော်မူကြရကုန်၏၊ သကျပုတ္တိယာ-သာကီဝင်မင်းသား, ဘုရားသားတော်ဖြစ်တဲ့ ရှင်ရဟန်းတို့သည်၊ သုသုခါ သုသုခါ ဝတ-အသက်မွေးဝမ်းကျောင်း ချောင်လည်လှသဖြင့်, ချမ်းသာလှပေကုန်စွတကား. . .။

သာဓု. . . သာဓု. . . သာဓုပါဘုရား. . .။

65A

http://www.dhammadownload.com



အဲဒီလိုနဲ့ ဥပါလိရဲ့ မိဘနှစ်ပါးတို့သည် သူတို့ရဲ့သားလေးအတွက် အသက်မွေးဝမ်းကျောင်း ချောင်ချောင်လည်လည်နဲ့ ဖြစ်ဖို့အရေးအတွက် တွေးလိုက်ကြတာ . . . တဲ့၊ နောက်ဆုံး ဘာပေါ်လာတုန်းဆိုတော့ ဒကာဦးဖုန်းမို ရှင်ရဟန်းဘဝ မြင်လာတယ် (*မှန်လှပါဘုရား*)။ ရှင်ရဟန်းဘဝ အစားချောင်တယ်တဲ့။ အနေလည်း ချောင်တယ်၊ အသက်မွေးဝမ်းကျောင်းချောင်တယ်လို့ မြင်လာတယ် ဒကာ ဦးဖုန်းမို အမြင်မှန်တွေဆိုပြီး သွားထောက်ခံမနေနဲ့အုံးနော်။ (*မှန်ပါဘုရား*)။ အမြင်မှားကြီး အဲဒီ အမြင်က။ အဲဒါ ဥပါလိရဲ့ မိဘနှစ်ပါးက ဘုန်းကြီးတို့ရှင်ရဟန်းဘဝအပေါ်မှာ မြင်တာ အဲဒီလို မြင်တယ်၊ အစားချောင်တယ်၊ အနေချောင်တယ်. . . တဲ့၊ ဒီလို မြင်နေတယ် ဒကာဦးဖုန်းမိုရဲ့ နော်၊ (*မှန်ပါဘုရား*) မြတ်စွာဘုရားက အဲဒီ အစားချောင် အနေချောင်တဲ့ ရှင်ရဟန်းဘောင် တက်ဖို့ခွင့်ပြုသလား. . . ဆိုတော့-

**န ဘိက္ခဝေ ကုလပုတ္တာ ဣဏဋ္ဋာ ဘယဋ္ဋာ**
**ဥဒရဿ ကာရဏာ ပဗ္ဗာဇေန္တိ။**

ဘိက္ခဝေ-ရဟန်းတို့၊ ကုလပုတ္တာ-မြင့်မြတ်တဲ့ စိတ်ထားရှိတဲ့, အမျိုးသား, အမျိုးသမီးတို့သည်၊ ဣဏဋ္ဋာ-ကြွေးနှိပ်စက်ကုန်သည်၏ အဖြစ်ကြောင့်၊ ဘယဋ္ဋာ-မင်းဘေးစိုးဘေးစတဲ့, ဘေးအန္တရာယ် နှိပ်စက်သည်အတွက်ကြောင့်၊ ဥဒရဿ ကာရဏာ-ဝမ်းရေးမပြည့်စုံတဲ့အတွက်ကြောင့်၊ န ပဗ္ဗာဇေန္တိ-ရှင်ပြုလာကြသည် မဟုတ်ကုန်. . . ရဟန်းပြုလာကြသည် မဟုတ်ကုန်. . .။ ဟော-ဘုရားကိုယ်တော်တိုင်က အမျိုးကောင်းသား အမျိုးကောင်းသမီးတွေ ရဟန်းပြုကြတယ်ဆိုတာ. . . တဲ့ ကြွေးနှိပ်စက်လို့, ကြွေးပူလို့၊ မင်းဘေးစိုးဘေးတွေ, သူခိုးဓားပြဘေးတွေကြောက်လို့ ဝမ်းရေးမလုံမလောက်လို့, အသက်မွေးဝမ်းကျောင်း ချောင်လည်ချင်လို့ တက်လာကြတာမဟုတ်ဘူး. . . တဲ့-

**အပိ စ ခေါ (ဇာတိ) ဇရာ ဗျာဓိ မရဏ**
**သံသာရံ အတိက္ကမိတုံ ပဗ္ဗာဇေန္တိ။**

အပိ စ ခေါ-စင်စစ်သော်ကား,(ဇာတိ)ဇရာဗျာဓိမဏရ သံသာရံ-အို, နာ,သေရေးဆိုတဲ့ သံသာရာဘေးကြီးသုံးတန်ကို၊ အတိက္ကမိတုံ-ကျော်လွှားခြင်းငှါ သာလျှင်၊ ပဗ္ဗာဇေန္တိ-ရှင်ပြုကြ, ရဟန်းခံကြကုန်၏. . .။ ငါဘုရားသာသနာတော် ဝန်ထမ်း ရှင်ရဟန်းပြုတယ်ဆိုတာ. . . တဲ့ ဝမ်းရေးချောင်လည်အောင်လို့ ပြုလာတာ မဟုတ်ဘူးတဲ့ အမျိုးကောင်းသား အမျိုးသမီးတွေက။ ကြွေးပူလို့, ကြွေးနှိပ်စက်လို့၊ ဘေးထူးလို့, ဒီလိုဝတ်လာကြတာ မဟုတ်ဘူး. . . တဲ့။ အသိအလိမ္မာ အမျှော်မြင်ရှိတဲ့ အမျိုးသား အမျိုးသမီးတွေက ဒီလိုရည်ရွယ်ချက်နဲ့ တက်လာကြတာ မဟုတ်ဘူးတဲ့၊ ဒကာ ဦးဖုန်းမိုရဲ့နော်၊ (*မှန်ပါဘုရား*)။ ဒီတော့-အသိလိမ္မာ

http://www.dhammadownload.com



အမြော်အမြင်ရှိတဲ့ အမျိုးသား အမျိုးသမီးတွေဆိုတော့ မသိ မလိမ္မာအမြော်အမြင် မရှိတဲ့သူတွေကတော့ ဝမ်းရေးချောင်လို့ ဝတ်ချင်ဝတ်မှာပေါ့၊ ဒီတော့-ဥပါလိရဲ့ မိဘနှစ်ပါးက မြင်နေတဲ့ အမြင်ကလည်း ကြည့်ပါအုံး ဝမ်းရေချောင်တယ်. . . တဲ့၊ စားရေး သောက်ရေး ချောင်တယ်လို့ မြင်ကြတယ်။ (*မှန်ပါဘုရား*)။

ကိုင်း-ဒီပြင်ဇာတ်ကြောင်းတစ်ခု ကြည့်ကြအုံးစို့၊ ဘုန်းကြီးတို့ ရှင်ရဟန်း ဘဝအပေါ်မှာ မြင်တဲ့ အမြင်လေး၊ အခုပြောတဲ့ ဥပါလိရဲ့ မိဘနှစ်ပါးမြင်တဲ့ အမြင်နဲ့ ပြောင်းပြန်မြင်ပြီးနေတဲ့ အမြင်ကလေးတစ်ခု ကြည့်အုံးစို့၊ သဗ္ဗညုတ ရွှေဉာဏ်သခင် ဘုရားရှင်ကိုယ်တော်မြတ်, သက်တော်ထင်ရှား ရှိတော်မူစဉ်ကပင် လျှင် ဝေသာလီလို့ဆိုတဲ့မြို့မှာ သုဒိန္နဆိုတဲ့ သူဌေးသားရဲ့မိဘနှစ်ပါး သူဌေးကြီး သူဌေးကတော်ကြီး။

အဲဒီ သက်တော်ထင်ရှား ဘုရားလက်ထက်တော်မှာပဲ ကုရုတိုင်း ထုလ္လ ကောဋ္ဌိကဆိုတဲ့ နိဂုံးကြီးမှာ၊ ရဋ္ဌပါလလို့အမည်ရှိတဲ့ သူဌေးသားရဲ့မိဘနှစ်ပါး၊ သူဌေးကြီးနဲ့ သူဌေးကတော်ကြီး သူတို့ကတော့ ဘယ်လိုမြင်နေပြန်တုန်းလို့ ဆိုတော့ သာသနာတော်ပေါ်မှာ။ ရှင်ရဟန်းပြုတဲ့အပေါ်မှာ ဘယ်လိုမြင်ကြပြန်တုန်း သူတို့ ရဲ့သား သုဒိန္နတို့၊ ခုနက ရဋ္ဌပါလတို့ တစ်ဦးတည်းသောသားတွေပဲ၊ အဲဒီတစ်ဦး တည်းသောသားတွေက ရှင်ပြုချင်ပါတယ်, ရဟန်းခံချင်ပါတယ်. . . လို့ ဘုရား ရှင်ထံ တရားနာပြီးတဲ့နောက် ရှင်ပြုမယ်. . . ၊ ရဟန်းခံမယ်လို့ဆိုပြီးတော့ မိဘတွေ ထံပြန်ပြီးတော့ ခွင့်ပန်ကြတယ်၊ အဲဒီလို ခွင့်ပန်တဲ့အခါကျတော့ အဲဒီသူဌေး ကတော်ကြီးတွေက ဘယ်နဲ့ပြောကြတုန်း သူတို့သားကို "ငါ့သား. . . တဲ့ ရှင်မပြုချင် ပါနဲ့၊ ငါ့တို့တော့လေ. . . တဲ့ ငါတို့သားကို ရှင်ပြုဖို့ ရဟန်းပြုဖို့ ခွင့်ပြုဖို့ ခွင့်မပေး နိုင်ပါ၊ ခွင့်မပြုနိုင်ပါဘူး သားရယ်. . . တဲ့။ ရှင်ပြုတယ် ရဟန်းပြုတယ်ဆိုတာ ငါ့သားက မသိလို့. . . တဲ့ မသိလို့။

ပဗ္ဗဇ္ဇာ ဒုက္ကရာ တာတ, တွံစ သုခုမ ဇာတိကော၊
သီတေန'ဏှေ လဘေ ဥဏှံ, ဥဏှေန'ဏှေ စ သီတလံ။

တာတ-ချစ်သားလူလှ, အိုသုဒိန္န၊ တာတ-ချစ်သားလူလှ, အိုရဋ္ဌပါလ၊ ပဗ္ဗဇ္ဇာ-သပိတ်လက်ဆွဲ, မျက်နှာမွဲနှင့်, ရွာထဲလှည့်ပတ်, တောင်းစားရတဲ့ ရဟန်းတို့, သာမဏေတို့, အတတ်မျိုးသည်၊ ဒုက္ကရာ-အလွယ်ကလေး, မောင်မတွေးလိုက် နဲ့, အလွန်ပင်ငြိုငြင်သဖြင့်, ငိုချင်အောင်, ဆင်းရဲလှချေ၏၊ တတ္ထ-သပိတ်လက်ဆွဲ, မျက်နှာမွဲနှင့်, ရွာထဲလှည့်ပတ်, တောင်းစားရတဲ့ အဲဒီ ရဟန်းတို့, သာမဏေတို့ အတတ်မျိုး၌၊ သီတေန-အေးသောအရသာ, စားအစာဖြင့်၊ အတ္ထေသတိ- အာသာမျှော်ဘိ, အလိုပင်ရှိပြန်ပါသော်လည်း၊ ဥဏှံ-ပူပူလောလော,

http://www.dhammadownload.com



သဘောမနှစ်မြို့စရာ, စားအစာကို၊ လဘော-အလိုပင်မကျသော်လည်း, ငြိုငြင်တဲ့ဘဝမှာ ရတတ်ပါ၏။

ဥဏှောန-ချက်ပြုတ်ပေါင်းနွှေး, ပူပူနွေးနွေး အစာကလေးဖြင့်၊ အတွေ့သတိ-အာသာမျှော်ဘိ, အလိုပင်ရှိကြ ပြန်သော်လည်း၊ သီတလံ-ချမ်းအေးတုန်ခိုက်, လက်မနိုက်ချင်စရာ, အေးစက်စက်အရသာ, စားအစာကို၊ လဘော-အလိုပင်မကျသော်လည်း, ငြိုငြင်တဲ့ဘဝမှာ ရတတ်ပါ၏၊ တသ္မာ-ထို့ကြောင့်၊ မာ ပဗ္ဗဇ္ဇာ ပဗ္ဗဇ္ဇာဟိ-ဒုက္ခတွေ မြင်သေးရဲ့, ရင်လးလို့ အမေတို့ အဖေတို့ တားလိုက်မယ် ငါ့သားကြီး ရဟန်းမပြုရာသတည်း. . .။

သာဓု. . . သာဓု. . . သာဓုပါဘုရား. . .။

ဟော-သုဒ္ဒန္နရဲ့ မိဘ, သူဌေးကြီး သူဌေးကတော်ကြီးတို့၊ ရဋ္ဌပါလသတို့သားရဲ့အပေါ် မြင်နေတာက ဘယ့်နဲ့မြင်တုန်းလို့ဆိုတော့ အသက်မွေးဝမ်းကျောင်း ကြမ်းလိုက်တာ. . . တဲ့၊ မချောင်လည်လိုက်တာတဲ့ ဟောလိုမြင်နေတယ် ဦးဖုန်းမိုနော်၊ (မှန်ပါဘုရား) ခုနက ရာဇဂြိုဟ်မြို့က ဥပါလိသတို့သားရဲ့ မိဘတွေကတော့ ရှင်ရဟန်းဘဝဆိုတာ အစားချောင်တယ် အနေချောင်တယ် လေလုံမိုးလုံ တိုက်တာ အဆောက်အအုံကြီးတွေပေါ်မှာ နေရတယ်၊ စားကောင်းသောက်ကောင်းတွေကို ပလင်လင်စားရတယ်လို့ အစားချောင်တယ်၊ အနေချောင်တယ်လို့ မမြင်ကြဘူးလား? (မြင်ပါဘုရား) ဟော-အခု ရဋ္ဌပါလသတို့သားရဲ့ မိဘနှစ်ပါး၊ သုဒိန္နရဲ့ မိဘနှစ်ပါးကျတော့ သူတို့သားတွေ ရဟန်းပြုမှာ, ရှင်ပြုမှာကို တားတဲ့နေရာမှာ ဟည့်ပြောနေတယ်။

ပဗ္ဗဇ္ဇာ ဒုက္ကရာ တာတ, တွံစ သုခုမ ဇာတိကော၊

တာတ-မောင်သားလူလှ, အိုသုဒိန္န၊ တာတ-ချစ်သားလူလှ, အိုရဋ္ဌပါလ၊ ပဗ္ဗဇ္ဇာ-သပိတ်လက်ဆွဲ, မျက်နှာမွဲနှင့်, ရွာထဲလှည့်ပတ်, တောင်းစားရတဲ့ ရဟန်းတို့, သာမဏေတို့, အဘတ်မျိုးသည်၊ ဒုက္ကရာ-အလွယ်ကလေး, မောင်မတွေးလိုက်နဲ့, အလွန်ပင်ငြိုငြင်သဖြင့်, ငိုချင်အောင်, ဆင်းရဲလှချေ၏. . . တဲ့၊ ငါ့သား. တဲ့ ရဟန်းမပြုချင်နဲ့၊ ရှင်မပြုချင်နဲ့၊ ငါ့သားဟာလေ. . . တဲ့၊ ငယ်ငယ်လေးက စပြီးတော့ အမေတို့က၊

သုခေဓိတော သုခပရိဟတော-ငယ်ငယ်လေးကတည်းက စပြီး ငါတို့သားလေးကို တို့က ချမ်းချမ်းသာသာနဲ့ မွေးလာတာ. . . တဲ့ ချမ်းချမ်းသာသာ စောင့်ရှောက်ပြုပြင်ပြီးတော့ လာခဲ့တာ၊ ရှင့်ဘဝရဟန်းဘဝဆိုတာ အစားအသောက်ကလေး တစ်ဝမ်းတစ်ခါးစားဖို့အရေး, ဝတ်ဖို့အရေးအတွက်၊ အင်မတန် ဆင်းဆင်း

http://www.dhammadownload.com



ရဲရဲ ပင်ပင်ပန်းပန်းနဲ့ ပြေးလွှားပြီးတော့ ရှာဖွေရတာ သားရယ်. . . တဲ့၊ အသက်မွေး အင်မတန် ကြမ်းတယ်သားရဲ့၊ သူများအိမ်, သူများပစ္စည်းသွားပြီးတော့ တောင်းစား ရတာဖြစ်တော့ မျက်နှာကြည်ကြည်လင်လင် ရွှင်ရွှင်ပျပျထားလို့ မရဘူးတဲ့၊ မျက်နှာ လေး အောက်ချပြီးတော့ သူများအိမ်ပေါက်၊ သွားရောက်ပြီးတော့ တောင်းရတဲ့ အတတ်. . .။ အဲဒီ အတတ်နဲ့အသက်မွေးရတဲ့ အဖြစ်ဟာဖြင့် အင်မတန် ကြမ်းတမ်းလှပါတယ် ငါ့သားရယ်. . . လို့ ရှင်ရဟန်းဘဝအပေါ်မှာ သူဌေးတွေ က အဲဒီလို မြင်တယ်နော်၊ (မှန်ပါဘုရား)။

ပဗ္ဗဇ္ဇာ-သပိတ်လက်ဆွဲ, မျက်နှာမွဲနှင့်, ရွာထဲလှည့်ပတ်, တောင်းစားရတဲ့ ရဟန်းတို့, သာမဏေတို့, အတတ်မျိုးသည်၊ ဒုက္ကရာ-အလွယ်ကလေး, မောင် မတွေးလိုက်နဲ့, အလွန်ပင်ငြိုငြင်သဖြင့်, ငိုချင်အောင်, ဆင်းရဲလှချေ၏၊ တတ္ထ- အဲဒီ ရှင်အဖြစ်ရဟန်းအဖြစ်၌၊ သီတေန-အေးသောအရသာ, စားအစာဖြင့်၊ အတ္တေ သတိ-အာသာမျှော်ဘိ, အလိုပင်ရှိပြန်ပါသော်လည်း၊ ဥဏှံ-ပူပူလော လော, သဘောမနှစ်မြို့စရာ, စားအစာကို၊ လဘေ-အလိုပင်မကျသော်လည်း, ငြိုငြင်တဲ့ဘဝမှာ ရတတ်ပါ၏. . .။

ငါ့သား. . . တဲ့ အဲဒီ ရှင့်ဘဝဆိုတာ, ကိုယ်ကစားချင်တာတ အေးအေး လေး၊ နွေရာသီမို့လို့ အေးတဲ့အရသာရှိတာလေးတွေ စားချင်တယ်, သောက်ချင် တယ်ဆိုပေမယ့်လို့၊ ပူပူနွေးနွေး, ပူပူလောင်လောင် အစာကြီးတွေပင်, ရချင်ရ တာ. . . တဲ့၊ ရတာစားရတာဖြစ်တော့ ငါ့သားရယ်. . . အင်မတန်အသက်မွေး ကြမ်းပါတယ်. . . တဲ့ ရဟန်းဘဝ, သာမဏေဘဝဆိုတာ။

ဥဏှေ့န-ချက်ပြုတ်ပေါင်းနွှေး, ပူပူနွေးနွေး အစာကလေးဖြင့်၊ အတ္တေသ တိ-အာသာမျှော်ဘိ, အလိုပင်ရှိပြန်သော်လည်း. . . ကိုယ်က ဆောင်းခါမို့လို့ ပူပူနွေးနွေး, ချက်ပြုတ်ပေါင်းနွှေး, အစာကလေးနဲ့စားချင်တယ်. . . တဲ့ ထမင်း ပူပူ, ဟင်းပူပူလေး စားချင်တယ်၊ အရည်သောက်ကလေး ပူပူနွေးနွေးသောက်ချင် ပေမယ့်လို့၊ ဥဏှေ့န-ချက်ပြုတ်ပေါင်းနွှေး, ပူပူနွေးနွေး, အစာကလေးဖြင့်၊ အတ္တေ သတိ-အာသာမျှော်ဘိ, အလိုပင်ရှိပြန်သော်လည်း၊ သီတလံ-ချမ်းအေးတုန်ခိုက်, လက်မနိုက်ချင်စရာ, အေးစက်စက်အရသာ, စားအစာကို. . .။

ကိုယ်ကပူပူနွေးနွေး ချက်ပြုတ်ပေါင်းနွှေး, အစားအစာကလေး စားချင် ပေမယ့်လို့ သားရယ်. . . တဲ့ မိဝေးဖဝေး ဆွေဝေးမျိုးဝေးဆိုတော့ ချက်ပေးမယ့် သူ, နွှေးပေးမယ့်သူ, ပေါင်းပေးမယ့်သူမရှိ၊ ရွာထဲက, မြို့ထဲကလောင်းလိုက်တဲ့ အေးစက်စက်အရသာရှိတဲ့ အစာတွေစားရတာ. . . တဲ့၊ စားရတာ၊ ဒီတော့

http://www.dhammadownload.com



အင်မတန် အသက်မွေးကြမ်းတယ် သားရယ်. . . ရှင်မပြုချင်ပါနဲ့ ရဟန်းမပြုချင်ပါနဲ့လို့ ဟောဒီလို တားကြတယ် ဒကာဦးဖုန်းမိုရဲ့နော်၊ (မှန်ပါဘုရား)။ ဒီတော့ ဒီအမြင်ဟာလည်း အမြင်မှန်မဟုတ်ဘူးလား. . . တဲ့၊ အမြင်မှန် မဟုတ်ဘူးနော် . . .။ အဲဒီ သုဒိန္နတို့, ရဋ္ဌပါလတို့ဆိုတဲ့ သတို့သားတွေပင်လျှင် အမေအဖေတွေကို ပြန်ပြီးတော့ပြောကြတယ် "မိခင်ဖခင်တို့. . . တဲ့၊ သူတစ်ပါးရဲ့ အိမ်ပေါက်မှာ ဆွမ်းရပ်ပြီးတော့ စားရတာမို့လို့ အသက်မွေးဝမ်းကျောင်းကြမ်းတယ်လို့ ဆိုချင်လည်း ဆိုကြပါတော့. . . သို့သော်တဲ့ ချမ်းသာကို လိုချင်တဲ့သူမှန်သမျှသည်၊ ဆင်းရဲနဲ့အရင်းတည်ပြီးတော့ ယူကြပါသည်" ဆင်းရဲကြီးတွေကို ကြောက်ကြရင် ဆင်းရဲလေးတွေကို ခံကြရပါသည်။

ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်, အပါယ်လေးဘုံ ဆင်းရဲကြီးတွေကို ကြောက်လို့ရှိရင်, ဆွမ်းခံစားရလို့ ဖြစ်တဲ့ဆင်းရဲလေးကို ခံရတယ် ဆင်းရဲပါတယ် ထိုက်သလောက် ဆင်းရဲပါတယ် သို့သော်-ခုနက ပြောသလို ကိုယ်အလိုမကျတာ မှန်ပါတယ်၊ အေးတာလေးရချင်၊ စားချင်ပေမဲ့လို့ ပူတာတွေစားရတယ်၊ ပူပူနွေးနွေး စားချင်ပေမယ့်လို့ အေးစက်စက်တွေစားရတယ်၊ အဲဒီ စားရတာတွေမှန်သမျှကို "သန္တုဋ္ဌိ သလ္လေခ"-သည်းခံ. . . တဲ့၊ ရောင့်ရဲတင်းတိမ်လိုက် ချစ်သားတို့၊ ဒီထက်ဆိုးတဲ့ဘေးကြီးတွေ၊ ဒီထက်ဆိုးတဲ့ ဒုက္ခတွေကိုကြောက်ရင် ဒုက္ခကလေးကို သည်းခံရတယ်. . .။

ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်, အပါယ်လေးဘုံ ရောက်သွားတဲ့ ဆင်းရဲကြီးတွေနဲ့စာရင် ဆွမ်းခံလို့ဆင်းရဲတဲ့ ဆင်းရဲက ဘာပြောလောက်သလဲ ဦးဖုန်းမိုရဲ့နော်။ (မပြောလောက်ပါဘုရား)အစာရေစာ ကိုယ်လိုတာလေးမရတဲ့ ဆင်းရဲကဘာမှ မဖြစ်လောက်တဲ့ ဆင်းရဲမဟုတ်လား? (မှန်ပါဘုရား)၊ ဒါ့ကြောင့် မြတ်စွာဘုရားက ဆင်းရဲကြီးကိုကြောက်ရင် ဆင်းရဲလေးကိုခံရတယ်၊ ချမ်းသာကြီးကို လိုချင်ရင် ဆင်းရဲနဲ့မတည်ပြီးတော့ ယူရတယ်. . . လို့ ဘုရားကလည်း ဟောတော်မူပါသည်၊ အဲဒီရဋ္ဌပါလ, သုဒိန္နဆိုတဲ့ သူဌေးသားတွေကလည်း သူတို့မိဘတွေကို ပြန်ပြီးတော့ ပြောကြပါသည်၊ ဖြေကြပါသည်။ ဒါ့ကြောင့် ရဟန်းသာမဏေဘဝအပေါ်မှာ အဲဒီ သူဌေးကြီး သူဌေးကတော်ကြီးတွေ အမြင်ကျတော့ ခုနက ဥပလိသတို့သားရဲ့ မိဘတွေအမြင်နဲ့ ပြောင်းပြန်ဖြစ်မနေဘူးလား? *(ပြောင်းပြန်ဖြစ်နေပါဘုရား)*။

ကိုင်း-ဒိပြင် ပုံကလေး တစ်ခုပြောကြဦးစို့၊ အဲဒီ ရဋ္ဌပါလသုတ်တော်မှာပဲ၊ ရဋ္ဌပါလသတို့သား ရဟန်းပြုသွားတဲ့အပေါ်မှာ အဲဒီ ကုရုတိုင်းကြီးရဲ့သခင်, ဘုရင်ကောရဗျမင်းက မြင်နေတဲ့ အမြင်ကို ကြည့်ကြဦးစို့. . . တဲ့ ပြောကြဦးစို့။

http://www.dhammadownload.com



အဲဒီ ရဋ္ဌပါလသူဌေးသားရဟန်းပြုသွားတယ်, ရဟန်းပြုသွားတယ်. . . လို့ ကြားတော့၊ ကုရုတိုင်းကြီးရဲ့ ပြည့်ရှင်ဘုရင်ကောရဗျမင်းက အံ့သြလိုက်တာ. . . သူက။ အံ့သြတဲ့ အတိုင်း သူက မကြာမကြာပြောလေ့ရှိတယ်၊ ရဋ္ဌပါလသူဌေးသား ရဟန်းပြုသွားတယ်လို့ ကြားတယ်၊ ငါဖြင့် အံ့လိုက်တာ၊ ဒါလေး သူက မကြာမကြာပြောတယ်။ မကြာမကြာပြောတော့ မှူးကြီးမတ်ရာတွေကလည်း ကြားနေပြီ၊ တံခါးစောင့်ဒရဝမ်တွေကလည်း ကြားနေပြီ၊ ဉယျာဉ်စောင့်တွေ ဘာတွေလည်းပဲ ဒီရှင်ဘုရင်ဒီလိုမကြာမကြာပြောတာ နားထဲကြားနေကြတယ်။ ဘာဖြစ်လို့ ပြောတယ်ဆိုတာတော့ သူတို့မသိကြဘူး၊ ဒီလို ပြောပြောနေတယ်. . . ဆိုတာသာ သိနေကြတယ်။

ဒါနဲ့ တစ်ခါတော့ အရှင်ရဋ္ဌပါလ ခုနက သူဌေးသားက ရှင်, ရဟန်းပြုခွင့်ကလေးရဖို့ရာကို အဖေတွေ အမေတွေဆီ သူ့ခမျာအစာငတ်ခံ ဆန္ဒပြယူရတာ ဒကာဦးဖုန်းမိုရဲ့နော်(မှန်ပါဘုရား)၊ အစာငတ်ခံ ဆန္ဒပြပြီးတော့ မိဘတွေထံ ရဟန်းပြုခွင့်ရဖို့ ခွင်းတောင်းရတယ်၊ ရှင်ပြုခွင့်ရအောင်တောင်းရတယ် မိဘကခွင့်မပြုပြန်ရင်လည်း ဘုန်းကြီးတို့သာသနာတော်ဝတ္တရားက ရှင်ပြုပေး,' ရဟန်းခံပေးမလုပ်ကောင်းဘဲကိုး ဦးဖုန်းမုန်ရဲ့နော် (မှန်ပါဘုရား)။ အဲဒါနဲ့ ရဋ္ဌပါလသတို့သား, မိဘနှစ်ပါးထံမှာ ရဟန်းခံခွင့် ရှင်ပြုခွင့်တောင်းလိုက်တာ မိဘနှစ်ပါးက ခုနကပြောသလို အသက်မွေးဝမ်းကျောင်းကြမ်းတယ်လို့ မြင်နေတဲ့အတွက် အမျိုးမျိုးသောနည်းတွေနဲ့ ကန့်ကွက်ပြီးတော့နေကြလို့ အစာငတ်ခံပြီးတော့ ဆန္ဒပြတဲ့အနေနဲ့ ရဋ္ဌပါလသူဌေးသားလေးလေ. . . သူ့အိမ်ပေါက်မှာ လှဲပြီးတော့အိပ် အစာငတ်ခံ ဆန္ဒပြ။ *(မှန်ပါဘုရား)*။

အဲဒီလို အိပ်တော့မှ နောက်ဆုံး အစာရေစာက ချော့ကျွေးလို့လည်းမရ, ခြောက်ကျွေးလို့လည်းမရနဲ့ဖြစ်တော့မှ နောက်ဆုံးလေ. . . တို့သားလေး သေသွားရချည်ရဲ့, ရဟန်းပြုနေတာကမှ တို့သားလေးပြန်ပြီးတော့ တွေ့နိုင်သေးတယ်, ရှင်ပြုနေတာကမှ တို့သားလေး ပြန်ပြီးတော့ တွေ့ခွင့်ရှိသေးတယ်. . . လို့၊ မိဘနှစ်ပါး သဘောပေါက်တာနဲ့ မတတ်သာတတ်သာ အောင့်. . . ပြီးတော့ ရှင်ပြုခွင့် ရဟန်းပြုခွင့်ပေးလိုက်ကြတယ်၊ အဲဒီ ပေးလိုက်တဲ့အတိုင်း ရဋ္ဌပါလသတို့သားဟာ ရဟန်းပြုခွင့်ရလို့ မြတ်စွာဘုရားနဲ့ လိုက်သွားပြီးတော့ ရဟန်းတရား ကျင့်ကြံကြိုးစား, ပွားများမယုတ် အားထုတ်လိုက်တာ မကြာမတင် ဆောလျင်စွာသာလျှင် အသာဝေါကင်းကွာ ရဟန္တာဖြစ်တော်မူ။ အဲဒီလို ရဟန္တာဖြစ်တော့ ဘယ်လောက်ကြာသွားတုန်းလို့ ဆိုတော့ ဆယ့်နှစ်နှစ်လောက် ကြာသွားပြီတဲ့ ဒကာဦးဖုန်းမိုရဲ့နော် *(မှန်ပါဘုရား)*။

http://www.dhammadownload.com



အဲဒီလို မြတ်စွာဘုရားနဲ့ သူ-ထုလ္လကောဋ္ဌိက နိဂုံးကနေပြီးတော့ သာဝတ္ထိ ရာဇဂြိုဟ် ထိုထိုမြို့ကြီးတွေ ဘုရားကြွရာလိုက်သွားပြီးတော့ တရားဘာဝနာအလုပ် အားထုတ်လိုက်တာ ရဟန္တာဖြစ်သွားပြီလို့ဆိုတော့မှ သူက "ဩော်. . . ငါ့မိဘ တွေလည်း မတွေ့ရတာကြာပြီ၊ မိဘတွေရှိရာ ပြန်ပြီးတော့ ငါ့ရဲ့ရဟန်းကိစ္စ ပြီးပြီ ဖြစ်တော့ အာသဝေါကင်းကွာ ရဟန္တာယောက်ျားဖြစ်ပြီဖြစ်တော့ မိဘတွေ ကျေးဇူး ဆပ်တဲ့အနေနဲ့ ပြန်ပြီးတော့ မိဘတွေရဲ့ လှူဖွယ်တန်းဖွယ် အသွယ်သွယ်တွေကို အလှူခံ၊ မိဘတွေကို သရဏဂုံသုံးပါးနဲ့ ငါးပါးသီလ, ရှစ်ပါးသီလတွေပေး ထိန်းသိမ်း စေပြီးတော့ ဘာဝနာအလုပ် အားထုတ်စေပြီးတော့ မိဘကျေးဇူး ဆပ်ဦးမယ် . . . လို့ ဒီလို ရည်ရွယ်ချက်နဲ့ ရဋ္ဌပါလရဟန်းတော်လေးဟာ မိဘတွေရှိရာ ကုရု တိုင်းကြီး ထုလ္လကောဋ္ဌိက နိဂုံးကို ပြန်ပြီးတော့ လာ။

ပြန်လာပြီးတော့ သူ-အဲဒီနိဂုံးရောက်တယ်ဆိုရင်ပဲ ခုနက ကောရဗျမင်းရဲ့ မင်းဥယျာဉ်ထဲမှာ သီတင်းသုံးတယ်၊ ဘယ်သူကမှလည်း ကျောင်းတို့ဘာတို့ ဆောက်ပေးထားတာ မရှိတော့ နေစရာကျောင်းရယ် ဘာရယ် ဦးဖုန်းမို မရှိသေး ဘူးနော်၊ (မရှိပါဘုရား)။ ဒီလိုနဲ့ မင်းဥယျာဉ်ထဲ သီတင်းသုံးပြီးတော့ မနက်ကျတော့ အဲဒီ ထုလ္လကောဋ္ဌိကနိဂုံးဆွမ်းခံဝင်တယ်၊ ဆွမ်းခံဝင်တော့ ဒီပြင် အိမ်တွေလည်းပဲ လှည့်ပြီးတော့ ဆွမ်းခံခဲ့တယ်ပေါ့လေ၊ ဘယ်သူကမှ ဆွမ်းလောင်းရမှန်း မသိကြ ဘူး၊ ဆွမ်းလောင်းတဲ့ခေတ်လည်း မဟုတ်တော့။

ဒီလိုနဲ့ သူ-ဟိုအိမ် ဒီအိမ် ဆွမ်းရပ်ရင်း ဆွမ်းရပ်ရင်း တဖြည်းဖြည်းနဲ့ သူ့မိဘရှိရာ အိမ်ရောက်လာတယ်။ ငါ့မိဘများအိမ်ရောက်ရင်တော့ မိဘများက တော့ ကျွေးကောင်းပါရဲ့လေ. . . လို့ ဆိုပြီးတော့ မိဘများအိမ်ရောက်လာ။ လာ တော့သူ့ရဲ့ဖခင်ကြီးက မနက်စောစော စားဖွယ်သောက်ဖွယ်လေးများ စားသောက် ပြီး. . . လို့ခေါင်းဖီးပြီးတော့နေတော့ ရဋ္ဌပါလရဟန်းတော်ကလေးက မိဘအိမ်ဆို ပေမယ့်လို့ ငါ့အမေအဖေအိမ်ပဲဆို တစ်ခါတည်း ပိုင်စိုးပိုင်နင်း တက်မသွားဘူးတဲ့ ဦးဖုန်းမိုရဲ့နော်၊ (မှန်ပါဘုရား) အဲဒီလို အိမ်ပေါက်ကနေပြီးတော့ ဝင်းပေါက်က နေပြီးတော့ ဆွမ်းရပ်တဲ့အနေနဲ့ မတ်တပ်ရပ်တယ်၊ မတ်တပ်ရပ်တော့ သူဌေးကြီး က လှမ်းမြင်တယ်၊ မြင်တယ်ဆိုရင်ပဲ သူက ဘာပြောလိုက်တုန်း-

ဣမေဟိ မုဏ္ဍကေဟိ သာမဏကေဟိ အမှာကံ
ဧကော ပုတ္တကော ပိယော မနာပေါ ပဗ္ဗာဇိတော။

ဣမေဟိ မုဏ္ဍကေဟိ သာမဏကေဟိ-ဤကတုန်းစုပ် ရဟန်းတို့သည်၊ အမှာကံ-ငါတို့၏၊ ဧကပုတ္တကော ပိယော မနာပေါ- အင်မတန်ချစ်ခင်အပ်, မြတ်နိုးအပ်တဲ့ သားကလေးတစ်ယောက်ကို၊ ပဗ္ဗာဇိတော- တို့အိမ်ထဲက ဆွဲထုတ် ပြီးတော့ ရဟန်းပြုစေကြတယ်. . . ။

http://www.dhammadownload.com



ဆွမ်းမလောင်းတဲ့အပြင် အဆဲခံရတယ် ဦးဖုန်းမိုရဲ့နော်၊ (မှန်လှပါဘုရား) ငါတို့သားလေး. . . တဲ့၊ သားလေးတစ်ယောက်ရှိတာ၊ အင်မတန် ချစ်ခင်မြတ်နိုးတဲ့သားလေး၊ တို့သားလေးတစ်ယောက်ကို ဟောဒီ ရဟန်းကျေပဲ. . . တဲ့၊ ဒီလို ရဟန်းတွေပဲ တို့သားကလေးကို ဆွဲထုတ်သွားကြတယ်၊ တို့အိမ်ထဲက ခေါ်ထုတ်သွားကြတယ်. . . လို့ ရဟန်းတွေ စိတ်နာနေတာဖြစ်နေတော့၊ ဝါဝါမြင်တိုင်း ဆဲချင်နေတာဖြစ်နေတော့ ကိုယ့်သားမှန်းမသိ ဘာမှန်းမသိ ရဟန်းမြင်တာနဲ့ သူ့သားမှန်းလည်း မသိဘူး မမှတ်မိဘူး ဆဲတော့ တာပဲ။

ဒီတော့ ရဟန်းတော်အရှင်ရဋ္ဌပါလက "အင်း-ဒကာကြီးကတော့ စိတ်နာနာနဲ့ ဆဲနေပြီ. . . ငါအိမ်ပေါ်တက်သွားရင် ရိုက်များရိုက်နေမလား မပြောတတ်ဘူး။ ဒီတော့ ဆက်ပြီးတော့ ရှေ့ဆက်ကြွတာပဲကောင်းတယ်"လို့ ဆိုပြီးတော့ ဆက်ပြီးတော့ ကြွတော့မှ အိမ်ကကျွန်မလေးက မနေ့ညကကျန်နေတဲ့ ထမင်းသိုးဆိုပါတော့ မုယောမုန့်သိုးတွေ သွန်မလို့ ဆင်းလာတယ်။ အဲဒါ ဆင်းလာတာမြင်တော့မှာ အရှင်ရဋ္ဌပါလရဟန်းတော်ကလေးက "နှမ. . .တဲ့ အဲဒါတွေ သွန်မလို့လား" "ဟုတ်တယ်သွန်မလို့" "သွန်မလို့ဆိုရင် ငါ့သပိတ်ထဲ လောင်းလိုက်ပါ" ဆိုတော့ ကျွန်မလေးက အံ့အားသင့်သွားတယ် "ဟယ်. . . အသံကလည်း တို့သခင်ရဲ့သားအသံနဲ့ တူလိုက်တာ" ဒီတော့ မျက်နှာသေသေချာချာကြည့်၊ ခြေတွေလက်တွေ သေသေချာချာကြည့်တော့လည်း တို့ သခင်ရဲ့သား ရဋ္ဌပါလသတို့သားနဲ့ တူလိုက်တာ, တူလိုက်တာနဲ့ သူ့စိတ်ထဲ။

ဒီတော့-သွန်မှာဖြင့်ရင် သူ့သပိတ်ထဲလောင်းလိုက်ပါလို့ ဆိုတဲ့အတိုင်း လောင်းလိုက်တယ်၊ သပိတ်ထဲလောင်းပြီးတော့ သူ့မျက်နှာကို သေသေချာချာ မော့ကြည့်လိုက်တော့ အရှင်ရဋ္ဌပါလ သူဌေးသားဖြစ်နေမှန်း သေသေချာချာ သိတော့, တစ်ခါတည်း အိမ်ပေါ်တက်ပြေးလာ၊ အိမ်ပေါ်တက်ပြေးလာပြီးတော့ သူ့သခင်မ, ရဋ္ဌပါလသူဌေးသားရဲ့ မိခင်ကြီးဆီ ပြေးပြီးတော့ ပြောတယ်-

ယဂ္ဃေယျေ ဇာနေယျာသိ အယျပုတ္တော ရဋ္ဌပါလော အနုပ္ပတ္တော. . ။

အရှင်မ. . . သိတော်မူပါ. . အရှင်မရဲ့သားရဋ္ဌပါလသူဌေးသား ဟောဒီ အိမ်အောက်မှာ ရောက်နေပါတယ်. . ဆိုတော့ သူဌေးကတော်ကြီးက "ဟဲ့-နင်အဟုတ်ပြောတာလား" "အဟုတ်ပြောတာ သူဌေးကတော်ကြီးရဲ့ ကြည့်ပါဦး ဟောဟိုမယ်, ဟောဟိုမယ်ကြွသွားပြီ, ကြွသွားပြီ"ဆိုတော့ ထွက်ကြည့်လိုက်တော့ ရဟန်းအသွင်နဲ့ သပိတ်ပိုက်ပြီးတော့ ကြွသွားတာဖြင့်၊ မြင်တော့ သူကဗျာကယာနဲ့ သူဌေးကြီးဆီ ပြေးပြီးတော့ တစ်ခါပြောပြန်တယ် "သူဌေးကြီး, သူဌေးကြီး ရှင့်သား လာသတဲ့ ခုနက အိမ်ပေါက်မှာ" "ဟင်-ဟုတ်ရဲ့လား, အခု ဘယ်မှာတုန်း" "ဟော

http://www.dhammadownload.com



ဟိုမှာ သွားပြီ, အဝေးကြီးရောက်သွားပြီ ရှင့်သားလို့ပြောတယ်၊ တူတယ်တူတယ်, နောက်ကနေကြည့်ရတာတူတယ် လိုက်ပါဦး လိုက်ပါဦး"လို့ ဆိုတော့မှ သူဌေးကြီးက ကဗျာကယာနဲ့ ဆင်းလိုက်၊ ဆင်းလိုက်တော့ အရှင်ရဋ္ဌပါလက အဲဒီ မုယောမုန့်သိုးကို သပိတ်ထဲ အလှူခံပြီးတော့ ခန္ဓာကိုယ်ကို တစ်နေ့တာတည်နိုင်ရုံ, မတ်နိုင်ရုံ ဘုဉ်းပေးသုံးဆောင်မှာဖြစ်တော့ အသိုးပဲဖြစ်ဖြစ် အကောင်းပဲဖြစ်ဖြစ်-

❖ မကျိုးစေလို့, ရထားအိုကို, ထိုးလျှိုလှည်းစာ, ကဲ့ပမာသို့. . .။

သူတော်ကောင်းတွေက အစာစားတာ ရသာတဏှာခံပြီးတော့ စားကြတာ မဟုတ်ဘူး၊ ဦးဖုန်းမိုရဲ့နေဉ် (*မှန်ပါဘုရား*)။ ဒီခန္ဓာကိုယ်ကြီးက အစာရေစာ သွင်းလိုက်မှ တစ်နေ့တာ အလုပ်လုပ်နိုင်မယ်, သွားနိုင်မယ် လာနိုင်မယ် တရားဘာဝနာ အလုပ်အားထုတ်နိုင်မယ်၊ သူတော်ကောင်းတရားတွေကို ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်မယ်. . . လို့ မဂ်ဖိုလ်နိဗ္ဗာန်သွားကြောင်း၊ မဂ်ဖိုလ်နိဗ္ဗာန်ရကြောင်း ပါရမီကောင်းတွေကို စုစည်းနိုင်မှာမို့လို့ ခန္ဓာကိုယ်ကို အစားကျွေးကြတယ်၊ အဲဒီအတိုင်းပဲ ရဟန္တာအရှင်မြတ်လည်းပဲ ဒီသဘောအတိုင်းပဲ မုယောမုန့်သိုးတွေ တစ်နေရာကျတော့ ထိုင်ပြီးတော့ ဘုဉ်းပေးနေတယ်၊ နံရံတစ်ခုမှီပြီး တံတိုင်းတစ်ခုမှီ ဘုဉ်းပေးနေတော့ သူဌေးကြီးက အနားရောက်လာတော့ မြင်တယ်လေ မြင်တော့ သေသေချာချာကြည့်လိုက်တော့ သူ့သားမှ သူ့သားအစစ်၊ ဒီတော့ စိတ်ထဲလေ မခံချင်သွားလိုက်တာ အောင့်သက်သက်ဖြစ်သွားလိုက်တာ။

အတ္ထိ နာမ တာတ ရဋ္ဌပါလ အာဘိဒေါသိကံ ကုမ္မာသံ ပရိဘုဉ္ဇိဿသိ၊ နနု တာတ ရဋ္ဌပါလ သကံ ဂေဟံ ဂန္တဗ္ဗံ. . .။

"ချစ်သားရယ်. . . တဲ့ ဖြစ်မှဖြစ်ရလေခြင်း၊ မောင့်ရဲ့မိဘနှစ်ပါး အသက်ထင်ရှားရှိနေပါသေးလျက်ကယ်နဲ့ ဒီလို မုယောမုန့်သိုးတွေကို, ဒီလိုနေရာမှာ ထိုင်ပြီးတော့စားရပါသလား. . . တဲ့၊ အိမ်မသွားကောင်းဘူးလားသားရယ်. . . အိမ်ကြွခဲ့ပါတော့"လို့ ဒီတော့-ရှင်ရဋ္ဌပါလက "ဒကာကြီး. . . ခုနက လာသားပဲ. . . တဲ့ ဒကာကြီးက ဆဲလွှတ်လိုက်တာမို့လို့ အိမ်ပေါ်မတက်ဘဲနဲ့ပြန်လာခဲ့တာ" "အမလေး. . . ဖြစ်မှဖြစ်ရလေခြင်း သားရယ်. . . မသိလို့ ဆဲတာပါ၊ ကိုယ့်သားမှန်းသိရင် ဘယ်ဆဲလိမ့်မှာတုန်း အိမ်ကြွပါ အိမ်ကြွပါ"ဆိုပြီးတော့ အိမ်ပင့် ဒီတော့ သူဌေးကြီးက အိမ်ပင့်ပေမယ့်လို့ အရှင်ရဋ္ဌပါလက" "ဒကာကြီး. . . တဲ့ ဒီနေ့တော့ ပြည့်စုံသွားပြီတဲ့" "ဒီလိုဆိုရင် အရှင်ဘုရား နက်ဖြန်ခါအိမ်ကို ကြွပြီးတော့ ဆွမ်းဘုဉ်းပေးပါ အရှင်ဘုရား ဒီမှာ သီးတင်းသုံးသမျှ အိမ်ကိုကြွပြီးတော့ ဆွမ်းဘုဉ်းပေးပါ. . . လို့ ပင့်လိုက်တယ်။ ဒါနဲ့ နောက်တစ်ရက်ကျတော့ အရှင်ရဋ္ဌပါလ အိမ်ကြွပြီးတော့ လာ၊ အိမ်ကြွလာတော့ သူဌေးကြီးနဲ့ သူဌေးကတော်ကြီးက

http://www.dhammadownload.com



ဌွဲမလျှော့ကြသေးဘူး၊ သူတို့သားလေး "အင်း-ရဋ္ဌပါလ ပြန်လာတယ်. . . ပြန်လာတာထောက်ရင်တော့ လူထွက်ချင်လို့လား။ ပျင်းလို့လား၊ ဒီပြန်လာတာထောက်လို့ရှိရင်ဖြင့် ဧကန္တ တို့ဘက်ပါတော့မယ်နဲ့တူတယ်. . . "လို့ ဟိုကရဟန္တာဖြစ်ပြီ၊ သူတို့က သူတို့ဘက်ပါလိမ်ဦးမယ် ထင်တုန်းရှိသေးနော် (မှန်ပါဘုရား)။

အဲဒီလိုနဲ့ အိမ်ပြန်ပြီးတော့ နက်ဖြန်ခါလာလို့ရှိရင်ဖြင့် တို့ပစ္စည်းပုံတွေ ရွှေတွေငွေတွေ ကျောက်သံပတ္တမြားတွေပြပြီးတော့ ဖျားယောင်းဦးမယ်၊ မျှားဦးမယ်လို့ဆိုပြီးတော့ ပစ္စည်းတွေနဲ့ပြပြီးတော့ ဖျားယောင်းကြ၊ မြူကြ၊ လူထွက်ဖို့ ပြောကြ၊ ဒီတော့ အရှင်ရဋ္ဌပါလက မိဘနှစ်ပါးပြောတဲ့ စကားကိုမနာယူဘဲ "ဒကာကြီးတို့, ဒကာမကြီးတို့. . . တဲ့ ဦးပဥ္စင်းကို မနှိုက်စက်ကြပါနဲ့၊ ဆွမ်းလှူမှာဖြင့် လှူကြပါ၊ ဆွမ်းကျွေးမှာဖြင့် ကျွေးကြပါ ဆွမ်းကပ်မှာဖြင့် ဆက်ကပ်ကြပါ"လို့ ပြောဆိုပြီးတော့ ဆွမ်းအလှူခံပြီးတော့ အိမ်ကပြန်လာခဲ့ပြီးတော့ ခုနက မိဂစီရ ဥယျာဉ်ခေါ်တဲ့ ကောရဗျမင်းရဲ့ မိဂစီရဥယျာဉ်ထဲမှာ နေ့သန့်ဖို့ရာ လာပြီးတော့ သီတင်းသုံးတော်မူ။ အဲဒီလို မိဂစီရဥယျာဉ်လို့ခေါ်တဲ့ ကောရဗျမင်းရဲ့ ဥယျာဉ်ထဲမှာ ရောက်ပြီးတော့လာတော့ ဥယျာဉ်စောင့်က မြင်တယ် ကိုး. . . ။

မြင်တော့ ဥယျာဉ်စောင့်က "ဟာ. . . ဒါ သူဌေးသားရဋ္ဌပါလပဲ၊ ရဋ္ဌပါလ သူဌေးသားက ဝတ်သွားတဲ့ရဟန်းပဲ သေချာတယ်. . . တဲ့၊ တို့ရှင်ဘုရင်က မကြာမကြာ ရဋ္ဌပါလသူဌေးသား ရဟန်းပြုသွားတာကို ရဟန်းဝတ်သွားတာကို အင်မတန် ခဏခဏ၊ ဘာကြောင့်များ ရဟန်းပြုပါလိမ့်မတုန်း, ရဟန်းပြုသွားတာ ငါဖြင့် အံ့လိုက်တာ"လို့ တို့ဘုရင်ကောရဗျမင်းက မကြာမကြာပြောနေတယ်၊ဒီတော့ ငါဘုရင်ကို သွားပြီးတော့ သံတော်ဦးတင်မှပဲ"လို့ ဥယျာဉ်စောင့်က ဘုရင်ကို ပြေးပြီးတော့ သံတော်ဦးတင်၊ သံတော်ဦးတင်တော့ ဘုရင်က အင်မတန်တွေ့ ချင်နေတာကိုး ဒီ ရဋ္ဌပါလ ရဟန်းတော်နဲ့ အင်မတန်တွေ့ချင်နေတာဖြစ်တော့ ခပ်သုတ်သုတ်ပဲ နန်းတော်ကနေပြီးတော့ ဥယျာဉ်ဘက်ထွက်ပြီးတော့ လိုက်လာ။ လိုက်လာပြီးတော့ ရှင်ရဋ္ဌပါလနဲ့တွေ့တယ်ဆိုရင်ပဲ သူက ဘာမေးတုန်း. . . ရှင်, ရဟန်းသာမဏေအပေါ်မှာ မြင်နေတဲ့အမြင်အတိုင်းပဲ သူကမေးတယ် ဒကာဦးဖုန်းမိုရဲ့နော် *(မှန်ပါဘုရား)*။ ကောရဗျမင်းက ဘယ့်နှယ့်မေးလိုက်တုန်းဆိုတော့-

ဇရာ ဗျာဓိ ဘောဂဉာတိ, ပါရိဇုညေဟိ ပီဠိတော၊
ဒုက္ခပ္ပတ္တော ပဗ္ဗဇေယျာ, ကသ္မာ တုဝံ ပရိပ္ပဇေ။

ဘောရဋ္ဌပါလ-အရှင်ရဋ္ဌပါလ၊ ဇရာဗျာဓိ ဘောဂဉာတိပါရိဇုညေဟိ-အိုခြင်း, နာခြင်း, စည်းစိမ် ဆွေမျိုး ပျက်စီးခြင်း တစ်မျိုးမျိုးတို့က၊ ပီဠိတော-တစ်ရံ တစ်ခါ, မခံသာအောင်, ဖန်လာကြိတ်လျက်၊ နှိုက်စက်အပ်သည်ဖြစ်၍၊ ဒုက္ခပ္ပတ္တော-

http://www.dhammadownload.com



မကြည်တကြည်, သီကရီဖြင့်, အလီလီပွေ, ဆင်းရဲဒုက္ခသို့ မုချရောက် နေသူသည်သာ၊ ပဗ္ဗဇေယျ-မျှော်လင့်ချက်ကုန်, လူ့ဘုံကိုရှောင်, လူ့ဘောင်ကိုခွာ, ဖန်ဝါဆင်မြန်း၍, ရှင်ရဟန်းပြုရိုးပါတည်း၊ တုဝံ-အရွယ်နုနယ်, ခုနှယ်အချိန်, စည်းစိမ်ထွေးလျှက်, အသွေးတက်၍ နေသောအရှင်သည်၊ ကသ္မာ ပရိဗ္ဗဇေ-ဘယ်ကိုစိတ်ပျက်, ဘယ်ကိုမက်၍, ရက်စက်ကြံကာ, မတန်ရာသည့်, ဖန်ဝါဆင်မြန်း၍, ရှင်ရဟန်းပြုပါသနည်းဘုရား. . . .။

**သာဓု. . . သာဓု. . . သာဓုပါဘုရား. . .။**

ကောရဗျမင်းက ရှင်ရဟန်းပြုရတဲ့အပေါ် မှာ သူမြင်ပြီးတော့နေတဲ့ အမြင်အတိုင်း သူက တအံ့တသြနဲ့ ထုတ်ပြီးတော့မေးတာ ဦးဖုန်းမိုရဲ့နော်၊ (မေးပါဘုရား) အရှင်ရဋ္ဌပါလ. . . တဲ့ ရဟန်းပြုတယ်, ရဟန်းပြုတယ်ဆိုတာ တပည့်တော်နားလည်တာကတော့ တပည့်တော်တို့ ယခုလျှောက်လတံ့သော အကြောင်းလေးမျိုးတစ်မျိုးမျိုးနဲ့တိုးတဲ့သူတွေ, တစ်မျိုးမျိုးနဲ့ ကြုံတဲ့သူတွေမှ ရဟန်းပြုတယ် မဟုတ်လား . , . တဲ့၊ ရဟန်းပြုကြတယ်မဟုတ်လား၊ ဘယ်လို အကြောင်းတွေတုန်းဆိုတော့ ဇရာ ဗျာဓိ ဘောဂ ဉာတိ ပါရိဇုညေဟိ-အိုချိန်, နာချိန်, စည်းစိမ်ဆွေမျိုး, ပျက်စီးခြင်းတစ်မျိုးမျိုးတို့က၊ ပီဠိတော-တစ်ရံတစ်ခါ, မခံသာအောင်, ဖန်လာကြိတ်လျက်, နှိုက်စက်အပ်သည်ဖြစ်၍. . .။ အရှင်ရဋ္ဌပါလ. . . တဲ့ ရဟန်းပြုတယ် သာမဏေပြုတယ်၊ ရှင်ရဟန်းဘောင် တက်တယ်ဆိုတာ ရင့်ရော်အိုမင်း ဟောင်းမြင်းခြင်းဖြစ်ပြီ. . . လို့ ဆိုလို့ လူထဲမှာသုံးမရအသုံးမကျ, ဆံပင်ဖြူ, သွားတွေကျိုးနားတွေ ထိုင်း ခါးတွေကိုင်းပြီးတော့သကာလ-

**အနဓိဂတံ ဝါ ဘောဂံ အဓိဂန္တေယျ-မရသေးတဲ့ စီးပွားဉစ္စာရတနာတွေ, စီးပွားတွေရအောင် ရှာဖို့လည်း မစွမ်းနိုင်တော့။ အဓိဂတံ ဝါ ဘောဂံ ဖာတိံ ကရေယျ-ရပြီးသားစီးပွား ဉစ္စာအတွေလည်း တိုးတက်အောင် မလုပ်နိုင်**တော့ မပြုနိုင်တော့တဲ့ အိုမင်းမစွမ်း, ရွတ်တွယိုယွင်းဖြစ်တဲ့သူတွေသည်သာလျှင် လူထဲသူထဲမှာ နေလို့မဖြစ် နေလို့မရတော့လို့ ရှင်, ရဟန်းပြုကြရတယ် မဟုတ်လား. . . တဲ့၊ အိုမင်းမစွမ်းတဲ့သူမှ ရဟန်းဘောင်တက်ကြရတယ်မဟုတ်လား၊ အခု အရှင်ဘုရားမှာကျတော့ ဒီလို အိုမင်းမစွမ်းလည်း မဟုတ်သေးဘူး၊ အရွယ်လေးကလည်း အင်မတန်နုနယ်။

တုဝံ-အရွယ်နုနယ်, ရှုစဖွယ်ဖြင့်, ခုနယ်အချိန်, စည်းစိမ်ထွေးလျှက်, အသွေးတက်၍နေသော အရှင်သည်. . . တဲ့၊ အရှင်ဘုရားမှာကျတော့ ဘုရား. . . ဘယ့်နှယ့် အရွယ်လေးကလည်း ကောင်းတုန်း၊ အသားအရေစိုတုန်း ခြေတွေ

http://www.dhammadownload.com



လက်တွေ သန်တုန်းမြန်တုန်း၊ ဒီလို အနေမျိုးဖြစ်ပါလျက်သားနဲ့ အရှင်ဘုရား ဘယ့်နှယ့်ကြောင့် ရဟန်းပြုသွားတာတုန်း. . . . တဲ့၊ ရဟန်းပြုသွားတာတုန်း။ ဟော-ကောရဗျမင်းက မြင့်နေတာက တကတည်း ရွှတ်တွယိုယွင်း အိုမင်းလို့ လူထဲသူထဲ အသုံးမကျမှ, ရဟန်းပြုရတယ်လို့ မြင်နေကြတယ် ဒကာဦးဖုန်းမိုနော် *(မှန်ပါဘုရား)*။

ဒါတင်မကသေးဘူး၊ ဗျာဓိပါရိဇုညလို့ခေါ်တဲ့ အနာရောဂါတွေစွဲလို့၊ နာတာရှည် နာတာတိုရောဂါတွေစွဲလို့၊ လူထဲသူထဲမှာ နေလို့ထိုင်လို့မဖြစ် အသုံးမကျတော့လို့ ခုနက ပြောခဲ့သလို မရသေးတဲ့ စီးပွားဥစ္စာတွေရအောင် ရှာဖို့လည်း မတတ်နိုင် မစွမ်းနိုင်၊ ရပြီးသားဥစ္စာတွေ တိုးတက်ကြီးပွားအောင်လည်း မကြံဆောင်နိုင်တော့လို့ ရောဂါတွေထူပြောပြီးတော့ နေတဲ့သူတွေမှ ရဟန်းဘောင်, ရဟန်းဘဝ။ သာမဏေဘောင် သာမဏေဘဝ တက်ကြရတယ်မဟုတ်လားတဲ့ အခု အရှင်ဘုရားကတော့ ကျန်းကျန်းမာမာ ရွှင်ရွှင်လန်းလန်း ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ ဖြစ်နေပါလျက်နဲ့ ဘယ့်နှယ့်ကြောင့် ရဟန်းဘောင်တက်တာတုန်း. . .။

ပြီးတော့လေ. . . တဲ့ တပည့်တော်မြင်တဲ့အမြင် ပြောရရင် ဘောဂပါရိဇုညလို့ခေါ်တဲ့ စည်းပွားဥစ္စာတွေ ပျက်လို့၊ မီးလောင်၍သော်လည်းကောင်း ရေမျော၍သော်လည်းကောင်း၊ အမွေခံဆိုး သားဆိုးသမီးဆိုးနဲ့ မင်းဆိုးတွေ နှိပ်စက်သိမ်းပိုက်၍သော်လည်းကောင်း၊ မိမိတို့ရဲ့ စီးပွားဥစ္စာတွေ ကုန်ခမ်းကုန်, ပျက်စီးကုန် ခေါင်းပါးကုန်, သုံးစရာစွဲစရာမှ ကုန်းကောက်လို့မှ ရှာမရလောက်အောင် ဖြစ်တဲ့ အချိန်ရောက်လို့. . . တဲ့၊ စီးပွားတွေကုန်လို့ စားစရာသောက်စရာမရှိ, လူထဲသူထဲမှာ နေလို့ထိုင်လို့ မဖြစ်၊ မရှိသေးတဲ့ စီးပွားတွေလည်းရှိအောင် မတတ်နိုင် တော့၊ ရှိပြီးသားတွေလည်း တိုးတက်အောင် မကြံဆောင်နိုင်တော့လို့ ဘောဂဗျသနခေါ်တဲ့ စီးပွားတွေပျက်စီးတဲ့သူတွေမှ စားရမဲ့သောက်ရမဲ့ဖြစ်လို့ ရဟန်းဘောင် ရဟန်းဘဝ တက်ကြရတယ်မဟုတ်လား. . . . တဲ့။

အခု အရှင်ဘုရားမှာကျတော့ အရှင်ဘုရားမိဘနှစ်ပါးထားခဲ့မယ့် ပစ္စည်းတွေဟာ အရှင်ဘုရားတစ်ယောက်တည်း တစ်သက်လုံးစားလို့ မကုန်, သောက်လို့ မကုန်အောင် ပြည့်စုံနေပါလျက်သားနဲ့ အရှင်ဘုရားဘာ့ကြောင့် ရဟန်းပြုပါသလဲ . . . သူ့အမြင်တွေ သူ့ဝမ်းထဲသူ့ရင်ထဲမှာရှိတဲ့အတိုင်း ပြောတာနော်၊ *(မှန်ပါဘုရား)*။ ဒါ့ကြောင့်မို့လို့ ဒီကောရဗျမင်းက စောစောကတည်းက အံ့သြနေတာ သူက "အမလေး. . . ဒီရဋ္ဌပါလသူဌေးသား ရဟန်းပြုသွားသတဲ့၊ ရဟန်းပြုသွားသတဲ့၊ ရဟန်းပြုသွားသတဲ့၊ အံ့ပါ့ ငါဖြင့် အံ့ပါ့"ဆိုတာ သူက ဒါတွေ တွေးတွေး

http://www.dhammadownload.com



ပြီးတော့ အုံနေတာ *(အုံ့နေပါတယ်ဘုရား)*။ နောက်ဆုံး ဉာတိပါရိဇုညလို့ခေါ်တဲ့ ဆွေးမျိုးတွေပျက်စီးမှု ဉာတိဗျသနဘေးကြီးသင့်လို့ ရဟန်းပြုရတယ် မဟုတ်လား. . . တဲ့၊

ဇရာ, ဗျာဓိ, ဘောဂဉာတိ, ပါရိဇုညေဟိ-အိုချိန်နာချိန်, စည်းစိမ် ဆွေမျိုး ပျက်စီးခြင်းတစ်မျိုးမျိုးတို့က၊ ပိဠိတော-တစ်ရံတစ်ခါ, မခံသာအောင် ဖန်လာကြိတ်လျှက်, နှိုက်စက်အပ်သည်ဖြစ်၍၊ ဒုက္ခပ္ပတ္တော-မကြည်တကြည်, သိကရိဖြင့်, အလီလီပွေ၊ ဆင်းရဲဒုက္ခသို့, မုချရောက်နေသူသည်သာ. . . တဲ့၊ အရှင်ဘုရား. . . တဲ့ ရဟန်းပြုတယ်ဆိုတာလေ ဉာတိဗျသနခေါ်တဲ့ ဆွေမျိုး တွေ ပျက်ငြီးကုန်၊ အမေတွေ အဖေတွေလည်းမရှိ၊ ကွယ်လွန်ကုန်, ဘိုးတွေ ဘွားတွေလည်း အားကိုးစရာ အားထားစရာမရှိ၊ သားတွေသမီးတွေကလည်း မရှိ၊ ဦးကြီး ဦးလေးဒေါ်ကြီး ဒေါ်လေးတွေလည်းမရှိလို့ တစ်ကောင်ကြွက် တစ်မျက်နှာ ဖြစ်တဲ့အချိန်မှာမှ လူထဲသူထဲနေလို့ မရလို့ ရဟန်းပြုကြရတယ် မဟုတ်လား . . . တဲ့။

ရဟန်းပြုကြရတယ် ရဟန်းပြုကြရတယ်ဆိုတာ အဲဒီလို တစ်ကောင်ကြွက်, တစ်မျက်နှာဖြစ်မှ ရှင်ပြုကြရိုး ရဟန်းပြုကြရိုး ရှိတယ်မဟုတ်လား. . ။ အခု အရှင် ဘုရားမှာ ဆွေတွေမျိုးတွေလည်း ပတ်ပတ်လည်ဝိုင်းလို့၊ ကျေးတွေကျွန်တွေ ကလည်း ပြည့်စုံလို့၊ အဲဒီလို ဖြစ်နေပါလျှက်သားနဲ့၊ တုဝံ-အရွယ်နုနယ်, ရှုစဖွယ် ဖြင့်, ခုနှယ်အချိန်, စည်းစိမ်ထွေးလျှက်, အသွေးတက်၍နေသော အရှင်သည်၊ တသ္မာ ပရိဠဇေ-ဘယ်ကိုစိတ်ပျက်, ဘယ်ကိုမက်၍, ရက်စက်ကြံကာ, မတန်ရာ သည့်, ဖန်ငဆင်မြန်း၍, ရှင်ရဟန်းပြုပါသနည်းဘုရား. . . . ။

သာဓု. . . သာဓု. . . သာဓုပါဘုရား. . . ။

ဟော-ကောရဗျမင်းက ရှင်ရဟန်းဘဝ အပေါ်မြင်တဲ့အမြင်က လူထဲ သူထဲ အသုံးမကျတဲ့ သူတွေ၊ လူထဲသူထဲ နေလို့ မဖြစ်တဲ့သူတွေ, အားကိုးစရာမဲ့, ခိုကိုးစရာမဲ့ဖြစ်တဲ့ သူတွေမှ ရှင်ရဟန်းပြုကြတယ်လို့ဟောသလို မြင်ပြန်တယ် ဒကာကြီးဦးဇွန်းမိုရဲ့နော် *(မှန်ပါဘုရား)*။ ကိုင်းအဲဒီ အမြင်ကောမှန်သလား. . . လို့ ဆိုတော့ မမှန်တဲ့အကြောင်းကို အခုသူတော်ကောင်း အဆက်ဆက်မြင်တဲ့ အမြင်နဲ့ ပြောကြစို့နော် (အမိန့်ရှိပါဘုရား) အဲဒီအမြင်ကို ပြန်ပြီးတော့ချေပတဲ့ အရှင် ရဋ္ဌပါလ ရဟန်းတော်လေးက ပြန်ပြီးတော့ ပြောတဲ့စကား နားထောင်ကြည့်ကြဦး စို့. . . ဒီတော့ အရှင်ရဋ္ဌပါလရဟန်းတော်ကလေးက "ဒကာတော် မင်းမြတ် . . . တဲ့ ဒကာတော်မင်းမြတ်မေးတဲ့ အမေးတွေကို ဦးဇင်းက ရဟန်းဖြစ်စမို့လို့

http://www.dhammadownload.com



အကုန်လုံးတော့ မဖြေတတ်ဘူးတဲ့ ဦးဇင်းရဟန်းပြုခဲ့ရတဲ့ အကြောင်းကို ပြန်ပြောင်းပြီးတော့ ပြောရမယ်ဆိုရင် ဦးဇင်း ဘာ့ကြောင့်ရဟန်းပြုခဲ့တယ်၊ ဘာ့ကြောင့် ရှင်ပြုခဲ့တယ်ဆိုတဲ့ ရည်ရွယ်ချက်ကို ဦးဇင်းပြန်ပြီးတော့ ပြောရမယ်ဆိုရင် . . . တဲ့

ဇရာယ မရဏံ လောကော, ဥပနိယျတိ အဒ္ဒုဝေါ၊
ဓမ္မုဒ္ဒေသ မဟံ ဉတွာ, အနာဂါရော ပရိဗ္ဗဇေ။

မဟာရာဇ-ကောရဗျဟု, နာမတွင်လတ်, အိုအရှင်မင်းမြတ်၊ အယံ သဗ္ဗော လောကော-ကိုယ်ရောသူပါ, များပြားစွာတောင်း, ဤသတ္တဝါအပေါင်းကို၊ ဇရာယ-တစ်နေ့တစ်နေ့, တရွေ့ရွေ့ဖြင့်, တငွေ့ငွေ့ငြိမ်း, အိုခြင်းဆိုတဲ့ ဇရာတရားသည်၊ မရဏံ-ခန္ဓာပြတ်ကြွေ, သေခြင်းဆိုတဲ့ မရဏာပြည်သို့၊ ဥပနိယျတိ-မငြင်းနိုင်အောင်, ကွင်းမရှောင်ဘဲ, အတင်းဆောင်၍ နေအပ်လေ၏၊ တော် ဓမ္မုဒ္ဒေသံ-အကျဉ်းအုပ်၍, အချုပ်အနေ, ဥဒ္ဒေသအချက်, တရားအမြွက်ကို၊ ဉတွာ-အကျယ်ဝေဖန်, အနေမှန်အောင်, ဧကန်သဘော, သိမြင်သောကြောင့်၊ အနာရောဂါ ပရိဗ္ဗဇေ-လောကီကိုမုန်း, ယောဂီဘုန်းတို့, နည်းထုံးမသွေ, ဖန်ရည်တပ်စွန်း, ဝက်သက်န်းဖြင့်, ရှင်ရဟန်းပြုခဲ့ပေသတည်း . . .။

သာဓု . . . သာဓု . . . သာဓုပါဘုရား . . .။

ဒကာတော်မင်းမြတ် . . . တဲ့ ဦးဇင်း ရှင်ရဟန်းပြုခဲ့တဲ့ ရည်ရွယ်ချက်ကို ပြောရမယ်ဆိုရင် . . . ဦးဇင်းလေ . . . တဲ့၊ ဦးဇင်းမြင်တဲ့အမြင်၊ အယံ သဗ္ဗော လောကော-ကိုယ်ရောသူပါ, များပြားစွာတောင်း, ဤသတ္တဝါအပေါင်းကို၊ ဇရာယ-တစ်နေ့တစ်နေ့, တရွေ့ရွေ့ဖြင့်, တငွေ့ငွေ့ငြိမ်း, အိုခြင်းဆိုတဲ့ ဇရာတရားသည်၊ မရဏံ-ခန္ဓာပြတ်ကြွေ, သေခြင်းဆိုတဲ့ မရဏာပြည်သို့၊ ဥပနိယျတိ-မငြင်းနိုင်အောင်, ကွင်းမရှောင်ဘဲ, အတင်းဆောင်၍ နေအပ်လေ၏၊ အဒ္ဒုဝံ-မြဲမြံခိုင်ခံ့, အရှည်ကြံ၍, တည်တံ့နိုင်သူ, တစ်စုံတစ်ယောက်မျှ, မပေါ်ပေါက်ခဲ့ချေ . . .။

ဒကာတော် . . . တဲ့ ဒီကမ္ဘာလောကရှိရှိသမျှ သတ္တဝါအားလုံးသူတို့ ထင်ထားတာကတော့ ငါဒီကနေပြီးတော့ အိမ်သွားနေတယ်၊ အိမ်ကနေပြီးတော့ ကျောင်းသွားတယ်၊ ရုံးသွားတယ်, အလုပ်ရုံသွားတယ်။ ဈေးသွားတယ်လို့ ထင်ကြတယ်မြင်ကြတယ် . . . တဲ့။ အမှန်စင်စစ်ကတော့ ကမ္ဘာလောက ရှိရှိသမျှ သတ္တဝါအားလုံးကိုယ့်ရဲ့ သမုဒယသစ္စာ တဏှာလေးတွေနဲ့ အာရုံကလေးတွေနဲ့ ဆွဲဆောင်ပြီးတော့ ဟိုဟိုဒီဒီ လှည့်လည်ပြီးတော့ သွားနေကြပေမယ့်လို့ အမှန်စင်စစ်ကတော့ ကမ္ဘာလောကရှိရှိသမျှ သတ္တဝါအားလုံး ဦးဇင်းမြင်နေတဲ့ အမြင်နဲ့ပြောရမယ်ဆိုရင် ဇရာခေါ်တဲ့ အိုခြင်းတရားက သေမင်းထံ ရောက်အောင် အမြဲဆောင်ပြီးတော့ နေတယ် . . . လို့ ဦးဇင်းမြင်ပါတယ် . . . တဲ့

http://www.dhammadownload.com



အိမ်ကနေပြီးတော့ ရုံးတွေဈေးတွေ, ကျောင်းတွေ, သွားနေတယ်လို့ ကိုယ်ကထင်သော်လည်းပဲ၊ အမှန်စင်စစ်ကတော့ ဇရာတရားက သေမင်းဆီပို့နေခြင်းဖြစ်ပါတယ်. . .၊ ငါတို့ကျောင်းကနေ, ဈေးကနေပြီးတော့ အလုပ်ရုံကနေပြီးတော့ တို့အိမ်ပြန်တယ်. . . လို့ သတ္တဝါအားလုံးက ထင်ကြသော်လည်း၊ အမှန်စင်စစ်ကတော့ သတ္တဝါတွေကို ဇရာခေါ်တဲ့ အိုခြင်းတရားက သေမင်းထံ အမြဲတွန်းပို့နေတယ်။ အမြဲဆွဲခေါ်နေတယ်လို့ ဦးဇင်းမြင်ပါတယ်. . . တဲ့၊ မြင်ပါတယ်။

ဘုန်းကြီးတို့ အားလုံးသော ဒကာဒကာမတွေ ကိုယ့်အာရုံလေးတွေနဲ့ ကိုယ်ဆိုတော့၊ ကိုယ့်အလုပ်ကလေးတွေ အကိုင်ကလေးတွေနဲ့သွားလာပြီးတော့ နေတော့ ဒကာကြီးဦးဖုန်းမိုတို့ အိမ်ကနေပြီးတော့ အလုပ်သွားတယ်ဆိုရင် ငါ-. အိမ်ကနေပြီးတော့ အလုပ်သွားတယ်. . . အလုပ်ရုံကျတော့ ဘာလုပ်မယ်၊ ဈေးသွားတဲ့လူကလည်း ငါဈေးသွားနေတယ်။ ဈေးကျတော့ ဘယ်လိုရောင်းမယ် ဘယ်လိုဝယ်မယ် ဘယ်လိုစားမယ် ဘယ်လိုပြောမယ် ဘယ်လိုဆိုမယ်နဲ့ ဒီစိတ်ကူးလေးတွေ မရှိကြဘူးလား? (ရှိကြပါဘုရား)။

ဒါပေမယ့်လို့ အမှန်စင်စစ် ဓမ္မသဘောနဲ့ ပညာမျက်လုံးသုံးပြီးတော့ ကြည့်လိုက်မယ်ဆိုရင်. . . တဲ့ ယနေ့ဒကာ ဒကာမတွေအားလုံး သတ္တဝါအားလုံးဘယ်ကို သွားနေကြပါသလဲဆိုရင် မရဏခေါ်တဲ့ ရှင်သေမင်းဆီ သွားနေကြရပါသည်။ ပရမတ်စက္ခုပညာစက္ခု သူတော်ကောင်းမျက်လုံး ပညာမျက်လုံး သုံးပြီးတော့ ကြည့်လိုက်မယ်ဆိုရင် ကမ္ဘာလောကရှိရှိသမျှ သတ္တဝါအားလုံး ဇာတိကနေပြီးတော့ မရဏသို့ ပြေးနေကြရပါတယ်. . . တဲ့၊ အဲဒီလို ပြေးနေအောင် ဘယ်သူက ဆွဲပို့နေသလဲ ဘယ်သူတွေက တွန်းပို့နေသလဲဆိုရင် ဇရာခေါ်တဲ့အိုခြင်းတရားက တွန်းပို့နေတယ်၊ ဆွဲပို့နေတယ်။

ယနေ့ အားလုံးသော တရားနာပရိသတ်အပေါင်း သူတော်ကောင်းတွေ အခု တရားထိုင်ပြီးတော့ နာနေဆဲ, နာနေတုန်း, နာနေခိုက်ပင်လျှင် မိမိတို့ကသာ တရားထိုင်ပြီးတော့ နာနေတယ်၊ ငါ-ဒီနားငြိမ်နေတယ်၊ ထိုင်နေတယ်လို့ ထင်ရသော်လည်း၊ ယနေ့ ဒကာဒကာမအပေါင်း သူတော်ကောင်းတွေရဲ့ ခန္ဓာကိုယ်မှာ အိုခြင်းဆိုတဲ့ ဇရာတရားကြီးက မရပ်မနားပါ, နားလည်ရဲ့လား ပရိသတ်ကြီး? နားလည်ပါဘုရား ဒါဖြင့် ယနေ့ ဒကာဒကာမတွေရဲ့ ခန္ဓာကိုယ်ဟာ ဇရာတရားကြီးခေါ်တဲ့ ရင့်ရော်ခြင်း, ဟောင်းမြင်းခြင်း၊ အိုမင်းခြင်းဆိုတဲ့ ဇရာတရားကြီးက အမြဲတမ်း ဥပါဒ်, ဌီ, ဘင်, မပြတ်နှင်ပြီးသကာလ နှိပ်စက်သည်ဖြစ်လေသောကြောင့်၊ အဲဒီ ဇရာတရားက သေမင်းထံရောက်အောင် ဆွဲပို့နေတယ်. . . လို့ဆိုရင် မှားပါ့မလား ပရိသတ်ကြီး?*(မမှားပါဘုရား)*။ ဒါဖြင့် ပညာမျက်လုံးသုံး

http://www.dhammadownload.com



ပြီးတော့ကြည့်လိုက်တဲ့ အခါကျတော့ ယနေ့ ဒကာဒကာမတွေ ဘယ်သွားနေကြ သလဲလို့မေးခဲ့ရင် သေမင်းထံ သွားနေကြရပါသည်။ ဘယ်သွားနေကြသလဲ? *(သေမင်းထံ သွားနေရပါတယ်ဘုရား)*။

အိမ်ကနေပြီးတော့ ဈေးသွားတဲ့သူကိုပဲမေးမေး ဈေးကနေအိမ်ပြန်တဲ့သူ ကိုပဲမေးမေး ကျောင်းကနေပြီးတော့ အိမ်ပြန်တဲ့လူကိုပဲမေးမေး၊ အိမ်ကနေ ကျောင်းသွားတဲ့သူ, အလုပ်ရုံသွားတဲ့သူ, ဟိုဟိုဒီဒီသွားနေတဲ့သူပဲ မေးမေး၊ ပရမတ်သဘောနဲ့ မေးခဲ့ရင် တရားဓမ္မသဘောနဲ့ မေးခဲ့ရင် ပညာမျက်လုံးသုံးပြီး တော့ ကြည့်ပြီးတော့မေးခဲ့ရင်. . . တဲ့၊ ကမ္ဘာလောကရှိရှိသမျှ သတ္တဝါ အားလုံး ဟာ သေမင်းထံ သွားနေကြရတယ်. . . တဲ့။ ဒီတော့ တစ်ရက်ကုန်သွားရင် သေမင်းထံ တစ်ရက်နီးမလာဘူးလား?*(နီးပါဘုရား)*။ ဒါ့ကြောင့် ဓမ္မသံဝေဂလေး တွေဖြစ်အောင် လင်္ကာလေးတွေ သီကုံးထားတယ်၊ ကိုင်း ပရိသတ်ကြီး, သုံးခေါက် လောက်ဆိုကြည့်စမ်းပါ။

❖ တစ်ရက်ကုန်ပြန်, ငါ့ရုပ်နာမ်, သေရန်တစ်ရက်နီးပြန်ပြီ ။
တစ်လကုန်ပြန်, ငါ့ရုပ်နာမ်, သေရန်တစ်လနီးပြန်ပြီ ။
တစ်နှစ်ကုန်ပြန်, ငါ့ရုပ်နာမ်, သေရန်တစ်နှစ်နီးပြန်ပြီ ။

တစ်ရက်ကုန်သွားတိုင်း တစ်ရက်ကုန်သွားတိုင်း, သေမင်းဘက်တစ်ရက် နီးမလာဘူးလား ပရိသတ်ကြီး?*(နီးပါဘုရား)*။ တစ်လကုန်သွားတိုင်း, တစ်လကုန် သွားတိုင်း သေမင်းဘက် တစ်လနီးမလာဘူးလား?*(နီးပါဘုရား)*။ တစ်နှစ်ကုန် သွားတိုင်း တစ်နှစ်ကုန်သွားတိုင်း, သေမင်းဘက် တစ်နှစ်နီးမလာဘူးလား ? *(နီးပါဘုရား)* ။ နီးလာသလို-သွားနေတဲ့ ဒီခန္ဓာကိုယ်ကြီးက၊ သေမင်းဘက် သွားနေတဲ့ အသွားက အိပ်နေတုန်းကော နားရဲ့လား?*(မနားပါဘုရား)*။ ထမင်းစားနေတုန်း ကော နားရဲ့လား? *(မနားပါဘုရား)*။ ဘုရားရှိခိုးနေတုန်းကော နားရဲ့လား? *(မနား ပါဘုရား)*။

ဒါဖြင့်-အယံသဗ္ဗောလောကော-ကိုယ်ရောသူပါ, များပြားစွာတောင်း, ဤသတ္တဝါအပေါင်းကို၊ ဇရာယ-တစ်နေ့တစ်နေ့, တစ်ရွေ့ရွေ့ဖြင့်, တစ်ငွေ့ငွေ့ ပွား, အိုခြင်းဆိုတဲ့ ဇရာတရားက၊ မရဏ-ခန္ဓာပြတ်ကြွေ, သေခြင်းဆိုတဲ့ မရဏာ ပြည်သို့၊ ဉပနီယျတိ-မငြင်းနိုင်အောင်, ကွင်းမရှောင်ဘဲ, အတင်းဆောင်၍နေအပ် လေ၏. . .။ ငြင်းလို့ကောရသေးရဲ့လား?*(မရပါဘုရား)*။ အဲဒီလို ဉူးဇင်းတော့ မြင်နေတယ်. . . တဲ့။ အရှင်ရဋ္ဌပါလက ကောရဗျမင်းကို ပြန်ဖြေတာနော်၊ (မှန်လှ

http://www.dhammadownload.com



*ပါဘုရား)*။ အဲဒီလို ဉးဇင်းတော့ မြင်နေပါတယ် ဒကာတော်. . . တဲ့။ ဥပနိယျ တိ- မငြင်းနိုင်အောင်, ကွင်းမရှောင်ဘဲ, အတင်းဆောင်၍, နေအပ်လေ၏၊ အဒ္ဓုဝံ- မြဲမြဲခိုင်ခံ့, အရှည်ကြံ၍, တည်တံ့နိုင်သူ, တစ်လူတစ်ယောက်မျှ, မပေါ် . ပေါက်ခဲ့ချေ။

အဲဒီ ဇရာတရားက သေမင်းထံဆွဲခေါ်နေလို့ ဉပါဒ်, ဋ္ဌီ,ဘင်, မပြတ်နှင်ပြီး တော့ ရုပ်နာမ်ဓမ္မသဘာဝတွေဖြစ်ပျက်, ဖြစ်ပျက်နဲ့ ရင့်ကျက်ပြီးတော့ သွားနေ ရတဲ့ ဒီခန္ဓာသဘာဝကြီးကို ပြန်ပြီးတော့ တွန်းလှန်နိုင်တဲ့သူ၊ ပြန်ပြီးတော့ အာဏာ တန်ခိုးသုံးပြီးတော့ တွန်းလှန်နိုင်တဲ့သူ၊ ပစ္စည်းဉစ္စာ တန်စိုးလက်ဆောင်တွေ ပေးပြီး သကာလ တွန်းလှန်နိုင်တဲ့သူ၊ ခြွေရံသင်းပင်းတွေပြုပြီးတော့၊ အင်အားပြုပြီးတော့ တွန်းလှန်နိုင်တဲ့သူရယ်လို့ ရှေးအတိတ်ကာလကတည်းကလည်း တစ်စုံတစ် ယောက်မျှမပေါ် ပေါက်ခဲ့ပါဘူး ဒကာတော်. . . တဲ့၊ အခုလည်း မပေါ် ပေါက်ပါဘူး၊ နောင်လည်းပေါ် ပေါက်မှာ မဟုတ်ပါဘူး။

ဒီတော့လေ. . . ဦးဇင်းမြင်နေတာကတော့ ကမ္ဘာလောက ရှိရှိသမျှ သတ္တဝါအားလုံးဟာ ဇရာတရားရဲ့ဆွဲဆောင်ခေါ်ငင်မှုကြောင့် သေမင်းထံပြေး နေရတယ်. . . တဲ့၊ ပြေးနေရတယ်။ အဲဒီပြေးနေလို့ သေမင်းထံ ဒီဘဝရောက်သွား လို့ ခန္ဓာပျက်ကြွေ စုတေမနေ သေလွန်ပြီးတော့ ဟိုဘက်ဘဝ တစ်ခါ ဒီရုပ်နာမ် ခန္ဓာတွေ မကုန်ဆုံးသေးလို့ နောက်ဘဝနောက်ခန္ဓာနဲ့ ပေါ်လာပြန်၊ လူ့ခန္ဓာနဲ့ ပေါ်မလား နတ်ခန္ဓာနဲ့ပေါ်မလား ခွေးခန္ဓာနဲ့ပေါ်မလား နွားခန္ဓာနဲ့ပေါ်မလား ဘာခန္ဓာနဲ့ပဲ ပေါ်လာလာ၊ အဲဒီပေါ်တဲ့ဘဝကနေပြီးတော့ ထပ်ပြီး တစ်ခါသေမင်း ထံ မပြေးရပြန်ဘူးလား? *(ပြေးရပါဘုရား)*။ ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ရှေးအနမတဂ္ဂ ဘဝသံသရာအထွေထွေက အမျိုးမျိုးသောဘဝတွေနဲ့ ကျင်လည် ပြီးတော့လာခဲ့ရတယ်ဆိုတော့ သေမင်းထံပြေးခဲ့ရတဲ့အကြိမ်ပေါင်း ရေတွက် နိုင်ပါ့မလား? *(မရေတွက်နိုင်ပါဘုရား)*။

အဖြစ်ဆိုတဲ့ ဇာတိနဲ့, လူအဖြစ်, နတ်အဖြစ် ခန္ဓာတစ်ခုရလိုက် သေမင်းထံ ပြေးလိုက်၊ သေမင်းဆီရောက်လိုက် လဲလိုက်၊ ဟာ. . . နောက်ဘဝတစ်ခု ပေါ်လာ လိုက် ထပြေးလိုက်၊ ဟာ-ပြေးလိုက်, ပြေးလိုက်, ပြေးလိုက်နဲ့ အာသဝေါကင်းကွာ ရဟန္တာယောကျ်ား ရဟန္တာမကြီးတွေအဖြစ်နဲ့ နိဗ္ဗာနဓာတ် တရားမြတ်ကြီးကို ပရိနိဗ္ဗာန်မဝင်စံနိုင်သေးသမျှ ဒီအပြေးရပ်ပါ့မလား ပရိသတ်ကြီး? *(မရပ်ပါဘုရား)*။ ဒုက္ခသစ္စာ ရုပ်နာမ်ခန္ဓာတွေရဲ့ အမြဲတမ်းသေမင်းထံကို ပြေးနေရတဲ့အပြေး မရပ် ဘူး. . . တဲ့၊ မရပ်ဘူးနော်၊ *(မရပ်ပါဘုရား)*။ အဲဒီလို သမ္မုတိမရဏာခေါ်တဲ့ တစ်ဘဝ မှ တစ်ဘဝ ပြေးနေရတဲ့အပြေးအပြင် ခဏိကမရဏာလို့ခေါ်တဲ့ ရုပ်သေ နာမ်သေ၊ ခုနက ရှင်ရဋ္ဌပါလပြောနေရတဲ့အပြောက သမ္မုတိမရဏာခေါ်တယ်။

http://www.dhammadownload.com



သမ္မုတိမရဏဆိုတာ သူသိငါသိ အများသိ သင်္ချိုင်းပို့လိုက်ရတယ်ဆိုတဲ့ အသေကို သမ္မုတိမရဏလို့ခေါ်တယ် ဦးဖုန်းမိုရဲ့ (*မှန်ပါဘုရား*)။ ခဏိက မရဏ ဆိုတာ ရုပ်သေနာမ်သေ ခုဖြစ် ခုပျက်, ခုဖြစ် ခုပျက်နေတဲ့ အပျက်ကို ခဏိကမရဏ ပရမတ်သေ ရုပ်သေနာမ်သေဆိုတဲ့ အသေကကော ခုနက သမ္မုတိမရဏခေါ်တဲ့ သင်္ချိုင်းပို့ရတယ်, သင်္ချိုင်းထမ်းပို့ရတယ်, ဂူသွင်းရတယ်, မီးသင်္ဂြိုဟ်ရတယ်, ရေမျှော ရတယ်ဆိုတဲ့အသေမျိုးမရောက်ခင် ယနေ့ ဒကာ ဒကာမတွေရဲ့ သန္တာန်မှာ ရုပ်သေ နာမ်သေဆိုတဲ့ ရုပ်နာမ်ဖြစ်ပျက်ဆိုတဲ့အသေတွေ အမြဲသေမနေဘူးလား? (*သေနေပါဘုရား*)။ အဲဒီ အသေကကော ယောကျ်ား မိန်းမ ရှိရှိသမျှသတ္တဝါ အားလုံး အဲဒီအသေတရားဆီသို့ အမြဲတမ်းသွားနေကြရတယ်. . .။ ရုပ်နာမ်ဓမ္မ သဘာဝတွေ အမြဲတမ်း ဖြစ်ပျက်ပြောင်းလဲပြီးတော့နေတယ်။

အဲဒီဖြစ်ပျက်ပြောင်းလဲနေတဲ့ ပရမတ္ထသဘာဝမှ တစ်ဆင့်တက်ပြီးသတာ လ အိုခြင်းတရားက သေခြင်းဆိုတဲ့တရားဆီကို အမြဲဆောင်ပြီးတော့နေတယ်လို့ ဆိုတော့ ဒီဘဝမှာလည်းပဲ အဲဒီလိုဆောင်နေတယ်၊ ရှေးအတိတ်ကာလတွေက လည်း ဒီရုပ်နာမ်ခန္ဓာရသမျှ ဒီလိုဆောင်လို့ ပြေးခဲ့ရတယ်၊ နောင်လည်းပဲ ဒီရုပ်နာမ် ခန္ဓာ မစွန့်ပယ်နိုင်သမျှ ပြေးနေရတယ်၊ လွှားနေရတယ်လို့ဆိုတော့ ဒီဘေးကြီးဟာ ကြောက်စရာအကောင်းဆုံးဘေးကြီး ဖြစ်မနေဘူးလား? (*ဖြစ်ပါဘုရား*)။ အဲဒီ ဘေးကြီးမျိုးက လွတ်ချင်ရင်. . . တဲ့ ဟောဒီလို ရှင်ပြုရတယ်, ရဟန်းပြုရတယ်၊ ဒီလိုရှင်ပြု ရဟန်းပြုလိုက်တော့မှ ဒီဘေးကြီးတွေက လွတ်ရာလွတ်ကြောင်းဖြစ်တဲ့ အကျင့်ကောင်းတွေကို ကျင့်ကြံကြိုးကုတ် အားထုတ်ပြီးသကာလ မြန်မြန် လွတ်နိုင် တယ်လို့။ ဒီတော့ ရှင်ပြုလိုက်တယ်, ရဟန်းပြုလိုက်တယ်ဆိုတော့ ရှင့်ဘဝ, ရဟန်း ဘဝကနေပြီးတော့ သီလ, သမာဓိ, ပညာဆိုတဲ့ သိက္ခာသုံးပါးကို ဒကာ ဒကာမတွေ အိမ်ရာတည်ထောင် လူ့ဘောင်မှာနေတဲ့လူတွေထက် ပိုပြီးတော့ မကျင့်နိုင် ဘူးလား? (*ကျင့်နိုင်ပါဘုရား*)။

ရှင့်ဘဝ, ရဟန်းဘဝဆိုတာ သိက္ခာသီလအနေနဲ့လည်းပဲ ဆိုပါတော့- အကျဉ်းချုပ်အားဖြင့် နှစ်ရာ့နှစ်ဆယ်ခုနှစ်သွယ်၊ အကျယ်အားဖြင့် ကုဋေကိုး ထောင်ကျော် သိက္ခာသီလဆိုတော့ လူတွေငါးပါးသီလနဲ့စာရင် သီလဓမ္မကြီးတွေ မကြီးကျယ်ဘူးလား? (*ကြီးကျယ်ပါတယ်ဘုရား*)။ အဲဒီသီလဓမ္မကြီးတွေက ကြီးကျယ်မြင့်မြတ်မှ ကိုယ်ချမ်းသာ စိတ်ချမ်းသာ ကိုယ်စိတ်နှစ်ပါး ချမ်းသာမှုကို ရ၊ သီလကြောင့် ကိုယ်စိတ်နှစ်ပါး ချမ်းသာမှုဆိုတဲ့အကျိုးကို ရတယ်၊ ဒကာဦးဖုန်းမို ရဲ့. . နော်၊ (*မှန်ပါဘုရား*)။ ဒီတော့ သီလကိုဖြည့်ကျင့်တော့ ကိုယ်စိတ်နှစ်ပါး ချမ်းသာမှုကိုရနိုင်တယ် ကိုယ်စိတ်နှစ်ပါးချမ်းသာမှုကိုရတယ်ဆိုတာ ကိုယ်က

http://www.dhammadownload.com



သီလဖြည့်တယ်ဆိုတာ ဆိုပါတော့-ဒကာ ဒကာမတွေ ငါးပါးသီလလုံနေတဲ့ပုဂ္ဂိုလ် ကိုယ်စိတ်နှစ်ပါးချမ်းသာတယ်ဆိုတာ ကိုယ်ကငါးပါးသီလလုံနေလို့ သူများဥစ္စာ မခိုးဘူး၊ သူ့အသက် မသတ်ဘူးဆိုရင် သူ့ သတ်လားဖြတ်လား မလုပ်ဘူး၊ သူ့ဥစ္စာ ခိုးလားဝှက်လား မလုပ်ဘူး၊ သူတစ်ပါး သားမယားအိမ်ရာကျူးလွန် ဖေါက်လား ဖျက်လား မလုပ်ဘူးဆိုလို့ရှိရင် ကျူးလွန်ဖောက်ဖျက်ခြင်းကြောင့် ခိုးခြင်းဝှက်ခြင်း ကြောင့်, သတ်ခြင်းဖြတ်ခြင်းကြောင့်ပေါ်လာမယ့် ကိုယ်ဆင်းရဲ စိတ်ဆင်းရဲဒုက္ခ တွေ ရှိသေးရဲ့လား? (*မရှိတော့ပါဘုရား*)။ အဲဒါ သီလကြောင့် ကိုယ်စိတ်နှစ်ပါး ချမ်းသာတယ်ဆိုတာ အဲဒါပြောတာ (*မှန်ပါဘုရား*)။

ဒါဖြင့် ငါးပါးသီလလေး လုံတာသည်ပင်လျှင် ကိုယ်စိတ်နှစ်ပါးချမ်းသာမှု ကို ပေးနိုင်ခဲ့ရင် အဲဒီ ငါးပါးသီလထက် မြင့်မြတ်တဲ့ ရဟန်းတော်တို့ ကျင့်သင့် ကျင့်ထိုက်တဲ့ ကုဋေကိုးထောင်ကျော် သိက္ခာသီလတွေ ထိန်းသိမ်းစောင့်ရှောက် တော်မူနေကြတဲ့ ရဟန်းတော်အရှင်မြတ်တွေ ကိုယ်ချမ်းသာစိတ်ချမ်းသာ ဒကာ ဒကာမတွေထက် ပိုပြီးတော့ မသာပေဘူးလား? (*သာပါဘုရား*)။ သီလကို ဖြည့်ပြီး တော့ နေလိုက်တယ်ဆိုတော့ တကတည်း သားပူ, သမီးပူ,စီးပွားရေးပူ,ဆွေပူ မျိုးပူက စပြီးတော့ အပူတွေ အေးမသွားဘူးလား? (*အေးသွားပါဘုရား*)။ အဲဒီလို ကိုယ်စိတ်နှစ်ပါးချမ်းသာမှုရှိမှ သီလဖြင့်ထုံအပ်တဲ့ သမာဓိရင့်ကျက်ပြီးတော့လာ၊ ဟော-သမာဓိတရားတွေကောင်းလာ၊ ကိုယ်စိတ်နှစ်ပါး ချမ်းသာမှုရှိမှ စိတ်တည် ငြိမ်မှုကောင်းတဲ့ အာရုံမှာ စိတ်ကိုထားနိုင်မှု၊ စိတ်ကလေးကို ငြိမ်သက်စွာ ကုသိုလ် လုပ်ငန်းတွေကောင်းတဲ့ ဘာဝနာလုပ်ငန်းတောထဲမှာ ထားနိုင်မှုဆိုတဲ့ သမာဓိပို ပြီးတော့ရ၊ (*ရပါဘုရား*)။ ကိုယ်စိတ်နှစ်ပါး ဆင်းဆင်းရဲရဲ သားပူ,သမီးပူ, စီးပွားရေး ပူတွေနဲ့ ဟိုကပူ ဒီကပူ၊ အပူပေါင်းစုံနဲ့ တကတည်း ဆူပွက်ပြီးတော့နေတော့ သမာဓိတရား အားကောင်းနိုင်ပါတော့မလား? (*မကောင်းနိုင်ပါဘုရား*)။

အိမ်ရာတည်ထောင်လူ့ဘောင်ဆိုတဲ့ ဘဝဟာ ငါးဖြာအာရုံကာမဂုဏ် တွေနဲ့ပြည့်ပြီးတော့နေတာဖြစ်တော့ သမာဓိတရားလို့ခေါ်တဲ့ ကောင်းတဲ့ အာရုံထဲ မှာ ငြိမ်ဖို့ရာ ဘုရားလေးတစ်ကြိမ်ရှိခိုးရုံနဲ့ ငြိမ်လို့ မရဘူး "ဣတိပိ သော" လေး တစ်ပုဒ်ဆုံးအောင် ငြိမ်လို့မရဘူးတဲ့နော်၊ အဲဒီလို သမာဓိထူထောင်လို့မရတဲ့ အိမ်ရာတည်ထောင်လူ့ဘောင်ကနေ ထွက်ပြီးသကာလ ရှင့်ဘဝ,ရဟန်းဘဝ ရောက်လာတယ်လို့ဆိုတော့ သမာဓိတရားတွေကတော့ ပိုပြီးတော့ အားမကောင်း ပေဘူးလား? (*ကောင်းလာပါဘုရား*)။ အဲဒီလို သီလအားတွေ, သမာဓိအားတွေ အားကောင်းလာတော့မှ ပညာခေါ်တဲ့ ထက်မြက်တဲ့ဉာဏ်အမြင်၊ သီလကြောင့် ကိုယ်စိတ်နှစ်ပါးချမ်းသာ၊ ကိုယ်စိတ်နှစ်ပါးချမ်းသာတော့ သမာဓိတရားတွေ အားကောင်း တည်ကြည်တဲ့စိတ်တွေများ၊ တည်ကြည်တဲ့စိတ်တွေ, ရင့်ကျက်တဲ့

http://www.dhammadownload.com



စိတ်တွေများလာတော့မှ မြင်သင့်မြင်ထိုက်တဲ့ ဓမ္မသဘာဝ သိမ်မွေ့လေးနက်တဲ့ ရုပ်နာမ်ဓမ္မသဘာဝ ဖြစ်ပျက် ကလေးတွေကို မြင်တဲ့ဉာဏ်။

ဒီဉာဏ်တွေက သိမ်မွေ့လေးနက်တဲ့သဘောတွေ မြင်ရတာဖြစ်တော့ ခုနကပြောသလို ကိုယ်စိတ်နှစ်ပါးချမ်းသာမှု၊ သီလရဲ့အကျိုးဆက်နဲ့ သမာဓိတရားဆိုတဲ့ တည်ငြိမ်မှု၊ စိတ်ရဲ့အေးချမ်းမှု၊စိတ်ရဲ့တည်ငြိမ်မှုတွေရမှ ဒီပညာက ထင်လာတယ်မဟုတ်လား? (*မှန်ပါဘုရား*)၊ ပညာဘယ်လောက်ထက်ထက်နဲ့ ဝိပဿနာတွေ ရှုချက်သန်ချင်တယ်ဆိုပေမယ့်လို့ ဒကာဒကာမတွေ အိမ်ရာတည်ထောင် လူ့ဘောင်မှာနေတဲ့ လူတွေအများစုဟာ အနည်းစုကတော့တစ်ချို့လည်း အိမ်ရာတည်ထောင် လူ့ဘောင်ကလူတွေလည်းပဲ သန်ကြပါတယ်နော်။ ဒီတော့ အများစုအနေနဲ့ ပြောကြမယ်ဆိုရင် ငါးဖြာအာရုံ ကာမဂုဏ်တွေ တောထနေတဲ့ အိမ်ရာတည်ထောင် လူ့ဘောင်မှာ သီလအားတွေ၊ သမာဓိအားတွေ၊ ပညာအားတွေ ထက်နိုင်ပါ့မလား? (*မထက်နိုင်ပါဘုရား*)။

ဒီတော့ အဲဒီလို သီလ၊သမာဓိ၊ပညာ အားတွေထက်မှ ဆိုင်ရာဆိုင်ရာ ကိလေသာကိုပယ်သတ်နိုင်တယ်၊ အဲဒီလို ဆိုင်ရာဆိုင်ရာကိလေသာတွေ ပယ်သတ်နိုင်မှ ဒီကိလေသာတွေကပေါက်ဖွားလာတဲ့ ခုနက အိုခြင်းတရား၊ နာခြင်းတရား၊ သေခြင်းတရားကြီးတွေ အမြစ်ပြတ်သုတ်သင်နိုင်မယ်မဟုတ်လား? (*မှန်ပါဘုရား*) ခုနက အိုခြင်းတရား၊ နာခြင်းတရား၊ သေခြင်းတရားဆိုတဲ့ သဘောကြီးတွေ ဘယ်ပေါ်မှာရှိတုန်း? (*ရုပ်နာမ်ခန္ဓာပေါ်မှာ ရှိပါဘုရား*)။ ရုပ်နာမ်ခန္ဓာပေါ်မှာ ရှိပါသည်။ ဒီရုပ်နာမ်ခန္ဓာပေါ်မှာ အိုခြင်းတရား၊ သေခြင်းခြင်းတရား ပေါ်လာတာ မဟုတ်လား? (*မှန်ပါဘုရား*) အိုခြင်း၊ နာခြင်း၊ သေခြင်း ဆိုတဲ့ သဘောသည် ရုပ်နာမ်ခန္ဓာပေါ်မှာရှိပါသည်။ အဲဒီ ရုပ်နာမ်ခန္ဓာဘယ်သူကထူထောင်ပေးသလဲ၊ ဘယ်သူကမွေးပေးသလဲ၊ ဘယ်သူပြုပေးသလဲဆိုရင်-

**အနန္တာ ဒုက္ခတာ ခန္ဓာ၊ တဏှာ ဝေ ခန္ဓဝဍ္ဎတိ. . .။**

ခန္ဓာ-ရုပ်ခဲနာမ်ခဲ၊ ဖြစ်မစဲအောင်၊ အသစ်တလဲလဲထူထောင်၍ ပူလောင်စေတတ်တဲ့ ခန္ဓာကရားတို့သည်၊ အနန္တာ ဒုက္ခတာ-အဆုံးလည်းမရှိ၊ အစလည်း မရှိ၊ အတိုင်းမသိတဲ့ ဆင်းရဲတွေကို၊ တပေပေခံနေဟဲ့ရယ်လို့၊ အရွဲ့တိုက်ပြီးတော့၊ ဝင့်ဆိုက်အောင်၊ အတင်းပေး၍ နေကြသည်နှင့်တူကြလေကုန်၏. . .။အိုတယ်၊ နာတယ်၊ သေတယ်ဆိုတဲ့ ဘေးဆိုးကြီးတွေကို ဒီရုပ်နာမ်ခန္ဓာကြီးက ပေးနေသလိုပဲ. . . တဲ့၊ ဘာပြောတုန်းဆိုတော့ အို၊နာ၊သေဆိုတဲ့ ဘေးကြီးတွေက ဒီခန္ဓာပေါ်မှီဖြစ်တာ၊ ဒီခန္ဓာကပေးနေသလို၊ ဒီခန္ဓာကမွေးထုတ်နေသလို ဖြစ်နေတယ် . . . တဲ့၊ ကောင်းပြီ- ဒါဖြင့် အဲဒီ ရုပ်နာမ်ခန္ဓာ ဘယ်သူ့ကြောင့်ရတုန်းလို့ ဆိုတော့. . .။

http://www.dhammadownload.com



**တဏှာဝေ ခန္ဓဝဓုတိ။** တဏှာ-တွေ့သမျှ မရှောင်, ရအောင်သိမ်းပိုက်, နှစ်ခြိုက်လေ့ရှိတဲ့, တဏှာဓာတ်သည်၊ ဝဓုတိ-ဘုံဘဝနောင်ပွေမှာ, အကောင်းတွေ ဖန်တီးလျှက်, ကြီးကြီးငယ်ငယ်, အသွယ်သွယ် အစားအစား, များပြားလှတဲ့ ခန္ဓာ တရားတို့ကို, ပွားအောင်တိုးအောင်, ထူထောင်ဖန်ဆင်းတတ်သူပင်လျှင်တည်း၊ ဟော-ဒီတော့ ရုပ်နာမ်ခန္ဓာတွေကို ထူထောင်ပေးတာ ဘယ်သူတုန်းဆိုတော့ တဏှာ . . .။ အို နာ သေတရားတွေ ဘယ်ပေါ်မှာရှိတုန်းဆိုတော့ ရုပ်နာမ်ခန္ဓာ ပေါ်မှာရှိတယ်၊ အဲဒီ ရုပ်နာမ်ခန္ဓာ ဘယ်သူက ထူထောင်ပေးတုန်း၊ ဘယ်သူက ဖန်တီးပေးတုန်းဆိုတော့ တဏှာက ဖန်တီးပေးပါသည်၊ ရုပ်နာမ်ခန္ဓာ ဘယ်သူက ဖန်တီးပေးတုန်း? (*တဏှာက ဖန်တီးပါဘုရား*)။ အဲဒီ တဏှာကိုပယ်သတ်နိုင်တဲ့ လက်နက်ကောင်းက သီလ, သမာဓိ, ပညာ. . .။ တဏှာကို ပယ်သတ်နိုင်တဲ့ လက်နက်ကောင်းက ဘာတုန်း? (သီလ, သမာဓိ, ပညာပါဘုရား) အဲဒီ သီလ, သမာဓိ, ပညာနဲ့ တဏှာကိုပယ်သတ်ရမှာ။

တဏှာဆိုတာ တဏှာတင်မကဘူး တဏှာအခြေခံပြီးတော့ ပွားလာမယ့် လောဘ, ဒေါသစတဲ့ ကိလေသာဆယ်ပါး၊ ထောင့်ငါးရာကိလေသာဆိုတဲ့ တရားတွေ ဒါပေမယ်လို့ ပင်မရေသောက်မြစ်ကြည့်လိုက်တော့ တဏှာ၊ ဒါ့ကြောင့် သူ့မူတည်ပြောထားတာ၊ ဒီတော့ အဲဒီတဏှာ သို့မဟုတ် တဏှာကိုအခြေခံ အကြောင်းပြုနေတဲ့ ကိလေသာတွေက သုံးထပ်သုံးလွှာရှိပါသည်။ ကိလေသာ သုံးထပ်သုံးလွှာ ရှိတယ်နော်၊ (*မှန်ပါဘုရား*)။ ဝီတိက္ကမ ကိလေသာ-တဲ့ ကျူး ကျော်စော်ကားတဲ့ ကိလေသာကို ဝီတိက္ကမ ကိလေသာလို့ခေါ်တယ်၊ (*မှန်ပါဘုရား*) ပရိယုဋ္ဌာန ကိလေသာ-စိတ်ထဲမှာ ထကြွသောင်းကျန်းနေတဲ့ ကိလေသာ အညစ် အကြေး. . .။ အနုသယ ကိလေသာ-ရုပ်နာမ်ခန္ဓာ စိတ်သန္တာန်ထဲမှာ ဓာတ် အဖြစ်နဲ့ ကိန်းဝပ်နေတဲ့ အညစ်အကြေး. . .။ ကိလေသာ ဘယ်နှစ်လွှာရှိတုန်း? (*သုံးလွှာရှိပါဘုရား*)။

၁။ ဝီတိက္ကမ ကိလေသာ. . . ဘယ်လိုတုန်းပါဠိလို? (*ဝီတိက္ကမ ကိလေသာ ပါဘုရား*). . . မြန်မာပြန်တော့ ဘယ့်နှယ့်ခေါ်မတုန်း? (*ကျူးလွန်တဲ့ ကိလေသာပါ ဘုရား*)၊ ပရိယုဋ္ဌာန ကိလေသာ. . . စိတ်ထဲမှာ ထကြွသောင်းကျန်းနေတဲ့ ကိလေ သာ၊ ပရိယုဋ္ဌာနကိလေသာဆိုတာ ဘာတုန်း? (*စိတ်ထဲမှာ ထကြွသောင်းကျန်းနေ တဲ့ ကိလေသာပါဘုရား*) အနုသယကိလေသာဆိုတာ စိတ်အစဉ်သန္တာန်မှာ ကိန်းဝပ်နေတဲ့ ကိလေသာ၊ အနုသယ ကိလေသာဆိုတာ ဓာတ်အဖြစ်နဲ့ ကိန်းဝပ် နေတာနော်၊ (*မှန်ပါဘုရား*) ဥပမာပြောရရင် မီးခြစ်ဆံယမ်းလေးနဲ့တူတယ်၊ ဘုန်း ကြီးတို့ မီးခြစ်ခြစ်တော့ မီးခြစ်ဆံထိပ်မှာ ယမ်းအုံလေး မရှိဘူးလား? (*ရှိပါဘုရား*)

http://www.dhammadownload.com



အဲဒီယမ်းအုံလေးထဲမှာ မီးတောက်စေတတ်တဲ့ သတ္တိမရှိဘူးလား? (ရှိပါ ဘုရား) ဒါ့ကြောင့်မို့လို့ အဲဒီယမ်းအုံလေးခွဲစိတ်ကြည့်လို့ တွေ့နိုင်ရဲ့လား? (မတွေ့နိုင်ပါဘုရား)။

❖ မီးခြစ်ဆံယမ်း, ပမာဖမ်း, မှတ်စမ်း နုသယာ။
တောက်စေသတ္တိ, အတွင်းရှိ, ခွဲကြည့် မမြင်ပါ။

အဲဒီ အနုသယကိလေသာ စိတ်သန္တာန်ထဲ လျှောက်မွှေနှောက်ပြီး ခွဲကြည့် တွေ့ပါ့မလား? (မတွေ့ပါဘုရား)၊ မတွေ့ဘူး. . . တဲ့၊ ဒါပေမယ့်လို အဲဒီမီးခြစ်ဆံဟာ အနုသယ ကိလေသာနဲ့တူတယ်၊ မီးတောက်စေတတ်တဲ့ ဓာတ်သတ္တိလေး မရှိဘူးလား? (ရှိပါဘုရား)။ ဟော-နောက်တော့ မီးခြစ်အိမ်သွားပြီးတော့ ပွတ်လိုက်စမ်း၊ မီးလေးရှဲခနဲ့ ထမတောက်ဘူးလား? *(တောက်ပါဘုရား)*။ အဲဒီမီးတောက်ကလေးက ပရိယုဋ္ဌာနကိလေသာနဲ့တူပါသည် ဒကာဒကာမတွေရဲ့ စိတ်အစဉ် သန္တာန်ထဲမှာ ခုနပြောတဲ့ လောဘဓာတ်ဆိုပါတော့ လောဘဓာတ်တစ်ခု ကိလေသာတစ်ခုနဲ့ပဲ ပြောကြစို့၊ ငါးဖြာအာရုံကာမဂုဏ်တွေ လိုချင်တွယ်တာ နှစ်သက်တတ်တဲ့ ဓာတ်သဘောလေး ဓာတ်သဘာဝလေးက စိတ်ထဲမှာ ကိန်းလို့ မင်္ဂနဲ့မပယ်သမျှ ခုနဝိပဿနာနဲ့ မပယ်သမျှ သူက ဓာတ်အဖြစ်နဲ့ ကိန်းနေတာ အမြဲရှိနေတာ၊ (ရှိပါဘုရား) မီးခြစ်ဆံယမ်းလေးထဲမှာ မီးတောက်စေတတ်တဲ့ ဓာတ်ကလေးနဲ့ ကိန်းနေသလိုပဲ, သူကနေတယ်၊ (မှန်ပါဘုရား) နောက်တော့ အာရုံဝတ္ထုတွေ့ဆုံလို့ ခုနက မီးခြစ်ဆံယမ်းကလေး မီးခြစ်အိမ်သွားပြီးတော့ ပွတ်လိုက်တော့ ရှဲဆိုမီးလေးတောက် မလားဘူးလား? (တောက်ပါဘုရား)။

အဲဒီလိုပဲ ဒကာဒကာမတွေရဲ့ သန္တာန်ကိန်းဝပ်နေတဲ့ အနုသယကိလေသာဓာတ်သည်. . . ဝတ္ထုအာရုံ တိုက်ဆုံခြင်းလို့ဆိုတဲ့ မြင်စရာရူပါရုံနဲ့ မျက်စိနဲ့ လာပြီးတော့ တိုက်ဆုံလိုက်သည်နှင့် တပြိုင်နက်၊ မျက်စိပေါက်မှာ မီးတောက်ကလေးပေါ်လာ၊ အဲဒီ မီးတောက်ကလေးက ပရိယုဋ္ဌာနကိလေသာနဲ့တူတယ်၊ မီးတောက်ကလေးက ဘာနဲ့တူတုန်း?*(ပရိယုဋ္ဌာန ကိလေသာပါဘုရား)*။ ပရိယုဋ္ဌာန ကိလေသာဆိုတာ စိတ်ထဲမှာ သူများပစ္စည်း ခိုးမှာဝှက်မှာဖြင့်လည်း ခိုးချင်ဝှက်ချင်လာပြီ၊ ယူချင်လာပြီ, ဘယ်လိုယူရပါ့မတုန်းလို့ဆိုတဲ့ ကြံစည်စိတ်ကူးမှုတွေ ဖြစ်လာပြီဆိုတာ အဲဒါ ပရိယုဋ္ဌာနကိလေသာခေါ်တယ် (မှန်ပါဘုရား) မီးတောက်ကလေးနဲ့ တူမလာဘူးလား? (တူပါဘုရား) အဲဒီ ခုနက မီးခြစ်ဆံယမ်းထဲမှာ ကိန်းနေတဲ့ အနုသယဓာတ်ကို အခြေခံပြီးတော့ တောက်လာတဲ့မီးတောက်ကလေးက ပရိယုဋ္ဌာနကိလေသာနဲ့တူတယ်၊ အဲဒီ မီးတောက်ကလေးနဲ့ ဟိုတို့ ဒီတို့, တို့လိုက်ရင် ဟော အိမ်တွေလောင်, ရွာတွေလောင်, မြို့တွေလောင် အကုန်

http://www.dhammadownload.com



မလောင်ဘူးလား? *(လောင်ပါဘုရား)*။ အဲဒီလို လောင်ကုန်ပြီဆိုတာက ဝီတိက္ကမ ကိလေသာနဲ့တူပါသည်၊ မီးတွေလောင်းကုန်တာ ဝီတိက္ကမကိလေသာနော် *(မှန်ပါဘုရား)*။

အဲဒီလိုပဲ ယနေ့ဒကာ ဒကာမတွေရဲ့ စိတ်အစဉ်ဓာတ်ခန္ဓာထဲမှာ မီးခြစ်ဆံယမ်းထဲမှာ မီးတောက်စေတတ်တဲ့ သတ္တိလေးကိန်းဝပ်နေသလို. . .၊ အနုသယကိလေသာဓာတ်ကလေး အခိုက်မှာ စိတ်ထဲမှာမပေါ်လာသေးဘူး၊ သူများ ပစ္စည်း ခိုးလိုက်မယ်, ဝှက်လိုက်မယ်, ယူလိုက်မယ်, ငင်လိုက်မယ်ဆိုတဲ့ ဓာတ်တွေ မပေါ်လာသေးဘူးနော် သူ့ဘာသာသူဝပ်နေတာ (မှန်ပါဘုရား) အဲဒီနောက် တော့ အကြောင်းဆုံလာပြီး, သွားရင်းလာရင်းနဲ့ သူများပစ္စည်း အချောင်ဆွဲလို့ ရတာလေးမြင်လာ၊ (မြင်ပါဘုရား) မြင်လာတော့ ဟောဆွဲတော့မယ်, ပစ္စည်း လေးယူလိုက်ရရင်တော့ ရမှာပဲ၊ အလစ်တော့ နှိုက်လိုက်ဦးမှပဲ စိတ်ထဲမှာ ထောင်းထောင်းထောင်းထောင်း, ထောင်းထောင်းနဲ့ ကြွမလာဘူးလား? *(ကြွလာပါဘုရား)*။ အဲဒါ ပရိယုဋ္ဌာနကိလေသာ. . .၊ ဘာကိလေသာတုန်း? (ပရိယုဋ္ဌာန ကိလေသာပါဘုရား) အဲဒီ ပရိယုဋ္ဌာနကိလေသာက မီးတောက်ကလေးတင် မနေ တော့ဘဲနဲ့ ဆွဲပြီ. . . တဲ့၊ သူများပစ္စည်းဝင်ပြီးတော့ ဆွဲပြီ, လုပြီ, တိုက်ပြီ ခိုက်ပြီဆိုတော့ တကတည်း သေနက်တွေနဲ့ ဓားတွေနဲ့ ဓားပြတိုက်တဲ့အထိ သို့မဟုတ် အချောင် ဆွဲရင်လည်းပဲ လုဟာဆွဲဟာ ယူဟာငင်ဟာ သိမ်းဟာပိုက်ဟာ ဝှက်ဟာဆိုတော့ ပြေးဟာလွှားဟာဆိုတော့ ခုနက ရွာတွေမြို့တွေ မီးထတောက် ကုန်တာနဲ့ မတူဘူးလား? *(တူပါဘုရား)*။ အဲဒီကျတော့ ဝီတိက္ကမကိလေသာ. . .။

အဲဒီတော့-ဝီတိက္ကမကိလေသာ၊ ပရိယုဋ္ဌာနကိလေသာ၊ အနုသယကိလေ သာဆိုတဲ့ ကိလေသာသုံးမျိုးကို ပယ်သတ်နိုင်မှ ဒီကိလေသာသုံးမျိုးက ထူထောင် ပေးနေတဲ့ ဒီရုပ်နာမ်ခန္ဓာငြိမ်းမယ်. . .။ အဲဒီရုပ်နာမ်ခန္ဓာငြိမ်းမှ အိုခြင်း နာခြင်း သေခြင်းဆိုတဲ့ ဘေးတွေငြိမ်းမယ်. . . ဆိုတော့ အိုခြင်း နာခြင်း သေခြင်း ဆိုတဲ့ ဘေးတွေငြိမ်းဖို့ရာ ရုပ်နာမ်ခန္ဓာပျောက်ဖို့ မလိုဘူးလား? (လိုပါဘုရား)။ အဲဒီ ရုပ်နာမ်ခန္ဓာပျောက်ဖို့ရာအတွက် ရုပ်နာမ်ခန္ဓာအတွက် ရုပ်နာမ်ခန္ဓာတွေကို ထူထောင်ပေးနေတတ်တဲ့ အနုသယကိလေသာ၊ ပရိယုဋ္ဌာနကိလေသာ၊ ဝီတိက္ကမ ကိလေသာဆိုတဲ့ ကိလေသာတွေသတ်ဖို့ မလိုဘူးလား? (လိုပါဘုရား)။ အဲဒီ ကိလေသာသုံးမျိုးကို သတ်ဖို့ရာ ဝီတိက္ကမကိလေသာကို သီလနဲ့သတ်ရပါသည် ဝီတိက္ကမကိလေသာကို ဘာနဲ့သတ်ရတုန်း? (သီလနဲ့သတ်ရပါဘုရား)။

လွန်ကျူးမယ်, ခိုးမယ် ဝှက်မယ်ဆိုတဲ့ လွန်ကျူးမှုကြီးကို သီလလို့ဆိုတဲ့ ဒကာ ဒကာမတွေ အနေနဲ့ဆိုရင် "အဒိန္နာဒါန ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ"ဆိုတော့

http://www.dhammadownload.com



အဒိန္နာဒါန သူများပစ္စည်း ခိုးမှုမှ ရှောင်ကြဉ်ပါတယ်. . . ဆိုတဲ့ သီလနဲ့ ထိန်းလိုက် သည်နှင့်တစ်ပြိုင်နက် အဲဒီ သူများပစ္စည်း ဆွဲတော့မယ် နှိုက်တော့မယ်ဆိုတာ လုပ်ဖြစ်သေးလား? *(မလုပ်ဖြစ်ပါဘုရား)*။ အဲဒါ ဝီတိက္ကမကိလေသာ သီလနဲ့ သတ်လိုက်တာ၊ ဘာနဲ့သတ်လိုက်တာတုန်း? *(သီလနဲ့ သတ်လိုက်ပါဘုရား)*။ သီလနဲ့သတ်လိုက်တာ၊ သူများ သတ်မယ်ဖြတ်မယ်ဆိုတာ ဒေါသတွေနဲ့ သတ်တော့ မလို့ ဓားကြီးကိုင်ပြီးတော့ သတ်တော့မယ်, ရိုက်တော့မယ် နှက်တော့မယ်လို့ လုပ်ပြီးမှ အို "ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ. . ." သီလနဲ့ထိန်းလိုက်တော့ သတ်ဖြစ်သေးလား? *(မသတ်ဖြစ်ပါဘုရား)*။ ဒါဖြင့် ဓားကြီး တွေ လက်ထဲက ပြုတ်ကျ, ဒုတ်ကြီးတွေ လက်ထဲက ပြုတ်ကျဆိုတော့ ဝီတိက္ကမ ကိလေသာ သီလနဲ့ မသတ်နိုင်ဘူးလား? *(သတ်နိုင်ပါဘုရား)*။

အဲဒီလိုပဲ ရဟန်းတော်ဆိုတာ ကုဋေကိုးထောင်ကျော် သိက္ခာသီလတွေ ထိန်းပြီးတော့ ဝီတိက္ကမကိလေသာတွေကို ပယ်သတ်နေတယ်. . . တဲ့၊ ဆိုတော့ လူတွေ ငါးပါးသီလလေးနဲ့ သတ်တာထက် ဒီကုဋေကိုးထောင်ကျော်သိက္ခာသီလနဲ့ သတ်နေတဲ့ အားကမကောင်းဘူးလား? *(ကောင်းပါဘုရား)*။ ပရိယုဋ္ဌာန ကိလေ သာလို့ခေါ်တဲ့ စိတ်ထဲ ထကြွသောင်းကျန်းနေတဲ့ ကိလေသာကိုကျတော့ သမာဓိနဲ့ သတ်ရပါမည်၊ ဘာနဲ့သတ်ရတုန်း? *(သမာဓိနဲ့သတ်ရပါဘုရား)*။ သမာဓိဆိုတာ သံ-အာဒိကောင်းတဲ့ အာရုံထဲစိတ်ကလေးထားတာကို သမာဓိ. . . လို့ ခေါ်တယ်၊ ကောင်းတဲ့အာရုံထဲမှာ မိမိစိတ်, မိမိခန္ဓာကိုယ်လေး ရောက်နေအောင် လုပ်ထား နိုင်တာ ဒါသမာဓိ။

ဒီတော့ ပရိယုဋ္ဌာနခေါ်တဲ့ စိတ်ထဲမှာ သူများပစ္စည်း ခိုးဖို့, ဝှက်ဖို့ဖြစ်ဖြစ်, သို့မဟုတ် သူများသတ်ဖို့ဖြတ်ဖို့ ဖြစ်ဖြစ်ဆိုပါတော့ ဒေါသတွေနဲ့ ကြံနေပြီ သတ်တော့ မသတ်သေးဘူး၊ လက်ကလည်း ဓားမကိုင်သေးဘူး, ဒုတ်မကိုင်းသေး ဘူး, စိတ်ထဲကတော့ ကြံနေပြီ ဒါ ပရိယုဋ္ဌာနကိလေသာဖြစ်မနေဘူးလား? *(ဖြစ်နေ ပါဘုရား)* အဲဒါကို မေတ္တာနဲ့ အစားထိုးပြီးသကာလ ဪ. . . သတ်တယ် ဖြတ် တယ်ဆိုတာ ကောင်းတဲ့အလုပ် မဟုတ်ဘူး၊ သူ့သတ်လိုက်ရင် ငါ့ကိုအတုံ့အလှည့် တွေလာလိမ့်မယ်. . . လို့ ဝဋ်ကြွေးတွေ၊ ကမ္မပစ္စဝေက္ခဏာလို့ခေါ်တဲ့ ကံကံရဲ့ အကျိုးတရားတွေကို ဆင်ခြင်စဉ်စားပြီးသကာလ ကျန်းမာပါစေ, ချမ်းသာပါစေ, ဘေးရန်ခပ်သိမ်းကင်းငြိမ်းပါစေ. . . လို့ မေတ္တာနဲ့အစားထိုးလိုက်တော့ ဟော- မေတ္တာ သမာဓိရောက်မလာဘူးလား? *(ရောက်လာပါဘုရား)*။ မေတ္တာဆိုတာ သမထကမ္မဋ္ဌာန်း။ သမထကမ္မဋ္ဌာန်းဆိုတာ သမာဓိပြဋ္ဌာန်းတယ် သမာဓိဦးစီး တယ်နော် *(မှန်ပါဘုရား)*။

http://www.dhammadownload.com



ဒီတော့-မေတ္တာလို့ခေါ်တဲ့ သူ့ချမ်းသာစေလိုတယ် သူ့ကျမ္မာစေလိုတယ် ဆိုတဲ့ မေတ္တာနဲ့အစားထိုးလိုက်တယ် အစတုန်းကတော့ သတ်မလို့ဘဲ ရိုက်မလို့ဘဲ နှက်မလို့ဘဲ ငါ့ကိုဘယ်တုန်းက သူဘယ်လိုလုပ်ထားတာနဲ့ ဒေါသဖြစ်စရာ အကြောင်းတွေ တွေးတွေး၊ တွေးတွေး၊ တွေးတွေးနေ ပရိယုဋ္ဌာနကိလေသာ စိတ်ထဲ ထကြွမလာဘူးလား? *(ကြွလာပါဘုရား)* အဲဒါကို ခုနပြောသလို မေတ္တာနဲ့ အစားထိုး "ဪ. . . ဘယ်နားသာ မကောင်းရှာတာ၊ ငါ့ဘယ်တုန်းကတော့ ငါ့အပေါ်ကောင်းရှာသပဲ"လို့ သူမိမိအပေါ်မှာ ပြုထားဖူးတဲ့ကျေးဇူးတွေနဲ့ ပြန်ပြီး တော့ လှည့်ပြီးတော့တွေး စဉ်းစားစိတ်ကူးလိုက်တော့ မေတ္တာဝင်လာ ဒို-သူပြု တာက သူ့အမှုနဲ့သူပဲ၊ သူပြုသူခံရလိမ့်မယ်၊ ငါမှားငါခံရလိမ့်မယ်လို့ ကမ္မပစ္စဝေက္ခ ဏာဉာဏ်နဲ့ သုံးသပ်လိုက်တော့ ဟော-မေတ္တာဝင်လာတယ် သမာဓိဖြစ်တာ။

သမာဓိဖြစ်သည်နှင့်တပြိုင်တည်း ခုနသတ်မယ်ကွာ၊ ဖြတ်မယ်ကွာဆိုတဲ့ စိတ်တွေပျောက်မသွားဘူးလား? (ပျောက်သွားပါဘုရား)။ အဲဒါ သမာဓိနဲ့ ပရိယုဋ္ဌာ နကိလေသာကို သတ်တယ်. . . လို့ ခေါ်ရတယ်နော်။ (မှန်ပါဘုရား)ကိုင်း. . . ဒီတော့ အနုသယကိလေသာခေါ်တဲ့ အတွင်းကအတတ်ကို ဘာနဲ့သတ်မှာတုန်းလို့ ဆိုတော့ ဝိပဿနာပညာ၊ မဂ်ပညာနဲ့သတ်ရပါသည်၊ ပညာနဲ့သတ်ရတယ်၊ အနု သယကိလေသာ ပညာနဲ့သတ်မှရတယ်၊ (မှန်ပါဘုရား) ဘာနဲ့သတ်ရတုန်း? (ပညာနဲ့သတ်ရပါဘုရား)။

❖ **မီးခြစ်ဆံယမ်း၊ ပမာဖမ်း မှတ်စမ်းနုသယာ။**
**တောက်စေသတ္တိ၊ အတွင်းရှိ၊ ခွဲကြည့်မမြင်ပါ။**
**ရေဖြင့်စွတ်နှူး၊ ပျော့အိနူး၊ မီးကူးမတောက်ပါ။**

အဲဒီ မီးခြစ်ဆံယမ်းခေါင်းလေး၊ မီးတောက်စေတတ်တဲ့သတ္တိရှိတာတော့ မှန်တယ်၊ ရေနဲ့ဖျန်းပြီးတော့ နှူးပြီးတော့ပေးလိုက်တော့ မီးခြစ်အိမ်သွားပြီးတော့ ပွတ်ကြည့်ထတောက်သေးလား? (မတောက်ပါဘုရား) တောက်စေတဲ့ သတ္တိတွေ ပျောက်မသွားဘူးလား? (ပျောက်သွားပါဘုရား)။ အဲဒီလိုပဲ ယနေ့ဒကာ ဒကာမ တွေရဲ့ စိတ်သန္တာန်လို့ခေါ်တဲ့အတွင်းသန္တာန်ထဲမှာ မီးခြစ်ဆံခေါင်းထဲမှာ အနုသယ ကိလေသာနဲ့တူတဲ့ တောက်စေတတ်တဲ့ သဘောသတ္တိလေးရှိပါသည်. . .။

အဲဒီတောက်စေတတ်တဲ့ သတ္တိကလေးကို ဝိပဿနာပညာနဲ့ ပယ်သတ်ရ တယ်. . . လို့ ဆိုတော့ ဘုန်းကြီးတို့ ရုပ်နာမ်မွေးဘာဝတွေကို မိမိတို့ဆရာသမား တွေ ပေးတဲ့နည်းအတိုင်း ကမ္မဋ္ဌာန်းရှုပွား. . . မြင်ကော ရုပ်နာမ်ဖြစ်ပျက်၊ ရုပ်နာမ် ဖြစ်ပျက်၊ ရုပ်နာမ်ဖြစ်ပျက်ဟူ၍သော်လည်းကောင်း၊ မိမိတို့ ဆရာသမားများ ပေးထားတဲ့အတိုင်း မြင်တာကိုမြင်တယ်မြင်တယ် သွားတာကိုသွားတယ်သွားတယ်

http://www.dhammadownload.com



လာတာကို လာတယ်လာတယ်စသည်ဖြင့် ရှုပွားနေရင်သော်လည်းကောင်း၊ ဝိပဿနာဉာဏ် မိမိသန္တာန် တစ်ချက်တည့်တိုင်းတည့်တိုင်းသည်. . . အဲဒီ အနုသယဓာတ်ကလေးကို ဖြိုနေတယ်၊ ဖျက်နေတယ် ပျက်စီးအောင် အားထုတ်နေတယ်လို့ မမှတ်ထိုက်ဘူးလား ပရိသတ်ကြီး? *(မှတ်ထိုက်ပါဘုရား)*။ ဒါဖြင့် ဝိပဿနာအားထုတ်နေတဲ့အချိန်ဟာ အရင်းကျတဲ့ အနုသယဓာတ်ကြီးကို ဖြိုဖျက်နေရာ မရောက်ဘူးလား? *(ရောက်ပါဘုရား)*။ မီးခြစ်ဆံယမ်းထဲက မီးတောက်စေတတ်တဲ့ ဓာတ်ကလေးကို ရေနဲ့နှူးနေရာ, ရေနဲ့ဖျန်းနေရာ မရောက်ဘူးလား? *(ရောက်ပါဘုရား)*။ ဒါဖြင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ အဲဒီ အနုသယကိလေသာ ပင်မဓာတ်ခံကြီးကို မသတ်ထိုက်ဘူးလား? *(သတ်ထိုက်ပါဘုရား)*။

ဥပမာ တစ်နည်းပြောဦးမယ် အပင်ပေါက်စေတတ်တဲ့ မျိုးစေ့သတ္တိရှိတဲ့ မြေပဲစေ့ကလေး အဲဒီမြေပဲစေ့ကလေးထဲမှာ မြေပဲပင် ပေါက်စေတတ်တဲ့၊ မြေပဲသီး သီးစေတတ်တဲ့မြေပဲပွင့် ပွင့်စေတတ်တဲ့သတ္တိ မရှိဘူးလား? *(ရှိပါဘုရား)*။ "မျိုးစေ့ ပမာ, နုသယာ, မှန်စွာမှတ်ကြပါ" အနုသယကိလေသာဆိုတာ မျိုးစေ့ထဲက ဓာတ်သတ္တိနဲ့တူတယ်။ "ပေါက်စေသတ္တိ, အတွင်းရှိ, ခွဲကြည့် မမြင်ပါ. . ." အဲဒီမြေပဲစေ့ကလေး ဒီထဲမှာပေါက်စေတတ်တဲ့သတ္တိ ရှိတယ်၊ အပင်ပေါက်စေတတ်တဲ့သတ္တိရှိတယ်၊ ခွဲပြီးတော့ရှာကြဦးစို့. . . ဆိုပြီးတော့ အစိတ်စိတ် အမြွှာမြွှာကြည့် တွေ့ပါ့မလား? *(မတွေ့ပါဘုရား)*။ "အိုးကင်းအပေါ်, မီးနဲ့ လှော်, ကျွမ်းသော်မပေါက်ပါ. . ." အဲဒီမြေပဲစေ့ကလေး အပင်မပေါက်စေချင်လို့ရှိရင် မီးအိုးကင်းပေါ် တင်ပြီး အောက်ကမီးလေး အပူပေးပြီးတော့ လှော်လို့ရှိရင် အဲဒီအထဲက ဓာတ်သတ္တိလေးတွေ ကျွမ်းသွားခန်းသွားရင် ပေါက်ပါတော့မလား? *(မပေါက်ပါဘုရား)*။

အနုသယကိလေသာကို ပယ်သတ်တယ်ဆိုတာ ဒကာဒကာမတွေ မိမိတို့ ဆိုင်ရာ ဆရာသမားတွေ သင်ပေးထားတဲ့အတိုင်း ရုပ်နာမ်ဖြစ်ပျက် ရုပ်နာမ် ဖြစ်ပျက် မြင်သမျှလာသမျှ ရုပ်နာမ်ဖြစ်ပျက် ဖြစ်ပျက်လို့ ရှုပွားနေခဲ့ရင် ဆိုင်ရာ ဆိုင်ရာ မိမိတို့ ဆရာသမားတွေ ပေးထားတဲ့ ဝိပဿနာနည်းနဲ့ ပွားများမယုတ် အားထုတ်နေတဲ့ အချိန်သည် အိုးကင်းအပေါ် မီးနဲ့လှော်တာနဲ့တူပါသည်၊ မတူဘူးလား? *(တူပါဘုရား)*။ ဒါဖြင့် ဝိပဿနာတစ်ချက်တည့်တိုင်းတည့်တိုင်း ဒီအနုသယမျိုးစေ့လေးတွေဟာ ကျွမ်းမကုန်ပေဘူးလား?*(ကျွမ်းပါဘုရား)*။ အကျွမ်းကြီး ကျွမ်းတာနဲ့ အကျွမ်းလေးကျွမ်းတာပဲ ကွာမယ်နော်၊ *(မှန်ပါဘုရား)*။ ဒါဖြင့် အဲဒီလို ကျွမ်းကျွမ်းကုန်ရင် နည်းနည်း နည်းနည်း မကုန်ပေဘူးလား ဓာတ်သတ္တိတွေ? *(နည်းပါဘုရား)*။ အပင်ပေါက်စေတတ်တဲ့ဓာတ်သတ္တိတွေ နည်းကုန်တော့

http://www.dhammadownload.com



အပင်ပေါက်ဦးတော့ အပင်ကြီးကြီးထွားထွား မပေါက်တော့ပါ။ ပေါက်ပါတော့မလား? *(မပေါက်တော့ပါဘုရား)*။ ဒီတော့-အဲအနုသယကိလေသာဓာတ်ကိုရော သတ်ဖို့မလိုအပ်ဘူးလား? *(လိုအပ်ပါဘုရား)*။

အဲဒီ အနုသယကိလေသာဓာတ်ကို ပညာနဲ့သတ်ရပါတယ် . . . လို့ဆိုတော့ ရဟန်းဘဝ သာမဏေဘဝ အဲဒီပညာအားကောင်းကောင်းနဲ့ သတ်ချိန်များများ မရဘူးလား? *(ရပါဘုရား)*။ ဒါကြောင့် ယနေ့ အလှူ့ဒကာဦးတင်အောင် အလှူ့အမဒေါ်ကြည်စိန်တို့ မိသားစုတစ်တွေ မိမိတို့ရဲ့ ဦးလေး၊ မိမိတို့ရဲ့တူလေးတွေ မိမိတို့ရဲ့သားလေးတွေကို ရှင်ဘဝ၊ ရဟန်းဘဝ ဘာ့ကြောင့်ပို့ကြသလဲ . . . လို့ ဆိုခဲ့ရင်ဖြင့် တပည့်တော်တို့ရဲ့ ဦးလေး၊ တပည့်တော်တို့ရဲ့တူ၊ တပည့်တော်တို့ရဲ့သားလေးတွေရဲ့ သန္တာန်မှာ အိုနာသေရေးဆိုတဲ့ ဘေးကြီးတွေနည်းကုန်အောင်၊ ကျဲကုန်အောင် ပါးကုန်အောင် ခေါင်းပါးကုန်အောင်၊ ပြုန်းတီးကုန်အောင်လို့ တပည့်တော်တို့ပို့ကြပါတယ် . . . လို့ ဒီအမြင်နဲ့ ဒီအမြင်နဲ့ပြောမှ ရှင်ရဟန်းဘဝတင်ရတဲ့ အဓိပ္ပါယ်သတ္တိကောင်းကောင်း မရှိဘူးလား? *(ရှိပါဘုရား)*။

ဟော-အရှင်ရဋ္ဌပါလက ပြောနေတယ် ဒကာတော် . . . ဦးဇင်းလေ . . . ကမ္ဘာလောက ရှိရှိသမျှသတ္တဝါအားလုံးဟာ အိုခြင်းတရားက သေမင်းထံဆောင်နေတယ်လို့မြင်ပါတယ် . . . တဲ့ ဒါတင်မကသေးဘူးတဲ့-

**အတာဏော ယံ သဗ္ဗော လောကော၊ ဧကန္တံ အနဘိဿရော၊**
**ဓမ္မုဒ္ဒေသ မဟံ ဥတ္တာ၊ အနာဂါရော ပရိဗ္ဗဇေ။**

**အယံ** သဗ္ဗောလောကော-ကိုယ်ရောသူပါ, များပြားစွာတောင်း, ဤသတ္တဝါအပေါင်းသည်၊ **အတာဏော**-တကယ့်အရေး, တကယ့်ဘေး၌, တကယ့်သွေး တကယ့်သားဟု, အားထားလောက်စရာ, တစ်စုံတစ်ယောက်မျှ, မပေါ်ပေါက်ခဲ့ချေ၊ **ဧကန္တံ အနဘိဿရော**-စင်စစ်ဧကန်, ဘေးကိုပြန်၍, တွန်းလှန်ရှုန်းဖယ်, ပုန်းကွယ်စရာလည်း မရှိချေ၊ **ဧတံ ဓမ္မုဒ္ဒေသံ**-အကျဉ်းအုပ်၍, အချုပ်အနေ, ဥဒ္ဒေသအချက်, တရားမြွက်ကို၊ **ဥတ္တာ**-အကျယ်ဝေဖန်, အနေမှန်အောင်, ဧကန် သဘော, သိမြင်သောကြောင့်၊ **အနာဂါရော ပရိဗ္ဗဇေ**-လောကီကိုမုန်း, ယောဂီဘုန်းတို့, နည်းထုံးမသွေ, ဖန်ရည်တပ်စွမ်း, ဝတ်သက်န်းဖြင့်, ရှင်ရဟန်း, ပြုခဲ့ပေသတည်း . . . ။

သာဓု . . . သာဓု . . . သာဓုပါဘုရား . . . ။

http://www.dhammadownload.com



ဒကာတော်. . . တဲ့ ဦးဇင်းရှင်ပြုခဲ့ ရဟန်းပြုခဲ့တဲ့ ဒုတိယရည်ရွယ်ချက်, ဒုတိယအမြင်ကို ပြောရမယ်ဆိုရင်, ဒီကမ္ဘာလောကရှိရှိသမျှ သတ္တဝါအားလုံးဟာ **အတာဏော-တကယ့်အရေး, တကယ့်ဘေး၌, တကယ့်သွေး တကယ့်သားဟု, အားထားလောက်စရာ, တစ်စုံတစ်ယောက်မျှ, မပေါ်ပေါက်ခဲ့ချေ. . . တဲ့၊** လောက လေ. . . တဲ့ ကိုယ့်သားလေးတွေ သမီးလေးတွေရှိတော့ ရှိတဲ့သား အားကိုးကြ၊ သမီးအားကိုးကြ၊ ဇနီးခင်ပွန်းအချင်းချင်းတွေ အချင်းချင်းအားကိုးကြတယ်. . . တဲ့၊ ဆွေတွေမျိုးတွေ အချင်းချင်းအားကိုးကြတယ်၊ ပရိသတ်ကြီး အားမကိုးကြဘူး လား? *(အားကိုးပါဘုရား)*။ အဲဒီအားကိုးလေသမျှတွေဟာ အားကိုးတဲ့အတိုင်း သူတို့စွမ်းရည်သတ္တိက အားကိုးလို့ဖြစ်တဲ့ အတိုင်းအတာပမာဏ အနည်းငယ်မျှ လေးသာ အားကိုးလို့ရပါသည်။

နာဘေးကြီးလို့ဆိုတဲ့ ဘေးကြီးသင့်လာပြီဆိုတော့ တစ်ယောက်တစ် ယောက် အားကိုးလို့ မရပါ၊ (မရပါဘုရား) ခင်ပွန်းသည်မှာဖြစ်နေတဲ့ ရောဂါကြီး ကင်ဆာရောဂါ သွေးတိုးရောဂါ နှလုံးရောဂါဆိုတဲ့ ရောဂါကြီးဖြစ်နေတာကို ဇနီးသည်ကမျှ. . . ပြီးတော့ ယူပါ့မယ်, ခံပါမယ်ဆိုလို့ ရစကောင်းရဲ့လား? (မရ ကောင်းပါဘုရား)။ ဇနီးသည် ခန္ဓာကိုယ်မှာဖြစ်နေတဲ့ ဘေးဆိုးကြီးတွေကို ခင်ပွန်း သည်က ငါမျှ. . ပြီးတော့ တာဝန်ယူမယ်. . . လို့၊ ငါကူမယ် ငါညီမယ်, ငါ့ကို အားကိုးပါဆိုပြီးတော့ မျှလို့ရနိုင်ရဲ့လား? (မရနိုင်ပါဘုရား) မိဘမှာဖြစ်နေတဲ့ အနာ ဘေးကြီးတွေကို သားသမီးကမျှယူလို့ မရပါ၊ သားသမီးမှာသင့်နေတဲ့ ဘေးကြီး တွေကိုလည်း မိဘကမျှယူလို့ မရပါ. . .။

**အတာဏော-တကယ့်အရေး, တကယ့်ဘေး၌, တကယ့်သွေး တကယ့် သားဟု, အားထားလောက်စရာ, တစ်စုံတစ်ယောက်မျှ, မပေါ်ပေါက် ခဲ့ချေ၊ ကေန္တ္တံ အနဘိဿရော-စင်စစ်ကေန်, ဘေးကိုပြန်၍, တွန်းလှန်ရုန်းဖယ်, ပုန်းကွယ် စရာလည်း မရှိချေ. . .၊** အဲဒီလို အားကိုးစရာမရှိရင် ကိုယ်တစ်ယောက်တည်း ကဲ-ဒါဖြင့် ဘယ်နားပြေးမယ်၊ ဟိမဝန္တာ ဝေရက်တောင်ခေါင်းကြီးတွေထဲ ပြေးပြီး တော့ ပုန်းမယ်. . . လို့ ပုန်းလို့ကော ဒီနာဘေးကြီးတွေ လွတ်ရဲ့လား? *(မလွတ် ပါဘုရား)* မဟာသမုဒ္ဒရာကြီးရဲ့အတွင်း ပြာသာဒ်ကြီးတွေ တည်ပြီးတော့ ပုန်းမယ် ဆိုလို့ကော ဒီဘေးကြီးတွေက လွတ်ရဲ့လား? *(မလွတ်ပါဘုရား)* ဟို. . . အထက် ဝေဟင် မိုးကောင်းကင်တက်ပြီးတော့ ဂြိုဟ်တုတွေ ဒုန်းပျံတွေ စီးပြီးတော့ ပုန်းမယ်, တိမ်းမယ်ဆိုလို့လည်း ဒီနာဘေးကြီးတွေ လွတ်နိုင်ရဲ့လား? (မလွတ်နိုင်ပါဘုရား)။

**ကေန္တ္တံ အနဘိဿရော-စင်စစ်ကေန်, ဘေးကိုပြန်၍, တွန်းလှန် ရုန်းဖယ်, ပုန်းကွယ်စရာလည်းမရှိချေ. . .** ဦးဇင်းတော့လေ. . . တဲ့ အဲဒီလို မြင်မြင်

http://www.dhammadownload.com



နေတယ်. . . တဲ့ ကမ္ဘာလောကသတ္တဝါအားလုံးသည် ဒီဘေးကြီးသင့်ပြီးတော့ နေတယ်၊ ဘယ်နားပြေးလို့မှလည်း မလွတ်ပါလား. . . လို့ အဲဒီလို မြင်လို့ ဒီဘေးကြီးတွေရဲ့လွတ်ရာ တစ်ဌာနတည်းပဲရှိတယ်။ အဲဒီဌာနက အသခ်တအမတဓာတ်လို့ခေါ်တဲ့ နိဗ္ဗာန်တရားမြတ်ကြီးဖြစ်တယ် အဲဒီ နိဗ္ဗာနဓာတ် တရားမြတ်ကြီးကို မြင်ဖို့ရာအတွက် ဒီလို ရဟန်းဘဝသာမဏေဘဝတွေနဲ့ တရား ဘာဝနာအလုပ်တွေကို များများကြီး ကျင့်ကြံကြိုးကုတ် အားထုတ်ပြီးတော့ ဉာဏ်ပညာတွေထက်မြက် အဲဒီနိဗ္ဗာနဓာတ်ကြီးကို မြင်နိုင်တဲ့ မဂ်လေးတန် ဖိုလ်လေးတန်ဆိုတဲ့ ဉာဏ်ထူးဉာဏ်မြတ်ကြီးတွေ မိမိနှလုံးသားထဲ ဖြစ်ပေါ်ပွားကပ်ဖို့ရာ သီလ, သမာဓိ, ပညာအားတွေကို များများကြီး ထူထောင်ပွားများမှဖြစ်မယ်. . . လို့ မြင်လို့ ဦးဇင်း ရဟန်းပြုခဲ့ပါတယ်. . . လို့ ရှင်ရဋ္ဌပါလဖြေတယ် ဒကာဦးဖုန်းမို *(ဖြေပါဘုရား)*။ အဖြေမမှန်ဘူးလား? *(မှန်ပါဘုရား)*။ ရှင်ရဋ္ဌပါလဖြေနေတဲ့ အဖြေနှစ်ခု ဖြေပြီးသွားပြီးနော် *(မှန်ပါဘုရား)*။ ကိုင်း-သူ နံပါတ်နှစ်အဖြေ အကျဉ်းချုံးထားတာလေးကို လိုက်ဆိုကြည့်စမ်းပါ-

❖ အိုခြင်းဇရာ, ဆွဲငင်ရာ, သူငါလိုက်ရမြဲ။
ဘေးရောဂါဆိုး, စွဲဝင်တိုး, အားကိုမရှိဘဲ။

ဟော-တတိယ အဖြေဘယ်နှယ့် ဖြေတုန်းဆိုတော့-

အဿကောယံ သဗ္ဗော လောကော, ဇဟံ သဗ္ဗံ ဂမိဿတေ၊

အယံ သဗ္ဗော လောကော-သူရောကိုယ်ပါ, များပြားစွာတောင်း, ဤသတ္တဝါအပေါင်းသည်၊ အဿကော-ကိုယ်ပိုင်ပြုစရာ, တစ်စုံတစ်ခုမျှ မရှိချေ၊ သဗ္ဗံ-ရှိရှိသမျှ ဥဿုံ, အလုံးစုံကို၊ ဇဟံ ဇဟန္တော-မလွှဲသာလွှဲသာ, ခွဲခွါရှောင်ရှား, စွန့်ပယ်ထား လျှက်၊ ဂမိဿတေ-ကံ၏ညွှန်ရာ, မလွန်သာဘဲ, ဝန်တာကိုထမ်း, ဗရမ်းဗတာ, သွားရရှာလတံ့၊ တေ် ဓမ္မုဒ္ဒေသံ-အကျဉ်းအုပ်၍, အချုပ်အနေ, ဥဒ္ဒေသအချက်, တရားမြွက်ကို၊ ဥ တ္တာ-အကျယ်ဝေဖန်, အနေမှန်အောင်, ကေန်သဘော, သိမြင် သောကြောင့်၊ အနာဂါရော ပရိဗ္ဗဇေ-လောကီကိုမုန်း, ယောဂီဘုန်းတို့, နည်းထုံး မသွေ, ဖန်ရည်တပ်စွမ်း, ဝတ်သင်္ကန်းဖြင့်, ရှင်ရဟန်း, ပြုခဲ့ပေသတည်း. . ။

သာဓု. . . သာဓု. . . သာဓု. . . ပါဘုရား။

ဒကာတော်. . . တဲ့ ကမ္ဘာလောရှိရှိသမျှ သတ္တဝါတွေက ကိုယ့်ရှိတဲ့ပစ္စည်းတွေကို ငါပိုင်တယ်, ငါဆိုင်တယ်, ငါစိုးတယ်လို့ အထင်ရောက် နေကြသော်လည်းပဲ၊ အမှန်စင်စစ်က ဆိုင်သာဆိုင်၍ အဟုတ်မပိုင်တဲ့ ပစ္စည်းတွေ. . . တဲ့ ဘာပြုလို့ တုန်းဆိုတော့ ပစ္စည်းနဲ့လူဆိုတာ သူက ကိုယ့်အရင်စွန့်ရင်စွန့် မစွန့်ရင် ကိုယ်က

http://www.dhammadownload.com



သူ့စွန့်ရတယ်၊ တစ်ခါတစ်ခါကျတော့သူက ကိုယ့်အရင် စွန့်သွားတယ်၊ မီးလောင် သွားလို့ပစ္စည်းတွေပါသွားပြီ၊ ရေမျောလို့ပါသွားပြီ သူခိုးနောက် ပါသွားပြီဆိုတော့ ပစ္စည်းက ကိုယ့်စွန့်မသွားဘူးလား? *(စွန့်သွားပါဘုရား)*။ အဲဒီလို မစွန့်ဘူး၊ သူက အကြောင်းညီညွတ်လို့ ကိုယ်ကအစောင့်အရှောက်ကောင်းလို့ ပစ္စည်းတွေ ကိုယ့်ထဲ မှာ ရှိနေတယ်ဆိုရင် ကိုယ်ကတစ်ချိန် မျက်စိမှိတ်ရပြီ အနိစ္စရောက် ကွယ်လွန်ရ ပြီဆိုတော့ ကိုယ်ကပစ္စည်းမစွန့်ခဲ့ရဘူးလား? *(စွန့်ရပါဘုရား)*။

### ❖ ပစ္စည်းနဲ့လူ, ထိုနှစ်ဆူ, စွန့်သူ စွန့်ခံ, အပြန်အလှန်။

ပစ္စည်းနဲ့လူ နှစ်ဆူဟာ အစွန့်ခံနဲ့စွန့်သူဟာ အပြန်အလှန်ပါပဲ. . . တဲ့ ပစ္စည်းက စွန့်ရင်စွန့်မယ် သို့မဟုတ် ကိုယ်က သူ့စွန့်ရတယ်ဆိုတော့ စွန့်နှစ်စွန့် တစွန့် စွန့်တော့ စွန့်ကြရမှာ မဟုတ်လား? *(ဟုတ်ပါဘုရား)*။ ဒီတော့ ရှင်ရဋ္ဌပါလ က ပြောတယ်၊ ဒကာတော်. . . တဲ့ ကိုယ့်မှာရှိတဲ့ ပစ္စည်းတွေ ဘယ်လောက်ပဲ မြောက်များစွာ စိုးပိုင်အောင်တိုးတက်ကြီးစားပြီးတော့ နေသော်ငြားလည်း၊ ကမ္ဘာ လောကရှိရှိသမျှ သတ္တဝါအားလုံးဟာ ပစ္စည်းတွေစွန့်ပြီးတော့ သွားကြရတယ် . . . တဲ့ သေမင်းအလို လိုက်ကြရတယ် အဲဒီလို လိုက်ခဲ့ရတဲ့ အကြိမ်ပေါင်းဟာ ရှေးအနမတဂ္ဂဘဝ ထိုထိုကလည်းပဲ၊ ပရိသတ်ကြီး နည်းပါ့မလား? *(မနည်းပါ ဘုရား)*။ နောင်လည်း ဒီရုပ်နာမ်ခန္ဓာတွေရနေသမျှ ဒီလိုချည့်ပစ္စည်း စွန့်စွန့်ပြီးသွား ရမယ့် အကြိမ်တွေ ရေတွက်လို့ရနိုင်ပါ့မလား? (မရနိုင်ပါဘုရား) ဒီဘဝမှာလည်း စွန့်ပြီးတော့ သွားရမှာ မသေချာဘူးလား? သေချာပါဘုရား။

ဒါဖြင့်-ရှေးအတိတ်အခါခါတွေကော နှစ်သက်စရာရှိသေးလား? *(မရှိ ပါဘုရား)*။ လက်ရှိခန္ဓာကော နှစ်သက်ဖို့လိုသေးလား? *(မလိုပါဘုရား)*။ နောင် ရမယ့် ရုပ်နာမ်ခန္ဓာတွေလည်း ဒီသဘောချည်းပဲဆိုလို့ရှိရင်ဖြင့် တွယ်တာစရာ နှစ်သက်စရာ ရှိသေးလား? *(မရှိပါဘုရား)*။ အဲဒီလိုမြင်ပြီးတော့ ဦးဇင်း ရဟန်းပြု ခဲ့ပါတယ်. . တဲ့ ဟော-အရှင်ရဋ္ဌပါလရဲ့အမြင် မမှန်ဘူးလား? *(မှန်ပါဘုရား)*။ နောက်ဆုံးဖြေတယ်-

> **ဦနကောယံ သဗ္ဗော လောကော, အတိတ္တော ဝါနဒါသကော၊**
> **ဓမ္မုဒ္ဒေသမဟံ ဥတ္တွာ, အနာဂါရော ပရိဗ္ဗဇေ။**

အယံသဗ္ဗော လောကော-သူရောကိုယ်ပါ, များပြားစွာတောင်း, ဤ သတ္တဝါအပေါင်းသည်၊ ဦနကော-ဥစ္စာစည်းစိမ်, ဂုဏ်သိမ်မောက်ဖြိုး, မည်မျှတိုး လည်း, မဖြိုးမလျှံ, အမှန်ပင် ယုတ်လျော့နေသေး၏၊ ဝါနဒါသကော- ကဏှာစေရာ, မနေသာဘဲ, ဖွေရှာဆက်သရသည့်, တဏှာ၏ကျေးတော်မျိုး,

http://www.dhammadownload.com



ကျွန်တော်မျိုးတို့သည်သာလျှင်၊ ဇဝံ ဓမ္မုဒ္ဒေသံ-အကျဉ်းအုပ်၍၊ အချုပ်အနေ, ဥဒ္ဒေသအချက်, တရားမြွက်ကို၊ ဥ တ္တာ-အကျယ်ဝေဖန်, အနေမှန်အောင်, ကေန်သဘော, သိမြင် သောကြောင့်၊ အနာဂါရော ပရိဗ္ဗဇေ-လောကီကိုမုန်း, ယောဂီဘုန်းတို့ နည်းထုံးမ သွေ, ဖန်ရည်တပ်စွန်း, ဝတ်သင်္ကန်းဖြင့်, ရှင်ရဟန်းပြုခဲ့ပေသတည်း. . . ။

သာဓု. . . သာဓု. . . သာဓုပါဘုရား. . . ။

ဒကာတော်. . . တဲ့ ကမ္ဘာလောကရှိရှိသမျှ သတ္တဝါတွေဟာ ပစ္စည်းဥစ္စာဘယ်လောက်ပဲရှာလို့ ဖွေလို့၊ တိုင်းပြည်ကြီးတစ်ခုလုံးစိုးအုပ်နေရတဲ့ ဒကာတော်တို့လို ရှင်ဘုရင်အဖြစ်မျိုးရောက်နေပေမယ့်လို့. . . ဦနကော-ဥစ္စာစည်းစိမ်, ဂုဏ်သိမ်မောက်ဖြိုး, မည်မျှတိုးလည်း, မဖြိုးမလျှံ, အမှန်ပင် ယုတ်လျော့နေသေး၏. . . ။ အစကတော့ တစ်ခုနှစ်ခုရရင် တော်လောက်ပြီလို့အောက်မေ့တာ၊ အဲဒီတစ်ခု နှစ်ခုရတော့ နောက်-ဟိုတစ်ခုနှစ်ခုလိုချင်၊ ဟိုတစ်ခုနှစ်ခုရလာတော့ ဟို-နောက်တစ်ခုနှစ်ခုလိုချင်၊ လိုချင်တာတွေ ဆက်ဆက်, ဆက်ဆက်ပြီး လိုက်သွားလိုက်မယ်ဆိုရင် ဆုံးနိုင်ပါ့မလား ပရိသတ်ကြီး? (မဆုံးနိုင်ပါဘုရား)။

လိုချင်တဲ့ အလိုဣစ္ဆာဟာ-တစ်ခုရရင် နောက်တစ်ခုလိုချင်၊ နောက်တစ်ခုရတော့ ဟိုနောက်တစ်ခုလိုချင် ကိုယ့်ဖို့ရတော့ သူ့ဖို့လိုချင် သူ့ဖို့ ရတော့ သားဖို့လိုချင် သမီးဖို့လိုချင်, တူဖို့လိုချင် တူမဖို့လိုချင်၊ မြေးဖို့လိုချင် ဆုံးနိုင်သေးရဲ့လား? *(မဆုံးနိုင်ပါဘုရား)*။ ဆွေတွေမျိုးတွေဖို့လိုချင်။ ရပ်ရေးရွာရေးဖို့လိုချင်၊ လိုချင်စရာတွေ မဆုံး. . . တဲ့၊ ရှာလို့ဖွေလို့ မဆုံး။ အဲဒီလို မဆုံးသမျှလိုက်ပြီးတော့နေမယ်ဆိုရင် ဝါနဒေါသကော-တဏှာစေရာ, မနေသာဘဲ, ဖွေရှာဆက်သရသည့်, တဏှာ၏ ကျေးတော်မျိုး, ကျွန်တော်မျိုးတို့ သည်သာလျှင်. . . ။ တဏှာရဲ့အလိုကျ၊ တဏှာက ခိုင်းတိုင်း ကုန်ပြီးတော့ ရှုန်းနေရတဲ့ ဘဝ. . . လို့ ဦးဇင်းတော့ကမ္ဘာလောက သတ္တဝါတွေ ဒီလိုမြင်ပါတယ် ဒကာတော်. . . တဲ့၊ ရှင်ရဋ္ဌပါလက ကောရဗျမင်းကို ဖြေတာနော် *(မှန်ပါဘုရား)*။

ဝါနဒေါသကော-တဏှာစေရာ, မနေသာဘဲ, ဖွေရှာဆက်သရသည့်, တဏှာ၏ကျေးတော်မျိုး, ကျွန်တော်မျိုးတို့သည်သာလျှင်တည်း. . . ၊ တဏှာက "ဟော့ မင်းအိမ်လေးတော့ ကောင်းသထက်ကောင်းအောင် လုပ်ဦးမှပေါ့"လို့ ဆိုတော့ အိမ်လေးအစကတော့ သက်ငယ်မိုး ထရံကာလေးနဲ့နေတာ၊ နောက်ပျဉ်ထောင်သွပ်မိုးလေးဖြစ်အောင်ခိုင်းတော့ ပျဉ်ထောင်သွပ်မိုးဖြစ်အောင် မရှာရဘူးလား? *(ရှာရပါဘုရား)*။ ပျဉ်းထောင်သွပ်မိုးဖြစ်အောင် ရှာရင်းဖွေးရင်းနဲ့လည်းပဲ

http://www.dhammadownload.com



အကြောင်းမညီညွတ်ရင် လမ်းခုလတ် မသေနိုင်ဘူးလား? *(သေနိုင်ပါဘုရား)*။ ပျဉ်ထောင် သွပ်မိုးကနေပြီးတော့ အုတ်တိုက်လေးဖြစ်အောင်ဆိုပြီးတော့ တစ်ဆင့် တက်ပြီးတော့ မရှာရဘူးလား? *(ရှာရပါဘုရား)*။ ဟာ-အဲဒီကနေပြီးတော့ ဝတ်ထည်ဖျင်စင်းတွေ ဝတ်စားတန်ဆာတွေ ကိုယ့်ဖို့ကနေပြီးတော့ သားဖို့သမီးဖို့ ခုနကပြောသလို မြေးဖို့ မြစ်ဖို့ရှာရှာနေရတော့ တဏှာခိုင်းတိုင်းသာ ရှာနေရလို့ ရှိရင် ရပ်ချိန်ရှိသေးရဲ့လား? *(မရှိပါဘုရား)*။

ဝါနဒါသကော-တဏှာစေရာ, မနေသာဘဲ, ဖွေရှာဆက်သရသည့်, တဏှာ၏ ကျေးတော်မျိုး, ကျွန်တော်မျိုးတို့သည်သာလျှင်တည်း. . . .။ ဒီတော့ ဒီရုပ်နာမ် ရနေသမျှ ဒီတဏှာခိုင်းသမျှ လုပ်နေရတဲ့ အလုပ်ဟာ ဒကာ ဒကာမတွေ ရှေးအတိတ်ကာလတွေကကော ဘဝပေါင်းအသချေ ရေတွက်လို့ရပါ့မလား? *(မရပါဘုရား)*။ နောင်လည်း ဒီတဏှာကို ပယ်သတ်ပြီးတော့ အာသဝေါကင်းကွာ ရဟန္တာယောကျ်ား ရဟန္တာမ မဖြစ်သမျှ ဆုံးပါ့မလား? *(မဆုံးပါဘုရား)*။ ဦးဇင်း တော့လေ. . . တဲ့ အဲဒီလိုမြင်လို့ ဒီတဏှာကို ပယ်သတ်နိုင်ဖို့ရာအတွက် ဒီ ရဟန်း ဘဝ, ဒီသာမဏေဘဝတက်ပြီးတော့ ပယ်သတ်မှတော်မယ်, ရနိုင်မယ်လို့ မြင်လို့ ရှင်ရဟန်းပြုခဲ့တယ်. . .၊ ဟော-ရှင်ရဋ္ဌပါလ ဖြေတယ်နော်၊ *(မှန်ပါဘုရား)*။ စည်းစိမ်ဥစ္စာတွေ, သက်ရှိသက်မဲ့ စည်းစိမ်ဥစ္စာတွေ, ကိုယ့်ရဲ့ချစ်တဲ့ခင်တဲ့၊ သားတွေ သမီးတွေ၊ တူတွေ တူမတွေ စွန့်ခွာပြီးတော့ သွားခဲ့ရတဲ့ဘဝတွေ အသချေအနန္တ မများခဲ့ဘူးလား? *(များခဲ့ပါဘုရား)*။ ကဲ-ဆိုကြည့်ပါဦး-

❖ **စည်းစိမ်ဥစ္စာ, ချစ်သူပါ, စွန့်ခွါသွားရမြဲ၊**
**တဏှာစေရာ, မနေသာ, ဖွေရှာဆက်ရမြဲ။**

ဟော-အရှင်ရဋ္ဌပါလက အဲဒီလို အပြစ်တွေကို အကျွန်ုပ်မြင်လို့ ရဟန်း ဘောင် သာမဏေဘောင်ဘဝ တက်ခဲ့ပါတယ်. . . လို့ ဖြေလိုက်တဲ့အဖြေ သူတော် ကောင်းတွေဘက်က အမြင်ဆိုတော့ မစင်ကြယ်ဘူးလား? *(စင်ကြယ်ပါဘုရား)*။ ယနေ့ အလှူ့ဒါယကာဦးတင်အောင်+အလှူ့အမဒေါ်ကြည်စိန်တို့ မိသားစုတွေ မိမိတို့ဦးလေး၊ မိမိတို့တူတွေသားတွေကို, ရှင်ရဟန်းဘောင်အရောက် သွတ်သွင်း ချီးမြှောက်တယ်ဆိုတာ အဲဒီလို အိုဘေးကြီး, နာဘေးကြီးတွေ, သေဘေးကြီးတွေရဲ့ တည်ရာ ရုပ်နာမ်ခန္ဓာ၊ အဲဒီရုပ်နာမ်ခန္ဓာ ထူထောင်ပေးနေတဲ့ တဏှာဦးစီးတဲ့ ကိလေသာဓာတ်ကြီးကို ဖြိုဖျက်နိုင်တဲ့ သီလ, သမာဓိ, ပညာဆိုတဲ့ လက်နက် ကောင်းကြီး သုံးခုသည်, ဒီရဟန်းဘဝ၊ သာမဏေဘဝမှာမှ ရှိနိုင်သည်၊ အားရှိပါးရှိ ရှိနိုင်တာပေါ့နော်၊ *(မှန်ပါဘုရား)*။

http://www.dhammadownload.com



အဲဒီ သီလ, သမာဓိ, ပညာဆိုတဲ့ အားရှိပါးရှိ လက်နက်ကောင်းကြီး သုံးလက်ကို သုံးပြီးသကာလ ဒီ အနုသယ, ပရိယုဋ္ဌာန, ဝီတိက္ကမ ဆိုတဲ့ ကိလေသာသုံးချက်ကို ဖြိုဖျက်သုတ်သင်နိုင်ကြပါစေ။ အဒီလို ဖြိုဖျက်သုတ်သင်နိုင်သဖြင့် သူတို့မှာ ရုပ်နာမ်ခန္ဓာတွေ အရနည်း၊ အဲဒီရုပ်နာမ်ခန္ဓာ အရနည်း, အရကျဲသွားမှ ရုပ်နာမ်ခန္ဓာပေါ်မှာ မှီတွယ်ဖြစ်တဲ့ အိုနာသေရေး ဒုက္ခဘေးကြီးတွေ နည်းသွားမယ် ကျဲသွားမယ် ငြိမ်းသွားမယ် အေးသွားမယ်။ နောက်ဆုံး အကုန်လုံး ပြုတ်ပြုတ်ပြုန်း ကုန်သွားမယ်. . . လို့ဆိုတော့ အိုနာသေရေး ဘေးကြီးတွေကုန်သွားတာကိုပဲ နိဗ္ဗာန်လို့ခေါ်တယ် *(မှန်ပါဘုရား)*။ ဒီတော့ "**သံသာရဝဋ္ဋ ဒုက္ခတော မောစနတ္ထာယ နိဗ္ဗာနဿ သစ္ဆိကရဏတ္ထာယ-နိဗ္ဗာန်မျက်မှောက်ပြုဖို့ရာ**ဆိုတာ ကိုက်မသွားဘူးလား? *(ကိုက်သွားပါဘုရား)*။

ဒါ့ကြောင့် ယနေ့ အလှူ့ဒါယကာဦးတင်အောင်+အလှူ့အမဒေါ်ကြည်စိန်တို့ မိသားစုတတွေက တပည့်တော်တို့သည်. . . တပည့်တော်တို့ရဲ့သား တပည့်တော်တို့ရဲ့တူတွေ ဦးလေးတွေကို ရဟန်းဘောင်ရောက် သွတ်သွင်းချီးမြှောက်ခြင်း၊ ရှင်သာမဏေပြုပေးခြင်းဖြင့် ကျွန်ုပ်တို့ အို,နာ,သေရေး ဒုက္ခဘေးကြီးတွေ တတ်စွမ်းသမျှ ငြိမ်းဖို့ရာအတွက် တပည့်တော်တို့ ချီးမြှောက်ပါတယ်. . . ပင့်ထောက်ပါတယ်၊ အဲဒီလိုချီးမြှောက်ရင်း ပင့်ထောက်ရင်း သံဃာတော် အရှင်မြတ်တို့အား မွန်မြတ်သော ဆွမ်းဘောဇဉ်တို့ဖြင့် ဆက်ကပ်လှူဒါန်းခြင်း၊ ဖိတ်မန္တက ပြုထားအပ်တဲ့ ဆွေမျိုးမိတ်ဆွေသင်္ဂဟတွေကို ကျွေးမွေးဧည့်ခံခြင်းဆိုတဲ့ ဒါနကုသိုလ်ထုပ်ကြီး ကိုလည်း မြှုပ်နှံကြပါတယ်။

ဤကဲ့သို့ ဒါန ကုသိုလ်ထုပ်ကို မြှုပ်နှံခြင်း ရဟန်းပြုပေးခြင်း ရှင်ပြုပေးခြင်းဆိုတဲ့ ဒီကုသိုလ်ကောင်းမှု စေတနာစုကြောင့် တပည့်တော်တို့သန္တာန်မှာ လည်းပဲ ဤသီလ, သမာဓိ, ပညာဓာတ်, အားကြီးတွေတိုးပွားကြီးပွားရင့်ကျက်သထက်ရင့်ကျက်လာပြီးသကာလ အဲဒီရုပ်နာမ်ခန္ဓာပေါ်မှာရှိနေတဲ့ အိုနာသေရေး ဒုက္ခဘေးကြီးတွေရဲ့ ပြစ်ချက်တွေကို မြင်ပြီးတော့ ရုပ်နာမ်ခန္ဓာ အိုနာသေးရေး ဒုက္ခဘေးကြီးရဲ့ ကင်းဝေးရာဖြစ်တဲ့ နိဗ္ဗာနဓာတ် တရားမြတ်ကြီးကို လျင်မြန်ဆောစွာရပါစေ. . . ရောက်ပါစေ, မြင်ပါရစေ. . . လို့ ဟော-ရေစက်ချတဲ့အချိန်မှာ အဲဒီလို ကွင်းဆက်နဲ့ မြင်ပြီးတော့ ဒီရှင်ပြုပေး, ရဟန်းခံပေးလိုက်တဲ့ပုဂ္ဂိုလ်တွေ အိုနာသေရေး ဒုက္ခဘေးတွေ နည်းအောင်အားထုတ်ရတဲ့အတွက် တပည့်တော်တို့လည်း နည်းပါရစေ. . . လို့ ဒီလိုဆုတောင်းလိုက်ရင် နိဗ္ဗာန်ရပါစေဆိုတာနဲ့ တည့်မသွားဘူးလား? *(တည့်သွားပါဘုရား)* အဲဒီလိုမြင်ပြီး အဲဒီလိုအားထုတ်နိုင်တဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေ ဖြစ်ကြပါစေကုန်သတည်း။

http://www.dhammadownload.com



အိုနာသေရေး ဒုက္ခဘေးကြီးတွေရဲ့ မှီတွယ်ရာ ရုပ်နာမ်ခန္ဓာ၊ အဲဒီရုပ်နာမ်ခန္ဓာကို ထူထောင်ပေးနေတဲ့ကိလေသာ အဲဒီ ကိလေသာတွေကို ပယ်သတ်နိုင်တဲ့ ရဟန်းဘဝ သာမဏေဘဝ သီလ, သမာဓိ, ပညာအားတွေကို တပည့်တော်တို့က မြင့်တင် တန်ဆာဆင်ပြီးတော့ပေးရတဲ့အတွက်, တပည့်တော်တို့မှာလည်းပဲ ဤကဲ့သို့သော သီလ, သမာဓိ, ပညာအားကြီးတွေ တစ်ဆင့်ထက်တစ်ဆင့် ရင့်ကျက်တိုးပွားပြီးသကာလ ဆိုင်ရာအနုသယ, ပရိယုဋ္ဌာန, ဝီတိက္ကမ ကိလေသာတွေကို ပယ်သတ်နိုင်စွမ်း ရှိပါစေသား။ ထိုကဲ့သို့ ကိလေသာတွေကို ပယ်သတ်သဖြင့် ရုပ်နာမ်ခန္ဓာတွေ မဖြစ်၊ အဲဒီ ရုပ်နာမ်ခန္ဓာတွေ မပေါ်လာမှ အိုနာသေရေး ဒုက္ခဘေးကြီးတွေ ငြိမ်း, ဇာတ်သိမ်းသွားတဲ့ နိဗ္ဗာနဓာတ် တရားမြတ်ကြီးကို အရဟတ္တမဂ် အရဟတ္တဖိုလ်ဖြင့် ကျွတ်တမ်းခိုပေါက် ရောက်နိုင်အောင် ရရာရကြောင်း ပါရမီကောင်းမှုတွေ ဖြစ်ပါစေသတည်းဟူ၍ ဆုတောင်းပတ္ထနာပြုရန် ပြုလုပ်အားထုတ်နိုင်တဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေ ဖြစ်ကြပါစေကုန်သတည်း။

ဤယနေ့ ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးကို မကြာခင်သောကာလမှာ ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးကို ပစ္စယာနုဂ္ဂဟ ဓမ္မာနုဂ္ဂဟနှစ်ပါးတို့ဖြင့် ချီးမြှောက်ရတဲ့ ကုသိုလ်ကောင်းမှု စေတနာစုကြောင့် ပြဆိုအပ်ခဲ့သော အိုနာသေရေး ဒုက္ခဘေးကြီးတွေရဲ့ ကင်းရာ, ဝေးရာ, ငြိမ်းရာ, အေးရာဖြစ်သော နိဗ္ဗာနဓာတ် တရားတော်မြတ်ကြီးကို လျှင်မြန်ဆောစွာ ရောက်ကြရ, ရကြရ, မြင်ကြရပါလိုကုန်သောဟူ၍ ပတ္ထနာအောင်ဆု ပြုလိုက်ကုန်ရာသတည်း. . . ။

သာဓု. . . သာဓု. . . သာဓုပါဘုရား. . . ။

http://www.dhammadownload.com

# *ပါသရာသိသုတ္တန်

## အနှစ်ရတနာ ဥစ္စာရှာတရားတော်

ယေဟိ သဒ္ဓါဒိ ဂုဏေဟိ, ဒေဝတာ ဒေဝတံ ဂတာ၊
မယှမ္ပိ တေ သံဝိဇ္ဇန္တိ, အဟော မေ ဂုဏဝန္တတာ။

ဒေဝတာ-စတုမဟာ, ဝတီသာနှင့်, နတ်ရွာခြောက်လီ, ဖြဟ္မာ့ပြည်ဝယ်, ကိုယ်စီစံစား, နတ်ဖြဟ္မာအများနှင့်, ဘုရားပစ္စေကာ, အရိယာမြင့်မြတ်, ဝိသုဒ္ဓိနတ်တို့သည်၊ ယေဟိ သဒ္ဓါဒိဂုဏေဟိ-သဒ္ဓါသီလ, များသုတနှင့်, စာဂပညာ, စဉ်လာလောက်လုံ, အကြင်ကျေးဇူးဂုဏ်တို့ကြောင့်၊ ဒေဝတံ-ရောဂါမကပ်, ဥပါဒ်မတွယ်, စားသောက်ဖွယ်ရေး, နေထိုင်ရေးနှင့်, မင်းဘေးစိုးတာ, ကင်းစင်ကွာလတ်, ဖြဟ္မာနတ်နှင့်, မြင့်မြတ်ဖြူလွင်, ဝိသုဒ္ဓိသူတော်စင်အဖြစ်သို့၊ ဂတာ-ဤလူ့ပြည်မှ, စုတေကြလျှင်, ခဏမနေ, ကပ်ရောက်ကြလေကုန်၏၊ ဂတာ-ပါရမီစွမ်းသလောက်, စခန်းပေါက်၍, လှမ်းရောက်တော်မူကြလေကုန်ပြီ၊ တေ ဂုဏာ-ဝိသုဒ္ဓိစခန်း, ကပ်ခါမြန်းဖို့, အစွမ်းလောက်လုံ, ထိုကဲ့သို့သော ဂုဏ်ပေါင်းစုံတို့သည်၊ မယှမ္ပိ-ဘုရားအကြိုက်, တရားလိုက်၍, အားစိုက်နှစ်လို့, ဤငါ့ကိုယ်မှာလည်း၊ သံဝိဇ္ဇန္တိ-အမြဲမပြတ်, သတိချပ်သဖြင့်, မလပ်ပုံသေ, ရှိကြပေကုန်၏၊ မေ-ဘုရားအကြိုက်, တရားလိုက်၍, အားစိုက်နှစ်လို, ဤငါ့ကိုယ်၏၊ ဂုဏဝန္တတာ-သဒ္ဓါသီလ, များသုတနှင့်, စာဂပညာ, စဉ်လာလောက်လုံ, ဂုဏ်ပေါင်းစုံသူ၏အဖြစ်သည်၊ အဟော-တမလွန်ရေး, ကြံတိုင်းအေးဖို့, ပေါ့လေးပင်ပင်, အစဉ်အမျိုးမှန်, ဩော်. . . အဖိုးတန်လေစွတကား. . . .။

သာဓု. . . သာဓု. . . သာဓုပါဘုရား. . . ။

ယနေ့ မြန်မာကောဇာသက္ကရာဇ် ၁၃၄၅-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၇)ရက်နေ့၊ ခရစ်နှစ် ၁၉၈၄-ခု၊ မတ်လ(၂၃)ရက်နေ့ညမှာ မန္တလေးမြို့ (၈၁)လမ်း၊ (၃၁)လမ်းဒေါင့်၌ရှိသော ဤဓမ္မသာလာဓမ္မာရုံမဏ္ဍပ်ကြီးအတွင်း၌၊ ကျင်းပအပ်သော တရားပွဲသည်ကား မန္တလေးမြို့၊ (၈၁)လမ်း၊ မဟာအောင်မြေအနောက်ပိုင်း, စိန်ပန်းရပ်၌နေထိုင်ကြကုန်သော အလှူ့ဒါယကာ အင်ဂျင်နီယာ ဒကာဦးလှမြင့်၊ အလှူ့ဒါယိကာမ ဒေါက်တာဒေါ်နီနီဝင်းတို့ရဲ့ ကလာကြီးသုံးရပ်ကို အကြောင်းပြု ပြီးသကာလ ဖြစ်ပေါ်လာတဲ့တရားပွဲ. . . တဲ့ ဒီနေ့ည တရားပွဲက။

* မ-၁/၂၁၆။ ဋ-၂/၉၆။

http://www.dhammadownload.com



ယခုန ပြဆိုအပ်ခဲ့တဲ့ အလှူ့ဒါယကာ ဒကာဦးလှမြင့်-အလှူ့ဒါယိကာမ ဒေါ်က်တာဒေါ်နီနီဝင်းတို့မိသားစုက အနန္တောအနန္တငါးပါး ဦးထိပ်ထားကြပြီးလျှင် မိမိတို့ရဲ့ မိခင်ဖခင်ကျေးဇူးရှင်များနှင့်တကွ ဦးကြီးဦးလေး, ဒေါ်ကြီးဒေါ်လေး, အစ်ကို အစ်မတို့ကို အမှူးထားကြပြီးလျှင်. မိမိတို့ရဲ့ရင်နှစ်သည်းချာ သားရတနာလေးဖြစ်တဲ့ မောင်နီအောင်ခိုင်မြင့်ကိုလည်းကောင်း, မိမိတို့ရင်မှ ဆက်နွယ်ပေါက်ဖွားတဲ့ တူရတနာလေးများဖြစ်ကြတဲ့ မောင်ကျော်ထွန်းဝင်းတို့ မောင်စိုးမင်းသန့်တို့လို့ဆိုတဲ့ အမျိုးကောင်းသား (၃)ယောက်တို့ကိုလည်းပဲ ဘုရားပစ္စေကာ အရိယာအပေါင်း သူတော်ကောင်းကြီးတွေရဲ့ အဆင်တန်ဆာဖြစ်တဲ့ သင်္ကန်း,သပိတ်ပရိက္ခရာ တန်ဆာဆင်မြန်း၍ ဘုရားသားတော်, ဘုရားမြေးတော်ဘဝဆိုတဲ့ ရှင်သာမဏေဘဝသို့ သွတ်သွင်းချီးမြှောက်တဲ့ ပဗ္ဗဇ္ဇမင်္ဂလာ။

ထိုမှတစ်ပါး မိမိတို့ရဲ့ရင်နှစ်သည်းချာ သမီးလှရတနာလေးဖြစ်တဲ့ မနီကေခိုင်မြင့်ကိုလည်းကောင်း, မိမိတို့ရင်မှ ဆက်နွယ်ပေါက်ဖွားတဲ့ တူမရတနာလေးဖြစ်တဲ့ မရီမွန်သန်းကိုလည်းကောင်း ဤအမျိုးသမီး(၂)ဦးတို့ကိုလည်းပဲ လောကီမင်္ဂလာဖြစ်တဲ့ ကဏ္ဏဝိဇ္ဈနခေါ်တဲ့ နားသမင်္ဂလာ။ အဲဒီ လောကီမင်္ဂလာဖြစ်တဲ့ ကဏ္ဏဝိဇ္ဈနမင်္ဂလာ ဆင်ယင်ကျင်းပပြီးတဲ့နောက်, သရဏဂုံသုံးပါးနဲ့ ရှစ်ပါးသီလတို့ကို ထိမ်းသိမ်းစောင့်ရှောက်ရတဲ့ ဘိက္ခုနီနွယ်ဝင်၊ ဘိက္ခုနီသာသနာဝင်သီလရှင်ဆိုတဲ့အဖြစ်သို့ ပို့ဆောင်ခြင်းဆိုတဲ့ ပဏ္ဍရင်္ဂပဗ္ဗဇ္ဇမင်္ဂလာ။ အဲဒီလိုအားဖြင့် ဒီနေ့ အလှူ့ဒါယကာ အင်ဂျင်နီယာ ဒကာဦးလှမြင့်နဲ့ အလှူ့ဒါယိကာမဒေါက်တာဒေါ်နီနီဝင်းတို့က သားရတနာ တူရတနာလေးတွေကို ဘုရားပစ္စေကာ အရိယာအပေါင်း သူတော်ကောင်းကြီးတွေ ဆင်မြန်းသွားတဲ့ အဆင်တန်ဆာဖြစ်တဲ့ သင်္ကန်း, သပိတ်, ခါးပန်း, ဖိနပ်စတဲ့ ပစ္စည်းတွေနဲ့ ခန္ဓာကိုယ်ပေါ်မှာ တန်ဆာဆင်ပေးပြီးသကာလ သာမဏေဘောင်ရောက် သွတ်သွင်းချီးမြှောက်တဲ့ ပဗ္ဗဇ္ဇမင်္ဂလာကြီးက တစ်ရပ်။

မိမိတို့ရဲ့သမီးရတနာ, တူမရတနာလေးတွေကို ကဏ္ဏဝိဇ္ဈနခေါ်တဲ့ လောကီမင်္ဂလာနဲ့ ဆင်ယင်ကျင်းပပြီးသကလ ပဏ္ဍရင်္ဂပဗ္ဗဇ္ဇမင်္ဂလာလို့ခေါ်ဆိုရတဲ့ ဘိက္ခုနီနွယ်ဝင် သီလရှင်အဖြစ်သို့ ပို့ဆောင်တဲ့မင်္ဂလာ၊ အဲဒီလိုအားဖြင့် ပဗ္ဗဇ္ဇမင်္ဂလာ, ကဏ္ဏဝိဇ္ဈနမင်္ဂလာ, ပဏ္ဍရင်္ဂပဗ္ဗဇ္ဇမင်္ဂလာလို့ခေါ်တဲ့ မင်္ဂလာကြီးသုံးရပ်ကို ဆင်ယင်ကျင်းပ ပြုလုပ်ကြရင်းနဲ့ မနက်ဖြန်ခါ တပေါင်းလပြည့်ကျော်(၈)ရက်နေ့မှာလည်းပဲ ဤမွေ့သာလာ မင်္ဂလာမဏ္ဍပ်ကြီးအတွင်းမှာ ဘုရားအမှူးရှိသော သံဃာတော်အရှင်မြတ်တို့အား မွန်မြတ်သော ခဲဖွယ်ဘောဇဉ် ချိုချဉ်အရသာ အဖြာဖြာတို့ဖြင့် ဆက်ကပ်လှူဒါန်းသမှု ပြုကြတဲ့ ဘောဇနဒါန ကုသိုလ်မင်္ဂလာတွေ

http://www.dhammadownload.com



တိုးပွားကြအုံးမယ်. . .။ ထိုသံယာတော်အရှင်မြတ်တို့အား မိမိတို့ရည်မှန်းထားတဲ့ သင်္ကန်း,ထီး,ဖိနပ်စတဲ့ ပရိက္ခရာတွေ လှူဒါန်းကြတဲ့ ပရိက္ခာရဒါန ကုသိုလ်မင်္ဂလာတွေ၊ ဖိတ်မန္တကပြုထားတဲ့ ဆွေမျိုးမိတ်သင်္ဂဟအပေါင်း သူတော်ကောင်းတွေကိုလည်းပဲ တတ်စွမ်းသမျှ သဒ္ဓါဖြူဖွေး ကျွေးမွေးဧည့်ခံကြခြင်းဆိုတဲ့ အန္နပါနာဒိ ဘောဇနဒါန ကုသိုလ်မင်္ဂလာတွေ။

အဲဒီလိုအားဖြင့် ဒီမွေ့ရာရုံကြီးအတွင်းမှာ သားလေးတွေ တူလေးတွေ သုံးယောက်၊ သမီးလေးတွေ တူမလေးတွေဆိုတဲ့ အမျိုးသမီးလေးနှစ်ယောက် ဆိုတဲ့ ဒီအမျိုးသား အမျိုးသမီးကလေးငါးဦးတို့ကို အကြောင်းခံပြီးသကာလ မိမိတို့မှာ ကောင်းမှုမင်္ဂလာတွေ မြောက်များစွာ တိုးကြမယ်. . . တဲ့။ တိုးအောင်ကြိုးစားကြမယ်။ အဲဒီလို ကြိုးစားကြရင်းနဲ့ ဒီနေ့ သားရတနာ တူရတနာလေး သုံးဦး၊ သမီးရတနာ တူမရတနာလေး နှစ်ဦးဆိုတဲ့ ဒီအမျိုးသား အမျိုးသမီးလေး (၅)ဦးတို့ကိုအကြောင်းခံပြီး ယခုလို ရှင်သာမဏေဘောင်ရောက်၊ သီလရှင်ဘောင်ရောက်အောင် ပို့ဆောင်ခြင်း, အလှူ့ဒါယကာ ဦးလှမြင့်နဲ့ အလှူ့ဒါယိကာမ ဒေါက်တာ ဒေါ်နီနီဝင်းတို့ ဒီနေ့ ဘာလုပ်နေကြသလဲ. . . လို့ဆိုရင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ မဇ္ဈိမနိကာယ် မူလပဏ္ဏာသပါဠိတော်မှာလာတဲ့ ပါသရာသိသုတ်တော်ဒေသနာသွားနဲ့ ပြောကြမယ်ဆိုရင်ဖြင့် ဒီနေ့ အလှူ့ဒါယကာ အင်ဂျင်နီယာ ဦးလှမြင့်နဲ့ အလှူ့အမ ဒေါက်တာ ဒေါ်နီနီဝင်းတို့ အနှစ်ရတနာရှာတဲ့နေ့. . . တဲ့၊ အနှစ်ရတနာရှာတဲ့နေ့။

ဒီနေ့ အလှူ့ဒါယကာနဲ့အလှူ့အမ ဘာလုပ်နေတာတုန်းလို့ဆိုရင် တပည့်တော်တို့ သားရတနာ တူရတနာလေး သုံးဦး၊ သမီးရတနာ, တူမရတနာလေး နှစ်ဦးဆိုတဲ့ မိမိတို့နဲ့ ရေစက်နီးလို့ မိမိတို့ရဲ့ရင်ခွင်ထဲမှာ ရောက်လာတဲ့သားရတနာ တူရတနာ သမီးရတနာ တူမရတနာလေး ငါးဦးတို့ကို အနှစ်ရတနာ ရှာပေးရင်း တပည့်တော်,တပည့်တော်မတို့အတွက်လည်းပဲ ဥစ္စာရတနာရှာတဲ့နေ့. . . တဲ့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးက။ အခုလို လုပ်ငန်းကြီးတွေ ကြိုးစားပမ်းစား အားထုတ်ပြုလုပ်နေတာကိုပင်လျှင် အနှစ်ရတနာရှာတဲ့ အချိန်၊ အနှစ်ရှာတဲ့ အချိန်။

ဒီတော့ အဲဒီလိုစကား ပြောတော်မူရခြင်းရဲ့ မူရင်းအကြောင်းကလေး ထုတ်ဖော်ပြီးတော့ ဒီနေ့ဒကာဒကာမတွေ ဗုဒ္ဓါနုဿတိဘာဝနာလည်း ပွားပြီးသားဖြစ်အောင်၊ ဗုဒ္ဓါနုဿတိဘာဝနာဆိုတာ ဘုရားရှင်ရဲ့အကြောင်းအရာ, ဘုရားရှင်ရဲ့ဂုဏ်တော်တွေ, ဘုရားရှင်ရဲ့ရုပ်ပုံတွေ, ဘုရားရှင်ရဲ့လှုပ်ရှားမှုတွေကို မိမိစိတ်နဲ့ တွေး. . ပြီးတော့ အာရုံရပြီးတော့နေတာကို ဗုဒ္ဓါနုဿတိဘာဝနာလို့ခေါ်တယ်။

http://www.dhammadownload.com



ဒီတော့ အဲဒီ ဗုဒ္ဓါနုဿတိဘာဝနာ ပွားများရင်းနဲ့ အနှစ်ဥစ္စာရှာတဲ့နေ့. . . လို့ ဘုရားရှင်က ယနေ့အလှူ့ဒကာဦးလှမြင့်တို့ အလှူ့အမဒေါ်နီနီဝင်းတို့ကို ပြောတဲ့စကား။ အလှူ့ဒါယကာဦးလှမြင့် အလှူ့အမဒေါ်နီနီဝင်းတို့ ဒီလိုပြုနေတဲ့ လုပ်ငန်းတွေကို အနှစ်ရတနာရှာတဲ့အလုပ်ပဲ. . . လို့ ဘုရားရှင် ပြောတော်မူတဲ့စကား။ ဘယ်နားပြောတယ်၊ ဘယ်သူတွေရှေ့ ပြောတယ်၊ ဘယ်ဌာန ပြောတယ်၊ ဘာကြောင့်ပြောတယ်ဆိုတာလေး အကြောင်းရင်းကနေပြီးတော့ အခြေခံပြီး ဗုဒ္ဓါနုဿတိဘာဝနာပွားရင်း နားထောင်ရမယ်ဆိုရင်-

**ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ၊**
**ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ. . .။**

**ဧကံ သမယံ**-ယနေ့ ဒကာ ဒကာမအပေါင်း, သူတော်ကောင်းတို့ရဲ့ ကိုးကွယ်ရာသခင်, ဘုရားရှင်ကိုယ်တော်မြတ်ကြီး သက်တော်ထင်ရှားရှိတော်မူစဉ် အခါတစ်ပါးတုန်းက၊ **သာဝတ္ထိယံ**-သာဝတ္ထိနေပြည်တော်ကြီး၌၊ **ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ**-သာဝတ္ထိမြို့ရဲ့ အနောက်တောင်ဘက် အရပ်မှာ, အနာထပိဏ်သူဌေးနဲ့ ကျောင်းအမသိရီသုမနဒေဝီတို့ (၅၄)ကုဋေ အကုန်အကျခံ၍, ဆောက်လုပ် လှူဒါန်းထားအပ်တဲ့ ဇေတဝန်ကျောင်းတိုက်ကြီး၌၊ **ဝိဟရတိ**-ယာပထလေးလီ, မျှညီရွှင်ပြုံး, သီတင်းသုံးနေတော်မူပါပေသတည်း. . .။

သာဓု. . . သာဓု. . . သာဓုပါဘုရား. . .

အဲဒီလို ဘုရားရှင်ကိုယ်တော်မြတ်ကြီး သာဝတ္ထိမြို့ ဇေတဝန်ကျောင်းမှာ သီတင်းသုံးနေတော်မူတဲ့အချိန်-

**အထ ခေါ ဘဂဝါ ပုဗ္ဗဏှသမယံ နိဝါသေတွာ၊**
**ပတ္တစီဝရ မာဒါယ သာဝတ္ထိံ ပါဝိသိ။**

ဘုရားရှင်ကိုယ်တော်မြတ်ကြီး အဲဒီလို သာဝတ္ထိမြို့မှာ သီတင်းသုံးနေရင်းနဲ့ တစ်မနက်မှာ မနက်စောစော သင်္ကန်းသပိတ် ပရိက္ခရာတွေပြင်ပြီးတော့ သင်းပိုင်ကို ပြင်ဆင်ကာဝတ်ပြီး သင်္ကန်းရုံပြီးသကာလ ဘုရားရှင်ကိုယ်တော်မြတ်ကြီး သာဝတ္ထိမြို့ထဲ ဆွမ်းခံကြွသွားတော်မူတယ်. . .။

**အထ ခေါ သမ္ဗဟုလာ ဘိက္ခူ ယေနာယသ္မာ အာနန္ဒော တေနုပသင်္ကမိံသု၊ ဥပသင်္ကမိတွာ အာယသ္မန္တံ အာနန္ဒံ ဧတဒဝေါစုံ။**

အဲဒီလို ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဆွမ်းခံဝင်သွားတဲ့အချိန်မှာ သာဝတ္ထိမြို့နဲ့ တော်တော်ခရီးလှမ်းကွာတဲ့ တောရွာဇနပုဒ်တွေမှာ သီတင်းသုံးဝါဆိုတော်မူကြတဲ့ တောနေရဟန်းတော်မြောက်များစွာ ဇေတဝန်ကျောင်းတိုက်ထဲ ရောက်လာကြတယ်

http://www.dhammadownload.com



ဘုရားဖူးချင်လို့. . .။ ဘုရားထံက တရားနာချင်လို့ ရောက်လာကြ၊ ရောက်လာပြီးတော့ သူတို့ မြတ်စွာဘုရား ဘယ်ကြွသလဲလို့မေးတော့ မြတ်စွာဘုရား မြို့ထဲ ဆွမ်းခံဝင်သွားပြီ၊ မြတ်စွာဘုရားရဲ့အလုပ်အကျွေးဖြစ်တဲ့ အရှင်အာနန္ဒာတော့ ရှိလေရဲ့လို့ သတင်းရတာနဲ့ အရှင်အာနန္ဒာထံ ရောက်လာကြတယ်။ အရှင်အာနန္ဒာ အရှင်မြတ်ကြီးထံ ရောက်လာကြပြီးတော့ သူတို့က ဘာပြောတုန်းလို့ဆိုတော့-

စိရဿုတာ နော အာဝုသော အာနန္ဒ ဘဂဝတော သမ္မုခါ ဓမ္မီကထာ။

အရှင်ဘုရား အာနန္ဒာ. . . တပည့်တော်တို့ တောမှာသီတင်းသုံးလာရတာဖြစ်တော့ မြတ်စွာဘုရားလည်း မဖူးရတာ ကြာမြင့်ကြပြီ။ မြတ်စွာဘုရားထံမှလည်း တပည့်တော်တို့ တရားမနာရတာ ကြာကြပြီ. . . တဲ့၊ ကြာကြပြီ၊ ဒီတော့ မြတ်စွာဘုရားထံမှ တရားများနာရအောင်-

သာဓု မယံ အာဝုသော အာနန္ဒ လဘေယျာမ၊
ဘဂဝတော သမ္မုခါ ဓမ္မိံ ကထံ သဝနာယ။

တပည့်တော်တို့ မြတ်စွာဘုရားထံမှ တရားလေးများ နာခွင့်ရအောင်၊ အရှင်အာနန္ဒာကိုယ်တော်မြတ်က ကျေးဇူးပြုပြီးတော့ ဆောင်ရွက်ပေးတော်မူပါ . . .။ အရှင်အာနန္ဒာ အရှင်မြတ်ကြီးဆိုတာက၊ မြတ်စွာဘုရားရဲ့ အနီးကပ် အလုပ်အကျွေးဖြစ်ပြီးတော့ နေတာဖြစ်တော့ မြတ်စွာဘုရားရဲ့ဓာတ်ကိုသိတယ် မြတ်စွာဘုရား ဘယ်အချိန်ဆိုရင် ဘယ်ကြွတတ်တယ် ဘယ်အချိန်ဆိုရင် ဘယ်မှာ တရားဟောမယ်၊ ဘယ်အချိန် ဘာအလုပ်လုပ်မယ်၊ ဘယ်အချိန်ဆို အားလပ်တယ်၊ ဘယ်လိုအချိန်မှာဆိုရင် အခွင့်အလမ်းရနိုင်တယ်ဆိုတာ အရှင်အာနန္ဒာကိုယ်တော်မြတ်ကြီးက အနီးကပ်အလုပ်အကျွေးပြုပြီးတော့ နေတာဆိုတော့ သိနေတာ၊ ဒါကြောင့်မို့လို့ အရှင်အာနန္ဒာမြတ်ထံ တောင်းပန်ကြရ၊ အဲဒီလို တောင်းပန်လိုက်တော့ အရှင်အာနန္ဒာ အရှင်မြတ်ကဘယ့်နဲ့ ပြန်ပြောလိုက်တုံး ဆိုတော့-

တေန ဟာယသ္မန္တော ယေန ရမ္မကဿ ဗြာဟ္မဏဿ
အဿမော တေနုပသင်္ကမထ။

အာယသ္မန္တော-အရှင်မြတ်တို့၊ တေနဟိ-ထိုကဲ့သို့ဘုရားထံက၊ တရားတော်ကို၊ နာယူကြချင်တယ်ဆိုရင်၊ ယေန ရမ္မကဿ ဗြာဟ္မဏဿ အဿမော တေနုပသင်္ကမထ. . . ဟောဒီ သာဝတ္ထိမြို့ရဲ့ အရှေ့ဘက် ပုဗ္ဗာရုံ

http://www.dhammadownload.com



ကျောင်းတိုက်ကြီးရဲ့ တောင်ဘက်စောင်းစောင်းမှာရှိတဲ့ အစိရဝတီမြစ်ကမ်းမှာ ရှိနေတဲ့ ရမ္မကအမည်ရှိတဲ့ပုဏ္ဏားရဲ့ ကျောင်းသခ်န်းဝင်းကြီးထဲမှာ သွားပြီးတော့ စုရုံးပြီးတော့ စောင့်နေချေကြ. . .။

သာဝတ္ထိမြို့ရဲ့ အရှေ့ဘက်မှာ ပုဗ္ဗာရုံကျောင်းတိုက်ကြီးရှိတယ်။ အခု ရဟန်းတော်တွေစကားပြောနေကြတဲ့ ရောက်လာကြတဲ့ ကျောင်းတိုက်ကြီးက ဇေတဝန်ကျောင်းတိုက်ကြီး။ ဇေတဝန်ကျောင်းတိုက်ကြီးက သာဝတ္ထိမြို့ရဲ့ အနောက်တောင်ဘက်မှာရှိတယ်၊ သာဝတ္ထိမြို့ရဲ့အရှေ့ထိပ်မှာက ဝိသာခါကျောင်း အမကြီးတို့ ပုညဝဍ္ဍနကျောင်းဒကာသူဌေးတို့ ဆောက်လုပ်လှူဒါန်းတဲ့ ပုဗ္ဗာရုံ ကျောင်းတိုက်ကြီးဆိုတာရှိတယ်။ အဲဒီ ပုဗ္ဗာရုံကျောင်းတိုက်ကြီးရဲ့ အရှေ့ဘက်ကမှ အစိရဝတီမြစ်ကြီးက တောင်မြောက် စီးဆင်းပြီးတော့နေတယ်၊ အဲဒီ အစိရဝတီမြစ် ကမ်းဘေးမှာ ရမ္မကအမည်ရှိတဲ့ ပုဏ္ဏားက တရားကျင့်မယ်ဆိုပြီးတော့ သူတို့ ပုဏ္ဏားထုံးစံအတိုင်း တရားဓမ္မများ ရှာဖွေကျင့်ကြံကြိုးကုတ်အားထုတ်တဲ့အနေနဲ့ သူကလည်းပဲ ခြံဝင်းအကျယ်ကြီးနဲ့ ကျောင်းသင်္ခမ်းများ ဆောက်လုပ်ပြီးတော့ နေတယ်။

အဲဒီကို အရှင်အာနန္ဒာက အခုရဟန်းတွေ၊ တောကကြွလာကြတဲ့ရဟန်း တွေ၊ ဘုရားထံက တရားမနာရတာကြာလို့ တပည့်တော်တို့ တရားနာချင်ပါ တယ်လို့ တောင်းဆိုနေတဲ့ ရဟန်းတွေကို အရှင်အာနန္ဒာက အဲဒီမှာ သွားပြီးစောင့် နေကြ. . .၊ အဲဒီကနေသွားစောင့်ကြ. . .လို့ လွှတ်နေတယ်၊ အရှင်အာနန္ဒာ ကိုယ်တော်မြတ်ကြီးက, ဘုရားရှင်ဒီနေ့ ဘယ်မှာနေသီတင်းသုံးလိမ့်မယ် ညနေ ဘယ်လိုအချိန် ရေချိုးလိမ့်မယ်၊ ပြီးတော့ဘယ်မှာကြွလိမ့်မယ်ဆိုတာ အရှင်အာနန္ဒာ အရှင်မြတ်ကြီးက မြတ်စွာဘုရားရဲ့ အစီအစဉ်ကို အတွင်းကျကျသိထားတယ်။

ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ထုံးစံက မနက်ပိုင်းဇေတဝန်ကျောင်းမှာ သီတင်းသုံးလို့ရှိရင် နေ့လယ်ပိုင်း ပုဗ္ဗာရုံကျောင်းမှာလာပြီးတော့ သီတင်းသုံးလေ့ရှိ တယ် နေ့မှာ၊ မနက်ပိုင်း ဝိသာခါကျောင်းအမကြီးတို့ ပုညဝဍ္ဍနသူဌေးတို့ရဲ့ ကျောင်း မှာသီတင်းသုံးလို့ရှိရင် နေ့လယ်ပိုင်း အနာထပိဏ်ကျောင်းဒကာ၊ သီရိသုမန ကျောင်းအမတို့ရဲ့ ဇေတဝန်ကျောင်းတိုက်ကြီးမှာ လာသီတင်းသုံးလေ့ရှိတယ်၊ ဒါဘုရားရှင်ရဲ့အများအားဖြင့် အလေ့အလာဖြစ်ပါတယ်။ အဲဒီအတိုင်းပဲ မနက်ပိုင်း မှာ ဘုရားရှင်ကိုယ်တော်မြတ်က ဇေတဝန်ကျောင်းသီတင်းသုံးနေတယ်လို့ဆိုတော့ ဒါ နေ့လယ်ဘုရားရှင်ကိုယ်တော်မြတ် ပုဗ္ဗာရုံကျောင်းကြွမယ်လို့ဆိုတာ သေချာတယ်။ ပုဗ္ဗာရုံကျောင်းကြွပြီးရင် ညနေပိုင်းမှာ ဘုရားရှင်ကိုယ်တော်မြတ်က အစိရဝတီမြစ်ထဲမှာ

http://www.dhammadownload.com



ရေချိုးတော်မူလေ့ရှိတယ်၊ ရေချိုးတဲ့အခါမှာမှ အရှင်အာနန္ဒာက ဒီရမ္မကမည်တဲ့ သက်န်းကျောင်းအနီးမှာ ဘုရားရှင်ရေချိုးမယ် ဆိုတာကိုသိလို့၊ အဲဒါ အဲဒီက သွားပြီးတော့ ကြိုစောင့်ချေကြ. . .။

အဲဒီလို လွတ်လိုက်တော့ ရဟန်းတွေ အဲဒီ ရမ္မကပုဏ္ဏားရဲ့ကျောင်းသခ်န်း သွားပြီးတော့ စုရုံးပြီးတော့ ရဟန်းတော်ပေါင်းမြောက်များစွာ အဲဒီကနေပြီးတော့ တရားနာချင်လို့ စောင့်နေကြတယ် နောက်မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး ဆွမ်းခံပြန်ကြွလာပြီး ဘုရားရှင်ဆွမ်းပါဘုဉ်းပေးပြီးတဲ့နောက်၊ မြတ်စွာဘုရားက အရှင်အာနန္ဒာထင်ထားတဲ့အတိုင်းပဲ နေ့လယ်ပိုင်းကျတော့ ဘုရားရှင်ကိုယ်တော် မြတ်သည် ဝိသာခါကျောင်းအမကြီးရဲ့ ပုဗ္ဗာရုံကျောင်းကို ကြွပြီးတော့ သီတင်းသုံး တော်မူတယ်။ သီတင်းသုံးတော်မူပြီးတော့ ညနေပိုင်းကျတော့ ပုဗ္ဗာရုံ ကျောင်းတိုက် အရှေ့ပေါက်ထွက်ပြီးတော့ အစိရဝတီမြစ်ကမ်းမှာ ဘုရားရှင် ရေသုံးသပ်တော် မူတယ် ရေချိုးတော်မူတယ်၊ အဲဒီလို ရေချိုးပြီးလို့ ဘုရားရှင်ကိုယ်တော်မြတ်-

**အထ ခေါ ဘဂဝါ အာယသ္မတာ အာနန္ဒေန သဒ္ဓိံ ယေန ပုဗ္ဗကောဋ္ဌကော တေနုပသင်္ကမိ ဂတ္တာနိ ပရိသိဉ္စိတုံ၊ ပုဗ္ဗကောဋ္ဌကော ဂတ္တာနိ ပရိသိဉ္စိတွာ ပစ္စုတ္တရိတွာ ဧကစီဝရော အဋ္ဌာသိ ဂတ္တာနိ ပုဗ္ဗာပယမာနော။**

ရေချိုးတော်မူပြီးတော့ ဘုရားရှင်ကိုယ်တော်မြတ်ရေထဲကတက်လာပြီး တော့ ခန္ဓာကိုယ်ရှေးအတိုင်း အနေကျအောင် ရေတွေသွေ့ခြောက်သွားအောင် ဆိုပြီးတော့ ခဏကလေး မတ်တပ်ရပ်ပြီးတော့ ရေခြောက်ခံတော်မူတယ်. . .။ အဲဒီအချိန်မှာ အရှင်အာနန္ဒာမြတ်က မြတ်စွာဘုရားကို ဒီအချိန်မှာမှ ဖမ်းပြီးတော့ လျှောက်ယူရတယ်-

**သာဓု ဘန္တေ ဘဂဝါ ယေန ရမ္မက ဗြာဟ္မဏဿ အဿမော၊**
**တေနုပသင်္ကမတု အနုကမ္ပံ ဥပါဒါယ။**

အရှင်တော်ဘုရား. . . သနားသဖြင့် ရမ္မကမည်သော ပုဏ္ဏားရဲ့ကျောင်း သခ်န်းဝင်းကြီးထဲ ခဏကလေးကြွပေးတော်မူပါဘုရား။ အဲဒီမှာ တောကရောက် လာကြတဲ့ ရဟန်းတော်အရှင်မြတ်တွေ ဘုရားရှင်ရဲ့တရားကို မနာရတာကြာလို့ တရားနာချင်လို့လာရောက်ပြီးတော့ စုရုံးနေကြပါတယ်. . . လို့ အဲဒီလို တောင်း ပန်လျှောက်ထားယူရတယ်။ အဲဒီတင် မြတ်စွာဘုရားက သနားသဖြင့် အဲဒီ ရဟန်း တော်တွေရှိရာ ကြွပြီးတော့လာ၊ ဒီတော့ ရဟန်းတော်တွေ တရားနာမယ်လို့ ဆိုပြီး တော့ ရမ္မကပုဏ္ဏားရဲ့ ကျောင်းသက်န်းကြီးထဲမှာ စုရုံးပြီးတော့နေတယ်၊ ဘုရား

http://www.dhammadownload.com



ရှင်ညနေပိုင်း တရားဟောတော်မူလိမ့်မယ်ဆိုတဲ့ သတင်းကိုရလို့ ယနေ့ တရား နာနေကြတဲ့ ဒကာဒကာမအပေါင်း သူတော်ကောင်းတွေလို ဘုရားရှင်ရဲ့တရား နာချင်တဲ့အမျိုးကောင်းသား အမျိုးကောင်းသမီးတွေကလည်း စုရုံးပြီးတော့ ရောက်လာကြတယ်။

အဲဒီရောက်လာတဲ့ တရားပွဲကြီးမှာ မြတ်စွာဘုရားက ဘာတရားဟော တုန်း. . လို့ဆိုတော့ ယခု ဘုန်းကြီးပြောခဲ့တဲ့ အလှူ့ဒကာဦးလှမြင့်တို့ အလှူ့အမ ဒေါက်တာဒေါ်နီနီဝင်းတို့ ဒီနေ့ဘာလုပ်ကြလဲလို့ဆိုရင်ဖြင့် အနှစ်ဥစ္စာ ရတနာကို ရှာကြတဲ့နေ့ပါဘုရား. . . လို့ အနှစ်ဥစ္စာရတနာရှာတဲ့နေ့ပါပဲလို့ ဟောဒီ စကား အကျုံးဝင်တဲ့ ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ ပါသရာသိသုတ်တော်ကြီးကို ဟော တော်မူတယ်။ ဒီတော့ ဘုရားရှင်က တရားစကား ဘယ်နှယ့်တည်လိုက်တုန်း ဆိုတော့-

ဒွေမာ ဘိက္ခဝေ ပရိယေသနာ. . . ။

ဘိက္ခဝေ-မင်္ဂဖိုလ်နိဗ္ဗာန်လိုလား, အမျိုးကောင်းသား, အမျိုးကောင်းသမီး တို့. . . ။ ရဟန်းတော်တွေ တရားနာတယ်ဆိုပေမယ့်လို့ နောက်ကအမျိုးကောင်း သား အမျိုးကောင်းသမီးတွေကလည်း နောက်ကများစွာ စုဝေးပြီးတော့ ရောက် လာကြတယ်၊ ဒါကြောင့် ဘိက္ခဝေ-သံသရာရေး, လာမည့်ဘေးကို, မျှော်တွေး ရှုငြား အိုရဟန်းတော်များတို့၊ ဘိက္ခဝေ-သံသရာရေး, လာမည့်ဘေးကြီးကို, မျှော်တွေးရှုတောင်း, အိုအမျိုးကောင်းသားအပေါင်း, အမျိုးကောင်းသမီးအပေါင်း, သူတော်ကောင်းတို့. . . ဒီ ဘိက္ခဝေဆိုတဲ့စကားက ရဟန်းတော်တွေနဲ့လည်း ဆိုင် တယ်။ ဒကာ ဒကာမတွေနဲ့လည်း ဆိုင်တယ်။ ဘယ်လို ဒကာဒကာမတွေနဲ့လည်း ဆိုင်တုန်းလို့ဆိုတော့- "ဘယံ ဣက္ခတီတိ ဘိက္ခု". . . တဲ့ လာမည့် သံသရာ အရေးဘေးကို၊ သံသရာရေး ဒုက္ခဘေးကြီးတွေကို မျှော်တွေးရှုပြီးတော့ ကြောက် လန့်ပြီးတော့၊ အဲဒီဘေးကြီးက လွတ်ရာ လွတ်ကြောင်း စိတ်ကူးကြံစည် ပြုလုပ် အားထုတ်နေတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေကို ဘိက္ခု. . . လို့၊ ဘိက္ခဝေလို့ ခေါ်နိုင်တယ်။

ဒါ့ကြောင့် ဘိက္ခဝေ-သံသရာရေး, လာမည့်ဘေးကို, မျှော်တွေးရှုငြား အိုရဟန်းတော်များတို့၊ ဘိက္ခဝေ-သံသရာရေး, လာမည့်ဘေးကြီးကို, မျှော်တွေး ရှုတောင်း, အိုအမျိုးကောင်းသားအပေါင်း, အမျိုးကောင်းသမီးအပေါင်း, သူတော် ကောင်းတို့. . .၊ ဘုရားက ရဟန်းတော်တွေကိုလည်းခေါ်ပါတယ်၊ အမျိုးကောင်း သားအမျိုးကောင်းသမီးတွေကိုလည်း ခေါ်လိုက်ပါတယ်။ ပရိယေသနာ- ကမ္ဘာတစ်လွှား, အရှာသမားတွေရဲ့ ရှာမှီးခြင်းတို့သည်၊ ဣမာ ဒွေ-ဤနှစ်မျိုးတို့သာ လျှင်တည်း. . . ။

http://www.dhammadownload.com



အမျိုးကောင်းသား အမျိုးကောင်းသမီးအပေါင်းသူတော်ကောင်းတို့-တဲ့။ ကမ္ဘာတစ်လွှား အရှာသမားတို့ရဲ့ ရှာမှီးခြင်းတို့သည် နှစ်မျိုးနှစ်စားသာလျှင် ရှိကြတယ်. . .၊ နှစ်မျိုးသာလျှင်ရှိကြတယ်။ ကမ္ဘာလောကသား သတ္တဝါများကို ဘုရားရှင်က အရှာသမားတွေ. . . တဲ့ အရှာသမားတွေ၊ ဘုန်းကြီးတို့ ယနေ့ တရားနာနေတဲ့ ဒကာဒကာမတွေဟာလည်း အရှာသမားတွေပဲ၊ ကမ္ဘာလောက တစ်လွှားရှိရှိသမျှ သတ္တဝါအများကို ဘုရားရှင် ကိုယ်တော်မြတ်ကြီးက အရှာသမားတွေ. . . တဲ့၊ အရှာသမားတွေ။ ဘာတွေရှာနေရတာတုန်းလို့ဆိုတော့ ဒီရုပ်နာမခန္ဓာ ရလာသည်နှင့်တပြိုင်နက်၊ ကိုယ့်အတွက်စားဖို့ရှာရတယ် မရှာဘဲနေလို့မဖြစ်ဘူး။

ဘုန်းကြီးတို့ ပရိသတ်ကြီး မေးစမ်းပါရစေ ဘုန်းကြီးတို့ ဒကာဒကာမတွေ ဒီခန္ဓာရထားတာဖြစ်တော့ စားစရာမရှာဘဲနေလို့ရရဲ့လား? *(မရပါဘုရား)*။ ဘုန်းကြီးတို့ ဒကာဒကာမတွေ စားစရာ ကိုယ့်အတွက် မရှာရဘူးလား? *(ရှာရပါဘုရား)*။ စားစရာ ကိုယ့်အတွက်ရှာရသလိုပဲ, ဝတ်စရာဆင်စရာတွေ ပရိသတ်ကြီး မရှာရဘူးလား? *(ရှာရပါဘုရား)*။ ဝတ်စရာဆင်စရာတွေ ရှာရသလို ကိုယ့်အတွက် နေစရာထိုင်စရာ မိုးလုံလေလုံအဆောက်အအုံက စပြီးသကာလ နေရာထိုင်ခင်းတွေ မရှာရဘူးလား? *(ရှာရပါဘုရား)*။ ဒါဖြင့် ဘုန်းကြီးတို့ ဒကာဒကာမတွေက အရှာသမားတွေဆိုတဲ့အထဲမှာ ပါသလား မပါဘူးလား? *(ပါပါတယ် အရှင်ဘုရား)*။ ဒီနေ့ ကမ္ဘာလောကမှာ ရုပ်နာမ်ခန္ဓာရနေတဲ့သတ္တဝါတိုင်း အရှာသမားတွေ. . . တဲ့၊ ဘုရားက အရှာသမားတွေ။

ဒီတော့ ဒကာဒကာမအပေါင်းသူတော်ကောင်းတွေက ကိုယ့်ကိုယ်ကိုတို့က အရှာသမားတွေ၊ ရှာနေရတဲ့သူတွေ။ ကိုယ့်အတွက် စားစရာရှာရတယ် ဝတ်စရာဆင်စရာတွေ ရှာရတယ်။ နေရာထိုင်ခင်းတွေ ရှာရတယ် ကိုယ့်အတွက် နည်းနည်းလေး ပြည့်စုံတယ်လို့ထင်တော့ ကိုယ်နဲ့ဆက်နွယ်တဲ့ သူအတွက် စားစရာတွေ ရှာရတယ် ဝတ်စရာဆင်စရာတွေရှာပေးရတယ် နေရာထိုင်ခင်းတွေ ရှာရတယ်။ ဟာ- ကိုယ့်သားကိုယ့်သမီးပြည့်စုံပြန်တော့ တစ်ယောက်ပြည့်စုံပြန်တော့ နှစ်ယောက် နှစ်ယောက်ပြည့်စုံတော့ သုံးယောက် အဲဒီလိုနေပြည့်စုံပြန်တော့ တူတွေ တူမတွေ မြေးတွေ မြစ်တွေ ဆွေတွေမျိုးတွေ ရပ်ဆွေ ရွာဆွေက စပြီးသကာလ ရှာရတယ်. . . တဲ့ ရှာရတယ်။

ဒီတော့ ယနေ့ ဒကာဒကာမအပေါင်းတွေရှာနေကြရတဲ့ အလုပ်တွေဟာ ဂဏန်းထင်ပြီးတော့ ပြောစမ်းပါဆိုရင် ရာထောင်သိန်းသန်း ဂဏန်းတင်ရပါမယ်. . . တဲ့၊ ဂဏန်းတင်ရပါမယ်။ တစ်နှစ်သုံးလေး ဂဏန်းရေးလို့ရှိရင် ယနေ့

http://www.dhammadownload.com



ဒကာဒကာမအပေါင်း သူတော်ကောင်းတွေ ရှာနေရတဲ့ ရှာရတဲ့စာရင်းတွေကို စာရင်းချုပ်ပြီးတော့ လုပ်မယ်ဆိုရင်ဖြင့် တစ်, နှစ်, သုံးလေးဂဏန်းရေးလိုက်မယ် ဆိုရင်ဖြင့် ရာထောင်သိန်းသန်းရှိကြမယ်. . . ကိုယ့်အတွက် စားစရာဝတ်စရာ, နေစရာ, ကျန်းမာရေးအတွက် တော်ကြာတော့ ကိုယ်နဲ့စပ်တဲ့သူတွက် နောက်ကျ တော့ သားအတွက် သမီးအတွက် သားကလည်း သားတစ်ယောက်အတွက် သား နှစ်ယောက်အတွက် သားသုံးယောက်အတွက်၊ တော်ကြာတော့ သမီးတစ်ယောက် နှစ်ယောက် သုံးယောက်အတွက် သမီးအငယ်အတွက် သမီးလတ်အတွက် သမီးကြီးအတွက်။ ဟာ-ဆွေအတွက် မျိုးအတွက် တူအတွက် တူမအတွက် နဲ့ဆိုပြီးတော့ ရှာရဖွေရတဲ့ အလုပ်တွေကို ဂဏန်းထိုးလို့ရှိရင် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဂဏန်းနည်းပါ့မလား? *(မနည်းပါဘုရား)*။ ဂဏန်းပေါင်းခြောက်များစွာ အရေအတွက် ထွက်မလာပေဘူးလား? *(ထွက်လာပါဘုရား)*။

ဒါဖြင့် ယနေ့ ဒကာ ဒကာမအပေါင်း သူတော်ကောင်းတွေ ရှာနေရတဲ့ အလုပ်တွေ ဘယ်လောက်များသလဲ. . . လို့မေးရင် မရေတွက်နိုင်အောင် များ တယ်ဘုရား. . . လို့ ဖြေရလိမ့်မယ်။ ရှာတဲ့အလုပ်တွေ ပရိသတ်ကြီး နည်းသ လား၊ များသလား? *များပါဘုရား*။ များပါတယ်၊ စိတ်သာချပါ၊ အဲဒီ အများကြီး ဂဏန်းမထိုးနိုင်အောင် ရှာနေရတဲ့အလုပ်တွေ များနေသော်လည်းပဲ . . . တဲ့ နည်းနည်းလေး အဲဒီရှာမှုတွေကို အဘိဓမ္မာသဘာဝနဲ့ လိုရင်းချုပ်လိုက်ရင် ယနေ့ဒကာဒကာမတွေ ရှာနေရတဲ့အလုပ် ခြောက်မျိုးထွက်လာမယ်။ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ရှာနေတဲ့ အလုပ်ကို ခုနကပြောသလို တစ်, နှစ်, သုံး, လေးနဲ့ သူ့အတွက် ငါ့အတွက်, ဆွေအတွက် မျိုးအတွက်ကစပြီးတော့ မရေတွက်နိုင် အောင် အကုန်လုံး ဂဏန်းတင်ပေးလို့မရအောင်ဖြစ်နေတဲ့ဟာတွေကို နည်းနည်း ချုပ်လိုက်ရင် ခြောက်လုံးရှိပါတယ်တဲ့ တစ်, နှစ်, သုံး, လေး, ငါး, ခြောက်ဖြစ်ပါ့ မယ်တဲ့။

အဲဒါ ဘာတုန်းဆိုတော့ မျက်စိပေါက်က အဆင်းမျိုးစုံ ရူပါရုံတွေကို ရှာရတယ်။ နားပေါက်က အသံမျိုးစုံ သဒ္ဒါရုံတွေကို ရှာရတယ်၊ နှာခေါင်းပေါက်က အနံ့မျိုးစုံ ဂန္ဓာရုံတွေကို ရှာကြတယ်၊ လျှာပေါက်က စားဖွယ်သောက်ဖွယ်မျိုးစုံ ရသာရုံကို ရှာကြတယ်၊ ခန္ဓာကိုယ်ပေါက်ကြီးက အထိတွေမျိုးစုံ ဖောဋ္ဌဗ္ဗာရုံတွေကို ရှာကြတယ်၊ မနောပေါက်က ကြံစည်စိတ်ကူးစရာပေါင်းစုံ ဓမ္မာရုံကို ရှာကြတယ်. . လို့ဆိုတော့ မျက်စိပေါက်က ကြည့်စရာမြင်စရာ အလုပ်ရှာတဲ့အလုပ်ကြီး၊ နား ပေါက်က နားထောင်စရာ နားထောင်ချင်စရာ ကြားချင်စရာအာရုံတွေကို ရှာတဲ့ အလုပ်ကြီး၊ နှာခေါင်းပေါက်က ရှူစရာ, နမ်းစရာ မွှေးစရာကို ရှာတဲ့အလုပ်ကြီး၊ လျှာပေါက်က စားစရာသောက်စရာ လျက်စရာတွေကိုရှာတဲ့အလုပ်ကြီး၊ ကိုယ်

http://www.dhammadownload.com



ပေါက်က ထိစရာ တွေ့စရာတွေကို ရှာတဲ့အလုပ်ကြီး၊ မနောပေါက်က ကြံစည် စိတ်ကူးစရာတွေကိုရှာတဲ့အလုပ်. . . လို့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေရဲ့အလုပ် တွေ ဘယ်လောက်ပဲတွက်ရေများနေပေမယ့်လို့ အဘိဓမ္မာသဘာဝနဲ့ ချုပ်ကြစို့ ဆိုတော့ အလုပ်ခြောက်လုပ်ပဲရှိတော့တယ်. . . တဲ့၊ အလုပ်ခြောက်လုပ်ပဲ ရှိတော့တယ်။

ဂဏန်းတင်လို့မရတဲ့အလုပ်တွေကို ချုံ့လိုက်တာ ဘုရားရှင်ကိုယ်တော် မြတ်က အလုပ်ဘယ်နှစ်လုပ်ရှိတုန်းဆိုရင် ခြောက်လုပ်တဲ့ ပရိသတ်ကြီး ဘယ်နှစ် လုပ်ပါလိမ့်? *(ခြောက်လုပ်ပါဘုရား)*။ ဘုန်းကြီးတို့ ဒကာဒကာမတွေ အဲဒီအလုပ် ခြောက်လုပ်ကလွဲပြီးတော့ လွတ်ထားပြီးတော့ သည့်ပြင်အလုပ်မရှိတော့ဘူးတဲ့ ဒီအလုပ်ခြောက်လုပ်ပါပဲတဲ့ အကျဉ်းချုံးလိုက်ရင်။ ဘုန်းကြီးတို့ မြင်ရ ကြည့် ရအောင်ဆိုတာ မျက်စိပေါက်က ရှာတဲ့အလုပ်လို့ မဆိုနိုင်ဘူးလား? *(ဆိုနိုင်ပါ ဘုရား)*။ နားပေါက်က သီချင်းသံလေးတွေ, ရေဒီယိုသံလေးတွေ ကက်ဆက်သံ လေးတွေ ကြားရအောင် သားအသံ သမီးအသံလေးတွေ ကြားရအောင်ဆိုတော့ အဲသံမျိုးစုံ သဒ္ဒါရုံကိုကြားချင်လို့ နားပေါက်ကရှာရတဲ့အလုပ် မလုပ်ရဘူးလား? *(လုပ်ရပါဘုရား)*။

အဲဒီလို အားဖြင့် မျက်စိပေါက်က လျှာပေါက်က နားပေါက်က ကိုယ်ပေါက် က မနောပေါက်က. . . လို့ဆိုတော့ ခြောက်ဌါရခြောက်အာရုံက ရှာတဲ့အလုပ်ကို လုပ်လိုက်ရင် ဒီနေ့ဘုန်းကြီးတို့ ဒကာဒကာမတွေ ရှိတယ်ဆိုတဲ့ သည့်ပြင်အလုပ်ရှိ ပါအုံးမလား? *(မရှိပါဘုရား)*။ ဒါဖြင့် ငါတို့တစ်တွေ လုပ်,လုပ်နေတယ်. . လို့ မှတ်ရမယ်။ အရှာခြောက်မျိုးရှာနေကြတယ် ဘယ်နှမျိုးရှာနေတာပါလိမ့်? *(ခြောက်မျိုးပါဘုရား)*။ခြောက် မျိုးရှာနေတာကိုပင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ထပ်မံပြီးတော့ လိုရင်းချုံးပြီးသကာလ သဗ္ဗညုတဉာဏ်တော်နဲ့ ငါ လိုရင်းချုံး ပြီးတော့ ကြည့်လိုက်တဲ့ အခါ ကျတော့-

ဒွေ မာ ဘိက္ခဝေ ပရိယေသနာ၊ ဘိက္ခဝေ-မင်္ဂဖိုလ်နိဗ္ဗာန်လိုလား, အမျိုးကောင်းသား, အမျိုးကောင်းသမီးအပေါင်းသူတော်ကောင်းတို့၊ ပရိယေ သနာ-ကမ္ဘာတစ်လွှား အရှာသမားတို့ရဲ့ ရှာခြင်းကြီးတို့သည်၊ ဣမာ ဒွေ-ငါ သဗ္ဗညုတဉာဏ်တော်ကြီးနဲ့ လိုရင်းချုပ်လိုက်တဲ့ အခါကျတော့ ဤနှစ်မျိုးနှစ်စား နှစ်ပါးတို့သာလျှင်တည်း. . . ။ နောက်ဆုံးလေ. . . တဲ့ အဲဒီ မရေတွက်နိုင်အောင် ဂဏန်းထိုးလို့မရတဲ့ ရှာမှုတွေကို နည်းနည်းချုံ့လိုက်တဲ့ အခါကျတော့ခြောက် လုံးဖြစ်လာတယ်၊ အဲဒီ ခြောက်လုံးကို ထပ်မံပြီးသကာလ အမျိုးအစားခွဲလိုက်တဲ့ အခါကျတော့ ကမ္ဘာလောကတစ်လွှား သတ္တဝါအများ အရှာသမားတို့ရဲ့ ရှာမှုကို

http://www.dhammadownload.com



လိုရင်းချုံးပြီးတော့ ဉာဏ်မျက်လုံး သုံးပြီးတော့ကြည့်လိုက်မယ်ဆိုရင် (၂)မျိုးပဲရှိတော့တယ်. . . တဲ့၊ နှစ်မျိုးရှိတော့တယ်။ ရှာခြင်းနှစ်မျိုး၊ တို့ပရိသတ်ကြီး ရှာခြင်း ဘယ်နှစ်မျိုးတုန်း? နှစ်မျိုးပါဘုရား။

သဗ္ဗညုတဉာဏ်တော်ကြီးနဲ့ ငါချုပ်ပြီးတော့ ကြည့်လိုက်တာ (၂)မျိုးပဲရှိတယ်။ (၂)မျိုးပဲကွဲတယ်. . . တဲ့၊ ကမ္ဘာလောကတစ်လွှား လူတွေ နတ်တွေ၊ ဗြဟ္မာတွေ၊ သတ္တဝါတွေဘယ်လောက်ပဲ သိန်းသန်းကုဋေ မရေတွက်နိုင်အောင် များနေပေမယ့်လို့ သူတို့ရဲ့ရှာတဲ့အလုပ်တွေ ဘယ်လောက်ပဲများနေပေမယ့်လို့ နည်းနည်းချုံးလိုက်တော့ (၂)လုံးရှိတော့တယ်. . တဲ့ နှစ်မျိုးပဲရှိတော့တယ်။

အဲဒီ (၂)မျိုးက ဘာတွေတုန်းလို့ဆိုတော့ ကတမာ ဒွေ-အဲဒီရှာခြင်း နှစ်မျိုးဆိုတာ ဘာတွေတုန်းဆိုရင် **အနရိယာစ ပရိယေသနာ, အရိယာ စ ပရိယေသနာ။ အနရိယာစ**-အရိယာမဟုတ်တဲ့ ပုဂ္ဂိုလ်တို့ရဲ့၊ **ပရိယေသနာစ**-ရှာမှီးခြင်းလည်းကောင်း၊ ဝါ-မဖြူစင် မမြင့်မြတ်တဲ့ပုဂ္ဂိုလ်တို့ရဲ့ ရှာမှီးခြင်းလည်း ကောင်း၊ ဝါ-အကာကိုရှာခြင်းလည်းကောင်း၊ **အရိယာ ပရိယေသနာစ**-အရိယာသူတော်ကောင်းကြီးတို့ရဲ့ ရှာခြင်းလည်းကောင်း၊ ဝါ-မြင့်မြတ်ဖြူစင်တဲ့ သူတော်ကောင်းတို့ရဲ့ ရှာခြင်းလည်းကောင်း၊ ဝါ-အနှစ်ရှာခြင်းလည်းကောင်း၊ **ဣတိ**-ဤသို့ **ပရိယေသနာ**-ရှာမှီးခြင်းတို့သည်၊ **ဣမာဒွေ**-ဤနှစ်မျိုး နှစ်စား တို့သည်သာလျှင်၊ **ဟောန္တိ**-မုချမသွေ့ ဖြစ်ကြပါပေကုန်သတည်း. . .။

သာဓု. . . သာဓု. . . သာဓု. . . ပါဘုရား။

အေး. . လိုရင်းချုံးပြီးသကာလ သဗ္ဗညုတဉာဏ်တော်နဲ့ ကြည့်လိုက်တဲ့ အခါကျတော့ ယနေ့ကမ္ဘာတစ်လွှား၊ အရှာသမားတွေ ရှာနေတဲ့အလုပ်ဟာ-နှစ်မျိုးနှစ်စားပဲရှိတယ်. . . တဲ့၊ အဲဒီနှစ်မျိုးနှစ်စားက ဘာတုန်းလို့ဆိုတော့ နံပါတ်(၁) **အနရိယာ ပရိယေသန**လို့ ခေါ်တဲ့ အကာကိုရှာခြင်းတစ်မျိုး၊ **အရိယာ ပရိယေသန**လို့ခေါ်တဲ့ အနှစ်ရှာခြင်းတစ်မျိုး၊ နှစ်မျိုးပဲရှိတယ်။ အကာကို ရှာခြင်းနဲ့၊ အနှစ်ကိုရှာခြင်းလို့၊ ဘုန်းကြီးတို့ဒကာဒကာမတွေ လွယ်လွယ်သိအောင် ဒီလိုပဲ ပြောကြစို့၊ သူ့စာအတိုင်းကတော့ အရိယာမဟုတ်တဲ့ သူတွေရဲ့ရှာခြင်း၊ အရိယာ သူတော်ကောင်းကြီးတို့ရဲ့ အနှစ်ကိုရှာခြင်း၊ အဲဒီစာကို လိုရင်းချုပ်လိုက်တော့ အကာကိုရှာခြင်းနဲ့အနှစ်ကိုရှာခြင်း၊ ပရိသတ်ကြီး ဘယ်နှစ်မျိုးပါလိမ့်? နှစ်မျိုး ပါဘုရား။ အကာကိုရှာခြင်း အနှစ်ကိုရှာခြင်း. . . နှစ်မျိုးပဲရှိတော့တယ်။

ကမ္ဘာတစ်လွှား, အရှာသမား, အများသတ္တဝါ. . . တဲ့၊ ကမ္ဘာတစ် လွှား အရှာသမားတွေချည့်ပဲတဲ့၊ အရှာသမားလွတ်တဲ့သူတွေ တစ်ယောက်မှ

http://www.dhammadownload.com



မရှိ ဘူးတဲ့ ဘုရားက၊ အဲဒါ ဘယ်သူတွေတုန်းဆိုတော့ အများသတ္တဝါပဲ၊ "အကာ ရှာသူ, နှစ်ရှာသူ, နှစ်လူကွဲကြပါ. . . တဲ့။ သဗ္ဗညုတဉာဏ်နဲ့ ချိုးကြည့်လိုက်တဲ့ အခါကျတော့ အကာရှာတဲ့သူနဲ့ အနှစ်ရှာတဲ့သူ ဒီလိုနှစ်မျိုးပဲ ကွဲတော့တယ်. . တဲ့ များများမရှိဘူး။ ဘုန်းကြီးတို့ပရိသတ် မြတ်စွာဘုရားရဲ့ စကားတော်ကိုလိုရင်း ချုံးပြီးတော့ ဖြေထားတဲ့လင်္ကာလေးကို ပရိယတ္တိသာသနာပြုတဲ့အနေနဲ့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေနှုတ်ထဲထိရောက်သွားအောင် ဆိုကြည့်စမ်းပါ-

❖ ကမ္ဘာတစ်လွှား, အရှာသမား, အများသတ္တဝါ၊
အကာရှာသူ, နှစ်ရှာသူ, နှစ်လူကွဲကြပါ။

အကာရှာတဲ့သူနဲ့အနှစ်ရှာတဲ့သူ နှစ်မျိုးပဲကွဲတယ်. . . တဲ့၊ နှစ်မျိုးပဲကွဲ တယ်၊ ဒီတော့ မြတ်စွာဘုရားက အဲဒီစကားကိုပဲ သုဘာသူပြန်ပြီးတော့ ချဲ့ပြီး တော့ ဟောတော်မူပြန်တယ်။

ကတမာ စ ဘိက္ခဝေ အနရိယာ ပရိယေသနာ။

အနရိယာ ပရိယေသနာ-အရိယာမဟုတ်တဲ့ပုဂ္ဂိုလ်တို့ရဲ့ ရှာခြင်းဆိုတဲ့ ရှာခြင်းတို့သည်၊ ဝါ-အကာကို ရှာခြင်းဆိုတဲ့ ရှာခြင်းတို့သည်၊ ကတမာ စ-အဘယ် နည်းတို့ဆိုရင်. . .၊ အကာရှာတယ်ဆိုတာ ဘယ်ဟာကိုပြောမယ်၊ ဘယ်ဟာကို ခေါ်တာတုန်းလို့ဆိုရင်. . . တဲ့၊

ဣဓ ဘိက္ခဝေ ဧကစ္စော အတ္တနာ ဇရာဓမ္မော သမာနော၊
ဇရာဓမ္မံယေဝ ပရိယေသတိ။

ဣဓ-ဤလောက၌၊ ဧကစ္စော-အချို့သော အမျိုးသားအမျိုးသမီးသည်၊ အတ္တနာ-မိမိကိုယ်တိုင်က၊ ဇရာဓမ္မော-ဆွေးမြည့်ခြင်း, ယိုယွင်းခြင်း, ဟောင်းနွမ်း ခြင်း, ပျက်စီးခြင်း, အိုမင်းခြင်းသဘောရှိသည်ဖြစ်ပါလျှက်၊ ဇရာဓမ္မံယေဝ-ဆွေး တတ်တဲ့ပစ္စည်း, ဟောင်းတတ်တဲ့ပစ္စည်း, အိုတတ်တဲ့ပစ္စည်းကိုသာလျှင်၊ ပရိယေ သတိ-ရှာမှီး၍နေ၏။

အတ္တနာ ဗျာဓိဓမ္မော သမာနော ဗျာဓိဓမ္မံယေဝ ပရိယေသတိ၊

အတ္တနာ-မိမိကိုယ်တိုင်က၊ ဗျာဓိဓမ္မော-နာကျင်ကိုက်ခဲ, ရောဂါစွဲရခြင်း သဘောရှိသည်ဖြစ်ပါလျှက်၊ ဗျာဓိဓမ္မံယေဝ-နာတတ်တဲ့ပစ္စည်း, ကျင်တတ်တဲ့ ပစ္စည်း, ကိုက်တတ်တဲ့ပစ္စည်း, ခဲတတ်တဲ့ပစ္စည်း, ဖျားနာတတ်တဲ့ပစ္စည်း, ပဲ့တတ် တဲ့ ကျိုးတတ်တဲ့ပစ္စည်းကိုသာလျှင်၊ ပရိယေသတိ-ရှာမှီး၍နေ၏. . .။

http://www.dhammadownload.com



**အတ္တနာ မရဏဓမ္မော သမာနော မရဏဓမ္မံယေဝ ပရိယေသတိ. . ။**

အတ္တနာ-မိမိကိုယ်တိုင်က၊ မရဏဓမ္မော-ကုန်တတ်တဲ့သဘော, ပျက်စီးတတ်တဲ့သဘော, ပြုန်းတတ်တဲ့သဘော, ကြေမွတတ်တဲ့သဘော, သေတတ်တဲ့သဘောရှိသည်ဖြစ်ပါလျှက်၊ မရဏဓမ္မံယေဝ-ကုန်တတ်တဲ့ပစ္စည်း, ပျောက်တတ်တဲ့ပစ္စည်း, ပျက်တတ်တဲ့ပစ္စည်း, ကြေမွတတ်တဲ့ပစ္စည်း, သေဆုံးတတ်တဲ့ပစ္စည်းကိုသာလျှင်၊ ပရိယေသတိ-ရှာမှီး၍နေ၏. . .။

**အယံ ဘိက္ခဝေ အနရိယာ ပရိယေသနာ။**

အယံ-ဤအမျိုးကောင်းသား အမျိုးကောင်းသမီးကို၊ အနရိယာ ပရိယေသနာ-အရိယာမဟုတ်တဲ့ ပုဂ္ဂိုလ်တို့ရဲ့ရှာခြင်းကို ရှာမှီးနေသူဟူ၍၊ (ဝါ)-အကာကိုမက်မောစွာ ရှာမှီးသူဟူ၍၊ ဝုစ္စတိ-မုချမသွေ, ဆိုအပ်ပါပေသတည်း။

သာဓု. . . သာဓု. . . သာဓုပါဘုရား. . .။

အေး-အကာရှာတယ်။ အရိယာမဟုတ်တဲ့ပုဂ္ဂိုလ်တို့ရဲ့ရှာခြင်းက အကာကိုရှာခြင်းဆိုတာက ဘယ်လိုပုဂ္ဂိုလ်ရဲ့ရှာမှီးခြင်းတုန်းလို့ဆိုရင်. . . တဲ့ မိမိကိုယ်တိုင်က ဆွေးတတ်, မြည့်တတ်, အိုတတ်တဲ့သဘောရှိပါလျှက် နောက်ထပ် သူရှာနေတဲ့ပစ္စည်းကလည်းပဲ ဆွေးတတ်တဲ့ပစ္စည်းကို ရှာနေပြီဆိုရင် အိုတတ်တဲ့ပစ္စည်းကို ရှာနေပြီဆိုရင်, အဲဒါ အကာကိုရှာခြင်းပဲ. . . တဲ့၊ အဲဒါ အကာရှာနေတာပဲ။ မိမိကိုယ်တိုင်က နာတတ်တဲ့, ကျင်တတ်တဲ့, ကိုက်ခဲတတ်တဲ့သဘောရှိသည် ဖြစ်ပါလျှက်၊ နောက်ထပ် သူရှာလိုက်တဲ့ပစ္စည်းကလည်း နာတတ်တဲ့ပစ္စည်းကို ရှာနေပြီဆိုရင် အဲဒါ အကာကိုရှာခြင်းပဲ. . . ။ မိမိကိုယ်တိုင်က ကုန်တတ်, ပျောက်တတ်, ပျက်ပြုန်းတတ်၊ သေဆုံးတတ်တဲ့ သဘောရှိသည်ဖြစ်ပါလျှက်၊ နောက်ထပ် သူရှာလိုက်တဲ့ပစ္စည်းက ကုန်တတ်တဲ့ပစ္စည်း, ပျောက်တတ်တဲ့ ပစ္စည်း, ကြေမွတတ်တဲ့ပစ္စည်း, သေဆုံးတတ်တဲ့ပစ္စည်းကို ရှာနေပြီဆိုရင်၊ အဲဒါ အကာကိုရှာခြင်းပဲ. . . တဲ့၊ အကာကို ရှာခြင်းပဲ။ ဒီတော့ အဲဒါကို မြတ်စွာဘုရားရှင်က ထပ်ပြီးတော့ ခွဲ့လာပြန်တယ်။

ကိဉ္စ ဘိက္ခဝေ ဇရာဓမ္မံ ဝဒေထ. . . ။ ဘယ်ပစ္စည်းမျိုးကို ဆွေးတတ်တဲ့ပစ္စည်း, ဟောင်းတတ်တဲ့ပစ္စည်း, အိုတတ်တဲ့ပစ္စည်းလို့ဆိုရတုန်း. . . တဲ့၊ ဘယ်ပစ္စည်းမျိုးတုန်း ဆွေးတတ်တဲ့ပစ္စည်း, ဟောင်းတတ်တဲ့ပစ္စည်း, အိုတတ်တဲ့ပစ္စည်းဆိုတာ။ ဒီတော့ သူ့အမေးကို ဘုရားရှင်ကိုယ်တော်မြတ်က သူ့ဘာသာဖြေတယ်။

http://www.dhammadownload.com



ပုတ္တဘရိယံ ဘိက္ခဝေ ဇရာဓမ္မံ (ဝဒေထ)။

ပုတ္တဘရိယံ-သမီးခင်ပွန်း, အချင်းချင်း သားသမီး, မြေးမြစ်ဆိုတဲ့ပုဂ္ဂိုလ်အပေါင်းသည်၊ ဇရာဓမ္မံ-ဆွေးတတ်တဲ့ပစ္စည်း, ဟောင်းတတ်တဲ့ပစ္စည်း, နွမ်းတတ်တဲ့ပစ္စည်း, အိုတတ်တဲ့ပစ္စည်းပေတည်း. . .။ ဒါသိဒါသံ ဇရာဓမ္မံ ဝဒေထ။ ကျွန်ထီးကျွန်မ, အလုပ်သမား, အလုပ်သမားမ မှန်သမျှသည်၊ ဆွေးတတ်တဲ့ပစ္စည်း, ဟောင်းတတ်တဲ့ပစ္စည်း, အိုတတ်တဲ့ပစ္စည်းတည်း။ အဇေဠကံ ကုက္ကုဋသူကရံ ဇရာဓမ္မံ ဝဒေထ-ဆိတ်တွေ, သိုးတွေ, ကြက်တွေ, ဝက်တွေဆိုတဲ့ပစ္စည်းသည် အိုတတ်တဲ့ပစ္စည်း, ဟောင်းတတ်တဲ့ပစ္စည်း, ဆွေတတ်တဲ့ပစ္စည်းပေတည်း။ ဟတ္ထိဂဝါဿဝဠဝံ ဇရာဓမ္မံ ဝဒေထ-ဆင်တွေ, မြင်းတွေ, ကျွဲတွေ, နွားတွေဆိုတဲ့ ပစ္စည်းသည်, ဟောင်းတတ်တဲ့ပစ္စည်း, ဆွေးတတ်တဲ့ပစ္စည်း, အိုတတ်တဲ့ပစ္စည်းပေတည်း. . .။ ဇာတရူပံ ရဇတံ ဇရာဓမ္မံ ဝဒေထ-ရွှေတွေ ငွေတွေ, ကျောက်သံပတ္တမြားတွေ, ဆန်ရေစပါးတွေ, အိမ်ယာခြံတွေ, ဥယျာဉ်တိုက်တာစတဲ့ သက်မဲ့ပစ္စည်းတွေလည်းပဲ၊ ဇရာဓမ္မံ ဝဒေထ-ဆွေးတတ်တဲ့ပစ္စည်း, ဟောင်းတတ်တဲ့ပစ္စည်း, ရိတတ်တဲ့ပစ္စည်း, နွမ်းတတ်တဲ့ပစ္စည်း, အိုတတ်တဲ့ပစ္စည်းတည်း. . .။

ဟော-ဘုရားရှင်ကိုယ်တော်မြတ်က သူ့ရဲ့ ဇရာဓမ္မံ-ဟောင်းတတ်, ဆွေးတတ်တဲ့ပစ္စည်းဆိုတာ ဘယ်လိုတုန်းဆိုရင် သမီးခင်ပွန်း အချင်းချင်းတို့သည် ဟောင်းတတ်ဆွေးတတ်တဲ့ပစ္စည်းတို့တည်း။ သားတွေ သမီးတွေ, မြေးတွေ မြစ်တွေဆိုတာလည်းပဲ ဟောင်းတတ်ဆွေးတတ်တဲ့ပစ္စည်းတို့တည်း။ ဆင်မြင်း, ကျွဲနွားစသော ပစ္စည်းတို့သည်လည်း ဟောင်းတတ်ဆွေးတတ်တဲ့ပစ္စည်းတို့တည်း။ ဒီတော့ ဘုန်းကြီးတို့ဒကာ ဒကာမတွေ အခု တောင်သူ/လယ်ယာ စိုက်ကွင်းတွေ လုပ်ကြတယ်လို့ဆိုတော့ နွားတွေ ကျွဲတွေလို့ဆိုတဲ့ သက်ရှိပစ္စည်းတွေ ပရိသတ် မရှာကြရဘူးလား? (*ရှာရပါတယ်ဘုရား*)။ ဒီတော့ အဲဒီနွားတွေ ကျွဲတွေဆိုတဲ့ ပစ္စည်းတွေကို ရှာကြတော့ ယနေ့ ရှာတဲ့ မိမိတို့ကိုယ်တိုင်ကလည်းပဲ ဟောင်းတတ်တဲ့, ဆွေးတတ်တဲ့, အိုတတ်တဲ့, ရင့်တတ်တဲ့သူ၊ မိမိရှာလိုက်တဲ့ အဲဒီဆင်မြင်း ကျွဲနွားဆိုတဲ့ပစ္စည်းတွေကလည်းပဲ ဟောင်းတတ်ဆွေးတတ်, ရင့်တတ်, အိုတတ်တဲ့ ပစ္စည်း. . . လို့ဆိုတော့ အအို, အအိုချင်းရှာတာ၊ အအို အအိုချင်းရှာတာ. . . တဲ့။

အိုတတ်တဲ့သူ အိုတတ်တဲ့ပစ္စည်းရှာတာ ဆင်မြင်း ကျွဲနွားဆိုတဲ့ ပစ္စည်းတွေဟာ ပရိသတ်ကြီး အိုတတ်တဲ့ပစ္စည်းလား အအိုလွတ်တဲ့ပစ္စည်းလား? (*အိုတတ်တဲ့ပစ္စည်းပါဘုရား*)။ အိုတတ်တဲ့ပစ္စည်း၊ ဒါဖြင့် မိမိတို့ ရှာသူကိုယ်တိုင်ကကော အိုမည့်သူလား အအိုလွတ်တဲ့သူလား? (*အိုမည့်သူပါဘုရား*)။ အိုမည့်သူဖြစ်ပါတယ်၊

http://www.dhammadownload.com



ဒီတော့ အိုနေတဲ့သူက အိုတတ်တဲ့ပစ္စည်းကို ရှာနေတယ်လို့ဆိုတာ အကာရှာတာလို့ခေါ်တယ်၊ ထို့အတူ သမီးခင်ပွန်းအချင်းချင်းကနေ တစ်ယောက်နဲ့တစ်ယောက် ရှာယူသိမ်းပိုက်မှုတွေသည်လည်း မိမိကိုယ်တိုင်က အိုခြင်းသဘောရှိပါလျှက်, နောက်ထပ် အိုတတ်တဲ့ပစ္စည်းကို ရှာယူသိမ်းပိုက်နေသောကြောင့် အကာကိုရှာခြင်းပဲ. . . ။

ထို့အတူ သားတွေ သမီးတွေ မြေးတွေမြစ်တွေ, တူတွေ တူမတွေဆိုတဲ့ ပစ္စည်းတွေဟာလည်း အိုတတ်တဲ့ပစ္စည်းတွေပဲ မိမိအိမ်မှာ ခိုင်းဖို့ဆိုပြီးတော့ အလုပ်သမားတွေ၊ အလုပ်သူမတွေ ရှာကြ၊ ဖွေကြတယ်၊ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ကိုယ့်အိမ်မှာ အလုပ်ကလေးဘာလေးခိုင်းဖို့ဆိုပြီးတော့ အလုပ်သမားတွေ၊ အလုပ်သူမတွေ ငှါးကြ ရမ်းကြ မရှာကြရဘူးလား? *(ရှာကြရပါတယ်ဘုရား)*။ အဲဒီရှာတော့ မိမိတို့ရှာတဲ့သူက အအိုလွတ်တဲ့သူလား၊ အိုမည့်သူလား? *(အိုမည့်သူပါဘုရား)*။ မိမိရှာလိုက်တဲ့အလုပ်သမား, အလုပ်သူမကလည်း အိုတတ်တဲ့ပစ္စည်းလား အအိုလွတ်တဲ့ပစ္စည်းလား? *(အိုတတ်တဲ့ပစ္စည်းပါဘုရား)*။ ဒါဖြင့် အိုတတ်တဲ့ပစ္စည်းကိုရှာတာဟာ ဘုရားက အကာရှာတယ်လို့ခေါ်တယ်. . တဲ့၊ အကာရှာတယ်လို့ခေါ်တယ်။ အိုတတ်တဲ့ပစ္စည်းရှာတာဟာ အကာရှာတာလား အနှစ်ရှာတာလား? *(အကာရှာတာပါဘုရား)*။ ဒါဖြင့် သက်ရှိတွေမှန်သမျှ, ရှာလေသမျှ အိုတတ်တဲ့ပစ္စည်းရှာတာချည်းပဲလို့ မဆိုနိုင်ဘူးလား? *(ဆိုနိုင်ပါဘုရား)*။ ဒါဖြင့် သက်ရှိတင်လားဆိုတော့ ဘုရားက မကဘူးတဲ့။

ဇာတရူပ် ရဇတ် ဇရာဓမ္မံ ဝဒေထ-ရွှေတွေ ငွေတွေ, ကျောက်သံပတ္တမြားတွေ, ဆန်ရေစပါးတွေ, အိမ်ယာခြံတွေ, ဥယျာဉ်တိုက်တာစတဲ့ သက်မဲ့ပစ္စည်းတွေလည်းပဲ၊ ဇရာဓမ္မံ ဝဒေထ-ဆွေးတတ်တဲ့ပစ္စည်း, ဟောင်းတတ်တဲ့ပစ္စည်း, ရိတတ်တဲ့ပစ္စည်း, နွမ်းတတ်တဲ့ပစ္စည်း, အိုတတ်တဲ့ပစ္စည်းတည်း. . . ။ ဘုန်းကြီးတို့ အိမ်ရာခြံမြေတွေ ဝယ်ကြ၊ အိမ်တွေဆောက်ကြပြီဆိုတော့ အိမ်တွေ, အိမ်ရာခြံတွေကော မရှာရဘူးလား? *(ရှာရပါဘုရား)*။ အဲဒီ မိမိတို့ရှာလိုက်တဲ့ပစ္စည်းက ဟောင်းတတ်တဲ့ပစ္စည်းလား မဟောင်းတတ်တဲ့ပစ္စည်းလား? *(ဟောင်းတတ်တဲ့ပစ္စည်းပါဘုရား)*။ ဆွေးတတ်တဲ့ပစ္စည်းလား မဆွေးတတ်တဲ့ပစ္စည်းလား? *(ဆွေးတတ်တဲ့ပစ္စည်းပါဘုရား)*။ အဲဒီဆွေးတာကို ဇရာ. . . လို့ခေါ်တယ်။

ဒါဖြင့် ဒီအိမ်ကြီးကိုရအောင်၊ ဒီတိုက်ကြီးတွေဖြစ်အောင် ရှာဖွေစုဆောင်းတဲ့ မိမိတို့ကိုယ်တိုင်ဆောက်လုပ်နေတဲ့ မိမိတို့ကိုယ်တိုင်ဆောက်လုပ်နေတဲ့ မိမိတို့ကိုယ်တိုင်ကလည်း အိုတတ်တဲ့သူလား မအိုတတ်တဲ့သူလား?*(အိုတတ်တဲ့သူပါဘုရား)*။ မိမိတို့ရှာလိုက်တဲ့ အိမ်ကြီးကလည်း အိုမယ့်ပစ္စည်းလား အအို

http://www.dhammadownload.com



လွတ်မယ့်ပစ္စည်းလား? *(အိုတတ်တဲ့ပစ္စည်းပါဘုရား)*။ ဘုန်းကြီးတို့ဒကာ ဒကာမတွေ အိမ်ရာ ခြံမြေတွေ ရှာသမျှ, ရွှေငွေကျောက်သံတွေ ရှာလေသမျှ၊ ဆန်ရေစပါးတွေ ရှာသမျှ, ဝတ်ထည်ဖျင်စင်းတွေ ရှာလေသမျှ နောက်ဆုံးလိုရင်း ချုံးလိုက်တော့ သက်မဲ့ပစ္စည်းတွေ ရှာလေသမျှ၊ အဲဒီ ပစ္စည်းတွေမှန်သမျှကလည်းပဲ ဆွေးတတ်တဲ့ပစ္စည်း, ဟောင်းတတ်တဲ့ပစ္စည်း, နွမ်းတတ်တဲ့ပစ္စည်း, အိုတတ်တဲ့ပစ္စည်း၊ ရှာတဲ့သူကလည်းပဲ ဟောင်းတတ်တဲ့သူ, နွမ်းတတ်တဲ့သူ, ရိတတ်တဲ့သူ, ဆွေးတတ်တဲ့သူ, အိုတတ်တဲ့သူ. . . လို့ဆိုတော့ လိုရင်းချုံးလိုက်တဲ့ အခါကျတော့ ဘုန်းကြီးတို့ ဒကာဒကာမတွေ အအိုအအိုချင်းရှာမနေဘူးလား? *(ရှာနေပါဘုရား)*။

ဒါဖြင့် အအိုအအိုချင်းရှာတာဟာ အနှစ်ရှာတာလား အကာရှာတာလား? *အကာရှာတာပါဘုရား*။ အဲဒီလို အကာရှာလာခဲ့တဲ့အကြိမ် ယနေ့ဒကာ ဒကာမအပေါင်း သူတော်ကောင်းတွေ ဒီဘဝမှာ အကြိမ်ပေါင်း ဘယ်လောက်ရှိပြီတုန်းမေးရင် ရေတွက်နိုင်ပါတော့မလား? *(မရေတွက်နိုင်ပါဘုရား)*။ ဒါဖြင့် ဒီဘဝအသာထားလိုက်အုံး မရေတွက်နိုင်ရင်၊ ရှေးအတိတ်ဘဝတွေကရော ဒီအကာကို ရှာရင်းနဲ့ ,အချိန်ကုန်ခဲ့တဲ့အကြိမ်သည် ရေတွက်လို့ရပါ့မလား? *(မရပါဘုရား)*။ ဒါဖြင့် ယနေ့ အားလုံးသော ဒကာ ဒကာမအပေါင်း သူတော်ကောင်းတွေက သိလိုက်ဖို့ကငါတို့တစ်တွေ။

**❖ အကာကိုပဲ, အမြဲဖွေရှာ, သံသာစခန်း, ပင်ပန်းလှပါ. . .॥**

သံသရာစခန်းကြီး တစ်လျှောက်လုံးမှာ အကာရှာခဲ့တာက များသလား အနှစ်ရှာတဲ့အခါက များသလား? *အကာရှာတာက များပါဘုရား*။ ဒီဘက်ဘဝမှာတင်ပဲ အကာရှာတဲ့အချိန်က များသလား၊ အနှစ်ရှာတဲ့အချိန်က များသလား? *အကာရှာတဲ့အချိန်က များပါဘုရား*။ အနှစ်ရှာတယ်ဆိုတာ ဘာတုန်းလို့ဆိုတော့ မြတ်စွာဘုရားက-

**ဣဓ ဘိက္ခဝေ ဧကစ္စော အတ္တနာ ဇရာဓမ္မော သမာနော ဇရာဓမ္မေ**
**အာဒီနဝံ ဝိဒိတွာ အဇာတံ အနုတ္တရံ ယောဂက္ခေမံ နိဗ္ဗာနံ ပရိယေသတိ။**

ဣဓ-ဤလောက၌၊ ဧကစ္စော-အချို့သော အမျိုးသား, အမျိုးသမီးကတော့၊ အတ္တနာ-မိမိကိုယ်တိုင်က၊ ဇရာဓမ္မော-ဆွေးမြည့်ခြင်းသဘော, ဟောင်းနွမ်းခြင်းသဘော, ရင့်ရော်ခြင်းသဘော၊ အိုမင်းခြင်းသဘောသည်၊ သမာနော-ဖြစ်ပါသော်လည်း၊ ဇရာဓမ္မေ-ဟောင်းတတ်တဲ့, ဆွေးတတ်တဲ့, ရင့်တတ်တဲ့, အိုမင်းတတ်တဲ့သဘော၌၊ အာဒီနဝံ ဝိဒိတွာ-အပြစ်ကိုမြင်သည် ဖြစ်၍၊ အဇရံ-ဆွေးမြည့်ယိုယွင်း, အိုမင်းခြင်းသဘောမရှိသော၊ အနုတ္တရံ-အတုမရှိ မြတ်လှစွာသော၊

http://www.dhammadownload.com



နိဗ္ဗာန် - ဒုက္ခခပ်သိမ်း, အေးငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာ, အနှစ်တရားကြီးကို၊ ပရိယေသတိ - ရှာမှီး၍နေ၏၊ ပရိယေသတိ - အလုပ်ကြီးသုံးလုပ်ကို ပြုလုပ်အား ထုတ်လျှက်, ရှာမှီး၍နေလေ. . . ၏။

ဒီလောကမှာ. . . တဲ့ အချို့သော အမျိုးကောင်းသား အမျိုးကောင်းသမီး များကတော့ မိမိကိုယ်တိုင်က ဆံဖြူနားထိုင်း, ခါးကိုင်း, သွားကြွေ, အသားအရေ ယိုယွင်း၍, အိုမင်းရင့်ရော်ရခြင်း ရှိပါသော်လည်း. . . တဲ့ ရှိပေမယ့်လို့ သူက ဘာရှာတုန်းလို့ဆိုတော့ အဲဒီ ဇရာဓမ္မတရားအပေါ်မှာ အပြစ်ကိုမြင်ပြီးတော့ အပြစ်လို့ရှုပြီးတော့ အဲဒီဆွေးမြည့်ယိုယွင်း, အိုမင်းခြင်းကင်းရာဖြစ်တဲ့ နိဗ္ဗာန်တရား ကို အလုပ်ကြီးသုံးခုနဲ့ ရှာမှီးပြီးတော့နေတယ်. . .။

အနှစ်တရားဆိုတာက နိဗ္ဗာန်ပြောတာ၊ မအိုတတ်, မနာတတ်, မသေတတ် တဲ့တရားကို အနှစ်တရားလို့ခေါ်တယ်။ အဲဒီ အနှစ်တရားက များများမရှိဘူး၊ တစ်ပါးတည်းရှိတယ်၊ အနှစ်တရားဆိုတာ ဘယ်သူတုန်းလို့ဆိုရင် အနုတ္တရံ ယောဂက္ခေမံ နိဗ္ဗာနံ. . . ဘုရားက အတုမရှိမြတ်တဲ့ နိဗ္ဗာန်ပါပဲ. . . တဲ့။ ဒီတော့ အနှစ်တရားက နိဗ္ဗာန်ပြောတာ၊ အနှစ်တရားဆိုတာ ဘယ်သူ့ပြောတာ တုန်း ပရိသတ်ကြီး? *နိဗ္ဗာန်ပြောတာပါဘုရား*။ ဒါဖြင့် အဲဒီအနှစ်တရားကို ရှာ နည်းက သုံးနည်းရှိတယ်. . . တဲ့၊ သုံးလုပ်ရှိတယ်၊ အဲဒီအနှစ်တရားကိုရှာတဲ့ အလုပ်က သုံးလုပ်ရှိတယ်၊ အနှစ်တရားရှာတဲ့အလုပ်က ဘယ်နှစ်လုပ်ပါလိမ့်? *သုံးလုပ်ပါဘုရား*။

ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ခုနက အကာရှာတဲ့အလုပ်တွေကတော့ ဂဏန်းထိုးလို့မရအောင် မများခဲ့ဘူးလား? *များပါဘုရား*။ အကာရှာတဲ့ အလုပ်တွေ က ဘုန်းကြီးတို့ ဒကာဒကာမတွေ ဒီဘက်ဘဝလုပ်ထားတဲ့ ရှာထားတဲ့ အလုပ် သည်ပင်လျှင် ဂဏန်းတင်လို့မရဘူး။ အမျိုးမျိုးသော နည်းတွေနဲ့ ဒကာ ဒကာမတွေ ရှာနေကြတယ်။ ဒီတော့ အနှစ်ကိုရှာတဲ့အလုပ်က သုံးလုပ်ပဲရှိတယ်၊ အဲဒီ သုံးလုပ် တို့ဖြင့် အနှစ်တရားကို ရှာမှီးပြီးတော့နေတယ်၊ မိမိက အိုခြင်းသဘောရှိသော် လည်းပဲ အိုခြင်းရှိတဲ့ ရုပ်နာမ်ခန္ဓာရဲ့အပေါ်မှာ အပြစ်ကိုမြင်၊ အပြစ်ကိုရှုပြီးတော့ ငြီးငွေ့တဲ့ နိဗ္ဗိန္ဒာဉာဏ် အခြေခံပြီးသကာလ တရားကိုရှာမှီးပြီးတော့နေတယ်တဲ့။

အဲဒီ အနှစ်တရားရှာတဲ့အလုပ်ဆိုတာ ဘာတုန်းလို့ဆိုရင် ဒါနေန - စွန့်ကြဲ ပေးကမ်း, လှူဒါန်းခြင်းဆိုတဲ့ ဒါနမှုဖြင့်လည်းကောင်း၊ သီလေန - စာရိတ္တသီလ, ဝါရိတ္တသီလဆိုတဲ့ သီလနှစ်ပါးကို, ဖြည့်ကျင့်အားထုတ်ခြင်းဖြင့်လည်းကောင်း၊ ဘာဝနာယ - သမထဝိပဿနာ, ဘာဝနာနှစ်ပါးကို, ပွားများမယုတ်, အားထုတ်ခြင်း

http://www.dhammadownload.com



ဆိုတဲ့အမှုဖြင့်လည်းကောင်း၊ ဣမေဟိ တီဏိ-ဤသုံးလုပ်တို့ဖြင့်၊ သာရံ-နိဗ္ဗာန်ဆိုတဲ့ အနှစ်တရားကြီးကို၊ သဇ္ဈနာ-သူတော်ကောင်း အဆက်ဆက်တို့သည်၊ ပရိယေသန္တိ-မုချမသွေ, ရှာမှီးကြပါပေကုန်သတည်း. . . ။

သာဓု. . . သာဓု. . . သာဓုပါဘုရား. . . ။

အနှစ်ရှာတဲ့အလုပ်ဆိုတာ စွန့်ကြဲပေးကမ်းလှူဒါန်းမှုဆိုတဲ့ ဒါနမှုတွေ ပြုနေပြီဆိုရင် အနှစ်ရှာနေတဲ့အချိန်. . . တဲ့။ စာရိတ္တသီလ, ဝါရိတ္တသီလခေါ်တဲ့ သီလတွေကို ဖြည့်ကျင့်အားထုတ်ပြီးတော့ နေပြီဆိုတဲ့အချိန်သည် အနှစ်ရှာနေတဲ့အချိန်။ သမထဝိပဿနာဆိုတဲ့ ဘာဝနာနှစ်မျိုးကို မိမိသန္တာန်ဖြစ်ပွားအောင်, ကြိုးစားအားထုတ်နေတဲ့အချိန်သည် အနှစ်ရှာနေတဲ့အချိန်. . . အနှစ်ဖြစ်တဲ့ပစ္စည်းရှာနေတဲ့အချိန်. . . တဲ့။ ဒါကြောင့် ဘုန်းကြီးတို့ ပြောခဲ့တယ်၊ ယနေ့ အလှူ့ဒကာ ဒကာဦးလှမြင့်နဲ့ အလှူ့အမ ဒေါ်နီနီဝင်းတို့ ယနေ့ ဘာလုပ်နေကြသလဲလို့ဆိုရင် တပည့်တော်တို့ သားရတနာ, တူရတနာလေး သုံးဦးတို့အားလည်းကောင်း၊ သမီးရတနာ, တူမရတနာလေး နှစ်ဦးတို့ကိုလည်းကောင်း၊ ဤအမျိုးကောင်းသား အမျိုးကောင်းသမီးလေး ငါးဦးတို့ကို အနှစ်ပစ္စည်းဥစ္စာတို့ကို ရှာစေနေရင်းနဲ့ တပည့်တော်တို့အတွက်လည်း အနှစ်ရတနာရှာနေကြပါတယ်. . . လို့ ပြောခဲ့တယ်။

အခုသားလေးတွေ တူလေးတွေကို သင်္ကန်းဝတ်ပေးလိုက်တယ်ဆိုတာ ဘုန်းကြီးတို့ ဒကာ ဒကာမတွေပဲ ပြောစမ်းပါအုံး၊ ဒေါ်နီနီဝင်းတို့က သားလေးတွေ တူလေးတွေ သမီးလေးတွေ တူမလေးတွေကို ရှင်သာမဏေပြုပေးတယ် သီလရှင်ဝတ်ပေးတယ်ဆိုတာ မဂ်ဖိုလ်နိဗ္ဗာန်ရောက်ဖို့လား အပါယ်ရောက်ဖို့လား? *(မဂ်ဖိုလ်နိဗ္ဗာန် ရောက်ဖို့ပါဘုရား)*။ ဒီကလေးလေးတွေ ရှင်ပြုပေးတဲ့ကိစ္စဟာ နိဗ္ဗာန်ရစေဖို့, နိဗ္ဗာန်အထောက်အပံ့ဖြစ်ပါစေ. . . ။ နိဗ္ဗာန်ရဲ့ မျိုးစေ့ကျပါစေဆိုတဲ့ စိတ်, အလှူ့ဒကာ အလှူ့အမရဲ့သန္တာန်မှာ ရှိသလား မရှိဘူးလား? *(ရှိပါတယ်ဘုရား)*။ ဒါဖြင့် ဒီကလေးလေး ငါးယောက်ကို နိဗ္ဗာန်ဆိုတဲ့အနှစ်ပစ္စည်းကို အရှာခိုင်းတယ်လို့ မဆိုနိုင်ဘူးလား? *(ဆိုနိုင်ပါတယ်ဘုရား)*။

ဒီကလေးလေး သုံးယောက်ကလည်း သူတို့ကိုယ်တိုင် သာမဏေကလေး ဘဝနဲ့နေတဲ့အခိုက်မှာ လူဝတ်ကြောင်ဘဝ ငါးပါးသီလထိန်းတာထက် သာလွန်မွန်မြတ်တဲ့ သာမဏေဘဝနဲ့ သိက္ခာသီလ(၁၂၀)ကျင့်ကြံ ကြိုးကုတ်အားထုတ်ပြီးတော့ နေပြီ။ သူတို့ကိုယ်တိုင် ဒီသိက္ခာသီလတွေ မသိသေးဘူးထားလိုက်၊ သာမဏေလေးဖြစ်သည်နှင့် တပြိုင်နက် ဒီကလေးလေးတွေ သုံးယောက်ဟာ ငါတို့ ကိုရင်ဖြစ်ပြီ၊ ကိုရင်ဖြစ်ရင်တော့ ကိုရင်တွေ ကျင့်တဲ့အကျင့် ကျင့်ရတော့မှာပါလားဆိုတဲ့

http://www.dhammadownload.com



စိတ်ကလေး မလာပေဘူးလား? *(လာပါဘုရား)*။ အဲဒါ သမာဒါနစိတ်လို့ခေါ်တယ်၊ ကိုရင်တွေ ရှောင်ရမည့်အလုပ် ကိုရင်တွေ မလုပ်ကောင်းတဲ့အလုပ်တော့၊ ဆိုပါတော့- ညနေစာ ကိုရင်တွေ မစားရဘူးဆိုတော့၊ တို့တော့ ကိုရင်အဝတ်ကလေးနဲ့ နေတဲ့အတွင်းတော့ ညနေစာ မစားဘဲနေရလိမ့်မယ်. . . လို့ဆိုတဲ့စိတ် သူတို့မှာ မရှိဘူးလား? *(ရှိပါတယ်ဘုရား)*။

ဒီတော့ သာမဏေတွေ ထိန်းတဲ့သီလ(၁၂၀)ကို သူတို့မသိပေမဲ့လို့ သံဝရစိတ်ဆိုတဲ့ ထိန်းသိမ်းမယ်ဆိုတဲ့စိတ်နဲ့ သမာဒါန-ဆောက်တည်လိုက်နာမယ်ဆိုတဲ့စိတ်၊ ဒီစိတ်နှစ်စိတ် သူတို့သန္တာန်ရင်ထဲမှာ ကိန်းသလား မကိန်းဘူးလား? *(ကိန်းပါတယ်ဘုရား)*။ အဲဒီ ကိန်းလိုက်သည်နဲ့တပြိုင်နက် သာမဏေတို့ ကျင့်ကြံကြိုးကုတ် အားထုတ်ရမည့် (၁၂၀)သိက္ခာသီလ ဒီသာမဏေလေး၊ ဒီကလေးလေး သုံးယောက်ရဲ့ သန္တာန်မှာ တည်ဆလား မတည်ဘူးလား? *(တည်ပါတယ်ဘုရား)*။ အဲဒီလိုတည်နေခြင်းသည်ပင် ဒီကလေးလေးသုံးယောက် အနှစ်တရားခေါ်တဲ့ နိဗ္ဗာန်ကို ရှာနေကြတယ်. . . တဲ့၊ ရှာရာရောက်တယ်။ သူတို့ သာမဏေဝတ်တော့ကော သကလ ဝဋ္ဋဒုက္ခ နိဿရဏ နိဗ္ဗာနဿ သစ္ဆိကရဏတ္ထာယလို့ သင်္ကန်းဝတ်ခါနီး သူတို့ဆိုတဲ့အဆိုက တပည့်တော်တို့သည်. . . အလုံးစုံသော အကာတွေနဲ့ အပြည့်ဖြစ်နေတဲ့ ဒီရုပ်နာမ်ခန္ဓာ သံသရာကြီးရဲ့ လွတ်မြောက်ရာ, အေးငြိမ်ရာဖြစ်တဲ့ အနှစ်ဖြစ်တဲ့နိဗ္ဗာန်တရားကို မျက်မှောက်ပြုဖို့ရာ တပည့်တော်တို့ကို သင်္ကန်းဝတ်ပေးပါ. . . လို့ သူတို့ဆရာသမားထံ သင်္ကန်းဝတ်ပေးဖို့ ခွင့်တောင်းတော့ နိဗ္ဗာန်မျက်မှောက်ပြုဖို့ရာ တပည့်တော်တို့ သင်္ကန်းဝတ်ချင်ပါတယ်. . . လို့ဆိုတဲ့ အဆိုကို ပရိသတ်ကြီး သူတို့မဆိုပေဘူးလား? *(ဆိုပါတယ်ဘုရား)*။ ဒါဖြင့် သူတို့ သင်္ကန်းဝတ်တာဟာ အနှစ်ရှာတာလား, အကာရှာတာလား? *(အနှစ်ရှာတာပါဘုရား)*။

အလှူ့ဒကာဦးလှမြင့်နဲ့ အလှူ့အမဒေါ်နီနီဝင်းတို့က သူတို့ကို သင်္ကန်းဝတ်ပေးတာ အကာကိုရှာပေးတာလား, အနှစ်ကိုရှာပေတာလား? *အနှစ်ကိုရှာပေးတာပါဘုရား*။ သမီးလေးနဲ့ တူမလေးတွေကို သရဏဂုံသုံးပါးနဲ့ ရှစ်ပါးသီလတိုးပြီးတော့ ထိန်းသိမ်းရတဲ့သီလ ရှိရတဲ့အမှုကို ပြုပေးတယ်၊ သီလရှင်ဝတ်ပေးတယ်ဆိုတာ အနှစ်ရှာပေးတာလား, အကာရှာပေးတာလား? *အနှစ်ရှာပေးတာပါဘုရား*။ ဒီတော့ သီလရှင်အဝတ်ကလေးနဲ့ သီလတွေရှိပြီးတော့နေတော့ သူတို့ရှာနေတဲ့အမှုဟာ ရွှေငွေကျောက်သံ, ဆန်ရေစပါး, ရာထူးဂုဏ်သိန် စည်းစိမ်တွေကို ရှာနေခြင်းမဟုတ်ပါ. . .။ သီလရှင်အဝတ်ကလေးနဲ့ ဝတ်ပြီးတော့ သူတော်ကောင်းအကျင့် ကျင့်ပြီးတော့ သီလတွေဖြည့်နေတယ်ဆိုတာ နိဗ္ဗာန်အနှစ်ရှာနေ

http://www.dhammadownload.com



တယ်လို့ခေါ်တယ်။ ဒါဖြင့် ဒီသီလရှင်ဝတ်ကလေး, ဒီသားရတနာ, တူရတနာလေး တွေရဲ့ သာမဏေအဝတ်ကလေးတွေဟာ အနှစ်ရှာတဲ့အဝတ်. . . တဲ့၊ အနှစ်ရှာတဲ့ အသွင် ဒီအသွင်က၊ သာမဏေအသွင် သီလရှင်အသွင်ဟာ အနှစ်ရှာတဲ့အသွင် လား, အကာရှာတဲ့အသွင်လား? *(အနှစ်ရှာတဲ့အသွင်ပါဘုရား)*။

ဘုရားရှင်ကိုယ်တော်မြတ်ကြီး အနှစ်တရားရှာတော့မယ် ယသော်ဓရာ အမှူးရှိတဲ့ မောင်းမတွေနဲ့ ရွှေနန်းသုံးဆောင်မှာ စည်းစိမ်တွေခံစားပြီးတော့ နေရင်းနဲ့ ဒါ အကာတွေပဲ. . . မထူးဘူး ငါအနှစ်ရှာတော့မယ် ငါအနှစ်ရှာမှ တော် မယ်၊ ငါ တစ်သံသရာလုံးက ဒီလိုအကာတွေရှာရင်းနဲ့ ဖတ်ဖတ်မောခဲ့လှပြီ. . . လို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကိုယ်တိုင် သိတော်မူလို့ သူ အနှစ်ရှာတော့မယ်လို့ ဆိုပြီးတော့ ထွက်လာလိုက်တာ အနောမာသောင်ရောက်တော့ ဆံ,မုဆိတ်, ကျင်စွယ် ရိပ်ပယ်တယ်။ ယဋ္ဌိကာရပြဟ္မာမင်းဆက်ကပ်တဲ့ သင်္ကန်းသပိတ် ပရိက္ခရာကို ဆင်မြန်းတော်မူတယ်။ ဒါဖြင့် ဘုရားရှင်ကိုယ်တော်မြတ်ကြီး အနှစ်ရှာ တော့မယ်ဆိုပြီးတော့ သိဒ္ဓတ္ထမင်းသား မင်းမြောက်တန်ဆာအသွင်နဲ့ ရှာသလား ရဟန်းအသွင်နဲ့ ရှာသလား? *(ရဟန်းအသွင်နဲ့ရှာပါတယ်ဘုရား)*။ ဘုရားရှင် ကိုယ်တော်မြတ်ကြီး ရဟန်းအသွင်နဲ့ရှာတော့ ဆံ,မုတ်ဆိတ်,ကျင်စွယ်တွေကို ပယ်တယ်၊ ဖန်ရေတပ်စွန်းတဲ့သင်္ကန်းကို ပြောင်းလဲဝတ်ဆင်တယ်။

ဒါဖြင့် အလှူ့ဒကာ ဦးလှမြင့်တို့နဲ့ အလှူ့အမ ဒေါက်တာဒေါ်နီနီဝင်း သားရတနာ, တူရတနာလေးတွေကလည်းပဲ ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ အသွင်ကိုယူပြီလို့ဆိုတော့ ဒါအနှစ်ရှာမည့်အသွင်လား, အကာကိုရှာမည့်အသွင် လား? *(အနှစ်ရှာမည့်အသွင်ပါဘုရား)*။ အဲဒါ အနှစ်ရှာတဲ့အသွင်လို့ခေါ်ပါတယ်။ သူတော်ကောင်းတွေရဲ့ အသွင်ဖြစ်ပါတယ် ဒီအသွင်က။ သမီးလေးတွေ တူမလေး တွေက ခေါင်းပေါ်က ဆံတွေကိုရိတ်ပယ်ပြီးသကာလ ဖန်ရေတပ်စွန်းတဲ့ ဘိက္ခုနီ နွယ်ဝင်, သူတော်စင်တွေရဲ့အဝတ်ကို ပြောင်းလဲပြီးတော့ဝတ်ရုံတဲ့ ဒီအသွင်ဟာ အကာရှာမည့်အသွင်လား, အနှစ်ရှာမည့်အသွင်လား? *(အနှစ်ရှာမည့်အသွင် ပါဘုရား)*။ အကာရှာတဲ့အသွင်ဆိုတာ လောဘဖြစ်စရာအဆင်းမျိုးစုံ, ဝတ်ထည် မျိုးစုံကို ဝတ်ပြီးတော့ နေတဲ့အသွင်က အကာရှာတဲ့အသွင်လို့ခေါ်တယ်။ အခု ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့အသွင်, အရှင်သာရိပုတ္တရာ, အရှင်မဟာ မောဂ္ဂလာန် ကိုယ်တော်မြတ်ကြီးတွေရဲ့ အသွင်။ ဒါဖြင့် ခုသားလေးတွေ တူလေးတွေကို ရှင်ပြုပေးတယ်ဆိုတာ အကာရှာတဲ့အသွင်နဲ့ အနှစ်ရှာတဲ့အသွင် နှစ်မျိုးမှာ အနှစ်ရှာတဲ့အသွင် တင်ပေးရာ မရောက်ဘူးလား? *(ရောက်ပါတယ် ဘုရား)*။ အဲဒါ မြတ်တယ်လို့ခေါ်တာ။ ဘာ့ကြောင့်မြတ်တယ်ဆိုတာ အဲဒီလို အဓိပ္ပါယ်ရှိလို့ မြတ်ပါတယ်။

http://www.dhammadownload.com



ဒီအမျိုးသား, အမျိုးသမီးလေးတွေ ငါးဦးရဲ့သန္တာန်မှာ အသွင်ကသာ မြတ်သလား အသွင်ကသာ အနှစ်ရှာတဲ့အသွင် ဖြစ်သလားလို့ဆိုတော့ ကိုယ့်အကျင့်လေးတွေ ကြည့်လိုက်အုံးမယ်၊ သူတို့ကျင့်မည့်အကျင့်လေးတွေက အခု သာမဏေဘဝနဲ့နေသမျှ သူတို့ (၁၂၀)သော သိက္ခာသီလ။ ဒကာဒကာမတွေ တစ်နေ့ ငါးပါးသီလလေးမှ မနည်းလုံအောင် ထိန်းနေရတဲ့အချိန်၊ သူတို့က သိက္ခာသီလ (၁၂၀)ကို ထိန်းပြီးတော့ နေတယ်ဆိုတော့ သူတို့ရဲ့အကျင့်ဟာ ဒကာဒကာမတွေထက် သာသလား, ယုတ်သလား? *သာပါတယ်ဘုရား*။ အဲဒီ သိက္ခာသီလ (၁၂၀)ကို ရှာပြီးတော့နေတဲ့အကျင့်ကို ကျင့်နေတဲ့အချိန်သည် ဒီသာမဏေလေးသုံးပါးတို့က အကာရှာနေတဲ့အချိန်လား, အနှစ်ရှာတဲ့အချိန်လား? *အနှစ် ရှာနေတဲ့အချိန်ပါဘုရား*။ သမီးရတနာလေးနဲ့ တူမရတနာလေးတို့ သီလရှင်ဝတ်ကလေးနဲ့နေပြီး သကာလ သီလရှင်ကျောင်းမှာ ရောက်ပြီးတော့ "မနက်ဆွမ်းတော်, ညပန်းတော်နဲ့ ကော်ရော် ဆီမီး, ပူဇော်ပြီးသကာလ" မေတ္တာဘာဝနာပွားပြီး သကာလ သီလရှင်အမှုတွေ, သီလရှင်အကျင့်တွေ ကျင့်နေပြီဆိုတဲ့ အချိန်ဟာ သူတို့ အကာရှာနေတဲ့ အကျင့်ကျင့်နေသလား အနှစ်ရှာနေတဲ့ အကျင့်ကျင့်နေသလား? အနှစ်ရှာနေတဲ့ အကျင့်ကိုကျင့်ပါဘုရား။

အဲဒီလို အဓိပ္ပါယ်ရှိပါတယ်၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဒီအသွင်ကို သူကိုယ်တိုင်ယူခဲ့တဲ့ အသွင်ဖြစ်ပါတယ်။ ဘုရားရှင်ကိုယ်တော်မြတ်ကြီး အနှစ်ရှာတော့မယ်ဆိုတော့ သိဒ္ဓတ္ထမင်းသားနဲ့မရဘူးလို့ နားလည်တော်မူတယ် နန်းတော်ထဲမှာ နေလို့ မရဘူးလို့ သိတော်မူတယ်၊ နန်းတော်ထဲမှာနေပြီးတော့ မင်းမြောက်တန်ဆာတွေနဲ့ လှလှပပဝတ်ဆင်ပြီးတော့ နေပြီးတော့ ရှာလို့မဖြစ်ဘူးလို့ ဘုရားရှင်ကိုယ်တော်မြတ် သိတော်မူတယ် မြင်တော်မူတယ်၊ နန်းတော်ထဲမှာနေပြီး ရှာလို့မဖြစ်ဘူးလို့ သိတော်မူတယ်၊ နန်းတော်ထဲမှာနေပြီးတော့ မင်းမြောက်တန်ဆာတွေနဲ့ လှလှပပတွေ ဝတ်ဆင်ပြီးတော့ ရှာလို့မဖြစ်ဘူးလို့ သိတော်မူတယ် မြင်တော်မူတယ်။ ဘုရားရှင်ကိုယ်တော်မြတ်ကြီး သူ့ကိုယ်သူရှင်ပြုတော်မူတယ်။

ဟော-ဆံ မုတ်ဆိတ်ကျင်စွယ်ရိတ်ပယ်တယ်၊ ယင်္ခီကာရငြေဟွာမင်း ဆက်ကပ်တဲ့ သင်္ကန်းတွေကို ပြောင်းလဲဝတ်ရုံတယ်၊ ဝတ်ရုံပြီးတော့ အနှစ်ရှာတဲ့ အသွင်နဲ့ တောထဲထွက်ပြီးတော့ အနှစ်ရှာတော်မူလိုက်တာ ဘုရားရှင်ကိုယ်တော်မြတ်ကြီး အိုနာသေရေး ဒုက္ခဘေးကင်းဝေးတဲ့ နိဗ္ဗာန်ဆိုတဲ့အနှစ်တရားကြီး ဘုရားရှင် ရမသွားဘူးလား? *(ရသွားပါဘုရား)*။ အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလာန်, အရှင်အာနန္ဒာအစရှိတဲ့ မင်းညီမင်းသားတွေ သူဌေးသားတွေ အနှစ်တရားရှာတော့မယ်ဆိုတော့ သူဌေးအသွင် သူဌေးသမီးအသွင်နဲ့ မနေကြဘူး။ ယသော်ဓရာထေရီ,

http://www.dhammadownload.com



ခေမာထေရီတို့လို မိဖုရားတွေ ဥပ္ပလဝဏ်ထေရီတို့လို သူဌေးသမီးတွေ ရှင်ဘုရင့်သမီးတွေ အိမ်ရှေ့မင်းသမီးတော်တွေ အနှစ်ရှာတော့မယ်လို့. . . ဆိုတော့ သူတို့အသွင်ပြောင်းပစ်လိုက်ကြတယ်၊ များသောအားဖြင့် အသွင်ပြောင်းပစ်လိုက်တယ်။

ယခု ဘိက္ခုနီမ အသွင်ဆံ, မုတ်ဆိတ်, ကျင်စွယ်ရိတ်ပယ်ပြီးသကာလ ဖန်ရေတပ်စွန်းတဲ့သင်္ကန်းကို ပြောင်းလဲဝတ်ရုံတဲ့အသွင်ကို ယူလိုက်ကြတယ်လို့ ဆိုတော့ ဒီအသွင်ဟာ ပရိသတ်ကြီး အနှစ်ရှာတဲ့အသွင်ဖြစ်မနေဘူးလား? *(ဖြစ်နေပါဘုရား)*။ သူတော်ကောင်းအဆက်ဆက် အနှစ်ရှာတဲ့ အသွင်လို့မဆိုရဘူးလား? *(ဆိုရပါတယ်ဘုရား)*။ ဒါဖြင့် ဘုန်းကြီးတို့ ဒကာဒကာမအပေါင်း သူတော်ကောင်းတွေက အကာကိုရှာရင်းနဲ့ တစ်သံသရာလုံး ပန်းခဲ့ကြတယ်. . . တဲ့၊ မောခဲ့ကြတယ်၊ ယနေ့ အလှူ့ဒကာဦးလှမြင့်တို့ အလှူ့အမ ဒေါက်တာ ဒေါ်နီနီဝင်းတို့က သားရတနာ သမီးရတနာ, တူရတနာလေးတွေကို အနှစ်ကိုရှာစေတဲ့အပြင်၊ မိမိတို့ကိုယ်တိုင်ကလည်းပဲ အနှစ်ရှာချင်လို့ ဒီအမှုကို ပြုကြပါတယ်. . . တဲ့၊ အနှစ်ရှာတဲ့နေ့လို့ခေါ်တယ် ဒီနေ့။ ၁၃၄၅-ခု၊ တပေါင်းလပြည့်ကျော်(၇)ရက် (၈)ရက်ဟာဖြင့် တို့အနှစ်ရှာတဲ့အလုပ်ကြီး အကြီးအကျယ်လုပ်ခဲ့တဲ့နေ့ပဲ. . . လို့ ဒီလို အလှူ့ဒကာ အလှူ့အမများ မှတ်ထားပါ၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီး အခုဟောတော်မူနေတဲ့ ပါသရာသိသုတ်တော်မှာ ဒါကို ရည်ရွယ်ပြီး ဟောတော်မူနေပါတယ်။

ဒီတော့ ယနေ့ အလှူ့ဒကာအလှူ့အမမိသားစု တစ်တွေက အခုတရားထိုင်ပြီးတော့ နာနေကြတယ် မနက်ဖြန်ခါဆိုလို့ရှိရင် ဘုရားအမှူးရှိတဲ့သံဃာတော်အရှင်မြတ်တွေကို ဆွမ်းဘောဇဉ်တွေနဲ့ ဆက်ကပ်လှူဒါန်းပြီးတော့ နေကြမယ်၊ အဲဒီလိုဆက်ကပ်လှူဒါန်းနေတဲ့ ရည်ရွယ်ချက်ကြီးက ဘာတုန်းလို့ဆိုတော့ မဂ်ဖိုလ်နိဗ္ဗာန်ရချင်လို့. . . လို့ ပရိသတ်ကြီး သူတို့မဆိုဘူးလား? *(ဆိုပါဘုရား)*။ အလှူ့ဒကာ အလှူ့အမအရဲ့စိတ်ထဲမှာ ဘုရားအမှူးရှိတဲ့သံဃာတော်တွေ ဆွမ်းကပ်နေတဲ့ ရည်ရွယ်ချက်က ဘာတုန်းလို့ဆိုရင် နိဗ္ဗာန်ရချင်လို့. . . လို့ သူတို့ မဖြေပေဘူးလား? *(ဖြေပါတယ်ဘုရား)*။ ဒါဖြင့် နိဗ္ဗာန်ဆိုတဲ့တရားကြီးက အကာတရားလား အနှစ်တရားလား? အနှစ်တရားပါဘုရား။

အလှူ့ဒကာနဲ့အလှူ့အမတို့သည်. . . ဘုရားအမှူးရှိတဲ့ သံဃာတော်အရှင်မြတ်တွေကို ဆွမ်းဘောဇဉ်တွေ ဆက်ကပ်လှူဒါန်းမှုဆိုတဲ့ ဒါနမှုပြုနေတဲ့အချိန်သည် အနှစ်ရှာတဲ့အချိန်လား အကာရှာတဲ့အချိန်လား? *(အနှစ်ရှာတဲ့အချိန်ပါဘုရား)*။ သံဃာတော်အရှင်အမြတ်တွေကို သင်္ကန်းထီးဖိနပ် အစရှိတဲ့ပစ္စည်းတွေဆက်ကပ် လှူဒါန်းနေတဲ့ အချိန်သည် အနှစ်ရှာတဲ့အချိန်လား အကာရှာ

http://www.dhammadownload.com



တဲ့ အချိန်လား? *(အနှစ်ရှာတဲ့အချိန်ပါဘုရား)*။ ဆွေမျိုးမိတ်ဆွေသင်္ဂဟအဖေါင်းသူ တော်ကောင်းတွေကို စားကြပါ, သောက်ကြပါ ယူကြပါ ပေးကြပါ ကမ်းကြပါ စေတနာသုံးတန်ထက်သန်စွာနဲ့ ကျွေးမွေးဧည့်ခံ, ပေးကမ်းထောက်ပံ့ စွန့်ကြနေတဲ့ အချိန်သည့် . . ဤအလှူဒကာ အလှူအမနှစ်ယောက်တို့ အကာရှာနေတဲ့အချိန် လား အနှစ်ရှာတဲ့အချိန်လား? *(အနှစ်ရှာနေတဲ့အချိန်ပါဘုရား)*။

အဲဒီလိုအားဖြင့် သူတော်ကောင်းတွေ အဆက်ဆက် ဒါနမှုနဲ့ရှာတယ်၊ သီလမှုနဲ့ရှာတယ်၊ အခု ဆွမ်းတွေကပ် သင်္ကန်းတွေလှူ စွန့်ကြပေးကမ်း လှူဒါန်း မှုတွေ ပြုနေတယ်။ အလှူဒကာအလှူအမက ဒါနမှုနဲ့ရှာတာခေါ်တယ်။ သီလမှုနဲ့ ကောလို့ဆိုတော့ သီလက စာရိတ္တသီလ, ဝါရိတ္တသီလလို့ နှစ်မျိုးရှိပါတယ်။ စာရိတ္တသီလဆိုတာ ရှောင်ရတဲ့သီလ, ရှောင်သီလခေါ်တယ်၊ ရှောင်သီလဆိုတာ သူ့အသက်သတ်တာ ရှောင်ရတယ်။ သူ့ဥစ္စာခိုးတာ ရှောင်ရတယ်ဆိုတာ ငါးပါး သီလကို ရှောင်သီလလို့ခေါ်တယ်။ ဘုန်းကြီးတို့ ဒကာဒကာမတွေ သူ့အသက် သတ်တာ မရှောင်ရဘူးလား? *(ရှောင်ရပါဘုရား)*။ သူ့ဥစ္စာခိုးတဲ့ အမှုကြီးများကို မဖြစ်အောင် မရှောင်ရဘူးလား? *(ရှောင်ရပါဘုရား)*။ အဲဒီလိုအားဖြင့် ငါးပါးသီလ ကို ရှောင်သီလလို့ခေါ်တယ်။ ဒီတော့ ဒီအလှူဒကာအလှူအမဟာ ဒီအလှူကြီးနဲ့ ပတ်သက်ပြီးတော့ ငါးပါးသီလ မပျက်ဘူးလို့ဆိုရင် သူတို့ရှောင်သီလကြီး လုံမနေ ဘူးလား? *(လုံနေပါတယ်ဘုရား)*။

စာရိတ္တသီလလို့ခေါ်တဲ့ ဆောင်သီလဆိုတာရှိသေးတယ်။ ရှောင့်သီလ အပြင် ဆောင်သီလတဲ့။ ဆောင်သီလကို ပါဠိလိုစာလိုပြောရင် စာရိတ္တသီလ လို့ခေါ်တယ်၊ စာရိတ္တသီလဆိုတာ ဘာတုန်းလို့ဆိုတော့ သူတော် မျိုးရိုးတွေရဲ့ အကျင့်အမှုအယာတွေကို စာရိတ္တလို့ခေါ်တယ်၊ ဒီတော့ သံဃာတော်အရှင်မြတ် တွေကို ယနေ့အလှူဒကာဦးလှမြင့်တို့ အလှူအမဒေါက်တာဒေါ်နီနီဝင်းတို့ သံဃာတော်တွေ ဆွမ်းကပ်တော့မယ်လို့ဆိုတော့ ဆွမ်းဘောဇဉ်တွေဆက်ကပ် ကြပြီလို့ဆိုရင် ရိုရိုသေသေ အမူအယာနဲ့ကပ်ကြမယ်။ သံဃာတော်တွေ ဆွမ်းကပ် တော့ သူတို့ ရိုရိုသေသေကပ်မှာလား မရိုမသေကပ်မှာလား? *(ရိုရိုသေသေ ကပ်မှာပါဘုရား)*။ ဆွမ်းပွဲလက်ကလေးနှစ်ဘက်နဲ့ မ,လို့ တဘက်ကလေးများလက် ကန်တော့ထိုးလို့ ဒူးလေးတွေများထောက်လို့, ဒူးလေးတွေများတုပ်လို့ ကိုယ်ကလေး ကိုင်းညွတ်လို့ဆိုတော့ အရိုအသေပေးတဲ့ အမူအရာပေါ်မလာဘူးလား? *(ပေါ်လာ ပါဘုရား)*။

အဲဒီ ရိုသေတဲ့အမူအရာအလေ့အလာကို စာရိတ္တလို့ခေါ်တယ်၊ သူတော် ကောင်းတွေရဲ့ အလေ့အလာလို့ခေါ်တယ်၊ သူတော်ကောင်းတွေရဲ့ အမူအရာလို့

http://www.dhammadownload.com



ခေါ်တယ်၊ ဘုရားပစ္စေကာအရိယာအပေါင်း သူတော်ကောင်းကြီးတွေကို လှူတဲ့ တန်းတဲ့ နေရာမှာ အဲဒီလို ရိုရိုသေသေပဲ လှူခဲ့ကြတယ်။ ဒီတော့ ရိုရိုသေသေဆိုတဲ့ အပစာယနကုသိုလ်ကြီးခေါ်တယ်။ ရိုရိုသေသေဆိုတဲ့ အလုပ်ကြီးဟာ သူတော်ကောင်းတွေရဲ့ အလေ့လား သူယုတ်မာတွေရဲ့ အလေ့လား? *(သူတော်ကောင်းတွေနဲ့ အလေ့ပါဘုရား)*။ အဲဒီ သူတော်ကောင်းတွေရဲ့ အလေ့ကို ပါဠိလို သီလလို့ ခေါ်တယ်။

ဒီတော့ ဒီသီလက ရှောင်ရမည့်သီလမဟုတ်ဘူး၊ ဆောင်ရမည့်သီလ၊ သံဃာတော်တွေကို လှူတဲ့တန်းတဲ့နေရာဟာ ရှောင်ရမှာလား ဆောင်ရမှာလား? *(ဆောင်ရမှာပါဘုရား)*။ ဆောင်ရမည့်သီလကို အလှူ့ဒကာနှင့်အလှူ့အမတို့သည်၊ သံဃာတော်အရှင်မြတ်တို့ကို ဆွမ်းဘောဇဉ်တွေ ဆွမ်းပွဲတွေကို မ,ပြီးကပ်ခဲ့တဲ့ အခါကျတော့ ကိုယ်ကလေးကို ကိုင်းညွတ်၊ ခြေစုံလေးဟပ်ပြီးတော့ လက်နှစ်ဘက်နဲ့ ရိုရိုသေသေကပ်နေပြီဆိုတော့ သီလကုသိုလ်ကြီး ပါမသွားဘူးလား? *(ပါသွားပါတယ်ဘုရား)*။ ဆွမ်းပွဲကြီးကို မ,ပြီးတော့ ကပ်တာက ဒါနကုသိုလ် အရိုအသေပေးလိုက်တာက သီလကုသိုလ် ဒါနနဲ့သီလပါ မသွားဘူးလား? *(ပါသွားပါတယ်ဘုရား)*။ ဒါဖြင့် ဒါနပြုရင်းသီလပါ မသွားဘူးလား ပရိသတ်ကြီး? *(ပါသွားပါဘုရား)*။ အဲဒီလို သီလကုသိုလ်တွေ အရိုအသေပေးနေတဲ့အချိန်သည် အကာရှာတဲ့ အချိန်လား အနှစ်ရှာတဲ့အချိန်လား? *(အနှစ်ရှာတဲ့ အချိန်ပါဘုရား)*။

မြတ်စွာဘုရားက အနှစ်ရှာတဲ့အလုပ်ဟာ သုံးလုပ်ပဲရှိတယ်. . . လို့ ဟောထားတာ၊ စွန့်ကြဲပေးကမ်း လှူဒါန်းမှုဆိုတဲ့ ဒါနပြုတဲ့ အချိန်တဲ့၊ စာရိတ္တသီလ ဝါရိတ္တသီလနှစ်ပါးကို လိုက်နာပြုကျင့်နေတဲ့ အချိန်တဲ့။ ဒီတော့ ဒီနေ့လှူ့ဒကာနဲ့အလှူ့အမ ဆွမ်းပွဲကိုမ,ပြီးတော့ ကပ်နေတာက ဒါန။ အရိုအသေပေးနေတာက သီလဆိုတော့ ဒါနနှင့်သီလနှစ်ပါးစလုံး ပါမသွားဘူးလား? ပါသွားပါတယ်ဘုရား၊ ကိုင်းဘာဝနာက ဘယ်နှယ်ပါနေတုန်းလို့ဆိုတော့ ဒီနေ့အလှူ့ဒကာနှင့်အလှူ့အမ သံဃာတော်အရှင်မြတ်တွေကို ဆွမ်းကပ်တဲ့အထဲမှာ မေတ္တာဘာဝနာ. . . တဲ့ ပါနေတယ်။ သံဃာတော်တွေ မိမိတို့ကပ်လှူတဲ့ဆွမ်းကို မြိန်ရေရှက်ရေ ဘုဉ်းပေးရစေချင်တယ်၊ ဘုဉ်းပေးပြီးတော့ ချမ်းသာသွားစေချင်တဲ့စိတ် သူတို့သန္တာန်မှာ ရှိသလား မရှိဘူးလား? *(ရှိပါတယ်ဘုရား)*။ အဲဒါ မေတ္တာလို့ခေါ်တယ်။

မိမိသန္တာန်မေတ္တာဖြစ်နေလို့ ဖြစ်နေမှန်းမသိဘဲ ဖြစ်နေတတ်လို့ ငါ့ကာ အဋ္ဌကထာဆရာကြီးက ဖွင့်ပြတယ်၊ ဘုန်းကြီးတို့က အဲဒါကို တဆင့်ပြောပြ နေပါတယ် ဒီတော့ မေတ္တာဘာဝနာဆိုတဲ့ တရားကြီးကလည်း ယနေ့အလှူ့ဒကာ အလှူ့အမရဲ့သန္တာန်မှာ ဆွမ်းပွဲကြီးကို မြှောက်ပြီးတော့ ကပ်နေတဲ့အချိန်, သမထ

http://www.dhammadownload.com



ဘာဝနာလို့ခေါ်တဲ့ မေတ္တာဘာဝနာဝင်ပြီးတော့နေတယ်။ မိမိတို့အလှူ ရောက်လာတဲ့ပုဂ္ဂိုလ်တွေမှန်သမျှ ဝဝလင်လင်စားသောက်သွားရစေချင်တဲ့စိတ် အလှူ့ဒကာ အလှူ့အမသန္တာန် ရှိသလား မရှိဘူးလား? *(ရှိပါတယ်ဘုရား)*။ အဲဒါ မေတ္တာ ဘာဝနာခေါ်တယ်။

**ယာ ပဋိဂ္ဂဟေသု ပုဂ္ဂလေသု ဟိတေသိကာ အယံ မေတ္တာ။**

ဟော-ဋီကာအဋ္ဌကထာဆရာကြီးက ပဋိဂ္ဂဟေသု ပုဂ္ဂလေသု-မိမိတို့ထံအလှူခံတော်မူကြမည့် သံဃာတော်အရှင်မြတ်တို့အပေါ်၌, မိမိတို့ပစ္စည်းကို အလှူခံစားသောက်ကြမည့် ပရိသတ်ဆွေမျိုးမိတ်ဆွေသင်္ဂဟအပေါင်းတို့ရဲ့ အပေါ်၌၊ ယာ ဟိတေသိကာ-အကြင်စီးပွားကလေးကို, လိုလားတဲ့သဘော ကလေးသည်၊ အတ္ထိ-အလှူ့ဒကာ, အလှူ့အမရဲ့သန္တာန်မှာရှိ၏၊ သာ-ထိုစီးပွားကို လိုလားတဲ့သဘော, ချမ်းသာတဲ့သဘော, ဝဝလင်လင် စားသွားရစေလိုတဲ့သဘော, လှလှပပရသွားစေချင်တဲ့သဘော, ချမ်းချမ်းသာသာ, ဖြစ်သွားစေချင်တဲ့သဘော, မိမိအလှူနဲ့ပတ်သက်ပြီးသကာလ, ကျန်းမာသွားစေချင်တဲ့သဘော ကလေးသည်၊ မေတ္တာ-မေတ္တာပါရမီကြီးပေတည်း. . . တဲ့။

ဒီတော့ ပါရမီ (၁၀)ပါးဆိုတာ တစ်ပါးဖြည့်တစ်ပါးတင်ပြည့်တာမဟုတ်ဘူး၊ တစ်ပါးဖြည့်ရင် သူ့ဟာနဲ့သူ မိမိတို့စိတ်ထဲမှာ အသီးသီးဖြစ်လာပါ တယ်။ အဲဒီဖြစ်လာတာလေးကိုဖြစ်တယ်လို့ သိတာဉာဏ်ပါတဲ့ ကုသိုလ်ခေါ်တယ်။ ဖြစ်နေလို့ ကုသိုလ်ဖြစ်နေမှန်း မသိဘူးဆိုတာက ဉာဏ်ထိုင်းတဲ့ကုသိုလ်၊ ဒွိဟိတ်ကုသိုလ်လို့ ခေါ်တယ်။ ဒီတော့ ဘုန်းကြီးတို့ ဒကာဒကာမတွေမှာ ကုသိုလ်ဖြစ်တဲ့နေရာမှာ ဉာဏ်ပါပြီးတော့ ဘာကုသိုလ်ဖြစ်နေတယ်။ ဘာကုသိုလ်ဖြစ်နေတယ်ဆိုတာလေးကို သိဖို့အရေးကြီးတယ်။ သိရင် ဒီကုသိုလ်ကိုထပ်ပြီးတော့ ကြိုးစားချင်တယ် အားထုတ်ချင်တယ် အားထုတ်ချင်လို့ ကြိုးစားတယ်၊ ကြိုးစားလို့ ဖြစ်တယ်၊ ဖြစ်လေ ကြိုးစားလေ ကြိုးစားလေဖြစ်ဆိုတော့ အနုစ်တရားကြီးနဲ့ ပိုပြီးတော့ နီးမသွားဘူးလား? *(နီးသွားပါတယ်ဘုရား)*။

ဒါဖြင့် အလှူ့ဒကာအလှူ့အမတို့ရဲ့သန္တာန်မှာ ဆွမ်းပွဲကြီးကို မြှောက်ပြီးတော့ကပ်နေတဲ့ အချိန်မှာ ဆွမ်းပွဲကြီးမြှောက်ပြီးတော့ ကပ်နေတာက ဒါနကုသိုလ်၊ အရိုအသေပေးလိုက်တာက သီလကုသိုလ်၊ အလှူခံသံဃာတော် အရှင်မြတ်တွေ ချမ်းချမ်းသာသာ, ဘုဉ်းပေးရစေချင်တာက မေတ္တာဘာဝနာကုသိုလ်လို့ဆိုတော့ ဒါန, သီလ, ဘာဝနာသုံးချက် မပါဘူးလား? *(ပါပါတယ်ဘုရား)*။ မေတ္တာဘာဝနာတင် မကသေးဘူး၊ ဒီသံဃာတော်အရှင်မြတ်တွေ. . . ဘုရားသားတော်တွေ, ဘုရားသားတော်တွေ လို့ဆိုပြီးတော့ ဘုရားရှင်ကို ဦးတိုက် မတားဘူးလား?

http://www.dhammadownload.com



*(ထားပါတယ်ဘုရား)*။ ဒီသံဃာတော်တွေလှူတာ ဘုရားသာသနာထမ်းနေတဲ့ ပုဂ္ဂိုလ်တွေလို့ အသိအမှတ်ပြုလို့ လှူတာမဟုတ်ဘူးလား? *(ဟုတ်ပါတယ်ဘုရား)*။ ဘုရားသားတော်တွေမဟုတ်ဘဲနဲ့ ဘုရားသာသာနာတော် ထမ်းနေတာမဟုတ်ရင် လှူချင်မှလှူဖြစ်မယ်။

ဒီတော့ ဘုရားရှင် ကိုယ်တော်မြတ်ကြီးရဲ့ သာသနာတော်တွေကို ထမ်းရွက်တော်မူနေကြတဲ့ အရှင်မြတ်တွေ. . . လို့ ဆိုပြီးတော့ မိမိတို့အလှူမှာ ပင့်နိုင်တာဟာ ဘုရားရဲ့ အရှိန်အဟုန်သတ္တိမပါဘူးလား? *(ပါပါတယ်ဘုရား)*။ ဒါဖြင့် အလှူဒကာဦးလှမြင့် အလှူ့အမဒေါ်နီနီဝင်းတို့ရဲ့သန္တာန်မှာ ဘုရားကို ဦးတည်နေတဲ့စိတ်၊ အဲဒါ ဗုဒ္ဓါနုဿတိဘာဝနာခေါ်တယ်၊ အဲဒီ ဗုဒ္ဓါနုဿတိဘာဝနာရဲ့ နောက်က သံဃာတော်အရှင်မြတ်တွေရဲ့ သီလ သမာဓိ ပညာဂုဏ်တွေကို အာရုံပြုနေတာ သံဃာနုဿတိလို့ခေါ်တယ်။ ဒီတော့ ဗုဒ္ဓါနုဿတိဘာဝနာ, သံဃာနုဿတိဘာဝနာ, မေတ္တာဘာဝနာတွေ ပါမနေဘူးလား? *(ပါနေပါတယ်ဘုရား)*။ ဒါဖြင့် အလှူထုပ်တစ်ခု ဆွမ်းပွဲတစ်ခု မံ့ပြီးတော့ ကပ်တဲ့နေရာ ဒါန, သီလ, ဘာဝနာဆိုတဲ့ အနှစ်ရှာတဲ့အလုပ်ကြီးသုံးလုပ် မပါဘူးလား? *(ပါပါတယ်ဘုရား)*။ ကဲ-ဒါဖြင့် ပရိသတ်ကြီး လိုက်ဆိုစမ်းပါ-

❖ အကာတိုပဲ, အမြဲဖွေရှာ, သံသာစခန်း, ပင်ပန်းလှပါ,
စွန့်ကြဲပေးကမ်း, လှူဒါန်း၍ရှာ, အနှစ်တွေ့, ချမ်းမြေ့နိဗ္ဗူတာ။

အနှစ်ရှာတာဘာနဲ့ နံပါတ်(၁)ရှာရမှာတုန်းဆိုရင် စွန့်ကြဲပေးကမ်းလှူဒါန်းပြီးတော့ ရှာပါတဲ့။ စွန့်ကြဲပေးကမ်း လှူဒါန်းတဲ့နေရာမှာ နိဗ္ဗာန်ကို ဦးတည်ထားပြီးတော့ရှာ၊ အဲဒါ "စွန့်ကြဲပေးကမ်း လှူဒါန်း၍ရှာ, အနှစ်တွေ့, ချမ်းမြေ့ နိဗ္ဗူတာ" အနှစ်တရားဖြစ်တဲ့ နိဗ္ဗာန်တရားကို တွေ့ပြီလို့ဆိုတော့ ခုနက အိုခြင်း, နာခြင်း, သေခြင်းဆိုတဲ့ဘေးတွေ အကုန်ကင်းသွားလို့ အနှစ်တရားကြီးက သူကိုယ်တိုင်ကလည်း ကင်းတယ်၊ သူ့ကိုရတဲ့သူကိုလည်း ကင်းစေတတ်တယ်၊ ဒါ့ကြောင့် "စွန့်ကြဲပေးကမ်း လှူဒါန်း၍ရှာ, အနှစ်တွေ့, ချမ်းမြေ့နိဗ္ဗူတာ. . . " အနှစ်မတွေ့သေးသမျှ ဆိုရင်ကောဆိုတော့ အကာရှာနေသမျှကတော့ ပင်ပန်းပြီးရင်း ပင်ပန်းရင်းပဲ နေရမယ်. . . တဲ့။

ဒီတော့ ဘုန်းကြီးတို့ ဒကာဒကာမတွေ ဒီဘဝမှာတင် အကာရှာတဲ့အလုပ်နဲ့ အနှစ်ရှာတဲ့အလုပ် ဘယ်အလုပ်ကများသလဲ. . . လို့ ခုနက မေးခဲ့တော့ အကာရှာတဲ့အလုပ်က များတယ်လို့ မဖြေခဲ့ဘူးလား? ဖြေခဲ့ပါတယ်ဘုရား၊ (၃၁)ဘုံ သံသရာစခန်း ခရီးလမ်းကြီး တစ်လျှောက်လာခဲ့တဲ့ ဘဝအသင်္ချေအနန္တပြန်ပြီးတော့ ကြည့်ရင်တော့ အကာရှာတဲ့ အချိန်နဲ့ အနှစ်ရှာတဲ့ အချိန်ဘယ်သူက

http://www.dhammadownload.com



များသလဲ? *(အကာရှာတဲ့အချိန်က များပါတယ်ဘုရား)*။ အကာရှာလို့ရှိရင် ချမ်းသာသလား ဆင်းရဲသလားလို့ဆိုတော့ "အကာကိုပဲ, အမြဲဖွေရှာ, သံသာစခန်း, ပင်းပန်းလှပါ. . . "တဲ့ အကာရှာရင်းနဲ့ ချမ်းသာမယ်ထင်ပြီးတော့ ရှာလိုက်တာ မချမ်းသာဘဲနဲ့ ပင်ပန်းမှုဒုက္ခတွေနဲ့ပဲ ကြုံခဲ့တယ် . . . တဲ့၊ ကြုံခဲ့တယ်။ အကာကိုရှာလို့ ပရိသတ်ကြီး ချမ်းသာသလား ဆင်းရဲသလား? *(ဆင်းပါတယ်ဘုရား)*။

ဘုန်းကြီးတို့ ဒကာဒကာမတွေ ခု-ဆိုပါတော့ သားလေးတွေသမီးလေးတွေ ကိုယ့်မှာရနေတယ်။ ကဲသားလေးတွေ သမီးလေးတွေက ကိုယ်ကိုယ်တိုင်က အိုတတ်တဲ့, သေတတ်တဲ့ပစ္စည်း။ ကိုယ်ရှာလို့ရထားတဲ့ သားလေးလည်း အိုတတ်တဲ့ သေတတ်တဲ့ပစ္စည်း။ အဲဒီ အိုတတ်တဲ့ သေတတ်တဲ့ပစ္စည်း ရထားတော့ သူ့ကိုရလိုက်တဲ့အတွက် သူနဲ့ပတ်သက်ပြီးတော့ သူ့ရဲ့စားရေးအတွက်, သူ့ရဲ့ဝတ်ရေးအတွက်, သူ့ရဲ့ပညာရေးအတွက်တွေနဲ့ ဖတ်ဖတ်မောအောင် နောက်က ဒုက္ခတွေ လိုက်မလာဘူးလား? *(လိုက်လာပါတယ်ဘုရား)*။ နောက်ဆုံး သူ့ကံအကြောင်းမတော်လို့ မိမိမျက်စိရှေ့အောက်မှာပဲ ဇရာမြွေကြီး ဖိစီးနှိပ်စက်ကြ၊ ဗျာဓိမြွေကြီး ဖိစီးနှိပ်စက်သွားလို့ ဆရာတွေဆရာမတွေခေါ် ရ, ဆရာဝန်တွေခေါ် ရလို့ရှိရင် ဒီပစ္စည်းကို အကြောင်းပြုပြီးတော့ ဖတ်ဖတ်မောရတဲ့ဒုက္ခတွေ မလာဘူးလား? *(လာပါတယ်ဘုရား)*။

အကြောင်းမတော်လို့ ရုပ်နာမ်မြွေ သင်္ခါရသဘောတရားအတိုင်း ကုန်, ပျောက်, ပြုန်းတီး, ပျက်စီးတတ်တဲ့သဘောအတိုင်း ပျက်စီးသွားပြီဆိုရင် မျက်ရည်ကြီးငယ် မကျရဘူးလား? ကျရပါတယ်ဘုရား။ အဲဒီလို အကာပစ္စည်းတွေကို ရှာမှီးမိခဲ့လို့ အဲဒီအကာပစ္စည်းကို အကြောင်းပြုပြီးသကာလ ကိုယ်ဆင်းရဲစိတ်ဆင်းရဲဖြစ်ခဲ့ရတဲ့ဒုက္ခတွေ ရေတွက်လို့ ဆုံးပါ့မလား? *(မဆုံးပါဘုရား)*။ အကာကို ရှာခဲ့မိတဲ့အတွက် သံသရာစခန်းကြီး တလမ်းလုံး မပင်ပန်းခဲ့ဘူးလား? *(ပင်ပန်းခဲ့ပါဘုရား)*။ သက်ရှိတွေတင်လားဆိုတော့ သက်မဲ့တွေ ရှာပြီးတော့လည်းပဲ အိမ်ယာခြံမြေတွေ, ရွှေငွေ ကျောက်သံတွေ, ဆန်ရေစပါးတွေ ရှာထားပြီးတော့ မရတောင့်တ, ရကြောင်းကြ, ဆိုတဲ့အတိုင်း မရတုံးကလည်း ရချင်လို့, မရှိသေးတုန်းကလည်း ရှိချင်လို့ဆိုပြီး တောင့်တတဲ့ဒုက္ခတွေနဲ့ မနေခဲ့ရဘူးလား? *(နေခဲ့ရပါဘုရား)*။

ရပြန်တော့လည်းပဲ ရလာတဲ့ပစ္စည်းလေး တန်ဖိုးရှိတဲ့ ပစ္စည်းလေး ရလေလေ မီးလောင်မှာစိုးလို့ သိမ်းရ, သူခိုး ခိုးမှာစိုးလို့သိမ်းရ, ဓားပြတိုက်မှာစိုးလို့ သိမ်းရ, ရေမျောမှာစိုးလို့သိမ်းရ, အမွေခံဆိုး သားဆိုးသမီးဆိုးနှောက်ယှက်မှာစိုးလို့ သိမ်းရ, မင်းစိုးရာဇာတွေ သိမ်းမှာစိုးလို့ သိမ်းရ၊ အခွန်ဘဏ္ဍာတွေ ကောက်မှာစိုးလို့

http://www.dhammadownload.com



သိမ်းရနဲ့ သိမ်းရ ဆည်းရတဲ့ဒုက္ခတွေ မလာဘူးလား? *(လာပါတယ်ဘုရား)*။ လာတဲ့ ကြားထဲကပဲ ကိုယ်မထင်တဲ့အတိုင်း မီးလောင်သွားပြီ ရေမျောသွားပြီဆိုတော့ မျက်ရည်ကြီးငယ်တွေကျရ, မြေလူးပြီးတော့ ငိုရ, ဖနှောင့်ပေါက်ပြီးတော့ ငိုရ, ရင်ထုပြီးတော့ငိုရဆိုတဲ့ ကာယိကဒုက္ခ, စေတသိကဒုက္ခတွေ တသီတတန်းကြီး မလာဘူးလား? *(လာပါတယ်ဘုရား)*။ အဲဒါ ဘာပြုလို့တုန်း ဒီဒုက္ခတွေ ဘာပြုလို့ လာပါသလဲလို့ဆိုရင် အကာရှာမိလို့. . .။ ဒီဒုက္ခတွေ ဘာပြုလို့လာတာပါလိမ့်? *(အကာရှာမိလို့ပါဘုရား)*။

အကာဆိုတာ ဘယ်လို ပစ္စည်းတုန်းလို့ဆိုတော့ ဆွေးတတ်တဲ့ပစ္စည်း, နာတတ်တဲ့ပစ္စည်း, သေတတ်တဲ့ပစ္စည်းကို အကာပစ္စည်းလို့ခေါ်တယ်၊ လိုရင်းချုပ် လိုက်ရင်တော့ အိုတတ်တဲ့ပစ္စည်း, နာတတ်တဲ့ပစ္စည်းကို အကာပစ္စည်းလို့ခေါ် တယ်။ ဒီတော့- အဲဒီအကာပစ္စည်းကို ရှာမိလို့ ကိုယ်ဆင်းရဲစိတ်ဆင်းရဲဒုက္ခ ဖြစ်ရတယ်၊ ကိုယ်ဆင်းရဲစိတ်ဆင်းရဲဒုက္ခတွေ အသချေ်အနန္တဖြစ်ခဲ့ရတာ ဘာပြုလို့ ပါလိမ့်မတုန်းလို့ ပြောင်းပြန် ပြန်ကြည့်လိုက်ရင် အကာကိုရှာမိလို့. . .၊ ကိုယ် ဆင်းရဲ စိတ်ဆင်းရဲဒုက္ခ အသချေ်အနန္တလာတာ ဘာကြောင့်တုန်းဆိုရင် အကာ ရှာမိလို့ ဒုက္ခတွေပေါ်လာ၊ ဘာပြုလို့ပါလိမ့်? *(အကာရှာမိလို့ပါဘုရား)*။

အဲဒီအကာကို ရှာတာဘာပြုလို့ ရှာတာတုန်းဆိုရင် အကာကို အကောင်း ထင်လို့. . .၊ အကာကို ဘယ့်နှယ့်ထင်နေပါလိမ့်? *(အကောင်းထင်နေပါတယ် ဘုရား)*။ အဲဒီ အကာကို အကောင်းထင်တာက အဝိဇ္ဇာ၊ အကောင်းထင်လို့ လိုချင် တာက တဏှာ၊ အကာကို အကောင်းထင်တာက အဝိဇ္ဇာ, ပရိသတ်ကြီး အကာကို အကောင်းထင်တာ ဘာတုန်း? *(အဝိဇ္ဇာပါဘုရား)*။ အကောင်းထင်တော့ အခင် လာတယ်. . . တဲ့။ အကောင်းထင်ရင် အခင်မလာဘူးလား? *(လာပါတယ်ဘုရား)*။ ဘုန်းကြီးတို့ ဒကာဒကာမတွေ ဘယ်ပစ္စည်းလေးဖြစ်ဖြစ် ကောင်းတယ်လို့ထင်ရင် ဒါလိုချင်တယ်ဆိုတဲ့ အခင်မလာဘူးလား? *(လာပါတယ်ဘုရား)*။ ဈေးထဲများ ဈေး သွားဝယ်တဲ့အခါကျတော့ ကိုယ်က အကောင်းလေးလို့ထင်တယ်၊ ဒီပစ္စည်းလေး တော့ ပစ္စည်းကောင်းလေးပဲ အစစ်ကလေးပဲလို့ ထင်သည်နှင့်တပြိုင်နက်၊ "ယူမှပဲ ဝယ်မှပဲ"လို့ဆိုတဲ့ လိုချင်တဲ့စိတ် မလာဘူးလား? *(လာပါတယ်ဘုရား)*။

ဒါဖြင့် အကောင်းထင်ရင် အခင်လာတယ်၊ အကောင်းထင်ရင် ဘာလာပါ လိမ့်? *(အခင်လာပါတယ်ဘုရား)*။ အကောင်းထင်တယ်ဆိုတာက အဝိဇ္ဇာ၊ အခင် လာတာက တဏှာ။ အကောင်းထင်တာက ဘာပါလိမ့်? *(အဝိဇ္ဇာပါဘုရား)*။ အခင်လာတာက? *(တဏှာပါဘုရား)*။ ဟော-တဏှာလာတော့ တဏှာနဲ့လိုချင်လို့ လိုချင်လို့ ရအောင်ကြိုးစားအာထုတ်လိုက်တော့ ဒီပစ္စည်း ကိုယ့်လက်ထဲ

http://www.dhammadownload.com



ရောက်မလာဘူးလား? *(ရောက်လာပါဘုရား)*။ ရောက်လာတော့ ရလာတဲ့ ပစ္စည်းက အကာပစ္စည်းလို့ဆိုတော့ အကာပစ္စည်းရရင် ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ နောက်က ဝင်လာမယ်။ ဒီတော့ လိုချင်တယ်၊ အဝိဇ္ဇာက မသိအောင် အကာရဲ့အပြစ်ကို ဖုန်းပေးတယ်၊ အနှစ်လို့ထင်အောင် လှည့်စားတယ် အဝိဇ္ဇာ၊ အဝိဇ္ဇာရဲ့အလုပ်က အကာကို အနှစ်လို့ထင်စေတယ်၊ အကာကို အနှစ်လို့ ထင်မှားစေတယ်၊ ဒါ-အဝိဇ္ဇာပဲ။

အဲဒီ အဝိဇ္ဇာကြောင့်လိုချင်တယ်တဏှာ။ လိုချင်ခင်မင်မှုကြောင့်ရအောင်ကြိုးစားတယ်၊ ရအောင်ကြိုးစားပြီဆိုတော့ ဥပါဒါန် ကမ္မဘဝတွေ ပေါ်လာပြီးတော့ အဲဒီ အကာပစ္စည်း မိမိလက်ထဲရောက်လာ၊ ဇနီးခင်ပွန်း အချင်းချင်းတွေ တစ်ယောက်နဲ့တစ်ယောက် ရချင်ကြ။ သားတွေသမီးတွေ ရယူကြ ဆင်မြင်းကျွဲနွားတွေ ရယူကြ, ရွှေငွေကျောက်သံ, ဆန်ရေစပါးတွေ ရယူကြ၊ အဲဒီ သက်ရှိ သက်မဲ့ ရယူတာမှန်သမျှတွေ. . . ၊ အကာပစ္စည်းလား အနှစ်ပစ္စည်းလား? *(အကာပစ္စည်းပါဘုရား)*။ အဲဒီ သက်ရှိသက်မဲ့တွေမှန်သမျှက အအိုလွတ်တွေလား, အအိုဘေးသင့်မှာတွေလား? *(အအိုဘေးသင့်မှာတွေပါဘုရား)*။ အိုတတ်တဲ့ ပစ္စည်းတွေလား, အအိုလွတ်တဲ့ပစ္စည်းတွေလား? *(အိုတတ်တဲ့ ပစ္စည်းပါဘုရား)*။ အိုတတ်တဲ့ ပစ္စည်းတွေဆိုရင် ဘုရားက အကာလို့ဟောသလား အနှစ်လို့ဟောသလား? *(အကာလို့ဟောပါတယ်ဘုရား)*။

အဲဒီ သက်ရှိသက်မဲ့ပစ္စည်းတွေဟာ နာတတ်တဲ့ ပစ္စည်းတွေလား အနာလွတ်တဲ့ပစ္စည်းတွေလား? *(နာတတ်တဲ့ပစ္စည်းပါဘုရား)*။ နာတတ်တဲ့ပစ္စည်းကို ဘုရားရှင်က အကာလို့ဟောသလား, အနှစ်လို့ဟောသလား? *(အကာလို့ဟောပါတယ်ဘုရား)*။ ယနေ့ ဒကာ ဒကာမတွေ ရှာဖွေသိမ်းပိုက်ထားတဲ့ သက်ရှိသက်မဲ့ ပစ္စည်းတွေဟာ သေတတ်တဲ့, ကုန်တတ်တဲ့, ပျောက်တတ်တဲ့ပစ္စည်းတွေလား, အသေလွတ်တဲ့ပစ္စည်းတွေလား? *(သေတတ်တဲ့ပစ္စည်းတွေပါဘုရား)*။ သေတတ်တဲ့ပစ္စည်းတွေ ကုန်တတ်တဲ့ပစ္စည်းတွေလား အကုန်လွတ် ပစ္စည်းတွေလား? *(ကုန်တတ်တဲ့ပစ္စည်းတွေပါဘုရား)*။ သေတတ်, ကုန်တတ်, ပျောက်တတ်တဲ့ ပစ္စည်းကို အကာပစ္စည်းလို့ဟောသလား အနှစ်ပစ္စည်းလို့ဟောသလား? *(အကာပစ္စည်းလို့ဟောပါတယ်ဘုရား)*။ ဒါဖြင့် ယနေ့ ဒကာဒကာမအပေါင်း သူတော်ကောင်းတွေက ငါတို့ အကာတွေကိုရှာရင်းနဲ့ အချိန်ကုန်နေလို့ မတော်သေးဘူး. . . ။ အနှစ်ပစ္စည်းကိုလည်း နေ့စဉ်နေ့စဉ် ရှာမှတော်မယ်လို့ မဆုံးဖြတ်ထိုက်ဘူးလား? *(ဆုံးဖြတ်ထိုက်ပါဘုရား)*။ ကဲ-ဒါဖြင့် ဆိုစမ်းပါအုံး-

http://www.dhammadownload.com



❖ အကာကိုပဲ, အမြဲဖွေရှာ, သံသာစခန်း, ပင်ပန်းလှပါ,
ကိုယ်ကျင့်သီလ, ထိန်းကြ၍ရှာ. . .။

ဟော-ကိုယ်ကျင့်သီလ ထိန်းပြီးတော့နေပြီဆိုရင် အဲဒါ အနှစ်ရှာနေတာပဲ. . . တဲ့၊ ငါးပါးသီလလုံအောင် ထိန်းနေပြီဆိုရင် အဲဒီအမျိုးသား အမျိုးသမီး အနှစ်ရှာနေတာ၊ ရှစ်ပါးသီလတွေ ယခုလို သီလရှင်လေးဝတ်လို့ပဲဖြစ်ဖြစ်၊ သို့မဟုတ် မိမိတို့ ဥပုသ်သည်အဖြစ်နဲ့ပဲဖြစ်ဖြစ်၊ သရဏဂုံ(၃)ပါးနဲ့ ရှစ်ပါးသီလ တိုးပြီးတော့ ထိန်းနေပြီ၊ စောင့်သုံးနေပြီ၊ ကျင့်သုံးနေပြီ၊ ဥပုသ်သည်ဘဝနဲ့ စောင့်သုံးနေပြီဆို အဲဒါ အနှစ်ရှာနေတဲ့အချိန်. . . တဲ့ ဘုရားက။ ဒီကတစ်ဆင့်တက်ပြီးတော့ ကိုးပါးသီလတွေ ဆယ်ပါးသီလတွေ တတ်နိုင်ရင်တတ်နိုင်သလို ထိန်းသိမ်းနေပြီ၊ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေဆိုရင်လည်းပဲ (၅)ပါးသီလကနေ (၈)ပါးသီလ, (၉)ပါးသီလ, (၁၀)ပါးသီလ၊ အဲဒီက တစ်ဆင့်တက် သာမဏေတွေထိန်းတဲ့ (၁၂၀)သောသိက္ခာသီလ၊ အဲဒီက တဆင့်တက်ပြီးသကာလ ဘုရားရှင်သာသနာနဲ့ကြုံမှ ထိန်းခွင့်ရတဲ့ ရဟန်းဘဝရောက်အောင် တက်ပြီးတော့ ကုဋေကိုးထောင်ကျော် သိက္ခာသီလတွေ ဖြည့်ကျင့်နေပြီ, ထိန်းနေပြီ, ဒုလ္လဘတွေဝတ်နေပြီဆိုရင် အဲဒီအမျိုးသား အနှစ်ရှာတဲ့အချိန်လား အကာရှာတဲ့အချိန်လား? *အနှစ်ရှာတဲ့ အချိန်ပါဘုရား။*

❖ အကာကိုပဲ, အမြဲဖွေရှာ, သံသာစခန်း, ပင်ပန်းလှပါ၊
ကိုယ်ကျင့်သီလ, ထိန်းကြ၍ရှာ, အနှစ်တွေ့, ချမ်းမြေ့နိဗ္ဗူတာ၊
အကာကိုပဲ, အမြဲဖွေရှာ, သံသာစခန်း, ပင်ပန်းလှပါ၊
ကိုယ့်ခန္ဓာတွင်း, ဉာဏ်သွင်းဖွေရှာ, အနှစ်တွေ့, ချမ်းမြေ့နိဗ္ဗူတာ၊

ဟော-ကိုယ့်ခန္ဓာတွင်း ဉာဏ်သွင်းပြီးတော့ရှာဆိုတာ ဘာဝနာနဲ့ရှာတာကိုပြောတာ။ အခု အလှူဒကာ အလှူ့အမများက ဒါနကုသိုလ်နဲ့ရှာတယ်၊ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အခု သားလေးတွေ, သီလရှင်ဝတ်မယ့်သမီးလေးတွေက သီလနဲ့ရှာမယ်။ ဒါန,သီလနဲ့ ရှာတဲ့အပြင်၊ ကိုယ့်ခန္ဓာတွင်းဉာဏ်သွင်းပြီးတော့ ဖွေလိုက် ရှာလိုက်ပါအုံး၊ ဝိပဿနာနဲ့ရှာတာ။ ဝိပဿနာနဲ့ရှာလိုက်တော့ အနှစ်ကို မြန်မြန်တွေ့တယ်။ ဒီတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဝိပဿနာအလုပ်နဲ့လည်း ရှာဖို့မလိုအပ်ဘူးလား? *(လိုအပ်ပါဘုရား)*။ ဝိပဿနာနဲ့ရှာချင်လို့ရှိရင် တခြားထွက်ရှာမနေနဲ့ "*ကိုယ့်ခန္ဓာတွင်း, ဉာဏ်သွင်းဖွေရှာ. . .*"တဲ့၊ ကိုယ့်ခန္ဓာတွင်းမှာ ဉာဏ်သွင်းပြီးတော့ ရှာလိုက်ပါ. . . တဲ့။

http://www.dhammadownload.com



*"တရားပျောက် ကိုယ်မှာရှာ၊ တရားရှာ ကိုယ်မှာတွေ့"* တရားရှာချင်လို့ ရှိရင် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အပြင်ကောင်းကင်မော့ကြည့်မနေနဲ့၊ ဟို-အောက်ဆီလည်း ငုံ့ကြည့်မနေနဲ့၊ စကြာဝဠာနွတ်ခမ်းလည်း လှမ်းကြည့်မနေနဲ့ တဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက၊ ခန္ဓာတွင်းဉာဏ်သွင်းပြီးတော့ ရှာပါတဲ့၊ အနှစ်တရားကို မြန်မြန်ရစေတတ်တဲ့ ဝိပဿနာအလုပ်နဲ့ရှာတော့မယ်ဆိုရင် ကိုယ့်ခန္ဓာတွင်းမှာ ဉာဏ်သွင်းရှာ၊ ဒီတော့ ကိုယ့်ခန္ဓာတွင်း ဉာဏ်သွင်းရှာလိုက် တော့ ဘာလာတွေ့မှာတုန်းလို့ဆိုတော့ အကာတရားဆိုတာ ဇရာတရား, ဗျာဓိ တရား, မရဏတရား၊ အိုတတ်, နာတတ်, သေတတ်တဲ့ပစ္စည်းလို့ မပြောခဲ့ဘူး လား? *ပြောခဲ့ပါတယ်ဘုရား*။ အဲဒီ အို, နာ, သေဆိုတဲ့ အိုခြင်း, နာခြင်း, သေခြင်း ဆိုတဲ့ဒီသဘောသည်. . . ဘယ်ပေါ်မှာရှိသလဲလို့ ဉာဏ်နဲ့ နက်နက်နဲနဲ တွေး တောပြီးတော့ ကြည့်ခဲ့ရင်၊ ဟောဒီ ရုပ်နာမ်ခန္ဓာပေါ်မှာရှိတယ်. . .။ ပစ္စည်းဝတ္ထု လေးတစ်ခု ဆွေးသွားတယ်လို့ဆိုရင် ဆွေးခြင်းသဘောနဲ့ပစ္စည်းနဲ့တခြားစီ၊ ဆွေးတတ်တယ်ဆိုတဲ့သဘော ဘယ်ပေါ်မှာရှိတုန်းဆိုရင် ပစ္စည်းပေါ်မှာရှိတယ်၊ ဆွေးတတ်တဲ့သဘောလေးက ဆွေးသွားတဲ့ပစ္စည်းပေါ်မှာရှိတယ်။

အဲဒါလိုပဲ ယနေ့ ဒကာဒကာမအေပါင်းသူတော်ကောင်းတွေရဲ့ ခန္ဓာ ကိုယ်ထဲမှာ ရုပ်နာမ်ဆိုတဲ့ ဟောဒီ ခန္ဓာကိုယ်ပေါ်မှာ အိုတတ်တဲ့သဘော, နာတတ် တဲ့သဘော, သေတတ်တဲ့သဘော။ အိုခြင်းလက္ခဏာ, နာခြင်းလက္ခဏာ, သေခြင်း လက္ခဏာ ဘယ်မှာရှိသလဲလို့ရှာရင် ဒီခန္ဓာထဲမှာ ရှိတယ်၊ အိုတတ်, နာတတ်, သေတတ်တဲ့သဘောကြီး ဘယ်မှာရှိတုန်းဆိုရင် ဟောဒီ ရုပ်နာမ်ပေါ်မှာရှိတယ်၊ အိုတတ်တဲ့သဘောကြီး ဟောဒီ ရုပ်နာမ်ခန္ဓာပေါ်မှာရှိတယ်။ ပရိသတ်ကြီး အိုတတ် တဲ့ သဘောကြီးဘယ်ပေါ် ရှိပါလိမ့်? *(ရုပ်နာမ်ခန္ဓာပေါ်မှာရှိပါဘုရား)*။ နာတတ်တဲ့ သဘောကြီး. . . ရုပ်နာမ်ခန္ဓာပေါ်မှာရှိတယ်၊ သေတတ်တဲ့သဘောကြီး ဘယ်ပေါ် မှာရှိပါလိမ့်? *(ရုပ်နာမ်ခန္ဓာပေါ်မှာ ရှိပါတယ်ဘုရား)*။ ဒါဖြင့် အိုတတ်တဲ့, နာတတ် တဲ့, သေတတ်တဲ့ ရုပ်နာမ်ခန္ဓာကြီးလို့ဆိုတော့ ဒီရုပ်နာမ်ခန္ဓာဟာ အကောင်းခန္ဓာ လား အဆိုးခန္ဓာလား? *(အဆိုးခန္ဓာပါဘုရား)*။ ဒါဖြင့် ဒီရုပ်နာမ်ခန္ဓာမှာ လိုရင်း ချုပ်ပြီးရှာလိုက်တဲ့အခါကျတော့ အကြောင်းနဲ့အကျိုး နှစ်မျိုးပဲရှိတယ်. . . တဲ့။ ရုပ်နာမ်နှစ်မျိုးပဲရှိတယ်။

အဲဒီ ရုပ်နာမ်နှစ်မျိုးပဲရှိတဲ့အကြောင်းကို *ရှင်သာရိပုတ္တရာကိုယ်တော် မြတ်တရားရှာထွက်ပြီးတော့ လာလိုက်တော့ အရှင်အဿဇိက ဖြေလိုက်တယ်။ ဘုန်းကြီးတို့ ဒကာဒကာမတွေ အရှင်သာရိပုတ္တရာ, အရှင်မဟာမောဂ္ဂလာန်

* ဓမ္မ-၄-၁၊ ၅၆။

http://www.dhammadownload.com



ကိုယ်တော်မြတ်အလောင်းတွေ တရားရှာထွက်လာကြတယ်ဆိုတာ အားလုံး ကြားဖူးနေကြတယ်၊ မြတ်စွာဘုရားက ရာဇဂြိုလ်မှာပွင့်နေပြီ၊ အဲဒီ ရာဇဂြိုလ်မှာပဲ တခါတော့ တောင်ထိပ်ပွဲသဘင်ကြီး ကျင်းပတယ်၊ အဲဒီ တောင်ထိပ်ပွဲသဘင်ကြီး ကျင်းပတော့ ဥပတိဿဆိုတဲ့သူဌေးသားနဲ့ ကောလိတဆိုတဲ့သူဌေးသား၊ ရှင်သာရိပုတ္တရာနဲ့ ရှင်မောဂ္ဂလာန်အလောင်း။ ငယ်နာမည်က အရှင်သာရိပုတ္တရာ အလောင်းက ဥပတိဿ၊ အရှင်မောဂ္ဂလာန်က ကောလိတ၊ သူဌေးသားတွေမို့လို့ ပစ္စည်းဉစ္စာကလည်း အင်မတန် ပေါများကြွယ်ဝကြတယ်။

ဒီတော့ ဥပတိဿသူဌေးသား သွားရာ၊ လာရာစီးဖို့ဆိုပြီးတော့ သူကိုယ်တိုင်စီးဖို့ ရွှေထမ်းစင်ရော၊ သူ့အခြံအရံတွေကလည်း စီးပြီးတော့လိုက်ကြဖို့ ထမ်းကြဖို့ဆိုပြီးတော့ ရွှေထမ်းစင် ငါးရာ။ ကောလိတဆိုတဲ့ သူဌေးသားမှာကျတော့ အာဇာနည်မြင်း က,တဲ့ ရထားငါးရာ အခြံအရံရှိတယ်။ အဲဒါ တစ်နေ့တော့ သူတို့ ရာဇဂြိုဟ်မြို့ရဲ့တောင်ထိပ်ပွဲသဘင်ကြီး ကျင်းပလို့ ပွဲကြည့်ကြတယ်။ ပွဲကြည့်ပြီးတော့နေရင်းနဲ့ နောက်ဆုံးတော့ ရယ်စရာရှိရင် ရယ်လိုက်ကြ၊ သာယာစရာရှိရင် သာယာလိုက်ကြ၊ ဆုပေးစရာရှိ ဆုပေးလိုက်ကြ။

ဒီနေ့တော့ သူတို့နှစ်ယောက်ဟာ ပွဲခင်းကြီးကြည့်ပြီးတော့ ပရိသတ်ကြီး ကြည့်ပြီးတော့ "ဩော်. . . တို့တွေ အကာပစ္စည်းတွေနဲ့ မွေ့လျော်ပျော်ပိုက်နှစ်ခြိုက်ပြီးတော့ နေမိကြပြီ. . .။ အကာပစ္စည်းတွေကို ရှာမှီးပြီးတော့နေရင်းနဲ့အနှစ် တရားကိုမရဘဲနဲ့နေကြပြီ. . .။ ယခု ဟောဒီပွဲခင်းကြီး တစ်ခုလုံးမှာရှိနေတဲ့ ပရိသတ်ကြီး၊ ထောင်ပေါင်းများစွာသော သောင်းပေါင်းများစွာသော ပရိသတ်ကြီး တစ်အုပ်လုံးဟာ-

အန္တောဝဿ သတံ သဗ္ဗေ, လောကေ သကမ္မုနိဿိတာ၊
မရဏံ တံ ဂမိဿန္တိ, သတ္တာနံ ဟိ မတံ ဓုဝံ။

သကမ္မုနိဿိတာ-ကိုယ်စီအလုပ်, ကိုယ်စီအားထုတ်၍, နေကြကုန်သော၊ သကမ္မုနိဿိတာ-ကောင်းကောင်းဆိုးဆိုး, အမျိုးမျိုးသော ကုသိုလ်ကံ, အကုသိုလ်ကံတရားကို, အမှီရ၍နေကြကုန်သော၊ သဗ္ဗေ-အလုံးစုံသော, သူသူငါငါ, သတ္တဝါတို့သည်၊ အန္တောဝဿသတံ-အနှစ်တစ်ရာအတွင်း၌၊ မရဏံ-ကုန်ခြင်း, ပျက်ခြင်း, သေခြင်းသဘောသို့၊ ဂမိဿန္တိ-ရောက်ကြရကုန်လိမ့်တကား. . .။

သူတို့ ပွဲကြည့်နေတဲ့ ပရိသတ်ကြီးကြည့်ပြီးတော့ "ဩော်. . . မင်းသားမင်းသမီးလေးတွေ ကတာကြည့်ပြီးတော့ ပျော်လိုက်ကြ။ လူရွှင်တော်တွေ ပျက်တာတွေကြည့်ပြီးတော့ တဝါးဝါးနဲ့ လက်ခုပ်လက်ဝါးများတီးပြီးတော့ ရယ်လိုက်နဲ့

http://www.dhammadownload.com



ပျော်လိုက်, ရွှင်လိုက်, ငိုလိုက်, ရယ်လိုက်, ဆုပေးလိုက်နဲ့ နေကြသော်လည်း. . .။ ယနေ့ ပရိသတ်ကြီးနှင့်တကွ ငါတို့တစ်တွေ အကာပစ္စည်းဖြစ်ကြလေသောကြောင့်၊ အကာကို ရှာမှီးနေကြသောကြောင့် အားလုံးကုန်ပျောက်ပြုန်းတီး ပျက်စီးကြမည့်သဘောတွေပဲ. . .။ အကာကိုရှာရင်းနဲ့ ဖတ်ဖတ်မောလာခဲ့ကြ" ဒီလို ပွဲကြည့်ရင်းနဲ့ သူဌေးသားနှစ်ယောက် သံဝေဂဖြစ်ပြီးတော့ အဲဒါ သူတို့ နှစ်ယောက် တိုင်ပင်ကြတယ်။

***မယံ ခေါ ဧကံ မောက္ခဓမ္မံ သာရဓမ္မံ ပရိယေသိဿာမ. . .။**

မယံ-ကျွန်ုပ်တို့နှစ်ယောက်တို့သည်၊ ဧကံ-တစ်မျိုးသော၊ မောက္ခဓမ္မံ သာရဓမ္မံ-အနှစ်ရှိမည့်တရား, လွတ်မြောက်မည့်တရားကို၊ ပရိယေသိဿာမ-ရှာမှီးကြကုန်စို့. . .။ "ကျုပ်တို့နှစ်ယောက် အနှစ်ရှိတဲ့ တရားရှာကြစို့ရဲ့. . . အနှစ်တရား ရှာကြစို့ရဲ့။ ကျုပ်တို့ အကာတွေကိုရှာရင်းနဲ့ အချိန်ကုန်လာကြတာ များလှပြီ. . .တဲ့ သံသရာစခန်း တလျှောက်လုံးကလည်း ပင်ပန်းလာခဲ့ကြပြီ။ အခုလည်းပဲ အကာတွေနဲ့ ပျော်မွေ့နှစ်ချိုက် ပျော်ပိုက်ပြီးတော့နေလိုက်ရင် ကျုပ်တို့ ဒုက္ခပင်လယ် ဝေလိမ့်မယ်. . .။ ဒီတော့ အနှစ်ရှာကြစို့ရဲ့"လို့ ဆိုပြီးတော့ အဲဒါ လမ်းခွဲပြီးတော့ တစ်ယောက်ကအနှစ်တွေ့ရင် တစ်ယောက်ပြောကြစတမ်းဆိုပြီးတော့ ရသေ့ပရိဗိုဇ်အသွင်ယူပြီးတော့ ထွက်လာလိုက်ကြတာ အရှင်သာရိပုတ္တရာအလောင်း ဥပတိဿပရိဗိုဇ်က ရာဇဂြိုဟ်မြို့ထဲဝင်လာတော့ ရာဇဂြိုလ်မြို့ထဲမှာ မြတ်စွာဘုရားရဲ့တပည့်သာဝကထဲက, ပဉ္စဝဂ္ဂီငါးဦးထဲက အရှင်အဿဇိမထေရ်က ဆွမ်းခံကြွပြီးတော့ လာတယ်။

ဒီတော့ ဆွမ်းခံကြွလာတော့ အဲဒီဆွမ်းခံကြွလာတဲ့အသွင်ကို မြင်တော့ ဣန္ဒြေရှိပုံ, စက္ခုန္ဒြေချပုံ, သွားပုံလာပုံ ဣန္ဒြေအကဲခပ်မိတာနဲ့ "*ဧကန္တ ဤပုဂ္ဂိုလ်ရဲ့ အတွင်းမှာတော့ အနှစ်တရားရှိတယ်. . . ရှိပေလိမ့်မယ်*"လို့ ဆိုပြီးတော့ အရှင်သာရိပုတ္တရာအလောင်းက နောက်ကနေပြီးတော့ လျှောက်လိုက်သွားပြီး၊ နောက်ဆုံး အရှင်အဿဇိ ဆွမ်းစားတဲ့နေရာမှာ, သူ ရေလေးဘာလေး ကပ်လှူပြီးတော့ ပြုစုလုပ်ကျွေးပြီးတော့မှ နောက်ဆုံး "အရှင်ဘုရားက ဘာတရားများ သိထားပါသလဲ၊ အရှင်ဘုရားရဲ့ ဆရာကဘယ်သူပါတုန်း၊ အရှင် ဘုရား ဘယ်သူ့တရားကို နှစ်သက်ပါသတုန်း၊ အရှင်ဘုရားသိတဲ့ တရားများရှိရင် ပြောတော်မူပါ. . ."လို့ မေးတော့မှ အရှင်အဿဇိမထေရ်က ဘာပြောလိုက်တုန်း-

---

* အမှေ ဟိ ပန ဧကံ မောက္ခဓမ္မံ ပရိယေသိတုံ ဝဋ္ဋတိ--ဓမ္မ-၄-၁၊ ၅၇။

http://www.dhammadownload.com



* ယေ ဓမ္မာ ဟေတုပ္ပဘဝါ, တေသံ ဟေတုံ တထာဂတော" အာဟ. . .။

ယေ ဓမ္မာ-အကြင်ခန္ဓာငါးပါး, ရုပ်နာမ်တရားတို့သည်၊ ယေ ဓမ္မာ-ဤကမ္ဘာလောကအတွင်း, ခပင်းများစွာ, ရှိရှိသမျှ, ရုပ်နာမ်ဓမ္မ, သင်္ခါရတရားမှန်သမျှတို့သည်၊ ဟေတုပ္ပဘာဝါ-အကြောင်းကိုစွဲ၍, ရုတ်ကနဲရုတ်ကနဲ, ပေါ်နေကြတဲ့ အကျိုးတရားတို့သည်သာလျှင်၊ ဟောန္တိ-မုချမသွေ, ဖြစ်ကြပါပေကုန်သတည်း. . .။

သာဓု. . . သာဓု. . . သာဓုပါဘုရား. . .။

မိတ်ဆွေ. . . တဲ့ လောကကြီးမှာ ဘယ်လောက်ပဲ လူတွေ, နတ်တွေ, ဗြဟ္မာတွေ, သတ္တဝါတွေနဲ့ သက်ရှိ,သက်မဲ့အရာဝတ္ထုတွေ ဘယ်လောက်ပဲများနေနေ လောကကြီးထဲမှာ အကြောင်းအရာဝတ္ထုတွေ ဘယ်လောက်ပဲ များနေနေ လောကကြီးထဲမှာ အကြောင်းတရား အကျိုးတရားဆိုတဲ့ ဒီနှစ်ပါးကို နှုတ်ပယ်လိုက်ရင်, လောကကြီးထဲမှာ ဘာမှမရှိတော့ဘူး. . . တဲ့။ အဲဒီ အကြောင်းတရား အကျိုးတရားနှစ်ပါးတို့သည်သာလျှင် လောကကြီးမှာ သူကောင် ငါကောင် ပုဂ္ဂိုလ်ကောင် ထင်ရအောင် ကျင့်ဆောင်ပြီးတော့ နေကြတယ်. . . တဲ့၊ အကြောင်းနဲ့ အကျိုးပဲရှိတယ်။ အဲဒီ အကြောင်းနဲ့အကျိုးဆိုတာ ဘာပြောတာတုန်းဆိုရင် ရုပ်နာမ်၊ နာမ်ရုပ်ကို ပြောတာ။

ဒီတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အခု ဒီကိုတရားနာရောက်လာကြတယ်၊ ပရိသတ်ကြီး ဘုန်းကြီးတို့ မေးစမ်းပါရစေ၊ တရားနာလာကြတာ တရားနာလာချင်လို့လာတာလား, မလာချင်ပဲလာတာလား? *(လာချင်လို့လာတာပါဘုရား)*။ အဲဒီလာချင်လို့ဆိုတာ နာမ်တရားခေါ်တယ်။ လာချင်လို့ဆိုတာ နာမ်တရားလို့လည်းခေါ်တယ်။ အကြောင်းတရားလို့လည်းခေါ်တယ်၊ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ တရားနာလာတာ လာချင်လို့လာတယ်လို့ဆိုတော့ လာချင်လို့ဆိုတာက အကြောင်းတရား၊ လာတယ်ဆိုတာက အကျိုးတရား။ တရားနာလာတဲ့ကိစ္စမှာ အကြောင်းအကျိုးလေး ဘုန်းကြီးတို့ ပရိသတ်ကြီး ခွဲကြည့်လိုက်စမ်းပါ။ ပစ္စယပရိဂ္ဂဟဉာဏ်လေး ပေါ်အောင်လို့ လာချင်လို့ဆိုတာက အကြောင်းတရား၊ လာတယ်ဆိုတာက အကျိုးတရား၊ လာချင်တာက အကြောင်းတရားလား အကျိုးတရားလား? *(အကြောင်းတရားပါဘုရား)*။ လာတာဟာ အကျိုးတရား။

---

* အပ-၁၊ ၂၇။

http://www.dhammadownload.com



အဲဒီလာချင်တယ်ဆိုတာက နာမ်တရား၊ လာဟန်ပြုတာက ရုပ်တရား။ လာချင်တယ်ဆိုတာ နာမ်တရားခေါ်တယ်၊ ဘာပြုလို့ သူ့နာမ်ခေါ်တုန်းလို့ဆိုတော့ အာရုံရှိရာကို ညွတ်တတ်လို့. . . တဲ့ နာမ်။ နမတီတိ နာမံ-အာရုံရှိရာကို ညွတ်တတ်တယ်၊ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ကိုယ့်အိမ်ကနေ တရားပွဲမလာခင် ရုပ်ခန္ဓာကိုယ်ကြီးကတော့ အိမ်မှာပဲရှိသေးတယ်၊ တရားပွဲဆီကို စိတ်ကလေးက ညွတ်မနေဘူးလား? *(ညွတ်နေပါဘုရား)*။ ဒီအချိန်ဆိုလို့ရှိရင် တရားဟောဖို့နီးပြီထင်တယ်၊ တရားဟောဘုန်းကြီးများ ရောက်နေမလားပဲ၊ မဏ္ဍပ်က ဘယ်လိုပြင်ထားပါလိမ့်မတုန်း၊ ဘယ်လိုနေလိမ့်မယ်နဲ့ဆိုပြီးတော့ ကိုယ့်စိတ်ကူးနဲ့ကိုယ်, ဒီအာရုံဘက်ကို မဏ္ဍပ်ကြီးရှိရာဘက်သို့, ဓမ္မသာလာရှိရာဘက်ကို အိမ်ကနေပြီးတော့ မညွတ်ဘူးလား? *(ညွတ်ပါဘုရား)*။ အဲဒီ ညွတ်တဲ့တရားလေးကို နာမ်လို့ခေါ်တယ်၊ ညွတ်တတ်တဲ့တရားလေး ဘာခေါ်ပါလိမ့်? *(နာမ်လို့ခေါ်ပါတယ်ဘုရား)*။

အဲဒီနာမ်တရားကလာချင်တော့ ရုပ်ခန္ဓာကြီးက လှုပ်ရှားပြီးသကာလ ခြေထောက်တွေလှမ်းပြီးတော့ လက်တွေရမ်းပြီးတော့ ကိုယ်တွေရမ်းပြီးတော့ လာဟန်ပြုတဲ့ အမူအရာပေါ်ရတယ်၊ ဒါဖြင့် လာချင်တာက အကြောင်းတရား၊ လာခဲ့တာက အကျိုးတရား။ တရားနာလာခဲ့တာက အကြောင်းနဲ့အကျိုးနှစ်ပါးလို့ မဆိုနိုင်ဘူးလား? *(ဆိုနိုင်ပါတယ်ဘုရား)*။ အဲဒီအကြောင်းအကျိုးနှစ်ပါးကို ထပ်ပြီးတော့ ပြောလိုက်မယ်ဆိုရင် နာမ်တရားနဲ့ ရုပ်တရားလို့ မပြောနိုင်ဘူးလား? (ပြောနိုင်ပါဘုရား)။ ဒါဖြင့် ဆိုစမ်းပါ-

❖ **လာချင်တာက နမ်, လာဟန်ပြုတာက ရုပ်၊**
**သူမဟုတ်, ငါမဟုတ်, လာတာ နာမ်နဲ့ရုပ်။**
**သဘောသက်သက်, နာမ်နဲ့ရုပ်၊**
**သူမဟုတ်, ငါမဟုတ်, ဖြစ်ပျက်သက်သက် နာမ်နဲ့ရုပ်။**

အခုတရားနာလာခဲ့တဲ့ကိစ္စဟာ နာမ်ရုပ်ရဲ့ကိစ္စ။ တရားနာလာခဲ့တဲ့ကိစ္စဟာ ဘယ်သူ့ကိစ္စပါလိမ့်? *(နာမ်ရုပ်ရဲ့ကိစ္စပါဘုရား)*။ တရားနာချင်တယ်, တရားနာချင်တဲ့ စိတ်ဆန္ဒရှိတယ်, အဲဒီတရားနာလာချင်တဲ့စိတ်ရဲ့ ဆွဲဆောင်မှုကြောင့် တွန်းကန်မှုကြောင့် ဒကာ ဒကာမတွေရဲ့ ခန္ဓာထဲမှာ ဝါယောရုပ်တွေပေါ်ပြီးတော့ လေရုပ်တွေ တွန်းကန်တဲ့ရုပ်တွေ စိတ္တဇခေါ်တဲ့စိတ်ကြောင့်ဖြစ်တဲ့ရုပ်တွေ ပေါ်ပြီးတော့ ခြေထောက်ကြီးလှမ်းပြီးတော့ လက်ကြီးတွေ ရမ်းပြီးတော့ ဒီရောက်မလာဘူးလား? *(ရောက်ပါတယ်ဘုရား)*။ တရားနာလာတာက နာမ်ရုပ်ကိစ္စ မဟုတ်ဘူးလား? *(ဟုတ်ပါတယ်ဘုရား)*။ သို့သော် ယနေ့ ဒကာ ဒကာမတွေက ငါတရားနာလာတယ်လို့ ငါစွဲ မဝင်ဘူးလား? *(ဝင်ပါတယ်ဘုရား)*။

http://www.dhammadownload.com



တရားနာလာတဲ့ကိစ္စက နာမ်ရုပ်ရဲ့ကိစ္စ၊ ကိုယ်က ထင်လိုက်တာက ငါလို့ ထင်တယ်၊ ဟော-နာမ်ရုပ်ရဲ့ကိစ္စကို ငါဝင်ပြီးတော့ထင်တော့ ပရိသတ်ကြီး မှား မသွားဘူးလား? *(မှားပါတယ်ဘုရား)*။ ဦးဖြူလုပ်ထားတဲ့ကိစ္စကို ဦးမဲက ငါလုပ်တဲ့ ကိစ္စလို့ပြောလို့ မှန်သလား, မှားသလား? *မှားပါဘုရား*။ ဦးဖြူလာသယ်ထားတဲ့ အထုပ်ကြီးတစ်ထုပ်ကို ဦးဖြူကသယ်ပြီးတော့ ဒီအပေါ် တင်ထားတယ်။ အဲဒါ ဦးမဲက လာတဲ့ပြီးတော့ ငါသယ်ထားတာပါ, ငါသယ်ထားတာပါလို့ပြောရင် မှန် သလား, မှားသလား? *မှားပါတယ်ဘုရား*။ အဲဒါလိုပဲ ယနေ့ ဒကာ ဒကာမအပေါင်း သူတော်ကောင်းတွေက နာမ်ရုပ်ရဲ့ကိစ္စက သူ့ဟာသူ အလုပ်လုပ်ပြီးတော့ သူ့ အကြောင်းနဲ့သူ့အကျိုး အလုပ်လုပ်ပြီးသကာလ ဒီရောက်အောင်လာတဲ့ နာမ်ရုပ်ရဲ့ ကိစ္စကြီး ငါသွားတယ် ငါတရားနာသွားတယ်၊ ငါထိုင်တယ်လို့ ရုပ်နာမ်ရဲ့ကိစ္စ ငါ မလုပ်ကြဘူးလား? *(လုပ်ကြပါတယ်ဘုရား)*။

❖ ရုပ်နာမ်နှစ်တန်, ဖြစ်ပျက်ဟန်ကို, အမှန်ဒိဋ္ဌ, မမြင်ကြ၍,
ငါထ ငါထိုင်, ငါကိုင် ငါသွား, ငါကြား ငါကြည့်, ငါသိ ငါမြင်,
ခတ်ဖြစ်အင်ကို, ငါလျှင်မုချ, မှတ်ထင်ကြသည်. . .
သက္ကာယဒိဋ္ဌိ အစွဲတည်း. . .။

သက္ကာယဒိဋ္ဌိအစွဲဆိုတာ ရုပ်နာမ်ရဲ့ကိစ္စကို ငါ့ကိစ္စဝင်ဝင်လုပ်တာ၊ အဲဒါ သက္ကာယစွဲလို့ခေါ်တယ်၊ ဒီတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အခုတရား နာလာတဲ့ကိစ္စပင် သက္ကာယဒိဋ္ဌိက မနှောက်ယှက်ဘူးလား? *(နှောက်ယှက်ပါ တယ် ဘုရား)*။ တရားနာသွားတဲ့အလုပ်ကြီးကိုပင်လျှင် သူက ငါဝင်ပြီးတော့ မထင် ဘူးလား? *(ထင်ပါတယ်ဘုရား)*။ ဒါဖြင့် အဲဒီသက္ကာယဒိဋ္ဌိကလေးကို ထုတ်ပယ်ဖို့ အရေးမကြီးဘူးလား? *(ကြီးပါတယ်ဘုရား)*။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက မင်းတို့ သက္ကာယဒိဋ္ဌိကြီးကို သတ်ဟေ့. . . တဲ့၊ သောတာပတ္တိမဂ်ကြီးကို တားနေတာ သူပဲ၊ သစ္စာတရားကို ပိတ်နေတာသူပဲတဲ့၊ သစ္စာတရားဆိုတာ အမှန်ရှိတရားကို သစ္စာတရားခေါ်တာ၊ အမှန်ရှိတရားကို ဘာခေါ်ပါလိမ့်? *(သစ္စာတရားလို့ ခေါ်ပါတယ်ဘုရား)*။ ကဲ-ခုနက တရားနာလာတဲ့ကိစ္စမှာ လာချင်တဲ့နာမ်ရယ် လာ ဟန်ပြုတဲ့ရုပ်ရယ် ဒီနှစ်ခုက အမှန်မရှိဘူးလား? *(ရှိပါဘုရား)*။ အဲဒီ အမှန်ရှိ နှစ်ပါးကို သစ္စာလို့ခေါ်တယ်၊ အဲဒီသစ္စာတရားကြီးကို ငါသွားတယ်လို့ လုပ်လိုက် တော့ ရှိတဲ့ရုပ်နာမ် ရှိတဲ့ရုပ်နာမ်အတိုင်း မသိပါဘဲနဲ့ ဘာမှမရှိတဲ့ငါက ငါထင် လိုက်တော့ ငါဆိုတဲ့အမှားကြီး ဝင်မသိဘူးလား? *(သိပါတယ်ဘုရား)*။ ဒီတော့ အမှန်ရုပ်နာမ် ပျောက်မသွားဘူးလား? *(ပျောက်သွားပါတယ်ဘုရား)*။

http://www.dhammadownload.com



ကဲ-ဒါဖြင့် အဲဒီသစ္စာပေါ်ချင်လို့ရှိရင် တရားနာလာနေတုန်းအခိုက်မှာလည်းပဲ လာတယ်, လာတယ်, သွားတယ်, သွားတယ်၊ လှမ်းတယ်, လှမ်းတယ်လို့ပဲရှုရှု၊ သို့မဟုတ် ရုပ်နာမ်ဖြစ်ပျက်, ရုပ်နာမ်ဖြစ်ပျက်လို့ပဲ ရှုရှု၊ သို့မဟုတ် သိ,ပျက်,လှမ်း, သိ ပျက်၊ ထိ, သိ, ပျက်၊ လှမ်း, သိ, ပျက်၊ ထိ, သိ, ပျက်,လို့ပဲ ရှုရှု။ ဘုန်းကြီးတို့နိုင်ငံမှာ ထင်ရှားနေတဲ့ဆရာတော်ဘုရားကြီးတွေက ပေးထားတဲ့နည်းတွေရှိတယ် မဟာသတိပဋ္ဌာနသုတ်တော်ဆိုတဲ့ ဘုရားရှင်ဟောတော်မူတဲ့ မဟာသတိပဋ္ဌာနသုတ်တော်ကြီးကိုမှီပြီးတော့ ဆရာတော်ဘုရားကြီးတွေက ပေးထားခဲ့တဲ့နည်းတွေရှိတယ်။

အဲဒီနည်းတွေထဲက ဘယ်နည်းနဲ့ပဲ ရှုရှု။ လာတယ် လာတယ်, လှမ်းတယ်, လှမ်းတယ်လို့ ရှုရင်လည်း လှမ်းတဲ့ရုပ်အမူအရာ နာမ်အမူအရာလေး လှမ်းရှုမိရက်ဖြစ်သွားတယ်၊ ရုပ်နာမ်ဖြစ်ပျက်, ရုပ်နာမ်ဖြစ်ပျက်လို့ ရှုရင်လည်းပဲ လှမ်းချင်တဲ့နာမ်ရယ် လှမ်းဟန်ပြုတဲ့ရုပ်ရယ် ဒီနှစ်ခု ရှုမိရက်မဖြစ်ဘူးလား? *(ဖြစ်ပါဘုရား)*။ သို့မဟုတ် လှမ်း, သိ, ပျက်၊ ထိ, သိ, ပျက်၊ လှမ်း, သိ, ပျက်၊ ထိ, သိ, ပျက်နဲ့ လာခဲ့ရင်လည်း လှမ်း, သိ, ပျက်လို့ဆိုတော့ လှမ်းတာရယ် လှမ်းချင်တဲ့နာမ်ရယ်၊ လှမ်းဟန်ပြုတဲ့ရုပ်ကို ဖမ်းရှုလိုက်တာ။ သိတော့ အဲဒါလေးက သိပြီးတော့ ပျက်သွား ပျက်သွားတယ်ဆိုတာလေး သိပျက်ကလေးနဲ့ လာခဲ့တော့ကော ရုပ်နာမ်မိမနေဘူးလား? *(မိနေပါဘုရား)*။ ဒါဖြင့် ဝိပဿနာတစ်ချက်တည့်လို့ ရုပ်နာမ်မိတိုင်း, မိတိုင်း, အမှန်သိရာ မရောက်ဘူးလား? *(ရောက်ပါဘုရား)*။ အဲ့ဒီအမှန်သိတာကို သစ္စာသိတာလို့ခေါ်တယ်၊ အဲဒီသစ္စာသိက လောကီသစ္စာလို့ခေါ်တယ်၊ အနုဗောဓသစ္စာသိလို့ ခေါ်တယ်၊ အနုဗောဓဆိုတာ လောကုတ္တရာမဂ်အားလျော်စွာသိတဲ့ အသိ။

ပဋိဝေဓသိဆိုက်တယ်ဆိုတာ အဲဒီ အနုဗောဓသိတွေများလာရင် ပဋိဝေဓသိ ဆိုက်တယ်။ ပဋိဝေဓသိဆိုတာ ထိုးထွင်းသိ၊ လောကုတ္တရာ, သောတာပတ္တိမဂ်ဖိုလ်ဆိုတဲ့တရားက ဒီလျော်စွာသိတဲ့ အနုဗောဓသိလေးတွေ အားကောင်းလာပြီ, များလာပြီ, အရှိန်ကောင်းလာပြီဆိုရင် လောကုတ္တရာမဂ်က အလိုလိုပေါ်လာမှာ။ ဒီတော့ လောကုတ္တရာ သောတာပတ္တိမဂ် အလိုလိုပေါ်လာဖို့အရေးအတွက် အကြောင်းဖြစ်တဲ့ အနုဗောဓသိ၊ သစ္စာနုလောမိကဉာဏ်လို့ခေါ်တဲ့ လောကုတ္တရာမဂ်နဲ့ နိဗ္ဗာန်ကိုမြင်တဲ့ မဂ်ဉာဏ်ကြီးပေါ်ဖို့အရေးအတွက် ရှေ့ပြေးအဖြစ်နဲ့ လျော်စွာသိတဲ့ အနုဗောဓဉာဏ်၊ ဝိပဿနာဉာဏ်။ ဝိပဿနာဉာဏ် အနုဗောဓဉာဏ် မိမိသန္တာန် များစွာဖြစ်ပွားအောင် ကြိုးစား. . . တဲ့။ ဗောဇ္ဈင်သုတ်မှာ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဘာဝိတော ဗဟုလီကတော. . . တဲ့ မင်းတို့ တစ်ကြိမ်,

http://www.dhammadownload.com



နှစ်ကြိမ်လေး အပျင်းပြေပွားလို့တော့ မရဘူးတဲ့။ ထပ်တလဲလဲ သွားရင်းလာရင်း, စားရင်းသောက်ရင်း, နေရင်းထိုင်ရင်း, ကွေးရင်းဆန့်ရင်း, စသည်ဖြင့် ရုပ်အမူအရာ, နာမ်အမူအရာရှိသမျှ, ရှုပွားပြီးတော့နေခဲ့ရင်, ၂. သစ္စာသိတဲ့အားတွေ များလာခဲ့ရင် တကယ့်မဂ်တရား ဖိုလ်တရားနဲ့ သစ္စာကြီးသိတဲ့အား ပေါ် မလာပေဘူးလား? *ပေါ်လာပါတယ်ဘုရား*။ ကဲ-ဒါဖြင့် ဆိုစမ်းပါအုံး-

❖ **သွားချင်တာက နာမ်, သွားဟန်ပြုတာက ရုပ်,**
**သူမဟုတ်, ငါမဟုတ်, သွားတာ နာမ်နဲ့ရုပ်။**

သွားတာတင်လားလို့ဆိုတော့ အသိတေ ပီတေ ခါယိတေ. . . တဲ့ စားတဲ့နေရာလည်း အတူတူပဲပေါ့၊ စားတယ်ဆိုတာ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ စားချင်လို့စားတာလား, မစားချင်ဘဲ စားတာလား? *(စားချင်လို့စားတာပါဘုရား)*။ စားချင်လို့ဆိုတာ အကြောင်းတရား။ စားတာက အကျိုးတရား။ အရှင်အဿဇိက အရှင်သာရိပုတ္တရာကို ဖမ်းဟောနေတာ၊ ဒီတရား ဖမ်းဟောနေတာ။ ယေ ဓမ္မာ ဟေတုပ္ပဘာဝါ-လောကကြီးထဲမှာ အကြောင်းနဲ့အကျိုးနှစ်ပါး ချည့်ဖြစ်နေတာ. . . တဲ့။ ဒါကလွဲပြီးတော့ မရှိဘူးတဲ့။ ဒီတော့ ပရိသတ်ကြီး ခုစားတာက အကြောင်းတရား၊ စားဟန်ပြုတာက အကျိုးတရားဆိုတော့ကော အကြောင်းနဲ့အကျိုးကလွဲလို့ ရှိသေးလား? *(မရှိပါဘုရား)*။ စားတဲ့ကိစ္စဟာ အကြောင်းနဲ့အကျိုး နှုတ်လိုက်ရင် ရှိသေးလား? *(မရှိတော့ပါဘုရား)*။ အဲဒီ အကြောင်းနဲ့အကျိုးကိုပင် အကြောင်းတရားက နာမ်တရား၊ အကျိုးတရားက ရုပ်တရားလို့ မဆိုနိုင်ဘူးလား? *(ဆိုနိုင်ပါတယ်ဘုရား)*။ ဒါက နာမ်နှင့်ရုပ် ယှဉ်နေပုံ။

တစ်ခါတစ်ခါကျတော့ ရုပ်နဲ့နာမ်ပေါ့၊ ရုပ်ကရှေ့က နာမ်ကနောက်က။ ရုပ်ကရှေ့က နာမ်ကနောက်ကဆိုတာ မြင်တဲ့ကိစ္စ, ကြားတဲ့ကိစ္စ, ခြောက်ဒွါရ ကိစ္စကျတော့ ရုပ်ကရှေ့က နာမ်က နောက်က။ ဘာပြုလို့တုန်းဆိုတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ မျက်စိပေါက်ကနေ မြင်တဲ့စိတ်ကလေးပေါ်တယ်ဆိုတာ ဒကာ ဒကာမတွေရဲ့မျက်လုံးထဲမှာ စက္ခုပသာဒခေါ်တဲ့ မှန်အကြည်ရုပ်ရှိရတယ်၊ အပြင်ဘက်ကလာထင်တဲ့ ရူပါရုံလည်း ရှိရတယ်၊ ရူပါရုံကလည်း ရုပ်တရားပဲ၊ အဆင်း ရူပါရုံတရားရယ်, အတွင်းက မျက်စိအကြည်ရုပ်တရားရယ်, ရုပ်တရားနှစ်ခုမရှိရင် မြင်စိတ်ပေါ်နိုင်သေးလား? *(မပေါ်နိုင်ပါဘုရား)*။ ဒါဖြင့် အပြင်ဘက်က ရူပါရုံ ရုပ်တရား, အတွင်းက စက္ခုပသာဒခေါ်တဲ့ အကြည်ရုပ်တရားနှစ်ပါးက အကြောင်း၊ သူတို့နှစ်ပါး တိုက်ဆုံသည့်အတွက်ကြောင့် မြင်စိတ်ကလေး ဖျတ်ကနဲ ပေါ်လာတယ်ဆိုတော့ အဲဒီမြင်စိတ်ကလေးက အကျိုးလို့ဆိုတော့၊ ရုပ်က အကြောင်း၊ နာမ်က အကျိုး ဖြစ်မသွားဘူးလား? *(ဖြစ်သွားပါတယ်ဘုရား)*။

http://www.dhammadownload.com



ခုနတုန်းကတော့ လာချင်တာက နာမ်အကြောင်းတရား၊ လာတဲ့ရုပ် အမူအရာကြီးက အကျိုးတရားလို့ ရုပ်ကအကျိုး နာမ်ကအကြောင်း မပြောခဲ့ ဘူးလား? *(ပြောခဲ့ပါဘုရား)*။ အခုမြင်တဲ့ကိစ္စကျတော့ နာမ်က အကြောင်းလား, အကျိုးလား? *အကျိုးပါဘုရား*။ ရုပ်က အကြောင်းလား, အကျိုးလား? *(အကြောင်း ပါဘုရား)*။ ရုပ်ကအကြောင်း, နာမ်ကအကျိုး၊ မျက်စိထဲက စက္ခုပသာဒ ခေါ်တာ။ မွေးကတည်းက သန္ဓေကန်းလာခဲ့တဲ့ပုဂ္ဂိုလ် မြင်တဲ့စိတ် ပေါ်သေးလား? *(မပေါ် ပါဘုရား)*။ ရုပ်ချို့နေလို့မို့ မြင်တဲ့စိတ်ပေါ်သေးလား? *(မပေါ်ပါဘုရား)*။ ဒါဖြင့် မျက်စိမှိတ်ထားလို့ရှိရင်, အပြင်ဘက်ကရူပါရုံတွေ မျက်စိထဲ မမြင်အောင် မျက်စိကြီး မှိတ်ထားလို့ရှိရင် အပြင်ဘက်ကရူပါရုံတွေ လာမတိုက်ရင်ကော မြင်စိတ် ပေါ်သေး လား? *(မပေါ်တော့ပါဘုရား)*။ ဒါဖြင့် မြင်စိတ်ပေါ်တဲ့ကိစ္စဟာ ရုပ်နှစ်လုံးတိုက်မှ ပေါ်တယ်ဆိုတာ မသေချာဘူးလား? *(သေချာပါတယ်ဘုရား)*။ ဒါဖြင့် ရုပ်နှစ်လုံး တိုက်ခြင်းက အကြောင်း၊ မြင်စိတ်ပေါ်တာက အကျိုး. . . လို့ဆိုတော့ ရုပ်က အကြောင်း နာမ်ကအကျိုး မလာဘူးလား? *(လာပါဘုရား)*။

အဲဒီလိုအားဖြင့် ရုပ်နာမ်တရားဟူသမျှတို့သည်. . . . သူက အကြောင်း ဖြစ်လိုက်၊ ကိုယ်က အကျိုးဖြစ်လိုက်၊ ကိုယ်က အကြောင်းဖြစ်လိုက်, သူက အကျိုး ဖြစ်လိုက်။ ဂျက်လည်ခံဖြစ်ပြီးတော့နေကြတယ်။ ဘယ်လိုပဲဖြစ်နေနေ မိမိတို့ ရှုဖို့ ရာက ရုပ်နာမ်ဖြစ်ပျက်, ရုပ်နာမ်ဖြစ်ပျက်၊ မြင်တယ်, မြင်တယ်, ကြားတယ်, ကြားတယ်၊ သို့မဟုတ် ရုပ်-သိ, ဖြစ်, ပျက်၊ နာမ်-သိ, ဖြစ်, ပျက်လို့ ရှုပြီးတော့နေ ရင် အကျိုးအကြောင်းတရားလေးတွေမြင်ရင် ရုပ်နာမ်တရားလေးတွေ မြင်နေ တော့ ဒီရုပ်နာမ်တရားတွေရဲ့ ဖြစ်ပြီးတော့ ပျက်သွားပုံလေးတွေ, ပေါ်ပြီးတော့ ပျောက်သွားပုံလေးတွေ မမြင်ရဘူးလား? *(မြင်ရပါဘုရား)*။ သတိပြုပြီးတော့ ရုပ်နာမ်ကိုကပ်ပြီးတော့ ရှုနေပြီဆိုရင် ရုပ်နာမ်ရဲ့ပေါ် ပျောက်သွားပုံလေးတွေ၊ ဖြစ် ပျက်သွားပုံလေးတွေ ဉာဏ်ထဲမှာ မလာဘူးလား? *(လာပါဘုရား)*။ လာပြီဆိုရင် အဲဒီ ရုပ်နာမ်တရားကို မြင်လိုက်တဲ့အတွက်, ရုပ်နာမ်ရဲ့ဖြစ်ပျက်ကို မြင်လိုက်တဲ့ အတွက် ဝိပဿနာတက်လာသည့်နှင့်တစ်ပြိုင်နက်, ရုပ်နာမ်ကို ရုပ်နာမ်လို့ မြင် လိုက်သည်နှင့် တစ်ပြိုင်နက် သက္ကာယဒိဋ္ဌိလို့ဆိုတဲ့ သံသရာကစွဲလာတဲ့ သက္ကာယ ဒိဋ္ဌိ အမှောင်ကြီး လင်းသွားပြီ. . . တဲ့။

နာမရူပ ဝဝတ္ထာနေန သက္ကာယဒိဋ္ဌိ ပဟီနာ ဟောတိ. . .။

နာမရူပ ဝဝတ္ထာနေန-နာမ်ရုပ်နှစ်ပါးကို, ပိုင်းခြားပြီးတော့ သိလိုက် သည်နှင့်တစ်ပြိုင်နက်၊ သက္ကာယဒိဋ္ဌိ-ရုပ်နာမ်ကိုပင်, ငါထင်သူထင်, ပုဂ္ဂိုလ်ထင် ယောကျ်ားထင်, မိန်းမထင်, အရှည်ထင်, အတိုထင်, အဖြူထင်, အမဲထင်,

http://www.dhammadownload.com



တထင်တည်း ထင်လာခဲ့တဲ့ သက္ကာယဒိဋ္ဌိအစွဲကြီးသည်၊ ပဟီနာ ဟောတိ- ပျောက် ပဟာန်အားဖြင့်၊ မုချမသွေ ပယ်ရှင်းပြီး ဖြစ်ပါပေသတည်း. . . ။

သာဓု. . . သာဓု. . . သာဓုပါဘုရား. . . ။

ရုပ်နာမ်ကို ရုပ်နာမ်လို့မြင်လိုက်သည်နှင့် တစ်ပြိုင်နက် သက္ကာယဒိဋ္ဌိက ပယ်ပြီး ဖြစ်သွားပါတယ်. . . လို့ဆိုတော့၊ သက္ကာယဒိဋ္ဌိဆိုတဲ့ အထင်မှားကြီးက ဒကာ ဒကာမတွေသန္တာန်မှာ ဝိပဿနာနဲ့ ကိုယ်ကရှုတိုင်းရှုတိုင်း ပယ်ပြီး ပယ်ပြီး ဖြစ်နေတယ်ဆိုတော့ ဒီသက္ကာယဒိဋ္ဌိအထင်မှားကြီးဟာ တဖြေးဖြေးနဲ့ အားနည်း မသွားပေဘူးလား? *(အားနည်းသွားပါဘုရား)*။ အားနည်း အားနည်းသွား၊ ကျဲကျဲ သွား၊ နည်းနည်းသွားတယ်ဆိုလို့ရှိရင် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ရေထဲ မှော်ဖယ်သလိုပဲ ရေကန်ထဲရေပြင်ကြီးတစ်ခုလုံး မှော်တွေဖုံးပြီးတော့နေတယ်။ အဲဒါ အမျိုးသားတစ်ယောက် အမျိုးသမီးတစ်ယောက်က လက်နဲ့တွန်းဖယ်နန်း၊ တွန်းတွန်းပြီးတော့ မှော်တွေဖယ်တယ်၊ တစ်ချက်ယက်လိုက်ရင်း မှော်တွေ ဘေးကျဲ သွားရင်း၊ တစ်ချက်ယက်လိုက်ရင်း မှော်တွေဘေးကျဲသွားရင်းဆိုတော့ တွန်းပ်များ၊ ယက်ပါများလို့ရှိရင် မှော်တွေအကုန်လုံး ကမ်းကပ်သွားပြီးတော့ ရေကန်ကြီး တစ်ခုလုံး ကြည်မသွားပေဘူးလား? *(ကြည်သွားပါတယ်ဘုရား)*။ ရေကန်ကြီး တစ်ခုလုံး ကြည်သွားခဲ့လို့ရှိရင် ဒီရေကြည်ထဲမှာ ထင်သင့်ထင်ထိုက်တဲ့ ကောင်းကင် က ဖိုးလမင်းကြီးရဲ့သဏ္ဌာန် မထင်ပေဘူးလား? *(ထင်ပါတယ်ဘုရား)*။

အဲဒါလိုပဲ ယနေ့ဒကာ ဒကာမအပေါင်း သူတော်ကောင်းတွေရဲ့ [illegible] တည်းဟူသော ရေကန်ပေါ်မှာ ရေကြည်ပေါ်မှာ သက္ကာယဒိဋ္ဌိဆိုတဲ့ မှော်[illegible]၊ လောဘဆိုတဲ့ မှော်တွေ၊ ဒေါသဆိုတဲ့ မှော်တွေ၊ မောဟဆိုတဲ့ မှော်တွေ၊ မှော်[illegible] မှော်ညှင်းတွေ ဖုံးပြီးတော့နေကြတယ်။ ကိလေသာတည်းဟူသောမှော်တွေ ဖုံးပြီး တော့နေတော့ နိဗ္ဗာန်တည်းဟူသောလမင်းကြီး လာထင်နိုင်ပါ့မလား? *(မထင် နိုင်ပါဘုရား)*။ ဒါဖြင့် နိဗ္ဗာန်တည်းဟူသောလမင်းကြီး လာပြီးတော့ထင်စေချင်ရင် အဲဒီမှော်သေး၊ မှော်ညှင်းတွေ တွန်းဖယ်ပြီးတော့ မပစ်ရပေဘူးလား? *(ပစ်ရပါ တယ်ဘုရား)*။ မှော်သေးမှော်ညှင်းတွေတော့ ကုန်ပါရဲ့ တစ်ချက်ကလေး [illegible] ပြီးတော့ ကမ်းပေါ်တက်ထိုင်နေတယ်ဆိုရင် မှော်တွေပြန်ပြီးတော့ စုမသွားပေဘူး လား? *(စုသွားပါဘုရား)*။ ဒါဖြင့် မှော်သေးမှော်ညှင်းတွေ ဖယ်တဲ့နေရာ တစ်ချက်ပြီး နှစ်ချက်၊ နှစ်ချက်ပြီး သုံးချက်၊ သုံးချက်ပြီး လေးချက် ဆက်[illegible] တွန်းဖယ်ဘို့ အရေးမကြီးဘူးလား? *(အရေးကြီးပါတယ်ဘုရား)*။

http://www.dhammadownload.com



ဒါဖြင့် သက္ကာယဒိဋ္ဌိနှင့်တကွ လောဘ ဒေါသ အစရှိတဲ့မှော်တွေ ဝိပဿနာလက်နက်နဲ့ တွန်းဖယ်ပြီးသကာလ တတ်စွမ်းသမျှ တွန်းဖယ်ပြီးတော့ ပစ်လာမယ်ဆိုရင်, အဲဒီ မှော်သေးမှော်ညွှင်းတွေရှင်းရှင်း, ရှင်းရှင်းသွားရာက နောက်ဆုံးနိဗ္ဗာနဓာတ် တရားမြတ်ဆိုတဲ့ ဖိုးရွှေလမင်းကြီး မိမိတို့ရဲ့စိတ်ဆိုတဲ့ ရေကြည်ထဲမှာလာပြီးတော့ထင်ပြီဆိုရင် အဲဒီမှာ သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာပုဂ္ဂိုလ်ထူးကြီးတွေ ဖြစ်ပြီးတော့ နိဗ္ဗာန်ခေါ်တဲ့အနှစ်တရားကြီးကို ရကြတယ်. . . တဲ့၊ ရကြတယ်၊ ဒါဖြင့် နိဗ္ဗာန်ဆိုတဲ့ အနှစ်တရားကြီးရဲ့လမ်းဟာ ဝိပဿနာလုပ်ငန်းကြီးကလည်း တစ်ခန်းအနေနဲ့ မပါဝင်ဘူးလား? *(ပါပါတယ်ဘုရား)*။ ကဲ ဒါဖြင့်ဆိုလိုက်စမ်းပါ-

❖ **အကာကိုပဲ, အမြဲဖွေရှာ၊ သံသာစခန်း, ပင်ပန်းလှပါ။**
**ကိုယ့်ခန္ဓာတွင်း, ဉာဏ်သွင်းဖွေရှာ, ဖြစ်ပျက်တွေ့,**
**ချမ်းမြေ့နိဗ္ဗူတာ။**

အဲဒီလိုအားဖြင့် မိမိတို့တွေ အကာကိုရှာတဲ့အချိန်နဲ့ 'အနှစ်ကိုရှာတဲ့အချိန်၊ အကာကိုရှာတဲ့အလုပ် အနှစ်ကိုရှာတဲ့အလုပ်လို့ နှစ်လုပ်ပဲရှိတယ်. . . လို့ဘုရားရှင်ကိုယ်တော်မြတ်ကြီး ပါသရာသိသုတ်တော်မှာ ဟောတော်မူတဲ့ ဒေသနာတော်အတိုင်း ယနေ့ အလှူ့ဒါယကာဒကာ အင်ဂျင်နီယာ ဦးလှမြင့်နဲ့ အလှူ့ဒါယိကာမ ဒေါက်တာ ဒေါ်နီနီဝင်းတို့ ဒီနေ့ ဘာလုပ်ငန်းလုပ်ကြပါလဲဆိုရင် အနှစ်ရှာတဲ့အလုပ်ကို လုပ်ကြပါတယ်. . . ။ ဒီနေ့ မင်္ဂလာမဏ္ဍပ်ကြီးများ ဆောက်လုပ်ပြီးသကာလ မင်္ဂလာမဏ္ဍပ် ဓမ္မသာလာမင်္ဂလာမဏ္ဍပ်ကြီး ဆင်ယင်ပြီး, သားရတနာ, တူရတနာလေးတွေကို ရှင်သာမဏေဘောင်ရောက် သွတ်သွင်းချီးမြှောက်ခြင်း၊ သမီးရတနာ တူမရတနာလေးတွေကို နားသမင်္ဂလာနဲ့, သီလရှင်ဝတ်တဲ့ ပဏ္ဍာရက်ပဗ္ဗဇ္ဇမင်္ဂလာ ဆင်ယင်ကျင်းပရင်းနဲ့ ဒီနေ့အလှူ့ဒကာ အလှူ့အမ ဘာလုပ်နေကြသလဲဆိုရင် အနှစ်ရှာတဲ့အလုပ်ကို လုပ်နေကြပါတယ်ဘုရား. . . လို့ မဖြေနိုင်ဘူးလား? *(ဖြေနိုင်ပါတယ်ဘုရား)*။

ဒါကြောင့် တပည့်တော်, တပည့်တော်မတို့သည် ဤကဲ့သို့ အနှစ်ရှာတဲ့အလုပ်တွေကို ယခုလို ကြီးကြီးကျယ်ကျယ် ပြုလုပ်အားထုတ်သောအားဖြင့်လည်းရှာ, နေ့စဉ်နေ့စဉ် မိမိတို့အိမ်မှာလည်း မနက်လင်းလာလိုက်သည်နှင့်တပြိုင်နက်ဘုရားပန်းတော်, ဆွမ်းတော်, ရေချမ်းတော်တွေ ကပ်လို့, ရှိခိုးပူဇော်လို့, သီလဆောက်တည်လို့, မေတ္တာပို့လို့ဆိုပြီးတော့ နေ့စဉ်အားထုတ်နေရင်တော့ အဲဒါအနှစ်ရှာတဲ့အလုပ်ကို နေ့စဉ်လုပ်နေတယ်လို့ မဆိုနိုင်ဘူးလား? *(ဆိုနိုင်ပါတယ်ဘုရား)*။

http://www.dhammadownload.com



အဲဒီလို နေ့စဉ်နေ့စဉ် ဒါန, သီလ, ဘာဝနာဆိုတဲ့ အလုပ်ကြီးသုံးလုပ်နဲ့ ပြုလုပ်အားထုတ်ပြီးတော့နေခဲ့ရင် အနှစ်ကိုရှာနေတဲ့အတိုင်း နောက်ဆုံး အိုတတ်, နာတတ်, သေတတ်တဲ့ပစ္စည်းမဟုတ်တဲ့ အို, နာ, သေလွတ်ရာဖြစ်တဲ့ နိဗ္ဗာနဓာတ်, အနှစ်တရားဓာတ်ကြီးကို လက်ဝယ်ပိုင်ပိုင်, ရရှိနိုင်ကြပြီးသကာလ၊ အို, နာ, သေရေး ဒုက္ခဘေးမှ ကင်းဝေးရာဖြစ်တဲ့ နိဗ္ဗာနဓာတ်တရားမြတ်ကို ရသွား, မြင်သွားကြတဲ့ ဘုရားပစ္စေကာ အရိယာအပေါင်း သူတော်ကောင်းကြီးတွေ, လွတ်မြောက်ရာဖြစ်တဲ့ အို, နာ, သေမှု ဒုက္ခစုကြီးတွေက ကင်းဝေးရာဖြစ်တဲ့ ချမ်းသာကြီးကို ရကြမယ်. . . လို့ အဲဒီလိုမျှော်မှန်းပြီးသကာလ၊ တပည့်တော်တို့ ဒီနေ့ သားရတနာ, တူရတနာ, သမီးရတနာ, တူမရတနာလေးတွေကို အကြောင်းခံပြီးသကာလ တပည့်တော်တို့ အနှစ်ရှာကြပါတယ်။ ရှေးရှေးကလည်းပဲ ဤကဲ့သို့ အနှစ်တရားကို ရှာမှီးတဲ့အလုပ်ကို ပြုလုပ်အားထုတ်ခဲ့ကြပါတယ်။ နောင်လည်းပဲ ဤကဲ့သို့ အနှစ်ရှာတဲ့အလုပ်တွေကို ကြိုးပမ်းအားထုတ်ပြုလုပ်,ပြုလုပ်ပြီးသကာလ၊ ရှေးရှေးသော သူတော်ကောင်းကြီးတွေသန္တာန်မှာ အနှစ်တရားကြီးတွေ ရှိနေကြသလို အနှစ်ရှာတဲ့အလုပ်ကြီးတွေ ရှိနေကြသလို ငါတို့မှာလည်းပဲ အနှစ်ရှာတဲ့အလုပ်ကြီးတွေနဲ့ ပြည့်စုံနေကြပြီ. . . လို့ ဝမ်းသာဖို့ရာ-

ယေဟိ သဒ္ဓါဒိ ဂုဏေဟိ, ဒေဝတာ ဒေဝတံ ဂတာ၊
မယှမ္ပိ တေ သံဝိဇ္ဇန္တိ, အဟော မေ ဂုဏဝန္တတာ။

ဒေဝတာ-စတုမဟာ, ဝတီသာနှင့်, နတ်ရွာခြောက်လီ, ပြဟ္မာ့ပြည်ဝယ်, ကိုယ်စီစံစား, နတ်ပြဟ္မာများနှင့်, ဘုရားပစ္စေကာ, အရိယာမြင့်မြတ်, ဝိသုဒ္ဓိနတ်တို့သည်၊ ယေဟိ သဒ္ဓါဒိ ဂုဏေဟိ-သဒ္ဓါ, သီလ, များသုတနှင့်, စာဂပညာ, စဉ်လာလောက်လုံ, အနှစ်ရှာတဲ့ အကြင်ကျေးဇူးဂုဏ်တို့ကြောင့်၊ ဒေဝတံ-ရောဂါမကပ်, ဥပါဒ်မတွယ်, စားသောက်ဖွယ်ရေး, နေထိုင်ရေးနှင့်, မင်းဘေးစိုးဟာ, ကင်းစင်ကွာလတ်, ပြဟ္မာနတ်နှင့်, မြင့်မြတ်ဖြူလွင်, ဝိသုဒ္ဓိ သူတော်စင်အဖြစ်သို့၊ ဂတာ-ဤလူ့ပြည်မှ, စုတေကြလျှင်, ခဏမနေ, ကပ်ရောက်ကြလေ ကုန်၏၊ ဂတာ-ပါရမီစွမ်းသလောက်, စခန်းပေါက်၍, လှမ်းရောက်တော်မူကြ လေကုန်ပြီ၊

တေ ဂုဏာ-ဝိသုဒ္ဓိစခန်း, ကပ်ခါမြန်းဖို့, အစွမ်းလောက်လုံ, ထိုကဲ့သို့သော ဂုဏ်ပေါင်းစုံတို့သည်၊ မယှမ္ပိ-ဘုရားအကြိုက်, တရားလိုက်၍, အားစိုက်နှစ်လို့, ဤငါ့ကိုယ်မှာလည်း၊ သံဝိဇ္ဇန္တိ-အမြဲမပြတ်, သတိချပ်သဖြင့်, မလပ်ပုံသေ, ရှိကြလေကုန်၏၊ မေ-ဘုရားအကြိုက်, တရားလိုက်၍, အားစိုက်နှစ်လို့, ဤငါ့ကိုယ်၏၊

http://www.dhammadownload.com



ဂုဏဝန္တတာ-သဒ္ဓါသီလ, များသုတနှင့်, စာဂပညာ, စဉ်လာလောက်လုံ, အနှစ်ရှာဖွေတဲ့ ဂုဏ်ပေါင်းစုံရှိသူ၏အဖြစ်သည်၊ အဟော-သံသရာရေး, မျှော်ခေါင်တွေးက, အေးမြရွှင်ပျော်, သာရဖြစ်တဲ့ဂုဏ်တွေရှိသဖြင့်, ဩော်. . . အရတော် လေစွတကား. . . .။

သာဓု. . . သာဓု. . . သာဓုပါဘုရား. . .။

http://www.dhammadownload.com

# ဖောင်တော်ကြီး(၅)ခင်း တရားတော်

ကိုင်း တရားပွဲစရအောင်၊ ဒီနေ့မြန်မာကောဇာသက္ကရာဇ် ၁၃၄၇-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်(၁)ရက်နေ့ညမှာ အမရပူရမြို့၊ စိန်မြို့လယ်ဓမ္မာရုံကြီး၌ ယနေ့ ခင်းကျင်းပြုလုပ်အပ်တဲ့ တရားပွဲသည်ကား အမရပူရ-မန္တလေး အမှတ်(၈)မော်တော်ယာဉ်အသင်းကြီးရဲ့ (၂၉)ကြိမ်မြောက် (၂၉)နှစ်မြောက် စုပေါင်းမဟာဘုံကထိန်ပွဲကြီးကို အကြောင်းပြုပြီးသကာလ ဖြစ်ပေါ်လာတဲ့တရားပွဲ. . . တဲ့ ဒီနေ့ညတရားပွဲက၊ ဒီတော့ တရားပွဲ(၅)ညတိုင်တိုင် ဒကာဒကာမအပေါင်း သူတော်ကောင်းတွေ တရားတော်မြတ်ကို နာယူကြရ၊ ဒီနေရာ ဒီဒေသ ဒီဌာနမှာ၊ အမှတ်(၈)မော်တော်ယာဉ်အသင်းကြီးရဲ့ကောင်းမှုနဲ့ (၅)ညတိုင်တိုင် ဒီနေရာ ဒီဒေသ ဒီဌာနကနေပြီးတော့ တရားမိုးကြီး (၅)ညတိုင်တိုင်ရွာဖျန်းမယ်. . . တဲ့၊ ရွာသွန်းမယ်။

ဒါ တရားနာရောက်လာကြတဲ့ ဒကာဒကာမအပေါင်း သူတော်ကောင်းတွေကို အမှတ်(၈)မော်တော်ယာဉ်အသင်း ဒကာဒကာမအပေါင်း သူတော်ကောင်းတွေက ဓမ္မဒါနတရားအလှူပွဲကြီး ဆင်နွှဲကျင်းပကြတယ်. . ။ ဒါ ဓမ္မဒါန အလှူကြီးပဲ။ တရားနာ ဒကာဒကာမတွေ တစ်လုံးအသိဉာဏ်တိုးတိုး၊ နှစ်လုံး အသိဉာဏ်တိုးတိုး၊ တစ်လုံးပဲ သဒ္ဓါဖြိုးဖြိုး၊ နှစ်လုံးပဲ သဒ္ဓါဖြိုးဖြိုး၊ တစ်လုံးပဲ အသိဉာဏ်ပွင့်ပွင့်၊ နှစ်လုံး,သုံးလုံး,လေးလုံးပဲ အသိဉာဏ်ပွင့်ပွင့်၊ ပွင့်ကြပါစေ. . . ။ သိကြပါစေ၊ သိတဲ့အတိုင်း ကျင့်နိုင်ကြပါစေ၊ ကျင့်တဲ့အတိုင်းလည်းပဲ စခန်းပေါက်၍ လမ်းဆုံးရောက်ကြပါစေလို့ အဲ-မော်တော်ယာဉ်အသင်းကြီးက နှစ်စဉ်နှစ်တိုင်း တရားပွဲတွေထည့်လာခဲ့တာ အခု မဟာဘုံကထိန်ပွဲအနေနဲ့ (၂၉)ကြိမ်မြောက် (၂၉)နှစ်မြောက် မဟာဘုံကထိန်ပွဲကြီးကို အကြောင်းပြုပြီးသကာလ ဒီနေ့ည ပထမဆုံးတရားပွဲ။

ဒီတော့ ဒီနှစ်မှာကျတဲ့ အမရပူရမြို့၊ ပဲ့ပါကျောင်းတိုက် ပုရိမဝါကပ်တော်မူကြတဲ့ သံဃာတော်အရှင်မြတ်များအား ကထိန်သင်္ကန်းကို ပြီးခဲ့တဲ့တန်ဆောင်မုန်း လဆန်း(၈)ရက်နေ့က ဆက်ကပ်လှူဒါန်းကြပြီး ပင့်သံဃာတော်အရှင်မြတ်နှင့်တကွ မိမိတို့ပင့်ဖိတ်ထားအပ်တဲ့ သံဃာတော် ငါးဆယ်ကျော်တို့အားလည်းပဲ မိမိတို့ အသင်းကြီးသို့ ပင့်ဖိတ်ပြီးသကာလ မွန်မြတ်သော ဆွမ်းခဲဘွယ်ဘောဇဉ် ချိုချဉ် အရသာ အဖြာဖြာတို့ဖြင့် သဒ္ဓါပြဌာန်း ဆက်ကပ်လှူဒါန်းကြခြင်း။

http://www.dhammadownload.com



လာမယ့်တန်ဆောင်မုန်းလပြည့်ကျော် (၈)ရက်နေ့မှာလည်းပဲ ယခုန ပြဆိုအပ်ခဲ့တဲ့ ပဲ့ပါကျောင်းတိုက်ရှိ သံဃာတော်အရှင်မြတ်တို့အား မိမိတို့ရည်မှန်းထားအပ်တဲ့ နေ့စဉ်နေ့စဉ် မော်တော်ကားမောင်းရင်း, မော်တော်ကားနောက်က လိုက်ရင်း, မော်တော်ကားကို ထိန်းသိမ်းစောင့်ရှောက်ရင်းနဲ့ မိမိတို့သားစာသမီးစာ မြေးစာ မြစ်စာ ခင်ပွန်းသည်စာ ဇနီးသည်စာ ဆွေဇာမျိုးစာ မင်းစာစိုးစာ ရှာတဲ့ အထဲက ကိုယ်ပိုင်ရိက္ခာပစ္စည်းအနေနဲ့ လုပ်ပိုးပြီးတော့ယူဖို့ နေ့စဉ်နေ့စဉ် စုဆောင်းလာခဲ့ကြတဲ့ ကထိန်အလှူ ကထိန်အလှူအတွက်ရည်မှန်းပြီးတော့ စုဆောင်းကြတဲ့ ကိုယ်ပိုင်ပစ္စည်းရိက္ခာထုပ်တွေကို ဒီနေ့စုပေါင်းပြီးသကာလ မြုပ်နှံသိမ်းဆည်းတဲ့ အနေနဲ့ ပဲ့ပါကျောင်းတိုက်ရှိ သံဃာတော်အရှင်မြတ်တို့အားလည်းပဲ ကထိန်သင်္ကန်းကြီးနှင့်တကွ လှူဖွယ်တန်းဖွယ် အသွယ်သွယ်တို့ကို လှူဒါန်းကြခြင်း။

ဖိတ်မန္တကပြုထားတဲ့ မိတ်ဆွေသင်္ဂဟအပေါင်း သူတော်ကောင်းတွေကို ကျွေးမွေးဧည့်ခံကြခြင်း။ အဲဒီလို (၂၉)ကြိမ်မြောက် (၂၉)နှစ်မြောက် မဟာဘုံ ကထိန်ပွဲကြီးကို အကြောင်းပြုပြီးသကာလ ဒီနေ့ည ပထမဆုံး ညတရားပွဲကြီး ဆင်နွှဲပြီးသကာလ ဓမ္မဒါနပြုကြတယ်. . . တဲ့။ ဒီတော့ ဒီနေ့ည ဘုန်းကြီးက ဘာတရားဟောချင်တုန်းလို့ဆိုတော့ *ဖောင်တော်ကြီးငါးစင်းတရားတော်*၊ ဟော-ဘုန်းကြီးဟောမယ့် ဒီနေ့ညတရားတော်က ဖောင်တော်ကြီးငါးစင်းတရားတော်. . . တဲ့၊ ပရိသတ်ကြီး နာမည်လေးတော့ မှတ်ထားလိုက်စမ်းပါ။ ဖောင်တော်ကြီးငါးစင်းတရားတော်၊ ပရိသတ် ဘာတရားတော်တဲ့တုန်း? *(ဖောင်တော်ကြီးငါးစင်း တရားတော်ပါဘုရား)*။

ဥဒ္ဒဂ်မာ တယော နာဝါ, ဩဟိနာ တတ္ထ နာရုဟာ၊
ဣဓာပိ အနော ဒိဋ္ဌာ, ဧသန္တာနာဂတာရုဟာ။

ဣဓ ကပ္ပေ-ဘဒ္ဒကပ်ဟု, ထွန်းမြတ်ရောင်လင်း, ဤကမ္ဘာအတွင်း၌၊ တယော တိဿော နာဝါ- ကကုသန် ကောဏ, ကဿပဟု, နာမစိုက်ချွန်, အောင်တံခွန်နှင့်, ပြောင်ဝှန်ညီးညီး, သုံးစင်းသော ဖောင်တော်ကြီးတို့သည်၊ ဥဒ္ဒဂ်-မာ-စည်သံမောင်းသံ, မြစ်လုံးလျှံမျှ, ငြိမ့်ညံသဲသဲ, သိမ့်သိမ့်လဲအောင်, မစဲစက်သံ, ဂယက်ညံမျှ, တက်ဆန်တော်မူကြလေကုန်ပြီ၊ တတ္ထ-နိဗ္ဗာန်သောင်မြို့, ဖောင်ကူးတို့သို့, ဆောင်ပို့ကယ်သွင်း, ထိုဖောင်တော်ကြီး သုံးစင်းတို့၌၊ တုမှေ-သံယော ဇဉ်စိး, ခင်မင်ကြီး၍, မငြီးနိုင်ကြ, ဘုံဘဝမှ, မထနိုင်တောင်း, သင်သူတော်ကောင်းတို့သည်၊ အနာရုဟာ(အနာရုဟန္တာ)-ဖောင်ကြီးကိုမျှ, မမြင်ရဘဲ, အလွဲကြီး လွဲလျှက်, ရှောင်လွဲဖီသုံ, မစီးလိုက် ကြရကုန်သည်ဖြစ်၍၊ ဩဟိနာ-အိုလား သေလား, တဖွားဖွားနှင့်, ရှည်လျားမဆုံး, မီးမတုံးမျှ, တဟုန်းဟုန်းတော[illegible], ဘေးကြီးရောက်၍, ထွက်ပေါက်မရ, ကျန်ရစ်ကြရလေကုန်ပြီ။

http://www.dhammadownload.com



ဣစာပတိ-ဂေါတမဟု, နာမစိုက်ချွန်, အောင်တံခွန်နှင့်, ပြောင်ဝှန်ညီးညီး, ယခုတွေ့ကြုံဆဲဖြစ်တဲ့, ဤဖောင်တော်ကြီး၌လည်း၊ ဒိဋ္ဌာ (ဒိဋ္ဌာယေဝ)-ဘုရား ဖောင်မှူး, မဖူးရလိုက်, အထိုက်အလျား, ရှင်တော်ထားခဲ့သည့်, တရား သံဃာ, ရတနာဟု, ရောင်ဝါဝင်းပ, ပွဲပိုင်းမျှကိုသာ, အဝေးက မှုန်မှုန်, အများစုက, မြင်ကြရ ကုန်သည်ဖြစ်၍၊ အဓနာ-ကူးတို့ဖောင်ခ, လက်ဆောင်သဖို့, ဒါနသီလာ, ဘာဝနာ ကောင်းမှု, မစုမထား, လက်ကိုင်ပါးကြလေသောကြောင့်၊ အနာရုဟာ (အနာ ရုဟန္တာ)-ကပ်ခွင့်မရ, တက်ခွင့်မရ, မစီးလိုက်ကြကုန်ဘဲသာလျှင်၊ ဩဟိနာ- ဤမှာဘက်ကမ်း, ဂယက်ကြမ်း၌၊ ပင်ပန်းရိရော်၊ တမော်မော်ဖြင့်, ဟစ်အော် ညည်းတ, ကျန်ရစ်ကြရလေကုန်ပြီ။

တသ္မာ-ထို့ကြောင့်, အနာဂတေ-မေတ္တေမြတ်စွာ, များမကြာမီ, ဆန်လာ လုနီး, ဖောင်တော်ကြီး၌၊ အာရုဟာ(အာရုဟာယ)-အမြန်ခုန်ကူး, ဖောင်တော် ဦးက, စူးစူးမြိုင်မြိုင်, လက်ဦးထိုင်၍, စီးနိုင်ကြခြင်းအကျိုးငှာ၊ ဒါနာဒိပါရမိယော- ကူးတို့ဖောင်ခ, လက်ဆောင်သဖို့, ဒါန သီလာ, ဘာဝနာ စ,တောင်း, ရိက္ခာ ကောင်းတို့ကို၊ သေန္တု-အခွင့်သာဆဲ, အားကုန်လွှဲ၍, အမြဲပုံသေ, စုဆောင်းလိုက် ကြကုန်ရာသတည်း. . . ။

သာဓု. . . သာဓု. . . သာဓုပါဘုရား. . . ။

ယနေ့ အမရပူရ-မန္တလေး အမှတ်(၈)မော်တော်ယာဉ်အသင်းကြီး (၂၉) ကြိမ်မြောက် (၂၉)နှစ်မြောက် မဟာဘုံကထိန် စုပေါင်းပြီးသကာလ ကျင်းပပြုလုပ် နေကြခြင်းဖြင့် ဘာအလုပ်တွေများ လုပ်နေကြပါသလဲ. . . လို့ မေးရင်ဖြင့် အဲဒီ ဖောင်တော်ကြီးငါးစင်းဒေသနာတော်နဲ့ကြည့်ရင် တပည့်တော်တို့ ရိက္ခာကောင်း တွေ စုဆောင်းနေကြပါတယ်. . . ။ ယနေ့ တရားနာပရိသတ်အပေါင်း သူတော် ကောင်းတွေလည်းပဲ တရားပွဲကြီး အားခဲပြီးသကာလ ဆင်နွှဲလာရောက်ပြီးတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဟောပြတော်မူအပ်ခဲ့တဲ့ တရားတော်မြတ်တွေကို, သံဃာတော်အရှင်မြတ်တွေအထံမှ တဆင့်နာယူကြ၊ နာယူလို့ သိကြ၊ သိတဲ့အတိုင်း ကျင့်ကြံကြိုးကုတ် အားထုတ်ကြခြင်းဖြင့် ဘာလုပ်နေကြပါသလဲဆိုရင် တပည့် တော်တို့ ရိက္ခာကောင်းတွေ စုဆောင်းနေကြပါတယ်. . . ။

အမှတ်(၈)မော်တော်ယာဉ် အသင်းသူအသင်းသား ဒကာဒကာမ အပေါင်း သူတော်ကောင်းတွေ (၂၉)ကြိမ်မြောက်တိုင်တိုင် မဟာဘုံကထိန်ပွဲကြီး ဆင်နွှဲကျင်းပပြီးသကာလ လှူဒါန်းပူဇော်ပြီးတော့လာခဲ့တာ ရိက္ခာ ကောင်းတွေ စုဆောင်းပြီးတော့ လာခဲ့ကြတယ်. . . တဲ့၊ ကူးတို့ဖောင်ခ လက်ဆောင်သဖို့ ရိက္ခာ

http://www.dhammadownload.com



ကောင်းတွေ စုဆောင်းခဲ့ကြတယ်၊ ကူးတို့ဖောင်ခ လက်ဆောင်သဖို့ ဖောင်ခ ကူးတို့ခ ရှာကြတယ်. . . တဲ့၊ ရှာကြတယ်။ အဲဒီလို ကူးတို့ဖောင်ခ လက်ဆောင် သဖို့ ဒါန သီလ, ဘာဝနာဆိုတဲ့ ရိက္ခာကောင်းကိုလည်းပဲ စုဆောင်းလိုက် ကြ. . . တဲ့၊ စုဆောင်းလိုက်ကြတဲ့။

ဘာပြုလို့တုန်းဆိုတော့ ဘုန်းကြီးတို့ ဒီနေ့ဟောမယ့်တရားက ဖောင်တော် ကြီးငါးစင်း. . . လို့ ဆိုတဲ့အတိုင်းပဲ ယနေ့ဒကာဒကာမအပေါင်း သူတော်ကောင်း တို့ရဲ့ နေထိုင်ရာ ဤကပ်ကမ္ဘာကြီးမှာ, ဖောင်တော်ကြီးငါးစင်း စည်သံမောင်းသံ မြစ်လုံးလျှံမျှ, စက်သံညီးညီး, တက်ဆန်ဟီးပြီးသွားတော်မူခဲ့ကြတဲ့ ဖောင်တော်ကြီး က လေးစင်း. . တဲ့၊ ဖောင်ကြီးသုံးစင်းက အပြီးဆန်သွားပြီ၊ ဖောင်ကြီးတစ်စင်းက တွေ့နေရဆဲ၊ နောက်ထပ်လာမယ့် ဖောင်တော်ကြီးကလည်းပဲ မကြာခင်ရောက် လာတော့မယ်။

ဣမ ကပ္ပေ-ဘဒ္ဒကပ်ဟု, ထွန်းမြတ်ရောင်လင်း, ဤကပ်ကမ္ဘာအတွင်း၌. . .၊ ယနေ့ဒကာဒကာမအပေါင်း သူတော်ကောင်းတို့ရဲ့နေထိုင်ရာ ဤကပ် ကမ္ဘာကို ဘဒ္ဒကပ်ကမ္ဘာလို့ခေါ်တယ်၊ ဒီနေ့ ဒကာဒကာမတွေနေထိုင်တဲ့ ကမ္ဘာ ကြီးကိုဘဒ္ဒကပ်ကမ္ဘာ၊ဘဒ္ဒကမ္ဘာလို့ခေါ်တယ်၊ဘာပြုလို့ ဘဒ္ဒကမ္ဘာလို့ခေါ်ရတုန်း ဆိုတော့ အကောင်းဆုံးကမ္ဘာမို့ ဘဒ္ဒကမ္ဘာ။ ဘဒ္ဒဆိုတာ-အကောင်းဆုံးလို့ အဓိပ္ပါယ် ထွက်တယ်၊ ကမ္ဘာဆိုတာတော့ ကပ္ပဆိုတဲ့ပါဠိက ပျက်လာတယ်၊ ကပ္ပဆိုတဲ့ အဓိပ္ပါယ်က တစ်စုံတစ်ခုဖြင့် ပိုင်းဖြတ်ထားအပ်တဲ့ တည်နေရာကြီးကို ကပ္ပ. . . လို့ခေါ်တယ်၊ သူ့ရဲ့အဓိပ္ပါယ်အချုပ်ကို ဘာသာပြန်လိုက်ရင် တစ်စုံတစ်ခုဖြင့် ပိုင်း ဖြတ်ထားအပ်တဲ့ တည်နေရာကြီး။

ဘုန်းကြီးတို့ ကမ္ဘာကြီးဟာ သူ့ရဲ့ပတ်ဝန်းကျင်က ရေနဲ့ပိုင်းဖြတ်ထားတာပဲ၊ ရေတွေ, ကောင်းကင်ကြီးတွေ စသည်ဖြင့် တစ်စုံတစ်ခုနဲ့ ပိုင်းဖြတ်ပြီး တော့ထား အပ်တဲ့ အရပ်ကြီး၊ ပိုင်းဖြတ်ထားရုံတင်မကဘူး၊ သတ္တဝါတွေ သက်ရှိတွေ, သက်မဲ့တွေ, သက်ရှိဖြစ်တဲ့လူတွေ, နတ်တွေ, တိရစ္ဆာန်တွေ၊ သက်မဲ့ဖြစ်တဲ့ သစ်ပင် တောတောင်တွေ, အိမ်ရာခြံမြေတွေ အစရှိသည်တို့ရဲ့ တည်ရာကြီး၊ သူ့ကို ကပ္ပလို့ခေါ်တယ်၊ အဲဒီကပ္ပလို့ခေါ်တဲ့ ပါဠိလို့ကပ္ပ မြန်မာလို ကမ္ဘာလို့ခေါ်တဲ့ ကမ္ဘာသည် အကောင်းဆုံးဖြစ်တဲ့ကမ္ဘာမို့လို့ ဘဒ္ဒကမ္ဘာ. . .။

ဘာပြုလို့ သူ့ကိုအကောင်းဆုံးလို့ ပြောရပြန်တုန်းဆိုတော့ ဘုရားငါးဆူ ပွင့်တော်မူတာမို့လို့ အကောင်းဆုံးကမ္ဘာ၊ သာသနာရောင်ကြီး ငါးကြိမ်တိုင်တိုင် ဝင်းလက်ဖော်ရလို့မို့ ဘဒ္ဒကမ္ဘာ၊ အကောင်းဆုံးကမ္ဘာ၊ ဘုရား ရဟန္တာ ပစ္စေကဗုဒ္ဓါ,

http://www.dhammadownload.com



အင်္ဂသာဝက မဟာသာဝက အစရှိတဲ့ အရိယာသူတော်ကောင်းကြီးတွေ၊ ရဟန်း ယောကျ်ား ရဟန်းမတွေအဖြစ်နဲ့ ဒီကမ္ဘာကြီး ဖျက်စီးခင်အတွင်း ငါးကြိမ်တိုင်တိုင် ပေါ်ထွန်းပြီးတော့လာမှာမို့လို့ ဘဒ္ဒကမ္ဘာ၊ ဟော ဘာပြုလို့ကောင်း ဘာကုန်းဆို တော့ ဘုရားငါးဆူပွင့်လို့ ကောင်းတဲ့ကမ္ဘာ၊ သာသနာ့အလင်းရောင်ကြီးတွေ ငါးကြိမ်တိုင်တိုင် အမှောင်ခွင်းပြီးတော့ အလင်းရောင်ကြီးတွေ ထွန်းလင်း, ထွန်း လင်းပြီးတော့လာလို့ အကောင်းဆုံးကမ္ဘာ။ ရဟန္တာယောကျ်ား, ရဟန္တာမကြီးတွေ အဖြစ်နဲ့၊ သောတာပန်, သကဒါဂါမ်, အနာဂါမ်တွေအဖြစ်နဲ့၊ ကလျာဏပုထုဇဉ် တွေအဖြစ်နဲ့ (၃၁)ဘုံတည်းဟူသော သံသရာဝဋ်နှောင်ကြီးက ထွက်ပေါက် ထွက် လမ်းကြီး ရကြမှာ၊ ငါးကြိမ်တိုင်တိုင် ရကြမှာမို့လို့ ဘဒ္ဒကမ္ဘာ။ ဘုန်းကြီးတို့ ဥပမာ တစ်ခု-ထောင်ကြီးတစ်ခု, နံရံကြီးတွေ အမြင့်ကြီး၊ အုတ်တံတိုင်းကြီးတွေနဲ့ လှောင်ထားခြင်းခံနေရတဲ့ လူတွေအတွက် ငါးကြိမ်ငါးခါ ထောင်တံခါးကြီးတွေ ဖွင့်ပြီးတော့ လွတ်လပ်ခွင့်ပေးတယ်. . . လို့ဆိုရင်၊ အဲဒီထောင်ကြီးဟာ ကောင်းတဲ့ ထောင်ကြီးပဲ၊ ငါးကြိမ် ငါးခါ, လွတ်ချင်တဲ့သူတွေ လွတ်နိုင်တယ်၊ ထွက်ချင်တဲ့သူတွေ ထွက်ခွင့်သာတယ်၊ ထွက်ချင်တဲ့သူတွေ ထွက်နိုင်ပါတယ်. . . ဆိုပြီးတော့ ငါးကြိမ် ငါးခါ ဒီထောင်ကြီးကို တံခါးဖွင့်ပြီးတော့ အဖမ်းအဆီးမရှိ အချုပ်အနှောင်မရှိ, ထွက်လိုတဲ့သူတွေ ထွက်ကြစေ. . . လို့ လွတ်ငြိမ်းချမ်းသာခွင့်ကြီး ငါးကြိမ်တိုင် တိုင် ဆက်တိုက်ပေးတဲ့ထောင်ကြီးဟာ ကောင်းသောထောင်ကြီး၊ အဲဒါလိုပဲ ယနေ့ ဒကာဒကာမအပေါင်း သူတော်ကောင်းတွေရဲ့နေထိုင်ရာ (၃၁)ဘုံကြီးက ထောင် ကြီးနဲ့ တူတယ်၊ ဒကာဒကာမတွေနေထိုင်တဲ့ (၃၁)ဘုံကြီးက နှောင်အိမ်ကြီးနဲ့ တူတယ်၊ ထောင်ကြီးနဲ့ တူတယ်. . . တဲ့၊ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက၊

**တယော ဘဝေ အန္ဒုယရဲဝိယ ဒဋ္ဌဗ္ဗံ။**

တယော ဘဝေ-ကာမ, ရူပ, အရူပဟု, ဘဝသုံးစုံ, သုံးဆယ့်တစ်ဘုံ ဆိုတဲ့ ဒီဘုံကြီးကို၊ အန္ဒုယရဲဝိယ-နှောင်အိမ်ကြီးကဲ့သို့၊ ထောင်ကြီးကဲ့သို့၊ ဒဋ္ဌဗ္ဗံ- မှတ်ထိုက်တယ်. . . မှတ်ရမယ်၊ ဒီတော့ ဒကာဒကာမတွေ အခုနေထိုင်တဲ့ (၃၁) ဘုံကြီးက ထောင်ကြီးနဲ့ တူတယ်၊ ဘာနဲ့တူပါလိမ့်? *ထောင်ကြီးနဲ့တူပါတယ်ဘုရား*။ ထောင်ကြီးနဲ့တူတယ်၊ အဲဒီထောင်ကြီးထဲကနေပြီးသကာလ လွတ်ခွင့် လပ်ခွင့်၊ လွတ်လပ်ခွင့်, ငြိမ်းအေးခွင့်, ဒီထောင်ကြီးထဲမှာနေရတော့ အိုဟယ်, နာဟယ်, သေဟယ်, အမျိုးမျိုးသောဒုက္ခတွေခံပြီးတော့ နေရတယ်၊ ဆင်းရဲဒုက္ခတွေ ပွေပြီးတော့နေတယ်။

ဒီ(၃၁)ဘုံထောင်ကြီးထဲကနေပြီးတော့ လွတ်လပ်ခွင့်, ထွက်မြောက်ခွင့် ငါးကြိမ်တိုင်တိုင်ရတယ်. . . လို့ဆိုတာ ဘုရားပွင့်တာကို ပြောတာ၊ ဘုရားပွင့်လို့

http://www.dhammadownload.com



ဘုရားသာသနာတော်ကြီးနဲ့ ကြုံပြီဆိုရင် ဘုရားတစ်ဆူ တစ်ဆူမှာ (၂၄)သင်္ချေနဲ့ ဗိုလ်ချေတစ်သိန်း, ကုဋေတစ်သိန်း ကျွတ်တန်းဝင်ပြီးတော့ ပါသွားကြတာ၊ အဲဒါ ဒီထောင်ကြီးထဲက ထွက်သွားကြတာပဲ၊ ရဟန္တာယောကျ်ားတွေ, ရဟန္တာမတွေ အဖြစ်နဲ့, နတ်တွေ, ဗြဟ္မာတွေ, လူတွေ, ရဟန္တာယောကျ်ားတွေ, ရဟန္တာမတွေ အဖြစ်နဲ့ ကျွတ်တန်းဝင်သွားတော်မူကြတယ်။ အဲဒါ ထွက်သွားကြတာပဲ ထောင်ကြီးထဲက။

အဲဒီလို ထောင်ကြီးထဲက ငါးကြိမ်တိုင်တိုင် ဆက်တိုက်ထွက်ခွင့်ရလေသောကြောင့် ဒီကမ္ဘာကြီးကို ဘဒ္ဒကမ္ဘာ။ ဘုရားငါးဆူပွင့်သောကြောင့် ဘဒ္ဒကမ္ဘာ။ သာသနာအလင်းရောင်ကြီး ငါးကြိမ်ပေါ်သောကြောင့်လည်းပဲ ဘဒ္ဒကမ္ဘာ။ လွတ်လပ်ခွင့်ကြီး ငါးကြိမ်တိုင်တိုင်, လွတ်ငြိမ်းချမ်းသာခွင့်ကြီး ငါးကြိမ် တိုင်တိုင် ရပြီးတော့ လွတ်လပ်နိုင်လို့လည်းပဲ ဘဒ္ဒကမ္ဘာ၊ ဒီတော့ အဲဒီဘဒ္ဒကမ္ဘာဆိုတာ အကောင်းဆုံးကမ္ဘာ ဘုရားငါးဆူပွင့်လို့။

ဒီတော့ ယနေ့ ဒကာဒကာမအပေါင်း သူတော်ကောင်းတွေ သိဖို့ရာက *ကမ္ဘာ နှစ်မျိုးရှိတယ်. . . ဘုရားပွင့်တဲ့ ကမ္ဘာ, ဘုရားမပွင့်တဲ့ ကမ္ဘာလို့ ကမ္ဘာနှစ်မျိုးရှိတယ်၊ ဘုရားမပွင့်တဲ့ကမ္ဘာဆိုတာ သုညကမ္ဘာလို့ စာလိုခေါ်တယ်၊ ဆိတ်သုဉ်းပြီးတော့ အမှောင်ကျနေတဲ့ကမ္ဘာ၊ ဘုရားပွင့်တဲ့ကမ္ဘာကျတော့ အသုညကမ္ဘာ။ ဒီတော့ အဲဒီ[illegible]ရားပွင့်တဲ့ကမ္ဘာ, ဘုရားမပွင့်တဲ့ကမ္ဘာ နှစ်မျိုးမှာ ဘုရားမပွင့်တဲ့ကမ္ဘာတွေကသ[illegible] ခြောက်များစွာဖြစ်ပြီးတော့[illegible]ဘုရားပွင့်တဲ့ကမ္ဘာက တစ်ကြိမ်တစ်ခါလေးမှ ပေါ်တတ်တယ်. . တဲ့၊ ပေါ်တတ်တယ်။ ဘုရားမပွင့်တဲ့ ကမ္ဘာနဲ့ ဘုရားပွင့်တဲ့ကမ္ဘာရဲ့အချိန်ကာလကို နှိုင်းဆပြီးတော့ ကြည့်ရမယ်ဆိုရင်။

*ကမ္မ ကပ္ပေ-ဘဒ္ဒကပ်ဟု, ထွဋ်မြတ်ရောင်လင်း, ဤကပ်ကမ္ဘာအတွင်း၌၊* ဘုရားငါးဆူပွင့်တော်မူတဲ့ ဘဒ္ဒကမ္ဘာ၊ ဒီတော့ ဘုရားပွင့်တဲ့ ကမ္ဘာတွေကို ရေတွက်ကြည့်လိုက်ပြန်တော့လည်းပဲ ဘုရားတစ်ဆူပွင့်တဲ့ ကမ္ဘာ၊ ဘုရားနှစ်ဆူပွင့်တဲ့ ကမ္ဘာ၊ ဘုရာသုံးဆူပွင့်တဲ့ ကမ္ဘာ၊ ဘုရားလေးဆူပွင့်တဲ့ ကမ္ဘာ၊ ဘုရားငါးဆူပွင့်တဲ့ ကမ္ဘာ. . . လို့။ ဘုရားပွင့်တဲ့ ကမ္ဘာ ငါးမျိုး ပြားပြန်တယ်. . ။

**❖ တစ်ဆူသာရ, နှစ်မဏ္ဍ, ဝရ သုံးဆူသာ၊**
**သာရ မဏ္ဍ, လေးဆူပြ, ဘဒ္ဒ ငါးဆူလာ. . . တဲ့။**

ဘုရားတစ်ဆူသာပွင့်တဲ့ ကမ္ဘာကျတော့ သာရကမ္ဘာ. . . တဲ့၊ အနှစ်အသားပါတဲ့ ကမ္ဘာလို့ခေါ်ရတယ် ဖြန့်[illegible]။ ဘုရားမပွင့်တဲ့ကမ္ဘာနဲ့ စာလို့ရှိရင် အနှစ်အသားရှိလို့မို့ သူ့သာရကမ္ဘာ၊ "တစ်ဆူသာရ , နှစ်မဏ္ဍ" ဘုရားနှစ်ဆူ

* ဗုဒ္ဓ-၃ ၂၂၉။

http://www.dhammadownload.com



ဆက်တိုက်ပွင့်တော်မူပြီးမှ ကမ္ဘာကြီးပျက်တဲ့ ကမ္ဘာကျတော့ မဏ္ဍကမ္ဘာ၊ အကြည်အနှစ်ရှိတဲ့ကမ္ဘာ၊ ခုနကတော့ အနှစ်အသားပါတဲ့ ကမ္ဘာ၊ အဲဒီအနှစ်အသားထက်ကို ပိုပြီးတော့ကြည်တဲ့အနှစ်ရှိလို့မို့ မဏ္ဍကမ္ဘာ၊ ဘုရားသုံးဆူပွင့်တဲ့ ကမ္ဘာကျတော့ ဝရကမ္ဘာ၊ မွန်မြတ်တဲ့ကမ္ဘာ၊ ဘုရားလေးဆူပွင့်တဲ့ ကမ္ဘာကျတော့ သာရမဏ္ဍကမ္ဘာ. . . တဲ့၊ အနှစ်အသား, အဆီအနှစ်ပြည့်တဲ့ကမ္ဘာ၊ အဲ-ဘုရားငါးဆူပွင့်တော်မူတဲ့ကမ္ဘာကျတော့ ဘဒ္ဒကမ္ဘာ၊ အကောင်းဆုံး,အမွန်ဆုံး အမြတ်ဆုံးကမ္ဘာ။

ဒီတော့ ယနေ့ ဒကာဒကာမအပေါင်း သူတော်ကောင်းတွေနေထိုင်ရာ အခု ဒီကမ္ဘာကြီးက ဘဒ္ဒကမ္ဘာ ဘုရားငါးဆူပွင့်တဲ့ကမ္ဘာမို့လို့။ ဒီနေ့ ဒကာဒကာမတွေနေထိုင်တဲ့ကမ္ဘာကို ဘဒ္ဒကမ္ဘာလို့ခေါ်တယ်၊ ဒီတော့ အဲဒီဘုရားငါးဆူတို့တွင် ဘုရားသုံးဆူက လွန်သွားပြီ၊ ကကုသန်ဘုရား, ကောဏာဂုံဘုရား, ကဿပဘုရားဆိုတဲ့ ဘုရားသုံးဆူက ယနေ့ ဒကာဒကာမတွေ မကြုံလိုက်ကြရဘူး၊ မတွေ့လိုက်တော့ဘူး၊ မဆုံလိုက်တော့ဘူး၊ တွေ့သည့်ဆုံသည့်တိုင်အောင် မိမိတို့က ဘုရားပွင့်တော်မူတဲ့အချိန် မှာ တွေ့ပင်တွေ့ငြားသော်လည်းပဲ လူ့အဖြစ်နဲ့မတွေ့, နတ်အဖြစ်နဲ့မတွေ့ကြရပဲ အပါယ်လေးဘုံသားအဖြစ်နဲ့ တွေ့လိုက်ရတယ်. . . ။ အဲဒီလို အပါယ်လေးဘုံသားအဖြစ်နဲ့တွေ့တာသည်ပင်လျှင် မတွေ့တာလို့ပဲခေါ်မယ်။

အခုဘုရားသာသနာတော်ကြီးရှိနေပေမယ့်လို့ အခု ဟိုနားရှိတဲ့ ခွေးတွေ နွားတွေ ကြက်တွေ ငှက်တွေအဖို့ မတွေ့ဘူးလို့ပဲခေါ်ရတယ်၊ ဒါ့ကြောင့် ယနေ့ ဒကာဒကာမအပေါင်း သူတော်ကောင်းတွေနှင့်တကွ ဘုန်းကြီးတို့တတွေ အဲဒီ ကကုသန်, ကောဏာဂုံ, ကဿပဆိုတဲ့ ဘုရားသုံးဆူ ဖောင်တော်ကြီးသုံးစင်း ဆန်သွားပြီ. . . တဲ့၊ ဆန်သွားပြီ မတွေ့လိုက်ကြရဘူး။ မမြင်လိုက်ကြရတော့ဘူး။

ဣဓ ကပ္ပေ-ဘဒ္ဒကပ်ဟု, ထွန်းမြတ်ရောင်လင်း, ဤကပ်ကမ္ဘာအတွင်း၌ တယော တိဿော နာဝါ-ကကုသန်, ကောဏ, ကဿပဟု, နာမစိုက်ချွန်, အောင်တံခွန်နှင့်, ပြောင်ဝှန်ညီးညီး သုံးစင်းသောဖောင်တော်ကြီးတို့သည်၊ ဥဒ္ဒဂ်-မာ-စည်သံမောင်းသံ, မြစ်လုံးလျှံမျှ, ခြိမ့်ညံသဲသဲ, သိမ့်သိမ့်လဲအောင်, မစဲစက်သံ, ဂယက်ညံမျှ, တက်ဆန်တော်မူကြလေကုန်ပြီ. . . ပဲ့။ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဖောင်ဦးစီး၊ ရဟန်းတော်အရှင်မြတ်တွေ, ရဟန္တာမ အရှင်မြတ်တွေ, သာမဏေ သာမဏေမတွေ, သိက္ခမာန်မတွေဆိုတဲ့ အမျိုးသမီးဘက်က ကိုရင်မရယ်, သိက္ခမာန်မရယ်, ရဟန်းမရယ်လို့ သုံးမျိုးဆိုတဲ့ သီတင်းသုံးဖော်ငါးဦး ညီအကိုမောင်နှမငါးဦးက ဖေါင်သမားတွေ။

http://www.dhammadownload.com



ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဖေါင်မှူးကြီး၊ မဂ္ဂင်ဖေါင်မှူးကြီး၊ အဲဒီ သူ့ရဲ့တပည့်သား ရဟန်းတော်တွေ, ရဟန္တာမတွေ, သာမဏေတွေ, သာမဏေမတွေ, သိက္ခမာန်မတွေက ဖေါင်သမားတွေ. . .။ အဲဒီဖေါင်တော်ကြီးတွေနဲ့ ယနေ့ ဒကာ ဒကာမအပေါင်း သူတော်ကောင်းတို့လို အမျိုးကောင်းသား အမျိုးကောင်းသမီး တွေနှင့်တကွ လူနတ်ပြဟ္မာ သတ္တဝါတွေကို ကယ်တင်ပြီးသကာလ နိဗ္ဗာန်ဆိုတဲ့ တစ်ဘက်ကမ်းသို့ အရောက်လှမ်းပြီးတော့ ကြွတော်မူသွားကြပြီ. . . တဲ့၊ ကြွတော် မူသွားကြပြီ။ ဖေါင်တော်ကြီးသုံးစင်းက ဆန်တက်သွားလို့ မြင်တောင် မမြင်လိုက်ရ တော့ဘူး ဘုန်းကြီးတို့။

တယော တိသော နာဝါ-ကကုသန်, ကောဏ, ကဿပဟု, နာမ စိုက်ချွန်, အောင်တံခွန်နှင့်, ပြောင်ဝှန်ညီးညီး, သုံးစင်းသော ဖောင်တော်ကြီးတို့ သည်၊ ဥဒ္ဓဂ်မာ- စည်သံမောင်းသံ, မြစ်လုံးလျှံမျှ, ခြိမ့်ညံသဲသဲ, သိမ့်သိမ့်လဲအောင်, မစဲစက်သံ, ဂယက်ညံမျှ, ကက်ဆန်တော်မူကြလေကုန်ပြီ . . .၊ ဆန်သွားတော့ ရှိုးရှိုးလေး ငြိမ်ငြိမ်လေး လူမသိသူမသိ ဆန်သွားတာ မဟုတ်ပါဘူး. . . တဲ့။ တရား စည်ကြီးတွေတီးပြီးတော့ တရားမောင်းသံကြီးတွေ ပေးပြီးတော့ သစ္စာလေးပါး စည်ကြီးတွေတီးပြီးတော့ စည်သံတွေ, မောင်းသံတွေ, ခရာသံတွေ, တီးသံတွေ မှုတ်သံတွေ မြိုင်မြိုင်ဆိုင်ဆိုင်ကြီး တီးမှုတ်ပြီးသကာလ ဆန်သွားကြပါ တယ်. . . တဲ့၊ ဆန်သွားကြပါတယ်။ သစ္စာလေးပါးတရားတော်ကြီးတွေ ဟော၊ ဗောဓိပက္ခိယ (၃၇)ပါးတရားတွေ ပြ၊ မဂ္ဂင်ရှစ်ပါးတရား ကြွေးကြော်, အဲဒီလိုအားဖြင့် သုတ္တန် တရား, ဝိနည်းတရား, အဘိဓမ္မာတရားဆိုတဲ့တရားတွေ, နိကာယ်ငါးဖြာဆိုတဲ့ တရားတော်တွေ, ဓမ္မက္ခန္ဓာရှစ်သောင်းလေးထောင်ဆိုတဲ့ တရားတော်တွေ ကြွေး ကြော် အော်ဟစ် ပြောဆိုပြသ ဆိုဆုံးမပြီးတော့ သွားတာကိုပင်လျှင်-

ဥဒ္ဓဂ်မာ- စည်သံမောင်းသံ, မြစ်လုံးလျှံမျှ, ခြိမ့်ညံသဲသဲ, သိမ့်သိမ့်လဲ အောင်, မစဲစက်သံ, ဂယက်ညံမျှ, တက်ဆန်တော်မူကြလေကုန် ပြီ. . .။ စည်သံ မောင်းသံတွေ တီးမှုတ်ပြီးတော့ ဆန်သွားတာ၊ နောက် အဲဒီဖောင်ကြီးသုံးစင်း ဘုန်းကြီးတို့ တတွေ ဘယ့်နဲ့တုန်းလို့ဆိုတော့- တတ္ထ-နိဗ္ဗာန်သောင်ရှိမြို့, ဖောင်ကူး တို့သို့, ဆောင်ပို့ကယ်သွင်း, ထိုဖောင်တော်ကြီးသုံးစင်းတို့၌၊ တုမှေ-သံယောဇဉ်စီး, ခင်မင်ကြီး၍, မညည်းနိုင်ကြ, ဘုံဘဝမှ, မထနိုင်တောင်း, သင်သူတော်ကောင်းတို့ သည်၊ အနာရဟာ(အနာရဟန္တာ)-ဖောင်ကြီးကိုမျှ, မမြင်လိုက်ရဘဲ, အလွဲကြီး လွဲလျက်, ရှောင်လွဲဖီသုံ, မစီးလိုက်ကြရကုန်သည်ဖြစ်၍. . .။

ယနေ့အားလုံးသော တရားနာပရိသတ်အပေါင်း သူတော်ကောင်းတွေ နှင့်တကွ ဘုန်းကြီးတို့တတွေ အဲဒီဖောင်ကြီးသုံးစင်း မြင်တောင်မှမမြင်လိုက်ဘူးတဲ့၊

http://www.dhammadownload.com



စီးဖို့ဆိုတော့ ဝေးလို့ ဖောင်ကြီးတွေ မြင်တောင်မမြင်လိုက်ရဘူး၊ ဘုန်းကြီးတို့ ပရိသတ်ကြီး ဖောင်ကြီးတွေသုံးစီး မြင်လိုက်ရသေးရဲ့လား? *(မမြင်လိုက်ရပါဘုရား)*။ မမြင်လိုက်ရဘူး၊ ဖောင်ကြီးသုံးစင်းကတော့ ဆန်သွားပြီ တိုးတိုးတိတ်တိတ်လေး ကျိတ်ပြီး, လက်သိပ်ထိုး ဆန်သွားတာမဟုတ်ဘူးတဲ့၊ စည်သံမောင်းသံတွေ ညံနေအောင်တီးမှုတ်ပြီးတော့ ဆန်သွားတာ။

သို့သော်ယနေ့ ဒကာဒကာမအပေါင်းသူတော်ကောင်းတွေနှင့်တကွ အားလုံး ဘုန်းကြီးတို့တတွေက ဘယ်ချောင်ကပ်နေတယ် မသိဘူးပေါ့၊ ဟိုက မဂ္ဂင်ဖောင်ကြီးတွေနဲ့ သုံးစင်းသောဖောင်တော်ကြီးတွေ မြစ်ကြောင်းကြီးတွေက နေပြီးတော့ စီးနိုင်တဲ့သူတွေ, စီးခွင့်ရတဲ့သူတွေ, စီးခွင့်ပေး. . . ပြီးသကာလ ကယ်တင်ပြီးသကာလ ဆန်သွားတော်မူကြပေမယ့်လို့ ယနေ့ ဒကာဒကာမအပေါင်းသူတော်ကောင်းတွေနှင့်တကွ ဘုန်းကြီးတို့တတွေက မြစ်နဲ့ဝေးတဲ့အရပ်တွေ ရောက်နေချင်နေမယ်၊ ရောဝတီမြစ်ထဲကနေပြီးတော့ ဖောင်ကြီးနဲ့ဆန်သွားပြီးတော့ စီးချင်တဲ့သူတွေလာကြနော်လာကြနော် ကူးတို့ခပေးနိုင်တဲ့သူတွေ တက်ကြကုက်ကြလို့ခေါ်ပေမဲ့လို့ ဘုန်းကြီးတို့ ရောဝတီမြစ်နဲ့ အဝေးကြီး ဟိုးအရှေ့က တောင်တန်းကြီးတွေဆီရောက်နေ တောကြီးတောင်ကြီးတွေထဲ ရောက်နေရင် ပရိသတ်စီးနိုင်ပါ့မလား? *(မစီးနိုင်ပါဘုရား)*။

သို့မဟုတ် စီးတတ်တဲ့ အနေမျိုးမျိုးကို မရှိဘူးဆိုရင်လည်း၊ စီးတတ်တဲ့ အသိဉာဏ်ကိုမရှိတဲ့ ဒိဋ္ဌာနုဂတ္တွေ အပါယ်လေးဘုံသားတွေ ဖြစ်နေရင် ပရိသတ် စီးလိုက်ရပါ့မလား? *(မစီးရပါဘုရား)*။ ဟာ-အနားကော့ရောက်နေတယ် သင်္ဘောကြီးတွေနားတော့ ရောက်နေပါတယ်၊ ကိုယ်ကလည်း လူဖော့ဖြစ်နေတယ်၊ နတ်တော့ ဖြစ်နေတယ်၊ စီးတတ်တဲ့ အခွင့်လမ်းတော့ရှိပါရဲ့ လက်ထဲက အဲဒီ ကူးတို့ခ ဖောင်ခ လက်ဆောင်သဒ္ဒါရာ ရိက္ခာလုံလုံလောက်လောက် မပေးနိုင်ပြန်ရင်လည်း ပရိသတ် စီးနိုင်ပါ့မလား? *(မစီးနိုင်ပါဘုရား)*။

ဘုန်းကြီးတို့ ဒီနေ့ ဒကာဒကာမတွေ ရထားနဲ့ ရန်ကုန်သွားချင်တော့ ရထားခမှမရှိလို့ရှိရင် မီးရထားခမှ လုံလုံလောက်လောက်မရှိလို့ရှိရင် ရထားက တင်ပဲ့လား? *(မတင်ပါဘုရား)*။ ဒီကနေ့ပြီးတော့ အမရပူရကနေ, မန္တလေးသွားတော့ မော်တော်ကားခမှ ကိုယ့်လက်ထဲ လုံလောက်အောင် မရှိဘူးဆိုရင် မော်တော်ကားကရော တင်မှာလား? မတင်ပါဘုရား၊ အဲဒါလိုပဲ ဘုရားရှင်ကိုယ်တော် [illegible] ကရဂိတ်ဖောင်တော်ကြီးသုံးစင်း စည်သံမောင်းသံ မြစ်လုံးအောင် တီးမှုတ်ပြီးသကာလ ကူးတို့မဖောင်ခ လက်ဆောင်သနိုင်တဲ့သူတွေကို [illegible]ပြီးသကာလ, ကယ်တင်သွားလိုက်တာ, ဖောင်တော်ကြီးတစ်စင်းနိုင်

http://www.dhammadownload.com



(၂၄)သင်္ချေနဲ့ ကုဋေတစ်သိန်းပါသွားတယ်၊ သတ္တဝါတွေ ကျွတ်တန်းဝင်သွားလိုက်တာ၊ ဘုရားတစ်ဆူ တစ်ဆူမှာ (၂၄)သင်္ချေကုဋေတစ်သိန်း သုံးအုပ်စုပါသွား၊ အဲဒီထဲမှာ ဘုန်းကြီးတို့ လက်ကြားယိုနေရစ်ကြတယ်၊ ဘုန်းကြီးတို့တတွေ၊ ဒကာဒကာမအပေါင်း သူတော်ကောင်းတွေ မပါခဲ့ကြဘူး၊ မပါနိုင်ခဲ့ကြဘူး၊ မပါရှိမက အဲဒီဖောင်ကြီးတွေကို။

အနာဂုဟာ(အနာဂုဟန္တာ)-ဖောင်ကြီးကိုမျှ, မမြင်လိုက်ရဘဲ, အလွဲကြီးလွဲလျှက်, ရှောင်လွဲဖီသုံ, မစီးလိုက်ကြရကုန်သည်ဖြစ်၍. . . ။ အဲဒီလို မစီးလိုက်ကြရဘဲ ကျန်နေရစ်တော့ သက်သက်သာသာ ချမ်းချမ်းသာသာများ ကျန်ရစ်သလားလို့ဆိုတော့၊ ဩဟိနာ-အိုလားသေလား, တစ်ဖွားဖွားနှင့်, ရှည်းလျားမဆုံး, မီးမတုံးမျှ, တဟုန်းဟုန်းတောက်, ဘေးကြီးရောက်၍, ထွက်ပေါက်မရ, ကျန်ရစ်ကြလေကုန်ပြီ. . . တဲ့၊ ဘုန်းကြီးတို့တတွေ ကျန်ရစ်တော့ ချမ်းချမ်းသာသာများ ကျန်ရစ်သလားလို့ဆိုတော့ မချမ်းသာဘူး၊ အိုလား သေလား, တစ်ဖွားဖွားနှင့်, ဘဝတွေတစ်ထောင်ဖြစ်ခဲ့တယ်လို့ဆိုရင်, အိုမှုအကြိမ်ကြီး တစ်ထောင် ပရိသတ် မကြုံခဲ့ရဘူးလား? *(ကြုံခဲ့ရပါတယ်ဘုရား)*။

ဘဝပေါင်းတစ်ထောင်ဖြစ်ခဲ့ရတယ်ဆိုရင် နာမှုအကြိမ်ကြီးတစ်ထောင်, သေမှုအကြိမ်ကြီးတစ်ထောင်ကြုံခဲ့ရတယ်. . . ၊ ဒီအိုခြင်း နာခြင်းသေခြင်းဆိုတဲ့ အကြိမ်တွေတစ်ထောင်မကြုံခင်အကြား ချစ်သူတွေနဲ့ ကွဲရလို့, မုန်းသူတွေနဲ့တွဲရလို့, လိုချင်တာတွေမရလို့, အလိုဆန္ဒတွေမပြည့်လို့, ဖြစ်ခဲရတဲ့ဒုက္ခတွေ၊ သားနဲ့စပ်တဲ့ဖြစ်တဲ့ဒုက္ခတွေ၊ သမီးနဲ့စပ်တဲ့ဖြစ်တဲ့ဒုက္ခတွေ မင်းစိုးရာဇာနဲ့စပ်တဲ့ ဒုက္ခတွေ ဆွေနဲ့ မျိုးနဲ့စပ်တဲ့ ဒုက္ခတွေ, အစရှိသည်ဖြင့် ဒုက္ခပေါင်းစုံကြုံပြီးတော့။

ဩဟိနာ-အိုလားသေလား, တစ်ဖွားဖွားနှင့်, ရှည်လျှားမဆုံး, မီးမ တုံးမျှ, တဟုန်းဟုန်းတောက်, ဘေးကြီးရောက်၍, ထွက်ပေါက်မရ, ကျန်ရစ်ကြ လေကုန်ပြီ. . . ဒီတော့ ဘေးကြီးတွေနဲ့, ဘေးပေါင်းစုံနဲ့ပုံပြီးတော့ ကျန်ရစ်ရတာ၊ ဒီတော့ ဘေးပေါင်းစုံနဲ့ပုံပြီးတော့ ကျန်ရစ်ရတော့ အခုလေးနှံပါတ်မြောက် ဖောင်ကြီးကောလို့ဆိုတော့၊ ဣစာဝပိ-ဂေါတမဟု, နာမစိုက်ချွန်, အောင်တံခွန်နှင့်, ပြောင်ဝှန်ညီးညီး, ယခုတွေ ကြုံဆဲဖြစ်တဲ့, ဂေါတမဖောင်တော်ကြီး၌လည်း၊ ဒိဋ္ဌာ (ဒိဋ္ဌာယေဝ)-ဘုရားဖောင်မှူး, မဖူးရလိုက်, အထိုက်အလျား, ရှင်တော်ထားခဲ့သည့်, တရားသံယာ, ရတနာဟု, ရောင်ဝါဝင်းပ, ပဲ့ပိုင်းမျှကိုသာ, အဝေးကမှုန်မှုန်, အများစုက, မြင်ကြရကုန်သည်ဖြစ်၍. . . ။

http://www.dhammadownload.com



အခုလက်ရှိ ဂေါတမဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ ဖောင်တော်ကြီး က ဆန်သင့်သလောက်တော့ ဆန်သွားပြီ. . . တဲ့၊ သို့သော် ဒကာဒကာမ အပေါင်း သူတော်ကောင်းတွေ နောက်ပိုင်းလေး မြင်နေရသေးတယ်၊ ဂေါတမ ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ ဖောင်တော်ကြီးကျတော့ နောက်ပိုင်းလေး ကြုံနေ ကြသေးတယ်၊ **ဣမာပိ**-ဂေါတမဟု, နာမစိုက်ချွန်, အောင်တံခွန်နှင့်, ပြောင်ဝှန် ညီးညီး, ယခုတွေကြုံဆဲဖြစ်တဲ့ ဤဂေါတမ ဖောင်တော်ကြီး၌လည်း။ **ဒိဋ္ဌာ (ဒိဋ္ဌာယေဝ)**-ဘုရားဖောင်မှူး, မဖူးရလိုက်. . . ။

ဂေါတမမြတ်စွာဘုရားရဲ့ ဖောင်တော်ကြီးတော့, သာသနာ့ဖောင်တော် ကြီးတော့, မဂ္ဂင်ဖောင်တော်ကြီးတော့ ဘုန်းကြီးတို့ ဒကာဒကာမအပေါင်း သူတော် ကောင်းတွေ တွေ့တော့တွေ့နေသေးတယ်၊ ကြုံတော့ကြုံနေသေးတယ်၊ မြင်ရ သေးတယ်။ သို့သော် ဖောင်ဦးကထိုင်ပြီးတော့ ဦးစီးခေါင်းဆောင် ပြုတော်မူသွားတဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးတည်းဟူသော ဖောင်မှူးကိုတော့ မဖူးလိုက်ကြရဘူး၊ ပရိသတ်ကြီး, ဘုန်းကြီးတို့တတွေ ဖောင်မှူးဘုရားရှင်ကိုယ်တော်မြတ်ကြီး မြင်လိုက် ရသေးရဲ့လား? *(မမြင်လိုက်ရပါဘုရား)*။ မမြင်လိုက်ရပါဘူး. . . တဲ့။

**ဒိဋ္ဌာ(ဒိဋ္ဌာယေဝ)**-ဘုရားဖောင်မှူး, မဖူးလိုက်ရ. . . ဘုရားဖောင်မှူး ကြီးတော့ မမြင်လိုက်ဘူးတဲ့၊ မမှီလိုက်ဘူး၊ ပရိနိဗ္ဗာန်စံသွားလို့ နေ၌၊ ဘာမှီတာတုန်း, အခုဘာမြင်တာတုန်းလို့ဆိုတော့ ဘုရားဖောင်မှူး, မဖူးလိုက်ရ, အထိုက်အလျား, ရှင်တော်ထားခဲ့သည့်, တရားသံဃာ, ရတနာဟု, ရောင်ဝါဝင်းပ, ပဲ့ပိုင်းမျှကိုသာ, အဝေးကမှုန်မှုန်, အများစုက, မြင်ကြရကုန်သည်ဖြစ်၍. . .

တရားရတနာနဲ့ သံဃာရတနာဆိုတဲ့ ရတနာနှစ်ပါး, ဘုရားရှင်ကိုယ်တော် မြတ်ကြီးက သနားသဖြင့် ထားတော်မူခဲ့လို့ ငါးထောင်သာသနာတည်ရစ်စေသော် . . . လို့ သာသနာတော်ထားတော်မူခဲ့လို့ ယနေ့ တရားတော်မြတ်တွေ သံဃာ တော်အရှင်မြတ်တွေ၊ တရားရတနာနဲ့ သံဃာရတနာဆိုတဲ့ ရတနာနှစ်ပါးကို တွေ့နေကြရသေးတယ်. . . ။ ဒါကြောင့် **ဒိဋ္ဌာ(ဒိဋ္ဌာယေဝ)**-ဘုရားဖောင်မှူး, မဖူးလိုက်ရ, အထိုက်အလျား, ရှင်တော်ထားခဲ့သည့်, တရားသံဃာ, ရတနာဟု, ရောင်ဝါဝင်းပ, ပဲ့ပိုင်းမျှကိုသာ, အဝေးကမှုန်မှုန်, အများစုက, မြင်ကြရကုန်သည် ဖြစ်၍. . . ။

ပရိသတ်ကြီး ယနေ့ ဒကာဒကာမတွေ တွေ့နေတာ ဖောင်ကြီးရဲ့ရှေ့ပိုင်း လား၊ နောက်ပိုင်းလား? နောက်ပိုင်းပါဘုရား။ အဲဒီနောက်ပိုင်းမြင်တာတောင်မှ တစ်ချို့က အဝေးကမှုန်မှုန် မြင်ကြရကုန်သည်ဖြစ်၍. . . ဘုရား, တရား, သံဃာ

http://www.dhammadownload.com



ရတနာသုံးပါးနား ကပ်ရမှန်းမသိ၊ ဘုရားမှန်းမသိ, တရားမှန်းမသိ, သံဃာမှန်းမသိ။ ဘုရားကိုးကွယ်ရမှန်းမသိ, တရားသံဃာကိုးကွယ်ရမှန်းမသိ၊ ကုသိုလ်ကောင်းမှုတွေပြုရမှန်းမသိ၊ လှူရမှန်းမသိ၊ သီလစောင့်ထိန်းရမှန်းမသိ၊ ဘာဝနာပွားရမှန်းမသိတဲ့သူတွေက အဝေးကမှုန်မှုန်မြင်ကြရကုန်သည်ဖြစ်၍. . . ။

အဝေးကနေပြီး မှုန်မှုန်မြင်နေတာ သူတို့က။ ကံကောင်းတဲ့ ဒကာဒကာမ အပေါင်းသူတော်ကောင်းတွေကမှ ဘုရား, တရား, သံဃာ ရတနာသုံးပါးကို အနီးကပ် မြင်နေကြရတယ်။ ဘုရားပူဇော်တတ်ကြ, တရားအတိုင်း ကျင့်ကြံတတ်ကြ, သံဃာတော်တွေ ဆည်းကပ်ဖော်ရကြ, ဆည်းကပ်တတ်ကြတဲ့ သူတွေက အနီးကပ်မြင်တာခေါ်တယ်။ ရတနာသုံးပါးကို ပူဇော်ကိုးကွယ်နေတဲ့သူတွေက အနီးမြင်ခေါ်တယ်၊ ပရိသတ်ကြီး. . . ရတနာသုံးပါးကိုးကွယ်ဆည်းကပ်နေတဲ့ သူတွေက အနီးမြင်လား၊ အဝေးမြင်လား? *(အနီးမြင်ပါဘုရား)*။ အဲ-ရတနာသုံးပါးကို မျက်စိနဲ့မြင်ရုံသာ မြင်ပြီးသကာလ ကုသိုလ်ကောင်းမှုတွေ ပြုရမှန်းမသိ၊ ပြုဖော်မရကြတဲ့သူတွေ, ပြုဖို့ရာ စိတ်မကူးကြတဲ့သူတွေက အဝေးကမှုန်မှုန်မြင်ကြရကုန်သည်ဖြစ်၍. . . ။

ဒီတော့ ဒီနေ့ ကမ္ဘာလောကကြီးထဲမှာ အနီးမြင်တဲ့သူတွေနဲ့ အဝေးမြင်တဲ့သူတွေ အဝေးမြင်တဲ့သူတွေကများတယ်။ ပရိသတ်ကြီး. . ဒီနေ့ ကမ္ဘာလောကမှာ လူသန်းပေါင်းလေးထောင်ကျော်ရှိတယ်လို့ဆိုတယ်၊ အဲဒီ လူသန်းပေါင်းလေးထောင်ကျော်ထဲက ဒီနေ့ မြန်မာနိုင်ငံ ဗုဒ္ဓဘာသာဆိုတဲ့ လူတွေက လူသန်းပေါင်းသုံးဆယ်ကျော်ပဲရှိတယ်၊ အဲဒီလူသန်းပေါင်းသုံးဆယ်ကျော်တောင် ရတနာသုံးပါးကို အကုန်ဆည်းကပ်နေတဲ့သူတွေမဟုတ်ပါ၊ ပရိသတ်ကြီး. . . မြန်မာပြည်မှာရှိ နေတဲ့ လူသန်းပေါင်းသုံးဆယ်, သုံးဆယ်ခြောက်သန်းကျော်ဟာ ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်နေတဲ့သူတွေ အကုန်လုံးဟုတ်ကဲ့လား? *(မဟုတ်ပါဘုရား)*။ ဒါဖြင့် အများစုက အဝေးကနေပြီး မှုန်မှုန်မြင်နေရတယ်ဆိုတာ မသေချာဘူးလား? *(သေချာပါတယ်ဘုရား)*။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာဒကာမအပေါင်းသူတော်ကောင်းတွေ, အမှတ်(၈)မော်တော်ယဉ် အသင်းသူအသင်းသား ဒကာဒကာမအပေါင်း သူတော်ကောင်းတွေ ယနေ့ တရားနာရောက်လာကြတဲ့ ဒကာဒကာမအပေါင်းသူတော်ကောင်းတွေက ရတနာသုံးပါးကို ဆည်းကပ်ဖော်ရကြတယ်၊ တရားနာပြီးတော့ တရားကျင့်ဖော်ရကြတယ်၊ ကျင့်တတ်တယ်၊ အားထုတ်တတ်တယ်၊ သံဃာတော်တွေ ဆည်းကပ်ကိုးကွယ်တတ်တယ်၊ တရားနာတတ်တယ်၊ သံဃာတော်တွေအထံက မသိတာတွေ မေးပြီးတော့ ကျင့်ကြံကြိုးကုတ် အားထုတ်နေကြတယ်လို့

http://www.dhammadownload.com



ဆိုတော့ ဖဲဒီ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေက အနီးမြင်မြင်ကြတယ်။ ဒီတော့ ဖောင်တော်ကြီး အနီးကပ်ပြီးတော့မြင်နေတာ။

ဣဓာပိ-ဂေါတမဟု, နာမစိုက်ချွန်, အောင်တံခွန်နှင့်, ပြောင်ဝှန်ညီးညီး, ယခုတွေကြုံဆဲဖြစ်တဲ့, ဂေါတမဖောင်တော်ကြီး၌လည်း၊ ဒိဋ္ဌာ(ဒိဋ္ဌာယေဝ) ဘုရားဖောင်မှူး, မဖူးရလိုက်, အထိုက်အလျား, ရှင်တော်ထားခဲ့သည့်, တရားသံဃာ, ရတနာဟု, ရောင်ဝါဝင်းပ, ပဲ့ပိုင်းမျှကိုသာ, အဝေးကမှုန်မှုန်, အများစုက, မြင်ကြရကုန်သည်ဖြစ်၍၊ အဝနော-ကူးတို့ဖောင်ခ, လက်ဆောင်သဖို့, ဒါနသီလာ, ဘာဝနာကောင်းမှု, မစုမထား, လက်ကိုင်ပါးကြလေသောကြောင့်၊ အနာရုဟာ (အနာရုဟန္တာ)-ဖောင်ကြီးကိုမျှ, မမြင်လိုက်ရဘဲ, အလွဲကြီးလွဲလျှက်, ရှောင်လွဲဖီသုံ မစီးလိုက်ကြရ ကုန်သည်ဖြစ်၍၊ အဲဒီလိုမစီးလိုက်ကြရဘဲ ကျန်နေရစ်တော့ သက်သက်သာသာ ချမ်းချမ်းသာသာများ ကျန်ရစ်သလားလို့ဆိုတော့၊ ဩဟိနာ-အိုလားသေလား, တစ်ဖွားဖွားနှင့်, ရှည်းလျားမဆုံး, မီးမတုံးမျှ, တဟုန်းဟုန်းတောက်, ဘေးကြီးရောက်၍, ထွက်ပေါက်မရ, ကျန်ရစ်ကြလေကုန်ပြီတကား . . ။

သာဓု . . . သာဓု . . . သာဓုပါဘုရား . . . ။

ယနေ့ ဂေါတမဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ မဂ္ဂင်ဖောင်တော်ကြီး တညိမ့်ညိမ့်နဲ့ ဆန်ပြီးတော့ နေပြီ. . တဲ့၊ လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ထောင့်ငါးရာကျော်ဆီက ဘုရားရှင်ကိုယ်တော်တိုင် ဦးစီးပြီးတော့ ဆန်တုန်းကလည်းပဲ တိုးတိုးတိတ်တိတ်ကလေး ကြိတ်ဆန်တာမဟုတ်ဘူး၊ စည်သံမောင်းသံတွေ, သစ္စာလေးပါးစည်သံမောင်းသံတွေ, မဂ္ဂင်ရှစ်ပါး စည်သံမောင်းသံတွေ, ဗောဓိပက္ခိယတရား (၃၇)ပါး စည်သံမောင်းသံတွေ, ပိဋကတ်သုံးပါးဆိုတဲ့ စည်သံမောင်းသံတွေ, နိကာယ်ငါးဖြာ, ဓမ္မက္ခန္ဓာရှစ်သောင်းလေးထောင်ဆိုတဲ့ စည်သံမောင်းသံတွေ ခြိမ့်ခြိမ့်ညံလို့။

ဒါပေမဲ့လို့ ဘုန်းကြီးတို့ ဒကာဒကာမအပေါင်းသူတော်ကောင်းတွေက မကြားလိုက်ကြဘူး။ ဘာလို့ မကြားရတာတန်းဆိုတော့ ကိလေသာက နားဆို့ထားတယ်၊ ကိလေသာက နားဆို့ထားတော့ ကိလေသာ နားပင်းက ဆို့ထားတော့ မကြားလိုက်ကြဘူး။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကိုယ်တော်တိုင် ပြောသွားတဲ့စကား။ "ငါက. . တဲ့ သစ္စာလေးပါးတရား စည်ကြီးတီးပါတယ်. . . တဲ့ သတ္တဝါတွေက မကြားဘူးတဲ့၊ ဘာပြုလို့ မကြားတာတုန်းဆိုတော့ သူတို့ နားထဲမှာ နားဆို့ တွေ ဆို့ထားတယ်၊ ဘုန်းကြီးတို့ ဒကာဒကာမတွေ နားထဲမှာ ဂွမ်းတွေ အဝတ်တွေများ ဆို့ထားလို့ရှိရင် ကြားသင့်ကြားထိုက်တာ ကြားသေးလား? *(မကြားတော့ပါဘုရား)*။

http://www.dhammadownload.com



အဲဒါလိုပဲ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက သစ္စာလေးပါးတရားစည်ကြီး ငါက ရိုက်တီးတော်မူရွှမ်းပါတယ်. . တဲ့၊ သတ္တဝါတွေက မကြားကြဘူးတဲ့၊ ကြားတဲ့သူ နည်းတယ်. . . အဲဒါ ဘယ်မှာကြည့်ရင်သိတုန်း၊ ဘယ် အတ္ထုပ္ပတ်ကြည့်ရင် သိတုန်းဆိုတော့၊ ဘုန်းကြီးတို့ ဂေါတမဘုရားရှင်ကိုယ်တော်မြတ်ကြီး ဘုရားဖြစ် တော်မူစ ဘုရားစပြီးတော့ဖြစ်တော့ ဥရုဝေလတော ဗောဓိပင်အောက်မှာ ဘုရား ဖြစ်ပြီးတော့ ငါဘယ့်သူ့ကို စ,တရားဟောရမတုန်း. . . လို့ ကြည့်လိုက်တော့ ကျေးဇူးများတဲ့ အာဠာရ, ဥဒက။

သူ သိဒ္ဓတ္ထမင်းသားအဖြစ်က ထွက်လာပြီးတော့ ပထမဆုံးစတင်ပြီးတော့ တရားနည်းခံခဲ့တဲ့ အာဠာရရသေ့၊ ဒုတိယ ဥဒကရသေ့၊ အဲဒီ ရသေ့ကြီးတွေထံ တရားနည်းခံတော့ ဝိပဿနာမပါဘူး သူ့ဟာ၊ သမထနဲ့ချာန်လမ်းဖြစ်နေ၊ ဉာဏ် လမ်းမပါဘူး ချာန်လမ်းဖြစ်နေ။ ဒါနဲ့ အဲဒီက နည်းတော့ခံပြီးတော့ ကျင့်ကြံကြိုး ကုတ်အားထုတ်လုပ်ကြည့်တယ်၊ အားမရလို့ ထွက်ခဲ့တယ်၊ ထွက်ခဲ့ပြီးတော့ ဥရုဝေလတောမှာ အားထုတ်လိုက်တော့ ပဉ္စဝဂ္ဂီငါးဦးက အင်မတန်ကျေးဇူးများ တယ်၊ ရေပူရေချမ်း ကမ်းလှမ်းလို့, အစာရေစာ ရှာကျွေးလို့, ပြုစုလို့, ဂရုစိုက် ကြ၊ အခုလို ပဉ္စဝဂ္ဂီငါးဦးကျေးဇူးများ. . တယ်။ သူတို့ တရားဦးဟောမှပဲ. . . လို့ မုန အာဠာရနဲ့ဥဒက ပထမဆုံး ဟောမယ်လို့ ကြံကြည့်ပါတယ်၊ သူတို့က သေကုန် ပြီ ကွယ်လွန်အနိစ္စရောက်ကုန်ပြီ၊ ဗြဟ္မာ့ပြည်ရောက်ကုန်ပြီ၊ ဗြဟ္မာမှ အရူပဗြဟ္မာ ကြီးတွေ ဖြစ်သွားလို့ တရားလိုက်ဟောလို့မရတဲ့ အဖြစ်မျိုးဖြစ်နေတယ်။

ဒါနဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ပဉ္စဝဂ္ဂီငါးဦး, တရားဦးဟောမှ ပဲ. . . လို့ ဆိုပြီးတော့ အဲဒါ ကောင်းကင်ခရီးက ကြွရင်ကောင်းမလား, ခြေလျှင် ခရီးက ကြွရင်ကောင်းမလား. . . လို့ ကြည့်လိုက်တော့ ခြေလျင်ခရီးကြွလို့ရှိရင် လမ်းမှာ ဥပကဆိုတဲ့ တက္ကဒွန်းကြီးတစ်ယောက်တွေ့မယ်၊ လမ်းမှာတွေ့လို့ရှိရင် အခုတော့ ပါရမီဉာဏ်က နုနေသေးလို့ သူ့ကို ငါတရားစကားပြောလို့ မဖြစ်သေး ဘူး၊ တစ်ချိန်ကျတော့ သူတက္ကဒွန်းဘဝကနေပြီးတော့ အိမ်ထောင်ရက်သား ကျပြီးသကာလ၊ သံဝေဂဉာဏ်တွေဖြစ်ပြီးတော့ ဉာဏ်ရင့်တဲ့အချိန်ကျမှ ငါ သစ္စာ လေးပါးတရားဟောရင် ကျွတ်တန်းဝင်နိုင်မယ့်လမ်း မြင်တယ်. . . တဲ့၊ ဟော- ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဘုရားဖြစ်ဖြစ်ချင်း ကျွတ်ထိုက်တဲ့သတ္တဝါရှာတာ ဥပကတွေ့နေတယ်၊ သို့သော် အခုချိန်မှာ သူ့ကို တရားပေးလို့ တရားဟောလို့ မရသေးဘူးတဲ့၊ သူ့ဉာဏ်က နုနေသေးတယ်တဲ့။

အဲဒါ ကျမ်းဂန်က ဥပမာဘယ့်နဲ့ပေးတုန်းလို့ဆိုတော့ လက်ဖက်ရည် ဖျော်ဖို့ရေနွေးကျိုတဲ့နေရာမှာ ရေမကျက်သေးဘဲနဲ့ ရေနွေးပွက်ပွက် ဆူပြီးတော့

http://www.dhammadownload.com



မကျက်သေးဘဲနဲ့လက်ဖက်ခြောက်ခပ်လို့ရှိရင်တော့ အဲဒီလက်ဖက်ခြောက်ဟာ မနူးမနပ်ဖြစ်တော့ လက်ဖက်ရည်ကောင်းကောင်းသောက်ရမှာ မဟုတ်ဘူး. . တဲ့၊ ရေနွေးက မနူးမနပ် စိမ်းစပ်စပ်ဖြစ်နေတော့ လက်ဖက်ခြောက်တွေလည်း ဒီအတိုင်း အတုံးလိုက်အခဲလိုက်ဖြစ်ပြီးတော့ လက်ဖက်ရည်ဖြစ်မလာဘဲနဲ့ ရေနွေးပျက်ပဲ ဖြစ်မယ်. . . တဲ့၊ ဒီတော့ ရေနွေးတော့ ဒီရေနွေးပဲ၊ မီးနဲ့ကျိုလိုက်လို့ ကျက်ကျက် ဆူလာပြီဆိုမှ ရေနွေးကျလာတယ်၊ ကျက်လာမှလက်ဖက်ခြောက် ခပ်လိုက်တော့ ဒီလက်ဖက်ခြောက်က မိမိအလိုရှိတဲ့ လက်ဖက်ရည်ကိစ္စ ပြီးမယ်. . .။ လက်ဖက်ရည်ကိစ္စရောက်ပြီးတော့ သောက်ရတဲ့ အကျိုးပေါ်မယ်။

အဒါလိုပဲ ဥပကရဲ့ဉာဏ်သည် ယခု အချိန်ခါမှာ သစ္စာလေးပါးဆိုတဲ့ လက်ဖက်ခြောက်ခပ်လို့ မရသေးဘူး။ ဒီတော့ ဥပကရဲ့ဉာဏ်က နုနေသေး . . . လို နေသေးတယ်၊ ဒီဘဝတော့ ဒီဘဝတင်ပဲ၊ ပါရမီလိုနေသေးတယ်လို့ ပြော တား ဒီတော့ ပါရမီဆိုတာ ဉာဏ်ရင့်လာ၊ သဒ္ဓါတွေရင့်လာ၊ ဝီရိယတွေရင့်လာ တစ်ဆင့်ထက်တစ်ဆင့်ရင့်ရင့်လာ၊ ရင့်ရင့်လာ၊ ဒီတော့ ဘုန်းကြီးတို့ ဒကာဒကာမ တွေ့သန္တာန်မှာလည်းပဲ အဲဒီသဘောပဲ၊ အခုတရားနာတယ်လို့ ဆိုတော့ တရားမနာ ခင်ကနဲ့ တရားနာပြီးတာနဲ့တောင် မတူဘူး၊ ကိုယ်ကတော့ ကိုယ့်ဘာကိုတော့ တိုးတယ်လို့မထင်ဘူးပေါ့၊ နေ့တိုင်းတရားနာတရားအားထုတ်လုပ်နေတော့ ဟော-ရေနွေးကျိုနေသလိုပဲ။

ဘုန်းကြီးတို့ ဒကာဒကာမတွေ ရေနွေးများကျိုတော့ မီးထိုးပြီးတော့ ထားလို့ရှိရင် တစ်မနက်ထက် တစ်မနက် ဒီရေနွေးက ကျက်ကျက်, ကျက်ကျက် မလာဘူးလား? *(လာပါတယ်ဘုရား)*။ ကျက်ကျက်, ကျက်ကျက်လာလို့ရှိရင် သူ ကျက်သင့်ကျက်ထိုက်တဲ့ ငါးမိနစ်လောက်ကြာရင်, ဆယ်မိနစ်လောက်ကြာလို့ရှိရင် လက်ဖက်ခြောက်ခပ်လို့ဖြစ်တဲ့ အခြေအနေမျိုးထိ ဒီရေနွေးမရောက်ပေဘူးလား? *(ရောက်ပါတယ်ဘုရား)*။ အဲဒါလိုပဲ ယနေ့ ဒကာဒကာမအပေါင်း သူတော် ကောင်းတွေ တရားကိုနာကြ၊ တရားအားထုတ်ကြ၊ ဟိုကောင်းမှု ဒီကောင်းမှုတွေ ကို ပြုနေကြတယ်လို့ဆိုတာ၊ ကိုယ့်ကိုယ်ကို ရေနွေးကျက်ကျက်ဖြစ်အောင် ကျို နေတာ။

ဒီတော့ နောက်ဆုံးသစ္စာလေးပါး လက်ဖက်ခြောက်ခပ်လို့ရတဲ့အခြေ အနေမျိုးရောက်သွားလို့ရှိရင်, ခပ်လိုက်လို့ရှိရင် ဖြန်းကနဲ ရဟန္တာကိစ္စပြီးတဲ့အဖြစ် ပရိသတ် မရောက်ပေဘူးလား? *(ရောက်ပါတယ်ဘုရား)*။ ဒါဖြင့် ဒကာဒကာမ တွေနေ့စဉ်နေ့စဉ်အားထုတ်နေတဲ့ အလုပ်ဟာကိုယ့်ဘာကိုတော့ မတိုးဘူးလို့ ထင်ချင်ထင်မယ်၊ ရေနွေးကျက်တဲ့သဘောနဲ့ ဥပမာနဲ့ကြည့်ရင် နေ့တိုင်းနေ့တိုင်း

http://www.dhammadownload.com



ပရိသတ်ကြီး မတိုးဘူးလား? *(တိုးပါတယ်ဘုရား)*။ အခုတရားပွဲကြီးကို နာတဲ့အချိန်မှာပဲ၊ တရားမနာခင်က စိတ်စေတနာသဒ္ဓါ ဝီရိယတွေနဲ့, တရားနာပြီးတဲ့နောက်စိတ်စေတနာဝီရိယ တူပါ့မလား? (မတူပါဘုရား)။ တိုးတာလား လျော့တာလား? *(တိုးတာပါဘုရား)*။ ဒါဖြင့် နေ့စဉ်နေ့စဉ် ကိုယ့်ကိုယ်ကို ဒီဥပမာလေးဆောင်ပြီး သိထားရင် နေ့စဉ်တိုးနေအောင်ကြိုးစားဖို့ မလိုဘူးလား? *(လိုပါတယ်ဘုရား)*။

အခု ဥပကကြီး ဘုရားရှင်ကမြင်တယ်၊ အင်း ကောင်းကင်ခရီးကကြွရင် သူနဲ့တွေ့မှာမဟုတ်ဘူး. . . တဲ့၊ သူနဲ့မတွေ့ရင် သူ့စကားပြောလိုက်ရမှာမဟုတ်ဘူး၊ စကားမပြောလိုက်ရလို့ရှိရင် သူတစ်ချိန်ကျတော့ ငါ့ဆီရောက်မှာ မဟုတ်ဘူး. . တဲ့၊ ကြားထဲမှာတော့ သူ့အိမ်ထောင်ရက်သားတွေဘာတွေ ပြုပြီးတော့ ပုထုဇဉ်သဘာဝအတိုင်းလောဘ, ဒေါသ အဖိစီးခံရဦးမယ်လေ. . တဲ့၊ သို့သော် နောင်တစ်ချိန်ကျတော့ သံဝေဂဉာဏ်တွေဖြစ်ပွားပြီးသကာလ, ငါ့အထံမှောက်ရောက်လာပြီးတော့၊ အာသဝေါကင်းကွာရဟန္တာအဖြစ်ရောက်နိုင်တယ်. . . တဲ့၊ ဟောလက်ဖက်ခြောက်ခပ်လို့ဖြစ်မယ့် အခြေအနေမျိုးထိ ရောက်နိုင်တယ်လို့ ဘုရားကမြင်တယ်။

အဲဒါ ရှေးကပါရမီမဟုတ်ဘူး၊ ဒီဘဝပါရမီ၊ ဒီဘဝတင်ကိုပဲ အဲဒီတဆင့်ထက်တစ်ဆင့် ရင့်ရင့်, ရင့်ရင့်လာ, သဒ္ဓါရင့်, ဝီရိယရင့်, ပညာရင့်, သမာဓိရင့်, သတိရင့်,ဆိုတဲ့ ရင့်ရင့် ရင့်ရင့်လာတယ်၊ ရေနွေးကျက်သလို၊ ရေနွေးမီးနဲ့ထိုးပြီးတော့ ကျိုပါများတော့ ရင့်လာသလို, ကျက်လာသလိုဆိုတဲ့ သဒ္ဓါဓာတ်, ဝီရိယဓာတ်, သတိဓာတ်, သမာဓိဓာတ်, ပညာဓာတ်တွေ, လိုတယ် အဲဒါကို ဘုရားကမြင်တော်မူလို့ ခြေလျင်ခရီးကြွလာ၊ ခြေလျင်ခရီးကြွလာတော့ ဥပကနဲ့တွေ့တာပါပဲ၊ ဘုရားမျှော်တဲ့အတိုင်း။

လမ်းတွေ့တော့ ဥပက-က "အမလေး. . . ငါ့ရှင် ချောလိုက်တာပါလား. . . ငါ့ရှင် ချောလိုက်တာပါလား၊ အမလေး. . . ရဟန်းဆိုပေမဲ့လို့ ကျက်သရေရှိလိုက်တာ၊ ကြည်ညိုစရာကောင်းလိုက်တာ၊ အမလေး. . . ငါ့ရှင်က ဘယ်အမျိုးကထွက်လာတာတုန်း၊ ဘယ်သူ့ဆရာတင်ထားတုန်း၊ အခု ဘယ်သွားမလို့တုန်း"နဲ့ အမလေး၊ မြတ်စွာဘုရားရဲ့ ရုပ်ရည်ရူပကာယတော် ချောမောတာ ကြည့်ပြီးတော့ သူက ပီတိဖြစ်ပြီးတော့ ကြည်ညိုလိုက်တာ. . . ဘုရားကို၊ ဒါနဲ့ မေးတာ- "ငါ့ရှင်ကဘယ်ကလာတာတုန်း၊ ဘယ်သွားမလို့တုန်း"နဲ့ ဆိုတော့ သည့်ပြင်အဖြေတွေလည်း ဘုရားကဖြေပါတယ်လေ၊ အခု လိုရင်းအဖြေလေးကို စည်တော်ကြီးတီးတယ်ဆိုတဲ့၊ တရားစည်ကြီးဘုရားတီးတယ်. . . လို့ ဘုရားကိုယ်တော်တိုင်ဖြေတဲ့ စကားလေးကိုပြောရမယ်ဆိုရင် အဲဒီ ဥပကကို ဘုရားရှင်ကိုယ်တော်မြတ်ပြန်ပြောတဲ့စကား။

http://www.dhammadownload.com



* ဓမ္မစက္ကံ ပဝတ္တေတုံ, ဂစ္ဆာမိ ကာသိနံ ပုရံ၊
အန္ဓီဘူတသ္မိံ လောကသ္မိံ, အာဟဉ္ဆံ အမတဒုန္ဒုဘိံ။

ဟော- ဒါ ဘုရားက ဥပကကိုပြောတဲ့စကား-

ဓမ္မစက္ကံ ပဝတ္တေတုံ-တရားတည်းဟူသော, ဓမ္မစကြာတရားကို, လည်ဖို့ရာ၊ ဝါ-တရားစကြာဆိုတဲ့, အကြောင်းအကျိုးလည်ပတ်နေတဲ့ တရားစကြာကြီးကိုလည်ဖို့ရာ၊ ကာသိနံ ပုရံ-ကာသိတိုင်းတို့ရဲ့ နေပြည်တော်ဖြစ်တဲ့, ဗာရာဏသီမြို့တော်ဆီသို့၊ ဂစ္ဆာမိ-သွားမလို့. . . တဲ့၊ ဥပက-ကမေးတာကိုး "ငါ့ရှင်အမလေး. . ချောလိုက်တာ၊ ဘယ်ဘဝကနေရဟန်းပြုလာတာတုန်း, အခုဘယ်သွားမှာတုန်း" နဲ့မေးလို့ "ငါကာသိတိုင်းကြီးရဲ့ နေပြည်တော်, ဗာရာဏသီမြို့ဆီသွားမလို့. . တဲ့၊ ဓမ္မစက္ကဆိုတဲ့ တရားစကြာကြီးကို လှည့်မလို့. . " တဲ့ ဒါ သူ့အထုံရစေချင်လို့ ဘုရားကပြောနေတာ၊ ပြီးတော့ ဘုရားက ဘယ်နဲ့ဆက်ပြောတုန်း-

အန္ဓီဘူတသ္မိံ လောကသ္မိံ, အာဟဉ္ဆံ အမတဒုန္ဒုဘိံ။

အန္ဓီဘူတသ္မိံ-ပုထုဇဉ်ဘဝ, မလွတ်ကြ၍, အကန်းအတိမျှ ဖြစ်၍နေသော၊ လောကသ္မိံ-လူနတ်ပြဟ္မာ, သတ္တဝါနှင့် တကွဖြစ်သော သတ္တလောကအတွင်း၌၊ အမတ ဒုန္ဒုဘိံ-အမြိုက်စည်တော်ကြီးကို၊ အာဟဉ္ဆံ-ကောင်းစွာမသွေ, ဆော်ရွမ်း, တီးခတ်ပေအံ့သတည်း. . . . ။

သာဓု. . . သာဓု. . . သာဓုပါဘုရား. . . ။

ဥပက. . . တဲ့ ငါ အခု ဗာရာဏသီမြို့ ဣသိပတနမိဂဒါဝုန်တော ပဥ္စဝဂ္ဂီငါးဦးရှိရာသွားမလို့. . . တဲ့ အဲဒီသွားပြီးတော့ အဲဒီကစပြီးတော့ ကမ္ဘာလောကကြီးတစ်ခုလုံးမှာ၊ အမတ ဒုန္ဒုဘိံ-သစ္စာလေးပါးတရား အမြိုက်စည်တော်ကြီးကို, အာဟဉ္ဆံ-ဆော်ရွမ်းတီးခတ်မလို့. . . တဲ့၊ ဟော ဒီတော့ ဒါ ဘုရားရှင်ကိုယ်တော်မြတ်ပြောတဲ့စကား ကိုယ်တော်တိုင်ပြောတဲ့စကား၊ သစ္စာလေးပါးဆိုတဲ့စည်ကြီးတွေ, သစ္စာလေးပါးဆိုတဲ့မောင်းကြီးတွေ တီးတော်မူတယ်၊ ခတ်တော်မူတယ်၊ ဒီတော့ ဂေါတမဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ ဖောင်တော်ကြီးကလည်းပဲ ငြိမ်ငြိမ်သက်သက်ကလေး, တိုးတိုးတိတ်တိတ်ကလေး, လက်သိပ်ထိုးပြီး ဆန်သွားတာမဟုတ်ဘူး၊ စည်သံမောင်းသံ, မြစ်လုံးလျှံမျှ, ငြိမ့်ညံသဲသဲ, သိမ့်သိမ့်လဲအောင်, မစဲစက်သံ, ဂယက်ညံမျှ, တက်ဆန်တော် မူခဲ့ပြန်လေပြီ. . . ။

---

* ဝိ-၃၊ ၁၂၊ မ-၁၊ ၂၂၇၊ မ-၂၊ ၂၉၅၊ ထေရီ-၄-၂၂၉၊

http://www.dhammadownload.com



ဒီတော့ အဲဒီလိုစည်သံမောင်းသံတွေ တီးပေမဲ့လို့၊ ယနေ့ တရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတွေနှင့်တကွ ဘုန်းကြီးတို့တတွေ, အဲဒီ စည်သံမောင်းသံတွေကို မကြားလိုက်ရပါ။ ပရိသတ်ကြီးကြားလိုက်ရဲ့လား? မကြား လိုက်ရပါဘုရား၊ မကြားလိုက်ကြဘူး၊ ဘာဖြူလို့မကြားလိုက်တုန်းလို့ ဆိုတော့၊ အဲဒါ နားမှာ ကိလေသာနားဆို့, ဆို့ထားလို့. . . တဲ့၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ စည်သံမောင်းသံ, တရားစည်သံကြီးကတော့ ဘယ်ထိအောင် မြည်တုန်းလို့ဆိုတော့ ဟိုး-အထက်ကဘဝဂ်ထိအောင်မြည်တယ်။ မြတ်စွာဘုရားရဲ့ တရားစည်ကြီးတီး လိုက်တာ၊ ဘုန်းကြီးတို့(၃၁)ဘုံအထက်က ဘဝဂ်ထိအောင်တိုင်တယ်၊ ဗြဟ္မာဘုံ တွေထိ လွှမ်းသွားအောင်မြည်တယ်။

မြည်တယ်ဆိုတာ အဲဒီဗြဟ္မာကြီးတွေလည်း သိ,ကြားပြီးတော့ကျင့် ကြံ ကြီးကုတ်အားထုတ်ကြလို့, ဗြဟ္မာကြီးတွေလည်း တရားထူးရကြ, နတ်ပြည်ခြောက် ထပ်နတ်တွေ တရားထူးရကြ၊ ဓမ္မစကြာတရားပွဲမှာ နတ်ဗြဟ္မာအပေါင်း(၁၈)ကုဋေ ကျွတ်တန်းဝင်တယ်၊ ဟောလိုက်တဲ့ အခါကျတော့ နတ်ဗြဟ္မာတွေ ကုဋေပေါင်း များစွာ ကျွတ်တန်းဝင်ကြတယ်၊ အဲဒါအထက်ဘဝဂ်တိုင်အောင် ကြားတာခေါ် တယ်၊ ဒီတော့ လူ့ပြည့်ဆိုတာ မပြောနဲ့တော့ ဟိုးအထက်တိုင်အောင်မြည်တယ်။ အထက်ဘဝဂ်တိုင်အောင်မြည်တယ်. . . တရားသံကြီးက။

ဒကာဒကာမတွေဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ တရားစည်ကြီးက ဘဝဂ်တိုင်အောင်မြည်ဟီးသွားသော်လည်းပဲ၊ ယနေ့ ဘုန်းကြီးတို့တတွေက မကြား လိုက်ကြပါ။ ဘာလို့ မကြားတုန်းလို့ဆိုတော့ ကိလေသာ အဝိဇ္ဇာ လောဘ, ဒေါသ, မောဟဆိုတဲ့ ကိလေသာနားဆို့တွေ ခံထားရတော့ မကြားလိုက်ဘူးတဲ့၊ ဒီတော့ မိမိတို့ကိုယ်မိမိတို့ အဖြစ်ဘယ်လောက်ဆိုးတယ်ဆိုတာ သိရအောင် ပရိသတ်ကြီး လိုက်ဆိုစမ်းပါ-

❖ တရားစည်ကြီး, ရွမ်းဆော်တီး, မြည်ဟီးဘဝဂ်တိုင်၊
ကိလေသာနား, ပိတ်၍ထား, တို့များမကြားနိုင်။

ကိလေသာ နားဆို့တွေက ပိတ်ဆို့ထားတော့ ပရိသတ်ကြီးကြားလိုက် ရရဲ့လား? *(မကြားလိုက်ရပါဘုရား)*။

❖ မကြားဘိသော်, ပန်းရိရော်, ဟစ်အော် ညည်း၍မှိုင်၊

အခုဘုန်းကြီးတို့ ဒကာဒကာမအပေါင်း သူတော်ကောင်းတွေ ကကုသန် ဘုရားရှင်ကိုယ်တော်မြတ်ကြီးတီးတဲ့ သစ္စာလေးပါးတရားစည်ကြီးလည်း မကြား လိုက်၊ ကောဏာဂုံဘုရား ကဿပဘုရားရှင်ကိုယ်တော်မြတ်ကြီးတွေ တီးသွားတဲ့

http://www.dhammadownload.com



သစ္စာလေးပါးတရားစည်တော်ကြီးတွေလည်း မကြားလိုက်၊ နောက်ဆုံးဖြစ်တဲ့ အခုတွေ့နေပါတယ်ဆိုတဲ့ ဂေါတမဘုရားရှင်ကိုယ်တော်မြတ်ကြီးတီးတဲ့ စည်တော်ကြီးကိုလည်းပဲ မကြားလိုက်ကြ. . . ဘာပြုလို့တုန်းဆိုတော့ ကိလေသာနားဆို့ ဆို့ထားလို့၊ ကိလေသာနား ဆို့က နားဆို့ထားလို့မကြားဘူး၊ မကြားတော့ ဘယ့်နဲ့ ဖြစ်နေတုန်းလို့ဆိုတော့ "မကြားဘိသော်. . . တဲ့၊ မကြားလိုက်တဲ့အတွက် ကျန်နေရစ်တော့ ပင်ပန်းနွမ်းနယ်ပြီးတော့၊ မှိုင်ပြီးတော့ ကျန်ရစ်ကြရတယ်. . .၊ ဒီတော့ အကောင်းကျန် ကျန်ရစ်တာမဟုတ်ဘူး၊ မကောင်းကျန် ကျန်ရစ်တာ ပရိသတ်ကြီး ကျန်ရစ်တာက အကောင်းကျန်လား မကောင်းကျန်လား? *(မကောင်းကျန်ပါ ဘုရား)*။

ဣတ္ထာပိ-ဂေါတမဟု, နာမစိုက်ချွန်, အောင်တံခွန်နှင့်, ပြောင်ဝှန်ညီးညီး, တွေ့ကြုံဆဲဖြစ်တဲ့ ဖောင်တော်ကြီး၌လည်း၊ ဒိဋ္ဌ(ဒိဋ္ဌေယေ၀)-ဘုရား ဖောင်မှူး မဖူးရလိုက်, အထိုက်အလျား, ရှင်တော်ထားခဲ့သည့်, တရားသံဃာ, ရတနာဟု, ရောင်ဝါဝင်းပ, ပဲ့ပိုင်းမှူးကိုသာ, အဝေးကမှုန်မှုန်, အများစုက, မြင်ကြ ရကုန်သည် ဖြစ်၍၊ အဓနာ-ကူးတို့ဖောင်ခ, လက်ဆောင်သဖို့, ဒါနသီလာ, ဘာဝနာကောင်းမှု, မစုမထား, လက်ကိုင်ပါးကြလေသောကြောင့်. . .။

ဘုန်းကြီးတို့တစ်တွေ ဂေါတမဘုရားရှင်ကိုယ်တော်မြတ်ကြီး ဖောင်ရော, ရှေးကရှေးကဖောင်တွေရောကြုံပေမဲ့လို့ စီးခွင့်မရတက်ခွင့်မရလိုက်ပြန်တာက ဘာ့ကြောင့်တုန်းလို့ဆိုတော့ ဒါနသီလဘာဝနာ ကူးတို့ဖောင်ခ လက်ကိုင်ပါးကြလေသောကြောင့်. . . တဲ့၊ သူ့ပေးရမယ့်ကူးတို့ဖောင်ခ ပြည့်စုံအောင် လက်ထဲက မရှိလို့ရှိရင် ပရိသတ်ကြီးစီးခွင့်ရပါ့မလား? *(မရပါဘုရား)*၊ ဒီတော့ ဒါန, သီလ, ဘာဝနာ,ဆိုတဲ့ ရိက္ခာကောင်းစုဆောင်းမှုကလည်း အားနည်းနေကြတော့ ဒါန, သီလ, ဘာဝနာဟု ပါရမီကောင်းမှုရိက္ခာစုကို, မစုမထား, လက်ကိုင် ပါးကြလေသောကြောင့်၊ ဩဟီနာ-ဤမှာဘက်ကမ်း, ဂယက်ကြမ်း၌, ပင်ပန်းရိုရော်, တမော်မော်ဖြင့်, ဟာစ်အော်ညည်းတ, ကျန်ရစ်ကြရလေကုန်ပြန်ပြီ. . .။

အခုကျန်ရစ်ကြရပြန်ပြီ. . . တဲ့၊ ဂေါတမဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ ဖောင်တော်ကြီးကတော့ တရိမ့်ရိမ့်နဲ့ ရွေ့သွားနေတာ၊ နောက်ပိုင်းလေးတော့ တွေ့ပါရဲ့၊ ယနေ့ဒကာဒကာမအပေါင်း သူတော်ကောင်းတွေနှင့်တကွ ဘုန်းကြီးတို့ တတွေ မြင်နေရပါရဲ့သားနဲ့ စီးခွင့်မရကြသေးဘူး. . . တဲ့၊ စီးခွင့်ရ, တက်ခွင့်ရ တယ်ဆိုတာ အောက်ထစ်ဆုံးသောတာပန်ဖြစ်သွားမှ၊ သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာယောကျ်ားရဟန္တာမတွေဖြစ်မှ ဖောင်ပေါ်ရောက်တယ်လို့ခေါ်တယ်၊ ပုထုဇဉ်သားတွေမှန်သမျှ ကမ်းကမျှော်ရတဲ့သူချည်းပဲ၊ ဒါဖြင့် ဘုန်းကြီးတို့ ဒကာဒကာမတွေက ဖောင်ပေါ်ရောက်နေတဲ့ လူတွေလား၊ ကမ်းပေါ်ကလူတွေလား?

http://www.dhammadownload.com



*(ကမ်းပေါ်ကလူတွေပါဘုရား)*။ ကမ်းပေါ်ကလူတွေဖြစ်ရတဲ့အထဲ, လက်ထဲမှာ ဒါန, သီလ, ဘာဝနာဆိုတဲ့ ရိက္ခာကလည်းပဲ များများမရှိ . . . တဲ့၊ နည်းလိုက်တာ။

တသွာ-ထို့ကြောင့်၊ အနာဂတေ-မေတ္တေမြတ်စွာ, များမကြာမီဆန်လာလုနီး, ဖောင်တော်ကြီး၌၊ အာရူဟာ(အာရူဟာယ)-အမြန်ကုန်ကူး, ဖောင်တော်ဦးက, စူးစူးမြိုင်မြိုင်, လက်ဦးထိုင်၍, စီးနိုင်ကြခြင်း အကျိုးငှါ၊ သေန္တု-ဒါန, သီလ, ဘာဝနာစတောင်း, ရိက္ခာကောင်းကို၊ အကြောင်းမကွာ, ကြိုးစား၍, စုဆောင်းလိုက်ကုန်ရာသတည်း. . . ။

**သာဓု. . . သာဓု. . . သာဓုပါဘုရား. . .॥**

ဒါ့ကြောင့် ယနေ့ အမှတ်(၈)မော်တော်ယာဉ်အသင်းသူအသင်းသား ဒကာဒကာမအပေါင်းသူတော်ကောင်းတွေ၊ ဒီနေ့ ဘာလုပ်နေကြပါသလဲ၊ (၂၉) ကြိမ်မြောက်(၂၉)နှစ်မြောက် ကထိန်သင်္ကန်းဥ တ်မကြီးနှင့်တကွ, လှူဖွယ်တန်းဖွယ်အသွယ်သွယ်တွေ လှူဒါန်းပြီးတော့နေကြတဲ့အချိန်, ဘာလုပ်နေ ကြပါသလဲဆိုရင်, ရိက္ခာကောင်းတွေစုဆောင်းနေကြပါတယ်. . .၊ ဘာလုပ်နေတာတုန်းဆိုရင် ပရိသတ်ကြီးရိက္ခာကောင်း စုဆောင်းနေတာခေါ်တယ်၊ ဘာလုပ်နေတာလို့ခေါ်တုန်း? *(ရိက္ခာကောင်းစုဆောင်းနေတယ်လို့ခေါ်ပါတယ်ဘုရား)*။ အခုဒကာဒကာမတွေရော တရားလာပြီးတော့နာတာ ဘာလုပ်တာတုန်းလို့ မေးရင်၊ ရိက္ခာကောင်းစုဆောင်းလာတာ၊ ဘာလုပ်လာတာပါလိမ့်? *(ရိက္ခာကောင်းစုဆောင်းလာတာပါဘုရား)*။ ဖောင်ကြီးသုံးစင်းကတော့ လွန်သွားပြီ မြင်ကော်မြင်လိုက်ရသေးရဲ့လား? *(မမြင်လိုက်ရပါဘုရား)*။

ကဲ- မမြင်လိုက်ရတဲ့ဖောင်ကြီးကသုံးစင်း၊ ကြုံဆဲဖောင်ကြီးကတော့ ဂေါတမဘုရားဖောင်ကြီး၊ နောင်လာမယ့် ဖောင်တော်ကြီးကအရိမေတ္တေယျဖောင်တော်ကြီး၊ ဒီတော့ အဲဒီ အရိမေတ္တေယျဖောင်တော်ကြီးနဲ့ အခုဂေါတမဘုရားရဲ့နောက်ပိုင်း ဖောင်တော်ကြီးမှာ, ကိုယ်စွမ်းလို့ရှိရင် ဂေါတမဘုရားရဲ့နောက်ပိုင်းဖောင်တော်ကြီး ခုန်စီးနိုင်အောင်ကြိုးစားရင်ကော ပရိသတ် မမီနိုင်ဘူးလား? *(မီနိုင်ပါတယ်ဘုရား)*။ ဟာ-အဲဒီမှ မမီနိုင်ဘူးဆိုရင်, အရိမေတ္တေယျဘုရားဖောင်တော်ကြီးလာရင် နောက်ပိုင်းမဟုတ်ဘူးပော့၊ ဦးပိုင်းကနေပြီးတော့ စီးနိုင်အောင် ကြိုးစားမယ်လို့, ကူးတို့ဖောင်ခလက်ဆောင်သဖို့ရာ ဒါန, သီလ, ဘာဝနာ, ရိက္ခာကောင်းတွေကို မစုဆောင်းထိုက်ဘူးလား? *(စုဆောင်းထိုက်ပါဘုရား)*။ ကဲဒါဖြင့် အဲဒီလို စုဆောင်းထိုက်တဲ့အကြောင်းလေး သိသွားအောင်၊ ပရိသတ်ကြီး လိုက်ဆိုစမ်းပါ-

http://www.dhammadownload.com



❖ သုံးစင်းဖောင်တော်, လွဲဖယ်ချော်, ရိရော်ပန်း၍, ကျန်ခဲ့ပြီ၊
ကြုံဆဲဖောင်ကြီး, ပဲ့အမြီး, ခိုစီးနိုင်မှ, သင့်ကြမည်၊
မေတ္တေးဖောင်တော်, အသင့်မျှော်, ဦးတော်ခန်းက, စီးဖို့ရည်၊
ကူးတို့ဖောင်ခ, ရိက္ခာလှ, စုမှဆောင်းမှ, တော်ကြမည်။

သုံးစင်းဖောင်ကြီးက လွဲပြီ. . . တဲ့၊ ဆန်သွားလို့ မြင်တောင်မမြင်လိုက်ရဘူး၊ ဖောင်ကြီးသုံးစင်းဆိုတာ ဘယ်သူတုန်းဆိုတော့ ကကုသန်ဘုရားဖောင်ကြီး၊ ကောဏာဂုံဘုရားဖောင်ကြီး၊ ကဿပဘုရားဖောင်ကြီး၊ ဖောင်ကြီးဘယ်နှစ်ရှင်းပါလိမ့်? သုံးစင်းပါဘုရား၊ ဟော-နံပါတ်(၁)က ကကုသန်ဘုရားဖောင်ကြီး၊ ပရိသတ် နံပါတ်(၁)ဘာဖောင်ကြီးတုန်း? *(ကကုသန်ဘုရားဖောင်ကြီးပါဘုရား)*။ နံပါတ်(၂)က ကောဏာဂုံဘုရားဖောင်ကြီး။ နံပါတ်(၂)က ဘာပါလိမ့်? *(ကောဏာဂုံဘုရားဖောင်နတ်ကြီးပါဘုရား)*။ နံပါတ်(၃)က ကဿပဘုရားဖောင်ကြီး၊ နံပါတ်(၃)က? *(ကဿပဘုရားဖောင်ကြီးပါဘုရား)*။

ကကုသန်, ကောဏ, ကဿပ-ဟု နာမစိုက်ချွန်, အောင်တံခွန်နှင့် ပြောင်ဝှန်ညီးညီး, သုံးစင်းသောဖောင်တော်ကြီးတို့သည်၊ ဥဒ္ဓဂ်မာ-စည်သံမောင်းသံ, မြစ်လုံးလျံမျှ, ခြိမ့်ညံသဲသဲ, သိမ့်သိမ့်လဲအောင်, မစဲစက်သံ, ဝယက်ညံမျှ, တက်ဆန်တော်မူကြလေကုန်ပြီ. . တဲ့။ ဆန်သွားပြီ. . . သူတို့က ဆန်သွားတော့ ဒကာဒကာမတွေက အဲဒီဖောင်ကြီးတွေ မြင်ကိုမမြင်လိုက်ရဘူး၊ လွဲတာမှ တော့လွဲမဟုတ်ဘူး၊ တွေ့ကို မတွေ့လိုက်ရတဲ့ အလွဲမို့လို့ အလွဲကြီးလွဲရတယ်. . လို့ ဆိုလိုက်စမ်းပါ-

❖ သုံးစင်းဖောင်တော်, လွဲဖယ်ချော်, ရိရော်ပန်း၍, ကျန်ခဲ့ပြီ။

အဲဒီ သုံးစင်းဖောင်တော်နဲ့ လွဲဖယ်ချော်ပြီး ကျန်ရစ်တော့လည်း ပင်ပင်ပန်းပန်း ကျန်ရစ်တာလား၊ ချမ်းချမ်းသာသာ ကျန်ရစ်တာလား? ပင်ပင်ပန်းပန်း ကျန်ရစ်တာပါဘုရား။ ဘယ်လိုပင်ပန်းတာတုန်းလို့ဆိုတော့၊ ဩဟိနာ- အိုလား သေလား, တဖွားဖွားနှင့်, ရှည်လျားမဆုံး, မီးမတုံးပဲ. . . တဲ့။ မီးလောင်တုံး အဖြစ်နဲ့ကျန်ရစ်တာ. . . တဲ့၊ မီးတွေတစ်ဟုန်းဟုန်းလောင်ပြီးတော့ ကျန်ရစ်တာ၊ ချမ်းချမ်းသာသာ ကျန်ရစ်တာများမထင်ကြနဲ့။ မီးလောင်ပြီးတော့ ကျန်ရစ်တယ်၊ ဘာမီးတွေလောင်တုန်း၊ တစ်ဆယ့်တစ်မီးလောင်တယ်လေ၊ ဇာတိမီး, ဇရာမီး, မရဏမီး, ရာဂမီး, ဒေါသမီး, မောဟမီး, ။ ရာဂမီးဆိုတာ- ဟိုဟာလေးလိုချင်, ဒီဟာလေးလိုချင်, ဟိုဟာလေးချစ်ခင်, ဒီဟာလေးချစ်ခင်၊ သူ့အတွက်လိုချင်, ငါ့အတွက်လိုချင်, ဒါရာဂမီးခေါ်တယ်။ သားအတွက်ရှာရ သမီးအတွက်ရှာရ, ဒါ-ရာဂမီးခေါ်တယ်။

http://www.dhammadownload.com



လောကမှာ မီးလောင်ခံရတဲ့ဝတ္ထုဆိုတာ ငြိမ်ငြိမ်မနေဘူး. . . တဲ့၊ မီးလောင်ခံရတဲ့ဝတ္ထုများ လှုပ်လှုပ်, လှုပ်လှုပ်နေတတ်တယ်၊ လွင့်နေတတ်တယ်။ ဘုန်းကြီးတို့ ဒကာဒကာမတွေ မီးများလောင်တဲ့အခါ၊ အိမ်ကြီးပဲလောင်လောင်၊ တစ်စုံတစ်ခုလောင်လို့ရှိရင် အဲဒီအလောင်ခံရတဲ့ အရာဝတ္ထုသစ်ရွက်တွေ, သစ်ခက်တွေကလှုပ်လှုပ်, လှုပ်လှုပ်မနေဘူးလား? *(နေပါတယ်ဘုရား)*။ မီးကပြင်း လို့ရှိရင်, တခါတည်း အထက်များလွင့်ပြီးတော့ မသွားတတ်ဘူးလား? *(သွားတတ်ပါတယ်ဘုရား)*။ ဘေးလည်းလွင့်ထွက် မသွားတတ်ဘူးလား? သွားတတ်ပါတယ်ဘုရား။

ယနေ့ ဒကာဒကာမအပေါင်း သူတော်ကောင်းတွေ မနက်လင်းလာလို့ရှိရင် ကိုယ့်အိမ်မှာ ကိုယ်မနေကြဘူး၊ အထုပ်ကလေးတွေ, ထမင်းအုပ်ကလေးတွေ, ဟိုဟာလေးတွေ, ဒီဟာလေးတွေဆွဲပြီးတော့ မန္တလေးပြေးတဲ့သူကပြေး၊ စစ်ကိုင်းပြေးတဲ့သူကပြေး၊ ဈေးချိုပြေးတဲ့သူကပြေး၊ လယ်ထဲထွက်တဲ့သူက ထွက်နဲ့၊ ငြိမ်မနေနိုင်ဘူး၊ ဘာလုပ်ကြပါသလဲ-လှုပ်လှုပါလား. . . ရာဂမီးတောက်လို့ပြေးရပါတယ်၊ သားစာသမီးစာ အရှာထွက်ရတာ လောဘမီးတောက်တာခေါ်တယ်။

သားစာသမီးစာအရှာထွက်ရတယ်၊ အဲဒါလို ထွက်ရင်းနဲ့တစ်ခါတည်း မကျေနပ်တာတွေတွေ့တော့ ဒေါသမီး, ရမှုရပါတော့မလားဆိုတော့ သောကမီး မထင်တာတွေဖြစ်လာတော့ ဒေါမနဿမီး၊ မျက်ရည်တွေကျပြန်တော့ ပရိဒေဝမီး၊ ကိုယ်ဆင်းရဲတော့ဒုက္ခမီး၊ စိတ်ဆင်းရဲတော့ဒေါမနဿမီး၊ ဒုက္ခတွေပြင်းထန်လွန်းတော့၊ မထင်တာတွေဖြစ်လွန်းအားကြီးတော့၊ စိတ်ထဲမှာမခံနိုင်လွန်းတော့, မေ့သွားမြောသွား, တက်သွားတော့, ဥပါယာသမီး။ အမှန်သိသင့်သိထိုက်တဲ့ တရားတွေကိုမသိတော့ မောဟမီး။

ဟော-လောဘမီး, ဒေါသမီး, မောဟမီး, မီးသုံးမီးကလည်း နေ့တိုင်း ဒကာဒကာမတွေတောက်နေတယ်၊ သားအတွက်စိုးရိမ်ရ, သမီးအတွက်စိုးရိမ်ရ, ပစ္စည်းအတွက်စိုးရိမ်ရတော့ သောကမီး၊ အဲဒီလို စိုးရိမ်တဲ့ကြားထဲက မထင်တာတွေဖြစ်လာတော့, မျက်ရည်အကြီးအကျယ်ကျရပြီ, ရင်ထုငိုရပြီ, မြေလူးငိုရပြီလို့ဆိုတော့ ပရိဒေဝမီး။ ဒီတော့-အဲဒီလိုပရိဒေဝမီး, သောကမီးတွေတောက်ခဲ့ရတဲ့ ဘဝအကြိမ်ပေါင်း၊ ဘုန်းကြီးတို့ပရိသတ်ကြီး ကိုယ့်အတွက်တင်ကို ရေနိုင်ပါ့မလား? မရေနိုင်ပါဘုရား။ အဲဒီလိုအားဖြင့်-လောဘမီးတွေ, မောဟမီးတွေ, သောကမီးတွေ, စိုးရိမ်တဲ့သောကမီးတွေ, ငိုကြွေးရတဲ့ပရိဒေဝမီးတွေ၊ ကိုယ်ဆင်းရဲရတဲ့ ဒုက္ခမီးတွေ၊ စိတ်ဆင်းရဲရတဲ့ ဒေါမနဿမီးတွေ၊ ငါ့မှ ဖြစ်ရလေခြင်း၊ ငါ့သားမှဖြစ်ရလေခြင်း၊ ငါ့သမီးမှဖြစ်ရလေခြင်း, ငါ့စီးပွားရေးမှ ဖြစ်ရလေခြင်းလို့ အတွင်းဆွေးဆွေးပြီးတော့ မစားနိုင်မသောက်နိုင် မှိုင်နေတာ ဒေါမနဿမီး ခေါ်တယ်။

http://www.dhammadownload.com



ဒီတော့-အဲဒီ ဒေါမနဿမီးကရော ဘုန်းကြီးတို့တတွေနေ့စဉ်, လစဉ်, နှစ်စဉ်, မပြတ်မပြတ်လောင်မနေဘူးလား? *(လောင်နေပါတယ်ဘုရား)*။ ဒါဖြင့် မီးဆိုတာ ပူတဲ့သဘောရှိတယ်၊ သူ့သွားကိုင်ရင် လောင်တတ်တဲ့ သတ္တိရှိတယ်။ ဒီတော့ ပူတဲ့သဘောနဲ့ လောင်တတ်တဲ့ကိစ္စရှိနေတဲ့ ဒီ မီးဟာ ကောင်းကျိုးချမ်းသာ, ပရိသတ်ပေးရဲ့လား? *(မပေးပါဘုရား)*။ ဘယ်တော့ပဲဖြစ်ဖြစ် မီးမှန်သမျှသည် လောင်တတ်တဲ့ သဘောရှိတယ်၊ ကိုယ်ကချက်ပြုတ်စားတဲ့နေရာ လိမ္မာလွန်းလို့, ပါးနပ်လွန်းလို့ဆိုပြီးတော့ သူ့ခိုင်းပြီးတော့သာ နေရတယ်။ သူ့ရဲ့သဘောကတော့ တွေ့ရင်လောင်လိုက်မယ်၊ တွေ့ရင်ပူလိုက်မယ်၊ ဒါ သူ့သဘောပဲ။ ဒါကြောင့် မီးမှန်သမျှသည် ပူတတ်တဲ့သဘောရှိတယ်။ သူနဲ့တွေ့ရင် လောင်တတ်တဲ့ကိစ္စရှိတယ်။

ဒါကြောင့် သောကမီး, ဒေါမနဿမီး, ဥပါယာသမီး-နောက်ဆုံးတက်သွား မြောသွား မေ့သွားကြတော့ ဥပါယာသမီး။ ဟော လောဘ, ဒေါသ, မောဟဆိုတဲ့ သုံးမီးရတယ်။ သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ ငါးမီးရယ်ဆိုတော့ ရှစ်မီး။ အဲဒီက တဆင့်တက်လိုက်တော့ ဇာတိမီး. . တဲ့၊ အမိဝမ်းခေါင်း ပဋိသန္ဓေ တည်နေကိန်းအောင်းရတဲ့ ဇာတိမီး၊ ဝါ-ရုပ်တွေနာမ်တွေ တဖျတ်ဖျတ်ဖြစ်ပေါ် နေတဲ့ ဇာတိမီး၊ အဲဒီဇာတိမီးပြီးတော့ ဘာလာတုန်း ဇရာမီး။

အခု ဒကာဒကာမတွေ တရားထိုင် နာနေတုန်းမှာ လောဘမီးမတောက် တာမှန်ပါတယ်။ ဒေါသမီးမတောက်ဘူးပြောရင် မှန်ပါတယ်။ သို့သော် ဇရာမီးကြီး က မငြိမ်းဘူး ခန္ဓာကိုယ်ကြီးရှိနေသမျှ၊ ဒီရုပ်နာမ်ခန္ဓာကိုယ်ကြီးမှာ ရင့်ရော်ဟောင်း မြင်းမှုဆိုတဲ့ ဇရာမီးကြီးက အခုတရားထိုင်နာနေတုန်း ပရိသတ်ငြိမ်းရဲ့လား? *(မငြိမ်းပါဘုရား)*။ ရေထဲဆင်းစိမ်နေတုန်းရော ငြိမ်းရဲ့လား? *(မငြိမ်းပါဘုရား)*။ ရေခဲရေတွေ သောက်နေတုန်းရော ငြိမ်းရဲ့လား? *(မငြိမ်းပါဘုရား)*။ ဟော ဇရာ မီးကြီးက တဖြေးဖြေး တငွေ့ငွေ့ တရွေ့ရွေ့နဲ့ အိုမင်းယိုယွင်းရင့်ရော် နေတဲ့ဇရာမီးကြီးက ရေခဲရေတွေထဲ စိမ်နေတုန်းလည်း မရပ်ဘူး။ မြစ်ကြီးထဲ ဆင်းချိုးနေတုန်းလည်း မရပ်ဘူး။ ရေအိုးပေါင်း တစ်ရာနဲ့ လောင်းနေလည်းပဲ သူကမရပ်ဘူး။ ဒါ့ကြောင့် ဇရာမီးကြီးက တညီးညီးလောင်၊ ဇာတိမီးကြီးက တညီးညီးလောင်။

မရဏမီး. . . တဲ့၊ မရဏမီးဆိုတာ သမ္မုတိမရဏမီးဆိုတာကျတော့ လူသိ သူသိလောင်တဲ့မီးက-သေသွားပြီ. . . တဲ့။ ပျက်စီးသွားပြီ၊ အဲဒါ သမ္မုတိမရဏမီး ခေါ်တယ်။ သမ္မုတိမရဏမီးလောင်တော့ အိမ်ပေါ်ကို ထားမဖြစ်တော့လို့ သုသာန်သွားပို့ရတယ်။ မြေထဲမြှုပ်ပစ်ရတယ်။ ပြာဖြစ်အောင် လုပ်ပစ်လိုက်တယ်၊ ဒါက သမ္မုတိမရဏမီး။ ခဏိကမရဏမီးဆိုတာ ယနေ့ ဒကာဒကာမတွေ အခု

http://www.dhammadownload.com



ထိုင်နေရင်း ရုပ်တွေနာမ်တွေ ဖြစ်လိုက်ပျက်လိုက်, ဖြစ်လိုက်ပျက်လိုက်၊ အဲဒါ 'ဖြစ်' ဆိုတာ ဇာတိမီး၊ 'ပျက်'ဆိုတာ မရဏမီး။

ဒကာဒကာမတွေရဲ့ ခန္ဓာကိုယ်မှာ ရှိနေတဲ့ ရုပ်တွေနာမ်တွေ ဖြစ်လိုက်ပျက်လိုက်မနေဘူးလား? *(နေပါတယ်ဘုရား)*။အခု တရားနာနေတဲ့ စိတ်ကလေးကလည်းပဲ ပြောတဲ့တရားကြားလိုက် ပျောက်သွားလိုက်၊ ကြားလိုက်ပျောက်သွားလိုက် မနေဘူးလား? *(နေပါတယ်ဘုရား)*။ ဒါဖြင့် ကြားတဲ့စိတ်ကလေးတွေ ပျောက်ပျောက်သွားတယ်ဆိုရင် ပျောက်သွားတာဟာ ပျက်သွားတာပဲ၊ ပျက်သွားတာ မရဏမီးလောင်တာပဲ။ ဒါဖြင့် ဒီမရဏမီးကလည်း အမြဲလောင်မနေဘူးလား? *(လောင်နေပါတယ်ဘုရား)*။ လောဘ ဒေါသစတဲ့ မီးတွေက စိတ်ဆိုတဲ့ နာမ်ခန္ဓာကိုလောင်တာ၊ ဇာတိမီး, ဇရာမီး, မရဏမီးတွေက ရုပ်ခန္ဓာကို လောင်နေတာဖြစ်တော့ ဒကာဒကာမတွေရဲ့ ရုပ်ခန္ဓာကိုယ်ကြီးရော လောင်မနေဘူးလား? *(လောင်နေပါတယ်ဘုရား)*။ ဒါဖြင့် ဒကာဒကာမတွေ သန္တာန်မှာ မီးငြိမ်းတဲ့အချိန်ရှိရဲ့လား? *(မရှိပါဘုရား)*။ အဲဒီလိုအားဖြင့် တစ်ဆယ့်တစ်မီးသော မီးတွေ တညီးညီးတောက်လောင်ပြီးသကာလ-

ဩဃိနာ-အိုလားသေလား, တစ်ဖွားဖွားနှင့်, ရှည်လျားမဆုံး, မီးမတုံးမျှ, တဟုန်းဟုန်းတောက်, ဘေးကြီးရောက်၍, ထွက်ပေါက်မရ, ကျွန်ရစ်ကြလေကုန်ပြီ. . . တဲ့။ ဒီတော့ ဂေါတမဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ သာသနာ့ဖောင်ကြီး အခုကြုံဆဲပဲ။ တွေ့နေရတယ်။ ဖောင်ကြီးသုံးစင်းကတော့ လွန်သွားပြီ၊ အဲဒီလွန်သွားတဲ့ ဖောင်ကြီးတွေကို မတွေ့လိုက်ရဘဲနဲ့ ကျွန်ရစ်တော့ မီးတဟုန်းဟုန်းတောက်ပြီးတော့ ကျွန်ရစ်ကြတယ်. . . ။

အခု ဂေါတမဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ ဖောင်တော်ကြီးကနောက်ပိုင်း, ပဲ့ပိုင်းကလေးတော့ ဒကာဒကာမတွေ မီမနေဘူးလား? *(မီပါဘုရား)*။ အဲဒီမီနေတဲ့ ဖောင်ကြီးကို အမီလိုက်ပြီးတော့ ခိုစီးကြမယ်ဆိုရင်ဖြင့် ရနိုင်ပါသေးတယ်. . . တဲ့၊ ရနိုင်ပါသေးတယ်။ ဂေါတမဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ ဖောင်ကြီး ပဲ့ပိုင်းမြင်နေရတုန်းရှိသေးတယ်။ အပြေးလိုက်ပြီးတော့ ခုန်စီးရင် ပရိသတ် မရနိုင်ဘူးလား? *(ရနိုင်ပါတယ်ဘုရား)*။ အဲ အပြေးလိုက်ရမယ်ဆိုတာ ဘာတုန်းဆိုတော့ ဒါန, သီလ, ဘာဝနာတွေ သူတစ်ပါးထက် ထူးကဲပြီးသကာလ ပြင်းပြင်းထန်ထန် ပြုလုပ်အားထုတ်ရမယ်၊ အထူးသဖြင့် ဝိပဿနာဆိုတဲ့အလုပ်ကို နေ့မနားညမနား ကြိုးပမ်းအားထုတ် ပြုလုပ်ပြီးတော့ ခိုစီးရင် မီနိုင်သေးတယ်၊ မမီနိုင်ဘူးလား? *(မီနိုင်ပါတယ်ဘုရား)*။ ဟော မီနိုင်သေးတယ်။

http://www.dhammadownload.com



ဒါဖြင့် ဘုန်းကြီးတို့ဒကာဒကာမတွေက အဲဒီဂေါတမဘုရားရှင်ရဲ့ မဂ္ဂင် ဖောင်နောက်ပိုင်းကြီးကို မိအောင်စီးချင်ကြရင် မိမိတို့နေထိုင်ရာ (၃၁)ဘုံ အလိမ်ရုံ ကြီးထဲက မြန်မြန်လွတ်အောင် ပြေးပြီးတော့ ခုန်စီးကြ. . . တဲ့၊ ခုန်စီးကြ။ အခု (၃၁)ဘုံက ဒကာဒကာမတွေကို ဖောင်ကြီးပေါ် စီးမယ့်ဟာကို မစီးအောင် လိမ်ညာ ပြီးတော့ လှည့်ပတ်ထားလို့မို့ ဒကာဒကာမတွေ ခုန်မစီးဖြစ်ကြဘူး၊ ဒီတော့ (၃၁) ဘုံကြီးက ဘာကြီးနဲ့တူတုန်းဆိုတော့ အလိမ်ရုံကြီးနဲ့တူတယ်။ (၃၁)ဘုံကြီးက မျက်လှည့်ရုံကြီး၊ ဒကာဒကာမတွေက မျက်လှည့်ကြည့်သမားတွေနဲ့တူကြတယ်။ မျက်လှည့်ရုံကြီးထဲမှာ မျက်လှည့်ကြည့်နေတဲ့သူတွေ၊ မျက်လှည့်သမားကြီးက လှည့်ပတ်ပြီးတော့ ညာဝါးပြီးပြတော့ မဟုတ်တာတွေ အဟုတ်လုပ်ပြနေတော့ အဟုတ်ထင်ပြီး ငေးနေတော့ ဟို အရေးတကြီးသွားရမယ့် ရထားမီ ကားမီ ပရိသတ် မိဦးမလား? မမိပါဘုရား။ ,ကဲ ့ဒါဖြင့် ဆိုလိုက်စမ်းပါ-

❖ ရွှေမဟုတ်ပဲ, ကျောက်အုတ်ခဲ, ရွှေခဲရွှေတုံးသွင်၊
မျက်လှည့်ဆရာ, သူ့ပညာ, မာယာကပ်၍ယှဉ်။

မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ ဖောင်ကြီးကပဲ့ပိုင်းတော့ အပြေး လိုက်စီးမယ်ဆိုရင်တော့ မီသေးတယ်။ သို့သော်. . ယနေ့ ဒကာဒကာမအပေါင်း သူတော်ကောင်းတွေမှာ မျက်လှည့်ဆရာကြီး ညာသမျှခံပြီးတော့ မဟုတ်တာတွေ အဟုတ်လုပ်ပြီးတော့ လိမ်ညာတာကို ငေး. . . ပြီးတော့၊ မော့ပြီးတော့ ကြည့်နေ မိလို့ ကြည့်နေကြတဲ့ သူတွေ များကြလို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ ပဲ့ပိုင်း နောက်ပိုင်းဖောင်တော်ကြီးကို မစီးနိုင်ဘဲ ဖြစ်ကြရတယ်. . . တဲ့။ အလိမ်မိနေကြ တယ်၊ ဒကာဒကာမတွေက မျက်လှည့်ကြည့်သမားတွေနဲ့တူတယ်။ ထောင့်ငါးရာ ကိလေသာမာရ်မင်းကြီးက မျက်လှည့်ဆရာကြီးနဲ့တူတယ်။

ဘုန်းကြီးတို့ လောကမှာမျက်လှည့်ရုံကြီးတွေထဲမှာ မျက်လှည့်ပြတဲ့ ဆရာကြီးက ရွှေမဟုတ်တဲ့ ကျောက်ခဲတွေ, အုတ်ခဲတွေကို ရွှေတွေ. . . လို့ ဆိုပြီး တော့ သူ့အတတ်ပညာနဲ့ လှည့်ပြလိုက်တာ၊ အောက်က မျက်လှည့်ကြည့်သမား တွေက တခါတည်းမျက်စိထဲ ဝင်းဝင်းဝင်းဝင်းနဲ့ မြင်လာတာပဲ၊ အမှန်စင်စစ် ကတော့ ကျောက်ခဲတွေ, အုတ်ခဲတွေ၊ သူ့မာယာအတတ်ပညာနဲ့လှည့်လိုက်တော့ ပတ်လိုက်တော့ အဲဒီအောက်ကကြည့်တဲ့သူတွေ မျက်လုံးထဲ ရွှေတွေလို့ထင်သွား။ ဒီတော့ ရွှေတွေလို့ ထင်သွားတော့ အဲဒီ ရွှေလို့မြင်တဲ့ ထင်တဲ့ကိစ္စမှာ လူကြီးပိုင်းနဲ့ လူငယ်ပိုင်း၊ ဝါ-အသိဉာဏ်ရှိတဲ့လူပိုင်းနဲ့ အသိဉာဏ် အ,တဲ့လူပိုင်း. . . လို့ ဒိန့်စ် ပိုင်း။ မြင်ပုံချင်း မတူဘူး။ မျက်လှည့် ဆရာကြီးတစ်ယောက်က၊ တစ်နေရာမှာ၊ မျက်လှည့်ပြနေတယ်လို့ဆိုကြစို့၊ ဒီတော့ သူက ကျောက်ခဲအုတ်ခဲတွေ

http://www.dhammadownload.com



တောင်းကြီးနဲ့ ကောက်ယူလာပြီးတော့ "ဟော-ပရိသတ်ကြီး, ကြည့်ပါကြည့်ပါ, ဟောဒီ ရွှေတုံး ရွှေခဲတွေ ကျွန်တော်လုပ်ပြမယ်, ရွှေတုံးရွှေခဲတွေဖြစ်လိမ့်မယ်၊ ကြည့်ကြကြည့်ကြ" ဆိုပြီးတော့ သူ့မာယာအတတ်နဲ့ လှည့်ပြလိုက်တာ၊ ကျောက်ခဲ အုတ်ခဲတွေက ဝင်းဝင်း, ဝင်းဝင်းနဲ့ ရွှေခဲတွေလိုဖြစ်သွား၊ ရွှေတွေလို့ ထင်ရအောင် ဖြစ်သွား၊ အဲဒီတင် အောက်ကကြည့်နေတဲ့ လူကြီးတွေ, လူပါးတွေ, အသိဉာဏ်ရှိတဲ့ လူတွေ ကတော့, မျက်လုံးထဲဝင်းဝင်း, ဝင်းဝင်းနဲ့မြင်ပေမဲ့လို့. . . တဲ့ သူကသိတယ်၊ ဒါ ရွှေအစစ်မဟုတ်ဘူး၊ ရွှေအစစ်မဟုတ်ဘူး၊ ကျောက်ခဲတွေ, အုတ်ခဲတွေလို့ သိတယ်။

## ❖ လူကြီးလူပါး, အသိထွား, ရွှေသားမဟုတ်မြင်။

မျက်လုံးထဲကတော့ ရွှေတွေပဲ သူ့မာယာနဲ့ လှည့်လိုက်တဲ့အတိုင်း ဝင်းဝင်း, ဝင်းဝင်းတော့ ထင်လာပါတယ်၊ သို့သော်-သူကသိတယ်၊ ဒါ ရွှေအစစ်မဟုတ်ဘူး. . . အပေါ်ယံလေးဝင်းဝင်းလို့ထင်ရတာ၊ အမှန်က ကျောက်ခဲတွေအုတ်ခဲတွေ. . . လို့ လူကြီးတွေကသိတယ်၊ သို့မဟုတ် လူပင်ငယ်သော်လည်း ပါးတဲ့နပ်တဲ့ သူတွေကသိတယ်၊ ဟော-ကလေးကတော့ ဘယ့်နဲ့ထင်တုန်း *ကလေး လူနုံ့, သိမစုံ, ရွှေမှုံ့ရွှေသားထင်။ ကလေးတွေတို့, လူပင်ကြီးသော်လည်းပဲ ဘသိဉာဏ် ထူထဲ, ထိုင်းမှိုင်းတဲ့ သူတွေကျတော့ မျက်လှည့်ဆရာကြီးညာလိုက်တဲ့အတိုင်းပဲ၊ ရွှေလို့အဟုတ်ကိုထင်သွားတယ်၊ ကျောက်ခဲအုတ်ခဲတွေ ရွှေလို့ထင်သွားတယ်၊ ထင်သွားတော့ ဘယ့်နဲ့ဖြစ်တုန်း-

## မရတောင့်တ, ရကြောင့်ကျ, ဒုက္ခစက် အသွင်။

မရတော့လိုချင်တာ, အဲဒီ ရွှေခဲရရင်ကောင်းမှာပဲ, အဲဒီရွှေခဲငါဘယ့်နဲ့ လုပ် ရအောင်ယူရပါ့မတုန်း၊ အဲဒီ ရွှေခဲတွေ, ရွှေတုံးတွေ ငါရရင်ကောင်းမှာပဲ၊ ငါရရင်ကောင်းမှာပဲ၊ ရရင်ဘယ်လိုချမ်းသာမှာပဲ၊ အစားချမ်းသာမှာ, အနေချမ်းသာ ဘယ်လိုချမ်းသာမှာပဲ အဲဒါတွေ ငါဘယ်လိုရအောင် ယူရပါ့မတုန်း၊ ခိုးယူရမလား, တိုက်ယူရမလား, လုယူရမလား, ပရိသတ်မကြံဘူးလား? ကြံပါတယ်ဘုရား၊ ရလာပြန်တော့ကဲ လက်ထဲရောက်လာပြီလို့ဆိုတော့၊ ရွှေတုံးရွှေခဲလက်ထဲရောက်လာ သည်နဲ့ တပြိုင်နက်, ဟော ဘယ်နားထားရပါ့မတုန်း၊ သူခိုးများလာခိုးမှာလား၊ ဓားပြများလာတိုက်မှာလား၊ သံတံခါးပိတ်ရ, အသားတံခါးပိတ်ရ, ပရိသတ် ဖြစ် မကုန်ဘူးလား? *(ဖြစ်ကုန်ပါတယ်ဘုရား)*။

အခု ဘုန်းကြီးတို့ ပရိသတ်ကြီး အခုတရားထိုင်ပြီးတော့ နာနေတဲ့ ပရိသတ်ကြီး၊ အခုဘုန်းကြီးက ဒီကနေပြီးတော့ "ကဲ-ရွှေတုံးတွေရော့ တစ်တုံး

http://www.dhammadownload.com



ဆိ, တစ်တုံးဆိ,"ဆိုပြီးတော့ တကတည်း ရွှေပိဿာလုံး, ရွှေတစ်ပိဿာလုံး အကုန်လုံးပေးလွှတ်လိုက်၊ ကဲ-စိတ်ကူးနဲ့ ယူကြစမ်းပါ။ ပရိသတ်ကြီးကရပြီ၊ ဟော-ပေးလိုက်ပြီ, ပရိသတ်ကြီးက ရွှေတုံးရွှေခဲတွေ လက်ထဲရကုန်ပြီ၊ အမလေး. . . ပရိသတ်တွေအကုန်ရတာ၊ တစ်ယောက်တစ်ပိဿာရပြီ, တစ်ယောက်တစ် ပိဿာရပြီ၊ တရားကိုကောင်းကောင်းမနာတော့ဘူး၊ လက်ထဲတစ်ပိဿာလည်း ရရော၊ *အင်း-အပြန်. . . တဲ့၊* မှောင်ရိပ်ကပြန်လို မဖြစ်ဘူးတဲ့. . . လုပ်ကုန်ပြီ လက်ထဲရလာတော့ ပရိသတ်ကြီးကြောင့်ကြမှု ပေါ်မလာဘူးလား? *(ပေါ်လာပါတယ်ဘုရား)*။

အင်း-တရားနာလိုက်လို့ ငါတစ်ယောက်ထဲရတာတဲ့၊ အိမ်ကျရင် သူ့ ခွဲမပေးနိုင်ဘူးတဲ့၊ ဖြစ်မကုန်ဘူးလား? *(ဖြစ်ကုန်ပါဘုရား)*။ ဘုန်းကြီးဟောတဲ့ တရားတွေ နားထဲဝင်သေးရဲ့လား? *(မဝင်တော့ပါဘုရား)*။ အဲဒီ ရွှေတစ်ပိဿာနဲ့အမှောင်ရိပ်ကပြန်လို့မဖြစ်ဘူး၊ ဘယ်ဟာနဲ့ထုပ်ပြန်ရမတုန်း၊ ဘယ်ကလှည့် ပြန်ရကောင်းမတုန်း၊ မီးလင်းရာက ပြန်မှဖြစ်မှာ၊ ဒီက လိုက်ပို့ခိုင်းဦးမှဖြစ်မှာနဲ့၊ ဒီအတွေးတွေ ဝင်မလာဘူးလား? *(ဝင်လာပါတယ်ဘုရား)*။ အဲဒါ မရခင်တုန်းက တော့လည်း လိုချင်တယ်၊ ရတော့လည်းကြောင့်ကြမှုတွေ၊ သောကဗျာပါဒတွေ၊ မလာဘူးလား? *(လာပါတယ်ဘုရား)*။

အဲဒါလိုပဲ ယနေ့(၃၁)ဘုံတည်းဟူသော မျက်လှည့်ရုံကြီးမှာ. . . ယနေ့ (၃၁)ဘုံသားတွေဖြစ်ကြတဲ့ ဒကာဒကာမအပေါင်းသူတော်ကောင်းတွေနှင့် တကွ (၃၁)ဘုံသားဆိုတဲ့ မျက်လှည့်ကြည့်သမားတွေကို၊ ထောင့်ငါးရာကိလေသာဆိုတဲ့ မာရ်မင်းမျက်လှည့်ဆရာကြီးက ရွှေမဟုတ်တဲ့ ကျောက်ခဲအုတ်ခဲတွေကို ရွှေတွေ ငွေတွေအထင်ရောက်အောင်။ ကျောက်ခဲအုတ်ခဲနဲ့ အလားသဏ္ဍာန်တူတဲ့, ရုပ်နာမ် ခမ္မတွေကို ရွှေနဲ့အလားသဏ္ဍာန်တူတဲ့၊ ရွှေရောင်ဖြစ်တယ်လို့ထင်အောင် ယောကျ်ားလို့ထင်အောင်၊ မိန်းမလို့ထင်အောင် ငါလို့ထင်အောင် သူလို့ထင်အောင်, နတ်လို့ထင်အောင်, လူလို့ထင်အောင် လှည့်ပတ်ပြီး တော့ပြလိုက်တယ်. . . တဲ့။

အသုဘဖြစ်တဲ့ ရုပ်နာမ်ခန္ဓာတွေကို သုဘ. . . လို့ထင်အောင် ဒီခန္ဓာ ကိုယ်ကြီးက မစင်မကြယ်ရွံစဖွယ် အသုဘတုံးကြီးဖြစ်နေတာ၊ ပရိသတ်မသေချာဘူးလား? သေချာပါတယ်ဘုရား၊ သူ့သဘာဝအတိုင်းသာ ဉာဏ်နဲ့ကြည့်ကြည့်ပါ၊ သူ့သဘာဝအတိုင်းသာ စစ်ကြည့်ပါ၊ မစင်မကြယ်ရွံစဖွယ်တွေ စုနေတဲ့ အသုဘတုံးကြီး. . . သေသွားတဲ့ အသုဘမှ လူတွေကအသုဘခေါ်နေကြတာ၊ အသက်ရှင်တုန်းလည်း အသုဘပဲ၊ မတင့်တယ်ရင် အသုဘလို့ပဲခေါ်တယ်၊ ဒီတော့-ဘုန်းကြီးတို့ ဒကာဒကာမတွေက ရှင်နေတုန်းများ အသုဘလာပြော မကြိုက်ဘူး၊ အတိတ်မကောင်း နိမိတ်မကောင်းနဲ့ ဒီကောင်လေး, ခေါင်းခေါက်လိုက်ရတဲ့၊ ၆၁၃

http://www.dhammadownload.com



အမှန်ကတော့ ဟိုက သစ္စာလာပြောတာ၊ မင်္ဂလာဆောင်တဲ့အချိန်များ သာဆိုးသေး၊ မင်္ဂလာဆောင်ခါနီးဒင်း- အသုဘတွေကလို့ဆို အမလေးအတိတ်မရှိ နိမိတ်မရှိတဲ့၊ ရှိလိုက်တဲ့အတိတ်မှ ဒိတ်ဒိတ်, ဒိတ်ဒိတ်နဲ့ နေသေးနော်၊ *(မှန်ပါဘုရား)*။ ဒါပေမဲ့ လို့ "အသုဘကိုပင် သုဘထင်" ဟော အသုဘ သုဘထင်ပြီးတော့ ထားတယ်၊ အဲဒါ ကျောက်ခဲအုတ်ခဲ ရွှေထင်တာနဲ့တူတယ်။

အသုဘကိုသုဘလို့ထင်တယ်၊ အနိစ္စကို နိစ္စလို့ထင်တယ်၊ ဒုက္ခကို သုခလို့ထင်တယ်၊ အနတ္တကို အတ္တလို့ထင်တယ်၊ အဲဒါ ကျောက်ခဲအုတ်ခဲတွေ ရွှေထင်တာချည်းပဲ၊ ဒါဖြင့် ယနေ့ ဒကာဒကာမအပေါင်းသူတော်ကောင်းတွေ မစင်မကြယ်ရွံ့စဖွယ်အသုဘဖြစ်တဲ့ ခန္ဓာကိုယ်ကြီးကို , ဆင်လိုက်ပြင်လိုက်, ဖြီးလိုက်လိမ်း လိုက်တော့ လှတယ်လို့စိတ်ထဲထင်သွား၊ စွဲသွားတယ်၊ အဲဒါ ရွှေထင်တာလား၊ ကျောက်ခဲထင်တာလား? *(ရွှေထင်တာပါဘုရား)*။ ဒါဖြင့် ဒကာဒကာမတွေ တစ်ယောက်နဲ့တစ်ယောက်မြင်ကြတိုင်း၊ ကြုံကြတိုင်း, တွေ့ကြတိုင်း, ရွှေထင်ပြီးတော့နေတဲ့အချိန်က များသလား ကျောက်ခဲအုတ်ခဲလို့သိတဲ့ အချိန်ကများသလား? *(ရွှေထင်တဲ့အချိန်က များပါတယ်ဘုရား)*။ ဒီတော့ ရွှေထင်နေတော့ လိုချင်မှု, ရချင်မှုနောက်က လိုက်မလာဘူးလား? *(လိုက်လာပါတယ်ဘုရား)*။

ဟော-အကောင်းထင်တာကို၊ ရွှေလို့ထင်တော့ ခုနက မျက်လှည့်ဆရာကြီးက ဝင်းဝင်းဝင်းဝင်းနဲ့ လုပ်ပြလိုက်တော့ ကလေးတွေက ရွှေလို့ထင်တော့ "အမလေး. . . ကျုပ်တစ်ခဲပေးစမ်းပါ၊ ကျုပ်တစ်ခဲပေးစမ်းပါ၊ ရစမ်းပါရစေ" လို့ချင်တယ်၊ ဘယ်နည်းနဲ့ ရပ့်မတုန်းလို့ မကြံဘူးလား?. *(ကြံပါတယ်ဘုရား)*။ ဟော-အဲလို ကြံတဲ့အတိုင်းရပြီ. . . လို့ဆိုတော့ကော ခုနကပြောသလို တကတည်းဓားပြတိုက်မှာ ကြောက်ရ၊ သူခိုးခိုးမှာကြောက်ရ ဘယ်နားသိမ်းရပ့်မတုန်းဆိုတဲ့ကြောင့်ကြ ဗျာပါဒတွေလာသလိုပဲ၊ ယနေ့ ဒကာဒကာမအပေါင်း သူတော်ကောင်းတွေ အသုဘဖြစ်တဲ့ ရုပ်နာမ်ခန္ဓာတွေကိုသုဘလို့ အထင်ရောက်တော့ ရချင် လိုချင်တယ်၊ တဏှာဥပါဒါန်စွဲလမ်းပြီးသတာလ ရအောင်ယူကြတယ်။

ဟော- ရလာတော့ ဟိုးနားထားရကောင်းနိုး၊ ဒီနားထားရကောင်းနိုး၊ သိမ်းလိုက်ရတဲ့ပစ္စည်းတွေ၊ သူခိုးဓားပြဘေးက ကင်းဝေးအောင်၊ မီးဘေးက ကင်းဝေးအောင်၊ ရေဘေးက ကင်းဝေးအောင် သိမ်းကြရ ဆည်းကြရနဲ့ ဒုက္ခဗလပွေ၊ ဒုက္ခအနန္တရကြတယ်။ အဲဒါဟာ ဘာပြုလို့တုန်းဆိုတော့ အလိမ်မိနေလို့. . .။ ပရိသတ်ကြီး. . . ဘာမိနေလို့တုန်း? *(အလိမ်မိနေလို့ပါဘုရား)*၊ ဒီတော့ အဲဒီမျက်လှည့်ပွဲ ကြည့်နေရတာနဲ့ ခုနကသွားမယ့် မော်တော် ကားတွေ ရထားတွေ ခုနကမျက်လှည့်ပွဲငေးနေတဲ့ ကလေးတွေ၊ အကောင်းထင်ပြီးတော့ ငေးနေတော့ ရထားတွေ, ဘာတွေအချိန်မီသွားရမှာ မီလိုက်သေးရဲ့လား? *(မမီလိုက်တော့ပါဘုရား)*။

http://www.dhammadownload.com



ယနေ့(၃၁)ဘုံအတွင်းမှာရှိနေကြတဲ့ ဒကာဒကာမအပေါင်းသူတော်ကောင်းတွေ၊ (၃၁)ဘုံအတွင်းက ရူပါရုံအမျိုးမျိုး၊ အဆင်းမျိုးစုံရူပါရုံ, အသံမျိုးစုံသဒ္ဒါရုံ, အနံ့မျိုးစုံဂန္ဓာရုံ၊ စားဖွယ်သောက်ဖွယ်မျိုးစုံရသာရုံ၊ အထိတွေ့မျိုးစုံဖောဋ္ဌဗ္ဗာရုံ,ဆိုတဲ့ ရွှေမဟုတ်တဲ့ ကျောက်ခဲအုတ်ခဲတွေကို ရွှေတွေပဲလို့ ဒကာဒကာမတွေရဲ့သန္တာန်ဖြစ်နေတဲ့ ကိလေသာလောဘ, ဒေါသ, မောဟစတဲ့ကိလေသာတွေက လှည့်စားထားလိုက်တော့ ရွှေထင်ပြီးတော့ နေကြလို့ အဲဒီ ရွှေထင်ထားတဲ့ ကိစ္စတွေနဲ့ပဲ ကိစ္စဗျာပါဒများပြီးတော့နေကြတော့၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ ဖောင်ကြီးနောက်ပိုင်းကို ခုန်စီးဖို့ရာ အချိန်ပေးနိုင်သေးရဲ့လား? *(မပေးနိုင်ပါဘုရား)*။

ဒါဖြင့်-ကြုံဆဲဖောင်ကြီး ခိုစီးချင်လို့ရှိရင်၊ ခုနက ကျောက်ခဲကို ကျောက်ခဲပဲ. . လို့ သိတဲ့ အသိဝင်ဖို့အရေးမကြီးဘူးလား? *(အရေးကြီးပါတယ်ဘုရား)*။ ဒီတော့ အသုဘကို အသုဘပဲလို့ရှုပေး၊ အနိစ္စကိုအနိစ္စပဲလို့မြင်အောင်ကြည့်ပေး၊ ဒုက္ခကိုဒုက္ခပဲလို့၊ အနတ္တကိုအနတ္တပဲလို့ကြည့်ပေး. . . ဒီတော့ ကြည့်ပေးဆိုတဲ့ အလုပ်ဟာ၊ ဘာတုန်းဆိုတော့ ဝိပဿနာပဲ၊ ဒကာဒကာမတွေနဲ့ စဉ်ရုပ်နာမ်ခမ္မသဘာဝတွေကို, ဖြစ်ပျက်သဘောမြင်အောင်ကြည့်ပေးနေခဲ့ရင် အဲဒါ ကျောက်ခဲကျောက်ခဲမှန်းသိတဲ့အချိန်ပဲ၊ အုတ်ခဲအုတ်ခဲမှန်းသိတဲ့အချိန်ပဲ၊ ဒီတော့ ဘုန်းကြီးတို့ဒကာဒကာမတွေ စိတ္တာနုပဿနာနဲ့ဖြစ်ဖြစ်၊ ရုပ်ကိုကြည့်တဲ့ ကာယာနုပဿနာနည်းနဲ့ဖြစ်ဖြင့်၊ ရုပ်နာမ်နှစ်ပါးပေါင်းရှုတဲ့ နာမရူပပရိစ္ဆေဒဉာဏ်နဲ့ပဲဖြစ်ဖြစ်, ဘာနဲ့ကြည့်ကြည့် အနိစ္စလက္ခဏာ, ဒုက္ခ လက္ခဏာ, အနတ္တလက္ခဏာမြင်တဲ့အချိန်ဟာ, အဲဒါကျောက်ခဲကျောက်ခဲမှန်းသိတဲ့အချိန်ပဲ။

အခုစိတ်ကလေးနည်းနည်းကြည့်မယ်ဆိုရင် စိတ္တာနုပဿနာနဲ့ကြည့်မယ်ဆိုရင်, ဒကာဒကာမတွေ ထိုင်ချင်တဲ့ စိတ်ဟာထိုင်ပြီးတဲ့ အချိန်ရှိသေးလား? မရှိပါဘုရား၊ မတ်တပ်ရပ်တော့မယ်လို့ ကြံလိုက်တယ် ဖျတ်ကနဲ့ မတ်တပ်ရပ်လိုက်တယ်၊ ရပ်ပြီးတဲ့အချိန်မှာ ရပ်ချင်တဲ့စိတ်ရှိသေးလား မရှိပါဘုရား။ ဒီတော့ စိတ်ကလေး ပျောက်ပျောက်, ပျောက်ပျောက်သွားတာ မမြင်ရဘူးလား? မြင်ရပါဘုရား၊ အဲဒါ မြင်အောင်ကြည့်ရင် အဲဒါ အနိစ္စလက္ခဏာပေါ်လာတာပဲ၊ စိတ်ရဲ့အနိစ္စလက္ခဏာလေး မြင်အောင်ကြည့်ပေး. . .။ ဟော-ထချင်ရင်, ထလိုက်ပြီ ထချင်စိတ်ပျောက်သွားပြီ၊ ထပြီးတော့ တစ်ခါသွားလိုက်တော့ ထနေတယ်ဆိုတဲ့ စိတ်ကလေး ပျောက်သွားပြန်ပြီ။

စားတဲ့အချိန်မှာ စားချင်တဲ့စိတ် ပထမလာတယ်၊ နောက် စားပြီ၊ စားတဲ့အချိန် စားချင်စိတ်ပျောက်သွား၊ ရှေ့ကစားချင်စိတ်ကပျောက်၊ နောက်က စားချင်

http://www.dhammadownload.com



စိတ်လာ။ ရှေ့က စားချင်စိတ်ပျောက်၊ နောက်က စားချင်စိတ်လာ၊ ရှေ့က စားချင်စိတ် ပျောက်, နောက်က စားချင်စိတ်လာပြီးတော့ စား၊ စားပြီးသွားပြီဆိုတော့ စားချင်တဲ့စိတ်ရော စားတဲ့စိတ်ရော ပျောက်သွားပြီးပြီ။ အဲဒီလိုပဲ-သွားချင်တဲ့စိတ်ရော, သွားတဲ့စိတ်ရောပျောက်၊ ဒီတော့ စိတ္တာနုပဿနာနဲ့ ကြည့်ရင်လည်း စိတ်ကလေးတွေ ပျောက်ပျောက်, ပျောက်ပျောက်သွားတာမြင်နေပြီလို့ဆိုရင် အဲဒါ အုတ်ခဲ အုတ်ခဲမှန်းသိတာ၊ ကျောက်ခဲ ကျောက်ခဲမှန်းသိတာ။ ရုပ်ခန္ဓာရဲ့ အနိစ္စလက္ခဏာ ကြည့်ရတာနဲ့ စိတ်ခန္ဓာအနိစ္စလက္ခဏာက ပိုထင်လွယ်တယ်။

ရုပ်ခန္ဓာကြီးကျတော့ ဒကာဒကာမတွေက ရုတ်ကနဲထင်ဖို့မလွယ်ဘူး၊ သူက မနေ့ကလည်းဒါပဲ၊ ဒီနေ့လည်းဒါပဲလို့ ဒီလိုထင်နေတယ်၊ အမှန်စင် စင်ကတော့ ရုပ်ခန္ဓာကလည်းပဲ ရေစီးနေသလိုပါပဲ၊ သူလည်းပဲဖြစ်လိုက်, ပျက်လိုက်, ဖြစ်လိုက်ပျက်လိုက်, ဖြစ်လိုက်ပျက်လိုက်ပြောင်းနေတာ၊ ဘယ်လိုအခါ ပိုသိတာတုန်းဆိုတော့ ဘုန်းကြီးတို့ဒကာဒကာမတွေ အနာကြီးပေါက်နေတယ်၊ အနာကနေပြီးတော့ အသားနုတွေတက်သွားတယ်၊ နောက်အသားနုတွေက ပြည်တွေစားလို့ပြန်ဟိုက်သွားတယ်၊ အနာမှာပြောင်းလဲတဲ့ ရုပ်တွေရှိနေတာ မတွေ့ရဘူးလား? *(တွေ့ရပါတယ်ဘုရား)*။ ဒီနေ့ အနာကြီး ဟိုက်တိုက်ကြီး နက်ဖြန်ခါကျ အသားတွေတက်လို့ပြည့် . . . ဟော ဒါပြောင်းသွားတယ်၊ ရုပ်တွေပြောင်းနေတယ်ဆိုတာ မသေချာဘူးလား? *(သေချာပါတယ်ဘုရား)*။

အခုမျက်နှာက ကြည်ကြည်လင်လင်နဲ့နေတယ်၊ သူဒေါသဖြစ်စရာတွေလည်းတွေ့ရော၊ မျက်နှာကြီးမှုန်သွားတယ်ဆိုတာ မရှိဘူးလား? *(ရှိပါတယ်ဘုရား)*။ အဲဒီ မှုန်နေရာကနေ သူ့စိတ်ချမ်းသာအောင်ပြောလိုက်တော့ မျက်နှာပြန်ကြည်သွားတယ်ဆိုတာရော မရှိဘူးလား? *(ရှိပါတယ်ဘုရား)*။ ဒါဖြင့် ရုပ်တွေပြောင်းနေတယ်ဆိုတာ မသေချာဘူးလား? *(သေချာပါတယ်ဘုရား)*။ အဲဒီလိုအားဖြင့် ရုပ်တွေပြောင်းလဲနေတယ်ဆိုတာကိုသန္တတိအနိစ္စ၊ အစဉ်နဲ့ပထမမြင်အောင်ကြည့်။

အဲဒီသန္တတိအနိစ္စ၊ အစဉ်သန္တာန်ပြောင်းတာလေးတွေကို မြင်အောင်ကြည့်ပြီးတော့မှ တဆင့်တက်ပြီးတော့ ခဏိကပြောင်းနေတယ်၊ ခဏတိုင်းပြောင်းနေတယ်ဆိုတာလေးကို မြင်အောင်ကြည့်တော့၊ ရုပ်တွေနာမ်တွေ အမြဲတမ်းပြောင်းနေတယ်၊ အမြဲတမ်းဖြစ်ပျက်နေတယ် . . . ဆိုတာကို ကြည့်ဖို့ရာအတွက်၊ ပါးစပ်ကလည်းဆို, နှုတ်ကလည်းရွတ်ပြီးတော့ ရုပ်နာမ်ဖြစ်ပျက် ရုပ်နာမ်ဖြစ်ပျက်, ကြားတယ်ကြားတယ်, သွားတယ်သွားတယ်၊ သို့မဟုတ် မြင်သိပျက်, ကြားသိပျက်,

http://www.dhammadownload.com



ထိသိပျက်, စသည်ဖြင့်ရှုပွားပြီးတော့နေခဲ့ရင်၊ အဲဒီ ရုပ်နာမ်ဓမ္မသဘာဝလေးတွေရဲ့ ရုပ်နာမ်ရုပ်နာမ်အတိုင်းသိတဲ့ အချိန်သည်၊ ကျောက်ခဲကျောက်ခဲမန်းသိတဲ့အချိန်၊ ရုပ်နာမ်ရဲ့ ဖြစ်ပျက်နေတဲ့ သဘောကို, ဖြစ်ပျက်နေတဲ့အတိုင်းမြင်တဲ့ အချိန်သည်၊ အုတ်ခဲ အုတ်ခဲမှန်းသိတဲ့ အချိန်။

ဒီတော့ မျက်လှည့်ရုံကြီးထဲမှာ မျက်လှည့်ကြည့်နေတဲ့သူတွေ၊ အုတ်ခဲ အုတ်ခဲပါပဲလို့ သိနေတဲ့သူက ပရိသတ်လိုချင်မှုလာသေးရဲ့လား? *(မလာပါဘုရား)*။ အဲ-လိုချင်မှုဆိုတာ သမုဒယသစ္စာတဏှာပဲ၊ ဒီတော့ ရုပ်နာမ်ကို ရုပ်နာမ်မှန်းမသိ လိုက်တဲ့ အချိန်တိုင်း, အသုဘကို သုဘလို့ထင်တိုင်းထင်တိုင်း လိုချင်မှုသမုဒယ သစ္စာတဏှာပေါ်တယ်၊ ဒီတော့ သမုဒယသစ္စာတဏှာပေါ်တော့ သမုဒယသစ္စာ တဏှာကြောင့် ရမှုဆိုတဲ့ ဒုက္ခပေါ်လာပြန်ရော၊ အဲဒီလို သမုဒယသစ္စာနဲ့ ဒုက္ခ သစ္စာလုံးထွေးပြီးတော့ လာခဲ့ရတယ်၊ သစ္စာလေးပါးရှိတဲ့ အနက်က ယနေ့ ဒကာ ဒကာမအပေါင်းသူတော်ကောင်းတွေ ဒုက္ခသစ္စာနဲ့သမုဒယသစ္စာနှစ်ပါးနဲ့ ဗလုံး ဗထွေးလာခဲ့ရတယ်. . . တဲ့။

သစ္စာလေးပါးမှာ ဘုန်းကြီးတို့ ဒကာဒကာမတွေသန္တာန်မှာ သစ္စာနှစ်ပါးနဲ့ သံသရာတစ်လျှောက်လုံးပြေးလာခဲ့ရတယ်၊ ဒုက္ခသစ္စာနဲ့သမုဒယသစ္စာ နှစ်ပါးနဲ့ ချည်လှည့်လာခဲ့ရတယ်၊ မဂ္ဂသစ္စာနဲ့နိရောဓသစ္စာက တစ်ကြိမ်မှမပေါ်ခဲ့ဖူးသေး ဘူး၊ လောကုတ္တရာမဂ်၊ လောကုတ္တရာသစ္စာက၊ အဲ-ဝိပဿနာမဂ် ဝိပဿနာသစ္စာ။ လောကီမဂ် လောကီသစ္စာပေါ်ခဲ့ရင် အဲဒီလောကီမဂ် လောကီသစ္စာကနေပြီး တော့ လောကုတ္တရာမဂ်, လောကုတ္တရာသစ္စာပေါ်လိမ့်မယ်. . . တဲ့၊ အဲဒီလိုပေါ် တာကလည်း ဘုရားရှင်ကိုယ်တော်မြတ်ကြီးတို့လို သာသနာထူထောင်ပြီးတော့ အလိမ်ဖြေပေးနိုင်တဲ့ ပုဂ္ဂိုလ်ကြီးတွေနဲ့တွေမှ ပေါ်နိုင်တယ်၊ ဒါဖြင့်သာသနာနဲ့ ကြုံတဲ့အခိုက်မှာ ကိုယ့်သန္တာန်အလိမ်ပြေသွားအောင် လုပ်ဖို့မလိုဘူးလာ? *(လိုပါ တယ်ဘုရား)*။

ဒီတော့ ရုပ်နာမ်ကို ရုပ်နာမ်အတိုင်းမြင်တဲ့ဉာဏ်၊ ရုပ်နာမ်ဓမ္မသဘာ ဝတွေရဲ့ဖြစ်ပြီးပျက်နေတဲ့ သဘောကိုမြင်တဲ့ ဉာဏ်လေးပေါ်လာအောင် တစ် နေ့တစ်နေ့ ငါးမိနစ်ပဲတတ်နိုင်တတ်နိုင်၊ ဆယ်မိနစ်ပဲတတ်နိုင်တတ်နိုင်၊ အလိမ် ဖြေပေးနေဖို့မလိုဘူးလား? *(လိုပါတယ်ဘုရား)*။ ကိုယ်တအလိမ်ဖြေပေးနေဖို့ အလုပ်ကကြိုးစားမှ လိမ်နေတဲ့သူကတော့ နေတိုင်းလိမ်နေတာ၊ နေ့တိုင်း အလိမ် မခံရဘူးလား? *(အလိမ်ခံရပါတယ်ဘုရား)*။ ကဲ-မခံရဘူး, ခံရတယ်သိအောင် လိုက်ဆိုကြည့်စမ်းပါ-

http://www.dhammadownload.com



◈ အသုဘကိုပင်, သုဘထင်, နေ့စဉ်လိမ်တော့တာ၊
အနိစ္စကိုပင်, နိစ္စထင်, နေ့စဉ်လိမ်တော့တာ၊
ဒုက္ခကိုပင်, သုခထင်, နေ့စဉ်လိမ်တော့တာ၊
အနတ္တကိုပင်, အတ္တထင်, နေ့စဉ်လိမ်တော့တာ။

ထောင်ငါးရာကိလေသာမျက်လှည့်ဆရာကြီးက အသုဘသုဘထင်အောင် ပရိသတ်တွေ လိမ်မထားဘူးလား? *(လိမ်ထားပါတယ်ဘုရား)*။ ဒီတော့ မိမိတို့က လည်း အလိမ်မိနေတာဖြစ်တော့၊ ဉာဏ်ကနည်းနေတာဖြစ်တော့၊ နုံနေတာ ဖြစ်တော့၊ အလိမ်ပြေပြီးတော့ သူကကျောက်ခဲအုတ်ခဲ အသုဘရုပ် နာမ်တုံးကြီးကို သုဘဆိုပြီးတော့ ရွှေထင်, ငွေထင်သွားပြီဆိုရင် လိုချင်မှုတွေလည်း မလာဘူး လား? ( *လာပါတယ်ဘုရား)*။ ဒီတော့ အဲဒီအလုပ်တွေနဲ့ ယနေ့ ဒကာ ဒကာမ တွေ နေ့စဉ်ရှုနေခဲ့ကြမယ်ဆိုရင်ဖြင့်၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ မဂ္ဂင် ဖောင်ကြီး ခိုစီးနိုင်တဲ့အခြေရှိပါတော့မလား? *(မရှိပါဘုရား)*။

◈ သုံးစင်းဖောင်တော်, လွှဲဖယ်ချော်, ရိရော်ပန်း၍ ကျန်ခဲ့ပြီ၊
ကြုံဆဲဖောင်ကြီး, ပွဲအမြီး, ခိုစီးနိုင်မှ သင့်ကြမည်။

အဲဒီလိုမှ ခိုစီးနိုင်လောက်အောင် အားမရှိဘူးဆိုရင်တော့ နောက်ထပ် လာမယ့် အရိမေတ္တေယျဖောင်တော်ကြီး ဦးကနေစီးနိုင်ဖို့ရာ ရိက္ခာကောင်းတွေ ပရိသတ် စုဆောင်းဖို့ မလိုအပ်ဘူးလား? *(လိုအပ်ပါတယ်ဘုရား)*။ ဆိုလိုက်စမ်းပါ-

◈ မေတ္တေးဖောင်တော်, အသင့်မျှော်, ဦးတော်ခန်းကစီးဖို့ရည်၊-
ကူးတို့ဖောင်ခ, ရိက္ခာလှ, စုမှဆောင်းမှ, တော်ကြမည်။

ရိက္ခာလှလေးတွေစုကြ. . . ဆိုတာ ဒါန, သီလ, ဘာဝနာကုသိုလ် ကောင်းမှုကို ရိက္ခာလှလို့ခေါ်တယ်၊ *(မှန်လှပါဘုရား)*၊ ဒကာဒကာမတွေ သားစာ သမီးစာ ထွက်ရှာနေတာက ရိက္ခာလှမဟုတ်ဘူး၊ တစ်ဘဝစာ တစ်နပ်စာ, ကိုယ့် စားရေး သောက်ရေး ဆွေရေးမျိုးရေး မင်းရေးစိုးရေး, ဘုံစာတွေ မီးစာတွေ တစ်ဘဝစာတွေ ရှာနေရတာက ရိက္ခာလှလို့ မခေါ်သေးဘူး၊ ဟုတ်ပါတယ်၊ တစ်ဘဝတော့ စားရပါတယ်၊ တစ်နပ်တော့စားရပါတယ်၊ တစ်ဘဝတော့ ခံစားရ ပါတယ်၊ သို့သော် မဂ်ဖိုလ်နိဗ္ဗာန်ကျေးဇူးပြုမယ့်ဟာတော့ မဟုတ်သေးရင် အဲဒါ ရိက္ခာလှလို့မခေါ်နိုင်သေးဘူး။

ဒါဖြင့် ရိက္ခာလှဆိုတာ ဘာတုန်းဆိုရင်ဖြင့် ဒါနဆိုတဲ့ ကုသိုလ်ကောင်း မှုတွေ၊ သီလဆိုတဲ့၊ ကုသိုလ်ကောင်းမှုတွေ၊ ဘာဝနာဆိုတဲ့ကုသိုလ်ကောင်းမှု တွေ. . . ဒါကြောင့် ဒီနေ့ အမရပူရ-မန္တလေး အမှတ်(၈)မော်တော်ယာဉ်အသင်း သူ အသင်းသား ဒကာဒကာမအပေါင်း သူတော်ကောင်းတွေ၊ ကားပိုင်ရှင်တွေ၊

http://www.dhammadownload.com



ကားမောင်းတဲ့ဆရာတွေ၊ ကားနောက်ပိုင်းကလိုက်ကြတဲ့သူတွေနှင့် တကွကားနဲ့ စပ်တဲ့ အမျိုးကောင်းသားအမျိုးကောင်းသမီးအပေါင်းသူတော်ကောင်းတွေ၊ နေ့စဉ်နေ့စဉ် မိမိတို့ဝမ်းစာ သားစာသမီးစာရှာတဲ့ အထဲကနေပြီးတော့ စုဆောင်းပြီး သကာလ(၂၉)ကြိမ်မြောက်တိုင်တိုင်၊ မဟာဘုံကထိန် ပွဲကြီးဆင်နွှဲ ကျင်းပပြီးတော့ လာကြတာဟာဖြင့် ရိက္ခာကောင်းရိက္ခာလှတွေကိုစုဆောင်းပြီးတော့ နေကြပါ တယ်. . . လို့ ဘုန်းကြီးတို့ပြောခဲ့ရတယ်၊ ရိက္ခာကောင်းတွေ စုဆောင်းတာလား၊ ရိက္ခာညံ့တွေ စုဆောင်းတာလား? *(ရိက္ခာကောင်းတွေစုဆောင်းတာပါဘုရား)*။

ဒါဖြင့် ယနေ့ ဒကာဒကာမအပေါင်း သူတော်ကောင်းတွေလည်းပဲ၊ တတ်စွမ်းသမျှဒါန, သီလ, ဘာဝနာ, ကုသိုလ်ကောင်းမှုတွေပြုနေကြတာ ရိက္ခာ ကောင်းတွေ စုဆောင်းနေတယ်လို့ မခေါ်နိုင်ဘူးလား? *(ခေါ်နိုင်ပါတယ်ဘုရား)*။ ဒီဂေါတမဘုရားရှင်ရဲ့ သာသနာ့နောက်ပိုင်း မဂ္ဂင်ဖောင်ကြီး စီးနိုင်ရင်စီးလေ၊ မီသေး တယ်၊ အဲဒီလိုမှ မစီးနိုင်ရင်ဖြင့် "မေတ္တေးဖောင်တော် မျှော်ပြီးတော့, ရိက္ခာ ကောင်းတွေ စုဆောင်းတဲ့အနေနဲ့ အမှတ်(၈)မော်တော်ယာဉ် အသင်းသူ အသင်း သား ဒကာဒကာမအပေါင်း သူတော်ကောင်းတွေက (၂၉)ကြိမ်မြောက် မဟာ ဘုံကထိန်ပွဲကြီး ဆင်နွှဲကျင်းပပြီးသကာလ, ရိက္ခာကောင်းတွေကို စုဆောင်းနေကြ သလို. . . ယနေ့ အားလုံးသော တရားနာပရိသတ်အပေါင်း သူတော်ကောင်းတွေ လည်းပဲ ရိက္ခာကောင်းတွေကို စုဆောင်းကြပါ. . . လို့ ဖောင်တော်ကြီးငါးစင်း တရားတော်၊ ဒီတော့ ဖောင်တော်ကြီးငါးစင်း၊ ဘုန်းကြီးတို့ ပရိသတ် သိသွားပြီလား? *(သိသွားပါပြီဘုရား)*။ ငါးစင်း လို့ခေါ်တဲ့ ကကုသန် ကောဏာဂုံ ကဿပ လွန်သွားတဲ့ ဖောင်ကြီး ... နောက်ပိုင်း ... လေး ... ဂေါတမဖောင်ကြီးတစ်စင်း မကြာမီလာတော့မယ့် ... မေတ္တေယျ ... တစ်စင်း. . . လို့ ဖောင်တော်ကြီး ဘယ်နှစ်စင်းပါလိမ့်? *(ငါးစင်းပါဘုရား)*။

ဒီတော့ ငါးစင်းစလုံး ဒီကမ္ဘာမှာပေါ်လာပါရဲ့သားနဲ့မှ မစီးလိုက်နိုင်ဘူး ဆိုရင်၊ ပရိသတ် ညံ့ရာမရောက်ဘူးလား?*(ရောက်ပါတယ်ဘုရား)* ဒါ့ကြောင့် ယနေ့ ဘုန်းကြီးဟောချင်တဲ့ တရားပွဲဦးထွက်အနေနဲ့ ဟောရတာဖြစ်တော့ ဒကာကြီး ဦးဘရင် ပွဲဦးထွက်ဆိုတာ-ဇာတ်ကြီးတွေထဲမှာ ပွဲဦးထွက်တဲ့သူဆိုတာ ကန်တော့ ပွဲလေး ဟိုလှည့်ဒီလှည့် နတ်သံပစ်ပြီးဝင်သွားတာမဟုတ်လား၊ ဦးဘရင်? *(မှန်ပါဘုရား)* ဒီတော့ ဘုန်းကြီး၊ ဒီဘုန်းကြီးကလည်းသိမ်းချင်တော့ ဒီဂါထာကိုရွတ်ပြီးတော့ တရားနာပရိသတ်ကြီးက သိမ်းရအောင်၊ ဟော-ဘုန်းကြီး က နတ်သံလေး ပစ်လိုက်မယ်နော်၊ ကန်တော့ပွဲလေး ဟိုလှည့်ဒီလှည့်လုပ်ပြီးတော့ နတ်သံလေးပစ် လိုက်မယ် ဒကာကြီးဦးဘရင်ကကန်တော့ပွဲ ကောက်မိအောင် ကောက်နော်၊ *(မှန်ပါဘုရား)*။

http://www.dhammadownload.com



ဥဒ္ဒဂ်မာ တယော နာဝါ, ဩဟိနာ တတ္တနာရုဟာ၊
တ္တစာပိ အစနော ဒိဋ္ဌာ, သေဋ္ဌာနာဂတာရုဟာ။

တ္တစ ကပ္ပေ-ဘဒ္ဒကပ်ဟု, ထွန်းမြတ်ရောင်လင်း, ဤကပ်ကမ္ဘာအတွင်း၌၊ တယော တိဿော နာဝါ- ကကုသန် ကောဏာ, ကဿပဟု, နာမစိုက်ချွန်, အောင်တံခွန်နှင့်, ပြောင်ဝှန်ညီးညီး, သုံးစင်းသော ဖောင်တော်ကြီးတို့သည်၊ ဥဒ္ဒဂ်မာ-စည်သံမောင်းသံ, မြစ်လုံးလျှံမျှ, မြိမ့်ညံသဲသဲ, သိမ့်သိမ့်လဲအောင်, မစဲ စက်သံ, ဂယက်ညံမျှ, တက်ဆန်တော်မူကြလေကုန်ပြီ၊ တတ္တ-နိဗ္ဗာန်သောင်မြို့, ဖောင်ကူးတို့သို့, ဆောင်ပို့ကယ်သွင်း, ထိုဖောင်တော်ကြီးသုံးစင်းတို့၌၊ တုမှေ-သံယောဇဉ်စီး, ခင်မင်ကြီး၍, မငြီးနိုင်ကြ, ဘုံဘဝမှ, မထနိုင်တောင်း, သင်သူတော်ကောင်းတို့သည်၊ အနာရုဟာ(အနာရုဟန္တာ)-ဖောင်ကြီးကိုမျှ, မမြင်ရဘဲ, အလွဲကြီးလွဲလျှက်, ရှောင်လွဲဖီသုံ, မစီးလိုက်ကြရကုန်သည်ဖြစ်၍၊ ဩဟိနာ-အိုလားသေလား, တဖွားဖွားနှင့်, ရှည်လျားမဆုံး, မီးမတုံးမျှ, တဟုန်းဟုန်းတောက်, ဘေးကြီးရောက်၍, ထွက်ပေါက်မရ, ကျန်ရစ်ကြရလေကုန်ပြီ။

တ္တစာပိ-ဂေါတမဟု, နာမစိုက်ချွန်, အောင်တံခွန်နှင့်, ပြောင်ဝှန်ညီးညီး, ယခုတွေ့ကြုံဆဲဖြစ်တဲ့, ဤဖောင်တော်ကြီး၌လည်း၊ ဒိဋ္ဌာ(ဒိဋ္ဌာယေဝ)-ဘုရားဖောင်မှူး, မဖူးရလိုက်, အထိုက်အလျား, ရှင်တော်ထားခဲ့သည့်, တရားသံယာ, ရတနာဟု, ရောင်ဝါဝင်းပ, ပဲ့ပိုင်းမျှကိုသာ, အဝေးကမှုန်မှုန်, အများစုက, မြင်ကြရကုန်သည်ဖြစ်၍၊ အစနော-ကူးတို့ဖောင်ခ, လက်ဆောင်သဖို့, ဒါနသီလာ, ဘာဝနာကောင်းမှု, မစုမထား, လက်ကိုင်ပါးကြလေသောကြောင့်၊ အနာရုဟာ (အနာရုဟန္တာ)-ကပ်ခွင့်မရ, တက်ခွင့်မရ, မစီးလိုက်ကြရကုန်ဘဲသာလျှင်၊ ဩဟိနာ-ဤမှာဘက်ကမ်း, ဂယက်ကြမ်း၌၊ ပင်ပန်းရိရော်၊ တမော်မော်ဖြင့်, ဟစ်အော်ညည်းတ, ကျန်ရစ်ကြရလေကုန်ပြီ။

တသ္မာ-ထို့ကြောင့်၊ အနာဂတေ-မေတ္တေးမြတ်စွာ, များမကြာမီ, ဆန်လာလုနီး, ဖောင်တော်ကြီး၌၊ အာရုဟာ(အာရုဟာယ)-အမြန်ခုန်ကူး, ဖောင်တော်ဦးက, စူးစူးမြိုင်မြိုင်, လက်ဦးထိုင်၍, စီးနိုင်ကြခြင်းအကျိုးငှာ၊ ဒါနာဒိပါရမီယော-ကူးတို့ဖောင်ခ, လက်ဆောင်သဖို့, ဒါနသီလာ, ဘာဝနာ စ,တောင်း, ရိက္ခာကောင်းတို့ကို၊ သေဋ္ဌာ-အခွင့်သာဆဲ, အားကုန်ခွဲ၍, အမြဲပုံသေ, စုဆောင်းလိုက်ကြလေကုန်သတည်း. . . ။

သာဓု. . . သာဓု. . . သာဓုပါဘုရား။

http://www.dhammadownload.com

# သာသနာနှင့်တွေ့သူ, မတွေ့သူတရားတော်

ဒီနေ့ ဘုန်းကြီးဟောချင်တဲ့တရားက သာသနာဆိုတဲ့ရတနာနဲ့တွေ့တဲ့သူ မတွေ့တဲ့သူဆိုတဲ့ ခေါင်းစီးလေးနဲ့ ဘုန်းကြီးဟောမယ်၊ ဒကာကြီးဦးစိန်၊ *(မှန်လှပါဘုရား)*။ ဒီတော့ ဒီနေ့ ပရိသတ်ကြီးဘုန်းကြီးဟောမယ့်တရားက သာသနာနဲ့တွေ့သူ, မတွေ့သူ. . . တိုတိုလေး ဒီလို ခေါင်းစီးမှတ်လိုက်ကြစို့ရဲ့၊ ပရိသတ်ကြီး ဘုန်းကြီး ဒီနေ့ ဟောမယ့်တရားက သာသနာနဲ့တွေ့သူ,မတွေ့သူ. . . တဲ့၊ ဘာတဲ့ တုန်း ခေါင်းစီးနာမည်က? *(သာသနာနဲ့တွေ့သူ,မတွေ့သူပါဘုရား)*။ အဲ-တွေ့တဲ့သူနဲ့ မတွေ့တဲ့သူ ခွဲပြီးတော့ ပြောမလို့၊ ဒီတော့-ကိုယ့်ကိုယ်ကို မေးထားရမှာက ငါ သာသနာနဲ့တွေ့သူလား 'မတွေ့တဲ့သူလား. . . လို့ ဘုန်းကြီးဟောနေရင်းနဲ့ ပရိသတ်ကြီးက စဉ်းစားပြီးတော့ လိုက်လာခဲ့ရလိမ့်မယ်၊ *(မှန်လှပါဘုရား)*။

**သာသနံပုညဝန္တဿ, ပုညဝန္တာဝ လာဘိနော၊**
**သမ္ဘဿိတွာ ပဂ္ဂဏှိတုံ, အပ္ပပုညာ အလာဘိနော။**

ပုညဝန္တဿ-လေးသင်္ချေကိန်း, ကပ်တစ်သိန်းက, ထိန်းသိမ်းစုံညီ, ပါရမီ ဘုန်းဟုန်, တန်ခိုးဂုဏ်တို့နှင့်, ပြည့်စုံတော်မူသော ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏၊ သာသနံ-အံ့ဖွယ်ရှစ်ဖြာ, သာသနာတော်မြတ်ကြီးကို၊ ပုညဝန္တာဝ- ရှေးရှေးဘဝ, သံသာရက, ဘုန်းစကံဟုန်, ရှိခဲ့ကုန်သော, သူတို့သည်သာလျှင်၊ ပဂ္ဂဏှိတုံ-ပစ္စယမေ့, နှစ်ဖြာပွားလင့်, ထောက်ပံ့ချီးမြှောက်ခွင့်ကို၊ လာဘိနော-အကြောင်း လည်းတိုက်, အကျိုးဆိုက်သဖြင့်, သိုက်မြိုက်ပိုင်ပိုင်, ရရှိနိုင်ကြလေကုန်၏၊ အပ္ပပုညာ-ရှေးရှေးဘဝ, သံသာရက, ဘုန်းစကံဟုန်, နည်းခဲ့ကုန်သော, သူတို့ သည်ကား၊ ပဂ္ဂဏှိတုံ-ပစ္စယမေ့, နှစ်ဖြာပွားလင့်, ထောက်ပံ့ချီးမြှောက်ခွင့်ကို၊ အလာဘိနော-အကြောင်းမသင့်, ကျိုးမတင့်သဖြင့်, အခွင့်ပိုင်ပိုင်, မရရှိနိုင်ကြလေ ကုန်သတည်း. . .။

သာဓု. . . သာဓု. . . သာဓုပါဘုရား. . .။

အမျှော်အမြင်ရှိတဲ့၊ ဘုန်းရှိကံရှိ ပါရမီရှိတဲ့ မိဘတို့က, မိမိတို့ရဲ့သားတွေ သမီးတွေ မြေးတွေမြစ်တွေအတွက် အင်မတန် တန်ဖိုးရှိတဲ့စိန်ကောင်း ကျောက် ကောင်း, ရွှေကောင်းငွေကောင်း ရတနာကောင်းတွေ, မြှုပ်နှံထားခဲ့ကြပြီးသကာလ၊ အမွေပေးတားခဲ့သော်လည်း. . . တဲ့၊ အဲဒီမိဘတွေပေးထားခဲ့တဲ့ အမွေကိုကံရှိတဲ့

http://www.dhammadownload.com



သားသမီးမှသာလျှင် ရနိုင်တယ်၊ ဘုန်းရှိတဲ့သားသမီးမှသာလျှင်တွေ့နိုင်တယ်၊ ပါရမီရှိတဲ့သားသမီးမှသာလျှင် အဲဒီ မိဘတွေပေးခဲ့တဲ့ရတနာကောင်းတွေ၊ ပစ္စည်းဥစ္စာကောင်းတွေကို ကြာရှည်လေးမြင့်စွာ သုံးစွဲပြီးသကာလ, ချမ်းသာနိုင်ကြတယ်. . . တဲ့။

အမေအဖေတွေကတော့ တိုယ့်သားကိုယ့်သမီး, ကိုယ့်မြေး ကိုယ့်မြစ်, ကိုယ့်တူ ကိုယ့်တူမတွေ ချမ်းသာစေချင်လွန်းလို့ဆိုပြီးတော့ သူတို့ ရှာဖွေစုဆောင်းထားခဲ့တဲ့ ဥစ္စာနှစ်တွေ နေရာတကျဖြစ်အောင် မြှုပ်နှံတန်တာမြှုပ်၊ သိုတန်တာသို၊ သိမ်းတန်တာသိမ်းထားခဲ့ပြီးသကာလ သားတွေသမီးတွေအတွက် အမွေပေးတဲ့အနေနဲ့ ညွှန်ပြပြီးတော့ထားခဲ့ကြ၊ ဒီပစ္စည်းတွေကို ထုတ်ယူပြီးသကာလ အစားချမ်းသာရစ်ကြပါစေ၊ အနေချမ်းသာရစ်ကြပါစေ၊ အဝတ်ချမ်းသာရစ်ကြပါစေ. . . လို့ ရည်ရွယ်ပြီးသကာလ ပေးခဲ့ငြားသော်လည်း လိမ္မာတဲ့သားသမီး၊ ဘုန်းကံပါတဲ့သားသမီး၊ ပါရမီပါတဲ့သားသမီးမှသာလျှင် ထိုအမွေကို ဆက်လက်ပြီးတော့ တွေ့နိုင်တယ်၊ ရနိုင်တယ်၊ သုံးစွဲနိုင်တယ်၊ ဘုန်းမဲ့ကံမဲ့သားသမီးဆိုလို့ရှိရင်, လက်ထဲမရောက်လာဘဲနဲ့ ပျောက်သွားတတ်တယ်၊ ရှာမတွေ့ဘဲနဲ့ဖြစ်တတ်တယ်။

အဲဒါလိုပဲ ဘုန်းတော်ရှင်, ကံတော်ရှင်, ပါရမီတော်ရှင် တည်ထောင်တော်မူခဲ့တဲ့, ဘုရားရှင်ကိုယ်တော်မြတ်တည်းဟူသော ဘုန်းတော်ရှင်, ကံတော်ရှင်, ပါရမီတော်ရှင်ကြီး တည်ထောင်တော်မူခဲ့တဲ့သာသနာဆိုတဲ့ စိန်ကောင်း ကျောက်ကောင်း, ရတနာကောင်းတွေကို ဘုန်းရှိတဲ့သူတွေ, ကံရှိတဲ့သူတွေ, ပါရမီရှိတဲ့သူတွေမှ တွေ့နိုင်တယ်။ ဘုန်းရှိတဲ့သူတွေ ကံရှိတဲ့သူတွေ ပါရမီရှိတဲ့သူတွေမှသာလျှင် ပန်ဆင်နိုင်ကြတယ်၊ ဝတ်ဆင်နိုင်ကြတယ်၊ သုံးစွဲနိုင်ကြတယ်၊ ဘုန်းရှိကံရှိ ပါရမီရှိတဲ့သူတွေမှသာလျှင် သုံးစွဲဝတ်ဆင်ပန်ဆင်ပြီးသကာလ ချမ်းသာနိုင်ကြတယ်. . . တဲ့။

ပုညဝန္တသ-လေးသင်္ချေကိန်း, ကပ်တစ်သိန်းက, ထိန်းသိမ်းစုံညီ, ပါရမီဘုန်းဟုန်, တန်ခိုးဂုဏ်တို့နှင့်, ပြည့်စုံတော်မူသော ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏၊ သာသန်-အဲ့ဖွယ်ရှစ်ဖြာ, သာသနာတော်မြတ်ကြီးကို၊ ပုညဝန္တာဝ-ရှေးရှေး ဘဝ, သံသာရက, ဘုန်းစ ကံဟုန်, ရှိခဲ့ကုန်သော သူတို့သည်သာလျှင်. . . ၊ ဒီသာသနာတော်ကို တည်ထောင်သွားတဲ့ဘုရားရှင်က ဘုန်းရှင်ကံရှင်ပါရမီရှင်၊ ဒီသာသနာတော်ကို တည်ထောင်ချင်လွန်းလို့ ဒီသာသနာ တည်ထောင်ပြီးတော့ ယနေ့တရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့အပါဝင်, ကမ္ဘာလောကဓာတ်တခွင်သူတော်စင်တွေ ချမ်းသာစေချင်လွန်းလို့၊ ဘုရားရှင်ကိုယ်တော်မြတ်သည်. . . လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်းတွက်ကိန်းအရ ပါရမီဆယ်ပါး, အပြားသုံးဆယ်,

http://www.dhammadownload.com



သုံးသွယ်သော စရိယ၊ စွန့်ခြင်းကြီးငါးပါးတို့ကို ဖြည့် ကျင့်တော်မူခဲ့ရသည်. . . ဒီသာသနာတည်ထောင်နိုင်အောင်က သာမံဘုန်းကံနဲ့ သာမံပါရမီနဲ့ တည်ထောင်လို့မရဘူး. . . တဲ့။

ဘုရားရှင်အဖြစ်ကိုရောက်အောင်, ဘုရားရှင်အဖြစ်ကိုရောက်အောင် ဆိုတော့ အကြောင်းဖြစ်တဲ့ပါရမီတွေကို စုဆည်းရတာ၊ လူသားထဲကပဲ ဘုရားဖြစ်သွားတာ၊ ယနေ့တရားနာနေကြတဲ့ ဒကာဒကာမတွေလိုလူသားပဲ ဘုရားဆိုတာ၊ အဲဒီလူသားဘုရားသည်ပင်လျှင် ပါရမီတွေ တဆင့်ထက်တစ်ဆင့်, ရင့်ကျက်အောင်၊ တစ်ဆင့်ထက်တစ်ဆင့် မြင့်တက်အောင်၊ တစ်ဆင့်ထက်တစ်ဆင့် စုမိအောင်. . . လို့ဆိုပြီးတော့ ပါရမီတော်တွေ စုဆောင်းတော်မူရ၊ ဖြည့်ကျင့်တော်မူရတယ်. . .။

အဲဒီလို စုဆောင်းဖြည့်ကျင့်လိုက်ရတာလေ. . . တစ်ခါတစ်ခါများ အနစ်နာခံပြီးတော့ စွန့်ခြင်းကြီးငါးပါးဆိုတာများဆိုလို့ရှိရင် ပဒေသရာဇ်, ကေရာဇ်, စကြာမင်းကြီးတို့ရဲ့ စည်းစိမ်ကြီးတွေစွန့်ရတာ အကြိမ်ကြိမ်၊ ဒီလိုစွန့်မှ ဘုရားဖြစ်မယ် ဘုရားဖြစ်မှ သာသနာထူထောင်နိုင်မယ်၊ သာသနာထူထောင်နိုင်မှ ဒီသတ္တဝါတွေကို ငါကယ်နိုင်မယ်၊ ဒီသတ္တဝါတွေချမ်းသာမယ်. . . လို့ ဒီလိုမြင်တော်မူလို့ ပဒေသရာဇ်, ကေရာဇ်, စကြာမင်းတို့ရဲ့ စည်းစိမ်မျိုးကြီးတွေကိုလည်းပဲ အကြိမ်ကြိမ် စွန့်တော်မူရတယ်။

ယနေ့ တရားနာပရိသတ်အပေါင်း သူတော်ကောင်းတွေ စိတ်ကူးမျှမထည့်ရဲသေးတဲ့ အခုဘုန်းကြီးတို့ တရားနာပရိသတ်ကြီးဆိုပါတော့ ကိုယ့်အသီးသီး စည်းစိမ်ဥစ္စာလေးတွေနဲ့ အိမ်ရာခြံမြေတိုက်တာ, ရွှေငွေရှိကြတယ်။ အဲဒီပစ္စည်းတွေ အကုန်စွန့်ပြီးတော့ တောထဲထွက်စမ်းပါ. . . ဆိုရင် စိတ်ကူးလေးနဲ့ကူးကြည့်ရင်းကောင်မှ, စိတ်ကူးထွက်ကလေး ထွက်ကြည့်ရင်တောင်မှ ဒကာကြီးဆယ်. . . တွန့်တယ် ဒကာကြီးဆယ်ရဲ့၊ *မှန်လှပါဘုရား*။ မတွန့်ဘူးလား? *တွန့်ပါတယ်ဘုရား*။ စိတ်ကူးလေးနဲ့ စိတ်ကူးလေးနဲ့ ထွက်ကြည်စမ်းပါ၊ ကဲ ရှိတဲ့ပစ္စည်းတွေ အကုန်စွန့်ပြီး ငါထွက်တော့မယ်. . . ဆိုလို့ရှိရင်ပဲ စိတ်ကူးလေးထဲ ကူးတာတောင်မှ ရဲရဲမကူးရဲဘူး အကောင်ထည်ဖော်ဖို့ဆိုတာတော့ ဝေးရော။ *မှန်လှပါဘုရား*။

အဲဒီလို ဒကာဒကာမအပေါင်း သူတော်ကောင်းတွေ စိတ်ကူးမျှမကူးရဲသေးတဲ့ ပဒေသရာဇ်, ကေရာဇ်, စကြာမင်းတို့ရဲ့ စည်းစိမ်များကြီးတို့ကိုသော်မှလည်း ဘုရားအလောင်းတော်သည်. . . အကြိမ်ပေါင်းများစွာ၊ အခါပေါင်းများစွာ စွန့်လွှတ်တော်မူနိုင်ခဲ့တယ်. . .။ ဒါတင်လားလို့ဆိုတော့ ဘယ်ကအုံးမှာတုန်း. . . တဲ့၊

http://www.dhammadownload.com



ဒီလိုဗဟိဒ္ဓပစ္စည်းစွန့်တာ ဘယ်ကအံ့းမှာတုန်း၊ ရွှေငွေကျောက်သံအစရှိတဲ့ ဒီလို အိမ်ရာခြံမြေတွေစွန့်တာ ဘယ်ကအံ့းမှာတုန်း၊ မိမိရဲ့သားတော် သမီးတော် တွေ၊ ဇနီးတော်တွေ. . . ဆိုတဲ့ အင်မတန်ချစ်ခင်လှပါတယ်ဆိုတဲ့၊ အသက်တမျှ ချစ်မဝပါတဲ့ သားလှရတနာသမီးလှရတနာလေးတို့ကိုသော်မှလည်းပဲ မငဲ့မကွက် ရက်ရက်ရောရော, နှမြောမတွန့်, ပေးစွန့်လှူဒါန်းတော်မူနိုင်ခဲ့တယ်။

ဝေဿန္တရာမင်းဘဝက သားတော်သမီးတော်လေးတွေ စွန့်တော့ မချစ် လို့စွန့်တာ မဟုတ်ဘူး။ ဒီနေ့ ဒကာဒကာမတွေ ကိုယ့်သားကိုယ့်သမီး ချစ်တဲ့အချစ် ထက် ဘုရားအလောင်းတော်ရဲ့အချစ်ဟာ မလျော့ပါဘူး။ သို့သော်လည်းပဲ ဒီလို ပုတ္တပရိစ္စာဂဆိုတဲ့ သားသမီးကို စွန့်လွှတ်လှူဒါန်းမှုကြီးဆိုတဲ့ ပါရမီကိုဖြည့်မှ ဘုရား ဖြစ်မယ်. . . အဲဒီလိုဘုရားဖြစ်မှ ဒီသာသနာတော်ကို လေးနက်သိမ်မွေ့တဲ့ နိဗ္ဗာန် တရား, မဂ်ဖိုလ်တရားတွေကို မြင်စွမ်းနိုင်တဲ့သာသနာကို ထူထောင်နိုင်မယ်၊ အဲဒီ မဂ်ဖိုလ်တရား နိဗ္ဗာန်တရားတွေကို မြင်စွမ်းနိုင်တဲ့ ကျင့်စဉ်ကြီးတွေကို ချပြနိုင်မယ်၊ အဲဒီ မဂ်ဖိုလ်နိဗ္ဗာန်ဆိုတဲ့ သိမ်မွေ့လေးနက်တဲ့တရားတွေကို သတ္တဝါတွေ မြင် အောင်ကျင့်နိုင်မှ, မြင်ကြမှ, ယနေ့တွေ့ကြုံနေရတဲ့ အိုဘေးကြီးတွေ, နာဘေး ကြီးတွေ, သေဘေးကြီးတွေ လွတ်ပါမယ်. . .။

ငိုရကြွေးရ, ရင်ထုငိုရ, မြေလူးငိုရဆိုတဲ့ ပရိဒေဝဒုက္ခကြီးတွေက လွတ် မယ်. . .၊ ဟိုစိုးရိမ်ရ, ဒီစိုးရိမ်ရဆိုတဲ့ သောကဘေးကြီးတွေက လွတ်မယ်၊ ကိုယ် ဆင်းရဲ စိတ်ဆင်းရဲဆိုတဲ့ ဒုက္ခဒေါမနဿဘေးကြီးတွေက လွတ်မယ်. . .။ ရုပ်နာမ် ဓမ္မသင်္ခါရတွေရဲ့ ဖြစ်ချီပျက်ချီ, မမြဲတဲ့သဘောတွေက လွတ်မယ်. . . ငြိမ်းမယ်လို့၊ ဒီလိုမြင်တော်မူလို့, ဒီလိုကွင်းဆက် အကြောင်းအကျိုးဆက်ကို မြင်တော်မူလို့ ဒီလို့ကယ်တင်ချင်လွန်းလို့၊ သတ္တဝါတွေကို ကယ်တင်ချင်တဲ့ မဟာကရုဏာ ပြင်းပြ တော်မူလို့၊ သားတော်သမီးတော်လေးတွေကို စွန့်လွှတ်တော်မူနိုင်ခဲ့တယ်. . . တဲ့၊ မုန်းလို့မဟုတ်ဘူး, မုန်းလို့မဟုတ်ဘူး၊ အမှတ်တမဲ့ဆိုတော့ ဘုန်းကြီးတို့ပရိသတ် ကြီးက မုန်းလို့ သားတွေသမီးတွေစွန့်တယ်လို့ ထင်ချင်စရာကြီး၊ အလောင်းတော် ကိုယ်တိုင်ပြောတဲ့ စကားရှိတယ်။

* န မေ ဒေဿာ ဥဘော ပုတ္တာ, မဒ္ဒီဒေဝီ န ဒေဿိယာ. . တဲ့

မေ-ငါသည်၊ ဥဘောပုတ္တာ-ဇာလီ, ကဏှာဇိန်ဆိုတဲ, သားတော် သမီး တော်, နှစ်ဖော်တို့ကို၊ နဒေဿာ-မချစ်လုံးလုံး, မုန်းအပ်ကုန်သည်မဟုတ်ပါ၊ ငါလေ. . . တဲ့ ဝေဿန္တရာမင်းမြတ်ဘဝတုန်းက, သားတော်သမီးတော်လေး နှစ် ယောက်ကို ဇူဇကာပုဏ္ဏားကြီးလက်ထဲ စွန့်လှူလိုက်တာ, ဒီသားဒီသမီးတွေမရှိ

* စရိယာ-၄-၉၇။ မိလိန္ဒ-၂၇၃။ ဇာ-၄-၇၊၃၅၆။

http://www.dhammadownload.com



အေးတာပဲဆိုတဲ့အနေမျိုးနဲ့, မုန်းလို့လှူတာမဟုတ်ပါဘူး. . . တဲ့၊ မုန်းလို့လှူတာ မဟုတ်ပါဘူးနော်-ဘာပြုလို့လှူနိုင်တာတုန်းဆိုတော့-

**သဗ္ဗညုတံ ပိယံ မယှံ, တသ္မာ ပိယေ အဒါသဟံ။**

တေဟိ-ထိုသားတော် သမီးတော်, နှစ်ပေါ်တို့ထက်၊ သဗ္ဗညုတံ-ကြွင်းမဲ့ ဉဿုံ, အလုံးစုံကို, အကုန်သိမြင်နိုင်တဲ့, သဗ္ဗညုတဉာဏ်တော်မြတ်ကြီးကို၊ မယှံ-ငါဘုရားအလောင်းတော်သည်၊ ပိယံ(ပိယတရံ)-အလွန်အကျူး, သာ၍ထူးကဲစွာ, ချစ်ရပါပေ၏. . . တဲ့။

သားတော်သမီးတော်တွေထက် သဗ္ဗညုတဉာဏ်တော်ကြီးကို ချစ်လို့ သဗ္ဗညုတဉာဏ်ကြီးကိုရချင်လို့ ငါလှူရတာပါ. . . တဲ့။ အရှင်ဘုရား. . . သဗ္ဗညု တဉာဏ်တော်ကြီးက ဘာပြုလို့ရချင်တာတုန်း။ ဘုရားဖြစ်ချင်လို့လေ. . ၊ ဘာပြုလို့ အရှင်ဘုရားက ဘုရားဖြစ်ချင်ရတာတုန်း။ သာသနာတော်ကြီး ထူထောင်ချင်လို့၊ ကမ္ဘာသူကမ္ဘာသားတွေနဲ့ အို,နာ,သေရေး ဒုက္ခဘေးကြီးတွေ ငြိမ်းပျောက်သွားစေ နိုင်တဲ့ လမ်းစဉ်မူဝါဒကြီးဆိုတဲ့ သာသနာ၊ လောကငြိမ်းချမ်းရေး, ကမ္ဘာ့ငြိမ်းချမ်း ရေး သာသနာတော်ကြီးထူထောင်ချင်လို့. . . ၊ အဲဒီသာသနာတော်ကြီး ထူထောင် ပြီးတော့ အရှင်ဘုရားက ဘယ်သူတွေကို ဘာလုပ်ချင်တာတုန်း၊ ကမ္ဘာလောက သားတွေ ကယ်ချင်လို့. . . တဲ့၊ အို,နာ,သေရေး ဒုက္ခဘေးတွေနဲ့ ပင်လယ်ဝေ ပြီးတော့ မျောနေတဲ့သတ္တဝါတွေကို ကယ်ချင်လို့. . . ကယ်ချင်လို့။

ဒီတော့ ဒီမှာကောက်ချက်ကလေး ချကြည့်လိုက်တော့ သားတော်သမီး တော်နှစ်ပါးအပေါ်မှာချစ်တဲ့ အချစ်ထက်၊ ယနေ့တရားနာပရိသတ်အပေါင်း သူတော်ကောင်းတွေအပါဝင်ဖြစ်တဲ့ ကမ္ဘာလောကသားတွေကို ကယ်ချင်တဲ့ မဟာ ကရုဏာ. . . လို့ခေါ်တဲ့ သနားမှုအခြေခံတဲ့ မေတ္တာ၊ သတ္တဝါအားလုံးတို့ရဲ့ အပေါ်မှာ ပြင်းပြစွာသနားတော်မူတဲ့ မဟာကရုဏာတော်နှင့်တကွ ချစ်ခင်နှစ် သက်မှုဆိုတဲ့မေတ္တာ. . . ၊ အဲဒီမေတ္တာက သာသွားလို့ သားတော်သမီးတော်တွေ အပေါ်မှာချစ်တဲ့မေတ္တာကို ရုပ်သိမ်းရတယ်၊ ရုပ်သိမ်းတော်မူရတယ်။

ဒါဖြင့် မြတ်စွာဘုရားအလောင်းတော် သားတော်သမီးတော်လေးတွေ မုန်းတာမဟုတ်ဘဲနဲ့ လှူနိုင်တယ်၊ အနစ်နာခံပြီးတော့ စွန့်တော်မူတယ်ဆိုတာ ဘယ်သူ့ချစ်လို့တုန်း၊ ဘယ်သူတွေအတွက်တုန်း. . . လို့ဆိုရင် တရားနာပရိသတ် ကြီးက"တို့အတွက်ပါလား. . . မြတ်စွာဘုရားသားတော်သမီးတော် တွေလှူတာ ဟာ သူ့ဘာသူ ဘုရားဖြစ်ရုံလှူတာမှတ်တယ်, တို့အတွက်ပါလား . . . တို့အတွက် ပါလား"လို့ ဟောဒီလို သဘောပေါက်စမ်းပါ၊ ပရိသတ်ကြီး မြတ်စွာဘုရား

http://www.dhammadownload.com



သားတော် သမီးတော်တွေလှူတာ သူ့အတွက်လား, တို့အတွက်လား? *(တပည့်တော်တို့အတွက်ပါဘုရား)*။ ဒကာဒကာမအပေါင်း သူတော်ကောင်းတွေကို မြတ်စွာဘုရားက ဒီသာသနာတော်မူဝါဒလမ်းစဉ်ကြီးချပြီးတော့ မဂ်ဖိုလ်နိဗ္ဗာန် ရစေချင်တဲ့ ဆန္ဒမရှိဘူးလား? *(ရှိပါတယ်ဘုရား)*။ မဂ်ဖိုလ်နိဗ္ဗာန်ရစေချင်တာ ဘာပြုလို့တုန်း ဆိုတော့၊ ဒီနေ့ဒကာဒကာမတွေ တွေ့နေတဲ့ မအိုချင်ဘဲ အိုရ, မနာချင်ဘဲ နာရ, မသေချင်ဘဲ သေရဆိုတဲ့ ဘေးကြီးတွေ ဒကာဒကာမတွေ မကြုံဘူးလား? *(ကြုံပါ တယ်ဘုရား)*။

ဒကာဒကာမတွေ အခု ခေါင်းပေါ်မှာဖြူတဲ့ ဆံပင်ဟာ ဆံပင်ဖြူနေတဲ့ အဘိုးအဘွားများ မေးကြည့်စမ်းပါ၊ ဖြူချင်လို့ ဖြူတာလား၊ မဖြူချင်ဘဲဖြူတာလား? *(မဖြူချင်ဘဲ ဖြူတာပါဘုရား)*။ အားလုံးသော တရားနာပရိသတ်တွေ အိုချင်လို့ အိုရတာလား၊ မအိုချင်ဘဲနဲ့ အိုရတာလား? *(မအိုချင်ဘဲနဲ့ အိုရတာပါဘုရား)*။ နာဘေးကြီးကရော နာချင်လို့ နာရတာလား၊ မနာချင်ဘဲနာရတာလား? *(မနာချင် ဘဲ နာရတာပါဘုရား)*။ သေဘေးကြီးကလည်း သေချင်လို့သေရတာလား၊ မသေချင် ဘဲ သေရတာလား? *(မသေချင်ဘဲသေရတာပါဘုရား)*။ ဒီတော့ မသေ ချင် မနာချင် မအိုချင်တော့ အဲဒီ မသေ, မနာ, မအိုရာဆိုတာ နိဗ္ဗာန်ပဲရှိတယ်. . . အဲဒီ နိဗ္ဗာန်ကိုမြင်တာက, မဂ်လေးတန် ဖိုလ်လေးတန်ဉာဏ်နဲ့ မြင်မယ်။

အဲဒီ မဂ်လေးတန်, ဖိုလ်လေးတန်ရဖို့က ဒီဒါန, သီလ, ဘာဝနာ လမ်း စဉ်ကြီးသုံးခု. . .။ အဲဒီသုံးခုကို မြတ်စွာဘုရားက ထူထောင်ပြီးတော့ မတိမ်း မဆောင်းတဲ့လမ်းစဉ်ကြီး ထူထောင်ပြပြီးတော့ ကမ္ဘာသူ ကမ္ဘာသား သတ္တဝါများကို ကယ်တင်ချင်လို့ ဒီသာသနာတော်ထူထောင်ချင်တယ်၊ အဲဒီ သာသနာထူထောင် နိုင်ဖို့ရာအရေးက မတိမ်းမဆောင်းတဲ့ မူဝါဒလမ်းစဉ်ကြီး ချနိုင်ဖို့အရေးက အလုံးစုံ ကို အကုန်အစင်သိမြင်တဲ့ သဗ္ဗညုတဉာဏ်တော်ကြီးရမှဖြစ်မယ်၊ ဒီသဗ္ဗညုတဉာဏ် တော်ကြီးရနိုင်ဖို့အရေးက အခုလို သားသမီးတွေကိုပင် စွန့်လှူတဲ့ ပုတ္တပရိစ္စာဂဆိုတဲ့ ဒါနမှုကြီးပြုမှ ဘုရားဖြစ်မယ်. . .။ ဟော-ဒါ့ကြောင့် သူလှူရတာ။

ဒါဖြင့် သားတော်သမီးတော်တွေကို မုန်းလို့လှူတာမဟုတ်ဘူး, ချစ်လျှက်နဲ့ စွန့်ရတာ၊ အဲဒီလို-ချစ်လျှက်နဲ့စွန့်ရတဲ့အကြောင်းဟာ ခုနက သူကိုယ်တိုင်လည်း ပြောသွားပြီ၊ န မေ ဒေဿာ ဥဘော ပုတ္တာ-ငါ့ သားတော်သမီးတော်တွေ မမုန်းပါဘူး. . . တဲ့၊ မမုန်းပါဘူး၊ မမုန်းတဲ့အကြောင်း ဘယ်နားလေး ပိုသရုပ်ပေါ် လာတုန်းဆိုတော့၊ သားတော်သမီးတော်လေးတွေကို လှူတော့မယ်ဆိုတော့၊ ဇူဇကာပုဏ္ဏားကြီးလာတော့ ကြောက်လွန်းလို့လေ. . . ကလေးလေးတွေက ပုန်း နေကြ၊ ပုန်းနေကြတော့ သူတို့က ရေကန်ထဲပုန်းနေကြတော့ ချော့ပြီးခေါ်ရတယ်၊

http://www.dhammadownload.com



*"သားတော်သမီးတော်တို့. . . ဖခင်ရဲ့ပါရမီ ကူညီပြီးတော့ ဖြည့်ကြပါ. . ."* လို့ချော့ပြီးတော့ပြောတော့မှ ကလေးလေးနှစ်ယောက်က ဇူဇကာပုဏ္ဏားလက်ထဲ ပါသွား၊ လှူလိုက်တော့လိုက်သွား။

လိုက်သွားပေမဲ့လို့ ကြောက်ကြောက်လန့်လန့်လိုက်သွားရတာ၊ အဲလို လိုက်သွားရင်းနဲ့ လမ်းရောက်တော့ ဇူဇကာပုဏ္ဏားကြီးက သူ့နောက်မလိုက်ချင်မှန်း သိတော့ နှိပ်စက်ကလူနဲ့၊ ဒီလိုခေါ်သွားတာဆိုတော့၊ ဆင်းဆင်းရဲရဲပေါ့လေ. . .၊ သူတို့စိတ်ဆင်းရဲစွာနဲ့လိုက်ရ၊ ဒီလိုလိုက်သွားရင်းနဲ့ လမ်းမှာကျတော့ တခါတည်း, ပုဏ္ဏားကြီးက မလိုက်ချင်လိုက်ချင် လိုက်တာဆိုတော့ နည်းနည်းရိုက်မောင်း, ပုတ်မောင်းလုပ်၊ အော်လားငေါက်လားလုပ်၊ ဒီတော့ ကလေးလေးနှစ်ယောက်က နဂိုကမှ မလိုက်ချင်ရတဲ့အထဲ၊ အခုလိုရိုက်လိုက်, နှက်လိုက်နဲ့လုပ်လာတော့ စိတ်ညစ်ပြီးတော့၊ တခါတည်း ပုဏ္ဏားကြီးချော်လဲတဲ့အလဲ တခါတည်းပြေးကြတာပဲ နှစ်ယောက်သား၊ ဝေဿန္တရာမင်းမြတ်ထံ ပြန်ပြီးတော့ပြေးလာလိုက်ကြတာ၊ ပြေးလာပြီးတော့ "အဖေ. . . ဖခင်-ဒီပုဏ္ဏားကြီးလက်ထဲတော့ သားတော်သမီးတော်တို့ကို မလှူလိုက်ပါနဲ့, မလှူလိုက်ပါနဲ့, သားတော်သမီးတော်တို့ ဖခင်နဲ့ အတူနေပါရစေ, သည့်ပြင်ကိစ္စတွေ ဖခင်ခိုင်းချင်တာ ခိုင်းတော်မူပါ၊ ဒီပုဏ္ဏားကြီး လက်ထဲတော့ မလှူလိုက်ပါနဲ့ သားတော်တို့ကိုရိုက်တယ်၊ သမီးတော်တို့ကိုရိုက်တယ်နဲ့ တီတီတာတာတိုင်ကြ။

ဒီတော့ အလောင်းတော်က စဉ်းစားပြီးတော့နေတယ်။ အဲဒီအချိန် ပုဏ္ဏားက နောက်ကလိုက်လာတယ်လေ၊ လိုက်လာပြီးတော့ တကတည်းအတင်းဝင်ပြီးတော့ပေါ့ သူက၊ "လာနင်တို့က ငါ့ပစ္စည်းဖြစ်ပြီးသား၊ နင်တို့အဖေ့ပစ္စည်းမဟုတ်တော့ဘူး၊ ငါ့ပစ္စည်းဖြစ်နေပြီလာ"ဆိုပြီးတော့ နွယ်တွေကြိုးတွေယူလာပြီးတော့ တခါတည်း ကလေးလေးတွေ ကြိုးနဲ့အတင်း လက်ချည်ဆွဲ၊ အလောင်းတော် ရှေ့တင်ပဲတခါတည်း တဖြုန်းဖြုန်း, တရွှန်းရှန်းနဲ့ မလိုက်ချင်ရကောင်းလား ဆိုပြီးတော့ရိုက်။ ရိုက်တော့ အလောင်းတော်ဟာကြည့်ပြီးတော့ ဘယ့်နဲ့ဖြစ်လာ တုန်းလို့ဆိုတော့ ကလေးလေးတွေ ဆွဲခေါ်သွားတာလည်းမြင်ရော တောထဲထွက်လာကတည်းက ချထားတဲ့သံလျက်ကို ကောက်ကိုင်တယ်။

**အဒုစာပံ ဂဟေတွာန, ခဂ္ဂံ ဗန္ဓိယ ဝါမတော၊**
**အာနေဿာမိ သကေ ပုတ္တေ, ပုတ္တာနံ ဟိ ဝဓော ဒုခေါ။**

ကိုင်း. . တဲ့ ဒီလောက်တောင် ရက်ရက်စက်စက်နဲ့ ငါ့မျက်စိအောက်မှာ တင်ပင်လျှင် တဖျောင်းဖျောင်း တဖြုန်းဖြုန်း တဝုန်းဝုန်းရိုက်နေတဲ့ပုဏ္ဏား. . တဲ့၊

http://www.dhammadownload.com



ငါ့ကွယ်ရာမှာ ငါ့သားတော်သမီးတော်လေးတွေကို ဘယ်လောက်ရိုက်မယ်ဆိုတာ မပြောနိုင်တော့ဘူး၊ မမှန်းဆနိုင်တော့ဘူး၊ ကဲ. . . ဘုရားမဖြစ်ချင်နေတော့ သဗ္ဗညုတဉာဏ်တော်ကြီးမရချင်နေတော့၊ သားတော်သမီးတော်တွေကို ငါ့မျက်စိအောက်မှာ တဖြုန်းဖြုန်း တဝုန်းဝုန်းရိုက်နေတဲ့ပုဏ္ဏားကိုဖြင့်-

ခဂ္ဂံ ဗန္ဓိယ ဝါမတော-လက်ထဲက သံလျက်ဆွဲကိုင်ပြီးသကာလ ပုဏ္ဏားကို ခုတ်သတ်ပြီးတော့ ပြန်လုယူတော့မယ်. . . လို့ ကျောင်းသခ်န်းပေါ်က နေပြီးတော့ သံလျက်ဆွဲပြီးတော့ထ၊ ထပြီးတော့မှ ဟိုက ပုဏ္ဏားကရိုက်နှက်အော်ငေါက်ပြီးတော့ ခေါ်သွားလို့ တော်တော်ခတ်လှမ်းလှမ်းရောက်သွားပြီ။ ရောက်သွားတော့မှ ဘုရားအလောင်းတော်ရပ်ပြီးတော့ စဉ်းစားတယ်-"အင်း. . . မောင်ဝေသံ. . . မင်း စဉ်းစားစမ်း၊ မင်းလှူလိုက်ပြီးသား မင်းလှူလိုက်ပြီးသား ပစ္စည်းကိုမင်းလုမလို့လား. . . မင်းပြန်လုမလို့လား၊ မင်းဘုရားဖြစ်ချင်တယ်ဆို၊ မင်းကဘုရားဖြစ်ပြီးတော့ သဗ္ဗညုတဉာဏ်တော်ကြီးရပြီးတော့ ကမ္ဘာသူကမ္ဘာသားဒုက္ခပင်လယ်ကြောမျောနေတဲ့ သတ္တဝါတွေကို မင်းကယ်တင်ချင်တယ်ဆို၊ အဲဒီလိုကယ်တင်ချင်တဲ့မင်း၊ သတ္တဝါတွေကို မင်း ဒီလို ပြန်ပြီးတော့လုလို့ရှိရင် မင်း ဘုရားဖြစ်ပါတော့မလား၊ သဗ္ဗညုတဉာဏ်တော်ကြီး မင်းရပါတော့မလား၊ သားတော်သမီးတော်လေးနှစ်ယောက်ကို မင်းချစ်လိုက်လို့ ပြန်ပြီးတော့ လုလိုက်လို့ရှိရင် ဘုရားဖြစ်ကြောင်း ပါရမီကောင်းကြီးပျက်တော့မယ် . . . ပုတ္တပရိစ္စာဂဆိုတဲ့ ပါရမီကြီး ပျက်တော့မယ်။ အဲဒီ ပါရမီပျက်သွားလို့ သဗ္ဗညုတဉာဏ်တော်ကြီး မရလို့ ဘုရားမဖြစ်ခဲ့ရင် မင်းကယ်တင်ချင်တယ်ဆိုတဲ့ (၃၁)ဘုံသား သတ္တဝါများကို မင်းကယ်တင်နိုင်ပါအုံးမလား. . . တဲ့၊ ကယ်တင်နိုင်ပါအုံးမလား. . . ဒီတော့ မင်း မှားတော့မယ်. . . မှားတော့မယ်"လို့ ပြန်ပြီးတော့ ကိုယ်ရှိန်သတ်ပြီးတော့ သံလျက်ကို အိပ်ရာဘေးပြန်ချပြီးတော့ ဘုရားဖြစ်ကြောင်း ပါရမီကောင်းကြီးကို သိပ်သည်းသည်းခံပြီးသကာလ စွန့်လှူတော်မူနိုင်ခဲ့တယ်. . .။ ဒီတော့ သားတော်သမီးတော်တွေ မချစ်လို့မဟုတ်ဘူး၊ ယနေ့ တရားနာပရိသတ်ကြီးရဲ့ အပေါ်မှာ ချစ်တဲ့အချစ်ကပိုလို့. . . တဲ့ ဘုရားရှင်က လှူနိုင်ခဲ့တာ။

ဒီတော့ တရားနာပရိသတ်ကြီးက "ဩော်. . ဘုရားအလောင်းတော်ဟာ တို့သားတို့သမီးတွေအပေါ်မှာ တို့ချစ်တဲ့အချစ်မျိုးထက် မလျော့တဲ့ချစ်ခြင်းနဲ့ ချစ်တော်မူတဲ့ အလောင်းတော်ဝေဿန္တရာမင်းမြတ်သည်. . . တို့တွေအတွက် စွန့်လွှတ်ပြီးသကာလ အနစ်နာခံပြီးတော့သကာလ သားတော်သမီးတော်တွေကို စွန့်လွှတ်လှူဒါန်းနိုင်ခဲ့တာဟာဖြင့် တို့အတွက်ပါလား. . . တို့အတွက်ပါလားလို့၊ ဟော- ဒီလိုသဘောပေါက်လိုက်ပါ၊ ဘုရားရှင် သားတော်သမီးတော်တွေ လှူတာ သူ့အတွက် သက်သက်လား? ယနေ့ တရားနာပရိသတ်ကြီးအတွက်လား? (တရားနာ

http://www.dhammadownload.com



*ပရိသတ်ကြီးအတွက်ပါဘုရား)*။ ကမ္ဘာသူကမ္ဘာသား သတ္တဝါအများ ချမ်းသာစေချင်လို့၊ သားတော်သမီးတော်တွေကို လှူရတဲ့ အလှူကြီးကို အနစ်နာခံပြီးတော့ လှူတော်မူနိုင်ခဲ့တယ်. . ဒါတင်မကသေးဘူးလေ၊ နောက်ဆုံး မဒ္ဒီဒေဝီကိုလည်း လှူနိုင်ခဲ့တယ်၊ မဒ္ဒီဒေဝီလှူတော့လည်း မုန်းလို့လားဆိုတော့ မဟုတ်ပါဘူး. . . တဲ့၊ အလောင်းတော်ကိုယ်တိုင် ပြောတဲ့စကားပဲ၊

န မေ ဒေဿာ ဥဘော ပုတ္တာ, မဒ္ဒီဒေဝီ န ဒေဿိယာ။

မဒ္ဒီဒေဝီကိုလည်း မမုန်းပါဘူး။ ငါမမုန်းပါဘူး၊ မဒ္ဒီဒေဝီကပြန်လာတော့ အဲဒီနေ့-သားတော်သမီးတော်တွေ အလှူဒါနမြောက်အောင်ဆိုပြီးတော့ တကတည်း တောစောင့်နတ် တောင်စောင့်နတ်တွေက မဒ္ဒီဒေဝီကျောင်းကို မြန်မြန်ပြန်ရောက်မလာအောင်လို့ ပိတ်ဆို့ထားကြ၊ ကျားတွေ ဆင်တွေအယောင်ဆောင်ပြီးတော့ လမ်းကဆီးတားကြ၊ 'နောက်တော့ အချိန်တန်တော့ မိုးချုပ်တော့မှလွှတ်လိုက်ကြတော့ မဒ္ဒီဒေဝီကျောင်းပြန်ရောက်လာတော့ ခါတိုင်းဆိုရင် သားတော်သမီးတော်လေးတွေက ထွက်ပြီးကြိုကြတယ်၊ သစ်သီးခြင်းတွေယူကြ၊ တံချူလေးတွေ လှမ်းပြီးတော့ ဆွဲယူကြနဲ့၊ ဒီနေ့တော့ ငြိမ်. . . လို့။ ဒီတော့ မဒ္ဒီဒေဝီကို ရင်ထိတ်. . . လို့၊ ကျောင်းသခ်ိန်းထဲ ဝင်လာတော့လည်းပဲ အလောင်းတော်က "အင်း. . . ငါပျူပျူငှါငှါ စကားပြောလို့၊ သားတော် သမီးတော်တွေကို မေးလို့ရှိရင် ရုတ်တရက်ပြောလိုက်ရင် သူမေ့မူးလဲသွားလိမ့်မယ်. . . ဆိုပြီးတော့ ဘုရားအလောင်းတော်က စကားမပြောဘူး။

ဒီတော့ မဒ္ဒီဒေဝီနေရခက်လိုက်တာလေ. . သားတော်သမီးတော်လေးတွေရှာမတွေ့၊ အလောင်းတော်ကလည်း ကောင်းကောင်းပျူပျူငှါငှါ စကားမပြောဆိုတော့ သူ ဟိုရှာဒီရှာ, ဟိုလို ဒီလိုနဲ့ ရှာလိုက်တာ တစ်ညလုံး, သားတော် သမီးတော်လေးတွေ ကစားတတ်တဲ့နေရာလေး တကြော်ကြော်ခေါ်ပြီးတော့ လှည့်ရှာမတွေ့။

နောက်ဆုံး မတွေ့တော့ အလောင်းတော်ဝေဿန္တရာမင်းမြတ်ထံ ပြန်လာပြီးတော့မေး၊ "မောင်တော်. . . သားတော်သမီးတော်လေးတွေ ဘယ်ရောက်ကုန်ကြတုန်း၊ ဘယ်လိုဖြစ်တာတုန်း" အလောင်းတော် အလှူရက်ရောတယ်ဆိုတာလည်း သိနေတာဖြစ်တော့ လှူများပစ်လိုက်ကုန်ပြီလားလို့မေး။ ဒီတော့ အလောင်းတော်က ပရိယာယ်ဆင်ပြီးတော့ သူ သားတို့သမီးတို့အပေါ် မှာ ချစ်ခင်နှစ်သက်မှုစွဲလမ်းမှုကြီးကို နည်းနည်းမှ သက်သာသက်သာဆိုပြီးတော့ နည်းနည်းစကားနာလေးထိုးတဲ့အနေနဲ့ "တစ်နေ့. . . လုံး အချိန်ကုန်အောင် သွားနေပြီးတော့ ညကြီး

http://www.dhammadownload.com



မိုးချုပ်မှ မင်းပြန်လာတယ်၊ ပြီးတော့ မိန်းမသားတစ်ယောက်တည်း တောထဲသွားနေတာဆိုတော့ ငါဘယ့်နှဲလုပ် ယုံရမှာတုန်း"နဲ့ စကားနာလေးဆိုလိုက်တော့ မဒ္ဒီဒေဝီမှာ တကတည်း အပူကို တစ်ပူပေါ် နှစ်ပူဖြစ်၊ သားတော်သမီးတော်တွေ ရှာမတွေ့လို့ သောကရောက်နေတဲ့အထဲ အလောင်းတော်မင်းမြတ်က အထင်လွဲတဲ့ အဓိပ္ပါယ်မျိုးစကားတွေ ပြောလိုက်တော့ တခါတည်း အလောင်းတော်ရဲ့ရှေ့ခါးရင်းမှာပဲ မူးမိုက်ပြီးတော့လဲသွား။

အဲဒီလို လဲသွားပြန်တော့လည်း အလောင်းတော်က "အလို့. . . ငါ့ ပါရမီဖြည့်ဖက်, အင်း. . . လိမ္မာရေးခြားရှိအောင် ပြောဆိုဆုံးမလာလို့ အင်မတန်ယဉ်ကျေးသိမ်မွေ့နေတဲ့ဇနီး၊ အသက်များထွက်ပြီးတော့ သွားလေမလား. . လို့ အဲဒီကျမှ ထပြီးတော့ မဒ္ဒီဒေဝီမိဖုရားကို အသာလေးပွေ့ပြီးတော့ ငယ်ထိပ်ကို မှုတ်ပေး၊ နှာခေါင်းများ မှုတ်ပေးနဲ့လုပ်တော့ မဒ္ဒီမိဖုရားပြန်သတိရလာ၊ ပြန်သတိရလာတော့ "မဒ္ဒီ. . . စိတ်မထိခိုက်နဲ့နော်၊ မောင်တော် အခုလိုပြောလိုက် ဆိုလိုက်တာတွေကိုလည်း ဗွေမယူပါနဲ့. . . တဲ့၊ မဒ္ဒီမိဖုရား စိတ်ထိခိုက်သွားမှာစိုးလို့ မောင်တော်ရုတ်ကနဲ မပြောခြင်းဖြစ်ပါတယ်၊ သားတော်သမီးတော်လေးတွေကို မောင်တော် ဘုရားဖြစ်ကြောင်း ပါရမီလက်နက်ကောင်းကြီးအဖြစ်နဲ့ ပုတ္တပရိစ္စာဂ ပါရမီကြီးပြည့်ချင်လို့ လှူလိုက်ပါတယ် မဒ္ဒီမိဖုရား. . . လို့ ပြောလိုက်တော့ မဒ္ဒီမိဖုရားက-

အနုမောဒါမိ တေ ဒေဝ, ပုတ္တကေ ဒါနမုတ္တမံ. . တဲ့။

ဒေဝ-အရှင်မင်းမြတ်၊ ပုတ္တကေ ဒါနမုတ္တမံ-သားတော်သမီးတော်တို့ကို စွန့်လှူလိုက်တယ်ဆိုတဲ့ ဒါနကြီးကို၊ အနုမောဒါမိ-နှမတော် ပါရမီဖြည့်ဖက်အနေနဲ့ ဝမ်းမြောက်ပါတယ်. . . လို့၊ အလောင်းတော်လှူလိုက်တဲ့ ကိစ္စကြီးကို တကတည်း ဆူပူဒေါသပြီးတော့ ဒီလို လုပ်ရသလား၊ ကောင်းသလား ဆိုးသလားတွေမပြောဘူး၊ ပါရမီဖြည့်ဖက်ဆိုတော့ ဝမ်းမြောက်ပါတယ်. . တဲ့၊ဝမ်းမြောက်ပါတယ်၊ သားတော်သမီးတော်တွေကိုပင် လှူနိုင်တဲ့အလောင်းတော်ရဲ့ စိတ်ဓာတ်ကို အရှင်မင်းမြတ်ကို နှမတော်ချီးကျူးပါတယ်။ သားတော်သမီးတော်တွေကို လှူလိုက်တဲ့ကိစ္စကြီးကိုလည်း နှမတော် ဝမ်းမြောက်ဝမ်းသာနဲ့ သာဓုခေါ်ပါတယ် . . လို့ ဒီလိုထိလိုက်လျောပြီး စကားပြောတယ်၊ အဲဒီ မိဖုရားကိုပင်လျှင် နောက်တစ်ခါလှူပြန်တယ်၊ လှူနိုင်တယ်။

ဒီတော့ ဒီလောက် မြတ်နိုးကြင်နာတဲ့မိဖုရားကို လှူတဲ့ကိစ္စမှာလည်းပဲ ဘာပြုလို့လှူတာတုန်း၊ ယနေ့ တရားနာပရိသတ်အပေါင်းသူတော်ကောင်းတို့

http://www.dhammadownload.com



အပါအဝင် ကမ္ဘာလောကစာတ်တစ်ခွင်မှာ ကျင်လည်နေကြတဲ့ သတ္တဝါတွေကို ကယ်တင်ချင်လို့. . . ဒီတင်မကသေးဘူး၊ နောက်မိမိရဲ့ မျက်စိ, နား, နှာ အင်္ဂါခြေလက် တို့ကိုပင်လျှင် မငဲ့မကွက် ရက်ရက်ရောရော နှမြောမတွန့် ပေးစွန့်လှူဒါန်းတော်မူနိုင်ခဲ့ပါတယ်. . . နောက်ဆုံး အင်မတန်သတ္တဝါတိုင်း ချစ်ခင်မြတ်နိုးလှပါတယ်ဆိုတဲ့ ကိုယ့်အသက်ကိုပင် မငဲ့မကွက် ရက်ရက်ရောရော နှမြောမတွန့် ပေးစွန့်လှူဒါန်းတော်မူနိုင်ခဲ့ပါတယ်။

သသပဏ္ဍိတဆိုတဲ့ ယုန်ငယ်လေး၊ ယုန်ပညာရှိလေးဖြစ်စဉ်က မြေခွေးတို့ မျောက်တို့နဲ့ အတူတူဥပုသ်စောင့်မယ်ဆိုပြီးတော့ အဓိဋ္ဌာန်ကြတော့ သူတို့မှာ လှူစရာတန်းစရာ ဥပုသ်ဆောက်တည်ခါနီးမှာ သီလဆောက်တည်ခါနီး လှူစရာတန်းစရာတွေပါကြတယ်၊ နို့ဓမ်းကင်ကြီးတို့၊ သရက်သီးတို့, မျောက်ဆိုရင်လည်းပဲ၊ ယုန်လေးကတော့ မြက်စားတဲ့ သတ္တဝါဆိုတော့ သူ့ ဘာမှ လှူစရာမပါဘူး၊ ဒီတော့ သူက အဓိဋ္ဌာန်လိုက်တယ်၊ ငါ့မှာတော့ သီးခြားလှူစရာမရှိဘူး၊ အကယ်၍များ ဒီနေ့ ငါ့အသားကိုစားချင်လို့ အလှူခံပုဂ္ဂိုလ်ရောက်လာရင် ငါ့အသားကို လှူပုံ့မယ်။

အဲဒီဟာကို အကြံသိလို့ သိကြားမင်းက အလှူမြောက်အောင်၊ ပါရမီမြောက်အောင်ဆိုပြီးတော့ ပုဏ္ဏားယောင်ဆောင်ပြီးတော့ "ယုန်သားစားပဲ့ရစေ. . . ယုန်သားလေးရပဲ့ရစေ၊ ဓာတ်စာကျနေလို့ ယုန်သားရပဲ့ရစေ"လို့ လာပြီးတော့ အလှူခံတယ်၊ အဲဒါ ပုဏ္ဏားကို မီးဖိုခိုင်းပြီးတော့ အဟုတ်ကို သူ့ကိုယ်သူ ခုန်ဆင်းလိုက်တာပဲ မီးပုံထဲ၊ အဲဒီလိုအားဖြင့် ဘုရားဖြစ်မယ်ဆိုခဲ့ရင်၊ မိမိရဲ့အသက်ကိုပင်လျှင်မငဲ့မကွက် ရက်ရက်ရောရော၊ နှမြောမတွန့်၊ ပေးစွန့်လှူဒါန်းတော်မူခဲ့နိုင်ခဲ့တယ်။ အဲဒီလိုဖြည့်လာလိုက်တာ ပါရမီတွေ့ ဘယ်လောက် များတုန်းဆိုတော့ လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်း၊ အဲဒီလောက် ကြာအောင်ဖြည့်လာမှ ထူထောင်လာမှ ရလာတဲ့ သာသနာတော်ကြီးကို ဘုန်းရှင်ကံရှင် ပါရမီရှင်ဖြစ်တဲ့ သူတွေမှ တွေ့နိုင်ကြတယ်. . . တဲ့၊ တွေ့နိုင်ကြတယ်။

ဒီတော့ ရှေးတုန်းကတွေ့သွားတဲ့ ပုဂ္ဂိုလ်တွေ, ရဟန်းတော်တွေဘက် ကလှမ်းကြည့်လိုက် အရှင်သာရိပုတ္တရာတို့, အရှင်မဟာမောဂ္ဂလာန်တို့, အရှင်အာနန္ဒာတို့, အရှင်အနုရုဒ္ဓါတို့, ဘုန်းရှင်ကံရှင်ပါရမီရှင်တွေပဲတွေ့သွားကြ။ အမျိုးသမီးအာဇာနည်တွေဘက်ကလည်း မိထွေးတော်ဂေါတမီ, ခေမာထေရီ, ဥပ္ပလဝဏ်ထေရီ, ရဟန္တာမကြီးတွေ, ပါရမီရှင်တွေ, ကမ္ဘာတစ်သိန်းပါရမီတွေဖြည့်ရတဲ့ ပုဂ္ဂိုလ်တွေ၊ ကမ္ဘာတစ်သိန်းလုံးလုံး ပါရမီကုသိုလ်တွေနဲ့ ပြည့်စုံလာတဲ့ ပုဂ္ဂိုလ်တွေ၊ လူဝတ်ကြောင်တွေဘက်ကကြည့်လိုက်အုံး-အနာထပိဏ်, ဝိသာခါကျောင်းဒကာကျောင်းအမတွေ, ပါရမီရှင်တွေ။ ဒီတော့ ဘုန်းရှိ, ကံရှိလာပြီဆိုရင် တမင်တောင် မရှာရဘူး လှုပ်ခါလှုပ်ခါနဲ့ အလိုလိုတောင် လာတွေ့တယ်။

http://www.dhammadownload.com



အနာထပိဏ်သူဌေး မြတ်စွာဘုရားသာသနာနဲ့တွေ့ပုံများ တမင်လိုက်ရှာတာမဟုတ်ဘူး အနာထပိဏ်သူဌေး၊ အဲဒီ ဗုဒ္ဓမြတ်စွာဘုရားပွင့်တော်မူတဲ့ ခေတ်အချိန်ခါတုန်းက အင်မတန်ပစ္စည်းဥစ္စာပေါတဲ့ သူဌေး၊ အရောင်းအဝယ်နဲ့ အင်မတန် မြို့တိုင်း မြို့တိုင်းမှာ ကုန်ရုံကြီးတွေနဲ့ ကိုယ်စားလှယ်တွေ ထားပြီးတော့၊ မဇ္ဈိမဒေသအလယ်ပိုင်းမှာဖြင့် အင်မတန်ပစ္စည်းဥစ္စာအရှာကောင်းတဲ့ ကုန်သည်ကြီး၊ အဲဒါ ရာဇဂြိုဟ်မြို့မှာ သူ့ရဲ့ယောက်ဖရှိတယ်၊ ဝိသာလသူဌေးတဲ့ အဲဒါ ရာဇဂြိုဟ်မြို့နဲ့ သာဝတ္ထိနဲ့ သူလှည်းငါးရာနဲ့ကူးသန်းနေကျ။ တစ်နေ့တော့ အဲဒါ သူ ရာဇဂြိုဟ်မြို့ လှည်းငါးရာနဲ့သာဝတ္ထိမှာပေါများတဲ့ ရာဇဂြိုဟ်မှာရှားတဲ့ ကုန်ပစ္စည်းတွေတင်ပြီးတော့ အရောင်းအဝယ်သွားတာ အရောင်းအဝယ်သွားရင်းနဲ့ ခါတိုင်းဆိုလို့ရှိရင်၊ ရာဇဂြိုဟ်သူဌေးက ထွက်ပြီးတော့ ကြိုနေကျ။

အဲဒီ အနာထပိဏ်သူဌေး ရာဇဂြိုဟ်ကို လှည်းငါးရာနဲ့အရောင်း အဝယ်သွားတဲ့ အချိန်မှာ မြတ်စွာဘုရားက ရာဇဂြိုဟ်မြို့မှာ ရောက်နေပြီ၊ ရာဇဂြိုဟ်မြို့ ရောက်နေလို့ ဒုတိယဝါကပ်မလို့ ရောက်နေတဲ့အချိန်၊ မြတ်စွာဘုရားပွင့်တယ်ဆိုတာကိုလည်း အနာထပိဏ်သူဌေးမကြားဘူး၊ အဲဒီလိုနဲ့ အနာထပိဏ်သူဌေးက သွားနေ လာနေကျရာဇဂြိုဟ်မြို့ဆီဦးတည်ပြီးတော့သွားလိုက်တာ၊ ခါတိုင်းဆိုရင် ယောက်ဖဖြစ်တဲ့ ဝိသာလသူဌေးက ထွက်ပြီးတော့ ကြိုနေကျ ဒီကအထောက်လွှတ်ပြီး ရှေ့က ကြိုပြီးတော့"အနာထပိဏ်သူဌေး လှည်းငါးရာနဲ့လာနေပြီ၊ ဘာကုန်တွေပါလာတယ်"ဆိုလို့ရှိရင် ဟိုက ကြိုတင်ပြင်ဆင်ပြီးတော့ ထွက်ပြီးတော့ လှည်းနဲ့ကြိုနေကျ အဲဒီ နေ့တော့မကြိုဘူး၊ မကြိုတော့လည်း အနာထပိဏ်သူဌေးက ကိစ္စမရှိဘူး သူကလာနေကျသွား နေကျမို့လို့ သူ့လှည်းငါးရာ အလုပ်သမားတွေနဲ့ အတူတူ လှည်းတွေမောင်းပြီးတော့ သူဌေးရဲ့ဝင်းကြီးထဲဝင်လာ။

ဝင်လာတော့ ဒီမှာ ရာဇဂြိုဟ်သူဌေးက လုပ်သူကိုင်သားတွေနဲ့ချက်လား ပြုတ်လား အလုပ်တွေများနေတာ သူမြင်တယ်၊ သူကဘာပြုလို့ချက်ပြုတ် နေတာတုန်းဆိုတော့၊ နောက်တစ်ရက်မှာ ဘုရားရှင်နဲ့သံဃာတော်တွေကို ဆွမ်းကပ်ဖို့ စီစဉ်နေတာ။ အဲဒါနဲ့ အနာထပိဏ်သူဌေးကလည်း "ဪ. . သူလုပ်သူကိုင်သားတွေနဲ့ ချက်လားပြုတ်လား အလုပ်များနေတာလေ. . . ငါက ဝင်ပြီးတော့ မေးလားမြန်းလားမလုပ်တော့ပါဘူး၊ ငါတို့လည်းပဲလာနေကျပဲ" ဆိုပြီးတော့ သူ တည်းခိုသင့်တဲ့နေရာ၊ လှည်းတွေဘာတွေ ချွတ်သင့်တဲ့နေရာချွတ်၊ နွားတွေ ချည်သင့်တဲ့နေရာချည်၊ ကျွေးကြမွေးကြ၊ "ဪ. . သူ နက်ဖြန်ခါမှာ ဗိမ္ဗိသာရမင်းကိုပဲ, ရှင်ဘုရင်ကိုပဲ ထမင်းကျွေးဖို့ ကိစ္စများရှိလေသလား၊ သို့မဟုတ် သားသမီးမင်္ဂလာဆောင်ကိစ္စများရှိလေသလား၊ ပြီးမှပဲ မေးရမှာပဲ"လို့ ဆိုပြီးတော့ သင့်လျော်တဲ့နေရာကနေပြီးတော့ အကဲခတ်။

http://www.dhammadownload.com



အဲဒီလိုနဲ့ ညနေမိုးချုပ်သွားတော့မှ ရာဇဂြိုဟ်သူဌေးနဲ့အနာထပိဏ်သူဌေး ငယ်နာမည်က သုဒတ္တတဲ့ အနာထပိဏ်သူဌေးဆိုတာ။ တွေ့ကြတော့မေးတယ် အနာထပိဏ်သူဌေးက "နေစမ်းပါအုံး. . . ချက်လားပြုတ်လား အလုပ်တွေများနေ လိုက်တာ ဘာများအကြောင်းထူးရှိလို့တုန်း" "ဪ. . မိတ်ဆွေ မသိသေးဘဲကို. । ကျုပ်ကလည်း မပြောမိဘူး၊ ကျုပ်တို့ရာဇဂြိုဟ်မှာ အခု သဗ္ဗညုတဉ္ဉာဏ်သခင် ဘုရားရှင်ကိုယ်တော်မြတ်ဆိုတာ ပွင့်တော်မူနေပြီ. . . ဗုဒ္ဓပွင့်နေပြီ. . မိတ်ဆွေ ရဲ့"။ အဲဒီဗုဒ္ဓပွင့်နေပြီလို့ ပြောလိုက်တယ်ဆိုရင်ပဲ အနာထပိဏ်သူဌေးစိတ်ထဲမှာ ပီတိဖြစ်ပြီးတော့ မေ့ကနဲ့ဖြစ်သွား။

ဒီ ဗုဒ္ဓကိုတွေ့ချင်လွန်းလို့၊ ဒီ ဗုဒ္ဓရဲ့ကျောင်းဒကာဖြစ်ချင်လွန်းလို့ ကမ္ဘာ တစ်သိန်းလုံးလုံးပါရမီဖြည့်ပြီး၊ စွန့်ကြဲပေးကမ်း လှူဒါန်းမှုတွေပြုပြီးတော့လာခဲ့တဲ့ ကုသိုလ်အရှိန်အဟုန်တွေက ရှိနေတာဖြစ်တော့ ဗုဒ္ဓဆိုတဲ့အသံကြားလိုက်တယ်ဆို ရင်ပဲ တခါတည်း ပီတိအဟုန်နဲ့မေ့သွား။ "နေစမ်းပါအုံး မိတ်ဆွေ. . . ခုနက ဗုဒ္ဓလို့ ပြောလိုက်သလား" "ဟုတ်တယ်. . . ဗုဒ္ဓရောက်နေပြီ၊ ပွင့်နေပြီ" "အမလေး . . . အဲဒီ ဗုဒ္ဓ ကျုပ်တွေ့ချင်လိုက်တာ. . . အခု။ အခုဘယ်နား သီတင်းသုံးနေ တုန်း သွားရအောင်" ဆိုတော့ အဲဒီ မြတ်စွာဘုရားဗုဒ္ဓက, ဒီအချိန်မှာ ရာဇဂြိုဟ်မြို့ ရဲ့အပြင်ဘက် သီတဝနတောလို့ခေါ်တဲ့ ယင်းတိုက်တောဆိုတဲ့ တောကြီးထဲမှာ သီတင်းသုံးနေ။ ကြားထဲမှာ သုသာန်ကြီးတစ်ခုက ခံနေသေးတယ်။

ဒီတော့ ရာဇဂြိုဟ်သူဌေးက "မိတ်ဆွေရယ်. . . ကျုပ်တို့ ဒီအချိန်တော့ သွားလို့မတော်တော့ဘူး၊ ကျုပ်တို့လိုသူဌေးဆိုတော့ သာပြီးတော့သွားလို့လာလို့ မလွယ်ဘူး။ ကြားထဲက သုသာန်ကြီးကလည်းခံနေတယ်။ တောထဲသွားရမှာ၊ ဒီတော့ မနက်ကျတော့ မိတ်ဆွေရယ်. . . ကျုပ်အိမ် အဲဒီ ဗုဒ္ဓကိုဘုရားရှင်ကို သံဃာတော်တွေနှင့်တကွ ဆွမ်းစားပင့်ထားပါတယ်၊ မနက်ကျတော့ ဖူးတာပေါ့"လို့ ပြောပြီးတော့ သူ အိပ်ရာဝင်ခဲ့တယ်။ အိပ်ရာထဲရောက်နေပေမဲ့လေ. . . ကမ္ဘာ တစ်သိန်းလုံးလုံး ဒီ ဗုဒ္ဓကိုတွေ့ဖို့, ဒီ ဗုဒ္ဓကိုတွေ့ဖို့ဆိုပြီးတော့ ဆုပန်ပြီးတော့ ပါရမီဖြည့်လာခဲ့တာဆိုတော့ အဲဒီ ပါရမီဓာတ်တွေက နှိုးဆော်တော့ ဒီ ဗုဒ္ဓပဲ သူ့စိတ်ထဲရောက်နေတယ်၊ သည့်ပြင်ဘာမှမတွေးဘူး၊ ဗုဒ္ဓဘယ်လိုနေမလဲဘဲ. . အင်း. . ရုပ်ရည်က ဘယ်လိုနေမှာပါလိမ့်၊ အသံတော်က ဘယ်လိုနေမှာပါလိမ့်နဲ့၊ ဒီ ဗုဒ္ဓပဲတွေ့ချင်လိုက်တာ. . . အဲဒီလိုနဲ့ ဗုဒ္ဓကိုတွေ့ချင်တဲ့စိတ်က ထုံမွှမ်းပြီးနေ တော့ ဗုဒ္ဓါရမ္မဏဘုရားလျှင်အာရုံရှိတဲ့စိတ်နဲ့ အိပ်ပျော်တာဆိုတော့. . . တဲ့

http://www.dhammadownload.com



ညကျတော့ အဲဒီ ဗုဒ္ဓါရမ္မဏပီတိနဲ့ ဘုရားလျှင်အာရုံရှိတဲ့စိတ်နဲ့ ပီတိနဲ့နှစ်ခြိုက်မှု နှစ်သက်မှုနဲ့ ဖြစ်နေတာဖြစ်တော့ အဲဒီ စိတ်ကနေ အရောင်တွေဖြာပြီးတော့ထွက် လိုက်တာ ခန္ဓာကိုယ်ကပါ အရောင်တွေဖြာထွက်ပြီး သူ့တိုက်ခန်းလင်းနေ။

အဲဒီတင် သူ-"ဟာ. . လင်းနေပါပြီလား. မနက်မြတ်စွာဘုရား ဆွမ်းကပ် မယ်ဆိုတာ လင်းနေပြီ၊ သူတို့ ဆွမ်းကပ်နေကြပြီနဲ့တူတယ်"ဆိုပြီးတော့ ကပျာ ကယာ ထပြီးတော့ကြည့်လိုက်တော့ ငြိမ်. . . လို့၊ ဘယ်သူမှ ဘာမှမလုပ်ကြ သေးဘူး၊ ဒါနဲ့ သူပြန်ပြီးတော့ အိပ်ရာထဲ ပြန်ဝင်၊ ဒီလိုပဲ နောက်တစ်ကြိမ် အလင်း ရောင်တွေထွက်နေပြန်၊ သုံးကြိမ်မြောက်ကျတော့ "မဖြစ်ဘူး. . . ဗုဒ္ဓရှိရာသွား မှပဲ"ဆိုပြီးတော့ ထွက်လာလိုက်တာ၊ တစ်ယောက်တည်း ထွက်လာတော့ ကြား ထဲမှာ သုသာန်ကြီးဖြတ်ပြီးတော့ သွားရတာဖြစ်တော့ သုသာန်ထဲရောက်တော့ ရာဇဂြိုဟ်မြို့ဆိုတာ လူဦးရေ(၁၈)ကုဋေ နေတယ်လို့ဆိုတယ်၊ ဒီတော့ သေတဲ့ လူတွေကို ရှေးတုန်းက အိန္ဒိယထုံးစက အခုသေတယ်ဆို အခုပစ်တာပဲ၊ ကျောပူ အောင်မထားဘူး၊ ဒီတော့ အလောင်းတွေကလည်းပဲ သုသာန်မှာ မမြှုပ်နှံရသေးတဲ့ သုဘရာဇာတွေ မသိမ်းဆည်းရသေးတဲ့ အလောင်းတွေကလည်းရှိနေ၊ အဲ. . အဲဒီအလောင်းတစ်လောင်းတက်နင်းမိတော့ လန့်သွားပြီးတော့ အရောင်တွေ ပျောက်သွား၊ ပျောက်သွားတော့ "ဩော်. . ငါ သုသာန်ထဲရောက်နေပါလား ငါ ပြန်မှပဲလို့"ဆိုပြီးတော့ နောက်ပြန်ဆုပ်မယ့်ကြံတော့၊ သုသာန်စောင့်နတ်က သတိပေးတယ်-

* သတံ ဟတ္ထီ သတံ အဿာ, သတံ အဿတရီ ရထာ၊
သတံ ကညာသဟဿာနိ, အာမုက္ကမဏိကုဏ္ဍလာ၊
ဧကဿ ပဒဝီတိဟာရဿ, ကလံ နာဂ္ဃန္တိ သောဠသိံ။

ဂဟပတိ-အိမ်ရှင်သူဌေးမင်း၊ သတံ ဟတ္ထီ-လည်ဆွဲတန်ဆာရတနာ, ကကြိုးတန်ဆာ ရတနာတွေ, ဆင်မြန်းထားတဲ့ ဆင်ပေါင်းတစ်သိန်းသည် လည်းကောင်း၊ သတံ အဿာ-ကကြိုးတန်ဆာ, ဒွါရယာတွေ, ဆင်မြန်းထားတဲ့ မြင်းပေါင်း တစ်သိန်းသည်လည်းကောင်း၊ သတံ အဿတရီ ရထာ-ကကြိုး တန်ဆာ, ဒွါရယာတွေ ဆင်မြန်းထားတဲ့ အာဇာနည်မြင်း ကပ်ယှဉ်အပ်တဲ့ ရထား ပေါင်းတစ်သိန်းသည်လည်းကောင်း၊ အာမုက္ကမဏိ ကုဏ္ဍလာ-ပုတီးနားဒေါင်း စတဲ့ အဆင်တန်ဆာတွေ ဆင်မြန်းထားအပ်တဲ့၊ သတံကညာသဟဿာနိ- အမျိုးသမီးပေါင်း, တစ်သိန်းသည်လည်းကောင်း၊ ဧတာနိ-ဤသိန်းလေးလီဖြစ်တဲ့

* ဝိ-၄၊ ၃၀၃။ သံ-၁၊ ၂၁၃။ ဋ္ဌကထိဝတ်-၅-၂၇၁။

http://www.dhammadownload.com



ပစ္စည်းတို့သည်၊ တေသံ ပဒဝီတိဟာရဿ- ဘုရားဖူးမည်, စိတ်ဦးတည်၍, ဦးချီထွက်ကြွလာတဲ့၊ ပုဂ္ဂိုလ်, အမျိုးသား, အမျိုးသမီး၏, ခြေလှမ်းတစ်လှမ်း၏၊ သောဠသီကလံ-တစ်ဆယ့်ခြောက်စိတ်, ဆယ့်ခြောက်ပြန်စိတ်၍, တစ်စိတ်သော အဖို့ကိုမျှ၊ နဂ္ဃန္တိ-မုချမသွေ, မမီနိုင်ရိုး, ဖြစ်ကြပါပေကုန်သတည်း။

သာဓု. . . သာဓု. . . သာဓုပါဘုရား. . .။

သူတော်ေမင်း. . . တဲ့နောက်ပြန်ဆုတ်မယ်မကြံပါနဲ့. . တဲ့ နောက်ပြန်ဆုတ်မယ်မကြံပါနဲ့၊ ဘုရားဖူးမယ်လို့ စိတ်ဦးတည်ပြီးတော့ ထွက်လာတဲ့အမျိုးသား အမျိုးသမီးတစ်ယောက်ရဲ့, ခြေလှမ်းတစ်လှမ်းသည်. . . တဲ့၊ ရှင်ဘုရင်ဖြစ်မယ့်သူ အတွက်, ဆင်ပေါင်းတစ်သိန်း, မြင်းပေါင်းတစ်သိန်း, ရထားပေါင်းတစ်သိန်းနဲ့, အခြံအရံအမျိုးသမီးပေါင်းတစ်သိန်း, သိန်းလေးလီဆုကြီးလာဘ်ကြီးကိုရပြီးတော့, ရှင်ဘုရင်ဖြစ်တဲ့စည်းစိမ်နဲ့၊ ရှင်ဘုရင်ဖြစ်တဲ့ရာထူးရာခံကြီးထက်, ရှင်ဘုရင်ဖြစ်ရတဲ့ ဆုလာဘ်ကြီးထက်၊ ကြီးကျယ်ပါကယ်။ သူတော်ေမင်း . . . တဲ့၊နောက်ပြန်မဆုတ်ပါနဲ့၊ သတိပေးလိုက်တယ်။ ဒါ ဘယ့်နဲ့ကြောင့် ဒီလို ပြောနိုင်တာတုန်းဆိုတော၊ ဘုရားဖူး မယ်. . လို့ဆိုပြီးတော့ ထွက်လာတဲ့ ပုဂ္ဂိုလ်တစ်ယောက်ရဲ့ စိတ်ဟာကုသိုလ်စိတ်။

ဘုန်းကြီးတို့ဒကာဒကာမတွေပဲဆိုပါတော့ အခုတရားနာသွားမယ် ဆိုပြီး တော့ ထွက်လာတဲ့စိတ်ဟာကုသိုလ်စိတ်လား၊ အကုသိုလ်စိတ်လား? *(ကုသိုလ်စိတ်ပါဘုရား)*။ အင်းလောကချမ်းသာမြတ်စွာဘုရားကို ပန်းနဲ့ပူဇော်မယ်, ရေချမ်းနဲ့ ပူဇော်မယ်, ဘုရားကိုရှိခိုးမယ်, ဆွမ်းတော်တင်မယ်လို့ ရည်ရွယ်ပြီးတော့ ထွက်လာ တဲ့စိတ်ဟာ ကုသိုလ်စိတ်လား, အကုသိုလ်စိတ်လား? *(ကုသိုလ်စိတ်ပါဘုရား)*။ ဒီတော့ အဲဒီအမျိုးသားအမျိုးသမီးရဲ့, ခြေလှမ်းသည်. . . တဲ့ ခုနကပြောတဲ့ တိုင်းပြည်အုပ်ချုပ် မင်းလုပ်ရတဲ့ လူ့လောကက ဘုရင်စည်းစိမ်ကြီးထက် သာ တယ်. . . လို့ အခု နတ်ကပြောနေတာ၊ *(မှန်လှပါဘုရား)*။ ရုတ်ကနဲ့ဆိုတော့ နတ်ကမြှောက်လိုက်တာ ထင်ပါရဲ့. . . လို့ တွေးချင်စရာကြီး အဲဒီအမျိုးသား အမျိုးသမီးရဲ့ ခြေတစ်လှမ်းအတွင်းမှာ ဖြစ်သွားတဲ့ကုသိုလ်စိတ်။

ဆိုကြပါစို့ အဲဒီ ဘုရားကို ဆွမ်းတော်တင်မယ်၊ ဘုရားပန်းတော်, ရေချမ်း တော်ကပ်မယ် ဘုရားရှိခိုးမယ်ဆိုပြီးတော့ ထွက်လာတဲ့အမျိုးသားအမျိုးသမီး ရုတ်ကနဲဆိုပါတော့ အဲဒီဘုရားကိုသွားရင်းနဲ့ ခြေတစ်လှမ်းအတွင်းမှာ ဘုန်းကြီးတို့ သင်္ခါရသဘောတရားအတိုင်း ကွေးသောလက် မဆန့်ခင်, ဆန့်သောလက် မကွေးခင် သင်္ခါရသဘောတရားတွေ အတိုင်းသွားနေရင်းနဲ့ ရုတ်ကနဲဆို သေသွား တယ်ဆိုကြပါစို့

http://www.dhammadownload.com



ကုသိုလ်စိတ်နဲ့သေရတာဖြစ်တော့ ဒီကုသိုလ်စိတ်ကြောင့် နတ်ပြည် ခြောက်ထပ် တစ်ထပ်ထပ် မရောက်နိုင်ပေဘူးလား? *(ရောက်နိုင်ပါတယ်ဘုရား)*။ ကုသိုလ် ဆိုတာ-

* န ဟိ ဓမ္မော အဓမ္မော စ, ဥဘော သမဝိပါကိနော၊
အဓမ္မော နိရယံ နေတိ, ဓမ္မော ပါပေတိ သုဂတိံ။

သဘောသဘာဝက-ဓမ္မော ပါပေတိ သုဂတိံ။ ဓမ္မော-ကုသိုလ်ဆိုတဲ့ တရားက၊ သုဂတိံ-လူ့ရွာနတ်ထံ, ချမ်းသာစံပြီးတော့, နိဗ္ဗာန်တိုင်အောင်၊ ပါပေတိ-ရောက်စေနိုင်တယ်. . . . ။ကုသိုလ်တရားမှန်သမျှသည်. . . ဒကာ ဒကာမတွေကို ဘယ်ပို့တုန်းဆိုတော့ သုဂတိပို့တယ်။ ကုသိုလ်တရားက ဘယ်ပို့ တုန်း? သုဂတိပို့ပါတယ်ဘုရား။ သုဂတိပို့တော့ ခုနက ဘုရားဖူးမယ်၊ ဘုရားဆွမ်း တော်ပန်းတော်ကပ်မယ်၊ သို့မဟုတ် ရှိခိုးမယ်လို့ဆိုပြီး ထွက်လာတဲ့ အမျိုးသား ရုတ်ကနဲ ကွယ်လွန်သွားစမ်းတဲ့၊ အဲဒီ ခြေတစ်လှမ်းအတွင်း ကွယ်လွန်သွားလိုက် စမ်းတဲ့၊ သူဘယ်ရောက်သွားမှာတုန်း စတုမဟာ, တာဝတိံသာအစရှိတဲ့ နတ်ပြည် ခြောက်ထပ်တစ်ထပ်ထပ်။

ကဲ. . ရောက်သွားပြီ တာဝတိံသာရောက်သွားပြီဆိုကြပါစို့။ တာဝတိံသာ ရောက်သွားပြီဆိုပါတော့ တာဝတိံသာမှာရှိတဲ့ နတ်စည်းစိမ်က၊ နတ်စည်းစိမ်နဲ့ လူ့စည်းစိမ်ထောက်ဆရင်. . . တဲ့၊ နတ်စည်းစိမ်နဲ့ လူ့စည်းစိမ် ကိုများ နှိုင်းချိန်ကြည့် မယ်ဆိုရင် သမုဒ္ဒရာကြီးထဲရှိ တဲ့ ရေနဲ့ မြက်ဖျားအပေါ်မှာ တင်နေတဲ့ နှင်းတွေ လောက်ကွာခြားတယ်. . . တဲ့။ လူ့စည်းစိမ်ကြီးတွေ ဘယ်လောက်ကြီးကျယ်တယ် ပြောပြော. . တဲ့၊ မြက်ဖျားပေါ်မှာတင်နေတဲ့ နှင်းပွင့်ပေါက်ကလေးလောက်ပဲရှိ တယ်တဲ့ နတ်စည်းစိမ်နဲ့နှိုင်းစာလို့ရှိရင်။

သည့်ပြင်ဟာတွေမကြည့်နဲ့၊ အသက်တမ်းပဲကြည့်တော့၊ တာဝတိံသာ, စတုမဟာရာဇ်ဆိုတဲ့ နတ်ပြည်ခြောက်ထပ်ရဲ့ အောက်ဆုံးနတ်ဘုံမှာ စတုမဟာရာဇ် နတ်ဘုံမှာရှိနေတဲ့ တစ်ရက်ဟာ, တစ်နေ့ဟာ ဘုန်းကြီးတို့ လူ့ဘုံက လူ့ရဲ့အသက် တမ်းနဲ့ဆိုရင် အနှစ်ငါးဆယ်နဲ့လိုက်ယှဉ်ရတယ်၊ လူ့အနှစ်ငါးဆယ်လောက် ကြာ ပြီဆိုမှ စတုမဟာရာဇ်က တစ်ရက်ပဲရှိသေးတယ်၊ တာဝတိံသာဆိုလို့ရှိရင် သူက အနှစ်တစ်ရာလောက်ကြာမှ ဟိုက တာဝတိံသာကတစ်ရက်ရှိသေးတယ်၊ အဲဒီလို ရက်ပေါင်းနဲ့ စတုမဟာရာဇ်မှာ အနှစ်ငါးရာ တာဝတိံသာမှာ အနှစ်တစ်ထောင်၊ သက်တမ်းချင်း သက်တမ်းချင်း ကွာသွားတယ်၊ သည့်ပြင် ရုပ်ဆင်းလှတာတွေ, စည်းစိမ်ဥစ္စာပေါတာတွေဆိုတာကတော့ မပြောနဲ့တော့။

---

* ထေရ-၂၇၂။ နေတ္တိ-၁၅၇။ ဒီ-၃-၁၊ ၉၂။

http://www.dhammadownload.com



ဒီတော့ လူ့ဘုံလူ့ဘဝလူ့ဌာနက ရှင်ဘုရင်ကြီး ဘယ်လောက်ကြီးကျယ်တယ်ပြောပြော၊ အသက်တစ်ရာထက်ပိုပြီးတော့ ရှည်ပါ့မလား ပရိသတ်? *(မရှည်ပါဘုရား)*။ နတ်စည်းစိမ်နတ်သက်က လူ့ဘဝလူ့စည်းစိမ်နဲ့ နှိုင်းစာပြီးတော့ ကြည့်မယ် ဆိုလို့ရှိရင် စတုမဟာရာဇ်နတ်သက်သည်ပင်လျှင် လူ့သက်တမ်းနဲ့ ပြောမယ်ဆို လို့ရှိရင် သန်းချီပြီးတော့ ကြာနေတယ်. . . လို့ဆိုတော့ ဘုရားဖူးမယ်လို့ စိတ်ဦးတည်လာတဲ့ ပုဂ္ဂိုလ်တစ်ယောက်ရဲ့ ခြေလှမ်းသည်. . . လူ့ပြည်လောကက အင်မတန်ကြီးကျယ်ပါတယ်ဆိုတဲ့ ရှင်ဘုရင့်စည်းစိမ်, ရှင်ဘုရင့်အသက်, ရှင်ဘုရင့် ရုပ်ရည်ထက်သာတယ်. . လို့ နတ်သားပြောလိုက်တဲ့ စကားဟာ သဘာဝကျသလား၊ မကျဘူးလား? *(သဘာဝကျပါတယ်ဘုရား)*။ အဲဒါကြောင့် နတ်သားက သတိပေးလိုက်တာ။

အဘိက္ကမ ဂဟပတိ၊ နေ ပဋိက္ကမ-နောက်မဆုတ်ပါနဲ့သူဌေးမင်း. . . ရှေ့တိုးပါ၊ ဘာ့ကြောင့်တုန်းလို့ဆိုတော့ ဒီအနာထပိဏ်သူဌေးက အခုလာတဲ့အခါက်ဟာ ဘုရားတွေ့ချင်တယ်၊ ဘုရားရှိတယ်လို့ဆိုပြီးတော့လည်း လာတာမဟုတ်ဘူး၊ အဲဒီလိုလာတာမဟုတ်ပေမယ့်လို့ အခုအကြောင်းအားလျော်စွာ ဘုရားရှိတယ်ဆိုတော့ ဘုရားကိုရှည်စူးပြီးတော့ ပါရမီဖြည့်လာခဲ့တဲ့သူဌေးမို့လို့ ဘုန်းရှင်ကံရှင်မို့လို့ ဘုန်းရှင်ကံရှင် ဘုရားနဲ့တွေ့ပြီးတော့ အခုအခါက် သောတာပန်ဖြစ်မယ့်အခါက်ဖြစ်နေလို့လည်းပဲ နတ်သားကတိုက်တွန်းတာ၊ ပိုပြီးတော့ သဘာဝကျနေတယ်။ *(မှန်လှပါဘုရား)*။ ဒီတော့ သောတာပန်ဖြစ်သွားတယ်ဆိုလို့ရှိရင် ခုနှစ်ဘဝပဲနေရတော့မယ်လေ၊ ခုနှစ်ဘဝပဲ နေရတော့မယ်ဆိုရင် ခုနှစ် ဘဝပဲ သေရတော့မယ်၊ ခုနှစ်ဘဝပဲအိုရတော့မယ်၊ ခုနှစ်ဘဝပဲ နာရတော့မယ်. . . ဆိုတဲ့ အဓိပ္ပါယ်ရောက်မသွားဘူးလား? *(ရောက်သွားပါဘုရား)*။

ဘုန်းကြီးတို့ ဒကာဒကာမတွေဘဝပေါင်းများစွာ, ဘဝတစ်ရာလောက်နေရအုံးမယ်ဆိုရင်, တစ်ရာလောက်အိုရအုံးမယ်ဆိုတာနဲ့ တစ်ထပ်တည်းမကျဘူးလား? *(ကျပါတယ်ဘုရား)*။ တစ်ရာလောက်နေရအုံးမယ်ဆိုတာ တစ်ရာလောက် နာရအုံးမယ်၊ တစ်ရာလောက်သေရအုံးမယ်ဆိုတာနဲ့ စကားတစ်ထပ်တည်း မကျဘူးလား? *(ကျပါတယ်ဘုရား)*။ သောတာပန်ဖြစ်သွားတယ်ဆိုတာ ခုနှစ်ဘဝပဲ နေရမယ်လို့ဆိုတော့၊ ခုနှစ်ဘဝပဲ အိုရတော့မယ်, ခုနှစ်ဘဝပဲ နာရတော့မယ်, ခုနှစ်ဘဝပဲ သေရတော့မယ်ဆိုတော့ တစ်ရာထဲက ခုနှစ်ဘဝပဲ ကျန်တော့တယ်ဆိုတော့၊ ကိုးဆယ်နဲ့သုံးဘဝလောက်ဟာ သက်သာ မသွား

http://www.dhammadownload.com



ဘူးလား? *(သက်သာသွားပါတယ်ဘုရား)*။ ဒါကြောင့်မို့လို့ ဘုရားဖူးမယ်လို့ ရည်စူးပြီးတော့ ထွက်လာတဲ့ခြေတစ်လှမ်း တစ်လှမ်းသည်. . . ရှင်ဘုရင် စည်းစိမ်ကြီးထက်, သူဌေးစည်းစိမ်ကြီးထက်သာပါတယ်သူဌေးမင်း. . . နောက်မဆုတ်ပါနဲ့၊ ရှေ့တိုးပါ. . . လို့ တိုက်တွန်းလိုက်။

အဲဒီလိုတိုက်တွန်းလိုက်တဲ့အတိုင်း, သူရှေ့တိုးသွား, ရှေ့တိုးသွား, ရှေ့တိုးသွားလိုက် အလင်းရောင်ပေါ်လာလိုက် အလောင်းတစ်လောင်းတက်နင်းလိုက်လန့်လိုက် ပျောက်သွားလိုက်အရောင်တွေ၊ နောက်ဆုတ်လိုက်နတ်က တို့တွန်းလိုက်နဲ့ သုံးကြိမ်သုံးခါ တိုက်တွန်းပြီးတော့မှ အရုဏ်ကျင်း အလင်းလည်းရောက်သွား၊ အဲဒီတင် အနာထပိဏ်သူဌေးဘုရားနားရောက်သွား၊ ရောက်သွားတော့ မြတ်စွာဘုရားက သီတဝနခေါ်တဲ့ယင်းတိုက်တောကြီးထဲမှာ စင်္ကြံလျှောက်ပြီးနေရင်းနဲ့၊ မြတ်စွာဘုရားက လှမ်းပြီးတော့ကြည့်လိုက်တော့မြင်တယ်၊ "ဩော်-ငါ့ရဲ့ သာသနာမှာ ဇေတဝန်ခေါ်တဲ့ကျောင်းတော်ကြီးမျိုးဆောက်ပြီးသကာလ, သာသနာတော်ကို ကျေးဇူးအများဆုံးပြုမယ့် ကမ္ဘာတစ်သိန်းပါရမီဖြည့်လာတဲ့ ကျောင်းဒကာလောင်းဖြင့် လာပါပေါ့လား . . . လို့ မြင်တော်မူလို့၊ မြတ်စွာဘုရားက လမ်းလျှောက်နေရာကနေပြီးတော့ သစ်ပင်တစ်ပင်အောက်ထိုင်တော်မူလိုက်။

ထိုင်တော်မူမှ အနာထပိဏ်သူဌေးကမြတ်စွာဘုရားရှိရာကို လှမ်းကြည့်ပြီးတော့ အနားတဖြေးဖြေး ချဉ်းကပ်သွားရင်းနဲ့ သူကဘယ့်နဲ့ စိတ်ပေါက်ပြန်တုန်းဆိုတော့၊ "ဩော်-ဘုရားဆိုလို့ ငါထွက်လာလိုက်တာ အနားတော့ ရောက်လာပြီ၊ ဒီတော့-တကယ်ဘုရားမှ ဟုတ်ပါလေလား၊ လောကမှာ ဘုရားတွေကလည်း ပေါ်လိုက်ပါဘိ၊ ဟိုကဘုရား ဒီကဘုရား"နဲ့ မြတ်စွာဘုရားမပွင့်ခင်က ကောလာဟလတွေက လောကကြီးထဲဖြစ်နေတာ ဘုရားပွင့်လိမ့်မယ်၊ ဘုရားပွင့်လိမ့်မယ်, ဘုရားပွင့်လိမ့်မယ်ဆိုတော့ ကောလာဟလဖြစ်ပြီးတော့ ဟိုကဘုရားပေါ်၊ ဒီကဘုရားပေါ်နဲ့ ပူရဏကဿပတို့အစရှိတဲ့ တိတ္ထိဆရာကြီးတွေကလည်း ဘုရားဘုရားနဲ့ဖြစ်နေတာ၊ ဒီတော့- အဲဒီလိုဘုရားတွေကလည်းပေါ်လိုက်တာ၊ ဟိုမှာပေါ် ဒီမှာပေါ်နဲ့၊ "ငါအခု လာတဲ့ ဘုရားဟာဘုရားစစ်ဘုရားမှန်မှ ဟုတ်ပါလေလား. . . လို့ စောစောကထွက်လာတုန်းကအကောင်း၊ အနားရောက်မှစိတ်ဖောက်နေပြန်တယ်။

စိတ်ဖောက်ပြီးတော့ သူဘယ့်နဲ့အဓိဋ္ဌာန်တုန်းဆိုတော့ "ကဲလေ. . . မတတ်နိုင်ဘူး, လာမိမှတော့ ရှေ့တိုးရမှာပဲ၊ အကယ်၍ ဘုရားစစ်ဘုရားမှန်ဖြစ်ခဲ့ရင် ငါ့ရဲ့ငယ်နာမည်၊ ဘယ်သူမှမသိတဲ့ ငယ်နာမည်နဲ့ ငါ့ကိုခေါ်နိုင်ပါစေသား. . . လို့ အဓိဋ္ဌာန်လိုက်တယ်တဲ့ ဒကာကြီးဆယ်၊ *(မှန်ပါဘုရား)*။ သူ့ရဲ့

http://www.dhammadownload.com



ငယ်နာမည်က သုဒတ္တ-တဲ့၊ *(မှန်ပါဘုရား)*။ အနာထပိဏ်, အနာထပိဏ်ဆိုတာ နောက်မှအကြောင်းအားလျော်စွာ အလုပ်ပေါ် မူတည်ပြီးတွင်တာ။ သူက အနာထ ပိဏ်သူဌေး၊ သုဒတ္တဆိုတဲ့ အနာထပိဏ်သူဌေးက အားကိုးရာမဲ့၊ ခိုကိုးရာမဲ့ လူတွေကို အထူးသဖြင့် အမိမဲ့အဖမဲ့ ခိုကိုးရာမဲ့ပုဂ္ဂိုလ်တွေကို အစာရေစာအင် မတန်ကျွေးလေ့ရှိလို့ သူ့ကို အနာထပိဏ္ဍိက. . . လို့ တွင်သွားတာ၊ အနာထဆို တာ ခိုကိုးရာမဲ့တွေကို၊ ပိဏ္ဍိက-ကအစာရေစာလှူလေ့တန်းလေ့ ဝါသနာကြီးတဲ့ ပုဂ္ဂိုလ်မို့လို့ သူ့ကိုအနာထပိဏ္ဍိက၊ ဒါကိုပဲ ဘုန်းကြီးတို့ မြန်မာကအနာထပိဏ် လို့ခေါ် လိုက်တာ။

ဒီတော့ ဘုန်းကြီးတို့မြန်မာတွေက အဲဒီလိုခိုကိုးရာမဲ့တွေကို အစာရေ စာကျွေးလေ့ရှိတယ်ဆိုတဲ့ ဗျူပ္ပတ်ကနားမလည်တော့ဘူး၊ အနာထပိဏ်ဆိုတာ အနာတွေ ထပြီးတော့ ပိန်နေတုယ်လို့ ထင်တယ်နော်၊ ကလေးလေးတစ်ယောက် အနာတွေများနေ ဒီကောင်လေးက အနာထပိဏ်လေးကျနေတာပဲလို့ ပြောကြ တယ်၊ အဲဒါပြီးပါရော့၊ ဗျူပ္ပတ်ကလွဲနေ၊ အမှန်စင်စစ်ကတော့ ခိုကိုးရာမဲ့တွေ, အားကိုးရာမဲ့တွေကို အစာရေစာကျွေးလေ့ပေးလေ့ကမ်းလေ့ရှိတဲ့ ဝါသနာကြီးတဲ့ သူဌေး. . . လို့ အနာထပိဏ္ဍက၊ အနာထ-ကိုးကွယ်မဲ့တွေကို၊ ပိဏ္ဍိက-အစာရေ စာပေးလေ့ရှိတဲ့ သူဌေး. . .၊ ဒါက နောက်မှအများကပိုင်းခေါ်တဲ့နာမည်၊ သူ့နာမည်က သုဒတ္တ. . .။

ဒီတော့ သူက အမိဋ္ဌာန်တယ် ဘုရားစစ်ဘုရားမှန်ဖြစ်ခဲ့ရင်. . . တဲ့ ငါ့ကို ငယ်နာမည်နဲ့ ခေါ်နိုင်ပါစေသားလို့ အမိဋ္ဌာန်လိုက်တယ်၊ မြတ်စွာဘုရားကလည်း သိတယ်လေ၊ သဗ္ဗညုတဉာဏ်ရှင်ဆိုတော့ သိတာပေါ့၊ ဟိုကလှမ်းအာရုံပြုကြည့် နေတာ၊ "အင်း-သူဌေး ဒီနားကျမှ စိတ်ကစားနေတယ်ကိုး၊ သူ့ကို ငယ်နာမည်နဲ့ ခေါ်နိုင်ပါစေလို့ စိတ်ကစားနေတယ်ကိုး. . . လို့သိတယ်၊ သိတော်မူတဲ့အတိုင်း ဘုရားရှင်ကိုယ်တော်မြတ်က-

**ဧဟိ သုဒတ္တ။ သုဒတ္တ-ဒကာသုဒတ္တ၊ ဧဟိ-လာခဲ့လော. . . လို့၊** "စောစောစီးစီး ဒကာသုဒတ္တဘယ်သွားမလို့တုန်း လာ,လာ,လာ ဒီလာ"လို့ ဆိုတော့ အနာထပိဏ်သူဌေးလေ တစ်ကိုယ်လုံးကြက်သီးတွေများ တဖြန်းဖြန်းထသွားတယ်၊ ဘာပြုလို့တုန်းဆိုတော့ သူက"ငါ့ငယ်နာမည်နဲ့ခေါ် နိုင်ရင် ဘုရားစစ်ဘုရားမှန်ပဲလို့ စိတ်က မဓိဋ္ဌာန်လိုက်ဘူးလားပရိသတ်? *(အဓိဋ္ဌာန်လိုက်ပါတယ်ဘုရား)*။ မြတ်စွာ ဘုရားကလည်း သုဒတ္တလို့မခေါ် လိုက်ဘူးလား? *(ခေါ်ပါတယ်ဘုရား)*။ ခေါ် လိုက် တယ်၊ ဘုန်းကြီးတို့လိုဆိုအခက်နော်၊ ဘုန်းကြီးတို့လိုဆိုအခက်၊ ဒကာစိန် ငါ့ကို ဒီကိုယ်တော်သိရင် ငယ်နာမည်နဲ့ခေါ် နိုင်ပါစေသားဆိုရင်အင်း-ယောင်တီး

http://www.dhammadownload.com



မလိုလို၊ ငမောင်စိန်ခေါ် ရမလိုလိုနဲ့၊ ဒီတော့ အခု ဘုရားရှင်မို့လို့ ဟန်ကျလိုက်တာ၊ သူက"သုဒတ္တ လာလော့. . . လို့ဆိုတော့ ကြက်သီးများ ဖြန်းဖြန်းထပြီးတော့ အနားကပ်သွားပြီးတော့ "အရှင်ဘုရား. . . တဲ့ သစ်ပင်တွေကလည်း ကျိုးတိုးကျဲတဲနဲ့ ရာသီဥတုကလည်း အေးပါဘိသနဲ့။

သုခံ ဘန္တေ သယိတ္ထ-ချမ်းချမ်းသာသာ ညက သိတင်းသုံး ကျိန်းစက်တော်မူရပါရဲ့လားဘုရား. . လို့ အနာထပိဏ်ကမေးလိုက်၊ မေးလိုက်တော့ မြတ်စွာဘုရားက ဘာကောက်ပြောလိုက်တုန်း-

*** သဗ္ဗဒါ ဝေ သုခံ သေတိ၊ ဗြာဟ္မဏော ပရိနိဗ္ဗုတော၊**
**ယော န လိမ္ပတိ ကာမေသု၊ သီတိဘူတော နိရူပဓိ။**

ဂဟတိ-အနာထပိဏ်သူဌေး. . . တဲ့၊ သုဒတ္တသူဌေး၊ ယော-အကြင်ပုဂ္ဂိုလ်သည်၊ ကာမေသု-ငါးဖြာအာရုံ ကာမဂုဏ်တို့၌၊ နလိမ္ပတိ-ကာမဂုဏ်စိတ်နဲ့ မလိမ်းကျံ၊ ကိလေသာစိတ်မလိမ်းကျံ၊ ဗြာဟ္မဏော-ကိလေသာတွေကို အပပြုအပ်ပြီးတော့၊ ကိလေသာဟူသမျှတွေကို ပယ်ခွါ၊ ချမ္မော အပ်ပြီးသော, ရဟန္တာပုဂ္ဂိုလ်သည်၊ သဗ္ဗဒါ-အခါခပ်သိမ်း၊ သုခံ-ချမ်းချမ်းသာ သာ၊ သေတိ-သွားရလာရ, ကျိန်းစက်ရသည်၊ မုချမသွေ, ဖြစ်ပါပေတော့သတည်း. . .။

သာဓု. . . သာဓု. . . သာဓုပါဘုရား. . . ။

အဲဒီလိုနဲ့ သုဒတ္တ, အနာထပိဏ်သူဌေးက မြတ်စွာဘုရားကိုသွားမေးလိုက်တာက၊ "အရှင်ဘုရား. . . တဲ့ ညကချမ်းချမ်းသာသာ ကျိန်းစက်တော်မူရပါရဲ့လား. . ."လို့ သွားပြီးတော့ မေးလိုက်တာကိုး၊ အဲလိုမေးလိုက်တော့ ဘုရားရှင်ကိုယ်တော်မြတ်က"ဒကာသုဒတ္တ. . . တဲ့ ငါးဖြာအာရုံကာမဂုဏ်တို့ ၌၊ လိမ်းကျံညိကပ်တဲ့ စိတ်မရှိကြတဲ့၊ အာသဝ မြူးဘေး, ညစ်အကြေးမှ, ကင်းဝေးစင်ဖြူကြတဲ့ ရဟန္တာအရှင်မြတ် အဆူဆူတို့သည်၊ ချမ်းချမ်းသာသာ ကျိန်းတော်မူကြရတယ်၊ ချမ်းချမ်းသာသာသွားတော်မူကြရတယ်၊ ချမ်းချမ်းသာသာ ရပ်တော်မူကြရတယ်၊ ချမ်းချမ်းသာသာအမြဲတမ်းကျိန်းစက်တော်မူကြရတယ် ဒကာသုဒတ္တ. . . "သူမေးတဲ့စကားနဲ့ သူ့ပြန်ပြီးတော့ တုတ်လိုက်တာ။ သူမေးတဲ့စကားနဲ့ သူ့ပြန်ပြီးတော့ ဖြေလိုက်တာ၊ "ဒကာသုဒတ္တ. . . တဲ့ ငါးဖြာအာရုံကာမဂုဏ်တွေပေါ်မှာ တွယ်တာငြိကပ်တဲ့ စိတ်မရှိတဲ့ပုဂ္ဂိုလ်တွေမှန်သမျှက ချမ်းချမ်းသာသာ အမြဲအိပ်ရတယ်". . . လို့ဆိုတော့။

---

* ဝုဒ္ဓဝံ-၄-၂၈၁၊ စရိယာ-၄-၃၂၄၊ နေတ္တိ-၄-၁၀၊

http://www.dhammadownload.com



ပြောင်းပြန်ပြန်လိုက်တော့ ငါးဖြာအာရုံကာမဂုဏ်တွေမှာ တွယ်တာငြိကပ်တဲ့စိတ်ရှိတဲ့ပုဂ္ဂိုလ်တွေက ချမ်းချမ်းသာသာ မအိပ်ရဘူး. . . လို့ ဒီလို အဓိပ္ပါယ်ပြန်ပြီးတော့ သက်ရောက်သွားတယ်၊ အနာထပိဏ်သူဌေးက အဲဒါကို သဘောပေါက်တယ်၊ အာရုံတွေပေါ်မှာ ငြိကပ်တွယ်တာနေတဲ့ စိတ်ရှိနေပြီ. . . ဆိုရင်, ချမ်းချမ်းသာသာ အိပ်ရတယ်လို့ ကိုယ်ကထင်သော်လည်း, ချမ်းချမ်းသာသာ နေရထိုင်ရတယ်ထင်သော်လည်း မချမ်းသာဘူး. . . တဲ့၊ မချမ်းသာဘူးတဲ့၊ တို့ ငါးဖြာအာရုံ ကာမဂုဏ်တွေပေါ်မှာ ငြိကပ်တဲ့စိတ် ရှင်းနေတဲ့ပုဂ္ဂိုလ်တွေက အမြဲတမ်း ချမ်းသာပြီးတော့နေကြတယ်၊ ဒုက္ခတွေငြိမ်းသွားတာကိုး. . .။ သူက တွယ်တာငြိကပ်တဲ့စိတ်မှမရှိတော့ သားပူရ သမီးပူရဆိုတာ ပရိသတ်ကြီး ရှိပါအုံးမလား? *(မရှိပါဘုရား)*။ ရဟန်းတော်အရှင်မြတ်တွေဆိုတာ သားကြောင့်ကြ သမီးကြောင့်ကြ သားအတွက်သမီးအတွက်ညမှာ အိပ်ရေးပျက်တယ်လို့ရှိသေးလား? *(မရှိတော့ပါဘုရား)*။

ဘုန်းကြီးတို့ ကျိုက်ဝိုင်းဂန္ဓာရုံဆရာတော်ကြီးက ပြောသွားတယ်၊ တရားဟောမေ့ကထိက ကျိုက်ဝိုင်းဂန္ဓာရုံဆရာတော်ကြီးက"တို့ အခု အသက်ရှစ်ဆယ်ရှိပြီတဲ့၊ ကလေးငိုလို့ တစ်ခါမှအိပ်ရေးမပျက်ဖူးဘူးတဲ့. . . တဲ့ နော်။ *(မှန်ပါဘုရား)*။ ဒကာဒကာမတွေတော့ ကလေးငိုလို့ အိပ်ရေးပျက်ရတာ ဘယ်နှစ်ခါလောက်ရှိ တုန်း မရေနိုင်ဘူး၊ *(မှန်လှပါဘုရား)*။ ရေနိုင်ရဲ့လား? *(မရေနိုင်ပါဘုရား)*။ သို့သော် ဒကာ ဒကာမအပေါင်း သူတော်ကောင်းတွေက ချမ်းချမ်းသာသာအိပ်ရတယ်လို့ ပြောကြတယ်၊ ကလေးငိုလို့အိပ်ရေးပျက်ရ, ကလေးဓာတ်ပျက်လို့ အိပ်ရေးပျက်ရ, ကလေးကငိုနေလို့, ကလေးက နေမကောင်းလို့ သားက သမီးက မြေးက မြစ်ကနဲ့ ဆက်ဆက်,ဆက်ဆက်ပြီးတော့ ဒီလိုဒုက္ခတွေ တန်းမလာဘူးလား? *(တန်းလာပါတယ်ဘုရား)*။ ဒီတော့ ချမ်းချမ်းသာသာ အိပ်ရတဲ့အချိန်မနည်းဘူးလား? *(နည်းပါတယ်ဘုရား)*။ မြတ်စွာဘုရားက အဲဒါကောက်ဖြေလိုက်တာ။ *(မှန်လှပါဘုရား)*။

တို့က. . . တဲ့ အမြဲချမ်းချမ်းသာသာအိပ်ရတယ် သူဌေးမင်း. . . လို့ ဖြေလိုက်တော့ အနာထပိဏ်သူဌေး အဒါလေးသဘောပေါက်တာနဲ့ အဲဒီတရားစဉ်လိုက်သွားတာ အဲဒီနားတင် သောတာပန်တည်သွားတယ်၊ *(မှန်လှပါဘုရား)*။ သောတာပန်ဖြစ်သွားပြီ ဒကာစိန်နော် *(မှန်လှပါဘုရား)*။ သောတာပန်ဖြစ်သွားသည် နဲ့တပြိုင်နက် "*တပည့်တော်ရဲ့ သာဝတ္ထိမြို့ ကြွတော်မူပါဦးဘုရား. . .*"လို့ ပင့်ပြီးတော့ ဒီနေ့ ဒကာဒကာမအပေါင်း သူတော်ကောင်းတွေ အားလုံး သိဖူး ကြားဖူးနေတဲ့ သာသနာ့သမိုင်းမှာဖြင့် အနာထပိဏ်သူဌေး, အနာထပိဏ်သူဌေး

http://www.dhammadownload.com



ရယ်လို့ နာမည်ကြီးတဲ့အပြင်၊ ဇေတဝန်ကျောင်းတော်ကြီး, ဇေတဝန်ကျောင်းတော်ကြီးဆိုတာလည်းပဲ (၅၄)ကုဋေ အကုန်အကျခံပြီးတော့ ဆောက်လုပ်လှူဒါန်းပြီးတော့ သာသနာတော်မှာ အင်မတန်ကြီးကျယ်စွာ ကျေးဇူးပြုသွားတဲ့သူဌေး. . . ကျွတ်တမ်းဝင်သွားတယ်၊ *(မှန်လှပါဘုရား)*။

ပုညဝန္တသာ-လေးသင်္ချေကိန်း, ကပ်တစ်သိန်းက, ထိန်းသိမ်းစုံညီ, ပါရမီဘုန်းဟုန်, တန်ခိုးဂုဏ်တို့နှင့်, ပြည့်စုံတော်မူသော ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏၊ **သာသန်-အံ့ဖွယ်ရှစ်ဖြာ, သာသနာတော်မြတ်ကြီးကို၊ ပုညဝန္တာဝ-ရှေးရှေးဘဝ, သံသာရက, ဘုန်းစကံဟုန်, ရှိခဲ့ကုန်သော, သူတို့သည်သာလျှင်၊ ပဂ္ဂဏှိတုံ-ပစ္စယမွေ, နှစ်ဖြာပွားလင့်, ထောက်ပံ့ချီးမြှောက်ခွင့်ကို၊ လာဘီနော-အကြောင်းလည်းတိုက်, အကျိုးဆိုက်သဖြင့်, သိုက်မြိုက်ပိုင်ပိုင်, ရရှိနိုင်ကြလေကုန်သတည်း. . .**။

**သာဓု. . . သာဓု. . . သာဓုပါဘုရား. . .**။

အနာထပိဏ်သူဌေးများ သာသနာနဲ့တွေ့ဖို့ တမင်မကြိုးစားဘဲနဲ့ ပရိသတ်ကြီး တွေ့မသွားဘူးလား? *(တွေ့သွားပါတယ်ဘုရား)*။ အဲဒါ ဘာပြုလို့တုန်းဆိုတော့ ဘုန်းရှိလို့, ကံရှိလို့, ပါရမီရှိလို့၊ ဒီသာသနာနဲ့တွေ့ဖို့ သူက ဘုန်းကံပါရမီတွေ ဒါန, သီလ, ဘာဝနာတွေ ဖြည့်မလာခဲ့ဘူးလား? *(ဖြည့်လာခဲ့ပါတယ်ဘုရား)*။ အဲ-ဖြည့်လာခဲ့လို့ အခုတွေ့သွားပြီ. . . တဲ့၊ ဒါဖြင့် ဘုန်းတော်ရှင်, ကံတော်ရှင်, ပါရမီတော်ရှင် တည်ထောင်တဲ့သာသနာကိုတွေ့တဲ့သူမှန်သမျှ ဘုန်းရှိတယ်, ကံရှိတယ်, ပါရမီရှိတယ်၊ နည်းတာများတာ ကွာချင်ကွာမယ်၊ တွေ့ပြီဆိုရင် သာသနာနဲ့တွေ့တာမှန်သမျှ ဘုန်းကံပါလို့. . . လို့ မဆိုထိုက်ဘူးလား? *(ဆိုထိုက်ပါတယ်ဘုရား)*။ ကံထူးပါတာလား၊ ကံထူးမပါတာလား? *(ကံထူးပါတာပါဘုရား)*။

ကောင်းပြီ. . . ဒါဖြင့် ဒီနေ့ဒကာဒကာမတွေ သာသနာနဲ့တွေ့တယ်. . . လို့ မဆိုနိုင်ဘူးလား? *(ဆိုနိုင်ပါတယ်ဘုရား)*။ ကိုင်း-အဲဒီတွေ့တာလေးကို ထပ်ပြီးတော့ တွေ့မတွေ့ဆိုတာလေး ထပ်ပြီးတော့စစ်တမ်းထုတ်ဦးစို့၊ *(မှန်လှပါဘုရား)*။ ကိုင်း-ဘယ်လိုထုတ်မှာတုန်းဆိုတော့ သာသနာဆိုတာ ဘာတုန်းဆိုတာက စပြီး တော့ စစ်ရမယ်နော်၊ *(မှန်လှပါဘုရား)*။ သာသနာဆိုတာ ဘာတုန်းဆိုတာ သိချင်ရင် သာသနာရယ်, သာသနာ့ဝန်ထမ်းရယ်, သာသနာ့ပစ္စည်းရယ်. . . ဒီသုံးမျိုးကို ခွဲပြီးတော့ နားလည်ရမယ်။ ပရိသတ်ကြီး ဘယ်နှစ်မျိုးတုန်း? *(သုံးမျိုးပါဘုရား)*။

http://www.dhammadownload.com



သာသနာ့ဝန်ထမ်းဆိုတာ ရဟန်းတော်၊ သာမဏေတွေ၊ အခုတော့ ရဟန်း သာမဏေပဲရှိတော့တယ် ဒကာကြီးစိန်၊ (*မှန်ပါဘုရား*)။ ရှေးတုန်းကတော့ အမျိုး သမီးတွေဘက်က သုံးမျိုးရှိတယ်၊ ဘိက္ခုနီမတဲ့၊ သိက္ခမာန်မတဲ့၊ သာမဏေမတဲ့၊ သူတို့ဘက်က သုံးမျိုးရှိတာ သာသနာ့ဝန်ထမ်း။ (*မှန်လှပါဘုရား*)။ အခုတော့ ကွယ်သွားတယ်၊ အိန္ဒိယဒေသကနေ သီဟိုဠ်ကူးတဲ့အထိ ပါသေးတယ်၊ သီဟိုဠ်က နေ မြန်မာပြည်ကူးတော့ အဲဒီအမျိုးသမီးသာသနာ့ဝန်ထမ်းသုံးမျိုးက ပျောက်သွား တယ်၊ (*မှန်လှပါဘုရား*)။ အစတုန်းကတော့ ရှိတယ်၊ ငယ်ငယ်လေးက စပြီးတော့ ကိုရင်မလေးတွေ၊ အဲဒီကနေ (၁၈)နှစ်ထဲရောက်ပြီဆိုတော့ (၁၈)နှစ်နဲ့ အသက် (၂၀)ကြား သိက္ခမာန်ဆိုပြီးတော့ ရဟန်းလောင်းမဆိုပြီးတော့ သိက္ခမာန်ဆိုပြီးတော့ တစ်မျိုးတစ်စားရှိသေးတယ်၊ တိုးပြီးကျင့်ရတယ်။ (*မှန်ပါဘုရား*)။ပြီးတော့မှ ရဟန်းခံဆိုတော့ ရဟန်းမ. . . ဆိုပြီးတော့။

ဒီတော့ သာသနာ့ဝန်ထမ်းဆိုတာ ဘယ်သူတွေတုန်းဆိုရင်၊ ဘုရား လက်ထက်တော်ကပြောရင် သိဘင်းသုံးဖော်ငါးဦးလို့ ပြောရတဲ့ ရဟန်းယောကျ်ား၊ ရဟန်းမ၊ သိက္ခမာန်မ၊ သာမဏေ၊ သာမဏေမ။ အခုကာလပြောရရင် ရဟန်း၊ သာမဏေ၊ အဲဒါက သာသနာတော်တာဝန်ထမ်းနေကြတဲ့ သာသနာ့ဝန်ထမ်း။

သာသနာ့ပစ္စည်းဆိုတာကျတော့ ကျောင်းတွေ၊သင်္ကန်းတွေ၊ သပိတ်တွေ၊ ထီးတွေဖိနပ်တွေ၊ အစရှိတဲ့ပစ္စည်းတွေက သာသနာ့ပစ္စည်း။ ဒါဖြင့် သာသနာဆို တာဘာတုန်း. . . လို့ဆိုတော့ သာသနာဆိုတာ အဆုံးအမကိုခေါ်ပါသည်. . .၊ သာသနာဆိုတာ အဆုံးအမကိုခေါ်တာ၊ မှန်လှပါဘုရား၊ ပါဠိလိုတော့ သာသနာလို့ ခေါ်တယ်၊ မြန်မာလိုတော့ အဆုံးအမလို့ အဓိပ္ပါယ်ထွက်တယ်၊ ဘယ်သူ့အဆုံး အမတုန်းဆိုတော့ ဘုရားအဆုံးအမ၊ ဒါဖြင့် ဘုရားသာသနာဆိုတာ ဘာကိုခေါ် သလဲဆိုရင် ဘုရားအဆုံးအမတော်ကိုခေါ်ပါတယ်၊ သာသနာဆိုတာ အဆုံးအမ ကိုခေါ်တာ၊ ပရိသတ်ကြီးသာသနာဆိုတာ ဘာကိုခေါ်တာတုန်း? အဆုံးအမကို ခေါ်တာပါဘုရား၊ ဘုန်းကြီးတွေကို သာသနာခေါ်တာဟုတ်ရဲ့လား? မဟုတ်ပါ ဘုရား၊ ကျောင်းတွေကို သာသနာခေါ်တာဟုတ်ရဲ့လား? မဟုတ်ပါဘုရား၊ အဲဒါက သာသနာ့ပစ္စည်း၊ ဘုန်းကြီးတွေက သာသနာ့ဝန်ထမ်း၊ အဆုံးအမတော်ကို သာသနာခေါ်တယ်။

အဲဒီသာသနာခေါ်တဲ့ အဆုံးအမတော်က ဘယ်လောက်များတုန်းဆို တော့ အရေအတွက်နဲ့ပြောရင် ပိဋကတ်အားဖြင့်သုံးသွယ်၊ နိကာယ်အားဖြင့် ငါးဖြာ၊ အင်္ဂါအားဖြင့်ကိုးတန်၊ ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်းလေးထောင် အများ ကြီးပဲ၊ ဒါဖြင့် အများကြီးတည့်တော်တို့ ဘယ်နဲ့လုပ်ပြီးတော့ တွေ့မှာတုန်း၊

http://www.dhammadownload.com



ဘယ် လိုတွေ့ရမှာတုန်းလို့ဆိုတော့၊ ဘယ်လောက်ပဲများများ. . တဲ့၊ ဓမ္မက္ခန္ဓာ ရှစ်သောင်း လေးထောင်များနေပေမယ့်လို့၊ ဘုရားတိုင်းဘုရားတိုင်းဟောတဲ့ အဲဒီသာသနာ ဆိုတာဟာ လိုရင်းချုပ်လိုက်ရင်တော့ သုံးမျိုးပဲရှိပြန်တယ်. . . တဲ့၊ မှန်ပါဘုရား။

* သဗ္ဗ ပါပဿ အကရဏံ, ကုသလဿ ဥပသမ္ပဒါ၊
သစိတ္တ ပရိယောဒပနံ, ဧတံ ဗုဒ္ဓါန သာသနံ။

သဗ္ဗပါပဿ-ယုတ်မာသော့သွမ်း, ဟောရမ်းသမ္မူ, အကုသိုလ်, ဒုစရိုက်, အစုစုကို၊ အကရဏံ-လုံးဝပြောင်စင်အောင်, ရှောင်ကြဉ်သမ္မူ, မပြုမလုပ်ခြင်း လည်းကောင်း၊ ကုသလဿ-ကာမမဟဂ္ဂုတ်, လောကုတ်စသည်, အလီလီပွါး, ကုသိုလ်တရားကို၊ ဥပသမ္ပဒါ-တစ်ဆင့်ထက်တစ်ဆင့်, ရင့်သထက်ရင့်အောင်, မလင့်ပုံသေ, ပြည့်စုံစေခြင်းလည်းကောင်း၊ သစိတ္တပရိ ယောဒပနံ-မိမိစိတ်ရင်း, ပွတ်သစ်ဝင်းသည့်, ခရုသင်းအနေ, ဖြူစင်စေခြင်းလည်းကောင်း၊ ဧတံ-အကုသိုလ် ကင်း, ကုသိုလ်သွင်း၍, စိတ်ရင်းစင်ရိုး, ဤသုံးမျိုးသည်၊ ဗုဒ္ဓါနံ-ဝဋ်ါဝါလု, သဲစု အတူ, ပွင့်ပေါ်မှုသည့်, ဆူဆူထွတ်ထား, မြတ်ဘုရားတို့၏၊ သာသနံ-လိုရင်း နှုန်းပြ, ထုံးအရဖြင့်,သုံးကြပစေ, ဆုံးမတော်မူချက် ပါပေသတည်း. . .။

သာဓု. . . သာဓု. . . သာဓုပါဘုရား. . .။

သာသနာ-သာသနာ,ဆိုတဲ့ အဆုံးအမဆိုတာ. . . တဲ့ အကျယ်ဖြန့် လိုက် ရင်တော့ ဓမ္မက္ခန္ဓာရှစ်သောင်းနဲ့လေးထောင်ရှိပါတယ်. . . တဲ့၊ သို့သော်လည်းပဲ တိုတိုကျဉ်းကျဉ်းနဲ့, လိုရင်းကိုချုံးလိုက်မယ်ဆိုရင်ဖြင့်, သုံးမျိုးပဲရှိပါတယ်. . . တဲ့၊ သုံးမျိုးထဲအကုန်ဝင်လာတယ်လို့, ဘုရားရှင်ကိုယ်တော်တိုင် ဩဝါဒပါတိမောက်မှာ ဟောသွားတယ်၊ မှန်လှပါဘုရား၊ ဒီတော့ အဲဒီသုံးမျိုးက ဘာတုန်းဆိုတော့ (၁)သဗ္ဗပါပဿ အကရဏံ-တဲ့ အကုသိုလ်ဒုစရိုက် တရားမှန်သမျှရှောင်ကြဉ် ခြင်း၊ (၂) ကုသလဿ ဥပသမ္ပဒါ-ကာမ မဟဂ္ဂုတ်, လောကုတ်စသည်, အလီလီ ပွား, ကုသိုလ်တရားကို, မိသန္တာန်မှာတိုးပွားအောင် ကြိုးစားပြည့်စုံစေခြင်း။ (၃) သစိတ္တ ပရိယောဒပနံ-မိမိစိတ်ကလေးကို ပွတ်သစ်စဝင်း, ခရုသင်းကဲ့သို့ ဖြူဝင်း နေအောင် ပြုလုပ်အားထုတ်နိုင်ခြင်း. . .၊ ဟော သုံးမျိုး။

အဲဒီသုံးမျိုးက အကျဉ်းချုံးပြီးပြောလိုက်ပြီဆိုတော့ (၁)အကုသိုလ် ဒုစရိုက်တွေပယ်ခြင်း။ (၂) ကုသိုလ်တရားတွေကို တိုးပွားအောင်ကြိုး စားခြင်း။ (၃) စိတ်ကလေးစင်ကြယ်အောင်ပြုလုပ်ခြင်း. . .၊ ဒါသာသနာ၊ အဲဒါကို လွယ်လွယ်လေးသိရအောင်လို့ဆိုပြီးတော့ ပျံတော်မူသွားတဲ့ ဝိဇ္ဇောဒယ

* ဗုဒ္ဓဝံ-၄-၂၈၁။ စရိယာ-၄-၃၂၄။ နေတ္တိ-၄-၁၀။

http://www.dhammadownload.com



ဆရာတော်ဘုရားကြီးကလိုရင်းချုပ်ဆိုပြီးတော့ လင်္ကာလေးလုပ်ထားခဲ့တယ် ဒကာစိန်၊ မှန်ပါဘုရား။ ဒီတော့-ပရိသတ်ကြီးကို ဘုန်းကြီးက နှုတ်ထဲသုံးခေါက် လောက်ရသွားအောင်ထည့်ပေးချင်တယ်၊ လိုက်ဆိုစမ်းပါ-

❖ **အကုသိုလ်ပယ်, ကုသိုလ်ကြွယ်, စင်ကြယ်စိတ်ထားပါ၊**
**ဆူဆူဗုဒ္ဓ, ဟောဖော်ပြ, ဆုံးမသာသနာ။**

ဒီတော့-သာသနာဆိုတာ ဘာတုန်းဆိုတော့ အကုသိုလ်ပယ်. . . တဲ့ အကုသိုလ်တရားတွေ မိမိသန္တာန်မဖြစ်အောင်ပယ်စွန့်၊ မလုပ်ဘဲနဲ့ရှောင်ကြဉ်၊ အဲဒီလိုနေပြီဆိုရင် ရှောင်နေပြီဆိုရင် အဲဒါသာသနာနဲ့တွေ့နေတဲ့အချိန်ပဲ. . .၊ မှန်ပါဘုရား။ ကုသိုလ်ကြွယ်တဲ့-ကုသိုလ်ပြုနေတဲ့အချိန်၊ ဟော-ဒီတော့ သာသနာနဲ့ တွေ့တယ်ဆိုတာ အကုသိုလ်တရားကိုပယ်နေတဲ့အချိန်၊ ကုသိုလ်တရားဖြစ်အောင် ကြိုးစားနေတဲ့အချိန်၊ အကုသိုလ်ပယ်တယ်ဆိုလို့ အကုသိုလ်ပယ်တာတော့ပယ် ပါရဲ့၊ အိပ်နေတယ်ဆိုရင် ကုသိုလ်ကမရသေးဘူး၊ အကုသိုလ်တော့ပယ်ထား တာမှန်ရဲ့၊ အိပ်နေတုန်း ကုသိုလ်ဖြစ်သလား? မဖြစ်ပါ ဘုရား၊ အိပ်နေတုန်းဆိုတာ အကုသိုလ်တရားမရှိဘူး၊ အကုသိုလ်မပြုဘူး၊ သို့ သော်-ကုသိုလ်တရားဖြစ်အောင် မလုပ်လို့မို့ သူ့ ဒီအကုသိုလ်ပယ်ထားတာဟုတ်တယ်၊ ကုသိုလ်တိုးပွားအောင် မဖြစ်သေးဘူး။

ဒါ့ကြောင့် အကုသိုလ်ကို ပယ်နေတဲ့အခိုက်, ကုသိုလ်တရားတိုးပွား အောင်ကြိုးစားနေတဲ့ အခိုက်၊ မိမိစိတ်ကလေး စင်ကြယ်အောင်ပြုနေတဲ့အခိုက် . . . တဲ့၊ အဲဒီအခိုက်သုံးခိုက်သည် သာသနာနဲ့တွေ့နေတဲ့သူ၊ ဟော-ဒီတော့ ဒီနေ့ ဘုန်းကြီးတို့ မဟာနွယ်ဇင်ရပ်ကွက်မှာရှိနေကြတဲ့ ဒကာဒကာမအပေါင်းသူတော် ကောင်းတွေ၊ ဘုရားပွဲကြီးဆင်နွှဲကျင်းပပြီးသကာလ ပြုလုပ်အားထုတ်ပြီးတော့ နေကြတယ်. . . လို့ဆိုတော့ မြတ်စွာဘုရားကို ပန်းရေချမ်းဆွမ်းဆီမီးတွေနဲ့ပူဇော် ကြဟာ၊ လှူဒါန်းကြဟာနဲ့၊ တစ်ရပ်ကွက်လုံးအုပ်အုပ်ကျက်ကျက်နဲ့ ထွက်ပြီးလုပ် မနေကြဘူးလား? *(လုပ်ကြပါတယ်ဘုရား)*။ သံဃာ့ဒါနဆွမ်းလောင်းမှုကြီးတွေ အကြောင်းပြုပြီးသကာလ, လှူဖွယ်တန်းဖွယ်တွေ, ချက်ကြပြုတ်ကြ စီမံကြ၊ လှူဖွယ်တန်းဖွယ်တွေဝယ်ကြ၊ ခြမ်းကြ၊ စီမံကြ စိတ်ကူးကြနဲ့ မလုပ်ကြဘူးလား? *(လုပ်ကြပါတယ်ဘုရား)*။

ဒါဖြင့် အခုတလောရပ်ကွက်တစ်ခုလုံးရှိ ဒကာဒကာမအပေါင်းသူတော် ကောင်းတွေ နည်းများမဟူ ကြီးကြီးငယ်ငယ်အသွယ်သွယ်ရဲ့ သန္တာန်မှာဒါန ကုသိုလ်တွေ၊ သီလကုသိုလ်တွေ၊ အခုတရားနာတဲ့ ဘာဝနာကုသိုလ်တွေခါတိုင်းနဲ့ စာလို့ရှိရင် ပိုပြီးတော့ အဖြစ်များမနေဘူးလား? *(များနေပါတယ်ဘုရား)*။ ဒါဖြင့်

http://www.dhammadownload.com



ကုသိုလ်ကြွယ်. . . ဆိုတဲ့ ကုသိုလ်ကောင်းမှုတွေ မိမိသန္တာန်ဖြစ်အောင်ကြိုးစားနေတဲ့၊ ကုသိုလ်ကောင်းမှု မိမိသန္တာန် ပေါ်သထက်ပေါ်၊ များသထက်များအောင် ပြုလုပ်မှုအားထုတ်ခြင်းဆိုတဲ့ အဆုံးအမတော်ကြီး မိမိသန္တာန်ရှိမနေဘူးလား? *(ရှိနေပါတယ်ဘုရား)*။ ဒါဖြင့် သာသနာနဲ့ ဒီအချိန်ဟာ တွေ့နေတဲ့အချိန်လား၊ မတွေ့တဲ့အချိန်လား? *(တွေ့နေတဲ့အချိန်ပါဘုရား)*။ တွေ့နေတဲ့အချိန်လို့ ခေါ်တယ်၊ *(မှန်ပါဘုရား)*။

ကိုင်း-အကုသိုလ်ပယ်လို့ဆိုတော့ အကုသိုလ်ဒုစရိုက်တရားတွေကို ပယ်ရမယ်လို့ဆိုတဲ့အတိုင်း၊ မိမိက အကုသိုလ်ဒုစရိုက်တရားတွေ ကျူးလွန်မှုအခွင့်ကြုံလာရင် ပယ်နိုင်မှ၊ *(မှန်လှပါဘုရား)*။ မိမိလက်မောင်းမှာလာနားတဲ့ ခြင်ကလေးကို ဖတ်ကနဲရိုက်သတ်လိုတဲ့အချိန်သည်၊ အကုသိုလ်တရားကိုပယ်တဲ့အချိန်လား၊ ကျူးလွန်တဲ့အချိန်လား? *(ကျူးလွန်တဲ့အချိန်ပါဘုရား)*။ အဲဒီ ပါဏာတိပါတသီလကြီး ပျက်သွားအောင် ကျူးလွန်လိုက်တဲ့အချိန်သည် သာသနာနဲ့တွေ့တဲ့အချိန်လား၊ မတွေ့တဲ့အချိန်လား? *(မတွေ့တဲ့အချိန်ပါဘုရား)*။ ဟော-မတွေ့တဲ့အချိန်လေးက ပေါ်လာပြန်ပြီးနော်၊ *မှန်လှပါဘုရား)*။ ကြမ်းပိုးလေးတွေကို သတ်လိုက်တဲ့အချိန်. . .၊ မိန်းမတွေ ခြေဆင်းပြီးတော့ တစ်ယောက်ခေါင်း တစ်ယောက်ရှိတဲ့ သန်းဥတွေ တစ်ကျွတ်ကျွတ် တုပ်နေတဲ့အချိန် ပရိသတ်ကြီး သာသနာနဲ့ တွေ့နေတဲ့သူလား၊ မတွေ့တဲ့သူလား? *(မတွေ့တဲ့သူပါဘုရား)*။ အံမယ် မတွေ့တဲ့အချိန်လေးတွေကလည်း ရှိပါသေးလားနော်၊ *(မှန်ပါဘုရား)*။

တို့သာသနာနဲ့တွေ့တယ်၊ တွေ့တယ်ဆိုလို့ ကျောင်းကြီးတွေ၊ ကံကြီးတွေမြင်နေရုံနဲ့ သာသနာနဲ့တွေ့တယ်လို့ မခေါ်ပါ၊ ပရိသတ်ကျောင်းကြီးတွေ ဘုန်းကြီးတွေမြင်နေရုံနဲ့သာသနာနဲ့ တွေ့တယ်လို့ ခေါ်နိုင်ရဲ့လား? *(မခေါ်နိုင်ပါဘုရား)*။ ဘုန်းကြီးတွေ သံဃာရဟန်းတွေမြင်နေရုံနဲ့က သာသနာ့ဝန်ထမ်းမြင်တာခေါ်တယ်၊ သာသနာနဲ့တွေ့တာဟုတ်ရဲ့လား? *(မဟုတ်ပါဘုရား)*။ ကျောင်းကြီးတွေ စေတီပုထိုးကြီးတွေနဲ့တွေ့နေရုံနဲ့က သာသနာ့ပစ္စည်း တွေ့တာမြင်တာခေါ်တယ်၊ သာသနာနဲ့တွေ့တာ ဟုတ်ရဲ့လား? *(မဟုတ်ပါဘုရား)*။

ကိုင်း-အဲဒီစေတီကြီးနား ကျောင်းကြီးနားမှာကပ်ပြီးတော့နေတဲ့သူ၊ လုပ်တော့ဘာလုပ်နေတုန်း တံငါလုပ်ပြီးတော့ စားနေတယ်၊ သတ်ဖြတ်ရောင်းချစားသောက်နေတယ်၊ အကောင်ပလောင်တွေသတ်တယ်၊ ငါးတွေသတ်တယ်၊ နေတော့ကျောင်းနားကပ်နေတာ၊ ဘုန်းကြီးတွေနားကပ်နေတာ၊ ဘုရားစေတီကြီးနားကပ်နေတာ၊ သူသတ်ဖြတ်နေတဲ့ ပါဏာတိပါတမှုကြီးပြုနေတဲ့ အမှုကြီးကို ဘုရားစေတီကြီးနားကပ်ပြီးတော့လုပ်နေတော့ ဘုရားစေတီက အပါယ်မကျ

http://www.dhammadownload.com



အောင် ကယ်နိုင်ပါ့မလား? *(မကယ်နိုင်ပါဘုရား)*။ ဒါဖြင့်သူ့ သာသနာနဲ့တွေ့တယ်လို့ ခေါ်နိုင်ရဲ့လား? *(မခေါ်နိုင်ပါဘုရား)*။ သူက အကုသိုလ်ဒုစရိုက်တွေ ပြုနေတာဖြစ်တော့ သူ့သာသာနာနဲ့တွေ့တယ်လို့ ခေါ်နိုင်ရဲ့လား? *(မခေါ်နိုင်ပါဘုရား)*။

ကဲ-ဘုရားဒကာ ကျောင်းဒကာရဲ့သားကလေးက သူ့အဖေတည်ထားတဲ့ ဘုရားပေါ်မှာ, ထီးပေါ်မှာနားနေတဲ့ ခိုကလေးတွေ, ချိုးကလေး တွေ, ဇရက်ကလေး တွေကို ဘတ်ခွလေးနဲ့ပစ်သတ်ပြီးတော့ နေပြီဆိုရင် အဲဒီ ကလေး သာသနာနဲ့တွေ့တဲ့အချိန်လား၊ မတွေ့တဲ့အချိန်လား? မတွေ့တဲ့အချိန်ပါဘုရား၊ အမယ်-သူဘုရားဒကာသားနော်၊ *(မှန်ပါဘုရား)*။ ဘုရားဒကာသား သူ့အဖေတည်တဲ့ဘုရား ဘုရားကလည်း၊ *(မှန်ပါဘုရား)*။ သူ အဲဒီဘုရားပေါ်နားနေတဲ့ ခိုကိုဘတ်ခွနဲ့ ပစ်သတ်နေတဲ့အချိန်ဟာ သူက သူ့အဖေတည် ထားတဲ့ဘုရားကြီးက သူ့အဲဒီအကုသိုလ်က အပါယ်မကျအောင် ကယ်နိုင်ပါ့မလား? *(မကယ်နိုင်ပါဘုရား)*။ သူက သာသနာနဲ့တွေ့အောင် လုပ်ရဲ့လား? *(မလုပ်ပါဘုရား)*။ ဒါဖြင့် ဘုရားစေတီပေါ်မှာတက်ပြီးတော့ နေလည်းပဲ၊ သာသနာနဲ့တွေ့တဲ့သူလား၊ မတွေ့တဲ့သူလား? *(မတွေ့တဲ့သူပါဘုရား)*။ အကုသိုလ်ဒုစရိုက်ကို မရှောင်ဘူးဆိုရင် မတွေ့တဲ့ သူ. . . လို့ခေါ်တယ်၊ *(မှန်ပါဘုရား)*။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာဒကာမအပေါင်း သူတော်ကောင်းတွေ၊ အကြောင်းအားလျော်စွာ အကုသိုလ်ဒုစရိုက်တွေကို မရှောင်ကြဉ်နိုင်တဲ့အချိန် သာသနာနဲ့ဝေးနေတဲ့အချိန်၊ မတွေ့တဲ့အချိန်၊ ဘုန်းနည်းနေတဲ့အချိန်၊ ကံနည်းနေတဲ့အချိန် ပါရမီတော်ရှင် မြတ်စွာဘုရားကတော့ သူ့သာနာတော်ကြီးနဲ့ ဘုန်းရှိတဲ့သူတွေ, ကံရှိတဲ့သူတွေတွေ့ကြပါစေ. . . တွေ့ပြီးတော့ ကျင့်နိုင်ကြပါစေ၊ ကျင့်ပြီးတော့ ချမ်းသာကြပါစေ. . . လို့ ဒီလို မရည်စူးဘူးလား? *(ရည်စူးပါတယ်ဘုရား)*။ အဲ-ဒါပေမဲ့ အကုသိုလ်ဒုစရိုက်ကမရှောင်နိုင်တဲ့အခိုက်ဟာ မိမိက သာသနာနဲ့ လွဲမနေဘူးလား? *(လွဲနေပါတယ်ဘုရား)*။ လွဲလိုက်လို့ရှိရင် အပါယ်ငရဲနဲ့ တည့်မသွားဘူးလား? *(တည့်သွားပါတယ်ဘုရား)*။ ဒါဖြင့်-မိမိကိုယ်ကိုမိမိ မေး၊ ငါ အကုသိုလ်ဒုစရိုက်တွေက ရှောင်ကြဉ်နိုင်ရဲ့လား၊ သာသနာနဲ့ တွေ့နိုင်ရဲ့လား၊ မတွေ့လို့ရှိရင် ငါဘုန်းနည်းကံနည်းထဲဝင်သွားပြီလို့. . . မဆုံးဖြတ်ထိုက်ဘူးလား? *(ဆုံးဖြတ်ထိုက်ပါတယ်ဘုရား)*။ အဲဒါ ကိုယ့်ဘာကိုယ်သာ ပြန်မေးတော့. . .၊ *(မှန်လှပါဘုရား)*။

ကုသိုလ်တရားတွေကြွယ်ရမယ်ဆိုတဲ့အတိုင်း ကုသိုလ်လုပ်ငန်းတွေ အားထုတ်ပြီးတော့နေပြီဆိုရင် သာသနာနဲ့တွေ့နေတဲ့အချိန်. . . တဲ့။ အခု ဘုရားပွဲကြီး

http://www.dhammadownload.com



ဆင်နွှဲကျင်းပပြီးတော့နေတယ်၊ သုံးနှစ်မြောက်ကျင်းပပြီးတော့နေကြပြီဆိုရင် သာသနာနဲ့တွေ့နေတဲ့အချိန်. . . မနက်စောစော အိပ်ရာကနိုးလာလိုက်သည်နဲ့ တပြိုင်နက် ဘုရားရှေ့ရောက်ပြီးသကာလ ဘုရား ပန်းတော်ရေချမ်းတော် ကပ်နေတဲ့အိမ်ထောင်စုက၊ အိမ့်ရှင်, အိမ်ရှင်မနဲ့သားသမီးတတွေသည်. . . သာသနာနဲ့တွေ့နေတဲ့အချိန်လား၊ မတွေ့တဲ့အချိန်လား? *(တွေနေတဲ့အချိန်ပါဘုရား)*။

ဟာ-အိမ်ထောင်စုတစ်ခုကတော့ အိပ်ရာကနိုးလိုက်သည်နဲ့ တပြိုင်နက် ဝုန်းဒိုင်း, ဝုန်းဒိုင်းနဲ့ ဆဲလို့ဆိုလို့ အော်လို့ဟစ်လို့ ဆူလို့ပွက်လို့ ထလာကြတယ်ဆိုရင် သူတို့တတွေ သာသနာနဲ့တွေ့တဲ့မိသားစုလား၊ မတွေ့တဲ့မိသားစုလား? *(မတွေ့တဲ့မိသားစုပါဘုရား)*။ သူများအတင်းပြောဆိုပြီးသကာလ အတင်းအဖျင်းပြောပြီးတော့ နေကြတဲ့သူတွေဟာ သာသနာနဲ့တွေ့တဲ့သူလား, မတွေ့တဲ့သူလား? *(မတွေ့တဲ့သူပါဘုရား)*။ ကဲ ဒီတော့ သာသနာနဲ့တွေ့, မတွေ့က ကျောင်းကြီးတွေ ကန်ကြီးတွေ, တိုဘုန်းကြီးတွေအနား ရှိသားပဲ၊ ဟိုမယ် ဘုရားကြီးတွေက တို့နားကပ်လို့ ဆိုတိုင်း သာသနာနဲ့တွေ့ရဲ့လား? *(မတွေ့ပါဘုရား)*။

ဒီတော့-ကိုယ့်ကိုယ်ကို ပြန်မေးရမှာ၊ ငါဒီနေ့ သာသနာနဲ့တွေ့သလား၊ မတွေ့ဘူးလား. . . လို့ ပရိသတ် ကိုယ့်ကိုယ်ကို မစစ်ထိုက်ဘူးလား? *(စစ်ထိုက်ပါတယ်ဘုရား)*။ ဟာ-မနက်စောစောအိပ်ရာက နိုးလာထဲက ဘုရားရှေ့ရောက်ပြီးတော့ ပန်းတော်ရေချမ်းတော်တွေကပ်လို့၊ နေ့ကျတော့လည်းပဲ သီလနဲ့နေလို့၊ ညနေကျတော့လည်းပဲ ဘုရားရှိခိုးလို့ အိပ်ရာဝင် ဘုရားရှိခိုးလို့ဆိုတော့၊ ဒီအမျိုးသား အမျိုးသမီးဟာ သာသနာနဲ့တွေ့နေတဲ့သူ ဖြစ်မနေဘူးလား? *(ဖြစ်နေပါတယ်ဘုရား)*။ သာသနာနဲ့တွေ့ရင် ဘုန်းကံပါရမီရှင်ဖြစ်မနေဘူးလား? *(ဖြစ်နေပါတယ်ဘုရား)*။

ဘုရားရှင်ရဲ့ သာသနာတော်တည်းဟူသော စိန်ကောင်းကျောက်ကောင်း ရတနာကောင်းတွေ ဝတ်နေရာ မရောက်ဘူးလား? *(ရောက်ပါတယ်ဘုရား)*။ အဲဒီ စိန်ကောင်းကျောက်ကောင်း ရတနာကောင်းတွေဝတ်တဲ့သူကို ဘုရားရှင်ကိုယ်တော်မြတ်က နိဗ္ဗာန်ဆိုတဲ့မြို့တံခါးပြီးဖွင့်ပေးမယ်. . . တဲ့၊ ဖွင့်ပေးမယ်တဲ့၊ မှန်ပါဘုရား၊ ဒါဖြင့် နိဗ္ဗာန်မြို့တံခါးထဲဝင်ဖို့ရာ၊ သူရတနာကောင်း, စိန်ကောင်းကျောက်ကောင်းသာသနာ့အဆုံးအမတွေ ဝတ်နေရာမရောက်ဘူးလား? *(ရောက်ပါတယ်ဘုရား)*။

ဟာ-ဒီလိုမဟုတ်ဘဲနဲ့ ကိုယ့်မနက်အိပ်ရာက နိုးလာထဲက သားရေးသမီးရေး စီးပွားရေးနဲ့, ဟိုဆိုရ ဒီအော်ရ, ဒီငေါက်ရ, ဟိုဒေါသဖြစ်ရ ဒီဒေါသဖြစ်ရ, ဟိုအတင်းပြောရ, ဒီအတင်းပြောရ, ဟိုမကောင်းပြောရ ဒီမကောင်းပြော

http://www.dhammadownload.com



ရနဲ့၊ တစ်နေ. . . လုံး ကုသိုလ်ရလိုက်တယ်မရှိဘူး၊ အကုသိုလ်တွေနဲ့အချိန်ကုန်သွားတယ်ဆိုရင် သူ့သာသနာနဲ့ အဲဒီနေ့ တွေ့တဲ့သူလား၊ မတွေ့တဲ့သူလား? *(မတွေ့တဲ့သူပါဘုရား)*။ ဒီတော့-ကိုယ့်ဘာကိုသာ ပြန်ပြီးတော့သာ စစ်ဆေးကြတော့၊ ငါသာသနာနဲ့တွေ့တာလား၊ မတွေ့တာလားလို့ *(မှန်လှပါဘုရား)*။

အတွေ့နည်းနေသေးတယ် တစ်နေ့တစ်နေ့ အတွေ့များလာအောင် ကိုယ့်ကိုယ်ကို မပြင်ထိုက်ဘူးလား? *(ပြင်ထိုက်ပါတယ်ဘုရား)*။ သြော်-ငါ့ကိစ္စတွေများစွာနဲ့ အကုသိုလ်တွေနဲ့များနေလိုက်တာ၊ သာသနာ ငါလွတ်နေပြီ. . လွတ်နေပြီ၊ ဒီတော့ ငါ့ကိုယ်ငါ သာသနာနဲ့အတွေ့များအောင်၊ အကြိမ်များလာအောင် ငါကြိုးစားဦးမှပဲ. . . လို့ မပြင်ထိုက်ဘူးလား? *(ပြင်ထိုက်ပါတယ်ဘုရား)*။ အဲ- ဒီတော့ အကုသိုလ်ပယ် ကုသိုလ်ကြွယ်ဆိုတဲ့ သာသနာနဲ့တွေ့မတွေ့ .ရှင်းသွားပြီးနော်၊ *(မှန်ပါဘုရား)*။ "*အကုသိုလ်ပယ်, ကုသိုလ်ကြွယ်, စင်ကြယ်စိတ်ထားပါ. . .* တဲ့၊ စင်ကြယ်တဲ့စိတ်ကလေးထားပါဆိုတာ ဘာပြောတာတုန်းဆိုတော့ ဟော ဘုန်းကြီးတို့ စာကဆိုတယ်-

သစိတ္တ ပရိယောဒပနံ ပန အရဟတ္တမဂ္ဂေန သိဇ္ဈတိ-တဲ့။

သစိတ္တ ပရိယောဒပနံ ပန-မိမိစိတ်ကို, စင်ကြယ်အောင်ပြုတယ်ဆိုတဲ့, သာသနာနဲ့တွေ့မှုကြီးကတော့၊ အရဟတ္တမဂ္ဂေန-ရဟန္တာယောကျ်ား, ရဟန္တာမဖြစ်မှ၊ သိဇ္ဈတိ-အထွတ်အထိပ်ရောက်, ပြီးမြောက်ပါတယ်. . . တဲ့၊ ပဏ္ဍာသင်္ဂီကာကြီးက ဖွင့်တယ်၊ မိမိစိတ်ကို စင်ကြယ်အောင်ပြုခြင်းဖြင့် သာသနာနဲ့တွေ့တယ်ဆိုတာ-နောက်ဆုံးအထွတ်အထိပ်ရောက်ပြောရမယ်ဆိုရင် ရဟန္တာဖြစ်တာကိုပြောတာ. . . တဲ့၊ ဒါ အထွတ်အထိပ်ပြောလိုက်တာပဲ. . . တဲ့၊ ဒါဖြင့်-အထွတ်အထိပ်ပြောလိုက်တာဆို အောက်လျှော့လိုက်တော့ အနာဂါမ်ဖြစ်တာ၊ သကဒါဂါမ်ဖြစ်တာ၊ သောတာပန်ဖြစ်တာ၊ မပါပေဘူးလား? *(ပါပါတယ်ဘုရား)*။

အဲဒီ သောတာပန်ရဲ့ရှေ့က ဝိပဿနာရှုပွားပြီးတော့နေတဲ့အချိန်. . . သစိတ္တပရိယောဒပနခေါ်တဲ့စိတ်ကလေးကို စင်ကြယ်အောင်ပြုနေတဲ့အချိန်၊ စိတ်ကလေးကို စင်ကြယ်အောင်ပြုနေရပါတယ်ဆိုကတည်းကိုက နဂိုကစိတ်ကလေးက မည်းနေတယ်၊ ကြေးပေနေတယ်ဆိုတာ မသိသာဘူးလား? *(သိသာပါတယ်ဘုရား)*။ အဝတ်ကလေးကို ဖြူစင်အောင်ဖွတ်လိုက်ရတာ. . . ကျုပ်ဖြင့် ဒီအဝတ်ကို ဖွတ်လိုက်ရတာ၊ ဖွတ်လိုက်ရတာဆိုကတည်းကိုက ဒီအဝတ်က မည်းနေတယ်ဆိုတာ မပြောဘဲနဲ့ ပြီးမနေဘူးလား? *(ပြီးနေပါတယ်ဘုရား)*။ အဲဒါလိုပဲ စိတ်ကလေးကို စင်ကြယ်အောင်ပြုနေရပါတယ်၊ ပြုနေရတယ်၊ စိတ်စင်ကြယ်အောင်ပြု တာဟာ-ဘုရားရှင်ရဲ့ တတိယသာသနာပါလို့ ဆိုမှတော့ စိတ်က

http://www.dhammadownload.com



နဂိုတုန်းက ဒကာ ဒကာမတွေစိတ်က မည်းနေတယ်၊ ကြေးပေနေတယ်ဆိုတာ ပေါ်မလာဘူးလား? *(ပေါ်လာပါတယ်ဘုရား)*။

ကိုင်း-ဒါဖြင့် ဘာကြေးတွေပေတုန်း၊ အညစ်ကြေးပေနေတာကို ဘယ်လို ဆေးကြောရတာတုန်းလို့ဆိုတာ သိဖို့မလိုဘူးလား? *(လိုပါတယ်ဘုရား)*။ ဟော-သိဖို့လိုတော့ ဒါဖြင့် စိတ်ကလေးစင်ကြယ်အောင်ပြုချင်ရင်, စိတ် ကလေးစင်ကြယ် နေစေချင်ရင်, ကြေးမပေစေချင်ရင်. . . တဲ့၊ အရှိမှန်တရားကို အဖြစ်မှန်အတိုင်း မြင်အောင်ကြည့်. . တဲ့၊ *(မှန်ပါဘုရား)*။ အရှိမှန်တရားကို အဖြစ်မှန်အတိုင်း မြင် အောင်ကြည့်တတ်ရင် စိတ်ကလေးစင်ကြယ်ပြီ။ *(မှန်ပါဘုရား)*။ အရှိမှန်တရား ဆိုတာ ရုပ်နာမ်ပြောတာ၊ *(မှန်လှပါဘုရား)*၊ ပရိသတ်ကြီး အရှိမှန်ဆိုတာ ဘယ်သူ့ ပြောတာတုန်း? *(ရုပ်နာမ်ပြောတာပါဘုရား)*။

အားလုံးဒကာဒကာမအပေါင်း သူတော်ကောင်းတွေက ယောကျ်ားရယ်, မိန်းမရယ်, သူရယ် ငါရယ်, သားရယ် သမီးရယ်လို့ခေါ်နေတဲ့ အခေါ်တွေက မရှိတာ ခေါ်နေတာ. . . တဲ့၊ *(မှန်ပါဘုရား)*။ ဘုန်းကြီးတို့ ဂန္ထာရုံဆရာတော်ဘုရား ကြီးတွေအဆက်ဆက်က ဒီပညတ်ပရမတ်ခွဲခန်းကျတော့ ဘယ့်နဲ့ပြောတုန်းဆို တော့ "သားဆိုသည်မှာ, အဟုတ်မရှိ, ရုပ်နာမ်သာ အဟုတ်ရှိ. . . တဲ့။ *(မှန်ပါဘုရား)*။ ဟော-ဒါအရှိမှန်မြင်တတ်ဖို့ခွဲပေးတာနော်၊ *(မှန်လှပါဘုရား)*။ ပညတ်နဲ့ပရမတ် ခွဲပေးလိုက်တာ၊ လိုက်ဆိုကြည့်စမ်းပါ-

❖ **သားဆိုသည်မှာ, အဟုတ်မရှိ, ရုပ်နာမ်သာ အဟုတ်ရှိ။**
**သားဆိုသည်မှာ, အဟုတ်မရှိ, နှုတ်ဖျားမှာသာရှိ။**

သားဆိုတာ အဟုတ်မရှိဘူး. . . တဲ့၊ နှုတ်ဖျားတင်ရှိတာတဲ့၊ *(မှန်ပါဘုရား)*။ ဒါဖြင့် ဘာကအဟုတ်ရှိတာတုန်းဆိုတော့ ရုပ်နာမ်ကအဟုတ်ရှိတာတဲ့၊ *(မှန်လှပါဘုရား)*။ ဒီခန္ဓာကိုယ်ကို တည်ဆောက်ထားတာ ဘာပစ္စည်းနဲ့ တည် ဆောက်ထားတာတုန်းဆို ရုပ်နာမ်ပစ္စည်းနဲ့ တည်ဆောက်ထားတာ၊ အဲဒီရုပ်နာမ် ပစ္စည်းနဲ့ တည်ဆောက်ထားပြီးတော့မှ "သား"လို့ အခုအပေါင်းကြီးကို ပေါင်းပြီး တော့ လုံးခေါ်ထားတာ။ ဘုန်းကြီးတို့ ဒကာဒကာမတွေ အိမ် အိမ်နဲ့ခေါ်တဲ့ အခေါ်၊ အိမ်ဆိုတာကြီး မရှိဘူးလား? *(ရှိပါတယ်ဘုရား)*။ အဲဒီ အိမ် အိမ်နဲ့ ခေါ်နေတာကြီးက ဘာတွေနဲ့ တည်ဆောက်ထားတာတုန်းလို့မေးရင် အုတ်တွေ၊ အင်္ဂတေတွေ အသားတွေ၊ သံတွေ၊ မူရင်းက ဒါတွေမဟုတ်ဘူးလား? *(ဟုတ်ပါ တယ်ဘုရား)*။ အဲဒီအသားတွေ အုတ်တွေ သံတွေ သွပ်တွေနဲ့ တည်ဆောက်ပြီး တော့ အစုအခဲ အတွဲကြီးဖြစ်သွားတော့ အဲဒါဘယ့်နဲ့ခေါ်လိုက်တုန်းဆိုတော့ "အိမ်"ဆိုတာ ပေါင်းလုံးစုခဲ တွဲပြီးတော့နေတာကြီး ပုံးခေါ်တာမဟုတ်လား? *(မှန်ပါဘုရား)*။

http://www.dhammadownload.com



ဒါဖြင့် အဲဒီ အိမ်ကြီးကို ပြန်ပြီးတော့ဖျက်ကြည့်ရအောင် တိုင်တစ်ခြား အသားတစ်ခြား၊ အုတ်တစ်ခြား၊ အင်္ဂတေတစ်ခြား၊ သံတစ်ခြား သွပ်တစ်ခြား၊ အကုန်လိုက်ပုံ၊ လိုက်ပုံလိုက်တော့ အိမ်ရှိသေးလား? *(မရှိပါဘုရား)*။ ဟော "အိမ်ဆိုသည်မှာ, *အဟုတ်မရှိ, နှုတ်ဖျားမှာသာရှိ. . .*" တဲ့၊ အိမ်ဆိုတာအဟုတ်မရှိဘူး၊ *(မှန်ပါဘုရား)*။ အဟုတ်ရှိရင် မပျောက်ရဘူး၊ အဟုတ်ရှိတဲ့ပစ္စည်းက မပျောက်ဘူး၊ *(မှန်ပါဘုရား)*။ အဟုတ်မရှိလို့ ပျောက်မသွားဘူးလား? *(ပျောက်သွားပါတယ်ဘုရား)*။ ပျောက်သွားပြီ သူက၊ အသားတွေ သံတွေ အုတ်ပုံတွေဖြစ်သွား။

အဲဒါလိုပဲ "*သားဆိုသည်မှာ, အဟုတ်မရှိ, နှုတ်ဖျားမှာသာရှိ, သမီးဟူသည်, အဟုတ်မရှိ, နှုတ်ဖျားမှာသာရှိ. . .*"၊ ယောကျ်ားမိန်းမအကုန်လုံးပဲ၊ ပုဂ္ဂိုလ်သတ္တဝါ၊ အဟုတ်မရှိ, နှုတ်ဖျားမှာသာရှိတယ် နော်၊ ဘာက အဟုတ်ရှိတာတုန်း၊ "*သားဆိုသည်မှာ, အဟုတ်မရှိ, ရုပ်နာမ်သာအဟုတ်ရှိ. . .*" ရုပ်နာမ်နဲ့ တည်ဆောက်ထားတာ၊ ဒါဖြင့် သားဆိုတာ နှုတ်ဖျားမှာသာရှိတယ်လို့ဆိုတဲ့အတိုင်း သားဆိုတဲ့ခန္ဓာကိုယ်ကို စိတ်နဲ့ ခုနကလို အိမ်ဖျက်သလို ဖျက်ကြည့်စမ်းပါလား၊ ဖျက်ကြည့်လိုက်တော့ ဟော-အရိုးတစ်ခြားအသားတစ်ခြား, အသွေးတစ်ခြား, ဆံပင်တစ်ခြား, ခြေသည်းလက်သည်းနဲ့ လျှောက်ပြီးတော့ (၃၂)ကောဋ္ဌာသ စုပုံလိုက်တဲ့အခါကျတော့ သားလို့ခေါ်စရာရှိသေးရဲ့လား? *(မရှိတော့ပါဘုရား)*။ ဟော-ပျောက်သွားပြီ။ *(ပျောက်သွားပါပြီဘုရား)*။ ပျောက်သွားတာ ဘာလို့ပျောက်တာတုန်း၊ မရှိလို့ပျောက်တာ၊ *(မှန်ပါဘုရား)*။ ရှိရင်ပျောက်ပါ့မလား? *(မပျောက်ပါဘုရား)*။

အဲဒီ(၃၂)ကောဋ္ဌာသ အစုအဝေးသည်ပင်လျှင် တစ်ခါထပ်လိုက်,လိုက်တော့"ဆံပင်တဲ့, ခြေသည်းတဲ့ လက်သည်းတဲ့ သွားတဲ့ အူသိမ်အူမ, အရိုး အကြောနဲ့, ပြောတာတွေ သူတို့လည်းပညတ်ရှိသေးတယ်၊ သူတို့ကို တစ်ဆင့်ကြိတ်ချေပြီးတော့ ဉာဏ်နဲ့ ကြိတ်မွှေကြည့်လိုက်တော့ ရုပ်စုရုပ်ပုံ နာမ်စုနာမ်ပုံ၊ ရုပ်အစုအဝေး၊ နာမ်အစုအဝေးနှစ်ခုကို သူကပေါင်းစုပြီးတော့ ဒါက အူသိမ် အူမ, ဒါက-သွား, ဒါက-လက်, ဒါက ခြေနဲ့ ဒီလိုခေါ်ထားပြန်တာ၊ အဲဒီဟာကိုက ပညတ်ရှိသေးတယ်၊ ပရမတ်မရောက်သေးဘူး၊ ဒါဖြင့် ပရမတ်ကဘာတုန်း ရုပ်စုရုပ်ပုံ နာမ်စုနာမ်ပုံ, ရုပ်နာမ်။

ဒါဖြင့်-အဟုတ်ရှိ အမှန်ရှိက ဘာတုန်း ရုပ်နာမ်။ အရှိမှန်က ဘာတုန်းဆိုရင် ရုပ်နာမ်၊ အရှိမှန်က ပရိသတ် ဘာတုန်း? *(ရုပ်နာမ်ပါဘုရား)*။ အဲဒီရုပ်နာမ်နှစ်ပါးတို့ရဲ့ အဖြစ်မှန်ကို ပြောစမ်းပါဦးဆိုတော့ "ပေါ်ပျောက်" အဲဒီရုပ်နာမ်ဆိုတဲ့ အရှိမှန်တရားရဲ့သဘောလေးကို ဉာဏ်နဲ့အကဲခတ်ပြီးတော့ သတိပြုကြည့်ရှုလိုက်

http://www.dhammadownload.com



တဲ့အခါကျတော့ ဘာတွေ့တုန်းလို့ဆိုတော့ ပေါ်လိုက် ပျောက်လိုက်, ပေါ်လိုက် ပျောက်လိုက်, ပေါ်လာလိုက် ပျောက်သွားလိုက် ဒီသဘောလေး လာတွေ့တယ်၊ မှန်ပါဘုရား။ ဒီတော့ အရှိမှန်က ရုပ်နာမ်၊ အဖြစ်မှန်က ပေါ်ပျောက်၊ မေးလိမ့်မယ် နော် ပရိသတ်ကြီး၊ *(မှန်ပါဘုရား)*။ အရှိမှန်က ဘာတုန်း၊ *(ရုပ်နာမ်ပါဘုရား)*။ အဖြစ်မှန်က၊ *(ပေါ်ပျောက်ပါဘုရား)*။ အဲဒါ ပေါ်ပေါ် ပျောက်သွားတာလေးကို သတိပြုပြီးတော့ သတိပဋ္ဌာန်နည်းနဲ့ သတိဦးစီးတဲ့ပညာနဲ့ ကြည့်ရှုလိုက်ရင်. . . တဲ့ ဉာဏ်ထဲ မြင်လာပါတယ်. . . တဲ့၊ *(မှန်လှပါဘုရား)*။ ဆိုကြည့်စမ်းပါ-

❖ **သတိပြု၍, ကြည့်ရှုပါလျှင်,**
**ခိုင်မာတာလည်း, ကိုယ်ထဲမမြင်,**
**ပေါ်ပျောက် ပေါ်ပျောက်, ပေါ်ပျောက်အစဉ်,**
**အနိစ္စ, ဒိဋ္ဌတွေ့မည်ပင်. . ။**

ဘာတွေ့တုန်းဆိုတော့ ပေါ်လိုက် ပျောက်လိုက်, ပေါ်လိုက် ပျောက်လိုက် ဆိုတဲ့ အဲဒီအစဉ်တန်းလေးပဲ တွေ့မယ်. . . တဲ့ သတိပြုပြီးတော့ကြည့်ရှုလိုက်ရင်။ *(မှန်လှပါဘုရား)*။ ဒီတော့ သတိပြုကြည့်ရှုမှ ဒီအစဉ်လေးကိုတွေ့မှာ၊ ဒီတော့ ဘာမြင်တုန်း အရှိမှန်က ရုပ်နာမ်၊ အဖြစ်မှန်က ပေါ်ပျောက်, ဖြစ်ပျက်၊ ဒီသဘော လေးကို မြင်လာပြီဆိုတော့မှ စိတ်ကလေးကစင်ကြယ်သွားတယ်. . . တဲ့။ ဘယ့်နှဲစင်ကြယ်သွားတုန်း၊ ဒါဖြင့် မစင်ကြယ်တာလေးကို အရင်ပြောရအောင်၊ ရုပ်နာမ်အစုဝေးကို "သား"လို့မြင် "သမီး"လို့မြင်လိုက်တော့ ဘာတွေဝင်လာ တုန်းဆိုတော့ ငါစွဲတွေ သက္ကာယဒိဋ္ဌိစွဲတွေ, မာနစွဲတွေ, တဏှာစွဲတွေ ဝင်။

ကိုယ့်ကိုယ်ကိုလည်းပဲ, ကိုယ့်ခန္ဓာကိုလည်းပဲ ရုပ်စုနာမ်စုလို့ မမြင်လိုက် သည်နဲ့ တပြိုင်နက် ငါဆိုတဲ့အစွဲဝင်လာရင် ဘုန်းကြီးတို့ဒကာဒကာမတွေ အခု တရားနာလာတဲ့ကိစ္စလေးကိုပဲ ကြည့်ပါ၊ တရားနာလာတဲ့ကိစ္စမှာ တရားနာသွား ချင်တယ်ဆိုတဲ့ ဆန္ဒလေးအရင်မပေါ်ဘူးလား? *(ပေါ်ပါတယ်ဘုရား)*။ အဲဒါ နာမ် တရားပဲ၊ *(မှန်ပါဘုရား)*။ သူက တရားနာသွားချင်တယ်၊ စားတာဖြင့်လည်း စားချင် တယ်၊ ကြည့်တာဖြင့်လည်း ကြည့်ချင်တယ်ဆိုတဲ့ အဲဒီသွားချင်တယ်, စားချင်တယ်, ကြည့်ချင်တယ်ဆိုတာလေးက ရှေ့ပြေးလေးပေါ်လာတာပဲ၊ *(မှန်ပါဘုရား)*။ သူပေါ် လာတာ နာမ်အုပ်စုပဲ, နာမ်တရားပဲ၊ နာမ်နာမ်ဆိုတာကိုက ပါဠိစကား၊ မြန်မာလို ပြောရင်, နာမ နာမဆိုတာ ပါဠိလိုခေါ်ထားတဲ့စကား သူ့ အဓိပ္ပါယ်ပြောလိုက်ရင် ညွတ်တတ်တယ်. . . တဲ့၊ အာရုံရှိရာကို ညွတ်တတ်တယ်၊ ညွတ်တတ်လို့ နမတီတိ နာမံ။

http://www.dhammadownload.com



ဒကာဒကာမတွေ အခုတရားနာမလာခင်က အိမ်ကနေပြီးတော့ တရားနာသွားမယ်လို့ဆိုတော့ တရားပွဲရှိရာဆီကို စိတ်က ညွတ်ညွတ် မနေဘူးလား? *(ညွတ်နေပါတယ်ဘုရား)*။ ဒီကတရားပွဲကြီးက တရားမဏ္ဍပ်ကြီးဆင်ထားတာတွေ မီးချောင်းတွေ ထွန်းထားတာတွေ၊ လူသူပရိသတ်တွေ ကိုယ့်စိတ်ထဲ၊ ကိုယ့်အာရုံနဲ့ ကိုယ်, ဒီမှာ အာရုံတွေရောက်ရောက်ပြီးတော့၊ စိတ်က ဒီရောက်ရောက်မနေဘူးလား? *(ရောက်နေပါတယ်ဘုရား)*။ လူခန္ဓာကိုယ်ကြီးကတော့ အိမ်မှာရှိသေးတယ်၊ စိတ်က ဒီညွတ်ညွတ်မနေဘူးလား? *(ညွတ်နေပါတယ်ဘုရား)*။ **"အာရုံကဆွဲ, နာမ်ကနွဲ, ဓာတ်ခဲခန္ဓာကိုယ်. . .** တဲ့၊ အာရုံက လှမ်းလှမ်းဆွဲတာ၊ ဒီက အာရုံက လှမ်းဆွဲတော့ အိမ်မှာလူကနေပေမဲ့လို့ စိတ်ကလေးက ဒီကိုညွတ်ကနဲ ညွတ်ကနဲ သွားတယ်၊ အဲဒါကို နမတီတိ နာမံ-ညွတ်တတ်လို့နာမ်တဲ့ သူ့ကို၊ *(မှန်ပါဘုရား)*။ ဆိုစမ်းပါ-

❖ **အာရုံကဆွဲ, နာမ်ကနွဲ, ဓာတ်ခဲ ခန္ဓာကိုယ်၊**
**ယိမ်းယိုင်လှုပ်ရှား, ထို့ဤသွား, သူလား ငါလိုလို။**

ဒီက အာရုံကလှမ်းဆွဲလိုက်တော့ အိမ်ကနေပြီး ဒီတရားနာသွားမယ်၊ တရားနာသွားမယ်ဆိုတဲ့ စိတ်ကလေးက ညွတ်ညွတ်မလာဘူးလား? *(လာပါတယ်ဘုရား)*။ အဲဒီတော့ နာမ်ကနွဲသွားတယ်. . . တဲ့ နွဲသွားတယ်၊ အဲဒီ နာမ်တရားရဲ့ နွဲမှုကြောင့် ခန္ဓာကိုယ်ကြီးက ရုပ်တရားကြီးက နောက်က သူ့စိတ်ရဲ့အလိုကျ တစ်ခါတည်း လှမ်းလှမ်း, လှမ်းလှမ်း, လှမ်းလှမ်းပြီး၊ လိမ့်လိမ့်, လိမ့်လိမ့်ပြီးတော့ လိုက်လာခဲ့ရတာ၊ *(မှန်လှပါဘုရား)*။ ဒီတော့ လိုက်လာခဲ့တဲ့ သွားဟန်ကြီးက ရုပ်စုရုပ်ပုံ၊ သွားချင်လာချင်တာက နာမ်စုနာမ်ပုံ၊ အဲဒီ နာမ်စုနာမ်ပုံနဲ့, ရုပ်စုရုပ်ပုံက ဓာတ်တုံးဓာတ်ခဲကြီးပါ. . . တဲ့ အမှန်ကတော့၊ *(မှန်လှပါဘုရား)*။ သို့သော် ဓာတ်တုံးဓာတ်ခဲကြီးကို ဘယ့်နဲ့ထင်တာတုန်းဆိုတော့ သွားပုံလာပုံဆိုတဲ့ အဲဒီဓာတ်ခဲကြီးကို ဘယ့်နဲ့ထင်ထားတုန်းဆိုတော့ သွားပုံလာပုံဆိုတဲ့ အဲဒီဓာတ်တုံးဓာတ်ခဲကြီးကိုပင်လျှင်-

❖ **ယိမ်းယိုင်လှုပ်ရှား, ထို့ဤသွား, သူလား ငါလိုလို. . . တဲ့။**

ယိမ်းယိုင်လှုပ်ရှားပြီးတော့ ခန္ဓာကိုယ်ကြီးက, စိတ်အလိုကျ, ခြေထောက်ကြီးတွေလှမ်း, လက်တွေရမ်းပြီးတော့ လာခဲ့တော့ ငါသွားတယ်, ငါသွားတယ်, ငါသွားတယ်နဲ့ မဖြစ်ဘူးလားပရိသတ်? *(ဖြစ်ပါဘုရား)*။ သွားတဲ့ကိစ္စကရုပ်နာမ်ရဲ့ကိစ္စ၊ ထင်တာက ငါ. . . လို့ဆိုတော့ လွဲမကုန်ဘူးလား? *(လွဲကုန်ပါတယ်ဘုရား)*။ ဆိုစမ်းပါ-

http://www.dhammadownload.com



◆ သွားချင်တာတ နာမ်, သွားဟန်ပြုတာက ရုပ်,
သူမဟုတ်, ငါမဟုတ်, သွားတာ နာမ်နဲ့ရုပ်။
သွားချင်တာတ နာမ်, သွားဟန်ပြုတာက ရုပ်,
သူမဟုတ်, ငါမဟုတ်, သဘောသက်သက် နာမ်နဲ့ရုပ်။

အခုဒီတရားနာလာခဲ့တာဟာ သွားချင်တယ်ဆိုတဲ့နာမ်နဲ့၊ အဲဒီ သွား ချင်တဲ့နာမ်အုပ်စုကြောင့် နာမ်ရဲ့အလိုကျ ရုပ်တရားကြီးတွေရဲ့ လှုပ်ရှားပြီးတော့ သွားဟန်လာဟန်အမူရာပေါ်တာ. . . တဲ့၊ ဒါဖြင့် တရားနာလာတဲ့ကိစ္စဟာ ရုပ်နာမ်ရဲ့ကိစ္စ ဖြစ်မနေဘူးလား? *(ဖြစ်ပါတယ်ဘုရား)*။ အဲဒီရုပ်နာမ်ရဲ့ကိစ္စကို ဒကာဒကာမတွေက ငါသွားတယ်. . . လို့ ငါဝင်မတပ်လိုက်ဘူးလား? *(တပ်လိုက်ပါတယ်ဘုရား)*။ တပ်ရုံမကဘူး, အထင်ကော ငါလို့မထင်လိုက်ဘူးလား? *(ထင်ပါတယ်ဘုရား)*။ အဲဒီအထင်ကို သက္ကာယဒိဋ္ဌိလို့ခေါ်တာ၊ *(မှန်လှပါဘုရား)*။ ဒီတော့ အဲဒီအထင်ကြီးက ဘယ်တုန်းက စထင်လာတာတုန်းဆိုတော့ ကြာလှပြီ စွဲလာတာ ဒီအထင်ကြီးက၊ နောင်လည်းပဲ သောတာပန်မဖြစ်သမျှ ဒီအထင်ကမပျောက်ဘူး။ ဒီတော့ ဒီအထင်စွဲကြီးနဲ့ လာကြတာဖြစ်တော့ ရုပ်နာမ်ရဲ့အပေါ်မှာ ငါလို့ဝင်ပြီးတော့ ထင်လိုက်တဲ့ သက္ကာယဒိဋ္ဌိစွဲ၊ သက္ကာယဒိဋ္ဌိဆိုတဲ့တရားသည် ကုသိုလ်လား၊ အကုသိုလ်လားမေးရင် အကုသိုလ်၊ *(မှန်ပါဘုရား)*။ သက္ကာယဒိဋ္ဌိက ကုသိုလ်လား အကုသိုလ်လား? *(အကုသိုလ်ပါဘုရား)*။

အဲဒီသက္ကာယဒိဋ္ဌိနဲ့ ငါလို့ဝင်ထင်လိုက်တာ ဘာပြုလို့ထင်တာတုန်းလို့ဆိုတော့ ရုပ်နာမ်ကို ရုပ်နာမ်အတိုင်း မသိလိုက်လို့ပဲ. . . တဲ့၊ *(မှန်လှပါဘုရား)*။ ရုပ်နာမ်ကို ရုပ်နာမ်အတိုင်း မသိတာက ဘယ်သူတုန်းဆိုရင် အဝိဇ္ဇာ၊ အဝိဇ္ဇာဆိုတဲ့တရားက အမှန်ကိုမသိတာ အဝိဇ္ဇာပဲ၊ အရှိမှန်က ရုပ်နာမ်လို့ ပြောထားပြီ မဟုတ်လား၊ *(မှန်ပါဘုရား)*။ အဲဒီ အရှိမှန်ကိုအရှိအတိုင်း မသိဘူးဆိုရင် အဝိဇ္ဇာတရားခေါ်တယ်၊ *(မှန်ပါဘုရား)*။ ဒီတော့ အဲဒီအဝိဇ္ဇာတရားကလည်းပဲ ဝင်ကွယ်လိုက်တယ်၊ ကွယ်လိုက်တော့ သူက သက္ကာယဒိဋ္ဌိက ငါသွားတယ်လို့ ငါဝင်မစွဲလိုက်ဘူးလား? *(စွဲလိုက်ပါတယ်ဘုရား)*။ ဒီတော့ သက္ကာယဒိဋ္ဌိ စွဲလိုက်တယ်ဆိုတော့ သက္ကာယဒိဋ္ဌိလေးတစ်လုံးများလို့မထင်လိုက်နဲ့၊ အဝိဇ္ဇာဆိုလို့ အဝိဇ္ဇာလေး တစ်ခုတည်း မထင်လိုက်နဲ့၊ စိတ်နာမ်ဓာတ်တို့ရဲ့ သဘောသတ္တိဖြစ်နှုန်းက လက်ဖျစ်တစ်ချက်တီးမှာ ကုဋေတစ်သိန်းဖြစ်ပြီးတော့ ပျက်နိုင်တယ်၊ *(မှန်ပါဘုရား)*။ လက်ဖျစ်တစ်ချက်တီးဆိုတာ ဘုန်းကြီးတို့ အခုနာရီနဲ့ပြောရင် တစ်စက္ကန့်ပေါ့၊ တစ်စက္ကန့်လောက်မှာ ကုဋေတစ်သိန်းလောက်ဖြစ်ပြီးတော့ ပျက်နိုင်တယ်၊ စိတ်တွေက ဒီလောက်မြန်တယ်၊ *(မှန်ပါဘုရား)*။

http://www.dhammadownload.com



ဒီတော့ အဝိဇ္ဇာဖြစ်လည်း ကုဋေတစ်သိန်းလောက်ဖြစ်သွား ပျက်သွားတာပဲ၊ ဒိဋ္ဌိဖြစ်လည်း ကုဋေတစ်သိန်းလောက် ဖြစ်သွားတာပဲ၊ ဒါဖြင့် ဒကာဒကာမတွေ ဒီကိုလာတဲ့ကိစ္စမှာ အဝိဇ္ဇာက ဝင်လာလိုက်၊ သက္ကာယဒိဋ္ဌိက ဝင်လိုက်နဲ့ ရုပ်နာမ်ရဲ့သွားတဲ့ကိစ္စကြီးကို ရုပ်နာမ်အတိုင်းမသိပါပဲ ငါသွားတယ်၊ ငါသွားတယ် ငါသွားတယ်လို့ ဝင်လိုက်သည်နဲ့ တပြိုင်နက် အဝိဇ္ဇာကကုဋေတစ်သိန်းလောက်၊ တစ်စက္ကန့် ကုဋေတစ်သိန်းနှုန်းနဲ့ပြောရင် တစ်စက္ကန့်လည်းမကပါဘူး ဖြစ်တာက၊ ကဲ- ထားပါဦးတော့ အဝိဇ္ဇာတွေက ကုဋေတစ်သိန်းလောက်၊ သက္ကာယဒိဋ္ဌိကြီးတွေက ကုဋေတစ်သိန်းလောက်ဖြစ်ပြီးတော့ မသွားဘူးလား? *(သွားပါတယ်ဘုရား)*။ အဲဒီ အဝိဇ္ဇာတို့ သက္ကာယဒိဋ္ဌိတို့ဆိုတာ ကုသိုလ်လား အကုသိုလ်လားလို့မေးရင် အကု သိုလ်။ ကုသိုလ်လား အကုသိုလ်လား? *(အကုသိုလ်ပါဘုရား)*။ အကုသိုလ်တရားဟာ အဖြူတရားလား၊ အမည်းတရားလို့မေးရင် အမည်းတရား။

မြတ်စွာဘုရားက "ကဏှာ ဓမ္မာ"လို့ ဟောတယ်၊ *(မှန်ပါဘုရား)*။ ကုသိုလ်တရားကို "သုက္ကာ ဓမ္မာ"တဲ့ ဖြူစင်တဲ့တရားတဲ့၊ အကုသိုလ်တရားက ကဏှဓမ္မ အမည်းတရား. . . တဲ့၊ ဒါဖြင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ တရားနာလာတဲ့ အခိုက်မှာပင်လျှင် ငါသွားတယ်၊ ငါသွားတယ်လို့ထင်တဲ့အခိုက် အဝိဇ္ဇာဆိုတဲ့ အမည်းတရားနဲ့ သက္ကာယဒိဋ္ဌိဆိုတဲ့ အမည်းတရားကြီးတွေနဲ့ စိတ်ကလေးကို ညစ်ပေပြီးတော့ မလာခဲ့ရဘူးလား? *(လာခဲ့ရပါတယ်ဘုရား)*။

ဒီတော့ ဘယ်လောက်ညစ်ပေတုန်းလို့ဆိုတော့ ဘယ်လောက်မှန်းကို မသိဘူး၊ တစ်စက္ကန့် ကုဋေတစ်သိန်းလောက်ဖြစ်နှုန်းနဲ့ဆိုတော့ အခုဒီလာခဲ့တာ တစ်စက္ကန့် ကရဲ့လား? *(မကပါဘုရား)*။ မကတော့ မိမိစိတ်ကလေးကို မည်းသထက်မည်းအောင်၊ မည်းသထက်မည်းအောင်ဆိုပြီးတော့ လာခဲ့ရတယ်ဆိုတာ မသေချာဘူးလား? *(သေချာပါတယ်ဘုရား)*။

"ဖဲထီး သစ်စေးသုတ်တဲ့" ဆရာတော်ကြီးတစ်ပါးက နော်၊ *(မှန်လှပါဘုရား)*။ ဒကာဒကာမတွေ ဖဲထီးသစ်စေးသုတ်တော့ ပိုမည်းသွားသလား၊ ဖြူလာသလား? *(ပိုမည်းသွားပါတယ်ဘုရား)*။ ဒီတော့ ဘုန်းကြီးတို့ ဒကာဒကာမတွေရဲ့ သန္တာန်မှာ အကုသိုလ်တရားတွေဆိုတဲ့ ဖဲထီးအပေါ်မှာ အဝိဇ္ဇာနဲ့ သက္ကာယဒိဋ္ဌိဆိုတဲ့ သစ်စေးတွေ ထပ်ပြီးတော့ သုတ်တယ်လို့ဆိုတော့ စိတ်ကလေး စင်ကြယ်နိုင်သေးရဲ့လား? *(မစင်ကြယ်ပါဘုရား)*။ ဒါဖြင့် စိတ်စင်ကြယ်အောင် ဘယ့်နဲ့လုပ်မတုန်းဆိုတော့ ဝိပဿနာနဲ့ရှု၊ ရုပ်နာမ်ဖြစ်ပျက်၊ ရုပ်နာမ် ဖြစ်ပျက်၊ ရုပ်နာမ်ဖြစ်ပျက်။ သို့မဟုတ် မိမိတို့ ဆရာသမားတွေပေးထားတဲ့အတိုင်း သွားတာကို သွားတယ်, သွားတယ်, သွားတယ် ရှု. . . လာတော့၊ သွားတဲ့အမူအရာရုပ်နာမ်ကို သွားတယ်လို့ ရှု။

http://www.dhammadownload.com



သို့မဟုတ် ရုပ်နာမ်ဖြစ်ပျက်လို့ရှုတော့ သွားတဲ့အခိုက်က သွားချင်တဲ့နာမ်ရယ်, သွားဟန်ပြုတဲ့ရုပ်ရယ် နှစ်ခုရှိတယ်၊ အဲဒါကို ဒီက ရုပ်နာမ်လို့ ရှုလိုက်တော့ ရှိတာလည်း ရုပ်နာမ်၊ သိတာကလည်း ရုပ်နာမ်ဆိုတော့ အမှန်သိမသွားဘူးလား? *(အမှန်သိပါတယ်ဘုရား)*။ အမှန်သိသွားတော့ ခုနက အဝိဇ္ဇာတို့, သက္ကာယဒိဋ္ဌိတို့ဆိုတဲ့ အမည်းကြီးတွေ ကင်းမသွားဘူးလား? *(ကင်းသွားပါတယ်ဘုရား)*။ ဖြူစင်တဲ့ ဝိဇ္ဇာဉာဏ်ဓာတ်တွေ ဝင်မလာဘူးလား? *(ဝင်လာပါတယ်ဘုရား)*။ ဒီတော့ အဲဒီစိတ်ကလေးဟာ ဖြူစင်တဲ့စိတ်ကလေး၊ စင်ကြယ်တဲ့စိတ်ကလေး ဖြစ်မသွားဘူးလား? *(ဖြစ်သွားပါတယ်ဘုရား)*။

**သစိတ္တပရိယောဒပနံ-မိမိစိတ်ရင်း, ပွတ်သစ်ဝင်းသည့်, ခရုသင်းအနေ, ဖြူစင်စေခြင်းလည်းကောင်း၊ ဧတံ-အကုသိုလ်ကင်း, ကုသိုလ်သွင်း၍, စိတ်ရင်းစင်ရိုး, ဤသုံးမျိုးသည်၊ ဗုဒ္ဓါနံ-ဂင်္ဂါဝါလု, သဲစုအတူ, ပွင့်တော်မူသည့်, ဆူဆူထွတ်ထား, မြတ်ဘုရားတို့၏၊ သာသနံ-လိုရင်းနှုန်းပြ, ထုံးအရဖြင့်, သုံးကြပစေ, ဆုံးမတော်မူချက်ပါပေသတည်း. . .**။

**သာဓု. . . သာဓု. . . သာဓုပါဘုရား. . .**။

ဒါဖြင့်-ဝိပဿနာရှုပြီးတော့နေတဲ့အချိန်, ရုပ်နာမ်ဖြစ်ပျက်, ရုပ်နာမ်ဖြစ်ပျက်, သွားတယ် သွားတယ်, ကြားတယ် ကြားတယ်ရှုနေတဲ့အချိန်မှာ သက္ကာယဒိဋ္ဌိနဲ့ အဝိဇ္ဇာနေရာ လောဘတရားတွေ, အမည်းတရားတွေ စင်ကြယ်အောင်တွန်းဖယ်ပြီးတော့ ပစ်နေတာဖြစ်လေသောကြောင့် စိတ်ကလေးက အမှန်အရှိကိုအရှိတိုင်းသိ၊ အမှန်ကို အမှန်တိုင်းသိပြီးတော့နေတဲ့အချိန်, စိတ်ကလေးစင်ကြယ်အောင်ပြုနေတဲ့အချိန်လို့. . . ခေါ်တယ်၊ အဲဒါ ဘုရားသာသနာနဲ့ တွေ့နေတဲ့အချိန်. . .၊ *(မှန်ပါဘုရား)*။ ဒါဖြင့် ဘုရားသာသနာနဲ့တွေ့ဖို့ဟာ အကုသိုလ်ကိုပယ်နေတဲ့အချိန်, ကုသိုလ်တရားတွေ ဒါန, သီလစတဲ့ ကုသိုလ်တရားတွေကိုတိုးပွားအောင် ကြိုးစားနေတဲ့အချိန်, စိတ်ကလေးစင်ကြယ်အောင် ဝိပဿနာရှုပွားနေတဲ့အချိန်. . . လို့ သာသနာသုံးချက် ထွက်မလာဘူးလား? *(ထွက်ပါတယ်ဘုရား)*။

ဒါဖြင့် ဝိပဿနာလွတ်ပြီးတော့ ငါပဲ သူပဲ အထင်စွဲနေတဲ့အချိန်မှာ ဒကာဒကာမတွေ သာသနာနဲ့တွေ့တဲ့အချိန်လား, မတွေ့တဲ့အချိန်လား? *(မတွေ့တဲ့အချိန်ပါဘုရား)*။ ဟော-မတွေ့တဲ့အချိန်က ပေါ်လာပြန်နော်၊ *(မှန်ပါဘုရား)*။ ဒီတော့ ကိုယ့်ကိုယ်ကို တစ်နေ့တစ်နေ့ ငါ အဲဒီ သစိတ္တပရိယောဒပနခေါ်တဲ့စိတ်ကလေး စင်ကြယ်မှုသာသနာနဲ့လည်း ငါတွေ့အောင်၊ တစ်နေ့ ငါးမိနစ်ပဲတတ်နိုင်တတ်နိုင် တွေ့အောင်ငါကြိုးစားမယ်. . . လို့၊ မကြိုးစားထိုက်ဘူးလား?

http://www.dhammadownload.com



*(ကြိုးစားထိုက်ပါတယ်ဘုရား)*။ အဲဒီလို မကြိုးစားလို့ ဒီဟာမတွေ့ဘူးဆိုလို့ရှိရင် ဘုန်းနည်းတဲ့သူလား၊ ဘုန်းရှိတဲ့သူလား? *(ဘုန်းနည်းတဲ့သူပါဘုရား)*။ ကံရှိတဲ့သူလား, ကံနည်းတဲ့သူလား? *(ကံနည်းတဲ့သူပါဘုရား)*။ ပါရမီရှိတဲ့သူလား, ပါရမီနည်းတဲ့သူလား? *(ပါရမီနည်းတဲ့သူပါဘုရား)*။

ပါရမီရှင်ဖြစ်တော်မူတဲ့ မြတ်စွာဘုရားတည်ထောင်တဲ့ သာသနာကို ပါရမီရှိတဲ့သူတွေမှ တွေ့နိုင်တယ်လို့ဆိုတော့ မိမိကပါရမီနည်းတဲ့အထဲ ဝင်သွားမယ်ဆိုရင် ဝမ်းနည်းစရာမကောင်းဘူးလား? *(ဝမ်းနည်းစရာကောင်းပါတယ်ဘုရား)*။ ဒီတော့ သာသနာနဲ့တွေ့မှုက သုံးချက်ရှိမနေဘူးလား? *(ရှိပါတယ်ဘုရား)*။ အဲဒီသုံးချက်မှာ ငါတစ်နေ့တစ်နေ့ အကုသိုလ်ကိုလည်း ပယ်မယ်။ ကုသိုလ်တရား-ဒါန, သီလ, သမထတွေကိုလည်း ကြိုးစားမယ်၊ ကုသိုလ်တရား ပြည့်စုံအောင်ကြိုးစားခြင်းပင်လျှင် သာသနာနဲ့တွေ့မယ်၊ နောက်ဆုံး သစိတ္တပရိယောဒပနခေါ်တဲ့ မိမိစိတ်ကလေး စင်ကြယ်အောင်ပြုခြင်းဖြင့်လည်း ငါသာသနာနဲ့တွေ့မယ်လို့ မကြိုးစားထိုက်ဘူးလား? *(ကြိုးစားထိုက်ပါတယ်ဘုရား)*။ အဲဒီလိုတွေးပါများရင် နောက်ဆုံးဖြစ်တဲ့ သာသနာနဲ့တွေ့ပြီဆိုလို့ရှိရင် စိတ်ကလေးက စင်ကြယ်၊ အမှန်မြင် အမှန်မြင်, အမှန်မြင်၊ အမှန်မြင်ပြီဆိုတော့ ဝိဇ္ဇာဝင်လာတာ၊ *(မှန်ပါဘုရား)*။ အမှန်မြင်ပြီဆိုတော့ ဘာဝင်လာတာတုန်း? *(ဝိဇ္ဇာဝင်လာတာပါဘုရား)*။ ဝိဇ္ဇာလို့လည်း ခေါ်တယ်၊ သမ္မာဒိဋ္ဌိလို့လည်း ခေါ်တယ်၊ *(မှန်လှပါဘုရား)*။

ဘုန်းကြီးတို့ အရှိမှန်တရားက ရုပ်နာမ်လို့ ပြောထားပြီမဟုတ်လား? *(မှန်ပါဘုရား)*။ အဲဒီအရှိမှန်တရားကို ရုပ်နာမ်ဖြစ်ပျက်လို့ရှုလိုက်တော့၊ ရှိတာကလည်း ရုပ်နာမ်၊ သိတာကလည်း ရုပ်နာမ်ဆိုတော့ ရှိတာနဲ့သိတာ တည့်မသွားဘူးလား? *(တည့်သွားပါတယ်ဘုရား)*။ ဒါဖြင့် ရှိတာကိုရှိတဲ့အတိုင်းသိတာကို အမှန်သိလို့ ခေါ်မလား၊ အမှားသိလို့ခေါ်မလား? *(အမှန်သိပါဘုရား)*။ အဲဒီအမှန်သိကို ပါဠိလို သမ္မာဒိဋ္ဌိလို့ခေါ်တယ်၊ *(မှန်လှပါဘုရား)*။ အမှန်ဆိုတာက သမ္မာ၊ သိတာက ဒိဋ္ဌိ-သမ္မာဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိဆိုရင် မဂ္ဂသစ္စာဖြစ်သွားတာပဲ၊ *(မှန်လှပါဘုရား)*။ မြတ်စွာဘုရားရဲ့ ဓမ္မစကြာမဂ္ဂသစ္စာမှာ သမ္မာဒိဋ္ဌိဆိုတဲ့မဂ္ဂင်က ရှေ့ကမလာဘူးလား? *(လာပါတယ်ဘုရား)*။ အဲ-သမ္မာဒိဋ္ဌိ ရှေ့ကခေါင်းတွဲကဆွဲမှတော့ နောက်က သမ္မာသင်္ကပ္ပ, သမ္မာဝါစာဆိုတဲ့တရားတွေ စိတ်သာချတော့ နောက်တွဲတွေက လိုက်သွားပြီ သူ့ဘာသူ၊ *(မှန်လှပါဘုရား)*။ ဒီတော့ သမ္မာဒိဋ္ဌိဆိုတဲ့တရားမင်းကြီး ထပ်တလဲလဲဖြစ်အောင် မရှုထိုက်ဘူးလား? *(ရှုထိုက်ပါတယ်ဘုရား)*။

http://www.dhammadownload.com



ဒ့ါကြောင့် မဂ္ဂသစ္စာက ဘာဝေတဗ္ဗကိစ္စရှိတယ်လို့ပြောတာ၊ *(မှန်လှပါဘုရား)*။ *ဘာဝေတဗ္ဗ*-ဆိုတာ ကိုယ့်သန္တာန် အဖန်ဖန်, အထပ်ထပ်ဖြစ်အောင်ကြိုးစား. . . တဲ့၊ ဒီတော့ အဲဒီသမ္မာဒိဋ္ဌိလေး မိမိသန္တာန် ထပ်တလဲလဲဖြစ်အောင် ကြိုးစားတော့ သူက အရှိမှန်ဖြစ်တဲ့ ရုပ်နာမ်ကို ပိုင်းခြားသိနေတယ်၊ ပိုင်းခြားသိနေတဲ့ရုပ်နာမ်က ဒုက္ခသစ္စာ၊ ဒီကသမ္မာဒိဋ္ဌိအသိနဲ့ ရုပ်နာမ်ရဲ့သဘောကို ဖြစ်ပြီးတော့ ပျက်တာပဲလို့သိတော့ ဒီရုပ်နာမ်အပေါ်မှာ ခင်တွယ်မှုဆိုတဲ့တဏှာ လျော့သွားတယ်၊ ကျဲသွားတယ်၊ နည်းသွားတယ်၊ နောက်ဆုံးကျတော့ ကုန်သွားတယ်။ အဲဒီတဏှာ နည်းသွား ကျဲသွားတာသည်ပင်လျှင် သမုဒယသစ္စာ တဏှာသတ်လိုက်တယ်လို့ခေါ်တယ်။ ရုပ်နာမ်ကို ရုပ်နာမ်အတိုင်းမသိလို့ ငါပဲ၊ သားပဲ သမီးပဲဆိုရင် အခင်က ဝင်လာတယ်၊ ငါပဲ သူပဲဆိုရင် နောက်က အခင်ကရောက်လာပြီ၊ အမှားမြင်တော့ အခင်ဝင်လာတာပဲ၊ အမှားမြင်ဆိုတာက အဝိဇ္ဇာ၊ အခင်ဝင်လာတယ်ဆိုတာက တဏှာ။ ဒီတော့-တဏှာဝင်လာလိုက်သည်နဲ့ တပြိုင်နက်။

**နေတံ မမ၊ နေ သောဟ မသ္မိ န မေ သော အတ္တာ**-ဆိုတဲ့ မြတ်စွာဘုရား အနတ္တလက္ခဏာသုတ်ညွှန်းတာတွေနဲ့ အကုန်လွဲသွားတာပဲ၊ *(မှန်ပါဘုရား)*။ ငါရှိရင် ငါ့ဥစ္စာ နောက်ကလိုက်လာပြီ၊ ငါ့ဘာထင်တုန်းဆိုတဲ့မာန ဝင်လာပြီ၊ မဝင်လာဘူးလား? *(ဝင်လာပါတယ်ဘုရား)*။ ဒီတော့ ငါရှိရင် ငါ့ဥစ္စာဆိုတဲ့တဏှာလာတယ်၊ ငါ့ဘာထင်တုန်း, ငါနဲ့ဒင်းနဲ့တန်ရဲ့လား၊ ငါနဲ့သူနဲ့ တူသလားဆိုတဲ့မာန ဝင်လာတယ်၊ ဒါဖြင့် စိတ်ကလေးစင်ကြယ်နေအောင် အဲဒီငါသုံးလုံးဆိုတဲ့ တဏှာ, ဒိဋ္ဌိ, မာန, အညစ်ကြေးတွေကိုလည်း ပယ်ရမယ်. . . တဲ့၊ ဖြုတ်ချတဲ့ အဝိဇ္ဇာအရင်းခံတဲ့ တဏှာကိုလည်း ပယ်။

ဒါဖြင့်-ပယ်ဆိုတာ တစ်ခုချင်းလိုက်ရှင်းနေရမှာလားဆိုတော့ မဟုတ်ဘူး. . . တဲ့၊ ကမ္မဋ္ဌာန်းလုပ်ကွက်အနေနဲ့ကတော့ ခုနကလိုပဲ ဝိပဿနာတစ်ချက်တည့်အောင်ကြိုးစားလိုက်၊ ရုပ်နာမ်ဖြစ်ပျက်, ရုပ်နာမ်ဖြစ်ပျက်, ရုပ်နာမ်ဖြစ်ပျက်။ မြင်တယ် မြင်တယ်, ကြားတယ်, ကြားတယ်, သွားတယ် သွားတယ်စသည်ဖြင့် သတိပဋ္ဌာန်းနည်းနဲ့ ရှုပွားလိုက်လို့ ဝိပဿနာတည့်တိုင်း တည့်တိုင်း၊ ဒီအဝိဇ္ဇာ, တဏှာ, မာန, ဒိဋ္ဌိဆိုတဲ့တရားတွေ ပယ်ပြီးဖြစ်မနေဘူးလား? *(ဖြစ်နေပါတယ်ဘုရား)*။ အမည်းတရားတွေကို ဖြူစင်အောင်ဆေးကြောပစ်နေရာ မရောက်ဘူးလား? *(ရောက်ပါတယ်ဘုရား)*။

ဒါဖြင့် အမည်းတရားတွေ ဖြုတ်ချနေလို့ရှိရင် စိတ်ကလေး မစင်ကြယ်ပေဘူးလား? *(စင်ကြယ်ပါတယ်ဘုရား)*။ ဒါဖြင့် ဝိပဿနာရှုနေတာ စိတ်စင်ကြယ်အောင် လုပ်နေတယ်လို့ မခေါ်နိုင်ဘူးလား? *(ခေါ်နိုင်ပါတယ်ဘုရား)*။ စိတ်စင်

http://www.dhammadownload.com



ကြယ်အောင်လုပ်နေရင် နောက်ဆုံးဖြစ်တဲ့ သစိတ္တပရိယောဒပန=စိတ်စင်ကြယ်အောင်ပြုတဲ့သာသနာကြီးနဲ့ တွေ့နေတဲ့သူလား၊ မတွေ့တဲ့သူလား? *(တွေ့နေတဲ့သူပါဘုရား)*။ ဒါဖြင့် ယနေ့ဒကာဒကာမအပေါင်း သူတော်ကောင်းတွေက ငါ အဲဒီသာသနာသုံးချက်မှာ တစ်ချက်နဲ့တွေ့သလား၊ နှစ်ချက်နဲ့တွေ့သလား၊ သုံးချက်လုံးငါတွေ့နိုင်ရဲ့လား. . . လို့ မစဉ်းစားထိုက်ဘူးလား? *(စဉ်းစားထိုက်ပါတယ်ဘုရား)*။

အဲဒီလိုအားဖြင့် စိန်ကောင်းကျောက် ကောင်း, ရတနာကောင်းတွေနဲ့တူတဲ့ သာသနာတော်အမွေကြီးကို ဘုန်းတော်ရှင် ကံတော်ရှင် ပါရမီတော်ရှင် ဖြစ်တော်မူတဲ့ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးက, တွေ့ကြပါစေ. . . ကြုံကြပါစေ၊ ကံရှိတဲ့သူတွေ တွေ့ကြပါစေ၊ ဘုန်းရှိတဲ့သူတွေ တွေ့ကြပါစေ၊ ပါရမီရှိတဲ့သူတွေ တွေ့ကြပါစေ၊ ဘုန်းရှိကံရှိ, ပါရမီ ရှိတဲ့သူတွေ ငါ့သာသနာတော်ကြီးနဲ့ တွေ့ပြီးတော့ ငါ့သာသနာတော်ဆိုတဲ့ စိန်ကောင်း, ကျောက်ကောင်း, ရတနာကောင်းတွေကို ဝတ်ဆင်ပန်ဆင်နိုင်ကြပြီးသကာလ, အို,နာ,သေရေး ဒုက္ခဘေးကြီးတို့မှ ကင်းဝေးရာဖြစ်တဲ့ နိဗ္ဗာန်မြို့နန်းသို့ တက်လှမ်းဝင်ရောက်ပြီးတော့ ချမ်းသာနိုင်ကြပါစေ'. . . လို့ ရည်ရွယ်ပြီးတော့ ဒီသာသနာ မထားခဲ့ဘူးလား? *(ထားခဲ့ပါတယ်ဘုရား)*။ အဲဒီသာသနာကို ယနေ့ ဒကာဒကာမအပေါင်း သူတော်ကောင်းတွေ အကြောင်းအားလျော်စွာ တွေ့ကြတယ်၊ ဆုံကြတယ်ဆိုတာ ကံရှိလို့လား, ကံမဲ့လို့လား? *(ကံရှိလို့ပါဘုရား)*။ အဲဒီ ကံရှိတဲ့အထဲမှာမှ ပိုပြီးတော့ ကံရှိအောင် သူ့ထက်ငါ ကံရှိတဲ့ သူ ဖြစ်သထက်ဖြစ်အောင်၊ အကုသိုလ်ကိုပယ်ခြင်း၊ ကုသိုလ်တရားနဲ့ပြည့်စုံအောင်ကြိုးစားခြင်း၊ သစိတ္တပရိယောဒပနခေါ်တဲ့ မိမိစိတ်ကလေး စင်ကြယ်အောင်ပြုခြင်းဆိုတဲ့ ဤသာသနာသုံးချက်နဲ့ နေ့စဉ်တွေ့အောင် ကျင့်ဆောင်ကြိုးကုတ်အားထုတ်နိုင်ရမယ်. . . လို့။

သာသနံ ပုညဝန္တဿ, ပုညဝန္တာ၀ လာဘိနော၊
သမ္ဘဿိတွာ ပဋ္ဋဏ္ဏိတုံ, အပ္ပပုညာ အလာဘိနော။

ဘုန်းကြီးဟောချင်တဲ့တရားလည်း ပြည့်သွားပြီ၊ နာရီကလည်း နှစ်နာရီနီးသွားပြီ ဒကာစိန် နော်၊ *(မှန်ပါဘုရား)*။ အချိန်လည်း စေ့သွားပြီ၊ ဒါ့ကြောင့်-ဂါထာရွတ်ပြီးတော့ သာဓုခေါ်ပြီး တရားပွဲသိမ်းရအောင်-

ပုညဝန္တဿ-လေးသင်္ချေကိန်း, ကပ်တစ်သိန်းက, ထိန်းသိမ်းစုံညီ, ပါရမီဘုန်းဟုန်, တန်ခိုးဂုဏ်တို့နှင့်, ပြည့်စုံတော်မူသော ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏၊ သာသနံ-အံ့ဖွယ်ရှစ်ဖြာ, သာသနာတော်မြတ်ကြီးကို၊ ပုညဝန္တာ၀- ရှေးရှေးဘ၀,

http://www.dhammadownload.com



သံသာရက, ဘုန်းစက်ဟုန်, ရှိခဲ့ကုန်သော, သူတို့သည်သာလျှင်၊ ပစ္စေကဗုဒ္ဓိတို့-ပစ္စယ ဓမ္မ, နှစ်ဖြာပွားလင့်, ထောက်ပံ့ချီးမြှောက်ခွင့်ကို၊ လာဘီနော-အကြောင်းလည်းတိုက်, အကျိုးဆိုက်သဖြင့်, သိုက်မြိုက်ပိုင်ပိုင်, ရရှိနိုင်ကြလေကုန်၏၊ အပ္ပပုညာ-ရှေးရှေးဘဝ, သံသာရက, ဘုန်းစက်ဟုန်, နည်းခဲ့ကုန်သော, သူတို့သည်ကား၊ ပစ္စေကဗုဒ္ဓိတို့-ပစ္စယဓမ္မ, နှစ်ဖြာပွားလင့်, ထောက်ပံ့ချီးမြှောက်ခွင့်ကို၊ အလာဘီနော-အကြောင်းမသင့်, ကျိုးမတင့်သဖြင့်, အခွင့်ပိုင်ပိုင်, မရရှိနိုင်ကြလေကုန်သတည်း. . .။

သာဓု. . . သာဓု. . . သာဓုပါဘုရား. . .။

http://www.dhammadownload.com



## * မဟာဟံသဇာတက

## ရွှေဟင်္သာမင်းတရားတော်

ယေဟိ သဒ္ဒါဒိ ဂုဏေဟိ, ဒေဝတာ ဒေဝတံ ဂတာ၊
မယှမ္ပိ တေ သံဝိဇ္ဇန္တိ, အဟော ပေ ဂုဏဝန္တတာ။

ဒေဝတာ-စတုမဟာ, ဝတ်သာနှင့်, နတ်ရွာခြောက်လီ, ဖြဟ္မာ့ပြည်ဝယ်, ကိုယ်စိစံစား, နတ်ဖြဟ္မာများနှင့်, ဘုရားပစ္စေကာ, အရိယာမြင့်မြတ်, ဝိသုဒ္ဓိနတ်တို့သည်၊ ယေဟိ သဒ္ဒါဒိဂုဏေဟိ-သဒ္ဓါသီလ, များသုတနှင့်, စာဂပညာ, စဉ်လာလောက်လုံ, အကြင်ကျေးဇူးဂုဏ်တို့ကြောင့်၊ ဒေဝတံ-ရောဂါမကပ်, ဥပါဒ်မတွယ်, စားသောက်ဖွယ်ဖရး, နေထိုင်ရေးနှင့်, မင်းရေးစိုးတာ, ကင်းစင်ကွာလတ်, ဖြဟ္မာနတ်နှင့်, မြင့်မြတ်ဖြူလွင်, ဝိသုဒ္ဓိသူတော်စင်အဖြစ်သို့၊ ဂတာ-ပါရမီစွမ်းသလောက်, စခန်းပေါက်သဖြင့်, လှမ်းရောက်တော်မူကြလေကုန်ပြီ၊ ဂတာ-ဤလူ့ပြည်မှ, စုတေကြလျှင်, ခဏမနေ, ဥပပတ်နတ်တို့အနေ, ကပ်ရောက်ကြလေကုန်ပြီ၊ ဂတာ-ပါရမီစွမ်းသလောက်, စခန်းပေါက်၍, ဝိသုဒ္ဓိနတ်အဖြစ်သို့, လှမ်းရောက်တော်မူနိုင်ကြလေကုန်ပြီ။

တေ ဂုဏာ-နတ်ဖြဟ္မာနန်း, ကပ်ခါမြန်းဖို့၊ တေ ဂုဏာ-ဝိသုဒ္ဓိနတ်စခန်း, ကပ်ခါမြန်းဖို့, အစွမ်းလောက်လုံ, ထိုကဲ့သို့သောဂုဏ်တို့သည်၊ မယှမ္ပိ-ဘုရားအကြိုက်, တရားလိုက်၍, အားစိုက်နှစ်လို, ဤငါ့ကိုယ်မှာလည်း၊ သံဝိဇ္ဇန္တိ-အမြဲမပြတ်, သတိချပ်သဖြင့်, မလပ်ပုံသေ, ရှိကြလေကုန်၏၊ ပေ-ဘုရားအကြိုက်, တရားလိုက်၍, အားစိုက်နှစ်လို, ဤငါ့ကိုယ်၏၊ ဂုဏဝန္တတာ-သဒ္ဓါသီလ, များသုတနှင့်, စာဂပညာ, စဉ်လာလောက်လုံ, ဂုဏ်ပေါင်းစုံ၏အဖြစ်သည်၊ အဟော-တပလွန်အရေး, ကြံတိုင်းအေးဖို့, လေးလေးပင်ပင်, အစဉ်မျိုးမှန်, ဩော်. . . အဖိုးတန်လေစွတကား. . .။

သာဓု. . . သာဓု. . . သာဓုပါဘုရား. . .။

ယနေ့ ၁၃၄၁-ခု၊ တပေါင်းလဆန်း (၇)ရက်နေ့ညမှာ ဆင်ယင်ကျင်းပအပ်သော ဤတရားပွဲသည်ကား မန္တလေးမြို့ ယောသူယောသားအသင်း နာယကဒကာကြီး ဦးလှမောင်၊ ဥက္ကဋ္ဌဒကာကြီး ဦးမြနဲ့ အတွင်းရေးမှူးဒကာဦးပြင့်ဦးတို့ ဦးဆောင်သော ယောသူယောသားအသင်း ဒကာဒကာမအပေါင်း သူတော်ကောင်းတို့က ဦးဆောင်ပြီးတော့၊ အားလုံးသော ပတ်ဝန်းကျင် ဒကာဒကာမအပေါင်း

* ဇာ-၄-၅၊ ၃၇၇။

http://www.dhammadownload.com



သူတော်ကောင်းတို့က၊ ယောနယ်မှ ပေါက်ဖွားလို့ ယခု ရန်ကုန်မြို့မှာနေထိုင်၊ သာသနာ တော်ရဲ့ ကျက်သရေဆောင် အရှင်သိရိန္ဒာဘိဝံသ သာသနာ့အာဇာနည် ရဟန်း တော်အရှင်မြတ်ကို ချီးကျူးဂုဏ်ပြုတဲ့ပွဲ၊ ပူဇော်တဲ့ပွဲကို အကြောင်းပြုပြီးတော့ ဖြစ်ပေါ်လာတဲ့တရားပွဲ. . . တဲ့ ဒီနေ့ညတရားပွဲက။ မနေ့ညကလည်း တရားပွဲ ကြီးတစ်ပွဲ ဆင်နွှဲသွားပြီနော်၊ မနက်ဖြန်ခါညဆိုရင် အဲဒီအရှင်သိရိန္ဒာဘိဝံသ သာသနာ့အာဇာနည်ကိုယ်တော်တိုင် မနက်ဖြန်ညမှာလည်းပဲ တရားဓမ္မဩဝါဒ ဟောကြားပြီးတော့ ဒီနေရာ တရားမိုးကြီးရွာသွန်းအုံးမှာမဟုတ်လား ဦးမြင့်ဦး? မှန်လှပါဘုရား။

## ပုဂ္ဂလဝိသေသော ဇာနိတဗ္ဗော။

ပုဂ္ဂလဝိသေသော-ပုဂ္ဂိုလ်ထူး, ပုဂ္ဂိုလ်ချွန်, ပုဂ္ဂိုလ်မွန်, ပုဂ္ဂိုလ်မြတ်ကို၊ ဇာနိတဗ္ဗော-အသိအမှတ်ပြုထိုက်၏၊ ပူဇော်ထိုက်၏၊ မြတ်နိုးထိုက်၏၊ ကော်ရော် ထိုက်၏. . . ကျမ်းဂန်ဒေသနာလာရှိသည့်အတိုင်း။ ယနေ့ ယောသူယောသား, ယောအသင်းသူအသင်းသား ဒကာဒကာမအပေါင်းသူတော်ကောင်းတို့နှင့်တကွ၊ အားလုံးသော ပတ်ဝန်းကျင် ဒကာဒကာမအပေါင်းသူတော်ကောင်းတို့က ပုဂ္ဂိုလ် ထူးပုဂ္ဂိုလ်မြတ်တစ်ယောက်ကို အသိအမှတ်ပြုတဲ့အနေ, ပူဇော်တဲ့အနေ ဒီလို ပူဇော်လိုက်သဖြင့် မိမိတို့မှာလည်းပဲ-

ပူဇာ စ ပူဇနီယာနံ ဧတံ မင်္ဂလမုတ္တမံ. . . ဆိုတဲ့ မင်္ဂလာတရားကြီး ပြည့်စုံပြီးတော့သွားကြမှာ ဖြစ်ပါတယ်နော်၊ မှန်လှပါဘုရား။ ပူဇနီယာနံ-ပူဇော် ထိုက်သော, ဘုရားတရားသံဃာ, ရတနာသုံးပါးနှင့်, သီလဝန္တပုဂ္ဂိုလ်ထူး, ပုဂ္ဂိုလ်မွန် တို့ကို၊ ပူဇာ-ပူဇော်ခြင်း, မြတ်နိုးခြင်း, လေးစားခြင်း, ကော်ရော်ခြင်း, ချီးကျူးခြင်း သည်၊ ဧတံ-ယခုလည်းဘေးမခ, နောင်အေးမြစေတတ်သဖြင့်, အလွန်တရာ ကောင်းမြတ်လှစွာသော၊ မင်္ဂလံ-မင်္ဂလာကြီးတစ်ပါးပါပေတည်း၊ မင်္ဂလံ-နိဗ္ဗာန် ရောက်ကြောင်း, ကောင်းမြတ်တဲ့ မင်္ဂလာကြီးတစ်ပါးပါပေတည်း. . . လို့ မင်္ဂလ သုတ်ပါဠိတော်မှာ ဘုရားရှင်က ပူဇော်သင့်ပူဇော်ထိုက်တဲ့သူတွေကို ပူဇော်ခြင်းဟာ လည်းပဲ မိမိတို့အတွက် မကောင်းတဲ့ဘေးဒဏ် ရန်အန္တရာယ် အသွယ်သွယ်တွေမှ ကာကွယ်ဆီးတား၊ ကောင်းကျိုးမင်္ဂလာတွေ တိုးပွားစေတတ်သဖြင့် မင်္ဂလာဖြစ် တယ်. . . လို့ ဟောတော်မူထားတော့၊ ဒီနေ့ ယောသူယောသား ဒကာဒကာမ အပေါင်းသူတော်ကောင်းတွေက ဘုရားရှင်ရဲ့မင်္ဂလသုတ်ဩဝါဒတော်ကြီး ဦးထိပ် ပန်ရွက်ပြီးတော့ မင်္ဂလာရှိတဲ့အလုပ်ကြီးလုပ်နေကြတယ်. . . လို့ဆိုရမှာပေါ့နော်၊ *မှန်လှပါဘုရား။*

http://www.dhammadownload.com



ဒီတော့ ပုဂ္ဂိုလ်ထူး, ပုဂ္ဂိုလ်မြတ် မိမိတို့ရရှိထားတဲ့ ဂုဏ်ထူးရှစ်ရပ်၊ ဒီနေ့ အရှင်သိရိန္ဒာဘိဝံသရရှိထားတဲ့ ဘွဲ့ထူးကြီးတွေ သူ့ရဲ့ငယ်ဆရာများ မိဘများက ပေးအပ်လိုက်တဲ့ အရှင်သိရိန္ဒဆိုတဲ့ နာမည်အရင်းရဲ့အပေါ်မှာ၊ မိမိရဲ့သဒ္ဓါအား၊ ဝီရိယအား၊ စေတနာအား၊ ပညာအားတွေကြောင့် ရရှိထားတဲ့ သာသနာတော်နှင့်စပ်၊ လောကုတ္တရာတံဆိပ်ခတ်နှိပ်အပ်တဲ့ ဘွဲ့ထူးကြီးတွေရှစ်ရပ်၊ ရှစ်မျိုးရရှိထားတယ် ဦးမြင့်ဦးရဲ့နော်၊ *မှန်ပါဘုရား။* အဲဒီ အဘိဝံသဆိုတဲ့ ဘွဲ့ထူးဂုဏ်ထူးဟာ စေတီယင်္ဂဏအသင်းစာမေးပွဲကြီးအောင်မြင်လို့ရတဲ့ အဘိဝံသကတစ်မျိုး၊ *မှန်ပါဘုရား။* ဟောဒီ ဘုန်းကြီးတို့ရဲ့ ပရိယတ်နယ်ပယ်မှာ အင်မတန်ထင်ရှားကျော်ကြားတဲ့ မန္တလေးမြို့ ပရိယတ္တိအသင်းကြီးစာမေးပွဲအောင်လို့ရရှိတဲ့ အဘိဝံသက တစ်ဖုံလို့ဆိုတော့ အဘိဝံသဘွဲ့ထူးကြီးကိုက နှစ်ခုရထားတာမဟုတ်လား? *မှန်ပါဘုရား။* အဘိဝံသတစ်ခုကိုရဖို့အရေးပဲ အင်မတန်ခက်ခဲတဲ့ ကိစ္စကြီးတစ်ရပ်ပါ ဦးမြင့်ဦးနော်၊ *မှန်ပါဘုရား ။* ဒါ သာသနာ့သမိုင်းက ပုဂ္ဂိုလ်တွေ၊ သာသနာ့နယ်ပယ်က ပုဂ္ဂိုလ်တွေ၊ သာသနာ့နွယ်ဝင် သူတော်စင်တွေ သိကြပါတယ်၊ *မှန်ပါဘုရား။* အဲဒီ ခက်ခဲတဲ့ အဘိဝံသဘွဲ့ထူးကြီးနှစ်ခု စေတီယင်္ဂဏအဘိဝံသဘွဲ့ထူး၊ မန္တလေး သကျသီဟအဘိဝံသဘွဲ့ထူးလို့ ဒီဘွဲ့ထူးကြီးနှစ်ခုကို ဆွတ်ခူးရယူထားလိုက်။ အဲဒီ အပေါ်မှာမှ တစ်ခါ ဓမ္မာစရိယလို့ဆိုတဲ့ ဘွဲ့ထူးကြီးက(၃)ခုထပ်ပြီးတော့ ရပြန်တယ်နော်၊ *မှန်ပါဘုရား။*

ရန်ကုန်မြို့စေတီယင်္ဂဏအသင်းက စာချတန်းအောင်လို့ပေးတဲ့ ဓမ္မာစရိယဘွဲ့ထူး၊ မန္တလေးမြို့ ပရိယတ္တိအသင်းကစာချတန်းအောင်လို့ပေးတဲ့ ပရိယတ္တိသာသနာ့ဟိတဓမ္မာစရိယဆိုတဲ့ ဘွဲ့ထူး၊ နိုင်ငံတော်အစိုးရမင်းတို့က အစိုးရစာမေးပွဲကို ထိပ်ဆုံးရောက်အောင် စာချတန်းအောင်မြင်သဖြင့်ပေးအပ်တဲ့ သာသနဓဇဓမ္မာစရိယဘွဲ့ထူး. . . လို့၊ ဓမ္မာစရိယဘွဲ့ထူးကြီး(၃)ခုထပ်ဆောင်းပြီးတော့ ရပြန်တယ်၊ မှန်ပါဘုရား၊ ဒီတော့ဘွဲ့ထူး(၅)မျိုး ရှိမသွားဘူးလား? *ရှိပါဘုရား။* တဖန် အဲဒီဓမ္မာစရိယဘွဲ့ထူးကိုရတဲ့နေရာမှာ ဂုဏ်ထူးအဖြစ်နဲ့၊ အလွတ်ဖြစ်တဲ့ နိကာယ်ဂုဏ်ထူးအောင်မြင်တော်မူလို့, ဝိနည်းဘက်ကအထွင်ရအထိပ်အောင်မြင်တော်မူလေသောကြောင့် ဝိနယပါဠိပါရဂူ. . . လို့၊ ဓမ္မာစရိယမူရင်းဘွဲ့ပေါ်မှာ ဂုဏ်ထူးဆောင်ထားတဲ့ ဝိနယပါဠိပါရဂူဆိုတဲ့ ဘွဲ့ထူးလည်းမရဘူးလား? *ရပါဘုရား။* (၆)ခုရှိသွားပြီနော်၊ *မှန်ပါဘုရား။* အဲဒီထဲမှာ ပိုပြီးထူးချွန် လာတာက၊ ဓမ္မာစရိယစာမေးပွဲကြီးဝင်ရောက်ဖြေဆိုကြတဲ့ ပုဂ္ဂိုလ်တွေထဲမှာ၊ တစ်နိုင်ငံလုံး နံပါတ်(၁)ကနေပြီး အမှတ်အများဆုံးထွက်မှ ပေးရှိတဲ့ အဂ္ဂမဟာအကျော်၊ အမြတ်ဆုံး၊ အကြီးဆုံးဖြစ်တဲ့ အကျော်ပေါ့ဗျာ မြန်မာ့ဆို နော်၊ *မှန်ပါဘုရား။*

http://www.dhammadownload.com



အဲဒီဓမ္မာစရိယဘွဲ့ထူးရတဲ့ ပုဂ္ဂိုလ်တွေထဲမှာမှ နံပါတ်(၁) ထိပ်ဆုံးက အောင်မြင်တော်မူသောကြောင့် အစိုးရမင်းတို့က တစ်နှစ်မှ တစ်ပါးသာ ပေးလေ့ရှိတဲ့ အဂ္ဂမဟာအကျော်၊ ဒီဘွဲ့ထူးကြီးလည်း သူက ဆွတ်ခူးရရှိထားတယ် မဟုတ်လား? *မှန်ပါဘုရား*၊ ဘွဲ့ထူးခုနှစ်ခုရှိသွားပြီနော်။

အဲဒီအပေါ်မှာမှ ယနေ့ဒကာဒကာမတွေ တစ်နိုင်ငံလုံး အသိမှတ်ပြုနေတဲ့ တိပိဋကရေဆိုတဲ့ ဘွဲ့ထူး. . . မြန်မာနိုင်ငံမှာ(၅)ပါးပဲရှိသေးတယ်နော်၊ မှန်ပါဘုရား၊ ဒီတော့ ဘွဲ့ထူးကြီးရှစ်ခု၊ အလွန်ထင်ရှားကျော်ကြားတဲ့ဘွဲ့ထူးကြီး (၈)ခုကိုရရှိတော်မူထားတဲ့ သာသနာ့အာဇာနည်ပုဂ္ဂိုလ်မွန် ပုဂ္ဂိုလ်ချွန်လို့. . ဆိုတော့ ကောင်းကောင်းကြီးအသိအမှတ်ပြုထိုက်တာပေါ့ဗျာနော် ဦးမြင့်ဦး၊ *မှန်ပါဘုရား*၊ ကောင်းကောင်းကြီးပူဇော်ထိုက်တာပေါ့၊ ဘွဲ့ထူးတခုရဘို့အရေးတင်ပဲ အစိုးရဓမ္မာစရိယအစရှိတဲ့ ဘွဲ့ထူးဂုဏ်ထူးတခုရဘို့အရေးတင်ပဲစွန့်လွှတ်ရမှုတွေ. . . ကြိုးစားရမှုတွေ မနည်းဘူး ဦးမြင့်ဦးရဲ့နော်၊ *မှန်ပါဘုရား*၊ စွန့်လွှတ်ရတယ်ဆိုတာ၊ သူများသွားသလိုသွားချင်တယ်၊ မသွားဘဲအောင့်အီးသည်းခံစွန့်လွှတ်ရတယ်၊ သူများစားသလိုစားချင်တယ်၊ မစားဘဲ အောင့်အီးသည်းခံ ရတယ်၊ သူများနေသလိုနေချင်မယ့်လို့ သူများလိုမနေဘဲ အောင့်အီးသည်ခံရတယ်၊ ဒါစွန့်လွှတ်မှုတွေပေါ့၊ *မှန်ပါဘုရား*၊ သူများအိပ်သလိုစောစောလေး အိပ်လိုက်ချင်တာပေါ့၊ အိပ်လိုက်ချင်ပေမယ့်လို့ ဩ. . . ဒီဘွဲ့ယူပြီး သာသနာနဲ့စပ်လောကုတ္တရာတံဆိပ်ခတ်အပ်တဲ့ဘွဲ့ထူး သာသနာပြုဖို့ရာ ဒီဘွဲ့ထူးကြီးတွေ ရပြီးသကာလ သာသနာတော်ဝန်ထမ်းဆောင်နိုင်ဖို့ရာ. . . လို့ဆိုပြီတော့ အိပ်ချင်ပေမယ့် မအိပ်ရဘူးဆိုတော့ အိပ်ချင်တဲ့ကိစ္စ စွန့်လွှတ်ရတာပဲမဟုတ်လား? *မှန်ပါဘုရား*။

အဲဒီလို သွားချင်တာတွေစွန့်လွှတ်ရ၊ လာချင်တာတွေစွန့်လွှတ်ရ၊ နေချင်တာတွေစွန့်လွှတ်ရ၊ အိပ်ချင်တာတွေစွန့်လွှတ်ရ၊ အစရှိသည်ဖြင့်စွန့် လွှတ်ရမှုတွေကလည်းပဲအနန္တ၊ ကြိုးစားလိုက်ရတဲ့သဒ္ဓါ, ဆန္ဒ, ဝီရိယ, ဓာတ် တွေ. . . ဒီစာမေးပွဲတစ်ပွဲအောင်မြင်ဖို့၊ အရေးအတွက်ပဲယုံကြည်ချက် သဒ္ဓါ ပြင်းပြင်းနဲ့အားထုတ်ရတယ်ဆိုတော့ သဒ္ဓါဓာတ်တွေကလည်း မနည်းဘူးနော်၊ *မှန်ပါဘုရား*၊ ကြိုးစားအားထုပ်ရ, လုံ့လစိုက်ရ, ကြောင့်ကြစိုက်ရတဲ့ ဝီရိယဓာတ်တွေ၊ ဘုရားသာသနာတော်ကြီးကို ကြည်ညိုမှီခိုပြီးတော့ အားထုပ်စေ့ဆော် ရတဲ့စေတနာဓာတ်တွေ၊ အဲဒီသဒ္ဓါ, ဝီရယ, ပညာဆိုတဲ့ ဓာတ်တွေကလည်း ပဲ တစ်ပွဲတစ်ပွဲ အောင်မြင်ရေးအတွက်မှာ အများကြီးရင်းနှီးရပါတယ်၊ သိမ်းဆည်းရပါတယ်၊ ဒီတော့ ရှစ်ခုသော ဘွဲ့ထူးဂုဏ်ထူးကြီးတွေကို ရအောင်ကြိုးစား အားထုတ်ခဲ့ရတဲ့

http://www.dhammadownload.com



အရှင်သိရိန္ဒာဘိဝံသရဲ့ ခန္ဓာငါးပါး ရုပ်ဓာတ်နာမ်ဓာတ်တရားသည် ဘယ်လောက် ပြင်းပြတဲ့ သဒ္ဓါ ဓာတ်၊ ဘယ်လောက်ပြင်းပြတဲ့ စေတနာ၊ ဘယ်လောက်ပြင်းပြတဲ့ ဝီရိယဓာတ် တွေ၊ ဘယ်လောက်ထက်သန်တဲ့ သဒ္ဓါဓာတ်တွေ စုနေတယ်ဆိုတာ နှိုင်းဆလို့၊ တိုင်းတာလို့ မရလောက်အောင်ဘဲ ဦးမြင့်ဦးရဲ့နော်၊ မှန်ပါဘုရား။ ဒီတော့ ဒီလိုပုဂ္ဂိုလ်ဟာ ပါရမီရှင် သာသနာ့အာဇာနည် ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မွန်ဆိုတာ သေချာတာပေါ့ ဦးမြင့်ဦးရဲ့နော်၊ မှန်ပါဘုရား။ တစ်နယ်လုံးမှာမှ တစ်ယောက်ထွန်း၊ ယောနယ်တစ်နယ်လုံးမှာမှ တစ်ယောက်ထွန်း၊ သားကောင်းတစ်ယောက်၊ ကျောက်ကောင်းတစ်စေ့ ဆိုသလို၊ ယောနယ်ကြီးရဲ့ ကျက်သရေဆောင်ပြီးတော့ ထွက်ပေါ်လာခဲ့တဲ့၊ မွေးဖွားလာခဲ့တဲ့သားရတနာ၊ ဒီလိုသားမှ မွေးတယ်လို့ခေါ် ရတယ်တဲ့၊ ဦးမြင့်ဦးရဲ့နော်၊ မှန်ပါဘုရား။ သူ့လို ကိုယ့်လို မွေးနေကြတဲ့ အမွေး၊ မွေးဖွားလာတဲ့ သားတွေကတော့ မဆန်းပါဘူး . . . တဲ့၊ ဘုန်းကြီးတို့ ဟိတောပဒေသဆိုတဲ့ ကျမ်းမှာလာတဲ့ ဂါထာလေးက-

* သ ဇာတော ယေန ဇာတေန, ယာတိဝံသော သမုန္နတိ၊
ပရိဝတ္တိနိ သံသာရေ, မတော ကောဝါ န ဇာယတေ။

ဇာတေန-ရှေးကံအထူး, ရှိခဲ့ဖူးသဖြင့်, မီးရှူးသန့်စင်, ဖွားမြင်၍လာသော၊ ယေန ပုတ္တေန-ကျောက်ကောင်းတစ်လုံး, ပမာသုံးလို့, တိုင်းလုံးထင်ရှား, အကြင်သားကြောင့်၊ ဝံသော-ဆွေရင်းမျိုးချာ, သူသူငါမှ, မကသယ်ကြုံး, တစ်နယ်လုံးသည်၊ သမုန္နတိ-အောက်တန်းကမြင့်, အဆင့်ဆင့်ဖြင့်, စွင့်စွင့်တက်လှမ်း, အထက်တန်းသို့၊ ယာတိ-ယခုလည်းကောင်း, နောင်လည်းကောင်းလျှက်, ကောင်းကောင်းပုံသေ, ရောက်ရပေ၏၊ သော ပုတ္တော-တင်နွယ်လုံးတွင်, စုံအလင်ဖြင့်, ဂုဏ်အင်ပွားကြောင်း, ထိုကဲ့သို့သော သားကောင်းသည်၊ ဇာတော-အမျိုးသားတို့, တိုးပွားဖို့ရာ, မွေးဖွားသည်ဟု ဆိုထိုက်ပါ၏. . .။

ဟိတောပဒေသလာတဲ့ ဂါထာ ဦးမြင့်ဦးနော်၊ မှန်ပါဘုရား။ လောကထဲမှာ. . . တဲ့၊ သားတစ်ယောက်၊ သို့မဟုတ် သမီးတစ်ယောက် မွေးဖွား ထွန်းပေါ် ပေါက်ပြီးတော့ လာတယ်ဆိုတာ. . . တဲ့၊ သူသူငါငါ၊ မွေးဖွားထွန်းပေါ်ပေါက် နေကြ တာချည့်ပဲတဲ့၊ သာမန် သူ့လိုငါ့လို မထင်မရှား မွေးဖွားထွန်းပေါ်ပေါက် နေတာတွေကိုတော့ မွေးဖွားတယ်လို့ မဆိုထိုက်ပါဘူး. . . တဲ့၊ မဆိုထိုက်ပါဘူး နော်၊ မှန်ပါဘုရား။ ဘာပြုလို့တုန်းဆိုတော့ ပရိဝတ္တိနိ သံသာရေ-တပြောင်းပြန်ပြန်, အဖန်ဖန်ဖြင့်, မှန်မှန်ပြောင်းလွဲ, သံသရာထဲ၌၊ မတော-တစ်ဘဝဇာတ်,

* ဟိတောပဒေသ-၁၅။

http://www.dhammadownload.com



အဆုံးသတ်၍, နေရပ်ရှောင်သွေ, သေလေပြီးသော၊ ကောဝါ-ဘယ်နတ် ဘယ်လူ, အဘယ်သူသည်မူလည်း၊ န ဇာယတေ-ရုပ်သစ်နာမ်သစ်, ခန္ဓာသစ်ဖြင့်, အသစ်လဲခါ, မဖြစ်ဘဲ ရှိပါအံ့နည်း. . .॥

ဘယ်သူမဆို. . . တဲ့ ဒီတစ်ပြောင်းပြန်ပြန် ကျင်လည်နေရတဲ့ ဒီသံသရာခရီးကြီးထဲမှာ သေသွားပြီးတဲ့နောက် ထပ်ပြီးတော့ဖြစ်တယ်၊ မွေးဖွားတယ်ဆိုတာဟာ ဘယ်သူမဆိုမွေးဖွားကြမှာချည့်ပဲ. . . တဲ့၊ အညတြမွေးဖွားတာတွေတော့ စာမဖွဲ့လောက်ပါဘူး. . . တဲ့၊ စာမဖွဲ့လောက်ပါဘူးတဲ့နော်၊ *မှန်ပါဘုရား*၊ ဘာပြုလို့တုန်းဆိုတော့ ဘုန်းကြီးတို့ ဒီအနမတဂ္ဂ သံသရာကြီးထဲမှာ မွေးသေ, မွေးသေ, မွေးသေနဲ့ ရလာလိုက်ကြတာ၊ မွေးလိုက် သေလိုက်၊ သေပြီးတော့ တခါပြန်မွေးလိုက်၊ မမွေးခဲ့ရဖူးလား? *မွေးခဲ့ပါဘုရား*၊ ဇာတိအဖြစ်နဲ့ပြန်မဖြစ်ကြရဘူးလား? *ဖြစ်ရပါတယ်ဘုရား*၊ အဲဒီအဖြစ်တွေက လူ့အဖြစ်နဲ့ပြန်ဖြစ်၊ ခွေးအဖြစ်နဲ့ပြန်ဖြစ်၊ နွားအဖြစ်နဲ့ပြန်ဖြစ်၊ ပိုးမွှားတိရစ္ဆာန်တွေအဖြစ်နဲ့ပြန်ဖြစ်၊ သေတဲ့ပုဂ္ဂိုလ်တစ်ယောက် ပြန်ဖြစ်လာတယ်၊ မွေးဖွားလာတယ်ဆိုတာဟာ လောကကြီးမဆန်းဘူး. . . တဲ့၊ သူ့သူငါငါ ဒီလိုချည်းပဲ၊ ဒီတော့ သာမညပုဂ္ဂိုလ်တွေရဲ့ ဒီမွေးဖွားမှုကို မွေးဖွားတယ်လို့၊ ဖြစ်လာတယ်လို့တောင် မပြောထိုက်ဘူးတဲ့၊ ဘယ်လိုပုဂ္ဂိုလ်ကိုမှ မွေးဖွားလာတယ်လို့ ဆိုထိုက်တုန်းဆိုတော့॥

ဇာတေန-ရှေးကံအထူး, ရှိခဲ့ဖူးသဖြင့်, မီးရှူးသန့်စင်, ဖွားမြင်၍လာသော၊ ယေန ပုတ္တေန-ကျောက်ကောင်းတစ်လုံး, ပမာသုံးလို့, တိုင်းလုံးထင်ရှား, အကြင်သားကြောင့်၊ ဝံသော-ဆွေရင်းမျိုးချာ, သူ့သူငါမျှ, မကသယ်ကြုံး, တစ်နယ်လုံးသည်၊ သမုန္နတိ-အောက်တန်းကမြင့်, အဆင့်ဆင့်ဖြင့်, စွင့်စွင့်တက်လှမ်း, အထက်တန်းသို့၊ ယာတိ-ယခုလည်းကောင်း, နောင်လည်းကောင်းလျှက်, ကောင်းကောင်းပုံသေ, ရောက်ရပေ၏॥

အခု အရှင်သိရိန္ဒာဘိဝံသတည်းဟူသော "သားကောင်းတစ်ယောက် ကျောက်ကောင်းတစ်စေ့" ထွန်းပေါ်ပေါက်လာလိုက်တော့ ယောနယ်လို့ဆိုတဲ့ နေရာဌာနကြီးမှာ အရှင်သိရိန္ဒာဘိဝံသတည်းဟူသော စန္ဒာလမင်းကြောင့် ယောနယ်ကြီးတခွင် ထင်ရှားမလာဘူးလား ဦးမြင့်ဦးရဲ့? *မှန်ပါဘုရား*။ ယောနယ်သူနယ်သားတွေ၊ ယောနယ်ရဲ့အကြောင်းတွေ၊ ယောနယ်နဲ့စပ်တာတွေ အရှင်သိန္ဒာဘိဝံသကို အကြောင်းပြုပြီးတော့ အဆင့်မြင့်မလာပေဘူးလား? *လာပါဘုရား*၊ တိပိဋကဓရအရှင်သိရိန္ဒာဘိဝံသတဲ့ ဟ၊ သာသနာတော်နဲ့စပ်တဲ့ လောကုတ္တရာတံဆိပ်ခတ်အပ်တဲ့ ဘွဲ့ထူးဂုဏ်ထူးကြီးရှစ်ရပ်ကို သဒ္ဓါ, ဝိရိယ, ဆန္ဒ, ပြင်းပြစွာနဲ့ ရရှိတော်မူလာတဲ့ သာသနာ့အာဇာနည်ပုဂ္ဂိုလ်တဲ့ဟ. . .၊ သူက ဘယ်ကတုန်း၊

http://www.dhammadownload.com



ယောနယ်ကတဲ့. . လို့ဆိုတော့၊ သူနဲ့တွဲပြီးတော့ ယောနယ်ဟာ မြင့်တက်မသွားဘူးလား? *မြင့်တက်သွားပါဘုရား*။ သူ့ရဲ့မိဘ ဒကာဦးရဲနိုင် ဒေါ်တုတ်ခိုင်တို့ပင် မကၤ ယောနယ်သူနယ်သား ဒကာဒကာမအပေါင်း အဆင့်မြင့်မသွားဘူးလား? မြင့်*ပါတယ်ဘုရား*။ ဒါကြောင့်-

ဇာတေန-ရှေးက်အထူး, ရှိခဲ့ဖူးသဖြင့်, မီးရှူးသန့်စင်, ဖွားမြင်၍လာသော၊ ယေန ပုတ္တေန-ကျောက်ကောင်းတစ်လုံး, ပမာသုံးလို့ တိုင်းလုံးထင်ရှား, အကြင်သားကြောင့်. . .။ ဒီနေ့ အရှင်သိရိန္ဒာဘိဝံသဟာ တစ်တိုင်းလုံး ထင်ရှားတဲ့သား တစ်ယောက် ဖြစ်သွားပြီမဟုတ်လား? *မှန်ပါဘုရား*။ *တိပိဋကဓရ*, *တိပိဋကဓရ* ဆိုတော့ မြန်မာတစ်နိုင်ငံလုံး ယောနယ်သာမက၊ မြန်မာတစ်နိုင်ငံလုံးရဲ့ ဂုဏ်ကို ဆောင်တဲ့ပုဂ္ဂိုလ်၊ သားကောင်းတစ်ယောက် ဖြစ်မသွားဘူးလား? *ဖြစ်သွားပါဘုရား*။ ယောနယ်သူနယ်သားတွေတင်မကတော့ဘူး၊ တစ်နိုင်ငံလုံးကို ကျက်သရေဆောင် ဖြစ်သွားပြီနော်၊ *မှန်ပါဘုရား*။ ဒါကြောင့်-

ယေန ပုတ္တေန-ကျောက်ကောင်းတစ်လုံး, ပမာသုံးလို့ တိုင်းလုံးထင်ရှား, အကြင်သားကြောင့်၊ ဝံသော-ဆွေရင်းမျိုးချာ, သူသူငါမှု, မကသယ်ကြုံး, တနယ်လုံးသည်. . .။ ယောနယ်နဲ့ ပြောလို့ရှိရင်လည်းပဲ အရှင်သိရိန္ဒာဘိဝံသရဲ့ ဆွေရင်းမျိုးချာ, မိဘနှစ်ပါး, ညီအကိုမောင်နှမတွေသာမက၊ ယောနယ်သူနယ်သား တစ်နယ်လုံးကျက်သရေ ရှိမလာဘူးလား ဦးမြင့်ဦးရဲ့? *ရှိပါဘုရား*။ ယောနယ်သူနယ်သားတွေသာမက တိပိဋကဓရဆိုတဲ့ ဘွဲ့ထူးဂုဏ်ထူးကြီးကို အကြောင်းပြုပြီး ယနေ့ မြန်မာနိုင်ငံ ကျက်သရေရှိလာတယ်၊ မြန်မာနိုင်ငံမှာ ဂုဏ်တက်လာတယ်၊ မြန်မာနိုင်ငံမှာ ဂုဏ်ရှိလာတယ်ပေါ့ ဦးမြင့်ဦး နော်၊ *မှန်ပါဘုရား*။ ဒါဖြင့် အဲဒီလိုသားကြောင့်-

ဝံသော-ဆွေရင်းမျိုးချာ, သူသူငါမှု, မကသယ်ကြုံး, တနယ်လုံးသည်၊ သမုန္နတိ-အောက်တန်းကမြင့်, အဆင့်ဆင့်ဖြင့်, စွင့်စွင့်တက်လှမ်း, အထက်တန်းသို့၊ ယာတိ-ယခုလည်းကောင်း, နောင်လည်းကောင်းလျှက်, ကောင်းကောင်းပုံသေ, ရောက်ရပေ၏. . .။ အဲဒီလို အမျိုးအနွယ်နှင့်တကွာ မိမိရဲ့ပတ်ဝန်းကျင် အမျိုးသားတွေ၊ အမျိုးသမီးတွေ၊ တိုင်းပြည်၊ နိုင်ငံကျက်သရေဆောင်လို့ဆိုတဲ့ ဒီလိုသားမျိုးမွေးဖွားလာတာကိုမှ မွေးဖွားတယ်. . . လို့ လောကကြီးထဲမှာ မွေးဖွားလာတယ်လို့ ခေါ်ထိုက်ပါတယ်တဲ့နော်၊ မှန်ပါဘုရား။ သော ပုတ္တော-တစ်နယ်လုံးတွင်, စုံအလင်ဖြင့်, ဂုဏ်အင်ပွားကြောင်း, ထိုကဲ့သို့သော သားကောင်းသည်၊ ဇာတော-အမျိုးသားတို့, တိုးပွားဖို့ရာ, မွေး ဖွားသည်ဟု ဆိုထိုက်ပါပေ၏. . .။

http://www.dhammadownload.com



ဒီလိုသားမှ မွေးဖွားတဲ့ သားလို့ခေါ်ထိုက်ပါတယ်. . . တဲ့၊ သူသူငါငါ ဘုန်းကြီးတို့၊ ဒကာဦးမြင့်ဦးတို့လို သာမန်ပုဂ္ဂိုလ်တွေဆိုရင် မွေးဖွားတယ်လို့ တောင် မခေါ်ထိုက်ပါဘူးတဲ့၊ ဘာပြုလို့တုန်းဆိုတော့၊ မွေးဖွားတယ်ဆိုတာ တခြား မဟုတ်ဘူး. . တဲ့၊ လောကကြီးထဲသေပြီးရင် မွေးတယ်ဆိုတာက ဖြစ်ကြမယ့် ထုံးစံကြီး မဟုတ်လား၊ ဦးမြင့်ဦးရဲ့? *မှန်ပါဘုရား*၊ ဒကာဦးမြင့်ဦးတို့ တစ်တွေ မွေးဖွားမှုက တကတည်းပွဲထဲက ပြောသလို တို့ လူလေးများဆိုသလေလေး . . .၊ ဝေလေလေဆိုတဲ့ထဲက အမွေးမျိုးလား ဦးမြင့်ဦးရဲ့? *မှန်လှပါဘုရား*။

ရှေးကတောရွာကလူတစ်ယောက်၊ အလုပ်အကိုင်မရှိတာနဲ့ မြို့တက်သွားတယ်၊ မြို့တက်သွားတော့ မြို့ကျတော့ အလုပ်ရှာရင်းနဲ့ ဇာတ်အဖွဲ့တစ်ခုထဲ ရောက်သွားတယ်၊ ဒါနဲ့ဇာတ်အဖွဲ့တစ်ခုထဲသူရောက်နေတဲ့အကြောင်း သူ့မိဘတွေ တောရွာက သူ့ညီအကိုမောင်နှမတွေဆီ စာလှမ်းရေးတယ်၊ ငါတော့ ဘယ်ဇာတ် အဖွဲ့ကြီးထဲရောက်နေတယ်၊ ဇာတ်အဖွဲ့ကလည်းနာမည် ကကြီးကြီး၊ နောက်တော့ အကြောင်းအားလျော်စွာ အဲဒီဇာတ်အဖွဲ့ကြီးက သူတို့ရွာဘုရားပွဲပြန်ပြီးတော့ကဖို့ အခွင့်ကြုံလာ၊ ဒါနဲ့ သူကစာကြိုရေးတယ်၊ "ဟေ့ ငါပါနေတဲ့ ဇာတ်အဖွဲ့ကြီးက ငါတို့ရွာပြန်ကဖို့ရာ လာငှါးလို့ တို့ရွာ ဘုရားပွဲလာပြီးတော့ ကမယ်"လို့ဆိုပြီးတော့ စာလှမ်းရေးလိုက်တယ်၊ ဒီတော့ ရွာက မိဘတွေညီကိုမောင်နှမတွေက၊ "တို့အကို ပါတဲ့ ဇာတ်အဖွဲ့ကြီးလာမှာတဲ့၊ တို့ ညီပါတဲ့ ဇာတ်အဖွဲ့ကြီးလာမှာတဲ့၊ တို့သားပါတဲ့ ဇာတ်အဖွဲ့ကြီးတဲ့ ဟ" မျှော်ကြတယ်ပေါ့၊ နောက်ဇာတ်အဖွဲ့ကြီးရောက်လာ၊ ရောက်လာတော့ ညပွဲကြည့်ထွက်ကြတာပေါ့၊ တို့အကိုပါသတဲ့ တို့ဦးပါသတဲ့၊ တို့တူပါသတဲ့နဲ့ ဆွေတွေမျိုးတွေ တစ်သိုက်ကြီး၊ "ဘယ်အခန်းကထွက်လာမလဲ ပဲကွ တို့အကို ကတော့၊ ဘယ်အခန်းကထွက်လာမလဲဟေ့ တို့ညီကတော့" နဲ့ ဟာ---တခါထဲ သူတို့ရွာကလူပါတယ်ဆိုတော့ ထွက်လာပြီးတော့ကြည့်ကြ။

ညကျတော့ အချိန်ကျတော့ ပွဲထုံးစံအတိုင်း၊ ပွဲဦးထွက်ကစပြီးတော့ ပွဲတွေထွက်၊ ထွက်စရာတွေရှိတာထွက်၊ ဟိုအခန်းထွက်လာလည်းသူတို့ လူမ ပါသေဘူး၊ ဒီအခန်းထွက်လာလည်း သူတို့လူမပါသေး၊ မက်ပြီးတော့ကြည့် လိုက်ကြရတာ အောက်ကမျှော်နေကြတာ၊ "ဘယ်အခန်းကများ ထွက်လာမတုန်း၊ မင်းသားခန်းကထွက်လာမလား၊ ရှင်ဘုရင်ခန်းကထွက် လာမလားဟ၊ ဝန်ကြီးခန်း ကထွက်လာမလားဟ"၊ ဘယ်အခန်းက မှမပါ လာဘူး၊ သန်းခေါင်လောက်ရောက် သွား၊ ဒါနဲ့သာ ထွက်နိုးထွက်နိုးနဲ့၊ ဘယ် အခန်းတုန်း၊ ဘယ်အခန်းတုန်းနဲ့ စောင့်ရင်းစောင့်ရင်းနဲ့၊ တချို့ကလည်း"ဟေ့ သွားကြည့်စမ်းအုန်းကာလိပ်ဆွဲတဲ့ နေရာများရောက်နေသလားလို့ဆိုပြီး သွားကြည့်တယ်၊ မဟုတ်ဘူး၊ ဒါနဲ့သာ

http://www.dhammadownload.com



ပွဲသာပြီးသွားရော, သူတို့ညီ, သူတို့အကို, သူတို့မောင်, သူတို့သား, ဘယ်အခန်းက ထွက်မှန်းကို မသိလိုက်ရဘူး၊ မနက်ကျတော့ ပွဲကပြီးလို့ထုံးစံအတိုင်း အိမ်အလည် လာတော့မှ "ဟာကွာ. . . တို့စောင့်လိုက်ရတာ၊ မင်းဘယ်အခန်းကများ ထွက်လာ မှာလဲလို့ကြည့်လိုက်ရတာ မင်းကလဲဘယ်နားမှ မတွေ့ပါလား၊ ဘယ်အခန်း ကထွက်တာတုန်း"လို့ဆိုတော့ "သြော်. . . မမြင်ဘူးလား၊ ဟိုမှာ ဇာတ်ထုပ်ထဲ မယ်လေ၊ ရှင်ဘုရင်ကနေပြီးတော့ သူခိုးဓားပြတွေလိုက်ဖမ်းတဲ့ အခါကျတော့ ဝန်ကြီးတဦးက"တို့လူလေးများ ဆိုသလေးလေး. . . ဝေလေလေး. . ." ဆို ကားလိပ်နောက်က အော်တာ၊ အဲဒီထဲ ငါပါတယ်ဗျ"လို့၊ ဦးမြင့်ဦးတိုက ဇာတမွေး ဖွားတာက အဲဒီ ဝေလေလေထဲက အမွေးမျိုးဖြစ်မှာပေါ့နော်။

ယခု အရှင်သိရိန္ဒာဘိဝံသရဲ့မွေးဖွားမှုကတော့ အားလုံးမော်ကြည့်ရ၊ အားလုံးအဆင့်မြင့်စေတဲ့ မွေးဖွားမှု၊ ဒါကြောင့် ဒီလိုသားကောင်းတစ်ယောက် ကျောက်ကောင်းတစ်စေ့ဆိုတဲ့ ပုဂ္ဂိုလ်မျိုးကိုသာလျှင် မွေးဖွားလာတယ်လို့ ခေါ်ထိုက် ပါတယ်၊ ဟိတောပဒေသကချီးကျူးထားတယ် ဒကာဦးမြင့်ဦးရဲ့နော်၊ ဒီတော့ အရှင်သိရိန္ဒရဲ့လောကကြီးထဲမှာပေါက်ဖွား၊ ထွန်းကားလာမှုဟာ ဂုဏ်သရေ ဆောင်၊ ကြက်သရေဆောင်မွေးဖွားလာခြင်း. . . လို့၊ သာသနာ့ကျက်သရေ ဆောင်၊ သာသနာ့အာဇာနည်ပုဂ္ဂိုလ်တစ်ယောက်အဖြစ်နဲ့ ထွန်းပေါ်ပေါက်လာ ခြင်း၊ ဒီတော့ ယနေ့ အဲဒီအရှင်သိရိန္ဒာဘိဝံသဘွဲ့ထူးဂုဏ်ထူးကြီး(၈)ရပ်ကိုလက် ကိုင် မိမိ ရရှိတော်မူတဲ့ အရှင်သိရိန္ဒာဘိဝံသကို ယနေ့ ပူဇော်ကြ၊ မြတ်နိုးကြ၊ ကော်ရော်ကြ၊ နက်ဖြန်ခါ မြတ်နိုးကော်ရော်ကြတဲ့ ဒကာဒကာမတွေ. . . မိမိတို့ လည်း၊ ဒီဘွဲ့ထူးဂုဏ်ထူးမျိုးကြီးတွေနဲ့ သာသနာနဲ့စပ် လောကုတ္တရာတံဆိပ် ခတ်နှိပ်အပ်တဲ့ ဘွဲ့ထူးဂုဏ်ထူးကြီးတွေရပြီးတော့ မဂ်ဖိုလ်နိဗ္ဗာန် ဧကန်မျက်မှောက် ရောက်ရပါလို၏. . . လို့ ဒီလိုဆုပန်ပြီးတော့ ပူဇော်ကြရမယ်ဦးမြင့်ဦးနော်၊ မှန်ပါဘုရား။

ဒီတော့ ဘွဲ့ထူးဂုဏ်ထူးက နှစ်မျိုးရှိတယ်၊ လောကီနဲ့စပ်တဲ့ ဘွဲ့ထူးဂုဏ် ထူး၊ လောကုတ္တရာနဲ့စပ်တဲ့ ဘွဲ့ထူးဂုဏ်ထူး. . လို့ ဂုဏ်ထူးနှစ်မျိုးရှိပါသည်၊ လောကီနဲ့စပ်တဲ့ ဂုဏ်ထူးကြီးဆိုတာကျတော့၊ ဘုန်းကြီးတို့ ဒကာဦးမြင့်ဦးတို့ ခုလောကမှာ စက်ပိုင်ကြီးတဲ့၊ ပွဲစားကြီးတဲ့၊ သူဌေးကြီးတဲ့ဆိုတဲ့ ဂုဏ်ထူးတွေ မရှိကြဘူးလား ဦးမြင့်ဦး? ရှိပါဘုရား၊ အဲဒီဂုဏ်ထူးတွေကလောကီနဲ့စပ်တဲ့ လောကီဂုဏ်ထူး၊ လောကီနယ်ကဖြစ်တဲ့ဂုဏ်ထူးတွေ၊ အဲဒီလောကီဂုဏ်ထူး တွေလည်းပဲရအောင်ကြိုးစားမနေကြရဘူးလား? ကြိုးစားကြရပါဘုရား၊ ပွဲစား ကြီးတဲ့၊ စက်ပိုင်ကြီးတဲ့၊ ဆန်စက်ပိုင်ကြီး၊ သစ်စက်ပိုင်ကြီး၊ သူဌေးကြီး၊ မင်းကြီး

http://www.dhammadownload.com



စိုးကြီးအစရှိသည်ဖြင့် ဘွဲ့ထူးဂုဏ်ထူးတွေနဲ့၊ နာမည်ရဲ့နောက်ကနေပြီးတော့ တပ်တဲ့ဂုဏ်ထူးတွေနဲ့ ပြောရမယ်ဆိုရင်၊ (I.A)တဲ့ (B-A)တဲ့ မဟာဝိဇ္ဇာတဲ့ (M-A)တဲ့ (M-D-C)နဲ့ စသည်ဖြင့် ဒေါက်တာ ဘာတို့၊ ဒီဘွဲ့ ထူးကြီးတွေလည်းပဲ၊ လောကီနယ်မှာမရှိဘူးလား? ရှိပါဘုရား၊ အဲဒီ ဘွဲ့ထူးဂုဏ်ထူးတွေက လောကီ ဂုဏ်ထူး။

ယခုလို သာသနာတော်နဲ့စပ် လောကုတ္တရာတံဆိပ်ခပ်အပ်တဲ့ အရှင်သိရိန္ဒာဘိဝံသတို့လို ရတဲ့ဘွဲ့ထူးဂုဏ်ထူးတွေက လောကုတ္တရာနယ်ကဂုဏ်ထူး။ တစ်ခါ ဒကာဒကာမတွေအတွက်လည်းပဲ လောကုတ္တရာဂုဏ်ထူးတွေ၊ သာသနာနဲ့ စပ်တဲ့လောကုတ္တရာဂုဏ်ထူးတွေရှိတယ်၊ ဘုရားတရားသံဃာ ရတနာသုံးပါးကို လေးမြတ်ကြည်ညို ရိုသေဆည်းကပ်တတ်လေသောကြောင့် ဉပါသကာဆိုတဲ့ ဘွဲ့ထူး၊ ဉပါသကာဆိုတာ ဂုဏ်ထူးတရပ် ဦးမြင့်ဦးရဲ့နော်၊ *မှန်ပါဘုရား*။ သာမန်များ မထင်လိုက်နဲ့၊ ဘုရားတရားသံဃာ ရတနာသုံးပါးကို မှီခို၊ ကြည်ညိုအားထားဆည်းကပ်တဲ့ သူကိုမှ၊ အနည်းဆုံး"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ, ဓမ္မံ သရဏံ ဂစ္ဆာမိ, သံဃံ သရဏံ ဂစ္ဆာမိ "လို့ ဆောက်တည်တဲ့ သူကိုမှ ဉပါသကာလို့၊ ဉပါသိကာမလို့ ဒီဘွဲ့ထူးရနိုင်တာ ဒကာဦးမြင့်ဦးရဲ့နော်၊ *မှန်ပါဘုရား*။ ပစ္စည်းလေးပါးနဲ့ သာသနာ တော်ကို ထောက်ပံ့ကူညီလှူဒါန်းဖေါ် ရလို့ ဒါယကာ၊ ဒါယကာဆိုတာလည်း လောကုတ္တရာနယ်က ဘွဲ့ထူးဂုဏ်ထူးတစ်ခုပဲ၊ *မှန်ပါဘုရား*။ ဒီတော့ လှူဒါန်းပေး ကမ်းစွန့်ကြလေ့ရှိတဲ့ အမျိုးသားကျတော့ ဒါယကာ၊ အမျိုးသမီးကျတော့ ဒါယိကာမ၊ ကျောင်းဆောက်ပြီးတော့လှူတဲ့ ဒကာကျတော့ ကျောင်းဒကာ၊ ကျောင်းအမ၊ ဒီဘွဲ့ထူးတွေမရှိကြဘူးလား? *ရှိပါဘုရား*။

ဇရပ်တန်ဆောင်း ကျောင်းကန်တွေ ဆောက်ကြတော့ ဇရပ်အမ၊ တန်ဆောင်းအမ၊ အဲဒါလောကုတ္တရာနယ်က ဂုဏ်ထူးတွေနော်၊ မှန်ပါဘုရား၊ ဘုရားတည်တယ်၊ ဆင်းတုတော်ရုပ်ပွားတော် ကိုးကွယ်တယ်ဆိုတော့ ဘုရားဒကာ၊ ဘုရားအမ၊ ဒါဂုဏ်ထူးတွေပဲ မဟုတ်လား? *မှန်ပါဘုရား*။ ပုဂ္ဂိုလ်တစ်ယောက်ကို ပြောပြီဆိုလို့ရှိရင် ကျောင်းဆောက်ထားရင်ကျောင်းဒကာ၊ ကျောင်းအမထည့်ခေါ်တယ်၊ ဘုရားတည်ထားတော့ ဘုရားဒကာ၊ ဘုရားအမပေါ့၊ ဉပါသကာဒါယကာ ဆိုတဲ့ ရိုးရာဘွဲ့ထူးအပြင်၊ ကျောင်းဒကာ, ကျောင်းအမ, ဘုရားဒကာ, ဘုရားအမ၊ တန်ဆောင်းဒကာ, တန်ဆောင်းအမစသည်ဖြင့် ဘွဲ့ထူးတွေ. . . ဒါနနဲ့စပ်ပြီးတော့ မရှိဘူးလားဦးမြင့်ဦးရဲ့? *ရှိပါဘုရား*။

သီလသိက္ခာ(၅)ပါးသီလတွေထိန်းသိမ်းစောင့်ရှောက်ဖော်ရတော့ သီလဝန္တဉပါသကာ၊ ဉပါသိကာမ၊ ဟော သီလဝန္တ. . . တဲ့၊ ဒါလည်းပဲ ဘွဲ့ထူးတမျိုး၊

http://www.dhammadownload.com



သီလသိက္ခာရှိပြီ၊ သီလလုံပြီဆိုရင်၊ အဲဒီအမျိုးသားကို သီလဝန္တလို့ခေါ်တယ်၊ *မှန်ပါဘုရား။* (၅)ပါးသီလမှ တဆင့်တက်ပြီး(၈)ပါးသီလ(၉)ပါးသီလ (၁၀)ပါးသီလတွေ လုံအောင်ထိန်းသိမ်းစောင့်ရှောက်နေပြီလို့ဆိုတော့ ဗြဟ္မစာရီမြင့်မြတ် သော အကျင့်ကို ကျင့်နေတဲ့ပုဂ္ဂိုလ်၊ အဗြဟ္မစရိယသိက္ခာပုဒ်ကြီးပါထိန်းသိမ်းပြီးတော့၊ ဗြဟ္မစရိယအကျင့်ကို ကျင့်နေတဲ့ ပုဂ္ဂိုလ်မို့လို့ဗြဟ္မစာရီ. . .၊ ဟော ဒကာဒကာမတွေ ရသင့်ရထိုက်တဲ့ဘွဲ့ထူးတွေ၊ ဟိုတစ်ဘက်က လောကီနယ်က စက်ပိုင်ကြီး, သူဌေးကြီး, ပွဲစားကြီး, မင်းကြီးစိုးကြီး, လောကီဘွဲ့ထူးတွေ တစ်ဘက်ကရအောင် ကြိုးစားရသလို, ရှိကြသလိုပဲ တစ်ဘက်ကလည်းပဲ လောကုတ္တရာနယ်က ကုသိုလ်ကောင်းမှုတွေကို ပြုကြရာက ရနေတဲ့ဘွဲ့ထူးတွေ၊ ဟော ဥပါသကာတဲ့, ဒါယကာတဲ့, ကျောင်းဒကာတဲ့, ကျောင်းအမတဲ့, ဘုရားဒကာတဲ့, ဘုရားအမ, တန်ဆောင်းဒကာ, တန်ဆောင်းအမ, ဇရပ်ဒကာ, ဇရပ်အမ, ဒါ ဒါနနဲ့စပ်တဲ့ဘွဲ့ထူးတွေ ဦးမြင့်ဦးနော်၊ *မှန်ပါဘုရား။*

သီလနဲ့စပ်တဲ့ဘွဲ့ထူးကျတော့ သီလဝန္တ, သို့မဟုတ် ဗြဟ္မစာရီ ဗြဟ္မစာရီဆိုတာကျတော့ (၈)ပါးသီလ အမြဲထိမ်းပြီး၊ အနည်းဆုံး(၈)ပါးသီလ အမြဲထိန်းပြီဆိုရင် ဗြဟ္မစာရီဆိုတဲ့ ဘွဲ့ထူးရတယ်၊ ဘွဲ့ထူးရအောင်ကြိုးစားတဲ့ သူလို့ခေါ်ရတယ်၊ သမထဝိပဿနာအလုပ်တွေ ကြိုးစားပမ်းစားအားထုတ်နေပြီဆိုရင်၊ သမထကမ္မဋ္ဌာန်းတစ်မျိုးမျိုး အားထုတ်နေတဲ့ပုဂ္ဂိုလ်၊ ဗြဟ္မဝိဟာရတရား ပွားများနေတဲ့ပုဂ္ဂိုလ်၊ ဗြဟ္မဝိဟာရီ၊ ဝိပဿနာလုပ်ငန်းကြိုးပန်းအားထုတ်နေပြီဆိုတော့ ယောဂီ လို့မခေါ်ကြဘူးလား ဦးမြင့်ဦး? *ခေါ်ပါဘုရား။* ဒီတော့ ယောဂီဆိုတဲ့ဘွဲ့ထူးက ဝိပဿနာလုပ်ငန်းကြိုးပန်းအားထုတ်မှရမယ့် ဘွဲ့ထူး ဦးမြင့်ဦးရဲ့နော်၊ *မှန်ပါဘုရား။* ဝိပဿနာမကြိုးစားဘဲနဲ့ အချောင်နာမည်ယူထားလို့ရှိရင်တော့ အတုနာမည်ဖြစ်မှာဘဲ ဦးမြင့်ဦးရဲ့နော်၊ *မှန်ပါဘုရား။* အာရဒ္ဓဝိပဿက-ဝိပဿနာအားထုတ်တဲ့ပုဂ္ဂိုလ်၊ ဒီလိုလောကုတ္တရာနယ်ကလည်း ဒကာဒကာမတွေနဲ့စပ်တဲ့ဘွဲ့ထူးဂုဏ် ထူးတွေ ဒါန, သီလ, ဘာဝနာကိုအကြောင်းပြုပြီးတော့ ဘွဲ့ထူးဂုဏ်ထူးတွေ ရှိမနေဘူးလား? *ရှိပါဘုရား။* ဒီတော့ လောကီနယ်ကလည်း ဘွဲ့ထူးဂုဏ်ထူး၊ လောကုတ္တရာနယ်ကလည်း ဘွဲ့ထူးဂုဏ်ထူး၊ အဲဒီဘွဲ့ထူးဂုဏ်ထူးတွေထဲမှာ၊ လောကီနယ်က ဘွဲ့ထူးဂုဏ်ထူးတွေက ဘုံဆိုင်. . . လောကုတ္တရာနယ်က ဘွဲ့ထူးဂုဏ်ထူးတွေက ကိုယ်ပိုင်၊ သတ္တိချင်း ဒီလိုကွာတယ် ဦးမြင့်ဦးရဲ့၊ *မှန်ပါဘုရား။*

❖ လောကီဥစ္စာ, ဂုဏ်ဆိုတာ၊ မှတ်ပါဘုံဆိုင်, ပစ္စည်းတည်း၊
လောကုတ္တရာ, ဂုဏ်ဆိုတာ၊ မှတ်ပါကိုယ်ပိုင်, ပစ္စည်းတည်း။

လောကီနယ်က ပွဲစားကြီး, သူဌေးကြီး, စက်ပိုင်ကြီးဆိုတဲ့ဘွဲ့ထူးကြီး

http://www.dhammadownload.com



ရအောင်ကြိုးစားပြီးတော့ ဦးမြင့်ဦးတို့ထားတော့ စက်ပိုင်ကြီးဘွဲ့ထူး၊ သူဌေးကြီးဘွဲ့ထူးရဖို့အလျှောက် လိုက်ရှာဖွေ၊ ရှာဖွေလို့ ရတဲ့ပစ္စည်း ကိုယ်တစ်ယောက်တည်း စားသုံးရတာဟုတ်လား? *မဟုတ်ပါဘုရား*။ သားမျှကျွေးရတယ်၊ သမီးမျှကျွေးရတယ်၊ ရပ်ရေးရွာရေးတွေ ကူရပင့်ရတယ်၊ မင်းစိုးရာဇာ အခွန်ဘဏ္ဍာတွေ ဆက်ရတယ်ဆိုတော့ ဘုံဆိုင်မဟုတ်ဘူးလား? *ဘုံဆိုင်ပါဘုရား*။ ဒါ့ကြောင့် လောကီနယ်က ဘွဲ့ထူးဂုဏ်ထူးတွေကိုအကြောင်းပြုပြီးတော့ ရထားတာတွေမှန်သမျှ ဘုံဆိုင်ပစ္စည်း. . . တဲ့၊ ဘုံဆိုင် ဘုံဆိုင်သူက၊ လောကုတ္တရာနယ်က ဥပါသကာ၊ ဒါယကာ-သာသနာတော်ကို ပစ္စည်းလေးပါးနဲ့ ထောက်ပံ့လှူဒါန်းလို့ ဒါယကာဆိုတဲ့ ဘွဲ့ထူးကိုရတော့ အဲဒီလှူလိုက်တဲ့ ကုသိုလ်က ဒီဘွဲ့ထူးကို ရအောင် ကြိုးစားပြလိုက်တဲ့ကုသိုလ်က ဘယ်သူ့မျှပေးရသေးတုန်း ဦးမြင့်ဦးရဲ့? ကိုင်ပိုင်ရတာပဲ မဟုတ်လား? *ကိုယ်ပိုင်ရပါဘုရား*။

ဘုရားတည်လိုက်တော့ ဘုရားဒကာ,ဘုရားအမ, အဲဒီဘွဲ့ထူးဂုဏ်ထူးနဲ့ လိုက်လျောညီထွေစွာ ဘုရားတည်တဲ့ ကုသိုလ်ကောင်းမှုတွေရတယ်၊ ကျောင်းဒကာ၊ ကျောင်းအမဖြစ်လို့ ကျောင်းဆောက်ပြီးတော့ကိုးကွယ်တော့ ကျောင်းဒကာ ကျောင်းအမဆိုတဲ့ သာသနာတော်နဲ့စပ်တဲ့ လောကုတ္တရာတံဆိပ်ခတ်အပ်တဲ့ ဘွဲ့ထူးဂုဏ်ထူးကြီးတွေကိုရတယ်၊ အဲဒီ ရတဲ့ဘွဲ့ထူးဂုဏ်ထူးနဲ့ လိုက်လျောညီထွေစွာ ကိုယ့်မှာဖြစ်သွားတဲ့ ကုသိုလ်တွေ၊ ကိုယ်ပိုင်မရဘူးလား? *ရပါဘုရား*၊ ကိုယ်လုပ်ကိုယ်ရ၊ ကိုယ်ပြု ကိုယ်ရ မဟုတ်ဘူးလား? *မှန်ပါဘုရား*။ ဒါ့ကြောင့် သီလဝန္တ, ဗြဟ္မာ့စာရီ, သီလကိုလုံခြုံအောင်ထိမ်း၊ ဗြဟ္မာ့စာရီ (၈)ပါးသီလ၊ (၉)ပါး သီလတွေကို ရာသက်ပန်လုံခြုံအောင်ထိမ်း၊ ဥပေါသထိက ဥပုသ်နေ့မှာ ဥပုသ်စောင့်တော့ ဥပေါသထိကဗြဟ္မာ့စာရီ၊ အဲဒီဘွဲ့ထူးဂုဏ်ထူးတွေနှင့်တကွ တရားဘာဝနာအလုပ်တွေ၊ သမထဘာဝနာအလုပ်တွေ အားထုတ်တဲ့ ဗြဟ္မာ့ဝိဟာရီ၊ ဝိပဿနာအလုပ်တွေ အားထုတ်တဲ့ ယောဂီ. . . လို့ ဆိုတဲ့ ဒီဘွဲ့ထူးတွေကို ချတာဟာ (ဝါ)-ဒီဘွဲ့ထူးတွေကို ရခြင်းရဲ့အကြောင်း ကုသိုလ်တွေဟာ ကိုယ်လုပ်လို့ ကိုယ်ရ၊ ကိုယ်ပိုင်ဖြစ်ကြပါသည်၊ မဟုတ်ဘူးလား? *ဟုတ်ပါဘုရား*။ ဒါ့ကြောင့် လောကီနယ်က ဘွဲ့ထူးဂုဏ်ထူးနဲ့ လောကုတ္တရာနယ်က ဘွဲ့ထူးဂုဏ်ထူး ဘယ့်နှယ် သတ္တိကွာတုန်းလို့ဆိုတော့-

❖ လောကီဥစ္စာ, ဂုဏ်ဆိုတာ၊ မှတ်ပါဘုံဆိုင်, ပစ္စည်းတည်း၊
လောကုတ္တရာ, ဂုဏ်ဆိုတာ၊ မှတ်ပါကိုယ်ပိုင်, ပစ္စည်းတည်း။

ဒါဖြင့် ယနေ့ ဒကာဒကာမတွေ ဘုံဆိုင်ဖြစ်တဲ့ လောကီဂုဏ်ထူးတွေနဲ့တင် အချိန်ကုန်ခံမနေကြဘဲ၊ လောကုတ္တရာနယ်က ကိုယ်ပိုင်ဖြစ်ပြီးသကာလ

http://www.dhammadownload.com



မိမိကို မင်္ဂဖိုလ်နဲ့နိဗ္ဗာန်တိုင်အောင်ပို့ဆောင်မယ့် ကိုယ်ပိုင်ဖြစ်တဲ့ လောကုတ္တရာ ဂုဏ်ထူးရအောင်ကြိုးစားရမယ်. . . လို့၊ မှတ်ချက်တစ်ခု ထွက်မလာဘူးလား ဦးမြင့်ဦး? *မှန်ပါဘုရား*။ ဒါတင်မကသေးဘူး သူတို့နှစ်ခုသတ္တိထူးပုံက-

❖ တစ်ဘဝအကျိုး, သည်ဆောင်ပိုး, တန်ခိုးနည်းစွာ, လောကီပါ။

လောကီ ဘွဲ့ထူးဂုဏ်ထူးတွေက၊ အဲဒီ လောကီ ဘွဲ့ထူးဂုဏ်ထူးတွေကို အကြောင်းပြုပြီးရတဲ့ ပစ္စည်းဉစ္စာရတနာတွေက တစ်ဘဝအကျိုးသာ သယ်ဆောင်ပေးပါတယ်. . . တဲ့၊ တစ်ဘဝစားရဖို့, တစ်ဘဝကောင်းကောင်းနေရဖို့, တစ်ဘဝ အဆင့်မြင့်မြင့်နေထိုင်ဖို့, တစ်ဘဝကောင်းကောင်းမွန်မွန် ဝတ်နိုင်စားနိုင်ဖို့၊ တစ်ဘဝအကျိုးလေးဆောင်တဲ့ လောကီဂုဏ်ထူးဘွဲ့ထူးပါ . . . တဲ့၊ လောကီဘွဲ့ထူးဂုဏ်ထူးရဲ့တန်းခိုးက တစ်ဘဝသာနိုင်တယ်တဲ့ ဦးမြင့်ဦးနော်၊ *မှန်ပါဘုရား*။

❖ ဘဝများမြောင်,ချမ်းသာဆောင်,မြင့်ခေါင်လှစွာ,လော ကုတ္တရာ။

လောကုတ္တရာနဲ့စပ်ထားတဲ့ ဘွဲ့ထူးရထားပြီဆိုပါတော့-သာသနာတော်ကို ပစ္စည်းလေးပါးနဲ့ ထောက်ပံ့လှူဒါန်းလိုက်လို့ ဒါယကာဆိုတဲ့ဘွဲ့ကို မိမိအန္တတ္တနာမည်, လုပ်ငန်းနဲ့လိုက်လျောညီထွေစွာရ, ရတဲ့အတိုင်း ကြိုးစားအားထုတ်လို့ ဒကာဆိုတဲ့ဘွဲ့ထူး ရထားလို့ ဒီကုသိုလ်ကောင်းမှုတွေ ရှိနေတဲ့ပုဂ္ဂိုလ်ဟာ၊ ဒီကုသိုလ်ကောင်းမှုတွေက သာသနာကိုပစ္စည်းလေးပါး ထောက်ပံ့လှူဒါန်း၊ ချို့ငဲ့သူတွေကို စွန့်ကြဲပေးကန်းလေ့ရှိလို့ ဒကာဆိုတဲ့ဘွဲ့ထူးရထားတဲ့ပုဂ္ဂိုလ်သည်၊ သူ့ ဒီကုသိုလ်ကောင်းမှုကြောင့်၊ ဒီဒါန ကုသိုလ်အခြေခံပြီးတော့ ဘဝသံသရာစခန်း မပင်မပန်း မင်္ဂဖိုလ်နိဗ္ဗာန်တိုင်အောင်သွားနိုင်တဲ့ သတ္တိမရှိဘူးလား? ရှိပါဘုရား၊ ဒါဖြင့်သူဟာ ဘဝများမြောင်ချမ်းသာဆောင်သွားတယ်ဆိုတာ မသေချာဘူးလား? သေချာပါတယ်ဘုရား၊ သီလဝန္တ, ဗြဟ္မစာရီ, ဗြဟ္မဝိဟာရီ, ဥပါသကာ, ယောဂီလို့ဘွဲ့ထူး ဂုဏ်ထူးတွေကြောင့်၊ နောက်ဆုံးဝိပဿနာအလုပ်ကြိုးပန်း အားထုတ်ပြီဆိုရင်, မင်္ဂဖိုလ်နိဗ္ဗာန်လျှင်မြန်စွာရရှိမှုဆိုတဲ့ အကျိုးထူးကြီးတွေသူ့မှာ ဘဝသံသရာစခန်း ထိအောင်ချမ်းသာသွားတဲ့ အကျိုးထူးတွေမရဘူးလား? ရပါတယ်ဘုရား၊ ဒါကြောင့် လောကီဘွဲ့ထူးဂုဏ်ထူးတွေက တဘဝအကျိုးလေးသာဆောင်ပါသည်၊ လောကုတ္တရာဘွဲ့ထူး ဂုဏ်ထူးတွေက ဘဝများစွာချမ်းသာဆောင်ပြီးတော့ မင်္ဂဖိုလ်နိဗ္ဗာန် တိုင်အောင်ပို့နိုင်ပါသည်၊ သတ္တိချင်းဒီလိုကွာတယ်၊ မှန်ပါဘုရား။

ဒါဖြင့် ယနေ့ ဒကာဒကာမတွေ. . . တစ်ဘဝစာ, တစ်နပ်စာအကျိုး ဆောင်တဲ့ လောကီဘွဲ့ထူး ဂုဏ်ထူးတွေကို ရှာဖွေနေရင်းနဲ့ အချိန်ကုန်မခံကြဘဲ၊ ဘဝများမြောင် မိမိကိုချမ်းသာဆောင်ပြီး မင်္ဂဖိုလ်နိဗ္ဗာန်တိုင်အောင် ပို့မယ့်

http://www.dhammadownload.com



လောကုတ္တရာနယ်က ဥပါသကာဒါယကာ, သီဝလန္တ, ဗြဟ္မစာရီ, ဗြဟ္မဝိဟာရီ, ယောဂီလို့ဆိုတဲ့ ဒါနသီလဘာဝနာနဲ့ စပ်တဲ့ဘွဲ့ထူးဂုဏ်ထူးကြီးတွေရအောင် ကျင့်ဆောင်ကြိုးကုတ်အားထုတ်ထိုက်တယ်. . . လို့ မှတ်ချက်ထွက်မလာပြန်ဘူးလား? ထွက်လာပြန်ပါဘုရား။ ကြိုးစားရမယ်၊ လောကုတ္တရာဘွဲ့ထူးဂုဏ်ထူးတွေရအောင်ကြိုးစားရမယ်. . . တဲ့၊ ဒါမှ "တစ်ဘဝအကျိုးသယ်ဆောင်ပိုး" ဆိုတဲ့ အတိုင်းလောကီဘွဲ့ထူးဂုဏ်ထူးကြီးတွေက၊ ဆိုပါတော့ သူဌေးကြီး ပွဲစားကြီး ကုန်သည်ကြီးတွေဘွဲ့ထူး၊ မင်းကြီးစိုးကြီးတွေဘွဲ့တွေရပြီးလို့ တစ်ဘဝမျက်လုံးမှိတ်တော့မယ်ဆိုရင်, တခါတည်းစိုးရိမ်လာတယ် "အင်းခွဲရတော့မယ် . . . ၊ ငါရဲ့ဘွဲ့ထူးဂုဏ်ထူးရာထူး အရှိန်အဝါကြီးတွေစွန့်လွှတ်ပြီးတော့ သွားရတော့မယ်. . . လို့ ပူလာတယ် ဦးမြင့်ဦးရဲ့နော်၊ မှန်ပါဘုရား၊ သေလွန်ခါနီးကျတော့ ကိုယ့်ရဲ့လောကီစာရင်းကြီးကျယ်လေလေ စွန့်ရခွဲရမှာ ခက်လေလေပဲ။ လောကုတ္တရာနယ်က ဘွဲ့ထူးဂုဏ်ထူးတွေကျတော့ ရထားတဲ့ဘွဲ့ထူးဂုဏ်ထူးကြီးတွေ အကြောင်းပြုပြီးတော့ ကွယ်လွန်ခါနီးမျှားပြုံးတယ်၊ ဦးမြင့်ဦးရဲ့နော်၊ *မှန်ပါဘုရား*။ ငါ့မှာ. . . ဒါနတွေလည်းပဲ မနည်းဘူး၊ ကျောင်းဆောက်ထားတယ်၊ ဘုရားတည်ထားတယ်၊ သာသနာတော်ကို ကထိန်သင်္ကန်းလှူဖူးတယ်၊ ဝါဆိုသင်္ကန်းတွေ ဆက်ကပ်ဖူးတယ်. . . ၊ ဆွမ်းဘယ်လိုကျွေးဖူးတယ်၊ သံဃိက ဘယ်လိုလှူဖူးတယ်၊ ပစ္စည်းတွေဘယ်လိုလောင်းဖူးတယ်၊ လှူဖူးတယ်စသည်ဖြင့် ဒါယကာဆိုတဲ့ ဘွဲ့ထူးဂုဏ်ထူးနဲ့လိုက်လျောညီထွေတဲ့ ကုသိုလ်တွေ အစီရရီတန်းကာတန်းကာ စိတ်ထဲမှာ ပေါ်လာပြီဆိုတော့၊ ကွယ်လွန်သွားသည့်တိုင်အောင် သူကပြုံး. . . ပြီး ကွယ်လွန်သွားတာ ဦးမြင့်ဦးရဲ့နော်၊ *မှန်ပါဘုရား*။ ဒီတော့ ကွယ်လွန်ခါနီးတိုင်အောင် အကျိုးဆောင်တဲ့ လောကုတ္တရာနယ်က ဂုဏ်ထူးဘွဲ့ထူးရအောင် ကျင့်ဆောင်ကြိုးကုတ် အားထုတ်ရမယ်. . . ။ ခုနက လောကီဘွဲ့ထူးဂုဏ်ထူးကြီးတွေကျတော့ အသက်ထင်ထင်ရှင်စဉ်တုန်းကတော့ တယ်မြှောက်သတဲ့ ဦးမြင့်ဦးရဲ့နော်၊ *မှန်ပါဘုရား*။ သူက မြှောက်ထားလိုက်မှဖြင့် မြှောက်မြှောက် မြှောက်မြှောက်နဲ့ တခါတည်းသူဌေးကြီး, သူဌေးကြီးနဲ့များ ဘေးကခေါ်၊ ပွဲစားကြီးခေါ်၊ မင်းကြီး စိုးကြီးရာထူးကြီးတွေနဲ့များ တတ်ခေါ်ရင်၊ တခါတည်း ခြေထောက် မြေကြီးကျတယ်တောင် မထင်ဘူး၊ မြှောက်မြှောက်၊ မြှောက်မြှောက်နဲ့၊ ဘွဲ့ထူးဂုဏ်ထူးက မြှောက်ထားနော်။

❖ ရှင်စဉ်မှာမြှောက်, သေခါချောက်,
လန့်ကြောက်ဘွယ်ရာ လောကီပါ။

ရှင်စဉ်တုန်း မြှောက်ထားတယ်၊ သေခါနီးကျတော့ ကြောက်တယ်၊ ငါထားခဲ့ရတော့မယ်. . ၊ ငါခွဲရတော့မယ်၊ ဒီသားဒီသမီး, ဒီစည်းစိမ်၊ ဒီအရှိန်

http://www.dhammadownload.com



အဝါတွေနဲ့ခွဲရတော့မယ်. . . လို့၊ မျက်ရည်လေးများစို့. . . လို့ ဘယ်သူမှ မကယ်နိုင်တော့ဘူး၊ အဲဒီအချိန်နော်၊ မှန်ပါဘုရား၊ ဒါကြောင့် သေခါနီးကျတော့ လောကီဘွဲ့ထူးဂုဏ်ထူးကြီးတွေကခြောက်သတဲ့ ဦးမြင့်ဦး၊ *မှန်ပါဘုရား*။

❖ အနေလည်းပျော်, သေလည်းပျော်, နှစ်ဖော်ချမ်းသာ, လော ကုတ္တရာ။

လောကုတ္တရာဘွဲ့ထူးဂုဏ်ထူးက ရှင်စဉ်တုန်းကလည်းချမ်းသာတယ်၊ ဦးမြင့်ဦးရဲ့နော်၊ မှန်ပါဘုရား၊ ဘယ်နားသွားလိုက်, သွားလိုက်, ဘယ်ပရိသတ် သွားလိုက်, သွားလိုက်; "ဟာ-ကျောင်းဒကာကြီးလာပါလာပါ, မျက်နှာတယ်ပွင့်၊ ဟာ-ဘုရားဒကာဘုရားအမခေါ်ကြ၊ ခေါ်ကြတဲ့အတိုင်းလည်းပဲ ကိုယ့်မှာလည်းပဲ ပြုံးနိုင်တယ်, ဝမ်းသာလိုက်တာ၊ တခါတည်းအိမ်ထဲမှာ ထိုင်ပြီးတော့စဉ်းစားလိုက်၊ ကိုယ့်ကုသိုလ်တွေ ပြန်ပြောင်းပြီးသတိရစာဂါနုဿတိဖြစ်နေတယ် အဲဒီအချိန်နော်၊ မှန်ပါဘုရား၊ ကိုယ်စွန့်ကြဲပေးကမ်းလှူဒါန်းခဲ့တာတွေ ပြန်ပြောင်းပြီးသတိရနေတဲ့ အချိန်စာဂါနုဿတိကမ္မဋ္ဌာန်းစီးဖြန်းပြီးသားဖြစ်နေ၊ စိတ်မချမ်းသာဘူးလား အဲဒီအချိန်? ချမ်းသာပါဘုရား၊ နေတုန်းလည်းပျော်တာပဲ ဦးမြင့်ဦးရဲ့နော်၊ အကြောင်းအားလျော်စွာ ကွယ်လွန်ခါနီးရောက်ပြန်တော့လည်း၊ ဘယ်သူတွေကမှ မသိလို့၊ ကိုယ့်သတိလစ်တယ် ပြောချင်ပြော၊ ကိုယ့်ကုသိုလ်တွေနဲ့ ကိုယ် ပျော်. . . လို့၊ ကိုယ်ပြုထားတဲ့ကုသိုလ်တွေ အစီရရီပေါ် လာတယ်၊ အဲဒီအချိန်မှာ၊ တချို့ကပြော ကြတယ်မေ့နေပြီတဲ့၊ သတိမရတော့ဘူးတဲ့၊ ဘာမှမပြောတော့ဘူးလို့ ဆိုပြီးတော့ ထင်ကြတယ်၊ သတိမေ့နေတယ်လို့ ထင်ကြတယ်၊ ဘယ်ဟုတ်လိမ့် မတုန်း၊ သူက, သူ့ရုပ်နာမ်ခန္ဓာနဲ့ သူ့အာရုံနဲ့သူနဲ့ပျော်လို့၊ သူ့နိမိတ်တွေနဲ့သူ ထင်နေတာ ဦးမြင့်ဦးရဲ့နော်၊ *မှန်ပါဘုရား*။ သတိမေ့နေတဲ့ အချိန်ရယ်လို့ မရှိဘူး လောကမှာနော်၊ *မှန်ပါဘုရား*။ သူ့သံသရာနဲ့သူ၊ သူ့စိတ်နဲ့ သူ့အာရုံနဲ့ပျော်နေ၊ ဒီတော့-လောကီဘွဲ့ထူးဂုဏ်ထူးတွေက ရှင်စဉ်မှာခြောက်သလောက်၊ သေခါနီးမှာ ခြောက်တတ်ပါသည်။ လောကုတ္တရာဘွဲ့ထူးဂုဏ်ထူးတွေက ရှင်စဉ်မှာလည်း ပျော် သည်၊ သေခါနီးမှာလည်း ပျော်သည်။

ဒါဖြင့် ယနေ့ ဒကာဒကာမတွေ အသက်ထင်ထင်ရှင်စဉ်တုန်းခြောက် ပြီးတော့၊ သေခါနီးခြောက်တတ်တဲ့ လောကီဘွဲ့ထူးဂုဏ်ထူးတွေကို ရယူရုံနဲ့ တင်းတိမ်မနေကြဘဲ၊ မရယူရဘူးလို့ဘုန်းကြီးတို့ မတားပါဘူးနော်၊ မှန်ပါဘုရား၊ အဲဒီလောကီဘွဲ့ထူးဂုဏ်တူးတွေလောက်နဲ့ တင်းတိမ်အားရကျေနပ်မနေကြဘဲ၊ အနေမှာလည်း ပျော်စေတတ်၊ အသေမှာလည်းပျော်စေတတ်တဲ့ လောကုတ္တရာဘွဲ့ထူး ဂုဏ်ထူးတွေကို ရအောင်ယူကြပါ. . . လို့တိုက်တွန်းလိုက်ပါတယ်၊ ဦးမြင့်ဦးနော်၊ *မှန်ပါ ဘုရား*။ အဲဒီလောကုတ္တရာ ဘွဲ့ထူးဂုဏ်ထူးတွေများရတော့လေ . . . သေခါနီးမှာ

http://www.dhammadownload.com



အသေကိုရင်ဆိုင်ရဲ့တယ် မကြောက်ဘူး၊ လာခဲစမ်း ဘယ်အချိန်သေမတုန်း၊ သေလိုက်စမ်း မင်းက၊ ဘာပြုလို့တုန်းလို့ဆိုတော့ ကိုယ်ကဒီထက်သာတဲ့ဆီ ရောက်မှာ သေချာပေါက်ဖြစ်နေတော့ ကိုယ်ပြောင်းရမယ့်ဌာနဟာ ကောင်းတဲ့နေရာ ရောက်ရမယ်ဆိုရင် ကြောက်ပါမလား ဦးမြင့်ဦးရဲ့? မကြောက်ပါဘုရား၊ အိမ်စုတ် တဲစုတ်ကလေးကနေပြီးတော့ တိုက်ကြီးမြို့ကြီးပြောင်းရမှာပဲဟေ့-ဆိုတော့ မပြောင်းချင်တဲ့သူ ရှိပါ့မလား? *မရှိပါဘုရား*။ ပြောင်းချင်မှာချည်းပဲနော်၊ လိုက်သွားရမယ့်နေရာက ဘေးအန္တရာယ်တွေ ထူပြော၊ ရန်သူတွေ ပေါပြီး သကာလ ဆင်းဆင်းရဲရဲ သွားရမယ့်နေရာဖြစ်ရင်သာ ကြောက်ကြမယ်။

ဒါကြောင့် လောကုတ္တရာဘွဲ့ထူးဂုဏ်ထူးတွေကို ရအောင်ငါကျင့်ဆောင်ကြိုးကုတ်အားထုတ်အုံးမှတော်မယ်. . .၊ အနေလည်းပျော် အသေလည်း ပျော်စေတဲ့ ဘွဲ့ထူးကို ငါရယူအုံးမှတော်မယ်. . . လို့၊ ဘုန်းကြီးတို့ ဘုရားလောင်းတော် ရွှေဟင်္သာမင်းကမေးလို့ အရှင်သာရိပုတ္တရာအလောင်း သံယမမင်းကဖြေတယ် ဒီအဖြေကို ဦးမြင့်ဦးရဲ့နော်၊ *မှန်ပါဘုရား*။ ဘုန်းကြီးတို့ အရှင်သာရိပုတ္တရာအလောင်းသံယမမင်းကြီးလို့ ဆိုပြီးတော့ ဗာရာဏသီပြည်ကြီး ထိန်နှ်းစည်းစိမ်ရိပ်ငြိမ်ချမ်းသာနဲ့ မင်းလုပ်အုပ်ချုပ်နေတော့ မိဖုရား၊ အဲဒီ ခေမာမိဖုရားသည်. . တနေ့တော့ အိပ်ပျော်ပြီးနေရာက မနက်အိပ်ရာက ထခါနီး လင်းအားကြီးမှာ ယောင်းယမ်းပြီးတော့ သူကအော်လိုက်တယ်၊"ဟဲ့. . ဟဲ့. . ဟဲ့ဖမ်းကြပါ, ဖမ်းကြပါ၊ ရွှေဟင်္သာကို ဖမ်းကြပါအုံး၊ ရွှေဟင်္သာနေပါအုံးဘုရား၊ ရွှေဟင်္သာနေပါအုံး ဘုရား"လို့ ဆိုပြီးတော့ လန့်နိုးလာတယ်။

ဘာပြုလို့ သူက ဒီလို လန့်နိုးလာပြီး၊ ဒီလိုအော်လိုက်ရတုန်းဆိုတော့ သူ့အိပ်မက်ထဲမှာ ရွှေအဆင်းကဲ့သို့ ဝါဝင်းတဲ့ ရွှေဟင်္သာမင်းက သာယာချိုမြိန်တဲ့ အသံတော်နဲ့သူ့ကို တရားဟောပြီးတော့နေ၊ နာလို့ကောင်းလိုက်တာ. . အိပ်မက်ထဲ၊ ရွှေဟင်္သာမင်းဟောနေတဲ့ တရားနာရတာ၊ အသံကလည်း သာယာနာပျော်ဖွယ်ရှိပါဘိ၊ အနက်အဓိပ္ပါယ်တွေကလည်း အပြည့်နဲ့ နာလို့ကောင်းနေတုန်း ဖြုန်းကနဲဆို ရွှေဟင်္သာမင်းက ပျံပြီးတော့ လေသာနန်းထက်ကနေပြီးတော့ ၊ ပြူတင်းပေါက်ကနေပြီးတော့ ပြန်အကြွ တရားနာလို့ အားမရလို့ သူက " ရွှေဟင်္သာမင်း. . . ဆိုင်းစမ်းပါအုံး၊ နေပါအုံး"ဆိုပြီးတော့ ဘေးကပတ်ဝန်းကျင်ကသူလူတွေ " ဟဲ့ ဖမ်းကြပါဟဲ့၊ ရွှေဟင်္သာမင်းကို၊ ဖမ်းကြပါအုံးဟဲ့"လို့ လန့်ပြီးတော့ အော်ရင်းနဲ့နိုးလာ၊ နိုးလာတော့ ဘေးနားက အပျိုတော်လေးတွေ၊ အိပ်ဖန်တော်စောင့်တွေက " ဟ- အရှင်မ ဘာဖြစ်ပါတုန်း၊ သခင်မ ဘာဖြစ်ပါတုန်း၊ ဟင်္သာမင်း ဟင်္သာမင်းနဲ့ အော်တယ်၊ ဟင်္သာမင်းဖမ်းပါလို့လည်း အော်တယ်၊

http://www.dhammadownload.com



အရှင်မဘာဖြစ်ပါတုန်း" ဆိုတော့မှ "အော်. . . ငါ့အိပ်မက် မက်နေတာပါလား. ၊ ကောင်းလိုက်တဲ့ အိပ်မက်၊ မနက်လင်းအားကြီးမက်တဲ့အိပ်မက် ကောင်းလိုက်တဲ့ အိပ်မက်၊ တရားနာရတယ်လို့မက်တဲ့ အိပ်မက်၊ အဟုတ်များနာရ ငါဘယ်လောက် ကောင်းလိုက်လေမလဲနော်. . . လို့၊ အဲဒီရွှေဟင်္သာမင်းရဲ့ အသံကြားယောင် နေသေး၊ အဲဒီရွှေဟင်္သာမင်း မြင်ယောင်နေသေး၊

ဒါနဲ့ သူ " ငါတော့ ရွှေဟင်္သာမင်းတရား မနာရရင် ခက်တော့မှာပဲ၊ ဒီ ကိစ္စ ငါ ထုတ်ပြီးတော့ ပြောလိုက်ရင် ပေါ့သွားတော့မှာပဲ၊ ဒီတော့ ဒီရွှေဟင်္သာမင်းရဲ့ တရားကို နာရအောင် ငါ မာယာဆောင်မှပဲ. . . လို့ဆိုပြီးတော့ ချင်ခြင်းတပ် တဲ့အနေမျိုးနဲ့ ရှင်ဘုရင်ကြီး ညီလာခံကျင်းပတဲ့အချိန်မှာ မလိုက်တော့ဘူး။ အပျို တော်တစ်ယောက်ကို ပြောလိုက်တယ်၊ "နေမကောင်း လို့"လို့ ပြောလိုက်ဆိုပြီး တော့၊ ဒါနဲ့ ညီလာခံသဘင် ကျင်းပတဲ့အချိန်မှာ မင်းမိဖုရားနှစ်ပါးစုံညီစွာ ကျင်းပ နေကျ၊ မိဖုရားကြီးမပါလာဘူး၊ ဒီတော့-မင်းကြီးကမေးတယ်," မိဖုရားဘာဖြစ် တုန်း" "အနည်းငယ် နေမကောင်းပါဘူး"၊ ဒါနဲ့ ညီလာခံ စဲတော့မှ ပွဲသိမ်းပြီးတဲ့ နောက်၊ သံယာမမင်းကြီးက မိဖုရားခေါင်ကြီး ရဲ့ အဆောင်တော်ကို ကြွလာ၊ ဒီတော့ သလွန်တော်ထက်မှာ နေမကောင်းချင်ဟန်ဆောင်၊ "နှမတော်ဘာ ပြုတုန်း" "မောင်တော်. . . နှမတော်မှာ ချင်ခြင်းကြီးဖြစ်ပါတယ်"၊ ဘယ်လို့ချင်ခြင်း ဖြစ်တုန်း ပြောပါအုံး"၊ "ရွှေအဆင်းလို ဝါဝင်းတောက်ပတဲ့ ရွှေဟင်္သာမင်း၊ အဲဒီရွှေဟင်္သာမင်းရဲ့ ဟောဖော်ပြသဆိုဆုံးမတဲ့ တရားကို နာချင်နေပါတယ် . . . အဲဒီ ရွှေဟင်္သာမင်းရဲ့ တရားကိုမှ မနာရရင်ဖြင့် နှမတော်ရဲ့ အသက် ဆက်လက်ပြီးတော့ တည်တန့်မယ် လို့ မထင်တော့ပါ. . . သံတော်ဦးတင်လိုက်ကာယ်၊ လူ့ပြည်လောကမှာ ရှိနေရင် ရစေရမယ် နှမ၊ စိတ်ချမ်းချမ်းသာသာ သာနေ။

ပါရမီဖြည့်ဖက်တွေဆိုတော့ ဦးမြင့်ဦး၊ အာ-မဖြစ်နိုင်တာပဲကွာ၊ မင်းဟာက ဘာညာနဲ့ မငေါက်လိုက်ဘူး ဦးမြင့်ဦးရဲ့နော်၊ မှန်ပါဘုရား။ အရှင်သာရိပုတ္တရာရဲ့ အလောင်းသံယမမင်းကြီးက ဒီက ခေမာထေရီအလောင်း ခေမာမိဖုရားကလည်း နော်၊ ဘုရားလက်ထက်ကျတော့ သူတို့ လက်ျာတော်ရံအဖြစ်နဲ့ ပညာတေဒဂ်ရမယ့် နှစ်ယောက်ဖြစ်ကြမှာ ဦးမြင့်ဦးရဲ့နော်၊ မှန်လှပါဘုရား။ အဲဒီ ခေမာထေရီရဲ့ အလောင်းက ခေမာမိဖုရား အဖြစ်နဲ့ ရွှေဟင်္သာမင်းတရားနာချင်ပါတယ်. . . လို့ ချင်ခြင်းဟပ်တယ်။ ဒီတော့ သံယမမင်းကြီးက "မဖြစ်နိုင်တာကွာ မင်းကလည်း ကြံဖန်ပြီးတော့ ဘယ်ဖြစ်မှာတုန်း, ဘာတုန်းလို့ မပြောလိုက်ဘူး၊ "နှမတော်. . . တဲ့ လူ့လောကမှာရှိရင် ရစေရမယ် မောင်တော်ကြံမယ်ပေါ့၊ စိတ်ချမ်းချမ်းသာသာသာ နေတော်မူပါ . . . လို့ ဆိုပြီးတော့ နောက်တစ်ရက် ညီလာခံကျတော့ မှူးကြီးမတ်ရာ

၆၈၅

http://www.dhammadownload.com



သေနာပတိတွေနဲ့ တိုင်ပင်၊ နောက်ဆုံး မှုဆိုးတွေကို ခေါ်ပြီးတော့ တိုင်ပင်ဆွေးနွေးရာက ရွှေဟင်္သာမင်းဆိုတာ ရှိနိုင်သလား၊ ရွှေဟင်္သာတွေဆိုတာ ဘယ်အရပ်မှာ ရှိနိုင်သလဲလို့ မေးမြန်းစုံစမ်း ထောက်လှမ်းရာက၊ အဲဒီဗာရာဏသီတိုင်းတော်ပြည်တော်ရဲ့ မြောက်အရပ်ဆီမှာရှိတဲ့ ဟိမဝန္တာတောင်ဆီ စိတ္တကူဋပဗ္ဗတလို့ ခေါ်တဲ့ တောင်တွေမှာ နေတတ်တယ်လို့ဆိုတာ သိရ၊ အဲဒီလို သိပြီးတော့ ဒီရွှေဟင်္သာမင်းကို ဖမ်းပေးနိုင်တဲ့သူ ရွှာစားဆုတော်တွေ၊ လာဘ်တော်တွေ ဘယ်လိုပေးမယ်ဆိုတာ ကြေငြာခိုင်းတယ်ပေါ့။

နောက်ဆုံး ခေမလို့ခေါ်တဲ့ မုဆိုးတစ်ယောက်ရဲ့ အကြံပေးချက်အရ ဒီရွှေဟင်္သာမင်းတွေကို သွားပြီးတော့ဖမ်းဖို့ဆိုတာ အင်မတန်တောနက် ကြီးတွေထဲမှာဖြစ်တယ်၊ သွားပြီးတော့ ဖမ်းဖို့ရာဆိုတာလည်း ယူဇနာပေါင်း မြောက်များစွာသွားရမှာ မလွယ်ဘူး။ ဒီတော့ တိုင်းတော်ပြည်တော် နေပြည်တော်မြို့တော်ရဲ့ အနောက်ဘက်မှာ (၃)ဂါဝုတ်လောက်ကွာဝေးတဲ့ နေရာမှာ ဘေးမဲ့ကန်တော်ကြီး ဖန်တီးတော်မူပါ. . . လို့ သံတော်ဦးတင်တယ် ခေမမုဆိုးက။ အဲဒီဘေးမဲ့ကန်တော်ကြီးဖန်တီးပြီးတော့ ကြာမျိုးငါးပါးတွေစိုက်၊ ကြာမျိုးငါးပါးတွေ စိုက်ပြီးတော့ ကန်တော်ကြီးရဲ့ လေးဘက်လေးတန်မှာလည်းပဲ အစောင့်အရှောက်တွေချ၊ လူသူလေးပါးမလာရဘူးလို့ အစောင့်အရှောက်တွေချပြီးတော့ ရေကန်ကြီးထဲမှာ သလေးနှံတွေ, စပါးတွေ, စားဘွယ်သောက်ဖွယ်, ဟင်္သာစတဲ့ ငှက်အပေါင်းတို့ စားကောင်းသောက်ကောင်းတဲ့ သစ်သီးသစ်နှံ သစ်ရွက်တွေ စိုက်ပျိုးပြီးတော့ထား၊ အဲဒီလိုနဲ့ ဘေးမဲ့ကန်တော်ကြီး၊ ဘေးမဲ့ကန်တော်ကြီးနဲ့၊ အကြံပေးတဲ့အတိုင်း ရှင်ဘုရင့်အားနဲ့ ဖန်တီးလိုက်တာ ဘေးမဲ့ကန်တော်ကြီးပေါ်လာ။

ဒီလိုနဲ့ ပတ်ဝန်းကျင်ကလည်း လူသူလေးပါး အဆက်အဆန်မလာရဘူး၊ လူတွေသူတွေ ဒီထဲကို ရေခပ်ခြင်း ရေချိုးခြင်း မပြုရဘူးလို့ဆိုပြီးတော့ ငှက်တွေအတွက်သက်သက် ဘေးမဲ့ကန်တော်ကြီးလို့ ကြွေးကြော်ပြီးတော့ထား၊ ဒီလိုနဲ့တဖြည်းဖြည်းနဲ့ငှက်တွေလာကြတော့တာပေါ့၊ ငှက်တွေလည်း သူတို့ဘာသာ ဘာဝပြောကြဆိုကြနဲ့ ဟိုကငှက်တွေရောက်လာ၊ ဒီကငှက်တွေ ရောက်လာ၊ နောက်တော့ ဟင်္သာတွေဖြေးဖြေးပါလာ၊ အဲဒီလိုနဲ့ ပါလာရာက ဘုန်းကြီးတို့ ဘုရားအလောင်းက အဲဒီအချိန်မှာ ဓတရဋ္ဌဟင်္သာမင်း. . . လို့ ဟင်္သာဖြစ်နေတယ် ဦးမြင့်ဦးရဲ့နော်၊ မှန်ပါဘုရား၊ ဟင်္သာကိုးသောင်းတို့ရဲ့ အခြံအရံရှိတဲ့ ဟင်္သာမင်းဖြစ်နေတယ်၊ မိဖုရားနှင့်တကွ အဲဒီဟင်္သာမင်းရဲ့ အခြွေအရံသင်းပင်းတွေကလည်း တစ်ဆင့်တစ်ဆင့်တခြားသော ငှက်တွေက ပြောစကားအရ ဗာရာဏသီမြို့ရဲ့ အနီး ရေကန်ကြီးက ဘေးမဲ့ကန်တော်ကြီး. . . တဲ့၊ သိပ်ပျော်စရာကောင်းတာပဲတဲ့၊

http://www.dhammadownload.com



စားကောင်းသောက်ဖွယ်တွေကလည်း ပေါလိုက်တာတဲ့၊ သိပ်ပြီးတော့ ကြည်နူးစရာကောင်းတာပဲတဲ့၊ အဲဒီကို သွားပြီးတော့ အစာရေစာရိက္ခာအတွက် အစာရှာသွားရတာ အင်မတန်ချမ်းသာတယ်လို့ဆိုတာ တဆင့်စကား တဆင့်နားကြားကြတယ်၊ အောက်လက်ငယ်သား ဟင်္သာမင်းကလေးတွေက ဘုရားအလောင်းကို သံတော်ဦးတင်ကြတယ်ပေါ့ သွားချင်ပါတယ်ဆိုတဲ့ အကြောင်း။

ဒီတော့ ဘုရားအလောင်းကစဉ်းစားတယ်၊ အင်း. . . ဘယ်တုန်းကမှ မကြားဖူးတဲ့ ရေကန်. . .၊ မကြားဖူးတဲ့ရေကန်၊ ဒီတော့ သူ့အောက်လက်ငယ်သားတွေကို သူက ပြန်ပြောတယ်-

မနုဿာ နာမ ဗဟုမာယာ ခရမန္တာ ဥပါယကုသလာ။

တာတ-မောင်တို့မယ်တို့၊ မနုဿာ နာမ-လူသားတွေဆိုတာ၊ ဗဟုမာယာ-အလွန်မာယာများကြပေကုန်၏၊ ခရမန္တာ-ကြမ်းတမ်းယုတ်မာသောစိတ်လည်း ရှိကြပေကုန်၏၊ ဥပါယကုသလာ-ပြင်းစွာနှိပ်စက်တဲ့ အတတ်ကိုလည်း ကျွမ်းကျင်ကြပေကုန်၏. . .။

မာ ဝေါ တတ္ထ ဂမနံ ရုစ္စထ-အဲဒီအရပ် မသွားချင်ကြပါနဲ့ ကွယ်. . . ဘယ်တုန်းကမှ မကြားဖူးတဲ့ ရေကန်ကြီး ရုတ်ကနဲ့ပေါ်တယ်ဆိုတာ ဧကန် တမျိုးတမည်ဥပါယ်နဲ့ကြံတာဖြစ်လိမ့်မယ်. . .၊ မသွားချင်ကြနဲ့၊ ရွှေဟင်္သာမင်းက တားတယ် ဦးမြင့်ဦးရဲ့နော်၊ မှန်လှပါဘုရား၊ အဲဒီ တားတဲ့ထဲ ပြောတဲ့စကားလေးက ဘုန်းကြီးတို့ လူသားတွေအတွက် နာစရာကြီးနော်-"မနုဿာ နာမ ဗဟုမာယာ. . ." တာတ-မောင်တို့မယ်တို့. . . တဲ့၊ ဘုရားအလောင်းက သူ့ရဲ့ အောက်လက်ငယ်သား ဟင်္သာကလေးတွေ၊ ဟင်္သာမကလေးတွေ ပြောနေတာ၊ မနုဿာ နာမ-လူသားတွေဆိုတာ၊ ဗဟုမာယာ-အလွန်မာယာများကြပေကုန်၏. . .။ လူတွေဆိုတာ မောင်တို့ရယ်. . . တဲ့ အင်မတန် ကောက်ကျစ်တယ်နော်-တကတည်း အင်မတန် ကောက်ကျစ်တယ်။

ဂဟာနံ ဟိ ယဒိဒံ မနုဿာ။

ယဒိဒံ(ယော ဣမေ) မနုဿာ-အကြင်လူသားတို့သည်၊ သန္တိ-ရှိကြပေကုန်၏၊ တေ-ထိုလူသားတို့သည်၊ ဂဟာနံ-ရှုပ်ထွေးကြလေကုန်၏၊ ဥဇုကာ ဟေတံ ယဒိဒံ တိရစ္ဆာနံ။ ယဒိဒံ (ယေ ဣမေ) တိရစ္ဆာနံ-အကြင် တိရစ္ဆာန်မျိုးဇာတ်တို့သည်၊ သန္တိ-ရှိကြပေကုန်၏၊ တေ-အဲဒီတိရစ္ဆာန်မျိုးဆိုတာက၊ ဥဇုကာ-အင်မတန် ရိုးသားဖြောင့်မတ်တယ်. . .။ လူတွေဆို တာကွယ်. . . တဲ့ အင်မတန် ကောက်ကျစ်တာပဲ. . . တဲ့၊ အပြောကတစ်မျိုး၊ မနေကတစ်မျိုးဖြစ်

http://www.dhammadownload.com



တတ်တယ်။ စိတ်ထဲက မပါပေမဲ့လို့ ပါးစပ်က ဟန်ဆောင်ပြီးတော့ ပြောတတ်တယ်။ စိတ်ထဲကမပါပေမဲ့လို့ လက်အလုပ်က ဟန်လုပ်ပြီးတော့ လုပ်တတ်တယ်။ တို့တိရစ္ဆာန်တွေဆိုတာ. . . တဲ့ သွားချင်ရင် သွားတာပဲ၊ မသွားချင်ရင် မသွားကြဘူး၊ ပြောချင်မှပြောတယ်၊ မပြောချင်ရင်နေတယ်၊ မြည်ချင်မှမြည်တယ်၊ မမြည်ချင်ရင် မမြည်ဘူးပေါ့၊ အဲဒီလိုနည်းအားဖြင့် တို့တိရစ္ဆာန်တွေက ဖြောင့်တယ်. . . တဲ့၊ လူတွေက ကောက်ကျစ်သကွဲ့တဲ့ ဘုရားအလောင်းတော်က ပြောနေတဲ့စကား ဦးမြင့်ဦးရဲ့နော်၊ မှန်ပါဘုရား၊ ခုဟာအလောင်းတော်က သဘာဝကြည့်ပြောနေတာ။

ဒကာ ဦးမြင့်ဦး လောကကြီးထဲ မရှိဘူးလား၊ ကိုယ်မခေါ်ချင် မပြောချင်ပေမဲ့လို့ ဟန်လုပ်ပြီးတော့ နေကောင်းကြရဲ့လားနော်၊ ဘယ့်နှယ့်နေကြတုန်းနဲ့၊ စိတ်ထဲကတော့ ဝမ်းထဲကတော့ သေပါ့စေ၊ ကြေပါ့စေ ဆုတောင်းချင်တောင်းနေမယ်။ ပါးစပ်ကတော့ ချိုမနေဘူးလား ဦးမြင့်ဦးရဲ့? *မှန်လှပါဘုရား*။ အဲဒီလူတွေ စောင်းပြောနေတာပါ ဘုရားလောင်းကနော်၊ *မှန်ပါဘုရား*။ ဒီ ပရိသတ်ကြီး ပြောနေတာ မဟုတ်ပါဘူး၊ ဂဟနံ ဟေတံ ယဒိဒံ မနုဿာနံ-လူတွေဆိုတာ အင်မတန် ကောက်ကွေ့တယ်။ ဥတ္တာနံ ဟေတံ ယဒိဒံ တိရစ္ဆာနံ-တိရစ္ဆာန်တွေဆိုတာက ဖြောင့်မတ်တယ်. . . တဲ့ များသောအားဖြင့်။

ဘုရားအလောင်းက ဒါ့ကြောင့် "မသွားချင်ကြပါနဲ့. . ကွယ်. . . တဲ့၊ မင်းတို့ဘာမှန်းမသိ၊ ညာမှန်းမသိနဲ့တော်ကြာ ဘေးရန်အန္တရာယ်ပေါ်လိမ့်မယ်ထင်တယ်" တားတယ်၊ ဒါနဲ့ မသွားဖြစ်ကြဘူး၊ ဒီလိုနဲ့ နောက်တော်တော်ကြာတော့ တခါ သည့်ပြင်ဟင်္သာတွေ ငှက်တွေက ပြောကြဆိုကြ၊ ဝိုင်းပြီးပြောကြဆိုကြတော့၊ ခုနက အောက်လက်ငယ်သား ဟင်္သာလေးတွေက သွားချင်စိတ်ပေါက်လာကြပြန်တယ်၊ "တို့ ဟင်္သာမင်းကြီးက သိပ်ပြီးတော့ အကြောက်ကြီးတာပဲ. . . အလကား သူများတွေသွားပြီး စားသောက်နေကြတာ၊ ဟိုမယ် ချမ်းချမ်းသာသာနဲ့ စားသောက်ပြန်လာကြတာ၊ သူက မသွားချင်တာနဲ့ တို့သွားချင်တာကို မသွားရဘူး"နဲ့ ဒီလိုဖြစ်လာတော့ ဘုရားအလောင်းဟင်္သာမင်းက "ကိုင်း. . . ဒီလိုဆိုရင် သွားချင်ရင်လည်း သွားကြတာပေါ့. . . စမ်းပြီးတော့ သွားကြတာပေါ့" လို့ ဘုရားအလောင်းဟင်္သာမင်းနှင့်တကွ သမုဒ္ဒရာတစ်ခြမ်းကို ဖြတ်ကျော်ပြီးတော့ ပျံသန်းပြီးတော့ လာခဲ့ကြရတယ်။ သူတို့တောင်ကနေပြီးတော့ အဲဒီရေကန်အရောက်ဆိုရင် သမုဒ္ဒရာတစ်ပိုင်း တစ်စွန်းတစ်စကို ဖြတ်သန်းပျံရသတဲ့ ဦးမြင့်ဦးရဲ့နော်၊ မှန်ပါဘုရား။ အဲဒီလိုနဲ့ ပျံသန်းပြီးတော့ လာကြရင်း ရေကန်ကြီးထဲမှာကျ။

ဒီတော့ ဒီက ခေမမုဆိုး. . တဲ့ မုဆိုးက၊ ဒီရွှေဟင်္သာမင်းစောင့်နေ တာကြာလှပြီ၊ "ဟာ. . . ဟန်ကျပြီ. . . ရွှေဟင်္သာမင်းကျလာပြီ" ရှင်ဘုရင်ကြီးထံ

http://www.dhammadownload.com



သံတော်ဦးတင်၊ ဒီရွှေဟင်္သာမင်း ဘယ်နားကျတတ်သလဲဆို တာကို အကဲခတ်၊ ဒိပြင်ဟင်္သာတွေကျတော့ ပျော်ကြ၊ ပါးကြ၊ စားကြသောက်ကြ၊ မြူးကြအော်ကြ၊ ဘုရားအလောင်းကတော့ ရာဇိန္ဒြေ ရာဇသိက္ခာနဲ့ နေရာတိုင်းလည်း မကျဘူး၊ သူ ကျနေကျနေရာပဲ. . ထပ်တလဲလဲ သူကကျ၊ အဲဒီ ကျနေကျနေရာရဲ့ အနီးမှာပဲ မတိမ်းမယိမ်းနေရာမှာပဲ ကျကျပြီးတော့ ဒိပြင်ဟင်္သာတွေလို ပျော်လိုက် ဟစ်လိုက် အော်လိုက်မလုပ်ဘူး။ ဣန္ဒြေသိက္ခာရရနဲ့ စားစရာရှိတာ စားပြီးသကာလ သူဟင်္သာတွေ၊ အစာဝလောက်တဲ့အချိန်မှာ အချက်ပေးပြီးတော့ပြန်၊ အဒီလိုနဲ့ ရွှေဟင်္သာမင်း ကျလာပြီဆိုတာကို မုဆိုးက သဘောကျပြီးတော့ အဲဒါ ရွှေဟင်္သာမင်း ဘယ်နားကျတတ်သလဲ၊ ဘယ်လို အနေအထားသွားသလဲဆိုတာကို ခေမမုဆိုးက အမြဲတမ်း ချောင်းနေတာ။

ဒါနဲ့ ဒီရွှေဟင်္သာမင်းကတော့ဖြင့် အကောင်အထည်လည်းကြီးတယ်၊ အရောင်အဆင်းလည်း တောက်ပတယ်၊ ကေန္တ ရွှေဟင်္သာမင်းဆိုတာ သူဖြစ်မှာပဲ နေရာဒေသအနေနဲ့လည်း သူများလို လျှပ်ပေါ်လော်လီပြီးတော့ ဟိုသွား ဒီကူး မြူးတူးပျော်ပါး ဣန္ဒြေပျက်ပြားတဲ့ အနေမျိုးမရှိဘူး။ အင်မတန် ဣန္ဒြေ သိက္ခာရှိတဲ့ရွှေဟင်္သာမင်း။ နောက်တစ်ရက် ဒီနား ကျတာကိုထောက်ရင် နောက်တစ်ရက် ဒီနားကျမှာသေချာတယ်လို့ဆိုပြီးတော့ ရွှေဟင်္သာမင်းကျမယ့် နေရာမှာ ညွှတ်ကွင်းတွေ ကျော့ကွင်းတွေ ထောင်၊ အဲဒီလို ထောင်ပြီးတော့ စောင့်၊ သူကိုယ်တိုင်ကတော့ စောစောတုန်းက အိုးစရိုးကြီးတစ်ခု၊ ရေအိုးကြီးတစ်ခုထဲမှာ ဘေးပတ်လည် အပေါက်ကလေးတွေ၊ ချောင်းကြည့်လို့ရတဲ့ အပေါက်ကလေးတွေ ဖောက်ပြီးတော့ ရေအိုးကြီးထဲ ဝင်ပြီးတော့ အဲဒီရေအိုးကြီးအပေါ်က ပိတ်ပြီးတော့ ရေအိုးကြီးပေါ်နေတယ်ပေါ့လေ. . . ရေကန်ထဲ။ အဲဒီလိုနဲ့ သူက ဟင်္သာမင်း အကဲခတ်လာခဲ့တာ။

အဲဒီအကဲခတ်လို့ရတဲ့အတိုင်း ရွှေဟင်္သာမင်းကျမယ့်နေရာ သေချာပေါက်၊ နောက်တစ်ရက် ကျမယ့်နေရာမှာ ကျော့ကွင်းတွေ ထောင်ပြီးတော့ ဖမ်း၊ ဖမ်းလိုက်တော့ ထင်တဲ့အတိုင်းပဲ နောက်တစ်ရက်ကျတော့ ရွှေဟင်္သာမင်းက နောက်ရောက်လာတဲ့အခါကျတော့ သူထင်တဲ့အတိုင်းပဲ ကျော့ကွင်းတွေ ထောင်ထားတဲ့နေရာမှာ ကျတာပဲ၊ ကျလို့မကြာခင် ကျော့ကွင်းခြေထောက်မှာ မိ၊ မိတော့ ဘုရားအလောင်းက "အလို. . . ငါ ကျော့ကွင်းမိပါပေါ့လား. . .၊ ကျော့ကွင်းမိပါပေါ့လား၊ အင်း. . . ဒီအကြောင်း ဒီဥပါယ်ကြောင့် ဒီရေကန်ကြီး တည်ထောင်တာပဲ. . ငါ့ရဲ့ ဟင်္သာတွေသိအောင် အော်လိုက်ရရင်ဖြင့် ဒုက္ခဖြစ်ကုန်ကြတော့မှာပဲဆိုပြီးတော့ အသာကလေး ကျိတ်ပြီးတော့ သူ ရှုန်းကြည့်တယ်၊ ပဌမတစ်ချီ ရုန်းကြည့်လိုက်

http://www.dhammadownload.com



တော့ အရေပါး အရေထူပြတ်သွား၊ နောက်တစ်ချီ ထပ်ပြီးရုန်းကြည့်လိုက်တော့ အကြောတွေ ပြတ်သွား။ နောက်တစ်ချီ ထပ်ပြီးတော့ ရုန်းကြည့်လိုက်တော့ အသားတွေပြတ်သွား၊ အင်း. . . နောက်ဆုံးအချီရုန်းလိုက်ရင်တော့ အရိုးပါပြတ်ပြီးတော့ ခြေထောက်ပါပြတ်တော့မှာပဲ၊ ရှင်ဘုရင်ဆိုတာ ရာဇသိက္ခာ, ရာဇလက္ခဏာမရှိလို့လည်းမဖြစ်သေးဘူး၊ အင်္ဂါခြေလက်ချို့တဲ့နေတဲ့မင်းဆိုတာလည်း မတော်သေးဘူး။

ဒီတော့ ငါမရုန်းတော့ဘူး၊ အသက်ရှိလျက်ပဲအသေခံတော့မယ်. . . လို့ မရုန်းတော့ပဲနဲ့ လျော့သွားပြီးတော့ သူ့ရဲ့ဆွေသားမျိုးသား ဟင်္သာကိုးသောင်းတို့ စားလို့သောက်လို့ မပြီးသေးသမျှ ငြိမ်ပြီးတော့ ဘုရားအလောင်းရွှေဟင်္သာမင်းသည်းခံပြီးတော့ နေတော်မူ။ ခြေထောက်ကနာတဲ့ ဒဏ်ရာဒဏ်ချက် သည်းခံပြီးတော့ နေတော်မူ၊ အဒီလို သည်းခံနေပြီးသကာလ၊ နောက်ဆုံးသူ့ရဲ့ ဆွေသားမျိုးသား အပေါင်း စားလို့သောက်လို့ ဝလို့ပျော်မြူးနေကြတဲ့အချိန်ကျမှ သူတို့ရဲ့အထိမ်းအမှတ်အသံနဲ့ ဘေးရန်ရှိပြီဟေ့. . . လို့ ဆိုတဲ့အနေမျိုးနဲ့ အော်လိုက်တယ်၊ အဲဒီကျမှ တခါတည်း သူတို့ဟင်္သာတွေရော ဒိပြင်ငှက်တွေရော ဝုန်းကနဲဆိုပြီးတော့ အကုန်ထပြီး လန့်ဖြန့်ပြီး ပျံကုန်ကြ ပျံကုန်ကြတော့ ဘုရားအလောင်းရွှေဟင်္သာမင်းတစ်ကောင်တည်း ရေကန်ကြီးအလယ် ကျန်နေရစ်။

ဒီတော့ အရှင်အာနန္ဒာအလောင်းက သုမုခစစ်သူကြီးဖြစ်နေတယ် ဒီဟင်္သာအုပ်မှာ၊ ဒီတော့ အရှင်အာနန္ဒာအလောင်း သုမုခစစ်သူကြီးရွှေဟင်္သာက သူလည်း ဖြုန်းကနဲဆို လန့်ပြီးတော့ တက်ပျံခဲ့ရင်း နောက်တော့မှ "ခုနက အော်လိုက်တဲ့အသံဟာ ငါတို့ရဲ့ ရှင်ဘုရင့်အသံနဲ့ တူပါတယ်၊ ဟုတ်များဟုတ်လေမလား" လို့ သံသယနဲ့ ပျံသွားတဲ့ဟင်္သာအုပ်တွေကို အရှိန်အဟုန်ပြင်းထန်စွာနဲ့ ပျံပြီးတော့ ကြည့်တယ်၊ ရှေ့ဆုံးအုပ် လိုက်ပြီးတော့ကြည့်မတွေ့ဘူး ရွှေဟင်္သာမင်း၊ အလယ်အုပ်တွေမှာရှာ မတွေ့ဘူး၊ နောက်ဆုံးအုပ်တွေမှာကြည့် မတွေ့ဘူး၊ "ဧကန္တတို့ဟင်္သာမင်းကျော့ကွင်းမိပြီ. . . ဆိုပြီးတော့ ရွှေဟင်္သာမင်းရဲ့ အနီးကိုပြန်ပြီးတော့လာခဲ့တယ်၊ အရှင်အာနန္ဒာအလောင်း သုမုခစစ်သူကြီးရွှေဟင်္သာက ပြန်လာတယ် ဦးမြင့်ဦးနော်၊ မှန်ပါဘုရား။ ပြန်လာတော့ ဘုရားအလောင်းရဲ့အနီးမှာ ဆင်းပြီးလာတော့ ဘုရားအလောင်းက ပြောတယ် "မနေနဲ့. . တဲ့ သွားတဲ့၊ ဘာပြုလို့ ပြန်လာတာလဲ ငါကသေလူ. . . တဲ့၊ သေတဲ့သူကို မိတ်ဆွေမဖွဲ့နဲ့၊ သေမယ့်လူကို လာပြီးတော့ မိတ်ဆွေဖွဲ့ရင် အသင်လည်း သေသာလူဖြစ်သွားမှာပေါ့၊ မနေနဲ့ ပြန်"လို့ လွှတ်တယ်။

အရှင်အာနန္ဒာအလောင်းက မပြန်ဘူး၊ "အရှင်မင်းမြတ်. . . မပြန်ဘူး၊ ကျွန်တော်မျိုး အရှင်မင်းမြတ်ရဲ့အသက်ကို ကိုယ်စားသေပြီးသကာလ အသက်ကို

http://www.dhammadownload.com



အသေခံပြီး ကယ်မယ်. . . . "လို့ စကားပြောပြီးတော့ နေကြတဲ့အချိန်၊ ခုနက ခေမမုဆိုကလည်း သူထောင်ထားတဲ့ကျော့ကွင်း ရွှေဟင်္သာမင်းမိနေတာသိလို့ ဝမ်းသာအားရနဲ့ အပြေးအလွှားရောက်လာ၊ အဲဒီလိုအချိန် ရောက်လာတယ်ဆိုရင်ပဲ သုမုခစစ်သူကြီး အရှင်အာနန္ဒာအလောင်းက ရွှေဟင်္သာမင်းရဲ့ ရှေ့ကနေပြီးတော့ ပြောတယ်၊ " အသင်မုဆိုး. . . တဲ့ ဘယ်အတွက် ဖမ်းဆီးတာပါတုန်း၊ အခု အသင်ဖမ်းဆီးတဲ့ရွှေဟင်္သာဟာ သာမန်ရွှေဟင်္သာမဟုတ်ပါ၊ ကျွန်ုပ်တို့-ဟင်္သာကိုးသောင်း တို့ရဲ့အပေါ်မှာ ထီးနန်းအုပ်ချုပ်မင်းလုပ်နေတဲ့ ရွှေဟင်္သာမင်း ဖြစ်ပါတယ်. . .၊ ဒီရွှေဟင်္သာမင်းကို သတ်စားဖို့ အသားစားဖို့ ဖမ်းတာဖြစ်ရင်လည်း ကျွန်ုပ်အသေခံပါ့မယ်. . .၊ သို့မဟုတ် ငွေကြေးယူပြီး ကပြဖို့ ပြုလုပ်မယ်ဆိုရင်လည်း ကျွန်ုပ်လိုက်ပြီးတော့ ကပါ့မယ်. . . ရွှေဟင်္သာမင်းကို ပြန်လွှတ်တော်မူပါ။

သို့မဟုတ် တစုံတခုသော ကိစ္စအကြောင်းအခြင်းအရာနှင့် ရည်ရွယ်ချက်နဲ့ ဖမ်းတယ်ဆိုရင်လည်း အဲဒီရည်ရွယ်ချက်ကို ကျွန်ုပ်ဖြည့်စွမ်းပါ့မယ်လို့ ပြောတော့ မုဆိုးက အံ့အားသင့်သွားတယ်၊ "ဟင်. . . ငှက်ကနေပြီးတော့ လူစကားပြောတယ်၊ အံ့သြစရာကောင်းလိုက်တာ. . . ဟင်္သာ၊ မိတာက သူ့မိတာလည်း မဟုတ်ဘဲနဲ့ သူက ရှေ့ကနေပြီးတော့ ဒီဟင်္သာမင်းအတွက် အသက်အသေခံ၊ လုပ်စရာရှိတာတွေ သူလုပ်ပါ့မယ်လို့ ပြောတယ်. . . တဲ့ သာမန်လူတွေတောင်မှ မလုပ်နိုင်တဲ့အလုပ်ကို တိရစ္ဆာန်ဖြစ်တဲ့ ဒီဟင်္သာကလုပ်နိုင်ပါပေတယ်. . . လို့ မုဆိုးကကြည်ညိုသွားလိုက်တာ၊ ကြည်ညို သွားလိုက်တာ စိတ်ထဲမှာ၊ မုဆိုးကလည်း သူများမဟုတ်ဘူး ဦးမြင့်ဦးရဲ့ ၊ ဘုန်းကြီးတို့ဘုရားအလောင်း တောထွက်တော်မူတဲ့ အခါ နောက်ကပါတဲ့ ဆန္နအမတ်အလောင်းနော်၊ ဒီတော့ ဆန္နအမတ်အလောင်း ဆိုတော့ ပါရမီဖြည့်ဖက်တွေ လာတွေ့နေတာမဟုတ်လား? *မှန်ပါဘုရား*။

ဒီတော့ ပါရမီဖြည့်ဘက်တွေဖြစ်တော့ ဘဝသံသရာက ဓာတ်တွေပါပြီးတော့ လာကြလို့ မြင်မြင်ချင်း ကြည်ညိုပြီးတော့သွားတယ် ဒီ အရှင်အာနန္ဒာ အလောင်းသုမုခစစ်သူကြီး ပြောတဲ့စကား နားထောင်ပြီးတော့ "သြ. . . တော်လိုက်တဲ့ ငှက်၊ တို့လူသားတွေတောင်မှ ဒီကိစ္စမျိုးဆိုရင် ကိုယ်လွတ်ရုန်းပြီးတော့ ပြေး၊ အခုကြည့်ပါအုံး. . . သူက အသက်အသေခံမယ်လို့ ပြောနေတယ်ဆိုပြီး သူက "ကိုင်းပါ. . . ကျွန်ုပ်က ရှင်ဘုရင်က အဖမ်းခိုင်းတာတော့ မှန်ပါတယ်၊ သို့သော်လည်း အသင်ဟင်္သာမင်းနဲ့တကွ ရွှေဟင်္သာမင်းတို့ကို ကျွန်ုပ်ကြည်ညိုတဲ့အတွက် ကျွန်ုပ်ကျော့ကွင်းကို ကောင်းကောင်းဖြေပြီးတော့သကာလ ဆေးများနဲ့ နှိပ်နယ်သုတ်သင်ပြီး အသင်ဟင်္သာမင်းနှစ်ကောင်ကို ပြန်ပြီးတော့လွှတ်ပါ့မယ်. . . လို့ စကားပြောလိုက်တယ်။

http://www.dhammadownload.com



ဒီတော့ ဘုရားအလောင်းကပြောတယ် "နေပါအုံး. . . မုဆိုး တို့ကို ဖမ်းတာဟာ ဘယ်သူကဖမ်းခိုင်းလို့ ဖမ်းတာတုန်း" "ကျွန်ုပ်တို့ တိုင်းတော် ပြည်တော်ကြီးရဲ့အရှင် ဘုရင်သံယမမင်းက ဖမ်းခိုင်းလို့ဖမ်းရပါတယ်. . ." "ဘာကိစ္စအတွက် ဖမ်းတာတုန်း" "မိဖုရားခေါင်ကြီးက ရွှေဟင်္သာမင်းရဲ့တရားကို နာချင်ပါတယ်ဆိုတဲ့ ချင်ခြင်းတပ်လို့ ဖမ်းရပါတယ်" "အို. . . ဒီလိုဆိုရင် မင်း တို့ကိုလွှတ်လို့ ဘယ်ဖြစ်မတုန်း. . .၊ ဘယ်လွှတ်လို့ ဖြစ်မတုန်း၊ မင်းကို ဖမ်းခိုင်း တာက ရှင်ဘုရင်က ဖမ်းခိုင်းတယ်ဆိုတော့ ဒီပစ္စည်းဟာ ရှင်ဘုရင်ရဲ့ပစ္စည်း. . . တဲ့၊ မင်းက လွှတ်လိုက်ရင် မင်း အဒိန္နာဒါနသင့်တော့မယ်ပေ့ါ. . .၊ ဒါတင်မက သေးဘူး၊ မင်းမှာလည်းပဲ တို့ကို ဖမ်းဆီးပြီးတော့ မင်းအတွက်ရမယ့် ရွာသားဆုတွေ၊ ရွှေငွေကျောက်သံပတ္တမြားအစရှိတဲ့ လာဘ်တော်တွေ မရဘဲရှိတော့မယ်ပေါ. . တဲ့၊ မရဘဲရှိတော့မှာပေ့ါ၊ တို့ကို မပို့ဘဲမနေနဲ့. . . အဲဒီရှင်ဘုရင့်ထံ ရောက်အောင် သာပို့"။

အဲဒီလို ပြောတော့မှ ဆန္ဒအမတ်ရဲ့အလောင်း ခေမဆိုတဲ့ မုဆိုးက "ကောင်းပါပြီ. . ."လို့ ဘုရားအလောင်းခြေထောက်မှာ မိနေတဲ့ ကျော့ကွင်း ကို သာသာယာယာဖြေ၊ နန္ဒင်းအစရှိတဲ့ ပစ္စည်းပတွေနဲ့ နှိပ်နယ်ပေးပြီးသကာလ ဘုရားအလောင်းနဲ့ အရှင်အာနန္ဒာအလောင်းစစ်သူကြီးဟင်္သာနှစ်ကောင်ကို ဆိုင်းများပြု၊ ပန်းဆိုင်းများပြုပြီး ရှေ့ဆိုင်းနောက်ဆိုင်း နှစ်ခုပြုပြီးတော့ အဲဒီ ပန်းဆိုင်းထဲမှာ ဘုရားအလောင်းကိုရှေ့က၊ အရှင်အာနန္ဒာအလောင်းကို နောက်က ထည့်ပြီးတော့ ထမ်းပြီးတော့သွားတယ်၊ အဲဒီလို ထည့်ပြီးထမ်းသွားတဲ့အခါမှာ ဘုန်းကြီးတို့ ဘုရားအလောင်းက ဆိုင်းကြီးနဲ့ ထမ်းပြီးလိုက်သွားတဲ့ အချိန်မှာ လူစကားနဲ့မပြောဘူး၊ သူတို့ဟင်္သာစကားနဲ့ပြောသတဲ့၊ ဘုရားအလောင်းက ဘာတိုးတိုးပြောလိုက်တုန်းဆိုတော့-

ဗာဠှံ ဘာယာမိ သုမုခ, သာမာယ လက္ခဏူရုယာ၊
အသ္မာကံ ဝဓမညာယ, အထတ္တာနံ ဝဓိဿတိ။

သုမုခ. . . တဲ့ ငါလေတဲ့ တစ်ခုစိုးရိမ်လိုက်တာကွာ. . . တဲ့၊ တစ်ခု စိုးရိမ်လိုက်တာ၊ ဗာဠှံ ဘာယာမိ-ပြင်းပြင်းထန်ထန်ကြောက်လှပါ၏၊ စိုးရိမ်လှပါ ၏၊ ဘာကြောက်တာတုန်းဆိုတော့ သာမာယ လက္ခဏူရုယာ-ရွှေအဆင်းလို ဝါဝင်းတောက်ပတင့်တယ်တဲ့၊ ကြန်အင်လက္ခဏာနဲ့ ပြည့်စုံတဲ့ငါ့ရဲ့ ဟင်္သာမိဖုရား သည်၊ အသ္မာကံ-ငါတို့နှစ်ယောက်ရဲ့၊ ဝဓံ-အသတ်ခံရခြင်းကို၊ အညာယ-တွေး တောသိရ၍၊ အထ-ထိုသို့ သိပြီးသည်မှနောက်၌၊ အတ္တာနံ-မိမိကိုယ်ကို၊ ဝဓိဿတိ-သေကြောင်းကြံလိမ့်မယ်. . .။

http://www.dhammadownload.com



ငါ့ရဲ့ မိဖုရားလေး . . တဲ့၊ ရွှေဟင်္သာမင်းမိဖုရား၊ ငါတို့နှစ်ယောက် ရေကန်ကအပြန် ဟင်္သာတွေပြန်သွားလို့၊ ရောက်တယ်ဆိုရင်ပဲ တို့နှစ်ယောက်ကိုမတွေ့၊ မတွေ့လိုကျော့ကွင်းမိပြီးတော့ လူတို့လက်တွင်းသက်ဆင်း မိသွားပြီဆိုတာသိရလို့ရှိရင် ငါတို့နှစ်ယောက်တော့ သေပြီလို့ သူတွက်မှာပဲ. . .၊ လူတွေလက်ထဲရောက်ရင်ဖြင့် အသားစားဖို့ရာအတွက်သတ်ပြီးစားလိမ့်မယ်၊ ငါရဲ့ခင်ပွန်းသည် ငါရဲ့ကျေးဇူးရှင်ဘုရင်နှင့်တကွ စစ်သူကြီးသုမုခတို့နှစ်ဦးဖြင့် သေပြီအသတ်ခံရပြီလို့ထင်ပြီးသကာလ ငါ့ရဲ့ကျေးဇူးရှင် ငါ့ရဲ့သခင်မှမရှိရင် ငါလည်း ဒီလောကထဲမနေတာဘဲ ကောင်းတော့တယ်လို့ ဆိုပြီးတော့များ သူ့ကိုယ်သူ သေကြောင်းကြံလိုက်မှာများ ငါစိုးလှတယ် သုမုခရယ်. . . လို့ ဘုရားအလောင်းတော်ကြီးကကိုယ့်မိနေတဲ့ဘေး အရေးမထားနိုင်ဘူး ဦးမြင့်ဦးရဲ့နော်၊ မှန်ပါဘုရား။ လှမ်းပြီးတော့ စိုးရိမ်နေရှာတယ်၊ ဒီတော့ အရှင်အာနန္ဒာအလောင်းက ပြောတယ်-

**ဧဝံ မဟန္တော လောကဿ, အပ္ပမေယျော မဟာဂဏီ၊**
**ဧကိတ္ထိ' မနုသောစေယျ, နယိဒံ ပညဝတာ'မိဝ။**

အရှင်ဟင်္သာမင်း. . . တဲ့၊ တကတည်း ဒီလောက်ဟင်္သာကိုးသောင်းရဲ့ထိပ်ခေါင်တင် ဘုရင်ကြီးတစ်ဆူလုပ်နေပြီး ဟင်္သာကိုးသောင်းကိုပိုင်တဲ့ ဘုရင်ကြီးတစ်ဆူလုပ်နေတဲ့ ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တစ်ယောက်ဖြစ်နေပါလျက်၊ ဒီလောက်အရေးကြီးတဲ့ အချိန်မှာ မိန်းမလေးတစ်ယောက်အတွက် စိုးရိမ်သောကရောက်နေတယ်ဆိုတာတော့ ရွှေဟင်္သာမင်းရယ်. . .၊ ပညာရှိမပီလိုက်တာတဲ့၊ အရှင်အာနန္ဒာအလောင်းကပြန်ပြောတယ်၊ ဦးမြင့်ဦးရဲ့နော်၊ ဒီတော့ ဘုရားအလောင်းကဘာပြန်ပြောတုန်းဆိုတော့-

**ယံ ဝုဒ္ဓေဟိ ဥပညာတံ, ကော တံ နိန္ဒိတု မရဟတိ၊**
**မဟာ ဘူတိ'တ္ထိယော နာမ , လောကသ္မိံ ဥဒပဇ္ဇိသုံ။**

သုမုခ. . . တဲ့၊ မင်းက ငါ့ကို အပြစ်တင်မစောလိုက်ပါနဲ့၊ လောကမှာအမျိုးသမီးဆိုတဲ့ပုဂ္ဂိုလ်တွေဟာ ကမ္ဘာဦးစ, လူစပြီးတော့ဖြစ်တဲ့ အချိန်က သူတို့ကစပြီးတော့ ဖြစ်ခဲ့တယ်လို့ ပညာရှိတွေအဆက်ဆက် အသိအမှတ်ပြုထားပါတယ် . . . တို့လူသားတွေရဲ့ အမျိုးနွယ်တွေ ပေါက်ဖွားတဲ့အချိန်မှာ၊ ကမ္ဘာဦးစပြီးတော့လူတွေဖြစ်တော့ အဲဒီ အမျိုးသမီးတွေက စပြီးတော့ဖြစ်တာကွ သုမုခရဲ့-

ယံ ဝုဒ္ဓေဟိ ဥပညာတံ-လောက သူတို့ကစပြီးဖြစ်တာလို့ ပညာရှိတွေအဆက်ဆက်ကလည်း အသိအမှတ်ပြုထားတယ်၊ ဒါကြောင့် ကော တံ နိန္ဒိတု မရဟတိ-ဘယ်ပုဂ္ဂိုလ်က အဲဒီ ကမ္ဘာဦးက စပြီးတော့ဖြစ်လာတဲ့ စတင်ပြီးတော့ပေါက်ဖွားလာတဲ့ အမျိုးသမီးတွေကို အထင်သေးထိုက်ပါသေးသလဲ. . . တဲ့၊

http://www.dhammadownload.com



သူတို့ အထင်သေးလို့ ဘယ်ဖြစ်ပါ့မတုန်း။ ဒါတင်မကသေးဘူး သုမုခ ငါပြောအုံးမယ်-

ခိဋ္ဌာ ပဏ္ဍိတာ တျာသု, ရတိ တျာသု ပတိဋ္ဌိတာ၊
ဗီဇာနိ တျာသု ရူဟန္တိ, ယဒိဒံ သတ္တာ ပဇာယရေ။

အဲဒီအမျိုးသမီးလို့ခေါ်တဲ့ မိန်းမသားတွေ ကမ္ဘာလောကရှိနေလို့ ဒီကမ္ဘာလောကကြီး သာယာစိုပြေနေခြင်းဖြစ်တယ်. . . တဲ့၊ တို့ယောကျ်ားသားတွေချည်းဆိုရင် ဒီကမ္ဘာလောကကြီး ဘာအလုပ်မှ ဟုတ္တိပတ္တိလုပ်မှာမဟုတ်ဘူး သုမုခရဲ့၊ ဦးမြင့်ဦး မမှန်ဘူးလား? *မှန်ပါတယ်ဘုရား*။ ဝန်ခံရမှာပေါ့ဗျနော်၊ ဘုန်းကြီးတို့ သာသနာ့ဝန်ထမ်းရဟန်းတွေတောင်မှ ဆွမ်းစားနေရတာ ဦးမြင့်ဦးတို့ကြောင့်စားနေရတာ မဟုတ်ဘူး ဦးမြင့်ဦးရဲ့၊ *မှန်ပါဘုရား*။ ဆွမ်းလောင်းတာ ဘယ်သူတွေက လောင်းတာတုန်း ဦးမြင့်ဦးရဲ့၊ ဒကာမတွေက များတယ်။ ဘုန်းကြီးက မြှောက်နေတာမဟုတ်ဘူး၊ အဟုတ်ပြောနေတာ ဦးမြင့်ဦး မခံချင်လည်း မရှိနဲ့နော်၊ ဒီနေ့ညတော့ ဒကာတွေနဲ့ဒကာမတွေ ရန်တိုက်ပေးထားခဲ့ရမှာပဲ၊ ဒီတော့ ဆွမ်းလောင်းကြတယ်၊ ဆွမ်းချက်ကြတယ်၊ သာသနာပြု ကြောင့်ကြစိုက်ကြတယ်ဆိုတာ၊ ဒကာဦးမြင့်ဦး မှန်တဲ့အတိုင်းပြောကြစို့ အမျိုးသမီးတွေ ကြောင့်ကြစိုက်လို့ ဘုန်းကြီးတို့ သာသနာလည်း ဒီလိုတည်နိုင်တာ ဦးမြင့်ဦးရဲ့နော်-*မှန်ပါဘုရား*။ ဒီတော့ ဘုရားအလောင်းကြီးက ပြောနေတဲ့စကား မမှားပါဘူး၊ လောကကြီး စိုပြေသာယာနေတယ်ဆိုတာ အမျိုးသမီးတွေကြောင့်ပါ သုမုခ ရယ်. . . တဲ့၊ မင်းငါ့အပြစ်တင် မစောစမ်းပါနဲ့တဲ့၊ ပြီးတော့ ငါပြောဦးမယ်-

ဗီဇာနိ တျာသု ရူဟန္တိ, ယဒိဒံ သတ္တာ ပဇာယရေ။

ဘုရားအလောင်း, စကြာဝတေး မန္တတ်အလောင်းဆိုတဲ့ သာသနာ့ အာဇာနည်အလောင်းတို့နှင့်တကွ၊ ယောကျ်ားကောင်း မျိုးကောင်းဆိုတဲ့ ဒီ ပုဂ္ဂိုလ်အပေါင်းတို့သည်၊ တျာသု-ထိုမိန်းမတို့ရဲ့သန္တာန်၌၊ ရူဟန္တိ-ပေါက်ရောက် စီပင်ကြရကုန်၏၊ သုမုခ. . . တဲ့၊ ဘုရားဖြစ်တဲ့ ဘုရားလောင်းကြီးတွေ, ဘယ်က မွေးဖွားလာတယ်ထင်တုန်းတဲ့၊ ဒီအမျိုးသမီးတွေကပဲ မွေးဖွားပေးတာမဟုတ်လား? အရှင်ပစ္စေကဗုဒ္ဓါအလောင်းအညွှန့်တွေ ဒီအမျိုးသမီးတွေက ပေါက်ဖွားတာပဲ၊ အဂ္ဂသာဝက မဟာသာဝကအလောင်းတွေ ဒီအမျိုးသမီးတွေက ပေါက်ဖွားတာပဲ၊ ယနေ့ သာသနာ့အာဇာနည်ခေါ်ရတဲ့ တိပိဋကရေအရှင်သိရိန္ဒာဘိဝံသ ဘယ်က ပေါက်ဖွားလာပါသလဲ၊ ဦးရဲနိုင်+ဒေါ်တုတ်ခိုင်ဆိုတဲ့ မိခင်ဖခင်နှစ်ဦးက ပေါက်ဖွား လာခဲ့ပါသည်၊ အထူးသဖြင့် မိခင်ကြီးက ပေါက်ဖွားပေးပါသည်၊ မဟုတ်ဘူးလား ဦးမြင့်ဦး? မှန်ပါဘုရား၊ ဒီသာသနာ့အာဇာနည် အလောင်းလျာတွေ စကြာဝတေး၊

http://www.dhammadownload.com



မန္တတ်ဆိုတဲ့ အလောင်းအညွန့်တွေ ဘုရားအလောင်း၊ ပစ္စေကဗုဒ္ဓါအလောင်း ဆိုတဲ့ ပုဂ္ဂိုလ်တွေ၊ ဒီအမျိုးသမီးတွေမရှိရင် ပေါ်လာနိုင်ပါ့မလား? *မပေါ်လာနိုင်ပါဘုရား။*

အဲဒီ ကမ္ဘာလောကကြီး သတ္တဝါတွေကို ကယ်တင်တော်မူတဲ့ ဘုရားရှင်တို့လို ပုဂ္ဂိုလ်ကြီးတွေကစ ဒီအမျိုးသမီးတို့ဆီက ပေါက်ဖွားရတယ်သုမုခ. . တဲ့၊ ဒါကြောင့် ငါက ပြောနေတဲ့စကားကို မင်းအပြစ်တင်မစောပါနဲ့လို့ ပြန်ချေပတယ်၊ ဦးမြင့်ဦးရဲ့နော်၊ မှတ်စရာသားစရာလေးကောင်းလို့ ဆိုင်းနဲ့ထမ်းသွားရင်းနဲ့ ရွှေဟင်္သာမင်းနှစ်ပါး ပြောနေကြတာ၊ စစ်သူကြီးနဲ့ရှင်ဘုရင် နှစ်ပါးပြောနေကြတာ နော်၊ *မှန်ပါဘုရား။* အဲဒီလိုနဲ့ ဒီလိုပြောတဲ့စကားကို မုဆိုးကမသိဘူးလားဆိုတော့ မကြားဘူး. . . တဲ့၊ ဘာပြုလို့တုန်းဆိုတော့ သူတို့က သူတို့ဘာသာစကားနဲ့ ပြောကြတဲ့စကားနော်၊ မှန်ပါဘုရား၊ လူစကားနဲ့မဟုတ်ဘူးတဲ့၊ အဲဒီလိုနဲ့ ရွှေဟင်္သာမင်းနှစ်စီးကို ဆိုင်းနဲ့ထမ်းပြီးသကာလ ရှင်ဘုရင့်နန်းတော် ရောက်သွားတယ်ဆိုရင်ပဲ ရှင်ဘုရင်နဲ့မိဖုရား အားရဝမ်းသာနဲ့ ဆီးကြို၊ ရှင်ဘုရင်နဲ့မိဖုရား၊ အားရဝမ်းသာ ဖွဲ့ရွှေဟင်္သာမင်း၊ သုမုခစစ်သူကြီး နှစ်ဦးတို့ကို ဆီးကြိုပြီးသကာလ ယုယုယယ၊ ပိုက်ပိုက်ထွေးထွေး ကောင်းကောင်းမွန်မွန် ပြုစုလုပ်ကျွေး။

အဲဒီလိုနဲ့ တိုတိုပြောကြစို့ ဘုန်းကြီးတို့ဘုရားအလောင်းဟင်္သာမင်းက တရားနာချင်တယ်ဆိုတဲ့ အတိုင်းတရားဟောပါတယ်နော်၊ ခေမာမိဖုရား၊ မိဖုရားကြီးလည်းတရားတော်ကိုနာရလို့ ရွှေဟင်္သာမင်းကိုပွေ့ပိုက်ပြီးတော့ ကောင်းကောင်းမွန်မွန်ကျွေးမွေး၊ ပျာသကာလှူထားတဲ့ ပေါက်ပေါက်ကျွေးမွေးပြုစုစောင့်ရှောက်၊ နောက်ဆုံးတရားတော်လည်းနာရလို့ အားရကျေနပ်၊ ပါရမီဖြည့်ဖက်တွေတွေ့နေကြတာဖြစ်တော့ အကုန်လုံးအဆင်ပြေကုန်ကြတာပေါ့ ဦးမြင့်ဦးရဲ့ နော်၊ *မှန်ပါဘုရား။* အရှင်သာရိပုတ္တရာအလောင်း သံယမမင်းရယ်၊ ခေမာဘိက္ခုနီမ အလောင်း ခေမာမိဖုရားရယ်၊ အရှင်အာနန္ဒာအလောင်းသုမုခစစ်သူကြီး၊ ဘုရားအလောင်းတော်ဓတရဋ္ဌရွှေဟင်္သာမင်း၊ မုဆိုးက ဆန္နအမတ်။ ဆန္နအမတ်လည်းပဲ တခါတည်း လာဘ်တွေဆုတွေရသွားမှာပေါ့ ဦးမြင့်ဦးရဲ့နော်၊ *မှန်ပါဘုရား။* အဲဒီလိုနဲ့ တရားတော်ကို နာကြားပြီးလို့ ပြန်တော့မယ်. . . လို့ ပြန်လွှတ်တော့မယ်၊ ရွှေဟင်္သာမင်းနှစ်စီး ပြန်တော့မယ်လို့ဆိုတဲ့အခါမှာ ဘုရားအလောင်းရွှေဟင်္သာမင်းက သံယမမင်းကို မေးတယ်၊ တရားဟောစရာရှိတာတွေကို ဟောပြောပြီးတော့-

> ကစ္စိ နာ'နာဂတံ ဒီဃံ, သမဝေက္ခသိ ခတ္တိယ၊
> ကစ္စိ' မတ္တော မဒနီယေ, ပရလောကံ န သန္တတိ။

ခတ္တိယ-ရေမြေပိုင်သ, အိုခတ္တိယ, သံယမမင်း၊ အနာဂတံ-မိမိနောင်

http://www.dhammadownload.com



ကာလ အသက်ရှည်ရမယ့်အချိန်ကာလသည်၊ န ဒီဃံ-မရှည်လျှားတော့ပါတကား၊ (ဝါ) အသက်အပိုင်းအခြားဟာ တိုတိုကလေးမျှသာပါတကားရယ်လို့၊ သမဝေက္ခသိ- ရှုဆင်ခြင်မိပါရဲ့လား. . . ။

အရှင်မင်းမြတ်. . . တဲ့၊ သက်တန်းတစ်ရာဆိုတာ ဘယ်လောက်ကြာတဲ့အချိန်လေးမှမဟုတ်ပါဘူး၊ အဲဒီသက်တန်းမရှည်တဲ့ ကာလကလေးကို မိမိအသက်အတိုင်းနေရမယ့်အချိန်ဟာ တိုတောင်းလှပါ တကား. . . ၊ နေ့ မြင်ညပျောက်ဖြစ်နိုင်ပါတကား၊ မကြာမတင် သောလျင်စွာ သေနိုင်ပါတကားရယ်လို့ ဆင်ခြင်မိပါရဲ့လား. . . ၊ ဆင်ခြင်မိပါရဲ့လား၊ မရဏာဿတိကမ္မဋ္ဌာန်း စီးဖြန်းမိပါရဲ့လား မေးကာနော်၊ ဦးမြင့်ဦး၊ ဘာပြုလို့တုန်းဆိုတော့ ဘုန်းကြီးတို့လူ့လောက အသက်ကစ်ရာတန်း ဆိုကြပါစို့။ အခုဆို တစ်ရာတန်းတောင် မရှိတော့ဘူး၊ (၇၅)နှစ်ဆိုတာ အလွန်ဆုံးပါနော်၊ အဲဒီ အသက်တန်းလေးအတွင်းမှာ ယနေ့ ဒကာဒကာမတွေ နှစ်ပေါင်း(၃၀) လောက်အတွင်းက မြူးတူးပျော်ပါးနေရတာနဲ့ အချိန်ကုန်ကြတာနဲ့ နှစ်ပေါင်း(၃၀) လောက်ရောက်မသွားဘူလား ဦးမြင့်ဦးရဲ့၊ မှန်ပါဘုရား။

အဲဒီ မိမိပျော်ပါးနေရတာကနေပြီးတော့ စီးပွားဥစ္စာရတနာတွေ စီးပွားရေး၊ ကြီးပွားရေး၊ သာရေး၊ သမီးရေး၊ ဆွေရေးမျိုးရေး၊ လုပ်ရေးကိုင်ရေးနဲ့ နောက်ထပ်နှစ်ပေါင်း(၃၀)လောက်ဆောင်သွားတော့ (၆၀)လောက်ရောက်မသွားဘူးလား? မှန်ပါဘုရား၊ ဒါဖြင့် (၇၅)နှစ်တန်းဆိုတော့ (၁၅)နှစ် ရှိတော့တယ်မဟုတ်လား? မှန်ပါဘုရား၊ အဲဒီ(၁၅)နှစ်အတွင်းမှာ၊ မြေးထိန်းရ၊ မြစ်ထိန်းရ အိမ်စောင့်ရနဲ့ဆိုတော့ ကိုယ့်လောကုတ္တရာဘွဲ့ဟူးဂုဏ်ထူးကလေးများရဖို့ အလုပ်လုပ်ချိန်ရှိသေးရဲ့လား ဦးမြင့်ဦးရဲ့? မရှိပါဘုရား၊ သက်တမ်းကလေးက မတိုဘူးလား? တိုပါဘုရား၊ အဲဒါကြောင့် ဘုရားအလောင်းတော်က မေးနေတာ၊ မဟာရာဇ. . . တဲ့ မိမိရဲ့ သက်တမ်း အင်မတန်တိုတယ်ဆိုတဲ့အကြောင်း စဉ်းစားမိပါရဲ့လား. . . ၊ ဆင်ခြင်မိပါရဲ့လား။

ကစ္စိ မစ္စော မဒနီယေ, ပရလောကံ န သန္တသိ။

မဒနီယေ-ရစ်မူးဖွယ်ရာအဖုံဖြစ်တဲ့, ရူပ, သဒ္ဒစသည် အာရုံ, ကာမဂုဏ်အပေါင်း၌၊ မတ္တော-ရစ်မူးနေရသည်ဖြစ်၍၊ မေ့လျော့နေရသည်ဖြစ်၍၊ ပရလောကံ-နောက်နောင်လောက, မိမိသွားရမယ့် ဘဝကို၊ န သန္တသိ-မထိတ်လန့်မကြောက်ရွံ့ရပဲ ရှိပါ၏လား. . . ။

အရှင်မင်းမြတ်. . . တဲ့၊ မင်းစည်းစိမ်ဆိုတာ ငါးဖြာအာရုံကာမဂုဏ်တွေနဲ့ အင်မတန်မှပြည့်စုံတာ၊ ဒီတော့ လူ့လောကကြီးမှာ ရစ်မူးဖွယ်ရာ၊ သာယာဖွယ်ရာ

http://www.dhammadownload.com



အပြည့်ဖြစ်နေတာဖြစ်တော့၊ အဲဒီရစ်မူးသာယာဖွယ်ရာတွေနဲ့ မျောနေ ရတာနဲ့၊ အချိန်ကုန်နေတာနဲ့မို့ ကုသိုလ်ကောင်းမှုတွေ တခုမှမပြုမိဘဲ၊ သေခါနီး ကာလမှာ အသေကို ရင်မဆိုင်နိုင်အောင်၊ နောင်လောကမသွားရဲလောက်အောင်၊ နောင်လောက မကူးရဲလောက်အောင်၊ ကြောက်ရွံ့ထိတ်လန့်နေရတဲ့ အဖြစ်မျိုး များ၊ မရှိဘဲရှိပါ၏လား. . .၊ အသေကိုရင်ဆိုင်နိုင်ပါရဲ့လား၊ ဒီအမေးမေးလိုက်တာ၊ မေးလိုက်တော့ သံယမမင်းကြီးကပြန်ပြောတယ်-

> ဒါနံ သီလံ ပရိစ္စာဂံ, အဇ္ဇဝံ မဒ္ဒဝံ တပံ၊
> အက္ကောဓံ အဝိဟိံသဉ္စ, ခန္တိဉ္စ အဝိရောဓနံ၊
> ဣစ္စေ တေ ကုသလေ ဓမ္မေ, ဌိတေ ပဿာမိ အတ္တနိ၊
> တတော မေ ဇာယတေ ပီတိ, သောမနဿဉ္စ'နပ္ပကံ။

အရှင်ဟာသ်မင်း. . .၊ တဲ့၊ ကျွန်ုပ် သေရမှာကို ရင်ဆိုင်ရဲပါတယ်. . .၊ ကျွန်ုပ်မှာ လောကုတ္တရာဂုဏ်ထူးတွေ အပြည့်ရှိပါတယ်၊ အဲဒီဂုဏ်ထူးတွေက ဘာတွေတုန်းဆိုတော့ ဒါနံ-ပူဇော်စရာပုဂ္ဂိုလ်တွေကို ပူဇော်ခြင်းဆိုတဲ့ ဒါန ကုသိုလ်မျိုးတွေလည်းကောင်း၊ သီလံ-ငါးပါးသီလရှစ်ပါးသီလ, ကိုးပါးသီလတွေ ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုတဲ့၊ သီလကုသိုလ်ဘွဲ့ထူးဂုဏ်ထူးကြီး၊ ပေးကမ်း, လှူဒါန်ခြင်းဆိုတဲ့, ပရိစ္စာဂအလှူမျိုးတွေကိုလည်း, ကျွန်တော်မျိုးပြုထားပါတယ်. ၊ ပြုတာများပါပြီ၊ အဇ္ဇဝံ-ကိုယ့်နှုတ်နှလုံး, သုံးပါးလုံး, ဖြောင့်ဖြောင့်ကျင့်သုံးခြင်း ဆိုတဲ့, အဇ္ဇဝဂုဏ်လည်းကောင်း၊ မဒ္ဒဝံ-ကိုယ်နှုတ်နှလုံး, သုံးပါးလုံးနူးနူးညံ့ညံ့, သိမ်သိမ်မွေ့မွေ့, ပြောဆိုဆက်ဆံခြင်းဆိုတဲ့, မဒ္ဒဝဂုဏ်လည်းကောင်း၊ လူသူလေး ပါးနဲ့ ဆက်ဆံလို့ရှိရင် နူးနူးညံ့ညံ့ပြောဆို၊ ဆက်ဆံတဲ့နေရာ ကာယကံမှုလည်း နူးနူးညံ့ညံ့ဆက်ဆံဆိုတာ မဒ္ဒဝဂုဏ်ခေါ်တယ် ဦးမြင့်ဦးနော်၊ *မှန်ပါဘုရား*။ ဒီတော့ အော်လိုက်, ငေါက်လိုက်, ဆဲလိုက်ဆိုလိုက်, ဆိုတဲ့ဖရုသဝါစာရှိပြီဆိုရင် မဒ္ဒဝဂုဏ် မရှိဘူးလို့ခေါ်တယ်၊ နူးညံ့တဲ့ဂုဏ် မရှိဘူးပေါ့နော်၊ *မှန်ပါဘုရား*။

ဒီတော့ မိမိထက်အဆင့်တန်းသာတဲ့ ပုဂ္ဂိုလ်တွေကို လှူဒါန်းမှုဆိုတဲ့ ဒါနဂုဏ်၊ ငါးပါးသီလ၊ ရှစ်ပါးသီလတွေထိန်းသိမ်းတဲ့၊ သီလဂုဏ်၊ ကိုယ့်ရဲ့ လက်အောက်တွေ ကိုယ်ရဲ့အောက်ကျတဲ့ပုဂ္ဂိုလ်တွေကို စွန့်ကြဲပေးကမ်းခြင်းဆိုတဲ့ ပရိစ္စာဂဂုဏ်၊ မင်းကျင့်တရား(၁၀)ပါးကို ပြောနေတာပါပဲ၊ ဦးမြင့်ဦးရဲ့နော်၊ မှန်ပါဘုရား။ အဇ္ဇဝံ-ကိုယ်,နှုတ်,နှလုံး သုံးပါးလုံး ဖြောင့်ဖြောင့်ထားတဲ့ မျက်မှောက် မျက်ကွယ်မရွေး၊ ကိုယ်အလုပ်ကို ဖြောင့်အောင်လုပ်ပြီးတော့ နေတယ်ဆိုရင် အဇ္ဇဝဂုဏ်၊ နူးညံ့သိမ်မွေ့စွာ ပြောဆိုဆက်ဆံ လုပ်ကိုင်တယ်ဆိုတဲ့ မဒ္ဒဝဂုဏ်။ တပံ-ဥပုသ်သီတင်း, စောင့်သုံးခြင်းဆိုတဲ့ တပဂုဏ်။တပဆိုတာ ဥပုသ်သီတင်း စောင့်သုံးခြင်း၊

http://www.dhammadownload.com



ရှစ်ရက်သီတင်း, လပြည့်လကွယ်, ဥပုသ်စောင့်သုံးရတယ် မင်းများလည်း၊ ဒီနေ့ ဒကာဒကာမတွေ ဥပုသ်စောင့်ကြတယ်ဆိုတာတပဂုဏ်၊ ကျင့်ကြံကြိုးကုတ် အားထုတ်တဲ့ဂုဏ်။

အက္ကောဓံ. . . တဲ့၊ မေတ္တာပွားများရခြင်းဆိုတဲ့ဂုဏ်၊ ဘယ်သူနဲ့တွေ့ လို့မှဒေါသရှေ့မထားဘဲနဲ့ မေတ္တာနဲ့ဆက်ဆံ၊ မေတ္တာနဲ့ပြောဆို၊ ဒါအက္ကောဓ ဂုဏ်လို့ခေါ်တယ်၊ သနားဖွယ်ရာသတ္တဝါတွေကိုတွေ့ရင် သနားကရုဏာဖြစ်ခြင်း ဆိုတဲ့ အဝိဟိံသာဂုဏ်၊ ခန္တီစ အဝိရောဓနံ-အရာရာမှာသည်းခံခြင်းဆိုတဲ့ ခန္တီ ဂုဏ်၊ တိုင်းသားပြည်သူ, ရှင်လူရဟန်းတို့နှင့် မဆန့်ကျင်ခြင်းဆိုတဲ့ အဝိရော ဓနဂုဏ်. . . လို့ဆိုတဲ့ ကျွန်ုပ်မှာလေ. . . အဲဒီဂုဏ်တွေ အပြည့်ရှိပါတယ်၊ အဲဒီ ဂုဏ်တွေကို ကျွန်ုပ်လိုက်နာနေပါတယ်. . . တဲ့၊ သံယမမင်းက ပြန်ဖြေနေတာ။

ဣစ္စေတေ ကုသလေဓမ္မေ ဌိတေ ပဿာမိ အတ္တနိ-အဲဒီကုသိုလ် တရားဂုဏ်တွေ ကျွန်ုပ်သန္တာန်မှာထင်ရှားမြင်နေရသည်ဖြစ်၍၊ တတော မေ ဇာယတေပီတိ-အဲဒီလိုဂုဏ်တွေကိုအောင့်မေ့လိုက်တိုင်း, အောင့်မေ့လိုက်တိုင်း, ငါ့မှာဒါနတွေရှိတယ်၊ သီလတွေရှိတယ်အဇ္ဇဝ, မဒ္ဒဝဂုဏ်တွေရှိတယ် စသည်ဖြင့် ကောင်းတဲ့ဂုဏ်တွေ မိမိပြန်ပြောင်းသတိရလိုက်တိုင်း၊ တွေးလိုက်တိုင်း၊ ဒီဂုဏ် တွေကို သတိရလိုက်တိုင်း သတိရလိုက်တိုင်း၊ ပီတိ-နှစ်သက်ရွှင်လန်း, ဝမ်းမြောက် မှုသည်၊ ဇာယတေ-မုချမသွေ, ဖြစ်ပေါ်လာပေ၏၊ သောမနဿဉ္စနပ္ပကံ-အနပ္ပကမ်းဒင်းကြမ်းတဲ့၊ သောမနဿခေါ်တဲ့ စိတ်နှလုံးကြည်သာမှုသည် လည်း၊ ဇာယတေ-တွေးမိလေတိုင်း ပီတိလျှိုင်းဖြင့်၊ မဆိုင်းမသွေ, ဖြစ်ပေါ်၍ လာခဲ့ပါပေသတည်း. . . ။

သာဓု. . . သာဓု. . . သာဓုပါဘုရား။

အဲဒါ ရွှေဟသ်ာမင်းကမေးလို့ ပြန်ခါးနီးမေးလို့ သံယမမင်းကြီးကဖြေတဲ့ အဖြေ ဦးမြင့်ဦးရဲ့နော်၊ မှန်ပါဘုရား၊ ကျွန်ုပ်မှာ. . . တဲ့၊ အဲဒီ လောကုတ္တရာ ဂုဏ်ထူးဘွဲ့ထူးတွေ မပျက်ရအောင်ကြိုးစားကျင့်ဆောင် ကြိုးကုတ်အားထုတ်နိုင် သည်ဖြစ်၍၊ အဲဒီ ဂုဏ်ထူးဘွဲ့ထူးတွေကို စဉ်းစားလိုက်တိုင်း၊ မိမိအကျင့်သီလ သိက္ခာတွေဆင်ခြင်လိုက်တိုင်း, ကျွန်ုပ်မှာ. . . တဲ့၊ နှစ်သက်ရွှင်လန်း, ဝမ်းမြောက် ရပါတယ်. . . လို့ဖြေလိုက်တယ်၊ ဦးမြင့်ဦးရဲ့၊ အဲဒီလိုနဲ့ ရွှေဟသ်ာမင်းလည်းပြန် သွားတယ်ပေါ့။

ဒါ့ကြောင့်-ဘုန်းကြီးတို့ဘုရားအလောင်း ရွှေဟသ်ာမင်းဇာတ်တော်ကို ဘုရားဖြစ်တော်မူချိန်အခါမှ ဒီဇာတ်ကြောင်းကို ဘုရားရှင်ကိုယ်တော်မြတ်က

http://www.dhammadownload.com



ပြန်ပြောင်းပြီးတော့ ဟောတော်မူခဲ့ပါသည်။ အဲဒီ လိုဟောတဲ့အထဲမှာ ဒီဂါထာ ဒီစကားတွေ အပြည့်အစုံထည့်ပြီးဟောတော်မူတဲ့ ဘုရားရှင်ရဲ့ရည်ရွယ်တော်မူချက်သည်. . . ယနေ့ ဒကာဒကာမတွေ လောကုတ္တရာဘွဲ့ထူးဂုဏ်ထူးတွေ မိမိတို့သန္တာန်ရအောင် လောကီဘွဲ့ထူးဂုဏ်ထူးတွေနဲ့သာ အချိန်ကုန်မခံကြဘဲ၊ လောကုတ္တရာဘွဲ့ထူးဂုဏ်ထူးတွေလည်းပဲ ရအောင်ကျင့်ဆောင်ကြိုးကုတ်အားထုတ်နိုင်ကြပါစေကုန်သတည်း. . .၊ အားထုတ်နိုင်ကြအောင်ကြိုးစားနိုင်ကြပါစေကုန်သတည်း၊ အားထုတ်နိုင်အောင် အသိဉာဏ်ပေါက်ကြပါစေသတည်း. . . လို့ ဘုရားဖြစ်တော်မူမှ ဒီဇာတ်ကြောင်းပြန်ပြောင်းဟောတဲ့ရည်ရွယ်ချက်က ဒီရည်ရွယ်ချက် ဦးမြင့်ဦးရဲ့နော်၊ *မှန်ပါဘုရား*။

ဒကာဒကာမတွေ ဇာတ်ကြောင်း လေးနားထောင်ကောင်းရုံ၊ ရွှေဟင်္သာမင်းနဲ့ သံယမမင်းတို့ပြောကြဆိုကြတာလေးတွေ နားထောင်ကောင်းရုံ ရည်ရွယ်ချက်နဲ့ဟောတာ ဟုတ်ပဲ့မလား? *မဟုတ်ပါဘုရား*။ ယနေ့ဒကာဒကာမတွေ အတုယူသင့်ယူထိုက်တာတွေ ယူရအောင်၊ လိုက်နာသင့်တာတွေ လိုက်နာရအောင် သံဝေဂဖြစ်စရာတွေ ဖြစ်ကြရအောင်. . . ဆိုပြီးတော့ ဟောတော်မူတဲ့ရည်ရွယ်ချက်၊ ဒီတော့ ယနေ့ဒကာဒကာမတွေ လောကီဘွဲ့ထူးတွေလည်း ငါရအောင်၊ ဘဝများမြောင် ချမ်းသာဆောင်ပြီးတော့ မဂ်ဖိုလ်နိဗ္ဗာန်တိုင်အောင် အကျိုးဆောင်မယ့် ဘွဲ့ထူးဂုဏ်ထူးလည်းရအောင် ငါကြိုးစားအုန်းမယ်. . . လို့ ကိုယ့်ကိုယ်ကို တိုက်တွန်းဖို့ ဒီနေ့ည ဘုန်းကြီးက ဒီတရားပွဲကနေပြီးတော့ အရှင်သီရိန္ဒာဘိဝံသ ချီးကျူးပွဲကိုအကြောင်းပြုပြီးတော့ တိုက်တွန်းလိုက်ပါတယ်၊ ဦးမြင့်ဦးရဲ့နော်၊ *မှန်ပါဘုရား*။

ဒီတော့ ကိုယ့်ကိုယ်ကို မေးပါ။ ငါ ဥပသကာဖြစ်ပြီလား၊ ဒါယကာကောဖြစ်ပြီလား၊ ဒကာဖြစ်အောင် ငါဘာတွေ လှူဖူးသလဲ၊ ကျောင်းဆောက်လှူဖူးသလား၊ သင်္ကန်းလှူဖူးသလား၊ ကထိန်ခင်းဖူးသလား၊ ဝါဆိုသင်္ကန်း ကပ်ဖူးသလား သို့မဟုတ် အတောင်းအရန်းရောက်လာတဲ့ပုဂ္ဂိုလ်တွေကို ဝတ်စားတန်ဆာ အစားအသောက်တွေကို ထောက်ပံ့ကူညီဖူးသလား၊ ဒါလည်း ဒါယကာခေါ်တာပဲ ဦးမြင့်ဦးရဲ့နော်၊ *မှန်ပါဘုရား*။ ဒီတော့ ဒါယကာဆိုတဲ့ဂုဏ်ထူး၊ သီလဝန္တဆိုတဲ့ သီလဂုဏ်ထူး ရှိလား၊ ငါးပါးသီလ ငါ ဘယ်အချိန်က စပြီးတော့ လုံခဲ့သလဲ၊ ငါ ဘယ်အချိန်ကစပြီးတော့ လုံခဲ့တယ်၊ ဒီလိုဆို ငါသီလဝန္တဂုဏ်ထူး ရပြီ၊ ရှစ်ပါးသီလ၊ ကိုးပါးသီလတွေ တတ်နိုင်လို့ ထိမ်းဖူးတယ်ဆိုရင် ဖြဟ္မစာရီ၊ ငါဗြဟ္မစာရီ ဖြစ်သားပဲ၊ အခါကြီးရက်ကြီး၊ လပြည့်လကွယ် ရှစ်ပါးသီလ ထိမ်းလာခဲ့တယ်၊ ငါ ဗြဟ္မစာရီပဲ။

http://www.dhammadownload.com



**"အာရဒ္ဓဝိပဿက ယောဂီ ဖြဟ္မာ့ဝိဟာရီ"** မေတ္တာတရားနဲ့နေလေ့ရှိတော့ ဗြဟ္မာ့ဝိဟာရီလို့ခေါ်တယ်။ ဝိပဿနာလုပ်ငန်းကြိုးပန်းအားထုတ်မိပြီဆိုတော့ ယောဂီ။ အာရဒ္ဓဝိပဿက။ ဝိပဿကပုဂ္ဂိုလ်လို့လည်းခေါ်တယ်၊ ယောဂီလို့လည်းခေါ်တယ်၊ ဒီဘွဲ့ထူးဂုဏ်ထူးကော ငါရပြီလား၊ ကိုယ့်ကိုယ်ကို မမေးထိုက်ဘူးလား ဦးမြင့်ဦး? မေးထိုက်ပါတယ်ဘုရား။ ငါ ဆယ်ရက်စခန်း သွားဖူးသလား၊ တစ်လစခန်း ဝင်ဖူးသလား၊ ဘယ်ရိပ်သာသွားပြီးတော့ ဘယ်တရားနည်းနဲ့ ငါအားထုတ်ပြီးပြီလဲ၊ အားမထုတ်ဖူးသေးရင်ဖြင့် ယောဂီဆိုတဲ့ ဘွဲ့ထူးနဲ့ ငါ ဝေးနေပြီ၊ ဘုရားသာသနာတော်ကြီးနဲ့ လာပြီးတော့ကြုံပါလျက်၊ ဘုရားသာသနာတော်တွင်း လောကုတ္တရာတံဆိပ်ခတ်အပ်တဲ့ မဂ်ဖိုလ်နိဗ္ဗာန်ကြီး မြန်မြန်ပို့နိုင်တဲ့ ယောဂီဆိုတဲ့ ဘွဲ့ထူးကို ရယူသင့်ရယူထိုက်ပါလျက် ငါ မရသေးရင် အသေကဦးတော့မယ်၊ ငါ လောကီဂုဏ်ထူးတွေနဲ့တင်း တိမ်နေတဲ့လူ ဖြစ်တော့မယ်၊ ဘုရားစကားလိုက်နာရာ မရောက်တဲ့၊ မဟာဟံသဇာတ်တော်ကြီးမှာ ဘုရားရှင်ဆုံးမတော်မူတဲ့ ရည်ရွယ်ချက်ကို လိုက်နာရာမရောက်တဲ့ သားမိုက် သမီးမိုက်ဖြစ်တော့မယ်. . . လို့ ကိုယ့်ကိုယ်ကို မစဉ်းစားထိုက်ဘူးလား ဦးမြင့်ဦး? *စဉ်းစားထိုက်ပါဘုရား။*

ဒီတော့ သံယမမင်းကြီးဆိုတာ သူများမဟုတ်ဘူး အရှင်သာရိပုတ္တရာအလောင်း၊ အဲဒီ ခေမာမိဖုရားဆိုတာ သူများမဟုတ်ဘူး၊ ဘုန်းကြီးတို့ဘုရား လက်ထက် ခေမာဘိက္ခုနီမအလောင်း၊ ဘုန်းကြီးတို့ ဗိမ္ဗိသာရမင်းရဲ့မိဖုရား အလှဂုဏ်ကိုးနေတဲ့ ခေမာမိဖုရားပေါ့ဗျာနော်၊ အဲဒီ သူတို့နှစ်ယောက်ဟာ ဘုရားရှင်ရဲ့ထံမှောက်ရောက်တဲ့အခါကျတော့ နှစ်ယောက်စလုံး လက်ယာတော်ရံဖြစ်ကြသည်။ အရှင်သာရိပုတ္တရာကရဟန်းတော်တွေထဲက လက်ယာရံ ဦးမြင့်ဦးရဲ့နော်၊ မှန်ပါဘုရား။ ခေမာဘိက္ခုနီမက ဘိက္ခုနီမတွေထဲက လက်ယာတော်ရံ။ အရှင်သာရိပုတ္တရာက လက်ယာတော်ရံ၊ လက်ဝဲရံအရှင်မဟာမောဂ္ဂလ္လာန်ဆိုတာ သိကြတယ်မဟုတ်လား? *မှန်လှပါဘုရား။* ဘိက္ခုနီမတွေထဲက ခေမာဘိက္ခုနီမလက်ယာရံ၊ ဥပ္ပလဝဏ်ထေရီမကလက်ဝဲရံ။

ဒါတင်မကသေးဘူး၊ အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးက ပညာအရာမှာ အထူးချွန်ဆုံး ဧတဒဂ်ဘွဲ့ထူးကြီးကိုရသည်။ ခေမာမိဖုရားကဖြစ်လာတဲ့ ခေမာဘိက္ခုနီမကလည်း ဘိက္ခုနီမတွေထဲမှာ ပညာအထူးချွန်ဆုံး ဧတဒဂ်ဘွဲ့ထူးကြီးကိုရသည်။ မထူးဆန်းဘူးလား? *ထူးဆန်းပါဘုရား။* အဲဒီထူးဆန်းတဲ့အပြင် ခေမာမိဖုရားတို့၊ အဲဒီခေမာဘိက္ခုနီမရဟန္တာဖြစ်တဲ့ ကိစ္စလေးမှာဆိုရင် ပိုပြီးတော့ အံ့သြစရာကောင်းတာက မီးခွက်ကလေး၊ မီးတောက်ကလေးတောက်တာကို ကြည့်ပြီးတော့ ဝိပဿနာတင်တာနဲ့ ရဟန္တာမ ဖြစ်တယ် ဦးမြင့်ဦးနော်၊ *မှန်ပါဘုရား။*

http://www.dhammadownload.com



သူကိုယ်တိုင်ပြောသွားတဲ့စကား၊ ငါလေ. . . တဲ့ ဒီလို အာသဝေါကင်းကွာ ရဟန္တာမကြီးဖြစ်ခဲ့တာ၊ ငါ ဗိမ္ဗိသာရမင်းကြီး ခွင့်ပန်ပြီးတော့ ငါရဟန်းပြုပြီးတော့ ဘိက္ခုနီမ ပြုပြီးတော့ နောက်တဲ့ ငါဘုရားရှင်ရဲ့တရားကိုနာပြီးတော့ တရားအားထုတ်ရင်းနဲ့ တနေ့တော့ ဥပုသ်ကျောင်းဆောင်မှာ ငါ မီးထွန်းပါတယ် . . တဲ့၊ မီးခွက်ကလေးထွန်း။ အဲဒီ မီးတောက်ကိုစိုက်ပြီးတော့ကြည့်မိရာက ဖြစ်ဖြစ်သမျှ၊ တွေ့တွေ့သမျှ ရုပ်နာမ်ကိုရှုပြီးတော့ ဝိပဿနာပွားနေတဲ့ အမျိုးသမီးအဖြစ်နဲ့ မီးခွက်တောက်နေတာကြည့်ပြီးတော့-

**ဒီပေါဒယဥ္စ ဘေဒဉ္စ, ဒိသွာ သံဝိဂ္ဂမာနသာ။**

သူကိုယ်တိုင်ပြောတဲ့စကားနော်၊ ဒီပေါဒယဥ္စ-ဆီမီးရဲ့ တောက်နေပုံကိုလည်းကောင်း၊ ဘေဒဉ္စ-ဆီမီးရဲ့ပျောက်ပျောက် ချုပ်ချုပ်သွားပုံကိုလည်းကောင်း၊ ဒိသွာ-မြင်ရ၍၊ သံဝိဂ္ဂမာနသာ-ထိတ်လန့်သော၊ ရွံ့သော၊ ကြောက်သော စိတ်ရှိသည်ဖြစ်၍. . .၊ အဲဒီမီးတောက် တောက်နေတာကိုကြည့်ပြီးတော့လေ. . . ငါ လောကကြီး တစ်ခုလုံး ဉာဏ်ထဲထင်လာလိုက်တာ၊ ကမ္ဘာလောကကြီးရှိနေတဲ့ သတ္တဝါတွေဆိုတာ မီးတောက်ကလေးတွေပါလား. . .၊ မီးတောက်ကလေးတွေပါလား၊ ဒီမီးတောက်ဟာ မီးစာနဲ့ဆီ အသစ်အသစ်ကြောင့် မီးတောက်အသစ်ကလေးတွေ ဖြစ်ဖြစ်ပြီးတော့ ပျောက်ပျောက်, ပျောက်ပျောက်သွားတဲ့သဘောပါလား။ မီးညွန့်ကလေး တလွန့်လွန့်, တညွန့်ညွန့်နဲ့ ရိပ်ရိပ်, ရိပ်ရိပ်နဲ့ မီးညွန့်လေးတွေ တောက်နေတာ မြင်ဘူးတယ်မဟုတ်လား ဦးမြင့်ဦး၊ မှန်ပါဘုရား။

အဲဒီ မီးညွန့်လေးတွေ တရိပ်ရိပ်တောက်နေတဲ့နေရာမှာ သာမန်ဘုန်းကြီးတို့ကြည့်ရင်တော့ မီးတောက်တစ်ခုထဲလို့ ထင်ကြမယ်ပေါ့၊ အလုံးအခဲ တစ်ခုထဲလို့ ထင်မယ်၊ အမှန်စင်စစ်တော့ အသစ်သစ်ဖြစ်တဲ့မီးစာနဲ့ အသစ်အသစ်ဖြစ်တဲ့ ဆီကြောင့် အသစ်အသစ်ဖြစ်တဲ့ မီးတောက်ကလေးတွေ မှုန်မှုန် မွှားမွှားလေးတွေ ဖြစ်ဖြစ်ဖြစ်ဖြစ်ပြီးသကာလ တဖြေးဖြေး အသစ်အသစ်ကြောင့် ဖြစ်တဲ့ဟာတွေကဖြစ်၊ အဟောင်းအဟောင်းကြောင့်ဖြစ်တာတွေချုပ်၊ အသစ်အသစ်မီးစာနဲ့ဆီကြောင့် ဖြစ်တဲ့မီးတောက်ကလေးတွေက နောက်ထပ်နောက်ထပ် ထပ်ထပ်ပြီးတော့လာလို့ ဒီမီးတောက်ကြီးမပျောက်ပဲဖြစ်နေတယ်. . . ဧကန်မုချဖြစ်ပျက်ပါတကား. . . ။

အသစ်အသစ်တွေဖြစ်၊ အဟောင်းအဟောင်းတွေ ချုပ်နေတယ်။ အဟောင်းတွေပျက်၊ အသစ်အသစ်တွေဖြစ်နေတယ်။ ဖြစ်ပျက်ပါတကား . . လို့ မီးတောက်မြင်ပြီးတော့ မီးတောက်ရဲ့ဖြစ်ပုံ, မီးတောက်ရဲ့ပျောက်ပုံ ကြည့်ပြီးတော့ အဲဒီ မီးဥပမာတင်တဲ့ပြီးတော့ သူ့ရဲ့ရုပ်နာမ်ခန္ဓာလို့ခေါ်တဲ့မီးတောက်၊ ကမ္ဘာလောက

http://www.dhammadownload.com



ရှိရှိသမျှ ရုပ်နာမ်ခန္ဓာတွေဆိုတဲ့ မီးတောက်တွေရဲ့အပေါ်မှာ ဖြစ်ပျက်မြင်ပြီး တော့ ဉာဏ်တွေတက်သွားလိုက်တာ ဘယ်အထိရောက်တုန်းဆိုတော့-

အရဟတ္တ' မပါပုဏိ။ ဝိပဿနာဉာဏ်စဉ်တက်ပြီးတော့ အရဟတ္တမဂ် အရဟတ္တဖိုလ် ငါ ပေါက်ရောက်သွားတာ ဒီ မီးတောက်က ငါ့ကိုကျေးဇူးပြုလိုက်ပါ တယ်. . .။ မီးတောက်ဝိပဿနာတင်တာနဲ့ ငါ ရဟန္တာဖြစ်ခဲ့ပါတယ် . . . တဲ့။ ခေမာထေရီမကြီးကိုယ်တိုင် သူပြန်ပြောတဲ့စကား ဦးမြင့်ဦးရဲ့၊ *မှန်ပါဘုရား*။

ယနေ့ ဒကာဒကာမတွေ မီးတောက်ကို မြင်ကြပါသည်၊ မဂ်ဖိုလ်ရဲ့အကျိုး အထောက်အပံ့ မဖြစ်ခဲ့ပါဘူး၊ ဘယ်ဖြစ်မှာတုန်း၊ မကြည့်မှမကြည့်ဘဲ၊ အဝိဇ္ဇာနဲ့ ကြည့်တဲ့အကြည့်ကိုး ဦးမြင့်ဦးရဲ့နော်၊ *မှန်ပါဘုရား*။ မီးတောက်သာမက ယခုထွန်း ထားတဲ့ လျှပ်စစ်မီးလုံးရဲ့အထဲမှာလည်းပဲ ဓာတ်ဖိုဓာတ်မနှစ်ခုရဲ့အားကြောင့် မီးဖွား ကလေးတွေ တဖျတ်ဖျတ်ပွင့်ပါသည်။ ပြီးတော့ ပျောက်ကြပါသည်။ ဟော ဒီမီးလုံး တွေလည်း အဲဒီသဘောပဲ ဦးမြင့်ဦးရဲ့နော်၊ မှန်ပါဘုရား။ ဘုန်းကြီးတို့ကတော့ တစ်ခုထဲထင်နေကြတယ်မဟုတ်လား? *မှန်ပါဘုရား*။ အမှန်စင်စစ်ကတော့ တစ်ခု ထဲမဟုတ်ပါ။ အဟောင်းအဟောင်းဖြစ်တဲ့ မီးပွားမီးတောက်ကလေးတွေပျောက်၊ အသစ်အသစ်ဖြစ်တဲ့ မီးကလေးတွေကတောက်လာလို့ ဒီမီးမပျောက်ဘဲ ရှိနေပါ သည်။ ဉာဏ်နဲ့သုံးသပ်ပြီးကြည့်လိုက်တော့ အားလုံးရုပ်စုနာမ်စုဖြစ်ပျက်. . .။ ကမ္ဘာလောကရှိရှိသမျှ သတ္တဝါရုပ်စုနာမ်စု မီးတောက်ကလေးတွေသည် ဖြစ်ပျက်, ဖြစ်ပျက်, ဖြစ်ပျက်၊ အဲဒီ ဝိပဿနာနဲ့တင် ဆင်ခြင်ပြီးတော့ ဘယ်သူကြည့်လိုက် ကြည့်လိုက် မီးတောက်ကလေး ဥပမာတင်ကြည့်လို့ရှိရင် တရိပ်ရိပ်နဲ့ဉာဏ်ထဲ ထင်လာလိမ့်မယ်၊ ဖြစ်ပျက်မြင်လာလိမ့်မယ်နော်၊ မှန်ပါဘုရား။

အဲဒီဝိပဿနာတင် ဆင်ခြင်ကြည့်လိုက်ပြီးတော့ ဘာပစ္စည်းကြည့်လိုက် ကြည့်လိုက်, ဘာကိုကြည့်လိုက်ကြည့်လိုက်ဖြစ်ပျက်ကို မြင်လိမ့်မယ်၊ ဖြစ်ပျက်မြင် တာ ဦးစီးပြီးသားဖြစ်လိမ့်မယ်၊ ဖြစ်ပျက်ဉာဏ်ကလေးက လွှမ်းမိုးပြီးတော့ သိမ်းချုပ် ပြီးတော့နေလိမ့်မယ်။ အဲဒီလိုမြင်ရင် မဂ်ဖိုလ်နိဗ္ဗာန်အတွက် အထောက်အပံ့ဖြစ်တဲ့ ဝိပဿကယောဂီ. . . ဆိုတဲ့ လောကုတ္တရာဂုဏ်ထူးကြီးကို လက်ဝယ်ပိုင်ပိုင် ရပြီလို့ ဆိုနိုင်တယ်။ ဒါဖြင့်. . အဲဒီလို မီးတောက်ကိုကြည့်လို့ပဲဖြစ်ဖြစ်၊ ကိုယ့်ဆရာသမား တွေပေးတဲ့ နည်းနဲ့ပဲဖြစ်ဖြစ်၊ သာသနာတော်နဲ့ ကြုံတဲ့အခိုက်မှာရနိုင်တဲ့ ယောဂီဆို တဲ့ဘွဲ့ထူး၊ ဝိပဿနာအားထုတ်မှုရတဲ့ဘွဲ့ထူးဖြင့် မရ ရအောင်ယူကြပါအုံး. . . လို့ ဘုန်းကြီးတိုက်တွန်းခဲ့ပါတယ်နော်၊ *မှန်ပါဘုရား*။

http://www.dhammadownload.com



အဲဒီလို လောကုတ္တရာဘွဲ့ထူးဂုဏ်ထူးတွေ ရှိပြီဆိုတော့ ကိုယ့်မှာ "ဩ. . . ဘုရားပစ္စေကာ အရိယာအပေါင်းသူတော်ကောင်းကြီးတွေ ဤသဒ္ဓါ ဤစေတနာ, ဤပညာစာတ်တွေဖြင့် ကျင့်ကြံကြိုးကုတ်အားထုတ်ပြီးတော့ ဘုရား ပစ္စေကာအရိယာဆိုတဲ့ ဝိသုဒ္ဓိနတ်ကြီးတွေအဖြစ်နဲ့ရောက်ကြပြီ. . . ဘုန်းကြီးတို့ အထက်နတ်ပြည်က နတ်တွေကို ဥပပတ္တိနတ်လို့ခေါ်တယ်။ ရဟန္တာအရှင်မြတ်ကြီး ကွေကျတော့ ကိလေသာခပ်သိမ်းစင်ကြယ်လို့ ဝိသုဒ္ဓိနတ်။ ဝိသုဒ္ဓိဆိုတာ စင်ကြယ် တာ၊ နတ်က နာထ-ကိုးကွယ်စရာပဲနော်။ ဒါကြောင့် ဘုန်းကြီးတရားပွဲသိမ်း တော့မယ်နော်၊ ဒီဂါထာလေး အဆုံးသတ်ပြီးတော့ ဒကာဒကာမတွေ သာဓုခေါ် ပြီးသိမ်းရအောင်။

**ယေဟိ သဒ္ဓါဒိ ဂုဏေဟိ, ဧဒဝတာ ဒေဝတံ ဂတာ၊**
**မယှမ္ပိ တေ သံဝိဇ္ဇန္တိ, အနပ္ပကာ မေ ဂုဏာဝန္တတာ။**

**ဒေဝတာ-စတုမဟာ၊** ဝတီသဇနှင့်, နတ်ရွာခြောက်လီ, ပြဟ္မာ့ပြည်ဝယ်, ကိုယ်စီစံစား, နတ်ပြဟ္မာများနှင့်, ဘုရားပစ္စေကာ, အရိယာမြင့်မြတ်, ဝိသုဒ္ဓိ နတ်တို့သည်၊ ယေဟိ သဒ္ဓါဒိဂုဏေဟိ-သဒ္ဓါ သီလ, များသုတနှင့်, စာဂပညာ, စဉ်လာလောက်လုံ, အကြွင်းကျေးဇူးဂုဏ်တို့ကြောင့်၊ ဒေဝတံ-ရောဂါမကပ်, ဥပါဒ်မတွယ်, စားသောက်ဖွယ်ရေး, နေထိုင်ရေးနှင့်, မင်းရေးစိုးတာ, ကင်းစင် ကွာလတ်, ပြဟ္မာနတ်နှင့်, မြင့်မြတ်ဖြူလွင်, ဝိသုဒ္ဓိသူတော်စင်အဖြစ်သို့၊ ဂတာ- ပါရမီစွမ်းသလောက်, စခန်းပေါက်သဖြင့်, လှမ်းရောက်တော်မူကြလေကုန်ပြီ၊ ဂတာ-ဤလူ့ပြည်မှ, စုတေကြလျှင်, ခဏမနေ, ဥပပတ်နတ်တို့အနေ, ကပ်ရောက် ကြလေကုန်ပြီ၊ ဂတာ-ပါရမီစွမ်းသလောက်, စခန်းပေါက်၍, ဝိသုဒ္ဓိနတ် အဖြစ်သို့, လှမ်းရောက်တော်မူနိုင်ကြလေကုန်ပြီ။

တေ ဂုဏာ-နတ်ပြဟ္မာနန်း, ကပ်ခါမြန်းဖို့၊ တေ ဂုဏာ-ဝိသုဒ္ဓိနတ် စခန်း, ကပ်ခါမြန်းဖို့, အစွမ်းလောက်လုံ, ထိုကဲ့သို့သော ဂုဏ်တို့သည်၊ မယှမ္ပိ- ဘုရားအကြိုက်, တရားလိုက်၍, အားစိုက်နှစ်လို, ဤငါ့ကိုယ်မှာလည်း၊ သံဝိဇ္ဇန္တိ- အမြဲမပြတ်, သတိချပ်သဖြင့်, မလပ်ပုံသေ, ရှိကြလေကုန်၏၊ မေ-ဘုရားအကြိုက်, တရားလိုက်၍, အားစိုက်နှစ်လို, ဤငါ့ကိုယ်၏၊ ဂုဏာဝန္တတာ-သဒ္ဓါသီလ, များ သုတနှင့်, စာဂပညာ, စဉ်လာလောက်လုံ, ဂုဏ်ပေါင်းစုံ၏အဖြစ်သည်၊ အဟော- တမလွန်အရေး, ကြံတိုင်းအေးဖို့, လေးလေးပင်ပင်, အစဉ်မျိုးမှန်, ဩော်. . . အဖိုးတန်လေစွတကား. . .။

သာဓု. . . သာဓု. . . သာဓုပါဘုရား. . .။

http://www.dhammadownload.com



ဤကဲ့သို့ သာသနာ့အာဇာနည်ပုဂ္ဂိုလ်ကို ချီးကျူးပူဇော်ကြရတဲ့ ကုသိုလ်စေတနာ အဖြာဖြာနှင့်တကွ ယနေ့ ပြုကြရသော ကုသိုလ်ကောင်းမှု စေတနာစုတို့ကြောင့် လောကီဘွဲ့ထူးဂုဏ်ထူးသာမက, လောကုတ္တရာဘွဲ့ထူးဂုဏ်ထူးကို ရရှိအောင်ကျင့်ဆောင်ကြိုးကုတ် အားထုတ်နိုင်တဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေဖြစ်ကြပါစေကုန်သတည်း။ မိမိရဲ့ လောကုတ္တရာဘွဲ့ထူးဂုဏ်ထူးကို တွေးကြံဆပြီးသကာလ ဝမ်းသာအားရဖြစ်နိုင်ကြသော အမျိုးကောင်းသားအမျိုးကောင်းသမီးများ ဖြစ်ကြပါစေကုန်သတည်း။

တွေးကြံဆပြီးသကာလ မိမိရဲ့လောကုတ္တရာ ဘွဲ့ထူးဂုဏ်ထူးကို ဝမ်းမြောက်ဝမ်းသာ နှစ်သက်အားရကျေနပ်နိုင်ပြီးသကာလ၊ ဆထက်ထမ်းပိုး တိုးတက်၍ ပါရမီကုသိုလ်ကောင်းမှုတွေကို ဆည်းပူးနိုင်ကြပြီးလျှင် ဒုက္ခခပ်သိမ်း အေးငြိမ်းရာဖြစ်သော နိဗ္ဗာနဓာတ် တရားတော်မြတ်ကို လျင်မြန်ဆောစွာ ရောက်ကြရ, ရကြရပါလိုကုန်သောဟူ၍ ပတ္ထနာအောင်ဆု ပြုလိုက်ကြကုန်ရာ သတည်း. . .။

သာဓု. . . သာဓု. . . သာဓုပါဘုရား. . .။

http://www.dhammadownload.com

# ခရီးသွားနှင့်ခရီးနား တရားတော်

ယနေ့ည ၁၃၄၂-ခု၊ တန်ဆောင်မုန်းလပြည့်ကျော် (၄)ရက်နေ့ညမှာ အမရပူရမြို့၊ စိန်မြို့လယ်ရုံကြီးအတွင်း၌ ကျင်းပအပ်သော ဤတရားပွဲသည်ကား အမရပူရမြို့၊ အမှတ်(၈)မော်တော်ယဉ်အသင်း ဒကာဒကာမအပေါင်း သူတော်ကောင်းတို့ရဲ့ (၂၄)ကြိမ်မြောက် မဟာကထိန်တော်ပွဲကြီးကို အကြောင်းပြုပြီးတော့ ဖြစ်ပေါ်လာတဲ့တရားပွဲ. . . တဲ့၊ ဒီနေ့ညတရားပွဲက။ မဲကျရာဖြစ်သော သန္တိသုခဝိပဿနာကျောင်းတိုက်ရှိ ပုရိမဝါကပ်တော်မူကြသော သံဃာတော်အရှင်မြတ်တို့အား ကထိန်လျှာသင်္ကန်းကိုလှူဒါန်း၍ ကထိနကံကြီးထမြောက်အောင် ဆောင်ရွက်ကြခြင်းဆိုတဲ့ ကထိနဒါနကုသိုလ်မင်္ဂလာ။

အဲဒီ ကထိန်လျှာသင်္ကန်းလှူဒါန်းမှုကို အခြေခံပြီးသကာလ ဘုရားအမှူးရှိသော သံဃာတော်အရှင်မြတ်အပေါင်းတို့အား လာမည့် တန်ဆောင်မုန်းလပြည့်ကျော်(၈)ရက်နေ့၌ ဆွမ်းဘောဇဉ်ချိုချဉ်အရသာအဖြာဖြာတို့ဖြင့် ဆက်ကပ်လှူဒါန်းကြခြင်းဆိုတဲ့ ဘောဇနဒါနကုသိုလ်မင်္ဂလာ၊ ပင့်သံဃာတော် အရှင်မြတ်တို့နှင့်တကွ မဲကျရာကျောင်းတိုက်ရှိသံဃာတော်အပေါင်းတို့အား ကထိန်သင်္ကန်း၏ အခြံအရံဖြစ်သော လှူဖွယ်ဝတ္ထုပစ္စည်းစုပရိက္ခရာတို့ကို ဆက်ကပ်လှူဒါန်းခြင်းဆိုတဲ့ ပရိက္ခာရဒါနမင်္ဂလာ၊ ကြွရောက်လာကြကုန်သော ဆွေမျိုးမိတ်ဆွေသင်္ဂဟအပေါင်း သူတော်ကောင်းတို့အား သဒ္ဓါဖြူဖွေးကျွေးမွေး ဧည့်ခံခြင်းဆိုတဲ့ ဘောဇနဒါနမင်္ဂလာလို့ဆိုတဲ့ ဒီကထိနဒါနမင်္ဂလာကြီးကို အခြေခံပြီးတော့ မြောက်များစွာသော ကုသိုလ်မင်္ဂလာတွေအားထုတ်ကြတဲ့ မင်္ဂလာကုသိုလ် အပေါင်းကိုအကြောင်းပြုပြီးတော့ ဒီနေ့ညဖြစ်ပေါ်လာတဲ့ တရားပွဲ. . . တဲ့ ဒီနေ့ညတရားပွဲက, ဒကာဦးမြစိန်နော်၊ မှန်လှပါဘုရား။

ဒီတော့ ဘုန်းကြီးအနေနဲ့ ဒီနေ့ည ဘာတရားဟောခဲ့ချင်သလဲဆိုရင် တရားခေါင်းစီးလေးပေးပြီးတော့ ဘုန်းကြီးဒီနေ့ညဟောမယ်။ ဒီနေ့ည(၂၄)ကြိမ်မြောက် အမရပူရ-မန္တလေး အမှတ်(၈)မော်တော်ယာဉ်အသင်းကြီးရဲ့ ကထိန်တော်တရားပွဲမှာ ဒီနေ့ည ဘုန်းကြီးဟောချင်တဲ့တရားက ခရီးသွားနှင့်ခရီးနား. . . လို့ ဟောဒီလို ခေါင်းစီးပေးပြီးတော့ ဟောမယ်, ဦးမြစိန်နော်၊ မှန်လှပါဘုရား။ ခရီးသွားနှင့်ခရီးနား ခေါင်းစီးလေးပေးပြီးတော့ ပရိသတ်ကြီးအနေနဲ့ ဒီခေါင်းစီးလေး မှတ်မိသွားတယ်လို့ဆိုရင် အနည်းဆုံး ဒီနေ့ညဘုန်းကြီး ဟောမယ့်တရားမှာ

http://www.dhammadownload.com



သည့်ပြင်ဟာတွေ အကြောင်းအားလျော်စွာ မမှတ်မိရင်ထားအုံး။ ခေါင်းစီးလေး မှတ်မိသွားတယ်ဆိုရင် တန်ဖိုးမရှိဘူးလား ဦးမြစိန်? *မှန်ပါ-တန်ဖိုးရှိပါတယ်ဘုရား။*

အိမ်က အကြောင်းအားလျော်စွာ တရားနာလိုက်မလာနိုင်တောင်မှ ပြန်သွားလို့မေးရင် ဘာတရားဟောလိုက်တုန်းလို့ဆိုရင်၊ ဟာ- ဒီနေ့ ခရီးသွားနှင့်ခရီးနားဟောလိုက်တယ်. . . လို့ ပြောနိုင်တယ်ဆိုရင် ဟန်မကျဘူးလား? *ဟန်ကျပါဘုရား။* ဒီလိုမဟုတ်ရင် ဘာတရားဟောလိုက်မှန်းမသိဘူး၊ တရားကလည်း အများကြီးဟောသွားတာဖြစ်တော့ ဟိုဟာမစွဲမိ ဒီဟာမစွဲမိနဲ့ဆိုတော့ အိမ်ပြန်သွားလို့ ဆီးမေးလို့မှ ဘာတရားဟောလိုက်တုန်းဆို အဲ. . . ဟိုဒင်းလေ အဝှါတရားဟောလိုက်တာပဲ၊ နေစမ်းပါအုံး. . . ဟိုဒင်းကောနဲ့ ဒီလိုဖြစ်မနေတတ်ဘူးလား? *ဖြစ်နေတတ်ပါတယ်ဘုရား။*

အဲဒီလိုဖြစ်မနေအောင် ဒိနေ့ည ဘုန်းကြီးဉူးကုဏ္ဍလဘာတရားဟောလိုက်သလဲဆိုရင်ဖြင့် ခရီးသွားနှင့်ခရီးနားလို့ ခေါင်းစီးလေးတော့မှတ်မိသွားမယ် ပရိသတ်ကြီး၊ ပရိသတ်ကြီး ဒီနေ့ညဟောမယ့်တရားက ခရီးသွားနှင့်ခရီးနားတဲ့၊ ဘာတရားတဲ့တုန်း ခေါင်းစီးလေးက? *ခရီးသွားနှင့်ခရီးနားပါဘုရား။* အဲဒါလေး ပါသွားလို့ရှိရင်ပြီးတာပဲ၊ ဒီတစ်လုံးပိုင်သွားရင်ပြီးပြီ၊ ဘုန်းကြီး ဒီနေ့ညဟောမယ့် တရားအတွက် အဲဒီတစ်လုံးပိုင်သွားလို့ရှိရင်ရပြီ ဒကာဦးမြစိန်နော်၊ *မှန်ပါဘုရား။* ဒီတော့ အိမ်ကျတော့လည်း မျက်နှာမလှဘူးလား ပြောနိုင်ရင်? *လှပါဘုရား။*

ရှေးတုန်းက ဒကာတစ်ယောက် သူ့ဇနီးက တရားနာလွှတ်လိုက်တယ် တောရွာမှာ ဘုန်းကြီးတို့တောရွာတွေမှာ အလှူပွဲရှိပြီဆိုရင် အလှူရေစက်ချ ဘုန်းကြီးကတရားဟောရသေးတာကိုး၊ ဒီတော့ ဇနီးသည်လုပ်တဲ့သူက အိမ်မှာ ဧည့်သည်ဧည့်ခံရဘာရနဲ့ အလုပ်ရှုပ်လို့ သူ့ယောကျ်ားကိုလွှတ်တယ်၊ "ကဲ-ဟိုမှာ ဘုန်းကြီးတရားဟောတယ်၊ ကျွန်မလည်း တရားနာမလိုက်နိုင်ဘူး၊ အဲဒီတော့ အိမ်မှာလည်း ဗာဟိယကိစ္စတွေနဲ့ ရှင်ကတရားနာသွားပြီးတော့ မှတ်မှတ်သားသားလည်း နာခဲ့ပါ ပြီးတော့အိမ်ကျပြန်ပြောပါအုန်း ကျွန်မလည်း သာဓုခေါ်ရအောင်"၊ "အေးပါဟာ. . . "ဆိုပြီးတော့ ယောကျ်ားလုပ်တဲ့သူက တရားနာသွား၊ ဟိုကျတော့ ဘုန်းကြီးကလည်း ထုံးစံအတိုင်းအချိန်ကျတော့ တရားချီးမြှင့်၊ တရားချီးမြှင့်တော့ ယောကျ်ားလုပ်တဲ့သူက မဏ္ဍပ်ထဲသူများနဲ့ရောပြီး တရားနာရင်း သူက ထုံးစံအတိုင်း တရားသံကြားလို့ သိပ်မကြာဘူး ငိုက်ပြီးတော့ အိပ်ပျော်သွား။

ဒါနဲ့ နောက်တော့ မြှုန်းဆိုတရားကပြီးသွားတော့ "သာဓု သာဓု" ခေါ်ပြီး ပရိသတ်တွေ မြုန်းမြုန်းဒိုင်းဒိုင်းနဲ့ ထကုန်တော့မှ သူလည်းရောယောင်ပြီးတော့

http://www.dhammadownload.com



ထပြီးတော့ပြန်သွား၊ မဏ္ဍပ်ပြင်ဘက်ရောက်မှ "ဟောဗျာ ငါ့အိမ်ကဇနီးသည်က မှာလိုက်တာက တရားမှတ်မှတ်သားသားနာခဲ့ပါ ဘာတရားဟောတယ်ဆိုတာလည်း မှတ်ခဲ့ပါအုန်း"လို့ဆိုတာ၊ အခုငါဘာတရားပြောရမှန်းလည်းမသိဘူး၊ အင်း-ဘုန်းကြီးဟောတဲ့တရားကလည်း စလိုက်တုန်းကထဲက ငါငိုက်ပြီးတော့ အိပ်ပျော်သွားတာ၊ ဒီတော့ ဘာတရားဟောမှန်းမသိဘူး၊ မဖြစ်သေးဘူး။ ငါပြန်မေးအုံးမှပဲဆိုပြီး မဏ္ဍပ်ထဲ ပြန်ဝင်လာ မဏ္ဍပ်ထဲပြန်ဝင်လာတော့ အလှူ့အမနဲ့တွေ့တော့၊ "ဟာ ဟန်ကျတာပဲ၊ အလှူ့အမ မေးမှပဲ အလှူ့အမ, အလှူ့အမ, မေးစမ်းပါရစေအုန်း၊ ခုနက အလှူမှာ ဘုန်းကြီးဟောသွားတာ ဘာတရားတုန်း၊ ခေါင်းစီးလေးများ မသိဘူးလား၊ ခုနက ဟောတာ ကျုပ်နည်းနည်းမေ့သွားလို့" ဒီတော့ အလှူ့မကလည်း "အဲ ကျုပ်လည်း နာတော့နာနေတာပဲ. . . တဲ့၊ တရားနာရင်းနဲ့ ဟိုမှာ နောက်ဘေးမီးဖိုချောင် ချက်ထားတဲ့ဝက်သားဟင်းအိုး, ထမင်းအိုး အရပ်နီးတွေ လာကော်ခပ်ကုန်မှာစိုးလို့ လှည့်လှည့်ကြည့်ရတာနဲ့ ကျုပ်လည်း ဘုန်းကြီး ဘာတရားဟောမှန်း မသိလိုက်ဘူးတဲ့"။

ဒါနဲ့ "ခက်ပြီ. . . အလှူ့အမတောင်မသိဘူး" ဒါဖြင့် အလှူ့ဒကာတော့ သိမှာပဲဆိုပြီးတော့ အလှူ့ဒကာဆီသွားကပ်ပြန်တယ်။ "အလှူ့ဒကာရယ် ခုနက တရား ဘုန်းကြီးဟောသွားတာ ကျွန်တော်မမှတ်မိလိုက်လို့၊ ဘုန်းကြီးဘာတရားဟောသွားတုန်း ခုနတုန်းက သိသမျှလေး ပြောစမ်းပါအုံး" "ကျုပ်လည်း တရားနာနေရင်းနဲ့ လှူငွေနဲ့ကူငွေ ထေမှထေမိပါ့မလားလို့ တွက်နေတာနဲ့ အဲဒါ ဘာတရားမှန်းကို မသိလိုက်ဘူး"၊ "ဪ ဒုက္ခပါပဲ. . . အလှူ့ဒကာနဲ့အလှူ့အမမှ မသိရင်တော့ ငါတော့ ဒုက္ခပဲ၊ အိမ်ပြန်သွားရင်လည်းပဲ ဇနီးသည်ကဆီးမေးတော့မယ်၊ ခက်တော့တာပဲ. . . "ဆိုပြီး စိတ်ညစ်ညစ်နဲ့ သူမဏ္ဍပ်အပြင်ဘက်ထွက်လာ။

မဏ္ဍပ်အပြင်ဘက်ထွက်လာတော့ ခပ်လှမ်းလှမ်းမှာ တရားဟောတဲ့ ဆရာတော်က ခပ်လှမ်းလှမ်းပဲရှိသေးတယ် ကြွသွားနေတယ်၊ နောက်ကကျောင်းသားလေးတွေက ကန်တော့ပွဲတွေ ငှက်ပျောသီးအုန်းသီးတွေ ထမ်းလို့ "ဟာ-ဟန်ကျပြီ ဘုန်းကြီးဟိုနားရှိသေး, ဘုန်းကြီးဟိုနားရှိသေး ဘုန်းကြီးလိုက်မေးမှပဲ၊ မဖြစ်ဘူး, မဖြစ်ဘူး, အိမ်ကျအဆူခံရမှာ, လိုက်အုံးမှပဲ" ဆိုပြီးတော့ "ဘုန်းကြီးဘုရား, ဘုန်းကြီးဘုရား"နောက်ကလိုက်၊ "ဘာတုန်းဒကာရ" "မှန်ပါဘုရား တပည့်တော် ရိုက်ရင်လည်း ခံရပါမယ်ဘုရား၊ ဆရာတော်ဘုရား သနားသဖြင့် ခုနကဆရာတော်ဘုရား ဟောတဲ့တရား တပည့်တော်ပြန်နှလုံးသွင်းတော့ဘုရား နည်းနည်းမေ့သွားလို့ပါ၊ ဆရာတော်ဘုရားဟောတဲ့တရား လိုရင်းလေးပြောစမ်းပါဘုရား ဘာဟောသွားတာပါတုန်းဘုရား. . . "။

http://www.dhammadownload.com



"ဩော် တယ်ခက်တဲ့ဒကာကိုကွ မင်းတို့ မှတ်မှတ်သားသားလည်း မနာဘူး" "မှန်ပါဘုရား. . . ရိုက်ချင်လည်းရိုက်ပါဘုရား၊ တပည့်တော် လိုရင်းလေးသာ ပြောခဲ့ပါ"၊ "နေဦးကွ ငါလည်းပဲ တရားဟောရင်းနဲ့ ရှေ့က ကန်တော့ပွဲကြည့်လိုက်တော့ ငှက်ပျော်သီးက စိမ်းနေတယ်ကွ၊ အဲဒီကန်တော့ပွဲထဲ ငှက်ပျောသီးအစိမ်းတွေမြင်တော့ ဒီငှက်ပျောသီးအစိမ်းကို ကျောင်းရောက်ရင်စဥ့်အိုးထဲ မီးထိုးအုပ်ရကောင်းမလား. . .၊ "*တပည့်တော်တို့ ငှက်ပျောသီးကတော့ မှည့်ပါတယ်ဘုရား*" "ဒကာစိန်က မှည့်တယ်ဆိုလို့သာ ကြည့်လိုက်တော့ ခပ်စိမ်းစိမ်းပါပဲ" ဒီက ဇာတ်ထုပ်ထဲက ဘုန်းကြီးနှင့်ဒကာကို ပြောတာပါ၊ ဒကာစိန်တို့ မပါပါဘူးဗျနော်၊ အဲဒီလိုနဲ့ ဘုန်းကြီးကလည်းပဲ "ငါလည်းကွာ. . . တဲ့ ရှေ့ကငှက်ပျောသီးက ခပ်စိမ်းစိမ်းဖြစ်နေတာနဲ့ ဒီငှက်ပျောသီး ကျောင်းရောက်ရင် စဥ့်အိုးထဲ မီးထိုးအုပ်ရကောင်းမလား. . .၊ တန်းမှာဆွဲပြီး သက်နှုံးပတ်ပြီးတော့ အုပ်ရကောင်းမလားစဉ်းစား နေတာနဲ့ ငါကိုယ် ဘာတရား ငါဟောမိမှန်းကို မသိဘူး"၊ ဒီတော့ ဒကာက "ကိုင်းကွ. . တဲ့ ဟောတဲ့ ဘုန်းကြီးကိုယ်တိုင်မှ မသိတဲ့တရားတော့ အိမ်ကျတော့ မိန်းမက ဆူရုံမကလို့ ရိုက်ချင်ရိုက်, ပြန်တော့မယ်"၊ ဒီတော့ ပြန်ရဲသွားတယ်နော်။

ဒီတော့ အရိုက်ခံနေရမှာစိုးလေသောကြောင့် ဘုန်းကြီးက အခု ဒီနေ့ညဟောမယ့်တရား ပရိသတ်ကြီးခရီးသွားနှင့်ခရီးနား. . တဲ့၊ ပရိသတ်ကြီး ဘာတဲ့တုန်း? ခရီးသွားနှင့်ခရီးနားပါဘုရား။ ဒီလိုဆိုတော့ အရိုက်ခံရတော့ သက်သာသွားပြီနော်၊ အရိုက်ခံရသက်သာသွားမှာပါဘုရား။ ကိုင်း. . ဒီတော့ ခရီးသွားနှင့်ခရီးနားဆိုတဲ့တရား ဒီနေ့ည စမယ်။

ဂန္တဗ္ဗော စ ဒီဃော အဒ္ဓါ, ဥမ္မတ္တကာ စ အဒ္ဓိကာ၊
ပါထေယျော အပ္ပကော စေဝ, ဗဟုကော စ ပရိဿယော၊
တဏှာမိတ္တော ဗဟုမာယော, သုခံကော ခေမမေဿတေ။

ဂန္တဗ္ဗော အဒ္ဓါ စ-မရပ်မနား, ရဟတ်ချားသို့, မပြတ်သွားရန်, သံသရာခရီး, ကန္တာကြီးကလည်း၊ ဒီဃော-လှမ်းနေသမျှ, မှန်းခြေဆလည်း, မရတာရှည်, ရှည်လျားလှချေ၏၊ အဒ္ဓိကာ စ-သံသရာလမ်းတစ်လျှောက်, စခန်းထောက်၍, တကောက်ကောက်သွားသူ, အများလူတို့ကလည်း၊ ဥမ္မတ္တကာ-ပုထုဇဉ်ပီပီ, မသတိစရာ, ငါးဖြာအာရုံ, ကာမဂုဏ်ဘီလူးဖမ်းသဖြင့်၊ အရူးအနှမ်းတို့ချည်းသာတည်း၊ ပါထေယျော စ-တစ်ဘဝရောက်က, မကြောက်ရဖို့, ထောက်မလှမ်းကာ, စခန်းသာမည့်, လမ်းစရိက္ခာထုပ်ကလည်း၊ အပ္ပကော-ယခုတန်းလျှောက်, မှန်းသလောက်ဖြင့်, လမ်းပေါက်ဖို့ရန်, အမှန်ပင် ခဲယဉ်းလှချေ၏။

http://www.dhammadownload.com



ပရိဿယောစ-ခရီးမှန်ဖယ်, အန္တရာယ်မကောင်း, ရန်စွယ်အပေါင်းကလည်း၊ ဗဟုကော-ရောက်တိုင်းပင်, ဆုံစည်း၍, ဒေပုံကြီးများလှပေ၏၊ တဏှာ မိတ္တော-အမြဲမကွာ, မခွဲခွါသည့်, တဏှာမည်ခေါ်, အကြည်တော်ကလည်း၊ ဗဟုမာယော-ကိုယ်အနာ ခံ, သူသာစံလျက်, နှစ်ပြန်တင်စီး, အထင်ကြီးအောင်, ဆင်နည်းမာယာများလှစွာ၏၊ကော-နတ်နှင့်လူဝယ်,ဘယ်နွယ်ဘယ်ရိုး, ဘယ်သူမျိုးသည်၊ သုခံ-လမ်းစခန်းမှာ,.မပန်းပါဘဲ, ချမ်းသာစံဖွယ်, အန္တရာယ်ကင်း, ရန်စွယ်ရှင်းလျက်သာလျှင်၊ ခေမံ-ဘေးအတန်တန်, အေးရာမှန်သည့်, နိဗ္ဗာန်အောင်ခန်း, မြို့တော်နန်းသို့၊ ဧဿတေ-မဂ္ဂင်ရှစ်ဖော်, ယာဉ်ပျံတော်ဖြင့်, ပျော်ပျော်ကြီးပင်, ခရီးတွင်အောင်, စီးနှင်ပေါက်ရောက်နိုင်ပါအံ့နည်း. . . ။

သာဓု. . . သာဓု. . . သာဓုပါဘုရား. . . ။

လောကမှာ ခရီးသွားနှင့်ခရီးနား. . . လို့ ပုဂ္ဂိုလ်နှစ်မျိုးနှစ်စားရှိကြပါကုန်သည် ဤမျက်မြင်ကမ္ဘာလောကကြီးမှာရှိရှိသမျှ မျောက်များစွာသော ပုဂ္ဂိုလ်သတ္တဝါတွေကို ခွဲခြမ်းစိတ်ဖြာပြီးတော့ ကြည့်လိုက်မယ်ဆိုရင် ခရီးသွားအုပ်စုနှင့် ခရီးနားအုပ်စုဟူ၍ နှစ်မျိုးနှစ်စားသာရှိကြပါကုန်သည်၊ မြတ်စွာဘုရားရဲ့ တရားတော်ကနှစ်မျိုးနှစ်စားရှိတယ် ဒကာဦးမြစိန်၊ *မှန်လှပါဘုရား*။ တစ်မျိုးက သဗ္ဗသင်္ဂါဟိက ဒေသနာ-တဲ့ ဒီသုတ်တော်ကို ဟောလိုက်လို့ရှိရင် ကမ္ဘာလောကရှိတဲ့ သတ္တဝါတွေ အကုန်သိမ်းမိတယ် အကုန်အုပ်မိတယ်၊ ဒါက သဗ္ဗသင်္ဂါဟိက ဒေသနာခေါ်တယ်၊ တစ်ချို့ဒေသနာတော်ကျတော့ အကုန်မသိမ်းမိဘူး။ တစ်ချို့ တစ်စိတ်ပုဂ္ဂိုလ်ကို ရည်ရွယ်ပြီးတော့ ဟောသွား။

အခုဒီနေ့ည ဘုန်းကြီးဟောမယ့် ခရီးသွားနှင့်ခရီးနားဆိုတဲ့ သုတ္တန်ဒေသနာတရားတော်သည်ကား. . . ၊ သဗ္ဗသင်္ဂါဟိက ဒေသနာ၊ ဒီအုပ်စုနှစ်ခု ခွဲလိုက်လို့ရှိရင်. . . တဲ့၊ မိမိတို့ဟာ တစ်အုပ်စုစုထဲပါရမယ်၊ ဒီနှစ်အုပ်စုကလွဲပြီးတော့ ပုဂ္ဂိုလ်သတ္တဝါ လူနတ်ပြဟ္မာဆိုတာ မကျန်စကောင်း၊ မရှိစကောင်းဘူး၊ ဒီတော့ ဘုန်းကြီးအခုပြောနေတဲ့ ခရီးသွားနှင့်ခရီးနား. . . လို့ ပုဂ္ဂိုလ်နှစ်မျိုးနှစ်စား ပြောလိုက်တာဖြစ်တော့၊ ဒီနေ့ ဘုန်းကြီးတို့ တရားနာပရိသတ်ကြီးက၊ ငါအသွား အုပ်စုထဲကလား၊ အနားအုပ်စုထဲကလား. . . လို့ ကိုယ့်ကိုယ်ကိုပြန်ပြီးတော့ ဉာဏ်နဲ့မေးရလိမ့်မယ်နော်၊ *မှန်လှပါဘုရား*။

ဒီတော့ လောကမှာခရီးသွားနှင့်ခရီးနားဟူ၍ ပုဂ္ဂိုလ်နှစ်မျိုးနှစ်စား ရှိကြပါကုန်သည်၊ ခရီးသွားဆိုတာက ဘယ်လိုပုဂ္ဂိုလ်တုန်းလို့ဆိုခဲ့ရင်. . . ယခု ပကတိလောက ဘုန်းကြီးတို့ပရိသတ်ကြီး အမရပူရမြို့အနေနဲ့ လူတွေမြောက်များစွာရှိပြီးတော့နေတာကို ခွဲကြစို့စိတ်ကြစို့နော်၊ မိမိတို့ကိစ္စကြီးငယ် အသွယ်သွယ်ကြောင့်

http://www.dhammadownload.com



ခြေလျှင်သော်လည်းကောင်း၊ ယာဉ်တစ်မျိုးမျိုးကို စီး၍သော်လည်းကောင်း၊ ထိုထို ဤဤ လှည့်လည်ကူးကာ သွားလာလှုပ်ရှားနေဆဲ ပုဂ္ဂိုလ်တွေကို ခရီးသွားပုဂ္ဂိုလ် . . . လို့ခေါ်တယ်။ ဒါ ပကတိလောကမျက်မြင်၊ ဒီအမရပူရတင်ပဲ ဘုန်းကြီးတို့ ဉာဏ်နဲ့ကြည့်ကြစို့နော်။

မိမိတို့ ကိစ္စကြီးငယ် အသွယ်သွယ် အပြီးသတ်ပြီးပြတ်၍သော်လည်းကောင်း၊ သို့မဟုတ် အခိုက်အတန့် ပြီးပြတ်၍သော်လည်းကောင်း၊ တစ်ခုသောနေရာ တစ်ဌာနမှာ ရပ်၍သော်လည်းကောင်း၊ ထိုင်၍သော်လည်းကောင်း၊ လျောင်း၍သော်လည်းကောင်း၊ ဒီဣရိယာပုထ်(၃)ပါးအပေါင်းဖြင့် နားနေတဲ့သူ, ထိုင်နေတဲ့သူ, ရပ်နေတဲ့သူ, လျောင်းနေသူကိုကျတော့ ခရီးနား. . . လို့ ခေါ်တယ်၊ ဒီတော့ ဘုန်းကြီးတို့ ပရိသတ်ကြီး အမရပူရမြို့ထဲရှိတဲ့ လူတွေအတော်များများ မြောက်များစွာရှိပါတယ်၊ တစ်မြို့လုံး ဉာဏ်နဲ့ခဏလေးအာရုံပြုပြီးတော့ သိမ်းကြည့်စမ်းပါ၊ ဒီ အမရပူရမြို့ထဲရှိနေတဲ့ လူပေါင်းများစွာ အမျိုးအစား ဘယ်လောက်ပဲ များများ၊ မိမိတို့ ကိစ္စကြီးငယ် အသွယ်သွယ်ကြောင့် ယခုအချိန်အခါမှာ ခြေလျင်သော်လည်းကောင်း၊ ယာဉ်တစ်မျိုးမျိုးကို စီး၍သော်လည်းကောင်း၊ ထိုထို ဤဤ လှည့်လည်ကူးကာ သွားလာနေတဲ့အုပ်ကြီးက တစ်အုပ်စု။

အဲဒီလို သွားလာလှုပ်ရှားခြင်းမရှိဘဲနဲ့ မိမိတို့ကိစ္စကြီးငယ်အသွယ်သွယ် အပြီးသတ် ပြီးပြတ်၍သော်လည်းကောင်း၊ အပြီးသတ်ပြီးပြတ်တယ်ဆိုတာ လုပ်ငန်းကိစ္စကြီးကို ပြီးသွားလို့ နားသွားတာ၊ ဒါက တစ်မျိုးနော်၊ မှန်ပါဘုရား။ အပြီးသတ်ပြီးပြတ်တာမဟုတ်သော်ငြားလည်းပဲ ကိစ္စအခိုက်အတန့်ပြီးပြတ်၍သော်လည်းကောင်း၊ တစ်ခုသောနေရာဌာနမှာထိုင်၍သော်လည်းကောင်း၊ ရပ်၍သော်လည်းကောင်း၊ လျောင်း၍သော်လည်းကောင်း နေတဲ့အုပ်စုကြီးကိုတော့ ခရီးနားအုပ်စု. . . လို့၊ ဒီတော့ အမရပူရတစ်မြို့လုံးမှာ အဲဒီသွားအုပ်စုကြီးနဲ့ အခုလို အကြောင်းအားလျော်စွာ အခုဒီနေ့ ဘုန်းကြီးတို့တရားနာပရိသတ်ကြီး တရားထိုင်နာနေသလို နားနေတဲ့ နားအုပ်စုဆိုတဲ့ ဒီအုပ်စုနှစ်ခုကလွတ်တဲ့ သတ္တဝါလူပုဂ္ဂိုလ် ရှိနိုင်သေးလား? *မရှိနိုင်ပါဘုရား*။ မရှိဘူး၊ အမရပူရမြို့ထဲ ခွဲလိုက်ရင် ဒီအတိုင်းပဲတွေ့မယ်။

အမရပူရမြို့ထဲမှာရှိတဲ့ လူတွေကို ဒီအတိုင်းနှစ်အုပ်စုခွဲရင် တွေ့နိုင်သလို မန္တလေးတိုင်းကြီးတစ်တိုင်းလုံး, မြန်မာတစ်နိုင်ငံလုံးရှိတဲ့လူတွေ ခွဲရင်လည်းပဲ ဒီနှစ်အုပ်စုက လွတ်ပြီးတော့ ရှိနိုင်ပါအုံးမလား ပရိသတ်ကြီး? *မရှိနိုင်ပါ ဘုရား*။ ဒါဖြင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ, အခုတရားထိုင်နာနေကြတဲ့ ဒကာ ဒကာမတွေ. . . ခရီးသွားအုပ်စု ခရီးနားအုပ်စုဆိုတဲ့ ဒီနှစ်အုပ်စု။ လောကပကတိမျက်မြင်

http://www.dhammadownload.com



ခရီးကြီးနဲ့ ပြောကြမယ်ဆိုရင်ဖြင့် ဒီနေ့ တရားထိုင်နာနေတဲ့အခိုက် အချိန်အခါ သည် ခရီးနားတွေ. . . လို့ မပြောနိုင်ဘူးလား ဦးမြစိန်? *ပြောနိုင်ပါတယ်ဘုရား*။ ဒါ နားနေကြတဲ့အချိန်၊ အခုအခိုက် နှစ်နာရီလောက် တရားနာနေတဲ့အခိုက်ဆိုရင် ဒါ နားနေတယ်. . . လို့ခေါ်ရမှာပေါ့၊ သွားလာနေတာမှ မဟုတ်ဘဲနော်။

ဒါဖြင့် ဘုန်းကြီးတို့ ပရိသတ်ကြီးကိုမေးမယ်၊ ဒီနေ့ တရားထိုင်နာနေကြတဲ့ ဒကာဒကာမတွေ ပကတိလောကခရီးကြီးနဲ့ပြောကြရင် ခရီးသွားခရီးနား နှစ်မျိုးနဲ့ ခွဲကြရင် ဒီနေ့ ဘုန်းကြီးတို့ ပရိသတ်ကြီးသည် ခရီးသွားတွေလား၊ ခရီးနားတွေ လား? *ခရီးနားတွေပါဘုရား*။ ခရီးနားတွေ. . . တဲ့၊ အခုထိုင်ပြီးတော့ တရားနာနေ တုန်းဆိုတော့ နားနေတာပေါ့နော်၊ ကောင်းပြီ ပကတိလောက ခရီးကြီးထဲမှာ လည်းပဲ ခရီးသွားခရီးနားနှစ်ပါးရှိသလို. . . (၃၁)ဘုံဆိုတဲ့ လူ့ဘုံ၊ နတ်ဘုံ၊ အပါယ် လေးဘုံ၊ ဗြဟ္မာ့ဘုံ၊ ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ်မှစပြီးတော့ ဟို အထက် ဘဝဂ်တိုင်အောင်သော (၃၁)ဘုံခရီးကြီးမှာလည်းပဲ ခရီးသွားနဲ့ ခရီးနားဟူ၍ ပုဂ္ဂိုလ်နှစ်မျိုးနှစ်စားသာရှိတယ်. . . တဲ့၊ ဘုရားရှင်ကနော်၊ *မှန်လှပါဘုရား*။

အခုပကတိလောကခရီးကြီးမှာ အသွားနဲ့အနား နှစ်အုပ်စုပဲရှိတာလိုပဲ. . တဲ့၊ (၃၁)ဘုံသံသရာခရီးကြီးမှာလည်းပဲ အသွားအုပ်စုကြီးက တစ်စု၊ အနားအုပ်စု ကြီးက တစ်စု၊ ဒီလိုပဲ နှစ်ခုပဲရှိတာ (၃၁)ဘုံသံသရာခရီးလည်း၊ *မှန်လှပါဘုရား*။ ဒီတော့ ကောင်းပြီ (၃၁)ဘုံသံသရာခရီးကြီးမှာ အသွားအုပ်စုဆိုတာက ဘယ်သူ တွေလဲ အနားအုပ်စုဆိုတာက ဘယ်သူတွေလဲလို့ မေးခဲ့ရင်-

**အဒ္ဓိကာ ပုထုဇ္ဇနာ သေက္ခာ၊ ခီဏာသဝါ ဂတဒ္ဓိနော၊**

**ပုထုဇ္ဇနာ သေက္ခာ**-ကိလေသာများဖြင့်၊ ပုထုဇဉ်နှင့်၊ သုံးအင်ဓမ္မ၊ လက် ကိုင်ရသည့်၊ သေက္ခပုဂ္ဂိုလ်တို့သည်၊ **အဒ္ဓိကာ**-ကရွတ်ကင်းလျောက်၊ ထပ်ပြန် ရောက်သို့၊ ခေါက်တွန့်လူးလား၊ ခရီးသွားတို့မည်ကြပေကုန်၏၊ **ခီဏာသဝါ**- အာသဝေါကုန်ခမ်း၊ ရဟန္တာအရှင်မြတ်ကြီးတို့သည်ကား၊ **ဂတဒ္ဓိနော**-ခရီးခဲလွန် မြောက်၊ အဆုံးသို့ရောက်သဖြင့်၊ ယွင်းဖေါက်မမှား၊ ခရီးနားတို့မည်ကြပေကုန် သတည်း. . .။

**သာဓု. . . သာဓု. . . သာဓုပါဘုရား. . .။**

(၃၁)ဘုံ သံသရာခရီးကြီးနဲ့ ကြည့်လိုက်တဲ့ အခါကျတော့ ခရီးသွားဆိုတာ ဘယ်သူတွေတုန်းလို့ဆိုရင် ပုဇ္ဇနာ သေက္ခာ-ကိလေများဖြင့်၊ ပုထုဇဉ်နှင့်၊ သုံးအင် ဓမ္မ၊ လက်ကိုင်ရသည့်၊ သေက္ခပုဂ္ဂိုလ်တို့သည်၊ အဒ္ဓိကာ-ကရွတ်ကွင်းလျောက်၊ ထပ်ပြန်ရောက်သို့၊ ခေါက်တွန့်လူးလား၊ ခရီးသွားတို့မည်ကြပေကုန်၏. . . တဲ့၊

http://www.dhammadownload.com



(၃၁)ဘုံသံသရာခရီးကြီးနဲ့ ကြည့်လိုက်တဲ့အခါကျတော့ ခရီးသွားတွေ. . . ဘဝ မနားသေးဘဲနဲ့ ဘဝတစ်ခုက ဘဝတစ်ခု၊ ကူးကူး-ကူးကူး ကူးကူးပြီးတော့ သွားနေ သေးတဲ့ ပုဂ္ဂိုလ်တွေ၊ ခရီးသွားတွေ အဲဒီခရီးသွားဆိုတဲ့ ပုဂ္ဂိုလ်တွေက ဘယ်သူတွေ တုန်းလို့ဆိုရင် ပုထုဇဉ်နဲ့ သေက္ခတွေ. . . တဲ့။

သေက္ခ-ဆိုတာ သုံးအင်ဓမ္မ, လက်ကိုင်ရသည့်, သေက္ခပုဂ္ဂိုလ်. . .၊ သုံးအင်ဓမ္မဆိုတာ သောတာပတ္တိမဂ်ဖိုလ်စတဲ့ တရားတစ်မျိုးမျိုးရတာ၊ သောတာပန် ပုဂ္ဂိုလ်တွေ၊ သကဒါဂါမိမဂ်ဖိုလ်ဆိုတဲ့ တရားကိုရနေတဲ့ပုဂ္ဂိုလ်တွေက သကဒါဂါမ် ပုဂ္ဂိုလ်တွေ၊ အနာဂါမိမဂ်ဖိုလ်ဆိုတဲ့ တရားကိုရနေတဲ့ပုဂ္ဂိုလ်တွေက အနာဂါမ် ပုဂ္ဂိုလ်တွေ. . . လို့-အဲဒီသုံးအင်ဓမ္မဆိုတာ သောတာပတ္တိမဂ်ဖိုလ်တရား, သကဒါ ဂါမိမဂ်ဖိုလ်တရား, အနာဂါမိမဂ်ဖိုလ်တရားဆိုတဲ့ အဲဒီ သုံးအင်ဓမ္မရတဲ့ သေက္ခ ပုဂ္ဂိုလ်တွေ၊ သူတို့က ဘဝမကုန်သေဘူး၊ ဘဝမပြတ်သေးဘူးလို့ဆိုတော့ အနာဂါမ် ပုဂ္ဂိုလ်ကြီးတွေဖြစ်လင့်ကစား နောက်ထပ်ဘဝ ကူးရအုန်းမှာ မဟုတ်လား? မှန်ပါဘုရား။ ဒီတော့ သံသရာကြီးကို သူတို့ခရီးဆက်ကြရအုံးမှာ မဟုတ်လား? *ဆက်ကြရအုံးမှာပါဘုရား။*

ဒါကြောင့် သေက္ခပုဂ္ဂိုလ်လို့ခေါ်တဲ့၊ ဘုန်းကြီးတို့အလွယ်ပြောတာပေါ့၊ အစစ်အမှန်ပြောရင် သေက္ခပုဂ္ဂိုလ်က (၇)ယောက်ရှိတယ်၊ သောတာပတ္တိမဂ္ဂဋ္ဌာန် တစ်ယောက်၊ သောတာပတ္တိဖလဋ္ဌာန်တစ်ယောက်နဲ့ ဒီလိုခွဲသွားမယ်ဆိုရင်တော့၊ သောတာပတ္တိမဂ္ဂဋ္ဌာန်ဖလဋ္ဌာန်၊ (၆)ယောက်ရယ်၊ အရဟတ္တမဂ္ဂဋ္ဌာန်တိုင်အောင် (၇)ယောက်လို့ပြောတာနော်၊ သို့သော်လည်းပဲ မဂ်စိတ္တုပ္ပါဒ်စိတ္တက္ခဏ တစ်ကြိမ် လေးသာ ဖြစ်တာမို့လို့ ဒီလိုပုဂ္ဂိုလ်အနေနဲ့ ကြာရှည်လေးမြင့်စွာ ရတာကတော့ သောတာပတ္တိဖိုလ်၊ သကဒါဂါမိဖိုလ်၊ အနာဂါမိဖိုလ်ဆိုတဲ့၊ ဒီအမျိုးအစားသုံးမျိုး ဒါကြောင့် သုံးအင်ဓမ္မ, လက်ကိုင်ရသည့်, သေက္ခပုဂ္ဂိုလ်ရယ်၊ ကိလေများဖြင် ပုထုဇဉ်လို့ခေါ်တဲ့ ပုဂ္ဂိုလ်တွေရယ်။

ပုထုဇ္ဇန-ဆိုတာ ပုထုဇဉ်၊ ပုထုဇဉ်ဆိုတာ၊ 'ပုထု'က-များတာ၊ ဘာတွေ များတာတုန်းလို့ဆိုတော့ ကိလေသာများတာ၊ လောဘ ဒေါသ မာန်မာနတွေ အဖြစ်များတဲ့ 'ဇန'က လူအပေါင်း၊ ဒါကို ပုထုဇဉ်လို့ခေါ်တယ်၊ ဘုန်းကြီးတို့ ပုထုဇဉ်တွေကျတော့ မနက်အိပ်ရာကနိုးလာလို့ မျက်လုံးဖွင့်လိုက်သည်နဲ့ တပြိုင် နက် သားအာရုံ သမီးအာရုံ, လောဘအာရုံ, ဒေါသအာရုံတွေနဲ့ မများဘူးလား? *များပါတယ်ဘုရား။* နေ့လယ်ပိုင်းလည်း များတယ်၊ ညအိပ်ရာဝင်ပိုင်းလည်း များ တယ်ဆိုတော့ ပုထု-ကိလေသာထူပြောများလှတဲ့၊ ဇန-လူအပေါင်း၊ အဲဒါကို

http://www.dhammadownload.com



ပုထုဇ္ဇန ပါဠိလို၊ မြန်မာလိုတော့ ပုထုဇဉ်၊ ဒါကြောင့် ပုထုဇ္ဇနာ သေက္ခာ-ကိလေမျှားဖြင်, ပုထုဇဉ်နှင့်, သုံးအင်ဓမ္မ, လက်ကိုင်ရသည့်, သေက္ခပုဂ္ဂိုလ်တို့သည်. . .၊ ဒီတော့ သေက္ခပုဂ္ဂိုလ်သုံးမျိုးနဲ့ ဘုန်းကြီးတို့ပုထုဇဉ်တွေဟာ ခရီးသွားတွေ. . . တဲ့၊ ခရီးသွားတွေ၊ မနားသေးဘူး။

ဘုန်းကြီးတို့ အခု တရားနာပရိသတ်ကြီး ပုထုဇဉ်အုပ်စုထဲ ပါပြီးနေတာဖြစ်တော့ ဘုန်းကြီးတို့ တစ်ဘဝက တစ်ဘဝသွားကြရအုံးမှာမဟုတ်လား? *မှန်လှပါဘုရား။* အရဟတ္တမဂ် အဟတ္တဖိုလ်ဆိုတဲ့တရားထူးကြီး မရသမျှ သွားနေကြရအုံးမှာဆိုတော့၊ ခရီးသွားအုပ်စုထဲ ဖြစ်မနေဘူးလား? *ဖြစ်နေပါတယ်ဘုရား။* ဒါဖြင့် ခရီးနားဆိုတာ ဘယ်သူတုန်းလို့ဆိုရင်- ခီဏာသဝါ-အာသဝေါကုန်ခမ်း, ရဟန္တာအရှင်မြတ်ကြီးတို့သည်ကား. . ။ အာသဝေါကင်းကွာ ရဟန္တာယောက်ျား ရဟန္တာမကြီးတွေကျတော့ နောက်ထပ်ဘဝကူးရတယ်လို့မရှိတော့ဘူး၊ အဲဒီဘဝ ဆုံးလို့ရှိရင် ဘဝပြတ်ပြီးတော့ ဝဋ္ဋဒုက္ခဇာတ်သိမ်းငြိမ်းပြီးတော့ လမ်းဆုံးနေ၁်၊ *မှန်လှပါဘုရား။*

ဒီတော့ ပရိနဗ္ဗာန်စံတော်မူပြီးခဲ့ကြတဲ့ရဟန္တာအရှင်ကောင်း အရှင်မြတ်ကြီးတွေ၊ ယခုလက်ရှိရဟန္တာအရှင်မြတ်ကြီးတွေ. . . နောက်ဘဝဆက်ပြီးတော့ သွားရမယ့်သံသရာခရီးကြီး ဆက်ပြီးတော့ သွားရမှာမဟုတ်ဘဲနဲ့၊ နားကြရသည်ဖြစ်လေသောကြောင့် အဲဒီရဟန္တာအရှင်ကောင်း အရှင်မြတ်ကြီးတွေက ခရီးနားတွေလို့ဆိုတော့ ဘုန်းကြီးတို့ ဒကာဒကာမတွေ ခုနက ပကတိခရီးကြီးနဲ့ပြောခဲ့တုန်းကတော့ အသွားအုပ်စုလား၊ အနားအုပ်စုလားလို့ မေးခဲ့တုန်းကတော့ အနားအုပ်စုပါလို့ဖြေခဲ့တယ်နော်၊ *မှန်လှပါဘုရား။* အခု(၃၁)ဘုံ သံသရာခရီးကြီးနဲ့ ကြည့်ကြမယ်ဆိုရင် ဘုန်းကြီးတို့ ဒကာဒကာမတွေ တရားနာပရိသတ်ကြီး ဖြေစမ်းပါအုံး၊ (၃၁)ဘုံသံသရာခရီးကြီးနဲ့ပြောကြရင် ဒီနေ့ ပရိသတ်ကြီးက ခရီးသွားတွေလား၊ ခရီးနားတွေလား? *ခရီးသွားတွေပါဘုရား။*

ဟော-(၃၁)ဘုံသံသရာခရီးကြီးနဲ့ပြောတော့ အသွားအုပ်စုကြီးထဲ ဝင်သွားပြီနော်၊ ခုနက လောကပကတိခရီးကြီးနဲ့ပြောတုန်းကတော့ အနားအုပ်စုကြီးထဲ ပါနေတာမဟုတ်လား? *အနားအုပ်စုထဲနေပါတယ်ဘုရား။* အခု (၃၁)ဘုံသံသရာခရီးကြီးနဲ့ပြောလိုက်တော့ ဘုန်းကြီးတို့ ဒကာဒကာမတွေ တရားနာပရိသတ်ကြီး အသွားအုပ်စုထဲ ရောက်သွားပြီတဲ့၊ ရဟန္တာပုဂ္ဂိုလ်အရှင်မြတ်ကြီးတွေကမှ နားသွားတာ၊ (၃၁)ဘုံသံသရာခရီးကြီးက နားသွားကြပြီနော်။ *မှန်လှပါဘုရား။*

ဒါဖြင့် ကောင်းပြီ. . . ဘုန်းကြီးတို့ ဒကာဒကာမတွေ ခရီးသွားအုပ်စုကြီးထဲရောက်နေလို့ ခရီးသွားတွေဆိုတာတော့ ကိုယ့်ကိုယ်ကိုသိကြပြီ၊ လောကမှာ

http://www.dhammadownload.com



မိမိသွားရမယ့်ခရီးတစ်ခုဆိုတာ အတိုင်းအတာပမာဏရှိရပါသည်၊ ဒီကနေပြီးတော့ မန္တလေးသွားမယ်ဆိုရင် ဒါ ခရီးတစ်ခုသွားမယ်ဆိုရင် မန္တလေးနဲ့ တောင်မြို့နဲ့ (၇)မိုင်၊ ဟော- ဒါ အတိုင်းအတာမရှိဘူးလား? *ရှိပါတယ်ဘုရား*။ ဒီကနေပြီးတော့ စစ်ကိုင်းသွားမယ်ဆိုလို့ရှိရင် ဘယ်နှစ်မိုင်၊ ရန်ကုန်သွားမယ်ဆိုရင် ဘယ်နှစ်မိုင်၊ ဘယ်နှစ်တိုင်နဲ့၊ ခရီးတစ်ခုဆိုတာ အတိုင်းအတာ ပမာဏရှိရတယ် မဟုတ်လား? *ရှိရပါတယ်အရှင်ဘုရား*။ ကောင်းပြီ ယနေ့ ဘုန်းကြီးတို့ဒကာဒကာမတွေ၊ တရားနာပရိသတ်အပေါင်း သူတော်ကောင်းတွေ သံသရာခရီးကြီးနဲ့ပြောကြရင် ခရီးသွားအုပ်စုတွေလို့ ကိုယ့်ကိုယ်ကိုဝန်ခံကြပြီ၊ ကိုယ့်ကိုယ်ကိုပြောကြပြီ၊ သိကြပြီ၊ ဒကာဒကာမတွေ သွားရမယ့်ခရီးက အတိုင်းအတာဘယ်လောက်ရှိပါသလဲလို့မေးခဲ့ရင်-

**ဝဋ္ဋဗ္ဗော အဒ္ဓါ** စ-မရပ်မနား, ရဟတ်ချားသို့, မပြတ်သွားရန်, သံသရာခရီး, ကန္တာကြီးကလည်း၊ ဒီယော-လှမ်းနေသမျှ, မှန်းခြေဆလည်း, မရတာရှည်, ရှည်လျားလှချေ၏. . . တဲ့။ ဒီနေ့ ဘုန်းကြီးတို့ ဒကာဒကာမတွေ သွားရမယ့် ခရီး အတိုင်းအတာဘယ်လောက်ရှိပါသလဲလို့ မေးခဲ့ရင်. . . တဲ့- ဝဋ္ဋဗ္ဗော အဒ္ဓါ စ-မရပ်မနား, ရဟတ်ချားသို့, မပြတ်သွားရန်, သံသရာခရီး, ကန္တာကြီးကလည်း၊ ဒီယော-လှမ်းနေသမျှ, မှန်းခြေဆလည်း, မရတာရှည်, ရှည်လျားလှချေ၏. . . ။ ဒကာဒကာမတွေ ယနေ့ သွားရမယ့်သံသရာခရီးက လမ်းရှိသမျှမှန်းပြီးတော့ ဆပြီးတော့ကြည့်မယ်ဆိုရင်. . . တဲ့ ဘယ်လောက်ရယ်လို့ အတိုင်းအတာမရှိဘူး၊ ဘာပြုလို့တုန်းလို့ဆိုတော့ အဝိုင်းသွား,သွားရလို့. . . တဲ့၊ အဝိုင်းပြေး,ပြေးရလို့ (၃၁)ဘုံဆိုတဲ့ သံသရာခရီးကြီးသည်ကား အဝိုင်းပြေး ပြေးရတဲ့ခရီး. . . တဲ့၊ အဝိုင်းသွား သွားရတဲ့ခရီး။

ဒီတော့ ဘုန်းကြီးတို့ အပါယ်လေးဘုံရောက်လိုက်၊ လူ့ဘုံရောက်လိုက်၊ နတ်ဘုံရောက်လိုက်၊ ဗြဟ္မာ့ဘုံရောက်လိုက်လို့ဆိုတော့ လှည့်ပတ်ပြီးတော့ သွားလာနေရတဲ့ခရီးကြီးဆိုတော့ အဝိုင်းပြေး ပြေးမနေရဘူးလား? *ပြေးနေရပါဘုရား*။ ဒါကြောင့် ယနေ့ ဒကာဒကာမတွေ သွားရမယ့်ခရီးကြီးက ဘယ်လိုခရီးကြီးတုန်းဆိုရင်ဖြင့် **ဝဋ္ဋဗ္ဗော အဒ္ဓါ** စ-မရပ်မနား, ရဟတ်ချားသို့. . . ရဟတ်ချားလို ခရီးကြီးလို့ဆိုတော့ ဘုန်းကြီးတို့ အလှူအတန်းတွေတို့, ပွဲလမ်းသဘင်ကြီးကြီးကျယ်ကျယ်ရှိတဲ့အခါမှာ ချားကြီးတွေ ရဟတ်ကြီးတွေဆိုတာ မရှိတတ်ဘူးလား? *ရှိတတ်ပါဘုရား*။ အဲဒီချားကြီးတွေရဟတ်ကြီးတွေဆိုတာ အဝိုင်းပြေး ပြေး, အဝိုင်းသွား သွားရတယ်လို့ဆိုတော့ ဘယ်နားက စ, ဘယ်နားကဆုံးတယ်လို့ ပြောနိုင်ပါ့မလား? *မပြောနိုင်ပါဘုရား*။ ဆုံဝယ်တပ်နွား, ရဟတ်ခြားကဲ့သို့, မပြတ်သွားရန်, သံသရာခရီး, ကန္တာကြီးကလည်း. . . ၊ ဆီဆုံမှာတပ်ထားတဲ့နွား သွားပြီးတော့နေတဲ့ခရီးကို

http://www.dhammadownload.com



ဘယ်နားက စ၊ ဘယ်နားက ဆုံးမယ်လို့ပြောလို့ရရဲ့လား? *မရပါဘုရား*။ ဒါကြောင့် သံသရာခရီးကြီးကို မြတ်စွာဘုရားက-

**အနမတဂ္ဂေါ ခေါ သံသာရော ပုဗ္ဗာကောဋိ န ပညာယတိ။**

သံသရာရဲ့အစ ဘယ်နားက စတယ်လို့ မသိအပ်သောအစ ရှိတယ်. . . တဲ့၊ အစမရှိဘူးတဲ့၊ ဘုန်းကြီးတို့ ဘဲဥ အစမရှိဘူး၊ ရှိသလား? *မရှိပါဘုရား*။ အဲဒီဘဲဥ အစမရှိလို့ အစမရှိဘူးလို့ပြောနိုင်ရင် ဒါတာဝန် ကျေတာပဲ မဟုတ်လား၊ ကျေပါတယ်ဘုရား။ အဲဒီလိုပဲ ဘုရားရှင်ကလည်း ပြောတော်မူတယ်၊ သံသရာခရီး အစမရှိဘူးဟေ့. . . ဒီတော့ ဘုန်းကြီးတို့ဒကာ ဒကာမတွေ သွားရမယ့်ခရီးက အစမထင်တဲ့၊ အစမရှိတဲ့ခရီး၊ ဘယ်မှာစပြီးတော့ ဘယ်မှာ ဆုံးမယ်ဆိုတာလည်း မရှိတဲ့ခရီး. . . လို့ဆိုတော့ ဒီအဝိုင်းပြေး ပြေး၊ အဝိုင်းသွား သွားနေရလေသော ကြောင့် အဆုံးအစမရှိတဲ့ခရီး၊ ဒီတော့ဆုံးချင်လို့ရှိရင် ဒီအဝိုင်းပြေးထဲကနေ ပြီးတော့ ဘေးရှန်းထွက်နိုင်မှ ဆုံးမယ်. . . တဲ့ နော်၊ *မှန်လှပါဘုရား*။

ဒီတော့ ခရီးကြီးကလည်းရှည်. . . ခရီးကရှည်ရတဲ့အထဲမှာ ဘုန်းကြီးတို့ ခရီး တစ်ခုသွားတယ်လို့ဆိုလို့ရှိရင် သွားရာလာရာမှာ မပင်မပန်းအောင် ရိက္ခာထုပ် ဆိုတာပါရတယ်၊ ခရီးသွားတဲ့ပုဂ္ဂိုလ်တိုင်း မိမိသွားမယ့်ခရီးနဲ့ထိုက်လျောက်တဲ့ စားစရာသောက်စရာ ရိက္ခာထုပ်ဆိုတာ ပါစေရတယ်၊ ဒီတော့ အဲဒီ မိမိတို့သွား ရမယ့်ခရီးနဲ့လိုက်လျောညီထွေတဲ့ ရိက္ခာထုပ်ကလည်းပဲ ဒီနေ့ ဒကာဒကာမတွေမှာ ဘယ်လောက်များပါကြသလဲ. . . လို့မေးခဲ့ရင်။

ပါထေယျော-တစ်ဘဝရောက်က, မကြောက်ရဖို့, ထောက်မလှမ်းကာ, စခန်းသာမည့်, လမ်းစာရိက္ခာထုပ်ကလည်း၊ အပ္ပကော-ယခုတန်းလျောက်, မှန်းသလောက်ဖြင့်, လမ်းပေါက်ဖို့ရန်, အမှန်ပင်ခဲရင်းလှချေ၏. . . . တဲ့။ သွားရ မယ့်ခရီးကရှည်. . . ရိက္ခာတွေကလည်း နည်း. . . ၊ ဘုန်းကြီးတို့သံသရာခရီးကြီး နဲ့ကြည့်လိုက်တော့ ယနေ့ဒကာဒကာမတွေ . . . သွားရမယ့်ခရီးကြီးက ရှည်ပါ ဘိသနဲ့၊ အဲဒီသွားရမယ့်ခရီးမှာ အများစုသတ္တဝါတွေက ရိက္ခာထုပ် သေးကြတယ် . . . တဲ့၊ ရိက္ခာထုပ် သေးကြတယ်၊ ပါထေယျော-တစ်ဘဝရောက်က, မကြောက် ရဖို့, ထောက်မလှမ်းကာ, စခန်းသာမည့်, လမ်းစာရိက္ခာထုပ်ကလည်း၊ အပ္ပကော- ယခုတန်းလျောက်, မှန်းသလောက်ဖြင့်, လမ်းပေါက်ဖို့ရန်, အမှန်ပင်ခဲရင်းလှ ချေ၏. . . . တဲ့။

သွားရမယ့်ခရီးကြီး ပေါက်ပေါက်ရောက်ရောက် ဖြစ်သွားအောင် လုံလောက်တဲ့ ရိက္ခာထုပ်ပါတဲ့သူက နည်းတယ်. . . တဲ့၊ နည်းတယ်နော်၊ *မှန်လှပါဘုရား*။ ဒါဖြင့်

http://www.dhammadownload.com



ဘုန်းကြီးတို့ ဒကာဒကာမတွေ ရိက္ခာထုပ်ကိုလည်းပဲ လုံလုံလောက်လောက် ထုပ်ရမယ်၊ မထုပ်ထိုက်ဘူးလား? *ထုပ်ထိုက်ပါတယ်ဘုရား*။ ရိက္ခာထုပ် နည်းနေပြီ ဆိုရင် ဘုန်းကြီးတို့ ပကတိလောကခရီးတစ်ခု သွားတဲ့နေရာမှာပဲ ရိက္ခာထုပ် နည်းပြီ. . . ရိက္ခာထုပ်အတွက် လုံလုံလောက်လောက် ပါမလာဘူးဆိုရင် လမ်း မဆင်းရဲဘူးလား? *ဆင်းရဲပါတယ်ဘုရား*။ စားရသောက်ရတာ အောက်ကျ နောက် ကျနိုင်၊ စားရသောက်ရတာ ဆင်းဆင်းရဲရဲနဲ့၊ မဆင်းရဲတတ်ဘူးလား? *ဆင်းရဲ တတ်ပါဘုရား*။ ထို့အတူ(၃၁)ဘုံဆိုတဲ့ သံသရာခရီးကြီး၊ ယနေ့ ဒကာ ဒကာမတွေ ဆက်ပြီးသွားကြရမယ့် သံသရာခရီးကြီးကလည်းပဲ ရိက္ခာထုပ်သေးကြရင်. . . တဲ့၊ ဆင်းရဲတော့မယ်၊ မျက်နှာမလှဖြစ်တော့မယ်၊ အောက်တန်းကျတော့မယ်. . . တဲ့၊ အောက်တန်းကျတော့မယ်။

ဘုန်းကြီးတို့ ရိက္ခာထုပ်အနည်းအများကွာခြားမှုလေးနဲ့ ပတ်သက်ပြီးတော့ * သုမနဒေဝီဆိုတဲ့သုတ္တန်မှာ ဘုန်းကြီးတို့ဘုရားရှင် သာဝတ္ထိပြည်မွန် ဇေတဝန် ရွှေကျောင်း ကိန်းအောင်းမွေ့လျော် စံနေတော်မူသည့်အခိုက်၊ သာဝတ္ထိမြို့ကို ထီးနန်းအုပ်ချုပ် မင်းလုပ်တယ်ဆိုတာက ကောသလမင်းကြီး၊ အဲဒီကောသလမင်း ကြီးမှာ သားတော်လေးတစ်ပါးဖွားတယ် မကြာခင်က၊ မွေးဖွားတော့ နန်းတော်ထဲ မှာ ပုခက်တင်မင်္ဂလာပွဲကြီး ကျင်းပ၊ ပရိသတ်တွေ လာကြတယ်၊ မှူးကြီးမတ်ရာ သေနာပတိ၊ ကုန်သည်လယ်လုပ်၊ ပရိသတ်တွေပေ့ါလေ၊ သုမနဒေဝီက သူ့ရဲ့ မောင်တော်လေး ပုခက်တင်မင်္ဂလာ အကြောင်းပြုပြီးတော့ နန်းမဆောင်ကြီးထဲမှာ အားလုံး လာလာသမျှပရိသတ်တွေကို ဧည့်ခံကျွေးမွေးပြီးတော့ နေ။

ဒီတော့ မင်းသားကိုကျတော့ ဆင်ပြင်ထားလိုက်တာ၊ နန်းမဆောင်ကြီး ရဲ့ တစ်နေရာမှာ၊ ရွှေတွေငွေတွေ ကျောက်သံပတ္တမြားတွေ စီခြယ်ထားတဲ့ မြပုခက် ထဲ၊ အပေါ်ကလည်းပဲ ရတနာပေါင်းစုံ၊ ခင်းကျင်းထားလိုက်တာက ပိုးဖဲကတီပါ ပေါင်းစုံ၊ ဆင်ပြင်ထားတဲ့ပန်းတွေ၊ ပန်းကုန်းတွေ၊ ပန်းဆိုင်းတွေကလည်း အသီးသီး အစီအရီ၊ အဲဒီထဲမှာ ကောသလမင်းရဲ့သားတော်လေး. . . သိပ်ထား၊ အထက်က ထီးဖြူလေးမျှားမိုး. . . လို့၊ အဲဒီ ရတနာပုခက်ကြီးရဲ့ အနီးမှာ၊ အနိမ့်ပိုင်း၊ အောက်ကျတဲ့ အနိမ့်ပိုင်းတစ်နေရာမှာ အသားပုခက်အိုအိုလေးထဲမှာလည်း ပဲ ကလေးလေးတစ်ယောက်. . . တဲ့၊ အိပ်နေရှာတယ်၊ အသားပုခက်ဟောင်းလေး ထဲမှာ ပုဆိုးနွမ်းလေးတွေခင်းပြီးတော့ ခေါင်းအုံးလေးကလည်း ကြေးပေလို့နော်၊ မှန်လှပါဘုရား၊ အဲဒီအပေါ်မှာ စောင်းရက်ကလေး၊ ကလေးလေး သူ့အမေခြုံပေး ထားတဲ့ ပုဆိုးစုပ်ကလေးခြုံပြီးတော့ အိပ်နေရှာ။

---

* သုမနသုတ္တန်-အံ-၂၊ ၂၇။

http://www.dhammadownload.com



ဒီတော့ ရတနာပုခက်ကြီးထဲမှာ ရွှေငွေကျောက်သံပတ္တမြား ရတနာတွေ စီခြယ်ထားတဲ့ ရတနာပုခက်ကြီးထဲမှာ အိပ်နေတဲ့ ကောသလမင်းရဲ့ သားတော်က လေးက တစ်ရေးမှေးကနဲ အိပ်ပျော်သွားရာက မျက်လုံးဖွင့်ကြည့်လိုက်တော့ အထက်က ထီးဖြူကြီးမြင်တယ်၊ ထီးဖြူကြီးမြင်လိုက်ရာကနေပြီးတော့ ဇာတိဿရ ဉာဏ်ပေါ်လာတယ်၊ ဇာတိဿရဉာဏ်ဆိုတာ၊ ဇာတိ-ဆိုတာ မိမိနေခဲ့ဖြစ်ခဲ့တဲ့ လွန်ခဲ့တဲ့ အတိတ်ဘဝနှစ်ဘဝ သုံးဘဝ လေးငါးခြောက်ဘဝကို သရ-ပြန်ပြီးတော့ အမှတ်ရနိုင်, သိနိုင်သတိရနိုင်တဲ့ဉာဏ်၊ အဲဒါ ဇာတိဿရဉာဏ်ခေါ်တယ်၊ အဲဒီ ထီးဖြူကြီးကို ဖျတ်ကနဲ့ မျက်လုံးဖွင့်ကြည့်လိုက်လို့မြင်လိုက်ရာကစပြီးတော့ ဇာတိဿရဉာဏ် ပေါ်လာပြီးတော့၊ ဩော်-ငါဘယ်ကလာခဲ့ပါလား. . .၊ အဲဒီ တုန်းက ဘယ်သူလဲ ပါပါသေးလား. . . ဆိုပြီးတော့ လျှောက်ပြီးတော့လေ. . . သူပြန်ပြီးကြည့်လိုက်ရာက ဘေးက အသားပုခက်ဆီ မျက်လုံးရောက်သွားတယ်။

စောင်းပြီးတော့ ကြည့်လိုက်တော့ အသားပုခက်ထဲက ကလေးလေး သွား ပြီးတော့မြင်တယ်၊ မြင်တော့မှ သူလှမ်းပြီးတော့ ပြောလိုက်တယ်၊ စိတ်ထဲမလဲ မကောင်းလွန်းလို့၊ "ကြည့်စမ်းပါဦးကွာ. . . တဲ့ အခုတော့ ကောင်းကြသေးရဲ့ လား. . . ကောင်းကြသေးရဲ့လား. . .၊ ငါက ဟိုတုန်းက ရိက္ခာထုပ် ထုပ်ပါ၊ သံသရာခရီးကြီးမှာ သွားတဲ့နေရာမှာ ရိက္ခာထုပ်သေးရင်ဖြင့် အောက်တန်းကျ လိမ့်မယ်၊ ဆင်းရဲလိမ့်မယ်၊ ဒုက္ခရောက်လိမ့်မယ်လို့၊ ငါ တဖွဖွပြောတုန်းက မင်းငါ့စကား နားမထောင်ခဲ့ဘူး. . . တဲ့၊ အခုတော့ ကောင်းသေးရဲ့လား"လို့ ဘေးက အသားပုခက်ထဲကကလေးဆီ လှည့်ပြီးတော့ပြောတယ်။

ဒီတော့ အသားပုခက်ထဲက ကလေးလေးကလည်း ဒီကပြောလိုက်တဲ့ အသံကြားတော့ စောင်းပြီးတော့ လှည့်ကြည့်တယ်၊ လှည့်ကြည့်ပြီးတော့ သူက လည်း ပြန်ပြောတယ်၊ "ဘာတုန်း. . . ကွ, ဘာများမကောင်းတာတုန်း"၊ ဒီတော့ ရတနာပုခက်ထဲက ကလေးလေးက "ဘာမကောင်းရမှာလဲ တဲ့၊ မင်း-သံသရာ စခန်းခရီးလမ်းကြီးမှာ ရိက္ခာထုပ်ပါလို့ ငါတိုက်တွန်းတုန်းကတော့ မင်းက ငါ့စကား နားမထောင်ခဲ့ဘူး၊ အခုတော့ ကောင်းသေလား. . . တဲ့ ကောင်းသေလား၊ ငါကတော့ဖြင့် ရတနာ ပုခက်ကြီးထဲမှာ ရွှေငွေကျောက်သံပတ္တမြားရတနာတွေ စီခြယ်လို့၊ ပိုးဖဲကတီပါ တွေခင်းလို့၊ အထက်ကလည်း ပန်းမျိုးစုံ နံ့သာမျိုးစုံတွေ ဆင်ပြင်. . . လို့ မင်းမှာကျတော့ အသားပုခက်အအိုလေးထဲမှာ ပုဆိုးစုတ်ကလေး ခင်းပြီးတော့ နေရတယ်. . " ဒီတော့ အသားပုခက်ထဲက ကလေးလေးက "ဘာထူး လဲကွာ. . တဲ့၊ မင်း မြပုခက်, ရတနာပုခက်ကြီးလဲ ပထဝီ အာပေါ တေဇော

http://www.dhammadownload.com



ဝါယော ဓာတ်ကြီးလေးပါးပါပဲကွတဲ့၊ ငါ့အသားပုခက်လည်း ပထဝီ အာပေါ တေဇော ဝါယော ဓာတ်ကြီးလေးပါးပါပဲ"။

အဲဒီလိုပြောနေတုန်း သုမနဒေဝီမင်းသမီးက ရှေ့နား ပုခက်နှစ်လုံး အကြားထိ တိုးလာလိုက်တော့ ဖြုန်းဆို ကလေးလေးနှစ်ယောက် စကားပြော ရပ်သွားကြ၊ စကားပြောတဲ့အရွယ်လဲ မဟုတ်သေးဘဲနဲ့ ပြောနေကြတာနော်၊ အဲဒီတော့ သုမနဒေဝီမင်းသမီးကလည်းပဲ စောစောက ညှော်ပရိသတ်တွေ ညှော်ခံ နေရာက ညှော်လေး တော်တော်စဲသွားလို့ သူ့မောင်ကလေး ဘယ်လိုများနေသလဲ၊ သူ့မောင်ကလေး အိပ်များပျော်နေသလား၊ နိုးများနေသလားလို့ အကဲခတ်ဖို့ရာ၊ ပုခက်တွေနား အလာ၊ အနားရောက်အလာမှာ ကလေးလေးနှစ်ယောက်က ခုနက လို စကားပြောနေသံ သူကြားလိုက်တော့၊ "အလိုလေး. . . ကလေးလေးနှစ် ယောက် စကားပြောနေပါလား. . . စကားပြောနေပါလား၊ စကားပြောတတ်တဲ့ အရွယ်လည်း မဟုတ်ကြသေးဘဲနဲ့ စကားပြောနေပါလား။

ပြောတဲ့စကား နားထောင်လိုက်ပြန်တော့လည်း ဓာတ်သံ ပရမတ်သံ တွေပါတယ်၊ ပြောတဲ့စကားအစအဆုံးကိုလည်း၊ ငါကြားလိုက်ရတယ်. . . ထူးဆန်းလိုက်ပါဘိဖြစ်ခြင်း၊ အင်း-ဒီကိစ္စ ခမည်းတော်ကြီး သံတော်ဦးတင်ရ ကောင်းမလား၊ မူးကြီးမတ်ရာသေနာပတိတွေ သွားပြီးတော့ပြောရရင် ကောင်းမ လား၊ အကယ်၍ သွားပြောလိုက်လို့ ယုံရင်တော်ပါရဲ့၊ ခမည်းတော်ကြီး သံတော်ဦး တင်လိုက်လို့၊ မူးကြီးမတ်ရာ သေနာပတိတွေ ကလေးလေးနှစ်ယောက် ဒီလို ပြောနေပါတယ်ဆိုတဲ့ စကားပြောနေတဲ့အကြောင်းကို ငါသံတော်တင်လိုက် ပြော လိုက်လို့ ယုံရင်တော်ပါရဲ့. . . တဲ့။

မယုံကြဘဲနဲ့များ ဒီအချိန်ဒီအရွယ်ဟာ စကားပြောရမယ့်အရွယ်မဟုတ် ဘူးဟေ့၊ ဟ- ဒီကလေးလေးတွေ လူသားစင်စစ် ဟုတ်ဟန်မတူဘူး ဟ၊ ဘီလူးလေး တွေလား၊ သရဲလေးတွေလားလို့များ ဆိုပြီးတော့ အနှောက်အရှက်တွေနဲ့ ဖျောက် ဖျက်ပစ်ကြမယ်၊ "ထီးနဲ့မတန် နန်းနဲ့မတန်ဘူး"လို့ဆိုပြီးတော့များ ဖျောက်ဖျက် ပစ်ကြရင် ကိုယ်ကျိုးနည်းရချည့်ရဲ့. . .၊ မပြောဘဲထားရကောင်းမလား၊ သွားပြီး တော့ပြောလိုက်ရကောင်းမလား"နဲ့ သုမနဒေဝီမင်းသမီး ချီတုံချတုံ၊ မထွေးနိုင် မမျိုးနိုင် ဖြစ်ပြီးတော့နေတယ်၊ ပြောတဲ့စကားတွေကြားလိုက်ရတာကလည်း မိမိ နားနဲ့ ဆတ်ဆတ်ကြားလိုက်ရတာမို့လို့ ပြောတာအမှန်၊ စကားပြောပါတယ် . . . လို့၊ သွားသံတော်ဦးတင်လိုက်ရင်လည်း ခုနကလို မယုံမကြည်ရှိပြီးတော့ ဘီလူးလေးတွေ၊ သရဲလေးတွေ၊ အစိမ်းလေးတွေ ထင်ပြီးတော့ ဖျောက်ဖျက် ပစ်ကြရင်လည်း ဒုက္ခရောက်ရချည်ရဲ့။

http://www.dhammadownload.com



ဒါနဲ့ပဲ ကဲလေ. . . မပြောတာပဲ အန္တရာယ်ကင်းပါတယ်ဆိုပြီးတော့၊ သူ ဒီအခမ်းအနားပွဲကြီးပြီးတဲ့အခါကျမှ ဇေတဝန်ကျောင်းတော်မှာ သီတင်း သုံးတော်မူတဲ့ ဘုရားရှင်ထံပြေးပြီးတော့ ဒီကိစ္စမေးလျှောက်ရတော့မှာပဲလို့ အကြံပေါက်တာနဲ့ သူမပြောတော့ဘူး ဘယ်သူ့မှ ဒီကိစ္စကိုနော်၊ ဒီလိုနဲ့ သူအသာလေး အခမ်းအနား ပြီးအောင် ကြည့်ပြီးတော့စီမံလိုက်၊ ဧည့်ခံပွဲကြီးလည်း ပြီးသွားတယ်၊ ပြီးသွားတဲ့ အခါကျမှ သုမနဒေဝီမင်းသမီးသည် နောက်ပါအပျိုတော်ငါးရာခြံရံလျက်၊ ရထား ပေါင်းငါးရာတို့ဖြင့် ဘုရားရှင်သီတင်းသုံးတော်မူရာ သာဝတ္ထိပြည်မွန် ဇေတဝန်ရွှေကျောင်းသို့ ဘုရားရှင်ထံမှောက်ရောက်လာခဲ့သည်၊ ရောက်လာပြီးတော့ သူ ဘုရားထံရောက်လာတယ်ဆိုရင်ပဲ သူသိချင်နေတဲ့ ခုနကကိစ္စ၊ မနက်ကအဖြစ် အပျက် အကုန်ပြန်ပြီးတော့ ဘုရားရှင်ကို လျှောက်ထားမေးမြန်း။

မေးမြန်းတော့မှ ဘုရားရှင်ကိုယ်တော်မြတ်က သုမန. . . တဲ့၊ သူတို့ နှစ်ယောက်က တခြားမဟုတ်ဘူး၊ ငါဘုရားရှင် ဒီကမ္ဘာမှာတင် မပွင့်ခင်၊ ငါဘုရားရှင်ရဲ့ အရင်ပွင့်တော်မူသွားတဲ့ ကဿပဘုရားရှင်ဆိုတာရှိတော်မူခဲ့တယ်၊ အဲဒီ ကဿပ ဘုရားရှင်ရဲ့ သာသနာတော်လက်ထက်တုန်းက သီးတင်းသုံးဖော်နှစ်ဦး ဖြစ်ခဲ့ကြ ဖူးတယ်. . . တဲ့၊ ရဟန်းတော်သူငယ်ချင်း သီတင်းသုံးဖော်နှစ်ဦးဖြစ်ခဲ့ကြဖူးတယ်၊ သူတို့နှစ်ယောက်ဟာ၊ အဲဒီလို သီတင်းသုံးဖော်သူငယ်ချင်း သီတင်းသုံးဖော်နှစ်ဦး ဖြစ်ခဲ့ကြရာက တစ်ပါးကဆွမ်းခံပြီးတော့ ရလာသမျှထဲက နည်းနည်းလေးပဲဖြစ်ဖြစ် သူများကို လှူဒါန်းပေးကမ်းပြီးမှ စားလေ့သုံးလေ့ရှိတယ်၊ ဘုဉ်းပေးလေ့ရှိတယ်၊ ဟင်းလေးပို လှူ ဆွမ်းလေးပို လှူ အလှူဝါသနာပါတယ်၊ သင်္ကန်းလေးပို လှူ ထီးလေးပို လှူ ဖိနပ်ကလေးပို လှူ ပိုသမျှလေးလှူလေ့တန်းလေ့ရှိတဲ့ ဒါန ဝါသနာပါတယ်။

တစ်ပါးသောရဟန်းကတော့ လှူလေ့တန်းလေ့ ပေးလေ့ကမ်းလေ့မရှိဘူး၊ သူက ဆွမ်းစားကျောင်းဝတ်ပြုတယ်. . . တဲ့ အဲဒီကိုယ်တော်လေးက၊ ဟို လှူလေ့ တန်းလေ့ ပေးလေ့ကမ်းလေ့ရှိတဲ့ ကိုယ်တော်လေးကတော့ သာရဏီယဝတ်လို့ ခေါ်တဲ့ သူများမပေးမကမ်းဘဲနဲ့ မစားသုံးဘူးဆိုတဲ့ အဓိဋ္ဌာန်ချက်နဲ့ သူက လှူလေ့ တန်းလေ့ရှိတယ်၊ အဲဒီလို သီတင်းသုံးဖော်နှစ်ဦးဖြစ်နေကြရာက အလှူအတန်း ဝါသနာပါတဲ့ ကိုယ်တော်ကလေး. . . ဘယ်လောက်ထိ ဝါသနာပါတုန်းလို့ဆိုရင် သည့်ပြင်ပစ္စည်းမပြောနဲ့ ရေသောက်တာတောင် သောက်ရေအိုးစင် ရေသောက် တော့မယ်လို့ ရေလေးတစ်ခွက်ခပ်ပြီးတော့ ကိုယ်သောက်တော့မယ်လို့ ယူလိုက်ပြီး တဲ့နောက်တောင် ပတ်ဝန်းကျင်လှည့်ပြီးတော့ ကြည့်လိုက်သေးတယ်၊ ရေသောက် မလို့ ဘယ်သူများလာတုန်းလို့ဆိုတာ လှည့်ကြည့်လိုက်သေးတယ်. . . တဲ့၊ လှည့်

http://www.dhammadownload.com



ကြည့်လို့ မြင်လို့ရှိရင် "ဟာ. . ကြွပါ၊ ကြွပါ၊ သောက်ပါ သောက်ပါ"ဆိုပြီးတော့ သူသောက်မယ့်ရေကို ထိုးပြီးတော့ လှူလိုက်တယ်၊ အဲဒီလောက်အထိ။

သံသရာစခန်း ခရီးလမ်းကြီးမှာ ရိက္ခာထုပ်ပါမှ ချမ်းသာမယ်လို့ သူ့ရဲ့ အမြင်၊ သူ့ရဲ့ယုံကြည်ချက်အားလျော်စွာ မဂ်ဖိုလ်နိဗ္ဗာန်စခန်း သွားရာလမ်းကြီးမှာ ရိက္ခာ ထုပ်ကို သတိထားပြီးတော့ထုပ်ခဲ့တယ်၊ အဲဒီလို သူရိက္ခာထုပ်ထုပ်သလိုပဲ သူ့ရဲ့သီတင်းသုံးဖော် တစ်ပါးကိုလည်းပဲ သူကတိုက်တွန်းတယ်၊ "မိတ်ဆွေ. . . မမေ့ပါနဲ့၊ ရိက္ခာထုပ်လေးများတော့ထုပ်ပါဦး၊ တတ်နိုင်သမျှထုပ်ပါဦး၊ သံသရာ စခန်း ခရီးလမ်းကြီးမှာ မဂ်ဖိုလ်နိဗ္ဗာန်ကျွတ်တန်းမခိုခင်အတွင်းမှာ ဆင်းရဲတတ် ပါတယ် မိတ်ဆွေရယ်. . . ထုပ်ပါဦး"လို့ တိုက်တွန်းတယ်။ တိုက်တွန်းပေမယ့်လို့ တစ်ပါးသောရဟန်းက ဘယ်နှယ့်ပြောလေ့ရှိတုန်း "ဟာကွာ. . တို့ရဟန်းဆိုတာ သီလသိက္ခာတွေဖြည့်နေတာပဲ. . . တဲ့၊ သီလဖြည့် တော်ရောပေါ့တဲ့၊ ထုပ်နေစရာ မလိုပါဘူးတဲ့၊ သူပေးလူပေး တို့က စားနေရတာပဲလို့" ပြန်ပြန်ပြောလေ့ရှိသတဲ့ ဒကာ ဦးမြစိန်၊ *မှန်လှပါဘုရား*။

အဲဒီလိုနဲ့ သူ့အယူကို ငါမလိုက်နိုင်၊ ငါ့အယူကို သူမလိုက်နိုင်နဲ့၊ ခင်တာ ကတော့ သူငယ်ချင်းသီတင်းသုံးဖော်နှစ်ပါး ခင်ကြတာပဲ၊ အဲဒီလိုနဲ့ နေလာခဲ့ ကြတယ် သုမန. . . တဲ့၊ ဘုရားက အတိတ်ကြောင်းပြန်ပြောင်းဟောနေတာ၊ အဲဒီ မင်းသားလေးနဲ့ အဲဒီသစ်သားပုခက်ထဲမှာ အိပ်နေတဲ့အထိန်းတော်ရဲ့ သားလေး ဟာ သစ်သားပုခက်ထဲအိပ်နေရတာက အထိန်းတော်ရဲ့သားလေးတဲ့၊ ကောသလ မင်းကြီးရဲ့ သားလေးကိုထိန်းရတဲ့အထိန်းတော်၊ အဲဒီအထိန်းတော်မှာလည်း သားကလေးတစ်ယောက်ရှိတာ၊ အဲဒီသားကလေးက သစ်သားပုခက်နဲ့ သိပ်ထား တာ၊ အထိန်းတော်ကြီးက သူအိမ်ထားခဲ့လို့လည်းမဖြစ်တော့ သူ့ဒီမင်းသားကလေး ပုခက်တင်မင်္ဂလာပွဲနေ့မှာ သူက မင်းသားလေးထိန်းရအုံးမှာလို့ဆိုတော့ သူ့မှာ လည်း ကလေးကရှိနေတော့ ကလေးပါခေါ်လာခဲ့ရတယ် နန်းတော်ကိုနော်၊ *မှန်လှပါဘုရား*။

အဲဒီလိုနဲ့ အသားပုခက်ထဲမှာ အိပ်နေရတဲ့ ကလေးလေးအထိန်းတော်ရဲ့ သားကလေးက အဲဒီသီလဖြည့်ပြီးတာပဲကွာ. . . တော်ရောပေါ့၊ လှူဖို့တန်းဖို့ မလိုပါဘူး၊ ရိက္ခာထုပ်ထုပ်ဖို့ မလိုပါဘူးလို့ ပြောလေ့ရှိတဲ့ ရဟန်းတော်ကဖြစ်လာတဲ့ ကလေး. . . တဲ့၊ အဲဒီ ခုနက သတိထားပြီးသကာလ သံသရာစခန်းခရီးလမ်းကြီး မှာ မပင်ပန်းရအောင် ရိက္ခာထုပ်မှတော်မယ်. . . လို့ဆိုပြီးတော့ ရေလေးတစ် ပေါက်သောက်တာတောင်မှ သူများကိုပေးဖို့ကမ်းဖို့ကြည့်ပြီးတော့မှ သူများသောက် မယ့်သူလာရင် ပေးလေ့ကမ်းလေ့ရှိတဲ့ ရဟန်းတော်ကလေးက သင့်ရဲ့မောင်က

http://www.dhammadownload.com



လေးဆိုတဲ့ အခု သင့်ခမည်းတော်ကြီးရဲ့ သားတော်ကလေး၊ မင်းသားကလေးလာ ပြီးတော့ဖြစ်တယ် သုမန. . . လို့ ဘုရားရှင်က ဖြေတော်မူလိုက်တယ် ဒကာ ဦးမြစိန်၊ *မှန်လှပါဘုရား*။

ဒီတော့ သုမနမင်းသမီးက "မှန်လှဘုရား၊ ဒီလိုဆိုရင် တပည့်တော် လျှောက်ပါရစေအုန်းဘုရား. . . တပည့်တော်စိတ်ထဲ မရှင်းတာ၊ အဲဒီ အမျိုး ကောင်းသားနှစ်ယောက်တို့သည် ဘုရားရှင်ရဲ့တရားတော်ကို သီလတွေကို ဖြည့်လို့ တရားတွေအားထုတ်လို့ အရှင်ဘုရားရဲ့တပည့်သာဝကဖြစ်တဲ့ ပုဂ္ဂိုလ်နှစ်ယောက် တို့သည် ဒီလူ့ပြည်ကနေပြီးတော့ နတ်ပြည်ရောက်ကြပြီဆိုကြပါစို့ဘုရား။ အဲဒီ နတ်ပြည်ရောက်သွားလို့ရှိရင် နတ်ပြည်ရောက်ကြတာချင်း အတူတူဖြစ်လေသော ကြောင့် သူတို့မှာ အရည်အချင်းချင်း ကွာခြားမှု ရှိနိုင်ပါသေးသလားဘုရား. . .၊ နတ်ပြည်ဆိုတာဘုရား. . . စည်းစိမ်ချင်း ရိက္ခာချင်း ဘုံဗိမာန်ချင်း အတူတူပဲ မဟုတ်လားဘုရား. . . တဲ့၊ အထူးရှိနိုင်ပါသေးသလား"

ဒီတော့ သိယာ သုမနေ။ ဘုရားရှင်က သုမနေ-သုမန၊ သိယာ-ရှိပါ သော်ကော. . .၊ သိယာ ဝိသေသော၊ သိယာ နာနာကရဏံ။ သုမန. . . တဲ့ ရှိပါသော်ကော၊ ရှိပါသော်ကော၊ နတ်ပြည်ရောက်သွားပြန်တော့လည်းပဲ၊ ဒီဒါန ရိက္ခာကို ထုပ်လေ့ရှိတဲ့ အမျိုးကောင်းသားအမျိုးကောင်းသမီးသည် ဒါနရိက္ခာကို ထုပ်လေ့မရှိတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးရဲ့အပေါ်မှာ ငါးမျိုး ငါးစား သော အရည်အချင်းတို့နဲ့ သာတယ်. . .၊ ဘာတွေနဲ့သာတုန်း၊ ဒိဗ္ဗေန အာယုနာ-နတ်သက်တမ်းစေ့ နေရတယ်၊ နတ်သက်ရှည်ရှည်နေရတယ်။ ဒိဗ္ဗေန ဝဏ္ဏေန-နတ်ရဲ့ရုပ်ရည်အဆင်းချင်းအားဖြင့်လည်း သာတယ်။ ဒိဗ္ဗေန သုခေန- ကိုယ်စိတ်နှစ်ပါး ချမ်းသာမှုချင်းလည်း ကွာတယ်။ ဒိဗ္ဗေန ယသေန-အခြံအရံချင်း လည်း ကွာတယ်. . . တဲ့၊ အခြံအရံလည်း သာတယ်။ ဒိဗ္ဗေန အာဓိပတေ ယျေန- ဩဇာတိက္ကမရှိမှုမှာလည်းကွာတယ်။ နတ်ပြည်ရောက်တော့လည်းပဲတဲ့၊ အသက်ရှည်မှုကွာတယ်တဲ့၊ အဆင်းလှမှု ကွာတယ်၊ ကိုယ်စိတ်နှစ်ပါးချမ်းသာမှု ကွာတယ်၊ အခြံအရံချင်း ကွာတယ်၊ ဩဇာတိက္ကမ ရှိမှုချင်း ကွာတယ် သုမန. . .။

ဒီလိုဆိုတော့ သုမန အမျိုးသမီးက မှန်လှပါဘုရား တပည့်တော် ဒီလိုဆို ဆက်မေးပါရစေဦး၊ အဲဒီအရှင်ဘုရားရဲ့တပည့်သာဝကဖြစ်တဲ့ ပုဂ္ဂိုလ်နှစ်ယောက် ဒီလူ့ပြည်ကနေပြီးတော့ ကုသိုလ်ကောင်းမှုပြုပြီးတော့ နတ်ပြည်ရောက်ကြတော့၊ အဲဒီရိက္ခာထုပ်ကိုပိုပြီးတော့ ထုပ်လေ့ရှိတဲ့ပုဂ္ဂိုလ်က နတ်ပြည်ရောက်လို့ သာတာ ဆိုတာ ထားလိုက်ပါတော့၊ အဲဒီနတ်ပြည်ကနေပြီးတော့ လူ့ပြည်တစ်ခေါက်ပြန်ပြီး တော့လာကြတယ်ဆိုရင်ကော ဘုရား. . . တဲ့ ကွားခြားမှုရှိနိုင်ပါသေးသလား"။

http://www.dhammadownload.com



ဒီတော့ မြတ်စွာဘုရားက သိယာ သုမနေ၊ သိယာ ဝိသေသော၊ သိယာ နာနာကရဏန္တိ။ သုမန. . . တဲ့ ရှိပါသော်ကော၊ ရှိပါသော်ကော။

*ယော သော သုမနေ ဒါယကော, သော အမုံ အဒါယကံ*
*မနုဿဘူတော သမာနော ဣမေဟိ ပဉ္စဟိ ဌာနေဟိ အဓိဂဏှာတိ။*

လှူလေ့တန်းလေ့, ပေးလေ့ကမ်းလေ့ရှိပြီးတော့ သံသရာစခန်းခရီးလမ်းအတွက် မဂ်ဖိုလ်နိဗ္ဗာန်ပေါက်အောင် မှန်းပြီးတော့ ရိက္ခာထုပ်ထုပ်လေ့ရှိတဲ့ အမျိုးသားအမျိုးသမီးသည်. . .၊ ရိက္ခာထုပ် ထုပ်ဖို့ရာ မေ့နေလေ့ရှိတဲ့ အဲဒီ အမျိုးသားအမျိုးသမီးရဲ့အပေါ်မှာ လူဖြစ်လာပြန်တော့လည်းပဲ ငါးမျိုးငါးစားသော အရည်အချင်းနဲ့ကွာပြန်တယ်. . . တဲ့။ သာပြန်တယ်၊ ဘာတွေနဲ့သာပြန်တုန်းလို့ ဆိုတော့- မာနုသကေန အာယုနာ-လူဖြစ်ပြန်တော့လည်းပဲ လူသက်ရှည်ရှည်၊ လူသက်တမ်းစေ့ အသက်ရှည်ရှည်နေနိုင်တယ်၊ နေရတယ်။ မာနုသကေန ဝဏ္ဏေန-လူ့ဥပဓိရုပ်ရည်အဆင်းနဲ့လည်းပဲကွာတယ်၊ မာနုသကေန သုခေန-လူ့ရဲ့ ကိုယ်စိတ်နှစ်ပါး ချမ်းသာမှုချင်းလည်းကွာတယ်၊ မာနုသကေန ယသေန-လူ့အခြံအရံကျော်ဇောမှုချင်းလည်းကွာတယ်၊ မာနုသကေန အာဓိပတေယျေန- လူမှာဖြစ်တဲ့ ဩဇာတိက္ကမ, ရှိမှုချင်းလည်းကွာတယ်. . . ။ ဘာပြုလို့တုန်း ဆိုတော့ သုမန. . . တဲ့ အဲဒီ ဒါနရိက္ခာထုပ်ပါလာတဲ့ ဒါနကုသိုလ်ကောင်းမှု အခြေခံပါလာတဲ့ အမျိုးသားအမျိုးသမီးက လာဖြစ်ကတည်းက အမိဝမ်းခေါင်းကိန်းအောင်းဖြစ်ကတည်းက စားနိုင်သောက်နိုင်၊ ဆင်နိုင်ပြင်နိုင်, ကျွေးနိုင်မွေးနိုင်တဲ့ အမိဝမ်းခေါင်း ကိန်းအောင်းမိရက်ဖြစ်တယ်. . . တဲ့၊ ဒီကံက ကူပေးလိုက်တာကိုးနော်။

သီလချင်း အတူတူပဲ၊ ဘာဝနာချင်းအတူတူပဲထားတဲ့၊ ဒါနရိက္ခာထုပ်သာတဲ့သူက ကျွေးနိုင်မွေးနိုင်တဲ့ အမိဝမ်းခေါင်းကိန်းအောင်းမိရက်ဖြစ်တယ်၊ ဘုန်းကြီးတို့ ကံတရားက ပစ်ချတဲ့နေရာမှာ ဘယ်သတ္တဝါမှ ငါသွားချင်သလို သွားမယ်ဆိုလို့ မဖြစ်ဘူး ဦးမြစိန်၊ မှန်လှပါဘုရား။ ဘုန်းကြီးတို့(၃၁)ဘုံထဲ လည်နေရတဲ့ သတ္တဝါတွေမှာ ဝိနိပါတဘေးကြီးဆိုတာရှိတယ်၊ ကံပစ်ချသလိုပဲကျကြရ၊ သစ်ပင်က သစ်ရွက်တွေ လှုပ်ချလိုက်တော့ ဒီသစ်ရွက်က ငါ ဟိုနားကျမယ်၊ ဒီနားကျ မယ်လို့နေမဖြစ်ဘူး၊ သူကျချင်ရာကျတာပဲ၊ ကောင်းတဲ့အပေါ်လည်း သွားတင် ရင် တင်တာပဲ၊ နွားချေးပုံ၊ ခွေးချေးပုံ၊ ကျွဲချေးထဲလည်းနကျချင်ကျတာပဲ။ အဲဒါလိုပဲ ယနေ့ (၃၁)ဘုံမှာ ကျင်လည်နေကြတဲ့ သတ္တဝါတွေ ကံတရားက ပစ်ချလိုက်ခဲ့ရင် . . . ကံစီမံရာနော်၊ *မှန်လှပါဘုရား*။

http://www.dhammadownload.com



ဒီတော့ အဲဒီကံဆိုတဲ့ ဒါနရိက္ခာထုပ်ကံကို ဖန်တီးထားတဲ့ အမျိုးသားအမျိုးသမီးသည်လာပြီးတော့ ဖြစ်ကတည်းက ကျွေးနိုင်မွေးနိုင်၊ ဆင်နိုင်ပြင်နိုင်တဲ့ အမိဝမ်းခေါင်းကိန်းအောင်းမိရက်ဖြစ်တယ်. . . တဲ့၊ အဲဒီလို ဖြစ်ကတည်းက သူမွေးလာကတည်းက သူ ပေါ်ပေါက်လာကတည်းက ဆေးဝါးဓာတ်စာ အလုံအလောက်နဲ့ပြုစုလို့ အစာရေစာရိက္ခာဘောဇဉ်တွေ လုံလုံလောက်လောက်နဲ့ ကျွေးနိုင်မွေးနိုင်လို့ ဝတ်ထည်ဖျင်စင်းတွေ. . . အေးတဲ့အချိန် အေးတဲ့အလျောက်၊ ပူတဲ့အချိန်ပူတဲ့အလျောက် ဝတ်နိုင်ဆင်နိုင် ပြင်နိုင်လို့ဆိုတော့ ဒီကလေးက အသက်ပိုပြီးတော့ မရှည်ဘူးလား? *ရှည်မှာပါဘုရား*။ ကျန်းမာရေးပိုမကောင်းပေဘူးလား? *ကောင်းမှာပါဘုရား*။

ဒါနနည်းလာခဲ့လို့ ဒါနရိက္ခာထုပ်မထုပ်ခဲ့မိတဲ့ကလေး အမျိုးသားအမျိုးသမီးကျတော့ သွားဖြစ်ကတည်းက ကျွေးနိုင်မွေးနိုင် အမိဝမ်းခေါင်းမှာမဖြစ်ရှာ၊ တစ်နေ့အလုပ်လုပ်မှ တစ်နေ့ဝဝလင်လင်မနည်းကြပြီးတော့ စားရတဲ့အမိဝမ်းခေါင်း ကိန်းအောင်းမိရက်သားဖြစ်ပြီလို့ဆိုတော့ အစာရေစာလည်း လုံလုံလောက်လောက် စားရပါတော့မလား? မစားရပါဘုရား။ ဝတ်ထည်ဖျင်စင်းတွေ လုံလုံလောက်လောက် ဝတ်နိုင်ဆင်နိုင် ပြင်နိုင်ဆိုတာမရှိပါ၊ ဒီတော့ ကျန်းမာရေးတွေပျက်လို့ဆိုတော့ အသက်တိုအသက်ရှည် ကွာမသွားဘူးလား? ကွာမှာပါဘုရား။ အဲဒီသဘာဝကို ကြည့်တော်မူပြီးတော့ ဘုရားရှင်က ဟောတော်မူနေပါသည်၊ အသက်ရှည်ချင်းလည်းကွာတယ်. . . တဲ့။

ကလေးလဲ ကလေးအလျောက်။ လတ်လတ်အရွယ် လတ်လတ် အရွယ်အလျောက် အသက်ကြီးတော့ သာပြီးတော့အရေးကြီးသေး၊ အသက်ကြီး လာပြီဆိုတော့ အစာအာဟာရနဲ့တင် မလုံလောက်တော့ဘူး၊ ဆေးဝါးဓာတ်စာတွေလိုမလာဘူးလား? *လိုလာပါတယ်ဘုရား*။ အသက်ကြီးလာလို့ ဆေးဝါးဓာတ်စာတွေလုံလုံလောက်လောက် ပေးနိုင်ကျွေးနိုင်၊ သားတွေသမီးတွေ ဆွေတွေမျိုးတွေအလယ်မှာ ဖြစ်ရတယ်ဆိုတော့ အဲဒီအဘိုး အဲဒီအဘွားက အသက်ပို မရှည်ပေဘူးလား? *ပိုရှည်မှာပါဘုရား*။ ဆေးဝါးဓာတ်စာလုံလုံလောက်လောက် အထောက်ပံ့ကင်းပြီးတော့၊ အစာမှ မနည်းရှာစားနေရတယ်ဆိုတော့ အသက်တို ရှည်ကွာမသွားပေဘူးလား? *ကွာမှာပါဘုရား*။

ဒါ့ကြောင့် မာနုသကေန အာယုနာ-လူမှာဖြစ်တဲ့ အသက်အရှည် အတိုချင်းလည်းကွာတယ် သုမန. . . တဲ့ ဘုရားက ဒါတင်မကသေးဘူး ဥပမိရုပ်ဆင်းချင်းလည်းကွာတယ် ရုပ်ရည်ရူပကာယချောမောလှပတာချင်းလည်းကွာကြတယ် ရုပ်ရည်ရူပကာယ သိပ်မထူးဘူးထားတဲ့ တစ်ယောက်နဲ့တစ်ယောက် ရုပ်ရည်

http://www.dhammadownload.com



ဥပမိသိပ်ပြီးတော့ မကွာဘူးထားလိုက်အုန်း. . တဲ့ ကျွေးနိုင်မွေးနိုင်းပြင်နိုင်ဆင်နိုင်တဲ့ အမိဝမ်းခေါင်းကိန်းအောင်းမိတဲ့ကလေး အစာရေစာ ဝဝလင်လင် စားရတယ် ဝတ်ထည်ဖျင်စင်း လုံလုံလောက်လောက် ဝတ်ရတယ်ဆိုတော့ ကျန်းမာရေးတွေ ကောင်းပြီးတော့ ဥပမိတွေ၊ အသားအရေတွေ စိုစိုပြေပြေ တောက်တောက်ပပ၊ အားအင်ဗလနဲ့ပြည့်စုံမနေဘူးလား? *ပြည့်စုံနေပါမယ်ဘုရား။*

ဒါနနည်းလာခဲ့တဲ့ အမျိုးသားအမျိုးသမီးကျတော့ ဆင်နိုင်ပြင်နိုင်တဲ့ မိဘဝမ်းခေါင်း မကိန်းအောင်ရတဲ့အတွက် ချို့ချို့တည့်တည့် မိဘတွေနဲ့ တွေ့ရ ဆုံရကြုံရတော့ အစာရေစာ လုံလုံလောက်လောက် မစားနိုင်ရှာ၊ ရုပ်ရည်အဆင်းလေး နဂိုရှိနေပေမယ့်လို့ အစာရေစာ လုံလုံလောက်လောက် မကျွေးနိုင်မမွေးနိုင်ဆိုတော့ ဥပမိရုပ်တွေ. . . ပိန်လို့ ညှိုးလို့ ခြောက်လို့ဆိုတော့ ရုပ်ရည်အဆင်းချင်းလည်း ကွာမသွားဘူးလား? *ကွာသွားပါတယ်ဘုရား။* ကိုယ်စိတ်နှစ်ပါး ချမ်းသာမှုချင်းလည်းပဲ ကွာတယ်၊ ဒီဘက်က ချီမယ့်သူနဲ့၊ ပိုးမယ့်သူနဲ့၊ ယုယမယ့်သူနဲ့၊ ခင်မင်မယ့်သူနဲ့၊ ဒါနရှင်ပုဂ္ဂိုလ်ကိုတော့နော်၊ *မှန်လှပါဘုရား။* သူ့ကံတရား စီမံလိုက်တဲ့အတိုင်း။

ဘုန်းကြီးတို့ ကံတရားစီမံလိုက်တယ်ဆိုတာ ကိုယ်ဘာမှမတတ်နိုင်တဲ့အချိန်မှာ ကံတရားရဲ့သတ္တိဟာ အသိအသာဆုံးပဲ၊ ကိုယ်ကပြုနိုင်ပြင်နိုင်တဲ့ အချိန်ကျတော့ လုံ့လဝီရိယနဲ့စိုက်နိုင်ပြီဆိုတဲ့ အချိန်ကျတော့၊ အတော်အသင့်ကံရှိပေမယ့်လို့ ကိုယ်ကလုံ့လဝီရိယနဲ့ ဆိုးတဲ့ကံလည်း၊ ပိတ်ဆို့တားဆီးသွားလို့ရတယ်၊ ကောင်းတဲ့ကံလည်း ကူသွားလို့ရတယ်နော်၊ မှန်ပါဘုရား၊ အဲဒီလို ကလေးဘဝအချိန်မျိုး၊ ဒုက္ခိတဘဝရောက်တဲ့ အချိန်မျိုးမှာ ကံတရား စီမံသမျှခံရတယ်၊ ပဋိသန္ဓေတည်နေရမှုဆိုတဲ့ အချိန်မျိုးမှာ ကံတရားစီမံသမျှ ခံရတယ်လို့ဆိုတော့ ကိုယ်စိတ်နှစ်ပါးချမ်းသာမှုလေ. . . ဘယ်တူလိမ့်မှာတုန်း။

ဒီ ဒါနပါရမီပါလာတဲ့ အမျိုးသားအမျိုးသမီးကျတော့ ခုနကပြောသလိုပဲ မိခင်ဖခင် ဆွေတွေမျိုးတွေ အလယ်မှာချီမယ့်သူနဲ့ ပိုးမယ့်သူနဲ့ ယုယမယ့်သူနဲ့ မြတ်နိုးမယ့်သူနဲ့၊ ငယ်ငယ်လေးလည်း ငယ်ငယ်အလျောက် ကစားစရာ စားစရာပြည့်ပြည့်စုံစုံ လတ်လတ်အရွယ် လတ်လတ်အရွယ်အလျောက် ဆင်စရာ ပြင်စရာတွေနဲ့ ကိုယ်စိတ်နှစ်ပါး ချမ်းသာလို့၊ ဟိုတစ်ဘက်က ပုဂ္ဂိုလ်ကျတော့ အမေအဖေကမှ မနည်းစားစရာသောက်စရာ မနည်းရှာစားနေရတာ၊ တစ်နေ့အလုပ်လုပ်မှတစ်နေ့ ဝဝလင်လင် မစားနိုင်တဲ့ အခြေအနေမျိုးဖြစ်တော့ သူ့ကို ချီမယ့်သူမရှိ၊ ပိုးမယ့်သူ မရှိ၊ ကလေးမို့လို့ သဘာဝမသိရှာလို့ အစာဆာလို့ တအယ်အယ်တကျီကျီလုပ်ရင်၊ အော်လိုက်၊ ငေါက်လိုက်၊ ဘာမှမသိတတ်ဘူး ဆိုပြီးတော့

http://www.dhammadownload.com



ရိုက်မောင်း ပုတ်မောင်း မလုပ်ကြဘူးလား? *လုပ်ကြပါတယ်ဘုရား*။ အဲဒီတော့ ကိုယ်စိတ်နှစ်ပါး ချမ်းသာမှုချင်း တူသေးရဲ့လား? *မတူပါဘုရား*။ သုမန. . . တဲ့ ကိုယ်စိတ်နှစ်ပါး ချမ်းသာမှုချင်းလည်း မတူကြဘူး။

**မာနုဿကေန ယသေန**-လူမှာဖြစ်တဲ့ အခြံအရံချင်းလည်းကွာကြတယ်၊ အခြံအရံကျတော့လည်းလေ. . . တဲ့ အကိုတွေအမတွေ ဦးကြီး ဦးလေး ဒေါ်ကြီးဒေါ်လေးတွေကကပ်ပါလာတဲ့ သတ္တဝါကျတော့ ဝိုင်းဝိုင်းလည် နေတာပဲ နော်၊ *မှန်လှပါဘုရား*။ ကံနည်းလာတဲ့ သတ္တဝါကျတော့ ချီချင်တဲ့သူမရှိ ပိုးချင်တဲ့ သူမရှိ ဆွေမျိုးတော်လို့တောင်မှ ဆွေမျိုးတော်တယ် ပြောချင်ကြတဲ့သူမရှိ ကိုယ့်ကံက နိမ့်လာလို့ ဒါနရိက္ခာထုပ် နည်းလာပြီဆိုမှဖြင့် သံသရာစခန်းမှာ မပင်ပန်းကြဘူးလား? *ပင်ပန်းကြပါတယ်ဘုရား*။

ဒါနရိက္ခာထုပ်နည်းလာခဲ့လို့ ဒီဘက်ဘဝမှာ ကိုယ့်ချို့ချို့တဲ့တဲ့ သားသမီးလာပြီးဖြစ်ပြီ၊ ချို့ချို့တဲ့တဲ့ လူလာပြီးတော့ဖြစ်ပြီလို့ဆိုခဲ့ရင် ဆွေမျိုးတော်နေတာတောင်မှ တော်တယ်လို့မပြောချင်ကြပါ၊ ဆွေမျိုးအခြံအရံတွေ နည်းမသွားဘူးလား? *နည်းသွားပါတယ်ဘုရား*။ ကိုယ်က ထည်ထည်ဝါဝါ၊ ဟုတ်ဟုတ်ဟတ်ဟတ် ကလေးဆိုတော့ အမလေး သူစိမ်းကတောင်မှ ဆွေမျိုးလာစပ်နေနော်၊ *မှန်ပါဘုရား*။ အဲဒီလို အခြံအရံချင်းလည်းကွာတယ် သုမန. . တဲ့၊ ကွာတယ်။

နောက်ဆုံး **မာနုသကေန အာဓိပတေယျေန**-လူမှာဖြစ်တဲ့ ဩဇာတိက္ကမ ရှိမှုချင်းလည်းကွာတယ်၊ ဩဇာတိက္ကမ ရှိတယ်ဆိုတာ ကိုယ်ကအထိုက်လျောက် စားနိုင်သောက်နိုင်၊ ထည်ထည်ဝါဝါ နေနိုင်ထိုင်နိုင်ပြီဆိုမှဖြင့် ပြောသမျှစကားလေးတွေက ဩဇာမရောက်ဘူးလား? *ရောက်ပါတယ်ဘုရား*။ ကိုယ်ကဘယ်လောက်ပဲ မှန်ကန်တာတွေပြော၊ ဟုတ်တာတွေပြောနိုင်ပေမယ့်လို့ ကိုယ်ကချို့တဲ့နေပြီ . . . ဒါနရိက္ခာထုပ် နည်းလာခဲ့လို့ ဒီဘက်ဘဝမှာ ချို့ချို့တဲ့တဲ့ သိမ်သိမ်ငယ်ငယ် ဖြစ်နေခဲ့ပြီဆိုရင်. . . ကိုယ်ပြောသမျှစကား လူထဲအရာရောက်သေးရဲ့လား? *မရောက်တော့ပါဘုရား*။ အဲဒီလိုအားဖြင့် သုမန. . . တဲ့ ဩဇာညောင်းမှုချင်းလည်း ကွာခြားကြတယ်. . . တဲ့၊ ကွာခြားကြတယ်၊ ဒါကြောင့် သုမန. . . တဲ့၊

**အလံ (အလမေဝ) သုမနေ ဒါနာနိ ဒါတုံ၊**
**အလံ(အလမေဝ) ပုညာနိ ကာတုံ။**

**သုမနေ**-ချစ်သမီးသုမန၊ **ဒါနာနိ**-သံသရာစခန်း၊ ခရီးလမ်းကြီးမှာ၊ မင်ဖိုလ်နိဗ္ဗာန် မှန်းပြီးသကာလ, ဒါနရိက္ခာထုပ်ဆိုတဲ့ ရိက္ခာထုပ်ကြီကိုလည်းပဲ၊ **ဒါတုံ**-ထုပ်ပိုးခြင်းငှါ၊ **အလံ (အလမေဝ)**-သင့်လျော်စော့သည်သာ၊ ထိုက်တော့ ၅၀

http://www.dhammadownload.com



သည်သာ၊ အလံ (အလမေဝ) ပုညာနိ ကာတုံ-ဒီမှတစ်ပါး ကုသိုလ်ကောင်းမှု တွေကိုလည်းပဲ ပြုဖို့တော်တော့သည်သာ သုမန. . . လို့ ဒီတော့ သံသရာစခန်း မဂ်ဖိုလ်ခရီးလမ်းကြီးမှာ ဒါနရိက္ခာထုပ်နည်းလို့ရောဖြစ်ပါ့ မလား? *မဖြစ်ပါဘုရား။*

ပါထေယျော-တစ်ဘဝရောက်က, မကြောက်ရဖို့, ထောက်မလှမ်းကာ, စခန်းသာမည့်, လမ်းစာရိက္ခာထုပ်ကလည်း၊ အပ္ပကော-ယခုတန်းလျော်, မှန်း သလောက်ဖြင့်, လမ်းပေါက်ဖို့ရန်, အမှန်ပင်ခဲရင်းလှချေ၏. . .၊ ဘုန်းကြီးတို့ (၃၁)ဘုံသံသရာခရီးသွားတွေမှာ. . . တဲ့၊ အများစုမှာ ရိက္ခာထုပ်ကလည်း နည်း လိုက်တာ. . . တဲ့ ဘုရားရှင်က ရိက္ခာထုပ်ကလည်း နည်းလိုက်တာ၊ ရိက္ခာထုပ်ဆို တာ ဘာပြောတာတုန်းဆိုတော့ ဒါနရိက္ခာထုပ် ပြောတာ၊ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ သွားရမယ့်ခရီးကြီးကရှည်. . . ရိက္ခာ ထုပ်တွေက နည်းလို့ဆိုတော့ မိမိရိက္ခာထုပ် မိမိပြန်ပြီးတော့ ကြည့်ရမယ်၊ မကြည့်ထိုက်ဘူးလား? *ကြည့်ထိုက်ပါ တယ်ဘုရား။*

ဒီနေ့ ဘုန်းကြီးတို့ အမရပူရမော်တော်ယာဉ် အမှတ်(၈)လိုင်း ဒကာ ဒကာမတွေ (၂၄)ကြိမ်မြောက် ကထိန်ပွဲကြီးကျင်းပပြီးတော့ ဘုရားအမှူးရှိတဲ့ သံဃာတော်တွေ ဆွမ်းတွေကပ်ကြ, လှူကြ၊ သင်္ကန်းတွေလှူကြ၊ ပရိက္ခရာပစ္စည်း တွေ ပဒေသာ ပင်တွေသီးပြီးတော့ မကြာခင်လှူကြမယ်။ ဘာလုပ်နေကြတာတုန်း၊ တပည့်တော်တို့ ရိက္ခာထုပ် ထုပ်နေကြတာပါဘုရား. . .၊ မပြောနိုင်ဘူးလား? *ပြောနိုင်ပါတယ်ဘုရား။* (၂၄)ကြိမ်မြောက်ရောက်လာပြီ ရိက္ခာထုပ် ထုပ်လာခဲ့ကြ တာမဟုတ်လား? *မှန်ပါဘုရား။* ဒါဖြင့် သံသရာစခန်း ခရီးလမ်းကြီးကို သွားတဲ့ နေရာမှာ ရိက္ခာထုပ်မပါရင် မဆင်းရဲပေဘူးလား?. . *ဆင်းရဲမှာပါဘုရား။*

ဘုန်းကြီးတို့ဆရာတော်ကြီးတစ်ပါးက သံသရာခရီးသွားတွေအတွက် ရိက္ခာထုပ်လည်းထုပ်ရမယ်၊ ဝတ်ထည်ဖျင်စင်းလည်း လုံလုံလောက်လောက် ပါရ မယ်၊ နေပူမိုးရွာဒဏ်ကာကွယ်ဖို့ ထီးလည်းပါရမယ်. . . တဲ့၊ အဲဒီလိုမှသာလျှင် ပကတိလောကခရီးကြီးမှာ ချမ်းသာသလို-သံသရာခရီးကြီးမှာလည်း ချမ်းသာ လိမ့်မယ်လို့ တင်စားပြီးတော့ မန္တလေးမြို့ ဘုရားကြီးတိုက်ဆရာတော်ဦးအရိယက လင်္ကာလေး သီကုံးထားတယ်၊ ဘုန်းကြီးတို့ သံသရာခရီးသွားတွေအတွက်နော်၊ *မှန်လှပါဘုရား။*

ဒီတော့ ဘုန်းကြီး ဒီနေ့ညဟောမယ့်တရားက အစုံသုပ်တရားတဲ့ ဒကာဦး မြစိန်နော်၊ မှန်လှဘုရား။ အစုံဟောမှာ ဒါန, သီလ, ဘာဝနာ အစုံဟောမှာနော်၊ မှန်လှပါဘုရား။ ဒီတော့ အဲဒီဆရာတော်ဘုရားကြီးသီကုံးထားတဲ့ လင်္ကာလေး

http://www.dhammadownload.com



ကြည့်ပြီးတော့ ယနေ့ဒကာဒကာမတွေအတွက် လိုအပ်နေတဲ့ ရိက္ခာထုပ်တွေ၊ ဝတ်ထည်ဖျင်စင်းတွေ၊ ထီးတွေ၊ တန်ဆာဆင်နိုင်ဖို့ရာ၊ ကိုင်း ဒီလက်ဆောင်လေးလိုက်ပြီးတော့ ဆိုယားစမ်းပါ။ ဆိုထားစမ်းပါ ကြိုပြီးတော့၊ လိုက်စမ်းပါ

❖ အထုပ်ကိုယ်စီ, ပိုက်ကာချီ, လာလမ်းဆီသို့သွားကြတယ်။
မလုံ့တလုံ, ဝတ်ပိုင်းခြုံ, ဘယ်ပုံဒဏ်တို့ တားပါ့မယ်။
နေပူမိုးရွာ, ထီးမပါ, ကြီးစွာဒုက္ခ ကြုံတော့မယ်။
မိုးရိပ်လှုပြီ, ခရီးသည်, ဘယ်ဆီဝင်လို့ အိပ်ပါ့မယ်။

"အထုပ်ကလေးတွေ ကိုယ်စီထမ်းပြီးတော့ လာလမ်းသွားနေကြတယ်. . . တဲ့၊ (၃၁)ဘုံသားတွေ၊ သံသရာခရီးသွားတွေကို ကြည့်ပြီးတော့ ဆိုထားတဲ့ လင်္ကာနော်၊ *မှန်လှပါဘုရား*။ ဘုရားရှင်ရဲ့တရားဒေသနာတော်အပေါ်မှာ မှီးပြီးသကာလ ယနေ့ဒကာဒကာမတွေ သိလွယ်မြင်လွယ်,ထင်လွယ်အောင် "*အထုပ်ကိုယ်စီ, ပိုက်ကာချီ, လာလမ်းဆီသို့ သွားကြတယ်*"တဲ့ လာလမ်းဆိုတာ ဘာတုန်းလို့ဆိုတော့ ဘုန်းကြီးတို့ လူတွေဟာ ဘယ်ကလာခဲ့တာတုန်းဆို ဖြဟ္မာပြည်က လာခဲ့တာလို့ မပြောကြဘူးလား? *ပြောကြပါတယ်ဘုရား*။ ကမ္ဘာဦးက စပြီးတော့ ဗြဟ္မာပြည် ပြန်သွားနေတာ. . . တဲ့၊ ဒါက တနည်းပြောတာ၊ သုတ္တန်နည်းနဲ့ ပြောတာ။

အဘိဓမ္မာဒေသနာနည်းနဲ့ပြောကြရင် ယနေ့ဒကာဒကာမတွေ ဘယ်က လာခဲ့ကြပါသလဲ. . . လို့ဆိုရင် ဇာတိကလာခဲ့ကြပါသည်၊ အခုပရိသတ်ကြီးကို ဘုန်းကြီးတို့ကဆိုပါတော့ အကြောင်းအားလျော်စွာမေးမယ်၊ ဒကာဒကာမတွေ ဘယ်ကလာခဲ့တာတုန်းလို့ဆို၊ ဒို အရှင်ဘုရားပြောမှပြောပါလေ တပည့်တော်တို့ ကိုယ့်အိမ်ကကိုယ်လာခဲ့တာပေါ့လို့ မဖြေကြပေဘူးလား? *ဖြေကြမှာပါဘုရား*။ သုတ္တန်နည်းနဲ့ဖြေကြရင် မှန်ပါသည်၊ အဘိဓမ္မာဒေသနာနည်းနဲ့ ဖြေကြမယ်ဆိုရင်ဖြင့် ယနေ့ ဒကာဒကာမတွေ ဇာတိကလာခဲ့ကြပါသည်. . .၊ ဇာတိဆိုတာ ဘာတုန်းလို့ဆိုတော့ ပဋိသန္ဓေတည်နေရမှု၊ အမိဝမ်းခေါင်း ကိန်းအောင်းရမှုကို ဇာတိ၊ တနည်းပြောရရင် ရုပ်နာမ်ဓမ္မတွေ အသစ်ဖြစ်မှုကို ဇာတိ။

ဒီတော့ ဘုန်းကြီးတို့ ဒကာဒကာမတွေ ဘယ်ကလာခဲ့ပါတုန်းဆို အမိဝမ်းခေါင်းကိန်းအောင်း ပဋိသန္ဓေတည်နေရမှုဆိုတဲ့ အမိဝမ်းခေါင်းမှကျွတ်လွှတ်ပြီးတော့ လာခဲ့တာမဟုတ်လား၊? မှန်လှပါဘုရား။ ဒါကြောင့် ယနေ့ ဒကာဒကာမတွေ ဘယ်ကလာခဲ့သလဲဆိုရင် ဇာတိကလာခဲ့ပါသည်၊ အခု ဘယ်ပြန်သွားကြမှာလဲလို့မေးခဲ့ရင် အာသဝေါကင်းကွာ ရဟန္တာကြီးတွေ မဖြစ်ကြသမျှ ဟန္တာ

http://www.dhammadownload.com



ယောက်ျား, ရဟန္တာမကြီးတွေ မဖြစ်ကြသမျှ နောက်ထပ် ဘဝတစ်ခု အသစ်ရကြအုံးမယ်. . . လို့ဆိုတော့ နောက်ထပ် ပဋိသန္ဓေနေရအုံးမယ်ဆိုတာ မသေချာဘူလား? *သေချာပါတယ်ဘုရား။*

ပဋိသန္ဓေနေတဲ့အနေနဲ့ အမိဝမ်းခေါင်းကိန်းအောင်းလို့ပဲ ဖြစ်ဖြစ်၊ အမိဝမ်းခေါင်းမကိန်းအောင်းရတဲ့ ဘဝသစ်တစ်ခုရတဲ့ အနေနဲ့ဖြစ်ဖြစ်၊ ဇာတိလို့ခေါ်တဲ့ အသစ်တစ်ဖန်ဖြစ်ရမှုကို ပြန်ကြရအုံးမယ်လို့ဆိုတော့ လာတာကလည်း ဇာတိက လာခဲ့တယ်၊ အခုဘယ်ပြန်ကြမှာတုန်းလို့ဆိုတော့, ဘယ်သွားကြမှာတုန်းလို့ဆိုတော့လည်း ဇာတိသွားကြမှာ မဟုတ်လား? *ဇာတိသွားကြမှာပါဘုရား။* ဒါကြောင့် "*အထုပ်ကိုယ်စီ, ပိုက်ကာချီ, လာလမ်းဆီသို့, သွားကြတယ်*" လာလမ်းဆီဆိုတာ ဘာပြောတာတုန်းဆိုရင် ဇာတိပြောတာ၊ ပရိသတ်ကြီး လာလမ်းဆိုတာ ဘာပြောတာတုန်း? *ဇာတိပြောတာပါဘုရား။*

ဘုန်းကြီးတို့ပရိသတ်ကြီး ဘယ်ကလာခဲ့ပါသလဲဆိုရင် ဇာတိကလာခဲ့ပါသည်၊ ဘယ်ကလာခဲ့တုန်း? *ဇာတိကလာခဲ့ပါတယ်ဘုရား။* အခုပြန်သွားမှာက ဘယ်သွားမှာတုန်းဆိုရင်-ဇာတိကိုသွားရပါမည်၊ ရဟန္တာမဖြစ်သမျှ, ဘဝတွေထပ်ဖြစ်ရအုန်းမှာ မဟုတ်လား? *မှန်လှပါဘုရား။* အဲဒီဘဝထပ်ဖြစ်တာကိုပဲ ဇာတိလို့ခေါ်တယ်၊ *မှန်လှပါဘုရား။* ဒီတော့ ဘဝတွေမကုန်သမျှ ဇာတိကိုပြန်ပြီးတော့ သွားကြရအုံးမယ်၊ ဒါကြောင့် "*အထုပ်ကိုယ်စီ, ပိုက်ကာချီ, လာလမ်းဆီသို့, သွားကြတယ်*" အထုပ်ကိုယ်စီဆိုတာ ဘာပြောတာတုန်းလို့ဆိုတော့ ခုနကပြောတဲ့ ဒါနထုပ်ပြောတာ၊ *မှန်လှပါဘုရား။* အဲဒီ ဒါနထုပ်ကလေးတွေက အကြီးအငယ်၊ အသေးအမွှား တစ်ယောက်နဲ့တစ်ယောက်မတူကြပါ. . . တဲ့၊ တူရဲ့လား? *မတူပါဘုရား။*

ခုနက ကောသလမင်းကြီးရဲ့ သားတော်နဲ့ အထိန်းတော်ရဲ့သားလေးဟာ အထုပ်မတူကြလို့မို့ တစ်ယောက်ကတော့ တကတည်း ရတနာပုခက်ကြီးထဲမှာ ခမ်းခမ်းနားနားနဲ့၊ တစ်ယောက်ကတော့ သစ်သားပုခက်ကလေးထဲမှာ နေရတယ်ဆိုတော့ ကိုယ်ထုပ်ခဲ့တဲ့ အထုပ်အကြီးအသေးပေါ်မူတည်ပြီးတော့ ဒီမှာ ချမ်းသာဆင်းရဲကွာမနေဘူလား? *ကွာနေပါတယ်ဘုရား။*

ဒါဖြင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ နိဗ္ဗာန်စခန်း ကျွတ်တန်းခိုဖို့သွားတဲ့ သံသရာခရီးကြီးမှာ သံသရာခရီးကြီးက ဖြုန်းကနဲဆို တခါတည်းပြီးသွားတာမဟုတ်သေးတော့၊ သွားနေရသေးတာဆိုတော့၊ သူ့အရှိန်မကုန်သေးခင် သွားနေရအုံးမှာဆိုတော့ ရိက္ခာထုပ်သေးလို့ တော်ပါ့မလား? မတော်ပါဘုရား။ ဒါဖြင့် ရိက္ခာထုပ်ကိုယ်စီထုပ်ဖို့ရာ သတိမမေ့ဖို့ရာ။

http://www.dhammadownload.com



ဒီတော့ ကိုယ် ဘယ်လောက်ထုပ်ပြီးပြီလဲ၊ မော်တော်ယာဉ်အသင်းသူ အသင်းသား ဒကာဒကာမတွေအနေနဲ့ဆို တို့(၂၄)ကြိမ်မြောက်ရှိပြီဟော့. . . ရိက္ခာ ထုပ် တို့ ထုပ်လာတာ၊ ဝမ်းမသာထိုက်ဘူးလား? *ဝမ်းသာထိုက်ပါတယ်ဘုရား။* အားလုံးသော တရားနာပရိသတ်အပေါင်း သူတော်ကောင်းတွေ. . . ကိုယ့်အထုပ် ကလေး ကိုယ်စမ်းကြည့်ကြပါ၊ မစမ်းထိုက်ဘူးလား? *စမ်းထိုက်ပါတယ်ဘုရား။* ကိုယ့်အထုပ်ကလေး ကိုယ်စမ်းကြည့်လိုက်တော့၊ ဟာ-ငါဘယ်လို ဘယ်လိုဒါနတွေ ပြုဖူးပြီ၊ ဘယ်လိုဘယ်လိုဒါနတွေ ထုပ်ဖူးပြီဟ၊ ကထိန်ခင်းဖူးပြီဟ၊ ဝါဆိုသင်္ကန်း ကပ်ဖူးပြီဟ၊ ဝတ်ထည်ဖျင်စင်းနဲ့ ပတ်သတ်လို့နော်၊ *မှန်ပါဘုရား။* သံဃိကဆွမ်းတွေ လှူဖူးပြီ၊ လောင်းဖူးပြီ၊ ဘုရားတည်ဖူးပြီ၊ ကျောင်းဆောက်ဖူးပြီ၊ တံတားခင်းဖူးပြီ စသည်ဖြင့် ကိုယ့်အထုပ်လေး. . . ကိုယ်ပြန်ပြီးတော့ မြင်လာမှာပါ၊ မြင်လာပြီဆိုရင် အထုပ်သေးနေသေးတယ်ဆိုရင် ဖိုပြီးတော့ကြီးကြီးထုပ်ရမယ်၊ ဘာပြုလို့တုန်းဆို တော့ ကိုယ့်အထုပ်သေးရင် ကိုယ်ပဲလမ်းပင်ပန်းမှာမဟုတ်လား? *မှန်လှပါဘုရား။* ဒါကြောင့်-

❖ မလုံ့တလုံ့, ဝတ်ပိုင်းခြုံ, ဘယ်ပုံဒဏ်တို့, တားပါ့မယ်။

မလုံ့တလုံ ဝတ်ပိုင်းခြုံဆိုတာ သီလကို ဝတ်ထည်ဖျင်စင်းနဲ့ တန်ဆာဆင် ထားတယ် ဦးမြစိန်၊ *မှန်လှပါဘုရား။* ဘုန်းကြီးတို့ လောကခရီးတစ်ခုသွားတဲ့နေရာ မှာ စားစရာသောက်စရာရိက္ခာထုပ်က နည်းလို့ရှိရင်လည်း ဆင်းရဲဒုက္ခရောက်မယ်။ ရိက္ခာထုပ်ကတော့ လုံလုံလောက်လောက်ပါ,ပါရဲ့တဲ့၊ သွားတဲ့ခရီးနဲ့ ထိုက်လျောက် တဲ့ ဝတ်ထည်ဖျင်စင်း ဝတ်မလာဘဲနဲ့၊ အဝတ်စုတ်ကြီး၊ လုံချည်စုတ်ကြီး၊ အင်္ကျီ စုတ်ကြီး၊ လုံချည်ပေါက်ကြီး၊ အင်္ကျီပေါက်ကြီးဝတ်လာရင် လူမြင်သူမြင်လို့ တော်သေးရဲ့လား? *မတော်ပါဘုရား။*

ထို့အတူ (၃၁)ဘုံသံသရာခရီးကြီးမှာ သွားကြတဲ့ဒကာဒကာမတွေ ဒါန ရိက္ခာထုပ်ဆိုတဲ့ ရိက္ခာထုပ်ကို လုံလုံလောက်လောက် ထုပ်မိကြသော်လည်း၊ ငါးပါးသီလဆိုတဲ့ ဝတ်ထည်ဖျင်စင်းကို လုံလုံလဲလဲ မဝတ်မိကြရင်. . . ငါးပါး သီလမလုံဘူး၊ ဒါနရိက္ခာထုပ်ကတော့ အားကောင်းလာလို့ ဒီဘက်ဘဝမှာ ပစ္စည်း ဉစ္စာတွေ ပေါပေါများများရှိပါရဲ့ သို့မဟုတ် ဒီဘက်ဘဝမှာ ရိက္ခာထုပ်ဒါနတော့ ပြုပါရဲ့. . . တဲ့၊ သီလကျတော့ ကျိုးကျိုးပေါက်ပေါက် ညှိုးညှိုးခြောက်ခြောက် မလုံမလဲဆိုခဲ့ရင်. . . သူများအသက် သတ်စရာရှိသတ်၊ သူများဉစ္စာတွေ ခိုးလား တိုက်လား ခိုက်လားနဲ့ လုပ်စရာရှိလုပ်၊ သူများသားမယားအိမ်ရာတွေ ကျူးလွန် ဖောက်ဖျက်နဲ့ဆိုရင် လောကကြီး ကြည့်လို့ကောင်းသေးရဲ့လား? *မကောင်းပါဘုရား။*

http://www.dhammadownload.com



ဒါနတော့ပြုပါရဲ့ မုသာဝါဒ လိမ်တာညာတာတွေပါ၊ သောက်စရာစား စရာတွေရှိတော့ သောက်လို့စားလို့ မူးလို့ရမ်းလို့ဆိုရင်. . သူတော်ကောင်းမျက်စိနဲ့ ကြည့်ကောင်းသေးရဲ့လား? *မကောင်းပါဘုရား*။ သူတော်ကောင်းပရိသတ်က ကြည့်လို့မကောင်းဘူးနော်၊ *မှန်လှပါဘုရား*။ အဲဒါဘာနဲ့တူသလဲဆိုရင်ဖြင့် ပကတိ ခရီးကြီးကိုသွားတဲ့နေရာမှာ ရိက္ခာထုပ်လုံလုံလောက်လောက်တော့ ပါပါရဲ့. . . တဲ့ ဝတ်ထည်ဖျင်စင်း လုံလုံလဲလဲဝတ်မလာဘူး၊ ဒီခရီးနဲ့ထိုက်လျောက်တဲ့၊ တင့်တင့် တယ်တယ်, သပ်သပ်ရပ်ရပ်, လုံလုံခြုံခြုံဝတ်ထည်ဖျင်စင်း ပါမလာဘူး၊ ဝတ်မလာဘူး။

ဒီတော့ ဝတ်မလာတော့ဘာပြုတုန်း လူကြည့်သူကြည့်လို့လဲ မကောင်းပါ ဘူး၊ တော်ကြာတော့ အအေးဒဏ် အပူဒဏ်တွေနဲ့ တွေ့ပြီဆိုတော့လဲ ဒုက္ခ မရောက်ပေဘူးလား? *ရောက်မှာပါဘုရား*။ ဒီတော့ သီလမလုံခြုံတာဟာ ဝတ် ထည်ဖျင်စင်း လုံလုံခြုံခြုံမရှိတာနဲ့ တူပါတယ်. . . တဲ့၊ သူတော်ကောင်းနယ်မှာဖြင့် အဲဒါ မလှပါဘူး၊ သူတော်ကောင်းနယ်မှာ ကြည့်လို့မလှရုံသာမက ကိုယ်တိုင်က လည်း ဘေးရန်တွေရမယ်၊ ဖျားမယ် နာမယ်၊ ဒုက္ခရောက်မယ်၊ နေပူလေပူဒဏ် ခံရမယ်၊ အအေးဒဏ် အပူဒဏ်ခံရမယ်ဆိုတော့ မဆင်းရဲပေဘူးလား? *ဆင်းရဲပါ ဘုရား*။

အဲဒါလိုပဲ ယနေ့ဒကာဒကာမတွေ ငါးပါးသီလ အောက်ထစ်ဆုံးဖြစ်တဲ့ ဝတ်ထည်ဖျင်စင်း လုံလုံခြုံခြုံဝတ်နိုင်ရမယ်၊ မဝတ်နိုင်ဘူးလို့ဆိုရင် ပါဏာတိပါတ အမှုကြီးပြုလာလို့ သူ့အသက်တွေ သတ်ဟယ်ဖြတ်ဟယ်နဲ့ဆိုမှဖြင့် နောက်ဖြစ်လေ ရာဘဝ အပါယ်လေးပါးရောက်သွားပြီးလို့ လူ့ဘုံလူ့ဘဝပြန်ရောက်လာသည့်တိုင် အောင်၊ အင်္ဂါခြေလက် အပျက်အစီးတွေရှိ၊ မျက်စိတစ်ဘက်ပဲ့၊ နားတစ်ဘက်ပဲ့၊ လက်တစ်ဘက်ပဲ့၊ ခြေတစ်ဘက်ပဲ့လေးမွေးလာ။ အကြောင်းအားလျော်စွာ အင်္ဂါ ခြေလက်ပြည့်ပြည့်စုံစုံနဲ့ မွေးလာပြန်တော့လည်းပဲ အကြောင်းမညီညွတ်လို့ အင်္ဂါ ခြေလက်အပျက်အစီးတွေရှိလို့၊ အသက်တိုလို့၊ ရောဂါတွေထူပြော. . . လို့ဆို တော့ ကြည့်လို့ကောင်းသေးရဲ့လား? *ကြည့်လို့မကောင်းပါဘုရား*။

အဒိန္နာဒါန သီလကြီးမလုံခြုံခဲ့ရင်. . . သူများပစ္စည်းတွေ ခိုးဝှက် တိုက်ခိုက် လုယက်ဆိုတာတွေလုပ်လာခဲ့ရင် ဖြစ်လေရာဘဝ မွဲ. . . လို့၊ ကိုယ်က သူများပစ္စည်း ခိုးလိုက်တယ်ဆိုတာ သူ့မွဲအောင်လုပ်ခဲ့တာမဟုတ်လား? *မှန်လှပါ ဘုရား*။ လူတစ်ယောက်မှာ ငွေတစ်ထောင်ရှိတယ်၊ ကိုယ်ကအဲဒီငွေတစ်ထောင် သူ့ဆီကခိုးလိုက်တော့ သူ့မှာမွဲမသွားဘူးလား? မွဲသွားမှာပါဘုရား၊ အဲဒီသူများကို မွဲအောင်လုပ်လိုက်သလို အဒိန္နာဒါနသီလကြီးမလုံခြုံခဲ့ရင် ကိုယ့်ဖြစ်လေရာဘဝမှာ

http://www.dhammadownload.com



မွဲတတ်တယ်၊ ရှားတတ်တယ်၊ ပါးတတ်တယ်၊ ပစ္စည်းဥစ္စာ ရှာလို့ဖွေလို့မရ ရပြန်ရင်လည်း ရေ,မီး,သူခိုး,မွေခံဆိုးဟု ရန်သူမျိုးငါးပါးတို့ နှောက်ယှက်ဖျက်စီးမှုဒဏ်ခံရတတ်တယ်၊ ရှိလာတဲ့စည်းစိမ်ဥစ္စာတွေလည်း မတည်ဘဲနဲ့ ပျက်စီးတတ်တယ်. . . တဲ့ နော်၊ မှန်လှပါဘုရား။

ကာမေသုမိစ္ဆာစာရ သီလကြီးမလုံခဲ့ရင်. . . ဖြစ်လေရာဘဝမှာ ယောက်ျားမပီ မိန်းမ မပီ။ မုသာဝါဒသီလကြီး မလုံခဲ့ရင် ဩဇာတိက္ကမ မရှိ၊ ပြောလိုက်သမျှစကားတွေ သားက နားမထောင်၊ သမီးက နားမထောင်၊ ဆွေတွေမျိုးတွေက မလိုက်နာ။ မုသာဝါဒသီလမလုံခဲ့ပြီဆို ဩဇာတိက္ကမ မရှိဘူး၊ ပြောသမျှတွေ အရာမရောက်ဘူး။ သုရာမေရယသီလကြီးမလုံခြုံခဲ့ရင်. . . သုရာမေရယသီလကြီး လုံခြုံအောင်ဝတ်ထည်ဖျင်စင်းမဝတ်ခဲ့ရင်. . ဖြစ်လေရာဘဝမှာ အရူးလေး၊ အနှမ်းလေး၊ သူဌေးသား သူဌေးသမီး ဒါနရိက္ခာထုပ်မနည်းခဲ့လို့၊ ဒါနရိက္ခာထုပ်ထုပ်ခဲ့လို့ သူဌေးသား သူဌေးသမီးကလေးဖြစ်လင့်ကစား၊ ပညာသင်လို့မှမရတဲ့ အသိလိမ္မာပညာမရှိတဲ့ အဖျင်းလေး အထိုင်းလေး အအလေး ဖြစ်ပြီးတော့နေတတ်တယ်. . . တဲ့။

သုရာမေရယရဲ့အကျိုးက လူဖြစ်လာတောင်မှ ရူးနှမ်းနှမ်း ပေါတောတော ကြောင်တောင်တောင်လေး ဖြစ်တတ်တယ်၊ ဒီတော့ အဲဒီလိုဆိုတော့ ငါးပါးသီလ ဝတ်ထည်ဖျင်စင်း မလုံမလဲဖြစ်လိုက်တာက သံသရာခရီးကြီးသွားတဲ့နေရာမှာ သူတော်ကောင်းနယ်မှာဖြင့် လှသေးရဲ့လား? မလှပါဘုရား။ ဒါကြောင့် "'*မလုံ့တလုံ, ဝတ်ပိုင်းခြုံ, ဘယ်ပုံဒဏ်တို့ တားပါမယ်*"၊ ဘယ့်နဲ့လုပ်ပြီးတော့ ဒီဒဏ်တွေ တားမှာတုန်း. . . တဲ့၊ ဝတ်ထည်ဖျင်စင်း လုံလုံခြုံခြုံ ဝတ်လာခဲ့မှသာလျှင်. . သီလတည်းဟူသော ဝတ်ထည်ဖျင်စင်း လုံလုံခြုံခြုံဝတ်နော်၊ မှန်လှပါဘုရား။ ကောင်းပြီ. . . ဒါနရိက္ခာထုပ်ကိုလည်းပဲ သံသရာခရီးလမ်းအတွက်မှန်းပြီးတော့ ထုပ်လို့၊ သီလတည်းဟူသော ဝတ်ထည်ဖျင်စင်းလည်း လုံလုံခြုံခြုံဝတ်လို့ပြီးရော့လားလို့ ဆိုတော့တဲ့။

ဘုန်းကြီးတို့ပကတိခရီးကြီးတစ်ခုသွားတဲ့နေရာမှာ စားစရာသောက်စရာရိက္ခာထုပ်ကလည်း လုံလုံလောက်လောက်ပါမှ၊ ဝတ်ထည်ဖျင်စင်းကလည်း သူ့ဟာနဲ့သူ လုံလုံလဲလဲဝတ်လာဆင်လာအုံးမှ၊ နေပူဒဏ်မိုးရွာဒဏ်တွေနဲ့တွေ့တဲ့အခါမှာ ကာကွယ်နိုင်ဖို့ရာ ထီးလည်းပါရပါတယ်၊ ထီးတို့ဦးထုပ်တို့မပါရဘူးလား?ပါရမှာပါဘုရား။ မပါခဲ့လို့ရှိရင် နေပူပြီဆိုရင် နေပူဒဏ်မခံရပေဘူးလား? ခံရမှာပါဘုရား။ မိုးရွာပြီဆိုရင်လည်းပဲ မိုးရွဲဒဏ်ခံရမယ်၊ အဲဒီလိုပဲ ထီးနဲ့တူတဲ့ ဘာဝနာဆိုတဲ့ကုသိုလ်လည်းပဲ ပါရတယ်. . . တဲ့၊ ဒါ့ကြောင့်-

http://www.dhammadownload.com



❖ နေပူမိုးရွာ, ထီးမပါ, ကြီးစွာဒုက္ခ ကြုံတော့မယ်။

ခရီးတစ်ခုသွားတဲ့နေရာ ထီးမပါလို့ရှိရင် ကြီးစွာသောဒုက္ခကြုံရသလိုပဲ ဘာဝနာဆိုတဲ့ထီးလည်းပါရပါတယ်. . . တဲ့၊ ပါရပါတယ်နော်၊ *မှန်လှပါဘုရား*။ ဒီတော့ ဒါနက ရိက္ခာထုပ်နဲ့ ဥပမာတင်စားထားပြီးတော့၊ သီလက ဝတ်ထည်ဖျင်စင်း လုံလုံခြုံခြုံဝတ်တာနဲ့ တင်စားထားတယ်၊ ဘာဝနာဆိုတာကျတော့ ထီးနဲ့ တင်စားထားပါသည်၊ မတင်စားထားဘူးလား? *တင်စားထားပါတယ်ဘုရား*။ ဒါကိုပဲ ဆိုထားတာ၊ ကိုင်း- တစ်ခေါက်လောက် ဆိုစမ်းပါအုန်း-

❖ မိုးရိပ်လှုပြီ, ခရီးသည်, ဘယ်ဆီဝင်လို့ အိပ်ပါ့မယ်။

မိုးရိပ်လှုပြီ. . . တဲ့ အထက်က ဇရာမိုး,ဗျာဓိမိုး,မရဏမိုးကြီးတွေကလည်း ရိပ်လို့. . . တဲ့၊ ဘုန်းကြီးတို့ အိုခြင်းဆိုတဲ့ဇရာမိုးကြီးတွေက ရိပ်မနေဘူးလား? *ရိပ်နေပါတယ်ဘုရား*။ အားလုံး တရားနာပရိသတ်အပေါင်း သူတော်ကောင်းတွေ. . . အထက်မော့ကြည့်လိုက်ရင် ဇရာမိုးကြီးတွေက ရိပ်လို့၊ ဆံပင်ဖြူမယ်၊ သွားကျိုးမယ်၊ နားထိုင်းမယ်၊ ခါးကိုင်းမယ်ဆိုတာ ဇရာမိုးကြီးနော်၊ မှန်လှပါဘုရား။ ဗျာဓိမိုးကြီးဆိုတဲ့ အမျိုးမျိုးသောအနာရောဂါတွေ ကျရောက်လာခြင်းဆိုတဲ့ ဗျာဓိမိုးကြီးကလည်း မိုးလို့၊ အချိန်မရွေးကျနိုင်တယ်မဟုတ်လား? *မှန်လှပါဘုရား*။ အဲဒီလို ဇရာမိုး, ဗျာဓိမိုး, မရဏမိုးကြီးတွေကလည်း အထက်ကရိပ်နေတယ်၊ ကိလေသာဆိုတဲ့ မိုးကြီးတွေကလည်းရိပ်နေတယ်. . . တဲ့၊ အထက်ကမိုးကြီးတွေ စွေနေတာ၊ ဘယ်မှာနားကြမှာတုန်းတဲ့၊ ဘယ်နားအိပ်ကြမှာတုန်း၊ သံသရာ ခရီးသွားတွေကို မေးထားတာနော်၊ *မှန်လှပါဘုရား*။

ဒီတော့ နေပူဒဏ်မိုးရွာဒဏ်တွေ ကာကွယ်နိုင်ဖို့ရာ ထီးလေးတစ်လက်တော့ လက်ထဲပါရသလို. . . ယနေ့(၃၁)ဘုံသံသရာခရီးကြီးသွားနေကြတဲ့ ဒကာ ဒကာမတွေ. . . ဒါနဆိုတဲ့ ရိက္ခာထုပ်ကိုလည်းပဲ လုံလုံလောက်လောက် ထုပ်ရပါသည်၊ သီလနဲ့တူတဲ့ ဝတ်ထည်ဖျင်စင်းကိုလည်း လုံလုံလဲလဲပါအောင်ဝတ်ဆင်နိုင်ရတယ်၊ ပါလာစေရတယ်၊ ဒီမှတပါး ထီးနဲ့အလားသဏ္ဌာန်တူတဲ့ ဘာဝနာလည်း ပါစေရမယ်. . . လို့ဆိုတော့ ဘာဝနာထီးပြောဖို့ အကွက်ဆိုက်မလာဘူးလား? *ဆိုက်လာပါပြီဘုရား*။

ဒီတော့ အဲဒီဘာဝနာထီးကျတော့ သမထဘာဝနာထီး၊ ဝိပဿနာဘာဝနာထီး. . . လို့ ထီးနှစ်လက်ရှိတယ်နော်၊ *မှန်လှပါဘုရား*။ သမထဘာဝနာလည်း ထီးတစ်မျိုးပဲ၊ ဝိပဿနာဘာဝနာလည်း ထီးတစ်မျိုးဖြစ်ပါသည်၊ ဒီတော့- သမထဘာဝနာထီးနဲ့လည်းပဲ ကာကွယ်ထားနိုင်မှ လောကဓံတွေ ခံနိုင်တယ်၊ *မှန်လှပါဘုရား*။ သမထဘာဝနာက လောကဓံတွေ ခံနိုင်ရည်ရှိတယ်၊ ကိလေသာတွေကို

http://www.dhammadownload.com



လောကုတ္တရာမဂ်တွေနဲ့ သတ်သလို အမြစ်ပြတ်မသတ်နိုင်သေး သည့်တိုင်အောင်၊ လောကထဲမှာ သည်းခံနိုင်တဲ့ခံနိုင်ရည်တွေရှိလာအောင်၊ လောကဓံတွေ ကြံ့ကြံ့ခံနိုင်ရည်ရှိအောင်၊ အန္တရာယ်တွေကင်းအောင်၊ ဘေးတွေကင်းအောင်၊ ကောင်းကျိုးချမ်းသာ မဂ်လာတွေနဲ့ပြည့်စုံအောင်၊ ကိုယ်စိတ်နှစ်ပါး ချမ်းသာအောင် သမထဘာဝနာထီးကလည်း ဆောင်ထားရသေးတယ်နော်၊ *မှန်လှပါဘုရား*။

ဒီတော့ အဲဒီသမထကမ္မဋ္ဌာန်းဆိုတာ ကမ္မဋ္ဌာန်းလေးဆယ်. . . လို့ လေးဆယ်တောင်ရှိတာဖြစ်တော့ အဲဒီထဲကနေပြီးတော့ ဘုန်းကြီးတို့ရှေးရှေးသော ဆရာတော်ဘုရားကြီးတွေကနေပြီးတော့၊ ဒကာဒကာမတွေနဲ့ အသင့်လျော်ဆုံး သမထဘာဝနာထီး. . . ဆိုပြီးတော့ "စတုရာရက္ခ ကမ္မဋ္ဌာန်း"ဆိုတာ ဟောပြောစီစဉ်ထားတော်မူခဲ့ကြတယ်၊ စတုရာရက္ခကမ္မဋ္ဌာန်းဆိုတာ ခန္ဓာကိုယ်ပေါ်မှာ မိုးထားရမယ့် သမထထီးလေးလက်နော်၊ *မှန်လှပါဘုရား*။ အမြဲတန်းဆောင်ထားထိုက်၊ အမြဲတန်းကာကွယ်ထားထိုက်တဲ့ ထီးလေးလက်၊ သမထကမ္မဋ္ဌာန်းခေါ်တဲ့ ထီးလေးလက်၊

ဗုဒ္ဓါနုဿတိ မေတ္တာစ အသုဘာ မရဏဿတိ။

ဗုဒ္ဓါနုဿတိ-ဘုရားဂုဏ်တွေကို အာရုံပြုပြီးတော့ နေခြင်းဆိုတဲ့ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းထီးတစ်လက်၊ မေတ္တာ-သုံးဆယ့်တစ်ဘုံ သတ္တဝါတွေ, ကျန်းမာစေကြောင်းချမ်းသာစေကြောင်း, မေတ္တာပွားများခြင်းဆိုတဲ့ မေတ္တာကမ္မဋ္ဌာန်းထီးတစ်လက်၊ အသုဘာ-မိမိခန္ဓာကိုယ်ရဲ့ မတင့်မတယ်, ရွံစဖွယ်(၃၂)ကောဋ္ဌာသအစုအဝေးများသာဖြစ်တဲ့သဘောကို, ဆင်ခြင်ခြင်း၊ ပွားများခြင်းဆိုတဲ့ အသုဘဘာဝနာထီးတစ်လက်၊ မရဏဿတိ-မိမိရဲ့သေခြင်းတရားကို, ဆင်ခြင်စဉ်းစားပွားများခြင်းဆိုတဲ့ မရဏဿတိဘာဝနာလို့ခေါ်တဲ့ ထီးတစ်လက်လို့. . . .။

ဒီလေးမျိုးကို ဘုန်းကြီးတို့ ရှေးဆရာတော်ကြီးတွေက စတုရာရက္ခကမ္မဋ္ဌာန်း စတု-လေးပါးသော၊ အာရက္ခ-ကိုယ်စောင့်ဖြစ်တဲ့ကမ္မဋ္ဌာန်း၊ ကိုယ်စောင့်ကမ္မဋ္ဌာန်းတွေပါ. . . တဲ့၊ မင်းတို့နေပူဒဏ်မိုးရွာဒဏ်ကာကွယ်နိုင်အောင်၊ ခံနိုင်ရည်ရှိအောင်၊ မဂ်ဖိုလ်နိဗ္ဗာန်ကျွတ်တန်းခိုဖို့ ဝိပဿနာအလုပ်လုပ်ပြီးတော့ မဂ်လေးတန်,ဖိုလ်လေးတန်, မိမိသန္တာန်ဖြစ်ပေါ်လာဖို့ရန် သွားတဲ့နေရာမှာတော့ ဟော့. . . တဲ့၊ ဒီထီးလေးလက်ကလည်း ဆောင်းထားရမယ်တဲ့နော်၊ *မှန်လှပါဘုရား*။

ဗုဒ္ဓါနုဿတိခေါ်တဲ့ ဘုရားအာရုံပြုမှုဆိုတာ ဘယ်ဟာတုန်းလို့ဆိုတော့ ဘုန်းကြီးတို့ဒကာဒကာမတွေ မနက်လင်းလာလို့ရှိရင် တစ်ချို့သော အမျိုးကောင်းသားအမျိုးကောင်းသမီးတွေ ဘုရားစင်ရှေ့ရောက်လို့၊ ဘုရားကိုအာရုံပြုပြီးတော့

http://www.dhammadownload.com



ရေချမ်းပန်းတွေ ဆွမ်းတွေနဲ့ကပ်ပြီးတော့ ဘုရားဂုဏ်တော်တွေ၊ အရဟံအစရှိတဲ့ ဂုဏ်တော်တွေအာရုံပြုပြီးတော့ ရှိခိုးနေ. . . ဒါ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းပဲ၊ မှန်လှပါဘုရား။ ဒီတော့ တစ်ချို့အမျိုးသားအမျိုးသမီးတွေကပြောတတ်တယ်. . . တဲ့၊ အလုပ်ရှုပ်လိုက်တာ၊ ကျုပ်တို့မှာ ဘုရားတောင်ရှိခိုးချိန်မရပါဘူးလို့များပြောတတ် ဆိုတတ်မရှိကြဘူးလား? *ရှိကြပါတယ်ဘုရား*။ အဲဒီလို ဆင်ခြေဆင်လက်ပေးမှာစိုးလို့ ဆရာတော်ဘုရားကြီးတွေက-

❖ အိပ်ရာနိုးလျှင်, ဘုရားရှင်, ဦးတင်လက်အုပ် ချီလိုက်ပါ။

အိပ်ရာကနိုးနိုးချင်းကွယ်. . . တဲ့၊ မင်းတို့အိပ်ကြတာ၊ အားလုံးအိပ်ကြတာ ပဲဖြစ်တော့ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းဆိုတာ သီးခြားအချိန်မရလို့ရှိရင်လေဟဲ့၊ သီးခြား အချိန်မရလို့၊ အလုပ်တွေများလို့၊ သားရေးကိစ္စသမီးရေးကိစ္စတွေနဲ့ အလုပ်များ လွန်းလို့ မလုပ်နိုင်ပါဘူးလို့ ဆိုခဲ့တောင်ကွယ်. . . တဲ့၊ အိပ်ရာကနိုးနိုးချင်း နဖူးပေါ် လက်အုပ်ကလေးတင်ပြီးတော့ ဘုရားရှင်ကိုသတိရလိုက်၊ အာရုံပြုလိုက်ပါ. . . တဲ့၊ အဲဒါ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း၊ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းထီးနဲ့ မိုးတာပါပဲ ကိုယ့်ကိုယ် ကိုနော်၊ *မှန်လှပါဘုရား*။ ဟော- ဒါလေးတော့ မလုပ်နိုင်ဘူးလား? *လုပ်နိုင်ပါတယ် ဘုရား*။ အနည်းဆုံး,အနည်းဆုံးဆိုပြီးတော့ ဆရာတော်ကြီးများက ဆုံးမထားတာ နော်၊ *မှန်လှပါဘုရား*။

အိပ်ရာနိုးနိုးချင်း ဘုရားစင်ရှေ့ မသွားနိုင်ထားလိုက်ပါ ပန်းရေချမ်းတွေနဲ့ ဘုရားစင်ရှေ့မှာ သွားပြီးတော့ပူဇော်မှုမပြုနိုင်ဘူးဆိုရင်ထားလိုက်ပါ၊ အိပ်ရာက နိုးနိုးချင်းကွယ်. . . တဲ့၊ နဖူးပေါ် လက်အုပ်ကလေးချီပြီးတော့ အရဟံဂုဏ်တော်ကို ပဲဖြစ်ဖြစ်၊ သမ္မာသမ္ဗုဒ္ဓဂုဏ်တော်ကိုပဲဖြစ်ဖြစ် ဘာကိုဖြစ်ဖြစ်၊ ဂုဏ်တော်တစ်ခုခုကို အာရုံပြုတဲ့ပြီးတော့ ဘုရားရှင်ကိုကန်တော့လိုက်ပါ. . .၊ ဒီတော့ အဲဒီလိုန်တော့ လိုက်တဲ့အချိန်လေးဟာ ဘာမှမကြာဘူး ကြာတာကတော့၊ ဆိုပါတော့ စက္ကန့် (၃၀)လောက်ပဲကြာရင်ကြာမယ်ဆိုပါတော့ တစ်စက္ကန့်ပဲ ကြာတယ်ထားပါအုန်း၊ *မှန်လှပါဘုရား*။ စိတ်တို့ရဲ့သဘောသဘာဝသည်. . . လက်ဖျောက်တစ်ချက်တီး အတွင်းမှာ ကုဋေတစ်သိန်းလောက်ဖြစ်ပြီးချုပ်ပါတယ်လို့ဆိုတော့ အဲဒီလက်အုပ် ကလေးချီလိုက်တဲ့အတွင်းမှာ ဘုရားရှင်နဲ့မိမိနဲ့တွေ့ပြီးတော့ စိတ်ဇောတွေစောသွား လိုက်တဲ့ စိတ်အကြိမ်တွေဟာ မရေမတွက်နိုင်ပါဘူး. . . တဲ့၊ ဒကာဦးမြစိန်နော်၊ *မှန်လှပါဘုရား*။

ဒါဖြင့် လက်အုပ်ကလေးချီတဲ့အတွင်းမှာ ဖြစ်ပျက်သွားတဲ့ ဘုရားရှင်နဲ့ မိမိစိတ်နဲ့တွေ့ပြီးတော့ ဘုရားရှင်ကိုအာရုံပြုပြီးတော့ ဖြစ်သွားတဲ့ဇောဝါရ စိတ် အကြိမ်တွေဟာ မရေမတွက်နိုင်အောင် ဖြစ်သွားခဲ့ပါတယ်ဆိုရင် တစ်နေ့မှာတစ်ကြိမ်

http://www.dhammadownload.com



မနက်အိပ်ရာ ထတိုင်းထတိုင်း၊ အိပ်ရာနိုးနိုးချင်း အိပ်ရာထဲလှဲရင်လဲပဲ နဖူးပေါ် လက်အုပ်ကလေးချီပြီးတော့ တင်လိုက်တယ်ဆိုရင် ဖျတ်ကနဲဆို ဘုရား သတိရ မလာဘူးလား? *ရလာပါတယ်ဘုရား*။ ကိုယ်က အဓိဋ္ဌာန်ထားမယ်ဆိုရင် ဒါက ကိစ္စမဟုတ်ပါဘူးနော်၊ *မှန်လှပါဘုရား*။ အဲဒီလို အဓိဋ္ဌာန်ထားတဲ့အတိုင်း ဘုရားကို တစ်ကြိမ်လေးသတိရလိုက်လျှင် တစ်နေ့ကို တစ်ကြိမ်. . တစ်လဆိုရင် အကြိမ် ပေါင်း သုံးဆယ်၊ တနှစ်ဆိုရင် အကြိမ်ပေါင်း သုံးရာ့ခြောက်ဆယ် ဖြစ်မသွားပေ ဘူးလား? *ဖြစ်သွားပါတယ်ဘုရား*။ ဒီတော့ အဲဒီလို နည်းနည်းလေးပဲဖြစ်ဖြစ်တဲ့ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းထီးနဲ့ မိုးထားလိုက်၊ *မှန်ပါဘုရား*။

မိုးထားလိုက်တော့ ဘာအကျိုးတွေ ထွက်လာတတ်တုန်းလို့ဆိုတော့ မကောင်းမှု အန္တရာယ်ရန်အသွယ်တွေကင်းပြီးတော့ ကောင်းကျိုးချမ်းသာမင်္ဂလာ တွေနဲ့ ပြည့်စုံနိုင်တယ်. . .။ ဒါ့ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းထီးနဲ့ မိုးလိုက်တဲ့အတွက် မကောင်းတဲ့အန္တရာယ်ဘေးရန်တွေ၊ မိုးရွာဒဏ်နေပူဒဏ်တွေ ပပျောက်သွားနိုင် တယ်၊ *မှန်လှပါဘုရား*။ ဘာပြုလို့တုန်းလို့ဆိုတော့ ဘုန်းကြီးတို့ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်းလိုက်တဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးရဲ့ခန္ဓာကိုယ်က စေတီထိုက်တယ်. . . တဲ့၊ စေတီနဲ့တူတယ်တဲ့၊ *မှန်လှပါဘုရား*။

ဘာပြုလို့တုန်းလို့ဆိုတော့ ဘုန်းကြီးတို့လောက အခုမြေပေါ် မှာစိုက်ပြီး တော့ တည်ထားတဲ့ စေတီကြီးတွေထဲမှာ ဘာရှိတုန်းဆိုရင် စေတီလိုဏ်ခေါင်း ထဲမှာ ဆင်းတုတော်မရှိတတ်ဘူးလား? *ရှိတတ်ပါတယ်ဘုရား*။ လိုဏ်ခေါင်း မပါပါဘူး၊ စေတီ ဒီအတိုင်းပါပဲဆိုရင်လည်း စေတီအထဲမှာ ဓာတ်တော်တွေ၊ ဘာတွေ ဌာပနာပြီးတော့ တည်မထားတတ်ဘူးလား? *တည်ထားတတ်ပါတယ် ဘုရား*။ ဒါဖြင့် စေတီအတွင်းမှာ ဆင်းတုတော်ရှိတယ်၊ ဘုရားရှိတယ်၊ ဘုရားရှင်ရဲ့ ရုပ်ကြွင်းဓာတ်တော်တွေရှိတယ်၊ မသေချာဘူးလား? *သေချာပါတယ်ဘုရား*။

အဲဒါလိုပဲ. . တဲ့ ဘုရားရှင်ကို သတိရတဲ့၊ ဘုရားရှင်ရဲ့ဂုဏ်တော်ကို အာရုံ ပြုပြီးတော့ သတိရတဲ့ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းစီးဖြန်းတဲ့၊ အိပ်ရာကနိုးနိုးလာချင်း၊ နဖူးပေါ် လက်အုပ်ကလေးချီပြီးတော့ ဘုရားကိုသတိရလိုက်တဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးရဲ့ဝမ်းထဲမှာ ဘုရားရောက်လာပါသည်၊ ဘာပြုလို့ ဘုရားရောက် လာတာတုန်းလို့ဆိုတော့ ဘုရားကိုသတိရလိုက်တယ်၊ လက်အုပ်ချီပြီးတော့ ဘုရား သတိရလိုက်သည်နဲ့ တပြိုင်နက် စိတ်ထဲမှာ ဘုရားရောက်လာတယ်၊ စိတ်ထဲမှာ ဘုရားအာရုံ ဝင်လာတယ်။

စိတ်ဆိုတဲ့သဘောသဘာဝသည် ဒကာဒကာမတွေရဲ့နှလုံးသားထဲမှာ မှီခို ပြီးတော့ဖြစ်ပါသည်၊ ဟဒယဝတ္ထုလို့ခေါ်တဲ့နှလုံးသားထဲမှာ မှီပြီးတော့ဖြစ်ပါသည်၊

http://www.dhammadownload.com



ဒါဖြင့်စိတ်ကနှလုံးသားထဲမှာ မှီပြီးတော့ဖြစ်တာဖြစ်တော့ ဘုရားအာရုံကစိတ်နဲ့ တွေ့တယ်လို့ဆိုတော့ ဘုရားဟာနှလုံးသားတဲရောက်မလာဘူးလား? ရောက်လာ *ပါတယ်ဘုရား။* ဘုရားစိတ်ထဲရောက်လာတယ်၊ ဘုရား နှလုံးသားထဲရောက်လာ တယ်၊ စိတ်ရှိရာနှလုံးသားထဲရောက်လာတယ်၊ ဒါဖြင့် အဲဒီဘုရားရှင်သည် ဒကာ ဒကာမတွေရဲ့ဝမ်းထဲမှာ ရောက်လာတယ်၊ ဒါကြောင့် စေတီကြီးရဲ့အတွင်းမှာ ဘုရားသီတင်းသုံးနေသလို၊ ဘုရားဂုဏ်ကို အာရုံပြုသတိရလိုက်တဲ့ အမျိုးကောင်း သား အမျိုးကောင်းသမီးရဲ့ဝမ်းထဲမှာရော ဘုရားရောက်လာတယ်ဆိုတော့၊ ဒီအမျိုး သား အမျိုးသမီးရဲ့ခန္ဓာကိုယ် စေတီနဲ့တူတယ်ဆိုတာ သဘာဝ ကျမသွားဘူးလား? *သဘာဝကျပါဘုရား။*

ဒါကြောင့် ဘုရားရှင်တည်းဟူသော၊ သက်တော်ထင်ရှား မြတ်စွာဘုရား ကို အာရုံယူသတိရလိုက်တဲ့အတွက်၊ ဘုရားရှင်တည်းဟူသော သဗ္ဗဝေရဇိတ- အလုံးစုံသောရန်တွေကို အောင်တော်မူတဲ့ဘုရား။ သဗ္ဗဝေရာဘိဘဝါ-အလုံးစုံ သောရန်တွေကို လွှမ်းမိုးတော်မူနိုင်တဲ့ဘုရား။ မိမိစိတ်ထဲမှာ ရောက်လာတယ်၊ မိမိနှလုံးသားထဲ ရောက်လာတယ်၊ မိမိဝမ်းထဲ ရောက်လာတယ်လို့ဆိုတော့ ဘုရား ရှင်က အလုံးစုံသော ရန်မာန်အန္တရာယ်တွေအောင်တော်မူ၊ အလုံးစုံသော ရန်မာန် အန္တရာယ်တွေကို လွှမ်းမိုးတော်မူနိုင်တဲ့ဘုရား။ အလုံးစုံသော ကောင်းကျိုးချမ်းသာ မင်္ဂလာတွေနဲ့ ပြည့်စုံတော်မူတဲ့ဘုရား. . . လို့ဆိုတော့ အဲဒီဘုရားရဲ့အရှိန်ဓာတ် တွေ ဟပ်ပြီးတော့၊ ဒီအမျိုးသားအမျိုးသမီးရဲ့ ခန္ဓာကိုယ်မှာ မကောင်းတဲ့ဘေး ဒဏ် ရန်အန္တရာယ်တွေ ကင်းနိုင်တယ်၊ ကောင်းကျိုးချမ်းသာ မင်္ဂလာတွေနဲ့ပြည့်စုံ နိုင်တယ်။

ဘုန်းကြီးတို့ပရိသတ်ကြီး. . . ဒကာဒကာမတို့ ဘယ်သူမဆိုပဲ ဘယ်သူ့ မေးမေး မကောင်းတဲ့ဘေးဒဏ် ရန်အန္တရာယ်တွေက မကင်းချင်ကြဘူးလား? *ကင်း ချင်ကြပါတယ်ဘုရား။* ပရိသတ်ကြီး မကင်းချင်ကြဘူးလား? *ကင်းချင်ကြပါ တယ်ဘုရား။* ဘယ်သူ့သွားမေးမေး အန္တရာယ်ကင်းချင်သလားလို့ဆိုရင် ကင်းချင် တဲ့သူချည်းပဲ၊ မပြောပေဘူးလား? *ပြောကြမှာပါဘုရား။* အဲဒီ အန္တရာယ်ခပ်သိမ်း ဘေးခပ်သိမ်းတွေ ကင်းချင်ရင် ဗုဒ္ဓါနုဿတိဘာဝနာကမ္မဋ္ဌာန်းကို စီးဖြန်းနိုင်ရ တယ်၊ ဗုဒ္ဓါနုဿတိဘာဝနာ ကမ္မဋ္ဌာန်းစီးဖြန်းတော့၊ ဘုရားနဲ့မိမိနဲ့တွေ့နေတော့ ဘုရားက မိမိဝမ်းထဲ တစ်နေ့တစ်ကြိမ်တစ်ကြိမ် အိပ်ရာကနိုးရင် ရောက်ရောက်နေ တယ်လို့ဆိုတော့ ဒီဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းအရှိန်ကြောင့်ပဲ၊ မိမိနှလုံးသားထဲမှာ ဘုရားရောက်နေတယ်။

http://www.dhammadownload.com



ဘုရားနဲ့ဆက်စပ်ပြီးတော့ ဒီနှလုံးသားကနေပြီးတော့ ဒီခန္ဓာကိုယ်တစ်ခုလုံးသွေးတွေဟာလှည့်ပတ်ပြီးတော့ သွားနေတာဖြစ်တော့၊ ဒီစိတ်ကြောင့်ဖြစ်တဲ့ရုပ်တွေ၊ စိတ်ကြောင့်ဖြစ်တဲ့သွေးဟာ ခန္ဓာကိုယ်တစ်ခုလုံးလှည့်ပတ်ပြေးသွားနေတာဖြစ်တော့ ဘုရားနဲ့စပ်တဲ့စိတ်၊ ဘုရားနဲ့စပ်တဲ့စိတ်ကြောင့်ဖြစ်တဲ့သွေးတွေဟာ ဒီနှလုံးသားကနေပြီး ဒီခန္ဓာကိုယ်တစ်ခုလုံးလှည့်ပတ်ပြီးတော့ဖြစ်နေပါတယ်. . တဲ့၊ ပြန့်နှံ့သွားတယ်၊ ဒီတော့ ခန္ဓာကိုယ်တစ်ခုလုံးမှာ ဘုရားနဲ့ဆက်စပ်တဲ့ဓာတ်တွေ ကူးပြီးတော့နေသည်ဖြစ်လေသောကြောင့်၊ အန္တရာယ်တွေမကင်းပေဘူးလား ပရိသတ်ကြီး? ကင်းမှာပါဘုရား။ ဘုရားရဲ့တန်ခိုးတော်သတ္တိအရှိန်ဓာတ်တွေဟာပ်တာဖြစ်တော့ အန္တရာယ်တွေကင်းကုန်တာပေါ့နော်၊ မှန်လှပါဘုရား။

ဒါကြောင့် မနက်အိပ်ရာက နိုးလာခဲ့လို့ရှိရင် "အိပ်ရာနိုးလျှင်, ဘုရားရှင်, ဦးတင်လက်အုပ် ချီပါ့မယ်"လို့ အဓိဋ္ဌာန်ချက်ကလေးပြုထားပါ. . . တဲ့ သစ္စာအဓိဋ္ဌာန်ချက်ကလေးပြုထားပြီး တော့ အဲဒါ ချီမိအောင်ချီလိုက်စမ်းပါတဲ့နော်၊ မှန်လှပါဘုရား။ ကိုင်းဒါဖြင့် အဲဒီ ချီဖြစ်အောင်ချီရအောင် အဓိဋ္ဌာန်တဲ့အနေနဲ့ ဒီလင်္ကာလေးနှစ်ခေါက်လောက်လိုက် စမ်းပါ-

❖ အိပ်ရာနိုးလျှင်, ဘုရားရှင်, ဦးတင်လက်အုပ် ချီပါ့မယ်။

ဘုန်းကြီးတို့ မော်တော်ယာဉ်အသင်းသူ အသင်းသား ဒကာဒကာမတွေ. . . ကားတွေနဲ့ နေ့စဉ်နေ့စဉ်မောင်းပြီးတော့ သွားလာပို့ဆောင်ပြီးတော့ နေကြရတာဖြစ်တော့ ဘုန်းကြီးတို့ အိမ်မှာနေရတဲ့သူထက် သွားလာလှုပ်ရှားနေရတဲ့သူက အန္တရာယ်နဲ့ပိုမနီးဘူးလား? *နီးပါတယ်ဘုရား*။ ဒီတော့ မိမိတို့တတွေ သွားရာလာရာ အန္တရာယ်ကင်းချင်တယ်၊ ကုန်းသွား ကုန်းဘေးနဲ့ မတွေ့ချင်၊ ရေသွား ရေဘေးနဲ့မတွေ့ချင်၊ အန္တရာယ်ကင်းချင်တယ်၊ ဘေးကင်းတဲ့အကျိုးကို ရချင်ရင်. . . အန္တရာယ်မျိုးစုံနဲ့တွေ့ခြင်းဆိုတဲ့ နေပူဒဏ်မိုးရွာဒဏ်တွေကို ခံနိုင်ရည်ရှိချင်ရင်. . . မနက်အိပ်ရာနိုးတဲ့အချိန်လေးကွယ်. . . တဲ့ ဘာမှမကြာပါဘူးတဲ့၊ ကိုယ့်ကားနဲ့သွားရလာရအုန်းမှာ ကားမောင်းရအုံးမှာမို့လို့၊ အလုပ်တွေရှုပ်တယ်၊ ဘုရားရှေ့မှာ မရောက်နိုင်ပါဘူးထားလိုက်ပါတဲ့၊ မနက်အိပ်ရာကနိုးနိုးချင်း နဖူးပေါ် လက်အုပ်ကလေးတင်ပြီးတော့ ဘုရားရှင်ကို တစ်ကြိမ်လောက်ကလေးပဲ ဖြစ်ဖြစ် သတိရလိုက်စမ်းပါ. . . တဲ့၊ သတိရလိုက်စမ်းပါ။

အဲဒီလို သတိရလိုက်ရင် တွေ့မယ့်ကြုံမယ့်ဘေးတွေ ရှားသွားမယ်၊ ရှောင်သွားမယ်၊ ဖယ်သွားမယ်၊ ဘုန်းကြီးတို့ မန္တလေးမြို့၊ မစိုးရိမ် အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ဘုရားကြီးက ဆုံးမထားတဲ့ လင်္ကာလေးတွေပါနော်၊ မှန်လှပါဘုရား။

http://www.dhammadownload.com



ဒါကြောင့် အဓိဋ္ဌာန်လည်း ထားပါတဲ့၊ အဓိဋ္ဌာန်ထားတဲ့အတိုင်းလည်း နေ့စဉ် အားထုတ်သွားစမ်းပါ၊ နေ့စဉ်အားထုတ်လို့ရှိရင် အကျိုးတရားတွေ အန္တရာယ်ကင်း ဘေးရှင်းတာတွေနဲ့ ကောင်းကျိုးချမ်းသာ မင်္ဂလာတွေနဲ့ ပြည့်စုံတာတွေကို ကိုယ်တွေ့ဒိဋ္ဌ တွေ့ပါလိမ့်မယ်. . . တဲ့၊ တွေ့ပါလိမ့်မယ်နော်၊ *မှန်လှပါဘုရား*။ တရားတော်ဆိုတာ သန္ဒိဋ္ဌိကော-ဝိပဿနာတရား အားထုတ်ရင် ကိလေသာတွေ ကို ပယ်သတ်နိုင်တာ သန္ဒိဋ္ဌိက-ကိုယ်တိုင်မြင် ကိုယ်တိုင်သိဖြစ်သလိုပဲ၊ ဗုဒ္ဓါ နုဿတိကမ္မဋ္ဌာန်း စီးဖြန်းအားထုတ်ခြင်းကြောင့် မကောင်းတဲ့ဘေးဒဏ် ရန် အန္တရာယ်တွေ ကင်းပုံ၊ ကောင်းကျိုးချမ်းသာ မင်္ဂလာတွေနဲ့ ပြည့်စုံပုံကို သန္ဒိဋ္ဌိက ကိုယ်တိုင်တွေ့ပါလိမ့်မယ်. . . လို့ ဘုရားရှင်က တရားတော်ရဲ့ဂုဏ်တော်(၆)ပါးထဲ မှာလည်းပဲ အာမခံထားပါတယ် ဦးမြစိန်ရဲ့၊ *မှန်လှပါဘုရား*။ ဒီတော့ ယုံယုံ ကြည်ကြည် အားမထုတ်ထိုက်ဘူးလား? *အားထုတ်ထိုက်ပါတယ်ဘုရား*။

မေတ္တာ အဘယ်ချိန် အားထုတ်မတုန်းလို့ဆိုတော့ ကိုယ်တတ်နိုင်ရင်ပေါ့ လေ. . . တဲ့၊ အချိန်ထားပြီးတော့ မေတ္တာပွားရတာပေါ့၊ (၃၁)ဘုံသားတွေ၊ *မှန်လှ ပါဘုရား*။ အဲဒီလိုတောင် အချိန်မပေးနိုင်ပါဘူးဆိုခဲ့ရင် "မျက်နှာသစ်လျှင်, ရေကို မြင်, ကြည်လင်မေတ္တာပွားပါ့မယ်. . . " မနက် ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်း မျက်နှာ မသစ်ကြဘူးလား? *သစ်ကြပါတယ်ဘုရား*။ အဲဒီမျက်နှာသစ်ပြီဆိုလို့ရှိရင် ရေနဲ့ တွေ့တာပဲ၊ ရေမြင်တာပဲ၊ ရေကိုင်ရတာပဲ နော်၊ *မှန်လှပါဘုရား*။ ရေနဲ့ မေတ္တာရဲ့ သဘောသဘာဝသည် တူပါသည်၊ ရေကလည်း အေးတယ်၊ မေတ္တာရဲ့သဘောက လည်း အေးတဲ့သဘော၊ *မှန်လှပါဘုရား*။ ဒီတော့ အဲဒီရေကို မြင်လိုက်သည်နှင့် တစ်ပြိုင်နက်၊ ရေကိုကိုင်လိုက်သည်နှင့် တစ်ပြိုင်နက်၊ ကိုယ့်ကိုယ်ကို ကမ္မဋ္ဌာန်း မေ့သွားမှာ စိုးလို့၊ အလုပ်မေ့သွားမှာစိုးလို့ ရေနဲ့သတိပေးခိုင်းထားတာ ဆရာတော် ကြီးကနော်၊ *မှန်လှပါဘုရား*။

ဒါကြောင့် ရေကိုမြင်လိုက်သည်နဲ့ တစ်ပြိုင်နက် ကမ္ဘာလောကသတ္တဝါ အားလုံးရေကဲ့သို့အေးကြပါစေ. . . ရေကဲ့သို့ လန်းကြပါစေ. . . ရေကဲ့သို့ဆန်း ကြပါစေလို့၊ ရေကိုမြင် ရေကိုကိုင်လိုက်သည်နှင့် တစ်ပြိုင်နက် သတ္တဝါအားလုံး အပေါ်မှာ မေတ္တာပို့လိုက်စမ်းပါတဲ့၊ *မှန်လှပါဘုရား*။ အဲဒီ ခဏလေးပွားလိုက်တဲ့ မေတ္တာဟာလေ. . . တဲ့ ပီယဆေး အထူးမဆောင်ရပါဘူးတဲ့၊ ကိုယ့်သွားရာလာရာ မျက်နှာပွင့်လင်းလို့၊ အန္တရာယ်ကင်းလို့၊ မေတ္တာရဲ့အကျိုး(၁၁)မျိုးတွေ အကုန်လုံး ခံစားရမယ်၊ ဒီတော့ မေတ္တာပွားချိန် ကျုပ်တို့ဖြင့် သီးခြားမရပါဘူး. . . အလုပ် ရှုပ်လွန်းလို့၊ လုပ်ရကိုင်ရတာနဲ့ ပင်ပန်းလွန်းလို့ မေတ္တာပို့ချိန်တောင် မရပါဘူးလို့

http://www.dhammadownload.com



ဆင်ခြေဆင်လက် ပေးမနေပါနဲ့တဲ့၊ ရေကိုမြင်တဲ့အချိန်လေးဖြင့် မေတ္တာပွား နိုင်အောင် အဓိဋ္ဌာန် ထားစမ်းပါလို့ဆိုတော့၊ ဒီအချိန်လေး မပွားထိုက်ဘူးလား? *ပွားထိုက်ပါတယ်ဘုရား*။ ဒါဖြင့် ဒီလင်္ကာလေးလည်း နှစ်ခေါက်လောက် လိုက်စမ်းပါ-

◈ မျက်နှာသစ်လျှင်, ရေကိုမြင်, ကြည်လင်မေတ္တာ ပွားပါ့မယ်၊

အသုဘကမ္မဋ္ဌာန်း ဘယ်အချိန် စီးဖြန်းမတုန်းလို့ဆိုတော့တဲ့ "*ကိုယ်လက် သုတ်သင်, ပြုဆဲတွင်, ဆင်ခြင်အသုဘ ပွားပါ့မယ်*"၊ ကိုယ်လက်သုတ်သင်ပြုတဲ့ အချိန်မှာ. . . မိမိခန္ဓာကိုယ်ကို မိမိရေချိုးရတယ်ဆိုတာ ဒါကိုယ်လက်သုတ်သင် ပြုတာမဟုတ်လား? *မှန်လှပါဘုရား*။ ကျောင်းကြီးအမှု ကျောင်းငယ်အမှုတွေပြုကြတယ် ဒါကိုယ်လက်သုတ်သင် ပြုတာမဟုတ်လား? *မှန်လှပါဘုရား*။ အဲဒီအချိန်မှာ လေ. . . တဲ့၊ စိတ်ကို ခဏလေးပဲဖြစ်ဖြစ် ကိုယ်လက်သုတ်သင်နေတဲ့ အခိုက်မှာ မိမိခန္ဓာကိုယ်က ရေချိုးလိုက်တော့ ချွေးတွေ, ကြေးတွေ, အဆီတွေ ဆေးကြော သုတ်သင်ပြီးတော့နေရတဲ့ အခိုက်ကလေးမှာတဲ့၊ မိမိခန္ဓာကိုယ်က ထွက်နေတဲ့ အဲဒီချွေးဆိုတဲ့ ကောဋ္ဌာသအစု၊ အဆီဆိုတဲ့ ကောဋ္ဌာသအစုတွေ၊ ကြေးချော်ဆိုတဲ့ အစုတွေအာရုံ ပြုပြီးတော့၊ "သြော်. . . ဒီခန္ဓာကိုယ်မှာ သေဒ မေဒလို့ခေါ်တဲ့ ဒီချွေးတွေ အဆီခဲတွေ, အဆီကြေးတွေ, အစရှိတဲ့ (၃၂)ကောဋ္ဌာသ အစုလေးတွေ စုနေတဲ့ ခန္ဓာကိုယ်ပါလား. . . လို့၊ ဒီလိုလေး ဖျတ်ကနဲ ကိုယ်လက်သုတ်သင်တဲ့ အချိန်မှာ အသုဘဘာဝနာပွားမယ်လို့ အဓိဋ္ဌာန်ထားလို့ရှိရင် သူ့ဘာသာသူကိုက သတိရလာပါတယ်၊ ကိုယ်က အဓိဋ္ဌာန်ထားလို့ရှိရင်။

မနက်အိပ်ရာထနိုးလို့ရှိရင် ဘုရားကိုလက်အုပ်ချီမယ်လို့ အဓိဋ္ဌာန်ထား လို့ရှိရင် အလေ့အလာရလာပြီဆိုတော့ အိပ်ရာက ဖျတ်ကနဲနိုးလိုက်သည်နဲ့ တပြိုင် နက်၊ ကိုယ်ကတောင်အားထုတ်လိုက်ရတယ် မထင်ဘူး၊ လက်အုပ်ကလေးက နဖူး ပေါ်ရောက်လို့၊ အလေ့အလာရလာပြီဆိုတော့ သူ့ဘာသာသူဖြစ်လာတယ်နော်၊ မှန်လှ *ပါဘုရား*။ ရေကိုကိုင်လိုက်မိသည်နဲ့ တပြိုင်နက်, မြင်လိုက်မိသည်နဲ့ တပြိုင်နက် မေတ္တာပွားမိတယ်၊ တနေ့ နည်းနည်းလေးပဲ ပွားတာတော့၊ အကြိမ်မများပါဘူး ထား၊ ဒါပေမယ့်လို့ တစ်လဆိုတော့ အကြိမ်ပေါင်း သုံးဆယ်လောက်ဆိုတော့ *အားကောင်းမလာဘူးလား? ကောင်းလာပါတယ်ဘုရား*။ တစ်နှစ်ဆိုတော့ အကြိမ် သုံးရာကျော်၊ လေးငါးခြောက်နှစ်,ဆယ်နှစ်, ဆယ်နှစ်နှစ်ဆိုတော့ စုမိပြီးတော့ လာတယ်၊

အသုဘဘာဝနာကမ္မဋ္ဌာန်း မိမိကျောင်းကြီးအမှု ကျောင်းငယ်အမှု ပြုနေရင် ကျောင်းကြီးကျောင်းငယ်အမှုကို ကြည့်ပြီးတော့ပဲ၊ "သြော်. . . ခန္ဓာကိုယ်ထဲမှာ ဒီ ကရီသ လို့ခေါ်တဲ့ ကျောင်းကြီးတွေ၊ မုတ္တလို့ခေါ်တဲ့ ကျောင်းငယ်တွေ၊ (၃၂)ကောဋ္ဌာသခေါ်တဲ့

http://www.dhammadownload.com



အစုဝေးတွေရှိတာပါလား. . . လို့ ဆင်ခြင်လိုက်ရင် အဲဒီအခိုက်လေးပဲ၊ စိတ်က အသုဘဘာဝနာဖြစ်သွားတော့ ခန္ဓာကိုယ်ပေါ်မှာ သာယာတွယ်တာမက်မောဆိုတဲ့ လောဘစာတ်တွေကို အဲဒီအသုဘဘာဝနာက ခဏလေးပယ်ထားနိုင်ပါတယ်၊ ရှားထားပါနိုင်တယ်၊ ဝိပဿနာလို, သောတာပတ္တိမဂ်ဖိုလ်တရားထူးကြီးတွေလို အမြစ်ပြတ်သုတ်သင်ပြီးတော့ အနုသယဓာတ်ပြတ်အောင် မရှင်းနိုင်သော်လည်းပဲ မိမိခန္ဓာကိုယ် မိမိခင်မင်တွယ်တာ သာယာမက်မောစုံမက်နေတတ်တဲ့ လောဘဓာတ်တွေ. . . ကိလေသာလို့ခေါ်တဲ့ လောဘဒေါသဓာတ်တွေကို ပယ်ချိုးထားနိုင်တယ်၊ သတ်ဖြတ်ထားနိုင်တယ်၊ ရှင်းလင်းထားနိုင်တယ်၊ သုတ်သင်ထားနိုင်တယ်။

ဒီတော့ တစ်နေ့ နည်းနည်းနဲ့ အဲဒီအသုဘဘာဝနာလေး ပွားလိုက်တဲ့ အခိုက်ပဲ၊ ကိုယ့်ခန္ဓာကိုယ်ကို ဒီလို ဆင်ခြင်လိုက်တဲ့အခိုက်မှာပဲ လောဘဒေါသဓာတ်တွေ နည်းသွားကျဲသွားဆိုတော့၊ လောဘဒေါသဓာတ်တွေ ဒကာဒကာမတွေသန္တာန်မှာ တစ်နေ့တစ်နေ့ ဘယ်လောက်ဖြစ်နေတာတုန်းလို့ဆိုရင် ဘုန်းကြီး ခုနက ပြောတဲ့အတိုင်းပဲ၊ လက်ဖျောက်တစ်ချက်တီးအတွင်း ကုဋေတစ်သိန်းလောက် စိတ်တွေ ဖြစ်ပျက်ပါတယ်ဆိုတော့ ဒီလောဘဒေါသဓာတ်တွေဟာ တခဏလေး ပယ်ရှားထားနိုင်တယ်ဆိုရင် ထုထည်မြောက်များစွာ ခေါင်းပါးသွားတယ်၊ နည်းသွားတယ်၊ ကျဲသွားတယ်. . . လို့ မဆိုနိုင်ဘူးလား? *ဆိုနိုင်ပါတယ်ဘုရား*။

အဲဒီလို နေ့စဉ်မှန်မှန် အသုဘဘာဝနာနဲ့ ပွားနေခဲ့ရင် ဒီလောဘတွေ ကျဲသွားမယ်၊ နည်းသွားမယ်၊ ပါးသွားမယ်၊ ခေါင်းပါးသွားမယ်၊ ဒီလောဘဓာတ် ဒေါသဓာတ်, မာနဓာတ်, ဣဿာဓာတ်ဆိုတဲ့ ကိလေသာဆိုးတွေ နည်းသွား, ကျဲသွား, ပါးသွား ခေါင်းပါးသွားမှ ဉာဏ်ဓာတ်ကြီးက တက်တက် တက်တက်လာပြီးတော့ မြင်သင့်မြင်ထိုက်တဲ့တရားတွေ မြင်မှာမဟုတ်ဘူးလား? *မှန်လှပါဘုရား*။ ဒါဖြင့်ရင် ဆေးစားသလို သဘောထားပြီးသကာလ၊ ဘုန်းကြီးတို့ ဆေးစားတယ်ဆိုတာ ရောဂါရှိပြီဆိုရင် ဆေးစားကြတယ်၊ ဆေးမှန်မှန်စားပြီဆိုတော့ ရောဂါဘယ်လောက်ထုထည်ကြီးကြီး တဖြေးဖြေးနဲ့ ရောဂါတိုက်ဖျက်, တိုက်ဖျက်ပြီးတော့ တနေ့တော့ ဆေးကနိုင်တာပဲမဟုတ်လား? *မှန်လှပါဘုရား*။ အဲဒါလိုပဲ အသုဘဘာဝနာဆိုတဲ့ဆေးကို နေ့စဉ်စားခဲ့ရင် မိမိခန္ဓာကိုယ်ပေါ်မှာ အင်မတန် ပြင်းပြင်းထန်ထန် တွယ်တာမက်မောမှုဆိုတာတွေ၊ ခန္ဓာကိုယ်ကို လော်လော်လီလီ, ဖောက်ဖောက်ပြန်ပြန်, ပြင်ချင်ဆင်ချင်ဆိုတာတွေ၊ မတော်မတရားဆိုတဲ့ ကာမေသုမိစ္ဆာရမှုတွေ၊ တဖြေးဖြေးခေါင်းပါးသွားနိုင်တယ် ဦးမြစိန်ရဲ့နော်၊ *မှန်လှပါဘုရား*။

ဘုန်းကြီးတို့ ရှေးက သူဌေးသမီးကလေးတစ်ဦးများဆိုရင် ရေအိမ်သာတက်ရင်းနဲ့ပဲ ပုလုဝကသညာဖြစ်ပြီးတော့ ပိုးလောက်တွေမြင်ပြီးတော့ အဲဒီကနေ

http://www.dhammadownload.com



ပုလုဝကသညာလို့ခေါ်တဲ့ ပိုးလောက်တွေမြင်ပြီး၊ "ဩော်. . . ငါ့ခန္ဓာကိုယ်ထဲလည်း ဒီပိုးမျိုးရှစ်ဆယ်တွေရှိတာပါပဲလားလို့. . . ဆင်ခြင်လိုက်ရာကနေပြီးတော့တဲ့ ပုလုဝကသညာနဲ့ ဈာန်ရပြီးတော့ ဖြဟ္မာ့ပြည်ရောက်တယ်၊ နောက်တော့ အဲဒီကနေပြီးတော့ တစ်ဆင့်တစ်ဆင့်နဲ့ မကြာခင်သောဘဝမှာ ဒီအသုဘသညာ အခြေခံပြီးတော့ပဲ အာသဝေါကင်းကွာ ရဟန္တာမကြီး ဖြစ်သွားခဲ့ဖူးတယ်၊ *မှန်လှပါဘုရား*။ ဒါဖြင့် ဆေးစားသလိုပဲ ဘာဝနာတရားဆိုတာ နည်းတယ်များတယ် မဟုတ်ဘူး နေ့စဉ်မှန်မှန် အချိန်မှန်ထားပြီးတော့ လုပ်ခဲ့ရင် အကျိုးမရှိဘူးလား? *ရှိပါတယ်ဘုရား*။ ဒါဖြင့် လိုက်စမ်းပါအုန်း-

❖ ကိုယ်လက်သုတ်သင်, ပြုဆဲတွင်, ဆင်ခြင်အသုဘ ပွားပါ့မယ်။

ဟော- ဗုဒ္ဓါနုဿတိရယ်, မေတ္တာရယ်, အသုဘရယ် ပြီးသွားပြီနော်၊ *မှန်လှပါဘုရား*။ မရဏဿတိကမ္မဋ္ဌာန်း အဘယ်ချိန်စီးဖြန်းမတုန်းလို့ဆိုရင် "တစ်ညဥ့်တစ်ရက်, သေမင်းလက်မှ, လွတ်ထွက်ခဲ့ပါ, ကိုယ့်ခန္ဓာ, မှန်စွာပွားပါ့မယ်. ." တစ်ညဥ့်တစ်ရက် ကုန်သွားပြီဆိုရင်တဲ့၊ "ဩော်. . . ငါ့ခန္ဓာတစ်ညဥ့်နဲ့ တစ်ရက်တော့ သေမင်းလက်က လွတ်ခဲ့ပြန်ပြီ. . . လို့ ဒါလေး ဆင်ခြင်လိုက်စမ်းပါအုန်းတဲ့၊ *မှန်လှပါဘုရား*။ အချိန်များများမဟုတ်ပါဘူးတဲ့ တကတည်း ကမ္မဋ္ဌာန်းကျောင်းထဲဝင်မှ မဟုတ်ပါဘူးတဲ့၊ မဝင်နိုင်တောင်မှ မအားပါဘူး မလပ်ပါဘူးလို့ ပြောတောင်မှ ဒါလေးတော့ ဆင်ခြင်လိုက်စမ်းပါအုံးတဲ့၊ *မှန်လှပါဘုရား*။

သေမင်းကြီးဆိုတာ ကွေးသောလက်မဆန့်ခင်, ဆန့်သောလက်မကွေးခင် ဘုန်းကြီးတို့အချိန်မရွေး သေနိုင်တာမဟုတ်လား? *မှန်လှပါဘုရား*။ ဒီတော့ မနေ့က တစ်နေ့နဲ့ ညကအိပ်ခဲ့တဲ့ တစ်ညဥ့်၊ သေမင်းက ခွင့်လွှတ်လိုက်လို့ မိမိခန္ဓာကိုယ်လေး သေမင်းလက်ကလွတ်ခဲ့ပြီ. . . လို့ ဒီလို သတိရလိုက်တယ်ဆိုတော့ မရဏဿတိကမ္မဋ္ဌာန်း စီးဖြန်းတော့ ဘာအကျိုးတွေရနိုင်တုန်း၊ အကုသိုလ်တွေလျော့သွားတယ်၊ ကုသိုလ်တွေ တိုးလုပ်ဖြစ်တယ်၊ မကောင်းတဲ့အလုပ်တွေဆိုရင် မလုပ်ဖြစ်တော့ဘူး၊ လုပ်ဖို့ လက်တွန့်သွားတယ်. . . တဲ့။

မြတ်စွာဘုရား ဥပမာပေးတယ် ကြက်တောင်လေးများ မီးနဲ့တို့လိုက်တော့ သင်္ကုတိယတိ-တွန့်သွားသလိုပဲ. . . တဲ့၊ တွန့်သွားသလို၊ ဆုတ်သွားသလို၊ နစ်သွားသလိုပဲတဲ့၊ မရဏဿတိကမ္မဋ္ဌာန်း စီးဖြန်းနေတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးရဲ့စိတ်ဟာ အကုသိုလ်ဒုစရိုက်တွေကို ကျူးလွန်တော့မယ်ဆိုရင်. . . တွန့်သွားတယ်၊ ဆုတ်သွားတယ်၊ ဘာပြုလို့တုန်းဆိုတော့ "အို. . . ငါသေရအုံးမှာ၊ မသေခင် အကုသိုလ်တွေ သယ်သွားလို့မဖြစ်ဘူး၊ မသေခင် အကုသိုလ်တွေများနေ

http://www.dhammadownload.com



လို့မဖြစ်ဘူး"ဆိုပြီးတော့တွန့်သွားတယ်၊ ကုသိုလ်ကောင်းမှုတွေဘက်ကျတော့ တိုးတက်ပြီးတော့ အားထုတ်ဖြစ်တယ်၊ အားထုတ်ချင်တယ်၊ ကုသိုလ်ကောင်းမှုဆိုရင် သူကဆိုင်းမနေဘူး၊ အို. . . နောက်နှစ်မှလုပ်မယ်ဆိုတာတောင်၊ မဖြစ်ဘူး မဖြစ်ဘူး၊ သေမင်းက မဦးခင် လုပ်ရတာဆိုပြီးတော့ တခါတည်းလုပ်ဖြစ်တယ်၊ နောက်ရက် နောက်ရက်မှ လုပ်မယ့်ဟာ ဒီနေ့လုပ်ဖြစ်တယ်။

ဒီတော့ မရဏဿတိကမ္မဋ္ဌာန်းစီးဖြန်းတဲ့ အမျိုးကောင်းသားအမျိုးကောင်း သမီးရဲ့သန္တာန်မှာ အကုသိုလ်ဒုစရိုက်တရားတွေ တွန့်သွားတယ်၊ ဆုတ်သွားတယ်၊ အကုသိုလ်ဒုစရိုက်တရားတွေမှာ စိတ်ဟာတွန့်တယ်၊ ဆုတ်တယ်၊ ကုသိုလ်ကောင်းမှုတွေဘက်ကျတော့အားတက်သရောနဲ့ မြန်မြန်ဆန်ဆန်လုပ်ဖြစ်တယ်၊ ကိုယ်တင်လားလို့ဆိုတော့ မကသေးဘူးတဲ့၊ အိမ်ထောင်စုတစ်ခုလုံး ကောင်းသွားလိုက်ပုံက မိမိနဲ့စပ်ရာ ဆိုပါတော့ ဇနီးခင်ပွန်းအချင်းချင်းဆိုရင် ဇနီးသည်က မကောင်းတဲ့ အလုပ် လုပ်တော့မယ်ဆိုရင် အို. . . မလုပ်နဲ့၊ မလုပ်နဲ့၊ သေရအုန်းမှာ တစ်နေ့၊ အသေမဦးခင် ကိုယ်က မကောင်းတဲ့အကုသိုလ်ဒုစရိုက်တွေ ပါသွားလို့မဖြစ်ဘူး၊ ကုသိုလ်ဘက်သာ တိုးမှဖြစ်မယ်၊ ဒီလို တိုက်တွန်းလာတယ်၊ ပိတ်ပင်လာတယ်။

ကိုယ့်ခင်ပွန်းသည်က မတော်မတရားတွေ လုပ်နေခဲ့ရင် မရဏဿတိကမ္မဋ္ဌာန်း စီးဖြန်းနေတဲ့ အမျိုးသမီးက အို. . . တစ်နေ့ကျ သေရအုန်းမှာ၊ သေတော့ ဒီအကုသိုလ်တွေ ကိုယ့်ပါသွားမှာ၊ ဘယ်သူမှ ခံမှာမဟုတ်ဘူးနော် မလုပ်နဲ့၊ ဟောတားဖြစ်လာတယ်၊ *မှန်လှပါဘုရား*။ ကိုယ့်သားကိုယ့်သမီး ကိုယ့်တူကိုယ့်တူမ ကိုယ့်ဆွေကိုယ့်မျိုး ကိုယ့်မြေးကိုယ့်မြစ် အကုန်လုံးအပေါ်မှာ မရဏဿတိကမ္မဋ္ဌာန်းစီးဖြန်းနေတဲ့ အမျိုးသားအမျိုးသမီးက အကုသိုလ်ဒုစရိုက်တရားတွေကို ပိတ်ပေးတဲ့ တံခါးကြီးနဲ့တူတယ်၊ *မှန်လှပါဘုရား*။ ကောင်းမှုလုပ်ငန်းတွေမှန်သမျှ မြန်မြန်ထက်ထက်လုပ်ဖြစ်အောင် တိုက်တွန်းပေးတယ်၊ နှိုးဆော်ပေးတတ်တယ်၊ မရဏဿတိ အမြဲထင်နေပြီဆိုတော့ ဒီလိုအကျိုးတွေ ထွက်လာပါတယ်၊ *မှန်လှပါဘုရား*။ ကဲ- ဒီလင်္ကာလေးလည်း လိုက်စမ်းပါအုံး-

❖ တစ်ညဥ့် တစ်ရက်, သေမင်းလက်မှ,
လွတ်ထွက်ခဲ့ပါ, ကိုယ့်ခန္ဓာ မှန်စွာပွားပါ့မယ်၊

အဲဒါ ရှေးရှေးသော ဆရာတော်သမားတော်ကြီးတွေက ဗုဒ္ဓါနုဿတိ, မေတ္တာ, အသုဘ, မရဏဿတိဆိုတဲ့ သမထကမ္မဋ္ဌာန်းထီးလေးလက်နဲ့ ကာကွယ်. . . တဲ့၊ အဲဒီလိုကာကွယ်တော့ ခုနကပြောတဲ့ မကောင်းတဲ့ဘေးဒဏ် ရန်အန္တရာယ်တွေဆိုတဲ့ နေပူဒဏ်,မိုးရွာဒဏ်တွေက လွတ်မယ်၊ ကောင်းကျိုးချမ်းသာ မင်္ဂလာတွေနဲ့ ပြည့်စုံခြင်းဆိုတဲ့ အကျိုးကိုရမယ်၊ ဒီတော့ သူ့အခိုက်နဲ့သူ

http://www.dhammadownload.com



သမထဘာဝနာဆိုတာကလည်း သမထဘာဝနာအလျောက်၊ သူ့အကျိုးသူ့ကျေးဇူးတွေနဲ့ မရှိကြဘူးလား? *ရှိပါတယ်ဘုရား*။ အဲဒီလိုရှိနေတဲ့အတွက် ဒီထီးကိုလည်း ဆောင်ထားရတယ်။

ကောင်းပြီ. . . ဒါဖြင့် ကိလေသာခေါ်တဲ့ သက္ကာယဒိဋ္ဌိအစရှိတဲ့ လောဘ ဒေါသတရားဆိုးတွေကို တရားဆိုးလို့ခေါ်တဲ့ ကိလေသာမိုးတွေ ကိလေသာနေပူတွေကို ကာကွယ်နိုင်ဖို့ရာ. . . လို့ ဝိပဿနာ ဘာဝနာထီးလည်း မိုးရမယ်တဲ့၊ မိုးရမယ်နော်၊ *မှန်လှပါဘုရား*။ ဒီတော့ ဝိပဿနာဘာဝနာထီး ဘယ့်နှဲ့လုပ်မိုးမတုန်းလို့ဆိုတော့ အဲဒီ သမထကမ္မဋ္ဌာန်းထီးမိုးရင်းကနေပြီးတော့ ဝိပဿနာထီး ဆက်ပြီးတော့မိုးရအောင် ကဲ-ပရိသတ်ကြီး ခုနကလက်ကလေး ပြန်ပြီးတော့ လိုက်စမ်းပါအုန်း-

❖ အိပ်ရာနိုးလျှင်, ဘုရားရှင်, ဦးတင်လက်အုပ်, ချီပါ့မယ်။
ချီရင်းချီရင်း, ပျက်ယိုယွင်း, ရုပ်ဆင်း သတိထားပါ့မယ်။
ချီရင်းချီရင်း, ပျက်ယိုယွင်း, နာမ်ခင်း သတိထားပါ့မယ်။

ဟော- ဝိပဿနာဆိုတာ. . . တဲ့ အဲဒီ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း စီးဖြန်းရင်းနဲ့ပဲလေ. . . တဲ့၊ လက်အုပ်ကလေးချီပြီး မနက်အိပ်ရာက နိုးလာလာချင်း၊ အဓိဋ္ဌာန်ထားတဲ့အတိုင်းအိပ်ရာကနိုးလာလာချင်း နဖူးပေါ်လက်တင်ပြီးတော့ ဘုရားရှင်ရဲ့ဂုဏ်တော်တစ်ခုခု အာရုံပြု၊ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းနဲ့ ထီးမိုးနေတာနော်၊ *မှန်လှပါဘုရား*။ အဲဒီလို ထီးမိုးပြီးလိုက်သည်နဲ့ တပြိုင်နက်. . . တဲ့၊ ဝိပဿနာဆက်ကူးလိုက်စမ်းပါတဲ့၊ *မှန်လှပါဘုရား*။ ဘယ်နဲ့ဆက်ကူးလိုက်ရမှာတုန်းလို့ဆိုတော့၊ အဲဒီလက်အုပ်ချီလိုက်တဲ့ အခိုက်မှာလေ၊ နဖူးပေါ်လက်အုပ်ကလေးချီပြီးတော့ တင်ထားရင်းနဲ့ အဲဒီလက်အုပ်ကို အာရုံပြုလိုက်စမ်းပါ. . . တဲ့၊ အဲဒီလက်အုပ်ဆိုတာ လက်ဆိုတဲ့ ပုံဟန်သဏ္ဌာန်အနေနဲ့ ဖြစ်နေတဲ့ ရုပ်စု, ရုပ်မွှား၊ ရုပ်စုပုံကြီးပါတကား. . . လို့ မြင်လိုက်ပါတဲ့၊ *မှန်လှပါဘုရား*။

ရုပ်အစုအပုံကြီးဆိုတာ မြန်မာလိုပြောတာ၊ ပါဠိလိုပြောတော့ ရူပက္ခန္ဓာ။ ဒီတော့ လက်အုပ်ချီနေတယ်ဆိုတဲ့ ဒီရုပ်စုရုပ်ပုံကြီးသည် ဘယ်လိုသဘောသဘာဝရှိသလဲလို့ ဆက်ပြီးတော့ ဉာဏ်နဲ့ သုံးသပ်ကြည့်လိုက်တဲ့အခါကျတော့ အမြဲတမ်းဖြစ်ပျက်ပြောင်းလဲနေတဲ့ သဘောသဘာဝ၊ *မှန်လှပါဘုရား*။ ကိုယ်ကမကြည့်လည်း သူကတော့ ဖြစ်ပျက်နေတာပဲ၊ ကိုယ်ကကြည့်လည်း သူကဖြစ်ပျက်နေတာပဲ၊ ရုပ်နာမ်ဓမ္မ သဘာဝတွေမှန်သမျှသည်. . . ဧရာဝတီမြစ်ထဲကရေတွေ တစ်သွင်သွင်စီးပြီးတော့နေသလို အမြဲတမ်း ဖြစ်ပျက်ပြောင်းလဲနေတဲ့သဘာဝတွေ. . . ဒီတော့ လက်အုပ်ချီနေတဲ့အခိုက်မှာပဲ၊ လက်အုပ်လို့ဆိုရတဲ့ ဒီလက်နှစ်ဘက်ချီဟန်နဲ့ သဏ္ဌာန်ပြုပြီးတော့နေတဲ့ လက်က၊ ဖြစ်ပျက်, ဖြစ်ပျက်, ဖြစ်ပျက်, ဖြစ်ပျက်,

http://www.dhammadownload.com



ဖြစ်ပျက်၊ ဖြစ်ပျက်နဲ့ ကမ္မဇ၊စိတ္တဇ၊ဥတုဇ၊အာဟာရဇ ရုပ်အစုအဝေးတွေဟာ အမြဲတန်းဖြစ် ပျက်ပြောင်းလဲနေတယ်. . . တဲ့၊ ဖြစ်ပျက်ပြောင်းလဲနေတယ်နော်၊ *မှန်လှပါဘုရား*။

ဒီတော့ ကိုယ်ကကြည့်လဲပြောင်းလဲတာပဲ မကြည့်လဲပြောင်းလဲတာပဲဆိုရင် သူကအမြဲတန်းပြောင်းလဲပြီးတော့ ဖြစ်ပျက်နေတာဖြစ်တော့ ကြည့်လိုက်လို့ရှိရင် မတွေ့ပေဘူးလား? *တွေ့မှာပါဘုရား*။ ဉာဏ်နဲ့လှမ်းပြီးတော့ သုံးသပ်လိုက်သည်နဲ့ တပြိုင်နက် တွေ့နိုင်တယ်၊ အဲဒီလက်အုပ်ကလေးချီအောင်ဟာ ဘယ်သူ့ကြောင့် ချီတာတုန်းလို့ဆိုတော့ စိတ်ကြောင့်၊ *မှန်လှပါဘုရား*။လက်အုပ်ချီချင်တဲ့စိတ်ကြောင့်. . . လို့ဆိုတော့ စိတ်ဆိုတာ နာမ်ဓာတ်အုပ်စု၊ *မှန်လှပါဘုရား*။ နာမ်ဓာတ်အုပ်စုဆိုတာ ပါဠိလိုပြောလိုက်ရင် နာမက္ခန္ဓာ။ နာမ်ဆိုတာက နာမ၊ အုပ်စုဆိုတာက ခန္ဓ၊ ခန္ဓဆိုတာ အစုကို အပုံကို ဟောတာ၊ *မှန်လှပါဘုရား*။

ဒီတော့ လက်အုပ်ချီချင်တဲ့နာမ်၊ ဘုရားရှင်ကို သတိရပြီးတော့ အာရုံပြုပြီးတော့ လက်အုပ်ချီချင်တဲ့စိတ် နာမ်အုပ်စုကြောင့် ဒီလက်အုပ်လို့ခေါ်တဲ့ ရုပ်အမူအရာ ရုပ်ပုံကြီးဖြစ်ပေါ်ပြီးတော့လာ၊ အဲဒီဖြစ်ပေါ်လာတဲ့ နာမ်အုပ်စု ရုပ်အုပ်စု နှစ်ခုလုံးဟာ ဘယ်လိုသဘောသဘာဝတုန်းလို့ဆိုတော့ ဧရာဝတီမြစ်ထဲကရေဟာ ရပ်နေတယ်လို့ရှိလား? *မရှိပါဘုရား*။ ဘယ်တော့ သွားကြည့်ကြည့် တသွင်သွင်၊ တဒီးဒီး စီးပြီးတော့နေသလိုပဲ. . . တဲ့၊ ဒီရုပ်အစဉ်တွေဟာလည်းပဲ အမြဲတန်း ဖြစ်ပျက်ပြောင်းလဲပြီးတော့ တသွင်သွင်၊ တဒီးဒီး စီးနေပါတယ်၊ ဒီခန္ဓာကိုယ်ကြီး အမြဲဖြစ်ပျက်နေတာဆိုရင် ကြည့်ရင်းကြည့်ရင်းနဲ့ ပိန်မသွားပါလား. . .၊ ပျောက်မသွားပါလားလို့ဆိုတော့၊ ဘုန်းကြီးတို့ ဧရာဝတီမြစ်ထဲမှာရှိနေတဲ့ရေတွေ သွားကြည့်တော့ တသွင်သွင်တဒီးဒီးစီးနေတယ်၊ ဒါပေမယ့်လို့ အထက်က မြစ်ညှာကရေတွေ နောက်ကလိုက်နေသမျှ၊ ဒီမှာ ရေပျောက်ရဲ့လား? *မပျောက်ပါဘုရား*။

အဲဒါလိုပဲ ဒီခန္ဓာကိုယ်မှာလည်းပဲ ကံကြောင့်ဖြစ်တဲ့ စိတ်ကြောင့်ဖြစ်တဲ့ ဥတုကြောင့်ဖြစ်တဲ့၊ အာဟာရကြောင့်ဖြစ်တဲ့ ရုပ်တွေဖြစ်လေသောကြောင့်၊ ကံ စိတ် ဥတု အာဟာရဆိုတဲ့ အကြောင်းတရားတွေမကုန်သမျှ အထက်က ဧရာဝတီမြစ်ဖျားက မိုးရေတွေ၊ ချောင်းရေတွေ၊ တောင်ကျရေတွေ ရှိနေသမျှ ဧရာဝတီမြစ်ထဲမှာ ရေတွေမပြတ်သလို. . . မြင်နေရသလို. . . မြင်နေရသော်လည်းတသွင်သွင် တဒီးဒီးစီးနေတာကလည်း အမှန်ဖြစ်သလို. . . ဒီခန္ဓာကိုယ်ကြီးမှာလည်းပဲ၊ အဲဒီချီထားတဲ့ လက်အုပ်မှာလည်းပဲ၊ လက်အုပ်ကြီးပျောက်မသွားပါလားလို့ဆိုတော့ မပျောက်ဘူး၊ ဘာပြုလို့တုန်းဆိုတော့ ကံအရှိန်က ကမ္မဇရုပ်တွေကို အသစ်သစ်ဖြစ်အောင် ဖန်တည်းနေတယ်လေ၊ *မှန်လှပါဘုရား*။ စိတ်ကလည်းပဲ စိတ်ကြောင့်

http://www.dhammadownload.com



ဖြစ်တဲ့ရုပ်တွေက အသစ်ဖြစ်ပေါ်နေတယ်၊ စိတ်ကြောင့်ဖြစ်တဲ့ရုပ်တွေ မျက်နှာမှာ ပိုသိသာတာပေါ့၊ *မှန်လှပါဘုရား။*

မျက်နှာများလေ. . . စိတ်ဆိုးပြီဆိုတော့ ဒေါသဖြစ်ပြီဆိုတော့တကတည်း မျက်နှာကြီးနီလာ, ထူလာ, အန်းလာမဖြစ်ဘူးလား? *ဖြစ်ပါတယ်ဘုရား။* ဟော စိတ္တဇရုပ်တွေမျက်နှာမှာလွှမ်းသွားပုံ၊ တော်ကြာကျတော့ ကြည်. . . လို့ စိတ်ကြည် ပြီဆိုတော့ မျက်နှာကို ကြည်လို့, အေးလို့, ပြုံးလို့, တစ်မျိုးပြောင်းမသွားဘူးလား? *ပြောင်းသွားပါတယ်ဘုရား။* ဒါဖြင့် မျက်နှာမှာဖြစ်နေတဲ့ စိတ္တဇရုပ်တွေတစ်မျိုးတစ် ဖုံအမြဲတန်းပြောင်းလဲနေသလို၊ ဧရာဝတီမြစ်ထဲက ရေတွေတသွင်သွင် တဒီးဒီး စီးနေသလို ပြောင်းလဲနေသလို, ချီထားတဲ့လက်အုပ်ထဲမှာ ရှိနေတဲ့ရုပ်တွေ . . . စိတ္တဇရုပ်တွေ ပြောင်းမနေပေဘူးလား? *ပြောင်းနေပါတယ်ဘုရား။* ဥတုဇရုပ် လို့ခေါ်တဲ့ အပူအအေးကြောင့်ဖြစ်တဲ့ ရုပ်တွေကလည်း နောက်ထပ် နောက်ထပ် အသစ်သစ်ဥတုကြောင့်ဖြစ်တဲ့ ရုပ်တွေက ဖြစ်, ရှေ့ကရုပ်တွေက ချုပ်၊ နောက်က ရုပ်တွေက အသစ်သစ်ဖြစ်, ရှေ့က ချုပ်။

စားလိုက်သောက်လိုက်တဲ့ အာဟာရကြောင့်ဖြစ်တဲ့ရုပ်တွေ၊ အာဟာရဇ ရုပ်ကျတော့ ပိုသိသာသေးနော်၊ *မှန်လှပါဘုရား။* စားထားသောက်ထားတဲ့အတွက် ဒီအစားအစာနဲ့ ပတ်သက်ပြီးတော့ ဒီတစ်နေ့စာဆိုပါတော့ စားလိုက်သောက်လိုက် တဲ့အတွက်တစ်နေ့နဲ့တစ်ည ဒီခန္ဓာကိုယ်မှာ အဲဒီအာဟာရကြောင့်ဖြစ်တဲ့ရုပ်တွေ တောင့်တင်းပြီးတော့ အသားအရေတိုး သွေးသားတွေ တိုးတိုးပြီးတော့ ခံမနေဘူး လား? *ခံနေပါတယ်ဘုရား။* အဲဒီလို အာဟာရကြောင့်ဖြစ်တဲ့ ရုပ်တွေ. . . . ဒီတော့ ကံကြောင့်,စိတ်ကြောင့်, ဥတုကြောင့်, အာဟာရကြောင့်ဖြစ်တဲ့ ရုပ်သစ် နောက်က ရေစီးကြောင်းကြီး လိုက်လာသမျှ ဒီလက်အုပ်ကြီးဆိုတဲ့ ရုပ်စုရုပ်ပုံကြီးက တခါ တည်း ပိန်ကျသွား၊ ပျောက်သွား ရှိပါ့မလား? *မရှိပါဘုရား။* မရှိပါဘူး တခါတခါ ကျတော့ တိုးများတောင်လာသေး။

ဘုန်းကြီးတို့ ဧရာဝတီမြစ်ထဲမှာ ဝါဆိုဝါခေါင်ကျတော့ ရေတွေတိုးမလာ ဘူးလား?တိုးလာပါတယ်ဘုရား။ ဟာ တသွင်သွင်တဒီးဒီးအောက်စီးနေတယ်လဲ ဆိုရဲ့၊ ဘယ်နဲ့ရေတွေကြွလာပါလား၊ တက်လာပါလားလို့ဆိုတော့ ဟိုအထက်က မိုးရေအားကောင်းလို့ အကြောင်းတွေကပိုအားကောင်းမလာဘူးလား?အားကောင်း လာပါတယ်ဘုရား၊ အဲဒီ အကြောင်းတွေအားကောင်းလာခဲ့ရင် တသွင်သွင်တဒီး ဒီးစီးပြီးတော့ ဖြစ်ပျက်နေတဲ့ ဒီရေအစဉ်သည်ပင်လျှင်ကြွလာတယ်၊ မ,လာတယ်၊ မြောက်လာတယ်၊ ဖောင်းလာတယ်။

http://www.dhammadownload.com



ထို့အတူပင် ယနေ့ ဒကာဒကာမအပေါင်းသူတော်ကောင်းတို့ရဲ့ ခန္ဓာကိုယ်. . . ကံအရှိန်တွေကောင်း၊ စိတ်အရှိန်တွေကောင်း၊ စားလိုက်သောက်လိုက်တဲ့ အာဟာရအရှိန်တွေ ကောင်းနေတော့၊ ခန္ဓာကိုယ်ကြီးဝလာတယ်များ မပြောကြဘူးလား? *ပြောကြပါတယ်ဘုရား။* ဟာ- ဟိုတုန်းက ပိန်ပိန်လေးရယ်၊ အခု ဝလာလိုက်တာတဲ့၊ ပါးလုပ်တွေများ ထွက်လို့၊ လက်မောင်းကြီးတွေများ တုတ်လို့၊ တကတည်း ဘယ်နားဖြင့်လည်း ဝလို့ဖြိုးလို့ ပြည့်လို့နဲ့၊ ဝလို့ဖြိုးလို့ ပြည့်လို့နဲ့၊ ဝလို့ဖြိုးလို့ ပြည့်လို့ ဆိုရငြားသော်လည်း. . . ဧရာဝတီမြစ်ထဲ ရေတွေဖောင်းကြွပြီးတော့ ဝါဆိုဝါခေါင် ရေဖောင်ဖောင်ဖြစ်နေသော်လည်း၊ တသွင်သွင် တဒီးဒီးစီးတဲ့သဘောက မရပ်ပါ၊ ရပ်ရဲ့လား? *မရပ်ပါဘုရား။*

အဲဒီလိုပဲ ဒီခန္ဓာကိုယ်မှာ ဝလာဖောင်းလာ ဖြိုးလာလို့များ ရုပ်တွေရပ်နေတယ်မထင်နဲ့၊ *မှန်လှပါဘုရား။* အမြဲတန်းတသွင်သွင် တဒီးဒီးစီးနေပါတယ်. . ဖြစ်ပျက်နေပါတယ်၊ ဒါဖြင့် ရုပ်စဉ်တွေ ဒီလိုဖြစ်ပျက်နေသလို၊ နာမ်စဉ်ကရောလို့ဆိုတော့ အဝိဇ္ဇာ တဏှာအကြောင်းတရားတွေ ဖန်တည်းလိုက်လို့ဖြစ်နေတဲ့ နာမ်တရားကလည်း အမြဲတန်း ဒီလိုပဲ၊ သူကဖြစ်ပျက်ပြောင်းလဲနေတဲ့ သဘာဝ၊ *မှန်လှပါဘုရား။* ဒါဖြင့် လက်အုပ်ကလေးချီပြီးတော့ ဘုရားရှင်ကို ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း စီးဖြန်းပြီးလိုက်ရင်. . . တဲ့ အဲဒီလက်အုပ်ကိုပဲ ရုပ်နာမ်ဖြစ်ပျက်, ရုပ်နာမ်ဖြစ်ပျက်, ရုပ်နာမ်ဖြစ်ပျက်ရှုလိုက်ပါအုန်းတဲ့၊ *မှန်လှပါဘုရား။* ခုနက ဘုန်းကြီးပြောနေတဲ့ သဘာဝတွေက ဒကာဒကာမတွေ ဉာဏ်ရှင်းအောင်မို့ ပြေနေတာ၊ ဝိပဿနာရှုကွက်က အဲလိုလျှောက်ပြီးတော့ တွေးရခေါ်ရမှာ မဟုတ်ဘူးနော်၊ *မှန်လှပါဘုရား။* ဉာဏ်ရှင်းအောင်လို့ သဘောသိအောင်လို့ ရုပ်နာမ်ဓမ္မသဘာဝတွေ ဒီလိုသဘောရှိတယ်ဆိုတာ သိအောင်လို့ ပစ္စက္ခဝိပဿနာနဲ့ တည့်အောင်ရှုရမှာကတော့ အဲဒီ ချီထားတဲ့လက်အုပ်ကိုပဲ ရုပ်နာမ်ဖြစ်ပျက် ဒါရှုဖို့ပဲ၊ ဒါက လုပ်ကွက်။

အဲဒီရုပ်နာမ်ဖြစ်ပျက် ရှုလိုက်တော့ တည့်သလား. . . ရှိတာနဲ့သိတာတည့်ရဲ့လားလို့ဆိုတော့ ချီထားတဲ့လက်အုပ် ရုပ်စုရုပ်ပုံ ရုပ်အစုအဝေးကြီး မဟုတ်လား? *မှန်လှပါဘုရား။* အဲဒီလက်အုပ်ကို ချီချင်တဲ့ နာမ်စု, နာမ်ပုံ, နာမ်ခဏ်၊ ဒီတော့ ဒီရုပ်နာမ်နှစ်ခု လာမတွေ့ဘူးလား? *လာတွေ့ပါတယ်ဘုရား။* ဒီကလည်း ရုပ်နာမ်လို့ရှုတယ် ဟိုကလည်းရှိတာကလည်း ရုပ်နာမ်လို့ မရှိဘူးလား? *ရှိပါတယ်ဘုရား။* ဒါဖြင့် အရှိနဲ့အသိ ထပ်မကျဘူးလား? *ကျပါတယ်ဘုရား။* အရှိနဲ့အသိ ထပ်ကျခဲ့ရင် ရုပ်နာမ်ကို ရုပ်နာမ်အတိုင်း သိတဲ့ဉာဏ်ပေါ်သည်၊ နာမရူပပရိစ္ဆေဒဉာဏ်လို့ခေါ်တယ်၊ *မှန်လှပါဘုရား။* နာမ-နာမ်အုပ်စုနဲ့ ရူပ-ရုပ်အုပ်စုကို၊ ပရိစ္ဆေဒ-

http://www.dhammadownload.com



ပိုင်းခြားပြီးတော့၊ ခွဲခြားပြီးတော့ သိသွားတဲ့ဉာဏ်ဓာတ်ကလေး ပေါ်သွားတယ်၊ မှန်ပါဘုရား။ ဒီတော့ ကိုယ့်က ရှုရမှာကတော့ ရုပ်နာမ်ဖြစ်ပျက် ရှုရမှာပဲ၊ အဲဒီလို ရှုလိုက်တော့ ရုပ်နာမ်ရှိတာကို ရုပ်နာမ်လို့သိလိုက်တဲ့ နာမရူပ ပရိစ္ဆေဒဉာဏ်ပေါ် ရောနော်၊ *မှန်ပါဘုရား*။ နာမရူပပရိစ္ဆေဒဉာဏ်ပေါ်တော့ ဘာကိလေသာနေမိုးကြီးတွေ တိမ်းသွားတုန်းလို့ဆိုတော့ သက္ကာယဒိဋ္ဌိဆိုတဲ့ မိုးအစိုဓာတ် ကင်းသွားတယ်၊ *မှန်ပါဘုရား*။

သက္ကာယဒိဋ္ဌိဆိုတာ ငါသူထင်တာ၊ ဘယ့်သူ ငါသူထင်တုန်း၊ ရုပ်နာမ် ငါသူ ထင်တယ်၊ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အမှတ်တမဲ့ဆိုရင် လက်အုပ်ချီပြီး ထားပြီးတော့ ငါလက်အုပ်ချီတယ်လို့ မပြောကြဘူးလား? *ပြောကြပါတယ်ဘုရား*။ ချီထားတဲ့လက်အုပ်ထဲရှိတာက ရုပ်စုရုပ်ပုံဆိုတဲ့ လက်အုပ်အမူအရာကြီးနှစ်ခု၊ လက်ကြီးနှစ်ခုယှက်ပုံနော်၊ *မှန်ပါဘုရား*။ အဲဒီယှက်ပုံယှက်ဟန်ဆိုတဲ့ ရုပ်ပုံရယ် အဲဒီလက် အုပ်ကို ချီနေအောင်, ပူးနေအောင်, မြှောက်နေအောင်, နဖူးပေါ်တင်နေအောင် လုပ်ထားတဲ့ စိတ်စုစိတ်ပုံ၊ နာမ်ဓာတ်အစုအပုံရယ် ဒီနှစ်ခုရှိတာပဲ မဟုတ်လား? *မှန်ပါဘုရား*။ အဲဒီရုပ်နာမ်နှစ်ခုရှိတာကို သွားပြီးတော့ ငါလက်အုပ်ချီတယ်လို့ သွားလုပ်လိုက်တော့ ရုပ်နာမ်ကို ငါသွား မစွဲလိုက်ဘူးလား? *စွဲနေပါတယ်ဘုရား*။ အဲဒီရုပ်နာမ်က သက္ကာယ၊ ရုပ်နာမ်က သက္ကာယနော်၊ *မှန်ပါဘုရား*။ ရုပ်နာမ်ဆိုတာ ပရမတ္ထအားဖြင့် အထင်ရှားရှိနေလို့ သူ့ကို သက္ကာယလို့ခေါ်တယ်၊ *မှန်ပါဘုရား*။

သ-ပရမတ္ထအားဖြင့် အထင်ရှားရှိတဲ့၊ ကာယ- ရုပ်နာမ်နှစ်ခုအပေါင်း။ လက်အုပ်ချီတဲ့အမူအရာနဲ့ဖြစ်နေတဲ့ ရုပ်စုရုပ်ပုံရယ်၊ လက်အုပ်ချီ ရှိခိုးရာဖြစ်စေတဲ့ နာမ်ဓာတ်အုပ်စုရယ်ဆိုတဲ့ ရုပ်နာမ်နှစ်ခုအပေါင်းကို *သက္ကာယလို့ခေါ်ပါတယ်*။ အဟုတ်ပရမတ္ထအားဖြင့်ရှိလို့ သူတို့က၊ *မှန်လှပါဘုရား*။ အဲဒီပရမတ္ထအားဖြင့် အဟုတ်ရှိနေတဲ့ ရုပ်နာမ်နှစ်ပါးအပေါင်းကို ငါချီတယ်လို့ သွားပြီးတော့ ငါဝင်လိုက်တော့ အဲဒီငါက မရှိတဲ့ငါကို ဝင်စွဲရက်ဖြစ်မနေဘူးလား? *ဖြစ်နေပါဘုရား*။ မရှိဘဲနဲ့ ငါဝင်စွဲနေတယ် လို့ဆိုတော့ မှန်တယ်လို့ခေါ်မလား မှားတယ်လို့ခေါ်မလား? *မှားတယ်လို့ ခေါ်ပါတယ်ဘုရား*။ အဲဒီမှားတာကို ဒိဋ္ဌိလို့ခေါ်ပါသည်၊ နှစ်ရပ်ပေါင်းလိုက်တော့ သက္ကာယဒိဋ္ဌိ။

ဒါဖြင့် ဒကာ ဒကာမတွေ ဘုရားရှင်ကို သမထဘာဝနာကမ္မဋ္ဌာန်းနဲ့ လက်အုပ်ချီနေတဲ့ အခိုက်မှာလည်းပဲ သက္ကာယဒိဋ္ဌိတန်းလန်းကြီးပါပါသည်၊ မပါဘူးလား? ပါနေပါတယ်ဘုရား။ ဒီတော့ သက္ကာယဒိဋ္ဌိက သမထနဲ့ပယ်လို့ ရပ့်မလား?

http://www.dhammadownload.com



မရပါဘုရား။ ဝိပဿနာနဲ့မှ ပယ်လို့ရတယ်. . . တဲ့၊ ဒီတော့ ရုပ်နာမ်ဖြစ်ပျက် ရှုလိုက်တော့ ရုပ်နာမ်၊ ရုပ်နာမ်အတိုင်းဉာဏ်က အာရုံပြုလိုက်သည်နဲ့ တပြိုင်နက် အဲဒီ ဝင်နေကျ လာနေကျ ငါကလေးပျောက်သွားပါတယ်၊ *မှန်ပါဘုရား။* ဒါဖြင့် သက္ကာယ ဒိဋ္ဌိကို ခဏလေးပယ်ထုတ်လိုက်သလို မနေဘူးလား? *နေပါတယ်ဘုရား။* အဲဒါ တဒင်္ဂပဟာန်လို့ခေါ်တယ်၊ *မှန်ပါဘုရား။* တဒင်္ဂပဟာန်ဆိုတာ ခဏလေးပယ်လိုက်တာ၊ အဲဒီခဏလေးပယ်တွေများလာခဲ့ရင် အရှိန်ကောင်းလာခဲ့ရင် များများကြီး ပယ်ဆိုတာ တွေ့ရမယ်၊ အဲဒီများများကြီးပယ်တွေ အားကောင်းလာခဲ့ရင်. . . လောကုတ္တရာမဂ် ဖိုလ်ဆိုတဲ့ အပြီးအပြတ်ပေါ်လာမယ်. . . ။

ဘုန်းကြီးတို့ နာရီဥပမာလေးနဲ့ ကြည့်ပါ. . . တဲ့၊ လောကီဥပမာ-နာရီဒိုင် ခွက်တစ်ခွက်ကနေ ဒိုင်ခွက်တစ်ခွက်၊ တစ်နာရီကနေ နှစ်နာရီဆိုပြီးတော့ ဒိုင်ခွက် တစ်ခွက်ကနေ ဒိုင်ခွက်တစ်ခွက်၊ တစ်နာရီကနေ နှစ်နာရီဆိုပြီးတော့ ဒိုင်ခွက် တစ်ခွက်ကနေ ဒိုင်ခွက်တစ်ခွက် ပြောင်းသွားတာဟာ မိနစ်(၆၀)အကန့်အကန့်လေးတွေ အသေးစိတ်ပြောင်းလာလို့ တစ်နာရီက တစ်နာရီဒိုင်ခွက် ပြောင်းသွားတာမဟုတ်လား? *မှန်ပါဘုရား။* ဒါဖြင့် အဲဒီမိနစ်(၆၀) ကရောဆိုရင် စက္ကန့်ကလေးတွေ အသေးစိတ်မပြောင်းရဘူးလား? *ပြောင်းရပါတယ်ဘုရား။* ဒါဖြင့်-နာရီတစ်ခုက တစ်ခု၊ ဒိုင်ခွက်တစ်ခုက တစ်ခု၊ တစ်နာရီ၊ နှစ်နာရီ၊ သုံးနာရီဆိုတဲ့ သရုပ်ပေါ်အောင်ဟာ စက္ကန့်လေးတွေ အသေးစိတ် ပြောင်းရတယ် မိနစ်လေးတွေ အသေးစိတ်ပြောင်းရတယ်၊ အဲဒီ စက္ကန့်လေးတွေ မိနစ်လေးတွေ အသေးစိတ်ပြောင်းလဲ ပြောင်းလဲ ပြောင်းလဲလာခဲ့မှ တစ်နာရီ နှစ်နာရီ သုံးနာရီလို့ သရုပ်ပေါ်မှာ မဟုတ်လား? *ပေါ်မှာပါဘုရား။*

သောတာပတ္တိမဂ်ဖိုလ် သကဒါဂါမိမဂ်ဖိုလ် အနာဂါမိမဂ်ဖိုလ် အရဟတ္တ မဂ်ဖိုလ်ဆိုတဲ့ မဂ်လေးတန် ဖိုလ်လေးတန်ဆိုတဲ့ ဉာဏ်ထူးဉာဏ်မြတ်ကြီးတွေ မိမိ နှစ်လုံးသားထဲမှာ ဖြစ်ပေါ်ဥပါဒ်ပြီး သကာလ နာရီဒိုင်ခွက်ကြီး သိသိသာသာ ပြောင်းချင်ရင်. . . အခုပြောခဲ့တဲ့ တဒင်္ဂပဟာန်လို့ခေါ်တဲ့ ကာမာဝစရဝိပဿနာ ဉာဏ်နဲ့ရှုပြီးတော့ စက္ကန့်ကလေးတွေ မိနစ်ကလေးတွေ ကိုယ့်သန္တာန်ဖြစ်အောင် မကြိုးစားထိုက်ဘူးလား? *ကြိုးစားထိုက်ပါတယ်ဘုရား။* ဒါဖြင့် ဆိုစမ်းပါအုန်း-

- ❖ မျက်နှာသစ်လျှင်, ရေကိုမြင်, ကြည်လင်မေတ္တာ ပွားပါ့မယ်။
  သစ်ရင်းသစ်ရင်း, ပျက်ယိုယွင်း, ရုပ်ဆင်း သတိထားပါ့မယ်။
  သစ်ရင်းသစ်ရင်း, ပျက်ယိုယွင်း, နာမ်ခင်း သတိထားပါ့မယ်။

မျက်နှာသစ်ပြီဆိုရင် ရေနဲ့တွေ့၊ ရေနဲ့တွေ့တော့ ပထမဆုံး သမထကမ္မ ဋ္ဌာန်းထီးလေးမိုးလိုက်ပါ. . . တဲ့၊ မေတ္တာကမ္မဋ္ဌာန်းနော်၊ *မှန်ပါဘုရား။* သတ္တဝါအားလုံး ဤရေကဲ့သို့ အေးကြပါစေ ဤရေကဲ့သို့ ကြည်ကြပါစေ ဤရေကဲ့သို့ ရှင်းကြပါစေ

http://www.dhammadownload.com



စင်ကြပါစေ. . . လို့ မျက်နှာသစ်တဲ့ အခိုက်ကလေးပဲ၊ မျက်နှာသစ်တဲ့အခိုက် ဆိုတာ အနည်းဆုံးပြောတာပါ။ ဒကာ ဒကာမတွေ တစ်နေ့တစ်နေ့ ရေနဲ့တွေ့တဲ့ အကြိမ်မနည်းပါဘူးနော်၊ *မှန်ပါဘုရား။* ကိုယ်ကသာ အဓိဋ္ဌာန်ပြီးတော့ထားမယ်ဆို လို့ရှိရင် ရေချိုးတိုင်း ရေချိုးတိုင်းကော မေတ္တာပွားလို့ မရဘူးလား? *ရပါတယ် ဘုရား။* ရေသောက်တိုင်း သောက်တိုင်းကော မေတ္တာပွားလို့ မရဘူးလား? *ရပါ တယ်ဘုရား။* ဟာ- မေတ္တာကမ္မဋ္ဌာန်းစီးဖြန်းမယ်ဆိုရင် တစ်နေ့လုံး ရေနဲ့တွေ့တဲ့ အချိန်တိုင်း ပွားလို့ရပါတယ်။

ဒါ- ကိုယ်ပွားနိုင်သလောက် ကိုယ့်မှာမေတ္တာအကျိုး (၁၁)မျိုးဆိုတဲ့ အကျိုး တွေဟာ အိပ်တာချမ်းချမ်းသာသာ အိပ်ပျော်မယ်၊ နိုးတာ ချမ်းချမ်းသာသာနိုးမယ်၊ လူချစ်လူခင်ပေါမယ်, နတ်ချစ်မယ်, လူချစ်မယ်, သွားရာလာရာ မီး, မင်း, ရေ အန္တရာယ်မျိုးတွေ ကင်းမယ်ဆိုတဲ့ သန္ဒိဋ္ဌိက-ကိုယ်တိုင်တွေ့ ကိုယ်တိုင်အကျိုးတရား တွေ ကိုယ်တိုင်ရပါလိမ့်မယ်. . . တဲ့။ တရားတော်ရဲ့ ဂုဏ်တော်ထဲမှာ သန္ဒိဋ္ဌိကော ဆိုတာပါတယ်၊ *မှန်ပါဘုရား။* အခုကျင့် အခုရမယ်၊ အခုကျင့် အခုတွေ့မယ်၊ ကိုယ်တိုင်ကျင့် ကိုယ်တိုင်တွေ့မယ်နော်၊ *မှန်ပါဘုရား။* ဒီတော့ မေတ္တာကမ္မဋ္ဌာန်း ဆိုတဲ့ သမထကမ္မဋ္ဌာန်း စီးဖြန်းမိလိုက်သည်နဲ့ တပြိုင်နက် "သစ်ရင်း သစ်ရင်း, ပျက်ယိုယွင်း, ရုပ်ဆင်းသတိထားပါ့မယ်. . . "ဟော- ဝိပဿနာလိုက်လာတာ နောက်က၊ မစိုးရိမ်ဆရာတော်ဘုရားကြီးက ဝိပဿနာပါလိုက်အောင်လို့ လင်္ကာ လေးတွေ ရေးပေးထားတာနော်၊ *မှန်ပါဘုရား။*

ဒီတော့ ယနေ့အားလုံးသော ပရိသတ်ကြီး. . . မျက်နှာသစ်နေရင်း သစ် နေရင်းနဲ့ ဒီမျက်နှာမှာ မျက်စိတွေ မွဲမလာဘူးလား? *မွဲလာပါတယ်ဘုရား။* ပရိသတ် ကြီး ဖြေစမ်းပါအုံး၊ မျက်စိတွေ မွဲမလာဘူးလား? *မွဲလာပါတယ်ဘုရား။* ဒကာ ဒကာမတွေ နေ့တိုင်း မနက်တိုင်း မျက်နှာသစ်ကြတာပဲနော်၊ အဲဒီလို မျက်နှာသစ် ရင်းပဲ ဒီမျက်နှာက သွားတွေ ကျိုးမလာဘူးလား? *ကျိုးလာပါတယ်ဘုရား။* ဒီမျက် နှာသစ်နေရင်းနဲ့ပဲ ဒီမျက်နှာမှာရှိနေတဲ့နားတွေ ထိုင်းမလာပေဘူးလား? *ထိုင်းလာ ပါတယ်ဘုရား။* ဒါဖြင့် "သစ်ရင်းသစ်ရင်း, ပျက်ယိုယွင်း, ရုပ်ဆင်း သတိထားပါ့မယ် . . . " အိုလာတယ်, နားတွေ ထိုင်းလာတယ်, သွားတွေကျိုးလာတယ်, ပါးရေတွေ တွန့်လာတယ်၊ ဒီမျက်နှာပဲ၊ နေ့တိုင်း ရေဆေးပြီးတော့ တကတည်း ဆပ်ပြာမွှေး တွေ ဘာတွေနဲ့ ဆေးကြောရင်းနဲ့ပဲ ဒီမျက်နှာဟာ အိုအိုလိုက်မလာဘူးလား? *အိုအိုလိုက်လာပါတယ်ဘုရား။*

ဒါဖြင့် ဒီမျက်နှာမှာရှိနေတဲ့ ရုပ်အစဉ်တွေ ရုပ်စုရုပ်ပုံတွေ ရုပ်ခန္ဓာလို့ခေါ် တဲ့ ရူပက္ခန္ဓာတွေ. . . အမြဲတန်း ဖောက်ပြန်ပြောင်းလဲပြီးတော့ ဇရာဓမ္မ သဘာဝနဲ့

http://www.dhammadownload.com



တရွေ့ရွေ့ တငွေ့ငွေ့ အိုပြီးတော့ ရင့်ရော်နေတဲ့ သဘောမသေချာဘူးလား ပရိသတ်ကြီး? *သေချာပါတယ်ဘုရား*။ အဲဒီရင့်ရော်နေတဲ့ ထင်ရှားတဲ့ဇရာ, ရင့်ရော်နေသလို မထင်ရှားတဲ့ ဇရာအနေနဲ့လည်းပဲ တငွေ့ငွေ့, တရွေ့ရွေ့ ဒီရုပ်တွေ ပြောင်းနေတယ် ပျက်နေတယ် ဖြစ်ပျက်နေတယ်ဆိုတာ မသေချာဘူးလား? *သေချာပါတယ်ဘုရား*။ အဲဒီဟာလေး ဖမ်းတဲ့ပြီးတော့ ဝိပဿနာရှုရမှာ။ ဒီတော့ မျက်နှာသစ်ပြီးပြီ၊ မျက်နှာသစ်တုန်း မေတ္တာပို့လိုက်ပြီ၊ မေတ္တာပို့ပြီးသည်နဲ့ တပြိုင်နက်. . . တဲ့ သမထကမ္မဋ္ဌာန်းကနေပြီးတော့ ဝိပဿနာဆက်ပြီးတော့ ကူးလိုက်စမ်းပါအုန်းတဲ့။

ဒီတော့ ဝိပဿနာဆက်ကူးလိုက်တော့ မျက်နှာသစ်ရင်းနဲ့လည်း ဒီမျက်နှာမှာရှိနေတဲ့ ရုပ်စုရုပ်ပုံ နာမ်စုနာမ်ပုံ အာရုံပြုတဲ့ပြီးတော့ ရုပ်နာမ်ဖြစ်ပျက်, ရုပ်နာမ်ဖြစ်ပျက်, ရုပ်နာမ်ဖြစ်ပျက်, မျက်နှာကို လက်ကသစ်ရင်းနဲ့ လက်က မျက်နှာသွားထိတဲ့ဖောဋ္ဌဗ္ဗာရုံ အာရုံပြုလို့ပဲဖြစ်ဖြစ်။ ဟာ-မျက်နှာမှာ ရှိနေတဲ့ ရုပ်နာမ်ကိုပဲ အာရုံပြုလို့ပဲဖြစ်ဖြစ်၊ ရုပ်နာမ်ဖြစ်ပျက်, ရုပ်နာမ်ဖြစ်ပျက်, ရုပ်နာမ်ဖြစ်ပျက်,နဲ့ ရှုနေပြီဆိုရင် မျက်နှာ မှာရှိနေတဲ့ ရုပ်စုရုပ်ပုံနဲ့ အဲဒီ မျက်နှာသစ်နေတဲ့ လက်တို့ရဲ့ လှုပ်ရှားအောင်အတွင်းက လှုပ်စေချင်ရှားစေချင် ပွတ်စေချင်တဲ့ နာမ်စုနာမ်ပုံ ဒီနှစ်ခုလာပြီးတော့ မိနေတယ်၊ ဉာဏ်ထဲမှာ အဲဒီနှစ်ခုဆုပ်မိနေတယ်၊ *မှန်ပါဘုရား*။ အဲဒီလို ဆုပ်မိနေတဲ့အတိုင်း ရုပ်နာမ်ဖြစ်ပျက်, ရုပ်နာမ်ဖြစ်ပျက်နဲ့ ရှုနေရင် ရှိနေတာကလည်း ရုပ်နာမ်, သိနေတာကလည်း ရုပ်နာမ်, ဉာဏ်ကလည်း ရုပ်နာမ်သိနေတယ်၊ ရှိတာကလည်း ရုပ်နာမ်ရှိနေတယ်ဆိုတော့ သက္ကာယဒိဋ္ဌိ မဖြုတ်ပြန်ဘူးလား? *ဖြုတ်ပါတယ်ဘုရား*။

နာမရူပ ဝဝတ္ထာနေန သက္ကာယဒိဋ္ဌိ ပဟီနာ ဟောတိ။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာ စာက။ နာမရူပဝဝတ္ထာနေန-ရှိနေတဲ့ရုပ်နာမ်ကို ရှိနေတဲ့အတိုင်း ရုပ်နာမ်လို့သိနေတဲ့အခိုက်မှာဖြင့်၊ သက္ကာယဒိဋ္ဌိ-ရုပ်နာမ်အပေါ်မှာ ငါကောင်သူကောင် ယောကျ်ားမိန်းမ အထင်လွဲ စွဲလာခဲ့တဲ့ သက္ကာယဒိဋ္ဌိကြီးကို၊ ပဟီနာ ဟောတိ-ပယ်ပြီးဖြစ်နေပါတယ်. . . တဲ့။ အဲဒီအခိုက်ကလေး အဲဒီအခိုက်ကလေးလေး. . ရုပ်နာမ်ဖြစ်ပျက်လို့ရှုတဲ့အချိန် ဉာဏ်က ရုပ်နာမ်ဖြစ်ပျက်ရှုလိုက်တိုင်း တည့်နေတယ်၊ တည့်နေတဲ့အချိန်တိုင်း အချိန်တိုင်းမှာ. . . တဲ့ သက္ကာယဒိဋ္ဌိဆိုတဲ့ ကိလေသာတရားဆိုးကြီးက ပြုတ်ပြုတ်ကျသွားပါတယ်၊ *မှန်ပါ ဘုရား*။ သက္ကာယဒိဋ္ဌိကြီး ကိလေသာဆိုးကြီး ပြုတ်ကျသွားရင် လောဘတို့ ဒေါသတို့ကလည်း နောက်က ထွန်နောက်ရေပါ၊ ပါသွားကုန်တယ်၊ *မှန်ပါဘုရား*။

http://www.dhammadownload.com



ဒီတော့ ကိလေသာတွေ ဘယ်လောက်ကုန်တယ်၊ ဘယ်လောက်ပြုတ်တယ်၊ တစ်နေ့တစ်နေ့ ဘယ်လောက်ကုန်တယ်ဆိုတာကတော့ ကိုယ့်ဘာကို တွက်လို့ မရဘူးပေ့၊ သိချင်မှသိမယ်ပေ့၊ ကုန်တာကတော့ အမှန်ပဲ၊ ကိုယ်ရှုတိုင်း ရှုတိုင်း ရှုပွားမှုအားကောင်း အားကောင်းသလောက် ကုန်တာကတော့ အမှန်ပဲ၊ အဲဒီလို ကုန်တာတွေ အသေးစိတ်ကုန်တာလေးတွေ တဒင်္ဂပဟာန်လို့ခေါ်တဲ့ ကာမာဝစရဉာဏ်နဲ့ ဝိပဿနာမဂ်နဲ့ပယ်သတ်တာလေးတွေ များလာလို့ အားကောင်းလာလို့ ကြီးထွားလာလို့ရှိရင်. . . စက္ကန့် (၆၀)ဆိုတော့ တစ်မိနစ်ခွက် ပေါ်မလာဘူးလား? *ပေါ်လာပါတယ်ဘုရား*။ မိနစ် (၆၀)ဆိုတော့ တစ်နာရီခွက် ပြောင်းမသွားပေဘူးလား? *ပြောင်းသွားပါတယ်ဘုရား*။

အဲဒီလိုပဲ သောတာပတ္တိမဂ် သောတာပတ္တိဖိုလ်ဆိုတဲ့ နာရီဒိုင်ခွက်ကြီးတွေ. . . ဒီလိုပေါ်လာမယ်လို့ ယုံကြည်စိတ်ရှိရင် အသေးစိတ်က အားမထုတ်ထိုက်ဘူးလား? *အားထုတ်ထိုက်ပါတယ်ဘုရား*။ အဲဒီလို အသေးစိတ်တော့ မလုပ်ချင်ဘဲနဲ့ သောတာပတ္တိဖိုလ်ကျော်ပြီးတော့ နာရီဒိုင်ခွက်ပြောင်းချင်လို့တော့ မရဘူး ဒကာ ဒကာမတို့နော်။ ဒီတော့ ယုံကြည်မှုက အဲဒီ အသေးစိတ်အားထုတ်မှုပေါ်မှာ ယုံကြည်ပြီးသကာလ သက္ကာယဒိဋ္ဌိကို ပယ်နေတယ်. . . ဘယ်လောက်ပယ်တုန်း၊ အို-စိတ်ဆိုတာ တစ်နေ့တစ်နေ့ ခုနကပြောသလိုပဲ လက်ဖျောက်တစ်ချက်တီး အတွင်း ကုဋေတစ်သိန်းလောက် ဖြစ်ပျက်ပါတယ်ဆိုမှတော့ ဒီပေါ်မှာ ငါထင်လိုက်တဲ့ တစ်ချက်လေးမှာ သက္ကာယဒိဋ္ဌိပေါင်း မရေမတွက်နိုင်အောင် မဖြစ်ပေဘူးလား? *ဖြစ်ပါတယ်ဘုရား*။

ဝိပဿနာမဂ်တစ်ချက်တည့်လိုက်တယ်ဆိုရင်ပဲ အဲဒီသောတာပတ္တိ ဝိပဿနာမဂ်ကပယ်လိုက်တဲ့ သက္ကာယဒိဋ္ဌိဟာ ထုထည်ဘယ်လောက်ပြုတ်သွားတယ်ဆိုတာ တိုင်းတာလို့ရပါ့မလား? *မရပါဘုရား*။ သို့သော် သရုပ်သကောင် ပေါ်လာတယ်၊ သောတာပတ္တိမဂ်ဖိုလ်ဆိုတဲ့ လောကုတ္တရာမဂ်ဖိုလ်ကြီးတွေ ပေါ်လာပြီဆိုတော့မှ သရုပ်သကောင်က အဲဒီတင် ပေါ်လာတယ်နော်၊ *မှန်ပါဘုရား*။

ဝါသိဇဋသုတ်တော်ဆိုတာ ဘုရားရှင်က ဒီနေရာမှာ ဟောတော်မူတယ်။ လက်သမားကြီးတစ်ယောက်. . . တဲ့၊ ပဲခွပ်ကိုင်ပြီး အလုပ်လုပ်တော့ ကြာတော့ ပဲခွပ်မှာ လက်ယာချိုင့်ပြီးတော့ ထင်ကျန်ရစ်တယ်၊ *မှန်ပါဘုရား*။ လက်ယာချိုင့်ပြီးတော့ ထင်ကျန်ရစ်တော့ ဒီပဲခွပ်ရိုးမှာ ချိုင့်ပြီးတော့ ထင်တာဟာ တစ်နေ့ထဲနဲ့ ချိုင့်သွားတာတော့ မဟုတ်ဘူး၊ လပေါင်းများ နှစ်ပေါင်းများစွာကြာမှ ပဲခွပ်ရိုးမှာ လက်ယာချိုင့်ထင်သွားတာ မဟုတ်လား? *မှန်ပါဘုရား*။ ဒါဖြင့် လက်ယာချိုင့်ထင်တယ်ဆိုရင် ဒီပွဲခွပ်ရိုးမှာရှိနေတဲ့ အသားမှုန်အသားမွှာလေးတွေ နေ့စဉ်နဲ့အမျှ

http://www.dhammadownload.com



လက်သမားကြီးက ကိုင်တိုင်း ကိုင်တိုင်း ရုပ်မှုန်ရုပ်မွှားလေးတွေ တဖြေးဖြေးနဲ့ ပွန်းပွန်း ပွန်းပွန်းပြီးတော့ ကုန်နေတယ်ဆိုတာ မသေချာဘူးလား? *သေချာပါတယ် ဘုရား။* ကုန်လို့သာ ချိုင့်သွားတာဖြစ်ရမှာပေါ့၊ ဒါပေမယ့်လို့ အဲဒီလက်သမားကြီး က တစ်နေ့တစ်နေ့မှာ ငါကိုင်လိုက်တဲ့အတွက် ပဲခွပ်ရိုးက ရုပ်မှုန်ရုပ်မွှား ဘယ် လောက်ကုန်တယ်လို့ သူသိသလား? *မသိပါဘုရား။* သိဖို့ရော လိုသလား? *မလိုပါ ဘုရား။* မလိုပါဘူး. . . တဲ့ နေ့စဉ်အလုပ်လုပ်ဖို့တာဝန်က သူ့တာဝန်။

ထို့အတူပင်လျှင် ယနေ့ ဒကာ ဒကာမတွေ. . . တဒင်္ဂပဟာန်လို့ခေါ်တဲ့ ကာမာဝစရဉာဏ် ဝိပဿနာဉာဏ် ဝိပဿနာမဂ်နဲ့ ပယ်သတ်မှုဆိုတဲ့ နေ့စဉ်လက် သမားကြီး အလုပ်လုပ်သလို ကိုင်ပြီးတော့ ပဲခွပ်နဲ့ခုပ်ခြင်းဆိုတဲ့ အလုပ်မျိုးကို မှန်မှန်လုပ်နေခဲ့ရင်. . . ကိုယ်က ဘယ်လောက်ပယ်တယ်၊ ဘယ်လောက်ကုန် တယ်၊ ကိလေသာ ဘယ်လောက်ကုန်သွားပြီလို့ မသိရင်နေပါစေ. . . တဲ့ ကုန်တာ ကတော့ အမှန်ပါပဲတဲ့။ မကုန်ပေဘူးလား? *ကုန်မှာပါဘုရား။* ကုန်လို့ ပဲခွပ်ရိုးကြီး ချိုင့်သွားတာမဟုတ်လား? *မှန်ပါဘုရား။* ထို့အတူပင်လျှင်တစ်နေ့မှာ သောတာပတ္တိ မဂ် သောတာပတ္တိဖိုလ်, သကဒါဂါမိမဂ် သကဒါဂါမိဖိုလ်, အနာဂါမိမဂ် အနာဂါမိ ဖိုလ်, အရဟတ္တမဂ် အရဟတ္တဖိုလ်ဆိုတဲ့ တရားထူး တရားမြတ်ကြီးတွေ. . . အထင်အရှားပေါ်လာပြီးတော့ ချိုင့်သွားတာ မသေချာဘူးလား? *သေချာပါတယ် ဘုရား။* ကိုင်း-ဒါဖြင့် လိုက်ဆိုစမ်းပါအုန်း-

❖ **ကိုယ်လက်သုတ်သင်, ပြုဆဲတွင်, ဆင်ခြင်အသုဘ ပွားပါ့မယ်။**
**ပွားရင်းပွားရင်း, ပျက်ယိုယွင်း, ရုပ်ဆင်း သတိထားပါ့မယ်။**
**ပွားရင်းပွားရင်း, ပျက်ယိုယွင်း, နာမ်ခင်း သတိထားပါ့မယ်။**

အသုဘဘာဝနာပေါ်လာရင်လည်း သမထကမ္မဋ္ဌာန်းအနေနဲ့ အသုဘ ဘာဝနာပွားတော့ ခန္ဓာကိုယ်ပေါ်မှာ ခင်မင်တွယ်တာမှုဆိုတဲ့ အခု သမထ ကမ္မဋ္ဌာန်းနဲ့ပယ်သတ်နိုင်တဲ့ စွမ်းရည်သတ္တိရှိတဲ့ လောဘ ဒေါသစာတ်တွေ သတ်တဲ့ အပြင် ရုပ်နာမ်ကို ငါကောင်သူကောင်ထင်နေတဲ့ သက္ကာယဒိဋ္ဌိအစရှိတဲ့ တရားဆိုး တွေ. . . အဲဒီ အသုဘဘာဝနာပွားပြီးတော့ ဝိပဿနာစဉ် ကိုယ့်ခန္ဓာကိုယ်ကြီးရဲ့ လှုပ်ရှားရင် လှုပ်ရှားတာ, သွားရင် သွားတာ, ရပ်ရင် ရပ်တာ, ထိုင်ရင် ထိုင်တာ မှန်သမျှ ရုပ်နာမ်ဖြစ် ပျက်, ရုပ်နာမ်ဖြစ် ပျက်, ရုပ်နာမ်ဖြစ်ပျက်။ ဒါ- ရှုသွားဖို့ပဲနော်၊ *မှန်ပါဘုရား။*

အဲဒီလို ရှုသွားခဲ့လို့ရှိရင် သွားချင်တဲ့နာမ်ရယ် သွားဟန်ပြုတဲ့ရုပ်ရယ်၊ ဒီရုပ်နာမ်နှစ်ပါးသာလျှင် ဒီခန္ဓာကိုယ်မှာ အမြဲအစဉ်ထာဝရ သက္ကာယအနေနဲ့ ပရမတ္ထအားဖြင့် အမှန်ထင်ရှားရှိနေသည်ဖြစ်လေသောကြောင့် မိမိရှုလိုက်တိုင်း

http://www.dhammadownload.com



ရှုလိုက်တိုင်း အဲဒီရုပ်နာမ်နှစ်ပါးကို ရှုရက်ဖြစ်မယ်၊ ဉာဏ်နဲ့ငုံပြီးရက်ဖြစ်မယ်၊ ဉာဏ်နဲ့ဆုပ်မိရက်ဖြစ်မယ်၊ အဲဒီလို ဉာဏ်နဲ့ဆုပ်မိရက် ငုံမိရက်ဖြစ်နေတဲ့ အခိုက်ကလေး အခိုက်ကလေးမှာ ဘာဖြစ်လာတုန်းလို့ဆိုတော့ ရုပ်နာမ် ရုပ်နာမ်အတိုင်း သိလိုက်ပြီဆိုတော့ ရုပ်နာမ်က ဒုက္ခသစ္စာဖြစ်နေတော့ အဲဒီဒုက္ခသစ္စာကို ပိုင်းခြားသိမှုဆိုတဲ့ ကိစ္စကြီးလည်းပြီးပါတယ်။ ဒကာဒကာမတို့ မပြီးဘူးလား? *ပြီးပါတယ်ဘုရား*။ ရုပ်နာမ်ဖြစ်ပျက်လို့ ရှုလိုက်တော့ ရုပ်နာမ်က ဒုက္ခသစ္စာမဟုတ်လား? *မှန်ပါဘုရား*။ အဲဒီဒုက္ခသစ္စာကို ရုပ်နာမ်အဖြစ်နဲ့ သိလိုက်တယ်ဆိုတာ ဒုက္ခသစ္စာကို ဒုက္ခသစ္စာအဖြစ်နဲ့ သိလိုက်တာမြင်လိုက်တာ ဖြစ်မသွားဘူးလား? *ဖြစ်သွားပါတယ်ဘုရား*။

အဲဒီလို သိလိုက်မြင်လိုက်တဲ့ ဉာဏ်လေးပေါ်နေတဲ့အချိန်မှာ ဒီခန္ဓာကိုယ်ကို ရုပ်နာမ်ကို ငါကောင်းသူကောင်းထင်ပြီးတော့ ခင်တယ်ဆိုတဲ့ တဏှာစိတ်မလာဘူး၊ လာသေးရဲ့လား ပရိသတ်ကြီး? *မလာတော့ပါဘုရား*။ ဒီဉာဏ်လေးတည့်နေတဲ့အချိန်၊ ဒီဉာဏ်လေးဖြစ်နေတဲ့အချိန်မှာ လောဘမယှဉ်တာ သေချာတယ်၊ သင်္ကြိုဟ်သင်ဖူးတဲ့သူဆိုရင် ဉာဏ်နဲ့ယှဉ်တဲ့ကုသိုလ်မှာ လောဘမယှဉ်ဘူးဆိုတာ အဘိဓမ္မာသဘာဝ လေ့လာဖူးတဲ့ပုဂ္ဂိုလ်တွေ အမျိုးသား အမျိုးသမီးတွေ ပိုသိပါလိမ့်မယ်။ အဲဒီလို အဘိဓမ္မာ မလေ့လာဖူးလည်းပဲ ဒီဉာဏ်စိတ်ကလေးဖြစ်နေတဲ့အခိုက်မှာဖြင့် ဒီခန္ဓာကိုယ်ပေါ်မှာ ငါကောင်းသူကောင်းထင်ပြီးတော့ ခင်တယ်ဆိုတဲ့ လောဘစိတ် မလာဘူးလို့ ယုံကြည်လိုက်စမ်းပါ၊ ဒီတော့ မလာဘူးဆိုတော့ လောဘစိတ်ကို သမုဒယသစ္စာက သတ်တာပဲ။ ဒီတော့ သမုဒယသစ္စာတဏှာ သေမနေဘူးလား အဲဒီချိန်? *သေပါတယ်ဘုရား*။ ဒါကို သမုဒယသစ္စာတဏှာ ပယ်တယ်. . . လို့ ခေါ်တယ်။

ဒါဖြင့် သမုဒယသစ္စာတဏှာ အဲဒီလိုပယ်ထားလိုက်တဲ့အတွက် ဒီရုပ်နာမ်ခန္ဓာတွေ နောက်ထပ်နောက်ထပ်ရတယ်ဆိုတာ အဲဒီသမုဒယသစ္စာကြောင့်ရတာ ဒကာဦးမြစိန်၊ *မှန်ပါဘုရား*။ သမုဒယသစ္စာတဏှာက ခင်တော့ လိုချင်ရော၊ လိုချင်တာက ဘာလို့ လိုချင်တုန်း၊ အကောင်းထင်လို့ လိုချင်တာ၊ အကောင်းထင်တော့ လိုချင်၊ လိုချင်တော့ စွဲလမ်း၊ စွဲလမ်းတော့ ဒီရုပ်နာမ်ခန္ဓာရကြောင်းတွေ မလုပ်မိဘူးလား? *လုပ်မိပါတယ်ဘုရား*။ ဟာ-လုပ်မိပြီဆိုတော့ နောက်ထပ်ဇာတိတွေ ရရော၊ ဒါဖြင့် ရုပ်နာမ်အသစ်အသစ်တွေ ပေါ်တယ်ဆိုတာ လက်သည်က ဒီတဏှာ မသေချာဘူးလား? *သေချာပါတယ်ဘုရား*။ ဒါဖြင့် ဒီတဏှာလေးကို ဝိပဿနာမဂ်နဲ့ ပယ်သတ်ထားနိုင်တယ်, ရှင်းထားနိုင်တယ်, တွန်းထားနိုင်တယ်, ဖယ်ထားနိုင်တယ်ဆိုခဲ့ရင် အဲဒီဝိပဿနာနဲ့ ဖယ်တွန်းပစ်လိုက်တဲ့ တဏှာစိတ် နောက်ထပ်

http://www.dhammadownload.com



လာမယ့် ရုပ်သစ်နာမ်သစ် သူ့ကြောင့်ဖြစ်မယ့် ရုပ်နာမ်အသစ် လာပါအုံးမလား? *မလာပါဘုရား*။ မလာလို့ရှိရင် အဲဒါကို အပ္ပဝတ္တိနိရောဓတဲ့ နိဗ္ဗာန်လို့ခေါ်ပါတယ်၊ *မှန်ပါဘုရား*။

နိဗ္ဗာန်ဆိုတာ အဲဒီသမုဒယသစ္စာတဏှာ သေတဲ့အတွက် မရှိတဲ့အတွက် သူ့ကြောင့်ဖြစ်ပေါ်လာမယ့် ရုပ်သစ်နာမ်သစ်တွေ မဖြစ်ပေါ်တော့ဘဲနဲ့ ငြိမ်းလို့ အေးချမ်းလို့ဆိုတာကို နိဗ္ဗာန်လို့ခေါ်ပါတယ်၊ အဲဒီနိဗ္ဗာန်ဘက်ကို ဝိပဿနာမဂ်က လေးက မျက်နှာလှည့်နေတယ်၊ ဝိပဿနာမဂ်က သူရုပ်နာမ်ပေါ်တော့ ဖြစ်ပျက်ရှု နေတာပဲ ရှုတာက။ ဒါပေမယ့်လို့ ဘယ် လှမ်းလှမ်းပြီး မျက်စောင်းထိုးနေတုန်းလို့ ဆိုတော့ အဲဒီ ရုပ်နာမ်ခပ်သိမ်း အေးငြိမ်းနေတဲ့၊ တဏှာဆိုတဲ့ အကြောင်းသမုဒယ သစ္စာသေတဲ့အတွက် သူ့ကြောင့်ဖြစ်ပေါ်လာမယ့် ရုပ်သစ်နာမ်သစ်တွေ မဖြစ်ပေါ် တော့ဘဲနဲ့ ငြိမ်းတယ်ဆိုတာ အပ္ပဝတ္တိနိရောဓလို့ ပါဠိလိုခေါ်ပါတယ်။ အပ္ပဝတ္တိ-ဆိုတာ မဖြစ်ပေါ်လာဘဲနဲ့၊ နိရောဓ-ငြိမ်းတာ။ နိဗ္ဗာန်ငြိမ်းတယ်ဆိုတာ ရုပ်နာမ် ဖြစ်ပြီးသားတွေ ငြိမ်းတာကို နိဗ္ဗာန်လို့ မခေါ်ပါဘူးနော်၊ *မှန်ပါဘုရား*။ အပ္ပဝတ္တိ နိရောဓ မဖြစ်ပေါ်ဘဲနဲ့ ငြိမ်းတဲ့အငြိမ်း။

အဲဒီမဖြစ်ပေါ်ဘဲနဲ့ ငြိမ်းတဲ့အငြိမ်းကို တဏှာက အာရုံပြုနိုင်သေးလားဆို တော့ တဏှာက မပြုနိုင်တော့ဘူး။ ဒီတော့ တဏှာက အာရုံမယူနိုင်ဘူးလို့ဆိုတော့ တဏှာ နိရောဓော နိဗ္ဗာနံ-ဆိုတာ သူခေါ်တာ၊ နိဗ္ဗာန်-နိဗ္ဗာန်ဆိုတာက၊ နိ ဝါန၊ နိ-ဆိုတာက မရှိတာ၊ ဝါန-က တဏှာ၊ တဏှာမရှိတာ နိဗ္ဗာန်လို့ဆိုလိုက် တော့ အဲဒီ တဏှာကြောင့်ဖြစ်ပေါ်မယ့် ရုပ်သစ်နာမ်သစ်တွေ ငြိမ်းနေတဲ့နိဗ္ဗာန်ကို တဏှာမကပ်နိုင်ဘူးတဲ့၊ ဒါကို နိဗ္ဗာန်လို့ခေါ်တယ်နော်၊ *မှန်ပါဘုရား*။ ဒါဖြင့်ရင် ဝိပဿနာမဂ် တစ်ချက်တည့်တိုင်း တည့်တိုင်း ဒုက္ခသစ္စာကို ပိုင်းခြားသိမှုကိစ္စပြီး တယ်နော်၊ သမုဒယသစ္စာ တဏှာပယ်သတ်မှုကိစ္စ ပြီးတယ်၊ နိဗ္ဗာန်လို့ခေါ်တဲ့ နိရောဓသစ္စာတရားကို အနုမာနနည်းနဲ့ မျက်မှောက်ပြုမှု၊ ဝိပဿနာမဂ်ကတော့ တိုက်ရိုက်နိဗ္ဗာန်ကို မမြင်သေးဘူး ဦးမြစိန်၊ *မှန်ပါဘုရား*။ သောတာပတ္တိမဂ် သောတာပတ္တိဖိုလ်ဆိုတဲ့ လောကုတ္တရာမဂ်ကမှ နိဗ္ဗာန်ကို တိုက်ရိုက်မြင်နိုင်တယ်၊ ဝိပဿနာမဂ်ကတော့ အနုမာနနည်းနဲ့ မှန်း. . . ပြီးတော့ လှမ်းပြီးတော့ အာရုံ ပြုတာပဲရှိသေးနော်၊ ဒါကိုပဲ မျက်မှောက်ပြုတယ်လို့ တစ်စိတ်တစ်ပိုင်းခေါ်ရတာ၊ *မှန်ပါဘုရား*။

ဒါဖြင့် အဲဒီလို ရုပ်နာမ်ကို ရုပ်နာမ်ဖြစ်ပျက် မြင်လိုက်တဲ့အချိန်မှာ ရှိတာက လည်း ရုပ်နာမ်ဆိုတော့ အမှန်မြင်ဖြစ်လေသောကြောင့် သမ္မာဒိဋ္ဌိ။ သမ္မာဒိဋ္ဌိဆိုတာ

http://www.dhammadownload.com



သမ္မာဆိုတာ မှန်တာ၊ ဒိဋ္ဌိက အမြင်ဆိုတော့ သမ္မာဒိဋ္ဌိဖြစ်နေပါတယ်ဆိုတော့၊ မဂ္ဂသစ္စာလည်း ပွားပြီးသား ဖြစ်မသွားဘူးလား? *ပွားပြီးသား ဖြစ်သွားပါတယ်ဘုရား*။ ဒီတော့ ဝိပဿနာ တစ်ချက်တည့်တိုင်း တည့်တိုင်း ဒကာ ဒကာမတို့ သစ္စာလေးပါးပါနေတယ်၊ သစ္စာလေးပါးဆိုက်နေပါတယ်။

ဒါကြောင့် သစ္စာလေးပါးလည်းဆိုက် ဆိုင်ရာကိလေသာတွေကိုလည်း ပယ်သတ်နိုင်တဲ့ ရုပ်နာမ်ဖြစ်ပျက်တရားကို အချိန်မှန်ထားပြီးတော့ ရှုပွားနေနိုင်ခဲ့ရင် ဆိုင်ရာကိလေသာတွေ တဖြေးဖြေး၊ တဖြေးဖြေးနည်းသွား ကျဲသွား၊ ပါးသွား၊ ခေါင်းပါးသွား နောက်ဆုံး အမြစ်ပြတ်သေ. . . လို့ သောတာပတ္တိမဂ်-ဖိုလ်၊ သကဒါဂါမိမဂ်-ဖိုလ်၊ အနာဂါမိမဂ်-ဖိုလ်၊ အရဟတ္တမဂ်-ဖိုလ်ဆိုတဲ့ တရားထူးကြီးတွေကိုရမယ်။ ဒီတော့ ကိလေသာမိုးဒဏ် ကိလေသာနေပူဒဏ် ကာကွယ်ထားဖို့လည်း သမထဘာဝနာထီး ဝိပဿနာဘာဝနာထီးဆိုတဲ့ထီး မိုးမထားထိုက်ဘူးလား? *မိုးထားထိုက်ပါတယ်ဘုရား*။ ကိုင်း-ဒါဖြင့် အစကပြန်ပြီးတော့ တစ်ခေါက်လောက် လိုက်စမ်းပါအုန်း-

❖ အထုပ်ကိုယ်စီ၊ ပိုက်ကာချီ၊ လာလမ်းဆီသို့၊ သွားကြတယ်။
မလုံ့တစ်လုံ၊ ဝတ်ပိုင်းခြုံ၊ ဘယ်ပုံဒဏ်တို့ တားပါ့မယ်။
နေပူမိုးရွာ၊ ထီးမပါ၊ ကြီးစွာဒုက္ခ၊ ကြုံတော့မယ်။
မိုးရိပ်လှပြီ၊ ခရီးသည်၊ ဘယ်ဆီဝင်လို့ အိပ်ပါ့မယ်။

ဟော-ဒီတော့ ဒကာ ဒကာမတွေ သံသရာခရီးသွားတွေ. . . တဲ့ သံသရာခရီးသွားတွေ၊ ကိုယ့်ကိုယ်ကို သံသရာခရီးသွားတွေလို့ ပရိသတ်ကြီးဝန်ခံထားတာ မဟုတ်လား? မှန်ပါဘုရား။ အဲဒီ သွားရမယ့်ခရီးကြီးကလည်းရှည်. . . အများစု ကြည့်လိုက်တော့လည်း ရိက္ခာထုပ်ကလည်းနည်း၊ ဝတ်ထည်ဖျင်စင်းဆိုတဲ့ သီလက လည်း မလုံ့တလုံ၊ ဘာဝနာထီးဆိုတာကလည်း တစ်လက်မှ မပါ၊ ဒါဖြင့် မဆင်းရဲပေဘူးလား? *ဆင်းရဲမှာပါဘုရား*။ အဲဒီလိုဆင်းရဲမှာကို ဘုရားရှင်က မြင်တော်မူလို့။

ဂန္တဗ္ဗော အဒ္ဓါ စ-မရပ်မနား၊ ရဟတ်ချားသို့၊ မပြတ်သွားရန်၊ သံသရာခရီး၊ ကန္တာရကြီးကလည်း၊ ဒီဃော-လှမ်းနေသမျှ၊ မှန်းခြေဆလည်း၊ မရတာရှည်၊ ရှည်လျားလှချေ၏၊ အဒ္ဓိကာ စ-သံသရာလမ်းတစ်လျှောက်၊ စခန်းထောက်၍၊ တကောက်ကောက်သွားသူ၊ အများလူတို့ကလည်း၊ ဥမ္မတ္တကာ-ပုထုဇဉ်ပီပီ၊ မသတိစရာ၊ ငါးဖြာအာရုံ၊ ကာမဂုဏ်ဘီလူးဖမ်းသဖြင့်၊ အရူးအနှမ်းတို့ချည်းသာ တည်း. . .။ ကိုယ့်ရိက္ခာထုပ်ကလေးထုပ်ဖို့၊ ကိုယ့်ဝတ်ထည်ဖျင်စင်းသီလလေး လုံလုံခြုံခြုံ ပြင်ဆင်ဝတ်ဖို့၊ ဘာဝနာထီးလေးများ မိုးပေးဖို့လိုတယ်။

http://www.dhammadownload.com



ဘုရားရှင်က ငါးဖြာအာရုံ ကာမဂုဏ်ဘီးလူးဖမ်းထားလို့ အရှုးအနှမ်းတွေ ဖြစ်နေ၊ ခရီးကြီးက ရှည်ရတဲ့အထဲမှာ ကိုယ့်ရိက္ခာထုပ် ထုပ်ဖို့ရာ၊ ကိုယ့် ဝတ်သည် ဖျင်စင်း သီလလေး လုံလုံခြုံခြုံနဲ့ ဝတ်တတ်ဆင်တတ်ဖို့ရာ၊ ဘာဝနာထီးလေးများ မိုးဖို့ရာအတွက် အားကိုးရမလားအောင့်မေ့တယ်၊ ကြည့်လိုက်တော့လည်း အရှုး အနှမ်းတွေချည့်ပဲ. . . တဲ့။ အရှုးအနှမ်းတွေချည့်ပဲလို့ဆိုတော့ ထုပ်ဖြစ်ပါတော့ မလား? *မဖြစ်ပါဘုရား*။ တစ်ခုမှ အားကိုးစရာမရှိဘူးတဲ့။ ရိက္ခာထုပ်ကြည့်လိုက် တော့ကောဆိုတော့-

**ပါထေယျော စေဝ-တစ်ဘဝရောက်က၊ မကြောက်ရဖို့၊ ထောက်မ၊လှမ်း ကာ၊ စခန်းသာမည့်၊ လမ်းစာရိက္ခာထုပ်ကလည်း၊ အပ္ပကော-ယခုတမ်းလျော့က်၊ မှန်းသလောက်ဖြင့်၊ လမ်းပေါက်ဖို့ရန်၊ အမှန်ပင် ခဲရင်းလှချေ၏၊ ပရိဿယော စ-ခရီးမှန်ဖယ်၊ အန္တရာယ်မကောင်း၊ ရန်စွယ်အပေါင်းကလည်း၊ ဗဟုကော- ရောက်တိုင်းပင် ဆုံစည်း၍၊ အပုံကြီးများလှချေ၏. . .॥**

သုံးဆယ့်တစ်ဘုံ သံသရာခရီးကြီး ခရီးကရှည်ရတဲ့အထဲမှာ ဘေးကင်း ရန်ကင်း အန္တရာယ်ကင်း သွားရမှာလားလို့ဆိုတော့ ဒီလိုလဲ မဟုတ်ဘူးတဲ့၊ *မှန်ပါ ဘုရား*။ တွေ့ရမယ့်အန္တရာယ်တွေက သဘာဝအန္တရာယ်ကြီးတွေကိုက အိုဘေး ကြီးတွေ နာဘေးကြီးတွေ သေဘေးကြီးတွေ အန္တရာယ်ကြီးတွေက ပြည့်မနေ ဘူးလား? *ပြည့်နေပါတယ်ဘုရား*။ ဒီအထဲ ခြေချော်၊ လက်ချော် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် အပါယ်လေးဘုံချောက်ကြီးတွေထဲလည်း ထိုးကျနိုင်သေး တယ်နော်၊ *ကျနိုင်ပါတယ်ဘုရား*။

ဒါကြောင့် **ပရိဿယော စ-ခရီးမှန်ဖယ်၊ အန္တရာယ်မကောင်း၊ ရန်စွယ် ပေါင်းကလည်း၊ ဗဟုကော-ရောက်တိုင်းပင်ဆုံစည်း၍၊ အပုံကြီးများလှချေ၏၊ တဏှာမိတ္တော စ-အမြဲမကွာ၊ မခွဲခွာသည့်၊ တဏှာမည်ခေါ်၊ အကြည်တော် ကလည်း၊ ဗဟုမာယော-ကိုယ်အနာခံ၊ သူသာစံလျက်၊ နှစ်ပြန်တင်စီး၊ အထင်ကြီး အောင်၊ ဆင်နည်းမာယာ၊ များလှစွာ၏၊ ကော-နတ်နှင့်လူဝယ်၊ ဘယ်နွယ်ဘယ်ရိုး၊ ဘယ်လူမျိုးသည်၊ သုခံ-လမ်းစခန်းမှာ၊ မပန်းပါဘဲ၊ ချမ်းသာစံဖွယ်၊ အန္တရာယ်ကင်း၊ ရန်စွယ်ရှင်းလျက်သာလျှင်၊ ခေမံ-ဘေးအတန်တန်၊ အေးရာမှန်သည့်၊ နိဗ္ဗာန် အောင်ခန်း၊ မြို့တော်နန်းသို့၊ ဿေတေ-မဂ္ဂင်ရှစ်ဖော်၊ ယာဉ်ပျံတော်ဖြင့်၊ ပျော်ပျော် ကြီးပင်၊ ခရီးတွင်အောင်၊ စီးနှင်ပေါက်ရောက်နိုင်တော့အံ့နည်း. . .॥**

သာဓု. . . သာဓု. . . သာဓုပါဘုရား. . .॥

http://www.dhammadownload.com



ကိုင်း-ဘုန်းကြီးပြောချင်တဲ့တရားလည်း ပြည့်စုံသွားပါပြီ၊ နာရီကလည်း ပြည့်သွားပါပြီ၊ ဘုန်းကြီးဟောလိုက်တဲ့တရားလည်း ဘာအကြောင်း ဟောတုန်းလို့ ဆိုရင် ခရီးသွားနှင့်ခရီးနားလို့ ခေါင်းတည်ထားခဲ့တယ်နော် ဦးမြစိန်၊ *မှန်ပါဘုရား*။ အပြီးသတ်တော့ ဒါနရော, သီလရော, သမထရော, ဝိပဿနာရော အကုန်လုံး ပါမသွားဘူးလား? *ပါသွားပါတယ်ဘုရား*။ ဒါကြောင့် ဒီနေ့ည ဂါစ်မျိုးပြောင်းပြီးတော့ မှတ်ချင်လည်း မှတ်သွားပါ၊ အစုံသုပ်တရား. . . လို့နော်။ *မှန်ပါဘုရား*။ ခရီးသွားနှင့် ခရီးနားဆိုတာ နည်းနည်းမှတ်ရတာ ရှည်တယ်ဆိုရင် ဒီနေ့ဘုန်းကြီး ဦးကုဏ္ဍလ ဘာတွေဟောတုန်းဆိုရင် အစုံသုပ်တရားပဲလို့ မှတ်သွား၊ *အစုံသုပ်က မှတ်ရတာ လွယ်ပါတယ်ဘုရား*။ အော်-မှတ်ရတာလွယ်တယ်လား။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကလည်း တရားတစ်ခုဟောပြီဆိုရင် ဒေသနက္ကမ-ဒေသနာစဉ်ထဲမှာ ဒါနကထံ, သီလကထံ, သဂ္ဂကထံ, ဒါန ဟော, သီလ ဟော, ဘာဝနာ ဟောနဲ့ ဘုရားကလည်း ဒီလိုဟောလို့ ဘုန်းကြီးကလည်း ဒီနေ့ အစုံသုပ်တရား ဟောလိုက်ရတာနော်၊ *မှန်ပါဘုရား*။

ဒီတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ တရားဟောတယ်ဆိုတာ ထမင်းပွဲပြင်ကျွေးရတာလိုပဲ၊ လူကြီးရော လူငယ်ရော လူလတ်ရောက် အားလုံးနားလည်ပြီးတော့ စားနိုင်ကြပါစေဆိုပြီးတော့ ဟင်းစုံပြင်ကျွေးရတာ၊ *မှန်ပါဘုရား*။ တရားဟောတယ်ဆိုတာ ထမင်းတစ်ပွဲပြင်ကျွေးရတာနဲ့တူတယ်၊ *မှန်ပါဘုရား*။ ဝက်သားချည့်ကျွေးပြန်တော့ အစပ်မပါလို့ အစပ်ကြိုက်တဲ့သူက မပြောပေဘူးလား? *ပြောမှာပါဘုရား*။ ဟာ-အစပ်မရော ဝက်သားရောကျွေးတော့ အချဉ်မပါလို့၊ အချဉ်ပါပြန်တော့ အချိုမပါလို့နဲ့ဆိုပြီးတော့ မပြောတတ်ဘူးလား? *ပြောတတ်ပါတယ်ဘုရား*။ ဒီတော့ ဘုန်းကြီးတို့ ဒီနေ့ အစုံသုပ်ထမင်းတစ်ပွဲပြင်ကျွေးလိုက်တာ လူငယ်တွေရော လူလတ်တွေရော ဒါနရော, သီလရော, သမထရော, ဝိပဿနာရော အစုံပဲနော်၊ *အစုံပါပဲဘုရား*။ ကိုင်း. . . ကိုင်းဒီတော့ ဘုန်းကြီးဟောချင်တဲ့တရားလည်း အချိန်စေ့သွားပြီမို့လို့ တရားသိမ်းတော့မယ်။ *မှန်ပါဘုရား*။

ဒါကြောင့် ယနေ့ည ခရီးသွားခရီးနားဟု နာမည်ပေး၍ထားအပ်သော (၃၁)ဘုံ သံသရာခရီးသွားအစစ် မိမိကိုယ်မိမိသတိပြုနိုင်အောင်၊ အဲဒီခရီးသွားတို့မှာ လိုအပ်တဲ့ရိက္ခာ ကုပ်မိအောင်၊ ဝတ်ထည်ဖျင်စင်း သီလလုံလုံခြုံခြုံ ခြုံမိအောင် ဝတ်မိအောင်၊ သမထကား ဝိပဿနာထီးလို့ခေါ်တဲ့ နေပူဒဏ် မိုးရွာဒဏ်ခံနိုင်တဲ့ ထီးကိုလည်းပဲ ဆောင်မိအောင် ဟောပြအပ်တဲ့ ဤ တရားဒေသနာဟော်ကို

http://www.dhammadownload.com



နာကြားကြရပဲ့ ဓမ္မဿဝနကုသိုလ်စေတနာ, (၂၄)ကြိမ်မြောက် ကာလိန်ပွဲကြီးကို ဆင်နွှဲပြီးသကာလ သံသရာခရီးလမ်းအတွက် ရိက္ခာထုပ် ထုပ်ကြရ, သီလ ဘာဝနာတွေ ပွားကြရလိမ်းကြရတဲ့ ကုသိုလ်စေတနာ။

ဤကုသိုလ် ဤစေတနာ အဖြာဖြာတို့ကြောင့် မိမိတို့ သံသရာခရီးလမ်း မဂ်ဖိုလ်နိဗ္ဗာန်သွားသည့်လမ်းမှာ မပင်မပန်းရအောင် ရိက္ခာထုပ်ကိုလည်းပဲ ကိုယ်စီကိုယ်ငှ တိုးတက်ထုပ်နိုင်ကြကုန်သော, သီလတည်းဟူသော ဝတ်လည်ဖျင်စင်းကိုလည်းပဲ တိုးတက်ပြီးတော့ လုံခြုံအောင်ထိမ်းသိမ်းဝတ်ဆင်နိုင်ကြကုန်သော, သမထ ဝိပဿနာ ဘာဝနာထီးကိုလည်းပဲ အသီးသီး ဆောင်းထားနိုင်ကုန်သော အမျိုးကောင်းသား အမျိုးကောင်းသမီးများ ဖြစ်ကြကုန်လျက်၊ ထိုကဲ့သို့ မမေ့မလျော့ မပေါ့မဆ ရိက္ခာထုပ် ထုပ်လေ့ရှိကြ, သီလဝတ်ထည်ဖျင်စင်းကိုလည်း ဝတ်ရုံခြုံလေ့ရှိကြ, သမထဝိပဿနာ ဘာဝနာထီးကိုလည်း ဆောင်းလေ့ရှိကြသော အမျိုးကောင်းသား အမျိုးကောင်းသမီးတို့ ရအပ်ရောက်အပ် သိမြင်အပ်သော နိဗ္ဗာနဓာတ် တရားတော်မြတ်ကို လျင်မြန်ဆောစွာ ရောက်ကြရ, ရကြရပါလိုကုန်သော ဟူ၍ ပတ္ထနာအောင်ဆု ပြုလိုက်ကြကုန်ရာသတည်း. . .။

သာဓု. . . သာဓု. . . သာဓုပါဘုရား. . .။

http://www.dhammadownload.com

# * တုဏ္ဍိလဇာတ်
# ရေကန်ကြီး(၃)ကန် တရားတော်

ဩဂဟာထ အကဒ္ဒမံ, သေဒမလံ ပဝါဟယ၊
သဇ္ဇနာန'မိဒံ သီလံ, ဇတံ ဗုဒ္ဓါန သာသနံ။

ဘောန္တော-နှလုံးပျော့ပျောင်း, အိုသူတော်ကောင်းတို့၊ ဘောန္တော-မင်လေးတန်, ဖိုလ်လေးတန်, မြတ်နိဗ္ဗာန်ကို, ရရန်ရွယ်ကြောင်း, ဆုပန်တောင်း၍, စုပေါင်းညီညာ, စည်းဝေးလာသည့်, များစွာသောင်းသောင်း, အိုသူတော်ကောင်းတို့၊ တုမှေ့ သာဓဝေါ-နှလုံးပျော့ပျောင်း, သင်သူတော်ကောင်းတို့သည်၊ အကဒ္ဒမံ-ရွှံ့ညွန်ကင်း၍, သန့်ရှင်းကြည်လင်, ရေစင်ပြည့်လျှံ, မဟာရေကန်တော်ကြီးအတွင်းသို့၊ ဩဂဟာထ-အခွင့်သာခိုက်, အားခွန်စိုက်၍, နှစ်မြိုက်ကြည်သာ, သက်ဆင်းလိုက်ကြကုန်ရာ၏၊ သေဒမလံ-ခန္ဓာကိုယ်မှာ ယှက်မြွေး, ချွေးစတဲ့အညစ်အကြေးကိုလည်းပဲ၊ ပဝါဟယ ပဝါဟယထ-တိုက်ချွတ်တွေးမျှော်, ဘေးမပေါ်အောင်, ဆေးလျှော်သုတ်သင်လိုက်ကြကုန်ရာ၏။

ဣဒံ-ရေကန်ကိုဆင်း, ချေးညှော်ကင်းအောင်, ဆေးလျှော်ခြင်းဆိုတဲ့ ဤအမှုသည်၊ သဇ္ဇနာနံ-အိုနာသေဇာတ်, အမြစ်ပြတ်၍, လွတ်လပ်လိုတောင်း, ဘုရားပစ္စေကာ, အရိယာသူတော်ကောင်းကြီးတို့၏၊ သီလံ-လမ်းရိုးဓမ္မတာ, ထုံးစံကြီးတစ်ခုပါပေတည်း။ ဣတိ ဇတံ-ဆိုအပ်ခဲ့ပြီး, ဤအဆုံးအမတော်စကားသည်၊ ဗုဒ္ဓါနံ-ဘုန်းတော်ခြောက်စုံ, တန်ခိုးဂုဏ်ဖြင့်, ပြည့်စုံတော်မူပြီး, ဂေါတမရှင်တော်ဘုရားကြီးတို့၏၊ သာသနံ-တုဏ္ဍိလဇာတ်,သက်သေကပ်၍, ဟောအပ်သချာ, အဆုံးအမတော်ကြီးဖြစ်ပါပေသတည်း. . . ။

သာဓု. . . သာဓု. . . သာဓုပါဘုရား. . . ။

ယနေ့ မြန်မာကောဇာသက္ကရာဇ် ၁၃၄၇-ခုနှစ်၊တော်သလင်းလပြည့်ကျော်(၄)ရက်၊ ခရစ်နှစ်-၁၉၈၅-ခု အောက်တိုဘာလ (၃)ရက်၊ ကြာသပတေးနေ့မှာ အမရပူရမြို့ အောင်မြေရွှေဘုံမြတ်စွာဘုရားစေတီတော် ပရိဝုဏ်အတွင်းရှိ ဤတရားမဏ္ဍပ်ကြီးအတွင်း၌ ကျင်းပအပ်သော ဤတရားပွဲသည်ကား၊ အမရပူရမြို့ အောင်မြေရွှေဘုံမြတ်စွာဘုရား အသံမစဲမဟာပဋ္ဌာန်းပူဇော်ပွဲကြီးရဲ့ အောင်မြင်သည့်အထိမ်းအမှတ်အဖြစ်ဖြင့် (၃)ကြိမ်မြောက် (၃)နှစ်မြောက်ကျင်းပအပ်တဲ့

* ဇာ-၄-၃-၂၆၉

http://www.dhammadownload.com



အသံမစဲမဟာပဌာန်းပူဇော်ပွဲကြီး အောင်မြင်တဲ့အထိမ်းအမှတ်အဖြစ်ဖြင့် ကျင်းပအပ်တဲ့ အောင်ပွဲမင်္ဂလာတရားပွဲ. . . တဲ့ ဒီနေ့ညတရားပွဲက။

အမရပူရမြို့ အောင်မြေရွှေဘုံမြတ်စွာဘုရား စေတီတော်မြတ်ကြီးအတွင်းမှာ, မြို့ရဲ့ကျက်သရေဆောင်ဖြစ်တဲ့ မြို့လယ်ခေါင် အောင်မြေရွှေဘုံမြတ်စွာဘုရား စေတီတော်မြတ်ကြီးအတွင်းမှာ (၃)ကြိမ်မြောက် (၃)နှစ်မြောက် ရောက်အောင် အသင်းကြီးရဲ့အသံမစဲမဟာပဌာန်းပူဇော်ပွဲကြီးရဲ့ ဦးစီးခေါင်းဆောင်နာယက အဖြစ်နဲ့ ပါတီယူနစ်ဥက္ကဋ္ဌ ဒကာဦးသောင်းညိုက ဦးဆောင်လို့ အသင်းကြီးရဲ့ မဟာပဌာန်းပူဇော်ပွဲကြီး ဒကာဦးကိုလေးတို့ အတွင်းရေးမှူး ဒကာဦးဘဟန်တို့ ဘဏ္ဍာရေးမှူး ဒကာဦးကိုတို့ အစရှိတဲ့အဖွဲ့ဝင် အမျိုးသား အမျိုးသမီးအပေါင်း သူတော်ကောင်းတွေက ဦးစီးခေါင်းဆောင်ကြပြီးလျှင် အမရပူရမြို့ မြို့မရပ်ကွက် အသီးသီးမှာ နေထိုင်ကြကုန်သော ကလျာဏနွယ်ဝင် ဗုဒ္ဓဘာသာဝင် သူတော်စင် အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည်လည်းကောင်း၊ အမရပူရမြို့နယ် ပတ်ဝန်းကျင်ရှိတဲ့ ကျေးရွာရပ်ကွက် အသီးသီးမှာနေထိုင်ကြကုန်သော ဒကာဒကာမအပေါင်းသူတော်ကောင်းတို့သည်လည်းကောင်း စုပေါင်းညီညာ စည်းဝေးကြပြီးသကာလ, ဤနေ့, ဤရက်, ဤအချိန်ခါမျိုးမှာ နှစ်စဉ်နှစ်စဉ် မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ရဲ့ အင်မတန်လေးနက်သိမ်သည်းတဲ့ ပဌာန်းဒေသနာတော်ကြီးကို စုပေါင်းပြီးသကာလ အသံမစဲ မဟာပဌာန်းပူဇော်ပွဲ. . . လို့ ဆင်နွှဲကျင်းးပလာလိုက်ကြတာ ဒီနှစ်ဆိုရင် (၃)ကြိမ်မြောက် (၃)နှစ်မြောက်ရောက်လာပြီတဲ့ ဥက္ကဋ္ဌ ဒကာကြီး ဦးကိုလေး (၃)နှစ်နော်၊ *မှန်ပါဘုရား*။

တူးမောင်းတိုက်က ဆရာတော် ဉ:ပညာဒီပခေါင်းဆောင် ဤအောင်မြေရွှေဘုံကျောင်းတိုက်ကြီးကလည်း ဆရာတော် ဉ:ပဏ္ဍိတဦးဆောင်၊ အဲဒီဆရာတော်နှစ်ပါးဦးဆောင်တဲ့ ပဌာန်းတရားတော်ကြီးကို ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြတဲ့ လွန်ခဲ့တဲ့ တော်သလင်းလပြည့်နေ့ကစပြီးသကာလ ဒီနေ့ တော်သလင်းလပြည့်ကျော်(၄)ရက်နေ့တိုင်အောင် (၅)ရက်တိုင်တိုင် အသံမစဲ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး တာဝတိံသာနတ်ပြည်မှာ (၃)လတိုင်တိုင် ရွတ်ဖတ်ပြတော်မူခဲ့တဲ့ မဟာပဌာန်းတရားတော်ကြီးကို ရွတ်ဖတ်သရဇ္ဈာယ်ပြီးတော့ သံဃာတော်အရှင်သူမြတ်တွေက ပူဇော်ကြတယ်. . .။

မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ တရားတော်တွေထဲမှာ အခုပဌာန်းတရားတော်ကြီးဆိုတာ အလေးနက်ဆုံး အသိမ်သည်းဆုံး။ ကွယ်တဲ့အခါကျတော့လည်း သူကအရင်ဆုံးကွယ်မယ်၊ မြတ်စွာဘုရားရဲ့ တရားတော်တွေ ပိဋကတ်အားဖြင့်သုံးသွယ်၊ နိကာယ်အားဖြင့်ငါးဖြာ၊ အင်္ဂါအားဖြင့်ကိုးတန်၊ ဓမ္မက္ခန္ဓာ

http://www.dhammadownload.com



အားဖြင့် (၈)သောင်းလေးထောင် များပြောင်လှတဲ့ တရားတော်တွေထဲမှာ သာသနာတော်ကြီးကွယ်ပြီ. . .၊ ကွယ်တော့မယ် တရားတော်တွေကွယ်တော့မယ်ဆိုရင် ဟောဒီပဋ္ဌာန်းတရားတော်ကြီးက စပြီးတော့ကွယ်တယ်. . .၊ ဘာပြုလို့ တုန်းလို့ဆိုတော့ သူက အင်မတန်လေးနက်၊ အင်မတန်သိပ်သည်း အင်မတန်ကျစ်လစ်၊ အင်မ တန်ဉာဏ်လက်နဲ့ နိုက်နိုင်မှ ရနိုင်တဲ့တရားတော်ကြီးမို့လို့ ယနေ့ကမ္ဘာလောကကြီး ထဲမှာ ဖြစ်ပျက်နေတဲ့ အကြောင်းအရာတွေမှန်သမျှလည်း ပဋ္ဌာန်းတရားတော်နဲ့ လွတ်တာ တစ်ခုမှ မရှိဘူး။ အဲဒီတစ်ခုမှ လွတ်တာမရှိတဲ့ တရားကို သတ္တဝါတွေက ဉာဏ်မြင်တိုကြတော့ ဉာဏ်ကမလိုက်နိုင်ကြ၊ ဉာဏ်မနိုက်နိုင်ကြတော့ ဒီပဋ္ဌာန်းတရားတော်ကြီးက စပြီးတော့ကွယ်ရတယ်။

အဲဒီကွယ်မယ့် ပဋ္ဌာန်းတရားတော်ကြီး ငါတို့လက်ထက်ဖြင့် မကွယ်ပါရစေနဲ့. . . လို့၊ ဒီနေ့ ခေါင်းဆောင်ပိုင်းက ဒကာ ဒကာမအပေါင်း သူတော်ကောင်းတွေကရော၊ ယခုအသံမစဲပဋ္ဌာန်းတရားတော်ကြီးကို ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြတဲ့ ဆရာတော်ဦးပညာဒီပ၊ ဆရာတော်ဦးပဏ္ဍိတ ဦးဆောင်တဲ့သံဃာတော်အရှင်မြတ်တွေကရော၊ ထိုသံဃာတော်အရှင်မြတ်တွေကို ဆွမ်းသင်္ကန်း အစရှိတဲ့ ပစ္စည်းတွေဖြင့် ထောက်ပံ့လှူဒါန်းကြ၊ ဒီအသံမစဲ မဟာပဋ္ဌာန်းပူဇော်ပွဲကြီးကို ကျင်းပနိုင်အောင် ငွေကြေးအစရှိသည်တို့နှင့် ထောက်ပံ့လှူဒါန်းကြ၊ ဝတ္ထုပစ္စည်းတွေနဲ့ ထောက်ပံ့လှူဒါန်းကြတဲ့ ဒကာ ဒကာမတွေကလည်းပဲ ထိုပဋ္ဌာန်းတရားတော်ကြီး ငါတို့လက်ထက်ဖြင့် မကွယ်ပါစေနဲ့. . . မပျောက်ပါစေနဲ့၊ မတိမ်းပါစေနဲ့၊ မဆုတ်ယုတ်ပါစေနဲ့လို့ အဲဒီလို စေတနာတရား၊ သဒ္ဓါတရားနဲ့ ဒီနေ့ ပဋ္ဌာန်းတရားတော်ကြီးကို ပူဇော်ကျင်းပ သရဇ္ဈာယ်နာကြားကြတယ်. . .။

မြတ်စွာဘုရားတရားတော်ကြီးတွေ ကွယ်ပျောက်သွားမှုမှာ မကွယ်ပျောက်အောင်တားဆီးတဲ့ကိစ္စမှာ နံပါတ်တစ်က ရွတ်ဖတ်သရဇ္ဈာယ် ကြားနာခြင်း၊ ဟော-တရားတော်ရဲ့ အသံတော်ကို မိမိတတ်နိုင်ရင် မိမိကိုယ်တိုင်ရွတ်လို့မိမိမတတ်နိုင်ရင် သံဃာတော် အရှင်မြတ်တွေကို ရွတ်ဖတ်သရဇ္ဈာယ်ရအောင် လျှောက်ထားပြီးတော့ သံဃာတော် အရှင်မြတ်တွေကို ရွတ်ဖတ်စေပြီး သကာလ နာယူလို့၊ ဒီတော့ ပထမဆုံး ဝစသာ ပရိစိတ-နှုတ်နဲ့တွတ်တွတ်ရွတ်ဆို ပြီးနေရင် အဲဒါ မကွယ်တာပဲ။ အခု သံဃာတော်အရှင်မြတ်တွေက (၅)ညတိုင်တိုင် (၅)ရက်တိုင်တိုင် ရွတ်ဖတ်ပြီးတော့ နေတော့ သံဃာတော်အရှင်မြတ်တွေရဲ့ နှုတ်ထွက်အသံတွေ အသံချဲ့စက်ကတဆင့် အမရပူရတစ်မြို့လုံး လွှမ်း. . . လို့ ပဋ္ဌာန်းသံတွေ။ အဲဒီလွှမ်းလာတဲ့ ပဋ္ဌာန်းသံတွေကို ဒကာ ဒကာမတွေနားမှာလာပြီးတော့ ကြားကြတယ်၊ ဒီအမရပူရမြို့ အောင်မြေရွှေဘုံဘုရားကွင်းကြီးနှင့်တကွ အမရပူရမြို့ ပတ်ဝန်းကျင်မှာ စောင့်

http://www.dhammadownload.com



ကြပ်နေကြတဲ့ သာသနာတော်စောင့် နတ်တွေ၊ မြို့စောင့်နတ်တွေ, ရွာစောင့်နတ်တွေ, ရပ်စောင့်နတ်တွေ, အိမ်စောင့် နတ်တွေ, နယ်တော့ယဉ်, ပတ်တော့ယဉ်တွေနှင့်တကွ သာသနာစောင့် လောကပါလအစရှိတဲ့ နတ်အပေါင်းတွေ၊ ဟိုက ဒီက ရောက်လာကြတဲ့ သမ္မာဒေဝနတ်ကောင်း နတ်မြတ်တွေ အဲဒီတရားတော်ကို နာကြားကြရတယ်. . . တဲ့။

ဒီပဋ္ဌာန်းတရားတော်ကြီးများဆို နတ်တွေက အင်မတန်နာချင်တယ်၊ မြတ်စွာဘုရားကတာဝတိံသာမှာ ဟောခဲ့ပြီးတော့ အဲဒီနောက် အဆက်ပြတ်သွားတာ။ ဒီတော့ ဒီပဋ္ဌာန်းတို့, မဟာသမယသုတ်တို့, ဓမ္မစကြာတို့, အနတ္တလက္ခဏာသုတ်, ဆိုတဲ့ သုတ်တော်ကြီးတွေရွတ်ရင် လူတွေကတော့ ဒီလောက်ဟုတ်ချင်မှဟုတ်မယ်၊ နတ်တွေက နာချင်တယ်၊ ဒါကြောင့် နတ်တွေရောက်လာတတ်တယ်၊ နတ်ကောင်းနတ်မြတ်တွေကရောက်လာတတ်တယ်။ အမရပူရမြို့ ပတ်ဝန်းကျင်နတ်တွေနဲ့တကွ ဟိုက ဒီက တန်ခိုးကြီးနတ်တွေ ရောက်လာတတ်တယ်. . . တဲ့၊ ဒီတော့ အဲဒီရောက်လာတဲ့ နတ်တွေရော, လူတွေရော နားပေါက်မှာ ဒီတရားတော်သံကြီးကို ကြားကြတယ် အဲဒါမကွယ်တာပဲ။

အခု သံဃာတော်အရှင်မြတ်တွေက ဒီပဋ္ဌာန်းတရားတော်ကြီးကို (၅)ရက်တိုင်တိုင် ရွတ်ဖတ်ပြီးနေတော့ သံဃာတော်အရှင်မြတ်တွေရဲ့ ခန္ဓာကိုယ်ထဲမှာ ပဋ္ဌာန်းတရားတော်ကြီးအရောင်တောက်လို့, လင်းလို့, ဝင်းလို့၊ သံဃာတော်အရှင်မြတ်တွေ ထုတ်လွှင့်လိုက်တဲ့ အသံဓာတ်တွေကို ဒကာ ဒကာမအပါင်းသူတော်ကောင်းတွေရဲ့ နားပေါက်မှာ ရောက်လာပြီးတော့ ဒကာ ဒကာမတွေရဲ့ နားထဲကနေပြီးတော့ ခန္ဓာကိုယ်ထဲရောက်သွားပြီးတော့ တရားတော်ကို ကြည်ညိုတဲ့စိတ်တွေ တဖွားဖွားဖြစ်ပြီးနေတော့ ဒကာ ဒကာမတွေမှာလည်း လင်းလို့, ဝင်းလို့, အဲဒါမကွယ်တာခေါ်တယ်၊ ဒါကြောင့် သာသနာကွယ်မှုကို တားဆီးတဲ့ ကိစ္စမှာ တစ်နံပါတ်က ရွတ်ဖတ်သရဇ္ဈာယ်ခြင်း။

နှစ်နံပါတ်က နာကြားခြင်း-သံဃာတော်အရှင်မြတ်တွေက ရွတ်ဖတ်သရဇ္ဈာယ်တဲ့ အနေနဲ့ကွယ်မှုကြီးကို တားဆီးကြတယ်၊ ပျောက်မှုကြီးကို ပိတ်ဆို့ကြတယ်၊ ဒကာ ဒကာမအပေါင်း သူတော်ကောင်းတွေက အဲဒီတရားကြီးကို သံဃာတော်တွေ ရွတ်နိုင်အောင် အားပေးကြ, လှူဒါန်းကြ, နာကြားကြခြင်း၊ အဲဒီတရားတော်ကြီးမပျောက်အောင် စောင့်ရှောက်ကြတယ်၊ မြတ်စွာဘုရားတရားတော်ကြီးကမ္ဘာ့ငြိမ်းချမ်းရေးတရားတော်ကြီးတစ်ခု မပျောက်အောင် စောင့်ရှောက်တဲ့ ကုသိုလ်ဟာ ဘယ်ကုသိုလ်နဲ့မှ မတူဘူးတဲ့၊ ကမ္ဘာသူ ကမ္ဘာသားသတ္တဝါအများရဲ့ ချမ်းသာကို သယ်ပိုးဆောင်ရွက်ရာရောက်တယ်၊ ဒါ့ကြောင့် အဲဒီလိုအားဖြင့် ဒကာ

http://www.dhammadownload.com



ဒကာမတွေက နာကြားကြတယ်၊ သံဃာတော်အရှင်မြတ်တွေက ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြတယ်၊ ဒါ သာသနာမကွယ်အောင်လုပ်နေတာ။ အထူးသဖြင့် ဘုရားတရားကွယ်လို့ရှိရင် ပထမဆုံး စတင်ကွယ်မယ့် ပဋ္ဌာန်းတော်ကြီးကို မကွယ်အောင် မပျောက်အောင် မဆုတ်အောင် မယုတ်အောင် သံဃာတော် အရှင်မြတ်တွေက ကြိုးပမ်းသရဇ္ဈာယ်တော်မူကြတယ်၊ ဒကာ ဒကာမတွေက နာကြားကြတယ်၊ ရွတ်နိုင်အောင် အားပေးကြတယ်၊ ချီးမြှောက်ကြတယ်၊ ကော်ရော်ကြတယ်၊ ပူဇော်ကြတယ်။

အဲဒီအပြင် (၃)နံပါတ်အနေနဲ့ မကွယ်အောင်လုပ်တာက ဓာရာနံ-ဆောင်ထား။ ကိုယ်တတ်နိုင်သမျှဆောင်ထားရင် အဲဒါ မကွယ်တာဘဲ၊ မကွယ်အောင်လုပ်တာပဲ၊ ဒီတော့ ဆောင်ထားတယ်ဆိုတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေအနေနဲ့ ပဋ္ဌာန်းတရားတော်ကြီးမှာ တော်တော်များများ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေ (၂၄)ပစ္စည်းလို့ သိနေတဲ့ "ဟေတုပစ္စယော, အာရမ္မဏပစ္စယော, အဓိပတိ ပစ္စယော, အနန္တရ ပစ္စယော"ဆိုတဲ့ (၂၄)ပစ္စည်း ရကြတယ်၊ တော်တော်များများ။ (၂၄)ပစ္စည်း "ဟေတုပစ္စယော, အာရမ္မဏပစ္စယော" ကိုတော့ ရကြပါတယ်၊ ဒကာကြီး ဦးကိုလေး ပရိသတ်ကြီး မရကြဘူးလား? ရပါတယ်ဘုရား။ အဲဒါ ပဋ္ဌာန်းတရားတော်ကြီး ဆောင်ထားတာခေါ်တယ်၊ ဒါပဋ္ဌာန်းတရားတော်ကြီး မြတ်စွာဘုရား စဟောတော့ အဲဒီ "ဟေတု ပစ္စယော, အာရမ္မဏ ပစ္စယော, အဓိ ပတိ ပစ္စယော, အနန္တရ ပစ္စယော"နဲ့ ဒီ(၂၄) ပစ္စည်းက စဟောတာ၊ ဒါကို ပစ္စယုဒ္ဒေသလို့ခေါ်တယ်။ ပစ္စယုဒ္ဒေသ=ပစ္စယ+ ဥဒ္ဒေသ မြတ်စွာဘုရား ဟော်တော်မူမယ့် ပဋ္ဌာန်းတရားတော်ကြီး ဗိမာန် အဆောက်ဦးကြီးတစ်ခုလုံးရဲ့ တိုင်ကြီး (၂၄)တိုင်၊ အခြေခံအုပ်မြစ်ကြီး (၂၄)ချပ်၊ ပဋ္ဌာန်းတရားတော်ကြီးရဲ့ အစဟာ သူက စတာပဲ၊ ပဋ္ဌာန်းတရားတော်ကြီးရဲ့ အခြေခံဟာ သူပဲ။

ဒီနေ့ သံဃာတော် အရှင်မြတ်တွေ (၅)ည (၅)ရက်တိုင်တိုင် ရွတ်ဖတ် သရဇ္ဈာယ်တော်မူသွားကြတဲ့ ပဋ္ဌာန်းတရားမြတ်ကြီး ဗိမာန်အဆောက် ဦးကြီးရဲ့ အခြေခံအုပ်မြစ် (၂၄)တိုင်ဆိုတာ "ဟေတု ပစ္စယော အာရမ္မဏ ပစ္စယော" ဒီတော့ အဲဒီ (၂၄)ပစ္စည်းဆောင်ထားရင် ပဋ္ဌာန်းတရားတော်ကြီးတစ်ခုလုံး ဆောင်ထား သလိုပဲ နေတာပဲ၊ ဒီတော့ ဒကာ ဒကာမအပေါင်း သူတော်ကောင်းတွေ (၂၄)ပစ္စည်း တော့ အနည်းဆုံးရအောင် ဆောင်ထားထိုက်တယ်၊ အဲ-ကိုယ့်နှုတ်ထဲမှာ ဆောင် ထားပြီဆိုရင် အဲဒါ ပဋ္ဌာန်းတရားတော်ကြီးကို မကွယ်အောင်ကြိုးစားထားတဲ့ အမျိုးသား. . . တဲ့၊ အမျိုးသမီး. . . တဲ့။

http://www.dhammadownload.com



ဒီတော့ ဘုန်းကြီးတို့ ပရိသတ်ကြီး "ဟေတု ပစ္စယော အာရမ္မဏ ပစ္စယော" (၂၄)ပစ္စည်းရတဲ့ သူတွေ အခုဘုန်းကြီးတို့ ဒီပရိသတ်ကြီးထဲမှာ ဆိုရင် တဝက်လောက် ဒကာကြီးဦးကိုလေးရတဲ့သူ မပါပေဘူးလား? *ပါလောက်ပါတယ်ဘုရား။* ဟော-ပါလောက်ပါတယ်တဲ့၊ ဒကာကြီး သိပ်မယုံဘူးထင်တယ်၊ ကဲ ပရိသတ်မေးကြည့်စမ်းမယ်၊ ပရိသတ်ကြီး တစ်ဝက်လောက်ရတဲ့သူတွေ မပါပေဘူးလား? *ပါပါတယ်ဘုရား။* ပါတယ်ဆိုပြီးတာပဲ၊ ဘုန်းကြီးလည်း လိုက်ပြီးရေတွက်မှာမှ မဟုတ်ဘဲနော်၊ အဲဒီလိုအားဖြင့် (၂၄)ပစ္စည်း တရားတော်တွေကို နှုတ်ထဲက ရွတ်အံသရဇ္ဈာယ်ပြီးတော့ နေနိုင်တယ်ဆိုရင် အဲဒါ ဆောင်ထားတာပဲ၊ အဲဆောင်ထားရင် မကွယ်ဘူး၊ ဟော-ရွတ်ဖတ်သရဇ္ဈာယ်ခြင်း (၁)နံပါတ်က၊ (၂)နံပါတ်က နာကြားခြင်း၊ (၃)နံပါတ်က ဆောင်ထားခြင်း။

(၄)မနသာနုပေက္ခိတာနံ-စိတ်ဖြင့်အဖန်ဖန်၊ ကြံစည်တွေးတော စဉ်းစားဝေဖန်ဆုံးဖြတ်ကြကုန်လျှင်၊ပဋ္ဌာန်းတရားတော်ကြီးရဲ့အဓိပ္ပါယ်တွေ စဉ်းစား. . . "ဟေတု ပစ္စယော" ရွတ်တတ်ရုံတင် မရသေးဘူး၊ ရွတ်ပြီးတော့ သူ့အဓိပ္ပါယ်က ဘာများပါတဲ့တုန်း၊ စာအုပ်များကြည့်လို့၊ သိတဲ့ပုဂ္ဂိုလ်တွေများ မေးလို့၊ ဆရာတော်ဟောထားတဲ့ တိတ်ခွေတွေ ဘာတွေရှိရင် ဖွင့်နာလို့၊ ဖွင့်နာလိုက်တော့ ကိုယ်ရွတ်နေကျ "ဟေတု ပစ္စယော, အာရမ္မဏ ပစ္စယော" ခါတိုင်းတော့ အလွတ်ရရုံ ရွတ်နေတယ်ဆိုပါတော့၊ အခုတော့ "ဟေတု ပစ္စယော"လို့ ဆိုလိုက်ရင် ဟော ဟေတု ပစ္စယော-ဆိုတာ လောကမှာ ရေသောက်မြစ်တွေလိုပဲ ဟေတုခေါ်တဲ့ အကြောင်းတရားခြောက်ပါး၊ ရေသောက်မြစ်ခြောက်ခုကြောင့် သစ်ပင်ကြီးတွေ ခြောက်ပင်ပေါက်နေသလို။ လောကကြီး လောဘအမြစ်, ဒေါသအမြစ်, မောဟအမြစ်ဆိုတဲ့ မကောင်းတဲ့ဘက်က အမြစ်ကြီးသုံးသွယ်။ အလောဘအမြစ်, အဒေါသအမြစ်, အမောဟအမြစ်ဆိုတဲ့ ကောင်းတဲ့ဘက်က အမြစ်ကြီးသုံးသွယ်။ အဲဒါ မကောင်းတဲ့ အမြစ်ကြီးသုံးမြစ်၊ ကောင်းတဲ့အမြစ်ကြီး သုံးမြစ်ကြောင့် မကောင်းတဲ့ သစ်ပင်ကြီးတွေသုံးပင်, ကောင်းတဲ့သစ်ပင်ကြီးတွေသုံးပင် ပေါက်ပြီးတော့ ကမ္ဘာလော ကကြီးထဲ သစ်မြစ်နဲ့သစ်ပင်ပဲရှိတာပါလား. . . လို့၊ ဟော ဒီလောက် ကလေးများတော့ အကျဉ်းချုပ်ဆင်ခြင်စဉ်းစားနိုင်ရင် ပိုကောင်းတယ်။

အမှန်ကတော့ "ဟေတု ပစ္စယော"လို့ ရွတ်လိုက်တဲ့ အဓိပ္ပါယ်က လောကမှာ လောဘအမြစ်ကြောင့်၊ လောဘနဲ့ပတ်သက်တဲ့ မကောင်းကျိုးတွေ။ ဆိုပါတော့ အပါယ်လေးပါးရောက်သွား ပြိတ္တာဘုံရောက်သွား၊ ဒေါသအမြစ်ကြောင့် ငရဲကျကြ၊ မောဟအမြစ်ကြောင့် တိရစ္ဆာန်တွေဖြစ်ကြ၊ "ဩော်. . . လောဘ, ဒေါသ, မောဟသုံးမြစ်ကြောင့် ငရဲဘုံကြီးတွေ, တိရစ္ဆာန်ဘုံကြီးတွေ

http://www.dhammadownload.com



ပြိတ္တာဘုံကြီးတွေဆို တဲ့ သစ်ပင်ကြီးတွေပေါက်နေကြပါလား. . . " ဟောဒါပဲ အပါယ်လေးဘုံသစ်ပင် ကြီးတွေများ လောဘ, ဒေါသ, မောဟသုံးမြစ်ကြောင့် ပေါက်နေတာ၊ ပရိသတ်ကြီး ဒါ "ဟေတု ပစ္စယော"လို့ ရွတ်လို့ရှိရင် နည်းနည်း လေးသိတဲ့ အဓိပ္ပါယ်ကလေး အကျဉ်းချုပ်လေး။ ဟေတု ပစ္စယောကို ရွတ်လိုက်ရင် လောဘ, ဒေါသ, မောဟ ဆိုတဲ့ ဟေတုသုံးလုံးအမြစ်ကြီးသုံးသွယ်၊ အဲဒါ လောဘ, ဒေါသ, မောဟဆိုတဲ့ မကောင်းတဲ့ အမြစ်ကြီးသုံးမြစ်ကြောင့် ငရဲဘုံသားတွေ, တိရစ္ဆာန်ဘုံသားတွေ, ပြိတ္တာဘုံသားတွေ, အသူရကာယ်ဘုံသားတွေဆိုတဲ့ အပါယ်ဘုံသား ရုပ်နာမ်ခန္ဓာ ကိုယ်သစ်ပင်ကြီးတွေပေါက်ကြတယ်။ ဟော-အကြောင်းအကျိုး။

ကောင်းတဲ့ဘက်က အလောဘ, အဒေါသ, အမောဟဆိုတဲ့ တရားအမြစ်ကြီးသုံးသွယ်ကြောင့် လူ့ဘုံလူ့ဘဝ လူ့ခန္ဓာသစ်ပင်ကြီးတွေ ပေါက်ကြတယ်၊ နတ်ဘုံနတ်ဘဝ နတ်ခန္ဓာသစ်ပင်ကြီးတွေပေါက်ကြတယ်၊ ဗြဟ္မာဘုံ ဗြဟ္မာဘဝ ဗြဟ္မာခန္ဓာသစ်ပင်ကြီးတွေပေါက်ကြတယ်၊ ကုန်ရော ဒါ(၃၁)ဘုံ၊ ပဋ္ဌာန်းတရားတော်ဆိုတာ တစ်ပစ္စည်းတစ်ပစ္စည်းနဲ့သိမ်းရင် ကမ္ဘာလောကမှာရှိတာ အကုန်ကုန်သွားတာပဲ၊ ဟော-ဟေတု ပစ္စယောနဲ့သိမ်းတာ လောဘ, ဒေါသ, မောဟအမြစ်ကြီး သုံးမြစ်ကြောင့် အောက်က အပါယ်လေးဘုံ၊ အလောဘ, အဒေါသ, အမောဟဆိုတဲ့ အမြစ်ကြီးသုံးမြစ်ကနေပြီးတော့ ပေါက်လိုက်တာက လူ့ဘုံ, နတ်ပြည်ခြောက်ထပ် ဗြဟ္မာ(၂၀)ဟော ကုန်ရော (၃၁)ဘုံ။ ဒါ ဟေတု ပစ္စယောလို့ ရွတ်လိုက်ရင် သိသွားရမှာ၊ စိတ်နှင့်ဆင်ခြင်လိုက်ရမှာ အဲဒီလို။

အဲဒီလိုပေါ့လေ. . . "အာရမ္မဏ ပစ္စယော"ဆိုရင် အပြင်ဘက်က ရူပါရုံရယ်, သဒ္ဒါရုံရယ်, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ အာရုံခြောက်ပါးက ဝင်ဝင်ပြီးတော့ တိုက်နေလို့၊ ငါတို့ ခန္ဓာကိုယ်ထဲမှာရှိနေတဲ့ မျက်စိပေါက် နားပေါက် နှာခေါင်းပေါက် လျှာပေါက် ကိုယ်ပေါက် မနောပေါက်ဆိုတဲ့ အဲဒီ အာရုံခြောက်ပါးက ဝင်ဝင်ပြီးတော့တိုက်ကြခိုက်ကြလို့ အာရုံနဲ့ ဒွါရတိုက်ဆုံပြီးတော့ နေတဲ့ဟာကို အာရမ္မဏ ပစ္စယောလို့ ဘုရားကဟောလိုက်တာ။ ဒီတော့ (၃၁)ဘုံ ဒကာ ဒကာမတွေကြည့်ကြည့်၊ အပါယ်လေးဘုံ, လူ့ဘုံ, နတ်ဘုံ, ဗြဟ္မာ့ဘုံ ဟော မျက်စိပေါက်တွေနဲ့ချည်းပဲ၊ နှာခေါင်းပေါက်တွေနဲ့ချည်း, နားပေါက်, လျှာပေါက်, ကိုယ်ပေါက်, မနောပေါက်, ခြောက်ပေါက်ပါတာ ခြောက်ဒွါရ။ အဲဒီခြောက်ဒွါရကို အဆင်းမျိုးစုံရူပါရုံ, အသံမျိုးစုံသဒ္ဒါရုံ, အနံ့မျိုးစုံဂန္ဓာရုံ, စားဖွယ်သောက်ဖွယ်မျိုးစုံ ရသာရုံ, အထိအတွေ့ မျိုးစုံဖောဋ္ဌဗ္ဗာရုံ, ကြံစီစိတ်ကူးစရာမျိုးစုံဓမ္မာရုံ ဟော အာရုံ ခြောက်ပါးကနေပြီးတော့ တိုက်လိုက်ကြ, ခိုက်လိုက်ကြ, တဖွားဖွားနဲ့ရုပ်တွေနာမ်

http://www.dhammadownload.com



တွေ ဖြစ်လိုက်ကြ၊ ဒါပဲ "အာရမ္မဏ ပစ္စယော" နဲ့သိမ်းရင်လည်း (၃၁)ဘုံ သတ္တဝါတွေ ဖြစ်နေတာကုန်ရော့။

အဲဒီလို (၂၄)ပစ္စည်းရွတ်တာ အဲဒီလိုရွတ်ရမှာ တကတည်း ရဟာလေး တွေ "ဟေတု ပစ္စယော, အာရမ္မဏ ပစ္စယော, အဓိပတိ ပစ္စယော" ဆိုပြီးတော့ တွန်းပြီးတော့ ဒီလိုလေးတင်ရွတ်ရမှာ မဟုတ်ဘူး။ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ရွတ်တော့ရွတ်တယ်၊ ရတော့ရတယ်။ ဟေတုပစ္စယော ဘာပြုလို့ရွတ်တုန်း ခုနက စဉ်းစားဖို့တွေဘာတွေ သိပ်မစဉ်းစားဘူး သူတို့က တစ္ဆေသရဲ ကာကွယ်ရုံလောက် ရတာ၊ တစ္ဆေသရဲခြောက်လွတ်ရုံ လောက်ကျက်ထားတာ၊ မြတ်စွာဘုရားဟောတာ ဒီပဋ္ဌာန်း တရားတော်ကြီးနဲ့စိတ်နဲ့ ဆင်ခြင်စဉ်းစား၊ နောက်ဆုံးကျတော့ ဒိဋ္ဌိယာ သုပ္ပဋိဝိဒ္ဓတဲ့ ကျင့်ကြံရမှာ။ ကျင့်ကြံရမှာဆိုတာ-ပဋ္ဌာန်းတရားကြီးနဲ့ ဉာဏ်ငုံကြည့် လိုက်တော့ ခုနက ဟေတုပစ္စည်းနဲ့ ဉာဏ်ငုံကြည့်လိုက်တော့ ဪ. . . လောဘ အမြစ်, ဒေါသအမြစ်, မောဟအမြစ် , ဒီအမြစ်ကြီးသုံးမြစ်ကြောင့် အပါယ် လေးဘုံ ငရဲ ဘုံသားတွေ, တိရစ္ဆာန်ဘုံသားတွေ, ပြိတ္တာဘုံသားတွေ, အသူရကာယ် ဘုံသားတွေ၊ ဟုတ်ပြီ. . . လောဘ, ဒေါသ, မောဟသုံးမြစ်ကအကြောင်း၊ ဟိုက အပါယ်လေး ဘုံသားတွေရောက်ပြီးတော့ ရုပ်နာမ်ခန္ဓာတွေပေါ်တာအကျိုး၊ အကြောင်းနဲ့အကျိုး၊ အကျိုးနဲ့အကြောင်း ဒါပဲရှိပါလား. . . ရုပ်နာမ်မြင်လာတယ်၊ အကြောင်းအကျိုး မြင်လာ၊ လောကကြီးဘာမှ မရှိဘူး၊ ဒါပဲရှိပါလား. . . ဟေတု ပစ္စယောရွတ်လိုက် ရင် အဲဒီလိုဉာဏ်နဲ့ဆင်ခြင်လိုက်တော့ ဝိပဿနာဝင်လာတယ်။

"အာရမ္မဏ ပစ္စယော" နဲ့ ကြည့်အုံးမလား၊ အာရုံခြောက်ပါးနဲ့ အခံ ဓာတ်ခြောက်၊ခုလာတိုက်တဲ့ အာရုံခြောက်ပါးနဲ့ အခံဓာတ်ခြောက်ခု၊ လူ့ဘုံလည်း ရှိတယ်, ပြဟ္မာ့ဘုံလည်းရှိတယ်, အပါယ်လေးဘုံသားတွေလည်းရှိတယ်၊ အဲဒါတွေ ချင်းတိုက်တော့ တစ်ဖွားဖွား တစ်ရုံးရုံး၊ တစ်ဖြုန်းဖြုန်း ဖြစ်နေကြတာ၊ ဒါပဲရှိ တာပါလား. . . ဟော ရုပ်နာမ်ပဲရှိတယ်၊ သာသနာမကွယ်အောင် ပဋ္ဌာန်းတရား တော်ကြီး မကွယ်အောင်နောက်ဆုံးလုပ်ရမယ့်ပဥ္စမအလုပ်က အဲဒီ ဒိဋ္ဌိယာသုပ္ပဋိ ဝိဒ္ဓ-ကျင့်ရမှာ။ နံပါတ်(၁)က ရွတ်ရမှာ၊ နံပါတ်(၂)က နာရ ကြားရ မှာ၊ နံပါတ်(၃)က ဆောင်ထားရမှာ၊ "ဟေတု ပစ္စယော, အာရမ္မဏ ပစ္စယော" ကျက်ထားရ မှာပေ့ါ၊ နံပါတ်(၄)က စိတ်နဲ့ဆင်ခြင်ရမှာ အဓိပ္ပါယ်ကို၊

ခုနက ပြောသလိုပေ့ါ ဟေတု ပစ္စယောဆိုရင် ဘာတွေ, ဘာတွေ, ဘာ တွေပဲ၊ နောက်မှ ဒိဋ္ဌိယာသုပ္ပဋိဝိဒ္ဓ၊ ဟောနောက်ဆုံးက ကျင့်စဉ်ပေါ်လာတယ်၊ ကျင့်ရမှာ။ ဘယ်လိုကျင့်ရမှာတုန်း, ပဋ္ဌာန်းတရားတော်ကြီးအရ လောကကြီး ရှိရှိသမျှ ရုပ်နာမ်တွေချည်းပဲ. . . အကြောင်းအကျိုးတွေချည်းပဲလို့ ရှုလိုက်၊ ဒကာ

http://www.dhammadownload.com



ဒကာမတွေ ပဋ္ဌာန်းဆိုတာ အကြောင်းအကျိုးသိလိုက်ရင် ပဋ္ဌာန်းအကုန်လုံးကို ရပြီးသားဖြစ်တယ်၊ သံဃာတော်အရှင်မြတ်တွေလို စာအုပ်ထဲရှိနေတဲ့ ပဋ္ဌာန်းတရားတော်ကြီးတွေအကုန် အာဂုံမရွတ်နိုင်ပေမယ်လို့ ပဋ္ဌာန်းတရားတော်ကြီး အကုန်လုံးကို၊ ဟော-လောကကြီးရှိရှိသမျှ အကြောင်းနဲ့အကျိုးပဲ. . . လို့ ဉာဏ်တစ်လုံးပိုင်ရင် ပဋ္ဌာန်းတရားတော်ကြီး ကိုယ့်ဝမ်းထဲအကုန်ဝင်လာတယ်၊ ဒကာ ဒကာမတွေ ပဋ္ဌာန်းတရားတော်ကြီး ကိုယ့်ဝမ်းထဲအကုန်ရောက်လာပြီးတော့၊ ပဋ္ဌာန်းဆောင် ဒကာ, ပဋ္ဌာန်းဆောင်ဒကာမဖြစ်နိုင်တယ်၊ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ပဋ္ဌာန်းဆောင်ဒကာ၊ ပဋ္ဌာန်းဆောင်ဒကာမ မဖြစ်ချင်ကြဘူးလား? *ဖြစ်ချင်ကြပါတယ်ဘုရား*။ ကဲလိုက်ဆိုစမ်းပါ-

> ❖ **လောကအတွင်း, ရှိခပင်း, မယွင်းများလှစွာ။**
> **ကြောင်းကျိုးသာပဲ, ဉာဏ်ဖြင့်စွဲ, ဝေခွဲသိလိုက်ပါ။**
> **ပဋ္ဌာန်းဉာဏ်ငုံ, နိဗ္ဗာန်ဘုံ, ခိုလှုံဝင်တော့တာ။**

ဟော-လောကထဲရှိနေတဲ့ အရာဝတ္ထုမှန်သမျှ ဘာတွေဘယ်လောက်ရှိနေနေ အကြောင်းနဲ့အကျိုးပဲလို့ ဒီလိုသာခွဲသိလိုက်. . . တဲ့ ကုန်ရော၊ လောက အကြောင်းနဲ့အကျိုးပဲလို့ ဒီလိုသာခွဲသိလိုက်ရင်ကုန်ပြီ ဘာမှမကျန်ဘူး၊ ဥပမာတစ်ခု ဒကာ ဒကာမတွေ ဘုန်းကြီးပြောမယ်၊ ဒီနေ့ ဒကာ ဒကာမတွေ အပါအဝင် ကမ္ဘာလောက ရှိရှိသမျှတွေကို မိဘနဲ့သားသမီးလို့. . . နှစ်အုပ်စု ခွဲကြည့်စမ်း၊ ဟော-မိဘဆိုတာက မွေးထုတ်လိုက်တဲ့ အမေ အဖေတွေ၊ သားသမီးကိုဖြစ်စေတဲ့ အမေ အဖေတွေ၊ အဲဒီလို သဘောထားလိုက်စမ်း၊ လူ့လောကမှာ ရှိနေတာက အမေအဖေ မိဘဆိုတဲ့ အုပ်စုကြီးကတစ်စု၊ သားသမီးဆိုတဲ့ အုပ်စုကြီးကတစ်စုလို့ လောကကြီးရှိတဲ့ လူတွေကို ခွဲကြည့်လိုက်ရင် ဒကာ ဒကာမတွေ မိဘအုပ်စုကြီးနဲ့ သားသမီးအုပ်စုက လွတ်တဲ့လူကျန်သေးလား? မကျန်တော့ပါဘုရား။ အဲ-မိဘက အကြောင်းပဲ၊ သားသမီးက အကျိုးပဲ၊ အကြောင်းအကျိုးဆိုတာ ဒါပြောတာ။

လူတွေအနေနဲ့ လျှောက်ရေတွက်ကြည့်ရင် ကမ္ဘာမှာ လူပေါင်းသန်းလေးထောင်တောင်ကျော်နေပြီလို့ ဆိုတာပေါ့၊ အများကြီးနေမှာပေါ့၊ အဲ-ပဋ္ဌာန်းတရားတော် ဒေသနာတော်နည်းနဲ့ကြည့်လိုက်တော့ အကြောင်းနဲ့အကျိုးသာပဲရှိပါလား. . . လို့ မိဘအုပ်စုကြီးနဲ့ သားသမီးအုပ်စု နှစ်ခုခွဲကြည့်ရင် ဒါပဲတွေသလို ကမ္ဘာလောကရှိရှိသမျှ ရုပ်နာမ်မှန်သမျှအကြောင်းနဲ့အကျိုးပဲ၊ ဟော-သံဃာတော် အရှင်မြတ်တွေ ရွတ်တဲ့အထဲမှာလည်း ဒကာ ဒကာမတွေကြားမှာပါ **"ဟေတုပစ္စ ယေန ပစ္စယော, ဟေတု ပစ္စယေန ပစ္စယော"** နဲ့ **"ပစ္စယေန ပစ္စယော၊ ပစ္စ ယေနပစ္စယော"**ဆိုတာ အကြောင်းနဲ့အကျိုးရှိတယ် ဒါပြောတာ။ ဒီတော့ အဲဒီလို

http://www.dhammadownload.com



ကမ္ဘာလောကရှိရှိသမျှသတ္တဝါတွေဟာ အကြောင်းနဲ့အကျိုးပဲလို့ ခွဲခြမ်းစိတ်ဖြာ ဝေဖန်ပြီးတော့ သိလိုက်ရင် ပဋ္ဌာန်းဉာဏ်ငုံပြီ. . . ပဋ္ဌာန်းတရားတော်ကြီးကို အာဂုံမဆောင်နိုင်ပေမယ့် ပဋ္ဌာန်းဉာဏ်တော့ငုံမိပြီ၊ အဲဒီပဋ္ဌာန်းဉာဏ်ငုံပြီးတော့ ရုပ်နာမ်သာရှိတယ် အကြောင်းအကျိုးသာရှိတယ်၊ အဲဒီအကြောင်းအကျိုးတွေက လည်း ဖြစ်ပြီးပျက်တာပဲလို့ သိတဲ့ဉာဏ်ပေါ်လာရင် ဝိပဿနာဉာဏ်ပေါ်လာပြီး သကာလ ပဋ္ဌာန်းဉာဏ်ငုံပြီးတော့ နိဗ္ဗာန်ဘုံခိုလှုံဝင်တော့မယ်. . . တဲ့၊

ဒီတော့-အဲဒီလို ပဋ္ဌာန်းတရားတော်ကြီးကို ဉာဏ်ငုံပြီးတော့ ကျင့်ရမှာ၊ အဲဒီ ကျင့်ရမှာက နောက်ဆုံးအချက်၊ အဲဒီလိုလုပ်နေလို့ရှိရင် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ တရားကိုမကွယ်အောင် စောင့်ရှောက်နေရာရောက်တယ်. . .၊ ဟော-အခု ဘုန်းကြီးတို့ ဒကာ ဒကာမတွေက သံဃာတော်အရှင်မြတ်တွေ ရွတ် ဖတ် သရဇ္ဈာယ်တော်မူနိုင်ကြရအောင်၊ သံဃာတော်အရှင်မြတ်တွေက ရွတ်ဖတ် ခြင်းဖြင့် ဒကာ ဒကာမတွေက သူတို့ရွတ်ဖတ်နိုင်အောင် ဆွမ်းတွေကပ်ကြ၊ စားဖွယ် တွေ သောက်ဖွယ်တွေလှူကြ၊ လာပြီးတော့ အဖျော်ရည်ယမကာတွေကပ်ကြ၊ ပဋ္ဌာန်းတရားတော်ကြီးကိုလာပြီးပူဇော်ကြ၊ နဝကမ္မတွေလှူကြနဲ့၊ အဲဒါ မကွယ် အောင် မပျောက်အောင် (၁)နံပါတ် အလုပ်ကြီးလုပ်နေတာ၊ (၂)နံပါတ် အလုပ် ကြီးက နာကြားတယ်၊ (၃) နံပါတ် အလုပ်ကြီးက ဆောင်ထားတယ်၊ "ဟေတု ပစ္စယော၊ အာရမ္မဏ ပစ္စယော" စသည်ဖြင့် ဆောင်ထား၊ ဆောင်ထားပြီးတော့ အဓိပ္ပါယ်တွေစဉ်းစား၊ ပြီးတော့မှ (၅)နံပါတ်က ကျင့်၊ ဟော-ဆောင်ထားတာက စဉ်းစားဝေဖန်ဖို့နဲ့သိဖို့။

ဒီတော့-ဘုန်းကြီးတို့ ဒကာ ဒကာမတွေက ဆောင်တော့ဆောင်တယ်၊ "ဟေတုပစ္စယော, အာရမ္မဏပစ္စယော"-ဆောင်တယ်၊ ဘာလုပ်ဖို့ဆောင်တုန်း ဆိုတော့ တစ္ဆေခြောက်လွှတ်ရုံလောက် ဆောင်တာဖြစ်နေတယ်။ အင်မတန် တန်ဘိုးကြီးတဲ့ ပဋ္ဌာန်းတရားတော်ကြီးကို တစ္ဆေသရဲအခြောက်လွှတ်ရုံလောက် ဆောင်တာ ဖြစ်နေတယ်၊ ဒါတောင်တစ္ဆေသရဲအဟုတ်ခြောက်ပြီဆိုရင် "ဟေတု ပစ္စယော" ကျွမ်းထိုးမှောက်ခုံဖြစ်ကုန်တယ်၊ ဟိုရောက်ဒီရောက် ရောက်ကုန်။ လူတစ်ယောက် "ဣတိပိသောတို့ နမောတဿတို့"နဲ့ တစ္ဆေသရဲခြောက်လို့ရှိရင်၊ "ဣတိပိသော နမောတဿနဲ့ ကာကွယ်ရတယ်ဆိုလို့ ရွတ်ထား၊ ကျက်ထား၊ သူများ ကတော့ ဘုရားဂုဏ်အာရုံပြု ဣတိပိသော ရွတ်ထားတယ်၊ ကျက်ထားတယ်၊ ဘုရား ဂုဏ်တော် အာရုံပြုရင် ဣတိပိသောနဲ့ အာရုံပြု၊ တတ်ကောင်း၊ "ဣတိပိသော ဘဂဝါ, အရဟံ"-ဘုရားရှင်ကိုယ်တော်မြတ်သည် ကိလေသာတို့မှ စင်ကြယ်တော် မူပါပေတယ်. . . ငါ့သန္တာန်မှာဖြစ်နေတဲ့ လောဘအပူ၊ ဒေါသအပူမျိုးတွေ ဘုရား

http://www.dhammadownload.com



ရှင်ကိုယ်တော်မြတ်ကြီးကာင်းတော်မူပါပေတယ်. . . "ဣတိပိသော ဘဂဝါ အရဟံ" ဒါလေးရွတ်ပြီးတော့ ဘုရားဂုဏ်ပွားရမှာ။ မဟုတ်ဘူး လူတစ်ယောက်က "ဣတိပိသော၊ နမောတဿ"၊ တစ္ဆေသရဲခြောက်တဲ့အခါ ကာကွယ်ရုံ သူက ကျက်ထားတာ၊ ဘုရားဂုဏ်အာရုံပြုဘို့ မရည်ရွယ်ဘူး။

သူကျက်ထားတဲ့အတိုင်း တစ္ဆေကတစ်နေ့တော့ ခြောက်ကရော၊ ခြောက်ပဟ. . . ရွတ်မှပဲဆိုပြီးတော့ သူက-တခါတည်း "ဣတိပိသော, ဘဂဝတော, အရဟတော, သမ္မာသမ္ဗုဒ္ဓဿ။ ဣတိပိသော, ဘဂဝတော, အရဟတော, သမ္မာသမ္ဗုဒ္ဓဿ"၊ ဩော်. . . ဣတိပိသောရွတ်မှ နမောတဿနဲ့ရောကုန်ပြီ၊ တစ္ဆေကလည်းခြောက်လို့ ကြောက်ကြောက်နဲ့ရွတ်ရတာဆိုတော့ ဣတိပိသော ရွတ်တာ နမော တဿထဲ ဝင်ဝင်သွားတယ်၊ "ဣတိပိသော ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ" တစ္ဆေကလည်း အခြောက်က မရပ်ဘူး၊ ရှေ့တိုးတိုးလာတယ်၊ ဟာ-ဒုက္ခပါပဲ။ ဣတိပိသော နမော တဿထဲ ဝင်ကုန်ရင်တော့ မဖြစ်သေးဘူး၊ နမောတဿ ရွတ်မှပဲ၊"နမော တဿ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ, ဝိဇ္ဇာစရဏ သမ္ပန္နော"- ဩော်ဒုက္ခပဲ"နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏ သမ္ပန္နော"၊ နမောတဿရွတ်တော့ ဣတိပိသောထဲ ရောက်ကုန်ပြန်ပြီ။

ဒီတော့-သူ ဣတိပိသောကလည်း ရွတ်မရ၊ နမောတဿကလည်းရွတ်မရ၊ နမောတဿရွတ်တော့ ဣတိပိသောထဲဝင်၊ ဣတိပိသောရွတ်တော့ နမောတဿနဲ့ရောကုန်တော့ မဖြစ်ပါဘူး၊ သူများတွေ "သမ္ဗုဒ္ဓေ" ရွတ်သံကြားတယ်၊ "သမ္ဗုဒ္ဓေ" ကလည်း ကိုယ်ကလည်း အကုန်မရဘူး။ "သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ"တင် သူကလည်း ဒါပဲရတယ် သူကရှေ့လည်းဆက်မရဘူး၊ ဒီတော့ သမ္ဗုဒ္ဓေရွတ်လို့ရှိရင် ကြောက်တယ်လို့ပြောတယ်၊ သမ္ဗုဒ္ဓေရွတ်မှပဲ၊ သို့သော် သမ္ဗုဒ္ဓေကလည်း ငါအကုန်မရဘူး၊ တစ္ဆေကလည်း တိုးတိုးလာပြီ ဒုက္ခပဲ၊ သမ္ဗုဒ္ဓေကလည်း အကုန်မရဘူး၊ အကုန်မရတဲ့ အတူတူတော့ သူများတွေ သမ္ဗုဒ္ဓေတစ်ဂါထာလုံးရွတ်လို့ တစ္ဆေပြေးတယ်၊ ငါကတစ်ပိုဒ် ရွတ်ရမှာ တစ်ပိုဒ်ရွတ်တဲ့ အတူတူတော့၊ ရတဲ့အပိုဒ်ကလေး တန်ဘိုးရှိရှိ တန်နိုးပြင်းပြင်းရှိအောင် သူများကသမ္ဗုဒ္ဓေရွတ်တယ်၊ "သံ" တောင်မှ စွမ်းသေးရင် ငါ့ရွှေတတ်ရွတ်မယ်ကွာဆိုပြီးတော့ "ရွှေ ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊ ရွှေဗုဒ္ဓေ အဋ္ဌဝီသဉ္စ" သူက သမ္ဗုဒ္ဓေကို။

ဟိုက-သမ္ဗုဒ္ဓေက မြတ်စွာဘုရားဂုဏ်ကို အနက်ပြချင်လို့ သမ္မာသမ္ဗုဒ္ဓ၊ ဗုဒ္ဓ သမ္ဗုဒ္ဓ၊ ဒီသံကို သူကအိမ်ရိုက်တဲ့ သံထင်နေတယ်၊ အိမ်ရိုက်တဲ့သံလို့ ဓားလုပ်တဲ့ သံလို့ထင်နေပြီးတော့ သူက သမ္ဗုဒ္ဓေရွတ်တာတောင် တစ္ဆေပြေးသေးတာကွာ

http://www.dhammadownload.com



"သံထက်ကောင်းတဲ့ "ရွှေ" နဲ့လဲ ရွှတ်မယ်ဆိုပြီးတော့ "ရွှေဗုဒ္ဓေ အဋ္ဌဝီသဥ္စ၊ ရွှေဗုဒ္ဓေ အဋ္ဌဝီသဥ္စ" ရွတ်လိုက်တာ တစ္ဆေကမပြေးတဲ့အပြင် သူ့နားကပ်ကပ်, ကပ်ကပ် လာပြီး ဂုတ်ချိုးစားတော့မယ်၊ ဒီတော့-ဣတိပိသော ရွတ်တော့ နမောတဿ ထဲဝင်၊ နမောတဿရွတ်တော့ ဣတိပိသောနဲ့ရောလို့၊ သမ္ဗုဒ္ဓေကို စွမ်းသ ထက်စွမ်းအောင် ရွှေပြောင်းရွတ်တော့လည်း တစ္ဆေကကပ်လာတော့"ဟယ်- မတတ်နိုင်ပါဘူး တစ္ဆေများခြောက်ဘေးကြီးရောက်၊ ငေါက်တောက်ငေါ၍ ပန်းရ တယ်" ဆိုတဲ့ ရှေးလူကြီးစကားပုံရှိတယ်၊ တတ်နိုင်ဘူး ငေါ့ပန်းမှပဲဆိုပြီးတော့ ရှိ တာနဲ့ ငေါ့ပန်းရတယ်၊ အဲဒီတစ္ဆေကပြေးသတဲ့၊ ဒီတော့-ဘုန်းကြီးတို့ ဒကာ ဒကာ မတွေ တစ္ဆေခြောက်လွတ်ရုံများတော့ (၂၄)ပစ္စည်းကျက် မနေနဲ့တော့၊ ရှိတာနဲ့သာ ငေါ့ပန်းနော်၊ ဒီတော့ ဣတိပိသော၊ နမောတဿတွေ သိပ်ရွတ်မနေကြနဲ့၊ ဒီတော့ တစ္ဆေခြောက်လွတ်ရုံကတော့ ရပါတယ်၊ ကိုယ့်မွေးကတည်းက ပါလာတဲ့လက်နက်။

အဲဒီလိုအားဖြင့် ဒကာ ဒကာမတွေ ဆောင်ထားတော့ ဆောင်ထားပါ တယ်၊ စဉ်းစားဖို့၊ ဝေဖန်ဖို့၊ ကျင့်ဖို့၊ ကြံဖို့မဆောင်ဘဲနဲ့ ဒကာ ဒကာမတွေက တစ္ဆေခြောက် လွတ်ရုံဆောင်ကြတယ်. . . ကိုယ့်အိမ်ကလေး (၂၄)ပစ္စည်းနဲ့ စည်းချ ရုံဆောင်ကြတယ်၊ ဘုန်းကြီးတို့ မင်္ဂလာတိုက်ဆရာတော်ကြီးပြောသလို "မင်းတို့ ဟာ လိမ်းဆေးလေးလုပ်နေတာကိုး သောက်ဆေးသောက်ရမှာ လိမ်းဆေးလေး လိမ်း နေ"ဆိုတာလိုပဲ အဲဒီလိုအားဖြင့် ဒီနေ့ ဒကာ ဒကာမအပေါင်း သူတော် ကောင်းတွေ ဘာလုပ်နေကြပါသလဲလို့မေးရင် တပည့်တော်တို့ "ရေကန်အတွင်း ရေဆင်းပြီး တော့ ချိုးကြပါတယ်. . . "ဟော-မြတ်စွာဘုရားရဲ့ တုဏ္ဍိလ ဇာတ်တော်နဲ့ ပြော ရင် ဒီနေ့ ဒကာ ဒကာမတွေ ရေကန်တော်ကြီးအတွင်း ရေဆင်းပြီးတော့ ချိုးကြပါတယ်၊ ဒီနေ့ အောင်မြေရွှေဘုံ ပဋ္ဌာန်းတရား တော်ပွဲကြီးကို ဆင်နွှဲကျင်း ပရာသို့ ဒီနေ့ ဒကာ ဒကာမတွေ (၅)ရက်တိုင်တိုင် ရောက်လာကြပြီးတော့ ကုသိုလ် ကောင်းမှုတွေပြုနေကြတာ ဘာလုပ်နေကြသလဲ လို့ဆိုရင် ရေကန်ကြီးထဲ ဆင်းပြီး တော့ ရေချိုးနေကြပါတယ်. . .၊ ဒကာ ဒကာမ တွေ ဒီနေ့ ဘာလုပ်တာတုန်းဆိုရင် ရေကန်ကြီးအတွင်း ရေဆင်းချိုးတာ. . . တဲ့၊ ပရိသတ်ကြီး ရေကန်ကြီးအတွင်း *ဘာလုပ်တာတဲ့တုန်း? ရေဆင်းချိုးတာပါဘုရား။* ရေဆင်းချိုးတဲ့၊ မြတ်စွာဘုရားက-

ဩဂဟာထ အကဒ္ဒမံ။ အကဒ္ဒမံ-ရွှံ့ညွန်ကင်း၍, သန့်ရှင်းကြည်လင်, ရေစင် ပြည့်လျှံ, မဟာရေကန်တော်ကြီးအတွင်းသို့, ဩဂဟာထ-အခွင့်သာခိုက်, အားခွန် စိုက်၍, နှစ်ခြိုက်ကြည်သာ, သက်ဆင်းလိုက်ကြကုန်ရာ၏. . .။ ရေကန်ကြီးများ အတွင်းလည်း သက်ဆင်းလိုက်ကြ. . . တဲ့ သက်ဆင်းလိုက်ကြ၊

http://www.dhammadownload.com



ရေကန်ကြီးအတွင်းသက်ဆင်းပြီးတော့ ဘာလုပ်ရမှာတုန်းဆိုတော့-သေဒမလံ-ခန္ဓာကိုယ်မှာယှက်မြွေး, ချွေးစတဲ့ အညစ်အကြေးကိုလည်းပဲ၊ ပဝါဟယ-ပဝါဟယထ-တိုက်ချွတ်တွေး မျှော်, ဘေးမပေါ်အောင်, ဆေးလျှော်သုတ်သင်လိုက်ကြကုန်ရာ၏. . .။ ရေကန် ကြီးအတွင်း ရေဆင်းချိုးရင်းနဲ့ ချွေးအစရှိတဲ့ချေးညှော်တွေကို ဆေးလျှော်လိုက် ကြ. . . .၊ ဒါ့ကြောင့် ဒီနေ့ ဒကာ ဒကာမတွေ ဒီအောင်မြေရွှေဘုံမြတ်စွာဘုရား ပရိဝုဏ်ကြီးအတွင်း၌(၅)ရက်တိုင်တိုင် (၅)ညတိုင်တိုင် မဟာပဋ္ဌာန်းပူဇော်ပွဲကြီး ဆင်နွှဲကျင်းပရင်းနဲ့ လှုပ်လှုပ်ရွရွ ဒီနေ့ ဘာလုပ်နေကြပါသလဲဆိုရင် တပည့်တော်တို့ ရေကန်ကြီးအတွင်းသက်ဆင်းပြီး ရေချိုးနေကြပါတယ်. . .၊ ရေကန်ကြီးအတွင်း သက်ဆင်းပြီး ရေချိုးခြင်းဖြင့် တပည့်တော်တို့သန္တာန်မှာရှိနေတဲ့ ချေးအညှော်တွေကို ဆေးလျှော်ကြပါတယ်. . .၊ ဒီတော့ ရေကန်ကြီးဆိုတာ ဘာ့တုန်းလို့ဆိုတော့-

"ဓမ္မော ရဟဒေါ အကဒ္ဒမော, ပါပံ သေဒမလန္တိ ဝုစ္စတိ"

ဓမ္မော-သုစရိုက်တရား, မြတ်ဆယ်ပါးသည်၊ ဓမ္မော-ပါရမီဆယ်ပါး သူတော်ကောင်းကြီးတွေရဲ့ ကျင့်စဉ်အကျင့်တရားသည်၊ ဓမ္မော-ဒါန, သီလာ, ဘာဝနာ ဟု, သုံးဖြာဝေဖန်, ပရိက်ပိုင်းခြား, ဘုရားပစ္စေကာ, အရိယာအပေါင်း သူတော်ကောင်းကြီးတွေရဲ့ ကျင့်စဉ်ကြီး(၃)ပါးဆိုတဲ့ ဒါန, သီလ, ဘာဝနာတရားသည်၊ အကဒ္ဒမော-ရွံ့ညွှန်ကင်း၍, သန့်ရှင်းကြည်လင် လှပါပေသော၊ ရဟဒေါ-အေးမြကြည်လင်, ရေစဉ်ပြည့်လျှံ, မဟာရေကန်တော်ကြီးသုံးကန်သည်၊ ဟောတိ-မုချမသွေ, ဖြစ်ရပါပေသတည်း. . .။

သာဓု. . . သာဓု. . . သာဓု. . . ပါဘုရား. . .။

ရေကန်ကြီးဆိုတာက ဘာတုန်းလို့ဆိုတော့ သုစရိုက်တရားဆိုတဲ့ ရေကန်ကြီးတဲ့၊ တစ်နည်းပြောရင် ပါရမီ(၁၀)ပါးဆိုတဲ့ ရေကန်ကြီး၊ တစ်နည်းချုံးပြောလိုက်ရင် ဒါန, သီလ, ဘာဝနာဆိုတဲ့ ရေကန်ကြီးသုံးကန်. . . တဲ့ ရေကန်ကြီးသုံးကန်၊ ပရိသတ်ကြီး ဒီနေ့ ဒကာ ဒကာမတွေ ဆင်းတဲ့ရေကန်ကြီးက သုံးကန်တဲ့၊ ရေကန်ကြီး ဘယ်နှစ်ကန်တုန်း? *သုံးကန်ပါဘုရား*။ စွန့်ကြဲပေးကမ်း လှူဒါန်းမှုတွေကို ပြုနေတဲ့အချိန်, ဘုရားရှင်က အဲဒါ ရေကန်ကြီးထဲ ဆင်းနေတာ ဟော့ . . တဲ့၊ ငါးပါးသီလ ထိန်းနေတဲ့အချိန်, (၈)ပါးသီလ (၉)ပါးသီလတွေဆောက်တည်ပြီးတော့ ထိန်းနေတဲ့ အချိန်, ဥပုသ်စောင့်နေတဲ့အချိန်, အဲဒါ သီလရေကန်ကြီးထဲ ဆင်းနေတာ ဟော့ . . . တဲ့ ဒါက ရှောင်တဲ့သီလ။

http://www.dhammadownload.com



ဗုဒ္ဓဝေယျာဝစ္စတွေပြုနေ, ဓမ္မဝေယျာဝစ္စတွေပြုနေ, သံဃာဝေယျာဝစ္စတွေပြုနေ၊ အဲဒါ သီလရေကန်ကြီးပဲ။ ယခုပဋ္ဌာန်းပွဲကြီး အကြောင်းပြုပြီးတော့ အကျိုးဆောင် ဒကာ ဒကာမတွေ ဝေယျာဝစ္စဒကာ ဒကာမတွေက ဘုရားဝင်းကြီးထဲ ရှင်းကြ လင်းကြ, နေရာတွေခင်းကြ ပြင်ကြ, ပရိသတ်ကြီး မလုပ်ရဘူးလား? လုပ်ရပါတယ်ဘုရား။ အဲဒါ သီလကုသိုလ်ခေါ်တယ်၊ သီလဝေယျာဝစ္စ သီလရေကန်ကြီးခေါ်တယ်၊ ဗုဒ္ဓ, ဓမ္မ, သံဃာဝေယျာဝစ္စပြုနေပြီဆိုရင် သီလ၊ ဘုရားရှင်ကို အရိုအသေပေး။ ဒီထဲလာတယ်ဆိုရင် တဘက်ကလေး ပခုံးတင်လို့ လုံချည် အင်္ကျီလေးသပ်သပ်ရပ်ရပ်ဝတ်လို့ အရိုအသေပေးလို့ ဘုရားကို ရှိသေတဲ့အနေ တရားတော်ကို ရှိသေတဲ့အနေ သံဃာတော်တွေ ရှိသေတဲ့အနေနဲ့ လက်အုပ်ချီလို့ ဒူးတုပ်လို့ အဲဒီ အရိုအသေပေးနေတာ သီလ၊ အရိုအသေပေးနေတာ သီလရေကန်ကြီးထဲ ဆင်းနေတာ၊ ဒကာ ဒကာမတွေ အရိုအသေပေးနေတာ ဘာရေကန်ကြီးထဲ ဆင်းတယ်ခေါ်တုန်း? *သီလရေကန်ကြီးပါဘုရား*။

အခု ဒကာ ဒကာမတွေ တရားနာနေတော့ ဒူးလေးတုပ်လို့ လက်အုပ်ကလေးချီလို့ ကိုယ်ကလေးကို မျက်လွှာလေးချလို့ ဒါအရိုပေးပြီးတော့ နာနေတာ၊ အဲဒီ အရိုအသေပေးနေတာက သီလ။ ခုနက လှူတယ် တန်းတယ် ဘုရားကို ပန်းနဲ့ပူဇော်တယ် ရေချမ်းတွေကပ်တယ် သစ်သီးဆွမ်းတွေကပ်တယ် မုန့်ဆွမ်းတွေကပ်တယ် သံဃာတော်တွေ လှူဒါန်းတယ်ဆိုတာက ဒါန၊ ဟော မနက်ဖြန်ခါဆိုရင် သံဃာ (၁၀၈)ပါးကို ဆွမ်းဘောဇဉ်တွေ သံဃိက ဒါနလောင်းကြ လှူကြအုန်းမယ်၊ အဲဒီလို သံဃာတော် အရှင်မြတ်တွေကို ဆွမ်းဘောဇဉ်တွေ လောင်းလှူကြ သံဃာတော်တွေ ဆွမ်းဘောဇဉ်တွေလာပြီးတော့ ကပ်ကြ လှူကြ ပဋ္ဌာန်းပွဲကြီးအတွက် နဝကမ္မငွေကြေးတွေ တတ်စွမ်းသမျှ ထည့်ဝင်လှူဒါန်းနေကြတာဒါန၊ ဒါနရေကန်ကြီးထဲ ဆင်းနေတာ. . . တဲ့။

ဒီတော့ ဒကာ ဒကာမတွေ ဒီမှာ ညတိုင်းညတိုင်းလာလာပြီးတော့ မိမိတို့ တတ်စွမ်းသမျှ လှူကြတန်းကြမှုတွေ ပရိသတ်ကြီး မပြုကြဘူးလား? ပြုကြပါတယ်ဘုရား။ အဲဒီပြုနေတဲ့အချိန်သည် ရေကန်ကြီးထဲ ဆင်းနေတဲ့အချိန်လား ကုန်းပေါ် ရပ်နေတဲ့ အချိန်လား? ရေကန်ထဲဆင်းနေတဲ့ အချိန်ပါဘုရား၊ ဘုရားဝေယျာဝစ္စတွေ တံမြက်စည်းလှည်းတဲ့ သူကလည်းလှည်းကြ, ပန်းတွေဆင်းတဲ့သူက ဆင်ကြ, နေရာတွေ ခင်းတဲ့ သူကခင်းကြ, ရှင်းကြ, လင်းကြ, သံဃာတော်တွေနေဖို့ ထိုင်ဖို့ပြင်ကြဆင်ကြ, ရေမိုးတွေချိုးဖို့ ရေတွေသောက်ဖို့ ခတ်ပေးတယ် စသည်ဖြင့် ဝေယျာဝစ္စကုသိုလ်တွေပြုနေကြတဲ့ အချိန်သည် သီလရေကန်ကြီးထဲ ဆင်းနေကြတဲ့အချိန်၊ ဝေယျာဝစ္စတွေပြုနေတဲ့ အချိန် ဘာရေကန်ကြီးဆင်းပါလိမ့်? *သီလရေကန်ကြီးထဲ ဆင်းတာပါဘုရား*။

၇၇၂

http://www.dhammadownload.com



တရားတော်ကို နာကြားနေတဲ့ အချိန်သည် ဘာဝနာရေကန်ကြီးထဲ ဆင်းနေကြတဲ့အချိန် ပဋ္ဌာန်းတရားတော်ကြီးကို နာ. . . လို့ တရားနာတယ်ဆိုတာ ဘာဝနာကုသိုလ် ဓမ္မာနုဿတိ၊ တရားသတိရလို့။ ဘုရားရှိခိုးလို့ ဗုဒ္ဓါနုဿတိ၊ သံဃာတော်တွေ အာရုံပြုလို့ သံဃာနုဿတိ၊ မိမိလှူလိုက် တန်းလိုက်တာတွေကို သတိရလို့ စာဂါနုဿတိ၊ မိမိထိန်းသိမ်းလိုက်တဲ့ သီလကို သတိရလို့ သီလာနုဿတိ။ ဟော သမထဘာဝနာတွေ ပွားများနေတဲ့ အချိန် ဘာဝနာရေကန်ကြီးထဲ ဆင်းနေတဲ့အချိန်။ အခုတရားတော်ကို အားစိုက်ပြီးတော့ နားထောင်နေတဲ့ အချိန် ဘာဝနာရေကန်ကြီးထဲ ဆင်းနေတဲ့ အချိန်၊ အခု ဒကာ ဒကာမတွေ ဟောဒီတရားပွဲကြီးရှေ့မှာ လာပြီးတော့ ဟောတဲ့တရားကို နာကြားနေတဲ့ အချိန်သည် ဘာဝနာရေကန်ကြီးထဲ ဆင်းနေတဲ့အချိန်. . .။ တရားနာတဲ့ အချိန် ဘာရေကန် ကြီးထဲ ဆင်းပါလိမ့်? *ဘာဝနာရေကန်ကြီးထဲ ဆင်းနေတဲ့ အချိန်ပါဘုရား*။ ဘာဝနာရေကန်ကြီးထဲ ဆင်းနေတဲ့အချိန်. . . တဲ့။

ဒီတော့ ဒါန, သီလ, ဘာဝနာဆိုတဲ့ ရေကန်တော်ကြီးတွေထဲဆင်းပြီးတော့ ရေချိုးကြတယ်. . . တဲ့၊ ရေချိုးတော့ ဘာပြုတုန်းဆိုတော့ ချေးအညှော်တွေ ဆေးလျှော်ပြီးသားဖြစ်သွားတယ်၊ ချေးအညှော်တွေ မဆေးလျှော်လို့ရှိရင် ဘေးပေါ်တတ်တယ်၊ ဒကာ ဒကာမတွေ ရုပ်ခန္ဓာကိုယ်ကို နေ့တိုင်း နေ့တိုင်း ရေမချိုးကြဘူးလား? ချိုးကြပါတယ်ဘုရား။ နေ့တိုင်းနေ့တိုင်း ရုပ်ခန္ဓာကိုယ်ကို ရေချိုးကြတော့ အဲဒီရုပ်ခန္ဓာပေါ်မှာ ရှိနေတဲ့ချွေးတွေ, ချေးတွေ စင်ကြယ်မသွားဘူးလား? စင်ကြယ်သွားပါတယ်ဘုရား။ အဲဒီ ချွေးတွေနဲ့တွဲပြီးတော့ အမှုန်အဖတ်တွေကျလို့ ပေါ်နေတဲ့ချေးတွေ စင်ကြယ်မသွားဘူးလား? စင်ကြယ်သွားပါဘုရား။ အဲဒီတင်မကသေးဘူး ဟိုဟာဒီဟာ အလုပ်လုပ်ရလို့ ပေကုန်တဲ့ ဆီချေးတွေ အိုးမည်းတွေ အမှိုက်တွေ သရိုက်တွေ ချေးတွေညှော်တွေ အဲဒါတွေ ရေတွင်းတို့ ရေကန်တို့ သွားပြီးတော့ ချေးညှော်တွေ ရေချိုးလိုက်တော့ အဲဒီချေးအညှော်တွေကို ဆေးလျှော်ပြီးသားဖြစ်ကြတယ်. . .။ အဲဒီလိုမှ မဆေးမလျှော်ရင်တော့ ဘေးပေါ်တတ်တယ်. . .။

ဒကာ ဒကာမတွေ ခန္ဓာကိုယ်မှာ ရှိနေတဲ့ချွေးတွေ ချေးတွေ၊ ခန္ဓာကိုယ်ရှိတာလည်း မဆေးမလျှော် ရေမချိုး၊ အဲဒီကနေပြီးတော့ အဝတ်တွေ ပေကုန်ညစ်ကုန်၊ အဲဒီ အဝတ်တွေ နေ့တိုင်းဝတ်နေတော့ ကိုယ်ငွေ့တွေ ပိတ်ပြီးတော့ ခန္ဓာကိုယ်မှာ အန္တရာယ်အမျိုးမျိုးတွေ ပရိသတ်ကြီး ဘေးမပေါ်တတ်ဘူးလား? *ပေါ်တတ်ပါဘုရား*။ အခိုးတွေပိတ်ပြီးတော့ ဖျားတယ်နာတယ်ဆိုတဲ့ ဘေးတွေမလာတတ်ဘူးလား? *လာတတ်ပါတယ်ဘုရား*။ အခိုးတွေ အကင်းတွေ ပိတ်ပြီးတော့ အနာတွေ

http://www.dhammadownload.com



ဟိုထွက် ဒီထွက် အဖုတွေ အပိန့်တွေထွက်ပြီးတော့ တခါတည်း ရောဂါတွေရ၊ ဟိုရောဂါ ဒီရောဂါရဆိုတဲ့ ဘေးတွေမပေါ်တတ်ဘူးလား? *ပေါ်တတ်ပါတယ်* ဘုရား။ ဒါဖြင့် မဆေးမလျှော်ရင် ဘေးပေါ်မယ် ဆေးလျှော်လိုက်တော့မှ ခန္ဓာကိုယ်မှာဖြစ်နေကျ အန္တရာယ်တွေ ကင်းစင်ပြီးတော့ ကျန်းမာချမ်းပြီးတော့ နေကြမယ်. . . ဒါကြောင့် ပရိသတ်ကြီးဆိုလိုက်စမ်းပါ-

❖ မဆေးမလျှော်, ဘေးတွေပေါ်, ဆေးလျှော်နိုင်မှ, ဘေးကင်းကြ။

ဒကာ ဒကာမတွေရဲ့ ရုပ်ခန္ဓာမှာ ထွက်နေကြတဲ့ ချွေးတွေ အညစ်အကြေးတွေ, ချွေးတွေကို ဆေးလျှော်နိုင်ကြရင် ဘေးတွေမပေါ်ဘဲနဲ့ ဘေးကင်းကြတယ်၊ အဲဒါလိုပဲ. . . တဲ့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးက ရုပ်ခန္ဓာကိုယ်ကို နေ့စဉ် နေ့စဉ်ချွေးတွေထွက်လို့ ဆေးလျှော်ပြီးတော့ ဘေးတွေမပေါ်အောင် ဆေးလျှော်ကြသလို. . .၊ စိတ်ခန္ဓာကိုယ်လေးကိုလည်းပဲ နေ့စဉ်ရေချိုးပေးကြပါ. . . တဲ့ ရေချိုးပေးကြပါ ဒကာ ဒကာမတွေက ရုပ်ခန္ဓာကိုယ် ရေချိုးဖို့ကျတော့ နေ့တိုင်းသတိရကြတယ်၊ စိတ်ခန္ဓာကိုယ်ကိုရေချိုးဖို့တော့ မေ့နေကြတယ်၊ ရုပ်ခန္ဓာကိုယ်လေး ရေချိုးဖို့ သန့်ရှင်းဖို့တော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ နေ့တိုင်း သတိမရဘူးလား? သတိရပါတယ်ဘုရား။ စိတ်ခန္ဓာကိုယ်ကလေး ရေချိုးဖို့တော့ မေ့နေကြတယ်. . . တဲ့၊မေ့နေကြတယ်။ဒီတော့ရုပ်ခန္ဓာရေချိုးရင်အေးမြတယ် ကြည်လင်တယ် သန့်ရှင်းတယ်၊ စိတ်ခန္ဓာကိုယ်လေး ရေချိုးဖို့ရာ ဘုရားက တိုက်တွန်းနေတာ။

ဒီနေ့ ဟောတဲ့ တုဏ္ဍိလဇာတ်မှာ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဆုံးမတော်မူလိုရင်း ဆုံးမတော်မူလိုချက်က ဒါပဲ၊ သင်တို့တတွေ ရုပ်ခန္ဓာကိုယ်ကြီး နေ့စဉ်ရေချိုးကြ သန့်ရှင်းကြသလို ဘေးမပေါ်အောင် ဆေးလျှော်သုတ်သင်ကြသလို. . . စိတ်ခန္ဓာကိုယ်ကလေးလည်းပဲ ရေချိုးကြ. . . တဲ့၊ ဘေးမပေါ်အောင် ချေးအညှော်တွေကို ဆေးလျှော်သုတ်သင်လိုက်ကြ။ ဒါဖြင့် ဒကာ ဒကာမတွေ ရုပ်ခန္ဓာကိုယ် နေ့စဉ်ရေချိုးသလို စိတ်ခန္ဓာကိုယ်ကို ရေချိုးအုန်းမှကော်မယ်. . . လို့ မဆုံးဖြတ်ထိုက်ဘူးလား? ဆုံးဖြတ်ထိုက်ပါတယ်ဘုရား။ ဒါဖြင့် ဆိုလိုက်စမ်းပါ-

❖ ရုပ်ခန္ဓာလျှင်, အေးကြည်လင်, နေ့စဉ်ရေချိုးကြ။
စိတ်ခန္ဓာလည်း, ထို့တူပဲ, အမြဲရေချိုးကြ။

ဒကာ ဒကာမတွေ ရုပ်ခန္ဓာကိုယ် ရေချိုးများသလောက် စိတ်ခန္ဓာကိုယ် ရေချိုးတဲ့သူက နည်းနေတယ်၊ မနည်းဘူးလား? *နည်းပါတယ်ဘုရား*။ အဲဒါကြောင့် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ရုပ်ခန္ဓာကိုယ်လေး နေ့စဉ်ရေချိုးပေးကြသလို ရုပ်ခန္ဓာကိုယ်က ထွက်တဲ့ချွေးတွေကို ဆေးလျှော်ကြသလို စိတ်ခန္ဓာကိုယ်က ထွက်တဲ့ချွေးတွေကိုလည်း ဆေးလျှော်ရေချိုးကြ. . . ဒကာ ဒကာမတွေ ရုပ်ခန္ဓာကိုယ်က

http://www.dhammadownload.com



ချေးတွေနေ့တိုင်း မထွက်ဘူးလား? *ထွက်ပါတယ်ဘုရား*။ အဲဒါလိုပဲ ဒကာ ဒကာမတွေရဲ့ စိတ်ခန္ဓာကိုယ်ကလည်း ချေးတွေထွက်တယ်၊ ဘာချေးတွေ ထွက်ပါ လိမ့်ဆိုတော့ လောဘချေးတွေ, ဒေါသချေးတွေ, မောဟချေးတွေ၊ အကျဉ်းချုပ် လိုက်ရင်တော့ လောဘချေး, ဒေါသချေး, မောဟချေး၊ အကျယ်ပွားရင်တော့ ကိလေသာ(၁၀)ပါး၊ (၁၅၀၀) ကိလေသာလို့ခေါ်တဲ့ ချေးတွေထွက်တယ်။

ဒီတော့-ဒကာ ဒကာမတွေရဲ့ စိတ်ခန္ဓာကိုယ်က ထွက်နေတဲ့ လောဘချေး က ရုပ်ခန္ဓာကိုယ်က ထွက်တဲ့ချေးလိုပဲ တစ်ကြိမ်ထွက်ရင် အများကြီး၊ စိတ်ဆိုတာ လက်ဖျောက်တစ်ချက် တစက္ကန့် ကုဋေတသိန်းနှုန်းလောက်ဖြစ်တယ်လို့ ဆိုတယ်၊ ဒီတော့ ဒကာ ဒကာမတွေရဲ့ စိတ်ခန္ဓာကိုယ်က လောဘချေး တစ်ကြိမ်တစ်ကြိမ် ထွက်ရင် ချေးသီးချေးပေါက်ပေါင်း ဘယ်လောက်များတုန်းဆိုရင် ကုဋေတသိန်း လောက် များတယ်၊ တစက္ကန့်လောက်ထွက်တဲ့ ချေးဟာ စိတ်ခန္ဓာကိုယ်ကထွက်တဲ့ လောဘ ချေး အညစ်အကြေးဟာ ဘယ်လောက်များ များတုန်းလို့ဆိုရင် တစက္ကန့် ကုဋေတ သိန်းလောက် ချေးလုံးချေးပေါက်များတယ်၊ ဒကာ ဒကာမတွေရဲ့ ရုပ်နာမ် ခန္ဓာကိုယ်က ထွက်တဲ့ချေးလုံးချေးပေါက်တွေလည်း တကိုယ်လုံးဆိုရင် မများဘူး လား? များပါတယ်ဘုရား။ အဲဒီထက်များတယ်. . . တဲ့ စိတ်ခန္ဓာကိုယ်က ထွက်တဲ့ ချေးက။ ဒီတော့ ဘာချေးတွေတုန်းဆိုတော့-

❖ ငါ့သားသမီး, ငါ့ပစ္စည်း, ချေးသီးချေးပေါက် လောဘတွေ။

ဒါက ငါ့သား, ဒါကငါ့သမီး, ဒါငါ့ပစ္စည်း, ဒါ ငါ့ဥစ္စာ, ဒါငါ့ဟာ, ငါ့ဟာ, ငါ့ဟာနဲ့ဆိုရင် လောဘချေးတွေ ထွက်နေတယ်၊ ဘာချေးတွေ ထွက်တာတုန်း? *လောဘချေးတွေပါဘုရား*။ ဆိုစမ်းပါ-

❖ ငါ့သားသမီး, ငါ့ပစ္စည်း, ချေးသီးချေးပေါက်, လောဘတွေ။
စိတ်ခန္ဓာကိုယ်, နေ့စဉ်ယို, ထိုထိုအပါယ်ရောက်ကြောင်းပေ။

ငါ့သား, ငါ့သမီး, ငါ့ပစ္စည်း, ဒါငါ့အိမ်, ဒါငါ့ဟာ, ဒါငါ့လင်, ဒါငါ့မယား, စသည်ဖြင့် မနက်လင်းလာလိုက်သည်နှင့် တပြိုင်နက် တငါငါနဲ့နေပြီဆိုရင် အဲဒါက လောဘချေးတွေ ထွက်နေတဲ့အချိန်. . . တဲ့၊ ဒီတော့ ဘုန်းကြီးတို့ ဒကာ ဒကာမ တွေမှာ အဲဒီချေးတွေ နေ့တိုင်းမထွက်ဘူးလား? *ထွက်ပါဘုရား*။ ဉာဏ်မျက်လုံး နဲ့ကြည့် ကြည့်စမ်းပါ သုံးသပ်ကြည့်စမ်းပါ၊ သူရောကိုယ်ရော လောဘမကင်း နိုင်တဲ့ သူမှန်သမျှ အိမ်ထောင်ရက်သားနဲ့ ငါးဖြာအာရုံကာမဂုဏ်နဲ့ နေကြရတာ ဖြစ်တော့ လောဘချေးတွေ နေ့စဉ်ထွက်တယ်၊ ဒီတော့ ထွက်တာကို ဘုရားက မထွက်နဲ့လို့ တားမရဘူး. . . တဲ့၊ ထွက်လာတဲ့ချေးကို ဆေးလျှော်ပါ. . . တဲ့ ဆေးလျှော်လိုက်ပါ။ ဒီတော့ ဆေးရမှာက ဘယ်သွားဆေးရမှာတုန်း ဘာနဲ့

http://www.dhammadownload.com



ဆေးရမှာတုန်းဆိုတော့ ဒါနရေကန်ကြီးထဲ ဆင်းပြီးတော့ ချိုးလိုက်. . . တဲ့။ ဒါနရေကန်ကြီးထဲ ဆင်းချိုးရင် လောဘချေးတွေ စင်ကြယ်သလောက် စင်ကြယ်သွားတယ်၊ ဒါဖြင့် လောချေးစင်ကြယ်စေချင်ရင် ဒါနရေကန်ကြီးထဲ ဆင်းချိုး။ ပရိသတ် လောဘချေး စင်ကြယ်ချင်ရင် ဘယ်ရေကန်ကြီးထဲ ဆင်းရမှာတုန်း? *ဒါနရေကန်ကြီးထဲ ဆင်းရမှာပါဘုရား။* ဆိုစမ်းပါ-

❖ **လောဘချေးကို, စင်စေလို, ဒါနရေကို ချိုးရတယ်။**

ဒါနဆိုတာ စွန့်ကြဲပေးကမ်း လှူဒါန်းလိုက်တာ၊ စွန့်ကြဲပေးကမ်း လှူဒါန်းလိုက်တယ်ဆိုတာ ငါ့ပစ္စည်း ငါ့ဟာ အဖြစ်ကနေ ရုပ်သိမ်းလိုက်တာပဲ၊ ဒကာ ဒကာမတွေ လက်ထဲငွေတစ်ဆယ်ရှိတယ်၊ အခုပဋ္ဌာန်းပွဲကြီးလာပြီးတော့ ငါတော့ ပဋ္ဌာန်းတရားတော်ကြီး ပူဇော်အုန်းမှပဲဆိုပြီးတော့ ငွေ(၁၀)နဲ့ ပူဇော်လိုက်တယ်၊ သို့မဟုတ် ငွေ(၁၀)တန် ပစ္စည်းတစ်ခုနဲ့ ပူဇော်လိုက်သည်နဲ့ တပြိုင်နဲ့ ငါ့ဟာ ငါ့ဥစ္စာ ဆိုတာကို ရုပ်သိမ်းလိုက်ပြီးသား ဖြစ်သွားတယ်၊ မလှူသေးဘူးဆိုရင် ဒါငါ့ပစ္စည်း ငါ့ဟာ ငါ့ငွေ ငါ့ဥစ္စာနဲ့ ဒီလိုနေတယ်၊ လောဘနဲ့ ချေးထွက်နေတယ်၊ လှူလိုက်ပြီဆိုသည်နဲ့ တပြိုင်နဲ့ ငါ့ဟာဆိုတာ ပျောက်သွားတယ်။ အဲဒီတော့ ငါ့ဟာ ပျောက်သွားတယ်ဆိုတာ ဘာတုန်းလို့ဆိုတော့ လောဘချေးကို ဆေးချတာပဲ။

ဒါဖြင့် ဒီနေ့ ဒကာ ဒကာမတွေ အသံမစဲ မဟာပဋ္ဌာန်းပူဇော်ပွဲကြီးကို အကြောင်းပြုပြီး သကာလ၊ လှူမှုတန်းမှု ပူဇော်မှုဆိုတဲ့ ကုသိုလ်ကောင်းမှုတွေ ဒကာ ဒကာမတွေ (၅)ရက်တိုင်တိုင် (၅)ညတိုင်တိုင် ပြုလုပ်အားထုတ်ခဲ့ကြတယ်. . . လို့ဆိုတော့ ဒါနရေကန်ကြီးထဲလာဆင်း ဆင်းပြီးတော့လောဘချေးတွေ ပရိသတ်ကြီး ဆေးရာမရောက်ဘူးလား? *ရောက်ပါတယ်ဘုရား။* စွန့်ကြဲပေးကမ်း လှူဒါန်းမှုပြုတိုင်းပြုတိုင်း ကိုယ့်လောဘကိုယ်သတ်တာပဲ၊ ကိုယ့်လောဘ ကိုယ့်ချေး ဆေးတာပဲ၊ အဲဒီလိုဆေးနိုင်လို့ရှိရင် ဘေးမပေါ်ဘူးတဲ့၊ မဆေးမလျှော်ရင် ဘေးပေါ်မယ်၊ ဆေးလျှော်ရင် အေးမြချမ်းသာမယ်၊ ဒီတော့ မဆေးမလျှော်ရင် ဘယ်လိုဘေးတွေ ပေါ်မှာတုန်းလို့ဆိုတော့ သံသရာဘေး, ပစ္စုပ္ပန်ဘေးပေါ်တယ်၊ လောဘချေးကို မဆေးဘူးဆိုရင် သံသရာဘေးကြီးက ဘာပေါ်တတ်တုန်းလို့ ဆိုတော့-

လောဘေန ဟိ (တဏှာယ လောဘသဒိသံ) ပေတ္တိဝိသယံ ပါပုဏန္တိ။

သတ္တာ-သူရောကိုယ်ပါ, များပြားစွာတောင်း, သတ္တဝါအပေါင်းတို့သည်၊ လောဘေန-လောဘချေးကြောင့်၊ (ဝါ) လောဘချေးတွေ ထွက်အားကြီးခြင်းကြောင့်၊ ပေတ္တိဝိသယံ-အတော်တော် အပြတ်ပြတ်နေရတဲ့ အပါယ်လေးဘုံထဲက ပြိတ္တာဘုံကြီးဆီသို့ ပါပုဏန္တိ-မုချမသွေ, ရောက်တတ်ကြလေကုန်သတည်း. . .။

သာဓု. . . သာဓု. . . သာဓုပါဘုရား. . .။

http://www.dhammadownload.com



အဲဒီ လောဘခချွေးတွေကို သေးလျှော်တဲ့အနေနဲ့ ဒါနမှုတွေ မပြုဘဲနဲ့ လောဘချွေးတွေ ထူသထက်ထူ ထပ်သထက်ထပ် ပွားသထက်ပွားပြီးတော့ လောဘချွေးတွေ အပေခံအားကြီးရင်. . . တဲ့ သူသေရင် ဘယ်ရောက်သွားတတ်တုန်း ဆိုတော့ ပြိတ္တာပြည်ရောက်တတ်တယ်-

❖ လောဘနဲ့သေ, ပြိတ္တာပြည်, မသွေရောက်တတ်သည်။

လောဘနဲ့သေရင် ပရိသတ်ကြီး ပြိတ္တာပြည်ရောက်တတ်တယ်၊ ဘယ်ပြည် ရောက်တတ်တာပါလိမ့်? *ပြိတ္တာဘုံရောက်တတ်ပါတယ်ဘုရား*။ ပြိတ္တာပြည်ဆိုတာ အငတ်ပြည်ကြီး၊ ဘာပြုလို့ လောဘသမား အငတ်ဘုံရောက်ရတာတုန်းဆိုတော့ သူက လောဘအားကြီးနေတော့ ဘယ်သူ့မှ မလှူနိုင်ဘူး၊ ဘယ်သူ့မှမပေးနိုင်ဘူး၊ ဟိုဟာလေးဖြင့်လည်း ငါစားအုန်းမှာ၊ ဒါလေးဖြင့်လည်း ငါဝတ်ရအုန်းမှာ၊ ဟိုဟာလေးဖြင့်လည်း ငါသုံးရအုန်းမှာ၊ ဒါလေးဖြင့်လည်း ငါ့သား စားရအုန်းမှာ၊ ငါ့သမီးကျွေးရအုန်းမှာ၊ ငါ့သား ဆင်ရအုန်းမှာ၊ အဲဒီလို တငါငါနဲ့နေတာဖြစ်တော့ သူက ဘယ်သူ့မှ ဘာမှမပေးဘူး၊ ဘယ်သူ့မှ ဘာမှမပေးဘူးဆိုတာ ပတ်ဝန်းကျင်ကို အငတ်ထားလာတာနဲ့ တူတယ်. . . တဲ့၊ ဘယ်သူ့မှ မပေးဘူးဆိုတဲ့သူ ဟာ ပတ်ဝန်းကျင်ကို အငတ်ထားရာရောက်တယ်။

ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ကိုယ့်လက်ထဲမှာ (၁၀)တန် ပစ္စည်းတစ်ခုရှိ တယ်၊ ကိုယ့်မှာ ပိုလျှံနေတဲ့ပစ္စည်း ပေးမယ်ဆိုရင် သူများပေးလို့ရတဲ့ပစ္စည်း (၁၀) တန် ပစ္စည်းတခုရှိတယ်၊ သို့မဟုတ် ငွေ(၁၀)ရှိတယ်၊ အဲဒီငွေတစ်ဆယ်ကို ပတ်ဝန်း ကျင်လူဆယ်ယောက်ကို တစ်ကျပ်စီဝေလိုက်ရင် အဲဒီလူ(၁၀)ယောက် တစ်ကျပ် တန် တစ်ကျပ်တန် စားစရာလေးတွေ ပရိသတ် မစားရပေဘူးလား? *စားရပါတယ် ဘုရား*။ မပေးဘူးဟေ့ဆိုဆော့ အဲဒီ (၁၀)ယောက် စားရသေးရဲ့လား? မစားရပါ ဘုရား။ ဒါဖြင့် အဲဒီ (၁၀)ယောက်ကို မပေးဘူးကွာဆိုတဲ့ ဒါနမရှိတဲ့သူက ဒါနမပြုတဲ့ သူက အငတ်ထားမယ်. . . မင်းတို့ ငတ်ကြတော့၊ မင်းတို့ (၁၀)ယောက်တော့ ဘာမှမစားရချင်နေ အငတ်နေကြလို့ ပရိသတ်ကြီး အငတ်ထားရာ မရောက်ဘူး လား? *ရောက်ပါတယ်ဘုရား*။ အဲဒါကြောင့် ဒါနမပြုတဲ့သူက ပတ်ဝန်းကျင်ကို အငတ်ထားရာရောက်တယ်. . . တဲ့၊ ငတ်အောင်လုပ်ခဲ့တယ်။

အဲဒီလို သူက သူများကို ငတ်အောင်လုပ်ခဲ့လေသောကြောင့်၊ ငတ်ရာ ရောက်အောင် လုပ်လေသောကြောင့် အဲဒီ သူပြုခဲ့တဲ့ ကာယကံ, ဝစီကံ, မနောကံ သူ့ထံပြန်လာပြီးတော့ သူ့အငတ်ဘုံကြီးရောက်ရတယ်. . . တဲ့၊ ဟော ကံ, ကံအကျိုး ပရိသတ်ကြီး။ ကိုယ်ပြုတဲ့အတိုင်း ကိုယ့်ထံ ပြန်ရောက်တာ

http://www.dhammadownload.com



လောဘချွေးကို မဆေးမလျှော်လို့ရှိရင် သံသရာတွေ့မယ့်အပြစ်က ပြိတ္တာဘုံ ရောက်ခြင်းဆိုတဲ့အပြစ်၊ ပစ္စုပ္ပန်တွေ့မယ့်အပြစ်က ဘာတုန်းလို့ဆိုတော့-

**လောဘုပ္ပါဒါယ ပဇာယ ဒုဗ္ဗိက္ခန္တရ ကပ္ပေါ ဟောတိ။**

လောဘုပ္ပါဒါယ-မိမိသန္တာန်, သတ္တဝါရဲ့ သန္တာန်မှာ, လောဘတွေ ထူ ပြောအားကြီး နေခဲ့သည်ရှိသော်၊ ဒုဗ္ဗိက္ခန္တရ ကပ္ပေါ-ဒီပစ္စုပ္ပန်မှာပင် ငတ်ခြင်း, ရှားခြင်း, ပါးခြင်း, ခေါင်းပါးခြင်းဆိုတဲ့ ဘေးကြီးသည်၊ ဟောတိ-မုချမသွေ ဖြစ်ပေါ်လို့လာတတ်လေ၏. . .။ လောဘတွေ အားကြီးနေလို့ရှိရင် မသေသေး ဘူး ပစ္စုပ္ပန်မှာတင် သူမှာငတ်တတ်တယ် ခေါင်းပါးနေတတ်တယ် အဲဒါ ဒုဗ္ဘိက္ခန္တရ ကပ်လို့ခေါ်တယ် ဒီတော့ ပစ္စုပ္ပန်မှာ ဒုဗ္ဘိက္ခန္တရဘေးဆိုက်တတ်တယ်၊ သံသရာကျ တော့ ပြိတ္တာဘုံရောက်တတ်တယ်၊ ဒီတော့ ပစ္စုပ္ပန်ဘေး သံသရာဘေး ဘေးနှစ်ခု ကလည်း တခုမှ အကောင်းမရှိဘူး၊ ဒါကြောင့် လောဘဆိုတဲ့ချွေးကို မဆေးမလျှော် ရင် ဘေးပေါ်တတ်တယ်၊ ဘာဘေးတွေပေါ်သလဲ၊ ပစ္စုပ္ပန်မှာ အငတ်ဘေး ဆိုက် လာတတ်တယ်၊ ရှာလို့ ဖွေလို့မရ အငတ်ငတ် အပြတ်ပြတ်ဖြစ်၊ ရှားရှားပါးပါးဖြစ်။ သံသရာကျတော့ ပြိတ္တာဘုံရောက်တတ်တယ်၊ အဲဒါ လောဘချွေး။ ဒေါသချွေး ကကောလို့ဆိုတော့ ပရိသတ်ဆိုလိုက်စမ်းပါ-

**❖ ဒေါသနဲ့သေ, ငရဲပြည်, မသွေရောက်တတ်သည်။**

ဒေါသနဲ့သေရင် ငရဲပြည်ရောက်သွားတတ်တယ်၊ ဒေါသဆိုတာ ဟိုမ ကျေနပ် ဒီမကျေနပ် ဟိုပေါ်စော်ကားချင် ဒီပေါ်စော်ကားချင် ဟိုမောက်ချင် ဒီမာချင်၊ အဲဒီလိုအားဖြင့် ဒေါသနဲ့သူတစ်ပါးကို ညှင်းဆဲချင် သတ်ဖြတ်ချင်ဆိုတဲ့ ဒေါသနဲ့သေသွားခဲ့လို့ရှိရင် ဒေါသချွေးတွေကို မဆေးမလျှော်ဘဲနေခဲ့ရင်. . . တဲ့ ငရဲပြည်ရောက်တက်တယ်။ ဒေါသသမား ဘာပြုလို့ ငရဲပြည် ရောက်တုန်းလို့ ဆိုတော့ သူက ဒီဘက်ဘဝမှာ ဒေါသနဲ့ဆိုတော့ ပြောလိုက်လည်း သူများ နား မချမ်းသာအောင်၊ ဆိုလိုက်လည်း သူများ နားမချမ်းသာအောင်၊ ပါးစပ်ကလည်း နားမချမ်းသာစရာချည့်ပဲ ဆဲသံဆိုသံ အော်သံငေါက်သံ ဟစ်သံ ဆူသံပူသံ။ ကိုယ်နဲ့ လုပ်လိုက်တော့လည်း သူများ ညှင်းဆဲတယ် ရိုက်တယ်ပုတ်တယ် ထိုးတယ်ခုတ် တယ် သတ်တယ် ဖြတ်တယ် ဒေါသသမားက။ ဒီတော့ ဒေါသသမားဆိုတာ သူများ သတ်တယ် ဖြတ်တယ် ညှင်းဆဲတယ် ကိုယ်နဲ့လည်းပဲ ညှင်းဆဲတယ်၊ နှုတ်နဲ့လည်း ညှင်းဆဲတယ်၊ စိတ်နဲ့လည်း ညှင်းဆဲတယ်။

အဲဒီလို သူများမချမ်းသာအောင် နှိပ်စက်ညှင်းပန်းခဲ့လေသောကြောင့် အဲဒီ သူ့ကာယကံ, သူ့ဝစီကံ, သူ့မနောကံတွေ သူ့ထံပြန်ရောက်တဲ့အနေနဲ့ ညှင်းဆဲ

http://www.dhammadownload.com



ထိုးခုတ် အသတ်အဖြတ်တွေ အမြဲခံနေရတဲ့ ငရဲရောက်တတ်တယ်. . . တဲ့၊ အပါယ်လေးဘုံထဲမှာ ငရဲဘုံကြီးဟာအညှင်းဆဲအနှိပ်စက် အခံရဆုံးဘုံကြီးပဲ။ ပြိတ္တာဘုံက- အပါယ်လေးဘုံထဲမှာ အပါယ်ဆိုပေမယ့်လို့ အငတ်ငတ် အပြတ်ပြတ် ဘုံကြီး၊ ငရဲဘုံက ညှင်းပန်းနှိပ်စက် အမြဲခံနေရတဲ့ဘုံကြီး၊ လူ့လောက ထောင်သား တွေလိုပဲ အလုပ်ကြမ်းနဲ့ ထောင်ကျနေတဲ့လူတွေလိုပဲ၊ ညှင်းပန်းနှိပ်စက်ကြောင်း ဖြစ်တဲ့ ဒေါသချွေးတွေကို မဆေးမလျှော်ခဲ့လေသောကြောင့် သံသရာမှာ ငရဲဘုံ ရောက်တတ်တယ်။ ပစ္စုပ္ပန်မှာကောလို့ဆိုတော့-

**ဒေါသုပ္ပါဒါယ ပဇာယ သတ္ထန္တရကပ္ပေါ ဟောတိ။**

ဒေါသအားကြီးရင် သူ့ထံမှောက်သို့ လက်နက်ဘေးဒဏ်ကြီးရောက်လာ တတ်တယ်. . . တဲ့၊ ကိုယ်က သူများထိုးခုတ်သတ်ပုတ် ရိုက်နှက်လုပ်တော့ ကိုယ့် ထိုးမယ့်သူ ခုတ်မယ့်သူ, ရိုက်မယ့်သူ ပြန်ရောက်လာတာပေါ့ ဒါ လောကထုံးစံပဲ၊ ကိုယ်က သူများကို ညှင်းပန်းနှိပ်စက်လုပ်လို့ ကိုယ့်ညှင်းပန်းနှိပ်စက်တဲ့သူ ဒီဘဝတင် ပြန်ပေါ်တာပဲ၊ ကိုယ်က သူများသတ်ရင် ကိုယ့်သတ်မယ့်သူလာမှာပဲ ကိုယ်က သူများလက်ဖြတ် ခြေဖြတ်လုပ်ခဲ့ရင် ကိုယ့်လက်ဖြတ်ခြေဖြတ်လုပ်မယ့်သူ ပေါ် လာတာပဲ မပေါ်သေး ချောင်းနေမှာပဲ။ ဒါ့ကြောင့် ဒေါသအားကြီးလို့ရှိရင် ပစ္စုပ္ပန် မှာ လက်နက်ဒုတ်ဓားဘေးကြီး ကျရောက်လာတတ်တဲ့အပြင် သံသရာမှာကျတော့ ငရဲဘုံကို ရောက်တတ်တယ်၊ ဒါ့ကြောင့် အဲဒီဒေါသချွေးတွေကို သီလနဲ့ဆေးပါ၊ သီလရေကန်ကြီးထဲ ဆင်းဆင်းပြီး ဆေးပစ်လိုက်တဲ့။ ဆိုလိုက်စမ်းပါ-

❖ **ဒေါသချွေးကို, စင်စေလို, သီလရေကိုချိုးရတယ်။**

အဲ-ဒေါသချွေး စင်ကြယ်စေချင်လို့ရှိရင် ဘယ်ရေကန်ထဲဆင်းရတုန်း ဆိုရင် သီလရေကန်၊ ပါဠာတိပါတဦးတည်ပြီး ပြောလိုက်တာ၊ အမှန်ကတော့ လောဘ ဒေါသနှစ်ချွေးလုံးစင်ကြယ်တာပါပဲ သီလရေကန်ထဲ ဆင်းရင်။ သူ့ဥစ္စာ ခိုးတယ်ဆိုတော့ လောဘနဲ့ခိုးတာလည်းရှိတယ်၊ ဒေါသနဲ့ခိုးတာလည်းရှိတယ်၊ ဒီတော့ လောဘနဲ့ ခိုးတာကျတော့ အဲဒါ လောဘချွေးလည်း စင်ကြယ်သွားတာပဲ သီလရေ ကန်ကြီးထဲ ဆင်းလိုက်ရင်။ ဒီတော့ အဓိက သူ့အသက် သတ်မှု ညှင်းဆဲမှု တွေကို ဦးတည်ပြီးတော့ ဒေါသချွေးပြောရတာ။ ကိုင်း-မောဟချွေးကျတော့ ဘယ့်နှယ့်တုန်းလို့ဆိုတော့၊ မောဟချွေး စင်ကြယ်စေချင်ရင် ဘာဝနာရေကန်ထဲ ဆင်းရတယ်. . . တဲ့၊ ဆိုလိုက်စမ်းပါ-

❖ **မောဟချွေးကို, စင်စေလို, ဘာဝနာရေကို ချိုးရတယ်။**

မောဟဆိုတာ အမိုက်ဓာတ်, အမှောင်ဓာတ်, သိသင့်သိထိုက်တဲ့တရားကို

http://www.dhammadownload.com



မသိတဲ့ခွာတ်ကြီးကို မောဟလို့ခေါ်တယ်။ ဒီတော့ ဘာဝနာရေကန်ဆိုတာ အခု တရားနာတာသည်ပင် ဘာဝနာပဲ၊ တရားထိုင်တာ ဘုရားရှိခိုးတာ မေတ္တာပို့တာ ဒါ သမထာဘာဝနာတွေပေါ့။ ရုပ်နာမ်နှစ်ပါး ဖြစ်ပျက်ကိုရှုတာ ဝိပဿနာဘာဝနာ၊ အခု ဒကာ ဒကာမတွေ အခုတရားနာလိုက်တော့ အခုဒီခဏလာပြီးတော့ ထိုင်နာလိုက်တယ်ဆိုရင်ပဲ မသိသေးတာလေးတွေ သိလို့၊ သိပြီးသားလေးတွေလည်း ထပ်ရှင်းလို့ ဟော- ဉာဏ်တွေပွင့်ကုန်၊ အမှောင်တွေပျောက်ပြီးတော့ အလင်းရောက် ရောက်လာတယ်၊ မသိတဲ့မောဟတွေ ပျောက်ပျောက်သွားတယ်။

ဒကာ ဒကာမတွေ အခုတရားနာလိုက်တော့ တစ်လုံးသိနှစ်လုံးသိ၊ တစ်လုံးတိုး နှစ်လုံးတိုး မတိုးဘူးလား? *တိုးပါတယ်ဘုရား*။ အသိဉာဏ်တွေ မပွားဘူးလား? *ပွားပါတယ်ဘုရား*။ အသိဉာဏ်တွေ ပွားသည်နဲ့တပြိုင်နက် မသိ, မသိဆိုတဲ့ အမှောင်ကြီး ပျောက်မသွားဘူးလား? *ပျောက်သွားပါတယ်ဘုရား*။ မောဟချွေးတွေ ဆေးပြီးသားဖြစ်ဖြစ် မသွားဘူးလား? *ဖြစ်သွားပါတယ်ဘုရား*။ ဒီက တစ်ဆင့်တက်ပြီးတော့ ရုပ်နာမ်တွေကိုရှုတဲ့ ဝိပဿနာနဲ့ အရှိမှန်တရားဖြစ်တဲ့ ရုပ်နာမ်တွေ ရှုနေပြီဆိုတော့ အဲဒီရုပ်နာမ်ကို ရုပ်နာမ်အတိုင်းမသိအောင် ဖုံးနေတဲ့ မောဟချွေးတွေ မောဟအမှောင်တွေ ဆေးပြီး ဆေးပြီး ဖြစ်မသွားဘူးလား? *ဖြစ်သွားပါတယ်ဘုရား*။ အဲဒီလို မောဟချွေးတွေ မဆေးမလျှော်ရင် ဘာဖြစ်မှာတုန်းဆိုတော့ သူကလည်း ဘေးပေါ်မှာပဲ မဆေးမလျှော်ရင် ဘေးပေါ်လိမ့်မယ်၊ ဘာဘေးပေါ်မှာတုန်း၊ပစ္စုပ္ပန်ဘေး သံသရာဘေးပဲ သူကလည်း။ ပစ္စုပ္ပန်ဘေးက ဘာတုန်းလို့ဆိုတော့-

မောဟုပ္ပိဒါယ ပဇာယ ရောဂန္တရ ကပ္ပေါ ဟောတိ။

ပဇာယ-သတ္တဝါအပေါင်းရဲ့ သန္တာန်၌၊ မောဟုပ္ပိဒါယ-မသိမှု, မလိမ္မာမှု, နားမလည်မှုတွေ အားကြီးလာခဲ့သည်ရှိသော်၊ ရောဂန္တရ ကပ္ပေါ-ခန္ဓာကိုယ် ရောဂါကပ်ဘေးကြီးသည်၊ ဟောတိ-မုချမသွေ, ဖြစ်ပေါ်၍လာတတ်လေ၏. . . ။ မသိနားမလည်မှုတွေများရင်. . . တဲ့၊ တစ်ယောက်သောပုဂ္ဂိုလ် မသိ နားမလည်မှုများရင် အဲဒီ တစ်ယောက်သောပုဂ္ဂိုလ်မှာ အနာရောဂါတွေ သင့်လာတယ်၊ အများစု နားမလည်မှုတွေများလာရင် အဲဒီအများစု ရောဂါဘေးကြီးဆိုက်လာတတ်တယ်။ ရောဂါဘေးကြီး ဆိုက်လာတတ်တယ်ဆိုတာ မသိမှုတွေက များကုန်တာကိုး ဒီအစာ ဒီအချိန်စားသင့်သလား မစားသင့်ဘူးလား မသိ၊ ဒီဥတု ဒီအချိန်မှာ ဒီအစာ သင့်သလား မသင့်ဘူးလား မသိ၊ အဲဒီလိုအားဖြင့် အစာတွေ ဥတုတွေ အချိန်အခါတွေ အာဟာရတွေ မသိတော့ စားမိစားရာ သောက်မိ သောက်ရာ, လုပ်မိလုပ်ရာလုပ်၊ အဲဒီတင် အနာရောဂါတွေ ရောက်လာကုန်ရော၊ ရောဂါန္တရကပ်

http://www.dhammadownload.com



ဘေးကြီး ဆိုက်လာ၊ ဒါက အစာတို့ ဥတုတို့ ဆေးဝါးခတ်စာတွေ မသိမှု မောဟကြောင့် ရောဂါ ရောက်ပုံ။

တစ်ခါ ရိုသေသင့်တဲ့ ဘုရား၊ တရား၊ သံဃာ၊ ရတနာသုံးပါးကို ရိုသေရမှန်း မသိ ဟောဒါ မောဟချွေး၊ မိဘဆရာသမားတွေ ရိုသေရမှာ လေးစားရမှာ မသိ ဟောဒါ မောဟချွေး၊ ကျေးဇူးရှိတဲ့သူတွေကို ကျေးဇူးတင်ရမှန်း မသိ ဟောဒါ မောဟချွေး၊ ကိုယ့်အထက်က အသက်သိက္ခာ ဂုဏ်ဝါရာထူးကြီးတဲ့ပုဂ္ဂိုလ် လေးစားရမယ် ရိုသေရမယ် အရိုအသေပေးရမယ် ကျေးဇူးတင်ရမယ်ဆိုတာ မသိ အဲဒါ မောဟချွေး၊ ဒီတော့ အဲဒီလို ကိုယ့်ထက်ကြီးတဲ့ မိဘတွေ၊ ဆရာသမားတွေ၊ အသက်သိက္ခာ ဂုဏ်ဝါကြီးတဲ့ ပုဂ္ဂိုလ်တွေ၊ ရာထူးရာခံကြီးတဲ့ ပုဂ္ဂိုလ်တွေ မိမိတို့ကို စောင့်ရှောက်တဲ့ ကျေးဇူးကို မသိ၊ မထောက်ထားဘဲနဲ့ ပြောမှား ဆိုမှား လုပ်မှား ကိုင်မှား အရိုအသေ မပေးဆိုတာ မောဟချွေး။

ဒီတော့-သူ့ဘာဖြစ်လာတုန်းဆိုတော့ ဟော-ကံကြီးတွေထိုက်ကုန်ရော၊ ဘုရား၊ တရား၊ သံဃာ၊ ရတနာသုံးပါး မရိုသေတော့ ဘုရားဂိုဏ်း၊ တရားဂိုဏ်း၊ သံဃာဂိုဏ်းသင့်၊ အမေအဖေတွေ မရိုသေတော့ အမေဂိုဏ်း အဖေဂိုဏ်းသင့်၊ ဆရာသမားတွေ ထော်လော်ကန့်လန့်လုပ်တော့ ဆရာဂိုဏ်း သမားဂိုဏ်းသင့်၊ ကိုယ့်ထက် အသက်သိက္ခာ ရာထူးရာခံ ဂုဏ်ဝါကြီးတဲ့ပုဂ္ဂိုလ်တွေကို ကျေးဇူးမတုန့်ပြန်ဘဲနဲ့ မရိုမသေလုပ်တော့ အဲဒီ ပုဂ္ဂိုလ်တွေရဲ့ အရှိန်အဝါ သီလ၊ သမာဓိ၊ ပညာဂုဏ်တွေကြောင့် ကိုယ့်မှာ ဂိုဏ်းသင့်၊ ကံကြီးထိုက်၊ မကျရောက်သင့်တဲ့ အရာတွေကျရောက်၊ မပေါ်သင့်တဲ့အနာတွေ ပေါ်၊ မဖြစ်သင့်တဲ့ရောဂါတွေ ဖြစ်၊ အသေဆိုး သေ၊ အဲဒါ မောဟအခြေခံပြီး ဖြစ်ကုန်တာ။

ဒါ့ကြောင့်-အသက်သိက္ခာ ဂုဏ်ဝါကြီးတဲ့ ပုဂ္ဂိုလ်တွေ မိဘဆရာသမား ကျေးဇူးရှိတဲ့ ပုဂ္ဂိုလ်တွေကို ရိုသေရမှာကို ရိုသေရမယ်လို့ သိတာ မောဟချွေးကို ဆေးလိုက်ခြင်း ဖြစ်ပါတယ် ဘာဝနာ။ အဲဒီလိုအားဖြင့် မောဟချွေးကို မဆေးမလျှော်ရင် ပစ္စုပ္ပန်မှာ ရောဂါကပ်ဘေးကြီး ဆိုက်ရောက်မှုဆိုတဲ့ အသေဆိုး အနာဆိုး ဖြစ်ရခြင်းဆိုတဲ့ ရောဂါဘေးကြီး ဆိုက်တတ်တယ် . . . တဲ့၊ ဒီတော့ သံသရာကျတော့ကောလို့ ဆိုတော့ ပရိသတ်ကြီးဆိုလိုက်စမ်းပါ-

❖ မောဟချွေးကို၊ စင်စေလို၊ ဘာဝနာရေကို ချိုးရတယ်။
မောဟနဲ့သေ၊ တိရစ္ဆာန်ပြည်၊ မသွေရောက်တတ်သည်။

ဟော-မောဟနဲ့သေသွားရင် အပါယ်လေးဘုံထဲက တိရစ္ဆာန်ပြည်ရောက်တတ်တယ်၊ တိရစ္ဆာန်ဘုံရောက်တတ်တယ်။ တိရစ္ဆာန်ဆိုတာ အပါယ်လေးဘုံထဲမှာ

http://www.dhammadownload.com



ဘာမှမသိတဲ့ မောဟအားကြီးတဲ့ ဘုံကြီး။ ညှင်းပန်းနှိပ်စက်မှုတော့ ဒီလောက်ခံချင်မှ ခံရမယ်၊ ငရဲဘုံလို ညှင်းပန်းနှိပ်စက်မှု ဒီလောက်ခံချင်မှခံရမယ်၊ အငတ်ငတ်အပြတ်ပြတ်လည်း ရှိတဲ့ သတ္တဝါရှိ မရှိတဲ့သတ္တဝါ မရှိပါဘူး၊ တစ်ချို့ကျွေးမယ့်မွေးမယ့်သူနဲ့ပဲ၊ သို့သော် မသိတတ်မှု အားအကြီးဆုံးဘုံကြီးဟာ တိရစ္ဆာန်ဘုံပဲ၊ ဒါ့ကြောင့် မောဟနဲ့ သေသွားတဲ့သူက ဒီဘက်ဘဝမှာ လူဖြစ်တုန်းကလည်း သူက မသိတတ်မှုတွေများလို့ ရိုသေရမှန်းမသိ မိဘရိုသေရမှန်းမသိ ကျေးဇူးသိရမှန်းမသိ ဆရာသမား ရိုသေရမှန်း မသိ၊ အသက်သိက္ခာဂုဏ်ဝါကြီးတဲ့ပုဂ္ဂိုလ်တွေ ရိုသေရမှန်း မသိ၊ အဲဒီလိုအားဖြင့် မသိမှုတွေ နားမလည်မှုတွေများတော့ သူ့မှာ အပါယ်လေးဘုံထဲက တိရစ္ဆာန်ဘုံကြီး ရောက်ရတယ်။

တိရစ္ဆာန်ဘုံက တိရစ္ဆာန်တွေဆိုတာ ဘာမှမသိဘူး၊ စားဖို့ရယ် အိပ်ဖို့ရယ် ငါးဖြာအာရုံကာမဂုဏ်ကိစ္စ ဒါပဲသိတယ်၊ ဘုရား, တရား, သံဃာ, ရတနာသုံးပါး ပူဇော်ရမယ်ဆိုတာတွေ သူတို့မသိ, တရားနာရမယ်ဆိုတာတွေ သူတို့မသိ။ ဒါန, သီလ, ဘာဝနာတွေဆိုတာတွေ မသိ၊ သူတို့မှာ မျက်စိနှစ်လုံးပါတယ်၊ နားနှစ်ဘက်ပါတယ်၊ အဲဒီမျက်စိနှစ်လုံးက ဘုရားတရားကို မကြည့်တတ်ပါ၊ 'နားနှစ်ဘက်က တရားတော်ကို နားမထောင်တတ်ပါ၊ သူတို့လက်တွေ သူတို့ခြေတွေ ပါကြသော်လည်း ဒီနေ့ ဒကာ ဒကာမတွေ လှူတယ်ဒါန်းတယ်ဆိုတဲ့ အမှုတွေပြုသလို သူတို့မပြုတတ်ရှာကြပါ။ ဟိုနားမှာရှိနေတဲ့ နွားတွေ, ကြက်တွေ, ငှက်တွေ, တိရစ္ဆာန်တွေ ပရိသတ်ကြီး သူတို့ လက်တွေခြေတွေ မပါဘူးလား? *ပါပါတယ်ဘုရား။* ဒကာ ဒကာမတွေ လှူတယ် ဒါန်းတယ်ဆိုတဲ့အမှုတွေ သူတို့မှာ ရှိရဲ့လား? *မရှိပါဘုရား။* လှူတယ် တန်းတယ်လို့ကို သိရဲ့လား? *မသိပါဘုရား။* အဲဒါ မောဟခေါ်တယ်၊ သိသင့် သိထိုက်ဟဲ့တရား မသိတာ မောဟ။ ဒီတော့ မောဟနဲ့သေရင် တိရစ္ဆာန်ပြည် ရောက်သွားတတ်တယ်။

အဲဒီ မောဟနဲ့သေပြီးတော့ တိရစ္ဆာန်ပြည်ရောက်ရတဲ့ သံသရာဘေးကြီး၊ ပစ္စုပ္ပန်မှာလည်းပဲ မသိနားမလည်မှုကြောင့် (ဝါ)-မိဘဆရာသမားတွေ ရိုသေရမှာတွေ မရိုသေမိလို့ ကံကြီးထိုက်တဲ့အနေနဲ့ ကျေးဇူးရှိတဲ့ ပုဂ္ဂိုလ်တွေကို ကျေးဇူးရှိတဲ့အနေနဲ့ ပြောရဆိုရ တုန့်ပြန်ရမှာကို မတုန့်ပြန်မိလို့ မတုန့်ပြန်တတ်လို့ သေရင် တိရစ္ဆာန်ဘုံရောက်ရတယ်။ အဲဒီ မောဟကိုလည်း ဘာဝနာရေကန်ထဲ ဆင်းဆင်းပြီး ဆေးလျှော်ပစ်ရတယ်။ အဲဒီလိုအားဖြင့် ဒါန, သီလ, ဘာဝနာဆိုတဲ့ ရေကန်ကြီး (၃)ကန်ထဲကို ဆင်းဆင်းပြီးတော့ ရေချိုးကြ. . . တဲ့၊ ရေချိုးရင် ယခုန ပြောခဲ့တဲ့ ပစ္စုပ္ပန်ဘေး, သံသရာဘေး, ဘေးကြီးသုံးတန် လွတ်ရုံတင် မကဘူး၊ သံသရာရဲ့ ဘေးဒုက္ခကြီးလို့ဆိုတဲ့ အို, နာ, သေရေး, ဒုက္ခဘေးကြီးသုံးပါးတောင်မှ လွတ်နိုင်ပါတယ်. . . တဲ့၊ လွတ်ပါတယ်။

http://www.dhammadownload.com



ဒကာ ဒကာမအပေါင်း သူတော်ကောင်းတွေ ခုနက ဒါန, သီလ, ဘာဝနာ ရေကန်ကြီးသုံးကန်ထဲ ဆင်းဆင်းပြီးတော့ ရေချိုးရင် မကြာမကြာ ရေချိုးပေးလို့ရှိရင် ခုနကပြောခဲ့တဲ့ ပစ္စုပ္ပန်ဘေး, သံသရာဘေး ခဏခဏတွေ့တဲ့ဘေးတွေ လွတ်ရုံတင် မကဘူး. . . တဲ့ သံသရာနဲ့ချီပြီးတော့ ကြုံရတဲ့ အိုဘေး, နာဘေး, သေခြင်းဘေးကြီးဆိုတဲ့ ဘေးကြီးသုံးပါးတောင်မှ လွတ်နိုင်တယ်၊ စင်ကြယ်နိုင်တယ်. . .၊ အိုဘေး, နာဘေး, သေဘေးဆိုတဲ့ ဘေးကြီးသုံးပါးက လွတ်အောင်ပုန်းချင်ရင် အဲဒီ ရေကန်ကြီးသုံးကန်ထဲ ဆင်းပုန်းတဲ့ ဘုရားက ပရိသတ်ကြီးကို။ ဘေးကြီးကလွတ်အောင် ပုန်းစရာ ဒီလောကကြီးထဲမှာ ဒါန, သီလ, ဘာဝနာဆိုတဲ့ ရေကန်ကြီးသုံးကန်ကလွဲရင် ဘယ်နားမှာမှ မရှိဘူး၊ ဒကာ ဒကာမတွေ အိုဘေးကြီးက လွတ်အောင်ဆိုပြီးတော့ ဟို-ဟိမဝန္တာတောင်ခေါင်းကြီးထဲ သွားပုန်းနေရင် လွတ်ပါ့မလား? *မလွတ်ပါဘုရား*။ သမုဒ္ဒရာကြီးရဲ့အောက်ထဲ နက်ပေ့ဆိုတဲ့နေရာမှာ အခု သိပ္ပံနည်းတွေနဲ့ သွားပြီးတော့ ယာဉ်ပျံကြီးတွေနဲ့ အောက်ထဲငုံ့ပြီးတော့ ပုန်းနေရင် လွတ်ပါ့မလား? *မလွတ်ပါဘုရား*။ အထက်မိုးကောင်းကင်ပြေးရင်တော့ လွတ်မှာပဲဆိုပြီးတော့ ဂြိုဟ်တုကြီးတွေ ယာဉ်ပျံကြီးတွေ ဒုံးပျံကြီးတွေ စီးပြီးတော့ ကောင်းကင်ထဲ ပုန်းနေရင်ကော လွတ်ပါ့မလား? *မလွတ်ပါဘုရား*။ မလွတ်ဘူး . . . တဲ့၊ မြတ်စွာဘုရားက မလွတ်ဘူးတဲ့ မင်းတို့။

အေး. . . လွတ်ချင်ရင် ရေကန်ကြီးသုံးကန်ထဲ ဆင်းပုန်းကြ. . . အိုဘေး, နာဘေး, သေဘေးကြီးသုံးပါးက လွတ်ချင်ရင် ပုန်းရမယ့်ရေကန်ကြီးသုံးကန် ပရိသတ်ကြီး ပုန်းရမယ့် ရေကန်ကြီး ဘယ်နှစ်ကန်ပါလိမ့်? *သုံးကန်ပါဘုရား*။ အဲဒါကို မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးက တုဏ္ဍိလဇာတ်မှာ ဟောတော်မူတယ်၊ ဒါကြောင့် တုဏ္ဍိလဇာတ် အကျဉ်းချုပ်ပြောရမယ်ဆိုရင် ရှေးက ဗာရာဏသီပြည်မှာ ဗာရဏသီမြို့ရဲ့ တံခါးအနီးမှာ အဖွားကြီးတစ်ယောက် သားထောက်သမီးခံ မြေးထောက်မြေးခံ အခြံအရံမရှိရှာလို့ ကိုယ့်ဝမ်းစာ ကိုယ်ကြောင်းပြီးတော့ အသက်မွေးဝမ်းကြောင်းပြုရရှာတယ်၊ အဲဒီလို အသက်မွေးဝမ်းကြောင်းပြုတော့ သူတစ်ပါးတွေရဲ့ လယ်ခင်းဆင်းပြီးတော့ ကောက်စပါးများ လိုက်ပြီးတော့ ကောက်လှိုင်းစည်းခြင်း, ကောက်လှိုင်းသယ်ခြင်း, သူတတ်နိုင်သမျှပြုတယ်၊ ပဲခင်းထဲ လိုက်ပြီးတော့ ပဲဆွတ်ရရှာတယ်၊ ဝါကောက်တဲ့ အခါကျတော့ အငှါးလိုက်ပြီးတော့ ဝါကောက်ထွက်ရရှာတယ်။

အဲဒီလိုနဲ့ အဖွားကြီးတစ်နေ့တော့ သူတစ်ပါးတွေရဲ့ ဝါခင်းဝါအငှါးကောက်ဖို့ဆိုပြီးတော့ လိုက်သွား၊ လိုက်သွားပြီးတော့ ဟိုမှာ ဝါအငှါးကောက်ပြီးတော့ အချိန်တန်တော့ အိမ်ပြန်ထမင်းစားမယ်ဆို ဝါတောင်းကလေး ရွက်ပြီးတော့

http://www.dhammadownload.com



ပြန်လာ၊ ပြန်လာတော့ တစ်နေရာရောက်တော့ ဝက်မကြီးတစ်ကောင်က အဖွား ကြီးခြေသံ ကြားလို့ လန့်ပြီးတော့ ချုံခြားထဲက ခုန်ထွက်သွား၊ ခုန်ထွက်သွားတော့ သူက "အမလေး. . . ဘာပါလိမ့်မတုန်း၊ ဒီနားက တရှုန်းရှုန်းနဲ့"ဆိုပြီးတော့ သေသေချာချာကြည့်လိုက်တော့ ဝက်မကြီး ခုန်ထွက်သွားတဲ့နေရာက မွေးပြီးခါစ ဝက်ကလေး နှစ်ကောင် တွေ့၊ တွေ့တော့ ဝက်ကလေးနှစ်ကောင် မြင်မြင်ချင်း သားလိုသမီးလိုခင်တာနဲ့ သံယောဇဉ်ဖြစ်တာနဲ့ ဝါတောင်းထဲ ကောက်ထည့်ပြီး တော့ အိမ်ခေါ် လာခဲ့၊ အိမ်ကျတော့ ထမင်းချိုးကလေးတွေ ဟင်းကျန်ကလေးတွေ့ ထမင်းရေကလေးတွေ တိုက်ပြီးတော့ ကျွေးမွေးသုတ်သင်ပြုပြီး စောင့်ရှောက်ပြီး တော့လာလိုက်တာ ဝက်ကလေးနှစ်ကောင် တော်တော်ကြီးထွားတဲ့ အရွယ်ရောက်၊ အကြီးကလေးကိုတော့ မဟာတုဏ္ဍိလလို့ နာမည်ပေးထားတယ်၊ အငယ်ကလေး ကိုတော့ စူဠတုဏ္ဍိလ၊ အကြီးကလေးက ဘုရားအလောင်းတော်၊ အငယ်ကလေး က ဘုန်းကြီးတို့ ဘုရားလက်ထက်မှာ သေဘေးကို အင်မတန်ကြောက်တဲ့ ရဟန်း တော်ကလေးရဲ့ အလောင်းတော်။

ဘုန်းကြီးတို့ မြတ်စွာဘုရားလက်ထက်ကျတော့ ရဟန်းတော်ကလေး တစ် ပါး၊ သာဝတ္ထိက အမျိုးသားကလေးတစ်ယောက် သက်န်းဝတ်ပြီးတော့လာတာ၊ သူက သေဘေးသိပ်ကြောက်တာပဲ၊ ဟိုကသစ်ကိုင်းကလေး ချွတ်ကနဲ့ကျိုးကျ "အမ လေး သေရတော့မှာပဲ" ဟိုနားက ငှက်ကလေးက ဝီးကနဲ့ပျံသွား "အမလေး သေရတော့မှာပဲ"နဲ့ သူက သေဘေးသိပ်ကြောက်တာ၊ အဲဒါနဲ့ အဲဒီအလောင်း စူဠ တုဏ္ဍိလ ဝက်ကလေးဖြစ်နေတယ် သူက ရှေးတုန်းက ဘုရားအလောင်းနဲ့ တွဲပြီး တော့။ အဲဒါ အဖွားကြီးက ဝက်ကလေးနှစ်ကောင်ကို သားလေးတွေလို ခင်လို့ ဝက်ထီးကလေးနှစ်ကောင်၊ အဲဒါ အချိန်တန်ရင် ကျွေးတယ်၊ မနက်တစ်ခါကျွေး တယ်၊ ညနေတစ်ခါကျွေးတယ်၊ နေ့ပိုင်းတော့ အဖွားကြီးက ဝမ်းစာအတွက် သူများ ဆီ လုပ်ရကိုင်ရ ရှာရသေးတာကိုး။

ဒီလိုနဲ့ နေလာရာက တခါတော့ ဗာရာဏသီမြို့မှာ နက္ခတ်ပွဲသဘင်ကြီး ကျင်းပ (၇)ရက်တိုင်တိုင်ပေါ့လေ ပွဲကြီးလမ်းကြီးကျင်းပ။ ဘုန်းကြီးတို့ အမရပူရ ရတနာ့ဂူပွဲကြီးလိုပေါ့၊ ပျော်ကြပါးကြ, စားကြသောက်ကြ, အလုပ်ရုံတွေပိတ် စက် ရုံတွေပိတ်၊ အဲဒီမှာ အမျိုးသားသူငယ်ချင်း သုံးကျိပ်က သူတို့လည်းပဲ ပျော်ပွဲစား ထွက်ကြမယ်. . . ဆိုပြီးတော့ စားဖွယ်သောက်ဘွယ်တွေ စီစဉ်ကြတော့ ဝက်သား တမည်ကလိုနေ၊ ဝက်သားတမည်ဝယ်လို့ မရလိုက်ဘူး၊ ရက်ကလည်း နက္ခတ်ပွဲ သဘင်ကြီးအတွင်း ရောက်နေပြီဆိုတော့ အခါကြီး ရက်ကြီးမှာ သားကြီး ငါးကြီး မပေါ်ရဘူးဆိုတော့ ဝက်သားလည်း နောက်ထပ် မပေါ်ဘူး၊ ဆိုင်တွေက

http://www.dhammadownload.com



မရောင်းဘူး။ ဒီတော့ သူတို့ "ဘယ့်နှယ့် လုပ်ကြမတုန်း ဝက်သားတမည် လိုနေတယ်၊ တို့တောထဲ ပျော်ပွဲစားပွဲဖို့ ဒိပြင်ဟာတွေ အကုန်စုံတယ်၊ စားဘွယ် သောက်ဘွယ်လည်းစုံလို့ အရက်သေစာတွေလည်း ပါတယ်, ကြက်သားတွေလည်း ပါတယ်, ဆိတ်သားတွေ လည်းပါတယ်, ဒီဝက်သားလိုနေတယ် ဘယ့်နှယ့်လုပ်မတုန်း" "ဟို- မြို့တံခါးနား အဖွားကြီးတစ်ယောက်ရှိတယ်၊ အဲဒီ အဖွားကြီးအိမ် သွားပြီးတော့ ဝက်ဝယ်ကြရအောင်၊ ဝယ်ပြီးတော့ တို့ အဲဒီကနေ ဝယ်ဝယ်ထွက်ထွက် ထွက်မယ်" ဆိုပြီးတော့ လာကြ။

ဒီကျတော့ အဖွားကြီးဆီရောက်တော့ "အဖွား. . . ကျုပ်တို့ ဒီလို ဒီလိုပဲ ပျော်ပွဲစားမလို့ဗျာ. . . အဲဒါ ဝက်သားတမည်လိုနေလို့ အဖွားမှာရှိနေတဲ့ ဝက်ကလေးနှစ်ကောင် တစ်ကောင်ရောင်းပါ"ဆိုတော့ အဖွားကြီးက "မောင်တို့ရယ်. . . တဲ့ အမေက သားကလေးတို့လို သံယောဇဉ်ငြိပြီးတော့ ကျွေးမွေးသုတ်သင် ပြုပြင်စောင့်ရှောက်လာတာဖြစ်တော့ မောင်တို့ပြောတဲ့စကား အမေ့နားထဲမှာ မီးကျီးခဲရဲရဲနဲ့ ထိုးလိုက်သလို ရှိလှပါတယ်. . . တဲ့၊ အင်မတန် သံယောဇဉ်ချစ်ခင်ပြီးတော့ သားကလေးတွေလို ထားတဲ့ဝက်ကလေးတွေကို သတ်စားဖို့ဆိုတဲ့စကား အမေ ကြားရခက်လှပါတယ်၊ ဒါကြောင့် ဒိပြင်တခြားသွားပြီးတော့ ရှာကြပါ. . . သည်းခံကြပါ"လို့ တောင်းပန်လွှတ်တယ်။

ဒီတော့ ဟိုလူတွေကလည်း ဒိပြင်လည်း သွားရှာစရာ မရှိဘူး ကဲ-မရှိတော့ "ကိုင်း တို့ဘယ့်နှယ့် လုပ်ကြမတုန်း" "ဘယ့်နှယ့်မှ လုပ်မနေနဲ့ကွာ မရ, ရအောင် လှည့်ပတ်ပြီးတော့ ဝယ်ရအောင်၊ အဖွားကြီး အရက်တိုက်တာပေါ့ကွာ၊ အရက်တိုက်ပြီး နည်းနည်းစိတ်ကလေး ဘာလေးကြွမ်းလာတဲ့အခါမှ တခါထဲ တောင် ပြောမြောက်ပြော ပြောတဲ့သူက ပြောပေးပြီးတော့ ရအောင်ဝယ်မယ်"ဆိုပြီးတော့ "ကဲပါ အဖွားရယ်. . . ကဲ- မရောင်းချင်လည်း နေပါတော့၊ ဟိုမှာ ကျွန်တော်တို့ ပျော်ပွဲစား ထွက်မလို့ အဖွားရဲ့၊ ဒီတော့ အဖွားလက်ဆောင် ပေးရအုန်းမယ် စားပါအုန်း ဟောဒီ မုန့်ကလေးမြည်းပါအုန်း အဖွားရဲ့၊ ဒီသစ်သီးကလေးလည်း စားပါအုန်း အဖွားရဲ့" သစ်သီးကလေးကျွေး မုန့်ကလေးကျွေး နောက်တော့" ဒီအရက်က လေးလည်း သောက်စမ်းပါအုန်း အဖွားရဲ့"ဆိုပြီးတော့ အရက်ကလေး တစ်ပုဂံ ငှဲ့တိုက်၊ အဖွားကြီးက မသိရှာတော့သောက်မိ၊ သောက်မိ. . . တော့ ပြောရင်း ပြောရင်းနဲ့ နည်းနည်း အရက်ကလေးက ဝင်သွားတော့ တခါတည်း သွေးတွေဘာတွေ ပူထူပြီးတော့ပေါ့လေ. . . အဖွားကြီးစိတ်တွေ နည်းနည်း ထွေထွေဖြစ်လာ၊ စကားပြောတွေ မှားကုန်။

http://www.dhammadownload.com



အဲဒီကျမှ ဘေးကလူတစ်ယောက်က တခါထဲ အဖွားကြီး မခံချင်အောင် စိတ်ဆွပေးတယ်ပေါ့လေ "အဖွား. . . ခင်ဗျားဝက်ကလေးနှစ်ကောင် ရောင်းပါလို့ ဆိုဗျာ. . ခင်ဗျားက သားပြောလို့ ပြော၊ ဘာပြောလို့ ပြောနဲ့၊ ခင်ဗျားက ဝက် ကလေးကို ခင် ဗျားသားဆိုတော့ ဝက်ထီးကြီးနဲ့ ဘာလိုလိုနဲ့၊ ဘယ့်နဲ့လုပ်မှာတုန်း သူများကြား ဘယ်နဲ့လုပ်မှာတုန်း ဘာတုန်းညာတုန်းနဲ့" တောင်ပြော မြောက်ပြော အရက်သမားထုံးစံအတိုင်း ပြောတော့ အဖွားကြီးစိတ်တွေက ကြွကုန် ရှက်လည်း လာ၊ ဒီတော့ "ကဲ. . . အမောင်တို့ ကဲ-စကားများမနေနဲ့ မင်းတို့ကြိုက်တဲ့ အကောင်တစ်ကောင် ဝယ်ကြ. . . ရောင်းမယ်ဆိုပြီးတော့ အရောင်းအဝယ် တည့်သွား။ အဲဒီလိုနဲ့ ဝက်ကလေးနှစ်ကောင် တစ်ကောင်ရောင်းမယ်လို့ ဆိုလိုက် တော့ "ကဲ-အဖွား ဒီလိုဆိုရင် အဖွားဝက်ကလေးတွေ ခေါ်ပေး ဘယ်မှာတုန်း" ဒီတော့ ဝက်ကလေးနှစ်ကောင်က နေ့ဆိုရင် အိမ်ဘေး, ဟိုချုံကြား, ဒီချုံကြား သွားပြီးတော့ ကျက်စားပြီးတော့ အိပ်ပြုနေတတ်ကြတာ၊ အဖွားကြီးက မနက်နဲ့ ညနေစာသာ ခေါ်ကျွေးတာ၊ နေ့လယ် သူတို့ကျွေးတာ မဟုတ်ဘူး။

အဲဒီလိုနဲ့ ဝက်ကလေးနှစ်ကောင် ချုံကြားမှာ အိပ်ပြီးနေတဲ့အချိန် အဖွား ကြီးက "ကဲ-နေကြအုန်း ဒီလိုဆိုရင် ငါ့ဝက်ကလေးတွေ ခေါ်ရမယ်ဆိုရင် စားကျင်း ထဲ ထမင်းထည့်အုန်းမှဖြစ်မှာ"ဆိုပြီးတော့ ထမင်းချိုး ထမင်းကျန် ဟင်းကျန်တွေ အဲဒီစားကျင်းထဲ ထည့်ပြီးတော့မှ သူကခေါ်တယ်၊ စူဠတုဏ္ဍိလ မဟာတုဏ္ဍိလတို့ ရေ. . . လာခဲ့ကြ, လာခဲ့ကြ အမေခေါ်တယ်-ဟဲ့လို့ အသံပေးလိုက်တော့ ချုံကြား ထဲမှာ အိပ်နေတဲ့ ဘုရားလောင်းတော် မဟာတုဏ္ဍိလဝက်မင်းက စဉ်းစားထယ် "တို့အမေ. . . ခါတိုင်း ဒီအချိန်ခေါ်နေကျ မဟုတ်ပါဘဲလား၊ မနက်တစ်ကြိမ်, ညနေတစ်ကြိမ်သာ ခေါ်နေကျ ဖြစ်ပါလျှက်နဲ့ အခုထူးထူးဆန်းဆန်း နေ့လယ်မှာ အချိန်ဖေါက်ပြီးတော့ ခေါ်နေပါလား၊ အကြောင်းတော့ ထူးတာပဲ"လို့ စဉ်းစား ရင်းနဲ့ တဖြေးဖြေးထလာ။

ညီလေးဖြစ်တဲ့ စူဠတုဏ္ဍိလကတော့ ကလေးပီပီ ရှေ့ကနေပြီးတော့ ကပျာ ကယာ ထွက်ပြီးတော့ ပြေး၊ ပြေးပြီးတော့ ချုံကြားကနေ သူ့အမေဆီလှမ်းကြည့် လိုက်တဲ့ အခါကျတော့ အမေကြီးကလည်းပဲ ရုပ်တွေပျက်လို့ ဘေးနားကလည်းပဲ ဒုတ်တွေဓားတွေ, လှံတွေ ကျော့ကွင်းတွေ ကိုင်နေတဲ့ လူတွေကိုမြင်ရတော့ "အင်း . . . အမေကတော့ တို့ကို အသားသတ်စားဖို့ရာ ရောင်းပြီ. . . တို့တော့ ဒီနေ့ သေရတော့မှာပဲ"လို့ သေရမယ့်ဘေးကို တဖျတ်ဖျတ် အင်မတန် တွေးကြောက် သဖြင့် သူ့အကိုကြီးဖြစ်တဲ့ ဘုရားအလောင်းတော် မဟာတုဏ္ဍိလထံ ပြေးလာပြီး တော့" အကိုကြီးရေ. . . တဲ့ ကျွန်တော်တို့နှစ်ယောက် ဒီနေ့သေရတော့မှာပဲ၊

http://www.dhammadownload.com



အမေက ကျွန်တော်တို့ကို သတ်စားမယ့်လူတွေရဲ့ လက်ထဲကျွန်တော်တို့ကို ရောင်းတော့မယ်. . .၊ အမေရဲ့အနီးမှာ ဒုတ်တွေဓားတွေ, လှံတွေကိုင်နေတဲ့ သူတွေကိုလည်း မြင်ရတယ်၊ ဒီတော့ အကိုကြီးရေ. . . တဲ့ ကျုပ်တို့တော့ သေရတော့မှာပဲ ပြေးကြစို့ရဲ့. . . တဲ့ ပြေးကြစို့ရဲ့" အဲဒီစကားကို ဝက်ကလေးက ပြောတယ်။

ပြောတော့မှ ဘုရားအလောင်းတော် မဟာတုဏ္ဍိလဝက်မင်းက တဖြေးဖြေးချင်း စဉ်းစားရင်း "ငါ့ညီ. . . တဲ့ ကာမ, ရူပ, အရူပတည်းဟူသော ဘဝသုံးစုံ ဘုံသုံးဘုံတည်းဟူသော စစ်မြေပြင်အတွင်း သက်ဆင်းကျရောက်လာတဲ့သူ မှန်သမျှ၊ ဒီ (၃၁)ဘုံအတွင်း သက်ဆင်းကျရောက်လာသူ မှန်သမျှ သတ္တဝါ အနန္တတို့မှာ ထို(၃၁)ဘုံကို လွှမ်းခြုံပိုင်နင်း မရဏရှင်သေမင်းကြီး ပစ်ခွင်းလိုက်တဲ့ အိုခြင်း, နာခြင်း, သေခြင်းဆိုတဲ့ မြားကြီး(၃)စင်းဘေးက လွတ်ကင်းနိုင်တဲ့နေရာ ဘယ်မှာမှ မရှိပါ ငါ့ညီ. . . တဲ့ ဒီ (၃၁)ဘုံ စစ်မြေပြင်ကွင်း တို့က သက်ဆင်းမိနေပြီ . . . တဲ့။

ငါ့ညီက ပြေးစို့, ပြေးစို့လို့ပြောတယ် ဘယ်ပြေးမှာတုန်းညီလေး. . . တဲ့ ဘယ်ပြေးမှာတုန်း မင်းဘယ်နားပြေးလို့ လွတ်မယ်ထင်သတုန်း၊ အခုမသေရင် နောင်သေမယ် နောင်မသေရင် အခုသေလိမ့်မယ့်. ဒီတော့ (၃၁)ဘုံကို လွှမ်းခြုံပိုင်နင်း မရဏရှင်သေမင်းကြီး ပစ်ခွင်းလိုက်တဲ့ အိုခြင်း, နာခြင်း, သေခြင်းဆိုတဲ့ မြားကြီးသုံးစင်းဘေးက ကင်းဝေးလွတ်မြောက်နိုင်တဲ့နေရာ ဘယ်နားမှာမှ မရှိပါ. . . ဒီတော့ ငါ့ညီ. . . ဘယ်မှပြေးဖို့ မကြံနဲ့. . .၊ အဲဒီဘေးကြီး သုံးစင်းက လွတ်ချင်ရင် အိုခြင်း, နာခြင်း, သေခြင်းဆိုတဲ့ မြားကြီးသုံးစင်းက လွတ်ချင်ရင်-

**ဩဂဟာထ အကဒ္ဒမံ, သောဒမလံ ပဝါဟယ၊**
**သဠှနာဝန'မိဒံ သီလံ, ဇတံ ဗုဒ္ဓါန သာသနံ။**

ဟော-ဒီဂါထာကို ဘုရားအလောင်းတော်က ကောက်ပြောလိုက်တယ် အကဒ္ဒမံ-ရွှံ့ညွန်ကင်း၍, သန့်ရှင်းကြည်လင်, ရေစဉ်ပြည့်လျှံ, မဟာရေကန်တော်ကြီး သုံးကန်အတွင်းသို့၊ ဩဂဟာထ-အခွင့်သာခိုက်, အားခွန်စိုက်၍, နှစ်မြုပ်ကြည်သာ, သက်ဆင်းလိုက်ကြကုန်ရာ၏. . .။ ဘုရားအလောင်းက အဲဒီလိုပြော၊ ဝက်နှစ်ကောင် ပြောနေတဲ့အချိန်မှာ ခုနက အဖွားကြီးရော လူသုံးကျိပ်ရော အံ့သြနေကြတာ "ဟာ-တိရစ္ဆာန်က လူစကားပြောနေတယ် တိရစ္ဆာန်က လူစကားပြောနေတယ်"ဆိုပြီးတော့ အံ့သြနေကြတာ၊ အဲဒီတင် တစ်အိမ်က တစ်အိမ်ပြောကြဆိုကြတော့ လူတွေကလည်း အကုန်လုံး အဲဒီနားစုရုံးပြီးရောက်လာကြတယ်၊ အဲဒီတင် ဘုရားအလောင်းတော်က ခုနစကား ပြောနေတာ (၃၁)ဘုံတည်းဟူသော စစ်မြေ ပြင်အတွင်း သက်ဆင်းကျရောက်လာသူ မှန်သမျှ သတ္တဝါအနန္တတို့မှာ

http://www.dhammadownload.com



ထို(၃၁)ဘုံကို လွှမ်းခြုံပိုင်နင်း မရဏရှင်သေမင်းကြီး ပစ်ခွင်းလိုက်တဲ့ အိုခြင်း, နာခြင်း, သေခြင်းဆိုတဲ့ မြားကြီးသုံးစင်း လက်တွင်းက လွတ်ကင်းစရာ ဘယ်နားမှာမှ မရှိပါ. . . ။

ဒီတော့ အဲဒီမြားကြီးသုံးစင်းဘေးက လွတ်ကင်းချင်ရင် ရေကန်ကြီးသုံးကန်အတွင်းသက်ဆင်းပြီး ပုန်းလိုက်ပါလို့. . . ဘုရားအလောင်းတော် မဟာတုဏ္ဍိလဝက်မင်း ဖြစ်စဉ်တုန်းက ပြောတော်မူခဲ့တဲ့စကား။ အဲဒီ စကားကိုပဲ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဘုရားဖြစ်တော်မူတဲ့ အခါကျတော့ ထပ်လောင်းပြီး ပြန်ပြောင်းဟောတော်မူခဲ့တဲ့စကား။ ဒီတော့ ဝက်မင်းကပြောတယ်ဆိုပေမယ့်လို့ အမှန်က ဘုရားဟောစကားပဲ။ ဘုန်းကြီးတို့ ပရိသတ်ကြီး ဘုရားက သူတို့ရှေးအတိတ်က သူအလောင်းတော်ဘဝတုန်းက ဖြစ်ခဲ့တဲ့ဇာတ်ကြောင်း သူက ပြန်ပြောင်း မဟောရင် ဘုန်းကြီးတို့ သိပ့်မလား? *မသိပါဘုရား*။ ပရိသတ်ကြီးကော သိပါ့မလား? *မသိပါဘုရား*။

ဒါဖြင့် မြတ်စွာဘုရားက ဒီဇာတ်ကြောင်းကို ပြန်ပြောင်းပြီးတော့ ဟောလို့ သိရတယ်ဆိုတော့၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက အဲဒီတုဏ္ဍိလဇာတ်ကြောင်းနဲ့ ပြန်ပြောင်းပြီးတော့ ဟောတော်မူတယ်ဆိုတာ ဒကာ ဒကာမတွေ ပုံဝတ္ထုကလေး နားထောင်ပြီးတော့ အပျင်းပြေရုံရည်ရွယ်ပြီးတော့ ဟောတော်မူသည် မဟုတ်ပါ။ အမှန် စင်စစ်ကတော့ ယနေ့ ဒကာ ဒကာမအပေါင်း သူတော်ကောင်းတွေ အိုခြင်း, နာ ခြင်း, သေခြင်းဆိုတဲ့ ဘေးကြီးသုံးပါးက လွတ်ကင်းရာ ပုန်းချင်ကြရင် (၃၁)ဘုံထဲမှာဖြင့် ကောင်းကင်တက်ပုန်းလို့လည်း မလွတ်, သမုဒ္ဒရာကြီးအလယ် ပြာသာဒ်ကြီးတည်ပုန်းလို့လည်း မလွတ်, ဟိမဝန္တာ ဝေရက်ခေါ်တဲ့ တောင်ခေါင်းကြီးတွေထဲ ပုန်းလို့လည်း မလွတ်ဘူး. . . တဲ့ ဒီရေကန်ကြီး (၃)ကန်ထဲ ဆင်းပြီးတော့ ပုန်းမှ လွတ်တယ်. . . လို့ ဒီတရားကို·သိစေချင်လို့ ဟောခဲ့တယ်ဆိုတာ ပရိသတ် မသေချာပေဘူးလား? *သေချာပါတယ်ဘုရား*။ ဒါဖြင့်ဆိုစမ်းပါ-

- မိုးကောင်းကင်ထဲ, ပုန်းခိုလည်း, လွတ်မြဲမရှိပါ။
  သမုဒ္ဒရာအလယ်, ပြာသာဒ်တည်, ပုန်းကွယ် မလွတ်ပါ။
  ထိုထိုတောင်ခေါင်း, ပုန်းခိုအောင်း, လွတ်ကြောင်းမရှိပါ။

တောင်ခေါင်းကြီးတွေထဲ သွားပုန်းလို့ အိုနာသေရေး ဘေးကြီးသုံးပါးက ပရိသတ်လွတ်နိုင်ရဲ့လား? *မလွတ်နိုင်ပါဘုရား*။ သမုဒ္ဒရာအလယ် ပြာသာဒ်ကြီး တည်ပြီးတော့ ပုန်းလို့ကော လွတ်နိုင်ရဲ့လား? *မလွတ်နိုင်ပါဘုရား*။ မိုးကောင်းကင် ထဲ ပုန်းခိုအောင်းနေလို့ကော လွတ်နိုင်ပါမလား? *မလွတ်နိုင်ပါဘုရား*။ ဒါဖြင့်

http://www.dhammadownload.com



ဘယ်ပုန်းမှ လွတ်တုန်းလို့ဆိုတော့ အဲဒီ ရေကန်ကြီးသုံးကန်ထဲ ဆင်းပုန်းလွတ်တယ် . . . တဲ့၊ ဒကာ ဒကာမတွေ အိုဘေး, နာဘေး, သေဘေးဆိုတဲ့ မြားကြီးသုံးစင်းဘေးက လွတ်ချင်ရင် ရေကန်ကြီးသုံးကန်ထဲ ဆင်းပြီးတော့ ပုန်းလိုက်ပါ။

ဩဂဟာထ အကဒ္ဒမံ။ အကဒ္ဒမံ-ရွံ့ညွန်ကင်း၍, သန့်ရှင်းကြည်လင်, ရေစဉ်ပြည့်လျှံ, မဟာရေကန်တော်ကြီး သုံးကန်အတွင်းသို့၊ ဩဂဟာထ-အခွင့်သာခိုက်, အားခွန်စိုက်၍, နှစ်ခြိုက်ကြည်သာ, သက်ဆင်းလိုက်ကြကုန်ရာ၏. . . ။ အခွင့်သာခိုက်ဆိုတာ ဒကာ ဒကာမတွေက လူ့ဘဝလူ့ခန္ဓာ ရပြီးတော့နေတဲ့အခိုက်၊ ဒါန, သီလ, ဘာဝနာဆိုတဲ့ ရေကန်ကြီးသုံးကန်ကလည်း ထင်ရှားရှိတဲ့အခိုက်, ရေကန်ကြီးသုံးကန်ကလည်း ရှိတယ်၊ ဒကာ ဒကာမတွေကလည်း ဆင်းတတ်တယ် ဆင်းနိုင်တဲ့ဘဝ ရနေတဲ့အခိုက်၊ ဟိုနားအိပ်နေတဲ့ နွားတွေ, ကျွဲတွေကျတော့ ပရိသတ် ဆင်းတတ်သေးရဲ့လား? *မဆင်းတတ်ပါဘုရား*။

ဒါန, သီလ, ဘာဝနာဆိုတဲ့ ရေကန်ကြီးသုံးကန်ကတော့ ဒီနားမှာရှိနေတာပဲ၊ အခုပဋ္ဌာန်းရွတ်ပွဲကြီးနဲ့ သူတို့ ဒီရေကန်ကြီးသုံးကန်ထဲ ဆင်းပြီးတော့ ဒါနရေကန်, သီလရေကန်, ဘာဝနာရေကန်ထဲ ဆင်းဖို့ရာ ပညာလည်းမရှိ၊ ဆင်းနိုင်တဲ့ သတ္တိလည်းမရှိ. . . လို့ဆိုတော့ ဒကာ ဒကာမတွေလို သတ္တဝါတစ်ယောက်ဖြစ်ပါရဲ့သားနဲ့ သူတို့ တိရစ္ဆာန်တွေကျတော့ ဆင်းနိုင်သေးရဲ့လား? *မဆင်းနိုင်ပါဘုရား*။

ဝေယျာဝစ္စတွေပြုကြ, သီလတွေထိမ်းကြ, ဥပုသ်တွေစောင့်ကြ, သီလရေကန်ကြီးထဲ ဆင်းကြ။ ကိုင်း-ဒီတော့ ဘာဝနာရေကန်ထဲ ဆင်းတဲ့နေရာမှာ ဝိပဿနာဘာဝနာရေကန်ကြီးထဲ ဆင်းတာကို ပြောရမယ်ဆိုရင် ဟော-ပဋ္ဌာန်းတရားတော်ကြီးနဲ့စပ်ပြီးတော့ ပြောရမှာဆိုတော့ ဘုန်းကြီးတို့ ပဋ္ဌာန်းဆိုတာ ခုန ဘုန်းကြီး တရားပန္နက်ရိုက် တရားပြည်တည်စက ပြောခဲ့ပြီ အကြောင်းအကျိုးသာ ရှိတယ်လို့ မြင်ရင် ကမ္ဘာလောကကြီး ရှိရှိသမျှ ရုပ်နာမ်ဓမ္မတွေ အကုန်သိမ်းမိတယ်၊ မသိမ်းမိဘူးလား? *အကုန်သိမ်းမိပါတယ်ဘုရား*။ ပဋ္ဌာန်းဆိုတာ အကြောင်းနဲ့ အကျိုးပဲ ရှိတယ်လို့ မြင်လိုက်ပါ. . . တဲ့ ကမ္ဘာလောက ရှိရှိသမျှ အကြောင်းအကျိုးပဲလို့ မြင်လိုက်တဲ့၊ ဒီတော့ အကြောင်းအကျိုးပဲလို့ မြင်ဖို့ရာအတွက် မြတ်စွာဘုရားက-

ရထ္ထယောဂါ ဒါရုယန္တံ, သဗ္ဗာပါဒံဝ ခါယတိ၊
ဧဝံ သုညံ နာမရူပံ, အညမည သမာယုတံ။

ရထ္ထယောဂါ-အရုပ်ကြီးနှင့်, အသင့်ဆွဲကပ်, တွဲစပ်မိခြင်းကြောင့်၊ ဒါရုယန္တံ-သစ်သားကိုလုပ်, မင်းသား မင်းသမီးရုပ်သည်၊ သဗ္ဗာပါဒံဝ-သွား,ရပ်,ကခုံ,

၈၈၆

http://www.dhammadownload.com



ဗျာပါဒရှိပုံကဲ့သို့၊ ခါယတိ-ရှု့သူစိတ်တွင်, မှတ်ထင်၍နေရလေ၏. . . ။ ဒကာ ဒကာမတွေ ပဋ္ဌာန်းတရားတော်နည်းနဲ့ ဝိပဿနာတင်ရှုမယ်ဆိုရင် ဘုန်းကြီးတို့ ဒကာ ဒကာမတွေရဲ့ လက်ရှိရုပ်နာမ်ခန္ဓာကိုယ် အကြောင်းအကျိုးလို့မြင်လိုက်ရမှာ၊ ဒီတော့ အကြောင်းအကျိုးလို့ မြင်ဖို့ရာအတွက် ဥပမာပုံကလေး ဘုရားက ဘာပေးတုန်းလို့ဆိုတော့ ရုပ်သေးစင်မှာရှိနေတဲ့ အရုပ်နဲ့ဆွဲတဲ့ကြိုး မြင်လိုက်စမ်းပါတဲ့၊ ဒကာ ဒကာမတွေ ရုပ်သေးစင်မှာ မင်းသားရုပ်, မင်းသမီးရုပ်, မြင်းရုပ်, မျောက်ရုပ် အစရှိသည်ဖြင့် အရုပ်တွေ မရှိဘူးလား? *ရှိပါတယ်ဘုရား*။

အဲဒီ အရုပ်တွေဟာ ဆွဲတဲ့ကြိုး မတပ်သေးဘူး ဆွဲတဲ့ကြိုးနဲ့ မဆွဲသေးဘူး ဆိုရင် လှုပ်ရဲ့လား? မလှုပ်ပါဘုရား။ ဒါဖြင့် သစ်သားရုပ်တွေက သစ်သားရုပ်ထုံးစံအတိုင်း ဘာမှ လှုပ်တတ် ရှားတတ်တာ မရှိဘူး ဒီတိုင်းနေတယ်။ နောက်ဆွဲတဲ့ကြိုးက လေးတပ်လိုက်ပြီးတော့ လှုပ်လိုက်ရှားလိုက်တော့မှ ဆွဲကြိုးနဲ့ အရုပ်နဲ့ပေါင်းမိတော့ ပရိသတ်ကြီး အရုပ် လှုပ်မလာဘူးလား? *လှုပ်လာပါတယ်ဘုရား*။ လှုပ်လာတယ်။ ဒါဖြင့် အရုပ်လှုပ်လာတာ ဘာပြုလို့ လှုပ်တုန်းဆိုရင် ဆွဲတဲ့ကြိုးနဲ့ ပေါင်းမိလို့. . .၊ ပရိသတ်ဘာလို့ လှုပ်တုန်း? *ဆွဲတဲ့ကြိုးနဲ့ ပေါင်းမိလို့ပါဘုရား*။ ဆွဲတဲ့ကြိုးနဲ့ ပေါင်းမိလို့။ ဆိုလိုက်စမ်းပါ-

❖ ရုပ်သေးစင်တွင်, အရုပ်သွင်, ပုံတင်ရှုကြလင့်။
ဆွဲကြိုးအရုပ်, တွဲ၍လှုပ်, အဟုတ်ထင်ကြရှင့်။

ဆွဲတဲ့ကြိုးနဲ့ အရုပ်နဲ့တွဲလိုက်တော့ အရုပ်ကလေးတွေ လှုပ်လာတော့ ဟိုက မင်းသား ဟိုကမင်းသမီး ဟိုကမျောက်, ဟိုကမြင်း, ဟိုကဆင်, ဟိုကဂျားနဲ့ တခါတည်းဇာတ်ကောင်တွေအကောင်အသီးသီးပရိသတ်ထင်မလာတတ် ဘူးလား?*ထင်လာတတ်ပါတယ်ဘုရား*။ အဲဒါလိုပဲ ယနေ့ ဒကာ ဒကာမ အပေါင်းတွေရဲ့ ရုပ်ခန္ဓာကိုယ်ဆိုတဲ့အရုပ်ကြီးကိုစိတ်နာမ်ဆိုတဲ့ကြိုးက ဆွဲလိုက်တဲ့ အခါကျတော့ ဒကာ ဒကာမတွေရဲ့ ရုပ်ခန္ဓာကိုယ် အရုပ်ကြီးသည်. . . သွား, ရပ်, ထိုင်, လျောင်း, လိုရာပြောင်း၍ အကြောင်းအားလျော်စွာ လှုပ်ရှား၍ နေရပေသတည်း။

ဒီခန္ဓာကိုယ်ကြီး သွားဟန်, လာဟန်, စားဟန် သောက်ဟန်, ထိုင်ဟန် ထဟန်, ရပ်ဟန်လျောင်းဟန် ပုံသဏ္ဌာန်တွေ ပေါ်မလာဘူးလား? *ပေါ်လာပါတယ်ဘုရား*။ ဘာနဲ့တွဲလို့ ပေါ်လာတုန်းဆိုတော့ စိတ်နာမ်ခန္ဓာတည်းဟူသောကြိုးနဲ့ တပ် ဆွဲလိုက်လို့၊ ဒါဖြင့် စိတ်နာမ်ခန္ဓာကအကြောင်း ရုပ်ခန္ဓာကိုယ်ကြီးက အကျိုး၊ အ ကြောင်းအကျိုး ပေါ်မလာဘူးလား? *ပေါ်လာပါဘုရား*။ ပဋ္ဌာန်းဆိုတာ ရုပ်နာမ်တရားနှစ်ပါးပဲရှိတယ်၊ အဲဒီ ရုပ်နာမ်တရား နှစ်ပါးဟာလည်း အကြောင်းအကျိုး ပေါင်း စပ်နေတာပဲလို့။

http://www.dhammadownload.com



ရဇ္ဇုယောဂါ-အရုပ်ကြိုးနှင့်, အကပ်ဆွဲကပ်, တွဲစပ်မိခြင်းကြောင့်၊ ဒါရုယန္တ-သစ်သားကိုလုပ်, မင်းသားမင်းသမီးရုပ်သည်၊ သဗျာပါဒ်ဝ-သွားရပ်ကခုံ, ဗျာပါဒရှိပုံကဲ့သို့၊ ခါယတိ-ရှုသူစိတ်တွင်, မှတ်ထင်၍နေရလေ၏၊ ဇဝ်ထထာ-ပမာဆိုမူ, ထို့အတူသာလျှင်၊ သုည-အသက်ဇီဝ, အတ္တမှကင်းဆိတ်သော၊ နာမရူပ-နာမ်ရုပ်နှစ်ဖြာ, ငါးခန္ဓာသည်၊ အညမည သမာယုတ်-အချင်းချင်းကပ်, ပေါင်းစပ်မိသည်ဖြစ်၍၊ သဗျာပါဒ်ဝ-သွား,ရပ်,ထိုင်,လျောင်း, လိုရာပြောင်းလျှက်, အကြောင်းအားလျော်စွာ, လှုပ်ရှားနေသကဲ့သို့၊ ခါယတိ-ရုပ်နာမ်နှစ်ပါး, မကွဲပြားက, အများစိတ်တွင်, ထင်မြင်စွဲလမ်း၍, နေရပါပေသတည်း. . . ။

သာဓု. . . သာဓု. . . သာဓု. . . ပါဘုရား။

ဒါဖြင့် ရုပ်ဆိုတဲ့ ရုပ်သေးရုပ်ကြီးနဲ့တူတဲ့ ဒီရုပ်ခန္ဓာကိုယ်ကြီးကို၊ စိတ်နာမ်လို့ ခေါ်တဲ့ ကြိုးနဲ့တပ်ပြီးတော့ ဆွဲလိုက်လေသောကြောင့် အဲဒီစိတ်နာမ်ဆွဲသလို ဒီရုပ်နာမ်ခန္ဓာကိုယ်ကြီးက ခြေကြွခြင်း, လက်မြှောက်ခြင်း, ခေါင်းညိမ့်ခြင်း, ခေါင်းရမ်းခြင်း, သွားခြင်းလာခြင်း, ထိုင်ခြင်းရပ်ခြင်းဆိုတဲ့ ကြိယာပုထ် အမျိုးမျိုးပြောင်းပြီးတော့ လှုပ်ရှားဟန်ပေါ်လာရတယ်. . . ၊ ဒါဖြင့် ဒီခန္ဓာကိုယ်ကြီးထဲမှာ ဆွဲတဲ့ကြိုးနာမ်တရားနဲ့ လှုပ်နေတဲ့ရုပ်တရား ဒီနှစ်ပါးကလွဲပြီးတော့ ပရိသတ် ဘာရှိသေးတုန်း? *ဘာမှမရှိတော့ပါဘုရား။* ဒါဖြင့် အကြောင်းနဲ့အကျိုး အကျိုးနဲ့အကြောင်း ဒီနှစ်ပါးပဲရှိတယ်လို့ မြင်လာရင် ပစ္စာန်းဉာဏ်ငုံမိပြီးတော့ မမြင်ဘူးလား? *မြင်ပါတယ်ဘုရား။* ဆိုလိုက်စမ်းပါ-

❖ လောကအတွင်း, ရှိခပင်း, မယွင်းများလှစွာ။
ကြောင်းကျိုးသာပဲ, ဉာဏ်ဖြင့်စွဲ, ဝေခွဲသိလိုက်ပါ။
ပစ္စာန်းဉာဏ်ငုံ, နိဗ္ဗာန်ဘုံ, ခိုလှုံဝင်တော့တာ။

အကြောင်းအကျိုးပဲ ခွဲသိလိုက်ပါဆိုတော့ ကိုင်း-သွားချင်, လာချင်, ထိုင်ချင်, ရပ်ချင်တဲ့ ကိစ္စကလေးတွေဆိုကြည့်ရအောင်၊ အခုတစ်ခါ ဒကာ ဒကာမတွေ ဒီကိုတရားနာ လာခဲ့ကြတော့ လာချင်လို့လာတာလား မလာချင်ဘဲလာတာလား? လာချင်လို့လာတာပါဘုရား။ ကိုင်း-လာချင်တာကကြိုး နာမ်တရား၊ လာဟန်ပြုတဲ့ ရုပ်အမူရာကြီးက အဲဒီစိတ်ကြိုးဆွဲတဲ့အတိုင်း-ခြေထောက်ကြွအောင် ကြိုးစဆွဲလိုက်တော့ ခြေထောက်ကလေး ကြွလာရတယ်၊ ဘုန်းကြီးတို့ ရုပ်သေးထဲက အရုပ်ကလေးတွေ ညာဘတ်ခြေတောက် ကြိုးစကလေး ဆွဲလိုက်တော့ ညာဘက်ခြေထောက်ကလေး မြှောက်မသွားဘူးလား? *မြှောက်သွားပါဘုရား။* နောက် အဲဒါလေး လျော့ချလိုက်တော့ ကျသွား။ ဘယ်ဘက်ခြေတောက် ကြိုးကလေး ဆွဲတော့ ဘယ်ဘက်ခြေထောက် မြှောက်လာ၊ အဲဒီတင် အရုပ်ကလေးက သွားတယ် သွားတယ်ဆိုပြီး ဖြစ်လာ။ ဒါကြောင့် ဆိုလိုက်စမ်းပါ-

http://www.dhammadownload.com



❖ လာချင်တာကနာမ်, လာဟန်ပြုတာကရုပ်၊
သူမဟုတ်, ငါမဟုတ်, လာတာနာမ်နဲ့ရုပ်၊
သူမဟုတ်, ငါမဟုတ်, သဘောသက်သက်နာမ်နဲ့ ရုပ်၊
သူမဟုတ်, ငါမဟုတ်, ဖြစ်ပျက်သက်သက် နာမ်နဲ့ရုပ်။

ကိုင်း- လာတဲ့ကိစ္စမှာ လာချင်တဲ့နာမ် လာဟန်ပြုတဲ့ ရုပ်၊ ဒီနှစ်ခုကလွဲပြီးတော့ ပရိသတ်ရှိသေးရဲ့လား? *မရှိတော့ပါဘုရား*။ ဒါဖြင့်-လာတာနာမ်နဲ့ရုပ်ဆိုတာ မသေချာပေဘူးလား? *သေချာပါတယ်ဘုရား*။ လာတာ ဘာနဲ့ဘာတုန်း? *နာမ်နဲ့ရုပ်ပါဘုရား*။ ဒါပေမယ့်လို့ ယနေ့ ဒကာ ဒကာမအပေါင်း သူတော်ကောင်းတွေက သံသရာကမ္ဘာလဆန်း (၁)ရက်ကစပြီးတော့ စွဲလာခဲ့တဲ့ ဥပါဒါန်အစွဲကြောင့် ငါလာတယ်. . . လို့ မထင်လိုက်ဘူးလား? *ထင်လိုက်ပါတယ်ဘုရား*။ ဟော-ရုပ်နာမ်နှစ်ပါးက လာတာကို ငါဆိုတဲ့ ဟာကြီး ဝင်မတပ်ဘူးလား? *ဝင်တပ်ပါတယ်ဘုရား*။ အဲဒါကို သက္ကာယဒိဋ္ဌိလို့ခေါ်တယ်၊ သက္ကာယဒိဋ္ဌိဆိုတာ သက္ကာယဆိုတာ ခုနကကြီးနဲ့အရုပ်လို့ပဲ ရုပ်နာမ်ကို သက္ကာယလို့ခေါ်တယ်၊ အဲဒီသက္ကာယအပေါ်မှာ ငါကောင် သူကောင်လို့ အထင်ရောက်တဲ့ အမြင်မှားကြီးကို ဒိဋ္ဌိ၊ နှစ်ရပ်ပေါင်းလိုက်တော့ သက္ကာယဒိဋ္ဌိ။ ဒီတော့ အဲဒီသက္ကာယဒိဋ္ဌိက ဘယ်လောက်ဖြစ်တုန်းလို့ဆိုတော့-

❖ နာမ်ရုပ်နှစ်တန်,ဖြစ်ပျက်ဟန်ကို, အမှန်ဒိဋ္ဌ, မမြင်ကြ၍၊
ငါထငါထိုင်, ငါကိုင်ငါသွား, ငါကြားငါကြည့်, ငါသိငါမြင်၊
ဓာတ်ဖြစ်အင်ကို, ငါလျှင်မုချ, မှတ်ထင်ကြသည်. . .
သက္ကာယဒိဋ္ဌိအစွမ်းတည်း. . .။

သူက ဘယ်လောက်ထိများ သက္ကာယဒိဋ္ဌိက မွေနေတုန်းလို့ဆိုတော့ ဒကာ ဒကာမတွေကို တစ်သံသရာလုံးက စွဲလာတဲ့စွဲချက်က နာထားတာဖြစ် တော့ သွားရင်လည်း ငါသွားတယ်, ရပ်ရင်လည်း ငါရပ်တယ်, ထိုင်ရင်လည်း ငါထိုင်တယ်, စားရင်လည်း ငါစားတယ် တငါငါနဲ့ သူကဝင်မွှေနေတော့တာပဲ ရုပ်နာမ်ရဲ့ အမူအရာမှန်သမျှ သူက ငါ, ငါ, ငါ, ငါနဲ့ချည့် ဝင်နေတယ်၊ ကိုယ်မဟုတ်တာကျတော့ "သူ"လို့ သုံးလိုက်ပြန်တယ်၊ အမှန်စင်စစ်ကတော့ ရုပ်နာမ်တရားနှစ်ပါး အကြောင်းအကျိုးအားလျော်စွာ ဖြစ်ပွားပြီးတော့နေကြတဲ့ အရုပ်တွေ၊ ရုပ်သေးထဲမှာရှိနေတဲ့ အရုပ်တွေဟာ ကြိုးဆွဲလို့ အရုပ်တွေ လှုပ်နေတာ ပရိသတ် မသေချာဘူးလား? *သေချာပါတယ်ဘုရား*။ ရှင်ဘုရင်က ရှင်ဘုရင်ခန်းက ထွက်တော့လည်း ရှင်ဘုရင်အရုပ် ကြိုးဆွဲလို့ လှုပ်တာပဲ၊ ဒါဖြင့် မနက်လင်းဇာတ်သိမ်းတော့ အကုန်လုံး သေတ္တာထဲ မရောက်ဘူးလား? *ရောက်ပါတယ်ဘုရား*၊ ဇာတ်သေတ္တာကြီးထဲ သွင်းလိုက်တဲ့ အခါကျတော့ ပရိသတ် လှုပ်သေးရဲ့လား? *မလှုပ်ပါ ဘုရား*။

http://www.dhammadownload.com



ဒကာ ဒကာမတွေရဲ့ ရုပ်နာမ်ခန္ဓာလည်းပဲ ဇာတ်အခန်းခန်းကနေ ထွက်ကြတယ်ပေါ့လေ. . . သူက အမေအဖေတဲ့ သူကသားသမီးတဲ့ သူကဦးကြီးဦးလေး သူက အဒေါ်၊ အဲဒီလိုအားဖြင့် ဇာတ်ဆောင်ခန်း အသီးသီးကနေ ထွက်ပြီးတော့ လှုပ်ရှားသွားလာနေတော့ ငါလို့ထင် သူလို့ထင် နောက်ဆုံး ဇာတ်သိမ်းပြီဆိုတော့ ပရိသတ်ကြီး သေတ္တာထဲ မဝင်ရဘူးလား? ဝင်ရပါတယ်ဘုရား။ သေတ္တာထဲဝင်တော့ လှုပ်သေးရဲ့လား? မလှုပ်ပါဘုရား။ သုသာန်သွားပြီ. . . အဲဒီကျမှ ဒကာ ဒကာမတွေ မျက်စိလည် ပြေတော့တယ်၊ ပြေရမှာက အစောကြီးပြေရမှာ၊ ရုပ်သေးရုပ်တွေ ဇာတ်သိမ်းတော့ သေတ္တာထဲ မရောက်ဘူးလား? *ရောက်ပါတယ်ဘုရား။* ဒ ကာ ဒကာမတွေ ဇာတ်သိမ်းတော့ကော ဘယ်ထဲရောက်မှာတုန်း? သေတ္တာထဲ *ရောက်မှာပါဘုရား။* သေတ္တာထဲဝင်ကြမှာနော်၊ ဘုန်းကြီးတို့ ဘုန်းကြီးတွေကျ သေတ္တာကြီးကြီးထဲဝင်ပြီး ပွဲကြီးခံပြီးတော့ အကြာကြီး သေတ္တာကြီးမြှောက်နေကြသေးတယ်၊ အဲဒီလိုအားဖြင့် ဇာတ်သိမ်းတဲ့အခါကျတော့မှ မျက်စိလည်ပြေကြတယ်. . .။

ဒီတော့ သိလိုက်ရမှာက ပဋ္ဌာန်းတရားတော်နည်းနဲ့ကြည့်ရင် ရုပ်နာမ်တွေ အကြောင်းအကျိုးပဲလို့ သိအောင် ရှုကွက်နဲ့ကြည့်တော့ လှမ်းလိုက်လည်းပဲ ရုပ်နာမ်ဖြစ်ပျက်, ထိုင်လိုက်လည်းပဲ ရုပ်နာမ်ဖြစ်ပျက်, စားလိုက်လည်းပဲ ရုပ်နာမ်ဖြစ်ပျက်။ သို့မဟုတ် စားတယ်စားတယ်, စားတဲ့အခိုက်မှာ စားချင်တဲ့နာမ်နဲ့ စားဟန်ပြုတဲ့ရုပ် မပေါ်ဘူးလား? *ပေါ်ပါတယ်ဘုရား။* အဲဒီ အမှုအရာကို စားတယ် စားတယ်, စားတယ်လို့ ရှုကြည့်လိုက်တော့ စားနေတဲ့ ရုပ်နာမ်အမှုအရာနှစ်ခုကို ဒီကစားတယ်လို့ ရှုလိုက်တော့ တည့်မသွားဘူးလား? *တည့်သွားပါဘုရား။* အဲဒါကို ပြောတာ စားတယ် စားတယ် ရှု, သွားတယ် သွားတယ် ရှု၊ သို့မဟုတ် ရုပ်နာမ်ဖြစ်ပျက်, ရုပ်နာမ် ဖြစ်ပျက်၊ ဟော- စားနေတဲ့အခိုက်မှာ စားချင်တဲ့ နာမ်နဲ့စားဟန်ပြုတဲ့ရုပ်ပေါ်နေတယ် ရုပ်နာမ်နှစ်ခုပေါ်နေ၊ အဲဒါတွေကို ရုပ်နာမ်, ရုပ်နာမ်လို့ရှုတယ်၊ ဟော- ရှိတာနဲ့ ရှုတာတည့်၊ တည့်ရင် "ငါ"ပျောက်သွားတာပဲ၊ မပျောက်ဘူးလား? *ပျောက်ပါတယ်ဘုရား။* ရှုကွက်တည့်တိုင်း, တည့်တိုင်း "ငါ"ကလေးက ပျောက်ပျောက်သွားတယ်။

အဲဒီ "ငါ"ကလေးကို ဘုရားသာသနာတော် အကူအညီနဲ့ ဖျောက်နိုင်တယ်၊ အခုလို ဘုရားသာသနာတော်ကြီး ပေါ်နေတဲ့အချိန် သာသနာ့အလင်းရောင်ရှိနေတဲ့အချိန်မှာ ဖျောက်နိုင်တယ်၊ ဒိပြင်အချိန် ဒီ "ငါ"ကလေးကို မဖျောက်နိုင်ဘူး၊ ဒိပြင်အချိန်ဆိုတာ ဘုန်းကြီးတို့ ဒကာဒကာမတွေ ဝေးဝေးမကြည့်နဲ့ အခုလို ဝိပဿနာ သာသနာမရှိတဲ့ ဆိတ်သုဉ်းနေတဲ့နေ့တွေ အထူးသဖြင့် နိုင်ငံခြားတွေ

http://www.dhammadownload.com



ကြည့်ကြည့်, ဘယ်နားကြည့်ကြည့် သွားကြည့် ဒိပြင် ဒါနတွေ ပြုပါတယ် သီလတွေ ထိမ်းပါတယ်၊ မေတ္တာတွေ ဘာတွေ လုပ်တတ်ပါတယ် အဲ "ငါ"ကလေးကျတော့ သူတို့ မဖျောက်နိုင်ကြဘူး ပရိသတ်ဖျောက်နိုင်ရဲ့လား? *မဖျောက်နိုင်ပါဘုရား။*

ဒီတော့ အဲဒီ "ငါ"စွဲလေးဖျောက်တဲ့ ဝိပဿနာရှုနည်းကျတော့ ဟော-ရုပ်နာမ်ဖြစ်ပျက်, ရုပ်နာမ်ဖြစ်ပျက်လို့ မိုးကုတ်ဆရာတော်ဘုရားကြီးများ ပေးတဲ့ နည်းနဲ့ဖြစ်စေ။ မြင်တယ်မြင်တယ်, ထိုင်တယ် ထိုင်တယ်, ကြားတယ်ဆိုတဲ့ မဟာစည် ဆရာတော်ဘုရားကြီး ပေးတဲ့နည်းနဲ့ဖြစ်စေ၊ မြင်, သိ, ပျက်, ကြား, သိ, ပျက်၊ စား, သိ, ပျက်လို့ တောင်ပုလုဆရာတော်ဘုရားကြီးပေးတဲ့ နည်းနဲ့ဖြစ်စေ၊ မဟာသတိပဋ္ဌာနသုတ်တော်ကြီးကို အခြေခံပြီးတော့ ပေးတော်မူကြတာ ဖြစ်လေသောကြောင့် ရုပ်နာမ်အတိုင်း မြင်တဲ့ဉာဏ်ပေါ်တဲ့ အခိုက်တိုင်း အခိုက်တိုင်း "ငါ"စွဲကလေး ပျောက်ပျောက်သွားတယ်. . . တဲ့၊ အဲဒီလိုပျောက်နေရင် ဝိပဿနာ ဘာဝနာရေကန်ကြီးထဲ ဆင်းနေပြီ. . . တဲ့၊ ဆင်းနေပြီ၊ ဘာရေကန်ကြီးထဲ ဆင်းတာတုန်း? *ဝိပဿနာရေကန်ကြီးထဲ ဆင်းနေတာပါဘုရား။*

အဲဒီ ဝိပဿနာဘာဝနာရေကန်ကြီးထဲ ဆင်းပြီးတော့ ပုန်းပါများရင် ဝိပဿနာဉာဏ်တွေ ရင့်သန်လာလို့ သက္ကာယဒိဋ္ဌိတွေ တစ်နေ့နည်းနည်းဖြုတ်ရာက နောက်တော့ တော်တော်များများ ဖြုတ်ပြီးတော့ နောက်ဆုံး သောတာပတ္တိမဂ်ဖိုလ်, သကဒါဂါမိမဂ်ဖိုလ်, အနာဂါမိမဂ်ဖိုလ်, အရဟတ္တမဂ်ဖိုလ် ပေါ်လာပြီးသကာလ ပြုတ်ပြုတ်ပြုန်း ကုန်ဆုံးပြီးတော့ အရဟတ္တမဂ် အရဟတ္တဖိုလ်ဉာဏ် အာသဝေါကင်းကွာ ရဟန္တာယောကျ်ား ရဟန္တာမတွေဖြစ်ခဲ့ရင်. . . ပရိသတ်ကြီး ခုနက အိုတယ်, နာတယ်, သေတယ်ဆိုတဲ့ ဘေးကြီးသုံးပါး လွတ်မသွားဘူးလား? လွတ်သွား*ပါတယ်ဘုရား။* ဒီနေ့ ပရိနိဗ္ဗာန်ဝင်စံတော်မူသွားတဲ့ အရှင်သာရိပုတ္တရာ, အရှင် မဟာမောဂ္ဂလာန် ရဟန္တာယောကျ်ား အရှင်မြတ်ကြီးတွေ. . . မိထွေးတော် ဂေါတမီ, ခေမာထေရီအစရှိတဲ့ ရဟန္တာမ အာဇာနည်အရှင်မြတ်ကြီးတွေ ဒီနေ့ အိုတယ်, နာတယ်, သေတယ်ဆိုတဲ့ ဘေးကြီး ရှိသေးရဲ့လား? *မရှိပါဘုရား။* ရေကန်ကြီးသုံးကန်ထဲ ဆင်းပုန်းကြတာ လွတ်မသွားဘူးလား? *လွတ်သွားပါတယ် ဘုရား။* ဒါကြောင့် ယနေ့ ဒကာ ဒကာမတွေလည်းပဲ ရေကန်ကြီးသုံးကန်ထဲ ဆင်း ပုန်းပြီးတော့ ရေချိုးကြ. . . လို့-

**ဩဂဟထ အကဒ္ဒမံ, သေဒမလံ ပဝါဟယ၊**
**သဋ္ဌနာန'မိဒံ သီလံ, ဇာတံ ဗုဒ္ဓါန သာသနံ။**

ဘောန္တော-နှလုံးပျော့ပျောင်း, အိုသူတော်ကောင်းတို့၊ ဘောန္တော-မဂ်လေးတန်, ဖိုလ်လေးတန်, မြတ်နိဗ္ဗာန်ကို, ရရန်ရွယ်ကြောင်း, ဆုပန်တောင်း၍,

http://www.dhammadownload.com



စုပေါင်းညီညာ, (၃)ကြိမ်မြောက်, (၃)နှစ်မြောက် အသံမစဲ, မဟာပဋ္ဌာန်း ပူဇော်ပွဲကြီးကို, ဆင်နွဲကျင်းပကြတဲ့, ခေါင်းဆောင်ပိုင်း, နောက်လိုက်ပိုင်း, ဒကာ ဒကာမအပေါင်း သူတော်ကောင်းတို့, အသံမစဲ မဟာပဋ္ဌာန်းပူဇော်ပွဲကြီးကို, ဦးစီး ခေါင်းဆောင်, ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြတဲ့, ဆရာတော်ဦးပညာဒီပ, ဆရာ တော် ဦးပဏ္ဍိတဦးဆောင်တဲ့, သံဃာတော် အရှင်မြတ်တွေနှင့်တကွ, ထိုသံဃာ တော် အရှင်မြတ်တွေကို (၅)ရက်တိုင်တိုင်, လှူဒါန်းပူဇော်သမ္မုပြုကြ, ထောက်ပံ့သမှု ပြုရင်း, အသံမစဲ, မဟာပဋ္ဌာန်း ပူဇော်ပွဲကြီးကို, ဆင်နွဲကျင်းပကြတဲ့ ဒကာ ဒကာမ အပေါင်း သူတော်ကောင်းတို့။

တုမ္ဘေ-သင်သူတော်ကောင်းသည်၊ အကဒ္ဒမံ-ရွှံ့ညွန်ကင်း၍, သန့်ရှင်း ကြည်လင်, ရေစဉ်ပြည့်လျှံ, မဟာရေကန်တော်ကြီး အတွင်းသို့၊ ဩဂဟာထ- အခွင့်သာ ခိုက်, အားခွန်စိုက်၍, နှစ်ခြိုက်ကြည်သာ, သက်ဆင်းလိုက်ကြကုန်ရာ၏၊ သေဒမ လံ-ခန္ဓာကိုယ်မှာ ယှက်မြွေး, ချွေးစတဲ့ အညစ်အကြေးကိုလည်းပဲ၊ ပဝါဟယ ပဝါဟယထ-တိုက်ချွတ်တွေးမျှော်, ဘေးမပေါ်အောင်, ဆေးလျှော် သုတ်သင်လိုက်ကြကုန်ရာ၏။

ကွဒံ-ရေကန်ကိုဆင်း, ချေးညှော်ကင်းအောင်, ဆေးလျှော်ခြင်းဆိုတဲ့, ဤအမှုသည်၊ သဗ္ဗနာနံ-အိုနာသေဇာတ်, အမြစ်ပြတ်၍, လွတ်လပ်လိုတောင်း, ဘုရားပစ္စေကာ, အရိယာသူတော်ကောင်းကြီးတို့၏၊ သီလံ-လမ်းရိုးမမှတာ, ထုံးစံ ကြီးတစ်ခုပါပေတည်း၊ ကွတိ ဇေတံ-ဆိုအပ်ခဲ့ပြား, ဤအဆုံးအမတော်စကား သည်၊ ဗုဒ္ဓါနံ-ဘုန်းတော်ခြောက်စုံ, တန်ခိုးဂုဏ်ဖြင့်, ပြည့်စုံတော်မူပြား, ဂေါတမ ရှင်တော်ဘုရားကြီးတို့၏၊ သာသနံ-တုဏ္ဍိလဇာတ်,သက်သေကပ်၍, ဟောအပ် သေချာ, အဆုံးအမတော်ကြီး ဖြစ်ပါပေသတည်း. . . ။

သာဓု. . . သာဓု. . . သာဓုပါဘုရား. . . ။

http://www.dhammadownload.com

# * "ကုလသုတ္တန်"
# အပျောက်ရှာ တရားတော်

ယနေ့ည ၁၃၄၃-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၁၃)ရက်ညမှာ မိုးကုတ်မြို့၊ ပန်းမရပ်၊ ပန်းမအထက်ကျောင်းတိုက် ကျောင်းမခန်းဆောင်ကြီးပေါ်၌ ကျင်းပအပ်သော ဤတရားပွဲသည်ကား၊ ဤပန်းမ (၄)ရပ်ကွက်၌ နေထိုင်ကြကုန်သော ဒကာဒကာမအပေါင်း သူတော်ကောင်းတို့ရဲ့ ကထိနဒါနမင်္ဂလာလို့ ခေါ်ဆိုရတဲ့ ကထိန်အလှူမင်္ဂလာပွဲ၊ အမျိုးကောင်းသား (၁၀)ယောက်တို့ကို သာမဏေဘောင်ရောက် သွပ်သွင်းချီမြှောက်ခြင်းဆိုတဲ့ ပဗ္ဗဇ္ဇမင်္ဂလာပွဲ၊ ဤမိမိတို့ရဲ့ ကိုးကွယ်အားထားရာ ပန်းမအထက်ကျောင်းကြီးကို လိုအပ်နေသေးတဲ့ အောက်ထက်၌ မျက်နှာကျက်များ တပ်ဆင်ကြခြင်း, ခန်းစီးလိုက်ကာများ ပြုပြင်မွမ်းမံ တပ်ဆင်ကြခြင်း, ကျောင်းကြီးအထက်ထပ်၌ ဆေးသုတ်ပြီးသကာလ မွမ်းမံပြုပြင်ကြခြင်း၊ ကျောင်းသေနာသန အသုံးအဆောင်ကုဋင် စသည်တို့ကို ဆက်ကပ်လှူဒါန်းကြခြင်း လို့ဆိုတဲ့ ဝိဟာရမဟ-ကျောင်းပူဇော်ပွဲ သာသနာတော်ကို ကျောင်းဖြင့် ပူဇော်ပွဲ ဆိုတဲ့ ဝိဟာရမဟမင်္ဂလာ။

ကိုင်း-ဒီနေ့ည ဒုတိယညမြောက် နှစ်ညမြောက် ယနေ့ ပန်းမရပ် (၄)ကွက်မှာ နေထိုင်ကြတဲ့ ဒကာ ဒကာမအပေါင်း သူတော်ကောင်းတို့ရဲ့ ကထိနဒါနမင်္ဂလာ, ပဗ္ဗဇ္ဇမင်္ဂလာ, ဝိဟာရမဟမင်္ဂလာ, ဒီမင်္ဂလာကြီးသုံးရပ်ကို အခြေခံအကြောင်းပြုပြီးတော့ ဒီနေ့ည နှစ်ညမြောက်နေ့မှာ "ကုလသုတ္တန်"လို့ ခေါ်တဲ့ ဒေသနာတော်ကို အခြေခံအကြောင်းပြုပြီးတော့ ကထိန်ခွင့်ပြုတော်မူရတဲ့ အကြောင်း ဒီနေ့ည ဟောရမယ် ဒီနေ့ည နာရမယ်၊ ဒီတော့-နာကြတော့ ဘုန်းကြီး မနေ့ညကလိုပဲ တစ်ခါတစ်ခါတော့လည်းပဲ အခုဒီနားမှာရှိနေ့တဲ့ ဒကာဦးတင်အောင်တို့, ဒကာကြီးရွှေတို့ မေးလို့၊ တစ်ခါတစ်ခါကျတော့လည်း ဘုန်းကြီး ပရိသတ်ကြီးကို မေးပြီးတော့ ဘုန်းကြီးက ဟောသွားမှာဖြစ်ပါတယ်။

ဒီတော့ ဒီနေ့ည ဟောမယ့်သုတ္တန်က အင်္ဂုတ္တရနိကာယ်မှာ လာတဲ့ ကုလသုတ္တန်ကို အခြေခံပြီးတော့ ဝိပဿနာပါ ပါဝင်စေလျှက် ဒကာ ဒကာမတွေပြုလုပ်အားထုတ်ကြတဲ့ ကထိနဒါနကံကြီးကို ဘုရားရှင်ကိုယ်တော်မြတ် ဘယ်သူတွေကို အကြောင်းပြုပြီးတော့ ဘယ်ရည်ရွယ်ချက်နဲ့ ခွင့်ပြုတော်မူခဲ့ရတယ်. . . လို့ ဆိုတာလေးကို သိရအောင် ဒီနေ့ည-

* အံ-၁-၅၇၂။

http://www.dhammadownload.com



နန္ဒဇိဏ္ဏံ သံသုငေ့ဿ, သံကုဋ္ဋေယျ အယာဝယံ၊
သီလဝန္တံ ပုဗ္ဗာပေဿ, သော ဝမ္ဗော သနန္တနော။

ပဏ္ဍိတော-လူ့နွယ်လူ့ရိုး, ပုဂ္ဂိုလ်မျိုး၌, ကြောင်းကျိုးသိမြင်, ပညာရှင်သည်၊ နန္ဒဇိဏ္ဏံ စ-သတိမဲ့မော်, ချွတ်ချော်ပျောက်ဆုံး, ပျက်ပြုန်းလေတောင်း, ပစ္စည်းအပေါင်းကိုလည်း။ သံသုစွေဿ ပရမနေ, လုံးလဖွေ၍, ရှာဖွေသုတ်သင်, ပြုပြင်ရာ၏၊ အယာဝယံ (အာယဝယံစ)-ပစ္စည်းဥစ္စာ, ရတနာတို့, မှန်စွာနေ့စဉ်, ထွက်ဝင်နှစ်ဖြာ, ခြင်းအရာကိုလည်း သံကုဋ္ဋေယျ-အလွက်နည်းပါး, အဝင်များအောင်, မမှားပုံသေ, ပြုလုပ်လေရာ၏။ သီလဝန္တံ-သီလသိက္ခာ, ကောင်းစွာကုံလုံ, ပြည့်စုံဖြူစင်, သူတော်စင်ဖြစ်သော, အမျိုးသားအမျိုးသမီးကိုလည်း၊ ပုဗ္ဗာပေယျ-မကွေ့မရှောင်, ဝလေ့မြှောင့်၍, ရှေ့ဆောင်မားမား, တင်ထားရာ၏၊ သော-(သော)-ပျောက်တာကိုရှာ, ပျက်တာကိုပြင်, ထွက်ဝင်ကိုမျှ, သီလရှိအား, အမှူးထားဟု, ဤလေးခုသည်၊ သနန္တနော-ဘုရားပစ္စေကာ, အရိယာအပေါင်း, သူတော်ကောင်းတို့ ထုံးဟောင်းဓမ္မတာ ယမ်းရိုးကြီးအစစ်, ဖြစ်ပါပေသတည်း. . . ။

သာဓု. . . သာဓု. . . သာဓု. . . ပါဘုရား. . . ။

ကုလသုတ္တန်လို့ခေါ်တဲ့သုတ်တော်ကို ဘုရားရှင် ကိုယ်တော်မြတ်သည်. . . ၊ သာဝတ္ထိပြည်မွန် ဇေတဝန်ရွှေကျောင်းမှာ ကိန်းအောင်းမွေ့လျော် စံနေတော်မူတဲ့ အချိန်. . . အားလုံးသော ရဟန်းတော်များ ရဟန်းမများ, ဥပါသကာ ဥပါသိကာမများ၊ စည်းဝေးညီညာ ရောက်လာကြတဲ့ တရားပွဲကြီးမှာ ဘုရားရှင်ကိုယ်တော်မြတ်သည်. . . ဤကုလသုတ်တော်ကို ဟောတော်မူပါသည်။ ဘယ်လိုဘုရားက စဟောလိုက်တုန်းလို့ဆိုတော့-

ယာနိ ကာနိစိ ဘိက္ခဝေ ကုလာနိ ဘောဂေသု
မဟတ္တံ ပတ္တာနိ န စိရဋ္ဌိတိကာနိ ဘဝန္တိ။

ဘိက္ခဝေ-မင်ဖိုလ်နိဗ္ဗာန်လိုလားသော, အမျိုးကောင်းသား အမျိုးကောင်းသမီးတို့. . . ၊ ဘောဂေသု မဟတ္တံ ပတ္တာနိ-စီးပွားဥစ္စာတို့၌, အထိုက်လျှောက်, ကြီးပွားတိုးတက်ခြင်းသို့, ရောက်မောင်း ဖြစ်ကြကုန်သော၊ ယာနိ ကာနိစိ ကုလာနိ-အကြင်အမျိုးတို့သည်, အကြင်အိမ်ထောင်စုတို့သည်၊ သန္တိ-ရှိကြပေကုန်၏၊ ယာနိ ကာနိစိ ကုလာနိ-အကြင်အမျိုးတို့သည်၊ ဝါ-အကြင်အိမ်ထောင်စုတို့သည်၊ ယာနိ ကာနိစိ ကုလာနိ-အကြင်အိမ်ထောင်စုတို့, စုပေါင်းနေတဲ့, ကျေးရွာရပ်ကွက်တို့သည်။ ၆၃

http://www.dhammadownload.com



ယာနိ ကာနိစိ ကုလာနိ-အဲဒီကျေးရွာ ရပ်ကွက်တွေ, စုပေါင်းနေတဲ့ မြို့တို့ မြို့နယ်တို့ဆိုတဲ့ အမျိုးတို့သည်၊ ယာနိ ကာနိစိ ကုလာနိ-အဲဒီ မြို့တွေ ရွာတွေ, စုပေါင်းနေတဲ့, တိုင်းတွေပြည်နယ်တွေဆိုတဲ့ အမျိုးတို့သည်၊ ယာနိ ကာနိ **စိ ကုလာနိ**-အဲဒီတိုင်းတွေ, ပြည်နယ်တွေစုပေါင်းနေတဲ့, နိုင်ငံလို့ဆိုတဲ့ အမျိုးတို့ သည်၊ ယာနိ ကာနိစိ ကုလာနိ-အဲဒီနိုင်ငံတွေစုပေါင်းနေတဲ့, တိုင်းပြည်ပေါင်းစုံ လို့ဆိုတဲ့ ကမ္ဘာတို့သည်၊ န စိရဋ္ဌိတိကာနိ-ကြာမြင့်စွာ တည်တန့်ခြင်းမရှိကြ ကုန်သည်၊ ဟောန္တိ-ဖြစ်ကြပေကုန်၏. . .။

အမျိုးကောင်း အမျိုးကောင်းသမီးတို့. . . တဲ့ စီးပွားဥစ္စာတို့မှ ကြီးပွား တိုးတက်မှုကို အထိုက်အလျောက်ရနေကြတဲ့ အိမ်ထောင်စုတို့သည်၊ "ကုလာနိ" ဆိုတဲ့ ပါဠိက အိမ်ထောင်စုတင်မကဘူး ယူလိုက်လို့ရှိရင် ဘုန်းကြီးတို့ ရပ်ကွက်ထဲ အနေနဲ့ ပြောရင်တော့ အခြေခံက စပြောရရင်တော့ အိမ်ထောင်စုတစ်စုပေါ့၊ စီးပွားဥစ္စာ, ရတနာတို့မှ အထိုက်အလျောက် ကြီးပွားတိုးတက်ခြင်းသို့ ရောက်နေတဲ့ အိမ် ထောင်စုတို့သည်၊ ဒီလိုဆိုရင်လည်း မှန်တာပဲ၊ အဲဒီ အိမ်ထောင်စုတွေ စုပေါင်း နေတဲ့ ကျေးရွာရပ်ကွက်တို့သည် ဒါလည်းပဲ ရတာပဲ ကုလသဒ္ဒါဟောတာ၊ ဒါတင် ပဲလားဆိုတော့ မကသေးဘူး၊ အဲဒီကျေးရွာ ရပ်ကွက်တွေ အစုအပေါင်းဖြစ်တဲ့ မြို့တို့, မြို့နယ်တို့သည်၊ ဒါတွေလည်း ရတာပဲ ကုလ-က ဟောတုန်းပဲ၊ ဘုရားရှင်က ဒီထိအောင် ရည်ရွယ်တယ်။

မြို့တို့မြို့နယ်တို့တင်လားဆိုတော့ မကသေးဘူးတဲ့ ယာနိ ကာနိစိ ကုလာနိ-အဲဒီမြို့တွေ, မြို့နယ်တွေ စုပေါင်းနေတဲ့တိုင်းတို့, ပြည်နယ်တို့ဆိုတဲ့ အရာတို့သည်၊ တိုင်းတွေပြည်နယ်တွေ တင်လားလို့ဆိုတော့ မကသေးဘူး ကုလ သဒ္ဒါက၊ ယာနိ ကာနိစိ ကုလာနိ-ဤတိုင်းတွေ, ပြည်နယ်တွေ စုပေါင်းနေတဲ့ နိုင်ငံတို့သည်. . . နိုင်ငံထိအောင်ရောက်တယ်၊ သို့သော်လည်းပဲ ဘုန်းကြီးတို့က ဒီနေ့ ဟောမည့်တရားမှာတော့ အိမ်ထောင်စုတစ်ခုအနေနဲ့ ချိုပြီးပြောသွားပါ့မယ်၊ နိုင်ငံကြီးတစ်ခုလုံးရဲ့ အခြေခံကို ပြန်ကြည့်ရင် အိမ်ထောင်စု အဲဒီအိမ်ထောင်စု တစ်စု တစ်စုဆီးပြောလိုက်လို့ရှိရင် နိုင်ငံပါပြောပြီးသား ဖြစ်သွားတယ်၊ ဒါ့ကြောင့် အိမ်ထောင်စုကို ခေါင်းတည်ပြီးပြောရအောင်။

ဒါ့ကြောင့် ဘောဂေသု မဟတ္တံ ပတ္တာနိ-စီးပွားဥစ္စာတို့၌, အထိုက် လျောက်, ကြီးပွားတိုးတက်ခြင်းသို့ ရောက်နေပြီးဖြစ်ကြကုန်သော၊ ယာနိ ကာနိစိ ကုလာနိ-အကြင်အမျိုးတို့သည်, အကြင်အိမ်ထောင်စုတို့သည်၊ န စိရဋ္ဌိတိကာ နိ-ကြာမြင့်စွာ တည်တန့်ခြင်း မရှိကြလေကုန်၊ သဗ္ဗာနိ တာနိ-ထိုသို့အထိုက်

http://www.dhammadownload.com



အလျောက်, ကြီးပွားတိုးတက်ခြင်းသို့ရောက်နေပြီးဖြစ်တဲ့နောက်မှာ, ကြာမြင့်စွာ တည်တန့်ခြင်း မရှိဘဲ, ဆုတ်ယုတ်သွားတဲ့ အဲဒီအိမ်ထောင်စုတို့သည်၊ ဣမေဟိ စတူဟိ ကာရဏေဟိ-ဤပြဆိုအပ်လတ့်သော အကြောင်းလေးပါးတို့ကြောင့်၊ **ဧတေသံ ဝါ အညတရေန**-သို့မဟုတ်, ဒီအကြောင်းလေးပါးထဲကလည်းပဲ, တစ်မျိုးမျိုးသော အကြောင်းကြောင့်၊ **ဟောန္တိ**-ဖြစ်နိုင်ကုန်၏. . . ။

ဘာဆိုလာတာတုန်းလို့ဆိုတော့ မြတ်စွာဘုရားက အမျိုးကောင်းသား အမျိုးကောင်းသမီးတို့. . . တဲ့၊ အိမ်ထောင်စုတစ်ခုရှိတယ် ဆိုကြစို့ အဲဒီအိမ်ထောင်စု သည် အထိုက်အလျောက် စီးပွားချမ်းသာနဲ့ ကြီးပွားတိုးတက်နေတယ်၊ အဲဒီ စီးပွား ချမ်းသာ လက်ရှိ, ရှိနေတဲ့ စီးပွားချမ်းသာတွေ ကြာရှည်မတည်တန့်ဘဲ ဆုတ်ယုတ် သွားနိုင်တဲ့ အကြောင်းလေးပါးရှိတယ်. . . ။ အဲဒီ အိမ်ထောင်စု ကြီးပွားတိုးတက်မှု မရှိဘဲနဲ့ ဆုတ်ယုတ်သွားပြီ ဆိုရင်ဖြင့် ဟောဒီ ပြဆိုအပ်လတ္တံ့ဖြစ်တဲ့ အကြောင်း လေးပါးကြောင့်ပဲ၊ သို့မဟုတ် အဲဒီ အကြောင်းလေးပါးထဲက တစ်ပါးပါးသော အကြောင်းကြောင့်ပဲ၊ တစ်ပါးသော အကြောင်းကြောင့်လည်း ဖြစ်နိုင်တယ်၊ နှစ်ပါးသော အကြောင်းကြောင့်လည်း ဖြစ်နိုင်တယ်. . . ။ ဒီတော့ အဲဒီလေးပါး သောအကြောင်း၊ သို့မဟုတ် တစ်ပါးပါးသောအကြောင်း အိမ်ထောင်စု ဆုတ်ယုတ် သွားနိုင်တဲ့ အကြောင်းလေးပါးက ဘာတုန်းလို့ဆိုတော့-

**နဋ္ဌံ န ဂဝေသန္တိ**. . . ။ **နဋ္ဌံ**-ပျောက်သွားတဲ့ပစ္စည်းကိုလည်း၊ **န ဂဝေ သန္တိ**-ရှာလေ့ရှာထ မရှိကြကုန်၊ (ဝါ)-အရှာပျင်းကြကုန်၏၊ **ဇိဏ္ဏံ န ပဋိ သင်္ခရောန္တိ**။ **ဇိဏ္ဏံ**-ဟောင်းနွမ်းဆွေးမြည့်, ယိုယွင်းနေတဲ့ ပစ္စည်းကိုလည်း၊ **န ပဋိသင်္ခရောန္တိ**-ပြုပြင်လေ့ပြုပြင်ထ မရှိကြကုန်၊ (ဝါ)-အပြုအပြင် ပျင်းကြကုန်၏။ **အပရိမိတ ပါန ဘောဇနာ ဟောန္တိ**။ **အပရိမိတ ပါနဘောဇနာ**-မနှိုင်းချိန်အပ်သော, အစားအသောက် ရှိကြကုန်သည်၊ (ဝါ)-အဝင်အထွက် မမျှတကြကုန်သည်၊ **ဟောန္တိ**-ဖြစ်ကုန်၏၊ **ဒုဿီလံ**-သီလမရှိသော၊ **ဣတ္ထိံ ဝါ**-အမျိုးသမီးကိုသော်လည်းကောင်း၊ **ပုရိသံ ဝါ**-အမျိုးသားကိုသော်လည်းကောင်း၊ **အာဓိပစ္စေ**-အကြီးအကဲ, အိမ်ထောင်ဦးစီး အရာ၌, **ဌပေန္တိ**-ထားကြကုန်၏။

ဟော-(၄)ချက်၊ အိမ်ထောင်စုတစ်စု ဆုတ်ယုတ်သွားနိုင်တဲ့ အကြောင်း လေးချက်ရှိတယ်. . . တဲ့၊ အဲဒီ လေးချက်က ဘာတွေတုန်းဆိုရင် ခုပြောခဲ့တဲ့ အတိုင်း၊ နဋ္ဌံ န ဂဝေသန္တိ-ပျောက်သွားတဲ့ပစ္စည်းကိုလည်း ရှာမှီးလေ့ ရှာမှီးထ မရှိကြဘူးတဲ့၊ အရှာပျင်းကြတယ် ပစ္စည်းလေးတစ်ခုပျောက်သွား၊ ရှာချင်ကြတဲ့ ဆန္ဒမရှိကြဘူး၊ ရနိုင်လောက်တဲ့ အခြေအနေရှိပါလျှက်နဲ့ မရှာချင်ကြဘူး၊ ရှာတတ် တဲ့အလေ့အထ မရှိကြဘူးဆိုေ့ ဆုတ်ယုတ်တတ်တယ်။ ဒါပြောင်းပြန်လိုက်တော့

http://www.dhammadownload.com



ရှာလေ့ရှာထရှိကြရင်တော့ ကြီးပွားတိုးတက်မယ်ဆိုတာ ပြောင်းပြန်လာမှာပေါ့၊ အခုဟာကတော့ ဆုတ်ယုတ်ကြောင်းဆိုလို့ ပျောက်သွားတဲ့ပစ္စည်းကို ရှာလေ့ရှာထ မရှိကြ၊ ရှာလေ့ရှာထမရှိတော့ ပျောက်သွားတဲ့ပစ္စည်းက တစ်ဆယ်တန်ပစ္စည်းတစ်ခု ပျောက်သွားတယ်ဆိုကြစို့၊ အဲဒီတစ်ဆယ်တန်ပစ္စည်းတစ်ခု ပျောက်သွားတယ်ဆိုသည်နှင့် တပြိုင်နက် ဒီအိမ်ထောင်စုမှာရှိနေတဲ့ စာရင်းအင်းထဲကနေပြီးတော့ တစ်ဆယ်တန်ပစ္စည်းဥစ္စာလျော့သွားတယ်၊ ဆုတ်သွားတယ်လို့ခေါ်တယ်။

အဲဒီပစ္စည်းလေးဟာ ပြန်ရှာလို့ရှိရင် ရနိုင်တဲ့အခြေအနေရှိပါလျက်သားနဲ့ မရှာချင်ကြဘူး အရှာပျင်းကြတယ်၊ အရှာပျင်းတော့ ဘာလာတုန်းဆိုတော့ အို-အဟောင်းပျောက်သွားတာ အသစ်ရချင်လို့ပဲဆိုပြီးတော့ ဒီတစ်ဆယ်တန်ပစ္စည်းအတွက် နောက်ထပ်အစားထိုးပြီးတော့ တစ်ဆယ်တန်ဝယ်ထည့်ကြရတယ် ဝယ်သုံးကြရတယ်၊ ဒီတော့ အဲဒီအိမ်ထောင်စုမှာ ပျောက်သွားတဲ့ပစ္စည်းအပြင် . . . နောက်ထပ် တစ်ဆယ်တန်ပစ္စည်းတစ်ခုကို ဝယ်ရတယ် . . . လို့ ဆိုတော့ နှစ်ဆယ်ယုတ်လျော့ မသွားဘူးလား ပရိသတ်ကြီး? *ယုတ်လျော့ပါဘုရား*။ ဒါက ဉပမာနဲ့ပြောလို့ကိုး။ တစ်ရာတန်ပစ္စည်းတခုပျောက်သွားတာဆိုရင် အဲဒီပျောက်သွားတဲ့ ပစ္စည်းကို ရှာနိုင်တဲ့အခြေအနေရှိပါလျက်နဲ့ မရှာကြဘူး။

ဒီတော့ တစ်ရာတန်ပျောက်သွားတယ်ဆိုတော့ ဒီအိမ်ထောင်စုငွေစာရင်းထဲက ပစ္စည်းစာရင်းထဲက လျော့မသွားဘူးလား? *လျော့သွားပါတယ်ဘုရား*။ နောက်ထပ်ဒီတစ်ရာတန်ပစ္စည်းက ထပ်ပြီးတော့ ဝယ်ထည့်ရပြန်တယ်ဆိုတော့ နှစ်ရာလျော့မသွားဘူးလား? *လျော့သွားပါတယ်ဘုရား*။ ဒီနည်းအတိုင်းပဲ တစ်ထောင်တန်ပစ္စည်း, တစ်သောင်းတန်ပစ္စည်းစသည်ဖြင့် ပျောက်တဲ့ပစ္စည်းတွေကို နည်းနည်းလေးပဲဖြစ်ဖြစ် သေးသေးလေး တစ်ကျပ်တန် နှစ်ကျပ်တန် သုံးလေးကျပ်တန်ပဲဖြစ်ဖြစ် ရှာလို့ရနိုင်တဲ့ပစ္စည်းပင်လျှင် မရှာကြဘူးလား. . . တဲ့၊ အဲသလိုဆိုရင် ဒီအိမ်ထောင်စုဟာ ဆုတ်ယုတ်ကြောင်းပါပဲ. . . တဲ့၊ ဆုတ်ယုတ်ကြောင်းပါပဲ ရှိနေတဲ့ စီးပွားဉစ္စာလက်ရှိအခြေအနေက လျော့သွားကြောင်းပါပဲတဲ့။

လျော့သွားကြောင်းပါပဲဆို အခုအဟုတ်လျော့နေပြီလေ၊ တစ်ဆယ်တန်ပစ္စည်းပျောက်သွားကတည်းက တစ်ဆယ်လျော့တယ်၊ နောက်ထပ် တစ်ဆယ်တန်ထပ်ဝယ်ရတယ်ဆိုတော့ နှစ်ဆယ်လျော့တယ်ဆိုတော့ ဒါလျော့တာ မသေချာဘူးလား? *သေချာပါတယ်ဘုရား*။ ဒီတော့-ဒီဟာကလေးပျောက်သွား မရှာလို့လျော့ ဟိုဟာကလေးပျောက် မရှာလို့လျော့၊ ဟိုဒင်းကလေးပျောက် မရှာလို့လျော့နဲ့ မရှာတာတွေများကုန်တော့ အလျော့တွေ များမကုန်ဘူးလား? *များပါဘုရား*။

http://www.dhammadownload.com



ဒီလိုဆိုရင် ဒီအိမ်ထောင်စု တိုးတက်ပါတော့မလား? *မတိုးတက်ပါဘုရား*။ မတိုး တက်ဘူး. . .၊ ဒါပျောက်တာကို ရှာလေ့ရှာထမရှိရင် ဒါလျော့မယ်. . . တဲ့၊ လျော့ပါးမှု ပျက်စီးမှုဖြစ်မယ်တဲ့ မြတ်စွာဘုရားက။ ဒီတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေက စီးပွားဥစ္စာကြီးပွားတိုးတက်တာတော့ လိုချင်တယ်၊ ဒါမြတ်စွာဘုရား က အခုက လောကီဟောနေတာနော်။ လောကီနယ်ဘက်က ဟောနေတာ၊ လောကီအမျိုးကောင်းသား အမျိုးကောင်းသမီးတို့ ကြီးပွားတိုးတက်ရေး ဟောနေတာ အခုဟာက။

ဒီတော့ ပျောက်တာကို ရှာလေ့ရှာထ မရှိကြဘူး၊ ဘယ်လိုတော့ ရှာကြတုန်း ဆိုတော့ ပျောက်ရင်သူတို့က ဗေဒင်သွားမေးမယ် ဒါက အရင်ပဲ ဒကာကြီးဦးရွှေ။ ဘာလေးပျောက်ပျောက် ဗေဒင်မေးလေ့မေးထ ဝါသနာ မရှိကြ ဘူးလား? *ရှိပါတယ်ဘုရား*။ ရှေးတုန်းက ဒကာမတစ်ယောက် အပ်ချုပ်ရင်းနဲ့ အပ်ပျောက်သွားတယ်၊ ဘုန်းကြီးတို့ရှေးတုန်းက အပ်များဆိုတာ အပ်တစ်ထုပ်လုံးမှ တစ်ပဲပေးရ တယ်တဲ့ ဒကာကြီးဦးရွှေရဲ့. . .၊ ဒကာကြီးရွှေတို့ မီလိုက်သေးလား? *မီပါဘုရား*။ မီမှာပဲ အပ်တစ်ထုပ်လုံးမှ အပ်တစ်ထုပ်ထဲ တစ်ဒါဇင်လောက် (၁၂) ချောင်းလောက် ပါတာမှ ပိုက်ဆံတစ်ပဲပေးရတဲ့ ခေတ်။ ဒီတော့ အပ်တစ်ထုပ်လုံးမှ တစ်ပဲပေးရတာဆိုတော့ အပ်တစ်ချောင်းဘယ်လောက်တန်မှာတုန်း တစ်ပြား တောင် မတန်ဘူးနော်။ တစ်ပိုင်လောက်တန်တာ မဟုတ်လား တစ်ပြားသုံးပိုင် ဆိုတာ ဒကာကြီးရှိသေးနော်၊ *ရှိပါတယ်ဘုရား*။ ခုနောက်ခေတ်လူတွေ သိပါအုန်း မလား? *မသိပါဘုရား*။ မသိတော့ဘူး၊ ဘုန်းကြီးတို့တောင် ငယ်ငယ်ပေါက်စက မီလိုက်သေးတယ်၊ တစ်ပြား သုံးပိုင်။

ဒီတော့ အပ်တစ်ထုပ်(၁၂)ချောင်းပါတယ်ထားကြစို့၊ အပ်တစ်ထုပ်လုံး တစ်ပဲပေးရတယ်ဆိုတော့ အပ်တစ်ချောင်း တစ်ပြားရဲ့သုံးပုံပုံ တစ်ပိုင်ပဲတန်တယ် မဟုတ်လား? *မှန်ပါဘုရား*။ အဲဒါ အိမ်ရှင်မတစ်ယောက်က အပ်ချုပ်ရင်းနဲ့ အပ်ချုပ် တဲ့နေရာက အပ်တစ်ချောင်းပျောက်သွားတော့ အဲဒါ ပျောက်တဲ့အပ်ကို သူမှန်း ထားပြီးလိုက်ရှာ ဒီနေရာ ပျောက်သွားတာပဲ။ ဒီနေရာအောက်ကျမှာပဲ။ ဖုန်ထဲဘာ ထဲနေမှာပဲ လိုက်ရှာရင် မတွေ့ပေဘူးလား? *တွေ့ပါဘုရား*။ အဲဒါ မဟုတ်ဘူး၊ သူကဗေဒင်သွားမေးတယ်၊ အိမ်ထောင်ရှင်မတွေ ဘယ်လောက်များ ဗေဒင်ဝါသ နာပါကြတယ်လို့ မပြောနဲ့တော့၊ အဲဒါ ဗေဒင်သွားမေးတော့ ဗေဒင်ဆရာ မေးရ တယ်ဆိုတာ တစ်ခါမေးရင် ဆန်တစ်ပြည် ငွေတမတ်နဲ့ မေးရတာ ဒကာကြီးရဲ့၊ ဒီတော့ ဗေဒင်သွားမေးတော့ ဘာနဲ့မေးတုန်း။ သူက ဆန်တစ်ပြည် ငွေတစ်မတ်နဲ့ သွားမေးတယ်။ အပ်တစ်ထုပ်ဖိုးတောင် မကဘူး၊ ဆန်တစ်ပြည် ငွေတစ်မတ်က

http://www.dhammadownload.com



အပ်တစ်လုပ်ဖိုး ကရဲ့လား? *မကာပါဘုရား*။ မကာပေမယ်လို့ သူက "ပျောက် ဗေဒင်မေးရတာယ်"ဆိုတဲ့အစွဲက ရှိနေတော့ အဲဒီအိမ်ယောင်ရှင်မက ဗေဒင်သွားမေးတယ်။

ဒီတော့ ဗေဒင်ဆရာကသိတာပေ့ါ။ အပ်တစ်ချောင်းပျောက်တာပဲ ငါ့ဆန်တစ်ပြည် ငွေဟစ်မတ်နဲ့လာမေးတယ်။ ဖြစ်မှဖြစ်ရလေ ဒီအမျိုးသမီး သူ့ဆန်တစ်ပြည် ငွေတစ်မတ်နဲ့ ဗေဒင်လာမမေးဘဲနဲ့ အပ်ထပ်ဝယ်မယ်ဆိုရင် အပ်ထုပ်ပေါင်းများစွာ မရနိုင်ဘူးလား? *ရနိုင်ပါတယ်ဘုရား*။ အဲဒါ အဲဒီလိုတော့ မဝယ်ပါဘူး သူက ဗေဒင်ဆရာ သွားမေးတယ်။ မေးတော့ ဗေဒင်ဆရာက သိပ်ပြီး တွက်ချက်မနေပါဘူး ဟန်လေးနဲ့တော့ ကျောက်သင်ပုန်းလေး ဟိုခြစ်ဒီခြစ် ခြစ်လိုက်သေးတယ်ပေ့ါ။ "ခင်ဗျားအပ်ဟာ, ခင်ဗျားအပ်ချုပ်ကဲ့နေရာရဲ့ အောက်နားမှာလေတဲ့၊ ဟိုတောင် ဘက်ကို မျက်နှာမူပြီးတော့ ဆန်ကာစိပ်နဲ့ ဖုန်ကိုချတဲ့ ရလိမ့်မယ်တဲ့။ ရကိန်းရှိတယ်" ဗေဒင်ဆရာကလည်း အပါးကြီးနော်၊ တောင်ဘက်မျက်နှာမူပြီးတော့ ဘာပြုညာပြုနဲ့ဆိုတာ ဟန်လုပ်ပြောလိုက်တာ၊ အမှန်က နေဘက်အလင်းရောင်ရတဲ့ဘက် လှည့်ပြီးတော့ ရှာရအောင်လို့ ပြောလိုက်တာ။

ဗေဒင်တွက်ကိန်းကြောင့် မဟုတ်ဘူး။ အမှန်စင်စစ်ကတော့ ဖုန်ထဲအပ်ရောက်နေမှာ၊ အဲဒီ ဖုန်ကိုဆန်ကာစိပ်နဲ့ချရင် အပ်ပေါ်မလာပေဘူးလား? *ပေါ်လာပါတယ်ဘုရား*။ အဲဒါလောက်မပါးတဲ့ ဒကာမ၊ သွားပြီးတော့ ဗေဒင်မေးတယ်။ ဗေဒင်ဆရာကလည်း အပါးနဲ့သွားတွေ့တယ်နော်။ ဒီက ဒကာမတွေ မဟုတ်ပါဘူး။ ဟိုအောက်က မန္တလေးတို့က ဒကာမတွေ ပြောတာပါ။ အဲဒီလိုနဲ့ ဆန်ကာစိပ်နဲ့ချလို့ ပြောလိုက်တော့ သူကဆန်ကာစိပ်နဲ့ချ၊ ဒီတော့ ဗေဒင်ဆရာက ပြောလိုက်သေးတယ်တဲ့။ "ခင်ဗျား-အဲဒီလို ဆန်ကာစိပ်နဲ့ထိုးချ အဲသလိုဆိုရင် အပ်ရလိမ့်မယ်။ ဒါပေမဲ့လို့ အဲဒီ အပ်ပြန်ရတဲ့အချိန်မှာ ခင်ဗျားယောကျ်ားကိုတော့ သွားမပြောနဲ့ သွားပြောလို့ရှိရင် ခင်ဗျားသွေးထွက်သံယိုကိန်းမြင်တယ်။ ရိုက်ကိန်းနှက်ကိန်းမြင်တယ်" ဗေဒင်ဆရာက မြင်တယ်နော်၊ ပြောလိုက်တာ မှာလိုက်တယ်။

အပ်ကလေးတစ်ချောင်းပျောက်တာ ဗေဒင်သွားမေးတယ် ဆန်တစ်ပြည် ငွေတစ်မတ်အကုန်ခံ မေးရမလားဆိုပြီးတော့ ယောကျ်ားကကျေနပ်ပါ့မလား သိရင်? *မကျေနပ်ပါဘုရား*။ ရိုက်ဟယ်နှက်ဟယ် မလုပ်ပေဘူးလား? *လုပ်ပါဘုရား*။ ဗေဒင်ဆရာက မြင်လို့ အဲဒီအထိ ပြောလွှတ်လိုက်တာ၊ "ခင်ဗျားအပ်များ ပြန်ရလို့ရှိရင် ရတဲ့အကြောင်းကို ခင်ဗျားယောကျ်ား မပြောနဲ့တဲ့၊ ပြောလို့ရှိရင် ရိုက်ကိန်းနှက်ကိန်းမြင်တယ်တဲ့၊ လင့်မယားချင်း ရန်ဖြစ်ကိန်းမြင်တယ်"တဲ့ သူက အံမယ် ကိန်းတွေဘာတွေ မြင်လွှတ်လိုက်တာနော်။ အဲဒါ အခုနက အမျိုးသမီးက ဗေဒင်ဝါသနာပါတော့ သူက အဟုတ်ကိုပဲ ဗေဒင်ဆရာပြောတဲ့အတိုင်း ယုံပြီးတော့

http://www.dhammadownload.com



အိမ်ကျတော့ တောင်ဘက်မျက်နှာလှည့်ပြီးတော့ အပ်ကျလောက်တဲ့ နေရာ, သူအပ်ချုပ်တဲ့ နေရာရဲ့ အောက်ပိုင်းနားမှာ ဖုန်တွေ သဲ့ယူပြီးတော့ ဆန်ခါစိပ်နဲ့ ထိုးရှာလိုက်တော့ အပ်က ပေါ်လာတာပေါ့ "အမလေး. . . မှန်လိုက်တဲ့ ဗေဒင်. . . မှန်လိုက်တဲ့ ဗေဒင်တဲ့ သူက မှန်လိုက်တာတဲ့။

အဲဒါ အပ်ရလို့ ဗေဒင်မှန်လိုက်တာ အသာမနေဘူး။ စိတ်ထဲက ပြောချင်သကိုး။ ယောကျ်ားပြန်လာတော့ ပြောတယ်။ "အမလေး. . . မောင်ရဲ့ ဗေဒင်မှန်လိုက်တာ"တဲ့ "ဒီလို ဒီလိုပဲ အပ်ပျောက်လို့ ကျုပ် ဒီလိုဆန်ကာစိပ်နဲ့ ထိုးရှာဆိုလို့, ဆန်ကာစိပ်နဲ့ ထိုးရှာတယ်"တဲ့။ ဒီတော့ ယောကျ်ားလုပ်သူကမေးတယ်။ "ဗေဒင်မေးခက ဘယ်လောက်ပေးရတုန်းဟ"ဆိုတော့ ဆန်တစ်ပြည် ငွေတမတ်ပေးရတယ်ပေါ့။

ဒီတင် ယောကျ်ားက"ဩော်-အတော်ဖျင်းတဲ့မိန်းမပဲ၊ နင့်ဟာအပ်ကလေးတစ်ချောင်း တစ်ပိုင်လောက်တန်တာကို ဆန်တစ်ပြည် ငွေတစ်မတ်နဲ့ သွားမေးရတယ်။ နင့်ဆန်တစ်ပြည် ငွေတစ်မတ်နဲ့ ဝယ်လို့ရှိရင် အပ်ထုပ်တွေ နင့်တောင်ဖို့လောက်အောင် ရသေးတယ် ဘာမှနားမလည်ဘူး"ဆိုပြီး ထရိုက်ပါရော ယောကျ်ားက။ ရိုက်တော့ သူကပြောတယ် "အမလေး. . . ဗေဒင်ဆရာ မှန်လိုက်တာတော့၊ မှန်လိုက်တာတော့"လို့ ဆိုသတဲ့။ သူ့ဟာက အကုန်ဟုတ်နေတာကိုး။ ဒီတော့ ပျောက်တဲ့ပစ္စည်းကို ကိုယ်တိုင်ရှာလို့ရှိရင် ရလောက်တဲ့အခြေအနေမှာ ရှိပါလျက်နဲ့ ပျောက်တာကို မရှာကြဘူး။ ဘာတွေလုပ်ကြတုန်း ဗေဒင်တော့ မေးချင်ကြတယ်နော်၊ ဒီတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဗေဒင်မေးမနေနဲ့ ရလောက်တဲ့ အခြေအနေရှိရင်ရှာကြ။

**ဇိဏ္ဏံ န ပဋိသင်္ခရောန္တိ**။ **ဇိဏ္ဏံ**-ဆွေးမြည့်ယိုယွင်း, ပျက်စီးတဲ့ပစ္စည်းကိုလည်း၊ **န ပဋိသင်္ခရောန္တိ**-မပြင်ဆင်ကျင်ကြကုန်. . .။ ပြင်ဆင်လေ့ပြင်ဆင်ထမရှိကြကုန်၊ ဒုတိယအကြောင်းက ဘာတုန်းလို့ဆိုတော့ ဟောင်းနွမ်းဆွေးမြည့်နေတဲ့ ပစ္စည်းကိုလည်းပဲ ပြုပြင်ခြင်းအလေ့အထ မရှိကြဘူး၊ ဘာလေးပဲဖြစ်ဖြစ် ဟောင်းနေပြီ ပျက်တော့မလိုဖြစ်နေပြီဆိုရင် နည်းနည်းကလေးပျက်တုန်းက ပြင်လိုက်ရင် တန်ဖိုးနည်းနည်းနဲ့ မပြီးနိုင်ဘူးလား ပရိသတ်ကြီး? *(ပြီးနိုင်ပါဘုရား)*။ အဝတ်ကလေးတစ်ခု စုတ်နေတယ်ဆိုကြပါစို့။ လက်တစ်လုံးလောက်ကလေး လုံချည်အင်္ကျီ စုတ်နေတာလေးကို အဲဒီအချိန်က ချုပ်လို့ရှိရင် အပ်ချည်နည်းနည်းနဲ့ လုပ်အားနည်းနည်းနဲ့ မပြီးပေဘူးလား? *(ပြီးပါတယ်ဘုရား)*။ အခုမဟုတ်ဘူး။ အသာလေးကြည့်နေလိုက်သေးတယ်၊ နည်းနည်းကလေး စုတ်တာကြည့်နေ ကြည့်နေတာကြာတော့ တစ်မိုက်လောက်၊ တော်ကြာတော့ တစ်ထွာလောက်၊ တော်ကြာ

http://www.dhammadownload.com



တော့ တစ်သောင်းလောက်ဖြစ်လာတယ်။ အဲဒီတော့မှ ယချုပ်ရတယ်ဆိုတော့ အပ်ချည်လည်း ပိုမကုန်ဘူးလား? *(ကုန်ပါဘုရား)*။ လုပ်အားလည်း ပိုမကုန်ဘူးလား? *(ကုန်ပါတယ်ဘုရား)*။ ဒါက ဥပမာပြောတာ။

ဘယ်ဟာပဲဖြစ်ဖြစ် ယနေ့ ဒကာ ဒကာမတွေ့ ကုလားထိုင်လေးတစ်လုံး ထိုင်ပါများလို့ နော်နဲ့နေတယ်။ စောစောစီးစီး သပ်ကလေးဘာလေးနဲ့ ပင်းလိုက်မယ်ဆိုရင် လွယ်လွယ်နဲ့ မပြီးဘူးလား? *(ပြီးပါဘုရား)*။ မဟုတ်ဘူး ဆက်ပြီးတော့နော်နဲ့ နော်နဲ့ ကုလားထိုင်ကိုပဲ ဆက်ဆက်ပြီးထိုင်နေတယ်။ တော်ကြာဝုန်းဆိုပြိုကျတော့မှ ကုလားထိုင်ကိုပြင်ရတော့ ပိုက်ဆံလည်းပိုကုန် တယ်၊ လုပ်အားလည်းကုန်တယ်။ သစ်သားဖိုးတွေဘာတွေ အကုန်အကျတွေလည်း များသေးတယ်။ မကုန်ဘူးလား? *(ကုန်ပါတယ်ဘုရား)*။ ဒီတော့ ဇိဏ္ဏံ န ပဋိသင်္ခရောန္တိ-ပျက်တဲ့ပစ္စည်းကိုလည်းပဲ ပြင်ဆင်လေ့မရှိကြဘူးတဲ့။

အဲဒီလို ပြင်ဆင်လေ့မရှိတော့ ဟိုနားက ပျက်တာလေးမပြင်၊ ဒီနားက စုတ်တာလေးမပြင်၊ ဟိုနားက ပေါက်တာလေး မဖာနဲ့ဆိုတော့ အဲဒီဟာလေးကနေ ကြီးကျယ် ကြီးကျယ်ပြီးလာတဲ့ အခါကျမှ လိုက်ပြင်ရပြီဆိုတော့ အကုန်အကျတွေ မများပေဘူးလား? *(များပါတယ်ဘုရား)*။ များရင် ဒီအိမ်ထောင်စု စီးပွားဥစ္စာတိုးတက် ပါတော့မလား? *(မတိုးကက်ပါဘုရား)*။ မတိုးတက်တော့ဘူး။ မြတ်စွာဘုရားက သဗ္ဗညုတဉာဏ်နဲ့ကြည့်ပြီးတော့ အသေးစိတ်တွေ ဟောနေတာနော်။

အပရိမိတပါန ဘောဇနာ ဟောန္တိ-မနိုင်းချိန်အပ်သော အစားအသောက်လည်းရှိကြကုန်၏. . .။ မနိုင်းချိန်အပ်တဲ့ အစားအသောက်ရှိတယ်ဆိုတာ "အဝင်အထွက်"မျှအောင် မသုံးစွဲဘူးတဲ့၊ ဝင်တာက ငါးကျပ်ဝင်တယ် သုံးတာက တစ်ဆယ်သုံးတယ်ဆိုရင် အဝင်အထွက်မျှသေးလား? *မမျှတော့ပါဘူး*။ ဝင်တာက တစ်ဆယ် သုံးတာက ငါးဆယ်ဖိုး, ခြောက်ဆယ်ဖိုး သုံးနေတယ်ဆိုရင် အဝင်အထွက် မျှသေးလား? *(မမျှပါဘုရား)*။ ဒီတော့ တစ်နေ့တစ်နေ့မှာ အဲဒီလို အဝင်အထွက် မမျှအောင်သုံးနေပြီဆိုရင် ဒီအိမ်ထောင်စုရှိနေတဲ့ ပစ္စည်းတွေ လျော့မသွားပေဘူးလား? *(လျော့သွားပါတယ်ဘုရား)*။ တိုးတက်ကြီးပွားဖို့ရော ဖြစ်နိုင်ပါဦးမလား? *(မဖြစ်နိုင်တော့ပါဘုရား)*။ ဒီတော့ အပရိမိတပါန ဘောဇနာ ဟောန္တိ-အဝင်အထွက်လည်းမျှအောင် မသုံးကြကုန်၊ ဒါသုံးနံပါတ်အချက်။

(၄)နံပါတ် အချက်ကျတော့ ဒုဿီလံ ဣတ္ထိံ ဝါ ပုရိသံ ဝါ အာဓိပစ္စေ ဌပေန္တိ။ ဒုဿီလံ-သီလမရှိသော၊ ဣတ္ထိံ ဝါ-အမျိုးသမီးကိုသော်လည်းကောင်း၊ ပုရိသံ ဝါ-အမျိုးသားကိုသော်လည်းကောင်း၊ အာဓိပစ္စေ-အိမ်ထောင်ဦးစီး,

http://www.dhammadownload.com



အကြီးအကဲအရာ၌၊ ဌပေန္တိ-ထားကြကုန်၏. . . ။ ဒိမ်ထောင်စုအနေနဲ့မို့ အိမ်ထောင်စုပြောတာ၊ မြို့ရွာ ရပ်ကွက်လည်း အတူတူပဲနော်။ တိုင်းပြည်ထိအောင်။ သီလမရှိတဲ့ပုဂ္ဂိုလ်ကို ခေါင်းဆောင်တင်ထားကြကုန်၏။ ဒီတော့ အိမ်ထောင်စု တစ်ခုမှာ သီလမရှိတဲ့ ယောကျ်ား၊ သီလမရှိတဲ့ အမျိုးသမီးက အိမ်ထောင်ဦးစီး ဖြစ်နေပြီးဆိုရင်လည်း အဲဒီအိမ်ထောင်စုဆုတ်ယုတ်ဖို့ပဲ. . . . တဲ့ ဆုတ်ယုတ်ဖို့ ပဲ၊ ဘာပြုလို့တုန်းဆိုတော့ သူက ငါးပါးသီလလောက်မှမလုံတော့ ရိုက်ဟယ်, နှက် ဟယ်, ထိုးဟယ်, ခုတ်ဟယ်, သတ်ဟယ်, ပုတ်ဟယ်, သူကလုပ်လာရော။ လုပ် လာတော့ အဲဒီရိုက်နှက်မှု၊ ထိုးမှု, ခုတ်မှု, သတ်မှု, ပုတ်မှုတွေ၊ အမှုတွေ ဖြစ်မလာ ဘူးလား?။ *(ဖြစ်လာပါတယ်ဘုရား)*။ ဟာသူများပစ္စည်းကို တိုက်ဟယ်, ခိုက်ဟယ်, ခိုးဟယ်, ဝှက်ဟယ်ဆိုပြီးတော့ အဒိန္နာဒါနသီလကြီး မလုံခြုံမှုတွေရှိလာရင်လည်း ဒီဟာအကြောင်းပြုပြီးတော့ ရုံးရောက် ဂတ်ရောက်၊ ဖမ်းဟာဆီးဟာတွေ ရှိမလာ ပေဘူးလား? *(ရှိလာပါတယ်ဘုရား)*။ နောက်တစ်ခါသူများသားမယား၊ အိမ်ရာတွေ ကျူးလွန်သောက်စား၊ လိမ်ညာလှည့်ဖြားဆိုတဲ့အတိုင်း၊ ငါးပါးသီလမှ အနည်းဆုံး မလုံခဲ့ရင် အဲဒီသီလပျက်မှုကို အခြေခံပြီးတော့ တရားစွဲခံရမှုတွေ၊ အစွပ်စွဲခံရ မှုတွေ၊ ရုံးရောက်၊ ဂတ်ရောက်၊ လျော်ရ၊ ပေးရဆိုတာတွေ အကုန်အကျတွေ ရှိ မလာပေဘူးလား?။ *(ရှိလာပါတယ်ဘုရား)*။

ဒီတော့ ဒီအိမ်ထောင်စု ပစ္စည်းစီးပွားဆုတ်ယုတ် မလာဘူးလား?။ *(ဆုတ် ယုတ်ပါတယ်ဘုရား)*။ သီလမရှိတဲ့အမျိုးသား သို့မဟုတ် အမျိုးသမီးက ဦးစီးနေ ပြီဆို ဒီအိမ်ထောင်စုဟာ စီးပွားဥစ္စာလျော့ဖို့ပဲမျှတယ်၊ တိုးဖို့ရှိသေးလား?။ *(မရှိပါ ဘုရား)*။ အဲဒီလို သီလပျက်မှုကို အခြေခံပြီးတော့ ပစ္စုပ္ပန်မှာ မဖြစ်သည့်တိုင်အောင် သူက ပါးလို့ နပ်လို့၊ သီလကတော့ မလုံခြုံဘူး။ သတ်စရာရှိ သတ်တာပဲ၊ သူများ ပစ္စည်းဥစ္စာကိုလည်း ခိုးဝှက်တိုက်ခိုက်မှုတွေ လုပ်တာပဲ၊ ဒါပေမဲ့ သူက ပါးလို့နပ်လို့ သူ့မှာ အဖမ်းအဆီးအချုပ်အနှောင် မခံရဘူး ထားတဲ့။ ဒီဒုဿီလစေတနာကြီးက ဒီသီလပျက်မှုဆိုတဲ့ အကုသိုလ်စေတနာကြီးက တစ်ချိန် အကျိုးပေးလိုက်ပြီဆိုရင် ဒီအိမ်ထောင်စု တစ်ခုလုံးပြုတ်ပြုတ်ပြုန်း၊ စီးပွားတွေ ပြုတ်ပြုတ်ပြုန်း လူလုံးမလှဖြစ် တတ်တယ်။ အိမ်ထောင်ဦးစီးခေါင်းဆောင်ဖြစ်တဲ့သူက သီလမစင်မကြယ်နဲ့ ဒုဿီလဖြစ်ပြီးတော့နေရင် အဲဒီအကုသိုလ်က အရှိန်ဟတ်ပြီးတော့ တစ်အိမ်လုံးမှာ ဓာတ်ခိုက်လာတတ်တယ်. . . တဲ့။ ဓာတ်ခိုက်လာတတ်တယ်။

ဓာတ်ခိုက်လာတ...ာ်တယ်ဆိုတာ ကိုယ့်မှာမထိသော်လည်း အဲဒီအိမ် ထောင်ဦးစီးဒကာကြီး မထိသော်လည်းပဲ၊ ဇနီးသည်မှာ လာပြီးတော့ ရောဂါတွေ ရ၊ သို့မဟုတ် အနာတရတွေဖြစ်၊ ဟိုဟာစွပ်စွဲခံရ၊ ဒီဟာစွပ်စွဲခံရ သို့မဟုတ် သား

http://www.dhammadownload.com



သမီးတွေ ကံနိမ့်တဲ့သူတွေမှာ လာပြီးတော့ဖြစ်တယ်။ ဒီတော့ အိမ်ထောင်ဦးစီး အမျိုးသားကြီး၊ အမျိုးသမီးကြီးတို့က သီလမလုံခဲ့ရင်၊ အကုသိုလ်တွေရှိနေရင်၊ အကုသိုလ်ဒုစရိုက်တွေ ကျူးလွန်နေခဲ့ရင် အဲဒီအိမ်ထောင်စုမှာ လာပြီးတော့ ထိခိုက်လာတယ်လို့ဆိုတော့ ထိုခိုက်လိုက်သည်နှင့်တစ်ပြိုင်နက် ခုနက ရောဂါဘယတွေ ဖြစ်ချင်ဖြစ်မယ်။ ဘေးဥပဒ်အန္တရာယ်တွေ ကျချင်ကျမယ် အစွပ်အစွဲတွေ ခံချင်ခံရမယ်။ တစ်စုံတစ်ခုသော ဘေးရန်အန္တရာယ်တွေကျရောက်မယ်ဆိုတော့ ဖြစ်လာသည်နှင့် တစ်ပြိုင်နက်အကုန်အကျတွေ ရှိမလာပေဘူးလား? *(ရှိပါတယ်ဘုရား)*။

ဒီတော့ သီလမရှိတဲ့ အမျိုးသားကို၊ အမျိုးသမီးကို၊ အိမ်ထောင်ဦးစီး တင်ထားခြင်းသည်လည်း အဲဒီအမျိုးအိမ်ထောင်စု ဆုတ်ယုတ်ကြောင်းပါပဲ. . . လို့ ဘုရားရှင်က ဒုဿီလံ ဣတ္ထိံ ဝါ ပုရိသံ ဝါ အာဓိပစ္စေ ဌပေန္တိ-သီလမရှိတဲ့ အမျိုးသားအမျိုးသမီးကို အကြီးအကဲ အရာတင်ထားကြတယ်၊ အဲဒီလိုဆိုရင် အဲဒီ အိမ်ထောင်စုတွေ စုနေတဲ့ ရပ်ကွက်ကျေးရွာ ဆုတ်ယုတ်ကြောင်းပဲ၊ အဲဒီ ကျေးရွာ ရပ်ကွက်တွေ စုဝေးနေတဲ့ မြို့ဆုတ်ယုတ်ကြောင်း မြို့နယ်ဆုတ်ယုတ်ကြောင်း၊ အဲဒီမြို့တွေ မြို့နယ်တွေ စုဝေးနေတဲ့တိုင်းတွေ ပြည်နယ်တွေဆုတ်ယုတ်ကြောင်း၊ အဲဒီတိုင်းတွေ ပြည်နယ်တွေ စုဝေးနေတဲ့နိုင်ငံကြီး ဆုတ်ယုတ်ကြောင်းပါပဲ. . . လို့ ဘုရားရှင်ရဲ့ တရားတော်က တိုင်းပြည်ထိအောင် ချိပြီးဟောတာနော် ဒကာကြီး *(မှန်ပါဘုရား)*။ ဒီတော့ ဒီဆုတ်ယုတ်ကြောင်းတရား (၄)ပါး၊ (၁) ပျောက်တာကို မရှာ။ (၂) ပျက်တာကို မပြင်။ (၃) အထွက်အဝင် မမျှ။ (၄) သီလမဲ့တဲ့ ပုဂ္ဂိုလ်ကို ခေါင်းဆောင်တင်ထားရင် ဆုတ်ယုတ်ကြောင်းပဲလို့ ဟောဒါ ဘုရားရှင်က လောကီကြီးပွားတိုးတက်ရေး ဆုတ်ယုတ်ကြောင်းတရားကို စတည်ပြီးတော့ ဟောတော်မူထားပါတယ်။ ဒီတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေက လောကီဘုံထဲနေကြရတာ မဟုတ်လား? *(နေရပါဘုရား)*။ ဒီတော့ လောကီဘုံထဲမှာနေတဲ့ ဒကာ ဒကာမတွေဆိုတော့ လောကီရေးရာကလည်း သိဖို့မလိုဘူးလား? *(လိုပါဘုရား)*။ မြတ်စွာဘုရားက ဟောချင်တာကတော့ လောကုတ္တရာအရေးဟောမှာပါ၊ လောကီရေး အဓိကထားဟောမှာ မဟုတ်ဘူး၊ ဒါပေမဲ့လို့ ဘုရားရှင်ကလေ. . . လောကုတ္တရာလမ်းသွားရင်း ပို့ရင်းနဲ့ ဒကာ ဒကာမတွေ လောကီနယ်ထဲနေရတဲ့သူတွေမို့လို့ လောကီအကြောင်းလည်းပဲ ဘုရားရှင်က ပြပြသွားတာ၊ ဒီတော့ ဒါလေး လိုက်ဆိုစမ်းပါအုံး-

❖ ပျောက်တာမရှာ၊ ပျက်တာမပြင်၊ ထွက်ဝင်မမျှ၊
သီလမဲ့အား၊ အမှူးထား၊ လေးပါးဆုတ်ယုတ်ကြောင်း။

http://www.dhammadownload.com



ဒါက ဆုတ်ယုတ်ကြောင်းဘက်က လေးပါးကို ဟောကာ၊ အဲဒီဆုတ်ယုတ်ကြောင်းဘက်ကလေးပါး ဟောသလိုပဲ မြတ်စွာဘုရားက သုတ္တပဋက္ခလို့ခေါ်တဲ့ ပြောင်းပြန်ဖြစ်တဲ့ တိုးတက်ကြောင်း ကြီးပွားကြောင်းဆိုတော့လည်း ဟောဒါ ပြောင်းပြန်လိုက်ရုံပဲ၊ အိမ်ထောင်စုတစ်ခု တိုးတက်ကြောင်းဟာ အခုနကဟာတွေ ပြောင်းပြန်ပြန်လိုက်ရင် ဒါတိုးတက်ကြီးပွားကြောင်းပြန်ဖြစ်လာတယ်နော်။ ဒီတော့ လင်္ကာလေးဆိုလိုက်ရင် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ သဘောပေါက်လောက်ပါတယ်နော် ကဲ-လင်္ကာလေးလိုက်ဆိုတော့-

❖ ပျောက်တာကို ရှာ, ပျက်တာကို ပြင်, ထွက်ဝင်ကို မျှ၊
သီလရှိအား, အမှူးထား, လေးပါးတိုးတက်ကြောင်း။

ဒါ-လောကီနယ်ကကြီးပွားကိုးတက်ကြောင်း ဆုတ်ယုတ်ကြောင်း။ ဤအတူပင်လျှင် လောကီနယ်မှာ ကြီးပွားဝိုးဝက်ကြောင်း ဆုတ်ယုတ်ကြောင်းလေးပါး ရှိသကဲ့သို့ပင် မဂ်ဖိုလ်နိဗ္ဗာန်တိုင်အောင်, ကြီးပွားတိုးတက်လိုတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးသည်. . . မိမိရဲ့ခန္ဓာကိုယ်တည်းဟူသော အိပ်ထောင်စုမှာ. . . မဂ်ဖိုလ်နိဗ္ဗာန်တိုင်အောင် ကြီးပွားတိုးတက်ချင်ရင် မဂ်ဖိုလ်နိဗ္ဗာန်ဆိုတဲ့ လောကုတ္တရာကိုးတန်ဆိုတဲ့ ပစ္စည်းတရားတွေ ထိအောင် ကြီးပွားတိုးတက်ချင်ရင်. . . မိမိခန္ဓာကိုယ်အိမ်ထောင်စုကြီးမှာ ပျောက်တာကိုရှာရတယ်၊ ပျက်တာကိုလည်း ပြင်ရတယ်။ အတွက်အဝင်ကိုလည်းမျှတစေရကာယ်၊ သီလကိုလည်း ဦးတည်ထားရတယ်. . . တဲ့။

ဟော-ဘုရားရှင်က လောကုတ္တရာနယ်တဲ လှည့်လာပြီနော်၊ ခုနက လောကီနယ်အိမ်ထောင်စုတွေ ဟောပြီးတော့ ခုလောကုတ္တရာအိမ်ထောင်စုက ခန္ဓာအိမ်ထောင်စုကြီး၊ ဘုန်းကြီးတို့ ဒကာ ဒကာမတွေရဲ့ ခန္ဓာကိုယ်ကို မြတ်စွာဘုရားက ကိမ်ထောင်စုကြီးတစ်ခုလို ဥပမာတင်လိုက်ပြီနော်၊ *(မှန်ပါဘုရား)*။ အဲဒီ အမျိုးကောင်းသား အမျိုးကောင်းသမီးတို့ရဲ့ ခန္ဓာကိုယ် အိမ်ထောင်စုကြီးသည်. . . လူ့ရွာနတ်ထဲ ချမ်းသာစံပြီးတော့ မဂ်ဖိုလ်နိဗ္ဗာန်ထိအောင် ကြီးပွားတိုးတက်ချင်ရင်. . . အပါယ်လေး ဘုံကျသွားတာကျတော့ ဆုတ်ယုတ်တာလို့ခေါ်တယ်။ အဲဒီ ခန္ဓာကိုယ် အိမ်ထောင်စုကြီးက အပါယ်လေးဘုံလည်း ကျကျမသွားဘူးလား? *(ကျသွားပါဘုရား)*၊ ငရဲရောက်သွား လိုက်, တိရစ္ဆာန်ဖြစ်သွားလိုက်, ပြိတ္တာဖြစ်သွားလိုက်, အသူရကာယ် ဖြစ်သွားလိုက်ဆိုတာက ဆုတ်ယုတ် ပျက်ပြားသွားတာနော်? *(မှန်ပါဘုရား)*။

http://www.dhammadownload.com



လူ့ဘုံ, နတ်ဘုံ, ဗြဟ္မာ့ဘုံ, သုဂတိဘုံတွေမှာ ကျင်လည်ကျက်စားပြီး သကာလ နောက်ဆုံးမဂ်လေးတန် ဖိုလ်လေးတန်နိဗ္ဗာန်။ သောတာပန်, သကဒါဂါမ်, အနာဂါမ် ရဟန္တာဆိုတဲ့ ပုဂ္ဂိုလ်မြတ်ကြီးတွေ ဖြစ်သွားပြီဆိုတော့ ဒါကြီးပွားတိုးတက်သွားတာပဲ မဟုတ်လား? *(မှန်ပါဘုရား)*။ အဲဒီလို ကြီးပွားတိုးတက်မှုတွေကို လိုလားရင်. . . တဲ့ အခုနက လောကီကြီးပွားလိုလားတဲ့ အိမ်ထောင်စုသည် ပျောက်တာကိုရှာရသလို၊ ယနေ့ ဒကာ ဒကာမပေါင်း သူတော်ကောင်းတို့ကလည်း ပျောက်တာကိုရှာရတယ်၊ ပျက်တာကိုပြင်နိုင်ရတယ်၊ အထွက်အဝင်မျှစေရတယ်၊ သီလကိုရှေးဦးတင်ထားရတယ်၊ ခန္ဓာကိုယ်အိမ်ထောင်စုမှာ သီလကိုအမှူးတင်ထားရတယ်၊ သူကလည်း (၄)ပါးပဲ မဟုတ်လား? *(မှန်ပါဘုရား)*။

ဒီတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ၊ မဂ်ဖိုလ်နိဗ္ဗာန်တိုင်အောင်၊ သောတာပန်, သကဒါဂါမ်, အနာဂါမ်ရဟန္တာကြီးတွေဖြစ်ပြီးတော့ ကြီးပွားတိုးတက်ဖို့ မလိုချင်ကြဘူးလား? *(လိုချင်ပါတယ်ဘုရား)*။ အဲဒီကြီးပွားကိုးတက်မှုကိုလိုချင်ရင် နံပါတ် (၁)ပျောက်တာကိုရှာရမယ်၊ ပရိသတ်ကြီး နံပါတ် (၁)ဘာလုပ်ရမှာတုန်း? *(ပျောက်တာကိုရှာရမှာပါဘုရား)*။ ကိုင်း ဒီတော့ ခုနက လောကီအနေနဲ့ကျတော့ အိမ်ထောင်စုတစ်ခု ပျောက်တာရှာရတယ်ဆိုတော့ ပျောက်သွားတဲ့ပစ္စည်းလေးကို ရနိုင်တဲ့အခြေအနေရှိရင် ရှာလို့ပြောခဲ့တာ မဟုတ်လား? *(မှန်ပါဘုရား)*။ ဒီတော့ ဘုန်းကြီးတို့ ခန္ဓာကိုယ်အိမ်ထောင်စုကြီးထဲကျတော့ ပျောက်တာရှာရမယ်ဆိုတော့ ဘာပျောက်နေလို့ ရှာမှာတုန်းလို့မေးစရာ မလိုဘူးလား? *(လိုပါတယ်ဘုရား)*။

ကိုင်း- ဒီတော့ မြတ်စွာဘုရားက ပျောက်တာရှာခိုင်းတဲ့ကိစ္စကို ဇာတ်ကြောင်းလေးနဲ့ ပြန်ပြောင်းပြီး ပြောမှဖြစ်တော့မှာနော်၊ *(မှန်ပါဘုရား)*။ ဒီတော့ အားလုံးသော ဒကာ ဒကာမအပေါင်း သူတော်ကောင်းတို့ရဲ့ ကိုးကွယ်ရာသခင် ဘုရား ရှင်ကိုယ်တော်မြတ်သည်၊ ဘုရားဖြစ်တော်မူခါစ ဝါမှာ အားလုံး ဒကာ ဒကာမတွေ သိကြတဲ့အတိုင်း ဗာရာဏသီမြို့ ဣသိပတန မိဂဒါဝုန်တောမှာ ဝါကပ်တော်မူပါ သည်၊ အဲဒီ ပထမဝါကပ်တော်မူပြီးတော့ ပဉ္စဝဂ္ဂီငါးဦးအမှူးရှိတဲ့ နတ်ဗြဟ္မာ တစ်ဆယ့်ရှစ်ကုဋေတို့ကို ဓမ္မစကြာတရား အနတ္တလက္ခဏသုတ်တရားတို့ဖြင့် ဟောကြားပြသတော်မူခဲ့လို့ ချွတ်တော်မူခဲ့တယ်။

အဲဒီလို ဟောပြချွေချွတ်တော်မူရင်းနဲ့ သူရဲ့ကမ္ဘာ့ငြိမ်းချမ်းရေးဝါဒလမ်းစဉ်ကြီးဖြစ်တဲ့ သီလ, သမာဓိ, ပညာလို့ခေါ်ရတဲ့ သာသနာ့လမ်းစဉ်ကြီး၊ ကမ္ဘာ့လွတ်မြောက်ရေးမှုဝါဒလမ်းစဉ်လို့ခေါ်တဲ့ သာသနာ့မှုဝါဒလမ်းစဉ်ကြီးကို ကမ္ဘာသူကမ္ဘာသား များစွာသော သတ္တဝါတွေတပျောက် ရောက်အောင် ကူညီပြီးတော့

http://www.dhammadownload.com



ဖြန့်ပေးမယ့် ကူညီပြီးတော့ ဟောပြောပေးကြမယ့်၊ တပည့်သာဝက သာသနာ့တပ်သားတွေ စုတော်မူရတယ်. . .။ ဒီတော့ ပထမဝါတွင်းမှာ မြတ်စွာဘုရား သာသနာ့တပ်သား စုလိုက်တာ ဘယ်လောက်ရတုန်းဆိုတော့ တပ်သား(၆၀) ရတယ်။ ပရိသတ်ကြီး ဘယ်လောက်ရတုန်း? *((၆၀)ပါဘုရား)*။ မြတ်စွာဘုရား တစ်ပါးတည်း လောကကြီးထဲ ပွင့်လာရုံနဲ့ ဒီတရားတွေက ကမ္ဘာလောကထဲ ပြန့်မသွားသေးဘူးတဲ့ ဒကာကြီးရွှေရဲ့ နော်။ *(မှန်ပါဘုရား)*။

သူ့ရဲ့တရားဓမ္မတွေကို ကူညီပြီးတော့ ဟောပေးကြ ပြောပေးကြ၊ ပြပေးကြမယ့်၊ ဆုံးမပေးကြမယ့် မြတ်စွာဘုရားရဲ့သာသနာလို့ခေါ်တဲ့ အဆုံးအမတော်တွေကို တစ်ဆင့်ဖြန့်ဖြူးပေးကြမယ့် သာသနာ့တပ်သား ရဟန်း သာမဏေ၊ ဘိက္ခုနီမ သာမဏေမ၊ သိက္ခမာန်ဆိုတဲ့ သီတင်းသုံးဖော် ငါးဦးလို့ခေါ် ဆိုရတဲ့ အမျိုးသား အမျိုးသမီး သာသနာ့ဝိုဏ်းသားတွေကို စုဆောင်းတော်မူရတယ်။ သာသနာ့တပ်သားတွေ စုရသေးတယ်။ သူတို့ကမှတစ်ဆင့် ဖြန့်ဖြူးပေးရတယ် မဟုတ်လား? *(မှန်ပါဘုရား)*။ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဒီနေ့အထိ သာသနာတော်ကြီးနဲ့ တွေ့ပြီး ဒီနေ့၊ ဟော-အခုတရားနာတတ်တယ်၊ ဒူးတုပ်တတ်တယ်။ လက်အုပ်ချီတတ်တယ်၊ ဘုရားပူဇော်တတ်တယ်၊ ကထိန်ခင်းတတ်တယ်၊ သင်္ကန်းလှူတတ်တယ်ဆိုတဲ့ ကုသိုလ်ကောင်းမှုတွေပြုပြီးတော့ ကိုယ့်အတွက်မဂ်ဖိုလ်နိဗ္ဗာန်ရကြောင်း ကောင်းမှုတွေ ပြုလုပ်နေတတ်ကြတာ ဘယ်သူ့ကျေးဇူးတုန်းလို့ မေးရင် ပင်မကတော့ ဘုရားရှင်ကျေးဇူးပေါ့၊ *(မှန်ပါဘုရား)*။

အဲဒီ ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ တရားတော်တွေကို သံဃာတော်အရှင်မြတ်တွေက အဆက်ဆက်ဆောင်ရွက်ပြီးတော့ ပြပေးကြ ဟောပေးကြ နည်းပေးကြ သွန်သင်ပေးကြလို့ဆိုတော့ သံဃာ့ကျေးဇူးကင်းရဲ့လား? *(မကင်းပါဘုရား)*။ ဒါ့ကြောင့် ဘုန်းကြီးတို့ သံဃာ့ဂုဏ်အာရုံပြုလို့ရှိရင် အဲဒီဂုဏ်ကို ထည့်ထည့်ပြီးအာရုံပြုရတယ်၊ သြော်. . . သံဃာ့ကျေးဇူးကြောင့် တို့ဘုရားရှင်ရဲ့ သာသနာတော်ကြီးကို သိရတယ်။ ဘုရားရှင်သာသနာတော်ကြီးအတွင်းက ကျင့်နည်းကြံနည်းတွေ သိရပေတယ်၊ သီလထိန်းသိမ်းနည်းတွေ သိရပါပေတယ်၊ စိတ်ထားနည်းတွေကို သိရပါပေတယ်. . . လို့ သံဃာ့ဂုဏ်အာရုံပြု၊ သံဃာကိုကျေးဇူးတင်တဲ့နေရာမှာ ဒါထည့်ပြီး ကျေးဇူးတင်ရတယ်နော်၊ *(မှန်ပါဘုရား)*။ ဒီတော့ မြတ်စွာဘုရားကိုယ်တော်တိုင်ပင်လျှင် အခုကြည့်ပါဦး။ သာသနာ့ဝိုဏ်းသားတွေ စုလိုက်တာ ပထမဝါမှာ ပဉ္စဝဂ္ဂီငါးဦး၊ နောက်အဲဒီ ဗာရာဏသီမြို့က ယသသူဌေးသား အမှူးရှိတဲ့ အမျိုးကောင်းသား သူငယ်ချင်းငါးဆယ့်နဲ့ငါးဦး ထွက်ပြီးတော့ ရဟန်းပြုကြတယ် မြတ်စွာဘုရားတရား နာပြီး။

http://www.dhammadownload.com



အဲဒီဝါကျွတ်သဲ့အချိန် ဘယ်လောက် ရသွားဝုန်းဆိုတော့ ဧကသဋ္ဌိ အရဟန္တော-အဲဒီ ပထမဝါကျွတ်တဲ့အချိန်မှာ, ရဟန္တာ ခြောက်ကျိပ်တစ်ပါး တို့သည်၊ ဟောန္တိ-ဖြစ်ကုန်၏. . . တဲ့၊ အဲဒီ အချိန်မှာ ရဟန္တာခြောက်ကျိပ်တစ်ပါး လောကကြီးထဲမှာ ဖြစ်လာပါတယ်. . . တဲ့။ ခြောက်ကျိပ်တစ်ပါး ဖြစ်လာတယ် ဆိုတာ မြတ်စွာဘုရားပါထည့်ပြီးပြောလိုက်တာ။ ဒီတော့ ပဉ္စဝဂ္ဂီငါးဦးရယ်၊ ယသ သူဌေးသား အမှူးရှိတဲ့ အမျိုးကောင်းသား ငါးဆယ်နဲ့ငါးဦးရယ်ဆိုတော့ ခြောက် ဆယ်မနေဘူးလား၊ အဲဒီထဲ မြတ်စွာဘုရားထည့်လိုက်တော့ ခြောက်ကျိပ်တစ်ပါး မနေဘူးလား? *(မှန်ပါဘုရား)*။ ဒါက လောကကြီးထဲမှာ အဲဒီအချိန် ခြောက်ကျိပ် တစ်ပါးဖြစ်တဲ့အကြောင်း ပြောတာ၊ ဘုရားရှင်ကိုယ်တော်မြတ်ကို နုတ်လိုက်ရင် ရဟန္တာခြောက်ကျိပ်ဖြစ်လာတယ်။ အဲဒီရဟန္တာခြောက်ကျိပ်ကို ဘုရားရှင်ကိုယ် တော်မြတ် ပထမဝါတွင်းမှာ သာသနာ့တပ်သား, သာသနာ့ဂိုဏ်းသား စုတော်မူလို့ ရတော်မူတော့ ဝါကျွတ်ကယ်ဆိုရင်ပဲ ဘုရားရှင်က သာသနာ့တပ်သား ဂိုဏ်းသား ခြောက်ကျိပ်ကို စုဝေးပြီး မိန့်တော်မူရှာတယ်၊ ပြောတော်မူရှာတယ်။

**စရထ ဘိက္ခဝေ စာရိကံ၊ ဒေသေထ ဘိက္ခဝေ ဓမ္မံ။**

ဘိက္ခဝေ-ငါ၏ဆိုင်ရာ သာသနာ့ဝယ်, ဝန်တာကိုထမ်း, အိုရဟန်းတော် အပေါင်းတို့၊ စာရိကံ-လှည့်လည်အပ်တဲ့, ထိုထိုအရပ်အပေါင်းတို့သို့၊ စရထ- လှည့်လည်ချေကြ. . .၊ ဓမ္မံ-သစ္စာလေးပါးမြတ်တရားကို၊ ဓမ္မံ-သင်တို့ကို ဝါတွင်း ကာလက ဟောပြလို့, သင်တို့ကိုယ်တိုင် သိထားတဲ့, သစ္စာလေးပါး မြတ်တရားကို၊ ဒေသေထ-ဟိုဟိုဒီဒီ အရပ်ဆီမှာ သွားပြီးတော့ ဟောချေကြ. . .။

သာသနာပြုလွှတ်နေတာနော် ဘုရားက။ ချစ်သားတို့. . . တဲ့ ငါဘုရားရှင် သင်တို့ကို ဟောပြအပ်တဲ့ သစ္စာလေးပါးတရားဆိုတဲ့ တရားထူး တရားမြတ်ကို ဟိုဟို ဒီဒီကျွတ်ထိုက်တဲ့ သတ္တဝါတွေရှိတဲ့ အရပ်ဆီသို့သွားပြီးတော့ ဟောချေကြ။ ငါရဲ့သာသနာ့ပဋိပါဒလမ်းစဉ်ကြီး ဖြန့်ဖြူးချေကြ၊ ငါ့ရဲ့ကမ္ဘာ့ငြိမ်းချမ်းရေး သာသနာ့ လမ်းစဉ်ကြီးကို ဖြန့်ချေကြ၊ ငါရဲ့ ကမ္ဘာ့လွတ်မြောက်ရေးဝါဒကြီးကို ဖြန့်ချေကြ. . . မြတ်စွာဘုရားရဲ့ သာသနာ့လမ်းစဉ်ကြီးဆိုတာ လွတ်မြောက်ရေးဝါဒ ဒကာကြီးရွှေ ရဲ့၊ *(မှန်ပါဘုရား)*။ ဘုရားရှင်ရဲ့ တရားတော်အချုပ်ပြောစမ်းပါဆိုရင် လွတ်မြောက် ရေးဝါဒ၊ ပါဠိလိုတော့ ဝိမုတ္တိရသလို့ခေါ်တယ်။ ဘုရားရှင်ရဲ့တရားအချုပ်၊ လိုရင်း အချုပ်ပြောစမ်းပါဆိုရင် ဝိမုတ္တိရသ။ ဝိမုတ္တိရသဆိုတာ လွတ်မြောက်ရေး။

ဘာကနေ လွတ်တာတုန်းဆိုရင် အိုမှုကြီးက လွတ်, နာမှုကြီးလွတ်, သေမှု ကြီးက လွတ်။ ရုပ်နာမ်ခန္ဓာတွေ ဖြစ်ပျက်, ဖြစ်ပျက်နေတဲ့ ဘေးဒုက္ခတွေက လွတ်။ နိဗ္ဗာန်ဆိုတာ အဲဒီ ရုပ်နာမ်ခန္ဓာ ဒုက္ခခပ်သိမ်း အေးငြိမ်း လွတ်မြောက်သွားဘဲ့

http://www.dhammadownload.com



ဌာနကြီး၊ ဒီတော့ မြတ်စွာဘုရားရဲ့ လိုရင်းအချုပ်ဟာ ဘာတုန်းဆိုရင် လွှတ်မြောက်ရေးဝါဒ။ အဲဒါကို ပါဠိလိုတော့ ဝိမုတ္တိရသလို့ ခေါ်ပါတယ် စာခေါ် ခေါ်တော့။ မြန်မာလိုပြောတော့ လွတ်မြောက်ရေးဝါဒ၊ ဒီတော့ အဲဒီလွတ်မြောက်ရေးဝါဒ လမ်းစဉ်ကြီး ကို ထိုထိုအရပ်ဆီသို့ သွားပြီးတော့ ဟောချေကြ. . . လို့ သာသနာ့ပြု လွှတ်တော်မူ နေတာ ရဟန္တာခြောက်ကျိပ်ကို သာသနာပြုလွှတ်နေတာ။ ဒီတော့ မြတ်စွာဘုရား က အပြီးသတ်မှာလိုက်သေးတယ်။

မာ ဧကေန ဒွေ အဂမိတ္ထ။ ဧကေန-တစ်ကြောင်းတည်းသော ခရီးဖြင့် တော့၊ ဒွေ-နှစ်ပါးပေါင်းပြီးတော့၊ မာ အဂမိတ္ထ-မသွားလိုက်ကြပါနဲ့. . . တဲ့။

မင်းတို့ ဒေသစာရီ လှည့်လည်ပြီးတော့ကွယ်. . . တဲ့၊ ငါမင်းတို့ကို ဟော ထားတဲ့ သစ္စာ(၄)ပါးတရား၊ ကမ္ဘာလောကမှာရှိနေတဲ့ သတ္တဝါတွေ သူတော် ကောင်း အမျိုးကောင်းသား အမျိုးကောင်းသမီးတွေထံမှောက် ရောက်အောင်ပို့ ဆောင်ချေကြ. . .၊ ဟောချေကြ၊ သာသနာပြုချေကြ။ ဒါပေမဲ့လို့ တစ်ကြောင်း တည်းသောခရီးကို နှစ်ပါးပေါင်းပြီးတော့ဖြင့် မသွားလိုက်မိကြစေနဲ့. . .။ နည်း နည်းနဲ့ကျဲကျဲဝိုင်းနေရတဲ့ အချိန်ဖြစ်တော့ ခရီးတစ်ကြောင်းကို နှစ်ပါးပေါင်းပြီး တော့တောင် ဘုရားရှင် မလွှတ်နိုင်ဘူးနော်၊ *(မှန်ပါဘုရား)*။ သံဃာအားက (၆၀)ဆို တော့ နည်းသေးတာ၊ အဲဒီ (၆၀)ကို နှစ်ပါးပေါင်း မသွားနဲ့ဆိုတာ အနည်းဆုံးပြော တာ သုံးပါး, လေးပါး, ငါးပါးလည်းပေါင်း မသွားကြနဲ့၊ တရပ်ကို တစ်ပါး, တရပ်ကို တစ်ပါး ဖြန့်ပြီးတော့ သွားကြလို့ လွှတ်တော်မူလိုက်တယ်။

အဲဒီလို ရဟန်းတော်အရှင်မြတ်တွေကို လွှတ်တော်မူပြီးတော့ ကိုယ်တော် တိုင်ကလည်း အေးအေးလူလူ နေတော်မမူပါ၊ ကိုယ်တော်တိုင်ကလည်း ဘယ်အ ရပ်ကြွတော်မူတုန်းဆိုတော့ အဲဒီ ဗာရာဏသီ၊ ဣသိပတန မိဂဒါဝုန်တောရဲ့ တောင် အရပ်ဘက်မှာရှိနေတဲ့ ဥရုဝေလတောဆီ ကြွချီတော်မူရပါသည်။ အဲဒီ ဥရုဝေလတော ဘာပြုလို့ ကြွတုန်းလို့ဆိုတော့ ဘုန်းကြီးတို့ သာသနာ့သမိုင်းမှာ ရှင်တစ်ထောင် ချွတ်ပွဲဆိုတာ ရှိပါတယ်၊ အခုကာလ ရှင်တစ်ထောင်ပြုပွဲ, ရှင်တစ် ထောင် ပြုပွဲနဲ့ ဒကာကြီးရွှေ မကြားဖူးဘူးလား? *(ကြားဖူးပါတယ်ဘုရား)*။ အဲဒါ ဒီက စလာတာ၊ မြတ်စွာဘုရားလက်ထက်က သာသနာ့သမိုင်းနဲ့ပြောရင် ရှင်တစ် ထောင် ချွတ်ပွဲရှိတယ်။

အဲဒီရှင်တစ်ထောင်ဆိုတာ ဘယ်သူတွေတုန်းလို့ဆိုရင် ဥရုဝေလတောမှာ ဥရုဝေလကဿပရသေ့, နဒီကဿပရသေ့, ဂယာကဿပရသေ့ရယ်လို့ ရသေ့ ညီနောင်သုံးယောက် ခေါင်းဆောင်တဲ့ ရသေ့တစ်ထောင်ရှိတယ်။ သူတို့က

http://www.dhammadownload.com



ဒီဥရုဝေလတောရဲ့ နေရဥ္စရာမြစ်ကမ်းမှာ တဲတွေထိုးပြီးတော့ ရသေ့ပရိက္ခရာ အပြည့်အစုံနဲ့ မီးပူဇော်မှုပြီးတော့ ရသေ့အကျင့် ရသေ့အကြံနဲ့ နေကြတာ။ အဲဒီ ရသေ့ဝတစ်ထောင်ကို ဘုရားရှင်ကိုယ်တော်မြတ်က မြင်တော်မူတယ်။ ငါတရားသွား ပြီးတော့မြရင် ငါတရားသွားပြီးတော့ ဟောရှင်ဒီရသေ့တစ်ထောင်ဟာ လွယ်လွယ် ကလေးနဲ့ ကျွတ်တမ်းခိုကြမယ်. . . အဲဒီလို ကျွတ်တမ်းခိုကြရင် ငါ့သာသနာ့တပ် သား တစ်ထောင်တိုးမယ်၊ သာသနာ့တပ်သားတစ်ထောင် ကိုးလာရင် ဟောဒီ တစ်ထောင်နဲ့ ကမ္ဘာလောကသားတွေကို ဖြန့်ပြီးတော့ သာသနာပြုလိုက်ရင် ငါ့ရဲ့ သစ္စာလေးပါးတည်းဟူသော တရားရေအေး အမြိုက်ဆေးတိုက်ကျွေးလိုက်ရရင် ကမ္ဘာသူ ကမ္ဘာသားတွေ ချမ်းသာကြမယ်. . .။

သတ္တဝါတွေ ချမ်းသာဖို့ ဘုရားကကြံတော်မူတာပါ ဒကာကြီးရွှေရဲ့နော်၊ *(မှန်ပါဘုရား)*။ သူ့ဘုရား, ဘုရားလို့ ကမ္ဘာလောကကြီးကို ကြွားဖို့ ပွင့်လာတာ ဟုတ်ရဲ့လား? *(မဟုတ်ပါဘုရား)*။ သတ္တဝါတွေ ချမ်းသာဖို့ သတ္တဝါတွေ စီးပွားတိုးဖို့ သတ္တဝါတွေ ဒုက္ခခပ်သိမ်းအေးငြိမ်းဖို့ ဒါကိုမျှော် ပြီးတော့ပြုလုပ်တော်မူလာရှာတာ ဖြစ်တော့၊ သူ့ကိုကူညီပြီးတော့သာသနာပြုပေးမယ့် သာသနာ့ဂိုဏ်းသားတွေ စုမနေရ ဘူးလား? *(စုနေရပါဘုရား)*။ ရဟန္တာခြောက်ကျိပ်ကိုလည်းပဲ သာသနာ ပြုလွှတ်လိုက်ပြီးတော့ သူကိုတိုင်ကလည်း ဥရုဝေလတော ခုနကရသေ့ တစ်ထောင် ကို ချွတ်မလို့ သာသနာ့သမိုင်းမှာ ရှင်တစ်ထောင်ချွတ်ပွဲ. . . လို့ သမိုင်းတင်နေတဲ့ ရသေ့တစ်ထောင်ရှိတဲ့ ဥရုဝေလတောဆီကြွချီပြီးတော့ လာတော်မူ။

အဲဒီလို မြပ်စွာဘုရား တစ်ပါးတည်း သပိတ်တော်ကို လွယ်ပြီးတော့ ကြွလာလိုက်တာ၊ အဲဒီ * တရားဏသီမြို့ ဣသိပတနမိဂဒါဝုန်တောနဲ့ ဥရုဝေလ တောကြားမှာ ကပ္ပါသိကဝနသဏ္ဍလို့ခေါ်တဲ့ တောအုပ်ကြီးကိုဖြတ်ပြီးတော့ ကြွတော်မူရတယ်။အဲဒီ ကပ္ပါသိကဝနလို့ခေါ်တဲ့ ဝါပင်တွေပေါတဲ့ ဝါခင်းတွေပေါ တဲ့ တောအုပ်ကြီးထဲဖြတ်ပြီးတော့ ဘုရားရှင်ကြွနေတဲ့အချိန်. . . နောက်ကနေ ပြီးတော့ လူတွေဆူဆူညံညံနဲ့ လူသံတွေကြားရတယ်။"လိုက်ဟေ့၊ ဖမ်းဟေ့၊ လိုက် ဟ၊ ဖမ်းဟ၊ ဆိုးဟ"ဆိုတဲ့ အသံတွေနဲ့ နောက်က ဆူပွက်ပြီးတော့ လိုက်လာတယ် ဘုရားနောက်က။

ဒီတော့မြတ်စွာဘုရားက ကပ္ပါကယာနဲ့လမ်းဘေးညောင်ပင်ကြီးတစ်ပင် အောက်မှာဝင်ပြီးတော့ နှစ်ထပ်သက်န်းကြီးခေါက်ခင်းပြီးတော့ ထိုင်လိုက်တယ်။ အဲဒီလိုထိုင်လိုက်တယ်ဆိုရင်ပဲနောက်ကဆူဆူပွက်ပွက်နဲ့အော်ဟစ်ပြီးတော့ ညာသံ ပေးပြီးတော့ လိုက်လာတဲ့လူတွေ အနားရောက်လာတယ်။ အနားရောက်လာတော့

* ဘဒ္ဒဝဂ္ဂိယဝတ္ထု-ဝိ-၃-၃၀။

http://www.dhammadownload.com



သူတို့ဘယ်သူတွေတုန်းလို့ဆိုတော့ သာသနာ့သမိုင်းမှာ ဘဒ္ဒဝဂ္ဂီညီနောင်သုံးကျိပ်လို့ သာသနာ့သမိုင်းမှာထင်ရှားတဲ့ အမျိုးသားမင်းသား သုံးကျိပ်ပဲ။ နယ်စားပယ်စားမင်းသားသုံးကျိပ်၊ ဆူပွတ်အော်ဟစ်ပြီးတော့ ပြေးလိုက်လာကြတာ "လိုက်ဟေ့ဆီးဟေ့"နဲ့ ဒီတော့ "လိုက်ဟေ့, ဖမ်းဟေ့, ဆီးဟေ့"နဲ့ အော်ဟစ်လိုက်လာကြပြီးတော့ သူတို့က အနားရောက်တော့ ဘုရားမေးလိုက်သေးတယ်။

**အပိ ဘန္တေ ဘဂဝါ ဧကံ ဣတ္ထိံ ပဿေယျာထ. .။**

ဘန္တေ-မြတ်စွာဘုရား၊ ဧကံ ဣတ္ထိံ-ဒီနားမှာဖြတ်ပြေးတဲ့ မိန်းမတစ်ယောက်ကို၊ အပိ ပဿေယျာထ-မြင်လိုက်ပါကုန်သလား. . .။ သူတို့က ဘုရားကိုတော့ ဘုရားမှန်းသိတယ်။ လောကကြီးထဲမှာ ဘုရားရှိနေတယ်။ ဘုရားပွင့်နေပြီဆိုတာတော့ သူတို့ကြားပြီးသား ဒကာကြီးရွှေရဲ့၊ (*မှန်ပါဘုရား*)။ ဒီတော့ မြတ်စွာဘုရားကို ဘုရားမှန်းသိတယ်။ သို့သော် ရိုသေလေးစားမှုတော့ မရှိပါဘူး။ မြတ်စွာဘုရားညောင်ပင်အောက် လမ်းဘေးထိုင်နေတာမြင်တော့ သူတို့ကအော်ဟစ်ပြေးလာရင်းနဲ့ အနားရောက်လာတော့ ဘာမေးလိုက်တုန်းဆိုတော့ "အရှင်ဘုရားဒီနားမိန်းမတစ်ယောက်များဖြတ်ပြေးတာ မမြင်ဘူးလား. . လို့၊ သူတို့ကမိန်းမပျောက်လိုက်ရှာလာကြတာ။

ဒီတော့ သူတို့ဘယ်သူတွေတုန်း၊ သူတို့ ဘာ့ကြောင့် မိန်းမပျောက်ကိုရှာကြသလဲလို့ သူတို့ဇာတ်ကြောင်းကလေး နည်းနည်းပြန်ပြောင်း ပြောရမယ်ဆိုရင် အဲဒီ ဘဒ္ဒဝဂ္ဂီမင်းသားသုံးကျိပ်က အဲဒီနေ့မှာ ၊ အဲဒီ ကပ္ပါသိကဝနသဏ္ဍခေါ်တဲ့ တောအုပ်ကြီးထဲကို ပျော်ပွဲစားထွက်လာကြတာ၊ ပျော်ပွဲစားထွက်လာကြတော့ အသီးသီး မင်းသားသုံးကျိပ်မှာ ဇနီးအသီးသီးနဲ့ စားစရာသောက်စရာတွေအပြည့် အစုံနဲ့ တောထဲအပန်းဖြေပေါ့။ ထွက်လာကြ။ ဒီနေ့အလုပ်အားတဲ့အနေနဲ့သူတို့ အနားယူပြီးတော့ တောထဲမှာ နားနားနေနေ နေကြမယ်ဆိုပြီးတော့ရောက်လာကြတာ၊ ဒီတော့ အဲဒီအထဲမှာ မင်းသားတစ်ယောက်က ဇနီးမရှိဘူး။ မင်းသားသုံးကျိပ်ထဲမှာ ဇနီးမရှိတော့ သူ့အတွက်ဆိုပြီးတော့ အမျိုးသမီးတစ်ယောက်ကို ငှားလာခဲ့ရတယ်။ အဲဒီငှားလာခဲ့တဲ့အမျိုးသမီးက အဲဒီမင်းသားတွေ သောက်စား ပျော်မြူးပြီတော့ ပျော်နေတဲ့အချိန်၊ အလစ်မှာ သူနဲ့တွဲလာတဲ့မင်းသားရဲ့လက်ဝတ် တန်ဆာ, ခြေဝတ်တန်ဆာ, ခေါင်းဝတ်တန်ဆာအစရှိတဲ့လက်ဝတ်တန်ဆာတွေ ယူပြီးတော့ အလစ်ထွက်ပြေးတာ။

အဲဒီလိုထွက်ပြေးတော့ ခဏနေမှ သိကြတော့၊ အဲဒီတင် သူတို့သူငယ်ချင်းရဲ့တန်ဖိုးရှိတဲ့ပစ္စည်းတွေကို ဟိုအမျိုးသမီးယူပြေးပြီတဲ့ဆိုလို့ နောက်က နေပြီး

http://www.dhammadownload.com



တော့ အဲဒီမိန်းမပျောက်ကို တောထဲမှာရှာကြမယ်ဆိုပြီးတော့ "လိုက်ဟေ့ ဖမ်းဟေ့ ဆီးဟေ့ ဝိုင်းဟေ့"နဲ့ဆိုပြီးတော့ လိုက်လာကြတာ. . . တဲ့၊ မင်းသားတွေကနော်။ အဲဒီလိုလိုက်လာတဲ့ အချိန်နဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကလည်း အဲဒီတောကြီးထဲ ဖြတ်သန်းပြီးတော့ကြွတဲ့အချိန် လာဆုံတာ။ လာဆုံလို့ပဲ သူတို့က မြတ်စွာဘုရား မြင်တယ်ဆိုရင်ပဲ-

**အပိ ဘန္တေ ဧကံ ဣတ္ထိံ ပဿေယျာထ. .** ။ ဘန္တေ-မြတ်စွာဘုရား၊ **ဧကံဣတ္ထိံ**-တစ်ယောက်သောမိန်းမကို၊ **အပိပဿေယျာထ**-မြင်လိုက်ကြပါကုန်သလား. . . ။ "အရှင်ဘုရား. . . ဒီနား မိန်းမတစ်ယောက်များ ဖြတ်ပြေးတာ မမြင်လိုက်ဘူးလားဘုရား" ဘုရားနဲ့တွေနေပေမဲ့လို့ သူတို့အရေးကြီးတာက သူတို့ လက်ဝတ်လက်စားတွေ ယူပြေးတဲ့မိန်းမကအရေးကြီးနေတယ် မဟုတ်လား? (*မှန်ပါဘုရား*)။ ဒါနဲ့ သူတို့က မေးတယ်၊ မေးတော့ မြတ်စွာဘုရားကလေ. . . သဗ္ဗညု တဉာဏ်ရှင်ဘုရားရှင်ဖြစ်တော်မူတော့ "သြော်. . . ငါ့သာသနာ့ဘပ်သားတွေ စုမယ်ဆိုပြီးတော့ ရသေ့တစ်ထောင်ကိုချွတ်မယ်ဆိုပြီးတော့ လာလိုက်ပါ့။ အင်း. . . ငါဘုရားသာသနာမှာ ဘဒ္ဒဝဂ္ဂီညီနောင်သုံးကျိပ်ရယ်လို့ ထင်ရှားမယ့်၊ အာသဝေါကင်းကွာ ရဟန္တာယောက်ျားတွေဖြစ်မယ့် အမျိုးကောင်းသားသုံးကျိပ်နဲ့ လာတွေ နေပါပေါ့လား. . . လို့ ဒီအမျိုးကောင်းသားသုံးကျိပ်ရဲ့ဝမ်းထဲမှာ မဂ်လေးတန်ဖိုလ်လေးတန် ဉာဏ်မီးထောက်မယ့် ဓာတ်သတ္တိတွေကို ဘုရားရှင်က သွမ်းမြင်တော်မူတယ်။

ဒီတော့-ငါ့ရဲ့သာသနာ့တပ်သား ဖြစ်ထိုက်တဲ့အမျိုးကောင်းသားတွေပါလားလို့ဆိုပြီးတော့ မြတ်စွာဘုရားက "အမျိုးကောင်းသား. . . တို့၊ ထိုင်ကြပါအုန်း ဒီနား၊ မင်းတို့ပျောက်သွားတဲ့အမျိုးသမီးကို ဟောဒီငါ့နားထိုင်နေရင်းနဲ့ပဲ တွေ့ကောင်းတွေ့ပါလိမ့်မယ်. . . "လို့ ပြောလိုက်တယ် တွေ့ရလိမ့်မယ်လို့လဲ ဘုရားက အသေအချာမပြောဘူး။ ပါးတာမြတ်စွာဘုရားက၊ တွေ့ကောင်းတွေ့ပါလိမ့်မယ်တဲ့ မင်းတို့ ဒီနားထိုင်နေရင်းနဲ့ တွေ့ကောင်း တွေ့ပါလိမ့်မယ်ဆိုတော့ မင်းသားတွေက ဝမ်းသာအားရဖြစ်သွားတာပေါ့ "ဟေ့-လာ့ဟေ့ လာကြဟေ့ တို့ဘုရားနားထိုင်ရင်းနဲ့ တို့ပျောက်နေတဲ့ အမျိုးသမီးကိုတွေ့နိုင်တယ်ဆိုပဲ။ တွေ့ရင်ဘွေ့မှာတဲ့"လို့ ဆိုတော့ မက်လုံးကလေးနဲ့ လာမထိုင်ကြပေဘူးလား? (*ထိုင်ကြပါဘုရား*)။ ဘုရားကလည်း အဲဒီ မက်လုံးကလေးပေးလိုက်တာနော်။ တွေ့လိမ့်မယ်လို့တော့ ဘုရားက ဝန်မခံဘူးနော်၊ (*မှန်ပါဘုရား*)။

တွေ့ကောင်း တွေ့ပါလိမ့်မယ်လို့ဆိုတော့ မင်းသားတွေ ဘုရားရှင်ထံမှောက် ရောက်လာကြတယ်၊ မင်းသားသုံးကျိပ်အကုန်လုံး လက်အုပ်ပါတဲ့ ဓားတွေ

http://www.dhammadownload.com



ဘာတွေချပြီးတော့ အကုန်လုံး ရှိရှိသေသေ ဘုရားရှေ့ တွေ့ကောင်းတွေ့ပါလိမ့် မယ်ဆိုတော့ ဘုရားအားကိုးတဲ့ စိတ်ကလေးရောက် မလာဘူးလား? (ရောက်လာ *ပါတယ်ဘုရား)*။ အဲဒါနဲ့ ထိုင်ကြရော၊ ထိုင်ကြတော့ မြတ်စွာဘုရားက "မင်းတို့ ဘာရှာ ကြတာတုန်း" အကျိုးအကြောင်းမေးတယ်ပေါ့၊ မေးတော့ "ဒီလို ဒီလိုပဲ ဘုရား" ဒီ လိုဒီလို ပျောက်သွားတဲ့မိန်းမတစ်ယောက်ကို ရှာကြပါတယ်။ ဒါကြောင့် ရှင်တော်ဘုရားများ တွေ့လိုက်ပါသလားလို့ တပည့်တော်တို့ မေးလိုက်ပါတယ်" လို့ဆိုတော့ ဘုရားရှင်ကိုယ်တော်မြတ်က-

**တံ ကိံ မညထ ဝေါ ကုမာရာ။** ကုမာရာ-နယ်စားပယ်စား, အိုမင်းသား တို့၊ တံ-ငါမိန့်တော်မူအပ်လတ့်သော စကားကို၊ ဝေါ-သင်တို့သည်၊ ကိံ မညထ- အဘယ်သို့ မှတ်ထင်ကြကုန်သလဲ. . . ။ မင်းသားတို့- နားထောင်ကြစမ်း၊ ငါစကား တစ်ခု ပြောမယ်၊ ငါပြောပယ့်စကားကို မင်းတို့ ဘယ်လိုထင်ကြသလဲ။ ဘယ်လို သဘောပေါက်ကြသလဲ ဘယ်လို ယူဆကြသလဲ၊ နားထောင်စမ်း, နားထောင် စမ်းလို့ဆိုပြီးတော့ ဘုရားရှင်က ဘာဆက်ပြောတုန်း-

**ကတမံ နုခေါ တုမှာကံ ဝရံ, ယံ ဝါ တုမှေ ဣတ္ထိံ**
**ဂဝေသေယျာထ၊ ယံ ဝါ အတ္တာနံ ဂဝေသေယျာထ. . . ။**

ကုမာရာ-နယ်စားပယ်စား, အိုမင်းသားတို့၊ တုမှေ-သင်တို့သည်၊ ဣတ္ထိံ- အခု တစ်ခဏမှာ, ပျောက်ဆုံးသွားတဲ့ မိန်းမပျောက်ကို၊ ယံ ဂဝေသေယျာထ- အကြင်ရှာမှီး၍ နေကြကုန်ရာ၏၊ အထ-သို့မဟုတ်၊ အတ္တာနံ-တစ်သံသရာလုံးက, ပျောက်ဆုံးလာခဲ့တဲ့, မိမိကိုယ်သော်လည်းပဲ၊ ယံ ဂဝေသေယျာထ-အကြင်ရှာမှီး ကြကုန်ရာ၏၊ **တေ**-ထိုကဲ့သို့သော ယခုတစ်ခဏမှာ ပျောက်သွားတဲ့, မိန်းမပျောက် လို့ဆိုတဲ့, အပြင်ဗဟိဒ္ဓ အပျောက်ကိုရှာမှီးခြင်း, သို့မဟုတ်, တစ်သံသရာလုံးက ပျောက်ဆုံးလာခဲ့တဲ့, ကိုယ့်ရဲ့အတွင်း အဇ္ဈတ္တပျောက်လို့ဆိုတဲ့ အပျောက်ကိုရှာမှီး ခြင်းဆိုတဲ့, ဒီရှာမှီးခြင်းနှစ်မျိုးတို့တွင်၊ ကတမံ-အဘယ်ရှာမှီးခြင်းက၊ ဝရံနုခေါ- သင့်လျော်လျောက်ပတ်, ကောင်းမြတ်လေတော့သနည်း. . . ။

**သာဓု. . . သာဓု. . . သာဓုပါဘုရား. . . ။**

မင်းသားတို့. . . ငါဘုရားရှင်မေးမယ့် စကားကို နားစိုက်ပြီးထောင်ကြ စမ်း. . . ။ သင်တို့က ပျောက်သွားတဲ့မိန်းမတစ်ယောက်ကို ရှာတယ်လို့ဆိုကြတယ်၊ ငါတစ်ခုမေးမယ် ဉာဏ်နားနဲ့ စိုက်ပြီးတော့ ထောင်ကြစမ်း၊ အခုသင်တို့ ပျောက် သွားတဲ့မိန်းမကို ရှာတယ်ဆိုတာက သူများအပျောက်ရှာရခြင်းဖြစ်ပါသည်။ အဇ္ဈတ္တ, ဗဟိဒ္ဓ, အတွင်းအပြင်နှစ်မျိုးတွင်လည်းပဲ အပြင်ဗဟိဒ္ဓအပျောက်ကိုရှာတယ်လို့

http://www.dhammadownload.com



ခေါ်ရပါသည်။ အဲဒါလို အတွင်းအပြင်နှစ်မျိုးတို့တွင် အပြင်ဗဟိဒ္ဓ အပျောက်ဖြစ်တဲ့ မိန်းမပျောက်ကိုရှာခြင်းနဲ့ တစ်သံသရာလုံးပျောက်ဆုံးလာခဲ့ပြီးတော့ ဘယ်တုန်းကမှ မင်းတို့မရှာဖူးခဲ့တဲ့ အတွင်းအဇ္ဈတ္တ ရှာဖွေခြင်းဆိုတဲ့ မင်းတို့ကိုယ်မင်းတို့ ရှာမှီးခြင်း ဆိုတဲ့ ဒီရှာမှီးခြင်းနှစ်မျိုးတို့တွင် အဘယ်ရှာမှီးခြင်းကို ရှာခြင်းက သင့်လျော် လျောက်ပတ် ကောင်းမြတ်လေမလဲ. .။ မင်းတို့ ဉာဏ်နားနဲ့ထောင်ပြီးတော့ ဖြေကြစမ်းလို့ ဘုရားက မေးပြီ ဒကာကြီးရွှေရဲ့နော်၊ *(မှန်ပါဘုရား)*။

မင်းတို့ကွယ်. . . တဲ့ သူများအပျောက်ရှာတာနဲ့ ကိုယ့်အပျောက်ကိုရှာတာ ဘယ်အပျောက်ရှာတာက ကောင်းကြသလဲ. . . လို့ မေးလိုက်တာ ဒကာကြီးရွှေ ရဲ့နော်၊ *(မှန်ပါဘုရား)*။ ဒီတော့ ပါရမီဓာတ်ခံပါနေတဲ့ အမျိုးကောင်းသားတွေ ဖြစ်နေတော့ သူတို့က ရှေးကပါရမီဓာတ် ပါပြီးတော့လာတဲ့ အမျိုးကောင်းသားတွေ ဖြစ်တော့ ဘုရားက လူးလူးဆန်းဆန်း မေးလိုက်တယ်ဆိုရင်ပဲ စိုက်သွားတယ် အကုန်လုံး၊ စိုက်ပြီးတော့နားထောင်ပြီးတော့တခါတည်းသဘောပေါက်သွားတယ်။ တခါတည်း သဘောပေါက်ပြီးတော့ သူတို့ ဘယ့်နှယ့်ကောက်ဖြေလိုက်တုန်း-

**ဧတဒေဝ ဘန္တေ အမှာကံ ဝရံ, ယံ အတ္တာနံ ဂဝေသေယျာမ. . .။**

ဘန္တေ-ဘုန်းတော်နေဝန်း, ထွန်းလင်းတောက်ပတော်မူသော မြတ်စွာ ဘုရား၊ မယံ-တပည့်တော်တို့သည်၊ အတ္တာနံ-တစ်သံသရာလုံးက, ပျောက်ဆုံး လာခဲ့တဲ့ တပည့်တော်တို့ကိုယ်ကို, ရှာမှီးခြင်းကို၊ ယံ ဂဝေသေယျာမ-အကြင် ရှာမှီးကြကုန်ရာ၏၊ ဧတဒေဝ-ဤကဲ့သို့ မိမိကိုယ်ကို ရှာမှီးခြင်းသည် သာလျှင်၊ အမှာကံ-တပည့်တော်တို့အတွက်၊ ဝရံ-မင်္ဂဖိုလ်နိဗ္ဗာန်တိုင်အောင် ရောက်မှာ ဖြစ်သောကြောင့်, သင့်မလျော်မလျောက်ပတ်, ကောင်းမြတ်လှပါတော့သည် ဘုရား. . .။

**သာဓု. . . သာဓု. . . သာဓု. . . . ပါဘုရား. . .။**

ဟော-မင်းသားတွေကတော့ ဖြေပြီ *ဒကာကြီးရွှေနော် (မှန်ပါဘုရား)*။ သူများအပျောက်ကို ရှာတာနဲ့ ကိုယ့်အပျောက်ကို ရှာတာ နှစ်မျိုးမှာ မင်းတို့ ဘယ်ဟာ မြတ်ကြသလဲ. . . ဘယ်ဟာကောင်းကြသလဲလို့ ဘုရားက မေးတော်မူ လိုက်တော့ မင်းသားတွေက ပြန်ဖြေပါတယ်။ သူများအပျောက်ရှာတာနဲ့ ကိုယ့် အပျောက်ရှာတာ ကိုယ့်အပျောက်ရှာတာက ကောင်းမြတ်ပါတယ်ဘုရားလို့ ပြန်ပြီး *ဖြေမသွားဘူးလား ? (ဖြေပါဘုရား)*။ ဒါဖြင့်-ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ကိုယ့်အပျောက်ရှာတာ ကိုယ်ခန္ဓာပျောက်ရှာတာ မြတ်တယ်ဆိုတာ *ပသေချာဘူး လား? (သေချာပါတယ်ဘုရား)*။ ဒါဖြင့် ကိုယ့်အပျောက်ရှာတယ်ဆိုတာ အကုန်း

http://www.dhammadownload.com



သူများအပျောက် ရှာတယ်ဆိုတာ ဘာတုန်းလို့ဆိုတော့ ယနေ့ အားလုံးသော ဒကာဒကာမအပေါင်း သူတော်ကောင်းတွေ တစ်သံသရာလုံးက သူများအပျောက် ရှာပြီးတော့ တစ်သံသရာလုံး အချိန်ကုန်ခဲ့ကြရတယ်။

သား, လင်, ခင်ပွန်းအချင်းချင်းတွေ ပျောက်လို့ရှာလိုက်ရတဲ့ဘဝတွေ အသင်္ချေနဲ့ အနန္တ။ သားတွေသမီးတွေ ပျောက်လို့ရှာခဲ့ရတဲ့ ဘဝတွေ အသင်္ချေနဲ့ အနန္တ။ အဲဒါ သူများအပျောက်ရှာတာခေါ်တယ်၊ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဒီဘဝမှာတင်ပဲ သားပျောက်, သမီးပျောက် ပျောက်လို့ရှာရတာတွေ မရှိတတ်ကြဘူးလား? *(ရှိပါတယ်ဘုရား)*။ သံသရာနဲ့ချီပြီးတော့ ကြည့်ကြမယ်ဆိုရင်လည်းပဲ သားပျောက်လို့ရှာခဲ့ရတဲ့ဘဝတွေ ရေလို့ရပ့ါမလား? *(မရပါဘုရား)*။ သမီးပျောက်လို့ ရှာခဲ့ရတာတွေ မေ့လို့ရပ့ါမလား? *(မရပါဘုရား)*။ သားလင်ခင်ပွန်းအချင်းချင်းတွေ ပျောက်လို့ ရှာရတာတွေ၊ အမေပျောက်လို့ ရှာရတာတွေ၊ အဖေပျောက်လို့ ရှာရတာတွေ၊ တူ, တူမပျောက်လို့ ရှာရတယ်, ဆွေမျိုးပျောက်လို့ရှာရတယ်။ ညီကို မောင်နှမတွေ ပျောက်လို့ရှာရတယ်ဆိုတဲ့ ဘဝတွေ. . . ဘဝအသင်္ချေအနန္တ ဘယ်က စလာမှန်းမသိဘူးလို့ဆိုတော့ ဘဝပေါင်းများစွာ ကျင်လည်လာရတာဖြစ်တော့ ပျောက်လို့ရှာခဲ့ရတဲ့ဘဝတွေ *နည်းပ့ါမလား? (မနည်းပါဘုရား)*။ ဒါက လူ့ဘဝတွေ နဲ့ပြောတာ၊

တိရစ္ဆာန်ဘဝတွေ ရောက်ပြန်တော့လည်း။ ခွေးမကြီးဖြစ်တော့ ခွေးလေးတွေ ပြောက်တာရှာခဲ့ရ။ မရှာခဲ့ရဘူးလား? *(ရှာခဲ့ရပါဘုရား)*။ နွားမကြီးဖြစ်တော့လည်း နွားလေးတွေပျောက်လို့ တဘဲဘဲနဲ့ ရှာခဲ့ရ။ မရှာခဲ့ရဘူးလား? *(ရှာခဲ့ရပါဘုရား)*။ဒီတော့ တိရစ္ဆာန်ဘဝတွေနဲ့ကြည့်လိုက်ရင်လည်း သားပျောက်လို့ရှာရတာ သမီးပျောက်လို့ ရှာရတဲ့ဘဝတွေ ရေတွက်လို့ရပါ့မလား? *(မရပါဘုရား)*။ ဒါကသက်ရှိတွေ ပြောတာ၊ *(မှန်ပါ့ဘုရား)*။ သက်မဲ့တွေ၊ ပစ္စည်းဥစ္စာရတနာ ရွှေငွေ အထွေထွေတွေပျောက်လို့ ရှာခဲ့ရတဲ့ဘဝတွေ *နည်းပါ့မလား? (မနည်းပါဘုရား)*။ ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ သက်ရှိတွေပျောက်လို့ ရှာရ, သက်မဲ့တွေ ပျောက်သွားလို့ ရှာရ, ရှာခဲ့ရတဲ့ဘဝတွေချည်းပဲ။ ရှာရတယ်ဆိုတာ အဟုတ်ပျောက်သွားလို့ ရှာရတာတွေလည်း ရှိတယ်။ မရောက်လာလို့မျှော်တယ်ဆိုတာကိုလည်း ရှာတယ်လို့ခေါ်ပါ တယ်. . . တဲ့။ *ကျမ်းဂန်က နော်*။

မရောက်လာလို့ ရှာတယ်ဆိုတာ၊ ဆိုပါတော့ သားလေး ကျောင်းတက်သွားတယ်။ အချိန်တန် အိမ်ပြန်မရောက်။ မမျှော်ရဘူးလား?(မျှော်ရပါတယ်ဘုရား)။ ဩော်. . . ဘာများ ဖြစ်ပါလိမ့်မတုန်း၊ ဒီအချိန် ပြန်နေကျပါ. . .။ မရောက်လာသေးပါဘူးဆိုတော့ လည်ပင်းတရှည်ရှည်နဲ့ အိမ်က ထွက်ထွက်

http://www.dhammadownload.com



*မကြည့်ရဘူးလား? (ကြည့်ရပါဘုရား)*။ အဲဒါ အပျောက်ရှာနေတာပဲ။ *(မှန်ပါ ဘုရား)*။မိမိတို့ ဇနီးခင်ပွန်း အချင်းချင်းတွေ အချိန်တန် အိမ်ပြန် မရောက်လာ လို့ရှိရင် *မမျှော်ရဘူးလား? (မျှော်ရပါတယ်ဘုရား)*။ အဲဒါရှာတာပဲ။ အဲဒါ အပျောက်ရှာတယ်လို့ပဲခေါ်တယ်၊ မိတွေ, ဘတွေ, ဘိုးတွေ, ဘွားတွေ, အချင်းချင်း တွေ အချိန်တန်လို့ အိမ်ပြန် မရောက်လာသမျှ မျှော်ရတယ်ဆိုတာ ရှာရ တယ်. . . လို့ဆိုတော့ သူများအပျောက်တွေ ရှာရတာဟာ *အကြိမ်ပေါင်း နည်း သေးရဲ့လား? (မနည်းပါဘုရား)*။

ကိုယ့်ကိုယ်ကိုအပျောက်ကျတော့ ကိုယ့်ခန္ဓာအပျောက်ကျတော့ မရှာမိကြ ဘူး။ ကိုယ့်ခန္ဓာအပျောက်ဆိုတာဘာတုန်းဆိုရင် ကိုယ့်ခန္ဓာမှာ ရုပ်နာမ်ပျောက်နေ တယ်. . . တဲ့ ဘုရားက။ *ဘာပျောက်နေတာတုန်း ပရိသတ်? (ရုပ်နာမ်ပျောက် တာပါဘုရား)*။ ကိုယ့်ခန္ဓာပျောက်နေတယ်ဆိုတာ အခြားမဟုတ်ဘူး ရုပ်နာမ် ပျောက်နေတာ။ *ဘာပျောက်နေတုန်း ပရိသတ်ကြီး? (ရုတ်နာမ်ပျောက်တာပါ ဘုရား)*။ အဲဒီရုပ်နာမ်ပျောက်ကို ရှာတာကျတော့ သံသရာမှာ *နည်းမလာခဲ့ဘူး လား? (နည်းလာပါဘုရား)*။ ခုဒီဘဝတင်လည်း *နည်းမနေဘူးလား? နည်းပါတယ် ဘုရား*။ သူများအပျောက်တွေ ရှာရင်းနဲ့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဘာဖြစ်နေ တုန်းဆိုတော့ သံသရာစခန်းတစ်လျှောက်လေ. . . တဲ့ သူများအပျောက်တွေရှာ ရင်းနဲ့ ပင်ပန်းလာလိုက်တာ ရေတွက်လို့ မရပါ. . . သားပျောက်လို့, သမီးပျောက် လို့ ငိုခဲ့ရကျခဲ့ရတဲ့မျက်ရည် သောကရောက်ခဲ့ရတာတွေ ရင်ထုငိုခဲ့ရတာတွေ မြေလူးငိုခဲ့ရတာတွေ *ရေတွက်လို့ရပ့်မလား? (မရပါဘုရား)*။ အဲဒီသူများ အပျောက်တွေကို ရှာရင်းရှာရင်းနဲ့ ဒုက္ခရောက်ခဲ့ရတာတွေ မျက်ရည်ကျခဲ့ရတာ တွေ ခုနက ပြောခဲ့တဲ့ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲဖြစ်ခဲ့ရတာတွေ ရေတွက်လို့ မရပါ။ အနပ္ပကမ်း တင်းကြမ်း ပါ. . . လို့။

> ❖ **သူများအပျောက်, ဘောက်သောက်ဖွေရှာ,**
> **သံသာစခန်း, ပင်ပန်းလှပါ၊**
> **ကိုယ့်ခန္ဓာပျောက်, ဉာဏ်ထောက်ဖွေရှာ,**
> **ဖြစ်ပျက်တွေ့, ချမ်းမြေ့နိဗ္ဗုတာ။**

ကိုယ့်ခန္ဓာပျောက်ရှာရမယ်ဆိုတာ ရုပ်နာမ်ပျောက်နေတာရှာရမှာ *(မှန်ပါ ဘုရား)*။ ဘာပျောက်နေတာတုန်း? *(ရုပ်နာမ်ပျောက်နေတာပါဘုရား)*။ သူများအ ပျောက်တွေကတော့ ရှာခဲ့တဲ့အကြိမ် နည်းသေးရဲ့လား? *(မနည်းပါဘုရား)*။ မနည်း တော့ဘူး. . . မနည်းတော့ဘူး၊ သူများအပျောက်ရှာတယ်ဆိုတဲ့ နေရာမှာ ခုနက လို မျှော်ရတာလည်း ရှာတာပဲတဲ့ ရှာတယ်လို့ခေါ်တာပဲ။ ဒီဘဝတင်ပဲဆိုပါတော့၊

http://www.dhammadownload.com



ဘယ်သူမလာလို့ မျှော်ရ, ဘယ်ဝါမလာလို့မျှော်ရ, မရှိကြဘူးလား ပရိသတ်ကြီး? *(ရှိကြပါတယ်ဘုရား)*။ ဒီတော့ သံသရာစခန်းနဲ့ ကြည့်လို့ရှိရင်လည်း ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ ပျောက်ပျောက် ပျောက်ပျောက်လာခဲ့လို့ ပြန်ရှာနေကြရတာ ချည်းပဲ။

ဒီဘဝမှာ ဒကာ ဒကာမတွေ စီးပွားရှာနေတာ အဲဒါ အပျောက်ရှာနေတာ လို့ပဲ ခေါ်ပါတယ်၊ *(မှန်ပါဘုရား)*။ ဘာပြုလို့တုန်းလို့ဆိုတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ "အနမတဂ္ဂ"သံသာရာကျင်လည်ပြီးတော့ လာခဲ့ရတာဖြစ်တော့ ဘဝတိုင်း ဘဝတိုင်းမှာ စီးပွားဥစ္စာရတနာတွေ မရှာခဲ့ကြရဘူးလား? *(ရှာခဲ့ကြရပါတယ်ဘုရား)*။ ရှာလို့မရခဲ့ကြရဘူးလား? *(ရခဲ့ပါတယ်ဘုရား)*။ ရခဲ့တယ်မဟုတ်လား? *(မှန်ပါဘုရား)*။ ကိုယ့်မှာ အထိုက်အလျောက် စီးပွားဥစ္စာတွေ ရှာနေကြမယ် မဟုတ်လား။ အိမ်ရှိမယ်, ကားရှိမယ်, ရွှေရှိမယ်, ငွေရှိမယ်, သက်ရှိတွေအနေ နဲ့လည်း သားရှိတယ်, သမီးရှိတယ်, ဘဝအထွေထွေ မရှိခဲ့ဘူးလား? *(ရှိခဲ့ပါတယ် ဘုရား)*။ အဲဒါတွေဟာ နောက်ကျတော့ ပျောက်ပျောက်သွားတယ်၊ ဘယ်လို ပျောက်ပျောက်သွားတုန်း ရှင်ကွဲ့ကွဲ, သေကွဲ ကွဲ, မကွဲခဲ့ကြရဘူးလား? *(ကွဲခဲ့ကြရပါ တယ်ဘုရား)*။ အဲဒါ ပျောက်တယ်လို့ပဲခေါ်တယ်၊ အဲဒါ ပြန်ပျောက်သွားတာ။

ဒီတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ ဆိုပါတော့ လွန်ခဲ့တဲ့ ဘဝက လူတွေပဲဖြစ်ခဲ့တယ် ဆိုကြပါစို့၊ အဲဒီ လူ့ဘဝတုန်းက အကြောင်းအားလျော်စွာ အမေ အဖေဟျှေ မရှိခဲ့ဘူးလား? *(ရှိခဲ့ပါတယ်ဘုရား)*။ ညီကိုမောင်နှမတွေ မရှိပေ ဘူးလား? *(ရှိပါတယ်ဘုရား)*။ သူတို့နဲ့ ခွဲပြီးတော့ ကိုယ်ကသေခဲ့ရတယ်။ သို့မဟုတ် သူတို့က သေသွားပြီဆိုတော့ ဟောဒါ *ပျောက်ကုန်တာမဟုတ်ဘူးလား? (ဟုတ်ပါ တယ်ဘုရား)*။ အခု ဒီဘက်ဘဝကျတော့ *ထပ်မရှာကြပြန်ဘူးလား? (ရှာရပြန်ပါ တယ်ဘုရား)*။ ဟာ-ရှာရပြန်ပြီ အမေသစ်အဖေသစ်နဲ့ ညီကိုမောင်နှမ အသစ်တွေ နဲ့တွေ့, မတွေ့ကြရဘူးလား? *(တွေ့ရပါတယ်ဘုရား)*။ ဒါဖြင့် စီးပွားဥစ္စာအနေနဲ့ လည်း ကြည့်ပါအုန်း လွန်ခဲ့တဲ့ဘဝက အထိုက်လျောက်လူဖြစ်ရင်လည်းပဲ လူ့ဘဝမှာ စီးပွားဥစ္စာတွေ မရှိခဲ့ပေဘူးလား? *(ရှိခဲ့ပါတယ်ဘုရား)*။ အဲဒီ စီးပွား ဥစ္စာတွေဟာ မိမိမျက်စိနှစ်လုံးပိတ်ပြီးတော့ ကွယ်လွန်အနိစ္စရောက်တယ်လို့ ဆိုတော့ အဲဒါ ပျောက်တာလို့ခေါ်တယ်။ *ပျောက်မသွားဘူးလား? (ပျောက်သွားပါ တယ်ဘုရား)*။

ဒါဖြင့် ဒီဘက်ဘဝ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ရွှေတွေ, ငွေတွေ, ကျောက်သံပတ္တမြား ဝတ်စားတန်ဆာတွေ ရှာကြရပြန်တယ်ဆိုတော့ ဟိုဘက်ဘဝ က ပစ္စည်းပျောက်နေတာတွေ ဒီဘက်ဘဝထပ်ရှာနေတယ်လို့ဆိုရင် လွဲပါ့မလား?

http://www.dhammadownload.com



*(မလွဲပါဘုရား)*။ ဒါဖြင့် အဲဒီလို အပျောက်ရှာခဲ့တဲ့ဘဝဟာ *ရေတွက်လို့ ရပ့်မလား? (မရပါဘုရား)*။ အဲဒီလို ရှာရင်းနဲ့ပဲ ဒုက္ခဘေးတွေ အမျိုးမျိုးကြုံရ, မီးဘေးတွေ ကြုံရ, မင်းစိုးရာဇာဘေးတွေ ကြုံရ, အနှိပ်အစက်တွေ ကြုံရ၊ သူခိုးဓားပြ ရိုက်ပုတ် နှက်တာတွေခံရနဲ့ *ဘေးတွေကောနည်းပ့်မလား? (မနည်းပါဘုရား)*။ "*သူများ အပျောက်, ဘောက်သောက်ဖွေရှာ, သံသာစခန်း, ပင်ပန်းလှပါ. . .*" ပင်ပန်းခဲ့ တဲ့ဘဝတွေ *ရေတွက်လို့ရပ့်မလား? (မရပါဘုရား)*။ ဒါဖြင့် အဲဒီလိုပဲ ဆက်ပြီး ရှာနေဦးမယ်ဆိုရင် *ရှာလမ်းကြီးဆုံးပါအုန်းမလား? (မဆုံးတော့ပါဘုရား)*။ သူများ အပျောက်ရှာလို့ဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ချမ်းသာမယ့်အရေး *မြင်သေး ရဲ့လား? (မမြင်ပါဘုရား)*။

မြတ်စွာဘုရားက အဲဒါပြောနေတာ မင်းတို့တစ်တွေ သူများအပျောက်ရှာ တာနဲ့ ကိုယ့်အပျောက်ရှာတာဘယ်ဟာက ကောင်းကြသလဲ. . . လို့ စကားတော် လေးကတော့ တစ်လုံးထဲရယ် *ဒကာကြီးရွှေရဲ့နော်*။ အဓိပ္ပါယ်တွေအောက်က *ငုတ်နေတာမများဘူးလား? (များပါတယ်ဘုရား)*။ အဲဒါကို ဉာဏ်ရှိတဲ့သူတွေမှ မြင်ပါတယ်၊ဉာဏ်ရှိတဲ့သူတွေမှ သဘောပေါက်ပါတယ်၊ အခု မင်းသားသုံးကျိပ်က *သဘောပေါက်မသွားဘူးလား? (ပေါက်သွားပါတယ်ဘုရား)*။ ပါရမီခတ်ခံပါတဲ့ မင်းသားတွေဆိုတော့ သဘောပေါက်သွားတယ်။ ဒီတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ အခုဘုန်းကြီး ဒီလိုရှင်းပြလိုက်တော့ *သဘောမပေါက်လာဘူးလား? (သဘောပေါက်လာပါတယ်ဘုရား)*။ ဟာ- သဘောပေါက်လာလို့ရှိရင် တန်ဖိုးရှိ လာပြီ။ ဒါဖြင့် ကိုယ့်ကိုယ်ကိုအပျောက်ရှာဖို့ *အရေးကြီးမလာဘူးလား? (ကြီးလာပါ တယ်ဘုရား)*။ ဒါဖြင့် ဒီလင်္ကာလေးလိုက်ဆိုစမ်းပါအုန်း-

- ❖ **သူများအပျောက်, ဘောက်သောက်ဖွေရှာ, သံသာစခန်း,**
  **ပင်ပန်းလှပါ၊**
  **ကိုယ့်ခန္ဓာပျောက်, ဉာဏ်ထောက်ဖွေရှာ, ဖြစ်ပျက်တွေ့,**
  **ချမ်းမြေ့နိဗ္ဗူတာ။**

အေး-အဲဒီလို တစ်သံသရာလုံး သူများအပျောက်တွေရှာလို့ဖြင့်တဲ့ လမ်း မဆုံးတော့ဘူး. . . တဲ့ မင်းတို့တစ်တွေ ဒုက္ခတွေ အနပ္ပကမ်းနဲ့လာခဲ့ရတာ၊ နောင် လည်းပဲ ဒီလို သူများအပျောက်တွေချည့် ဆက်ပြီးရှာနေအုန်းမယ်ဆိုရင်. . . တဲ့၊ မျက်ရည်ကျလို့မဆုံးနိုင်, ငိုလို့မဆုံးနိုင်, သောကရောက်လို့ မဆုံးနိုင်, *ပရိသတ်ကြီး ဆုံးနိုင်ပါတော့မလား? (မဆုံးနိုင်ပါဘုရား)*။ ဒါဖြင့် အဲဒီဒုက္ခတွေ အကုန်ငြိမ်းချင်ရင် ကွယ်. . . တဲ့၊ ကိုယ့်အပျောက်ကိုရှာ. . . တဲ့၊ ဘုရားက *ဘာရှာရမှာတုန်း? (ကိုယ့် အပျောက်ကို ရှာရမှာပါဘုရား)*။ ဒီတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ကိုယ့်ခန္ဓာ

http://www.dhammadownload.com



မှာ ဘာပျောက်နေတုန်းဆိုတော့ ရုပ်နာမ်ပျောက်နေတယ်၊ *ဘာပျောက်နေတုန်း? (ရုပ်နာမ်ပျောက်နေပါတယ်ဘုရား)*။ အဲဒီ ရုပ်နာမ်ပျောက်နေတာကို "*ကိုယ့်ခန္ဓာပျောက်, ဉာဏ်ထောက်ဖွေရှာ*" ဉာဏ်နဲ့ထောက်ပြီးတော့ ရှာရမှာ။ ဒီတော့ ဉာဏ်နဲ့ ရှာရမယ်လို့ဆိုတော့ ကိုယ့်ခန္ဓာထဲကို *ရုပ်နာမ်အပျောက် မရှာရပေဘူးလား? (ရှာရပါဘုရား)*။

ဒီတော့-ရုပ်နာမ်အပျောက်ရှာတော့ ဘယ်ကနေပြီးတော့ ပျောက်နေတာတုန်းလို့ဆိုတော့ ဒွါရခြောက်ပါးကပျောက်နေတယ်။ *ဘယ်ကနေပျောက်နေတာတုန်း? (ဒွါရခြောက်ပါးကနေပျောက်နေတာပါဘုရား)*။ မျက်စိပေါက်ကကြည့်လိုက်သမျှ ရုပ်နာမ်မတွေ့ဘဲနဲ့ ဘာတွေ့နေတုန်းဆိုတော့ သားမြင်တယ်, သမီးမြင်တယ်, စီးပွားတွေမြင်တယ်, သား, လင်ခင်ပွန်းအချင်းချင်းတွေ မြင်တယ်ဆိုတော့ ရုပ်နာမ်မမြင်ဘဲနဲ့ သားမြင်သမီးမြင်တယ်ဆိုတော့ ရုပ်နာမ်ပျောက်မနေဘူးလား? *(ပျောက်နေပါ ဘုရား)*။ ကိုယ့်ကိုယ်ကို ပြန်ကြည့်လိုက်တိုင်း ကြည့်လိုက်တိုင်းလည်း လက်မြင်တယ်, ခြေမြင်တယ်, ဆံပင်မြင်တယ်။ ဆံပင်က လှတယ်လို့ထင်တယ်, မျက်နှာကလှတယ်လို့ထင်တယ်, လက်တွေခြေတွေကလှတယ်လို့ထင်တယ်လို့ဆိုတော့ *ရုပ်နာမ်ပျောက်မနေ ဘူးလား? (ပျောက်နေပါတယ်ဘုရား)*။ ဒီတော့ အဲဒီ ရုပ်နာမ်ကိုပေါ်လာအောင်ဖော်ပြီးတော့ရှာ. . တဲ့ဘုရားက။ ဒီတော့ ဘယ်ကနေရှာမှာတုန်းဆိုတော့ ခြောက်ဒွါရက ရှာရမှာ။ မျက်စိမြင်, မြင်ရာက ရုပ်နာမ်ပေါ်အောင်ကြည့်၊ နားကကြား, ကြားရာ ရုပ်နာမ်ပေါ်အောင်ကြည့်၊ နှာခေါင်းကနံ နံရာ ရုပ်နာမ်ပေါ်အောင်ကြည့်၊ လျှာက စား စားရာရုပ်နာမ်ပေါ်အောင်ကြည့်၊ ကိုယ်က ထိ, ထိတာက ရုပ်နာမ်ပေါ်အောင်ကြည့်၊ မနောက ကြံ, ကြံတာရုပ်နာမ်ပေါ်အောင်ကြည့်၊ ဒီတော့ ဒွါရ(၆)ပါးကနေ *မရှာရပေဘူးလား? (ရှာရပါတယ်ဘုရား)*။

## ❖ မျက်စိမြင်ရာ, ရုပ်နာမ်သာ, မှန်စွာတွေ့ပါစေ. . . တဲ့။

မျက်စိကမြင်လိုက်သမျှ ရုပ်နာမ်တွေ့အောင်ရှာ. . . တဲ့၊ ရုပ်နာမ်တွေ့အောင်ရှာ ဒီဒွါရ (၆)ပါးကနေ ရုပ်နာမ်အပျောက်ကိုရှာလို့ ငါဘုရားဖြစ်ခဲ့တယ်၊ မြတ်စွာဘုရား ဘုရားဖြစ်တာ *သူများအပျောက်တွေရှာလို့ ဘုရားဖြစ်တာလား၊ ကိုယ့်ခန္ဓာပျောက်ရှာလို့ ဘုရားဖြစ်တာလား? (ကိုယ့်ခန္ဓာပျောက်ရှာလို့ ဘုရားဖြစ်တာပါဘုရား)*။ ကိုယ့်ခန္ဓာပျောက် ဝိပဿနာတင် ဆင်ခြင်ရှာလို့မို့ *ဘုရားဖြစ်သွားတာ ဒကာကြီးရဲ့နော်*။

ဒါဖြင့် အမျိုးကောင်းသား အမျိုးကောင်းသမီးတွေ အာသဝေါကင်းကွာ

http://www.dhammadownload.com



ရဟန္တာယောက်ျား ရဟန္တာမကြီးတွေဖြစ်ပြီးတော့ ယနေ့ ဒကာ ဒကာမတွေ တွေ့နေ့, ကြုံနေရတဲ့ ငိုရတာတွေ, သောကရောက်ရတာတွေ, အိုရတာတွေ, နာရတာ တွေ, သေရတာတွေ လွတ်သွားပြီးတော့ ငြိမ်းချမ်းတော်မူသွားကြတဲ့ ရဟန္တာ ယောက်ျား ရဟန္တာမကြီးတွေ. . . *ကိုယ့်ခန္ဓာပျောက်ရှာလို့ ရဟန္တာဖြစ်တာလား။ သူများ အပျောက်ရှာလို့ ရဟန္တာဖြစ်တာလား? (ကိုယ့်အပျောက်ရှာလို့ ဖြစ်တာပါ ဘုရား)*။ ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ရဟန္တာယောက်ျား ရဟန္တာမဖြစ်ပြီး တော့ အိုနာသေရေး ဒုက္ခဘေးကြီးကလွတ်ချင်ရင် ကိုယ့်အပျောက်ရှာရမယ်။ *ဘာရှာရမှာတုန်း? (ကိုယ့်အပျောက်ရှာမှာပါဘုရား)*။ ကိုင်း-ဒါဖြင့် မျက်စိပေါက်က နေပြီးရှာရအောင်၊ ဆိုစမ်းပါ-

❖ မျက်စိမြင်ရာ, ရုပ်နာမ်သာ, မှန်စွာတွေ့ပါစေ၊
လောဘမဖက်, စိတ်မပျက်, ရှု့လျှက်လျစ်လျူနေ။

မျက်စိကမြင်လိုက်တဲ့နေရာမှာ လောဘလည်း ဖက်မလာစေနဲ့၊ ဒေါသ လည်း ဖက်မလာစေနဲ့၊ *"လောဘဆိုတာက အပြုံးဓာတ်၊ ဒေါသဆိုတာက အမုန်း ဓာတ်၊"* ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ကိုယ့်ကိုယ်ကို သတိထားကြည့်စမ်းပါ။ မျက်စိက ဘာလေးမြင်လိုက်မြင်လိုက် ဒကာ ဒကာမတွေအနေနဲ့ အဖြစ်များ နေတာက အပြုံးနဲ့အမုန်းနှစ်ခုလာတယ်။ ကဲဘာအာရုံမြင်လိုက်မြင်လိုက် ဟာ- ဒါလေးက လှလိုက်တာ ကြည့်လို့ကောင်းလိုက်တာဆိုတာလေးရင်လည်းလာတယ်၊ သို့မဟုတ်-ဒါကြီးဖြင့် မကြည့်ချင်ပါဘူး။ ကြည့်ချင်စရာမကောင်းပါဘူး၊ အရုပ်ဆိုး လိုက်တာ၊ ဒါရင်လည်းလာတယ်၊ ဒီနှစ်ခု *တစ်ခုခုမလာတတ်ဘူးလား? (လာတတ် ပါဘုရား)*။ ဘာမြင်လိုက်မြင်လိုက်၊ သက်ရှိဖြစ်ဖြစ်, သက်မဲ့ဖြစ်ဖြစ်, ပစ္စည်းလေး တစ်ခုပဲဖြစ်ဖြစ် မြင်လိုက်ရင်၊ ဒါလေးကကောင်းတယ်၊ လှတယ်ဆိုရင် လောဘ ရောက်လာတယ်၊ ဒါကြီးကဖြင့်မကောင်းပါဘူး။ မကြည့်ချင်ပါဘူး။ မကျေနပ်တာ စိတ်ပျက်တာ ဒေါသခေါ်တယ်၊ ဒီတော့ဘာပဲမြင်မြင် ဘုန်းကြီးတို့ဒကာ ဒကာမ တွေမှာ မျက်စိပေါက်က မြင်နေတာက လောဘနဲ့ဒေါသ *ဒီတစ်ခုတစ်ခု လာလာ မနေဘူးလား? (လာပါတယ်ဘုရား)*။

ဒီတော့ အဲဒီလောဘဖက်, ဒေါသဖက်ပြီးနေရင် ရုပ်နာမ်မမြင်သေးလို့ လောဘ ဒေါသလာတာ။ ရုပ်နာမ်ပေါ်ရင်သူတို့မလာဘူး။ ဒီတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ ဘာကိုပဲမြင်မြင် သဘောကျတဲ့အပြုံးဓာတ်နဲ့မြင်၊ သို့မဟုတ် အမုန်းဓာတ်နဲ့မြင် ဒီနှစ်ခုနဲ့မြင်နေတာဖြစ်တော့-*"ကြိုက်တော့ပြုံးပြုံး, မကြိုက်တော့ မုန်း၊ နှစ်ထုံးနှစ်ရန်သူ"*တဲ့။ သဘောကျလို့ပြုံးတော့ လောဘလာတယ်။ သဘော မကျလို့မုန်းတော့ ဒေါသလာတယ်ဆိုတော့ လောဘဒေါသတရားကရန်သူ . . . တဲ့

http://www.dhammadownload.com



ရန်သူ။ ရန်သူလား မိတ်ဆွေလားလို့မေးရင် *ပရိသတ် ဘယ့်နှယ့်ဖြေမတုန်း? (ရန်သူပါဘုရား)*။ အကုသိုလ်တရားက ကိုယ့်ရန်သူချည့်ရယ် မိတ်ဆွေမဟုတ်ဘူး။ ဘာ ပြုလို့တုန်းဆိုတော့ အကုသိုလ်လောဘ,ဒေါသတရားဆိုတာ မကောင်းတဲ့ အကျိုးတွေ သယ်ပိုးလာ တတ်တာ။ နောက်ဆုံး အိုဘေး, နာဘေး, သေဘေးကို သယ်ပိုးလာတာ သူတို့ *မဟုတ်ဘူးလား? (မှန်ပါဘုရား)*။

ဒီတော့-အိုဘေး, နာဘေး, သေဘေးကြီးတွေက ဒကာ ဒကာမတွေက *လိုချင်တာလား။ မလိုချင်တာလား? (မလိုချင်တာပါဘုရား)*။ ကိုယ်မလိုချင်တဲ့ တရားကြီးတွေကို လောဘဒေါသကြီးတွေက ကိုယ့်ဆီကိုဆွဲဆွဲခေါ် လာတတ် တယ်ဆိုရင် *သူတို့ဟာ ရန်သူလား၊ မိတ်ဆွေလား? (ရန်သူပါဘုရား)*။ ဒါဖြင့် ရန်သူကို *ပေါင်းရမှာလား။ ခွါရမှာလား? (ခွါရမှာပါဘုရား)*။ ဘုန်းကြီးတို့ ဒကာ ဒကာမတွေက နေ့စဉ်နဲ့အမျှရန်သူကိုပေါင်းပြီးတော့နေကြပါတယ်၊ မြတ်စွာဘုရား က သဗ္ဗညုတဉာဏ်နဲ့ကြည့်လိုက်တော့ "ဪ. . . ရန်သူကို မိတ်ဆွေလုပ်နေ *ကြတယ်". . .။ ရန်သူ ဘာလုပ်နေပါလိမ့်? (မိတ်ဆွေလုပ်နေပါတယ်ဘုရား)*။ နေ့စဉ်နဲ့အမျှ ရန်သူမိတ်ဆွေ *ဖွဲ့မနေကြဘူးလား? (ဖွဲ့နေပါတယ်ဘုရား)*။ ဘာမြင် လိုက်မြင်လိုက် အာရုံလေးတစ်ခု မြင်လိုက်လို့ရှိရင် သားလေးအဖြစ်နဲ့မြင်တော့ *လောဘနဲ့မမြင်ဘူးလား? (မြင်ပါတယ်ဘုရား)*။ *ဟာ*-သားကအချိုးမကျ စိတ်မကျေ နပ်စရာလုပ်လာတော့ *ဒေါသနဲ့မမြင်ဘူးလား? (မြင်ပါတယ်ဘုရား)*။ ဒီတော့- လောဘဒေါသနဲ့မြင်တဲ့အမြင် တစ်နေ့ တစ်နေ့ ဘယ်လောက်များတုန်းဆိုရင် ရေတွက် *လို့ရပါအုန်းမလား? (မရပါဘုရား)*။ ဆိုစမ်းပါအုန်း-

❖ **လောဘမဖက်, စိတ်မပျက်, ရှု့လျှက်လျစ်လျှနေ။**

လောဘလည်းမဖက်အောင် ဒေါသလည်းမဖက်အောင် လျစ်လျူရှုတဲ့ မဇ္ဈိမပဋိပဒါလမ်းနဲ့နေ. . . တဲ့။ ဒါကို "ရှုလျှက်လျစ်လျူနေ" လျစ်လျူဆိုတာ မဇ္ဈိမ *ပဋိပဒါလမ်းပြောတာနော်။ (မှန်ပါဘုရား)*။ မဇ္ဈိမပဋိပဒါလမ်းနဲ့ နေရမယ်ဆိုတော့ ဘယ့်နှယ့်မြင်ရမှာတုန်း။ မျက်စိကမြင်သမျှကို ရုပ်နာမ်၊ ရုပ်နာမ်အတိုင်းမြင်အောင် ကြည့်။ ဒါဖြင့် ဘယ့်နဲ့လုပ်ကြည့်ရမှာတုန်းဆိုတော့ ဝိပဿနာနဲ့ကြည့်တာပြောတာ။ ဝိပဿနာနဲ့ ကြည့်တော့ ဘယ်နဲ့လုပ်ရမှာတုန်း။ မြင်လိုက်သမျှ, မြင်လိုက်သမျှ, ရုပ်နာမ်ဖြစ်ပျက်။ ရှုရမည့် ရှုကွက်လုပ်ကွက်ကတော့ ဒါပဲ။ မြင်လိုက်သမျှကို ဘယ့် နှယ့်ရှုလိုက်ရမတုန်းဆိုတော့ ရုပ်နာမ်ဖြစ်ပျက်, ရုပ်နာမ်ဖြစ်ပျက်။ ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ ဆရာသမားတွေ အသီးသီးကပေးထားတဲ့ နည်းတွေရှိလိမ့် မယ်။ ဒါဘုန်းကြီးက ခုပြောနေတာကတော့ ဘုန်းကြီးတို့ ကျေးဇူးတော်ရှင် စစ်ကိုင်းဂူ အောင်း အားထုတ်သွားတဲ့ ဂန္ဓာရုံဆရာတော်ဘုရားကြီးရဲ့နည်းကို

http://www.dhammadownload.com



မ,တည်ပြီးတော့ ဝိပဿနာရှုနည်း ပြောနေခြင်းဖြစ်ပါတယ်။

ဒီတော့ အားလုံးသော ဒကာ ဒကာမအပေါင်း သူတော်ကောင်းတွေမှာ အသီးသီးသော ဆရာသမားတွေပေးထားတဲ့ ဝိပဿနာရှုနည်းနဲ့ ရှုလိုက်သမျှ ဝိပဿနာဉာဏ်ဖြစ်သမျှ ရုပ်နာမ်ဖြစ်ပျက်လို့ ရှုပါလို့ဆိုတော့ မြင်တာနဲ့ရုပ်နာမ်လို့ ရှုလိုက်တာနဲ့ ဟိုက အာရုံနဲ့တည့်ရဲ့လားလို့ဆိုတော့ ကိုင်း ခုနက "သား"မြင်တာကိုပဲ ကြည့်ကြစို့၊ စစ်ကြစို့။ ကဲ-မြင်ပြီ "သား"လို့ဆိုပြီး မြင်ပြီ။ ပညတ်တင်ပြီးသော့ မြင်ရက်ဖြစ်သွားတယ်၊ အမှန်စင်စစ်ကတော့ အဲဒီ "သား"လို့ သမုတ်လိုက်တဲ့ ရူပါရုံ၊ မြင်စရာအာရုံ၊ အဲဒီ သားလို့မြင်စရာဖြစ်တဲ့ ရူပါရုံ, ရုပ်စုရုပ်ပုံအာရုံ, သမုတ်ထားတာကတော့ "သား"လို့ သမုတ်ထားတယ်။ အပေါ်က ဘာတင်ထားတုန်းဆို တော့ ပညတ်တင်ထားတယ်။ ဘုန်းကြီးတို့ လောကမှာ ပျောက်သွားတဲ့ ပစ္စည်းတစ်ခုကို ရှာဟဲ့နေရာမှာ ပစ္စည်းပျောက်နေတယ်။ မတွေ့ဘူးလို့ဆိုရင် အဲဒီ ပျောက်နေတဲ့ပစ္စည်းဟာ တစ်ခုခုဖုံးနေလို့ ပျောက်နေတယ်ဆိုတာ မသေချာဘူးလား? *(သေချာပါဘုရား)*။ ရေထဲရောက်နေရင်လဲ ရေကဖုံးနေတယ်ပေါ့။ ကုန်းပေါ်မှာ ရှိနေတယ်ဆိုရင်လည်း အမှိုက်ကဖုံးနေတယ်၊ သစ်ရွက်ဖုံးနေတယ်။ တုန်းက ဖုံးနေတယ်နဲ့ ပျောက်နေတဲ့ပစ္စည်းမတွေ့ဘူးဆိုတော့ *တစ်စုံတစ်ခု ဖုံးကွယ်နေတယ်ဆို တာ မသေချာဘူးလား? (သေချာပါဘုရား)*။

အဲဒါလိုပဲ-ယနေ့ ဒကာ ဒကာမတွေ ရုပ်နာမ်ပျောက်နေတယ်ဆိုတာ အပေါ်ကဖုံးနေတယ်. . . တဲ့၊ ကွယ်နေတယ် အဖုံးအကွယ်ရှိနေတယ်၊ အဲဒီအဖုံးအကွယ်ဆိုတာ ဘာတုန်းဆိုရင် *ပညတ်။ အဖုံးအကွယ်ဆိုတာ ဘာပါလိမ့်? (ပညတ်ပါဘုရား)*။ အဲဒီ ပညတ်ပေါ်မှာမှ အဝိဇ္ဇာပြန်အုပ်ထားတော့ အဲဒီတင် ဖုံးသထက်ဖုံးကုန်တာ။ ဒီတော့ အဲဒီ ပညတ်ဖုံးက လေးဖုံးလောက်ရှိတယ်၊ သမူဟပညတ်တဲ့ အပေါင်းအခဲအတွဲကြီးလို့ ထင်တဲ့ပညတ်။ အပေါင်းအခဲအတွဲကြီးလို့ ထင်ရတဲ့ ပညတ်ကို သမူဟပညတ်လို့ခေါ်တယ်။ သန္တတိပညတ်-တစ်စဉ်တည်း တစ်တွဲတည်းလို့ထင်ရတဲ့ အာရုံပညတ် ဒါ သန္တတိပညတ်ဖုံးတယ်။ ဃနပညတ်-အတွဲလိုက် အခဲလိုက်လို့ ထင်တဲ့ပညတ်၊ သဏ္ဌာနပညတ်-ပုံသဏ္ဌာန်အနေနဲ့ ထင်တဲ့ပညတ်၊ သုဘပညတ်တဲ့ (၄)နံပါတ်က တင့်တယ်တယ်, လှပတယ်လို့ ထင်တဲ့ပညတ်။ ပညတ်ကြီး (၄)ခု ဖုံးနေတယ်။ ရုပ်နာမ်ပေါ်မှာဖုံးနေတာ ပညတ်ကြီး (၄)ခု ဖုံးနေတယ်။ *ပရိသတ် ဘာကြီး(၄)ခု ဖုံးနေတုန်း? (ပညတ်ကြီး (၄)ခု ဖုံးနေပါတယ်ဘုရား)*။

ပညတ်အမှိုက်တွေလေးခု ပညတ်အမှိုက်တွေ။ ပညတ်တွေ, ပညတ်အ

http://www.dhammadownload.com



မှိုက်သရိုက်တွေဖုံးပြီးနေတော့ ရုပ်နာမ်မပေါ်ဘဲဖြစ်နေတယ်။ဒီတော့သမူဟ ပညတ် အဖုံးကြီးကို ဖွင့်ကြည့်မှ, ဖယ်ကြည့်မှ, ရုပ်နာမ်တွေမှာ *မဟုတ်လား? (မှန်ပါဘုရား)*။ ဒါဖြင့် သမူဟပညတ်ဆိုတာ ဘာတုန်းဆိုတော့ တပေါင်းတည်း တစ်တွဲတည်းလို့ ထင်တာ။ ဘာကိုပဲကြည့်လိုက်ကြည့်လိုက် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ သားကိုပဲ ကြည့်ကြည့်၊ သမီးကိုပဲ ကြည့်ကြည့်၊ သတ်ရှိသက်မဲ့ကို ကြည့်လိုက်သမျှမှာ တစ်တုံး တည်း တစ်ခဲတည်း တစ်တွဲတည်းလို့ *အထင်ကရောက် မလာဘူးလား? (ရောက်ပါ ဘုရား)*။ အမှန်စင်စစ်ကတော့ အဲဒီဟာတွေက တစ်တုံးတည်း တစ်ခဲတည်း တစ် တွဲတည်း ဘယ်ဟာမှ မဟုတ်ဘူး၊ ရုပ်နာမ်အစုအပေါင်း၊ အစိတ်စိတ်ကလေးတွေ စုပေါင်းပြီးတော့နေတာ ဖြစ်ပါတယ်၊ မြင်လွယ်ထင်လွယ်အောင် ပြောရလို့ရှိရင် ဘုန်းကြီးတို့ အိမ်တစ်ဆောင် ဆောက်ထားတယ် အုတ်တိုက်တစ်လုံး တည်ထား တယ်ဆိုတာ အုတ်တွေ, အသားတွေ, သွပ်တွေ, သံတွေ, အစိတ်စိတ်တွေကို စုပေါင်းထားတာ *အိမ်လို့ခေါ်တာ မဟုတ်လား? (မှန်ပါဘုရား)*။ *အုပ်တိုက်လို့ ခေါ်တာ မဟုတ်လား? (မှန်ပါဘုရား)*။

ဒီတော့ ဘုန်းကြီးတို့ မြင်လိုက်တဲ့အခါကျတော့ ဘယ့်နှယ့်မြင်တုန်းလို့ဆို တော့ "အိမ်"ဆိုပြီးတော့ လုံးပြီးတော့ *တစ်ပေါင်းတည်း မမြင်ဘူးလား? (မြင်ပါ ဘုရား)*။ တကယ်ရှိတာက အုပ်တွေ, အသားတွေ, သံတွေ, သွပ်တွေက တကယ်ရှိ ဘာ သူတို့က *အမြင်ခံရရဲ့လား? (အမြင်မခံရပါဘုရား)*။ အမြင်မခံရဘူး. . . ဘာမြင်လိုက်တုန်းဆိုတော့ 'အိမ်'ဆိုပြီးတော့ လုံးပြီးတော့ *မမြင်လိုက်ဘူးလား? (မြင်လိုက်ပါတယ်ဘုရား)*။ အဲဒီ အလုံးကြီး အတွဲကြီး, အခဲကြီး, တစ်ပေါင်း တစ်ခဲတည်းလို့ မြင်လိုက်တဲ့အမြင်၊ မရှိတာကို မြင်ပါသည် မရှိဘဲနဲ့ အမြင်ခံရတာ ပညတ်တဲ့ ရှိပါလျှက်နဲ့ အမြင်မခံရတာ ပရမတ်၊ မရှိဘဲနဲ့ အမြင်ခံရတာက ပညတ် ပရိသတ်ကြီး မရှိဘဲနဲ့ *အမြင်မခံရတာ ဘာတုန်း? (ပညတ်ပါဘုရား)*။ အဟုတ်ရှိ ပါလျှက်ကယ်နဲ့ အမြင်ခံရတာက ပရမတ်၊ အဟုတ်ရှိပါလျက်နဲ့ *အမြင်မခံရတာ ဘာတုန်း? (ပရမတ်ပါဘုရား) ပရမတ်တရား. . .*။

ခုနက အိမ်ကြီးမှာ အဟုတ်ရှိနေတာက အသားတွေ, အုတ်တွေ, သံတွေ, သွပ်တွေ *မဟုတ်လား? (မှန်ပါဘုရား)*။ ဒါပေမယ့်လို့ ဘုန်းကြီးတို့ ဒကာ ဒကာမ တွေ အိမ်လှမ်းကြည့်တဲ့ အခါအဲဒီ အသားတွေ, အုတ်တွေ, သံတွေ, သွပ်တွေ ရယ်လို့ *အာရုံက ရောက်ရဲ့လား? (မရောက်ပါဘုရား)*။ တစ်ခါတည်း အိမ်ကြီးဆိုပြီး *လုံးမ မြင်ဘူးလား? (မြင်ပါတယ်ဘုရား)*။ အဲဒါ သမူဟပညတ် ဖုံးပြီးတော့ မြင်တဲ့ အမြင်ခေါ်ပါတယ်၊ မျက်စိက အမှန်မြင်တာပဲ။ ဒါပေမယ့်လို့ ထင်လိုက်တာက *တစ်လုံး တစ်ခဲကြီး မမြင်ဘူးလား? (မြင်ပါတယ်ဘုရား)*။ အဲဒါလိုပဲ ယနေ့ ဒကာ

http://www.dhammadownload.com



ဒကာမအပေါင်း သူတော်ကောင်းတွေ သားမြင်, သမီးမြင်အပေါင်းနဲ့ အခဲနဲ့ မြင်ပါတယ်။ အစိတ်အစိတ်နဲ့ မမြင်ပါ။ အစိတ်အစိတ်ဆိုတာ ဘာတုန်းလို့ဆိုတော့ သူ့ကို ပထမ ဆုံးစိတ်လို့ရှိရင် ကောဋ္ဌာသနဲ့ စိတ်ရတယ်။ (၃၂)ကောဋ္ဌာသနဲ့ စိတ်ကြည့်လိုက် သားလို့ သမီးလို့သာပြောတာ ဆံပင်, မွေးညှင်း, ခြေသည်း, လက်သည်း, သွား အရေထူ, အရေပါး, အသား, အကြော, အရိုး ဒါတွေ စုပေါင်းထားတာ *မဟုတ်လား? (မှန်ပါဘုရား)*။ မျက်စိက မြင်တာလဲ အဲဒါတွေ မြင်တာပဲ အမှန်ကတော့။ အဲဒီ သုံးဆယ့်နှစ်ကောဋ္ဌာသကို အသေးစိတ်လိုက်ပြန်တော့ *ရုပ်စု ရုပ်ပုံ, နာမ်စု နာမ်ပုံ, ဒါရောက်မလာဘူးလား? (ရောက်လာပါတယ်ဘုရား)*။

ကဲဒါဖြင့် အဲဒါကို ပညတ် ခွါကြည့်ရအောင်။ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ပညတ်ခွါကြည့်ရအောင်၊ ကဲ-ဒကာကြီးရွှေက ဆိုပါတော့ "သား"လို့ မပြောဘူးလား? *(ပြောပါတယ်ဘုရား)*။ ကဲ "သား"ခန္ဓာလေးကြည့်ပြီးတော့ ဒကာကြီးရွှေကပြောတော့ ကဲ-ဘုန်းကြီးက အဲဒီသားကိုထောက်ပြစမ်းပါ ဘယ်ဟာတုန်း သားဆိုတော့၊ ဟောဒါပေါ့ ကိုယ်တော်လို့ဆိုပြီး ရင်ဘတ်ဒကာကြီးရွှေက ပြတယ်ဆိုကြစို့ *ပညတ် ပရမတ် ခွါရအောင်နော်၊ (မှန်ပါဘုရား)*။ ကိုင်း ရင်ဘတ်ထောက်ပြထား, သားလေးရင်ဘတ်ထောက်ပြထား။ ကောင်းပြီ. . .၊ "သား"လို့ဆိုတဲ့ ရင်ဘတ် ထောက်ပြထားတဲ့သားကို ဉာဏ်နဲ့ပိုင်းပြီးတော့ လက်ညိုးထောက်ထားတဲ့ နေရာကို သေသေချာချာ ကြည့်လိုက်တော့ ရင်ဘတ်ဆိုတဲ့ ပညတ်ပေါ်လာပြီ။ ထောက်ထားတာက *ရင်ဘတ်ထောက်ထားတာ မဟုတ်လား? (မှန်ပါဘုရား)*။

ဒီတော့ ထောက်ထားတဲ့နေရာကို ဉာဏ်နဲ့ပိုင်းပြီးတော့ ကွက်ကြည့်လိုက်တော့ ရင်ဘတ်ဆိုတဲ့ *အပိုင်းကြီး ပေါ်မလာဘူးလား? (ပေါ်လာပါတယ်ဘုရား)*။ ရင်ဘတ်ဆိုတဲ့ အပိုင်းပေါ်လာသည်နှင့် တစ်ပြိုင်နက် *"သား"*ဆိုတဲ့ အပေါင်းကြီး ပျောက်သွားပြီ။ *"သား"လို့ ခေါ်တာက တစ်ကိုယ်လုံးကိုသိမ်းကျုံးပြီး ခေါ်တဲ့အခေါ် မဟုတ်လား? (မှန်ပါဘုရား)*။ အခုလက်ထောက်ထားတာက ရင်ဘတ်ထောက်ထားတယ်ဆိုတော့ *တစ်ကိုယ်လုံးဟုတ်သေးရဲ့လား? (မဟုတ်ပါဘုရား)*။ မဟုတ်တော့ ဘူး. . .။ *ရင်ဘတ်ဖြစ်သွားပြီ မဟုတ်လား? (မှန်ပါဘုရား)*။ အဲ ဘုန်းကြီးတို့ "သား"လို့ခေါ်တဲ့အခေါ်က တစ်ကိုယ်လုံးကို သိမ်းခေါ်ပါတယ်။ ထောက်ထား တာကရင်ဘတ်ကို ထောက်တယ်လို့ဆိုတော့ ရင်ဘတ်လို့ ဉာဏ်နဲ့ပိုင်းသိလိုက်သည်နှင့်တစ်ပြိုင်နက် *"သား"*ဆိုတဲ့ ပညတ် *ပျောက် မသွားဘူးလား? (ပျောက်သွားပါ တယ်ဘုရား)*။

ကိုင်း-ဒါဖြင့် အဲဒီရင်ဘတ်ကိုပဲ ကြည့်အုန်းစို့ ဒကာကြီးရွှေက ထောက်

http://www.dhammadownload.com



ပြထားတဲ့ ရင်ဘတ်ကြည့်အုန်းစို့ လက်ညှိုးထိပ်ကြည့်, လက်ညှိုးထိပ်ကြည့်, ဉာဏ်နဲ့ ကြည့်ပါ။ ဉာဏ်နဲ့ကြည့်ပါ။ လက်ညှိုးထိပ်ကလေး ကြည့်လိုက်တော့, ကြည့်လိုက်တော့၊ ထောက်ထားတဲ့ လက်ညှိုးထိပ်ကြည့်လိုက်တော့ ဘာတွေ့တုန်း ဟော-အရေပါးလေးထောက်ထားတယ်။ အရေထူလေး ထောက်ထားတယ်။ လက်ညှိုးထိပ်မှာ ထောက်ထားတာကြည့်လိုက်တာ အရေပါး အရေထူလေး မတွေ့ ဘူးလား? *(တွေ့ပါဘုရား)*။ ဉာဏ်နဲ့ကြည့်လိုက်စမ်းပါ။ လက်ညှိုးထိပ် ထောက်ထား တာလေး သေသေချာချာကြည့်လိုက်တော့ အရေပါး, အဲဒီအောက်က အရေထူ, ဘုန်းကြီးတို့ ခန္ဓာကိုယ်အပေါ်ဆုံးမှာ အရေပါးလေးအုပ်ထားတာ မဟုတ်လား? *(မှန်ပါဘုရား)*။

အဲဒီ အရေပါးအောက်က၊ အရေပါးများတစ်ခါတစ်ခါ ဓားရှလို့ လန် သွားတော့ *ဖွေးကနဲ့ဆိုတာလေး မတွေ့တတ်ဘူးလား? (တွေ့ပါဘုရား)*။ အဲဒါ အရေထူ။ အရေပါး, အရေထူ၊ အဲဒီအောက်က ကြည့်လိုက်တော့ အသား, အကြော, အသွေး, အရိုး။ လက်ညှိုးထိပ်မှာ ဉာဏ်နဲ့သာထိုးဖောက်ပြီးတော့ ကြည့်သွားစမ်းပါ။ အရေပါးတွေ့မယ်။ အရေထူတွေ့မယ်, အသားတွေ့မယ်, အကြောတွေ့မယ်, အရိုးတွေမယ်, ရိုးတွင်းချင်ဆီတွေ့မယ် မတွေ့ပေဘူးလား ပရိသတ်ကြီး? *(တွေ့ပါတယ်ဘုရား)*။ ဒါဖြင့် လက်ညှိုးထိပ်မှာ သေသေချာချာ ကြည့်လိုက်တော့ ရင်ဘတ်ဟုတ်သေးလား? *(မဟုတ်ပါဘုရား)*။ ဟော-ရင်ဘတ် ပျောက်သွားပြန်ပြီ။ *အရေပါး, အရေထူ၊* လာတွေ့နေပြီနော် *(မှန်ပါဘုရား)*။

နည်းနည်းဉာဏ်နဲ့နှိုက်ကြည့်လိုက်တော့ *အသားမတွေ့ဘူးလား? (တွေ့ပါ တယ်ဘုရား)*။ *အသွေးမတွေ့ဘူးလား? (တွေ့ပါဘုရား)*။ *အကြောမတွေ့ဘူးလား? (တွေ့ပါဘုရား)*။ *အရိုးမတွေ့ဘူးလား? (တွေ့ပါဘုရား)*။ *ရိုးတွင်းချင်ဆီမတွေ့ ဘူးလား? (တွေ့ပါဘုရား)*။ ဟင်-ဒါဖြင့်သုံးဆယ့်နှစ်ကောဋ္ဌာသ တွေ့နေတာပါ လား။ သုံးဆယ့်နှစ်ကောဋ္ဌာသ၊ တစော-ဆိုတာ *အရေထူအရေပါး မဟုတ်လား? (မှန်ပါဘုရား)*။ အသွေးဆိုတာက-လောဟိတံ၊ အသားဆိုတာက-မံသ။ ကေသာ, လောမာ, နခါ, ဒန္တာ, တစောဆိုတဲ့ (၃၂)ကောဋ္ဌာသနယ် နမိတ်ထဲက အသားတွေ အသွေးတွေ။ အကြောဆိုတာက နှာရု၊ (၃၂)ကောဋ္ဌာသပါဠိတွေ ဒကာ ဒကာမ တွေ *ကြားဖူးတယ်မဟုတ်လား? (ကြားဖူးပါဘုရား)*။ ဒီတော့ သေသေချာချာ လက်ညှိုးထိပ်မှာ ဉာဏ်နဲ့ပိုင်းပြီးတော့ ကြည့်တဲ့အခါကျတော့ "*ရင်ဘတ်*"ဆိုတာ ပျောက်သွားသည် "သား"ဆိုတာ ပျောက်သွားပြီ၊ ရှိသေးရဲ့လား? *(မရှိတော့ပါ ဘုရား)*။

ဘာတွေ့နေတုန်းဆိုတော့ အရေထူ, အရေပါးတွေ လာတွေ့မနေဘူး

http://www.dhammadownload.com



*လား? (တွေ့ပါတယ်ဘုရား)*။ ခုနက ပြောတဲ့အသား၊ အသွေး၊ အကြော၊ အရိုး၊ ရိုးတွင်းချင်ဆီ၊ *တွေ့မနေဘူးလား? (တွေ့ပါတယ်ဘုရား)*။ အဲဒါလည်းပဲ သမထ ရှိသေးတယ်။ (၃၂)ကောဋ္ဌာသဟာ သမထရှိသေးတယ်နော်၊ *(မှန်ပါဘုရား)*။ အဲဒီ အရေထူ၊ အရေပါးဆိုတာတွေကိုဉာဏ်နဲ့စိတ်ဖြာပြီးတော့ နက်နက်နဲနဲနဲ့ သဘောမိမိကြည့်လိုက်ပြန်တော့။ အဲဒီ အရေထူရယ်လို့ ပညတ်ထားတဲ့ ရုပ်စုရုပ်ပုံ၊ ရုပ်စု ရုပ်ပုံ၊ အမှုန်အမွှားလေးတွေ စုပေါင်းတွဲခဲနေတာကိုပဲ အရေထူ အရေပါးလို့ ခေါ်ပြန်တာ မဟုတ်လား? *(မှန်ပါဘုရား)*။ အဲဒီ ရုပ်စုရုပ်ပုံတွေ စုပေါင်းတွဲခဲနေတာကိုပဲ အသားလို့ခေါ်ပြန်တယ်။ အဲဒီ ရုပ်စုရုပ်ပုံတွေ စုပေါင်းတွဲခဲပြီးတော့ အာပေါဓာတ်တွေ လွှန်ကဲနေတာကို သွေးလို့ခေါ်တယ်လို့ဆိုတော့ တကယ်စင်စစ် ဉာဏ်နဲ့စိစစ်ပြီး ကြိတ်ချေကြည့်လိုက်တော့ နောက်ဆုံးရုပ်စုရုပ်ပုံ ရုပ်အမှုန်အမွှားတွေ၊ တွဲခဲနေတာပဲ၊ . . လို့ ပေါ်မလာဘူးလား? (ပေါ်လာပါဘုရား)။ ဒါဖြင့်-ရုပ်ဆိုတဲ့ ပရမတ်ဆိုက် မလာဘူးလား? *(ဆိုက်လာပါတယ်ဘုရား)*။ အဲဒီ ရုပ်စုရုပ်ပုံက အဟုတ်ရှိ။

ခုနက ပြောခဲ့တဲ့ အရိုးတွေ၊ အသားတွေ၊ အကြောတွေ၊ အရေထူ၊ အရေပါးတွေက စပြီးတော့ ရင်ဘတ်တွေ သားတွေဆိုတာတွေက အဟုတ်မရှိ။ အဲဒါတွေ *အဟုတ်ရှိတာ ဟုတ်ရဲ့လား? (မဟုတ်ပါဘုရား)*။ အဟုတ်မရှိလို့ ဉာဏ်နဲ့ကြိတ်ချေ နှိပ်မွှေကြည့်ရင် *ပျောက်မကုန်ဘူးလား? (ပျောက်ကုန်ပါတယ်ဘုရား)*။ ဒါ့ကြောင့် ဘုန်းကြီးတို့ ဂန္ဓာရုံဆရာတော်ဘုရားကြီးက ကမ္မဋ္ဌာန်းစထိုင်လို့ ပညတ်၊ ပရမတ်ခွဲရင် သူက ဆောင်ပုဒ်ကလေးပေးတယ်။

◆ သားဆိုသည်မှာ၊ အဟုတ်မရှိ၊ နှုတ်ဖျားမှာသာရှိ။
သမီးဆိုသည်မှာ၊ အဟုတ်မရှိ၊ နှုတ်ဖျားမှာသာရှိ။

သားဆိုတာ နှုတ်ဖျားတင်ရှိတာ. . . တဲ့ အဟုတ်မရှိဘူး။ အခုကြည့်လေ ဉာဏ်နဲ့ကြိတ်ချေ၊ နှိပ်မွှေကြည့်တော့ သားရှိသေးလား? (မရှိပါဘုရား)။ ရုပ်နာမ်သာ အဟုတ်ရှိတာ မဟုတ်လား? (မှန်ပါဘုရား)။ ဒါဖြင့်-အဲဒီသားကို ကြည့်လိုက်တိုင်း ရုပ်နာမ်က ပျောက်မနေဘူးလား? (ပျောက်နေပါဘုရား)။ သမီးကိုကြည့်လိုက်တိုင်း ကြည့်လိုက်တိုင်း အဟုတ်ရှိတဲ့ ရုပ်နာမ်ပျောက်မနေဘူးလား? (ပျောက်နေပါတယ်ဘုရား)။ ကိုယ့်ကိုယ်ကိုကြည့်လိုက်တိုင်း ကြည့်လိုက်တိုင်း အဟုတ်ရှိတဲ့ ရုပ်နာမ် ပျောက်မနေဘူးလား? *(ပျောက်နေပါတယ်ဘုရား)*။ ဘာမြင်တုန်းဆိုတော့ ဟော-မျက်နှာက လှတယ်၊ ဆံပင်က လှတယ်၊ သွားက လှတယ်၊ လက်က လှတယ်၊ ခြေက လှတယ်နဲ့ (၃၂)ကောဋ္ဌာသ အဟုတ်မရှိတဲ့ ပညတ်တွေ

၁၀၂၉

http://www.dhammadownload.com



ကို စွဲပြီး တစ်လုံးတည်း တစ်ခဲတည်းမြင်ပြီးတော့ ပျောက်နေတယ်. . တဲ့။ ပျောက်နေတယ်။

ဒီတော့-အဲဒီ ပျောက်နေတာကို ရှာရမယ်ဆိုတော့ မျက်စိကမြင်လိုက်သမျှ ရုပ်နာမ်မြင်ရမယ်လို့ဆိုတော့ ခုနက "သား"ခန္ဓာသေသေချာချာ စစ်ဆေးကြည့်လိုက်တော့ အပြီးသတ် ရုပ်စုရုပ်ပုံပေါ်မလာဘူးလား? *(ပေါ်လာပါဘုရား)*။ အဲဒီ ရုပ်စုရုပ်ပုံဖြစ်တဲ့ သားရဲ့ခန္ဓာလို့ခေါ်တဲ့ ခန္ဓာငါးပါးလို့ခေါ်တဲ့ ရုပ်စုရုပ်ပုံ, လှုပ်ရှားအောင် သွားအောင်လာအောင်, လုပ်နေတာက ဘယ်သူတုန်းဆိုရင် အဲဒီ နာမ်စုနာမ်ပုံ၊ ဒီသားရဲ့ရုပ်စုရုပ်ပုံထဲမှာ နာမ်စုနာမ်ပုံလို့ခေါ်တဲ့ သွားချင်လာချင် စားချင်သောက်ချင်ဆိုတဲ့ နာမ်ဓာတ်အုပ်စုကြီး မရှိဘူးလား? *(ရှိပါတယ်ဘုရား)*။ အဲဒီ နာမ်ဓာတ် အုပ်စု သူရှိလို့ လှုပ်ဟယ်ရှားဟယ် သွားဟယ်, လာဟယ် သူလုပ်နေတာ မဟုတ်လား? *(မှန်ပါဘုရား)*။ ဒီနာမ်ဓာတ်အုပ်စုသာ မရှိလို့ရှိရင် လှုပ်ရှားမှုတွေ ရှိပါအုန်းမလား? *(မရှိပါဘုရား)*။

ဒါဖြင့်-ခန္ဓာကိုယ်ကြီး လက်လှုပ်, ခြေလှုပ်, သွားစေ လာစေ, လှုပ်ရှားစေတဲ့ နာမ်ဓာတ်အုပ်စု. . . လို့ ဆိုတော့ သားခန္ဓာလှမ်းကြည့်လို့ ရှိရင် ပရမတ်သဘောဆိုက်အောင် ဉာဏ်နဲ့မြင်တတ်လို့ရှိရင် ရုပ်စုရုပ်ပုံနဲ့အဲဒီလှုပ်စေ ရှားစေတဲ့ နာမ်စုနာမ်ပုံ အဲဒီနှစ်ခုပဲ အဟုတ်ရှိတာ မဟုတ်လား? *(မှန်ပါဘုရား)*။ ခုနက ပြောခဲ့တဲ့ သားတို့, ဆံပင်တို့, လက်တို့, ခြေတို့, ပညတ်တွေက ဉာဏ်နဲ့ကြိတ်ချေနှိပ်မွှေကြည့်ရင် ပျောက်မသွားဘူးလား? *(ပျောက်သွားပါတယ်ဘုရား)*။ ပါးစပ်ဖျားသာရှိတာ, အဟုတ်ရှိတာ ဟုတ်ရဲ့လား? *(မဟုတ်ပါဘုရား)*။ ဒီတော့ အဲဒီ ပညတ်က ဖုံးထားတော့ ယနေ့ ဒကာ ဒကာမတွေ သားရဲ့ခန္ဓာကြည့်လိုက် ရုပ်နာမ် ပျောက် မနေဘူးလား? *(ပျောက်နေပါဘုရား)*။

ဒါဖြင့် သားကိုမြင်လိုက်ရင် ရုပ်နာမ်ပေါ်အောင် ဘယ့်နှယ့်ရှုရမှာတုန်းဆိုတော့ သားမြင်လိုက်လဲ ရုပ်နာမ်ဖြစ်ပျက်, သမီးမြင်လိုက် ရုပ်နာမ်ဖြစ်ပျက်, ဝိပဿနာလက်နဲ့ ဝိပဿနာဉာဏ်နဲ့ ဝိပဿနာမျက်စိနဲ့။ ခုနက ပညတ်တွေ လှန်လှောထိုးဖောက်ပြီးတော့ ရှာလိုက်တော့မှ ရုပ်နာမ်ဆိုက်ဆိုက်သွားပြီးတော့ မတွေ့ဘူးလား? *(တွေ့ပါတယ်ဘုရား)*။ အဲဒီ ရုပ်နာမ်ကိုတွေ့ရင် ပျောက်နေတာတွေ့ ပြီ. . .။ ပျောက်နေတာလေး တွေ့ပြီ၊ တစ်သံသရာလုံးက ပျောက်ဆုံးလာခဲ့တဲ့အပျောက် တွေ့ပြီ။

အဲဒီ အပျောက်တွေ့တော့ အဲဒီ ရုပ်နာမ်ဖြစ်ပျက်ကိုမြင်၊ ဒီရုပ်နာမ်ဖြစ်ပျက်မြင်တဲ့ ဝိပဿနာဉာဏ်နဲ့ သမ္မာဝီရိယနဲ့ အားကောင်းကောင်းနဲ့ ဇွဲသန်သန်နဲ့

http://www.dhammadownload.com



ရှုပြီဆိုတော့ ဒီရုပ်နာမ်တွေရဲ့ အပြစ်တွေမြင်လာ၊ ဒီရုပ်နာမ်တွေပေါ် မလိုချင်၊ ဒီရုပ်နာမ်တွေရဲ့ သဘောသိပြီး သကာလ ဒီရုပ်နာမ်တွေ ဆုံးရာချုပ်ရာ အေးရာဖြစ်တဲ့ နိဗ္ဗာန်ဓာတ်ပေါ် လာမယ်. . . ဒီရုပ်နာမ်တွေရဲ့ ဆုံးရာ, ချုပ်ရာ, သိမ်းရာ နိဗ္ဗာန်ဆိုတဲ့ အေးမြတဲ့ဓာတ်ကြီးရှိတယ် ဒကာကြီးရွှေ *(မှန်ပါဘုရား)*။ ဒီတော့ အဲဒီ နိဗ္ဗာနဓာတ်ကြီးကိုမြင်ချင်ရင် ဒီရုပ်နာမ်တွေကိုပဲ ရှုရတာပဲ။

ဘုန်းကြီးတို့ မီးငြိမ်းတာကို မြင်ချင်ရင် မီးကို မကြည့်ရဘူးလား? *(ကြည့်ရပါတယ်ဘုရား)*။ မီးငြိမ်းသွားတာကိုမြင်ချင်ရင် မီးကြည့်နေမှ မြင်မယ် မဟုတ်လား? *(မှန်ပါဘုရား)*။ မီးတောက်တစ်ခု ငြိမ်းသွားတာကိုမြင်ချင်ပါတယ်၊ ကြည့်ချင်ပါတယ် ဆိုရင် မီးတောက်စိုက်ကြည့်နေမှ မီးငြိမ်းတာမြင်မှာ မဟုတ်လား? *(မှန်ပါဘုရား)*။ မီးငြိမ်းတာကြည့်ချင်ပါတယ်ဆိုပြီး မီးတောက်မကြည့်ဘဲနဲ့ တခြားဟာလျှောက်ကြည့်နေလို့ မြင်ပါ့မလား? *(မမြင်ပါဘုရား)*။ ရုပ်နာမ်တွေရဲ့ ငြိမ်းရာ, သိမ်းရာ, အေးရာဖြစ်တဲ့ နိဗ္ဗာန်တရားကိုမြင်ချင်ရင် ဒီရုပ်နာမ်ကိုပဲ ရှုရတယ်၊ ဒီရုပ်နာမ်ကိုပဲ ကြည့်ရတယ်၊ ဒါဖြင့်-ရုပ်နာမ် ရုပ်နာမ်အတိုင်း မျက်စိပေါက်ကကြည့်ဖို့ လိုမလာဘူးလား? *(လိုပါတယ်ဘုရား)*။ ကိုင်း-ဒါဖြင့် ဆိုစမ်းပါ-

❖ **မျက်စိမြင်ရာ, ရုပ်နာမ်သာ, မှန်စွာတွေ့ပါစေ၊**
**လောဘမဖက်, စိတ်မပျက်, ရှုလျှက်လျှစ်လျှုနေ၊**
**ရဟန္တာသွင်, ယောဂီရှင်, အစဉ်ဖြစ်နိုင်ပေ။**

အမလေး. . . မြတ်စွာဘုရားက အဲဒီလို ရုပ်နာမ်တစ်ချက်မြင်လိုက်တဲ့ အချိန်၊ ဘယ်လောက်များ ချောက်ပြောထားတုန်းဆိုတော့ မင်းတို့ အဲဒီအချိန် ရဟန္တာအတု ပြုနိုင်တဲ့ အချိန်ကွာ. . . တဲ့၊ ရဟန္တာနဲ့တူတဲ့ အချိန်ပေါ့. . . တဲ့ အဲဒီအချိန်။ ဘာပြုလို့တုန်းဆိုတော့ ခုနက ဒကာကြီးရွှေဆိုပါတော့ သားခန္ဓာကို ရုပ်နာမ်ဖြစ်ပျက်နဲ့ ကြည့်လိုက်တဲ့ အချိန်ကျတော့ သားဆိုတဲ့ ပညတ်ပျောက် မသွားဘူးလား? *(ပျောက်သွားပါတယ်ဘုရား)*။ ဒီတော့-"*ရုပ်နာမ်ဖြစ်ပျက်*"အဖြစ်နဲ့ မြင် လိုက်တဲ့အချိန်မှာ သားဆိုတဲ့ပညတ်ပျောက်နေတာဆိုတော့ ဒါငါ့သားပဲဆိုတဲ့ *လောဘလာသေးလား? (မလာတော့ပါဘုရား)*။ သားကမကျေနပ်စရာတွေ လုပ်နေလို့ ဒေါသဖြစ်စရာအာရုံလုပ်ပြန်ရင်လည်း ကိုယ်က ရုပ်နာမ်ဖြစ်ပျက်နဲ့ မြင်တာဖြစ်နေတော့ *ဒေါသဖြစ်သေးလား? (မဖြစ်ပါဘုရား)*။ ဒါဖြင့် အဲဒီရုပ်နာမ်ဖြစ် ပျက်အနေနဲ့ ရုပ်နာမ်အတိုင်းမြင်တဲ့ အချိန်မှာ လောဘနဲ့ဒေါသ *ခဏကလေး ငြိမ်းမနေဘူးလား? (ငြိမ်းနေပါတယ်ဘုရား)*။ အဲဒီခဏလေး ငြိမ်းနေတဲ့ အချိန်သည် သင်တို့တစ်တွေ အရဟတ္တံ အနုကရောတိ။ အရဟတ္တံ-ရဟန္တာပုဂ္ဂိုလ်ကြီးတွေကို၊ အနုကရောတိ-အတုပြုနိုင်တဲ့အချိန်. . . တဲ့၊ မင်းတို့ ရဟန္တာနဲ့တူတဲ့အချိန်. . . တဲ့။

http://www.dhammadownload.com



ဘာပြုလို့လဲဆိုတော့ ရဟန္တာအရှင်မြတ်ကြီးတွေကလည်း ခုနက သားသမီးပဲဖြစ်လင့်ကစား သူတို့သား, သူတို့သမီးဟောင်းကိုပဲ ရဟန္တာအရှင်မြတ်ကြီးက ကြည့်တဲ့အခါကျတော့ ဒါငါ့သားပဲ ငါ့သားပဲလို့ *လောဘဖြစ်သေးလား? (မဖြစ်တော့ပါဘုရား)*။ သားက မကျေနပ်စရာလုပ်တော့ကော *ဒေါသထွက်သေးလား? (မထွက်တော့ပါဘုရား)*။ ဒါဖြင့်-ရဟန္တာပုဂ္ဂိုလ်အရှင်မြတ်ကြီးတွေ သားကိုမြင်ရင် *လောဘ ဒေါသဖြစ်သေးရဲ့လား? (မဖြစ်တော့ပါဘုရား)*။ ဒကာ ဒကာမအပေါင်း သူတော်ကောင်းတွေက သားကိုကြည့်ပြီးတော့ ရုပ်နာမ်ဖြစ်ပျက်ရှုနိုင်ရင် လောဘ *ဒေါသဖြစ်သေးရဲ့လား? (မဖြစ်ပါဘုရား)*။ လောဘ, ဒေါသ မဖြစ်ပုံချင်း ရဟန္တာနဲ့ *ဒီအချိန် တူမသွားဘူးလား? (တူပါဘုရား)*။

အဲဒါကြောင့် *"ရဟန္တာ့သွင်, ယောဂီရှင်, အစဉ်ဖြစ်နိုင်ပေ"*. . . အဲဒီ အချိန်လေးဟာ မင်းတို့ရဟန္တာနဲ့တူသွားတဲ့အချိန်ပဲဟေ့လို့ဆိုတော့ အဲဒီလို နည်းနည်းလေး ရဟန္တာနဲ့တူ, နည်းနည်းလေးရဟန္တာနဲ့တူတဲ့အလုပ်ကို နေ့စဉ် အားထုတ်သွားရင်, အခုနည်းနည်းတူ၊ နောက်တော့ တော်တော်တူ၊ နောက်တော့ တော်တော်ကြီးတူပြီးတော့၊ နောက်တော့ လုံးလုံးကြီး *တူမသွားပေဘူးလား? (တူသွားပါတယ်ဘုရား)*။ ဒါဖြင့်-ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ရဟန္တာဖြစ်ချင်တယ်ဆိုရင် အတုက စပြီးတော့ တူအောင် *မလုပ်ရပေဘူးလား? (လုပ်ရပါတယ်ဘုရား)*။ ဒါ-မျက်စိပေါက်ကပြောတာ၊ နားပေါက်ကလည်း အတူတူပဲ-

**◈ နားဖြင့်ကြားရာ, ရုပ်နာမ်သာ, မှန်စွာသိပါစေ၊**
**လောဘမဖက်, စိတ်မပျက်, ရှုလျှက် လျစ်လျူနေ၊**
**ရဟန္တာ့သွင်, ယောဂီရှင်, အစဉ်ဖြစ်နိုင်ပေ။**

နားကကြားသမျှလည်း ဘယ့်နှယ့်လုပ်ရမှာတုန်းဆိုတော့ ဝိပဿနာရှုကွက်ကတော့ ခုနဟာပါပဲ။ ဘုန်းကြီးအခု လျှောက်လှည့်ပြောနေတာက ဒကာ ဒကာမတွေ ဉာဏ်ရှင်းအောင် စိန္တာမယဉာဏ်၊ သုတမယဉာဏ်ရှင်းအောင်လို့ လျှောက်ပြောနေတာ၊ ဘာဝနာမယဉာဏ်နဲ့ သိဖို့လုပ်ကွက်ကတော့ ကြားလိုက်၊ ရုပ်နာမ်ဖြစ်ပျက်မြင်လိုက် ရုပ်နာမ်ဖြစ်ပျက် ဒါပဲ၊ ဒါဖမ်းရှုနေဖို့ပဲ။ အလုပ်ကတော့ ဒါတစ်ခုတည်းနော်။ နားပေါက်က ကြားလိုက်သမျှ ရုပ်နာမ်ဖြစ်ပျက်, ရုပ်နာမ်ဖြစ်ပျက်ရှုတာနဲ့ ဟိုကကြားတာ ရုပ်နာမ်ရှိတာနဲ့ ဟုတ်ရဲ့လားလို့ဆိုတော့၊ ကြည့်လေ တစ်စုံတစ်ယောက်က စကားပြောလိုက်တဲ့အသံလို ကြားမယ်ဆိုပါတော့၊ အဲဒီ အသံဓာတ်ဆိုတာက သဒ္ဒရုပ်၊ *ရုပ်တရား အစုမဟုတ်ဘူးလား? (ဟုတ်ပါတယ်ဘုရား)*။ အသံဆိုတာ ရုပ်တစ်မျိုးပဲ၊ သဒ္ဒါရုံလို့လည်း ခေါ်ပါတယ် သူ့ကို။

http://www.dhammadownload.com



ဒီတော့ အဲဒီအသံနားထဲလာပြီးတော့ ကြားတယ်ဆိုတော့ ဒကာ ဒကာမ တွေရဲ့ နားထဲက *သောတပသာဒခေါ်တဲ့ ရုပ်မရှိဘူးလား? (ရှိပါတယ်ဘုရား)*။ အဲဒီ အသံဓာတ်နဲ့ နားထဲက သောတပသာဒဆိုတဲ့ မှန်ဓာတ်ရိုက်ခတ်လိုက် ထိလိုက်တော့မှ ကြားတယ်ဆိုတဲ့ ကြားသိစိတ်ကလေးဖျတ်ကနဲ ပေါ်မလာဘူး လား? *(ပေါ်လာပါတယ်ဘုရား)*။ ဒါဖြင့် ကြားတဲ့အခိုက်မှာ ရုပ်နှစ်ခုနဲ့နာမ်တစ်ခု မရှိဘူးလား? *(ရှိပါတယ်ဘုရား)*။ လွယ်လွယ်ပြောရရင် ရုပ်ကနှစ်ခု နာမ်ကတစ်ခု၊ ရုပ်ကဘယ်နှစ်ခုပါလိမ့်? *(နှစ်ခုပါဘုရား)*။ နာမ်ကဘယ်နှစ်ခုပါလိမ့်? *(တစ်ခုပါ ဘုရား)*။ ဒါ-မြင်စိတ်, ကြားစိတ် ဒီတိုင်းချည်းပဲ၊ ရုပ်နှစ်ခု နာမ်တစ်ခု, ရုပ်နှစ်ခု နာမ်တစ်ခုချည့် သွားတာပဲနော်။

ဒီတော့ ရုပ်နှစ်ခုဆိုတာ လွယ်လွယ်ပြောလိုက်တာ၊ ရုပ်တွေကတော့ အစုအပေါင်း အတုံးအခဲအများကြီးပေါ့၊ သို့သော် လွယ်လွယ်ပြောလိုက်တော့ ရုပ်နှစ်ခု နာမ်တစ်ခု၊ သဒ္ဒါရုံဆိုတဲ့ အသံရုပ်တစ်ခုရယ်၊ နားထဲက သောတပသာဒ ခေါ်တဲ့ အခံရုပ်တစ်ခုရယ် *ရုပ်ကနှစ်ခု မဟုတ်လား? (မှန်ပါဘုရား)*။ အဲဒီ ရုပ်နှစ်ခုထိခိုက် လို့ ကြားလိုက်တယ်ဆိုတဲ့ ကြားစိတ်ကလေးကနာမ်၊ ဖျတ်ကနဲ့ မပေါ်ဘူးလား? *(ပေါ်ပါတယ်ဘုရား)*။ ဒီတော့-ကြားတဲ့အချိန်မှာ အဲဒီ ရုပ်နှစ်ခုနဲ့ နာမ်တစ်ခုဖြစ် သွားတယ်၊ ပြီးတော့ ပျောက်သွားတယ်၊ ဒီကလည်းပဲဖမ်းတဲ့ပြီးတော့ ဖျတ်ဆို ရုပ်နာမ် ဖြစ်ပျက်လို့ ဖမ်းရှုလိုက်တယ်ဆိုတော့ ရှိတာနဲ့သိတာ ထပ်ကျ မသွားဘူးလား? *(ကျသွားပါတယ်ဘုရား)*။ ပရမတ်ရောက် မသွားဘူးလား? *(ရောက်သွားပါတယ်ဘုရား)*။ ဒါဖြင့် ရုပ်နာမ်တွေ့သွားတယ်လို့ မခေါ်ဘူးလား? *(ခေါ်ပါတယ်ဘုရား)*။

ဒီလို မဟုတ်လို့ရှိရင် ဒကာ ဒကာမတွေ အသံတစ်ခုကြားလိုက်ရင် "*အင်း- ဒါက သားအသံပဲ ဒါက သမီးအသံပဲ*"နဲ့ ဒီလို *မလာဘူးလား? (လာပါတယ်ဘုရား)*။ သားအသံ သမီးအသံဆိုရင် *လောဘရောက်မသွားဘူးလား? (ရောက်သွားပါ ဘုရား)*။ ဟာ-ဒါကတော့ ငါ့အမြင်ကတ်တဲ့ သူ့ရဲ့အသံပဲ၊ ငါ့ကို ရန်လုပ်ထားတဲ့ သူ့ရဲ့အသံပဲဆိုတော့ *ဒေါသရောက် မလာဘူးလား? (ရောက်လာပါတယ်ဘုရား)*။ လောဘတွေ, ဒေါသတွေရောက်ပြီးနေတယ်။ အဲဒီ လောဘ ဒေါသတွေနဲ့ ကြားနေ တဲ့အသံကများတယ်. . . တဲ့ မင်းတို့တစ်တွေမှာ ဘုရားက၊ ဒီတော့ကြား တဲ့နေရာမှာ"ရုပ်နာမ်သိပါစေ"လို့ဆိုတော့ ကိုယ်ကဝိပဿနာဉာဏ်အတွင်းက နေပြီးတော့ သမ္မာဝါယာမဆိုတဲ့ မဂ္ဂင်နဲ့လာသမျှဖမ်းရှုမယ်၊ လာသမျှဖမ်းရှုမယ်ဆို

http://www.dhammadownload.com



တဲ့ မောင်း တင်မထားကြဘူးလား? *(တင်ကြပါတယ်ဘုရား)*။ သမ္မာဝါယမ ကြိုးစား ပြီးတော့ မောင်းတင်ထားခဲ့ရင်၊ ပေါ် သမျှဟာကိုယ့်အတွက် ရုပ်နာမ်ဖြစ်ပျက်ရှုဖို့ ဝိပဿနာကွက် ပေါ်မလာပေဘူးလား? *(ပေါ်လာပါတယ်ဘုရား)*။

ဘုန်ကြီးတို့ ဥပမာတစ်ခုပေးတယ်၊ စာက ခန္ဓာကိုယ်ထဲမှာ ဝမ်းမီးဆိုတာရှိ တယ်. . . တဲ့ အဲဒီ ခန္ဓာကိုယ်ထဲကဝမ်းမီးဟာ ရောက်လာသမျှ အစာတွေကို သူကမချေဘူးလား? *(ချေပါတယ်ဘုရား)*။ ဝမ်းမီးက စားလိုက်သမျှ ဘာစားလိုက် စားလိုက် ဒကာ ဒကာမတွေ ထမင်းစားလိုက်, ပဲစားလိုက်, ဝက်သားစား ကြက်သား စားလာသမျှ ဝမ်းမီးက ဆီးချေ မနေဘူးလား? *(ချေပါတယ်ဘုရား)*။ ချေလိုက်လို့ ကြေသွားတော့ ဒီခန္ဓာကိုယ် အသွေးတွေ အသားတွေဖြစ်ပြီးတော့ ခန္ဓာကိုယ်အချိုး ပြောင်း မသွားဘူးလား? *(ပြောင်းပါတယ်ဘုရား)*။

ဝိပဿနာဉာဏ်ဆိုတာ ကမ္မဇဝမ်းမီးနဲ့တူတယ်. . တဲ့၊ မြင်လိုက်သမျှ, ကြား လိုက်သမျှ, ကြံလိုက်သမျှ, ဘာအာရုံပေါ် လာလာဖမ်းပြီးတော့ ဝိ ပဿနာရှု နေရင် ရောက်လာသမျှအာရုံတွေ *ကြေမကုန်ပေဘူးလား? (ကြေကုန်ပါဘုရား)*။ ကြေကုန်လို့ရှိရင် အသွေးအသားဆိုတဲ့ *မဂ်တွေ ဖိုလ်တွေ ပေါ်မလာပေဘူးလား? (ပေါ်လာပါတယ်ဘုရား)*။ ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဖမ်းရှု နေဖို့အရေးက *ကိုယ့်အရေးမဟုတ်လား? (ဟုတ်ပါဘုရား)*။ ဖမ်းရှုနေရင် ရုပ်နာမ်တွေ *ပေါ်ပေါ်မလာဘူးလား? (ပေါ်လာပါဘုရား)*။ ရုပ်နာမ်ဖြစ်ပျက်တွေ *မတွေ့ပေဘူးလား? (တွေ့ပါတယ်ဘုရား)*။ တွေ့ရင်ကိုယ့်ကိုယ်ကို ပျောက်နေ *တာရှာလို့တွေ့ပြီလို့ မဆိုနိုင်ဘူးလား? (ဆိုနိုင်ပါတယ်ဘုရား)*။ ဟော-နှာခေါင်း ပေါက်ကလည်း အတူတူပဲပေါ့-

**❖ အနံ့နံရာ, ရုပ်နာမ်သာ, မှန်စွာသိပါစေ၊**
**အစာစားရာ, ရုပ်နာမ်သာ, မှန်စွာသိပါစေ၊**
**ကိုယ်ဖြင့်ထိရာ, ရုပ်နာမ်သာ, မှန်စွာသိပါစေ။**
**စိတ်ဖြင့်ကြံရာ, ရုပ်နာမ်သာ, မှန်စွာသိပါစေ၊**
**လောဘမဖက်, စိတ်မပျက်, ရှုလျက် လျစ်လျူနေ၊**
**ရဟန္တာသွင်, ယောဂီရှင်, အစဉ်ဖြစ်နိုင်ပေ။**

အဲဒီလို ကိုယ့်ခန္ဓာပျောက်ကလေး ရုပ်နာမ်ဖြစ်ပျက်ကလေးတွေးပြီးနေ တော့ လောဘ ဒေါသတွေ သေ၊ တစ်သံသရာလုံးကစွဲလာတဲ့ ငါဆိုတာတွေ သူဆိုတာတွေ သားဆိုတာတွေ သမီးဆိုတာတွေဆိုတဲ့ သက္ကာယဒိဋ္ဌိတွေ သေ၊ သက္ကာယဒိဋ္ဌိတွေ သေတော့ ဒီအကြောင်းကြောင့် ဒီအကျိုးဖြစ်နေတယ်ဆိုတဲ့ အကြောင်းအကျိုးပေါ်မှာ ယုံမှားနေတဲ့ ဝိစိကိစ္ဆာတွေ သေ၊ ဒီတော့ ဒိဋ္ဌိတို့,

http://www.dhammadownload.com



ဝိစိကိစ္ဆာတို့, လောဘတို့, ဒေါသတို့ အသေလေးတွေ သေတာကများလာတော့ *အသေကြီး မသေပေဘူးလား? (သေပါတယ်ဘုရား)*။ အဲဒီ အသေကြီးသေ, အမြစ်ပြတ်သေ သွားပြီဆိုတော့ နောက်ဆုံးမဂ်လေးတန် ဖိုလ်လေးတန်နဲ့ ရဟန္တာဖြစ်တယ်ဆိုတာ သူပါပဲ။

ဒါဖြင့် ကိုယ့်ခန္ဓာပျောက်ကိုရှာတာသည်. . . အာသဝေါကင်းကွာ ရဟန္တာ ယောက်ျား ရဟန္တာမကြီးဖြစ်ပြီးတော့ တစ်သံသရာလုံးက သူများ အပျောက်ရှာလို့ ဖြစ်ခဲ့ရတဲ့ ဒုက္ခတွေသိမ်းမယ်. . . လို့ ဘုရားရှင်ကိုယ်တော်မြတ်က ဘဒ္ဒဝဂ္ဂီညီနောင်သုံးကျိပ်ကို ဒီတရားအခြေခံပြီးတော့ ဟောနေတာ *ဒကာကြီး*ရွှေရဲ့နော် *(မှန်ပါဘုရား)*။ ကိုင်း ခုနက ကိုယ့်ခန္ဓာပျောက်ရှာတာလေး ပြန်ဆိုရအောင်-

> ❖ **သူများအပျောက်, ဘောက်သောက်ဖွေရှာ,**
> **သံသာစခန်း, ပင်ပန်းလှပါ၊**
> **ကိုယ့်ခန္ဓာပျောက်, ဉာဏ်ထောက်ဖွေရှာ,**
> **ဖြစ်ပျက်တွေ့, ချမ်းမြေ့နိဗ္ဗူတာ၊**

အဲဒီလို ကိုယ့်ခန္ဓာပျောက်ကို ရှာတာနဲ့ သူများအပျောက်ကိုရှာတာ မင်းတို့ ဘယ်ဟာက မြတ်ကြသလဲ. . . လို့ ဘုရားရှင်ကိုယ်တော်မြတ်က ဘဒ္ဒဝဂ္ဂီညီနောင်သုံးကျိပ်တို့ကို မေးတော်မူလိုက်ပါတယ်။ အဲဒီလို မေးတော်မူလိုက်တော့ ဘဒ္ဒဝဂ္ဂီညီနောင်သုံးကျိပ်တို့သည်. . . ရှေးပါရမီဓာတ်ခံနှီးဆော်သည့်အလျောက် ဘုရားရှင်ဟောတော်မူသည့် တရားကို စိတ်စိုက်ပြီးတော့ နာလိုက်ကြတာ။ ဘုရားရှင်ကိုယ်တော်မြတ်ကသစ္စာလေးပါးတရားကို ဆက်ပြီးတော့ ပြတော်မူလို့တရားကိုဆက်ပြီးတော့ နာလိုက်ကြတဲ့ အချိန်မှာ၊ အဲဒီ ဘဒ္ဒဝဂ္ဂီညီနောင်သုံးကျိပ်သည် အဲဒီတစ်ထိုင်တည်းနှင့်ပင် အချို့က သောတာပန်, အချို့က သကဒါဂါမ်, အချို့က အနာဂါမ်။ ပုထုဇဉ်လည်းတစ်ယောက်မှ မကျန်ဘူး၊ ရဟန္တာလည်း တစ်ယောက်မှ မဖြစ်ဘူးတဲ့ စာကဆိုတယ်။

ပုထုဇဉ်လည်း တစ်ယောက်မှ မကျန်ဘူးဆိုတော့ အရိယာအကုန်ဖြစ်မကုန်ဘူးလား? *(ဖြစ်ပါဘုရား)*။ ရဟန္တာလည်း မဖြစ်သေးဘူးဆိုတော့ အနာဂါမ်ထိအောင်ရောက်တယ်ဆိုတာ မသေချာဘူးလား? *(သေချာပါတယ်ဘုရား)*။ အဲဒါ ဘဒ္ဒဝဂ္ဂီညီနောင် မင်းသားသုံးကျိပ်လေ။ ဟော-မိန်းမပျောက်လိုက်လာရင်းနဲ့ ဘုရားနဲ့တွေ့လို တစ်ချက်ကလေး တို့ပေးလိုက်တာနဲ့ အဲဒါ သောတာပန်, သကဒါဂါမ်, အနာဂါမ်ဖြစ်သွားကြပြီ. . . တဲ့ သူတို့တော့နော်၊ *(မှန်ပါဘုရား)*။ ကိုယ့်အ

http://www.dhammadownload.com



ပျောက်ရှာတတ်သွားတာညာဏ်က၊ ရှေးကဓာတ်ခံပါလာကြလို့ ဟိုရှေးတုန်းက မဟာတုဏ္ဍိလဇာတ်တော်တုန်းက ဘုရားကပေးခဲ့တဲ့တရားကို သူတို့ အရှိန်အဝါ ရလာကြလို့ အဲဒါ ဓာတ်ခံနဲ့ သောတာပန်, သကဒါဂါမ်, အနာဂါမ်တွေဖြစ်ကြ တယ်။ အဲဒီ ဖြစ်သွားတော့မှ သူတို့က တရားထူးကလည်း ရသွားကြတော့။

**လဘေယျာမ မယံ ဘန္တေ, ဘဂဝတော သန္တိကေ ပဗ္ဗဇ္ဇံ၊**
**လဘေယျာမ ဥပသမ္ပဒံ. . .။**

တပည့်တော်တို့ ရဟန်းပြုပါရစေဘုရား. . . ရဟန်းပြုပေးတော်မူပါဘု ရား. . . လို့ ရဟန်းပြုခွင့်တောင်းကုန်ပြီ ဒကာကြီးရွှေ၊ *(မှန်ပါဘုရား)*။ ရဟန်းပြု ခွင့်တောင်းကုန်တော့ သူတို့တောင်းနေတာက ရွာထဲလည်းမဟုတ် တောကြီးထဲ မဟုတ်လား? *(မှန်ပါဘုရား)*။ ပြီးတော့ သက်န်းသပိတ် ပရိက္ခရာက တောကြီးထဲ ရှိပါ့မလား? *(မရှိပါဘုရား)*။ မြတ်စွာဘုရားက တစ်ပါးတည်း သူ့မှ သပိတ်တစ်လုံး ပါတာ၊ သက်န်းလေးမှ (၃)ထည်ပါတာ၊ သူတို့က ရဟန်းပြုပါရစေလို့ တောင်းမနေ ဘူးလား? *(တောင်းနေပါတယ်ဘုရား)*။ ဒီတော့ မြတ်စွာဘုရားက ကြည့်တော်မူရ တယ် "အင်း-အမျိုးကောင်းသားတွေကတော့ ရဟန်းပြုခွင့်တောင်းနေပြီ. . .။ ဒီတော့ သူတို့တစ်တွေ ဧဟိဘိက္ခု ရဟန်းအဖြစ်နဲ့ ငါခေါ်လို့ရမလား" ဟော- ဧဟိဘိက္ခု ခေါ်တယ်ဆိုတာ မြတ်စွာဘုရားက သူတို့ အတိတ်အကြောင်း ကြည့်ရသေးတယ်။

ရှေးက ဒီအမျိုးကောင်းသားတွေ သာသနာတော် တလက်ထက်ထက်မှာ သက်န်းများလှူခဲ့ကြဖူးရဲ့လား၊ သက်န်း, သပိတ် ပရိက္ခရာများ သာသနာတော်ဝင် ရှင်ရဟန်းတွေ လှူဒါန်းခဲ့ကြဖူးသလား. . . လို့ ကြည့်လိုက်ရတယ် ပြန်ပြီးတော့။ ကြည့်လိုက်တော့မှ ဒီအမျိုးကောင်းသားတွေဟာ မဟာတုဏ္ဍိလဇာတ်တော်တုန်းက လည်း ဘုရားအလောင်းတော်ရဲ့ အဆုံးအမဩဝါဒကို နာယူပြီးတော့ သီလတွေလုံ အောင်ထိန်းခဲ့ကြတယ်။ နောက်ပိုင်းမှာလည်းပဲ ဘုရားရှင်သာသနာတော် လက် ထက်တော်တွေမှာ စုပေါင်း, စုပေါင်းပြီးသကာလ အခုလို ကထိန်ကံကြီးတွေ လုပ်တဲ့အနေမျိုးနဲ့သော်လည်းကောင်း၊ အလွတ်အနေအမျိုးနဲ့သော်လည်းကောင်း သက်န်း သပိတ် ပရိက္ခရာတွေ သာသနာ့ဝန်ထမ်း ရှင်ရဟန်းတွေကို လှူခဲ့ဖူးတယ်လို့ ဘုရားရှင်မြင်တော်မူလိုက်တော့-

**ထေ ဘိက္ခဝေ စရထ သမ္မာဒုက္ခဿ အန္တကိရိယာယ. . .** ဆိုပြီး "ထေ ဘိက္ခဝေါ"ဆိုပြီး ဧဟိဘိက္ခု ခေါ်တော်မူ လိုက်တယ်။ "ချစ်သားတို့. . . လာကြ ရဟန်းဘောင်သို့တက်ကြ မြင့်မြတ်တဲ့အကျင့်ကို ကျင့်ကြပေတော့"လို့

http://www.dhammadownload.com



ခေါ်တော်မူလိုက်သည်နှင့် တစ်ပြိုင်နက် အဲဒီ ဘဒ္ဒဝဂ္ဂီညီနောင်သုံးကျိပ်တို့ရဲ့ သန္တာန်မှာ ဆံကေသာတွေ ဆံမုတ်ဆိတ်ကျင်စွယ်တွေ ပယ်ပျောက်၊ လူဝတ်ကြောင် အသွင်တွေ ပျောက်ပြီးသကာလ အရဟတ္တဓဇလို့ခေါ်တဲ့ သင်္ကန်းတွေ ခန္ဓာ ကိုယ်ပေါ် ရောက်၊ သင်္ကန်း သပိတ် ပရိက္ခရာတွေ ပေါ်လာပြီးတော့ ရဟန်း အသွင်ကို ရကြရတယ်။

"ဘုရားရှင်ကဲ့သို့သော ပုဂ္ဂိုလ်များက ခေါ်ခြင်း၊ မိမိကရှေးက သင်္ကန်း သပိတ် ပရိက္ခရာ လှူဖူးခြင်း. . . "ဆိုတဲ့ အကြောင်းနှစ်ချက်စုံရင် ဧဟိ ဘိက္ခုရ ဟန်းဖြစ်နိုင်တယ်တဲ့ ဒကာကြီးနော်။ ကိုယ်ကသင်္ကန်း သပိတ်၊ ပရိက္ခရာလှူဖူးပေ မယ့် လို့ ဘုရားရှင်လို ပုဂ္ဂိုလ်ကခေါ်မှလည်း ဧဟိဘိက္ခု ဖြစ်တယ်နော်။ ဘုန်းကြီးက အခု ဒကာကြီးရွှေကို ခေါ် လိုက်မယ်ဆိုလို့ မရဘူး၊ ဒကာကြီးရွှေ သင်္ကန်းတော့လှူဖူး တယ် မဟုတ်လား? *(လှူဖူးပါတယ်ဘုရား)*။ မနေ့ကပဲ လှူပြီးပြီနော်။ ဒီတော့ ဒကာကြီးက ရဟန်းအဖြစ်တောင်းလို့ ဘုန်းကြီးက အစွမ်းထုတ်ပြီးတော့များ ဧဟိ ဘိက္ခုဆိုလို့ ဘာမှဖြစ်မှာမဟုတ်ဘူး။ ဘာပြုလို့တုန်းဆိုတော့ ဘုရားလိုပုဂ္ဂိုလ်က ခေါ်မှ ဖြစ်တာတဲ့။

ဒီတော့ ဘဒ္ဒဝဂ္ဂီညီနောင်သုံးကျိပ်တို့မှာ သင်္ကန်းလှူဖူးတဲ့ ကုသိုလ်ကောင်း မှု စေတနာစုတို့ကြောင့် ဧဟိ ဘိက္ခုဖြစ်သွားကြ၊ သင်္ကန်း သပိတ် ပရိက္ခရာတွေ တန်ခိုးနဲ့ပေါ်လာတယ်လို့ဆိုတယ်။ အချောင်ရတာ ဟုတ်ရဲ့လား? *(မဟုတ်ပါဘု ရား)*။ သူတို့ရှေးကလုပ်အားကြောင့် ပေါ်တာ မဟုတ်လား? *(မှန်ပါဘုရား)*။ ဒီတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေက ကထိန်ကို (၃၄)ကြိမ်မြောက်ထိ လှူထားတယ်ဆို တဲ့ လုပ်အားတွေဟာ အလဟသတ်ဖြစ်ပါ့မလား? *(မဖြစ်ပါဘုရား)*။ ဒါလေး လည်းပဲပိုပြီးတော့ ဝမ်းမြောက်ကြည်နူးကြပါနော် *(မှန်ပါဘုရား)*။ အဲဒီလိုအားဖြင့် ဘဒ္ဒဝဂ္ဂီညီနောင်သုံးကျိပ် ရဟန်းအဖြစ်သို့ ရောက်သွားပြီးတော့ ဘုရားရှင်ကိုယ် တော်မြတ်က အဲဒီညီနောင်သုံးကျိပ်ကိုလည်း ခေါ်တော်မူပြီးတော့ သာသနာပြု လွှတ်တော်မူတယ်။

အဲဒီလို လွှတ်တော်မူလို့ အဲဒီ ရဟန်းသုံးကျိပ်တို့သည် ဘုရားရှင်နဲ့ခွဲပြီး သကာလ သာသနာပြုနေကြရာက နောင်မှာတော်တော်နှစ်ပေါင်းကြာသွားတော့ ဘုရားရှင်ကို မဖူးမြင်ရတာကြာလို့တစ်ခါတော့ သူတို့ "ဘုရားဖူးကြမယ်. . .။ တို့ ဘုရားမဖူးရတာကြာပြီဟေ့၊ ဘုရားဖူးသွားရအောင်"ဆိုပြီးတော့ ဘုရားထံ ဖူးမယ်ဆိုပြီးတော့ လာလိုက်ကြတာ ဝါဆိုကာနီးကပ်ပြီးတော့ လာရက်ဖြစ်လို့

http://www.dhammadownload.com



ဘုရားရှင် သီတင်းသုံးတဲ့ သာဝတ္ထိမြို့နဲ့ ခြောက်ယူဇနာလောက်ဝေးတဲ့ သာကေတမြို့ အရောက်မှာ ဝါဆိုလပြည့်ကျော်တစ်ရက်နဲ့ ဆုံနေလို့ ဝါကပ်လိုက်ကြရရော အဲဒီမှာ။ ဘုရားရှိတဲ့နေရာထိ မရောက်တော့ဘူး၊ ဝါဆိုလပြည့်ကျော် တစ်ရက်နေ့ ရောက်နေတော့ ဝါကပ်လိုက်ရတယ် ဝါတွင်းဆိုတာ မသွားကောင်းဘူး မဟုတ်လား? *(မှန်ပါဘုရား)*။ အဲဒါ ဝါကပ်လိုက်ရတော့ သူတို့ ဘုရားကလည်း ဖူးချင်တယ်။ ဘုရားလည်း အနီးရှိတယ်၊ ဘုရားကလည်းမဖူးရဘူး အခုခေတ်လို ကားခေတ် ရထားခေတ် မဟုတ်တော့လည်းပဲ ကားနဲ့ရထားနဲ့ သွားလို့မရတော့ ခြေလျှင်သွားရတာကိုး ဒကာကြီးရဲ့နော်။

အဲဒီလို ဘုရားဖူးချင်စိတ်နဲ့ တစ်ဝါတွင်းလုံးမျှိသိပ်ပြီးတော့ နေကြရတယ်၊ အဲဒီ ဘဒ္ဒဝဂ္ဂီညီနောင်သုံးကျိပ် ရဟန်းတွေက တိစီဝရိတ်ဓုတင်ဆောင်တွေ။ အဲဒီလိုနဲ့ တဝါတွင်းလုံးအောင့်အီးသည်းခံပြီးတော့ နေကြပြီးတော့ ဝါကျွတ်တဲ့အခါကျတော့မှ သူတို့ရဲ့ သပိတ်တွေလွယ်၊ တိစီဝရိတ်ဓုတင်ဆောင်တဲ့ သုံးထည်သော သင်္ကန်းကြီးတွေ နှစ်ထပ်သင်္ကန်းတွေ ပခုံးပေါ် တင်ပြီးတော့ ဘုရားဖူးမယ်ဆိုတဲ့ စိတ်နဲ့လာကြတော့ သီတင်းကျွတ် တန်ဆောင်မုန်းဆိုတာ မိုးတွေက အားကောင်းတဲ့အချိန် မဟုတ်လား? *(မှန်ပါဘုရား)*။ အဲဒီမိုးတွေက ရွာထားပါရော။ စောစောကြီးကလည်း ရွာ၊ သူတို့ကြွတဲ့အချိန်လည်း ရွာနဲ့ဆိုတော့ တကတည်း ဗွက်တွေထဲမှာ ဒူးတွေမြုပ် တစ်ခါတည်း ဗွက်တွေကစင် ဗွက်တွေက ပေ၊ အပေါ်က မိုးကရွာလို့ သင်္ကန်းကြီးတွေက ရေတွေရွှဲ ရေတွေနဲ့ အိပ်ပြီးတော့နေလို့ လေး၊ အဲဒီသင်္ကန်းကြီးတွေ ထမ်းလွယ်ပြီးတော့ ဘုရားထံမှောက် ရောက်အောင်လာကြရတယ် . . .။ လာတော့ မြတ်စွာဘုရားထံမှောက် ရောက်တော့ မြတ်စွာဘုရားက နှုတ်ဆက်နေကျအတိုင်း-

**ကစ္စိ ဘိက္ခဝေ ခမနီယံ၊ ကစ္စိ ယာပနီယံ**-ဘယ့်နှယ့်တုန်း ချစ်သားတို့ . . . ဝါဆိုတဲ့ နေရာမှာ ချမ်းချမ်းသာသာ ဆိုခဲ့ကြရရဲ့လား။ **ကစ္စိ သမဂ္ဂါ သမ္မောဒမာနာ အဝိဝဒမာနာ ဖါသုကံ ဝဿံ ဝသိတ္ထ**-ညီညီညွတ်ညွတ် နေခဲ့ကြရရဲ့လား၊ **န စ ပိဏ္ဍကေန ကိလမိတ္ထ**-ဆွမ်းများနဲ့ မပင်ပန်းဘဲရှိခဲ့ကြရဲ့လား. . . လို့ မေးတော်မူတော့ "*မှန်လှပါဘုရား*" 'တပည့်တော်တို့ နေတဲ့နေရာ ချမ်းချမ်းသာသာ နေကြရပါရဲ့၊ ဆွမ်းများလည်း မပင်မပန်း ရှိကြပါရဲ့။ သို့သော် . . . တပည့်တော်တို့ မှာ ဘုရားရှင်ကို ဖူးချင်လို့ ဝါကျွတ်လျှင်ကျွတ်ချင်း ပဝါရဏာပြုပြီးတော့ တပည့်တော်တို့ ထွက်လာတဲ့အခါမှာ တိစီဝရိတ်ဓုတင် ဆောင်ထားကြရတာဖြစ်တော့ ဟောဒီ သင်္ကန်းကြီးတွေ, နှစ်ထပ်သင်္ကန်းကြီးတွေ ပခုံးပေါ် တင်ပြီးတော့ ဓုတင်ဆောင်ထားတဲ့ သင်္ကန်းမထားခဲ့ကောင်းလို့ တပည့်တော်တို့ ပခုံးပေါ်တင်ပြီး လာရတဲ့အတွက် မိုးမိလို့ သင်္ကန်းကြီးတွေ မိုးရေစိုပြီးတော့ လေးလို့

http://www.dhammadownload.com



ဒါဖြင့် အထွက်အဝင် မျှစေရမယ်ဆိုတာက ဘာတုန်းလို့ဆိုတော့ "အထွက်ဆိုတာ အကုသိုလ်၊ အဝင်ဆိုတာ ကုသိုလ်" ပရိသတ်ကြီး အထွက်ဆိုတာ အကုသိုလ်၊ အဝင်ဆိုတာဘာတုန်း? *(ကုသိုလ်ပါဘုရား)*။ ကိုယ့်ကိုယ်ကို စစ်ဆေးကြည့်တဲ့ တစ်နေ့တစ်နေ့။ အကုသိုလ်တွေ အထွက်များနေပြီဆိုရင် ငါ-အထွက်များကုန်ပြီ. . .။ လောကမှာ စီးပွားဥစ္စာအထွက်များပြီဆိုရင် မွဲမသွားဘူးလား? *(မွဲသွားပါဘုရား)*။ ဆုတ်ယုတ်မသွားဘူးလား? *(ဆုတ်ယုတ်သွားပါဘုရား)*။ အဲဒါလိုပဲ ယနေ့ ဒကာဒကာမတွေ အကုသိုလ်တရားတွေ တစ်နေ့တစ်နေ့မှာ အဖြစ်များနေရင် ငါအထွက်များကုန်ပြီ။ အဲ-ကုသိုလ်တရားတွေ အရများနေပြီဆိုရင် အဝင်များလာပြီ။

ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အခုတစ်လော ကထိန်ကာ်ကြီး အကြောင်းပြုပြီးတော့ အဝင်များ မနေဘူးလား? *(များပါတယ်ဘုရား)*။ ကထိန်ကာ်ကြီး ဝေယျာဝစ္စတွေ ဆောင်ရွက်ကြ, ကျွေးကြ မွေးကြ, ညှော်ခံကြ, လှူကြ တန်းကြဆိုတော့ ဒီတစ်ရက်နှစ်ရက်, သုံးလေးရက်ဟာ ကုသိုလ်အလုပ်များ မနေဘူးလား? *(များနေပါတယ်ဘုရား)*။ ဒါဖြင့် အဝင်များတယ်၊ စီးပွားရေးနဲ့ ပြောလို့ရှိရင် ဒီနေ့ အမြတ်တွေများတယ်လို့ မပြောနိုင်ဘူးလား? *(ပြောနိုင်ပါဘုရား)*။ အဲဒါ အဝင်အထွက်ကို လည်းပဲ အဲဒီလို နေ့စဉ်နေ့စဉ် အချိန်မှန်ထားပြီးတော့ အထွက်နည်းပါး အဝင်များအောင် ကြိုးစားနိုင်ရတယ်. . . တဲ့။

သီလဦးတည်ထားရတယ်။ သီလရှိတဲ့ သူကို ခေါင်းဆောင်တင်ထားရတယ်ဆိုတာ ဒီခန္ဓာကိုယ် အိမ်ထောင်စုကြီးမှာလည်း သီလကိုစုထား သီလမပျက်စေနဲ့ မသေချာဘူးလား? *(သေချာပါတယ်ဘုရား)*။ ဟော-ဒီတော့ မြတ်စွာဘုရားရဲ့ ကုလသုတ္တန် အခြေခံပြီးတော့ ဟောလိုက်တာ တစ်ချက်ခုတ် နှစ်ချက်ပြတ်ဖြစ်မသွားဘူးလား? *(ဖြစ်သွားပါတယ်ဘုရား)*။ လောကီနယ်ကလည်း ဒီလေးပါးပဲ၊ ကြီးပွားခြင်း, ဆုတ်ယုတ်ခြင်း၊ လောကုတ္တရာနယ်ကလည်း ဒီလေးပါးပဲ ကြီးပွားခြင်း တိုးတက်ခြင်း မလာဘူးလား? *(လာပါဘုရား)*။ ကိုင်း-ဒီနေ့ ဘုန်းကြီး ဟောချင်တဲ့ တရား ဒီမှာတင်ဆုံးပါပြီ။ ဒီတော့ ဂါထာရွက်ပြီးတော့ သိမ်းရအောင်။

**နဋ္ဌဂ္ဂိ သံသုဇ္ဈေယျ, သံကုဗ္ဗေယျ အယာဝယံ၊**
**သီလဝန္တံ ပုဗ္ဗာပေယျ, သေ ဓမ္မော သနန္တနော။**

ပဏ္ဍိတော-လူ့နွယ်လူ့ရိုး, လူ့ဇာတ်မျိုး၌, ကြောင်းကျိုးသိမြင်, ပညာရှင်သည်၊ နဋ္ဌဂ္ဂိ စ-သတိမဲ့မော်, ချွတ်ချော်ပျောက်ဆုံး, ပျက်သုဉ်းလေတောင်း, ပစ္စည်းအပေါင်းကိုလည်း၊ သံသုဇ္ဈေယျ-မရမနေ, လုံးလဖွေ၍, ရှာဖွေသုတ်သင်,

http://www.dhammadownload.com



ပြုပြင်ရာ၏၊ အယာဝယ် (အာယဝယံစ)-ပစ္စည်းဥစ္စာ၊ ရတနာတို့၊ မှန်စွာနေ့စဉ်၊ ထွက်ဝင်နှစ်ဖြာ၊ ခြင်းအရာကိုလည်း၊ သံကုဗ္ဗေယျ-အထွက်နည်းပါး၊ အဝင်များအောင်၊ မမှားပုံသေ၊ ပြုလုပ်လေရာ၏။

သီလဝန္တီ-သီလသိက္ခာ၊ ကောင်းစွာကုံလုံ၊ ပြည့်စုံဖြူစင်၊ သူတော်စင်ဖြစ်တဲ့၊ အမျိုးသားအမျိုးသမီးကိုလည်း၊ ပုဗ္ဗာပေယျ-မကွေ့မရှောင်၊ ဓလေ့မြှောင်၍၊ ရှေ့ဆောင်မားမား၊ တင်ထားရာ၏၊ သေ-(သော)-ပျောက်တာကိုရှာ၊ ပျက်တာကိုပြင်၊ ထွက်ဝင်ကိုမျှ၊ သီလရှိအား၊ အမှူးထားဟု၊ ဤလေးခုသည်၊ သနန္တနော-ဘုရားပစ္စေကာ၊ အရိယာအပေါင်း၊ သူတော်ကောင်းတို့၊ ထုံးဟောင်းဓမ္မတာ၊ လမ်းရိုးကြီးအစစ် ပါပေသတည်း. . .။

သာဓု. . . သာဓု. . . သာဓုပါဘုရား. . .။

http://www.dhammadownload.com

http://www.dhammadownload.com